www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဘာသာရေးဆောင်းပါးများ

၆ ငှက်အော်သံ
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
၁၇ ရန်ကုန်တိုင်းဒေသကြီးမှ
ထင်ရှားကျော်ကြား
စေတီဘုရားများ(၁၃)
ကံဝင်း
၂၃ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး
စီရင်သော
မန်လည်မဟာထေရုပ္ပတ္တိကထာ
မြဝင်း(ဒဿန)
၂၅ ပဿေနဒီကောသလမင်းကြီး
ငရဲကျမည့်လုပ်ရပ်
လက်တစ်ကမ်းအလို
မြတ်စွာဘုရားရှင်ကယ်တင်ရပုံ
မိုးဇော်အောင်
၂၉ ကျောက်မော်ကြီး
(၁၈) တောင် ရုပ်တော်မှူ
မင်းကြီးဘုရားကြီး
မောင်စိမ်းထွေး(ထားဝယ်)
၃၄ မုဒုံမြို့ တော်ကူးဆရာတော်ဘုရားကြီး
အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)
၃၉ ယောတို့ဌာနီ လောင်းရှည်မြို့လေးက
နာမထင်ရှား မြမာလာဘုရား
ကိုယော(ဘောဂဗေဒ)
စာပေဆုများရှင်
၄၉ ရွှေပေါက်ကံ့ပြည်ကြီးကို
ရွှေမိုးငွေမိုးရွာစေခဲ့သော
ဆရာတော်ရှင်အဇ္ဇဂေါဏ
ရွှေချိုအောင်(ငပလီ)
၅၆ သစ်ရွက်ဆွမ်းနှင့်စူဠသီဝမထေရ်
နေသျှင်စိုး
၇၁ ရွှေကံကူလေပျံသစ်တော်
ရုပ်ရှင်တော်မြတ်နှင့်
မြွေနဂါးများ
ဘိုဘို(ရွှေကံကူ)
၈၃ ရှင်အရဟံ၏
စံတော်ဝင်
မဟာဗောဓိရွှေညောင်တော်
ကိုရွှေမြသန်း(သမိုင်း)
၉၀ ကျေးငှက်ရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ကိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၀)
ပထမံဆရာဦးအေးရွှေ
၉၅ သာသနာ့အလင်းရောင်
ဗုဒ္ဓပရိတ်တော်များ
သော်တာအောင်(ကျောက်တောင်)
၁၀၀ လာဘ်ပွင့်နဝင်း(၃၆)လုံး
ပုတီးစိပ်ရန်ဂါထာ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၁၀၁ အဘိဓမ္မာပညာမိတ်ဆက်
ချစ်ဖို့(မော်ကျွန်း)
၁၀၄ ကြုံဆုံဖူးမြော်ခဲ့ရသော
ဝေဘူဆရာတော်ဘုရားကြီး
အောင်ဆန်းလင်း(ဘီ-အေ)

## သုတရသဆောင်းပါး

၄၄ မိမိကိုယ်ကိုချစ်တယ်ဆိုရင်
အောင်မြင့်မြတ်(ပြည်ရွှေဘို)
၅၉ အကာကိုခွာ၍အနှစ်ရှာကြည့်ခြင်း
ဒေါက်တာအောင်အောင်မင်း
ပါမောက္ခချုပ်(ငြိမ်း)
၆၁ တိမ်တိုက်ထဲကကြာပန်းချစ်သူ
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)
၈၆ လောနီတိကိုလေ့လာသုံးသပ်ခြင်း
ဗကျော်(နေပြည်တော်)
၉၈ မာန
ချောင်းဆုံအုန်းသွင်
၁၀၇ ရတနာမဥ္စရီ
သီလရှင်သင်ပညာရေးကျောင်း
ဒေါက်တာမွေးနှံ့သာ
၁၁၈ မြေးကလေးသိစေဖို့
တက္ကသိုလ်အပန်ငယ်
၁၂၂ အဖြေ
ဖိုးစောပြည့်
၁၂၈ အဓိပတိလေးပါးနှင့်အညီ
ကြိုးစားခဲ့ပါလျှင်
မောင်မောင်အောင်မင်း(ဒဿနိက
၁၃၁ အဘွားပုံ(သို့)ဒေါ်ပုညဝတီ
ဦးစန္ဒိမ(စလင်း)
၁၃၆ အမိုက်အမဲနှင့်တိုက်ပွဲ
ရွှေနှယ်ရီး
၁၆၀ ကုန်းဘောင်ခေတ်၏ရေစကြိုခုံတော်
(ရန္တမိတ်ကျော်ထင်)ဖြတ်ထုံး
လှမြင့်(ရန်ကုန်တက္ကသိုလ်)
၁၆၂ ဒိဋ္ဌိကိလေသာအကြောင်း
အဏ္ဏဝါလှိုင်း
၁၇၀ သတိရနေဆဲပါ
ဒေါ်သုမနဝိစိတ္တ
(B.Sc.H.G.P,Dip.Ed)

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


[illegible] အပရန္တ-သုနာပရန္တ
နိုင်ခင်မောင်လေး

[illegible] စစ်တောင်းမြစ်၏ဆောင်းရင်ငွေ့
လှမိုး(ပညာရေး)

[illegible] ငှက်ကြီးဂဠုန်
ရွှေစိုး

[illegible] မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၄)
မောင်သန်းဆွေ(ထားဝယ်)

[illegible] မေတ္တာတရားကျင့်ကြံပွား
မလားအပါယ်တရားကယ်၏
ယောဂီတိုးအောင်

[illegible] ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၁၁)
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

[illegible] လျှပ်တစ်ပြက်ရိုက်ချက်
ရှိန်းအောင်

၂၅၉ မာဂရက်မင်းသမီး၏သည်းထိတ်ရင်ဖို
လျှမ်းထက်

၂၆၃ ဉပါဒါန်အစွဲ
အောင်စကြာ-အရှင်သုမေဓာသာရ

၃၀၀ စဥ့်ကိုင်မြို့မှရှိန်းဆာယာမိုမောက်
ကိုယ်ပျောက်သည့်ကျောင်း
တိုက်ကြည်(စဥ့်ကိုင်)

၃၀၁ အိမ်မွေးကြက်များ
ကြက်နာဝင်သည့်အခါ
စိုးမင်း(မြောက်စည်း)

၃၁၄ ကုသိုလ်ကောင်းမှုကြောင့်
ဘဝပြောင်းခဲ့သူဦးကုလား
စိုးလင်းအောင်(မြန်အောင်)


၃၁၆ ထုတ်လုပ်သူနှင့်ဖြစ်စေသူ
ချောင်းဆုံအုန်းသွင်

၃၃၂ သရေခေတ္တရာ
ပြည်မြို့ရွှေဆံတော်ဘုရား
ရာဟုထောင့်မှ
ကျိန်စာသင့်သောခေါင်းလောင်းလေး
မနင်းပွင့်(ပြည်)

၃၄၅ ဘုန်းကံကြီးမားမင်းကေရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၂၂)
သစ္စာဝါဒီ-ဦးမြင့်အောင်

၃၅၅ ပြည်အတိတ်နိမိတ်ဆောင်များ
ဖြစ်နေလေသလော
မင်းရှိန်အောင်

၃၆၄ မေတ္တာဖြင့်သာအနိုင်ယူပါ
ရတနာဒေဝီ

## သုရဠရုပ်ပြဇာတ်လမ်း


၃၄၇ မော်တော်ကြီးနှင့်ဖားသရဲ
ကိုအောင်းဦး(အလိန်လည်)
သရုပ်ဖော် ပန်းချီစိုးအောင်


## သုရဠတိုင်းရင်းဆေး


၁၃၅ ကြက်ဟင်းခါးရွက်နှင့်
ဝမ်းကိုက်ရောဂါ
နေပြည်တော်ကျော်ကျော်စိုး

၁၄၈ ခက်ခဲသူတို့ကိုညွှန်းပါသည်
နေပြည်တော်ကျော်ကျော်စိုး

၁၄၉ မွေးရာပါအနာမပျောက်ခဲ့သော်
နေပြည်တော်ကျော်ကျော်စိုး

၂၁၁ လေဖြတ်ခြင်းဘေးကင်းဝေးရေး
မကွေးဝင်းမြင့်

၂၂၅ ရဲယိုရွက်အစွမ်းလက်တွေ့စမ်း
ရန်မျိုးအောင်
(ရတနာမြေ-ချောင်းကြီး)

၂၃၇ ရာသီဥတုပြောင်းလဲခြင်းနှင့်
ဖြစ်ပေါ်လာမည့်ရောဂါများအား
မြန်မာ့တိုင်းရင်းဆေးပညာဖြင့်
ကျန်းမာရေးပညာပေးခြင်း
မြဝတီရုပ်မြင်သံကြားမှအမေးအဖြေ
ဒေါ်နေနေနိုင်ရည်
(ဦးစီးအရာရှိ-ဖွံ့ဖြိုးရေး)
တိုင်းရင်းဆေးပညာဦးစီးဌာန

၂၄၄ နှုတ်ခမ်းကွဲအက်အနေခက်လျှင်
ရှားစောင်းလက်ပပ်ကိုအသုံးပြုပါ
မျိုးတင့်(ညောင်လေးပင်)

၂၄၅ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၀)
ရွှေနဝင်း(ပုသိမ်)

၂၈၁ မျက်စိနှစ်ကွင်းအမြင်ရှင်းစေ
ဘဟိန်းဦး-မိုးသည်းမြေ

၂၈၇ သိဒ္ဓိဝင်ပျားရည်၏နောက်ဆက်တွဲ
ရောဂါပျောက်ဆောင်းပါးများ
အောင်စကြာ
အရှင်သုမေဓာသာရ
အငြိမ်းစားကျန်းမာရေးမှူး

၃၁၅ မျက်စိထဲပိုးကောင်ဝင်ခဲ့ပါက
နေပြည်တော်ကျော်ကျော်စိုး

၃၂၇ အပူရုပ်ခဲ့သော်
နေပြည်တော်ကျော်ကျော်စိုး

၃၅၇ သွေးဝမ်းအတွက်ဆေးစွမ်း
နေမဝင်(နတ်မောက်)

၃၆၅ ညော့ဝဲရောဂါ
စိုးထွန်း(ဥပဒေ)


## သုရဠဝတ္ထုတို


၁၁၀ တစ်ခါကကြုံခဲ့ရသည့်
အင်းဝိဇ္ဇာဆရာတော်ကြီး
အောင်မြင့်ထွန်း(မသုံးလုံး)

၁၃၈ လူးဆိုသောလူး
မင်းနန္ဒရိန်


www.burmeseclassic.com

www.burmeseclassic.com


၁၄၂ ဒိဗ္ဗစက္ခု
ကောင်းသော်

၁၈၆ ရေမျောကမ်းတင်
နေအောင်လင်း(စလေ)

၂၀၆ ထူးခြားအာရုံပိုင်ရှင်
စိုးထွန်း(ဥပဒေ)

၂၁၄ ဆိုက်စမစ်သင်တန်းနှင့်
ထူးဆန်းသောနတ်နန်း
သပိတ်ကျင်း-ကျော်ကျော်ထွန်း

၂၂၀ နန်းအိုင်ချောင်းကင်ဝိုရိုက်သံများ
ခင်မမလင်း(ကလော)

၂၂၆ မျိုးဆက်
ထောင်မှူးကြီးသိန်းဝင်း

၂၃၀ လောကီပညာအောင်ကြောင်းဖြာ
ကိုယ်တွေ့ယုံကြည်မိသူများ
ရောမြေ-ကျော်ဝေ

၂၃၅ အစားထိုးမရသောဆုံးရှုံးခြင်း
မကျီးကုန်း-စိုးယဉ်မြင့်(ရမည်းသင်း)

၂၄၀ ကြောင်မျက်ရှင်လေလား
စောလထုဘော်

၂၄၆ ပြကျောက်(၉)
နေပြည်တော်ကျော်ကျော်စိုး

၂၆၆ ကျုတ်တို့၏ကျီစယ်ခြင်းခံရသည့်
အညာသား
ခင်မောင်အေး(မန္တလေး)

၂၇၂ ဝိညာဉ်များနဲ့ကတဲ့ည
ဇော်မင်း(ဒဂုံ/မြောက်)

၂၇၆ ဝင့်ကြွေးတုံ့တင်
မောင်စိမ့်စမ်း(သဲကုန်း)

၂၇၈ ဘေးမသန်းအေးချမ်းစေရာ
အောင်သိန်းဝင်း(ပွင့်ဖြူ)

၂၈၈ သေမင်းကိုကြိုတွေ့မြင်ခဲ့သူများ
တိုးထက်

၂၉၁ ဘဝနွံတွင်းကရုန်းထွက်နိုင်ခဲ့တဲ့
မိန်းကလေး
ပန်းမြိုင်လယ်စိန်ဝင်း

၂၉၄ အသိမကြွယ်သောတိရစ္ဆာန်
ရွှေပြည်စိုး(မိုးကုတ်)

၃၀၂ အရီးမအေးတစ္ဆေ (သို့)
မျက်နှာမပါတဲ့သားအမိ
မ(တာချီလိတ်)

၃၁၈ ကျွန်တော့်ကန်နှင့်ကံ၊ကံ၏အကျိုး
နေဝင်းဦး(ပြည်)

၃၂၈ မိသိန်းကြည်ပြောပြချင်တယ်
မောင်လွှမ်းမိုး(ချောင်းဆုံ)

၃၃၄ ခုတင်ပိုင်ရှင်
မင်းခန့်သော်

၃၅၈ သေမင်းခေါ်သံ
ချစ်ဆိုင်

၃၇၀ တစ်ပြည်တစ်ရွာက
မြွေဆရာဘစံ
သန့်ဇင်

၃၇၄ ရဟန်းတော်၏စကားတစ်ခွန်း
နေပြည်တော်ကျော်ကျော်စိုး

၃၈၀ ပန်းသီးစားချင်တဲ့ရွာသူလေး
ငွေစိုး(ရွှေကြံနဲ့မြေ)

၃၈၄ အသက်ခြွေအစေ့
မောင်မောင်သန်းထွန်း

၄၀၄ ဘိုးဩဘာနှင့်လူဆိုးများ
မင်းဟိန်းထိုက်


## သူရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၁၅၀ တန့်ဆည်နယ်က
လက်ကျန်ဗိန္ဓောဆေးသမားကြီးနဲ့
တွေ့ခဲ့စဉ်မှာ
စိုးမင်း(မြောက်စည်း)

၁၇၄ ဟူးကောင်းကျား
ဖိုးကျော့

၃၀၆ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


## သူရဋ္ဌ ပညာရပ်


၁၃၃ သွပ်ဓာတ်၏ပရိယာယ်နှင့်
သွပ်ဒုက္ခ(၃)
မင်းချမ်းမြေ့

၂၇၀ အမေရိကန်နိုင်ငံသမိုင်း၏
ပထမဆုံး
အမျိုးသမီးသမ္မတဖြစ်လာမည့်သူ
(၄၅)ဦးမြောက်အမေရိကန်သမ္မတ
ဟီလာရီကလင်တန်
ဆရာချမ်းမင်း(LL.B)

၂၈၃ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
ဘသုံ

၃၃၈ နာမည်မြင်ကွင်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၆၆ တရုတ်ဂမ္ဘီရဖုန်းရှေပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၃၈၇ ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ(၆၈)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

၃၉၃ နာမည်များနှင့်ဖြင်းခံခြင်း(နိဂုံး)
နေဝိဇ္ဇာ





၃၉၇ တားရှော့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး

၄၀၁ နော်ထရာဒေးမတ်နှင့် ၂၀၁၆
ဘုန်းမြင့်(ဘူမိ)


## သူရဋ္ဌလက်တွေ့အသုံးချ


၁၂၇ ၂၀၁၆ ခုနှစ်၊နိုဝင်ဘာလအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂမ္ဘီရ)

၂၃၂ နေဝင်လထွက်စီးပွားတက်စေသည့်
ဂါထာတော်နှင့်အဆောင်စမ
သုဓ္ဓ(နဝင်းမြို့)

၃၃၇ ပြည်မြန်မာ၏
၂၀၁၆ ခုနှစ်၊ ဗြိစ္ဆာရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၄၄ ဘုရားရှိခိုးလက်ငင်းအကျိုး
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၃၄၆ ဒေဝီဆယ့်နှစ်ပါးမစေဖျား
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၃၇၈ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၇၉ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွ
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၄၀၈ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)

၄၁၀ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၁၄ အမြင်တူကြဖို့သူရဋ္ဌလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၉ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွ
ခုနစ်ရက်သားသမီးဟောစာတ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာရပ်ခံပန်ကြားလွှာ

အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေနှစ်တောရတွင် အေးချမ်းစွာ သီတင်းသုံးနေတော်မူပါသည်။

၁၃၇၇ ခုနှစ် တန်ခူးလကွယ်နေ့ နောက်ဆုံးထားပြီး အဝေးနေပရိသတ်များအတွက် ဆွမ်းခံကြွချီတော်မူခဲ့ပါသည်။

၁၃၇၇ ခုနှစ် ကဆုန်လဆန်း (၁) ရက်နေ့မှ စတင်၍ အဓိဋ္ဌာန်ဝင်တော်မူပါသည်။

ဆရာတော်ဘုရားကြီး ဆိတ်ငြိမ်စွာ တရားအားထုတ်တော်မူနိုင်စေရန်အတွက် ဆန္ဒတော်မြတ်ကို အဝေးမှ မေတ္တာခံယူလိုက်နာခြင်းဖြင့် ပါရမီကုသိုလ်ယူကြပါရန်နှင့် အဖူးမြော်ခံခြင်းမရှိသေးပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်မြှောင်သည် ဈာန်ဝင်ကောင်တစ်မျိုး ဖြစ်၏။ အိမ်မြှောင်မျက်စိခတ်သည်မရှိ။ ထိုအိမ်မြှောင်က ထိုဆိုင်ရာတို့ဝင်လာသည်ကိုသိသောကြောင့် စုတ်ထိုးခြင်းဆို၏။

ဤမှုကြွင်းသော ညငှက်တို့ကား ငှက်ဆိုးသတ်မှတ်ရ၏သာ။ ဘာကြောင့် မဆိုင်ရာတို့က မဆိုင်ရာ လာရောက်နှောင့်ယှက်ရာ၌ အသုံးပြုခံနေကြရခြင်းကြောင့်။

သို့ပမာ. . . လူ့လောကကြားက လူသားများတွင်လည်း. . .

ခန္ဓာတွင်းက ခေတ်ပြင်းဆွဲအား ဒဏ် မခံနိုင်သူများ။

တစ်ဖက်အာရုံတို့၏ ညှို့ငင်အား ဒဏ် မခံနိုင်သူများ။

မိမိရှိ နောက်ပါ ဉာဉ်ဝါသနာ အငင် မဖျင်နိုင်သူများ။

ထိုသူများသည်လည်း မိမိမပိုင်၊ မဆိုင်ရသေးသည် ကာမ၊ ဘဝ၊ ဓနစသည်များကို မှောင်ရိပ်ခို ကိုယ်လိုသလို ပြုကျင့်ရန် ညညများ၌သာ ကျင်လည်ကျက်စားလေ့ရှိကြ၏။ ညသည် နေ့ကျက်စားများ အနားယူရာကာလ ဖြစ်၍ တိတ်ဆိတ်လေရာ . . .

မှောင်ရိပ်ခို ကိုယ်လိုရာ ခိုးဝှက်သည်ကလည်း သူတို့။

မှောင်ရိပ်ခို ကိုယ်လိုရာ လုယက်သည်ကလည်း သူတို့။

မှောင်ရိပ်ခို ကိုယ်လိုရာ တိုက်ခိုက်ယူသည်ကလည်း သူတို့။


မှောင်ရိပ်ခို ကိုယ်လိုရာနှင့် သူလိုရာ လဲလှယ်ယူကြသည်ကလည်း သူတို့ပင်။ သူခိုး၊ အနုကြမ်းသမား၊ ဓားပြများနှင့် ပြည်တန်ဆာမများ. . .။

ညသည် နေ့လုပ်စားတို့ အနားယူရာကာလ ဖြစ်၏။

ညသည် သူတော်စင်၊ သူတော်ကောင်းတို့ တရားထိန်းကျောင်းရာကာလလည်း ဖြစ်၏။

သို့စဉ်လျက် ဤညကို ထိုညပျော်ငှက်တို့ ဝင်ရောက် ကျက်စားခြင်းများသည် ညကို အရုပ်ဆိုး အကျည်းတန်အောင်လုပ်နေသည့်ပမာ ဆင်၏။ ညကိုကလည်း မှောင်တစ်ခင်း လင်းတစ်ဝက်ပေကိုး။

ထိုစဉ်. . . လသာခွင့်မရသည့် မိုးကာလများနှင့် သာခွင့်ရသော်မှ





www.burmeseclassic.com

www.burmeseclassic.com

အလှည့်မကျသေး၍ စောင့်ဆိုင်းနေရသည့်လဆုတ်ကာလများသည် အမှောင်ဖုံးကာလများချည်းဖြစ်ကြရာ . . . ညသည် ညပျော်ကောင်တို့အတွက် အရေးပေးနေသလိုလို။ သို့ဖြင့် ညသည် ငှက်သံတိတ်ဆိတ်သည်မရှိ။ ညသည် ငှက်မပျော်ညဟူ၍ မရှိ။

သည့်အတူ နေ့ကျက်စားများ၏ဘဝနှင့်မနကို ကာကွယ်စောင့်ရှောက်ပေးနေကြရသည့် ရွာတော့်ရှင်၊ နယ်တော့်ရှင်များလည်း ကင်းအမျိုးမျိုးလင့်စင်ထိုးစောင့်နေကြရသည်ကလည်း ညနှင့်အပြိုင်ပင် ဖြစ်တော့သည်။

ညသဘာဝသည် အပူဓာတ်ကိုရှုပ်၍ အအေးဓာတ်ပွဲထုတ်ပေး၏။ သို့ကြောင့် ထိုသည့်ည မွေ့လျော်ပျော်ဖွယ်ကောင်းသောညအဖြစ် အမွှမ်းတင်ကြ၏။

ညသဘာဝသည် ဆူညံခြင်းကိုဖျက်သိမ်းပေး၍ ငြိမ်းချမ်းခြင်းကိုလက်ဆောင်ပေး၏။ သို့ကြောင့် ထိုသည့်ည အေးချမ်းညအဖြစ် အမွှမ်းတင်ကြ၏။

သို့ဆိုသော်လည်း အေးချမ်းခြင်း၊ နှစ်သက်စရာကောင်းခြင်းများကို အရသာခံစံကြရမည့်အစား သွေးဆူပူခြင်း၊ ဆာလောင်ပြင်းပြခြင်းများစွာဖြင့် ညပျော်ငှက်တို့ ညအချိန်ထဲလွှဲဝင်လာကြသောအခါ ထိုညသာယာလှပစရာမရှိတော့ပါ။ ထိုညက . . . ဆိတ်ငြိမ်အေးချမ်းခြင်း လာဘ်ကိုလည်းမပေးတော့ပါ။

## ❑ ကံဖျက် ငါးပက်နေသောအခါများ

ဗုဒ္ဓဝါဒီတို့၏ လူ့ကျင့်ဝတ်တွင် ကံငါးပါးဟူသည်ရှိ၏။

ကံက ကိုယ်၊ နှုတ်၊ စိတ်တို့တွင် တစ်ခုခုဖြင့် အမှုဖွင့်နေခြင်း။

ငါးက တစ်ဖက်သူထံရှိ အာရုံငါးပါးခုံပေါ်တွင် ပုံတင်ထားသည်များ။

ယင်းငါးများကို ငါးကလည်း အဖမ်းမခံချင်၊ ငါးပိုင်ရှင်ကလည်း ထိုသူ့ကို မမြင်ချင်ယောင်၊ မကြားချင်ယောင်ဆောင် ရှောင်နေသည့်ကြားကပင်


# ကျေးဇူးတော်ရှင်
# မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး
### ရေးသားတော်မူသော
# ငှက်အော်ည
### (ကထာစာပေါင်းသိုက်)





www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ငါးတို့ပျော်ပါးရာ ကံအား အမှုမဲ့အမှတ်တမဲ့ထားချိန်. . .

ခိုးစားတတ်သူက ညအိပ်ချိန် တိတ်တိတ်သွားရောက်ခိုးယူ၏။

လုယက်တတ်သူက ညလူသွား၊ လူလာပြတ်ချိန် ကွင်းစပ်ကနေ ဖြတ်လုလု၏။

တိုက်ခိုက်တတ်သူက ညအိပ်ချိန် တိတ်တိတ်နှိုး အမျိုးမျိုးညှဉ်းအတင်းယူ၏။ တစ်ဖန်. . . ယင်းငါးများကို ငါးကလည်း လိုလိုချင်ချင်၊ ပိုင်ရှင်ကလည်း လိုလိုလားလား။ သို့သော် ကိုယ့်ငါး သူ့ကံထဲထား၍ သူ့ငါး ကိုယ့်ကံတွင်သွင်းထားချိန်. . . တစ်ဖက်ကလည်း လိုသူ၏ ဆန္ဒအားကြီးမကြီးလိုက်၍လည်းကောင်း . . .။ ကိုယ့်ဘက်ကငါးများ၏နူပျိုအားကြီး၊ မကြီးလိုက်၍ လည်းကောင်း. . . ထိုတစ်ဖက်က ပိုးကြေးပန်းကြေးအလိုက် ပေးမှသာ အလဲခံလိုသူများကလည်း . . .

အချို့ အသပြာဖြင့် ကံဆင်း ငါးပက် ချက်စားစေကြ၏။

အချို့ သဒ္ဓါဖြင့် ကံတွင်း ငါးထားများစားကြလေ၏။

ဤ၌ တစ်ခုကား ပြည်တန်ဆာ လုပ်ထုံးတစ်ခုကား သမီးရည်းစားတို့ လုပ်ထုံး။

ထိုသူများ. . . မိမိခန္ဓာတွင်းနေ ဓာတ်အပြင်းစားများ၏ ထိုးဆွဒဏ်မခံနိုင်သူများဖြစ်ကြရာ. . .။ တစ်ဖက်နေ ဆန့်ကျင်အာရုံတို့၏ အညို့ဒဏ်မခံနိုင်သူများဖြစ်ကြရာ. . .။ မိမိ၏နောက်ကြောင်းပါ ဉာဉ်၊ ဝါသနာ၊ စရိုက်များ၏ ဒဏ်မခံနိုင်သူများဖြစ်ကြရာ . . . တစ်ဖက်ကံကိုဖျက်၍ ငါးပက်စားသောက်ကြတော့သည်။ ထိုစဉ်. . . အချို့က ရာဂ တဏှာ ဦးဆောင်ရာနောက်လိုက်၍ အပျော်အပါး လောင်းကစားတို့ အကြားမှာ၊ အချို့က ဒေါသ တဏှာ ဦးဆောင်ရာနောက်လိုက်၍ ခိုးဆိုးလုယက် တိုက်ခိုက်ရာတို့အကြားမှာ။


ဤနှစ်မျိုးနှစ်စားစလုံး သူတစ်ဖက်သို့ မိစ္ဆာဇီဝအဓမ္မနည်းများကိုသုံး၍ အခွင့်ရေးဆုံးရှုံးနစ်နာစေသောကြောင့် တစ်ဖက်သတ်ဆန်နည်းသုံးစွဲခြင်းဖြစ်ရာ သည်မှာတွင် ရာဇ၏ဝတ္တရားဝင်ပေးလာရသည်။

ရာဇဝတ်ဆိုသည်မှာ အုပ်ချုပ်မင်း၏ဝတ္တရား။


ယင်းမှာ. . . ခံရသူတစ်ဖက်သားနစ်နာလျှင် နစ်နာသလောက် အရေးယူပေးရခြင်း၊ ပြုလုပ်သူ၏ စေတနာကြီးမား

www.burmeseclassic.com

www.burmeseclassic.com









လျှင် ကြီးမားသလောက် အရေးယူပေးရခြင်းပင်။

ဤ၌ ပြောစရာရှိလာ၏။ လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ ခိုးမှု၊ လုယက်မှုသည်တို့ကား တစ်ဖက်သတ်အနိုင်ကျင့်မှုများဖြစ်ကြသဖြင့် မင်းဝတ္တရားဝင်ပါသင့်၏၊ ပြည်တန်ဆာမှုကား နှစ်ဦးနှစ်ဖက်သဘောတူရာမှဖြစ်သောအမှု။ လောင်းကစားများသည် နှစ်ဦးနှစ်ဖက် သဘောတူရာမှဖြစ်သောအမှု။ သို့ကြောင့် မင်းဝင်မရှုပ်ပါနှင့် ပြောရတော့မလိုလို။ သို့တစေလည်း ထိုအားလုံးကို လေ့လာကြည့်လျှင် -

ပြည်တန်ဆာမသည် မိမိရှိအားကြီးသော အဓမ္မရာဂစိတ်ဖြင့် သတ္တဝါများကို လိုက်လံကာ ဖြားယောင်းဖျက်ဆီးနေ၏။ သူမသည် ငွေကို . . . အလုပ်မလုပ်ရသော လုပ်နည်းဖြင့် မတရားယူလို၏။ လင်တစ်ဦးတည်းရှိကံတွင်းငါးကိုချည်း အမြဲမစားလို။ တစ်လင်၊ တစ်မယားစနစ်အောက်ရှိ စည်းကြပ်ဒဏ်ကိုလည်း မခံလိုပေ။ သို့ကြောင့် ထိုပြည်တန်ဆာမ၏ မလုပ်ရဘဲငွေရသောအလုပ်ဖြင့် ငွေရှာခြင်း၊ အပျော်ရှာခြင်းများသည် လူ့ကျင့်ဝတ်နှင့်ဆန့်ကျင်နေ၍ မင်းဝင်ပေးရသည်။

တစ်ဖန် . . . လောင်းကစားသမားများသည်လည်း မိမိတို့ရှိ အားကြီးသော ဝိသမလောဘစိတ်များဖြင့် တစ်ဖက်သားအိတ်ကပ်ထဲနေ ငွေပိုက်ဆံများကို မလုပ်ဘဲနှင့်ရသောနည်းဖြင့် ဖြားယောင်းဖျက်ဆီးနေ၏။ လောင်းကစားသမားသည် ငွေကို ဖြတ်လမ်းကနေရှာဖွေ၏။ အလိမ်အကောက်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း အကွက်ဆင်ကစားလေ့ရှိ၏။ ဘယ်သူ ဘာဖြစ်ဖြစ် ငါရပြီးရော အတ္တကား အလွန်ကြီးမား၏။ ဤလောင်းကစားသမား၏ မလုပ်ဘဲငွေရသောအလုပ်ဖြင့် ငွေရှာခြင်းအတတ်သည်လည်း လူ့ကျင့်ဝတ်နှင့် ဆန့်ကျင်နေ၍ မင်းဝင်ပေးရသည်။

ပြည်တန်ဆာမက ကာမေသုမိစ္ဆာစာရကံဖျက်နေသည်။

လောင်းကစားသမားက အဒိန္နဒါန်ကံ ဖျက်ဆီးနေသည်။

ဆိုခဲ့ပြီး ရာဂတဏှာ၊ ဒေါသတဏှာများ၏ စေခိုင်းရာနောက် တကောက်ကောက် လိုက်ပါလုပ်ကိုင်ပေးနေကြသူများကြောင့် . . . လူနှင့်တိရစ္ဆာန်တို့အကြား ကာဆီးထားသော သီလများ ကျိုးပျက်ခဲ့လေရာ . . . အကယ်၍သာ လူသားဖို၊ မတိုင်း ခန္ဓာတွင်းနေသွေးများ အဆူအပူမခံဘဲ သို့မဟုတ် သွေးတိုးအာရုံနှင့် ဆုံမိတိုင်း အတွေးအဝင်မခံဘဲ အမြင်အမြင်အတိုင်း၊ အကြားအကြားအတိုင်း ပြီးပြေစေကြသော် ရာဇဝတ်ကင်းရှင်းပြီးသော လူနေဒေသဖြစ်သဖြင့် ရာဇဝတ်ထိန်းထားစရာမလို။

ထိုအခါ ရဲကင်း၊ ဂါတ်အသီးသီးသည်လည်းကောင်း၊ အချုပ်၊ ထောင်၊ ထောင်အမှုထမ်းအသီးသီးသည် လည်းကောင်း၊ တရားသူကြီး တရားရေးဝန်ထမ်းအသီးသီးသည် လည်းကောင်း မလိုတော့ပြီ။

ငါးပါးသီလသည်ပင် လူသားများအား အုပ်ချုပ်သောဥပဒေ။

မိမိသည်ပင် မိမိကိုယ်ကို အုပ်ချုပ်သော အုပ်ချုပ်ရေးအရာရှိ။

လူသားအားလုံးသည်ပင် လောကကိုအလှဖန်ဆင်းနေသော လောကနတ်။ တစ်ချိန်က သည်လိုနေရာမျိုး ဤမြန်မာပြည်တွင်ရှိခဲ့ဖူးပါသည်။ ထိုနေရာကား ပျူခေတ်၏ဟန်လင်းနေပြည်တော် . . .။

ယင်းအကြောင်း သိလိုကြပါမူ ဟန်လင်းအကြောင်း ရေးသားထားသော စာပေများ မွှေနှောက်၍ဖတ်ရှုကြလေကုန်။

□ ညမှောင်မှောင်


ညသည် နေ့မလိုချင်သော အချိန်များကို လွှဲပြောင်းယူထားရ၍ ဒိုးဘွားရိပ်သာနေ အမှုထမ်းများနှင့် တူ၏။ တစ်ဖန် . . .

ညသည် နေ့ ညဉ်းဆဲခံထားသူ












www.burmeseclassic.com

www.burmeseclassic.com






များအား ပြုစုပေးနေရခြင်းကြောင့် ဆေးရုံနေ အမှုထမ်းများနှင့်လည်း တူနေပြန်၏။ နောက်တစ်ဖန်. . .

ညသည် နေ့က ကိုယ်ပူပူ၊ စိတ်ပူပူဒဏ် အလူးအလှိမ့်ခံခဲ့ကြရသူများအား သာယာမှုပေးရခြင်းကြောင့် ဖျော်ဖြေရေးသမား အနုပညာသည်များနှင့်လည်း တူ၏။

သို့သော် ထိုညက အမှောင်ရောအလင်းပါ နှစ်ခင်းရှိချေရာ အမှောင်ကသာ ညကိုကြီးစိုးနေ၏။ အလင်းကားမဖြစ်စလောက်။ တစ်ဖန်. . . လောကသားများကလည်း ညလင်းကို အသုံးမချ။ အမှောင်ကိုသာ အသုံးချကြ၏။ နေ့ကျက်စားများကလည်း ညနားချိန်ဖြစ်၍ ညမှောင်သာ အသုံးချကြ၏။ ညကျက်စားများကလည်း မှောင်ကွယ်ဖလှယ်ရမည်ဖြစ်၍ အမှောင်ကိုသာဆောင်ကြ၏။ သို့ကြောင့် ညအလင်းလောကသားများနှင့် ရင်းရင်းနှီးနှီးမရှိလှ။

သို့ဖြင့် ထိုညမှောင်မှောင် ညငှက်တို့၏အဆောင်တစ်မျိုးပင်ဖြစ်ရာ. . . ဖို၊ မငွေ့လှုံချင်သူများလည်း ညအမှောင်





www.burmeseclassic.com

www.burmeseclassic.com



ခြုံစောင်အဖြစ်သုံးရမြဲ။ ငွေအငွေ့လုံချင်သူများလည်း ညအမှောင်ခြုံစောင်အဖြစ်အသုံးပြုရမြဲ။ ပစ္စည်းငွေ့လုံချင်သူများလည်း ညအမှောင် ခြုံစောင်အဖြစ်အသုံးပြုရမြဲ။ ညငှက်ကား ဒုစရိုက်ဖြင့်ကျက်စားလူ့အလှ ဖျက်ဆီးပစ်နေကြသူများ။

အကျွန်ုပ်တို့ မြို့တော်ကြီးသည် ညအမှောင်မီးလင်းမြို့တော်ကြီး ဖြစ်ပါသည်။ လူကွယ်သောနေရာသည် မီးလင်းနေသော်မှလည်း အမှောင်ကြီးစိုး၏။ အလင်းရောင် မရောက်သောနေရာသည် အမှောင်တွင် အမှောင်ဝင်ခိုနေတတ်၏။ သည်သို့သော မြို့တော်ကြီး၏ ညညများသည်. . . လူတို့အပန်းဖြေရာ ပန်းခြံများ၌လည်း ညငှက်မတို့ အော်မြူးနေ၏။ လူတို့သွားလာရာ ကုန်းကျော်တံတားများ၌လည်း ညငှက်မတို့နေရာယူထား၏။ လူတို့စုရုံးရာ ရုပ်ရှင်ရုံတစ်ဝိုက်တို့၌လည်း ညငှက်မတို့ရောက်နှင့်နေကြ၏။ ထိုညငှက်မလေးများက . . . အမျိုးမျိုးသောစကားသံလေးများဖြင့်လည်း လေသံပစ်ကြ၏။ အမျိုးမျိုးသောအမူရာများဖြင့်လည်း ကြာညို့ရိုက်ကြ၏။ မကြာလှပါ ဖမ်းဆီးစားသုံးနေကျ ငှက်မုဆိုး ဖိုသတ္တဝါများတစ်ယောက်ပြီးတစ်ယောက် တော်ဝင်ကောက်သွားကြရာ အမှောင်အောက်တွင် ညငှက်မတို့ ပျောက်ကွယ်သွားကြလေပြီ။

အချို့လည်း ဆင်ခြေဖုံးရပ်ကွက်ရှိအိမ်များအထိ ပါသွားကြ၏။

အချို့လည်း မြို့တော်တွင်းမှ အခန်းကျဉ်းထဲမှာပင် နေရာရကြ၏။

အချို့လည်း မီးရထားကုန်းကျော်တံတားအောက်မှာပင် ကိုယ်ယောင်ပျောက်၏။

ထိုစဉ်. . . အိမ်အခန်းထိပါသွားသူများကား ညလုံးပေါက် စီးရီးတွဲဇာတ်ကား။ နီးရာနီးရာ သင့်တော်ရာပါသွားသူများကား တစ်ခါသုံးပစ္စည်းအရာထား။ ယင်းအဖြစ်အပျက်များမှာ တစ်ရက်လည်းမဟုတ်။ တစ်ညလည်းမဟုတ် ညတိုင်း. . .။ တစ်မြို့တည်းမဟုတ်။ နှစ်မြို့တည်းမဟုတ်။ မြို့တိုင်း. . .။ တစ်ပြည်တည်းမဟုတ်။ နှစ်ပြည်တည်းမဟုတ်။ တိုင်းပြည်တိုင်း. . .။

ဓာတ်သွေးမွှန်တို့ ဓာတ်မွှန်ရာမှ ထဖြစ်သောရောဂါတစ်မျိုး။

ရောဂါထလျှင် အနာပေါ်မည် စကားအတိုင်း. . . သည်မှာတွင် မလိုလားသူများ၏ တိုင်ကြားချက်ကြောင့် အချို့အဖမ်းခံကြရ၏။ သန်းခေါင်စာရင်းစစ်ချိန်နှင့်တိုးမိကြသဖြင့် အချို့အဖမ်းခံကြရ၏။ ဒုစရိုက်နှိမ်နင်းရေးစီမံချက်ထဲရောပါသွားသဖြင့် အချို့အဖမ်းခံကြရ၏။

ရလဒ်ကား ပြည်တန်ဆာပုဒ်မဖြင့် အရေးယူခံကြရခြင်းပင်။ အကယ်တိတိ. . . အရေးယူမခံရဘူးဘဲထား။ အများပြားလှသော ဖိုတကာတို့၏သွေးမှချထားခဲ့သော ကာလသားရောဂါပိုးကြောင့် နောက်ဆုံး ပြည်တန်ဆာမမှန်သမျှ အကောင်းအတိုင်းကျန်ခဲ့သည်ကား မရှိတတ်။ ကံမစပ်သော် ထောင်၊ ကံစပ်သော် အမြှောင်၊ ကံထပ်သော် အပြောင်ကြီးအပြောင်။

ညထွက်ကျက်စား အမျိုးသားညငှက်များတွင်ကား. . .


လုယက်လိုသူများက အမှောင်ပျိုးစ၊ လူပြတ်စအချိန်တွင်မြူးကြသည်။

တိုက်ခိုက်လိုသူများက လူခြေတိတ်ဆိတ် အများအိပ်ချိန်တွင် မြူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com




ခိုးယူလိုသူများက နံနက်ပိုင်း (၃) နာရီအချိန်များတွင် မြူးကြသည်။

သူတို့သည်လည်း ညပျော်ငှက်များချည်းဖြစ်ကြရာ လူကျင့်ဝတ်နှင့်မလျော်သောအကျင့်သမားချည်း ဖြစ်ကြ၏။ သူနှင့်တူအောင်ကျင့်ရသော အဒိန္နာဒါန်ကျင့်ဝတ်ကို အမိကချိုးဖျက်သူများ ဖြစ်ကြ၏။

ထိုမှတက်၍ ရံတစ်ခါ ပါဏာတိပါတ်ကျင့်ဝတ် ဖောက်ဖျက်လိုက်ကြ၏။ ရံတစ်ခါ ကာမေသု၊ ရံတစ်ခါ မုသာ၊ ရံတစ်ခါ သုရာ. . . အားလုံးချိုးကြသည်။ သွေးတိုးသလောက်မှန် ခြေလွန်၊ လက်လွန်ချည်း။ တွေးသလောက် သွေးတိုး အစရှိ အနှောင်နှောင်မျိုးချည်း။

ယင်းတို့ကိုကား ရာဇဝတ်မှုနှိမ်နင်းရေးသမားများက အထူးဦးစားပေးအဖြစ်ဖြင့် အထူးရှာဖွေ၊ အထူးဖမ်းဆီး၊ အထူးနှိမ်နင်းပစ်တော့ရာ. . . ဆန်ခိုးမိလျှင်မိ၊ မမိ ဖွဲခိုးကျမိတော့သည်သာ။

ထိုငှက်များ အချုပ်ခန်းပေါင်းများစွာလည်းစံခဲ့ရဖူးပြီ။ ထောင်များ၌လည်း ကျင်လည်ခဲ့ဖူးကြပြီ။ ရဲဘက်စခန်းများ၌လည်း နေခဲ့ကြရဖူးပြီ။ သွေးတက်သမျှလည်း ဆက်၍ဆက်၍ ပျော်မွေ့နေကြဦးတော့မည်။ သွေးတိုသမျှလည်း ဆိုးမြဲဆိုးနေကြဦးတော့မည်။

သွေးသည် ဉာဉ်၊ စရိုက်၊ ဝါသနာတို့သွားလာရာလမ်းမတော်ကြီး။


သွေးသည် စိတ်အမျိုးမျိုးတို့စီးနင်းလိုက်ပါရာ ယာဉ်ရထား။


အစားအစာများက သွေးကိုပုံဖိုး



www.burmeseclassic.com

www.burmeseclassic.com





၏။ သွေးကို အတွေးကန့်ပေး၏။ သွေးနှိုးချိန်တွင်ကား ဉာဉ်၊ စရိုက်၊ ဝါသနာပါစိတ်များ ခရီးသွား၍ရပြီ။ ခန္ဓာရှိ လိုရာကိုယ်၊ နှုတ်၊ နှလုံး လိုသလိုသုံး၍ရသွားပြီ။

□ညလယ်ကောင်ကထောင်ကျသမားများ

ပြီးခဲ့သော ထောင်ကျသမားများနှင့် လမ်းခွဲသောထောင်ကျသမားများက ဝန်းကျင်နှင့် မိဘများမသိအောင် မှောင်ရိပ်ခိုသမီးရည်းစားအတွဲများ ဖြစ်ကြ၏။

မှောင်ရိပ်ခို ထိုအတွဲများသည်လည်း. . .။ သူ့အာရုံက ကိုယ့်လာတိုက်၍ ကိုယ့်စိတ်ကိုလိုက်ဖမ်းချိန်၊ ကိုယ့်အာရုံက သူ့ပြန်တိုက်၍ သူ့စိတ်ကိုလိုက်ဖမ်းချိန် နှစ်ဦးစလုံးတို့ရှိ သွေးတို့သည် ဒိတ်ဒိတ်ခုန်အဆင့်သို့ထိုးတက်သွားကြရာ နှစ်ဦးစလုံးတို့ရှိ စိတ်တို့သည်လည်း ဘာဖြစ်ဖြစ်ထဲဝဲဆင်းသွားနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူသည် ကိုယ့်မိဘမွေးပေးထားသော သား ဖြားယောင်းဖျက်ဆီးမှု ဖြစ်ပွားခဲ့ပြီ။ ကိုယ်သည် သူ့မိဘမွေးထားသည့်သမီး ဇနီးအဖြစ် ပြုကျင့်မှုကြီးဖြစ်ပွားခဲ့ပြီ။ သို့ကြောင့် ထိုထို ထိုထို မှောင်ခိုအတွဲများကိုလည်း ကိုယ့်သွေးကိုယ်မထိန်းနိုင်ရာမှ သူ့သားသမီးများ သွားရောက်ဖျက်ဆီးမှုဖြင့် အိမ်ထောင်ချလိုက်ကြပြီ။

ရာဇဝတ် ထောင်ကျသမားက အကျဉ်းသား။

ကာမထောင်ကျသမားသည်ကား အကျယ်ချုပ်။

သည်မျှသာကွာ၏။ အိမ်ထောင်နှင့် အကျဉ်းထောင်များ၌ အပြစ်ခံစားရသည်ကအတူတူ။ မတူသည်မှာ. . . ဒုက္ခဒုက္ခမှန်းသိတတ်သောအကျဉ်းသားများကသာ ထောင်မှထွက်နိုင်ကြ၏။ အချို့ လပိုင်း၊ နှစ်ပိုင်းမျှသာ ထောင်မှထွက်ခွင့်ရသွားကြ၏။ ထိုသူများ ထောင်အတွင်း ထောင်သားအချင်းချင်း မညှဉ်းဆဲကြတော့၍။

တစ်ဖန်. . . အချို့ ၁၀-နှစ်အထိ အလွန်ဆုံးမှ အနှစ်-၂၀ ဆို ထွက်ကြရ၏။ ထိုသူများလည်း ထောင်ထဲသတ်ပွဲ၊ လုပွဲများ ထပ်မံ မဆင်နွှဲကြတော့၍။

ဒုက္ခကို ဒုက္ခမှန်းမသိသည့်အပြင် သုခပင်ထင်နေသူများ။ ထိုအပြစ်ကြောင့် ဤထောင်ကျသည်ကို မင်္ဂလာဆောင်သည်ထင်နေသူများ . . . ဤအကျယ်ချုပ်သမားများကား ထောင်တစ်သက်လွတ်ရက်မရှိကြ။ ဤသူများ. . .


ထောင်၏အမှောင်ထဲ အချင်းချင်း ခိုးယူလဲစားလည်း ပြုကျင့်ကြသေး၏။


ထောင်အတွင်း အပျင်းဖြေ အချင်းချင်းခွေသူများလည်း ပါကြသေး၏။


ထောင်အတွင်း ထောင်ဝင်စာ အချင်းချင်းပေး ဖေးမမှုကြီးကလည်းပါသေး၏။

သို့ကြောင့် ထိုသူများ တစ်မှုပြီး တစ်မှုဆက် ထောင့်တစ်သက်လွတ်ရက်မရှိ။

တစ်ဖန်. . . ရက်စက်စွာသတ်သော လူသတ်မှုက သေစားသေစေ အမိန့်ကျ။ နိုင်ငံတော်ပုန်ကန်မှုကြီးများကလည်း သေစားသေစေ အမိန့်ကျ။







www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် ဤကြီးလေးသော ရာဇဝတ် သမားများကလည်း တစ်ဖက် သူ့အသက် သေခဲ့သလို ကိုယ့်အသက်အသေခံလိုက်လျှင် ပြီး၏။ ဆုံး၏။ ထောင်မှကျွတ်၏။

ကာမမှောင်ကြားက အိမ်ထောင်ကျသမားများမှာမူကား. . . ကိုယ်ကိုယ်တိုင်လည်းသေပေးရ၏။ မဖြူအမည်ရင်း အသေခံရပြီး မောင်ညို၏ မိန်းမလေး အဖြစ်သို့။ တစ်ဖက်မှာလည်း ကိုယ်ပိုင် မောင်ညိုအမည် သေသွားပြီး မဖြူ ယောကျ်ားလေးအဖြစ်သို့။

သည်မျှနှင့် အမှုကမပြီးသေး။ နှစ်ဖက်မိဘတို့က မွေးပေးထားကြသော သားကိုယ်စား၊ သမီးကိုယ်စား သားငယ်၊ သမီးငယ်လေးများ ထပ်မံမွေးဖွားပေးကြရ၏။ အချို့က အတိုးအပွားများစွာ၊ အချို့က ရင်းစားကိုယ်ပွား တစ်ဦးစီ၊ နှစ်ဦးစီ။ ယင်းလျော်ကြေးအဖြစ် မွေးဖွားပေးသမျှ ကလေးငယ်များကို နှစ်ဖက်မိဘတို့သည်. . .

သူတို့ မွေးပေးထားသည်နှင့် တူ၊ မတူ မြည်းကြည့်ကြ၏။

သူတို့သွင်းပေးထားသောသွေးများ ပါ၊ မပါ မြည်းကြည့်ကြ၏။

သည်သို့ မြည်းကြည့်၊ စမ်းကြည့်ပြီးမှ တူသဟေ့၊ ပါသဟေ့ဖြင့် အသိမှတ်ပြုကြရာ ယင်းကို မြေးကလေးများ အမည်ပေးရသောဟူ၏။

သည်မျှနှင့်လည်း အမှုကမပြီးသေး။

ကာမမှောင်ကြား ထိုအိမ်ထောင်ကျသမားတို့သည်. . . ပထမပြစ်မှုက ကိုယ့်ဘဝကိုယ်ထမ်း၊ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ်မောင်းနှင်ရာ ကိုယ်ရုန်း မမောင်းချင် ကိုယ်ကိုယ်တိုင် အလွန်ရုန်းစေ။ တောင်တွင်းဖြစ် ပြစ်မှုများက လျော်ကြေးပေး ကလေးအားလုံးတို့၏ ဘဝကို ထိုကလေးများ ပြစ်မှုမကျူးလွန် မချင်းကျူးလွန်မိသော်မှ မထင်ရှားမီ . . . စား၊ ဝတ်၊ နေရေး သုံးပါးလေးတို့တွင်. . .။

"အစားအသောက်ဖွယ်ဖွယ်ရာရာ များဖြင့် ဝမ်းကျောင်းပေးကြစေ"

"နေစရာအိမ်၊ ဝတ်စရာအဝတ်တို့ ဖြင့် အသက်မွေးကြစေ"

ဤအမိန့်များပါ ထပ်ဆင့်ကျခံကြရသေး၏။

သည်ကြားထဲ အချင်းချင်း အခဲမကျေ သေရာစွဲကြီးများပါသွားကြပါမူကား. . . နောက်နောက်ဘဝ အဆောင်ဆောင်အမှောင်ကြား ထောင်ကျသမား အဖြစ်ခံကြပေဦး။

ဒုက္ခမှ ထဖြစ်သော ဒုက္ခက လူတိုင်းသိဖြစ်နေသဖြင့် အရှောင်ရလွယ်ကူ၏။ အနာမကျွမ်း၍ သေရာပါ အမာရွတ်ထင်ကျန်မနေခဲ့တတ်။ ဒုက္ခပေးသူကိုလည်း ဒုက္ခပေးနေသူမှန်း အတပ်သိနေ၍ တစ်ချီထက်အလွန် မဆက်ဆံတတ်။

သုခမှ ထဖြစ်သော ဒုက္ခကား လူတိုင်း မရိပ်မိကြ။ ငါးစာသာမြင် များချိတ်မမြင်သဖြင့် ရှောင်နိုင်ခဲကြ၏။ အနာဟောင်းအနာဆွေးကြီးများပမာ တစ်ချီပြီးတစ်ချီ အနာများထပေါ်နေသောကြောင့် သေရာပါ အမာရွတ်ကြီးများ ထင်ကျန်နေတတ်၏။ ဒုက္ခပေးသူကို ဖေးမသူ ထင်နေပြန်သဖြင့် သူလာအသာ ခေါင်းညိတ်ပြီးသည်ချည်း။

သို့ဖြစ်ရာ အကျယ်ချုပ်ဖြင့် အိမ်ထောင်အတွင်း အမှုခင်းနေကြသူများ. . .

ဤကမ္ဘာကြီး မီးလောင်ပြာကျသွားသော်မှ ပြစ်မှုများ မပြေငြိမ်းကြသေးရကား. . .

မီးလွတ်ရာ အခြားကမ္ဘာ့ထောင် သွားပြောင်းနေပေးကြရပေဦးတော့မည်။

ဤကမ္ဘာကြီး ပြန်အတည်. . . တစ်ချီပြန်လည်လှည့်ပေးကြရပေဦးတော့မည်။

ကမ္ဘာတွင်း ဆင်းသူအချင်းချင်းလည်း သူညည်း ကိုယ်ညည်း ညည်းပေးကြရပေဦးတော့မည်။

ညလယ်ကောင်က ထောင်ကျသမား၏ဘဝများ။

### ၁ နေ့အလို ကြိုဆိုပေးနေရသောလ

နေသည် သူ့ရင်ဖွား သက်ရှိ သက်မဲ့များအား ပြင်းထန်စွာ ဆုံးမ၏။

ယင်းကို နေဝင်ကာလ ညတွင် လသည် တိတ်တဆိတ် ပြုစုယုယကုသပေးနေ၏ပမာ. . . နေ့အခါ နေ့ညည်းသမျှ ဒဏ်ရာရကြသည့် သက်ရှိ သက်မဲ့ များစွာတို့ကို ညအခါများတွင် ထိုလက အေးချမ်း ညင်သာသော အတွေ့အထိများဖြင့် အခဲဖြစ်နေရာများ အရည်ပျော်သွားပြီအထိဖျော်ပေး၏။ အဖုဖြစ်နေရာများ ပြေလျော့ကျသွားပြီအထိ ဖြေပေး၏။

သို့တစေလည်း ထိုသည့်လ လင်ကြောက်မ မယားတစ်ယောက်ပမာ နေထမ်းတာဝန် ရှည်နေသမျှ သူကပုန်းအောင်းနေရ၏။ နေအဆူအငေါက်ကြောက်လှ၍ ရုံတစ်ခါမထွက်ဘဲလည်း ပေနေရသေး၏။ လကင်းလျှင် ညခင်းမှောင်၏။

ထိုလက ညလုံးပေါက်ကင်းနေလျှင် ညလုံးပေါက်ပင် အမှောင်ဝင်၏။

ထိုလက ညဦးမျှ လင်းနေလျှင်လည်းကောင်း၊ ညဝက်မျှ လင်းနေလျှင်ကောင်း၊ ညနှောင်းကျလေမှ လင်းနေလျှင်လည်းကောင်း ကျန်အချိန်များက မှောင်ပေးကြရ၏။ ဤလက ထိုညကို ညပေါက်လင်းပေးသည်ကား မိုးလေကင်းစင်သော နွေ၊ ဆောင်းများရှိ လပြည့်ညများလောက်ကိုသာ. . . သို့ဖြစ်ရာ ညဆိုလျှင် အမှောင်ကြီးစိုးသည်က အများဆုံးဖြစ်နေ၏။ သို့ဆိုသော်. . .

လူ့ကျင့်ဝတ်က ခွင့်မလွှတ်သည်များကို ခိုးကြောင်ခိုးဝှက် ပြုကျင့်လိုသူအားလုံးတို့သည် ယင်းညကိုပင် အကူယူကြရပေတော့မည်။

ထိုစဉ် . . . ရာဇဝတ်မကင်းရာ ပြုကျင့်သူများကို အမှုထမ်းများက 'ဒါ နင်လုပ်ထားတာမဟုတ်လား' စစ်မေးချိန်၊ 'သို့နင်ဘာငြင်းချင်သေးလဲ' မေးချိန်. . .

ဟင့်အင်း၊ ကျွန်မ မပါဘူး. . . အသံ။

ဒါ ကျွန်တော် လုပ်တာမဟုတ်ဘူး . . . အသံ။

ဤအသံများသည် ညငှက်တို့၏ အော်သံများ. . .။ တစ်ဖန်. . .

ကာမမှု မကင်းရာ ပြုကျင့်သူများ၌ လက်သည်မကြီးများက. . .

"ဟောတော့ သားလေး. . ."

အော်ပြောလိုက်ချိန်. . .

"ဟောတော့ ပဲစေ့. . ."

အော်ပြောလိုက်ချိန်. . .

မီးတွင်းမှ အူဝဲ အူဝဲသံများသည် ညငှက်တို့အော်သံများ. . .။ သို့ကြောင့် ညသည် ညငှက်များ၏ အော်သံနှင့် မကင်း။ ထိုည. . .

ကောင်းရောင်းကောင်းဝယ်ကြောင့် ကြီးပွားချမ်းသာနေသူများ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေကြရာ ညငှက် အော်သံများ ကြားကြမည် မဟုတ်ကြပါ။

*၁၃၇၃ ခုနှစ်၊*
*နယုန်လပြည့်ကျော် ၁၁-ရက်။*
*ကြာသပတေးနေ့။*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

၁၅-၈-၂၀၁၆ ခု၊ တနင်္လာနေ့။

ထိုနေ့သည် စာရေးသူ၏မွေးနေ့ဖြစ်၍ ရွှေတိဂုံဘုရားကြီးသို့ အပတ်စဉ်တနင်္လာနေ့တိုင်း ၁၉၇၉ ခုနှစ်မှစ၍ တက်ရောက်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ ကျေးဇူးရှင် ချောင်းဝဆရာတော်ထံပါး၌ တပည့်အဖြစ် ခံယူခဲ့သောနေ့၊ ထိုနေ့က မှတ်မှတ်ရရ စာရေးသူအသက် (၂၂) နှစ်ပြည့်သည့်နေ့။ နံနက်ပိုင်း ဆရာတော်ကြီးထံပါးမှ ပြုကျင့်လိုက်နာရမည်ဖြစ်သော စောင့်ထိန်းအပ်သောသီလတော်များခံယူပြီးသောအချိန် ရွှေတိဂုံဘုရားကြီးသို့တက်ခဲ့၏။ မွေးနေ့တိုင်း ရွှေတိဂုံဘုရားကြီးသို့တက်ခဲ့၏။ နှစ်အားဖြင့် ၁၉၇၉ မှစ၍ အပတ်စဉ်တနင်္လာနေ့တိုင်း မွေးနေ့တိုင်း ရွှေတိဂုံဘုရားကြီးသို့ တက်ရောက် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများ ကောင်းစွာဆောက်တည်နိုင်ခဲ့ပါသည်။ နှစ်ပေါင်း (၃၇) နှစ်တိုင်ခဲ့ပါပြီကော။


ယနေ့ ရွှေတိဂုံဘုရားကြီးရင်ပြင်တော်တွင် မွေးနေ့ကုသိုလ်ကောင်းမှုကောင်းစွာပြုနိုင်ခဲ့ပြီးနောက် ရွှေတိဂုံသာသနာ့နယ်မြေနှင့် မဟာဝိဇယဓမ္မရက္ခိတသာသနာ့နယ်မြေများကို တစ်ဆက်တည်းဖြစ်အောင် ပြုလုပ်ထားသောပေါင်းကူးတံတားပေါ်မှဖြတ်သန်း မဟာဝိဇယ ဓမ္မရက္ခိတသာသနာ့နယ်မြေသို့ လှေလာရေးနှင့် ဘုရားဖူးရန် အရောက်လှမ်းလာခဲ့ပါသည်။

ကံဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ (၁၇)

# ထူးဆန်းသောဖြစ်ရပ်ဆန်းများနှင့်

# မဟာဝိဇယစေတီတော်ကြီး



မဟာဝိဇယစေတီတော်



မဟာဝိဇယစေတီတော် ရွှေထီးတော်ကြီး



ပြာသာဒ်နှင့်တံခွန်တိုင်




www.burmeseclassic.com

www.burmeseclassic.com



အပရာဇိတပလ္လင်တော် ဗုဒ္ဓရုပ်ပွားတော်များနှင့် ရွှေစေတီတော်



အရှေ့အရပ်မှ မုခ်ဝင်ပေါက်



အင်္ဂတေသရွတ်ကိုင် ကျောက်ရေသဖန်းပင်



အနောက်ဘက်လိပ်ကန်မှ ဝင်ရောက် ဖူးနိုင်သည်

### □ ယနေ့တိုင်ထင်ရှား သွေးဆေးကန်များ

သာသနာသမိုင်းဦးအစ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်တော်မူနေသောကာလတွင် ရွှေတိဂုံသာသနာ့နယ်မြေတွင်ရှိကြသောလူများသည် ထူးဆန်းသောရောဂါတစ်ခုကို အသီးသီးရရှိကြ၏။ လူတို့သည် မူးဝေခံစားရပြီး သွေးယိုစီးသောရောဂါကို ရကြ၏။ ထိုအခါ သိကြားမင်းသည် ရွှေတိဂုံစေတီတော်ကြီး၏ လေးဖက်သောမုခ်ဝအဆင်းတွင် ကန်လေးကန်ကို ဖန်ဆင်းတည်စေတော်မူ၍ သိဒ္ဓိရှိသောနတ်ဆေးကိုခတ်လိုက်၏။ ထိုကန်များအတွင်းမှရေတို့ကို လူတို့သည် ချိုးလိမ်းပြီး သောက်သောအခါ သွေးယိုစီးသောရောဂါတို့ ချက်ချင်းပျောက်လေ၏။ တချို့တို့ကလည်း ထိုအစွမ်းထက်သောရေကန်တွင် သွေးယိုစီးခြင်းဟူသော ထူးဆန်းရောဂါပင်ပျောက်သည်ဖြစ်၍ တခြားသောရောဂါများပါပျောက်စေရန် ရေချိုးကြသည်ဟုလည်း ကြားဖူးပါသည်။ လူတို့က ထိုကန်လေးကန်ကို သွေးဆေးကန်ဟု ခေါ်ကြပါသည်။ ထိုသွေးဆေးကန်လေးကန်တွင် ယခုအခါ မြောက်သွေးဆေးကန်၊ တောင်သွေးဆေးကန်၊ အရှေ့သွေးဆေးကန်များကိုတွေ့မြင်နိုင်သော်လည်း အနောက်ဘက်မှသွေးဆေးကန်ကတော့



www.burmeseclassic.com


www.burmeseclassic.com

မြေဖို့ရာတွင်ပါသွား၍ မတွေ့ရတော့ပါ။ တောင်သွေးဆေးကန်၏ အရှေ့ဘက်တွင်ရှိ ကုန်းမို့မို့ကြီးသည် တောင်သွေးဆေးကန်ကုန်းတော်ကြီးဖြစ်ပြီး ရွှေတိဂုံစေတီတော်ကြီးတည်တော်မူသောအချိန်မှပင်တည်ရှိတော်မူ၍ တောင်သွေးဆေးကန်ကုန်းဟုခေါ်ကြပါသည်။


ထိုကုန်းတော်ကြီးမှသည် ရွှေတိဂုံစေတီတော်ကြီးသို့ လှမ်းမြော်ဖူးရသည်မှာ သဏ္ဍိသုခ တည်းဟူသော တည်ငြိမ်အေးချမ်းမှုများနှင့်အတူ တရားအားထုတ်၍ အလွန်ကောင်းသော ကုန်းမြေမဟာဖြစ်ပါသည်။ ဘုရင်မကြီးရှင်စောပုကိုယ်တိုင် သီတင်းသီလဆောက်တည်ဥပုသ်စောင့်သော ဓမ္မရက္ခိတကုန်းတော်မြတ် ဖြစ်ပါသည်။

**၁ ဘာနုရာဇာနေမင်းမှ ရောင်ခြည်တစ်ထောင်ဖြင့်ပူဇော်ခြင်း**

ဓမ္မရက္ခိတ ဟူသော စကားရပ်သည် တရားကိုစောင့်ထိန်းခြင်းဟု အဓိပ္ပာယ်သဘောသက်ရောက်ပါသည်။ ရွှေတိဂုံတောင်သွေးဆေးကန်၊ အရှေ့ဘက်ကုန်းတော် မဟာဓမ္မရက္ခိတရပ်ဝန်းမှာဖြင့် ယနေ့အချိန်အခါတွင် ရွှေဝါရောင်တွေ ထိန်ထိန်လင်းသော မဟာဝိဇယစေတီတော်မြတ်ကြီး ပေါ်ထွန်းနေပါပြီ။ ထူးခြားသော ဖြစ်ရပ်ဆန်းအနေဖြင့် (၁)နှစ်မှာ (၁)ရက်၊ (၁) ရက်မှာ(၂)ကြိမ် ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးမှ မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဓမ္မပဏ္ဏာဗုဒ္ဓဆင်းတုတော်နှင့် ဌာပနာတော်များအား ဦးညွှတ် ဝတ်တွားပူဇော်ပါသည်။ ဘာနုရာဇာနေမင်းကြီးမှ ရောင်ခြည်တစ်ထောင်အလင်းဖြင့် ပူဇော်သောသတင်းသည် ထူးခြားမှုဖြစ်ရပ်တစ်ခုနှင့်အတူ ဘုရားလိုဏ်အတွင်း၊ အပြင်ဝတ်လမ်းများ၊ ဘုရားရင်ပြင်တော်ပင်ခြေချ၍မရအောင် ကြိတ်ကြိတ်တိုးစည်ကားစွာဖြင့် လာရောက် ဖူးမြော်ကြသော်၏။ လိုဏ်တော်အတွင်းတိုင်အောင်ဝင် ရောင်ခြည်အလင်းများ ထိုးဖောက်ဝင်ရောက်၍ ဗုဒ္ဓမြတ်အား နေမင်းကြီးမှရောင်ခြည်တော်များဖြင့် ဦးတိုက် ဦးခိုက်ပူဇော်နေသော အချိန်ကာလတွင် ဆုယူဆုတောင်းပြုကြပါက ဆုတောင်းပြည့်ပါသည်။ ဆုတောင်းပြည့်ဝကြောင်းကိုသိကြတုန်သော အနယ်နယ်မှ ဘုရားဖူးရိုသတ်များသည် ထိုအထူးအခွင့်အရေးကို လက်လွှတ်မခံ လာရောက် ဖူးမြော်ဆုတောင်းကြပါသည်။



မဟာဝိဇယစေတီတော်



မဟာဝိဇယစေတီတော် မော်ကွန်းကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com

**▫ စေတီတော်မတည်မီကပြောကြား ထူးဆန်းသောစကား**

မဟာဝိဇယစေတီတော်မြတ်ကြီး မတည်မီက တောင်သွေးဆေးကန်ကုန်း (ဓမ္မရက္ခိတ) အနီးတွင် အိမ်ထောင်သည် တပ်မတော်သားများ နေထိုင်ကြသော လိုင်းခန်းများရှိကြ၏။ ထိုတပ်လိုင်းခန်းများတွင် ဆက်သွယ်ရေးတပ်၊ ထောက်ပို့တပ်၊ အင်ဂျင်နီယာတပ် စသည်ဖြင့် ထိုတပ်များမှ အရာရှိအရာခံအိမ်ထောင်သည်များ စုပေါင်းနေထိုင်ကြလေ၏။

ထိုစစ်တပ်လိုင်းခန်းများတွင် နေထိုင်သော မ-တ-ယ(၁)မှ အရာခံဗိုလ် ဆရာကြီးအောင်ကြည်သည် စာရေးသူနှင့် လွန်စွာခင်မင်သော ဓမ္မမိတ်ဆွေတစ်ဦး ဖြစ်ပါသည်။ ရွှေတိဂုံဘုရားတွင် မကြာခဏပင် တွေ့ကြပြီး ဆရာကြီးအောင်ကြည်အိမ်ကိုလည်း လိုက်လည်သည်ဖြစ်၍ ၎င်းတို့မိသားစုနှင့်လည်း ခင်မင်နေပါသည်။

တစ်နေ့ ဆရာကြီးအောင်ကြည်က ထူးဆန်းသောစကားကို ဆိုလာပါသည်။ ၎င်းတို့လိုင်းခန်းထိပ်(တောင်သွေးဆေးကန်ကုန်း) ဓမ္မရက္ခိတကုန်းတွင် ဘုရားကြီးတစ်ဆူတည်ရန် ရှင်းလင်းရေးအဖွဲ့တွေ ရောက်ရှိနေသည်မှာကြာပြီဖြစ်ကြောင်း၊ ထိုရှင်းလင်းရေးအဖွဲ့မှ ဆရာဝန်တစ်ဦးနှင့် သူသည် မိတ်ဆွေဖြစ်၍ ထိုဆရာဝန်ထံမှ ထူးဆန်းသောသတင်းစကား ကြားသိခဲ့ရပါကြောင်း အစချီ၍ စာရေးသူအားပြောပြပါသည်။ ၁၃၄၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ညမှာ ပန္နက်ရိုက်မှာဖြစ်ပြီး ထိုနေ့ညတွင် တောကောင်အော်မည်။ တောကောင်အော်သည်နှင့် ပန္နက်ရိုက်ကြမည်ဖြစ်ကြောင်း အတိအကျ သေချာပေါက်ပြောနေကြ၏။ ထိုသတင်းသည် ဓမ္မရက္ခိတကုန်းတော်ဝန်းကျင်တွင် ပျံ့နှံ့နေလေပြီ။ စာရေးသူကိုလည်း ထိုနေ့ညဆက်ဆက်လာရန် ဆရာကြီးအောင်ကြည်က ဖိတ်ကြားပါသည်။ ဆရာကြီးအောင်ကြည်က စစ်သားပီပီ လက်တွေ့မှယုံကြည်သည်ဖြစ်၍ မဖြစ်နိုင်ဟု ကောက်ချက်ချထား၏။ ထိုနေရာတွင် နှစ်များကြာမြင့်စွာနေခဲ့သူဖြစ်၍ မည်သို့သော တောကောင်မှမနေကြောင်း ဆရာကြီးအောင်ကြည်က ပြောပါသည်။

စေတီတော်ကြီးပန္နက်တင်မည့် လပြည့်နေ့ရောက်ပါပြီ။ စာရေးသူလည်း ကိစ္စတစ်ခုပေါ်သဖြင့် မရောက်ဖြစ်ခဲ့ပါ။ နောက်တစ်နေ့ ဆရာကြီးအောင်ကြည်နှင့်ပြန်အတွေ့မှာ စာရေးသူသည် ကြက်သီးမွေးညင်းများထသည်အထိ အံ့ဩဝမ်းသာရပါသည်။

"ကျွန်တော်တို့ မိသားစုလုံး အနီးအပါးကလည်း ပါပေါ့ဗျာ။ (၁၂) နာရီမထိုးမီကရောက်နေတာ ဒေဝါဝင်း၊ ရာဇာဝင်းနဲ့ အတော်ခမ်းနားလှပါတယ်၊ ရောက်နေကြတဲ့ လူကြီးတွေကလည်း တစ်ခုခုကို မျှော်ငံ့လင့်နေကြပုံပေါ်ပါရဲ့။ ပြောသံကြားတာတော့ နိုင်ငံတော်သမ္မတကြီးလာလို့ ထင်နေကြတယ်။ ကျွန်တော်တို့မိသားစုကလည်း တောကြည့်တောင်ကြည့်ပေါ့ဗျာ ကြည့်နေကြတယ်။ဘယ်နေရာက တောကောင်အော်မှာလဲပေါ့။ ည၁၂နာရီကလည်းနက်လာပြီ၊ ပန္နက်ရိုက်မယ်လို့ထင်ရတဲ့လူကြီးတွေလည်း ပန္နက်ရိုက်ဖို့ နေရာယူထားကြပုံရပါတယ်။ ခန့်မှန်းအားဖြင့် (၁၂း၃၀) နာရီသာသာထင်ရ



စေတီတော်အနောက်ဘက် ထိပ်ကန်မှ ကစ္ဆပရာလမ်းသို့သွားသောလမ်း




ခြေတော်ရာမြတ်သို့ အလှူတော်ငွေများ လှူဒါန်းထားပုံ






www.burmeseclassic.com


www.burmeseclassic.com




ရွှေတိဂုံဘုရားလမ်းမှ ဝင်ထွက်နိုင်သော အနောက်ဘက်မုခ်ဦး




ရွှေတိဂုံဘုရားကြီးပေါ်မှ ဖူးမြင်ရသော မဟာဝိဇယစေတီ



မဟာဝိဇယရင်ပြင်တော်မှ ရွှေတိဂုံစေတီတော်သို့ ဖူးမြင်ရပုံ



မဟာဝိဇယစေတီတော် အင်္ဂါထောင့် ဗောဓိပင်ကြီး



လိုဏ်တော်အတွင်းရှိ ကျောက်ဗောဓိပင်များကို လေ့လာနေသော နိုင်ငံခြားသားများ

တယ်။ အဲဒီအချိန်မှာ မဗ္ဗရက္ခိတကုန်း တော်တောင်ဘက်ခြမ်း ချုံပင်တွေကြား က ဖူးဖူးဝါးဝါးအော်သံတွေထွက်ပေါ်လာ တယ်။ အော်ကြတာမှ ငယ်သံပါအောင် နအော်တဲ့အသံတွေ။ တိတ်ဆိတ်ငြိမ်သက် နေတဲ့ သန်းခေါင်ယံမှာဆိုတော့ ထိတ် လန့်တုန်လှုပ်စရာကောင်းလို့ ကျွန်တော် လည်း ကြက်သီးမွေးတွေတဖြန်းဖြန်းထ ဆံပင်တွေထောင်ထောင်တက်သွားတယ် လို့ စိတ်ထဲထင်ရတယ်။ တောကောင် အော်မယ်ဆိုတာ ကြုံကြားထားတော့ မယုံကြည်တဲ့စိတ်က ဖိုးမိုးနေတာ တကယ် တမ်း တောကောင်အော်သံကြားတော့ အံ့သြဝမ်းမြောက်မိတယ်ဗျာ။ အသံက တော့ ကြောင်နှစ်ကောင် မာန်ဖီနေတဲ့ အသံလို့ ထင်ရတယ်။ အဲဒီလိုအော်သံ လည်း မြည်ဟည်းလာရောဗျာ အသံ သြဇာကောင်းတဲ့ လူကြီးတစ်ယောက်က 'အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ' ဆိုပြီး ဟစ်ကြွေးပူဇော်ရင်း ပန္နက်တော်တင်ကြ တယ်"

စေတီတော်ကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကြီးသည် လပြည့် နေ့ည အောင်ခါတီတွေကိန်းတဲ့ တနင်္ဂ နွေနေ့မှာ အောင်မြင်စွာပန္နက်တော်တင် ပြီးမြောက်ခဲ့ကြောင်း ထူးဆန်းသော ဖြစ်ရပ်ဆန်းတစ်ခုကို ကြားသမျှ သိသမျှ မှတ်တမ်းရေးထိုး တင်ပြအပ်ပါသည်။

□ မဟာဝိဇယစေတီတည်ရာဌာန

ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ တောင်ဘက် ကိုက် (၅၀၀) အကွာ ရွှေတိဂုံဘုရားလမ်းနှင့် ဦးထောင်ဗိုလ် လမ်းထောင့် သွေးဆေးကန်၏ အရှေ့ ဘက်တွင် တည်ရှိပါသည်။

□ တည်ထားရသောအကြောင်းရင်း

မြန်မာနိုင်ငံ၏ သာသနာဝင် သမိုင်းတွင် မကြုံစဖူး အထူးကြုံတွေ့ရ သော ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှု၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး ထမြောက် အောင်မြင်မှု



www.burmeseclassic.com

www.burmeseclassic.com

အထိမ်းအမှတ်အနေဖြင့် နီပေါဘုရင်၏ ဓမ္မလက်ဆောင်ပဏ္ဏာတော်များထည့်သွင်းပူဇော်တော်မူပြီး 'မဟာဝိဇယစေတီတော်' ကို တည်တော်မူပါသည်။

**□ ဉာဏ်တော်အမြင့်နှင့် ရင်ပြင်တော်အကျယ်အဝန်း**

မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၁၃၄) ပေမြင့်၍ အောက်ခြေအချင်းမှာ (၁၆၅) ပေ၊ (၈) လက်မဖြစ်ပါသည်။ ထီးတော်အမြင့် (၂၂) ပေနှင့် စိန်ဖူးတော်အမြင့် (၁၃)ပေ၊ ဉာဏ်တော်အမြင့် (၁၃၄) ပေနှင့် ပေါင်းသော် မဟာဝိဇယစေတီတော်ကြီး၏ စုစုပေါင်းဉာဏ်တော်အမြင့်မှာ(၁၆၉)ပေမြင့်ပါသည်။

ရင်ပြင်တော်မှာ အနားလေးဖက်ညီ စတုရန်းပုံသဏ္ဌာန်ဖြစ်၍ အနားတစ်ဖက်လျှင် (၂၉၇) ပေရှိပါသည်။

**□ ထီးတော်တင်သည့်နေ့**

ဘုံတစ်ဆယ့်တစ်ဆင့်ရှိ ထီးတော် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စက်ယန္တရားဖြင့် မြန်မာနှစ် ၁၃၄၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှ လပြည့်ကျော် ၆ ရက်နေ့အထိ တင်လှူတော်မူခြင်း။ ၁၉၈၆ ခုနှစ်၊ မတ်လ ၂ ရက်တွင် ထီးတော်တင်လှူတော်မူပါသည်။

**□ ဗုဒ္ဓါဘိသေကအနေကဇာတော်တင်နေ့**

မြန်မာနှစ် ၁၃၄၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၁၉၈၆ ခုနှစ်၊ မတ်လ ၄ ရက်။

**□ မဟာဝိဇယစေတီတော်သဏ္ဌာန်**

မဟာဝိဇယစေတီမှာ ထုထည်ပြည့်တည်ဆောက်သည့်စေတီမျိုးမဟုတ်ဘဲ အတွင်း၌ အာရုံခံလိုဏ်ဂူထား၍ တည်ဆောက်သည့်စေတီ (ဂူဘုရား) မျိုးဖြစ်သည်။ အာရုံခံလိုဏ်ဂူမှာ အချင်း (၆၀) ပေရှိ၍ အမြင့် (၄၆) ပေ ရှိပါသည်။ အာရုံခံလိုဏ်ဂူ၏ အလယ်ဗဟိုတွင် နီပေါဘုရင်မင်းမြတ်နှင့်မိဖုရားကြီးတို့က ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးအား ဓမ္မပဏ္ဏာအဖြစ် ပေးအပ်လှူဒါန်းထားသောနာဂစီဝရပဋ္ဋပဋ္ဌိမာ ရုပ်ပွားဆင်းတုတော်၊ ပဥ္စဓာတုဝါဟနတိဗက်စေတီတော်နှင့် ဓာတ်တော်ကြုတ်တို့ကို စကျင်ကျောက်ဖြူ အပရာဇိတရှစ်မြှောင့်ပလ္လင်တော်ပေါ်၌ ဖန်ပေါင်းချောင်အုပ်၍ ပူဇော်ထားပါသည်။

အပရာဇိတပလ္လင် ဘေးပတ်ပတ်လည်တွင် အရပ်ရှစ်မျက်နှာအလိုက် စကျင်ကျောက်ဖြူတစ်တုံးတည်းတွဲလျက် ထုလုပ်ထားသော ပလ္လင် (၈) ခန်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထားရှိပါသည်။

ထိုပလ္လင်တော်ပေါ်တွင် မုဒြာ (လက်အနေအထား) ကွဲပြားသော ရုပ်ပွားတော်တစ်ဆူစီကို ပူဇော်ထားရှိပါသည်။

လုမ္ဗိနီအောင်မြေကို အာရုံခံလိုဏ်ဂူ အလယ်ဗဟိုရှိ အပရာဇိတပလ္လင်အောက်၌ ဌာပနာထားသည်ဖြစ်ရာ အတွင်းလိုဏ်ဂူတော်၏ နံရံများပေါ်တွင် ကောင်းကင်၌ ရာသီနှင့် နက္ခတ်များတည်နေဟန်ကို နံရံဆေးပန်းချီဖြင့်ဖော်ပြထားပါသည်။ ယင်းအပေါ်တွင် ကြယ်တာရာပုံများကို သရုပ်ဖော်၍ အလယ်တည့်တည့်ရှိ နာဂစီဝရပဋ္ဋပဋ္ဌိမာ ရုပ်ပွားဆင်းတုတော်၊ ပဥ္စဓာတုဝါဟနတိဗက်စေတီတော်နှင့် ဓာတ်တော်ကြုတ်တို့ကို လျှပ်စစ်မီးမောင်းဖြင့်ထိုးကာ ပူဇော်ထားရှိပါသည်။

လိုဏ်ဂူတော်အတွင်း၌ လူသွားစင်္ကြံပတ်လမ်းရှိပါသည်။ ဤစင်္ကြံပတ်လမ်းတစ်လျှောက် တစ်ဖက်တစ်ချက်စီတွင် နံရံများ၌ လိုဏ်ဂူငယ် စုစုပေါင်း (၁၆) ပေါက် ပြုလုပ်ကာ ဆင်းတုရုပ်ပွားတော်များကို ပူဇော်ထားရှိပါသည်။

အာရုံခံလိုဏ်ဂူသို့ ဝင်ရောက်ရာ မုခ်ပေါက် (၈) ပေါက်ရှိပါသည်။ ထိုမုခ်ပေါက် (၈) ပေါက်မှာ စေတီတော်၏ အဋ္ဌဂံပန္နက်ပုံစံအတိုင်း အဋ္ဌဂံ၏မျက်နှာစာတစ်ခုစီတွင် မုခ်ပေါက်တစ်ပေါက်စီရှိပါသည်။မုခ်ပေါက် (၈) ပေါက်နှင့် အာရုံခံလိုဏ်ဂူတို့ကို (၁၃½)ပေအကျယ်ရှိ လူသွားစင်္ကြံလမ်း (၈) ခုတို့ဖြင့် ဆက်သွယ်ထားရှိရာ မုခ်ပေါက်များမှ အာရုံခံလိုဏ်ဂူသို့ ဝင်ထွက်သွားလာနိုင်ပါသည်။

(စေတီတော်ကြီးသမိုင်း စာ/၃၁-၃၂)

**□ ဖူးဖြစ်အောင်ဖူးထူးပါလိမ့်မည်**

မဟာဝိဇယစေတီတော်ကြီးသည် လိုဏ်ဘုရားဖြစ်သည်နှင့်အညီ လေ့လာကြည့်ညိုစရာ ရုပ်ပွားဆင်းတုတော်များအပြင် ဘာသာသာသနာတော်ဆိုင်ရာ ပြခန်းပြကွက်များ များစွာရှိပါသည်။

လေ့လာကြည်ညိုစရာ၊ သိကောင်းစရာ၊ မှတ်သားစရာများကို စုံစုံစေ့စေ့တင်ပြရပါလျှင် လုံးချင်းစာအုပ်တစ်အုပ်မျှရှိလောက်ပါသည်။ စာရေးသူအနေဖြင့် အဓိကကျလှသောအကြောင်းအရာ အချက်အလက်များစုစည်း၍ အများပြည်သူစာရှုသူများ သွားရောက်ဖူးမြော်ကသိုလ်ယူနိုင်ကြပါရန် ကြိုးစားရေးသားထားပါသည်။ထူးဆန်းသောဖြစ်ရပ်ဆန်းများကိုလည်း ရေးသားတင်ပြနိုင်ခဲ့ပါပြီ။

မဟာဝိဇယစေတီတော်မြတ်ကြီးတွင် ထားရှိ ကိုးကွယ် ပူဇော်ထားသည်ဖြစ်သော ရုပ်ပွားဆင်းတုတော်များသည် လည်းကောင်း၊ ဓမ္မပဏ္ဏာလက်ဆောင်တော် ပဉ္စလောဟာဖြင့် ဖန်ဆင်းအပ်သော ဗုဒ္ဓမြတ်၏ ရုပ်ပွားတော်မြတ်သည် လည်းကောင်း၊ လုမ္ဗိနီအောင်မြေ ဓာတ်တော်တို့သည် လည်းကောင်း၊ နာဂစီဝရပဋ္ဋပဋ္ဌိမာရုပ်ပွားဆင်းတုတော်များ ကြွရောက် သီတင်းသုံးတော်မူသည့် ဒေသရပ်ရွာမြို့တကာနှင့် တိုင်းနိုင်ငံဟူသမျှ ပြည့်ဝစည်ပင်ကြည်ရွှင်သာယာငြိမ်းချမ်းစွာဖြင့် မင်္ဂလာကျက်သရေပြည့်ဖြိုးစေလျက် ရွှေငွေကျောက်သံ ရတနာမွန်တို့သည် အလျှံပယ်စွာ လွန်ချမ်းသာကြ၍ လယ်ယာကိုင်းကျွန်းခြံလုပ်ငန်းတို့ ဖြစ်ထွန်းအောင်မြင် ဘေးကင်းစင်၍ သစ်ပင်နွယ်မြက်ပေါ်ဆီတက်သဖြင့် ဆေးဖက်ဩဇာရသာလည်းစုံ ကုံလုံကြွယ်ဝ သူတော်ကောင်းတို့ လိုလျှင်ခဏ၊ တောင်းတိုင်းရခြင်းကြောင့်၊ လောကသံသရာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးထက်သန်ဆိုက်လိုကြသည့် မြတ်နိဗ္ဗာန်ကို အမြန်မုချဧကန်ပင် ရနိုင်သည်ဟု သမိုင်းစာအုပ် စာမျက်နှာ (၅၀) မှာပါရှိသည့်အတိုင်း စာရှုသူများ စိတ်ချမ်းမြေ့စွာ သဒ္ဓါသုခနှင့်ပြည့်စုံသော ဓမ္မရက္ခိတကုန်းတော်မဟာမှာတည်ထားမဟာဝိဇယစေတီတော်မြတ်ထံပါးသို့ အရောက်သွားဖူးမြော် ဆုယူဆုတောင်းသော် အမှန်တကယ်ပြည့်ဝစိတ်ချမ်းသာမှုကိုရမှာဖြစ်ကြောင်း တင်ပြရင်း။

*မေတ္တာများစွာဖြင့်*

ကံ့ဝင်း

**ကျမ်းကိုး -**

- ဂေါပကအဖွဲ့ထုတ် မဟာဝိဇယစေတီတော်ကြီးသမိုင်း
- ဓမ္မမိတ်ဆွေများ၏ ပြောကြားသတင်းစကား
- ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒဿန)

## လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးစီရင်သော မန်လည်မဟာထေရုပ္ပတ္တိကထာ



စာကြည့်တိုက်သို့ ရောက်ခါမှ ထိုစာအုပ်ကိုရခဲ့သည်ဟုဆိုထားပါသည်။ တစ်ဖန်ရသော စာအုပ်မှာလည်း ပုံနှိပ်စာအုပ် မဟုတ်။ လက်နှိပ်စက်မူသာ ဖြစ်သည်ဟု ဆိုထားပါသည်။

၁။

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့ နံနက်ခင်းတွင် ကျွန်တော် ရွှေဆံတော်စေတီတော်သို့ရောက်နေခိုက် ဘုရားဖူးလာသော တပည့်တစ်ဦးက ဓမ္မဒါနပြုသွားသဖြင့် ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့က စီစဉ်ထုတ်ဝေသော 'မန်လည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇဝန' စာအုပ်ကိုဖတ်ရပါသည်။

ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့သည် ထိုစာအုပ်ကို 'ဆရာတော်ဘုရားကြီးများ၏ ထေရုပ္ပတ္တိစာစဉ်' အဖြစ် ထုတ်ဝေခြင်း ဖြစ်သည်။ ဆရာဦးစိန်လှိုင် (မဟာဝိဇ္ဇာ) ကရေး၍ အယ်ဒီတာများက ဝိုင်းဝန်းတည်းဖြတ်သည်ဟု ဆိုထားပါသည်။

ထိုစာအုပ်ကို စီစဉ်ထုတ်ဝေရန်အတွက် အယ်ဒီတာအဖွဲ့သည် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး စီရင်သော 'မန်လည်မဟာထေရုပ္ပတ္တိကထာ'ကို ရှာပုံတော်ဖွင့်ခဲ့ရသည်ဟုဆိုပါသည်။ စာကြည့်တိုက်များသို့သွားခဲ့ရသည်ဟု ဆိုပါသည်။ နောက်ဆုံး နေပြည်တော် အမျိုးသား

၂။

ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့သည် 'မန်လည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇဝန'၏ထေရုပ္ပတ္တိကို ပြုစုနေမှန်း ကျွန်တော် မသိခဲ့ပါ။ ထိုအတ္ထုပ္ပတ္တိကို ပြုစုရန်အတွက် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး စီရင်သော 'မန်လည်မဟာထေရုပ္ပတ္တိကထာ' စာအုပ်ကို ရှာပုံတော်ဖွင့်နေမှန်းလည်း ကျွန်တော် မသိခဲ့ပါ။ ကျွန်တော် ရန်ကုန်သို့ရောက်သောအခါ မန်လည်ဆရာတော်ဘုရားကြီးဘဒ္ဒန္တဇဝနကို တာဝန်ယူပြုစုသော ဆရာဦးစိန်လှိုင် (ဆရာသူရဇော်) နှင့် ဆုံပါသည်။ ဆုံသခိုက် စာကြောင်းပေကြောင်း သောင်းပြောင်းထွေလာ

www.burmeseclassic.com

လည်း ပြောကြပါသည်။ သို့ရာတွင် အကြောင်းမတိုက်ဆိုင်သဖြင့် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး စီရင်သော မန်လည်မဟာထေရုပ္ပတ္တိကထာစာအုပ် အကြောင်းသို့ မရောက်ခဲ့ပါ။ ထိုစာအုပ်အကြောင်းသို့ရောက်ခဲ့လျှင် ကျွန်တော်သည် ကျွန်တော့်တွင် အဆင်သင့်ရှိနေသော မန်လည်မဟာထေရုပ္ပတ္တိကထာစာအုပ်ကို ဦးစိန်လှိုင်အား ဝမ်းမြောက်ဝမ်းသာပေးမည် ဖြစ်ပါသည်။

၃။

တစ်ချိန်တုန်းက ကျွန်တော်သည် မန်လည်ဆရာတော်ဘုရားကြီး၏ ဒဿနအမြင်နှင့်စပ်လျဉ်းသော စာတမ်းပြုစုရန် မန်လည်ဆရာတော်ဘုရားကြီးစာများကို ရနိုင်သမျှ ရှာဖွေစုဆောင်းလေ့လာခဲ့ရပါသည်။ မန်လည်ဆရာတော်ဘုရားကြီး စာအတော်များများလည်း ရခဲ့ပါသည်။ ရခဲ့သောစာများတွင် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး စီရင်သော 'မန်လည်မဟာထေရုပ္ပတ္တိကထာ' စာအုပ်လည်း ပါပါသည်။ ထိုစာအုပ်ကို တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် တွေ့ခဲ့ပါသည်။ ထိုစဉ်က လက်ထောက်စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးမြတ်စိုးက မိတ္တူကူးပေးသဖြင့် စာအုပ်မူကို ရခဲ့ပါသည်။ မိတ္တူကူးယူသောရက်မှာ ၂၅-၈-၈၉ ဖြစ်ပါသည်။ မန်လည်မဟာထေရုပ္ပတ္တိကထာစာအုပ်ကို ရန်ကုန်မြို့ (၅၀) လမ်း၊ တိုက်နံပါတ် (၅၆)၊ ပညာအလင်းသတင်းစာတိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ထုတ်ဝေနှစ်ကိုကား ဖော်ပြမထားပါ။ သို့ရာတွင် ထိုစာအုပ်၌ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ နိဒါန်းပါရှိရာ နိဒါန်းရေးသောရက်ကို ၁၂၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်ဟု ဖော်ပြထားသဖြင့် ထိုစာအုပ်ကို မြန်မာနှစ် ၁၂၈၁ နှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သည်ဟု ဆိုနိုင်ပါသည်။ စာအုပ်သက်တမ်း နှစ် (၉၀) နီးပါးရှိခဲ့ပြီဟု ဆိုနိုင်ပါသည်။ ထိုစာအုပ်၌ စာမျက်နှာ (၃၂) မျက်နှာ ပါရှိပါသည်။

၄။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ထိုစာအုပ်၌ မန်လည်ဆရာတော်ဘုရားကြီး၏ဘဝဖြစ်စဉ်ကို ဖွားရာဇာတိမှစ၍ သက်တော် (၇၈) နှစ် (ဝါတော် ၅၅-ဝါ) အထိ အကျဉ်းချုပ် ရေးသားဖော်ပြထားပါသည်။ မန်လည်ဆရာတော်ဘုရားကြီးသည် သက်တော် (၇၉) (ဝါတော် ၅၆ ဝါအရ) (၁၂၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်မှ ၁၃ ရက်အကူး ညနာရီပြန်တစ်ချက်နှင့်မိနစ်(၃၀) (ဝ၁း၃၀) နာရီ) တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် မန်လည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို မန်လည်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်ခါနီးအချိန်ထိ ရေးသားခဲ့သည်ဟု ဆိုနိုင်ပါသည်။

၅။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် မန်လည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို အကျဉ်းချုပ် ဖော်ပြထားသည်ဟု ဆိုလိုသော်လည်း ပါသင့်ပါထိုက်သောအချက်များ ပါလေအောင် အားထုတ်ထားသည်ကို တွေ့ရပါသည်။

စာအုပ်နိဂုံးအပိုင်းတွင် မန်လည်ဆရာတော်ဘုရားကြီးပြုစုခဲ့သော ကျမ်းစာစာရင်းနှင့် ကုသိမောဝါဒ ပိုဒ်(၂၀)ကို ဖော်ပြခဲ့ပါသည်။

ကုသိမောဝါဒ ပိုဒ်ရေ (၁၉) တွင် မန်လည်ဆရာတော်ဘုရားကြီးက -

- *နှုတ်မဆိုင်း၊ ဟုတ်တိုင်းတကယ် ဆိုတတ်တဲ့ ပုဂ္ဂိုလ်ကျော်တပါး။ ဆိုသာဆို၊ ဗောဓိဉာဏ်ပန်ယူကိုယ်မို့၊ ရန်သူကို ရန်မရှုတယ်၊ သားတုမခြား. . .*

ဖွဲ့ဆိုခဲ့ပါသည်။

ထိုကုသိမောဝါဒအချိုးအရ -

မန်လည်ဆရာတော်ဘုရားကြီးသည် ဟုတ်တိုင်းမှန်ကို အချိန်မဆိုင်းဘဲ ပြောတတ်ကြောင်း၊ သို့ရာတွင် ဘုရားဆုပန်ထားသူဖြစ်၍ ရန်သူကိုရန်ဟု မမြင်ဘဲ သားနှယ်မခြား သဘောထားကြောင်း သိရပါသည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ထိုစာအုပ်၌ မန်လည်ဆရာတော်ဘုရားကြီး တစ်နေရာမှတစ်နေရာသို့ ဒေသစာရီကြွချီပုံကိုလည်း ဖော်ပြခဲ့ပါသေးသည်။ ဆရာဦးမောင်ကြီးဖော်ပြခဲ့ပုံမှာ ဤသို့ဖြစ်ပါသည်။

*ဆရာတော်ဘုရားကြီးသည် စံပျော်တော်မူရင်း မန်လည်ပြာသာဒ်ကျောင်းကြီးမှ၊ တမြို့တရွာသို့။ ဒေသစာရီကြွချီတော်မူသောအခါ။ နောက်လိုက်နောက်ပါရဟန်းသယ်ာ တပည့်ဒါယကာတို့သည် များမြောင်စွာ ဝန်းရံပတ်ခြံလိုက်ပါလေ့ရှိ၏။ တစ်နေရာတစ်နေရာသို့။ကြွတော်မူသောအခါတွင်လည်း။ အောက်၌ပါရှိသော။ ပါဠိဂါထာကို။ ရွတ်ဖတ်သရဇ္ဈာယ်တော်မူလေ့ရှိ၏။*

- သောအဟံ ဝိစရိဿာမိ၊
  ဂါမာဂါမံ ပုရာပုရံ။
  နမဿမာနော သမ္ဗုဒ္ဓံ၊
  ဓမ္မဿစ သုဓမ္မတံ။ ။

အနက်ကား ။ ။ **သောအဟံ** - ထိုငါသည်၊ **သမ္ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **နမဿမာနောစ** - ရှိခိုးဦးနှိမ့်၍ငင်း၊ **ဓမ္မဿ** - တရားတော်မြတ်၏၊ **သုဓမ္မတံ**- မှန်ကန်ဖြောင့်မတ်။ တရားမြတ်ဖြစ်ကြောင်းကို၊ **အနုဿရိတ္ဝာစ** - အောက်မေ့ဆင်ခြင်၍ငင်း။ **ဂါမာ** - ရွာတခုမှ၊ **ဂါမံ**- ရွာတခုသို့၊ **ဝိစရိဿာမိ** - လှည့်လည်တော်မူ၏။ **ပုရာ** - ပြည်တခုမှ။ **ပုရံ** - ပြည်တခုသို့၊ **ဝိစရိဿာမိ** - လှည့်လည်တော်မူအံ့။

(သတ်ပုံမှာ မူရင်းစာအုပ်တွင်လာသည့်အတိုင်း ဖြစ်ပါသည်။)

ယခုအခါ လူအများတို့သည် မန်လည်ဆရာတော်ဘုရားကြီး အလေးအမြတ်ထား၍ ရွတ်ဆိုပွားများခဲ့သော ထိုဂါထာကို မန်လည်ဆရာတော်ဘုရားကြီးထံ နှလုံးမူလျက် အလေးအမြတ်ထား၍ ရွတ်ဆိုပွားများလျက်ရှိကြပါသည်။

၆။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် မန်လည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကိုအထက်၌ဆိုခဲ့သည့်အတိုင်း အကျဉ်းချုပ်သာရေးခဲ့ပါသည်။

စာအုပ်နိဂုံးတွင် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက -

*သေချာစေ့စုံ၊ အကြောင်းတော်ဥဿုံကို သိရှိမှတ်သားရသောအခါ ကျယ်ဝန်းပြန့်ပြူးစွာသော 'မန်လည်မဟာထေရုပ္ပတ္တိကထာကျမ်း' ကို ရေးသားရမည် ဖြစ်ပါသတည်း။*

ဟု မှာထားခဲ့ပါသည်။

ထိုမှာထားချက်အတိုင်း လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် မန်လည်ဆရာတော်ဆရာကြီး၏ ဘဝဖြစ်စဉ် ကို ကျယ်ဝန်း ပြန့်ပြူးစွာ ရေးနိုင်ခဲ့လျှင် မည်မျှကောင်းလေမည်နည်း။

မြဝင်း (ဒသဘန)

www.burmeseclassic.com



# မိုးဇော်အောင်

## ပဒေသနန်းဒီကောသလမင်းကြီး ငရဲကျမည့်လုပ်ရပ် လက်တစ်ကမ်းအလို မြတ်စွာဘုရားရှင်ကယ်တင်ရပုံ

'ဒု-သ-န-သော' ဟု စကားတစ်လုံးစီ ရွတ်ဆိုခဲ့သော သူဌေးသား (၄) ဦးတို့အကြောင်း၊ ဘုရားဟောဇာတ်တော်ကို မြန်မာလူမျိုးအတော်များများ ကြားဖူးကြပါသည်။ ငရဲကျခဲ့သော သူဌေးသား (၄) ဦး ဟူ၍ သာမန်သိသူများမည်ထင်ပါသည်။ ထိုအဖြစ်အပျက်တို့၏ အသေးစိတ် ဇာတ်ကြောင်းကို တင်ပြလိုပါသည်။

အမှန်တကယ် စိစစ်ဝေဖန်ကြည့်ရသော် ထိုသူဌေးသား (၄) ဦးတို့သည် မိမိတို့ ချမ်းသာကြွယ်ဝသော ငွေကြေးဥစ္စာမနတို့ကို အလွဲသုံးစွဲပြုခဲ့ခြင်း၊ တစ်နည်းဆိုရသော် မကောင်းမှုဘက်၌ ငွေကြေးဥစ္စာဖြုန်းတီးခြင်းအကျိုးဆက်အဖြစ် ငရဲခံရသောအဖြစ်အပျက်ဆိုရပါမည်။

ယခု ကျွန်ုပ်တို့၏ဂေါတမမြတ်စွာဘုရားမပွင့်မီ ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရားပွင့်တော်မူခဲ့၏။ ထိုအချိန်က လူတို့သက်တမ်းမှာ အနှစ်နှစ်သောင်းအထိနေရသောကာလအချိန်ဖြစ်ခဲ့သည်။ တစ်နေ့သောအခါ ကဿပမြတ်စွာဘုရားရှင်သည် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ဗာရဏသီပြည်သို့ ကြွချီတော်မူလာသည်။ ထိုအခါ မြို့သူမြို့သားအားလုံးက ကိုယ်စီကိုယ်ငတာဝန်ယူကြလျက် မြတ်စွာဘုရားနှင့်တကွ ရဟန္တာအသီးသီးတို့ကို အားရဝမ်းသာလှူဒါန်းမှုအစုစုပြု၍ ကုသိုလ်ကောင်းမှုများပြုလုပ်ကြ၏။

ထိုပြည်၌ မစွည်းဥစ္စာကုဋေလေးဆယ်စီကြွယ်ဝသော သူဌေးကြီး (၄) ဦးရှိရာ သူတို့၏သား (၄) ဦးတို့သည် အများသူငါ လှူဒါန်းမှုဖြင့် ကုသိုလ်ကောင်းမှုပြုချိန်၌ အများနှင့်ဆန့်ကျင်အကုသိုလ်အမှုပြုကြရန် တစ်နေရာ၌ တွေ့ဆုံပေါင်းဖက်မိကြ၏။ ခေတ်စနစ်တွေ မည်သို့ပြောင်းပြောင်း၊ လူသည် လူ့သဘာဝကမပြောင်း။ ထိုခေတ်အခါကလည်း ပိုက်ဆံရှိသူဌေးသူကြွယ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့၏သားသမီးကို အချစ်ပိုကြသည်။ အလိုလိုက်ကြသည်ဟု ယူဆရသည်။

လေးယောက်ပေါင်း လောင်းကျော် ဆိုသကဲ့သို့ ထိုသို့တွေ့ဆုံရာမှ ဘာလုပ်လျှင်ကောင်းမလဲ စဉ်းစားတိုင်ပင်ကြရာ ပထမတစ်ယောက် သူဌေးသားက ပြော၏။

"တို့တစ်တွေ အကောင်းဆုံး အရက်သေစာကိုသောက်၊ အရသာရှိတဲ့ သားငါးတို့ကိုစား၊ ဟိုဟိုဒီဒီလှည့်လည်သွားကြစို့"

ဟု သူ့အကြံကို တင်ပြလာသည်။

ဒုတိယတစ်ယောက်က -

"(၃) နှစ်အထိ အနံ့မွှေးကြိုင်သောသလေးထမင်းကိုစား၍လှည့်လည်သွားတာ အကောင်းဆုံး"

ဟု ပြော၏။

တတိယတစ်ယောက်ကလည်း -

"အကောင်းဆုံး အကြော်အလှော်မုန့်များကို စားသုံး၍ သွားလာလှည့်ပတ်ကြခြင်းသည် အသင့်တော်ဆုံး" တဲ့။

နောက်ဆုံး စတုတ္ထသူဌေးသားက -

"မင်းတို့ပြောတာတွေ မကောင်းသေးပါဘူး။ ငါပြောမယ် လောကမှာ ဥစ္စာခနမမက်တဲ့မိန်းမ မရှိဘူး။ ထိုပစ္စည်းဥစ္စာခနတို့နှင့် ကိုယ်အလိုရှိသောမိန်းမတို့နှင့် ကာမဂုဏ်ခံစားနေခြင်းသည်သာ အကောင်းဆုံး"

ဟု သူ့အကြံကို တင်ပြ၏။

ပါပသမိံရမတိမနော - စိတ်သည် မကောင်းမှု၌ ပျော်မွေ့၏ဟု ဓမ္မပဒ ပါပဝဂ္ဂ၌ ဆိုထားပါသည်။

သူဌေးသား(၄)ဦးစလုံးက စတုတ္ထသူဌေးသားပြောသောစကားကို အားလုံးကျေနပ်သဘောတူကြသည်။ ထို့ကြောင့် သူတို့သည် အချောအလှ၊ အနု၊ အပျို၊ အအို အရွယ်မျိုးစုံသော မိန်းမတို့အား ကာမပိုင်လင်ယောကျ်ားရှိသော၊ မရှိသော ထည့်မစဉ်းစား။ မိမိတို့၏ ဥစ္စာခနငွေကြေးဖြင့် ဖြားယောင်းတစ်မျိုး၊ ဥစ္စာခနအရှိန်အဟုန်ဖြင့်လွှမ်းမိုး၍တစ်ဖုံ နည်းမျိုးစုံသုံးကာ ကာမဂုဏ်ခံစားပျော်ပါး၍သာ အချိန်ကုန်လွန်ခဲ့ကြသည်။

ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ထိုသူဌေးသား (၄) ဦးကွယ်လွန်သောအခါ မဟာအဝီစိငရဲသို့ အနှစ်သုံးသောင်းတိတိခံနေကြရ၏။ ထိုငရဲမှ တစ်ဖန် လောဟကုမ္ဘီငရဲသို့ ထပ်မံ၍ အနှစ်သုံးသောင်းခံရပြန်၏။တစ်ခါသော် သူဌေးသား (၄) ဦးတို့သည် ငရဲအိုးအောက်ဆုံးမှ အိုးနှုတ်ခမ်းဝသို့ ခေတ္တခဏလေး ခေါင်းပေါ်လာကြသည်။ တစ်ဦးနှင့်တစ်ဦး စက္ကန့်ပိုင်းလေးအချိန်မှာ တွေ့မြင်ရာမှ မိမိတို့အသီးသီး မကောင်းမှုတွေပြုခဲ့၍ ဤသို့ဖြစ်ရကြောင်း နောင်တတရားရသည့်အနေနှင့် တစ်ဦးနှင့်တစ်ဦးလှမ်းပြောဆိုကြသည်။ သို့သော် မိမိပြောဆိုလိုသော ဂါထာစာပိုဒ်၏ အစစကားလေးကို တစ်ဦးက ဒု၊ တစ်ဦးက သ၊ တစ်ဦးက န၊ တစ်ဦးက သော ဟူ၍သာ အသံထွက်နိုင်ပြီး ငရဲအိုးထဲသို့ ပြန်မြုပ်သွားကြတော့သည်။

ထိုသူဌေးသား(၄)ဦးတို့၏ ခေါင်းခဏလေးပေါ်လာချိန်သည် ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာရှင် ဘုရားပွင့်ချိန်အခါကာလ ဖြစ်နေသည်။ သာဝတ္ထိနေပြည်တော်၌ ပသေနဒီကောသလမင်းကြီးသည်လည်း ထိုသူဌေးသား (၄) ဦးတို့လျှောက်လှမ်းခဲ့သော လမ်းစဉ်အတိုင်း သူတစ်ပါး၏မယားကို သိမ်းပိုက်ပျော်ပါးဖို့ကြံစည်နေချိန်နှင့် လာတိုက်ဆိုင်နေပါသည်။ ကောသလမင်းကြီးသည် ထိုသူဌေးသား (၄) ဦးတို့ကဲ့သို့ ကျူးလွန်ပြစ်မှားရန် လက်တစ်ကမ်းအလို ကာလအချိန်ဆိုလျှင် မမှားပေ။

ဘုရင်ကောသလ၏အကြံအစည်များကို ဖော်ပြရသော် -

ဂေါတမ မြတ်စွာဘုရားသခင် ပွင့်ထွန်းပေါ်၍ သာဝတ္ထိနေပြည်တော်ရှိ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးစံနေတော်မူနေသည်။ လူနတ်ဗြဟ္မာနှင့် ဝေနေယျတို့အား တရားရေအေးတိုက်ကျွေး၍ အမြိုက်နိဗ္ဗာန်လမ်းသို့ ဟောကြားပြသနေချိန် ဖြစ်၏။

ထိုအချိန်၌ ပသေနဒီကောသလမင်းကြီးသည် သာဝတ္ထိနေပြည်တော်၌ စိုးမိုးအုပ်ချုပ်နေပါသည်။ ဘုရင်ဆိုသည်မှာ တိုင်းသူပြည်သားများအပေါ် သက်ဦးဆံပိုင်ပုဂ္ဂိုလ် ဖြစ်သည်။ ထို့ပြင် လုပ်ပိုင်ခွင့် တန်ခိုးအာဏာအရှိန်အဝါရှိသည်။ ထိုအာဏာဖြင့် တိုင်းသူပြည်သားတို့ကောင်းစားရေးအတွက်လုပ်လျှင် ဘာမှဆိုဖွယ်မရှိ။ သို့သော် ပသေနဒီကောသလရာဇာသည် ထိုအထက်တွင်ဖော်ပြခဲ့ပါသော သူဌေးသား (၄) ဦးတို့လမ်းအတိုင်း လျှောက်လှမ်းဖို့စဉ်းစား ကြံစည်လာသည်။

တစ်နေ့သောအခါတွင် ဘုရင်ကောသလသည် သာဝတ္ထိမြို့တော်အနှံ့ဆင်စီး၍ လှည့်လည်ကြည့်ရှုတော်မူ၏။ မြို့အစွန် တစ်နေရာသို့အရောက်တွင် ဘုံပြာသာဒ်နှင့်နေသော မထင်မရှားယောကျ်ားတစ်ဦး၏ ဇနီးချောသည် ကောသလဘုရင် ဆင်နှင့်လှည့်အလာကို ပြတင်းတံခါးဖွင့်၍ကြည့်မိ၏။ ချက်ချင်းဆိုသလို မိမိပြတင်းတံခါးကိုပြန်ပိတ်၍ ပြာသာဒ်အဆောင်ထဲဝင်သွားသည်ကို ကောသလဘုရင် ရှုစားလိုက်ရသည်။ တစ်နေ့ ဆန် (၄) ပြည်ချက်နှင့် ဆိတ် (၁) ကောင်ကုန်အောင်စားသောဘုရင်ဖြစ်ရာ အစားကြီးသကဲ့သို့ ကာမဂုဏ်အာရုံတပ်မက်မှုလည်းကြီးသည်။

ထိုမိန်းမ ရုပ်ရည်မြင်လိုက်မိသော ကောသလဘုရင်ခမျာ ချစ်ခင်စွဲလမ်းတပ်မက်သောစိတ်ကြောင့် ဆင်ပေါ်မှ လိမ့်ကျလုခမန်းဖြစ်ခဲ့ရသည်။ ချက်ချင်းဆင်တော်ကို နန်းတော်သို့ပြန်လှည့်စေသည်။ ခေတ်စကားနှင့်ဆိုရပါသော် ကောသလဘုရင် ဟတ်ထိသွားသည်။ ဖီလင်တွေခံစားချက်တွေတအားတက်လာသည်။

ထို့ကြောင့် စိတ်ချရသော အမတ်တစ်ယောက်ကိုခေါ်၍ -

"အချင်းအမတ်၊ ငါဆင်ဖြင့်လှည့်လည်ခဲ့စဉ်က မြို့၏ ဤအရပ်၌ ပြာသာဒ်ဘုံ (၇) ဆင့်နှင့်နေသော မိန်းမချောအလှတစ်ဦးကို မြင်ခဲ့ရသည်။ ထိုနေရာသို့သွား၍ ထိုမိန်းမမှာ ကာမပိုင်လင်ယောကျ်ား ရှိ/မရှိ သွားစုံစမ်းချေ"

ဟု လွှတ်လိုက်၏။

မကြာမီ လွှတ်လိုက်သောအမတ်ပြန်လာပြီး သာမိက ပိုင်ရှင်ယောကျ်ားရှိကြောင်း သံတော်ဦးတင်လျှောက်လိုက်၏။

ထိုလျှောက်ကြားသံကြားရသောအခါ ပသေနဒီကောသလမင်း အလွန်စိတ်နှလုံးထိခိုက်ခံစားရသည်။ ထိုမိန်းမအပေါ် တပ်မက်သော တဏှာရာဂစိတ်လွှမ်းမိုးကြီးစိုးနေလေရာ ကောင်းစွာစက်တော်မခေါ်နိုင်သည်အထိဖြစ်ရကား ထိုမိန်းမကို ဘယ်လိုနည်းနှင့်ရအောင်ယူရမည်နည်းဟူ၍သာ ကြံစည်စိတ်ကူးနေတော့သည်။ ထို့နောက် ယခင်အမတ်ကိုခေါ်၍ ထိုမိန်းမချော၏ ယောကျ်ားအား ဘုရင့်ရှေ့တော်မှောက်သို့ အခစားဝင်ရောက်စေ အမိန့်ထုတ် အကြောင်းကြားစေသည်။

အာဏာကိုအလွဲသုံးစားလုပ်သည့် ဘုရင်၏အမိန့်အရ ထိုယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

ရွှေတော်သို့လာရ၏။ ထိုယောကျ်ားသည် ခေသူမဟုတ်။ ဘုရင်ကဆင့်ခေါ်ခံရသတင်းကြားကတည်းကပင် မိန်းမနှင့်ပတ်သက်၍ မိမိမှာ တစ်စုံတစ်ရာ ဒုက္ခကြုံတွေ့ရတော့မည်ဟု တွေးထင်ထားမိသည်။ ရောက်လျှင် ကောသလဘုရင်က ထိုယောကျ်ားကို မိမိဘုရင်ရွှေတော်မှာ မင်းမှုထမ်းအဖြစ်ခစားဖို့ ပြောသည်။ ထိုယောကျ်ားက မိမိသည် အိမ်မှနေ၍ ဘုရင့်အား အခွန်တော်ဆက်သသောသူအဖြစ် နေပါရစေ လျှောက်ထား၏။ ဒီယုန်မြင်၍ ဒီချုံထွင်ထားသည်မို့ ဘုရင်က လုံးဝခွင့်မပြု။ ထို့ယောကျ်ားခမျာ ကောသလဘုရင်အနီး ထမ်းဆောင်ရသော မင်းမှုထမ်းဖြစ်ရတော့၏။ ထိုယောကျ်ားသည် အမှုတော်ကို ကျေပွန်စွာထမ်းဆောင်သည်။ လစ်ဟင်းမှုမရှိအောင် ဂရုစိုက်၍ တာဝန်ကို လေးလေးစားစား ထမ်းဆောင်လျက်သာနေ၏။

ပသေနဒီ ကောသလမင်းကြီးသည် ထိုယောကျ်ားအပေါ် အပြစ်အမျိုးမျိုး ရှာကြည့်၏။ မတွေ့။ သို့သော် အမြဲမကောင်းကြံစည်တွေးတောနေသူဖြစ်ရကား အကြံတစ်ခုပေါ်လာသည်။ မင်းခစားယောကျ်ားအား -

"အမောင်မင်းမှုထမ်းယောကျ်ား၊ ဤအရပ်မှ တစ်ယူဇနာဝေးသောနေရာ၌ မြစ်တစ်စင်းရှိသည်။ ထိုအရပ်မှ ကုမုဒြာကြာများနှင့် အရုဏဝတီမြေမှုန့်များကိုအမြန်သွားယူချေလော့။ ငါသည် ညချမ်းအချိန်အခါတွင် နန်းတော်၌ ရေချိုးတော်မူမည်။ ရေချိုးရေတော်သုံးချိန်မီ မရောက်လာပါက မင်းပြစ်ဒဏ်ခံရမည်'

ဟု အမိန့်တော်ရှိလိုက်သည်။

ကောသလရာဇာ၏ တစ်ချက်လွှတ်အမိန့်အာဏာကို ထိုယောကျ်ားခမျာ ပြန်လည်ကာ မလျှောက်ဝံ့။ ထိုတစ်ယူဇနာဝေးသောမြစ်နှင့် ကြာပန်းတို့ရှိရာအရပ်သည် နတ်နဂါးတို့နေသောအရပ်ဖြစ်ကြောင်း ထိုယောကျ်ားစဉ်းစားကြည့်မိ၏။ မဖြစ်နိုင်မှန်းသိသောအလုပ်ကို ရာဂစိတ်မွှန်နေသော ဘုရင်သည် လုပ်ပိုင်ခွင့်အာဏာဖြင့် အတင်းစေခိုင်းသောကြောင့် ခရီးထွက်ဖို့ပြင်ဆင်တော့သည်။ ထိုခရီးအတွင်း စားသောက်ရန်အတွက် ဇနီးသည်ချက်ထားသောထမင်းတို့ ပုံးရည်ဆမ်း၍ ပခြုပ်အတွင်းအပြည့်အသိပ်ထည့်လျက် ခရီးကိုအပြေးနှင်ရာ၏။

လမ်းခရီးတစ်နေရာအရောက်တွင် ခရီးသွားယောကျ်ားဖော်တစ်ယောက်ကို တွေ့ရာ သီးသန့်စားဦးစားဖျားလုပ်ထားသောထမင်းကို ထိုသူအား ကျွေးမွေး၏။ မိမိစားကြွင်းတို့ကို ရေ၌ရှိသော ငါးသတ္တဝါတို့အား စွန့်ကြဲပေးလျှ၏။ ထို့နောက် အောက်ပါအတိုင်း တိုင်တည်အမျှဝေ၏။

"အို - နတ်နဂါးဂဠုန်အစရှိသော ပုဂ္ဂိုလ်အပေါင်းတို့၊ ကျွန်ုပ်သည် ဤမည်သော ခရီးသွားညော့သည်ကို အာဟာရကျွေးမွေးလှူဒါန်းမှုပြုခဲ့ပါ၏။ ငါးအစရှိသော ရေနေသတ္တဝါတို့အားလည်း ထမင်းအာဟာရများ စွန့်ကြဲလှူဒါန်းခဲ့ပါသည်။ ဤကောင်းမှုအစုအဖို့ဘာဂကို သင်တို့အားလည်း အမျှပေးဝေပါကုန်၏။ ကျွန်ုပ်အား ကုမုဒြာကြာပန်းနှင့် အရုဏဝတီမြေမှုန့်တို့ကိုပေးသနားတော်မူပါ။ မင်းမိန့်အာဏာကြောင့် ကျွန်ုပ်ထိုအရာတို့ကိုရယူရန်သွားရခြင်း ဖြစ်ပါသည်'

ဟု (၃) ကြိမ် (၃) ခါ ဟစ်ကြွေးပြောဆို၏။ အမျှဝေ၍ သာဓုလည်း သုံးကြိမ်ခေါ်ဆို၏။

ထိုယောကျ်ား၏ အမျှဝေသံနှင့် သာဓုခေါ်သံကြားရသောအခါ နဂါးမင်းလည်း မြစ်ထဲမှပေါ်လာ၍ လူအိုယောင်ဖန်ဆင်းကာ ထပ်မံ အမျှဝေခိုင်း၏။ သာဓုခေါ်ဆိုလျက် ထိုယောကျ်ား မင်းမှုထမ်း အလိုရှိသော ကုမုဒြာကြာပန်းနှင့် မြေမှုန့်တို့ကို ယူပေးလိုက်၏။ ထိုယောကျ်ားလည်း အားရဝမ်းသာလျက် နေပြည်တော် သာဝတ္ထိနန်းတော်သို့ အပြေးအလွှား ပြန်လာတော့သည်။

ပသေနဒီ ကောသလမင်းကြီးက အကယ်၍များ ထိုယောကျ်ား အချိန်မီပြန်လာခဲ့သော် မြို့တွင်းမဝင်နိုင်အောင် နန်းမြို့ရိုးတံခါးအားလုံးကို စောစီးစွာပိတ်ထားစေ၏။ မြို့တံခါးဖွင့်သံကောက်ကိုပါ နန်းတော်သို့ပို့ထားစေ၏။ အသော့နှင်၍ပြန်လာသော ထိုယောကျ်ားခမျာ နန်းမြို့တံခါးအားလုံးပိတ်ထားသည်နှင့် ကြုံတွေ့ရတော့သည်။အကျိုးအကြောင်းပြော၍ ဖွင့်ခိုင်းသော်လည်းမရ။ အကွက်ကျကျစီမံထားသော ကောသလဘုရင်၏ အစီအမံပါပေ။ သူ့ယောကျ်ားကို အပြစ်ရှာသတ်၍ သူ့မိန်းမကို သိမ်းပိုက်လိုသော ဘုရင်ကောသလ၏အကုသိုလ် အစီအမံဖြစ်သည်။

မင်းခစားယောကျ်ားသည် မိမိအချိန်မီရောက်ပါလျက်နှင့် မြို့တံခါးပိတ်ထားခြင်းခံရရာ အလွန်ကြောက်ရွံ့ထိတ်လန့်နေ၏။ သို့သော် မိမိရောက်ကြောင်းသိရန် မြို့တံခါးအထက်သို့ မြေမှုန့်များတင်လိုက်၏။ ကုမုဒြာကြာပန်းများကို ထိုအနီး၌ ချိတ်ဆွဲထားလိုက်၏။ ထိုသို့အစီအမံများပြုလုပ်ပြီးသော် အောက်ပါအတိုင်း အော်ဟစ်ကြွေးကြော်၏။

"အို - မြို့သူမြို့သားအပေါင်းတို့၊ ကျွန်ုပ်သည် မင်းမိန့်အာဏာဖြင့် ဤသို့သောခရီးသွားခဲ့ရ၍ အမှုတာဝန်ထမ်းဆောင်နိုင်ခဲ့ပါသည်။ ယခု အကြောင်းမဲ့ဖြင့် မင်းကြီးသည် ကျွန်ုပ်၏ ပျက်စီးခြင်းကို ကြံစည်နေသည်ကို အသင်တို့အား အသိပေးပါသည်"

ဟု (၃) ကြိမ် ဟစ်ကြွေးလျက် ဆိတ်ငြိမ်အေးချမ်းရာ ရဟန်းတော်များ၏ကျောင်းသို့ သွားရောက် အိပ်စက်နေတော့သည်။

နံနက်လင်းလျှင် ထိုယောကျ်ား မင်းမှုထမ်းကိုသတ်၍ သူ့မိန်းမကို သိမ်းပိုက်လိုသော ကောသလဘုရင်မှာမူ တပ်မက်စွဲလမ်းခြင်း တဏှာရာဂစိတ်အပူမီးကြောင့် တစ်ညလုံး အိပ်စက်မရဖြစ်နေ၏။ အိပ်မပျော်သူအဖို့ ညတာသည်အလွန်ရှည်၏။ ထိုသို့ဖြစ်နေရာမှ ညဉ့်သန်းခေါင်အချိန်ကြီး၌ အထက်အကြောင်းအရာ၌ ဖော်ပြခဲ့သည့် ကဿပဘုရားရှင်လက်ထက်ကတည်းက ငရဲခံစားနေရသောသူဌေးသား(၄)ဦးတို့၏ ဒု-သ-န-သော အသံကြီးများကို ကြောက်မတ်ဖွယ်ကြားရပြန်တော့သည်။

နံနက်လင်းသောအခါ မင်းဆရာပရောဟိတ်ကိုခေါ်၍ မိမိကြားခဲ့ရသောအသံကြီးများကို ဘုရင်ကပြောပြ၏။ ထိုအသံကြီးများသည် မိမိအတွက်၊ မိဖုရားကြီးအတွက်၊ တိုင်းပြည်အတွက် တစ်စုံတစ်ခုသော အန္တရာယ်နိမိတ်များလောဟု မေးမြန်းလေ၏။ မင်းဆရာပရောဟိတ်သည် အမှန်မသိ။ သို့သော် မိမိမသိကြောင်းပြန်လျှောက်လိုက်လျှင် ညံ့ရာကျမည့်အပြင် ရာထူးဂုဏ်သိက္ခာပါ ထိခိုက်မည်ကိုသိသည်။ ထို့ကြောင့် မင်းကြီး၏အသက်အန္တရာယ်စိုးရိမ်ရပါကြောင်း လျှောက်တင်လိုက်၏။ ပသေနဒီကောသလမင်းကြီးသည် အလွန်ကြောက်ရွံ့စိုးရိမ်သောကဖြစ်လာသည်။ သို့အတွက်ကြောင့် လွတ်မြောက်နိုင်မည့်နည်းလမ်းယတြာများရှိက ပြောပြပေးဖို့ အကူအညီတောင်းတော့သည်။

ပရောဟိတ်ကြီးက မင်းကြီး၏ အသက်အန္တရာယ်မှ လွတ်မြောက်ရန်



www.burmeseclassic.com

www.burmeseclassic.com

ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နို့စားနွားမတစ်ရာ၊ မြင်းတစ်ရာ၊ အဿထိုရ်မြင်းတစ်ရာ၊ ဆိတ်တစ်ရာ၊ ကြက်အကောင်တစ်ရာ၊ ဝက်အကောင်တစ်ရာတို့နှင့် သတို့သားသတို့သမီးတစ်ရာသောအရေအတွက်တို့ကိုသတ်၍ ယဇ်ပူဇော်ရပါမည်ဟု လျှောက်၏။

ဤတွင် စကားညှပ်၍ အွန်လိုင်းပေါ်မှ ဆရာတော်ကြီးတစ်ပါး၏ ဆုံးမသြဝါဒကို ထည့်သွင်းဖော်ပြလိုပါသည်။

လူတို့တွင် -

- လောဘစိတ် အားကြီးလွန်းလျှင် အရှက်အကြောက်မရှိလုပ်သည်။
- ဒေါသစိတ် အားကြီးလွန်းလျှင် အသိဉာဏ်ကင်းမဲ့၍လုပ်သည်။
- မောဟစိတ် အားကြီးလွန်းလျှင် အမှန်နှင့်ဝေး၍လုပ်သည်။

ထို (၃) ချက်နှင့်ကိုက်ညီနေသော ဘုရင်ကောသလသည် အဆင်ခြင်မဲ့စွာ ပရောဟိတ်ပုဏ္ဏားခိုင်းသည့်အတိုင်း စီမံစေတော့သည်။ အောက်က မင်းမှုထမ်းတို့ကလည်း လိုသည်ထက် ပိုပိုသာသာ အာဏာပြရက်စက်မှုလုပ်လာကြသည်။ တစ်တိုင်းပြည်လုံး ပူဆွေးသောက်ကရောက်ကြရပြီး ပြည်သူတို့၏ ဟစ်အော်ငိုကြွေးသံကြီးသည် နန်းတော်တစ်ခွင်လုံး ဟိန်းသွားသည်။

တောင်ညာစံဒေဝီ မလ္လိကာမိဖုရားကြီးလည်း ထိုအသံများကြောင့် စိုးရိမ်ထိတ်လန့်၍ ဘုရင်ကောသလမင်းထံအမြန်သွားရတော့သည်။ မင်းဆရာပရောဟိတ်ကြီး၏ လျှောက်တင်ချက်အရ ယဇ်ပူဇော်မည့် အစီအမံများကို မိဖုရားကြီးသိရတော့သည်။ ဤအစီအမံများသည် မမှန်ကန်ကြောင်း အကျိုးအကြောင်း လျှောက်တင်၍ မိဖုရားကြီး၏ အကြံပေးချက်အတိုင်း ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားထံသို့ လျှောက်ထားရန် မင်းမိဖုရားတို့ အလျင်အမြန် သွားရောက်ကြသည်။

ဘုရားရှေ့မှောက်ရောက်သော် ဘုရင်ကောသလသည် ကြောက်ရွံ့စိတ်လွန်ကဲနေ၍ ခေါင်းကိုမဖော်နိုင် ရှိခိုးဝပ်တွင် ငုံ့လျက်သာနေလေ၏။ အဘယ်အရပ်မှလာခဲ့သနည်းဟု မြတ်စွာဘုရားသခင်က မေးမြန်းသည်ကိုပင် မင်းကြီးခမျာ ပြန်လည်မလျှောက်ဝံ့ဖြစ်နေ၏။ ထို့ကြောင့် အဖြစ်အပျက် အလုံးစုံကို မလ္လိကာမိဖုရားကြီးကသာ ဘုရားရှင်အား လျှောက်ထားရတော့သည်။

ထိုအခါ ဂေါတမမြတ်စွာဘုရားသခင်မှ အထက်ဖော်ပြခဲ့ပါ ကဿပဘုရားလက်ထံက်က သူဌေးသား(၄)ဦးတို့ဇာတ်လမ်းနှင့် ကျူးလွန်ခဲ့သောအပြစ်များ၊ ငရဲ၌ခံနေရပုံများကို အသေးစိတ်ဟောဖော် ညွှန်ပြပါတော့သည်။



ထိုနေ့ညက ကောသလမင်းကြီးကြားခဲ့သောအသံကြီးများသည် ကဿပဘုရားလက်ထက်က ပရဒါရကံကျူးလွန်ခဲ့၍ လောဟကုမ္ဘိငရဲအိုးထဲကျရောက်နေသည့် သူဌေးသား (၄) ဦးတို့၏ အသံများဖြစ်ကြောင်းနှင့် ထိုသူတို့အော်သော ဒု-သ-န-သောအစ်ိဳဟယ်တို့ကို ရှင်းလင်းဟောပြတော်မူပါသည်။

ပသေနဒီ ကောသလမင်းကြီးလည်း ဤသို့သိရသောအခါ အလွန်ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာသည်။ မိမိလည်း ထိုကံကျူးလွန်ရန်လက်တစ်ကမ်းအလိုဖြစ်ခဲ့ရသည်မို့ ပိုမိုထိတ်လန့်တုန်လှုပ်မိ၏။ ယနေ့ကစ၍ ဤသို့သော ပရဒါရကံကျူးလွန်သောအမှုမျိုး မပြုတော့အံ့အောက်မေ့၍ -

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ယမန်နေ့ညကအဖြစ်ကိုသိ၍ ကြောက်လှပါပြီဘုရား"

ဟု ရိုသေစွာ လျှောက်ထား၍ အမြင်မှန်ရသွားသည်။

ဘုရင်အနီးတွင် ထိုင်နေသော ထိုမင်းမှုထမ်းယောကျ်ားကလည်း ဘုရင်ကြီး၏ လျှောက်ထားသံကို ကြားရသောအခါ အားတက်လာ၍ သူ၏တစ်ယူဇနာခရီးရှည်သွားခဲ့ရပုံကို မြတ်စွာဘုရားအားလျှောက်ထား၏။

ထိုသူနှစ်ဦး၏ စကားနှစ်ရပ်တို့ကို ဆက်စပ်၍ မြတ်စွာဘုရားက -

- အိပ်မပျော်သောသူအဖို့ ညတာသည်ရှည်၏။
- ခရီးပန်းသောသူအဖို့ တစ်ယူဇနာခရီးသည်ရှည်၏။
- သူမိုက်တို့အတွက် သံသရာခရီးသည်ရှည်၏။

စသည်ဖြင့် ဒေသနာတို့ကို ဟောပြောရာ ထိုမင်းမှုထမ်းယောကျ်ားသည် သောတာပန်တည်သွား၏။ ပသေနဒီကောသလမင်းကြီးလည်း နန်းတော်သို့ပြန်၍ ချုပ်နှောင်ထားသူတို့ကိုလွှတ်စေသည်။ အချုပ်အနှောင်မှလွတ်မြောက်လာသူတို့လည်း အိမ်သို့ရောက်သော် ဦးခေါင်းဆေးမင်္ဂလာပြု၏။ ထို့နောက် မလ္လိကာမိဖုရားကြီး၏ ကျေးဇူးကြောင့် မိမိတို့လွတ်မြောက်ရကြောင်းသိ၍ -

"မလ္လိကာမိဖုရားကြီး သက်တော်ရာကျော်ရှည်ပါစေ"

(၃)ကြိမ်ဟစ်ကြွေးကာ တောင်းဆုပတ္ထနာပြုကြလေ၏။

အချိန်မီ မြတ်စွာဘုရားထံသို့အရောက် ကောသလမင်းကြီးကို ခေါ်ဆောင်နိုင်ခဲ့သည့် မလ္လိကာမိဖုရားကြီး၏ ကျေးဇူးကြောင့် ဘုရင်ကြီးလည်း အပါယ်ငရဲကျမည့် ပရဒါရကံမကျူးလွန်တော့။ များစွာသောသတ္တဝါတို့လည်း အသက်ဘေးမှ ချမ်းသာရခဲ့ကြ၏။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလထုတ် သူရဋ္ဌမဂ္ဂဇင်း ဆရာ မြဝင်း(ဒဿန) ၏ ဗုဒ္ဓါနုဿတိကဗျာလေးဖြင့် အဆုံးသတ်ပါရစေ။

□ ဘုရားရှင်တော်
မပွင့်ပေါ်လျှင်
လူတို့အများ
စိတ်ကောင်းထားလည်း
ဤကား ကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ
မသိရ၊ များလှအပြစ်တွေ။ ။
ဘုရားရှင်တော်
ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား
မြတ်တရားကြောင့်
ဤကား ကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ
သိကြရ၊ များလှအကျိုးတွေ။ ။

မိုးဇော်အောင်

**မှိုင်းငြိမ်းကိုးကား -**

*အရှင်ဓမ္မသာမိဘိဝံသ၏ ဓမ္မပဒ (ပ) တွဲ ပသေနဒီကောသလမင်းကြီးနှင့် မထင်မရှားယောကျ်ားဝတ္ထုကို ကိုးကားပါသည်။*

www.burmeseclassic.com

www.burmeseclassic.com


ထားဝယ်မြို့ပေါ်မှာ (၂၇) တောင် အောင်ဇေယမိဘုရား၊ ပန်းသုံးဝ (၁၈) တောင်ဘုရား၊ ကျောက်မော်ကြီး (၁၈) တောင်ဘုရားဆိုတဲ့ ရပ်တော်မူဘုရား ရှုပ်ပွားတော်မြတ်ကြီး (၃)ဆူ အထင်ကရ သီတင်းသုံးလျက်ရှိပါတယ်။ ဒီရပ်တော်မူဘုရားကြီးများဖြစ်တဲ့ (၂၇) တောင်ဘုရားကို ထားဝယ်မြို့လယ် ဘုမွှော်ရပ်ကွက်မှာဖူးတွေ့နိုင်ပြီး ဉာဏ်တော်တူ (၁၈) တောင်ဘုရား (၂) ဆူကတော့ မြို့အရှေ့ဘက်ခြမ်းမှာ ကိန်းဝပ်စံပယ်နေလို့ မဟာသုခံနာဂရုံမြို့ဟောင်း ပန်းသုံးဝမှာ တစ်ဆူ၊ မြို့ဟောင်းဇရိယာနဲ့ဆက်စပ် ကျောက်မော်ကြီးမှာတစ်ဆူ ဖူးမြော်ရပါတယ်။ ပန်းသုံးဝနဲ့ ကျောက်မော်ကြီးဆိုတာ တောင်၊ မြောက်မျဉ်းတစ်ဖြောင့်တည်းပေါ်ကျပြီး (၃) ဖာလုံလောက်ပဲ ဝေးတယ်။ နောက်ပြီး လေယာဉ်ကွင်းနယ်နိမိတ် အရှေ့တောင်ယွန်းယွန်းပြောလို့ရပြီး တစ်ချိန်တုန်းက သစ်ရိပ်ဝါးရိပ်နေပြောက်မထိုး အုပ်ဆိုင်းလျက်ရှိတဲ့ သောင်းပြောင်းဥယျာဉ်ခြံကြီးတွေအလယ် စံနေတော်မူတာ ထူးခြားပါတယ်။

(၂၇) တောင် အောင်ဇေယမိရပ်

# ကျောက်မော်ကြီး
# (၁၈)တောင် ရပ်တော်မူ မင်းကြီးဘုရားကြီး
## မောင်စိမ်းထွေး(ထားဝယ်)



(၁၈) တောင် ရပ်တော်မူ မင်းကြီးဘုရားကြီးအား ရှေ့တည့်တည့်မှ ဖူးတွေ့ရပုံ



လက်ဝဲဘက်မှ ဖူးတွေ့ရပုံ




လက်ယာဘက်မှ ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



စကျင်ကျောက်ဆင်းတုထိုင်တော်မူ



တန်ဆောင်းကြီးနှင့် သပ္ပာယ်တင့်တယ်သော ဘုရားကြီးအား ဖူးမြော်ရစဉ်

တော်မူ (၂၀၁၅၊ မတ်) နဲ့ ပန်းသုံးဝ (၁၈) တောင် ရပ်တော်မူ (၂၀၁၆၊ ဧပြီ) ဘုရားကြီး (၂) ဆူကို သုရဿမဂ္ဂဇင်းမှာ စာရေးသူ ရေးသား ပူဇော်တင်ပြခဲ့ပြီးဖြစ်လို့ အခုတစ်ခေါက် ကျောက်မော်ကြီး (၁၈) တောင် ရပ်တော်မူဘုရားကြီး အကြောင်း တစေ့တစောင်း လေ့လာရေးသား ပူဇော်လိုက်ရပါတယ်။

ထားဝယ်မြို့ရဲ့ ဗဟိုချက်ဖြစ်တဲ့ အာဇာနည်လမ်းမကြီးဟာ မြို့အနောက်မြစ်ဆိပ် (သင်္ဘောဆိပ်ရပ်) က အစပြုပြီး အရှေ့ဘက်သို့ တည့်တည့်မတ်မတ် မြို့ရင်ခွဲဖောက်ပြီးထွက်သွားလိုက်တာ ယိုးဒယား (ထိုင်း) နယ်စပ်အထိရောက်ပါတယ်။ ဒါကြောင့် ဒီလမ်းကြီးကို ကျွန်တော်တို့ ဘိုးဘွားဘီဘင်တွေက ယိုးဒယားလမ်းလို့နှုတ်ကျိုးခေါ်ဝေါ်ခဲ့ကြတာကလား။ နောက်တော့ နိုင်ငံတော်အစိုးရက နိုင်ငံခြားအမည်များသတ်မှတ်ခေါ်ထားတဲ့လမ်းအမည်တွေကို အမျိုးသားနာမည်နဲ့ အစားထိုးမှည့်ခေါ်တော့မှ အာဇာနည်လမ်းလို့တွင်လာပါတယ်။ ဒါပေမယ့် အသက် (၈၀)နှစ်တမ်းအရွယ် လူကြီးသူမတွေကတော့ အခုအချိန်အထိ ယိုးဒယားလမ်းခေါ်နေကြတုန်းပါပဲ။

အာဇာနည်လမ်းအတိုင်း မြို့ထဲကနေ တောက်လျှောက်လိုက်သွားရင် မြို့စွန်က ကျောက်မော်ကြီးရပ် လေယာဉ်ကွင်းသွားလမ်းဆုံ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်အလွန် ညာဘက်ချိုးလမ်းသွယ်မှဝင်သွားတဲ့အခါ (၁၈) တောင်ဘုရားကို ရောက်ပါတယ်။ မြေ၊ လယ်နဲ့ (၁) မိုင်၊ (၄) ဖ ။ လမ်းမကြီးပေါ် မှာမဟုတ်တဲ့လို့ လူသိနည်းပေမယ့် အခု ဘုရားအဝင်မုခ်ဦး ခံ့ခံ့ညားညား ပေါ်လွင်ထင်ရှားပြီး ကားအဝင်အထွက် လမ်းဖြောင့်ဖြူးနေတာကြောင့် ဘုရားဖူးများနဲ့ စည်ကားလို့နေပါပြီ။ နိုင်ငံခြားသားတွေလည်း ပေါက်ပေါက်ရောက်ရောက် တကူးတကလာပြီးလေ့လာကြတယ်လို့ သိရတယ်။

ကျောက်မော်ကြီး ရပ်တော်မူ ရုပ်ပွားတော်ကြီးကို (၁၈) တောင်ဘုရားလို့ခေါ်ကြသလို ဘုန်းကြီးကျောင်းကိုလည်း ဇီဇာချဲ့မနေတော့ဘဲ (၁၈) တောင်ကျောင်းဆိုပြီး ခပ်လွယ်လွယ်ခေါ်ကြတယ်။ ဘုရားဝတ္တကမြေ (၈) ဧကကျယ်ဝန်းတယ်လို့သိရတယ်။ ဘုရားကြီးမျက်နှာတော်မူရာ မြောက်ဘက်ဟာ သေးသွယ်သော်လည်း ကျောဘက်မှာ

www.burmeseclassic.com


တော့ ဝတ္တကမြေဟာ အရှေ့နဲ့အနောက် ဖြန့်ကားနေတာ တွေ့ရတယ်။ အင်္ဂလိပ်အက္ခရာ (T) ပုံသဏ္ဌာန်ပြောရင် ရပါတယ်။ ပြီးတော့ သဘာဝမြေအနေအထားက တဖြည်းဖြည်းမြင့်တက်သွားတာ တောင်ကုန်းတစ်ခုဖြစ်နေတာကို သက်တွေ့မြင်ရပါတယ်။ အမှန်ကတော့ ဒီနေရာနဲ့မနီးမဝေးရှိ ဝဲကြီးတောင်ရဲ့ သက်တံတောင်ဆွယ်တောင်ကြောတစ်ခု ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

သမိုင်းချီပြောပြီးကြေးဆိုရင်တော့ ကုန်းဘောင်မင်းဆက် ဗဒုံမင်းခေါ် ဦးဝိုင်းတော်ဘုရား (AD 1782 - 1819) လက်ထက် မြန်မာနှစ် ၁၁၅၃-၅၄ မှာ ထားဝယ်မြို့ဝန် နေမျိုးကျော်ထင် ယိုးဒယား အားကိုးဝင်စားလို့ မဟာဥပရာဇာတပ်များချီလာပြီး ထားဝယ်မြို့ တွင်းတိုက်ပွဲဖြစ်ပွားတဲ့အခါ ယိုးဒယား တပ်အခိုင်အခံ့တပ်စွဲခဲ့တာ ဒီနေရာပါ။ ကျောက်မော်ကုန်း (ကျောက်မော်ကြီး ရပ်) လို့ သမိုင်းမှတ်တမ်းမှာ အသေအချာ ရှိပါတယ်။ ဂျပန်ခေတ်ကိုရောက်တော့ ဒီကျောက်မော်ကုန်းတောင်ကြောမှာ ဂျပန်တွေ စခန်းချကြောင်း၊ ကျွဲညီနောင် အင်္ဂလိပ်မဟာမိတ်လေယာဉ်ကလည်း တစ်ခါတစ်ခါ ရောက်လာပြီး စက်သေနတ် အတွဲလိုက်မွှေ့ယမ်းသွားကြောင်း ရှေးမီ နောက်မီသူတွေပြောစကားကို မှတ်သားရတယ်လို့ ကျောင်းထိုင်ဆရာတော်ရဲ့ လက်ထောက် တောထွက်ဦးပဥ္စင်းကြီး ဦးဝိစာရိန္ဒက ဆိုပါတယ်။ ဒီဘက်ခေတ် ရောက်တော့ အဦးအစ လူသူမနေ အသွားအလာမရှိ ကျွဲအုပ်၊ နွားအုပ်၊ ဆိတ်အုပ် စားကျက်နေရာဖြစ်ခဲ့ပြန်ပြီး အခုမှ တဖြည်းဖြည်း လူလူသူသူဖြစ်ခဲ့ရတာတာလားလို့ ဦးပဥ္စင်းက လေးလေး ကွဲကွဲမိန့်ပါတယ်။

(၁၈) တောင် ရပ်တော်မူရုပ်ပွားတော်ကြီးကို ကဆုန်လပြည့် ညောင်ရေသွန်းလောင်းမှာမို့ ရပ်ကွက်လူငယ်များ စုပေါင်းပြီး ကြိုတင်ပြင်ဆင်နေကြတာနဲ့ တွေ့ရသူ တန်းတိုးပါတယ်။ နေ့လယ် တစ်နာရီ ရေသွန်းအမီ ဘုရားကိုယ်လုံးတော်ပတ်လည် ဝါးလုံးတိုင်ထူ ငြမ်းဆင်ပြီး သန့်ရှင်းရေးလုပ်ကြ၊ ထားဝယ် ထုံးစံတက်ထုပ်စား၊ ရေနွေးကြမ်းသောက်ကြနဲ့ တပျော်တပါး အားရစရာကြီးပါ။ ဦးပဥ္စင်းပြောတာက ကဆုန်ညောင်ရေ သွန်းပွဲတစ်ခုပဲ စည်းစည်းရုံးရုံးရှိတယ်လို့ သိရတယ်။ တောရောမြို့ပါ ကားကြီး ငယ်တယ် အထူးသဖြင့် သုံးဘီးဆိုင်ကယ်


မုခ်ဦးအဝင်


(၁၈) တောင် ရပ်တော်မူဘုရားကြီး ခြေတော်ရင်း (ဆင်းတုတော်များနှင့် ပန်း။ ရေချမ်း ပူဇော်)



ကျောဘက်မှ ဖူးတွေ့ရပုံ
(ဝင်/ထွက်ပေါက်အား တွေ့မြင်နိုင်သည်)


အင်္ဂတေစောင်းတန်းအတွင်း




www.burmeseclassic.com


www.burmeseclassic.com



**ဆောက်လုပ်ဆဲ မွှာရုံ**



**ဆရာတော် သီတင်းသုံးရာ (၁၈) တောင်ကျောင်း**



**ဘေးတိုက်မြင်ရသော စောင်းတန်း**

တွေမှာ ပီပါပုံး၊ ပလတ်စတစ်ပုံးမှာ ရေ အပြည့် ရေကားတွေရောက်ချလာပြီး ရေသွန်းကြတယ်လို့ ဆိုပါတယ်။ အသံ ချဲ့စက်၊ ဒိုးပတ်တွေလည်းပါတယ်လို့သိရ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ညောင်ဗုဒ္ဓဟော

သွန်းမြဲပေမဟုတ်သော်လည်း အဲခါကြီး ရက်ကြီးမှာ ဗုဒ္ဓရုပ်ပွားတော် ရေသပ္ပာယ် ကုသိုလ်ရေးအထိမ်းအမှတ်ပေပဲပေါ့။ သူ့ အရပ်နဲ့သူ့ဇာတ်ဆိုတယ်မဟုတ်လား။

ဆရာတော် ဦးသူရိယ ဦးဆောင် ဦးရွက်ပြုပြီး မြန်မာနှစ် ၁၂၉၅ ခုနှစ်မှာ (၁၈) တောင် ရုပ်တော်မှုဘုရားကြီးကို စတင်တည်ခဲ့တာ (၈) နှစ်ကြာ ၁၃၀၃ခု မှာပြီးစီးတယ်။ ပန်းသုံးဝ (၁၈) တောင် ရုပ်တော်မှုဘုရားထက်စောတည်ပေမယ့် (၄) နှစ်လောက် အပြီးနောက်ကျတယ်။ ဒီလိုနောက်ကျရတာက မူလတည်စဉ်က အများကုသိုလ်၊ အများကောင်းမှုဖြစ် ပေမယ့် နောက်ပိုင်းမှာ ငွေကြေးအခက် အခဲကြုံရလို့ လက်လျှော့ထားရဟန် တူပါတယ်။ ဒါပေမယ့် ဦးသူရိယဟာ ကံကောင်းထောက်မစွာ လူဝတ်ကြောင် တုန်းက နိုင်ငံရေးအတူလုပ်ဖော်ကိုင်ဖက် ဖြစ်သူ မင်းတိုင်ပင်အမတ် ဝတ်လုံတော်ရ ခူဟောက်စွမ်၊ ဇနီး ဒေါ်သောင်းလှိုင်တို့ က အစစအရာရာ လှူဒါန်းကူညီအား ပေးခဲ့တာကြောင့် ဘုရားကြီးပြီးမြောက် အောင်မြင်ခဲ့တယ်ဆိုတာသိရတယ်။

လူအမည် ဦးအုန်းမောင် (ခေါ်) ဦးလှဟန်၊ ဘုန်းကြီး ဦးသူရိယဟာ သာသနာ့ဘောင်မဝင်ခင် အင်္ဂလိပ် အစိုးရလက်ထက် ဒိုင်အာခီအုပ်ချုပ်ရေး စနစ်ကို အကြောင်းပြုလို့ ဟုမ္မရူး ဒိုင်အာခီအကွဲအပြဲဂယက် တစ်ပြည်လုံး ကူးစက်ပျံ့နှံ့ပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးပြိုကွဲတဲ့အခါ ဦးဘဘေ၊ အမ်အေဦးမောင်ကြီး၊ ရွှေကျင်ဦးပုတိ ကြီးမှူး ဦးဆောင်တဲ့ (၂၁) ဦး ပါတီဝင် အဖြစ် ဒိုင်အာခီနိုင်ငံရေးတရားလှည့် လည်ဟောရင်းက ထားဝယ်ကိုရောက် လာသူ ဖြစ်တယ်။ ကသည်းလူမျိုး ကျောက်ဆည်ဇာတိဖြစ်ပြီး ကျောင်း ဆရာလုပ်ဖူးတယ်။ သစ်ကန်ထရိုက် လုပ်ဖူးတယ်။ ဖိုထိုးဝါသနာပါတယ် ထားဝယ်အနောက်မြောက်ဘက် (၄)မိုင် ခရီးအကွာ မြစ်အနောက်ဘက် ကမ်းခြေ ခံတောင် (ခံတောင်မြင့်) မှာ ရဟန်းဝတ် ပြီး တောင်ငူဘုန်းကြီးကျောင်း၊ ထို ကျောက်မော်ကြီးကျောင်းသစ်သို့ရောက် ရှိသီတင်းသုံးတယ်။ ရဟန်းဒါယကာ ကြီးကတော့ မင်းတုန်းမင်းတရားကြီး မြေးတော် ထိပ်တင်မယ်လို့အဆိုရှိတယ်။

ကျောက်မော်ကြီး (၁၈) တောင် ရုပ်တော်မှုဘုရားကို လောင်းလုံးမြို့ ပန်းရန်ဆရာကြီးဦးဖိုးစီ (ပန်းပုဆရာ ဦးစိန်) တည်ဆောက်ခဲ့တာပါ။ နောက် (၇) နှစ်အကြာ မြန်မာနှစ် ၁၃၀၂ ခုနှစ် ထားဝယ်မြို့လယ်မှာ (၂၇) တောင် အောင်ဗောဓိ ရုပ်တော်မှုဘုရားကြီး တည်ဆောက်ခဲ့တာလည်း အဲဒီပန်းရန် ဆရာကြီး ဦးဖိုးစီပါပဲ။ (၁၈) တောင်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တော်မူဘုရားဟာ မြောက်ဘက် မျက်နှာပြုပြီး မိမိရဲ့ရန်သူကို ကာကွယ်တားဆီးပြီး လာဘ်လာဘနဲ့ မြတ်သော ဆုကိုပေးတော်မူသော အဘယမုဒြာ၊ ဝဒရမုဒြာပုံဖြစ်တယ်။ ရှေးလူကြီးသူမတွေကတော့ မင်းကြိုဘုရားလို့ခေါ်ကြတာကလား။ ဆရာတော် ဦးသုရိယဟာ မိမိတို့အရှင်သခင် မြန်မာမင်းပြန်လာမှာကို တမ်းတပုံရပါတယ်။ ဆရာတော် တမ်းတတဲ့အတိုင်း သူ့ကျွန်ဘဝကလွတ်မြောက်ဖို့ ၁၉၄၂ ခုနှစ် ရောက်တော့ BIA ဗမာ့လွတ်လပ်ရေးတပ်မတော်နဲ့ ဂျပန်စစ်တပ်ကြီး ယိုးဒယားမှ ထားဝယ် စစ်ကြောင်းချီ သမိုင်းဝင်လမ်းဖြတ်သန်းသွားတာ ဒီဘုရားကြီးမျက်နှာပြုရာဖြစ်လို့နေတယ်လေ။

အခုဆိုရင် (၁၈) တောင်ဘုရားကြီး သက်တော် (၈၃) နှစ်ရှိပါပြီ။ ဘုရားတည်စဉ်တုန်းက ရေကန်အလယ် ပဒုမ္မာကြာပွင့်ကြီးအပေါ်မှာ ရုပ်ပွားတော်မြတ်ရုပ်တော်မူနေဟန်တည်တယ်။ နောက်ပြီးတော့ နောက်ကျောဘက်မှာ (၃) ပေ၊ (၁) လက်မ × (၁) ပေ၊ (၁၀) လက်မ ဝင်ပေါက်ရှိပြီး ဦးသုရိယကိုယ်တိုင် အထဲဝင်ရောက် တရားဟောမယ့်ပုံ ပြုလုပ်ခဲ့တယ်လို့သိရတယ်။ ဘုရားကြီးစတည်တတည်းက ဦးသုရိယလည်း ဘုရားကြီးအနီးမှာပဲ ကျောင်းငယ်လေးတစ်ဆောင်ဆောက်ပြီး သီတင်းသုံးနေထိုင်တော့တယ်လို့ဆိုကြတယ်။ အဗ္ဗောကာသိကဓုတင်ကျင့်ဆောင်သီတင်းသုံးတော်မူတဲ့ (၁၈) တောင် ရုပ်တော်မူဘုရားကြီးအား ဒေါ်သောင်းလှိုင်၊ ဆရာမကြီး ဒေါ်အေးမေနှင့် ဘုရားအမ ဒေါ်အို (ဆင်ပုနစ်ရပ်) တို့က ပန်းကညစ်သစ်တိုင် မြေစိုက် (၂၆) လုံးနဲ့ အမိုးသုံးဆင့်ခံ သွပ်မိုးတန်ဆောင်းကြီးကို လှူဒါန်းခဲ့ကြတယ်။ အခုတွေ့မြင်နေရတဲ့တန်ဆောင်းကြီးပါပဲ။ နောင်မှာ အဲဒီ ဒကာမကြီး (၃)ဦးက ကျောင်းတစ်ဆောင်ဆောက်ပြီးလှူဒါန်းပြန်တာကြောင့် (၁၈)တောင်ကျောင်းဆိုပြီးလူသိများလာပါလေရော။

ဆရာတော်ဦးသုရိယပျံလွန်တော်မူတဲ့အခါ ၎င်းရဲ့ဆန္ဒအတိုင်း ဘုရားခြေတော်ရင်း တောင်ဘက်ကွက်လပ်ဂူသွင်းထားရှိတဲ့နေရာကို ဦးပဉ္စင်းဦးဝိစာရိန္ဒပြပါတယ်။ ဒါပေမယ့် အခုမရှိတော့ပါဘူး။ မိုးကြိုးခလို့ အုတ်ဂူပျက်စီးသွားတာကြောင့် အရိုးကောက်ပြီး မြို့ပြင်ဘုန်းကြီးပျံကုန်းမှာ ဂူသွင်းထားတယ်လို့သာသိရကြောင်း စာရေးသူကို ပြောပါတယ်။

နောက်ပိုင်းမှာတော့ ဆရာဒကာသဘောတူညီညွတ်ကြပြီး ရေကန်ကို မြေဖို့ပစ်ပြီး အင်္ဂတေခင်းလိုက်ကြတယ်။ ရေကန်ပေါင်အပေါ် လူတစ်ရပ်ကျော် အုတ်တံတိုင်းထပ်မြှင့်လိုက်လို့ ရေကန်လည်း ပျောက်သွားတယ်။ ဒါပေမယ့် (၂) ပေ၊ (၂) လက်မအမြင့် အောက်ခံပလ္လင်၊ (၄) ပေအမြင့် ပွင့်ဖတ် (၅) ထပ် ကြာပွင့်ကြီးပေါ် မတ်ရပ်ရုပ်ပွားတော်မြတ်ကြီး ယခင်အတိုင်း စံနေတော်မူလျက်ရှိပါတယ်။ နဖူးပေါ် မွေးတော်ရှင်၊ ယာလက်ဝါးပြင်စက်ဝန်းခွင်နဲ့ ပြုံးတော်မူယောင်ယောင်ဘုရားကြီးထူးခြားသွင်ပြင် ဖူးမြင်ကြည်ညိုရပါတယ်။ အလိုတော်ပြည့် အုတ်ခွက်ဆင်းတု အပါအဝင် ဓမ္မစက္ကမုဒြာဗုဒ္ဓဆင်းတုတော် (၃) ဆူကို ဘုရားကြီးခြေတော်ရင်းမှာ ပူဇော်ထားသလို တန်ဆောင်းအတွင်း တနင်္ဂနွေထောင့်မှာ ညာဏ်တော်(၃)ပေ ဘူမိဖဿ ကျောက်ဆင်းတုတော်တစ်ဆူကိုပါ ဖူးတွေ့ရပါတယ်။

၁၃၆၃ ခု ဝါခေါင်လဆန်း ၈ ရက်နေ့ နံနက်နေဝန်းပေါ်ချိန် တန်ဆောင်းတော်ကြီးရဲ့ တစ်ခုတည်းသော မြောက်ဘက်လှည့်ဝင်ပေါက်နဲ့ တစ်ဆက်တည်း အမြင့် (၈) ပေ၊ အရှည် (၄၂) ပေရှိ စကြံစောင်းတန်ဆောင်းကို အများ ဒါယကာကောင်းမှုဆောက်လုပ်လှူဒါန်းကြတယ်။ အင်္ဂတေခင်း၊ အင်္ဂတေထိုင်ခုံ သွပ်မိုး (၇) ခန်း စောင်းတန်း ဖြစ်ပါတယ်။ ဒီစောင်းတန်းနဲ့ (၁၀)ကိုက်အကွာလောက်မှာ ဦးသန်းဦး၊ ဒေါ်နီဝင်း (ကျောက်မော်ကြီးရပ်) ဇနီးမောင်နှံက မကထမတည်ပြီး (၈၀)ပေ×(၃၃)ပေ× (၁၂) ပေအုတ်တစ်ထပ်ဓမ္မာရုံတိုက်သစ်ကြီး တည်ဆောက်နေတာ တွေ့ရတော့ မုဒိတာပွားရပါတယ်။

လက်ရှိ(၁၈)တောင်ကျောင်းထိုင် ဦးသုမန သက်တော် (၈၅) နှစ်၊ ဝါတော် (၃၄) ဝါ (တောထွက်) သရက်ချောင်းမြို့နယ် သင်းကျွန်းရွာဇာတိ ဆိုတော့ စာရေးသူမွေးဖွားရာ သရက်နှစ်ခွာရွာနဲ့ရွာ နီးချုပ်စပ် ရပ်ဆွေရပ်မျိုးဖြစ်ပါတယ်။ ဆရာတော်ဟာ တကောက်ကောက်သွားနိုင်လာနိုင်သေးပေမယ့် နားလေးတာကြောင့် လက်ထောက်ဦးပဉ္စင်းကိုပဲ မျက်နှာလွှဲထားတယ်လို့ ဆိုပါတယ်။ လက်ထောက်ဆရာတော် ဦးဝိစာရိန္ဒလည်း သင်းကျွန်းဇာတိ တောထွက်ကြီးပါပဲ။ (၁၈) တောင်ကျောင်းမှာ ယခု ဦးပဉ္စင်းလေးပါး သီတင်းသုံးလျက်ရှိပါတယ်။

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့် ၂၁-၅-၂၀၁၆ စနေနေ့။ ကျောက်မော်ကြီး (၁၈) တောင် ရုပ်တော်မူ မင်းကြိုဘုရားကြီးအတိုင်းအထွာကို စာရေးသူ မှတ်တမ်းပြုခဲ့ပါတယ်။

ညာဏ်တော် (၂၈) ပေ (၂) လက်မ၊
မဏိတော် (၁) ပေ (၂) လက်မ၊
ဦးခေါင်းတော်လုံးပတ်
(၁၃) ပေ (၃) လက်မ၊
နဖူးတော်မှ မေးတော် (၄) ပေ
နားရွက်တော် (၄) ပေ
လည်တိုင်တော်လုံးပတ် (၈) ပေ
သင်းကျစ်တော် (၁၃) ပေ (၃)လက်မ၊
မျက်လုံးတော် (၁) ပေ (၈) လက်မ၊
နှာပေါက်တော် (၁) ပေ (၅) လက်မ၊
နှုတ်ခမ်းတော် (၂) ပေ၊
ပခုံးတော် (၈) ပေ (၉) လက်မ၊
ကိုယ်လုံးတော် (သက်နှီးပါ)
(၂၁) ပေ (၁၁) လက်မ၊
သင်းပိုင် (၁၇) ပေ (၃) လက်မ၊
လက်မောင်းတော်
(၄) ပေ (၁၀) လက်မ၊
လက်ကောက်ဝတ် (၄) ပေ၊
လက်မတော် (၁) ပေ၊
လက်ညှိုးတော် (၁) ပေ (၈) လက်မ၊
လက်ခလယ်တော် (၁) ပေ (၉) လက်မ၊
လက်သူကြွယ်တော် (၁)ပေ(၈)လက်မ၊
လက်သန်းတော် (၁) ပေ (၇) လက်မ၊
ခြေသလုံးတော်လုံးပတ်
(၄) ပေ (၃) လက်မ၊
ခြေဖဝါးတော် (၁) ပေ (၈) လက်မ၊
ခြေမတော် (၉) လက်မ၊
ခြေညှိုးတော် (၉) လက်မ၊
ခြေခလယ်တော် (၈. ၅)လက်မ၊
ခြေသူကြွယ်တော် (၇) လက်မ၊
ခြေသန်းတော် (၆) လက်မ၊
ပလ္လင်ခြေမှ ကြာပန်းအထိ
(၆) ပေ (၂) လက်မ
တို့ ဖြစ်ပါတယ်။

မောင်စိမ်းထွေး (ထားဝယ်)

**ကိုးကား -**

ရှင်ကိုးရှင်နှင့်
သမိုင်းဝင်ထားဝယ်ဘုရားများ
မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# မုဒုံမြို့ တော်ကူးဆရာတော်ဘုရားကြီး

## ဘဝမှတ်တမ်း



၉-၅-၁၉၈၀ ပြည့်နှစ်။

စာရေးသူနှင့် သူငယ်ချင်းဖြစ်သူ မင်းငွေသန်းအောင် (မုဒုံမြို့နယ်၊ ကမာဝက်ရွာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးငွေနေ၏သား) တို့သည် တော်ကူးဆရာတော်ဘုရားကြီး ရှေ့တော်မှောက် ရောက်ရှိနေကြသည်။ ထိုစဉ်က စာရေးသူတို့သည် စက်မှုတက္ကသိုလ် နောက်ဆုံးနှစ် ဓာတုအင်ဂျင်နီယာဘာသာရပ်တွင် ရော်ဘာအကြောင်း ကျမ်းစာအုပ်ပြုစုရန် လေ့လာရေးခရီးထွက်လာခြင်း ဖြစ်သည်။

လမ်းတွင် သူငယ်ချင်းဖြစ်သူ၏ ပြောပြချက်အရ တော်ကူးဆရာတော်ဘုရားကြီးကို ဝင်ရောက် ဖူးမြော်ခြင်း ဖြစ်လေသည်။ ဆရာတော်ကြီးသည် သူ့ထံ လာရောက်သူများကို မည်သည့်ကိစ္စနှင့်လာသနည်းဟု မေးမြန်းလေ့ရှိလေရာ ဖူးမြော်ရုံသက်သက်လာသည်ဟုလျှောက်လျှင် မကြိုက်ဘဲ တရားအားထုတ်ရန် လာသည်ဟုလျှောက်မှသာ နှစ်ခြိုက်ပြီး တရားထိုင်ပုံထိုင်နည်းကို မိန့်ကြားလေသည်။

စာရေးသူတို့ နှစ်ယောက်လည်း တော်ကူးရိပ်သာတွင် တစ်ညတရားအားထုတ်ခဲ့ရသည်။ စာရေးသူတို့သူငယ်ချင်း နှစ်ယောက်သည် မွေးသည့် နှစ်၊ လ၊ ရက်အတူတူဖြစ်ကာ တနင်္လာနေ့ဖွားချည်း ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ် တစ်ခုတည်းတွင် လိုင်းတစ်ခုတည်း၊ နောက်ဆုံးနှစ် ကျမ်းပြုစုရာတွင်လည်း ကျမ်းတစ်ခုတည်း ပြုလုပ်ခဲ့ရပေသည်။ တိုက်ဆိုင်လှပေစွ။

တော်ကူးဆရာတော်လောင်းလျာကို အေဒီ ၁၈၉၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက် (ကောဇာနှစ် ၁၂၅၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်) စနေနေ့တွင် မုဒုံမြို့နယ် တော်ကူးရွာ၌ ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ထွန်းရီ ဖြစ်သည်။ မောင်ထွန်းရီသည် အသက် (၂၀) အရွယ်တွင် အိမ်ထောင်ပြုသည်။ ငယ်စဉ်က လယ်လုပ်ရာ လယ်မြေ (၂၆) ဧကကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ခဲ့ရသည်။

**▫ မသေဆေးရှာဖွေခြင်း**

တော်ကူးဆရာတော်ဘုရားကြီး၏ မဟာထေရုပ္ပတ္တိကို လေ့လာရာတွင် လွန်စွာ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များကို တွေ့ရှိရပေသည်။ တော်ကူးဆရာတော်လောင်းလျာ လူဝတ်ကြောင်ဘဝက ရုပ်ပုံလွှာမှာ -

ဦးထွန်းရီဘဝကပင် မအို၊ မနာ၊ မသေသောတရားကို ရှာမှီးရန်အတွက် တော်ကူးရွာအနီး ကျောက်စရစ်ဘုန်းကြီးကျောင်းသို့သွားလျက် ကျောင်းထိုင်ဆရာတော်ထံ နည်းနာတောင်းခံခဲ့သည်။ ဆရာတော်သည် မိမိကျင့်ကြံအားထုတ်နေသော အဂ္ဂိရတ်ထိုးခြင်းအတတ်နှင့် အာလောကကသိုဏ်း (အလင်းရောင်ကသိုဏ်း) ရှုနည်းတို့ကို သင်ကြား ပြသပေးလိုက်သည်။

**▫ အဂ္ဂိရတ်ဆရာဖြစ်ခဲ့ခြင်း**

ဦးထွန်းရီသည် ရှေးအခါက အဂ္ဂိရတ်သမားဖြစ်ခဲ့ဖူးသည်။ နောင်မှ တစ်ဖြစ်လဲခြင်း ဖြစ်ပေသည်။ ပင်ကိုဇွဲလုံ့လ ထက်မြက်သော ဦးထွန်းရီသည် ဆရာသမားအား ရိုသေမှု၊ ဆရာညွှန်ပြသော နည်းနာနိဿယတို့၌ ယုံကြည်မှုဖြင့် အဂ္ဂိရတ်ထိုးခြင်းအလုပ်ကို မနားမနေ ကြိုးစားကာ လုပ်ကိုင်လေသည်။

ဆရာတော်က -

"ဘုန်းကြီးတို့ လူဝတ်ကြောင်ဘဝတုန်းက အဂ္ဂိရတ်ထိုးတာ မီးသွေးကို တစ်လှည်းတိုက်၊ နှစ်လှည်းတိုက်ဝယ်ရတယ်ကွယ့်။ နေ့လုံးပေါက်ညလုံးပေါက်ပေါ့။ ဘုန်းကြီးဖိုထိုးလို့ အရည်မပျော်တဲ့သံဆိုတာမရှိဘူး"

မလျှော့သောဇွဲလုံ့လဖြင့်လုပ်ကိုင်နေသူနောက်သို့ အောင်မြင်မှုသည် လိုက်ပါလာမြဲထုံးတမ်းအရ အဂ္ဂိရတ်ဖိုထိုးခြင်းမှ အရည်အသွေး ကောင်းမွန်သော ဓာတ်လုံး (၃) လုံးကို ဦးထွန်းရီ ရရှိခဲ့သည်။ တစ်လုံးကို ရဟန်းတစ်ပါးအားပေးလှူသည်။ တစ်လုံးမှာ ပျောက်သွားပြီး ကျန်တစ်လုံး (အရည်အသွေးအကောင်းဆုံးအလုံး) ကို တော်ကူးဆရာတော်ဆောင်ထားခဲ့လေသည်။

ဂှင်းဓာတ်လုံး၏ စွမ်းရည်နှင့်ပတ်သက်ပြီး ဆရာတော် မိန့်ဆိုခဲ့သည်မှာ -

"တစ်ခါက ဘုန်းကြီးနေမကောင်းလို့ မော်လမြိုင်ဆေးရုံမှာ ဆေးတက်ကုရတယ်။ သူနာပြုဆရာမက ဘုန်းကြီးကို ဆေးထိုးတယ်။ သူ့အပ်ကို ဘုန်းကြီးအသားထဲထည့်လို့မရဘူး။ သူနာပြုဆရာမက ဘယ်နှယ့်မဝင်တာတုံးဆိုပြီး အတင်းဖိထိုးတယ်။ ထိဆို အပ်ပြုတ်သွားရော၊ ဘုန်းကြီးအသားထဲမဝင်ဘူး။ ဒီတော့ ဘုန်းကြီး စဉ်းစားကြည့်တယ်။ ဪ . . . ငါ့ခါးပန်းကြိုးအောက်မှာ ဓာတ်လုံးဆောင်ထားတာကို ဓာတ်လုံးကိုဖယ်ရှားလိုက်တယ်။ နောက်တစ်ကြိမ် ဆရာမ ဆေးထိုးတော့ ဘုန်းကြီးရဲ့ အသားပွပွထဲကို အပ်က လွယ်လွယ်ကူကူပဲဝင်သွားပါတယ်"

ဆရာတော်က ပြုံးပြီး စကားအဆုံးသတ်လိုက်သည်။

တော်ကူးဆရာတော်ကြီးဖြစ်လာမည့် ဦးထွန်းရီသည် အသက် (၅၅) နှစ်အရွယ်မှ ရဟန်းဝတ်သည်။ အရွယ်နှောင်းကာလဖြစ်ပါသည်။ ထိုအချက်ကို သတိမူမိပါသည်။ သို့သော် ပါရမီရင့်သန်လွန်းလှသဖြင့် အများနှင့်မတူဘဲ အလွန်ထူးခြားစွာဖြစ်ပေါ် ဖူးပွင့်လာခဲ့ပေသည်။

အသက် (၅၅) နှစ်အရွယ်တွင် ဆရာတော် ရဟန်းဝတ်သည့်အခါ အာလောကကသိုဏ်းကို အပြင်းအထန် ရှုမှတ်သည်။ တော်ကူးရွာအရှေ့ဘက်ရှိ တောထဲ၌ လည်းကောင်း၊ တောင်ခါးပန်းရှိ ဂဝံကျောက်များနှင့် ဂူတွင်းများ၌ လည်းကောင်း ရှုမှတ်ခဲ့၏။ ကသိုဏ်းဝန်းအဖြစ် အောက်လင်းမီးအိမ် (စတောင်ကင်းမီးအိမ်) ၏ ထွန်းလင်းတောက်ပနေသည့်မီးစာကို ရှုမှတ်ခဲ့သည်။ နံနက်ခင်းခါတွင် ထွန်းသစ်စနေဝန်းကိုလည်း ရှုမှတ်ခဲ့သည်။

"ဆရာတော်တို့ ကသိုဏ်းရှုရင်



www.burmeseclassic.com

www.burmeseclassic.com

အခါတုန်းက သမာဓိအားဘယ်လောက်ကောင်းသလဲဆိုရင် ထန်းတစ်ဖျား လောက်နေဝန်းကို စူးစိုက်ကြည့်လိုက်ရင် နေဝန်းကွယ်ပျောက်သွားရော။ မြူတိမ်ကင်းစင်တဲ့ လပြည့်ညဥ့်အခါမှာ လပြည့်ဝန်းကိုစိုက်ကြည့်လိုက်ရင်လည်း လဝန်းကြီးနဲ့ ကြယ်တာရာတွေ အကုန်ပျောက်ကုန်ရော"

(ပဋိဘာဂနိမိတ်က နေရောင်၊ လရောင်၊ ကြယ်ရောင်တို့ကို ဖုံးလွှမ်းသွားခြင်းကြောင့် နေ၊ လ၊ ကြယ်တို့ ကွယ်ပျောက်သွားခြင်း ဖြစ်လေသည်။)

"ကသိုဏ်းရှုမှတ်တာတစ်ခုအောင်ရင် ကျန်ကသိုဏ်းတွေလည်း အောင်တော့တာပဲ။ ဘုန်းကြီးအကုန်လုပ်ဖူးခဲ့တယ်လေ။ သမထစျာန်အကြောင်းကို ဘုန်းကြီးသိပ်မပြောချင်ဘူး။ ဈာန်ချမ်းသာက သိပ်ကောင်းတာ၊ ဒကာတို့ကိုပြောပြရင် ဒကာတို့အားလုံး စိတ်ဝင်စားသွားကြလိမ့်မယ်"

"သမထအလုပ်က ဝေဒနာကို မကျော်လွှန်နိုင်ဘူးလေ။ ဝိပဿနာအလုပ်ကသာ ဝေဒနာကို ကျော်လွှန်နိုင်တာ။ ဝေဒနာကို ကျော်လွှန်နိုင်မှ အသေသတ်မယ်၊ အသေသတ်မှ ဘဝကူးကောင်းကြမယ်လေ"

တော်ကူးဆရာတော် သမထလုပ်ငန်းကို အားထုတ်နေစဉ်အခါက တစ်ခါတစ်ရံတွင် ဆွမ်းခံခြင်းမပြုဘဲ တောထဲ၌ ရက်သတ္တတစ်ပတ်ခန့် ဈာန်ချမ်းသာနှင့် ပျော်မွေ့နေလေ့ရှိပါသည်။ ဒကာ၊ ဒကာမများက သွားရောက်ရှာဖွေကြသည့်အခါတွင် ချုံနွယ်များအကြား ၌နီးကွယ်နေလိုက်လေသည်။

**ဒုသည်းခံနိုင်လွန်းသော
တော်ကူးလောင်းလျာ**

တော်ကူးဆရာတော်သည် လူဝတ်ကြောင်ဦးထွန်းရီဘဝကတည်းကပင် သဒ္ဓါတရားထက်သန်၍ မေတ္တာဘာဝနာကို အရင်းခံလျက် ပယောဂရောဂါများကိုပင် လိုက်လံကုသပေးခဲ့သူ ဖြစ်သည်။ ဒွဲ လုံ့လ၊ ဝီရိယ အလွန်ကောင်းပြီး မိမိကိုယ်ကိုနှိမ့်ချခြင်းဟူသည့် နိဝါတဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ သို့အတွက် တော်ကူးဆရာတော်သည် သူမတူအောင်ခန္တီတရားကြီးမားသူဖြစ်၏။ ထိုအချက်နှင့်စပ်လျဉ်း၍ ဦးထွန်းရီ ဘဝပုံကြမ်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

လယ်သမားဦးထွန်းရီသည် လယ်မြေ (၂၆) ဧကကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ခဲ့သည်။ တောထဲသို့သွား၍ သစ်၊ ဝါးများကိုခုတ်ပြီး လှည်းပေါ်တင်ကာ တောင်စောင်းလမ်းကြမ်းအတိုင်း လှည်းကိုမောင်းနှင်ရ၏။ နွားနှစ်ကောင်တို့က တောင်အောက်သို့ဒုန်းစိုင်း၍ပြေးဆင်းလာကြသည့်အခါ သစ်လုံးများ ဦးထွန်းရီကိုယ်ပေါ်သို့ ပိကျလာသဖြင့် မချိမဆံ့ဒဏ်ရာကို အကြိမ်များစွာခံခဲ့ရဖူးသည်။

တစ်ကြိမ်တွင် ဦးထွန်းရီသည် လှည်းဇင်တုံးပေါ်ထိုင်လျက် ခြေတွဲလဲချကာ တောထဲသို့ဝင်သည်။ လှည်းသွားလမ်းတစ်လျှောက်တွင် ခရီးသွားသူအပေါင်းအား အဟန့်အတားပြုနိုင်သော သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းရန်ကြည့်၍သွားရာ လမ်းအလယ်တည့်တည့်၌ ငေါငေါပေါ်နေသော သစ်ငုတ်တိုကို သူသတိမပြုမိ။ နွားနှစ်ကောင်က အားမာန်ကောင်းကောင်းနှင့် လှည်းကိုဆွဲသွားစဉ် ဦးထွန်းရီ၏ တွဲလဲကျနေသော ခြေတစ်ဖက်သည် ထိုသစ်ငုတ်နှင့် အရှိန်ပြင်းစွာတိုက်မိကာ ပြတ်လုမတတ် ဟက်တက်ကွဲသွားလေသည်။

ဆေးဆရာများနှင့် နှစ်လကြာအောင်ကုသပါသော်လည်း ခြေထောက်ဒဏ်ရာကြီးမပျောက်သည့်အပြင် မန်းလိုက်ကာ ကြောက်မက်ဖွယ်ရာ ရောင်ရမ်းလာသည်။ ပြင်းထန်သော ဝေဒနာကို သည်းခံလျက် မိမိဘာသာ ခြေထောက်ကို ရေအေး၌စိမ်၍ ရတနာသုံးပါးဂုဏ်တော်ကို အထပ်ထပ်ပွားများခြင်းဖြင့် ရောဂါပျောက်ကင်းခဲ့ရလေသည်။

တစ်ဖန် အသက်(၄၀)ခန့်အရွယ်တွင် နွားသိုးကြီး ဝှေ့ယမ်းလိုက်သဖြင့် ဦးထွန်းရီ၏လည်ပင်း ထုတ်ချင်းပေါက်သွားပြန်သည်။ လည်ပင်းအလယ်တည့်တည့်မဟုတ်ဘဲ အနည်းငယ်ဘေးချော်ထွက်သွားသည့်အတွက် ပွဲချင်းပြီးမသေခြင်း ဖြစ်သည်။ တင်ချာဆေးရည်ကို အနာပေါ်သို့လောင်းချသည့်အခါတွင် ဦးတင်ရီသည် တစ်ကိုယ်လုံးတုန်ခါအောင် နာကျင်ပူစပ်လေသည်။ သို့သော်လည်း သည်းခံရှာလေသည်။

ထို့နောက် အနာမန်းလိုက်ပြီး ရောင်ရမ်းလာသဖြင့် ပါးစပ်ဟ၍မရတော့ဘဲ ထမင်းရည်ကျဲကျဲကို သွားကြားမှ စုပ်ယူကာ အာဟာရဖြည့်တင်းခဲ့ရသည်။ လှဲအိပ်၍မရသဖြင့် ရက် (၂၀) လုံးလုံး ခေါင်းအုံးကိုမှီကာ ငုတ်တုတ်ထိုင်နေခဲ့ရသည်။ ဗိန္ဒောဆရာများက လက်လွှတ်လိုက်သော်လည်း ဦးထွန်းရီသည် တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ ဘုရားကိုသာ အာရုံပြုကာ မေတ္တာဘာဝနာကို တွင်တွင်ပွားများခဲ့သည်။ (၂၁) ရက်မြောက်သောနေ့၌ မန်းရည်ပေါက်ကျသွားသဖြင့် အနာသက်သာသွားလေတော့သည်။

ထို့နောက်တစ်ဖန် လမှောင်သော ညဥ့်တစ်ညဥ့်တွင် ကင်းခြေများကြီးတစ်ကောင်က ခြေထောက်ကိုကိုက်လိုက်သဖြင့် အဆိပ်တက်ကာ ရောင်ရမ်းပူလောင်လာ၏။ မီးနှင့်မြိုက်သကဲ့သို့ အလွန်ပူပြင်းနာကျင်သည့်ဝေဒနာလှိုင်းတို့သည် ကင်းကိုက်သည့် ဒဏ်ရာမှ ဝမ်းဗိုက်ဆီသို့ တလိမ့်လိမ့်တက်လာကြသည်။

"နာလွန်းလို့ အသံထွက်ပြီးအော်ငိုရတယ်။ ခုနစ်အိမ်ကြားရှစ်အိမ်ကြားပေါ့။ လူတွေသတင်းလာမေးကြတယ်။ ဒါပေမယ့် ဝေဒနာသက်သာအောင် ဘယ်သူမှလုပ်မပေးနိုင်ကြဘူး။ နောက်တော့ ဘုန်းကြီးအကြံရလို့ ခြေထောက်ဒဏ်ရာကို အောက်လင်းမီးအိမ်နဲ့ကင်တာ တစ်ဆိတ်ကလေး သက်သာသွားတယ်။ မီးကင်တာများသွားလို့ မနက်ကျတော့ အသားကျက်လုမတတ် ဖူးရောင်အက်ကွဲနေတာကို တွေ့ရတယ်"

တော်ကူးဆရာတော်သည် လူဝတ်ကြောင်ဘဝက သေလုနီးသည့်ဒဏ်ရာကြီးများကို အကြိမ်ကြိမ်ခံစားခဲ့ရသည့်အပြင် ဘုန်းကြီးဝတ်၍ အသက် (၇၀) အတွင်းသို့ ချဉ်းကပ်လာသည့်အခါတွင်လည်း 'ဆေးသုဉ်းနဝင်းသုဉ်းပြီ'၊ 'မျှော်လင့်ချက်ကုန်ပြီ' ဟု ဆေးဆရာများ သတ်မှတ်ကြသော ရောဂါဝေဒနာမျိုးစုံတို့ ဖိစီးလာကြပြန်သည်။

တော်ကူးဆရာတော်ကြီး တရားထူးတရားမြတ်မရသေးမီကာလများတွင် ငှက်ဖျား၊ သွေးတိုး စသည်အားဖြင့် မာရ်နတ်၏ မိတ်ဆွေများကို တွေ့ကြုံခဲ့ရကြောင်း ဆင်ခြင်၍ သိရှိနိုင်ပါသည်။ ထိုအချိန်ကို နမူနာယူခြင်းသည် ဇွဲ၊ လုံ့လထက်သန်မှုကို ဖြစ်စေနိုင်ပါသည်။

တောထဲ၌ နှစ်ရှည်လများ သမထဘာဝနာများ ပွားများခဲ့သည့်အတွက် ငှက်ဖျားရောဂါရလာသည်။ သွေးတိုးရောဂါနှင့်မူးဝေသောရောဂါတို့ကလည်း နှိပ်စက်လာကြသည်။ တစ်ခါတစ်ရံ လမ်းလျှောက်သွားရင်းတွင်ပင် ဆရာတော်မှာ မိုက်ခနဲသတိမေ့ပြီးလဲကျသွား



www.burmeseclassic.com

www.burmeseclassic.com

တတ် သည်။

ဒူးဆစ်အောက် ခြေထောက်နှစ်ဖက်တွင်လည်း နှင်းခူစိုရောဂါက မြင်မကောင်းအောင် စွဲကပ်နေသဖြင့် အနာရည်တစိုစိုနှင့်ဖူးရောင်နေကြသည်။ ခြေဖမိုးနှစ်ဖက်ဖားပြုပ်ကြီးများနှင့် တူနေကြသည်။ နူရာဝဲစွဲ ဆိုသလို ထိုနှင်းခူများအကြားတွင် အသားပိုလုံးများက သဖန်းသီးသဖွယ် ပြွတ်သီးနေကြပြန်သည်။

ထိုထက်ပိုဆိုးသည်ကား လက်ဝဲဘက်ပေါင်တွင်းကြောကုပ်ဆွဲသည့်ရောဂါဖြစ်၏။ ဆရာတော်သည် အသက်ပင်ကြီးလင့်ကစား၊ ရောဂါများဝိုင်းဝိုင်းလည်ကာ ညှင်းပန်းနေလင့်ကစား ဝိနည်းတော်နှင့်အညီ နံနက်တိုင်း တော်ကူး တံခွန်တိုင်ရွာများထဲသို့ ဆွမ်းခံကြွတော်မူ၏။

ကျောင်းမှထွက်၍ တစ်မိုင်ခန့် လမ်းလျှောက်မိသောအခါ လက်ဝဲပေါင်တွင်းကြောကကုပ်ဆွဲလာသဖြင့် ခြေလှမ်း၍မရတော့ချေ။ ထိုအခါ ခြေတစ်လှမ်းလှမ်းနိုင်ရေးအတွက် မျက်ရည်ဝေ့လည်လာသည်အထိ အားစိုက်ကာ ရုန်းကန်ရတော့သည်။ ရိုးတွင်းခြင်ဆီအထိ စူးရှနာကျင်သည့်ဝေဒနာကို သည်းခံကာ ပါးပြင်နှစ်ဖက်ပေါ်တွင် မျက်ရည်ပေါက်ပေါက်ယိုစီးလျက် မိနစ်ပေါင်းများစွာ ရုန်းကန်ကာ ကျောင်းတော်အရောက် ပြန်ကြွလာလေသည်။ ပြင်းထန်သောဝေဒနာကို တစ်နေ့တည်းခံစားရသည် မဟုတ်။ နေ့စဉ်ရက်ဆက် ဆွမ်းခံကြွသဖြင့် နေ့များစွာပင် ဆက်တိုက်ခံစားနေရပေသည်။

ဤသို့ အလူးအလဲဝေဒနာခံစားနေရသော်လည်း ဆရာတော်သည် ဒကာများအား ထုတ်ဖော်ပြောကြားခြင်း မပြုချေ။ အတိတ်ဘဝပေါင်းများစွာက ပြုခဲ့မိသော 'အပရာပရိယဝေဒနီယ'ကံဝဋ်ကြွေးတို့ကိုဘဝခန္ဓာကိုယ်ဖြင့်ပေးဆပ်နေရခြင်းဖြစ်သည်ဟု နှလုံးသွင်းလျက် ဝေဒနာကို သည်းခံတော်မူရှာသည်။

ဤကဲ့သို့ နာကျင်ခံခက်သည့် ဝေဒနာအမျိုးမျိုးတို့ကို ခံစားရခြင်းသည် တော်ကူးဆရာတော်၏ခန္တီစွမ်းရည်ကို ပိုမိုရင့်ကျက်လာစေသည်။ နောက်ဆုံး၌ ကိလေသာရန်စွယ်အမျိုးမျိုးနှင့်ရင်ဆိုင်တိုက်ခိုက်ရသော ဝိပဿနာစစ်တလင်းဝယ် ဣရိယာပုတ်ရှည်ရှည်ရှုမှတ်သဖြင့် အဆင့်ဆင့်ပေါ်ပေါက်လာသည့်ဝေဒနာဆိုးများကို သဒ္ဓါ၊ ဝီရိယ၊ ခန္တီလက်နက်တို့ဖြင့်ပင် အပြီးအပိုင် အောင်နိုင်တော်မူခဲ့လေသည်။

❑ နိဗ္ဗာန်လမ်းမကြီးပေါ်သို့ရောက်ပြီ

တော်ကူးဆရာတော်သည် အိမ်ရာထူထောင်သည့်လူဝတ်ကြောင်ကတည်းကပင် သမထဘာဝနာအလုပ်ကို ကြိုးစားအားထုတ်ခဲ့သည်။ အသက်(၅၅)နှစ်တွင် ရဟန်းဘောင်သို့ အပြီးအပိုင် ကူးပြောင်းလာသည့်အခါ၌လည်း ထိုသမထဘာဝနာအလုပ်နှင့်ပင် (၁၅)နှစ် ထပ်မံ ကျင်လည်ခဲ့ရပြန်သည်။ တော်ကူးဆရာတော်၏ ဘွဲ့တော်မှာ ဦးနန္ဒိယ ဖြစ်သည်။

အသက် (၇၀) အရွယ် ရောဂါမျိုးစုံနှိပ်စက်သဖြင့် မရဏသေမင်း၏ ခံတွင်းဝသို့ ရောက်ရှိသည့်အခါတွင် ဆေးဆရာများက ဆေးနဝင်းသုဉ်းပြီဟု မှတ်ချက်ချကာ လက်မြှောက်သွားကြသည့်အခါတွင် မော်လမြိုင်မြို့ သတိပဋ္ဌာန်ကျောင်း ဆရာတော် ဦးပဏ္ဍိတထံ ဝိပဿနာတရား အားထုတ်ခဲ့ဖူးသော တော်ကူးဆရာတော်၏ တူမတော်စပ်သူ သီလရှင် ဒေါ်ပညာသီက တော်ကူးဆရာတော်ထံမှောက်သို့ ရောက်လာသည်။

တရားတော်၏ ထူးခြားသော 'ဩပနေယျိကဂုဏ်တော်'အရ တရားတော်၏ အမြိုက်အရသာကို ခံစားနိုင်ရန် တော်ကူးဆရာတော်ကို လာရောက်ဖိတ်ကြားခြင်း ဖြစ်လေသည်။

"ဆရာတော်ဘုရား၊ ဝိပဿနာတရားတော်ဟာ သာသနာရဲ့အနှစ်သာရဖြစ်ပါတယ်။ကိလေသာရန်စွယ်အပေါင်းကိုနှိမ်နင်းပြီး နိဗ္ဗာန်လမ်းကိုကြွမြန်းရန် တစ်ကြောင်းတည်းသောလမ်းလည်းဖြစ်ပါတယ်။ သာသနာတော်တွင်း လူဖြစ်ရကျိုးနပ်အောင် မော်လမြိုင်မြို့ သတိပဋ္ဌာန်ကျောင်းသို့ကြွပြီး ဝိပဿနာတရားအားထုတ်တော်မူပါ ဘုရား"

"ကောင်းပြီ၊ သွားတာပေါ့။ ငါသေစရာရှိရင် တရားခွင်မှာ သေတာပေါ့"

ရောဂါအနည်းငယ်သက်သာလာသည့်အခိုက်နှင့်ကြုံကြိုက်၍ တော်ကူးဆရာတော်သည် မဆုတ်ဆိုင်းတော့ဘဲ မော်လမြိုင်မြို့ သတိပဋ္ဌာန်ကျောင်းတိုက်သို့ကြွသွားတော်မူ၏။ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတထံတွင် တော်ကူးဆရာတော်သည် ဆေးလိပ်သောက်ခြင်း၊ ဖျားနာသူတို့ကို ရောဂါကုသပေးခြင်း၊ အင်္ဂရုတ်ထိုးခြင်းတို့ကို လုံးဝပယ်စွန့်ရမည်ဟု ကတိခံဝန်ချက်ပြုပြီးလျှင် ဝိပဿနာတရားတော်ကို စတင်ကာ ရှုမှတ်လေတော့သည်။

ဖူးငုံလျက်ရှိသော ပဒုမ္မာကြာပန်းသည် နေရောင်ခြည်ဖြာသန်းလာသည်နှင့်တစ်ပြိုင်နက် ဖူးပွင့်ဝေဆာလာသကဲ့သို့ သမထဘာဝနာဖြင့် ချာန်သမာဓိရရှိပြီးသော တော်ကူးဆရာတော်သည် ဝိပဿနာနယ်ဘက်သို့ကူးလိုက်သည်နှင့်တစ်ပြိုင်နက် ရုပ်နာမ်သဘာဝကို တစ်စတစ်စထိုးထွင်းသိမြင်လာပြီး ဝိပဿနာဉာဏ်များကို တစ်ဆင့်ပြီးတစ်ဆင့် မျက်မှောက်ပြုလာနိုင်တော့သည်။

ဝိပဿနာဉာဏ်မြင့်တက်လာလေလေ တရားရှုမှတ်ရန် ဆန္ဒပြင်းပြလာလေလေဖြစ်သည့်အတွက် တော်ကူးဆရာတော်သည် မရပ်မနား ကြိုးစားအားထုတ်တော့၏။ အခြားယောဂီများကထိုင်တရားရှုမှတ်နေစဉ် တော်ကူးဆရာတော်သည် မတ်တတ်ရပ်၍တရားရှုမှတ်သည်။ တစ်နာရီပြည့်၍ တခြားယောဂီများ စင်္ကြံလျှောက်ကြသည့်အခါ တော်ကူးဆရာတော်သည် မတ်တတ်ရပ်လျက်ပင် တရားဆက်ရှုမှတ်နေသည်။ ပူအိုက်သောရာသီဖြစ်၍ တခြားယောဂီများက ယပ်ခပ်ခြင်း၊ ရေချိုးခြင်းတို့ကို ပြုလုပ်နေကြသော်လည်း တော်ကူးဆရာတော်သည် လှုပ်ရှားခြင်းမရှိ ငြိမ်ငြိမ်သက်သက်ပင် မတ်တတ်ရပ်ကာ တရားရှုမှတ်နေသည်။တစ်ရက်တစ်ကြိမ်ရေချိုးရန်ကိုပင် တရားရှုမှတ်ချိန်ယုတ်လျော့သွားမည်စိုးသဖြင့် နှစ်ရက်ကြာမှ ရေတစ်ခါချိုးလေသည်။

တော်ကူးဆရာတော်ဘုရားကြီးသည် နာမကျန်းဖြစ်နေသည့်ကြားကပင် ထိုဝေဒနာများကို ကျော်လွှား၍ အောင်မြင်အောင်ကျင့်ကြံနိုင်ခဲ့သည်မှာ ဖွဲ့၏အကျိုးကျေးဇူးများပင်ဖြစ်ပေသည်။ တော်ကူးဆရာတော်သည် နာမကျန်းဖြစ်နေသည်ကတစ်ကြောင်း၊ ပေါင်ကြောဆွဲရောဂါကြောင့်တစ်ကြောင်း ဆွမ်းခံမကြွနိုင်ပေ။ လမ်းလည်းကောင်းကောင်း မလျှောက်နိုင်ပါ။ သို့အတွက် တရားကိုဖိ၍ ရှုမှတ်တော်မူသည်။ တစ်နာရီကြာ တရားရှုမှတ်ရသည်ကို အားမရတော်မမူဘဲ ဣရိယာပုတ်တစ်မျိုးတည်းကို (၂) နာရီ၊ (၃) နာရီ၊ (၄) နာရီဖြင့်တိုးမြှင့်ကာ ရှုမှတ်လေသည်။ ထိုသို့ ကြာကြာရှုမှတ်သည့်အခါ ပေါင်ကြောဆွဲရောဂါဝေဒနာသည် အလွန်ပေါ်လွင်ထင်ရှားလာသည်။ ထိုဝေဒနာကိုစူးစိုက်၍ ရှုမှတ်ဖန်များသည့်အခါ ဝေဒနာသည် မှန်မှန်မြွားမြွားကြေမွလျက် တစ်စစီတစ်စ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပျက်နေသည်ကို မြင်တွေ့လာရသည်။ ဝေဒနာကွယ်ပျောက်သည်အထိ ရှုမှတ်နိုင်သောအခါ ရောဂါလည်း သက်သာလာသည်ကို ဆရာတော် အံ့သြစွာ တွေ့မြင်လာသည်။

သုံးလပြည့်သည့်အခါတွင် ပေါင်ကြောဆွဲရောဂါ၊ မူးဝေသည့်ရောဂါနှင့် မုတ္တရောဂါတို့သည် လုံးဝပျောက်ကင်းသွားကြ၏။ သို့အတွက် ဆရာတော်သည် ကောင်းစွာလမ်းလျှောက်လာနိုင်သည်။ ဝေဒနာကိုပေါ်ပေါက်လာသမျှကို ကျော်လွှားနိုင်အောင် သည်းခံ၍ ရှုမှတ်နိုင်လာသောအခါ ဆရာတော်သည် စိတ်ကြိုက်ရှုမှတ်လေတော့၏။ အရုဏ်ဆွမ်းဘုဉ်းပေးပြီးအချိန် (နံနက် ၅ နာရီ) မှစ၍ နေ့ဆွမ်းအုန်းမောင်းတီးချိန် (နံနက် ၁၀ နာရီ) အထိ တစ်စပ်၊ နေ့ဆွမ်းဘုဉ်းပေးပြီးသည်မှ ညနေ(၆)နာရီ ဘုရားဝတ်တက်ချိန်အထိတစ်စပ်၊ ဘုရားဝတ်တက်ပြီးသည်မှ ညဥ့်သန်းခေါင် (သို့မဟုတ်) တစ်ခါတစ်ရံ နံနက်အရုဏ်ဆွမ်းအုန်းမောင်းတီးသည်အထိ တစ်ဆက်တည်း ရှုမှတ်လေတော့သည်။

မြို့ဝသတိပဋ္ဌာန်ကျောင်း၌ သံဃာတော်များသီတင်းသုံးရန် နှစ်ထပ်တိုက်ကျောင်းတစ်ဆောင်ရှိသည်။ ထိုတိုက်ကျောင်း၏အထပ်နှစ်ခုစလုံးတွင် ဘေးနှစ်ဖက်၌ ရဟန်းတစ်ပါးစီ သီတင်းသုံးရန် အခန်းများဖွဲ့ထားပြီး အလယ်တွင် စင်္ကြံရှိသည်။ တော်ကူးဆရာတော် ဦးနန္ဒိယသည် ကျောင်းအောက်ထပ် အခန်းတစ်ခန်းတွင် သီတင်းသုံးသည်။ လျှပ်စစ်မီးမသွယ်ရသေးသဖြင့် ကျောင်းသည် ညအခါ မှောင်မိုက်နေသည်။ ဤတွင် တော်ကူးဆရာတော်သည် မလျှော့သောဇွဲဖြင့် တရားအားထုတ်ပုံတို့မှာ မယုံနိုင်စရာဖြစ်ပါတော့သည်

ညဥ့် (၇) နာရီထိုးသည်မှစ၍ ဦးနန္ဒိယသည် မိမိအခန်းအတွင်း အမှောင်ထဲ၌ မတ်တတ်ရပ်လျက် တရားရှုမှတ်တော်မူ၏။ ထိုအခါ ခြင်ကောင်များသည် ဦးနန္ဒိယအား သဲသဲမဲမဲကိုက်ခဲကြသည်။ ဤအခြေအနေ၌ သာမန်ယောဂီတစ်ယောက်အဖို့ သမာဓိထူထောင်ရန် မလွယ်ကူပါချေ။ ဦးနန္ဒိယသည် ခြင်ကိုက်ခြင်းကို လျစ်လျူရှုပြီးလျှင် ဝိပဿနာအမှတ်၌သာ အာရုံစူးစိုက်ထားလေသည်။ ဆရာတော်ဦးပဏ္ဍိတ၏ မြေးဖြစ်သူ အရှင်ပညာသီရိသည် လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ဦးနန္ဒိယထံ မကြာမကြာလျှောက်လာ



တတ်သည်။ အမှောင်ထဲ၌ ခြင်အော်သံတဝီဝီညံနေသော်လည်း မလှုပ်မယှက်တရားရှုမှတ်နေသော ဦးနန္ဒိယ၏ကိုယ်ပေါ်သို့ လက်နှိပ်ဓာတ်မီးထိုးကြည့်၏။ မြင်ကွင်းကား ကြောက်ခမန်းလိလိ ကျောချမ်းဖွယ်ကောင်းလေစွ။

သင်္ကန်းလှပ်ထားသောဦးနန္ဒိယ၏ ပခုံးပြင်နှင့်လက်ပြင်များပေါ်တွင် ခြင်ရာပေါင်းများစွာသည် ပြွတ်ခဲကာ အားရပါးရသွေးစုပ်နေကြသည်။ ဦးနန္ဒိယက ခံစားမှုကင်းမဲ့လေဟန်ဖြင့် တုတ်တုတ်မျှ မလှုပ်။ အရှင်ပညာသီရိသည် မရှုရက်သဖြင့် မိမိလက်ဖဝါးဖြင့် ဦးနန္ဒိယပခုံးမှ လက်ပြင်အထိ သပ်ချလိုက်သည်။ ထိုအခါ ခြင်ကောင်တို့သည် ဝေါခနဲထပျံကြပြီးလျှင် လက်ပြင်တစ်လျှောက် သွေးများယိုစီးကျလာ၏။ မကြာမီပင် ခြင်ကောင်များသည် ဦးနန္ဒိယ၏အသားများပေါ်၌သက်ဆင်း၍ တစ်ဖန်သွေးစုပ်ကြပြန်၏။ ဤမျှ ကြောက်မက်ဖွယ်ကောင်းသည့်ဝေဒနာကို တော်ကူးဆရာတော်သည် တစ်ချက်မျှမလှုပ်ရှားဘဲ ညဥ့်လုံးပေါက်သည်းခံနိုင်စွမ်းရှိသည်မှာ အလွန်တရာ အံ့သြဖွယ်ကောင်းလှပါသည်။

သို့ဖြစ်၍ ဦးနန္ဒိယ၏တရားတွေ့ရှိပုံကို အစဉ်တစိုက် စစ်ဆေးလာသောဆရာတော် ဦးပဏ္ဍိတသည် (၃) လ စေ့မြောက်သောနေ့၌ -

"ဦးနန္ဒိယတော့ စိုင်ကော်သွားပြီ။ တရားရှုမှတ်တာ တစ်ထောက်နားပြီး ဒီရိပ်သာမှာ တရားကူပြပေးပါ"

ဟု မိန့်ကြားတော်မူသည်။

ဦးနန္ဒိယသည် မော်လမြိုင် မြို့ဝသတိပဋ္ဌာန်ကျောင်းတွင် (၂) နှစ်ကျော်ကြာ လက်ထောက်ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် တရားကူပြပေး၏။ အထူးသဖြင့် မွန်ယောဂီများကို မွန်ဘာသာဖြင့် တရားဟောရှင်းပြနိုင်သည့်အတွက် ဦးနန္ဒိယ၏ကဏ္ဍသည် အရေးပါလျက်ရှိသည်။

မော်လမြိုင်မြို့ဝသတိပဋ္ဌာန်ဆရာတော် ဦးပဏ္ဍိတနှင့် ရန်ကုန်သာသနာ့ရိပ်သာ မဟာစည်ဆရာတော်တို့သည် အလွန်ရင်းနှီးကြသဖြင့် မော်လမြိုင်ကျောင်းတိုက်သို့ မဟာစည်ဆရာတော် နှစ်စဉ်ကြွရောက်ပြီး တရားဟောတော်မူသည်။ ထိုသို့ ကြွလာသည့်အခိုက်၌ ဦးနန္ဒိယ၏တရားအားထုတ်ပုံနှင့် တရားမြင်တွေ့ပုံကို ဆရာတော်ဦးပဏ္ဍိတမှတစ်ဆင့် မဟာစည်ဆရာတော် ကြားသိရသည့်အခါ သာဓုခေါ်တော်မူသည်။

ထို့နောက် ဆရာတော်ဦးပဏ္ဍိတ၏ တာဝန်ပေးချက်အရ ဦးနန္ဒိယသည် သံဖြူဇရပ်မြို့၌ ခြောက်လ၊ ကော့ကရိတ်မြို့၌ (၁) နှစ်ခွဲကြာအောင် သတိပဋ္ဌာန်တရားကို ဖြန့်ချိတော်မူ၏။ ၁၃၂၆ ခု၌ ဇာတိချက်ကြွေရာ တော်ကူးရွာမှ ဒကာ၊ ဒကာမများက တော်ကူးသတိပဋ္ဌာန်ကျောင်းတိုက် ဆောက်လုပ်လှူဒါန်းကြသဖြင့် ဆရာတော်ဦးပဏ္ဍိတ၏ခွင့်ပြုချက်အရ တော်ကူးရွာသို့ ကြွချီတော်မူသည်။

တော်ကူးရိပ်သာ၌ ညီ၊ ညီမ၊ တူ၊ တူမ၊ မြေး၊ မြစ်များကို အစထား၍ ဝိပဿနာတရားကို ဟောကြားပြသရာ တရားအားထုတ်သူ တဖြည်းဖြည်းများလာ၏။ အထူးသဖြင့် ကရိယာပုတ်ရှည်ရှည်ဖြင့် တရားအားထုတ်နိုင်ရန် မေတ္တာကရုဏာရှေ့ထားကာ ညွှန်ကြားပြသပေးသည့်အတွက် ရောဂါဝေဒနာရှင်များစွာတို့သည် ထူးခြားစွာ ရောဂါပျောက်ကင်းသွားကြ၏။ ထို့အတွက် တော်ကူးသတိပဋ္ဌာန်ရိပ်သာကို 'တော်ကူးသတိပဋ္ဌာန်ဆေးရုံတော်' ဟူ၍ ရွာသားများက တင်စားခေါ်ဆိုကြတော့သည်။

**□ ကြာသက်န်းနှင့် ကနက္ကဒဏ်ထီးဖြူ**

ဆရာတော်ကြီးမပျံလွန်မီ (၄) လ ၁၁-၁၂-၈၆ ရက်နေ့၌ ထူးခြားသော အလှူရှင်တစ်စု ဆရာတော်ထံမှောက်သို့ ရောက်လာကြပြီးလျှင် ထူးဆန်းသည့် အလှူများကို ပေးလှူသွားကြသည်။ ထိုအလှူရှင်တစ်စုတွင် အမျိုးသမီး (၃)ဦးနှင့် အမျိုးသား(၂)ဦးတို့ ပါဝင်ကြ၏။ သူတို့သည် နေ့လယ်အချိန်၌ ဒတ်ဆန်းကားဖြင့် တော်ကူးရိပ်သာသို့ ရောက်လာကြ၏။ ဆရာတော်၏ ကျောင်းကလေးပေါ်သို့တက်သွားကြပြီးလျှင် ဆရာတော်ကို ဦးညွတ်ကန်တော့ကြ၏။ ထို့နောက် ဆရာတော်အား ရိုသေစွာခွင့်ပန်ပြီးလျှင် မှန်ဘီလူးဖြင့် လက္ခဏာ၊ ခြေက္ခဏာများကို သေချာစွာစစ်ဆေးကြည့်ရှုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် 'ဟုတ်ပြီ' ဟု မှတ်ချက်ချကြပြီးလျှင် ကားဆီသို့ဆင်းသွားကြ၏။ ကားထဲမှ ကနက္ကဒဏ်ထီးဖြူကြီးတစ်လက်နှင့် ကြာသက်န်းတစ်စုံတို့ကို ယူဆောင်လာကြပြီးလျှင် ဆရာတော်အား ဆက်ကပ်လှူဒါန်းကြ၏။ ထိုကြာသင်္ကန်းသည် (၃) နှစ်ကြာ ရက်လုပ်ရသော အလွန်တန်ဖိုးကြီးသည့် သင်္ကန်းတစ်စုံဖြစ်သည်။

"ဆရာတော်အရှင်သူမြတ်ဘုရား၊ ခန္ဓာဝန်ချတော်မူလျှင် ဤကြာသင်္ကန်းကို ဝတ်ရုံတော်မူပြီးလျှင် ကနက္ကဒဏ်ထီးဖြူအောက်တွင် ခန္ဓာဝန်ချတော်မူပါဘုရား"

ဟု လျှောက်ထားကြလေသည်။

"ကောင်းပြီ၊ သာဓု၊ သာဓု"

ဆရာတော်ကြီးသည် ဆုပေးပြီးနောက် ကြာသင်္ကန်းကို ခေတ္တဝတ်ရုံပြီးလျှင် မိမိ၏သင်္ကန်းအဟောင်းကို စွန့်ကြတော်မူသည်။ ထိုအလှူရှင်တို့သည် နဝကမ္မအလှူငွေ (၂၀၀) ကျပ်နှင့် ဆွမ်းအလှူငွေ (၂၀၀) ကျပ် ထပ်မံ လှူဒါန်းကြပြီး ကျောင်းပေါ်မှဆင်းသွားကြ၏။ ဆရာတော်၏ တူဖြစ်သူ ဦးအုန်းဖေသည် အနီးတွင်ရှိနေသဖြင့် ထိုသူတို့လျှောက်ထား တောင်းပန်သော စကားဆန်းများကို ကြားလိုက်ရသည်။ အလှူရှင်များဆင်းသွားသည့်အခါ ဦးအုန်းဖေလည်း နောက်အနားမှလိုက်ဆင်းသွားသည်။ အလှူရှင်တို့သည် ကျောင်းရှေ့ကားအနီးရှိ သရက်ပင်ရင်းသို့ရောက်သောအခါ 'အောင်ပြီ အောင်ပြီ အောင်ပြီ' ဟု လက်မြှောက်၍ကြွေးကြော်ကြပြီး ကားဖြင့် ပြန်လည်ထွက်ခွာသွားကြလေသည်။ ဆရာတော် ပျံလွန်တော်မူသည့်အခါ ရုပ်ကလာပ်တော်ကို ထိုကြာသင်္ကန်းဖြင့်လွှမ်းခြုံထားသည်။ ကနက္ကဒဏ်ထီးဖြူကိုလည်း ရုပ်ကလာပ်အနီးတွင်ထူထားလေသည်။

ဆရာတော်မပျံလွန်မီကရိတ်သိမ်းထားသောဆံစကလေးများသည် ပုလင်းအတွင်း၌ တစ်ပင်နှင့်တစ်ပင်လိမ်ယှက်ပြီး ခြင်းလုံးအသွင်၊ စေတီတော်အသွင်ပုံဆောင်လာကြသည်။

ဆရာတော်သည် ဝိပဿနာအမှတ်ဖြင့် အမြဲနေထိုင်သူဖြစ်သဖြင့် 'အရိယာနွယ်သို့ဝင်ရောက်ခဲ့ပြီလား' ဟု ဒကာတစ်ဦးမေးရာ -

"ဒကာ - မဂ်၊ ဖိုလ်ဆိုက်တာ မဆိုက်တာ ကိုယ့်အလုပ်မဟုတ်ဘူး။ ကိုယ့်အလုပ်က ဝိပဿနာတရားကို အမြဲရှုမှတ်နေဖို့ပဲ"

ဆရာတော်၏အဖြေမှာ ရိုးစင်းလှ၏။

"အရိယာပုဂ္ဂိုလ်များဟာ ဝိပဿနာရှုမှတ်မှုနဲ့မွေ့လျော်ကြတယ်။ ဝိပဿနာရှုမှတ်ခြင်းဆိုတာ အရိယာတို့ စားကျက်ပဲ။ ဒီစားကျက်မှာနေတဲ့သူဟာ ဘေးရန်အန္တရာယ်အပေါင်း ကင်းဝေးတယ်။ သေရင်လည်း အပါယ်မလားဘူး။ ယခုအရိယာမဖြစ်သေးရင်လည်း သေတဲ့အခါ တစ်မဂ်တစ်ဖိုလ်လောက်တော့ အလွယ်ကလေးရနိုင်တာပေါ့"

ဟု ထပ်ဆင့်၍ မိန့်တော်မူသည်။

ဆရာတော်ကြီး ပျံလွန်တော်မူရန် (၂) ရက်သာလိုတော့သည့်ညဥ့်၌ ရဟန်းတော်များသည် ပရိတ်တရားမူဇော်ပြီး ကျောင်းပေါ်မှဆင်းသွားကြသည့်အခါ သိကြားမင်းနှင့် နတ်တို့ကတစ်လှည့်၊ ဝိဇ္ဇာရဟန်းတို့ကတစ်လှည့် ရွတ်ဖတ်သရဇ္ဈာယ်ကြသည်ကို ဆရာတော်၏ စကားအရ ဒကာများကြားသိရသည်။ ညသန်းခေါင်တွင် ဆရာတော်၏အခန်းပြတင်းမှ မီးလုံးတစ်လုံးဝင်ရောက်လာပြီး ဆရာတော်ကြီးအနီး၌ ခေတ္တရပ်လျက် ပြန်လည်ထွက်ခွာသွားသည်ကို အနီးရှိ ဦးပဥ္စင်းများက တစ်ကြိမ်မက မြင်တွေ့ကြရသည်။

အေဒီ ၁၉၈၇ ခုနှစ်၊ ဧပြီ၁၃ရက်၊ တနင်္လာနေ့ (၁၃၄၈ ခု၊ တန်ခူးလပြည့်နေ့) သင်္ကြန်အကျနေ့၊ ညဥ့် (၇) နာရီ (၄၈) မိနစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူပါသည်။ ပရိနိဗ္ဗာန်ပြုတော်မူသည့်အချိန်၌ သက်တော်(၉၇)နှစ်၊ ဝါတော်(၄၂)ဝါ ရှိပါသည်။

ဆရာတော် ပျံလွန်တော်မူသည့်ညဥ့်၌ ကျောင်းပရိဝုဏ်တစ်ခုလုံးသည် ငြိမ်သက်တိတ်ဆိတ်နေပြီးလျှင် အလွန်သင်းပျံ့သည့် အမွှေးရနံ့တစ်မျိုးသည် တစ်ကျောင်းလုံးကို (၄) ကြိမ်တိုင်တိုင် လွှမ်းခြုံထားသည်။

ဆရာတော်၏ ရုပ်ကလာပ်ကို (၅၂) ရက်ထိထားရှိခဲ့ရာ နောက်ဆုံးရက်အထိ ခြေလက်များ၊ ခြေချောင်း၊ လက်ချောင်းများကို ကွေးဆန့်၍ရသည်။ အောက်မေးစေ့ကိုပင်လှုပ်ရှား၍ရသည်။ အထူးခြားဆုံးမှာ ဆရာတော်ကြီး၏ ရုပ်ကလာပ်သည် သဘာဝကိုဆန့်ကျင်လျက် ဖူးရောင်ပုပ်ပွခြင်းမရှိချေ။

အလောင်းတော်ကို မီးသဂြိုဟ်ရာတွင် ဓာတ်တော်များအပြွတ်လိုက်ကျလိမ့်မည်ဟု မျှော်လင့်ကြ၏။ ဈာပနဟူသည် ပြာကျသည်အထိ သဂြိုဟ်ရမည်ဟူသောညွှန်ကြားချက်ကို လိုက်နာနေသည့်အလား မီးသဂြိုဟ်သူတို့က မီးအရှိန်ပြင်းအောင် ထင်းများကို မီးထဲသို့ တွင်တွင်ထည့်ပေးကြသည်။ နံနက်မိုးလင်းသည့်အခါမှ မီးငြိမ်းသတ်ပြီး အရိုးဓာတ်တော်များကို ကောက်ယူကြသည်။ မီးပြင်းလောင်ကျွမ်းခံရသည့်ဒဏ်ကြောင့် အရိုးများစွာ ပြာအဖြစ်သို့ကူးပြောင်းသွားသည်။ သင့်ရုံကြီးမားပြီး ဖြူဖွေးနေသည့် အရိုးဓာတ်တော်များကို သပိတ်တစ်လုံးစာရရှိသည်။ အရိုးပြာများမှာ တလက်လက်ဝင်းပနေသည်။ ပြာပုံကို စနစ်တကျစစ်လိုက်သည့်အခါ မီးလောင်ကျွမ်းထားသော စွယ်တော်လေးချောင်းနှင့် အနီရောင်၊ အညိုရောင်၊ အဖြူရောင်ဓာတ်တော်လုံးသေးသေးများကို ရရှိသည်။ တော်ကူးဆရာတော်ကိုယ်စားပြုသည့်ဓာတ်တော်များနှင့် သပိတ်တော်၊ ပဒုမ္မာသင်္ကန်းတော်၊ ကြာသင်္ကန်းတော် စသည့်အသုံးအဆောင်ပစ္စည်းများကို ကျယ်ဝန်းသည့်မှန်ခေါင်းအတွင်းသို့ထည့်၍ ဓမ္မာရုံကြီးတွင် ပူဇော်ပြသထားကြလေသည်။

(ဤဆောင်းပါးဖြင့် တော်ကူးဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

၁။ တော်ကူးဆရာတော်ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား
(ဒေါက်တာမင်းတင်မွန်)
၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ၊ ပဥ္စမအကြိမ်၊ မြမွန်ရတနာစာပေ၊ တိုက် ၁၅/၁၉၊ ဦးဝိစာရအိမ်ရာ။
၂။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်
တော်ကူးဆရာတော်
(ဒေါက်တာမင်းတင်မွန်)
၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်
၃။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ
(မောင်ပန်းမွှေးပြုစုသည်။)
၄။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့်ဒုံမခန်းဖြစ်ရပ်ဆန်းများ
(တင်အောင်သွင်)
(တိုးထက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)




www.burmeseclassic.com

www.burmeseclassic.com



# ယောတို့ဗျာနီ လောင်းရှည်မြို့လေးက
# နာမထင်ရှား မြမာလာဘုရား
## ကိုယော(ဘောဂဗေဒ)



နာမည်ကျော် ပုံတောင်၊ ပုံညာ ချိုဝန်းက ယောဒေသကို ရောက်တုန်း ရောက်ခိုက်တွင် ယော (၃) ယော ဖြစ်သည့် မြောက်ယော(ဂန့်ဂေါမြို့နယ်)မှသည် အလယ်ယော (ထီးလင်းမြို့နယ်) ကိုဖြတ်၊ တောင်ယော (ဆောမြို့နယ်) ထိ ခြေဆန့်ခဲ့ဖြစ်သည်။ ပျူသုတေသန ခရီးကိစ္စလည်းပါသည်။

ဆောမြို့နယ်အတွင်းက လောင်းရှည်ဒေသကိုရောက်ခဲ့ဖြစ်ပြီ။


လောင်းရှည်ဆိုသည့် နှောင်းခေတ်က မြို့ကလေး။ ရာဇဝင်ထဲကမြို့ကလေး ဖြစ်သည့် 'လောင်းရှည်' က စိတ်ဝင်စားဖွယ်ရာတွေနှင့်ပြည့်နေသည်မှာ အမှန်ပင်ဖြစ်ရသည်။ အံ့ဩမိရသည်။ ရောက်မှတော့မှသိကြပေလိမ့်မည်။

ပြောပြချင်မိရသည်။

■ ထုပ်ကိုအခြေ၊ ပုဒ်ကိုဖွေသော်၊
ဧယျာသူရ၊ မဏိမြသား၊ လောက

www.burmeseclassic.com

www.burmeseclassic.com



မှန်လေးမှန်အတွင်းရှိ ကကုသန္ဓမြတ်စွာဘုရား



မှန်လေးမှန်အတွင်းရှိကောဏာဂမနမြတ်စွာဘုရား



မှန်လေးမှန်အတွင်းရှိ ကဿပမြတ်စွာဘုရား



မှန်လေးမှန်အတွင်းရှိ ဂေါတမမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဥက္ကာ၌၊ စက္ကဝတ္တိ၊ မဏိစည်သူ၊
ဘုန်းရောင်လူသော်၊ မြေဘူသန်
နက်၊ ဤအချက်မှ၊ သက္ကနက်
လောင်း၊ ရှည်ဘိတောင်းရှင့်၊ လှေကား
တောင်ပံ့၊ မဏိခံလျက်၊ ဆက်နှံ့သာ
ကြည်၊ရွှေစွန်းရည်ကြောင်း၊ လောင်း
ရှည်မြို့တော် သောင်းလုံးကျော်၏
...
မြင်းမိုရ်လက်ယာ၊ ဒက္ခိဏာတွင်၊
တေဇာသတင်း၊ ဝေဖြာလင်း၍
သောင်းထွင်းနှံ့သိ၊ ကျော်ကိတ္တိနှင့်၊
မဏိစည်သူ၊ ဇမ္ဗူသနင်း၊ အလောင်း
မင်းသည်၊ ကြောင်းရင်းရှုမျှော်၊ လှေ
လောင်းတော်ကို၊ တည်သော်အစ၊
ပဌမသည်၊ လောင်းရှည်မည်ရင်း၊
ဝေါဟာယွင်း၍ ထင်လင်းမချို့၊
လောင်းရှည်မြို့ဟု ယခုတွင်ရာ
...

ဖော်ပြပါ လောင်းရှည်အဖွင့် တဗျာနှင့်ပင် စတင်ရသော် ဂေါတမမြတ်စွာဘုရားရှင်မပွင့်မီ ရှေးယခင်ကပင် 'ဗျူပွတ်' ရွာဟုဖြစ်ခဲ့၊ ပုဂံပြည့်ရှင် အနော်ရထာမင်းလက်ထက်ထိအောင် ခေါ်တွင်ခဲ့သည်ဟု သိရ၏။


သာသနာနှစ် ၁၅၆၂ ခု၊ ကောဇာနှစ် ၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်၊ တနင်္လာနေ့၊ နက္ခတ် (၁၉) လုံးနှင့်ယှဉ်တာ အမတ်သိမ်းစည်းနှင့် မြို့သူကြီးဘယတေဇခံကောတို့က စစ်သည်သူရဲ (၁၀၀၀)နှင့် မြို့ကိုတည်ခဲ့၏။ ခံတပ်မြို့၊ သစ်တပ်မြို့၊ အလံဦးခင်းဖျားကင်းမြို့၊ အစောင့်တပ်မြို့ ဖြစ်၏။


ပုဂံပြည့်ရှင် နော်ရထာမင်းကြီးသည် ကင်းတပ်မြို့များ တည်ခဲ့သလိုသိန်းပြုမြို့၊ သောင်းပြုမြို့၊ ထောင်ပြုမြို့၊ ရာပြည့်မြို့များ တည်ခဲ့စေ၏။ ထိုမြို့နယ်မြေများတို့မှ နေပြည်တော်ကြီးအတွက် စစ်ရေးအလိုရှိလာလျှင် စစ်သားစစ်သည်ပေးကြရ၏။


လောင်းရှည်မြို့ကို တည်ထောင်ရာတွင် အနောက်ဘက်နှင့် အနောက်မြောက်ဘက် ရခိုင်၊ ချင်းနှင့် ကသည်းတို့၏ ရန်အန္တရာယ်များကို ဆီးဆို့ခံရပ်၊ စောင့်ရသည့်မြို့ဖြစ်ကြောင်း သိရပါ၏။

ဆိုပါတော့ -

လောင်းရှည်သည် ရှေးပဒေသရာဇ်ကာလ လက်နက်လူသူအင်အားအရေးတွင် ရေကြောင်းချီ စစ်တပ်အတွက် ဆောင်၊ ပုံညာတောကြီးမျက်မည်းမှ သစ်တောင်းသစ်မွန်များခုတ်ယူ၊ လှေလောင်းတော်ဖြစ်လာစေရန် ထိုသစ်များကို 'ရွှေ' ရာအရပ်မှ မူလကနဦးအစ 'လောင်းရွှေ' ဟု အမည်တွင်ခဲ့ရာမှသည် ကာလရွေ့လျားလတ်သော် 'လောင်းရှည်' ဖြစ်လာခဲ့ရပုံတစ်နည်း။ အလောင်းစည်သူမင်းနှင့် စပ်လျဉ်းကာလည်း ရွှေစကြာဖော်တော်ရှင်အရေး ဒေသိယသမိုင်းအစဉ်အလာဖြင့် 'ရွှေလောင်းလှေရှည်' မှတစ်ဖန် 'ရွှေလောင်းရှည်' သို့။ ကာလကြာလတ်သော် 'လောင်းရှည်' ဖြစ်လာခဲ့ရသည်ဟု ဆိုကြလေသည်။


မြမလာဘုရားကြီးဝင်းအတွင်းရှိ အမှုဓေရန် ခေါင်းလောင်း


မြမလာဘုရားကြီးဝင်းအတွင်းက မြပဟိုရ်စည်


စေတီတော်ပရဝဏ်အတွင်းရှိ ဆွမ်းတော်စွန့်နေရာ



www.burmeseclassic.com

www.burmeseclassic.com

လောင်းရှည်သည် စစ်သည် စစ်သားနှင့် စစ်ရေးဆိုင်ရာ အထောက်အပံ့များကို စုဆောင်းပေးသည့် မြို့တစ်မြို့။ ရှေးပုဂံခေတ်လက်ရာ စေတီပုထိုးတွေရှိရာမြို့၊ အေဒီ ၁၁ ရာစုက အုတ်ခွက်ဘုရားဆင်းတုတွေရှိခဲ့သည့်မြို့ . . . မှသည် နှောင်းသော် ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး၏ မိဖုရားဖြစ်တော်မူသော လောင်းရှည်မိဖုရား အပိုင်စားခဲ့သည့်မြို့။ တစ်ကြောင်းလည်း မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်း၏မယ်တော် လောင်းရှည်မိဖုရားဆိုသည် ပုဂံမင်း၊ မင်းတုန်းမင်း၊ အိမ်ရှေ့စံကနောင်မင်း၊ စကြာဒေဝီမိဖုရားခေါင်ကြီး၊ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်၊ မင်းတုန်းမင်း၏ မကွေးမိဖုရား၊ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်တို့နှင့် မောင်နှမဝမ်းကွဲတော်စပ်သူလည်းဖြစ်၊ သီရိမဟာမင်္ဂလသုပဘာဒေဝီဘွဲ့ခံ မိဖုရားအပိုင်စားခဲ့ရသည့်မြို့။

ပြီးနောက် ထင်ရှားကျော်ကြားသော ပညာရှိကြီးဖြစ်သည့် ယောဒေသ (ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ယော၊ လောင်းရှည်) ကို ပိုမိုပေါ်လွင်စေရာ ယောအတွင်းဝန်ဟု ခေါ်ဆိုသမုတ်ခြင်းခံရသည့် ယောအတွင်းဝန်ယောမင်းကြီး ဦးဖိုးလှိုင် တာဝန်ယူရာနယ်မြေ။

တစ်ဖန် 'ပခန်းမှာလေ၊ ခန်းပတ်မှာနား၊ လောင်းရှည်မှာဓား၊ ရေနံ့တစ်တိုင်ချင်းရယ်နဲ့ လင်းနိုင်ပါ့မလား' ဟူသော ဗန်းမော်ဆရာတော်ဘုရားကြီး၏ စာချိုးအရ ကုန်းဘောင်မင်းဆက် ရတနာပုံခေတ် ဝန်ကြီး (၄) ပါးအနက် လောင်းရှည်မြို့စား ဝန်ကြီးဦးမောင် ကလေးဆိုင်ရာပိုင်ရာမြို့။

အဆုံးစွန်ပြောရလျှင် လောင်းရှည်ဆိုသည့်မြို့လေးကား ယောတို့နယ်မြေဝယ် 'နှောင်းခေတ်ဟောင်းက လောင်းရှည် (သို့) ယောရွှေပြည်က ပုဂံ' ဟု တင်စားခြင်းခံရလောက်အောင် မြို့လေးငယ်ငယ်မှာ ကြည့်လိုက်တိုင်းမှာလျှင် မြေစိုက်စေတီ၊ ပုထိုးတွေ (၁၀၀) ကျော်နှင့်မော်နိုင်ခဲ့ရာ ဘာသာသာသနာစည်ပင်ဝပြောလေသောမြို့ပေတည်း။

သည်ဒေသလေးမှာ မဇ္ဈိမဒေသက ဗုဒ္ဓဘာသာသာသနာပြုမင်းကြီး ဘုရင်အာသောက၏ စေတီပေါင်း (၈၄၀၀၀) သာသနာရောက်ခဲ့ရာ ရှေးဟောင်းသမိုင်းဝင် ပုဂံခေတ် အလောင်းစည်သူမင်းကြီးက ထပ်မံတည်ထားကိုးကွယ်ခဲ့သော 'သိန်းကျင်းရွှေတန်းဆာစေတီတော်' ရှိသည့်အပြင် နာမထင်ရှားစေတီများ အများအပြားရှိနေသည်ကို ရောက်ဖူးမှသိကြပေလိမ့်မည်။

သည်သို့သော စေတီ၊ ပုထိုး၊ ဂူကျောင်းများအနက်မှ -

'မြို့လယ်ဘုရားကြီးခေါ် မြမာလာဘုရား' ကြီးအကြောင်းကို တင်ပြပေးချင်သည်။ မြို့လယ်ဘုရားကြီးဟု ခေါ်ဆိုရခြင်းမှာ လောင်းရှည်မြို့လေး၏ အလယ်တွင် တည်ရှိနေသောကြောင့်လည်း ဖြစ်ရသည်။

မှတ်သားထားခဲ့သော ပုရပိုက်များအရ ကောဇာ ၅၈၀ ပြည့်နှစ်မှာ သာသနာနှစ် ၁၇၆၂ ခု၌ မြို့သူကြီး ဦးတုပ်နှင့် အပေါင်းပါ ဒါယကာများက တည်ထားကိုးကွယ်ခဲ့ကြောင်းသိရသည်။

ဖိနပ်တော် (၁၄၄) တောင်၊ ဉာဏ်တော် (၅၁)တောင်အမြင့်ရှိပြီး လေးဖက်မုခ်၊ ဝန္တကုဋိတိုက်နှင့်ဖြစ်သည်။ အရံစေတီ (၄) ဆူ၊ ပန်းအိုးကြီး (၄) လုံးနှင့် တင့်တယ်စွာ တည်ထားတော်မူခဲ့ကြသည်။

၁၃၃၆ ခုနှစ် ပုဂံမြေငလျင်ကြောင့် ငှက်ပျောဖူးနှင့်တကွ ဖောင်းရစ် (၃) ရစ်ခန့် ပြိုကျခဲ့ရသည်။

အဆိုပါ မူလတည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်သည် နှစ်ပေါင်း ၇၆၆ နှစ်ခန့်ကြာသောအခါ ယိုယွင်းပျက်စီးစပြုလာသဖြင့် ၁၃၄၆ ခု၊ ပြာသိုလဆန်း ၁၅ ရက်ဖြစ်သော လပြည့်နေ့၊ စနေနေ့တွင် 'ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု တောင်ပုလုဆရာတော်ဘုရား' ကြီးနှင့်တကွ သံဃာတော်အရှင်သူမြတ်တို့ အောင်မြေနင်း၍ မြေသန့်ပန္နက်ချသည်။

ဆရာတော်ကြီး၏ ဩဝါဒအရ ဗောဇ္ဈင် (၇) ပါးကို ရည်စိတ်သန်၍ ဂေါပကအဖွဲ့ဝင် (၇) ဦးဖွဲ့ကာ ဆောင်ရွက်စေခဲ့သည်။

မြို့လေးက မြို့လယ်ဘုရားကြီးဟူ၍သာ ခေါ်ဝေါ်နေခဲ့ကြသော ဘုရားကြီးမှာ မူလက ဘွဲ့တော်မည်သို့ရှိခဲ့သည်




မြမာလာဘုရားကြီးပရဝဏ်အတွင်းရှိ ဇရပ် (နားခိုရာ) က မှတ်တမ်းတင်ထားသော ဌာပနာတော်များစာရင်းကို တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ကို မသိနိုင်ဖြစ်ခဲ့ရာမှ တောင်ပုလုဆရာတော်၏ ဦးဆောင်တည်စေသော ဘုရားများဖြစ်သည့် ဒေသအတွင်းရှိ ဝမ်းတွင်းသဲစုမြမဏ္ဍုဘုရား၊ ချင်းပြည်နယ် မင်းတပ်မြို့မှ မြလေးငုံဘုရားဟု ဘွဲ့တော်သတ်မှတ်ခြင်းများကိုမူ၍ လောင်းရှည်မြို့လေးမှမြို့လယ်ဘုရားကြီးကိုလည်း 'မြမာလာ' ဘုရားဟု အတည်ပြု သတ်မှတ်ခဲ့ကြကြောင်း ဆိုပေသည်။ ဆက်လက်၍ 'ဇိနမာန်အောင်' ဟူသော ဘွဲ့တော်ကို ဘုရားကြီးပြုပြင်ပြီးစီးပြီးမှ ဘွဲ့တော်သမုတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဖော်ပြပါ ၁၃၄၆ ခု၊ အောင်မြေသနင်း ပန္နက်တော်ချပြီးနောက် ဆောမြို့နယ်တွင်းရှိ ရပ်ကွက်ကျေးရွာများအားလုံးအပြင် ယောဒေသရှိ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်တို့သာမကသေးဘဲ အနီးပတ်ဝန်းကျင်များဖြစ်သော ဆိပ်ဖြူမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ ငဖဲမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ချင်းပြည်နယ်က မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်များသို့ အလှူခံအဖွဲ့များ စေလွှတ်ပြီး ဘုရားကြီး ပြန်လည် ပြုပြင်ရန်အတွက် အလှူငွေများထည့်ဝင်စေရလေသည်။

သို့နှင့် (၅)နှစ်ကြာမြင့်ခဲ့ပြီးနောက် ၁၃၅၀ ပြည့်၊ တပေါင်းလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၌ စေတီတော်မြတ်ကြီးကို အပြီးတိုင်စေခဲ့၊ ထီးတော်တင်လှူနိုင်ခဲ့ပေသည်။

အရံစေတီတော်များနှင့် နှစ်ကျိပ်ရှစ်ဆူတို့ကို ၁၃၅၂ ခု၊ တန်ခူးလဆန်း ၈-၉-၁၀ ရက်နေ့များတွင် ထီးတော်များတင်လှူပြီး အနေကဇာတင်ပွဲများပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်က မြို့လယ်ဘုရားကြီးခေါ်ယခုအခါ မြမာလာဘုရားကြီးသည် လောင်းရှည်မြို့လေး၌ ဘဏ်တော်အမြင့်ဆုံးဘုရားစေတီအဖြစ်ဖြစ်လာခဲ့ရကား နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ နှင့် ၁၅ ရက်နေ့များတွင် ပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ မဟာဒုက်စာရေးတံမဲချခြင်း၊ ဆွမ်းလုံးချ (ဆွမ်းလောင်း) တရားနာခြင်း၊ ဆွမ်းဆန်စိမ်းများလောင်းလှူခြင်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့အတွက် လှူဒါန်းဒါနပြုမှုများကို ခြိမ့်ခြိမ့်သဲဆောင်ရွက်ကြပေသည်။

ရာသီဥတု အေးချမ်းသာယာလှသော ဆောင်းဟေမန်ချိန်ခါ တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ဘုရားပွဲတော်ကျင်းပရာ မြမာလာဘုရားကြီးပွဲတော်ကွင်းသို့ လောင်းရှည်တစ်မြို့လုံးက မြို့သူမြို့သားအပြင် အနီးအပါးကျေးရွာများတွေက ဘုရားဖူးလာကြ၊ ဆွမ်းလောင်းကြ၊ စာရေးတံမဲ၊ မဟာဒုက်မဲများ ကျင်းပပြုလုပ်ကြရာတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လှူဒါန်းဒါနပြုကုသိုလ်ယူကြနှင့် ခြိမ့်ခြိမ့်သဲစည်ကားလှသည်ဟု ဆိုကြလေသည်။

အချုပ်ဆိုရသော် -

ရှေးရှေးအခါကပင် 'တစ်မူးရလို့တစ်ပဲလှူ' ဆိုသော စကားကဲ့သို့နှယ်ဒါန၏ ကောင်းကျိုးကြောင့် ဖြစ်မည်။

နှောင်းခေတ်ဟောင်းအခါတုန်းက လောင်းရှည် ဟူသည့် မြို့ကလေးမှာရာသီချိန်ခါအလိုက် လယ်ယာမိုးမြေစီးပွားအထွေထွေအဆင်ပြေကြလျက်မှာ ဘုရားစေတီများပေါများစွာနှင့် ဘာသာသာသနာစည်ပင်ခဲ့မှုကား ရှေးမူမပျက်။ တောင်တန်းကြီးတွေအသွယ်သွယ်အထပ်ထပ်ဝန်းရံလျက် အေးချမ်းသာယာစွာ လှပနေမြဲ။

စည်ပြောသံတဝေဝေ၊ ကြေးစည်သံ၊ အမျှဝေသံတို့နှင့် သာယာဝေစည်လျက်ရှိသည်။ ရပ်ဝေးမှ ပြည်သူတို့အနေဖြင့် ရောက်ဖူးအောင်ရောက်ဖြစ်အောင် သွားရောက်နိုင်ကြပါစေ။ ရှေးရှေးက ဘုရားစေတီများနှင့် နာမထင်ရှား မြမာလာဘုရားကြီးကို ဖူးမြော်နိုင်ကြပါစေတောင်းဆုခြွေမှုအစုစုတို့နှင့် ဆုပန်ခြင်းသည် ဆောလျင်စွာ ပြည့်ဝနိုင်ကြပါစေဟု စေတနာကောင်းနှင့် နှီးဆော်လိုက်ရပေသည်။

ဤတွင် -

မြမာလာစေတီတော်မြတ်ကြီး၏ ထူးခြားချက်များကို တင်ပြရင်း နိဂုံးချုပ်ချင်ပါသည်။

မြမာလာဘုရားကြီး၏ မုခ်လေးမုခ်၊ ဂန္ဓာကုဋိတိုက်အတွင်းဝယ် ဝတ်ပြုဆုတောင်းမှုတို့အတွက် ကျယ်ကျယ်ဝန်းဝန်းလည်းရှိသည်။ အေးချမ်းဆိတ်ငြိမ်မှုလည်းကောင်းလှသည်ဖြစ်ရာ ဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းတော်မူခဲ့ပြီးသော ဘုရားလေးဆူတို့ထံမှောက် ငြိမ်ငြိမ်အေးအေးဆုတောင်းဆုပန်နိုင်သည်။ ကကုသန္ဓဘုရားထံမှောက် လာဘ်လာဘအရာ၊ ကောဏာဂမန (ကောဏာဂုံ) ဘုရားမျက်မှောက် ရွှေငွေရတနာဆိုင်ရာ၊ ကဿပဘုရားထံပါး ပညာအရာနှင့် ဂေါတမဘုရားရှေ့မှောက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက် ဆုပန်လျှင် ပြည့်ဝစေသည်ဟု အပြောများသည်။

ကျေးဇူးရှင် ကမ္ဘာ့ဗုဒ္ဓဘာသာသာသနာပြု တောင်ပုလုဆရာတော်ဘုရားကြီးသက်တော်ထင်ရှားရှိစဉ်အခါက ဆရာတော်ဘုရားကြီးနှင့် ဆရာတော်သံဃာတော်တို့က အောင်မြေနင်းပန္နက်ချကာ မူလကို ပြီးစီးအောင်မြင်စေသောကြောင့်လည်း မှန်ကန်သောဆုပန်ခြင်းတို့ ပြည့်ဝလှသည်ဟု အပြောများသည်။

ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးအလင်းတိုင်၊ အမွှေးနံ့သာတို့ဖြင့် မြတ်စွာဘုရားရှင်တို့အား ဖြူစင်သဒ္ဓါဖြင့် ကပ်လှူလှူဒါန်းပူဇော်လျက် လိုရာဆန္ဒကို ဆုပန်နိုင်ကြပါစေကုန် ဟူ၍ . . . ။

**မှတ်ချက်** -

ယောဒေသ လောင်းရှည်မြို့လေးသို့ မြေပြန့်ဒေသရှိ ပခုက္ကူမြို့မှ ပခုက္ကူ-ပေါက်-ကျောက်ထု-ဆော-လောင်းရှည် အမြဲတမ်းမော်တော်ကားလမ်းအားဖြင့်လည်းကောင်း၊ ဆိပ်ဖြူ-လောင်းရှည် မော်တော်ကားလမ်းအားဖြင့် လည်းကောင်း အသွားတစ်နေ့ခရီး၊ အပြန်တစ်နေ့ခရီးဖြင့်သွားရောက်နိုင်ပါကြောင်းနှင့် လောင်းရှည်မြို့လေးမှ အထက်တန်းပြဆရာကြီး (ငြိမ်း) ဦးကံရှိန်နှင့် ဦးတင်စိုးတို့အား ကျေးဇူးတင်လျက်။

ကိုယော(ဘောဂဗေဒ)

စာပေဆုများရှင်

**ကျမ်းကိုးရည်ညွှန်း** -

၁။ မှန်နန်းရာဇဝင်တော်ကြီး
(ပ-ဒု-တ)
၂။ မဟာရာဇဝင်တော်ကြီး
(ဦးကုလား)
၃။ ရတနာပုံခေတ်ထိပ်တန်းနန်းတွင်း
အရာရှိကြီးများ
(တင်နိုင်တိုး)
၄။ ယော
(အငြိမ်းစားကျောင်းဆရာကြီး - ဦးကြာထွန်း)
၅။ ယောမဂ္ဂဇင်း
(ယောနယ်အသင်း-ရန်ကုန်)
၆။ လောင်းရှည်မှတ်တမ်းများ
(တင်စိုး-လောင်းရှည်)
၇။ ပေစာ၊ ပုရပိုက်စာ၊ စာချွန်တော်
များ
(ယွန်းကျောင်းတိုက်-လောင်းရှည်)
၈။ ကိုယ်တိုင် ကွင်းဆင်းလေ့လာမှု
မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com



(ပြည်ရွှေစို)

# အောင်မြင့်မြတ်

## မိမိကိုယ်ကို ချစ်တယ်ဆိုရင်

(တစ်)

သာသနာ့နယ်ပယ်တစ်ခွင်တွင် 'ဗောဓိမင်းသား' ဟု ဆိုလျှင် သိသူအတော်များများရှိနေမည်ထင်ပါသည်။ ကျွန်ုပ်ကို မမြင်ဘူးကြသည့်တိုင် 'ဗောဓိမင်းသား' ဟူသော အကျွန်ုပ်၏ အမည်နာမနှင့်မူ ရင်းနှီးပြီးသူများ ဖြစ်နေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ခိုလှုံရသဖြင့် ကျွန်ုပ်တစ်ယောက် အထင်ကရ ရှိနေခဲ့သောကြောင့် ဖြစ်ပါသည်။

ထို့ပြင်လည်း အကြောင်းတစ်ခုရှိနေပါသေး၏။ ကျွန်ုပ်သည် ကြီးကျယ်ခမ်းနားသလောက် သူမတူအောင် လှပ အံ့သြဖွယ်ကောင်းသော ပြာသာဒ်ကြီးကို ဆောက်လုပ်နေထိုင်ခဲ့သူ ဖြစ်သည်။ သည်ပြာသာဒ်ကြီးကြောင့်ပင် ကျွန်ုပ်တစ်ယောက် ရေလိုက်လွဲခဲ့မိသလို သည်ပြာသာဒ်ကြီးကို အကြောင်းခံ၍ပင် လမ်းမှန်သို့ ပြန်တက်နိုင်ခဲ့သည်။ သို့အတွက် အဆိုပါ ပြာသာဒ်ကြီးနှင့်စပ်၍ သံဝေဂရစရာ၊ အတုယူစရာ၊ ပြုစရာပြင်စရာများဖြင့် ပြည့်လျှမ်းခဲ့သော ကျွန်ုပ်ဘဝဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောပြချင်ပါသည်။

ပြောပြရလျှင်ဖြင့် ကျွန်ုပ်ဘဝဇာတ်ကြောင်းတွင် မကောင်းခဲ့သောဖြစ်ရပ်များက အတိတ်နှင့်ပစ္စုပ္ပန်နှစ်တန်စလုံးမှာ နေရာယူလျက်ရှိရာ ကျွန်ုပ်တစ်ယောက် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုများဖြစ်နေမည်လားမပြောတတ်ပါ။

သို့သော် တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်ဘဝအတွေ့အကြုံများထဲမှ ရှောင်သင့်သည်များကို ရှောင်ရှားပြီး ဆောင်သင့်သည်များကိုဆောင်လျက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးရှိသော ပြုစရာပြင်စရာများကို အတုယူပြုပြင်နိုင်သည်ဆိုပါအံ့။ ထိုအခါ ပေါင်ကိုသာမက ဦးခေါင်းကိုသော်မှ ထောင်းရာရောက်နေပါစေ ကျွန်ုပ်အနေဖြင့် ပြောပြရကျိုးနပ်ပြီဟု ယူဆနိုင်ပါလိမ့်မည်။

(နှစ်)

အထက်ကပြောခဲ့သည့် ပြာသာဒ်ကြီးကို တာဝန်ယူ ဆောက်လုပ်စဉ်က ဖြစ်လေသည်။ ကမ္ဘာမြေပြင်တွင် သည်ပြာသာဒ်ကြီးမိုးကို ငါမှလွဲ၍ အခြားမည်သူမျှမပိုင်စေရ။ သည်ပြာသာဒ်ကြီးသည် ကမ္ဘာပေါ်တွင် မတုပနိုင်သော အံ့ဖွယ်ပြာသာဒ်ကြီးတစ်ခုဖြစ်ရပေမည်။ ဤသည်ဤသည်တို့မှာ ကျွန်ုပ်ရင်ထဲက ဆန္ဒတွေဖြစ်ပါ၏။

ထို့ကြောင့် ပြာသာဒ်ကြီးကို တာဝန်ယူ ဆောက်လုပ်ပေးသော ဗိသုကာဆရာကြီးကို -

"ဒီလို ပြာသာဒ်ကြီးမျိုး ယခင်က ဘယ်သူ့အတွက် ဆောက်လုပ်ပေးခဲ့ဖူးပါသလဲ"

ဟု မေးကြည့်သည်။ မေးရခြင်းမှာ အကြံနှင့်ဖြစ်သည်။ အကယ်၍ နောင်တစ်ချိန်၌ ဤဗိသုကာဆရာကြီးသည် အခြားသူများအတွက်လည်း ဤပြာသာဒ်ကြီးမျိုးကို ဆောက်လုပ်ပေးမည်ဆိုပါက ကျွန်ုပ်၏ပြာသာဒ်ကြီးသည် ကမ္ဘာပေါ်၌ မတုပနိုင်သောအနေအထားမျိုးမှာ ရှိတော့မည်မဟုတ်ပါ။ ကျွန်ုပ်ဖြစ်စေချင်သော အံ့သြလေးမောဖွယ် ပြာသဒ်ကြီးဖြစ်နိုင်တော့မည် မဟုတ်ပါ။

ဒီတော့ သည်ပြာသဒ်ကြီးမျိုး နောင် မည်သူ့အတွက်မျှ ဆောက်မပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်အောင် ဗိသုကာဆရာကြီးကိုသတ်ပစ်ဖို့ သို့မဟုတ် လက်တွေ၊ ခြေတွေဖြတ်ပစ်ဖို့၊ မျက်စိတွေလျှင်လည်း ဖောက်ထုတ်ပစ်ဖို့ ဤသို့သောအကြံဖြင့် မေးကြည့်ခြင်းဖြစ်သည်။ ကျွန်ုပ်က ဤမျှ ရက်စက်သောအကြံအစည်နှင့်မေးမြန်းသည်ဖြစ်ပေမယ့် ဗိသုကာဆရာကြီးကတော့ မည်သူ့အတွက်မျှ ဆောက်လုပ်မပေးခဲ့ဖူးကြောင်း ရိုးသားစွာဖြင့်ပင် ဖြေကြားပါသည်။

အတ္တလွန်ကဲသောကျွန်ုပ်၏အကြံကို စဉ်းစားကြည့်စမ်းပါဘိ။ အပြောကျယ်စွာ ကမ္ဘာမြေပြင်ကြီး၌ နေထိုင်ပြီး သည်လိုပြာသာဒ်ကြီးမျိုးကို တစ်ယောက်တည်းသာ ပိုင်ဆိုင်လိုခြင်းသည် ကျွန်ုပ်၏ အမြင်ကျဉ်းမြောင်းမှုသာ ဖြစ်ပါ၏။ အတ္တလွန်ဆန်မှုသာ ဖြစ်ပါ၏။ ကိုယ့်မြို့တွင် သည်လိုပြာသာဒ်ဆောင်ကြီးတွေ များများရှိလျှင် ပိုပြီးမသာယာနိုင်ပေဘူးလား။ ကိုယ့်နိုင်ငံတော်မှာ၊ ကိုယ့်ကမ္ဘာကြီးမှာ သာ၍သာ၍ မတင့်တယ်နိုင်ပေဖူးလား စသည်ဖြင့် ကိုယ့်ကိုယ်ကိုယ် အမေးတွေထုတ်ကာ အဖြေရှာသင့်သည်။ အမြင်ကျယ်သင့်သည်။ သဘောထားကြီးမားသင့်သည်။


အမှန်စင်စစ် ကိုယ်တစ်ယောက်တည်းမှာသာ သည်ပြာသာဒ်တစ်ဆောင်ရှိနေရုံမျှဖြင့် အပြောကျယ်သော ကမ္ဘာလောကကြီးကို ပို၍သင့်တင့်လှပလာအောင် စွမ်းဆောင်နိုင်မည်မဟုတ်ကြောင်း၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံး အပုပ်နံ့နံ့နိုင်သော်လည်း ဒေါနပန်းတစ်ခိုင်ဖြင့် တစ်ရွာလုံး မမွှေးကြိုင်နိုင်ကြောင်း ထိုအချိန်က ကျွန်ုပ်တစ်ယောက် ကောင်းကောင်းသဘောပေါက်သင့်သည် မဟုတ်ပါလား။

ယခုမူ အတ္တလွန်ကဲသောဆန္ဒကိုသာ ရှေ့တန်းတင်ခဲ့သည်။ ကိုယ်လိုရာကိုသာကြည့်ပြီး ရက်စက်စွာ ကြံစည်ခဲ့သည်။ တကယ်တမ်းတော့ ကမ္ဘာပေါ်၌ ကြီးကျယ် ခမ်းနားသလောက် မတုပနိုင်သော ပြာသာဒ်ကြီးကို မိမိတစ်ယောက်တည်း ပိုင်ဆိုင်လိုခြင်းမှာ မဖြစ်ရေးချ မဖြစ်နိုင်ပါပေ။ ထိုသို့တိုင်အောင် ထိုအကြောင်းကို ကြံစည်ချိန်က ဖြစ်နိုင်၊ မဖြစ်နိုင် မစဉ်းစားမိပါ။ 'စဉ်းစားနိုင်ရန် ချင့်ချိန်ဉာဏ်လည်း မရှိသေးပါ။ အမြင်ကျဉ်းသော အတ္တလွန်စိတ်ရိုင်းများက ပိတ်ပင်တားဆီးနေခဲ့သောကြောင့် ဖြစ်ပါသည်။

(သုံး)

ထိုအချိန်က ကျွန်ုပ်၏ အကြံအစည်ကို ချစ်ကျွမ်းဝင်၍ ယုံကြည်စိတ်ချရမည်ထင်သော မိတ်ဆွေဖြစ်သူ သဉ္ဇီဝကပုတ္တလုလင်ကို ပြောပြလိုက်မိသည်။ သူသည် ကျွန်ုပ်၏ အချစ်ဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ပြောပြလိုက်ခြင်း ဖြစ်သည်။ သို့သော် ဗိသုကာဆရာကြီးသည် ပြာသာဒ်ကြီးကို သစ္စာရှိစွာဖြင့် ပြီးစီးအောင် ဆောက်လုပ်ပေးပြီ ပြီးလျှင်ပြီးချင်း သဉ္ဇီဝလုလင်၏ကောင်းမှုကြောင့် ကျွန်ုပ်ကိုလှည့်စားကာ ထွက်ပြေးလွတ်မြောက်သွားသည်။

ဤမျှပင် အဖိုးအနဂ္ဃထိုက်သော ဗိသုကာပညာရှင်ကြီးတစ်ယောက်ပျက်စီးဆုံးရှုံးသွားမည်ကိုလည်းမလိုလား။ ကျွန်ုပ်၏အကြံကိုလည်း တား၍ရမည်မထင်သောကြောင့် ဗိသုကာဆရာကြီးအား တိတ်တဆိတ် အသိပေးလိုက်ခြင်း ဖြစ်ကြောင်း နောင်အခါ သဉ္ဇီဝကလုလင် ပြောပြပါမှ ကျွန်ုပ်သိရှိခဲ့ရသည်။ ယင်းသို့ သိကာမှပင် လွန်စွာသေးသိမ်သော၊





www.burmeseclassic.com

www.burmeseclassic.com

အတ္တလွန်ကဲသော ရှက်ဖွယ်လိလိ မိမိ၏ အကြံအစည်ကို အရှက်ကြီးရှက်မိခဲ့သည်။

ထိုသို့ နုစဉ်အခါက မိုက်မဲသည့် အလျောက် ကြံစည်မိခဲ့သော်လည်း ယခုမူ ဘုရားရှင်၏ မဟာကရုဏာတော်ထီးရိပ်ကို ခိုလှုံရပြီဖြစ်သောကြောင့် အမှားကိုအမှားမှန်း၊ အမှန်ကိုအမှန် အတိုင်းသိအောင် မြင်တတ်ကြည့်တတ်လာပါပြီ။ မှားသည်ဟု သိရှိလာသော တစ်နေ့၌လည်း တားဆီးနိုင်စွမ်းရှိလာပါနေပြီ။ တစ်ချိန်ကလို အတ္တစိတ်တွေ ရှေ့တန်းမတင်တော့ပါ။ မဖြစ်ရေးချ မဖြစ်နိုင်သော အကြံအစည်တွေ မကြံစည်တတ်တော့ပါဟု ဝန်ခံချင်ပါသည်။

ဆောက်လုပ်၍ ပြီးသောအခါ ပြာသာဒ်ကြီးကို 'ကောကနူဒ'အမည်ပေးလိုက်သည်။ အများကမူ လှပသည်နှင့် အမျှ ကြီးကျယ်ခမ်းနားသော ကျွန်ုပ်၏ ပြာသာဒ်ကြီးကို ကောင်းကင်သို့ပင် ပျံတက်တော့မည့်အတိုင်းဟု ထောမနာပြုလေ့ရှိကြသည်။ တိုက်တိုက်ဆိုင်ဆိုင် ကြုံလာရသည်မှာ ထိုအချိန်က ကျွန်ုပ်တို့မြို့သို့ နောက်ပါသံဃာတော်များနှင့် တကွ ဘုရားရှင်ကြွရောက်တော်မူလာခြင်းပင် ဖြစ်ပါသည်။

(လေး)

ထို့ကြောင့် ကျွန်ုပ်၏ အိမ်တက်မင်္ဂလာပွဲ၌ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ခွင့်ရခဲ့သည်။ ပြာသာဒ်ကြီးကိုလည်း တောင်ဇလပ်၊ ဇီဇဝါ၊ နွယ်သာကီ စသည့် ပန်းနံ့သာတို့ဖြင့် ထုံမွမ်းခြယ်သထား၏။ ပထမဆုံး လှေကားခုံမှစ၍ ပြာသာဒ်ပေါ်ထိအောင် အဝတ်ဖြူများခင်းထားသည်။ နံနက်ခင်းတွင် ဘုရားရှင်သည် နောက်တော်ပါ သံဃာတော်များ ခြံရံလျက်ကြွတော်မူလာပါသည်။ ကျွန်ုပ်ဆီးကြို၍ ခရီးဦးကြိုပြုပါသည်။ ဘုရားရှင်၏သပိတ်တော်ကိုလည်း ဘုရားရှင်လက်တော်မှ သပိတ်ကို လှမ်းယူလိုက်သည်။ ထို့နောက် ပြာသာဒ်ကြီးပေါ်သို့ ကြွတော်မူပါရန် လျှောက်ထားလိုက်သည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏ ပြာသာဒ်ကြီးပေါ်သို့ ကြွဝင်တော်မူပါဘုရား"

ဤသို့ လျှောက်ထားပေမယ့် ဘုရားရှင်မကြွဝင်ပါ။ ကျွန်ုပ်ထပ်မံ၍ လျှောက်ထားပါသည်။

ဤသို့ သုံးကြိမ်လျှောက်ထားသောအခါ ဘုရားရှင်က နောက်တော်၌ပါလာသော ရှင်အာနန္ဒာကိုစောင်းငဲ့၍ ကြည့်ရှုတော်မူပါသည်။ ရှင်အာနန္ဒာသည် အရိပ်အခြည်ကြည့်ပြီး အကင်းပါးသူပီပီ ဘုရားရှင်စောင်းငဲ့၍ကြည့်တော်မူခြင်းမှာ ကျွန်ုပ်ခင်းထားသောအဝတ်များကိုနင်း၍ ကြွတော်မူရန် ဆန္ဒမရှိကြောင်း သိဟန်တူပါ၏။ ထို့ကြောင့် ကျွန်ုပ်အား အဝတ်ခင်းများကို ပြန်လည်ရုတ်သိမ်းရန် တိုက်တွန်းပါလေတော့သည်။

"အမောင် ဗောဓိမင်းသား၊ သင့်ရဲ့ခင်းထားတဲ့အဝတ်တွေကို ပြန်လည်ရုတ်သိမ်းလိုက်ပါ။ ဒီအဝတ်တွေကိုနင်းပြီး ဘုရားရှင်ကြွတော်မူမည် မဟုတ်ပါ"

ကြွဝင်ရန် သုံးကြိမ်တိုင်တိုင် လျှောက်ထားသည့်တိုင် ဘုရားရှင်ကြွတော်မမူ၊ မည်သို့မျှမိန့်တော်မမူဘဲ ဆိတ်ဆိတ်ရပ်မြဲရပ်နေတော်မူ၏။ ယခု အရှင်အာနန္ဒာမထေရ်ကမူ နှုတ်တော်မှပင် ဖွင့်ဟ၍ အဝတ်များကို ရုတ်သိမ်းရန် တိုက်တွန်းနေချေပြီ။ ကြွဝင်ဖို့ ဆက်လက်လျှောက်ထားရန် ကျွန်ုပ်မဝံ့တော့ပါ။ ထို့ကြောင့် အဝတ်များကို ရုတ်သိမ်းလိုက်ပါသည်။ ပြီးမှ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပြာသာဒ်တွင်းသို့ပင့်ကာ ယာဂုခဲဖွယ်ဘောဇဉ်များ ဆက်ကပ်ပြီးလျှင် စောစောက စိတ်ထဲတွင် စနောင့်စနင်းဖြစ်နေသော အဝတ်များကို ဘုရားရှင်နင်းပြီးမကြွခြင်း၏အကြောင်းကို မေးမြန်းလျှောက်ထားကြည့်သည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် အရှင်ဘုရားတို့ကို ပြုစုလုပ်ကျွေးလေ့ရှိသူဖြစ်ပါသည်။ ထို့ပြင် သုံးကြိမ်တိုင်တိုင် သရဏဂုံဆောက်တည်ကျင့်သုံးနေသူဖြစ်ပါသည်။ သို့ပါလျက် ဘယ်အတွက်ကြောင့် တပည့်တော်ခင်းထားသော အဝတ်များကို ဘုရားရှင်နင်းပြီးကြွတော်မမူပါသလဲဘုရား"

ထိုအခါ ကျွန်ုပ်အဝတ်ဖြူတွေ ခင်းထားခြင်းမှာ ရိုးရိုးသားမဟုတ်ဘဲ အကြံနှင့်ခင်းထားခြင်းဖြစ်ကြောင်းမိန့်တော်မူပါသည်။

မှန်ပါသည်။ အဝတ်ဖြူတွေခင်းစဉ်က ကျွန်ုပ်မှာ အကြံတစ်ခုရှိခဲ့သည်။ ကျွန်ုပ်သည် လောကီလူသားပေမို့ လောကလူ့ဘောင်ဝတ် ဇနီးမယားသမီးသားများနှင့်ပျော်ပျော်ကြီးနေလိုမိသည်။ ဥစ္စာခနေတွေလည်း ပေါကြွယ်ဝကာရှိနေစေချင်သည်။ ထို့တွင် ဥစ္စာခနေဆိုသည်မှာ ကျွန်ုပ်တို့တွင် တစ်သက်လုံးမကုန်နိုင်အောင်ပင် ပေါများကြွယ်ဝစွာရှိနေပါသည်။ သည်တော့ကာ ဘာလိုသေးသနည်း။ လိုပါသေး၏။ ကြီးမားလှသော ပြာသာဒ်ကြီးပေါ်တွင် ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ယောက်တည်း နေထိုင်ရသည်မှာ ကာလကြာသော် ငြီးငွေ့ပျင်းရိစရာဖြစ်၍ ဆိတ်သုဉ်းလှပါသည်။

သို့အတွက် သားတွေသမီးတွေနှင့် ပျော်ပျော်ပါးပါးကြီးနေလိုသည်။ သို့သော် ကျွန်ုပ်တို့တွင် ငကျောထောက်နောက်ခံသားသမီးတစ်ယောက်တလေမျှ မထွန်းကားပါ။ ထို့ကြောင့် သည်ဘဝတွင် သားတွေသမီးတွေနှင့် ပျော်ရွှင်စွာနေရဦးမည်အထင်နှင့် အဝတ်တွေခင်းစဉ်က အကြံအစည်နှင့်ခင်းထားပါသည်။

"အကယ်၍ ငါတို့ဇနီးမောင်နှံ၌ သားသမီးထွန်းကားဦးမည်ဆိုလျှင် ငါ ခင်းထားသောအဝတ်တွေကို ဘုရားရှင်နင်းပြီးကြွတော်မူလိမ့်မည်"

ဤသို့ကြံစည်၍ခင်းထားခြင်းဖြစ်၏။ ယခု ဘုရားရှင်နင်းပြီးမကြွခြင်းမှာ ယင်းအကြံအစည်အတွက် အဖြေပင်ဖြစ်ပါ၏။

သည်အဖြေကို ဘုရားရှင်နင်းပြီးမကြွကတည်းကသိနှင့်ပါသည်။သို့သော် မိမိမလိုချင်ဆုံးသောအဖြေဖြစ်သဖြင့် သေချာအောင် မေးလျှောက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် သားသမီးထွန်းကားထိုက်သူတွေမဟုတ်ကြောင်း ဘုရားရှင်မိန့်တော်မူပါသည်။ အတိတ်က မည်သို့သော မကောင်းမှုကိုပြုခဲ့မိသောကြောင့် ယခုဘဝ၌ သားသမီးမထွန်းကားရကြောင်းကိုလည်း တစ်ဆက်တည်းမေးလျှောက်ကြည့်မိသည်။

ထိုအခါ ဘုရားရှင်သည် ကျွန်ုပ်တို့၏အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ဟောပြတော်မူပါသည်။

(ငါး)

အတိတ်ဘဝက ရာပေါင်းများသောလူတွေသည် အလွန်ကြီးမားသော လှေကြီးတစ်စီးဖြင့် သမုဒ္ဒရာသို့ခရီးထွက်ခဲ့ကြသည်ဆိုပါ၏။ ထိုအထဲတွင် ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ပါဝင်သည်။ ကျွန်ုပ်တို့စီးလာသောရွက်လှေကြီးသည် သမုဒ္ဒရာအတွင်း၌ ငါး၊ လိပ်တို့၏အစာဖြစ်ကုန်ကြသည်။

မသေသော ကျွန်ုပ်တို့၏သည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်ကား သေသောသူထက်ပင် ပို၍ ဆိုးရွားသည်ထင်ရ၏။ အပြောကျယ်သော ပင်လယ်ပြင်ဝယ် ကမ်းမမြင်လမ်းမမြင်နှင့် ဘယ်ထိအောင်မျောပါနေဦးမည်ဆိုသည်ကို ကျွန်ုပ်တို့မခန့်မှန်းနိုင်။ သို့သော် ကံဆိုးထဲမှကံကောင်းသည်ဟု ဆိုရမည်လား မပြောတတ်ပါ။ ကျွန်ုပ်တို့သည် ပျဉ်ချပ်ကြီးကိုဖက်တွယ်ရင်း အစာငတ်ရေငတ်ဖြစ်နေချိန် ကျွန်းငယ်လေးတစ်ကျွန်းသို့ရောက်ရှိလာခဲ့၏။ ထိုကျွန်းငယ်လေးပေါ်၌ လူသူတစ်ယောက်မျှမရှိ ထောင်ပေါင်းများစွာသော ငှက်တွေသာ နေထိုင်ကြ၏။ ကျွန်ုပ်တို့သည် ရက်ပေါင်းများစွာ အစာငတ်ရေငတ်နှင့်မျောပါလာခဲ့ရသည့်အတွက် လွန်စွာပင်ဆာလောင်မွတ်သိပ်နေကြသည်။ ထို့ကြောင့် ကျွန်းငယ်ကလေးပေါ် တက်ရောက်ပြီး အစားအစာရှာဖွေကြရာ စားစရာဟူ၍ ဘာမှ မတွေ့ရသဖြင့် အလွယ်တကူရရှိသော ငှက်ဥများကိုသာ ဆာဆာနှင့်မီးဖုတ်စားလိုက်ကြ၏။ နောင်အခါ၌လည်း အခြားစားစရာများကို ပင်ပင်ပန်းပန်း ရှာဖွေမနေတော့ဘဲ ရှာဖွေမနေတော့ဘဲ အလွယ်တကူရသော ငှက်ဥများကိုသာ နေ့စဉ်ဖုတ်စား၍ နေထိုင်ခဲ့ကြသည်။

သို့ဖြင့် ငှက်ဥများတဖြည်းဖြည်း ကုန်ခန်းလာခဲ့သည်။ရက်ပေါင်းလပေါင်းနှစ်ပေါင်းများစွာ စားသောက်နေထိုင်လာခဲ့သောကြောင့် ငှက်ဥများကုန်ခန်းသွားရာ ပေါက်ကာစငှက်လေးများဖမ်းပြီး မီးကင်၍ စားသောက်နေထိုင်ခဲ့ကြရန်သည်။ ဤသို့ ငှက်ဥနှင့် ငှက်ကလေးများကို စားသောက်ရင်း နေထိုင်လာခဲ့ကြသည်မှာ ကျွန်ုပ်တို့တစ်သက်လုံးပင်ဖြစ်သည်။

ဤသို့ ကရုဏာကင်းမဲ့သော အသက်မွေးဝမ်းကျောင်းမှုကိုရပ်တန်းကရပ်ခဲ့ကြ။ ရပ်တန့်ရန်လည်းကိုယ့်အရေးကိုသာ ကိုယ်တွေးတတ်သော ကျွန်ုပ်တို့ခေါင်းစားမိကြပါ။

ဤသို့ဤပုံ အတိတ်ဘဝက ကျွန်ုပ်တို့ဆိုးသွမ်းခဲ့သည်များကို ဘုရားရှင်၏ပြန်လည် ဟောပြချက်အရ သိခဲ့ရ၏။ ထိုသို့ပြန်လည်ဟောပြစဉ်အခါက ဘုရားရှင်နှင့်တကွ သံဃာတော်များရှေ့မှောက်၌ဖြစ်၍ ကျွန်ုပ်တစ်ယောက် အရှက်ကြီးရှက်မိခဲ့သည်။ မိမိ၏မိုက်ဆိုးမိုက်ပြစ်များအတွက် သူတော်မွန်ပုဂ္ဂိုလ်ကြီးများ၏ရှေ့မှောက်ဝယ် နောင်တကြီးစွာရခဲ့၏။

သို့ဖြစ်၍ မိမိ၏အတိတ်ဘဝအတ်ကြောင်းကို ကြားနာရင်း ကျွန်ုပ်၏စိတ်အစဉ်၌ မကောင်းမှုကို စက်ဆုပ်သောစိတ်ထားများ၊ မကောင်းမှုပြုရမည်ကိုရှက်တတ်သောစိတ်များတဖြည်းဖြည်းကိန်းအောင်းလာခဲ့၏။ သတိသံဝေဂစိတ်များတဖွားဖွားပေါ်ပေါက်လာခဲ့၏။ ထိုအခါ မိုက်ဆိုးမိုက်ပြစ်များကြောင့် ခံစားရသော နှလုံးမသာမယာမှုများ တဖြည်းဖြည်းငြိမ်းအေးစပြုလာသည်။ စိတ်အစဉ်သည်လည်း တည်ကြည်မှုရရှိလာသည်။

ဤသို့အခြေအနေတွင် ဘုရားရှင်သည် ကျွန်ုပ်အား ဆိုးရွားသော အတိတ်ဘဝမျိုးမှ လွတ်မြောက်စေရန် သမိုင်းတွင်သော ညွှန်ကြားချက်တစ်ရပ်ကို မြွက်ကြားတော်မူခဲ့ပါသည်။

(ခြောက်)

"အမောင် ဗောဓိမင်းသား၊ မိမိကိုယ်ကို အမှန်တကယ် ချစ်မြတ်နိုးပါလျှင် ချစ်ရာရောက်အောင် မိမိကိုယ်တိုင်ကောင်းမွန်စွာ စောင့်ရှောက်ပါလေ။ ပညာရှိမည်သည် အရွယ်သုံးပါးတွင် တစ်ပါးပါသောအရွယ်၌ မိမိကိုယ်ကို ပြုပြင်နိုင်ရမည်"

ဤညွှန်ကြားချက်ဒေသနာအဆုံးဝယ် သံဝေဂဉာဏ်ပွားကာ လေးနက်တည်ကြည်သော စိတ်ထားဖြင့် နာယူနေသော ကျွန်ုပ်သန္တာန်သို့ သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော တောက်ပြောင်စူးရှသည့် အလင်းတန်းတစ်ခုသည် ထိုးဖောက် ဝင်ရောက်လာခဲ့သည်။


တစ်ချိန်က မှန်းကာရမ်းကာသာ အာရုံပြု ကျေနပ်ခဲ့ရသော သန္တိသုခ နိဗ္ဗာနမာတ်ကို ယခုမျက်မှောက် ထင်ထင်တွေ့မြင်ရပြီး ဟိုအတိတ်ဘဝ သမုဒ္ဒရာအလယ် လှေပျက်စဉ်က ကမ်းမမြင်လမ်းမမြင်နှင့် ပျဉ်ချပ်ကြီးကို ဖက်တွယ်ပြီး မျောပါနေရသည့်ပမာ အစမထင်သော သံသရာကြောင်းဝယ် မျောနေရာမှ အတောမသတ်နိုင်အောင် မျောနေခဲ့ရသည့် ပုထုဇဉ်ဘဝမှ လွတ်မြောက်ခဲ့ကြရပြီ။ ဘာဖြစ်လာမည်ဟု ကြိုတင်ဟောကိန်းထုတ်ခြင်းငှာ မတတ်ကောင်းသော၊ မသေချာမရေရာသော ပုထုဇဉ်ဘဝမှ လွတ်မြောက်ခဲ့ရပြီ။ သံသရာရေအလျဉ်ကြောဝယ်မျောနေခဲ့ရာမှ သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော စခန်းသာကျွန်းပေါ် သို့ရောက်ရှိလာခဲ့ပြီ။ သည့်လိုသည်သို့တွေးပြီး မိမိဘဝကို ကျေနပ်နေမိသည်။

ကျွန်ုပ်ဘဝသည် အပြောင်းလဲကြီးပြောင်းလဲခဲ့ပြီး တစ်ချိန်က ငှက်ဥတွေကို မရရအောင် ရှာဖွေစားသောက်ခဲ့သည်။ ယခုအချိန်တွင် ဩဇာအာဏာပြင်းသောသိကြားမင်းလိုပုဂ္ဂိုလ်မျိုးကပင် အစွမ်းထက်သည်ဆိုသော သူ၏ဝရဇိန်လက်နက်ကြီးဖြင့် ချိန်ရွယ်ကာ ယခင်ကလို ငှက်ဥများရှာဖွေစားသောက်ရန် အတင်းအဓမ္မ လာရောက် ခြိမ်းခြောက်ပါစေ အသက်သာအသေခံတော့မည်။ သိကြားမင်းခြိမ်းခြောက်မှုကိုလိုက်လျောမည်မဟုတ်ပါ။ စင်စစ်ကျွန်ုပ်ကြောက်ရွံ့မိသည်မှာ ငှက်ဥစားရသောဘဝမျိုးပင်တည်း။

စောစောကမူ ရှက်ဖွယ်၊ ဝမ်းနည်းဖွယ်၊ သံဝေဂရဖွယ်ကောင်းသော ကိုယ့်မိုက်ဆိုးမိုက်ပြစ်တွေရေ. . . နေရစ်ခဲ့ပေတော့။

(ခုနစ်)

ဆက်လက်၍ ဘုရားရှင်၏သမိုင်းတွင်သော ညွှန်ကြားချက်များကို ကျွန်ုပ်ဉာဏ်တွင် ပိုင်သမျှနိုင်သမျှ အကျဉ်းချုံးဆွေးနွေးကြည့်လိုပါသည်။ မိမိကိုယ်ကို အမှန်တကယ်ချစ်ပါလျှင် ချစ်ရာရောက်အောင် ကောင်းမွန်စွာ စောင့်ရှောက်ပါဟူရာ၌ (မိမိကိုယ်ကို အမှန်တကယ်ချစ်ပါလျှင်) သည့်စကားရပ်ကို အထပ်ထပ်ထပ်ကာ သုံးသပ်ကြည့်သင့်ပါသည်။ သင် မိမိကိုယ်ကိုချစ်ရဲ့လားဟု မေးမြန်းလာလျှင် လူတိုင်းပင် ချစ်ကြောင်းကို အဖြေပေးပါလိမ့်မည်။ သို့သော် ချစ်နည်းကားလိုသေး၏။ တကယ်ချစ်ရာရောက်အောင် မည်သို့ချစ်မည်နည်း။ ချစ်လွန်းလျှင်လည်း သို့မဟုတ် အချစ်မတတ်လျှင် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်တတ်သည့်ဖြစ်ရပ်များက လောက၌ ဒုနှင့်ဒေးရှိနေခဲ့သည်မဟုတ်ပါလား။





www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ချစ်ရာရောက်အောင် ကောင်းစွာစောင့်ရှောက်ပါသည်ဟုဆိုရာ၌ ဘုရားအလိုတော်ကျ သူရက္ခိတံ - ကောင်းစွာစောင့်ရှောက်ခြင်းဖြစ်အောင် မည်သို့စောင့်ရှောက်ရမည်နည်း။ ချစ်သည်ဆိုသော အဖြေတွင်မကဘဲ သည်မေးခွန်းတွေ၏အဖြေကိုပါ လေ့လာထားရဖို့ လိုပါလိမ့်မည်။

ပမာဆိုကြပါစို့။ ကျွန်ုပ်တို့လို လူဝတ်ကြောင်များဆိုလျှင် မိမိကိုယ်ကို စောင့်ရှောက်သည့်အနေဖြင့် ဆယ်ထပ်လောက်ရှိသောတိုက်ကြီး၏အပေါ် ဆုံးထပ်ဝယ် လုံးဝစိတ်ချရသော အခန်းတစ်ခန်း၌နေထိုင်ကာ အစောင့်အရှောက်တွေ ထူထပ်စွာချထားလိုက်သော် အထက်တွင် ပြောခဲ့သည့်အတိုင်း သုရက္ခိတ ကောင်းမွန်စွာ စောင့်ရှောက်ရာရောက်ပါမည်လော။

စင်စစ် အဆိုပါ ပုဂ္ဂိုလ်များသည် ထိုသို့ နေထိုင်ခြင်းဖြင့် အိုဘေး၊ နာဘေး၊ သေဘေးတို့မှ မလွတ်မြောက်နိုင်ပါ။ ဇာတိ၏ အကျိုးဆက်များဖြစ်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့မှလည်း မလွတ်မြောက်နိုင်ပါ။ ယင်းသို့ မလွတ်မြောက်နိုင်သေးသော် အဆိုပါ စောင့်ရှောက်နည်းများကို မှန်ကန်သော စောင့်ရှောက်နည်းများဟု မဆိုနိုင်သေးပါ။ မိမိကိုယ်ကို အမှန်တကယ်ချစ်ပါသည်ဟုလည်း အဖြေမပေးနိုင်သေးပါ။ တကယ်တော့ အထက်ပါပုဂ္ဂိုလ်တို့၏ အနေအထားသည် တစ်ချိန်က အပြောကျယ်သော ပင်လယ်ပြင်ဝယ် ပျဉ်ချပ်ကြီးကိုဖက်တွယ်ကာ မျက်စိသူငယ်နားသူငယ်ဖြင့် မျှောပါနေခဲ့ရသော ကျွန်ုပ်တို့ဇနီးမောင်နှံဘဝနှင့် မခြားတော့ပါ။

သို့ဖြစ်လျှင် ကိုယ့်ကိုယ်ကိုယ် မည်သို့ချစ်ရမည်နည်း။ အမှန်တကယ် ချစ်ရာရောက်အောင် မည်သို့ချစ်ရမည်နည်း။ မည်သို့စောင့်ရှောက်ရမည်နည်း။

လိုရင်းကိုကောက်၍ အတိုဆုံးအရှင်းဆုံးဆိုရသော် လူဝတ်ကြောင်ပုဂ္ဂိုလ်များအနေဖြင့် မိမိစွမ်းနိုင်သလောက် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို ပြုလုပ်အားထုတ်ပါမှ ရဟန်းတော်များအနေဖြင့် ဆရာသမားတို့အား ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ဘုရားရှင်၏ရွှေနှုတ်တော်ထွက်ပိဋကတ်များကို သင်ကြားပို့ချခြင်း၊ ရဟန်းတရားပွားများခြင်း စသည့်ကိစ္စတို့၌ ကြောင့်ကြစိုက်ကာ နေထိုင်ပါမှ မိမိကိုယ်ကို ချစ်ရာရောက်ပါလိမ့်မည်။ ကောင်းစွာစောင့်ရှောက်ရာရောက်ပါလိမ့်မည်။

□ *ပညာရှိမည်သည် အရွယ်သုံးပါးတွင် တစ်ပါးပါးသောအရွယ်၌ မိမိကိုယ်ကို ပြုပြင်သုတ်သင်နိုင်ရမည်။*

ဟု ဆိုရာ အဘယ်သို့သောသူသည် ပညာရှိမည်သနည်း။ အရွယ်သုံးပါး ဟူသည်ကား အဘယ်နည်း။ မိမိကိုယ်ကို မည်သို့ပြုပြင်သုတ်သင်ရမည်နည်း။ ဤအမေးပုစ္ဆာများ၏ အဖြေများကိုလည်း ရှာဖွေထားရမည်ဖြစ်ပေသည်။ အရွယ်သုံးပါးလုံး၌ဖြစ်စေ၊ မစွမ်းနိုင်သော် တစ်ပါးပါးသောအရွယ်၌ဖြစ်စေ မိမိကိုယ်ကို ပြုပြင်သုတ်သင်ပုံနည်းလမ်းကို သိနိုင်စွမ်းသူကို ပညာရှိပဏ္ဍိတဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။

အရွယ်သုံးပါးဆိုရာ၌ ကျွန်ုပ်တို့ခေတ်အချိန်သည် လူတို့သက်တမ်းများ (၇၅) နှစ်တမ်း ဖြစ်သည်။ ထို့ကြောင့် အသက် (၇၅) နှစ်တမ်းကို သုံးပုံပုံလျှင် အရွယ်သုံးပါး ဖြစ်သည်။ ထိုအရွယ်သုံးပါးတွင် လူဝတ်ကြောင်များအဖို့ ပထမအရွယ်၌ ပွဲလမ်းသဘင် စသည့် အပျော်အပါးများဖြင့်သာ အချိန်ကုန်ခဲ့လျှင် ဒုတိယအရွယ်တွင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားများကို ပြုကျင့်အားထုတ်နိုင်စွမ်းရှိသလောက် ကြိုးစားရမည်။ ဒုတိယအရွယ်၌လည်း သားမယားတွေကို လုပ်ကိုင်ကျွေးမွေးရခြင်းစသော အိမ်ထောင်မှုကိစ္စများဖြင့်သာ အချိန်ကုန်လွန်ခဲ့ရသော် နောက်ဆုံး တတိယအရွယ်၌ ကိုယ့်နောက်သို့ အရိပ်ပမာ အစဉ်တစိုက်ပါနိုင်သော ဒါန စသော ကုသိုလ်တရားတို့ကို မလွဲမသွေ ပွားများအားထုတ်နိုင်ပါမှ မိမိကိုယ်ကို ပြုပြင်သုတ်သင်ရာရောက်မည်။ အမှန်တကယ် ချစ်မြတ်နိုးရာရောက်မည် ဖြစ်သည်။

ဘုရားရှင် ချီးမွမ်းတော်မူသော ပညာရှိပဏ္ဍိတစာရင်းတွင် ပါဝင်နိုင်ပါလိမ့်မည်။ ယင်းသို့အဆင့်သုံးဆင့်ရှိရာတွင် တစ်ဆင့်ဆင့်တွင်မှ မပြုပြင်နိုင်ခဲ့လျှင်ကား ထိုသူသည် ကိုယ့်ကိုယ်ကိုယ် ချစ်ရာမဟုတ်ဘဲ နှစ်ရာသာရောက်ပါလိမ့်မည်။

(ရှစ်)

ရဟန်းတော်များအနေဖြင့်လည်း ပထမအရွယ် ဆရာသမားတို့အား ဝတ်ကြီးဝတ်ငယ်ပြုစုခြင်း၊ ဘုရားရှင်ဟောကြားအပ်သော ပိဋကတ်တော်များ သင်ကြားပို့ချရခြင်းများဖြင့် အချိန်ကုန်လွန်ခဲ့ပါလျှင် ဒုတိယအရွယ်၌ မေ့လျော့ပေါ့ဆခြင်းမရှိဘဲ တကယ့်အနှစ်သာရဖြစ်သော ရဟန်းတရားများကို ပွားများနိုင်အောင် ကြိုးစားရမည်။ ဒုတိယအရွယ်၌လည်း ရှေးနည်းအတူ အချိန်ကုန်လွန်ခဲ့ပါက နောက်ဆုံး တတိယအရွယ်၌ ရဟန်းတရားကို ဧကန်မုချ အားထုတ်နိုင်ရမည်။

သို့မှသာ အထက်၌ ကျွန်ုပ်ပြောခဲ့သည့်အတိုင်း မိမိကိုယ်ကို အမှန်တကယ် ချစ်မြတ်နိုးရာရောက်ပေမည်။ ကောင်းစွာ စောင့်ရှောက်ရာရောက်ပေမည်။ ဘုရားရှင်ဖြစ်စေချင်သော ပဏ္ဍိတ ဖြစ်နိုင်ပေမည်။ အရွယ်သုံးပါးစလုံးမှာပင် မေ့လျော့ပေါ့ဆစွာဖြင့် နေထိုင်ခဲ့ပါလျှင် နောင်တစ်ချိန်ဝယ် တငွေ့ငွေ့တလူလူ နောင်တတစ်ဖန် ပူပန်ရပါလိမ့်မည်။ သည်သို့သည်နှယ်ပင် ဘုရားရှင်၏ ညွှန်ကြားချက်ကို ကျွန်ုပ်၏ဉာဏ်၌ သိမြင်ခံယူထားပါသည်။

ဤမျှ ရှည်လျားစွာလျှောက်ပြီး ပြောပြလာခဲ့သော ကျွန်ုပ်၏ဘဝဝတ္ထုဇာတ်ကြောင်းစုံနှင့် ကျွန်ုပ်ဉာဏ်၌ ပိုင်သမျှ၊ နိုင်သမျှ၊ သိသမျှ၊ မြင်သမျှ၊ ထင်လာသမျှသော မြတ်ဗုဒ္ဓ၏ တရားကြေးမုံများသည် ဓမ္မမိတ်ဆွေများအား တစ်စုံတစ်ခုသော အတိုင်းအတာထိ အကျိုးရှိသည်ဆိုငြားအံ့။ ရှောင်သင့်သည်များကိုရှောင်၍ ဆောင်သင့်သည်များကို ဆောင်နိုင်သည်ဟု ဆိုငြားအံ့။ စံပြုစရာ တစ်စိတ်တစ်ဒေသမျှ ပါဝင်ခဲ့သည်ဆိုငြားအံ့။

ထိုအခါ အစ၌ ကျွန်ုပ်တောင့်တခဲ့သည့်အတိုင်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရကျိုးနပ်လှပါပြီဟု ဆိုချင်ပါသည်။

တိုတောင်းလှသော လူ့ဘဝသက်တမ်းလေး၌ သမုဒယ အနုအလှလေးတွေဖြင့်သာ အချိန်မကုန်လွန်စေဘဲ ရှင်တော်ဘုရားအလိုတော်ကျ မိမိကိုယ်ကို ချစ်မြတ်နိုးရာရောက်အောင် ကြိုးစားနိုင်ကြပါစေဟု ကျွန်ုပ်ဆန္ဒပြုလိုက်ပါရစေ။

အောင်မြင့်မြတ် (ပြည်ရွှေဘို)

**ဝန်ခံချက် -**

*ဓမ္မပဒ အဋ္ဌကထာ အတ္တဝဂ်ဗောဓိရာဇကုမာရဝတ္ထုကို မှတည်၍ ဖတ်ဖူးမှတ်သားခဲ့ဖူးသည့်စာပေများဖြင့် ဖွဲ့နွဲ့ခြယ်မှုန်းပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

### ရွှေချို့အောင်(ပေလဲ)

## ရွှေပေါက်ကံပြည်ကြီးကို ရွှေမိုး ငွေမိုး ရွာစေခဲ့သော

# ဆရာတော်ရှင်အဇ္ဈဂေါဏ

စာရေးသူသည် ထွက်ရပ်ပေါက် ဆရာတော်ကြီးရှင်အဇ္ဈဂေါဏအကြောင်း အဘိုးတို့ပြောပြဖူး၍ အလွန်စိတ်ဝင်စားခဲ့ပါသည်။ အဘိုးပြောပြသည့်အကြောင်းအရာများတွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများအကြောင်း၊ သိဒ္ဓိမဟိဒ္ဓိရှင်များအကြောင်း၊ ဝိဇ္ဇာဇော်ဂျီများအကြောင်း ညအိပ်ရာဝင်တိုင်း တဝကြီးကြားခဲ့ရဖူးပါသည်။ ထိုအကြောင်းများကို ဒဏ္ဍာရီပုံပြင်အဖွယ်ပြောပြခဲ့သဖြင့် ငယ်ရွယ်သည့်အလျောက် အမှန်တကယ်ဖြစ်ပေါ်ခဲ့သည့်ဖြစ်ရပ်များဟု မယူဆခဲ့မိပါ။ သို့ရာတွင် တက္ကသိုလ်ကျောင်းသားဘဝတွင် စာပေဖတ်မှတ်ရင်း ဆရာတော်ကြီးအကြောင်းမှာ ဒဏ္ဍာရီပုံပြင်မဟုတ်ဘဲ တစ်ချိန်သောအခါဆီက အမှန်တကယ်ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်မှန်တစ်ခုဖြစ်ကြောင်း သိရှိခွင့်ရရှိလာခဲ့ပါသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်ကြီးအား သွားရောက်ဖူးမြော်ရင်း အရောက်အပေါက်များလာသည့်အခါ ရွှေတိဂုံစေတီတော်ရင်ပြင်ထက်ရှိ အံ့ဖွယ်အစုံမြတ်ရွှေတိဂုံ ဆိုသည့်စကားနှင့်အညီ ဆုတောင်းပြည့် စေတီဘုရားများကို လမ်းညွှန်ပုဂ္ဂိုလ်များ၏ လိုက်လံပို့ဆောင်ပေးမှုကြောင့် စောင်းတန်းအသွယ်သွယ်နှင့် ဆုတောင်းပြည့်ဘုရားများကိုလည်း ဝင်ရောက်ကြည်ညိုဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်မှစတင်၍ ဂမ္ဘီရမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတို့တွင် ဝတ္ထုဆောင်းပါးများ ရေးသားလာသည့်အခါတွင် စာပေမိတ်ဆွေများ၏ လမ်းညွှန်မှုဖြင့် ရွှေတိဂုံစေတီတော်ကြီးရင်ပြင်ပေါ်ရှိ နေလဘုရား၊ ရှင်စောပုဘုရား၊ ဘိုးဘိုးအောင်ဘုရား၊ ဘိုးမင်းခေါင်ဘုရား၊ ပြဒါးရှင်ဘုရား၊ ဝိဇ္ဇာဘုရား၊ ပိတုန်းပဒိုင်းဘုရား၊ ရှင်အဇ္ဈဂေါဏဘုရားတို့တွင် အမွှေးနံ့သာ၊ ဆီမီး၊ ပန်းတို့ လှူဒါန်းပူဇော်၍ ပုတီးအဓိဋ္ဌာန်ဝင်သည့် အလေ့အကျင့်တစ်ခုကို ရရှိခဲ့ပါသည်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်ကြီးရင်ပြင်ပေါ်ရှိ တန်ဆောင်းအသီးသီး



ရုပ်တော်မှုဘုရားများ



ရှင်အဇ္ဈဂေါဏ အနီးကပ် ဖူးတွေ့ရစဉ်



ရှင်အဇ္ဈဂေါဏဘုရား



www.burmeseclassic.com

www.burmeseclassic.com




ဝိဇ္ဇာဇော်ဂျီဘုရား




ရှင်အဒ္ဓဂေါ်ဆာဘုရားမျက်နှာတော်
အနီးကပ် ဓာတ်ပုံရိုက်ထားစဉ်



ရှင်အဒ္ဓဂေါ်ဆာဆရာတော်



လက်ဝဲဘက်မှ ဗုဒ္ဓရုပ်ပွားတော်များ



လက်ယာဘက်မှ ဗုဒ္ဓရုပ်ပွားတော်များ

နှင့် မြင့်မြတ်ထူးခြားသည့်နေရာများကို လိုက်လံပို့သကာ ပူဇော်ခွင့်ရအောင် လမ်းညွှန်ပေးသည့် အစ်ကိုကြီး ဆရာယောနကဘိုးထောင်အား အထူးပင် ကျေးဇူးဥပသကာရတင်ရှိပါကြောင်းကို မှတ်တမ်းတင်အပ်ပါသည်။

**▫ ဝိဇ္ဇာငါးပါး သိဒ္ဓိရှင်မဟိဒ္ဓိရှင်များ**

ဤလူ့ပြည်လူ့လောကတွင် ဝိဇ္ဇာတကယ်ရှိ၊ မရှိကိစ္စနှင့် ပတ်သက်၍ လူ့ခွစာအမျိုးမျိုးနှင့် စာရေးသူ မကြာမခဏ အငြင်းအခုံ အချေအတင်ဖြစ်ခဲ့ရပေါင်းများစွာရှိပါသည်။ ယခုခေတ်ကာလ လူအများသည် ကိုယ်မသိလက်လှမ်းမမှီနိုင်သောအရာများရှိနေပါလျက် အသိပညာဗဟုသုတအဆင်ခြင်နည်းပါးသည့်အလျောက် လက်တွေ့မဆန် ယုတ္တိမတန်ဟုဆိုကာ ငြင်းပယ်ပုတ်ခတ်ပြောဆိုရှုတ်ချသူများ ရာနှုန်းအတော်များများရှိပါသည်။ မည်သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ် ဖူးမြော်ရပုံ



ရှင်အဇ္ဈဂေါဏတန်ဆောင်းတော်



ရှင်အဇ္ဈဂေါဏ



စာရေးသူ ပူဇော်နေစဉ်

...ခေတာမှ စာရေးသူလေ့လာသိရှိခွင့်ရသလောက် တင်ပြမည်ဆိုပါက ဝိဇ္ဇာငါးပါးရှိကြောင်း သိရှိခွင့်ရရှိခဲ့ပါသည်။ ဝိဇ္ဇာငါးပါးမှာ ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ (မန္တန်ဝိဇ္ဇာ) ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာနှင့် အရိယဝိဇ္ဇာတို့ ဖြစ်ပါသည်။ ဝေဒဝိဇ္ဇာတို့သည် ကမ္ဘာပေါ်ရှိ ဝေဒကျမ်းပညာ၊ ...ပညာအလုံးစုံတို့အား ထိုးထွင်းသိမြင်တတ်မြောက်နိုင်စွမ်းရှိသူများ ဖြစ်ပါသည်။ မန္တန်ဝိဇ္ဇာတို့သည် သိဒ္ဓိပေါက်...သော မန္တရားကျမ်းများ၊ ဆေးကျမ်း၊ ...တတ်ကျမ်းများ၊ လက္ခဏာကျမ်းများ၊ ...တော်ကျမ်းနှင့် နက္ခတ်ကျမ်း စသည်များကို ထုံးလိုခြေရေလို နှောက် တတ်ကျွမ်းသူများဖြစ်သလို မြေလျှိုးမိုးပျံနိုင်သော ...ဝိဇ္ဇာဓိရ်များရှိပါသည်။

ဂန္ဓာရီဝိဇ္ဇာတို့မည်သည် ဆေး...တတ်၊ အင်း၊ ပြဒါး၊ သံအတတ်တို့ကို သိဒ္ဓိပေါက်အောင်မြင်နိုင်ကြပြီး သိဒ္ဓိဆယ်ပါးပေါက်၍ နတ်သိကြားတို့ကဲ့သို့ အဘိညာဉ်တန်ခိုးဖြင့် ဖန်တီးနိုင်စွမ်းရှိကြပါသည်။ လောကီဝိဇ္ဇာတို့သည် လောကီနယ်ပယ်အတွင်းရှိ ပါရမီလုပ်ငန်းစဉ်တို့အား ဖြည့်စွမ်းလျက် လောကီအသိဉာဏ်ပညာတို့ကို နှံ့စပ်သိရှိ၍ အသိဉာဏ်၊ အဘိညာဉ်တို့အား ပေါက်မြောက်အောင်မြင်သည့် ပုဂ္ဂိုလ်ကြီးများ ဖြစ်ပါသည်။ အရိယဝိဇ္ဇာတို့မည်သည့် အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာတို့၏ မမြဲခြင်း၊ ကြောင်းကျိုးတရား၊ ဆင်းရဲခြင်းကြောင်းကျိုးတရား၊ မတည်မြဲခြင်းကြောင်းအကျိုးတရားတို့ကို ပိုင်ခြားထင်ထင်သိမြင်နိုင်ကြ၍ မဂ်ဖိုလ်တရားထူးတရားမြတ်ကို ထိုးထွင်းသိမြင်ပေါက်ရောက်နိုင်သောပုဂ္ဂိုလ်ကြီးများ ဖြစ်ပါသည်။ ထို့ကြောင့် ဝိဇ္ဇာမည်သည် အလုံးစုံသော အသိဉာဏ်ပညာ၊ အတတ်ပညာအရာ၌ တစ်စွန်းတစ်စမခြွင်းမချန်ဘဲ ပါရမီအထုံအဆက်ဖွဲ့လုံ့လဝီရိယတို့ထောက်ကူ၍ ထိုးထွင်းသိမြင်နိုင်စွမ်းရှိသော၊ တတ်မြောက်နိုင်စွမ်းရှိသောပါရမီရှင်ပုဂ္ဂိုလ်ထူးများ ဖြစ်ပါသည်။

ဝိဇ္ဇာအပေါင်းတို့သည် သိဒ္ဓိဆယ်ပါးကိုလည်း ရရှိပိုင်ဆိုင်နိုင်ကြပါသည်။ ဓနသိဒ္ဓိသည် ရွှေငွေရတနာတို့ကိုပြုလုပ်နိုင်စွမ်းရှိခြင်း၊ အာယုသိဒ္ဓိသည် သက်တမ်း ငါးရာ၊ တစ်ထောင်ရှည်အောင် ဆောင်ရွက်နိုင်ခြင်း၊ စိန္တာမယသိဒ္ဓိသည် တစ်ပါးသူတို့၏စိတ်အကြံအစည်တို့အား ကြိုတင်သိနိုင်စွမ်းရှိခြင်း၊ အာဟာရသိဒ္ဓိသည် အစာအာဟာရမှီဝဲစားသုံးခြင်းမရှိဘဲနှစ်ရာထောင်ချီ၍နေနိုင်ခြင်း၊ ကာယသိဒ္ဓိသည် ဓား၊ လှံ၊ သေနတ် အစရှိသည့် လက်နက်အမျိုးမျိုးဖြင့်ရန်ပြုသော်လည်း မထိမရှမသေခြင်း၊ ဣဒ္ဓိဝိဓိဒ္ဓိ အထူးထူးသောအရာဟူသမျှကို ဖန်တီးဖန်ဆင်းနိုင်စွမ်းရှိခြင်း၊ အာရောဂျသိဒ္ဓိ အနာရောဂါအပေါင်းမှကင်းဝေးနိုင်ခြင်း၊ ပထဝီသိဒ္ဓိသည် လိုရာအရပ်သို့ မြေကြောရှု့၍ လျှပ်တစ်ပြက်သွားလာနိုင်ခြင်း၊ အာကာသသိဒ္ဓိသည် ရေပြင်လေပြင်၌ မြေပြင်ကဲ့သို့သွားလာနိုင်ခြင်း အစရှိသည့် သိဒ္ဓိအပေါင်းကို ဂန္ဓာရီကျင့်စဉ်များဖြင့် ရရှိပိုင်နိုင်ကြလေသည်။

ဝိဇ္ဇာအပေါင်းတို့သည် ဗြာဟ္မဏအကျင့်ကို ကျင့်သုံးခြင်းဖြင့်သော်လည်းကောင်း၊ သမဏအကျင့်ကျင့်သုံးခြင်းဖြစ်သော် လည်းကောင်း၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့ကို အစဉ်လုံခြုံအောင်စောင့်ထိန်း၍ လူတို့



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကင်းကွာလွန်းသည့် တောတောင် အတွင်းလှည့်လည်၍ သမထ၊ဝိပဿနာ စရဏာများကို အားထုတ်ကြိုးပမ်းလျက် ရှိကြပါသည်။ ဝိဇ္ဇာတို့သည် လူ့ဝိဇ္ဇာဘဝ၊ နတ်ဝိဇ္ဇာဘဝဖြင့် ခန္ဓာဘဝ မရွေ့ပြောင်းကြတော့ဘဲ ဂေါတမမြတ်ဗုဒ္ဓ အနှစ် (၅၀၀၀) သာသနာရောင်တော်ပြန့်ပွဲတွင် ကျွတ်တမ်းဝင်ရန် ကြိုးပမ်းအားထုတ်နေကြသူများလည်း ဖြစ်ပါသည်။


**▫ ပုဂံမြို့က ရှင်အဍ္ဎဂေါဏာအုတ်ကျောင်း**


စာရေးသူသည် မမျှော်လင့်ဘဲနှင့် ပုဂံသို့ ဘုရားဖူးရောက်ရှိသွားပါသည်။ ရန်ကုန်မြို့ ယုဇနဉယျာဉ်မြို့နေ သားကြီးမောင်ချမ်းမြေ့သူက မိသားစုအဖွဲ့လိုက် ပုဂံဘုရားဖူးသွားရန် အကြောင်းကြားသဖြင့် စာရေးသူတို့ဇနီးမောင်နှံ ရန်ကုန်မြို့သို့ အလျင်အမြန် သွားရောက်ခဲ့ကြသည်။ ရန်ကုန်မြို့ရှိ ဘုရားဖူးကားဂိတ်များတွင် သွားရောက်စုံစမ်း၍ လက်မှတ်ဝယ်ယူသည့်အခါ ရွှေကြေးစည်ဂိတ်မှ စွယ်တော်လေးဆူဘုရားဖူးအစီအစဉ် လက်မှတ်ရရှိပါသည်။ ဘုရားဖူးခရီးစဉ် အရ ပုပ္ပားတောင်သို့ ဘုရားဖူးတက်ရပါသည်။ ထို့နောက် ပုဂံသို့ခရီးဆက်ကြကာ ရွှေစည်းခုံစေတီတော်ကြီးဘုရားဝင်းရှိ တည်းခိုခန်းတွင် တည်းခိုကာ ရောက်ရှိသည့်နေ့လယ်ပိုင်းမှစ၍ ပုဂံယဉ်ကျေးမှု ပြတိုက်ကို လေ့လာပြီး သဗ္ဗညု၊ အာနန္ဒာ စသည်ဖြင့် ဘုရားများဖူး၍ ညနေပိုင်းတွင် အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရား စသည်ဖြင့် သွားရောက် ဖူးမြော်၍ နေဝင်ချိန်ဆည်းဆာကို ပုဂံမြေအလှနှင့်အတူ တဝကြီးရှုစားရသည်။ ဒုတိယမြောက်နေ့တွင် ပုဂံရှိ အနီးပတ်ဝန်းကျင် ဘုရားများကို လှည့်လည်ဖူးမြော်ကြရပါသည်။

တတိယမြောက်နေ့တွင်မူ စွယ်တော်လေးဆူဘုရားဖူးခရီးစဉ် စတင်ပါသည်။ နံနက်စောစော (၃) နာရီတွင်ထ၍ ကိုယ်လက်သုတ်သင်ကာ လိုအပ်သည့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်များကို ရွှေစည်းခုံဘုရားစောင်းတန်းတွင် ဝယ်ယူကြရပါသည်။ စွယ်တော်လေးဆူ ဘုရားဖူးခရီးစဉ်ကို ရွှေစည်းခုံမှ စတင်ပါသည်။ ရွှေစည်းခုံစေတီတော်ကြီးတွင် လှူဒါန်းပူဇော်ပြီးနောက် ပုဂံမြို့နှင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်သို့ လှေများဖြင့် သွားရောက်ကြပါသည်။ စောလွန်း၍ မြစ်ကမ်းပါးနှင့် လှေအဆင်းအတက်



မြင်ကွန်းရှိ ရှင်အဍ္ဎဂေါဏဆလိုဏ်ဂူ


တန်ဆောင်းလက်ဝဲဘက်မှ နွားရုပ်ပုံ


တန်ဆောင်းလက်ယာဘက်မှ ဆိတ်ရုပ်ပုံ



www.burmeseclassic.com

တွင် ခေတ်မီးများကိုသုံးကြရပါသည်။ တန့်ကြည်တောင် စေတီတော်ကြီးတွင် လှူဒါန်းပူဇော်ပြီးနောက် လောကနန္ဒာ စွယ်တော်ရှင်ကို လှူဒါန်ဖူးမြော်ကြရပါသည်။ လမ်းတွင် အချိန်ရ၍ စာရေးသူ တပန်ကြားသဖြင့် ဘုရားဖူးခရီးလမ်းညွှန် ကိုတင်အောင်မိုးက တုရင်တောင်စေတီတော်မြတ်သို့အသွားတွင် အနီးစပ်ဆုံး ဘုရားများကို ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ ထိုအထဲတွင် တော်ရုံတန်ရုံ ဘုရားဖူးများ သိရှိရောက်ရှိနိုင်မည်မဟုတ်သည့် ရှင်ဇ္ဇဂေါဏ အုတ်ကျောင်းတော်ကို လိုက်ပို့ပါသည်။ ပုဂံရှိ ရှအဇ္ဇဂေါဏ အုတ်ကျောင်းမှာ ပုဂံဘုရားများနည်းတူ ရှေးဟောင်းအဆောက်အအုံတစ်ခု ဖြစ်ပါသည်။ အုတ်ကျောင်း၏ အနီးတွင် တမ္ပည်းကျောက်စာတိုင်ရှိပါသည်။

စာရေးသူမိသားစုနှင့် ဘုရားဖူးအဖွဲ့ဝင်များသည် ဧည့်လမ်းညွှန်ဖြစ်သူ ကိုတင်အောင်မိုးကျေးဇူးကြောင့် ဆရာတော်ကြီး ရှင်အဇ္ဇဂေါဏအုတ်ကျောင်း တိုက်သို့ဝင်ဖူးကြပါသည်။ အုတ်ကျောင်း တိုက်အတွင်းဝယ် ဘုရားဆင်းတုတော်များ၊ ဆရာတော်ကြီးရှင်မထီးနှင့် ဆရာတော်ရှင်အဇ္ဇဂေါဏဓာတ်ပုံများကို တွေ့ရှိပါသည်။ ရှင်မထီးဆရာတော်ရုပ်တုနှင့် ဘိုးဘိုးအောင်ရုပ်တုအကြားတွင် ကြေးသွန်းရှင်အဇ္ဇဂေါဏဆရာကြီးရုပ်တုတော်ကြီးကို ဖူးတွေ့ရပါသည်။ အုတ်ကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်နေသည့်ဂေါပကတစ်ဦးက ဆရာတော်ကြီးအကြောင်း အကျဉ်းချုံးရှင်းပြ၍ မိမိတို့ဆန္ဒရှိရာကို ဆုတောင်းဆိုနိုင်ကြောင်း၊ ဆုတောင်းပြည့်နိုင်ကြောင်း၊ ဆရာတော်ကြီးသည် ပြဒါးဝိဇ္ဇာဖြစ်၍ သိဒ္ဓိပေါက်အောင်မြင်ကာ ပုဂံပြည်ကြီးကို ရွှေဖြစ်ငွေဖြစ်စေခဲ့ကြောင်း၊ ပုဂံရှိတိုင်းသူပြည်သားတို့သည် ငုင်းမင်းနှင့်တကွ စိစ်သူကြီးမှမက အပါအဝင် ယုတ်စွအဆုံး ဘုရားတည်ကျောင်းဆောက်လှူဒါန်းနိုင်ကြောင်း ပြောပြပါသည်။ ထို့ကြောင့် ယနေ့ဝင်ရိုးသူတည်သည် ပုဂံဘုရားပေါင်းများသည့် စုတ်ဘူးနှင့်အညီ ခေတ်ပုထိုးပေါင်း အဆောင်းအသိန်းများ တည်ခဲ့ခြင်း ဖြစ်ပါသည်။

ရှင်အဇ္ဇဂေါဏမဟာဒိဋ္ဌိရှင်အဝ

ဆရာတော်ကြီးရှင်အဇ္ဇဂေါဏနှင့် ပတ်သက်၍ သိဒ္ဓိရှင်မထီ၊ သိဒ္ဓိရှင်ဘုံဖြစ် ကြောင်း ပတ်သက်၍ စာရေးသူ လေ့လာ သည့်အခါ ဖြစ်ရပ်မှန်လေးများကို တွေ့ရှိရလေသည်။ ပထမဖြစ်ရပ်မှုကွဲမှာ မြင်ကုန်းမြို့မှစတင်ခဲ့ပါသည်။ မြင်ကုန်းမြို့ ဆရာတော်ရှင်အဇ္ဇဂေါဏဂူအောင်း၍ အဂ္ဂိရတ်ပညာလုပ်ရတ်စခန်းဖြင့် ဖိုဝင်ဖိုထိုးခဲ့သော ရှင်အဇ္ဇဂေါဏဂူတည်ရှိပါသည်။ ထိုဂူသည် မကွေးတိုင်းဒေသကြီးရှိ မြင်ကုန်းမြို့မှ နှစ်မိုင်ခန့်ဝေးကွာသည့်အရပ်တွင်ရှိသည်ဟု ဆိုပါသည်။ သက္ကရာဇ် ၆၇၀ ခန့်က ပုဂံပြည်တွင် သီလကြောင်မင်းအုပ်စိုးစဉ်အခါက ပုဂံနေပြည်တော်ကြီးတွင် ရှင်မထီး ဟူသည့် မွန်ရဟန်းတော်တစ်ပါး သီတင်းသုံးခဲ့ပါသည်။ မွန်ရဟန်းတော်ရှင်မထီးသည် အဂ္ဂိရတ်အတတ်ပညာကို တစ်ဖက်ကမ်းခပ် နှံ့စပ်တတ်ကျွမ်းသည်ဟုဆိုပါသည်။ ထိုအခါ အရှင်အဇ္ဇဂေါဏဖြစ်လာမည့် မထေရ်မြတ်သည် ဆရာတော် ရှင်မထီးထံ တပည့်ခံကာ အဂ္ဂိရတ်ပညာများကို လေ့လာသင်ကြားခဲ့ပါသည်။ ပုဂံတွင် ယခုအချိန်အထိ ရှင်မထီးရုပ်နှင့် ရှင်မထီးကျောင်းတိုက်ကို စာရေးသူကိုယ်တိုင် ရောက်ရှိတွေ့မြင်ခဲ့ပါသည်။

ရှင်မထီးထံ ပညာသင်ယူသည့် မထေရ်မြတ်မှာ မုံရွာမြို့နယ် ကြေးနီတောင်စခန်း ကန်ကုန်းရွာ၏ အနောက်ဘက် ရေပုတ်ရွာသားဖြစ်သည်ဟု ဆိုပါသည်။ ထိုအရပ်မှ ပုဂံနေပြည်တော်သို့ ရောက်ရှိကာ ပရိယတ္တိပညာလာရောက်ဆည်းပူးရင်း ရှင်မထီးထံတွင် အဂ္ဂိရတ်ပညာကို လေ့လာသင်ယူခဲ့ခြင်း ဖြစ်သည်။ ထိုမထေရ်မြတ်ကို သီလကြောင်မင်းက ကြည်ညိုလေးစား၍ ကိုးကွယ်ခဲ့ပါသည်။သီလကြောင်မင်းသည် မထေရ်မြတ်သီတင်းသုံးရာကျောင်းသို့သွားရောက်သည့်အခါ မထေရ်မြတ်အဂ္ဂိရတ်ထိုးနေသည်ကို တွေ့ရှိရာ မထေရ်မြတ်ထံစုံစမ်း လျှောက်ထားခဲ့ပါသည်။ ဆရာတော်က အဂ္ဂိရတ်ပညာဖြင့် သိဒ္ဓိဖြစ်လမ်းကို အောင်မြင်အောင် ကြိုးစားနေဆဲဖြစ်ကြောင်း အဂ္ဂိရတ်ပညာသည် ရွှေဖြစ်ငွေဖြစ်ဝိဇ္ဇာအတတ်ဖြစ်ကြောင်း ရှင်းပြပါသည်။ ယခုအခါ ကြိုးစားနေဆဲဖြစ်၍ ဓာတ်လုံးမှာ ရွှေငွေဖြစ်အောင် မစွမ်းဆောင်နိုင်သေးကြောင်း၊ ဓာတ်လုံးတို့ ရွှေမှကျေးနိုင်သောသဖြင့် သိဒ္ဓိမပြောက်သေးကြောင်း ရှင်းပြရာ မင်းကြီးက ရွှေလိုသရွေ့ ... သူလှူဒါန်းမည့်အကြောင်း လျှောက်ထားကာ ... ပေးပို့စေပါသည်။

ဆရာတော်ကို မင်းကြီးအား အဂ္ဂိရတ်ပညာဖြင့်ရွှေတွေး၍ လုပ်ရတ်အောင်မြင်သိဒ္ဓိပေါက်အောင် နေပြည်တော်ကြီးကို ရွှေမိုးငွေမိုးရွာစေမည်ဟု ကတိပေးပါသည်။ သို့ရာတွင် အယူအဆမှားနေသဖြင့် ဆရာတော်၏ဓာတ်လုံးမှာ လအတော်ကြာသော်လည်း သိဒ္ဓိမပြောက်နိုင်ဘဲရှိနေချေသည်။ မင်းကြီးသည် ရွှေတွေသာကုန်ခန်းသည်။ ဆရာတော် ဓာတ်လုံးသိဒ္ဓိမပြောက်နိုင်သဖြင့် အဂ္ဂိရတ်မထိုးနိုင်ရန် ဆရာတော်၏ကတိအတိုင်း မျက်စိနှစ်ကွင်းကို အလင်းမရအောင်ပြုလုပ်စေခဲ့သည်။မျက်စိနှစ်ကွင်းအလင်းမရတော့သဖြင့် ဆရာတော်သည် တပည့်ဖြစ်သူ သူတော်နှင့်တိုင်ပင်ကာ လူမသိစေရန် ညအချိန်တွင် လှေငယ်တစ်စင်းဖြင့် အောက်ပြည်သို့ စုန်ဆင်းရှောင်ထွက်လာခဲ့လေသည်။ ထို့နောက် မြင်ကုန်း၏အနောက်မြောက်ဘက် ထိန်တောရွာအောက်ဘက်သို့ ရောက်ရှိခဲ့ကြသည်။ ထိုနေရာတွင် ကမ်းသို့ကပ်ကာ တပည့်ဒကာ ဦးတောနှင့် ဒေါ်ရှမ်းတို့ ဆောက်လုပ်လှူဒါန်းသည့် ဝါးကျောင်းလေးဖြင့် သီတင်းသုံးကာ မထင်မရှားနေထိုင်ခဲ့ပါသည်။ ကဆုန်လသို့အရောက်တွင် စိတ်လျှော့ကာ ဓာတ်လုံးအား ကုဋီရေအိမ်ထဲသို့ စွန့်ပစ်ခိုင်းလိုက်လေသည်။ ထိုအခါတွင် ရေအိမ်အတွင်းမှ ထွန်းလင်းတောက်ပသည့် အလင်းရောင်ကြီးသည် အရောင်အလျှံတဝင်းဝင်းဖြင့် ထွက်ပေါ်နေသည်ကို တပည့်သူတော်က မြင်တွေ့လိုက်ရသည်။ ထို့ကြောင့် ဆရာတော်အားသွားရောက်၍ အမြန်လျှောက်ထားလေရာ ဆရာတော်က သူ့ဓာတ်လုံး သိဒ္ဓိအောင်မြင်ခြင်းဖြစ်ကြောင်း ပြောပြကာ ကုဋီရေအိမ်အတွင်းမှ ပြဒါးရှင်လုံးကို တပည့်သူတော်အား ယူခိုင်းလေသည်။ ထို့နောက် ဆရာတော်သည် သိဒ္ဓိအောင် ပြဒါးရှင်လုံးအား ရရှိသည်နှင့် ရေမြှုပ်စင်ကြယ်စွာဆေးကြောပြီး အမွှေးနံ့သာရည်ကိုဖြင့် ပြန်လည် သန့်ချေပြီး လျှင် သိဒ္ဓိတင်လိုက်လေသည်။ မျက်စိနှစ်ကွင်းကို အလင်းပြန်ရစေရေးအတွက် တပည့်သူတော်ကို သားသတ်ကွင်းသို့ စေလွှတ်၍ ... မျက်စိတစ်စုံ ယူခဲ့ရန် လွှတ်လိုက်လေသည်။ ... အားလေ့ကျ ... နွားမျက်လုံးအကောင်းနှင့် ဆိတ်မျက်လုံးအကောင်း ... ရှာဖွေရရှိခဲ့ချေသည်။ ဆရာတော်အား ထိုမျက်စိနှစ်လုံးတို့ ... ပေးလိုက်သည်နှင့် ထိုမျက်လုံးများတို့ မျက်စိတွင်းထည့်သွင်း ... သိဒ္ဓိဝင်ပြဒါးရှင်လုံးဖြင့် ... ပွတ်သပ်လိုက်သည့်အခါ မျက်စိနှစ်ကွင်း...

www.burmeseclassic.com

အလင်းပြန်လည်ရရှိတော်မူခဲ့လေသည်။

ထိုန္ဓားမျက်လုံးနှင့် ဆိတ်မျက်လုံးတို့ကို အရင်းတည်၍ မျက်စိနှစ်ကွင်း အလင်းပြန်ရလာသည့် ဆရာတော်ကို အများက ရှင်အဇ္ဇဂေါဏဟူ၍ ဘွဲ့မည်ခေါ် ဆိုကြလေတော့သည်။ ထို့နောက် ရှင်အဇ္ဇဂေါဏမထေရ်မြတ်သည် သိဒ္ဓိဝင်ဓာတ်လုံးအစွမ်းဖြင့် ဘုရင့်နေပြည်တော်သို့ချက်ချင်းကြွသွားကာ ရှင်ဘုရင်၏ဥယျာဉ်တော်အတွင်းသို့ ဆင်းသက်၍ ဥယျာဉ်မှူးအားဓာတ်လုံးအစွမ်းကိုပြသလေတော့သည်။ ဥယျာဉ်မှူးမှတစ်ဆင့် အမတ်အခြွေအရံများ၊ တိုင်းသူပြည်သားများသိရှိသွားခဲ့လေသည်။ ဆရာတော်သည် မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့အား ရသမျှငွေကြေးပစ္စည်းတို့အား စုဆောင်းစေ၍ သိဒ္ဓိဝင်ဓာတ်လုံးအစွမ်းဖြင့် ရွှေဖြစ်စေကာ ဆင်းရဲသားမှုဆိုးမမကျန် ကြွယ်ဝချမ်းသာစေခဲ့သည်။ ထို့ကြောင့် ပုဂံတွင် လူတိုင်းကျောင်းဆောက်ဘုရားတည် လှူဒါန်းကြကာ ယခုကဲ့သို့ ပုဂံနေပြည်တော်ကြီးတွင် စေတီပုထိုးဂူဘုရားကျောင်းကန်များ သိန်းသောင်းမက တည်ထားနိုင်ကြခြင်းဖြစ်လေသည်။ သို့ရာတွင် နှစ်ကာလမြောက်မြားစွာ ကြာမြင့်သည်နှင့်အမျှ အချို့မှာ ပျက်စီးယိုယွင်းပြီး အချို့မှာ ယနေ့တိုင်ကျန်ရှိနေသေးသဖြင့် စာရေးသူတို့သည် ကမ္ဘာပေါ်တွင် မြန်မာ့ပုဂံဒေသကို ရှေးဟောင်းအမွေအနှစ်ဒေသအဖြစ် ဂုဏ်ယူဝံ့ကြွားစွာ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ကြခြင်း ဖြစ်ပါသည်။

ရှင်အဇ္ဇဂေါဏ အရှင်သူမြတ်သည် တပည့်သူတော်အား အဂ္ဂိရတ်ဓာတ်လုံးလုပ်ရတ်လမ်းကိုပေါက်မြောက်အောင် သင်ပြပေးခဲ့ပြီးနောက် လူတို့၏အတောမသတ်နိုင်သည့် လောဘကိုရှောင်ကွင်းကာ သိဒ္ဓိရှင်၊ မဟာိဒ္ဓိရှင် ဇော်ဂျီအပေါင်းတို့ စံမြန်းပျော်ပါးရာ ဟိမဝန္တာမဟာမြိုင်တောကြီးသို့ သွားရောက်၍ သီလတရားလုံခြုံစွာဖြင့် သမထ၊ ဝိပဿနာတရားတို့ကို အားထုတ်ကာ ဂေါတမမြတ်ဗုဒ္ဓ၏ နောင်အနှစ်(၅၀၀၀)သာသနာရောင်တော်ပြန်ပွဲတွင် နိဗ္ဗာန်မဂ်ဖိုလ်သို့ရောက်ရှိနိုင်ရန် ကြိုးပမ်းအားထုတ်တော်မူလျက်ရှိနေပါသည်။

နောက်မူကွဲသည့်ရှင်အဇ္ဇဂေါဏအကြောင်းဖြစ်ရပ်မှာ ဤသို့ဖြစ်ပါသည်။ သာသနာတော်နှစ် ၆၉၁ ခုနှစ်၊ ကောဇာနှစ် ၆၉ ခုဌ် ပုဂံတွင် သမုဒ္ဒရာဇ်မင်း စတင်မင်းပြုလေသည်။ သမုဒ္ဒရာဇ်မင်းသည် တကောင်းသရေခေတ္တရာနောက်ဆုံးမင်းဆက် သုပညာနာဂရဆိန္နမင်း၏ တူတော်လည်း ဖြစ်ပါသည်။ ထိုမင်းသည် သူတော်ကောင်းတရားခုနစ်ပါးနှင့်ပြည့်စုံသည့် ဝေဒိဿရှင်ရသေ့အား အလွန်ကြည်ညိုလေသည်။ ရှင်ရသေ့အား အလွန်ကြည်ညိုလွန်းသဖြင့် ရသေ့ကျောင်းသို့ တစ်နေ့လျှင် နှစ်ခေါက်အဖူးမြော်ရောက်ရှိသည်ဟု ဆိုပါသည်။ တစ်နေ့ မင်းကြီးသည် ဆရာရှင်ရသေ့အား အဖူးမြော်သွားရာ ကျောင်းသင်္ခမ်းတွင်မတွေ့ဘဲရှိနေလေသည်။ ထို့ကြောင့် ဆရာတော်၏ဓာတ်ခန်းသို့လိုက်ပါကြည့်ရှုရာ ရှင်ရသေ့မှာ အဂ္ဂိရတ်ဖိုထိုးနေသည်ကို တွေ့ရှိရသည်ဟု ဆိုပါသည်။

ထိုအခါ မင်းကြီးက ရှင်ရသေ့အား -

"လောကတွင် ဤအမှုသည် (အဂ္ဂိရတ်လုပ်ရပ်) ကား မည်သည့်ကာလတွင် ဆုံးရာအံ့နည်း။ ဆုံးရာကာလမရှိသောအမှုကို အရှင်သည် အဘယ်ကြောင့်ပြုနေဘိသနည်း"

ဟု လျှောက်ထားလေသည်။

ရှင်ရသေ့က -

"မင်းကြီး၊ သင်သည် ငါ၏အမှုကိစ္စကိုပင် မသိနိုင်ပါ။ ငါသာလျှင် ငါ၏အမှုကိစ္စပြီးမြောက်ခြင်းကိုကာလကို ငါသိ၏"

ဟု ပြန်မိန့်တော်မူလေသည်။

မင်းကြီးက -

"ဘယ်နေ့ဘယ်လတွင် အဆုံးသတ်ပြီးစီးပါမည်နည်း"

ဟု လျှောက်ထားရာ ရှင်ရသေ့က -

"ယခုနေ့မှစ၍ သုံးလပြည့်မြောက်နေ့ပင်ဖြစ်သည်"

ဟု မိန့်ကြားလေသည်။

မင်းကြီးက ရှင်ရသေ့၏ပြက်ရယ်ပြောဆိုမှုကို တည်ငြိမ်သောဣန္ဒြေဖြင့်နေလေသည်။

မင်းကြီးက -

"သုံးလပြည့်၍ အရှင်ရသေ့၏အမှုကိစ္စပြီးဆုံးခြင်းသို့ မရောက်ရှိပါက မည်သို့ပြုမူရအံ့နည်း"

ဟု လျှောက်သည့်အခါ ရှင်ရသေ့က -

"အကယ်၍ မပြီးဆုံးခဲ့မူကား ငါ၏ဦးခေါင်းကိုဖြတ်လော့"

ဟု ဆိုလေသည်။

ရှင်ရသေ့သည် မင်းကြီးအား ကတိပေးခဲ့သည့်အတိုင်း သူ၏လုပ်ရတ်အဂ္ဂိရတ်ပညာမှာ မပြီးမြောက်သေးသဖြင့် သုံးလစေ့သည့်နေ့တွင် တည်ငြိမ်သောအသွင်ဖြင့် နန်းရင်ပြင်သို့ သွားရောက်ခဲ့လေသည်။ မင်းကြီးနှင့်တကွ ညီလာခံကျင်းပနေသောအချိန်ဖြစ်သဖြင့် မင်းပရိသတ်အပေါင်းတို့သည် အံ့သြတုန်လှုပ်ချောက်ချားသွားကြလေသည်။ ဆရာရသေ့သည် ကိုးသချိုင်းသံဖြင့် စီရင်ထားသော နဝလောဟာဓားကို မင်းကြီးအား အပ်နှံ၍ ကတိသစ္စာအတိုင်း ရှင်ရသေ့အား ကွပ်မျက်ရန် အပ်နှံလေသည်။ အမှန်မှာမူ မင်းကြီးသည် ဆရာရသေ့အား ကျိစယ်လိုမှုသဘောဖြင့် ကတိပြုခဲ့ခြင်းသာ ဖြစ်လေသည်။ ရှင်ရသေ့မူကား မိမိကတိသံစွာအရ နန်းတော်သို့ရဲဝံ့စွာလာရောက်ခြင်းဖြစ်လေသည်။ မင်းကြီး၏ ကတိစကားကြောင့် နောက်ဆုံးတွင် သူ့ကိုယ်သူအဆုံးစီရင်သည့်တိုင် ထီးဆောင်းမင်းတို့၏ကဲ့ရဲ့ဖွယ်ရာဖြစ်နိုင်သဖြင့် ကွပ်မျက်ခြင်းမပြုဘဲ မျက်စိနှစ်ကွင်းကို အလင်းမရအောင်သာပြုပေးလိုက်လေသည်။

ဆရာရသေ့သည်လည်း သိဒ္ဓိမပေါက်မြောက်နိုင်သည့် ဓာတ်လုံးအား မစင်တွင်းသို့ပင်ချထားလိုက်တော့သည်။ ထိုအခါ မစင်တွင်းမှ ထူးဆန်းသောအလင်းရောင်များ ထွက်ပေါ်လာပြီး ဓာတ်လုံးမှာ သိဒ္ဓိမြောက်လျက် ရွှေစင်ပမာ ထိန်ဝင်းတောက်ပလျက်ရှိနေတော့လေသည်။ ဆရာရသေ့သည် သူ၏ဓာတ်လုံး သိဒ္ဓိမြောက်အောင်မြင်ပြီ ဖြစ်ကြောင်းသိရှိလေရာ တပည့်တစ်ယောက်အား မစင်တွင်းသို့ဆင်း၍ ဓာတ်လုံးကိုပြန်ယူစေလေ၏။ ထို့နောက် ရှင်ရသေ့သည် ထိုဓာတ်လုံးအား နံ့သာရည်တို့ဖြင့် အမြှန်ဆေးကာ သနချေပြီးနောက် တပည့်ကိုရရာ မျက်လုံးတစ်စုံအားရှာဖွေစေခဲ့ပါသည်။ သို့ရာတွင် နွားမျက်လုံးနှင့် ဆိတ်မျက်လုံးသာရရှိသဖြင့် ဓာတ်လုံးဖြင့် ဆွဲယူထိကပ်ကာ မျက်စိနှစ်ကွင်းအလင်းရရှိတော်မူလေသည်။ ထိုသို့ဖြစ်ပျက်ခဲ့ရသည်မှာ ရှင်ရသေ့ မျက်စိနှစ်ကွင်းအလင်းပျောက်ခဲ့ရသည့် နေ့၏နောက်တစ်နေ့ သုံးလပြည့်မြောက်ပြီးနောက်တစ်ရက်ဖြစ်သည့် နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့ဖြစ်သည်ဟု ဆိုပါသည်။ မင်းကြီးသည်လည်း ဆရာရသေ့ဓာတ်လမ်းဓာတ်စခန်းကို ယုံကြည်တော်မူသဖြင့် ဆရာတော်ရသေ့ထံ တပည့်ခံယူကာ ကြိုးကြိုးအားထုတ်ခဲ့လေသဖြင့် သာသနာတော်

www.burmeseclassic.com

နှစ် ၆၉၆ ခုနှစ်၊ ကောဇာနှစ် ၇၄ ခုနှစ်၊ တဆုန်လပြည့်နေ့၊ တနင်္ဂနွေနေ့တွင် ဆရာ့တပည့်နှစ်ပါး ထွက်ရပ်လမ်းသို့ ရောက်ရှိကြလေသည်ဟု ဆိုပါသည်။ ဆရာရသေ့ကား ရှင်အဇ္ဇဂေါဏဟု ကျော်ကြားခဲ့ကာ မင်းကြီးကား ဆရာရသေ့၏တိုက်တွန်းမှုဖြင့် 'ပုဂံသမုဒ္ဒရာဇ် ဓာတ်ကျမ်းကြီးကို ရေးသားစီရင်ခဲ့လေသည်။ ထိုသမုဒ္ဒရာဇ်ကျမ်းကြီးသည် အလွန် ကျယ်ဝန်း ခမ်းနား၍ ဇရာမ မော်ကွန်းကြီးလည်းဖြစ်လေသည်။ ၎င်းကျမ်းကြီးကို ပါဠိ၊ ပျူနှစ်ဘာသာဖြင့် ကျောက်ထက်အက္ခရာတင်ခဲ့ပြီးနောက် နှစ်ပေါင်းတစ်ရာကျော်မှ ပေထက်အက္ခရာသို့တင်ခဲ့လေသည်။

မဟာဓမ္မရာဇာ အမည်ခံသော အနောက်ဘက်လွန်မင်းကြီးလက်ထက် လေးထပ်ရွှေကျောင်းမင်းဆရာတော်ဖြစ်သော မဟာသံဃရာဇာကအနက်ပြန်ဆိုခဲ့ပြီး ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် သာသနာပိုင်မောင်းထောင်ဆရာတော်ကြီးက ၎င်းကျမ်းနိဿယကိုကြည့်၍ ဧကပိုဒ်လင်္ကာကို စီရင်တော်မူခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

သမုဒ္ဒရာဇ်ကျမ်းကြီးသည် ကျဉ်းသည်နှင့်အမျှ ကျမ်းဂန်လည်းကျယ်ဝန်းလှပေသည်။ အလွန်သိမ်မွေ့နက်နဲသည့် ဉာဏ်ဖြင့်သာ ကျက်စားနိုင်သည့် ဓာတ်သမုဒ္ဒရာလည်း ဖြစ်ပေသည်ဟု ဆိုထားပါသည်။ ထိုကျမ်းကြီးသည် ပုဂံဓာတ်ကျမ်းဟုလည်း ကျော်ကြားခဲ့ပေသေးသည်။ ဝေဒိဿရ (ရှင်အဇ္ဇဂေါဏ) ၏တပည့် သီလတ်၊ နေက္ခဿရ၊ နေက္ခဿရ၏တပည့်၊ သရဘင်္ဂရှင်ရသေ့၏ တပည့် ရှင်မထီး၏ကျမ်းသည်လည်း ပုဂံဓာတ်ကျမ်းနှင့် ပါဝင်ပတ်သက်နေသည်ဟုလည်း သိရှိရပါသည်။ ထို့ကြောင့် ဝေဒိဿရသေ့ (ရှင်အဇ္ဇဂေါဏ) နှင့် သမုဒ္ဒရာဇ်မင်းကြီးတို့ ထွက်ရပ်ပေါက်ပြီး မှ 'ရှင်မထီးကျမ်း' ပေါ်ပေါက်ခဲ့သဖြင့် ရှင်အဇ္ဇဂေါဏ (ခေါ်) ရှင်မထီးဆိုခြင်းမှာ အတူတူမဟုတ်ကြောင်းတွေ့ရှိရပေသည်။ စာရေးသူတို့ကို ပုဂံရှိ ရှင်အဇ္ဇဂေါဏအုတ်ကျောင်းမှဂေါပကတစ်ဦးက ဆရာတော်ကြီး ရှင်အဇ္ဇဂေါဏနှင့် ပတ်သက်၍ ဗဟုသုတစကားပြောဆိုရာတွင် ယခင်က ရှင်မထီး၊ ကြီးတော့ ရှင်အဇ္ဇဂေါဏဟုဆိုခဲ့ပါသည်။ ရှင်အဇ္ဇဂေါဏ ကျောင်းတိုက်တွင်လည်း ရှင်မထီးဆရာတော်ဓာတ်ပုံနှင့် ရှင်အဇ္ဇဂေါဏဓာတ်ပုံတို့ကို ချိတ်ဆွဲထားပါသည်။ ရှေးဟောင်းအုတ်ကျောင်းမှာ ဆရာတော်ကြီးနှင့် အင်္ဂုရတ်စခန်းဝင်ခဲ့သည့်လိုဏ်ဂူဖြစ်ဟန်တူပါသည်။

ထို့ကြောင့် ရှင်အဇ္ဇဂေါဏသည် ဝိဇ္ဇာသမိုင်းတွင် မဟိဒ္ဓိရှင်ဟု တွေ့ရှိရပြီး ကိုးတိုင်းကိုးဌာန အဓိက မဟိဒ္ဓိအချုပ် ဝိဇ္ဇာအဖွဲ့ကြီး (၉) ဖွဲ့ရှိ စတုတ္ထအဖွဲ့ဝင်အဖြစ် မဟိဒ္ဓိဆရာတော်ဘွဲ့အဆင့်ရှိကာ ရှမ်းပြည်နယ်တောင်ပိုင်းခရိုင်ကို တာဝန်ယူကြရသည်ဟု လေ့လာ သိရှိရပါသည်။ ဤ(၃၁)ဘုံလောကအတွင်းဝယ် ဘုရားရှင်ပွင့်တော်မမူမီကပင် သမထကျင့်စဉ်ဖြင့် အကြားအမြင်ပေါက်ကာ ခရီးရောက်နေကြသည့် လောကီဝိဇ္ဇာကြီးများ အထင်အရှားရှိနေခဲ့ပါသည်။ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပြီးနောက် လောကီဈာန်အဘိညာဉ်တန်ခိုးရှိကြသော ဝိဇ္ဇာကြီးများသည် ဗုဒ္ဓဘုရားရှင်၏ သစ္စာလေးပါး တရားတော်ကို နာကြားရပြီးနောက် နိဗ္ဗာန်ကို ရရှိတော်မူသွားကြပြီး ဖြစ်လေသည်။ ထိုဝိဇ္ဇာကြီးများမှာ အရိယာဝိဇ္ဇာကြီးများဖြစ်ကြပါသည်။ ထို့ကြောင့် သာသနာပြုဓမ္မဝိဇ္ဇာအရှင်သူမြတ်တို့သည် သူတော်ကောင်းကြီးများ၊ ပညာရှင်ကြီးများပီသစွာဖြင့် သာသနာတော်အား ပူဇော်ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ဝေနေယျသတ္တဝါအပေါင်းတို့ သာသနာတော်အားပူဇော်ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ဝေနေယျသတ္တဝါအပေါင်းတို့အား သာသနာပြုခွင့်ရအောင် သာသနာပြုနိုင်အောင် မစလမ်းညွှန်စောင့်ရှောက်ခြင်း၊ နတ်ရွာသုဂတိသို့လားစေခြင်း စသည်ဖြင့် လောကီကောင်းကျိုး ဓမ္မကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိနေကြပါသည်။

အင်္ဂုရတ်ပညာနှင့် ပတ်သက်၍ မြန်မာတွင်သာမက ကမ္ဘာပေါ်တွင်ရှိကြောင်းလေ့လာသိရှိရပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက နာဇီဂျာမနီအာဏာရှင်ဟစ်တလာသည် ပင်စင်အသုံးစရိတ် ဘဏ္ဍာငွေတိုးပွားစေရန် အင်္ဂုရတ်ပညာရှင်များကို တာဝန်ပေး၍ လုပ်ကိုင်ဆောင်ရွက်စေကြောင်းကိုလည်းလေ့လာသိရှိရပါသည်။ ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဘဝနေနည်းမှတ်တမ်းများအရ မြန်မာဝိဇ္ဇာမိုရ်များသာမက အိန္ဒိယ၊ တရုတ်၊ ထိုင်း အစရှိသည်ဖြင့် နိုင်ငံခြားသားဝိဇ္ဇာများကိုပင် တွေ့ရှိရသည်ဟု ဆိုပါသည်။ဤဘဒ္ဒကမ္ဘာဝယ် ကကုသန်မြတ်စွာဘုရား သာသနာတော်အတွင်းနှင့်သာသနာတော်အပတွင်ဖြစ်ကြသော လောကီယဝိဇ္ဇာမိုရ်များမှာ ရှစ်သောင်းရှိခဲ့ကြောင်းကိုလည်း လေ့လာ သိရှိခွင့်ရရှိခဲ့ပါသည်။

မည်သို့ပင်ဆိုစေ ဆရာတော်ကြီး ရှင်အဇ္ဇဂေါဏနှင့်ပတ်သက်၍ မှတ်တမ်းမှုကွဲများရှိနေစေကာမူ ဆရာတော်ကြီးသည် မိမိ၏သိဒ္ဓိပေါက်ပြဒါးရှင်အစွမ်းဖြင့် ပုဂံရွှေပြည်တော်ကြီးရှိ မင်း၊ မိဖုရား၊ မောင်းမမိဿံ၊ မှူးမတ်အခြွေအရံများ၊ မင်းမှုထမ်း၊ သူဌေးသူကြွယ်၊ ကုန်သွယ်လယ်လုပ်ဆင်းရဲသားမကျန် ယုတ်စွအဆုံး မုဆိုးမပင်မချန်တို့ကို ရွှေဖြစ်ငွေဖြစ် ဝိဇ္ဇာတန်ခိုးဖြင့် ရွှေမိုးငွေမိုးရွာသွန်းဖြိုးစေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ရှေးခေတ် ပုဂံသူပုဂံသားအပေါင်းတို့ သာသနာပြု ဘုရားတည်ကျောင်းဆောက်ကြသဖြင့် ယနေ့ကမ္ဘာတွင် အံ့ဖွယ်တစ်ပါးရှေးဟောင်းစေတီတော်များဖြင့် မြန်မာကို ကမ္ဘာက သိစေခဲ့သည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားအပေါင်းတို့သည် နှစ်စဉ်နှစ်တိုင်း ပုဂံဘုရားဖူးရောက်ရင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာ မှတ်သားခွင့်ရရှိခဲ့သည်မှာ ဆရာတော်ကြီးရှင်အဇ္ဇဂေါဏ၏ကြီးမားသောကျေးဇူးတော်ကြောင့်ပင် ဖြစ်ကြောင်း လေ့လာ ရေးသား တင်ပြလိုက်ရပါတော့သည်။

ရွှေချိုအောင် (ပေလီ)

**မှီငြမ်း** -

၁။ ဝိဇ္ဇာစခန်းနှင့်ဝိဇ္ဇာလမ်း
(ဘုန်းတေဇ)

၂။ အောင်ဆုထူးပန် ရဟန္တာသိမ်တော်ကြီးဆောင်းပါး
၂၀၀၉၊ ဂမ္ဘီရဆန်းကြယ်
(အောင်သာကျော်)

၃။ ဝိဇ္ဇာမှတ်တမ်းဆောင်းပါး
၂၀၁၃၊ ရောင်ပြန်မဂ္ဂဇင်း
(လင်းရောင်တင်)

၄။ ဝိဇ္ဇာလောကတစ်စွန်းတစ်စဆောင်းပါး
၂၀၁၃၊ ရောင်ပြန်မဂ္ဂဇင်း
(မဗေဒါ-ဇရာဝတီ)

၅။ ရှင်အဇ္ဇဂေါဏနှင့် သမုဒ္ဒရာဇ်မင်းတို့၏ပညာစခန်း
၂၀၁၃၊ ရောင်ပြန်မဂ္ဂဇင်း
(သီဟစကြာစိုးမြင့်)

၆။ စာရေးသူ၏ ပုဂံဒေသလေ့လာရေးခရီးသွားမှတ်တမ်း (၂၀၁၁)



www.burmeseclassic.com

www.burmeseclassic.com

တာဝတိံသာနတ်ပြည်၏ ဘုရင်ဖြစ်သော သိကြားမင်း စံမြန်းတော်မူသည့် ဝေဇယန္တာနန်းပြာသာဒ်အတွင်းသို့ သံဃာတော်ရှစ်ပါးကြွရောက်လာသည်။ ထိုသတင်းကြောင့် သိကြားမင်းဦးမာဃကြီး ထိတ်ထိတ်ပျာပျာဖြစ်စွာဖြင့် သံဃာတော်များကို ခရီးဦးကြိုပြုကာ လာရင်းကိစ္စကို မေးမြန်းလျှောက်ထားလိုက်သည်။

"အရှင်ဘုရားတို့၊ အဘယ်သို့သောကိစ္စကြောင့် တပည့်တော်ထံသို့ကြွရောက်တော်မူလာပါလဲဘုရား"

"ဒကာတော်ထံကို တို့များကြွရောက်လာတဲ့ကိစ္စကတော့ ဘုန်းကြီးတို့ သီတင်းသုံးနေထိုင်ပြီး ဘုရားရှင်ရဲ့ သာသနာတော်အမွန်ရှည်တည်တံ့ပြန့်ပွားအောင်ဆောင်ရွက်တော်မူနေတဲ့ သီဟိုဠ်ကျွန်းကို ဗြာဟ္မဏတိဿသူပုန်တွေရဲ့ ဖျက်ဆီးနှိပ်စက်ခြင်းကိုခံနေရပါတယ် ဒကာတော်။ ဒါကြောင့် သံဃာ့နာယကမထေရ်ကြီးတွေက သံဃာအပေါင်းနဲ့ စည်းဝေးတိုင်ပင်ပြီး ဒီဘေးက လွတ်ကင်းအောင် ဒကာကြီးက ကာကွယ်ပေးဖို့ တို့များကို စေတမန်အဖြစ် တာဝန်ပေးခဲ့တဲ့အတွက် ဒကာကြီးထံကိုလာရောက်အကူအညီတောင်းခံခြင်းပဲဖြစ်ပါတယ် ဒကာတော်"

သံဃာတော်များ၏ အဖြေစကားကြောင့် နတ်တို့သနင်း သိကြားမင်း ဦးမာဃကြီး ခေါင်းငိုက်စိုက်ကျသွားသည်။ မှန်သည်။ သီဟိုဠ်ကျွန်း၏ သာသနာရောင်ဝါက လင်းချည်တစ်ခါ မှိန်ချည်တစ်လှည့်ဖြင့် လောကခံ၏အနိမ့်အမြင့်ကြားတွင် ကူးခပ်နေခဲ့သည်။ သည်အရေးကို ဦးမာဃကြီး ကြိုတင်သိရှိပြီးသား ဖြစ်ပါသည်။ သို့သော် မိမိအနေဖြင့်လည်း မဖြေရှင်းနိုင်သောကြောင့် အသာငြိမ်နေခြင်းသာ ဖြစ်၏။ ယခုတော့ အဘိညာဉ်ရမထေရ်ရှစ်ပါးက ထိုသတင်းကို မိမိထံသို့ ဆောင်ကြဉ်းခဲ့ချေပြီ။ မတတ်နိုင်သော်လည်း ဆိုရေးရှိက ဆိုကြရပေတော့မည်။

"အရှင်မြတ်တို့ဘုရား၊ သီဟိုဠ်ကျွန်းမှာဖြစ်ပေါ်နေတဲ့ တိုင်းပျက်ပြည်ပျက်သူပုန်ဘေးဆိုးကြီးကင်းဝေးအောင် တပည့်တော်အနေနဲ့လည်း ဟန့်တားနိုင်စွမ်းမရှိတာကို ရှက်ရှက်နဲ့ပဲ ဝန်ခံပါရစေဘုရား။ ဒါပေမယ့် တပည့်တော်အကြံပေးချင်တာတစ်ခုကတော့ သူပုန်ဘေးက ကင်းဝေးတဲ့ မဇ္ဈိမဒေသ (အိန္ဒိယ) ကို ခေတ္တတိမ်းရှောင်နေကြဖို့ တိုက်တွန်းချင်ပါတယ်ဘုရား။ အကယ်၍ အရှင်ဘုရားတို့ မဇ္ဈိမဒေသကိုရှောင်တိမ်းချင်တယ်ဆိုရင် သမုဒ္ဒရာကို ကူးမြောက်ရန်အတွက် တပည့်တော် စောင့်ရှောက်နိုင်ပါတယ်ဘုရား"

အကြောင်းကဖန်လာပြီဆိုလျှင် တန်ခိုးရှင်များပင် ကယ်တင်ပေးနိုင်စွမ်းမရှိကြ။ မိမိတို့ပြုခဲ့သော ကံတရားအတိုင်းသာခံရမြဲသာဖြစ်၏။ ထို့ကြောင့်လည်း သံဃာ့နာယကမထေရ်ကြီး၏ တာဝန်ပေးချက်အတိုင်း တာဝတိံသာနတ်ပြည်သို့ အဘိညာဉ်တန်ခိုးသုံး၍ကြွလာသော သံဃာရှစ်ပါးသည် သိကြားမင်း ဦးမာဃ၏ နောက်ဆုံးစကားကို မှတ်သား၍ သီဟိုဠ်ကျွန်းသို့ပြန်၍ဆင်းခဲ့ကြလေတော့၏။

❑



# ဓနသျှင်စိုး

# သစ်ရွက်အွမ်းနှင့် ရှူဥသီဝမထေရ်

သီဟိုဠ်တစ်ကျွန်းလုံးတွင် သီတင်းသုံးနေထိုင်ကြသောသံဃာတော်များသည် မိုးလေဝသမှန်ကန်၍ ဗြာဟ္မဏတိဿသူပုန်များနှိပ်စက်မှုဘေးမှကင်းဝေးရာ မဇ္ဈိမဒေသသို့ ပြောင်းရွှေ့ရန်အတွက် ဆုံးဖြတ်ချက်ချလိုက်ကြသည်။ ထို့ကြောင့် သီဟိုဠ်ကျွန်း၏ အနောက်မြောက်ဘက် နာဝဒီပကျွန်းသို့ ဦးစွာကြွရောက်စုဝေးသဘောဆိပ်၌ သံဃာတော်များ မဇ္ဈိမဒေသသို့ကူးရာတွင် စီးနင်းရန်အတွက် သုံးထပ်ဖောင်ကြီးကို သိကြားမင်းဦးမာဃက အသင့်ပင် ဖန်ဆင်းပေးထားသည်။ ဖောင်ကြီးသည် သုံးထပ်ဆိုသော်လည်း အောက်ဆုံးထပ်သည် ရေ၌နစ်မြုပ်နေသည်။ ဒုတိယထပ်တွင် မဇ္ဈိမဒေသသို့ ကူးမည့်သံဃာတော်အပါး (၇၀၀) တက်ရောက် နေရာယူထား၏။ တတိယ

www.burmeseclassic.com

ထပ်တွင်မှ သံဃာတော်၏ပရိက္ခရာများကိုတင်ဆောင်ထားသည်။ ဖောင်ကြီးမှာ သိကြားမင်းဖန်ဆင်းထားသည်ဆိုသော်လည်း နေရာလွတ်မရှိအောင် သံဃာတော်များ ပြည့်ကျပ်နေသည်။ ဆိပ်ကမ်းပေါ်၌လည်း ဖောင်မဆံ့၍ကျန်နေသော သံဃာတော် ခုနစ်ဆယ်ခန့်ရှိနေသေးသည်။ ထို့ကြောင့် ဖောင်မှူးကြီးသဏ္ဌာန်ဖန်ဆင်းထားသော သိကြားမင်းက ဆိပ်ကမ်းပေါ်၌ရပ်နေသော သံဃာများအနီးသို့ ရိုကျိုးစွာ ချဉ်းကပ်၍ -

"အရှင်ဘုရားတို့၊ များမကြာသော ကာလမှာ သီဟိုဠ်ကျွန်းတစ်ခွင်ကို ဘေးဆိုးအန္တရာယ်ပေါင်းများစွာကျရောက်ပါတော့မယ်ဘုရား။ ရာသီဥတုတွေဖောက်ပြန်ပြီး မိုးလည်း ကောင်းမွန်စွာရွာနိုင်မှာလည်းမဟုတ်ပါဘုရား။ ဒါကြောင့် စားနပ်ရိက္ခာတွေခေါင်းပါးပြီး နောင်ဆိုရင် အရှင်ဘုရားများ ပစ္စည်းလေးပါးရှားပါးပြီး ဆင်းရဲခြင်းနဲ့ ကြုံတွေ့ရတော့မှာဖြစ်သည့်အတွက် ပရိယတ္တိသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိတော့မှာမဟုတ်ပါဘုရား။ ဒါကြောင့် မဗျိုမကြွရောက်ဖို့ တပည့်တော်တိုက်တွန်းချင်ပါတယ်ဘုရား။ အရှင်ဘုရားတို့အနေနဲ့ နေရာထိုင်ခင်းမလုံလောက်လျှင်လည်း ဖောင်ဒီပျဉ်ချပ်ပေါ်မှာ ဝမ်းလျားမှောက်ပြီး ကူးတော်မူကြပါဘုရား။ ဒီအတွက် မည်သည့်ဘေးအန္တရာယ်မှ မဖြစ်အောင် တပည့်တော် တာဝန်ယူပါတယ် ဘုရား"

ဟု လျှောက်တင်လေသည်။

သို့သော်လည်း သံဃာတော်များက ဖောင်မှူးကြီး၏လျှောက်တင်မှုကို ပယ်ရှားကာ အချင်းချင်းတိုင်ပင်ကြပြီး ခြောက်ကျိပ်သော မထေရ်များ၏ ခေါင်းဆောင်မထေရ်ကြီးက သူ၏တပည့်သံဃာများကို-

"ကဲ - ငါ့ရှင်တို့၊ တို့များအဖို့ အမိ သီဟိုဠ်ကျွန်းမှာနေခဲ့ပြီး ပိဋကသုံးပုံကို အသက်ထက်ဆုံး စောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချလိုက်ပြီကွယ်"

ဟု အမိန့်ရှိလိုက်ပြီး အချင်းချင်း တတိထားကာ သီဟိုဠ်ကျွန်း၏ အလယ်ပိုင်းတွင်ရှိသော မလယနယ်သို့ ပြန်လည်ကြွသွားကြလေ၏။ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော မထေရ်အိုကြီးနှင့် အလုပ်အကျွေး ကိုရင်တစ်ပါးသည်လည်း ရှေ့ရေးတိုင်ပင်ကာ တောဘက်သို့ လမ်းခွဲ၍ ထွက်ခွာသွားလေ၏။ ဖောင်ပေါ်တွင်ရှိနေသော သံဃာများ၏ ဆရာအရှင်မထေရ်ကြီးများဖြစ်ကြသော သံယုတ္တနိကာယ်ဆောင် စူဠသီဝမထေရ်၊ ဣသိဒတ္တမထေရ်နှင့် မဟာသောဏမထေရ်ကြီးသုံးပါးသာလျှင် ဆိပ်ကမ်းပေါ်၌ရပ်၍ တစ်စုံတစ်ခုကို စဉ်းစားကာ ချီတုံချတုံဖြစ်နေလေ၏။ ထိုအခြေအနေကြောင့် ဖောင်မှူးကြီးက -

"အရှင်ဘုရားတို့၊ ဖောင်ပေါ်သို့ ကြွတော်မူပါဘုရား။ အချိန်လင့်နေပါပြီဘုရား"

ဟု တိုက်တွန်းလျှောက်ထားလိုက်ပြန်သည်။

❑

"ကဲ-ငါ့ရှင်မဟာသောဏ၊ အရှင်ဘုရားဟာ တို့များထက် ငယ်ရွယ်တဲ့သူဖြစ်တဲ့အတွက် မဗျိုမကိုကူးပြီး ပရိယတ္တိသာသနာတော်ကို တို့များကိုယ်စားစောင့်ရှောက်ထိန်းသိမ်းဖို့ တာဝန်ပေးချင်တယ်ကွယ်။ ဒါကြောင့် ဖောင်ပေါ်သို့ ကြွပါငါ့ရှင်"

ဣသိဒတ္တမထေရ်ကြီးနှင့် စူဠသီဝမထေရ်ကြီးနှစ်ပါးကြီးတိုက်တွန်းစကားကြောင့် မဟာသောဏမထေရ်ကြီး မျက်စိမျက်နှာပျက်ဖြစ်သွားသည်။

"အရှင်ဘုရားများရော မဗျိုမကို မကူးဘူးလား ဘုရား"

"ငါ့ရှင်မဟာသောဏ၊ တို့များဟာ အသက်အရွယ်ကြီးပြီ။ ရေမှာသေသေ၊ ကုန်းမှာသေသေ၊ သေမှာတော့အတူတူပါပဲကွယ်။ ဒါပေမယ့် ငါ့ရှင်ကို အမှီသဟဲပြုပြီး တို့များရဲ့သာသနာဟာ သားစဉ်မြေးဆက် အရှည်တည်တံ့ဖို့ အကြောင်းကိုမြင်တဲ့အတွက် တို့များက ငါ့ရှင်ကို မဗျိုမကို ကြွဖို့တိုက်တွန်းနေရတာပါ"

"သည်းခံတော်မူပါဘုရား၊ အရှင်ဘုရားများမပါလျှင် မဗျိုမကို တပည့်တော် မကြွလိုပါဘုရား"

မဟာသောဏမထေရ်ကြီးကို သုံးကြိမ်တိုင်တိုင် တိုက်တွန်းသော်လည်း ငြင်းဆန်သောကြောင့် မထေရ်အိုကြီးနှစ်ပါးသည် ထပ်မံမလျှောက်ထားတော့ပေ။ ထိုအခါမှ ဖောင်မှူးကြီးလည်း မည်သို့မျှ ကြားဝင်၍ မလျှောက်ထားတော့ဘဲ ဖောင်ပေါ်သို့တက်ပြီး မဗျိုမသို့ ဖောင်ကို ဦးတည်ကာ ထွက်ခွာလေတော့၏။ ဇမ္ဗုကောလဆိပ်ကမ်း၌ကား မထေရ်ကြီးသုံးပါးသာကျန်ခဲ့လေတော့သည်။ ထိုအခါ သက်တော်ဝါတော် အကြီးဆုံးဖြစ်သူ စူဠသီဝမထေရ်အိုကြီးက ရှေ့ဆက်ရမည့် ခရီးကို တိုင်ပင်တော်မူလေသည်။

"ငါ့ရှင်တို့၊ တို့များ မထေရ်အိုကြီးပြောတဲ့စကားကို အမိန့်ပမာသေချာနားထောင်ကြပါ။ ငါ့ရှင် ဣသိဒတ္တကို တို့များသေသေချာချာမှာပါရစေ။ နောင်အခါမှာ တို့များသာသနာဟာ မဟာသောဏကိုအကြောင်းပြုပြီး သာသနာတည်တံ့ခိုင်မြဲဖို့ အခြေအနေရှိပါတယ်။ သူ့ကို အရှင်ဘုရားက အနီးကပ်စောင့်ရှောက်ထိန်းသိမ်းပေးဖို့ အထူးမှာချင်ပါတယ်"

"အရှင်ဘုရားက တပည့်တော်တို့နဲ့အတူတူ သီတင်းမသုံးတော့ဘူးလား ဘုရား"

စူဠသီဝမထေရ်အိုကြီး၏စကားကို နားမရှင်းသောကြောင့် ဣသိဒတ္တမထေရ်ကြီးက အမေးစကားဖြင့်ပြန်လည်လျှောက်ထားလိုက်သည်။

"တို့များမသေခင်မှာ မဟာစေတီကြီးကို ဖူးမြော်ချင်တဲ့ဆန္ဒလို့ ငါ့ရှင်တို့နဲ့ ဒီနေရာမှာ လမ်းခွဲကြစို့ကွယ်"

မခွဲခွာချင်သော်လည်း စူဠသီဝမထေရ်အိုကြီး၏ဆန္ဒကို မပယ်ရှားလိုသောကြောင့် ဣသိဒတ္တမထေရ်ကြီးသည် စိတ်မကောင်းဖြစ်စွာနှင့်ပင် မဟာသောဏမထေရ်ကို ခေါ်ဆောင်၍ လမ်းခွဲခဲ့ကြလေတော့သည်။

❑

ဗြဟ္မတိဿ သူပုန်ဘေးကြောင့် သီဟိုဠ်ကျွန်းသည် တိုင်းပျက်ပြည်ပျက်၍ တစ်နိုင်ငံလုံး ကျီးနှင့်ဖုတ်ဖုတ်ဖြစ်ကာ အေးချမ်းသာယာမှုများပျက်စီးခဲ့ရသည်။ ထိုကာလအတွင်း ရဟန်းတော်တို့သည် ဘေးကင်းရာမဗျိုမသို့ ကူးသူကကူး၊ ကျန်ခဲ့သူကကျန်ဖြင့် ရဟန်းတော်များစွာသည် ကာလပယောဂ၏နှိပ်စက်မှုကြောင့် အကျိုးမဲ့ပျံလွန်တော်မူကြရလေသည်။ မည်သို့ဖြစ်စေ သာသနာစောင့်မထေရ်ကြီးအချို့သည် ခန္ဓာကိုယ်ပင်ပန်းဆင်းရဲသည်ကို ငဲ့ညှာတော်မမူဘဲ အသက်ကိုစွန့်၍ ဘုရားရှင်၏သာသနာတော်မကွယ်ပျောက်သွားစေရန်အတွက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြလေ၏။ စူဠသီဝမထေရ်အိုကြီးသည် ဇမ္ဗုကောလဆိပ်ကမ်းမှ အနုရာဓနေပြည်တော်ရှိ မဟာဝိဟာရကျောင်းတိုက်သို့ ရောက်အောင် ဝါးရက်တိုင်တိုင် ခရီးကိုခြေကျင်ဖြင့် တစ်ဖါးတည်းကြွတော်မူလေသည်။

မဟာဝိဟာရ ကျောင်းတော်ကြီးသည် သီဟိုဠ်ကျွန်းသို့ သာသနာရောက်စကာလ ဒေဝါနံပိယတိဿမင်းကြီး ဆောက်လုပ် လှူဒါန်းထားသည့် သံဃာ



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပေါင်းများစွာ သီတင်းသုံးနိုင်သော ကျောင်းတော်ကြီး ဖြစ်လေသည်။ သို့တစေ အနှီ ကျောင်းတော်ကြီး၏ဖြစ်မှု ပျက်မှုသဘောကို သုံးသပ်ဆင်ခြင်ကာ ထိုကျောင်းတော်မှ သုံးဖာလုံခန့် အကွာ အဝေးတွင် တည်ရှိနေသော မဟာစေတီတော်ကြီးဆီသို့ ဆက်လက်ကြွတော်မူလေ၏။ သာသနာ့အာဇာနည် ဒုဋ္ဌဂါမဏိမင်းကြီး၏ကောင်းမှုတော်ဖြစ်သော မဟာစေတီတော်ကြီးသည် ရေညှိရေမှော်များ ငြိကပ်၍ ချုံနွယ်ပိတ်ပေါင်းများ ရစ်ပတ်ဖုံးလွှမ်းနေချေပြီ။ စေတီကြီး၏ ကျယ်ပြန့်လှသောရင်ပြင်တော်တစ်ခုလုံးသည်လည်း ကြက်ဆူပင်များက တောထနေလျက်ရှိသည်။

မထေရ်အိုကြီးသည် မြင်ကွင်းဆိုးများကို လျစ်လျူပြုလိုက်ပြီး စေတီတော်ကြီးကို သက်တော်ထင်ရှား ဘုရားရှင်အား ဝတ်ပြုသည့်ပမာ ဦးစွာ ဦးချကန်တော့ပြီးလျှင် ဇရပ်တစ်ခုအတွင်းသို့ဝင်၍ ခေတ္တနားရင်း စေတီတော်စေတီတော်ကြီးကို တစိမ့်စိမ့်ဖူးမြော်ကြည်ညိုနေလေ၏။

"အင်း - အတုမရှိသော ဘုရားရှင်၏သရီရဓာတ်တော်များကိန်းဝပ်ရာ ဤမဟာစေတီကြီးသည်ပင် လောကဓံ၏ အနိမ့်အမြင့်ကြောင့် ထိန်းသိမ်းစောင့်ရှောက်သူကင်းမဲ့နေပါတကား"

မထေရ်အိုကြီးသည် စေတီကြီးကို ဖူးမြော်ကြည်ညို၍ သံဝေဂအတွေးဝင်နေခိုက် ဒကာတစ်ဦးသည် ဆန်ကျည်တောက်နှင့် ထန်းလျက်ခဲများကို ကိုင်ဆောင်ကာ အနီးသို့ရောက်လာလေ၏။

"အရှင်ဘုရား၊ တိုင်းပြည်မငြိမ်မသက်ဖြစ်နေတာမို့ အခုလို တစ်ပါးတည်း သီတင်းသုံးနေမယ်ဆိုရင် အန္တရာယ်ရှိပါတယ်ဘုရား။ ဘေးကင်းရာနေရာကို ရွှေ့ပြောင်းသီတင်းသုံးဖို့ တပည့်တော် လျှောက်ထားပါရစေ ဘုရား"

မိမိကိုဝတ်ပြုဦးတင်၍ သတိပေးစကားလျှောက်ထားသည့် လူစိမ်းဒကာကြီး၏သွင်ပြင်လက္ခဏာကို မထေရ်အိုကြီးက စူးစမ်းသမှုပြုလိုက်သည်။ စူးစမ်းကြည့်တော့လည်း ဒကာကြီး၏သွင်ပြင်က အားကိုးဖွယ်ရာအတိ။ မှန်သည်။ သူ၏တောင့်တင်းကြံ့ခိုင်သည့် ခန္ဓာကိုယ်ကို ကွက်တုံးပုဆိုးကို ခါးတောင်းကျိုက်၍ ဖျင်ကြမ်းအင်္ကျီခပ်နွမ်းနွမ်းဖြင့် တွဲဖက်ကာဝတ်ဆင်ထားသည်။ ဆံပင်ရှည်သျှောင်တွဲကို အဖြူရောင်ခေါင်းပေါင်းဖြင့် သေသပ်စွာ ပေါင်းထားပြီး အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ ကျယ်ပြန့်သောနဖူး၊ ထင်ရှားသည့်မျက်ခုံး၊ ပေါ်လွင်သည့်နှာတံ၊ အစွန်းနှစ်ဖက်ကော့လန်နေသည့် နှုတ်ခမ်းမွေးကြီးတို့ဖြင့် လူစိမ်းဒကာကြီး၏ ဥပဓိရုပ်ခံ့ညားမှုကို ထင်ဟပ်ပြသနေသကဲ့သို့ရှိနေ၏။ အထူးခြားဆုံးမှာ စူးရှတောက်ပြောင်နေသည့် မျက်လုံးအစုံပင် ဖြစ်သည်။ သို့သာမက အသံသြဇာကလည်း တစ်မူထူးခြားစွာ အားအင်အပြည့်ဖြစ်နေသည်။

"အေးကွယ်၊ ဘုန်းကြီးလည်း ခဏနေရင် သီဟိုဠ်ကျွန်းတောင်ပိုင်းကို ခရီးဆက်ဖို့ စီမံထားပါတယ်ကွယ်"

"ဒါဆိုရင်တော့ အဆင်ပြေပြီပေါ့ဘုရား။ တပည့်တော်လည်း တောင်ပိုင်းကိုပဲသွားမှာပါ။ ကဲ-အချိန်မလင့်ခင် ခရီးဆက်ကြစို့ဘုရား"

"ဘုန်းကြီးက လူအိုဆိုတော့ ဒကာနောက်ကို မီအောင်လိုက်နိုင်မယ်မထင်ဘူး၊ ဒကာသာရှေ့က သွားနှင့်ပါကွယ်။ ဘုန်းကြီးကို ဒုက္ခခံပြီး စောင့်မနေပါနဲ့တော့။ ခရီးဖင့်နေဦးမယ်ကွယ်"

"တပည့်တော်မှာ အလျှဉ်စလိုဘာမှကိစ္စမရှိပါဘူးဘုရား။ အရှင်ဘုရားကြွနိုင်သလောက်ပဲ ခရီးဆက်ကြတာပေါ့ဘုရား"

လူစိမ်းဒကာကြီး၏ စကားကို မထေရ်အိုကြီးဆက်၍ ငြင်းပယ်နိုင်စွမ်းမရှိတော့။ သို့ဖြင့် လူစိမ်းဒကာကြီးသည် မထေရ်အိုကြီး၏သပိတ်၊ သက်န်းတို့ကိုယူကာ ခရီးဆက်ခဲ့ကြလေ၏။ လမ်းခရီးတွင် လူစိမ်းဒကာကြီးသည် သူထံပါလာသော ထန်းလျက်ကို သပိတ်အတွင်းထည့်၍ဖျော်ပြီး မထေရ်အိုကြီးကိုကပ်လေသည်။ ထန်းလျက်ဖျော်ရည်ဆိုသော်လည်း မထေရ်အိုကြီးအဖို့ ထူးထူးခြားခြားပင် အားအင်များပြည့်ဖြိုးလာလေသည်။

❑

လူစိမ်းဒကာကြီးနှင့်မထေရ်အိုကြီးတို့နှစ်ဦးသား တရွေ့ရွေ့ခရီးဆက်ခဲ့ရင်းဖြင့် ဝေဏုမြစ်အနီးတွင်ရှိသောကျောင်းဟောင်းတစ်ခုဆီသို့ ရောက်ရှိကာ ခရီးတစ်ထောက်နားလိုက်လေ၏။ ထိုညတွင် ယင်းကျောင်းဟောင်းမှာပင် လူစိမ်းဒကာကြီးနှင့်အတူ တည်းခိုအိပ်စက်အနားယူလိုက်သည်။ နောက်တစ်နေ့နံနက်တွင် လူစိမ်းဒကာကြီးသည် မထေရ်အိုကြီးကို ယာဂုကျို၍ကပ်ပြီး ဆွမ်းစားချိန်ရောက်သောအခါတွင်လည်း ဆွမ်းများချက်ပြုတ်၍ ဆက်ကပ်လေပြန်သည်။ လူစိမ်းဒကာကြီး၏ဆက်ဆံပုံမှာ မထေရ်အိုကြီးကို ဆရာရင်းဒကာရင်းကဲ့သို့ပင်ရှိချေ၏။ ထို့နောက် ဆက်လက်၍ ခရီးထွက်ခဲ့ရာ လမ်းခရီးတစ်နေရာသို့ရောက်သောအခါ၌ -

"အရှင်ဘုရား၊ ဒီဒေသဟာ သစ်ရွက်စားတဲ့လူများနေထိုင်တဲ့အရပ်ဒေသပဲဖြစ်ပါတယ်ဘုရား။ ရှေ့မှာ မီးခိုးတလူလူထွက်နေတဲ့နေရာဟာ သူတို့ရဲ့ရွာပဲဖြစ်ပါတယ်။ ဒါကြောင့် အရှင်ဘုရားနဲ့ တပည့်တော်ဟာ ဒီနေရာမှာပဲလမ်းခွဲကြပါစို့ဘုရား"

မထေရ်အိုကြီး ဦးတည်ခရီးထွက်လာသည့်ဒေသသည်လည်း ဤနေရာသည်ပင်ဖြစ်သောကြောင့် လူစိမ်းဒကာ၏လျှောက်ထားမှုကို ဆိတ်ဆိတ်နေခြင်းဖြင့်ဝန်ခံလိုက်လေ၏။ သို့သော် ဤနေရာ ဤဒေသသို့ တစ်ညအိပ်ခရီးဖြင့် ရောက်လာခြင်းကိုမူ မထေရ်အိုကြီးအနေဖြင့် မစဉ်းစားတတ်အောင်ဖြစ်နေသည်။ လူစိမ်းဒကာကြီးကား မထေရ်အိုကြီးကို ရှိခိုးဝတ်ပြု၍ သူလိုရာခရီးကို ဆက်လက် ထွက်ခွာသွားပြီ ဖြစ်သည်။ မထေရ်အိုကြီးကား ဤမျှဝေးကွာလှသောခရီးကို မပင်မပန်းအချိန်တိုတိုဖြင့် အဘယ်ကြောင့် ရောက်လာသနည်းဟူသောမေးခွန်းကို အဖြေရှာကြည့်လိုက်သောအခါ လူစိမ်းဒကာသည် သာမန်လူသားတစ်ဦးမဟုတ်ဘဲ မိမိအခက်အခဲကို အကူအညီပေးရန် ရောက်လာသောပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ကြောင်း သဘောပေါက်သွားလေတော့သည်။ မည်သို့ဆိုစေ စူဠသီဝမထေရ်အိုကြီးသည် သစ်ရွက်ကိုသာ စားသုံးသည့်လူများနေထိုင်သောရွာသို့ ချောမောစွာရောက်သွားပြီး တိုင်းပျက်ပြည်ပျက် ခေတ်ဆိုးကာလအတွင်း၌ ထိုရွာမှာပင် သစ်ရွက်ကိုသာ ဘုဉ်းပေးပြီး သံယုတ္တနိကာယ်တော်ကြီးအား နှလုံးသွင်းဆင်ခြင်၍ (၁၄) နှစ်ကျော် သီတင်းသုံးကာ ဘုရားရှင်၏ ပရိယတ္တိသာသနာကို စောင့်ရှောက်တော်မူခဲ့လေသတည်း။

(ထိုခေတ်တွင် ပိဋကတ်တော်တို့ကို နှုတ်ဖြင့် အာဂုံဆောင် ထိန်းသိမ်းပြီး ပေစာအဖြစ်ရေးသားမှတ်တမ်းတင်ထားခြင်းမရှိသေးပေ။)

ခေနသျှင်စိုး

**စာမှီး**

မဟာဝံသ ဦးမောင်လှိုင်၏သံယုတ္တနိကာယ်ကြီးကို (၁၄) နှစ်ကျော်သစ်ရွက်စား၍ အာဂုံဆောင်ခဲ့သော စူဠသီဝမဟာထေရ်။



www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခချုပ်(ငြိမ်း)

# ဒေါက်တာအောင်အောင်မင်း


## အကာကိုခွာ၍ အနှစ်ရှာကြည့်ခြင်း

(၁)

လောကမှာ လူနဲ့ သက်ရှိသတ္တဝါအားလုံးတို့ဟာ သေခြင်းတရားကို ရှောင်လွှဲလို့မရနိုင်တာ လောကနိယာမပါ။ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ သေခြင်းတရားဟာ အရွယ်သုံးပါးမရွေး၊ အချိန်မရွေး၊ နေရာဒေသမရွေး ရောက်လာနိုင်ပါတယ်။ ရှင်ခြင်းနဲ့ သေခြင်းဆိုတာ ဒင်္ဂါးပြားတစ်ပြားရဲ့ ခေါင်းနဲ့ ပန်းလိုပဲ ကျောချင်းကပ်နေတာပါ။ အလင်းနဲ့ အမှောင်၊ အကောင်းနဲ့ အဆိုး၊ အမှန်နဲ့ အမှားစတဲ့ ဆန့်ကျင်ဘက်သဘောတွေလိုပါပဲ။ ဒါတွေဟာ လောကရဲ့ ကြောင်းကျိုးဆက်စပ်တည်ရှိနေတဲ့သဘာဝဓမ္မတရားတွေဖြစ်ပါတယ်။ ဇီဝနိယာမသဘောနဲ့ ကြည့်ရင်လည်း လူနဲ့ သက်ရှိမှန်သမျှဟာ မွေးဖွားလာရင် ဇီဝသက်တမ်းရှိသလောက်သာ ရှင်သန်ပြီး သေဆုံးကြရတာ ဓမ္မတာပါ။

(၂)

ကျွန်တော်ရဲ့ ကျောင်းနေဖက်ငယ်သူငယ်ချင်းနှစ်ယောက်ဟာ ၂၀၁၅၊ နိုဝင်ဘာလမှာပဲ ရှေ့ဆင့်နောက်ဆင့် အနိစ္စရောက်သွားကြပါတယ်။ ကျွန်တော်တို့ ငယ်သူငယ်ချင်းအားလုံး၊ သူတို့နှစ်ယောက်ရဲ့နောက်ဆုံးခရီးကို ပို့ဆောင်ပေးခဲ့ကြတယ်။ ၁၉၇၂ ခုနှစ် ဘွဲ့ရခဲ့တဲ့ သူငယ်ချင်းတွေ အနှစ် (၄၀) ခန့်ကြာပြီးမှ ပြန်ဆုံမိခဲ့ကြပါတယ်။ ကျောင်းမှ ငယ်သူငယ်ချင်းတွေ နှစ်စဉ် စုပေါင်းပြီး ဝါဆိုသင်္ကန်းကပ်လှူကြ၊ ကထိန်ခင်းကြ၊ သာရေးနာရေးကိစ္စတွေမှာ ကူညီကြနဲ့ ဝမ်းသာကြည်နူး ပီတိဖြစ်ရပါတယ်။ ဒီနှစ်ထဲမှာ ကထိန်ခင်းဖို့ အစည်းအဝေးလုပ်ကြတော့ သူငယ်ချင်းနှစ်ယောက်လည်း ကျန်းကျန်းမာမာနဲ့ တွေ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့အားလုံး (၆၀) ကျော် ဇရာပိုင်းအရွယ်တွေပါ။ ငယ်သူငယ်ချင်းတွေဆုံမိကြရင် ဝမ်းသာ





www.burmeseclassic.com

www.burmeseclassic.com

အားရ ရှေးဟောင်းနှောင်းဖြစ်တွေပြောကြပြီး လက်ရှိဘဝအမောတွေမေ့ထားကြတာပါ။ ဇရာရဲ့နောက်မှာ ဗျာမိဆိုတဲ့ နာခြင်းဆင်းရဲမှုတွေ ကပ်ပါနေတာကို သတိမမူမိကြပါဘူး။ နေ့မြင်ညပျောက်ဆိုတဲ့စကားလိုပဲ ငယ်သူငယ်ချင်းနှစ်ယောက် အချိန်တိုလေးအတွင်းမှာ မမျှော်လင့်ဘဲ ထာဝရခွဲခွာသွားခဲ့ကြပါတယ်။

သေခြင်းတရားနဲ့ ပတ်သက်လို့ ဆရာချစ်စံဝင်းရဲ့ 'ဤခရီးနီးသလား' စာအုပ်ကိုဖတ်ပြီးတဲ့နောက် ကျွန်တော့်ဘဝရဲ့အတွေးအမြင်တွေပြောင်းလဲသွားခဲ့ပါတယ်။ တကယ်တော့ မရဏခရီးဟာ မဝေးပါ။ ဒီခရီးအလွန်ပဲနီးလာပြီဆိုတာ ကျွန်တော်ရဲ့ သူငယ်ချင်းနှစ်ဦးက သက်သေပြလိုက်သလိုပါပဲ။ ပုထုဇဉ်လူသားမဆိုထားနဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တိုင်သော်မှ အနိစ္စသဘောကို မလွန်ဆန်နိုင်ပါလားလို့ သံဝေဂတရား ရမိပါတယ်။ မရဏာနုဿတိ ဆိုတဲ့ သေခြင်းရဲ့ မြဲတဲ့သဘောကို အလေးအနက် ဆင်ခြင်မိပါတယ်။ ဒီတော့ ဘဝမှာ အသေမဦးခင် ဘယ်လို အဓိပ္ပာယ်ရှိရှိ အနှစ်သာရအပြည့်နဲ့နေထိုင်ကျင့်ကြံသွားသင့်သလဲဆိုတာ စဉ်းစားရပါတော့မယ်။ ကျွန်တော်တို့ရဲ့ဘဝတွေကို အဓိပ္ပာယ်မဲ့အာဏာတွေနဲ့ နေထိုင်ရှင်သန်ပြီး ဉာဏ်မဦးခင် အသေဦးသွားကြမယ်ဆိုရင်တော့. . . ။

(၃)

လူ့ဘဝရဲ့ ရှင်သန်နေစဉ်ခဏမှာ တစ်ဦးနဲ့တစ်ဦး ရည်မှန်းချက်၊ ခံယူချက်နဲ့ ယုံကြည်ချက်တွေ မတူနိုင်ကြပါဘူး။ ဘယ်လိုပဲ မတူကွဲပြားစေကာမူ ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းဖို့နဲ့ မှန်ကန်တဲ့ ဘဝပန်းတိုင်ရှိဖို့ လိုအပ်ပါတယ်။ ယနေ့ ၂၁ ရာစုမှာ ခေတ်မီတိုးတက်လာပေမယ့် လူတွေရဲ့စရိုက်တွေ ကြမ်းတမ်းလာပြီး အဓိပ္ပာယ်မဲ့တဲ့ အပျော်အပြက်အလုပ်တွေနဲ့ အချိန်ဖြုန်းနေကြတယ်။ ကိုယ်ရဲ့တန်ဖိုးရှိတဲ့အချိန်နဲ့ စွမ်းအားတွေကို အလဟဿဖြုန်းတီးနေကြတာ အများစုပါ။

လူတွေဟာ ငယ်ရာကကြီးလာပြီး တဖြည်းဖြည်း အိုမင်းမစွမ်းဖြစ်လာကြတာ ဓမ္မတာပါ။ သို့ပေမယ့် အသက်ကြီးရင့်လာသူတိုင်း မရင့်ကျက်ကြပါဘူး။ ဘဝကိုအလေးအနက်မထားဘဲ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားနဲ့အချိန်တွေကုန်ဆုံးလာခဲ့ကြတယ်။ မြင့်မြတ်ပြီး တန်ဖိုးရှိတဲ့ လူပီသသူတစ်ယောက်ဖြစ်လာဖို့ အချိန်တိုင်း၊ နာရီတိုင်းမှာ အဓိပ္ပာယ်ရှိတဲ့ ဆုံးဖြတ်ချက်တွေ မှန်မှန်ကန်ကန်ချနိုင်ဖို့ အရေးကြီးပါတယ်။ ဘဝမှာ သစ္စာရှိပြီး ဖြူစင်ဖြောင့်မတ်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့၊ မေတ္တာစေတနာထားဖို့၊ အများအကျိုးသယ်ပိုးတတ်ဖို့ ဆိုတာတွေဟာ လူပီသတဲ့သူဖြစ်စေပါတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုခိုင်မာစေပါတယ်။ဒီထက်ပိုပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ဘဝရဲ့အနှစ်နဲ့တန်ဖိုးတွေကိုတော့ ဉာဏ်နဲ့ဆင်ခြင်ကြည့်မှ သိနိုင်မှာပါ။

တကယ်တမ်း စဉ်းစားကြည့်ရင် လူအများစုဟာ ဘဝမှာရှင်သန်ရုံလေးပဲ နေကြပြီး ပျိုရာမှအို၊ အိုရာမှ တဖြည်းဖြည်းနာပြီး နောက်ဆုံးတော့ အနိစ္စရဲ့ ဝါးဖတ်ပဲဖြစ်သွားကြရတယ်။ရှင်သန်ခြင်းဆိုတာက အမြဲတစေ မမြဲခြင်းရဲ့ နှိပ်စက်မှုကိုခံနေရတာပါ။ ရှင်သန်နေမှုသဘောကို ဉာဏ်နဲ့ဆင်ခြင်ကြည့်ရင် 'ခဏလေး' တွေ မမြဲတဲ့သဘောကို တွေ့ရမှာဖြစ်ပါတယ်။ ဖြစ်ပြီးပျက်နေတဲ့ ဖောက်ပြန်မှုသဘောတွေပါ။

အချိန်ကာလယန္တရားဟာ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှရဲ့ ပိုင်ဆိုင်မှုအားလုံးကို ဝါးမျိုပစ်နေပါတယ်။ တစ်ချိန်တည်းမှာပဲ သတ္တဝါတွေရဲ့သန္တာန်မှာ လောဘ၊ ဒေါသနဲ့ မောဟဆိုတဲ့ ကိလေသာမီးတွေဟာ အမြဲလောင်ကျွမ်းနေတာပါ။ သတိမရှိတော့ သတိမပြုနိုင်တာ မဆန်းပါဘူး။ မီးရဲ့သဘာဝဟာ ပူလောင်ခြင်း၊ လောင်ကျွမ်းစေခြင်းနဲ့ အလင်းရောင်ဖြစ်ပေါ်ခြင်းစတဲ့ ဂုဏ်သတ္တိတွေရှိပါတယ်။ အမြဲလောင်ကျွမ်းနေတဲ့ ကိလေသာမီးတွေကို ဝါးမျိုပစ်နိုင်တာက ပညာမီးသာလျှင်ဖြစ်ပါတယ်။ အဝိဇ္ဇာအမှောင်ကိုခွင်းပြီး အလင်းရောင်ပေးနိုင်တဲ့ ပညာမီးကို ဇရာမချဉ်းမီရှာကြရမှာပါ။ 'ပညာ' သာလျှင် အမှောင်ခွင်းပြီး ဉာဏ်အလင်းကို ဆောင်ကြဉ်းပေးနိုင်ပါတယ်။

(၄)

ဘဝရဲ့ ရှင်သန်မှုကို မမြဲတဲ့သဘောက အချိန်တိုင်းမှာ ဝါးမျိုနေလို့ တန်ဖိုးမရှိဘူးလို့သိတဲ့ ဉာဏ်ကသာလျှင် အဖိုးတန်ပါတယ်။ အဲဒီရှင်သန်မှုထဲကနေ တရားအနှစ်ထုတ်နိုင်မှသာ ရှင်သန်ခြင်းဟာ အဓိပ္ပာယ်ရှိသလို သေဆုံးခြင်းဟာလည်း အနှစ်သာရရှိမှာ အမှန်ပါ။ လူ့ဘဝရဲ့ စစ်မှန်တဲ့အနှစ်တရားတွေက ဒါန၊ သီလနဲ့ ဘာဝနာတရားတွေပါ။

ဒါနဆိုတဲ့ ပေးကမ်းစွန့်လွှတ်မှုဟာ မိမိရဲ့ပိုင်ဆိုင်မှုထဲကထုတ်ရမယ့်အနှစ်ပါ။ 'သီလ' ဆိုတဲ့ စောင့်ထိန်းရမယ့် ကိုယ်ကျင့်တရားက မိမိရဲ့ခန္ဓာထဲက ထုတ်ယူရမယ့်အနှစ်ပါ။ ဘာဝနာဆိုတဲ့ သမာဓိနဲ့ ပညာကတော့ မိမိရှင်သန်မှုထဲကနေထုတ်ယူရမယ့် အနှစ်တရားဖြစ်ပါတယ်။ ဆိုလိုတာက မိမိရဲ့သီလနဲ့ သမာဓိကို အခြေခံပြီး သတိတရားနဲ့ ဉာဏ်အလင်းပွင့်သွားအောင် ကြိုးစားအားထုတ်ကျင့်ကြံရမှာပါ။ ဘဝရဲ့အနှစ်ကို ကိုယ့်ရဲ့ခန္ဓာမှာပဲရှာရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ခန္ဓာဉာဏ်ရောက်နိုင်တဲ့ သတိပဋ္ဌာန်လေးပါးကိုအခြေခံပြီး ခန္ဓာရဲ့ ဖြစ်မှုပျက်မှုသဘောတွေသိအောင် ဉာဏ်မျက်စိနဲ့ ကြည့်တတ်ဖို့လိုပါတယ်။ အထူးသဖြင့် သစ္စာလေးပါး အမှန်တရားတွေကိုသိအောင် ကြိုးစားပြီးကျင့်ကြံပွားများအားထုတ်ဖို့အရေးကြီးပါတယ်။ သို့မှသာ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခနဲ့ အစိုးမရတဲ့ အနတ္တလက္ခဏာတွေကို ဆင်ခြင်နိုင်တဲ့ ဝိပဿနာဉာဏ်အမြင်တွေရလာမှာဖြစ်ပါတယ်။

(၅)

'မနုဿတ္တ ဘာဝေါ ဒုလ္လဘော'လို့ မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သလို လူ့ဘဝဆိုတာ ရခဲပါတယ်။ လူ့ဘဝရဆဲခဏမှာ အဓိပ္ပာယ်ရှိရှိ အနှစ်သာရအပြည့်နဲ့ ရှင်သန်နေထိုင်ရင်း ကျင့်ကြံအားထုတ်ဖို့ လိုအပ်လှပါတယ်။ အနှစ်ချုပ်ရရင် လောကမှာ ရှင်ခြင်းသည် မမြဲ၊ သေခြင်းသာလျှင် မြဲသည် ဆိုတာ အမှန်တရားပါ။ သီလ၊ သမာဓိ၊ ပညာကို အရင်းခံတဲ့ ဘာဝနာအနှစ်မပါဘဲ ရှင်သန်နေခြင်းဟာ အကာသတ်သတ် အနှစ်မဲ့တဲ့ ရှင်သန်ခြင်းမျိုးသာဖြစ်ပါတယ်။ အနှစ်ကင်းမဲ့သေရခြင်းမျိုးနဲ့ ဘဝတစ်ခါပြောင်းသွားခဲ့ရင် လူဖြစ်ရကျိုးမနပ်လို့ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ လက်ရှိ ပစ္စုပ္ပန်ဘဝမှာ လူဖြစ်ကျိုးနပ်ပြီး မြင့်မြတ်တန်ဖိုးရှိတဲ့လူပီသသူဖြစ်အောင် အရေးမပါတဲ့အကာတွေကို ခွာထုတ်ပြီး အနှစ် သို့မဟုတ် ဘဝရဲ့သစ္စာတရားကို ရှာဖွေကြဖို့ တိုက်တွန်းပါရစေ။

ဒေါက်တာအောင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

# တိမ်တိုက်ထဲက ကြာပန်းချစ်သူ


ခဲသားရောင် ပြာနှမ်းနှမ်းကောင်းကင်ပြင်ကြီးထဲမှာ ဖျိုင်းဖြူဖြူကလေး တစ်ကောင်ပျံနေရဲ့။

သူပျံသန်းပုံက ကသုတ်ကရက်နိုင်လှတယ်။ ကိုယ်ပဲထင်နေတာလား၊ သူပဲအဲဒီလိုတကယ်ပျံနေတာလားမသိ။ နာဂစ်အလွန်မှာကတည်းက မိုးရွာတိုင်းလေပါတတ်သလိုပဲ။ ခုလည်း မိုးသက်လေနှင်တော့မှာမို့ သစ်ပင်တိုင်းဟာ ကမူးရှူးထိုးတိုးဝှေ့လူးပ်ခတ်နေကြတယ်။ ငှက်တွေဟာ သူတို့အသိုက်ရှိရာကို ကြောက်လန့်တကြားအပြေးပျံနေကြရသိမ့်မယ်။ ဖျိုင်းလေးလည်း ဒီလိုပဲရှိလိမ့်မှာထင်ရဲ့။

မိုးစက်တွေဟာ မြားသေးသေးချွန်ချွန်လေးတွေလို ထိုးစိုက်လာကြတယ်။ လေတစ်ချက်အသုတ်မှာတော့ မှန်ပြတင်းတံခါးရွက်တစ်ချပ် ဒိုင်းခနဲပြေးပိတ်လာပေါ့။ ကျန်တစ်ချပ်ကိုပါဆွဲစေ့ပြီး ပြတင်းပေါက်ကို ပိတ်လိုက်ရမှာဖြစ်ပေမယ့် ကိုယ့်လက်တွေကမရွေ့။ မိုးရွာလို့ သစ်ရွက်တွေကြွေကျ ပြေးလွှားလာတိုင်း ငယ်ငယ်တုန်းကတော့ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ 'သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်ခိုင်' ထဲက ခိုင့်ရဲ့လွင့်မျောနေတဲ့ သဏ္ဌာန်ကိုမြင်မိတတ်တယ်။ ခုဖျတ်ခနဲမြင်မိတာက မုတ်ဆိတ်ဖြူကြီးနဲ့ ဩစတေးလျားကြီးတစ်ယောက်။

မနှစ်က ဒီလိုရက်တွေမှာပဲပေါ့။

'လက်ာဒီပ ကျွန်းညိုမြ' လို့ ကိုယ်တင်စားခေါ်တတ်တဲ့ သီရိလင်္ကာကျွန်းနိုင်ငံလေးကိုသွားဖို့ ရန်ကုန်လေဆိပ်ကနေ MAI လေယာဉ်နဲ့ ဘန်ကောက်ကို မနက် (၇) နာရီခွဲမှာ စတင်ခရီးနှင်ခဲ့တယ်။ မိုးထဲလေထဲ ခဲသားရောင်တိမ်တိုက်တွေကိုဖြတ်ပြီး လေယာဉ်မှူးကြီးနေထွန်းဦး မောင်းနှင်တဲ့ လေယာဉ်ကြီးဟာ တသိမ့်သိမ့်တုန်ခါရင်း ပျံသန်းခဲ့ပေါ့။



မြတ်စွာဘုရားဆင်းတုရုပ်တုတော်များနှင့်ကြာပလ္လင်



မြတ်စွာဘုရားဆင်းတုရုပ်တုတော်များနှင့် ကြာပလ္လင်



ပုဂံခေတ်က ဗုဒ္ဓဝင်ရုပ်ခန်းသရုပ်ဖော် ကြေးကြာဖူး




www.burmeseclassic.com

www.burmeseclassic.com

ခရမ်းပြာရောင် သစ်ခွပွင့်တွေ ရင်မှာတွယ်ချိတ်ထားတဲ့ လေယာဉ်မယ်လေးတွေ ဥဒဟိုသွားနေတဲ့ 'သုဝဏ္ဏဘူမိ လေယာဉ်ကွင်း'ကို တစ်နာရီကျော်ခန့် အကြာမှာပဲရောက်ခဲ့တယ်။ ကမ္ဘာခြားသွားသလို အနေအထားတွေက ချက်ချင်းပြောင်းသွားပေါ့။ လေဆိပ်ကြီးထဲက မှန်သားလိုဏ်ခေါင်းကြီးတွေထဲမှာ တစ်နေကုန်နေခဲ့ရပေမယ့် ကြည့်စရာတွေများလို့ မပျင်းရိအားပါဘူး။ မိုးတွေသည်းထန်နေတာကို ငွေမင်ရောင် လေဆိပ်အဆောက်အအုံရဲ့ အမိုးမှန်ခုံးကြီးပေါ်မှာ လိမ့်ဆင်းကျလာတဲ့ ရေစီးကြောင်းတွေကတစ်ဆင့်သိနေပေမယ့် နေ့လား၊ ညလား၊ မိုးရွာလား၊ နေပူလား၊ ဆောင်းလား၊ မိုးလား၊ နွေလား ဘာမှမကွဲပြားနိုင်အောင် ခေတ်မီစွာစီစဉ်ထားပါရဲ့။

နာရီပေါင်းများစွာကို သစ်ခွဥယျာဉ်ထဲမှာ လိပ်ပြာတစ်ကောင်လိုလှည့်လည် ပျံသန်းနေမိပေါ့။ မြို့ငယ်








မြတ်စွာဘုရားဆင်းတုရုပ်တုတော်များနှင့် ကြာပလ္လင်



ဗုဒ္ဓဆင်းတုတော်ခြေဖဝါးမှ ကြာလက္ခဏာ




www.burmeseclassic.com

www.burmeseclassic.com

လေးတစ်မြို့လို ကျယ်ဝန်းတဲ့ လေဆိပ်အပေါ်ထပ် အလယ်လမ်းက 'နို့ခမ်းပင်လယ်ကို မြင်းမိုရ်တောင်ဖြင့် မွှေ့ယူခြင်း' (The Churning of the Ocean of Milk) ပြကွက်ကိုလည်း အကြိမ်ကြိမ်သွားကြည့်မိရဲ့။ ဒီမှာက ရုပ်တုလို ခေတ်သစ်လက်ရာနဲ့ ပြန်ထုလုပ်ပြသထားပေမယ့် မနှစ်ကရောက်ခဲ့တဲ့ ကမ္ဘောဒီးယား၊ ဆီရမ်ရိမြို့ပေါင်းက အန်ကောဝတ်ဘုရားကျောင်းရဲ့အရှေ့ဘက်နံရံမှာတော့ သဲကျောက်ပြားမှာ ရုပ်ကြွအဖြစ် ထုဆစ်ထားတာပါ။ ဗိသနိုးနတ်မင်းကြီး ဖန်ဆင်းယူထားတဲ့ ကမ္ဘာလိပ်ကြီးရဲ့ ကျောပေါ်က မြင်းမိုရ်တောင်ကြီးကို ကာလနဂါးကြီး-ဝါသုကီ (Vasuki) ရဲ့ ကိုယ်လုံးရှည်ကြီးနဲ့ရစ်ပတ်ပြီး နတ်ဒေဝတာ(Devas)များနဲ့ အသူရာ (Asuras) နတ်ဆိုးတို့က ဟိုဘက်ဒီဘက်မှ အပြန်အလှန်ဆွဲမွှေ့ကြရင်း နို့ခမ်းပင်လယ်ကို ခန်းခြောက်စေကာ မသေဆေးရည် (Amrita) ကိုဖော်စပ်ယူခဲ့ပုံပေါ့။ ဒီလိုနဲ့ ဗိသနိုးနတ်မင်းကြီးဟာ အာယုဒီဃဆေးရည်ကို ရသွားသတဲ့။ ဟိန္ဒူဗြာဟ္မဏ အယူအဆပေမယ့် အရှေ့တောင်အာရှရဲ့ လှပခမ်းနားတဲ့ အနုလက်ရာမို့ ကိုယ့်မှာ ခရီးဖော်အချင်းချင်းကို သတင်းလက်တို့ရင်း ရှင်းပြနေမိတာအမော။

ဒီလိုပုံနဲ့ မိုးကြီးချုပ်ပြီး လေဆိပ်ထဲတ၀ဲလည်လည်လှည့်ရင်း ဘန်ကောက်မှ ည (၇) နာရီခွဲထွက်တဲ့ (Sri Lankan Airlines)က အဲယားဘတ်(စ်)လေယာဉ်ကြီးနဲ့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်ကို ခရီးနှင်ခဲ့တယ်။ လေယာဉ်ကြီးဟာ ရထားတွဲကြီးတစ်စင်းလိုအရှည်ကြီးပါ။ ကိုယ်တို့လိုက်ပါစီးနင်းမယ့် (Economy Class) ထိုင်ခုံတွေကို ရောက်ဖို့တောင် အတော်လေးသွားရတယ်။ ကိုယ်ရတဲ့ထိုင်ခုံက အလယ်တန်းခုံအတွဲမှာပါ။ ဒီအတွက်လည်း ဘာမှမျှော်လင့်မထားပါဘူး။ ဘန်ကောက်ကနေသီရိလင်္ကာကို ထွက်ခွာတဲ့ ခရီးစဉ်တိုင်းဟာ ညဘက်တွေချည်းပဲဖြစ်နေလို့ပါ။

ဒေါင်းမြီးကွက်စိမ်းစိမ်းမှောင်မှောင်တွေဖြာကျနေတဲ့ အပြာရောင်၊ ခါးပေါ်



ဗုဒ္ဓဘာသာစေတီတော်များမှကြာ



ကြာပန်းပုံအဆောက်အအုံဗိသုကာလက်ရာ



ဗုဒ္ဓဘာသာနိကာအဆောက်အအုံများမှ
ကြာအဆင်တန်ဆာများ





www.burmeseclassic.com


www.burmeseclassic.com

ဆာရီ (Saree) ဝတ်စုံနဲ့ လေယာဉ်မယ်လေးတွေက နွဲ့နွဲ့ထွေးထွေးကျိုးနွံ့စွာ ကြိုဆိုလို့။ သူတို့ရဲ့ခါးနောက်ဘက်မှာ ထွက်ကျနေတဲ့ ဆာရီအဖျားစအစွန်းလေးက အတွန့်အခေါက်လေးတွေညီညီညာညာနဲ့ ဒေါင်းမြီးလေးလို လှပနေရဲ့။ ထိုင်ခုံနံပါတ်အရ ထိုင်လို့မှ ခါးပတ်မပတ်ရသေးခင်မှာဘဲ မြန်မာလိုပြောပြီး လှမ်းခေါ်လိုက်တဲ့အသံတစ်သံ နောက်ဘက်ကကြားလိုက်တယ်။ အဖွဲ့ခေါင်းဆောင် မဟာတိုး-ဒေါ်ဝင်းဝင်း။ သူ့ခုံနဲ့ကိုယ့်ခုံလဲပေးပါတဲ့။ ကြည့်လိုက်တော့ နောက်ဘက်က လေယာဉ်ကိုယ်ထည်နဲ့ ကပ်လျက် နှစ်ယောက်တွဲထိုင်ခုံမှာ ဆံပင်ငွေရောင်ပွပွ၊ မုတ်ဆိတ်ဖြူဖြူ မျက်နှာဖြူကြီးတစ်ယောက်နဲ့တွဲထိုင်နေရာတယ်။ လေယာဉ်မီးတွေက အဲဒီအချိန်မှာပဲ မှိန်ပျပျဖြစ်သွားတယ်။ 'ကိုအေးရဲ့၊ ဝင်းနဲ့နေရာလဲပေးပါ' လို့ သူက ထပ်တောင်းဆိုလာတော့ ကိုယ့်လက်ဆွဲအိတ်ကိုကောက်ကိုင်ပြီး သူ့နေရာကို လျှောက်သွားလိုက်ရတယ်။ ကိုယ်က ခရီးဖော်အားလုံးရဲ့ 'ဂျိုကာ'လေ။ လိုရာသုံးပေါ့။ သူက 'နှစ်ယောက်တည်းနေချင်တယ်' ကားမရိုက်ချင်ဘူးဆိုတော့လည်း ရတယ်လေ ကိစ္စမရှိပါဘူး။ ထိုင်ခုံလဲပြီးလို့ထိုင်ချလိုက်တဲ့တိုင် ဘိုကြီးက ဘိုလိုမနေဘဲ ကိုယ့်ကိုပြုံးကြည့်နေတာတွေ့လို့ ရယ်ပြီး နှုတ်ဆက်လိုက်တယ်။ မသိသလိမနေတဲ့ သူ့စရိုက်ကိုလည်း သတိပြုလိုက်မိရဲ့။ ဘာသိဘာသာနေတတ်တဲ့ သူတို့ဓလေ့ကို ကိုယ်နားလည်ခွင့်လွှတ်နိုင်ပေမယ့် ခုလိုရင်းနှီးကျွမ်းဝင်လိုဟန်နဲ့ မျက်နှာချိုသွေးတာကိုတော့ အံ့ဩသွားမိရဲ့။ ဒီလို ဖော်ရွေနှစ်လိုဖွယ်မျက်နှာပေးကြောင့် မဝင်းထပြေးတာဖြစ်လိမ့်မယ်ထင်ရဲ့။


ထိုင်ခုံနှစ်ခုံတွဲမှာ သူက ပြတင်းပေါက်ဘေးနေရာကိုရထားတယ်။ လေယာဉ်ကိုယ်ထည်နဲ့ကပ်လျက် ပြတင်းပေါက်နဲ့တည့်တည့်ထိုင်ခုံရဖို့ လေယာဉ်

ပုဂံခေတ်က ဗုဒ္ဓဝင်ရှစ်ခန်းသာရုပ်ဖော် ကြေးကြာဖူးများ




ပုဂံခေတ်က ဗုဒ္ဓဝင်ရှစ်ခန်းသာရုပ်ဖော် ကြေးကြာဖူးများ





ပုဂံခေတ်က ဗုဒ္ဓဝင်ရှစ်ခန်းသာရုပ်ဖော် ကြေးကြာဖူး


www.burmeseclassic.com

www.burmeseclassic.com







ဗုဒ္ဓဂယာ မဟာဗောဓိပုထိုးတော်ကြီးဘေးမှ ကြာစကြံ



ဗုဒ္ဓသာသနိကအဆောက်အအုံများမှ ကြာအဆင်တန်ဆာများ



ကမ္ဘာတစ်ဝှမ်းမှ (Waterlilies) ကြာအိုင်၊ ကြာပန်းများ



ကမ္ဘာတစ်လွှားမှ ပဒုမ္မာကြာများ

...းတိုင်းဆန္ဒရှိခဲ့ပေမယ့် 'ညမှောင်မှောင်ကြယ်ရောင်သော်မလင်းတဲ့ ××× ' ညမျိုးမှ သူရဲ့ကံကြမ္မာအတွက် မနာလိုမဖြစ်မိပါဘူး။ ပြီးတော့ မြင်ကွင်းကလည်း ဘင်္ဂလားပင်လယ်အော်ကိုသာ (၃)နာရီတော့်လောက်ဖြတ်သွားရမယ့်ခရီးမို့ နေ့အတ်သွားရင်တောင် ဘာမှထူးပြီးမြင်ရမှာမဟုတ်။ ညခရီးမို့ ဘေးခုံကိုပိုပြီးမလိုချင်တော့ပါဘူး။ ပထမတစ်ခေါက် ဒီရီအတ်ာခရီးတုန်းကလည်း ည (၁၀) နာရီခွဲလောက်မှထွက်တာလေ။

အဲဒီလို မုဒိတာပွားနေချိန်မှာ မှတ်ဆိတ်ဖြူကြီးက ကိုယ့်ကိုခါးပတ်ပတ်ဖို့သတိပေးတယ်။ ဘယ်ရမလဲ၊ ကိုယ်ကအစာစဲ။ သူကရောမှ ကိုယ်ကလည်းဖောကိုတ်ချုံပေါ့။ ဘယ်ကလာပါသလဲဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ ဩစတေးလျကတဲ့။ ဒါသီရိလက်ာကို (၄) ကြိမ်မြောက်တဲ့။ ကိုယ်က မြန်မာပြည်ကပါဆိုတော့ သူကလည်း မြန်မာပြည်ကို (၃) ခါရောက်ဖူးသတဲ့။ ပုဂံ၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ ရန်ကုန်နဲ့ ဒလအထိ အစုံရောက်သတဲ့။ စီဖော လည်းရောက်ဖူးတယ်တဲ့။ အတော်လေး မျက်မှောင်ကုတ်စဉ်းစားလိုက်ပြီးတော့မှ သိပေါ်ဆိုတာ သဘောပေါက်လိုက်တယ်။

အဲဒီလို အပေးအယူမျှနေချိန်မှာ အပြာရောင်မှာ ဒေါင်းမြီးကွက်နဲ့ လေယာဉ်မယ်လေး ခါးနောက်က ဆာရီအဖျားလေးဝဲလို့ရောက်လာပြီး ခရမ်းရောင်အိတ်နဲ့ နားကြပ်လေးတွေဝေတယ်။ ထိုင်ခုံတစ်ခုစီရဲ့နောက်ကျောမှာ သီးခြားရုပ်မြင်သံကြားစက်လေးတွေတပ်ဆင်ပေးထားတယ်။ အဲ - ရုပ်မြင်စက်လေးတွေလို့ပြောရင် ပိုမှန်မယ်။ အသံကိုတော့ လိုက်ဝေထားတဲ့ နားကြပ်ကလေးနဲ့ပဲ တစ်ယောက်ချင်းကြားအောင်နားထောင်ရလို့ပါ။ ဒါမှလည်းဖြစ်မယ်လေ၊ မဟုတ်ရင် ထိုင်ခုံတိုင်းက ဖွင့်နားထောင်တဲ့ အသံမျိုးစုံကြောင့် လေယာဉ်တစ်စီးလုံး ကျွက်ကျွက်ညံနေမှာပေါ့။ ကိုယ်တို့နှစ်ယောက်စလုံး 'နိုး - သင့်ခ်ယူ' လိုက်ကြတယ်။ တီဗွီကြည့်မယ့်အစားစကားပြောကြမယ်လို့ တိုင်ပင်ထားလိုက်ကြသလိုပါပဲ။ မုတ်ဆိတ်ဖြူကြီးက ဖြူးဖြူးကြီးငြင်းပယ်ရင်း ကိုယ့်ကို ရယ်ပြုပြန်တယ်။ ပြန်ရယ်ပြဖို့ မြန်မာပီပီဝန်မလေးတဲ့ကိုယ်က အဆစ်အနေနဲ့ပါ သူ့ကို မျက်လုံးနဲ့ စပ်စုလိုက်တယ်။ (၅၀) ကျော် (၆၀)ဝန်းကျင်လူကြီးပိုင်းဖြစ်ပြီး ငွေရောင်ဆံပင်၊ မျက်နှာနီစပ်စပ်နဲ့ လူခပ်ထွားထွားကြီးပါ။ ခပ်ဟဟသူ့ရင်ဘတ်က ငွေမင်တွေကြားမှာဆွဲထားတဲ့ ဆွဲကြိုးရဲ့ လော့ကတ်က ကြာပွင့်ပေါ်မှာ ထိုင်တော်မူနေတဲ့ ဗုဒ္ဓရုပ်တုငယ်လေးပါလား။ စပ်စုဖို့လက်မနှေးတဲ့ ရွှေမြန်မာပြည်သားကိုယ်က ကိုယ်တို့လို ကန္တော့ဖူးဖို့လာတဲ့သူလေလားလို့ 'ဗုဒ္ဓဘာသာဝင်လား'လို့ မေးလိုက်တော့မဟုတ်ပါဘူးတဲ့။ သီရိလက်ာကို လှိုင်းစီးဖို့လာခဲ့တာတဲ့။ ကမ်းခြေမှာ သွားတည်းပြီး စပိဘုတ်နဲ့ လှိုင်းစီးမယ်တဲ့။ သူ့အရွယ်က ဘုရားသွားကျောင်းတက်လုပ်ရမယ့်အရွယ်မို့ ကိုယ်က အားမနာတမ်း အသက်ဘယ်လောက်လဲလို့ မေးတော့ (၅၅) နှစ်ပါတဲ့။

အဲဒီအချိန်မှာပဲ ဒေါင်းမြီးကွက်ပြာနဲ့ လေယာဉ်မယ်လေးက ဝိုင်အဖြူလား၊ အနီလားလို့ လာမေးတော့ ဒါအခွင့်အရေးပဲလေဆိုတဲ့စိတ်နဲ့ ဝိုင်အဖြူလည်း တစ်ခါမှမသောက်ဘူးလို့ အဖြူလို့ တောင်းလိုက်တယ်။ အဲဒီမှာ အနောက်နိုင်ငံသားက အာရှသားလူလည်ထက်ပိုမိုသိလစောင့်ပြီး ပန်းသီးဖျော်ရည်ပဲပေးပါတဲ့။ ထောပတ်ထမင်းအတူစားကြတော့လည်း သူက စကားရောဖောရောနဲ့ ခင်မင်ချင်ပုံပြနေပြန်ပါတယ်။ ဒီလိုနဲ့ စားသောက်ပြီးကြတဲ့အခါ အခြားခရီးသည်တွေ တစ်ရေးတစ်မောအိပ်သူအိပ်၊ ဂိမ်းနှိပ်သူနှိပ်၊ ဇာတ်လမ်းကြည့်သူကြည့်နေကြချိန်မှာ ကိုယ်တို့ခရီးသွားနှစ်ယောက်ကတော့ သဘာဝမကျစွာ ငယ်ပေါင်းကြီးဖော်တွေလို စကားစမြည်တွေ အလုအယက် တဖောင်ဖောင်ပြောနေမိကြရဲ့။

သူက လယ်သမားကြီး (Farmer) ဖြစ်ပါသတဲ့။ ဩော်- သူတို့ဆီမှာ လယ်သမားလည်း နိုင်ငံခြားလျှောက်လည်နိုင်သကိုးလို့ ကိုယ်က အံ့ဩနေမိရဲ့။ (နောက်တော့ ဩစတေးလျ၊ ပါ့ခ်မှာ သွားအခြေချနေတဲ့ ကိုယ်တို့အစ်ကိုကြီး မြင့်စန္ဒီ-မြန်မာတိုင်းရင်းဆေးတိုက်ပိုင်ရှင် ဦးမြင့်သိန်းက သူတို့ဆီမှာ လယ်သမားဆိုတာ မြေတွေအများကြီးပိုင်ပြီး စက်တွေနဲ့ထွန်ယက်တဲ့သူဌေးလူတန်းစားလို့ ပြောပြပါတယ်။ ဟုတ်မှာ) သူဟာ လယ်သမားဆိုပေမယ့် စာမတတ်ပေမတတ် လယ်သမားဦးကြီး ဟုတ်ဟန်မတူဘူး။ သူဟာ သုတေသီတစ်ယောက်လိုပဲ စေ့စေ့စပ်စပ်နဲ့ စူးစမ်းလိုစိတ်ရှိတာတွေ့ရတယ်။ သူ့နီစပ်စပ်မျက်နှာနဲ့ ဖွေးဖွေးလှုပ်နေတဲ့ ဆံပင်ဖြူဖြူကြီးတွေကြားထဲကပဲ သူဟာ အရှေ့တိုင်းသား-အာရှသားဆန်နေတာ




ဗုဒ္ဓသာသနိကအဆောက်အအုံများမှ ကြားအဆင်တန်ဆာများ



ဗုဒ္ဓသာသနိကအဆောက်အအုံများမှ ကြာအဆင်တန်ဆာများ



www.burmeseclassic.com

www.burmeseclassic.com

ည်း သတိထားမိလာတယ်။

အဲဒါကို ပိုလို့ခိုင်မာသွားစေတာ တော့ သူ့အင်္ကျီအိတ်ထဲကနေ လက် ကိုင်ပဝါလေးနဲ့ထုပ်ပြီး ဆောင်ထားတဲ့ (ပ) လက်မလောက် လက်ညှိုးသာသာ ခပ်မာမာအတုံးလေးတစ်ခု ထုတ်ပြလိုက် ခြင်းပါဘဲ။ နံ့သာဖြူတုံးကလေး။ အနံ့ ထွက်လာကတည်းက ကိုယ်က -

"အိုး - နံ့သာဖြူ (Sandalwood)"

လို့ ရေရွတ်လိုက်တော့ သူ့မျက်နှာ ကြီးပြုံးသွားတာ ခုထက်ထိ မြင်ယောင် သေးရဲ့။

"ခင်ဗျားတို့ အာရှသားတွေဟာ နံ့သာဖြူအနံ့ကိုကြိုက်ကြတယ်နော်"

လို့လည်း သူ့ဟာသူ တရှူရှူလုပ် နေရင်း ပြောသေးတယ်။ တကယ်ကြိုက် သာတ သူမို့ ကိုယ်က -

"ကျွန်တော်တော့ မကြိုက်ဘူး။ နံ့သာဖြူအမွှေးတိုင်ထွန်းရင် အဲဒီအနံ့ကို မုန်းတောင်မုန်းသေးတယ်။ အသက်ရှူ ကျပ်လို့။ ဒါပေမယ့် အမေက နံ့သာဖြူ ကြိုက်တယ်။ တောင်နံကတိုးတို့၊ နံ့သာ ဖြူတို့ကို အမြဲလိမ်းတယ်။ အမေ လိမ်း ထားတာက သင်းသင်းထုံထုံလေးမို့ အမေ့ကိုတော့မွှေးတယ်လို့ထင်မိတယ်။ နံ့သာဖြူအနံ့ရတိုင်း အမေ့ကိုယ်နံ့ကို သတိရတယ်"

လို့ခပ်ရှည်ရှည်ပြောလိုက်မိတယ်။ သာ ကိုယ့် (Psycho) ဆိုက်ကို။ ကိုယ် ဘုရားဖူးထွက်တိုင်း ဗုဒ္ဓဂယာမပို့လိုက် တဲ့အမေ့ကို ပိုသတိရပြီး ဝမ်းနည်းနေ တတ်တာကိုး။

နိုင်ငံခြားသားတွေ ဒီလိုအနံ့စူးတဲ့ အမွှေးနံ့သာတွေကြိုက်တယ်လို့ မထင် တော့ ကိုယ်က အံ့သြနေမိပြန်တုန်း သူ -

"နံ့သာဖြူ နံ့သာဖြူ"

လို့ ပီပီသသကို ရေရွတ်နေပြန် တော့ ကိုယ့်မှာ လန့်တောင်လန့်သွားမိ ။ 'မြန်မာလိုတတ်လား' ဆိုတော့ တတ်ပါဘူး' တဲ့။ မြန်မာပြည်က ဘုရား ဝယ်ပြီး ဆောင်ထားတာလို့ပြော တယ်။ မုတ်ဆိတ်ဖြူကြီးကဆက်ပြီး မြန်မာပြည်နဲ့ မြန်မာ့ရှုခင်းတွေကို ကြိုက် တယ်လို့ ရှည်ရှည်ဝေးဝေး ရှင်းပြနေပြန် ။ ဒါတလည်း ယဉ်ကျေးမှုအရ ကိုယ်နဲ့ ပြောနေတုန်းမို့ ကိုယ့်နိုင်ငံအကြောင်း အမွှမ်းတင်ပြောတာပဲလို့တွေးပြီး ပြုံးနေ မိတယ်။ အဲဒီမှာ သူကသူ့ကိုယ်ကို ဘတ် ခပ်စောင်းစောင်းထားလိုက် သူ့ရင်ဘတ်အင်္ကျီဟပြဲကြားမှာ ပေါ်

နေတဲ့ဆွဲပြားလေးကိုပြတယ်။ ဘုရား ရေ- ကြာပွင့်ပေါ်မှာထိုင်တော်မူနေတဲ့ ဘုရားပုံ။ ဒါပေမယ့် မြန်မာ့လက်ရာ တော့ မဟုတ်ဘူး။ နည်းနည်းမဟာယာန ဆန်နေသလိုဘဲ။ သူကလည်း ထိုင်ဝမ် (တိုင်ပေ) ကရတာ။ ကျောက်စိမ်းနဲ့ထု လုပ်ထားတာလို့ပြောတယ်။ ကိုယ်က သူ ဗုဒ္ဓဘာသာဝင်တော့မဟုတ်ဘူး ဆိုတာ သိထားလို့ 'ဒါဖြင့် ဗုဒ္ဓဘာသာကိုတော့ စိတ်ဝင်စားလို့လား' ဆိုပြန်တော့ ကြာကို စိတ်ဝင်စားလို့ပါတဲ့။ ကြာပန်းကိုကြိုက် လို့ ကြာပန်းပေါ်ကဆင်းတုကို လည်မှာ ဆွဲထားတာကိုး။ ဖြစ်ရလေ။

နောက်တော့ သူ့ဗုဒ္ဓရုပ်တုလေး ရဲ့ထိုင်တော်မူပုံနဲ့ပတ်သက်ပြီး မုဒြာတွေ အကြောင်း ရောက်သွားပြန်တော့ ကိုယ့် ကိုလည်း သူကပြန်စပ်စုတယ်။ ဘာလုပ် ပါသလဲပေါ့၊ ကိုယ်က။

"ရှေးဟောင်းသုတေသနဝါသနာ ပါလို့ လေ့လာတယ်၊ လျှောက်သွားပြီး စာရေးတယ်။ ခရီးသွားရင် လေယာဉ် စီးရင်း တိမ်တွေကိုကြည့်ရတာ၊ တိမ်တွေ ပေါ်ကသွားနေရတာကို ကြိုက်တယ်။ ကျွန်တော်ကတိမ်တိုက်တွေကိုချစ်တယ်၊ ကောင်းကင်ပေါ်မှာရှိတဲ့ တိမ်တွေကို အနီးကပ်မြင်ရတာဟာ လေယာဉ်စီးမှပဲ ဖြစ်မယ်။ ဒါကြောင့် မိုးပေါ်ပျံနေရတဲ့ ခရီးစဉ်တိုင်းမှာ ပျော်တယ်။ ဒါပေမယ့် ဒီသီရိလင်္ကာခရီးလိုမျိုးတော့ မဟုတ် ဘူး။ ခုတော့ ညခရီးမို့ တိမ်တွေမမြင် ရဘူး။ တိမ်တိုက်တွေထူထပ်ပြီး မိုးတိမ် ထုတွေဖြစ်နေမှပဲ လေယာဉ်နဲ့ တဒုတ် ဒုတ်ဆောင့်မိတဲ့ခံစားချက်ပေါ်လာတာ။ ဒါကလည်း သိပ်ကောင်းတဲ့ကိစ္စ မဟုတ် ဘူး"

လို့ ကိုယ့်အလုပ်အကိုင်နဲ့ဝါသနာ ကို ပြောပြရင်း ညည်းမိတော့ သူကရယ် တယ်။ အနောက်တိုင်းသားတို့ ထုံးစံ အတိုင်း ရှေးဟောင်းသုတေသန (Archaeology) ဆိုတာနဲ့ သူ့မျက်လုံးတွေ အရောင်တောက်ပြီး လေးစားပါတယ် တဲ့။ သူလည်းအရမ်းစိတ်ဝင်စားပါသတဲ့။ ဒါမိတ်ဖြစ်ဆွေဖြစ်ပြောတာမဟုတ်ဘဲ သူ တကယ်စိတ်ပါလို့ပြောတယ်ဆိုတာ သိ သာပါရဲ့။

သူကတော့ -

"ရေနဲ့မြေကိုပဲ ကြိုက်တယ်။ ရေနဲ့ မြေကသာ ခိုင်မာတယ်။ အမြဲထိတွေ့လို့ လည်းရတယ်၊ ဒါကြောင့် ရေနဲ့မြေကြား မှာပေါက်တဲ့ကြာပန်းကိုလည်း အရမ်း ကြိုက်တယ်။ကြာပန်းချစ်သူဖြစ်ပါတယ်" တဲ့။

ကြာပန်းကို ရူးသွပ်သူမို့ သူက ကြာအိုင်ထဲပြန်ဆင်းပြန်တယ်။ သူ့လယ် ထဲမှာကြာတွေအများကြီးစိုက်ထားတယ် လို့လည်း အားရပါးရပြောပြရင်း နံ့သာ ဖြူတုံးလေးကို အိတ်ထဲပြန်ထည့်လိုက် တယ်။ အဲဒီမှာ ကိုယ့်အကွက်ဝင် လာပြီး ကိုယ်လည်း ကြာပန်းတွေနဲ့ တစ်နည်း တစ်ဖုံ ပတ်သက်နေသူပါလို့ ဆိုလိုက် တယ်။ သူက ကိုယ့်ကို ကိုယ်နဲ့ဆက်နွယ် တယ်ဆိုတဲ့ ကြာပန်းတွေအကြောင်း၊ ရှေးဟောင်းသုတေသနအမြင်၊ အရှေ့ တိုင်းယဉ်ကျေးမှုအမြင်၊ ဗုဒ္ဓဘာသာ အယူနဲ့ ကြာတွေပတ်သက်နေပုံတွေမေး တယ်။ ကိုယ်က ဘုရားရှင်ကို ဖွားတော်မူ



သီရိလင်္ကာနိုင်ငံ ပေါ်လောနရုဝမြို့ဟောင်းမှ ကြာပန်းဆုံကန်တော်



www.burmeseclassic.com

www.burmeseclassic.com

စဉ့် မယ်တော်မာယာရဲ့ဝမ်းက ကျွတ်ကျွတ်ချင်း ခြေလှမ်း (၇) လှမ်းလျှောက်လှမ်းရာမှာ ကြာပွင့်တွေ ခြေဖဝါးအောက်က ဖြစ်ထွန်းလာတယ်လို့ အစချီပြီး ပြောပြတယ်။

အိန္ဒိယယဉ်ကျေးမှုမှာတော့ ကြာဟာ စင်ကြယ်ခြင်း၊ ဖန်တီးနိုင်ခြင်းနဲ့ မျိုးပွားခြင်းတွေရဲ့သင်္ကေတပဲလေ။

ဗုဒ္ဓဖြစ်တော်စဉ်များမှာလည်း ကြာပွင့်များက မကြာခဏနေရာယူကြတယ်။ ဖွားမြင်ပြီးစဗုဒ္ဓဟာ ခြေလှမ်း (၇) လှမ်းလျှောက်ရာမှာ ခြေရာတိုင်းရဲ့အောက်မှာ ကြာပွင့်များဖူးပွင့်လာကြတယ်။ ဗုဒ္ဓဂယာက မဟာဗောဓိစေတီကြီးအနားမှာ ဘုရားရှင်ပွင့်ထွန်းတော်မူပြီးနောက် ဗောဓိပင်နဲ့ ရွှေပလ္လင်အနားမှာ သတ္တသတ္တာဟ ခုနစ်ရက်ခုနစ်လီစံတော်မူရင်း စင်္ကြံလျှောက်တဲ့ တတိယမြောက် ‘စင်္ကြံမသတ္တာဟ’ နေရာမှာ ကြာပွင့်တွေနဲ့ စင်္ကြံကို ထည့်သွင်းဆောက်လုပ်ထားတယ်။ မဟာယာဉ်ဂိုဏ်းမှာတော့ ဘုရားလောင်း အဝလောကိတေသွာရကို ဖန်ဆင်းရှင် ပဒုမပါဏိ(Padmapani)အဖြစ်လက်မှာ ကြာခိုင်ကိုင်ထားဟန်နဲ့ သရုပ်ဖော်ကြပါတယ်။ သူ့ကိုယ်မှ ဘုရားရှင်များ၊ နတ်များကို ဖန်တီးနိုင်စွမ်းတဲ့ သဘောနဲ့ သရုပ်ဖော်ကားတာပါ။ ဗုဒ္ဓဘာသာအယူမှာသာမက ဟိန္ဒူဗြာဟ္မဏအယူမှာလည်း ကြာပန်း၊ကြာရိုး၊ကြာစွယ်တွေကို အတော်သုံးကြပါတယ်။ သမထယောဂကျင့်စဉ်များကျင့်ရာမှာထိုင်လေ့ရှိတဲ့ ပဒုမာသန (Padurmasana) တင်ပျဉ်ခွေပြီး ကြာပွင့်ပုံထိုင်နည်း (Lotus Posture) လည်း ရှိရဲ့။ ရာဗင်ဒြာနတ်တဂိုးရဲ့ ကမ္ဘာကျော် ကြာပန်းရေစင်ကဗျာများလည်း ရှိတယ်။

ဗုဒ္ဓဘာသာအဆောက်အအုံများမှာ ကြာပွင့်ပုံတွေကို အမျိုးမျိုးအသုံးချခဲ့ကြတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ခြေတော်ရာ (Footprint) မှာပါတဲ့ စက်လက္ခဏာ (၁၀၈) ကွက်မှာလည်း ကြာပန်းပုံပါတယ်။

မနှစ်က သီရိလင်္ကာတစ်ခွင်လှည့်လည်ရင်း ပေါလောနရုဝမြို့ဟောင်းမှာလည်း ကြာပန်းပွင့်ပုံရေကန် (Lotus Pond) ကို တွေ့ခဲ့ရတယ်။

ဒါအပြင် ဘုရားစေတီတော်တွေ တည်တဲ့အခါ စေတီမှာ ကြာမှောက်၊ ကြာလှန်ဆိုတဲ့ ကြာဖတ်တွေ အပေါ်ထောင်၊ အောက်စိုက်ပုံကိုထည့်တယ်။ စေတီတော်ပစ္စယံတွေရဲ့ထောင့်တွေမှာ မင်္ဂလာရှိတဲ့ အထိမ်းအမှတ်သင်္ကေတ ကြာသွတ်အိုးဆိုတဲ့အိုးတွေနဲ့ တန်ဆာဆင်တယ်။ ကုလားကျောင်းခံတဲ့ဂူဘုရားတွေရဲ့ အတွင်းက ဂန္ဓကုဋိတိုက်မျက်နှာကြက်မှာတော့ ကြာပန်းပုံအမိုးတွေလည်း နံရံဆေးရေးပန်းချီနဲ့ ရေးဆွဲတတ်ရဲ့။ ဆင်းတုတော်များကိုတင်ပြီးထုလုပ်တဲ့ ကြာပလ္လင် (Lotus Throne) ခံတာလည်းရှိတယ်။

ဗောဓိပင်ရဲ့ တောင်ကိုင်းကနေ ထုလုပ်တယ်ဆိုတဲ့ဒက္ခိဏာသာခါဆင်းတုတော်ကတော့ ကြာပလ္လင်ပေါ်မှာထိုင်တော်မူရင်း ကြာဖတ်တွေကိုလည်း ဆောင်းထားပါတယ်။ ကြာပွင့်ကြာဖတ်များနဲ့စီမံထားတဲ့ ဒက္ခိဏာသာခါဆင်းတုတော်ဟာလည်း ကြာတွေကို အလေးထားပုံပြနေရဲ့။

ပုဂံခေတ်မှာတော့ လက်မှုပညာသည်တွေဟာ ကြေးနဲ့သွန်းလုပ်တဲ့ ကြေးကြာဖူးဆိုတာနဲ့ ဘုရားရှင်ကို ဆက်ကပ်ပူဇော်ခဲ့ကြတယ်။ အဲဒီတုန်းက ခေတ်စားခဲ့တဲ့ ဗုဒ္ဓဝင်ဇာတ်ခန်းတွေကို ထုလုပ်ထားတဲ့ ကြေးကြာဖူး (Bronze Lotus Bud)ဟာ ရက်ရာမြောက်လွန်းလို့ အံ့သြစရာပါ။ ကြာဖူးကိုဖွင့်ချလိုက်ရင် ကြာဖတ်တစ်ဖတ်စီအတွင်းမှာ ဗုဒ္ဓဝင်ရုပ်ခန်းကိုကုလားကားတဲ့ အရုပ်ကလေးတွေပါနေရဲ့။

ရခိုင်ပြည်နယ် မြောက်ဦးမြို့က ထုက္ကန်သိမ်ဂူဘုရားရဲ့ လိုဏ်ပတ်လမ်းတစ်လျှောက်မှာတော့ ကြာရိုး၊ ကြာစွယ်တွေကိုင်ထားတဲ့ ရုပ်တုတွေ အများကြီးရယ်ပါ။

မြန်မာ့ရိုးရာပန်းမာသိပ္ပံပညာအရတော့ ကမလာကြာ (ကြာရိုးရိုး)၊ ပဒုမာကြာ (ပဒုမကြာ)၊ ပုဏ္ဍရိကကြာ (ကြာတံဆိပ်) စသဖြင့် ကြာကိုးမျိုးရှိပါတယ်။ ဘုရားရှင်ရဲ့ ထိုင်တော်မူနေပုံတွေကို ဆင်းတုတော် ထုလုပ်ကြရာမှာလည်း မုဒြာ (ထိုင်ကော်မူဟန်) မှာလည်း ကြာပန်းလို ထိုင်တယ်ဆိုတဲ့ ‘ပဒုမာသန’ ထိုင်နည်း (Lotus posture) ရှိတယ်။

မြင့်မြတ်သူတွေရဲ့ထိုင်စရာပလ္လင်တွေမှာလည်း ကြာပန်းတွေ၊ ကြာဖတ်တွေ ထည့်သုံးတတ်ကြတယ်။ မြန်မာဘုရင်တွေရဲ့ပလ္လင်တော်ရှစ်ခန်းမှာလည်း ပဒုမ္မာကြာ (Padma) ကို သုံးထားတဲ့ ပဒုမ္မာသန (Padmasana) ပလ္လင်ပါတယ်လေ။

ကိုယ်တို့မြန်မာတွေမှာ ကြာ ဆိုတာ အဓိပ္ပာယ်အမျိုးမျိုးရှိတယ်။ ပန်းလည်းဟုတ်တယ်၊ ကြာဆိုတဲ့အသံထွက်အတိုင်း နောက်ထပ်ရှိနေတဲ့ အချိန်ကာလကြာတာ၊ နှောင့်နှေးတာကိုပြောတဲ့ ကြန့်ကြာ၊ ရှည်ကြာဆိုတဲ့ မြန်မာစကားလုံးများနဲ့ အဓိပ္ပာယ်တွေလည်း ပြောပြတယ်။ မိန်းမတွေ မြူဆွယ်ပြီး ကြာပစ်တာ၊ သူတစ်ပါးသားမယားကို ကြာခိုတာ၊ ကိုယ်က ‘ကြာကြည့်ကြည့်တယ်’ ဆိုတဲ့ မြန်မာစကားရဲ့အဓိပ္ပာယ်ကိုသတိရပြီး ရယ်တော့ သူကဘာလဲလို့မေးတယ်။ သူနားလည်အောင် ကိုယ်ပြောပြဖို့ခက်မယ်။ အဲဒီလောက်လည်း ကိုယ်က ဘာသာစကားကျွမ်းကျင်သူမဟုတ်ဘူးလေ။ ဩော်- ကိုယ်တို့ မြန်မာစကားမှာက ကြွယ်ဝလှတဲ့ အသုံးအနှုန်းတွေ အများကြီးပါလားလို့ ကိုယ့်ဘာသာလည်း ဂုဏ်ယူလိုက်မိတယ်။ ‘စံပယ်ကြည့်ကြည့်ရင် အသည်းညိုမယ်တစ်မူ xxx’ ဆိုတဲ့ မမပုသိမ်သူလည်းရှိသေးတယ်လေ။ စံပယ်ကြည့်၊ ကြာကြည့်၊ စံပယ်ကြည့်က စံပယ်ပန်းလေးနဲ့နှိုင်းပြီး ဖြူဖြူစင်စင်ကြည့်တာဖြစ်ပြီး ကြာကြည့်ကတော့ ကြာပါပါ၊ မူရာမာယာနဲ့ကြည့်တာပါလား။

လိုက်ကာခန်းဆီးကို ကြာခြည်လို့ခေါ်တာ၊ အရေပြားမှာပေါက်တဲ့ ကြာဆူး၊ ခေါက်ဆွဲလိုစားရတဲ့ ကြာဆံ၊ ဟင်းထဲထည့်ချက်တဲ့ ကြာညို့၊ ‘တောင်ထိပ်ကြာပေါက်’ ဆိုရင် မဖြစ်နိုင်တာတွေဖြစ်လာတာကိုတင်စားပြောတာစတဲ့ကြွယ်ဝလှတဲ့ဝေါဟာရတွေ အသုံးအနှုန်းတွေကို ပြောပြလိုက်မိတယ်။

ကြာရဲ့သဘောဟာ ရွှံ့ညွှန်ထဲက ပေါက်လာရပေမယ့် သန့်ရှင်းတဲ့သဘောရှိလို့ ကိလေသာအမှောင်တွေက ကင်း စင်ပြီး တရားရတာကို ကြာနဲ့တင်စား ကြတာပါ။ ဘုရားကန်တော့ရင် လ အုပ်ကို ကြာဖူးပုံချီကြောင်း၊ ဒီခေတ်မှာ တော့ ကြာရိုးကြာစွယ်တွေကနေ အမျှင် ထုတ်ပြီး ကြာသင်္ကန်းဆိုတာရက်လုပ်ပြီး ဘုရားကိုကပ်ကြောင်းတွေအထိ ရှည် ရှည်လျားလျားပြောမိပါတယ်။ ဒါ ကိုယ့်ဗုဒ္ဓဘာသာနဲ့ဆိုင်သလို ရှေးဟောင်း သုတေသနပညာနဲ့လည်းဆိုင်တော့ ကိုယ် ပြောတတ်တယ်လေ။

သူကလည်း အာရှတိုက်မှာ ကြာ ကို ပန်းအနေနဲ့တောင်မဟုတ်ဘဲ စားစရာ၊ ဟင်းချက်စရာ၊ ဆေးဝါးဖော် ရာအထိသုံးကြကြောင်းများကို ပြော ပါတယ်။ ကိုရီးယားတိုင်းရင်းဆေး မှာ ကြာအိုင်နားကလေးကိုရှု ကြာ



www.burmeseclassic.com

www.burmeseclassic.com

နဲ့အုပ်ပြီးပေါင်းတဲ့ထမင်းကို ကြာဖက်ခင်း ပြီးစား၊ ကြာရိုးကြာစွယ်ကိုဟင်းချက်ပြီး တွေ့ကော သဘာဝနည်းနဲ့ကုသကြောင်း လောင်းမှာ ကိုးရီးယား(Arirang)လိုင်း ကနေ ကိုယ်ကြည့်မိတာကိုလည်း ကိုယ် က အလုအယက်ပြောပြမိတယ်။တရုတ် ဆင်းတွေထဲမှာလည်း ကြာရိုးကြာစွယ် တွေကိုထည့်ချက်တာလည်းပြောပြမိရဲ့။

ကြာပန်းနဲ့ဆိုင်တဲ့ မြန်မာကဗျာ တွေ၊ ဝတ္ထုတွေလည်း အများလည်း အများအပြားရှိပါတယ်လို့ပြောရင်း ကိုယ် က ခင်နှင်းယုရဲ့ **ကြာတော်ဦးရှာသောမိုး၊** သန်းတင့်နဲ့ သိန်းဖေမြင့်ရဲ့ **နွံထဲကကြာ** တွေအကြောင်း ပြောပြတယ်။ ဆရာ ခင်းသဝဏ်ရဲ့ ကြာဆစ်ကြိုးကဗျာကို ရွတ်ပြပြီး အဓိပ္ပာယ်ဖော်ပြပါတယ်။ ပြီးတော့ ကြာရိုးကိုဆစ်ပြီး ပုတီးလုပ်ဆွဲ တာကိုလုပ်ပြတယ်။

အဲဒီမှာတင် သူက ကြာဆစ်ကြိုး လုပ်တာ Lotus လား၊ Waterlilies လား လို့မေးပါလေရော။'ဟင်-အတူတူမဟုတ် ဘူး' လို့ ကိုယ်ကပြန်မေးမိတော့ ကိုယ် ဘတ်ယောင်ကားလုပ်ပြီး လျှောက်ပြော နေတာ သူသိသွားပါရော။

ကိုယ်ကလည်း 'ကြာ' ဆိုတဲ့ ရှေးဟောင်းသုတေသနဆောင်းပါးရှည် တစ်ပုဒ်ရေးဖူးပြီးသားမို့ ကြာဖြူ၊ ကြာနီ၊ ကြာညိုတွေအကြောင်း လျှောက်ပြောမိ တာပေါ့။ ကိုယ်က ကြာပန်းကို ရေထဲမှာ ပေါက်တာ မြင်ဖူးတယ်၊ ပွင့်ဖတ်လေး တွေ အထပ်ထပ်ရှိတယ်၊ ယဉ်ကျေးမှု အနုတွေမှာ ကြာပွင့်ကို ပုံစံအမျိုးမျိုးနဲ့သုံး တယ်၊ ဒါတွေပဲသိတာလေ။ ကြာအမျိုး အစားတွေကိုလည်း စာထဲမှာပါသလို ဘာ ပဒုမ္မာကြာ၊ ကမလာကြာ၊ ကုမုဒြာ ကြာ ကြာတံဆိပ်၊ ကြာခေါင်းလောင်း ဘာဖြင့်ပြောနိုင်ပြီး ရေထဲက ပေါက်တဲ့ ပွင့်ဖတ်အထပ်ထပ်နဲ့ ပန်းတိုင်းဟာ ကြာ မည်းသာလို့ထင်ပြီး ပြောနေတာကိုး။ အဲလိုနဲ့ ကိုယ်အရှက်ဖြန်းဖြန်း ကွဲရပါ လေရော။ ကိုယ်က မြန်မာလို 'ကြာ'ကို အင်္ဂလိပ်လိုပြောရင် သူနားလည်အောင် ထည်း Lotus လို့ချည်း ပြောမိတာကိုး။ တစ်ခါတစ်ခါလည်း ကြားဖူးထားတဲ့ အတိုင်း Waterlilies လို့လည်း ပြောမိ တာရဲ့။ ဒါပေမယ့် ဝါဝါမြင်တိုင်း ရွှေ ဆိုသလို တကယ်ထဲထဲဝင်ဝင် တတ်တွေ့ကျကျသိတဲ့စိုက်ပျိုးရေးသမား ဆိုတော့ မတိကျလှဘူးပေါ့။ ဒီတော့ Waterlilies ပြောလိုက်၊ lotus ပြောလိုက် ဖြစ်နေတာပေါ့။ အဲဒါနဲ့ သူက ကိုယ့်ကို ကြာပင်ကြာပွင့်တွေအကြောင်း အများ ကြီးသိလားတဲ့။ ပြီးတော့ သူက ကိုယ် မသိတာကို မသိကြောင်းထောက်ပြမနေ တော့ဘဲ အဲဒီနှစ်ခုမတူတဲ့အကြောင်းကို သာ စကားဝင်ဖြတ်ပြီးရှင်းပြပါတော့ တယ်။

နှစ်ခုစလုံးဟာ ကြာကိုညွှန်းပေ မယ့် ရေကပေါက်တိုင်းတော့ ကြာမဟုတ် ဘူးလေ။ Lotus ဆိုတာ ပဒုမ္မာကြာတို့လို ရေပြင်ပေါ် ကို အရိုးအစွယ်မာမာနဲ့ ကြာ ရိုးကြာစွယ်တွေက ထောင်တက်လာပြီး ပွင့်တာတဲ့၊ Waterlilies ကတော့ ရေနဲ့ ကပ်ပြီးပွင့်တဲ့၊ ရေပေါ်မှာလျှပ်ပြီးပေါက် နေတဲ့ ကြာရိုးကြာစွယ်ပျော့ပျော့နဲ့အပွင့် သေးသေးလေးတွေတဲ့။ အဲဒီတော့မှ ကြာဆစ်ကြိုးလုပ်လို့ရတာက Waterlilies ပါကလားလို့ ကိုယ်ချက်ချင်းပဲနားလည် သွားတော့တယ်။ ကိုယ်လည်း မရှက် အားနိုင်ဘဲ သူ့ကိုကျေးဇူးတွေတင်ရင်း သူဟာ လယ်သမားပီပီ စိုက်ပျိုးရေးအသိ နဲ့ ကြာကို သိပ္ပံနည်းကျလေ့လာသိရှိပြီး ကိုယ်ကတော့ ကြာကို စာလိုသိခဲ့တာလို့ နားလည်သွားပါတော့တယ်။

အဲဒီမှာတင် သူက ကိုယ့် Laptop ကို လက်ညှိုးထိုးပြပြီး သူ့ဘောင်းဘီ အိတ်ထဲကနေ Memory Stick ထုတ်ပြီး သူကူးလာတဲ့ ကြာပန်းပုံမျိုးစုံနဲ့ သူ့ကြာ ပန်းစီမံကိန်းကို ကိုယ့် Laptop ထဲ ထည့် ပေးပါရော။ သူနဲ့ ကိုယ်ဟာ နာရီပိုင်း အတွင်း သိကျွမ်းတဲ့သူတွေနဲ့မတူဘဲ နှစ် ပေါင်းများစွာခင်မင်လာတဲ့ သူငယ်ချင်း လို၊ သုတေသနတစ်ခုကို ပူးပေါင်းလုပ် နေကြသူတွေလိုဖြစ်သွားတယ်။ မျက်နှာ ဖြူတွေဟာ ကိန်းခန်းကြီးတယ်၊ အရော တဝင်မနေတတ်ဘူးဆိုတာ မဟုတ်ပါ လား။ သူတို့လည်း ကိုယ်တို့လိုပဲ ခင်မင် တတ်၊ ကူညီတတ်၊ စပ်စုတတ်တာပဲလို့ သိလိုက်ရတယ်။ အနောက်တိုင်းသား တွေဟာ အသိပညာ၊အတတ်ပညာတွေ ကိုသိပ်မျှဝေ(Share)တတ်တာပဲလို့လည်း ကိုယ်လက်ခံလိုက်တယ်။ ကိုယ်တို့နှစ် ယောက် အလုပ်ဖြစ်နေတာလှမ်းကြည့်ပြီး ကိုယ်တို့ဘုရားဖူးအဖွဲ့ကလည်း အံ့သြနေ ကြရဲ့။

သူ့ကြာပန်းဥယျာဉ်ထဲက ကြာ ပန်းပုံတွေကြည့်ပြီး ကိုယ်က-

"ခင်ဗျားက ကြာပန်းချစ်သူ အစစ် ပဲ"

လို့ ကိုယ်သူ့ကိုချီးကျူးလိုက်တယ်။

သူက သူ့ရဲ့အိပ်မက်ဖြစ်တဲ့ ကြာ ပန်းဥယျာဉ်အကြောင်း ဆက်ပြောပြန် တယ်။ ပြောတာမှ မရပ်မနားပြောတာ ပါ။ ဘယ်လောက်ကြာကြာပြောခဲ့သလဲ ဆိုရင် ဘင်္ဂလားပင်လယ်အော်ကြီးကို ဖြတ်မိပြီး သီဟိုဠ်ကျွန်းကိုရောက်တဲ့အထိ ပါ။ သူက စီးပွားရေးအခြေခံတဲ့ခရီးသွား လုပ်ငန်း (Ecotourism) ကို စိတ်ဝင်စား တယ်တဲ့။ သူ့လယ်ယာမြေမှာ ကြာပန်း တွေစိုက်ပြီး လူတွေ'ကြာ'ကြည့်ဖို့ (ကြာ ကြည့်ကြည့်ဖို့မဟုတ်) ကမ္ဘာတစ်ဝန်းလုံး ကလာကြတာမျိုးဖြစ်စေချင်သတဲ့။

အဲဒီအိပ်မက်ကိုအကောင်အထည် ဖော်ဖို့ လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က တည်းက ကမ္ဘာအနှံ့လျှောက်သွားပြီး ကွဲပြားခြားနားတဲ့ကြာနဲ့ ရေပေါက်ပင် တွေရဲ့ အရိုင်းပင်မျိုးပေါင်းများစွာကို အများကြီးစုခဲ့တာတဲ့။ကြာနဲ့တူတဲ့ (Water chestnuts) လို အပင်မျိုးလည်း ပါ တယ်တဲ့။ သူ့ရည်ရွယ်ချက်မှာ အဲဒီအပင် တွေကို ကြီးမားတဲ့ဥယျာဉ်ကြီးအတွင်းမှာ ပြန်စိုက်ပျိုးပြသမယ်။ သူတို့ကို မျိုးပြုန်း ပျောက်ကွယ်မှုမဖြစ်အောင်လည်း စောင့် ထိန်းပေးမယ်။ မျိုးသုဉ်းလုလုဖြစ်နေတဲ့ ကြာပဒုမ္မာနဲ့ ကြာမျိုးရင်းအစုံကို သူက စောင့်ရှောက် ကာကွယ်ပေးမယ်။ ဒီလို စုဆောင်းနိုင်ဖို့အတွက် ဘာသာမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံနဲ့ သူထိတွေ့ခဲ့ရပါသတဲ့။ ခြားနားလှတဲ့ ပထဝီဝင်အမျိုးမျိုးနဲ့ ဒေသ တွေကိုလည်း ဖြတ်ကျော်သွားရောက်ခဲ့ ရသတဲ့။ သူ့ရဲ့ ကြာပန်းဥယျာဉ်ကြီးပေါ် ပေါက်ဖြစ်တည်လာဖို့အတွက် သစ်သီး ဝလံပန်းမန်ဥယျာဉ်စိုက်ပျိုးဆိုင်ရာ (Horticultural)၊ ဗိသုကာဆိုင်ရာ (Architectural) နဲ့ ယဉ်ကျေးမှုဆိုင်ရာ (Cultural) ပညာအမျိုးမျိုး၊ ဟာန်အမျိုးမျိုးကိုလည်း နားလည်အောင် သူလေ့လာခဲ့ရတယ်။ ကြာပန်းနဲ့ ပတ်သက် ဆက်နွှယ်နေတဲ့ ဘာသာရေးနဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာတွေကိုလည်း သူစောင့်ထိန်းချင် ပါတယ်တဲ့။ မတူညီတဲ့ ဘာသာရေး အခြေခံတွေကလည်း ကြာပန်းကို အကြောင်းပြုပြီး တစ်စုံတစ်ရာမှာတော့ ကိုက်ညီ ညီညွတ်သွားရင် ကမ္ဘာ့ငြိမ်းချမ်း ရေးကိုလည်း ဖြစ်ပေါ်စေမှာပဲတဲ့။ ကြာ ပန်းဟာ စိတ်နှလုံးကို နူးညံ့လန်းဆန်း စေတယ်မဟုတ်လားလို့ သူက ပြန်မေး သေးတယ်။ သူ့ကြာဥယျာဉ်မှာ ကမ္ဘာ့ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာရေးပေါင်းစုံရဲ့ အတူယှဉ်တွဲညီ ညွတ်ရေးကို သူက မျှော်လင့်နေပြန်ရဲ့။

ပြီးတော့ သူ့ကြာပန်းဥယျာဉ်ဟာ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင် ရုံသာမက ပညာရေးဗဟိုဌာနလည်း ဖြစ် လာမယ်တဲ့။ ကြာပန်းတွေရဲ့မျိုးစိတ်၊ မျိုး ရင်းတွေကို သုတေသနပြုလေ့လာခြင်း





www.burmeseclassic.com

www.burmeseclassic.com

အပြင် ကြာပန်းများရဲ့မူရင်းပေါက်ရောက်ရာနိုင်ငံ၊ ကြာနဲ့ဆက်နွယ်တဲ့ဘာသာရေးတွေကိုလည်း လူတွေဆက်လက်လေ့လာနိုင်သတဲ့။ ကြာပန်းဟာ လှရုံသက်သက်သာ မဟုတ်ပါဘူး၊ သူတို့ရဲ့နောက်မှာ ထူးခြားပြင်းထန်ပြီး သီးခြားလည်းဖြစ်တဲ့ ယဉ်ကျေးမှုနဲ့ ဘာသာရေးနောက်ခံတွေ ရှိနေသတဲ့။ ကမ္ဘာ့လူဦးရေအများစုနဲ့လည်းပတ်သက်နေရဲ့။ နိုင်ငံအတော်များများက လူသားထုကြီးဟာ ယဉ်ကျေးမှု၊ အနုပညာနဲ့ စားသောက်နေထိုင်ရေးတွေမှာပါ နက်နက်ရှိုင်းရှိုင်းဆက်နွယ်နေတာပါ။ သူတို့ဩစတေးလျမူလဒေသခံလူမျိုးစုတွေ၊ အာရှတိုက်သားတွေ၊ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကသားတွေသာမက အမေရိကန်နဲ့ဥရောပသားတွေအားလုံးပါတဲ့။ ဒါပေမယ့် ကြာရိုး၊ ကြာစွယ်နဲ့ ကြာစေ့ကြာဆန်တွေကိုစားသုံးနိုင်တယ်ဆိုတဲ့ ထူးခြားတဲ့ဓလေ့ကိုတော့ အတော်များများမသိကြသေးပါဘူးတဲ့။ ကြာဟာ လူ့မှုပတ်ဝန်းကျင်အတွက် ဒီလို အကျိုးကျေးဇူးတွေရှိတာပါတဲ့။

ဒါကြောင့် သူက သူ့လယ်ယာမြေမှာ ကြာတွေကို ကြိုးစားပန်းစားစိုက်ပျိုးနေတာပါ။ သူရင်းနှီးမြုပ်နှံမှုတွေနဲ့ တစ်ကိုယ်တော်စွန့်စားလုပ်ဆောင်နေတာကြောင့် သူ့အရပ်ဒေသလည်း နောင်သူအောင်မြင်သွားတဲ့အခါ ခရီးသည်တွေလာရောက်ကြည့်ရှုပြီး စည်ကားလာမှာ၊ လူတွေလည်း အလုပ်ရကြတော့မှာပါတဲ့။ သူ့ဒေသ (The Bega Valley) ရဲ့ ဂုဏ်သိက္ခာလည်းတက်လာမှာတဲ့။သူတို့အနီးက Tilba မှာလည်း ဥယျာဉ်တွေရှိသေးသတဲ့။ အဲဒီကိုလည်း ခရီးသည်တွေ ထောင်နဲ့ချီပြီးလာနေကြပြီတဲ့။ အခြားဥယျာဉ်တွေလည်း သူတို့ဝန်းကျင်မှာ ထပ်ပြီးဖြစ်ထွန်းလာစေချင်သေးသတဲ့။ ဥယျာဉ်ဒေသကြီးဖြစ်မှ ဥယျာဉ်ခြံမြေစိတ်ဝင်စားသူတွေ ပိုလာဖြစ်မှာတဲ့။ ဒါမှ ပိုစည်ကားလာမှာဖြစ်တယ်၊ ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အရေးတွေ ပိုရလာမယ်။ အချိန်ပိုင်းဖြစ်ဖြစ်၊ အချိန်ပြည့်ဖြစ်ဖြစ်လုပ်နိုင်လာကြမယ်လို့ သူက သူ့ဆန္ဒကိုပြောသေးတယ်။ ပြိုင်ဘက်မရှိထူးခြားတဲ့ သူ့ကြာဥယျာဉ်ကို လူတွေစိတ်ဝင်စားမှာ သေချာပါတယ်လို့လည်း ယုံကြည်တက်ကြွစွာပြောနေလေရဲ့။

အဲဒါတွေတစ်ဆက်တစ်စပ်တည်းဖြစ်လာရင် သူတို့နေရာကို လူတွေပိုလာကြမှာဖြစ်ပါတယ်လို့လည်း စိတ်ကူးယဉ်ပြပါသေးတယ်။ သူတို့အရပ်သာမက ကြာကို အကြောင်းပြုပြီး အရှေ့တောင်အာရှတစ်လွှားလည်း ဖွံ့ဖြိုးလာမှာတဲ့။ ကိုယ်က ဆီရမ်ရိမြို့ကနေ တုန်လေဆပ်အိုင်ကြီးကိုအသွား လမ်းတစ်လျှောက်မှာလည်း မိုင်နဲ့ချီပြီးရှည်လျားတဲ့ ကြာအိုင်တွေရှိကြောင်း၊ မြင်ခဲ့ဖူးကြောင်း ပြောပြတော့ သူက မှတ်စုစာအုပ်လေးထုတ်ပြီး နေရာမှတ်သားထားလိုက်ပါသေးတယ်။ သူအဲဒီကိုသွားလိမ့်ဦးမယ်ထင်ရဲ့။ ဒလဘက်ကမ်း တွံတေးသွားလမ်းဘေးမှာလည်း ကြာအိုင်ကြီးတွေရှိတယ်ပြောတော့ သူရောက်ဖူးတယ်တဲ့။ သူ့မှတ်စုစာအုပ်လေးမှာ မြန်မာလက်ရေးနဲ့ရေးပြီး သူ့ကိုလမ်းညွှန်ထားတဲ့ ဒလဘက်ကမ်းက လိပ်စာတစ်ခုတောင် ငါ့ယ်တွေ့လိုက်ပါသေးတယ်။

ခုပြောရင်းတောင် လေယာဉ်ပေါ်မှာဆုံခဲ့ရတဲ့ ဩစတေးလျမှ မိတ်ဆွေကြီးကို သတိရနေမိလေရဲ့။ သူက အခုသူ့မှာ စီမံကိန်းစတင်ဖို့အတွက် အချိန်အနည်းငယ်သာယူဖို့လိုတော့ကြောင်း၊ သူ့မှာ စုဆောင်းထားတဲ့ ရေပေါက်ပင်တွေ ထောင်ပေါင်းများစွာရှိနေပြီး အဲဒါတွေသာမက ချုပင်၊ အလှပင်၊ ဝါးရုံတွေ ပါရှိနေကြောင်း အားရဝမ်းသာဆိုပါတယ်။ အိပ်မက်ကောင်းမက်ပြီးယောင်ပြုံးနေတဲ့ကလေးငယ်လို သူ့မျက်နှာက ရွှင်နေတယ်။ ရေပေါက်ပင်အများစုကို အိုးတွေနဲ့စိုက်ထားလို့ အလွယ်တကူ လိုရာရွှေ့နိုင်ပါတယ်တဲ့။ အိုးတွေကို ကျောက်၊ မြေ၊ ပလတ်စတစ် (Stone/ Ceramic/ Plastic) တွေနဲ့ လုပ်ထားတယ်။ ကန်တွေကိုတော့ ပလတ်စတစ်၊ အင်္ဂတေ (Plastic liners or concrete) တွေနဲ့ လုပ်ထားတယ်။ အပင်တွေသာမက အဲဒါတွေနဲ့လိုက်ဖက်မယ့် ကျောက်ဆစ်ရုပ် (Statues) တွေ၊ ရှေးဟောင်းကျောက်ထွင်းတရုတ်ပန်းအိုး (Antique Chinese hand-hewn stone pots) တွေ၊ သစ်သားပန်းပု၊ ကျောက်ထွင်းပန်းပုတွေလည်းရှိနေသေးသတဲ့။ ကြာပန်းတွေနဲ့ ဆက်စပ်သမျှပစ္စည်းတွေကို ပညာရပ်ဆန်ဆန် ဟောပြောပို့ချနိုင်ဖို့ပါ စုထားတာတဲ့။

ဩစတေးလျနဲ့ အထူးသဖြင့် အာရှတစ်လွှားဟာ ပဒုမ္မာကြာရဲ့ မူရင်းဒေသဖြစ်ပါတယ်။ သူတို့ဟာ အရွယ်အစားစား၊ အရောင်အမျိုးမျိုးနဲ့ ပွင့်ဖတ်ပွင့်ချပ်အရေအတွက်မျိုးစုံနဲ့ ဖွဲ့စည်းထားတာပါ။ ရိုးရိုးပွင့်ချပ်နည်းနည်းကနေ ရာနဲ့ချီတဲ့ ပွင့်ချပ်တွေအထိရှိကြတယ်။ ပွင့်ချပ်ပုံကလည်း အမျိုးမျိုးပါ။ ကြာတွေနဲ့အတူ ယှဉ်တွဲစိုက်ပျိုးဖို့ ခပ်ဆင်ဆင်တူတဲ့ (Water Iris) တွေကိုလည်း စုဆောင်းထားပါသတဲ့။

ဧည့်သည်ခရီးသွားတွေ ရောက်လာတဲ့အခါ ဧည့်ခံကြိုဆိုဖို့၊ ဝင်ကြေးကောက်ခံဖို့၊ အမှတ်တရပစ္စည်း (Souvenirs) လေးတွေရောင်းဖို့၊ အပင်ပေါက်လေးတွေရောင်းဖို့၊ နမူနာပြရှင်းလင်းဖို့ အပင်တွေစုဖို့၊ နောက်ပိုင်းမှာ အပင်ပေါက်တွေကို လက်လီလက်ကား ပြည့်စုံကျယ်ပြန့် ဖြန့်ဖြူးနိုင်အောင် ပျိုးခင်း (Nursery) တွေလုပ်ဖို့ အားလုံးစိတ်ကူးရေးဆွဲထားပါတယ်တဲ့။ ယုတ်စွအဆုံး ခရီးသည်တွေအတွက် ကျား၊ မ သီးခြားအိမ်သာတွေလည်းပါရဲ့။ဒီထက်ပိုအောင်မြင်လာရင်တော့ အသေးသုံးပစ္စည်းလေးတွေရောင်းချဖို့ ဆိုင်လေး (Kiosk) တွေတောင် စီစဉ်ထားချင်ပါသတဲ့။

ဒီလိုနဲ့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော် နိုင်ငံတကာ ဘန်ဒရာနာယကေးလေဆိပ်ကို သီရိလင်္ကာအချိန် ည (၉) နာရီ၊ (၅) မိနစ်ရောက်သွားပါတယ်၊ ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ပြီး (၃) နာရီကျော်ခန့် လေယာဉ်စီးနင်းခဲ့ရတာပါ။ လေထဲကမိတ်ဆွေနဲ့ စကားကောင်းလာလို့ အချိန်တွေကုန်မှန်းမသိကုန်ခဲ့ပါတယ်။ ကြားမှာ တစ်နာရီပျောက်ဆုံးသွားခဲ့လို့ အသက်တစ်နာရီကျော်ပိုရှည်ရတယ်လို့ တွေးမိပါရဲ့။ လေယာဉ်ပေါ်ကအဆင်းမှာတော့ ကြာပန်းချစ်သူကိုယ့်မိတ်ဆွေက သူနဲ့ဆက်သွယ်ဖို့တ... ပြောရင်း နှုတ်ဆက်သွားပါတယ်။ ကြာ... တတ်တာတွေမကြာစေဖို့ ကြာတွေလ... ကာ ဆုတောင်းပေးရရင်ဖြင့် မိတ်ဆွေ... ရဲ့စိတ်ကူးအိပ်မက်တွေ မကြာခင် လ... တွေ့ဖြစ်ပေါ်လာပါစေ။ သူ့ရဲ့ 'ကမ္ဘာ့ငြိမ်း... ချမ်းရေး၊ ကမ္ဘာ့သဘာဝပေါက်ပင်အရ... အမြစ်တွေမျိုးမသုဉ်းရေး၊ ကမ္ဘာကြီးစိမ်း... လန်းစိုပြည်ရေး နိုင်ငံတကာကြာအိုင်ကြီး... ကနေ ကြာသင်းရနံ့တွေ ကမ္ဘာ့လေထု... ထဲမှာ သင်းပျံ့ပြီး ငြိမ်းချမ်းရေးတွေ... တည်ဆောက်နိုင်ပါစေလို့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

စာကိုး -

စပ်ထွန်းမှတ်ဝင်း၊ မြန်မာ့ရိုး... ပဋိမာသိပ္ပံပညာ၊ အာသနဖလ္လ... တော်နှင့် ဝါဟနစီးတော်ယာ... များ၊ မုဒြာများ၊ ၁၉၈၁ ခု... သာသနာရေးဦးစီး။

"Lotus." Encyclopædia Brita... nica. 2012.



www.burmeseclassic.com

www.burmeseclassic.com

# ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်နှင့် မြွေနဂါးများ



ရုပ်ရှင်တော်မြတ် စိပ်ပုတီးပေါ်သို့ ကြွရောက်တော်မူစဉ် (၂၀၀၇၊ အမရပူရမြို့)
ဦးသန်းထွန်း + ဒေါ်နုနုနိုင် နေအိမ်



ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဖြင့် နေရာရွှေ့လျားတော်မူပုံ (၂၀၀၇၊ အမရပူရမြို့)
စကျင်ဝရပ်ကွက် ဦးငွေထင်၊ နေအိမ်

ဤလောကတွင် နဂါး ဟူသော သတ္တဝါသည် အထင်အရှားရှိပါသည်။ နဂါးတို့သည် စတုမဟာရာဇ်နတ်ဘုံတွင် ...ပြီး ထိုနတ်နဂါးတို့သည် ဝိရူပက္ခနတ်မင်းကြီး၏ အုပ်ချုပ်မှုကိုခံယူ၍ မြင်းမိုရ်တောင်၏ အနောက်အရပ်တွင် နတ်တို့...သို့ စည်းစိမ်ဥစ္စာ၊ ဘုံဗိမာန်အခြွေအရံ...လင်စွာဖြင့် နေထိုင်ကြကြောင်း မဟာသမယသုတ်တော်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူထားပါသည်။ ထို့ပြင် ဇာတ်ကြီးဆယ်ဘွဲ့တွင် မြတ်စွာဘုရား အလောင်းတော်သည် ဘူရိဒတ်နဂါးမင်း ဖြစ်ခဲ့ရသည်။ တစ်ဖန် ဘုရားအဖြစ်သို့ ရောက်တော်မူခါနီးအချိန်တွင် သုဇာတာ သူဌေးသမီး လှူဒါန်းသော ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး နေရဉ္ဇရာမြစ်အတွင်းမျှောလိုက်ရာ မြစ်ညာသို့ဆန်တက်သွားပြီး ရေအောက်သို့နစ်မြုပ်သွားရာ ကာလနဂါးကြီး၏အနီးသို့ကျရောက်သွားသည် ဟူ၍လည်းကောင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး သတ္တသတ္တာဟစံနေတော်မူစဉ် လေမိုးများ ကျရောက်ရာ မုစ္စလိန္ဒာနဂါးမင်းမှ လေ၊ မိုးတို့ကို ကာကွယ်ပေးခဲ့သည်ဟူ၍ လည်းကောင်း၊ အောင်ခြင်းရှစ်ပါးတွင် ရှင်မဟာမောဂ္ဂလာန်မှ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူသည်ဟူ၍ လည်းကောင်း၊ မိုးတင်းကုပ်အတွင်းမှ နဂါးကြီးကို မြတ်စွာဘုရားရှင်မှ ဆုံးမတော်မူသည် ဟူ၍လည်းကောင်း၊ အခါတစ်ပါး၌လည်း နဂါးမှ လူယောင်ဆောင်၍ သာမဏေဝတ်သည်ကို တွေ့ရှိရ၍ လူသားစင်စစ်မဟုတ်သူများကို သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်မပြု ဟူသော ဥပဒေကို မြတ်စွာဘုရားမှ ထုတ်ပြန်ခဲ့ရသည် ဟူ၍လည်းကောင်း သာဓကများစွာရှိခဲ့ပါသည်။

ထို့ပြင် ဗုဒ္ဓ၏စွယ်တော်တစ်ဆူမှာလည်း နဂါးပြည်တွင်ပူဇော်ထားရှိသည်ဟု သိရှိကြပြီးဖြစ်သကဲ့သို့ ကျိုက်ထီးရိုး၊ ဗိုလ်တထောင်၊ ရွှေတိဂုံ အစရှိသော မြတ်စွာဘုရား၏ဆံတော်ရှင်စေတီတော်များ၏ သမိုင်းမှန်သမျှတို့တွင်လည်း နဂါးတို့ ထိပ်ဆုံးမှ ပါဝင်လျက်ရှိပါ၏။

သို့သော် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ဤလူ့ပြည်သို့ နဂါးတို့ ထင်ထင်ရှားရှား လာရောက်ခြင်း မရှိတော့ပါ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များထဲမှာပင် ဤလောကတွင် နဂါးတို့ရှိ၏၊ မရှိ၏၊ နဂါးတို့ လူ့ကမ္ဘာသို့လာရောက်၏၊ မလာရောက်၏ ဆိုသည်တို့ကို ဝိဝါဒကွဲပြားလျက်ရှိကြပါသည်။

တကယ်တော့ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားမရှိတော့၍ သာ လူ့ကမ္ဘာသို့ တန်ခိုးကြီးသောနတ်နဂါးတို့ ထင်ထင်ရှားရှား လာရောက်မှုနည်းပါးသွားခြင်းဖြစ်သော်လည်း စတုမဟာရာဇ်ဘုံအနွယ်ဝင် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ အစရှိသော နတ်တို့သည် မြင်းမိုရ်တောင်ထိပ်မှသည် ဤကမ္ဘာမြေသို့တိုင် ဌင်းတို့၏ အတိတ်ဘဝ ကုသိုလ်ကံများ အလျောက် ဘုံစဉ်အဆင့်ဆင့်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com




ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဖြင့် နေရာရွှေ့လျားတော်မူပုံ (၂၀၀၇၊ အမရပူရမြို့ စကျင်ဝရပ်ကွက် ဦးဝေဇဝင်း နေအိမ်



ရွှေကံကူအောင်မြေမှ သစ်နဂါး



ရွှေကံကူအောင်မြေသို့ အိပ်မက်ဖြင့် ပေးပို့ရောက်ရှိသော ကျောက်နဂါး



မိတ္ထီလာမြို့ ရေထွက်ဘုရားသို့ ရုပ်ရှင်တော်မြတ် ကြွရောက်စဉ် ထူးဆန်းစွာ ဖြစ်ပေါ်သည့် အလင်းတန်းများ



အထက်မြန်မာယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကိုဦး+ဒေါ်ဝါဝါဝင့်ကျော်တို့မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်စဉ်

ဖြစ်တည်ကြရသောကြောင့် ဤလူ့ဘုံအတွင်းမှာပင် စတုမဟာရာဇ်နတ်တို့ ရှိနေကြပါသည်။

ထို့ကြောင့် နဂါးတို့သည်လည်း ဤလူ့ကမ္ဘာမြေမှာပင် မှီတင်းနေထိုင်လျက်ရှိကြပါသည်။ ထိုနဂါးတို့သည် ၎င်းတို့ရှိကြောင်း လူများကို သိစေလိုသောအခါ သစ်ပင်၊ သစ်ရွက်၊ အနွယ်၊ အဖူး၊ အပွင့်၊ အသီးတို့တွင် ၎င်းတို့၏ ပုံသဏ္ဍာန် ဖော်ကျူးပြသခြင်း၊ ကျောက်တုံး၊ ကျောက်ခဲ၊ မြေကြီး၊ သဲ၊ တောင်ပို့ စသည်တို့တွင် ၎င်းတို့၏ပုံသဏ္ဍာန် ဖော်ကျူးပြသခြင်း၊ ၎င်းတို့နှင့် အနီးစပ်ဆုံးတူ၍ နာမ်လောကနှင့်ဆက်နွယ်၍ ဂမ္ဘီရဆန်လှသော သတ္တဝါဖြစ်သည့်မြွေကို စီးနင်း၊ ပူးကပ်ခြင်း၊ မြွေ[illegible] ဖန်ဆင်းခြင်း စသည်တို့ပြုတတ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com


ကမ္ဘာ့သာသနာပြု အတုလ မြကျောက် (မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်) ဆရာတော်ကြီးမှ မိန့်ကြားဖူးပါသည်။

အချို့သူတို့ နဂါးကို ပကတိပုံဖြင့် မြင်ဖူးကြောင်း၊ နဂါး၏ ပကတိအရွယ်မှာ ငါးမူးပိုက်လုံးအရွယ်မျှသာရှိကြောင်းလည်း ကြားဖူးပါသည်။ မျက်လုံးမှာ နီရဲတောက်ရှိသည်။ ကိုယ်လုံး၏အရောင်ကတော့ မြေနီရောင်၊ ရွှေဝါရောင်၊ အစိမ်းရောင်၊ အဖြူရောင် ဟူ၍ ပြောကြပါသည်။ အချို့က ယုံကြည်လက်ခံခြင်း မရှိသော်လည်း စာရေးသူကတော့ ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူး၍ ယုံကြည်ပါသည်။

စာရေးသူ နဂါးကို တွေ့မြင်ခဲ့ရပုံမှာ ဤသို့ဖြစ်ပါသည်။ စာရေးသူ၏ ယခင်ဆောင်းပါးများတွင် ရေးသားခော်ပြခဲ့သည့်အတိုင်း ၁၉၈၆ ခုနှစ်တွင် စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့မလာမီနှစ်များက စာရေးသူတို့ဇာတိ မြို့သာ (အရှေ့) ရွာမှာပင် နေထိုင်ခဲ့ကြ၏။ စာရေးသူသည် ကလေးဘဝကတည်းက စိတ်ကူးယဉ်တတ်သူ အတွေးခေါင်သူဟု ဆိုရပါမည်။ ၁၉၇၉ ခန့် စာရေးသူ (၇) တန်း၊ (၈) တန်းခန့်က ဖြစ်ပါသည်။ စာရေးသူသည် ညနေအချိန်များတွင် ရွာ၏ အရှေ့မြောက်အရပ်ရှိ ပြည်တော်သာ ကန်ကြီးသို့ လည်းကောင်း၊ ရွာ၏အရှေ့ အညှာတည့်တွင်ရှိ ဦးဖိုးသင်ကန်သို့ လည်းကောင်း၊ ရွာ၏တောင်စူးစူးရှိ ကြာများပေါ်များသည့် ကြာကန်သို့ လည်းကောင်း တစ်ယောက်တည်းသွား ထိုင်နေလေ့ရှိပါသည်။

စာရေးသူတို့ရွာသည် အညာမြေ နီခေါင်ရေရှားရပ်ဝန်းတွင်ပါဝင်၍ မိုးရေများကို မြေသားပေါင်တစ်ဖက်ဆည်ကန်များဖြင့် ရေများကို သိုလှောင်ထားရပြီး သောက်သုံးရေစည်ဖြင့် ထိုရေတို့ကို သုံးစွဲကြရသည်။ စာရေးသူသည် တက္ကသိုလ် ဘုန်းနိုင်၏ ဝတ္ထုဇာတ်လိုက်ကို အားကျ သူဖြစ်၍ နေဝင်ရီတရောအချိန်တိုင်း ကန်ပြင်ရေစပ်တွင်ထိုင်၍ နေဝင်ရီ တရော အိပ်တန်းပြန်ငှက်တို့ကို ငေးမော ကြည့်ရှုလေ့ရှိပါသည်။


ထိုနေ့ကလည်း စာရေးသူသည် ဦးဖိုးသင်ကန်တွင် ရေခပ်နှင့်တစ်ပေမျှ အကွာသောနေရာတွင်ထိုင်လျက်ရှိပါသည်။ တော်သလင်း၊ သီတင်းကျွတ်လ ဆန်းဖြစ်၍ ကောင်းကင်တွင် တိမ်တိုက်ကြီးများရှိနေပြီး ဝင်လုဆဲနေရောင်တို့







မိတ္ထီလာမြို့ ရေထွက်ဘုရားသို့ ရုပ်ရှင်တော်မြတ် ကြွရောက်စဉ် ထူးဆန်းစွာ ဖြစ်ပေါ်သည့် အလင်းတန်းများ




၂၀၁၄၊ (၂) လပိုင်းတွင် ရှမ်း/မြောက် တပ်ဖွဲ့မှူး ရဲမှူးကြီးလှမျိုးရှိန်၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူစဉ် နဂါးငွေ့ထွက်ပေါ်ပုံ

ထင်ဟပ်နေသောကြောင့် တိမ်တို့သည် လိမ္မော်၊ မရန်း၊ မဲနယ် အစရှိသဖြင့် အရောင်အသွေးစုံလင်လှကာ တိမ်ပန်းချီ ရေးခြယ်ထားသကဲ့သို့ လှပလျက်ရှိနေပြီး ထိုမိုးကောင်းကင်၏ အရိပ်သည် အပြာရောင်မိုးသားကို နောက်ခံပြုလျက် ကန်ရေပြင်တွင် ထင်ရှားပြတ်သားစွာ တွေ့မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကိုဦး မိသားစုမှ ရွှေကံကူဂါထာတော် လှူဒါန်းစဉ်



ထားဝယ်မြို့ပင်လယ်ကမ်းစပ်တွင် မယ်တော်ကြီးမှ ပဋ္ဌာန်းနဂါးစမ ကျင့်စဉ်တော် ပူဇော်စဉ်



၂၀၁၄၊ (၂) လပိုင်းတွင် ရှမ်း/မြောက်တပ်ဖွဲ့မှူး ရဲမှူးကြီး လှမျိုးရှိန်၊ သမီး နန်းမိုဟွမ်ပန်းတို့ ဝတ္ထုငွေလှူဒါန်းစဉ်



၂၀၁၄၊ (၆) လပိုင်းတွင် မြို့သာမြို့ ရှင်မထီးအောင်မြေတွင် နဂါးစာကျွေးရန် ရောက်ရှိနေသော အန်တီအေး၊ ဒေါ်ဝါဝါဝင့်ကျော်၊ အထက်မြန်မာမော်တော်ယာဉ်တပ်ဖွဲ့မှူး ဒု/ရဲမှူးကြီး အောင်ကိုဦး၊ ဆရာဘိုဘို၊ မယ်တော်ကြီး

တိမ်ပန်းချီသဘာဝအလှကို ကန်ရေပြင်တွင်စိုက်၍ကြည့်နေစဉ် စာရေးသူ၏အနီး လက်တစ်ကမ်းလောက်မှာပင် ငှက်၏အမြီးပိုင်းသည် ဝဲကတော့ထိုးသကဲ့သို့လည်၍နေသည်ကို တွေ့ရှိလိုက်ရပါသည်။ ငှက်ကလေးရေနစ်နေခြင်းဖြစ်ပါသည်။ ခန္ဓာကိုယ်အရှေ့ပိုင်းအားလုံးနစ်မြုပ်နေပြီး အမြီးသာပေါ်တော့ခြင်း ဖြစ်ပါသည်။ မည်သည့်နေရာကမည်သို့မည်ပုံရောက်ရှိလာသည်မသိပါ။

စာရေးသူသည် ရေစပ်အထိဆင်းလိုက်ပြီး ငှက်၏အမြီးကိုဆွဲယူရန် လက်လှမ်းလိုက်ရာ ငှက်အမြီးသည် ရေအောက်သို့ ရုတ်တရက်နစ်မြုပ်သွားပြီး မြွေ၏ကိုယ်လုံးကြီးပေါ်လာကာ ရေအောက်သို့ ငုပ်လျှိုးသွားသည်ကိုတွေ့လိုက်ရ၍ စာရေးသူလည်း ကြောက်လန့်သွားပါသည်။ ထိုကြောင့် အိမ်သို့တစ်ချိုးတည်းပြန်ပြေးခဲ့ပါတော့သည်။

အိမ်သို့ ရောက်သောအခါတွင် ထိုအကြောင်းကို အဖေဝင်းအား ပြောပြလိုက်ပါသည်။

"ငှက်ဆိုတာ ရေမနစ်ဘူး။ ငှက်အမြီးလို့မြင်ရတာဟာ နဂါးရဲ့အမောက်"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူ၏ အစ်ကိုကိုဝင်းကိုမှလည်း တစ်ခါက ထိုကန်သို့ရေထမ်းသွားစဉ် ရေပြင်အလယ်လောက်၌ ငှက်အမြီးသဏ္ဌာန်ပေါ်လာပြီး (၁၀)ခန့် ရွေ့လျားသွားပြီးမှ ရေအောက်သို့နစ်မြုပ်သွားသည်ဟု ပြောပြပါသည်။ ထို့နောက် ထပ်မံသိရှိရသည်မှာ မြို့သားအခြား လူ (၅) ဦးခန့်လည်း ထိုငှက်ကိုမြင်ဖူးခဲ့ကြသည်ဟူ၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနောက်တွင်တော့ စာရေးသူတို့သည်း နဂါးနှင့်ပတ်သက်သည်တို့ မတွေ့ရှိရတော့ပါ။ သို့ဖြင့် ၁၉၈၆ ခုနှစ်တွင် စာရေးသူတို့မိသားစုအားလုံး စဉ့်ကိုင်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြပါသည်။ ၁၉၉၅ ခုနှစ်တွင် ရွှေကံကူရုပ်ရှင်တော်မြတ်အဖြစ် ပွင့်ထွန်းတော်မူလာမည့် ရုပ်ပွားတော်ကြွရောက်တော်မူလာခဲ့၏။ ၁၉၉၉ ခုနှစ်တွင် ထိုရုပ်ပွားတော်၏ ထူးခြားသော တန်ခိုးထော်ဖွတ်ကို လူအများသိရှိပြီး တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် ပွင့်ထွန်းတော်မူခဲ့သည်။


ထိုအချိန်တွင် စာရေးသူတို့၏ နေအိမ်တွင် အုန်းပင် (၁၃) ပင်ရှိသည့် အနက်မှ အိမ်ဝင်း၏အနောက်မြောက်ထောင့်တွင်ရှိသော အုန်းပင်၏အုန်းညွှန့်ထိပ်ဖျားများတွင် နဂါးမောက်သဏ္ဍာန်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့လေသည်။ တစ်ချိန်တည်းမှာပင် အိမ်ရှေ့ဝင်းခြံတိုင်ဆွေးမြည့်သွား၍ အိမ်ဝင်းအတွင်းပေါက်ရောက်နေသော တောင်ကြီးချယ်ရီပင် (အရွက်မှာ ဒန့်သလွန်ရွက်မျှသာရှိပြီး ချယ်ရီပန်းကဲ့သို့ တပွဲတွဲ၊ တပေါင်းလများတွင် ပင်လုံးကျွတ်ပွင့်လေ့ရှိကာသောစကိုင်း၊ ကသစ် စသောအပင်များကဲ့သို့ ကိုင်းကိုခုတ်၍ စိုက်လျှင်လည်းရှင်သန်သောသစ်ခွမျိုးဖြစ်သည်။) ကို အလွယ်တကူနုတ်၍ ခြံတိုင်အစားထိုးစိုက်လိုက်ပြီး ဝါးဝင်းထရံဖြင့် တုပ်နှောင်ထားလိုက်ရာ တစ်ညတွင် နဂါးကြီးမှ သူလည်ပင်းကို ကြိုးနှင့်တုပ်ထားသည်၊ ဖြေပေးပါဟု အိပ်မက်ပေးသည်။ ထိုခြံစည်းရိုးတိုင်ကို စာရေးသူတို့က သတိထားမိသော်လည်း ဘုရားဖူးဧည့်သည်များမှ ဒီခြံတိုင်ကြီးက နဂါးကြီးနှင့်တူတိုက်တာဟု ပြောကြသောအခါမှ စာရေးသူလည်း အိပ်မက်ကို သတိရပြီး ထိုခြံတိုင်ကိုနုတ်ယူလိုက်ပါသည်။

တစ်ဖန် ၂၀၀၆ ခုတွင် စာရေးသူတို့၏ မှလဆောက်လုပ်နေထိုင်ခဲ့သော တိုက်အိမ် အလယ်တိုင်အခြေမှ သင့်သကဲ့သို့ အင်္ဂတေများ မို့မောက်ကွဲ ထွက်လာရာ ဓာတ်ပုံဆရာ ငွေမောင် (စာရေးသူတို့နေအိမ်၏အနောက်တောင်ထောင့် (၃) အိမ်ခြားတွင်နေသည်။) ခေါ်ယူပြီး ဓာတ်ပုံမှတ်တမ်းရိုက်ကူးစေရာ အင်္ဂတေအညိုအကွက်များမှ ဥ ကလေးသဏ္ဍာန် ပေါ်ပေါက်ခဲ့ပါသည်။


ထို့နောက် အိမ်ကြမ်းခင်းအနှံ့ အက်ကြောင်းများပြေးနေသောအင်္ဂတေကြမ်းခင်းများကိုပြုပြင်ရန် စဉ့်ကိုင်မြို့ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ကုန်းနီရွာမှ ပန်းရန်ဆရာ ကိုကျော်ခိုင်ကို ခိုင်းစေခဲ့ပါသည်။ ကိုကျော်ခိုင်းနှင့် ပန်းရန်အဖွဲ့မှ အင်္ဂတေကြမ်းပြင်များကို သံတူးရွင်းများဖြင့် တူးလှန်ခွာထုတ်သောအခါ စာရေးသူတို့နေအိမ်အင်္ဂတေကြမ်းခင်းအောက်နေရာအနှံ့တွင် ချိုင့်ခွက်ကလိုင်များ ဖြစ်ပေါ်လျက်ရှိနေပြီး ထိုချိုင့်ခွက်ကလိုင်များအားလုံးတို့တွင်



မိတ္ထီလာမြို့ရဲမှူးကြီး လှမျိုးရှိန် နေအိမ်တွင် ဂမုန်းပန်းမှ နဂါးမောက်သဏ္ဍာန်ဖြစ်ပေါ်ပုံ



မိတ္ထီလာမြို့ရဲမှူးကြီး လှမျိုးရှိန် နေအိမ်တွင် နဂါးဥမှ အကောင်ပေါက်သည်ဟု အိပ်မက်ပေးသော အမည်မသိ ဥခွံ



ရန်ကုန်မြို့ဗိုလ်မှူးလှမိုး + ဒေါ်နန်းဆီခမ်း နေအိမ်တွင် ရုပ်ရှင်တော်မြတ် ကြွမြန်းစဉ် နံ့သာတိုင်ပြာများမှ နဂါးသဏ္ဍာန်များ ဖြစ်ပေါ်ပုံ



www.burmeseclassic.com

www.burmeseclassic.com




မိတ္ထီလာကန်တော်ကြီးတွင် မယ်တော်ကြီးနှင့် ရဲမှူးကြီး လှမျိုးရိုန်၏ဇနီး ဒေါ်မင်းမင်းထွေးတို့ နဂါးစာဒါနပြုနေစဉ်



မိတ္ထီလာမြို့တွင် ဘုရားဖူးရောက်ရှိလာသော မြွေ

ထူးဆန်း အံ့ဩဖွယ်ရာ ရေမှော်ပင်များ စိမ်းညို့သန်စွမ်းစွာ ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။

နောင်မှတဖြည်းဖြည်းသိရှိရသည်မှာ စာရေးသူတို့၏ နေအိမ်ကို နဂါးမယ်တော် (၃) ပါး စောင့်ရှောက်လျက်ရှိသည်။ အိမ်ရှေ့မျက်နှာစာကို သစ်နဂါးမယ်တော်၊ ဘုရားခန်းကို ရွှေနဂါးမယ်တော်၊ နောက်ဖေးဘက်ကို အုန်းနဂါးမယ်တော်တို့မှ စောင့်ရှောက်နေသည်ဟူ၍ ဖြစ်ပါသည်။ စာရေးသူတို့နေအိမ်တွင် နဂါးမယ်တော်များအပြင် သိုက်နန်းရှင်များနှင့် အခြားသော အစောင့်အရှောက်ပုဂ္ဂိုလ် အများအပြားရှိသော်လည်း စာရေးသူတို့သည် အရိုးကိုအရွက်မဖုံးစေလိုသည့်သဘော ရုပ်ရှင်တော်မြတ်၏ ကြီးမားလှသော တန်ခိုးတော်တို့ကို ခွာတ်များ၊နတ်များက ကွယ်မည်။ ခွာတ်များ၊ နတ်များကြောင့် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို လူများက တစ်မျိုးထင်ကြမည်ကိုစိုးသောကြောင့် အစောင့်အရှောက်ပုဂ္ဂိုလ်များမှ ပုံတော်များထုလုပ်ထားပေးရန် တောင်းဆိုကြသော်လည်း ပုံတော်ကြီးကြီးမားမားထုလုပ်ပေးခြင်းမပြုဘဲ စတီသဘော ပုံတော်သေးသေးမျှသာ အဆက်ပါရှိ၍ လျှုဒါန်းကြသူတို့ ပေါ်ပေါက်သောအခါမှသာ ထားရှိပေးကြခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၀၄ ခုနှစ်ခန့်တွင် ဘုရားခန်းအလယ်တည့်တည့်တွင် နဂါးမယ်တော် (၃) ပါးကိုယ်စားပြု အမြင့် (၁) ပေခွဲခန့် တင်ပါးလွှဲထိုင်လက်အုပ်ချီပုံတော်တစ်ခုထားရှိပြီး ရွှေ၊ သစ်၊ အုန်းဟု စာတန်းရေးထိုးထားရှိလိုက်ပါသည်။

တစ်ည စာရေးသူ လက်ဖက်ရည်ဆိုင်မှပြန်လာပြီး အိမ်၏ မြောက်ဘက်မှ နောက်ဖေးဘက်သို့ သွားရောက်စဉ် ပြတင်းပေါက်မှ ဘုရားခန်းသို့ အမှတ်မထင် လှမ်းကြည့်လိုက်ရာ နန်းတွင်းသူတို့၏ ရွှေဝါရောင်အဝတ်အစားမျိုးဖြင့် မတ်တတ်ရပ်လျက်လက်အုပ်ချီနေသော နဂါးမယ်တော်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရ၍ ဆံပင်များထောင်သွားသလားဟု ထင်မှတ်ရအောင် ကြက်သီးမွေးညင်းများထသွားဖူးပါသည်။ နဂါးမယ်တော်ကြီး၏အရပ်အမောင်းမှာ (၆) ပေကျော်မျှရှိမည်ဟု ခန့်မှန်းရပါသည်။ စာရေးသူလည်း ဤယနေ့ (၂၀၀၄၊ ဒီဇင်ဘာ) တိုင် နဂါးမယ်တော်ကြီးကို ဤတစ်ကြိမ်သာ တွေ့မြင်ဖူးပါသည်။

၂၀၀၄ ခုနှစ် ရန်ကုန်ခရီးစဉ်မှ ပြန်လည်ရောက်ရှိပြီး မယ်တော်ကြီးမှ ရုပ်ရှင်တော်မြတ်အား ရတနာစီခြယ်သော မကိုဋ်တော်၊ စလွယ်တော်လှူဒါန်းမည်ဖြစ်၍ ပါဝင်လှူဒါန်းကုသိုလ်ယူကြရန် ဖိတ်ခေါ်သောအခါ မြေနီရောင်မြွေကြီးရောက်ရှိလာပြီး ပတ္တမြားတစ်ပွင့်ချသွားခဲ့သည်။ နောက်မှသိရသည်မှာ ထိုမြွေကြီးသည် ပေါက္ကံပြည် အလိုတော်ပြည့်ဘုရားမှ သိုက်နဂါးမင်းကြီးဖြစ်နေပါသည်။ (ထိုအကြောင်းအရာတို့ကို မကိုဋ်တော် စလွယ်တော်လှူဒါန်းခြင်း ဆောင်းပါးတွင် သူရဇ္ဇမဂ္ဂဇင်းကြီး၌ အသေးစိတ် အကျယ်တဝင့်ဖော်ပြပြီး)

ထို့နောက်တစ်ဖန် ၂၀၀၅ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား ပုသိမ်ကြီးမြို့ ခမရ(၁၁၆)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့်၊ ဇနီး ဒေါ်နီနီမြင့်တို့မှ ပင့်ဆောင်ပူဇော်ရာ ရုပ်ရှင်တော်မြတ် မကြွရောက်မီ ရက်ပိုင်းမျှအတွင်းမှာပင် ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့်တို့၏ နေအိမ်တွင် အလှစိုက်ပျိုးထားသော အုန်းပွားပင်များမှ နဂါးသဏ္ဌာန်အညွန့်အဖူးများ ထွက်ပေါ်ခဲ့ပါသည်။ ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့်၏ဧည့်ခန်း၌ အမေရိကန်ရေတပ်သား(၃၀)ကျော်မှ နဂါးကြီးကို အသေဖမ်းမိပြီး မွေ့ချီထားကြသောဓာတ်ပုံကြီးကို တွေ့ရှိရပါသည်။ ထိုနဂါးကြီး၏အသားကို ချက်စားကြသူ အားလုံးလည်း သေဆုံးကုန်ကြသည်ဟု စာတန်းတွင်ဖော်ပြထားပြီး ၁၉၈၀ ပြည့်နှစ်က ရိုက်ကူးထားသောဓာတ်ပုံဟု သိရပါသည်။

ထိုစဉ်က ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူခိုက် စာရေးသူလည်း ခမရ (၁၁၆)သို့ ရောက်ရှိသွားခဲ့ပါသည်။ ထိုအခါ ဗိုလ်မှူးကြီးတင်မောင်မြင့်မှ -

"ဒီဘုရားမှာ နဂါးဆက်ပါတယ်ဆိုတာ တကယ်မှန်တယ်။ ဒီဘုရားကို ပင့်ဖို့ စီစဉ်နေတဲ့အချိန်မှာပဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ တစ်ခါမှမဖြစ်ဘူးတဲ့ အုန်းပွားပင်ကနေ နဂါးမောက်သဏ္ဌာန်တွေထွက်လာခဲ့တယ်။ ပြီးတော့ ထူးထူးခြားခြား ဒီအခွေလည်းရခဲ့တယ်။ ကြည့်ကြည့်ပါ"

ဟု ဆိုကာ ခွေထိုး၍ပြပါသည်။

ထိုအခွေမှာ ကချင်ပြည်နယ် အင်းတော်ကြီးအိုင်အတွင်းရှိ ရွှေမြဥ္ဇူ ဘုရားပွဲမှတ်တမ်းဖြစ်ပါသည်။အင်းတော်ကြီးဒေသမှာ ဝေးလံသီခေါင်လှပြီး ခရစ်ယာန်ဘာသာကြီးစိုးသောနယ်မြေအတွင်း၌ဖြစ်သော်လည်း ဘုရား၏တန်ခိုးတော်ကြောင့် ဘုရားပွဲတော်မှာ စည်ကားလှပါသည်။ ထိုအခွေတွင် ထူးထူးခြားခြား လူတို့ ဥဒဟိုသွားလာနေသည့်ကြားက ဝင် မြွေတစ်ကောင်ရောက်ရှိလာပြီး စေတီတော်ကို ကာရံထားသော သံပန်းခြံတိုင်ပေါ်သို့ တက်ရောက်လာကာ သံတိုင်ထိပ်ကို အမြီးဖြင့်ထောက်၍ မြွေ၏ကိုယ်လုံးအလျားအားလုံး လေထဲတွင် (၉၀) ဒီဂရီ တည့်မတ်စွာရပ်၍ အချိန်ကြာမြင့်စွာဖြင့် ဘုရားဖူးနေပါသည်။ ဤမြင်ကွင်းမှာ အံ့သြမဆုံးဖြစ်ရပါသည်။ မြွေအလမ္ပာယ်ဆရာပင် ထိုပြကွက်မျိုးကို မြွေတို့ကို သင်ကြားပြီး ပြသနိုင်ခြင်းရှိသည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သဘာဝလွန်ဖြစ်ရပ်တစ်ခုမို့ ဖြစ်ပါသည်။ ထို့ကြောင့် ဤမြွေမှာ သာမန်မြွေမဟုတ်နိုင်ပါ။ နဂါးက မြွေယောင်ဖန်ဆင်းခြင်းသော၊ ရိုးရိုးမြွေသတ္တဝါကို နဂါးကစီးနင်းခြင်းလော တစ်ခုခုပင်ဖြစ်ပါမည်။

ထို့နောက် ပို၍ထူးခြားမှုကြုံရသည်မှာ ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ပလ္လင်တော်ပေါ်မှ ကန်တော့ပွဲများပေါ် ပျံဝဲ၍ တန်ခိုးတော်ဖြင့် ကြွချီတော်မူခဲ့ပါသည်။ ဗိုလ်မှူးကြီးတင်မောင်မြင့်သည် ထူးခြားဆန်းကြယ်သောမူလှသော ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို အံ့သြမဆုံးသိရှိလိုက်ရသောအခါ ကြည်ညို၍မဝနိုင်အောင်ဖြစ်ရ၍ သွားလေရာသို့ ရွှေကံကူရုပ်ရှင်တော်မြတ်၏ မှတ်တမ်းဓာတ်ပုံများကို အယ်(လ်)ဘမ် (၃) ခုခန့်ဖြင့် လည်းကောင်း၊ ထိုစဉ်က ဈေးပါးလှသေးသော SONY ဒီဂျစ်တယ်ကင်မရာကိုယူဆောင်၍ လည်းကောင်း တွေ့သမျှ ဆရာသမား၊ တပည့်၊ ဆွေမျိုး အသိမိတ်ဆွေ၊ ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာလေးများပါမကျန် ပြသပြီး ရှင်းလင်းပြောပြလေ့ရှိပါသည်။

သူကိုယ်တိုင်လည်း ရုပ်ရှင်တော်မြတ်ဓာတ်ပုံကိုအမြဲဆောင်ထားသကဲ့သို့ တပည့်များကိုလည်းဆောင်ထားရန်ပြောကြားလေ့ရှိပါသည်။ ထိုသို့ဖြင့် ခမရ (၁၁၆) ကရင်ပြည်နယ်သို့ စစ်ဆင်ရေးထွက်ရသောအခါတွင် ဗိုလ်မှူးကြီးတင်မောင်မြင့်လည်း လိုက်ပါသွားရ၏။ ဗိုလ်မှူးကြီးတင်မောင်မြင့်သည် ရုပ်ရှင်တော်မြတ်၏ အိတ်ဆောင်ဓာတ်ပုံကို ကိုယ်နှင့်မကွာ ပင့်ဆောင်ပူဇော်သွားရာ ၎င်းနေထိုင်ရာ ဘန်ကာအတွင်းမှ နံရံတွင် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ပူဇော်ထားရှိလိုက်ပါသည်။

တစ်နေ့တွင် နံနက် (၁၁) နာရီအချိန်၌ ဗိုလ်မှူးကြီးတင်မောင်မြင့်သည် ဘန်ကာအတွင်းသို့ ဝင်ရောက်လိုက်ရာ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို တစ်လံခန့် ရှည်လျားသော ရွှေဝါရောင်မြွေကြီး လာရောက်ဖူးမြော်၍နေသည်ကို တွေ့ရှိရပါသည်။ ထို့နောက် တပည့် ဗိုလ်မှူး၊ ဗိုလ်ကြီး၊ အကြပ်၊ တပ်သားတို့ လာရောက် ကြည့်ရှုကြသောအခါတွင်လည်း မြွေကြီးသည် လူတို့ကိုကြောက်ရွံ့ခြင်းမရှိပါ။ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်စွာ မလှုပ်မရှား ဖူးမြော်၍နေပါသည်။ ထိုမြွေကြီးသည် နောက်နေ့ညနေ(၃)နာရီမှသာ တရွေ့ရွေ့ပြန်လည်ထွက်ခွာသွားပါသည်။

မြွေ၏သဘာဝအရ ခေါင်းထောင်ပြီး ခန္ဓာကိုယ်စင်းလျက်အကြာကြီးနေနိုင်မည် မဟုတ်ပါ။ ယခုမူ ဤမြွေကြီးသည် (၂၈) နာရီတိတိ ကိုယ်ခန္ဓာအနေအထားပြောင်းရွှေ့ခြင်းမရှိဘဲနေသွားခဲ့သည်မှာ အံ့သြမဆုံးနိုင်အောင်ဖြစ်ကြရပါသည်။ ထို့ကြောင့် ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်သည် ၎င်းကိုယ်တိုင်ရိုက်ကူးခဲ့သော မြွေကြီးဘုရားဖူးနေသည့်ဓာတ်ပုံကို လာပို့သောအခါ -

"ဆရာဘို၊ ဒီမြွေဟာ ရိုးရိုးမြွေတော့ မဟုတ်နိုင်ဘူး။ နဂါးနဲ့ပတ်သက်နေမှာအမှန်ပဲ"

ဟု ပြောကြားခဲ့ပါသေးသည်။

တစ်ဖုံ ၂၀၀၄ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား လားရှိုးမြို့ အမှတ် (၈) ရပ်ကွက် ရွှေမေတ္တာစားတော်ဆက် ဒေါ်ယဉ်မေမှ ဦးဆောင်၍ လားရှိုးမြို့သို့ ပင့်ဆောင်ကာ ပူဇော်ခဲ့ကြရာတွင်လည်း ဒေါ်ယဉ်မေတို့နေအိမ်မှ ဆက်လက်ပင့်ဆောင်မည့် ကိုကျော်မင်းနှင့်ဇနီးတို့ ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ကြသောအခါတွင် ၎င်းတို့ဇနီးမောင်နှံနှစ်ဦးစလုံးကို နဂါးလာရောက်ပူးကပ်လျက် နှာမှုတ်သံတရှူးရှူးဖြင့်လူးလိမ့်ပြီး ဘုရားကိုကန်တော့ကြရာ နဂါးများမှာ တော်တော်နှင့်ပြန်မထွက်၍ စာရေးသူပင် ကြောက်ရွံ့သလိုဖြစ်လာမိပါသည်။ ထိုအချိန်တွင် ဒေါ်ယဉ်မေ မိသားစုနှင့် ကိုကျော်မင်းမိသားစုတို့ ကိုးကွယ်သော ပြင်ဦးလွင်မြို့ မိုးကြိုးပစ်ကျေးရွာမှ မနောစိတ္တာပွာဒ်အထက်ဂိုဏ်း ဆရာကြီး အဘဦးငွေလှိုင်ရှိနေသဖြင့် ဦးငွေလှိုင်မှ ရွှေစင်ဖြင့်ပက်ဖျန်းပြီး မေတ္တာရပ်ခံသောအခါမှ နဂါးများထွက်သွားကြပါသည်။

ရွှေမေတ္တာစားတော်ဆက်တွင် ရုပ်ရှင်တော်မြတ်သည် (၃) ညအိပ်သီတင်းသုံး အပူဇော်ခံပြီးမှ ကိုကျော်မင်းတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ပါသည်။ (ထိုအကြောင်းအရာ အသေးစိတ်ကို 'ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ လားရှိုးမြို့ခရီးစဉ်' တွင် ရေးသားထားရှိပြီးဖြစ်၍ အလျဉ်းသင့်သောအခါ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိလာပါမည်။) ၎င်းနေအိမ်သို့ ရောက်ရှိပြီး မကြာမီမှာပင် ပျားကြီးအကောင်ပေါင်း ထောင်သောင်းချီကာ ရောက်ရှိလာကြပြီး တစ်နေကုန် ဘုရားခန်းနှင့် တစ်ဆက်တည်း ဧည့်ခန်းအတွင်း ပျံဝဲနေကြပါသည်။ ပျားများသည် လူတို့ကိုမတုပ်ပါ။ ထို့ပြင် မီးဖိုခန်းနှင့် အိပ်ခန်းများနှင့် အိမ်အတွင်း၊ ခြံဝင်းအတွင်း အခြားမည်သည့်နေရာကိုမျှမသွားကြပါ။ ညသို့ရောက်သောအခါတွင်လည်း အုတ်နံရံထောင့်မှာပင် အုံဖွဲ့၍နေကြပါသည်။ ထူးဆန်းလွန်းလှပါ၏။

ည(၉)နာရီကျော်ခန့်တွင် ဘုရားခန်းစားပွဲများအောက်မှ ကျယ်လောင်စူးရှစွာ မြွေတွန်သံ (၆) ချက် ထွက်ပေါ်လာ၍ အောက်ကြမ်းခင်းထိတိုင်အောင် ကျရောက်နေသော စားပွဲခင်းအနားစတို့ကို မ,ကြည့်သောအခါတွင်လည်း မည်သည့်အရာမျှမတွေ့ရှိရပါ။ သို့သော် ခေတ္တနားနားပြီး နေရာပြောင်းရွှေ့လျက် မြွေတွန်သံ(၆)ချက်ကတော့ ပုံမှန်ထွက်ပေါ်နေပါသည်။ အိမ်ရှင်မှ မြွေတွန်သံအချက်အရေအတွက်တို့ကို လိုက်လံမှတ်သားလျက်ရှိရာ ည (၁၂) နာရီသို့တိုင်ရောက်ရှိသွားပါသည်။ ထိုအခါ အိမ်ရှင်တို့လည်း ကြောက်လာကြပြီး စာရေးသူ (ဤခရီးစဉ်တွင် စာရေးသူတစ်ဦးတည်း လိုက်ပါသွားခဲ့သည်။) အား ဤမြွေကြီးကိုထွက်သွားရန် မည်သို့လုပ်ရမည်နည်းဟုမေးမြန်းရာ ယနေ့ညည့်နက်နေပြီဖြစ်၍ ပြန်လည် ထွက်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com

ပါရန် မေတ္တာရပ်ခံစေလိုက်ရာ မျက်နှာကြက်သို့ အရိပ်သဏ္ဍာန်ကပ်ရောက်သွားပြီး နောက်ဆုံးတွင် ဦးသုံးကြိမ်ချသည့်သဘော မျက်နှာကြက်၌မေးနှင့်ရိုက်၍ ဗုန်းဗုန်းဟူသော အသံ (၃) ချက်ထွက်ပေါ်လာပါသည်။

ထို့နောက် မျက်နှာကြက်နှင့် ခေါင်မိုးကို ဖောက်ထွက်သွားသကဲ့သို့ အိမ်ခေါင်ထက်မှ ရှီ. . . ဟူ၍ သံရှည်ဆွဲလျက်တွန်သွားသည်မှာ အတော်ဝေးဝေး. အထိ တောက်လျှောက်ကြားနေရပြီးမှ တဖြည်းဖြည်း. တိုးတိတ်ပျောက်ကွယ်သွားခဲ့ပါသည်။

ထိုအခါ အိမ်ရှင် ကိုကျော်မင်းမှ-

"ဒါ ဟိုနေ့ညက ကျွန်တော်တို့ကို လာစီးတဲ့ နဂါးကြီးဖြစ်မယ်ဗျ။ အစကတော့ မြွေတွန်တယ်မှတ်နေတာ၊ ပျံထွက်သွားမှ နဂါးမှန်းသိရတော့တယ်။ နဂါးတွေတောင် လာဖူးတယ်ဆိုတော့ ဆရာဘိုဘိုဟို့ဘုရားက တကယ့်ကို တန်ခိုးကြီးတာပေါ့။ ကားသမားတွေ တော်တော်များများ ပြောဖူးတာရှိတယ်။ ကျောက်မဲနဲ့ မူဆယ်အကြားမှာ တစ်ခါတစ်ခါ တောင်ကြားတွေထဲကို နဂါးဖြူကြီးတစ်ကောင် ပျံဝဲသွားတာတွေ့ရတယ်ဆိုတာ ဒီနဂါးကြီးပဲဖြစ်မှာပဲ"

ဟု ပြောကြားပါသည်။

ကိုကျော်မင်းတို့၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် (၂) ညအိပ် သီတင်းသုံးတော်မူပြီးမှ တခြားနေအိမ်သို့ ပြောင်းရွှေ့ကြွမြန်းတော်မူပါသည်။ ထိုအခါမှ ပျားတို့လည်း တစ်ကောင်မကျန် ကိုကျော်မင်းတို့နေအိမ်မှထွက်ခွာသွားသည်ဟု သိရှိရပါသည်။

ကိုကျော်မင်းတို့အိမ်တွင် ဖြစ်ပေါ်သော အခြားထူးခြားမှုတစ်ခုမှာ ခြံဝင်းနောက်ဖေးဘက်တွင် စတိုအဖြစ်ထားရှိသော (၂) ခန်းတွဲ အဆောက်အအုံလေးတစ်ခုရှိပြီး ကိုကျော်မင်းမှာ ဆောက်လုပ်ရေးကန်ထရိုက်တာတစ်ဦးဖြစ်သဖြင့် ထိုအဆောက်အအုံထဲတွင် သေတ္တာထားရှိပြီး လက်သမားသုံးပစ္စည်းများထည့်ထားရာ ရုပ်ရှင်တော်မြတ်မကြွရောက်လာမီ တစ်လခန့်အလိုတွင် ထိုသေတ္တာအတွင်းသို့ ပျားကြီးများ လာရောက်အုံဖွဲ့နေခြင်းပင်ဖြစ်ပါသည်။

တစ်ဖန် ၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား ကျောက်ဆည်မြို့ စက်မှု (၀) မှန်စက်ရုံသို့ စက်ရုံမှူး ဗိုလ်မှူး စောအောင်မှ ဦးဆောင်၍ မှန်စက်ရုံမွှာရုံသို့ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။

(အသေးစိတ် အကြောင်းအရာတို့ကို 'ကျောက်ဆည်မြို့ ဒေသစာရီခရီးစဉ်' ဆောင်းပါးတွင် ဖော်ပြထားရှိပြီးဖြစ်ရာ မကြာမီ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖတ်ရှုကြည်ညိုကြရမည် ဖြစ်ပါသည်။) ရုပ်ရှင်တော်မြတ်သည် ထူးထူးခြားခြား ရောင်ခြည်တော်များ ကွန့်မြူးတော်မူ၍ (၂) ည၊ (၂) ရက်လုံးလုံး ဧည့်ပရိသတ်တို့ တိုးမပေါက်အောင်ပင် စည်ကားခဲ့ပါသည်။

ထိုသို့ ဧည့်ပရိသတ်တို့တိုးမပေါက်အောင်စည်ကားနေသည့်ကြားထဲမှာပင် ရွှေရောင်မြွေ (ရွှေမြွေ) နှင့် ရွှေရောင်ဖား (ရွှေဖား) တို့ ရောက်ရှိလာပါသည်။ ရွှေဖားကို ဓာတ်ပုံရိုက်ယူ၍ရရှိသော်လည်း ရွှေမြွေကိုမူ ဓာတ်ပုံကင်မရာ၊ ဖုန်းကင်မရာများနှင့် လူများစွာမှ အကြိမ်များစွာ ဓာတ်ပုံရိုက်ကူးခဲ့ပါသော်လည်း ရွှေမြွေ၏ ဓာတ်ပုံမရရှိခဲ့ပါ။ ထိုခရီးစဉ်တွင် စာရေးသူ လိုက်ပါသွားခြင်းမရှိပါ။ လက်ထောက်စက်ရုံမှူးဖြစ်သော ဗိုလ်မှူးကျော်စွာဝင်းသည် သပိတ်ကျင်းမြို့နယ် ကျောက်ကြီးနည်းပညာတက္ကသိုလ်တွင် ရုပ်ရှင်တော်မြတ်အား တပ်မှူးဗိုလ်မှူးကြီးသောင်းရွှေနှင့် ဇနီးဒေါ်နန်းခင်အုန်းတို့ ပင့်ဆောင် ပူဇော်စဉ်ကတည်းကပင် စာရေးသူနှင့် ခင်မင်ခဲ့သူ ဖြစ်ပါသည်။ ဗိုလ်မှူးကျော်စွာဝင်းမှ ၎င်းကိုယ်တိုင် ရိုက်ကူးခဲ့သော ရွှေဖားဓာတ်ပုံကို ပြသသောအခါမှ အဝါရောင်ရှိသောဖား မဟုတ်ပါ။ တကယ့် ယွန်းရွှေဆေးကဲ့သို့ ရွှေရောင်အစစ်ဖြစ်ကာ ပြောင်လက်လျက်ရှိသည်ကို တွေ့ရှိရ၍ အံ့ဩမိပါသည်။ ထိုအခါ ဓာတ်ပုံရိုက်ကူးမရရှိလိုက်သော ရွှေမြွေသည်လည်း ဤသို့ပင်ဖြစ်မည်ဟု တွေးမိပါသည်။

ဗိုလ်မှူးကျော်စွာဝင်းမှ ရွှေဖားဓာတ်ပုံများ ပြသပြီးသောအခါ -

"ဆရာဘို၊ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူကဲ့ ပထမညမှာပဲ ဓာတ်တော်တောင်နဲ့ မွှာရုံကို ရောင်ခြည်တော်လိုအလင်းတန်းတွေမီးလုံးတွေကူးသန်းနေတယ်။ဓာတ်တော်တောင်ဆိုတာလည်း ပွင့်တော်မူပြီးတဲ့ ဘုရားလေးဆူစလုံး သီတင်းသုံးသွားတဲ့ လိုဏ်ဂူရှိတယ်။ နတ်တွေ၊ နဂါးတွေစောင့်ရှောက်နေကြမှာပဲ။ အဲဒီနတ်တွေ၊ နဂါးတွေက ရုပ်ရှင်တော်မြတ်ကိုလာဖူးကြတာဖြစ်မှာပေါ့။ ရွှေမြွေဟာ သာမန်မြွေတော့ မဖြစ်နိုင်ဘူး။ နဂါးပဲဖြစ်မယ်"

ဟု ပြောပါသည်။

ဗိုလ်မှူးကျော်စွာဝင်း ပြောသည်မှာလည်း ဖြစ်နိုင်ပါသည်။ ဤမှန်စက်ရုံဝင်းအတွင်းတွင် နှစ်နှင့်ချီ၍ ရာချီသောလူတို့သည် နေ့စဉ်ဥဒဟိုသွားလာနေထိုင်လျက်ရှိကြရာ သာမန်သဘာဝမြွေနှင့်ဖားတို့သာဖြစ်ပါက ဤမြွေ၊ ဖားတို့ကို လူတို့ တစ်ကြိမ်တစ်ခါမျှလောက်တော့ တွေ့ဖူးမြင်ဖူးကြမည်ဖြစ်ပါသော်လည်း ယခုမူ မည်သူမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိကြောင်း သိရပါသည်။

တစ်ဖန် ၂၀၀၈ ခုနှစ်ခန့်လောက်က မန္တလေးမြို့ ဘူတာကြီးမြောက်ဘက် (၇၈) လမ်းပေါ် အနောက်ဘက်မျက်နှာပြုတွင် ဝလေးလုံးတိုက်ခေါ် မီးရထားရိပ်သာရှိသည်။ ထိုရိပ်သာတွင်နေထိုင်သော ရထားပို့ဆောင်ရေးတိုင်းမန်နေဂျာဖြစ်သော ဗိုလ်ကြီးသက်စိုးမိသားစုတို့မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်စဉ်အချိန်ကလည်း ဆွမ်းကပ်ခါနီးအချိန်တွင် ထိုအိမ်သို့ စာရေးသူ ရောက်ရှိသွားခဲ့ရာ ဘုရားခန်းတစ်ခုလုံး နှင်းမြူများကျရောက်သကဲ့သို့ နဂါးငွေ့များဟုယူဆကြသော အခိုးအငွေ့များထွက်ပေါ်ခဲ့ဖူးပါသည်။

ထိုနှစ်ထဲမှာပင် မန္တလေးမြို့ (၂၆) ဘီလမ်းမကြီးပေါ် တောင်ဘက်မျက်နှာပြု ဇမ္ဗူသီရိကြဲသကာရည်ပွဲရုံ ဦးကျော်ကျော်ထွန်း၊ ဒေါ်ခင်တီမိသားစုတို့မှလည်း ပင့်ဆောင်ပူဇော်ခဲ့ပါသေးသည်။ ထိုနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်တစ်ဝိုက်တွင် နဂါးငွေ့များထွက်ပေါ်ပြီး ရေသန့်ဘူးများတွင်လည်း နဂါးသဏ္ဍာန်များပေါ်ပေါက်ခဲ့ပါသည်။

ထိုတိုက်ကြီးမှာ RC နှစ်ထပ်တိုက်ဖြစ်ပြီး အပေါ်တွင်တိုင်များထူထားသေးသဖြင့် (၃) ထပ် သို့မဟုတ် ထိုထက်မက တိုးမြှင့်ဦးမည်ဟု ယူဆနိုင်ပါသည်။ ထိုတိုက်ကြီးမှာ ရှည်လျားကြီးမားလှ၍ အိမ်ရှင်ဦးကျော်ကျော်ထွန်းအား မည်သို့သော ရည်ရွယ်ချက်ဖြင့် ယခုပုံစံဆောက်လုပ်ထားခြင်းပါလဲဟု မေးမြန်းရာ ဤတိုက်ကြီးကို ၎င်းတို့ဆောက်လုပ်ခြင်းမဟုတ်ပါ။ စာသင်ကျောင်းကြီးကိုဝယ်ယူလိုက်ခြင်းဖြစ်ပါသည်ဟု ဆိုပါသည်။

တိုက်ဆိုင်သည်ဟု ဆိုရပါမည်။ ၂၀၁၁ ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဇနီး ဒေါ်နိုင်နိုင်မော်တို့မှ ပင့်ဆောင်ပူဇော်သောအခါ ဗိုလ်ချုပ်လှမင်းနှင့် မယ်တော်ကြီးတို့ စကားစပ်မိရာ၌




www.burmeseclassic.com

www.burmeseclassic.com



**ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဖြင့် ပန်းများပေါ်သို့ ကြွတော်မူပုံ (၂၀၀၇၊ အမရပူရမြို့)
ဦးသန်းထွန်း + ဒေါ်နုနုနိုင် နေအိမ်**



**ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဖြင့် ပန်းများပေါ်သို့ ကြွတော်မူပုံ (၂၀၀၇၊ အမရပူရမြို့)
ဦးသန်းထွန်း၊ + ဒေါ်နုနုနိုင် နေအိမ်**

ဦးကျော်ကျော်ထွန်းတို့နေအိမ်အကြောင်း ...ရောက်ရှိသွားရာ ဗိုလ်ချုပ်လှမင်းသည် ...ကျောင်းတွင်နေခဲ့ဖူးသည်ဟု ပြောပြ ...သည်။

ဦးကျော်ကျော်ထွန်းသည် ရုပ်ရှင် ...တော်မြတ်၏တန်ခိုးတော်တို့ကို လက်တွေ့ ...မြင်ရသောအခါ ကြည်ညိုစိတ်များ ...ပေါ်ပြီး (၃) နှစ်ဆက်တိုက် ၎င်း၏ ...နေ့တိုင်း ပင့်ဆောင်ပူဇော်မည်ဖြစ် ...ကြောင်း မယ်တော်ကြီးကို ပြောကြားပါ ...သည်။ သို့သော် ဒုတိယနှစ်တွင်သာ ...၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို ...ဆောင် ပူဇော်ခွင့် ရရှိခဲ့ပါသည်။ ...ယနှစ်တွင် ရုပ်ရှင်တော်မြတ်သည် ...သစာရီခရီးများ မနားတမ်းကြွချီတော် ...ရှိသောကြောင့် ဦးကျော်ကျော်ထွန်း ...မွေးနေ့ရက်ကို မပေးနိုင်တော့သော ...ကြောင့်ဖြစ်ပါသည်။

၂၀၀၆ ခုတွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ မန္တလေးတိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဆွေဝင်းနှင့်ဇနီးမိသားစုမှ ပင့်ဆောင်ပူဇော်လေရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့မိသားစုဝင်တို့ သွားရောက် ဖူးမြော်ကြရာ၌ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမျိုးရှိန်နှင့်ဇနီး ဒေါ်မင်းမင်းထွေးလည်း ပါဝင်ခဲ့ပါသည်။

ဒေါ်မင်းမင်းထွေးသည် ရုပ်ရှင်တော်မြတ်ကို ကြည်ညိုလှသည်ဖြစ်၍ နောက်ရက်တွင် စာရေးသူတို့နေအိမ်သို့ လာရောက်ပြီး ရုပ်ရှင်တော်မြတ်ကို ၎င်းတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ရန် လျှောက်ထားခဲ့ပါသည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ်သည် ဒေသစာရီခရီးစဉ်များ ယခုလောက် မပေါ်များသေး၍ ဒေါ်မင်းမင်းထွေး လျှောက်ထားပြီး မကြာမီမှာပင် မိတ္ထီလာသို့ လိုက်ပါကြွမြန်းပေးနိုင်ခဲ့ပါသည်။

ဒေါ်မင်းမင်းထွေးတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်ကြွမြန်းရောက်ရှိတော်မူစဉ် မြေစိမ်းတစ်ကောင် ဘုရားဖူးလာရောက်ပြီး အကောင်ပေါက်ထွက်သွားခါစ မြွေ သို့မဟုတ် နဂါးဥဟု ယူဆရသော ငန်းဥလောက်အရွယ်ရှိ ဥခွံတစ်ခု ဒေါ်မင်းမင်းထွေးတို့ ခြံဝင်းအတွင်းမှ တွေ့ရှိခဲ့သည်။ ထိုအခေါက်က မိတ္ထီလာမြို့ မြေပြင်လေကြောင်းအတတ်သင်လေ့တပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းမှလည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခဲ့ပါသေးသည်။

ထို့အပြင် ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းနှင့် ဒုတိယရဲမှူးကြီးလှမျိုးရှိန်တို့ပူးပေါင်း၍ ရုပ်ရှင်တော်မြတ်ကို မိတ္ထီလာမြို့ရှိ ရေထွက်ဘုရားသို့ ညဦးပိုင်းမှ ညဉ့်နက်ပိုင်းအထိပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ထိုအချိန်တွင် ထူးဆန်းလှစွာ ဘုရားမီးဖယောင်းတိုင်များမှ ကြိုးတန်းများ၊ ရေပန်းများသဏ္ဌာန်တို့ဖြစ်ပေါ်ခဲ့ ပြီး အမှောင်ထဲမှ နဂါးများပေါ် ပေါက်ခဲ့ပါသည်။ ဤဖြစ်ရပ်သည် ထူးခြားဆန်းကြယ်လှပါသည်။ ယနေ့အချိန် (၂၀၁၅၊ ဒီဇင်ဘာ) အထိဆိုလျှင် ရုပ်ရှင်တော်မြတ်သည် နေရာဌာနပေါင်းများစွာ စေတီပုထိုးပေါင်းများစွာသို့ ကြွရောက်တော်မူပြီးဖြစ်သော်လည်း ရေထွက်ဘုရားတွင် ဖြစ်ပေါ်သကဲ့သို့ တစ်ကြိမ်မှ ထပ်မံဖြစ်ပေါ်ခြင်း မရှိတော့ပါ။

ဒေါ်မင်းမင်းထွေးသည် ပြည်မြို့ဇာတိ ဘိုးစဉ်ဘောင်ဆက် ငွေကြေးချမ်းသာသောမိသားစုမှ ပေါက်ဖွားလာသူဖြစ်ပြီး ရုပ်ရည်လည်း ချောမောလှပသူဖြစ်လျက် အရွယ်လည်းငယ်သေးပြီး အရာရှိကြီးကတော်တစ်ဦးဖြစ်နေသော်လည်း မာန်မာနထောင်လွှားခြင်းမရှိ။ အပျော်အပါး အမော်အကြွားတို့နောက် မလိုက်ဘဲ ဘုရားတရားနှင့် ပျော်မွေ့သူဖြစ်ကာ ရုပ်ရှင်တော်မြတ်ကို ဘုရားကြီးဘုရားကြီးဟု ပါးစပ်ကမချအောင်ပင် ကြည်ညိုလှသူဖြစ်ပြီး အန်တီအေးနှင့် မယ်တော်ကြီးတို့ကိုလည်း အထူးလေးစားလှကာ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စ၊ အန်တီအေးနှင့် မယ်တော်ကြီးတို့၏ ဝေယျာဝစ္စမှန်သမျှတို့ကို ကိုယ်တိုင်ကိုယ်ကျကုသိုလ်ယူဆောင်ရွက်သူဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားကြီးကြွလာတာကို မိတ္ထီလာကလူတွေအားလုံးကသာမသိတာ၊ နဂါးတွေကသိလို့လာဖူးကုန်ကြပြီ"

ဟု ပြော၍ပါသည်။

"မိတ္ထီလာမြို့မှာ ရှေးဟောင်းသမိုင်းဝင် မိတ္ထီလာကန်ကြီးရှိနေလို့ နဂါးတို့ရှိနေမှာအမှန်ပဲ"

ဟု စကားနည်းလှသော ဒုတိယရဲမှူးကြီးလှမျိုးရှိန်မှလည်း ပြောကြားခဲ့ပါသေးသည်။

ပထမအကြိမ် ပင့်ဆောင်ပူဇော်လိုက်သည်နှင့် ဒုတိယရဲမှူးကြီးလှမျိုးရှိန်၊ ဇနီးဒေါ်မင်းမင်းထွေးတို့မိသားစုအားလုံးတို့သည် စာရေးသူတို့မိသားစုနှင့်ဆွေမျိုးရင်းချာပမာ ခင်မင်သွားခဲ့ကြပါသည်။ ထိုနောက် မိတ္ထီလာမြို့သို့ ၎င်းတို့မှ အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ကြပြီး ၂၀၁၄ ခုနှစ်တွင် ရှမ်း/မြောက်တိုင်းတပ်ဖွဲ့မှူးအဖြစ် ရောက်ရှိစဉ်မှာလည်း ရုပ်ရှင်တော်မြတ်ကို နှစ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ကြပါသေးသည်။ ယခုအချိန်တွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဂျီဝမ်းရဲမှူးကြီးအဖြစ်သို့ ရာထူးတိုးမြှင့်ကာ ရောက်ရှိလာပြီဖြစ်၍ အလျဉ်းသင့်သောနေ့တွင် ရဲမှူးကြီးလှမျိုးရှိန်တို့နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူပေးရဦးမည်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် မန္တလေးခရီးစဉ်တွင် အောင်ပင်လယ်ရပ်ကွက် အောင်ပင်လယ်ရွာလယ်လမ်း (၅၀)၊ (၅၁) လမ်းကြားလမ်းသွယ်(၂)ရှိ မိုးတိမ်ယံအလူမီနီယမ်နှင့် မှန်လုပ်ငန်း ဒေါ်သောင်းညွန့်နှင့်သမီး မရင်၊ မထွား၊ သား-ကိုသန်းထူး၊ မောင်မင်းမင်းထွန်းတို့နေအိမ်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သောအခါတွင်လည်း မောင်မင်းမင်းထွန်းမိသားစုသည် စာရေးသူနှင့် သိကျွမ်းခင်မင်ပြီးမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ရသည်ဖြစ်၍ ရုပ်ရှင်တော်မြတ် ၎င်းတို့နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူနေစဉ် စာရေးသူကို ၎င်းတို့အိမ်သို့ လာရောက်ပေးပါရန် ဖိတ်ကြားထားရှိပါသည်။

ထို့ကြောင့် ထိုနေ့ညက စာရေးသူ မောင်မင်းမင်းထွန်းတို့နေအိမ်သို့ ရောက်ရှိနေပါသည်။ ည (၈) နာရီခန့်တွင် စဉ့်ကိုင်သို့ပြန်မည်ပြုစဉ် ရင်းနှီးသောရွှေကံကူသာဝကများ ဖြစ်ကြသော ကျုံးအနောက်ဘက်ကပ်လျက် (၁၇)လမ်းနေ ဦးလှဟန်၏သမီး နွဲ့နွဲ့ရီမှ ဆေးသိဒ္ဓိသစ္စာရေယူရန် ယခုထွက်လာနေပါပြီ၊ ခေတ္တစောင့်ဆိုင်းပေးပါဟု ဖုန်းဆက်ပါသည်။ ထို့နောက် မကြာမီ နွဲ့နွဲ့ရီတို့ ရောက်ရှိလာ၍ စာရေးသူမှ ဆေးသိဒ္ဓိသစ္စာရေ ပေးအပ်လိုက်ပါသည်။ ထိုအချိန်တွင် မင်းမင်းထွန်း ရောက်ရှိလာပြီး -

"ဆရာ၊ ရောင်ခြည်တော်ပေါ်လို့တဲ့။ အိမ်ရှေ့လမ်းပေါ်မှာ လူတွေအများကြီးပဲဖူးနေကြတာ။ ဆရာလိုက်ကြည့်ပါဦး"

ဟု ပြောပါသည်။

ထို့ကြောင့် စာရေးသူတို့လည်း လမ်းပေါ်သို့ ထွက်ခဲ့ကြပါသည်။

လမ်းပေါ်တွင် လူတို့ရာချီရောက်ရှိနေကြပြီး မင်းမင်းထွန်းတို့အိမ်နှင့် မျက်နှာချင်းဆိုင် မိုးပေါ်သို့မော့ကြည့်နေကြပါသည်။ မင်းမင်းထွန်းက ရောင်ခြည်တော်ဟုပြောသောကြောင့် စာရေးသူသည် ကောင်းကင်အမြင့်ကြီးဆီသို့ အလင်းရောင် သို့မဟုတ် အလင်းတန်းကို ရှာဖွေကြည့်နေမိပါသည်။

"ဆရာ ဟိုမှာလေ မတွေ့ဘူးလား၊ ဖြူဖြူကြီး"

ဟု မင်းမင်းထွန်း လက်ညှိုးထိုးပြသောအခါမှ ရောင်ခြည်တော်ဟု ၎င်းတို့ပြောသောအရာကို တွေ့မြင်ရပါသည်။

ဤအရာသည် ရောင်ခြည်တော် မဟုတ်နိုင်ပါ။ လင်းလက်တောက်ပသောအရောင်အလင်းတို့ထွက်ပေါ်ခြင်း မရှိပါ။ အဖြူရောင်တိမ်တိုက်သဖွယ်သာဖြစ်ပါသည်။ ပမာဏမှာ ဖျာငါးချပ်စာမျှနှင့် ဖျာသုံးချပ်စာမျှရှိပြီး ထိုအဖြူရောင်အရာနှစ်ခုသည် တစ်ခုနှင့်တစ်ခု ပူးတုံခွာတုံဖြစ်လျက် တောင်မှမြောက်၊ မြောက်မှတောင် ပေ(၂၀၀)အကွာအဝေးအတွင်းမျှသာ သက်တံတုံးသဖွယ် ရွေ့လျားနေပြီး အမြင့်မှာလည်း ပေ (၅၀) ကျော်ခန့်မျှသာရှိပါမည်။

မင်းမင်းထွန်းတို့အိမ်ကို မျက်နှာချင်းဆိုင်အနေအထားမှရွေ့လျားနေခြင်းဖြစ်ပါသည်။ တောင်ထိပ်၊ မြောက်ထိပ်ရွေ့လျားနယ်ဆုံးသို့ရောက်လျှင် ခေတ္တငြိမ်သက်နေပါသေးသည်။ တစ်ခါတစ်ရံ လှုပ်ရှားရွေ့လျားမှုမှာမြန်ဆန်လှပါသည်။ စာရေးသူလည်း (၁၅) မိနစ်မျှ ကြာမြင့်သည့်တိုင် ထိုအရာကိုရပ်ကြည့်နေသော်လည်း မည်သည့်အရာဟူ၍မသိဖြစ်နေပါသည်။ ထိုအချိန်တွင် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် လမ်းသွယ်ထဲတွင် လူတို့ပြည့်ကျပ်လျက်လာနေပေပြီ။ ထို့နောက် အဖြူရောင်အရာနှစ်ခုတို့၏ ရှေ့နောက်လှုပ်ရှားမှုကို ဂရုစိုက်၍ကြည့်လိုက်သောအခါ ၎င်းအဖြူရောင်အရာနှစ်ခု အပေါ်မှအောက်သို့ထိုးစိုက်ဆင်းလိုက်သောအခါတွင် ကိုယ်လုံးသဏ္ဌာန်ရှည်မျောမျောကို ရိပ်ခနဲ တွေ့မြင်လိုက်ရ၏။ ထိုအခါမှ ဤဖြူဖြူအရာနှစ်ခုတို့သည် နဂါးကြီးတစ်ကောင်ဖြစ်နေပြီး ခေါင်းနေရာနှင့် အမြီးနေရာတို့ကို ဖြူဖြူသဏ္ဌာန်တွေ့မြင်ရခြင်း ဖြစ်သည်။ ကိုယ်လုံးမှာ ပျောက်နေလျက် လျင်မြန်စွာ လှုပ်ရှားလိုက်သောအခါမှ ရိပ်ခနဲမြင်တွေ့ရခြင်းဖြစ်ကြောင်း သိရှိရပါတော့သည်။

စာရေးသူတို့လည်း နာရီဝက်ခန့်ကြာသည်အထိ ရပ်ကြည့်နေကြပါသေးသည်။ သို့သော် နဂါးကြီးသည် ပျောက်ကွယ်မသွားပါ။ မြူးထူးစွာ ဘုရားကန်တော့လျက်ရှိပါသည်။ ဟိုဘက်ထိပ်ဒီဘက်ထိပ်သို့အရောက်တွင် ခေတ္တငြိမ်၍ရပ်တန့်သွားခြင်းမှာ ကန်တော့နေခြင်းဖြစ်ကြောင်းသိရပါသည်။ ထိုလမ်းသွယ်အတွင်းသို့ ကားများ၊ ဆိုင်ကယ်များ ခြေကျင်များအဆက်မပြတ်ဝင်လာနေကြ၍ လမ်းပိတ်တော့မည်ဖြစ်သဖြင့် စာရေးသူတို့လည်း ဆိုင်ကယ်များဖြင့် ပြန်ထွက်ခဲ့ကြပါတော့သည်။

လမ်းတစ်လျှောက်တွင် လူတို့ လမ်းပေါ်ထွက်၍ ကောင်းကင်ကို မော့ကြည့်နေကြသဖြင့် စာရေးသူလည်း ၎င်းတို့ကြည့်နေကြရာ မင်းမင်းထွန်းတို့နေအိမ်ဘက် ထက်ကောင်းကင်ဆီသို့ ကြည့်လိုက်ရာ ကောင်းကင် လေယာဉ်ပျံများပျံသန်းသောအမြင့်ခန့်တွင် ခတ်မီးရောင့်ကဲ့သို့ အဝါရောင်အလင်းဝိုင်းနှစ်ခု လှုပ်ရှားသွားလာလျက်ရှိသည်ကို တွေ့မြင်ရပါသည်။ ထိုအလင်းရောင်အဝိုင်းနှစ်ခုသည် တစ်နေရာတည်းတွင်သာ ရွေ့လျားနေခြင်း ဖြစ်ပါသည်။ လက်နှိပ်ခတ်မီးနှစ်လက်ထိုးပြီး ဆော့ကစားနေသကဲ့သို့ဖြစ်သော်လည်း ဆလိုက်မီးတို့ကဲ့သို့လာရာအလင်းကြောင်းမရှိပါ။

မင်းမင်းထွန်းတို့အိမ်အနီးမှ နဂါးကြီး၏လှုပ်ရှားပုံနှင့် ကောင်းကင်တွင်ပေါ်နေသော အလင်းပျောက်နှစ်ခု၏ လှုပ်ရှားပုံတို့မှာ တူညီလျက်ရှိပါသည်။ သို့သော် မင်းမင်းထွန်းတို့နေအိမ်အနီးတွင် ပေါ်ပေါက်နေသော နဂါးကြီးသည် မီးရောင်စုံလုံးဝမပါသော တိမ်ဖြူရောင်ဖြစ်၍ အမှောင်ထဲမှာပင် အတော်ဂရုစိုက်၍ကြည့်ယူရပြီး အမြင့်မှာလည်း မြေပြင်မှ ပေ(၅၀)ခန့်သာမြင့်၍ ယခုကောင်းကင်တွင်ပေါ်ပေါက်သော အလင်းမြေက်



www.burmeseclassic.com

www.burmeseclassic.com

န်ခုမှာ မီးရောင်ဖြစ်ပြီး ထင်ရှားစွာ မြင်တွေ့ရလျက် မြေပြင်မှ ပေသောင်းချီ သောအမြင့်တွင်ဖြစ်၏။ ထိုကောင်းကင် ၌ အလင်းရောင်နှစ်ခုကို စက်မှု(၂)အထိ ဘောပ်စက်ဝိုင်းအတိုင်း နိမ့်လျော့သွား ပြီး တဖြည်းဖြည်းကွယ်ပျောက်သည် အထိ မြင်တွေ့ခဲ့ရပါသည်။

ထို့နောက် ရက်အနည်းငယ်မျှ ကြာသောအခါ မန္တလေးမြို့ (၆၂) လမ်း၊ လမ်း (၃၀)ထောင့်ရှိ တောင်စလင်းတိုက် သစ်သို့ စာရေးသူ သွားရောက်ခဲ့သည်။ ကျောင်းဝင်းအတွင်း အရှေ့ဘက်အုတ် တံတိုင်းနှင့်ကပ်လျက်နေရာတွင် ပလ္လင် ပြီးမှ မဏ္ဍပ်တော်အထိ ထိုင်တော်မူ အင်တေရုပ်ပွားတော်ကြီး (၉) ဆူတို့ကို ရွှေသင်္ကန်း၊ ဆေးသင်္ကန်း လှူဒါန်းပူဇော် ၍ စာရေးသူ၏တပည့်ဆေးသုတ်ဆရာ မောင်နိုင်နှင့်အဖွဲ့ကိုပါ တစ်ခါတည်း ခေါ်ယူသွားခြင်း ဖြစ်ပါသည်။ ရုပ်ပွား တော်ကြီးများအား မောင်နိုင်တို့ ဆေးသုတ်လျက်နေစဉ် စာရေးသူလည်း ၎င်းကျောင်း၏ပဓာနနာယကဖြစ်တော်မူ သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုး တန်းဒေသသာသနာပြု ဝါခင်းကုန်း ဆရာတော်ကြီး ဦးတိက္ခအား ဝင်ရောက် ကန်တော့ရင်း မောင်မင်းမင်းထွန်းတို့ နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက် တော်မူစဉ်က ဖြစ်ပေါ်ခဲ့သော ထူးခြားမှု များကို လျှောက်ထားမေးမြန်းကြည့်ရာ ဆရာတော်ကြီးမှ -

"သက်တော်ထင်ရှား ဘုရားရှင် သက်ထက်တော်အခါတုန်းက နဂါးတွေ ဘုရားကိုလာဖူးတာ၊ တရားလာနာတာ အတယ်ရှိခဲ့တယ်။ မြတ်စွာဘုရားရှင်က တော့ သက်တော် (၈၀) မှာ ပရိနိဗ္ဗာန်စံ ဝင်တော်မူသွားခဲ့ပြီ။ ဒါပေမယ့် နဂါးတွေ က သက်တမ်းရှည်တော့ ဘုရားရှင်ရဲ့ သက်ထက်က နဂါးတွေ အခုချိန်ထိရှိနေ သေးတယ်။အဲဒီနဂါးတွေက သက်တော် ထင်ရှား ဘုရားရှင်မရှိတော့တဲ့အခါ ဗုဒ္ဓ ရဲ့ ဓာတ်တော်မွေတော်တွေကိန်းဝပ်တဲ့ ဆန်ဒိုးကြီးရုပ်ပွားတော်တွေနဲ့စေတီပုထိုး တွေကို သွားရောက် ဖူးမြော်ကြလေ့ရှိ တယ်။ အခုလည်း အဲဒီလိုလာဖူးတာပဲ"

ဟု မိန့်ကြားတော်မူပါသည်။

စာရေးသူမှ ထပ်မံ၍ မြေပြင် အနီးတွင် တိမ်ဖြူသဏ္ဍာန်ပေါ်ပေါက်ပြီး ထင်းအထက်တည့်တည့်ကောင်းကင်ယံ ၌ အလင်းပြောက်နှစ်ခုပေါ်ပေါက်သည့် အကြောင်းကို မေးမြန်းလျှောက်ထား မြန်ရာ ထိုနဂါးကြီး၏ အရောင်အဝါတို့ ကောင်းကင်အမြင့်တွင် သွားရောက် ထင်ဟပ်ရသည်မှာ ဘုရားဖူးလာရောက် သော နဂါးကြီး၏ ပကတိကိုယ်ရောင် ကိုယ်ဝါတို့မှာ အလွန်ပင် ထိန်ညီးစွာ ထွန်းလင်းလှသည်ဖြစ်၍ ဘုရားရှင်အား လှူဒါန်းထားသော လျှပ်စစ်မီးရောင် တို့ကို ဖုံးလွှမ်းသွားမည်ဖြစ်သောကြောင့် အရောင်အလျှံတို့ကို ဖျောက်ထားခြင်း ဖြစ်သော်လည်း ကောင်းကင်ယံတွင် အလင်းရောင်တို့ထင်ဟပ်ရခြင်းကတော့ ကိုယ်ယောင်ဖျောက်သောနယ်နိမိတ်ထက် ကျော်လွန်နေသောကြောင့်ဖြစ်သည်ဟု မိန့်ကြားတော်မူပါသည်။ ထိုအခါမှ စာရေးသူလည်း ထိုကိစ္စကို ဘဝင်ကျ၍ သွားရပါတော့သည်။

ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော် တို့ကို မြွေတို့လာရောက်ဖူးမြော်ကြသည် မှာ ရဟန်းသံဃာများ အပါအဝင် လူ ပေါင်းများစွာတို့ တွေ့ကြုံခဲ့ရသည်များ ကို စာရေးသူ၏ ယခင်ဆောင်းပါး များစွာတွင် ဖော်ပြပါရှိခဲ့ပြီးဖြစ်ပါသဖြင့် ထိုအကြောင်းအရာတို့ကို ချန်လှပ်ခဲ့ပြီး ဖော်ပြခြင်းမပြုရသေးသူတို့၏အကြောင်း အရာများကိုသာ ဆက်လက် ဖော်ပြပါ မည်။

၂၀၁၄ ခုနှစ် မန္တလေးခရီးစဉ်တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးတစ်ဦး ဖြစ်သော ဦးမြင့်သန်းနှင့် ဇနီးမိသားစု တို့ မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။ ၎င်းခြံဝင်း၏ မြောက်ဘက်အစွန်နေရာတွင် ပန်းခြံပြု လုပ်ထားရှိပြီး ထိုနေရာတွင် ဝန်ကြီး မိသားစုတို့မှ နဂါးများနေထိုင်သည်ဟု ယုံကြည်ထားကြပါသည်။ ရုပ်ရှင်တော် မြတ်ကြွရောက်တော်မူပြီးနောက်တစ်နေ့ တွင် စာရေးသူလည်း ဝန်ကြီးအိမ်သို့ ရောက်ရှိသွားပါသည်။

ရုပ်ရှင်တော်မြတ်ကို ခမ်းနားစွာ ပူဇော်ထားရှိပါသည်။ ဝန်ကြီးအိမ်ဖြစ် သည်နှင့်အညီ ဂုဏ်သရေရှိဧည့်ပရိသတ် တို့ ဘုရားဖူးလာရောက်လျက်ရှိသည် ကို တွေ့ရပါသည်။ စာရေးသူတို့လည်း နာရီဝက်ခန့်နေပြီး ဝန်ကြီးမိသားစုကို နှုတ်ဆက်ပြီး ပြန်မည်ပြုသောအခါ အန်တီအေးနှင့် မယ်တော်ကြီးတို့က စာရေးသူကို အိမ်ရှေ့ဆင်ဝင်အထိ လိုက်လံပို့ဆောင်ပြီး -

"ကြည့်စမ်းကွာ ထူးခြားလိုက်တာ၊ မနေ့ညက လူတွေအိပ်ချိန်မှာ နဂါးတွေ ဘုရားလာဖူးထားတာ"

ဟု ဆိုကာ မြေပြင်ကို ညွှန်ပြပါ သည်။ နဂါးများရှိသည်ဟူသော ပန်းခြံ နေရာမှ အိမ်ဆင်ဝင်ဆီသို့ဦးတည်နေ သော ကြီးမားလှသည့်မြွေအရာကြီးနှစ်ခု ကို မြေပြင်တွင်ထင်ရှားစွာတွေ့ရှိလိုက် ရပါသည်။ ထိုစဉ် ဝန်ကြီးအိမ်တော်နှင့် ပတ်သက်မည်ဟု ယူဆရသော လူငယ် လေးတစ်ဦးရောက်ရှိလာပြီး -

"ဟုတ်တယ် ဆရာ၊ အဲဒီနေရာမှာ နဂါးတွေရှိတယ်လို့ ယုံကြည်စရာ အထောက်အထားတွေ အများကြီးပဲ။ ဒါကြောင့် အဲဒီနေရာကို ဘယ်သူမှ အမှိုက်မပစ်ရဲဘူး။ ကွမ်းသွေးမထွေးရဲ ဘူး"

ဟု ဝင်ရောက်ပြောကြားပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ၁၀ လပိုင်း၊ ၂၀၁၄ ကုန်ခန့်တွင် မကွေး တိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ သို့ ဒေသစာရိကြွမြန်းတော်မူလျက်ရှိစဉ် စာရေးသူတို့၏သာဝကအရင်းတစ်ဦးဖြစ် သော ရတနာပုံသတင်းစာတိုက်တပ်မှူး ဗိုလ်မှူးစန်းဝင်း၏ဇနီးဖြစ်သူ မနန်းစိုးမှ စာရေးသူထံဖုန်းဆက်ပါသည်။ မန္တလေး မြို့ စိန်တိုက်တစ်ခုမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုပါသည်။ စာရေးသူ မှ ဖြစ်အောင်စီစဉ်ပေးပါဟု အပူကပ် တောင်းဆိုပါတော့သည်။ စာရေးသူ လည်း မယ်တော်ကြီးနှင့် အန်တီအေး တို့ထံ အကျိုးအကြောင်းဖုန်းဆက်ရာ ပေးရန်ရက်မရှိပါ။ သို့သော် ကျောက်ထု မှအပြန် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့သို့မကြွရောက်မီ အောင်မြေ အတွက် (၂)ရက်နားရက်ချန်ထားသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့မှာ ခရီးပန်းလာမည်ဖြစ်သည့်အပြင် ခရီး ဆက်ရန်အတွက် အဝတ်အစားမှအစ ပြင်ဆင်စရာတွေရှိသေးသည်။ အနားယူ ရန်လည်း လိုအပ်သည်။ သို့ဖြစ်၍ ရုပ်ရှင် တော်မြတ်နှင့်အတူ စာရေးသူလိုက်ပါ ပေးနိုင်မည်ဆိုပါက လက်ခံလိုက်ပါဟု အကြောင်းပြန်သဖြင့် စာရေးသူလည်း မနန်းစိုးထံသို့ ရက်ရကြောင်း၊ သို့သော် အန်တီအေးနှင့်မယ်တော်ကြီးတို့ လိုက်ပါ နိုင်မည်မဟုတ်၊ စာရေးသူသာလိုက်ပါ လာမည်ဟု ဖုန်းဆက်ရပါသည်။

ထိုအခါ မနန်းစိုးလည်း ဝမ်းသာ သွားပြီး -

"ဘုရားပင့်ရက်ရတာကိုပဲ ကျေနပ် ပါပြီ"

ဟု ဆိုပါသည်။

မယ်တော်ကြီးတို့ ပြန်လည်မကြွ ရောက်လာမီ (၂) ရက်အလို မနန်းစိုး



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်လာပြန်ပါသည်။ ထိုနေ့ထိုရက်တွင် စိန်တိုက်မိသားစုသည် ကျန်းမာရေးကိစ္စအတွက် စင်ကာပူသို့ သွားရောက်ရမည်ဖြစ်၍ ပင့်ဆောင်ပူဇော်ခြင်းမပြုနိုင်တော့ကြောင်း၊ ထို့ကြောင့် ယခင်က မနန်းစိုးကိုအကူအညီတောင်းထားသော ဝန်ကြီးဦးမြင့်သန်း၏တူမ တံတားဦးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်သန်းနှင့် ဇနီးဒေါ်သီသီခိုင်တို့ကို ပေးအပ်လိုက်ကြောင်း၊ ထို့ကြောင့် တံတားဦးမြို့သို့ ကြွရောက်ရမည်ဟု ပြောကြားပါသည်။

သို့ဖြင့် ရုပ်ရှင်တော်မြတ်သည် တံတားဦးမြို့သို့ ကြွမြန်းရောက်ရှိတော်မူခဲ့ရပါသည်။ တံတားဦးနှင့် စဥ့်ကိုင်မှာ ကျောက်ဆည်တစ်ခရိုင်တည်းအတွင်းမှာပင် ပါဝင်လျက်ရှိပြီး မိုင်အားဖြင့်လည်း မဝေးလှပါ။ သို့သော် ရုပ်ရှင်တော်မြတ်ပွင့်ထွန်းတော်မူပြီး ဆယ့်ငါးနှစ်အကြာ ၂၀၁၄ ခုနှစ်မှသာကြွမြန်းရောက်ရှိတော်မူခဲ့ရပါသည်။

ကတိအတိုင်း စာရေးသူလည်း တစ်ညအိပ်ခရီးအတွက် အဝတ်အစားအိတ်ကို ပြင်ဆင်ထားရှိလိုက်ပါသည်။ နံနက်(၈)နာရီခန့်တွင် ရုပ်ရှင်တော်မြတ်အားပင့်ဆောင်မည့် တံတားဦးမြို့မှ ကား(၃) စီး ရောက်ရှိလာ၏။ ဤမိသားစုအား တစ်ကြိမ်တစ်ခါမျှတွေ့မြင်သိရှိမထား၍ မည်သူက ဦးခင်မောင်သန်း၊ မည်သူက ဒေါ်သီသီခိုင် ဟူ၍မသိပါ။ အပြန်အလှန် ခပ်စိမ်းစိမ်း ခပ်ဆိတ်ဆိတ်ဖြစ်နေ၍ -

ဘုရားပင့်လာတဲ့လူတွေက ဘယ်လိုလဲ။ ဆက်ဆံရေးကျဲမည့်ပုံစံပဲ။ ဟိုရောက်ရင် အစစအရာရာအဆင်ပြေချောမွေ့မှုမှရှိပါ့မလားဟု တွေးနေမိပါသည်။

စာရေးသူသည် ဒေသစာရီခရီးများတွင် လိုက်ပါနေကျမဟုတ်ဘဲနှင့် လိုက်ပါရမည်ဖြစ်၍ မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်သောအခါများတွင် စာရေးသူအခက်တွေ့မည်လားဟုစိုးရိမ်ဟန်တူပါသည်။ မယ်တော်ကြီးပါ တစ်ခါတည်းလိုက်ခဲ့မည်။ ဆွမ်းကပ်ပြီးမှ မြို့သာရှင်မထီးအောင်မြေသို့သွားမည်။ မြို့သာကအပြန်မှ တံတားဦးခဏဝင်ပြီး စဥ့်ကိုင်သို့ပြန်မည်ဟု ဆိုပါသည်။

တံတားဦးမြို့ စိုက်ပျိုးရေးရုံးထဲတွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ရန် ပြင်ဆင်ထားရှိပါသည်။ တံတားဦးမြို့သို့ ရောက်ရှိသွားသောအခါမှ ဤမိသားစုမှာ ရုပ်ရှင်တော်မြတ်ကို အလေးအမြတ်ကြည်ညိုကြသူများဖြစ်ပြီး အန်တီအေး၊ မယ်တော်ကြီးနှင့် စာရေးသူတို့ကိုလည်း လေးစားချစ်ခင်ပြီးဖြစ်ကြောင်း သိရပါသည်။

ဒေါ်သီသီခိုင်သည် အောင်မြေသို့ (၃) ခေါက်တိတိ ရောက်ဖူးကြောင်း သို့သော် ရုပ်ရှင်တော်မြတ်ကိုလည်း မဖူးကြရ၊ မယ်တော်ကြီးတို့ကိုလည်း မတွေ့ကြရဘဲ စာရေးသူနှင့်သာ တွေ့ခဲ့ကြရကြောင်း အခေါက်တိုင်းလည်း အမိဋ္ဌာန်အောင်၍ ရောက်ရှိခြင်းဖြစ်၍ ဝတ္ထုငွေတို့ လှူဒါန်းကြောင်းပြောပြပါသည်။

ထို့နောက် ဒေါ်သီသီခိုင်မှ တစ်ဦးတည်းသော သမီးလေး မေဖြူမောင်နှင့် မိတ်ဆက်ပေးပါသည်။ မေဖြူမောင်၏ အမျိုးသားမှာ ဒေါက်တာသန်းထွန်းအောင်ဖြစ်ပြီး စစ်ကိုင်း ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိ၍ ညအခါမှသာပြန်လာမည်ဟုသိရပါသည်။

မေဖြူမောင်မှ စာရေးသူကို ပုဆိုးတစ်ထည်၊ အန်တီအေးနှင့်မယ်တော်ကြီးတို့အတွက် ခြုံပဝါတဘက်တစ်ထည်စီကန်တော့ပြီး ၎င်း၏မေဖြူအထည်ဆိုင်ကို မေတ္တာပို့ပေးရန်ပြောပါသည်။ မေဖြူမောင်တွင် သားလေး သော်တာ (၂)နှစ်ကျော်ခန့်နှင့် သမီးလေး ကြယ်စင် (၅)နှစ်ကျော်ခန့်တို့ရှိပြီး လိမ္မာရေးချားရှိ၍ ရုပ်ရှင်တော်မြတ်ကို သေသေချာချာ ကန်တော့ကြပါသည်။ ကြယ်စင်သည် စာရေးသူကို ယခုမှမြင်ဖူးခြင်းဖြစ်သော်လည်း စာရေးသူကို ထူးထူးခြားခြား ခင်မင်လျက်ရှိကာ စာရေးသူအနားမှ မခွာတော့ဘဲရှိပါသည်။

ဒေါ်သီသီခိုင်သည် ရုပ်ရှင်တော်မြတ်ကို ဦးလေးတော်စပ်သူ ဝန်ကြီးအိမ်သို့ ရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ခဲ့သည်။ ထိုနောက် ရုပ်ရှင်တော်မြတ်၏ (၈×၁၂)အရွယ်ရွှေဘောင်ထည့်ဓာတ်ပုံတော်ကိုလည်း ပူဇော်သွားခဲ့သည်။ ဤသို့ဖြင့် ပုံတော်ရောက်ရှိပြီး တစ်ပတ်ခန့်အကြာတွင် မိမိနေအိမ်မှ ရုပ်ပွားတော်ကို သာသနာပွဲတင်လှူရာတွင် ငှက်ပျောခိုင်ပြတ်ဝယ်ယူခြင်းဖြစ်၍ ပွဲတင်ပြီးသည့်နောက်မှာပင် ငှက်ပျောဖီးတို့မှာ ပိုနေသေးသည်။ ထိုပိုနေသော ငှက်ပျောဖီးတို့ကို ရွှေကံကူပုံတော်အား ကပ်လှူရန် စိတ်ကူးပေါ်လာသဖြင့် ထိုငှက်ပျောဖီးများကို ရေဆေးပြီး လင်ပန်းတွင်ထည့်၍ ဘုရားဆောင်ပေါ်သို့တင်မည်ပြုစဉ် ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ဖူးမြော်လိုက်ရာ တစ်လံ... ရှည်လျားသော လင်းမြွေကြီးသည် နံရံတွင်ချိတ်ဆွဲထားသော ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံကို ရစ်ပတ်ထားပါသည်... ဒေါ်သီသီခိုင် တစ်ဦးတည်းမဟုတ်... မေဖြူမောင်နှင့်ကြယ်စင်တို့ပါ တွေ့မြင်... လိုက်ရပါသည်ဟူ၍ စာရေးသူကိုပြော... ပြပြီး -

"ဆရာရယ် အဲဒီကတည်း... အလုပ်အကိုင်တွေဖြစ်လိုက်တာ မပြော... ပါနဲ့တော့။ မြေကွက်တွေဆိုရင် စရန်... ရိုက်ရသေးတယ်။ အမြတ်နဲ့ဝယ်မယ့်... သူက ရောက်လာပြီ။ သာမန်မဟုတ်ဘူး... တကယ့်ကို ထူးထူးခြားခြား အောင်မြင်... တာ ဆရာရေ"

ဟု အားပါးတရပြောပါသည်။

"အခုလည်း ဘုရားပင့်တဲ့ (၂)ရက်... လုံး တစ်နေကုန် ဗျို့ဟစ်ပြီး ကြက်သား... ပြွမ်းနဲ့ စတုဒိသာကျွေးနေတာ။ တိုး... အောင်သလို သူများတွေလည်းအောင်... စေချင်လို့ အခုလို ရုပ်ရှင်တော်မြတ်... ပင့်ပြီးပူဇော်တာပါ။ မေဖြူမောင်က... ဆရာတို့ရဲ့အငယ်ဆုံးနှမလေးဖြစ်သွား..."

ဟု ဆက်လက်ပြောကြားပါသည်။

ထိုအခါ မေဖြူမောင်ကလည်း -

"ဆရာ၊ သမီးတို့အိမ်မှာ ကား... နှစ်စီးဖြစ်သွားပြီ။ ဒါကြောင့် ကားတစ်စီး... က ဒရိုင်ဘာရော အမြဲအားနေတာ... ဆရာသွားစရာရှိရင် အချိန်မရွေး (၀... ၄၄၀၂၂) လှမ်းခေါ်ပါ။ လိုတာရှိလည်း... လှမ်းမှာပါ။ စဥ့်ကိုင်နဲ့ တံတားဦးက နီး... လေးရယ်။ သမီးတို့လာပို့ပေးမယ်"

ဟု ဝင်ပြောပါသည်။

ဤနေအိမ်တွင် ဘုရားဖူးပရိသတ်... တို့ အထူးများပြားလှပါသည်။ ဝန်... ကြီးတို့လည်း မနိုင်အောင်ဝေငှခဲ့... သည်။ ဒေါ်သီသီခိုင်မှလည်း ဆေး... သစ္စာရေတောင်းခံသဖြင့် သစ္စာပြု... ရပါသေးသည်။ နောက်ရက်များ... ဒေါ်သီသီခိုင်တို့အောင်မြေကို ရောက်... လာသောအခါ စာရေးသူ၏ ဆေး... သစ္စာရေဖြင့် ဆီးချိုရောဂါသိသိသာ... ပျောက်ကင်းရကြောင်း ပြောပြပါသည်... ဒေါ်သီသီခိုင်မိသားစုသည် တံတား... တွင် စာရေးသူကိုပြောခဲ့သည့်အတိုင်း... အောင်မြေသို့ လက်ဆောင်များ လှူ... ဝတ္ထုများဖြင့် မကြာမကြာရောက်ရှိ... လာမြဲဖြစ်ပါသည်။

(ဆက်...)

ဘိုဘို (ရွှေကံ...)



www.burmeseclassic.com

www.burmeseclassic.com



# ကိုရွှေမြသန်း (သမိုင်း)
## ရှင်အရဟံ၏ စံတော်ဝင် မဟာဗောဓိရွှေညောင်တော်

ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်သည် မကွေးတိုင်းဒေသကြီး ...မောက်မြို့နယ် ပင်းမြို့ဟောင်း ...မြို့ ပုဗ္ဗာရုံကျောင်းတိုက်အတွင်း၌ တည်ရှိသည်။

ဤမဟာဗောဓိပင်ကို သာသနာ ... ၁၆၀၇ ခုနှစ်၊ မြန်မာနှစ် ၄၂၅ ခုနှစ်၊ ... ၁၀၆၃ ခုနှစ်တွင် ဓမ္မဒဿဘွဲ့ခံ ရှင်အရဟံရဟန္တာမထေရ်မြတ်ကြီးနှင့် ...ပြည့်ရှင် အနော်ရထာမင်းကြီးတို့က ...ဒေသ ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါလက်ယာ ...ကိုင်းတော်ကို ဈာန်သမာပတ် ...ညာဉ်ဝင်စား၍ ကြွချီတော်မူပြီး ...င်းတိုင်းသား (တမ္ပဒီပတိုင်း၊ သုနာ ...တိုင်း၊ ရာမညတိုင်း၊ ကမ္ဘောဇတိုင်း၊ ...နကတိုင်း) ယနေ့ မြန်မာနိုင်ငံသား ...အတွက် သစ္စာအဓိဋ္ဌာန်ပြု ပင့်ဆောင် ...ပျိုးတော်မူခဲ့ခြင်း ဖြစ်ကြောင်းကို ...လေးမြို့ ကျောက်ရုံးကြီးတောင်ဘက် ...တွန်းတိုက်အုပ်ဆရာတော်ဖြစ်တော်မူသော ဦးတေဇဝန္တ ရေးသားသည့် ရှင်အရဟံမဟာဗောဓိရွှေညောင်တော် သမိုင်းနှင့် ပင်းမြို့သမိုင်းစာအုပ်တွင် ရှေးဦးစွာ တွေ့ရှိခဲ့ရပါသည်။

ထို့ပြင် ဦးမြင့်သိန်းငွေ ရေးသားသော တက္ကသိုလ်များသမိုင်းသုတေသန ဦးစီးဌာန၊ မြန်မာ့သမိုင်းသုတေသန စာစောင်အမှတ် (၁၁)၊ ဇွန်လ၊ ၂၀၀၃ တွင် ထပ်မံ၍ ဖတ်ရှုမှတ်သားရပြန်သည်မှာ။

ကမ္ဘာပေါ်၌ စံတော်ဝင်ဗောဓိပင် လေးပင်ရှိရာ ထိုလေးပင်၌ ယခု ပင်းမြို့ဟောင်းရှိ ရှင်အရဟံ မဟာဗောဓိ ရွှေညောင်တော်သည်လည်း တစ်ပင် အပါအဝင်ဖြစ်ကြောင်း ထူးခြားစွာ သိမှတ်ရပါသည်။ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင် မဟာဗောဓိပင်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ အာနန္ဒာဗောဓိပင်၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ရှိ သင်္ဃမိတ္တာဗောဓိပင်၊ မြန်မာနိုင်ငံ ပင်းမြို့ဟောင်းရှိ ရှင်အရဟံ မဟာဗောဓိပင် ဟူ၍ ဗောဓိပင်လေးပင်တို့အား သမိုင်းစဉ်အရ ခေတ်ကာလတို့ကို ဖော်ပြလျက် ယနေ့ထက်တိုင် ဖူးတွေ့နိုင်ကြသည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများအားလုံးအတွက် 'ဗောဓိပင်ဖူးကုသိုလ်ထူး' နိုင်ကြစေဖို့ရာ ဖြစ်ပါသည်။

စံတော်ဝင် ဗောဓိပင်လေးပင်ရှိသည့်အနက် ဤရှင်အရဟံဗောဓိပင်သည် မြန်မာနိုင်ငံသားတိုင်းရင်းသားများအားလုံးအတွက် ဖူးမြင်ဖို့ရာ မို၍အခွင့်သာသော၊ အလွယ်တကူ သွားရောက်နိုင်သော နေရာထူးနေရာမြတ်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်အရဟံမဟာဗောဓိရွှေကျောင်းတော်မှ မဟာဗောဓိမာရဝိဇယရုပ်ပွားတော်မြတ်ကြီး



လိုရာဆန္ဒပြည့်ဝစေရန် ကြာခုနစ်ကန်၊ ဂန္ဓီရဗောဓိညောင်ရွက်ပဒေသာနှင့် အောင်သပြေညီနောင်
(ရှင်အရဟံမဟာဗောဓိရွှေကျောင်းတော်၊ ပင်းမြို့ပုဗ္ဗာရုံကျောင်းတိုက် ပင်းမြို့ဟောင်း။ နတ်မောက်မြို့နယ်၊ မကွေးတိုင်း)

သို့ဖြစ်ပါ၍ စံတော်ဝင် မဟာဗောဓိပင်နှင့် စပ်လျဉ်းသမျှတို့မှာ -

၁။ မဟာဗောဓိပင်သည် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ မြတ်စွာဘုရားရှင်၏ ဖွားဖက်တော်အစစ်အမှန် ဖြစ်ပါသည်။

၂။ လောင်းရိပ်မခို နွယ်လိုမဟုတ် ချုံပုတ်ကင်းစင် တစ်ပင်တည်းသာ အဖော်မပါဘဲ စွင့်စွင့်ငွားငွား ကြီးထွားဖြစ်ထွန်းတော်မူပါသည်။

၃။ ဘုရားရှင်တစ်ဆူ ပွင့်တော်မူဖို့ရာ အတွက် တစ်ပင်တည်းသော ဗောဓိပင်အဖြစ်ပွင့်တော်မူချိန်အထိ ခက်မငါးဖြာ ဝေစည်စွာဖြင့် စောင့်ကြို တည်ရှိနေပါ၏။

၄။ ဘုရားရှင်တိုင်းသည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်မှာ မာရ်ငါးပါးကို အောင်မြင်တော်မူလေ့ရှိပါသည်။

၅။ အတွင်းရန်၊ အပြင်ရန် ကိလေသာ ရန်ခါတ်တို့ကို အကြွင်းမဲ့ပယ်သတ် ရာဌာနလည်း ဖြစ်ပါသည်။

၆။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဖြတ်တောက်ခုတ်လှီးရာဌာနလည်းဖြစ်ပါသည်။

၇။ သစ္စာလေးပါး အမှန်တရားကို ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် မိမိကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူရာဌာနလည်း ဖြစ်ပါသည်။

၈။ ပုဗ္ဗေနိဝါသဉာဏ်တော်မြတ်ကို ရတော်မူရာဌာနလည်း ဖြစ်ပါသည်။

၉။ ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ကိုရတော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၀။ အာသဝက္ခယဉာဏ်တော်မြတ်ကို ရတော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၁။ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရတော်မူရာဌာနလည်းဖြစ်ပါသည်။

၁၂။ အနေကဇာတိ သံသာရံ အစရှိ သဖြင့် မနုသာဥဒါန်းတို့ကို ကျူးရင့် တော်မူရာဌာနလည်း ဖြစ်ပါသည်။

၁၃။ ပလ္လင်္ကသတ္တာဟပထမမဟာဗောဓိ ပင်အောင်မြေဌာနလည်း ဖြစ်ပါ သည်။

၁၄။ ပထမသတ္တာဟအပြီး ရေ၊ မိုး အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို စတင်ပြတော်မူရာဌာနလည်း ဖြစ် ပါသည်။

၁၅။ အနိမိသဒုတိယသတ္တာဟဖြင့် ဘုရား ရှင်မြတ် ကျေးဇူးဆပ်ရန်ကြည့်အပ် တော်မူရာဌာန ဖြစ်ပါသည်။

၁၆။ အဝိဇဟိတ ဘုရားရှင်တိုင်း မစွန့် ပယ်ရာဌာနလည်း ဖြစ်ပါသည်။

၁၇။ ဖွား-ပွင့်-ဟော-စံ ဟူသော သံဝေ ဇနိယလေးဌာနတွင် တစ်ဌာန အပါအဝင်ဖြစ်၏။

၁၈။ မြတ်စွာဘုရားရှင် သက်တော် ထင်ရှားရှိတော်မူစဉ်ကတည်းကပင် ကိုယ်တော်နှင့်မခြား တစ်မူထပ်တူ အလား ရည်မှတ်သား၍ ပူဇော်ခွင့်ပြုတော်မူခဲ့ရာဌာနလည်း ဖြစ် ၏။

၁၉။ သက်တော်ထင်ရှား မြတ်စွာဘုရား အမြဲသီတင်းသုံးစံတော်မူနေသ သို့ ရှိခိုးပူဇော်ဖူးမြော်ထိုက်ရာဌာန လည်း ဖြစ်ပါ၏။

၂၀။ မဟာဗောဓိပင်သည် ဘုရားရှင် တိုင်း၏အသုံးအဆောင်ပရိဘော စေတီထိုက်တော်မူပါသည်။

၂၁။ ဗောဓိပင်ဖူး ကုသိုလ်ထူးခဲ့ကြသ ရဟန္တာမထေရ်မြတ်ကြီးများ၊ ရဟန္တာ ထေရီမကြီးများကဲ့သို့ နိဗ္ဗာန်ရော သည်အထိကုသိုလ်ထူးများရရှိသွား အောင်ထေရာထေရီအပါဒါန်များ မှ ကြည့်ရှုလေ့လာ အတုယူ ကုသိုလ်ရှာသင့်သည့် ဌာန အားကောင်းသောနေရာထူးနေ မြတ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် ဖူးထိုက်လှစွာ ဖူး သာသော မြန်မာပြည်၏ ဗုဒ္ဓဂယာ တင်စားခေါ် ဆိုထိုက်လှသော ရှင်အရ ၏ မဟာဗောဓိကို သွားရောက် ဖူးမြော် ပူဇော်သည့် ကုသိုလ်ကောင်းမှုတို့သ လည်း သံဝေဇနိယ လေးဌာန ဗုဒ္ဓ မဟာဗောဓိသို့ သွားရောက်ဖူးမြော်သ ကုသိုလ်ကောင်းမှုနှင့် စိတ်ထား ထပ်တူရကြမည်မှာ မလွဲဧကန်ပင် ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့အပြင် . . .

❑

သို့အပြင် . . .

ရှင်အရဟံရဟန္တာမထေရ်မြတ်ကြီးသည် ပုဂံပြည့်ရှင် သာသနာ့ဒါယကာမင်းမြတ်အနော်ရထာနှင့် တိုင်းသူပြည်သားတို့၏ လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးအနန္တများတိုးပွားအောင်မြင်နိဗ္ဗာန်ဝင်နိုင်ပါစေခြင်းအကျိုးငှာ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်ဖြစ်သော မြတ်စွာဘုရားရှင်၏ ထေရဝါဒသာသနာ့သည်းခြေဖြစ်တော်မူသော အောက်ဖော်ပြပါ ရှင်အရဟံပုတီးစိပ်နည်းကို ချီးမြှင့်တော်မူခဲ့ပါ၏။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၅။ အနန္တံ ဗလဝံ ဗုဒ္ဓံ
အနန္တံ ဂေါစရံ ဓမ္မံ
အနန္တံ အရိယံ သံဃံ
အနန္တံ ဗောဓိ မုတ္တမံ။ ။

ဖော်ပြပါ ရှင်အရဟံပုတီးစိပ်နည်း၏ နိဿရည်းအနက်အဓိပ္ပာယ်မှာ -

၁။ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ။ **ဒုက္ခံ** - ဆင်းရဲ၏။ **အနတ္တာ** - အနှစ်ကင်းပ အစိုးမရ။

၂။ **ဓမ္မံ** - တရားတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ** - နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ။ **ဒုက္ခံ**- ဆင်းရဲ၏။ **အနတ္တာ** - အနှစ်ကင်းပ အစိုးမရ။

၃။ **သံဃံ** - သံဃာတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ**-နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ။ **ဒုက္ခံ** - ဆင်းရဲ၏။ **အနတ္တာ** - အနှစ်ကင်းပ အစိုးမရ။

၄။ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **ဓမ္မံ** - တရားတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**- ဆည်းကပ်ပါ၏။ **သံဃံ** - သံဃာတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ** - နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ။ **ဒုက္ခံ** - ဆင်းရဲ၏။ **အနတ္တာ**.- အနှစ်ကင်းပ အစိုးမရ။

၅။ **ဗလဝံ** - အားတော်နှင့်ပြည့်စုံသော၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားသည် **အနန္တံ**- အတိုင်းမသိ တန်ခိုးတော်တည်း၊ **ဂေါစရံ**- မဂ်ဖိုလ်တို့၏ ကျက်စားရာဖြစ်သော၊ **ဓမ္မံ** - တရားတော်မြတ်သည်၊ **အနန္တံ** - အတိုင်းမသိတန်ခိုးတော်တည်း။ **အရိယံ**- အရိယာဖြစ်သော၊ **သံဃံ** - သံဃာတော်တို့သည် **အနန္တံ** - အတိုင်းမသိ တန်ခိုးတော်တည်း။ **ဗောဓိမုတ္တမံ** - မြတ်သော ဗောဓိပက္ခိယတရား(၃၇)ပါးတရားတော်သည်၊ **အနန္တံ**- အတိုင်းမသိ တန်ခိုးတော်တည်း။

အနုသသတိများစွာတို့၏ ဘုရင်၊ ဘာဝနာများစွာတို့၏ ဧကရာဇ် ပုတီးစိပ်နည်းများစွာတို့၏ အချုပ်အချာ၊ သမထ-ဝိပဿနာ နှစ်ဖြာနှစ်ဝ စွယ်စုံရလမ်းစဉ် သိဒ္ဓိစုံပေါက်မြောက်အောင်မြင်စေနိုင်မည့် ရှင်အရဟံပုတီးစိပ်နည်း ဖြစ်ပါ၏။ မိမိ၏ သက်စေ့ခေါက်ရေပြည့်အောင် ပုတီးစိပ်နိုင်လေ ပိုကောင်းလေဖြစ်၏။

သတိပြုဖွယ်မှာ နောက်ထပ်တိုးလာသော ရှင်အရဟံပုတီးစိပ်နည်း အခြားမူကွဲရှိသေးသော်လည်း ဤနည်းကိုသာလျှင် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ပညာရှိ ရဟန်းရှင်လူတိုင်းက ပိုမိုနှစ်သက် သဘောကျကြပါသည်။

သို့ဖြစ်ပါ၍ . . .

❑

သို့ဖြစ်ပါ၍ ဆက်လက်ပြီး ရွှေပင်းမြို့ဟောင်းသမိုင်းဟောင်းကြီးကို အကျဉ်းမျှ ရှာဖွေတင်ပြလိုက်ပါ၏။

ရှင်အရဟံ စံတော်ဝင် မဟာဗောဓိရွှေညောင်ပျော်၊ အောင်သပြေညီနောင်၊ အောင်သပြေဆင်းတုတော်နှင့် သစ္စာမဏ္ဍိုင်စေတီတော် စသည်များတည်ရှိရာဌာနေရာတို့သည် ဒေဝီလရသေ့၏ဒါယကာ အဥ္ဇနမင်းနှင့် ထီးပြိုင်နန်းပြိုင် တကောင်းပြည်ကို အစိုးရသော သတိုးဓမ္မရာဇာမင်းသည် ဆရာဂေါဝံရသေ့နှင့်တိုင်ပင်၍ သက္ကရာဇ် ၂ ခု၊ တပေါင်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့နံနက် တစ်ချက်တီးအချိန်တွင် နယ်လေးရပ်သတ်မှတ်၍ ရွှေပင်းမြို့ဟု သမုတ်ပညတ် အမှတ်ပြုအပ်သော ဘူမိနက်သန်အောင်မြေမှန်သည့် နေရာထူးနေရာမြတ်ဖြစ်ကြောင်း ဗုဒ္ဓေါဝါဒဒီပနီကျမ်းအရ သိမှတ်ရပါသည်။

သာသနာနှစ် ၂၅ ခုနှစ်တွင် အောင်သပြေညီနောင်ကို မြို့ဦးမြို့စွန်တွင် ဦးထိပ်တင်၍ အောင်သပြေမြို့ကို တည်ထားကာ သတိုးသစ္စာမင်း ထီးနန်းစိုက်ခဲ့ပါသည်။ ဆရာဂေါဝံရှင်ရသေ့သည် ဝိဇ္ဇာမိုရ်တို့၏အတတ်ကို အပြီးတိုင်တတ်မြောက်တော်မူသဖြင့် သတိုးသစ္စာမင်းတရား၊ စောထိပ်တင်မင်းတရား၊ သူဌေးစိတ္တတို့အား ခေါ်ဆောင်၍ ဝိဇ္ဇာအဖြစ်သို့ကူးပြောင်းသွားခဲ့ခြင်း၊ သာသနာတော်နှစ် ၆၅ ခုတွင် သစ္စဝရမင်း ထီးနန်းစိုးစံခဲ့ခြင်း၊ သာသနာတော်နှစ် ၇၈ ခုနှစ်၌ ညီတော် သစ္စာဇေယျမင်း ဆက်လက်ထီးနန်းစိုးစံခဲ့ခြင်း၊ သာသနာတော်နှစ် ၁၀၀ ပြည့်နှစ်တွင် ကဒူးညီနောင်မှ နောင်တော်ကြီး ထီးနန်းဆက်ခံခြင်း၊ သာသနာတော်နှစ် ၁၂၃ ခုနှစ်တွင် ကဒူးညီတော်မင်းတရား ထီးနန်းဆက်ခံခဲ့ရာ သာသနာတော်နှစ် ၁၃၈ ခုနှစ်တွင် ဗိဿနိုးမင်းသမီးလက်အောက်သို့ ကျရောက်သွားခဲ့ခြင်းကြောင့် မင်းဆက် (၅) ဆက်၊ မြို့သက် (၁၀၀) ကျော်ခန့်ဖြင့် တကောင်းမင်းဆက်တို့ အောင်ခြင်းမင်္ဂလာအဖြာဖြာနှင့် မြို့နန်းတည်ရာ အောင်မြေမဟာဖြစ်ခြင်း ၊ ဆရာဂေါဝံရသေ့သည် ဝိဇ္ဇာမိုရ်တို့၏ အတတ်ပညာဖြင့် စိန်ဆင်းတု ရုပ်ပွားစိန်ဘုရားကို အဓိဋ္ဌာန်ပြု ထုလုပ်ပူဇော်ကိုးကွယ်တော်မူခဲ့ရာ အောင်မြေမဟာဖြစ်ခြင်းတို့ကို မြို့ရိုးဟောင်းနှင့်နန်းတော်ဟောင်းနေရာ၊ အောင်သပြေညီနောင်နှင့် စိန်ဘုရား စသည့် ရွှေပင်းမြို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေ သမိုင်းဝင် အထောက်အထားများမှာ ယနေ့တိုင် တည်ရှိနေသေးကြောင်းကို ရွှေပင်းမြို့ဟောင်း သမိုင်းကြောင်းအကျဉ်းမျှအဖြစ် ရေးသားတင်ပြလိုက်ပါ၏။

ကိုရွှေမြသန်း

**မှီငြမ်း** -

ဗုဒ္ဓေါဝါဒဒီပနီကျမ်း
ဆရာတော် ဦးတေဇဝန္တ၏
ရှင်အရဟံမဟာဗောဓိသမိုင်းနှင့်
ပင်းမြို့သမိုင်း
မြန်မာသမိုင်းသုတေသနစာစောင်
အမှတ် (၁၁)၊ ဇွန်လ၊ ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com



# ဗကျော်
(နေပြည်တော်)

# လောကနီတိကို လေ့လာသုံးသပ်ခြင်း

တစ်နေ့ ကျွန်တော် နေပြည်တော် (ပျဉ်းမနား) ရှိ သရဖူစာအုပ်ဆိုင်တွင် စာအုပ်များ ဝယ်ယူရန်အတွက် စာအုပ်များရွေးချယ်နေစဉ် ကျောင်းဆရာမလေးများဟုယူဆရသူ မိန်းမငယ် (၂) ဦးဝင်ရောက်လာပါသည်။

တစ်ဦးတစ်ယောက်က စာအုပ်ဆိုင်ပိုင်ရှင်အား -

"လောကနီတိစာအုပ်ရှိပါသလားရှင့်"

ဟု မေးမြန်းသံကို ကြားလိုက်မိပါသည်။

ဆိုင်ရှင်မှ အနီးအနားစာအုပ်ပုံကို လှမ်းကြည့်ရင်း မရှိပါဘူးဟု တိုတောင်းပြတ်သားစွာ ဖြေကြားလိုက်ပြီး ပြန်လှည့်ထွက်သွားသော အမျိုးသမီးငယ် (၂) ဦးကို မြင်တွေ့လိုက်ရ၍ စိတ်မကောင်းမိပါ။ ဘယ်အကြောင်းဟူမူ ကျွန်တော့်ထံတွင် စုဆောင်းထားသော လောကနီတိအမျိုးကွဲစာအုပ် (၃) အုပ်ရှိသောကြောင့်ပင်။ ခင်မင်သူဆိုက ငှားရမ်းမိပေဦးမည်။ရှာကြည့်ပေဦးတော့ မီးအိမ်ရှင်မလေးတို့ရေ။

ကျွန်တော် ဥဿာပဲခူးမြို့သစ်တွင် နေထိုင်စဉ်တုန်းက အားလပ်ရက်များအတွင်း အနီးအနား ကျိုက်ပေါစေတီတော်မြတ်ပရဝုဏ်အတွင်းဖွင့်လှစ်ထားသည့် စေတနာအလင်းအိမ်စာသင်ခန်းအတွင်းဝယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုဖွင့်လှစ်ခြင်းအကြောင်းကို သူရဋ္ဌမဂ္ဂဇင်းတွင် ရေးသား ဖော်ပြခဲ့ဖူးပါသည်။

အထက်တန်းကျောင်းသားကျောင်းသူတို့ကို တတ်သမျှမှတ်သမျှ အင်္ဂလိပ် ဘာသာဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းတွင် လောကနီတိအကြောင်းကိုပါ တွဲဖက်သင်ယူပေးခဲ့ဖူး၏။ မှတ်ဖူး၊ နာဖူး၊ သင်ကြားလေ့ကျင့်ဖူးသောစာပိုဒ် များမှ သင့်တော်ရာအချက်အလက်များကိုရသည့် အချိန်ကာလအတွင်း ကဗျာလင်္ကာများဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် တစ်နည်းရှင်းလင်း သင်ကြားပို့ချပေးနိုင်ပုံကို မြင်ယောင်မိပါ၏။

ကျွန်တော်ကိုယ်တိုင်လည်း ယနေ့အချိန်အထိ တစ်နေ့လျှင် တစ်ပိုဒ်မျှ လောကနီတိကို ဖတ်ရှုလေ့လာချက်ရှိပါ၏။ အထူးသဖြင့် စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ လင်္ကာကျော်စွာ ဆရာကြီးဦးသုခရေးသော လောကနီတိစာအုပ်ကို အခြေခံ၍ ယခုရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။ ဖတ်ရှုမိသူတို့သည် ကျောက်ကောင်းတစ်စေ့ရရှိသွားမည်ဟု ယုံကြည်မျှော်လင့်မိပါ၏။

❑

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်လောက်က ဘုန်းပညာအာဏာတန်ခိုးကြီးမားသည့်ကြမ္မာဒိုက်မည်သော မင်းတစ်ပါး ထင်ရှားဖြစ်ပေါ်ခဲ့ဖူး၏။ ထိုမင်း၏ပွဲသဘင်၌ ကဝိပဏ္ဍိတ် (၉) ဦးပေါ်ထွန်းခဲ့ဖူး၏။ ထိုပညာရှိ (၉) ဦးကို နဝရတ်ဟု ခေါ်ကြသည်။ ထိုနဝရတ်ပညာရှင်ကြီးများအနက် ဝရရုစိမည်သော ပညာရှိကြီးသည် (၁၅)ဂါထာမျှရှိသော 'နီတိရတန' ကျမ်းငယ်ကို ရေးသားသည်။ ထိုအခါ ထိုနီတိကျမ်းငယ်၏အစနား၌ ဆရာကြီး ဝရရုစိက ပြဟ္မာမင်းထံ ဆုပန်သည်။

"ဘယ်ဒုက္ခမဆို ဒုက္ခအမျိုးမျိုးပေးပါ။ ကြိတ်မှိတ်သည်းခံပါမည်။ မစားချင်မသောက်ချင်အင်တင်တင်ဖြစ်နေသော ရောဂါသည် ခံတွင်းပျက်နေသူအား ဆိမ့်ချိုရသော မာတ်စာစကားပြောဖို့ မခိုင်းပါနှင့်။ သည်တာဝန်တစ်ခုကိုတော့ မပေးလိုက်ပါနှင့်။ သည်တာဝန်မျိုးထမ်းဆောင်ရသောဘဝနဲ့ညားအောင် နဖူးစာ မရေးလိုက်ပါနှင့်"

ဟု သုံးကြိမ်တိုင်တိုင် ဆုပန်ဖူးသည်။

❑ အရသိကေသု ရသဿ နိဝေဒနံ၊
သိရသိ မာလိခ မာလိခ မာလိခ၊

နီတိကျမ်းကိုပေးရခြင်းသည် ခံတွင်းပျက်နေသူအား ဆေးဝါးမာတ်စာစား ပြောရခြင်းနှင့်တူသည်ဟု ဆရာကြီးဝရုစိက ဆိုလိုဟန်ရှိပါသည်။ ငါးကို ပေါင်မုန့် ထောပတ်သုတ်နှင့်များရသည်ထက်ပင် အခက်ပိုသည်ဟု ယူဆဟန်ရှိပါသည်။

နီတိ၊ နတိစသောအဆင်တန်ဆာ (၁၃) မျိုးကို နဝရတ်တစ်ဦးအဝင်အပါ ဖြစ်သော အမရသီဟဆရာကြီးက ပြဆ ခဲ့သည်။ နဝရတ်ပျို့နှင့် ရဇောဝါဒကျမ်း တို့၌ ချပဏကဆရာကြီး၏ အဆိုအမိန့် အဖြစ် မှတ်သားကြသည်။

❑ နီတိ ဘူမိဘူနံ နတိဂုဏဝတံတြီ နာနံစိတိ၊
ဒမ္ဘ တျော သိသဝေါ ဂဟာဿ တ
တာ ဗုဒ္ဓါပသာဒေါ ဂိရာ။
လာဝည့် ဝပုသော သတိ သုမန
သန္တိဒ္ဒိဇဿ ခမာ၊
သတ္တိဿ ဒြဝိဏံ ဂဟာဿမဝ
သ္ဝတ္တံသတံ မဏ္ဍနံ။

အဆိုပါ ဂါထာကို မခက်လွယ် ယူသာငင်သာရှိအောင် ဤသို့ လင်္ကာ ဆိုပါသည်။

၁။ မင်းမှာနီတိ



www.burmeseclassic.com

ခွင့်လမ်းသီနှင့်
၂။ နတိရိုကျိုး
တန်ဖိုးရှိသူ
၃။ ရှက်မှုရှံ့ရှား
မိန်းမသားတည့်
၄။ မယားနှင့်လင်
ချစ်ကြင်ရောင့်ရဲ
၅။ မခွဲအိမ်ဝယ်
သားသူငယ်တည့်
၆။ နက်ကျယ်ဗုဒ္ဓိ
ပဋိဘာန်တွင်
ကဗျာပင်တည့်
၇။ ကြည်လင်ပသာဒ
သိရအလွယ်
နှစ်သွယ်စကား
၈။ ကိုယ်စားမညစ်
သစ်သစ်ရောင်လွှင်
၉။ ကြည်လင်မနော
သဘောဖြူမှာ
တစ်ခါမြင်တွေ့
စဉ်မမေ့တည့်
၁၀။ သိမ်မွေ့ပျော့ပျောင်း
လူကောင်းတို့မှာ
၁၁။ ခမာခံချိ
သတ္တိကောင်းသူ
၁၂။ ထူထောင်အိမ်အိုး
မျိုးမျိုးကုံထံ
၁၃။ ပုံစံမပြောင်း
သူတော်ကောင်းတည့်
ပေါင်းဖော်ဆယ်သုံး၊
ဖွဲ့ဘာကုံးသည်
မှတ်ထုံးအဆင်တန်ဆာတည်း။

မြန်မာတို့သည် ဗုဒ္ဓစာပေကို လည်း အမွေရသည်။ ဗြဟ္မာစာပေကို လည်း အမွေရသည်။ ဗုဒ္ဓစာပေမှ လောက၊ ဓမ္မ၊ ရာဇနီတိများကိုရသည်။ ဗြဟ္မဏစာပေမှလည်း လောက၊ ဓမ္မ၊ ရာဇနီတိများရသည်။ ဤသို့သော အခွင့်ကောင်းကိုယူ၍ ပြည်မြို့ဇာတိ ဆရာဝလအမတ်သည် လောကနီတိ ကျမ်းကို ကြီးပမ်းတီထွင်စီရင်ခဲ့ပေသည်။ မြန်မာနိုင်ငံ၌ နီတိကျမ်းကျော် ငါးဆူရှိ သည်။ ယင်းတို့မှာ -

၁။ တကျွန်းနီတိ
၂။ လောကနီတိ
၃။ ရာဇနီတိ
၄။ ဓမ္မနီတိ
၅။ ဟောရဟနီတိတို့ ဖြစ်ကြသည်။

❑

နီတိကျမ်းများကို နှလုံးရည်သမား များသာမက လက်ရုံးရည်သမားများ လည်း အရအမိပင်ကျက်မှတ်ကြသည်။ သာလွန်မင်းတရားလက်ထက် ပွဲသုံးဆယ် ရသော အဘယဂါမဏိနီတိငါးစောင်၊ ပါဠိအနက်နှင့်တကွ ဝါစုဂ္ဂတရကြောင်း စာတမ်းဟောင်းများတွင် ဆိုပါသည်။ ဝမ်းပဲအင်းစံမင်းတရားကို မင်းသား လက်ထက်ကပင် နီတိငါးစောင်၊ ရာဇ ဝသတီစာစောင်များကို နှလုံးထား၍ ကြည့်ရှုရမည်ဟု ငရန်ဆရာတော်အမိန့် ရှိကြောင်းကို လောကဗေယာစာတမ်း တွင်ဆိုသည်။


ပဏ္ဍိတ်သုဇန
ဒုဇ္ဇန မိတ်
ကုတ္တိရာဇ
ပကိဏ္ဏ

သတ္တအခန်းပိုင်းသော လောက နီတိဝယ် -

၁။ ပဏ္ဍိတကဏ္ဍ (ဂါထာ ၄၀)
၂။ သုဇနကဏ္ဍ (ဂါထာ ၂၇)
၃။ ဒုဇ္ဇနကဏ္ဍ (ဂါထာ ၁၁)
၄။ မိတ္တကဏ္ဍ (ဂါထာ ၁၅)
၅။ ကုတ္တိကဏ္ဍ (ဂါထာ ၁၈)
၆။ ရာဇကဏ္ဍ (ဂါထာ ၂၆)
၇။ ပကိဏ္ဏကကဏ္ဍ (ဂါထာ ၂၆)

အသီးသီးရှိကြ၍ ဂါထာပေါင်း (၁၆၇) ဂါထာမျှပင်ရှိသော်လည်း သာမည နီတိ သို့မဟုတ် တစ်နည်း လောက၊ ဓမ္မ၊ ရာဇနီတိသုံးမျိုးပါသော နီတိသင်္ဂြိုဟ်၊ နီတိလက်သန်းပင် ဖြစ်ပါပေသည်။

လောကနီတိသည် ဗုဒ္ဓပိဋကတ် မဟုတ်သော်ငြား စာသင်သားများအဖို့




လောက၏ အကျိုးစီးပွားဖြစ်စေနိုင်သည့် အတွက် ဆရာတော်သမားတော်ကြီး များက သင်ပြပေးတော်မူကြသည်မှာ ခေတ်အဆက်ဆက်ပင် ဖြစ်ပါပေ၏။ နီတိ ဟူသည်မှာ ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ဟု အဓိပ္ပာယ်သက်ရောက် သည်။

မင်္ဂလသုတ်ကဲ့သို့ပင် -

၁။ ငယ်စဉ်အရွယ်ပညာရှာဖို့၊
၂။ သူငယ်တော်ကောင်းနှင့်ပေါင်းဖို့၊
၃။ သူမိုက်သူယုတ်တို့ကိုရှောင်ကြဉ်ရန်၊
၄။ မိတ်ကောင်းဆွေကောင်းရွေးချယ် တတ်ရန်၊
၅။ အိမ်ထောင်ပြုသင့်ချိန်တွင် မိန်းမ များကို စိစစ်ရန်၊
၆။ မိမိကိုယ်တိုင်မင်းစိုးရာဇာဖြစ်သည့် အခါ (သို့) မင်းမှုထမ်းဖြစ်သည့် အခါကျင့်သုံးရန်၊
၇။ အထွေထွေဗဟုသုတဖြစ်ရန်ဆုံးမ လမ်းညွှန်ထားသည့်အတွက်ကြောင့် လူငယ်၊ လူရွယ်ကြီးအထိ အကျိုး များစေသည်။

လောကနီတိကျမ်းကို မြန်မာနှစ် ၇၁၄ ခုနှစ် ဝိဇယာပူရ ပင်းယခေတ်၊ ဆင်ဖြူရှင် လေးစီးရှင် သီဟသူမင်း လက်ထက်၊ သိရိမဟာစတုရင်္ဂဗလ အမတ်ပညာရှင်ကြီးပြုစုခဲ့သည်ဟု အယူ အမှတ်ရှိခဲ့ဖူးပါသည်။ လောကနီတိကျမ်း သည် မူလက သက္ကတဘာသာဖြင့်ရှိပြီး သော အိန္ဒိယကျမ်းကြီးတစ်ကျမ်း ဖြစ် ပါသည်။ ၎င်းကျမ်းကို ဂျိမ်းစ်ဂရေး ဆိုသူက The Niti Literature of Burma အမည်ဖြင့် အင်္ဂလိပ်ဘာသာ ပြန်ဆို ရေးသားပြီး ၁၈၈၆ ခုနှစ်တွင် လန်ဒန်၊ ထရူးဘနားစာအုပ်ဆိုင် (London; Trubner&Co;1886) မှ ထုတ်ပါသည်။

ထိုပုဂ္ဂိုလ်က ပါဠိအခြေခံ သဒ္ဒါ ကျမ်း၊ ဓမ္မပဒကျမ်းတို့ကိုလည်း ဘာသာ ပြန်ခဲ့ပါသည်။ သူ့အဆိုအရ သက္ကတ ဘာသာမူရင်းကျမ်းမှာ ဂါထာပေါင်း (၁၀၉) ဂါထာရှိရာမှ မြန်မာမှု မာဂဓ ဘာသာပြန်သည့်အခါ ဂါထာပေါင်း (၁၆၇)ဂါထာအထိတိုးပွားလာရပါသည်။ မြန်မာပြည်တွင် လောကနီတိကျမ်း တစ်ဆူ ပေါ်ပေါက်ထင်ရှားလာရသည် မှာ ထိုအမတ်ပညာရှိကြီး စတုရင်္ဂဗလ ၏ မဟာကျေးဇူးတော်ကြောင့်ပင် ဖြစ် သည်။ စတုရင်္ဂဗလဆိုသည့် ဘွဲ့အမည် မှာလည်း အင်္ဂါလေးပါးဗလအားနှင့် ပြည့်စုံသူဟူ၍ အဓိပ္ပာယ်သတ်မှတ်ပါ

www.burmeseclassic.com

သည်။

၁။ သဒ္ဒါကျမ်းအတတ်၊

၂။ ကဗျာလင်္ကာအတတ်၊

၃။ ဓမ္မကျမ်းအတတ်၊

၄။ စစ်ဆင်စစ်ချီစစ်အထိုးအတတ်တို့ကို အပြီးတိုင် တတ်မြောက်သူ

ဟု သရုပ်ပြအဘိဓာန်ဆရာတော် အရှင်သြဘာသာမံဘိဝံက အဖွင့်မှာ ရှင်းလင်းပြသထားပါသည်။

စတုရင်္ဂဗလဘွဲ့မျိုးမှာ စစ်သူကြီး၊ စာဆိုတော်၊ မှူးမတ်၊ စာရေးဆရာကြီးများမှသာရနိုင်သောဘွဲ့မျိုးသာ ဖြစ်၏။ စတုရင်္ဂဗလအမတ်ကြီးသည် ပြည်မြို့ဖွားဖြစ်သည်။ ပိဋကတ်သုံးပုံကိုစွမ်းဆောင်ပေါက်ရောက် ကူးမြောက်နိုင်ခြင်းရှိ၏။ မာဂဓ၊ ဂန္ထန္တရကျမ်းစာများနှင့်တကွ သံသကရိုက် (သက္ကတ) ကျမ်းစာများကိုလည်း ကောင်းစွာ တတ်မြောက်သည် ဖြစ်၍ မာဂဓအဘိဓာန်ဋီကာကျမ်းကြီးကိုလည်း စီရင်တော်မူခဲ့သည်ဟု မြန်မာစာညွှန့်ပေါင်းကျမ်းတွင် ပြဆိုထားသည်။

လောကနီတိသည် သံသကရိုက်ဘာသာပြန်သက်သက်ဟု မဆိုနိုင်ပါ။ လောကနီတိ ပဏ္ဏာမဂါထာတွင် နာနာသတ္ထသမုဒ္ဓရ-အထူးထူးသောကျမ်းတို့မှ ထုတ်အပ်သော လောကနီတိ-လောကနီတိ အမည်ရှိသောကျမ်းကို၊ မာဂဓေနေဝ - မာဂဓဘာသာဖြင့်သာလျှင်၊ သံခေ်ပ - သခေ်ပေန - အကျဉ်းအားဖြင့်၊ ပဝက္ခာမိ - ဟောပေအံ့၊ ရေးပေအံ့ဟု ကိုယ်တိုင်ဆိုထားသည့်အတွက် မူလသက္ကတကျမ်းကိုသာ ဘာသာပြန်ထားခြင်းမဟုတ်။ ကိုယ်တိုင်ကျွမ်းကျင်နှံ့စပ်သမျှသော ဗုဒ္ဓပိဋကတ် အပါအဝင် အခြားလောကီကျမ်းများ၊ ဥပမာ ဟိတောပဒေသ၊ စဏကျနီတိ၊ ပဥ္စတန္တရ၊ ဓမ္မနီတိ စသည်တို့အပြင် မိမိ၏ အတ္တနောမတ်များပါ ထည့်သွင်းပြုစုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဂျိမ်းစ်ဂရေးမှ မူလသက္ကတဘာသာကျမ်းရင်းထက် (၅၈) ဂါထာတိုးပွားခဲ့ကြောင်း တွေ့ရှိရခြင်း ဖြစ်သည်။

စတုရင်္ဂဗလအမတ်ကြီးသည် ပါဠိမှ အနက်မြန်မာပြန်ကိုသာ ရေးသားခြင်းသာဖြစ်ပြီး မြန်မာအနက်နိဿယပြန်ဆိုခဲ့သည်မှာ စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုမဟာအောင်မြေဘုံစံ အုတ်ကျောင်းဆရာတော် ဦးဗုဓ် ဖြစ်ပါသည်။ ၁၁၉၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့တွင် ပြန်ဆိုပြီးစီးပါသည်။

❑

လောကနီတိ ဆိုသည်မှာ ပါဠိစကားဖြစ်၍ မြန်မာပြန်ဆိုရသော် လူ့ဘောင်လူ့လောက၏ရှေ့ဆောင်လမ်းပြ (သို့) ခေတ်စကားနှင့်ဆိုလျှင် လူ့ဘောင်လောက၏ လမ်းပြမြေပုံ (သို့) Road map ဟု ဆိုရပေမည်။ ရှေးမြန်မာဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးတွင် အစဉ်တစိုက်လက်စွဲပြုခဲ့ရသော ကျမ်းငယ်တစ်ဆူပင် ဖြစ်ပေသည်။

၁။ ပညာရှိ
(The Wise man)

၂။ သူတော်ကောင်း
(The Good man)

၃။ လူမိုက်လူယုတ်မာ
(The Evil-Doer)

၄။ မိတ်ဆွေ
(Friendship)

၅။ အမျိုးသမီး
(The Woman)

၆။ မင်းအစိုးရ
(The Kings)

၇။ အထွေထွေ
(Misecllaneous)

ထိုသည်အထဲမှ ပညာရှိဆိုင်ရာအခန်း(ပဏ္ဍိတကဏ္ဍ)နှင့်ပတ်သက်၍ -

- သိပ္ပသမံ ဓနံ နတ္ထိ၊ သိပ္ပံစောရာနာ ဂဏှန္တိ၊ ဣမ လောကေ သိပ္ပံ မိတ္တံ၊
ပရလောကေ သုခါဝဟံ။

*အတတ်ပညာနှင့် တူသော ကိုယ်ပိုင်ဥစ္စာမရှိ။ အတတ်ပညာကို ခိုးသူတို့မယူနိုင်။ အတတ်ပညာသည် မျက်မှောင်ခေတ်ကာလ၌ မိတ်ဆွေဖြစ်၍ တမလွန်လောက၌ ချမ်းသာကို ဆောင်တတ်၏။*

*Wealth is not equal in value to Learning. Thieves do not take away learning: It is frierdship in The World, and The bearer of happieness in The next.*

*မြဲစွမှတ်လေ၊ တတ်သိချေက*
*ရွှေငွေမတူ၊ ခိုးယူမရ၊*
*ဤလောကဝယ်၊ ပညာအရာ*
*မိတ်ကြီးသာတည်း၊ ခန္ဓာပြောင်းကြ၊*
*နောင်ဘဝလည်း၊ သုခမြားမြောင်*
*ချမ်းသာဆောင်သည်၊*
*လူ့ဇဘောင်မှတ်လော့တသင်းတံည်း။ ။*

သူတော်ကောင်းဆိုင်ရာအခန်း (သုဇနကဏ္ဍ) နှင့် ပတ်သက်၍-

- ဇဟ ဒုဇ္ဇနသံ သဂ္ဂံ၊
ဘဇ သာဓု သမာဂမံ၊
ကရ ပုည မဟောရတ္တံ၊
သရ နိစ္စ မနိစ္စတံ။ ။

*သူယုတ်တို့နှင့် ပေါင်းသင်းခြင်းကို စွန့်လော့။*
*သူတော်ကောင်းတို့နှင့်ပေါင်းသင်းခြင်းကို ဆည်းကပ်လော့။*
*ကောင်းမှုတို့ကို နေ့၊ ညမပြတ်ပြုလော့။*
*မမြဲသောသဘောကိုအမြဲရှုလော့။*

*spurn companionship with the wicked,cultivate the sociely of the virtuous, night and day do what is good, remember always the impermanence of worldly things.*

*မိစ္ဆာကျင့်ထွေ၊ သူယုတ်လေကို၊*
*ရှောင်သွေစွန့်ပစ်။*
*ချစ်အပ်လှစွာ၊ လူလိမ္မာကို*
*ပေါင်းကာနေ၍၊ ညဥ့်နေကြိုးစား*
*ဆယ်ပါးကောင်းမှု၊ ပွားကြောင်းပြုလျက်၊ ဖြစ်စုပျက်ရ၊*
*အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ နှလုံးထားလော့။*

လူမိုက်လူယုတ်မာဆိုင်ရာအခန်း (ဗလဒုဇ္ဇနကဏ္ဍ) နှင့် ပတ်သက်၍ -

- တိလမတ္တံ ပရေသံဝ၊ အပ္ပဒေါသဥ္စ ပဿတိ၊
နာဠိကေရမ္ပိ သဒေါသံ၊ ခလဇာတော န ပဿတိ။

*သဘောယုတ်သူသည် သူတစ်ပါးတို့၏ နှမ်းစေ့မျှသော အပြစ်ငယ်ကိုလည်း မြင်တတ်၊ တွေ့တတ်၏။ အုန်းသီးမျှသောမိမိ၏အပြစ်ကို မမြင်မတွေ့တတ်။*

*one of vite nature notices the trivial fault of others Though small as a grain of sessamum but his own fault, as large as a cocoa-nut, he does not see.*

*တပည့်မှတ်ဖို့၊ သူယုတ်တို့ကား*
*တစ်ပါးသူငယ်၊ နှမ်းငယ်ခန့်မျှ*
*အပြစ်ခ်သော်၊ ကြီးလှထင်ယောင်*
*မြားမြောင်အပြစ် ကိုယ်ဝယ်ဖြစ်လျှင်*
*လျှင်းမမြင်တည့်။*



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေဆိုင်ရာခန်း (မိတ္တကဏ္ဍ) နှင့်ပတ်သက်၍ -

❑ ပရောက္ခေ ဂုဏဟန္တာရံ ပစ္စက္ခေ ပိယဝါဒိနံ ဝဇ္ဇေယျ တာဒိသံ မိတ္တံ၊ ဝိသကုမ္ဘေ ယထာ မဓုံ။

*မျက်ကွယ်၌ ဂုဏ်ကျေးဇူးကို ချေဖျက်လျက် မျက်မှောက်၌မူ ချိုသာစွာ ပြောဆိုတတ်သော မိတ်ဆွေကို အဆိပ်အိုး၌ထည့်ထားသောပျားရည်ကိုရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်ရာ၏။*

*A man who injures another's virtue in his absence, who speaks lovingly in the presence, one would consider such friendship like honey in a pot of Poison.*

*မျက်ကွယ်ရောက်က၊*
*ပြောထပြစ်တင်၊*
*ရှေ့တွင်မူကား၊*
*ချစ်ငြားလေယောင်၊*
*ဟန်ဆောင်ဦးမြှောက်၊*
*ခင်ပွန်းကောက်တည့်၊*
*ဆိပ်တောက်ရောသည်၊*
*ယင်းပျားရည်သို့*
*မကြည်ရှောင်ခွာ၊ ဖဲကြဉ်ရာ၏။*


အမျိုးသမီးဆိုင်ရာ အခန်း (ဣတ္ထိကဏ္ဍ) နှင့်ပတ်သက်၍ -

❑ ဣတ္ထီနဉ္စ ဓနံ ရူပံ၊ ပုရိသာနံ ဝိဇ္ဇာဓနံ၊ ဘိက္ခူနဉ္စ ဓနံ သီလံ၊ ရာဇနဉ္စ ဓနံ ဗလံ။

*မိန်းမတို့၏ဥစ္စာကား အဆင်းတည်း။*
*ယောကျာ်းတိုင်း ဥစ္စာကား အတတ်တည်း။*
*ရဟန်းတို့၏ ဥစ္စာကား သီလတည်း။*
*မင်းတို့၏ ဥစ္စာကား ခွန်အားတည်း။*

*women wealth is beauty,Learing that of men, the wealth of priests is virtue, strergth that of kings.*

*တစ်ဖြာထိုမှ မိန်းမအများ*
*မင်ပွား‌ဥစ္စာ၊ အဆင်းသာတည့်။*
*ပြင်လှာကျိုင်းထွား၊ ယောကျာ်းဥစ္စာ*
*အတတ်ပညာတည့်။*




*သံဃာမည်မှန်း၊ ရဟန်းဥစ္စာ*
*သီလသာတည့်။*
*ရာဇာမင်းကျော် ဥစ္စာသော်ကား*
*ရဲဘော်ဆင်မြင်း၊ ကျွန်သင်းပင်းတည့်။*

မင်းအစိုးရဆိုင်ရာအခန်း (ရာဇကဏ္ဍ) နှင့် ပတ်သက်၍ -

❑ အပုတ္တကံ ဃရံ သုညံ၊ ရဋ္ဌံ သုညံ အရာဇကံ။
အသိပ္ပဿ မုခံ သုညံ၊ သဗ္ဗသုညာ ဒလိဒ္ဒတာ။

*သားသမီးမရှိသော အိမ်ထောင်သည် ဆိတ်၏။*
*မင်းမရှိသောနိုင်ငံသည် ဆိတ်၏။*
*အတတ်ပညာမရှိသောသူ၏နှုတ်သည် ဆိတ်၏။*
*ဆင်းရဲနွမ်းပါးသောအဖြစ်သည် အလုံးစုံဆိတ်၏။*

*Dreary is a sonless home; 86 dreary a Kingdom without a king; dreary the ulterance of an illterate man, dreary, altogether, that of a needy one.*

*ပွားထက်စည်းစိမ်၊ အကြွင်အိမ်ဝယ်*
*သားငယ်တစ်၊ မရှိလစ်က*
*စင်စစ်မှန်စွာ ဆိတ်ညံလှ၏။*
*ပြည်မအတွင်း မင်းမရှိလျှင်*
*ဆိတ်သည်ပင်တည့်။*
*အကြွင်ယောကျာ်း၊*
*တတ်ငြားပညာ မရှိပါမူ၊*
*နှုတ်အာခံတွင်း ဆိတ်တုံလျှင်း၏။*
*ခပင်းသုံးကွဲ၊ ဆိတ်ညံမြဲထက်*
*ဆင်းရဲသားမှာ အရာရာတွင်*
*ဆိတ်သည်ပင်ဟု*
*လူရှင်မှတ်ကြအပြီးတည်း။*

အထွေထွေဆိုင်ရာအခန်း(ပကိဏ္ဏကကဏ္ဍ) နှင့် ပတ်သက်၍ -

❑ အနာဂတံ ဘယံ ဒိသွာ
ဒူရတော ပရိဝဇ္ဇယေ
အာဂတဉ္စ ဘယံဒိသွာ
အဘီတော ဟောတိ ပဏ္ဍိတော။

*ပညာရှိသည် မရောက်သေးသောဘေးကိုမြင်ရသော် အဝေးမှ ရှောင်တတ်၏။ ရောက်ပြီးရောက်ဆဲဘေးကို မြင်ရသော်မူ မကြောက်မရွံ့ စွန့်စားရင်ဆိုင်တတ်၏။*

*A Wise Man, Seeing donger not at hand, avoids it at a distance; on seeing it approach, the remains undaunted.*

*ရေးရာမြင်သိ၊ ပညာရှိကား၊ ဘေးတိုပြင်ပြင်၊ မရောက်ခင်က ဆင်ခြင်သဖြင့်၊ ကြောက်လန့်နှင့်၏။ ရှောင်ခွင့်မသာ၊ ကြုံတွေ့လာက ရဲခွာတစ်မူ၊ ဆိုင်သောဟူ၏။*

❑

လောကနီတိ ဟူသော အမည်နှင့်အညီ ဤကျမ်းသည် လောကီလူသားတိုင်း ပစ္စုပ္ပန်၊ သံသရာ အကျိုးစီးပွားဖြစ်ထွန်းတိုးပွားရေးကိုဦးတည်ခြင်း၊ လောကကြောင်း၊ ဓမ္မအကြောင်း၊ ရာဇအကြောင်းဆိုင်ရာအဆုံးအမများကို စေ့ငစုံလင်စွာဖြန့်ဝေပေးနိုင်ခြင်း။ ဗုဒ္ဓဝါဒနှင့်မဆန့်ကျင်ခြင်း၊ မြန်မာ့ဓလေ့နှင့်ဝင်ဆံ့ခြင်းတို့သည် နှစ်ပေါင်းများစွာကပင် ယခုအချိန်အထိ မြန်မာလူမှုအဖွဲ့အစည်းတွင် လက်ခံကျင့်သုံးနေရဆဲ ကျမ်းတစ်စောင်ပင်ဖြစ်ပေသည်။

ဗကျော် (နေပြည်တော်)

**ကိုးကားစာစောင်များ -**

၁။ လောကနီတိ-သုခ
၂။ လောကနီတိပျို့-ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပဥ္စင်္ဂ စာတည်းအဖွဲ့
၃။ ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

၂၀

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ

**ဝိဇ္ဇာဓိုရ်ရဲတို့၏အတွင်းမြို့တော်သို့ခရီးစဉ်**

တစ်နေ့ မောင်ထွန်းမြိုင်ထံသို့ လူတစ်ဦး ရောက်လာ၏။ ထိုသူကား မောင်ထွန်းမြိုင်နှင့် အရပ်အမောင်း ရောအရွယ်အစားပါ တထေရာတည်း ချွတ်စွပ်တူ၏။ ရုပ်ကလည်းတူ၏။ နောက်ဆုံး ထွန်းမြိုင်ဟူသည့်နာမည်ပါ တူနေသဖြင့် မောင်ထွန်းမြိုင် ထိုအခြင်းအရာကို အလွန်ပင် အံ့သြနေလေ၏။ မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ဖြစ်ရသည်ကိုလည်း သိချင်လှ၏။ သူတို့နှစ်ယောက်တွဲသွားသည်ကိုမြင်လေလျှင် မောင်ထွန်းမြိုင်၏ ရင်းနှီးသူမိတ်ဆွေများပင် ခွဲခြား၍မရနိုင်သောအခြေအနေမျိုးဖြစ်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်လည်း အဆိုပါ ထွန်းမြိုင် ဆိုသူကို အသေအချာကြည့်လိုက်ပြီး -

"သြော် - ခင်ဗျားက ကျုပ်နဲ့ချွတ်စွပ်ကိုတူနေတာပဲ။ ဒါကြောင့် ခင်ဗျားက ကျုပ်အသိမိတ်ဆွေတွေရဲ့ အိမ်တွေကိုသွားပြီး ဟိုဟာဝယ်ခိုင်းဒီဟာဝယ်ခိုင်းနဲ့ လုပ်ပြီး ကျုပ်ဆီကိုပို့ပေးနေတာ ခင်ဗျားပဲ မဟုတ်လား"

ဟုမေးလိုက်ရာ ထိုသူက -

"ဟုတ်ပါတယ် ကိုထွန်းမြိုင်။ ခင်ဗျားအမိဋ္ဌာန်အောင်ဖို့ အရေးကြီးတယ် မဟုတ်လား"

"နေပါဦး - ကျုပ်အမိဋ္ဌာန်အောင်တာ၊ မအောင်တာနဲ့ ခင်ဗျားနဲ့ကပတ်သက်မှုရှိလို့လား။ ခင်ဗျားက ဒီလောက်တောင်မှ လိုက်လုပ်ပေးတာဆိုတော့ ရည်ရွယ်ချက်တစ်ခုခုများရှိလို့လား"

ဟု ချိန်ချိန်ဆဆဖြင့်မေးလိုက်ရာ ထိုသူက -

"ရည်ရွယ်ချက်ရော ပတ်သက်မှုပါရှိပါပြီကောဗျာ ကိုထွန်းမြိုင်ရဲ့။ ကျုပ်ရဲ့တာဝန်က ခင်ဗျားအမိဋ္ဌာန်ဝင်နေတာကို အနီးကပ် စောင့်ရှောက်ပေးဖို့၊ အမိဋ္ဌာန်အောင်တာနဲ့ ခေါ်ခိုင်းလိုက်တဲ့ ပုဂ္ဂိုလ်ကြီးဆီ မင်းကိုပို့ပေးဖို့ပဲ။ ဒါကြောင့် ကျုပ်ဟာလုပ်သင့်လုပ်ထိုက်တာကိုလုပ်တာပဲ"

ဟု ဆိုလာသဖြင့် မောင်ထွန်းမြိုင်က-

"ကျွန်တော့်ကို ခင်ဗျားက ပုဂ္ဂိုလ်ကြီးတစ်ဦးဆီ ပို့ပေးရမယ်ဟုတ်လား။ ဘယ်ကပုဂ္ဂိုလ်ကြီးလဲ။ အဲဒီပုဂ္ဂိုလ်ကြီးရဲ့အမည်ကိုကော ကျွန်တော် သိခွင့်ရှိမလား"

ဟု မေးလိုက်ရာ ထိုသူက -

"မင်းက သိချင်တယ်ဆိုရင်တော့ ပြောပြလို့ရပါတယ်။ အဲဒီပုဂ္ဂိုလ်ကြီးရဲ့ အမည်က အဘဘိုးဘိုးအောင်ပဲ။ ဒီနာမည်ကိုတော့ မင်းလည်းကြားဖူးပြီး ဖြစ်မှာပဲ"

"သြော်- အဘဘိုးဘိုးအောင်လား။ ကြားဖူးပါဘိကောဗျာ။ ဝိဇ္ဇာလောကထဲမှာတော့ အတော် နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ပါပဲ။ အဘနဲ့တွေ့ရမယ်ဆိုတော့ တွေ့ချင်နေတာနဲ့အတော်ပါပဲ။ မေးစရာတွေလည်း အများကြီးရှိတယ်။ တဲ့- အဘကို ဘယ်မှာလိုက်တွေ့ရမှာလဲ၊ ဒီရန်ကုန်မြို့ထဲမှာပဲလား"

ဟု မေးလိုက်ရာ ထိုကိုယ်ပွားက-

"ဒီရန်ကုန်မြို့ထဲမှာ တွေ့ဖို့တော့ မဟုတ်ဘူး။ ဝိဇ္ဇာတွေနေတဲ့ အတွင်းဒီပါ အထိလိုက်တွေ့ရမယ်။ ခရီးကတော့ဝေး တယ်။ ဒါပေမယ့် မင်းအနေနဲ့ကတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့လိုက်ခဲ့ရမှာပဲ"

"ဟုတ်ကဲ့ - လိုက်ခဲ့ပါ့မယ်။ ဒါပေ မယ့် ဒီနေ့တော့လိုက်လို့မရသေးဘူး မနက်ဖြန်မှအမိဋ္ဌာန်ပြီးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး- ဟုတ်ပြီ။ အမိဋ္ဌာန်ပြီးတာနဲ့ လိုက်ခဲ့ဖို့ပဲ။ ဒါကြောင့် မနက်ဖြန် မင်း အမိဋ္ဌာန်ပြီးတာနဲ့ ဗဟာန်းဈေးထဲသွားပြီး စားဖို့သောက်ဖို့ရိက္ခာတွေ၊ အသုံးအဆောင်ပစ္စည်းပစ္စယလိုတာလေးတွေဝယ်ထားပြီး ကျုပ်ကိုစောင့်နေပါ။ ကျုပ် ညနေကျရင်လာခေါ်မယ်"



ဟု ပြောပြီး ကိုယ်ပွားထွန်းမြိုင် ...သွားတော့၏။

နောက်တစ်နေ့သို့ ရောက်သော ...ခါ မောင်ထွန်းမြိုင်သည် အမိဋ္ဌာန် ...ည်နှင့် ရွှေတိဂုံကုန်းတော်ပေါ်မှ ...ောက်သို့ဆင်းပြီး ဈေးသို့သွားကာ ...ည်သည်များကိုဝယ်ယူပြီး အသင့် ...ဆင်ကာ တန်းဆောင်းအတွင်း ...ဆိုင်းနေလေ၏။

ညနေစောင်းသည်နှင့် ကိုယ်ပွား ...မြိုင်ရောက်ရှိလာပြီး ခရီးထွက်ဖို့ ...ရာ မောင်ထွန်းမြိုင်ကလည်း အဆင်သင့်ပင်ဖြစ်ကြောင်းပြောပြီး အထုပ်ကိုဆွဲကာ လိုက်ခဲ့လေ၏။ ထို့နောက်နှစ်ယောက်သား ခရီးထွက်ခဲ့ကြလေ၏။ မောင်ထွန်းမြိုင်တို့၏ခရီးထွက်ခြင်းသည်ယာဉ်၊ ရထား စသည့်တစ်ခုခုကိုစီးပြီးသွားလာရခြင်းမျိုး မဟုတ်ပေ။ လမ်းလျှောက်ပြီးသာသွားရခြင်း ဖြစ်၏။

မောင်ထွန်းမြိုင်သည် ကိုယ်ပွားထွန်းမြိုင်သွားရာနောက်သို့ မနည်းမီအောင်လိုက်နေရသဖြင့် ပတ်ဝန်းကျင်ဘေးဘီကိုပင် မကြည့်အားပေ။ တဖြည်းဖြည်းနှင့် မိုးစုပ်စုပ်ချုပ်သွားခဲ့ပြီ ဖြစ်၏။ မိုးချုပ်သွားခြင်းနှင့်အတူ ပတ်ဝန်းကျင်ရှိအသံဗလံများသည်လည်း တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်၏။

ထို့ကြောင့်လည်း မောင်ထွန်းမြိုင်သည် ဘေးဘီကိုကြည့်လိုက်သောအခါတောအတွင်းတစ်နေရာသို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။ မကြာမီတွင် လထွက်လာပြီ ဖြစ်သော်လည်း မောင်ထွန်းမြိုင်တို့ ရောက်ရှိနေသောတောသည် ထူထပ်သိပ်သည်းလွန်းသဖြင့် လပြောက်ပင်မထိုးနိုင်သဖြင့် ပိန်းပိတ်အောင်ပင်မှောင်နေတော့၏။

သို့သော် တစ်ခုထူးခြားသည်မှာ တောသည် ပိန်းပိတ်အောင်ထူထပ်ပြီး မှောင်နေသော်လည်း မောင်ထွန်းမြိုင်သည် ရှေ့မှ ဦးဆောင်သွားနေသည့် ကိုယ်ပွားထွန်းမြိုင်ကိုကား နေ့ဘက်တွင်သွားနေရသကဲ့သို့ ရှင်းရှင်းလင်းလင်းပင် မြင်တွေ့နေခြင်း ဖြစ်၏။ တစ်ခါတစ်ရံတွင် မောင်ထွန်းမြိုင်သည် ပတ်ဝန်းကျင်ဘေးဘီကိုကြည့်မိသဖြင့် ကိုယ်ပွားထွန်းမြိုင် အတော်ဝေးဝေးတွင်ပြတ်ကျန်ခဲ့သဖြင့် မနည်းမီအောင်လိုက်ရပြန်လေသည်။ ထိုသို့ ကိုယ်ပွားထွန်းမြိုင်နှင့်မောင်ထွန်းမြိုင်တို့သည် အတော်ပင်ဝေးကွာသော်လည်း မောင်ထွန်းမြိုင်သည် ကိုယ်ပွားထွန်းမြိုင်ကို ထင်ထင်ရှားရှားပင် တွေ့နေရသဖြင့် လိုက်ရန်လွယ်ကူလေ၏။ နောက်ထပ်ထူးခြားမှုတစ်ခုမှာ ကိုယ်ပွားထွန်းမြိုင်သည် ခရီးစထွက်လာပြီဆိုကတည်းက ရှေ့မှသာဦးဆောင်ပြီး သုတ်သုတ်သုတ်နှင့်သွားနေတော့၏။ နောက်ကိုလည်းလုံးဝလှည့်မကြည့်တော့ပေ။ မောင်ထွန်းမြိုင်ကိုလည်း မကြည့်တော့ပေ။ စကားလည်း မောင်ထွန်းမြိုင်အား မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ခရီးစဉ်၌သာ အာရုံစိုက်ပြီးသွားနေပုံ ပေါ်၏။

မောင်ထွန်းမြိုင်သည်လည်း သူ့ကိုယ်တိုင်ပင် ထူးခြားမှုကိုသတိပြုမိ၏။ ထိုထူးခြားမှုမှာ မောင်ထွန်းမြိုင်သည် ယခုကဲ့သို့ နာရီပေါင်းများစွာ လမ်းလျှောက်လာသော်လည်း မောခြင်းပန်းခြင်း ဟူ၍ လုံးဝမရှိခြင်းပင် ဖြစ်၏။

ဤသို့ဖြင့် တစ်ညလုံး ခရီးပြင်းနှင်ခဲ့ကြပြီး နံနက်မိုးလင်းသောအခါတွင် တောနက်ကြီးအတွင်းမှထွက်ခဲ့ကြပြီ ဖြစ်၏။ ထိုတွင် ကိုယ်ပွားထွန်းမြိုင်က ရှေ့မှနေပြီး လက်ဟန်ခြေဟန်ဖြင့် ခေတ္တနားရန် သင်္ကေတပြသဖြင့် မောင်ထွန်းမြိုင်လည်း ပြန့်ပြူးသည့် နေရာတစ်ခုကို ရွေးချယ်၍ထိုင်လိုက်ပြီး ပါလာသည့် အထုပ်ကိုချကာ ထိုအထဲမှ အစားအသောက်များကိုထုတ်ယူပြီး စားသောက်လိုက်၏။ ရေဘူးထဲမှ ရေကိုငှဲ့ပြီးသောက်လိုက်၏။ မောင်ထွန်းမြိုင်သည် ကိုယ်ပွားထွန်းမြိုင်လှမ်းကြည့်ပြီး သူ့ပါလာသည့် အစားအစာနှင့် ရေဘူးတို့ကို ထောင်ပြကာ စားပါဦးသောက်ပါဦးဟုပြောလိုက်ရာ ကိုယ်ပွားထွန်းမြိုင်က လက်ကာပြလိုက်၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်သည် သူ့စားစရာနှင့် ရေဘူးတို့ကို အိတ်ထဲသို့ပြန်ထည့်လိုက်ပြီး ထိုအိတ်ကို ပင်ခေါင်းအုံးကာ တုံးလုံးလှဲလိုက်၏။

တုံးလုံးလှဲလိုက်ပြီးမကြာမီတွင်ပင် မောင်ထွန်းမြိုင်သည် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားခဲ့၏။ မောင်ထွန်းမြိုင် စိတ်ထင်သိပ်မကြာသောအချိန်တွင်ပင် ကိုယ်ပွားထွန်းမြိုင်သည် သူ့အားလာနှိုးပြီး ခရီးဆက်ထွက်ရန် လက်ဟန်ခြေဟန်ပြသဖြင့် မောင်ထွန်းမြိုင်လည်း ချက်ချင်းပင်ထလိုက်ပြီး သူ့အိတ်ကို ကျောပိုးကာ ကိုယ်ပွားထွန်းမြိုင်သွားရာ နောက်သို့လိုက်ခဲ့၏။ မောင်ထွန်းမြိုင်၏ စိတ်ထဲတွင် ခဏလေးသာအိပ်ခဲ့ရသည် ထင်သော်လည်း ယခုကဲ့သို့လမ်းလျှောက်ပြီး ခရီးထွက်လိုက်သောအခါ လုံးဝကြည်လင်လန်းဆန်းနေသည်ကို ကောင်းစွာ သတိပြုမိလေ၏။

မကြာမီ မောင်ထွန်းမြိုင်တို့သည် နာနတ်ပင်များထူထပ်စွာပေါက်ရောက်နေသည့် နာနတ်တောကြီးသို့ရောက်ရှိခဲ့လေ၏။ မောင်ထွန်းမြိုင်အနေဖြင့် ထိုနာနတ်တောကြီးဆုံးနိုးဆုံးနိုးနှင့်လျှောက်လာရာ မဆုံးနိုင်အောင်ပင်ရှိနေလေတော့၏။ မောင်ထွန်းမြိုင်တို့သည် နာနတ်တောကြီးကို တစ်နေ့လုံးတစ်ညလုံးဖြတ်ကျော်ခဲ့ရပြီဖြစ်၏။ နောက်တစ်နေ့နံနက် မိုးလင်းသောအခါတွင်မှ ထိုနာနတ်တောကြီးထဲမှထွက်နိုင်ခဲ့ကြ၏။

ထိုနာနတ်တောကြီးထဲမှထွက်ပြီး မကြာမီပင် ရေပြင်ကျယ်ကြီးကို တွေ့ရသည်။ ရှေ့တွင် အခြားလမ်းမရှိပေ။ ထို့ကြောင့် မည်သည့်နည်းဖြင့်မဆို ဤရေပြင်ကျယ်ကြီးကို ဖြတ်ရလေမည်ဟု မောင်ထွန်းမြိုင်တွက်လိုက်၏။ ထို့နောက် ကိုယ်ပွားက မောင်ထွန်းမြိုင်အား ယမန်နေ့သကဲ့သို့ပင် စားသောက်အနားယူရန် လက်ဟန်ခြေဟန်ဖြင့်ပြသဖြင့် အစားအသောက်များကို အိတ်ထဲမှထုတ်ယူကာ စားသောက်လိုက်ပြီး တစ်ရေးတစ်မောအိပ်လိုက်၏။

ထို့နောက် ကိုယ်ပွားကလာနိုးပြီး မောင်ထွန်းမြိုင်အား ကန်ရေပြင်၏ တစ်ဖက်ကမ်းသို့ လက်ညှိုးညွှန်ပြသဖြင့် မောင်ထွန်းမြိုင်လည်း ထိုနေရာကိုမျှော်ကြည့်လိုက်သောအခါ ကျယ်ပြန့်သောရေပြင်၏အဆုံးတွင် မှိုင်းပျပျတောင်ကြီးတစ်လုံးကို တွေ့ရလေသည်။ သူက အဘဘိုးဘိုးအောင်နှင့်တွေ့ရန် အဆိုပါတောင်ကြီးပေါ်သို့တက်ရမည်ဟုဆို၏။

ထို့နောက် ကိုယ်ပွားဖြစ်သူက အဆိုပါတောင်ကြီးဆီသို့သွားရန် ယခုလတ်တလော၌ ဤရေပြင်ကိုဦးစွာဖြတ်ရမည်ဖြစ်ကြောင်း၊ သူကရှေ့ကသွားမည်ဖြစ်ပြီး မောင်ထွန်းမြင့်အနေဖြင့် နောက်မှလိုက်ခဲ့ရန် မှာကြားကာထွက်သွားလေသည်။

မောင်ထွန်းမြိုင်လည်း ထိုသူမည်ကဲ့သို့သွားမည်နည်းဟု ကြည့်လိုက်ရာ ထိုသူသည် အဆိုပါရေပြင်ပေါ်တွင် မြေပြင်၌ လမ်းလျှောက်သကဲ့သို့ပင် လျှောက်သွားလေတော့၏။ ထိုအခါ မောင်ထွန်းမြိုင်အဖို့ အကြီးအကျယ် အကြပ်ရိုက်သွားတော့၏။ သူကရေပေါ်တွင် လမ်းလျှောက်နိုင်စွမ်းရှိသူဖြစ်သဖြင့် ပြဿနာမရှိသော်လည်း ရေပေါ်တွင် လမ်းလျှောက်နိုင်စွမ်းရှိသူ ဖြစ်သဖြင့် ပြဿနာမရှိသော်လည်း ရေပေါ်တွင် လမ်းလျှောက်နိုင်စွမ်းမရှိသူ မောင်ထွန်းမြိုင်အဖို့ကား အခက်တွေ့စေတော့၏။

ဘယ်လိုလုပ်ရမည်မသိအောင်ပင် ဖြစ်သွားတော့၏။ ထိုသူကလည်း ရှေ့မှလျှောက်သွားပြီးဖြစ်၏။ သူ့နောက်သို့ မလိုက်လျှင်လည်း မရတော့ပေ။ အနီးအနားတွင် လှေတို့ သစ်ဖောင်၊ ဝါးဖောင် စသည်တို့ရှာကြည့်၏။ လုံးဝမရှိပေ။ သူ့နောက်ကိုလည်း မဖြစ်မနေလိုက်ရတော့မည် ဖြစ်၏။ အခြားလည်း ရွေးစရာလမ်းကားမရှိပေ။

နောက်ဆုံးတွင် မောင်ထွန်းမြိုင်သည် စိတ်ကိုတိမ်းလိုက်ပြီး ဖြစ်လိုရာဖြစ်စေ၊ သေလျှင်လည်းသေပါစေတော့ သဘောထားပြီး ထိုသူလျှောက်သကဲ့သို့ လျှောက်ရန်ဆုံးဖြတ်လိုက်၏။ ထို့နောက် ရေပေါ်သို့ခြေချပြီး လျှောက်ကြည့်လိုက်၏။ ထိုအခါ ထူးဆန်းစွာပင် မောင်ထွန်းမြိုင်၏ခြေထောက်သည် ရေထဲသို့မြုပ်ဝင်မသွားဘဲ မြေပြင်ပေါ်ခြေချရသလို ဖြစ်နေသဖြင့် မောင်ထွန်းမြိုင်လည်း အားတက်ပြီး ဆက်ကာဆက်ကာ လျှောက်သွားလေတော့၏။

ထိုသို့ ရေပြင်ကျယ်ပေါ်တွင် လမ်း အတော်လေးလျှောက်လိုက်မိသောအခါ တွင်မှ တစ်ဖက်ကမ်းသို့ရောက်ရှိလေ၏။ ထိုအခါတွင် စောစောက ကိုယ်ပွားပြခဲ့ သည့် တောင်ကြီးကို ထင်ရှားစွာ မြင်ရ လေ၏။ ထိုအခါတွင်မှ မောင်ထွန်းမြိုင် သည် သူလျှောက်ခဲ့ရသောရေပြင်ကျယ် ကိုဖြတ်ခဲ့ရသည်မှာ တစ်နေကုန်နီးပါး ကြာမြင့်ခဲ့ကြောင်း တွေ့ရလေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်လည်း ထို တောင်ခြေသို့ရောက်ရန် မြန်မြန်သုတ် ခြေတင်သွားလေတော့၏။

တောင်ခြေသို့ရောက်သောအခါ ကိုယ်ပွားထွန်းမြိုင်သည် မောင်ထွန်းမြိုင် အား စောင့်နေသည်ကိုတွေ့ရ၏။ မောင် ထွန်းမြိုင်လည်း ထိုသူအနီးသို့ရောက် လာသောအခါ ထိုသူက မောင်ထွန်းမြိုင် ကို တောင်ခြေ၌ခေတ္တခဏနားစေလိုက် ၏။ ပြီးသောအခါတွင်မှ ထိုသူသည် မောင်ထွန်းမြိုင်အား တောင်ကြီးပေါ်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး -

"မင်း အဲဒီလမ်းကြောင်းအတိုင်း တန်းတန်းသာ တက်သွားပေတော့။ တောင်ပေါ်ရောက်ရင် အဆောက်အအုံ တစ်လုံးတွေ့လိမ့်မယ်။ အဲဒီအဆောက် အအုံထဲသွား။ အဲဒီထဲမှာ အဘဘိုးဘိုး အောင် မင်းကိုစောင့်နေလိမ့်မယ်။ တက် တက်သွားပေတော့။ ကျုပ်ကတော့ မင်း ကို ဒီတောင်ခြေကပဲ စောင့်နေတော့ မယ်"

ဟု ပြောဆိုညွှန်ကြားလိုက်သဖြင့် မောင်ထွန်းမြိုင်လည်း တောင်ကြီးပေါ် သို့ အပြင်းတက်ခဲ့၏။

နေဝင်ဖျိုးဖျအချိန်လောက်တွင် မောင်ထွန်းမြိုင်သည် တောင်ထိပ် သို့ရောက်ခဲ့တော့၏။ တောင်ထိပ် သို့ရောက်သည်နှင့် ကိုယ်ပွားပြောသည်



www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံကြီးကို တွေ့ရလေ၏။ ထိုအဆောက်အအုံသည် လွန်စွာပင်ကြီးကျယ် ခမ်းနား ထည်ဝါလှကြောင်း မောင်ထွန်းမြိုင်ချက်ချင်းသတိပြုမိလိုက်၏။

ထို့နောက် မောင်ထွန်းမြိုင်လည်း အချိန်မဆိုင်းတော့ဘဲ အဆောက်အအုံထဲဝင်လိုက်၏။ အဆောက်အအုံထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးကိုတွေ့ရလေ၏။ ထိုပုဂ္ဂိုလ်၏နောက်ဘက်တွင် ကြီးမားသော ဘုရားကျောင်းဆောင်ကြီးတစ်ခုကိုတွေ့ရ၏။

မောင်ထွန်းမြိုင် ဘုရားကျောင်းဆောင်ပေါ်သို့ ကြည့်လိုက်သောအခါ မည်သည့်အမျိုးအစားအသားဖြင့်ထုဆစ်ထားမှန်းမသိသော လွန်စွာ သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသည့် ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရလေသည်။

ထိုဘုရားကျောင်းဆောင်ပေါ်တွင် ဆီမီးများပူဇော်ထားသဖြင့် ဆင်းတုတော်သည် ရောင်ခြည်တော်များလွှတ်သည့်ပမာ ပြိုးပြိုးပြက်ပြက်လင်းလက်လျက်ရှိလေ၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်သည် ဆင်းတုတော်အား ရှိခိုးကန်တော့လေ၏။ ထို့နောက် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်အား အသေအချာကြည့်လိုက်ရာ အဘဘိုးဘိုးအောင်ဖြစ်ရမည်ဟု စိတ်ထဲတွင် မှတ်ထင်လိုက်ကာ ထိုပုဂ္ဂိုလ်အားလည်း ရှိခိုးကန်တော့လိုက်၏။

မောင်ထွန်းမြိုင် ရှိခိုးကန်တော့ပြီး၍ ထိုပုဂ္ဂိုလ်၏မျက်နှာကိုကြည့်လိုက်သော် ပြုံးယောင်သန်းတော့မယောင် ကြည်ကြည်ခံ့ညားသည့် မျက်နှာထားကို တွေ့လိုက်ရ၏။ ထို့နောက် အဆိုပါပုဂ္ဂိုလ်ကပင်စတင်၍ -

"ကဲ- ခုတော့ ငါနဲ့မောင်ထွန်းမြိုင် တွေ့ကြရပြီး ငါကတော့ ပထမဘိုးဘိုးအောင်ပါပဲ။ ငါဒီနေရာမှာ မင်းကိုစောင့်နေတာ (၃) နှစ်တောင်ရှိပြီကွယ့်။ မင်းဟာ တော်တော်ခက်တဲ့ကလေးပဲ"

ဟု ဘိုးဘိုးအောင်ကမိန့်ဆိုလိုက်ရာ မောင်ထွန်းမြိုင်ကလည်း မဆိုင်းမတွ -

"ဘိုးဘိုးက တပည့်တော်ကို ဒီနေရာမှာစောင့်နေတာ (၃) နှစ်တောင်ရှိပြီဆိုတော်လား ခင်ဗျ။ တပည့်တော်ဖြင့် အံ့ဩလိုက်တာ။ နောက်ပြီး ခုလိုစောင့်ရလို့ အားလည်းနာပါတယ်။ အဲဒီအတွက် တောင်းလည်းတောင်းပန်ပါတယ် ဘိုးဘိုး။ နောက်ပြီး ဒီလောက်ကြာအောင် တပည့်တော်ကိုစောင့်နေတာ ဘယ်လိုအကြောင်းကိစ္စထူးများရှိလို့လဲ ခင်ဗျာ"

ဟု မောင်ထွန်းမြိုင်က မေးလိုက်ရာ အဘဘိုးဘိုးအောင် တစ်ချက်မျှပြုံးလိုက်ပြီး -

"ဘာကိစ္စရှိပါဦးမလဲ လူကလေးရ။ မင်းကိုအင်းတိုက်ရမယ်ကိစ္စရှိလို့ပေါ့။ ဒါကြောင့် မင်းအင်းသောက်ရမယ်"

ဟု မိန့်လိုက်သောအခါတွင် မောင်ထွန်းမြိုင်လည်း လွန်စွာဝမ်းသာသွားသည့်အမူအရာမျိုးဖြင့် -

"ကျွန်တော့်ဘဝမှာ အင်းပညာဟာ အဓိကပါပဲ။ အင်းပညာကို မကျွမ်းကျင်ထားပြီး ရပ်တည်သွားမှာပါ။ နောက်ပြီး အင်းပညာနဲ့ပဲ အန္တိမလမ်းကိုရပ်တည်သွားမှာပါ။ နောက်ပြီး အင်းပညာနဲ့ပဲ အန္တိမလမ်းကိုလျှောက်လှမ်းမယ်လို့ စိတ်ဆုံးဖြတ်ထားပါတယ်။ ခုတော့ ဘိုးဘိုးက တပည့်တော်ကိုအင်းတိုက်ပြီး ချီးမြှောက်တဲ့အတွက် အတိုင်းမသိဝမ်းမြောက်ပါတယ်ဘိုးဘိုး"

ဟု ပြောပြီးသည်နှင့် အဘဘိုးဘိုးအောင်က -

"ကဲ - လူကလေး၊ ဟောဟိုက ဘုရားကျောင်းဆောင်ပေါ်မှာ ကလပ်တစ်ခုရှိတယ်။ အဲဒီကလပ်ထဲမှာ အင်း (၃) ချပ်ရှိတယ်။ အဲဒီ အင်းတွေကိုသွားယူပြီးသောက်လိုက်ပေတော့ လူကလေး"

ဟု ပြောဆို ညွှန်ပြလိုက်သောအခါ မောင်ထွန်းမြိုင်လည်း ဘုရားကျောင်းဆောင်ဘက်သို့ လျှောက်သွားပြီး ဘိုးဘိုးညွှန်ပြသည့်ကလပ်ကိုယူလိုက်ရာ ထိုအထဲတွင် အင်း (၃) ချပ်ရှိနေသည်ကို တွေ့ရလေ၏။

မောင်ထွန်းမြိုင်လည်း ထိုအင်းများကိုယူ၍ကြည့်လိုက်သောအခါ နဝင်းအင်းကြီးများဖြစ်ကြောင်း သိလိုက်ရ၏။ ထို့နောက် သူ့လွယ်အိတ်ထဲမှ မီးခြစ်၊ ဇာဂနာ၊ ဖလား စသည့် ပစ္စည်းများကို ထုတ်ယူပြီး အင်း (၃) ချပ်အားပြာချပြီး သောက်လိုက်ပါတော့၏။ ထို့နောက် သူသည် အဘဘိုးဘိုးအောင်ထံပြန်သွားပြီးရောက်ရှိသည်နှင့် -

"ဘိုးဘိုးနဲ့ အခုလိုကြုံဖို့ဆုံဖို့ဆိုတာ တကယ်မလွယ်ပါဘူး။ ဒါကြောင့် ခုလိုကြုံတုန်းဆုံတုန်းလေးမှာ မေးခွန်းအချို့မေးချင်ပါတယ်။ အဲဒါ ဘိုးဘိုး ခွင့်ပြုတော်မူပါ"

ဟု မေးလျှောက်လိုက်၏။

ထိုအခါ ဘိုးဘိုးက -

"ကဲ - လူကလေးက ဘာများမေးစရာရှိလို့တုံး။ မေးပါကွယ် မေးပါ"

ဟု လမ်းဖွင့်ပေးသဖြင့် -

"ဟို - စကြာမင်းကိစ္စနဲ့ပတ်သက်ပြီး စာတွေမှာလည်းဖတ်ဖူးပါတယ်။ ကြားလည်းကြားဖူးပါတယ်။ အဲဒါ စကြာမင်းမသေဘူး။ လူစားလဲပြီးကယ်ထုတ်သွားတယ်ဆိုတဲ့ကိစ္စက အမှန်တကယ်ပဲလားဘိုးဘိုး။ ကျွန်တော်သိချင်လို့ပါ"

"အင်း- လူကလေးကသိချင်တယ်လို့ဆိုတော့လည်း ပြောပြပါမယ်။ ဒါပေမယ့် အခုက အချိန်သိပ်မရတော့ မင်းလည်း ပြန်ဖို့ကရှိသေးတယ်။ ဘိုးဘိုးမှာလည်း ဆက်ပြီးတော့ဆောင်ရွက်ရမယ့် တာဝန်တွေကရှိသေးတယ်။ ဒါကြောင့် နောက်တစ်ခါကျမှ သေသေချာချာပြောပြမယ်။ ခုတော့ အကျဉ်းသဘော မင်းသိသွားအောင်ပြောပြပါမယ်။ ဒီလိုကွယ့် လူကလေးရဲ့ ဒီစကြာမင်းလေးမတိုင်မီ ဘိုးဘိုးတို့ခေတ်တွေမဆွကတည်းက ဒီပြဿနာတွေကစခဲ့ကြတာပဲ။ ပိုပြီးရှင်းအောင်ပြောရရင် အာဏာကြောင့်ပဲ။ အာဏာမရှိသေးတဲ့ပုဂ္ဂိုလ်က အာဏာမရရအောင်လုပ်မယ်။ အာဏာရပြီးပြန်တော့လည်း အဲဒီအာဏာမဆုံးရှုံးအောင် ကာကွယ်မယ်။ အာဏာဆုံးရှုံးမယ့်အရိပ်လက္ခဏာပေါ်ရင် ကြိုတင်ကာကွယ်မယ်၊ ဖမ်းမယ်ဆီးမယ်၊ ညှဉ်းပန်းမယ်၊ နှိပ်စက်မယ်၊ လိုအပ်ရင်သတ်ဖြတ်မစ်တဲ့အထိ ဆောင်ရွက်ကြလေ့ရှိတယ်။ အဲဒါကြောင့် အာဏာရဲ့သဘောက အလွန်ပဲကျယ်လည်းကျယ်ပြန့်တယ်၊ ရှုပ်လည်းရှုပ်ထွေးတယ်၊ ကြောက်စရာလည်းကောင်းတယ်။ ဥပမာပြောမယ် ဘိုးဘိုးရဲ့ကိစ္စဆိုပါတော့။ ဘိုးဘိုးနဲ့ ဗဒုံမင်းဦးဝိုင်းတို့ဆိုတာ ငယ်ငယ်ကတည်းက ဆော့ကစားလာတဲ့သူငယ်ချင်းတွေ။ ဒါတောင် သူဘုရင်ဖြစ်လာချိန်မှာ ဘိုးဘိုးကလည်း ပထမပညာနဲ့ဝိဇ္ဇာဇရလမ်းစဉ်တွေလုပ်နေပြီ။ တော်တော်လည်းခရီးပေါက်တော့ သိဒ္ဓိ မဟိဒ္ဓိ အချို့အဝက်တော့ရထားပြီပေါ့ကွယ်။ အဲဒီမှာတင် သူက ဘိုးဘိုးကို သူ့အာဏာလုယူတော့မှာပဲလို့စိုးရိမ်လာတယ်။ ဒါကြောင့် ဖမ်းတယ်ဆီးတယ်၊ သတ်မယ်ဖြတ်မယ်လုပ်တယ်"

ဟု အဘဘိုးဘိုးအောင်က ပြောနေစဉ် မောင်ထွန်းမြိုင်က -

"ဘိုးဘိုးကို အဲဒီလောက်ထိလောက်လုပ်ခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ခဲ့ပါဘိကော လူလေးရယ်။ နောက်ဆုံးမှာ ဘိုးဘိုးကို ဘယ်လိုမှ သတ်လို့မရလို့သာဘဲကွယ့်။ အဲဒီမှာ ဘိုးဘိုးက ငါ့ကိုသတ်ဖို့နေနေသာသာ ငါရေးတဲ့ ဝလုံးတစ်လုံးကိုပဲ ဖျက်အောင် ဖျက်ပါဦးပြောလို့ ဘယ်လိုမှဖျက်မရတဲ့အတွက် စိတ်လျှော့သွားတာ။ ဒါပေမယ့် ဦးဝိုင်းဟာ သာမန်လူပုဂ္ဂိုလ်တော့မဟုတ်ဘူး။ ဉာဏ်အင်မတန်ကြီးတယ်။ အဲဒီမှာတင် သူက ဘိုးဘိုးကို ပြန်တောင်းပန်တယ်။ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ဆောင်ရွက်တယ်။ ဘယ်. . . . ဒီလိုပြန်တောင်းပန်တဲ့ကိစ္စကို တခြားဘယ်လိုဘုရင်ကလုပ်မှာလဲ။ သူမို့လို့လုပ်နိုင်တာ။ ဒါကြောင့် ဘိုးဘိုးကလည်း ခွင့်လွှတ်လိုက်ပါတယ်။ ဒါပေမယ့် နိယာမ သဘောတွေအရ ဒီအတိုင်း ခွင့်လွှတ်လို့မရဘူး။ ဝိဇ္ဇာခို့ရဲထွက်ရပ်ပေါက်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သူတို့ဟာ ပေါ့သေးသေး ပုဂ္ဂိုလ်တွေမဟုတ်ဘူး၊ ပါရမီရှင်တွေပဲ။ အဲဒီပါရမီရှင်တွေကို စော်ကားချင်တိုင်း စော်ကားပြီး ပြန်တောင်းပန်ရုံနဲ့မရဘူး။ အဲဒီမှာလည်း လက်လွန်ခြေလွန်မဖြစ်မှ တောင်းပန်လို့ ဘဏ္ဍာစားပေးတဲ့အနေနဲ့ ကုသိုလ်တော်တွေကိုများစွာပဲလုပ်ခိုင်းခဲ့ပါတယ်။ ဦးဝိုင်းကလည်းလုပ်ပါတယ်။ သူ့ကုသိုလ်တော်တွေက မနည်းဘူး။ မင်းကွန်းခေါင်းလောင်းကြီးကစပြီးတွေ့မှာပေါ့ အများကြီးပဲ။ အသေးစိတ်တော့ မပြောတော့ဘူး။ အဲဒီမှာတင် ဦးဝိုင်းက အကုသိုလ်စက်ဝန်းကနေရုန်းထွက်နိုင်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက်ရှည်ရှည်၊ အာဏာသက်မြဲမြဲနဲ့ နန်းစံသက် (၃၇) နှစ်တောင်ရသွားတာပဲကြည့်"

ဟုပြောရာ မောင်ထွန်းမြိုင်က -

"ကျွန်တော်လည်း ဗဒုံမင်း ဒီလောက် နန်းစံသက်ရှည်လို့ အံ့ဩနေတာ ခုမှပဲရှင်းသွားတော့တယ်"

"ဟုတ်တယ်ကွယ့် လူလေးရဲ့။ အဲဒီမှာတင် ခုန စကြာမင်းကလေးကိစ္စမှာတော့ သာယာဝတီမင်းဟာ ဗဒုံမင်းနဲ့ အပုံကြီးကွာသွားတယ်။ သူကတော့ စကြာမင်းကလေးကို အဆုံးအစွန်အထိ သတ်ဖို့လုပ်တယ်။ အပြတ်ရှင်းဖို့အထိ စဉ်းစားတယ်။ သတိလည်းမရဘူး။ ပြန်လည်မတောင်းပန်ဘူး။ အမှန်တော့ စကြာမင်းလေးဆိုတာ သူတို့နဲ့တစ်သွေးတည်းတစ်သားတည်း သူတို့ကုန်းဘောင်သွေးပဲ။

ဒါတောင်မရဘူး။ စကြာမင်းကလေးဆိုတာ ပေါ့သေးသေးပုဂ္ဂိုလ်မဟုတ်ဘူး။ တကယ့်ပါရမီရှင်ကွယ့်။ သူမွေးဖွားတဲ့အချိန်မှာပဲကြည့်။ အတိတ်ကြီးနိမိတ်ကြီးတွေဖြစ်ခဲ့တယ်။ ဖွားဖက်တော် (၇) ယောက်နဲ့အတူ ဖွားမြင်ခဲ့တာပဲ။ ဒါကိုတောင် သာယာဝတီမင်းက သတ်ဖို့လုပ်ရဲတာကြည့်။ နောက်ဆုံး ရေချအဆုံးစီရင်ဖို့လုပ်တယ်။ အဲဒီမှာတင် စကြာမင်းကလေးကိုကယ်တင်ဖို့အတွက် သူနဲ့ရုပ်ချင်းဆင်တဲ့ ဖွားဖက်တော်တစ်ဦးကို ကိုယ်စားထည့်လိုက်ရတာပဲကွယ့်။ တော်တော့်ကိုပဲ အလုပ်ရှုပ်ကြရပါတယ်။ ဒီကိစ္စမှာ သာယာဝတီမင်းတင်လားဆိုတော့မဟုတ်ဘူး။ သူ့သားတော် ပုဂံတို့၊ မင်းတုန်းတို့၊ ကနောင်တို့၊ ပြည်တို့ဆိုတဲ့ သားတော်တွေကလည်း စကြာမင်းကလေးကို မလိုလားဘူး။ သူတို့နဲ့မင်းပြိုင်လောင်းပြိုင်ဖြစ်မှာကိုး။ ဒါကြောင့် သူတို့ကလည်း စကြာမင်းကလေးကို ရှင်းပစ်ဖို့ အားပေးအားမြှောက်ပြုကြတယ်။ နောက်ဆုံးပြောရရင် လူကလေးရယ်၊ အဲဒီ သာယာဝတီမင်းနဲ့ သူ့သားတော်တွေအားလုံး ဒုက္ခရောက်ကြရတာပဲကွယ့်"

ဟု အဘဘိုးဘိုးအောင်က စကားစကိုဖြတ်လိုက်ရာ မောင်ထွန်းမြိုင်က -

"အဲဒီလူတွေဒုက္ခရောက်ကြတာ ဘယ်လိုရောက်တာလဲ။ ဘိုးဘိုး နည်းနည်းလောက်ပြောပြပါ"

"အေး - ဒုက္ခရောက်တယ်ဆိုတာ ပါရမီရှင်တွေ၊ အလောင်းလျာတွေကို ဒုက္ခပေးခဲ့လို့ ဒုက္ခရောက်တာကိုပြောတာပါ။ သာယာဝတီမင်းဆိုပါတော့ကွာ။ စကြာမင်းကလေးကိစ္စဖြစ်ပြီးတဲ့နောက်ပိုင်း စိတ်နှလုံးရူးသွပ်နောက်ကျိသွားခဲ့တယ်။ ဘယ်လောက်ထိလဲဆိုရင် ကိုယ့်ရဲ့ရဲမက်ကိုတောင် ရန်သူအဖြစ်မြင်ပြီး လှံနဲ့ထိုးသတ်တယ်။ အဲဒီရူးသွပ်တာက ပြန်မကောင်းတော့ဘူး။ ပိုပြီးရုန့်ရင်းလာတာပဲရှိတယ်။ နောက်ဆုံး ကံတော်ကုန်တဲ့အထိ စိတ်ဝေဒနာသည်ဘဝနဲ့နေသွားရတာပဲ။ ဒီလိုပဲ သူ့သားတော်တွေဖြစ်တဲ့ ပြည်မင်းဆို သူ့မိသားစုအားလုံး တစ်ယောက်ကလွဲရင် ကျန်တာ အကုန်သတ်ခံခဲ့ရတယ်။ ကနောင်မင်းဆိုလည်းကြည့်။ မြင်ကွန်း၊ မြင်းခုံတိုင်အရေးမှာ တူတော်တွေကပြန်သတ်တာခံရတယ်။ ပုဂံမင်းဆိုလည်း ကံတော်ကုန်တဲ့အထိ အကျယ်ချုပ်နဲ့နေခဲ့ရတာ။ မင်းတုန်းမင်းကတော့ အခြားညီအကိုတော်တွေ၊ သူ့ခမည်းတော်တို့နဲ့မတူဘူး။ ပါးရည်နပ်ရည်ရှိတယ်။ စဉ်းစားဉာဏ်ရှိတယ်။ သူ့အမှားကိုသူမြင်တယ်။ ဒါကြောင့် ပဉ္စမသင်္ဂါယနာကို ဦးစီးပြီးအမြန်တင်ခဲ့တာပဲ။ အဲဒီကုသိုလ်တော်ကြီးနဲ့တကွ တခြားသော ကုသိုလ်တော်များစွာကို လုပ်ခဲ့တာပဲ။ သူကတော့ ဘေးတော် ဦးဝိုင်းနမူနာကိုယူလို့ အသက်ဘေးကလွတ်ခဲ့တယ်။ ကံတော်ကုန်တဲ့အထိလည်း နန်းစံခဲ့ရတယ်။ ဒါတောင် နန်းတွင်းအရေးတော်ပုံကြီးပေါ်ခဲ့သေးတာပဲ။ လုပ်ကြံသတ်ဖြတ်ခံရမယ့်ဘေးကနေ သီသီလေး လွတ်ခဲ့တာကလား"

ဟု ပြောပြီး အဘဘိုးဘိုးအောင်သည် စကားကိုရပ်ထားလိုက်လေရာ မောင်ထွန်းမြိုင်က -

"ဒါဆို ပါရမီရှင်တွေကို စော်ကားမိရင်၊ သတ်ဖြတ်မိရင် ဒီလိုဘေးဆိုးတွေ တွေ့နိုင်တာပေါ့နော်"

"ဟုတ်တယ် လူကလေး။ ဒီကိစ္စက တော်တော်သတိထားရတယ်။ ကိုယ့်ရဲ့အာဏာကြောင့်၊ လောဘဇောကြောင့် မောဟဖုံးပြီးတော့ စွတ်ရွတ်လျှော့ မလုပ်မိစေနဲ့။ လုပ်မိရင်တော့သွားပြီ။ အခု မင်းမေးတဲ့စကြာမင်းကလေးကိစ္စမှာ စကြာမင်းကလေးကိုသတ်လို့ ဝိဇ္ဇာလောကက မကျေနပ်ပြီး ဒဏ်ခတ်လို့ ဒီလို ဘေးဒုက္ခတွေဖြစ်တာမဟုတ်ဘူး။ ပါရမီရှင်တွေလောကရဲ့ မသတ်ရမယ့် ဒုက္ခမပေးရမယ့်စည်းထဲက ပုဂ္ဂိုလ်တွေကိုလုပ်လို့ဖြစ်တာ။ လောကနိယာမက အဲဒီလိုပုဂ္ဂိုလ်တွေကိုလုပ်လို့မရဘူး။ သွားလုပ်မိရင် ဖြစ်မှာပဲ သဘာဝ... အဲဒီမှာလုပ်တဲ့ သူတင်မဟုတ်ဘူး။ သူ့... ဆက်စပ်ပတ်သက်တဲ့ အဝန်းအဝိုင်း... တစ်ခုလုံး၊ ဒါတင်မက တစ်နယ်... တစ်နိုင်ငံလုံး စသည်ဖြင့် ကျယ်ပြန့်... သလောက် ကျယ်ပြန့်သွားနိုင်တ... ဒါကြောင့် သိပ်သတိထားရတယ်။ ... ခုလောက်ဆို မင်းလည်း တော်... တော့ ရိပ်စားမိလောက်ပါပြီ။ ဘိုး... လည်း ဒီမှာ လူကလေးကိုအင်းတ... လာစောင့်နေရတဲ့ တာဝန်ကလည်း... ဆိုတော့ ဘိုးဘိုးလည်း ပြန်တော့မ..."

ဟု ပြောဆိုကာ ပြီးသည်နှင့် အ... ဘိုးဘိုးအောင်သည် မောင်ထွန်းမြို... ရှေ့တွင်ပင် ရုတ်ခြည်းပျောက်သွား... တော့သတည်း။

ရှေ့လဆက်ဖတ်...

ပထမံဆရာဦး...



www.burmeseclassic.com

www.burmeseclassic.com



# သော်တာအောင်
(ကျောက်တော်)

## သာသနာ့အလင်းရောင် ဗုဒ္ဓပရိတ်တော်များ

□ မင်္ဂလသုတ်ပါဠိတော်

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသ ဉ္စမင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ -
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ၊ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ၊
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ-ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ၊ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။

အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေစ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။



www.burmeseclassic.com

www.burmeseclassic.com

ဗာဟုသစ္စဥ္စ သိပ္ပဥ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရ
သ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံ
မင်္ဂလမုတ္တမံ။

ဒါနဥ္စ ဓမ္မစရိယာ စ၊ ဉာတကာ
နဥ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ
မုတ္တမံ။

အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ
သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ
မင်္ဂလ မုတ္တမံ။

ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိစ
ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ
မုတ္တမံ။

ခန္တီ စ သောဝစဿတာ၊ သမဏာ
နဥ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ
မင်္ဂလ မုတ္တမံ။

တပေါ စ ဗြဟ္မစရိယဥ္စ၊ အရိယ
သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ
မင်္ဂလ မုတ္တမံ။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ
ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ
မင်္ဂလ မုတ္တမံ။

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ
မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ
မင်္ဂလ မုတ္တမံ။
မင်္ဂလသုတ္တံ နိဋ္ဌိတံ။

□ မင်္ဂလသုတ်ဝတ္ထု

မင်္ဂလာ ဆိုတာ ကြီးပွားချမ်းသာခြင်းရဲ့အကြောင်းတရားလို့ အဓိပ္ပာယ်ရပါတယ်။ မြတ်စွာဘုရားဟောတော်မူတဲ့ (၃၈) ဖြာမင်္ဂလာကို လက်တွေ့ လိုက်နာကျင့်ကြံကြမယ်ဆိုရင် အမှန်မလွဲကြီးပွားတိုးတက်မှာ ဖြစ်ပါတယ်။

ရှေးတုန်းက မင်္ဂလာရဲ့အဓိပ္ပာယ်ကို မသိကြဘူး။ ကိုယ့်အတွေး၊ ကိုယ့်အထင်နဲ့ အမျိုးမျိုးယူဆပြီး ပြောဆိုခဲ့ကြတယ်။

အဲဒီတုန်းက ဇမ္ဗူဒိပ်ကျွန်းသားတွေရဲ့ အလေ့တစ်ခုက လမ်းဆုံ၊ လမ်းမမဏ္ဍပ်မှာ ဒဏ္ဍာရီ၊ ပုံပြင် ဟောပြောပွဲတွေ ကျင်းပပြုလုပ်တတ်ကြပါတယ်။

တစ်နေ့ ဟောပြောပွဲတစ်ခုမှာ -

"မင်္ဂလာဆိုတာ ဘာလဲ၊ မင်္ဂလာကို ဘယ်သူသိသလဲ"

ဆိုတဲ့ ပြဿနာတစ်ဖက်တစ်ချက်မထင်မှတ်ဘဲ ပေါ်ထွက်ခဲ့ပါတယ်။

တစ်ယောက်က -

"မင်္ဂလာဆိုတာ နံနက်အိပ်ရာထတဲ့အချိန်စပြီး မြင်ရတဲ့ ကောင်းကင်အဆင်းရူပါရုံဟာ မင်္ဂလာပါပဲ"

လို့ 'ဒိဋ္ဌမင်္ဂလိကသမား' က ပြောပါတယ်။ လက်ခံသူရှိသလို၊ ကန့်ကွက်သူများလည်းရှိတာကြောင့် အငြင်းအခုံဖြစ်ကြရတယ်။

တစ်ဦးက -

"မင်္ဂလာဆိုတာ နံနက်အိပ်ရာထတဲ့အချိန်ကစပြီး ကြားရတဲ့ ကောင်းတဲ့အသံသဒ္ဒါရုံဟာ မင်္ဂလာပဲ"

လို့ 'သုတမင်္ဂလိက' ဆရာက ဆိုပြန်တယ်။ လက်ခံသူရှိသလို၊ ကန့်ကွက်သူများလည်းရှိတာကြောင်း အငြင်းအခုံဖြစ်ကြရတယ်။

တစ်ယောက်က -

"မင်္ဂလာဆိုတာ နံနက်အိပ်ရာမှထတဲ့အချိန်ကစပြီး ခံစားရတဲ့ ကောင်းတဲ့အတွေ့အထိ မုတဟာ မင်္ဂလာပဲ"

လို့ 'မုတ္တမင်္ဂလိက' ပုဂ္ဂိုလ်က မိန့်ပြန်တယ်။ လက်ခံသူရှိသလို၊ ကန့်ကွက်သူများလည်းရှိတာကြောင့် အငြင်းအခုံဖြစ်ကြရပြန်တယ်။

အဲသလို မင်္ဂလာနဲ့ပတ်သက်ပြီး ငြင်းခုံပြောဆိုရာက အုပ်စု (၃) စု ကွဲသွားကြသတဲ့။ မင်္ဂလာကောလာဟလ သတင်း ပျံ့နှံ့သွားတယ်။ လူကနေ နတ်၊ နတ်ကနေ ဗြဟ္မာအထိတိုင် အဆင့်ဆင့်တက်သွားတယ်။ စကြဝဠာအနှံ့ အုတ်အော်သောင်းနင်းဖြစ်သွားတယ်။ မရေမရာ မတိကျတဲ့ အဲဒီကောလာဟလ သတင်းစကားက (၁၂) နှစ်လောက်ကြာသွားတယ်။ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ ပြေလည်အောင် မဖြေရှင်းနိုင်ကြဘူး။

(၁၂) နှစ် လွန်မြောက်တဲ့အခါ တာဝတိံသာနတ်တို့ဟာ တွေ့ဆုံဆွေးနွေးကြပြီး သိကြားမင်းဆီကို သွားရောက်လျှောက်ထားကြပါတယ်။ မင်္ဂလာနဲ့ ပတ်သက်တဲ့ ပြဿနာ (၃) ခုအတွက် မှန်ကန်တိကျသိရှိနိုင်ဖို့ ဖြေရှင်းပေးပါလို့ တောင်းပန်ကြတယ်။

သိကြားမင်းက ပြဿနာစတင်ဖြစ်ပေါ်တဲ့နေရာကို တစ်ခုချင်းလိုက်ပြီး စိစစ်ကြည့်တော့ နောက်ဆုံး လူ့ပြည်လူသားတွေက စတင်ခဲ့တဲ့ ပြဿနာဖြစ်ကြောင်းသိရတဲ့အခါ -

"အမောင်နတ်သားတို့ ဘာကြောင့် 'ဘုရား' တည်း ဟူသော 'မီးပုံကြီး' ကို ပယ်ထားပြီး ငါ 'သိကြား' တည်းဟူသော 'ပိုးစုန်းကြူး' ဆီက အမှန်တရားတည်းဟူသောမီးကို ထွန်းညှိဖို့ ကြိုးစားကြသလဲ"

လို့ ပြောဆိုပြီး နတ်သားတစ်ပါးကို ဗုဒ္ဓဘုရားရှင်ထံသွားရောက်လျှောက်ထားမေးမြန်းဖို့ စေလွှတ်လိုက်တယ်။

နတ်သားလည်း လူ့ပြည်ဆင်း ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်တစ်ခုလုံး ကိုယ်ရောင်ဖြင့်ထွန်းလင်းစေပြီး လျှောက်ပတ်တဲ့နေရာက မြတ်စွာဘုရားကို ရိုသေစွာရှိခိုးရပ်တည်ပြီး 'ဗဟူ ဒေဝါ မနုဿာစ' အစချီတဲ့ ဂါထာနဲ့ လျှောက်ထား မေးမြန်းလိုက်တယ်။ မြတ်စွာဘုရားက နတ်သားရဲ့လျှောက်ထား သံကိုကြားတဲ့အခါ 'အသေဝနာစ ဗာလာနံ' အစချီတဲ့ ဂါထာ (၁၁) ပုဒ်နဲ့ (၃၈)ဖြာမင်္ဂလာတရားတော်ကိုဖော်ထုတ် ဟောကြားတော်မူပါတယ်။

ဒေသနာပြီးဆုံးတဲ့အခါ ကုဋေ တစ်သိန်းအရေအတွက်ရှိတဲ့ နတ်၊ ဗြဟ္မာတို့ ရဟန္တာဖြစ်သွားကြတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်သူတို့ကတော့ မရေမတွက်နိုင်အောင် အလွန်များပြားပါသတဲ့။

မင်္ဂလသုတ်ကို စွဲမြဲစွာ ရွတ်ဖတ်ရင် အစဉ်လိုက်နာကျင့်ကြံရင် ဘေးရန်ကင်းတယ်။ သူတစ်ပါးက မကောင်းကြံနိုင်ဘူး။ ဘဝအခြေအနေကြီးပွားတိုးတက်ပြီး အဆင့်အတန်းမြင့်မားစွာနေနိုင်မယ်။ နောက်ဆုံး ရည်မှန်းချက်ဖြစ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကိုလည်း မင်္ဂလာရှိသူအတွက် အလွယ်တကူရရှိမယ်ဆိုတာ လေးလေးနက်နက် စိတ်ချယုံကြည်သင့်ပါတယ်။ မမေ့မလျော့ဘဲ ကြိုးစားအားထုတ်ကြ လို့ တိုက်တွန်းလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ၁ မင်္ဂလာသုတ်မြန်မာပြန်

အို - သူတော်ကောင်းတို့ နတ်လူတို့သည် မင်္ဂလာကို(၁၂)နှစ်တိုင်အောင် ကြံဆခဲ့ကြ၏။ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ထိုမင်္ဂလာကို မသိနိုင်ကြပေ။ မြတ်စွာဘုရားသည် မကောင်းမှုတို့ကိုပယ်ဖျောက်တတ်သော (၃၈)ဖြာ မင်္ဂလာတရားတော်ကို တစ်လောကလုံး အကျိုးစီးပွားအတွက် ဟောတော်မူခဲ့၏။ ထိုမင်္ဂလာတရားတော်ကို ငါတို့ရွတ်ဆိုကြပါစို့။

အရှင်မဟာကဿပ - တပည့်တော် ဤသို့ နာကြားခဲ့ရဖူးပါသည်၊ အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျိုးအမည်မထင်မရှားသော နတ်သားတစ်ပါးသည် သန်းခေါင်အချိန်၌ နှစ်လိုဖွယ်အဆင်းဖြင့် ဇေတဝန်ကျောင်းတိုက်ဝန်းကျင်တစ်ခွင်လုံး ထိန်လင်းစေလျက် လျှောက်ပတ်သောနေရာမှ မြတ်စွာဘုရားရှင်အား ရိုသေစွာ ရှိခိုးရပ်တည်ပြီး ဂါထာဖြင့် လျှောက်ထားခဲ့သည်။

"မြတ်စွာဘုရား၊ ခုဘဝ နောင်ခါ ချမ်းသာရေးကို လိုလားသော လူ၊ နတ်၊ ဗြဟ္မာများစွာတို့သည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတို့ကို တွေးတောကြံဆခဲ့ကြပါသည်။ ရှင်တော်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြားတော်မူပါ"

"နတ်သား . . .
၁။ လူမိုက်တို့ကို မပေါင်းမသင်း ရှောင်ခွာခြင်း။
၂။ ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း။
၃။ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း။

ဤ(၃)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ သင့်လျော်သောအရပ်၌နေခြင်း။
၂။ ရှေးဘဝကပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း။
၃။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း။

ဤ(၃)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ အကြားအမြင်များခြင်း။
၂။ လက်မှုပညာတတ်မြောက်ခြင်း။



၃။ ကိုယ်ကျင့်သီလကိုသင်ခြင်း၊ ကျင့်ခြင်း။
၄။ စကားကို ကောင်းမွန်စွာပြောဆိုခြင်း။

ဤ(၄)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ အမိကိုလုပ်ကျွေးပြုစုခြင်း။
၂။ အဘကိုလုပ်ကျွေးပြုစုခြင်း။
၃။ သားမယားတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း။
၄။ တစ်ဖက်သားအားမထိခိုက်သော အလုပ်မျိုးကို လုပ်ခြင်း။

ဤ (၄)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ ပေးကမ်းလှူဒါန်းခြင်း။
၂။ သုစရိုက်ဆယ်ပါး ဟူသော မြတ်သောအကျင့်ကိုကျင့်ခြင်း။
၃။ ဆွေမျိုးတို့အား ထောက်ပံ့ခြင်း။
၄။ အပြစ်မရှိသောအလုပ်တို့ကို ပြုလုပ်ခြင်း။

ဤ(၄)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ မကောင်းမှုမှ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ခြင်း။
၂။ အရက်သေစာတို့ကို မသောက်စားခြင်း။
၃။ ကုသိုလ်ကောင်းမှု ဟူသမျှတို့ကို မမေ့မလျော့ ဆောင်ရွက်ခြင်း။

ဤ(၃)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ ရိုသေထိုက်သူကိုရိုသေခြင်း။
၂။ မိမိကိုယ်ကိုနှိမ့်ချခြင်း။
၃။ ရောင့်ရဲ (တင်းတိမ်) လွယ်ခြင်း။
၄။ ကျေးဇူးသိတတ်ခြင်း။
၅။ တရားနာခြင်း။

ဤ(၅)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ သည်းခံခြင်း။
၂။ ဆုံးမစကားကို နာယူလွယ်ခြင်း။
၃။ သူတော်ကောင်း ရဟန်းတို့အား ဖူးမြင်ခြင်း။
၄။ တရားဆွေးနွေးမေးမြန်းခြင်း။

ဤ(၄)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .
၁။ ခြိုးခြံစွာကျင့်ခြင်း။
၂။ သမထ၊ ဝိပဿနာ ဟူသော မြတ်သောအကျင့်ကိုကျင့်ခြင်း။
၃။ အရိယာသစ္စာတရားကို သိမြင်ခြင်း။
၄။ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း

ဤ(၄)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

နတ်သား . . .

လောကဓံတရား (၈) ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာအရှင်သူမြတ်တို့၏စိတ်သည် -
၁။ တုန်လှုပ်ခြင်းမရှိ။
၂။ စိုးရိမ်ခြင်းမရှိ။
၃။ တွယ်တာခြင်းမရှိ။
၄။ ဘေးရန်မရှိ။

ဤ(၄)ပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

ဤသို့ (၃၈)ဖြာမင်္ဂလာတရားကို လက်တွေ့ လိုက်နာ ကျင့်သုံးသူသည် မည်သည့်နေရာ၌နေစေကာမူ ရန်သူတို့က မအောင်နိုင်။ ကိစ္စခပ်သိမ်းပြီးမြောက်ချမ်းသာ၏။ ထို (၃၈) ဖြာမင်္ဂလာတရားသည်သာလျှင် နတ်၊ လူတို့အတွက် ကောင်းမြတ်သော မင်္ဂလာဖြစ်ကြောင်း နာယူ မှတ်သားကြဖို့ ယနေ့ခေတ်လူငယ် မောင်မယ်အတွက် အထူးအသိပေး ရေးသားလိုက်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သော်တာအောင်
(ကျောက်တောင်)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## မာန



မာနသည် ကိလေသာ (၁၀) ပါး တို့တွင် အရင်းအမြစ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ ရေသောက်မြစ်(၃)မျိုးပြီး လျှင် စတုတ္ထနေရာ၌ရှိသော ကိလေသာ မျိုး ဖြစ်သည်။ အလွန်အင်အားကြီးပြီး သတ္တဝါကိုညှဉ်းဆဲတတ်သည်။ကိလေသာ (၁၀) ပါး၏ အုပ်စု (၃) စုတွင် လောဘ အုပ်စု၌ပါသည်။ အဓိပ္ပာယ်မှာ မိမိ၏ အရည်အချင်းကိုကျော့နပ်ပြီး အခိုင်အမာ ပြုခြင်းဟူ၍ဖြစ်ပါသည်။ ဒေါသကဲ့သို့ပင် ထက်သောနှင့် နုံသော မာနဟု (၂) မျိုးရှိ ပါသည်။ ထက်သောမာနမှာ မိမိအရည် အချင်းကိုမိမိကျေနပ်ခြင်းဖြစ်ပြီး နုံသော မာနမှာ မကျေနပ်ခြင်း ဖြစ်လေသည်။ တစ်နည်းဆိုသော် ထောင်လွှားခြင်းနှင့် ငုပ်လျှိုးခြင်းဖြစ်ပါသည်။ စိတ်ဓာတ်တက် ကြွခြင်းနှင့် စိတ်အားငယ်ခြင်းဟူ၍လည်း ဆိုနိုင်ပါသည်။

ထက်သောမာနတွင် ရှိသလောက် ဖြင့် မာနတက်ခြင်းနှင့် ရှိသည်ထက်ပို၍ မာနတက်ခြင်း ဟူ၍ (၂) မျိုးရှိပါသည်။ အသိဉာဏ်ပညာအရာတွင်ဖြစ်စေ၊ ပစ္စည်း ဉစ္စာအရာတို့တွင်ဖြစ်စေ မိမိတွင်ရှိ သလောက်ကို အခြေခံပြီး ငါမှာပညာရှိ သည်၊ ဉစ္စာရှိသည်ဟု ထောင်လွှားခြင်း မျိုးဖြစ်ပြီး အပြည့်အစုံမသိသေးသည့် အရာကို သိပြီးသကဲ့သို့၊ မရှိသေးသည့် ဉစ္စာကိုရှိပြီးသကဲ့သို့ ထောင်လွှားခြင်းမျိုး ဖြစ်သည်။ မာနသည် တက်လာသည်နှင့် အမျှလက်မထောင်လာသည်။ ရင်ကော့ ပြီးခေါင်းမော့လာသည်။

မာနသည် သတ္တဝါကို သံသရာ ရှည်သည်ထက်ရှည်အောင် ဆွဲဆန့်နိုင် သောသတ္တိရှိသည်။ သံသရာကိုချဲ့ထွင် သော တရား (၃) ပါးတွင် မာနပါသည်။ ၎င်းတို့မှာ (၁) တဏှာ၊ (၂) မာန၊ (၃) ဒိဋ္ဌိတို့ ဖြစ်သည်။

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားက -

"သတ္တဝါတွေဟာ သံသရာမှာ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ခြေထောက် (၃)ချောင်းနဲ့ မမောနိုင်မပန်း နိုင် မရပ်မနား ပြေးလွှားနေ ကြတယ်"

ဟု မိန့်ကြား ပါသည်။

တဏှာ ဆိုသည်မှာ လောကီ အာရုံ ကာမဂုဏ် တရားများကို ရောင့်ရဲ တင်းတိမ်နိုင်မှု မရှိဘဲ ခံစားလိုမှုဖြစ်ပြီး မာန က ယခုဖော်ပြပြီးသော တရား ဖြစ်သည်။

ဒိဋ္ဌိ ဆိုသည်မှာ အမြင်ဟု အဓိပ္ပာယ်ရပြီး ထင်မြင်ယူဆချက်အပေါ် ယုံ ကြည်လက်ခံမှုဖြစ်သည်။ စွဲမြဲ စွာ ယုံကြည်သဖြင့် အလွန်စွန့် နိုင်ဖို့ ခဲယဉ်းသည်။

မာနသည် 'ငါ' ကဲ့သို့ပင် လူ့လောကနယ်ပယ်၌ တွင်ကျယ်လှ သည်။ငါတို့က ပိုက်ဆံမရှိပေမယ့်၊ ပညာ မရှိပေမယ့်၊ မာနကတော့ အပြည့်ရှိ တယ် စသည်ဖြင့် မာနရှိမှုအပေါ် ဂုဏ်ယူ ဝင့်ကြွားတတ်ကြသည်။ မာန နည်းပါးပြီး သည်းခံတတ်သူများကို မာန ကလေးထားစမ်းပါဦးဟု အားပေးတိုက် တွန်းတတ်ကြသည်။

မာနသည် ဒေါသကဲ့သို့ပင် ကာယကံရှင်ကို ညှဉ်းပန်းနှိပ်စက်သည်။ အရာဝတ္ထုတစ်ခုကို မနိုင့်တနိုင်မ,နေ သည့်လူတစ်ယောက်ယောက်အား အခြား လူတစ်ယောက်က ဘာမှမပြောဘဲကူညီ ပြီး မ,ပေးလိုက်လျှင် ကျေးဇူးတင်ပါတယ် ဟု ပြန်ပြောမည်ဖြစ်ပြီး မနိုင်ဘူးလား ကူပေးရဦးမလားဟုမေးလျှင် ရပါတယ် ဟုဆိုပြီး မနိုင်နိုင်အောင် မ,သွားလိမ့် မည်။ ဤသည်မှာ မာနက မာနဖြစ်သူ ကို ပင်ပန်းစေခြင်းပင် ဖြစ်ပါသည်။

မာနသည် လူမျိုးမရွေး၊ ဘာသာ မရွေး၊ အရွယ်မရွေးတွင်ရှိသည်။ ကလေး ငယ်များ စိတ်ကောက်ပြီးမေး၍မပြော ကျွေး၍မစားသည်မှာ မာနကြောင့်ပင် ဖြစ်သည်။ လူတွင်သာမက တိရိစ္ဆာန်များ တွင်လည်း မာနရှိသည်။ ကြားဖူးသူများ ပါမည်။ အလောင်းတော် မဟော်သဓာ ဇာတ်တော်တွင် ဝိဒေဟရာဇ်မင်းကြီးက တိုင်းခန်းလှည့်လည်ရာတွင် မြို့တံခါး အရောက်၌ ပုတ်သင်ညိုတစ်ကောင်က မြို့တံခါးဝတွင် ဆီးကြိုပြီးခေါင်းညိတ်နေ သည်။ မင်းကြီးကမေးတော့ အမတ်များ က ပုတ်သင်ညိုဟာ အရှင်မင်းကြီး အရိုအသေပေးသည့်အနေဖြင့် ဦးညွတ် ရှိခိုးနေတာဟု ပြန်ဖြေသည်။ ထိုအခါ မင်းကြီးက ပုတ်သင်ညို၏လည်ပင်းမှာ ရွှေတစ်ပဲသားဆွဲပေးလိုက်သည်။ နောက် တစ်ကြိမ် မင်းကြီးထွက်လာသောအခါ ထိုပုတ်သင်ညိုသည် တံခါးဝ၌ မင်းကြီး အား ခေါင်းထောင်ကြည့်နေပြီး မညိတ်ပဲနေသည်။ ထိုအခါ မင်းကြီး အမတ်များကိုမေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမတ်များက -

"အရှင်မင်းကြီး၊ ပုတ်သင်ညိုမှာ ရွှေတစ်ပဲသားရသွား၍ မင်းကြီးလည်း စည်းစိမ်ရှင်၊ ငါလည်း စည်းစိမ်ရှင်။ သူ့မှာလည်း ရွှေရှိတယ်၊ ငါ့မှာလည်း ရွှေရှိတယ်။ ဂုဏ်ရည်ချင်းအတူတူပဲ။ ငါသူ့ကို ဦးညွှတ်စရာမလိုတော့ဘူးဆိုတဲ့သဘောနဲ့ခေါင်းမထောင်နေတာပါ အရှင်မင်းကြီး"

ဟု ပြန်လည် လျှောက်ထားလိုက်ကြသတဲ့။

ထို့ကြောင့် ပညာအနည်းအကျဉ်း၊ ဥစ္စာအနည်းအကျဉ်းဖြင့်ဝင့်ကြွားနေသူများကို ပုတ်သင်ညိုရွှေတစ်ပဲသာရသလိုပဲဟူ၍ လူအံများက မှတ်ချက်ချကြသည်။

အိန္ဒိယနိုင်ငံတွင် မြတ်စွာဘုရားပွင့်မီ နှစ်ပေါင်းများစွာကပင် ဇာတ်စနစ်ထွန်းကားခဲ့သည်။ လူမျိုးခွဲခြားသောစနစ်ဖြစ်၏။ ထိုစဉ်က အဓိကအားဖြင့် အမျိုး (၄) ပါး ခွဲခြားထားသည်။ ၎င်းတို့မှာ (၁) ဗြာဟ္မဏ၊ (၂) ခတ္တိယ (မြေပိုင်ရှင်)၊ (၃) ဝဿ (ကုန်သည်၊ သူဌေးသူကြွယ်)၊ (၄) သုဒ္ဒ (ဆင်းရဲသား၊ ကျွန်၊ ဒွန်းစဏ္ဍား စသည့် အောက်တန်းစားများ) တို့ ဖြစ်သည်။ ဗြာဟ္မဏက အမြတ်ဆုံးဖြစ်သည်။ ခတ္တိယမှာ အုပ်ချုပ်သူများဖြစ်သည်။

တစ်နေ့တွင် ဗြာဟ္မဏအနွယ်ဝင် ပုဏ္ဏားတစ်ယောက်သည် မိမိရွာနှင့် အတော်လှမ်းသောဒေသတစ်ခုမှ မြက်ထုံးတစ်ဖက်၊ ကျောက်တုံးတစ်ဖက် ထမ်းပိုးဖြစ်ထမ်းပြီးလာရာ ပင်ပန်းနွမ်းနယ်သဖြင့် လမ်းခုလတ် သာလာယံဇရပ်တွင် ခိုနားလိုက်သည်။ ထိုဇရပ်ပေါ်တွင် ဒွန်းစဏ္ဍားတစ်ယောက် အရင်ရောက်နေပြီးနားနေသည်။

ဒွန်းစဏ္ဍားက ပုဏ္ဏားကို -

"အသင်ပုဏ္ဏား၊ သင့်အထမ်းက လေးလွန်းလှတယ်။ မြက်ရော ကျောက်တုံးပါ အလိုရှိလို့ (၂) မျိုးလုံးထမ်းလာသလား"

ဟု မေးလိုက်သည်။

ပုဏ္ဏားက -

"ဟဲ့-ဒွန်းစဏ္ဍားအောက်တန်းစား ... အကြံဉာဏ်တုံးလှချေလား။ နေရာ ... မှာ ပေါပေါများများရှိနေတဲ့ ကျောက်တုံးကို ငါက ဘာလို့အလိုရှိရ ... ငါတို့ရွာမှာရော ငါ့အိမ်မှာပါ ... ပုံယာပုံနေတယ်။ မြက်ထုံးကို ... တစ်ဖက်မှာထားပြီး ကျန်တဲ့ ... က ဗလာဆွဲရင် ဘယ်လိုလုပ်ထားမလဲ။ မြက်ထုံးနဲ့အလေးချိန်ညီမျှတဲ့ ကျောက်တုံးကို တစ်ဖက်ကထားမှထမ်းလို့ရမှာပေါ့။ ဒါလောက်တောင် မစဉ်းစားမိဘူးလား"

ဟု ပြန်ဖြေလိုက်သည်။

ထိုအခါ ဒွန်းစဏ္ဍားက -

"အသင်ပုဏ္ဏား၊ ကျောက်တုံးကို အလိုမရှိရင် အပင်ပန်းခံပြီးထမ်းလာစရာမလိုဘူး။ မြက်ထုံးကိုတစ်ဝက်စီခွဲထုံးပြီး နှစ်ဖက်မျှထမ်းရင် အလေးချိန်တစ်ဝက်လောက် သက်သာသွားမယ် မဟုတ်လား"

ဟု ပြန်ပြောလိုက်ပါသည်။

ထိုအခါ ပုဏ္ဏားက ခေတ္တတွေသွားပြီး သဘောပေါက်သွားသဖြင့် -

"အသင်ဒွန်းစဏ္ဍား၊ သင့်ရဲ့အကြံအလွန်ကောင်းပါတယ်။ ဒါပေမယ့် ငါက အမြတ်ဆုံးပုဏ္ဏားဖြစ်ပြီး သင်ကအနိမ့်ဆုံးဒွန်းစဏ္ဍားဖြစ်တယ်။ အနိမ့်ဆုံးလူက ပေးတဲ့အကြံကို အမြင့်ဆုံးလူက လက်ခံရင် အမျိုးမာန်ကိုထိခိုက်တယ်။ အဲဒါကြောင့် လက်မခံနိုင်ပါ"

ဟု ပြန်ပြောပြီး မြက်ထုံးတစ်ဖက်၊ ကျောက်တုံးတစ်ဖက်အထမ်းကိုလေးလံစွာထမ်းလျက် ပင်ပန်းကြီးစွာဖြင့် အရပ်မှထွက်သွားလေသည်။

ဤကား ပုဏ္ဏားကြီးအား အမျိုးမာန့က ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်ပါသည်။

နောက်ဖြစ်ရပ်တစ်ခုက -

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဗေဒင်လက္ခဏာအတတ်တို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်သည့် မာဂဏ္ဍီအမည်ရှိ ပုဏ္ဏားကြီးတစ်ဦးရှိသည်။ သူနှင့်အမည်တူဇနီးနှင့် သမီးတစ်ဦးရှိသည်။ သမီးမှာ အလွန်အမင်းချောမောလှပသဖြင့် သာမန်လူနှင့်မတန်။ တကယ့် ဘုန်းရှင်ကံရှင်နှင့်မှတန်မည်ဟု ပုဏ္ဏားကြီးက ဆုံးဖြတ်ပြီး နေ့စဉ်နှင့်အမျှ ဘုန်းရှင်ကံရှင်သမက်ကို အရှာထွက်နေသည်။

တစ်နေ့တွင် မြတ်စွာဘုရားသည် မာဂဏ္ဍီဇနီးမောင်နှံ ကျွတ်တမ်းဝင်မည်ကို မြင်သဖြင့် ပုဏ္ဏားကြီးလာမည့်လမ်းတွင် ခြေတော်ရာချပြီး အနီးရှိတောအုပ်တွင် ဝင်ရောက် သီတင်းသုံးနေလိုက်သည်။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ခြေတော်ရာကိုမြင်သော် -

"ဤခြေရာရှင်ကား စကြဝတေးမင်းဖြစ်ထိုက်သူတည်း။ အနီးအနားတွင်ရှိဦးမည်"

ဆိုပြီး တောအတွင်းဝင်ရှာလေရာ မြတ်စွာဘုရားကိုတွေ့သဖြင့် -

"မြတ်စွာဘုရား ခဏနေဦး၊ အခုပြန်လာခဲ့မည်"

ဟု ဆိုပြီး အိမ်သို့ပြန်ကာ ဇနီးနှင့်သမီးကို အမြန်ခေါ်ခဲ့သည်။ သမီးကို သေချာစွာ ဝတ်စားဆင်ယင်ခိုင်းသည်။

မြတ်စွာဘုရားထံရောက်သော် -

"အကျွန်ုပ်၏ သမီးကား အရှင်ကဲ့သို့ ဘုန်းရှင်ကံရှင်နဲ့မှ ထိုက်တန်သူဖြစ်ပါသည်။ ထို့ကြောင့် သိမ်းပိုက်ပါ"

ဟု လျှောက်ထားသည်။

မြတ်စွာဘုရားက -

"အပုပ်အသိုးတွေနဲ့ ဖွဲ့စည်းထားတဲ့ သင့်သမီးကို ငါ့ခြေဖျားနဲ့တောင် မထိလို"

ဟု ပြန်လည်မိန့်ကြားပြီး တရားဆက်ဟောရာ ပုဏ္ဏားကြီးဇနီးမောင်နှံ ကျွတ်တမ်းဝင်ပြီး သောတာပန်ဖြစ်သွားကြသည်။

သို့သော် အလှမာနကို အကြီးအကျယ် ချိုးနှိမ်ခံလိုက်ရသည့် သမီးမာဂဏ္ဍီသည် မြတ်စွာဘုရားအပေါ် ပြင်းထန်စွာ အမျက်ဒေါသထွက်ပြီး တစ်နေ့ ငါထိုက်ထိုက်တန်တန်လက်စားချေမယ်ဟု အငြိုးအတေးထားခဲ့သည်။

နောင်အခါ ဥဒေ္ဒေနီတိုင်းပြည်တွင် ဥတေနမင်းကြီး၏မိဖုရားတစ်ပါးဖြစ်လာသည်။ ဥဒ္ဒေနီမိဖုရားကြွပြီး သံဃာတော်များနှင့် မြို့တွင်းသို့ဆွမ်းခံဝင်ရာ မာဂဏ္ဍီက ငွေပေးပြီးစေခိုင်းထားသော အစေအပါးများက ဘုရားနှင့်သံဃာတော်များကို အမျိုးမျိုးဆဲပြီးခဲဖြင့်ပေါက်ကြသည်။

ဘုရားကို ဤမျှသာ နှောင့်ယှက်နိုင်ပါသည်။ သို့သော် ဘုရားကိုအလွန်ကြည်ညိုသည့် ဥတေနမင်း၏ အခြားမိဖုရားတစ်ပါးဖြစ်သော သာမာဝတီကို ဥတေနမင်းမရှိခိုက် အခြွေအရံငါးရာနှင့်တကွ မီးရှို့သတ်လိုက်သည်။ မြတ်စွာဘုရားအစား လက်စားချေခြင်းဟု ဆိုနိုင်သည်။ သာမာဝတီသည် သောတာပန်အရိယာဖြစ်သည်။ ဥတေနမင်းပြန်လာပြီး အကြောင်းစုံသိသောအခါ မာဂဏ္ဍီကို ရက်ရက်စက်စက်သတ်ဖြတ်ခြင်းဖြင့် အပြစ်ပေးလိုက်သည်။ ဘုရားနှင့်သံဃာတော်များကို ဆဲရေးပြီး ခဲဖြင့်ပေါက်စေခြင်း၊ သောတာပန်အရိယာဖြစ်သော သာမာဝတီနှင့် သူတော်စင်ငါးရာကို သတ်ဖြတ်ခြင်းကြောင့် အဝီစိငရဲသို့ကျသွားသည်။ ဤကား မာဂဏ္ဍီအတွက်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# လာဘ်ပွင့် နဝင်း(၃၆)လုံး ပုတီးစိပ်ရန်ဂါထာ

## "တိရတနံ့ အပ္ပမာဏဝန္ဒာမိ"

၁။ တဏှင်္ကရော ဗုဒ္ဓေါ ရက္ခတု မံ နိစ္စံ။
၂။ မေဓင်္ကရော ဗုဒ္ဓေါ ရက္ခတု မံ သဒါ။
၃။ သရဏင်္ကရော ဗုဒ္ဓေါ ရက္ခတု မေ ရုဝံ။
၄။ ဒီပင်္ကရော ဗုဒ္ဓတေဇေန ကုမာရိယော သဗ္ဗိတ္ထိယော မံ ပိယန္တု။
၅။ ကောဏ္ဍည ဗုဒ္ဓတေဇေန ကုမာရိယော မံ ပယန္တု။
၆။ မင်္ဂလ ဗုဒ္ဓတေဇေန သဗ္ဗကညာ မံ ပိယန္တု။
၇။ သုမနောနာမ သမ္ဗုဒ္ဓေါ အသော ကံ ကရောတု မေ မနံ။
၈။ ရေဝတောနာမ သမ္ဗုဒ္ဓေါ ဝိရဇံ ကရောတု မေ မနံ။
၉။ သောဘိတောနာမ သမ္ဗုဒ္ဓေါ ခေမံ ကရောတု မေ ကာယံ။
၁၀။ အနောမဒဿီ ဗုဒ္ဓါနုဘာဝေ န သဗ္ဗမာဟိံသန္တု မံ နိစ္စံ။
၁၁။ ပဒုမ ဗုဒ္ဓါ နုဘာဝေန သဗ္ဗသတ္တာ ပိယာယန္တု မံ နိစ္စံ။
၁၂။ နာရဒဗုဒ္ဓါနုဘာဝေန သဗ္ဗသတ္တာ ဒိဝါရတ္တိံ ပိယာယန္တု မံ နိစ္စံ။
၁၃။ ပဒုမုတ္တရောနာမ ဘဂဝါ လာဘံ ဒေတု မေ သဒါ။
၁၄။ သုမေဓောနာမ ဘဂဝါ လာဘံ ဒေတု မေ ရုဝံ။
၁၅။ သုဇာတောနာမ ဘဂဝါ လာဘံ ဒေတု မေ နိစ္စံ။
၁၆။ ပိယဒဿီ ဗုဒ္ဓါနုဘာဝေန သဗ္ဗေ ဒေဝါ မံ ပိယန္တု။
၁၇။ အတ္ထဒဿီ ဗုဒ္ဓါနုဘာဝေန သဗ္ဗ ဒေဝ မိတာ ယော မံ ပိယန္တု။
၁၈။ ဓမ္မဒဿီ ဗုဒ္ဓါနုဘာဝေန သဗ္ဗပုရိသ မံ ပိယန္တု။
၁၉။ သိဒ္ဓတ္ထ ဗုဒ္ဓတေဇသာ မံ ပဿန္တော သဗ္ဗိတ္ထိယော ဥမ္မာဒေါဝ ဟနန္တု။
၂၀။ တိဿ ဗုဒ္ဓတေဇသာ မံ ပဿန္တော ကုမာရိယော ဥမ္မာဒေါဝ ပိယန္တု။
၂၁။ ဖုဿ ဗုဒ္ဓတေဇသာ မံ ပဿန္တော ကညာယော ဥမ္မာဒေါဝ ပိယန္တု။
၂၂။ ဝိပဿီ ဗုဒ္ဓေါ အဘယံ မံ ရက္ခတု တေဇသာ။
၂၃။ သိခီ ဗုဒ္ဓေါ အာရောဂျံ မံ ရက္ခတု တေဇသာ။
၂၄။ ဝေဿဘူ ဗုဒ္ဓေါ သဗ္ဗဝေရီမံ အဟိံသိတုံ ရက္ခတု တေဇသာ။
၂၅။ ကကုသန္ဓော နာမဘဂဝါ လာဘံ ဒေတု မေ သဗ္ဗဒါ။
၂၆။ ကောဏာဂမနော နာမ ဘဂဝါ သဗ္ဗပိယံ ဒေတု မေ နိစ္စံ။
၂၇။ ကဿပေါနာမ ဘဂဝါ သဗ္ဗလာဘံ ဒေတု မေ ရုဝံ။
၂၈။ ဂေါတမ ဗုဒ္ဓတေဇသာ မံ ပဿံ သဗ္ဗိတ္ထိယော ဥမ္မာ ဒေါဝ ပိယန္တု။
၂၉။ သာရိပုတ္တထေရံ တေဇသာ မဟာ ပညော မေ ဟောတု။
၃၀။ မောဂ္ဂလ္လာနထေရ တေဇသာ မဟိဒ္ဓိကော မေ ဟောတု။
၃၁။ ကဿပထေရ တေဇသာ မဟာ လာဘော မေ ဟောတု။
၃၂။ အနုရုဒ္ဓါထေရ တေဇသာ မဟာ ဇနေ ဟိမံ ပိယန္တု။
၃၃။ သီဝလိထေရ တေဇသာ သဗ္ဗ လာဘာနွေဝ သဗ္ဗပိယဥ္စ မေ ဟောတု။
၃၄။ သေသာပစ္စေက ဗုဒ္ဓသာဝကာ [...] မံ ပါလေန္တု သတ္တမါကာရောဝိယ ပဥ္စမဟာန ကာယော စေဝသေ[...] ဓမ္မက္ခန္ဓာ စ သတ္တပါကာရောဝိယ မံပါလန္တု ဒိဝါ ရတ္တိံ။
၃၅။ မင်္ဂလံရတန သုတ္တာဒီဟိ တော[...] ဒဿတိ သုတ္တေဟိ သတ္တပါကာ[...] ရော ဝိယ မံ ပါလန္တု ဒိဝါရတ္တိံ။
၃၆။ သဗ္ဗိတ္ထိယော ကညာဂေါရီ ကုမာ[...] ထုလ္လကုမာရီ စ အတ္တိပိယော အ[...] မေတ္တော ဥမ္မာဒေါဝ မံ ပဿံ။

□ **လာဘ်ပွင့်ဂါထာကိုပုတီးစိပ်ရန်**

ပုတီးစိပ်ရန် - သူတော်ကော[...] ပုဂ္ဂိုလ်သည် ပုတီးမစိပ်မီ ဘုရားထံတွ[...] ရှေးဦးစွာ ငါးပါးသီလကို ခံယူဆော[...] တည်ရပါမည်။ (၁၀၈) လုံး ပုတီး[...] ထိုဂါထာကိုစိပ်လျှင် ဂါထာတစ်ပုဒ်[...] (၃၆)ပုဒ်ရှိရာ ပုတီးတစ်ပတ်လျှင် ဂါ[...] သုံးခေါက်ရ၏။ နဝင်းကိုက်စိပ်ချင်ပါ[...] (၁၀၈) လုံးပုတီးကို (၃) ပတ်စိပ်ရမ[...] ဖြစ်သည်။

ဆရာဦးစိန်လှိုင်-(ကျိုက်လတ်)

---

မာနကပေးသောဆိုးကျိုး ဖြစ်ပါသည်။

နံ့သောမာန ဆိုသည်မှာ ခေတ်စကားဖြင့်ပြောသော် စိတ်ကျရောဂါ ဆိုရပါမည်။ မိမိအရည်အချင်းကို မိမိ ယုံကြည်မှုမရှိဘဲ စိတ်အားငယ်ခြင်း၊ မကျေနပ်ခြင်းများဖြစ်ပြီး အချို့မိမိကိုယ်ကို သတ်သေသည်အထိ နံ့သောမာန၏ ဆိုးကျိုးကို ခံစားရပါသည်။

သို့သော် 'မှိုဝဲအပ်သောမာန'ဟူ၍ ရှိပါသေးသည်။ အကုသိုလ်စိတ်ပင်ဖြစ်သော်လည်း ထိုရှေးပြေးအကုသိုလ်စိတ်ကြောင့် နောက်က ကောင်းကျိုးပေးမည့် ကုသိုလ်စိတ်များဖြစ်တတ်ပါသည်။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားနှင့် တွေ့စဉ်က ဘုရားတရားကို နာယူပြီး ကျင့်ကြံအားထုတ်လိုက်လျှင် ရဟန္တာဖြစ်ပြီး သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်သွားမည်ကို သိပါသည်။ အကယ်၍ ဘုရားဆုကိုပန်လျှင်-မရေမတွက်နိုင်သော ကမ္ဘာပေါင်းများစွာမှဘဝပေါင်းများစွာ အပါယ်ငရဲနှင့်တကွ ဆင်းရဲဒုက္ခအဝဝကိုခံရမည် ဖြစ်ကြောင်းကိုလည်း သူသိပါသည်။ သို့သော် သူမာနကိုတင်လိုက်ပါသည်။ တင်ပုံက -

"ငါကဲ့သို့သောအရည်အချင်းရှိသူက သံသရာထဲက တစ်ယောက်တည်[...] ကိုယ်လွတ်ရုန်းလို့ ဘယ်တော်မှ[...] ဒီပင်္ကရာတို့လိုဘုရားဆုပန်ပြီး သတ္တ[...] များကို ကယ်ထုတ်ရမှာပေါ့"

ဟူ၍ ဖြစ်ပါသည်။

ဤသည်မှာ မှိုဝဲအပ်သောမာ[...] ဖြစ်ပါသည်။ အလားတူပင် အ[...] ကုသိုလ်ကောင်းမှုတို့၌ သူတောင်[...] သေးရင် ငါဘာလို့မပြုနိုင်ရမလဲ ဟူ[...] မာနမျိုးကိုမူ မှိုဝဲအပ်သောမာန [...] ထားအပ်ပါသတည်း။ ❧

ချောင်းဆုံ[...]



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဝိုး (မော်ကျွန်း)
# အဘိဓမ္မာပညာမိတ်ဆက်

စာရေးသူသည် ငယ်ရွယ်စဉ်ကပင် စာပေဖတ်ရှုခြင်းကို ဝါသနာပါခဲ့၏။ အသက် (၄၀) အရွယ်တွင် ဗုဒ္ဓတရားစာပေများကို စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့၏။ မရှင်းလင်းသည့်အချက်များကို စာပေပရိယတ္တိကျွမ်းကျင်သူ ဆရာတော်များထံ ချဉ်းကပ်၍ လျှောက်ထား မေးမြန်းလေ့ရှိရာ ဆရာတော်တစ်ပါးက -

"ဒကာကြီး၊ တရားအလုပ်ကို ထိထိရောက်ရောက်အားထုတ်လိုတယ်ဆိုရင် အခြေခံတရားဗဟုသုတရှိဖို့လိုတယ်။ ဒကာကြီးက စာဖတ်ဝါသနာပါသူဖြစ်လို့ သင်္ဂြိုဟ် (၉) ပိုင်းကို လေ့လာသင်ယူစေချင်တယ်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စတဲ့ အခြေခံတရားသဘောတွေကို လေ့လာပြီးမှ တရားအလုပ်အားထုတ်မယ်ဆိုရင် ပိုပြီးတော့ ထိရောက် အကျိုးများမှာ ဖြစ်တယ်"

ဟု အကြံပေး မိန့်ကြားခဲ့ပါသည်။



ဆရာတော်၏အကြံပေးချက်အရ [illegible]အရှင်ဇနကာဘိဝံသ၏အခြေပြုသင်္ဂြိုဟ် [illegible] သေကျွတောင်ဆရာတော် အရှင်[illegible]သောတ၏ အဘိဓမ္မတ္ထသရူပဒီပနီကို [illegible]ဖတ်ရှုခဲ့၏။ ဉာဏ်ရည်အဆင့်မမီ[illegible]သဖြင့် လည်းကောင်း၊ ရှင်းလင်း[illegible]ပြသည့်ဆရာမရှိသဖြင့် လည်းကောင်း [illegible]ဆတ်ရုံ နားလည်ရုံမျှသာရှိပြီး ကောင်းစွာသဘောပေါက်ခြင်းမရှိခဲ့ပေ။ [illegible]လတ်၍ ညောင်လေးပင်တောရ [illegible]တော်၏ 'အဘိဓမ္မာအရသာ'၊ [illegible]တိလောကာဘိဝံသ၏ 'အဘိဓမ္မာ[illegible]ဆောင်' ဒေါ်ဉာဏသီ၏'သင်္ဂြိုဟ်[illegible]ညွှန်းသစ်'၊ နှစ်ဖက်လှ ဦးကျော်လွင် [illegible]အဘိဓမ္မာ'၊ ဆရာကြီးဒေါက်တာ မင်းတင်မွန်၏ 'တက္ကသိုလ်အဘိဓမ္မာ' နှင့် သင်တန်းတရားများ စသည်တို့ကို လက်လှမ်းမီသမျှ လေ့လာ ဖတ်ရှုခဲ့သလို မရှင်းလင်းသည့် အချက်များကိုလည်း ဆရာသမားများ၏ ရှင်းလင်း သင်ကြားမှုကို ခံယူခဲ့ရပါသည်။

လူ့ဘဝအတွက် မသိလျှင်မဖြစ်သော အဆင့်အမြင့်ဆုံး ဘဝနေနည်းပညာဖြစ်ကြောင်းနှင့်အဘိဓမ္မာဒေသနာ၏ ကြီးကျယ်မြင့်မြတ်မှုတို့ကို ကောင်းစွာ သိရှိခဲ့ရပေသည်။ လူမျိုး၊ အသက်၊ အရွယ် ကျား၊ မမရွေး သိသင့်သိထိုက်၊ လက်ခံ ကျင့်သုံးထိုက်သည်ဖြစ်သောကြောင့် အဘိဓမ္မာဒေသနာနှင့်မိတ်ဆက် တင်ပြလိုက်ပါသည်။

ကျွန်ုပ်တို့သည် တစ်ဘဝတာ အသက်မွေးမှုအတွက် လောကီအတတ်ပညာများကို အပတ်တကုတ် ကြိုးစား သင်ယူခဲ့ကြ၏။ ဤပညာရပ်များကို အသုံးပြု၍ စားဝတ်နေရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်ကြရ၏။ ဗုဒ္ဓ၏အဆုံးအမဒေသနာများသည်ကား ဤဘဝ



www.burmeseclassic.com

www.burmeseclassic.com

တွင် အပြစ်ကင်းစွာ ပြောဆို ကျင့်ကြံပြုမူတတ်စေရန်၊ မကောင်းသော ကိလေသာ တရားဆိုးများ နည်းပါးပြီး ငြိမ်းချမ်း ပျော်ရွှင်စွာ နေတတ်ရန်နှင့် အသိဉာဏ်ပညာများ မြင့်တက်လာပြီး အမြင့်မြတ်ဆုံးချမ်းသာကို ပေးစွမ်းနိုင်သော မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာအထိ ရရှိစေရန် အထောက်အကူပေးပါသည်။

လောကီပညာရပ်သည် သမုတိသစ္စာအရသာမှန်ကန်သဖြင့် ပညတ်နယ်ပယ်တွင်သာ ကျက်စားနိုင်သောကြောင့် ဘဝပြဿနာအရင်းအမြစ်ကို ဖြေရှင်းနိုင်စွမ်းမရှိပါပေ။ ပညတ်နယ်ကို ကျော်လွန်ပြီး ပရမတ်တရားသဘောများကို ဟောကြားထားသော ဗုဒ္ဓအဘိဓမ္မာကမူ ဘဝအမိပ္ပာယ်နှင့် ဘဝပြဿနာအရင်းအမြစ်ကို ဖြေရှင်းနိုင်စွမ်းမရှိပါပေ။ ပညတ်နယ်ကိုကျော်လွန်ပြီး ပရမတ်တရားသဘောများကိုဟောကြားထားသော ဗုဒ္ဓအဘိဓမ္မာကမူ ဘဝအဓိပ္ပာယ်နှင့်ဘဝပြဿနာများ၊ လောကသုံးပါးနှင့် လောကမှလွတ်မြောက်မှုတို့ကို ရှင်းလင်း ပြတ်သားစွာ သိမြင်စေပါသည်။

အဘိဓမ္မာဒေသနာတော်သည် လောကသုံးပါးနှင့် နိဗ္ဗာန်အကြောင်းကိုလည်းကောင်း၊ အမှန်တကယ်ရှိသည့် ပရမတ်တရားများအကြောင်းကိုလည်းကောင်း ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာ ဟောကြားထားသော ပရမတ္ထဒေသနာဖြစ်၏။ အကန့်အသတ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့် သဘာဝလောကတစ်ခုလုံးကို မွှေနှောက်ချောက်ချားစေလျက် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင် စသည့်တရားတို့၏သဘာဝဖြစ်စဉ်ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်းတို့ဖြင့် အကြွင်းအကျန်မရှိအောင် ဝေဖန်ပိုင်းခြားဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

ဓမ္မက္ခန္ဓာအရေအတွက်အားဖြင့် သုတ္တန်ပိဋကတွင် (၂၁၀၀၀)၊ ဝိနည်းပိဋကတွင် (၂၁၀၀၀) နှင့် အဘိဓမ္မာပိဋကတ်တွင် (၄၂၀၀၀) ရှိရာ အဘိဓမ္မာပိဋကသည် ဓမ္မက္ခန္ဓာအရေအတွက်အားဖြင့် လည်းကောင်း၊ နည်းအရေအတွက်အားဖြင့် လည်းကောင်း၊ ထူးခြားဆန်းကြယ်မှု၌ လည်းကောင်း အခြားသော ပိဋကများထက် သာလွန်သောကြောင့် (အဘိ-သာလွန်ထူးခြားသော၊ ဓမ္မာ-သတ္တဝါတို့အား ဆင်းရဲငြိမ်းအောင်ဟောကြားသောတရား) ဟု ခေါ်တွင်ခြင်း ဖြစ်ပေ၏။

အဘိဓမ္မာသည် အရှိတရားများဖြစ်သည့် ရုပ်နာမ်တို့၏သဘာဝ၊ ရုပ်နာမ်တို့၏ဖြစ်မှု၊ ပျက်မှုအချင်းချင်းဆက်သွယ်မှု၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏ ဆင်းရဲခြင်းသဘော၊ ထိုဆင်းရဲခြင်းမှလွတ်မြောက်မှုသဘော စသည်တို့ကို ရှင်းလင်းဟောကြားထား၏။ ဖြစ်တန်ရာသည်ဟု မှန်းဆ တွေးခေါ်ထားသော အယူအဆမဟုတ်ပေ။ အမှန်အရှိကိုအမှန်သိသောဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီး ထုတ်ဖော်ဟောကြားထားခြင်းဖြစ်၍ ဟာကွက်၊ ပျောက်ကွက်၊ ငြင်းချက်မရှိ အောင်စေ့စပ်၏။ သေချာ၏။ တိကျ၏။

မြတ်စွာဘုရားရှင်သည် သတ္တမမြောက်ဝါ၌ ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားအား အမှူးထားလျက် ဟောကြားခဲ့သော အဘိဓမ္မာဒေသနာကို အရှင်သာရိပုတ္တရာမထေရ်မြတ်မှတစ်ဆင့် တပည့်ရဟန်းငါးရာတို့ နာကြားခဲ့ကြရ၏။ အဘိဓမ္မာတရားတော်သည် သဗ္ဗညုတဉာဏ်တော် ကျက်စားကွန့်မြူးရာ တရားတော်မြတ်ဖြစ်သည့်အတွက် ကျယ်ဝန်းနက်ရှိုင်း၏။ သဘောအဓိပ္ပာယ်ကို သိနားလည်ရန် ခက်ခဲ၏။ ရဟန်းရှင်လူအပေါင်းတို့ အလွယ်တကူ လေ့လာနိုင်စေရန် အဘိဓမ္မာပိဋက၏ အနှစ်သာရကို ထုတ်နုတ်၍ 'အဘိဓမ္မတ္ထသင်္ဂဟ' အမည်ရှိသော အဖွင့်ကျမ်းငယ်တစ်စောင်ကို အရှင်အနုရုဒ္ဓါမထေရ်မြတ်က သီဟိုဠ်ကျွန်းတွင် သီတင်းသုံးခိုက် ပြုစုခဲ့ခြင်း ဖြစ်၏။ ထိုအဘိဓမ္မတ္ထသင်္ဂဟ (ခေါ်) သင်္ဂြိုဟ်ကျမ်းကို မှီငြမ်းပြုလျက် ရဟန်းပညာရှိ၊ လူပညာရှိများစွာတို့က လေ့လာသူလူအများ နားလည်သဘောပေါက်စေရန် ကျမ်းစာများပြုစုခဲ့ခြင်း၊ ရှင်းလင်းဟောကြားခြင်း ဟူသော ကျေးဇူးတို့ကြောင့် ကျွန်ုပ်တို့သည် အလွယ်တကူ လေ့လာ ဆည်းပူးခွင့် ရရှိနေခြင်း ဖြစ်ပေ၏။

အဘိဓမ္မာဒေသနာအနှစ်ချုပ်ဖြစ်သည့် သင်္ဂြိုဟ် (၉) ပိုင်းအနက် စိတ်ပိုင်းနှင့်စေတသိက်နှစ်ပိုင်းလောက် လေ့လာရုံဖြင့် စိတ်နှင့်တကွ ခြယ်လှယ်နေသော စေတသိက်တို့ကြောင့် စိတ်စွမ်းအင်နှင့် စိတ်တန်ခိုးများ၊ ဈာန်အဘိညာဉ်များ၊ ကံနှင့်ကံအစွမ်းသတ္တိစသည်တို့ကို သိရှိမည်ဖြစ်ပါသည်။ စိတ္တေနနီယတိလောကော- စိတ်သည် လောကကြီးကို စိုးမိုး၏ဟု ဗုဒ္ဓဟောကြားခဲ့သည်မှာ စိတ်နှင့် ရုပ်တို့၏ ကြောင်းကျိုးဆက်သွယ်ပုံအလုံးစုံကိုကောင်းစွာသိမြင်သောကြောင့် ဖြစ်ပေ၏။ စိတ်ဖြစ်ပေါ်ပုံ၊ ပျက်ပုံ၊ စိတ်ကြောင့်ရုပ်တရားတို့ ဖြစ်ပေါ်ပုံ၊ စေတသိက်တရားတို့ကြောင့် စိတ်အမျိုးမျိုးပြောင်းလဲပုံ၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ဖြစ်ပေါ်ပုံ၊ ထိုစိတ်နှင့်ယှဉ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ စေတနာတို့ကြောင့် သုဂတိ၊ ဒုဂ္ဂတိဘဝများသို့ လားရောက်ရပုံ၊ စိတ်တန်ခိုးဖြင့် အဘိညာဉ်များရအောင်အားထုတ်နိုင်ပုံ၊ ထိုဈာန်ချမ်းသာထက် အဆပေါင်းများစွာသာလွန်သော နိဗ္ဗာန်ချမ်းသာကိုရရှိနိုင်စေရန် ဝိပဿနာအလုပ်သည်သာ အမြတ်ဆုံးဖြစ်ပုံတို့ကို လေ့လာသိရှိနိုင်ပေသည်။

အဘိဓမ္မာတရားကို လေ့လာခြင်း လိုက်နာကျင့်သုံးခြင်းဖြင့် လူတို့၏စိတ်ကိုရိုင်းစိုင်းယုတ်ညံ့ကြမ်းကြုတ်စေသည့် ကိလေသာတရားဆိုးများကို ချိုးနှိမ်ဖယ်ရှားစေနိုင်ပြီး ဘဝငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်၏။ စိတ်ထားဖြူစင်မြင့်မြတ်သော လူကောင်းလူတော်များကို ပေါ်ထွန်းအောင် ပျိုးထောင်ပေးနိုင်၏။ အကောင်းနှင့် အဆိုး၊ အမှန်နှင့် အမှားကို ကြောင်းကျိုးလျော်စွာ ဝေဖန်ပိုင်းခြားနိုင်စေ၏။ လောကီသိပ္ပံနည်းပညာသည် ရုပ်ဝတ္ထုများကို အမျိုးမျိုး ပြောင်းလဲစေပြီး လူသုံးကုန်ပစ္စည်းများ အဖြစ် ထုတ်လုပ်ပေးနိုင်သော်လည်း လူသားတို့အား ယဉ်ကျေးသိမ်မွေ့အောင် သူတော်ကောင်းတရားထွန်းကားအောင် ဖန်တီးမပေးနိုင်ပေ။ သူတော်ကောင်း တရားမထွန်းကားဘဲ လူမိုက်တရား[illegible] အားကောင်းနေခြင်းကြောင့် ဘဝငြိမ်းချမ်း ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဝေးကွာ[illegible] ရခြင်းဖြစ်ပေ၏။ သူတော်ကောင်းတ[illegible] ထွန်းကားစေဖို့ ဗုဒ္ဓအဘိဓမ္မာက[illegible] စွမ်းဆောင်ပေးနိုင်၏။

လောကီသိပ္ပံအတတ်ပညာမျာ[illegible] တတ်မြောက်ခြင်းသည် မျက်စိတစ်[illegible] အလင်းရသူနှင့်တူကြောင်း၊ အဘိဓမ္မာ[illegible] ဒေသနာကို လေ့လာ ဆည်းပူးမှု[illegible] ကျန်မျက်စိတစ်ဖက်အလင်းရသူနှင့်[illegible] ကြောင်း မိန့်ကြားခဲ့ပေသည်။ လော[illegible] ပညာသည် တစ်ဘဝကောင်းစား[illegible] အတွက်သာ ဖြစ်၏။ လောကသုံးပါး[illegible] သုံးဆယ့်တစ်ဘုံ၌ ကျင်လည်နေရ[illegible] ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်[illegible] အထောက်အပံ့မပြုနိုင်ပေ။ [illegible] လွတ်မြောက်စေရန် အထောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မပြုနိုင်ပေ။ လောကမှ လွတ်မြောက်စေရန် လောကုတ္တရာပညာကို ဆည်းပူးရပါမည်။ သို့မှသာ လောကမှလွတ်မြောက်စေသောနည်းလမ်းများကို သိနားလည်ပြီး လွတ်မြောက်အောင် ကြိုးပမ်းမည်ဖြစ်ပေသည်။ ပညတ်နယ်ကို ကျော်လွန်ပြီး ပရမတ်အနှစ်အထိ သိမြင်အောင် ကြိုးစားကြရပါမည်။ ဥပမာအားဖြင့် ပညတ်အရခေါ် ဆိုနေသည့် လူဟူသည်မှာ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ သိမှုဝိညာဏ်၊ စေ့ဆော်ပြုပြင်မှု သင်္ခါရဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါးနှင့် ဖောက်ပြန်ပျက်စီးတတ်သော ရုပ်တရားအစုတို့ကို ပေါင်းစုထားခြင်းမျှသာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လူဆိုသည်မှာ ရုပ်တရားအစုနှင့်နာမ်တရားအစုသာဖြစ်သည်မှာ ပရမတ်အမြင်ဖြင့်သိရမည်ဖြစ်ကြောင်းဟောကြားတော်မူခဲ့ပါသည်။

ဤကဲ့သို့ အမှန်အရှိကို အမှန်သိသိမြင်ခြင်းဖြင့် လူဟူသော ရုပ်နာမ်အစုတွင် အသက်၊ လိပ်ပြာ၊ အတ္တရှိသည်ဟုမှတ်ယူထားသော အတ္တဒိဋ္ဌိနှင့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဟု မှတ်ယူထားသော သက္ကာယဒိဋ္ဌိတို့ကို ပယ်ခွာစေပါသည်။ သက္ကာယဒိဋ္ဌိသည် အခြားသောမိစ္ဆာဒိဋ္ဌိ (၆၂) ပါးတို့၏အခြေခံဇာစ်မြစ် ဖြစ်ပေသည်။ မိစ္ဆာဒိဋ္ဌိဓာတ်ခံရှိသူ၏ ကြံစည်ပြောဆို ပြုလုပ်မှုမှန်သမျှသည် မှားယွင်းချွတ်ချော်စေသော အကုသိုလ်ကံများကို ပြုလုပ်မည်ဖြစ်သောကြောင့် မိမိသူတစ်ပါးနှင့် လောကကြီးအား အကျိုးယုတ်စေမည် ဖြစ်ပါသည်။ သို့အတွက် မိစ္ဆာဒိဋ္ဌိထက် ကြီးလေးသောအပြစ်သည်မရှိဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အဘိဓမ္မာဝေဒနာသည် မိစ္ဆာဒိဋ္ဌိလမ်းကြောင်းမှ ဖယ်ခွာစေပြီး သမ္မာဒိဋ္ဌိလမ်းပေါ်သို့ရောက်အောင် မီးမောင်းထိုး၍ ခေါ်ဆောင်သွားနိုင်၏။ အဘိဓမ္မာကို လေ့လာဆည်းပူးခြင်းမရှိ၊ ကြားဖူးခြင်းမရှိသဖြင့် ရုပ်နာမ်တို့၏ သဘောသဘာဝကို ခွဲခြားသိမြင်နိုင်သော ဉာဏ်မျက်စိကန်းနေသူကို အန္ဓပုထုဇဉ်ဟု ခေါ်၏။ ရုပ်နာမ်တို့၏ လက္ခဏာသဘောသဘာဝကို သုတမယဉာဏ်အဆင့်မျှဖြင့် ကွဲပြားစွာသိမြင်လာသူကို ကလျာဏပုထုဇဉ်ဟုခေါ်၏။ ကလျာဏပုထုဇဉ်သည် အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိကို အခိုက်အတန့်အားဖြင့် ဖယ်ခွာထားနိုင်၏။ ဝိပဿနာတရားအလုပ်ကို ဆက်လက်စွာ ဆက်လက်အားထုတ်ပါက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိနှင့် ယုံမှားမှုဝိစိကိစ္ဆာတို့ကို ကြာရှည်စွာပယ်ထားနိုင်သဖြင့် သောတာပန်ပုဂ္ဂိုလ်သည် ရုပ်နာမ်တရားတို့အပေါ် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားများဟု သိမြင်သည့်အတွက် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိလာ၏။ သို့ဖြစ်၍ အကြောင်းမဲ့ဝါဒ (အဟေတုကဒိဋ္ဌိ)။ ဖန်ဆင်းရှင်ဝါဒ (ဣဿရနိမ္မာနဒိဋ္ဌိ) တို့ကိုလည်း ပယ်စွန့်နိုင်၏။ ဘုရား၊ တရား၊ သံဃာတို့အပေါ်၌ ယုံကြည်မှုသဒ္ဓါတရား ထက်သန်လာ၏။

အထက်ဖော်ပြပါ ထူးကဲမွန်မြတ်လှသောအသိဉာဏ်ပညာထူးပိုင်ရှင်များဖြစ်လာစေရန် ကံကောင်းဉာဏ်ကောင်းတုန်း၊ လက်လှမ်းမီသရွေ့ လေ့လာသင့်ပေသည်။ ပါဠိစာပေကို ကျွမ်းကျင်မှုမရှိပါကလည်း အားငယ်ရန်မလိုပါ။ အမှန်တကယ် ဆန္ဒရှိပါလျှင် ပညာရှိပုဂ္ဂိုလ်များက မြန်မာစကားပြေဖြင့် ရိုးရှင်းစွာရေးသား ပြုစုထားသည့် အဘိဓမ္မာဒေသနာတော်အကျဉ်းဖြစ်သည့်သင်္ဂြိုဟ် (၉) ပိုင်းကို တတ်ကျွမ်းနားလည်သောပုဂ္ဂိုလ်များထံချဉ်းကပ်၍ လေ့လာသင်ယူနိုင်ပါသည်။ အဘိဓမ္မာပြန့်ပွားရေးအသင်းအဖွဲ့များကလည်း အဘိဓမ္မာစာမေးပွဲများကို နှစ်စဉ်ကျင်းပနေရာ စွမ်းနိုင်ပါက ဝင်ရောက် ဖြေဆိုသင့်ပါသည်။ မေးခွန်းများကို လေ့ကျင့်ဖြေဆိုခြင်းဖြင့် အသုံးချအဘိဓမ္မာအဖြစ် ဘဝအတွက် အသုံးဝင်စေပါသည်။

သင်္ဂြိုဟ် (၉) ပိုင်း၏ မာတိကာအကျဉ်းချုပ်ကို မိတ်ဆက်တင်ပြလိုပါသည်။ အပိုင်း (၁) တွင် စိတ်အကျဉ်း (၈၉) ပါး၊ အကျယ် (၁၂၁) ပါးကို လည်းကောင်း၊ အပိုင်း (၂) တွင် စေတသိက် (၅၂) ပါးကို လည်းကောင်း၊ အပိုင်း(၃)တွင် ရုပ်နာမ်တို့ဆက်သွယ်မှုသဘောကို ဖော်ပြသည့် ဝေဒနာ၊ ဟေတု၊ ကိစ္စ၊ ဒွါရ၊ အာရမ္မဏနှင့် ဝတ္ထုဟူသော သင်္ဂဟ (၆) ပါးတို့ကို ရောပြွမ်းဖော်ပြထားသည့်ပကိဏ်းပိုင်းကို လည်းကောင်း လေ့လာနိုင်ပါသည်။

အပိုင်း (၄) တွင် စိတ္တနိယာမအရ စိတ်တို့၏ ဖြစ်စဉ်သည် ဖြစ်သင့်သော စိတ်အစဉ်အတိုင်း တစ်ခုပြီးတစ်ခုဖြစ်နေကြပုံ၊ ဒွါရ (၆) ပါး၌ ထင်လာသော အာရုံတစ်ခုစီကိုသိနိုင်ရန် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် စသည်ဖြင့် ဝီထိစိတ်အစဉ်အတိုင်းဖြစ်နေပုံတို့ကို ဖော်ပြထားသည့် ဝီထိပိုင်းကို လည်းကောင်း၊ အပိုင်း (၅) တွင် ဝီထိမှလွတ်ကင်းသောစိတ်များဖြစ်သည့် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော စိတ် (၁၉) ပါးအကြောင်း၊ ကံအကြောင်းနှင့် ဘုံများအကြောင်းကို လည်းကောင်း၊ အပိုင်း (၆) တွင် ရုပ် (၂၈) ပါးတို့၏ အကျဉ်းသရုပ်ကိုလည်းကောင်း လေ့လာနိုင်ပါသည်။

အပိုင်း (၇) တွင် ပရမတ္ထတရား (၄) ပါးကို ဆိုင်ရာလက္ခဏာအသီးသီး ရှိကြသည့် သဘောတရားများအဖြစ် ခွဲခြားလိုက်သဖြင့် ဝတ္ထုဓမ္မာဟုအမည်ရသော သီးခြားအထည်ကိုယ်သတ္တိရှိကြသည့် ပရမတ္ထတရား (၇၂) ပါးတို့ကို သဘောတူရာ စုပေါင်း တင်ပြထားပြီး ကုသိုလ်တရား၏ အသင်းအပင်းအဖွဲ့ဝင်များနှင့် အကုသိုလ်တရား၏အသင်းဝင်အင်အားစုများကို ပြတ်သားစွာပိုင်းခြားဝေဖန်ထားသော သမုစ္စည်းပိုင်းကို လည်းကောင်း၊ အပိုင်း (၈) တွင် ပရမတ္ထတရားတို့၏အကြောင်းအကျိုးဆက်သွယ်မှုများကို ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းတို့ဖြင့် တိတိကျကျ တင်ပြထားသည့်ပစ္စည်းပိုင်းကို လည်းကောင်း အပိုင်း (၉) တွင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့၏ အခြေခံကမ္မဋ္ဌာန်း (၄၀) အားထုတ်နည်းများ၊ ဘာဝနာတို့၏ ဖြစ်စဉ်နှင့် အကျိုးတရားများ၊ ရည်ရွယ်ချက်ပန်းတိုင်တို့ကို အကျယ်တဝင့် ရှင်းလင်းထားသည့် ကမ္မဋ္ဌာန်းပိုင်းတို့ကို ပြည့်စုံစွာ လေ့လာ သင်ယူနိုင်ပါသည်။

အဘိဓမ္မာဒေသနာ၏ အခြေခံသင်္ဂြိုဟ် (၉) ပိုင်းကို လေ့လာ ဆည်းပူးပြီး ရရှိလာသော သုတမယဉာဏ်ကို အခြေခံလျက် ဘာဝနာမယဉာဏ်သို့ တက်လှမ်းရမည် ဖြစ်ပါသည်။ ဘာဝနာမယဉာဏ်ကို လက်ကိုင်ထားပြီး ကြိုးစားအားထုတ်မှသာ အမြင့်ဆုံးပန်းတိုင်ဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရရှိမည်ဖြစ်ပါသောကြောင့် ဘဝအတွက် တန်ဖိုးအရှိဆုံးပညာဖြစ်သည့် ဗုဒ္ဓဟောကြားတော်မူခဲ့သော အဘိဓမ္မာဒေသနာကို စွမ်းနိုင်သမျှ လေ့လာ သင်ယူကြစေလိုကြောင်း စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းအား တိုက်တွန်းလိုက်ရပေသည်။

*ဗုဒ္ဓမြတ်စွာဒေသနာ*
*လွှမ်းပတ်ကမ္ဘာတည်ပါစေ*

ချစ်ပို့ (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာသာဝင်တို့၏လောကတွင် ပဋ္ဌာန်နန္တရိယကံကြီး (၅) မျိုးဟူ၍ရှိထားခဲ့ရာ ဤကံကြီး (၅) ပါးအနက် တစ်ပါးကိုမျှ ကျူးလွန်ခဲ့မိလျှင် ယခုဘဝတွင် မည်မျှပင် တရားကျင့်ကြံအားထုတ်သော်လည်း အပြစ်ကို ချေဖျက်၍မရတော့ဘဲ မဂ်ဖိုလ်နိဗ္ဗာန်နှင့် သေချာပေါက် အလှမ်းဝေးရပြီဟု ဆိုထားပါသည်။

ပဋ္ဌနန္တရိယကံကြီး(၅)ပါးဟူသည်ကား အမိအဖကိုသတ်ဖြတ်ခြင်း၊ ဘုရားရှင်ကို သွေးစိမ်းရှင်ရှင်ထွက်အောင်ပြုခြင်း၊ ရဟန္တာအစရှိသော သူတော်ကောင်းတို့အား ပြစ်မှားစော်ကားခြင်း၊ သံဃာကို သင်းခွဲခြင်း စသည်တို့မှ တစ်စုံတစ်ရာကို အပြစ်ကျူးလွန်မိက ကုသိုလ်ကောင်းမှု မည်မျှပင်ပြုလည်း မကျေပျက်နိုင်တော့ဘဲ ယခုဘဝတွင်ပင် လက်ငင်းတန်ပြန်အကျိုးပေးခြင်း သို့မဟုတ် ဘဝခြား၍ အကျိုးပေးခြင်းကို ကြုံတွေ့ရမည် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များ သိရှိထားကြပြီးဖြစ်သည့်အတိုင်း ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရှင်ဒေဝဒတ်သည် ဘုရားရှင်နှင့်သံဃာတော်များနှင့် စပ်လျဉ်း၍ ပဋ္ဌာနန္တရိယကံကြီး ကျူးလွန်ခဲ့သည်။ ထိုအပြစ်ကျူးလွန်ခဲ့ပြီး နောက်ပိုင်း ဘဝနေဝင်ချိန်မှာ နာမကျန်း ရှိစဉ် ထမ်းစင်ဖြင့် ဘုရားရှင်ကို ဖူးမြော် တောင်းပန်ရန်အလာ လမ်းခုလတ်၌ ခေတ္တနားစဉ် ဒေဝဒတ်၏ခြေနှစ်ဖက် ထမ်းစင်မှအဆင်း မြေပြင်နှင့်ထိတွေ့

# (တီ-အေ) အောင်သန်းလင်း

## ကြုံဆုံဖူးမြော်ခဲ့ရသော တောသူဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com

သည်နှင့်တစ်ပြိုင်နက် မဟာပထဝီမြေကြီး၏ ဆွဲယူမြေမျိုခြင်းခံရပြီး အသက်ဆုံးရှုံးခဲ့ရသည်။

သေလွန်ခဲ့ပြီးနောက်တွင် မဟာအဝီစိငရဲတွင် ယခုတိုင် ကာလရှည်ကြာခံစားနေရဆဲ ဖြစ်သည်။ ပုထုဇဉ်မှန်သမျှသည် ဘဝတစ်ကွေ့တွင် မှားယွင်းစွာပြုမူတတ်မိလေ့ရှိသည်မှာ ဓမ္မတာဟုဆိုနိုင်သော်လည်း ဤသို့ နောင်မှရသော နောင်တဖြင့် ကြိုးစားချေဖျက်မရနိုင်သော ပဉ္စာနန္တရိယကံကြီး (၅) မျိုးကို တွေ့လွန်မိအောင် ကြိုတင်သတိထားရှောင်ရှားသင့်ပေသည်။

စာရေးသူ၏ ဘဝအတွေ့အကြုံတွင် လူအများက ပုဂ္ဂိုလ်ထူး (ရဟန္တာ) ဟု သတ်မှတ်သော ဝေဘူဆရာတော်ဘုရားကြီးနှင့်စပ်လျဉ်း၍ မြင်တွေ့ကြားသိခဲ့ရသော အတွေ့အကြုံတစ်ခုရှိခဲ့ဖူးပါသည်။

❑

၁၉၇၀ ပြည့်နှစ် ကာလတွင် ကျွန်တော်သည် မန္တလေးတက္ကသိုလ်တွင် ဒုတိယနှစ်ကျောင်းသားအဖြစ် ကျောင်းတက်နေဆဲ ဖြစ်သည်။ ထိုအချိန်က ကျွန်တော့်အသက်သည် (၂၀)နှစ်ခန့်ဖြစ်သည်။ ကျွန်တော့်ထက် အသက် (၂)နှစ်ကြီးသော အစ်ကို ကိုအောင်သန်းနှင့်အတူ ကျောင်းပိတ်ရက်တွင် မန္တလေးနှင့် သတ်တစ်ကမ်း မိုင် (၃၀) ကျော်ကွာဝေးသော ကျောက်ဆည်မြို့သို့ ရောက်ရှိကြသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးသည် ကျောက်ဆည်မြို့တွင်ရှိသော အစ်မဝမ်းကွဲတစ်ယောက်၏ အိမ်သို့ သွားရောက်လည်ပတ်ကြခြင်း ဖြစ်သည်။ တစ်နေ့ နံနက်ပိုင်းတွင် ကျွန်တော်တို့ နှစ်ယောက် မြို့ထဲမှာလမ်းလျှောက်ရင်း ဟိုကြည့်ဒီကြည့်နှင့်သွားနေခဲ့ကြသည်။

ထိုအချိန်တွင် အသံချဲ့စက်မှ -

"ဝေဘူဆရာတော်ဘုရားကြီးဆွမ်းခံထွက်တော်မူလာပါပြီခင်ဗျား။ ဆွမ်းအလှူရှင်များ ကြိုတင်အသင့်နေရာယူစောင့်ဆိုင်းကြပါရန် နှိုးဆော်ရပါတယ်ခင်ဗျား"

ဟု အော်သံကို ကြားလိုက်ရပါသည်။

ကျွန်တော်တို့လမ်းလျှောက်နေရာ ဆောက်ဘက်မှကြားလိုက်ရသောထိုအသံကြောင့် ကျွန်တော်က -

"ဝေဘူဆရာတော်ဘုရားကြီးတဲ့ကွ။ ဒီဆရာတော်ကြီးက သိပ်နာမည်ကျော်တာ။ တချို့ကဆိုရင် ရဟန္တာလို့တောင်ပြောနေကြတာဆိုတော့ ကြုံရခဲတယ်ကွ။ အခုကြုံကြိုက်တုန်းမှာ ဖူးတွေ့မြင်ဖူးတယ်ရှိသွားအောင်ကြည့်သွားကြမယ်"

ဤသို့ပြောပြီး အသံချဲ့စက်အော်သံထွက်ပေါ်လာရာနောက်ဘက်ကို ပြန်လှည့်ခဲ့ကြလေသည်။

ဝေဘူဆရာတော်ဘုရားကြီးသည် တစ်ပါးတည်း ဝီလီဂျစ်ကားတစ်စီးဖြင့် ကိုယ်တော်တိုင် ဆွမ်းခံကြွရောက်လာခဲ့ခြင်း ဖြစ်လေသည်။ ဂျစ်ကားသည် ဖြည်းဖြည်းသာ ကားရွေ့ရုံမောင်းနေသည်။ ကားရှေ့ ဆိုက်ကားတစ်စီးပေါ်တွင် အသံချဲ့စက်ကိုတင်လာခြင်း ဖြစ်လေသည်။ တပည့်သာဝကနှစ်ဦး၊ သုံးဦးမျှသာပါသည်။

ဆရာတော်ဘုရားကြီးကို တချို့မိန်းမများက ဖုန်ထူလှသောမြေပြင်မှာထိုင်ပြီး ရှိခိုးကန်တော့တာကိုလည်းတွေ့ရသည်မှအပ ဝန်းကျင်မှလူများများစားစားမတွေ့မြင်ရပါ။

ဆရာတော်ဘုရားကြီးသည်ကားသက်တော် (၇၀)နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ အသားညိုညို၊ ပိန်ပိန်ခန္ဓာကိုယ်ပုံစံရှိပြီး အညာသားရုပ်အဆင်းအင်္ဂါဟု ကျွန်တော့်စိတ်ထဲမှာ မှတ်ချက်ပြုမိခဲ့လေသည်။ ဂျစ်ကားနောက်ခန်းထဲတွင် သပိတ်ကိုပိုက်ထားလျက် တစ်ပါးတည်းရှိ၏။ ကားပေါ်တွင် ဆရာတော်ဘုရားကြီးနှင့် ယာဉ်မောင်းမျှသာပါ၏။ ဂျစ်ကားမှာလည်း ဘေးကာများမပါ၍ ဆရာတော်ဘုရားကြီးကို အဝေးမှပင် ဖူးမြော်နိုင်၏။ ကားမှာ တောက်ပြောင်မှုမရှိလှသော်လည်း ထိုခေတ်ထိုကာလက ကားအတော်ရှားပါးသေးချိန် ဖြစ်လေသည်။

ဂျစ်ကားအနီးသို့ ရောက်ရှိလျှင် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သည် ရပ်လိုက်ကာ ဆရာတော်ဘုရားကြီးကို မြင်တွေ့ဖူးမြော်ပြီး နောက်ပြန်လှည့်၍ ထွက်ခွာလာခဲ့ကြသည်။ ဆရာတော်ဘုရားကြီးကလည်း ကားအတွင်းသို့ တစ်ချက်ကြည့်ပြီး နောက်ပြန်လှည့်သွားသော ကျွန်တော်တို့နှင့် မျက်လုံးချင်းဆုံကာ သတိထားမိသွားလေသည်။

ကျွန်တော်တို့ နှစ်ယောက်သည် လက်အုပ်ချီခဲ့ခြင်းမျှပင်မပြုခဲ့မိ။ ဘဝအတွေ့အကြုံနည်းပြီး အသိမကြွယ်သေးသဖြင့် ဘာသာရေးတွင် မလေးနက်ခဲ့ပေ။ လူငယ်မျှသာဖြစ်၍ ဘာသာသာသနာနှင့် အလှမ်းဝေးခဲ့သည်။

နောင်အခါရောက်မှ ကျွန်တော်တို့ဘဝမှာ ဝေဘူဆရာတော်ဘုရားကြီးကို ထိုအချိန်ကဖူးမြော်ခွင့်ရခဲ့ခြင်းသည် ပထမနှင့်နောက်ဆုံးအကြိမ်ဖြစ်ကြောင်း နားလည်သဘောပေါက်၍ နောင်တရမဆုံးရှိနေပါသည်။

ယခုအခါ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်စလုံး တတိယအရွယ်သို့ ရောက်ရှိခဲ့ပြီးနောက် ပင်စင်အငြိမ်းစားများဖြစ်နေခဲ့ကြပါပြီ။ အစ်ကိုဖြစ်သူ ဦးအောင်သန်းသည် မည်သည့်မြို့ရွာမှ ဖိတ်ကြားခေါ်ခဲ့သည်ဖြစ်စေ သွားရောက်ပြီး ပဋ္ဌာန်းရွတ်ဆိုလေ့ရှိ၏။ ကျွန်တော်က မိမိနေအိမ်မှာပင် တတ်နိုင်သမျှ ဘာသာရေးလုပ်ကိုင်ရင်း ယခုလို စာတိုပေစများကို ရေးသား၍ ဘဝနေညိုချိန်ကို ဖြတ်သန်းနေလျက်ရှိပါသည်။

❑

မြေလတ်ဒေသမှ ကျွန်တော်၏ မိဘများပိုင်နေအိမ်၏ရှေ့တွင် လမ်းမသာခြားလျက် မြို့နယ်ဦးစီးမှူးရုံးထိုင်သော (၅)ဧကခန့်ကျယ်ဝန်းသည့် ရုံးဝင်းကြီးတစ်ခု တည်ရှိသည်။ ထိုရုံးဝင်းကြီးအတွင်း၌ ဦးစီးမှူးနှင့်အတူ နေအိမ်အခက်အခဲရှိသောဝန်ထမ်းအချို့လည်း အိမ်ဆောက်လုပ်ပေးထား၍ နေထိုင်ကြတာရှိ၏။ နေအိမ်ရှိသော မြို့ခံဝန်ထမ်းများကတော့ အငြိမ်းစားယူပြီးနောက် ထွက်ခွာလာရမည့် ထိုနေအိမ်များကို တန်ဖိုးထားနေထိုင်ကြလေ့မရှိကြပါ။ ထိုရုံးဝန်ထမ်းများထဲတွင် ကျွန်တော်အထက်တန်းကျောင်းသားဘဝက သူငယ်ချင်းတချို့ရှိသလို မရီးတော်စပ်သူတစ်ဦးလည်းရှိနေပါသည်။

ဤရုံးသို့ ပြောင်းရွှေ့ရောက်ရှိလာသော မြို့နယ်ဦးစီးမှူးသည် ရှေးကုသိုလ်ကံကြောင့် ငွေပုံပေါ် ထိုင်မိသူဖြစ်ကြောင်း တစ်ရပ်ကွက်လုံးရှိလူများက နားလည်ကြလေသည်။ ယခုနောက်ဆုံးရောက်ရှိလာသူမှာ ဦးဘညွန့်ဖြစ်သည်။ သူသည် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်းသည်။ ယခင်လူဟောင်းများနည်းတူ သူလည်း ဝင်ငွေကောင်းသည်။ ထူးခြားချက်မှာ အရက်သေစာသောက်စားတတ်ပြီး ဝန်ထမ်းများအတွက် ပျော်ပွဲရွှင်ပွဲလုပ်ပေးရန် စိတ်ပါဝင်စားသည်။ ယခုလည်း သင်္ကြန်ရုံးပိတ်ရက်တွင် ကျောက်ဆည် ဝေဘူချောင်သို့



www.burmeseclassic.com

www.burmeseclassic.com

သွားရောက်ပြီး ဝန်ထမ်းများ၏သား သမီးများကို ရှင်ပြုပေးမည်။ စိတ်ပါဝင်စားသူဝန်ထမ်းများကို ဒုလ္လဘဝတ်နိုင်ရန် အစစငွေကုန်ကြေးကျခံပေးမည် ဖြစ်သည်။

ဒုလ္လဘရဟန်းခံမည့်ဝန်ထမ်းအဖွဲ့နှင့်အတူ ဦးဘည္ဟန့်ကိုယ်တိုင်လည်း ဒုလ္လဘဝတ်သက်န်းဆီး၍ ကုသိုလ်ရယူမည်ဖြစ်ရာ ယခင်လူကြီးများနှင့်မတူ ထူးခြားသော ဆရာသမားကို လက်အောက်ဝန်ထမ်းများက နှစ်ခြိုက်သဘောကျနေကြလေသည်။

ဝန်ထမ်းဒုလ္လဘသံဃာတော်အဖွဲ့သည် ညစဉ်ညတိုင်းဘုရားရှိခိုးပြီးလျှင် ကုသိုလ်ရအောင် ဝေဘူဆရာတော်ဘုရားကြီးကို (၁၅) မိနစ်ကြာ အလှည့်ကျ ဝတ်ဖြည့်ခွင့်ရရှိကြလေသည်။ မိမိအလှည့်ဝတ်ဖြည့်ခွင့်မရမီ ဦးဘည္ဟန့်၏ စိတ်ထဲတွင် အကြံတစ်ခုဖြစ်ပေါ်လာမိသည်။ ထိုအကြံကား -

'ဝေဘူဆရာတော်ဘုရားကြီးဟာ ရဟန္တာလို့နာမည်ကျော်နေတာ။ ရဟန္တာဟုတ်၊ မဟုတ် ကြုံကြိုက်တုန်းလက်တွေ့စမ်းသပ်ကြည့်ရမယ်။ အခုလိုအခွင့်အရေးကြုံခဲ့တယ်'

ဟူ၍ ဖြစ်လေသည်။

ဝေဘူဆရာတော်ဘုရားကြီးသည် ဝမ်းလျှားမှောက်လျက်အနေအထားဖြင့် သီတင်းသုံးလျက်ရှိနေရာ ခန္ဓာကိုယ်ကပိန်သဖြင့် လက်မောင်းနှစ်ဖက်ကလည်း အသားနည်းပါးပြီးသေးသွယ်နေသည်။ ထိုသေးသွယ်သောလက်မောင်းကို ငါ့လက်နှင့်အားကုန်ညှစ်လိုက်လျှင် သာမန်ပုထုဇဉ်ဟူက ခံနိုင်မည်မဟုတ်။ နာကျင်မှုကြောင့် မုချအော်ဟစ်ပေလိမ့်မည်။ အကယ်၍ ရဟန္တာမှန်က မှုလိမ့်မည်မဟုတ်။ ခံနိုင်ပေလိမ့်မည်ဟု အတွေးပေါက်ကာ ရုတ်တရက် အားကုန်ညှစ်လေသည်။

ဝေဘူဆရာတော်ဘုရားကြီးကား နာကျင်သည့်လက္ခဏာတစ်စုံတစ်ရာမပြဘဲ ပကတိ ငြိမ်သက်လျက်သာရှိလေသည်။ ဒုလ္လဘကိုယ်တော်ဦးဘည္ဟန့်သည် သူလုံးဝမျှော်လင့်မထားသောအဖြေကို ရုတ်တရက် သိမြင်ကြုံတွေ့လိုက်ရပြီးနောက် ရင်တွေတဒိတ်ဒိတ်ခုန်လျက်ရှိနေပါတော့သည်။

(၁၅) မိနစ်တာကာလကြာ ဝတ်ဖြည့်ခွင့်အချိန်ကုန်ဆုံးခဲ့ပြီးနောက်တွင် အခြားသံဃာတော်တစ်ပါးသို့ လွှဲပြောင်းတော့မည်ဟုပြင်ဆင်သောအခါ ဒုလ္လဘဦးပဥ္စင်း ဦးဘည္ဟန့်ကို ဆရာတော်ဘုရားကြီးမှ မသိမသာနောက်ကိုလှည့်ကြည့်တာကို ဦးဘည္ဟန့်က မြင်ဖြစ်အောင်မြင်လိုက်မိလေသည်။ နှုတ်မှတစ်စုံတစ်ရာ ပြောဆိုမိန့်ကြားခြင်းမရှိပေ။

(၇) ရက်ပြည့်သောအခါတွင် ဦးဘည္ဟန့်တို့ရုံးအဖွဲ့မှ သံဃာတော်များလည်း လူထွက်ပြီးနောက် ကျောက်ဆည်မှ ပြန်လည် ထွက်ခွာလာခဲ့ကြသည်။ နောက်တစ်နေ့ ရုံးဖွင့်ရက်တွင် အားလုံးရုံးပြန်တက်ကြလေသည်။ (ထိုအချိန်က ယခု ကာလကဲ့သို့ သကြန်ကာလ အစိုးရဝန်ထမ်းများ ရုံးပိတ်ရက်ဆယ်ရက် ခံစားခွင့် မရရှိကြသေးပေ။)

ပုံမှန်ရုံးတာဝန်များကို ပြန်လည်ထမ်းဆောင်နေကြပြီးတစ်လခန့်အကြာတွင် -

ဦးဘည္ဟန့်သည် ညနေရုံးဆင်းအပြီးတွင် ရေချိုးအဝတ်အစားလဲကာ ဇနီးဖြစ်သူအား မိမိညစာအပြင်မှာစားမည်ဖြစ်ကြောင်းပြော၍ အိမ်မှအပြင်ကို ကားဖြင့်ထွက်ခဲ့သည်။ မိမိခင်ပွန်းဖြစ်သူအကြောင်းသိထား၍ အရက်အလွန်အကျွံမသောက်ခဲ့ရန် ပြောဆိုမှာကြားနေသေးသည်။

မြို့လယ်ရှိစားသောက်ဆိုင်တွင် မည်သူတွေနှင့် စားသောက်သည်ကိုမူ ကာယကံရှင်များကသာ သိပေလိမ့်မည်။ ည(၁၀)နာရီခန့်အချိန် စားသောက်ဆိုင်မှအပြန် ကားအက်ဆီးဒင့်မှုကြုံရလေ၏။ ထိုအမှုအခင်းကြုံရစဉ်က ဦးဘည္ဟန့်သည် ရုံးကားကို ကိုယ်တိုင်မောင်းနှင်လာစဉ် တိုက်မိခဲ့ခြင်းဖြစ်ပြီး ဦးဘည္ဟန့်ကိုယ်တိုင် အရက်သေစာသောက်စားမှုးယစ်နေခဲ့တာကို လျှို့ဝှက်ဖုံးကွယ်၍မရတော့ပါ။ ကားပေါ်တွင် လူပိုမပါ၊ သူတစ်ဦးတည်းဖြစ်လေသည်။

အက်ဆီးဒင့်ကလည်း ကုန်တင်ကားကြီးတစ်စီးရပ်ထားတာကိုမမြင်ဘဲ အနောက်မှ ဝင်တိုက်မိခြင်းဖြစ်လေရာ ကားငယ်ဖြစ်သော ဦးဘည္ဟန့်၏ ရုံးကားသာ ပျက်စီးမှုကြီးမားသည်။ ကားမောင်းခဲ့သူ ဦးဘည္ဟန့်လက်နှစ်ဖက်လုံးမှာ ဒဏ်ရာပြင်းထန်စွာရရှိသည်။ ညာလက်ကျိုးသွား၍ ကျောက်ပတ်တီးကိုင်ရသည်။ (ဤလက်နှစ်ဖက်ဖြင့်ပင် ဝေဘူဆရာတော်ဘုရားကြီးကို ပြစ်မှားကျူးလွန်ခဲ့ရာ ထူးခြားစွာ တိုက်ဆိုင်နေလေသည်။)

ကားအက်ဆီးဒင့်မှုကို ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုရာ ဦးဘည္ဟန့်က ငွေကြေးအကုန်အကျခံပြီးလိုက်နိုင်သဖြင့် အလုပ်မပြုတ်သော်လည်း အရေးယူ အပြစ်ပေးခံရသည်ကတော့ မလွတ်ပေ။ ပျက်စီးသွားသောရုံးကားကို ဦးဘည္ဟန့်၏ ငွေကြေးဖြင့် ပြန်လည်ပြင်ဆင်ပေးရသည်။ ဦးဘည္ဟန့်ကို လက်ရှိရာထူးမှ တစ်ဆင့်လျှော့ချလိုက်ပြီးနောက် (ဝင်ငွေကောင်းသော) ဤမြို့နယ်ရုံးတွင် ဆက်လက် တာဝန်ထမ်းဆောင်ခွင့်မရ တော့ဘဲ (လူကြိုက်နည်းသော) ဝေးလံ ဒေသ တောမြို့ငယ်လေးသို့ ပြောင်းရွှေ့ခြင်းခံရသည်။ ပြောင်းရွှေ့ရမည့်ဒေသမှာ လမ်းပန်းဆက်သွယ်မှုမှအစ နေရာ အားလုံးခက်ခဲ၍ မိသားစုလိုက်သွားရန် မလွယ်သဖြင့် ဇနီးနှင့်သားသမီးများကို သူမ၏ဇာတိ မော်လမြိုင်ရှိ မိဘများထံ ပြန်ပို့ရတော့သည်။

'ဘယ်သူမပြု မိမိမှု' ဟူသော စကားအတိုင်းပင် အဘယ်ကြောင့် အကုသိုလ်တွေ ဆက်တိုက်ဝင်နေရ ကြောင်း ကာယကံရှင် ဦးဘည္ဟန့် ကိုယ်တိုင်က ကောင်းစွာသိနေ၍ ယခု အခါ အရက်ကိုဖြတ်ပြီး ဘုရားတရား အလုပ်ကိုသာ အားစိုက်လုပ်နေလေရာ မော်လမြိုင်ကို မထွက်ခွာမီ ဇနီးတ ဝမ်းသာကျေနပ်ကြောင်း စကားဆိုနေ သေးသည်။

စင်စစ် မိုးလွန်မှထွန်ချ သလို ဦးဘည္ဟန့်၏နောင်တသည် ဗုဒ္ဓဘုရားရှင် အပေါ် ကျူးလွန်သော ရှင်ဒေဝဒတ်၏ နောင်တလို အရာမထင် အကျိုးထူးနိုင် ဖွယ်မမြင်တော့ပါ။ လူသားတစ်ယောက် ၏ဘဝတွင် အလွန်သတိထားရှောင်ရှား အပ်လှသော ပဥ္စာနန္တရိယကံကြီး(၅)ပါး တွင် 'ရဟန္တာ အစရှိသော သူတော် ကောင်းတို့အား ပြစ်မှားစော်ကားခြင်း' တည်း ဟူသောအအပြစ်ကို မရည်ရွယ် ဘဲ ကျူးလွန်လိုက်မိရာ ယခုဘဝ မသေမီ လက်ငင်း အကျိုးပေးခြင်းမျှသာရှိပေ သေး၏။ နောင်တမလွန်ဘဝတွင် ဤ အကုသိုလ်အကျိုးဆက်က မရပ်တန့် သေးဘဲ ငရဲကိုလားရဦးမည်ဖြစ်ကြောင်း ယခုအခါ ဦးဘည္ဟန့် သဘောပေါက်သိရှိ နေပြီး ဖြစ်ပါသည်။

* အောင်ဆန်းလင်း (ဘီ-အေ)

**စာကြွင်း -**

နာမည်လွှဲကိုသုံးစွဲထားခြင်းမှအပ ဖြစ်ရပ်မှန်ဖြစ်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသည့် မြန်မာနိုင်ငံတွင် သီလရှင်စာသင်တိုက်ကြီးများ၊ သီလရှင်ကျောင်းများရှိနေ၏။ အဆိုပါ သီလရှင်ဆရာလေးများသည် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ပရိယတ္တိသာသနာ (ပိဋကတ်ကျမ်းဂန်များသင်ကြားခြင်း)၊ ပဋိပတ္တိသာသနာ (တရားတော်နှင့်အညီ ကျင့်ကြံခြင်း)၊ ပဋိဝေဓသာသနာ (ထိုးထွင်း၍သိခြင်း) ဟူသည့် သာသနာ (၃) ရပ်တွင် ပါဝင်ကြိုးပမ်းအားထုတ်နေကြသူများဖြစ်ပါ၏။

ဗုဒ္ဓတရားတော် ပိဋကတ်စာပေကျမ်းဂန်များကို မိမိကိုယ်တိုင် သင်ယူကျင့်ကြံ အားထုတ်ရုံမျှနှင့်ပင် အားမရ မတင်းတိမ်နိုင်ဘဲ ရဟန်းလောင်း၊ သီလရှင်လောင်း မျိုးဆက်သစ်လူငယ်မောင်မယ်များကို စာပေပို့ချနေသည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ သီလရှင်သင်ပညာရေးကျောင်းများထဲတွင် တစ်ကျောင်းအပါအဝင်ဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရတနာမဥ္ဂရီ သီလရှင်သင်ပညာရေးကျောင်းအကြောင်းကို စာဖတ်သူများအား မျှဝေလိုပါသည်။


# ရတနာမဥ္ဂရီ သီလရှင်သင်ပညာရေးကျောင်း

## ဒေါက်တာမွှေးနှံ့သာ



ကျောင်းအုပ်ဆရာလေး ဒေါ်ဝဏ္ဏသီရိ

အကြောင်းတိုက်ဆိုင်စွာ ဘဝတစ်ပါးကိုပြောင်းသွားသည့် သမီးလေး အင်ကြင်းမွှေးအတွက် ကုသိုလ်ကောင်းမှုရစေခြင်းငှာ ရည်စူး၍ ရတနာမဥ္ဂရီ သီလရှင်သင်ပညာရေးကျောင်းရှိ မိဘမဲ့ကလေးများအား အဝတ်အစားများ သွားရောက် လှူဒါန်းခဲ့ပါ၏။ တစ်ဖန် ၂၀-၅-၂၀၁၆၊ ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့ ခုနစ်စဥ်ကြယ်ပရဟိတအဖွဲ့မှ အဆိုပါ သီလရှင်ပညာရေးကျောင်းသို့ လာရောက် လှူဒါန်းရာတွင် စာရေးသူ၏ မောင်လေး ဒေါက်တာလွင်ဘိုဘိုအောင်မှာ ပရဟိတအဖွဲ့ဝင်အဖြစ် လိုက်ပါလာသဖြင့် ကျွန်မတို့မိသားစုမှ ရန်ကုန်အဖွဲ့အား ကြိုဆိုဧည့်ခံပြီး ရတနာမဥ္ဂရီသီလရှင်သင်ပညာရေးကျောင်းသို့လိုက်ပါ၍ အလှူပွဲကို ပါဝင်ဆင်နွှဲခဲ့ရပါသည်။



ခုနစ်စဥ်ကြယ်ပရဟိတအဖွဲ့မှ သီလရှင်သင်ပညာရေးကျောင်းသို့ လှူဒါန်း



...ဥ္ဂရီသီလရှင်အသင်းပညာရေးကျောင်းဆရာလေးတံ ခုနစ်စဥ်ကြယ်ပရဟိတအဖွဲ့မှကင်ပြ


ရတနာမဥ္ဂရီသီလရှင်သင်ပညာရေးကျောင်းအုပ် ဆရာလေး ဒေါ်ဝဏ္ဏသီရိ၏ မေတ္တာကရုဏာအရိပ်အောက်တွင် ၂၀၀၆ ခုနှစ်မှစ၍ မိဘမဲ့ကလေး (၇) ဦးအား ကျွေးမွေးစောင့်ရှောက်ပညာသင်ကြားပေးရင်းဖြင့် သီလရှင်သင်ပညာရေးကျောင်းအစပျိုးခဲ့ပြီး ၁၅-၁၀-၂၀၀၇ခုတွင် ရတနာမဥ္ဂရီသီလရှင်သင်ပညာရေးကျောင်းကို သာသနာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ပင်မကျောင်းဆောင်ကိုလည်း ဆောက်လုပ်နိုင်ခဲ့ပါသည်။ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာလေးဝဏ္ဏသီရိနှင့် လက်ထောက်သီလရှင်ဆရာလေး (၈)ပါး၊ ခန့်အပ်ထားသော ဆရာမ(၆)ဦးတို့ဖြင့် မိဘမဲ့ကလေး၊ အသက်အရွယ်၊ အတန်းပညာအမျိုးမျိုး ကျား မ မူကြို (၁၄) ဦး၊ မူလတန်း (၁၁၆) ဦး၊ ပြည်

www.burmeseclassic.com

ကလေးငယ် (၆၆) ဦးတို့ကို မူလွန်ကျောင်းအဖြစ် သတ္တမတန်းအထိပညာသင်ကြားပေးနေပြီး အလယ်တန်းအဆင့် (၈၅)ဦး၊ အထက်တန်း (၄၃) ဦးတွင် (၉) တန်း (၂၈) ဦး၊ တက္ကသိုလ်ဝင်တန်း (၁၅) ဦးတို့ကို ပြည်မြို့ အ-ထ-က (၅) သို့လည်းကောင်း၊ တက္ကသိုလ်အဆင့် G.T.C (လက်ပံတန်း) (၂) ဦး၊ ပြင်ဦးလွင် စစ်တက္ကသိုလ်တွင် (၁) ဦးတို့ ပညာသင်ကြားနေပါသည်။ တက္ကသိုလ်တန်း ဖြေထားဆဲကျောင်းသားကျောင်းသူ (၂၁) ဦးရှိပါသည်။ ဤကျောင်းမှ ဘွဲ့ရကျောင်းသား (၂၅) ဦးရှိပြီး နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကာ ကျောင်းကို ပြန်လည်ပံ့ပိုးကူညီကြသည်ဟု သိရပါသည်။

နဝမတန်း၊ ဒသမတန်းကျောင်းသားကျောင်းသူများအတွက် လိုအပ်သည့်ဘာသာရပ်များအတွက် ကျူရှင်သင်ယူရန် ဆောင်ရွက်ထားရှိပါ၏။ ကျူရှင်ဆရာများမှာ (၉) တန်းအတွက် ဆရာ(၃)ဦး၊ တက္ကသိုလ်ဝင်တန်းအတွက် ဆရာ (၆) ဦး ဖြစ်သည်။ အချို့က စေတနာ့ဝန်ထမ်းအဖြစ် သင်ကြားပေး၏။ ဆရာမ (၆) ဦးနှင့် ကျူရှင်ဆရာ (၉) ဦးတို့အတွက် စရိတ် တစ်လ (၁၂) သိန်းကျော် ကုန်ကျလျက်ရှိပါ၏။

ပြည်မြို့ဇာတိဖွား ဆရာလေး ဒေါ်ဝဏ္ဏသီရိသည် ငယ်ဖြူသီလရှင်တစ်ပါး ဖြစ်ပါသည်။ ဝါတော် (၃၀)၊ သက်တော် (၄၉) နှစ်ရှိပါ၏။ ငယ်စဉ်က ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ခဲ့ပြီး အသက် (၂၂) နှစ်တွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်း သက်ဝင် ယုံကြည်ခဲ့၍ သီလရှင်ဝတ်လျက် ကျင့်ကြံအားထုတ်သင်ယူခဲ့ပါသည်။ ဆရာလေးသည် မြန်မာနိုင်ငံအနှံ့ ခရီးဆန့်ခဲ့သူဖြစ်၍ ဒေသန္တရဗဟုသုတနှင့် ပြည့်စုံပါသည်။ ခရစ်ယာန်ဘုရားကျောင်းအသင်းတော်များနှင့်ရင်းနှီးကျွမ်းဝင်ခဲ့သည့်အလျောက် အသင်းတော်များမှ မိဘမဲ့ကလေးများကို ကျွေးမွေးပြုစု စောင့်ရှောက် ပညာသင်ကြားပေးရင်း သာသနာပြုပုံကို လက်တွေ့ခံစားခဲ့သူဖြစ်၍ ဗုဒ္ဓဘာသာ၌လည်း ယင်းတို့ကဲ့သို့ မြန်မာနိုင်ငံအရပ်ရပ်ရှိ မိဘမဲ့ကလေးများ လူမျိုးမရွေး၊ ဘာသာမရွေး ကျွေးမွေးပြုစုပေးရလျှင် ယင်းကလေးများအား ဗုဒ္ဓဘာသာသနာအမွေပေးနိုင်လျှင် ရကောင်းနိုင်အံ့ဟု ယူဆလျက် သာသနာပြုနိုင်ရေးအတွက် သီလရှင်ပညာရေးကျောင်းကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါ



ကျောင်းအုပ်ဆရာလေး ဒေါ်ဝဏ္ဏသီရိမှ ဆုံးမစကားပြောကြား



ကနေဒါနိုင်ငံကမ္ဘာလှည့်များနှင့်အတူ ပရဟိတအဖွဲ့နှင့် ကျောင်းသူကျောင်းသားများ

သည်။

သီလရှင်ပညာရေးကျောင်းတွင် မိဘမဲ့ကလေးများ၏ စားဝတ်နေရေး၊ ပညာသင်ကြားရေးအတွက်များသာမက ၂၀၁၀- ၂၀၁၁ ပညာသင်နှစ်မှစတင်၍ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုအတွက် မေတ္တာမွန်အခမဲ့ဆေးခန်းကိုဖွင့်လှစ်ထားသည်။ ပြင်ပမှ လူမျိုးဘာသာမရွေး ဆင်းရဲနွမ်းပါးသော လူနာ(၃၀)ဦးကို နေ့စဉ်အခမဲ့ကုသပေးလျက်ရှိသည်။ ထို့ပြင် ပြည်မြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားပေါင်း (၂၀၀၀) ကျော်ကိုလည်း ၂၀၁၀- ၂၀၁၁ ပညာသင်နှစ်မှစ၍ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုနှင့် သွားကျန်းမာရေးစစ်ဆေးခြင်းဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရန်ကုန်မြို့ ခုနစ်စဉ်ကြယ်ပရဟိတအဖွဲ့မှ ဦးတင်ထွန်းအောင် ခေါင်းဆောင်သည့်အဖွဲ့ဝင် (၃၃) ဦးတို့သည် ကဆုန်လပြည့်နေ့တွင် ပြည်မြို့ ရွှေဆံတော်ဘုရား၊ အကောက်တောင်ဘုရား ရွှေဘုံသာမုနိဘုရားနှင့် သရေခေတ္တရာယဉ်ကျေးမှုပြတိုက်တို့ကို ဘုရားလည်ဖူး၊ လှူဒါန်းမှုလည်းပြုနှင့် ညနေပိုင်းတွင် ရတနာမဥ္ဇူရီ သီလရှင်သင်ပညာရေးကျောင်းသို့ ကြိုတင်ညှိနှိုင်းထားသည့် မိဘမဲ့ကလေးများအား လှူဒါန်းမှုအစုံပြုရန် ရောက်ရှိခဲ့ပါသည်။

ကျောင်းအုပ်ဆရာလေးဒေါ်ဝဏ္ဏသီရိ အမှူးပြုသော သီလရှင်ဆရာလေးများ၊ ဆရာ၊ ဆရာမများ၊ မိဘမဲ့ကျောင်းသားကျောင်းသူ စုစုပေါင်း (၃၀၀) ဦးတို့အတွက် ကဆုန်လပြည့်ကျော် ၁ ရက်နေ့ ၂၂-၅-၂၀၁၆ တွင် (အရုဏ်၊ နေ့လယ်ညစာ) တစ်နေ့တာဆွမ်းနှင့် ဆေးဝါးမျိုးစုံ၊ မုန့်မျိုးစုံ၊ စာရေးကိရိယာများနှင့် အလှူငွေစုစုပေါင်း ကျပ်သိန်း ( ကျော်ခန့်ကို ရေစက်သွန်းချလှူဒါန်း ကောင်းမှုကုသိုလ်ကို အမျှပေးဝေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ပိုင်းတွင်လည်း ကျောင်းသားကျောင်းသူလေးများအား ပရဟိတအဖွဲ့မှ ယဉ်ကျေးလိမ္မာသိမှတ်ဖွယ်ရာ အဖြာဖြာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး ပညာပေးဟောပြောသည်။ ထို့နောက် ဂီတာတီးခတ်ဖျော်ဖြေမှုအစီအစဉ်တွင် ပရဟိတအဖွဲ့သားအဖွဲ့သူများက သီဆိုခြင်း၊ ကျောင်းသူကျောင်းသားလေးများလည်း အပြန်အလှန်သီဆိုခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ကခုန်သီဆိုနေသည့်မြင်ကွင်းက မေ့ရက်နိုင်ဖွယ်ရာ မရှိပါ။

ထို့အပြင် သီလရှင်သင်ပညာရေးသင်တန်းကျောင်းကို ယနေ့ ၂၂ ရက်နေ့တွင် ကနေဒါနိုင်ငံမှ (၅) ဦး၊ ဂျပန်နိုင်ငံမှ (၁) ဦးတို့ ရောက်ရှိလာပြီး ကျောင်းအခြေအနေကို လေ့လာစူးစမ်း၍ လှူဒါန်းသွားကြသည်။ ထိုနည်းတူ မင်္ဂလာဆောင်မြတ်လက်ထပ်ပွဲမှ သတို့သား၊ သတို့သမီးမောင်နှံစုံ ကိုယ်တိုင်လာရောက်၍ ဆွမ်းခဲမုန့်အလှူဒါနပြုနေသည့်ပုံရိပ်ကလည်း ပန်းချီကားချပ်တစ်ချပ်အသွင်လှပနေပါသည်။

'မိမိနိုင်ငံ၏ ရင်သွေးငယ်များ မိဘမဲ့သည်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည်ဖြစ်စေ ဘာသာခြားလူမှုရေးအဖွဲ့အစည်းများထံသို့ရောက်ရှိပြီး အခြားဘာသာဝင်များဖြစ်သွားမည့် ဖြစ်ရပ်အသွယ်သွယ်တို့ကို မကျရောက်စေရေးအတွက် မိမိတို့ သီလရှင်သင်ပညာသင်ကြားရေးကျောင်းတည်ထောင်ရသည်မှာ အဓိကရည်ရွယ်ချက်ဖြစ်ပါကြောင်း'။

ခုနစ်စဉ်ကြယ်ပရဟိတအဖွဲ့သည် လေဘေး၊ ရေဘေး၊ မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘုရားပုထိုးများ၊ အခမဲ့ဆေးခန်းများ၊ နာရေးကူညီမှုအသင်းများ စသည်တို့ကို ဝတ္ထုပစ္စည်းအလှူငွေတို့ဖြင့် ကုသိုလ်ယူနေသည့်အဖွဲ့ဖြစ်ပါ၏။ အဖွဲ့တွင် လူကြီးလူငယ်၊ အလွှာစုံ၊ ဌာနပေါင်းစုံဝန်ထမ်းများ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာမ၊ ကုမ္ပဏီဝန်ထမ်းများနှင့် စီးပွားရေးစွမ်းဆောင်ရှင်များ ပါဝင်ကြပါ၏။


မိဘမဲ့ကျောင်းသူကျောင်းသားများ၏ ဘဝအလွှာအသီးသီးကလည်း စုံလင်လှပါသည်။ ဗမာ၊ ချင်း၊ ကရင်၊ ပလောင်၊ ကချင်၊ မွန်၊ ရခိုင်၊ ဟိန္ဒူ၊ မွတ်စလင်၊ တရုတ် စသည်ဖြင့် တိုင်းရင်းသားမျိုးစုံ၊ လူမျိုးပေါင်းစုံ (၁၆) မျိုးနွယ်တို့ ပါရှိနေပါသည်။ သီလရှင်သင်စာသင်ကျောင်းသည် လူမျိုးဘာသာမရွေး ကလေးများကို တန်းတူညီတူ ပြုစုယုယ ကျွေးမွေးစောင့်ရှောက်ပြီး ပညာသင်ကြားပေးနေပါသည်။ဗုဒ္ဓဘာသာသာသနာကိုအခြေခံသည့်ကျောင်း ဖြစ်သည့်အားလျော်စွာ ကလေးအားလုံး ဗုဒ္ဓဘာသာဝင်ဖြစ်လာကြပါသည်။ ထိုသို့ ဘာသာကူးပြောင်းမှုကို မိဘမဲ့ကလေးအဖြစ် လာရောက်အပ်နှံပို့ဆောင်သည့် အသင်းတော်နှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဆွေမျိုးများတို့မှလည်း သဘောတူခွင့်ပြုချက်ရထားပါသည်။

ယခုအခါ မိဘမဲ့ကလေး (၂၅၀) ကို လက်ခံ၍ ပြုစုစောင့်ရှောက်နေသော်လည်း ဆက်လက်၍ အသက် (၂) နှစ်မှ (၁၇) နှစ် အရွယ်အမျိုးမျိုး ကျား/မတို့အတွက် လက်ရှိကျောင်းဆောင်နှင့်မလုံလောက်သည့်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ခန့်မှန်းကျပ်သိန်း (၁၀၀၀) ကုန်ကျမည့် သုံးထပ်ကျောင်းဆောင်သစ်တစ်ဆောင်ဆောက်လုပ်နေဆဲဖြစ်ပါ၏။ ထို့ပြင် မေတ္တာမွန်အခမဲ့ဆေးပေးခန်းကိုလည်း အထွေထွေရောဂါကုသရေးအပြင် မျက်စိဝေဒနာရှင်များကိုပါ ခွဲစိတ်ကုသပေးခြင်းများပြုလုပ်နေပါသည်။

သို့ဖြစ်ပါ၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာလျက် ပညာသင်ကြားနေသော မိဘမဲ့ကလေးငယ်တို့၏အနာဂတ်နောင်ရေးကို မျှော်တွေးကြံဆထောက်မဖေးကူသဒ္ဓါဖြူဖြူဖြင့် ပါရမီမျိုးစုံကုသိုလ်အဖုံဖုံကိုပြုနိုင်ကြမည့် အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ထာဝရရပ်တည်ရန် ကြိုးပမ်းနေပါကြောင်း ဆရာလေး ဒေါ်ဝဏ္ဏာသီရိက ပြောပြပါသည်။

ဆက်လက်၍ မိမိနိုင်ငံ၏ရင်သွေးငယ်များ မိဘမဲ့သည်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည်ဖြစ်စေ၊ ဘာသာခြားလူမှုရေးအဖွဲ့အစည်းများထံရောက်ရှိပြီး အခြားဘာသာဝင်များဖြစ်သွားမည့် ဖြစ်ရပ်အသွယ်သွယ်တို့ကို မကျရောက်စေရေးအတွက် မိမိတို့သီလရှင်သင်ပညာသင်ကြားရေးကျောင်း တည်ထောင်ရသည်မှာ အဓိကရည်ရွယ်ချက်ဖြစ်ပါကြောင်း မြွက်ဟစကားကို မျှဝေဖော်ပြအပ်ပါသည်။

ဒေါက်တာမွှေးနံ့သာ



ဆွမ်းစားကျောင်းသို့အဝင်



ကနေဒါနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလအားဖြင့် ၁၉၅၃ ခုနှစ် နှောင်းပိုင်းကာလ ဖြစ်ပါသည်။

ခေတ်ပညာတတ်လူငယ်တစ်ဦး စပါးရိုးရွာတွင်ရှိလေ၏။ သူ၏ အမည် မောင်မောင်သောင်းဟု ခေါ်တွင်လေ၏။ မောင်မောင်သောင်းသည် ခေတ်ပညာနှင့်ပတ်သက်၍ ဘက်စုံကျွမ်းကျင်သည် အထိလေ့လာလိုက်စားသူ၊ သိပ္ပံနည်းကျ တတ်ပညာများနှင့်ခေတ်ရှေ့ပြေးသူလည်း ဖြစ်ပါသည်။ ထူးခြားဆန်းကြယ်သည့် မြန်မာ့ရှေးရိုးရာပညာရပ်ဖြစ်တစ်ခုသော အင်းကွက်ချနည်း၊ အင်းကွက်အသုံးပြုပုံ

# အောင်မြင့်ထွန်း (မသိုးလုံး)

# တစ်ခါကကြုံခဲ့ရသည့် အင်းဝိဇ္ဇာဆရာတော်ကြီး

ပြုနည်း အင်းကွက်၏ စွမ်းအင်တို့ကို လည်း ယုံကြည်စွာ လိုက်စားလျက်ရှိ၏။

ဘုရား၊ တရား ကြည်ညိုကြကာ ရတနာသုံးပါးကို မမေ့မလျော့ မပေါ့မဆ ဆည်းကပ် ပူဇော်လျက်ရှိကြကုန်သည့် ဝါသနာတူသူငယ်ချင်းသုံးဖော်တို့ကား မောင်မောင်သောင်း၊ ကုလားလေးခေါ် မောင်ညွန့်ခင်၊ ရှမ်းကပြား ကိုစစ်ကြုတ် ဆိုသူကား ရှမ်းပြည်နယ်ဘက်မှ အင်းကွက်ချနည်းပေါင်းများစွာ တီးမိခေါက် မိလျက် အင်းပညာရပ်များကို ရရှိလာခဲ့သူ ဖြစ်သည်။ အစွမ်းထက်အင်းများကို ရယူပိုင်ဆိုင်နိုင်ခဲ့ကြသည့် ရတနာသုံးပါး ကြည်ညိုသူတို့သုံးဦး ပေါင်းဖက်မိကြပါတော့သည်။

သူတို့နေထိုင်ကြသော စပါးရိုးရွာလေးကား စိုက်ပျိုးသီးနှံစုံထွက်ရှိရာ ဖွံ့ဖြိုးစည်ပင်သောရွာကလေး ဖြစ်လေ၏။ ကြည်လင်သော ချောင်းရိုးကလေးကို မေးတင်ကာ ရွာကိုတည်ထားကြ၏။ စိုက်ပျိုးရေးသုံးရေလုံလောက်စွာရရှိ၏။ စပါးရိုးရွာလေးတွင် ဆန်စပါး၊ ဘူး၊ ဖရုံ၊ သခွား၊ မြေပဲ၊ ကိုင်းငရုတ်တို့ ကောင်းစွာ ဖြစ်ထွန်းကြကုန်၏။ ချောင်းကြိုမြောင်းကြားသားငါးရှာဖွေစားသောက်သူအနည်းငယ်ရှိလေ၏။ အများအားဖြင့် ဘာသာရေး၊ သာသနာရေး စည်ပင်ထွန်းကားသည်။ စကားရိုးရွာလေးသို့ အကျင့်သီလ၊ သိက္ခာ၊ ပညာနှင့်ပြည့်စုံသည့်ဆရာတော်ကြီးများ၊ ဝိဇ္ဇာဓိုရ်ဆိုသည့် ပုဂ္ဂိုလ်ထူးကြီးများ ရောက်လာတတ်ကြကုန်၏။

ဘာသာရေးအလေးထားကြသော၊ လူမှုကျင့်ဝတ်နှင့် ညီညွတ်ကြကုန်သော ဒေသခံရွာသူရွာသားတို့သည် ဧည့်သည် ပုဂ္ဂိုလ်နှင့် အထိုက်အလျောက် လျော်ညီစွာ ဧည့်ဝတ်ပြုကြကုန်၏။ ဧည့်ဝတ် ကျေပွန်ကြသည့်စပါးရိုးကျေးရွာသူ ရွာသားများတည်း။

မောင်မောင်သောင်းတို့ သူငယ် ချင်းတစ်သိုက် ခေတ်ပညာ၊ အင်းပညာ ဆည်းပူးထားကြသူများ၊ ဂုဏ်တော်ပု ဂုဏ်၊ ဆေးပညာဂုဏ်၊ အင်းပညာဂုဏ် တို့နှင့်ပြီးပြည့်စုံကြလေ၏။ ထို့ကြောင့် ရွာထဲရှိ ဆင်းရဲ ချမ်းသာမရွေး အထူး သောပုဂ္ဂိုလ်တို့၏ဝေဒနာမျိုးစုံတို့ကို ပေးနိုင်ကြောင်း။ သူတို့သည် အင်းပ ရပ်များစွာကို လေ့လာလိုက်စားဖူး ၏။ သို့သော် အင်းကွက်ပညာ တို့ထက် ထူးကဲသာလွန်သော



www.burmeseclassic.com

www.burmeseclassic.com

သေအင်း' အစွမ်းကို ကြားဖူးရုံသာကြား ဖူးထားကြကုန်၏။

အ-ခလယ်သေအင်းရေးဆွဲခြင်း အတတ်ပညာကိုတော့ သူတို့အဖို့ လက်လှမ်းမမီကြသေးပါ။ စပါးရှိရွာ လေးသို့ အ-ခလယ်သေအင်းဆရာဆိုသူ များလည်း ရောက်ရှိလာတတ်ပါသည်။ မောင်မောင်သောင်းတို့သည် အ-ခလယ် သေအင်းဆရာများထံ ချဉ်းကပ်ကြ၏။ လှေလာကြ၏။ မောင်မောင်သောင်းတို့



[illegible] လှေလာရရှိသလောက်ကြိုးစားရ [illegible]၏၊ အင်းကွက်ချကြည့်ကြသည်။ [illegible]ယ်သေအင်းနှင့် ပတ်သက်၍ [illegible]ဆင်ခဲ့ချေတကား။

ခုံအင်း၊ နာမ်အင်း၊ ရတနာသုံး ပါး၊ ရတနာဒီပံအင်း၊ အထက်ဝိဇ္ဇာဂိုဏ်း ငယ်များထက် စုံစုံလင်လင်လှေလာတတ် ကျွမ်းခဲ့ကြ၏။ ထိုက်သင့်သလောက်စွမ်း ကြကုန်၏။ မောင်မောင်သောင်းတို့အား စပါးရှိရွာတင်မက အနီးဝန်းကျင်ရွာများ ကပင် အားကိုးသမှုပြုလာကြပါသည်။ မောင်မောင်သောင်းတို့အဖို့ အ-ခလယ် သေအင်းကိုမူ သူတို့ချမရ၊ သူတို့နှင့် အင်းရှာဖော်ရှာဖက်များလည်း မသိရှိ ရှာမရကြသေးပေ။

❑

ယနေ့သည် ရာသီဥတုကြည်လင် သာယာသောနေ့တစ်နေ့ဖြစ်ပါ၏။

စပါးရှိရွာသို့ ရာသီဥတုသာယာ သောထိုနေ့တွင် ဆရာတော်ကြီးတစ်ပါး ကြွရောက်လာ၏။ စက္ကူခြွေချထားဘိ ကဲ့သို့ ကန္တာရတည်ကြည်၏။ လေးဝေး မှန်မှန်ခြေလှမ်းများဖြင့် ကြွလာနေပါ သည်။ ရွာအဝင်လမ်းကြောင့် ဖြောင့်ဖြူး လေ၏။ သစ်ပင်ကြီးငယ် စိမ်းစိမ်းစိုစို တို့က အေးမြသောအရိပ်ဖြင့်ကောင်းကြိုး ကြိုဆိုနေသည်။ ခရီးဝေးမှလာသော ဆရာတော်ကြီး အမောပြေတန်ကောင်း ၏။ ဆရာတော်ကြီးသည် စပါးရှိရွာ နယ်မြေသို့ ချင်းနင်းဝင်ရောက်မိသည်နှင့် ပရိတ်ရွတ်၊ မေတ္တာပို့လာခဲ့သည်။ ဆရာ တော်ဘုရားကြီး၏ ကိုယ်နေဟန်ထားမှာ အသားညိုညို၊ ထောင်ထောင်မောင်း မောင်း၊ နုတ်ပေါ်ပေါ်နှင့်ဖြစ်၏။ ဆရာ တော်ကြီးအား တွေ့မြင်လိုက်ရ သည်နှင့် ကြည်ညိုဖွယ်အဆင်း ရှိလေ၏။

စပါးရှိရွာ၏ရွာဦးရွာထိပ် ရှိ အရိပ်ကောင်းသော ညောင် ပင်ကြီး၏အောက်တွင် နတ်စင်ရှိလေ ၏။ ဆရာတော်ကြီးက ထိုနတ်စင်ရှိ ပုဂ္ဂိုလ်အား ဦးစွာမေတ္တာပို့ပေးပါသည်။ မေတ္တာပို့ပြီးနောက် ဆရာတော်ကြီးသည် စပါးရှိရွာအရှေ့ပိုင်းမှ ရွာထဲသို့ဝင်လာ ခဲ့ပါသည်။ ခရီးတာမဝေးလှသောနေရာ အရောက် ရွာဦးကျောင်းသို့ ရောက်ရှိ လေတော့၏။ ရွာဦးကျောင်းထိုင်ဆရာ တော်ဘုရားကြီးကား ဦးသာသနာဘွဲ့ တော် အမည်ရှိ၏။ အာဂန္တုဘုန်းတော် ကြီးသည် ကျောင်းပေါ်သို့တက်သော လှေကားအတိုင်း တက်လာခဲ့လေသည်။ ဘုန်းကြီးကျောင်းမှာ ခြေတံရှည် ကျောင်း ဖြစ်ပါသည်။

ကျက်သရေခန်းရှေ့ ပြတင်းပေါက်အနီးမှာ ကြေး ကွမ်းအစ်ကြီးအဖော်ပြုလျက် ဆရာတော်ဦးသာသနာ ကွမ်းစား ရန် ကွမ်းသီးစိတ်နေပါ၏။ ဆရာတော် ဦးသာသနာ ကွမ်းစားရန် ကွမ်းသီးစိတ် နေရာမှ ကျောင်းပေါ်သို့ရောက်ရှိလာ သော အာဂန္တုကိုယ်တော်ကို မြင်တွေ့ သွားလေ၏။ ဦးသာသနာက အာဂန္တု ကိုယ်တော်ကြီးကို ခရီးဦးကြိုဆိုလိုက် ပါသည်။

ဆရာတော်နှစ်ပါးတို့ ဘုရားခန်း ရှေ့တွင် ပဋိသန္ထာရစကားဆိုကြကုန်၏။

"ဘယ်အရပ်ကကြွလာပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျန်းခန့်သာလို့မာပါလော"

"ကောင်းစွာ တရားအားထုတ်နိုင်ပါရဲ့လား"

"ကျန်းမာပါစေ၊ ချမ်းသာပါစေ"

ပဋိသန္ထာရစကား မိတ်ဆက်ကြပြီးနောက် ဧည့်သည်အာဂန္တုကိုယ်တော်ကြီးက -

"ဆရာတော့်ရွာထဲမှာ ထူးတဲ့သူတွေရှိနေပါလား။ သာသနာတော်လည်း ကြည်ညိုကြကုန်တယ်။ အရှင်ဘုရားဆိုရင်လည်း ရပ်ထဲရွာထဲက ဒကာ၊ ဒကာမတွေကို ဆုံးဖြတ်သြဝါဒပေးပြီး စောင့်ရှောက်ထားတာပဲ။ မေတ္တာအမြဲပို့ပေးနေတယ်လို့ တပည့်တော်သတင်းတွေကြားနေရပါတယ်။ အဲဒီကတည်းက တပည့်တော် ဒီရွာကိုလာချင်တဲ့ဆန္ဒပြင်းပြလာခဲ့တယ်။ တပည့်တော်တို့ ရေစက်ဆုံလို့ ဒီရွာကိုတော့ဖြင့် ရောက်လာခဲ့ရပြီပေါ့"

"အိမ်း - သာဓု၊ သာဓု၊ သာဓု"

ယခု စပါးရိုးရွာသို့ ရောက်လာသောဘုန်းတော်ကြီးသည် ရဟန်းဘွဲ့တော်အမည် တိမ်မြုပ်ပျောက်ကွယ်နေပါ၏။ ဒကာ၊ ဒကာမများ၏ ကြည်ညိုသမှု အထူးပြုခေါ်ဝေါ်သမုတ်ကြသည့် ဘွဲ့အမည်ကား 'ဆရာတော်ကြီးပတ်သံကွင်း' ဟုသာ အမည်သညာတွင်ခဲ့ပါ၏။ ပတ်သံကွင်းဆရာတော်ကြီးဟု သိလိုက်ရသည်နှင့် ဦးသာသနာ ဝမ်းမြောက်ရပါတော့သည်။ ထိုဆရာတော်ကြီးကား သကြားဟင်းအိုးရွာမှ အင်းဝိဇ္ဇာဆရာတော်ကြီးအဖြစ် ထင်ရှားလေ၏။

အင်းပညာရပ်တွင် ပညာစွမ်းအလွန်ထက်မြက်သော ဆရာတော်ကြီးဖြစ်ချေ၏။ ထိုဆရာတော်ကြီးသည် လောကုတ္တရာပညာကျမ်းဂန်နှင့်တကွ လောကီပညာရပ်များပါ တတ်ကျွမ်းသည်ကို တပည့်များက သိရှိနေကြပါသည်။ ဓာတ်ဗိန္ဒော၊ ပယောဂ စသည်တို့ကို အမိန့်တော်ဖြင့် ကုသနိုင်ပါ၏။ ရောဂါကုကျွမ်းကျင်သောဆရာတော်ကြီးဟု ကျော်ကြားနေပါသည်။ စပါးရိုးရွာဦးကျောင်းဆရာတော်ဦးသာသနာသည် စာပေပရိယတ္တိကို ကျွမ်းကျင်နှံ့စပ်သည့်အပြင် ပြုစားဖမ်းစား၊ စုန်း၊ နတ်၊ ကဝေ ပယောဂများနှင့် ပိုးအန္တရာယ် (အဆိပ်ရှိသော မြွေအန္တရာယ်) နှင့် ကြုံရသည်တို့ကို စွမ်းစွမ်းတမံ ကယ်မနိုင်သည်။ ဆရာတော်ဦးသာသနာသည် အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ပြုံးရွှင်သောမျက်နှာအထားအထူးရှိချေ၏။

ဆရာတော်ကြီးနှစ်ပါး သာသနာရေး၊ ဘာသာရေး၊ လောကီဝိဇ္ဇာပညာရပ်များကြောင်း ဆွေးနွေးကြကုန်၏။ စိတ်စေတနာဖြူစင်သန့်ရှင်းကာ ကူညီလိုစိတ်ရှိကြလေရကား ဆရာတော်ကြီးနှစ်ပါးတို့သည် မိမိတို့တတ်မြောက်ကျွမ်းကျင်သည့်ပညာရပ်များ ဖလှယ်ကြကုန်၏။ သံယာစစ်သံယာမှန်သံယာ့မိတ်ဆွေ ဆရာတော်ကြီးများ ဖြစ်ကြလေသည်။ ဆရာတော်ကြီးပတ်သံကွင်း၏ ဂုဏ်သတင်းများကြားဖူးကြောင်း ဦးသာသနာ လျှောက်ထားလေ၏။

"ဆရာတော်ကြီးရဲ့ ဂုဏ်သတင်းတွေကိုလည်း တပည့်တော်ကြားဖူးခဲ့တာကြာပါပြီ အရှင်ဘုရား"

ဆရာတော်ကြီးနှစ်ပါးတို့၏တစ်ဦး၏ဂုဏ်သတင်းကို တစ်ဦးကြားနေကြရသော်လည်း ဆရာတော်နှစ်ပါးတွေ့ဆုံခွင့်ဝေးကွာနေခဲ့ကြ၏။ ရေစက်ဆုံသည့်အခိုက်မှသာ မလွဲမသွေရင်းနှီးခင်မင်ခွင့်ရကြလေ၏။ ဆရာတော်ကြီးနှစ်ပါးတို့ တွေ့ဆုံခိုက် ဘာသာရေး၊ သာသနာရေး၊ လောကီလောကုတ္တရာအရေးတို့ကို နှစ်ထောင်းအားရစွာ ဆွေးနွေးတိုင်ပင်ကြ၏။ ဆွေးနွေးကြသည့် အကြောင်းအရာစုံထဲမှ အင်းဝိဇ္ဇာပထမံလမ်းစဉ်အကြောင်းများလည်း ပါဝင်ခဲ့ပါသည်။

ဆရာတော်ဦးသာသနမှ -

"ဆရာတော်ကြီးဘုရား၊ အင်းဝိဇ္ဇာအကြောင်းနဲ့ ပတ်သက်ပြီးတော့ကာ အ-ခလယ်သေအင်း ဆိုတာကို တပည့်တော် ကြားဖူးနားဝရှိခဲ့ပါတယ် ဘုရား။ အင်းအကြောင်းလက္ခဏာနည်းနိဿယကျွဒ်ပါဒ်နဲ့ပတ်သက်ပြီး နည်းနာမသိရှိပါ။ ကြားသာကြားဖူးပါတယ်။ အရှင်ဘုရားပြည့်စုံမှုရှိက တပည့်တော်သိလိုပါတယ် အမိန့်ရှိပါဘုရား"

ဦးသာသနာ၏လျှောက်ထားချက်ကို နားထောင်ရင်း ဆရာတော်ကြီးပတ်သံကွင်းပြုံးနေပါ၏။ ဆရာတော်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ဦးသာသနာကို အောက်ပါအတိုင်း ပြန်လည်လျှောက်ထားလေသည်။

"ဒီလိုပါဘုရား၊ တပည့်တော် ဒီကိုကြွလာခြင်းမှာ အရှင်ဘုရားအကြောင်းလည်းကြားဖူးတယ်။ တွေ့လည်းတွေ့ဖူးချင် ပါရမီလည်းဖြည့်ချင်လို့ပါ။ အရှင်ဘုရားတို့ရွာမှာ သာသနာရေး၊ ဘာသာရေး၊ ဆေးဝါး၊ အင်း၊ မန္တန်အကြောင်းစူးစမ်းပြီး ကြိုးပမ်းနေကြတဲ့လူငယ်တစ်စုရှိနေတာကိုလည်းတွေ့ချင်လို့ လာခဲ့ပါတယ်"

ဟု ပြန်လည် လျှောက်ထားလိုက်ပါသည်။

ဤတွင် ဆရာတော်ဦးသာသနာ အံ့အားသင့်ရလေပြီ။ ဆရာတော်ကြီးပတ်သံကွင်းအား အံ့သြကြည်ညိုစွာ စူးစမ်းအကြည့်ဖြင့် ကြည့်မိသည်အထိဖြစ်ရလေသတည်း။ ဆရာတော်ကြီးပြောသည့် လူငယ်တစ်စုတို့မှာ ဆရာတော်ကြီးဦးသာသနာ၏ မျက်ဝန်းရိပ်တွင် ရွာထဲမှ မောင်မောင်သောင်း၊ ကုလားလေးခေါ် မောင်ညွန့်ခင်နှင့် ကိုစစ်ကြည်တို့၏ ပုံရိပ်များ ကွက်ခနဲပေါ်လာပါတော့၏။

"မှန်ပါ့ဘုရား"

ဦးသာသနာ၏ စိတ်အတွေးဝယ် မောင်မောင်သောင်းတို့ ဆရာစစ်ဆရာမှန်ကိုတွေ့ချိန်ရောက်လေပြီဟု အတပ်သိလိုက်ပါတော့၏။ ဆရာတော်သည် ကျောင်းသားလေးတစ်ယောက်ကို ခေါ်လိုက်၏။ ထိုကျောင်းသားလေး ရွာထဲမှ မောင်မောင်သောင်းတို့အဖော်သုံးဦးကို သွားရောက်ရှာဖွေ၍ ကျောင်းသို့ခေါ်လာခဲ့ရန် အသေအချာမှာကြားလိုက်တော့သည်။ ကျောင်းသားကလေးက သွက်သွက်လက်လက်ဖြင့် အမြန်ခေါ်လာနိုင်ခဲ့ပါ၏။ မောင်မောင်သောင်းနှင့် ကိုစစ်ကြည်တို့ အရင်ဦးဆုံး ရောက်ရှိလာကြပါသည်။

မောင်မောင်သောင်းတို့က ဆရာတော်နှစ်ပါးကို ပျပ်ဝပ်ရိုကျိုးစွာ ဦးချကန်တော့ကြလေ၏။ သူတို့ဝါသနာထုံလေ့လာလိုက်စားနေကြသည့် ပညာရပ်များထဲမှ သိလိုသည်များကို စုံစေ့အောင် မေးမြန်းကာလျှောက်ထားကြပါသည်။ ဆရာတော်ကြီးကလည်း သူတို့မေးသမျှကို စိတ်ရှည်လက်ရှည်ဖြင့် ပြည့်စုံစွာ ရှင်းလင်းပြောပြပေးပါ၏။ ဆေးဝါး၊ မန္တန်၊ သိဒ္ဓိ၊ အင်းပညာအကြောင်းတို့ကို နက်နက်ရှိုင်းရှိုင်း ဆွေးနွေးတိုင်ပင်ကြလေသည်။

ဆရာတော်ကြီးက သူတို့ကျေနပ်သည်အထိ ရှင်းပြနိုင်ခဲ့ပါ၏။

❑

ဆရာတော်ကြီးပတ်သံကွင်းနှင့် မောင်မောင်သောင်းတို့ ဆွေးနွေးနေစဉ်အချိန် -

"ဒုန်း. . . ဒုန်း. . . ဒုန်း"

ကျောင်းပေါ်သို့ ဒရောသောပါး ပြေးတက်လာသံကိုအထိတ်တလန့်ကြားလိုက်ကြရသည်။ သူတို့၏ စူးစမ်းသော



www.burmeseclassic.com

www.burmeseclassic.com

အကြည့်များ ကျောင်းတံခါးမကြီးမှ ပြေးဝင်လာသူထံသို့ စုပြုံရောက်ရှိသွားကြလေ၏။

"ဟာ - ကုလားလေးပါလား"

သူတို့ အံ့အားသင့်မှင်တက်မိကာ ခေတ္တတိတ်ဆိတ်သွားလေ၏။ ကုလားလေးသည် မျက်စိမျက်နှာပျက် ရင်ဖိုထိတ်မောလျက် လူအများကြီး၏ကြားထဲသို့ တိုးဝင်လာခဲ့၏။

"ဟေ့ကောင်၊ ဘာဖြစ်လာတာလဲ"

မောင်မောင်သောင်းက သူငယ်ချင်းကို အလျင်စလိုပင် မေးလိုက်ပါသည်။ ကုလားလေးမောနေရှာ၏။ မောင်မောင်သောင်းမေးသည်ကို ဖြေကြားနိုင်ခြင်းမရှိသေးပါ။ ကုလားလေးက သူ၏ညာဘက်တံတောင်ဆစ်ကို အသာအယာ ဖွတ်လျက်ရှိသည်။ ကုလားလေး၏ မျက်နှာရှုံ့မဲ့လျက် ကြောက်ရွံ့နေသည့် အသွင်လည်း ပေါ်လွင်နေပါသည်။ ကုလားလေးသည် ဆရာတော်ဘက်သို့ မျက်နှာမူထိုင်နေသော်ငြား သူ၏နောက်က တစ်စုံတစ်ရာလိုက်လာနေသည့် အလား သမင်လည်ပြန်လှည့်ကြည့်လှည့်ကြည့်နှင့် ဂနာမငြိမ်ဖြစ်နေလေသည်။ နှုတ်မှလည်း 'အောင်မလေး၊ အောင်မလေး' ဟု ညည်းညူနေပါ၏။

ဆရာတော်ကြီးပတ်သံကွင်းသည် အပေါ်သို့ မော့ကြည့်ကာပြုံးလျက် -

"ကျယ်ကျယ်ပြောကွာ၊ ဆရာတော်က နားလေးတယ်ကွ။ ဩော် - ဟုတ်လား ဒီလိုလား"

ဟု ပြောကာ ရယ်လျက် ခေါင်းညိတ်လိုက်တော့သည်။

ဆရာတော်ကြီးက ကုလားလေးကို -

"ဒကာလေး၊ ဘာဖြစ်တာလဲကွ"

"တပည့်တော်ကို ဆရာတော်ကြီး ခေါ်တယ်ဆိုလို့ အပြေးလာခဲ့တာ။ ကျောင်းရှေ့နားက ထန်းပင်အရောက် တပည့်တော်တံတောင်ဆစ်ဘာနဲ့ထိတယ်မသိပါဘူးဘုရား။ ပူသွားတာပဲဘုရား"

"အေးကွယ်-မင်းရဲ့တံတောင်ဆစ်နာတာပေါ့။ မင်းသူငယ်ချင်းလေကွာ၊ ဟိုလူညို အေးမှတ်လို့ပြောနေတယ်ကွ။ မင်းရဲ့ သူငယ်ချင်းတဲ့။ သိပ်ခင်တာပဲလို့ ပြောတယ်။ မင်းသူငယ်ချင်း အေးမှတ်ဆိုတာ အသားကညိုညို၊ အရပ်က ပုပုနဲ့ ဆေးပြင်းလိပ်သိပ်ကြိုက်တာ ဟုတ်တယ်မို့လား မင်းသိပါတယ်။ အဲဒါ သူက ဆေးပြင်းလိပ်ကြီးခဲလို့ကွ။ မင်းကို သူကထန်းပင်အောက်အရောက်မှာ ကြောင်ပြီးတော့ ဆေးလိပ်မီးနဲ့ထိုးလိုက်တယ်လို့ပြောနေတယ်။ သူက ငါ့ကိုပြောသွားတယ်။ တပည့်တော်ဟာ ပိုးထိလို့ဆုံးသွားတဲ့အေးမှတ်ပါတဲ့ ဟုတ်လားကွ"

ကုလားလေး ပါးစပ်ဟောင်းလောင်းဖြစ်ရလေ၏။ ကုလားလေးနည်းတူ ကျန်လူများလည်း ဆရာတော်ကြီးအား အံ့ဘနန်းဖြစ်ကြရကုန်၏။ ကုလားလေးသည် ပိုးထိ၍ဆုံးသွားရှာသော သူငယ်ချင်းအေးမှတ်ကို သတိရလာ၏။ သူ၏ သူငယ်ချင်း အေးမှတ်သည် ဆေးပေါ့လိပ် (ရှမ်းဖက်ဆေးလိပ်) ကို ပေါ့သည်ဆိုကာ ဆေးရွက်ကြီးဖြင့်လိပ်သည့် ဆေးပြင်းလိပ်ကိုမှ မက်မက်စက်စက် ဖွာရှိုက်သူဖြစ်၏။ ကုလားလေး ကောင်းစွာ သဘောပေါက်လိုက်ပါပြီ။ ခင်မင်ရသော သူငယ်ချင်းအေးမှတ်က လူ့ဘဝ တုန်းက သူ့ကို ဆေးပြင်းလိပ်မီးနှင့်ထိုးဟန်ပြု၍ အမြဲနောက်ပြောင်လေ့ရှိ၏။ ကုလားလေးကလည်း လွတ်အောင်ပြေးလေ့ရှိသည်။ အေးမှတ်က စရန်နောက်ပြောင်ရန်သာ ပြုမူလေ့ရှိ၏။ သူတစ်ထူးကို နာကျင်စေလိုသည့်စိတ်လုံးဝမထားရှိချေ။

ဘဝခြားကာမှ အဘယ်သို့ပြုမူလိုက်လေသနည်း။

ဩော် - သူငယ်ချင်း၊ သူငယ်ချင်း ခင်မင်တွယ်တာလွန်းတဲ့စိတ်နဲ့၊ သူဟာ အေးမှတ်ပါလို့သိစေလိုတဲ့ဆန္ဒနဲ့ လူ့ဘဝ တုန်းက အမှတ်ရဆုံးအချက်ကို သက်သေပြလိုက်တာလား သူငယ်ချင်းရယ်။

ကုလားလေးသည် ဆရာတော်ကြီး ပြောပြရှင်းပြလေမှ သူငယ်ချင်း အေးမှတ်ဖြစ်ကြောင်း သိရှိလိုက်ရ၏။ ဆရာတော်ကြီးကို အထူးတလည် ကျေးဇူးတင်မိပါတော့သည်။ အမှန်တကယ်ဖြစ်စဉ်မှာလည်း ကျန်ခဲ့သော တစ်လခွဲခန့်က စပါးရိုရွာအနောက်ပိုင်းတွင် မောင်အေးမှတ် ပိုးထိဆုံးပါးသွားခဲ့ပါသည်။ အေးမှတ်နှင့်ကုလားလေးတို့ အလွန်ခင်သော လည်ပင်းဖက်သူငယ်ချင်းများဖြစ်ကြသည်။ ဆရာတော်ကြီးက ထိုဖြစ်ရပ်ကို ကွက်ကွက်ကွင်းကွင်း ပွင့်လင်းစွာ သိရှိပြောပြနိုင်စွမ်းသော စွမ်းရည်မြင့်မားလေသည်တကား။

ဆရာတော်ကြီးနှင့် မောင်မောင်သောင်း၊ ကိုစစ်ကြည်တို့ ယနေ့အဖို့ ဆွေးနွေးပြောဆိုနေကြသော စကားဝိုင်းပြီးဆုံးသွားပြီးဖြစ်လေ၏။ အားလုံးထပြန်ကြတော့မည့်အချိန်ရောက်လေသော် -

ကုလားလေးအဖို့ ဆရာတော်ကြီးကို ထပ်မံ အံ့အားသင့်ရဦးမည့်အခြေအနေသို့ ဆိုက်ရောက်လာပြန်တော့၏။ ပရိသတ်များ ကျောင်းပေါ်မှ အလျှိုအလျှိုဆင်းပြန်ကြကုန်သည်။ ကျန်နေသောသူကား ကုလားလေးဖြစ်တော့၏။ ကုလားလေးသည် ဆရာတော်ကြီးကို လက်အုပ်ချီမိုးကာ စိုးရွံ့နေသည့် အမူအရာဖြင့် ထစ်ထစ်ငေါ့ငေါ့လျှောက်ထားလေသည်မှာ -

"တ. . . တပည့်တော် မ. . . မပြန်ဝံ့တော့ဘူးဘုရား"

ဆရာတော်ကြီးက ပြုံးလျက် ခေါင်းကိုမော့လိုက်ပြီး -

"အေးပါကွာ၊ ငါပြောလိုက်မယ်"

ဟု ဆိုလေသဖြင့် ကုလားလေးက မဝံ့မရဲလျှောက်ထားလိုက်၏။

"ဘယ်. . . ဘယ်လိုအကြောင်းများလဲဘုရား။ တပည့်တော်ကို အမိန့်ရှိတော်မူပါ"

"ဒီလိုကွ၊ အေးမှတ်ကို ငါက ကုလားလေး မင်းကိုကြောက်လို့ မပြန်ရဲဘူးလို့ပြောနေတယ်လို့ ငါကပြောတော့ အေးမှတ်က အေးအေးဆေးဆေးသာပြန်ပါ။ သူကဘာမှမလုပ်ပါဘူးလို့ ပြောတယ်။ ဒါကြောင့် ကုလားလေးရေ သူက ငါ့ကို ကတိပေးထားတာမို့ မင်း အေးအေးဆေးဆေး ပြန်နိုင်ပါပြီကွာ"

ကုလားလေးသည် ဆရာတော်ကြီးထံမှ ကြားရသောစကားကြောင့် ဝမ်းသာ ပျော်ရွှင်မိပါတော့သည်။ ကုလားလေးသည် ဆရာတော်ကြီး၏ စကားကို ခိုင်မာစွာယုံကြည်သည်နှင့် ထန်းပင်အောက်မှပင် ရဲရဲတင်းတင်း ပြန်လာခဲ့တော့သည်။ ချီးချီးချွတ်ချွတ် အသံမျှပင် မကြားရတော့ပါ။ မည်သည့် အနှောင့်အယှက်မျှ မခံစားရဘဲ အိမ်သို့ ချောချောမောမော ပြန်လည်ရောက်ရှိခဲ့ပါသည်။ သမာဓိတည်ကြည်သော ဆရာတော်ကြီးပတ်သံကွင်း၏ စွမ်းရည်က အံ့မခန်းပါတကား။

❏

ဆရာတော်ကြီး ပတ်သံကွင်း၏ မွေးပျံ့သောသတင်းက စပါးရိုတစ်ရွာလုံး ပျံ့နှံ့လေကုန်၏။ ရွာသူရွာသားတို့သည် ဆရာတော်ကြီးအား ကြည်ညိုသဒ္ဓါစိတ်ပွားကာ ရွာဦးကျောင်းသို့လာရောက် ဦးခိုက်ပူဇော်ကြကုန်၏။ ဝေဒနာရှင်



www.burmeseclassic.com

www.burmeseclassic.com

အချို့ရောက်လာကာ ဆေးကုသမှုခံယူကြသည်။ ဆရာတော်ကြီးက စေတနာမေတ္တာအရင်းခံကာ ဆေးကုသပေးပါသည်။ ဝေဒနာရှင် ရွာသူရွာသားတို့ ချမ်းသာရာရကုန်ကြသည်။ ဆရာတော်ကြီးက ဆေးကုသပေးသည်ဆိုသော်လည်း ဆေးမှုန့်တစ်မှုန့်တလေမျှ အသုံးပြုခြင်းမရှိ။ ဆရာတော်ကြီး၏ဆေးကုသနည်းမှာ အင်းချပ်ကိုသာအသုံးပြု၍ ဆေးကုသပေးသောနည်းပါတကား။ မိုင်းကိုင်စက္ကူတွင်အင်းချ၍ကုသပေးသည်။

စပါးရိုကျေးရွာ၌ ဆေးကုသပေးခဲ့သည့် ဖြစ်ရပ်များစွာထဲမှ ထင်ရှားသောကိစ္စရပ်တစ်ခု စာရှုသူတို့အား သိစေလိုသောဆန္ဒပေါ်ပေါက်ခဲ့ပါ၏။ ထိုထူးကဲဖြစ်ရပ်ကို တင်ပြရသည်ရှိသော် -

ရွာထဲရှိ ဝေဒနာသည်မျိုးစုံထဲမှ ရွာဦးကျောင်းသို့ မကြည်ကြည်မြင့်ဆိုသော မိန်းကလေးနှင့် မိန်းကလေး၏ မိခင်ဆိုသူတို့ ရောက်ရှိလာကြလေ၏။ နှစ်ဦးသား အတူလျှောက်လာသူတို့အထဲမှ မည်သူဝေဒနာသည်ဖြစ်လေသနည်း။ သာမန်လူတို့အနေဖြင့် ခွဲခြားရန်ခက်ခဲလေ၏။ သို့သော် ဆရာတော်ကြီးက ယခုရောက်ရှိလာသူနှစ်ဦးတွင် မကြည်ကြည်မြင့်က ဝေဒနာသည် ဖြစ်ကြောင်း အတပ်သိလေ၏။ မည်သို့ကုသပေးရမည်ကိုလည်း အစဉ်းသိဖြစ်ပါတော့၏။ ဆရာတော်ကြီးက အပြောနှင့်မဟုတ်၊ အလုပ်နှင့် သက်သေပြရမည်ဖြစ်သည်။ လူနာရှင်၏ လျှောက်ထားတင်ပြချက်တို့ကို အသေအချာ ဂရုပြုနားထောင်၏။

မကြည်ကြည်မြင့်၏ မိခင်က ဆရာတော်ကြီးကို အောက်ပါအတိုင်း လျှောက်ထားလေ၏။

"အရှင်ဘုရား၊ တပည့်တော်ရဲ့ သမီးလေးမှာ ဝေဒနာတစ်ရပ်စွဲကပ်လျက်ရှိနေပါတယ်။ သူဟာ နေ့တိုင်း တမှိုင်မှိုင်တထွေထွေနဲ့နေပြီး ငိုဟယ်ရယ်ဟယ်ဖြစ်နေတတ်ပါတယ် ဘုရား။ တပည့်တော်တို့သားအမိ ညညအိပ်ပြီဆိုရင် မထင်မရှားနဲ့ လူရိပ်သဏ္ဌာန်ခြင်ထောင်ထဲဝင်လာသလိုမျိုး ခံစားရတတ်ပါတယ်။ ပယောဂဆရာမျိုးစုံနဲ့ ကုသပေးပေမယ့် မပျောက်ကင်းပါ အရှင်ဘုရား။ တပည့်တော်သမီးရဲ့ဒုက္ခကို ကယ်မပေးသနားတော်မူပါဘုရား"

မကြည်ကြည်မြင့်၏မိခင်လျှောက်ထားပြီးသည်နှင့် ဆရာတော်ကြီး၏ ဦးခေါင်းမော့လာ၏။ ဆရာတော်ကြီးက မည်သူ့ကိုပြောမှန်းမသိသောစကားလုံးများကို သူတစ်ပါးတည်းပြောနေလေ၏။ ဆရာတော်ကြီးပြောသော စကားလုံးများမှာ -

"အေးကွယ် ဟုတ်လား။ အင်း အင်း - သိပါပြီ။ ဆရာတော်ရှင်းပေးပါ့မယ်"

ဟု ပြောနေပါ၏။

ဆရာတော်ကြီး စကားပြတ်သွားသောအချိန် မိန်းကလေး၏မိခင်က -

"ဘယ်လိုအကြောင်းများလဲဘုရား။ ဆရာတော်ကြီးအမိန့်ရှိတော်မူပါ"

"ဒကာမကြီး၊ ဒကာမကြီးသမီးမှာ အစွဲအလမ်းတစ်ခုဖြစ်နေတယ်ကွယ့်။ ဖြစ်ပုံက ဒီလိုဒကာမကြီးရေ။ ဒကာမကြီး သမီး (၁၃) နှစ်အရွယ်က ဘုရားပွဲတော်တစ်ခုကိုသွားခဲ့တယ်။ အဲဒီဘုရားပွဲမှာ သူ့ကို မေတ္တာရှိနေတဲ့လူငယ်လေးတစ်ဦးနဲ့ ဆုံမိကြတယ်။ အဲဒီလူငယ်နဲ့ မေတ္တာမျှ သံယောဇဉ်ငြိတွယ်ခဲ့ကြတယ်။ အဲဒီလူငယ်က တစ်နေ့တော့ မိဘတွေနဲ့ လာပြီးတောင်းရမ်းမယ်လို့ ကတိပေးသွားတယ်။ အဲဒီလူငယ်က တခြားရွာကပါ။ လူငယ်လေးပြန်သွားပြီး (၁၅) ရက်အကြာမှာ ထိုသူငယ်ဖျားနာပြီး အနိစ္စရောက်ရှာတယ်။ ဒကာမကြီးသမီးကို စွဲလမ်းလေတော့ လာရောက်ကပ်နေတယ်ကွယ့်။အဲဒီလူငယ်က သူတို့ကိုမခွဲပါနဲ့ဘုရားလို့ လျှောက်ထားနေတယ် ဒကာမကြီး။ ဒကာမကြီးသမီးကို မေးကြည့်ပါ။ လူငယ်ကလေးကတော့ ဒကာမကြီးမသိအောင် ဒီကိစ္စကိုထိမ်ချန်ထား တာပါတဲ့"

ထိုအခါ မိခင်သည် ထိတ်ထိတ်ပျာပျာဖြစ်လာကာ -

"အခုပြောနေတာတွေ ဟုတ်လား သမီး"

"ဟုတ်ပါတယ် အမေ"

မကြည်ကြည်မြင့်က မိခင်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရိုးသားစွာ ဝန်ခံလိုက်ပါတော့သည်။ သမီးကိုယ်တိုင်က ဟုတ်မှန်ကြောင်း ဝန်ခံလာသောအခါ ဆရာတော်ကြီးက သားအမိနှစ်ယောက်ကို ထပ်မံ၍အောက်ပါအတိုင်း မိန့်ကြားလေ၏။

"အဲဒီတော့ ဒီကိစ္စမှာ ဒကာမကြီးအနေနဲ့ရော. သမီးကရော သဘောတူသလား၊ ကန့်ကွက်လိုပါသလား။ မခွဲလိုကြပါဘူးဆိုရင်တော့ သမားတော်ဖြစ်တဲ့ ဆရာတော်ကြီးအနေနဲ့ ကုမပေးကောင်းဘူး။ မကုအပ်ဘူးပေါ့ကွယ်။ ဒကာမတို့ရဲ့ဆန္ဒကို ရှင်းရှင်းလင်းလင်းပြော[...] စမ်းကွယ်လို့"

မိခင်က မလိုလားကြောင်း ဆ[...] တော်ကြီးကို ချက်ချင်းလျှောက်ထား[...] ပြီ ဖြစ်လေသည်။ သမီးငယ်မှာ အ[...] နုနယ်လေရကား လျှောက်ထား[...] သည်ကို ချီတုံချတုံဖြစ်နေရှာ၏။ သူ[...] ခမျာ ပြောရခက်နေလေ၏။ သူမသ[...] အပြောရခက်သော မျက်နှာငယ်[...] ဖြင့် မိခင်၏မျက်နှာကိုကြည့်နေရှာ[...] မိခင်က သမီးကို ကြင်နာသနားပါသေ[...] လည်း ခွင့်ပြုရန်မသင့်လျော်သည့်ကိ[...] ရပ်ဖြစ်နေသောကြောင့် မဖြစ်နိ[...] ကြောင်း ခေါင်းယမ်းပြလိုက်ရပါတော့ သည်။

သနားစဖွယ် မကြည်ကြည်မြ[...] လေး ချုံးပွဲချရှိုက်ကြီးတငင်ငိုလေ[...] မိခင်သည် ကြင်နာယုယစွာဖြင့် သ[...] ငယ်ကို သူမ၏ရင်ခွင်၌ ထွေးပွေ့[...] ချော့မြှူပေးပါ၏။ မိခင်မေတ္တာ[...] သဘောပေါက်လွယ်သည့် သမီးဖြစ်[...] သည် မိခင်ဆန္ဒအတိုင်း လိုက်လျော[...] မည်ဟူသည့်အမူအရာဖြင့် အသာ[...] ယာခေါင်းညိတ်ပြလိုက်ပါသည်။ မိ[...] သည် မချိတင်ကဲဝမ်းနည်းနေရာမှ သ[...] လေးအတွက် ဝမ်းသာမိပါတော့သည်[...]

"ကိုင်း - သမီးလေး၊ အမေတို့[...] အမိနှစ်ယောက်ရဲ့ဆန္ဒကို သမီး[...] ဆရာတော်ကြီးထံ လျှောက်တင်လိုက်[...] နော် သမီးလေး"

"ဟုတ်ကဲ့ပါ မေမေ။ ဆရာတော်[...] ကြီးဘုရား၊ တပည့်တော်တို့ရဲ့ အဖြစ်[...] ဘဝချင်းခြားနားနေပြီဖြစ်လို့ မလိုလား[...] ဆရာတော်ကြီးဘုရား"

သားအမိနှစ်ယောက်၏ သဘော[...] ဆန္ဒကို ဆရာတော်ကြီးဘွင်းဘွင်းရှင်းရှင်း[...] သိရှိရပြီဖြစ်လေ၏။ စတင်ကုသ[...] တော့မည်။

သို့သော် မည်သူမျှ မထင်[...] သောဖြစ်ရပ်ဖြစ်ပေါ်လာခဲ့ပါတော့၏[...]

မကြည်ကြည်မြင့်သည် [...] အလယ်မှ ရုတ်တရက်ထရပ်လိုက်ပါ[...] ချက်ချင်းဆိုသလို လူဝိုင်းထဲမှဖယ်ခွာ[...] ထွက်သွားပါတော့သည်။ သူမသ[...] ငါးလံလောက်မျှလှမ်းအပြီး လဲကျ[...] လေ၏။ ကြမ်းပြင်ပေါ်တွင် ပုံ့ပုံ့[...] အနေအထားဖြင့် ငြိမ်သက်လျက်ရှိ[...] ပါ၏။ မိခင်ဖြစ်သူမှာ မနေသာတော့[...] သမီးထံအပြေးသွား၏။ သမီးကို[...] ပေး သည်။

ဆရာတော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com

"ဒကာမကြီး မထူနဲ့။ သူဘာသာ သူ နေပါလိမ့်မယ်ကွယ်"

ဆရာတော်ကြီးက မကြည်ကြည်မြင့်၏မိခင်အား တားမြစ်လိုက်ပါ၏။ မိခင်က သမီးကိုဆွဲမထူတော့ဘဲ ဆရာတော်ကြီးစကားအတိုင်း အသာကြည့်နေလိုက်သည်။ ဆရာတော်ကြီးဆက်ပြောသည်မှာ -

"ဒကာလေးရယ်၊ မင်းတယ်ခက်ပါလား။ ဆရာတော်မင်းကိုဆုံးမနေတယ်။ အချင်းမတူ ကုသိုလ်ချင်းမတူ သံယောဇဉ်ဒုက္ခတွေကို မင်းဘာဖြစ်လို့ခံချင်ရတာတုံး။ ဒကာကလေး ဒီဒုက္ခတွေကို ခံစားချင်စမ်းပါနဲ့တော့။ နားထောင်လိုက်စမ်းပါကွယ်"

ဆရာတော်ကြီး၏ ဆိုလိုရင်းကို ရှင်ခံဆရာတော် ဦးသာသနာ ကောင်းစွာ သဘောပေါက်လေ၏။ အကျိုးအကြောင်း သိ နားမလည်သေးသူများကား သားအမိနှစ်ယောက်ဖြစ်ချေ၏။ ထို့ကြောင့် ဆရာတော်ဦးသာသနာက -

"အရှင်ဘုရား၊ သူတို့ကို ရှင်းရှင်း လင်းလင်းသိစေဖို့ ရှင်းပြပေးလိုက်ပါဦး"

ဆရာတော်နှစ်ပါး ပြောဆိုနေကြစဉ် မကြည်ကြည်မြင့်မှာ ပယောဂ၏ အကူအညီဖြင့် ဆွဲထူပေးခြင်းခံရလေ၏။

ဆရာတော်ကြီး ပတ်သံကွင်းက-

"ကလေးမလေး၊ လူတွေကြားထဲက ထွက်ခွာသွားတာ 'ဆေးမကုဖြစ် အောင် ပယောဂဆွဲထုတ်သွားတာဖြစ်တယ်။ ဆေးကုဖြစ်ရင် ကွဲကွာသွားရမှာ ကိုးပေါ့။ ဒါပေမယ့် ဆရာတော်က သူ့ကို အမိန့်နဲ့ချုပ်လိုက်တယ်။ ဆေးစောင့်က သူ့ကို ခဏလွှဲပေးထားလိုက်တာ။ စောင့်မယ် - ဒါတောင်မှ သူကလိုက် စောင့်ယှက်နေသေးတယ်"

ဆရာတော်ကြီးက အမိန့်ပေး လိုက်ပါတော့၏။

"ကိုင်း - တာဝန်ရှိတဲ့အစောင့်၊ ကလေးမလေးကိုဆွဲထူပြီး ဆရာတော် ရှေ့အရောက် ခေါ်လာစမ်း။ ပယောဂ နှောင့်ယှက်နဲ့၊ ဆရာတော်ရဲ့အမိန့်"

ဆရာတော်ကြီး၏အမိန့်ဆုံးသည် နှင့် မကြည်ကြည်မြင့်က -

"ဆရာတော်ကြီးဘုရား တပည့်တော်မျက်စိတွေဝေပြီးမှောင်နေတယ်"

ဆရာတော်ကြီးပတ်သံကွင်းသည် သူ၏ဘယ်လက်ကို မြှောက်လိုက်သည်။ ဘယ်လက်ထဲသို့ ညာလက်ဖြင့် အင်းစာရွက်ချသလို ရေးခြစ်လေ၏။ ဆရာတော်ကြီး သူ့လက်ကို ရုတ်သိမ်းလိုက်သည်နှင့် ဘယ်ဘက်လက်ထဲတွင် အင်းစာရွက်တစ်ချပ်ပါလာသည်ကို လူအများတွေ့ရှိလိုက်ကြရ၏။

"ရေတစ်ခွက်ပေးစမ်းဟေ့"

ဆရာတော်ကြီးက ရေဖန်ခွက်ထဲသို့ အင်းစာရွက်လုံးခြေထည့်လိုက်၏။

"ဒကာမကြီး၊ ဒီအင်းစာရွက်ကို တိုက်လိုက်"

ဟု ဆိုကာပေးလိုက်၏။

မိခင်ဖြစ်သူက မကြည်ကြည်မြင့်အား အင်းစာရွက်ကိုတိုက်ပေးလိုက်ပါတော့သည်။ မကြည်ကြည်မြင့်သည် အင်းစာရွက်သောက်ချပြီးသည်နှင့် သူ့ကိုနှောင့်ယှက်နေသော ပယောဂကင်းစင်သွားလေ၏။ မကြည်ကြည်မြင့်သည် ဝိုဟယ်ရယ်ဟယ်မဖြစ်တော့ဘဲ သူမ၏ မျက်နှာဟာ ကြည်လင်နေတော့၏။ ရောဂါဝေဒနာသည်လေးမဟုတ်တော့ဘဲ ကျန်းမာလာသည့်သမီးကိုကြည့်ကာ မိခင်ဖြစ်သူသည် ဆရာတော်ကြီးအား ကြည်ညိုမဆုံး၊ ကျေးဇူးတင်မဆုံးရှိချေတော့၏။

မကြည်ကြည်မြင့်သည် ထိုနေ့ထိုအချိန်မှစ၍ ယနေ့ထိတိုင် ကျန်းမာလျက်ရှိလေသည့်တကား။

❏

ဆရာတော်ကြီး ပတ်သံကွင်း၏ စွမ်းရည်များကား တင်ပြ၍မကုန်နိုင်ပါ။ အလျဉ်းသင့်၍ တတိယဖြစ်ရပ်ဆန်းကို တင်ပြချင်ပါသည်။

စပါးရိုးရွာလေးရှိ ရွာဦးကျောင်း၌ အာဂန္တုဆရာတော်ကြီး ရောက်တုန်းရောက်ခိုက် လာရောက်ဖူးမြော်ကြည်ညိုကြသူများ၊ မိမိတို့၏ ရောဂါဝေဒနာလာရောက်ကုသကြသူများဖြင့် စည်ကားနေလေ၏။ ကျောင်းဝင်းအတွင်းလာသူ ပြန်သူဇည့်ပရိသတ်တို့မှာ ပျားပန်းခပ်လုပ်ရှားလျက်ရှိကြကုန်၏။ ယနေ့နံနက်ပိုင်း ဆေးလာကု၍ ပျောက်ကင်းသွားသော မကြည်ကြည်မြင့်တို့ သားအမိ ဆရာတော်ကြီးကို ဦးချကန်တော့ကာ ပြန် သွားကြလေ၏။ ဆရာတော်ကြီးက ဆေးကုသပေးသည်ဆိုသော်လည်း အခကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မျှမယူချေ။ သတ္တဝါတို့အပေါ် မေတ္တာထားကာ စေတနာအပြည့်အဝဖြင့် ဒုက္ခတွင်းမှ ကယ်မပေးနေခြင်းသာ ဖြစ်ပါသည်။ ရောဂါပျောက်ကင်းသူတို့ ဝမ်းသာမဆုံးဖြစ်ကြကုန်လေ၏။ ဆရာတော်ကြီးကို ကျေးဇူးတင်မဆုံးဖြစ်ကြကုန်၏။ ယနေ့သည် စပါးရိုးရွာသားတို့နှင့် ဆရာတော်ကြီးတို့ပဋ္ဌာန်းဆက်ဆုံကြသည့်အလျောက် ရောဂါဝေဒနာကြီးသူများလည်း လာရောက်ကုသကြသည်။ ပျောက်ကင်းကြသည်။

မကြည်ကြည်မြင့်တို့သားအမိပြန်သွားပြီး မကြာမီ ရွာတောင်ပိုင်းမှ ဒေါ်ဖွားဟု ခေါ်တွင်သည့် အမျိုးသမီးကြီးတစ်ယောက် ရောက်ရှိလာပြန်ပါသည်။ သူမ၏ဒုက္ခသည်လည်း မသေးပါ။ ရွာထဲတွင် ဆေးကုပြီး ပြန်လာကြသူတို့ ရောဂါပျောက်ကင်းလာကြသည့်သတင်းကို အချင်းချင်း ဖြန့်ဝေကြရင်း ပွဲ့နှံ့ကြလေကုန်၏။ ရောဂါဝေဒနာမျိုးစုံ ကုသပျောက်ကင်းပုံ၊ စုန်းပယောဂ၊ နတ်ပယောဂ၊ ပရလောကသားတို့ဖမ်းစားသည့် ဝေဒနာများလည်း ယူပစ်လိုက်သလို နင်နေငါသွားပျောက်ကင်းကြသည့်သတင်းများက ဒေါ်ဖွား၏နားသို့ ရောက်ရှိလာပါတော့၏။ ကြားရသည့်သတင်းများကို ချိုင့်ဆန်းစစ်ပြီး ဆရာတော်ကြီးကို ယုံကြည်လာ၏။ အားကိုးလိုစိတ်များလည်းပေါ်ပေါက်လာခဲ့ပါ၏။ ဒေါ်ဖွားခံစားရသည့် စိတ်ဆင်းရဲခြင်း ဒုက္ခကို ဆရာတော်ကြီးအား ဤသို့ လျှောက်ထား တင်ပြလေသည်။

"ဆရာတော်ကြီးဘုရား၊ တပည့်တော်မရဲ့သမီးစိန်စိန်ဆုံးသွားတာ နှစ်နှစ်ကျော်ပါပြီ ဘုရား။ သူမဟာ စွဲလမ်းစိတ်ကြီးတာလား၊ သံယောဇဉ်မကုန်သေးတာလား ဘာရယ်လို့မပြောတတ်ပါဘူးဘုရား။ ယနေ့ထိ အိမ်ထဲမှာ သမီးကို ရိုးတိုးရိပ်တိပ်တွေ့တွေ့နေရပါတယ်။ တပည့်တော်မ ညအိပ်ပြီဆိုရင် တပည့်တော်မအနားမှာ သမီးအိပ်နေသလိုမျိုး ခံစားရတယ်ဘုရား။ အဲဒီလိုဖြစ်ဖြစ်နေတာ ညစဉ်လိုပါပဲ။ တစ်ခါတစ်ခါကျတော့လည်း အမေလို့ခေါ်နေတဲ့အသံကြားနေရတယ်။ အဲဒါဘယ်လိုတွေဖြစ်နေတာလဲဆိုတာ တပည့်တော်မကို သနားသောအားဖြင့် စောင့်ရှောက်ကယ်မတော်မူပါ"

ဆရာတော်ကြီး ပတ်သံကွင်းက ဒေါ်ဖွား၏အမေးစကားကို လုံးစေ့ပတ်စေ့နားထောင်ပြီးနောက် ဆရာတော်ကြီးသည် ဦးခေါင်းကိုမော့ကာ တစ်စုံတစ်ဦးနှင့်စကားပြောရင်း အာရုံစိုက်၍ နားထောင်နေဟန်၊ မရှင်းသည်ကိုပြန်မေးနေသည့်ဟန်အနေအထားကိုတွေ့နေကြရ၏။

"ဒကာမလေး၊ ကျယ်ကျယ်ပြော



www.burmeseclassic.com

www.burmeseclassic.com

ကွယ့်။ ဖြစ်ကြောင်းကုန်စင်ပေါ့ကွယ်။ သမီးအမေကို ပြန်ပြောပြလိုက်ပါ့မယ်။ ဩော် - ဟုတ်လား၊ အေးကွယ့် ကတိစကားတွေထားခဲ့တာကိုးကွယ့်။ ဟုတ်ပြီ အေးအေး - ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ ကောင်းပြီလေ"

ဆရာတော်ကြီးသည် တစ်စုံတစ်ရာနှင့်ပြောဆိုပြီးသည်နှင့် ဒေါ်ဖွားကို -

"ဒကာမကြီးသမီးက မိန်းမချောလေးပဲ။ သူက ပြုံးပြုံးရွှင်ရွှင်နဲ့ပြောပြနေပါတယ် ဒကာမကြီးရေ"

"ဘာတွေများပြောပြနေပါသလဲဘုရား။ သနားသောအားဖြင့် အမိန့်ရှိပါဘုရား"

"ဒီလို ဒကာမကြီးရဲ့။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လေးနှစ်လောက်က ဒကာမကြီးသမီးဟာ အိမ်ထောင်ပြုဖို့ စီစဉ်ခဲ့တယ်ကွယ့် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သမီးလေးက သူ့အိမ်ထောင်ပြုဖို့ကိစ္စကို ရိုးရိုးသားသားနဲ့ အမေကို တိုင်ပင်ရှာတယ်။ သူ့အိမ်ထောင်ပြုမယ့်သူကလည်း ရိုးသားဖြောင့်မတ်သူပါ။ နာမည်က မောင်ချစ်တီးလို့ခေါ်တယ်။ ဒကာမကြီးက ပြောတယ်လေ။ တူတဲ့တန်တဲ့ အိမ်ထောင်ဖက်တော့ ဟုတ်ပါတယ်သမီးရယ်။ သမီးကိုအိမ်ထောင်မပြုစေချင်သေးဘူးလို့ ဒကာမကြီးက ထပ်တလဲလဲတားလိုက်တယ်မို့လား"

"ဟုတ်ပါတယ် - တပည့်တော်မဟာ သမီးနဲ့လည်းမခွဲချင်ဘူး။ နောက်ပြီးတော့ တပည့်တော်မရဲ့စိတ်ထဲမှာ သမီးလေးကို နုမြဲနေမိလို့ပါ ဘုရား"

"ဒါပေမယ့် သမီးလေးက အိမ်ထောင်ပြုဖို့ စိတ်အားထက်သန်လေတော့ ဒကာမကြီးကိုဖက်ပြီး သူကပြောတယ်လေ။ အမေရယ် မေတ္တာရှိသူချင်းကို မတားပါနဲ့နော်။ သမီးအိမ်ထောင်ပြုပါရစေ။ သမီးလေ အိမ်ထောင်ပြုပေမယ့် အမေနဲ့ပဲနေချင်ပါတယ်။ သေတောင်မခွဲပါဘူးလို့။ အဲဒီကတိကဝတ်စကား ခိုင်ခိုင်မာမာပေးခဲ့တာကလား။ အဲဒါနဲ့ သမီးအိမ်ထောင်ပြုလိုက်တယ်။ မီးမဖွားနိုင်လို့ သူ့ခမျာ အနိစ္စရောက်ရရှာတယ်။ သမီးဖြစ်သူရဲ့ပေးခဲ့တဲ့ ကတိသစ္စာစကားကြောင့် အမေ့နားကခွာလို့မရတော့ဘူးပေါ့"

ဆရာတော်ကြီးက သူတို့၏အိမ်တွင်းရေးကို ခရေစေ့တွင်းကျ ဂဃနဏ ပြောပြနေသည်မှာ တစ်လုံးမလွဲချေ။ ဒေါ်ဖွား အံ့အားသင့်ရပါသည်။ မိမိတို့အိမ်တွင်းရေးစီကာပတ်ကုံးပြောပြနိုင်သူ ဆရာတော်ကြီးကို အံ့ဩမဆုံးတော့ပေ။ သူတို့၏ဒုက္ခကို ကယ်တင်ပေးနိုင်မည့်သူမှာ ဤဆရာတော်ကြီးပါတကား။

ဒေါ်ဖွားသည်, အားကိုးကြီးစွာဖြင့် -

"အရှင်ဘုရား ပြောပြတာတွေ အကုန်မှန်ပါတယ်ဘုရား။ တပည့်တော်မ ဘယ်လိုလုပ်ရမလဲ။ အားကိုးပါတယ်ဘုရား"

"တစ်ချိန်တုန်းကပြောခဲ့ကြတဲ့ကတိသစ္စာစကားကို အမေကခွင့်ပြုတယ်ဆိုရင် ဒကာမကြီးပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို အမျှဝေပေးလိုက်ပါ။ ပြီးတော့ သူ့ဘဝလမ်းကြောင်း ပိုကောင်းအောင် မိမိသားချင်းထဲကတစ်ယောက်ယောက်ကို ဒကာမကြီးက ရှင်ပြုပေးလိုက်ပါ။ ထပ်ပြီးတော့ သမီးလေးကို အမျှပေးဝေရမယ်။ သူ့ထပ်ပြီးသာခုခေါ်မယ်လို့ပြောတယ်ကွယ့်"

ဆရာတော်ကြီး၏ မိန့်ကြားချက်များကို ဒေါ်ဖွား ကောင်းစွာ သဘောပေါက်လေ၏။ ဘဝခြားနေရရှာသူ သမီးလေး၏ အပါယ်ဘုံမှ လွတ်မြောက်ရေးကို ဒေါ်ဖွားသည် မိခင်မေတ္တာဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်လေတော့၏။ ဒေါ်ဖွားသည် ဆရာတော်ကြီးမိန့်ကြားသည့်အတိုင်း မိမိသားချင်းထဲမှ တစ်ယောက်ကို အမြန်ဆုံး ရှင်ပြုပေးမည်ဖြစ်ပါသည်။

ရှင်ပြုသည်ဆိုသည်မှာ ခမ်းနားထည်ဝါစွာ မဏ္ဍပ်ထိုးခြင်း၊ ရှင်လောင်းကို မင်းမြောက်တန်ဆာငါးပါး သို့မဟုတ် အဆောင်အယောင်အမျိုးမျိုးတို့ဆင်သခြင်း၊ မြို့ထဲရွာထဲသို့ ဆင်၊ မြင်း၊ မော်တော်ကား စသည်တို့ဖြင့် လှည့်လည်ခြင်း၊ ဧည့်ပရိသတ်များစွာ ဖိတ်ကြား၍ စားဖွယ်သောက်ဖွယ် အလျှံအပယ်ဖြင့် ဧည့်ခံကြသည့် ငွေကုန်ကြေးကျမြောက်မြားစွာအကုန်ခံမှ ရှင်ပြုပေးသည့် အရာအထမြောက်သည်မဟုတ်ပါ။

ဒေါ်ဖွား၏ ရှင်ပြုပွဲအမြန်ဖြစ်မြောက်ရေးလုပ်ဆောင်ချက်မှာ ဤသို့ဖြစ်၏။

ရှင်ပြုပေးသည့် အတိုချုပ်မှာ သရဏဂုံမိမိသသ ရွတ်ဆိုနိုင်သည့်ကလေး (ယောက်ျားလေး) တစ်ယောက်ကို (၈) ပါး ပရိက္ခရာ စုံလင်စွာဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းပေးခြင်းပင် ဖြစ်ပါ၏။

ဒေါ်ဖွားသည် ဆရာတော်ကြီးကို ဦးချကန်တော့ကာ အိမ်သို့အမြန်ပြန်၏။ ဒေါ်ဖွား၏ အစ်ကိုမှမွေးသော သား လေးတစ်ယောက်ရှိ၏။ ဒေါ်ဖွားသည် သူ၏တူကိုရှင်ပြုပေးရန် (၈)ပါးပရိက္ခရာ ဝယ်ယူလိုက်၏။ လိုအပ်သည်တို့ ပြည့်စုံ အောင်စုဆောင်းပြီးသည်နှင့် ဒေါ်ဖွား သည် သူ့တူလေးလက်ကိုဆွဲကာ ရှာဦး ကျောင်းသို့ပြန်လာခဲ့၏။ ဒေါ်ဖွား၏ တူရှင်ပြုပွဲကို ဆရာတော် ဦးသာသနာ က ပြုဖွယ်ကိစ္စပြီးစီးအောင် ကမကထ ပြုပေး၏။ ရှင်ပြုပွဲတွင် ဦးသာသနာက ရေစက်ချတရားဟောတော်မူပါသည်။ ဒေါ်ဖွားက သမီးစိန်စိန်အတွက် ရည်စူး ကာ ပြုသမျှကုသိုလ်အဖို့ဘာဂကို အမျှ ပေးဝေလိုက်ပါတော့သည်။

"သမီးစိန်စိန်နဲ့တကွ အားလုံး ကြားကြားသမျှ အမျှ. . . အမျှ. . . အမျှယူတော်မူကြပါကုန်လော့"

"သာဓု. . . သာဓု. . . သာဓု"

"အမေရေ သာဓု၊ သာဓု၊ သာဓု"

"ဟင် - သမီးလေးရဲ့သာခုခေါ်သံ ပါလား။ အောင်မယ်လေး သမီး... ရယ် အမေ ဝမ်းသာလိုက်တာ။ ငါ့သမီး လေးကောင်းရာသုဂတိလားပါစေကွယ်"

ဒေါ်ဖွားငိုလေ၏။

ဒေါ်ဖွား၏ အခြေအနေ ထူးခြား ချက်ကို ဆရာတော်ကြီး ပတ်သံတွင် သဘောပေါက်ပြီး ဖြစ်၏။ ဆရာတော် ကြီးက သူတစ်ထူး၏ဒုက္ခကို ကယ်တင် ပေးလိုက်ပြန်လေပြီကော။

"ကိုင်းကိုင်း - ဒကာမကြီးရဲ့ သမီးလေး ကျွတ်လွတ်သွားပါပြီကွယ်၊ သံသရာတစ်ကွေ့မှာ တွေ့ဆုံကြုံကြ... တွေပဲမဟုတ်လား။ သမီးလေးအတွက် စိတ်ကျေနပ်လိုက်ပါတော့ ဒကာမကြီး"

"မှန်ပါ့ဘုရား"

❑

ဆရာတော်ကြီးသည် သတ္တဝါ... အား ကယ်တင်ရာ၌ အင်းချပ်ကို... အသုံးပြုလေ၏။ ဆရာတော်ကြီးပတ်... ကွင်းသည် စပါးရိုးရွာ၌ နှစ်ညအိပ်... သွားလေ၏။ ဆရာတော်ကြီး စပါး... ပြန်မကြွမီ ဆရာတော်ဦးသာသနာ... အ-ခလယ်သေအင်းအကြောင်း သိ... ကြောင်း ဗဟုသုတအဖြစ်ပြောပြ... ရန် လျှောက်ထားလိုက်၏။ အင်း... ဆရာတော်ကြီးက အ-ခလယ်သေအ... နှင့်ပတ်သက်၍ ဦးသာသနာတို့သိ... ရန် ရှင်းလင်း မိန့်ကြားပေးပါသ...

အ-ခလယ်သေအင်း ဆိုသည်...



www.burmeseclassic.com

www.burmeseclassic.com

လွန်စွာအစွမ်းထက်သောအင်းတစ်မျိုးဖြစ်လေ၏။ မြန်မာအက္ခရာဗျည်း (၃၃) လုံးကို အစမှအဆုံးတိုင် မြင်းခုန်ကွက်ဖြင့် ရေးသွင်းလာရင်း နောက်ဆုံး အ-အက္ခရာကို အင်းကွက်အလယ်တည့်တည့်ကျရောက်အောင် အင်းကွက်များရေးဆွဲရသည်။ အင်းကွက်အင်းဆန်ချောင်ခြင်း၊ ကျပ်ခြင်း မရှိစေရ။ အင်းကွက်များကို တိမ်းခြင်း စောင်းခြင်းမရှိစေရ။ ကျိုးခြင်း၊ ပေါက်ခြင်းမရှိစေရ။ ထိုအ-ခလယ်သေအင်းကို အခြားသူများထံမှ ရယူမည်ဆိုပါက အင်းရရှိထားသူအတွက် အကျိုးရှိမည်မဟုတ်ချေ။ အကြောင်းထူးလာစရာမရှိချေ။

မိမိ၏အစွမ်းအစဖြင့် အ-ခလယ်သေအင်းချနိုင်မှသာ မိမိအတွက် အကျိုးရှိပါမည်။ မိမိကိုယ်တိုင် အင်းကွက်ချမှ အကျိုးရှိသည်ဆိုသည်မှာ ကံ၊ ဉာဏ်၊ လုံ့လ၊ ဝီရိယအစွမ်းထက်မှု ပါဝင်သည်။ အင်းစောင့်က ကံ၊ ဉာဏ်၊ လုံ့လ၊ ဝီရိယ အကျိုးကိုစောင့်ရှောက်ပေးသောကြောင့်ဖြစ်လေသည်။ ထိုအင်းကွက်ချသောပုဂ္ဂိုလ်၏ အကျင့်သီလပါရမီလည်း ထိအပ်ပါ၏။ အင်းကိုဝါသနာပါသည် ဆိုတတည်းက အကျင့်သီလကောင်းသည်ဟု ဆိုနိုင်ကောင်းပါ၏။ အနည်းဆုံးငါးပါးသီလစောင့်ထိန်းရန် ပုတီးစိပ်ရန် လိုအပ်ပေသည်။ ပါရမီ ဆိုသည်မှာ မိမိလုံ့လဝီရိယကိုကြိုးစားမှုနှင့် ဆရာကောင်းမှီဝဲရန် အထူးလိုအပ်ပေသည်။ ညေသည့်အရာမဆို ဆရာမရှိက နည်းတော့ မည်သည့်အကျိုးမျှခံစားကြရမည်မဟုတ်ချေ။

အ-ခလယ်သေအင်း၏အင်းစောင့်နတ်မှာ နတ်သမီးတစ်ပါး ဖြစ်ပါသည်။ အင်းရေးဆွဲသောနေ့သည် အ-ခလယ်သေအင်းနှင့်ယှဉ်သည့်နက္ခတ်ပေါ်သည့် နေ့မှသာ ရေးဆွဲ၍ရလေ၏။ အ-ခလယ်သေအင်းနှင့်ပတ်သက်သော အကြောင်းအရာတို့သည် လွန်စွာကျယ်ပြန့်လေရကား တစ်ထိုင်တည်းနှင့်ရှင်းပြ၊ သင်ပြပေးနိုင်သည့် အနေအထားမရှိချေ။ အခြေအနေမပေးပါ။ ချက်ချင်းမပြီးစီးနိုင်သောအရာ ဖြစ်သည်။ အင်းကွက်ချရန် ပါရမီကြိုးစားအားထုတ်မှု၊ လုံ့လဝီရိယနှင့် နည်းပြပေးနိုင်သည့် ဆရာကောင်းရှိရပေမည်။

အင်းကွက်ချနိုင်သည့်အကျိုးရလဒ်ကား အင်းစောင့်နတ် (နတ်သမီး) ကို မြင်နိုင်သည့်စွမ်းရည်ကို ပိုင်ဆိုင်ရရှိပါသည်။ ထိုအင်းစောင့်နတ်သမီးနှင့်စကားပြောဆိုနိုင်သည့်အဆင့်သို့ပင် ရောက်ရှိလေ၏။ အ-ခလယ်သေအင်းချနိုင်ပြီဆိုလျှင် အင်းအစွမ်းဖြင့် သူတစ်ပါးကို မနှိပ်စက်ရာ။ ထိုအင်းအစွမ်းဖြင့် ဒုက္ခရောက်နေသူကို ကယ်တင်ပါမည်ဟု သစ္စာဆိုရပါသည်။ အင်းကွက်ချသူသည် အင်းစောင့်နတ်သမီးကို မြင်ရသောကြောင့် အင်းစောင့်နတ်သမီးအပေါ် ဖောက်လွဲဖောက်ပြန်စိတ်လုံးဝမထားရပါ။ အင်းစောင့်နတ်သမီးအပေါ် ဖြူစင်သည့်စိတ်ထားရှိရပါမည်။ ပြစ်မှားသည့်စိတ်လုံးဝ (လုံးဝ) ကင်းရှင်းရပေလိမ့်မည်။

အင်းစောင့်နတ်သမီးအပေါ် ပြစ်မှားစိတ်ဖြစ်ပေါ်ပါက အသက်အန္တရာယ်ကျရောက်ပါမည်။

အင်းကွက်ချသူ၏ သီလသမာဓိကြောင့် အင်းစောင့်နတ်သမီးက လိုအပ်သလို ကူညီပေးပါသည်။ အောင်မြင်မှုလမ်းစအဖုံဖုံကို ပြသပေးလိမ့်မည်။ မည်သည့်အင်းနှင့် ပဋိပက္ခမရှိနိုင်ပါ။ အောင်မြင်ခြင်းသာရှိပါ၏။ ဆရာတော်ကြီး ပတ်သံကွင်းက အထက်ပါအတိုင်း အ-ခလယ်သေအင်းအကြောင်းအချို့အဝက်ရှင်းပြပေးပြီးနောက် -

"ကိုင်း - ဒကာလေးမောင်မောင်သောင်းတို့ အသေးစိတ်သိလိုကြရင်၊ ပညာလိုချင်ကြရင် ကျုပ်နဲ့တစ်ပါတည်း လိုက်ခဲ့ကြဝေတော့။ အဲဒီအင်းပညာကို တစ်နေ့တည်းနဲ့အပြီး ကျုပ်သင်ပေးလိုက်မယ်"

"ဆရာတော်ကြီးဘုရား၊ အခု လောလောဆယ် မိအိုဖအိုများနဲ့ခွဲခွာပြီး ဆရာတော်ကြီးနောက်လိုက်ဖို့ တပည့်တော်အဖို့ ခက်ခဲလှပါတယ် ဘုရား။ ပညာလိုချင်ပါသော်လည်း တပည့်တော်မလိုက်နိုင်သေးတာကို သည်းခံတော်မူပါဘုရား"

"မိုးရွာတုန်း ရေခံ၊ လသာတုန်း ဗိုင်းငင်တဲ့ဒကာလေးရဲ့။ နောက်မှဆိုတဲ့စကားဟာ ဟင်းရွက်ကန်စွန်းရွက်တောင် ရယ်တယ်မို့လား။ အခု ကျုပ်နဲ့လွဲပြီဆိုရင်တော့ ဒကာလေးအတွက် အခြေအနေမပေးနိုင်တော့ဘူးကွယ့်။ ဒကာလေးရဲ့ အခက်အခဲကို ကျုပ်သဘောပေါက်တယ်။ ဒကာလေးကို ကျုပ်တတ်နိုင်သလောက် စောင့်ရှောက်ပေးခဲ့မယ်"

ဆရာတော်ကြီးသည် မျက်စိကိုမှိတ်ကာ သူ၏ဘယ်လက်ကို မြှောက်လိုက်သည်။

"မှိုင်းကိုင်စာရွက်ပေးစမ်း"

ဟု နှုတ်မှဖွဖွရွတ်လေ၏။ သူ၏နှုတ်မှ 'အင်းချမလို့၊ အင်းချမလို့' ဟု ဆိုလိုက်၏။

ဆရာတော်ကြီးက သူ့လက်ထဲတွင် ပါလာသောစက္ကူပေါ်တွင် ခဲတံတစ်ချောင်းဖြင့် အင်းကွက်များချနေလေ၏။ သူ၏လက်ထဲတွင် ရေးဆွဲနေသော အင်းကွက်မှာ တိမ်းခြင်းစောင်းခြင်းမရှိ ပကတိ တိကျသေသပ်နေ၏။ ဆရာတော်ကြီးက အင်းကွက်ချထားသော အရွက်ကို အမွှေးရည်ဆွတ်လိုက်သည်။ ပြီးနောက် ဆရာတော်ကြီးက -

"ဒကာလေး မောင်မောင်သောင်း ပါးစပ်ဟ"

မောင်မောင်သောင်းဟထားသော ပါးစပ်ထဲသို့ အင်းစာရွက်လုံးခြေထည့်ပေးလိုက်သည်။ အင်းစာရွက်ကို မျိုချခိုင်းလိုက်သည်။

"အခု ဆရာတော်ကြီးပေးတဲ့ နည်းက အင်းချလို့ရတဲ့နည်းမဟုတ်ပေဘူး။ မင်းကိုတော့ စောင့်ရှောက်ပေးပါလိမ့်မယ်။ ပညာလိုချင်ရင်တော့ လိုက်ခဲ့ပေါ့"

ဆရာတော်ကြီးက လိုလိုချင်ချင်ခေါ်ပါသော်လည်း မောင်မောင်သောင်းလိုက်မသွားနိုင်ခဲ့ပါ။ မိအို၊ ဖအိုတို့အားကောင်းစွာစောင့်ရှောက်ပေးရပါဦးမည်။ မိခင်၊ ဖခင်တို့၏အရေးထက် မည်သည့်အရေးကိုမျှ ဦးစားမပေးနိုင်။အ-ခလယ်သေအင်းနှင့် တော့လွဲလွဲခဲ့ရသည်။ သူအလိုချင်ဆုံးပညာရပ် မရနိုင်တော့သည်ကိုတော့ စိတ်မကောင်းဖြစ်ရပါ၏။

ဆရာတော်ကြီးက နှစ်ညအိပ်နေထိုင်ပြီးနောက် စပါးရိုးရွာမှ ပြန်လည်ထွက်ခွာသွားပါတော့သည်။ ရှမ်းကပြားကိုစစ်ကြုတ်သည် ဆရာတော်နှင့်တစ်ပါတည်း လိုက်ပါသွားခဲ့ပါသည်။

(ဆရာတော်နှင့် လိုက်ပါသွားသူကိုစစ်ကြုတ် စပါးရိုးရွာသို့ ပြန်မလာတော့ပါ။ သူသည် ရှမ်းပြည်နယ်သို့ ခရီးဆက်လေ၏။ ရှမ်းပြည်နယ်တွင် ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်နေကြောင်း သိရပါသည်။

ဆရာတော်ကြီး ပတ်သံကွင်းအကြောင်း ဆက်လက် ရေးသားပါဦးမည်။)

*သုခီအတ္တာနံပရိဟရန္တု*

'အောင်မြင့်ထွန်း (မသုံးလုံး)

အင်းဝိဇ္ဇာဆရာတော်ကြီးနှင့် ငယ်စဉ်ကကြုံတွေ့ခဲ့ရသော ဆရာကြီးဦးမြင့်သန်း(ဒေါ်ဖွား၏တူ) အား ကျေးဇူးတင်ရှိပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ကတော့ ကြာခဲ့ပါပြီ။

မနေ့က ကဆုန်လပြည့်နေ့မို့ မြေးကလေးကို ဘုရားဖူးသွားရန်ခေါ်မိသည်။ မြေးကလေးက ကိုးတန်းကျောင်းသား။ နွေကျောင်းပိတ်ရက်တွေမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွေကို တက်နေကျ။ ဘာသာရေးကိုင်းရှိုင်းသူလည်းဖြစ်သည်မို့ ဘုရားဖူးလိုက်ရန်ခေါ်ရခြင်းဖြစ်၏။ မြေးကလေးက မလိုက်ချင်၍လားမသိ။ အဘိုးဖြစ်သူ ကျွန်တော့်အား-

“ဟာ - အဘိုးကလည်း ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးရင်ထဲမှာရှိနေရင်ပြီးတာပဲ။ ကားကျပ်၊ လူကျပ်နဲ့ ဘာလို့ဘုရားသွားချင်ရတာလဲဗျာ”

မြေးကလေးက အဘိုးဖြစ်သူကို စိုးရိမ်လို့ပြောတာလည်း ဖြစ်နိုင်သည်။ ဒါပေမယ့် -

“ရတနာသုံးပါးရင်ထဲမှာရှိနေရင်ပြီးတာပဲ”

ဟု လူကြီးဆန်ဆန် ဆင်ခြေပေးလိုက်သည်ကို ကျွန်တော်က ဘဝင်မကျဖြစ်မိ၏။ ကလေးက ကလေးလိုပဲသိဖို့လိုပါမည်။ ကလေးဘဝအရွယ်ကပင် ဤသို့အတွေးမျိုးဝင်လာလျှင် မကောင်းချေ။ အသက်အရွယ်ရလာလျှင် အထင်မှားအမြင်မှားဉာဉ်ဆိုးများ ကပ်ပါသွားနိုင်သည်။

ခေါ်မရ၍ ကျွန်တော်တစ်ယောက်တည်း ရွှေတိဂုံစေတီသို့ထွက်လာခဲ့၏။ လမ်းတစ်လျှောက်လုံး မြေးလေးဆင်ခြင်ပေးလိုက်သည့်စကားကို တမြှေ့မြှေ့ခံစားနေရ၏။ မြေးကလေးသိအောင် မည်သို့ရှင်းပြရမည်ကို စဉ်းစားရင်း လွန်ခဲ့သောနှစ်လေးဆယ်ကျော်ကာလအဖြစ်အပျက်များကို ပြန်လည်သတိရမိတော့သည်။

□

အဖြစ်ကတော့ ကြာခဲ့ပါပြီ။

၁၉၆၀ ပြည့်နှစ်က အင်းစိန်မြို့တွင် အလွတ်ပညာသင်ကျောင်း (၃) ကျောင်းရှိသည်။ ဆရာကြီးသခင်ဗသန်း ဦးစီးသော သိပ္ပံဗိမာန်၊ ဦးမြသင်း ဦးစီး

# တက္ကသိုလ်အပန်ငယ်

## မြေးကလေးသိစေဖို့





www.burmeseclassic.com

www.burmeseclassic.com

သော နည်းပြသိပ္ပံကျောင်းနှင့် ဦးစံသန်း ဦးစီးသော ပညာ့ဗိမာန်ကျောင်းတို့ ဖြစ်ကြ၏။ သိပ္ပံဗိမာန်ကျောင်းအုပ်ဆရာကြီး သခင်ဗသန်းမှာ ပျဉ်းမနားမြို့မှ တို့ဗမာအစည်းအရုံးဝင်ဖြစ်ပြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာ၊ ဗိုလ်ထောက်ထိန်တို့နှင့်အတူ ဂျပန်တော်လှန်ရေးလုပ်ခဲ့သူဖြစ်သည်။

သခင်ဗသန်းသည် ဘာသာခြားမှ ဘိုးမင်းခေါင်နှင့်တွေ့ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာသူ ဖြစ်၏။ အသက်အရွယ်ရလာသဖြင့် ဦးဆန်းလွင်၊ ဦးဟန်ထွန်း၊ ဦးထွန်းလှိုင်နှင့်ဦးဝင်းထိန်တို့လေးဦးအား လွှဲပြောင်းပေးလိုက်သည်။

ဆရာ ဦးဆန်းလွင်သည်လည်း ဘာသာခြားမှ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာသူ ဖြစ်၏။ ထိုကျောင်းမှပင် ဖီလော်ဆော်ဖီကကြီးခွေးစာအုပ်ကို ရေးသားထုတ်ဝေခဲ့၍ ဖီလော်ဆော်ဖီဆရာကြီး ဦးဆန်းလွင်ဟု လူသိများခဲ့သည်။ ဦးဆန်းလွင်သည် ဘာသာရေးစာပေများစွာကို ရေးသားခဲ့၏။ တက္ကသိုလ်တွင်လည်း စာပေများကို ပို့ချပေးလေသည်။

ဆရာဦးဟန်ထွန်းမှာ ဘုန်းကြီးသူထွက်ဖြစ်သည်။ (၁၀) တန်းအောင်ပြီး ထပ်သားများကောလိပ်မှပါဠိဘာသာရပ်ဂုဏ်ထူးဘွဲ့ရခဲ့သည်။ သာသနာရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရင်း ဆေးကျမ်းများကို ရေးသားပြုစု ဖော်ထုတ်ခဲ့သည်။ ထိုင်းရင်းဆေးတက္ကသိုလ်စတင်ဖွင့်လှစ်သောအခါ နိုင်ငံတော်က ကျောင်းအုပ်ကြီးရာထူးကိုပေး၍ တာဝန်ထမ်းဆောင်စေခဲ့သည်။

ဆရာဦးထွန်းလှိုင်မှာ သတင်းစာဆရာဖြစ်သည်။ အထောက်တော်အောင်နှင့်အတူ အထောက်တော်သတင်းစာတွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်၏။ သတင်း၊ ဆောင်းပါးများကို အဆက်မပြတ်ရေးနေသူ စာပေသမားတစ်ဦးလည်းဖြစ်သည်။

ဆရာဦးဝင်းထိန်သည် စက်မှုကျောင်းဆင်း ဖြစ်၏။ မီးရထားစက်ခေါင်းပြင်စက်ရုံတွင် ဖိုမင်းအဖြစ်တာဝန်ထမ်းဆောင်နေသည်။ မီးရထားစက်ခေါင်းပြင် စက်ရုံ (အင်းစိန်) ၏ အလုပ်သမားသမဂ္ဂအတွင်းရေးမှူးလည်း ဖြစ်၏။ အလုပ်သမားအရေးအခင်းဖြစ်သောအခါ နိုင်ငံတော်မှ ထောင်ဒဏ်(၁၇)နှစ်အပြစ်ဒဏ်ကျခံစေ၏။

ဆရာလေးယောက်သည် ဘာသာရပ်တစ်မျိုးစီ တာဝန်ယူ၍ သင်ကြားပေးသည်။ ကျွန်တော်က ဆယ်တန်းအောင်ခါစ။ ဆယ်တန်းတွင် သချာဂုဏ်ထူးပါသဖြင့် (၇) တန်း၊ (၈) တန်းတွင် သချာပြပေးရင်း ထိုစဉ်က မြန်မာတစ်ပြည်လုံး သချာဂုဏ်ထူးနှင့်အောင်သူ သုံးဆယ်ကျော်မျှသာရှိသည်။ ဆရာအားလုံး အသင်အပြကောင်းသဖြင့် နာမည်ရလာသည်။ ကျောင်းသားဦးရေလည်း တိုးတက်လာ၏။ ဆရာဦးဆန်းလွင်က တက္ကသိုလ်အဆင့်ကျောင်းသားကျောင်းသူများကို ဒဿနိကဘာသာရပ်ကို သင်ကြားပေးသလို ဆရာကြီးဟန်ထွန်းကလည်း ပါဠိနှင့်မြန်မာစာကို သင်ကြားပေးကြသည်။

သီတင်းကျွတ်ဆရာကန်တော့ပွဲလုပ်သောတစ်နေ့၌ ဆရာအားလုံးဆုံမိပြီး မပြန်ကြသေးဘဲ ဘာသာရေးအကြောင်းဆွေးနွေးနေကြသည်။ ဆရာကြီးဦးဟန်ထွန်းက ဦးဆောင်ဆွေးနွေးပြီး ဆရာဦးဆန်းလွင်က ဗုဒ္ဓ၏ တွေးခေါ်မြော်မြင်ရေးဆိုင်ရာအယူအဆကိုတင်ပြသည်။

ဆရာဦးဝင်းထိန်က အလုပ်သမားပီပီ လက်တွေ့ဆန်ချင်သည်။ လူသေလူဖြစ်ဆရာတော် ဦးဥက္ကဋ္ဌကို မကြာခဏသွား၍ဖူး၏။ နေအိမ်သို့ပင် နှစ်ကြိမ်မက ဆွမ်းပင့်ကျွေးဖူးသည်။ ဆရာတော်၏အတွေးအခေါ် အယူအဆအားလုံးကို လုံးဝလက်ခံထားသူတော့ မဟုတ်ပါ။ သို့ပေမယ့် အယူအဆ အတွေးအခေါ်များသည် ရုံဖန်ရံခါရုပ်ဝတ္ထုဆန်၏။သူက ဦးဆောင် ဆွေးနွေးနေသော ဆရာကြီးဦးဟန်ထွန်းကို အောက်ပါအတိုင်းမေးလာသည်။

"မြတ်စွာဘုရားက အတ္တာဟိ အတ္တနောနာထောလို့ ဟောထားတယ်နော်။ မိမိကိုယ်ကိုသာ ကိုးကွယ်ရာဖြစ်တယ်လို့ ဆိုထားတယ်။ ဒါဆို မိမိကိုယ်ကို ကောင်းအောင်နေရင် ဘုရားဆင်းတုတော်တွေကို ကိုးကွယ်စရာမလိုတဲ့ သဘောလား"

ဆရာကြီးဦးဟန်ထွန်းက တွေဝေမနေဘဲ ချက်ချင်းပင် -

"ဒီလို မေးခွန်းမျိုးတွေကို လယ်တီဆရာတော်ဘုရားကြီးက တစ်ချိန်ကဖြေကြားခဲ့ဖူးတယ်။ ဆရာမှတ်မိသလောက် ဆရာတော်ကြီးဖြေကြားခဲ့တဲ့စကားတွေကို ပြန်ပြောရမယ်ဆိုရင်. . ."

ဟု အစချီ၍ ပြောပြပါတော့သည်။

❑

ဗုဒ္ဓဘာသာဝင်တို့သည် အယူအဆ မဖောက်ပြန်ပါက ဘုရားမမှားနိုင်၊ တရားမမှားနိုင်၊ သံဃာမမှားနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မိရိုးဖလာအရ ဘုရားစစ်ဘုရားမှန်ကို သိရှိနေကြ၏။ တရားစစ်တရားမှန်ကိုလည်း သိရှိနေကြ၏။ သံဃာစစ်သံဃာမှန်ကိုလည်း အထင်အရှားသိရှိနေပြီဖြစ်သောကြောင့်တည်း။

ရှင်ဂေါတမဘုရားသည် လောကသုံးပါး၌ ထင်ရှားစွာပွင့်တော်မူသည်။ အရှင်ဂေါတမသာလျှင် ဘုရားမှန်လည်းဖြစ်သည်။ 'နမောတဿ' ဆို၍ ဘုရားရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကိုသာရှိခိုးခြင်း ဖြစ်၏။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆို၍ ရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကို ရှိခိုးခြင်း ဖြစ်၏။ 'အရဟံ' အစရှိသော ဂုဏ်တော်ကိုးပါးသည်လည်း ဤအရှင်ဂေါတမ၌ရှိသော ဂုဏ်တော်ကိုးပါးပင် ဖြစ်၏။ ဘုရားစစ်ဘုရားမှန်ကိုသိရင်း ဖြစ်ကြ၏။

တရားစစ်တရားမှန် ဆိုသည်မှာ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရား၊ ပိဋကတ်သုံးပါးပုံဟု ဆိုအပ်သော ပရိယတ္တိတရားများသည် တရားစစ်တရားမှန်ဟု အထင်အရှားရှိနေတတ်သည်။ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆို၍ ရှိခိုးခြင်းသည်လည်း ဆယ်ပါးသောတရားတော်ကိုသာ ရှိခိုးခြင်း ဖြစ်၏။ 'သွာက္ခာတော' အစရှိသော ဂုဏ်တော် (၆) ပါးသည်လည်း ဆယ်ပါးသော တရားတော်မြတ်၌ရှိသောဂုဏ်တော်များဖြစ်သည်ဟု တရားစစ်တရားမှန်ကို သိရင်းဖြစ်ကြသည်။

သံဃာစစ်သံဃာမှန် ဆိုသည်မှာ ထိုဘုရားစစ်ဘုရားမှန်၏ တပည့်သားတော်များဖြစ်သည်။မဂ်ပုဂ္ဂိုလ်ကလျာဏပုထုဇဉ်အပေါင်းသည် သံဃာစစ်သံဃာမှန်ဖြစ်ကြ၏။ 'သံဃံ သရဏံ ဂစ္ဆာမိ' ဆို၍ရှိခိုးခြင်းသည် ထိုသံဃာစစ်သံဃာမှန်တို့ကိုသာရှိခိုးခြင်း ဖြစ်သည်။ 'သုပ္ပဋိပန္နော' အစရှိသော ဂုဏ်တော်ကိုးပါးသည်လည်း သံဃာစစ်သံဃာမှန်၌သာရှိသော ဂုဏ်တော်များ ဖြစ်သည်ဟု သိရင်းဖြစ်ကြ၏။

ထို့ကြောင့် ရုပ်ပွား၊ ဆင်းတု၊ စေတီပုထိုးများကို ရှိခိုးကြရာ၌ မိမိတို့သိရင်းဖြစ်သော ဘုရားစစ်၊ ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာတော်သံဃာမှန်တို့ကို စိတ်၌ ဦးတည်ထား ရှိခိုးကြရသည်။ ထိုရုပ်ပုံ၊ ရုပ်တု၊ ထိုသစ်-အင်-



www.burmeseclassic.com

www.burmeseclassic.com

ဘောက်သတ္တမျှားသည်ပင်လျှင် ဘုရားအစစ်ဟု မှတ်ယူကိုးကွယ်ထိုက်၏။

ဣတိပိသောဘဂဝါ အစရှိသော ဂုဏ်တော်ကိုးပါးသည် ထိုဘုရားအစစ်၌သာရှိကုန်၏။ ထိုဘုရားအစစ်သည် လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတွင် အမြတ်ဆုံးဖြစ်၍ အတုမရှိဟု ယုံကြည်ထားကြသည်။ ထိုဘုရားအစစ်၏ ရုပ်သွင်သဏ္ဌာန်တော်ကိုပင် ဖူးမြင်ချင်ကြ၏။ သို့သော် ပရိနိဗ္ဗာန်စံလွန်တော်ပြီးဖြစ်၍ ဖူးမြင်ခွင့်မရခဲ့ကြပါ။ သို့ပါ၍ ဘုရားအစစ်နှင့် ပုံသဏ္ဌာန်အားဖြင့် တူညီသော ရုပ်တုဆင်းတုတော်တို့ကို ကြည်ညိုစွာ ဖူးမြော်ရသောအခါ ထိုသူတို့၏မနောသည် ဘုရားအစစ်သို့ ရောက်သွားကြသည်သာ ဖြစ်သည်။

ပုဂ္ဂိုလ်ကြီးတစ်ဦးသည် သီလဂုဏ်၊ ပညာဂုဏ် စသည်တို့ အလွန်ကြီးမြတ်သည်ဟု ကြားသိကြလျှင် အလွန်ကြည်ညိုသောစိတ် ဖြစ်ပွားကြ၏။ ထိုပုဂ္ဂိုလ်ကြီးအား ဖူးတွေ့လိုသောစိတ်သည် အလွန်ထက်သန်လျက်ရှိနေကြ၏။ ကိုယ်တိုင်သွားရောက်မဖူးမြော်နိုင်သူများက ထိုပုဂ္ဂိုလ်ကြီး၏ ပုံတော်ကို မြင့်မြတ်သောနေရာတွင်ထားကာ ကြည်ညိုတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။

အတုမရှိသော ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ပုံတော်ဖြစ်ပါက ထိုထက်ပို၍ ကြည်ညိုစိတ်လွန်ကဲပြီး အမြင့်မြတ်ဆုံးနေရာ၌ထား၍ ကိုးကွယ်ကြမည်မှာ အမှန်ပင် ဖြစ်၏။ ထို့ကြောင့် ရုပ်ပွားတော်၊ ဆင်းတုတော်များ ကိုးကွယ်ပူဇော် လှူဒါန်းကြခြင်းသည် အလွန်ကြီးမြတ်သောကုသိုလ်ဌာနကြီးတစ်ပါးဖြစ်ပေသည်ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားခဲ့သည်များကို ဓမ္မာစရိယ ဆရာကြီးဦးဟန်ထွန်းပြန်လည်၍ ရှင်းပြခဲ့သည်။

ဆရာဖလော်ဆော်ဖီဦးဆန်းလွင်ကဆက်ပြီး ဓမ္မပဒ ပါမဋ္ဌကုဏ္ဍလီဝတ္ထုအကြောင်းကို ရှင်းပြသည်မှာ. . .

❑

သာဝတ္ထိပြည်၌ အလွန်စေးနဲသော အဒိန္နပုဗ္ဗက အမည်ရသော ပုဏ္ဏားသူကြွယ်တစ်ဦးရှိသည်။ သားတစ်ယောက်တည်းသာရှိ၏။ ချစ်ရာလွန်းသဖြင့် နားတောင်းပန်ဆင်ပေးချင်သော်လည်း ပန်းထိမ်လက်ခကို နှမြော၏။ ကိုယ်တိုင် နားတောင်းလုပ်၍ဆင်ပေးသည်။ ထိုနားတောင်းကြောင့် မဋ္ဌကုဏ္ဍလီဟု အမည်တွင်၏။

မဋ္ဌကုဏ္ဍလီ တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သောအခါ သွေးအားနည်းရောဂါဖြစ်လာ၏။ အမေက သား၏ ရောဂါကို ဆေးကုပေးရန် ပုဏ္ဏားကြီးကို ပြောသည်။ ဆေးဆရာပင့်လျှင် ဆေးဖိုးဝါးခပေးရမည်စိုး၍ ဆေးဆရာထံသွားပြီး ဆေးနည်းကို မေးသည်။ ဆေးဆရာကလည်း ခပ်ပေ့ါပေ့ါပင် ဆေးနည်းပေးလိုက်သည်။ ပုဏ္ဏားကြီးက ဆေးဆရာညွှန်ကြားသော အရွက်အခေါက်များကိုရှာ၍ လူမမာကိုတိုက်၏။

တစ်နေ့တခြားရောဂါဆိုးလာ၏။ မချိမဆံ့ဖြစ်မှ ဆေးဆရာကိုခေါ်ပြသည်။ ဆေးဆရာသည် ကု၍မရတော့သည်ကို သိသဖြင့် ခရီးသွားစရာရှိသည်။ အခြားဆရာနှင့် ခေါ်ကုပါဟုပြောပြီး မလာတော့ချေ။

ပုဏ္ဏားကြီးသည် ဆေးကု၍မရတော့သည်ကိုသိသဖြင့် အိမ်တွင်း၌သေခဲ့သော် အိမ်တွင်းရှိ မိမိပိုင်ပစ္စည်းများ လူသိကုန်မည်စိုးရိမ်ကာ မဋ္ဌကုဏ္ဍလီကို မသေမီကပင် အိမ်အပြင်သို့ထုတ်ထား၏။

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်ထသောအခါတွင် မဟာကရုဏာသမာပတ်မှထတော်မူ၍ကျွတ်ထိုက်သူတို့အား သဗ္ဗညုတဉာဏ်တော်ဖြင့် တစ်သောင်းသောစကြဝဠာ၌ ဉာဏ်တော်ကွန်ရက်ကို ဖြန့်တော်မူသောအခါ အိမ်အပြင်၌အိပ်နေသော မဋ္ဌကုဏ္ဍလီသတို့သားကို ဉာဏ်တော်အတွင်း၌ထင်လေ၏။

မြတ်စွာဘုရားသည် မဋ္ဌကုဏ္ဍလီရှိရာအရပ်သို့ကြွသွားရန် ဆင်ခြင်တော်မူသော် ဤလုလင်နှင့်တကွ များစွာသောသူအပေါင်းတို့သည် အကျိုးရှိမည်ကိုမြင်တော်မူ၍ များစွာသောရဟန်းတို့ ခြံရံလျက် ဆွမ်းခံကြွဝင်တော်မူသည်။

ပုဏ္ဏား၏အိမ်ရှေ့သို့ရောက်တော်မူလျှင် မဋ္ဌကုဏ္ဍလီသည် အိမ်အတွင်းဘက်သို့ စောင်း၍အိပ်နေလေသည်။

မြတ်စွာဘုရားသည် မိမိအားမမြင်သည်ကိုသိ၍ တစ်ခုတည်းသော ရောင်ခြည်တော်ကို လွှတ်တော်မူ၏။

လုလင်သည် ဘယ်လိုအရောင်မျိုးဖြစ်သနည်းဟု အရှေ့ဘက်သို့ပြန်စောင်း၍အိပ်လျှင် မြတ်စွာဘုရားကိုမြင်သော အခါ မြတ်စွာဘုရားရှင်ရှိပါလျက် ကိုယ်ဖြင့်ပြုအပ်သောအမှုကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း နာကြားခွင့်မရခဲ့။ ယခုအချိန်မှာ ငါ၏လက်တို့သည် လှုပ်ရှား၍ပင်မရတော့။ လက်အုပ်ချီကန်တော့ခြင်းကိုပင် မပြုနိုင်တော့ပါတကားဟု စိတ်ဖြင့်သာ ကြည်ညိုခြင်းကိုဖြစ်စေ၏။

မြတ်စွာဘုရားသခင်သည် ဤမျှလောက်သော စိတ်၏ကြည်ညိုခြင်းတို့ ဖြစ်စေကာမျှဖြင့် ဤမဋ္ဌကုဏ္ဍလီသတို့သားအား ပြည့်စုံလောက်လေပြီဟု ဆက်လက်၍ ကြွသွားတော်မူသည်။

မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရား ကြွသွားသည်ကို မျက်စိဖြင့်မြင်လောက်သည့် ခရီးအထိ ဖူးမြော်၍ ကြည်ညိုသောစိတ်ဖြင့် အသက်ဝိညာဉ်ချုပ်ငြိမ်းခြင်း ဖြစ်လေသည်။

ဤသို့ မြတ်စွာဘုရားသခင်အား ကြည်ညိုသောစိတ်ဖြင့် သေလွန်ခဲ့ရာ အိပ်ပျော်၍ နိုးသောယောကျ်ားကဲ့သို့ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ဖြစ်လာ၏။နတ်သမီးတစ်ထောင်ခြံရံ၍ သုံးဂါဝုတ်ပမာဏရှိသောခန္ဓာကိုယ်ဖြင့် လှည်းအစီးခြောက်ဆယ်တိုက်ရှိသော တန်ဆာတို့ကို ဆင်ယင်လျက်ဖြစ်လာတော့၏။ဤသည်မှာ မြတ်စွာဘုရားကို စိတ်ဖြင့်သာ ဖူးမြော်ကြည်ညိုရသည့်အကျိုးကျေးဇူးများ ဖြစ်ပါသည်။

ဆရာဖလော်ဆော်ဖီဦးဆန်းလွင်က ဓမ္မပဒပါ စိတ်ဖြင့် ကြည်ညိုရခြင်း အကျိုးကျေးဇူးကြီးမားပုံ မဋ္ဌကုဏ္ဍလီဝတ္ထုကိုပြောပြပြီးနောက် ဆရာကြီး သခင်ဗသန်းက ဆက်လက် ဆွေးနွေး သွားသည်မှာ. . .

❑

ကျမ်းဂန်များတွင် ဓမ္မာသောက မင်းကြီးသည် ကာလနဂါးမင်းကြီးအား မြတ်စွာဘုရားရှင်၏ အသွင်တော်ကို ဖန်ဆင်းစေပြီး ကြည်ညိုပူဇော်ခဲ့သည်။ ကာလနဂါးမင်းကြီးက မြတ်စွာဘုရား အသွင်တော်ကို လက္ခဏာကြီး၊ ငယ် ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ ပြသရာ မင်းကြီးသည် ခုနစ်ရက်ပတ်လုံး မအိပ်ဘဲ ဖူးမြော်ပူဇော်ခဲ့သည်။

သီဟိုဠ် ဖုသဒေဝမထေရ်မြတ်ကြီးသည် မာရ်နတ်ကြီးနှင့်တွေ့ကြုံရာတွင် မြတ်စွာဘုရားအသွင်တော်ကို ဖန်ဆင်းပြစေ၏။ မာရ်နတ် ဖန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

သောအသွင်တော်သည် လက္ခဏာတော် အစုံနှင့် မြင်တွေ့ရလျှင် မာရ်နတ်မှန်း သိလျက်ပင် မနေနိုင်ဘဲ ရှိခိုးလေသည်။ မာရ်နတ်လည်း မထေရ်၏ရှိခိုးခြင်းကို မခံနိုင်၍ ချက်ချင်းကွယ်ရလေ၏။

ကာလနဂါးကြီးသည် တိရစ္ဆာန် မျိုးဖြစ်၏။ မာရ်နတ်သားသည် ဘုရား၏ ရန်သူတော်ဖြစ်သည်။ သို့ဖြစ်သော်ငြား သည်း မြတ်ဘုရား၏အသွင်တော်ကို မြင်ချင်ကြ၍ ဖန်ဆင်းစေခဲ့၏။ အသွင် တော်ကိုမြင်ရသောအခါ မဟာသောက မင်းကြီးနှင့် ဖုသဒေဝမထေရ်ကြီးတို့ သည် ရှိခိုးပူဇော်ခြင်းပြုကြလေသည်။ မြတ်စွာဘုရား၏ အသွင်တော်သည် ဤမျှလောက်ပင် သဒ္ဓါတရားကိုဖြစ်ပွား စေနိုင်၏။ ဘုရား၏အသွင်သဏ္ဌာန်သာ လျှင် ပမာနဖြစ်ပြီး ဆင်းတု ဟူသော ရုပ်ဝတ္ထုများက ပမာနမကျပါ။ ဘုရား၏ အသွင်သဏ္ဌာန်တော်ဟု သိလျက်နှင့် မြင်များကျူးလွန်မိလျှင်လည်း အလွန် အပြစ်ကြီးပါသည်။

❑

ဆရာကြီးသုံးဦး၏ ရှင်းလင်းချက် များကို ဦးဝင်းထိန်မှ မမိုတ်မသုန် နားထောင်နေ၏။ အားလုံးကို လက်ခံ သဖြင့် ဘဝင်ကျသွားပုံရသည်။ စောဒက တည်းမတက်တော့။ သို့ရာတွင် စကား ကိုတော့ပြောလာသည်။

"ကျွန်တော်က ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်လျက် ဒီကျမ်းဒီစာပေတွေကို နှံ့နှံ့စပ်စပ်မလေ့လာမိခဲ့ဘူး။ ကျွန်တော် က စက်ရုံအလုပ်သမားဖြစ်ပြီး ရုပ်ဝတ္ထု ဆန်တဲ့စာပေတွေကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်လာတဲ့အတွက် ရုပ်ဝတ္ထုဆန်လာ တာပါ။ ဆရာတို့က တခြားဘာသာက ဗုဒ္ဓဘာသာဝင်ဖြစ်လာသူများဆိုပေမယ့် ဗုဒ္ဓလာတတ်ကျွမ်းမှုမှာ ကျွန်တော်တို့ ထက် အများကြီးသာပါတယ်။ ရက် ကျည်းရှက်မိပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါဗျာ"

ဟု ပြော၍ ဝန်ချတောင်းပန်သည့် အနေဖြင့် ဆရာအားလုံးကို လက်အုပ်ချီ ၍ ကန်တော့ပါတော့သည်။ ကျွန်တော် လည်း အငယ်ဆုံးသောဆရာဖြစ်သဖြင့် ဆရာဦးဝင်းထိန်နှင့်အတူ ဆရာကြီး များကို ကန်တော့လိုက်ပါသည်။ ဆရာ ကန်တော့ပွဲက ပိုပြီးပီပြင်သွားပါတော့ သည်။

❑

ကျွန်တော် ဘွဲ့ရ၍ စာရင်းရုံးတွင် အလုပ်ဝင်သောအခါ ဆရာကြီးဦးဘခင် ကို သိကျွမ်းခွင့်ရခဲ့သည်။ ဆရာကြီးသည် ငွေစာရင်းမင်းကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူး၍ဖြစ်၏။ ဆရာကြီး သည် ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း အတွင်းဘက်၌ အင်းလျားမြိုင်တရား စခန်းဖွင့်လှစ်ထားသည်။ ထိုရိပ်သာတွင် ဓမ္မရောင်ခြည်စေတီတော်တစ်ဆူရှိ၏။ ထိုစေတီ၏ အောက်ခြေပတ်လည်တွင် တစ်ယောက်ထိုင် ကမ္မဋ္ဌာန်းကျောင်း ဂူငယ်လေးများရှိ၏။ နိုင်ငံခြားသားများ ထို စာရေးဌာနတွင် မြတ်စွာဘုရားဟော ကြားတော်မူသောနည်းအတိုင်း သမထ၊ ဝိပဿနာတရားတွေ ကျင့်ကြံအားထုတ် နေကြသည်။

အင်းလျားမြိုင်တရားစခန်းဌာန ကို လုပ်အားပေးရောက်သွားသောအခါ ဆရာကြီးဦးဂိုအင်ကာကို အမှတ်မထင် တွေ့လိုက်ရသည်။ ဦးဂိုအင်ကာသည် မာရဝါရီလူမျိုးဖြစ်ပြီး ဆရာကြီး ဦးဘခင် ပြသသော ဝိပဿနာတရားကိုအားထုတ် ခြင်းဖြင့် နာတာရှည်ခေါင်းကိုက်ရောဂါ ပျောက်သဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လေ သူ ဖြစ်၏။ ထိုတရားဌာန၌ အချိန်ကြာ မြင့်စွာ ဦးဘခင်၏ဝါရင့်ကျွမ်းကျင်သော လက်ထောက် ကမ္မဋ္ဌာနာစရိယတစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဦးဂိုအင်ကာသည် နောက်တွင် ကမ္ဘာပတ်၍ ကမ္မဋ္ဌာန်းပြ အဖြစ်ဆောင်ရွက်သည်။ မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်သည် ကျဉ်းမြောင်းသော ဂုဏ်စွဲ၊ ဝါဒစွဲ၊ ဇာတိစွဲ၊ လူမျိုးရေးအစွဲ မရှိဘဲ အားလုံးနှင့်သက်ဆိုင်နေသဖြင့် ဘာသာပေါင်းစုံမှပုဂ္ဂိုလ်များ ဆရာကြီး ၏တရားစခန်းများတွင် လာရောက်အား ထုတ်ကြသည်။

ဆရာကြီးပြောခဲ့ဖူးသည့် စကားစု မှာ -

"တရားစစ်တရားမှန်ဆိုတာ ဗုဒ္ဓ ဘာသာရယ်၊ ဟိန္ဒူရယ်၊ ခရစ်ယာန်ရယ်၊ မွတ်စလင်ရယ်လို့ ဘာသာခွဲပြီးမနေပါ ဘူး။ ဘယ်သူဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ဒီတရားဓမ္မကိုသာ လိုက်နာကျင့်ကြံရင် ကျင့်ကြံသူတိုင်း ချမ်းသာမှုကိုလက်ငင်းရ စေတာအမှန်ပါပဲ။ လူသားတိုင်းအတွက် ကိလေသာရောဂါကို ကုသပေးသော ဆေးနည်းဟာ ဝိပဿနာသာဖြစ်တယ်"

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွား သည်မှာ ကြာပြီဖြစ်သော်လည်း မြတ်စွာ ဘုရားဟောကြားခဲ့သောတရားများ ယခု ထိတိုင် အသုံးဝင်၍တန်ဖိုးရှိနေတုန်းပင် ဖြစ်ပါသည်။ ဒီတရားတော်ကိုဟောကြား ပေးခဲ့သော မြတ်စွာဘုရားအား ယခုထိ တိုင် ရှိခိုးပူဇော်မဝဖြစ်နေကြသည်။

မြတ်စွာဘုရား၏ သာသနာတော် သည် ဒီကမ္ဘာမှာ အတုမရှိအောင် ထွန်းကားတန်သည့်နေရာသို့ရောက်သွားဦး မှာ ဖြစ်၏။ မြန်မာပြည်မှ မြစ်ဖျားခံ၍ မဇ္ဈိမဒေသမှတစ်ဆင့် ကမ္ဘာ့အရပ်ရပ် သို့ ပျံ့နှံ့စီးဆင်းနေသော သာသနာ့ရေစီး ကြောင်းသည် အားရဂုဏ်ယူဝမ်းမြောက် ဖွယ်ဖြစ်လေသည်။ ကမ္ဘာသစ်ဆီသို့ ဦးတည်လျက်ရှိသော ဆရာကြီး ဦးဂိုအင်ကာ၏ ကြီးမားသော မေတ္တာ အင်အားသည် အံ့ဖွယ်ဖြစ်၏။

ကျွန်တော် လေးစားအားထားခဲ့ရ သော ကျောင်းဆရာကြီးလေးဦးထက် ပင် ဆရာကြီးဦးဂိုအင်ကာကို ပိုမို၍ ကြည်ညိုလေးစားမိ၏။ ဆရာဦးဝင်းထိန် ပြောသလို အခြားဘာသာများမှ ဗုဒ္ဓ ဘာသာဝင်ဖြစ်လာသူများသည် ဗုဒ္ဓ ဘာသာစစ်စစ်တွေထက် ပို၍ထက်မြက် ကြသည်။ ကျွန်တော်တို့လက်လှမ်းမမီ သေးသောပုဂ္ဂိုလ်များ အများအပြားရှိ နေဦးမည်ပင်။

❑

အဖြစ်ကတော့ကြာခဲ့ပါပြီ။

နှစ်ပေါင်းလေးဆယ်ကျော်ကြာမြင့် ခဲ့ပြီဖြစ်၏။ သို့သော် မနေ့တစ်နေ့က ကဲ့သို့ပင် ထင်မှတ်နေသေးသည်။ သိပ္ပံ ဗိမာန်အလွတ်ပညာသင်ကျောင်းလည်း မရှိတော့ပြီ။ ဆရာကြီးလေးဦးလည်း ကွယ်လွန်သွားကြလေပြီ။ သူတို့၏အဆို အမိန့်များကို ယနေ့ထိတိုင် ပြန်လည် ကြားယောင်မိသေးသည်။ လမ်းသွားရင်း စဉ်းစားရာမှ တရေးရေးပေါ် လာ၏။ ဘုရားပေါ် သို့ရောက်၍ ဝတ်ပြုပြီးသော အခါ အဖြေတစ်ခုကို ပီပီပြင်ပြင်သိလိုက် ရသည်။ အိမ်ပြန်ရောက်လျှင် မြေးလေး ကို နားလည်အောင် ပြန်လည်ရှင်းပြရ ပေဦးတော့မည်။

တက္ကသိုလ်အပန်ငယ်

ကျမ်းကိုး -

လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ပွားဆင်းတုပုဏ္ဏာအဖြေကျမ်းသစ်၊ ဓမ္မ ပဒ



www.burmeseclassic.com

# ဖိုးစောပြည့်
## အဖြေ



ဒီတနင်္ဂနွေနေ့မှာ ဗုဒ္ဓသာသနာတော် တိုးတက်ထွန်းကားရေးကို လိုလားကြတဲ့ သာသနာ့ဒါယကာလူကြီးများ၊ ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်လူကြီးများ၊ ပညာရှင်များ မြင်းခြံသူဌေးရဲ့နေအိမ်ကို စုဝေးရောက်ရှိလာကြပါတယ်။

အခုဖော်ပြထားတဲ့ အကြောင်းအရာဟာ ဦးဆန်းလွင် (ရှင်အာဒိစ္စရံသီ) ရေးသားတဲ့ 'ဘဏ်လမ်းပေါ်လျှောက်လူတစ်ယောက်အကြောင်း' စာအုပ်ရဲ့ စာမျက်နှာ (၃၁၇) မှာ ပါရှိပါတယ်။

ဒီစာအုပ်ဖတ်ဖြစ်တာကလည်း စာအုပ်စင်မှာ မဖတ်ရသေးတဲ့စာအုပ်ရှိလိုရှိငြား ရှာဖွေရင်း ဒီစာအုပ်ကိုတွေ့မိရာကဖတ်ဖြစ်သွားပါတယ်။ ဖတ်ဖြစ်တော့မှ စာအုပ်ထဲမှာ တစ်ပိုင်းတစ်စ မိမိမှတ်သားထားတာတွေကိုတွေ့ရတော့ ဖတ်ဖူးထားတဲ့စာအုပ်ဖြစ်ကြောင်း သတိရမိတယ်။ သို့သော် တစ်အုပ်လုံးပြီးဆုံးတဲ့အထိတော့မဟုတ်။ အခု ဒီတစ်ကြိမ်မှာတော့ ပြီးဆုံးအောင်ဖတ်ပြီးနောက် မြင်းခြံသူဌေးအိမ်မှာ မပြီးပြတ်ဘဲ ပွဲပြီးသွားတဲ့ ဂျပန်ဦးပဥ္စင်းရဲ့အမေးပုစ္ဆာကြောင့် ဒီဆောင်းပါးကို ရေးသားဖြစ်ရခြင်း ဖြစ်ပါတယ်။

ဒီစာအုပ်ဖတ်ပြီးတာနောက်ကျလို့ စာရေးဖြစ်တာလည်း နောက်ကျသွားပါတယ်။ ဒီစာအုပ်ဖတ်ပြီး မိမိလိုခံစားမိသူတစ်ဦးဦးက အခုရေးနေတဲ့အကြောင်းအရာကို ရေးသားပြီးကောင်းဖြစ်ချင်ဖြစ်မှာပါ။ တကယ်လို့ ရေးသားထားပြီးဖြစ်ခဲ့ရင်လည်း ၎င်းစာများကို မဖတ်ဖြစ်ခဲ့ပါကြောင်း ဝန်ခံပါတယ်။

မြင်းခြံသူဌေးအိမ်မှာ ဘာသာရေးဆိုင်ရာ ဟောပြောပွဲတစ်ရပ်ကျင်းပတာဖြစ်ပါတယ်။ တက်ရောက်သူအချို့ကို အမည်များဖော်ပြရမှာ အားနာလို့ မဖော်ပြတော့ပါဘူး။ ဒီဟောပြောပွဲကို ထိုစဉ်က ချမ်းမြေ့ရိပ်သာမှာသီတင်းသုံးနေတဲ့ ဂျပန်ဦးပဥ္စင်းအတွက် ပြုလုပ်ပေးတာဖြစ်ပါတယ်။

ဂျပန်ဦးပဥ္စင်းက -

"ဒီကနေ့တော့ ဦးပဥ္စင်းကပြောဖို့မဟုတ်ပါဘူး။ ဒကာကြီးတို့ပညာရှင်တွေထဲကပြောတာကို ဦးပဥ္စင်းကနားထောင်ဖို့လာတာပါ။ တစ်ခုတော့ရှိတယ်။ ဟောပြောပြီးရင်တော့ ဦးပဥ္စင်းမသိတာတွေကို မေးခွန်းမေးမယ်"

လို့ မိန့်တော်မူပါတယ်။

ဟောပြောပွဲစစချင်းမှာ မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ ပညာရှင်တစ်ဦးက အဘိဓမ္မာသင်ကြားမှုအကြောင်းများကို နှစ်နာရီခန့်ကြာအောင် ဟောပြောပါတယ်။ ဟောပြောပွဲပြီးတဲ့အခါ မြန်မာစကားကို မြန်မာတစ်ယောက်လိုပြောနိုင်တဲ့ ဂျပန်ဦးပဥ္စင်းက -

"ဦးပဥ္စင်းတွေ့တာလေးတစ်ခုမေးပါရစေ။ မြန်မာကျမ်းဂန်တွေထဲမှာ အနုသယကိလေသာနဲ့ပတ်သက်ပြီး ရေးကြတဲ့အခါ အနုသယကိလေသာဟာ ခန္ဓာမှာကိန်းနေတယ်လို့ရေးကြတယ်။ အများကြီးတွေ့ရတယ်။ ကိန်းနေတယ်ဆိုတော့ မပျက်စီးဘဲနဲ့ အမြဲတည်နေတယ်ဆိုတဲ့ သဘောလား။ အနုသယကိလေသာဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ မဟုတ်လား။ ကိန်းနေတယ်ဆိုတာ ဘာသဘောကို ပြောတာလဲ။ တည်ရှိနေတဲ့သဘောဆိုရင် သူဟာ ဖြစ်ပြီးမပျက်တဲ့သဘော
ဖြစ်နေတယ်။ အဲဒါကို ဦးပဥ္စင်းနားလည
ချင်တယ်။ ဘယ်လိုနားလည်ရမလဲ"

လို့ မိန့်တော်မူပါတယ်။

ယင်းမေးခွန်းကိုဖြေမယ့်သူမ
ပါ။ ဦးဆန်းလွင်ရေးတဲ့အတိုင်း ဖော်ပြ
မယ်။

ထိုမေးခွန်းကို ပါဠိပညာရှင်မ
အဘိဓမ္မာပညာရှင်များက ဘယ်လို
ကြမလဲဟု ကျွန်ုပ် နားစွင့်နေပါသည
တိကျပြတ်သားသောအဖြေ ဘယ်
ထွက်ပေါ်မလာပါ။ 'အင်း - ဒီလို
ဖြစ်နေတာပဲ' ဆိုသော လေသံတွေ
ထွက်ပေါ်လာကြပါသည်။ ဆရာ (
ဘယ်လိုဖြေမလဲဟု ကျွန်ုပ်လည်း ဂျ
ဦးပဥ္စင်းနှင့်အတူ စောင့်၍နားထောင်
လေသည်။ ဆရာ့ထံကလည်း အဖြေ
သံထွက်မလာပါ။

ဂျပန်ဦးပဥ္စင်းရဲ့အမေးကို ဖြေ
မရှိလို့ အခမ်းအနားမှူးဖြစ်သူ ဦးဆန်း
မချင့်မရဲဖြစ်ရတယ်လို့ ဆိုပါတယ်။ ဂျ
ဦးပဥ္စင်းကို ကိုယ်တော် သီတင်းသုံး
ကျောင်းကိုပြန်ပို့တဲ့အခါ သူသိတဲ့အ
နဲ့ဖြေလိုက်တာကို သူရေးတဲ့စာအု
မှာဖော်ပြထားပါတယ်။ ဆောင်းပါး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

နေမှာစိုးလို့ အပြည့်အစုံမဖော်ပြတော့ပါ။ သို့သော် ဦးဆန်းလွင်အဖြေက သူညွှန်းတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာနဲ့ကွဲကွာနေတယ်လို့ယူဆရတဲ့ကိစ္စကိုတော့ အောက်နားမှာ ဆက်လက် ဖော်ပြသွားပါမယ်။

ဂျပန်ဦးပဥ္စင်းမေးတဲ့မေးခွန်းဟာ အဘိဓမ္မာအကြောင်းဟောပြောတဲ့ပညာရှင်ရဲ့ ဟောပြောချက်နဲ့ ပတ်သက်ပြီး ကိုယ်တော်က မရှင်းတာကိုမေးတာ ဟုတ်ပုံမရဘဲ ကိုယ်တော် လေ့လာမှတ်သားထားတဲ့ တစ်နည်းအားဖြင့် ဟောပြောပွဲမလာမီကတည်းက ကိုယ်တော်ရှင်းမလင်းဖြစ်နေတဲ့ကိစ္စကို မေးတာလားလို့ တွေးမိပါတယ်။ ပိုပြီးရှင်းအောင်ဆိုရရင် မေးခွန်းအစမှာ 'ဒကာကြီး . . . ဟောပြောသွားတဲ့အထဲက (သို့) အထဲမှာ' အစချီတဲ့ အသုံးအနှုန်းမပါတာကို တွေ့ရပါတယ်။

ဒါကြောင့် အဘိဓမ္မာအကြောင်း ရှင်းပြတဲ့ ဆရာ(×××)က သူ့ဟောပြောချက်နဲ့မဆိုင်တဲ့မေးခွန်းဖြစ်နေလို့ မဖြေဘဲနေတန်ရာ၏လို့ ယူဆရမလိုဖြစ်ပါတယ်။ ကျန်တဲ့ပညာရှင်များကလည်း သူ့စည်းကိုယ့်စည်းရှိလေတော့ ဖြေချင်စိတ်ရှိပါလျက် (သို့) ဖြေနိုင်ပါလျက်နဲ့ အားနာနေလိုက်ကြသလားလို့လည်းတွေးရပါ။ 'ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက်အကြောင်း' စာအုပ်ဟာ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလမှာ ထုတ်ပါတယ်။ ဒီဖြစ်ရပ်ဖြစ်ခဲ့တာ (၁၀) နှစ်ကျော်ခဲ့ပါပြီ။ ဂျပန်ဦးပဥ္စင်းလည်း သိချင်တဲ့အဖြေကို တစ်နည်းနည်းနဲ့ သိခွင့်ရသွားပြီလို့ ယူဆရပါတယ်။ ဒါဆိုမရေးဘဲနေလို့ရပေမယ့် အကြွေးတစ်ခုတင်နေသလို ခံစားရလို့ ရေးရပါတယ်။

အနုသယကိလေသာအကြောင်း ဆက်မီ ဟောပြောပွဲစီစဉ်တာနဲ့ ပတ်သက်လို့ အနည်းငယ် ပြောလိုပါတယ်။

ဒီဟောပြောပွဲဟာ ဂျပန်ဦးပဥ္စင်း တစ်ပါးတည်းအတွက် ပြုလုပ်ပေးတဲ့ ဟောပြောပွဲဖြစ်ပါတယ်။ ဟောပြောပွဲ မစိုင်မီမှာ ကာယကံရှင်သိလိုတဲ့ အကြောင်းအရာ (သို့) မေးလိုတဲ့မေးခွန်းကို ဟောပြောပွဲစီစဉ်သူ (သို့) အခမ်းအနားမှူးတာဝန်ယူမယ့်သူက ကာယကံရှင်ထံ ကြိုတင်တောင်းခံရပါမယ်။ အဲဒါရပြီးနောက် အခြားသိလိုတာများ ရှိရင် အသေအချာသိရလေအောင် လိုရင်းကို မေးသင့်ကမေးရပါမယ်။ မေးရမှာ အားနာနေလို့မရပါ။ အခုရှုပ်မှုနောင်ရှင်းတယ်မဟုတ်ပါလား။

ကာယကံရှင်ထံက မေးခွန်းတွေရပြီးရင် ဟောပြောမယ့်သူထံသွားရပါမယ်။ လာရင်းကိစ္စ အကြောင်းအကျိုးတွေရှင်းပြပြီးရင် ကာယကံရှင်သိလိုတဲ့ မေးခွန်းကိုပေးရပါမယ်။ ကိုယ်တိုင်သွားဖို့ သူ့ဘက်ကိုယ့်ဘက်အဆင်မပြေရင် ဒီကိစ္စအတွက် ဖုန်းနဲ့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

ဟောပြောမယ့်သူက လက်ခံနိုင်တဲ့အခြေအနေရှိရင် လက်ခံပါလိမ့်မယ်။ သူ့ကိုယ်ရေးကိုယ်တာကိစ္စကြောင့် (သို့) အခြားအခြားသော ကိစ္စများကြောင့် ငြင်းဆိုချင်ရင်လည်း ငြင်းဆိုနိုင်ပါတယ်။

ဟောပြောမယ့်သူက ဟောပြောဖို့ သဘောတူလိုက်တဲ့အခြေအနေနဲ့ဆက်ပြောပါမယ်။

ဟောပြောမယ့်သူကို အခုလို ကြိုတင်အသိပေးလိုက်ခြင်းအားဖြင့် ဟောပြောမယ့်သူဟာ သူဟောပြောမယ့် အကြောင်းအရာအတွက် ပြင်ဆင်ချိန်ရသွားပါတယ်။

ဟောပြောတဲ့အကြောင်းအရာတွေဟာ တိမ်တာလွယ်တာရှိသလို နက်နဲတာ၊ ခက်ခဲတာတွေလည်းရှိတတ်တာကြောင့် ပြင်ဆင်ချိန်လုံလောက်ဖို့လိုအပ်ပါတယ်။ ပြင်ဆင်ချိန်လုံလောက်စွာပေးခြင်း၊ သတင်းပြည့်စုံစွာပေးခြင်းတို့ဟာ ဟောပြောသူကို ကူညီရာရောက်သလို အားပေးရာလည်းရောက်ပါတယ်။ဟောပြောမယ့်သူဟာ စနစ်တကျပြင်ဆင်ပြီးနောက် ဟောပြောဖို့ အိမ်ကစတင်ထွက်ခွာလာတဲ့အချိန်ကစပြီး ဟောပြောပွဲပြီးဆုံးတဲ့အထိ သူ့မှာ စိတ်သက်သာမှုနဲ့ ယုံကြည်မှုတွေလည်းရှိနေမှာဖြစ်လို့ သူ့ထံက ကောင်းမွန်တဲ့ဟောပြောချက်တွေထွက်လာမှာဖြစ်ပါတယ်။

ဟောပြောပွဲပြီးလို့ မေးခွန်းရှင်က မေးတဲ့မေးခွန်းကိုလည်း မေးခွန်းရှင် ကျေနပ်လောက်အောင် ဖြေဆိုနိုင်မှာဖြစ်ပါတယ် (သို့) မေးခွန်းရှင်ရဲ့ မေးခွန်းကို ဟောပြောတဲ့အထဲမှာ ထည့်သွင်းဟောပြောသွားတာလည်းဖြစ်နိုင်ပါတယ်။ မူလမေးခွန်းကိစ္စဆောင်ရွက်ပြီးနောက် ဟောပြောသူက တက်ရောက်လာသူများထဲက အခြားသိလိုတာများရှိရင် မေးနိုင်ကြောင်း၊ သူကိုယ်တိုင်သော်လည်းကောင်း၊ အခမ်းအနားမှူးမှတစ်ဆင့်သော်လည်းကောင်း ဖွင့်ပေးရင် မေးလိုသူများ မေးခွင့်ရပါမယ်။

ဒီလိုစီစဉ်ပြီးဆောင်ရွက်ရင် အခုလို စိတ်မချမ်းသာစရာမျိုးကြုံရာမှာ မဟုတ်ပါဘူး။ ပရိသတ်တစ်ဦးထက်မက အများကို ပညာပေးဟောပြောရရင်လည်း အများအလျောက် စီစဉ်ပေးရပါမယ်။ အခမ်းအနားတစ်ခုမှာ အခမ်းအနားမှူးရဲ့တာဝန်ဟာ အလွန်ကြီးမားပါတယ်။ အရေးတကြီး သတိပြုစရာကတော့ ပေါ့တန်စွာမလုပ်မိဖို့ဖြစ်ပါတယ်။

မူလအကြောင်းအရာဖြစ်တဲ့ အနုသယကိလေသာအကြောင်းဆက်ပါမယ်။

အနုသယကိလေသာအကြောင်း ပြောရင် သူနဲ့ဆက်စပ်ပြီးသိဖို့လိုတဲ့ အခြားအကြောင်းအရာကိုပါ လိုအပ်သလောက်ထည့်ပြောမှပြည့်စုံနိုင်မှာပါ။ အနုသယကိလေသာဆိုတာ လောဘကိလေသာတွေဖြစ်တဲ့အကြောင်း၊ လောဘကိလေသာတစ်ခုဖြစ်ဖို့ အခိုက်အတန့်သုံးပါးရှိတဲ့အကြောင်းတို့ကို လယ်တီဆရာတော်ဘုရားကြီးက မိန့်တော်မူပါတယ်။

ဒါတွေကတော့ . . .

၁။ အနုသယမှု

လယ်တီဆရာတော်ဘုရားကြီးမိန့်တော်မူတဲ့ အခိုက်အတန့်သုံးပါးထဲက ပထမအခိုက်အတန့်ဖြစ်ပါတယ်။ အနုသယကိလေသာအပေါ် ဆရာတော်ကြီးနဲ့ ဆန်းလွင်တို့ အမြင်မတူကြတာကို ဖော်ပြပါမယ်။

❑ *မနောဒွါရ၌ ဇောကိစ္စနှင့်အမျှ ထကြွခြင်းမရှိရ၍ အနမတဂ္ဂသံသရာနှင့်အမျှ စိတ်သန္တာန်ထဲဝယ် အမြဲထာဝရ ကိန်းဝပ်ငုပ်အောင်း၍နေသော လောဘမှုပေတည်း။*

(လယ်တီဆရာတော်ဘုရားကြီး၏ လယ်တီဒီပနီပေါင်းချုပ်တတိယတွဲမှ ကမ္မဋ္ဌာနဒီပနီ)

❑ အနုသယကိလေသာ ဆိုတာလည်း ထည်ကိန်းနေတဲ့ အထည်ဒြပ်မဟုတ်ဘူး။ အကြောင်းတိုက်ဆိုင်မှုဖြစ်ခွင့်ရပြီး ဖြစ်ပေါ်လာတဲ့တရားပဲ။

(ဦးဆန်းလွင်)

ဒါကို 'ဉာဏ်လမ်းပေါ်လျှောက်လူတစ်ယောက်အကြောင်း' စာမျက်နှာ (၃၁၉) က ပထမစာပိုဒ်ရဲ့စာကြောင်းရေ (၈) မှာတွေ့နိုင်ပါတယ်။ အမှန်နဲ့ အမှားကို ခွဲခြားယူနိုင်ကြပါစေ။

အနုသယကိလေသာဆိုတာ လူတွေမှာ (သတ္တဝါတွေမှာ) ကိန်းဝပ်ငုပ်အောင်းပြီးရှိနေလေတော့ သူရှိနေမှန်းကိုသိရဖို့ခက်ပါတယ်။ ဒါကိုသိနိုင်သူက သဗ္ဗညုဘုရားရဲ့အရာသာဖြစ်ပါတယ်။ သာသနာ့ပအခါမှာ လူ၊ နတ်၊ သိကြား၊



www.burmeseclassic.com

www.burmeseclassic.com

ပြဟ္မာတို့ကို မဆိုထားနဲ့။ အဘိဉာဏ်ရ ဘုရားအလောင်းတော်ကြီးများတောင်မှ မသိနိုင်မမြင်နိုင်ကြပါဘူး။ အနုသယ ကိလေသာရှိနေလျက် အသိခက်ပုံ ဖြစ်ရပ်မှန်တစ်ခုကို ဖော်ပြပါမယ်။

ကုန်းဘောင်ခေတ်က ဖြစ်ရပ် တစ်ခုဖြစ်ပါတယ်။ စစ်ကိုင်းပဘာချောင် က ဈာနလာဘီဆရာတော်ကြီးထံ ကမ္မဋ္ဌာန်းတရား ကြိုးပမ်းအားထုတ်နေတဲ့ ဦးဝိသုဒ္ဓစာရဟာ တရားထူးရပြီလို့ မိမိဘာသာမိမိမှတ်ယူပြီး ပြန်တော့မယ့် အကြောင်း ဈာနလာဘီဆရာတော်ကြီးကို လျှောက်ထားတော်မူပါတယ်။

ဆရာတော်ဘုရားကြီးက ပုထုဇဉ် အန္ဓယ်တွေမှာ တွယ်ကပ်နေတဲ့ အဝိဇ္ဇာ တဏှာရေသောက်မြစ်တွေကို ဖြတ်နိုင် ခဲ့တယ်။ မိုးကြိုးပစ်လို့သေပြီလို့ထင်ရတဲ့ ညောင်ငုတ်တိုဟာ မိုးရွာတော့ အတက် ပြန်ပေါက်လာတတ်တဲ့အကြောင်း၊ အဲဒါကြောင့်သတိရှိဖို့အကြောင်း ဩဝါဒပေးပြီး ပြန်ခွင့်ပြုလိုက်တော်မူပါတယ်။

ဦးဝိသုဒ္ဓ ပြန်ကြွလာပြီး (၈)လ လောက်ကြာတဲ့အခါ ငုပ်လျှိုးနေတဲ့ အနုသယကိလေသာဓာတ် ပြန်ပေါ်ခဲ့ဖူးပါတယ်။ ဒီတော့မှ ဆရာ့စကား တယ်မှန်ပါလားလို့ ဝန်ခံရင်း နောင်တရတော်မူပါတယ်။

လူတို့ရဲ့ အနုသယကိလေသာ အကြောင်းရှင်းပြရာမှာ လယ်တီဆရာတော်ဘုရားကြီးက ယမ်းမီးခြစ်နဲ့ ဥပမာ ပေးခဲ့တော်မူပါတယ်။ ဒီခေတ်မှာ ဓာတ်ငွေ့ရည်သုံးတဲ့ ဓာတ်မီးခြစ်ချည်း သုံးနေသလိုဖြစ်တယ်။ ယမ်းမီးခြစ်ကို ဥပမာပေးပြောရင် ယမ်းမီးခြစ်ကိုမမြင်ဘူးတဲ့ လူငယ်တွေအတွက် အခက်တွေ့မှာမို့ ခေတ်သုံးဓာတ်မီးခြစ်ကို ဥပမာပေးပြီး ရေးသားပါမယ်။

အနုသယကိလေသာကို ခေတ်သုံး ဓာတ်မီးခြစ်နဲ့ နှိုင်းယှဉ်စဉ်းစားတော့ လူ့စိတ်ကို ဓာတ်မီးခြစ်ဘူးလေးထဲထည့်ထားတဲ့ ဓာတ်ငွေ့ရည်အဖြစ်၊ ငုပ်နေဝပ်နေတဲ့ကိလေသာကို မီးခြစ်ကျောက်အဖြစ်၊ အမျိုးသမီးတို့ရဲ့ အဆင်းအသံ အပါအဝင် အာရုံ(၆)ပါးကို မီးခြစ်ဘီး အဖြစ်ယူဆပါမယ်။

ဖော်ပြထားတဲ့ ဓာတ်ငွေ့ရည်၊ မီးခြစ်ကျောက်နဲ့ မီးခြစ်ဘီးတို့ဟာ နီးနီးကပ်ကပ်ရှိနေကြပေမယ့် မီးခြစ်ဘီး မလည်သေးသမျှ ပူလောင်မှုမရှိပါဘူး။

ဒီနည်းအတိုင်းပါပဲ၊ အနုသယကိလေသာဆိုတဲ့ ငုပ်ဓာတ်၊ ဝပ်ဓာတ်တွေဆိုတာလည်း သူ့ကိုထကြွစေတဲ့အာရုံ တစ်မျိုးမျိုး ဒွါရတစ်ခုခုမှာ မထိခိုက်သေးသမျှကာလပတ်လုံး မထမကြွငြိမ်သက်နေပါတယ်။

## ၂။ ပရိယုဋ္ဌာနမှု

လယ်တီဆရာတော်ဘုရားကြီးက -

ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါလှုပ်ရှားသည့်တိုင်အောင် မသောင်းကျန်းမူ၍ စိတ်နှလုံးတွင်း၌သာလျှင် ဇောကိစ္စနှင့် ပွက်ပွက်ဆူထ၍နေသော လောဘမှုပေတည်း . . .

လို့ အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့တော်မူပါတယ်။

သတိပညာတို့နဲ့ မထိန်းချုပ်နိုင်လို့ ပရိယုဋ္ဌာနမှုဖြစ်ပြီး ပြဿနာတက်ရတဲ့ ဗုဒ္ဓဝင်ထဲက သာဓကနှစ်ခုကို ဖော်ပြပါမယ်။

ပထမသာဓကကတော့ ဘုရားအလောင်းတော် ဟရိတစရှင်ရသေ့နဲ့ နူးညံ့လှပတဲ့ မုဒုလက္ခဏာမိဖုရားတို့ အကြောင်းဖြစ်ပါတယ်။ အလောင်းတော် ရှင်ရသေ့ဟာ ခေတ္တသီတင်းသုံးနေတဲ့ မင်းဥယျာဉ်ကနေပြီး နန်းတော်သို့ နေ့စဉ်ဈာန်နဲ့ကြွပြီး ဆွမ်းအလှူခံတော်မူပါတယ်။

တစ်နေ့တော့ မိဖုရားဟာ ဆွမ်းပွဲတွေပြင်ပြီး ညောင်စောင်းမှာလျောင်းပြီး စောင့်နေခိုက် ရှင်ရသေ့ကြွလာတာကို မြင်တော့ ရုတ်တရက်အထမှာ ကိုယ်ဝတ်လျှောသွားလေတော့ မမြင်အပ်ရာကို ရှင်ရသေ့မြင်တယ်။ ဒီအမြင်အာရုံကြောင့် ရှင်ရသေ့ရဲ့ စက္ခုအာရုံကနေ ဘဝင်ခိုက်ပြီး ဈာန်လျှောသွားပါတော့တယ်။

ဒုတိယအကြောင်းအရာကတော့ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)က မဟာတိဿ မထေရ်မြတ် တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ပါ။ မထေရ်မြတ်ဟာ အရိုးစုကမ္မဋ္ဌာန်းပွားများနေတဲ့ သံဃာတော်ဖြစ်ပါတယ်။ တစ်နေ့တော့ ဆွမ်းခံကြွရင်း တစ်ခုသော တောလမ်းအရောက်မှာ ခင်ပွန်းသည်ကို စိတ်ဆိုးပြီး အိမ်ကထွက်ခွာလာတဲ့အမျိုးသမီးတစ်ဦးနဲ့ လမ်းမှာဆုံတယ်။ အမျိုးသမီးက မထေရ်ကို တပ်မက်ပြီး သွေးဆောင်တဲ့မာယာနဲ့ ပြင်းစွာရယ်မောတယ်။

မထေရ်မြတ်က အမျိုးသမီးရဲ့သွားကိုမြင်ရာက အမျိုးသမီးရဲ့တစ်ကိုယ်လုံးကိုခြုံပြီး အရိုးစုကမ္မဋ္ဌာန်းရှုမှုကို အလိုအလျောက်ပြုပြီးဖြစ်သွားတယ်။ ပေါ်လာတဲ့ကမ္မဋ္ဌာန်းအာရုံနိမိတ်ကို ဆက်ပြီး ရှုလိုက်တော့ ဈာန်ရတယ်။ အဲဒီဈာန်နဲ့ အရိုးစုအာရုံကို ဝိပဿနာရှုလိုက်တော့ အရဟတ္တမဂ်ရောက်ပြီး ရဟန္တာဖြစ်သွားတော်မူပါတယ်။ ဒါကတော့ အမြင်အာရုံရော အကြားအာရုံနဲ့ပါ သက်ဆိုင်တဲ့ သာဓကပါ။

ဓာတ်မီးခြစ်ကဘီးလှည့်ပြီး မီးခြစ်ကျောက်ကိုခတ်တော့ မီးပွင့်တာနဲ့ တစ်ပြိုင်နက် မီးလောင်မှုစပြီးဖြစ်ပါတယ်။ ဖိထားတဲ့လီဘာကိုလွှတ်လိုက်ရင် အလောင်ရပ်သွားပါတယ်။

ဟရိတစရှင်ရသေ့ကတော့ ငုပ်ဝပ်နေတဲ့ အနုသယကိလေသာတွေ ထကြွလာယို့ ဇောကိစ္စနဲ့ မနောဒွာရ အစဉ်မှာပွက်ပွက်ဆူလောင်လာပါတယ်။ သို့သော် မသောင်းကျန်းသေးဘူး။

မဟာတိဿမထေရ်မြတ်ကတော့ အရိုးစုကမ္မဋ္ဌာန်းအလေ့အကျင့်ကောင်းနေတဲ့ပုဂ္ဂိုလ်ဖြစ်တာကြောင့်တွေ့ကြုံလာတဲ့ကိလေသာအာရုံကို သမထဝိပဿနာတို့နဲ့ မဆိုင်းမတွပယ်သတ်နိုင်ခဲ့ပါတယ်။ ကိုယ်ခံအား (တရားအား) ကောင်းတဲ့ အကျိုးဖြစ်ပါတယ်။ မပယ်သတ်နိုင်ရင်တော့ ပရိယုဋ္ဌာနအဆင့်ကိုရောက်ပြီး တာနဲ့တစ်ပြိုင်နက် အနှစ်ရှည်ကြာစွာ အားထုတ်ပြီး ရထားတဲ့ဈာန် အဘိဉာဏ် သမာပတ်တို့ ခဏအတွင်း ကွယ်ပျောက် ပါတော့တယ်။

ဒီကိလေသာကိစ္စကို ပဋိစ္စသမုပ္ပါဒ် အလိုအားဖြင့်ဆိုရင် ဖဿကြောင့် ဝေဒနာဖြစ်လာပါတယ်။ အာရုံမထင်ရှား ရင် ဖဿမထင်ရှားဘူး။ ဖဿမထင်ရှား ရင် ဝေဒနာလည်းမထင်ရှားဘူး။ အာ… ထင်ရှားရင်တော့ အဆင့်ဆင့်ထင်ရှား သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပရိယု… ဋ္ဌာနအဆင့်မှာ သတိပညာနဲ့မထိန်းနိုင် ရင် မနောဒွာရတွင်မက ဝစီဒွါရ၊ ကာယ ဒွါရတို့ပါထကြွသောင်းကျန်းတဲ့ ဝီတိက္ကမ မှုသို့ တက်ရောက်သွားတော့မှာ ဖြစ်… တယ်။

## ဝီတိက္ကမမှု

ဝီတိက္ကမမှုဆိုသည်ကား ဝစီဒွါ… လာသောစကားမျိုးထွက်၍လာအောင် လွန်စွာသောင်းကျန်းမှုတစ်ပါး၊ ကိုယ် အင်္ဂါကြီးငယ်ဟူသော ကာယဒွါရမှ… သောအမူအရာမျိုးဖြစ်ပွား၍လာအောင် လွန်စွာသောင်းကျန်းမှုတစ်ပါး၊ ဤ… နှုတ်အင်္ဂါ၊ ကိုယ်အင်္ဂါ (၂) ပါး ထင်ရှား… လေအောင် ထမ်းဆောင်ချီကြွတဲ့… လာသော သာယာမှု၊ ချစ်ခင်မှု၊ လိ… ရချင်မှုများသည် ဝီတိက္ကမမှုမည်… 

(လယ်တီဆရာတော်ဘုရားကြီး…



www.burmeseclassic.com

www.burmeseclassic.com

ဒီအဆင့်ကတော့ ခာတ်မီးခြစ် မီးတောက်လောင်နေတာကို ဆက်ပြီး လောင်ရအောင်လို့ လီဘာကိုဆက်ပြီးဖိ ထားတာမျိုးဖြစ်ပါတယ်။ ခာတ်ရည်တွေ ကုန်အောင်လောင်သလို အနီးဝန်းကျင် မှာရှိတဲ့လောင်စာတွေကိုလည်း ကူးစက် လောင်ကျွမ်းတော့မှာဖြစ်ပါတယ်။ သတိ ရှိရင်တော့ လီဘာကိုလွှတ်လိုက်ရင် ခာတ်မီးခြစ်မှာ စွဲလောင်နေတဲ့မီး ငြိမ်း သွားမှာဖြစ်ပါတယ်။

အလားတူစွာပဲ ပရိယုဋ္ဌာန် ကိလေသာအဆင့်ကိုရောက်နေတဲ့သူဟာ ပရိယုဋ္ဌာနအဆင့်မှာတင်ရပ်အောင်ပြု နိုင်ရပါမယ်။ မရပ်နိုင်လို့ ဝီတိက္ကမအဆင့် သို့ ရောက်တာနဲ့တစ်ပြိုင်နက် နှစ်ရှည်လ များစောင့်ထိန်းထားတဲ့ ရသေ့၊ ရဟန်းတို့ ရဲ့သီလလည်းခဏချင်းမှာပဲပျက်ပါတယ်။

အနုသယကိလေသာကနေ ပြန် ထောက်ရရင် အနုသယကိလေသာကို သမထက အမြစ်ပြတ်အောင် မပယ် သတ်နိုင်ပါဘူး။ တစ်နည်းအားဖြင့် သီလ၊ သမာဓိတို့ရဲ့အရာလည်းမဟုတ်ချေဘူး။ ဝိပဿနာရဲ့အရာသာဖြစ်ပါတယ်။

ဝိပဿနာက အနုသယကိလေ သာကိုပယ်သက်လိုက်တာနဲ့တစ်ပြိုင်နက် ပရိယုဋ္ဌာနမှုနဲ့ ဝီတိက္ကမမှုတို့ကိုပါ သမု စ္ဆေဒပဟာန်အားဖြင့် (အကြွင်းမဲ့) ဖြတ် တောက် ဖယ်ရှားပြီး ဖြစ်တယ်။

ကျန်နေသေးတဲ့ ဂျပန်ဦးပဉ္စင်းရဲ့ မေးခွန်းကို အောက်ပါအတိုင်းခွဲထား လိုက်ပါတယ်။

၁ ကိန်းနေတယ်ဆိုတော့ မပျက်မစီး ဘဲနှင့် အမြဲတည်နေတယ်ဆိုတဲ့ သဘောလား။

၂ အနုသယကိလေသာဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲမဟုတ်လား။

၃ ကိန်းနေတယ်ဆိုတာ ဘာသဘော ကိုပြောတာလဲ။

၄ တည်ရှိနေတဲ့သဘောဆိုရင် သူဟာ ဖြစ်ပြီးမပျက်တဲ့သဘောမျိုးဖြစ်နေ တယ်။

နံပါတ်(၁)နဲ့ပတ်သက်လို့ မြတ်စွာ ဘုရားက သင်္ခတဓာတ်ရှိသရွေ့ အနိစ္စလို့ ဟောတော်မူခဲ့ပါတယ်။ လက်ချိုးရေ တွက်လို့ရတဲ့ ကိန်းဂဏန်းမဟုတ်ဘူး နော်။ အလုံးစုံလို့ကို ဟောခဲ့တော်မူတာ ပါ။

ဝိပဿနာတရားအားထုတ်လို့ သမာဓိဉာဏ်ရင့်လာတဲ့အခါ ပေါ်လာ တဲ့အာရုံတွေ ဖြစ်ပြီး ပျက်တာရော၊ ပျက်ထပ်အသစ်အသစ်ဖြစ်ဖြစ်လာတဲ့ အာရုံတွေလည်း ပျက်ဖို့ဖြစ်လာတယ်ဆို တာတိုပါ ရှင်းလင်းစွာသိခွင့်ရလာမှာဖြစ် တယ်။

ကိလေသာအာရုံတွေရဲ့ချုပ်ငြိမ်းမှု ကိုလည်း -

တဒင်္ဂနိရောဓ - တဒင်္ဂချုပ်ငြိမ်း ခြင်း၊

တဒင်္ဂနိဗ္ဗုတိ - တစ်စိတ်တစ်ပိုင်း အားဖြင့်ငြိမ်းခြင်း၊

သမုစ္ဆေဒ - အမြစ်ပြတ်ချုပ်ငြိမ်း ခြင်းဆိုပြီး ခွဲခြားထားပါသေးတယ်။

ဒါတွေကို ဉာဏ်ရင့်လာတဲ့အခါ ခန္ဓာဉာဏ်ရောက်သိလာမှာ ဖြစ်တယ်။ ဒါကြောင့် ကိန်းနေတဲ့ကိလေသာတွေဆို တာ ဝိပဿနာတရားအားထုတ်သူတို့ အတွက် အမြဲတစ်သမတ်တည်း တည် နေနိုင်တဲ့အရာမဟုတ်ကြောင်း သဘော ပေါက်လာမှာ ဖြစ်ပါတယ်။

နံပါတ် (၂)ကိုဆက်ပါမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြန်မာနိုင်ငံက ဗုဒ္ဓဘာ သာဝင်တွေ ဆင်းရဲချမ်းသာမရွေး၊ လူမျိုး မရွေးပြောတတ်ပါတယ်။ ပြောသူအား လုံးဟာ ခန္ဓာဉာဏ်ရောက်သိသူများ မဟုတ်ကြပါဘူး။ ခန္ဓာဉာဏ်ရောက်သိမှ သာ အနိစ္စ၊ ဒုက္ခ၊ အနတ္တအပေါ် လေး နက်မှုနဲ့ ဘာသာတရားအပေါ် ယုံကြည် သက်ဝင်မှုအားကြီးလာမှာဖြစ်ပါတယ်။

လက်တွေ့ အားထုတ်တဲ့အခါ သမာဓိဉာဏ်ရင့်ကျက်တဲ့အဆင့်ကိုရောက် ရင် ဒွာရ (၆)ပါးက ပေါ်လာသမျှ အာရုံ တွေကို တွေ့သိတိုင်းမှတ်နိုင်လာပါတယ်။ ဒီအခါကျတော့ အာရုံတွေဟာ ခဏမစဲ ဖြစ်ပျက်သွားတဲ့ သဘောတရားသာရှိ တယ်။ တစ်လုံးတစ်ခဲတည်း အမြဲတမ်း တည်နေတာမရှိဆိုတာကိုသိလာရတယ်။ ဝိပဿနာဉာဏ်နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်လာတယ်။ တကယ်လို့ အဲဒီလိုထင် တဲ့အဆင့်ရောက်အောင် အားမထုတ်နိုင် ရင် မြဲတယ်၊ ချမ်းသာတယ်၊ အတ္တကောင် ငါကောင်ဆိုတာ မပြုတ် သေးပါဘူး။ တစ်နည်းအားဖြင့် အနုသယကိလေသာ ရှိမြဲ ကျန်မြဲဖြစ်နေမှာပါ။

အဲဒီအခါကျတော့ အနုသယ ကိလေသာဟာ အမြဲတည်နေတယ်၊ ကိန်းနေတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တမ ဟုတ်ရဲ့လားလို့ တွေးထင်စရာဖြစ်ရပါ တယ်။

နံပါတ် (၃)ကိုဆက်ပါမယ်။ ခာတ် မီးခြစ်မှာထည့်ထားတဲ့မီးခြစ်ကျောက်ကို မီးခြစ်ဘီးကလည်ပြီးခတ်လိုက်တဲ့အခါ မီးပွင့်လာပါတယ်။

ထိုနည်းတူစွာပဲ ကိန်းနေတဲ့ ကိလေသာဟာလည်း သူ့ကိုထကြွမှုပေး နိုင်တဲ့အာရုံက တိုက်ခိုက်တဲ့အခါမှသာ ငုပ်၊ ဝပ်နေတဲ့ကိလေသာဟာ တစ်ခဏ အတွင်းမှာပဲ မနောဒွါရမှာထကြွလာမှာ ဖြစ်ပါတယ်။

မီးခြစ်ကျောက်ကို ရေခဲတုံးနဲ့ပွတ် တိုက်ရင် မီးပွင့်လာမှာ မဟုတ်သလို ဆေးလိပ်သာသောက်တတ်ပြီး အရက် မသောက်တတ်တဲ့သူကို အရက်က သူ့ မနောဒွါရကို ထကြွစေမှာမဟုတ်ပါဘူး။

ဒါကြောင့် ကိန်းနေတယ်ဆိုတာ ဘာသဘောလဲဆိုတာကိုချုပ်ရရင် ကိန်း နေတဲ့ကိလေသာဟာ သူ့ကိုထကြွစေနိုင် တဲ့အာရုံတိုက်ခိုက်ခံရရင် ခဏအတွင်း ထကြွနိုင်အောင် အမြဲတမ်း (ပုထုဇဉ်တို့ အတွက်) အရန်သင့်အနေအထားမှာရှိ နေတဲ့သဘောသာဖြစ်တယ်လို့ သဘော ရပါတယ်။

နံပါတ် (၄) တည်ရှိနေတဲ့သဘော ဆိုရင် သူဟာ ဖြစ်ပြီးမပျက်တဲ့သဘော မျိုးဖြစ်နေတယ်ဆိုတာ အနုသယကိလေ သာကို ဆိုလိုတာဖြစ်ပါတယ်။ သူရဲ့ သဘောသဘာဝကိုလည်း အထက်မှာ ဖော်ပြပြီးခဲ့တဲ့ အခိုက်အတန့်သုံးပါးထဲ က ပထမအခိုက်အတန့် အနုသယမှု ခေါင်းစဉ်အောက်မှာ ဖော်ပြခဲ့ပြီးဖြစ်ပါ တယ်။အဲဒီမှာ အနမတဂ္ဂသံသရာနဲ့အမျှ ဆိုတာကို အလေးအနက်ပြုရမှာဖြစ် ပါတယ်။

မိမိတို့အားလုံးဟာ ရှည်လျား လွန်းလှတဲ့ အနမတဂ္ဂသံသရာခရီးရှည် ကြီးကို ဘဝအမျိုးမျိုးနဲ့ ကျင်လည်ခဲ့တာ လက်ရှိဘဝအထိပါပဲ။ အဲဒီရှည်လျားလှ တဲ့ သံသရာခရီးတစ်လျှောက်မှာ ကျွတ် တမ်းဝင်နိုင်သွားတဲ့သူနဲ့ ကျွတ်တမ်းမဝင် နိုင်သူကိုယှဉ်လိုက်ရင် မြတ်စွာဘုရား လက်သည်းခွံပေါ်က မြေမှုန်နဲ့ မဟာ ပထဝီမြေကြီးလောက် ခြားနားပါတယ်။

လူ့ဘဝကို ရထားတဲ့သူတွေဟာ အနမတဂ္ဂသံသရာနဲ့အမျှ ဘဝပေါင်း များစွာ ကိလေသာကို ဖက်တွယ်ပြီး ငယ်ပေါင်းကြီးဖော်လို တရင်းတနှီးနေခဲ့ ကြလေတော့ ဒီကိလေသာဟာမြဲတယ်၊ မပျက်တဲ့သဘောဖြစ်တယ်လို့ယူဆစရာ ပါပဲ။ တချို့လည်း မြဲမှန်းမသိ၊ မမြဲမှန်း မသိ (သို့) သိရကောင်းမှန်းမသိတဲ့လူ တွေလည်းရှိတယ်။ မမြဲဘူးလို့သိတဲ့သူက တော့ အလွန်နည်းပါတယ်။ အဲဒီနည်း တဲ့အထဲက ကိလေသာကိုပယ်သတ်နိုင် သူက ပိုနည်းသွားပါတယ်။

အခုလိုဖြစ်ရတာကတော့ ကိလေ သာကိုပယ်သတ်ရကောင်းမှန်းမသိလို့ ဆိုနိုင်သလို ပယ်သတ်ရကောင်းမှန်းသိ ပြန်တော့လည်း မပယ်သတ်ဘဲနေတာ



www.burmeseclassic.com

www.burmeseclassic.com

(သို့) ပယ်သတ်ဖို့ကြိုးစားသော်လည်း မအောင်ကြတာဖြစ်မှာပါ။ မကောင်းတာတစ်ခုတည်နေတယ် ဆိုရင်ဖျက်ရပါမယ်။ အဲဒီတော့ အားလိုပါတယ်။ ကိလေသာကိုဖျက်တာကြောင့် ဝိပဿန ာအား (သို့) ဉာဏ်အားလိုပါတယ်။

ဝိပဿနာမှာ ဉာဏ်စဉ်အဆင့်ဆင့်ရှိတယ်ဆိုတာ ဝိပဿနာအားထုတ်ဖူးသူတိုင်းသိကြပါတယ်။ ဉာဏ်စဉ်အနှမ့်အရင့်သို့ တစ်ဆင့်ချင်းမြင့်မြင့်သွားပါတယ်။ ဉာဏ်စဉ်တစ်ခုချင်းကိုသိဖို့အတွက် ဉာဏ်အားပြည့်မှ အဲဒီဉာဏ်စဉ်အဆင့်ကို ခန္ဓာဉာဏ်ရောက်သိနိုင်ပါတယ်။ ဉပမာ သမ္မသနဉာဏ်ကိုသိနိုင်ဖို့ဆိုရင် ဒီဉာဏ်ကိုသိနိုင်တဲ့ဉာဏ်အားပြည့်မှသိနိုင်ပါတယ်။ ဒီဉာဏ်စဉ်အဆင့်နဲ့ပဲ ဉဒယဗ္ဗယဉာဏ်ကိုသိဖို့ မဖြစ်နိုင်သေးပါဘူး။

ကိလေသာကို အမြစ်ဖြတ်နိုင်တာက အရဟတ္တမဂ်ဉာဏ်ရဲ့အရာသာဖြစ်နေလို့ အရဟတ္တမဂ်ဉာဏ်အားပြည့်မှသာ ကိလေသာဖြတ်မှုအထမြောက်ပါတယ်။

လူတွေ တည်ဆောက်ထားတဲ့ အဆောက်အအုံကြီးငယ်ကို ဒီခေတ်မှာဖြိုဖျက်ရင် ခဏအတွင်း အလွယ်တကူပြိုပျက်သွားပါမယ်။ လူမှာကပ်ပါနေတဲ့ ကိလေသာကျတော့ ဖျက်ရခက်ကြီးဖြစ်နေပါတယ်။ လူ့ဘဝရတဲ့အခိုက်မှာ ကိလေသာပြတ်အောင်မလုပ်နိုင်သည့်တိုင်အောင် အနိမ့်ဆုံးအားဖြင့် လက်ရှိထက်ပါးသွားအောင် ကျင့်နိုင်ဖို့လိုအပ်ပါတယ်။ မကျင့်နိုင်ရင်တော့ တောထနေတဲ့ကိလေသာရဲ့ အားကောင်းကောင်းနဲ့ ဘဝထက်ကြပ်မကွာလိုက်ပါနှိပ်စက်တာကိုခံရမှာဖြစ်တော့ လူဖြစ်ရှုံးပါတယ်။

ရှုံးကြွေးကို မြုပ်မျောဘဝနဲ့လည်စင်းခံရမည့်အပြင် ကြီးမားတဲ့ အတိုးအရင်းနဲ့လည်း ပေးဆပ်ရပါလေဦးမယ်။ ဒါကြောင့် ဒီရှုံးကြွေးတွေကို ဒီဘဝမှာချေဖျက်နိုင်အောင်ကြိုးစားဖို့ တိုက်တွန်းပါတယ်။

ဆောင်းပါးကို တိပိဋကမရေမင်းကွန်းဆရာတော်ဘုရားကြီးစီရင်တော်မူတဲ့ မဟာဗုဒ္ဓဝင်ဒုတိယတွဲက မြတ်စွာဘုရား ဘုရားဖြစ်တော်မူစမှာ စိတ်တော်နဲ့ဉဒါန်းကျူးခဲ့တဲ့ဂါထာနှစ်ပုဒ်ကို ဖော်ပြပါမယ်။ ဉဒါန်းကျူးတယ်ဆိုတာ အလွန်ဝမ်းမြောက်ကြည်နူးခြင်းကြောင့်ဖြစ်ပေါ်လာသောစကားလို့ ခရီးဆောင်မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။

ဂါထာတော်ကို ဖတ်ပြီးနောက် မိမိတို့ဆက်သွားရမည့် သံသရာခရီးလမ်းကို ဆင်ခြင်နိုင်ကြပါစေ၊ တွေ့မြင်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

၁။ အနေကဇာတိသံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရကဒိဋ္ဌောသိ၊
ပုနဂေ ဟံ န ကာဟသိ။
သဗ္ဗာတေဖာသုကာဘဂ္ဂါ၊
ဂဟ ကူဋံဝိသင်္ခတံ။
ဝိသင်္ခါရဂတံစိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

**ပုနပ္ပုနံ** - ဘဝသံသရာ ဖန်ခါခါလျှင် ခန္ဓာဝဋ်ဇာတ် အမြစ်မပြတ်နိုင်ဘဲ၊ **ဇာတိ** - ယောနိလေးထွေ လှည့်ပတ်ဖွေလျက် သန္ဓေစွဲမှီ တည်နေဖြစ်ပွားရခြင်းသည်၊ **ဒုက္ခာ** - သန္ဓေဇာတိ ခန္ဓာရှိလျှင် ဗျာဓိဇရာမရဏာတို့ မကွာနောက်ဆက် ဝင်နှိပ်စက်သဖြင့် သက်သက်ချမ်းသာ မဟုတ်ပါဘဲ လွန်စွာညှိုးနွမ်း ပင်ပန်းဆင်းရဲလှဘိ၏။ (**တသ္မာ**- ထို့ကြောင့်)၊ **အဟံ** - ဘုရားအလျာသူမြတ်ငါသည်၊ **ဂဟကာရံ** - ဒုက္ခယှက်လိမ်ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာအကြောင်းရင်း သမုဒယသစ္စာဖြစ်သောတဏှာယောက်ျားလက်သမားကို၊ **ဂဝေသန္တော**-လက်သည်စစ်စစ် ဘယ်သူဖြစ်ဟု စိစစ်ထောက်လှမ်း စူးစမ်းရှာဖွေလျက် (ဝါ) စူးစမ်းရှာဖွေသော ဘုရားအလျာသူမြတ်ငါသည်၊ **အနိဗ္ဗိသံ-အနိဗ္ဗိသန္တော**- တဏှာယောက်ျားလက်သမားကို ပိုင်းခြားထင်ထင် လင်းလင်းမြင်သည့် သဗ္ဗညုတာ ဉာဏ်မဟာကို သမ္မာနုကွေးငါမရသေးသည်ဖြစ်၍ (ဝါ) ငါမရသေးသောကြောင့်၊ **အနေကဇာတိသံသာရံ** - ဘဝများစွာ သံသရာကာလပတ်လုံး၊ **သန္ဓာဝိဿံ** - ခန္ဓာငါးချက်ဒုက္ခစက်ကို ကြောက်လျက်ပင်လျှင် ငါမနှင်ဘဲ သံသရာဝဋ်ချားရဟတ်၌ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။

(၂) **ဂဟကာရက** - ဒုက္ခယှက်လိမ်ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာအကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောက်ျား ဟယ်-လက်သမား၊ **ဣဒါနိ**- ဘုရားဖြစ်လာယခုအခါ၌၊ **တွံ**- အသင်တဏှာယောက်ျားလက်သမားကို၊ **ဒိဋ္ဌော** - သဗ္ဗညုတဉာဏ်ကိုရသဖြင့် ဒိဋ္ဌ ထင်ထင် ငါမြင်အပ်သည်၊ **အသိ** - ဖြစ် ပေ၏၊ **တွံ**- သင်တဏှာယောက်ျားလက် သမားသည်၊ **ဂေဟံ** - ဒုက္ခယှက်လိမ် ခန္ဓာကိုယ်အတ္တဘော တည်းဟူသော အိမ်ကို၊ **ပုနနကာဟသိ** - နင့်ခြေ၊ နင့် လက်၊ နင့်အသက်ကို လေးမင်္ဂလျှံ့ရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့်သစ်ငုတ်တိုဟန် နင်ဖြစ် ပြီမှန်သောကြောင့် တစ်ဖန်ထပ်လျှောက် နင်ဆောက်နိုင်တော့မည် မဟုတ်ချေ **တေ** - သင်တဏှာယောက်ျားလက် သမား၏၊ **သဗ္ဗာ** - တစ်ခုမကြွင်း ခပင် ဉဿုံ အလုံးစုံကုန်သော၊ **ဖာသုကာ** - အခိုင်အမာ တည်ဆောက် ခန္ဓာအိမ် တည်းဟူသော ဘုံကွန်းပြောက်၏ ထု လျှောက်၊ ဒိုင်း၊ မြားကိလေသာတရား ကို၊ **ဘဂ္ဂါ** - ဝါသနာအငွေ့အသက် တကွ၊ **အနုသယသတ္တိ** - ကျန်မရှိအောင် စိစိကြေညက်ငါချိုးဖျက်အပ်ကုန်ပြီ၊ **ဂဟ ကူဋံ** - သစ္စာလေးအင် နိဗ္ဗာန်လွင် မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးကန့်လန့်တားဟန့်ပိတ်ကာ အဝိဇ္ဇာ တည်းဟူသောအိမ်၏အထွတ်ကို၊ **ဝိသင်္ခ တံ** - မှုန့်မှုန့်ကြေမွ ငါဖျက်ချအပ်လေ **စိတ္တံ** - ကိလေသာဟူ မြူအညစ်အကြေ ကင်းဝေးဖြူလွင် ငါဘုရား၏ စိတ်အစဉ် သည်၊ **ဝိသင်္ခါရံ** - သင်္ခါရစက်ကွင်း ခပင်းမှ လွတ်ကင်းရာအမှန် နန်းနိဗ္ဗာန် **ဂတံ** - အာရုံမျက်မှောက် သန္တိ သိဒ္ဓိပေါက်သဖြင့် ဆိုက်ရောက်သက် မိလေပြီ။ **အဟံ** - သုံးလောကထွတ်ထား ငါဘုရားသည်၊ **တဏှာနံခယံ** - တ တရားရှာ့ရှစ်ပါး၏ ပျက်ပြားကုန်ခန်း အာသဝက္ခယစတုတ္ထမဂ်ဖိုလ်သို့၊ **ဂတော** စက္ကုဝါရိုက်ခြောင်း တိုက်တစ်သောင်း နတ်ပေါင်းဗြဟ္မာကောင်းတင်းဩလ ကြည်သာဝမ်းမြောက် ငါဆိုက်ရောက် လေပြီ။

ပိုးစော

**ကျမ်းကိုး** -

၁။ လယ်တီဒီပနီပေါင်းချုပ်၊ ဒုတိ တွဲ၊ ကမ္မဋ္ဌာနဒီပနီ၊ လယ်တီဆ တော်ဘုရားကြီး
၂။ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြ ဒုတိယတွဲ၊ မဟာစည်ဆရာတေ ဘုရားကြီး
၃။ မဟာဗုဒ္ဓဝင်ဒုတိယတွဲ၊ တိပိဋ္ဌက မင်းကွန်းဆရာတော်ဘုရား
၄။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စရိယဉီးဌေးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

# မနုသိဗ္ဗိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနုသိဗ္ဗိနက္ခတ် စန်းယှဉ်ချိန်၊ မနုသိဗ္ဗိနက္ခတ် လဂ်ဖြတ်ကျော်ချိန်၊ မနုသိဗ္ဗိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်း အခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် ဘာဝေဒဗ္ဗမန္တန်ရွတ်ဖတ်ခြင်း အပါအဝင် မနုလာဘ်ဆိုင်ရာ ဂါထာမန္တန်များရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုးချမ်းသာရမည်မှာ ဧကန်ဖြစ်သည်။ ၇-၁၁-၂၀၁၆ နေ့ ညနေ (၃း၄၀) နာရီတွင် စန်းသည် မနုသိဗ္ဗိနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး ၈-၁၁-၂၀၁၆ နေ့ နံနက် (၃း၄၁း၀၈) နာရီတွင် စန်းသည် မနုသိဗ္ဗိနက္ခတ်နှင့် ယှဉ်တွဲနေမည်ဖြစ်ကာ ၎င်းနေ့ ညနေ (၃း၄၀) နာရီတွင် မနုသိဗ္ဗိနက္ခတ်မှ စန်းသည် စတင်ထွက်ခွာမည်ဖြစ်သည်။ ၈-၁၁-၂၀၁၆ နေ့တွင် (၁၂း၄၀း၁၈) နာရီမှ (၁၄း၄၁း၄၉) နာရီအတွင်း စန်းသည် လဂ်အတွင်းဖြတ်ကျော်မည်ဖြစ်ပြီး ၇-၁၁-၂၀၁၆ နေ့ (၁၉း၂၀း၂၁)နာရီမှ (၁၉း၁၃း၀၇) နာရီအတွင်း စန်းသည် မွန်းတည့်မျဉ်းကို ဖြတ်ကျော်မည် ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| နေ့ | စဝင်ချိန် | စထွက်ချိန် | နေ့ | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၃း ၀၇း ၅၀ | ၁၅း ၀၉း ၂၁ | ၁ | ၁၉း ၄၃း ၅၇ | ၁၉း ၃၅း ၄၃ |
| ၂ | ၁၃း ၀၃း ၅၄ | ၁၅း ၀၅း ၂၅ | ၂ | ၁၉း ၄၀း ၀၁ | ၁၉း ၃၁း ၄၇ |
| ၃ | ၁၂း ၅၉း ၅၈ | ၁၅း ၀၁း ၂၉ | ၃ | ၁၉း ၃၆း ၀၅ | ၁၉း ၂၈း ၅၁ |
| ၄ | ၁၂း ၅၆း ၀၂ | ၁၄း ၅၇း ၃၃ | ၄ | ၁၉း ၃၂း ၀၉ | ၁၉း ၂၄း ၅၅ |
| ၅ | ၁၂း ၅၂း ၀၆ | ၁၄း ၅၃း ၃၇ | ၅ | ၁၉း ၂၈း ၁၃ | ၁၉း ၂၀း ၅၉ |
| ၆ | ၁၂း ၄၈း ၁၀ | ၁၄း ၄၉း ၄၁ | ၆ | ၁၉း ၂၄း ၁၇ | ၁၉း ၁၇း ၀၃ |
| ၇ | ၁၂း ၄၄း ၁၄ | ၁၄း ၄၅း ၄၅ | ၇ | ၁၉း ၂၀း ၂၁ | ၁၉း ၁၃း ၀၇ |
| ၈ | ၁၂း ၄၀း ၁၈ | ၁၄း ၄၁း ၄၉ | ၈ | ၁၉း ၁၆း ၂၅ | ၁၉း ၀၉း ၁၁ |
| ၉ | ၁၂း ၃၆း ၂၂ | ၁၄း ၃၇း ၅၃ | ၉ | ၁၉း ၁၂း ၂၉ | ၁၉း ၀၅း ၁၅ |
| ၁၀ | ၁၂း ၃၂း ၂၆ | ၁၄း ၃၃း ၅၇ | ၁၀ | ၁၉း ၀၈း ၃၃ | ၁၈း ၀၁း ၁၉ |
| ၁၁ | ၁၂း ၂၈း ၃၀ | ၁၄း ၃၀း ၀၁ | ၁၁ | ၁၉း [illegible] ၁၇ | ၁၈း ၅၇း ၂၃ |
| ၁၂ | ၁၂း ၂၄း ၃၄ | ၁၄း ၂၆း ၀၅ | ၁၂ | ၁၉း ၀၀း ၄၁ | ၁၈း ၅၃း ၂၈ |
| ၁၃ | ၁၂း ၂၀း ၃၈ | ၁၄း ၂၂း ၀၉ | ၁၃ | ၁၈း ၅၆း ၄၅ | ၁၈း ၄၉း ၃၁ |
| ၁၄ | ၁၂း ၁၆း ၄၂ | ၁၄း ၁၈း ၁၃ | ၁၄ | ၁၈း ၅၂း ၅၁ | ၁၈း ၄၅း ၃၅ |
| ၁၅ | ၁၂း ၁၄း ၄၆ | ၁၄း ၁၄း ၁၇ | ၁၅ | ၁၈း ၄၈း ၅၅ | ၁၈း ၄၁း ၃၉ |
| ၁၆ | ၁၂း ၁၀း ၅၀ | ၁၄း ၁၀း ၂၁ | ၁၆ | ၁၈း ၄၄း ၅၉ | ၁၈း ၃၇း ၄၃ |
| ၁၇ | ၁၂း ၀၆း ၅၄ | ၁၄း ၀၆း ၂၅ | ၁၇ | ၁၈း ၄၁း ၀၃ | ၁၈း ၃၃း ၄၇ |
| ၁၈ | ၁၂း ၀၂း ၅၈ | ၁၄း ၀၂း ၂၉ | ၁၈ | ၁၈း ၃၇း ၀၇ | ၁၈း ၂၉း ၅၀ |
| ၁၉ | ၁၁း ၅၉း ၀၂ | ၁၃း ၅၈း ၃၃ | ၁၉ | ၁၈း ၃၃း ၁၁ | ၁၈း ၂၅း ၅၅ |
| ၂၀ | ၁၁း ၅၅း ၀၆ | ၁၃း ၅၄း ၃၇ | ၂၀ | ၁၈း ၂၉း ၁၅ | ၁၈း ၂၁း ၅၉ |
| ၂၁ | ၁၁း ၅၁း ၁၀ | ၁၃း ၅၀း ၄၁ | ၂၁ | ၁၈း ၂၅း ၁၉ | ၁၈း ၁၈း ၀၃ |
| ၂၂ | ၁၁း ၄၇း ၁၄ | ၁၃း ၄၆း ၄၅ | ၂၂ | ၁၈း ၂၁း ၂၃ | ၁၈း ၁၄း ၀၇ |
| ၂၃ | ၁၁း ၄၃း ၁၈ | ၁၃း ၄၄း ၄၉ | ၂၃ | ၁၈း ၁၇း ၂၇ | ၁၈း ၁၀း ၁၁ |
| ၂၄ | ၁၁း ၃၉း ၂၂ | ၁၃း ၄၀း ၅၃ | ၂၄ | ၁၈း ၁၃း ၃၁ | ၁၈း ၀၇း ၁၅ |
| ၂၅ | ၁၁း ၃၅း ၂၆ | ၁၃း ၃၆း ၅၇ | ၂၅ | ၁၈း ၀၉း ၃၅ | ၁၈း ၀၂း ၁၉ |
| ၂၆ | ၁၁း ၃၁း ၃၂ | ၁၃း ၃၂း ၀၁ | ၂၆ | ၁၈း ၀၅း ၃၉ | ၁၇း ၅၈း ၂၃ |
| ၂၇ | ၁၁း ၂၇း ၃၆ | ၁၃း ၂၈း ၀၅ | ၂၇ | ၁၈း ၀၁း ၄၃ | ၁၇း ၅၄း ၂၇ |
| ၂၈ | ၁၁း ၂၃း ၄၀ | ၁၃း ၂၄း ၀၉ | ၂၈ | ၁၇း ၅၇း ၄၇ | ၁၇း ၅၀း ၃၁ |
| ၂၉ | ၁၁း ၁၉း ၄၄ | ၁၃း ၂၀း ၁၃ | ၂၉ | ၁၇း ၅၃း ၅၁ | ၁၇း ၄၆း ၃၅ |
| ၃၀ | ၁၁း ၁၅း ၅၀ | ၁၃း ၁၆း ၁၇ | ၃၀ | ၁၇း ၄၉း ၅၅ | ၁၇း ၄၂း ၄၁ |



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၆)နှစ်ကျော်လောက်က မင့်ကွေးမြို့ ကရုဏာရှင်များအသင်းကြီးမှ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော (၆) နှစ်မြောက်နှင့် (၇) နှစ်မြောက် တစ်လတိတိပြုလုပ်သည့် တရားပွဲများကို (၂) နှစ်ဆက်တိုက် သွားရောက် နာကြားခဲ့ပါသည်။ ထို (၂) နှစ်လုံး တစ်ညမှပျက်ကွက်ခဲ့ခြင်းမရှိခဲ့ပါ။ တရားပွဲများတွင် နာမည်ကြီးဝမ္မကထိကဆရာတော်များစွာတို့၏ တရားဓမ္မများကို နာယူမှတ်သားခဲ့ရသဖြင့် ဘဝတွင် တန်ဖိုးမဖြတ်နိုင်သော အသိဉာဏ်ထူးများကိုလည်း ရရှိခဲ့ရပါသည်။ ကိုးဘွဲ့ရဆရာတော်အရှင်အာစာလင်္ကာရမှ ပဋ္ဌာန်းတရားနှင့်ပတ်သက်၍ ဟောကြားခဲ့ရာ ပဋ္ဌာန်းတရား၂၄ပစ္စည်းအကျဉ်းကိုရွတ်ဆိုနေရာမှ ပဋ္ဌာန်းတရားအကျယ်ကို နေ့စဉ် အချိန်မှန်မှန်ရွတ်ဆိုပွားများကအကျိုးထူးများရရှိကြောင်းနှင့် ပဋ္ဌာန်းမရွတ်ဆိုမီ ရေချိုး၊ လက်များဆေးကြော၊ အဝတ်အစားဟောင်းများလဲ၍ ရွတ်ဆိုရန်လည်း ထည့်သွင်းဟောကြားတော်မူခဲ့ပါသည်။ဆရာတော်ဟောကြားခဲ့သည့်အတိုင်း ယခင်က ပဋ္ဌာန်းတရားအကျယ်ကို အသံထွက်ရွတ်ဆိုခဲ့ရာ ဆရာတော် ဟောကြားခဲ့သည့်အတိုင်း အကျိုးစီးပွားများရရှိခဲ့ပါသည်။

ထိုပဋ္ဌာန်းဒေသနာတော်မြတ်၌ အဓိပတိလေးပါးဖြစ်သည့် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိနှင့် ဝီမံသာဓိပတိတို့ကို ရွတ်ဆိုရသည့်အခါ မိမိ၏ ငယ်စဉ်ဘဝဖြတ်သန်းခဲ့ရာတွင် ပညာရေးနှင့်ပတ်သက်ပြီး ထိုအဓိပတိလေးပါးနှင့်အညီ ကြိုးစားခဲ့ရသည့် ငယ်ဘဝကို ပြန်လည်သတိရခဲ့ပါသည်။ ကျွန်ုပ်၏ ပထမပိုင်းဖြစ်သည့် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ ခုန်ပျံကျော်လွှားခဲ့ရပုံကို ဦးစွာပထမတင်ပြလိုပါသည်။

ကျွန်ုပ်သည် ၁၉၅၆-၅၇ခု စာသင်နှစ်၌ ဇာတိရပ်ရွာရှိ အစိုးရမူလတန်းကျောင်းတွင် တတိယတန်းဖြေဆိုပြီးနောက်သင်္ကြန်ကာလရောက်သည့်အခါ ရှင်ပြုပေးပါသည်။ ထိုအချိန် ကျွန်ုပ်၏ တတိယမြောက်အစ်ကိုသည် ရန်ကုန်မြို့ သရက်တောကျောင်းတိုက် စိန်ပန်းကျောင်းတွင် သီတင်းသုံးနေပြီး ဓမ္မာစရိယ အောင်မြင်ပြီးနောက် လောကီပညာ ဆက်လက်သင်ကြားနေပါသည်။ အစ်ကိုဦးပဥ္စင်းသည် ရွာသို့ရောက်ရှိခဲ့ပြီး အဖေ့ကိုပြော၍ ရန်ကုန်တွင် ပညာသင်ရန် ခေါ် သွားခဲ့ပါသည်။ ထိုအချိန်က ကျွန်ုပ်အသက်မှာ (၁၄)နှစ်ရှိနေပါသည်။ ကျွန်ုပ်၏မိခင်မှာ ကျွန်ုပ်တစ်နှစ်သားအရွယ်က ဆုံးပါးသွားခဲ့ရာ မိထွေးနှင့်နေရပါသည်။

ရွာဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလသုတ် ရောက်ရှိခဲ့ပြီးမှ စာသင်ကျောင်းပြောင်းခဲ့ရပါသည်။ အစိုးရမူလတန်းကျောင်း၌ ပထမတန်းမှ စနေ ပါသည်။

ရန်ကုန်မြို့ သရက်တောကျောင်းဝင်း၌ အရပ်သားများလည်း နေထိုင်လျက်ရှိကြပါသည်။ အိမ်ကလေးများဆောက်၍နေကြခြင်း ဖြစ်ပါသည်။ ထိုစိန်ပန်းကျောင်းဝင်း၌ ပွဲစားဆရာဦးတင်ဖေလည်း မိသားစုနှင့်နေထိုင်လျက်ရှိပါသည်။ ဆရာဦးတင်ဖေသည်ည(၇)နာရီထိုးသည်နှင့် စိန်ပန်းကျောင်းအောက်၌ အင်္ဂလိပ်စာနှင့် သင်္ချာ

(အသံနိက)

# ဟောင်ဟောင်အောင်မင်း

## အဓိပတိလေးပါးနှင့်အညီ ကြိုးစားခဲ့ပါလျှင်





www.burmeseclassic.com

www.burmeseclassic.com

အခမဲ့စေတနာဖြင့် ကျောင်းသား (၁၀) ယောက်ခန့်ကို ပညာသင်ကြားပေးပါသည်။ ငါးလခန့်သင်ကြားပြီးနောက် အစ်ကိုဦးပဥ္စင်းမှ ကျွန်ုပ်အား မင်းမနိုင်ရပ်ကွက် (ယခု ဦးဝိစာရရပ်ကွက်) ရှိ အစိုးရအလယ်တန်းကျောင်းသို့ လိုက်လံကျောင်းအပ်နှံပါသည်။ ထိုအစိုးရအလယ်တန်းကျောင်းသည် သိပ္ပံမဥ္ဇူဘုန်းတော်ကြီးကျောင်းနှင့် တွဲဖွင့်ထားပါသည်။ ၁၉၅၇-၅၈ခု စာသင်နှစ်ဖြစ်မှုပါသည်။ ကျောင်းများပြန်လည်ဖွင့်နေပြီး နှစ်လခန့်အကြာလောက်မှ ကျောင်းလိုက်လံ အပ်နှံပေးခြင်း ဖြစ်ပါသည်။ ပြည်သည့် ကျောင်းထွက်လက်မှတ်မှမပါရှိသဖြင့် ကျွန်ုပ်အား အင်္ဂလိပ်စာနှင့် သင်္ချာကို အရည်အချင်းဆန်းစစ်ဖြေဆိုခိုင်းပါသည်။

ချက်ချင်းဖြေ၊ ချက်ချင်းစစ်ပြီး ကျွန်ုပ်အား (၆) တန်းအရည်အချင်းနှင့် ကိုက်ညီ၍ ဆဋ္ဌမတန်း (D) တွင် ပညာဆက်လက် သင်ကြားနေရပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် စတုတ္ထတန်းနှင့် ပဥ္စမတန်းများကို မနေခဲ့ရပါ။ တတိယတန်းမှ ဆဋ္ဌမတန်းသို့ ခုန်ပျံကျော်လွှားခဲ့ရပါသည်။ ထိုအချိန်က တတိယတန်းရောက်နေသူသည် ပညာတော်လျှင် အစိုးရစစ်စတုတ္ထတန်းကို ဝင်ရောက် ဖြေဆိုနိုင်ကြောင်း သိရပါသည်။ စာရေးသူတို့သို့ အောင်မြင် ဆိုသူလည်း ကိုရင်ဝတ်နှင့် သတ္တမတန်းတွင် ကျောင်းတက်နေသည်ကို တွေ့ရပါသည်။ ထိုစာသင်နှစ်၌ ဆဋ္ဌမတန်းကို ကောင်းစွာ အောင်မြင်ခဲ့ပါသည်။ ၁၉၅၉ - ၆၀ ပြည့်စာသင်နှစ်၌ သတ္တမတန်း (D) တွင် ပညာဆက်လက်သင်ကြားနေပါသည်။ ကိုရင်ဝတ်ဖြင့်ပင် ကျောင်းတက်နေပါသည်။ အင်္ဂလိပ်စာကို ဆရာဦးလေးဆွေ (အောင်ရည်-ဦးရန်အောင်) သင်ပါသည်။ ဆရာသည်း ယခုတော့ ကွယ်လွန်သွားရှာပြီဖြစ်ပါသည်။

သတ္တမတန်း၌ ပညာသင်ကြားနေဆဲ တစ်နေ့သောအခါ၌ သမိုင်းဘာသာသင်ကြားသည့်ဆရာဦးကိုကြီးမှ ကျွန်ုပ်အား ဘုန်းကြီးစာနှင့်ပတ်သက်၍မေးသည်ကို ကျွန်ုပ်မဖြေဆိုနိုင်သဖြင့် ကျွန်ုပ်အား -

"အလကားကိုရင်၊ အရေခြုံကိုရင်"

စသဖြင့် အတန်းထဲ၌ အပြောခံရသဖြင့် ကျွန်ုပ်လည်း ရှက်ပြီးနောက်နေ့ကျောင်းမသွားတော့ပါ။ အစ်ကိုဦးပဥ္စင်းအား အကြောင်းအကျိုးမပြောဘဲ လူထွက်မည်ဟုပြောလိုက်ပါသည်။ လူထွက်ပြီးနောက် ကမာရွတ်ဘူတာရုံလမ်း၊ အောင်ချမ်းသာရပ်ကွက် (ယခု လှိုင်မြို့နယ်) ရှိ စတုတ္ထအစ်ကိုဖြစ်သူ ဦးထွန်းကြွယ်အိမ်သို့ ရောက်ရှိသွားခဲ့ပါသည်။ မင်းမနိုင်ရပ်ကွက် အစိုးရအလယ်တန်းကျောင်းမှ ကျောင်းထွက်လက်မှတ်ယူခဲ့ပြီး ကမာရွတ်ကျားကျောင်းဝင်းရှိ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ထိုကမာရွတ်အစိုးရအထက်တန်းကျောင်း၌ အစိုးရစစ်သတ္တမတန်းကို အောင်မြင်ခဲ့ပါသည်။ ၁၉၅၉-၆၀ပြည့်နှစ် စာသင်နှစ်၌ ကမာရွတ် အစိုးရအထက်တန်းကျောင်းကို ကျားကျောင်းဝင်းအတွင်းမှ ယခု လှိုင်အထက(၁)အဆောက်အအုံသို့ ပြောင်းခဲ့ပါသည်။ ကျောင်းအုပ်ဆရာကြီးမှာ ဆရာကြီး ဦးထွန်းရီ ဖြစ်ပါသည်။ ဆရာကြီး ဦးထွန်းရီသည် ကျွန်ုပ်တို့ ရှစ်တန်းကိုလည်း တစ်ခါတစ်ရံ လာရောက် သင်ကြားပါသည်။

ထို ၁၉၆၀-၆၁ ခုနှစ် စာသင်နှစ်တွင်လည်း အဋ္ဌမတန်းကို ကောင်းစွာအောင်မြင်ခဲ့ပါသည်။ ယခင်က ရှစ်တန်းအောင်လျှင် ဆယ်တန်းကို တက်ရောက်ဖြေဆိုနိုင်ခဲ့သော်လည်း ၁၉၆၁- ၆၂ ခု စာသင်နှစ်မှစ၍ ကိုးတန်း (နဝမတန်း) ကို စတင်သတ်မှတ်ခဲ့ရာ ကျွန်ုပ်တို့ (၉) တန်း စနေခဲ့ရပါသည်။ ကိုးတန်းအောင်လျှင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်သည်ဟု သတ်မှတ်ပါသည်။ ကျွန်ုပ်သည် ၁၉၆၁-၆၂ခုစာသင်နှစ်တွင်လည်း ထိုတန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို ကောင်းစွာအောင်မြင်ခဲ့ပါသည်။ ထိုစာမေးပွဲအောင်လျှင် စစ်တက္ကသိုလ်လျှောက်ခွင့်ရှိပါသည်။ အသက်ကို (၁၉) နှစ် သတ်မှတ်ထားပါသည်။ ပြည်လမ်းရှိ ဗိုလ်ရွေးအဖွဲ့၌ စစ်တက္ကသိုလ်လျှောက်ရန် ပုံစံယူခဲ့ပါသည်။ သို့သော် ကျွန်ုပ်သည် သင်္ချာဘာသာညံ့သည်ကတစ်ကြောင်း၊ အဆက်အသွယ်လည်းမရှိသည်က တစ်ကြောင်းကြောင့်မလျှောက်ဖြစ်ခဲ့ပါ။အစိုးရဝန်ကြီးဌာနများမှ အလိုရှိသည်ဟု ကြော်ငြာတွေ့လျှင် ဝင်ရောက်လျှောက်လွှာတင်ပြီး လျှောက်ခဲ့ပါသည်။ လူတွေ့စစ်မေးခြင်း၊ ရေးဖြေစာမေးပွဲဖြေဆိုခြင်း စသည်များကို တက္ကသိုလ်ဝင်တန်းတက်နေရင်းဖြင့် အလုပ်ကို တစ်ဖက်တစ်လမ်းက ရှာခဲ့ခြင်းဖြစ်ပါသည်။

၁၉၆၂-၆၃ခု စာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းကျရှုံးခဲ့သဖြင့် စစ်ထပ်ထဲရောက်သွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများကို အောင်မြင်အောင် ကြိုးစားခဲ့ရခြင်းမှာ ယခုတတိယအရွယ်တရားရှာသည့်အချိန် ပဋ္ဌာန်းဒေသနာတော်ပါ အဓိပတိလေးပါးနှင့်အညီ ကြိုးစားခဲ့ခြင်းကြောင့်ပါလား ဆိုသည့် ဘဝအသိကိုရရှိခဲ့ပါ သည်။

ကျွန်ုပ်ဘဝ ဆယ်တန်းကိုဘယ်လိုဘယ်ပုံကြိုးစားပြီး အောင်ခဲ့ရသည်ကို ဒုတိယပိုင်းအနေဖြင့် တင်ပြလိုပါသည်။ ၁၉၆၃ခုနှစ်တွင် တပ်ထဲရောက်ပြီးနောက် သင်တန်း (၂) ခု တက်ရောက်ခဲ့ပါသည်။ တပ်ကြပ်ကြီး/စာရေးဖြင့် ရန်ကုန်မြို့ စစ်ရုံးချုပ်၌ တာဝန်ကျပါသည်။ ၁၉၆၅-၆၆ ခု စာသင်နှစ်၌ လူငယ်ရေးရာညကျောင်းတက်၍ ဆယ်တန်းဆက်ဖြေရန် အားခဲထားသော်လည်း ထို ၁၉၆၅ ခုနှစ်၊ ဧပြီလတွင် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်သို့ ပြောင်းခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်ဘဝသည် ပညာရေးနှင့်ပတ်သက်ပြီး ခဲလေသမျှ သဲရေကျခဲ့ရပါတော့သည်။ ကံကဆိုးချင်ပြန်တော့ နမ့်စန်မှာရောက်ပြီး(၂)နှစ်ခန့်အကြာ အိမ်ထောင်ကျခဲ့ရပြန်ပါသည်။ ပညာရေးနှင့်ပတ်သက်လျှင် ခေါင်းထဲထည့်ပြီး မစဉ်းစားတော့ပါ။ ဖြစ်ချင်ရာဖြစ် မောင်ဘချစ် သဘောထားလိုက်ပါတော့သည်။

သို့သော် နမ့်စန်တွင်မပျော်သဖြင့် ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် ရောက်ချင်ရာရောက်ဆိုပြီး ပြောင်းရွှေ့ခွင့်တင်လိုက်ပါသည်။ သုံးလခန့်ကြာသောအခါ စစ်ရုံးသို့ ပြောင်းရွှေ့လိုက်ကြောင်း တပ်မတော်မှတ်တမ်းရုံးမှ ပြောင်းရွှေ့မိန့်ထွက်ခဲ့ပါသည်။ ရန်ကုန်စစ်ရုံးသို့ ပြန်လည် ပြောင်းရွှေ့ရသဖြင့် ဝမ်းအသာကြီးသာခဲ့ရပါသည်။ ထိုဝမ်းသာရခြင်းမှာ ဆယ်တန်းစာမေးပွဲကို ရန်ကုန်ရောက်လျှင် ပြန်ဖြေရမည်ဟု အိပ်မောကျနေသော ပညာရေးနှလုံးသားက ပြန်လည်နိုးကြားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထိုအချိန်က သားဦးရတနာလေးက (၃) လသားအရွယ်ရောက်နေသဖြင့် ဒီသားလေးမွေးလို့ ရန်ကုန်ပြောင်းရသည်ဟုပင် အတွေးဆန့်ခဲ့မိပါသေးသည်။

ရန်ကုန်သို့ပြောင်းရသည့်နှစ်က ၁၉၆၈ခု၊ ဇန်နဝါရီလဖြစ်ပါသည်။ တပ်အိမ်ထောင်သည်လိုင်းမရသဖြင့် တပ်ထဲသို့ အတူဝင်ရောက်ခဲ့သည့် တပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com

ကြီး/စာရေးအေးသိန်း၏အကူအညီဖြင့် ငှါးနေသည့် အင်းစိန်မြို့နယ် ကျောက်ချဉ်ကန်ရပ်ကွက်တွင် အိမ်ငှားနေရပါသည်။ လူငယ်ရေးရာညကျောင်းကို စုံစမ်းရာ အင်းစိန်အထက (၂) တွင် ဖွင့်ကြောင်းသိရပါသည်။ ထို့ကြောင့် ၁၉၆၈ - ၆၉ ခု စာသင်နှစ်၌ လူငယ်ရေးရာ ညကျောင်းတက်ပြီး ဆယ်တန်းဖြေဆိုရန် စီစဉ်ခဲ့ပါသည်။ စစ်ရုံးမှတပ်ဖယ်ရီကားဖြင့် ရုံးတက်၊ ရုံးဆင်းကြိုပို့လုပ်ပေးပါသည်။ နံနက် (၇) နာရီကျော်ခန့် အင်းစိန်ကမ်းနားအလယ်ပိုင်းမှ တပ်မတော်ကြိုပို့သို့ ရောက်ပါသည်။ ထိုမီးပွိုင့်တွင် မီးနီ၍ကားရပ်ထားလျှင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တက်ရန် လာရောက်နေကြသည့်ကျောင်းသူကျောင်းသားများကိုမြင်ရသည့်အခါ တက္ကသိုလ်ပညာမသင်ကြားနိုင်ခဲ့ရသည့် မိမိဘဝကို ပြန်လည်စဉ်းစားအားငယ်ပြီး မျက်ရည်ဝဲခဲ့ရသည့်နေ့ပေါင်းများက ကျွန်ုပ်ဘဝတွင်များစွာရှိခဲ့ပါသည်။ မိမိ၏နာမည်နောက်မှ ဘီအေ ဆိုသည့်ဘွဲ့ကိုလည်း ကွင်းစကွင်းပိတ်ဖြင့် မြင်လိုသည့်ဆန္ဒကရင်ဘတ်ကြီးထဲ အပြည့်ရှိနေမိသည်။ ဘဝတွင် အလိုချင်ဆုံးအပြင်းပြဆုံးသော ဆန္ဒဟု ဆိုရပါမည်။ –

၁၉၆၈- ၆၉ ခု စာသင်နှစ်၌ ဆယ်တန်းစာမေးပွဲကို အတော်အတန်ကြိုးစားဖြေဆိုခဲ့သော်လည်း မအောင်ခဲ့ပါ။ ကျောင်းစာနှင့် ပတ်သက်၍ ငါးနှစ်ခန့် အလှမ်းဝေးသွားသဖြင့် ဘာသာတိုင်းက မိမိအတွက် အသစ်များဖြစ်လို့နေပါသည်။ ထို့ကြောင့် လာမည့် ၁၉၆၉- ၇၀ ပြည့်နှစ်၌ ဆယ်တန်းကိုအောင်ရမည်ဟု မိမိစိတ်ကိုမိမိ ခိုင်ခိုင်မာမာဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဝီရိယအားစိုက်ထုတ်ကြိုးစားလျှင် မအောင်မြင်နိုင်စရာအကြောင်းမရှိ ယောကျ်ားတို့ဖွဲ့ သေခါမှ လျှော်မည်ဟု မဟာဇနကထုံး နှလုံးသွင်းခဲ့မိပါသည်။ ထို့ကြောင့် ဆယ်တန်းဖြေဆိုခဲ့သည့် ၁၉၆၉- ၇၀ပြည့် စာသင်နှစ်တွင် (၆) ဘာသာလုံးကို ည (၇) နာရီမှ နောက်နေ့နံနက် (၇) နာရီခွဲအထိ မီးလင်းမအိပ်မှုနေကြိုးခဲ့ရပါသည်။ ထိုသို့ကြိုးစားခဲ့ခြင်းကြောင့် အောင်စာရင်းများထွက်သည့်အခါ (က) စာရင်းမှ လွတ်လွတ်ကျွတ်ကျွတ်အောင်ခဲ့ပါသည်။ ယခု ပဋ္ဌာန်းဒေသနာတော်ကို လေ့လာသိရှိရသည့်အခါ အဓိပတိလေးပါးနှင့်အညီ မိမိကြိုးစားခဲ့ခြင်းကြောင့် ထိုသို့အောင်ခဲ့ရသည်ကို သိခဲ့ရပါသည်။

ဆယ်တန်းမအောင်မီက ဘွဲ့ဝတ်စုံဝတ်ပြီး ဓာတ်ပုံရိုက်လိုသည့်အာသာဆန္ဒ၊ လှည်းတန်းမီးပွိုင့်၌ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကျောင်းသား၊ကျောင်းသူများကိုမြင်ပြီးမျက်ရည်ဝဲခဲ့ရသည့်ဘဝ၊ လုပ်သားကောလိပ်၌ (၅) နှစ် ပညာသင်ကြားပြီးနောက် ရရှိလာမည့် ဘီအေဆိုသည့် စိတ်ကူးယဉ်မျှော်တွေး၍ ပျော်ခဲ့ရသည့်ဘဝ စသည့် အထင်ပေါင်းများစွာနှင့် ပျော်ခဲ့မိသည့်မိမိဘဝကို ယခုတိုင်ပြန်လည်မြင်ယောင်နေဆဲ ဖြစ်ပါသည်။

ဆယ်တန်းတက်နေသည့် ၁၉၆၉ ခုနှစ်မှာပင် ဒုတိယသားရတနာကို မွေးဖွားခဲ့ရသဖြင့် ဆယ်တန်းအောင်တော့ ကလေး (၂) ယောက်ဖခင်ဘဝရောက်နေပါသည်။ လုပ်သားကောလိပ်၌ (၅) နှစ်ပညာသင်ကြားပြီးနောက် မိမိဘဝတွင် အလိုချင်ဆုံးဝိဇ္ဇာဘွဲ့ (ဒုသနိက) ကို ရခဲ့ပြန်တော့လည်း အရာရှိဖြစ်လိုသည့် နောက်ထပ်ဆန္ဒက ပေါ်လာရပြန်ပါသည်။ ငှက်ကပျံရင်းသေရသည်။ လူကကြံရင်းသေရသည် ဆိုသည့်စကားကလည်း ဘဝတွင် အောင်မြင်လိုသောလူသားများအတွက် ထားရစ်ခဲ့သည့် စကားတစ်ခွန်းဖြစ်နိုင်သည်ဟု ထင်ပါသည်။ ဘွဲ့ရတော့ အသက် (၃၀) နှစ်ကျော်နေသဖြင့် တပ်ထဲ၌ စစ်ဗိုလ်မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် ဘွဲ့ရသည့်နှစ်မှာပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်မတော်ကဘွဲ့ရ တပ်ကြပ်ကြီးများကို ဒုရဲအုပ်လောင်းခေါ်သဖြင့် ဝင်ရောက်လျှောက်ခဲ့ပါသည်။

လူတွေ့စစ်မေးခြင်းကို မြန်မာနိုင်ငံရဲချုပ်ဦးသိန်းအောင်ကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းမှာ စစ်မေးပါသည်။ ကျွန်ုပ်သည် လူတွေ့စစ်မေးသည့်အချိန် ချောင်းဆိုးသွေးပါရောဂါဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံတက်နေရာမှ သွားရောက် ဖြေဆိုခဲ့ရပါသည်။ လူတွေ့စစ်ဆေးအောင်မြင်ခဲ့သဖြင့် မန္တလေးရဲသိပ္ပံကျောင်း၌ သင်တန်း (၅) လတက်ပြီး ဒုရဲအုပ်ဖြစ်လာခဲ့ပါသည်။

ယခုအခါ မိမိဘဝတွင် ဖြစ်ချင်သည့်ဆန္ဒများကို မရရအောင်ကြိုးစားခဲ့ရသည့် ရလဒ်များကတော့ ဘွဲ့ဝတ်စုံဖြင့် ရိုက်ကူးထားသည့်ဓာတ်ပုံ၊ ဘွဲ့လက်မှတ်ရဲအရာရှိဝတ်စုံဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံစသည်တို့က ကျက်သရေမင်္ဂလာရှိစွာဖြင့် နေအိမ်ဧည့်ခန်း၌ ချိတ်ဆွဲထားနိုင်ခဲ့ပါသည်။ ထိုသို့ ပညာတတ်ဘွဲ့ရအောင် ကြိုးစားခဲ့ရသည့် အောင်မြင်မှုအရာရှိဖြစ်အောင် ကြိုးစားခဲ့ရသည့် အောင်မြင်မှုများမှာ ပဋ္ဌာန်းပစ္စယုဒ္ဒေသပစ္စယနိဒ္ဒေသပါဠိတော်ပါ အဓိပတိလေးပါးနှင့်အညီ ကြိုးစားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုအဓိပတိလေးပါးနှင့် ပတ်သက်သည့် 'ဘာမဆိုအောင်ရမည်' ဂါထာကိုလည်း သားငယ်၊ သမီးငယ်များ လေ့လာသိရှိကြိုးစားနိုင်ရန် ဖော်ပြလိုက်ရပါသည်။

## ဘာမဆိုအောင်ရမည်

□ ဆန္ဒဝတော့ ကိံနာမ ကမ္မံ န သိဇ္ဈတိ
ဝီရိယတော ကိံနာမ ကမ္မံ န သိဇ္ဈတိ
စိတ္တဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ
ပညာဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ

**ဆန္ဒဝတော** - ပြင်းပြသော အလိုဆန္ဒရှိသူများ၊ **ကိံနာမ** - အဘယ်မည်သော၊ **ကမ္မံ** - အမှုကိစ္စဟူသမျှသည် **န သိဇ္ဈတိ** - မပြီးစီးဘဲရှိနိုင်ပါအံ့နည်း **သိဇ္ဈတိဧဝ** - မုချအမှန် ဧကန် ပြီးစီး အောင်မြင်ရမည်သာတည်း။

**ဝီရိယတော** - လွန်ကဲသောလုံ့လ ရှိသူများ၊ **ကိံနာမ** - အဘယ်မည်သော **ကမ္မံ** - အမှုကိစ္စဟူသမျှသည်၊ **န သိဇ္ဈတိ** - မပြီးစီးဘဲရှိနိုင်ပါအံ့နည်း၊ **သိဇ္ဈတိ ဧဝ** - မုချအမှန် ဧကန်ပြီးစီး အောင်မြင်ရမည် သာတည်း။

**စိတ္တဝတော** - ထက်သန်သော စိတ်ရှိသူအား၊ **ကိံနာမ** - အဘယ်မည် သော၊ **ကမ္မံ** - အမှုကိစ္စဟူသမျှသည် **နသိဇ္ဈတိ** - မပြီးစီးဘဲရှိနိုင်ပါအံ့နည်း **သိဇ္ဈတိ ဧဝ** - မုချအမှန် ဧကန်ပြီးစီး အောင်မြင်ရမည်သာတည်း။

ထို့ကြောင့် အောင်မြင်လိုသူတိုင်း ထိုပဋ္ဌာန်းကျမ်းဒေသနာတော်တွင် ပါ သည့် အဓိပတိလေးပါးနှင့်အညီကြိုး အားထုတ်ခဲ့ပါက မိမိဘဝ၌လိုချင်ပြင်း သော မည်သည့်အောင်မြင်မှုမျိုးကို မလွဲမသွေရရှိနိုင်ပါကြောင်း သားငယ် သမီးငယ်တို့ သင်ခန်းစာရယူနိုင်ကြ ရန် ကျွန်ုပ်၏ ငုပ်မိသဲတိုင် တက် ဖျားရောက်ခဲ့ရသည့်ဘဝအားမာန်တ တစောင်းကို မျှဝေ ခံစားနိုင်ကြစေ ရေးသား တင်ပြလိုက်ရပါသည်။

(ကြိုးစားသူတိုင်း အောင်မြင် သည်၊ အောင်မြင်သူတိုင်း ကြိုးစား သည်။ ဆင်ခြေပေးသည့်ပါးစပ် ထ တော်တတ်သည်။)

မောင်မောင်အောင်မင်း(ဒု...



www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမ(ဝလင်း)

# အဘွားပုံ (သို့) ဒေါ်ပုညဝတီ

လူတွေဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ ရဏ ဆိုတဲ့ တံတားကို မဖြစ်မနေ ျောက်လှမ်း ဖြတ်သန်းရပါတယ်။ မွေး အို၊ နာ၊ သေ ဆိုတာ ဘယ်သူအံ့တု င်လို့တုံး။ မလွဲမသွေ တွေ့ကြုံခံစားရ ာပဲဟုတ်လား။ နောက်ဆုံးအနေတတ် အသေမြတ်မှာဟုတ်လား။ ဒီတော့ အိုခင်၊ မနာခင်၊ မသေခင် ကြိုတင် ာ ပြင်ဆင်ထားရပါလိမ့်မယ်။ ရှာဖွေ ဆောင်းခြင်း ဆိုတာ ပစ္စည်းဥစ္စာနဲ့တင် ုတ်ပါဘူး။ အသိ၊ သတိ၊ ကုသိုလ်၊ ာဝနာတွေပေ့ါ။ ဒီအတွက် ဉာဏ်၊ ယ၊ ပညာတွေ အရင်းပြုရပါတယ်။ တွေဖတ်၊ တရားတွေနာရပါတယ်။ မ်းပြကောင်းတွေရှာဖွေမှ လမ်းလွဲ မ်းခွဲတွေအကြောင်း ကောင်းကောင်း သိမှာဟုတ်လား။ လမ်းမသိရင် မ်းပြမကောင်းရင် မျက်စိလည်လမ်း ပြီး ဒုက္ခရောက်တတ်တယ်လေ။

လမ်းရွေးမှန်ကန်ကြသူတွေထဲမှာ ာ့ အဘွားပုံ (ခေါ်) ဒေါ်ပုညဝတီ ည်းပါပါတယ်။ ဒေါ်ပုညဝတီ (အများ ခေါ်) အဘွားပုံဆိုတာ တခြားဟုတ် လား။ စစ်ကိုင်းတောင်ရိုး မြစကြာ တော်ဦးကုန္ဒကာဘိဝံသရဲ့မယ်တော် သီလရှင်ပေ့ါ။ အသက် (၈၈) နှစ် ပြီ။ မြစကြာကျောင်းတိုက်မှာပဲ တယ်။ တိုက်အုပ်ဆရာတော်ရဲ့မယ် ဆိုပြီး ဘယ်နေရာမှဝင်မပါပါဘူး။ အားဖြင့် အသက်ကြီးလာရင် ျားတာတို့၊ သားသမီးမြေးမြစ် နေချင်တာတို့၊ သတိမေ့ပြီး မေးပြီး ပြောပြီးသားထပ်ထပ်ပြောတာတို့၊ တကာပါချင်တာတို့ဖြစ်တတ်သလို ကြီးမယ်တော်ဆိုရင် ပိုလို့တောင် ခက်တတ်တယ် ဟုတ်လား။ ပုံကတော့ သူ့ဘာသာသူ တရား လျော်နေတာပါပဲ။ ဘယ်သူ့မှ ဝ်မကပ်ဘူး။ ရှာက ဘယ်သား ချင်ပါတယ်၊ ဘယ်သမီး၊ ဘယ် ခဲ့ဦးလို့လည်းမရှိဘူး။ စကား များမပြောဘူး။ ဘာစားချင်

တယ်၊ ဘာချက်ပေးစမ်း၊ ဘာဝယ်ပေးစမ်းရယ်လို့လည်း မတောင်းဆိုဘူး။ ရေချမ်း၊ ဆွမ်း၊ ပန်း၊ ဆီမီးကပ်၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေ ဒါနဲ့အချိန်ကုန်တာပါပဲ။ အိုတတ်လိုက်ပုံများပြောပါတယ်။

နေ့လွဲညစာဆိုလို့ ချင်းသုတ်လို၊ စတုမဓုလိုမျိုးတောင်မစားလို့ စစ်ကိုင်းရွှေစေတီဆရာတော်ကြီးကတောင် -

"ခင်ဗျား တော်တော်ဝိနည်းမိုရ်"

ဆိုပြီး ပြောယူရတဲ့အထိအောင်ပေ့ါ။

အဘွားပုံ နေ့စဉ် ပုံမှန်အလုပ်က မနက်စောစော အရုဏ်မတက်ခင်ထ၊ မျက်နှာသစ်၊ ရေနွှစ်ခွက်သောက်ပြီး ရေချမ်း၊ ဆွမ်းကပ်တော့တာပါပဲ။ မနက်ဆွမ်းအဖြစ် ယာဂုသောက်တယ်။ ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေတယ်။ တရား





www.burmeseclassic.com

www.burmeseclassic.com

စာဖတ်၊ ပုတီးစိပ်တယ်။ အောင်တော်မူဂါထာရွတ်တယ်။ သူနဲ့သိတဲ့ သံဃာတွေ၊ လူတွေဆိုရင် ဘွဲ့နာမည်တပ်ပြီး သစ္စာပြု၊ မေတ္တာပို့တာ နေ့စဉ် ပုတီးပတ်ရေ (၅၀၀) ကျော်ပါတယ်။ မနက် (၁) ကြိမ်၊ ညနေ (၁) ကြိမ် ဧည့်သည်လာလို့ ဝတ်ပျက်ရင် ညအကြွေးဆပ်စိပ်ရပါတယ်။ အောင်တော်မူဂါထာကတော့ အမြဲရွတ်တာပါ။ ပြည့်တယ်ကို မရှိပါဘူး။ ဂုဏ်တော်ပုတီးလည်း ဒီလိုပါပဲ။

အဘွားပုံဟာ ဘယ်တော့မှ စိတ်ဆိုး စိတ်တိုတယ်ဆိုတာ မရှိဘူး။ စကားတောင် လေသံမာမာနဲ့ မပြောဘူး။ ရသမျှ နဝကမ္မတွေလည်း စာသင်သားသံဃာတွေ ဆွမ်းကပ်အကုန်လှူပစ်တာပါပဲ။ စကားနည်းတာ၊ အမြဲပြုံးရိပ်သန်းပြီး နူးညံ့သိမ်မွေ့စွာ ပြောဆိုတတ်တာ၊ စိတ်မတိုတတ်တာ၊ သူတစ်ပါး အပေါ် ကိုယ့်ကြောင့် တာဝန်မကြီးစေချင်တာ၊ စွန့်လွှတ်အနစ်နာခံတာ၊ တစ်ဖက်သားအပေါ် မေတ္တာထားတာတွေဟာ အဘွားပုံဆီက သားဖြစ်သူ ဦးကုန္ဒက ဗီဇအမွေရထားတာတွေပါ။ ကျန်းမာရေးဘက်မှာလည်း အဘွားပုံဟာ ခါးနာတာကလွဲလို့ တခြားဘာရောဂါမှမရှိပါဘူး။ အဘွားပုံကို သီတဂူဆေးရုံက ဒေါက်တာ ဒေါ်မိမိခင်၊ ဒေါ်ညွန့်ညွန့်စန်း (မိဘမေတ္တာကျောင်းအမ) ငွေထီး (၃) လက် မိသားစုတို့က တာဝန်ယူ လှူဒါန်းပြုစုကြတယ်လေ။

အဘွားပုံဟာ ဒံပေါက်၊ မန္တလေးတိုးမုန့် စတာတွေကြိုက်တယ်။ သို့သော် ဘယ်သူ့မှမပြောဘူး။ ကြိုက်မှန်းသိလို့ ငွေထီးသုံးလက်မိသားစုက ဒံပေါက်နဲ့ တိုးမုန့် အမြဲလှူပါတယ်။ ဗိုက်ဆာတယ်ရယ်လို့ အဘွားပုံမှာမရှိလှဘူးတဲ့။ ဓမ္မကထိက ဦးလှသိန်း ရွာမှာတရားလာဟောတုန်းက ဆွမ်းလှူတဲ့အခါ ဆာလောင်ခြင်းကင်းအောင် ဆုတောင်းပါလို့ဟောတာနာရပြီးကတည်းက ဆုတောင်းတာ သိသိသာသာ ဆုတောင်းပြည့်ပါသတဲ့။ ခရီးသွားတဲ့အခါ အဆင်မသင့်လို့ ထမင်းမစားရလည်း မဆာပါဘူးတဲ့။

အဘွားပုံ (ခေါ်) ဒေါ်ပုညဝတီကို ၁၂၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ငါးမြာကြီးရွာမှာ မွေးဖွားပါတယ်။ အဖ ဦးအောင်ဘန်း၊ အမိဒေါ်မမတို့ ဖြစ်ပါတယ်။ ငယ်မည်မှာ ဒေါ်မြစိန်ဖြစ်ပါတယ်။ တစ်ဦးတည်းသောသမီးပါ။ အရွယ်ရောက်တော့ ဦးကျော့ရွှေနဲ့



အကြောင်းပါပြီး ဒေါ်စန်း၊ ဦးသန်းဝင်း၊ ဒေါ်ခင်ဦး၊ ဒေါ်ခင်ဝင်း၊ မောင်အေးလွင် (မြစကြာဆရာတော်-ဦးကုန္ဒက) တို့ကို မွေးဖွားပါတယ်။ လယ်ယာအလုပ်နဲ့ အသက်မွေးပြီး ဦးကုန္ဒကလောင်းလျာကို ကိုယ်ဝန်ဆောင်ထားတော့ အသက် (၄၀)ရှိပြီ။ ထိုအခါ ငန်းမြာကြီးမာရ်အောင် မဟာစည်ရိပ်သာမှာ သွားပြီးတရားအားထုတ်ခဲ့တယ်။ အသက် (၅၇) နှစ်အရွယ်မှာ တစ်လတိတိ တရားစခန်းဝင်ပြီး တောထွက်ချင်စိတ်ဖြစ်ပေါ်လာခဲ့တယ်။ ဒီလိုနဲ့ အားလုံးကို စွန့်လွှတ်ပြီး ဒေါ်မြစိန်ဟာ မန္တလေး မဟာစည်ရိပ်သာမှာ (၃) တိတိ တရားထိုင်ခဲ့တယ်။ လယ်ယာတွေကတော့ အစောပိုင်းကတည်းက သားသမီးတွေဝေပေးခဲ့ပြီးပြီလေ။

၁၃၄၅ ခုနှစ် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်၊ ရွှေစေတီဆရာတော် ဦးသုန္ဒရထံမှာ သီလရှင်ဝတ်ပါတယ်။ ယောဂီထိန်းလုပ်ရင်း တရားအားထုတ်တာ ရွှေစေတီမှာ (၉)နှစ်ပါ။ ရွှေစေတီရိပ်သာမှာနေခိုက်မှာ မြစကြာဆရာတော် ဦးလက္ခဏာက အဘွားပုံကို သားဖြစ်သူ မြစကြာဦးကုန္ဒက ကျောင်းခေါ်သွားတယ်။ (၁) ကြိမ်နဲ့မလိုက်၊ (၂)ကြိမ်နဲ့ မလိုက်ဘူး။ (၃) ကြိမ်မြောက်တော့ ဆရာတော်ဦးလက္ခဏာက အောက်ပါအတိုင်း ပြောလိုက်တယ်။

"ခင်ဗျား ရွှေစေတီမှာနေတာ အဆင်ပြေနေတာ ကျုပ်သိပါတယ်။ ကျုပ်က ခင်ဗျားသား မောင်ကုန္ဒက အတွက် ခေါ်တာဗျာ။ ခင်ဗျားသား ကံတက်စေချင်လို့ မိဘနဲ့အနီးကပ်ပြုစုပြီး ကျုပ်က မြစကြာကို အောင်မြင်တဲ့ စာသင်တိုက်ဖြစ်အောင် ကြိုးစားနေတဲ့ မောင်ကုန္ဒကကို တခြားသူတွေနဲ့ ဉာဏ်ဝီရိယချင်းတူရင်တောင် ကံမတူစေချင်ဘူး။ ဒါ့ကြောင့်ခေါ်တာ"

ဆရာတော် ဦးလက္ခဏာက ဦးကုန္ဒကကိုလည်းပြောပြန်တယ်။

"မောင်ကုန္ဒက၊ မယ်တော်ကြီးကို သေသေချာချာပြုစုပါ။ မင်းတို့ငါတို့လုပ်နိုင်တဲ့ကုသိုလ်တွေထဲမှာ အမွန်မြတ်ဆုံးကွ"

ဒီလိုနဲ့ ဒေါ်ပုညဝတီ မြစကြာကို ရောက်လာခဲ့ပါလေရော။

မြစကြာ ဦးကုန္ဒကလည်း သူ့မယ်တော်ကြီး အတော် ဂရုစိုက်တယ်။ တစ်နေ့ တစ်နာရီလောက် တရားစကားလာပြောပြီး ဓမ္မနဲ့ကျေးဇူးဆပ်တယ်လေ။ ဒီသားအမိကိုကြည့်ပြီးတော့ ကြည်နူးရ ကုသိုလ်ဖြစ်ရပါတယ်။ ဘာလို့လဲဆို တော့ ဘုန်းကြီးခမည်းတော်၊ မယ်တော် အတော်များများဟာ ရုပ်ရှာစွဲ၊ သားသမီး မြေးစွဲနဲ့ တောမှာပဲပျော်နေကြပြီး အ အလမ်းကြီးမားစွာနဲ့ သားဘုန်းကြီးရှိရာ မြို့ကျောင်းမှာ မနေကြပါဘူး။ နေလည်း ခဏပါပဲ။ ကြာလာရင် ပြန်ချင်တယ် လုပ်တော့တာပါပဲ။ ဒါအစွဲအလမ်းကြီး လို့ တရားနဲ့မပျော်လို့ပါ။ အခုတော့ အဘွားပုံက တရားနဲ့မွေ့လျော်နေတာ ဘယ်သူ့အငြိုအငြင်မှုလည်းမခံရ၊ သံယောဇဉ်မှုလည်းမငြိ၊ ပကတိငြိမ်းချမ်း နေပါတော့တယ်။ ဒါ့ကြောင့် ပြောခဲ့ တယ်။ အဘွားပုံလို တရားနဲ့ပျော်ကြပါ အိုတတ်ကြပါလို့လေ။ အိုတတ်ရင် နာ တတ်၊ သေတတ်ကြပြီပေါ့။

အဘွားပုံကို အသက်(၁၀၀)အထိ နေရလိမ့်မယ်လို့ ထင်ထားတာပါ။ နို မယ့် အသက် (၉၁) နှစ်၊ ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၆ ရက်၊ ၁၄-၃-၂၀၁ နေ့ နံနက် (၅) နာရီခွဲမှာပဲ ကံကုန် တယ်။ ဥပမိရုပ်က ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျဆိုတော့ အစားပျက်၊ အအိပ် ပျက်တယ်ဆိုတာလည်း မရှိလေတော့ မျှော်လင့်မိတာပေါ့လေ။ ဘယ်လိုပဲ ဖြစ် အဘွားပုံဟာ ဇာတိနဲ့ မရဏ မှာ သဗ္ဗာဝကို ကာမမလုပ်ဘဲ ဘဝ ကို ဓမ္မနဲ့ညှိပြီး ခရီးဆက်နိုင်သူမို့ အ တတ်လို့ အသေမြတ်ပါပေတယ်။ ဒါ အဘွားပုံရဲ့ဖြတ်သန်းမှုတွေကသက်သေ ခံနေလေရဲ့။ ဘဝကို အနိုင်ပိုင်းနိုင် ပေါ့။

ဦးစန္ဒိမ (

www.burmeseclassic.com

-ကိုဘညွန့်တစ်ယောက် မထင်မှတ်ဘဲ ရှုးသွပ်စွာ စိတ်ဝင်စား အင်္ဂလိပ်ပိုး ...င်သွားရာမှ ဖိုမထိုးရမနေနိုင်ဖြစ်နေ၍ ...ယခင်က အောင်မြေဗောဓိရွှေသေငုတ် ...ခေါ် လမ်း၏လက်ကျန် ရွှေသေ သဖိတ် ...ရောင်နက်ပြောင်နေသည့် ဓာတ်သား (၁) ကျပ်သားကို အရင်းတည်ပြီးနေစဉ် ...ဆောဇောပေးနေရာမှ ရရှိခဲ့တဲ့ ဝီရိယ အကျိုးဆက်အနေဖြင့် -

'ရွှေသေ တေဇောရ' ဓာတ်လုံး ...ကောင်းကောင်းတစ်လုံးတော့ရရှိခဲ့လေ ...။ သို့ဖြစ်၍ အခြားအခြားသော အင်္ဂလိပ်လက်ဝဲလုပ်ရတ်စားလမ်းပေါင်း ...ြောက်များစွာတို့ကိုလည်း လက်တွေ့ ...လေ့လာသုတေသနအဖြေရှာနေခဲ့သလို ...တ်ဝယ်ပိုင်ရရှိထားတဲ့ရွှေသေဓာတ်လုံး ...ကိုလည်း တစ်နေ့မပြတ် လေဖိုတင် ...ခဲ့လာခဲ့သည်မှာ အနှစ် (၂၀) ကျော် ...ခဲ့ပြီး ကိုဘညွန့်မှသည် ဦးဘညွန့်၊ ...ဘညွန့် ဟူသော အရွယ်ဖြစ်သော ...သက် (၆၅) နှစ် အရွယ်သို့ပင်ရောက် ...ခဲ့လေပြီ။

လိုတရလာခဲ့လေသည်။ ဆိုင်လုပ်သား လေးငါးဆယ်ယောက်ပင်ထားရလောက်အောင် လုပ်ငန်းဖွံ့ဖြိုးပြီး အရောင်းအဝယ်ကောင်းခဲ့လေသည်။

ဤသည်တို့မှာလည်း 'ကိတ်သေဓာတ်လုံး' ရဲ့ အစွမ်းသတ္တိများပံ့ပိုးပေးမှုဟု ဦးဘညွန့်တစ်ယောက် ယုံကြည်ခဲ့လေသည်။

# မင်းချမ်းမြေ့
## သွပ်ဓာတ်၏ပရိယာယ်နှင့်
## ၇ သွပ်ဒုက္ခ



သို့သော် လောကဓမ္မတာလမ်းစဉ်အတိုင်း ဖြစ်ချိန်တန်လို့ဖြစ်ခဲ့ပြီးလေတော့ ပျက်ချိန်တန်လို့ပျက်ရတော့မည့် အခြေအနေက ဆိုက်ရောက်လို့လာနေပြီဆိုတာကိုတော့ ဦးဘညွန့် သတိမထားခဲ့မိပေ။

ဓာတ်ကောင်းတစ်လုံးကို ရရှိပိုင်ဆိုင်ထားသည့် ဝါရင့်အင်္ဂလိပ်သမားတို့၏ ထုံးစံအတိုင်း ဓာတ်သေဓာတ်လုံးရဲ့ လုံ့ခွံကို အခြားသော ရုပ်ဓာတ်များနှင့် လုံကျင်း၍ရုပ်ပြောင်းစေခြင်း၊ အာကာသဓာတ်များကို လုံ့ခွံဖြင့်မီးချော၍ ဖမ်းယူခြင်း စသော စမ်းသပ်မှုမျိုးပေါင်းစုံကို လုပ်ကိုင်လာခဲ့ရာ ထိုအထဲတွင် ရွှေသေဓာတ်လုံး၏ အစွမ်းသတ္တိမှာ 'သွပ်ဓာတ်'ကို အလွန်နိုင်ခြင်းပင် ဖြစ်သည်။

ငင်းလုံ့ခွံဖြင့် သွပ်ဓာတ်အစိမ်းကို လုံထည့်ကျင်းလိုက်လျှင် သွပ်ဟာ တစ်ခါတည်းနှင့် - အခိုးမီးတောက်ငြိမ်းသည့်အဆင့်ကိုရပြီး ဆက်၍ (၇) လုံ

တစ်ရွာမပြောင်းသူကောင်းမဖြစ် ...သို့ ယခင် မွေးရပ်ဇာတိရွာမှ ...င်းအဝယ်ဖွံ့ဖြိုး၍ စစ်စာပ်လေ့ကျင့် ...င်အခြေစိုက်ရာ လှည်းကူးမြို့နယ် ...ကြီးတစ်ရွာသို့ ပြောင်းရွှေ့လာပြီး ...င်ကြီးတစ်ဆိုင်ဖွင့်လှစ်ပြီး ရောင်း...ခဲ့ရာတွင်လည်း စီးပွားဖြစ်ထွန်း၍



www.burmeseclassic.com

www.burmeseclassic.com

လောက်ကျွင်းပေးလိုက်လျှင် သွပ်သေခာတ်လုံး(၁)လုံးအဖြစ်ရောက်သွားလေသည်။

ဒါကြောင့် ဦးဘညွန့်မှာ သွပ်သေခာတ်လုံးကောင်းကလည်း အကျိုးပေးနေပြီး အရောင်းအဝယ်အပွင့်အလန်းနှင့် လူချစ်လူခင်ကလည်း ပေါမှပေါဆိုသလိုဖြစ်နေသည်။

ထို့ထက်ထူးတာကတော့ ရွှေသေခာတ်လုံးကို အရည်ကျိုလိုက်ပြီး အရည်ပျော်နေတဲ့အချိန်မှာ သွပ်အစိမ်းသန့်စင်ပြီး (၁) မတ်သားခန့်ကို ပစ်ထည့်လိုက်လျှင် ထိုသွပ်ခာတ်အစိမ်းမှာ လုံးဝအခိုးမီးတောက်မှကန်ထွက်မသွားဘဲ လက်ချားခဲလေးထည့်လိုက်သလို ရွှေသေခာတ်လုံး၏ ပျော်ရည်ထဲတွင် ပျော်ဝင်သွားပြီး တစ်အောင့်လောက်အကြာမှာ -

ပေါက်ပေါက်ပွင့်လေးကဲ့သို့ဖြူဖွေး၍ သန့်စင်နေသော သွပ်ပြာအပွင့်လိုက်လေးပြန်အန်ထွက်လာသည်ကို ထူးဆန်းစွာ တွေ့ရလေသည်။

ထိုသွပ်ပြာသေလေးများကို လုံအအေးခံ၍ လက်ဖဝါးပေါ် ခေါက်ချလိုက်ပြီး ဦးဘညွန့်တစ်ယောက် လျက်ဆားလျက်သလို လျှာဖြင့်လျက်ပြီး ရေနွေးကြမ်းတစ်ခွက်ဖြင့် သောက်ချလိုက်လေသည်။

ဤသို့ဖြင့် ရွှေသေခာတ်လုံး၏ အစွမ်းသတ္တိဖြင့် ဦးဘညွန့်တစ်ယောက် သွပ်သေပြာရိုက်ပြီး ဆေးဝါးအနေဖြင့် မကြာခဏ သုံးဆောင်လာခဲ့လေသည်။

ဒီနေရာမှာ ခာတ်ဗာရားတို့၏ အကျိုးတရားအာနိသင်နှင့် အချိန်တွယ်ပမာဏ ချင့်ချိန်စားသုံးရမည့် အတိုင်းအတာကို သတိမပြုမိခဲ့လေတော့။ သွပ်ခာတ်သွပ်သေပြာက သူ့သဘောအတိုင်း အစွမ်းပြလေတော့သည်။

'အကောင်းလွန်တော့ အဆိုးဖြစ်တတ်တဲ့ သဘာဝသဘောတရား' ကဲ့သို့ပင် ဖြစ်သည်။ ဦးဘညွန့်တစ်ယောက် အသက် (၆၅) နှစ်ကျော်အရွယ်လို့သာ ဆိုရသော်လည်း သူ့ကိုကြည့်လိုက်လျှင် လေးဆယ်ကျော် ငါးဆယ်အရွယ်ခန့်လို့ လူတိုင်းကထင်ကြလေသည်။

အရွယ်ကတင်၊ စီးပွားရေးကလည်းကောင်း၊ လူချစ်လူခင်ကလည်း ပေါများပြီး အဘက်ဘက်ကပြည့်စုံနေသည်ဟု ထင်ရသော်လည်း ဦးဘညွန့်မှာ အိမ်ထောင်ဖက် ဇနီးသည်က လွန်ခဲ့တဲ့ (၃)၊ (၄) နှစ်က ဆုံးလေတော့ သွပ်ပြာရဲ့ အစွမ်းသတ္တိတွေကြောင့် အရွယ်တင်နုပျို ကျန်းမာနေသည်ဆိုတော့ ကျန်းမာပြီးတော့ ယောကျ်ားများလန်းဖြာတဲ့ကိစ္စက (ကာမဂုဏ်ကိစ္စကလည်း)သွပ်ပြာအစွမ်းရဲ့အဓိကအစွမ်းပြချက်ဖြစ်တဲ့ သုက်ပွားအားရှိပြီး အမြဲတမ်းပန်းရှင်လန်းနေလေတော့ ထိုကိစ္စကိုငြိမ်းသတ်ရန်အတွက် အိမ်တွင်လာရောက်ကူညီပေးနေသော ဇနီးသည်ဘက်မှ ဆွေနီးမျိုးစပ်တော်တဲ့ အသက် (၃၅) နှစ်အရွယ် မိန်းကလေးတစ်ယောက်ကို တရားဝင်လက်ထပ်ယူလိုက်ရတော့သည်။

ဒီနေရာတွင် ယောကျ်ားနှင့် မိန်းမလွတ်လပ်တဲ့သူချင်း လက်ထပ်တာဘာများဆန်းသလဲဟု တွေးထင်ကြပေမယ့် ဦးဘညွန့်၏ လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာတော့ ဟိုပြောဒီပြောလူ့မနော အပြောမလွတ်ဖြစ်နေကြလေသည်။ ပတ်ဝန်းကျင်၏မေးငေါ့ပြောဆိုမှုများရဲ့ဒဏ်ကို ဦးဘညွန့်တစ်ယောက် အသက်ကြီးမှလက်တွေ့တွေ့ကြုံရင်ဆိုင်လာခဲ့ရလေတော့ ထိုပတ်ဝန်းကျင်မှာ နေထိုင်ရတာကို မပျော်ပိုက်လာတော့ပေ။ လက်ရှိစီးပွားရေးအရောင်းအဝယ်ကောင်းမွန်ဖွံ့ဖြိုးနေသည့် လုပ်ငန်းတစ်ခုလုံးနှင့် အိမ်ဝင်းကိုပါ အပြီးအပိုင်ရောင်းချပြီး ပဲခူးမြို့ပေါ်သို့ ပြောင်းရွှေ့သွားခဲ့သည်။

ပဲခူးသို့ပြောင်းရွှေ့ပြီး သင့်တော်တဲ့အိမ်တစ်လုံးကို ဝယ်ယူပြီး အဂ္ဂိရတ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေပြီး ငွေပိုငွေလျှံများကို ဘဏ်တွင်အပ်နှံ၍ အတိုးထုတ်ယူပြီး အေးအေးဆေးဆေးနှင့် ဘဝကိုအခြေချတော့မည်ဟုတွေးနေတုန်း ဖြုန်းဆို မိမိလက်ထပ်ထားတဲ့ (၃၅) နှစ်အရွယ်မိန်းမက ကိုယ်ဝန်ရှိလာလေတော့ အသက်ကြီးမှ မြေးမချီရဘဲ ကိုယ်တိုင်မွေးတဲ့ကလေးချီရမယ့်ကိန်းဆိုက်ပြန်လေပြီ။ ဒီတော့လည်း ဘာတတ်နိုင်မှာလဲ။ ကိုယ်ပြုခဲ့တဲ့အမှုပေမို့ တာဝန်ကျေရမှာပေါ့လို့သာ ဖြေသိမ့်ရတော့သည်။

တစ်ခါ ကလေးငယ်လေးမွေးဖွားလာတော့ ကလေးငယ်နှင့် ဇနီးမယားလေးအတွက် တာဝန်တွေမလစ်ဟင်းရအောင်ပြုစုပေးနေရတော့ ရွှေသေခာတ်လုံးမီးတေဇောပေးရေးအတွက် သင့်တော်မည့်ထင်သည့်လူတစ်ယောက်ကိုငှားပြီး လေဖိုမီးစိုက်သည့်အလုပ်ကို ကိုယ်စားလုပ်ကိုင်ခိုင်းခဲ့လေသည်။

ဒီလိုနှင့် (၆) လလောက်ကြာတဲ့ အခါမှာတော့ ပြဿနာတက်လေတော့သည်။ အကြောင်းက ရွှေသေခာတ်လုံးကို လေဖိုတင်မီးပေးဖို့ငှားထားတဲ့သူကသည်ခာတ်လုံး အဖိုးတန်တာကိုသိတော့ အဂ္ဂိရတ်ဉာဏ်မတောက်တခေါက်အသိဉာဏ်နည်းပါးစွာဖြင့် သူ့မှာရှိတဲ့ သူများပေးထားသော ဘာခာတ်မှန်းမသိသည့် ခာတ်လုံးကို ရွှေသေခာတ်လုံးနှင့်ပေါင်းပြီး လေဖိုတင်လိုက်ပြီး နောက်မှသူထည့်လိုက်တဲ့ ခာတ်လုံးအလေးချိန်အတိုင်း ဦးဘညွန့်မသိအောင် ပြန်ခွဲယူမည်ဟုကြံပြီး 'ရွှေသေခာတ်လုံးနဲ့ ပေါင်းလိုက်လေတော့ သွားလေပြီပေါ့။ ရွှေသေခာတ်လုံးဟာ လုံးဝကို ပျက်စီးသွားလေတော့သည်။ ဒီကိစ္စကို လက်လွန်ပြီးမှ ဦးဘညွန့်သိလိုက်ရတော့ ဘယ်လိုမှပြန်ပြီး ခာတ်လုံးကိုအဖတ်ဆယ်၍မရတော့ပေ။

ဦးဘညွန့်တစ်ယောက် မိမိအနှစ် (၃၀)၊ (၄၀) ခန့် အရင်းတည်ပြီးထိုးလာသည့်ခာတ်ကောင်းတစ်လုံးဟာ ပျက်ချင်လာတော့လည်း ဘာမဟုတ်တာနှင့်ပျက်ခဲ့ရလေတော့ လူဟာ အရုပ်ကြိုးပြတ်မတ်တတ်တောင်မရပ်နိုင်လောက်အောင် စိတ်ခာတ်ကျခဲ့လေသည်။

အသက် (၇၀) နှစ်ကျော်အရွယ်ကြီးမှ မိမိကလေးက နို့စို့လသားအရွယ်နှင့် အခြေခံကောင်းပြီး ဝင်ငွေဖြောင့်နေသည့်စီးပွားရေးလုပ်ငန်းကလည်းစွန့်လွှတ်ခဲ့ရလေပြီ။ တစ်သက်လုံး အရိပ်တကြည့်ကြည့်နှင့်ပိုးလိုဥထားတဲ့ ရွှေသေခာတ်လုံးကလည်း မထင်မှတ်ထားဘဲ ပျက်စီးခဲ့လေတော့ စာရှုသူများ ဦးဘညွန့်ရဲ့ လောကဓံဒုက္ခများကို ကိုယ်ချင်းစာ၍ ခံစားကြည့်နိုင်ပါလိမ့်မည်။

စာရေးသူက အဘဦးဘညွန့် အသက် (၈၀) ကျော်အရွယ် ယခုနောက်ဆုံးဇာတ်သိမ်းခန်းရောက်မှ တွေ့ဆုံရင်းနှီးခင်မင်ခဲ့ရပြီး သူ၏ ဘဝဇာတ်ကြောင်းစုံကို ရင်ဖွင့်ပြခဲ့၍ ယခုလိုသိခဲ့ရခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် . . .

အဘဦးဘညွန့် ပြောကြားခဲ့သည့် အဂ္ဂိရတ်ခာတ်ပညာများနှင့် ပတ်သက်သည့် မှတ်သား၊ သတိပြုစရာစကားမှာ-

"မောင်ရင်တို့လို အဂ္ဂိရတ်ပညာသင်ဝါသနာရှင်လေးတွေကို အဘအထူးပြောချင်တာက အဂ္ဂိရတ်ခာတ်ပညာဟာ အလွန်သိမ်မွေ့နက်နဲသလောက်စည်းကမ်း ဥပဒေသတွေကလည်း စောင့်ထိန်းစရာများပြားလှပါတယ်။

မိမိခာတ်စခန်း အောင်မြင်လာ



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး
# ကြက်ဟင်းခါးရွက်နှင့်ဝမ်းကိုက်ရောဂါ

ကြက်ဟင်းခါးသီးဆိုတာ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ဟင်းတစ်ခွက်ပါ။ ကြက်ဟင်းခါးသီးကို သူချည်းကြော်စားတယ်။ အရောအနှောနဲ့လည်းကြော်စားတယ်။ ကြိုက်တတ်သူဆိုရင်လည်း ကြက်ဟင်းခါးသီးဟာ ထမင်းမြိန်စေတဲ့ဟင်းပါ။

ဒီတော့ ကြက်ဟင်းခါးသီးကို မီးဖိုချောင်မှာ လူတိုင်းမြင်ဖူးကြပါတယ်။ အများအားဖြင့်မြင်ဖူးတာက ကြက်ဟင်းခါးအယဉ်လို့ခေါ်တဲ့ ကြီးမားတဲ့ကြက်ဟင်းခါးသီးကြီးတွေပါ။ ကြက်ဟင်းခါးအရိုင်းဖြစ်တဲ့ လက်မလောက်သာရှိတဲ့ ကြက်ဟင်းခါးအသေးမျိုးကျတော့ မြို့ပြတွေမှာသိပ်မရှိပါဘူး။ တောရွာတွေရဲ့ ခြံစည်းရိုးတွေမှာ၊ အိမ်စည်းရိုးတွေမှာ အလွန်ဖြစ်ထွန်းတဲ့အပင်တွေပါ။ မြေဩဇာကျွေးစရာမလိုဘူး။ အရိုင်းဆိုတဲ့အတိုင်း သူ့ဟာသူအပြိုင်းအရိုင်းထွက်တာ အသီးတွေခဲနေအောင်သီးတတ်ရှိတယ်။ စားလို့မနိုင်အောင်ကိုသီးတာပါ။ ဒါကြောင့် မပျင်းရင် ကြက်ဟင်းခါးခူးကို လှန်လျှောရှာဖွေရင် တစ်နေ့တစ်ပြည်လောက်တောင် ရနိုင်တယ်။ ကျေးရွာချရောင်းရန် နို့ဆီတစ်ဘူးကို ငါးရာကျပ်နဲ့ရောင်းကြတယ်။ ကြိုက်တဲ့လူတွေက ဝယ်စားကြလေ့ရှိတယ်။

တောရွာတွေမှာ ကြက်ဟင်းခါးရွက်တွေပေါတော့ မြင်ဖူးကြပေမယ့် မြို့ပြတွေမှာကျတော့ မြင်ဖူးဖို့မလွယ်လှပါဘူး။ ကျွန်တော်တို့အောင်ဇမ္ဗူရပ်ကွက်ဆိုတာက တောရိပ်တောင့မပျောက်သေးတော့ ကြက်ဟင်းရိုင်းပင်တွေအလွန်ပေါပါတယ်။

ကျွန်တော်သွားသွားလည်နေကျ ကိုတင်သန်းတို့အိမ်မှာ မိုးဦးကျစ ကိုတင်သန်းက ကြက်ဟင်းခါးပင်ပေါက်တစ်ပင်တွေ့လို့ နုတ်ပြီး စည်းရိုးဘေးမှာ စိုက်လိုက်တယ်။ ဖြစ်လိုက်ပုံများ စည်းရိုးပြိုလဲမတတ်ဖြစ်လာတာမို့ စင်ထိုးထားပေးရတယ်။ မည်းမှောင်နေအောင်ဖြစ်တာပါ။ သီးလိုက်တာကလည်း မိသားစု(၁၀)ယောက်ရှိတဲ့အိမ်စားမနိုင်ဘဲ ရောင်းတောင်စားရတယ်။ ဒါတောင် ရင်းနှီးတဲ့အိမ်နီးချင်းတွေမကြာမကြာလာနှိုက်နေကြတာ ကုန်နိုင်တယ်မရှိဘူး။ အနိုင်သီးပေးနေလေရဲ့။ အဲဒီအပင်အုံကိုကြည့်ပြီး ကိုတင်သန်းနဲ့ စကားပြောဖြစ်ပါတယ်။

"ကိုတင်သန်းရဲ့ ကြက်ဟင်းခါးပင်ကလည်း ဖြစ်လိုက်တာအလွန်ပါပဲ။ သူ့ရဲ့အညွန့်တွေပြုတ်ပြီး မြုပ်စားရင် သိပ်ကောင်းတယ်ဗျ။ ဂေါက်နာတွေဘာတွေထရင် အဲဒီအရွက်ကိုခူးပြီး ထုထောင်းအရည်ညှစ်ပြီးလိမ်းရင် သက်သာပျောက်ကင်းနိုင်တယ်။ ယားနာတွေဘာတွေဖြစ်ရင်လည်း အရွက်နဲ့ခြေပြီးပွတ်ပေးရင် ပျောက်နိုင်တယ်။ သူ့အသီးကို ဝက်သားနဲ့ ကြော်ချက်စားရင် ဆီးကျောက်အလွယ်တကူကြေကျနိုင်တယ်ဗျ။ ဆေးအတော်များများအသုံးဝင်တယ်"

"ဟုတ်တယ် ဦးရဲ့။ ကျွန်တော်ငယ်ငယ်က ဝမ်းကိုက်ဖြစ်ဖူးတယ်။ ခုခေတ်လို အင်္ဂလိပ်ဆေးဆိုင်တွေဘာတွေ ဒီမှာဘယ်ရှိမလဲ။ ဝမ်းကိုက်ဆိုတာ ဦးလည်း အသိပဲ။ အလွန်အခံရခက်တဲ့ ဝေဒနာဗျ။ အဲဒီမှာ ရက်အနည်းငယ်ရတော့ လူကြီးတွေဖွင့်ပြောရတယ်။လူကြီးတွေက ဝမ်းကိုက်တာများ ဘာမှမခက်ဘူး။ ကြက်ဟင်းခါးညွန့်နဲ့ ကြက်ဥနဲ့သာကြော်စားလိုက်။ နင့်ဝမ်းကိုက်ယူပစ်သလို ပျောက်မယ်လို့ပြောကြတယ်။ ဒါနဲ့ ကျွန်တော်လည်း ကြက်ဟင်းခါးညွန့်ခူးပြီး ကြက်ဥနဲ့ကြော်စားပစ်လိုက်တယ်။ နှစ်ခလောက်စားလိုက်တော့ အဟုတ်ပဲဗျို့။ ဝမ်းကိုက်တစ်ခါတည်းပျောက်သွားတယ်။ အဲဒါ ကျွန်တော့်ကိုယ်တွေ့ပါ။ ပြောပြတဲ့ ဘိုးဘွားတွေတော့ဆုံးကုန်ကြတာ ကြာပါပြီ"

လို့ ပြောပြပါတယ်။

ဒီလိုနဲ့ စကားထဲက ဆေးနည်းရလိုက်ခြင်းပါ။

ကိုတင်သန်း၊ မစိုးစိုးသို့
ကျေးဇူးတင်လျက်

*ချမ်းမြေ့ကြပါစေ*
နေပြည်တော်ကျော်ကျော်စိုး

---

...သေ သီလ၊ သမာဓိ၊ ဉာဏ်ပညာကို ...ပြည့်ကျင့်ပေးနိုင်မှ တည်မြဲတတ်...ဘောတရားကို အမြဲသတိထားပါ။

...ပြီးတော့ ဓာတ်တရားတွေရဲ့ ...သတ္တိ အကျိုးအာနိသင်တွေကို ... အရမ်းပဲ ဗရမ်းဗတာမသုံးစွဲကြပါ ...မှာချင်ပါတယ်။ ဘာကြောင့်လဲ ...တော့ အဘကိုယ်တွေ့ သွပ်ဓာတ်ကို ...ပြီး လိုသလိုရနေတော့ အဲဒီသွပ်...ရဲ့ အစွမ်းအာနိသင်ကို သင့်တော်...အသုံးမချဘဲ အရမ်းထင်သလိုသုံး...တော့ အသက်အရွယ်နဲ့မမျှ... လူငယ်လူပျိုလေးများလို သုက်...တွေပွားများ အားရှိကျန်းမာလာ...တော့ ပုထုဇဉ်ကာမဂုဏ်စိတ်ကို ...ချိုးနှိမ်လို့မရခဲ့တာက အစပြု...ပဲကွယ်။

- အကယ်၍သာ သွပ်ဓာတ်သဘောသဘာဝကို သေချာသတိပြုပြီး ထိန်းထိန်းသိမ်းသိမ်းနဲ့အသုံးပြုခဲ့မယ်ဆိုခဲ့ရင် အဘဘဝဟာ ဒီလိုမျိုးဇာတ်သိမ်းမလှဖြစ်ခဲ့မှာမဟုတ်ပါဘူးလို့ အဘယုံကြည်ပါတယ်။

အဲဒါကြောင့် မောင်ရင်တို့ကို လူငယ် အဂ္ဂိရတ်ပညာသင် ဝါသနာရှင်လေးတွေကို အဘကတွေ့တိုင်း ကိုယ့်ဘဝနဲ့ရင်းပြီးရခဲ့တဲ့ သင်ခန်းစာကိုပြောပြီး အမြဲသတိပေးခဲ့တာပါကွယ်။

အမှန်ကတော့ အဘရဲ့ဒုက္ခတွေဟာ သွပ်ဓာတ်ရဲ့ အစွမ်းအာနိသင်ကို မဆင်မခြင်သုံးခဲ့မိလို့ ဖြစ်ခဲ့တဲ့ သွပ်ဒုက္ခလို့ပဲ ပြောရမှာပေါ့လေ"

ကဲ - စာရှုသူ အဂ္ဂိရတ်ပညာသင် ဝါသနာရှင်များခင်ဗျား။ စာရေးသူကတော့ ကျွန်တော်ကြားနာမှတ်သားခဲ့ရသမျှသော အဘဦးဘညွန့်ရဲ့ဘဝကိုရင်းပြီး တွေ့ကြုံခဲ့ရတဲ့သင်ခန်းစာတစ်ရပ်ကို အရှိအတိုင်းတင်ပြပေးလိုက်ပါသည်။

ခံစားချက်ချင်းတူညီလျှင် ပညာယူနိုင်ကြပြီး ရင်ခုန်သံချင်းမတူညီလျှင်လည်း သည်းခံပေးကြပါဟု လေးစားစွာဖြင့် ပန်ကြားလိုက်ပါသည်။

. ရှေ့လတွင် အပိုင်း(၄) 'သွပ်ဓာတ်ချင့်ချိန်သုံးစွဲနည်း' ဆက်လက်တင်ပြပေးပါမည်။

*ပညာပြည့်ဝနုလုံးလှ*
*ကျန်းမာရွှင်လန်းကြပါစေ*

မင်းချမ်းမြေ့ (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေနွယ်ရိုး

## အမိုက်အမဲနှင့်တိုက်ပွဲ



"ကိုစိန်တင့်၊ နွားဝှေ့ခံရလို့တဲ့"

ဤသတင်းကို အစက မည်သူမျှ အလေးအနက်မထားကြပါ။ အဘယ်ကြောင့်ဆိုသော် နွားသမားများ နွားချင်းလဲရာတွင် အဖြတ်အသတ် အနိုင်ရပါက 'နွားပွလာသတဲ့' ဟု ပြောလေ့ရှိပြီး နာလန်မထူနိုင်အောင် ရှုံးနိမ့်သွားပါက နွားဝှေ့ခံလိုက်ရခြင်း ဖြစ်ပါသည်။

"ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦး"

"ဝုန်း. . . ဒိုင်း. . . ဂွမ်း"

ညပိုင်း လူခြေတိတ်စအချိန်တွင် ကိုစိန်တင့်၏ အသံနက်ကြီးဖြင့်အော်လိုက်သောအသံ၊ တစ်စုံတစ်ခုထိခိုက်လဲပြိုကျသံများကို ခပ်လှမ်းလှမ်းကပင်ကြားလိုက်ရသည်။ ထို့ကြောင့် ကိုစိန်တင့်အိမ်သို့လူများစုပြုံရောက်ရှိလာကြသည်။ တန်းလျားပေါ်တွင် ကိုစိန်တင့်အိပ်ပျော်နေရာမှ တန်းလျားကျွမ်းပြန်အောင်လဲကျသွားကာ သတိလစ်မူးမေ့နေကြောင်း ကိုစိန်တင့်မိန်းမက စိုးရိမ်တကြီး ရှင်းပြပါသည်။ သို့နှင့် ကိုစိန်တင့် သတိရလာအောင် သူတစ်မျိုးငါတစ်ဖုံ တတ်သမျှမှတ်သမျှ နည်းမျိုးစုံဖြင့် ဝိုင်းဝန်းပြုစုကြသည်။ ကိုစိန်တင့်မှာ အတန်ကြာသည့်တိုင် သတိရမလာသေး။

ဘကြီးဦးသာလှက ဘုရားကျောင်းဆောင်မှ ပရိတ်ရေဖြင့် ပက်ဖျန်းလိုက်မှ ကိုစိန်တင့်မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့်သတိရလာသည်။

"နွား. . . နွား. . . နွား နွားဝှေ့ခံရတာ၊ နွားဝှေ့ခံရတာ"

ဟု အထစ်ထစ်အငေါ့ငေါ့နှင့် ဗလုံးဗထွေး တိုးတိုးညင်ညင်သာပြောလာပါသည်။

ထိုအခါ ကြားရသူများ အံ့အားသင့်သွားကြသည်။ အနီးအနားတွင် နွားဆို၍ အရိပ်အယောင်မျှပင် မရှိ။ နွားခြေရာကိုလည်းမတွေ့ရ။ ကိုစိန်တင့်၏ နွားပေါက်ကလေးမှာလည်း နွားတဲထဲတွင် ကျွဲခြေရရဝပ်ကာ စားမြုံ့ပြန်နေသည်။

"ခဲ. . . ခဲ. . . ခဲတံနဲ့စာရွက်"

အထစ်ထစ်အငေါ့ငေါ့ တိုးတိုးတိတ်တိတ်တောင်းဆိုလာသောကြောင့် ခဲတံနှင့်စာရွက်ကိုပေးလိုက်ရာ ညာဘက်နံဘေးကို နွားကြီးနှစ်ကောင်ဝိုင်းဝှေ့ကြပြီး စကားပြောလိုက်လျှင် ညာလက်နံဘေးကနာသည်ဟု ရေးပြသည်။

ကြားရသူများကမူ တစ်ရပ်တစ်ကျေးသို့ လှည့်လည်ပြီး နွားချင်းလဲရာမှ ပြုစားခံရခြင်းဖြစ်မည်ဟု ထင်ကြေးပေးကြသည်။

သို့ဖြင့် ညတွင်းချင်းပင် ပယောဂဆရာဦးညိုအောင်ကိုသွားပင့်ကြရသည်။ ဦးညိုအောင်က နံနက်လင်းမှလာခဲ့မည်ဟုဆိုကာ ရေမန်းတစ်ခွက်ပေးလိုက်ပါသည်။ ထိုရေမန်းကိုသောက်ပြီးနောက် မကြာမီမှာပင် ကိုစိန်တင့်မှာ တခေါခေါနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့သည်။

နောက်တစ်နေ့နံနက်ပိုင်းတွင်
ဆရာဦးညိုအောင် ရောက်လာပြီး အ
အကြောင်းစုံလင်အောင် ရှင်းပြပါသ
ယခုထစ်ပတ်လဲ၍ရသော
ပေါက်ကလေးကို ကိုစိန်တင့် အ
သဘောကျနေသည်။ ဘဝတူနွားသ
များကလည်း စိတ်ဝင်စားကြသည်။
တစ်ချိုတွင် 'ကိုစိန်တင် နွားပွသာ
ဟု ဆိုကြသည်။ ကိုစိန်တင့်သည်
ပေါက်လေးကို သားရေလည်ပတ်
နှင့် ချိုကုံးတစ်ကုံးဆင်ကာ ညနေ
ရွာလမ်းတစ်လျှောက် ချိုသံတလွ
နှင့် လှည့်ပတ်မောင်းနှင်နေလေ့ရှိ
ဆင်ရန်သွားနည်း၊ သမင်ခြေလျှ
နည်းစသော လမ်းတိုးသွားနည်းအ
ကို လေ့ကျင့် သင်ကြားပေးနေခြင်း
သည်။ သို့မှသာ အခြားနွားသမား
စမ်းသပ်မောင်းနှင်ကြည့်လျှင် အ
တွေ့ကြမည်။' ထိုအခါ ကိုစိန်
အလိုက်ငွေသာသာထိုးထိုးလေး
လိုက်မည်ဟု စိတ်ကူးယဉ်နေသည်

❑



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော သုံး၊ လေးရက်ခန့်က ညနေပိုင်းတွင် ဦးညိုအောင်သည် ဆေးကုရာမှ ပြန်ရောက်ခါစ ဆေးများကို အိမ်ပေါ်တက်သိမ်းဆည်းနေခိုက် ကိုစိန်တင့်ရောက်လာသည်။ နွားလှည်း မောင်းရင်းဝင်လာခြင်း ဖြစ်သည်။ နွားပေါက်ကလေးကို ဝင်းထရံတိုင်တွင်ချည်ထားပြီးနောက် ကိုစိန်တင့်သည် အိမ်အောက်ထပ် ဧည့်ခန်းစားပွဲတန်းလျား တွင်ဝင်ထိုင်ကာ ဆေးများကိုဟိုဆွဲဒီကိုင် လျှောက်လုပ်နေသည်။ ဆေးနွားရုပ်နှစ်ရုပ်ကို တစ်ဖက်တစ်ရုပ်စီကိုင်ကာ -

"ဝှေ့ကြဟေ့၊ ဝှေ့ကြဟေ့၊ နောက်မဆုတ်နဲ့၊ တောင့်ထား ငနက်ကွ၊ ငဝါကွ"

စသဖြင့် စိတ်ပါလက်ပါအားပေးကာ နွားတိုက်ပွဲဆင်နွှဲနေသည်။

ဤသည်ကို အိမ်ပေါ်မှ ဆင်းလာသော ဦးညိုအောင်မြင်တွေ့သွားရာ-

"ဟေ့ကောင် စိန်တင့်၊ သူငယ်ချင်း ဘာတွေလျှောက်လုပ်နေတာလဲ။ မင်းဒုက္ခရောက်ချင်တယ်ထင်တယ်"

ဟု ထိတ်လန့်တကြား အော်ကြီးဟစ်ကျယ်ဆိုလိုက်မှ ကိုစိန်တင့်သည် နွားတိုက်ပွဲကိုရပ်ကာ နွားရုပ်များကို နေရာတကျပြန်ထားလိုက်သည်။

ထိုအခါ ဦးညိုအောင်က -

"ဟေ့ကောင် စိန်တင့် သူငယ်ချင်း၊ ဒါရိုးရိုးနွားမဟုတ်ဘူး။ ဆေးနွားရုပ်ကွ ဆေးနွားရုပ်။ ဘာပြုလို့ နွားချင်းတိုက်နေရတာလဲကွ။ မင်းတော့ဘေးသင့်တော့မှာပဲ။ ဘေးမသင့်အောင် အမိုက်အမဲမို့ မသိလို့ တိုက်မိပါတယ်။ ခွင့်လွှတ်ပါ အရှင်သခင်လို့ဆိုပြီး ရှိခိုးတောင်းပန်လိုက်"

ဟု ဆိုကာ တောင်းပန်ခိုင်းပါသည်။

ကိုစိန်တင့်ကမူ ဆေးနွားရုပ်ဆိုသည်ကို ယုံကြည်ဟန်မတူ။ဦးညိုအောင်စကားကိုလည်း အလေးထားဟန်မရှိ။

"မင့်အရှင်သခင်ကို မင်းပဲငါ့ကိုယ်စားတောင်းပန်လိုက်ပါကွာ"

ဟု ရယ်ရွှန်းဖတ်ရွှန်းခပ်ပေါ့ပေါ့ပြောဆိုကာ သူ့နွားပေါက်ကလေးကို မောင်းပြီး ထွက်ခွာသွားပါတော့သည်။

ဤသို့လျှင် ပယောဂဆရာ ဦးညိုအောင်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြပါသည်။ ထိုအခါ လူနာမေးရန် ရောက်ရှိနေသူများက နွားတိုက်ပွဲကို မိုက်မဲစွာပြုလုပ်ခဲ့သူ ကိုစိန်တင့်အား အပြစ်မြင်ကြသည်။ နာကျင်ထိခိုက်မှုဘာမှမဖြစ်သည့်တိုင် ဆေးနွားရုပ်၏ အရှင်သခင်က အပြစ်မြင်ဒဏ်ခတ်မှုကြောင့် နွားဝှေ့ခံရကာ ညာဘက်နံဘေးမှ စကားပြောလိုက်တိုင်း၊ အသက်ပြင်းပြင်းရှူလိုက်တိုင်း နာနေအောင့်နေသည်။ ထို့ကြောင့် နွားဆေးရုပ်၏ အရှင်သခင် ကျေနပ်အောင် ကိုယ်တိုင် တောင်းပန်ဖို့လိုကြောင်း ဦးညိုအောင်က ရှင်းပြရာ ကိုစိန်တင့်က သဘောပေါက် နားလည်စွာ ကျေကျေနပ်နပ်ကြီး လက်ခံသည်။

သို့ဖြင့် အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဝါဆိုဖယောင်းတိုင်၊ ငွေကျပ်တစ်ထောင်တို့ကို ပူဇော်ကန်တော့ကာ ရိုသေစွာရှိခိုးဦးချလျက် -

"အမိုက်အမဲမို့ မသိလို့တိုက်မိပါတယ်။ ခွင့်လွှတ်ပါ အရှင်သခင်"

ဟု ပြောဆိုတောင်းပန်လိုက်ရာ ကိုစိန်တင့် ခံစားနေရသော နာကျင်မှုများအားလုံး ကင်းစင်ပပျောက်သွားပါတော့သည်။



ရွှေနှပ်ပျိုး



www.burmeseclassic.com


www.burmeseclassic.com

အမှန်တော့ . . . လူး ဆိုသည်မှာ နာနာဘာဝတစ်မျိုး။ တစ်နည်းဆိုရလျှင် ကျတ်တစ္ဆေတစ်မျိုးဟု ယူဆနိုင်လောက်အောင် ခြေခြေမြစ်မြစ်မရှိကြားသိရှိမီလိုက်ရသူများ၏ ပြောကြားချက်အရ ကမ္ဘောဒီယာ၌ရှိသည်ဟူ၍လည်း ကောင်း။ အထူးသဖြင့် လူး၏ ထူးခြားချက်မှာ ကျတ်ကဲ့သို့မဟုတ်ဘဲ ကျတ်က [illegible] အသွင်သဏ္ဍာန်ကို ဆောင်ယူကြောင်း



www.burmeseclassic.com

www.burmeseclassic.com



# မင်းနန္ဒီရှိန်

# လူးဆိုသောလူး

လူးသည်ကား တိရစ္ဆာန် ကျွဲတို့၊ ဝက်တို့ ကဲ့သို့ခန္ဓာကိုယ်ကိုယူတတ်ကြလေသည်။

ကျွန်ုပ် လူငယ်ဘဝ အဘိုးအဘွား များနေသည့် ဒေးဒရဲနယ်ထဲမှ ပန်ကဒပ် ဆိုသည့် ကားလမ်းနံဘေးက ရွာဇနပုဒ် လေးတွင် နွေရာသီ ကျောင်းပိတ်ရက် ရှည်ကာလများတွင်အနေများခဲ့ပါသည်။

ပန်ကဒပ်ရွာကလေး၏အနီးအနား ဂေါ်စရဂံရွာများမှ ဂွလေး၊ ရွာတန်းရှည်၊ အကယ်ကြီး၊ မှော်အိုင်၊ ဦးတို၊ ဇရာကြီး၊ ဂွကြီး စသည်ဖြင့်ရှိကြပါသည်။ ရွာ၏ ပြည်တော်သာသင်္ဘောဆိပ်မှ ချောင်း၏ တစ်ဖက်တွင် မွန်ဘုရင် သုရှင်တကာ ရွှတ်ပိ၏ မိဖုရားကြီး စစ်ကိုပြေးလွှား ရှောင်တိမ်းရင်း တည်ထားခဲ့သည့် ကျိုက်ဟွန်ပရော်ခေါ် သည့် မရမ်းဘုရား ကြီးကို ဟိုးအဝေးတွင်တွေ့ရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က လူငယ်ဘဝအတွေးမို့ အပူအပင်ကင်းမဲ့စွာ အပေါင်းအသင်းများနှင့် လယ်ကွင်းပြင်ကြီးထဲတွင် တပျော်တပါး သွားလာ ပျော်ပါးရင်း အချိန်ကုန်ခဲ့၍ မရမ်းဘုရားမှ ထူးခြားသော ရာဇဝင်အိုးသိုက်၊ ပန်းကန်သိုက်၊ ဘုရား အမြုတေသိုက်၊ ဥစ္စာစောင့်သိုက်များသည် အဘွားပြောပြစဉ်က အိပ်ရာဝင်ပုံပြင်အဖြစ်သာ သိရှိခဲ့ရသော်လည်း တကယ်တမ်း အရွယ်ရလာသောအခါ ကျွန်ုပ်ကိုယ်တိုင် ဂမ္ဘီရများကို လေ့လာလိုက်စားသောအခါတွင်မှ အမှုမဲ့အမှတ်မဲ့နေခဲ့သော မရမ်းဘုရားမှဖြစ်စဉ်များသည် ကျွန်ုပ်အတွက် အဘွားပေးခဲ့သော အဖိုးမဖြတ်နိုင်သည့်အမွေများဖြစ်၍ပင်နေလေတော့သည်။

ထို့ပြင် ကျွန်ုပ်တို့၏ ပန်ကာဒပ်ရွာကလေးသည် ကျွန်းမြေလေးသဖွယ် ဖျာပုံမြစ်နှင့် ဒေးဒရဲကြားထဲတွင်ရှိသည့် ရွာလေးတစ်ရွာဖြစ်ပြီး ထိုစဉ်က ရွာလယ်ပိုင်းတွင် မြန်မာလူမျိုးများ နေထိုင်ပြီး ရွာထိပ်ချောင်းရိုးနှင့် ရွာထဲဖြတ်စီးဆင်းနေသော ချောင်းလက်တက်ကလေးက အကယ်ချောင်းနှင့် ဒေးဒရဲမြို့သို့ပေါက်လေသည်။ ချောင်းလက်တက်ရွာအဆုံးတွင် ကရင်တိုင်းရင်းသားများနေထိုင်ပြီး ခရစ်ယာန်ကျောင်းတစ်ခုရှိ၏။ ကျွန်ုပ်၏ အဘိုးအဘွားများလယ်က ချောင်းလက်တက်ကလေးခြားထားပြီး ရွာ၏ တောင်ဘက် သင်္ချိုင်းကုန်းနှင့် ခနီတောတန်းနားတွင်ရှိပြီး ဧကနှစ်ဆယ်၊ အစိတ်ခန့်ရှိပါသည်။ နွား(၅)ရှဉ်းဖြင့် လယ်ကို ထွန်ယက်စိုက်ပျိုးကြပါသည်။

တစ်နေ့ အဘိုးဖြစ်သူနှင့် လယ်ထဲသို့ မနက်စောစောလိုက်သွားရာ လယ်ကန်သင်းရိုးအတိုင်း လျှောက်လာကြရင်း လယ်ကွင်းထဲ၌ပေါက်နေသော ဇလပ်ပင်၊ ခရာပင်များကို အဘိုးကကြည့်နေပါသည်။ ကျွန်ုပ်ကလည်း အဘိုးကြည့်သောအပင်များကိုလိုက်ကြည့်ရာ ထူးခြားစွာပင် ဇလပ်ပင်၏ အထက်လူတစ်ရပ်ကျော်ကျော်တွင် မည်သူလာ၍လုပ်ထားသည်မသိ။ ရွှံ့များနှင့်သစ်ပင်ကို ပွတ်တိုက်ထားသည်ကို တွေ့ရှိရပါသည်။

ကျွန်ုပ်ကတော့ -

"အဘရေ၊ ဟိုဥ္ဆြားကျောင်းခွေးညို တို့ လက်ဆော့ထားတာနေမှာပေါ့"

ဟု ပေါ့ပေါ့တန်တန်ပြောခဲ့သည်။

သို့သော် အဘဖြစ်သူမှ ခရာပင်ကို လက်ညှိုးထိုးပြ၍ ကျွန်ုပ်ကို -



"ငဒေါင်း၊ ဟိုမှာတွေ့လား။ အောက်မှာ ခရာဆူးတွေ! ရွှံ့တွေကလည်း ခရာပင်အောက်မှာ လတ်လတ်ဆတ်ဆတ်ကြီး မြေးရယ်" တဲ့။

ထို့နောက် အဘက လယ်ကွင်းပတ်ပတ်လည်ကိုကြည့်လျက် နှုတ်မှ တတွတ်တွတ်ရွတ်၍ မေတ္တာပို့နေသည်ကိုတွေ့ရလေသည်။

ထို့နောက် ကျွန်ုပ်အား -

"မြေးငဒေါင်း၊ ညနေကျရင် ရွာထိပ်ကအညာသားကိုပြော။ ထန်းရည်တစ်မြူရယ် အဘကမှာတယ်လို့။ အသုံးလုပ်မလို့ အသန့်ဖယ်ထားတဲ့အထဲက စစ်ပေးပါ။ ပြီးတော့ နတ်ကတော်စံဖိုးကို ဒီညနေ လယ်ထဲမှာ ကွင်းမြှောက်မယ်။ အကုန်စီစဉ်ထားပြီး နေဝင်ရီတရောအချိန်မတိုင်ခင်လာခဲ့လို့ သေသေချာချာပြော"

"ဟုတ်ကဲ့ အဘ"

ညနေစောင်းသော် နတ်ဆရာစံဖိုးတစ်ယောက် ကွင်းမြှောက်ရန် လိုအပ်သည့်ပစ္စည်းအစုံအလင်နှင့် ရောက်ရှိလာပါသည်။

ထို့နောက် ကွင်းပိုင်အဘိုးကို ထမင်းဦးပေါင်း၊ ကြက်အူအသည်း၊ ကလီစာ၊ ခေါင်းခြေထောက်၊ အရက်နှစ်ခွက်၊ ဆေးလိပ် (၂) လိပ်တို့နှင့် လယ်ကွင်းပြင်တွင် တင်မြှောက်ပါသည်။နှုတ်မှလည်း အဘိုးကွင်းပိုင်အား 'အဘိုးအဘိုး အဘိုး' တိုင်တည်နေပါသည်။

မကြာမီ အဘိုးအား တင်မြှောက်ခြင်းကိစ္စ ပြီးမြောက်သွားပြီး အနီးအနားမှ တပည့်ခံလာစားသောက်ကြပါသည်။ (ကွင်းပိုင်အဘိုး မြှောက်သော အစားအစာများအား အိမ်သို့ပြန်မယူရပါ။)

ထို့နောက် ထမင်းဖြူနှစ်ပန်းကန်ထဲတွင် အမဲသားချက်များပုံ၍ အဘိုး
ခရာပင်နှင့် ဇလပ်ပင်တွင် ထန်းရည်
အိုးကိုပါ သွားရောက်ချထားပြီး နှုတ်
တစ်စုံတစ်ခုကို ရေရွတ်နေပါသည်
ကျွန်ုပ်တို့ကတော့ ဗိုက်ဆာနေပြီဖြစ်
တပည့်ခံထားသောထမင်းဟင်းနှင့်ကြ
သားကို တဝတပြစားနေကြပါသည်
လူငယ်ဆိုတော့လည်း ပျော်ကြသည်
ဖြစ်ခြင်း။

သို့ဖြင့် နောက်တစ်နေ့ လယ်
သို့သွားသောအခါတွင် ကျွန်ုပ် ဇလပ်
နှင့် ခရာပင်ကိုကြည့်လိုက်သော် ဇလ
ပင်၏ ရင်စို့ကျော်ကျော်တွင် ပတ်
လည်၌ မှိုခြောက်အပြားလိုက်အပြ
လိုက်ပေါ်ထွက်နေတာကိုတွေ့ရပါသည်
ရွှံ့လူးထားတာ မတွေ့ရတော့ပါ။ ခ
ပင်အောက်ခြေ ရွှံ့လူးများရှိသောနေ
တွင်လည်း အလားတူ သစ်ပင်မှ မှို
ခြောက်အဖြူရောင်လိုလို ထွက်နေ
တွေ့ရပါသည်။ ထူ ဆန်းလှပေစွ။ ကျွ
ကိုင်ကြည့်သောအခါ မာကျောနေသ
ကိုတွေ့ရ၍ အဘအား ပြောပြလိုက်
သည်။

"လူးတွေမရှိတော့ဘူး မြေး
သူတို့ လိုချင်တာကျွေးပြီး အဘ ပ
တော်နဲ့ သိမ်ဝင်သပိတ်အင်းနဲ့ မေ
ထား စည်းခြားထားတဲ့မြေမို့ အနှေ
အယှက်မပေးဖို့ရယ်၊ ဒီနှစ် လယ်
အထွက်ကောင်းရင်လည်း မေတ္တာ
အလှူဒါနပေးမယ်လို့ပြောလိုက်က
က ဒီနေ့မနက်သူတို့မရှိတော့ဘူးဆို
သစ်ပင်မှာ လူးရဲ့ရွှံ့တွေပျောက်သွ
င့်ါမြေးမြင်တဲ့အတိုင်းပါပဲကွယ်" တဲ့

ထိုနှစ်က အဘတို့လယ်မြေ
အထွက်ကောင်းခဲ့သလို အဘ၏
များကိုရှင်ပြုနိုင်ခဲ့သည်။ သူကတိ
သည့် အဘ၏လယ်မြေထဲတွင်
ရောက်နေသည့် ဇလပ်ပင်နှင့်ခရာ
ရှေ့တွင်လည်း ထမင်းဦးပေါင်း၊ အ
တစ်ပိသာခန့်ချက်၍ တင်မြှောက်
လေသည်။

သို့သော် အဘဖြစ်သူသည်
လျှို့ဝှက်ချက်အား ကျွန်ုပ်အား မ
ခဲ့ချေ။ ကျွန်ုပ်၏ပတ်ဝန်းကျင်လေ့
အားနည်းတာလည်း ဖြစ်နိုင်ပါ
ထိုအထဲတွင် တစ်နေ့ ကျွန်ုပ်၏
စာရင်းငှား ခွေးညိုမှ ဘာမပြော
မပြော ခရာပင်မှအကိုင်းများကိုခ
ပြီး ကန်သင်းရိုးထောင့်များတွင်
ထားရာမှ ဇာတ်လမ်းကစပေ
သည်။ (ကျေးလက်တောရွာမျ



www.burmeseclassic.com

www.burmeseclassic.com

...ဝါးစိုက်ပြီးပါက ရေတင်ပေါင်းသင် ...ဖြတ်နုတ်ရသလို အခြားသောတိရစ္ဆာန်၊ ...များဘေးမှ စပါးပင်ရှင်သန်ခြင်းကင်း ...အောင် လယ်ကွက်များထောင့် ကန်သင်း ...များပေါ်တွင် ခရာပင်အကိုင်းများချ ...ထားသည့်ဓလေ့ရှိပါသည်။)

အဘ၏အိမ်သည် ချောင်းလက် ...တက်လေးကိုမျက်နှာပြု၍ဆောက်ထား ...သော ကရင်အိမ်ခပ်မျောမျောခပ်ရှည် ...ရှည် ခြေတံရှည်အိမ်ဖြစ်ပါသည်။ အိမ်သူ ...အိမ်သားများ တောရွာဓလေ့အတိုင်း ...စောစောအိပ် စောစောနိုး၍ အမေကြီး ... ထမင်းကြော်နေစဉ်တွင်း အဘနှင့် ...ကျွန်ုပ်က လယ်ထဲဆင်းရန် ခမောက် ...ကိုယ်စီပြင်ထားပြီး ကျွန်ုပ်အဘွားမှကျွေး ...သော ထမင်းကြော်နှင့်ငါးရံ့ခြောက်ကို ...စားနေစဉ်မှာပင် ခြေတံရှည်အိမ်မှာ ...နဲ့ဖြစ်သွားပြီး တစ်အိမ်လုံးလှုပ်သွား ...သည်ကို သတိထားမိလိုက်ပါသည်။ ...အမှတ်မဲ့မို့ အဘွားဖြစ်သူက အဘ ...

"ငလျင်လှုပ်တာနေမှာပါ ကိုနီ ..."

ဟု အလွယ်ပြောလိုက်ပါသည်။

သို့သော် ကျွန်ုပ်အဘမှ -

"ဟဲ့ - မမ၊ နင်မသိဘူးနော်။ မနေ့ ... ညနေခွေးညို ဇလပ်ပင်နဲ့ခရာပင်ကိုင်း ...ခုတ်တယ်ကြားတယ်။ ဒါနဲ့ပတ်သက် ...မိမယ်"

"ဟိုဲကောင် ငဒေါင်း"

"ဗျာ - အဘ"

"အိမ်အောက်ဆင်းကြည့်စမ်း၊ ဒီ ...ဘူး။ ငါထင်တယ်"

ကျွန်ုပ်အိမ်အောက်ဆင်းကြည့်ရာ ...ရပ်လွတ်သောပျဉ်းကတိုးတိုင်များ ...များနှင့်ပွတ်တိုက်ထားပြီး ထိုတိုင် ...တွင် နီကြင်ကြင်နှင့်နက်မှောင်သော ...များကပ်ငြိတွယ်နေကြောင်း တွေ့ ...ကို အဘဖြစ်သူကို ပြောပြလိုက် ...အပြင် သစ်ကိုင်းများခုတ်ခဲ့သော ...ခွေးညိုမှာ စိတ်ချောက်ချောက် ...ဖြစ်နေ၍ ရွာဦးကျောင်းဆရာ ...ဦးပညာနှင့် ကုသလိုက်မှ ပျောက် ...သွား၏။

ထိုသို့ဖြင့် ကျွန်ုပ်၏ အဘသည် ...နိုင်သော ရွာဦးကျောင်းဆရာ ...နှင့် အနေနီးစပ်၍ ဆရာတော်မှ ...ခြံထဲမှာ လူးရှိနေ၍ မိမိအတွက် ...နိုင်ပါ။ လူးအကယ်၍ရှိနေက ...ထိုသစ်ပင်ကိုခုတ်လှဲခြင်းမပြုရန် ...နေခြံဝင်းများအတွင်း လူးဝင်လာပါက အထက်ပါအတိုင်း အိမ်တိုင်ကို ရှံ့ဖြင့်လူးခြင်း၊ သစ်ပင်ကိုရှံ့ဖြင့်လူးခြင်းကို တွေ့ရှိတတ်ပါကြောင်းနှင့် လူးအန္တရာယ်ကို ကာကွယ်ကြရမည်ဟု အမိန့်ရှိခဲ့ပါသည်။

သို့သော် ကျွန်ုပ်သည် ယနေ့တိုင် လူးဆိုသည့်နာနာဘာဝကောင်ကို မမြင်ခဲ့ဖူးသော်ငြား ရှိနေသည်ကိုတော့ လက်ခံယုံကြည်မိပါသည်။ လူးနှင့်ပတ်သက်၍ ဆရာတော်ဦးပညာမှ ဤသို့ အမိန့်ရှိဖူးပါသည်။

"သတ္တဝါတို့သည် မိမိတို့ပြုခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ်ကို အကြောင်းခံ၍ သေလွန်သည်ရှိသော် ခန္ဓာကိုယ်အသွင်အမျိုးမျိုးကို ဆောင်ယူပြီး ဘဝသံသရာကြီးအတွင်းဝယ် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းလဲ၍ နေရလေ့ရှိလေသည်" တဲ့။

ထိုအခါ လူးနှင့်မကောင်းဆိုးဝါး နာနာဘာဝများကို မိမိအိမ်ခြံဝင်းအတွင်းသို့ ရောက်ရှိနေသည်ဟု စိတ်ကသံသယရှိလာပါက ဆန်မန်းပေါက်ပေါက်(နန္တင်း) နှင့် ပရိတ်ရွတ်ခြင်း၊ ကမ္မဝါစာဖတ်ခြင်းနှင့် ပုဗ္ဗဏှသုတ် (၉)ခေါက်ကို အာရုံပြုရွတ်ဖတ်ပါ။ လူးဆန်ဆိုက ပိုသင့်မြတ်၏။ ပြီးလျှင် ဆန်ပန်းပေါက်ပေါက်များ နေရာအနှံ့ဖြန့်ကြပါက အရံအတားသဖွယ်ဖြစ်ပြီး လူးနှင့် နာနာဘာဝ မကောင်းသောဘေးရန်များဝေးပါလိမ့်မည်။

လယ်ကွင်း ယာခင်းတွင် လူးကပ်ပါက ကျောင်းဟောင်းသံ၊ သိမ်ဟောင်းသံ၊ သိမ်ဝင်သပိတ်၊ ပုတီးနှင့် သစ်မင်းကိုချွန်လျက် လူးထားသောသစ်ပင်ကိုရိုက်သွင်းပါ။ သိမ်ဝင်သပိတ်ပုတီးများက အင်းချ၍စိပ်ရန်ဖြစ်ပါသည်။ အထူးသဖြင့် လူးကြောက်သည့်အရာများပင် ဖြစ်၏။

ကျွန်ုပ် ဂမ္ဘီရပညာများ လိုက်စားသောအရွယ်တွင် လူးမှာ တစ်နေ့နှစ်ကြိမ် သစ်ပင်အား လူးတတ်ပြီး အထက်လူး အောက်လူးရှိကြောင်းကို လည်းကောင်း၊ အထက်လူးသည် သူနေထိုင်ရာသစ်ပင်၏လူတစ်ရပ်အမြင့်တွင်နေပြီး ထိုသစ်ပင်ကိုခုတ်လှဲသူသည် မကြာခင်တွင် နာဖျားဒုက္ခရောက်တတ်၏။ သို့သော် တိုးလျှိုးတောင်းပန်က ခွင့်လွှတ်တတ်၏။ အောက်လူးမှာကား လူကိုခြောက်လန့်ရုံမျှသာ သက်သက် အန္တရာယ်မပေးတတ်ချေ။

ထူးဆန်းအံ့ဩဖွယ်ရာများတွင် လူးကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြမည်နည်း။ တကယ်တော့ ဝိဇ္ဇာလိုင်းမှ သိပ္ပံခေတ်သို့ ပြောင်းလဲခြင်းတွင် လူးဆိုသည်ကို နာနာဘာဝကောင်ဟု တင်စားနိုင်ပြီး သူ့အရပ်နှင့်သူ့ဇာတ်တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ လူးနှင့်ကျတ်သည် ဆက်နွှယ်နေလိမ့်ပေသည်။

ကွင်းပိုင်၊ ရွာရှင်၊ မြို့ရှင်များနည်းတူ ဂမ္ဘီရဆန်သော ပရလောက၏လျှို့ဝှက်ချက်အဖြစ် လူးဆိုသည်မှာ တစ်မျိုးတစ်ဖုံ ထူးဆန်းနေသယောင်ရှိပါသည်။ လူးကိုသက်ရှိထင်ရှားမမြင်ရသော်ငြား ရိုးတိပ်ရိပ်တိပ် အရိပ်အယောင်ပြတတ်၏။ ပြလျှင်လည်း ကျွဲနှင့် ဝက်သဏ္ဌာန်ဖြစ်ပြီး ကွယ်ပျောက်သွား၏။ လူးထားသော သစ်ပင်တွင် နီညိုရောင်နှင့်ဝက်အမွေးအမျှင်များ ကပ်ငြိတွယ်တတ်သည်ကို တွေ့ရ၏။

ဤသည်မှာ လူးနှင့်ပတ်သက်သော ကျွန်ုပ်လေ့လာထားသမျှဖြစ်ပါသည်။ သို့သော် ကျွန်ုပ်၏အဘဖြစ်သူသည် ပရလောက၏ မိတ်ဆွေဖြစ်နေငြား သူကွယ်လွန်ချိန်တွင် သူ၏အသက် (၈၅)နှစ်တွင် အိမ်သစ်ကြီး(၄)ပင်(၃)ခန်းပျဉ်ထောင်အိမ်ကိုဆောက်လုပ်ခဲ့ပါသည်။

ထိုအချိန်တွင် ရွာထဲမှ ရွာသူရွာသားများက အသက်ကြီးမှ အိမ်အသစ်ဆောက်ကြသည်ဟု စကားတစ်မျိုးဖြစ်လာထွက်ရှိပြီးနောက် ထိုအိမ်သစ်တွင် နေထိုင်ခဲ့ပြီး (၂) နှစ်ခန့်အကြာတွင် ကျွန်ုပ်၏ အဘနှင့် အမေကြီးတို့သည် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ရလေတော့သည်။

ထို့ကြောင့် အသက်ကြီးလျှင် အိမ်သစ်မဆောက်သင့်ကြောင်းနှင့် အိမ်ကို ပြုပြင်သင့်ကြောင်းကိုသာ တခုတ်တရ အသိသညာတိုးခဲ့ရပါလေတော့သည်။ အသက်ကြီးလျှင် အိမ်သစ်ဆောက်ကမည်ကဲ့သို့ အကျိုးသက်ရောက်ကြောင်းကိုလည်း ကျွန်ုပ်သိချင်လှပါသည်။

လူးနှင့် ပတ်သက်၍ တချို့သော ပုဂ္ဂိုလ်များအတွေ့အကြုံအရ လူးသည် သူနေသော သစ်ပင်အနီးဝန်းကျင်တွင် သိုက်ရှိတတ်သလို သူနှင့်အဆင်ပြေသော ပုဂ္ဂိုလ်များအား လူးမှတစ်ဖန် အကျိုးပြုတတ်သည်ဟု သိရှိရပါလေသည်။ သို့သော် ယနေ့အထိ လူးမှ အကျိုးပြုသည့်ပုဂ္ဂိုလ်မျိုးကို မတွေ့ရသေးပါကြောင်း။

*(လူးဗဟုသုတကို ပြောပြသော ဆရာတော်ဦးပညာသို့ပူဇော်ပါသည်။)*

မင်းနန္ဒီဦး



www.burmeseclassic.com

www.burmeseclassic.com

ကုန်းကြောင်းလျှောက်ရသဖြင့် ခရီးကကြမ်းတမ်းပါသည်။ တမူးမြို့မှ အနောက်မြောက်သို့ တစ်နေ့ကုန်လျှောက်မှ အင်ကြင်းတောသို့ ရောက်သည်။ အင်ကြင်းပင်များအုပ်ဆိုင်းနေသဖြင့် အင်ကြင်းတောဟုခေါ်ခြင်း ဖြစ်သည်။ အင်ကြင်းတောမှဆက်၍သွားပါက တစ်စထက်တစ်စ တောကနက်ပြီး သားရိုင်းသတ္တဝါကြီးများရှိသဖြင့် သာမန်လူတို့သွားလေ့မရှိကြပါ။ အိန္ဒိယနယ်စပ်ဖြစ်၍ တောနက်ကြီးဖြစ်သည်။ အင်ကြင်းတောအဝင်တွင် ဓမ္မရိပ်သာတစ်ခုရှိသည်။ ဓမ္မရိပ်သာတွင် သက်တော်ရှည်

မင်းဘဝနောင်ရေးကောင်းမှာပေါ့"

"ကျွန်တော် အဘိုးနဲ့လိုက်ချင်ပါတယ်။ လောလောဆယ်သာမလိုက်နိုင်သေးတာပါ။ တစ်နေ့တော့ လိုက်ဖြစ်အောင်လိုက်ပါ့မယ်"

"အခုမလိုက်ရင်လည်း တပေါင်းလပြည့်နေ့တော့ မင်းရောက်လာမယ်ဆိုတာ ငါသိတယ်။ မင်းရောက်ကိုရောက်လာရမယ်။ အဲဒီနေ့ ငါမင်းကိုစောင့်နေမယ်"

"ဟုတ်ကဲ့ပါ အဘိုး။ အဘိုးပြော

နေရသူဖြစ်သည်။ အောင်ပြည့်နှင့်အတူ တရားထိုင်လေ့ရှိသည်။ အောင်ပြည့်က အင်ကြင်းတောသို့ တစ်ယောက်တည်း မသွားချင်ပါ။ ဖြိုးဝေကို အဖော်အဖြစ် ပါစေချင်သည်။ တပေါင်းလတွင် ရွာ ဘုရားပွဲရှိသည်။ ဖြိုးဝေက ဇာတ်ပွဲကြည့်

# ကောင်းသော

## ဒိဗ္ဗစက္ခု



ဆရာတော်ကြီးနှစ်ပါးနှင့် ရဟန်းပျိုများ တရားအားထုတ်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းသဖြင့် လူသူအရောက်အပေါက်တို့နည်းသောကြောင့် တရားရိပ်သာသည် အေးချမ်းလှပါသည်။ ထိုနေရာသို့ရောက်အောင် အောင်ပြည့်နှင့် ဖြိုးဝေသို့ ခက်ခက်ခဲခဲ လာခဲ့ကြရသည်။ အင်ကြင်းတောသို့ ရောက်ပြီး ဓမ္မရိပ်သာကို တွေ့လိုက်ရမှ အမောပြေသွားပါသည်။

အောင်ပြည့်၏အဘိုး ရွာသို့ နောက်ဆုံးအခေါက် ပြန်လာစဉ်က အောင်ပြည့်ကို သူနှင့်လိုက်ခဲ့ရန်ခေါ်သေးသည်။ ထိုစဉ်က အောင်ပြည့်မှာ အသက် (၄၀) ကျော်ရှိသာရှိပြီး အဘိုးနှင့်လိုက်ရန် အသင့်မဖြစ်သေးသဖြင့် ငြင်းဆန်ခဲ့၏။ ထိုအချိန်က အောင်ပြည့် တစ်နေ့ရောက်လာရမည်ဟု အဘိုးက နိမိတ်စကားပြောကြားခဲ့သည်။

"မင်းမလိုက်သေးဘူးဆိုတာသိပေမယ့် မင်းမှာ မိဘ၊ မောင်နှမ၊ ဆွေမျိုးအရင်းအချာလည်းမရှိ၊ ဇနီးကလည်း ကွယ်လွန်စဆိုတော့ လိုက်လိုလိုက်ငြားခေါ်ကြည့်တာပါ။ နေစရာမရှိလို့ ဘုန်းကြီးကျောင်းမှာကပ်နေရတာနဲ့စာရင် ငါနဲ့လိုက်ပြီး ဝိပဿနာတရားအားထုတ်ရင်

တဲ့ရက်လာနိုင်အောင် ကြိုးစားပါ့မယ်"

"ကြိုးစားရမှာမဟုတ်ဘူး။ မင်း လာကိုလာရမှာ"

အဘိုးက အခိုင်အမာ ပြောသော်လည်း အောင်ပြည့်က ပြုံးသာနေခဲ့ သည်။ တရားအားထုတ်ခြင်း အလုပ်ကို ယခု လေ့ကျင့်နေဆဲဖြစ်၍ တစ်နေ့နေ့တွင် အဘိုးနောက်လိုက်ပြီး တရားအားထုတ်ရန် စဉ်းစားခဲ့ဖူးပါသည်။ သို့သော် အဘိုးပြောသည့် တပေါင်းလပြည့်တွင် မဖြစ်နိုင်သေးပါ။ အဘိုးက အတိအကျပြောသော်လည်း ပြန်မပြောချင်၍ ငြိမ်နေခဲ့ရသည်။ အဘိုးသည် နိဗ္ဗာန်ရောက်ကြောင်းတရားအားထုတ်နေသော်လည်း ဝိဇ္ဇာဖြစ်နည်းဂါထာများကိုရွတ်ဆိုကာ အကြားအမြင်ရနေသူဖြစ်သည်။ အဘိုးပြောသမျှ ကြိုတင်ပြောချက်များမှန်ကန်သဖြင့် အဘိုးကို ဒိဗ္ဗစက္ခုရနေသူဟုပြောကြသည်။အောင်ပြည့် ချက်ချင်းမလိုက် သေးသည်မှာ သူငယ်ချင်းဖြိုးဝေကို စောင့်ခေါ်နေ၍ ဖြစ်သည်။ ဖြိုးဝေကလည်း တစ်ကောင်ကြွက်ဖြစ်၍ ဘုန်းကြီးကျောင်းတွင်ကပ်


ချင်သည်။ သင်္ကြန်ရက်တွင်ရွာမှာနေချင်သေးသည်။ သင်္ကြန်ပြီးမှ လိုက်လိုသဖြင့် အဘိုး၏ ဟောကိန်း မမှန်နိုင်တော့ဟု အောင်ပြည့် ယုံကြည်နေခဲ့သည်။

အဘိုး၏ ကြိုးစားအားထုတ်မှု ကြောင့် ဒိဗ္ဗစက္ခုအမြင်ကိုရခဲ့ခြင်း ဖြစ် သည်။ ထိုပညာကိုလွယ်ကူစွာရရှိခဲ့ခြင်း မဟုတ်သလို ထိုပညာ၏ အမြင်သည် လွဲရန်ခက်ခဲပါသည်။ အဘိုး၏ နိမိတ် ဟောကိန်းမှန်ကန်စေရန် ကံကြမ္မာက ဖန်တီးလိုက်ပါသည်။ တပေါင်းလ ရန် နှစ်ရက်အလိုတွင် ဘုရားပွဲ ပါသည်။ တစ်နှစ်တစ်ခါ ကျင်းပ ဘုရားပွဲဖြစ်၍ အလွန်စည်ကားပါ အောင်ပြည့်က ဝါသနာမပါ၍ ပွဲမ သော်လည်း ဖြိုးဝေက ညစဉ် ပွဲ တတ်သည်။ အောင်ပြည့် 



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ဖြိုးဝေရောက်လာပြီး အောင်ပြည့်ကို လှုပ်နှိုးနေပါသည်။

"အောင်ပြည့် ထပါဦး။ ငါဒုက္ခရောက်နေလို့ ငါ့ကိုကယ်ပါဦး"

ဖြိုးဝေ၏ စကားသံကြောင့် အောင်ပြည့်ထထိုင်သည်။

"ဖြိုးဝေ၊ မင်းဘာဖြစ်လာသလဲ"

"ဘုရားပွဲမှာ ရန်ဖြစ်ကြတယ်။တို့အုပ်စုနဲ့ ရန်အောင်တို့အုပ်စု ရန်ဖြစ်ကြတယ်။ တစ်ဖက်နဲ့တစ်ဖက် ထိုးကြ ရိုက်ကြရင်း ရန်အောင် ဓားထိုးခံရပြီး သေသွားတယ်။ ထိုးတဲ့ကောင်က ညိုကြီး၊ ဓားက ငါ့ဓား၊ အခုရဲက ညိုကြီးနဲ့ ငါ့ကို လိုက်ရှာနေကြတယ်။ ငါအဖမ်းမခံရအောင် ဘယ်လိုလုပ်ရမလဲ၊ အကြံပေးပါဦးကွာ"

အောင်ပြည့်မှာ မည်သို့ကြံစည်ရမည်ကို တွေးနေမိသည်။

ဖြိုးဝေက သူ၏ အကြံအစည်ကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါအဝေးကိုထွက်ပြေးချင်တယ်။ ငါမသတ်ဘဲနဲ့ အဖမ်းမခံချင်ဘူး။ ငါလွတ်အောင်ပြေးမှဖြစ်မယ်"

"မင်းဘယ်လောက်ပြေးနိုင်မှာလဲ ဖြိုးဝေ"

"မကြာခင် ရဲတွေလာတော့မှာ ကြံပါဦးကွာ"

"တို့ အင်ကြင်းတောကို သွားကြမလား"

"အေး - ကောင်းတယ်၊ သွားကြမယ်"

အခြားပြေးစရာလမ်းမရှိတော့သည့်အဆုံး အောင်ပြည့်နှင့် ဖြိုးဝေတို့ အင်ကြင်းတောသို့ ပြေးခဲ့ကြသည်။ ထိုညက တစ်ညလုံး မြို့သို့အရောက်ပြေးသည်။ မြို့မှ ကားစီးပြီး စစ်ကိုင်းတိုင်းသို့ အရောက်သွားကြသည်။ ကုန်းတစ်တန်၊ ရေတစ်တန်သွားရင်း အဖိတ်နေ့ညနေ တမူးမြို့သို့ရောက်သည်။ နောက်နေ့မနက်စောစော လှမ်းလျှောက်ကြရာ ညနေတွင် အင်ကြင်းတောသို့ ရောက်ခဲ့သည်။ အင်ကြင်းပင်ကြီးများအလယ်တွင် ဝါးကျောင်းများနှင့် ဇမ္ဗူရိပ်သာကို တွေ့လိုက်ရသည်။ တောင်ကုန်းပေါ်က ကျောင်းမှာ ဆရာတော်ကြီးများ၏ ကျောင်းဟုယူဆပြီး ကျောင်းအနောက်ဘက်သို့ ဆက်၍လျှောက်ခဲ့ကြသည်။ ဝါးကျောင်းလေး၏ရှေ့တွင် တံမြက်စည်းလှည်းနေသော အဘိုးကို တွေ့လိုက်ရသည်။

အဘိုးကစတင်နှုတ်ဆက်ပါသည်။

"ဟဲ့ကောင် အောင်ပြည့်၊ မင်းတို့နှစ်ယောက် ဒီနေ့ရောက်မယ်ဆိုတာသိလို့ မင်းတို့နေဖို့ စီစဉ်ထားတယ်။ ဟိုဝါးကျောင်းပေါ် သွားကြ"

"အဘိုး ဒါ ကျွန်တော့်သူငယ်ချင်း ဖြိုးဝေပါ။ သူဒုက္ခရောက်နေတယ်အဘိုး။ သူ့ဒုက္ခကိုကယ်ပါဦးအဘိုး"

"သိပါတယ်၊ သူဘာမှမဖြစ်ပါဘူး။ အားလုံးအဆင်ပြေသွားမှာပါ"

"အဘိုး၊ သူ့အမှုက လူသတ်မှုနော်"

"သူသတ်တာမှမဟုတ်ထာ၊ သတ်တဲ့လူက အင်္ဂါသား။ အဲဒီအင်္ဂါသားက သူသတ်ကြောင်း ဖြောင့်ချက်ပေးလိမ့်မယ်။ သူဖြောင့်ချက်ပေးတဲ့နေ့အထိ တစ်လလောက်တော့ စောင့်ကြည့်ရမှာပေါ့"

အဘိုး၏ စကားကြောင့်၊ ဖြိုးဝေမှာ ဝမ်းသာလျက်ရှိနေပါသည်။

"ဝမ်းသာလိုက်ထာ အဘိုးရယ်။ အဖမ်းမခံရရင် တော်ပါပြီ။ ဒီမှာ အောင်ပြည့်နဲ့အတူ တရားအားထုတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ကဲကဲ-မင်းတို့သွားနားလိုက်ကြ"

အဘိုးပြောကြားခဲ့သည့်အတိုင်း တပေါင်းလပြည့်နေ့တွင် အင်ကြင်းတောသို့ ရောက်သည်။ အဘိုး၏စကား ဤမျှမှန်လျှင် ဖြိုးဝေလွတ်မည်ဆိုခြင်းမှာ မှားနိုင်စရာမရှိပါ။ ဖြိုးဝေ၏ ဖြစ်ကြောင်းကုန်စင်ကို အဘိုးက ကြိုတင်သိနေခြင်းကို အံ့သြနေကြသည်။ ထိုညက စောစောအိပ်ရာဝင်သဖြင့် နံနက်စောစော အိပ်ရာကထကြသည်။ အဘိုးက ရေနွေးကြမ်းနှင့် သစ်သီးများပြင်ဆင်ပြီး အသင့်စောင့်နေသည်။

"ဒီနေရာက လူသူဝေးတော့ အစားအသောက်ရှားတယ်။ ဒါပေမယ့် တောင်ခြေရွာတွေက သဒ္ဓါတရားထက်သန်တော့ နွားလှည်းတွေနဲ့ ဆန်၊ ဆီ၊ ဆားနဲ့ မုန့်မျိုးစုံကို ရိက္ခာအဖြစ် လာရောက်လှူဒါန်းလေ့ရှိတယ်။ ရိက္ခာပြတ်ရင်တော့ တောထဲမှာ သစ်သီး၊ သစ်ဥရှာဖွေရတာပေါ့။ လိုအပ်ရင် မင်းတို့လည်း ကူညီရမယ်။ ကပ္ပိယကြီးနဲ့ မြေးနှစ်ယောက်က သိပ်အားကိုးရတယ်"

"ကျွန်တော်တို့လည်း ကူညီပါ့မယ် အဘိုး"

"ကဲ- စားသောက်ပြီးရင် ဂူထဲမှာ တရားအားထုတ်ရမယ်။ ဒီကျောင်းမှာရှိတဲ့ ဆရာတော်ကြီးများ အပါအဝင် ရဟန်းနဲ့ လူအားလုံး တရားမှတ်ရမယ်။ ကဲ - သွားကြရအောင်"

အောင်ပြည့်နှင့် ဖြိုးဝေတို့ အဘိုးနောက်သို့လိုက်ခဲ့ကြသည်။ ရှေးဟောင်းဂူကြီးတစ်လုံးဖြစ်သည်။ ဆင်းတုတော်တစ်ဆူတွေ့ရပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူထားသည်ကိုတွေ့ရ၏။ ဘုရားရှေ့တွင် ဆရာတော်ကြီးနှစ်ပါးထိုင်နေပြီး ဆရာတော်ကြီးများနောက်မှ ရဟန်းငါးပါး တန်းစီထိုင်နေပါသည်။ ရဟန်းများ၏အနောက်တွင် အဘိုးကနေရာယူလိုက်ပြီး အဘိုးနောက်တွင် အောင်ပြည့်နှင့် ဖြိုးဝေကို နေရာပေးထားပါသည်။ နောက်ဆုံးတန်းတွင် ကပ္ပိယကြီးဦးညွန့်နှင့် မြေးနှစ်ယောက်ထိုင်ကြသည်။ မိမိ၏အစီအစဉ်ဖြင့် သီလယူပြီး ဝိပဿနာတရားရှုမှတ်ကြရပါသည်။ တစ်နာရီပြည့်သည်နှင့်နားခွင့်ရသည်။ ဆရာတော်ကြီးနှစ်ပါး၊ ရဟန်းငါးပါးနှင့် အဘိုးတို့က ဆက်လက် တရားရှုမှတ်နေပြီး ကျန်လူများက ဂူပြင်ထွက်ကာ အနားယူကြသည်။ အောင်ပြည့်နှင့် ဖြိုးဝေတို့က ဂူအပြင်ထွက်၍အညောင်းဆန့်ကြသည်။

ကပ္ပိယကြီးနှင့် မြေးနှစ်ယောက် နေ့လယ်စာအတွက် မီးဖိုချောင်သို့သွား ကြသည်။

နားချိန်စေ့သည်နှင့် အောင်ပြည့် တို့နှစ်ယောက် ဂူထဲပြန်ဝင်ပြီးတရားမှ ကြသည်။

တရားမှတ်၍ အချိန်ပြည့်သည် နှင့် ဆရာတော်ကြီးများ အပါအဝ အားလုံးတရားနားလိုက်ပြီး ဂူထဲမှထွ ခဲ့ကြ၏။ ဆရာတော်ကြီးများကရေချိုး နေ့ဆွမ်းစားရန်စီစဉ်ကြ၏။ နေ့ဆွမ်းစ ရာ ဆရာတော်ကြီးနှစ်ပါးက တစ်ဝိုင် ရဟန်းတော်များကတစ်ဝိုင်း၊ အဘိုးနှ အောင်ပြည့်တို့ နှစ်ယောက်က တစ်ဝိုင် ဖြစ်သည်။ ကပ္ပိယကြီးနှင့် မြေးနှစ်ဦး လိုလေသေးမရှိအောင် ဆောင်ရွက်နေ ကြပါသည်။ နေ့ဆွမ်းစားပြီး (၁) နာရီခန့် နားပြီးမှ နေ့လယ်တွင် ဂူထဲပြန်ဝင်ပြ တရားမှတ်ကြရသည်။ အောင်ပြည် ဖြိုးဝေနှင့် ကပ္ပိယကြီးနှင့် မြေးနှစ်ဦးသ တရားနားချိန်တွင် ဂူပြင်ထွက်ပြီးနား သော်လည်း ဆရာတော်ကြီးနှစ်ပ ရဟန်းငါးပါးနှင့် အဘိုးတို့မှာ နေ သည့်အထိ မလှုပ်မယှက် တရားမှတ် ပါသည်။ ညနေတွင် ကပ္ပိယကြီးတို့သုံး နှင့် အောင်ပြည့်တို့ ညစာစားရပါသည် ညပိုင်းတွင် ဆရာတော်ကြီးနှစ်ပါး ရဟ များနှင့် အဘိုးသာ တရားမှတ်ကြ ကျန်လူများကို ဆန္ဒရှိမှသာဝင်ရန် သဖြင့် ဂူထဲသို့မဝင်ကြတော့ဘဲ အား အနားယူကြပါသည်။

တရားရှုမှတ်ရာတွင် အစပ ရက်များတွင် ညောင်းညာကိုက်ခဲသ ဒဏ်ကို အလူးအလဲခံရသော်လည် တစ်နေ့ထက်တစ်နေ့ ဝေဒနာသက် လာပါသည်။ တရားရှုမှတ်၍ တည် သဖြင့် သမာဓိရလာပါသည်။ ဖြိုးဝေ လည်း အဘိုး၏စကားကြောင့် စိတ် မရှိတော့သဖြင့် တရားကို စူးစူးစိုက် ရှုမှတ်နိုင်ခဲ့ပါသည်။ တစ်နေ့တွင် အဘိုး က ဖြိုးဝေကို စိတ်ချမ်းသာစေရန် ပါသည်။

"ဓားထိုးမှုကျူးလွန်တဲ့ အင်္ဂါ တရားခံက တရားရုံးမှာ ဖြောင့်ချက် လိုက်ပြီ။ လူသတ်တဲ့ဓားဟာ ဖြိုး ဓားမှန်သော်လည်း လူသတ်သူမှာ သ ကြောင်း ဝန်ခံလိုက်တဲ့အတွက် အတွက် ဘာမှစိုးရိမ်စရာမရှိတော့ပါ

ဖြိုးဝေမှာ အဘ၏စကားကြော အလွန်ဝမ်းသာသွား၏။ အမှုအ စိတ်အေးရပြီဖြစ်၍ ရွာကို သ သည်။ ရွာသို့ပြန်ချင်သဖြင့် အ



www.burmeseclassic.com

www.burmeseclassic.com

ခွင့်တောင်းပါသည်။

"အဘိုး၊ ကျွန်တော်ရွာကိုခဏပြန်ပါရစေ။ ကျွန်တော်ဆက်ဆက်ပြန်လာပြီး တရားအားထုတ်မှာပါ"

"အေးလေ၊ မင်းပြန်ချင်ရင်ပြန်ပါ။ သတ္တဝါတစ်ခုကံတစ်ခုဆိုသလို လူတိုင်းတစ်မံရာ လိုက်နာရစမြဲပါ။ မင်းပြန်လာမယ်ဆိုတာ အဘိုးသိတာပေါ့။ ဘယ်နေ့ပြန်ရောက်မယ်ဆိုတာလည်း အဘိုးသိတာပဲ"

နောက်နေ့တွင် ဖြိုးဝေ ရွာသို့ပြန်သွားပါသည်။ သူပြန်လာမည့်အကြောင်း အောင်ပြည့်ကို ပြောသွားပါသည်။ အောင်ပြည့်မှာ တစ်ဦးတည်းကျန်ခဲ့မှ အဘိုး၏ ဒိဗ္ဗစက္ခုပညာကို အလွန်ယုံကြည်နေသည်။ အဘိုးထံမှ ထိုပညာတောင်းခံရန် ကြံစည်နေခဲ့သည်။ အခွင့်သာသည့်နေ့တွင် အဘိုးကို ဖွင့်ဟတောင်းခံခဲ့ပါသည်။ အဘိုးကလည်း အောင်ပြည့်၏စိတ်ကို သိထားသဖြင့် တစ်နေ့ ထိုစကားမျိုးကြားရမည်ကို ကြိုတင်သိထားခဲ့သည်။

"မင်းက ဒီပညာကို လိုချင်တယ်ဆိုရင် အဘိုးခွင့်ပြုပါတယ်။ မင်းတစ်နေ့ ဒီပညာကိုရမှာပါ။ ဒါပေမယ့် ဒီပညာက အဘိုးပေးလို့ရတာမျိုးမဟုတ်ဘူး။ မင်းကိုယ်တိုင်ကြိုးစားမှရမှာ"

"ဘယ်လိုကြိုးစားရမယ်ဆိုတာသာ ပြောပါအဘိုး၊ ကြိုးစားပါ့မယ်"

"ရှေးက အင်းဝိဇ္ဇာကြီးဦးနရိန္ဒာဘိ ထားခဲ့တဲ့ အကျိုးထူးရမန္တန်တော် (၂၂၇) လုံးရှိတယ်။ အဘိုးလည်း ဒီမန္တန်တွေ တစ်နှစ်လောက်ရွတ်မှာ ဒိဗ္ဗစက္ခုအမြင်ရခဲ့တာ။ မင်းရွတ်နိုင်မယ်ဆိုရင် အဲဒီမန္တန်တွေအဘိုးပေးမယ်"

"ကျွန်တော်ရွတ်ပါ့မယ် အဘိုး"

နောက်နေ့ အဘိုးသည် အလွန်ဟောင်းနွမ်းနေသော ပေရွက်များဖြင့် ရေးထားသောမန္တန်များ ပေးပါသည်။ မန္တန် (၂၂၇) ပုဒ်ပါသော ပေစာများကို အစအဆုံး အဘိုးကရှင်းပြပါသည်။

"ကဲ - မန္တန်တွေကိုကြည့်၊ အဘိုးရှင်းပြမယ်။ အသံထွက်ကို ဂရုစိုက်မှတ်ပြီး နေ့တိုင်း (၁၀၈) ခေါက်ရအောင် ရွတ်ပေတော့။ တစ်နှစ်ရွတ်ရင် ဒီပညာရမယ်။ မနက်ပိုင်း ဂူထဲမှာ တရားမှတ်ပြီး အပြင်ထွက်ပြီး ဂါထာရွတ်လို့ ရတယ်။ သုံးလပြည့်ရင် နောက်နေ့ ဘာဖြစ်မယ်ဆိုတာသိမယ်။ ခြောက်လပြည့်ရင် တစ်နှစ်အတွင်း ဘာဖြစ်မယ်ဆိုတာသိမယ်။ တစ်နှစ်ပြည့်ရင် အားလုံးသိနိုင်ပြီ။ နောက်ထပ်ဆက်ရွတ်နေရင် ဝိဇ္ဇာအထိဖြစ်နိုင်တယ်"

အဘိုးစကားကြောင့် အောင်ပြည့် ဝမ်းသာနေပါသည်။ အဘိုးကဆက်ပြောပါသည်။

"မန္တန်ရွတ်လို့ အသားကျသွားပြီဆိုရင် ဂူထဲမှာတရားထိုင်ရင်း ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်ရအောင် စိတ်ထဲကရွတ်ရင် ရပါတယ်။ တရားထိုင်လည်း မပျက်ရအောင် ကြိုးစားပါ"

အောင်ပြည့်သည် အဘိုးထံမှ မန္တန်ရွတ်နည်းစနစ်ကို ရအောင်မှတ်ပြီး ပေစာရွက်ဟောင်းများမှ စာသားများကို စာအုပ်တွင် ပြန်ကူးရေးပြီး ခက်ခဲသော အသံထွက်များကို ဘေးတွင်မှတ်ကာ နေ့စဉ်ရွတ်ပါတော့သည်။ မနက်ပိုင်း တရားထိုင်ပြီး နေ့လယ်တွင် တောစပ်သို့ သွား၍အော်ကာ မန္တန်များရွတ်ဆိုခဲ့ပါသည်။ (၁၀၈) ခေါက်ရအောင် ရွတ်ဆိုရာတွင် ပထမရက်များတွင် နေဝင်သည်အထိ မနားမနေ ရွတ်ဆိုရသော်လည်း ရက်ကြာလာသည်နှင့် အဆင်ပြေလာပါသည်။ တစ်နေ့ထက်တစ်နေ့ အချိန်တိုလာပါသည်။ အဘိုးကဲ့သို့ ဒိဗ္ဗစက္ခုဉာဏ်အမြင့်ရစေရန် ကြိုးစားရခြင်းဖြစ်၍ တက်ကြွလျက်ရှိပါသည်။

မန္တန်ရွတ်၍ (၆)လခန့်အကြာတွင် တစ်စုံတစ်ခုကို အာရုံတွင်ခံစားကြည့်ပါက အသိသစ်များတရေးရေးပေါ်လာတတ်ပါသည်။ နောက်နေ့ဘာဖြစ်မည်ကို အာရုံခံစားကြည့်ရာ အာရုံတွင်ပေါ်လာသမျှ အဖြစ်အပျက် နောက်နေ့တွင် အမှန်တကယ်ဖြစ်ခဲ့ကြောင်းတွေ့ရသည်။ တစ်နေ့ တရားထိုင်ရင်း နောက်နေ့ကို မျှော်တွေးကြည့်ခဲ့ရာ မှော်ဇာကျေးရွာမှ နွားလှည်းနှစ်စီးဖြင့် ရိက္ခာများလာပို့သည်ကိုမြင်ရသဖြင့် ညဘက်တွင် ကပ္ပိယကြီးအား စတိုခန်းရှင်းထားရန်ပြောပြီး ကပ္ပိယကြီးနှင့်အတူ စတိုခန်းကိုရှင်းခဲ့ပါသည်။ နောက်နေ့နံနက် အိပ်ရာမှထလိုက်သည်နှင့် နွားလှည်းနှစ်စီးရောက်လာသည်ကို တွေ့ရပါသည်။ တရားရှာဖွေနေသူများအတွက် ဆန်၊ ဆီ၊ ဆား စသည့်ရိက္ခာပစ္စည်းများ လှည်းနှစ်စီး အပြည့်ပါလာသည်ကို တွေ့ရသည်။ ထိုပစ္စည်းများကို ကပ္ပိယကြီး၏ မြေးနှစ်ယောက်နှင့်အတူ အောင်ပြည့်ပါ ကူညီသယ်ဆောင်ခဲ့ပါသည်။

ထိုနေ့က အောင်ပြည့်အတွက် ယုံကြည်မှုအပြည့်အဝရစေသောနေ့တစ်နေ့ဖြစ်ခဲ့သည်။ သူ၏အောင်မြင်မှုလမ်းကို ဖြိုးဝေအား ပြောပြချင်သော်လည်း ဖြိုးဝေမရှိသဖြင့် အောင့်အည်းမျိုသိပ်ထားခဲ့ရပါသည်။ ဖြိုးဝေသာရှိပါက ဝမ်းသာမှာ သေချာပါသည်။ ဖြိုးဝေ၏အကြောင်းကိုတွေးရင်း ဖြိုးဝေရောက်ရှိသည့်နေရာကို အာရုံခံကြည့်လိုက်သည်။ ဖြိုးဝေသည် အင်းကြင်းတောသို့ ပြန်လာရန် ပြင်ဆင်နေကြောင်း တွေ့လိုက်ရသည်။ ဖြိုးဝေရောက်လာတော့မည်ဖြစ်၍ ဝမ်းသာနေပါသည်။ နောက်နေ့တွင် ဖြိုးဝေ ရောက်လာမည့်အချိန်တွင် တောင်အောက်ဆင်း၍ ကြိုရန်စီစဉ်ပြီး အဘိုးထံခွင့်တောင်းရသည်။

"အဘိုး၊ ဒီနေ့ ဖြိုးဝေပြန်လာမယ်။ ကျွန်တော် တောင်အောက်ကိုဆင်းပြီး ဖြိုးဝေကို ကြိုချင်ပါတယ်"

အဘိုးသည် ခဏအာရုံခံကြည့်ပြီး ပြုံးလျက်ပြန်ပြောပါသည်။

"မင်းအတော်တိုးတက်လာပြီပဲ။ ဟုတ်တယ်၊ ညနေလောက် ဖြိုးဝေရောက်တော့မယ်။ မင်းသွားပြီးကြိုလိုက်ပါကွယ်"

အောင်ပြည့်သည် ညနေတွင် တောင်အောက်သို့ဆင်းခဲ့သည်။ တောင်အောက်သို့ရောက်သည်နှင့် အင်ကြင်းပင်ကြီးတစ်ပင်အောက်တွင် နားခိုရင်း ဖြိုးဝေကိုစောင့်နေခဲ့သည်။ မကြာမီ ဖြိုးဝေရောက်လာပါသည်။ ဖြိုးဝေမှာ မမျှော်လင့်ဘဲ အောင်ပြည့်ကိုတွေ့လိုက်ရ၍ ဝမ်းသာသွားပါသည်။ အောင်ပြည့်သည် ဖြိုးဝေ၏ လက်ထဲမှပစ္စည်းအချို့ကို လွှဲပြောင်းယူလိုက်သည်။

"အောင်ပြည့်ရေ ငါရွာပြန်ရောက်တော့ ညီကြီး ထောင် (၁၀) နှစ်ကျသွားပြီ။ ငါ့မှာအပြစ်မရှိတော့ဘူး"

"ဒါတွေ အဘိုးပြောပြလို့ ငါအားလုံးသိပြီးပြီ။ ဒီနေ့ မင်းလာမယ်ဆိုတာသိလို့ မင်းရောက်မယ့်အချိန် ငါလာကြိုတာ"

"အဘိုးရဲ့ဒိဗ္ဗစက္ခုပညာကတော့ အံ့စရာပဲနော်။ မေးမကြည့်ရဘဲ အာရုံခံကြည့်ရုံနဲ့ အရာအားလုံးကိုသိနေတာပဲ"

"မင်းလာမယ့်ကိစ္စက အဘိုးမပြောဘဲ ငါကိုယ်တိုင်သိခဲ့တာ ဖြိုးဝေ။ အဘိုးဆီက ဒီပညာယူခဲ့တာ (၆) လလောက်ရှိပြီဆိုတော့ ငါလည်း အတော်အသင့်ရနေပြီ။ တစ်နှစ်ပြည့်ရင်တော့ အားလုံးသိနိုင်ပြီလို့ အဘိုးကပြောတယ်"

"ကောင်းတာပေါ့ကွာ။ ငါကတော့ ဝိပဿနာရှုမှတ်ရတာကိုပဲ စိတ်ဝင်စားတယ်။ တရားနဲ့ အဆက်ပြတ်ခဲ့ရတဲ့ ရက်တွေအတွက် စိတ်မကောင်းဖြစ်နေတာ"

"မနက်ဖြန်ကစပြီး တရားမှတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ပြီပဲကွာ"

သူငယ်ချင်းနှစ်ယောက် စကား ပြောရင်းလာခဲ့ရာ ညနေတွင် ကျောင်းသို့ရောက်ကြပါသည်။ ဖြိုးဝေက ဆရာတော်ကြီးများအတွက် သီးသန့်ယူလာသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ကျောင်းသို့အပ်လိုက်ပြီး အဘိုးအတွက် လက်ဆောင်ပစ္စည်းများကို အဘိုးကိုပေးလိုက်ပါသည်။ နောက်နေ့မှစ၍ ဖြိုးဝေ တရားထိုင်သည်။တရားရချင်လွန်းသောကြောင့် တရားကို အပြင်းအထန်ရှုမှတ်ရာ အနားပေးချိန်တွင် အနားမယူတော့ဘဲ အဘိုးနှင့်အတူ အချိန်ပြည့်တရားမှတ်ခဲ့သည်။ အောင်ပြည့်က တရားရှုမှတ်ချိန်တွင်မှတ်၍ ကျန်အချိန်များတွင် မန္တန်ရွတ်နေခဲ့သည်။ ပတ်ဝန်းကျင် တရားထိုင်သူများကို အနှောင့်အယှက် မဖြစ်စေရန် စိတ်ထဲက ရွတ်ဆိုခဲ့ပါသည်။ မန္တန်ရွတ်ရာတွင် တစ်နှစ်နီးပါးရှိလာပြီဖြစ်၍ အလွတ်ရသည့် စာပိုဒ်များနေပြီဖြစ်သောကြောင့် (၁၀၈) ခေါက်ရွတ်ရာတွင် ယခင်လောက် အချိန်မကြာတော့ပါ။ တစ်နှစ်ပြည့်သည့်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင် အဘိုးက ပြောစရာရှိသည်ဆိုပြီး အောင်ပြည့်နှင့် ဖြိုးဝေကို သူ့အနီးသို့ခေါ်ပါသည်။

"ကဲ - အောင်ပြည့်၊ မင်းတစ်နှစ်ပြည့်ပြီဆိုတော့ မင်းပညာအတိမ်အနက်ကို စစ်ဆေးရမယ်။ နောက်တစ်လ အကြာ ကဆုန်လပြည့်နေ့မှာ ထူးခြားချက်ရှိတယ်။ ဘာထူးခြားသလဲဆိုတာ မင်းအာရုံခံကြည့်ပါ။ မင်းမြင်တာ၊ တွေ့တာ ပြန်ပြောပြပါ"

အောင်ပြည့်သည် ရတနာသုံးပါးကို အာရုံပြုပြီးနောက် နောက်တစ်လ အကြာ ကဆုန်လပြည့်နေ့ကို အာရုံခံကြည့်လိုက်သည်။ သူမြင်ရသည်မှာ ရွှေဝါရောင်သင်္ကန်းကိုဝတ်ရုံထားသည့် ရဟန်းနှစ်ပါး ကျောင်းပေါ်သို့တက်လာသည်။ အောင်ပြည့်သည် သူ၏အာရုံတွင် မြင်သည့်အတိုင်း အဘိုးကိုပြောပြလိုက်ရာ အဘိုးမှာ ကျေကျေနပ်နပ် လက်ခံပြီး ပြန်ပြောပါသည်။

"မှန်တယ်၊ အောင်ပြည့်ပြောတာ တိတိကျကျမှန်တယ်။ အဲဒါမဟာနန္ဒဝန်ကကြွလာတဲ့ ရဟန်းနှစ်ပါးပဲ။ ဟိမဝန္တာတောစပ်မှာရှိတဲ့ မဟာနန္ဒဝန်ကိုရောက်မှ တရားပြည့်ဝတယ်လို့ ယူဆကြတယ်။ တရားရခါနီးပုဂ္ဂိုလ်တွေကို လာခေါ်လေ့ရှိတယ်။ ဒီကျောင်းကလိုက်သွားပြီး ဟိုမှာဆက်တရားကျင့်လို့ ကိစ္စပြီးမြောက်ခဲ့တဲ့ပုဂ္ဂိုလ်တွေများပြီ။ ဒီတစ်ခေါက် တို့ကျောင်းက ဘယ်သူပါသွားမလဲဆိုတာ ဆက်ကြည့်ပါဦး"

အောင်ပြည့် အာရုံခံကြည့်လိုက်သည်။ သူမြင်ရသည့်အမြင်များလေသလားဟု အထပ်ထပ်ပြန်လည်ကြည့်သော်လည်း အဖြေကမပြောင်းလဲသဖြင့် တုန်လှုပ်နေမိပါသည်။ သူ၏အာရုံတွင် မြင်သည့်အတိုင်းပြောပြလိုက်ပါသည်။

"ဟာ - အဘိုး၊ အဘိုးတကယ် လိုက်သွားမှာလား"

"ဟုတ်တယ်ကွယ်၊ မင်းမြင်တာ အားလုံးမှန်တယ်"

"အဘိုး၊ ကျွန်တော်တို့နှစ်ယောက်ကို မထားခဲ့ပါနဲ့ အဘိုးရယ်"

"မရဘူး ငါ့မြေးတို့၊ အချိန်ကျရင် သွားရမယ်။ ဒီအခွင့်အရေးရအောင် အဘိုး နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရပါတယ်။ ဒီကနေ့ မင်းတို့နှစ်ယောက်ကို ခေါ်ရတာလည်း ဒီအကြောင်းတွေ ဆွေးနွေးချင်လို့ ခေါ်လိုက်ရတာ။ အဘိုးအတွက် အချိန်သိပ်မရှိတော့ဘူး။ အခုအချိန် မဟာနန္ဒဝန်သွားခွင့်ရတာ အမြတ်ပဲ။ တရားထူးရမယ့်ကိစ္စဆိုတော့ ဝမ်းသာရမှာပါ"

"အဘိုးအတွက် ဝမ်းသာပါတယ် အဘိုးရယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် အားငယ်ပြီးကျန်ခဲ့ရတော့မယ်"

"အချိန်တန်တော့ ခွဲခွာရတာ ဓမ္မတာပဲ။ အောင်ပြည့်ကို အဘိုးမှာချင်တာရှိတယ်။ မင်းဟာ ဒိဗ္ဗစက္ခုအမြင်ကိုရနေပြီ။ ဒါပေမယ့် နောက် (၅) နှစ်အတွင်း မင်းကိုမင်းဘာဖြစ်မယ်ဆိုတာ မကြည့်ရဘူး။ မကြည့်ပါဘူးလို့ အဘိုးကို ကတိပေးပါ"

"ဘာပြုလို့လဲ အဘိုးရယ်"

"ဘာဖြစ်မယ်ဆိုတာ မသိချင်ဘဲ တရားကိုသာ အာရုံစိုက်ပါ။ ဒါဆိုရင် မင်းလည်း အဘိုးနောက်ကိုလိုက်ခွင့်ရတော့မှာပါ"

"ဗျာ - ကျွန်တော် အဘိုးနောက်လိုက်ခွင့်ရမယ်၊ ဟုတ်လား အဘိုး"

"ဟုတ်တယ်၊ မင်းကတိတည်ရင် အောင်မြင်မှာ သေချာတယ်။ ကတိမတည်မှာဘဲ အဘိုးစိတ်ပူတာ။ ဒီကနေ့ကစပြီး တရားကိုစူးစူးစိုက်စိုက်ကြည့်ပါ။ ဒီဘဝမှာ တရားရရမယ်ဆိုတဲ့စိတ်မွေးပါ။ မင်း မဟာနန္ဒဝန်ရောက်ရင် ဖြိုးဝေအတွက် မင်းပြောနိုင်မယ်။ ဖြိုးဝေလည်း တစ်နေ့ မဟာနန္ဒဝန်ကိုရောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားပါ။ ဖြိုးဝေ ဘယ်နေ့လာရမယ်ဆိုတာတော့ အောင်ပြည့်က ပြောပြလိမ့်မယ်။ ကဲ - အဘိုးပြောချင်တာ ဒါလောက်ပါပဲ"

"အဘိုးမိန့်ကြားတဲ့အတိုင်း တိကျ[...] စွာ လိုက်နာပါ့မယ်။ အဘိုးတောင်းတဲ့ ကတိကိုပေးပါတယ်။ဒါဆိုရင် ကျွန်တော် မဟာနန္ဒဝန်ကိုရောက်ပြီးရင် ဖြိုးဝေ[...] လည်း ရောက်လာမှာပေါ့နော်"

"တိတိကျကျပြောရရင် အဘိုး[...] သွားလို့ (၅) နှစ်ကြာရင် အောင်ပြည့်[...] ရောက်လာမယ်။ နောက်ထပ် (၃) နှစ်[...] နှစ်ကြာရင် ဖြိုးဝေရောက်လာမယ်။ မင်း[...] တို့ သေသေချာချာမှတ်ထားရင် တိုယ်[...] ရောက်မယ့်နေ့ကိုသိရမှာပေါ့။ ဒါပေမယ့်[...] တို့သုံးယောက်တော့ ဆုံချင်မှဆုံမယ်[...] တကယ်တမ်း တရားရအောင် ကြိုးစား[...] ကြမယ်ဆိုရင်တော့ အားလုံးတရား[...] မယ်။ ပြန်ဆုံရမှာပါကွယ်။ လော[...] နိယာမတရားကို ဘယ်သူလွန်ဆန်နိုင်[...] မှာလဲ။ တို့ကဧည့်သည်တွေပဲ။ ဧည့်သည်[...] ဆိုတာ အချိန်တန်တော့ အိမ်ပြန်ရ[...] မဟုတ်လား"

အဘိုး၏စကားကို ကြားရ[...] စိတ်မကောင်းဖြစ်ရ၏။ သေသေချာချာ[...] စဉ်းစားမှသဘောပေါက်သည်။ သဘော[...] ပေါက်မှ ဝမ်းသာရတော့သည်။ လူဆို[...] သည် အိုရမည်၊ နာရမည်၊ သေရမည်[...] မသေမီ တရားရအောင်ယူနိုင်ရမည်[...] တရားရမှ နောင်ဘဝအတွက် စိတ်ချ[...] မည်။ အဘိုးသည် သူ၏ နောင်ဘ[...] စိတ်ချရစေရန် ထွက်ခွာသွားခြင်း ဖြ[...] သည်။ အောင်ပြည့်လည်း တရားရ[...] တစ်နေ့ထွက်ခွာသွားရမည်။ ထို့အ[...] ဖြိုးဝေလည်း တစ်နေ့လိုက်ရမည်[...] အောင်ပြည့်သည် အဘိုး၏စကား[...] အပြန်ပြန်အလှန်လှန်စဉ်းစားမှ သဘော[...] ပေါက်သည်။ လူဘဝရရှိခိုက်မှာ တရား[...] ကို ရအောင်ရှာနိုင်မှ လူဖြစ်ကျိုးန[...] တော့မည်။ အဖိုးတန်လှသောအချိန်မျာ[...] ကို ဒိဗ္ဗစက္ခုအတွက် အသုံးပြုမည့်အစ[...] တရားကိုရအောင်ရှုမှတ်ရမည်ဖြစ်ကြော[...] ကောင်းကောင်း သဘောပေါက်ခဲ့[...] သည်။

အဘိုး ထွက်ခွာသွားသည်[...] အောင်ပြည့်နှင့် ဖြိုးဝေတို့မှာ အပိုစ[...] များကို လုံးဝမပြောကြတော့ဘဲ တရား[...] ရရှိအောင် အချိန်တိုင်း ကျင့်ကြံအ[...] ထုတ်ခဲ့ကြပါသည်။ အဘိုးပြောခဲ့သည့်[...] အတိုင်း ကဆုန်လပြည့်နေ့တွင် မ[...] နန္ဒဝန်မှ ရဟန်းနှစ်ပါးကြွလာပါသည်[...] ထိုရဟန်းနှစ်ပါးသည် အရွယ်ငယ်[...] လည်း ကျောင်းမှ ဆရာတော်ကြီးနှ[...] ကပင် လေးစားရကြောင်း တွေ့ရ[...] ထိုရဟန်းအပြန်တွင် အဘိုးလိုက်ပါ[...]



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ အဘိုးထွက်ခွာသွားသော်လည်း အောင်ပြည့်နှင့် ဖြိုးဝေတို့မှာ အထူးဝမ်းနည်းကြေကွဲမှုမျိုးမဖြစ်တော့ပါ။ နေ့စဉ် တရားအလုပ်ကိုသာ ကြိုးစားအားထုတ်နေကြသဖြင့် အဘိုးကိုပင် သတိမရနိုင်အောင် ရှိပါတော့သည်။ တရားတွင် အာရုံစိုက်လွန်းသောကြောင့် အချိန်များကုန်ဆုံးသွားသည်ကိုပင် ဂရုပြုနိုင်အောင်ရှိပါသည်။ ရာသီစက်မှာ အချိန်မှန်ပင် တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ပြောင်းလဲလျက်ရှိပါသည်။

တစ်နေ့ ဖြိုးဝေက တစ်စုံတစ်ခုကို သတိရပြီးပြောလိုက်ပါသည်။

"အဘိုးထွက်သွားတာ (၅) နှစ်ပြည့်တော့မယ်နော်"

ဖြိုးဝေက အမှတ်တမဲ့ပြောလိုက်သော်လည်း အောင်ပြည့် တုန်လှုပ်သွားပါသည်။ (၅) နှစ်ပြည့်ပါက မိမိရှေ့ရေးအတွက် ကြည့်ခွင့်ပြုခဲ့သည်ကို သတိရလိုက်ပါသည်။ အဘိုးထံတွင် ကတိပေးခဲ့သည့်ရက်ပြည့်တော့မည်။ အဘိုးခွင့်ပြုသည့်နေ့တွင် မိမိဘဝရှေ့ရေးကိုကြည့်ရန်သတိရနေမိ၏။ (၅) နှစ်တင်းတင်းပြည့်သည့်နေ့တွင် အဘိုး၏ခွင့်ပြုချက်အရ တရားရှုမှတ်ရင်း မိမိကိုယ်ကို အာရုံခံ၍ကြည့်လိုက်သည်။

"ဘုရား. . . ဘုရား"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဘုရားတမိလောက်အောင် တုန်လှုပ်သွားပါသည်။ မိမိကိုယ်ကို ပြန်ကြည့်လိုက်ခြင်းဖြစ်သော်လည်း အဘိုးကိုမြင်လိုက်ရသည်။ အဘိုးက သူ့ကိုကြည့်၍ ပြောလိုက်ပါသည်။

"မောင်အောင်ပြည့်၊ အဘိုး နှုတ်ဆက်ပါတယ်။ အဘိုးသွားဖို့အချိန်ရောက်ပြီ။ ဒါပေမယ့် ကောင်းသောသွားခြင်းပါတယ်။ အလွန်အဖိုးတန်တဲ့တရားကို အဘိုးရလိုက်ပြီ။ မင်းလည်း မကြာမီရောက်လာမယ့်ရဟန်းနဲ့ လိုက်ခဲ့ပါ။ မင်းအတွက်လည်း နေခွင့်အချိန်များများမရှိတော့ဘူး။ ဒါကြောင့် မင်းကို မင်းရဲ့ဘဝရှေ့ရေးမကြည့်ဖြစ်အောင် တားခဲ့ရတာ။ အခု မင်းဘဝ မင်းသိရပြီဆိုတော့ အချိန်ရှိခိုက် ကြိုးစားပေတော့။ ဒီကိုရောက်ရင် မင်းရဲ့နောက်ဆုံးနေ့ရက်တွေကို အကျိုးရှိအောင် ဖြတ်သန်းလိုက်ရင် အောင်မြင်မှာပါ"

အဘိုးစကားကြောင့် အောင်ပြည့်မျက်ဝန်းမှ မျက်ရည်ပေါက် ချွေးများစို့ရွှဲလာပါသည်။ ဘဝရှေ့ရေးကို ကြည့်လိုက်ရာတွင် အဘိုးပြောသည့်အတိုင်း ရှင်သန်ခွင့်နည်းနည်းသာကျန်တော့ကြောင်း တွေ့လိုက်ရသည်။ စိတ်မပျက်အောင် တရားသဘောနှင့်ဆင်ခြင်ကာ သတိမြဲအောင် ကြိုးစားရပ်တည်ရပါသည်။ နောက်နေ့ မဟာနန္ဒဝန်မှ ရဟန်းနှစ်ပါး ရောက်ရှိလာသည်နှင့် ချက်ချင်းလိုက်ရန်ပြင်ဆင်ရပါသည်။ ဖြိုးဝေမှာလည်း အားငယ်လျက် အောင်ပြည့်ကို ငေးကြည့်နေပါသည်။

"အောင်ပြည့်၊ မင်းကအဘိုးနဲ့တွေ့ရမယ်။ ငါ့မှာ တစ်ယောက်တည်းကျန်ခဲ့ရပြီပေါ့ကွာ"

"အချိန်တန်တော့ အိမ်ပြန်ရစမြဲပေါ့ ဖြိုးဝေ။ မင်းမှာလည်း တရားအသိရှိနေပြီပဲ။ ဘာအားငယ်စရာရှိမလဲ။ မင်းမိဘတွေကလည်း မင်းကိုထားခဲ့တာပဲ။ အဘိုးလည်း တို့ကိုထားခဲ့တယ်။ အခုငါကလည်း မင်းကိုထားခဲ့ရပြန်ပြီ။ မင်းကိုတစ်ခုတော့ပြောခဲ့မယ်။ အဘိုးက ဘဝကူးတော့မှာ။ ငါတောင်အဘိုးရဲ့အသက်ကို မီချင်မှမီလိမ့်မယ်"

"ဒါဆို အဘိုးကိုတွေ့ရအောင် ငါလိုက်ခဲ့ပါရစေ"

"အဘိုးက မင်းကို ခေါ်ခဲ့ဖို့မမှာဘူး။ ဒါပေမယ့် နောက် (၃) နှစ်ကြာရင် မင်းလိုက်လာရမယ်လို့ ငါပြောခဲ့မယ်။ ဒီကနေ့ကစပြီး (၃) နှစ်ကြာရင် မဟာနန္ဒဝန်က ရဟန်းတစ်ပါး မင်းကိုလာခေါ်မယ်။ ဟိုရောက်ရင် တရားထူးရအောင် ကြိုးစားပေတော့"

မဟာနန္ဒဝန်က ရဟန်းနှင့်အတူ အောင်ပြည့် လိုက်ပါသွားပါသည်။ အောင်ပြည့်မရှိသည့်နောက် ဖြိုးဝေသည် စကားပြောဖော်မရှိတော့သဖြင့် လုံးဝစကားမပြောတော့ဘဲ ဝစီပိတ်တရားကျင့်ခဲ့ရာ ပိုမိုထိရောက်မှုရှိလာ၏။ တရားကိုတွေ့လေ တရားအရသာကို သိလေပို၍ကြိုးစားချင်လေဖြစ်လာ၏။ ဂူထဲတွင် တရားထိုင်ရာတွင် မနက်ပိုင်း ဂူထဲဝင်ပြီး လုံးဝလှုပ်ရှားခြင်းမပြုတော့၊ နေ့လယ်စာစားချိန်မှ ဂူအပြင်ထွက်၍ ထမင်းပြီး ဂူထဲပြန်ဝင်၍ တရားရှုမှတ်ခဲ့ရာ ညနေ တရားစခန်းပြီးမှနေရာမှထခဲ့မိသည်။ စားတိုင်း၊ သွားတိုင်း၊ လှုပ်ရှားတိုင်း တရားအသိမလွတ်အောင် ဂရုစိုက်နေခဲ့သည်။ နေ့စဉ် တရားနှင့်စား၊ တရားနှင့်သွား၊ တရားနှင့်နေခဲ့ရာ နေပူသည်ကိုလည်းမသိ၊ မိုးရွာသည်ကိုလည်း ဂရုမထားမိ၊ နှင်းကျသည်ကိုလည်း မမြင်နိုင်အောင်ဖြစ်၍ ရာသီပြောင်းနေသည်ကို သူနှင့်မဆိုင်သလိုနေခဲ့ရာ အချိန်ကုန်မှန်းမသိအောင်ကုန်ခဲ့သည်။ မဟာနန္ဒဝန်က ရဟန်းတစ်ပါးရောက်လာမှ အောင်ပြည့်မှာခဲ့သည့် (၃) နှစ်ပြည့်ပြီဟု သိလိုက်ရပါတော့သည်။ ထိုရဟန်းနှင့်အတူ မဟာနန္ဒဝန်သို့လိုက်ခဲ့ပါတော့သည်။

မဟာနန္ဒဝန်ဓမ္မရိပ်သာသို့ရောက်သည်နှင့် အတူလာသည့် ရဟန်းက ဖြိုးဝေနေရမည့် ကျောင်းဆောင်အထိပို့ဆောင်ပြီး နေရာချထားပေးပါသည်။ ဖြိုးဝေကလည်း သူနေရမည့်နေရာကို သဘောကျပါသော်လည်း သူ၏အလိုလားဆုံးဆန္ဒကို ထုတ်ဖော်ပေးမိသည်။

"အဘိုးနဲ့ အောင်ပြည့်တို့ကို တွေ့ချင်တယ်၊ သူတို့ဆီပို့ပေးပါ"

ဖြိုးဝေမေးသည့်မေးခွန်းအတွက် အနောက်ဘက်တစ်နေရာကို ညွှန်ပြပြီး ပြောပါသည်။

"ဒီကနေ တောင်အောက်ကိုဆင်းသွားပါ။ ဟိုမြင်နေရတဲ့ သပြေပင်အနီးမှာ သူတို့ရှိပါတယ်"

ဝမ်းသာအားရ တောင်အောက်သို့ဆင်းခဲ့သည်။ တွေ့ချင်သူများကိုတွေ့ရတော့မည်ဖြစ်၍ ပျော်ရွှင်နေပါသည်။ သပြေပင်အနီးသို့ ရောက်သော်လည်း လူနေစရာအဆောက်အအုံမတွေ့သဖြင့် လှည့်ပတ်ကြည့်နေမိသည်။ သပြေပင်တစ်ဝိုက်ကို လှည့်ပတ်ကြည့်လိုက်ရာ တောင်ကမူကလေးပေါ်တွင် တွေ့လိုက်ရပါသည်။

ဦးသက်ရှည် အသက် (၈၅)၊ ဦးအောင်ပြည့် အသက် (၅၄) အုတ်ဂူနှစ်လုံးမှာ ယှဉ်တွဲလျက်ရှိနေပါသည်။

အုတ်ဂူများကိုကြည့်ရင်း ဖြိုးဝေ စိတ်လှုပ်ရှားနေပါသည်။ မြင်လိုက်ရစဉ်က စိတ်မကောင်းဖြစ်မိသော်လည်း တရားပြည့်ဝနေသူဖြစ်၍ ချက်ချင်းသတိဝင်လာပါသည်။ သူတို့ဘဝ ငြိမ်းချမ်းသွားသည်ကိုကြည့်ရင်း ကျေနပ်လာပါသည်။ သူတို့သည် သူတို့ကျင့်ကြံမှုကြောင့် သူတို့လိုအင်ဆန္ဒများ ပြည့်ဝသွားလိမ့်မည်ဟု ယုံကြည်မိပါသည်။ အောင်ပြည့်ပြောခဲ့သည့်စကားအတိုင်း ဧည့်သည်ဖြစ်၍ အချိန်တန်လျှင် အိမ်ပြန်ရမည်သာဖြစ်သည်။ မိမိလည်း တစ်နေ့ သူတို့နောက်သို့လိုက်ရမည်မှာ သေချာနေပါသည်။ တရားကို နှလုံးသွင်းမိမှ ကြေကွဲစရာဟုမမြင်တော့ဘဲ သံဝေဂသာပွားမိသည်။ အုတ်ဂူနှစ်လုံးကို အတန်ကြာကြည့်ပြီး မိမိနေရမည့်ကျောင်းဆောင်သို့ ပြန်ခဲ့သည်။ ကျောင်းဆောင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# ခက်ခဲသူတို့ကိုညွှန်းပါသည်

ကျွန်ုပ်သည် နေ့စဉ်ဆိုသလို ညနေစောင်း၌ ကျွန်ုပ်တို့ အောင်ဇမ္ဗူ ရပ်ကွက်လမ်းမကြီးဘေး၌တည်ရှိသော သူငယ်ချင်းဖြစ်သူ ဦးမွတ်တားတို့၏ အင်ကြင်းပန်းစာပေသို့ ရောက်ရှိကာ ဆိုင်ရှေ့၌ရှိသော သစ်ဆိမ့်ပင်အဝိုင်း၌ ထိုင်ပြီး အပေါင်းအသင်းတို့ဖြင့် ရောက်တတ်ရာရာ စကားတို့ပြောလေ့ရှိ၏။

တစ်နေ့ အင်ကြင်းပန်းစာပေကို ဦးစီးလုပ်ကိုင်နေသော ဦးမွတ်တား၏ သား ဆန်နီကျော်က ကျွန်ုပ်နှင့်လာထိုင်ကာ အကူအညီတစ်ခုတောင်းခံလာ၏။

"ဦး၊ ဦးကို ကျွန်တော်က အကူအညီတစ်ခုတောင်းရဦးမယ်။ ကျန်းမာရေးကိစ္စနဲ့ပတ်သက်လို့ပါ"

"ဘာလဲ ဆန်နီရဲ့ ပြောလေ"

"ဒီလိုပါ၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ကျောက်ကပ်မှာ ကျောက်တည်နေတယ်။ ဓာတ်မှန်ရိုက်ကြည့်တော့ အရမ်းကြီးမကြီးသေးဘူး။ အဲဒါ လေဆာနဲ့ခြေရမှာတဲ့။ ဒါပေမယ့် ဒီမှာ ကျောက်ခြေတဲ့ လေဆာစက်က သိပ်မကောင်းဘူးတဲ့။ အဲဒါမန္တလေးကိုလွှဲလိုက်တယ်"

"အဲဒီတော့"

"အဲဒီတော့ဗျာ၊ ကျွန်တော့်သူငယ်ချင်းမှာက မန္တလေးအထိသွားကုနိုင်တဲ့ စရိတ်စက မပြည့်စုံဘူးဖြစ်နေတယ်။ သွားစရိတ်လာစရိတ်၊ ဆေးရုံစရိတ်နဲ့ဆိုပိုက်ဆံကအတော်ကုန်မှာ။ အဲဒီလောက် မတတ်နိုင်ဘူး။ အဲဒီတော့ ဦးအနေနဲ့ အဲဒီကျောက်ကြေအောင် အကြံဉာဏ်ပေးပါဦးလို့ ပြောချင်တာပါ"

"အေးကွာ၊ ကျောက်က လေဆာနဲ့ပစ်လို့ ကြေနိုင်တယ်ဆိုတဲ့ အဆင့်အနေနဲ့ကတော့ ငယ်သေးတယ်ဆိုရမှာပါ။ ဂေါက်သီးလုံးလောက်အထိကြီးတဲ့ ကျောက်တွေတွေ့ဖူးတယ်ကွ။ ဘာဆေးပဲသောက်သောက် ထုထည်ကြီးတော့ အဲဒီကျောက်ကြီးတွေမကြေနိုင်ဘူးဆိုတာ တွေ့ရတယ်။ ဆေးရုံမှာ ခွဲစိတ်မှ အဲဒီကျောက်ထွက်လာတာတွေ့ရတယ်။ ခုဟာက ငယ်သေးတော့ ဆေးသောက်ရင် ပြုတ်ကျနိုင်လောက်ပါတယ်။ တို့ရွာထဲကအိမ်တွေမှာ ကျောက်ကွဲပင်တွေ စိုက်ကြတယ် မြင်ဖူးလား"

"မမြင်ဖူးဘူးဗျ"

"ကဲကွာ၊ ဒါဆို လမ်းဘေးတွေမှာအလေ့ကျပေါက်တဲ့ ဆူးပေါက်ဟင်းနုနယ်ပင်တွေကော မြင်ဖူးလား။ ဝက်စာကျွေးတဲ့အထဲထည့်လို့ရတယ်လေ"

"ဪ - သိတယ်၊သိတယ်။ အဲဒီအပင်ခွဲတွေပေါ့တယ်"

"အေး - ဒါဆိုရင် အဲဒီဟင်းနုနယ်ဆူးပေါက်ပင်ရဲ့အမြစ်တွေတူးပြီး ရေစင်စင်ဆေးပေါ့ကွာ။ ပြီးတော့ ပါးပါးလှီးပြီး ကျိုပါ။ တစ်နေ့ကို အနည်းဆုံးမတ်ခွက်သုံးခွက်လောက်ကုန်အောင် သောက်ပေါ့ကွာ။ ဒါမှမဟုတ် ရေဆာတိုင်းလည်း သောက်လို့ရသကွ"

"ဟုတ်ကဲ့"

"ပြီးတော့ ဓာတ်စာအနေနဲ့က ကြက်ဟင်းခါးသီးနဲ့ဝက်သားကိုကြော်ပြီး မတတ်နိုင်ရင်တောင် တစ်နေ့တစ်ခါတော့စားပေါ့ကွာ"

"ဟုတ်ကဲ့ - အဲဒီလောက်တော့ တတ်နိုင်ပါတယ်"

"ပြီးတော့ အားတဲ့နားတဲ့အခါ သရေစာဖြစ် ဆေးကုလားမကိုသကြားနဲ့ စားပေးရမယ်"

"အအေးဖျော်တဲ့ ဆေးကုလား လား"

"အေးလေကွာ၊ ဈေးထဲမှာဝယ် လို့ရပါတယ်။ တစ်ခဲလောက်ရေစိမ်လိုက် ရင် အများကြီးပွားလာတာပါ။ အဲဒါကို သကြားနဲ့နယ်ပြီး တစ်နေ့ကို တစ်ကြိမ် လောက်စားပေးပေါ့ကွာ။ ဒါဆို အဲဒီ ကျောက်ကြေပြီး ပြုတ်ကျလာနိုင်ပါ တယ်"

"ဟုတ်ကဲ့ပါ"

"မှတ်မိတယ်နော်"

"ဟုတ်ကဲ့ - ဟင်းနုနယ်ဆူးပေါက် မြစ်ရယ်၊ ကြက်ဟင်းခါးသီးနဲ့ ဝက်သား ရယ်၊ ဆေးကုလားမရယ် မှတ်မိပါပြီ"

"အေးကွာ၊ အဲဒါသေသေချာချာ ပြောပြလိုက်ပါ။ မေ့မှာစိုးရင် စာနဲ့မှတ် ခိုင်းကွ။ တို့ရပ်တို့မြေမှာ လူတိုင်းလ လှမ်းမီတဲ့ဆေးနည်းပဲ။ လေးလေးစားစား လိုက်နာရင် ကျောက်ကငယ်သေးတော့ ကျနိုင်ပါလိမ့်မယ်ကွာ"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ ဦး"

တစ်ဖက်သား၏ အခက်အခဲကို ပါးစပ်ဖြင့် ကူညီလိုက်ရသဖြင့် ကျွန်ုပ်မှာ ပီတိတွေဝေနေမိပါသည်။ ထိုကျောက် လောက်အား မိုးကုတ်တွင်ရှိပါ အခက်အခဲမရှိပါ။ မြင်းခွာပင်၊ အကြော တစ်ထောင့်ပင်၊ ဖက်ယားပင်၊ မြင်းမြီး အမျှစီယူ၍ ပြုတ်တိုက်ခဲ့သော် ခဏ ကျနိုင်ပါသည်။ သို့သော် နေပြည်တော် တွင် ထိုအပင်များထဲ၌ မြင်းခွာတစ်မျိုး သာ ရနိုင်ပါသည်။

သို့အတွက် နေပြည်တော်တွင် အလွယ်တကူ တွေ့နိုင်ရနိုင်သော အပင် များ၊ အစားအစာများဖြင့်သာပေါင်းစပ် ၍ ဆေးနည်းပေးလိုက်ခြင်း ဖြစ်ပေ လိုက်နာသောက်သုံး၍ ပျောက်ကင်း ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

---

တက်လိုက်သည်နှင့် အတူလာခဲ့သည့် ရဟန်းနှင့်တွေ့ပါသည်။

"ဦးသက်ရှည်နဲ့ ဦးအောင်ပြည့်တို့ကို တွေ့ခဲ့ရလား"

"တွေ့ခဲ့ပါတယ် ဘုရား"

"ဦးအောင်ပြည့် လာတဲ့အထိ ဦးသက်ရှည်က စောင့်နေခဲ့ပါတယ်။ ဦးအောင်ပြည့်ရောက်မှ ဦးသက်ရှည် ကွယ်လွန်ခဲ့တာပါ။ ဦးသက်ရှည်က လည်း သူလိုချင်တဲ့အဆင့်ကိုရသွားလို့ ကျေကျေနပ်နပ် ဘဝကူးသွားပါတယ်။ ဦးအောင်ပြည့်လည်း (၂) နှစ်လောက် တရားကျင့်ကြံခွင့်ရလိုက်လို့ သူလည်း အောင်မြင်မှုရသွားပါတယ်။ ဒီတစ်ခါ တော့ ကိုဖြိုးဝေအလှည့်ရောက်လာပြီ။ ကြိုးစားဖို့ပဲကျန်တော့တယ်။ ဦးအောင်ပြည့်ကမှာသွားပါတယ်။ ကိုဖြိုးဝေတရားထူးရသည်အထိ ကူညီလိုက်ပါလို့ အထပ် ထပ်မှာသွားပါသေးတယ်"

ဦးပဥ္စင်း၏ စကားကြောင့် ဖြိုး စိတ်ဓာတ်ပိုမိုခိုင်မာလာပါသည်။ လူ ရခိုက် လူဖြစ်ကျိုးနပ်စေရမည်။ အခ တန်လို့ အိမ်ပြန်ချိန်တွင် အိမ်ပြန်လ မည်။ အဘိုးနှင့် သူငယ်ချင်း အောင် တို့ လမ်းစဉ်ကိုလိုက်ရမည်ဟု ခိုင်မာ ဆုံးဖြတ်လိုက်ပါတော့သည်။

ကေ



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
# မွေးရာပါအနာမပျောက်ခဲ့သော်

၂၀၁၅၊ ဒီဇင်ဘာမှာ ရန်ကုန် ဗဟန်းမြို့နယ် ဟာမစ်တစ်မှာရှိတဲ့ မဟာစည်သာသနာ့ရိပ်သာမှာ ဌာနချုပ် ရဲ့ (၆၉) နှစ်မြောက် မဟာစည်ဩဝါဒ ခံယူပွဲကြီးကို ဦးမွတ်တား ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ရောက်ဖြစ်ပါတယ်။ ဦးမွတ်တားရယ်၊ ကျွန်တော်ရယ်၊ ဦးအုန်း မောင်ရယ်၊ ဦးမြတ်ထွန်းတို့ ဇနီးမောင်နှံ ရယ် ဒေါ်မဲလုံးရယ်၊ ဦးမျိုးမြင့်ရယ်၊ စုစုပေါင်း (၇) ယောက်ပါ။ သူ့အဖွဲ့ ကိုယ့်အဖွဲ့ ကျွန်တော်တို့ဆီကသွားကြ တာ လူပေါင်း သုံး၊ လေးရာရှိမယ်ထင် ပါရဲ့၊ မြန်မာနိုင်ငံအရပ်ရပ်က မဟာစည် ရိပ်သာတွေ၊ ကမ္ဘာအရပ်ရပ်က မဟာ စည်ရိပ်သာတွေ ပေါင်းလိုက်ရင် သံဃာ (၅၀၀) ကျော်၊ တပည့်နောက်လိုက် (၁၀၀၀) ကျော်လောက်ရှိမယ်ထင်ပါ တယ်၊ ဧကပေါင်း (၃၅) မျှရှိတဲ့ မဟာ စည်ရိပ်သာကြီးမှာ လူတွေ၊ ရဟန်းတွေ၊ တရားတွေနဲ့ပြည့်နေပြီး အလွန်စည်ကား နေပါတယ်။ ဒီဇင်ဘာ ၂၈ ရက်အထိ ကျွေးမွေးလှူဒါန်းမှုတွေနဲ့ပြည့်နေပါတယ်။ ဒီသာကျွေးမွေးမှုတွေကလည်း နံနက် ညနေအထိ တစ်မျိုးပြီးတစ်မျိုး အောင် ကျွေးမွေးနေတာမို့ တရုန်း တကယ့်ပျော်စရာကြီးပါ။

ကျွန်တော်တို့ရောက်ပြီး နောက် မှာ ကျွန်တော်တို့ဆီက ကိုခင်မောင် သန့်ဇင်တို့ ရောက်လာတာကြောင့် တော်က ကျွန်တော်တို့အဆောင်ကို ခဲ့ပါတယ်။ ဒီတော့ (၉) ယောက် သွားခဲ့ပါတယ်။

အဲဒီမှာစုမိတော့ ဟိုပြောဒီပြောပေါ့ ကျွန်တော်တို့အထဲမှာ ကိုခင်မောင် ခေတ်ပညာတတ်တစ်ယောက်ပါ။ လယ်ဝေးမြို့နယ်ထဲက ဇောဓိကုန်း ပါ။ ပြန်ကပြေးမှာ အိမ်ထောင် တယ်။ လယ်ဝေးက ပျဉ်းမနား ဘက် ဆယ်မိုင်ဝေးပါတယ်။ မြို့မဝင်မီမှာ ဇောဓိကုန်းရွာကို ဖြစ်ပါတယ်။ နေပြည်တော်ကြီး တော့ လယ်ဝေးနဲ့ဆက်သွားခဲ့ရပြီ။ တစ်နေ့ ကိုခင်မောင်က ထူးထူး ဆန်းဆန်းပြောပြပါတယ်။ စတိသဘော ဆေးကုနည်းတစ်ခုပါ။

"သိပ္ပံပညာတွေ ဘယ်လောက် တိုးတက်နေပါစေ၊ သိပ္ပံဆေးဝါးတွေ မည်မျှအစွမ်းထက်နေပါစေ မွေးရာပါ အနာကျတော့ သူတို့မကုနိုင်ဘူးဗျ။ အဲဒါက ကျွန်တော့်လက်တွေ့ပါ။

ဘာလို့လဲဆိုတော့ ကျွန်တော့် တင်းပါဆုံအထက်နားမှာ မွေးရာပါ အနာပါလာခဲ့တယ်။ တိုင်းရင်းဆေး ဆေးမြီးတို၊ အင်္ဂလိပ်ဆေးလို့ခေါ်ကြတဲ့ ပဋိဇီဝဆေးအစုံပဲ။ ကုလိုက်တာ အနာ က ပြည်တစိုစိုနဲ့ပျောက်ကိုမပျောက်ဘူး။ ဟိုဆရာကောင်းတယ်ဆိုသွားလိုက်၊ ဒီ ဆရာကောင်းတယ်ဆိုသွားလိုက်နဲ့။ ဒီလို နဲ့ ကျွန်တော်သိတတ်တဲ့အရွယ်တောင် ရောက်ခဲ့တယ်။ အနာက ပန်းပန်လျက် ပါပဲ။ အနာသိလျက်နဲ့ ဆေးမရှိဘဲဖြစ် နေတာလေ။ အနာက မွေးရာပါအနာ ပေါ့ဗျာ။

အဲဒီမှာ အချိန်ကုန်၊ ငွေကုန်နဲ့ မိဘတွေလည်း စိတ်ဆင်းရဲ အနာဖြစ်နေ တဲ့ ကျွန်တော်လည်း စိတ်ဆင်းရဲပေါ့ဗျာ။ တော်သေးတယ်၊ အနာကကြီးထွား မလာပေလို့ပေါ့ ကြီးထွားလာရင် ခက်ခဲ ရချေရဲ့ဗျာ။

တစ်နေ့မှာ မွေးရာပါအနာကို သချိုင်းမှာ လူသေမီးသင်္ဂြိုဟ်ထားတဲ့ မီးသွေးခဲကို ရေနဲ့သွေးလိမ်းရင် ပျောက် တယ်ဆိုတဲ့ စတိသဘောဆေးနည်းကို ကျွန်တော့်အဖေရလာခဲ့တယ်။ တစ်ဆင့် စကားတစ်ဆင့်နားနဲ့ ပြည်သူတွေထဲစိမ့် ဝင်နေတဲ့ ဆေးနည်းတစ်ခုပါ။ ခက်တာ က အဲဒီခေတ်က အခုခေတ်လို စာပေ ကျယ်ကျယ်ဝန်းဝန်းမရှိသေးလေတော့ စာပေမဂ္ဂဇင်းတွေကနေ မဖော်ထုတ်နိုင် သေးတဲ့ခေတ်လို့ဆိုရမှာပါ။ အခုခေတ် ရောက်မှသာ ဆေးနည်းတွေဖော်ထုတ် ကြတာကိုး။ ဒီတော့ ဆေးနည်းကို စပ်မိ မှ ရှေးလူတွေကပြောကြတာ

ရှေးလူတွေမှာ ရိုးရာမြန်မာ့ဆေး နည်းတွေရှိတယ်။ အခုခေတ်လို စာပေ အက္ခရာမတင်နိုင်တာကြောင့် သူတို့သေ ရင် သူတို့နဲ့အတူ အစွမ်းထက်ဆေးနည်း တွေပါသွားကုန်ကြတာ အလွန်နှမြောဖို့ ကောင်းပါတယ်ဗျာ။

ကျွန်တော်တို့ ဇောဓိကုန်းမှာ သာမန်လူတွေသေရင် မြေမြှုပ်တယ်။ ချမ်းသာသူတွေသေရင်တော့ အချို့ ဂူသွင်းကြတယ်။ အချို့ကမီးသင်္ဂြိုဟ်ကြ တယ်လေ။ ဒီတော့ သချိုင်းမှာ လူသေ မီးရှို့ထားတဲ့ မီးသွေးရှိတာပေါ့။

အဲဒါကို အဖေက သချိုင်းစောင့် နတ်ဆီက တောင်းယူလာပြီး ကျွန်တော့် ကို ရေလေးနဲ့သွေးလိမ်းပေးလိုက်တာ တစ်ရက်၊ နှစ်ရက်အတွင်းမှာပဲ အနာ ခြောက်သွားတော့တာပဲ။ အနာပျောက် ချိန်မှာ ကျွန်တော်ကျောင်းတောင်နေ နေပါပြီ။ အဲဒါကြောင့် မှတ်မိနေတာပါ။

အဲဒီဆေးနဲ့ ပတ်သက်လို့ ဆက် ပြောရဦးမယ်။ ကျွန်တော်ဘွဲ့တွေဘာ တွေရတော့ ကျွန်တော်တို့အိမ်အနောက် ဘက်က ကောင်မလေးတစ်ယောက် မွေးရာပါအနာပါလာခဲ့ပါရော။ ကိုယ် တွေ့ကြုံခဲ့လို့ မှတ်မိနေတဲ့ ကျွန်တော်က ဆေးနည်းညွှန်းလိုက်ပါတယ်။ သချိုင်းက မီးသွေးနဲ့ကုလိုက်တော့ ချက်ချင်းဆိုတာ လို ပျောက်သွားခဲ့တာပါ။ အချိန်ကုန်၊ ငွေကုန်မဖြစ်တော့ပါဘူး။ ပျောက်သွား တဲ့ကလေးအတွက် ဝမ်းသာရတာပေါ့ ဗျာ။ ဒါက မွေးရာပါအနာပါလာတဲ့ ကလေးများရှိရင် သိရအောင်ပြောပြတာ ပါ။ မယုံမရှိနဲ့ ကျွန်တော့်ကိုယ်တွေ့ပါ"

လို့ ကိုခင်မောင်က ပြောပြပါ တယ်။

ကိုခင်မောင်နဲ့ ကိုမြတ်ထွန်းတို့က မယားညီအစ်ကို တော်စပ်ကြတော့မို့ ကျွန်တော်နဲ့ ကိုခင်မောင်လည်း ရင်းနှီး ပြီးသားပါ။ မြန်မာ့ရိုးရာ စတိသဘော ဆေးနည်းပြောပြတဲ့ ကိုခင်မောင်ကို ကျေးဇူးတင်ရပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

(---)ဘူတာမှာတာဝန်ကျနေစဉ် ဒီနေ့သည် ကျွန်တော်အလုပ်နားတဲ့နေ့၊ နားတဲ့နေ့ဟုဆိုသော်လည်း သူငယ်ချင်းတွေနှင့်တိုင်ပင်ပြီး နားလည်မှုနှင့်နားကြသည်ဆိုလျှင် မှန်လှ၏။ (၂) ရက်ဆင်း တစ်ရက်နား။ နားတဲ့တစ်ရက်မှာ ကျွန်တော့်အတွက် ဘာသာရေးဘက်လှည့်နိုင်၏။

မြို့ပြင်က တောကျောင်းမှာ ဥပုသ်စောင့်၊ ပုတီးလေးစိပ်ဖြင့် ကျွန်တော့်အတွက် ကျေနပ်စရာဖြစ်နေပါ၏။ ဒီနေ့လည်း နားရက်နှင့်အညီ ဥပုသ်ယူထား၍ ညပိုင်းပုတီးစိပ်၊ မေတ္တာပို့ရင်း ညဥ့်နက်လာချေ၏။ အချိန် ညဥ့် (၁၂) နာရီပင် ထိုးတော့မည်။ အလုပ်ပြီး၍ အိပ်ရာဝင် မှေးရုံမျှပင်ရှိသေးသည်။ အိမ်ရှေ့မှ အော်ခေါ်သံကြားလိုက်၏။

"အစ်ကို၊ အစ်ကို ကျွန်တော်ပါ။ အစ်ကိုထပါဦးဗျ"

ချက်ချင်းပြန်မထူးမိပေ။ အသံရှင်အားနားစွင့်မှ သူငယ်ချင်း သိမ်းဆွေရဲ့ အသံမှန်းသိ၍ အိပ်ရာထဲမှ တိုးတိုးပြန်ထူးရ၏။

"ဟေး-ဘာလဲဟ၊ ညကြီးမင်းကြီးကွာ"



ခြင်ထောင်တွင်းမှထူးရသည်မှာ အဆင်မပြေ။ ကလေးတွေနိုးမည်စိုး၍ အိမ်အပြင်ထွက်တွေ့ရတော့၏။

"ညကြီးမင်းကြီးဘာကိစ္စလဲကွာ"

သူ့ပုံစံသည် ဂနာမငြိမ် စိုးရိမ်စိတ်ရှိနေပုံဖြစ်၏။

"ဒီလိုအစ်ကိုရဲ့၊ အရေးကြီးတဲ့လူနာတစ်ယောက်ရှိနေလို့၊ အဲဒါ အစ်ကိုဆေးရုံလိုက်ခဲ့ပေးစမ်းပါ"

သိမ်းဆွေ စကားပြီးသည်နှင့် ကျွန်တော်စိတ်တော်တော်တိုသွားမိပါသည်။

"မဖြစ်နိုင်တာကွာ၊ မင်းကလည်း။ ဆေးရုံကလူနာနဲ့ ငါနဲ့ဘာဆိုင်လို့လဲ"

"အဲဒါတော့ဟုတ်ပါတယ်အစ်ကို၊ အခုဟာက အစ်ကိုပါမှဖြစ်မှာမို့ပါ။ အကူအညီတောင်းတာပါ အစ်ကိုရယ်"

"သိမ်းဆွေ သူငယ်ချင်း၊ အချိန်လည်း ကြည့်ပါဦး။ (၁၂) နာရီထိုးပြီကွ။ ငါ့မှာ အခုမှနားဖို့ကြံကာရှိသေးတယ်။ မနက်မှခေါ်ကွာ။ အခုမလိုက်ချင်ဘူး"

"ဒီလိုမလုပ်ပါနဲ့ အစ်ကိုရယ်။ တကယ်အရေးကြီးလို့ပါ"

"ကဲ - မင်းအရေးကြီးတာတော့ဟုတ်ပါပြီ။ ငါလိုက်ရမယ့်နေရာက ဆေးရုံ၊ မင်းက ငါ့ကိုဆေးဆရာအချင်းချင်းရန်တိုက်ပေးတဲ့သဘောလား"

"အာ - မဟုတ်ပါဘူးအစ်ကိုရယ်"

"မင်းကတော့ မဟုတ်ပါဘူးပေါ့။ ငါ့အတွက်တော့ ဒီအတိုင်းပဲမြင်နေတယ်ကွ။ သူတို့က သိပ္ပံအဖွဲ့၊ ငါက ဘာသိပ္ပံမှမတတ်။ ဝိဇ္ဇာပညာလေးမတောက်တခေါက်တာသိတဲ့သူ။ သူတို့ပညာလည်း ငါနားမလည်၊ ငါ့ပညာလည်း သူတို့မသိနဲ့။ တော်ကြာ ငါဆေးကုလို့ သူတို့မကျေနပ်ရင် ငါကမခံနိုင်ရင် ပြဿနာတက်ပြီ။ အဲဒီကျရင် ငါပဲခံရမယ်။ နေရာက သူတို့ခွင် မဖြစ်ပါဘူးကွာ"

ကျွန်တော့်စကားအား သိမ်းဆွေမပယ်၊ ခေါင်းတယမ်းယမ်းဖြင့် ခေါ်ပြန်၏။

"အဲဒီလိုမျိုးလုံးဝမဖြစ်စေရပါဘူး အစ်ကိုရယ်။ ကျွန်တော်အာမခံပါတယ်။ ဆရာဝန်ကိုလည်း အကျိုးအကြောင်းပြောပြပြီးပြီ။ ညစောင့်ဆရာနှစ်ယောက်လည်းပြောပြီးပြီ။ ဟိုမှာက ညစောင့်ဆရာမနှစ်ယောက်နဲ့ ကျွန်တော်ပဲရှိတော့တာ။ သူတို့ကိုပြောပြလို့ သူတို့ကလည်းခွင့်ပြုလို့ အစ်ကို့ကိုလည်း အားကိုး



www.burmeseclassic.com

www.burmeseclassic.com

ထို့လာခဲ့ရတာပါ လိုက်ခဲ့ပါအစ်ကိုရယ်"

ကျွန်တော့်အတွက် အတော်အခက်တွေ့ပါသည်။ ပြီးခဲ့တဲ့လအနည်းငယ်က ဆေးအကူ သူငယ်ချင်းတစ်ယောက်နှင့် သိပ္ပံအကြောင်း၊ ဝိဇ္ဇာအကြောင်းငြင်းရလို့ စိန်ခေါ်ပွဲတစ်ခုအဆင့်သို့ပင် ရောက်ခဲ့ရဖူးပြီ။ လက်ဖက်ရည်ဆိုင်ထဲမှာ ငြင်းခုံခဲ့ရတာ ဟိုကြည့်၊ ဒီကကြည့်နဲ့ နောက်ဆုံးတော့ နှစ်ယောက်စလုံး အရှုံးထတာပဲဆိုတာ အဖြေထွက်သည်။ သိပ္ပံပညာကလည်း စွမ်းတာပဲ။ ဝိဇ္ဇာပညာရပ်ကလည်း မညံ့ဘူး။ သူ့နေရာနှင့်သူစွမ်းကြတာကိုး။ ဒေါသပြေမှ ကိုယ့်ဟာကိုယ်ရှက်လို့မဆုံးတော့ပါ ဘူး။

"ငါကလည်း ငြင်းခုံထားရတော့ ကြောက်နေပြီကွ"

"အခုဟာက ဟိုမှာရှိတဲ့လူနာတွေနဲ့ လူနာစောင့်တွေက တစ်ဆောင်လုံး ကြောက်နေကြတယ်အစ်ကိုရဲ့။ ခုချိန်ထိ တစ်ယောက်မှမအိပ်ရဲကြဘူး။ လူနာတစ်ယောက်က စုန်းတွေ၊ နတ်တွေ၊ သရဲတွေ၊ ဘီလူးတွေဝင်ပူးနေတာ မနက်ပိုင်း (၉) နာရီလောက်ကတည်းက။ နာမည်တပ်ပြီး ငါက ဘီလူးဘယ်သူကွ၊ ငါကသရဲဘယ်သူကွဆိုပြီး တစ်ယောက်ပြီးတစ်ယောက် ပြောင်းပူးနေတာအစ်ကိုရဲ့။ ဆေးသွင်းဆေးထိုးလည်းလုပ်လို့မရဘူး။ ဘာမှလည်းအစာမဝင်ဘူး။ အားနည်းနေပြီ။ အခု အစ်ကိုဆီလာတဲ့အချိန်ထိပူးနေတုန်း အစ်ကိုရဲ့"

"လူနာစောင့်တွေကလည်း ကြောက်၊ လူနာတွေကလည်းကြောက်နဲ့၊ သူတို့ကလည်း ဆရာအခေါ်ခိုင်းနေတယ်။ လူနာဆောင်ဆို အခုအရှေ့ဘက်ခြမ်းရွှေ့ကုန်ကြပြီ။ အနောက်ဘက်ခြမ်းမှာ အဲဒီအမျိုးသမီးနဲ့ သူ့သားလေးပဲရှိတာ။ သူ့တစ်ကိုယ်လုံး သွေးတွေရွှဲလို့ ရေချိုးထားသလိုပဲ။ သွေးသွန်နေတာ အစ်ကိုရဲ့။ လိုက်ခဲ့ပါဗျာ"

သိမ်းဆွေ၏ စကားပြီးသည်နှင့် ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးဖြန်းသွားပါသည်။ မလိုက်၍မရတော့ပါ။ သူနာအားကယ်ပေးရပါမည်။ ဟိုရောက်

# စိုးမင်း(မြောက်စည်း)

## တန့်ဆည်နယ်က လက်ကျန်မီးနွှာဆေးသမားကြီးနဲ့ တွေ့ခဲ့စဉ်မှာ





www.burmeseclassic.com

www.burmeseclassic.com

၍ပြဿနာတက်ခဲ့ရင်လည်း မီးစင်ကြည့်၍ ကရုံသာရှိတော့၏။

"ကဲ-ဒါဆိုလည်း ခဏစောင့်ကွာ၊ ဆေးလွယ်အိတ်ယူလိုက်ဦးမယ်"

ဇနီးသည်အားနှိုး၍ အသိပေးကာ သိမ်းဆွေနှင့် ကျွန်တော် ဆေးရုံသို့စကားပြောရင်းလာခဲ့ကြ၏။ သိမ်းဆွေနှင့် ကျွန်တော်ကသူငယ်ချင်းတွေ။ ကျွန်တော့်ထက် သူက တစ်နှစ်လောက်ငယ်မည်။ လွန်ခဲ့တဲ့ (၆) လလောက်က ဆေးရုံညစောင့်တာဝန်အလုပ်ရထားတာ။ ကျွန်တော်က ကလေး (၄) ယောက် အဖေ။ သူကလူပျိုပေါ့။

"လူမမာရဲ့အခြေအနေပြောစမ်းပါဦးကွ"

"ဒီလိုအစ်ကိုရဲ့၊ ဒီအမျိုးသမီးက မြင်းတောင်းက အမျိုးတွေဆီ ကိစ္စရှိလို့ မနက်ပိုင်းက အစ်ကိုတို့ဘူတာမှာ ရထားစောင့်နေတုန်း သူ့ကလေးက အထက်လှန်အောက်လျှော့ဖြစ်တော့ ရထားနဲ့ မလိုက်တော့ဘဲ ကလေးနဲ့ဆေးရုံရောက်လာတာ။ ကလေးက ယောကျ်ားလေး။ တစ်နှစ်လောက်ရှိပြီ။ အမျိုးသမီးက (၃၅) တန်းလောက်ရှိမယ်။ သူတို့သားအမိ မနက်ပိုင်း (၉) နာရီကျော်လောက်က ဆေးရုံရောက်တာ။ ဆေးရုံရောက်တော့ ကလေးပဲအန်လျှော့ဖြစ်တာ။ အမျိုးသမီးက အကောင်းအစ်ကိုရဲ့။ ဘာရောဂါမှ မဖြစ်သေးဘူး။ သူ့ကလေးကို ဆေးကုပေးလို့နာရီဝက်လောက်ကြာတော့ အဲဒီအမျိုးသမီးက သွေးတွေသွန်ပြီး နတ်တွေ၊ သရဲတွေဝင်ပူးတော့တာပဲ အစ်ကိုရဲ့။တစ်ယောက်ပြီးတစ်ယောက် ပြောင်းပူးနေတာ။ သူ့ကိုလည်း ကိုင်လို့မရဘူး။ ဆေးသွင်းဆေးထိုးလည်းလုပ်လို့မရဘူး။ သူ့တစ်ကိုယ်လုံး သွေးတွေရွှဲနစ်နေတာ။ သူ့အနားကို ဘယ်သူမှမကပ်ရဲဘူး။ ပြူးပြူးပြဲပြဲနဲ့ဆိုတော့ အကုန်လုံးကြောက်နေရတာ"

လူမမာအကြောင်း အရိပ်အမြွက်သိရ၍ ကျေနပ်စွာပြုံးမိသေး၏။ ပွဲကြီးပွဲကောင်းဖြစ်ဖို့ ဆုတောင်းမိသေး၏။

"အေး-ဆက်ပြောဦးလေကွာ"

"ဟုတ်ကဲ့ အစ်ကို၊ သူပူးပြောတဲ့အထဲမှာ သူ့ယောက္ခမအထီးကြီးလည်း ပါတယ်။ သူ့ယောက်မဆိုတဲ့အသံလည်း ကြားလိုက်တယ်။ နောက် အိမ်တွင်းနတ်တွေဆိုလားပါတယ်။ နတ်ဆရဲလည်းပါတယ်။ ပူးတဲ့သူတွေကများတော့ သေသေချာချာမမှတ်မိဘူးအစ်ကိုရဲ့"

"သူတို့ဘယ်နယ်ဘယ်အရပ်ကဆိုတာပြောသေးလား"

"ဟုတ်ကဲ့ - ပြောတယ် အစ်ကို။ တန့်ဆည်နယ်က (×××) ရွာကတဲ့"

"အေးအေး - ဟိုရောက်ရင်အဖြေပေါ်မှာပေါ့ကွာ"

နှစ်ဦးသားစကားပြောရာကဆေးရုံ၏မြောက်ဘက် ခြံစည်းရိုးအနီးသို့ ရောက်တော့ သိမ်းဆွေက -

"ရှေ့အပေါက်က မဝင်တော့ဘူး အစ်ကို။ မြောက်ဘက်ခြံစည်းရိုးနားမှာ ဝင်ပေါက်ရှိတယ်။ အမျိုးသမီးလူနာဆောင်နဲ့နီးနီးလေး။ ဒီကပဲဝင်ရအောင်"

"အေးအေး-မင်းအဆင်ပြေသလိုပေါ့"

နှစ်ဦးသား ဆေးရုံမြောက်ဘက်ပေါက်ကဝင်၍ အမျိုးသမီးလူနာဆောင်သို့။ အဆောင်ထဲရောက်သည်နှင့် တစ်ဆောင်လုံး တိတ်ဆိတ်နေ၏။ စကားပြောသံပင်မကြား။ အဆောင်လျှပ်စစ်မီးက အရှေ့ဘက်ခြမ်းမှလင်း၍ အနောက်ဘက်တစ်ခြမ်းလုံး မီးမှိန်နေ၏။ အရှေ့ဘက်ခြမ်းမှ လူနာစောင့်နှင့် လူနာများမှာ ကျွန်တော်နှင့်သိမ်းဆွေအားငေးကာ အကဲခတ်နေကြ၏။

အနောက်ဘက်ခြမ်းတွင် ကလေးငယ်လေးက တစ်ခုတင်၊ သူ့နာအမျိုးသမီးကတစ်ခုတင်၊ အမျိုးသမီးမှာ ဘုရားရှိခိုးသကဲ့သို့ မျက်နှာကခေါင်းအုံးနှင့်အပ်လျက် ကုန်းကုန်းကြီးဖြင့် ဖင်ထောင်ကာ မြင်မကောင်းလှပေ။ သူ့တစ်ကိုယ်လုံး သွေးများနှင့်လောင်းထားသလို ရွှဲစိုလျက်ရှိ၏။

လွယ်အိတ်ကလေးနှင့် အခန်းထဲဝင်လာသည့်ကျွန်တော့်အားလူနာစောင့်ထဲမှ အသက်(၅၀)ကျော်အမျိုးသားကြီးတစ်ယောက်က အကဲခတ်၍ အနားတိုးကပ်ကာ တိုးတိုးမေး၏။ သူ့မျက်နှာက မယုံကြည်သလိုလို။ မယုံဆို ကျွန်တော့်အသက်က (၂၆) နှစ်လောက်ပဲရှိသေးတော့ အရွယ်ငယ်တာကြောင့် သူတို့အထင်မကြီးတာမဆန်းတော့ပေ။

ထိုစဉ်မှာ မိမိ၏စိတ်သည် လွန်ခဲ့သောလအနည်းငယ်က မြင်းတောင်းရွာ၏ မြောက်ဘက် (၂) မိုင်ခန့် ရွာတစ်ရွာမှ မြေးအဘွား (၂) ယောက် ကျွန်တော့်ထံ ဆေးလာကုပုံကို သတိရမိလိုက်ပြန်၏။ ကျွန်တော့်အိမ်ရောက်လို့ ကျွန်တော်က ဆေးဆရာပါလို့ ပြောလိုက်တာနှင့် မျက်နှာပျက်သွားသည်။ လုံးဝမယုံကြည်တော့။

အဘွားကြီးက ဆေးဆရာဆိုလို့အရွယ်ကြီးကြီးမားမားထင်တာတဲ့။ အ…
အသက်ငယ်ငယ်လေးနဲ့ဆိုတော့ မဖြစ်…
ဘူးတဲ့။ ဘေးကမိတ်ဆွေတွေပြော…
လွန်းလို့လာမိတာပေါ့။ အသက် (၆…
ကျော်အဘွားက ကျွန်တော့်အား တဲ့…
ချိုးပါသည် ကျွန်တော်က အပြုံးမပျ…
သလို မယုံကြည်ရင်လည်း ပြန်ကြပါ…
ပဲ ပြောရပါသည်။

သူ့မြေးမက အသက် (၂၀) အ…
ချောချောလေးဆိုတော့ စိုးရိမ်တာမျာ…
လား။ ကျွန်တော့်မှာ ဇနီးနဲ့ကလေး (…
ယောက်တောင် အတူရှိနေချိန် ဆေး…
တဲ့အခါ ခြေကိုင်၊ လက်ကိုင်၊ ခေါင်းကိုင်…
တာမနှစ်သက်လို့လား။ တချို့တချို့ဆေ…
အတော်များများ သူနာတွေကို အကိုင်…
အတွယ်ကြမ်းတာ တွေ့ဖူးပေမယ့် ကျွ…
တော်က သူတို့နှင့်လုံးလုံးမတူ။ ဥပ…
သူနာတစ်ယောက်ကို ဆေးကုဖို့စစ်ဆေ…
တဲ့အခါ ကျွန်တော့်လက်ထဲမှာ ကြ…
တစ်ခုခုကိုင်ပြီးမှစစ်တယ်။ ကျွန်တော…
လက်ဖျားနဲ့ သူနာရဲ့ ခန္ဓာကိုယ်လုံး…
မထိဘူး။ထိစရာလည်းမလိုဘူး။ အတို…
ကိုရှာပေးတယ်။ ဘယ်နှချက်ထုံး…
တယ်။ ကုဖို့မတိုက်တွန်းဘူး။ နောက်…
ပေးရလျှင်လည်း အုပ်ထိန်းသူမပါဘဲ…
ပေးဘူး။ စောစောကပြောတဲ့ကြား…
တာက ကျွန်တော့်လက်ထဲမှာ ဂ…
မီးခြစ်၊ ဆေးလိပ်ဘူး၊ တုတ်ချော…
ဘောလ်ပင်၊ ခဲတံ ဘာကိုကိုင်…
ပယောဂစစ်လို့ရတယ်။ ဘုရားခန်း…
စစ်မေးလို့ရသည်မဟုတ်၊ အိမ်သာထဲ…
တောင် ပယောဂစစ်မေးလို့ရတဲ့ မ…
ဂန္ဓာရီပညာစစ်စစ် ဖြစ်ပါသည်။

ပညာကို သူတို့မြေးအဘွား…
အထင်သေးလိုက်တာ။ ခုတင်ပဲ သူ…
ထိပြီ။ အဘွားကြီးနဲ့ သူ့မြေးမနှစ်ယော…
စလုံး ဘုရားခန်းကမထနိုင်ကြတော့…
သူတို့ဖင်နဲ့ဖျာနဲ့ကပ်နေသလို တုတ်…
မျှ ရွှေ့လို့မရတော့။ မြေးလာထပြန်…
အဘွားထပြန်မယ်လို့ စကားသာ…
နိုင်ကြသည်။ လူတွေက မထနိုင်…
အဲဒီအချိန်မှာ ကျွန်တော်ဟာ မခို…
မိပါတော့သည်။ ဘုရားခန်း (၁၀)…
လည်ကမာတ်ခန်းဖွင့်ထားတာ။ အ…
ဘွားနှစ်ယောက်စလုံးမိနေပြီ။ ကျွန်…
ကို တောင်းပန်မှ သူတို့နှစ်ယောက်…
သာသွားပါသည်။ ဘိုးတော်တွေ…
တော်တွေအမြတ်မ်းရှိသလို ယခု…
သူတို့က ဒဏ်ပေးတဲ့သဘောပါ။

သူတို့ဆေးကုသွားပုံအား…
ရေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com

အသက် (၅၀) ကျော်အမျိုးသားကြီးက အနားကပ်၍ တိုးတိုးမေးလာ၏။

"ဆေးဆရာလား"

"ဟုတ်တယ်ခင်ဗျ"

"အဲဒီအမျိုးသမီးက မနက် (၉) နာရီလောက်ကတည်းက ပူးနေတာ။ စုန်းတွေ၊ နတ်တွေ၊ သရဲတွေ စုံနေတာပဲ။ တစ်ဆောင်လုံးကြောက်နေရတယ်။ အခုမြင်တဲ့အတိုင်းပဲ သူ့အနားတစ်ယောက်မှမကပ်ရဲဘူး။ ခရီးသွားရင်း ဆေးရုံဝင်တက်တာ သနားလို့ ခေါင်းအုံးနဲ့စောင်တစ်ထည်ပေးထားတယ်။ ပေပွနေပြီ မကောင်းတော့ဘူး။ ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ - ကျွန်တော် ကြိုးစားကြည့်ပါမယ်"

သိမ်းဆွေနှင့် ကျွန်တော် သူနာအမျိုးသမီး၏ခုတင်ဘေးရပ်လိုက်သည်နှင့် သိမ်းဆွေက -

"အစ်မကြီး၊ အစ်မကြီး ဆေးဆရာလာတယ်။ ခဏထပါဦး"

ခေါင်းကမထောင်၊ ခေါင်းအုံးနှင့်နှင့်အပ်လျက် ဖင်ထောင်နေသော အမျိုးသမီးသည် ကျွန်တော့်အားမြင်လိုက်သည်နှင့် အသံကုန်အော်ဟစ်ငိုယိုထထိုင်ပါတော့၏။

"ဆရာ ဆရာ ကယ်ပါဦး၊ ကျွန်မ တို့သားအမိ သေရတော့မှာပါ။ ကယ်ပါဆရာရဲ့၊ သားလေးက ဟိုမှာပါဆရာ ကြည့်ပါဦး ကယ်ပါဦးဆရာရဲ့"

သူ့နံဘေးက ခုတင်ပေါ်တွင် သူ တစ်နှစ်ခန့်သားလေး မှိန်းနေရှာသည့် အမျိုးသမီးမှာ ဆံပင်ဖားလျားနှင့် ဆံပင်တစ်ဝက်ခန့်ပင် သွေးစိုသွေး တက်များပေကပ်နေရှာသည်။ သူ၏ လုံချည်မှာ သွေးပက်ဖျန်းထား သို့ သူ့ခုတင်အောက်တွင်လည်း သွေး အိုင်ထွန်းကာ သွေးညှီနံ့များဖြင့် လျက်ရှိ၏။

သစ်သားခုတင်မှာအခင်းဖျာမပါ။ များပေလျက် ခုတင်အောက်တွင် သွေးနှင့်ကျင်ငယ်ရောကာ ပေပွ လျက်ရှိလေ၏။

အမျိုးသမီးမှာ ခုတင်ခြေရင်းမှ ၍ ကျွန်တော့်အားဝမ်းသာအားရ တောင်းပန်နေပြန်၏။ ပါးစပ်က ကယ်ပါယူပါအော်လျက်။ သူ သည် အမျိုးသမီးအဆောင်တစ်ခု မြုံနေ၏။ သူငယ်ချင်းသိမ်းဆွေ ကောင်းဖျပေးပြန်၏။ ဆရာဝန်ကြီး အိမ်ပြန်သည်ထင်ရ၏။ ညစောင့်သူနာပြု အမျိုးသမီးနှစ်ယောက်သည် အဝေးမှသာအကဲခတ်နေကြ၏။

"အစ်မကြီး၊ အစ်မကြီး သတိထားပါဗျာ၊ သတိထားပါ။ နေကောင်းသွားမှာပါ။ စကားများများမပြောပါနဲ့။ ဘေးက လူနာတွေလည်းရှိသေးတယ်။ စိတ်အေးအေးထားပါ"

"ဟုတ်ကဲ့ပါ ဆရာလေးရယ်၊ ကျွန်မရင်ပူလွန်းလို့ပါ။ ကျွန်မတို့သားအမိကို ပစ်မထားပါနဲ့ ဆရာလေးရယ်။ ကယ်ပေးပါ"

"ဟုတ်ကဲ့ - ကယ်ပေးပါမယ်ဗျာ။ အခုကျွန်တော့်သူငယ်ချင်းကုပေးမှာပါ။ မရမကခေါ်ခဲ့ရတယ်။ ခင်ဗျားတို့ကိုစိုးရိမ်လို့ပေါ့ဗျာ"

"ဟုတ်ကဲ့ပါ ဆရာလေးရယ် ကျေးဇူးတင်ပါတယ်။ ဆရာလေး ကျွန်မဗိုက်တအားဆာတယ်။ ကျွန်မကို တစ်ခုခုကျွေးပါရှင်"

"အရေးထဲ ဗိုက်ကဆာတယ်ဆိုတော့ အေးလေ တစ်နေကုန်ဘာမှမစားရသေးဘဲကိုး။ အခုချိန်မှာတော့ ဘယ်လိုမှဝယ်လို့မရဘူးအစ်မကြီးရဲ့။ နေဦး နေဦး လူနာတွေဆီ အကူအညီတောင်းကြည့်ဦးမယ်။ ကဲ - ဒီကအစ်မကြီးက ဗိုက်ဆာလာလို့တဲ့ဗျာ။ ကော်ဖီလေး၊ မုန့်လေးပိုတဲ့သူက ဒါနပြုကြပါဦး"

လူနာများဘက်လှည့်၍ သိမ်းဆွေ ဗျို့ဟစ်လိုက်ရာ အသံထွက်လာ၏။

"ရှိတယ် ရှိတယ် ဆရာလေး။ ကော်ဖီနဲ့ မုန့် ကျွန်မတို့ တိုက်လိုက်မယ်"

"ကျေးဇူးပဲဗျာ၊ ကဲ - အစ်မကြီး ကော်ဖီနဲ့မုန့် ဟိုကလာလိမ့်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ ဆရာလေး ရယ်"

သိမ်းဆွေသည် ပြောပြောဆိုဆို သူ့နံဘေးက လူနာစောင့် လူကြီးတစ်ဦးအားမေးရာ -

"ဦးလေး ဘယ်အချိန်တုံးက အပူးရပ်တာလဲ"

"ဆရာလေး အပြင်သွားလို့သိပ်မကြာဘူး၊ ပူးတာရပ်သွားတယ်။ ပူးတာရပ်တာနဲ့ ဖင်မီးခေါင်းထောင်နေတာပဲ"

လူနာစောင့်လူကြီး၏စကားကြားသည်နှင့် ကျွန်တော် ကြိုတင်သိထားသည့်အတိုင်း ဖြစ်နေ၏။ သိမ်းဆွေအိမ်ရောက်ကတည်းက ဆိုင်ရာပုဂ္ဂိုလ်တို့အား အကြောင်းပြုပြီးသား။ အခုသူတို့ ခွာသွားကြပြီ။ ဆေးရုံထဲဝင်စဉ်ကတည်းက သူတို့အဖွဲ့အား လာဖို့ဖိတ်ခေါ်ထားပြီးသား ရှောင်ပြေးလေပြီ။

လူနာအမျိုးသမီးသည် ကော်ဖီနှင့် မုန့်စားပြီးသွား၍ မေးကြည့်လိုက်ရာ ငို၍ပြော၏။

"အစ်မကြီးက မြင်းတောင်းကလား"

"ဟုတ်ပါတယ်၊ အမျိုးတွေဆီကိစ္စလေးရှိလို့သွားရာက ကလေးကအထက်လှန်အောက်လျှောဖြစ်လို့ ဆေးရုံတက်လိုက်ရတာဆရာ။ ကျွန်မက ဘာမှမဖြစ်ပါဘူး။ အကောင်းပါ။ အခု ကျွန်မက သွေးတွေသွန်၊ ကလေးကလည်း မသက်သာနဲ့ ကယ်ပါဦး ဆရာရယ်။ စုန်းတွေ၊ နတ်တွေ၊ သရဲတွေ ကျွန်မကိုဝင်ပူးတာ ကျွန်မ မနေရတော့ဘူး ထင်ပါတယ် ဆရာရယ်။ ကျွန်မကြောက်လှပြီ"

"နေရပါတယ်ဗျာ၊ မကြောက်ပါနဲ့။ ဒါနဲ့ အစ်မကြီးကိုပူးတာ မနက်ကတည်းကလား။ အခု (၁၂) နာရီကျော်ပြီ၊ ဆက်တိုက်ပူးတာလား"

"ဆက်တိုက်ဆို မိနစ်ပိုင်းလောက်ပဲနားချိန်ပေးတယ်ဆရာ။ အမှန်တော့ ကျွန်မတို့သားအမိကို အသေသတ်နေကြတာပါ"

"ပူးတဲ့သူတွေကို အစ်မကြီးသိတယ်မဟုတ်လား"

"ဟုတ်ကဲ့ - သိပါတယ်ဆရာ"

"ကျွန်တော့်ကို မှတ်မိသလောက် ပြောပါဦး"

ကျွန်တော်နှင့်အမျိုးသမီး၏အမေး အဖြေအသံသာရှိ၍ တစ်ဆောင်လုံး တိတ်ဆိတ်နေ၏။ သူတို့၏မျက်နှာများက ကျွန်တော်တို့နှစ်ယောက်ဆီသို့ငေးကြည့်နေ၏။ သိမ်းဆွေသည် လုပ်စရာရှိသေးသည်ဟုဆိုကာ အမျိုးသားဆောင်ဘက်ကူးသွား၏။

ကျွန်တော်၏အမေးကြောင့် အမျိုးသမီးမှာ ဝမ်းနည်းသွား၍တရှုံ့ရှုံ့ငို၍ပြောရှာ၏။

"ကျွန်မကိုပူးတာ ကျွန်မယောကျ်ားရဲ့အဖေ ကျွန်မယောက္ခမ ပါတယ်။ ယောက္ခမကိုသတ်ပြီး သူ့အခိုင်းအစေအဖြစ်မွေးထားတယ်ဆရာ။ ကျွန်မ ယောက္ခမကို ကျွန်မတို့အိမ်မှာလွှတ်ပြီး ကျွန်မယောကျ်ားနဲ့ ကျွန်မကလေးတွေကို အသေသတ်ခိုင်းသေးတယ် ဆရာ။ ယောက္ခမက ကျွန်မကိုပူးတော့ ငါ့ချွေးမနဲ့ ငါ့သား ငါ့မြေးတွေကို အသေသတ်ခိုင်းနေတယ်။ သူသတ်ခိုင်းပေမယ့် အဖေမသတ်နိုင်ဘူး။ သမီးတို့ကိုသတ်မပေးသရွေ့ သူ့ကို အမျိုးမျိုးနှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com

ခံရတဲ့အကြောင်းပြောတယ်ဆရာ။ ကျွန်မ ယောက္ခမကြီးကိုသနားလှပြီ။ မကယ်နိုင် တော့ဘူးလား ဆရာရယ်"

"ဟုတ်ကဲ့-ကျွန်တော်ကြိုးစားပေး ပါ့မယ်။ ဆက်ပြောပါဦး"

"ကျွန်မယောက္ခမက အသက် (၇၀) မနှစ်က ဆုံးတာ။ ပြီးခဲ့တဲ့နှစ်လ လောက်က ကျွန်မယောက်ျားရဲ့ညီမ အပျိုကြီးတစ်ယောက်ဆုံးသွားတယ်။ သူလည်းအသတ်ခံရတာ။ သူလည်းလာ တယ်ဆရာ အဟိ အဟိ ဟီး ဟီး"

နှပ်ရည်များထွက်၍မျက်ရည်များ ရွှဲကာ ငိုနေရှာ၏။

"ကျွန်မယောက္ခမက သူ့သမီး အရင်းကို သူပြန်သတ်ခဲ့ရတာ ဆရာရဲ့။ အဖေက သမီးကိုသတ်တယ်။ ဒီသမီးကို မသတ်ရင် မင်းတို့တစ်မျိုးလုံးတစ်ဆွေလုံး သတ်ပစ်မယ်လို့ အမျိုးမျိုးကြိမ်းဝါးနေ လို့ အဖေက ကျွန်မကို ငိုယိုပြီးပြောသွား တယ်ဆရာ။ ဒီလိုမျိုးတွေရှိသေးရဲ့လား ဆရာရယ်"

လူနာအစ်မကြီး၏စကားကြောင့် ကျွန်တော်ပင် အတော်စိတ်မကောင်း ဖြစ်မိသွားပါသည်။ လူကိုသတ်၊ လူကို ပြန်ခိုင်းစား ဒီလိုလူတွေလည်းရှိနေသေး ၍အံ့ဩရပါသည်။

"နောက်ပြီး ကျွန်မကို ကြိမ်းသွား သေးတယ်။ နင်တို့တစ်အိမ်လုံးသတ် မယ်။ နင့်အဖေနဲ့အမေလည်းသတ်မယ်။ ထမင်းဝအောင်စားထားတဲ့။ ကျွန်မရင် တွေပူလှပြီ။ အဖေနဲ့ အမေလည်း စိတ် မချဘူး။ ကျွန်မတို့ကို ကယ်ပါဦး ဆရာ ရယ်"

အသံတိုးလိုက်၊ ကျယ်လိုက်ဖြင့် ဝမ်းနည်းစွာပြောနေရှာ၏။

"ကွင်းပိုင်နတ်ဆိုလားပါသေးတယ် ဆရာ။နောက်တစ်ယောက်က ယောက္ခမ ရဲ့ညီ။ သူလည်း အသတ်ခံရတာ။ နတ် သရဲဖြစ်နေတာတဲ့။ သူလည်း ခိုင်းစားခံ နေရတာ။ အိမ်တွင်းနတ်တွေလည်းပါ တယ်။ ပူးတာများတော့ အကုန်မမှတ်မိ တော့ဘူးဆရာရဲ့ အီး ဟီး ဟီ"

သူ့ခမျာ တစ်နေ့ကုန်က ညဝက် ပင်ကျိုးပြီ တစ်ယောက်ပြီးတစ်ယောက် ပြောင်းပေမယ့် သူကတစ်ယောက် တည်း။ သွေးတွေကသွန်၍အားအင်ချိနဲ့ နေရှာ၏။

လူနာအစ်မကြီးနှင့်စကားဖြတ်၍ သူနဲ့ဝေးရာ ခုတင်တစ်ခုတွင် အမွှေး ဖယောင်းနှင့် ပုဂ္ဂိုလ်တို့အားအကြောင်း ပြကာ အင်းတစ်ချပ်အား အသက်သွင်း ၍ သူနာအမျိုးသမီးအား တိုက်လိုက်၏။ မေတ္တာရေစင်တောင်းခံကာ အမျိုးသမီး အားတိုက်လိုက်၏။

ကလေးငယ်မှာ ဝမ်းဗိုက်တွင်အပ် ပိုက်တစ်ခု။ ပါးစပ်တွင်တစ်ခုဖြင့် သနား စရာ။ သူ့အား မေတ္တာရေစင်တစ်ပေါက် နှစ်ပေါက်ချ၍ အမိန့်ပြန်ခဲ့ရ၏။

သူနာအမျိုးသမီးအား အစာ အပင်းချ၍ ကလေးအား မေတ္တာရေဖြင့် အမိန့်ပြန်ကာ ကုသပေး၏။

ကိစ္စတစ်ဖြတ်ပြီးသည်နှင့် အိမ် အပြန်ဟန်ပြင်မှာတော့ အကုန်လုံးဝိုင်း တားကြပါတော့၏။ လူနာစောင့်အမျိုး သား၊ အမျိုးသမီးများနှင့် လူနာများပါ ဒီည ဒီမှာအိပ်ပေးဖို့တားကြ၏။ လူနာ အမျိုးသမီးကလည်း ရှိခိုးတောင်းပန်ကာ မပြန်ဖို့တားသော်လည်း မပြန်လို့မဖြစ် တဲ့အကြောင်းပြောပြရပါသည်။ လူနာ အမျိုးသမီးအား မနက်ဖြန်ကုသပေးရဦး မည် ဖြစ်ကြောင်းမှာကာ သိမ်းဆွေနှင့် အတူ စကားပြောရင်း အိမ်အပြန်လမ်း တွင် -

"အစ်ကိုအခြေအနေ"

"အေး - ကောင်းပါတယ်ကွ ဘာ ဖြစ်လို့လဲ"

ကျွန်တော့်အထင် နည်းနည်းထူး ဆန်းသလားလို့ အစ်ကိုမရောက်ခင် ပူး နေတာ။ အစ်ကိုရောက်တော့ မမြသန်း ကအကောင်း။ အဲဒါစဉ်းစားနေတာ အစ်ကိုရဲ့"

"အဲဒီအစ်မကြီးရဲ့နာမည်က မမြ သန်းတဲ့လား"

"ဟုတ်တယ်အစ်ကို"

"သူတို့မိသားစုကို တော်တော် ရန်ငြိုးထားတာကွ။ ဘာတွေဖြစ်ခဲ့ကြ သလဲမသိဘူး။ပြောပုံအရ သူတို့တစ်အိမ် လုံးကို သတ်မှာပဲ။ အဲဒါမှာစရာတွေရှိ သေးတယ်။ သူတို့အိမ်နဲ့ ခြံရှင်းပေးရ မယ်။ သူ့ယောက္ခမနဲ့ ညီ၊ သူ့သမီး ဒီ(၃) ယောက်လည်း ပြိတ္တာဘဝနဲ့ အခိုင်းခံ ထားရတယ်။ သူတို့ကိုလွှတ်ပေးရဦးမယ်။ မနက်ဖြန်မနက် လက်ဖက်ရည်သောက် ပြီးရင် မင်းနဲ့ငါဆေးရုံသွားကြတာပေါ့"

"ဟုတ်ကဲ့အစ်ကို၊ ဒါနဲ့မမြသန်းကို အင်းတိုက်ခဲ့တာလား"

"အေးလေ - ဘာလို့တုန်း"

"အစ်ကို အင်းချတာမမြင်လို့"

"ဒါက အိမ်မှာထဲက အဆင်သင့် ချပြီးသား အရေးပေါ် သုံးတာပေါ့"

"သူ့မှာဘာတွေအတိုက်ခံထားရ တယ်ဆိုတာ အစ်ကိုက ဘယ်လိုသိတာ လဲ"

"သိဆို အခုမင်းမြင်တဲ့အတိုင်း သူ ကအပူးခံရတာ။ အဲဒီလို ပူးတယ်ခွာ တယ် အပြုစားခံရတဲ့သူမှာ များသော အားဖြင့် ဆေး၊ အင်း၊ အစာ အပင်းတစ် ခုခု သူ့ခန္ဓာထဲမှာရှိတယ်။ သူ့ကို စစ်ဆေး ရင်လည်း ဒီအမျိုးသမီးက ကတုန်က ယင်၊ သွေးပျက်မတတ်ထိတ်လန့်ချောက် ချားနေတာ။ ဒါကို ငါက ဒုတင်းအစေ့ စစ်မေးရင်လည်း သူက တိတိကျကျ မဖြေနိုင်ပေဘူး။ ဒါကြောင့် မစစ်ဆေး တော့တာ။ အဲဒီတော့ အခုသက်သာ မယ်။ အိမ်သာတက်ရင် အပင်းတွေ ထွက်မယ်။ ကလေးလည်း သက်သာ သွားမယ်။

"အစ်ကို့ကို ကြားဖြတ်မေးရဦး မယ်။ ကလေးက ဆေးသွင်းတာအတော် ခက်ခဲတယ်။ ဆေးက ဝင်လိုက်ရပ်လိုက် နဲ့၊ ပုံမှန်မငြိမ်ဘူး။ ဒါလည်း ဆန်းနေ တယ်အစ်ကိုရဲ့"

"အဖြေရှိတယ်လေ၊ ကလေးက မပြတ်သေးဘူး။ နို့စို့နေတော့ အမေ ကလေး စက်ကူးလို့ရတယ်။ အမေ ကလေး (၂) ယောက်စလုံးကို စက် စက်ပူးကစားတာ။ ဥပမာကွာ အမေ ငိုအောင်လုပ်ရင် ကလေးကိုလည်း ပြောင်း တစ်ခါတည်း ငိုအောင်လုပ် တယ်။ ဆေးကုတဲ့အခါ (သီးသန့်)ခွဲ ပြီးမှကုရတယ်။ တစ်ယောက်ပြီးမှ ယောက်ပေါ့။ တကယ်လို့ အဲဒီလို သန့်စက်မခွဲချပ်ဘဲ ကုပေးမိရင် အဲဒီဆရာလောပြီ။ သူနာလည်းမပျောက် သူဆေးလည်းမစူး။ သူဟာသူ ထွက်သွားပြီ။ အဲဒီလိုလည်သွားရင် ဆရာ ဟိုလိုလိုဒီလိုလိုနဲ့လစ်ပြီ။ အဲဒီ လစ်ပြေးကြတော့ လူနာရှင်တွေက ကြည်တော့ဘူး။ ဆရာကောင်း အတွက်တော့ နစ်နာတာပေါ့ကွာ"

"အစ်ကိုပြောတာ ကျွန်တော် မရှင်းဘူး"

"ခက်ပြီကွာ၊ ဒါလောက် တာတောင် သေချာနားထောင်တွ

"ဟုတ်ကဲ့-သေချာနားထောင် တယ်"

"ဥပမာကွာ၊ ဟော့ ဥပမာဆို ပုံပြင်မမှတ်နဲ့နော်။ တကယ်ရှိတာ"

"ဟုတ်ကဲ့ပါ အစ်ကိုရဲ့ ညီ ဘာပြောလို့လဲ"

"အိမ်တစ်အိမ်မှာ အမေ သမီးနှစ်ယောက်ရယ် ပညာသည် တော့။ သူ့တို့အထဲက 'မစိန်ဆို



www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ယောက်ကို အစာပင်းသွတ်ပြီး ပြုစားလိုက်တယ်ဆိုပါစို့။ အဲဒီမစိန်ဟာ အပြုစားခံရတာနဲ့ မစားချင်မသောက်ချင်တာတွေဖြစ်မယ်။ ခန္ဓာကိုယ်ယားတာ၊ ဝတ်ကောင်းစားကောင်းမဝတ်ချင်တာ၊ ငိုတာရယ်တာလူစိတ်ပျောက်အောင် ဝင်ပူးတာ။ သွေးလေမမှန်တာဖြစ်ကုန်ပြီ။

ကြာလာရင် မစိန်ဟာ ကျန်းမာရေးချို့ယွင်းလာပြီး နေထိုင်မကောင်းတော့ဘူးဆိုရင် လူစိတ်ပျောက်အောင် ဝင်ပူးတော့တာပဲ။ ပူးတဲ့အခါ နာမည်ထည့်မပြောဘူး၊ ကျွန်မပါဆရာရဲ့ မမှတ်မိတော့ဘူးလား။ ဆရာ့ကို ကျွန်မက ချစ် ကြောက်ရိုသေပါတယ်။ ချစ်လို့စတာပါ။ ပျော်လို့စတာပါ။ ဒါမျိုးတွေပေါ့။ အမြင်ကတ်လို့လုပ်တာပါလို့မပြောဘူး၊ ဒါက ဆရာနဲ့တွေ့ရင် အရိုက်ခံရမှာစိုးလို့စောစောကစကားပြန်ဆက်မယ်။

အစ မစိန်ကို လူစိတ်ပျောက်အောင် ဝင်ပူးတာ အငယ်ဆုံးသမီးသူက တစ်နာရီလောက်ပဲပူးမှာ။ သူပြီးရင် သူ့အစ်မလည်း တစ်နာရီလောက်။ သူ့အစ်မပြီးရင် သူ့အမေက တစ်နာရီလောက်။ အဲဒီမယ် အချိန် (၃) နာရီလောက်ပူးလို့ ရပ်မယ်မထင်နဲ့။

ပထမဆုံးပူးတဲ့အငယ်ဆုံးသမီးက တတိယအကြိမ်ပူးပြန်တယ်။ သူမောရင် သူ့အစ်မ၊ သူ့အမေ မနားတမ်းဝင်ပူး ဒုက္ခပေးကြတယ်။ ဒါမျိုးကို မလုပ်တတ်ရင် ဆရာကွဲပြီ၊ သူကထွက်စေလို့ထုတ်လည်း ထုတ်လည်းမထွက်ဘူး။ ဖြည်းဖြည်းပေါ့ ဆရာရယ်။ အခုမှစကားပြောကောင်းတုန်း ဟိုဟိုဒီဒီစကားလွှဲတာပေါ့။ (၃) ယောက်ပေါင်း ဝိုင်းတွယ်တာနော်။ အပူးခံရတဲ့သူနာက တစ်ယောက်တည်း။ ထမင်းမစားရသေးဘူး။ မောလှပြီ။ အင်အားချိနဲ့နေပြီး မသေသေအောင် ညှင်းတော်တာမျိုးပေါ့။

ငါ့မိတ်ဆွေသူငယ်ချင်းဆေးဆရာ တစ်ယောက် သူက (xxx) ရှာတပင့်လို့ ထွက်သွားကုတာ မနက်(၈)နာရီလောက် ကတည်းက ပညာသည်ဝင်ပူးနေတာ။ တစ်နေကုန်လို့ ည (၁၀) နာရီလောက် မှ သူနာဆီက ပြန်ခဲ့တဲ့အကြောင်း ငါ့ကို ပြောသွားသေးတယ်။ အဲဒီနေ့ည တစ်ညလုံး အပူးမရပ်သေးဘူး။ သူနာက အသက် (၂၀) လောက် အပျိုလေးလို့ ပြောတယ်။ သူ့အမေနဲ့ သူ့အမျိုးတွေ အိမ်နီးနားချင်းတွေက ဝိုင်းအုံစိတ်ပူနေကြတာပေါ့။ သူငယ်ချင်းဆေးဆရာက

အပြောကောင်းတော့ အခြားဆေးဆရာ တစ်ယောက်ကို့ မပင့်ကြဘူး။

မနက်မိုးလင်းလို့ (၈) နာရီထိုးပြီ။ အပူးမရပ်သေးဘူး။ ဆေးဆရာဟာ မနက်တစ်ခေါက်ပြန်သွားတယ်။ မထွက်သေးဘူး။ နေမြင့်လို့ (၁၀) နာရီကျော်တော့ အဲဒီဆေးဆရာ ငါ့အိမ်ရောက်လာတယ်။ အခု သူပြန်လာတဲ့အထိ ပူးတုန်းတဲ့။ ငါ့ကိုဘယ်လိုလုပ်ရမှန်းမသိတော့ဘူးတဲ့။ လူနာအမျိုးတွေနဲ့ ပရိတ်သတ် (၃၀) လောက်ဆိုတော့ သူ့အရှက်ကွဲနေတယ်ပေါ့ကွာ။ သူကတော့ ဘယ်လိုမှထုတ်လို့မရဘူးဘဲပြောတာပေါ့ကွာ။

သူက ဒီလိုပြောတော့ သူ့ကို အထင်တော့မသေးပါဘူး။ စိတ်တိုတာပဲ ရှိတယ်။ လူနာကို ဒီလောက်အကြာကြီး ပူးနေတာ ကြာရင် သူနာသေရုံပဲပေါ့။ ဒါကိုစိတ်တိုတာ ဒါလောက်ညံ့ရသလား ပေါ့။

ဒီတော့ သူ့ကိုကူညီလိုက်ပါတယ်။ သူငယ်ချင်း မင်းအခုသူနာအိမ်ပြန်သွား၊ အပူးရပ်နေလိမ့်မယ်ပြောတော့ သူပြန်သွားရမှာလန့်နေတယ်။ သူ့ပုံစံက သူနာအိမ်မသွားတော့ဘဲ လစ်ပြေးမယ့်ပုံပဲ။ သွားမှာသာသွားစမ်းပါလို့ ဖွတ်ပြောမှ စက်ဘီးလေးနဲ့ သူနာ အိမ်ပြန်သွားတာ ပေါ့။

နောက်ထပ် တစ်နာရီလောက် လည်းကြာရော ငါ့ဆီပြန်ရောက်လာတယ်။ သူ့မျက်နှာကရွှင်လို့။ ဟိုကဘယ်လောက်ကန်တော့လိုက်သလဲတော့မသိပါဘူး။ ပညာသည်ထွက်သွားပြီတဲ့။ ရောဂါပျောက်ပြီပေါ့။ သူက ဒီလိုပြောတော့ ငါက စိတ်ထဲကပဲ ကျိတ်ပြုံးတာပေါ့။ သူနာကအရှင်းမပျောက်သေးဘူး၊ နောက်ထပ်လာဦးမှာ။ သူ့ဗိုက်ထဲကစားထားတဲ့ (အစာပင်း) မထုတ်ရသေးဘူး။ ဒါကို သူမသိရှာဘူး။

နောက်တစ်နေ့ အဲဒီသူငယ်ချင်း ဆရာငါ့အိမ်ရောက်လာပြန်တယ်။ ငါ့ကိုဘာမေးတယ်မှတ်သလဲ။ ထွက်အောင်ဘယ်လိုလုပ်လဲတဲ့။ သေရော။ အခုချိန်ထိ ဒီဆရာ ဘာမှမသိသေးဘူး။ အဲဒီပညာသင်ပေးပါတဲ့ကွ"

တဟတ်ဟတ်နှင့် သိမ်းဆွဲရယ်ပါတော့သည်။

"မင်းက ဘာရယ်တာလဲကွ"

"သဘောကျလို့ပါ အစ်ကိုရဲ့၊ အဲဒီတော့ အစ်ကိုက သင်ပေးရောလား"

"သင်ပေးလို့မဖြစ်ဘူးလေကွာ။ သူ့ပညာနဲ့ ငါ့ပညာက မတူဘူးလေ"

"မတူဘူး။ သူတို့ပညာက ကိုယ်ကြိုက်တာ အကုန်လုံးလုပ်လို့ရတယ်။ ကုန်ကုန်ပြောရင် မိန်းမတောင်ကြိုက်သလောက်ယူလို့ရတယ် ရှင်းပြီလား။ ငါတို့ပညာက မကောင်းမှုတွေအကုန်ရှောင်ရတယ်။ အမှားမခံဘူး။ ဒါကွာတာပဲ"

"စောစောကစကား ပြန်ဆက်ဦးမယ်။ ဒီတုန်းက အမေရယ်။ သမီးနှစ်ယောက်ရယ် တစ်ယောက်ဝင် တစ်ခါချုပ်၊ တစ်ယောက်ဝင် တစ်ခါချုပ်၊ သုံးခါချုပ်လျှင် မိပြီ။ မလှုပ်နိုင်တော့။ မချုပ်ထားတော့ သုံးယောက်စလုံး လွှတ်ပြီး ပူးနေတာပဲ။ အဖြေက ရှင်းနေတာ။ ဒီဆရာ သူနာအိမ်သွားတော့ ငါက အိမ်က ဘုရားခန်းမှာ။ ဘိုးတော်တွေ၊ မယ်တော်တွေအကြောင်းပြု မေတ္တာရပ်ခံပေးလိုက်တာဒါလေးပဲ"

"အစ်ကိုပြောတာ ကျွန်တော် သဘောပေါက်ပြီ။ သူက အစ်ကို့ပညာကို တောင်းတာလား"

"အဲဒီလိုလည်းမဟုတ်ဘူးကွ။ ပူးနေတာထွက်အောင်လုပ်တာပဲ။ သင်ခိုင်းတာ။ ငါကလည်း ပညာမကူးဖူး။ အေး- တကယ်လို့ သင်ချင်ရင် အရင်ပညာတွေ ဖျက်ပြီးမှ သင်လို့ရမယ်ပြောတော့ သူ ငြိမ်သွားတယ်၊ အရင်ပညာကို သူနှမြောနေတာနေမှာပေါ့"

"သူရဲ့ဆေးနဲ့ အစ်ကိုရဲ့ဆေးက တော်တော်ကွာသလား အစ်ကို"

"ကွာတာပေါ့ကွာ။ အင်းကောင်းရင်တစ်ကွက်၊ ဆေးကောင်းရင်တစ်စက်လို့ဆိုတယ်မဟုတ်လား"

"ဟုတ်ကဲ့ - ကြားဖူးတယ်အစ်ကို"

"ငါ့ဆရာနဲ့ ငါ့ဆီကဆေးလည်း တစ်စက်ပဲ။ တစ်စက်ဆိုတာ စုတ်တံနဲ့ စွမ်ခနဲ တစ်ချက်ပဲ။ နဖူးတင်လိုက်မယ်။ အဲဒီလိုထိုးပြီးလို့ ဆေးသွားကု ရပြီ။ အဲဒီလောက်စွမ်းတာ။ ဆေးစွမ်းတာက ငါ့ဆရာနဲ့ငါဖော်တဲ့ဆေးမဟုတ်ဘူးနော်။ ထွက်သွားတဲ့ဘိုးတော်တွေရဲ့ဆေး၊ ဒါကိုပြောတာ"

"အင်းတွေ၊ စမတွေ ခန္ဓာကိုယ်မှာ တစ်ခုမှမပေါက်နဲ့ဦး။ နဖူးမှာ တစ်စက်တင်ရင်တောင် လုံလောက်နေပြီ။ ဒါကြောင့် ဆေးကောင်းရင် တစ်စက်လို့ပြောတာ"

"ဟုတ်ကဲ့ - သိပါပြီ။ အစ်ကိုနဲ့စကားပြောလာတာ အိမ်နားရောက်လာပြီ။ ကျွန်တော် ညတာဝန်ရှိသေးလို့ ဆေးရုံပြန်ဦးမယ်အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

"အေးအေး မနက်မှပြန်တွေ့ကြတာပေါ့"

သိမ်းဆွေလည်း ဆေးရုံဘက်သွား၍ ကျွန်တော်လည်းအိပ်ရာဝင်ခဲ့ရတော့၏။ မနက်လင်း၍ ကျွန်တော်ပင် အိပ်ရာမှမထသေး၊ အိမ်ရှေ့မှ သူငယ်ချင်း သိမ်းဆွေရဲ့အသံအား စတင်ကြားရ၏။

"အစ်ကို အစ်ကို ကျွန်တော်သိမ်းဆွေပါ"

အိပ်ရာထ၍ ခြံတံခါးဖွင့်ကာ သူ့နဲ့အိမ်ရှေ့ထွက်တွေ့လိုက်၏။

ညတုန်းက လူနာမမြသန်းတို့သားအမိ ဆေးရုံကအစောကြီးဆင်းသွားပြီ။ လင်းလင်းချင်း မြင်းလှည်းနဲ့ မြင်းတောင်းပြန်သွားတာ။ ဟိုက သူ့အဖေနဲ့အမေနဲ့ ကလေးတွေကို စိတ်မချလို့တဲ့။ သူလည်း နေကောင်းလို့ ကလေးလည်း သက်သာလို့ဆိုပြီး တဇွတ်ထိုးပြန်သွားတာ။ ကျွန်တော်တားသေးတယ် မရဘူး။ အစ်ကို့ကိုငွေအစိတ်ကန်တော့သွားတယ်။ ရော့ အစ်ကို"

သိမ်းဆွေသည် ငွေအစိတ်အား ကျွန်တော့်ကို ထိုးပေးနေသော်လည်း ကျွန်တော်ချက်ချင်းမယူမိသေးပေ။ မမြသန်းတို့သားအမိ မြင်းတောင်းရွာပြန်သွားသည်ကို စိတ်မကောင်းဖြစ်မိခြင်းဖြစ်ပါသည်။

"လုပ်ချလိုက်ပြန်ပြီကွာ၊ ရောဂါတောင်အမြစ်မပြတ်သေးဘဲနဲ့ လုပ်စရာတွေအများကြီးကျန်သေးတယ်။ မင်းကသေချာပြောမပြဘူးလားကွာ"

"ပြောတာပေါ့အစ်ကိုရယ်။ အစ်ကိုပြောပြတဲ့ဟာတွေပြောပြီးမှတားပါတယ်။ ရွာကမိသားစုကို လုံးဝစိတ်မချတော့ဘူးဆိုပြီး ပြန်သွားတာ။ သူပြန်သွားတာ ဆရာဝန်ကြီးလည်းမသိဘူး။ဆရာမတွေလည်းတားလို့မရဘူး။ ဇွတ်အတင်းပြန်သွားတာအစ်ကိုရဲ့"

"ကန်တော့ငွေအစိတ်ကြီးတောင်လား များပါတယ်ကွာ၊ ငါလုပ်ပေးရတာ ဒါလောက်မှမတန်ဘဲ။ ကုပေးဖို့တောင်ကျန်သေးတယ်။ တကယ်ဆို (၁၀) ကျပ်လောက်ပဲ တန်တာ။ ကဲ-ဒါဆို ငွေတစ်ဆယ်ပဲယူမယ်ကွာ။ ကျန်တဲ့ (၁၅) ကျပ်ကို လူကြုံနဲ့ မြင်းတောင်းပြန်ပေးလိုက်"

"ဟာ-ဘယ်ဖြစ်မလဲ အစ်ကိုရဲ့။ သူသဒ္ဓါလို့ကန်တော့တာပဲ ယူလိုက်ပါ"

"ဒါဆိုလည်း (၁၅) ကျပ် မင်းယူကွာ။ (၁၀) ပဲ ပွဲထိုးလိုက်မယ်"

"မလုပ်ပါနဲ့အစ်ကိုရယ်၊ အစ်ကို ကန်တော့တာ ကျွန်တော့်ကန်တော့တာမှမဟုတ်ဘဲ။ အကုန်လုံးယူလိုက်ပါ"

"အေးကွာ ဒါဆိုလည်း သူကန်တော့တဲ့ငွေ အစိတ်နဲ့တန်အောင် လက်ကျန်ကိစ္စရှင်းပေးရတော့မှာပေါ့"

သိမ်းဆွေထံမှ ငွေအစိတ်ယူ၍ အိတ်ကပ်ထဲထည့်အပြီး သိမ်းဆွေက -

"လက်ကျန်ကိစ္စက ဘာတွေလဲ အစ်ကိုရဲ့"

"ဒီလိုကွာ၊ မမြသန်းရောဂါက အရှင်းမပျောက်သေးဘူး။ နည်းနည်းကျန်သေးတယ်။ သူ့အိမ်နဲ့ခြံရှင်းပေးရမယ်။ သူ့အမျိုးတွေလွတ်ဖို့ကယ်ရမယ်။ ဟိုဘိုးတော်ကြီးကို ပညာပေးရမယ်။ ဒါပြောတာ"

"အစ်ကို၊ ဘိုးတော်ကြီးဆိုတာက တန့်ဆည်နယ်က ဘိုးတော်ကိုလား"

"အေး-ဟုတ်တယ်၊ ဒီနေ့ည သူနဲ့ငါ ထိပ်တိုက်တွေ့ရမှာပေါ့"

"ကျွန်တော် လာလို့ရမလား"

"ဟကောင် ဒါက ငါ့ကိစ္စကွ။ မင်းနဲ့မဆိုင်ဘူးလေ"

"ကဲ - ဒါဆို ညကျရင် အစ်ကို ကျွန်တော့်ကို လက်ဖက်ရည်တိုက်"

"အေး- တိုက်မယ်၊ စောစောလာခဲ့"

သိမ်းဆွေဟာ ကျွန်တော့်အား နှုတ်ဆက်၍ ဈေးဘက်သို့ထွက်သွားတော့၏။ ဈေးတွင် သူ့အမေ ကုန်စိမ်းရောင်းသည်မို့ သူကူရပေမည်။ သိမ်းဆွေ၏ ကျောပြင်အားငေးလျက် တစ်ယောက်တည်းအတွေးနယ်ချဲ့လျက်နေမိတော့၏။

ညပိုင်းတွင် အလုပ်ပါး၍ ဘုရားကျောင်းဆောင်အား ပြေးကပ်ရ၏။ အချိန်လု၍ ဝတ်ပြုပုတီးစိပ်အပြီး တန့်ဆည်နယ်က ဆေးဆရာကြီးနှင့် ထိပ်တိုက်ဆုံတွေ့ရန် ပုဂ္ဂိုလ်တို့အား အကြောင်းပြုလျက် ညတာဝန်ဘူတာတွင် အလုပ်ဆင်းရင်း ဘူတာရှေ့မှ ကားဘောင်အိပ်စင်တွင် ည (၁၂) နာရီခန့်၌ မှေးခနဲ အိပ်ပျော်သွား၏။

အသက် (၅၀) ခန့် ဥပဓိရုပ်ဖြောင့်ဖြောင့်၊ ပင်နီတိုက်ပုံ၊ ပုဆိုးအပြာကွက်တစ်ဖက်၊ ခေါင်းပေါင်းသျှောင်ထုံးကြီးနှင့် ဘယ်ပခုံးတွင် လွယ်အိတ်ဖောင်းဖောင်းလွယ်လျက် ခြေတံရှည်မြင်းညိုကြီးအားစီးကာ ရွာအတွင်း လှည့်နေပုံဖြစ်၏။

ရွာနာမည်ပေါ်သော်လည်း ကျွန်တော်တစ်ခါမှမရောက်ဖူးသောရွာများဖြစ်၏။ တစ်ရွာပြီးတစ်ရွာ မြင်းနှင့်လှည့်လည်ဆေးကုပေးနေပုံများ တွေ့ရ၏။ ထိုရွာကြီး (၄) ရွာသည် သူ့ရွာကဲ့သို့ သူ့ဩဇာညောင်းသောရွာများ ဖြစ်၏။

ထိုဆေးဆရာကြီးကား တစိမ့်စိမ့်ကြည့်ရင်း ကျွန်တော်အနီး မြင်းကိုစီးလျက် မချိုပြုံးပြုံးကာ မကျေနပ်သည့်ပုံစံဖြင့် စိုက်ကြည့်နေပြန်၏။ ထိုအချိန် သူနှင့်မလှမ်းမကမ်းတွင် အဝတ်ဖြူဝမ်းဆက်၊ ခေါင်းပေါင်းအဖြူ၊ အနက်ရောင်ပုတီးကုံးလည်ပင်းစွပ်လျက် တောင်ဝှေးတစ်ချောင်းကိုင်ထားသော သူတော်စင်တစ်ပါးအား မြင်ရပြန်၏။

လူသူတော် မြင်လိုက်သည်နှင့် ကျွန်တော်ချက်ချင်းအားတက်သွားကာ ဘုကြည့်ကြည့်နေသော အမျိုးသားကြီးအား စတင်မေးလိုက်၏။

"ခင်ဗျားနာမည်က ဘယ်သူလဲ"

မြင်းပေါ်မှ ကောက်ခနဲဆင်း၍ လူသူတော်အနီးရပ်ကာ ပြန်ဖြေ၏။

"ငတင်၊ မောင်တင်၊ ဦးတင်ကွ"

(အမည်မှန်)

"အသက်ဘယ်လောက်ရှိပြီလဲ"

"(၇၃) နှစ်"

"ဟား (၇၃) နှစ်၊ တင်လှချေလား မယုံစရာ။ ကျွန်တော်က (၅၀) လောက်ပဲထင်တာ။ ထားပါတော့၊ အခု ဘာကိစ္စနဲ့လာတာလဲ"

"ဟေ့ကောင်၊ မင်းခေါ်လို့ငါလာတာကွ။ အူကြောင်ကြောင်မလုပ်နဲ့"

ဦးတင်သည် ကျွန်တော့်အား မကျေနပ်သည့်အသွင်ဖြင့် အော်ငေါက်ဖြေ၏။ ယခုလည်း သူနှင့် ကျွန်တော် ဘာအကြောင်းကြောင့် တွေ့ရသည်ကို ချက်ချင်းမသိသေး။ သူ့စကားက ကျွန်တော်ခေါ်လို့လာတာတဲ့။ စဉ်းစားရင်းဖြင့် ရေးရေးပေါ်လာ၏။ မှတ်မိလာ၍ ပြုံးစိစိဖြင့် ပြန်ပြောရ၏။

"ကျွန်တော်ခေါ်တာ။ ဟုတ်ပြီ မှတ်မိပြီ။ မေ့သွားလို့ပါဗျာ။ ဒေါသကြီးပါ"

"ကျွန်တော့်လူနာ မမြသန်းနဲ့ ခင်ဗျားလုပ်ထားတဲ့ကိစ္စ ရှင်းစရာရှိတယ်"

သူကလည်း မကျေနပ်သည့်ပုံဖြင့် အော်ပြော၏။

"အချိန်မရွေးရှင်းလို့ရတယ်"

သူသည် အရွယ်တင်လှသလို ခန့်ခန့်ချောချော ပါးရည်နားရည်က မတွန့်သေး။ ဆေးကောင်းကောင်းကိုင်စားမှန်း သိသာလှပေ၏။

"ကဲ-ဒါဆိုရင် မမြသန်းတို့သား



www.burmeseclassic.com

www.burmeseclassic.com

ရန်ငြိုးကိုအရင်စပြော"

"သူ့ယောက္ခမကို မကျေနပ်တာ။ အိုးကိုမကျေနပ်လို့ သူတို့တစ်မျိုးလုံးကို သတ်မှာ ရှင်းပြီလား"

"ငအိုးဆိုတဲ့သူက ဘယ်သူလဲ"

"သူ့ ယောက္ခထီးလေကွာ။ ဒီ ောင်က ငါ့ကိုဘာထင်တယ်ညာထင် တယ်။ ရွာလယ်ခေါင် (၇) အိမ်ကြား ) အိမ်ကြား စိန်ခေါ်သွားတာကွ"

"သူ့ဆီက ငွေတစ်ရာချေးထား ။ ပေးလိမ့်မပေါ့။ ဒါကို လူကြားသူ ြားသိကွာချတယ်။ ဒါကြောင့် သင်းကို ရှင်တွယ်တာ။ ခု သင်းသေလို့ ပြီတ္တာ ာနဲ့ ငါ့ဆီကျွန်ခံနေရပြီ။ သူ့ကိုမကျေ နိုင် သင်းတို့တစ်မျိုးလုံးကို သတ်မှာပဲ တုန်ကုန်ပြောမယ်ကွာ၊ ဒီဘဝမှာ (၁၀၀) ပြည့်အောင်သတ်မှာပဲ"

သူ့စကားဖြင့် ကျွန်တော့်တစ်ကိုယ် ကြက်သီးဖြန်းဖြန်းထ၏။ ပညာနုနယ် သော ကျွန်တော်အဖို့ ဦးတင် ကြောက်၍ရှိန်နေပါသည်။

"ခင်ဗျားအနေနဲ့ ဒီလောကကြီး ရန်ငြိုးမထားသင့်ပါဘူးဗျာ။ ားသတ်လို့ ငအိုးလည်းသေပြီပဲ။ ို့ ခင်ဗျားတောင် ကျွန်ခိုင်းထား ။ သူ့ညီလည်းသေ၊ သူ့သမီးလည်း လူ (၃) ယောက်သေပြီးတာတောင် သတ်ဦးမယ်ဆိုတော့တော်လောက် ဗျာ"

သူ့စိတ်ပြေအောင် ချော့မော့ပြော ည်းမရပေ။

"မတော်ဘူးကွ၊ တရားလာမချနဲ့။ တဲ့ တစ်တင့်တည်းရှိတယ်။ ငါ့ကို ခဲ့ထားတဲ့ကောင် သူ့တစ်မျိုးလုံးကို မှာပဲ"

"ခင်ဗျားကို အရှက်ကွဲတာက ည်လို့ရပါတယ်။ အသားပွန်းပဲ့ ည်း မဟုတ်ဗျာ"

"အေး - အသားပွန်းပဲ့တာခံနိုင် အရှက်ကွဲမခံနိုင်ဘူး။ အရှက်နဲ့ တာကွ နားလည်လား"

"တဲ - ပြောလို့မရ၊ တားလို့မရရင် ခင်ဗျားသဘောဗျာ။ အဲ-ခင်ဗျား သတိပေးလိုက်မယ်။ အခု ခင် တ်နေတာ ကျွန်တော့်ရှေ့မှာ ကျွန်တော်က ခင်ဗျားသားထက် ညာမှာတော့မဟုတ်ဘူး"

"မင်းလို မတောက်တစ်ခေါက် ငါ့ကိုမခြိမ်းခြောက်နဲ့ မကြောက်

"ကြောက်ဘူး ဟုတ်လား၊ ဒါဆို ဆေးရုံမှာ ကျွန်တော်ရောက်တော့ ခင်ဗျားဘယ်မှာလဲ။ ခင်ဗျားကို ခေါ် တယ်။ မေတ္တာရပ်ခံပြီးခေါ်တာတောင် ခင်ဗျားမလာဘူး။ ကိုယ်စားလည်း မလွှတ်ဘူး။ အဲဒါဘာကြောင့်လဲ။

နောက် အခုကျွန်တော်ခေါ်ထား တယ်။ ခင်ဗျားလာရတယ်။ ကျွန်တော့် ရှေ့မှာ ခင်ဗျားရောက်နေတာမမေ့ပါနဲ့"

ဦးတင်၏မျက်နှာ ရုတ်ခြည်းပျက် သွားကာ မှုန်တေတေဖြစ်သွားသည်။ စောစောက ခက်ထန်သောမျက်နှာမျိုး မဟုတ်တော့ပေ။ သူသည် ကျွန်တော် မေးသမျှ အမှန်အတိုင်းဖြေရမည်ကို သိပုံရနေ၏။ ကျွန်တော်လည်း သတ္တိ ကောင်းလွန်းလှ၍မဟုတ်။ နံဘေးမှ လူသူတော်အားကိုးဖြင့် အရဲစွန့်မေးခြင်း သာ ဖြစ်၏။

"မင်းလိုကောင်က ငါ့ကို မခြိမ်း ခြောက်နဲ့ကွ၊ ငါဘယ်လိုကြီးစိုးဆိုတာ အရင်ကြည့်လိုက်ဦး"

သူ၏နံဘေးတွင် လူပုံစံလိုလို၊ နတ်လိုလို၊ ဘီလူးလိုလို၊ တိရစ္ဆာန်လိုလို တစ်ယောက်ပြီးတစ်ယောက် တန်းစီ ပေါ်လာကာ ရေတွက်ကြည့်တော့ (၁၇) ယောက်ရှိချေ၏။

"ဘယ်ဘက်ထိပ်ကသူကဘာလဲ"

"နတ်သရဲကွ"

မကျေနပ်သံဖြင့် အော်သူက ဦးတင်။ နတ်သရဲတဲ့။ ပုံစံက လူပုံစံနှင့် မခြား။ အပေါ်အင်္ကျီကမပါ။ အသားက မည်း မည်း၊ အောက်က ပုဆိုးအပြာ ကွက်နွမ်းနွမ်း၊ ခါးတောင်းကျိုက်နှင့် ခန္ဓာကိုယ်လုံးကတော့ တောင့်တောင့် တင်းတင်း။ ပါးစပ်ပြဲပြဲ၊ အပေါ်သွား အစွယ် (၂) ချောင်းက နှုတ်ခမ်းအပြင် ထွက်လို့။ ကတုံးပုံ။ မျက်လုံးက ပြူး ကြောင်ကြောင်နှင့် မျက်တောင်မခတ်၊ နှာခေါင်းပွပွနှင့် အရုပ်ဆိုးလှ၏။ ဇာတ်ပွဲ တွေထဲကနတ်နှင့်လားလားမတူ။ ထိုနတ် သရဲဆိုသူအားမေးလိုက်၏။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ဝူး ဝူး ဝူး"

ခေါင်းယမ်းပြလျက် ပါးစပ်ဖြဲ၍ လျှာထုတ်ပြရာ လျှာမရှိ၊ လျှာအဖြတ် ခံထားရ၍ စကားမပီတော့ပေ။ ဦးတင် အား ခနဲ့တဲ့တဲ့စကားနာထိုးလိုက်၏။

"ခင်ဗျား နတ်သရဲက အ,အပါ ဗျာ"

"သူ့နံဘေးက တစ်ယောက်က ကော"

"ကွင်းပိုင်နတ်ကွ"

ဦးတင်သည် ဒေါသနှော၍ဖြေ ၏။ ကျွန်တော် အတော်အံ့ဩသွားမိ သေး၏။ ကွင်းပိုင်နတ်ဆိုတာ ကျွန်တော် မိသလောက် တွေးရလျှင် ကိုယ်စောင့် နတ်ထဲတွင်လည်း ပါရသလို၊ သူပိုင်တဲ့ ကွင်းအကျယ်ကို စောင့်ကြပ်ပေးရသူ။ အထက်နတ်ကြီးတွေရဲ့အမိန့်အောက်မှာ နာခံရသူဟုသာ ထင်မိသော်လည်း ယခု မူ ဦးတင်၏အခိုင်းစေထဲမှာ မည်ကဲ့သို့ ပါလာသနည်းသိချင်လှ၍ မေးရတော့ ၏။

"ကွင်းပိုင်နတ်က ဘယ်လိုလုပ်ပါ လာတာလဲဗျ။ ပြောပါဦး"

"သူခိုင်းလို့လုပ်ပေးရတာပါ"

"သူခိုင်းရအောင်ခင်ဗျားမှာတန်ခိုး မရှိတော့ဘူးလား၊ အခြွေအရံကော မရှိဘူးလား"

"မရှိပါဘူး။ သူ့ကိုလည်း မနိုင်ပါ ဘူး။ သူခိုင်းရင်လုပ်ပေးရပါတယ်"

"သူခိုင်းတိုင်းလုပ်ပေးရမလားဗျာ။ မလုပ်ပေးရင် သူက ခင်ဗျားကို ဘာလုပ် သလဲ"

"ဆေးကြိမ်လုံးနဲ့ရိုက်ပါတယ်။ ဒါ ကြောင့်လုပ်ပေးရတာပါ"

"သူ့ဆေးကြိမ်လုံးက ဒါလောက် စွမ်းသလားကွာ။ သူခိုင်းတာနဲ့ မမြသန်း တို့ကိစ္စမှာခင်ဗျားပါခဲ့တာပေါ့"

"ဟုတ်ပါတယ်။ ခိုင်းလို့လုပ်ရတာ ပါ။ ဘုန်းမြှင့်ပေးပါ"

"ခင်ဗျားက ကျွန်တော့်ကို ဘုန်း မြှင့်ခိုင်းနေ၊ ဝိဇ္ဇာများမှတ်နေသလား။ အထင်မကြီးနဲ့ဦး။ ဘေးမှာတော့ ဘိုး တော်ရှိတယ်။ ဘိုးတော်လုပ်ပေးလိမ့် မယ်။ နောက်ကို မပတ်သတ်တော့နဲ့"

ခေါင်းညိတ်ပြသော ကွင်းပိုင်နတ် ပုံစံသည် ခတောင်အင်္ကျီအစိမ်း၊အောက် ခံအစိမ်းရောင်တွင် ပုဆိုးအကွက်ခါး တောင်းကျိုက်၊ သန်လျက်ပုံစံ အချွန် တစ်ချောင်းကိုင်၍ ခေါင်းပေါ်၌ ဦးသျှောင် အသေးအစိမ်းရောင်အချွန်ဖြင့် သင့်တင့် သောရုပ်ရည်ရှိ၏။

"ဒီဘက်ကတစ်ယောက်ကကော"

"ငအိုးဆိုတဲ့ကောင်ပေါ့ကွ"

စိတ်တိုတိုနှင့်ဖြေသောဦးတင်၏ စကားအပြီး ဦးငအိုးဆိုသူအား သေသေ ချာချာကြည့်လိုက်ရာ ကျွန်တော်စိတ်ပင် ဆင်းရဲသွားပါသည်။ မျက်ရည်များဖြိုင် ဖြိုင်ကျ၍ ပါးရည်နားရည်တွန့်တွန့်၊ မျက်ကွင်းညို၍ ပြူးတူးကြောင်ကြောင် ပုံစံ၊ ပါးချောင်ကျ ပိန်ပိန်လှီလှီ၊ ဟောင်း နွမ်းနေသောအဝတ်အစားဖြင့် ကတုံးပုံ



www.burmeseclassic.com

www.burmeseclassic.com

တွင် မျက်ရည်ပြိုင်ပြိုင်ယိုဆင်းနေသည်က အလွန်ဝမ်းနည်းနေသည့်ပုံစံအား ကြည့်၍သနားနေမိ၏။

"ခင်ဗျားနာမည် ဦးအုံးလား"

"ဟုတ်ပါတယ်"

အသံကြား၍ ဝမ်းသာမိသေး၏။ ရှေ့ကလူလို လျှာအဖြတ်ခံထားရလျှင် သွားပြီ။

"ခင်ဗျားကို ဦးတင်သတ်တာလား"

ဦးအုံးမဖြေ။ သူ့ခန္ဓာကိုယ်တုန်၍ ခေါင်းငုံ့ထား၏။ သူသည် ဦးတင်အား ကောင်းကောင်းမကြည့်ရဲ။ အတော်ကြောက်ပုံရ၏။ မည်မျှနှိပ်စက်ထားသည်မသိနိုင်ပေ။ နောက်ထပ်မေးရပြန်၏။

"ခင်ဗျားကို သတ်တာ ဦးတင်မို့လား"

ဒီတစ်ကြိမ်လည်း အသံမထွက်၊ ခေါင်းငုံ့နေရှာ၏။ သူ့အား အားတက်စေရန် သတိပေးရတော့၏။

"မကြောက်ပါနဲ့ဗျ။ ဖြေပါ။ ကျွန်တော်ရှိပါတယ်။ ဘိုးတော်လည်းရှိတယ်။ ခင်ဗျားတို့ကို ကယ်ပေးမှာပါ။ ရဲရဲဖြေပေးပါ"

ထိုအခါမှ ဦးအုံးသည်ခေါင်းညိတ်ပြကာ ဖြေရှာ၏။ အသံထွက်၍ မဖြေသေးပေ။

"ခင်ဗျားရဲ့ညီလည်း သူသတ်တာပဲလား"

ခေါင်းညိတ်၍ဖြေ၏။

"ခင်ဗျားရဲ့သမီး အပျိုကြီးကိုသတ်တာလည်းသူပဲလား"

ကျွန်တော့်အမေးကြောင့် ဦးအုံးကြာကြာတောင့်မခံနိုင် အသံထွက်လာ၏။

"အီ အီ ဟီး ဟီး ဟုတ်ပါတယ် ဆရာလေး၊ ကျွန်တော့်သမီးကို ကျွန်တော်ကိုယ်တိုင်သတ်မိခဲ့တာလည်း သူခိုင်းလို့ သတ်မိတာပါ အီ အီ. . .။

အခု သမီးလေးကိုလည်း သူခိုင်းစေထားလို့ ကယ်ပေးပါဦးဆရာလေးရဲ့။ အီး အီး"

ငိုပြောနေသော ဦးအုံး၏နံဘေးကပ်လျက်မှ ဆံပင်ဖားလျားဖြင့် ဟောင်းနွမ်းနေသော အဂတ်အစားဖြင့် တရှိုက်ရှိုက်ငိုနေသော အသက် (၃၀) အမျိုးသမီးသည် သူ့သမီးပင်ဖြစ်မည်ဟု ခန့်မှန်းမိနေ၏။

ပြောရင်းဆိုရင်း မျက်နှာကွင် နုပ်ချေးမျက်ရည်များနှင့် ပေပွနေ၏။

"အခုဆရာနဲ့တွေ့ခဲ့တဲ့ ကျွန်တော့်ချွေးမလေးနဲ့ မြေးလေးသုံးယောက် ကျွန်တော့်သားလည်းရှိပါတယ်။ သူတို့ကိုလည်း သတ်ဦးမယ်တဲ့။ သူတို့ကို မသတ်လို့ ဆေးကြိမ်နဲ့ အရိုက်ခံနေရပါတယ်။ သူတို့ကို ကယ်ပေးပါဦး ဆရာလေးရဲ့"

ကျွန်တော်ဟာ ဦးအုံး၏စကားကို ကရုဏာသက်စွာဖြင့် နားထောင်နေမိပါတယ်။

"ဆေးရုံမှာ ဆရာလေးရောက်တော့ ကျွန်တော်တို့ အကုန်လုံးသိပါတယ်။ အဲဒီနေ့မနက် သမီးချွေးမကို ဝင်ပူးတဲ့အထဲမှာကျွန်တော်ပါပါသေးတယ်။ ဘေးကလူတွေ သိစေချင်လို့၊ ဆရာ့ကိုလည်း သိစေချင်လို့ ကျွန်တော်ရင်ဖွင့်အကူအညီတောင်းတာပါ။ ကျွန်တော်တို့မိသားစုကို ကယ်ပေးဖို့ အကူအညီတောင်းတာသက်သက်ပါ။ သမီးချွေးမကို သေစေချင်လို့ ဝင်ပူးတာမဟုတ်ရပါဘူး။ ဆရာကြီးခိုင်းတဲ့အတိုင်းလုပ်ပေးရတာပါ။ ဒီနေ့က သမီးချွေးမလေးခမျာ သတိတွေလစ်၊ လစ်မြောသွားရှာတယ်။ ညမှာ ဆရာလေးရောက်လာလို့ နှိုမို့ဆို သမီးရဲ့အသက် အီ ဟီး ဟီး. . .

ဆေးရုံမှာ ဆရာလေးခေါ်တော့ ဘယ်သူ့ကိုမှသွားခွင့်မပြုဘူး။ သူလည်း မသွားဘူး။ အကုန်လုံးပြန်ခေါ်သွားတယ်။ သူမနိုင်မှန်းသိတယ် ဆရာ။ ဒါကြောင့် ဆရာဆေးရုံကခေါ်တော့ ကျွန်တော်တို့မလာရလို့ ကျွန်တော်တို့ရင်ထဲမှာ မီးလောင်သလိုခံစားရတယ်။ မနေနိုင်လို့ လူးလိမ့်နေရသေးတယ်ဆရာ။ သွားတဲ့သူကို သတ်ပစ်မယ်လို့ ကြိမ်းလို့ ဘယ်သူမှ မသွားရဲပါဘူးဆရာလေးရယ်"

"ဟုတ်ကဲ့-ဒါကိုလည်း ကျွန်တော်ရိပ်မိပါတယ်။ ဒီတော့ ခင်ဗျားရယ်၊ ခင်ဗျားညီရယ်၊ ခင်ဗျားသမီးရယ်၊ ဒီသုံးယောက်စလုံး ခြေရာကောက်အတတ်နဲ့ ခံခဲ့ရတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာလေး၊ ကျွန်တော်တို့အစိမ်းသေ သေခဲ့ရပါတယ်ဗျာ။ အခု သူရဲ့ကျွန်အဖြစ် အခိုင်းခံနေရပါတယ်။ ကျွန်တော့်မိန်းမလည်း အသက်ကြီးပါပြီ။ သူ့ကိုလည်း သတ်ဦးမယ်တဲ့ ဆရာ။ ကယ်ပါဦးဗျာ"

ဦးအုံး၏စကား ကျွန်တော်မကြားတစ်ချက် ကြားတစ်ချက်၊ခြေရာကောက်အတတ်အားပြေး၍ သတိဝင်လာ၏။ ခြေရာကောက်အတတ်ဆိုတာ မလိုသူရဲ့ခြေ မြေဇာ၊ ဒီမြေဇာက သွားနေရင်း လာနေရင်း ကျန်ခဲ့တဲ့ခြေရာမြေကို ပြော ခြင်း ဖြစ်၏။ အိမ်၏အဝင်တံခါးပေါက် အဖွင့် အပိတ်နေရာ သောက်ရေအိုးစင် လှေကားခြေရင်း၊ မီးဖိုချောင် ဒီနေရာ တွေကမြေဟာ ခြေရာကောက်အတတ် နဲ့ အချိန်မရွေးပြုစားလို့ရတယ်ဆိုတာ တစ်စွန်းတစ်စသိထားသေး၏။

မလိုသူရဲ့ခြေဖဝါးအောက်က မြေ စာရယ်၊ (---) ရယ်၊ (---) ရယ်၊ (--- ရယ်နဲ့မလိုသူရဲ့ပုံစံတူအရုပ်လုပ်၊ အဝတ် အစားဝတ်၊ အထိကရသစ်ပင်ခြေရင်း လမ်းဆုံလမ်းခွ၊ ရေဆိပ်၊ သချိုင်းစသည် တို့တွင် မြှုပ်နှံခြင်း၊ မီးရှို့ခြင်း(သို့) အ တွင်ထား၍အမျိုးမျိုးဆွဲခြင်း (မကောင်း ကြံစည်ခြင်း) သေစေလိုခြင်း၊ ရူးစေ ခြင်း၊ အဝတ်ဗလာမဲ့ရူးစေချင်အပြ အခြားနည်းမျိုးစုံဖြင့် ကြံစည်၍ပြု သော အတတ်များ ဖြစ်၏။

"ကဲ - အခု ကျွန်တော်ကြိုးစား ကယ်ပေးမယ်။ ဘိုးတော်တွေမယ် တွေရှိပါသေးတယ်ဗျာ။ ဒီအမျိုးသမီး"

"ဟုတ်ကဲ့ ဒါကျွန်တော့်သမီး ပါဆရာ။ မိဘကိုလုပ်ကျွေးနေရှာတဲ့သ ပါ။ အီး ဟီး သူ့အမေဟာ သူ့သမီးစ နဲ့ အရူးတစ်ပိုင်းပါပဲဆရာလေးရယ်"

ငိုနေသော အသက် (၃၀) ကျော် အမျိုးသမီးသည် ဆံပင်ကောင်းကော အသားလတ်လတ်၊ မျက်ကွင်းက ညို၍ ယခင်က အလွန်ကြည့်ကော သောတောသူအသွင်ဖြစ်၏။ တရှုတ် ငိုနေ၍ မေးမိလိုက်၏။

"ခင်ဗျားအမည်က"

"မညိုပါ"

အသံတုန်၍ ကြောက်သံပါ ၏။

"ခင်ဗျားကို ခင်ဗျားအဖေ သ တာဟုတ်သလား"

"မဟုတ်ပါဘူး ဆရာ၊ အ ကျွန်မကို သူသတ်လို့သေတာ တငိုငိုတရယ်ရယ်ဖြစ်နေတာ။ ကျွ ဆရာကြီးသတ်တာပါ"

"သတ်ပုံမှတ်မိရင် နည် လောက်ပြောပါဦး"

"ကျွန်မ မသေခင် မှတ်မိ တော့ အဖေသေပြီးလို့မကြာဘူး၊ ရဲ့စိတ်နဲ့ကိုယ်မကပ်တော့ဘူး၊ တစ်ခါ အပေါ်အောက်ချွတ်ပြီး မြေးချင်စိတ်ပေါ်တယ်။ ပင်ကို ပျောက်လိုက်၊ အခြားတစ်စိတ်ဝင် အစိုးမရတော့ဘူး။ နားထဲ ဟိုအသံဒီအသံတွေ ကြားနေ



www.burmeseclassic.com

www.burmeseclassic.com

အစာလည်းမစားချင်ဘူး။ ညလည်း မအိပ်ချင်၊ မူးသလိုလိုဖြစ်နေတာပဲသိတယ်။

အမေက ဟိုဆရာ၊ ဒီဆရာနဲ့ကု ရှာပါတယ်။ ရောဂါက မထူးပါဘူး။ ကြာတော့ ကျွန်မ အိပ်ရာမှာလဲပါတယ်။ ညညအိပ်ရင် အိပ်မက်လိုလို၊ တကယ်လိုလို ကြောက်စရာကြီးတွေမြင်တယ်။ သေပြီးတဲ့အဖေက ကျွန်မလည်ပင်းကို ညှာခဏလာညှစ်တယ်။ အဖေက သေအောင်မညှစ်ဘူး၊ ဖွဖွညှစ်တာပါ။ အဖေ့အစား အခြားတစ်ယောက် ဘီလူးလိုကောင်က အသေညှစ်သတ်သွားတာပါ။ ကျွန်မသေတော့ အဖေ့အနားမှာရောက်နေတာပဲ မှတ်မိပါတယ်။

အခု ကျွန်မတို့သားအဖနဲ့ဦးလေးက ယောက်မတို့အိမ်မှာ ဝင်ထွက်နေရတယ်။ သူတို့ကိုသတ်ပေးရမယ်တဲ့ဆရာ။ တယ်ပါဦး အီ ဟီး ဟီး"

မညို၏ငိုသံနှင့်အတူ ကျွန်တော့်ရင်ထဲတွင်လည်း ထိခိုက်ခံစားရပါသည်။

"ကဲကဲ - တိတ်ပါဗျာ။ ကျွန်တော်ကြိုးစားကယ်ပါမယ်။ ဘေးကသူတွေကိုမေးလိုက်ဦးမယ်"

ပြောပြီးလို့ မြင်လိုက်သည်နှင့် ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးထသွားပါသည်။ ဒီလူကိုမြင်ဖူးသည်။ တစ်ခါမဟုတ် ရင်းရင်းနှီးနှီးပင် သိကျွမ်းသူ ဖြစ်၏။

ခါးတောင်အကျီလက်ရှည်အဖြူ၊ အတောင်(၂၀)ပုဆိုးအပြာကွက်၊ ခေါင်းပေါင်းစအဖြူပေါင်းနှင့် အသားညိုညို၊ ရှည်ခွံ့ခွံ့ အရပ်က မတိုမရှည်။ သူ့မျက်နှာတ - အားငယ်နေသည့်ပုံစံ ဖြစ်၏။ သူ့အားကြည့်၍ နှုတ်ဆက်လိုက်၏။

"ခင်ဗျားက ဘယ်လိုကြောင့်ပါတာလဲဗျ"

သူ့ကိုမေးနေသော်လည်း သူနှင့်ဘေးကသူတွေကို တစ်ယောက်စီတစ်ယောက်ကြည့်ရာက ပါးစပ်အဟောင်းသားနှင့် အံ့ဩသွားရပါသည်။

"ဟောဗျာ - အကုန်လုံးပါလား၊ ဘယ်လိုဖြစ်ကြတာတုံး"

ခုနစ်ယောက်စလုံးမှာ ကျွန်တော်သိသူများဖြစ်၍ ထပ်ဆင့်အံ့ဩမိ၏။ တယ်နှင့်အိမ်တွင်း (၇) ဖော်တို့ပင် သူတို့မျက်နှာမကြည်လင်။ အားငယ်နေဟန်အပြည့်၊ ဆိုးရိမ်စိတ်လည်း ကျွန်တော့်အား ကြည့်သူကြည့်၊ သူ့ဖြင့် ထိုအထဲက ဟိုကောင်မလေးကတော့ အငြိမ်မနေ။ မရယ်ချင်ရယ်ချင် တခွိခွိနှင့် စသလိုလိုပြောင်သလိုလိုလုပ်ပြနေ၏။ သူက ရွှေနှံပင် ဖြစ်၏။

ဦးတင့်တယ်သည် သူ့နောက်မှ ဦးအင်အား သိမင်လည်ပြန်ကြည့်၍ မဝံ့မရဲဖြစ်နေ၏။ ကျန်သူများက တစ်ယောက်မှနောက်မလှည့်ပေ။နောက်က ဆရာကြီးအား အတော်ကြောက်ရသည် ထင်၏။

"ကဲ-ပြောကြပါဦး၊ မမြသန်းကိစ္စနဲ့ခင်ဗျားတို့က"

"ခိုင်းလို့လုပ်ပေးရတာပါ"

အသံတိုးတိုးနှင့်ဖြေသူက ဦးတင့်တယ်။ သူတို့တစ်ဖွဲ့လုံးကို အခိုင်းခံနေရသည်ပင်။ ကျွန်တော့်စိတ်က မကျေနပ်ပေ။ စိတ်တော်တော်တိုသွားမိ၏။

"သူခိုင်းတိုင်း လုပ်ရမှာလားဗျာ၊ ဝိုင်းရိုက်သတ်ရမှာ"

"သူ့ကိုမနိုင်ဘူး၊ ခိုင်းတာမလုပ်ရင် အရိုက်ခံရတယ်။ ဘုန်းမြှင့်ပေးပါ"

"ဒါပဲ မတွေ့နဲ့တွေ့ရင် ဘုန်းမြှင့်ပေးပါ၊ ဘုန်းမြှင့်ပေးပါနဲ့ ကျွန်တော်ကလည်း ဝိဇ္ဇာမဟုတ်ဘူးဗျ။ ဘိုးတော်ရှိတယ်။ သူ့ကိုဘုန်းမြှင့်ခိုင်းပေးမယ်"

"ဟိုပေါက်စိကွေးကကော ဘယ်လိုညှပ်ပါလာတာလဲ"

တခွိခွိရယ်လို့ ခြေလက် ခေါင်းခါ အငြိမ်မနေ ကျွန်တော့်အား မထိတထိနှင့် -

"ဘဘကြီးနဲ့တွေ့ချင်လို့လိုက်လာတာ။ ရွှေနှံကမပါဘူး။ ဟုတ်တယ်နော် ဘဘကြီး"

အရွယ်က (၇) နှစ်၊ (၈) နှစ်မင်းသမီးအဝတ်အစားလေးနဲ့ချစ်စရာ၊ အရပ်ကပုနေတော့ သူ့မျက်နှာလေးမော့ပြီး သူ့ဘဘကြီးတင့်တယ်အား ကြည့်၍ ပြောနေရှာ၏။

ပထမ ဘဘကြီးက ကျွန်တော့်အားခေါ်ခြင်း ဖြစ်၏။ ကျွန်တော်နှင့် ရွှေနှံတွေ့စဉ်က ကျွန်တော့်အသက် (၂၅) ကျော်။ တွေ့စဉ်ကတည်းက ယခုချိန်အထိ ဘဘကြီးဟုသာ အမြတ်တနိုးခေါ်လေ့ရှိ၏။

"ငါက နင်ပါရင် ရိုက်မလို့"

"အမလေး မလုပ်ပါနဲ့ ဘဘကြီးရယ်။ အိမ်မှာ ဘဘကြီးဒေါသထွက်ရင် ရွှေနှံမှာနေစရာမရှိတော့ဘူး။ အိမ်ရှေ့ထွက်ပြေးရတာ ရွှေနှံကြောက်ပါတယ်"

"ငါနဲ့တွေ့ချင်တာက"

"ဟီဟိ ပြောစရာရှိလို့"

"အေး - ပြောလေ"

သူ့ပုံစံက မဝံ့မရဲ ရှိုးတိုးရှန့်တန့်ပုံနှင့် ပြုံးရောင်သန်းနှင့်ပြောရှာ၏။

"ဘဘကြီးရဲ့ရွှေမောင်မောင်လေးတွေ၊ ရွှေညီမလေးတွေ ရွှေနှံထိန်းပေးနေတာနော်။ ရွှေနှံက ငိုအောင်လည်းမလုပ်ဘူး။ ဆိတ်လည်းမဆိတ်ဘူး။ အဲ့ဒါ"

ရွှေနှံစကားရပ်သွား၍-

"အဲဒီတော့ ဆက်ပြောလေ"

"ဟီဟိ-နှုတ်ခမ်းနီလှလှလေးရယ်၊ ရွှေဆွဲကြိုးလေးရယ်၊ ရွှေဖိနပ်လေးရယ်၊ ရွှေချိုချဉ်နဲ့ ရွှေကြက်ဥစားချင်တယ် ဘဘကြီး"

ဆောင့်ဆောင့်အောင့်အောင့်ပြောချလိုက်တော့ ကျွန်တော် မရယ်ဘဲမနေနိုင်ပေ။ သူက ကျွန်တော့်သားလေး၊ သမီးလေးတွေကို စောင့်ပေးရလို့ လုပ်အားခတောင်းသလိုပါပဲ။ သူ့အပြစ်လည်း မဟုတ်၊ ကျွန်တော်က တစ်ခါတစ်ခါ ပါးစပ်ကအငြိမ်မနေတတ်။ အိမ်မှာလူခွဲမရှိတော့ ဇနီးသည်တစ်ယောက်တည်းမို့ ရွှေနှံကို ကလေးထိန်းပေးဖို့ တတွတ်တွတ်ပြောမိ၏။ သူကလည်း ထိန်းရှာမှာပေါ့။ ကျွန်တော်မေ့နေတာသူကဖော်တာပေါ့။

"အေးပါ အေးပါ မေ့လို့ပါဟာ၊ မနက်ဖြန်ဝယ်ပေးမယ် ဟုတ်ပြီလား"

"ဟေး - ဒါမှ တို့ဘဘကြီးကွ"

ကခုန်မြူးနေရှာ၏။ အပြစ်ကင်းစင်လှသော သူ့မျက်နှာကို ဘေးက သူ့ဦးကြီးနှင့် သူ့အမေ သူ့ကြီးတော်တို့ရဲ့ မျက်နှာတွေမှာ ဇောစောကမျက်နှာမဟုတ်တော့ဝေ။ ရွှင်ပြုံးနေကြ၏။ ကျန်တဲ့မောင်နှမတွေကိုလည်း မေးလိုစိတ်မပြ။ သူတို့ထံမှဖယ်ခွာ၍ သူတော်စင်ဘိုးတော်အား အကူအညီတောင်းလိုက်ရ၏။

"ဘိုးဘိုး၊ သူတို့ကို ဘုန်းမြှင့်ပေးပါ။ နောင်ကိုလည်း သူတို့အဖွဲ့ကို မနှိပ်စက်ဖို့ မခိုင်းစေဖို့ အမိန့်ပြန်ပေးပါ"

ဘိုးတော်သည် ခေါင်းညိတ်ပြကာ အိမ်တွင်း (၇) ဖော်၏ ဦးခေါင်းနှင့်ကျောပြင်အား လက်နှင့်သတ်ပေးအပြီးတွင် ရုတ်ခြည်းပျောက်ကွယ်သွား၏။ ဦးအုံးနှင့်ညီ၊ သမီး၊ အိမ်တွင်း (၇) ဖော်တို့မရှိတော့ပေ။ ပုံမကျပန်းမကျ (၇) ဦးအားတွေ့ရပြန်၏။

(ဆက်ရန်)

စိုးမင်း(မြောက်စည်း)



www.burmeseclassic.com

www.burmeseclassic.com

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

# ကုန်းဘောင်ခေတ်၏ရေစကြိုခုံတော် (ရန္တမိတ်ကျော်ထင်)ဖြတ်ထုံး

ဖြတ်ထုံး ဟူသည် ရှေးကကျင့်သုံးခဲ့သော အမှုအခင်းစီရင်ဆုံးဖြတ်ချက်ဖြစ်သည်။ မြန်မာ့စာပေသမိုင်းတွင် ဖြတ်ထုံးအမျိုးအစား သုံးမျိုးရှိခဲ့သည်။

၁။ ဇာတ်ဝတ္ထုပုံပြင်၊ ဒဏ္ဍာရီတို့ကို အခြေခံသောစီရင်ဆုံးဖြတ်ချက်ဖြတ်ထုံး (သာဓက - သုဓမ္မစာရီဖြတ်ထုံး၊ မဟော်သဓာဖြတ်ထုံး)၊

၂။ ဓမ္မတရားကြောင်းနှင့်ဆိုင်ရာနှင့်ဝိနည်းဆိုင်ရာဖြတ်ထုံးများ (သာဓက-အတုလဆရာတော်ဖြတ်ထုံး၊ လှည်းကူးဆရာတော်ဖြတ်ထုံး)၊

(၃) တရားဓမ္မသတ်ဆိုင်ရာစီရင်မှုဖြတ်ထုံး (သာဓက-ရေစကြိုခုံတော်ဖြတ်ထုံး၊ လက်ျာပုံချီဖြတ်ထုံး၊ ရှင်ကျော်သူဖြတ်ထုံး) တို့ ဖြစ်ကြသည်။

ရေစကြိုခုံတော်ဖြတ်ထုံးသည် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်တွင် ရေစကြိုဇာတိဖြစ်သော ရန္တမိတ်ကျော်ထင်ဘွဲ့ခံ ခုံတော် (တရားသူကြီး) မောင်မှိုင်းစီရင်ဆုံးဖြတ်ခဲ့သော မှုခင်းစီရင်ထုံးဆုံးဖြတ်ချက်များထင်) ဖြတ်ထုံးများသည် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက် လူမှုဆက်ဆံရေးအခြေအနေ၊ တရားဓမ္မသတ်ဆိုင်ရာ ဆုံးဖြတ်မှုအခြေအနေများ၏ ခေတ်ကြေးမုံသဖွယ်ဖြစ်သကဲ့သို့ ကုန်းဘောင်ခေတ်လယ်နှင့် ခေတ်နှောင်း၏ မြန်မာ့လူနေမှုဓလေ့ထုံးစံ မြန်မာ့တရားဓမ္မသတ်အစီအရင်ဆုံးဖြတ်ချက်ဆိုင်ရာ ခေတ်ကြေးမုံများလည်း ဖြစ်သည်။

ရေစကြိုခုံတော် (ရန္တမိတ်ကျော်ထင်) ဖြတ်ထုံးသည် ရန္တမိတ်ကျော်ထင်ကိုယ်တိုင် ရေးသားပြုစု မှတ်တမ်းတင်ခဲ့သောဖြတ်ထုံးမျိုး မဟုတ်ပေ။ ရေစကြိုခုံတော် ရန္တမိတ်ကျော်ထင်၏ ဆုံးဖြတ်ချက်များကို တပည့်များက ရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်၏။သို့ရာတွင် ဖြတ်ထုံးများ ဆုံးဖြတ်ချက်များကို ပြန်လည် ရေးသားမှတ်တမ်းတင် ကျမ်းပြုစုရာတွင်မူ ရေစကြိုခုံတော် ရန္တမိတ်ကျော်ထင်၏ ကြီးကြပ်လမ်းညွှန်မှု၊ အာဘော်အယူအဆနှင့် အာဝဇ္ဇန်းတို့သည် အဓိကအကြောင်းအရာများအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ရေစကြိုခုံတော် ရန္တမိတ်ကျော်ထင်၏ ရေစကြိုခုံတော်ဖြတ်ထုံးတွင် ခုံအစစ်ခံချက်များ၊ ကောက်ချက်များကို လောက၊ ဓမ္မ၊ ရာဇကြောင်း သုံးပါးဖြင့်ချင့်ချိန်၍ တရားသဖြင့်ဆုံးဖြတ်ထားကြောင်း မှတ်တမ်းတင် ဖော်ပြထား သည်။

ရေစကြိုခုံတော်၏ နှုတ်လွန်မှု ဖြတ်ထုံး (၈) တွင် မိငြိမ်းအောင်က မိမင်းအောင်ကို 'နင့်လို ငါမတတ်ဘူး' ဟူသော ပြောဆိုခဲ့မှုကို အကြောင်းပြု၍ 'နင်' ဟူသော စကားတစ်လုံးကြောင့် နှုတ်လွန်မှုတရားဖြစ်ခဲ့သည်။ ရေစကြိုခုံတော်၏ ဆုံးဖြတ်ချက်အရ မင်း၊ မာ နင်၊ သင် ဟူသောစကားတို့သည် ဖရုသဝါစာစကားဖြစ်၍ ဝစီဒုစရိုက်လျော်ထိုက်သည်။ ထို့ကြောင့် မိမင်းအောင်သည် မိငြိမ်းအောင်ကို နှုတ်လွန်မှုဖြစ်၏။ ရေစကြိုခုံတော်ရန္တမိတ်ကျော်ထင်သည် မြန်မာနှစ် ၁၁၅၁ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်နေ့မှ ၁၁၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့အထိ ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်၌ (၃၂) နှစ်တာကာလအတွင်း၌ အမှုအခင်း (၃၂) မှုကို စီရင်ဆုံးဖြတ်ခဲ့သည်။ ယင်းသို့ (၃၂) နှစ်တာကာလအတွင်း၌ ရေစကြိုခုံတော် ရန္တမိတ်ကျော်ထင်၏ စီရင်ဆုံးဖြတ်ချက်ပြုခဲ့သော ဖြတ်ထုံး(၃၂)စောင်သည် ကုန်းဘောင်ခေတ် တရားဓမ္မသတ်အခန်းကဏ္ဍတွင် အလွန်ထင်ရှားခဲ့သည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်မှသည် နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက်တိုင်အောင် မင်းအဆက်ဆက်အလေးထားခဲ့ရသော ဖြတ်ထုံးကျမ်းတစ်စောင်လည်း ဖြစ်ပါသည်။

ရေစကြိုခုံတော် ရန္တမိတ်ကျော်ထင်၏ ရေစကြိုခုံတော် (ရန္တမိတ်ကျော်ထင်) ဖြတ်ထုံး၏ ဖြတ်ထုံးပေါင်း (၃၂) စောင်တွင် နှုတ်လွန်မှု၊ အိမ်ထောင်မှု၊ လက်ရောက်မှု၊ ငွေချေးမှု၊ ကုန်ရောင်းဝယ်မှု၊ အမွေမှု၊ ကုန်ဖက်စပ်ရန်ပေးငွေမှု၊ ဓားပြတိုက်မှု၊ ရိုက်နှက်မှု၊ ကျွန်မှု၊ ခဲပစ်မှု၊ ပျဉ်ခုံတိုက်မှု၊ မျောက်မထားမှုဟူသော ဖြတ်ထုံးများ၊ ဖြတ်စာများ၊ ဓိဋ္ဌာန်ချုပ်ရေးသားမှုများ၊ လုလင်အမှုထမ်းများ၊ ကျမ်းထုတ်၊ ကျမ်းတိုက်၊ လုလင်ဝတ်၊ ရှေ့နေ စသော တရားဓမ္မသတ်ရေးရာဝန်ထမ်းများ၏ တိုတောင်းထိမိကာ ပီပြင်သော ဓမ္မသတ်စကားပြေ၊ ဝေါဟာရတို့ဖြင့် အချဲ့အထွင် အတင်အစားမရှိ လိုရင်းကိုဖော်ပြ၍ မှုခင်း သဘောသက်ရောက်မှုများကိုသာ တရားရုံးရေးမြဲအရေးအသားဖြင့် မှတ်တမ်းတင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် လျော်ကြေးငွေနှင့် တရားခံကိုတ်ကုန်ကျသမျှကိုကျခံစေရန်ဆုံးဖြတ်ခဲ့သည်။ တရားအမှုပြီးစီးလျှင် နှစ်ဖက်အငြင်းမပွားဘဲ တရားလက်ဖက်စား၍ ကျေအေးခဲ့ကြသည်။

ထိုနည်းတူ နှုတ်လွန်မှုဖြတ်ထုံး (၂) တွင်လည်း မိဖြူကို မိလုက 'ဒိန္နက်သဆင်းမ' ဟု ပြောဆိုခဲ့မှုကြောင့် နှုတ်လွန်မှုတရားရင်ဆိုင်ခဲ့ကြသည်။ ဒိန္နက်သဆင်းမ၏အဓိပ္ပာယ်မှာ အမျိုးသမီးတစ်ဦးသည် တစ်လင်မှ နှစ်လင်သို့ အလျင်အမြန်ပြောင်းလဲတတ်သည်ဟူ၍ဖြစ်သည်။ ထိုကြောင့် မိဖြူက မိမိ၏ဂုဏ်သရေနှင့်သိက္ခာကို စော်ကားပြောဆိုမှုအဖြစ် တရားရင်ဆိုင်ခဲ့ကြရာ ရေစကြိုခုံတော်က ယင်းအမှုကို ဓမ္မသတ်ကြောင်း၊ နှုတ်လွန်ကြောင်း မစီရင်ဘဲ ဗေဒင်ဟောရာစကားနှင့် အဓိပ္ပာယ်ဖြစ်သောကြောင့် အဓိပ္ပာယ်ကို အတိအကျ နားလည်ဘဲ နှုတ်လွန်မှုအဖြစ်သတ်မှတ်၍ မိလုအား အပြစ်အတွက် လျော်ကြေးငွေပေးဆောင်မှုမပြုစေဘဲ တရားလက်ဖက်စားကိုတ်ကျခံစေရန်သာ ဆုံးဖြတ်ခဲ့သည်။

နှုတ်လွန်တရားဖြတ်ထုံး (၃) တွင် ငရွှေဘ၏မယား မိဦးကို ငဖြူမယားမိတောင်းက သားသန္ဓေဖျက်သည်ဟု ပြောဆိုမှုဖြင့် တရားရင်ဆိုင်ကြသည်။ နှုတ်လွန်မှုဖြတ်ထုံး (၄) တွင်လည်း ငပသီးက မိမိအား ငဖြူက ငပသီး ဟူသော အသေအစား ငပသိတ် ဟူ၍ ခေါ်ဆိုမှုကြောင့် ရေစကြိုခုံတော်၌ တရားရင်ဆိုင်ခဲ့မှုဖြတ်ထုံးဖြစ်သည်။ နှုတ်လွန်မှုဖြတ်ထုံး (၅) တွင် မိဝိုင်းကို မိပြည်းက ပါးပုပ်ဆည် ပုံသားဖြစ်သည် ဟူ၍ ပြောဆိုမှုကြောင့် နှုတ်လွန်မှုတရားရင်ဆိုင်ခဲ့ကြသည်။ ပုံသား ဟူသည် ဖခင်သတ်သတ်မှတ်မှတ်မရှိဘဲ လူပေါင်းစုံ (လူပုံ) နှင့် ပေါင်းသင်းဆက်ဆံရရှိသော သားသမီးဟူ၍ ဆိုလိုသည်။

ယင်းနှုတ်လွန်မှုဖြတ်ထုံးများသည် မြန်မာ့ယဉ်ကျေးမှု အခြေခံဖြစ်သော ကိုယ်နှုတ်နှလုံးသုံးပါး၏ ဖြူစင်အောင် ထိန်းသိမ်းမှု၊ အပြောအဆိုအပြုအမူ၊ အတွေးအခေါ်၊ အယူအဆ၊ ဘာသာရေးခံယူချက်၊ လောကီရေးရာဗေဒင်ဟောရာ တရားဓမ္မသတ်အဆိုအမိန့်များကို အခြေခံလျက် ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှု မှတ်ကျောက်ပြုခဲ့ခြင်းဖြစ်သည်။ အပြောအဆို ဂရုစိုက်ကြစေ၍ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံသမှုရှိစေရန်၊ မိမိမကျေနပ်သော နာလိုဖွယ်စကားဖြင့်ရန်စမရှည်စေဘဲ တရားဥပဒေ အဆုံးအဖြတ်ကို ခံယူခဲ့ကြသော မြန်မာ့ ရှေးခေတ် ရိုးရာဓလေ့ တရားစီရင်မှုခေတ်ကြေးမုံကို ဖော်ပြနေသည်။

ရေစကြိုခုံတော်ဖြတ်ထုံးများတွင် အပြောအဆိုကို အလေးထားသော နှုတ်လွန်မှုဖြတ်ထုံးများအပြင် အပြုအမူဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကိုလည်း တရားဥပဒေဓမ္မသတ်များနှင့်အညီ စီရင်ဆုံးဖြတ်ခဲ့ကြောင်းကို လက်လွန်မှုဖြတ်ထုံးများအရ သိရှိခွင့်ရနိုင်ပေသည်။

စစ်မြေပြင်တွင် ငသာကို ငလေးက ထောင်းသတ်ရိုက်ပုတ်သော လက်လွန်မှုဖြတ်ထုံးတွင် 'မိုင်းလုံသခင် အရှင်စော်ဘွားအမိန့်တော်ရှိသည်'ဟု ရေးသားရာတွင် မိန့်ကို မိမ့်ဟု မ-သတ်ဖြင့် ငသာက သတ်ပုံမှားရေးသားခဲ့သည်။ ငလေးက နငယ်သတ်ဖြင့် ရေးသင့်ကြောင်း ပြောသောအခါ ငသာက 'နင်ပဲငဆ' ပြောဆို၍ ငလေးက ထောင်းသတ်ရိုက်ပုတ်ခဲ့၏။ ယင်းအမှုကို ရေစကြိုခုံတော်က ဒေါသကြောင့် အမှားမဖြစ်စေရေးရည်စူးလျက် ငလေးအား အစုမဲ့ကျွန် (၁၀) ဖိုးလျော်စေရန်၊ ရာဇဒဏ် (၁၀) ချက်ရိုက်ခတ်ခံစေရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကို ထိထိရောက်ရောက်အရေးယူအပြစ်ပေးခဲ့ကြောင်း သိရှိနိုင်သည်။

ထိုနည်းတူ ငမွေးကို ငကြီးက ခဲနှင့်ပစ်သောခဲပစ်မှုတရားဖြတ်ထုံးတွင်လည်း တရားလိုနှင့် တရားခံနှစ်ဦးကို စစ်မေးရာတွင် ငကြီးကခဲဖြင့်ပစ်ကြောင်း၊ ငမွေးကို မထိမှန်ကြောင်း ကွယ်ကန်ချက်ထွက်ဆိုခဲ့၍ သစ္စာပြုကျမ်းကိုင်စစ်ဆေးခဲ့၏။ ငမွေးက သစ္စာပြုကျမ်းကိုင်ဆိုဝံ့သောကြောင့် ငမွေးအဆိုအတိုင်း မှန်ချေသည်ဟုဆုံးဖြတ်၍ ငကြီးက ငမွေးအား အစုမဲ့ကျွန်တစ်ယောက်ဖိုး(၆၀)ကျပ်ပေးလျော်စေဟု ဆုံးဖြတ်ခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ကာယကံမြောက်လက်ရောက်မှု၊ လက်လွန်မှုများကို အန္တရာယ်ကြီးသောအမှုများတွင်သာ ထိရောက်စွာ အရေးယူခဲ့သည်မဟုတ်။ လက်ရောက်မှု၊ လက်လွန်မှုမှန်သမျှကို အမှုကြီးအမှုငယ်မရွေး ထိရောက်စွာ အပြစ်ပေး ဆုံးဖြတ်ကာ မတရားမှုနှင့် ဒုစရိုက်များ ပပျောက်အောင် ပံ့ပိုးရွက်ဆောင်ခဲ့သည်။

ပျဉ်ခုံတိုက်မှုတရားဖြတ်ထုံးသည် မြန်မာလူမျိုးတို့၏ နိမိတ်ကောင်းနှင့် မင်္ဂလာယူတတ်မှုဓလေ့ထုံးစံကို ဖော်ပြနေ၏။ ပျဉ်ခုံ ဟူသည် လူသေအလောင်းတင်သောခုံဖြစ်သည်။ မိတောက မိမိ၏အိမ်ကြမ်းခင်းတင်းဝါးကို ငစံလျှောက်သည် လူသေအလောင်းတင်သည့်ပျဉ်ခုံထမ်းလာစဉ် တိုက်မိသဖြင့် မင်္ဂလာမရှိဖြစ်ရကြောင်း တရားစွဲဆိုရင်ဆိုင်သောဖြတ်ထုံးဖြစ်သည်။

အမွေမှုတရားဖြတ်ထုံးတွင် ဇေယျကျော်စွာနှင့် မယားကြီးမိဖြူတို့မှ သားငဘူကိုဖွားမြင်သည်။ ဇေယျကျော်စွာသည် အိမ်တွင်ခိုင်းထားသော မိလုကို ငွေ(၇၀)ကျပ်ကျော်ပေး၍သိမ်းပိုက်ခဲ့ရာ ငသားကိုဖွားမြင်သည်။ ဇေယျကျော်စွာသည် ငသက်စံကိုလည်း အမွေစားအမွေခံအဖြစ် တရားဝင် သတ်မှတ် မွေးစားခဲ့သည်။ ဇေယျကျော်စွာသေသည်။ သားကြီး ငဘူလည်း သေ၏။ ဤတွင် ငသားနှင့် ငသက်စံတို့ အမွေမှုဖြစ်သည်။ ဤအမှုတွင် ရေစကြိုခုံတော်သည် ငသားကို ငွေဝယ်ကျွန်မသားအဖြစ် မနှိမ်ခဲ့ပေ။ ဇေယျကျော်စွာ၏ ရင်နှစ်သားအရာမြောက်၊ မမြောက်မှုအပေါ် မူတည်ဆုံးဖြတ်ခဲ့သည်။ ဇေယျကျော်စွာ၏ ရင်နှစ်ဩရသအရာမြောက်သောကြောင့် ဩရသအစုကိုရရှိစေပြီး ငသက်စံကို ကတ္တိမသားအစုရရှိစေခဲ့သည်။ သို့သော် တရားလို တရားခံနှစ်ဦးက အမွေကို တစ်ယောက်တစ်ဝက်စီယူကြရန် ကတိပြု သဘောတူညီခဲ့သောကြောင့် အမွေကို အညီအမျှခွဲဝေယူရန် ခုံတော်က ဆုံးဖြတ်ခဲ့သည်။

လူ့ဘောင်လောက သာယာငြိမ်းချမ်းရေးတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည်။ အဓိကျသည်။ တရားဓမ္မသတ်နှင့်အညီ ဆုံးဖြတ်ရန် ခုံတော်(တရားသူကြီး)တို့၏ အဂတိကင်းရှင်းရေးသည်လည်း ပဓာနဖြစ်သည်။ ရေစကြိုခုံတော်ဖြတ်ထုံးများတွင် ရေစကြိုခုံတော် (ရန္တမိတ်ကျော်ထင်) ၏ ခုံတော်၏သမာဓိတရားဓမ္မသတ်ဥပဒေနှင့်အညီ တရားမျှတစွာ ဆုံးဖြတ်မှု၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လောကီရေးရာအတွေးအမြင်၊ ဘာသာရေးဆိုင်ရာအဆုံးအမ၊ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်၊ မြန်မာ့ဓလေ့တရားဥပဒေများ၏အနှစ်သာရများနှင့်အညီ ဆုံးဖြတ်ချက်များကို အထင်အရှား ဖော်ပြလျက်ရှိနေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ ရေစကြိုခုံတော်ဖြတ်ထုံး (ရန္တမိတ်ကျော်ထင်)


၂။ ဖြတ်ထုံးလျှောက်ထုံးများမှ မြန်မာ့ယဉ်ကျေးမှု၊ (ဒေါ်စန်းစန်းရီ၊ ကထိက၊ မြန်မာစာဌာန (ရန်ကုန်တက္ကသိုလ်)၊ မြန်မာစာသုတေသနဂျာနယ် အတွဲ (၂)၊ အမှတ် (၁)၊ ၁၉၉၇ ခုနှစ်၊ မတ်လ



www.burmeseclassic.com

www.burmeseclassic.com

# အဏ္ဏဝါလှိုင်း ဒိုင်ယာရီကိုလေသာအကြောင်း



## ၁။ ဘုရားဒကာကြီး ဦးတောက်တဲ့

၁၉၉၅ ခုနှစ်က ဖြစ်သည်။ မိတ္ထီလာအနောက်ဘက် ဩဇာခြံမြေရွာတွင် ဘုရားထီးတင်ပွဲကျင်းပခဲ့သည်။ ဩဇာခြံရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောရွာ ဖြစ်၏။ မိတ္ထီလာ - ကျောက်ပန်းတောင်းလမ်းမှ ဆည်တိုသို့သွားသောလမ်းရှိ၏။ ဆည်တိုရောက်သောအခါ မြေသားလမ်းအတိုင်း အနောက်ဘက်သို့သွားလျှင် ချောင်းတွေ့ပါသည်။ ထိုချောင်းထိပ်တွင် ရွာတည်ထားသည်။ ဩဇာခြံကျောင်းဆရာတော်မှာ ရှေးဟောင်းဘုရားကြီး (၃) ဆူကို ရှေးမူမပျက် ပြန်လည် မွမ်းမံချင်၏။ ဟောင်းနေသောထီးကိုချပြီး ထီးအသစ်တင်ချင်၏။ မိမိတွင် ဝတ္ထုငွေကြေးမရှိပါ။ ဩဇာခြံရွာတွင် ဘုရားပြင်နိုင်မည့်သူ၊ ထီးတင်နိုင်မည့် ဘုရားဒကာ၊ ထီးဒကာများ မပေါ်ပေါက်ပါ။ လှူချင်သော်လည်း ဆင်းရဲကြသဖြင့် ကိုယ့်ဝမ်းစာမှ အနိုင်နိုင်ဖြစ်သည်။

တစ်နေ့သောအခါ ဆရာတော်၏ ဆန္ဒပြည့်ပါပြီ။ မိတ္ထီလာမှ ဒကာပေါ်သဖြင့် ဘုရားကြီးအား ပြန်လည်ပြုပြင်ကြသည်။ ဘုရားကြီး ပြုပြင်ပြီးနောက် ထီးတင်ရန် မန္တလေးသို့ ထီးမှာကြ၏။ ထီးတင်ပွဲရက် သတ်မှတ်ပြီးနောက် မိတ္ထီလာမှ စိန်ဝင်းနိုင်မင်္ဂလာဆိုင်းကို ငှားပြီး ထီးတင်ပွဲကျင်းပကြလေသည်။ ကျွန်ုပ်သည် ဇရပ်ကုန်းမှ ဦးဘိုကံ၏ ဖိတ်ကြားချက်အရ ဦးကျော်ရှိန်နှင့်အတူ ရောက်သွားသည်။ ကျွန်တော်တို့ရောက်သွားသောအခါ ထီးတင်ဖို့ကိစ္စကြီးကို ချောချောမောမောတင်နိုင်အောင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ပေးရလေသည်။

စေတီတော်(၃)ဆူကို ထီးတင်မှာဖြစ်သည်။ အကြီးဆုံးစေတီတော်မှာ (၂၇) တောင်ဉာဏ်တော်ရှိပြီး ထီးအချင်း (၃) ပေရှိသော စတီးထီးကိုတင်ရမည်။ ပထမဆုံး ထီးခံကို ငှက်ပျောဖူးတွင်စွပ်ပြီး အဦးဆုံးနေရာချထားရ၏။ ထီးခံ၏ အတွင်းသားနှင့် ငှက်ပျောဖူးအကျယ် စွပ်မိ၊ ငုံမိရုံအနေအထားဖြစ်ရမည်၊ ထီး ကို ရေချိန်တင်ပြီး အထက်၊ အော ရေချိန်ညီရအောင်ထားရသည်။ ရေ ညီအနေအထားရမှ ထီးခံကို ဘယ် မရွေ့နိုင်အောင် ငှက်ပျောဖူးနှင့် မဆလာဖြင့်အုပ်ပေးရလေသည်၊ သည် ဘုရားထီးတော်အားလုံးကို ထမ်းရွက်ရသည်။ ထီးခံစွပ်ပြီးနော



www.burmeseclassic.com

www.burmeseclassic.com

ပိန္နဲတိုင်ကိုစိုက်ရလေသည်။ ပိန္နဲတိုင်ကို စိုက်ရာတွင်တိုနေခြင်း၊ ရှည်နေခြင်းမဖြစ်အောင် ထီးဘုံဆင့်များကို တစ်ဆင့်စီတိုင်းရ၏။ ထီးဘုံဆင့်ဆင့်တိုင်းပြီးနောက် ငှက်ချေးခံခေါ် ရွှဲသီး(၃)လုံးကိုတိုင်းရ၏။ ပြီးနောက် ပန်းတောင်(၃)ခုကိုတိုင်းရ၏။ ပန်းတောင်ပြီးနောက် ငှက်မြတ်နားကိုတိုင်းရ၏။ ငှက်မြတ်နား၏ အထက်တွင် စိန်ဖူးတော်ရှိလေသည်။ စိန်ဖူးနှင့် ငှက်မြတ်နားကြားကွာခြားမှု (၆) လက်မ၊ ငှက်မြတ်နားနှင့် ပန်းတောင့်ကွာခြားမှု (၆) လက်မ၊ ပန်းတောင်တစ်ခုနှင့်တစ်ခု ကွာခြားမှု (၃) လက်မစီ ခြားထားရလေသည်။ ငှက်မြတ်နား၏အောက်တွင် ပန္နက်တိုင်ကိုထိန်းသောကလပ်တစ်ခုရှိသေးသည်။ ထိုကလပ်သည် ပန္နက်တိုင်ကို အသေကျပ်ပြီး စတီးကြိုး (၄)ချောင်းချည်ကာ ထီးအောက်သို့ချပြီး ငှက်ပျောဖူးတွင်ရှိသောထီးခံနှင့်ဆွဲထားရလေ၏။ ထိုကြိုး(၄)ချောင်းဖြင့် ပန္နက်တိုင်အတည့်အမတ်ကိုချိန်ရလေသည်။

ထိုသို့ ထီးမတင်မီ ထီးတော်၏ အမြင့်ကို အဆင့်ဆင့်တိုင်းပြီး ထီးခံပေါ်တွင် အမြင့်မည်မျှထားရသည်ကို သိရလေသည်။ ပန္နက်တိုင်သည် ငါးမူးလုံး စတီးသံချောင်း ဖြစ်ပါသည်။ ထီး၏ အမြင့်ကို သေချာစွာ မှတ်သားပြီး ငှက်ပျောဖူးအတွင်းရှိပိုက်ထဲသို့ ပန္နက်တိုင်ကို





www.burmeseclassic.com

www.burmeseclassic.com

စိုက်ထူရပေသည်။ ပန္နက်တိုင်၏အရင်းမှာ (၅) မူးလုံးဖြစ်ပြီး ငှက်ပျောဖူးထဲမှ ပိုက်မှာ (၁)လက်မပိုက်ဖြစ်၍ အတော်ကျယ်ပါသည်။ လိုအပ်သည့် အကွာအဝေးရောက်အောင် ပန္နက်တိုင်ကို ထည့်ပြီး ပန္နက်တိုင်ပတ်လည်သို့သဲထည့်ရလေသည်။ သဲဖြင့် ပန္နက်တိုင်ကိုကျပ်ပြီး (၉၀) ဒီဂရီရအောင် ချိန်ပေးရလေသည်။ ထီးခံစွပ်ပေးခြင်း၊ ပန္နက်တိုင်ထူပေးခြင်းမှာ ထီးမတင်မီ ကြိုတင်ပြင်ဆင်ရသည့်လုပ်ငန်း ဖြစ်ပါသည်။

"ကိုကျော်ရှိန်၊ ခင်ဗျားက ဘုရားငြမ်းပေါ် တက်ဗျာ။ ထီးခံကို ရေချိန်ကိုက်စွပ်ပြီး မဆလာနဲ့ အသေမ်လိုက်ပါ။ ပိန္နဲတိုင်ထူဖို့ အလံလွှင့်ထားတဲ့ ဝါးကိုနုတ်လိုက်တော့"

ထီးမတင်မီ ဘုရားငုတ်တိုပေါ်တွင် ဝါးဖြင့် သာသနာ့အလံကို လွှင့်ထူထားခြင်း ဖြစ်ပါသည်။

"ဟုတ်ကဲ့"

"ကျွန်တော်က ပိန္နဲတိုင်နဲ့ ထီးကိုစွပ်လို့ရ၊ မရ စစ်မယ်။ ပိန္နဲတိုင်စိုက်လို့ရအောင်မှတ်ပေးမယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ဘုရားပေါ်တက်ပြီး လုပ်စရာရှိတာလုပ်လိုက်ဦးမယ်"

"ဦးကျော်ရှိန်နှင့် ပန်းရန်အဖွဲ့ (၃) ယောက် ဘုရားပေါ် သို့တက်ပြီး ထီးခံကို နေရာချနေကြ၏။ ရေချိန်တင်ပြီး မဆလာဖြင့် ငှက်ပျောဖူးကိုအုံးပေးကြ၏။ နေရာချထားပြီး သာသနာ့အလံလွှင့်ထားသော ဝါးငုတ်ကိုချုတ်ထားကာ အောက်သို့ဆင်းလာလေ၏။ ကျွန်တော်က ထီးသေတ္တာကိုဖွင့်ပြီး ဖျာပေါ် မှာ ဖြန့်နေ၏။ ပထမဦးဆုံး ထီးများ အပြည့်အစုံပါ၊ မပါ စီစစ်ရ၏။ ထီးတင်ခါနီးမှ ဘုံတစ်ခုခုလို၍ ထီးတင်ဖျက်တာလည်းရှိခဲ့ဖူးပြီ။ ထီးအင်္ဂါစုံလင်စွာပါကြောင်းသိရသောအခါ ဒုတိယထီးနှင့် ပိန္နဲတိုင်ဝင်ဆံ့မှု ရှိ၊ မရှိစစ်ရ၏။ ထီးမကြီး၏ အလယ်အပေါက်များ ကျယ်သော်လည်း ငှက်ချေးခံ၊ ရွှဲသီး၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့မှာ ပိန္နဲတိုင်နှင့်မဝင်ဘဲ အပေါက်ကျဉ်းနေတတ်၏။ ကြိုတင်မသိဘဲ ထီးတင်မှသိပါက ထီးတင်မရဖြစ်တတ်သည်။ ငြမ်းပေါ်တွင် ထီးတင်လို့ရအောင် သံဖြတ်လွှဖြင့်ဖြတ်၍ ပိန္နဲတိုင်မှာစွပ်ရတဲ့အခါလည်းရှိ၏။ ထို့ကြောင့် ပွဲမဝင်မီ အပြင်မှာကျင်းပရခြင်း ဖြစ်လေသည်။

"ပိန္နဲတိုင်နဲ့ ထီးတွေအားလုံး ဝင်၊ မဝင် စစ်ပြီးလား"

"စစ်ပြီးပြီ၊ အားလုံးဝင်တယ်"

"ဒါဆိုရင် ထီးတွေနေရာယူမယ့် အကွာအဝေး၊ ငှက်ပျောဖူးထဲမှာနေတဲ့ အကွာအဝေး တိုင်းပြီးပြီလား"

"တိုင်းပြီးပြီ၊ ထီးအမြင့် (၁၀) ပေရှိတယ်။ ငှက်ပျောဖူးထဲမှာ (၂၂) ပေရှိတယ်"

"ဒါကို သေချာအောင် ပိန္နဲတိုင်ကို တံစဉ်းနဲ့ခြစ်ထားပေးပါ"

"ဟုတ်ပါပြီဗျာ"

ကျွန်တော်တို့နှစ်ယောက် အတိုင်အဖောက်ညီညီ ဆောင်ရွက်သည်ကို ဦးဘိုကံနှင့် ဗိုလ်မှူးခင်မောင်လွင်တို့ ဝိုင်းကြည့်နေကြသည်။

"ဒီဖြူမည်းညီနောင်က ထီးတင်တဲ့ နေရာမှာအတော်ကျွမ်းကျင်တာ။ အဘရဲ့ သားသမီးတွေ ပီသပါပေတယ်ဗျာ"

"သိပ်ချီးကျူးမနေနဲ့၊ ကိုယ်တိုင်သိအောင်လည်း လေ့လာကြဦး"

"ဟုတ်ပါပြီ"

မကြာမီ ဩဇာခြံဆရာတော်ကြွလာပြီး ကျွန်တော်တို့နှစ်ယောက်လုပ်တာကြည့်ပြီး ဝမ်းသာနေ၏။ ကျွန်တော်တို့သောက်ရန် ဆေးလိပ်ဘူးများလာပေးနေသည်။

"ဆရာတော်မျက်နှာလိုက်တယ်၊ ဘာလို့ ဒီနှစ်ယောက်ကို ဆေးလိပ်ဘူးပေးတာလဲ"

"ဒကာနှစ်ယောက်က ဒီရွာကို အဘကြွလာအောင် ပင့်ဖိတ်ပေးတာ။ အဘ ဒီကိုကြွလာလို့ ထီးတင်မယ့်ဒကာပေါ်လာတာ ဘယ်လောက်ကျေးဇူးများသလဲ"

ကျွန်တော်တို့ နှစ်ယောက်သည် ပိန္နဲတိုင်ကိုယူပြီး ဘုရားကြီးပေါ် သို့တက်သွားသည်။ဘုရားပေါ် တွင်ရောက်သောအခါ ပိန္နဲတိုင်စိုက်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ သို့သော် အသံတစ်သံကြားလိုက်ရ၏။

"တောက်တဲ့. . . တောက်တဲ့. . . တောက်တဲ့. . ."

တောက်တဲ့အော်သံ ဘယ်ကလာသလဲဆိုတာ ကြည့်လိုက်တော့ ပိန္နဲတိုင်စိုက်မည့် ဘုရားငှက်ပျောဖူးကျင်းထဲမှ ဖြစ်သည်။ ဘယ်အချိန်ကဝင်နေရာယူနေလဲမသိ။ တောက်တဲ့ခပ်ကြီးကြီး တစ်ကောင်အသံပေးနေလေတော့သည်။ တော်သေးသည်၊ အသံပေးလို့၊ ဒီလိုသာ အသံမပေးဘူးဆိုလျှင် ပိန္နဲတိုင် (၅) မူးလုံး စတီးသံချောင်းထည့်လိုက်လျှင် တောက်တဲ့ပေါ် ဖိမိပြီးသေမှာပဲ။

"ကိုကျော်ရှိန်ရေ၊ ပိန္နဲတိုင်ထည့်[illegible] တော့ မရသေးဘူးဗျ။ ဒီကောင်ကြီး[illegible] ကို သတ်သလိုဖြစ်နေမယ်၊ ရွာသား[illegible] ခေါ်ပါဦး"

"ကိုရှည်ကြီး၊ ကိုရှည်ကြီး"

"ဟုတ်ကဲ့ - လာပါပြီ၊ လာပါပြီ"

"ငှက်ပျောဖူးကျင်းထဲမှာတောက်တဲ့[illegible] ဝင်နေတယ်ဗျ။ ဒီကောင်ကြီးကို မသေ[illegible] စေချင်ဘူး၊ အပြင်ရောက်အောင်ထုတ်[illegible] ပေးစမ်းပါဦး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကိုရှည်ကြီးဆိုသူသည် ဝါးလုံး[illegible] ရှည်တစ်ချောင်းယူပြီး ဘုရားငှက်ပျော[illegible] ဖူးကျင်းထဲမှ တောက်တဲ့ကိုမောင်းထုတ်[illegible] နေလေသည်။ ဒီကောင်က ဝါးနဲ့[illegible] လည်း အသေခံပဲခံတာ မထွက်[illegible] ဘယ်လိုမောင်းမောင်း မထွက်[illegible] ကိုရှည်ကြီး လက်မြှောက်အရှုံးပေး[illegible] ဘုရားပေါ်မှ ပြန်ဆင်းလာသည်။

"မိတ္ထီလာမှဆရာတို့ရေ၊ တောက်တဲ့[illegible] ကို မောင်းလို့မရဘူးဗျ"

"ဟာ - ဒါမှဒုက္ခ။ ဒီကောင်ကြီး[illegible] နေရင် ပိန္နဲတိုင်စိုက်လို့ရမှာမဟုတ်[illegible] ဒါဆို မနက်ဖြန် ဘုရားထီးတင်ဖို့ ခက်[illegible]

နောက်ထပ်ရွာသားများ[illegible] လာပြီး တောက်တဲ့ကို ရေများလောင်း[illegible] မောင်းထုတ်ပြန်သည်။ ရေအပြည့်[illegible] သော်လည်း ရေထဲတွင် ရေငုပ်နေ[illegible] တော့သည်။ တောက်တဲ့ကမထွက်[illegible] ရေများအကွဲကြားမှစိမ့်ထွက်ပြီး ရေ[illegible] သွားလေတော့သည်။ ကျွန်ုပ်က သ[illegible] ပြီး အဘကို သွားလျှောက်လေ[illegible] သည်။

"အဘ၊ တောက်တဲ့ကြီးတစ်[illegible] ဘုရားငှက်ပျောဖူးကျင်းထဲမှာဝင်နေ[illegible] ဘယ်လိုမှ မောင်းလို့မရဘူး"

"အင်း - အစွဲ၊ အစွဲ။ စွဲလွန်း[illegible] မကောင်းဘူး"

"ဘာကိုပြောတာလဲ အဘ"

"ဒီတောက်တဲ့က အခြား[illegible] ဘူး။ ဒီဘုရားတည်ခဲ့တဲ့ ဘုရားဒ[illegible] သူ့ဘုရားကို သူကိုယ်တိုင် ထီးတင်[illegible] နေတာ။ ဒါကြောင့် မထွက်ဘဲ အ[illegible] နေတာ"

"ဩော် - ဒီလိုလည်းရှိတာ[illegible]"

"အေးအေး၊ ငါပြောလိုက်[illegible]"

အဘအောင်မင်းခေါင်သည် [illegible] ခြေသို့ကြွလာပြီး ဘုရားဒကာ[illegible] လေတော့သည်။ တောက်တဲ့ကြီး[illegible] ထိုအခါကျမှ ငှက်ပျောဖူးကျ[illegible] ထွက်လာပြီး အဘခြေထော[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာလေတော့သည်။

"မင်းက ဘုရားတည်ခဲ့တဲ့ ဘုရားဒကာပဲ။ ဘာတွေကြောင့် ဒီလောက်နှဲလမ်းနေလို့ မလွတ်မကျွတ်ဖြစ်တာပဲ။ မင်းကိုယ်တိုင် ထီးတင်ဖို့မဖြစ်နိုင်ဘူး။ ငါကိုယ်တိုင် ထီးတင်ပေးမယ်။ ဘုရားဒကာကို အမျှပေးမယ်၊ အခုတော့ ခဏရှောင်ပေးနော်"

"ဟုတ်ကဲ့ပါ အဘ"

တောက်တဲ့ကြီးသည် ရီဝေသောမျက်ရည်များဖြင့် ဘုရားကိုတစ်ချက်၊ အဘကိုတစ်ချက်ကြည့်ပြီး ကျောင်းခေါင်မိုးပေါ်သို့ တက်ပြေးလေတော့သည်။

ကျွန်ုပ်သည် ဘုရားဒကာတောက်တဲ့ကိုကြည့်ပြီး တရားရနေပါတော့သည်။ ဘုရားတည်ပြီး မိမိကုသိုလ်ကောင်းမှုအစုစုတို့ကို သံဃာတော်များထံ ရေစက်ချလှူဒါန်းရ၏၊ မိမိပစ္စည်းမဟုတ်တော့၊ မိမိပိုင်လည်း မဟုတ်တော့ပါ။ အားလုံး စွန့်လွှတ်လှူဒါန်းပြီးဖြစ်ရသည်။ မိမိထံတွင် ကုသိုလ်ပဲကျန်ရစ်ရမှာ။ ငါ့သို့မယူဘဲ ဘုရားဒကာသည် ငါ့ဘုရား၊ ငါတည်တာ၊ ငါ့လောက်လှူနိုင်တာ ရှိသော ဒိဋ္ဌိတရားက သူ့ကိုအနိုင်ယူသွားပေတော့သည်။ ကုသိုလ်က မေ့မှိန်ပြီး ဒိဋ္ဌိကိလေသာက တောက်တဲ့ဘဝထိအကျိုးပေးလေတော့သည်။

## ၂။ မြင်ဦးလွင် ချမ်းမြေ့ရိပ်သာမှ သာဓုသံ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ အေးချမ်းသော ဆောင်းကာလတွင် မြင်ဦးလွင်သို့ ရောက်လာခဲ့၏။ နွေရာသီတွင် နေထိုင်လို့ကောင်းသော မြင်ဦးလွင်သည် ယခုလို ဆောင်းရာသီတွင် မနေထိုင်နိုင် အေးလွန်းလှသည်။ ရေကိုင်၍ မထိရဲ။ ရေခဲရေအလား ထိလျှင် ကျိန်းမိန့်သွား၏။ ရေချိုးဖို့ဝေးလို့ မျက်နှာသစ်နိုင်တော့၊ ဘာလို့လာရသလဲဆိုတော့ ကျွန်တော့်သူငွေးက စေလွှတ်၍ရောက်လာရသည်။ ဘုန်းကြီးကျောင်းမိုးယိုလို့ မိုးလုံအောင်ပြင်ပေးရန် ဖြစ်သည်။

ဘုန်းကြီးကျောင်းက မြင်ဦးလွင်အနီးခန်းမှာရှိသည်။ အနီးစခန်းဘူတာအနား THE VIEW သို့သွားရာလမ်းဘေးတွင် တည်ရှိသည့် ချမ်းမြေ့ရိပ်သာကျောင်းဖြစ်သည်။ ကျွန်ုပ်သည် ကျောင်းရောက်လျှင် ဆရာတော်အား ဝတ်ဖြည့်ပြီး မိုးယိုလုံသောကျောင်းကို မိုးလုံအောင် ပြင်ဆင်ရွက်ပေးဖို့လာခဲ့ပါကြောင်း၊ ဒကာမှာ စင်ကာပူမှာဖြစ်ကြောင်း လျှောက်ထားရလေ၏။

"ဒကာကြီးကဘယ်ကလာတာလဲ"

"တပည့်တော်က ရန်ကုန်က လာတာပါဘုရား"

"ဒကာကြီးကို ဘယ်သူကလွှတ်လိုက်တာလဲ"

"တပည့်တော်ရဲ့ ကုမ္ပဏီကလွှတ်လိုက်တာပါ။ တပည့်တော်တို့က A ကုမ္ပဏီပါဘုရား"

"ချမ်းမြေ့ဆရာတော်ကြီးကတော့ ပြောထားပါတယ်။ မိုးမလုံတဲ့ကျောင်းတွေ မိုးလုံအောင်ပြင်ဖို့ စင်ကာပူက လာလိမ့်မယ်လို့ပြောတာ"

"စင်ကာပူကဒကာနဲ့ တပည့်တော်တို့ဆရာနဲ့ သူငယ်ချင်းပါ ဘုရား။ စင်ကာပူက ဖုန်းဆက်ပြီး အကူအညီတောင်းလို့ တပည့်တော်ကို လွှတ်လိုက်တာပါ ဘုရား"

"ဆရာတော်ကြီးက အခု တရုတ်ပြည်သွားကြတယ်"

"ဆရာတော်ကြီးက နိုင်ငံတကာမှာ သာသနာပြုနေတာသိရလို့ ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို တပည့်တော်တို့ ကန်တော့ပါတယ် ဘုရား"

"ဆရာတော်ကြီး စင်ကာပူကြွစဉ်ကလှူလိုက်တာ အခု အကောင်အထည်ဖော်ပြီပေါ့။ လာလာ-ဒကာကြီး၊ ဦးပဉ္စင်းလိုက်ပြမယ်"

"တင်ပါ့ဘုရား"

"ချမ်းမြေ့ဘုရားတော်ကြီး အရှင်ဇနကာဘိဝံသ၏တပည့်အရှင်ဝိသုဒ္ဓါစာရ (သာသနဓဇဓမ္မစရိယ)ဖြစ်သည်။ မိုးမလုံသောဓမ္မာရုံကြီးကိုပြ၏။ ဓမ္မာရုံကြီးသည် (၁၀၀×၈၀) ပေကျယ်၏။ စင်္ကြံလမ်းများ၊ ဘုရားလမ်းနှင့် အိမ်သာများပါတွဲ၍ဆောက်လုပ်ထား၏။ အမြင့်(၁၂)ပေခန့်ရှိမည်။ အမိုးမှာ နီညိုရောင်သွပ်မိုးထားပြီး လယ်ပေါ် (၃) ပေခန့်ဖြင့် ဘုံတစ်ခုပေါက်ထား၏။ ထိုအလယ်ပေါ်မှာ ပန်းတောင်၊ ပန်းဆွဲနှင့် လင်းနို့တောင်များ တပ်ဆင်ထားသဖြင့် အလွန်လှပ၍ ကျက်သရေရှိပါသည်။ ဤကဲ့သို့ ခံ့ညားထည်ဝါသောဓမ္မာရုံကြီးမှာ နေ့စဉ်တရားအားထုတ်သောယောဂီများရှိ၏။ တရားဟောခြင်း၊ တရားပြခြင်းအမှုကို ဆရာတော်များကလည်း နေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်။

သာသနာအတွက် များစွာအကျိုးများသော ဓမ္မာရုံအလှူရှင်ကို အားကျမိ၏။ သူ၏ဒါနကုသိုလ်ကိုလည်း ချီးကျူးစိတ်၊ သာဓုအကြိမ်ကြိမ်ခေါ်ပြီး ပီတိဖြစ်နေပါသည်။

"ဒကာကြီး၊ ဒီဓမ္မာရုံကြီးထဲကိုဝင်ကြည့်ပါ။ မျက်နှာကြက်မှာ ယိုနေတာတွေ့လိမ့်မယ်"

"တင်ပါ့ ဘုရား"

ကျွန်ုပ်သည် တရားအားထုတ်နေသော ယောဂီ (၂၀) ဦးခန့်ရှိသဖြင့် ဖြည်းညင်းစွာဝင်ပြီး မျက်နှာကြက်ကို မော့ကြည့်သောအခါ တစ်ပတ်လည် မိုးယို၍ မျက်နှာကြက်ဆွေးနေတာကို တွေ့ရလေသည်။ အပြင်ထွက်လာပြီး ဆရာတော်နောက်သို့လိုက်သွား၏။

"ဒီအဆောက်အအုံက အမေရိကားက မွတ်စလင်ကုလားတစ်ယောက်လှူတာ"

"မှန်ပါ့၊ ဘယ်လိုအကျိုးအကြောင်းဆက်စပ်တာလဲသိချင်ပါတယ် ဘုရား"

"ဒီကုလားက မန္တလေးကပါ။ ဆရာတော်ရဲ့ တရားနာပြီး ဗုဒ္ဓဘာသာဖြစ်သွားတာ။ အခုနေတာက အမေရိကားမှာနေတာ"

"တင်ပါ့ ဘုရား၊ အမှန်တရားသိတဲ့သူတွေက ဗုဒ္ဓဘာသာတွေဖြစ်ကြတယ်။ မိရိုးဖလာဗုဒ္ဓဘာသာတွေကြတော့ အမှန်/အမှားမသိဘဲ အခြားဘာသာကို ကူးပြောင်းကြတယ်"

"ဗုဒ္ဓရဲ့ တရားတန်ဖိုးကိုသိလို့ မြင်ဦးလွင် ချမ်းမြေ့ရိပ်သာမှာ (၉)တောင်ပြည့် ဘုရားတစ်ဆူ၊ သိမ် (၁) လုံး၊ အခုတရားထိုင်တဲ့ ဓမ္မာရုံတို့ကို လှူခဲ့တာပဲ"

"တပည့်တော် သာဓုခေါ်လိုပါတယ်ဘုရား။အမှန်တရားရောက်အောင် လမ်းပြခဲ့တဲ့ ဆရာတော်ဘုရားရယ်၊ အမှန်/အမှား ခွဲခြားတတ်တဲ့ ဒီကုသိုလ်ရှင်ရယ် အရမ်း လေးစားဂုဏ်ယူမိပါတယ် ဘုရား"

"ဒီဓမ္မာရုံမိုးယိုတာ ထူးဆန်းတယ် ဒကာကြီး"

"သိပါရစေ ဘုရား"

"အခုလို မိုးယိုလို့ အမိုးဖွင့်ပြီး အကြီးစားပြုပြင်ပြီးပြီ။ အမိုးအသစ်မိုးခဲ့ပြီးပြီ။ ဒါပေမယ့် မူလမိုးယိုတဲ့နေရာမှာပဲ ထပ်ယိုတာပဲ ဒကာကြီး"

"မိုးယိုလို့ ထပ်ပြင်တာ မိုးယိုတယ်ဆိုတာ စဉ်းစားစရာပဲဘုရား။ တပည့်တော်က တရားဟောတဲ့ ဆရာတော်တွေ၊ တရားနာတဲ့ ယောဂီတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာအေးအေးချမ်းချမ်းဖြစ်အောင် မိုးယိုတဲ့ဒုက္ခကိုငြိမ်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားပြီး ဆောင်ရွက်ပေးတာပါ ဘုရား"

"ကောင်းပြီ ဒကာကြီး။ ဒကာကြီးကို ဦးပဉ္ဇင်း အကုန်လွှဲအပ်တယ်။ ဒကာကြီးပဲ မိုးလုံအောင်ကြည့်ပြီးဆောင်ရွက်ပေတော့"

"တင်ပါ့ ဘုရား"

ကျွန်ုပ်သည် ဓမ္မာရုံထဲတွင် မိုးယိုသည့် မျက်နှာကြက်ကို လေ့လာ၏။ အမိုးပေါ်သို့တက်ပြီး ဘာကြောင့်ယိုတာလဲဆိုတာကို အဖြေရှာပါလေတော့သည်။ အသက်ငယ်စဉ်၊ နုစဉ်ကတော့ အခုလိုအမြင့်တက်ရတာ ဘာမှကြောက်စိတ်မရှိ၊ လွယ်လွယ်ကူကူတက်နိုင်သော်လည်း ယခု အသက်ရလာတော့ အမြင့်တက်ဖို့ အလွန်ခက်ခဲ၏။ ခန္ဓာကိုယ်မသန်စွမ်းမှု၊ မျက်စိမမြင်မှု၊ ကိုယ့်ကိုယ်ကိုယ်မထိန်းထားမှုတို့ကြောင့် ကြောက်စိတ်တွေဝင်လာ၏။ အေးချမ်းသောမြို့ဆောင်းရာသီတွင် ချွေးတွေထွက်လာပါတော့၏။ တုန်နေသောဒူးကိုရပ်အောင် ခဏနားရ၏။ ရည်ရွယ်ချက်ရောက်အောင် အမိုးပေါ်သို့ တက်ခဲ့ပါသည်။ ဟော - တွေ့ပါပြီ။ ဘုံဆင့်လုပ်ထားပြီး လယ်ပေါ် (၃) ပေခန့် မြင့်ထား၏။ လယ်ပေါ်မှ လင်းနို့တောင်များ၊ ပန်းဆွဲများဖြင့် တန်ဆာဆင်ထားပါတော့သည်။ သွပ်အမိတ်မှာတိုနေသဖြင့် ကျလာသောရေကို ပန်းဆွဲနှင့်လင်းနို့တောင် သွပ်ပြားတို့က ဆီးခံထားပြီး လယ်ပေါ်တဲသို့ ရေပက်သွင်းသလို ဖြစ်နေသည်။ လယ်ပေါ်ဆိုတာ ရေလုံအောင်လုပ်ထားတာမဟုတ်ပါ။ ထိုလယ်ပေါ်မှ ရေကျခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် လက်သမားဆရာများကိုခေါ်ပြီး သွပ်အမိတ်ကို (၁) ပေခန့် ဆက်ပေးရန်၊ လယ်ပေါ်ကိုရေလုံအောင် ပြောင်းသွပ်ဖြင့် ပိတ်ဆို့ရန်၊ သွပ်မိုးများကို ဆီလီကွန်ထိုးရန်တာဝန်ပေးပါသည်။ အားလုံးစိတ်ချရသောအခါ သိမ်ကိုပြုပြင်ရန်ကြည့်ပါသည်။ သိမ်အမိုးသည် ဒိုင်းများနိမ့်ကျနေသဖြင့် ကျွံဝင်နေ၏။ ထိုသို့ကျွံဝင်နေသောနေရာများမှမိုးယိုခြင်းဖြစ်၏။ သွပ်အားလုံးလှန်ပြီး နိမ့်နေသော ဒိုင်းများကိုမြှင့်ရ၏။ ဒိုင်းချုပ်များ ပြန်ပြင်ပေးရ၏။ ရေဆင်းကောင်းပြီး ကြိုးဆွဲကြည့်ရာ ညီနေရာမှ သွပ်အသစ်မိုးပေးရန် စီစဉ်ထားပါတော့သည်။ နေ့လယ်စာကို ချမ်းမြေ့ရိပ်သာမှကျွေးသဖြင့် ရိပ်သာထမင်းကိုစားခဲ့ရပါသည်။ ထမင်းစားပြီး ဆရာတော်ဦးဝိသုဒ္ဓါစာရနှင့် စကားပြောဖြစ်ပါသည်။

"ဆရာတော်ဘုရား၊ ဓမ္မာရုံမိုးယိုတဲ့ အဖြေတွေ့ပြီ ဘုရား"

"ပြောပါဦး ဒကာကြီး"

"တပည့်တော်က စဉ်းစားတယ် ဘုရား။ အသစ်မိုးပြီးလည်း မိုးကဒီနေရာကပဲယိုတာဆိုတော့ အကြောင်းရှိရမယ်ဆိုပြီး ခေါင်မိုးပေါ်တက်ကြည့်တာပါဘုရား"

"ဒကာကြီး အသက်အရွယ်နဲ့ အန္တရာယ်များတယ်၊ ဘာလို့အမြင့်ကြီးကိုတက်ရတာလဲ"

"အလှူရှင်က စင်ကာပူကတောင် လှူတာ။ တပည့်တော်ကုသိုလ်က စေတနာထားပြီးလုပ်ပေးမှ ကုသိုလ်ရမှာပါ ဘုရား။ တပည့်တော်တို့ လာပြင်ပေပြီးလည်း မိုးယိုတာပဲဆိုရင် ဒါနလုပ်ပေးတဲ့ကုသိုလ်ရှင်လည်း အချည်းနှီးဖြစ်ရမှာ။ တပည့်တော်တို့ လာပြင်လည်း ဘာမှမထူးဘူးဆိုရင် ကုသိုလ်ဘယ်ရမှာလဲ ဘုရား"

"အေး - ဒကာကြီးရဲ့စေတနာက ကုသိုလ်ဖြစ်ပါတယ်"

"တပည့်တော်ခေါင်မိုးပေါ်ရောက်တော့ အဖြေတွေ့ပါတယ်ဘုရား။ မိုးယိုတာ လယ်ပေါ်တယိုတာပါဘုရား။ သွပ်အမိတ်အပြင်ထွက်တာလည်း (၃)လက်မလောက်ပဲရှိတော့ ရေကအပြင်သိပ်မရောက်ဘူး။ ကျလာတဲ့ရေကိုလည်း လင်းနို့တောင်ကကာပြီး လယ်ပေါ်ကိုပက်ပေးသလိုဖြစ်တာပါ ဘုရား။ တပည့်တော် မြင်ပေးလိုက်တယ် ဘုရား"

"အင်း-ဒကာကြီးရဲ့ စိတ်ကူးစိတ်သန်းကောင်းတာ ဦးပဉ္ဇင်း ချီးကျူးပါတယ်"

"မဟော်သဓာဇာတ်တော်ထဲကလိုပေါ့ ဘုရား။ ပတ္တမြားဟာ ထန်းပင်ပေါ်မှာရှိတာကိုမသိဘူး ဘုရား။ ရေကန်ထဲမှာပဲရှိတယ်ဆိုပြီး ရေတွေဖောက်၊ ရွှံ့တွေကြားမှာရှာတော့ ဘယ်တွေ့မှာလဲ ဘုရား၊ ပတ္တမြားက ကျီးသိုက်ထဲမှာ ရှိတာလေ။ အခုလည်း မိုးယိုတာ ဘာ့ကြောင့်ယိုတာလဲမရှာဘဲ အမိုးအကုန်ဖွင့်ပြီး အသစ်မိုးပေးလည်းယိုတာ ဒါ့ကြောင့်ပါ ဘုရား"

"ဒကာကြီးက မဟော်သဓာပေါ့"

"ဒီလိုပြောချင်တာ မဟုတ်ပါဘူး ဘုရား။ တပည့်တော်က မိုးယိုတာကို ဖြေရှင်းပေးချင်တဲ့စေတနာသက်သက်ပါပဲဘုရား"

"ဒကာကြီးလည်း အခုလို စိတ်ရောကိုယ်ရောနစ်ပြီး စိတ်ကောင်းစေတနာကောင်းထားတာ ကုသိုလ်အများကြီးရပါတယ်"

"တပည့်တော်ကို အသိအမှတ်ပြု တဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုရား"

ကျွန်ုပ်သည် သိမ်အဆောက်အအုံ ကို အမိုးတွေဖျက်ချပြီး ဒိုင်း၊ မြားတွေ ပြင်ဆင်နေပါသည်။ ထိုအချိန်အတွင်း ချမ်းမြေ့ရိပ်သာမှ ဘဏ္ဍာရေးမှူး အမျိုး သမီးက သိမ်ကိုကြည့်ပြီး ကျွန်ုပ်အား မေးမြန်းလာပါသည်။

"အမိုးအသစ်မိုးမှာလား"

"ဟုတ်ပါတယ် ခင်ဗျ၊ အခုအမိုး က ပတ္တလားလိုဖြစ်နေလို့ အကုန်ဖျက်ခ တာ။ ဒိုင်းတွေညှိပြီးညီရင်တော့ အသစ် မိုးပေးမှာခင်ဗျ"

"မူရင်းအလှူရှင်က ခွင့်ပြုဖို့လည် လိုတယ်။ ခွင့်ပြုဖို့ရအောင် ကျွန်မသွား ပြောရမှာ"

"ဪ - ဟုတ်ကဲ့၊ ဟုတ်ကဲ့ ကျွန်တော်တို့ကတော့ ဆရာတော်ကြီး ခွင့်ပြုချက်နဲ့ ဆောက်လုပ်ပေးတာ ခင်ဗျာ။ အလှူရှင်ကိစ္စတော့ ကျွန်တော် မသိဘူးခင်ဗျ"

"ဟုတ်ကဲ့ အလှူရှင်က အ ကားမှာနေပါတယ်။ ဒီမှာ သူ့ညီရှိတ လေ။ သူ့ညီက မွတ်စလင်ဆိုတော့ အစ်ကိုဆန္ဒအရသာ လုပ်ပေးတာ အစ်ကိုလှူတဲ့ အဆောက်အအုံကို ပြ တာကို သွားပြောရဦးမှာ"

"ဒါဆိုလည်း ကျွန်တော်တို့ ထားရမှာလား"

"ဆရာတော်က ခွင့်ပြု ဆက်လုပ်ပါ။ ကျွန်မက သွားပြော ပါ့မယ်"

ကျွန်ုပ်သည် စေတနာထား လုပ်ဆောင်ပေးခဲ့သော်လည်း မူရင်းအလှူရှင်၏ ခွင့်ပြုချက်လိုကြော အလှူရှင်၏ ဆန္ဒရယူဖို့လိုကြောင်း လေသည်။ ကျွန်ုပ်သိရသည်မှာ သည် သံဃာတော်တို့အား ရေ လှူပြီးပါက မိမိနှင့် မဆိုင်တော့ပါ။ တော် ဘာပဲလုပ်လုပ်ဘာမှစွက် မလိုတော့ပါ။ စွန့်လွှတ်ပြီး ပစ္စည်း ဘာမှစွဲလမ်းရန်မလိုဟု ထင်ပါသည် သို့ ဒိဋ္ဌိတန်းလန်းရှိနေသော မည်သို့ နားလည်ရမည်ကို မသိ နောက်နေ့တွင် ဘဏ္ဍာရေး သမီးမှ အလှူရှင်မှခွင့်ပြုကြောင်း ကို အနီရောင်သွပ်မိုးဖြင့် မိုးပေး ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့က မူလအလှူရှင်ရော၊ နောက်ထပ်တိုးအလှူရှင်ရော၊ ဆရာတော်နဲ့ ယောဂီများအားလုံး စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးသွားမှာပါ ခင်ဗျာ"

"သာဓု၊ သာဓု၊ သာဓု"

၃။ သမီးလေးရဲ့ သံယောဇဉ်ကြိုး

ကျွန်ုပ်တို့ ဇနီးမောင်နှံတွင် သမီးလေးတစ်ယောက်သာ ထွန်းကားခဲ့ပါသည်။ နောက်ထပ်လည်း သားသမီးမရနိုင်ပါ။ အမျိုးသမီး၏ သားအိမ်တွင် ကင်ဆာဟု ယူဆရသော အကျိတ်အဖုတွေရှိသဖြင့် သားအိမ်ထုတ်ပစ်ရလေသည်။ ကံတရားမှပေးသော သမီးလေးတစ်ဦးသာ စုပုံချစ်ရလေ၏။ သမီးလေး (၁၀) တန်းရောက်သောအခါ မိတ္ထီလာ အ-ထ-က (၁) တွင် ကျောင်းနေ၏။ သမီးကို ဆရာဝန်ဖြစ်ချင်သဖြင့် မိဘနှစ်ပါးမှာ မန္တလေးရှိ ဒေါ်နှင်းနှင်းမော်ဘော်ဒါသို့ ပြောင်းရွှေ့အပ်နှံခဲ့၏။ ပထမဆုံးအကြိမ် ခွဲခွာရသော မိခင်၏အပူသည် ဘာအပူနှင့်မှနှိုင်းလို့မရအောင် ပူလောင်နေလေတော့သည်။ ကျွန်ုပ်ရင်မှာ သည်လောက်မတုန်လှုပ်သော်လည်း အမေဖြစ်သူက မခွဲနိုင်ဖြစ်နေပါတော့သည်။

"သမီးဖေဖေ့စကားကိုနားထောင်။ အခု မန္တလေးကို ကျောင်းသွားတက်လာတာက သူများထက် ထူးချွန်စေချင်လို့၊ ဆရာဝန်ဖြစ်စေချင်လို့ လာထားတာ။ ပျော်ဖို့တာ အကြောင်းမဟုတ်ဘူး။ သမီးပညာတတ်ကြီးဖြစ်ဖို့က အဓိက၊ နားလည်လား"

"ဟုတ်ကဲ့ အဖေ"

"မိဘရင်ခွင်ထဲကနေ ပထမဆုံးခွဲရမှာဆိုတော့ နေတတ်အောင် စိတ်ကိုတက်ကြွခိုင်ဖို့လိုတယ်။ စားတာသောက်တာ အမေကထိုင်ပြီး လာမကျွေးနိုင်ဘူး။ ငါ့သမီးကြိုက်တာရှိသလို မကြိုက်တာလည်းရှိမယ်။ သည်းခံရမယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

"အဝတ်အစားလည်း လူပေါင်းစုံနဲ့ အတူနေရမှာဆိုတော့ ကိုယ့်စည်းကိုယ် ထိန်းနေပါ။ ဒီမှာခွဲနေရသလို သမီး ကျောင်းပိတ်ရင်လည်း မိဘနဲ့ခွဲနေရမှာပဲ။ စာသင်ချိန်းက ကျင့်သားရအောင်နေပါ။ ကြိုးစားဖို့လိုတယ်။ စာတွေမသိရင် ဆရာတွေကိုမေးပါ။ ဘာမှကြောက်စရာမလိုဘူး။ တစ်ခုခုဖြစ်ရင် ဖုန်းဆက်။ ဘာမှစိုးရိမ်စရာမလိုဘူး။ သူများနေရင် နေနိုင်ရမယ်၊ သူများစားရင် စားနိုင်ရမယ်။ နောက် သမီးအရွယ်ရောက်စပြုနေပြီဆိုတော့ အချစ်ရေးကိစ္စတွေ စိတ်ထဲမှာမရှိစေချင်သေးဘူး"

"ဟာ - ဖေဖေကလည်း"

"အေးအေး၊ သမီးလေးက လိမ်လိမ်မာမာနေပါလို့ ဖေဖေမှာကြားပါရစေ"

"စိတ်ချပါ ဖေဖေ"

အမေဖြစ်သူ ဒေါ်ချောဌေးမှာ မျက်ရည်တွေကျပြီး သမီးမသိအောင် သုတ်နေသည်။ ရင်ထဲမှာကျိတ်၍ငိုနေလေသည်။ သူ့သမီးကိုဖက်ပြီး နှုတ်ဆက်ရင်း စကားမပြောနိုင်ပါ။ ရင်ထဲမှာ တစ်ဆို့နေလေတော့သည်။ သမီးကတော့ ဘာမှမဖြစ်။ ဝမ်းနည်းဟန်မပြပါ။ မိဘနှင့်ခွဲခွာရမှာကို စိုးရိမ်စိတ်၊ ဝမ်းနည်းစိတ် လုံးဝမဖြစ်ပေ။ အဖေဖြစ်သူမှာတာကို နားထောင်ပြီး ကျန်ရစ်ခဲ့၏။ အမေဖြစ်သူကတော့ သမီးလေးကို ခြင်ထောင်ထောင်ပေး၏။ အိပ်ရာခင်းလည်းခင်းပေးခဲ့၏။ အဝတ်အစားသေတ္တာကိုလည်း နေရာချထား၏။ အဝတ်လှန်းမည့်နေရာ၊ အဝတ်လဲမည့်နေရာတို့ကို မည်သို့ဆောင်ရွက်ပါဟုမှာနေလေသည်။ အချိန်က လူကိုမစောင့်သဖြင့် မိတ္ထီလာသို့ ပြန်ရတော့မည်။

"လာပါ ညီမလေးရာ။ သမီးက နေတတ်ထိုင်တတ်မှာပါ။ မင်းစိတ်ပူမနေပါနဲ့"

ကျွန်ုပ်ကချော့၍ ခေါ်ယူရလေသည်။ ကားပေါ်သို့ ရောက်သောအခါ ကားမောင်းထွက်လာပြီး လမ်းထိပ်သို့ရောက်သောအခါ ပစ္စည်းတစ်ခုမေ့ကျန်ခဲ့သဖြင့် ကားပြန်လှည့်ပါဦးဟု ဆို၏။ ကျွန်ုပ်လည်း ကားပြန်လှည့်ပေးပြီး ဒေါ်နှင်းနှင်းမော်ဘော်ဒါမှ ခွာရသည်မရှိ၊ ပြန်ရောက်နေပြန်ပါသည်။ မချောဌေးသည် ကားပေါ်မှဆင်းပြီး ခြံစည်းရိုးမှ သူ့သမီးကို တိတ်တခိုးချောင်းကြည့်နေလေသည်။ သမီးဖြစ်သူမှာ အဖေ၊ အမေ ပြန်သွားလို့ လွမ်းဟန်မပြ။ ရင်ထဲမှာ ဘယ်လိုမှမနေပါ။ အမေဖြစ်သူက အရိပ်တကြည့်ကြည့်နှင့် သမီးမျက်နှာလေးကို အားရပါးရကြည့်ပြီးမှ ကားပေါ်ပြန်တက်လာပါသည်။ ဪ-မိခင်လုပ်တဲ့သူ၏ သံယောဇဉ်ကြိုးသည် လွယ်လွယ်နှင့် မဖြတ်နိုင်ကြောင်း ကိုယ်တွေ့မို့ သိထိုက်ရလိုက်ပေသည်။

နောက်တစ်ပတ်ကြာသောအခါ မန္တလေးသို့ သွားရပြန်သည်။ အကြောင်းမှာ အမေဖြစ်သူ သူ့သမီးကို စိတ်မချလို့ လွမ်းလို့ လိုက်ပို့ရခြင်း ဖြစ်၏။ သမီးကြိုက်တတ်သော ငါးခြောက်ကြော်၊ အာလူးကြော်များ၊ အစတ်အစားများယူပြီး သမီးထံ လာပို့ပေးကြလေသည်။ သမီးကိုမြင်ရသောအခါမှ ရင်ထဲမှာအလုံး ကြီးကျသွား၏။ လွမ်းစိတ်တွေပြေသွား၏။ သမီးကိုဖက်ပြီး တဝကြီးနမ်းလေတော့သည်။

"သမီး၊ နေတတ်လားဟင်"

"ဟုတ်ကဲ့ မေမေ"

"အိပ်လို့ကောရလားဟင်"

"ရပါတယ် မေမေ။ ဒီကျောင်းမှာ အရည်အချင်းစစ်စာမေးပွဲတစ်လတစ်ကြိမ်ဖြေရမယ်တဲ့ မေမေ။ အမှတ်တွေပေါ်မူတည်ပြီး A,B,C,D ဆိုပြီး အခန်းတွေခွဲပေးမှာ A ရတဲ့သူ အမြဲ A ခန်းမှာ မနေရဘူး။ နောက်စာမေးပွဲမှာ အဆင့်လိုက် အတန်းပြောင်းရမှာ"

"ဆရာမကြီး ဒေါ်နှင်းနှင်းမော်က တော်တော်ချီးကျူးဖို့ကောင်းတယ်နော်။ ကလေးတွေကို စာကြိုးစားချင်စိတ်အမြဲဖြစ်အောင် လုပ်ပေးသလိုပဲ"

"ဟုတ်တယ် ဖေကြီး။ သမီးအခု B အခန်းရတယ်။ A,B,C ရတဲ့သူတွေက (၅) ဘာသာဂုဏ်ထူးတန်းရမယ့်သူတွေလို့ ပြောတယ်"

"ငါ့သမီးကဉာဏ်ကောင်းပါတယ်။ ဉာဏ်ကောင်းတဲ့သူတွေနဲ့ ဆရာမကြီးရဲ့ အသင်အပြကောင်းတာနဲ့ပေါင်းရင်တော့ ဒေါက်တာမကြီးဖြစ်မှာ သေချာတယ်။ ကြိုးစားရမယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

ကျွန်ုပ်က သမီးကိုအားပေးစကားပြောနေသော်လည်း အမေဖြစ်သူကတော့ သမီးကိုကြည့်ပြီး ဝမ်းနည်း၊ ဝမ်းသာဖြစ်နေပါသည်။ အဆောင်မှူး ဒေါ်သန်းသန်းရောက်လာပြီး ကျွန်ုပ်တို့နှင့် စကားလာပြော၏။

"ဦးဇာခြည်ဌေးမိဘတွေနဲ့တူတယ်"

"ဟုတ်ကဲ့-ဆရာမကြီး၊ သမီးလေး လိုတာရှိရင် ကူညီပေးပါ"

"ကျွန်မတို့က ဒီမှာလုပ်တာကြာပြီ။ မိဘနဲ့ သားသမီးခွဲရတဲ့ဝေဒနာကို ခဏခဏတွေ့ရတယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာမ"

"ကျွန်မတွေ့ဖူးတာက သားသမီးက မိဘကိုမခွဲနိုင်လို့ ငိုယိုနေတာ ခဏခဏတွေ့ရတယ်။ ကလေးကိုချော့ပြီးထားခဲ့ရတာ။ တချို့ကလေးတွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှချော့မရဘူး။ အိပ်လည်းမအိပ်ဘူး။ နောက်ဆုံး ဒီမှာထားလို့မရလို့ မိဘပြန်ခေါ်ပြီးလွှတ်ပေးရတာ။ အခု ဇာခြည်ဌေးတို့ကျတော့ သားသမီးကခွဲနိုင်ပြီး မိဘကမခွဲနိုင်ဘူး ဖြစ်နေတာ"

"ဩော် - ဆရာမရယ် ကျွန်မက သမီးလေးတစ်ယောက်ပဲရှိတာ။ သူ့အဖေဆန္ဒကြောင့်သာ ဒီလာထားရတာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အတွင်းရေးမှူး ဆရာမဒေါ်သန်းသန်းသည် ပြုံးပြုံးကြီးလုပ်ပြီး သူ့အဆောင်ထဲသို့ ပြန်ဝင်သွားပါတော့သည်။ ကျွန်ုပ်တို့လည်း မိတ္ထီလာသို့ ပြန်လာခဲ့ကြပါသည်။ မိတ္ထီလာအိမ်သည် သမီးမရှိသဖြင့် များစွာခြောက်သွေ့၍ နေလေသည်။ ကျွန်ုပ်လည်း မိုးကုတ်ဆရာတော်ဘုရား၏ တရားကိုနာရင်း စိတ်ကို ကုစားနေရပါတော့သည်။

"ဒိဋ္ဌိ ဆိုတာ ဖြတ်ရတာ အတော်ခက်တယ်။ အမေက သမီးကိုစွဲတယ်။ သမီးကလည်း အမေကိုစွဲတယ်။ အမေကလည်း ဒိဋ္ဌိတန်းလန်းနဲ့ သမီးကိုရစ်ပတ်ထားတယ်။ သမီးကလည်း ဒိဋ္ဌိတန်းလန်းနဲ့ အမေကို ရစ်ပတ်ထားတယ်။ ဘာနဲ့တူသလဲဆိုရင် နွားနှစ်ကောင် ကြိုးချည်လွှတ်ထားသလိုပဲ။ တစ်ကောင်က ခြောက်ချရင် နောက်တစ်ကောင်ကလည်း ချောက်ထဲကျမှာပဲ။ မိုင်ပေါင်းဘယ်လောက်ဝေးဝေး ဒီကိလေသာကြိုးက ဆက်နေတယ်။ အမေရိကားမှာ သမီးလုပ်တဲ့သူက ပညာတော်သင်သွားတယ်ဆိုရင် မြန်မာပြည်က အမေလုပ်တဲ့သူက မပူဘဲရှိပါ့မလား။ မိုင်ပေါင်းထောင်ချီဝေးပေမယ့် ဒိဋ္ဌိကြိုးက တန်းလန်းနဲ့ ချည်မထားဘူးလား"

မိုးကုတ်ဆရာတော် ဟောသောတရားတော်သည် ကျွန်ုပ်၏ ဇနီးကိုဖွင့်၍ နာစေသော်လည်း တရားမရပါ။ တရားတွေ နားထဲမဝင်ပါ။ သမီးကိုစွဲသော ဒိဋ္ဌိသည် အတော်ကြောက်စရာကောင်းအောင် ပိတ်ဆို့နေလေတော့သည်။

တစ်နေ့သောအခါ ပျဉ်းမနားရွှေစေတီဆရာတော် အိမ်သို့ကြွလာ၏။ ဆရာတော်မှာ တောင်သာဇာတိဖြစ်၏။ နေပြည်တော်မှ တောင်သာသို့အသွားအပြန် မိတ္ထီလာဖြတ်ရ၏။ ကျွန်ုပ်တို့မှာ ဆရာရင်းဒကာရင်းဖြစ်သဖြင့် အိမ်သို့ကြွလာခြင်း ဖြစ်၏။

"ဆရာတော်က ဘယ်ကကြွလာတာလဲ ဘုရား"

"ဇရပ်ကြီးကကြွလာတာ။ အခု ပျဉ်းမနားပြန်မှာ"

"တပည့်တော် ကိုအောင်ဝင်းကို ပြောထားတယ်။ ကိုအောင်ဝင်းနှင့်ညီများဆိုင်မှာ ဆီထည့်သွားပါဘုရား"

"လိုအပ်ရင်ထည့်မှာပါ"

"တပည့်တော် ဒါနလေးမြောက်အောင်တော့ ချီးမြှင့်ပေးပါ ဘုရား"

"ဟုတ်ပြီ ဟုတ်ပြီ၊ ဒကာမကြီး ဒေါ်ချောဌေး ဘာလို့မျက်နှာမကောင်းတာလဲ"

"ဆရာတော် တရားဟောမှ ဖြစ်မယ်ထင်တယ်။ ဒကာမကြီးက သူ့သမီးနဲ့ခွဲရလို့ စိတ်မကောင်းဖြစ်နေတာပါဘုရား"

"ဒကာမကြီးဒေါ်ချောဌေး၊ ဦးပဥ္စင်းပြောမယ် သေသေချာချာနားထောင်"

"တင်ပါ့ဘုရား"

"သားသမီးကို မချစ်ရဘူးလို့တော့ မပြောဘူး။ ဒါပေမယ့် စွဲလမ်းလွန်ရင် ဥပဒ်ဖြစ်တတ်တယ်။ ဥပဒ်တန်းလန်းနဲ့ သေရင်ဘာဖြစ်မယ်ထင်လဲ"

"မသိပါဘုရား"

"လောဘနဲ့သေရင် ပြိတ္တာဖြစ်တတ်တယ်။ သရဲ ကကို မခွာနိုင်ဘူး။ ဘဝကူးသွားပြီ၊ ဘဝပြောင်းသွားပြီဆိုတာလည်း မသိဘူး၊ ဒီအိမ်နားကကိုမခွာနိုင်ဘူး။ ဒကာကြီးက ဦးပဥ္စင်းကိုပင့်ပြီး ပရိတ်ရွတ်ပေးပါဆိုရင် ဒကာမကြီးလည်း ညာမှာမဟုတ်ဘူး။ ပရိတ်ကမ္မဝါစာရွတ်ပြီးနှင်ရမှာ"

"တပည့်တော် မစွဲတော့ပါဘူး ဘုရား"

"ကိုယ့်ဒကာရင်းတွေမို့ တဲ့ဟောတာ တရားကိုသိစေချင်လို့"

"တင်ပါ့ဘုရား"

ဆရာတော်၏ တရားသည် ဒေါ်ချောဌေးကို တဲ့ထိမှန်သွား၏။ ဆရာတော်ဟောပြီးနောက် ဒေါ်ချောဌေး တစ်ယောက် သဘောပေါက်သွားသည်ထင်၏။ သမီးကို စွဲလမ်းသောစိတ်ပေါ့သွားလေတော့သည်။

"ညီမရယ်၊ မင်း မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့တရားတွေနာစမ်းပါကွာ။ မသိရင်မေးပါ ငါဖြေပေးပါ့မယ်။ လူ့ဘဝရောက်တုန်း တန်ဖိုးရှိရှိ တရားအသိတွေကို သိစေချင်တယ်ကွာ"

"ဟုတ်ကဲ့ ကိုကို"

"ဆရာတော်ကြီးက ဟောသေးတယ်။ သမီးဟာ သူ့ကံနဲ့သူလာတာ။ မိဘဘယ်လောက်ကြိုးစားကြိုးစား ဖြစ်ချင်မှဖြစ်မှာ။ မိဘမျှော်မှန်းသလောက်မဖြစ်ရင်လည်း စိတ်ထဲမှာမထားနဲ့လို့ ပြောတာ"

"ရှင်က ကျွန်မသမီးကို ဆရာဝ[န်] မဖြစ်ဘူးလို့ ပြောတာလား"

"ဒါ မိုးကုတ်ဆရာတော်ဘုရားက သူ့တပည့် ဦးသန်းမောင်ကို ဟောတာ"

"ကျွန်မကို ပြောတာမဟုတ်ဘူးနော်"

"ငါက မင့်ကိုပြောဟာမဟုတ်ဘူး"

"ဆရာတော်ကြီးကမရှိတော့ဘူး ဆရာတော်ကြီးမရှိပေမယ့် သူဟောတဲ့ တရားတွေ ကျန်ခဲ့တယ်။ ဆရာတော်ကြီးရဲ့အသံတွေရှိသေးတယ်။ ကျွန်မလည်း နေ့တိုင်း တရားနာမယ်။ ဒီနေ့ မိုးကုတ်ရိပ်သာမှာ တရားစခန်းဝင်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဝမ်းသာလိုက်တာ ညီမရယ်"

နှစ်တွေ (၁၀) စုနှစ်သို့ ကျော်ဖြတ်ခဲ့သော်လည်း တရားစခန်းမဝင်ဖြစ်ပါ။ သံယောဇဉ်ကြီးဖြတ်ပါ။ အသိနဲ့ကျွ[မ်း] ဟောသော်လည်း နားမဝင်ခဲ့ပါ။ မိခင်မေတ္တာသည် သားသမီးအပေါ်တွင် တွန့်ခြင်းတိုခြင်း၊ လျော့ခြင်းမရှိ။ သား သမီးက မိခင်မေတ္တာကို နားမလည်။ မိခင်၏ စကားကိုနားမထောင်။ သူငယ်ချင်းစကားကို နားထောင်။ ဆန့်ကျင်ဘက်လုပ်သည့်အခါ ဝေဒနာ အောင့်ခံ၏။ ဒေါ်သကို မျိုသိပ် ဝေဒနာကိုကြိတ်မှိတ်ခံစားနေလေသည်။ မိခင်မှစွဲသော ဒိဋ္ဌိကိလေသာကြီးသည် ဖြတ်ရန်အလွန်ခက်ခဲကြောင်း ကိုယ်တွေ့မို့ တင်ပြရပေသည်။

**၄။ ဒိဋ္ဌိကိလေသာအကြောင်း သိကောင်းစရာ**

ဒိဋ္ဌိတွင် သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိ[ဋ္ဌိ] ဟူ၍ (၂) မျိုးရှိပါသည်။ သမ္မာဒိဋ္ဌိသည် မဂ္ဂင် (၈) ပါးတွင် ပါဝင်သည်။ နိဗ္ဗာန်[သို့] ရောက်ရန်လမ်းမှာ မဂ္ဂင် (၈)ပါးလမ်း[မှ] လွဲ၍သွားရန်လမ်းမရှိ။ သမ္မာဒိဋ္ဌိ[နှင့်] ဆန့်ကျင်ဘက်မှာ မိစ္ဆာဒိဋ္ဌိပင် ဖြစ်သည်။ အသုံးများလို့လားမသိ၊ မိစ္ဆာကိုမသိ ဒိဋ္ဌိဆိုတာကိုပဲ အသုံးပြုနေကြ၏။ သမ္မာ ဒိဋ္ဌိမှာ မှန်မှန်ကန်ကန် တည့်မတ် မြင်၏။ မိစ္ဆာဒိဋ္ဌိမှာ ဖောက်လွဲဖောက် မှားမှားယွင်းယွင်းမြင်ခြင်း၊ ယူဆခြင်း ခေါ်၏။

သာမန်လူတို့ နားလည်သဘော ပေါက်သောစကားနှင့် ဥပမာပေးရ ယောက်ျားကို ယောက်ျားဟုမြင် အမြင်မှန်၏။ ယောက်ျားကို မိ မြင်လျှင် အမြင်မှား၏။ ထိုသို့ပြော



www.burmeseclassic.com

www.burmeseclassic.com

မြင်ခြင်း၊ ယူခြင်းကို ဒိဋ္ဌိဟုခေါ်၏။ ရှူးနေသော လူတစ်ယောက်က လမ်းဘေးမှာရှိသော လမ်းခင်းကျောက်ကို သေသေချာချာကြည့်ပြီး ကျောက်စိမ်းဟုထင်ကာ သူမသိအောင်ညဘက်ထမ်း၏။အိမ်တွင်းဖျွဲသိမ်းထားလေသည်။ သူ၏မိသားစုများက ထိုသူကိုကြည့်ပြီး စိတ်မကောင်းဖြစ်လေ၏။ လူတွေအမြင်မှာ တန်ဖိုးမရှိသော လမ်းခင်းကျောက်ကို စိတ်ဝေဒနာသည်၏အမြင်မှာတော့ တန်ဖိုးရှိသောကျောက်စိမ်းဟု မြင်သည်။ ကျောက်စိမ်းဟုယူသည်။ ထိုအမြင်အယူကို ဒိဋ္ဌိဟုခေါ်သည်။

တရားသဘောနှင့်ပြောပါက ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ၏ဥစ္စာမရှိပါ။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိပါ။ ရှိသည်ဟု မြင်ခြင်း၊ ရှိသည်ဟုယူခြင်းကို ဒိဋ္ဌိဟုခေါ်ပါသည်။ အနည်းငယ်ရှင်းရမည်ဆိုသော် ပညတ်နှင့် ပရမတ်ကို ခွဲခွဲခြားခြား နားလည်ရပါမည်။

ဦးစွာ ပညတ်ကို ရှင်းရမည်ဆိုသော် မိလိန္ဒနှင့် ရှင်နာဂသေ အမေးအဖြေတွင် ရှင်းထားပါသည်။ မိလိန္ဒမင်းကြီးက ရဟန္တာအရှင်သူမြတ်ဖြစ်သော အရှင်နာဂသေမြတ်အား -

"အရှင်ဘုရားအမည်မှာ မည်သို့ခေါ်ဆိုပါသလဲဘုရား"

ဟု လျှောက်ထား၏။

"သူများတွေကတော့ ငါ့ကို နာဂသေလို့ခေါ်ပါတယ် မင်းကြီး"

ဟု ဖြေ၏။

ဦးခေါင်းသည် နာဂသေလား၊ ကိုယ်ခန္ဓာသည် နာဂသေလား၊ ရင်သား၊ ကျောသား၊ ဗိုက်၊ ပေါင်၊ ခြေသလုံး စသည်ဖြင့် (၃၂) ကောဋ္ဌာသ အကုန်မေးရာ မဟုတ်ဟု ဖြေ၏။

"အရှင်ဘုရား၊ တပည့်တော်မေးသော (၃၂) ကောဋ္ဌာသ ကုန်ပါပြီဘုရား။ အရှင်ဘုရားက မဟုတ်ဟုဖြေသဖြင့် အမေးအဖြေနှင့်လွဲနေကြောင်းပါဘုရား"

ဟု စောဒကတက်၏။

ထိုအခါ မိလိန္ဒမင်းကြီး ပြန်မေး၏။

"အရှင်မင်းကြီး၊ ဒီကိုဘာနဲ့လာခဲ့သလဲ"

ဟု မေးရာ -

"လှည်းဖြင့်လာခဲ့ပါသည်"

ဟု ဖြေ၏။

"လှည်းဝင်ရိုးက လှည်းလား"

ဟု မေး၏။

"မဟုတ်"

ဟု ဖြေ၏။

လှည်းတံ၊ လှည်းဘီး၊ ဆောင်ပန်း၊ လှည်းထမ်းပိုးတုံး စသည်ဖြင့် လှည်းမှာပါသော အမည်ပစ္စည်းများကို အကုန်မေးရာ 'မဟုတ်' ဟုဖြေ၏။

"မြတ်သောမင်းကြီး သင်အစက ဖြေစဉ်က 'လှည်းနှင့်လာပါသည်' ဟု ဖြေ၏။ ယခု လှည်းမှာပါသော အင်္ဂါအစိတ်အပိုင်းအကုန်မေးသော်လည်း လှည်းမဟုတ်ဟု ဖြေ၏။ သင်အစက ပြောသောစကားနှင့် ကွဲလွဲနေပါလား"

ဟု မေးလေတော့သည်။

ထိုအခါကျမှ မိလိန္ဒမင်းကြီး မာန်ကျသွားပြီး-

"တပည့်တော်ရင်ထဲမှာမရှင်းလင်းတဲ့အမည်ပညတ်ကို ရှင်းလင်းပေးပါဘုရား"

လို့ လျှောက်ထား။

အမည်သည် ခေါ်ရုံ၊ သုံးစွဲရုံမျှန်သာ တကယ်မရှိပါ။ လှည်းသည် ခေါ်လို့ သုံးစွဲလို့ရသောပညတ်အမည်သာရှိ၏။ တကယ်မရှိပါ။ လှည်းတွင်ပါသော အင်္ဂါများသာ တကယ်ရှိပါသည်။ ထိုသို့အတူ လူအမည်သည်လည်း ခေါ်လို့ သုံးစွဲလို့ ရအောင် ပညတ်ထားခြင်း ဖြစ်၏။ တကယ်မရှိပါ။ တကယ်ရှိတာကတော့ ခန္ဓာကိုယ်အစိတ်အပိုင်းများသာ ဖြစ်၏။ ပညတ်သည် အမည်နာမဟု ခေါ်၏။ တကယ်မရှိသောအရာပင် ဖြစ်၏။ ပရမတ္ထတရားသည် တကယ်ရှိသောတရား ဖြစ်၏။ ပရမတ္ထတရား (၄) ပါးရှိ၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ပင် ဖြစ်၏။ စိတ်၊ စေတသိက်၊ ရုပ်တို့သည် သင်္ခတတရားဖြစ်ပြီး နိဗ္ဗာန်မှာ အသင်္ခတတရား ဖြစ်၏။ စိတ်၊ စေတသိက်၊ ရုပ်တို့မှာ အတိုချုံး၍ခေါ်ခြင်းဖြစ်၏။ အမှန်မှာ ခန္ဓာ (၅) ပါးပင် ဖြစ်သည်။ ခန္ဓာ (၅)ပါးမှာ -

၁။ **ရူပက္ခန္ဓာ** - ဖောက်ပြန်တတ်သောသဘောအစုဖြစ်ပျက်မှု။

၂။ **ဝေဒနာက္ခန္ဓာ** - ခံစားတတ်သောသဘောအစုဖြစ်ပျက်မှု။

၃။ **သညာက္ခန္ဓာ** - မှတ်သားတတ်သောသဘောအစုဖြစ်ပျက်မှု။

၄။ **သင်္ခါရက္ခန္ဓာ** - ပြုပြင်တတ်သော သဘောအစုဖြစ်ပျက်မှု။

၅။ **ဝိညာဏက္ခန္ဓာ** - သိတတ်မှုသဘောအစု ဖြစ်ပျက်မှု။

ပညတ်အားဖြင့် နွားဟုခေါ်သော်လည်း ပရမတ်အားဖြင့် ခန္ဓာ (၅) ပါးသာရှိ၏။ ပညတ်အားဖြင့် လူယောကျ်ား၊ မိန်းမ၊ သား၊ သမီးဟု ခေါ်သော်လည်း ပရမတ်အားဖြင့် ခန္ဓာ (၅) ပါးသာရှိ၏။ ထို့ကြောင့် 'ပညတ်မစင် ပရမတ်မထင် မဂ်မမြင်' ဟု ဆိုံးမထားလေသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြကုန်သော အရိယာပုဂ္ဂိုလ်အပေါင်းသည် ပညတ်ကို စွန့်ခွာပြီး ပရမတ္ထတရားဖြစ်သော ခန္ဓာငါးပါးကိုတင် ထင်ရှားမှားမြင်၏။ ခန္ဓာ၏ ဖောက်ပြန်တတ်သောသဘောကိုရှု၏။ ခန္ဓာ၏ ဖြစ်/ပျက်ကိုရှု၏။ ဖြစ်/ပျက်မြင်သောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာထင်လာပါတော့သည်။ ဖြစ်ပျက်လည်းဆုံး၊လက္ခဏာလည်းဆုံးသောအခါ မဖြစ်မပျက်သော နိဗ္ဗာန်စိတ်က အစားထိုး ဝင်ရောက်လာပါသည်။ ထိုအခါကျမှ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရခြင်း ဖြစ်၏။

အရိယာအမြင်တွင် ပညတ်သဘောသဘာဝရှိသော ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိပါ။ ခန္ဓာ (၅) ပါး၊ ပရမတ္ထတရား (၄) ပါးသာ ရှိပါသည်။ ပုထုဇဉ်လို့သာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါရှိသည်ဟု ယူ၏။ ထိုအယူမှာ မရှိသောအမည်ကို ရှိသည်ဟု မှားယွင်းစွာမြင်နေခြင်း၊ ယူနေခြင်းကြောင့် ဒိဋ္ဌိဟု ခေါ်ပါသည်။ ဘုရားစေတီကိုတည်ခဲ့သော ဘုရားဒကာသည် ငါဟူသောအမည်နာမပညတ်ကိုအဖော်ပြု၍ စွဲလမ်းခြင်းကြောင့် ဒိဋ္ဌိမပြတ်၊ ဒိဋ္ဌိတန်းလန်းနှင့်သေသောအခါ တောက်တဲ့ဖြစ်ရလေ၏။ ဒိဋ္ဌိတန်းလန်းနှင့် လှူသောကျောင်းကို ငါဟူသော ဒိဋ္ဌိပြတ်ပြီးမှ လှူဖို့ မိုးကုတ်ဆရာတော်ဘုရားကြီးမှ မိန့်ကြားပါသည်။

မင်္ဂလာတိုက်ကျောင်းဒကာကြီး ဦးကျော်သိန်းလှူသော ကျောင်းကြီးကို ချက်ချင်းရေစက်မချရပါ။ တရားအားထုတ်ပြီး ဒိဋ္ဌိကွာမှ ရေစက်ချ၍ လှူစေပါသည်။ ငါ့သမီး၊ ငါ့လင်၊ ငါ့သား၊ ငါ့မယားသည် ပညတ်များသာဖြစ်ပြီး မရှိသောအမည်ကို စွဲနေခြင်း ဖြစ်၏။ ငါလည်းမရှိ၊ သူလည်းမရှိ၊ သားလည်းမရှိ၊ မယားလည်းမရှိ။ တကယ်ရှိတာက ပရမတ္ထတရားသာရှိသည်ဟု ပိုင်ပိုင်နိုင်နိုင်သိသော နေ့တစ်နေ့. . . သင် ဒိဋ္ဌိကွာလေပြီ။

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

(xxx)မြို့။ သာယာလှပသောမြို့ငယ်လေးပါ။ ပညာရေးဌာန ဦးသန်းတိုး၊ သာသနာရေးဌာန ဒေါ်သန်းရွှေတို့တွင် သား(၃)ယောက်ရှိ၏။ ဖခင်က အသားညိုညို၊ တုတ်တုတ်ခိုင်ခိုင်။ မိခင်က အသားညိုညို၊ ပိန်ပိန်ပါးပါး။ သားအကြီး(၂) ယောက်က အသားညိုညို၊ ပိန်ပိန်ပါးပါး။ သားအငယ်လေးက ညိုညိုတုတ်တုတ်။

(xxx)မြို့ငယ်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးခက်၏။ (xxx)မြို့ အစိုးရဌာနများသည် ကချင်ပြည်နယ် (xxx)မြို့၏ ရုံးခွဲများသာ ဖြစ်သည်။ (xxx) မြို့မှ ခလရ(xxx)ကို မြစ်ကြီးနားမြို့ ထောက်/ပို့တပ်က ရိက္ခာပို့ပေးသည်။ နှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလထိ ယာဉ်တန်းများတက်သည်။ ဝန်ထမ်းဆန်၊ ရုံးသုံးပစ္စည်းများကိုလည်း တင်ဆောင်ပေးသည်။

(xxx) ခုနှစ်၊ ဒီဇင်ဘာလ။ မြစ်ကြီးနား ထောက်/ပို့တပ်မှယာဉ်တန်း စပါပြီ။ ကားကြီးများ ပစ္စည်းအပြည့်အသိပ်၊ ဗိုလ်ကြီး (xxx) က ကြီးကြပ်ပါသည်။ ဆရာကြီး (xxx) တို့လည်း ပါဝင်၏။ ယာဉ်မောင်းများ၊ နောက်လိုက်များ တာဝန်ရှိသူများပါဝင်ကြ၏။ တောလမ်း ခရီး၊ တောင်တက်၊ တောင်ဆင်းခရီး ကြမ်းကြီးပါ။ တောင်ကုန်းမြင့်ကြီး အရောက် ရှေ့ဆုံးကားကြီးထိုးရပ်သွား၏။ ကျမ်းတုံးကြီးဖြင့်ခုထား၏။ နောက် ကားများလည်းရပ်ကြပြီး ရှေ့ဆုံးကား ပြင်ရန်သွားကြ၏။ (၁၃) စီးမြောက် ကားတွင် ဗိုလ်ကြီး (xxx) လိုက်ပါသည်။ ကားဆရာက ကားရပ်သည်။ ကျမ်းတုံး သည်။ ရှေ့ဆုံးကားကြီးဆီသို့ ကားပြင် ရန် ကားဆရာသွား၏။ ဗိုလ်ကြီး (xxx) ကားပေါ်မှ သတင်းပို့နေ၏။ ကားပေါ်



# ဒေါ်သုမနဝိစိတ္တာ

(B.Sc, H.G.P, Dip.Ed)

## သတိရနေဆဲပါ



www.burmeseclassic.com

www.burmeseclassic.com

ိုလ်ကြီးဆင်း၏။ သွားရမည့် မြို့ငယ်
ချိုရေးတပ်သို့သတင်းပို့နေ၏။ (၁၃)စီး
မြောက်ကားနှင့် (၁၄) စီးမြောက် ကား
ကြား၌ရပ်ပြီး သတင်းပို့နေခြင်းပါ။

ရုတ်တရက် (၁၃) စီးမြောက်ကား
ကြီး လိမ့်ဆင်းလာ၏။ ကျမ်းတုံးကိုကျော်
 လိမ့်ဆင်းလာခြင်းပါ။ တောင်ကုန်းမှ
လိမ့်ဆင်းလာ၍အရှိန်ရှိသည်။ ဗိုလ်ကြီး
ရှောင်၍မရ။ (၁၃) ကားကြီးက ဗိုလ်ကြီး
ကိုတိုက်မိပြီ။ အချိန်က မိနစ်ပိုင်းသာ
ကြာ၏။ လူတွေဝိုင်းအုံလာကြပြီး ပွေ့ပိုက်
 စမ်းသပ်ကြ၏။ အသက်ရှူရပ်နေ

ပါပြီ။ ဒဏ်ရာမရှိပါ။ ပွန်းပဲ့ရာမရှိ။ သွေး
လည်း တစ်စက်မှမထွက်ပါ။ ဆေးတပ်
သားက ကြိုးစားပြုစု၏။ သို့သော် သေဆုံး
သွားခဲ့ပါပြီ။

(×××) မြို့ငယ်လေးနှင့် နီးသည်။
(×××)မြို့ငယ်လေးမှ ဆေးရုံသို့ယူဆောင်
သွားပြီး အလောင်းကိုစစ်ဆေးကြ၏။
ထိုမြို့မှာပင် သင်္ဂြိုဟ်သည်။ ခလရ
တစ်ခုလုံး၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့
သားများ အသုဘပို့ကြ၏။ ဆရာကြီး
(×××) ကတော့ ဝမ်းနည်းလှ၏။ သူ့သား
အရွယ်ဖြစ်သောဗိုလ်ကြီး၊ အသက်ငယ်

ငယ်၊ ဖြူဖြူထွားထွား၊ ချောချောလှလှ၊
ယောကျ်ားပီသလှ၏။ စိတ်ကောင်းရှိ
သောဗိုလ်ကြီး။ ဆရာကြီးအလွန်မတန်
စိတ်ထိခိုက်ရှာ၏။

ပုံစံမပျက်သော ဗိုလ်ကြီး၏
အလောင်းကို လူတိုင်းကြည့်ကြ၏။
အလွန်မတန်သနားကြ၏။ ဒေါ်သန်းရွှေ
ကတော့ များစွာခံစားရ၏။ သား(၃)
ယောက်အမေဖြစ်သူမို့ သားချင်းစာနာ
၏။ မျက်ရည်များဖြိုင်ဖြိုင်ယိုစီးလာ၏။
အလောင်းနားကမခွာမိ၊ ရှိုက်ကြီးငင်ကြီး
ငိုနေ၏။ ဦးသန်းတိုးက လာဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သန်းရွှေ က နှလုံးရောဂါရနေသူပါ။ သားအငယ်ဆုံးမွေးပြီး မကျန်းမာဖြစ်ခဲ့သည်။နှလုံးရောဂါဝင်လာသည်။ ဦးသန်းတိုးက စိုးရိမ်၏။ ဝမ်းနည်းပူဆွေးမှု မခံစားစေချင်ပါ။

ဒေါ်သန်းရွှေအိပ်နေစဉ် အော်ငိုတတ်၏။ ဦးသန်းတိုးမေးတိုင်း ဗိုလ်ကြီးကိုတွေ့ကြောင်း ပြောပြတတ်၏။ ဒေါ်သန်းရွှေအား ဗိုလ်ကြီးက လာပြုံးပြကြောင်း၊ နောက်ပိုင်းတွင် ပြန်ပြောပြတတ်၏။ အိပ်မက်ထဲတွင် ဒေါ်သန်းရွှေနှင့်ဗိုလ်ကြီး အမြဲတွေ့နေပုံရ၏။

ဒေါ်သန်းရွှေ သမီးကလေးမီးဖွား၏။ ဖြူဖြူဖွေးဖွေး၊ ဝဝတုတ်တုတ်၊ လှလှပပ မိသားစုများနှင့်မတူ ထူးထူးခြားခြား။ ဒေါ်သန်းရွှေ ချစ်၍မဝပါ။ လသားအရွယ်။ အမြဲပြုံးပြတတ်၏။ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ။ အိပ်မက်ထဲက ဗိုလ်ကြီး၏အပြုံးနှင့်တူ၏။ အေးအေးပြုံးဟု အမည်ပေး၏။

အေးအေးပြုံး၏ ဘယ်ဘက်ခြေထောက် အနည်းငယ်ခွင်နေသည်။ မသိသာပါ။ လမ်းလျှောက်တတ်စက သတိထားမိကြသည်။ အများနည်းတူ ပြေးလွှားဆော့ကစားနိုင်၏။ (၁၀)လကပင် စကားကို ပီသစွာပြောတတ်၏။ စကားသွက်၏။ အလွန်မတန် နားလည်လွယ်၏။ ဉာဏ်ရည်ထက်မြက်၏။

အစ်ကိုများ၏ အဝတ်အစားကိုနှစ်သက်၏။ မိန်းကလေးအဝတ်အစားကို မနှစ်သက်ပေ။ အစ်ကိုများကဲ့သို့ပင် ကျွန်တော်ဟု သုံးနှုန်း၏။ အစ်ကိုများနှင့် စစ်တိုက်တမ်းဆော့ကစား၏။ဘောင်းဘီခါးကြားတွင် တုတ်တိုအမြဲညှပ်ထား၏။ ထိုတုတ်တိုဖြင့် သေနတ်ပစ်လေ့ရှိ၏။ ဒေါ်သန်းရွှေက လွှင့်ပစ်၏။ သူက အမြန်ပြန်ကောက်၏။

အေးအေးပြုံး (၃) နှစ်အရွယ် ဦးသန်းတိုး ရုံးအစောကြီးသွားပြီ။ ဒေါ်သန်းရွှေ အဝတ်အစားလဲနေပြီ။ ယနေ့ ကချင်ပြည်နယ်တိုင်းမှူးကြီးလာမည်။ ကြိုရမည်။ အေးအေးပြုံးက အစ်ကိုတွေပြောပြ၍ တိုင်းမှူးလာမည်ကိုသိနေလေသည်။ ဒေါ်သန်းရွှေကို အပျောက်မခံ။ သူ့အမေကို သူ့အား ခေါ်သွားရန် ပူဆာနေ၏။

ဒေါ်သန်းရွှေက -

"ကလေးမလိုက်ရဘူး၊ စစ်သားတွေဖမ်းလိမ့်မယ်"

ခြောက်လှန့်၏။ သို့သော်



ခြောက်လှန့်၍မရ။ ထဘီစဆွဲပြီးလိုက်နေ၏။ ကောင်စီရုံးစာရေးမကြီးက -

"သူ့ဒီလောက်လိုက်ချင်တာပို့ခဲ့ပါ။ တိုင်းမှူးကြိုခါနီးမှ ကျောင်းနားကအိမ်မှာအပ်ထားတာပေါ့"

ဟု ဆိုရှာသည်။

ကျောင်းဘောလုံးကွင်းမှာ ရဟတ်ယာဉ်ဆင်းသည်။

အေးအေးပြုံးက ငြိမ်ငြိမ်နေ၏။ လူများကြားမှာမဆော့။ ရဟတ်ယာဉ်ကဝဲလာပြီ။ လူများအဆင်သင့်ဖြစ်နေကြပါပြီ။ ထိုစဉ် အေးအေးပြုံးက လက်ခုပ်လက်ဝါးတီးပြီး -

"လာပြီ၊ လာပြီ၊ အဘလာပြီ" တဲ့။

လူကြီးများ အံ့အားသင့်ကြ၏။ တိုင်းမှူးကို တပ်ရင်းမှူးနှင့် ဗိုလ်မှူး၊ ဗိုလ်များက အလေးပြုကြပါသည်။ အေးအေးပြုံးက အလေးပြုနေပါသည်။ ဘောင်းဘီရှည်၊ အကျီရှည်နှင့် (၃) နှစ်အရွယ်ကလေးလေး အလေးပြုနေပုံက ကျကျနနကွက်တိ၊ ပုံစံဝင်၏။ လူတိုင်းက ဗိုလ်ကြီးဝင်စားသောကလေးဟု အသိအမှတ်ပြုကြတော့၏။

(၃) နှစ်ကျော် အေးအေးပြုံးကို ဦးသန်းတိုးက အပြင်သွားလျှင် သူ့အစ်ကိုများနှင့်အတူ ခေါ်သွားလေ့ရှိသည်။ လက်ဖက်ရည်ဆိုင်မှ ဗွီဒီယိုပြသပေးသည်။ စစ်ကားဖြစ်လျှင် ေ အေးအေးပြုံးကြည့်၏။ စိတ်ဝင်စား၏။ စာအုပ်တွင် စစ်သားပုံပါလျှင် ထိုစာအုပ်ကိုကြည့်၏။ စစ်သားများ လမ်းမပေါ်လျှောက်သွားသည်ကို အိမ်ပေါ်မှ အေးအေးပြုံးငေးမောကြည့်တတ်၏။

ဖခင် ဦးသန်းတိုး ရုံးကိစ္စနှင့် မြစ်ကြီးနားသွားရ၏။ အပြန်တွင် ရွှေနှင်းဆီဆားမုန့်ဝယ်လာ၏။ သား (၃) ယောက်က မစားဘူးသောမုန့်မို့ ဆားမုန့်ဟုခေါ်

မှန်းမသိပါ။ ကျောင်းတက်နေသူများ သာ။ အကြီးဆုံးသားက (၄) တန်းပင် ရောက်နေပါပြီ။ ဆားမုန့်မှန်းမသိပါ။ ဖခင်ဦးသန်းတိုးက -

"သမီး မုန့်စားနော်"

ဟု ပေး၏။

အေးအေးပြုံးက လက်ခုပ်လက် ဝါးတီး၍ -

"ဆားမုန့်စားရတော့မယ်"

ဖခင်က -

"သမီးသိသလား"

အေးအေးပြုံးက -

"ကျွန်တော်မြစ်ကြီးနားမှာနေတုန်း က အမြဲစားတယ်"

အတည်ပြန်ပြော၏။

ဒေါ်သန်းရွှေက -

"သမီး၊ မြစ်ကြီးနားရောက်ဖူး လား"

ပြန်မေး၏။

အေးအေးပြုံးက -

"မြစ်ကြီးနား ထောက်/ပို့တပ်မှာ နေတာလေ"

အတိအကျပြန်ပြော၏။

မိဘ (၂) ပါးက ဗိုလ်ကြီးဘဝ သတိမရစေချင်။ စကားမဆက် တော့။

ဆရာဝန်ကို အေးအေးပြုံး သည်။ နားကြပ်ကိုပင် ကိုင်တွယ် တတ်၏။ဆရာဝန်က သူမွေးပေးခဲ့သော ကလေးဖြစ်၍ ချစ်သည်။ ဂရုစိုက်သည် ကာကွယ်ဆေးတိုက်ကျွေးတိုင်းမငိုသ ချီးကျူး၏။ ထိုဆရာဝန် ပြောင်းရွှေ့သွား ခဲ့ပါပြီ။ အေးအေးပြုံးကို မပြောပြ စိတ်မကောင်းဖြစ်မှာစိုး၍ ဆရာဝန် အသိမပေးခိုင်းပါ။ ရန်ကုန်မြို့မှ ဆရာ ဇနီးမောင်နှံ မြို့ငယ်သို့ရောက်လာ ဆရာဝန်ဇနီးမောင်နှံမှာ (၂) ဦးစ ပထမဆုံးရာထူးဖြစ်ကြသည်။ (၂) စလုံး ဆေးတက္ကသိုလ်(ရန်ကုန်)မှ ကျော ဆင်းစဖြစ်၏။ ဆေးရုံတစ်ခုတည်း အလုပ်ဝင်လိုကြသည်။ ဝေးခေါ် သောမြို့ငယ်ကို ရောက်လာကြ ဆရာဝန်နှစ်ဦးကြိုဆိုပွဲအတွက် ဦးသ တိုးအိမ်မှာ စုဝေးပြီး လူကြီးများတိုင် ကြ၏။ အေးအေးပြုံးက စူးစိုက် ထောင်နေ၏။

ပြီးနောက် -

"ကျွန်တော်လည်း ဆေးရုံ မယ်"

ဆို၏။

ဦးသန်းတိုးက -



www.burmeseclassic.com

www.burmeseclassic.com

"သမီးရဲ့ဦးဦးဆရာဝန်မဟုတ်ဘူး။ ရန်ကုန်မြို့လာတဲ့ဆရာဝန်(၂)ယောက်ပါ"

အေးအေးပြုံးက -

"ရန်ကုန်မြို့ကိုကျွန်တော်သိတယ်။ ကျွန်တော့်ဇနီး (ဗိုလ်ကြီး၏ဇနီးအမည် ကိုပြောသည်) လည်း ဆရာဝန်မပါ"

(ဗိုလ်ကြီးကို သင်္ဂြိုဟ်ပြီးနောက် (၁၂) ရက်အကြာမှာ ဗိုလ်ကြီးဇနီး ရန်ကုန်မြို့ကရောက်လာ၏။ ဆရာဝန်မ ...စ်ဦးပါ။ ထိုစဉ်က ဆရာဝန်မနှင့် ဒေါ်သန်းရွှေရင်းနှီးခဲ့၏။ အေးအေးပြုံး ...ပြောသောအမည် ဟုတ်ပါသည်။) ဗိုလ်ကြီးဘဝက ဇနီးအမည်၊ ရာထူးသာ ...က နေရပ်လိပ်စာကိုပင် အေးအေးပြုံး ...ပြောနိုင်သည်။ ယခုဘဝထိ သတိရနေ ...ပါ။ လူတိုင်းအံ့သြမိကြ၏။ ရန်ကုန်မြို့ ...သွားမည်ဟုပင်ပြောတတ်သေးသည်။ ...၀ အေးအေးပြုံးပါ။

အေးအေးပြုံးအကြောင်း ဆရာမ ...ကပြောပြကြသည်။ သိနေကြပြီး ...ကြသော ဆရာဝန်(၂)ဦးကလည်း ...ကြပါသည်။ ထိုဆရာဝန် (၂) ဦးကို ...အေးပြုံးက မြင်မြင်ချင်းပင်လက်ကို ...ဆွဲ၏။ ရင်းရင်းနှီးနှီး ပြုံးပြတတ်၏။ ...ရာဝန်မက ရန်ကုန်မြို့ ရွှေတိဂုံဘုရား ...င်ရေသွန်းပွဲတော်အကြောင်းပြော ...င် အေးအေးပြုံးက ခေါင်းညိတ်နေ ...၏။ ဘုရားဖူးခဲ့ပုံကို အေးအေးပြုံး ...ပြောပြတတ်၏။ မိခင် ဒေါ်သန်းရွှေ ...သနာရေး) ၏စာအုပ်တွင် ရွှေတိဂုံ ...ပွဲတော်ပါလျှင် ရှိခိုးတတ်၏။ ...ဂုံကိုလည်း ယခုဘဝတိုင် သတိရ ...ဆဲပါ။

နှစ်စဉ် မြို့ငယ်သို့ ယာဉ်တန်း ...လာလေ့ရှိ၏။ အေးအေးပြုံးက ...်တန်းကြီးကို ငေးမောကြည့်နေဆဲ ...ကြီးဘဝကသိခဲ့သော ဆရာကြီး ...) နှင့် စစ်သည်များကို အားရပါးရ ...ခေါ် တတ်၏။ ဆရာကြီးနှင့် စစ်သည် ... ဦးသန်းတိုးအိမ်လာကြ၏။ ...အေးပြုံးကို လာရောက် နှုတ်ဆက် ... လက်ဆောင်များပေးကြ၏။ ...တရပါ။ အေးအေးပြုံးက ယခု ...ထိ သတိရနေဆဲပါ။

အေးအေးပြုံး ကျောင်းနေစက ...ချောမောခြင်း၊ စကားသွက်ခြင်း၊ ...တ်မြက်ခြင်း၊ စာတော်ခြင်း၊ ...တော်ခြင်းကြောင့် ဆရာ/မများ ...ချစ်ကြ၏။ ပြေးလွှားဆော့ကစား ...သောက်ကမသိမသာခွင်နေ၏။ အေးအေးပြုံး ခြေထောက်မလှ ဘူး"

ဟု ကလေးများကပြောကြ၊ စကြ နောက်ကြ၏။

အေးအေးပြုံးက -

"ခြေထောက်မလှတာက ကားကြီးက ခြေထောက်ကို ပွတ်တိုက်သွားတာကိုး။ အဲဒါဘာဖြစ်လဲ"

ပြန်ပြောတတ်၏။

ကလေးများက ပို၍ ရယ်မောကြသည်။

"ကားမှမရှိတာကြီး၊ အေးအေးပြုံး အလကားပြောတယ်"

ဝိုင်းပြီးပြောကြသည်။ အေးအေးပြုံးကမခံနိုင်။ ဗိုလ်ကြီးဘဝက ကားကြီးခြေထောက်ကိုပွတ်တိုက်သွားကြောင်းကို သတိတရပြောနေဆဲပါ။ (ထိုမြို့ငယ်တွင် ကားလုံးဝမရှိပါ။ နေထိုင်သူများကလည်း တိုင်းရင်းသား/သူ များသာရှိပါသည်။ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအနည်းငယ်လောက်သာရှိပါသည်။)

အေးအေးပြုံးစာရေးလျှင် ဗလာ (အချော)နှင့် Ball Pen ကိုသာတောင်းသည်။ အစ်ကိုတွေနည်းတူပါ။ သူ့အစ်ကိုတွေ မြင်းစီး၊ သေနတ်ကိုင်လှုပ်ဆွဲထားကြ၏။ သူ့အလွန်မတန်သဘောကျ၏။ လက်ခုပ်လက်ဝါးတီးတတ်၏။

"ကျွန်တော် မြင်းစီးတာလေ"

သူ့အမေကိုပြတတ်၏။

ဒေါ်သန်းရွှေက -

"သမီးမြင်းစီးဖူးလို့လား"

စူးစမ်းကြည့်၏။

အေးအေးပြုံးက -

"စီးဖူးတယ်"

မဆိုင်းမတွဖြေ၏။

ဦးသန်းတိုးက -

"တိရစ္ဆာန်ဥယျာဉ်မှာစီးခဲ့ဖူးတာလား။ စစ်ဗိုလ်ဘဝက စစ်ကြောင်းသွားရင်း လားစီးခဲ့တာကိုပြောတာလား"

ဟု ပြန်ပြောတတ်၏။

အေးအေးပြုံးကတော့ သတိတရပြောနေဆဲပါ။

နွေကျောင်းပိတ်ရက် ဦးသန်းတိုး၊ ဒေါ်သန်းရွှေ အလှူလှူသည်။ သား(၂)ယောက်ကို ရှင်ပြုသည်။ အေးအေးပြုံးက 'ကိုရင်ဝတ်ပေးပါ' တောင်းဆိုလာ၏။ ဖခင်က အိပ်ရာခင်းဖြင့် ပြီးပြီးရော သဘောဖြင့်ဝတ်ပေး၏။ အေးအေးပြုံး စိတ်တိုင်းမကျ။ ဒေါ်သန်းရွှေက ပိတ်ဖြူပိုင်းကလေးဖြင့် ဖိုးသူတော်ကဲ့သို့ဝတ်ပေး၏။ သဘောကျသွား၏။

ဒေါ်သန်းရွှေက -

"သမီးက ကိုရင်ဝတ်လို့မရဘူးနော်"

ချော့မော့၏။

အေးအေးပြုံးက -

"ကျွန်တော် ကိုရင်ဝတ်ခဲ့တယ်လေ"

အတိတ်ဘဝကလုပ်ခဲ့သည်များကို သတိရနေဆဲပါ။

အေးအေးပြုံး (၂၀၁၅/၂၀၁၆) စာသင်နှစ်တွင် (၄) တန်းကျောင်းသူ (Grade 5) ဖြစ်လာပါပြီ။ သို့သော်လည်း ဟိုဘဝကအကြောင်းကို ပြောသေး၏။ သတိတရရှိနေသေး၏။ ရန်ကုန်မြို့သို့ သွားမည်ဟူသောစကားကို ပြောတုန်းပါ။ ဘယ်တော့မှအတိတ်ဘဝကိုမေ့သွားမည်လဲ။

ဦးသန်းတိုးကတော့ ရန်ကုန်ကို ခေါ်သွားချင်၏။ (ဗိုလ်ကြီးဇနီးပေးခဲ့သော ရန်ကုန်လိပ်စာရှိသည်။) ရန်ကုန်က မိဘများနှင့် ဇနီးကို သတိရနေသေးလား စမ်းသပ်ကြည့်ချင်၏။

ဒေါ်သန်းရွှေကတော့ ဟိုဘဝက လူတွေနဲ့မပတ်သက်စေလိုပါ။ ရန်ကုန်ကို ဘယ်တော့မှမသွားစေလိုပါ။ သမီး (အေးအေးပြုံး) တစ်ယောက်တည်းပဲ မွေးထားတာပါ။ ဟိုဘဝကမိဘများ၊ ဇနီးတို့ကို သံယောဇဉ်တွယ်ငြိမှာစိုးရိမ်သည်။ ဒေါ်သန်းရွှေက ဟိုဘဝအကြောင်းသတိရပြီး အေးအေးပြုံးပြောလာသည်ကိုပင် မကြားလိုပါ။

ဗိုလ်ကြီးဘဝကအကြောင်းတွေ အကုန်လုံး မှတ်မိနေသည်။ (ဆုံးပြီး တစ်နှစ်ကျော်ကြာမှ မွေးဖွားလာခြင်းဖြစ်သည်။ သေပြီးစ ဘယ်ဘဝမှာနေခဲ့ကြောင်းတော့ မပြောပြပါ။) အတိတ်ဘဝကအကြောင်းတွေ ဦးနှောက်ထဲမှာ ထင်ဟပ်နေခြင်းက အံ့သြစရာပါ။

ဗုဒ္ဓကိုယ်တော်တိုင်က ဇာတိဿရဉာဏ်ရခဲ့သောသူဖြစ်ခဲ့ပါသည်။ဗုဒ္ဓကိုယ်တော်တိုင်က ဇာတိဿရဉာဏ်ရခဲ့သူများကို အသိအမှတ်ပြုခဲ့သည်ပဲလေ။ ယခုထိတိုင် လူဝင်စားကိစ္စရပ်များစွာရှိခဲ့သည်ပဲလေ။ အေးအေးပြုံးအဖြစ်က မဆန်းပါဟု ဆိုရမည်သာပါ။

စာဖတ်သူများကိုယ်တိုင် တွေ့ကြုံဖူးသော လူဝင်စားများရှိပါလိမ့်မည်။

*ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ*

ဒေါ်သုမနဝီစိတ္တ

**(B.Sc,H.G.P,Dip.Ed)**



www.burmeseclassic.com

www.burmeseclassic.com



# ဖိုးကျော့

## ဟူးကောင်းကျား

ရှုမဝမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်

*(ယခင်လမှအဆက်)*

လှျံထောင်၏စိန်ခေါ်မှုကို မကြာမီ နှစ်မကူးမီ သူကလှဲစားချေရမည်။

သွားလည်းဒီစိတ်၊ လာလည်း ဒီစိတ်ဖြစ်နေသော ခွန်လွေသည် တိန်ခါရွာက ဆလိုင်းကြီး ထန်ဗူးဆီ ဖရနာန်မေးရန်သွားမည်ဟု ပြင်ဆင်နေ၏။ တစ်ညအိပ်ခရီးကိုသွားရန်အတွက် လက်နက်ကိရိယာ၊ အစားအသောက် စီစဉ်နေရသည်။

ဤသို့ သူစီစဉ်နေသည်ကို အမိနှင့် နှမငယ်တို့သိက ငိုယိုတောင်းပန်ကြမည်၊ ဟန့်တားကြမည်ကို သူသိ၏။ ထို့ကြောင့် အမိနှင့် နှမငယ်တို့ တောင်ယာသွားနေကြချိန်တွင် သူတစ်ယောက်တည်း ကျိတ်၍စီစဉ်နေရခြင်း ဖြစ်သည်။

ထိုသို့ စီစဉ်နေစဉ် ဆလိုင်းကြီး တစ်ယောက် သူအိမ်ရှေ့လာရပ်၏။

အိမ်ပေါ်၊ အိမ်အောက်၊ အိမ်ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး သူ့ကိုမြင်သည်နှင့် -

"ဒီအိမ်ပေါ်မှာ ခွန်လွေဆိုတဲ့ သူငယ်ရှိလားဟေ့"

ဟု မေးလာ၏။

"ရှိပါတယ်၊ ငါ ခွန်လွေပါ"

သူ မတ်တတ်ရပ်ပြီး ပြန်ပြောလိုက်၏။

အဘိုးကြီးက မော့ကြည့်ပြီး အပြုံးစစနှင့်-

"သြော် - ဟုတ်လား"

ဟု ဆို၏။

တစ်ခါမှမမြင်ဘူးသော အဘိုးကြီးက သူ့နာမည်ကိုခေါ်၍ အိမ်ရှေ့လာရပ်နေသည်ကို ခွန်လွေအံ့သြတကြီးဖြစ်သွား၏။

ထို့ကြောင့် -

"ဟုတ်ကဲ့"

ဟု တုံးတိတိပင် ပြန်ပြောလိုက်၏။

"အိမ်ပေါ်တက်လာခဲ့မယ်နော်"

ခွန်လွေသူ့စကားကိုရင်ထိတ်သွား၏။ သူ့အစီအစဉ်ကိုသိ၍ အမိအဖတို့၊ အမျိုးထဲက တစ်ယောက်ယောက်များ ဟန့်တားရန် ရောက်လာလေသလား။

အဘိုးကြီးက အိမ်ပေါ်တက်လာ၏။

အဘိုးကြီးမှာ ခြေထောက်တစ်ဖက်ဆာနေသည်ကို သတိပြုမိလိုက်၏။

အဘိုးကြီးသည် ဇည့်ကောင်းဆောင်ကောင်းတို့ ရိုးရာပတ်ခြုံလာသော ခြုံစောင်ကို သူ့ကိုယ်ပေါ်ကဆွဲချလိုက်၏။ သူလွယ်လာသော ကုပ်ချိုးသေနတ်တစ်လက်က အလိုလိုပေါ်လာ၏။ ခွန်လွေလန့်ချင်သလိုဖြစ်သွား... အဘိုးကြီး၏ ခြေလက်မျက်နှာ... ဒဏ်ရာဟောင်းတွေနှင့်။

ဘယ်ကအဘိုးကြီးပါလိမ့်။ ... မင်းကြီးဆိုတာများလား၊ တောင်အုပ်... ဆိုတာများလား။ တောင်အုပ်တော... ဆိုလျှင်လည်း ဤလို တစ်ယော... ထီးတည်းလာဖို့မလား။ အနည်း... ရွာအုပ်၊ ရွာခေါင်း၊ ဆလိုင်ဝါ၊ ... ဘုန်းတော်ကြီးတို့ ပါလာသင့်... ယခုမူ တစ်ဦးတည်း၊ တစ်ယော... တည်း။ သို့သော် ကုပ်ချိုးသေ... တစ်လက်ပါလာသူမှာ နှယ်နှယ်ရ... ဟုတ်မည်မထင်။

ရန်သူလား၊ မိတ်ဆွေလား ... တောစရာဖြစ်လာသည်။

သူတို့ဆီမှာ လူလူချင်း၊ ရွာ... ဘိုးစဉ်ဘောင်ဆက်က မသင့်မြတ်... ရှိကောင်းရှိနေတတ်ကြ၏။ မသင့်... ရှိခဲ့ပါလျှင် တခြားလူမျိုးတွေလို သူ... ကိုယ်ရှောင်နေကြသည်မဟုတ်၊ ... လိုက်မသိဘာသာလည်းမဟုတ်၊ ... မြတ်လျှင် မိတ်ဆွေ၊ မသင့်မြ... ရန်သူ။

မိတ်ဆွေကနေ စကားတ... အကြည့်တစ်ချက်၊ အပြုအမူတစ်... နှင့်လည်း ရန်သူဖြစ်သွားနိုင်သ...




www.burmeseclassic.com

www.burmeseclassic.com

ကလည်း စကားတစ်ခွန်း၊ အကြည့်တစ်ချက်၊ အပြုအမူတစ်ခုကြောင့် မိတ်ဆွေဖြစ်သွားကြတာလည်းရှိသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်ကြ၊ ကလဲ့စားချေကြတာလည်း အစဉ်အလာလို ယခင်ကဖြစ်ခဲ့ဖူးကြသည်။ ယခုပင် ခွန်လွေနှင့်လျှိုဖောင်တို့က ရန်သူဖြစ်နေကြ၏။

သူတို့ဆီတွင် ထိုလိုရန်ပွဲမျိုးတွေရှိနေတော့ တိုက်ရည်ခိုက်ရည်ရှိရမည်။ ထို့ကြောင့် သားကောင်ကိုမဖမ်းခင် ရန်သူကိုဖမ်းချင်သည်ဆိုသော စကားပင်ကလည်းရှိ၏။ သည်တော့ ရန်သူကိုဖမ်းဖို့အတွက် တိုက်ရည်ခိုက်ရည်ရှိရမည်။ တိုက်ရည်ခိုက်ရည်ရှိဖို့ လေ့ကျင့်ကွင်းက





www.burmeseclassic.com

www.burmeseclassic.com

သားကောင်ဖမ်းခြင်း၊ သားကောင်တွေနှင့်ရင်ဆိုင်ရဲခြင်း၊ သတ်ဖြတ်ရယူနိုင်ခြင်းတို့ဖြစ်သည်။

ရန်သူဆိုသည်ကလည်း ဝေးဝေးတွင်ရှိသည်မဟုတ်။ အဆင်မသင့်လျှင် ထုံးထားသောခေါင်းပေါ်က သျှောင်ထုံးသည်ပင် ရန်သူဖြစ်ချင်ဖြစ်သွားတတ်သည်ဟုလည်း သူတို့တွင် စကားပုံဆိုရိုးရှိ၏။ မျက်စိကြည့်တာချင်းတူသော်လည်း ဆန္ဒချင်းမတူနိုင်တဲ့။

ဤအဘိုးကြီးသည် ဘယ်လိုဆန္ဒနှင့် သူ့ဆီမခေါ်ဖိတ်ချေရောက်လာနေပါလိမ့်။

"ထိုင်မယ်နော် လူလေး"

"ဟုတ်. . . ဟုတ်ကဲ့၊ ထိုင်ပါအဘ"

ခွန်လွှေမှာ မိမိအိမ်ပေါ်ရောက်လာသောအဘိုးကြီးကို ယခုအထိအကဲခတ်မရသေး။ သူ့ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်ဟောင်းတွေကိုထောက်လျှင်တော့ ရှေးခေတ်ကမုဆိုးကြီးတစ်ယောက်လားဟုလည်း ထင်မိလိုက်၏။

ခွန်လွှေ၏စိတ်ထဲမှာ 'ဘယ်သူပါလိမ့်၊ ဘာကိစ္စပါလိမ့်' ဆိုသည့်အမေးက ချက်ချင်းဘောင်ဘင်ခတ်လာ၏။

အဘိုးကြီးက ထုံးစံအတိုင်း ဧည့်သည်ထိုင်မီးဖိုနားတွင်ထိုင်လိုက်၏။ ခွန်လွှေလည်း အဘိုးကြီးနှင့် မနီးမဝေးတွင် ခပ်ရွံ့ရွံ့ထိုင်လိုက်ရသည်။

အဘိုးကြီးသည် အိမ်ပေါ်ထရံ၌ ချိတ်ဆွဲထားသော တိရစ္ဆာန်များ၏ ချိုအစွယ်၊ သားရေခွံ၊ ဦးခေါင်း စသည်များကို အကဲခတ်ကြည့်နေပြန်၏။ ပြီးတော့မှ -

"ဟို ဗျိုင်းဖြူကြီးလား၊ လူလေးကို ထန်ထောင်သိက္ခာတင်ပေးခဲ့တဲ့အကောင်ဆိုတာ"

"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ"

"အေးကွယ့်၊ တို့တောင်ပေါ်ဒေသမှာတော့ ရှားပါးပစ္စည်းပဲ။ ထန်ထောင်ကပြောသွားလို့ အဘသိတာ။ ဒါပေမယ့် မြေပြန့်မှာတော့ ဒီလိုအကောင်မျိုးတွေ ပေါပါတယ်။ ပေါဆို တစ်ကောင်၊ နှစ်ကောင်မဟုတ်ဘူး။ အုပ်လိုက် အဘမြင်ဖူးတယ်"

"ဟုတ်ကဲ့"

"ဒီဗျိုင်းဖြူကြီးတစ်ကောင်လောက်နဲ့တော့ သိက္ခာတင်လို့မရသေးပါဘူး။ ဒါပေမယ့် ရှားပါးပစ္စည်းမို့ သွားလေသူ ထန်ထောင်ကတော့ မင်းအကြောင်း တော်တော်ပြောသွားဖူးတယ်။ အဲဒါကြောင့် အဘလည်း မင်းနဲ့တစ်ပွဲတစ်လမ်း စမ်းကြည့်ချင်လို့လိုက်လာတာ။ အဘက အသက်ကြီးပါပြီကွယ့်။ အခုဆို အဘအသက်က (၇၀) ကျော်နေပြီ"

သူနှင့် တစ်ပွဲတစ်လမ်းစမ်းချင်၍ လာသည်ဆိုသောအဘိုးကြီးကို ခွန်လွှေက ကြောက်တော့မကြောက်။ လူချင်းလုံးထွေးသတ်ပုတ်ကြရလျှင်တော့ ဤအဘိုးကြီးခြေတစ်ဖက်ဆာကို ခွန်လွှေတစ်ချက်လှမ်းကန်လိုက်ရုံနှင့် ဗုန်းဗုန်းလဲကျသွားနိုင်၏။ ကိုင်ပေါက်သာခံရလျှင်တော့ အသက်ပါပျောက်သွားနိုင်သည်ဟု ခွန်လွှေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ သို့သော် သူ့ကိုယ်ပေါ်က ကုပ်ချိုးသေနတ်တစ်လက်ကိုတော့ သူကြောက်သည်။

ထို့ကြောင့် -

"အဘက. . ."

"ငါ ဖီလာတောင်ပေါ်ရွာက မုဆိုးဗွမ်သွမ်းပါ"

"ဟာ"

ချက်ချင်း ခွန်လွှေမှာ ပါးစပ်အဟောင်းသားနှင့် အာမေဋိတ်သံပင် ထွက်သွား၏။

သူ တစ်ခါမှ ဤမုဆိုးကျော်ကြီး ဗွမ်သွမ်းကို မမြင်ဘူးသော်လည်း သေသွားပြီဖြစ်သော သူ့လက်ဦးဆရာ ဆလိုင်းကြီး မုဆိုးထန်ထောင်ကတော့ သူ့ကိုပြောဖူးသည်။ ဤဗွမ်သွမ်းဆိုသော ဖီလာရွာသားမုဆိုးကြီးမှာ တောင်ယာစပါးခင်းများကိုလာဖျက်သော ဆင်အုပ်ကြီးကို လည်းကောင်း၊ ယာသွားယာပြန်လူတစ်ဆယ်ကျော်ကို ကိုက်သတ်စားသော နတ်ကျားကိုလည်းကောင်း နှိမ်နင်းသတ်ဖြတ်နိုင်ခဲ့၍ နယ်ခြားဝန်ကပင် ကုပ်ချိုးသေနတ်တစ်လက်နှင့်သိက္ခာတင် (လွန်ပီ)ဂုဏ်ထူး(ဆာအိုက်)ပထမတန်းစား မုဆိုးကျော်ကြီးအဖြစ် ဂုဏ်ပြုခံခဲ့ရသူမှာ ဤအဘိုးကြီးပါလားဟု ခွန်လွှေ သိလိုက်ရ၏။

"ဟုတ်ကဲ့ပါ၊ အဘအကြောင်း ငါ့ဆရာ ဆလိုင်းကြီးထန်ထောင် အခါပေါင်းများများ ပြောပြထားဖူးလို့ လူချင်းမတွေ့ကြဘူးပေ. . ."

"အေးလကွယ်၊ ခုတော့ မင်းနဲ့ ငါ တွေ့ကြပြီပေါ့"

"ဗျာ - ဟုတ်. . . ဟုတ်ကဲ့"

ခွန်လွှေမှာ ထိတ်ထိတ်လန့်လန့်နှင့် ဤအဘိုးကြီးလက်မဦးမီ သူကပဲ ချက်ချင်းထုသတ်ပစ်လိုက်ရကောင်းလေမလားဟုပင် စိတ်တစ်ချက်မျက်သွား၏။ မိမိအိမ်ပေါ်ထိ ကျူးကျော်ရန်ပြုလာသူကို မိမိအိမ်ပေါ်၌ပင် သတ်ပစ်နိုင်သည်က သူတို့ဥပဒေအရ အပြစ်မရှိပေ။ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်ပိုင်ခွင့် ဥပဒေသခွင့်ပြုမိန့်ရထားသည်။

သို့သော် မည်သို့ဆိုစေ နယ်ခြားဝန်ကပင် ဂုဏ်ပြုဆာဟိုက်လုပ်ထားသူကို သူသတ်၍မဖြစ်။ လျှံထောင်လို အကောင်မျိုးကိုသတ်ပြီး ဟိုဘက်ထွက်ပြေးသွားလျှင် ဘာမှမဖြစ်နိုင်သော်လည်း ဤအဘိုးအို မုဆိုးကျော်ကြီးကိုသတ်လိုက်လျှင်တော့ သူ့ကို လေးစားကြသော နယ်မုဆိုးများကပါ တသီတတန်းကြီး ရန်ပြုလာနိုင်ကြသည်။

"တို့ထုံးစံပဲလေကွယ်။ ခုပွင့်လင်းရာသီရောက်လာပြီဟုတ်လား"

အဘိုးကြီးပြောလိုက်မှ တောင်ယာစပါးတွေဝင်းမှည့်စပြုသော ကောက်သစ်စားပွဲနှင့် တောခြောက်ပွဲများကို ခွန်လွှေ သတိရသွားသည်။ သို့သော် ဤအဘိုးကြီးသည် ဤသို့သော မင်္ဂလာပွဲအတွက် လာခြင်းမဟုတ်ဘဲ စိန်ခေါ်မှုတစ်ခုခု လုပ်ချင်၍လာခြင်းပေလော။ သို့မဟုတ် လျှံထောင်တို့နှင့်များ တောဆက်တောင်ဆက် ဆွေမျိုးတော်စပ်နေသူလားဟု ဤအဘိုးကြီးကို ခွန်လွှေ ခပ်လန့်လန့် နေသဖြင့် အဘိုးကြီးစကားကို ဘယ် ပြန်ပြောကောင်းရမှန်းမသိဘဲ အဘိုးကြီး မျက်နှာနှင့် အဘိုးကြီးအနေအထား သာ သတိထား၍ကြည့်နေမိ၏။

အဘိုးကြီးပါးတစ်ဖက်မှာ ဒဏ် ဟောင်းအစင်းကြီးတစ်ခုကခွက်ဝင်နေ ၏။ နားရွက်တစ်ဖက်ကလည်းမရှိ၊ ဘယ် ဘက်လက်မတစ်ချောင်းလည်းပျောက် နေသည်ကို ယခု သေသေချာချာ အ ခတ်ကြည့်တော့မှ ခွန်လွှေ မြင်မိ အမှန်က ဤအဘိုးကြီးဗိုက်က ဝက်ဝ ထားသောဒဏ်ရာနှင့် ဒူးခေါင်းက ဝက် ကြီးကိုက်ဖဲ့ထားသောဒဏ်ရာတွေကို အဝတ်တွင်းဖြစ်နေ၍ ခွန်လွှေ မမြင် သေး။ သူ့ကိုယ်ပေါ်တွင် အသေး ကုတ်ရာခြစ်ရာ၊ တောရဲကောင်တို့ ခတ်နှိပ်ပေးထားသောတံဆိပ်ရာတော တော့ တစ်ကိုယ်လုံးပွစာထနေ၏၊ ဤ သည်ကို ခွန်လွှေ အကုန်အစင်မမြင် သေး။

သူက အဘိုးကြီးကို တအံ့တ ငေးကြည့်နေစဉ် အဘိုးကြီးက -

"မင်းဆီငါလာတဲ့ကိစ္စက တို့ အတိုင်း ရွာပေါင်းစုတောခြောက်ပွဲလု ကိစ္စပဲ။ တို့ပတ်ဝန်းကျင်ရွာတွေမှာ



www.burmeseclassic.com

www.burmeseclassic.com

ခမ်းကြည့်ပါတယ်။ လူငယ်ထဲမှာ နာမည်ထွက်တာက ကူပွန်ရွာက လူလေးပဲ။ အဲဒါကြောင့် မင်းရဲ့အစွမ်းအစကိုသိချင်လို့လာတာ၊ ငါက အိုပြီ။ ဒါပေမယ့် ဒီသေနတ်ကတော့ မအိုသေးဘူးကွ။ ဘယ်တိရစ္ဆာန်ကိုပစ်ပစ်သေတယ်။ လူကိုစမ်းဦးမလား သေမှာပဲ။ ဒီသေနတ်က အစွမ်းတော့ထက်ပါတယ်။ အဲဒါကြောင့်လည်း ဒီသေနတ်ရကတည်းက ငါ ဒီသေနတ်နဲ့ပဲ သားကောင်တွေကိုပစ်လာတာ။ ဒီလို သားကောင်တွေကို သေနတ်နည်းလိုက်ပစ်နေလို့လည်း နောက်ပိုင်းတော့ မုဆိုးတွေကငါ့ကိုအထင်မကြီးကြတော့တာ။ အဲဒါကြောင့် သေနတ်မပါဘဲ ရိုးရာလက်နက်တွေနဲ့ပဲ တစ်သက်လုံးသားကောင်လိုက်ပစ်သွားတဲ့ မင်းတို့ဒန်ထောင်ကြီးကို ဟူးကောင်းကျားလို့မုဆိုးတွေကသတ်မှတ်ကြတယ်။ သေနတ်နဲ့ သားကောင်ပစ်နေတဲ့ ငါ့ကို သေနတ်မုဆိုးလို့တောင်သရော်ကြတာ။ အဲဒါကြောင့် မင်းနဲ့ တစ်ပွဲတစ်လမ်းလောက်နွှဲပြီးရင်တော့ ဒီသေနတ်ကို စွန့်ချင်တယ်။ ငါအိုပြီ"

အဘိုးကြီးစကားကို ခွန်လွေက အဓိပ္ပာယ်မပေါက်ချင်။ 'မင်းနဲ့တစ်ပွဲတစ်လမ်းစမ်းချင်တယ်' ဆိုခြင်းမှာ ခွန်လွေက သူ့ကို ဒူးလေး၊ မြားတံ၊ ဓား၊ လှံတို့နှင့်တိုက်ခိုက်၊ သူက ခွန်လွေကို သေနတ်နှင့်ပစ်မည်ဆိုခြင်းလား။ အဘိုးကြီး၏ သည်လိုစိန်ခေါ်မှုလားဟု တွေးမိလိုက်သောအခါ ခွန်လွေ ပခုံးတွန့်သွားသည်။ ထို့ကြောင့် -

"မဟုတ်ပါဘူး အဘရယ်၊ ငါတို့ရိုးရာထန်ထောင်က အဘကိုအင်မတန်ချီးကျူးခဲ့ပါတယ်။ အဘကို လူမမြင်ဘူးပေမယ့် နာမည်ကိုကြားဖူးထားတာဟာ ဘထိုင်းကြီးထောင်ပြောသွားဖူးလို့ပါ။ အဘကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကိုမြင်ကတည်းကပင် မုဆိုးရဲကြီးတစ်ယောက်ဆိုတာ သက်သေခံပြီးသား အခါ ဒါ ဘယ်လူမှငြင်းမရပါဘူး"

ခွန်လွေ၏ စကားကြောင့်ထင်၏။ အဘိုးကြီးကပြုံးလာသည်။

"ဟုတ်တယ်ကွယ့်၊ ဒီနားရွက်၊ ဒီလက်နဲ့ ဒီပါးကဒဏ်ရာ ဒီမှာရှိသေးတယ်။ ဒီဒဏ်ရာတွေက အဘ သေနတ်မကိုင်ခင်တုန်းကပင်ရခဲ့တဲ့ဒဏ်ရာတွေပါ။ ကြည့်ဦးမလား"

ပြောရင်းနှင့် အဘိုးကြီးသည် ဗိုက်ကဒဏ်ရာနှင့် ဒူးခေါင်းဒဏ်ရာတို့ကို ခွန်လွေအားလှန်ပြ၏။ ဒဏ်ရာကို ကြည့်၍ ခွန်လွေပင် လန့်သွားသည်။

"အဘဝမ်းဗိုက်ကဒဏ်ရာကြီးက မနည်းပါလား၊ အဲဒါ ဘယ်လိုဖြစ်. . "

"ကျောက်ပိုးထိုးဘက်က ဝက်တောင်းကြီးပက်လိုက်တာလေ၊ တော်သေးတယ် ဟဲဟဲ၊ အူ၊ အသည်းတွေထိဗိုက်ပွင့်မသွားလို့၊ ပါးမှာ အချိုင့်ကြီးဖြစ်သွားတာကတော့ ကြက်ရေစမ်းမှာကျားကိုက်ခံလိုက်ရတာ"

ခွန်လွေစကားမဆုံးမီ အဘိုးကြီးက သူ့ဗိုက်ကိုလှန်ပြထားပြီး ဂုဏ်ယူဝင့်ကြွားစွာပြော၏။

"လက်မတစ်ဖက်ကကော အဘ"

"အဲဒါက ကိုယ့်ရွာတောင်မှာ ကျားသစ်စားသွားတာ"

"ဒါဆို ကျ ၂ားသစ်က ကျားထက်တောင်ကြောက်စရာကောင်းတာပဲနော် အဘ"

"လူလေးတော့ ကျားသစ်နဲ့တစ်ခါမှမဆုံဘူးသေးဘဲကိုး"

"ဟုတ်ကဲ့ - မဆုံဖူးသေးပါဘူး အဘ"

"ကြောက်စရာကောင်းဆို အဲဒီကောင်မျိုးက အင်မတန်ကောက်ကျစ်တာကွယ့်။ ကျားလိုမဟုတ်ဘူး။ ကျားက မရှောင်သာလို့သာ လူကိုကိုက်ပေမယ့် ရဲရဲဝံ့ဝံ့တိုက်ရဲတဲ့ကျားရှားပါတယ်။ သွေးသောက်ကျားတောင် တော်တော်နဲ့ လူကိုကိုက်ရဲတာမှမဟုတ်တာ။ ပြေးပြီဆိုလည်း ပြေးမှန်းသိသာတယ်။ ကျားသစ်က အဲဒီလိုမဟုတ်ဘူး။ ပြေးသွားတာမြင်လိုက်ရပေမယ့် ပြန်လှည့်ပြီး လူကိုပြန်ချောင်းကိုက်တယ်။ အင်မတန်ကောက်ကျစ်စဉ်းလဲပြီး ပရိယာယ်များတဲ့အကောင်ပဲ"

"အဘကို အဲဒီကျားသစ်ဘယ်လိုကိုက်လဲ ပြောပြပါဦး။ ငါတို့သိရတာပေါ့"

"အဲဒီတုန်းက တစ်မနက်မှာ ငါ ထောင်ချောက်တွေ ကြည့်ဖို့သွားတာကွယ့်။ အမှန်က ဒီကျားသစ်ဟာ အရင်တစ်ခါ ငါ့သုတ်ကိုင်းထဲက ချေငယ်တစ်ကောင်ကို သင်းကိုက်စားသွားဖူးတော့ အခုလည်း စားရလိုစားရငြားနဲ့ထောင်ချောက်နားမှာ လာလာချောင်းတတ်တယ်ထင်တာပဲလေ။ အဘထောင်ချောက်ကြည့်ဖို့လာတော့ သူဖြတ်ပြေးသွားတာမြင်လိုက်ရတယ်။ ငါက သူငါ့ကိုမြင်လို့ ပြေးသွားပြီထင်လိုက်တာ။ ဘယ်ဟုတ်လိမ့်မတုံး၊ ချုံထဲကပုန်းစောင့်နေပြီးခုန်အုပ်တယ်။ ငါသတိကောင်းလို့မသေတာ၊ ငါနဲ့ သူနဲ့ လုံးထွေးကြရင်း ငါ့လက်မကို သူကိုက်တော့ ငါလည်းဘောက်ထဲကဓားကိုသတိရပြီး သူ့လည်မျိုကို တအားထိုးဖောက်ပစ်လိုက်တယ်။ ဒါတောင် ငါ့လက်မတစ်ဖက်ကသူ့ပါးစပ်ထဲပါသွားပြီ။ လျင်လိုက်တဲ့ကောင်"

"အဲဒီကျားသစ်ကိုတော့ အဘရလိုက်တာပေါ့နော်"

"ဘယ်မရရှိလိမ့်မတုံး၊ သူ့လည်မျိုကို ငါထုတ်ချင်းပေါက်ထိုးထားပြီလေ။ ငါ့လက်မကိုနှမြောလို့ ကျားသစ်ဗိုက်ထဲက အူခွေတွေကို ငါခွဲရှာသေးတယ်။ အူထဲမှာတော့ ငါ့လက်မကိုရှာမတွေ့ဘူး။ နောက်ပါးစပ်ထဲခွဲဟပြီးနှိုက်ကြည့်လိုက်တော့မှ ပါးစပ်ထဲမှာတွေ့ရတယ်။ ဒါပေမယ့် ငါ့လက်မက သူဝါးထားလို့ ညက်ညက်ကြေနေပြီ"

မုဆိုးချင်းတွေ့ကြတော့လည်း သားရဲတိရစ္ဆာန်များအကြောင်းကိုသာပြောပြီး တခြားအကြောင်းကိုသတိမရဖြစ်နေကြ၏။ ခွန်လွေက အဘိုးကြီး၏ ဒဏ်ရာတစ်ခုစီကိုမေးပြီး အတွေ့အကြုံနည်းနာနိဿရည်းယူနေရသလို အဘိုးကြီးကလည်း ဂုဏ်ယူဝင့်ကြွားစွာ သူ့ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကိုပြပြီး ဒါက ကျားကိုက်တာ၊ ဒါက ဝက်ပက်တာ၊ ဒါက ဝံကုတ်တာ စသည်ဖြင့် တစ်ခုပြီး တစ်ခုပြောပြနေ၏။

ခွန်လွေနှင့် ဖီလာတောင်က မုဆိုးကျော်ကြီးတို့ စကားအဆုံးမသတ်နိုင်ဘဲ ပြောနေလိုက်ကြသည်မှာ နေ့ဝက်ကျိုးသွား၏။ ထို့ကြောင့်လည်း သူကူပွန်ရွာက ခွန်လွေဆီလာရသည့်အကြောင်းကို ထမင်းစားပြီးကြမှပြောဖြစ်ကြသည်။

ဖီလာတောင်ကမုဆိုးကြီးဗွမ်သွမ်း ခွန်လွေဆီလာခြင်းမှာ ရိုးရာတောခြောက်ပွဲလုပ်ကြရန်လာပြောခြင်း ဖြစ်၏။ သူတို့ရိုးရာ တောခြောက်ပွဲမှာ တစ်နှစ်နှစ်ခါ သုံးခါ ဤသို့ပင် စုပေါင်း၍ အမဲလိုက်ကြခြင်းဖြစ်၏။ ဤဓလေ့မှာ သူတို့၏ဘိုးစဉ်ဘောင်ဆက်ဓလေ့တစ်ခုပင်။

ရွာသုံးလေးရွာစုပေါင်းပြီး တောခြောက်အမဲလိုက်ကြခြင်းမှာ ပျော်စရာတော့ အလွန်ကောင်း၏။ တောခြောက်အဖွဲ့မှာ လူနှစ်ဆယ်ယောက် အနည်းဆုံးဖွဲ့ရ၏။ ခွေးတွေလည်းပါလာတတ်သည်။ တောကျော်တောင်ကျော်သွားကြရမည်ဖြစ်သဖြင့် တစ်ပတ်၊ နှစ်ပတ်လည်း ကြာချင်ကြာမည်။ တောခြောက်ရင်း ထောင်ချောက်လည်းဆင်သူဆင်သဖြင့် သားကောင်တွေကတော့ အများကြီးရတတ်သည်။ ရသည့်သားကောင်တို့



www.burmeseclassic.com

www.burmeseclassic.com

သွားရင်းလာရင်း ရိက္ခာပြန်လုပ်ကြသည်။ လူသာစားသည်မဟုတ်၊ လူနှင့်ပါလာသောခွေးတွေကိုလည်း ကျွေးရသည်။ ကျန်တာကို အခြောက်အခြမ်းလှန်းတန်လှန်းရ၏။

ရွာနှင့်နီးလျှင်တော့ အစိုသားပြန်ပို့ကြသည်။ ထိုသို့ ရွာကိုအစိုသားပြန်ပို့ကြမည့် ခြေမြန်တော်ဆက်သားတွေကတော့ တောခြောက်အမဲလိုက်ရန်လာကြကတည်းကပင် ပါလာကြ၏။ ခြေမြန်တော်ဆက်သားတွေမှာ တစ်ပိုင်းက အစိုသားပို့ရန်ဖြစ်သလို တစ်ပိုင်းကလည်း တစ်ရွာနှင့်တစ်ရွာ အရေးပေါ်သာရေးနာရေးဆက်သွယ်သတင်းပို့မှုကို ခြေမြန်တော်တွေကလုပ်ပေးကြရသည်။

စုပေါင်းတောခြောက်အမဲလိုက်ခြင်းမှာ ရွာရှိ အရွယ်ရောက်ပြီးသားယောကျ်ားသားများ အားလုံးလိုလိုပါကြရသဖြင့် ရွာသုံးလေးရွာက လူတွေကိုစုစည်းလိုက်ကြရ၏။ အနည်းဆုံး လူနှစ်ဆယ်၊ သုံးဆယ်လောက်ရမှ တောခြောက်ပွဲ၊ အမဲလိုက်ပွဲစကြရသည်။ ရွာသုံးလေးရွာက အားကောင်းမောင်းသန် ယောကျ်ားများကိုချည်း စုစည်းကြရသော်လည်း တောင်ပေါ်ရွာတွေမှာ များသောအားဖြင့် အိမ်ခြေနှစ်ဆယ်ရှိသည့်ရွာကနည်း၏။ တချို့ရွာတွေဆို လေး၊ ငါးအိမ်သာရှိ၏။ သူ့အစုနှင့်သူ၊ သူ့ဆွေမျိုးနှင့်သူ ရွာဖွဲ့၍နေနေကြ၏။

သည်ကြားထဲ သက်ကြီးရွယ်အိုမင်းယောကျ်ားများနှင့် မုဆိုးအိုမုဆိုးကျော်ကြီးတွေကလည်း တောခြောက်ပွဲကို မလိုက်နိုင်ကြတော့။ အုပ်နှင့်အုံနှင့်ပြေးလွှားလိုက်ရမည်ဖြစ်သဖြင့် မုဆိုးကြီးတွေက လက်သင်မုဆိုးလေးတွေနှင့်လွှဲထားကြသည်။

သို့သော် တောခြောက်ပွဲကို ဦးဆောင်ရမည့်သူကတော့ အရွယ်ကောင်းမုဆိုးတွေနှင့် မုဆိုးလက်သင်၊ ရပ်မှာရွာမှာ နာမည်ပေါက်သူတွေက ဦးဆောင်ရ၏။ ထို့ကြောင့်လည်း မုဆိုးကျော်ကြီးဗွမ်သွမ်းက ကူပွန်နှင့် သူတို့ပတ်ဝန်းကျင်တွင် နာမည်ပေါက်နေသော ခွန်လွေ့ကို လာရှာခေါ်ခြင်းဖြစ်၏။ ဤပွဲမှာ မုဆိုးကြီးတွေက လက်သင်မုဆိုးလေးတွေကို အကဲခတ်အသိအမှတ်ပြုပေးကြရမည့်ပွဲ ဖြစ်လေသည်။

❑

ဖီလာတောင်ရွာက ကုပ်ချိုးသေနတ်ပိုင်ရှင် တော်ဝင်ဂုဏ်ထူးဆောင် (လွှန်ပီ)



ဗွမ်သွမ်းက သူတို့ကူပွန်ရွာရှိ ခွန်လွေ့ကို တောခြောက်အမဲလိုက်ပွဲအတွက် လာဖိတ်သွားသည်ဟူသောသတင်းမှာ ကူပွန်တစ်ရွာလုံးကို သူတို့တောင်ပေါ်တောမီးပမာ ချက်ချင်းပျံ့နှံ့သွားသည်။

ထိုသတင်းကိုကြားလိုက်သည်နှင့် လျှံနေက ခွန်လွေ့အတွက် ဂုဏ်ယူမိသည်။ ဤလို လွှန်ပီမုဆိုးကျော်ကြီးတစ်ယောက်သည် သာမန်မုဆိုးလက်သင်လောက်ကို ဂရုတစိုက်မှတ်တမ်းတင်ထားတတ်သည်မဟုတ်။ ယခု သူ့ချစ်သူခွန်လွေ့မှာ နာမည်ကြီး၊ နာမည်ပေါက်တစ်နေ့နေ့တွင် မုဆိုးကျော်ကြီးဖြစ်လာမည့်သူမို့သာ တကူးတကာ တောကျော်တောင်ကျော် လာဖိတ်ခေါ်သည်မဟုတ်ပါလား။

ဟူးကောင်းကျားကြီးဟု နာမည်ကြီးခဲ့သော ဆလိုင်းကြီးထန်ထောင်ဆုံးပါးသွားသည့်အတွက် ဤကူပွန်ရွာတွင် တောခြောက်အမဲလိုက်ပွဲမဖြစ်သေးသည်ကိုတော့ လျှံနေဝမ်းနည်းနေမိလေ၏။ ဆလိုင်းကြီးထန်ထောင်သာရှိနေခဲ့လျှင် ဤလိုပွင့်လင်းရာသီမှာ တောခြောက်အမဲလိုက်ကြမည့်ရက်ကိုပင် သတ်မှတ်ကောင်းသတ်မှတ်ထားပြီး ဖြစ်ပေမည်။ ယခုမူ ဆလိုင်းကြီးထန်ထောင် ဆုံးပါးသွားသဖြင့် တောခြောက်ပွဲကို ဦးဆောင်မည့်သူမရှိ။ ရွာတွင် နာမည်အကြီးဆုံးဖြစ်သော်လည်း ခွန်လွေ့က ငယ်သေး

သည်။ ထို့ကြောင့် လူကြီးတွေက သူ့[...]
လုံးလုံးလျားလျား တာဝန်မပေးရဲ[...]
သေး။ အကယ်၍ ခွန်လွေ့က ဦးဆော[...]
မည်ဆိုလျှင်လည်း နောက်ရွာများရှိ မု[...]
ငယ်များက လက်ခံချင်မှလက်ခံကြမည်[...]
ကျားဘယ်နှကောင်သတ်ဖူးသေးလဲ၊ [...]
ဘယ်နှကောင်ရဖူးပြီလဲ၊ သူ့အိမ်ပေ[...]
တွင် ပြောင်ချိုဘယ်နှစုံကို တွေ့ဖူး[...]
သလဲနှင့် စောဒကတက်ကြမည်။

တောခြောက်ပွဲဆိုသည်မှာ အသ[...]
အန္တရာယ်များသည်ကိုတော့ လူတိ[...]
သိ၏။ တောခြောက်အမဲလိုက်ကြ[...]
မှာ တောထဲတောင်ထဲရှိအမဲသားကော[...]
များကို လူအင်အားနှင့် အတင်းအ[...]
ဩသံပေး၊ ချုန်ခွယ်ပိတ်ပေါင်း သစ်[...]
သစ်ခက်များကို ဝုန်းဝုန်းဒိုင်းဒိုင်းရိုက်[...]
ခြောက်လှန့်၍ အော်ဟစ်မောင်းထု[...]
ကြလေရာ သားကောင်တွေမှာကြော[...]
ရွံ့ထိတ်လန့်ပြီး ခြေဦးတည့်ရာ သို့[...]
လူသံမကြားရာဘက် ပြေးချလာတ[...]
ကြ၏။

ထိုသို့ ကြောက်ကြောက်[...]
အထိတ်တလန့်ပြေးလာသောသားကော[...]
ကို ဇိုင်း(စည်း)ဟုခေါ်သော သားကော[...]
ပြေးထွက်လာနိုင်သည့်လမ်းကကြို[...]
၍ ပစ်ခတ်ဖမ်းဆီးကြသည်။ သားကော[...]
မည်သည့်ဇိုင်း၊ မည်သည့်စည်းနေရာ[...]
ပြေးထွက်လာလိမ့်မည်ဆိုသည်ကို[...]
အတွေ့အကြုံရှိထားသော မုဆိုး[...]
များကခန့်မှန်း၍သိတတ်ကြသည်။[...]
ပြသတ်ကွင်းပေးထားသည်။

သို့သော် တောနက်၊ တောင်[...]
တို့၌မူ လူများအော်ဟစ်ခြောက်လှ[...]
သံသည် တောင်ချိုင်တောင်ကြား[...]
ရိုက်ခတ်ကာ ပဲ့တင်ပြန်လာတတ်[...]
တိရစ္ဆာန်များ နားကြားမှောက်ထာ[...]
တွေအော်ဟစ်ခြိမ်းခြောက်နေကြရာ[...]
ပြန်ပြေးလာပြီး တောခြောက်လို[...]
ကြသူတွေနှင့် ပက်ပင်းဝင်တိုး[...]
သည်လည်းရှိ၏။

ထိုအခါမျိုးမှာတော့ [...]
အတွက် အန္တရာယ်များတော့[...]
ကြောက်ရွံ့ထိတ်လန့်၍ပြေးလာ[...]
ဝက်ဆိုလျှင် တွေ့မရှောင် လူကို[...]
ခဲ့၏။ ကျားဆိုလျှင်လည်း ရှေ့မှာ[...]
ကိုကိုက်၏။ ပြောင်ဆိုလျှင်လည်း [...]
တွေ့သူကိုတိုက်ထားခဲ့၏။ ဆင်[...]
လည်း နင်းသတ်ထားခဲ့၏။ စိုင်တို့[...]
တို့ဆိုလျှင်လည်း ရှေ့၌တွေ့သူ[...]
မရှောင် ဝှေ့ခတ်သွားတတ်သည်[...]

အဆိုးဆုံးကမူ ဝက်ဝံ[...]



www.burmeseclassic.com

www.burmeseclassic.com

တွေက ဗြာသံပေးအော်ဟစ်လိုက်လာကြသဖြင့် ဒေါသတကြီးပြေးလာသော ဝက်ဝံသည် တခြားတိရစ္ဆာန်များလို ကိုက်ထား၊ ပက်ထား၊ နင်းဝှေ့ခတ်သွားခဲ့သည်မဟုတ်။ ရှေ့၌တွေ့သူကို သဲသဲမဲမဲ လုံးထွေးဝင်တိုက်တော့သည်။ ထိုအခါ သူတွေက ဝက်ဝံကို လှံနှင့်ထိုး၊ ဓားနှင့်ခုတ်၊ သေနတ်ပါလျှင် သေနတ်နှင့်ပင် ပစ်ခတ်ကြရာ ဝက်ဝံကိုမထိဘဲ လုံးထွေးသတ်ပုတ်နေသောလူကိုထိကာ ဒဏ်ရာရ၍ ထိုသူကို ရရှိထားသော သားကောင် အမဲကောင်များကို ထမ်းလာကြရသလို ဝက်ဝံကိုက်ခံထားရသောလူကိုလည်း ရွာသို့ထမ်းလာကြရသည်။

ထို့ကြောင့် ဗိ၊ ကျော့ကွင်း၊ ညှတ်ကွင်း၊ ပိုက်ကွန်၊ သစ်ထောင်၊ သစ်တုံး၊ ကျင်းတူးထောင်ဖမ်းကြခြင်းထက်နှင့် ဆိုလျှင် တောခြောက်၍ အမဲဖမ်းကြသောနည်းမှာ အန္တရာယ်အများဆုံးနည်းဖြစ်သည်။ သို့သော် လူစုလူဝေးနှင့် တစ်အုပ်တစ်မအော်ဟစ်လိုက်လာကြရခြင်းဖြင့် လူတွေမှာ အပျော်ကြီးပျော်ကြီး ကျားပက်ကာမှပက်ရော၊ ကျားကိုက်ကာ မှကိုက်ရော၊ ဆင်နင်းကာမှနင်းရော၊ ဝက်ဝံကုတ်ခါမှကုတ်ရော အားလုံးပင် အပျော်တပါးနှင့် အရွယ်ရောက်ပြီးသူ ယောကျ်ားသားတိုင်း စုစည်းလိုက်ပါ လာတတ်ကြသည်။

ဤလို တောခြောက်အမဲလိုက်ပွဲ၌ အပျိုလူပျိုများအတွက်၊ ချစ်သူရည်းစား များအတွက်တော့ ရင်အခုန်ရဆုံး၊ မျှော်လင့်ချက်အထားရဆုံး၊ အပျော်ဆုံး မှာ တောခြောက်အမဲလိုက်ပွဲအပြန်၌ ဖြစ်သည်။ ထိုတောခြောက်အမဲလိုက်ပွဲ အပြန်တွင် သူရဲကောင်းတစ်ယောက် ယောက်လည်း ပါလာတတ်လေသည်။ ထိုသူရဲကောင်းမှာ ဤနှစ်တောခြောက်ပွဲ တွင် သားကောင်ကြီးတစ်ကောင်ကောင် ကို သတ်နိုင်သူ၊ သတ်ခဲ့သူပင်ဖြစ်သည်။ ထိုသူမှာ သူ့ရည်းစားလား၊ ငါ့ရည်းစား လားဆိုသည်ကို အတွေးနှင့် အပျိုများက မျှော်စောင့်ကြိုနေကြရခြင်း ဖြစ်၏။

ထိုသူကို ဂုဏ်ပြုရန်အတွက် အပျိုများကလည်း ကျွဲချိုမှုတ်သံ၊ ဗုံသည်ခေါက်သံ၊ တေးသီချင်းဆိုလာ သံကြားကတည်းက အသင့်ကြိုစောင့် နေ၏။ ထိုအချိန်မှာ တောခြောက် လိုက်ဖွဲ့မှရလာသော သားကောင် များကို ထမ်းပိုး၍ ခြေမြန်တော်တွေ က ရွာကိုအရင်လျှောက်လာကြသည်။

ထိုခြေမြန်တော်များနှင့် မရှေးမနှောင်းတွင် ရွာဝင်လာကြမည့်ပွဲပြန်များကို အသင့်စောင့်ကြိုနေကြ၏။ အမျိုးသမီးများ တည်ခင်းခေါင်ရည်ကိုလှမ်းယူသောက်ပြီး သီချင်းဆိုကြ၊ ကကြခုန်ကြနှင့် တောပြန်များကို ကြိုဆိုနေကြသည်။

"ငါတို့တောကို ငါတို့ပိုင်တယ်"

"ငါတို့တောင်ကို ငါတို့ပိုင်တယ်"

"ငါတို့ တောင်ယာတွေ စိုက်ကြတယ်"

"သီးနှံတွေပြည့်ဖြိုးတယ်"

"ငါတို့ဟာ ဒီတောင်တန်းရဲ့ သူရဲကောင်း"

"သူရဲကောင်းအမြင့်မြတ်ကြီးကွ"

"စေလိုရာစေ၊ နေလိုရာနေနိုင်တယ်"

"သားကောင်ဘယ်လောက်ကြီးကြီး"

"ငါတို့ဖမ်းနိုင်၊ သတ်နိုင်၊ အောင်နိုင်တယ်"

"(ဆားတုရ) ဆင်၊ ကျား၊ ပြောင်၊ စိုင်၊ ငါတို့လက်ထဲ အုပ်ကောင်နှယ့် ချေငယ်နှင့်"

"ငါတို့ဟာ ယောကျ်ားကောင်းပီသကြ"

"တမလွန်ကိုလှလှပပသွားနိုင်ကြ"

"လာကြဟေ့ တို့ညီမချောတွေ"

"တစ်ညခင်းတဲ့ ခေါင်ရည်ကိုသောက်ကြမယ်"

"လာကြဟေ့ ညီမတွေ"

"အတူတူ ကကြခုန်ကြမယ်"

"နောက်လည်း ဒီလိုပျော်မယ်"

"တကယ့်ကိုယုံကြည်တယ်"

"တို့တစ်တွေအားလုံး အရာရာကို ကူညီကြမယ်"

"တို့တစ်တွေအားလုံး အရာရာကို အောင်နိုင်တယ်"

"ဟေး ဟယ် ဟယ် လေ လေ"

"ဟယ် လယ်လယ်လေ ဟီးလယ်လယ်"

ထိုသို့ ကခုန်သီဆိုကြိုနေကြရာ တောခြောက်ပွဲကပြန်လာသူများ၏ ကျွဲချိုမှုတ်သံ၊ ဝါးကျည်ခေါက်သံ၊ သီချင်းဆိုလာကြသံ၊ အော်သံဟစ်သံ၊ ကြုံးဝါးလာကြသံများနှင့်အတူ ဒူးလေး၊ ဓား၊ လှံ၊ လက်နက်များကိုလည်း ကိုင်မြှောက်ဝှေ့ယမ်းပြီး ရွာဝင်ဝတွင်ကြိုဆိုနေကြသော အမျိုးသမီးများအနားကို ရောက်လာကြ၏။

ထိုအချိန်မှာတော့ အပျိုတွေက ပိုရင်ခုန်နေကြပြီး ခေါင်ရည်အိုးတွေကို ပလိုင်းထဲထည့်သိုင်းလွယ်၍ အသင့်ကြိုနေကြသော သူ၏ခေါင်ရည်အိုးကို မည်သူက ဦးဆုံးလာယူသောက်မည်ကို ရင်တဖိုဖိုရင်တခုန်ခုန်နှင့်။

သူ့ခေါင်ရည်အိုးကို အရင်ဆုံးယူသောက်သူမှာသူ့ကိုချစ်နေသူဖြစ်ကြောင်း မေးစရာပင်မလိုတော့။ ဤပွဲသည် တောခြောက်အမဲလိုက်ပွဲဖြစ်သလို ချစ်သူရှာပွဲ၊ ချစ်သူကြိုက်သူတို့ တစ်ဦးကိုတစ်ဦး အသိပေး နှလုံးသားအဆိုပြုပွဲလည်းဖြစ်ချေသည်။

ထိုတောခြောက်အမဲလိုက်ပွဲနှင့် ဆာအိုက်ပွဲမှာတော့ အကြီးဆုံးသားကောင်ကို ပထမဦးဆုံးထိုးနှက်ပစ်ခတ်နိုင်သူက သားကောင်ကိုအောင်နိုင်သည့် သီချင်း 'ခွာတဲလဲ'ကို ပထမဦးဆုံးစဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ရသည်။

ဖီလာတောင်ဘက် တောခြောက်ပွဲလိုက်သွားသော ခွန်လွေကို လျှံနေ သတိရနေသလို ကွယ်လွန်သွားပြီဖြစ်သော ကူပွန်ရွာမှုဆိုးကျော်ကြီး ဆလိုင်းထန်ကိုလည်း သတိရနေ၏။ ဆလိုင်းထန်သာရှိလျှင် နှစ်စဉ်လုပ်နေကျ တောခြောက်ပွဲ အမဲလိုက်ပွဲကို ရွာခံအဖြစ် ဆလိုင်းထန်က ဤနှစ်လည်း ဦးဆောင်၍လုပ်ပေးလိမ့်မည်။

ဆလိုင်းထန်သာ ယခုထိ အသက်ထင်ရှားရှိနေလျှင် ဤနှစ် တောခြောက်ပွဲ အမဲလိုက်ပွဲအပြန်မှာ ခွန်လွေသည် သူ၏တစ်ညခင်းခေါင်ရည်အိုးကို ဦးဆုံးယူသောက်မည်။ ချစ်ရည်ရွှန်းသော မျက်ဝန်းအစုံနှင့် လျှံနေကိုကြည့်မည်။ လျှံနေ၏ အပြုံးချိုမြမြကို သူက ကျေကျေနပ်နပ်ခံယူလိမ့်မည်။ လျှံနေ၏ခေါင်ရည်ချိုချိုကိုသောက်ပြီး လျှံနေ၏ခေါင်ရည်ချိုကြောင်း၊ ကောင်းကြောင်းကို ချီးကျူးစကားကို တီးတိုးလေးဆိုသွားမည်။

မိမိရွာက ဦးဆောင်၍လုပ်သော တောခြောက်ပွဲတွင် ခွန်လေွကလည်း ပို၍အစွမ်းပြနိုင်လိမ့်မည်။ သူသားကောင်ကြီးတစ်ကောင်ကောင်ကိုသတ်လာနိုင်ခဲ့လျှင် သူ့ကို လွန်ပီအဖြစ် အားလုံးက အသိအမှတ်ပြုကြရမည်။ ဆာအိုက်ပွဲလုပ်သောအခါမှာလည်း သူနှင့်လျှံနေတို့ တွဲကကြရမည်။

ဆာအိုက်ပွဲတွင် တွဲကကြလျှင် အားလုံးက လျှံနေနှင့် သူ့ကို ချစ်သူအဖြစ် သိကြမြင်ကြပေမည်။ ခွာတဲလဲ သီချင်းကို သူစဆိုမည်။ သူ့အသံသည် တောတောင်တို့ကို ဟိန်းသွားလောက်အောင် ဘောင်ဘင်ခတ်သွားလိမ့်မည်။ တောတောင်တို့၏ ပွဲတင်ပြန်လာသော



www.burmeseclassic.com

www.burmeseclassic.com

သူ့အသံကို လျှံနေ တစ်ညလုံးကြားနေရမည်။

ယခု မိမိရွာတွင် တောခြောက်အမဲလိုက်ပွဲမဖြစ်သဖြင့် လျှံနေသည် ခွန်လေ့၏ ခွာတဲလဲသီချင်းသံကိုပင် ကြားရပါဦးမည်လား။ ဖီလာတောင်ရွာမှပြန်လာကြသောအခါ လျှံနေ၏တစ်ညခင်းခေါင်ရည်အိုးကို သူဦးဆုံးယူမှ သောက်ပါ့မလား။ သူ့အပြောကို နားမဝင်ခဲ့သော ခွန်လေ့သည် . . . လျှံနေဆက်မတွေးဝံ့တော့။

မည်သို့ဆိုစေ လျှံနေကတော့ ခွန်လေ့ပြန်အလာကို မျှော်လင့်ချက်နှင့် စောင့်မျှော်နေရဦးမည်သာ။

❑

တောခြောက်အမဲလိုက်ပွဲဝင်ရန် ကူပွန်ရွာကရောက်လာကြသော ခွန်လေ့တို့အဖွဲ့ကို ဖီလာတောင် ရွာခံမုဆိုးလေးများက ဆီးကြိုကာ မုဆိုးကျော်ကြီး ဗွမ်သွမ်းအိမ်သို့ခေါ်လာကြသည်။ ချိန်းဆိုထားသည့်အတိုင်း ခွန်လေ့တို့အဖွဲ့ ရောက်လာကြသည်ကို ဆလိုင်းကြီး ဗွမ်သွမ်းကလည်း ဝမ်းပန်းတသာဆီးကြို၏။ ခွန်လေ့နှင့်အတူလိုက်ပါလာကြသော လက်သင်မုဆိုးဝါသနာပါသူ လူငယ်များမှာ အားလုံး ခုနစ်ယောက်ဖြစ်၏။

'မုဆိုးအစ တောခြောက်က' ဟုဆိုသော်လည်း ခွန်လေ့ အပါအဝင် ကူပွန်ရွာသားကလေးများမှာ ငါးနှစ်၊ ခြောက်နှစ်သားကတည်းကပင် လေးခွ၊ လောက်လေး၊ ဝါးလေး၊ ဝါးပြောင်းတွေနှင့် မြင်မြင်ကရာ ကြက်၊ ငှက်၊ ရှဉ့်၊ ပူး၊ ပုတ်သင်ညို စသည့် အကောင်ပလောင်များအား နေ့စဉ်လိုလို ပစ်ကစားလာကြသူများ ဖြစ်သည်။

ခွန်လေ့တို့အဖွဲ့မှာ အာဂန္တုမုဆိုးငယ်များသာဖြစ်ကြသဖြင့် တောခြောက်အမဲလိုက်မည့်တောကို မကျွမ်းကြသေး။ ထို့ကြောင့် ယခု တောခြောက်အမဲလိုက်ကြရမည့်တောကောင်တွေကို ရွာခံမုဆိုးများက ကြိုတင်၍ လိုက်ပြထားကြ၏။ လူတွေက အော်ဟစ်မောင်းထုတ်ခြောက်လှန့်လိုက်ကြသောအခါ တောကောင်များထွက်ပြေးလာနိုင်သည့် ဇိုင်း(စည်း)ကိုလည်း လိုက်ပြထားကြသည်။

ထိုသို့ လိုက်ပြထားကြရခြင်းမှာ တောခြောက်အမဲလိုက်ကြရာ၌ ရှေ့ပြေးအဖွဲ့သားများက ထောင်ချောက်၊ ဗီ၊ ကျော့ကွင်း၊ မြေကျင်း၊ ပိုက်ကွန်များ၊ ထောင်ချထားသည့်နေရာများကိုမသိဘဲ သားကောင်ရလိုဇောနှင့် အမှုမဲ့အမှတ်မဲ့ ကမန်းကတမ်းပြေးလွှားလိုက်လာကြရာတွင် သားကောင်အမဲမမိဘဲ လူမိမှာစိုး၍ဖြစ်လေ၏။

သူတို့၏ ထောင်ချောက်ဗီတွေမှာ အလွန်ကြောက်စရာကောင်းသည်။ မိလျှင် သားကောင်တိရစ္ဆာန်သာမဟုတ်၊ လူကိုလည်း ချက်ချင်း ဒုက္ခရောက်စေမည်။ ထောင်ထားသောဗီအပြားမှာ အရှည်နှစ်လံခန့်ရှိပြီး အနံက တစ်လံနီးပါးရှိ၏။ ဝါးလုံးကြီးတွေကိုစိဖြတ်ပြီး ကြိမ်နွယ်များနှင့် ပူးကွပ်ချည်နှောင်ထားသည်။ ဝါးလုံးများ၏အောက်တွင် သံချွန်၊ သံဆူး၊ ဝါးချွန်၊ ဝါးဆူးတွေကို ခိုင်ခိုင်မြဲမြဲတပ်ထားသည်။ ထိုသံချွန်၊ သံဆူး၊ ဝါးချွန်၊ ဝါးဆူးများတပ်ဆင်ထားသော ဗီအပေါ်တွင် ကျောက်ခဲအလေးကြီးတွေကို တင်ထားသည်။

ထို့ကြောင့် ခလုတ်မောင်းတံတပ်ရန် ဗီကို လူသုံးလေးယောက်မ,ကိုင်ထားပြီးမှ ဗီအောက်ကမောင်းခလုတ်ကိုဆင်ရသည်။ ထောက်နှင့်ခလုတ်မောင်းတံကို ဆက်သွယ်ထား၏။ ဗီအောက်က ဗီခလုတ်မှာ လက်သန်းခန့်သာရှိသော်လည်း ဗီတစ်ခုလုံး၏အလေးချိန်ကိုထိန်းထားနိုင်သည်။ ထိုဗီကို သစ်ခက်နွယ်ပင်အစိမ်းတွေနှင့် ဗီမှန်းမသိသာအောင် ထောင်ချောက်ဆင်ထားကြသည်။

လူအုပ်က ခြောက်လှန့်အော်ဟစ်မောင်းထုတ်လိုက်၍ အထိတ်ထိတ်အလန့်လန့် ဦးတည်ရာမဲ့ပြေးလာကြသော အမဲကောင်သားကောင်များသည် ထိုဗီထောင်ချောက်အောက်ကိုရောက်လာပြီး ခလုတ်ကိုနင်းမိလိုက်သည်နှင့် ဗီခလုတ်ပြုတ်၍ မြေပြင်ကို ဝုန်းခနဲလာဖိရိုက်သည်။ထိုအခါ ဗီထောင်ချောက်အောက်ရောက်နေသောသားကောင်မှာ အပေါ်က ကျောက်ခဲကြီးတွေ တင်ထားသောဗီက သားကောင်ကိုဖိသတ်လိုက်သလိုဖြစ်သွားသည်။ ဗီအောက်ဘက်မှတပ်ဆင်ထားသော သံဆူး၊ သံချွန်၊ ဝါးဆူး၊ ဝါးချွန်များကလည်း သားကောင်၏ကိုယ်ပေါ်ကို ကျောက်ခဲအလေးကြောင့် တစ်ထွာတစ်မိုက်စူးဝင်သွား၏။ထို့ကြောင့် ဗီမိလျှင် လူပင်သေနိုင်၏။

ထိုအခါ သားကောင်မှာ ဘယ်လိုမှမရုန်းမကန်နိုင်တော့ဘဲ မြေပြင်နှင့်ဗီကြားတွင်ညပ်သေသွားလေသည်။ လူတို့က ထိုဗီထောင်ချောက်ထောင်ထားသည်ကို သားကောင်များ မသိမရိပ်မိအောင် ပတ်ဝန်းကျင်ကို သစ်ကိုင်း၊ သစ်ခက်၊ နွယ်မြက်ပင်အစိမ်းအစိုများနှင့် တော ပရိယာယ်ဆင်ထားသည်။ သားကောင်များကို ခြောက်လှန့်မောင်းထုတ်ကြ ၌ ဘယ်တောတွင် ဘယ်ဇိုင်းက၊ ဘယ် တောမှာတော့ ဘယ်နေရာက၊ ဘယ် ခင်တန်းစမ်းဘက်တွင် ဘယ်နေရာ ပြေးထွက်လာတတ်ကြသည်ကို တော ဝါရင့်မုဆိုးကြီးများကသိကြ၏။ ထို့ကြောင့် လည်း ကြိုတင်ထောင်ခိုင်းထားကြ၏။

ကျော့ကွင်း၊ သုတ်ကိုင်း၊ ပိုက်ကွန် များကိုလည်း ထိုနည်းလည်းကောင်း သားကောင်များပြေးထွက်လာနိုင်သ ဇိုင်း (စည်းပေါက်) တွေမှာ ကြိုတင် ထောင်ထားကြရလေ၏။ ထိုနေရာ သားကောင်များပြေးသွားအောင်လည်း လူတွေက ဘေးနှစ်ဖက်မှညှပ်ပူးညှပ် အော်ဟစ်မောင်းလွှတ်ကြရသည်။

တောလိုက်မုဆိုး ခွေးများပါ လျှင် ခွေးတွေကလည်း သားကောင် တဝုတ်ဝုတ်တစေါင်စေါင်ဟောင်၍ တွေရှေ့ကပြေးလိုက်တတ်လေရာ တော ခြောက်ပွဲ၌ ခွေးတွေပါလာလျှင် အ သတိထားကြရသည်။ အဘယ်ကြော ဆိုသော် လူတွေ ကြိုတင်ထောင်ထာ သောထောင်ချောက်၊ ကျော့ကွင်း၊ သု ကိုင်း၊ ညွှတ်ကိုင်း၊ ဗီများတွင် ခွေးတွေ တတ်သဖြင့်ဖြစ်၏။ ထို့ကြောင့် တော မကြောက်တောင်မကြောက်၊ သားကော အမဲများကို မကြောက်အောင်သင် ထားသော်လည်း ခွေးပိုင်ရှင်တွေ တောခြောက်ပွဲများ၌ ကိုယ့်ခွေးကို အထူးသတိထားထိန်းကြရသည်။

တောခြောက်အမဲလိုက်ရန် လူ နှင့်ပါလာသော မုဆိုးခွေးများ တော ရောက်မှထိန်းကြရသလို လူ၊ ခွေး နောက်များကိုလည်း တောခြော မလုပ်မီ တစ်ပတ်လောက်အလို ကိုယ့်နွားနောက်ကို ကိုယ့်အိမ်၊ ကို ကိုယ့်ရွာနား၌ ထိန်းသိမ်းထားတတ် သည်။ နွားနောက်ဆိုသောအကော များမှာ ပြောင်တို့၊ စိုင်တို့နှင့်လည်း မိတ်ဖွဲ့မိတ်လိုက်လေ့ရှိကြလေရာ နွားနောက်တွေမှာ တောနက်ထဲ နေတတ်သည်လည်းရှိ၏။

ဤသည်မှာလည်း တောစိတ် မှ သို့မဟုတ် - မိတ်စိတ်မြိုင်စိတ် တစ်ကောင်တလေ ပြောင်နောက် နောက်လိုက်တတ်ကြခြင်း ဖြစ်၏။ ထဲရှိ ခွေးအ၊ တောခွေး၊ ဖြူကောင် မူ တောခြောက်အမဲလိုက်ကြရာ၌ မှ လူထောင်ချောက်ထဲ သ



www.burmeseclassic.com

www.burmeseclassic.com

သူတို့မှာ တွင်းအောင်းတွင်းနေတိရစ္ဆာန်များဖြစ်ကြသဖြင့် လူတွေတောခြောက်အမဲလိုက်လာကြသံကြားကတည်းကပင် သူတို့၏သားရဲတွင်းထဲ အလျှိုအလျှိုဝင်ပုန်းပြီးသားဖြစ်နေကြ၏။

ဖြူကောင်များမှာ မည်သည့်သားကောင်တိရစ္ဆာန်ကိုမျှမကြောက်သော်လည်း ဆူဆူညံညံအသံဗလံများကိုမူ သူတို့၏နားကမခံနိုင်ကြ။ သူတို့၏နားစည်မှာ အလွန်ပါးသဖြင့် ဆူဆူညံညံအသံဗလံကိုကြားသည်နှင့် သူတို့၏သားရဲတွင်းမြေခေါင်းထဲဝင်သွားကြပြီ။ ပြီးတော့ ဖြူကောင်များမှာ နေ့ခင်းနေ့လယ်၌လည်း အပြင်ထွက်တတ်ကြသောအကောင်များမဟုတ်။ သူတို့သည် စူးရှတောက်ပသောအလင်းကိုလည်း မလိုလားကြ။ ညည အစာရှာထွက်တော့မှ သူတို့၏မြေထဲကမ္ဘာမှ အပြင်ကိုရောက်လာတတ်ကြသော တိရစ္ဆာန်များဖြစ်သည်။ အထူးသဖြင့် ဖြူကောင်များသည် လသာညများ၌ အထွက်များသည်။ တောတောင်သတ္တရမ္မာန်ရှိ မည်သည့်တောတိရစ္ဆာန်များကိုမျှ သူတို့မကြောက်ကြခြင်းမှာ သဘာဝဘုရားသခင်က ဖန်ဆင်းပေးထားသော သူတို့တစ်ကိုယ်လုံးရှိ ဆူးချောင်တွေအားကိုးနှင့် ဖြစ်၏။ သူတို့ကိုယ်ပေါ်ကဆူးတောင်တွေမှာ တစ်ထွာတစ်မိုက်ရှည်၏။

ရန်သူနှင့်တွေ့လျှင် သူတို့ကိုယ်ပေါ်ကဆူးတောင်တွေကို ဖြန့်ထောင်၍ ကိုယ်ကို အားယူကျုံ့ထားတတ်ကြ၏။ သူတို့ကို လာကိုက်လျှင် လာကိုက်သည့်အကောင်၏အာခေါင်ခံတွင်းကို သူတို့ကိုယ်ပေါ်ရှိ တစ်ထွာတစ်မိုက်ရှည်သောဆူးတွေစူးမည်။ ထို့ကြောင့် သူတို့ကို မည်သည့်တောတိရစ္ဆာန်ကမျှ မကိုက်ရဲကြ မတိုက်ဝံ့ကြ။

တစ်ခါတစ်ခါ၌မူ ဖြူကောင်များနှင့် ဝက်တောင်းကြီးတို့ တောထဲ၌ဆုံမိ၊ တွေ့မိ ပက်ပင်းတိုးမိကြလျှင် ဖြူကောင်သည် သူ့ကိုယ်ကို ကျုံ့ကျစ်ထားရာမှ ကိုယ်ကိုဆန့်ထုတ်လိုက်ပြီး သူ့ကိုယ်ပေါ်က ဆူးရှင့်တွေနှင့် ဝက်တွေ၊ ခွေးတွေကို ထိုးတတ်ကြ၏။ သူတို့၏တစ်ထွာတစ်မိုက်ရှည်သောဆူးဖျားမှာ မည်းနေပြီး အဆိပ်ပါသည်။ ဆူးဖျားက အဆိပ်ထိသောကြောင့် တစ်ခါတစ်ခါ ခွေးများမှာ သေပြီး တောထဲကပြေးလာတတ်ကြ၏။ ဖြူဆူးကလည်း ခွေးကိုယ်ပေါ် မှာတန်းပါလာတတ်သည်။ ခွေးရှင်က ဖြူဆူးကိုနုတ်လိုက်သော်လည်း ခွေး



မှာ အဆိပ်တက်၍ တဆတ်ဆတ်တုန်နေတတ်သည်။

ဝက်တောင်းကြီးများကမူ တစ်ခါတစ်ခါ ဖြူကောင်နှင့်ပက်ပင်းဝင်တိုးမိလျှင် လုံးဝရှောင်မပြေးဘဲ မိုက်မိုက်ကန်းကန်းနှင့် ဖြူကောင်ကို ပြေးပတ်၏။ သို့သော် သူ့အစွယ်က ဖြူဆူးလောက်မရှည်သောအခါ သူ့အစွယ်ကဖြူကောင်ကို မထိမိ။ ဖြူဆူးက သူ့မျက်နှာ မျက်စိတို့ကို အရင်စူးတော့မှ အော်ပြေးလေသည်။ ထို့ကြောင့် ဖြူကောင်သည် သူ့ကိုယ်ပေါ်ကဆူးအားကိုးနှင့် မည်သည့်တောတိရစ္ဆာန်ကိုမျှ မကြောက်ပေ။

သို့သော် သူတို့အလွန်အားထားသော ကိုယ်ပေါ်ကဆူးကြောင့် လူတွေဆီ၊ ဖြူလိုက်မုဆိုးတွေဆီတော့ အသေခံ၊ အမိခံကြရသည်။ ဉာဏ်များသောဖြူလိုက်မုဆိုးတို့သည် ဖြူကောင်များရှိသော မြေတွင်းများဆီ ဖြူခြေရာခံ၍ ရအောင်ရှာတတ်ကြသည်။ ဖြူတွင်းကိုတွေ့ပြီဆိုလျှင် တစ်လံ၊ နှစ်လံအရှည်လုံးပတ်က ဖြူတစ်ကောင်သာဝင်ဆံ့နိုင်သော ခြင်းကြားရှည်ကြီးတစ်လုံးကို အရင်ရက်လုပ်ကြသည်။ နှစ်လံလောက်ရှည်သော ထိုခြင်းကြားရှည်ကြီးကို ရက်လုပ်ပြီးလျှင် မြေထဲတွင်နေနေကြသော ဖြူကောင်များ၏တွင်းဝနှင့် ခြင်းကြားရှည်အဝကိုတေ့ဆက်၍ ဘေးကင့တ်ရိုက်ကာ ဖြူကောင်များကိုထောင်ကြတော့သည်။

ထိုသို့ ထောင်ပြီးသောအခါ ဖြူကောင်များရှိရာ မြေအောက်ဥမင်တစ်လျှောက်လုံးကို သစ်သားတင်းပုတ်၊ တုတ်ကြီးကြီးတွေနှင့် ထုရိုက်ကြ၏။ များသောအားဖြင့် ဖြူကောင်များ၏ကျင်းပေါက်ဝတွေမှာ သစ်ပင်ကြီးများ၏ဖျဉ်းစောင်းအောက်၊ ဖျဉ်းစောင်းကြားတို့၌ စတင်ဖောက်ကြပြီး မြေအောက်ကမ္ဘာလိုဏ်ထဲ၌နေနေကြ၏။ မြေထဲရှိကျင်းထဲမှ ဖြူကောင်များထွက်ပြေးလာအောင်လုပ်ကြရာတွင် ထိုသစ်ပင်ဖျဉ်းစောင်းများ၊ သစ်ပင်ရင်းမှ မြေပြင်များကို ထုရိုက်ကြရ၏။

အပြင်က လူများထုရိုက်လိုက်ကြသောအသံများမှာ ဥမင်တစ်လျှောက်ရှိ မြေအောက်ကျင်းထဲကို အသံလှိုင်းတွေက ဆူဆူညံညံတုန်တုန်ခါခါဝင်လာ၏။ အပြင်မှလူတွေထုရိုက်နေကြသောအသံတွေမှာ သူတို့၏ ဥမင်သားရဲတွင်းထဲ ဘောင်ဘင်ခတ်လာ၏။ ထိုအခါ နားစည်ပါးသောဖြူကောင်တို့မှာ နားမခံနိုင်ကြတော့ချေ။

လူတွေအဆက်မပြတ်ထုရိုက်နေကြသောအသံတွေမှာ သူတို့၏နားစည်ကို ကွဲထွက်မတတ်လောက်အောင်ပင်ပြင်းထန်လာ၏။ ထို့ကြောင့် ဖြူကောင်များသည် သူတို့ကျင်းဝရှိရာကို တန်းစီပြေးထွက်လာကြ၏။ ထိုအခါ ကျင်းဝနှင့်ဆက်ထားသော ခြင်းကြားရှည်ကြီးထဲ တစ်ကောင်ပြီးတစ်ကောင်ဝင်မိပြီးသားဖြစ်သွားကြသည်။

ခြင်းကြားထဲဝင်မိသွားကြပြီးမှ လူတွေထောင်ထားသောခြင်းကြားထောင်ချောက်ထဲရောက်နေကြပြီဆိုသည်ကိုသိသည်နှင့် သူတို့၏ အားအထားရဆုံးရန်သူကိုပစ်မည့် ဆူးတောင်တွေကို ချက်ချင်းဖြန့်ထောင်လိုက်ကြရာ ထိုအခါမှ ပို၍ဆိုးသွားတော့၏။ ရန်သူကိုပစ်ရန်ဟု သူတို့ဖြန့်ထောင်လိုက်သော ဆူးတောင်တွေမှာ ခြင်းကြားအပေါက်များထဲဝင်ကုန်ကြရာ ပြန်ရုတ်မရလှုပ်ခါမရဖြစ်ပြီး ရှေ့တိုးမရ နောက်ဆုတ်မရနှင့်ဖြစ်ကာ လူတွေဆီ တစ်မိသားစုလုံးအကုန်အဖမ်းခံကြရတော့သည်။

ဖြူကျင်းတစ်ကျင်းလျှင် လေး၊ ငါးကောင်မှသည် အကောင်နှစ်ဆယ်ထိရှိတတ်ကြသဖြင့် ဖြူထောင်သောမုဆိုးများမှာ ဖြူတစ်ကျင်းမိသည်နှင့် အသားရောင်းရ၊ ဆူးတောင်ရောင်းရနှင့်အနည်းဆုံး တစ်လ၊ နှစ်လစာတော့ ဖူလုံသွားကြလေသည်။

(ရှေ့လဆက်ရန်)

ဗိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ခင်မောင်လေး

## အပရန္တ-သုနာပရန္တ

ဘုရားရှင်သာသနာတော်တည်မြဲရေးအတွက် အရှင်မဟာကဿပအမှူးပြု၍ ပထမသင်္ဂါယနာတင်ခဲ့၏။ ဒုတိယသင်္ဂါယနာကိုမူ အရှင်ယသအမှူးပြုတင်ခဲ့၏။ထို့အတူ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မြတ်စွာဘုရားဟောကြားခဲ့သော ဝိနည်း၊ သုတ်၊ အဘိဓမ္မာ(၃)ဖြာ ပိဋကတ်တရားတော်များ တည်တံ့ခိုင်မြဲရေးအတွက် သင်္ဂါယနာတင်ရန် အားထုတ်ကြိုးပမ်းခဲ့၏။ သည့်ကြောင့် ပိဋကတ်(၃)ပုံဆောင် ပိဋကသမ္ပဒါပတ္တာစောဝိဇ္ဇာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသောရဟန္တာမထေရ် (၁၀၀၀) ရွေးကောက်ပြီး တတိယသင်္ဂါယနာတင်တော်မူ၏။ ဤတတိယသင်္ဂါယနာကို အသောကာရုံမည်သော ကုက္ကုဋာရုံကျောင်းတိုက်၌ပင် ပြုလုပ်ခဲ့၏။ ဒေဝါနံပိယ ပိယဒဿီ အသောကစဏ္ဍနမဟာဓမ္မရာဇာမင်းတရားက လိုအပ်သည့်ပစ္စည်း လေးပါးထောက်ပံ့၏။

သင်္ဂါယနာတင်ပြီးသည့်နောက် မြတ်စွာဘုရား ဟောကြားတော်မူသောဒေသနာတော်အစဉ်ထင်ရှားပျံ့နှံ့စေရန် ရည်သန်၍ ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူ၏။ ယင်းသို့ စေလွှတ်သည့် ကိုးတိုင်းကိုးဌာနကား -

မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရတိုင်း၊

မဟာဒေဝတထေရ်ကို မဟိံသကတိုင်း၊

ရက္ခိတထေရ်ကို ဝနဝါသီတိုင်း၊

ယောနကဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်း၊

မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်း၊

မဟာရက္ခိတထေရ်က ယောနကတိုင်း၊

မဇ္ဈန္တိမထေရ်ကို ဟိမဝန္တာအရပ်၊

သောဏနှင့် ဥတ္တရထေရ်ကို သုဝဏ္ဏဘုမ္မိတိုင်း။

မဟိန္ဒထေရ်၊ တိဿဒေဝထေရ်၊ ခုတ္တိယထေရ်၊ ဘဒ္ဒသာလထေရ်၊ သမ္ဗလထေရ်၊ သုဝနသာမဏေ၊ ဘဏ္ဍုကသီတင်းသည် (၇)ပါးတို့ကို သီဟိုဠ်ကျွန်းသို့ စေလွှတ်၏။ တိုင်းတစ်တိုင်းကို ငါးပါးကျ စေလွှတ်သည်ဟုလည်း ဆို၏။ ထိုသာသနာပြုစေလွှတ်သောအရပ်တို့သည် ပစ္စန္တရာဇ်အရပ် (ဝါ) ပစ္စန္တရာဇ်ဇနပုဒ်ဟု ခေါ်၏။

ပစ္စန္တရာဇ်အရပ် (ဝါ) ပစ္စန္တရာဇ်ဇနပုဒ်ဆိုသည်ကား ဇမ္ဗူဒီပါကျွန်း၏ အလယ်ဗဟိုကို မဇ္ဈိမဒေသဟုခေါ်၏။ မြတ်စွာဘုရား ပွင့်တော်မူရာဌာန (ဝါ) မဟာဗောဓိညောင်ပင်ကြီးတည်ရှိရာအရပ်သည် ဇမ္ဗူဒီပါကျွန်း၏ အလယ်တည့်တည့်ဖြစ်၏။ အပိုင်းအခြားကားအလျား တောင်နှင့်မြောက် ယူဇနာသုံးရာရှိ၏။ အရှေ့၊ အနောက် အနံယူဇနာနှစ်ရာငါးဆယ်ရှိ၏။ စုစုပေါင်းအဝန်းအဝိုင်းအားဖြင့် ယူဇနာပေါင်းကိုးရာရှိ၏။ ပုံစံမှာ အလယ်ကောင်ကကြီးပြီး အလျားနှစ်ဖက်သေးနေသဖြင့် မုရိုးစည်ပုံသဏ္ဌာန်ရှိကြောင်း ပိဋကတ်တော်များတွင်ဖော်ပြ၏။ ဦးကုလား၏ မဟာရာဇဝင်ကြီး၌မူ မဇ္ဈိမဒေသ၏အနေအထားပုံသဏ္ဌာန်သည် ဇမ္ဗူဒီပါကျွန်း၏ပုံကဲ့သို့ တည်ရှိသည်ဟု ဖော်ပြထား၏။ ဇမ္ဗူဒီပါကျွန်း၏ပုံသဏ္ဌာန်မှာ မြောက်ဘက်တွင်ကျယ်၍ တောင်ဘက်၌ . လှည်းဦးသဏ္ဌာန်ရှိကြောင်း ဒီဃနိကာယ် မဟာဝဂ္ဂ မဟာဂောဝိန္ဒသုတ်ပါဠိတော်၌ ပါရှိ၏။ သည့်ကြောင့် မဇ္ဈိမဒေသ ဆိုသည်မှာ ဗုဒ္ဓမြတ်စွာပွင့်တော်မူရာဌာန ယခု ဗုဒ္ဓဂယာ၏ အနီးတစ်ဝိုက်ဖြစ်သော အထက် ဖော်ပြပါ အပိုင်းအခြားဒေသဖြစ်ကြောင်း သိအပ်၏။ မဇ္ဈိမဒေသမှတစ်ပါး ကျန်ရှိသမျှဒေသအားလုံးတို့ ပစ္စန္တရာဇ်အရပ် (ဝါ) ပစ္စန္တရာဇ်ဇနပုဒ်ဟုခေါ်၏။

အထက်ဖော်ပြပါ ကိုးတိုင်းကိုးဌာန သာသနာပြုရာတွင် ပါဝင်သော အပရန္တတိုင်းကို သုနာပရန္တတိုင်းဟုလည်း ခေါ်၏။ ပါဠိတော်၊ အဋ္ဌကထာတို့တွင်





www.burmeseclassic.com

www.burmeseclassic.com

အချို့နေရာ၌ အပရန္တဟုဖော်ပြ၍ အချို့နေရာတွင် သုနာပရန္တဟု ဖော်ပြ၏။ နေရာဌာနတစ်ခုတည်းသာ ဖြစ်သည်။ အပရန္တတိုင်းကို မော်လမြိုင် တောင်ပေါက်ဆရာတော်၏သာသနိကပထဝီဝင်ကျမ်းတွင် ယင်းတိုင်း၏ ရှေးဟောင်းမြို့တော်အမည်သည် သုပ္ပာရကဖြစ်၏။ ယခုမြို့တော် အမည်မှာ ဆိုပါရ်ဖြစ်၏။ ရှေးအရံမြို့အမည်မှာ ဝါဏိဇဂါမဖြစ်၏။ အပရန္တတိုင်းသည် နမ္မဒါမြစ်နှင့် ပစ္စိမသမုဒ္ဒရာ ဆုံချင်းမြို့ ပင်လယ်ဆွယ်ခေါ် အနောက်ယာဉ် တောင်တွင်း မြို့ငယ်မြို့ မြောက်ထာန (သာန) စီရင်စုနှင့် သူရတ (စုရတ်) ဒိစကြိတ်စီရင်စု နယ်ပယ်များ တည်ရှိသည်ဟု ဆို၏။

တစ်နည်းအားဖြင့် သုနာပရန္တတိုင်းသည် မြန်မာပြည်၌မရှိ၊ အိန္ဒိယပြည် ဘုံဘေနယ်တွင်ရှိသည်ဟု ဆိုလိုခြင်းဖြစ်၏။ ယင်းအဆိုနှင့် ပတ်သက်၍ ကိုးကားသောကျမ်းကား သံယုတ္တနိကာယ် သဠာယတနသုတ်နှင့် ဥပရိပဏ္ဏာသံပုဏ္ဏောဝါဒသုတ် ဖြစ်၏။ ယင်းသုတ်တွင် အရှင်ပုဏ္ဏမထေရ်၏ဇာတိ အပရန္တ (သုနာပရန္တ) တိုင်းသို့ မြတ်စွာဘုရားကြွလာတော်မူ၏။ ထိုအခါ အပရန္တ (သုနာပရန္တ) တိုင်းအတွင်းရှိ နမ္မဒါမြစ်နား၌ မြတ်စွာဘုရား ခြေတော်နားရာ ထားခဲ့၏။

နမ္မဒါမြစ်သည် အိန္ဒိယပြည် ဘုံဘေနယ်၌ရှိ၏။ အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းတို့၏အလယ်တွင် အရှေ့မှအနောက်သို့ စီးဆင်း၏။ အမရကဏ္ဍကတောင်မှ အိန္ဒိယပြည်အလယ်ပိုင်းကိုဖြတ်ပြီး ဘုံဘေနယ် ဗရိုးချ် (Broach) ဒိစကြိတ်သို့ စီးဆင်းလာ၏။ သည့်နောက် အနောက်ဘက်ပင်လယ်အတွင်းသို့စီးဝင်၏။ သည့်ကြောင့် နမ္မဒါမြစ်တည်ရှိရာအရပ်၊ ခြေတော်ရာတည်ရှိရာအရပ်ကို အပရန္တ (သုနာပရန္တ) တိုင်းဟု မှတ်ယူခဲ့ကြ၏။

ဆရာတော်ရှင်သံဝရာဘိဝံသပြုစု၍ တတိယအကြိမ်ထုတ်ဝေသော ဗုဒ္ဓဝင်တော် ဒုတိယတွဲတွင် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခြင်းနှင့် ပတ်သက်၍။

'ယောနကဓမ္မရက္ခိတမထေရ်အမှူးရှိသော သာသနာပြုများကို အပရန္တအိန္ဒိယအနောက်ပိုင်း ဘောဇနယ်သို့ စေလွှတ်၍ ရေးသား ဖော်ပြခဲ့၏။

အပရန္တတိုင်း၏ နယ်ပယ်အပိုင်းအခြားကို အမျိုးမျိုးဖော်ပြခဲ့ကြ၏။ ရှေးဟောင်းမှတ်တမ်းများအရ မြောက်ဘက်တွင် မောဟိနီ သို့မဟုတ် မဟီမြစ်ဖြင့် ပိုင်းခြားထား၏။ တောင်ဘက်တွင် မဟာရဋ္ဌတိုင်း၊ အနောက်ဘက်တွင် ပင်လယ်သမုဒ္ဒရာ စသည်ဖြင့် ပိုင်းခြားထား၏။ အရှေ့မျက်နှာမှာမူ သကကကျမ်း၊ ကာဗျမီမံသာကျမ်းအရ -

'ဒေဝသကယ ပရတးပစ္စဇေသ
အတြဇေဝသဘာ သုရဋ္ဌာဒသေ
ရကာ တြဝနဘာရိဂုကစ္ဆလဇနဗဒး
ဒေဝသကဘာနယ်မှ အနောက်

အရပ်သည် အပရန္တ အနောက်ဘက်နိုင်ငံ မည်ကုန်၏။

ယင်းတို့မှာ ဒေဝသဘာသုရဋ္ဌဒသေရကတြဝန ဘာရိဂုကစ္ဆလ စသောနိုင်ငံတို့တည်း။ စသည်ဖြင့် အပိုင်းအခြားပြသတ်မှတ်ထားကြ၏။ ဒေဝသကနယ်ကို သေချာမညွှန်ပြနိုင်။ သို့သော် သုရဋ္ဌတိုင်း စသည်တို့ကိုထောက်သော် မဇ္ဈိမတိုက်နယ်မှ အပြင်ကျသော ဥဇ္ဇေနီနယ်အဝန္တိတိုင်းနှင့် နီးစပ်သောတိုင်းနိုင်ငံဖြစ်ကြောင်း ခန့်မှန်းဆုံးဖြတ်နိုင်၏။

နယ်ပယ်အပိုင်းအခြား ဆိုသည်ကား အုပ်စိုးသောမင်းတို့၏ တန်ခိုးအာဏာပေါ်မူတည်၍ ပြောင်းလဲနိုင်၏။ သို့သော် တောတောင်မြစ်ပြင်တို့သည် ပြောင်းလဲခဲ၏။ ယင်းတောတောင်မြစ်ပြင်တို့ဖြင့် နယ်မြေဒေသတစ်ခု၏အပိုင်းအခြားကို ကာလရှည်ကြာ မှတ်သားနိုင်၏။ တောင်များ၊ မြစ်များကို အမှတ်အသားပြု၍ပိုင်းခြာထားသော အပရန္တ (သုနာပရန္တ) တိုင်း၏ အပိုင်းအခြားအမှန်မှာ မြောက်ဘက်တွင် မောဟိနီမြစ်၊ တောင်ဘက်တွင် နမ္မဒါမြစ်၊ ယင်းမြစ်၏ တောင်ဘက်တွင် သုပ္ပာရကသဘော်ဆိပ်၊ အနောက်ဘက်တွင် ယင်းသုပ္ပာရကသဘော်ဆိပ်မှ မောဟိနီမြစ်ဝသမုဒ္ဒရာကမ်းခြေ၊ ၎င်းအပြင် အရှေ့မြောက် နမ္မဒါနှင့် တပသီမြစ်တို့ တည်ရှိသော နယ်ပယ်အပိုင်းအခြားဟု ပိုင်းခြားသတ်မှတ်နိုင်၏။

သည့်ကြောင့် တောင်ပေါက်ဆရာတော်နှင့် ဆရာတော်အရှင်သံဝရာဘိဝံသတို့က အပရန္တ (သုနာပရန္တ) တိုင်းသည် အိန္ဒိယပြည်တွင်တည်ရှိကြောင်း တညီတညွတ်တည်းဆိုကြ၏။ ထို့အပြင် အပရန္တတိုင်းသည် မဇ္ဈိမဒေသ အချက်အချာ သာသနာပြု ပါဋလိပုတ် နေပြည်တော်မှ အနောက်ပိုင်းကျသော ဘောဇနယ်နှင့်ဗုံဗာအီ(ဘုံဘိုင်)နယ်မြောက်ပိုင်းဟု ဆိုအပ်သောတိုင်းသို့ ယောနကရက္ခိတမထေရ် အမှူးရှိသော မထေရ်များ သင်္ဂါယနာတင်သည့်နှစ်၌ပင် ကြွရောက်ခဲ့၏။ သည့်နောက် အပရန္တတိုင်းသားများအား အဂ္ဂိက္ခန္ဓူပမသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူ၏။ လူ (၇၀၀၀၀) တရားတော်နာကြားခဲ့ကြ၏။ ယင်းတို့အနက် မင်းမျိုးမင်းနွယ် (၁၀၀၀) ကျော်နှင့် မိန်းမ (၆၀၀၀) ကျော် ရဟန်းပြုကြ၏။

ယင်းအချက်နှင့်ပတ်သက်၍ အဋ္ဌကထာတွင်-

'အပရန္တံ ဝဂါဟေတွာ ယောနကော ဓမ္မရက္ခိတော
အဂ္ဂိက္ခန္ဓူ ပမေနေတ္တ၊ ပသာဒိသေ ဇနေဗဟူ'

'ယောနက ဓမ္မရက္ခိတ မထေရ်မြတ်သည် အပရန္တတိုင်းသို့ ကြွတော်မူကား အဂ္ဂိက္ခန္ဓူပမသုတ္တန်ဒေသနာတော်ဖြင့် ထိုတိုင်းသူများစွာတို့ကို ကြည်ညိုစေခဲ့ပြီ' ဟူ၍ အကျဉ်းမိန့်ဆိုထား၏။

သို့သော် ယောနကဓမ္မရက္ခိတမထေရ်တို့ အဂ္ဂိက္ခန္ဓူပမသုတ္တန်ဟော၍ သာသနာပြုရာ အချက်အချာမြို့ရွာဒေသကို အတိအကျဖော်ပြထားခြင်းမရှိသဖြင့် အသေအချာညွှန်ပြရန် ခဲယဉ်း၏။ ထိုအခါ ခမ်းနားကြီးကျယ်သော ဇုန္နာအဇန္တ သို့မဟုတ် အဂျန္တခေါ် ရှေးအဆောက်အအုံများတည်ရှိရာအရပ်ကို အပရန္တတဟု ထောက်ပြကြကုန်၏။

အဂျန္တဂူကျောက်ကြီးများသည် မောရိယမင်းဆက်များ အုပ်စိုးခဲ့သော ခေတ်လောက်ဖြစ်မည်ဟု ခန့်မှန်းကြ၏။ ယင်းဂူကျောင်းကြီးမှာ သာသနာတော်နှစ် ၁၀၀၀ ကျော်ဟု ပိုင်းဖြတ်ကြ၏။ အဂျန္တာ၌ ဂူကျောင်းစေတီ (၂၉)ခုမျှရှိ၏။ ကိုးကွယ်သောစေတီကား (၄)ဆူရှိ၏။ သည့်ကြောင့် ဤဌာနသည် သာသနာတော်နှစ် ၃၀၀ - ၄၀၀ အတွင်းက အဆောက်အအုံပေါင်း (၁၀၀၀)ကျော် ဆက်လက်တည်ရှိခဲ့သည်ကိုထောက်၍ သာသနာတော် အကြီးအကျယ် ထွန်းကားခဲ့ကြောင်း ကောက်ချက်ချနိုင်၏။ ထို့ကြောင့် ယင်းဒေသကို အပရန္တဟု ယူလိုကြ၏။

အပရန္တဟု မှတ်ယူသင့်သော နေရာတစ်ခုရှိသေး၏။ ယင်းကား အဲလိုရာ နာသိကားဘိရ်နာစသည့် မှတ်တမ်းတင်နိုင်လောက်သော ရှေးဟောင်းကျောင်း၊ ဂူ၊ စေတီတည်ရှိရာအရပ် ဖြစ်၏။

နောက်တစ်နေရာကား ဘရုကစ္ဆမြို့ဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာမှတ်တမ်းများတွင် သောပိရတိုင်း ရောရုကပြည့်ရှင် ဘုရင်ရုဒြာယနေအား သားတော် သိခဏ္ဍိမင်းသား လုပ်ကြံသတ်

www.burmeseclassic.com

ဖြစ်၏။ ယင်းမကောင်းမှုကြောင့် သဲမိုးရွာသဖြင့် မြို့တော်တစ်ခုလုံး ပျက်စီးကုန်၏။ အမတ်ကြီး(၈)ယောက်နှင့် ရဟန်း(၁)ပါး သာကျန်၏။ ၎င်းတို့သည် ထိုအရပ်မှ ထွက်ခွာလာခဲ့ကြ၏။

သည့်နောက် ဘိရုမည်သော အမတ်က မြို့တစ်မြို့တည်၏။ ဆိပ်ကမ်းမြို့ဖြစ်၏။ ဆိပ်ကမ်းကို ကစ္ဆဟုခေါ်၏။ ဘိရုတည်သောကြောင့် ဘိရုကစ္ဆဟုခေါ်၏။ နောင်အခါ ဘရုကစ္ဆဖြစ်လာ၏။ ယင်းတိုင်းနယ်များသည် မောရိယမင်းဆက် လက်အောက် ကျရောက်ခဲ့ပြီးနောက် ခတြပမင်းများလက်အောက်ကျရောက်ခဲ့၏။ သာသနာတော်နှစ် ၉၀၀ လောက်တွင် ဂုတ္တမင်းနိုင်ငံအံတွင်း သွတ်သွင်းခံရ၏။ ဂုတ္တမင်းများလက်ထက် တရုတ်ရဟန်းတော်များရောက်ရှိလာကြ၏။ ထိုရဟန်းတော်များသည် သာသနာပျံ့နှံ့ထွန်းကားရာ ဘရုကစ္ဆ၊ မလဝ၊ ခေဒ၊ ဝဒရီ၊ ဝလာဘိ၊ သုရဋ္ဌ၊ ဥဒုပ္ပုရ သို့မဟုတ် ကစ္ဆ စသည့်မြို့များသို့ ရောက်ရှိခဲ့ကြ၏။ ထိုအပရန္တတိုင်းမှ သိန္ဓုတိုင်းသို့ကြွရောက်ပြီး ထိုတိုင်းတွင်လည်း သာသနာတော်ထွန်းကားလျက်ရှိကြောင်း တွေ့ရှိရ၏။ အထူးသဖြင့် အဂ္ဂန္တာသည် သာသနာတော် စည်ပင်ထွန်းကား၍ ရဟန်းတော်များ သီတင်းသုံးလျက်ရှိသေး၏။ ရှေးဇာတ်နိပါတ်တော်တို့တွင် ထင်ရှားသည့် ဒွာရာဝတီ(ဝါ) ဒွာရကမြို့များသို့ရောက်ရှိကြောင်း တရုတ်ရဟန်းတော်များ ရေးသားခဲ့ကြ၏။ ထိုသို့ ရှေးဟောင်းမြို့အမည်မှာ ထင်ရှားရှိသေးသဖြင့် သာသနာစည်ပင်ထွန်းကားလျက်ရှိကြောင်း မှတ်သားအပ်၏။

အသောကမင်းတရား ရေးထိုးခဲ့သောကျောက်စာတွင် ရဋ္ဌိကအချို့၌ ဒေဝရဋ္ဌ ဟူသော ဝေါဟာရကို တွေ့ရှိရ၏။ ယင်းဝေါဟာရများသည် ဒေဝရဋ္ဌတိုင်းကို ဆိုလို၏။ အသောကမင်းတရားကြီးလက်ထက် သာသနာပြုစဉ်က ဤတိုင်း၏ အပိုင်းအခြားကိုမဖော်ပြသဖြင့် အသေအချာ မမှတ်သားနိုင်။ သို့သော် တတိယသာသနာပြုဌာနဖြစ်သော ဝနဝါသီတိုင်းနှင့် စတုတ္ထသာသနာပြုဌာနဖြစ်သော အပရန္တတိုင်းအလယ်၌တည်ရှိသည့်နိုင်ငံဟု မှတ်သားအပ်၏။ နောက်ပိုင်း အစဉ်အဆက် မှတ်သားလာကြသော အပိုင်းအခြားနှင့် တရုတ်ရဟန်းတော်များပိုင်းခြားသည့် အပိုင်းအခြားအရ အရှေ့အန္ဓတိုင်းနယ်၊ အနောက်သမုဒ္ဒရာပင်လယ်တောင် ကောကနက (ဝနဝါသီတိုင်းမြို့တော်) မြောက်မလဝါတိုင်း (အပရန္တတိုင်းနယ်) ဟူ၍ဖြစ်၏။ ဤအပိုင်းအခြားဖြင့်လည်း အပရန္တတိုင်းနယ်ကို သိရှိနိုင်၏။

ဒေဝါနံပိယဒသီ မင်းတရားကြီး ဘိသိက်ခံပြီး (၁၂)နှစ်မြောက်၌ နိဂြောဓလိုဏ်ဂူနှင့် တိကလိုဏ်ဂူတို့ကို လှူတော်မူ၏။ ဘိသိက်ခံပြီး (၁၉)နှစ်တွင် သုပိကလိုဏ်ဂူကို ထပ်မံလှူဒါန်း၏။ ယင်းလိုဏ်ဂူများတွင် ကျောက်စာများလည်းရေးထိုးခဲ့၏။ နိုင်ငံအနှံ့အပြားတွင် ဒေဝါနံပိယဒသီမင်းတရားရေးထိုးခဲ့သည့်ကျောက်စာ (၁၃၇) ချပ်မျှရှိ၏။ ယင်းကျောက်စာတို့သည် နိုင်ငံတော်တောင်ပိုင်း ဒက္ခိဏာပထတိုင်းများတွင် လည်းကောင်း၊ နိုင်ငံတော်အနောက်ပိုင်း အပရန္တတိုင်းများ၌ လည်းကောင်း၊ နိုင်ငံတော် အနောက်မြောက်ပိုင်း ယောနက ကမ္ဗောဇတိုင်အောင်နိုင်ငံများသို့ လည်းကောင်း၊ နိုင်ငံတော်အရှေ့ပိုင်း ကလိင်္ဂတိုင်း၊ သမတတ္တသမုဒ္ဒရာမြေနုကျွန်းပေါ် တိုင်းနိုင်ငံများတွင် လည်းကောင်း၊ နိုင်ငံတော်မြောက်ပိုင်း၊ ဟိမဝန္တာနယ်ပယ်တိုင်းနိုင်ငံများတွင် လည်းကောင်း စိုက်ထူခဲ့၏။ ယင်းအချက်အလက်များကို လေ့လာခြင်းအားဖြင့် အပရန္တ (သုနာပရန္တ)တိုင်းသည် အိန္ဒိယနိုင်ငံတွင်တည်ရှိကြောင်း တွေ့ရှိရ၏။

သို့သော် သာသနာလင်္ကာရစာတမ်း ဥယျောဇဉ်တွင် အပရန္တ (သုနာပရန္တ)တိုင်းကို သီးခြားတိုင်းတစ်တိုင်းအဖြစ်ဖော်ပြထား၏။ မန္တာတ်စကြာမင်းနတ်ပြည်သို့တက်၍ သားကြီးရတနာကို ပြန်လည်စေသည်ကာလ အတူပါသော လေးကျွန်းသားတို့တွင် မြောက်ကျွန်းသားတို့နေရာကား ကုရုတိုင်း၊ အရှေ့ကျွန်းသားတို့နေရာကား ဝိဒေဟတိုင်း၊ အနောက်ကျွန်းသားတို့နေရာကား အပရန္တတိုင်းမည်ကြောင်း သတိပဋ္ဌာနသုတ်အဋ္ဌကထာဆိုသည်နှင့်အညီ သုနာပရန္တမည်ကြောင်း သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းဆိုသည်မှာလည်း ဆရာတို့၊ ကျွန်ုပ်တို့နေထိုင်သည့်နိုင်ငံတော်ဖြစ်ကြောင်း ရေးသားခဲ့၏။

ဇမ္ဗုဒီပဥဆောင်းကျမ်းတွင် 'ဇမ္ဗူဒီပါကျွန်းအလယ်ချက်မ မဇ္ဈိမ်ရောက်ရာ တိုင်းကြီးတစ်ဆယ့်ကိုးတိုင်း၊ တိုင်းကြီးရှစ်တိုင်း၊ ကျိုင်းကိုးကျိုင်း၊ မှိုင်းကိုးမှိုင်း၊ ခေါ်းကိုးခေါ်း၊ အလံဦးကင်းများ၊ အစောင့်နေရာဒေသ နဂရဂါမများကို ခန့်ထားဖွဲ့ဖက်သည့်အတိုင်း တိုင်းကြီးရှစ်တိုင်းကို ဖော်ပြရာ၌ ဧရာဝတီမြစ်အနောက် မြောက်ဘက်သည် သုနာပရန္တတိုင်းဟု ဖော်ပြထား၏။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ကောဇာနှစ် ၉၅၂ ခု အင်းဝဘုရင်မင်းရဲကျော်စွာရေးထိုးခဲ့သော ရွှေသာလျောင်းဘုရားကျောက်စာတွင် တိုင်း (၉) တိုင်း ခွဲဝေဖော်ပြရာ၌ သုနာပရန္တတိုင်း မပါရှိပေ။ ကောဇာနှစ် ၁၀၁၁ ခု တွင် ရေးထိုးခဲ့သော ကျောက်စာတွင် တိုင်း (၁၀) တိုင်း ဖွဲ့ပုံအကြောင်းပါ၏။ ယင်းတိုင်း (၁၀)တိုင်းဖွဲ့ပုံနှင့်ပတ်သက်၍ ၁၈၉၇ ခုနှစ် အစိုးရက ပုံနှိပ်ထုတ်ဝေသောကျောက်စာအုပ်စာမျက်နှာ (၁၆၀) တွင် 'စကုစလင်းလယ်ကိုင်း၊ ဖောင်လင်း၊ ကလေး၊ သောင်သွပ်စသောပြည်တို့တည်ရာ သုနာပရန္တတိုင်း (ရွှေသာလျောင်းကျောက်စာတွင် ကလေးနယ်ကို စိန့်တိုင်း၌ပါဝင်ကြောင်း ပြဆို၏။

ကောဇာနှစ် ၁၁၂၇ ခု၊ အင်းဝဆင်ဖြူရှင်ထိုးမှတ်သည့် ရွှေဘိုဘုံလွှတ်ကျောင်းကျောက်စာ၌ တိုင်း (၁၆) တိုင်းဖွဲ့သည့်အကြောင်းပါရှိ၏။ ယင်း (၁၆)တိုင်းကို အထက်ဖော်ပြပါ အစိုးရဌာနက ပုံနှိပ်ထုတ်ဝေသည့် စာအုပ် မျက်နှာ(၁၁၉)တွင် 'ကလေးသောင် ထီးလင်း ယော ချော စကု စလင်း မင်းတုန်း စသည့် (၃၇) မြို့ဖြင့် တန် ဆင်အပ်သော သုနာပရန္တတိုင်း' ဟု ပြပါရှိ၏။

၁၈၉၂ ခုနှစ် အစိုးရကပုံနှိပ်သော ကျောက်စာအုပ် စာမျက်နှာ (၃၉ ၄၃) တွင် ကောဇာနှစ် ၁၁၃၀ ပြည့် အင်းဝဆင်ဖြူရှင်ရေးထိုးခဲ့သည့် ပုံ စည်းခုံထီးတော်တင် ကျောက်စာ လည်းကောင်း၊ စဉ့်ကူးမင်းလက်ထ ၁၁၃၉ - ၁၁၄၀ တွင် ရေးထိုးခဲ့ ကျောက်စာတွင် လည်းကောင်း သု ပရန္တတိုင်းကို ဖော်ပြထား၏။ သို့ တိုင်း၏ နယ်ပယ်အပိုင်းအခြားကို ဖော်ပြထားခြင်းမရှိ။

ကောဇာနှစ် ၁၂၀၉ ခု၊ ပုဂံမင်း ထိုးခဲ့သော အိမ်တော်ရာဘုရားကျော စာတွင် 'စကု၊ စလင်း၊ ထီးလင်း၊ ဆော စသော ပြည်ကြီးတို့၏တည် သုနာပရန္တတိုင်း' ဟု ဖော်ပြပါရှိ၏ ရာဇ် ၁၂၂၄ ခုနှစ် ဦးပုညရေး သည့်ရတနာနဒီဘွဲ့မော်ကွန်းတွင် ခေါင်ရှာပတ်၊ အင်္ကပတ်အာသံ ရံသည်။ တမ္ပဒေသ၊ အပရန္တဟု တိုင်း မိတ်၊ ခရိုင်စိတ်နှင့် အမြိတ်အ စွာ၊ ရတနာနှင့်၊ ကညာတင် လျက်၊ စက်ထံလျောင်းရွှေ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသည်၊ ဥက္ကောင်းမြေထိ နဖူးတည်း' ဟူ၍ ရှေးအခါက မြန်မာနိုင်ငံကို ခြံရံလျက်ရှိသော တိုင်းပြည်နယ်မြေများ အကြောင်းကို ရေးဖွဲ့ခဲ့၏။

ပုဂံ ကောင်းစားစဉ်က တိုင်းကြီးရှစ်တိုင်း နယ်မြေပိုင်းခြားရာတွင် (၁) ဧရာဝတီမြစ်အရှေ့ဘက်၊ တောင်ဘက်သည် တမ္ပဒီပတိုင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ဆိုသည်မှာလည်း အရိမဒ္ဒနာအထက်ကျောက်တစ်လုံးနယ်၊ အရိမဒ္ဒနာအောက် ကျောက်ကြီးနှစ်လုံးနယ်ဟု ဆိုကြ၏။ ကျောက်တလုံးနယ်ဆိုသည် ယခု ငါန်းဇွန်နယ်ဖြစ်၏။ ရှမ်းပြည် (၃၀) စစ်တမ်းတွင် ကျောက်တစ်လုံးထိ ရှမ်းနယ်ဟု အသိအမှတ်ပြု၏။ ကျောက်နှစ်လုံးနယ်ကား ယခုမည်သည့်နေရာဖြစ်သည်ကို မသိနိုင်တော့။

ဧရာဝတီ အနောက်ဘက်တွင် သုနာပရန္တရတိုင်း ဟူ၍ တွေ့ရှိရ၏။ သည့်ကြောင့် သာသနာလင်္ကာရစာတမ်းကို ပြုစုသည့် အမတ်ကြီး မဟာဓမ္မသင်္ကြန် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းကို ပြုစုခဲ့သည့် ပုဂံဝန်ထောက်မင်းတို့၏ အလိုအရ အပရန္တ (သုနာပရန္တ) တိုင်းသည် မြန်မာပြည်၌ရှိသည်ဟု မှတ်ယူအပ်၏။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် အယူအဆတူသူတစ်ဦးရှိသေး၏။ ယင်းကား ရွှေစကြာဆရာကြီး ဦးစိုးမြင့်ဖြစ်၏။ ဆရာကြီးက ၎င်း၏ ဗုဒ္ဓရောင်ခြည်နှင့် ပုဂံမြို့စာအုပ်တွင် ဘုရားခြေတော်ရာ၊ နမ္မဒါမြစ်တို့နှင့်ပတ်သက်၍အတိအလင်း ဖော်ပြထား၏။ အပရန္တ (သုနာပရန္တ) တိုင်းအဖြစ် သတ်မှတ်နိုင်ရန် နမ္မဒါမြစ်နှင့် ခြေတော်ရာရှိရမည်ဟု ဆိုခဲ့၏။

ထို့အပြင် -

"ကျွန်ုပ်တို့ မြန်မာနိုင်ငံမှနမ္မဒါမြစ်သည်လည်း နမ္မဒါဟူသောအမည်ပင်ဖြစ်၍ အပရန္တ (သုနာပရန္တ) မဖြစ်နိုင်သလား။ အိန္ဒိယ နမ္မဒါမှသာလျှင် နမ္မဒါအစစ်ဖြစ်သည်မဟုတ်။ မြန်မာပြည်က နမ္မဒါလည်း နမ္မဒါအစစ်ဖြစ်နိုင်ပေ၏။ အိန္ဒိယ နမ္မဒါသည်သာလျှင် အပရန္တ (သုနာပရန္တ) တိုင်းအတွင်းရှိ နမ္မဒါဖြစ်ကြောင်း အစဉ်အဆက်သက်သေအထောက်အထားပြောပလောက်အောင် အထူးမရှိပေ။ စင်စစ် ထင်မြင်သုံးတို့၏ ထင်မြင်ချက်သက်သက်သာဖြစ်၏။

ခြာတ်တော်နှင့် ခြေတော်ရာတို့ ရှိသည် ရှိသောနေရာတို့၌သာလျှင် ဘုရားသူတို့ရှိသမျှကာလပတ်လုံး ကိန်းစံနေသည်နေတော်မူလေ့ရှိကြ၏။ ပူဇော်ရမည့်အခါ ပူဇော်သူတို့ရှိသော ဌာနများသို့ ပြောင်းရွှေ့စံနေတည်နေတော်မူလေ့ရှိကြ၏။ ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နား၌ခြေတော်ရာလိုက်လံစုံစမ်း ရှာဖွေသူများရှိပုံကို ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီးတွင် 'ခြေတော်ရာဖူးမြော်ရန် သွားရောက် လှည့်လည် စုံစမ်းသောပုဂ္ဂိုလ်များထံမှ ထိုအရပ်၌ ခြေတော်ရာရှိကြောင်း၊ သို့သော်လည်း အခြားဘာသာဝင်တို့က သူတို့ဘုရားခြေတော်ရာဟုဆိုပြီးသိမ်းဆည်းထားကြောင်း သိရဖူးသည်' ဟု တစ်ဆင့်စကား မထင်မရှား မသေမချာ မရေမရာ သာမည အားဖြင့် ဖော်ပြထား၏။

စင်စစ် ခြေတော်ရာအစစ်အမှန်တကယ်ရှိလျှင် ဤသို့ဖုံးကွယ်ထား၍မရနိုင်။ အုတ်အုတ်ကျက်ကျက် ကောလာဟလဖြစ်ပြီး သက်တော်ထင်ရှားဘုရားပွင့်သကဲ့သို့ ဝိုင်းဝန်းပူဇော်ကြမည်ဖြစ်၏။ မြန်မာနိုင်ငံမှ ခြေတော်ရာနှစ်ဆူကဲ့သို့ပင် ပူဇော်သူတွေ အသချေ အကုဋေ မရေမတွက်နိုင်ဖြစ်နေပေလိမ့်မည်။ ယခုမူကား ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နားက ခြေတော်ရာမှာ ထိုသို့မဖြစ်လာပေ။မဖြစ်လာရုံမက မသိသူမရှိသလောက်ဖြစ်နေ၏။

ဤအချက်တစ်ခုတည်းကိုထောက်၍ ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နား၌ ခြေတော်ရာမရှိကြောင်း ထင်ရှားနေပေ၏။ ခြေတော်ရာမရှိလျှင် ထိုနေရာ ထိုဒေသသည် အပရန္တ (သုနာပရန္တ) တိုင်း မဖြစ်နိုင်တော့ပေ။

တတိယသင်္ဂါယနာ၏အကြီးအမှူးဖြစ်ခဲ့သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ပိဋကဘုမ္မိဒါလေးပါး အဘိညာဉ်ခြောက်ပါးရ,တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသည့် ရဟန္တာမြတ်ကြီးဖြစ်၏။ ထိုရဟန္တာအရှင်မြတ်သည် နောင်အခါအဘယ်အရပ်၌ သာသနာကောင်းစွာတည်တံ့မည်နည်း ဆင်ခြင်တော်မူ၏။ ထိုသို့ ဆင်ခြင်သော် ပစ္စန္တရာဇ် ဇနပုဒ်ဖြစ်သော ကိုးတိုင်းကိုးဌာနတို့တွင် သာသနာကောင်းစွာတည်မည်ကို သိမြင်တော်မူ၏။ သာသနာအဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲမည့်နေရာဌာနများသို့သာ သာသနာပြုစေလွှတ်မည်ဖြစ်၏။

သုနာပရန္တတိုင်းမှ မဟာပုဏ်၊ စူဠပုဏ်၊ ညီနောင်နှစ်ပါး စန္ဒကူးနံ့သာ ရွှေကျောင်းကို လှူဒါန်းလိုကြောင်းလျှောက်သဖြင့် ဘုရားသခင်သည် နောက်ပါ သံဃာထေရ်ပေါင်း (၅၀၀)နှင့် သုနာပရန္တတိုင်းသို့ ကြွချီတော်မူ၏။ သုနာပရန္တတိုင်း လယ်ကိုင်းကျောင်းတော်ရာတွင် စန္ဒကူးရွှေကျောင်းတို့ကိုအလှူခံပြီးနောက် ခြေတော်ရာ(၂)ခုချထားခဲ့၏။ ဤသုနာပရန္တတိုင်းသည် လယ်ကိုင်း၊ ဖောင်းလင်း၊ ကလေး၊ သောင်သွပ် စသည့် ပြည်တို့တည်ရာ သုနာပရန္တတိုင်းကို ဆိုလိုခြင်းဖြစ်၏။ ဆရာကြီး ရွှေစကြာဦးစိုးမြင့်အလိုအရ ဤဒေသတွင် နမ္မဒါမြစ်သည် ဤဒေသတွင်ရှိရမည်ဟု ယူဆရ၏။ ထို့ကြောင့် မြန်မာနိုင်ငံ ဧရာဝတီမြစ်၏ အနောက်ဘက်ဒေသမှာ လည်း အပရန္တ (သုနာပရန္တ) တိုင်းပင် ဖြစ်၏။ မောင်းထောင်းဆရာတော်ကလည်း ၎င်း၏ သာသနဝံသပ္ပဒီပိကာကျမ်းတွင် မြန်မာနိုင်ငံ သုနာပရန္တတိုင်းသို့ ဗုဒ္ဓသာသနာရောက်ရှိပုံကို အကျယ်တဝင့်ရေးသားခဲ့၏။

တစ်ဖန် ဆရာတော်ရှင်သံဝရာဘိဝံသကမူ အပရန္တတိုင်းသည် ဇမ္ဗူဒီပါကျွန်းကြီးကို (၄) ပိုင်း ခွဲဝေရာတွင် အနောက်က တိုင်းနိုင်ငံ၌ ပါဝင်၏။ ထို့အပြင် အနောက်ကျွန်းသားတို့၏ ဒေသ အပရဂေါယာနကျွန်းကိုအစွဲပြုပြီး ထိုအမည်အားဖြင့် ခေါ်ဝေါ်နိုင်သောနိုင်ငံ ဖြစ်၏။ သို့သော် ၎င်းတို့သည် တစ်တိုင်းတစ်နိုင်ငံတည်းမဟုတ် အနီးအနားတိုင်းနိုင်ငံများကို စုပေါင်းခေါ်ဝေါ်သောအမည်ဟု မှတ်သားအပ်ကြောင်း မိန့်ဆိုခဲ့၏။

နိုင်ခင်မောင်လေး


ကျမ်းကိုး -

၁။ အမတ်ကြီးမဟာဓမ္မသင်္ကြန်၊ သာသနာလင်္ကာရစာတမ်း (ဒုတိယအကြိမ်)၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။
၂။ မောင်းထောင်းဆရာတော် သာသနဝံသပ္ပဒီပိကာ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။
၃။ တောင်ပေါက်ဆရာတော်၊ ဗုဒ္ဓသာသနိ ပဌဝီဝင်ကျမ်း။
၄။ ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော် (ဒုတိယတွဲ+တတိယတွဲ)၊ တတိယအကြိမ်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။
၅။ ဒေါက်တာသန်းထွန်း၊ တည်းဖြတ်၊ ဇမ္ဗူဒီပဥဆောင်းကျမ်း။
၆။ မဲထီးဆရာတော် ဝံသဒီပနီ၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၆၆။
၇။ ရွှေစကြာဦးစိုးမြင့်၊ ဗုဒ္ဓရောင်ခြည်နှင့်ပုဂံမြို့၊ စပယ်ဦး စာပေ ဖြန့်ချိရေး၊ ရန်ကုန်၊ ၁၉၈၃။
၈။ သာသနာလင်္ကာရစာတမ်း၊ ဟံသာဝတီ၊ ရန်ကုန်၊ ၁၉၅၆။




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ် မိုးရာသီချိန် မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသ ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ယော၊ ဆောဒေသများတွင် မိုးကြီးရေလျှံကာ ချောင်းမြောင်းတွေကျခဲ့သည်။ လမ်းတံတားအဆောက်အအုံတို့ အများအပြားပြိုကျပျက်စီးခဲ့ရသည်။ ထိုအချိန်က ပခုက္ကူရွှေချောင်းတံတားချောင်းရေနှင့်အတူပြုတ်ကျမျောပါစဉ် လူအတော်များများသေကျေပျက်စီးသည်ဟု သတင်းကြားရ၏။ သေကျေကြသူအများမှာ ချောင်းရေတိုးကျနေမှန်းသိလျက်နှင့်ပင် တံတားပေါ်တက်ကြည့်ရင်း တံတားတိုင်များချောင်းရေတိုးများလာပြီး ပြုတ်ကျမျောပါ သေဆုံးကြရသည်ဟုဆိုသည်။

ရေဒဏ်၊ လေဒဏ်၊ မိုးကြီးသည့်ဒဏ် စသည်တို့အား ရာသီဥတုဖောက်ပြန် ဆိုးဝါးသည်နှစ်နှင့် ကြုံတွေ့ရလျှင်ခံကြရစမြဲ ဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ကြုံတွေ့ခဲ့ရသည်။ နာဂစ်မုန်တိုင်း၊ ရခိုင်ဒေသတွင်ကြုံတွေ့ခဲ့ရသည့် ဂီရိမုန်တိုင်းတို့တွင်လည်း အသေအပျောက် အပျက်အစီး အများအပြားကြုံတွေ့ရသည်။

ထိုကဲ့သို့ မိုးကြီးလေဒဏ်ချောင်းရေလျှံသည့်ဒဏ်အား ကျွန်တော်တို့ငယ်ငယ်ကလည်း ကြုံခဲ့ရသည်။ လူကြီးသူမတို့ပြောပြ၍သိရသည်မှာ ယခုဆိုလျှင် နှစ်ပေါင်းလေးဆယ်ကျော်ဝန်းကျင်ပင်ရှိမည်ဖြစ်သည်။ ယောချောင်းကြီးကျချိန်တွင်လည်း ချောင်းဘေးအနီးနေထိုင်ကြသည့်ကျေးရွာအချို့ ချောင်းရေနှင့်အတူနစ်မြုပ်မျောပါကာ လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့လည်း သေကျေပျက်စီးခဲ့ကြရသည်။ အိမ်ကြီးများအလုံးလိုက်မျောပါလာကာ ဆယ်ရသူတွေရှိပြီး တန်းလျား၊ ခုတင်ကြီးများ၊ စားပွဲ၊ ဗီရိုကအစ ယက်ကန်းစင်ကြီးများပင် ဆယ်ယူရရှိခဲ့ကြသည်။

ယောချောင်းကြီးကျစဉ်ကလည်း အသေအပျောက်အပျက်အစီးတို့များခဲ့သည်။ ချောင်းတွင်းကပြနေသည့် ဇာတ်တစ်ဖွဲ့လုံးနီးပါး သေကျေကာ ဇာတ်မင်းသမီး၊ မင်းသားတို့မှာ အဝတ်အစားများပင်မလဲလှယ်ရသေးဘဲ ဇာတ်ဝတ်ဇာတ်စားနှင့်မျောပါလာတာတွေ့ရသည်။ ချောင်းရေနှင့်အတူ ပျဉ်တိုပျဉ်စ အိမ်ထောင်ပရိဘောဂ၊ နွားသေ၊ လူသေလည်း နောက်ရက်တို့တွင် မျောပါလာတာ တွေ့ရသည်။

စာရေးသူတို့၏နေအိမ်တွင်လည်း ချောင်းကျစဉ်က ဆယ်ယူရရှိသည့် ပျဉ်းကတိုးပျဉ်ချပ်ကြီးများ ယနေ့တိုင်ပင်ရှိနေပါသည်။ ချောင်းရေနှင့်အတူ မျောပါလာသည့်ဇာတ်အဖွဲ့မှ ပတ်မကြီး ချိတ်ဆွဲသည့် ပဉ္စရူပအမြီးပိုင်းနှင့်နောက်ခြေထောက်နှစ်စုံတွဲလျက် မှန်စီရွှေချ အား ဆယ်ယူရရှိခဲ့ပါသည်။ စာရေး ငယ်ငယ်က ထိုပဉ္စရူပအမြီးပိုင်းကြီးနှ ကစားခဲ့ရတာ သတိရမိပါသည်။ ယော ချောင်းကြီးကျစဉ်ကလည်း မြစ်က တစ်လျှောက် သူကောင်တို့ ဟိုနေရာ နေရာတွေ့မြင်နေရသည်ဟု ဆိုသည် ရေမျောကမ်းတင်များပင် ဖြစ်သည်။



# (စလေ) နေအောင်လင်း

## ရေမျောကမ်းတင်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ်က ပခုက္ကူဘက် ပေါက်၊ မြိုင်၊ ယော၊ ဆောဘက် မိုးကြီး ရေလျှံသည့်နှစ်တွင်လည်း ရေပြာတံတား ပျက်စီးကျိုးကျသည့်ဓာတ်ပုံအား နောက် ရက် ဂျာနယ်တွင် ဖော်ပြထားတာ တွေ့ရှိ ရသည်။ နောက်ရက် လူသေအလောင်း များအားလည်း မြစ်တွင်းမျှောပါလာတာ တွေ့ရသည်။ ရုတ်တရက် ကပ်ဘေး ကြောင့်သေဆုံးခဲ့ရသူများအဖို့ သေဆုံး ချိန် လျှပ်ပြက်သလို ကိုယ့်ကိုယ်ကိုယ်ပင် သေလို့ သမှန်းပင် သိနိုင်မည်မဟုတ်။ ရုတ်တရက်ကျွတ်လွတ်နိုင်ဖို့ပင်မလွယ်။ တစ်နည်းအစိမ်းသေသေကြသူများပင် ဖြစ်သည်။

တစ်ညနေ နေဝင်မိုးချုပ်စအချိန် တွင် မြစ်အတွင်း ဝါးဖောင်ငယ်တစ်ခု ပေါ်တွင် သံဃာတော်များလိုက်ပါလျက် ရှေ့ကလည်း စက်တပ်လှေမော်တော် တစ်စင်းက ဆွဲယူလာတာ မြင်တွေ့ရ သည်။ ဖောင်ပေါ်ပါလာသည့် သံဃာ တော်တို့ကလည်း အဆက်မပြတ် ပရိတ် မန္တန်တော်များ ရွတ်ဖတ်ကာ လိုက်ပါ လာကြသည်။

ထိုအချိန် စာရေးသူတို့၏ ရွာ အနောက်ဘက် မြစ်ရေကြောင်းသည် ရေလက်ကြောနှင့်ဖြစ်၍ မြစ်ကြောင်းနှစ် ကြောင်းကွဲနေချိန် ဖြစ်သည်။ ပရိတ်ရွတ် ဖတ်လာသည့်ဖောင်မှာ နေဝင်မိုးချုပ်စ မှောင်စပြုတာနှင့် ရွာအနောက်ဘက် မြစ်ကြောင်းနှစ်ကြောင်းဆုံရာ သောင် စပ်တွင် ညအိပ်ရန် ကပ်နားလေသည်။ ဖောင်ပေါ် လျှပ်စစ်မီးများထွန်းကာ ည ဘက်တွင် ပရိတ်ရွတ်သံအား တစ်ညလုံး အဆက်မပြတ်ကြားရသည်။

ညအချိန်ဖြစ်သဖြင့် ရွာပေါ်က လူအများကလည်း မည်သည့်အကြောင်း ဖောင်ပေါ်မြစ်ကြောင်းတစ်လျှောက် ပရိတ် ရွတ်ရသည်ဆိုသည်အား မည်သူမျှမမေး မြန်းမစပ်စုရဲကြပေ။ သို့သော် နောက် တစ်နေ့နံနက်ရောက်ချိန် သိရသည်မှာ ချောင်းရေနှင့် မျောပါနစ်မြုပ်သေဆုံး သူတို့အား ရည်စူးရည်မှန်းကာ မကျွတ် မလွတ်ရှိနေလျှင်လည်း ကျွတ်တမ်းဝင် သာဓုအနုမောဒနာခေါ်နိုင်ရန် ရည်ရွယ် ရွတ်ဖတ်ခဲ့ကြောင်းသိရသည်။ ဘုန်းတော် ကြီးများ မြစ်ရိုးတစ်လျှောက် ပရိတ်တော် များ ရွတ်ဖတ်ကာ အမျှအတန်းပေးဝေ ခြင်းတို့ ပြုလုပ်ကြသည်ဟုသိရသည်။

ထိုသတင်းအား ကြားရသူတိုင်း က သာဓုအနုမောဒနာခေါ် ဆိုကြသည်။ ချောင်းရေနှင့် ရေနစ်မျောပါ သေဆုံးသူ







www.burmeseclassic.com

www.burmeseclassic.com

တို့အဖို့ မကျွတ်မလွတ် ရေမျောကမ်းတင်ဘဝနှင့် သံသရာမရှည်ကြပါစေနှင့်ဟု ဆုတောင်းပေးကြရုံမှတစ်ပါး အခြားမရှိတော့ပေ။ သေဆုံးကြသူအများတွင် အားလုံးတော့ ချက်ချင်းလက်ငင်းကျွတ်လွတ်ဖို့ကတော့ ဖြစ်နိုင်မည်မထင်ပေ။

ထိုနှစ်နောက်ပိုင်း ရွာအနောက်ဆူပန်းချောင်း၊ ကြပ်စု၊ ကျွန်းမြေကွင်းကိုင်းတောင်သူအများ ဆောင်းရေကျချိန်ကိုင်းလုပ်ကြသည်။ မြေပဲ၊ ပဲနီ၊ နေကြာ၊ ကုလားပဲ စသည့်သီးနှံတို့စိုက်ကြသည်။ ဆောင်းသီးသိမ်းဆည်းပြီး နွေပဲနောက်၊ နှမ်း၊ ကြံချိန်ရောက်ပြန်တော့လည်း တစ်နွေလုံးကိုင်းထဲမှာ တဲထိုးကာ ညအိပ်ညနေနေကြသူများရှိသည်။ စက်တွင်းရေမောင်းသူ၊ ရေတင်ရေသွင်းသူတို့၊ စက်တဲ၊ ကိုင်းကျွန်းပေါ်မှာပင် ညအိပ်နေခင်းဘက် နေခိုကာ လုပ်ကိုင်နေထိုင်ရသည်။

နွေသီးပဲနောက်ကောက်သူ အမျိုးသမီးများလည်း နေ့ခင်းဘက် နေခိုကာ ပဲနောက်ကောက်ကြသည်။ နေခင်း တဲထဲ တစ်ယောက်တည်းနေသည့်အခါနေ၊ နေ့ဘက် ခဏတစ်ဖြုတ်အိပ်နားနေကြ၊ ညဘက်ရောက်တော့လည်း စက်မောင်းစက်စောင့်ရင်း တစ်ခါတစ်ရံ တစ်ယောက်တည်းနေသည့်အခါနေပြီးအိပ်ရသည်။

တဲထဲ ညဘက် အိပ်ပျော်နေချိန် အိပ်မက်လိုလိုနှင့် အမျိုးသမီးတစ်ယောက်ကလာပြီး -

"လာ - ငါနဲ့လိုက်ခဲ့"

ဟု လာခေါ်သည်ဟု ပြောသည်။ စက်ရေကွင်းတဲမြောက်ဘက်ကခြေသံတရှပ်ရှပ်နှင့် လမ်းလျှောက်သံကြားရသည့်အခါကြားရသည်။ ထွက်ကြည့်တော့ ဘယ်သူ့မှမတွေ့ရ။

နေ့လယ်ဘက် ပဲနောက်ကောက်ရင်း တစ်ရေးတစ်မောအိပ်သည့် အမျိုးသမီးများဆိုလျှင်လည်း တဲအား ခဲနှင့်လှမ်းပေါက်သည်ဟုဆိုသည်။ အနီးနားတစ်ဝိုက်တွင် ရေလုပ်ငန်းလုပ်သူတချို့လည်း ဆူးပန်းချောင်၊ ကြပ်စုနယ်ခြားတွင် အရှေ့၊ အနောက်လမ်းလျှောက်တာမြင်တွေ့ရသည်ဆိုသည်။ သူတို့မြင်တွေ့ရသည်မှာ အထက်ကအင်္ကျီအဖြူ အောက်က ကျောင်းစိမ်းလုံချည်နှင့် ကျောင်းသူတစ်ဦးအသွင် မြင်တွေ့ရသည်ဟု ပြောကြသည်။

မကျွတ်မလွတ်ဘဝနှင့်နာနာဘာဝ ဝိနာဘာဝတို့မှာ မရှိမဟုတ် ရှိသည်။ ကံဇာတာ အနိမ့်အမြင့်လိုက်၍ မြင်အပ်၊ မမြင်အပ်တို့ကို မမြင်တွေ့ရခြင်းဖြစ်သည်။ ရေမျောကမ်းတင်သရဲတစ္ဆေများအား ကမ်းစပ်တစ်လျှောက် ဖက်ပိန်းလှေလှော်ဖူးသူများ အသိဆုံးပင် ဖြစ်သည်။ ဖက်ပိန်းဆိုသည်မှာ ကျွန်းသားအား နွားစာကျင်းကဲ့သို့အခေါင်းထွင်းကာထားပြီး ဇောက်တစ်ပေအရှည်ကာ (၁၀) တောင်၊ (၁၅) တောင်ရှိသည့် လှေငယ်တစ်စင်းပင်ဖြစ်သည်။ ဖက်ပိန်းလှေနံရံမှာ တစ်ထွာတစ်ပေ ရေစပ်နှင့်နီးနီး တစ်ဖက်နံရံတွင် ပိုက်စတစ်ချောင်းတောင်ဆုပ်ပိုက်နံရံထားထားပြီး လှေနံရံမှာ လှေဝမ်းလှေနံနှင့်မှေးကာ ပျဉ်ချပ်အား ခပ်လျှောလျှောကုန်းဘောင်တံတားသဖွယ် ရေပြင်ဆီမှေးချထားခြင်းဖြစ်၏။ လှေ၏ဘေးကုန်းဘောင်သဖွယ်ချထားသည့်ပျဉ်ချပ်အား ထုံးသဘောဆေးအဖြူသုတ်ထားရာ ရေပြင်နှင့် လှေဝမ်းခွဲခြားမရ။ ဖက်ပိန်းလှော်စဉ် ငါးတို့ပျဉ်အရောင်အဖြူဖွေးဖွေးကို လန့်ဖျပ်ကာ လှေဝမ်းထဲ ငါးတို့လန့်ခုန်ဝင်လေ့ရှိကြသည်။

ဖက်ပိန်းလှေအား ရေအားစုန်၍ တစ်ဖက်ကမ်းကပ်လှော်လေ့ရှိကြသည်။ ကမ်းဘက်ကငါးတို့ ဖက်ပိန်းပေါ် သဘောဆေးအဖြူရောင်၊ထုံးဖြူရောင်တို့ကြောင့် ရေပြင်အထင်နှင့် လန့်၍ခုန်ကာ လှေပေါ်တက်အောင်ပြုလုပ်ထားခြင်း ဖြစ်သည်။ ဖက်ပိန်းလှော်သူတို့အဖို့ သရဲတစ္ဆေမကြောက်တတ်သူ ဖြစ်ရသည်။ သရဲကြောက်သူ ဖက်ပိန်းလှော်၍မရ။ တစ်ယောက်တည်း ညဘက်လမိုက်ရက်တွင် ဖက်ပိန်းလှော်ရသည်။ ကြုံရသည့် အန္တရာယ်ကား အခြားမဟုတ်၊ ရေမျောကမ်းတင် မကျွတ်မလွတ် သရဲတစ္ဆေတို့ ဖက်ပိန်းလှေပေါ်တက်ကာ ငါးတက်စားတာ မကြာခဏကြုံရသည်။

လက်ပံကျွန်းရွာက ဖက်ပိန်းလှေလှော်သည့် ဦးထွန်းတင်ပြောပြသည်မှာ သရဲတစ္ဆေကြောက်တတ်လျှင် ဖက်ပိန်းလှော်စား၍မရဟုဆိုသည်။ ခင်ဗျားတို့ရွာတောင်ဘက်လက်ပံပင်နားက ကျောက်သေးဝဲထွက်နေရာဆိုရင် အဆိုးဆုံးပဲ။ အတွေ့ရအများဆုံးဟု ပြောပြလေ့ရှိသည်။

ဖက်ပိန်းလှေလှော်ကြသူများသည် ဆောင်းရာသီကဲ့သို့ ရာသီဥတုသာယာချိန်၊ မြစ်အတွင်း လှိုင်းလေတို့ ငြိမ်သက်ချိန်လှော်ရတာဖြစ်သည်။ လှေထန်လှိုင်းထလျှင် ဖက်ပိန်းလှေလှော်၍မရပေ။ လှိုင်းအနည်းငယ်ကြီးလျှင်ပင် ရေဝင်နစ်မြုပ်လွယ်သည်။

ရွာအနောက်ဘက်ကျွန်းပေါ်တွင်လည်း ထိုကဲ့သို့ရေမျောကမ်းတင်များ ခြောက်လှန့်ခြင်းဖြစ်နိုင်ပါသည်။ ကျွန်း ပေါ် စာရေးသူ မကြာခဏရောက်ဖြစ် ခဲ့သော်လည်း ခြောက်လှန့်တာ တစ်ခါ တော့ မကြုံခဲ့ရပါ။

ထိုနှစ်က ပခုက္ကူ ရွှေချောင်း တံတားကျိုးကျ၊ ရေပြာတံတားများကျိုး ကြကာ ဧရာဝတီမြစ်အနောက်ဘက် တစ်ကြော ယော၊ ဆောဘက် မိုးကြီး ချောင်းတွေကျ၊ လူနှင့်ကျွဲနွားတွေလည် သေကျေပျက်စီးကြသလို အခြားတိရစ္ဆာ တွေလည်း ချောင်းရေနှင့်မျောပါလာကြ သည်။ ချောင်းရေနှင့်အတူ မြွေဖိုနှင့်မြွေ နှစ်ကောင်မျောပါလာပြီး တစ်ကောင် သောမြွေမှာ လူသူတို့နှင့်တွေ့ကာ လမ်း မှာပင် သေပျောက်ခဲ့ပြီး တစ်ကောင် သောမြွေမှာတော့ ချောင်းတက်ကျေးရွာ အနီးတွေ့ရှိကာ ဖမ်းယူလာခဲ့ကြသည်။

တစ်နေ့ မြို့သို့ဘဏ်ငွေဆပ်သွား ရင်း ကိုပုလဲဆိုသူအားတွေ့ရာ -

"ခင်ဗျားတို့ရွာမှာ စောစောရ က မြွေကြီးတစ်ကောင်တွေ့တာ ဟုတ် သလား"

မေးလျှင် -

"ဟုတ်တယ်၊ စပါးအုံးမြွေကြီး စပါးကြီးမြွေမဟုတ်ဘူး။ မြွေကြီး ထွန်ပိုးတုံးလောက်ရှိတယ်"

"လူတွေကိုမကိုက်ဘူးလား"

"မကိုက်ဘူး။ ကလေးတွေ သုံး လေးယောက် ပခုံးပေါ်ဝိုင်းထမ်းမွှေ ဆော့ကစားနေသေးတယ်"

"မြွေကြီးနောက်တော့ဘယ်ပို့ သလဲ"

ဟု မေးရာ -

"နေပြည်တော်ပြတိုက်ပို့မယ်ဆို ပို့လိုက်တယ်"

ဟု ပြောပါသည်။

"အဲဒီမြွေကြီးတွေက အဖိုနဲ့ အမ နှစ်ကောင် ချောင်းရေနဲ့မျောပါလာတာ တစ်ကောင်က လမ်းမှာ အသတ်ခံလိုက် ရတယ်လည်းကြားတယ်။ အိပ်မက်ပေး တာလိုလို၊ ကောလာဟလစကားလည်း ဖြစ်ချင်ဖြစ်ချင်ဖြစ်နိုင်ပါတယ်"

ထိုအခါ ကိုပုလဲမှ -

"အထက်အညာက ချောင်းရေ မျောပါလာတာ မဖြစ်နိုင်ဘူး။ ကျွန်း ဆီ ဒီရေတွင်းချောင်းကလည်း တို့အ နှစ်တော်တော်ကြာဆီက အခုလို မြွေစပါးကြီးမြွေကြီးတွေ မျောပါလာ



www.burmeseclassic.com

www.burmeseclassic.com

# လှမိုး(ပညာရေး)

# စစ်တောင်းမြစ်၏ဆောင်းရင်ငွေ့




၁၉၄၂၊ ဖေဖော်ဝါရီလ ၂၁ ရက်။

ဗြိတိသျှဘုရင့်ဖာလာကော့လာဆပ်ပါမိုင်းနားစစ်မြေပြင် အင်ဂျင်နီယာတပ်မှ ဗိုလ်ရှိုင်းဟတ်ဆန်သည် ဆောင်းရာသီလည်း မကုန်တကုန်၊ နွေရာသီလည်း မလုံ့တလုံ ဝိုးဝါးနေသောရာသီတွင် စစ်တောင်းမြစ်၏ ဆောင်းရင်ငွေ့ကို ခိုလှုံရင်းက စစ်တောင်းတံတားကို ဖောက်ခွဲရန် ယမ်းဘီလူး၊ စနက်တံများ တပ်ဆင်ပြီးဖြစ်၍ စိတ်လက်ပေါ့ပါးသွားသည်။ သူနှင့်သူ့တပ်မှ ဒုဗိုလ် အိန္ဒိယအမျိုးသား ဘာရိုယာအာမက်ခံတို့သည် လွန်ခဲ့သော (၄၈) နာရီခန့်ကပင် သူတို့တပ်မှ ဒိုင်းနမိုက်ကျွမ်းကျင်သောရဲဘော်များနှင့် တံတားကြီးကို ဖောက်ခွဲရန် စနစ်တကျပြင်ဆင်ပြီး ဖြစ်သည်။

ဗိုလ်ရှိုင်းဟတ်ဆန်သည် တံတားကြီး၏ ဒုတိယခုံးကျော်မှ လွှမ်းမောတသဖွယ်၊ စစ်တောင်းမြစ်၏ ရှုခင်းကို ငေးမောကြည့်နေမိ၏။ လဆုတ်လသည် တံတားကြီး၏အရှေ့ဘက် တောရိပ်ညို့ဘက်မှနေ တငြိမ့်ငြိမ့်တက်လာသည်။ လဆုတ်လ၏ မှေးမှိန်သော ရောင်ခြည်များသည် တသွင်သွင်စီးဆင်းနေသော စစ်တောင်းမြစ်၏ မြူနှင်းငွေ့များကို ထိုးဖောက်၍ မြစ်ရေပြင်အား အလှတစ်မျိုးဆင်နေသကဲ့သို့ပင်ဖြစ်နေသည်။ ဟတ်ဆန်မှာ ပန်းချီဆရာတစ်ယောက် မဟုတ်သော်လည်း ပန်းချီမျက်စိရှိသူ ဖြစ်သည်။ ပန်းချီကားများကို အရသာခံ ကြည့်တတ်သူ ဖြစ်ပါသည်။

သူမြင်နေရသည့် လွှမ်းမောတသဖွယ် စစ်တောင်းမြစ်၏ရှုခင်းကို ပန်းချီဆွဲရမည်ဆိုလျှင်တော့ ထိုပန်းချီကားကို စစ်တောင်းမြစ်၏ ဆောင်းရင်ငွေ့ဟု အမည်ပေးရပေလိမ့်မည်ဟုထင်သည်။ တဒင်္ဂအားဖြင့် ရှိုင်းဟတ်ဆန်သည် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေသည်ကို မေ့လျော့သွားသည်။ သူ့စိတ်အာရုံအား စစ်တောင်းမြစ်၏လွှမ်းမောဖွယ်ရှုခင်းက ဖုံးလွှမ်းသွားသည်။ သို့သော် မိနစ်ပိုင်းအတွင်း စစ်တောင်းမြစ်အရှေ့ဘက်တောတွင်းတစ်နေရာမှ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲသည့်အသံ၊ စက်သေနတ်ပစ်သံ၊ လက်ပစ်ဗုံးပေါက်ကွဲသည့်အသံများကြားရပြီး မိနစ်အနည်းငယ်အတွင်း ငြိမ်သက်သွားပြန်သည်။ အရှေ့ဘက်ကောင်းကင်တွင်မူ ထိုးဖောက်ချီတက်လာနေသော ဂျပန်ဘုရင်တပ်မတော်နှင့် ဗြိတိသျှတပ်များ၏ကျားကုတ်ကျားခဲတိုက်ခိုက်နေသည့်ဒဏ်ကြောင့် ဖိတ်လောင်းနေသောရှာငယ်များ၊ ဆုတ်ခွာစစ်ပြုလာရသော ဗြိတိသျှတပ်မတော်၏ မြေလှန်စနစ်ကြောင့် ကျေးရွာများမှ တောက်လောင်နေသည့် မီးတောက်

တယ်လို့ပြောကြတယ်။ဒီရေတွင်းချောင်းအထက်ဘက်မှာရှိတဲ့ ချောက်ကမ်းလျှိုကြီးတွေဆီကချောင်းရေနဲ့မျောပါလာတာလည်း ဖြစ်နိုင်ရှိတယ်”

ဟု သူ့အထင်အား ပြောပြပါသည်။

ဧရာဝတီမြစ်အနောက်ဘက်တွင်ရှိ ကျေးရွာအချို့တို့ ချောင်းရေလျှံကာ ချောင်းရေနှင့်အတူ မျောပါသေပျောက်ရသည်။မြစ်အနောက်ဘက်ရွာတစ်ရွာမှ ကြားရသည့်သတင်းကား နွားစာကျင်းထဲမှာ ရွှေလက်ဝတ်လက်စားတွေပါသွားသဖြင့် ဒီရွှေပါသည့်နွားစာကျင်းအား ကမ်းနားကျေးရွာတစ်လျှောက် သတင်းမေးကာ လိုက်ရှာသည်။

နွားစာကျင်းကိုဆယ်ရသူတို့အဖို့ သာမန်စာကျင်တစ်လုံးထက်ပိုပြီးသိထားခြင်းမရှိ အထဲမှာ ရွှေ ငွေပါတာလည်း သူတို့မသိကြ။

ရှေးလူကြီးသူမတို့က လက်ဝတ်လက်စား ရွှေထည်၊ ငွေထည်တို့အား ရှေးခေတ်က သူခိုးဓားပြရန်ကကြောက်ရ၍ လုံခြုံစိတ်ချရသည်နေရာမျိုး၊ လူဆိုးသူခိုးတို့ အလွယ်တကူမသိရှိနိုင်သည့် နွားစာကျင်းကဲ့သို့ စာကျင်းကိုယ်ထည် တစ်ဖက်နေရာတွင် အတွင်းမှာ အံထိုးသဖွယ်ထွင်းထုကာ အသားသပ်နှင့် မူလပုံသဏ္ဌာန်မပျက်ပိတ်ကာ သိမ်းထားခြင်းဖြစ်သည်။

ပိုင်ရှင်ဖြစ်သူက ရှေးဘိုးဘွားလက်ထက်အဆက်ဆက်က ထိန်းသိမ်းလာခဲ့သည့် ဘိုးမွေဘွားမွေလည်းဖြစ်၊ အထဲတွင် ရွှေလက်ဝတ်လက်စားတို့ပါသွား၍လည်း တစ်ဆင့်စကားတစ်ဆင့်နားနှင့် ကမ်းနားကျေးရွာအချို့တွင် လိုက်လံ မေးမြန်းစုံစမ်းကြသည်။

ထိုနွားစာကျင်းကို တွေ့သူအဖို့ သာမန်နွားစာကျင်းတစ်လုံးထက် ပို၍မသိ။ အထဲတွင် ရွှေပါတာကိုလည်း တစ်သက်လုံးသိနိုင်မည်မဟုတ်။ ပျောက်သွားသူအဖို့လည်း အကျိုးမရှိနိုင်။ တွေ့ရသူအဖို့လည်း မသိ၍ ဘာအကျိုးမှမရှိ။ ပိုင်ရှင်မှာ သူ့နွားစာကျင်းအား ရှာဖွေတွေ့ရှိရလျှင် တွေ့ရှိသည့်ပစ္စည်းပိုင်ရှင်ထံ ဖြစ်ကြောင်းကုန်စင်ပြောပြကာ နှစ်ဦးရွှေဝတ်လက်စားတို့အား ခွဲဝေကာပေးထားခဲ့မည်။ မူလပိုင်ရှင်မှာလည်း အခြားပစ္စည်းဥစ္စာတို့ ဆုံးရှုံးသွားရသော်လည်း မိမိတို့ပိုင်ရွှေထည်အချို့ပြန်ရ၍ အဆိုးထဲက အကောင်းဟု မှတ်ယူကြရတော့မည်။

သဘာဝကပ်ဘေးကြီးများနှင့် ကြုံတွေ့ရသည့်အခါ ထူးခြားဆန်းပြားသည် ဂမ္ဘီရဆန်ဖြစ်ရပ်များ၊ နောက်ဆက်တွဲ ကောင်းကျိုး၊ ဆိုးကျိုးတို့ကား ဖြစ်ပေါ်ကြုံတွေ့ရမည်မှာ မလွဲမသွေပင်ဖြစ်ပါတော့သည်။

နေအောင်လင်း(စလေ)



www.burmeseclassic.com

www.burmeseclassic.com

မီးလျှံများသည် နဂါးကြီးတစ်ကောင်၏ ခံတွင်းမှထွက်လာသော မီးတောက်မီးလျှံများပမာထိုးထွက်နေသည်ဟု ဟတ်ဆန်က ထင်မိသည်။

ယမန်နေ့ညနေမှ ရရှိသောထားသော နောက်ဆုံးရသတင်းများအရ စစ်တောင်းမြစ်၏အရှေ့ဘက်ကမ်းတွင် အမှတ် (၁၇) အိန္ဒိယတပ်မတော်မှ တပ်မဟာနှစ်ခုသည် နောက်ချန်နေရစ်၍ ထိုးဖောက်လာသော ရန်သူတပ်များနှင့် ရင်ဆိုင်တိုက်ခိုက်လျက်ရှိဆဲ ဖြစ်သည်။ သို့သော် ဂျပန်တပ်အချို့သည် ဒေသခံပြည်သူလူထု၏အကူအညီနှင့် ဖြတ်ကူး၍ စစ်တောင်းတံတားဆီသို့ ချီတက်လာနေသည်ဟူသောသတင်းကိုလည်း ဗြိတိသျှစစ်အာဏာပိုင်များက တိတိကျကျ သိရှိထားကြသည်။ ဂျပန်ဘုရင်တပ်မတော်အဖို့ စစ်တောင်းတံတားကြီးအား အလျင်အမြန် အကောင်းပြကတေ့သိမ်းပိုက်နိုင်ပါက ရန်ကုန်မြို့တော်အား သိမ်းပိုက်နိုင်ရေးမှ လက်တစ်ကမ်းသာလိုတော့သည်ဟု မှတ်ယူထား၏။ သို့ဖြစ်၍ ဂျပန်တို့အဖို့ စစ်တောင်းတံတားကြီးကို ဗြိတိသျှထိုးဖောက်ခွဲဖျက်ဆီးခြင်းမပြုမီ သိမ်းပိုက်နိုင်ရန် နည်းလမ်းအမျိုးမျိုးသုံးကြရမည်ဖြစ်၏။ သို့ဖြစ်၍ ဗြိတိသျှစစ်ဘက်အာဏာပိုင်များအဖို့ စစ်တောင်းတံတားကြီးအား လိုအပ်ပါက ဖောက်ခွဲဖျက်ဆီးရမည်ဖြစ်သည်။

သို့ဖြစ်၍ ခွာစစ်ပြုလာသည့် ဗြိတိသျှတပ်များသည် လမ်းတံတား၊ ဆန်စက်၊ သစ်စက်၊ မော်တော်ကား၊ သင်္ဘောများကို ဂျပန်တို့ အသုံးမပြုနိုင်ရန် ဖောက်ခွဲ ဖျက်ဆီးခဲ့သည်သာမက ဆုတ်ခွာရာတွင် သယ်ယူနိုင်ခြင်းမရှိသော စစ်အသုံးအဆောင်ပစ္စည်းများ၊ ကုန်သိုလှောင်ရုံများကိုပါ ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ ဂျပန်တို့ သိမ်းပိုက်ပြီး အုပ်ချုပ်ရေးယန္တရားကြီးလည်ပတ်မရအောင် မြေလှန်စနစ်ကိုသုံးကြခြင်း ဖြစ်သည်။

ရှိုင်းဟတ်ဆန်ပါဝင်သော စစ်မြေပြင်အင်ဂျင်နီယာတပ်သည် မော်လမြိုင်မှ ဆုတ်ခွာလာခဲ့စဉ်ကပင် ဘီလင်းမြို့ မြစ်ရိုးတစ်လျှောက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို စနစ်တကျလုပ်ခဲ့ကြရသဖြင့် နာမည်ဟိုးဟိုးကျော်လာသည်။ ကျိုက်ထိုမြို့တွင် ဆန်စက်၊ သစ်စက်နှင့် မော်တော်ယာဉ်အချို့နှင့် တံတားများကို သေသေသပ်သပ် ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့သည်။

သူတို့ စစ်မြေပြင်အင်ဂျင်နီယာတပ်အား ဗိုလ်မှူးရစ်ချက်အောဂီလ်က ကြီးကြပ် ကွပ်ကဲသည်။ စစ်မြေပြင်အင်ဂျင်နီယာတပ်ဟူသာ ခေါ်ပြုသော်လည်း အမှန်အားဖြင့် တပ်ခွဲနှစ်ခွဲသာရှိသည်။ ထိုတပ်အား ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အမှတ် (၁၇) အိန္ဒိယတပ်မတော်နှင့်တွဲထား၏။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ အရုဏ်တက်ချိန်တွင်မူ ဗိုလ်ရှိုင်းဟတ်ဆန်မှာ အခြေအနေအရ စစ်တောင်းတံတားထိုးဖောက်ခွဲရတော့မည်ဖြစ်ရာ သက်ဆိုင်ရာမှ ဖောက်ခွဲ မိန့်တောင်းခံရန် သူ့တပ်ခွဲ စစ်ထရပ်ကားဖြင့်ထွက်ခွာလာခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် သွေးနှင့်ချွေးနှင့်တည်ဆောက်ခဲ့ရသော စစ်တောင်းတံတားအကြောင်း အနည်းငယ် ရေးသားဖော်ပြရန် လိုအပ်လာ
သည်။

ဤစစ်တောင်းတံတားကြီးသည် ပဲခူး - မုတ္တမ မီးရထားလမ်းမိုင်တိုင် (၇၀/၁၂) တွင် တည်ရှိ၍ နာမည်ကျော် စစ်တောင်းမြစ်ကို ဖြတ်ကျော်တည် ဆောက်ထားသောတံတားကြီး ဖြစ် သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွား က မော်တော်ကာလမ်းမှာ ပဲခူးမှ မုတ္တ အထိသာရှိသဖြင့် ကုန်စည်ပို့ဆောင်ရေး နှင့် လူအများသွားလာရေးမှာ မီးရထား လမ်းကိုသာ အားထားခဲ့ကြရသည် မော်လမြိုင်ခရိုင်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့မှာ မြန်မာပြည်အောက်ပိုင်း နှင့်ဆက်သွယ်ရာတွင် ဤစစ်တောင်း တံတားသည် အသက်သွေးကြောဖြစ် သည်။







www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ဘုရင်တပ်မတော်အဖို့ ဤတံတားကြီးအား သိမ်းပိုက်နိုင်ရေးမှာ အထူးအရေးပါအရာရောက်ပေသည်။ မြန်မာနိုင်ငံ မီးရထားဌာနသည် ယင်းစစ်တောင်းတံတားကြီးကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိုင် (၇၀/၁၂) ၌ တံတားအမှတ်(၃၃)အဖြစ်တည်ဆောက်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် ရထားဖြတ်ကျော်ခုတ်မောင်းရန် တံတားကို အခမ်းအနားဖြင့်ဖွင့်ပေးခဲ့သည်ဟု သိရ၏။

ထိုစစ်တောင်းတံတားကြီးဖောက်ဆည် မီးရထားတံတားအဖြစ်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ မော်တော်ကားလမ်းမပါရှိခဲ့ပေ။ တံတားကြီး၏အရှည်မှာ (၁၇၂၇) ပေရှိပြီး အချင်းပေ(၉)ပေရှိသော ရေလယ်တိုင်နှစ်တိုင်ကြီးနှစ်တိုင်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်၏။ အောက်ခံတိုင်ကြီးများပေါ်တွင် ပေ(၁၅၀)ရှည်သော သံပေါင်ကြီး (၁၁) ချောင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်ဟုလည်း သိရ၏။

စစ်တောင်းမြစ်ဒီရေတိုက်စားမှုကို ကာကွယ်ရန် ၁၉၂၄ ခုတွင် ရေအောက်ကျောက်ပြင်တစ်လျှောက် အခြေခံရေလယ်တိုင်မကြီးများနှင့် အထက်၊အောက်ကမ်းများမှ တာတမံများကို ကျောက်တုံးကြီးများနှင့် အကြီးစားပြုပြင်မှုများ ပြုလုပ်ခဲ့သည်ဟု မြန်မာနိုင်ငံ မီးရထားဌာန မှတ်တမ်းများအရ သိရသည်။

နှစ်စဉ် ဒီရေတိုက်စားမှုဒဏ်ကို ခံနေရသော စစ်တောင်းတံတားကြီးအား ငွေကြေးအကုန်အကျများစွာဖြင့် ပြုပြင်နေသည့်အစား တံတားဟောင်းမှ ပေ(၃၀၀)အကွာတွင် ခေတ်မီတံတားသစ်ဆောက်လုပ်ရန်အတွက် မီးရထားဌာနမှ တာဝန်ရှိသူများသည် ၁၉၃၉ ခုနှစ်ဆန်း၌ စစ်တောင်းတံတားသစ်ဆောက်လုပ်ရန် ပုံစံသစ်ရေးဆွဲခြင်း၊ ခန့်မှန်းခြေ ကုန်ကျမည့်ငွေတွက်ချက်ခြင်းစသည်တို့ပြုလုပ်ပြီး မြန်မာနိုင်ငံ မီးရထားဌာနမှ သဘောတူညီခဲ့၏။ တံတားသစ်ကြီး တည်ဆောက်ရန် စီစဉ်နေချိန်မှာပင် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဥရောပတိုက်၌ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့သဖြင့် ထိုစစ်တောင်းတံတားသစ်ဆောက်လုပ်ရေးမှာ အခြေအနေအရပ်ရပ်ကြောင့် ရပ်ဆိုင်းသွားခဲ့ရသည်။ ဤသည်တို့ကား အထူးအရေးပါအရာရောက်သော စစ်တောင်းတံတားကြီးနှင့် ပတ်သက်သည့် မှတ်သားဖွယ်ရာအချက်အလက်များ ဖြစ်၏။

ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ (၂) နှစ်ခန့်ကပင် အရှေ့တောင်အာရှ၌ အင်အားကြီးမားလာသော ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံအား စစ်ကြေညာခြင်းမပြုဘဲ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အာရှတိုက်သည် အာရှတိုက်သားများအတွက်ဟု ကြွေးကြော်လာခဲ့သည်သာမက အရှေ့တောင်အာရှ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဖွဲ့ရန် ခြေလှမ်းပြင်ထားခဲ့၏။ အမေရိကန်ပြည်ထောင်စုသည် အစဉ်အလာအားဖြင့် တရုတ်နိုင်ငံအပေါ်တွင် သံယောဇဉ်ရှိခဲ့၏။ ရှေးပဝေသဏီကပင် အမေရိကန်ပြည်ထောင်စုမှ ခရစ်ယာန်သာသနာပြုအဖွဲ့ဝင်များသည် တရုတ်နိုင်ငံတွင် အခြေချခဲ့ပြီး သာသနာပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုမှ လုပ်ငန်းရှင်သန်းကြွယ်သူဌေးအများကလည်း တရုတ်နိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားခဲ့၏။ ဤတွင် တရုတ်နိုင်ငံသို့ လူမသိသူမသိကျူးကျော်အရေးစစ်ပွဲ ဆင်နွှဲလာသော ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ထိပ်ထိုက်ရင်ဆိုင်လာခဲ့ရသည်။

အမေရိကန်သည် ဂျပန်နိုင်ငံအား ရောင်းချနေသော သံနှင့်သံမဏိများကို ရောင်းချခြင်းမပြုဘဲပိတ်ခဲ့သည်သာမက တရုတ်နိုင်ငံအား စစ်အသုံးအဆောင်ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်နှင့် လောင်စာဆီများ၊ ရိက္ခာများအကူအညီပေးခဲ့သည်။ ဂျပန်တို့က ပစိဖိတ်သမုဒ္ဒရာဘက်ရှိ တရုတ်နိုင်ငံ၏မြို့များအား သိမ်းပိုက်ခဲ့သောအခါ အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံသို့ပေးပို့နေသော အကူအညီအထောက်အပံ့ပစ္စည်းများကို ဗြိတိသျှကိုလိုနီမြန်မာနိုင်ငံဘက်မှ တရုတ်-မြန်မာလမ်းမကြီးဖောက်၍ ဆက်လက်ပေးပို့ခဲ့ရာ မြန်မာနိုင်ငံသည် ဖက်ဆစ်ကျူးကျော်ရေးသမားများ၏ပစ်မှတ်ဖြစ်လာခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဥရောပတိုက်၌ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် အလိုအလျောက်ပင် ဗြိတိသျှတို့နှင့် စစ်ပြိုင်ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများဖြစ်သော နာဇီဂျာမနီနိုင်ငံနှင့် မဟာမိတ်နိုင်ငံများအား စစ်ကြေညာပြီးဖြစ်ခဲ့၏။

ဤအချိန်တွင် ဖက်ဆစ်ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံတွင်းမှ မျိုးချစ်လူငယ်အင်အားစုများနှင့် ပူးပေါင်း၍ ဗြိတိသျှတို့အား မြန်မာနိုင်ငံမှတိုက်ထုတ်ရန် ပြင်ဆင်ထားပြီး ဖြစ်၏။ ဒုတိယကမ္ဘာစစ် ဥရောပတိုက်၌ ဖြစ်ပွားပြီး ၁၉၄၁ ခုနှစ် ကုန်ဆုံးသည်အထိ နာဇီဂျာမန်တို့ ခေါင်းဆောင်သော ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများသည် ဒုတိယကမ္ဘာစစ်အား အောင်ပွဲခံရန် သေချာသလောက်ဖြစ်နေသည်။ အင်္ဂလန်နိုင်ငံသည် သူ့တပ်များအား ဥရောပတိုက်မှ ဆုတ်ခွာလာခဲ့ရပြီးနောက် တစ်ကောင်ကြွက်နိုင်ငံဖြစ်လာရပြီး ဒုတိယကမ္ဘာစစ်၏ဒဏ်ကို ခါးစည်းခံနေရရာ မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှတောင်ပိုင်းအား ကာကွယ်ရန် စစ်ရေးပြင်ဆင်မှုထင်သလောက်မပြုနိုင်။

မြန်မာနိုင်ငံအား ကာကွယ်ရန် တပ်မကြီးနှစ်တပ်ထားရှိသည်။ ထိုတပ်မကြီးများမှာ တိုက်ရည်ခိုက်ရည်တွင် အားနည်းလျက်ရှိသည်။ လက်နက်နှင့် စစ်အသုံးအဆောင်ပစ္စည်းများမှာလည်း ခေတ်မမီ။ စစ်ရေးအလေ့အကျင့်မှာလည်း အရေးပေါ်လေ့ကျင့်ထားရသည်။

ထိုအချိန်တွင် ဖက်ဆစ်ဂျပန်တပ်အများသည် ယိုးဒယား(ထိုင်း)နိုင်ငံအတွင်း လျှို့ဝှက်စွာရောက်နေခဲ့ပြီးဖြစ်၏။ ၁၉၄၁ခု ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းအား အလစ်ဝင်ရောက်တိုက်ခိုက်ပြီးသည်နှင့် စစ်ကြေညာခြင်းကားရက်သတ္တပတ် အနည်းငယ်အတွင်း မြန်မာနိုင်ငံအတွင်း စစ်ကြောင်းကြီးများဖြင့် ထိုးဖောက် ဝင်ရောက်လာတော့၏။ ဂျပန်တို့၏ စစ်ဆင်နည်းမှာ စစ်ဦးကို အရှိန်ပြင်းပြင်းနှင့် အားကုန်သွန်ပြီး တွေ့မရှောင်အကုန်လှဲ၍ဝင်သောနည်းဖြစ်သည်။ ဤစစ်ဆင်နည်းကို အိန္ဒိယတပ်မ အမှတ် (၁၇) ဖြစ်သော ဗြိတိသျှအမျိုးသား ဗိုလ်ချုပ်ကြီးစမိုက် ဦးဆောင်သောတပ်များသည်လှလှကြီးခံကြရ၏။

မြိတ် - ထားဝယ်မှ ဗြိတိသျှတပ်များသည် ကစဉ့်ကလျားဆုတ်ခွာခဲ့ကြရသည်။ မြဝတီနယ်နှင့် ယိုးဒယား (ထိုင်း) နယ်ခြားကို ဖွတ်အတင်းဖြတ်ကျော်လာသော ဂျပန်တပ်များသည် မော်လမြိုင်ဘက်သို့ တစ်ဟုန်ထိုးချီတက်လာခဲ့၏။ ဗြိတိသျှတပ်တို့မှာ ဂျပန်ဘုရင့်တပ်မတော်နှင့်မြန်မာ့မျိုးချစ်ဗမာ့လွတ်လပ်ရေးတပ်မတော်တို့၏ ပြင်းထန်လှသော ထိုးစစ်အရှိန်ကိုမခံနိုင်သဖြင့် ဆုတ်ခွာကြရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် အိန္ဒိယအမှတ် (၁၇) တပ်မတော်သည် မော်လမြိုင်ဘက်မှ ရရာ သင်္ဘော၊ လှေ၊ သမ္ဗန်ရေလုပ်သားတို့၏လှေများပါမကျန်ချောဆွဲ၍ မုတ္တမဘက်ကမ်းသို့ ကူးနေသောအချိန်တွင် ဂျပန်တပ်မတော်မှတပ်အချို့မှာ ဒေသခံမြန်မာတို့၏ အကူအညီနှင့် သံလွင်မြစ်အထက်ပိုင်း နေရာအရပ်ရပ်မှ ဖောင်များဖြင့် လည်းကောင်း၊ လှေများဖြင့်လည်းကောင်း ကူးခဲ့ကြပြီး ဖြစ်၏။ ဂျပန်တို့ဘက်မှ တပ်ကူများဖြင့် ဖွတ်ထိုးစစ်ဆင်ခဲ့၏။

ဗြိတိသျှ ဘုရင်လေတပ်မတော်သည် လေယာဉ်အနည်းငယ်နှင့်သာ အင်အားကြီးမားသော ဂျပန်ဘုရင်လေတပ်မတော်အား ခုခံနေကြရသဖြင့် ဝေဟင်အား ဂျပန်လေတပ်မတော်က စိုးမိုးထားနိုင်ပြီး ဖြစ်၏။ ထိုအချိန်တွင်မူ အမှတ် (၁၇) တပ်မတော်မှ တပ်ရင်းတပ်ဖွဲ့များမှတပ်ဆွယ်မှာ ဖရိုဖရဲဖြစ်နေ၏။ သို့သော် တပ်ဖွဲ့တို့သည် ဂျပန်တို့အား ကျားကုတ်ကျားခဲခုခံခဲ့၍ စစ်တောင်းတံတားသို့ဆုတ်ခွာလာခဲ့ကြ၏။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း စစ်တောင်းတံတားမှ မီးရထားဖြတ်ကျော်နိုင်ရန်သာ ဆောက်လုပ်ထားရာ အခြားယာဉ်များ ဖြတ်ကျော်မောင်းနှင်ခြင်းမပြုနိုင်။ သို့ဖြစ်၍ အခြားယာဉ်များ ဖြတ်ကျော်မောင်းနှင်နိုင်ရာ ဗြိတိသျှအင်ဂျင်နီယာတပ်ဖွဲ့ဝင်များသည် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ မနားတမ်းပြုပြင်ခဲ့ကြရသည်။ သတ်မှတ်သောအချိန်တွင် မော်တော်ယာဉ်များ တံတားပေါ်သို့ ဖြတ်မောင်းနိုင်ခဲ့သည်။ ပစ်ရင်းခတ်ရင်း ကစဉ့်ကလျားဆုတ်လာသော တပ်အချို့မှာလည်း တံတားကြီးရှိရာသို့ ဆုတ်လာကြ၏။ ဗြိတိသျှတပ်များအားလုံးအဖို့ ဤစစ်တောင်းတံတားကြီးသည်သာလျှင် ထွက်ပေါက်ဖြစ်သည်ဟု သိထားကြ၏။

အရာရှိ အရာခံ၊ အကြပ်တပ်သားတိုင်း၏သေရေးရှင်ရေးသည် ဤတံတားကြီးဖြစ်သည်ဟု ယူဆထား၏။ တံတားကြီးပေါ်တွင်လည်း ဆုတ်ခွာလာသော တပ်များ၏လူနာတင်ယာဉ်၊ ရိက္ခာပစ္စည်းများ။ ခဲယမ်းမီးတင်သောယာဉ်များ၊ အမြောက်ဆွဲယာဉ်များစသည့်အမျိုးမျိုးသောယာဉ်များသည် အလုအယက်ဖြတ်မောင်းနေကြ၏။ နောက်မှ ခြေရာချင်းထပ်မျှလိုက်လာသောဂျပန်တပ်များသည် တံတားကြီးအရှေ့ဘက် တောင်ခြေမှလည်းကောင်း၊ တံတားကြီးတောင်ဘက် ကွင်းပြင်များမှလည်းကောင်း အဆက်မပြတ် ပစ်ခတ်၍လိုက်လာကြ၏။

ဗြိတိသျှအမှတ်(၁၇)မှ တပ်သားများအဖို့ ဤကဲ့သို့ မရပ်မနားပစ်ခတ်နေသောပစ်သံခတ်သံများသည် ရိုး၍နေကြချေပြီ။ တိုက်ပွဲတာရှည်လာသဖြင့် ဤပစ်သံခတ်သံများအား အထူးတလည် ထိတ်လန့်နေကြပုံမပေါ်ပေ။ သူတို့အဖို့ တံတားကြီးဆီသို့သာလာနေကြသည်။ တံတားကြီး၏အနောက်ဘက်ကမ်းသို့ ဆုတ်ခွာလာသော တပ်သားအတော်အသင့်ရောက်နေသော်လည်း နောက်မှ ခွာစစ်ပြုလာနေသော တပ်သားများမှာ တသဲသဲလာဆဲ ဖြစ်သည်။

နောက်ချန်တပ်ဖြစ်သောဘားမားရိုင်ဖယ်တပ်ရင်း (၃) သည် နောက်မှ ကပ်လိုက်လာသော ဂျပန်တပ်များကို ကျားကုတ်ကျားခဲခုခံကာကွယ်နေရသော်လည်း ထိုတပ်ရင်းမှ တပ်သားအများသည် တံတားရှိရာသို့ အပြေးအလွှားထွက်ပြေးကာ တပ်မှာပျက်လုနီးပါးဖြစ်နေသည်။ တံတားအနီးတောင်ကုန်းအား စိမ့်ဝင်လာသော ဂျပန်လက်ဖြောင့်တပ်သားများ၊ စက်သေနတ်ကြီးသမားများကလည်း တံတားဘက်သို့ မရပ်မနားပစ်ခတ်နေကြသည်။ ဂျပန်တို့အဖို့ တံတားကြီးအား အကောင်းပြကတေ့တွေ့ရရှိရေးသည် အရေးကြီးနေလေသည်။

တံတားကြီးအား ဖောက်ခွဲရန် တာဝန်ယူထားရသော ဗိုလ်ရှိုင်းဟတ်ဆန်အဖို့ တံတားကြီးကို ဖောက်ခွဲပစ်ရန်မှတစ်ပါး အခြားလမ်းမရှိတော့သည်ဖြစ်၍ ဖေဖော်ဝါရီလ ၂၂ ရက်အရုဏ်တက်တွင်း တံတားကြီးအား ဖောက်ခွဲဖျက်ဆီးခွင့်အမိန့်တောင်းရန် သူ့ထရပ်ကားဖြင့် တံတားဆီသို့ထွက်လာခဲ့သည်။ တံတားသို့ ဦးတည်သွားသည့်လမ်းတစ်လျှောက် မော်တော်ယာဉ်အမျိုးမျိုးပိတ်ဆို့လျက်ရှိနေ သည်။ တံတားပေါ်တွင် အိန္ဒိယတပ်မ (၁၇) မှ စားသောက်ရေးယာဉ်လုပ်ထားသော၊ မော်တော်ယာဉ်သည် ဘေးသို့ထိုးမှောက်သွားသည်။ ကန့်လန့်ကြီးမှောက်သွားသဖြင့် လမ်း၏ဝဲယာနှစ်ဖက်မှ နေရာမကျန် ပိတ်ဆို့နေတော့၏။ ထိုကားကြီးကိုဆွဲ၍ လမ်းပေါ်သို့ ရောက်ရန် နှစ်နာရီခန့်ကြာသွား၏။

တံတားကြီးအနီး ချဉ်းကပ်လာနေသော ဂျပန်တို့၏ပစ်ခတ်သောအသံများမှာ တဖြည်းဖြည်းနှင့် နီးလာပြီ ဖြစ်၏။ ရှိုင်ဟတ်ဆန်သည် သူ့မော်တော်ကားအား စစ်တောင်းမြစ် အနောက်ဘက်ကမ်းရောက်အောင်မောင်းလာခဲ့သည်။ ရှိုင်းဟတ်ဆန်သည် သူ့မော်တော်ကား ပေါ်မှဆင်း၍ တံတားထိပ်တွင်ရပ်နေသော သူ့တပ်မှူးဗိုလ်မှူး အော်ဂီး(ထ ရှိရာသို့ လျှောက်လာခဲ့သည်။ ထိုအချိန် တွင် တံတားကြီး၏အရှေ့ဘက်ထိပ်တွင် တာဝန်ယူထားသော ကင်းစောင့်တပ် အရာရှိအရာခံအကြပ်တပ်သားအား သည် ကစဉ့်ကလျားပြေးလာခဲ့ပြီး ဖြ သည်။

တံတားကြီးအား ထိန်းထား မလွယ်တော့။ ထိုတံတားကြီးနှင့်အ စက်တပ်ကူးတို့ယာဉ်ကြီးနှစ်စင်းနှင့် သမ္ဗန်အစင်း (၃၀၀) အား ဖျက်ဆီး ပြင်ဆင်ထားပြီး ဖြစ်သည်။ သို့ဖြစ် သက်ဆိုင်ရာမှ တာဝန်ရှိသူက တံတား ကြီးအား ဖောက်ခွဲပစ်ရန် အမိန့်ပေး လိုက်တော့၏။

ဖောက်ခွဲရန်အသင့်ပြင်ထားသော နေရာမှာ စစ်တောင်းမြစ်အရှေ့ဘက် ကမ်းမှ ရေတွက်လျှင် တံတားခုံးနံပါ (၄)၊ (၅)၊ (၆) ဘို့ ဖြစ်၏။ ဤသို့ တံတား ကြီးအားဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင် စဉ် ဂျပန်လက်ဖြောင့်တပ်သားများ လည်း တံတားအား ပစ်ခတ်နေကြ သည်။ နံနက်ဝေလီဝေလင်း (၅) နာရီ ခန့်တွင် တော်လည်းသည့်အသံကြီး တံတားကြီးအား ဖောက်ခွဲသံကြီး အတူ အနောက်ဘက်မြစ်ကမ်းရှိ ယာဉ်နှစ်စီးနှင့် လှေသမ္ဗန်များမှာလည်း မီးဟုန်းဟုန်းတောက်လောင်ခဲ့တော့ ပေါက်ကွဲသံနှင့်အတူ ရေလှိုင်းသံ များလည်း တသိမ့်သိမ့်ဆူဝေသွား တစ်ချိန်လုံး ပြေးလွှားပစ်ခတ်နေသော အသံအားလုံးငြိမ်သွား၏။

ဗြိတိသျှအိန္ဒိယတပ်မတော်အမှတ် (၁၇) တပ်မတော်ကြီးမှာ တပ်သား တစ်ပုံသာကျန်တော့၏။ အကျအဆုံး စစ်ပြိုင်ဂျပန်တို့ထက်များနေလေသည် အမြောက်များ၊ လက်နက်ကြီးများ လည်း ပျောက်ပျက်ကျန်ရစ်ခဲ့သည် စိတ်ဓာတ်ကျဆင်းခြင်းမှာမူ အင်အားခမ်းခြောက်ကုန်ခန်းသည် အမျှဖြစ်ရသည်ဟုဆိုကြပါကြောင်း

လှမိုး (ပညာ

Ref:

1. The Campaign in Bu
2. Burma 1942.




www.burmeseclassic.com

www.burmeseclassic.com



တိဗက်မှဂဠုန်အဆောင်



ယိုးဒယားနိုင်ငံ မြဘုရားမှ ဂဠုန်နတ်ရုပ်များ

တိဗက်ဂဠုန်



# ရွှေစိုး ငှက်ကြီးဂဠုန်

ဂဠုန် ဟူသော ဝေါဟာရသည် ကျွန်းတို့နှင့် ဝေးကွာစိမ်းကားလှသော အားလုံးဝေါဟာရမဟုတ်ပါ။ ဂဠုန်ကြီး ကို ရွှေစိုးငယ်စဉ်ကတည်းက ရင်းနှီးခဲ့ သည်။

ရွှေစိုးငယ်ငယ်က အလွန်ဆော့ပါ သည်။ အိပ်ရမည်ကိုပင် အဆော့ပျက် မည်စိုး၍ ကြိတ်ခံကာ အိပ်ငိုက်ရင်း ဆော့တတ်သူ ဖြစ်ပါသည်။ ရွှေစိုး တစ်ယောက် ဆော့နေရင်း အိပ်ငိုက်နေ ပြီဆိုလျှင် အထာသိသောအမေက -

"ဆင်ကြီးကို ဂဠုန်ချီသွားပြီဟေ့"

ဟု ဆိုကာ ရွှေစိုးကို ကောက်ယူ ပွေ့ချီပြီး ပုခက်ထဲသို့ထည့်ကာ သီချင်း ဆိုပြီး ပုခက်လွှဲကာသိပ်လေ့ရှိပါသည်။ အမေ၏ ကလေးသိပ်သီချင်းကား 'ဆင်ကြီးဂဠုန်ချီ' ဆိုသောသီချင်း ဖြစ် ပါသည်။ အမေသည် ဆင်ကြီးဂဠုန်ချီ သီချင်းကိုကြိုက်လွန်း၍လား၊ ထိုသီချင်း တစ်ပုဒ်တည်းရ၍လားမသိ ရွှေစိုးက တော့ ထိုသီချင်းတစ်ပုဒ်တည်းကိုသာ အမေဆိုသည်ကို ကြားဖူးပါသည်။ ရွှေစိုး အိပ်ရာမှနိုးထ၍ အဲ့ခနဲအသံပေးလိုက် လျှင် အမေသည် လုပ်လက်စအလုပ်ကို ရပ်ပြီး 'ဆင်ကြီးကို ဂဠုန်လာချီပြီဟေ့' ဟု ဆိုကာ ရွှေစိုးကို ပုခက်တွင်းမှပွေ့ ထုတ်သွားလေ့ရှိပါသည်။ ထို့ကြောင့် ရွှေစိုးသည် ဂဠုန်ကြီးနှင့် အိပ်ရာဝင်ပြီး ဂဠုန်ကြီးနှင့် အိပ်ရာမှထခဲ့သူဟုဆိုလျှင် မှားမည်မဟုတ်ပါ။

ရွှေစိုး ထိုအရွယ်တုန်းက ဆင်ကြီး ကို ကောင်းကောင်းသိနေပြီးဖြစ်ပါသည်။ အဖေက ပုဆိုးကို လိမ်ကျစ်ကာ ဆင် နှာမောင်းသဖွယ်ပြုပြီး ခေါင်းတွင်စွပ် လျက် ဆင်လုပ်ပြီး ရွှေစိုးကိုစီးစေလေ့ရှိ သဖြင့် ဆင်ကြီးကို ရွှေစိုးသိနေခြင်းဖြစ် ပါသည်။ ဂဠုန်ကြီးကိုကား ရွှေစိုးမသိ။

တစ်နေ့တွင် -

"ဂဠုန်ဆိုတာဘာလဲ"

ဟု ရွှေစိုးမေးဖြစ်၏။

ထိုအခါ အမေက -

"ဂဠုန်ဆိုတာ ငှက်ကြီးအကြီးကြီး ကိုခေါ်တာ"

ဟု လိုရင်းကိုတိုရှင်းစွာ ဖြေလေ ၏။





ယိုးဒယားဂဠုန်နတ်မင်းအဆောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘောဒီးယားဂဠုန် (၄)



အင်ဒိုနီးရှားဂဠုန်



ယိုးဒယားဂဠုန်ကဒ္ဒရအင်းယပ်



ယိုးဒယားမှ ဂဠုန်မြေချပ်ကဒ္ဒရအစီအရင်



ယိုးဒယားနိုင်ငံမှ ဂဠုန်နှင့် ရှင်ဥပဂုတ်ကဒ္ဒရအစီအရင်အဆောင်



တိဗက်ဂဠုန်



ဟိန္ဒူတို့၏ ရှေးဟောင်းဂဠုန်နတ်ရုပ်တု



တိဗက်တို့၏ဂဠုန်များ

ငှက်ဆို၍ စာကလေးနှင့်ကျီးကန်းကိုသာမြင်ဖူးသော ရွှေစိုးသည် ကျီးကန်းကို စိတ်ကူးထဲတွင် စိတ်ရှိတိုင်းအကြီးချဲ့၍ မြင်ယောင်ကြည့်ရာ စိတ်ကူးထဲမှ ဂဠုန်မည်းမည်းကြီးကို လန့်ပြီးငိုမိခဲ့ဖူး၏။

ထိုအခါ အမေက ရွှေစိုးကို ဂဠုန်နှင့် ရင်းနှီးမှုရှိအောင် ဂဠုန်-နဂါးပုံပြင်များကိုပြောပြပြီး မိတ်ဆက်ပေးရာ ရွှေစိုးလေးသည် ဂဠုန်ကိုမကြောက်တော့ဘဲ စိတ်ဝင်စားလာတော့၏။

ရွှေစိုးလေး (၇) တန်းလောက်ရောက်သောအခါ ဗေဒင်အလွန်ယုံသော ဒေါ်ကြီး ရွှေစိုးတို့အိမ်တွင်လာနေ၏။ ဒေါ်ကြီးသည် အမေ၏အစ်မကြီးဖြစ်ပြီး အပျိုကြီးလည်းဖြစ်၏။ ဒေါ်ကြီးသည် တနင်္ဂနွေသမီးဖြစ်၍ တနင်္ဂနွေနေ့တိုင်း အနီးဆုံးစေတီတော်တွင် ရေသက်စေ့ကပ်လေ့ရှိ၏။ဒေါ်ကြီးရောက်သောအခါ ရွှေစိုးတို့အိမ်နှင့်အနီးဆုံးဖြစ်သည့်ကျိုက္ကစံ

ဆံတော်ရှင်စေတီတော်မြတ်ကြီး... တနင်္ဂနွေနေ့တိုင်းသွား ရေသွန်း... ပူဇော်၏။ တနင်္ဂနွေဂြိုဟ်ထောင့်... သွန်းလောင်း၏။ အမေက ရွှေ... ဒေါ်ကြီးနှင့် အဖော်အဖြစ်လိုက်... မည့်အမိန့်ချမှတ်သဖြင့် ရွှေ... တနင်္ဂနွေနံနက်တိုင်း ဒေါ်ကြီး... ကျိုက္ကစံဆံတော်ရှင်စေတီတော်... တနင်္ဂနွေထောင့်သို့ ရောက်ခဲ့...



www.burmeseclassic.com

www.burmeseclassic.com

၍သို့ဖြင့် ရွှေစိုးသည် ငယ်ကကျွမ်းသည့် ဂဠုန်ကြီးနှင့်ပြန်ဆုံရပြန်သည်။

သို့ဖြင့် အရွယ်ရောက်လာသော အခါတွင် ဟိုစပ်စပ်ဒီစပ်စပ်စပ်တတ် စုတတ်သော ရွှေစိုးသည် ဂမ္ဘီရပညာ၊ ဂမ္ဘီရစခန်းသွားသူများနှင့် ပေါင်းဖက် တွေ့ခဲ့၏။ သူတို့၏ ဂမ္ဘီရလမ်းစဉ်တွင် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ် ဟူသောကိစ္စတွေက လွှဲမရရှောင်မရ အောင် ပါဝင်နေလေရာ စပ်တတ်စု တတ်သော ရွှေစိုးသည်လည်း ဂဠုန် အကြောင်းပြုပြီး နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗအကြောင်းကို ဂမ္ဘီရမိတ်ဆွေ များထံတွင် စပ်စုမိ၏။ ဂမ္ဘီရပညာ၏ နက်ရှိုင်းသောသဘောအရ မပြောသင့် ၍ထင်၏။ ဂမ္ဘီရမိတ်ဆွေများက ထဲထဲ ဝင်ဝင်မပြောပြဘဲ ကိုယ်တိုင်သိအောင် ကိုယ်တိုင်ကျင့်ရန်သာ ပြောကြလေ သည်။ ကိုယ်တိုင် ဂမ္ဘီရကျင့်ရန်မဆို ထားဘိ ညစာမစားဘဲမနေနိုင်၍ ဥပုသ် တော်သီလကိုပင် ဘုရားထံဝန်ခံ၍ စောင့်ထိန်းဖူးခြင်းမရှိသော ရွှေစိုးအဖို့ ကား ခက်လှချေ၏။ သီလည်းသိလို၊ ကိုယ်တိုင်ကျင့်ရန်လည်း မစွမ်းနိုင်သော ရွှေစိုးသည် သူပြောငါပြော၊ စာစုပေစု တို့မှာသာ ရှာဖွေလေ့လာရလေတော့ သည်။

ရွှေစိုးလေ့လာမိသမျှ ပြန်လည် ဝေမျှလိုပါသည်။

ဂဠုန်ကို ဒဏ္ဍာရီပုံပြင်ထဲမှ စိတ်ကူးယဉ်သတ္တဝါအဖြစ် သဘော ထားကြသူများလည်း ရှိပါသည်။ အချို့ ကလည်း ဟိုးအရင်တုန်းကတော့ ရှိ ကောင်းရှိမှာပေါ့။ အခုတော့ မရှိနိုင် တော့ပါဘူးဟု မယုတ်မလွန်ဆိုကြသူ များလည်းရှိပါသည်။ ဗုဒ္ဓရှင်တော်မြတ် ကြီး၏ သုတ်တော်၊ ပရိတ်တော်တို့ကို နားလည် ယုံကြည်ကြသူများကတော့ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ကို ယခင်ကလည်းရှိသည်၊ ယခုလည်းရှိ သည်။ လူသားတို့မမြင်မတွေ့ကြရခြင်း မှာ ယင်းတို့သည် ကမ္မဇိဒ္ဓိတန်ခိုးမျိုးရှိကြ ပြီး သီးခြားဘုံတစ်ခု၊ သီးခြားသတ်မှတ် နေရာဌာနတစ်ခု၌နေထိုင်ကြသည့် နတ် မျိုးနွယ်ဘုံသားများဖြစ်၍ဟု ယုံကြည် စွာပြောဆိုနေကြ၏။ သိဒ္ဓိမဟိဒ္ဓိတို့ဖြင့် ဆက်နွယ်နေကြသည့် ဂမ္ဘီရလမ်းပုဂ္ဂိုလ် များကလည်း ဘုရားဟောသုတ်တော်၊


အင်ဒိုနီးရှားဂဠုန် (၄)


အင်ဒိုနီးရှားဂဠုန် (၁)


အင်ဒိုနီးရှားဂဠုန် (၂)


ကမ္ဘောဒီးယားဂဠုန် (၃)


ကမ္ဘောဒီးယားဂဠုန် (၁)


ကမ္ဘောဒီးယားဂဠုန် (၂)


ကမ္ဘောဒီးယားဂဠုန် (၅)



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယမှဂဠုန် (၁)



အိန္ဒိယမှဂဠုန် (၂)



အိန္ဒိယမှဂဠုန် (၃)



ဂဠုန်ပန်းချီ



တိဗက်ဂဠုန်



မာန်ဟုန်ပြင်းသည့် ငှက်မင်းဂဠုန်
(ရှေးဟောင်းမြန်မာပန်းချီမှ)



တိဗက်ဂဠုန်



တိဗက်တို့၏ဂဠုန်များ

ဇာတ်တော်များကို အထောက်အထား ပြုကာ ယုံကြည်လျက်ရှိကြ၏။

ရွှေစိုးသည် ဤဆောင်းပါးမတိုင်မီက နတ်နဂါးများနှင့် ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးပြီး ဖြစ်၏။ ယင်းဆောင်းပါးတွင် ဗုဒ္ဓဝင်တော်လာ အထောက်အထားများဖြင့် နဂါးအမှန်တကယ်ရှိကြောင်းရေးခဲ့၏။ နဂါးရှိလျှင် ဂဠုန်ရှိရပေတော့မည်။ ရွှေစိုးကအေ ဂဠုန်ရှိသည့်ဘက်မှနေ၍ ဆွေ တင်ပြသွားပါမည်။

□ ဂဠုန်လေလား သမိုင်းဦးငှက်ကြီးများ

ဂဠုန်ဟူသည် ရွှေစိုးတို့ဗုဒ္ဓဘာ ဝင် မြန်မာလူမျိုးတို့အခေါ် ရော ကြီးများဖြစ်၏။

ဂဠုန်ငှက်ကြီးများလောက် မကြီးမဆိုနိုင်သော်လည်း သမိုင်း ကာလတုန်းက ဆင်လောက်ကြီး သတ္တဝါကြီးများကို တိုက်ခိုက်စားသော နိုင်သည့် ငှက်ကြီးများရှိခဲ့ကြောင်း သုတေသီများ၏ သုတေသနပြု များ၊ သမိုင်းဦးရုပ်ကြွင်းသက်သေ အရ သိရ၏။ ယနေ့မျက်မှောက် လက်တွေ့မြင်နိုင်သော သက်သေ မရှိလျှင် ယုံနိုင်ဖွယ်မရှိလော အောင် ကြီးမားလှသည့် ငှက်ကြီး ကိုယ်တိုင်တွေ့ရှိပစ်ခတ်နိုင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



...ဆိုးများက ဓာတ်ပုံများဖြင့် ကမ္ဘာကို ...ထင်ပြမှတ်တမ်းပြုခဲ့ဖူး၏။

ဤဆောင်းပါးတွင် သမိုင်းဦးငှက် ...ကြီးများအကြောင်းကိုဖော်ပြရန် အဓိက ...တွက်၍ မြင်သာရုံဓာတ်ပုံများလောက် ...သော အထောက်အထားဖြစ်ရုံ ဖော်ပြ ...ည်။


### အိမ်နီးနားချင်းဂဠုန်ကြီးများ

#### ...တိဗက်ဂဠုန်

ဂဠုန်ယုံကြည်မှုသံဘောသည် ...မျိုးအတော်များနှင့် ဘာသာကြီးတိုင်း ...ထိုတွင်ရှိပါသည်။ အထူးသဖြင့် ...ဘာသာဝင်တိုင်း၌ ဂဠုန်ယုံကြည်မှု ...ဟောင်းစဉ်လာရှိပါသည်။ ရွှေစိုး ...ည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ ဗုဒ္ဓ ...သာဝင်တို့လက်ခံထားသော ဂဠုန် ...အကြောင်းကိုသာ ဤဆောင်းပါး ... အဓိကထား ဖော်ပြမည် ဖြစ်ပါ ...ည်။

မဟာယာနဗုဒ္ဓသာသနာတော်နှင့် ...ယာနသာသနာတော် ဟူ၍ရှိရာ ... ဂဠုန်ယုံကြည်မှုတွင် မဟာယာန ...သနာတော်က ပို၍ ထင်ရှား၏။

နီပေါနိုင်ငံသည် ရွှေစိုးတို့ ...ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင် ...တော်မူရာနေရာမြတ် ဖြစ်၏။ ...ယာနဗုဒ္ဓသာသနာတော်ကိုလက်ခံ ...ကြသည်ကြ၏။ တန္တရယဉ်ကျေးမှုများနှင့် ...ဉ်များကိုလည်း လက်ခံကျင့်ကြံကြ ...မင်းများသည် သူတို့၏ဂုဏ်သတ္တိ ...ဂဠုန်ဖြင့် ကိုယ်စားပြုကြ၏။ ဗုဒ္ဓဝင် ...တော်မြတ်များနှင့်ဆက်နွယ်နေ ... နေရာတစ်ခုဖြစ်သည့် ဗိသနိုး



ယခုခေတ် မြင်တွေ့ရသော ငှက်ကြီးမျိုးများထဲမှတစ်ကောင်



ယခုမျက်မှောက်ခေတ်တွင် ပစ်ခတ်ရရှိခဲ့သော ငှက်ကြီးနှင့် ငှက်ပစ်မုဆိုးများ




အင်ဒိုနီးရှားဂဠုန်အကအခုံ့

ကျောင်းတော်ကြီးတစ်ခု နီပေါတွင်ရှိ၏။ ဘုရင်မနဒေဝက ဗိသနိုးနတ်ကိုလှူဒါန်းသောကျောင်းတော်ကြီးဖြစ်၍ 'မနဒေဝကျောင်းတော်' ဟု ခေါ်ကြ၏။ ယင်းကျောင်းတော်ကြီး၏ ပရိဝုဏ်အတွင်း တစ်နေရာတွင် နီပေါနိုင်ငံ၏ သမိုင်းဦးအကျဉ်းကိုထွင်းထားသော ကျောက်စာတိုင်ရှိ၏။ ထိုကျောက်စာတိုင်ထိပ်တွင် ဂဠုန်ရုပ်ကြီးရှိ၏။ ထူးဆန်းသည်က ထိုဂဠုန်ရုပ်၏မျက်နှာမှာ လူမျက်နှာဖြစ်နေပြီး မုတ်ဆိတ်မွေးများပါနေခြင်းဖြစ်၏။ ထို့ကြောင့်ပင် ထိုဂဠုန်ရုပ်တုမှာ ကျောင်းတော်ဒါယကာ မနဒေဝမင်း၏ပုံကို ဂဠုန်ဖြင့် ကိုယ်စားပြုထားဖေ



www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှားဂဠုန် (၃)



တိဗက်ဂဠုန်



သလောဟု သုတေသီအချို့က ထင်မှ
ကြ၏။

တိဗက်တို့က ဂဠုန်ကို ချာခ (CHAKHYUNG) ဟု ခေါ်ကြ၏။ တို့သည် တိဗက်နိုင်ငံ၏ အမ်ဒိုပြည် ရှိ မြစ်ကြီးတစ်စင်း၏ အနောက် ကမ်းတွင်ရှိ ရက်ဘကွန် (REBKO စောင့်တန်းစောင့်နတ်များဟု အ ကြ၏။ ထို့ပြင် တိဗက်ဗုဒ္ဓဝါဒ၏ များထဲတွင် အပါအဝင်ဖြစ်သော တ များ၊ ချက္ကရများပြုလုပ်ရာတွင် ငှက်ပုံသည် အဓိကကဏ္ဍအဖြစ် ၏။ ထိုဂမ္ဘီရဂဠုန်နတ်တို့အတွက် တိ တို့ရွတ်ဆိုသောဂါထာများလည်း

ယင်းဂါထာများအနက် ထ သောဂါထာတစ်ပုဒ်မှာ -

❑ ဉုမ်. . . ပခရှင်ဆွာဟ

ဟူ၍ ဖြစ်၏။

❑ **အင်ဒိုနီးရှားဂဠုန်**

အင်ဒိုနီးရှားနိုင်ငံသည် ကာလအခါတုန်းက ဟိန္ဒူ ထွန်းကားသောနိုင်ငံဖြစ်ခဲ့၏။ ထို ဟိန္ဒူသာသနာအနွယ်ဝင် နတ် ကိုးကွယ်ခဲ့ကြ၏။ ယနေ့တိုင် ဟိန္ဒူအငွေ့အသက်ယုံကြည်ကိုး များရှိနေသေး၏။

ယနေ့အခါ ကမ္ဘာကျော် မင်းဒွတ် (MENDUT)၊ ဘော (BOROBUDUR)၊ဆာယီဝမ်(SAJI ပရမ်ဘနန် (PARAMBANAN (KIDAL)၊ ပယ်နာတရန်၊ ဘယ် (BELAHAN)၊ ဆုခို (SUKUH နတ်ဘုရားကျောင်းများသည် သာသနာတော်အမွေအနှစ် သာ အဆောက်အအုံကျောင်းတော် ကြ၏။ ထို့ကြောင့် ယင်းကျော များတွင် ဟိန္ဒူသာသနာတော်၏ ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် မဟာဗြဟ္မာ၊ သီဝနတ်ကြီးများ၏ များနှင့် ၎င်းတို့၏အဆက်အနွယ် အရုံနတ်ရုပ်များကို တွေ့ရှိနိုင် ထိုအဆက်အနွယ်အခြွေအရံနတ် တွင် ဟိန္ဒူသာသနာတော်၌ ထ သော ဗိဿနိုးနတ်မင်းကြီး၏ ယာဉ် ဂဠုန်နတ်မင်းကြီး၏ပုံမျာ အထင်အရှားတွေ့ရှိရပေသည်။ ရုပ်တုကြီးများထဲတွင် ဘယ် ကျောင်းတော်မှ ဗိဿနိုးနတ် ၏စီးတော်ယာဉ် ဂဠုန်နတ်ရု အလွန်ထင်ရှားလှ၏။ ထိုဂ



www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုးနတ်မင်းနှင့်
ဂဠုန်နတ်မင်းအစီအရင်အင်းပဝါ



မြန်မာဂဠုန်



အင်ဒိုနီးရှားဂဠုန်

...ကြီးပေါ်တွင် ဗိဿနိုးနတ်မင်းကြီးက ...နေသောပုံ ဖြစ်၏။ ထိုရှေးဟောင်း ...ကြီးကို အင်ဒိုနီးရှားနိုင်ငံ ထရို ...ပြတိုက်၌ ပြသထား၏။

ဂဠုန်နတ်မင်းသည် အင်ဒိုနီးရှား ...ယာနတို့၏ ယုံကြည်မှုကိုးကွယ်မှု ...ရာ၊ ဓလေ့ထုံးစံဆိုင်ရာ ဇာတ်လမ်း၊ ... သမိုင်းတို့တွင် အများအပြားပါဝင် ...ရှိ၏။ အထူးသဖြင့် ဂျာဗာကျွန်းနှင့် ...ကျွန်းတွင် မဟာယာနရုပ်ကြွင်း ...သေများရှိ၏။

အင်ဒိုနီးရှားတွင် ဂဠုန်ငှက်ကို ...နိုးနတ်မင်း၏ စီးတော်ယာဉ်နတ် ... တန်ခိုးကြီးနတ်တစ်ပါးအနေဖြင့် ...တ ဗိဿနိုးနတ်မင်းကြီး၏ ဂုဏ် ...များ ကိန်းဝပ်နေသော ဗိဿနိုး ...စားပြုနတ်တစ်ပါးအဖြစ် ယုံကြည် ...လသည်။ ထို့အပြင် ဂဠုန်နတ်ကို ...ကောင်း၊ ဂဠုန်နတ်ရုပ်ကို ...ကောင်း ကုသိုလ်ရေးဆိုင်ရာ ...ပညာ၊ တန်ခိုးသိဒ္ဓိ၊ စွမ်းပကား ... တည်ကြည်ခိုင်မြဲသော သစ္စာ ...မ်၊ ကောင်းမြတ်သော သီလတို့၏ ...တအဖြစ် ယုံကြည် လက်ခံကြ၏။ ...ပါ စွမ်းရည်များဖြင့် ပြည့်စုံသော ...င့်လည်း လေတွင် ပျံသန်းနိုင်သော ...ဝါအပေါင်းတို့ကို အစိုးရတော်မူ ... ငှက်ဘုရင်အဖြစ် လက်ခံယုံကြည် ... ထို့ကြောင့် အင်ဒိုနီးရှားမှ ဟိန္ဒူ ...ထုံးစံကို လက်ခံထားသူတို့သည် ...၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ...သွားလာရေးကိစ္စတို့၌ အောင်မြင် အန္တရာယ်ကင်းရေးတို့အတွက်

ဂဠုန်နတ်မင်းကို အာရုံပြုကာ ပူဇော်ပသပြီး ဆုတောင်းလေ့ရှိကြ၏။

အင်ဒိုနီးရှားနိုင်ငံတော်၏ အလံတော်တွင် ဂဠုန်ရုပ်ကို အထူးနိမိတ်အဖြစ် ထည့်ထားသည်ကို တွေ့ရ၏။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော်လေကြောင်းကိုလည်း ဂရုဒါ (GARUDA) ဂဠုန်အမည်ဖြင့် လေကြောင်းအမည်ယူထားသည်ကိုလည်း တွေ့ရပေမည်။

ဤမှတစ်ဆင့် ကမ္ဘာ့ရှေးအကျဆုံး ဘာသာကြီးတစ်ခုဖြစ်သော ဟိန္ဒူဘာသာထဲမှ ဂဠုန်ကြီးများထံဆက်ချင်ပါသေးသည်။

## ၂ အိန္ဒိယဂဠုန်

ဂဠုန်သည် အိန္ဒိယနိုင်ငံမှ ဟိန္ဒူဘာသာဝင်တို့၏ များစွာသောနတ်များထဲမှ အလွန်အရေးပါသည့်နတ်တစ်မျိုးဖြစ်၏။

ဗိဿနိုးနတ်မင်းကြီးသည် ဟိန္ဒူတို့ အဓိကထားကိုးကွယ်သော တန်ခိုးအကြီးဆုံး နတ်မင်းကြီးသုံးပါးထဲမှ တစ်ပါး ဖြစ်သည်။ ဟိန္ဒူနတ်တို့သည် တန်ခိုးဖြင့် သွားလိုရာခရီးကို စိတ်ညွတ်ကာမျှဖြင့် ရောက်နိုင်ကြပါသော်လည်း



ဟိန္ဒူဘာသာလာ ဂဠုန်များ

ကိုယ်ပိုင်စီးတော်ယာဉ်များ အသီးသီးထားရှိကြ၏။ ဟိန္ဒူနတ်တို့တွင် တန်ခိုးအကြီးဆုံးဖြစ်သည့် ဗိဿနိုးနတ်မင်းကြီးတွင်လည်း စီးတော်ယာဉ်ရှိ၏။ ဗိဿနိုးနတ်မင်းကြီး၏ စီးတော်ယာဉ်မှာ ဂဠုန်ဖြစ်၏။ ဤသို့ဖြင့် ဂဠုန်သည် ဟိန္ဒူတို့ကိုးကွယ်အပ်သော နတ်တစ်ပါးဖြစ်လာလေသည်။

ဟိန္ဒူတို့၏ ပိဋကတ်ဟုခေါ်ဆိုနိုင်သော ဝေဒကျမ်းများထဲမှ ရိ(ဂ်) (RIGVEDA) ကျမ်းတွင် ဂဠုန်နှင့်ပတ်သက်သော ဇာတ်ကြောင်းများကို တွေ့ရ၏။ ဂဠုန်၏ပုံသဏ္ဍာန်မှာ ငှက်ခေါင်း၊ လူကိုယ်၊ ငှက်တောင်ပံ၊ ငှက်မြီး၊ ငှက်ခြေထောက်တို့ပါရှိ၏။ အခြားသော ဂဠုန်များနှင့် ပုံသဏ္ဍာန်အတူတူပင်ဖြစ်၏။ ဟိန္ဒူတို့ အထွတ်အမြတ်ထားသော မဟာဘာရတကျမ်းတွင်လည်း ဂဠုန်တို့အကြောင်းရေးသားသည်။ မဟာဘာရတကျမ်းထဲမှ ဂဠုန်တို့အကြောင်း စိတ်ဝင်စားဖွယ်ရေးသားထားသော ဇာတ်လမ်းတစ်ပုဒ်ကို အကျဉ်းမျှဖော်ပြပါမည်။

တစ်ခါသော် ဂဠုန်နတ်မင်း၏ မယ်တော်ကို နဂါးနတ်တို့က ဖမ်းဆီးချုပ်နှောင်ထားပြီး ဂဠုန်နတ်မင်းထံသို့ ဂဠုန်၏မယ်တော် လွတ်မြောက်ရေးအတွက် အမတနတ်ရေစင်နှင့် လဲလှယ်လာရန် တောင်းဆိုလိုလေသည်။ ထိုအခါ ဂဠုန်နတ်မင်းသည် နဂါးတို့ကို နိုင်အောင် စစ်ထိုးနိုင်ပါသော်လည်း နဂါးတို့ထံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံနေရရှာသော မယ်တော်၏အသက်ရှင်ရေးကိုတွေးပြီး နဂါးတို့၏တောင်းဆိုမှုကို လိုက်လျောလက်ခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နဂါးတို့ လိုချင်နေသော အမတနတ်ရေစင်သည် 'လ' ပေါ်တွင် နတ်အစောင့်အရှောက်တို့ဖြင့်ရှိနေ၏။ နတ်အစောင့်အရှောက်တို့သည်လည်း ဣန္ဒြာနတ်မင်းကြီး၏အမိန့်ဖြင့် စောင့်ရှောက်နေကြရ၏။ ဂဠုန်မင်းသည် လပေါ်တက်ပြီး နတ်အစောင့်အရှောက်တို့ကို ကျော်နင်းကာ အမတနတ်ရေစင်ကိုရအောင်ယူလေသည်။ အမတနတ်ရေစင်ကို ဂဠုန်မင်းရရှိသွားသောအခါ ဣန္ဒြာနတ်မင်းကိုယ်တိုင် လာရောက်၍ တားလေသည်။ ထိုအခါ ဂဠုန်မင်းသည် သိကြားမင်းအား အမတရေစင်ကိုရယူရသည့် အကြောင်းအကျိုးကို ရှင်းပြပြီး သိကြားမင်းနှင့် ညှိနှိုင်းလေသည်။

ဂဠုန်မင်းသည် သူရရှိထားသော အမတနတ်ရေစင်ကြုတ်ကို နဂါးတို့အား လက်ရောက်မပေးဘဲ နဂါးတို့မြင်လောက်သည့်နေရာတွင်နဂါးတို့ယုံကြည်လောက်သည့် ဥပါယ်တံမျဉ်ဖြင့်ချထားပြီး နဂါးတို့လက်သို့မရောက်ခင် ဣန္ဒြာနတ်မင်းက အမတနတ်ရေစင်အိုးကို ပြန်ယူသွားရန် ညှိနှိုင်းသဘောတူကြလေသည်။

ဂဠုန်မင်းလည်း နဂါးတို့ရေမြူးသည့်အချိန်ကိုက်သွားပြီး အမတနတ်ရေစင်အိုးကို နဂါးများရေမြူးနေသည့် နေရာအနီးရှိ ကုသမြက်ခင်းပေါ်၌ နဂါးတို့မြင်အောင်ထားပြီး မယ်တော်နှင့်လဲလှယ်ကာ ဂဠုန်ပြည်သို့ ပြန်လေတော့သည်။ နဂါးတို့လည်း ယင်းတို့အကြိုက် ရေမှာမြူးပျော်နေကြသဖြင့် အမတနတ်ရေစင်ကို သတိလက်လွတ်ထားလိုက်မိကြ၏။ ထိုခဏမှာပင် ဣန္ဒြာနတ်မင်းက အမတနတ်ရေစင်အိုးကို ပြန်ယူသွားလေသည်။

နဂါးတို့ ရေမြူး၍အားရသောအခါတွင် အမတမသေဆေးနတ်ရေစင်ကိုသောက်သုံးကြရန် ဂဠုန်မင်းထားခဲ့သောနေရာသို့ လာခဲ့ကြလေသည်။ ဂဠုန်းမင်း နတ်ရေစင်အိုးကိုထားခဲ့သောနေရာတွင် နတ်ရေစင်အိုးကို မတွေ့ကြရတော့ဘဲ နတ်ရေစင်အိုးတင်ထားခဲ့သည့် ကုသမြက်ကိုသာ တွေ့ရှိကြရလေတော့သည်။ နဂါးတို့လည်း နတ်ရေစင်သည် ကုသမြက်များထဲသို့ စိမ့်ဝင်သွားသည်ဟုထင်ကြပြီး ထိုကုသမြက်တို့အား အလုအယက်လျက်ကြလေ၏။ ထိုအခါ ကုသမြက်ကြောများကိုပါလျက်မိကြ၍ နဂါးတို့၏လျှာသည် မြက်ကြောရှမိပြီး နှစ်ခွကွဲကုန်ခြင်းဖြစ်သည်ဟု ဆိုကြ၏။ ကုသမြက်တို့သည်လည်း အမတနတ်ရေစင်အနည်းငယ်ဆွတ်မိသဖြင့် ယနေ့တိုင်ရှာတွေ့ရန် ခဲယဉ်းလျက်ရှိသည်ဟု ဆိုထား၏။ ဤကား ဘာရတကျမ်းလာ ဂဠုန်နှင့်ကုသမြက်ဇာတ်လမ်း ဖြစ်၏။

**▫ ဂဠုန်မင်းနှင့်အမတနတ်ရေစင်**

ဟိန္ဒူသာသနာတော်သည် ကမ္ဘာ့ရှေးအကျဆုံး သာသနာတော်ဖြစ်ပြီး ယုံကြည်မှုဓလေ့ထုံးစံများအလွန်များပြားလှ၏။ ထိုမျှများပြားလှသော ယုံကြည်မှုဓလေ့ထုံးစံများထဲမှ အများစုကို ဟိန္ဒူဘာသာဝင်များက ယုံကြည်စွာ လိုက်နာကြသဖြင့် ယနေ့တိုင်အောင် အဓွန့်ရှည်လျက်ရှိကြ၏။ အဓွန့်ရှည်စွာတည်လျက်ရှိသော ဟိန္ဒူတို့၏ ယုံကြည်မှုဓလေ့ထုံးစံများစွာရှိသည့်အထဲမှ အလွန်ထင်ရှားသော ဓလေ့ထုံးစံတစ်ခုသည် ဤဆောင်းပါး၏ အဓိကအကြောင်းအရာဖြစ်သည့် ဂဠုန်နှင့်ပတ်သက်နေ၍ ဖော်ပြလိုပါသေး၏။

ယင်းဓလေ့ထုံးစံက ဟိန္ဒူတို့အထွတ်အမြတ်ထား ဆောင်ရွက်လေ့ရှိကြသည့် နတ်ရေစင်သွန်းပွဲပင် ဖြစ်၏။ နတ်ရေစင်သွန်းလောင်းပွဲကို သူတို့ဘာသာစကားဖြင့် ကုမ္ဘမလ (KUMBHMELA) ဟု ခေါ်၏။

အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း ဂဠုန်မင်းက နတ်ရေစင်ကို နတ်တို့ထံမှ ယူဆောင်ခဲ့ရာ နတ်ရေစင်ကို စောင့်ရှောက်နေကြသည့် ကမ္ဘာ့ဏ်တစ်ထောင်နှင့် တိုက်ခိုက်ရသေး၏။ ဤသို့တိုက်ခိုက်ကြရာ ဂဠုန်မင်း၏လက်ထဲရှိ အမတနတ်ရေစင်အချို့ ဖိတ်စဉ်ခဲ့၏။ထိုဖိတ်စဉ်သည့်နတ်ရေစင်တို့သည် ကမ္ဘာမြေကြီး၏ (၄)နေရာသို့ ကျရောက်ခဲ့လေ၏။ ယင်း (၄) နေရာမှာ ဂင်္ဂါမြစ်၊ သူရဿတီမြစ်၊ ဂေါရဝတီမြစ်၊ ခရှိဖရမြစ် တို့ဖြစ် ၏။ အမတနတ်ရေစင်သည် ထိုမြစ်ကြီး (၄) စင်းထဲသို့ ကျခဲ့သည်ဟု ဆို၏။ ဤသို့ အမတနတ်ရေစင်အနည်းငယ်ကျရောက်ခဲ့ခြင်းကြောင့် ထိုမြစ်ကြီး (၄) စင်းမှရေတို့သည် နတ်ရေစင်ဓာတ်သတ္တိရောနေသဖြင့် အမတ မသေဓာတ် အပြည့်မရှိသော်လည်း ရောဂါဝေဒနာအချို့ကို ပျောက်ကင်းစေခြင်း၊ အဓိဌာန်ဖြင့် လူမှုအောင်မြင်ရေးများကို ရရှိနိုင်ခြင်း စသော အစွမ်းသတ္တိများရှိသည်ဟု ဆို၏။ သို့သော်လည်း ယင်းတန်ခိုးသတ္တိထူးများမှာ အမြဲရှိမနေဘဲ (၁၂) နှစ်လျှင် တစ်ကြိမ်သာ ရက်အကန့်အသတ်ဖြင့် ဖြစ်ပေါ်သည်ဟုဆို၏။ အကြောင်းမှာ အမတနတ်ရေစင်ကို နတ်တို့ထံ... အောင် ယူဆောင်လာခဲ့သည့် ဂဠုန်မင်း... ကလည်း ထို(၄)နေရာသို့ (၁၂)နှစ်လျှ... တစ်ကြိမ်ပြန်လာပြီး ထိုမြစ်ကြီး (၄) စ... ထဲမှရေကိုသုံးချိုးခြင်းပြုသောကြောင့်... ဆိုကြ၏။

ထိုမြစ်ကြီး (၄) စင်းတွင် အ... နတ်ရေစင်၏ သိဒ္ဓိတန်ခိုးနိုးထခြင်း... အာရုံပြုကာ ပူဇော်ခြင်း၊ အဓိဋ္ဌာန်ပြုခြင်း... ဆုတောင်းခြင်း စသည်တို့ကို ယုံကြ... စွာဖြင့် ဆောင်ရွက်ပြီး မြစ်ထဲဆင်း... ရေချိုးလျှင် -

ဂင်္ဂါမြစ်ရေသည် လူသားတို့... အကုသိုလ်ကံ၊ ဂြိုဟ်ဆိုး၊ နိမိတ်ဆိုး... ပပျောက်စေ၏။ ဆုတောင်းပြည့်၏။

သူရဿတီမြစ်ရေသည် လူသား... တို့၏ပညာရေး၊ စီးပွားရေး၊ လူမှုရေး... ကို အောင်မြင်စေ၏။

ဂေါရဝတီမြစ်ရေသည် နာ... ရောဂါ၊ အစာမကြေသောရောဂါတို့... ပျောက်ကင်းစေ၏။

ခရှိဖရမြစ်ရေသည် အဓိဋ္ဌာ... သူတို့၏ ဆုတောင်းအားလုံး ပြည့်စေ... ယင်းမြစ်သည် မဒ္ဒယာပရာဒေ့(ရှ်) (MA-DHYA PRADESH) ပြည်နယ်ရှိ ဝိန္ဒ... တောင်တန်းများ (VINDHYA MOUN-TAINS) မှ မြစ်ဖျားခံစီးဆင်းလာသော... မြစ်ဖြစ်၏။ ထိုမြစ်၏ ကြုံဖူးမှုယုံလော... သည့်ဖြစ်ရပ်မှာ -

*(၁၂) နှစ်တစ်ကြိမ် ကျင်းပသော... တို့၏ နတ်ရေသွန်းရေချိုးဆင်းပွဲ... ကာလတွင် မြစ်ရေသည် ရုတ်တ... အားဖြင့် နွားနို့ရောင်သို့ ပြောင်းလဲ... လေ့ရှိခြင်းပင် ဖြစ်၏။ ဤသို့ နွားနို့... ပြောင်းလဲခြင်းဖြစ်ရပ်မှာ ရုတ်တ... ဖြစ်လေ့ရှိခြင်းနှင့် ပြောင်းလဲချိန်... မှာ တဒင်္ဂဖြစ်ခြင်းတို့ကြောင့် မျက်... ကြုံတွေ့ရသူ အလွန်နည်းပြီး ကြုံ... ကြရသူတိုင်းလည်း ကံကောင်းကြ... ဟုဆို၏။*

ထိုမြစ်နှင့် ပတ်သက်... ရှေးဆိုရိုးတစ်ခုမှာ ထိုမြစ်... ဝိဿနိုးနတ်မင်း၏ သွေးကြော... ကိုယ်စားပြုသည်ဟု ဟိန္ဒူဘာသာ... ယုံကြည်ကြခြင်း ဖြစ်၏။

ယင်းနတ်ရေစင်သွန်းရေချိုး... တော်မှာ မြစ်များကိုပူဇော်သောပွဲ... လည်း ဟိန္ဒူဘာသာဝင်မဟုတ်သူ... ခြားသားတို့ အသိများကြ၏။ ... ဘာသာဝင်ဆာဒူးကြီးများကမူ ... (KUMBHMELA) ပွဲတော်ဖွင့် ...



www.burmeseclassic.com

www.burmeseclassic.com

၏။

ထိုပွဲတော်တွင် ဗိဿနိုးနတ်မင်းကြီးနှင့် အမတနတ်ရေစင်ယူဆောင်လာသည့် ဂဠုန်မင်းကြီးတို့ကို အထူးပြုပူဇော်တာ အာရုံပြု ဆုတောင်းကြသည်ဟု ဆို၏။

## ၁ ကမ္ဘောဇတိုင်းမှဂဠုန်များ

ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံများကို ကမ္ဘောဇတိုင်းဟုခေါ်သည်။ ထိုနိုင်ငံများမှဂဠုန်များအကြောင်း ဖြစ်ပါသည်။

ထိုနိုင်ငံများသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဆိုကြလင့်ကစား မဟာယာနဝါဒအယူဖြစ်သော ဟိန္ဒူအယူဝါဒ ယုံကြည်မှုများ ခိုင်မာအားကောင်းဆဲရှိသောနိုင်ငံများ ဖြစ်သည်။ ထိုနိုင်ငံများ၏ ယုံကြည်ကိုးကွယ်ဆိုင်ရာ နတ်ဒေဝတာများအုပ်စုတွင် နဂါးနှင့် ဂဠုန်တို့သည် အလွန်ထင်ရှားပြီး အရေးပါသောနတ်များ ဖြစ်ကြ၏။ ထိုနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့သည် နဂါးနှင့် ဂဠုန်ကို လူ့ဘဝသူမှုရေးများနှင့် ပတ်သက်သည့် ကိစ္စများအတွက် အားကိုးအားထားပြုကာ ပူဇော်ပ,သလေ့ရှိကြ၏။ ဂဠုန်တို့သည် နတ်မျိုးနွယ်ဝင်များ ဖြစ်ကြသော်လည်း လူတစ်ပိုင်းငှက်တစ်ပိုင်းနတ်ဖြစ်ကြ၍ အဆင့်မြင့်ဘုံစံနတ်စာရင်းဝင်များတော့ မဟုတ်ကြပါ။ သို့သော် ဂဠုန်တို့သည် နဂါးများကဲ့သို့ပင် အလိုရှိက လူယောင်ဖန်ဆင်းပြီး လူ့လောကကြီးနှင့် ဆက်ဆံလေ့ရှိတတ်ကြ၏။ အထူးသဖြင့် ဗုဒ္ဓသာသနာတော်အထောက်အပံ့ပြုကိစ္စများ သင်္ကေတများတွင် ဂဠုန်ရုပ်များ၊ ဂဠုန်သင်္ကေတများကို အသုံးပြုကြ၏။

ထိုကမ္ဘောဇတိုင်းသားတို့သည် ဂဠုန်အား လောကီပညာဆိုင်ရာ အစီအမံများအတွက်သုံးတတ်ကြ၏။ အင်း၊ အိုင်၊ လည်ဆွဲ၊ လက်ဖွဲ့၊ အဆောင်၊ ဂါထာမန္တန်များတွင် ဂဠုန်ကို အစီအမံပြု၍ သုံးတတ်ကြ၏။ ဂဠုန်အစီအမံနှင့် ဂါထာမန္တန်များကို ဤဆောင်းပါးတွင် ဖော်ပြသာ၍ သိသာရုံသဘောအဖြစ် ဓာတ်ပုံမှတ်တမ်းအချို့ကိုသာ ဖော်ပြလိုက်ပါသည်။ ဤဆောင်းပါးတွင် ဖော်ပြထားသော ဂဠုန်သိဒ္ဓိအစီအရင်အဆောင်များကိုကြည့်၍ လောကီဂမ္ဘီရပညာရှင်များ ဆန်းစစ်ဝေဖန်နိုင်ကြပါလိမ့်မည်။

## ၃ ဗုဒ္ဓဘာသာမြန်မာတို့၏ဂဠုန်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ဂဠုန်အယူအဆကို ဖော်ပြပါဦးမည်။

ဂဠုန်သည် မာဂဓဘာသာဖြစ်ပြီး 'လေးသောဝန်ကို ဆောင်ယူနိုင်သော သတ္တဝါ' ဟု အဓိပ္ပာယ်ရ၏။ ထို့ပြင် ငှက်တို့၏မင်းဟုလည်း ခေါ်ဆိုသည်။ ထို့ကြောင့် 'ဆင်ကြီးဂဠုန်ချီ' ဟူသော စကားသည် အလွန်မှန်ကန်ပြည့်စုံသော စကား ဖြစ်၏။ ဂဠုန်တို့အကြိုက်ဆုံး အစာသည် နဂါးဖြစ်၏။ ဂဠုန်၏ရုပ်ပုံသဏ္ဌာန်သည် အတိုင်းတိုင်းအပြည်ပြည်က ဂဠုန်များ၏ ရုပ်သဏ္ဌာန်အတိုင်း ငှက်ဦးခေါင်း၊ လူကိုယ်၊ ငှက်ခြေထောက်၊ ငှက်တောင်ပံ၊ ငှက်မြီးတို့ဖြင့် ဖွဲ့စည်းတတ်၏။ ဂဠုန်ကို နတ်မျိုးနတ်နွယ်၊ နတ်အုပ်စုတွင် ထည့်သွင်းယုံကြည်ကြ၏။ ထို့ကြောင့် ဂဠုန်သည် ဣဒ္ဓိဗိဒ္ဓိရှိပြီး ဆန္ဒရှိပါက လူယောင်ဖန်ဆင်းကာ လူသားတို့နှင့် ဆက်ဆံတတ်၏။ ဂဠုန်၏အမွေးအတောင်တို့သည် ရွှေအဆင်းရှိပြီး တောက်ပြောင်လှပသည်ဟု အဋ္ဌကထာကျမ်းများ၌ တွေ့ရသည်။

ဂဠုန်၏ခန္ဓာကိုယ်သည် ပကတိအားဖြင့် ယူဇနာ (၁၅၀) ခန့်အရွယ်ရှိကြောင်း သုတ်မဟာဝါ၊ အဋ္ဌကထာ၊ မဟာနိဒါနသုတ်၌ ပါရှိ၏။ ဂဠုန်မင်းသည် အမျက်ထွက်၍ တောင်ပံစုံရိုက်ခတ်ပြီး ဂဠုန်လေကိုဖြစ်စေပါက ယူဇနာ (၆၀၀) ကျယ်ဝန်းသော အရပ်အတွင်းရှိ တော၊ တောင်၊ အဆောက်အအုံတို့သည် မြေပြင်နှင့် တစ်ပြေးတည်းဖြစ်စေနိုင်သည်ဟု သံယုတ်အဋ္ဌကထာ၌ဆို၏။

ဗေဒင်ပညာအလိုအရ တနင်္ဂနွေဂြိုဟ်၏ အမှတ်အသားသင်္ကေတသည် ဂဠုန် ဖြစ်၏။ 'တနင်္ဂနွေ၊ ဂဠုန်၊ ရှေ့မြောက်ကြုံ၊ နေတုံခြောက်နှစ်မျှ' ဟူသော လင်္ကာအရ တနင်္ဂနွေ၏သင်္ကေတသည် ဂဠုန်၊ အရပ်သည် အရှေ့မြောက်၊ ဂြိုဟ်သက်သည် ခြောက်နှစ်ဟု သိရ၏။ ဂဠုန်၏အနက်ဆောင် ဆက်နွယ်သော သဘောတရားတို့မှာ ရဲရင့်ခြင်း၊ ခွန်အားကြီးခြင်း၊ အောင်မြင်ခြင်းတို့ ဖြစ်၏။ ခရစ်နှစ် ၁၉၃၀ပြည့်နှစ်တွင် မြန်မာနိုင်ငံကို စိုးမိုးနေသော ဗြိတိသျှတို့အား တော်လှန်ရန် လယ်သမားဆေးဆရာကြီး ဆရာစံ ဦးဆောင်သော လယ်သမားသူပုန်တပ်ကြီးပေါ်လာခဲ့၏။ ဆရာစံသည် ဂမ္ဘီရပညာကို ယုံကြည်တတ်ကျွမ်းသူဖြစ်၍ နဂါးကို ဂဠုန်သုတ်သောပုံကို အလံတွင် ရေးထိုးစီရင်ကာ သုပဏ္ဏက ဂဠုန်ရာဇာ' ဂဠုန်မင်း ဟူသောဘွဲ့ကို ခံယူပြီး ဗြိတိသျှတို့ကို တော်လှန်ခဲ့၏။ ဗြိတိသျှနံ စနေနဂါးကို မြန်မာနံ တနင်္ဂနွေဂဠုန်သုတ်သည့်ဓာတ်ဆင်ထားခြင်း ဖြစ်၏။

မြန်မာရှေးဟောင်းစာပေများတွင်လည်း ဂဠုန်ကို စာဖွဲ့ရာ၌ တင်စားဖွဲ့ဆိုလေ့ရှိကြသည်ကိုလည်း တွေ့ရ၏။

စာဆိုအကျော်အမော်တစ်ပါးဖြစ်သော ရှင်ဥတ္တမကျော်၏ တောလားရတုတွင်လည်း -

- *တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရန်းဖက်၍၊ တိမ်သက်တံရောင်၊ အဝါပေါင်ဝယ်၊ မှောင်ခဲ့တခါ၊ ပြာခဲ့တမျိုး၊ ညိုခဲ့တလီ၊ ရီခဲ့တဖုံ၊ မှုန်ခဲ့တချက်၊ ယုဂန်ထက်က၊ လေးဖက်လုံးခြုံ၊ တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့*

ဟု တိမ်ကို သက်ဝင်လှုပ်ရှားဂဠုန်ငှက်အလား တင်စားဖွဲ့ဆိုခဲ့၏။

မြန်မာတို့၏ စစ်ချီစစ်တက်စစ်ပညာရပ်တွင်လည်း 'ဂဠုန်တောင်ပံဖြန့်စက်တက်နည်း' ဟူ၍ ရှိ၏။ ရန်းရင်းဆန်ခတ်ဖြစ်သည့်ကိစ္စများတွင်လည်း 'နဂါးဂဠုန်လိုက်သည်' ဟု တင်စားကာ ပြောဆိုလေ့ရှိ၏။ ဤသို့အားဖြင့် ဂဠုန်သည် မြန်မာတို့၏ဘဝတွင် ရောယှက်ပါဝင်နေသည်ကို တွေ့နိုင်၏။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ရွှေစိုးတို့၏ အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရားသခင်၏မုက္ခပါဠ် ငါးရာ့ငါးဆယ်ဖြစ်တော်စဉ် တိသနိပါတ် ပဏ္ဍာရကဇာတ်တော်၌ ဂေါတမမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားအလောင်းတော်ဘဝ၌ ဂဠုန်မင်းဖြစ်ခဲ့ဖူးသည်ကို တွေ့ရပါကြောင်း ရွှေစိုးတို့ ဗုဒ္ဓဘာသာဝင်များနှင့် မကင်းရာမကင်းကြောင်းဖြစ်သည့် ဂဠုန်တို့အကြောင်း အကျဉ်းအားဖြင့် ရှာဖွေတင်ပြလိုက်ပါသည်။

ရွှေစိုး

**မှီငြမ်း -**


- Internet sources
- S adhus & Saits of Nepal & India.
- မြန်မာ့စွယ်စုံကျမ်း
- ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား ဓလေ့၊ ယုံကြည် ကိုးကွယ်မှုနှင့် ကိုယ်တိုင် လေ့လာ မှတ်သားထားချက်များ




www.burmeseclassic.com

www.burmeseclassic.com

### ◻ အဘိုးနတ်

ရေငန်ဒေသ ပင်လယ်ပိုင်း၌ ထင်ရှားသောနတ်တစ်ပါး ဖြစ်သည်။ လူ့ဘဝတုန်းက မုဆိုး၊ တံငါအလုပ်ဖြင့် အသက်မွေးသူဟုဆိုသည်။ ရေငန်ဒေသ ပင်လယ်ပိုင်းရပ်ရွာများနတ်ကနားပေး သည့်အခါ သူ့အတွက် မသေမီကပင် တစ်ပွဲသတ်သတ်တင်မြှောက်ကြရသဖြင့် 'တစ်ပွဲစားကြီး' ဖြစ်နေသည်။

အချို့က သူ့ကို မွန်တိုင်းရဖိုးသား 'ဘိုးထော်ကရင်' ဟူ၍ လည်းကောင်း၊ အချို့ကမူ ဗမာကရင်တိုင်းရင်းသား 'အပိုး' ဟူ၍ လည်းကောင်း ဆိုကြသည်။ လူ့ဘဝ၌ရှိစဉ်က မည်သည့်နေရာတွင် ငါးသွားဖမ်း၊ မည်သည့်ငါးမျိုးမည်ရွေ့ မည်မျှရမည်ဟု ကြိုတင်ပြောဆိုနိုင်သည် ဟုဆို၏။ ထို့အပြင် အမဲရှာသွားလျှင် လည်း ယနေ့ မည်သို့သော အမဲကောင် ကို ရမည်ဆိုသည်ကို ကြိုတင်ပြောဆိုနိုင် စွမ်းရှိသည်ဆိုပါသည်။ နောက်ပါလူများ နှင့် အမဲပစ်ရန် တောသို့သွားကြစဉ် နောက်ပါလူများအရှေ့တွင်ပင်ပျောက် ကွယ်သွားပြီး နတ်ဖြစ်သည်ဟု အဆိုရှိ သည်။

မြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်ပိုင်း၌ ရေလမ်းခရီးသွားကြသူများ၊ ရေလုပ်ငန်းဖြင့် အသက်မွေးကြသူများ က အဘိုးနတ်အား အားကိုးအားထား တင်မြှောက် ပသလေ့ရှိကြသည်။ အချို့ ကလည်း ဦးရှင်ကြီး၏ ယောက္ခမတော် သည်ဟုဆိုပါသည်။ (အဘိုး၏သမီးများ ဖြစ်ကြသော မယ်လှနှင့် မယ်ခနှစ်ယောက် သည် ကျားကိုက်ခံရ၍ သေသည်၌ အယူတိမ်း၍ နတ်စိမ်းများဖြစ်လာကြ သည်။ ဦးရှင်ကြီးအား ရေသို့အချခံရ သည်မှာ ဤအဘိုး၏သမီးများဖြစ်သော နတ်များကြောင့်ဖြစ်သည်ဟုဆိုပါသည်။)

ရေငန်ပိုင်ဦးရှင်ကြီးကို ဆွမ်းတင် မြှောက်သောအခါတွင် တွဲပြီး အဘိုး အတွက် အောက်ပွဲတစ်ပွဲသတ်သတ် တင်မြှောက် ပသလေ့ရှိကြသည်။

ယင်းသို့ အဘိုးကို တင်မြှောက် ကြသောအခါ 'အဘိုး အဘိုး အဘိုး' ဟု ကျယ်လောင်စွာ သုံးကြိမ်ခေါ်ပြီး တင်မြှောက်ကြရသည်ဟု ဆိုပါ[illegible] ဤသို့အော်ရခြင်းမှာ အဘိုး[illegible] အသက်ကြီး၍ နားလေးသော[illegible] ဖြစ်သည်ဟု သိရသည်။

သို့အတွက်ကြောင့် ဤ အဘိုး[illegible] ကို ဝင်း(၃၇)မင်းမှ ပျဉ်ထောင်တ[illegible] နှင့် ဘိုးနားထိုင်းနတ်တို့မှ ဘိုးနာ[illegible] နှင့်မမှားစေလိုပါ။ ပျဉ်ထောင်တ[illegible] နှင့်တွဲလျက်ရှိသော ဘိုးနားထိုင်[illegible] သည် ရွှေလီမြစ်ဝှမ်း ပျဉ်ထောင်[illegible] အင်းသူကြီးဖြစ်ပြီး လေ့မော[illegible] သေဆုံးရာမှ ဘိုးနားထိုင်းနတ်ဟူ[illegible] လာသူ ဖြစ်သည်။

ယခု ဤ 'အဘိုးနတ်'မှာ [illegible] ကျွန်းပေါ်ဒေသမှ ဖြစ်ပါသည်။

### ◻ ထီးလင်း တောင်ဖြူရှင်နတ်

မကွေးတိုင်းဒေသကြီး တံ[illegible] ခရိုင် ထီးလင်းမြို့တွင် တောင်ဖြူ[illegible] နန်း ဟူ၍ရှိပါသည်။ ထီးလင်းမြို့[illegible] သည် ဧည့်သည်များကို မြို့ဝန်[illegible] ဘုရားများသို့ ပို့ဆောင်ရာ၌ တော[illegible] ရှင်နတ်နန်းသို့လည်း အရောက်ပို့[illegible] လေ့ရှိကြသည်။ စာရေးသူ ထီးလင်[illegible]

မောင်သန်းဆွေ (ထားဝယ်)

၈၄

## မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့



www.burmeseclassic.com

www.burmeseclassic.com

ရောက်စဉ်က ပို့ဆောင်သော်လည်း ရောက်ဖြစ်ခဲ့ပါ။

ထိုတောင်ဖြူရှင်နတ်နန်းသည် ထီးလင်းမြို့တောင်ဘက်,ထီးလင်း-ဆော ကားလမ်းဘေးတွင်တည်ရှိပြီး တောင်ဖြူရှင်နတ်နန်းတည်ရှိရာ သဲတောင်သည် သဲအဖြူရောင်များနှင့် ကျောက်စရစ်ခဲ အဖြူရောင်များကြောင့် တစ်တောင်လုံး အဖြူရောင်လွှမ်းလျက်ရှိ၏။ ထို့ကြောင့် ထိုတောင်ကို ဒေသခံများကို တောင်ဖြူ တောင်ဟု ခေါ်ကြခြင်း ဖြစ်သည်။ တောင်ဖြူရှင်နတ်နန်းသည် အဆိုပါ တောင်ဖြူတောင်ထိပ်တွင်တည်ရှိသည်။


တောင်ဖြူရှင်နတ်နန်းနှင့်အတူ အမေရေယဉ်နတ်နန်းတို့ကိုလည်း ပူးတွဲ တည်ဆောက်ထားကြသည်။ တောင်ဖြူရှင်နတ်နန်းအဆောက်အအုံထဲတွင် တောင်ဖြူရှင်နတ်၏ ပုံတော်ရှိသည်။ တောင်ဖြူရှင်နတ်နှင့်အမေရေယဉ်နတ် တို့သည် မောင်တော်၊ နှမတော်ဟု ဆိုကြ သည်။

တောင်ဖြူရှင်နတ်နန်းသို့လာရောက် ကြသူများသည် နတ်နန်းအနီးတစ်ဝိုက် မြေပြင့်ပြုလုပ်ထားသော ရေတကောင်း ဆောက်တော်ရေအိုးများကိုတွေ့ရသည်။ နတ်နန်းအနီးတစ်ဝိုက်တွင် ရေတကောင်း ဆောက်တော်ရေအိုးများကို မြေပေါ်တွင် တချို့ မြေထဲတွင် နစ်မြုပ်နေသည်တချို့ ဆောင်ပုံယာပုံရှိနေသည်ကိုတွေ့ရသည်။ တောင်ဖြူရှင်နတ်နန်းသည် ထီးလင်း မြို့တည်စ ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့ပြီး ဤနတ်နန်းအနီးတွင် ဒေသထွက်မဟုတ်သော ရေတကောင်း ဆောက်တော်ရေအိုးပေါင်းမြောက်မြားစွာ ကို မည်သူက သယ်ဆောင်လာခဲ့သည် ဆိုတာ မသိရဘဲ ထူးဆန်းစွာ ရောက်ရှိ နေသည်ကို တွေ့ရသည်။ တောင်ဖြူရှင် နတ်က ထီးလင်းသို့ ရောက်လာပြီးနေ သည် ဆို၏။ အမေရေယဉ်က တစ်နှစ် တစ်ခါ ရောက်လာသည့်အခါတိုင်း ရှမ်း ပြည်နယ်ကထွက်သော ရေတကောင်း ဆောက်တော်ရေအိုးတို့ကို လက်ဆောင် အဖြစ်ယူလာခဲ့သည်ဟု လူကြီးသူမများ က ပြောပြပါသည်။

တောင်ဖြူရှင်နတ်နန်းအနီးတွင် ယနေ့တွေ့ရှိနိုင်အောင် ရေတကောင်း ဆောက်တော်ရေအိုးများ ထူးဆန်းစွာ ရောက်ရှိနေသကဲ့သို့ တစ်နှစ်တစ်ကြိမ် အသစ်အသစ်များရောက်ရှိလာကြောင်း ကိုလည်း ထီးလင်းမြို့ခံများကပြောပြပါ သည်။



တောင်ဖြူရှင်နတ်နန်း



နတ်နန်းဘေးမှ ရေတကောင်းအိုးများ

❑ နတ်သမိုင်း

ပုဂံပြည့်ရှင် မဏိစည်သူဘုရင့်၏ မြောက်နန်းမိဖုရား နာဂသိန်မှာ စုန်းဖြစ် သည်။ ညဘက်တွင် စုန်းမမိဖုရား နာဂသိန်သည် ကောင်းကင်သို့တက်၍ စုန်းတောက်စားသည်။

ကတူးကနန်းဒေသမှ တောင်ဦး နယ်စားပဗ္ဗာရာဇာတွင် နှမလေး ယောက်ရှိသည်။ ရှင်ဦး၊ ရှင်ဖြူ၊ ရှင်ကြူး နှင့် အငယ်ဆုံးမှာ ရှင်ထူး ဖြစ်သည်။ ညီမလေးယောက်စလုံးသည် ဝမ်းတွင်း စုန်းများ ဖြစ်ကြသည်။ အစ်မကြီးရှင်ဦး မှာ ယောဇတော်ဖြစ်သည်။ ရှင်ဖြူမှာ မြောက်ဘက်ရှင်မဖြစ်၍ ရှင်ကြူးမှာ ဆည်ကတော်ဖြစ်သည်။ ကောင်းကင် တွင် စုန်းတောက်စားနေချိန် မိဖုရား နာဂသိန်နှင့်တွေ့ကြရာ အပြောအဆို မောက်မာသည့်အတွက် စိတ်မြန်သော ညီမအငယ်ဆုံး ရှင်ထူးက စက်(စုန်းကြိုး) ကိုဖြတ်လိုက်သဖြင့် မိဖုရားနာဂသိန် ကျသွားသည်။

ထို့ကြောင့် မိဖုရားနာဂသိန်သည် အကောက်ကြံကာ တောင်ဦးနယ်စား ပဗ္ဗာရာဇာနှင့် နှမများပုန်ကန်သည်ဟု အိပ်မက်ကြောင်းလျှောက်ထားသဖြင့် ပုဂံ သို့ မောင်နှမများကန်တော့လက်ဆောင် လာရောက်ဆက်သကြရမည်ဟု ဘုရင် က အမိန့်တော်ထုတ်သည်။

အမိန့်တော်အတိုင်း မောင်နှမ ငါးယောက် ပုဂံပြည်သို့ လာရောက်ကြရ သည်။ ညီမအငယ်ဆုံး ရှင်ထူးခေါ် စောနန်းမွန်မှာ စိတ်ဆတ်သည်။ ဒေသ ထွက်ကုန်ပစ္စည်းများနှင့် ဆက်သရန်လာ ကြရာ မြို့အဝင်ဝ၌ စစ်ဆေးခြင်းခံရ သည်။ ဒေသထွက်ကုန်ဆီအိုးများကို -

"ဘာအိုးတွေလဲ"

ဟု မေးသဖြင့် ရှင်ထူးခေါ် စောနန်းမွန်က -

"မြွေတွေ"

ဟု ပြောလိုက်ရာ အဖုံးဖွင့်ကြည့် သည့်အခါ တကယ်ပင်မြွေများဖြစ်နေ၍ အစောင့်စစ်သားများ ထွက်ပြေးကြ ရသည်။ ထိုအဖြစ်ကြောင့် တောင်ဦး နယ်စားကို ညီမဖြစ်သူ ရှင်ထူးခေါ်



www.burmeseclassic.com

www.burmeseclassic.com

စောနန်းမွန်အား ကိုယ်တိုင်သတ်ရမည်ဟု ဘုရင်ကစီရင်ချက်ချသည်။ တောင်ဦးနယ်စားက မသတ်နိုင်ဟုငြင်းသဖြင့် မောင်နှမနှစ်ယောက်လုံးအား ကွပ်မျက်ရွေရန် အမိန့်တော်ချမှတ်ပြန်သည်။

မောင်နှမနှစ်ယောက်ကို ဆင်ဖြင့်နင်းသတ်သည်။ စောနန်းမွန်သည် စုန်းစိတ်ဝင်လာတာ ဆင်ကို အစွယ်ချိုးလိုက်သည်။ တစ်ဖန် ကျားဆိုးများကို လွှတ်၍စားစေပြန်သည်။ စောနန်းမွန်က စုန်းစိတ်ဖြင့် ကျားကိုစေလိုက်သဖြင့် ကျားက အစောင့်နှင့် အာဏာသားတို့ကို လိုက်လံကိုက်သတ်ပြန်သည်။

စောနန်းမွန်သည် ပြေးရင်း ပုံတောင်ပုံညာဒေသသို့ ရောက်သွားသည်။ သူ့အားလိုက်သတ်စေသည့် နောင်တော် တောင်ဦးနယ်စားနှင့်တွေ့ပြီး အကြောင်းစုံသိရသဖြင့် ဒေါသအလွန်ထွက်ပြီး ပုဂံပြည်ကြီးအား ဖျက်ဆီးပစ်မည်ဟု ကြိမ်းဝါးလေသည်။

သာသနာထွန်းကားသည့် ပုဂံပြည်ကြီးအား ဖျက်ဆီးမပစ်ရန် သိကြားမင်းက ဝင်၍တားဆီးသည်။ တားဆီးရုံသာမက စုန်းပညာကို အလျှုံခံကာ စောနန်းမွန်အား ဝိဇ္ဇာမယသိဒ္ဓိရှင်အဖြစ်ပြောင်းလဲပစ်လိုက်သည်။ စောနန်းမွန်ထံမှ အသက်ဘူးကိုနုတ်ထားလိုက်သည်ဆိုသည်။ စောနန်းမွန်သည် မခံချင်စိတ်ဖြင့် မြေကို ဖနောင့်နှင့်ပေါက်လိုက်ရာ ဖနောင့်အရာမှ ရေများထွက်လာသည်။ ထိုရေဖြင့် လူများကို တိုက်ကျွေးပါက ရောဂါပျောက်ကင်းသည်။ ထို့ကြောင့် စောနန်းမွန်ကို အမေရေယဉ် သို့မဟုတ် ရေယဉ်ကတော်ဟု ခေါ်ကြသည်။

မကြာမီ ထိုအရပ်သို့ မဏိစည်သူမင်းကြီး ဖောင်စကြာဖြင့် ရောက်လာသည်၊ အမေရေယဉ်ရှိသည့်နေရာသို့ ရောက်သောအခါ ဖောင်စကြာသည် အလိုအလျောက် ရပ်တန့်သွားသည်။ ကြိမ်စကြာဖြင့် ရိုက်လိုက်သောအခါ သာမန်ပုဂ္ဂိုလ်ဆိုပါက ဖောင်တော်ဦးကို ဦးခိုက်ပြီး ရွှေ့တော်ရောက်ရသည်။ အမေရေယဉ်ကမူ ဤသို့မဟုတ်ပေ။ ထဘီကို စွန်တောင်ဆွဲပြီး ရေပေါ် ဖိနပ်စီး၍ ဖောင်စကြာရှိရာသို့ လမ်းလျှောက်လာသည်။

အကြောင်းစုံကို မဏိစည်သူမင်းကြီးသိရှိသွားသောအခါ၊ ထိုနေရာ၌ ဖောင်တော်ဦးဘုရားဟု စေတီတစ်ဆူတည်ပေးပြီး သစ်ကနက်(သက်န်းနက်) ရုပ်ပွားတော်တစ်ဆူကိုလည်းပေးခဲ့သည်။ အမေရေယဉ်ကိုလည်း ဇီးတောမောင်းတုံတစ်ဝိုက်ကို အပိုင်စားပေးသနားတော်မူသည်။

တကောင်းဘုရင် ဗေဟိန္ဒသည် ကာမဒေဝီမယ်တော်၏သား ဖြစ်သည်။ ဗေဟိန္ဒသည် ကဝေသာရဘိုးဘိုးကြီးဖြစ်၏။ တောင်ဦးနယ်စားနှင့် အမေရေယဉ်ဖြစ်နေသော စောနန်းမွန်ကို တွေ့သောအခါတွင် အာသံနယ် အာသနတိုင်းရှိမယ်တော် ကာမဒေဝီထံ ခေါ်သွားပြီး ကဝေသာရဘုတဝါဟနပညာသင်ယူစေသည်။ ထို့ကြောင့် အမေရေယဉ်သည် သိကြားမင်းအား လျှုလိုက်ရသော ပညာထက်စွမ်းသည့်ပညာကိုသင်ယူရရှိသည်။ နောင်တော် တောင်ဦးနယ်စားနှင့်အတူ အစ်မတော်သုံးပါးအကြောင်း စုံစမ်းရာ ပုဂံတွင် အကျဉ်းကျနေသည်ဟု သိရသည်။ ပုဂံမိဖုရားနာဂသိန်က နှိပ်စက်လွန်းသဖြင့် ယင်းမာပင်နယ်သားများလာရောက် ကယ်တင်သွားကြသည်။ ညီအစ်မသုံးယောက်သည် နေ့ဘက်တွင် ပုန်းနေပြီး ညဘက်တွင်သာ ခရီးသွားရသည်။ ယောနယ်၊ ဆောနယ်သို့သွားကြခြင်း ဖြစ်၏။ ထိုအခိုက် ရှင်ဖြူးမှာ ကျန်ညီအစ်မများနှင့် ကွဲသွားလေသည်။

ပုဂံမိဖုရားနာဂသိန်သည် ညီအစ်မသုံးဖော်တို့ လွတ်မြောက်သွားသဖြင့် ဇီးတောမောင်းတုံဘက်သို့ လိုက်လာသည်။ ထိုအချိန်တွင် ရေယဉ်ကတော်ရောက်လာပြီး စုန်းတလင်းတွင် ပညာပြိုင်ကြရာ နာဂသိန် ရှုံးပြီးထွက်ပြေးရသည်။ ကွဲသွားသောရှင်ဖြူးက ညီအစ်မများ ပြန်တွေ့မည်ဆိုပါက သူရောက်ရှိသည့် မြစ်သာမြစ်ရေသည် တောင်အရပ်မှ မြောက်အရပ်သို့ ပြန်စီးပါစေဟု အဓိဋ္ဌာန်လိုက်ရာ မြစ်သည် တောင်အရပ်မှ မြောက်အရပ်သို့ စီးဆင်းသွားရသည်။

ရှင်ဖြူးသည် ထီးလင်းမြို့စား၏သား ကျော်စွာနှင့်တွေ့ပြီး ဖူးစာဆုံရသည်၊ ကျော်စွာ ခရီးထွက်နေခိုက် ယောက္ခမများ ပြုစု၍ နှင်ချသဖြင့် တောနက်အတွင်း ကလေးမျက်နှာမြင်ရသည်။ ဤသို့ ရှင်ဖြူးဒုက္ခရောက်နေခိုက် ကဝေသာရဘိုးဘိုးကြီးက တောင်ဦးနယ်စားအား ရှင်ဖြူးထံပို့ပေးသည်။ တောင်ဦးနယ်စားလက်ပေါ်တွင် ရှင်ဖြူးမီးဖွားရင်း ခန္ဓာစဲသဖြင့် နတ်ဖြစ်သွားရာ သားပိုက်မယ်တော်ဟု ခေါ်သည်။ ထို့ကြောင့် မြောက်ဘက်ရှင်မ ရှင်ဖြူးကို သားပိုက်မယ်တော်ဟုခေါ်ခြင်း ဖြစ်သည်။ အမေရေယဉ်၏ နတ်နန်းဘေးတွင်နေခွင့်ပေးပြီး မီးယပ်သည်များအား စောင့်ရှောက်စေသည်။ ရှင်ဖြူးကို နှောကတော်[...] လည်း ခေါ်ကြသည်။

တောင်ဖြူရှင်နတ်နန်း ထီးလင်း[...] ရှိနေခြင်းမှာ ညီမဖြစ်သူ ရှင်ဖြူ (သား[...] ပိုက်မယ်တော်) နှင့်အတူနေ၍ဖြစ်[...] သည်။ သားပိုက်မယ်တော် သို့မဟုတ် နှောကတော်အား အမေရေယဉ်နတ်[...] ဘေးတွင် နေခွင့်ပေးသည်ဟုလည်း နတ်သမိုင်းတွင်တွေ့ရ၏။

## ❑ ရွှေညောင်ပင်ဘိုးဘိုးကြီး

ရွှေညောင်ပင် ဘိုးဘိုးကြီး[...] ရန်ကုန်မြို့မှ အခြားဘိုးဘိုးကြီးများသ[...] မြတ်စွာဘုရားပွင့်တော်မူချိန်မှ (အ[...] လည်း အခြားဘုရားရှင်များလက်ထ[...] တော်ကတည်းက) သက်တော်[...] ဘိုးဘိုးကြီးများဖြစ်သည်။ ဘိုးဘိုး[...] များသည် မြို့နယ်အဆင့်မျှရှိသ[...] တစ်နည်းအားဖြင့် မြို့တော်ရှင်[...] ဖြစ်၏။

ရန်ကုန်တိုင်းဒေသကြီး ထော[...] ကြန့်မြို့နယ်တွင် ရွှေညောင်ပင်ဘိုး[...] ကြီးနတ်နန်းရှိသည်။ ရန်ကုန်မြို့[...] ထောက်ကြန့်မြို့အထွက်ဆိုပါက လ[...] ဘက်၊ ထောက်ကြန့်မှ ရန်ကုန်အဝင်[...] ပါက လက်ယာဘက်တွင် ရွှေညော[...] ဘိုးဘိုးကြီးနန်းတည်ရှိသည်။ ရွှေညော[...] ပင်ဘိုးဘိုးကြီးကို လူသိများရခြင်း[...] ရန်ကုန်မြို့ ကားလောက၌ ကား[...] ဝယ်ပြီးသူတိုင်း ရွှေညောင်ပင်ဘိုးဘိုး[...] ကို ကားသွားပြလေ့ရှိကြသောကြော[...] ဖြစ်၏။ ရွှေညောင်ပင်ဘိုးဘိုးကြီးနန်း[...] မှ ဖြတ်သွားဖြတ်လာပြုသူအချို့လည်း[...] ဘိုးဘိုးကြီးနန်းကို ကားဦးဝင်တိုက်[...] ရှိကြသည်။ စာရေးသူကမူ ယခု[...] နေပြည်တော်နှင့်ရန်ကုန်အခေါက်ခေါ[...] အခါခါသွားနေရ၍ ရွှေညောင်ပင်ဘိုး[...] ကြီးနန်းရှေ့ရောက်တိုင်း အမြဲဆက်သ[...] သွားလမ်းလာလမ်းအန္တရာယ်ကင်းအော[...] ဆုတောင်းလေ့ရှိသည်။ ဘိုးဘိုးကြီး[...] အနီး၌ သက်ရင့်ညောင်ပင်ကြီးတစ်[...] ရှိသည်၊ ညောင်ပင်ကြီးကို ရွှေခ[...] သည်။ သို့ကြောင့်ပင် ရွှေညော[...] ဘိုးဘိုးကြီးဟုခေါ်သည်လား မသိ[...] ညောင်ပင်အနီးတွင် အုတ်တိုက်အ[...] အမာပြုလုပ်၍ ဘိုးဘိုးကြီးနန်းကိုဆော[...] တည်ထားသည်။

## ❑ နတ်ဖြစ်စဉ်သမိုင်း

ယခုလက်ရှိ နန်းထိန်း [...] ပြောပြချက်အရ ရွှေညောင်ပင်ဘိုး[...]

www.burmeseclassic.com

ကြီးသည် ကဿပဘုရားရှင်လက်ထက် တော်တတည်းက သတာဂီရိနတ်မင်းကြီး ဖြစ်ကြောင်း၊ ရွှေတိဂုံဘုရားသမိုင်းတွင် ဘုရားဘဝမှ ဘုရားနှင့်တွေ့ပြီး အကျွတ် တရားရကာ နတ်ဖြစ်သည်ဟု ရေးသား ထားကြောင်း၊ စတုမဟာရာဇ်နတ်ဘုံမှာ ဖြစ်ကြောင်း ရှင်းပြပါသည်။ သတာဂီရိ နတ်မင်းသည် မဏိမေခလာနတ်သမီး ၏ မောင်နှမတော်သည်ဆို၏။ သတာ ဂီရိနတ်မင်းက ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် သက်န်းဝတ်သေး သည်။ ဘွဲ့တော်မှာ ကုသလဖြစ်၏။ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးသည့် ကုသိုလ်ကောင်းမှုကြောင့် မောင်နှမနှစ်ဦး ဖြစ်ကြသော်လည်း သီလ၊ ဘာဝနာ ကင်းသော နတ်ဘုံသို့ပင်ရောက်သည်။ မြောက်ကြချေ။

ဂေါတမမြတ်စွာဘုရားလက်ထက် တော်တွင် ရွှေညောင်ပင်ဘိုးဘိုးကြီး သည် ဝေသာဝဏ္ဏနတ်မင်းကြီးဘဝ ရောက်နေသည်။ ဂေါတမဘုရားရှင်က ကျန်ရှိနေသော သာသနာတော် ၂၅၀၀ ကို လောကပါလဝေသာဝဏ္ဏနတ်မင်း ကြီးအား ဆက်လက် စောင့်ရှောက်ခွင့် ပေးထားသည် ဆိုသည်။ ထိုအချိန်မှ စတင်၍ ရွှေညောင်ပင်ဘိုးဘိုးကြီးသည် ဂရုမ္မဒေဝါနတ်မင်းကြီးဘွဲ့တော်ဖြင့် ဘောတာပန်သက်တော်ရှည်နတ်မင်းကြီး ဖြစ်ခဲ့သည်ဆိုပါသည်။

ဂရုမ္မဒေဝါနတ်မင်းကြီးကို ကုသိုလ်ကောင်းမှုရှိသူများအား လည်း ကောင်း၊ ခရီးသွားလာသူများအားလည်း ကောင်း စောင့်ရှောက်ရန် တာဝန်ပေး ထားသည်ဆို၏။ ရှေးအခါက ဤနေရာ သည် တောကြီးဖြစ်၏။ နောင်အခါ ရိုးတိုင်းရင်းသားတို့ ရွာတည်နေခဲ့သည် ဆိုပါသည်။ ရက္ခစိုးမျိုးနွယ် ဂရုမ္မဒေဝါ ရွှေညောင်ပင်ဘိုးဘိုးကြီး၏ နတ်နန်း သည် ထောက်ကြန့်မြို့တွင် ပထမဦးစွာ ဆောက်လုပ်သည့် နတ်နန်းဖြစ်သည်ဟု လည်းဆိုပါသည်။

ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်နန်း အနောက်ဘက်တွင် လှော်ကားကန်၊ သာခုကန်များရှိသည်။ ရှေးက ရှမ်း တိုင်းရင်းသားများနေထိုင်ကြသည်ဟု အထက်၌ဆိုခဲ့သည်။ ထိုသူတို့က ထိုနေရာရှိ ညောင်ပင်ကြီးတွင် နတ်ရှိ သည်ဟု ယုံကြည်လေ့ရှိသည့်အတိုင်း နတ်နန်း တည်ဆောက်ပေးကြသည်။ ညောင်ပင်ကြီးကို ရွှေချပြီး သူတို့က ရွှေညောင်ပင်နတ်ကြီးဟု အမည်ပေးခဲ့ သဖြင့် ယခုအချိန်အထိ ရွှေညောင်ပင် စောင့်ဘိုးဘိုးကြီးဟုတွင်နေခြင်း ဖြစ်ပါ သည်ဟု ဆိုသည်။

ရောင်ပြန်မဂ္ဂဇင်းမှ ကိုမောင်သန်း ဝင်း၏ 'ရွှေညောင်ပင်ဘိုးဘိုးကြီးကို ဦးတိုက်ဦးခိုက်ကြသူများ' ဆောင်းပါး တွင် -

'ရွှေညောင်ပင်ဘိုးဘိုးကြီး ပူဇော် ခြင်းလုပ်ငန်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်ကတည်းက ဆောင် ရွက်ခဲ့တဲ့လုပ်ငန်းလို့ သိရတယ်။ ၁၉၃၅ ခုနှစ်လောက်က ရန်ကုန်- ပဲခူးလမ်းကြီးမှာ လက်ရှိ နတ်နန်းနဲ့ အနည်းငယ်ဝေးတဲ့နေရာမှာ ပေါက် ရောက်နေတဲ့ ညောင်ပင်တစ်ပင်ရှိ တယ်။ အခက်နဲ့အရွက်တွေက နေ ရောင်အောက်မှာ ရွှေရောင်သန်းနေ တာမို့ ခရီးသွားတွေက ရွှေညောင်ပင် လို့ ခေါ်ဆိုကြပါတယ်။ (အချို့က မူလရွှေညောင်ပင်ဟုဆိုကြသည်။)

အဲဒီရွှေညောင်ပင်မှာ ဒေါ်အေး ရှင်ဆိုသူက ဘိုးဘိုးကြီးရုပ်တုထား ပြီးပူဇော်ခဲ့တယ်။ အဲဒီကစပြီး ရွှေ ညောင်ပင်ကို ဦးတိုက်ရင် ယာဉ် အန္တရာယ်ကင်းတယ်ဆိုပြီး ယူဆကြ လို့ ဦးတိုက်ကြတယ်။ ဒေါ်အေးရှင်က လည်း လိုအပ်တာဆောင်ရွက်ပေး တယ်။ ဆောင်ရွက်ပေးတဲ့ ဒေါ်အေး ရှင်ကလည်း စီးပွားရေးအဆင်ပြေ တယ်'

ဟု ရေးထားသည်ကို ဖတ်ဖူးပါ သည်။

ခရစ်နှစ် ၁၉၄၂ မှ ၁၉၅၄ အထိ မိခင်ကြီး ဒေါ်အေးရှင်မှ အစပြု၍ နတ်နန်းထိန်းဖြစ်ပေါ်လာသည်။ ၁၉၅၄ မှ ၂၀၀၈ နှစ်အထိ ဒေါ်တင်ရွှေက ဆက်လက်၍နတ်နန်းထိန်းဖြစ်လာသည်။ ၂၀၀၈ ခုနှစ်မှ ယနေ့အထိ သားဖြစ်သူ ဦးမြအေးက မိခင်နှင့် အဘွားတို့၏ အစဉ်အလာကို စောင့်ထိန်း၍ နန်းထိန်း တာဝန်ကို ညီမဖြစ်သူ ဒေါ်ခင်သန်းနွယ် နှင့်အတူ ဆောင်ရွက်လျက်ရှိပါသည်။

ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းတွင် ရုပ်တုပုံတော် (၅) ပုံရှိသည်။ အလယ်ပုံ က မူလပုံတော်ဖြစ်ပြီး ဝဲယာပုံတော်များ မှာ ပုံတော်ပွားများဖြစ်သည်။လာရောက် လှူဒါန်းထားခြင်းများဖြစ်ပါသည်။

ရန်ကုန်ဘက်မှ ရွှေညောင်ပင် ဘိုးဘိုးကြီးနတ်နန်းမရောက်မီ ပျဉ်းမပင် ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းဟု ရှိပါ သည်။ ကားသမားများက ပျဉ်းမပင်နန်း



ရွှေညောင်ပင်ဘိုးဘိုးကြီး

ကို နတ်နန်းဟောင်း၊ ယခု လက်ရှိနန်းကို နတ်နန်းသစ်ဟုဆို၍ ဦးမြအေးအား မေး ကြည့်ရာ မဟုတ်ဟု ပြောပါသည်။

ကားအရောင်း အဝယ်သမားတစ်ဦး နှင့် ရွှေညောင်ပင် ဘိုးဘိုးကြီးအကြောင်း စကားစပ်၍မေးကြည့် ရာ သူက -

"လွန်ခဲ့တဲ့ နှစ် ပေါင်း (၁၀၀) ကျော် က ဒီနေရာမှာ ကား ဝပ်ရှော့တစ်ခုရှိတယ်။ အဲဒီ ဝပ်ရှော့ပိုင်ရှင် အဘိုးကြီး ဆုံးသွား တော့ အနားက ညောင်ပင်မှာ ရက္ခစိုး ဖြစ်နေတယ်အိပ်မက် ပေးတာကြောင့် ညောင်ပင်မှာ နတ်စင် ကလေးတစ်ခု ဆောက်လုပ်ပေးထားရ တယ်။ တစ်ခါက ညောင်ပင်ကြီးနားမှာ ကားတစ်စီးပျက်တယ်။ ညောင်ပင်က နတ်စင်မှာ ပူဇော် ဆုတောင်းပေးလိုက် တော့ ကားစက်ပြန်ကောင်းသွားတယ် လို့ ဆိုတယ်။ အဲဒီကနေစပြီးတော့ ရွှေ ညောင်ပင်ဘိုးဘိုးကြီး ဖြစ်လာတာပဲလို့ ကြားဖူးတယ်"

ဟု ပြောပါသည်။

ထိုသူ၏အဆိုမှာ ပါးစပ်ရာဇဝင် ဟုပင်ပြောရမည်။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက် -**

၁။ ခင်မောင်သန်း (စိတ်ပညာ)၊ ရိုးရာ နတ်ယုံကြည်မှု ဓလေ့ထုံးစံများ
၂။ ကြီးမြင့်နိုင် (လှိုင်ကော်)၊ ထီးလင်း တောင်ဖျားရှင်နတ်နန်းဆောင်းပါး၊ ၂၀၁၅၊ နိုဝင်ဘာလ၁၀ရက်ထုတ် မြန်မာ့အလင်း။
၃။ နန်းထိန်းဦးမြအေး၏ပြောပြချက်
၂။ ကိုမောင်သန်းဝင်း 'ရွှေညောင်ပင် ဘိုးဘိုးကြီးကို ဦးတိုက်ဦးခိုက်ကြ သူများ' ဆောင်းပါး၊ ရောင်ပြန် မဂ္ဂဇင်း။
၃။ ဂမ္ဘီရ ဆရာလှမျိုး (B.Sc) ၏ ထင်ပေါ်ကျော်ကြား ဆုတောင်း ပြည့်ဘိုးဘိုးကြီးများ



www.burmeseclassic.com

www.burmeseclassic.com

# ဝိုးထွန်း(ဥပဒေ)

## ထူးခြားအာရုံပိုင်ရှင်

ထူးခြားအာရုံပိုင်ရှင်ဟာ ဘယ်သူလဲလို့မေးရင် ကျုပ်ဇနီးလို့ပဲဖြေမှာပါ။ ဒီလို ထူးခြားအာရုံပိုင်ရှင်ဖြစ်တယ် ဆိုတာ ကျင့်ယူတာလည်းမဟုတ်ပါဘူး။ ဘယ် ဂိုဏ်းမှလည်းမဝင်ပါဘူး။ မွေးရာပါ ထူးခြားတဲ့အာရုံပိုင်ရှင်လို့ ဆိုရပါလိမ့်မယ်။ ပြဿနာတစ်ခုအတွက် အဖြေ ထုတ်တဲ့နေရာမှာ အတွက်အချက်ပညာထက် တစ်မိနစ်လောက်စောပြီး သူက အဖြေထုတ်နိုင်ပါတယ်။

ဥပမာ၊ အိမ်ကိုလာပြီး ကလေး တစ်ယောက်က စာမေးပွဲဖြေထားတာ



www.burmeseclassic.com

www.burmeseclassic.com

အောင်၊မအောင်သိချင်လို့လာမေးတယ်။ ကျုပ်က မဟာဘုတ်နဲ့ မဟာကလရေး နေရုံရှိသေးတယ်၊ သူက အောင်မယ်လို့ ချက်ချင်းဖြေလိုက်တယ်။

ကျုပ်က -

"တဲ့ဟဲ့ - မြန်လိုက်တာ၊ တာနဲ့ တွက်ပြီးဟောလိုက်တာလဲ"

ဆိုတော့ သူက ပြုံးစိစိနဲ့ နိမိတ်ယူ ပြီးဟောတာတဲ့။

ဒီကလေးမေးပြီးချိန်မှာ -

"အောင်ပါစေ၊ သပြေနုခက်ဝေ"

ဆိုတဲ့ အလှူခံကဖွင့်တဲ့ သီချင်း စာသားကြားလိုက်လို့ အောင်မယ်လို့





www.burmeseclassic.com

www.burmeseclassic.com

ဟောလိုက်တာပါတဲ့။

အောင်စာရင်းထွက်လာတော့ တကယ်လည်းအောင်ပါတယ်။ အဲဒီ အောင်စာရင်းကိစ္စကို ကျုပ်က မဟာဘုတ်တွေထူ ပညာရေးကြည့်လိုက်တော့ ပုတိခွင်မှာ။ မဟာကာလမှာ ဒီကလေး ရဲ့နာမည်က ဇောက်ထိုး။ အဟောသာ ထုတ်မိရင် ကျိန်းသေ အနိဋ္ဌာရုံဘက် ရောက်သွားမှာပါ။ ဒါကြောင့် ကျုပ်က သူ့ရဲ့နိမိတ်ကိုပိုပြီးယုံတယ်။ အဲဒီတုန်းက သီချင်းသံကို သူသာကြားလိုက်တာပါ။ သူပြောတဲ့အချိန်မှာ ဒိပြင်အပိုဒ်တွေ ရောက်နေပါပြီ။ ကျုပ်တောင် မနည်းကြီးနားစွင့်မှ ဒီစာသားပါတဲ့သီချင်းဆိုတာသိတာပါ။

ကျုပ်က -

"ကျုပ်အမျိုးသမီးကို ကျုပ်တတ်သလောက် ပညာလေးရှင်းပြဖူးတယ်။ ပြီးတော့ ဖတ်စရာ၊ မှတ်စရာတွေလည်း ရှာပေးတယ်။ သူက ကျွန်မ ဒါတွေစိတ်မဝင်စားဘူး။ ကျွန်မနိမိတ်နဲ့ကျွန်မဟောမယ်ဆိုပြီး နိမိတ်ယူတဲ့ပညာမှာတော့ ကျုပ်အမျိုးသမီးက နံပါတ် (၁) ပါပဲ။ ဟောလိုက်ရင်လည်း လွဲတယ်လို့မှမရှိတာ။

ကျုပ်အမျိုးသမီးမှာ ထူးခြားတဲ့ အာရုံတစ်မျိုးလည်းရှိလေရဲ့။ ဒီကိစ္စက ပရလောကနဲ့ဆိုင်ပါလိမ့်မယ်။ အပြင်မှာတော့ ရိုးတိုးရိပ်တိပ်မြင်တဲ့အခါမြင်တယ်။ ဥပမာ ကျုပ်တို့က ကြားလေး တောင်မှာ လေးကျွန်းကြာခိုင်စေတီတော်သွားတည်ချိန်မှာ ရွာသားတွေက ဖရဲသီးတွေလာပေးတယ်။ ဖရဲသီးတွေ စားပြီး တောင်အောက်ကိုအခွံတွေလွှင့်ပစ်တယ်။ စားတဲ့အချိန်က ထီးတင်ပြီးတဲ့ (၁၀)နာရီလောက်မှာပါ။

အိမ်ပြန်ရောက်တဲ့အခါ ကျုပ်အမျိုးသမီးက ထီးတင်တဲ့မြင်ကွင်းကို ကျုပ်ကိုပြောပြနေတယ်။ ကျုပ်က ရှိုင်ပုဆိုးက အညိုရောင်၊ တိုက်ပုံအဖြူ။ ဦးကံမြင့်က တိုက်ပုံအစိမ်းနု၊ ပုဆိုးက ပလေကတ်အပြာရောင်။ ရှင်တို့တစ်တွေ ဖရဲသီးစားနေချိန်မှာ သေသွားတဲ့ ကျွန်မအဖေက ဘာပြောလဲဆိုတော့။

"မောင်မောင်တို့က ဖရဲသီးတွေ စားပြီးအခွံတွေလွှင့်ပစ်လိုက်။ငါကတောင်အောက်ကနေ ကောက်စားလိုက်နဲ့ပျော်ဖို့ကောင်းလိုက်တာ" တဲ့။

ကျုပ်ကိုပြောတယ်။ အချိန်ရယ်၊ နေရာရယ်၊ အဝတ်အစားရယ်၊ စားတဲ့ အစာရယ် အမှန်ပါပဲ။ ထူးခြားတာဆိုလို့ ကျုပ်ယောက္ခမကြီး မကျွတ်မလွတ်သေးတာသိသွားတယ်။ အဲဒါကြောင့် အကျဉ်းချုံးပြီး ဆရာတော်တစ်ပါးကို ထီး၊ ဖိနပ်၊ သင်္ကန်းပရိက္ခရာတွေလှူပြီး အမျှပါဝေလိုက်ရတာပေါ့။ အဲဒီကိစ္စပြီးချိန်ကစပြီး ကျုပ်အမျိုးသမီးက သူ့အဖေနဲ့ပတ်သက်ပြီး အိပ်မက်တွေမမက်တော့ပါဘူး။ ကောင်းရာကို ရောက်သွားတာနေမှာပေါ့။

နောက်ထပ်ထူးခြားတဲ့အချက်က ရပ်ကွက်ထဲမှာ လူသေတော့မယ်ဆိုရင် သူက (၃) ရက်လောက် ကြိုပြီးသိနေတယ်။ ပြောပြီး ဘယ်လောက်မှမကြာပါဘူး။ တစ်ယောက်ယောက်ထွက်တော့တာပါပဲ။ ကျုပ်က ဘယ်လိုလုပ်သိတာလဲလို့ မေးတော့ သူက -

"ခွေးတွေ ညည်းမှာဟောင်တယ်မဟုတ်လား။ အဲဒီခွေးတွေထဲက တစ်ကောင်ကောင်ကအူတဲ့နေရာမှာ သူများခွေးတွေအူတဲ့အသံနဲ့မတူဘူး။ အဲဒီခွေးရဲ့ထူးခြားတဲ့အသံကို ကြားရပြီး လူတစ်ယောက်ယောက်တော့ ထွက်တော့မယ်လို့ ကြိုပြီးသိတာ"

လို့ ဖြေပါတယ်။

ဒီထက်ထူးခြားတဲ့ ထူးခြားအာရုံအကြောင်းကို တင်ပြပါဦးမယ်။ ကျုပ်အိမ်က ပေ(၄၀)×ပေ(၇၀)ကျယ်တဲ့ မြေကွက်မှာ အိမ်ဆောက်ထားပါတယ်။ အထူးသဖြင့် မြောက်ဘက်ကို မျက်နှာလှည့်ဆောက်တဲ့အိမ်ပါပဲ။ အိမ်ရှေ့မှာက ကွန်ကရစ်လမ်း၊ အိမ်က လမ်းနဲ့နီးပြီး နောက်ဘက်မြေကွက်လပ်ကို အကျယ်ကြီးလုပ်ထားပါတယ်။ ခြံရဲ့တောင်ဘက်မှာ နှစ်ချို့ကုက္ကိုပင်ကြီးတစ်ပင်ရှိလေရဲ့။ အမြင့်က ထန်းတစ်ဖျားထက်မြင့်ပါလိမ့်မယ်။

ဒီအပင်ကြီးကိုကြောက်လို့ လမ်းမနဲ့နီးတဲ့နေရာကိုရွေးခဲ့တာပါပဲ။ အိမ်မကြီးရဲ့အပေါ်မှာ ကုက္ကိုကိုင်းကြီးကမိုးလို့။ အဲဒီအကိုင်းကြီးတောင် လူကြီးတစ်ဖက်စာရှိပါတယ်။ သစ်ခုတ်သမားတွေက မြင့်လွန်းတာကြောင့် မတက်ရဲဘူးလို့ငြင်းကြတယ်။ သစ်ခုတ်စပယ်ရှယ်လစ်တွေ ကျပြန်တော့လည်း အဆမတန်တောင်းနေတော့ အဆင်မပြေလှဘူး။

နောက်ဆုံး ကျုပ်က အပင်ရင်းကနေ လက်ငါးလုံးလောက်သင်းသတ်ထားလိုက်တယ်။ ထူးခြားတာက တစ်မိုးလုံး အရွက်နုမထွက်တော့ပါဘူး။ အရွက်နု

မထွက်လို့ သေနိုင်ပြီလို့ဆိုပေမယ့် [illegible]
အမိုးပေါ်က လူကြီးတစ်ဖက်စာအ[illegible]
ကြီးကို ကြောက်နေရသေးတာပေါ့။ [illegible]
တထိတ်ထိတ်နဲ့ စောင့်ကြည့်နေရုံ[illegible]
ပြီး ဘာမှမလုပ်နိုင်ပါဘူး။ ဒီအချိန်[illegible]
ကျုပ်အမျိုးသမီးက ထူးခြားအာရုံ[illegible]
လိုက်တဲ့ အိပ်မက်အကြောင်း ရှင်းပြ[illegible]
က ဒီလိုဗျ။

"ညက ကျွန်မအိပ်မက်မက်[illegible]
အိပ်မက်ထဲမှာ ခေါင်းတုံးနဲ့လူမည်း[illegible]
ကြီးက ကုက္ကိုပင်ပေါ်ကဆင်းလာ[illegible]
သူက ဟဲ့- သမီး၊ ငါ့နေရာကို မုတ်[illegible]
ဆိုတဲ့ လူမည်းကြီးတစ်ယောက်က [illegible]
တယ်လို့လာပြောနေတယ်။ ဘယ်အ[illegible]
ကနှင်လွှတ်လို့လွင့်လာတဲ့အကောင်[illegible]
တော့မသိဘူး။ ငါကလည်း ငါ့နေရာ[illegible]
လုံးဝမပေးနိုင်ဘူး။ နောက်နေ့ညနေ[illegible]
ရင် ဒီကောင်လာတော့မယ်။ ငါ့အ[illegible]
ကြီးက ငါ့တစ်ကိုယ်စာပဲခံတော့[illegible]
ဆွေးနေပြီဟ။ ဒီကောင်လာရင်[illegible]
ငါက သူသေကိုယ်သေချရမှာပါပဲ၊ [illegible]
နှစ်ယောက်အလေးချိန်နဲ့ဆို ဒီသစ်[illegible]
ကြီးခံနိုင်မှာမဟုတ်ဘူး။ သမီးတို့ တ[illegible]
ရာရာမှာ သွားအိပ်ကြ"

ဒီလိုမက်တာကြောင့် ကျု[illegible]
တွေ အဘိုးဦးလှခင်အိမ်ကိုပြော[illegible]
အိပ်ကြတယ်။ အိမ်ထဲမှာ တန်[illegible]
ပစ္စည်းမှန်သမျှ အကုန်သယ်လို[illegible]
တာပေါ့။ အဘိုးအိမ်မှာ အိပ်တဲ့ည[illegible]
တော်လည်းသံကြီးနဲ့ သစ်ကိုင်းကြီး[illegible]
ကျိုးတော့တာပါပဲ။ လူသာရှိနေ[illegible]
နေရာမှာတင် ပွဲခြင်းပြီးနိုင်ပါတ[illegible]
ရပ်ကွက်ထဲက ဘယ်လိုဝေဖန်သ[illegible]
ရင် -

"မင်းတို့မိသားစုကို ကြည့်ရ[illegible]
ကုက္ကိုပင်ကြီးနောက်ဆုံးလဲမယ့်အချိ[illegible]
သိနေသလိုပဲ။ မင်းတို့က ပစ္စည်း[illegible]
အကုန်သယ်တာဆိုတော့ သိနေ[illegible]
ကျိန်းသေလောက်တယ်။ မင်းတို့[illegible]
လိုလုပ်သိတာလဲ"

လို့ ပဟေဠိဆန်ဆန်မေးပါတ[illegible]

ကျုပ်က အမျိုးသမီးရဲ့အိပ်[illegible]
အကြောင်းတော့ ရှင်းမပြတော့ပါ[illegible]
သိချင်ရင် သုရဇ္ဈမဂ္ဂဇင်းမှာ တစ်[illegible]
ပါလာလိမ့်မယ်။ အဲဒီမှာကျကျနန[illegible]
ထားတယ်လို့ ရယ်ကျဲကျဲနဲ့ အ[illegible]
လိုက်ပါတယ်။

စိုးထွန်း(ဥ[illegible]

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာကို ချစ်ခင်ခြင်း၊ အကျိုးကို
ခြင်းဟုခေါ်ကြ၏။ တစ်ပါးသူ၏
ပွားကို လိုလားနှစ်သက်ခြင်း
သူတစ်ပါးကိုပို၍ဉာဏ်ပညာကြီး
ဥစ္စာစီးပွားအဆင်ပြေအောင်၊ မိမိ
နာအရ ဆောင်ရွက်ပေးခြင်း ဖြစ်
ချစ်တတ်သူတို့အတွက် ချစ်စရာ
ခြင်း၏ အာရုံနှင့်စိတ်တစ်ဖြောင့်
မှ မေတ္တာစစ်ကိုရမှာဖြစ်သည်။

မေတ္တာသည် သင်၏ ဘဝကို
ကောင်း၊ သင့်ဆွေမျိုးအပေါင်း
များကိုလည်းကောင်း၊ ကျင်လည်
လောကကြီးကို လည်းကောင်း
ဝေဆာ ချမ်းမြေ့သာယာစေ
ပေ။

လူတစ်ဦးစီ၏ ဘဝလေးထဲမှာ
တရားက အတုမရှိအောင်
ဆောင်နိုင်ပါ၏။ ယနေ့လူငယ်များ
၏သဘောအမိပ္ပာယ်ကို နားလည်
ပေါက်ကြလျက် ရင်မှာကိန်းဝပ်
အထူးပင် လိုအပ်လှပါ၏။ မေတ္တာ
တမ္ဘာလောကကြီး၏ အလှဆုံး
မေတ္တာလောကကို အလှဖုံးစေ
တရား၊ သက်ရှိလောကကို သာယာ
ချမ်းမြေ့စေသောတရား၊ လူလူချင်းချစ်ခင်
ကြင်နာ စည်းလုံးညီညာ ရိုင်းပင်းကူညီ
စေသောတရား၊ ဆူပွက်နေသည့်အမျက်
ဒေါသကို ငြိမ်းသတ်စေသည့်တရားဖြစ်
၍ မေတ္တာက ကမ္ဘာကြီးကို အလှဆင်ပါ
၏။

မေတ္တာမြဲထားသူသည် ဘေးရန်
ကင်းကာ ကိုယ်စိတ်ချမ်းသာကြီးပွား
တိုးတတ်ပါ၏။ ကူညီလိုခြင်း၊ နူးညံ့သိမ်
မွေ့ခြင်း၊ ခွင့်လွှတ်အနစ်နာခံခြင်း၊ ချစ်ခင်
ယုယရိုင်းပင်းခြင်း၊ ပေးကမ်းစွန့်ကြဲလို
ခြင်းများသည် မေတ္တာ၏လက္ခဏာများ
သာ ဖြစ်၏။

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို
မေတ္တာက မေတ္တာကို တုံ့ပြန်၏။ ရန်ကို
ရန်ချင်းမငြိမ်းနိုင်၊ မေတ္တာဖြင့်သာငြိမ်း
နိုင်ပါ၏။ ရန်လိုလျှင် ရန်ပိုမှာဖြစ်ပြီး
ရန်မလိုမှသာ ရန်ပြိုမှာဖြစ်ပါသည်။

မေတ္တာသည် အစွမ်းထက်သည့်
ပီယဆေးဖြစ်သလို ရန်သူဟူသမျှ
တွန်းလှန်ဖြိုနိုင်သည့် အကောင်းဆုံး
လက်နက်ဖြစ်၏။ ဗုဒ္ဓက မိုက်ရိုင်းလှ
သည့် လူ၊ ဘီလူး၊ ဆင်၊ နဂါးစတာတွေ
ကို မေတ္တာနှင့်ချေချွတ်ခဲ့ပါသည်။

အဒေါသကို မေတ္တာဟု ခေါ်ပါ
သည်။

လူ့ဘဝ ဟူသည် လောဘ၊ ဒေါသ၊
မောဟ စတဲ့ ကိလေသာအပုပ်အဆွေး
များနှင့်ရှုပ်ထွေးနေကြပါ၏။ ဒါကြောင့်
လည်း မေတ္တာအစစ်ဆိုတာ ရှိစမြဲပါပဲ။

တဏှာချစ် ဟူသည် မခွဲမခွာ
ဆွဲငင်ထားပါ၏။ မျက်စိအောက်က
အပျောက်မခံလို။ ပိုင်ဆိုင်စိုးမိုးကာ မိမိ
အလိုသာဘီ၏။ မလိုလျှင် ဒေါသဖြစ်
တော့ မေတ္တာချစ်နှင့်မတူ။

မေတ္တာချစ်သည် တွယ်တာ
ကပ်ငြိမှုမရှိ၊ အုပ်ချုပ်ပိုင်စိုးလိုစိတ်မရှိ၊
ဖျက်ဆီးလိုခြင်းမရှိ၊ ဒေါသမရှိ၊ နူးညံ့
သိမ်မွေ့ကာ ပျက်စီးမှုကိုကာကွယ်တာမို့
တစ်ဦးမှ မနစ်နာ အကျိုးခံစားခွင့်သာ
ရှိ၏။ သတ္တဝါမခွဲခြား၊ ဆိုးတာ ကောင်း
တာ၊ လှတာမလှတာမခွဲခြား၊ ဘေးရန်
ခပ်သိမ်း၊ ကိုယ်စိတ်ချမ်းသာစေလိုလျက်
ခွင့်လွှတ် သည်းခံ အနစ်နာခံ၏။

မိဘနှင့် သားသမီးချစ်၊ လင်နှင့်
မယားချစ်၊ ညီကိုမောင်နှမချစ်၊ ဆွေမျိုး
မိတ်ဆွေချစ်များသည် အချစ်အချစ်၊
ချစ်တိုင်းချစ်၍၊ ချစ်လေချစ်လေ၊
ချစ်မပြေမှ၊ ရာဂအရာ၊ တဏှာစွဲရစ်၊
ထိုအချစ်ကို၊ ချစ်လျှင်ပျော်နိုး၊ ချစ်စပျိုး
ကြလျှင်တော့ ကိလေသာမကင်းတဲ့
အချစ်၊ အိမ်မှာတည်တဲ့အချစ် (ဂေဟ
သိတပေမ) များသားဖြစ်ဖို့ အချစ်တုတွေ

# ယောဂီတိုးအောင်

## မေတ္တာတရား ကျင့်ကြံပွား
## မလားအပါယ် တရားကယ်၏





www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။

တဏှာချစ်က လောဘ၊ မေတ္တာစစ်က အဒေါသဖြစ်ပြီး လောဘက အကုသိုလ်တိုးစေ၍ အဒေါသက ကုသိုလ်တရား တိုးပွားစေပါ၏။

ကောင်းတယ်ထင်တာအားလုံးကို လိုချင်တဲ့ လောဘဟာ ကာမဂုဏ်အာရုံတွေ အမြဲဆာလောင်မွတ်သိပ်နေတော့ တဏှာပါပဲ။ ခုခေတ် လူငယ်ကျား၊ မဆုံမိတာ၊ မြင်မြင်ချင်းချစ်ကြိုက်သည် (Love at first sight) ဆိုတာလည်း တဏှာပဲ။ တဏှာက အလိုရမ္မက်ကြီး၏။ ပူလောင်၏။ မိန်းမလှလှလေးအသွင်ဆောင်ထားသည့်ဘီလူးမပမာ ကြောက်စရာပင်။

ရာဂသည် အပူဆုံးမီးတောက်ဖြစ်၏။

လောဘပါပဲ။အာရုံကိုကြိုက်တော့ ကာမ၊ ဣစ္ဆာ၊ အာသာ၊ နိကန္တိလို့လည်း ခေါ်သည်။ အထပ်ထပ်အာရုံပြုတော့ အာလယ၊ ကြိုက်နှစ်သက်တော့ နန္ဒီ၊ လှည့်ပတ်တတ်တော့ မာယာပါပဲ။ ဒါကြောင့်လည်း ဆွဲငင်အားကောင်းပြီး အားကြီးလှပါ၏။

တဏှာချစ်က မအေးမြ ပူလောင်၏။ ကြာရှည်မခံဘဲ ဇာတိပေါ်လာရ၏။ ပကတိမီးက အခိုးထွက်၍ လောင်ပြီး ပြာကျန်၏။ ရာဂမီးကတော့ အခိုးမထွက်၊ ခန္ဓာထဲထတောက်ကာ ပူလောင်၏။ တငွေ့ငွေ့အသည်းကျွမ်း၊ သွေးသားခြောက်ခန်းအောင်လောင်၏။

ဒေါသသည်ကား အကုသိုလ်၏ အခြေခံဖြစ်၏။ ဒေါသသည် ဉာဏ်မရှိသူတို့ ကျက်စားရာဖြစ်၏။ လုပ်ငန်းများကို စွန့်ပယ်၍ ကြီးပွားမှုကိုပိတ်ပင်၏။ ငါ့ကိုဆဲဖူးသူ၊ ညှဉ်းဆဲဖူးသူ၊ ငါ့ပေါ် အောင်နိုင်ခဲ့သူ၊ ငါ့ဥစ္စာဆောင်သူဟုအမြဲမြင်၏။

မောဟကိုအကြောင်းပြု၍ လိုချင်မှု လောဘ၊ မရှက်သည့်အဟိရိက၊ ငြူစူတတ်သော ဣဿာ၊ ဝန်တိုသည့် မစ္ဆရိယတို့ကြောင့် ဒေါသဖြစ်ရပါ၏။

ဒေါသဖြစ်သူသည် သွေးဆူလာပြီး အသားအရေနီမြန်းကာ မျက်ထောက်နီ၊ ကိုယ်နှုတ်ကြမ်းတမ်း၊ အသံမာကျယ် တုန်ယင်၍ သွေးခုန်နှုန်းမြန်လာရပါ၏။ မလိုလားအပ်သောရုပ်များဖြစ်လာခြင်း ဖြစ်၏။

ဒေါသကြောင့် မေတ္တာပျက်ခြင်း တရားများဖြစ်တဲ့ မတရားရယူလိုခြင်း၊ ထိခိုက်နစ်နာလိုပြုမှားပြောမှားဖြစ်ခြင်း၊ မလေးစားခြင်း၊ တင်စီးဆက်ဆံခြင်း၊ အညွန့်ချိုးခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ ဆရာလုပ်ခြင်း၊ တုဖက်ပြိုင်ခြင်း၊ ဖိနှိပ်ခြင်း၊ စကားထောင်ချောက်ပြုခြင်း၊ ဂုဏ်ကို ချေဖျက်ခြင်း၊ အသိအမှတ်မပြုခြင်း၊ ကောင်းကွက်ကိုကဲ့ရဲ့ခြင်း၊ အခွင့်အရေး မပေးခြင်းတို့ ဖြစ်၏။

နဂိုစိတ်က ဘယ်လောက်ကောင်းကောင်း ဒေါသဝင်က အောက်တန်းကျပါ၏။ ပုထုဇဉ်အသာထား ဝေဿန္တရာမင်းကြီးဟာ ဇူစကာပုဏ္ဏားကို သားသမီးတွေ နှိပ်စက်နေတာမြင်ရတော့ ဒေါသဖြင့် လူသတ်ချင်စိတ်ဖြစ်၍ သန်လျက်ထုတ်ဖို့အတွေးဝင်ခဲ့ပါ၏။ မေတ္တာသည် ရောင်ခြည်ဖြာ၏။ မေတ္တာမှ မေတ္တာပေါက်ဖွား၏။

အဒေါသသည် မကြမ်းတမ်း၊ မဖျက်ဆီးတတ်။ နူးညံ့သိမ်မွေ့ကာ ကြည်လင်အေးမြ၏။ ရယူပိုင်ဆိုင်လိုခြင်း၊ အုပ်ချုပ်လွှမ်းမိုးလိုခြင်းမရှိ လွတ်လပ်စွာ ကြီးပွားတိုးတက်စေလို၏။ ဘေးရန်ကင်းကာ အေးချမ်းသာယာသည့်ဘဝနှင့် ကျန်းမာချမ်းသာစေလို၊ ရေလိုအေး၍ ပန်းလိုမွှေးလိုခြင်း ဖြစ်၏။ ကိုယ်တွက်ရရ မရရ တစ်ပါးသူ ကောင်းစားလျှင်ပြီးရော ဆိုသည့်ခံယူချက် ဖြစ်၏။

မေတ္တာနှင့်ယှဉ်တဲ့စိတ်က မွန်မြတ်လှ၏။ စန်းလသီတဂူလို ကြည်လင်အေးမြ၏။ မြင်သူတိုင်းက ရွှင်လန်းဝမ်းမြောက်၏။ အဝတ်အစားညစ်နွမ်းစုတ်ပြတ်နေလည်း ချစ်ခင်ကြ၏။

မြတ်စွာဘုရားကို မေတ္တာရှင်ကြီး၊ မဟာကရုဏာရှင်ကြီးဟု ခေါ်ကြ၏။ ဝဋ်ဒုက္ခတွေ အဖန်တလဲလဲ နှိပ်စက်ခံနေရသည့်သတ္တဝါတွေကို သနားကြင်နာစွာ ကယ်တင်လိုသောဆန္ဒပြင်းပြခဲ့လို့လည်း မေတ္တာကြီး၍ ကရုဏာကြီးသလို ကရုဏာကြီးမှ မေတ္တာကြီးသည်ဟုဆိုကြပါသည်။

သည်းခံ၊ ခွင့်လွှတ်၊ အနစ်နာခံခြင်းကို ခန္တီဟုခေါ်၏။ မေတ္တာစစ်ဖြစ်သလို ခန္တီက မခံအောင်နိုင်တာ ဘာမှမရှိ။

မြတ်ဗုဒ္ဓ ဝေဠုဝန်မှာ သီတင်းသုံးစဉ် မိစ္ဆာဒိဋ္ဌိ ဘာရဒွါဇသည် မြတ်ဗုဒ္ဓအား အယူဝါဒနှင့် ကြမ်းတမ်းစွာ ပုတ်ခတ်ခဲ့ပေမယ့် ဗုဒ္ဓက သည်းခံ၏။ အေးဆေး တည်ငြိမ်စွာဖြင့် -

"ပုဏ္ဏားကြီး ရပ်လော့၊ လက်ဆောင်ဟူသည် လက်မခံရင် ပေးသူပိုင်ရှင်ထံ ပြန်ရောက်ရပါတယ်"

"အို - ပုဏ္ဏား၊ ယခု ငါ့ကိုဆဲရေးခြိမ်းခြောက် ပုတ်ခတ် စွပ်စွဲတာတွေကို ငါလက်မခံ"

ဟု ခန္တီမေတ္တာနှင့် ပြောခဲ့ပါ... အေးဆေးစွာသည်းခံသည့် ဗုဒ္ဓ၏မေ... ကို ခံယူနာခံပြီးနောက် ပုဏ္ဏားကြီး... ဗုဒ္ဓဘုရားကို အလွန်ကြည်ညိုမြတ်နိုး... ပါသည်။

အာဠာဝကဘီလူးသည် ဒေါ... မာန်အလွန်ကြီးသည်။ လူတစ်ဦး... စကြဝဠာအပြင်ဘက်အထိ ကိုင်ပ... သလို၊ လေမုန်တိုင်း၊ လက်နက်မိုး... လက်နက်များနှင့် ဒုက္ခရောက်အော... ပြုနိုင်သူ ဖြစ်၏။

မြတ်ဗုဒ္ဓကို သူ့လက်နက်တွေ... ပစ်ခဲ့ပေမယ့် ဗုဒ္ဓမေတ္တာကြောင့် ထိ... မှုမရှိအဲ ဗုဒ္ဓ၏ခြေတော်ရင်းကျခဲ့... (၁၂)နှစ်ကြာ လူသားစားဘီလူး တ... ခဲ့ပါသည်။

လိစ္ဆဝီမင်းသားတို့ မာန်မာ... ခက်ထန်ကြမ်းတမ်းကြတာကို မြ... ဘုရားက မေတ္တာဖြင့် ဆက်ဆံ... မင်းသားများထံမှ မေတ္တာရဖို့ မေတ္တာ... ပူဇော်ခဲ့ကြ၍ ချမ်းသာခဲ့ကြပါ၏။

မြတ်စွာဘုရား ရာဇဂြိုဟ်... ဆွမ်းခံထွက်စဉ် ရှင်ဒေဝဒတ်... အဇာတသတ်၏ ဆင်ကြီး နာဠာဂီရိ... အရက်မူးအောင်တိုက်၍ ဘုရားရှင်... နင်းသတ်စေခဲ့ပေမယ့် ဗုဒ္ဓ၏ မေ... တန်ခိုးကြောင့် ဆင်ကြီး ဗုဒ္ဓ၏ ခြေ... ရင်း ဝပ်စင်းခဲ့ရပါ၏။

မေတ္တာစစ်က ဘေးရန်မှ... တားဆီးနိုင်သလို ပီယဆေးလည်း... ၏။

ပဉ္စဝဂ္ဂီငါးဦးတို့ မြတ်စွာဘုရား... လာဘ်လာဘပေါဖို့ ကျင့်တာ... ထင်မြင်ကြကာ ရှိခိုးကြိုဆိုခြင်း မ... စတမ်းဟု ကတိရှိခဲ့ကြပေမယ့် ဗု... သြမိသမေတ္တာကြောင့် ကတိမေ... ကြ။ ပျာပျာသလဲ အလုအယက်... နေရာပေးခဲ့ကြပါ၏။

သိကြားမင်းဦးမာဃနှင့်အဖွဲ့... မစလရွာ၌နေကြစဉ် ပရဟိတအ... လမ်းခင်း၊ တံတား၊ ဥယျာဉ်၊ ကစာ... ဆောက်၊ မြေဖို့ကောင်းမှုကုသိုလ်မျာ... မေတ္တာနှင့်ပြုခဲ့ကြရာ ဘုရင်က အ... များပြီး ဆင်နှင့်နင်းသတ်ခဲ့ပေမယ့်... က မေတ္တာတန်ခိုးနားလည်ပြီး ... သတ်ခဲ့။

မြန်မာ့သမိုင်း၌ ဟံသာဝတီ... တိဿမင်းလက်ထက် တစ်နိုင်... ပြာဟ္မဏဘာသာဝင်ကြရန်၊ ဗုဒ္ဓ... တော်များမကိုးကွယ်ရန်၊ ကိုးကွယ်...



www.burmeseclassic.com

www.burmeseclassic.com

# မကြွေးဝင်းမြင့်
# လေဖြတ်ခြင်းဘေး ကင်းဝေးရေး



"ဟော-ဦးလေးကြီးပါကော၊ ကြွပါ ...ကြွပါ။ လက်ဖက်ရည်ကြမ်းလည်း ...ဆောင်ပါဦး"

တိုင်းအဆင့်အရာရှိ ပင်စင်စား ...ကြီးသည် နံနက်စောစော လမ်း ...တ်ရာမှအပြန် ကျွန်တော့်အိမ် ...သည်။

ဦးလေးကြီးသည် အမောပြေ ...ပြေ လက်ဖက်ရည်ကြမ်းနှင့်မတ်ပဲ ...ကြော်စားနေရာမှ -

"မောင် ခုတစ်လော ဘာတွေရေး ...တုံး"

"ခုတစ်လော စာမရေးဖြစ်ပါဘူး ... စာဖတ်တာများနေပါတယ်။ ဖတ် ... မဂ္ဂဇင်း၊ ဂျာနယ်တွေလည်းပေါ ...။"

"အင်း - စာဖတ်တာကောင်းတာ ...ောင်ရယ်။ ဒါကြောင့် ဆရာကြီး ပီမိုးနင်းက လူငယ်တွေ ကြီးပွားတိုးတက်ချင်ရင် စာဖတ်ပါတဲ့။ လူကို စိတ်က အုပ်ချုပ်သည်။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်သည်။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်သည်။ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးကိုဖတ်ပါလို့ တိုက်တွန်းထားတာမှတ်ရဖူးသဗျ"

"ဟုတ်ကဲ့ ခင်ဗျ။ စာဖတ်သူဟာ နိုင်ငံတကာ စီးပွားရေး၊ သိပ္ပံနည်းပညာ၊ လူမှုရေး၊ ကျန်းမာရေး အကုန်သိသူ ဖြစ်ပါတယ်။ ဩော် - ဒါနဲ့ စကားမစပ်ဟော ဒီမှာ ၂၀၀၂ ခုနှစ် ဇန်နဝါရီလထုတ် ပေါ်ပြူလာဂျာနယ်မှာ ရုတ်တရက် လေဖြတ်ခံရသော လူနာအတွက် သွေးဖောက်ပြီး အမြန်ကယ်ဆယ်ပြုစုကုသနည်းဆိုပြီး တရုတ်ပြည်ကပေးပို့တဲ့ ကုသနည်းကလေး ဖော်ပြထားတာ ဖတ်ရတယ်။ ဦးလေး ဖတ်ကြည့်ပါဦး"

### ရုတ်တရက် လေဖြတ်ခံရသော လူနာအတွက် သွေးဖောက်ပြီးအမြန်ကယ်ဆယ် ပြုစုကုသနည်း

**၁။ ပထမအရေးကြီးဆုံးအချက်**

လေဖြတ်ခံလိုက်ရသော လူနာကို ဖြစ်သည့်နေရာတွင်ပင် ထားရမည်။ မည်သည့်နေရာကိုမျှ မပြောင်းပါနှင့်။ ချက်ချင်းရွှေ့ပြောင်းလိုက်ပါက လှုပ်ရှားခြင်းကြောင့် ဦးနှောက်သွေးကြောများ လျင်မြန်စွာ ပေါက်ကွဲပြီး လူနာ၏ အခြေအနေဆိုးရွားသွားလိမ့်မည် ဖြစ်သည်။

**ဒုတိယအရေးကြီးဆုံးအချက်**

လူနာကို ဖြစ်သည့်နေရာ၌ပင် အသာအယာ ထူ၍မပေးပြီး ပြန်၍ လဲကျမသွားစေရန် အသာမှီနှိုး၍ ထိုင်စေရမည်။ လူနာကိုယ်တိုင် မထိုင်နိုင်ပါက

---

...ကာ်ချမှတ်ခဲ့ပါ၏။ မွန်မိန်းကလေး ...ထော်သည် အညစ်အကြေးရွှံ့နွံများ ... ဗုဒ္ဓဆင်းတုတော်ရှစ်ဆူ ဆယ်ဆူ ...ယ်မှုဖြင့် ဆင်နှင့်နင်းသတ်ခြင်း၊ ...သတ်၊ မြေမြှုပ်သတ်ခြင်းများပြုခဲ့ ...ည့် မေတ္တာတန်ခိုးတော်ကြောင့် ...၍မရ။ မေတ္တာဖြင့် ကောင်းကင်မှ ...တော်များ ဈာန်နှင့်ကြွလာစေ ... တစ်ပြည်လုံး ဗုဒ္ဓဘာသာဖြစ်ခဲ့ရ ...ည်။

ဥတေနမင်း၏ မိဖုရား မာဂဏ္ဍီ ... ဒေါသနှင့်ပျော်သူဖြစ်သလို ... သာမာဝတီသည် မေတ္တာနှင့်နေ ...၍ မြတ်ဗုဒ္ဓကို ရန်ငြိုးဖွဲ့ လာဘ် ...ရအောင်ပြုခဲ့တဲ့ မာဂဏ္ဍီသည် ...၏ မေတ္တာတန်ခိုးကို မကျော်နိုင် ...တိုကြည်ညိုသည့် သာမာဝတီတို့ ...စီးအောင် အမျိုးမျိုးကြံခဲ့ပါ၏။ ...တွင် သာမာဝတီ၏ အဆောင်၌ ... စောင်းထဲကြိုတင်ထည့်ကာ ...ထိတ်လန့်ကြောက်ရွံ့အောင်ပြု ...၏။ စဉ်းစားဉာဏ်မရှိသည့်မင်း ... သာမာဝတီတို့အား တုန်းစီစေကာ မြားနှင့်ပစ်သတ်ပေမယ့် ဥတေနမင်းနှင့် မာဂဏ္ဍီတို့အပေါ် မေတ္တာပို့ခဲ့ကြ၍ မေတ္တာစွမ်းအားကြောင့် သက်မဲ့မြားပြန်လှည့်ခဲ့ရပါ၏။

မြတ်ဗုဒ္ဓလက်ထက် ဥတ္တရာသည် မေတ္တာနှင့်အမြဲနေ၏။ မြတ်ဗုဒ္ဓနှင့် သံဃာတော်များ ဆွမ်းကပ်ပွဲ၌ သီရိမာသည် စိတ်ကြီးဝင် ဒေါသဖြင့် ပွက်ပွက်ဆူနေသည့် ထောပတ်များကို ဥတ္တရာ၏ ခေါင်းပေါ်မှ လောင်းခဲ့ပေမယ့် ကောင်းကွက်ကိုရှာ၍ မေတ္တာပို့ရာ ပူလောင်ခြင်းမရှိ သီတာရေစင်လိုအေးခဲ့ရပါသည်။

မြတ်ဗုဒ္ဓက အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏ဟု မိန့်ခဲ့ပါသည်။

မေတ္တာရှင်သည် မေတ္တာခံရဲ့ ကောင်းကွက်ရှာ။ ဒါမှလည်းကောင်းကျိုးလိုလားပြီး ကောင်းကျိုးလက်တွေ့လုပ်နိုင်၏။ ဒါမှလည်း မုန်းစိတ်ကင်းကာ စိတ်ချမ်းသာမှုချက်ချင်းရပါသည်။

မေတ္တာပွားပို့နေသူသည် နွေခေါင်ခေါင်ပင်ဖြစ်ပါစေ ချမ်းသာအေးမြ၍ မိမိပတ်ဝန်းကျင်ကိုလည်း အေးမြ၏။

မေတ္တာနှစ်ဈာန်သည် လောက၌ အချမ်းသာဆုံးဖြစ်၏။ လူတစ်ဦး၊ တစ်နိုင်ငံ လူတစ်မျိုးစီလှုပစေ၏။ မေတ္တာကို အဖိုးအခပေးဝယ်မရ။ မေတ္တာနှင့်သာ ဝယ်၍ရ၏။ လူငယ်တို့နှလုံးသားမေတ္တာရှင်သန်မှသာ အလှကိုမြတ်နိုးအလှကိုရှာ၍ အလှနှင့်နှလုံးချမ်းမြေ့နိုင်၏။

စိတ်ထဲမှာ ကောင်းသည့်ခံစားမှုနှင့် သူ့ကိုစွပြုပေးရတာ၊ သူ့ကို ကူညီရတာ အနစ်နာခံရတာတို့သည် မေတ္တာ၏အသွင်သဏ္ဌာန်ပါ။

ကိုယ့်ကိုယ်ကိုယ်လှည့်စား စကားလုံးလှလှတွေနှင့် နှစ်သိမ့်ကျေနပ်နေလျှင်တော့ တဏှာလှည့်စားတာခံရ၍ ပူလောင်နေမှာပါ။ တုံ့ပြန်မှုကိုမျှော်တဲ့စိတ်၊ ပတ်သက်မှုကို သာယာတဲ့စိတ်က မေတ္တာမဟုတ်။ တဏှာက မေတ္တာယောင်ဆောင် လှည့်စားနေဦးမှာပါပဲ။

*မေတ္တာပန်းများလန်းနိုင်ကြပါစေ*

ယောဂီတိုးအောင်

www.burmeseclassic.com

တစ်ဦးဦးက ဘေးမှ အသာမေး၍ ထူ မပေးရမည်။ ထူပြီးပြီးချင်း ပိုးသတ်ထားသော ဆေးထိုးအပ်ဖြစ်စေ၊ လက်ချုပ်အပ်ထိပ်ဖျားကို မီးရှို့၍ဖြစ်စေ လူနာ၏ လက်ဆယ်ချောင်းထိပ်ဖျားကို (ပဲစေ့ခန့်) သွေးစက်တစ်စက်စီထွက်လာအောင် ဖောက်ပေးရမည်။ သွေးစက် (ပဲစေ့ခန့်) ထွက်/မထွက်ကို ခေတ္တစောင့်ကြည့်ပါ။ အကယ်၍ သွေးမထွက်လျှင် သွေးထွက်လာအောင် လက်ဖြင့် ညှစ်ထုတ်ပေးရမည်။ လက်ချောင်းအားလုံး (ပဲစေ့ခန့်) တစ်စက်စီ တစ်စက်စီထွက်လာပြီး မိနစ်ပိုင်းအတွင်း လူနာပြန်လည်၍ သတိရလာလိမ့်မည်။

**□ တတိယအရေးကြီးဆုံးအချက်**

လူနာကို လေဖြတ်လျှင်ဖြတ်ချင်း ပါးစပ်ရွဲ့စောင်းသွားပါက ၎င်း၏နားရွက်နှစ်ဖက်စလုံးကို နီရဲလာသည့်တိုင်အောင် လက်ဖြင့်ပွတ်သပ်ဆွဲပေးပါ။ နားရွက်နီရဲလာလျှင် နားရွက်၏အောက်ပိုင်း နားဖောက်သည့်နေရာတွင် မီးရှို့ထားသည့်အပ်၊ ပိုးသတ်ထားသည့်ဆေးထိုးအပ်ဖြင့် နားရွက်တစ်ဖက်စီလျှင် နှစ်ချက်စီ ဖောက်ပေးပါ။ ပဲစေ့ခန့် သွေးစက်နှစ်စက်ထွက်လာပြီး မိနစ်ပိုင်းအတွင်း ပါးစပ်ရွဲ့စောင်းသွားခြင်းမှ ပြန်လည်တည့်မတ်ကောင်းမွန်သွားပါလိမ့်မည်။

**□ စတုတ္ထအရေးကြီးဆုံးအချက်**

လူနာကို ပြုစုကုသပြီး ပုံမှန်အခြေအနေရောက်အောင် စောင့်ကြည့်ပါ။ ပြီးမှ ဆေးရုံသို့ပို့ခြင်း၊ လိုအပ်သည့် ဆေးကုသမှုကိုခံယူရန် ဆက်လက်ဆောင်ရွက်ပါ။

**□ အကျိုးကျေးဇူး**

အထက်ပါအတိုင်း ဆောင်ရွက်ပါက အကြောသေခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်လှုပ်ရှား၍မရခြင်း၊ စကားမပီသခြင်း စသည့် လူဖြစ်ရှုံးရမည့် ဒုက္ခတာဘဝမှ ကင်းဝေးစေရမည်ဖြစ်ပါသည်။

**□ နှိုးဆော်တိုက်တွန်းမေတ္တာသွန်း**

ဤနည်းမှာ လက်တွေ့ပျောက်ကင်းစေသောနည်းဖြစ်၍ လူအများ လေဖြတ်ခြင်းဒုက္ခမှ ကင်းဝေးကြစေရန် မေတ္တာ၊ စေတနာ ဖြူစင်စွာဖြင့် ကုသိုလ်အမှုပြုလိုက်ပါသည်။ မိမိတို့၏ မိတ်ဆွေများထံသို့ တစ်ဆင့်ဖြန့်ဝေ လှူဒါန်းခြင်းဖြင့် ကုသိုလ်ထူးကို ရယူကြပါ။

ဤနည်းအတိုင်း လူနာကို ပြုစုကုသပေးခြင်းဖြင့် ရာနှုန်းပြည့်အောင်မြင်သောကိုယ်တွေ့ဖြစ်ကြောင်း အာမခံပါသည်။

(ဤကုသနည်းကို တရုတ်ပြည်မှ ပေးပို့ခဲ့သော ကုသနည်းမှ ဘာသာပြန်ထားခြင်း ဖြစ်ပါသည်)

"သူတို့ပြုစုကုသနည်း ကောင်းသားပဲ။ မောင်ကော ဘယ်လိုသဘောရတုံး"

"ကျွန်တော်လည်း သဘောကျပါတယ်ခင်ဗျ"

"ဒါနဲ့ ကျုပ် သိချင်တာလေးတစ်ခု မောင့်ကိုမေးပါရစေ"

"မေးပါခင်ဗျ၊ မေးပါ"

"လေဖြတ်ခံရခြင်းရဲ့ အဓိက အကြောင်းရင်းကို သိချင်ပါတယ်"

"လေဖြတ်ခံရခြင်းအဓိကအကြောင်းရင်းကတော့ ကုပ်ကြောတစ်လျှောက်မှာ ဦးနှောက်ဆီသွားတဲ့ သွေးကြောတွေ ကျဉ်းမြောင်းပိတ်ဆို့သွားလို့ လေဖြတ်ခံရတာပါခင်ဗျ"

"ဘာပြုလို့ အဲဒီသွေးကြောတွေက ကျဉ်းမြောင်းပိတ်ဆို့ရတာလဲမောင်"

"ဘာပြုလို့ အဲဒီသွေးကြောတွေက ကျဉ်းမြောင်းပိတ်ဆို့ရတာလဲဆိုရင် ကျွန်တော်တို့ ခန္ဓာကိုယ်မှာ တစ်ကိုယ်လုံး အရိုး၊ အသား၊ ရသရည်၊ သွေးကြောတွေနဲ့ ဖွဲ့စည်းထားတာခင်ဗျ။ အဲဒီသွေးကြောတွေထဲ သွေးတွေတစ်ကိုယ်လုံး လှည့်ပတ်သွားလာအောင် နှလုံးက ခုတ်မောင်းပေးနေရတယ်။ သွေးကြည်လင်နေတဲ့အခါ အကြောတွေထဲ ပုံမှန်သွားလာနိုင်ပါတယ်။ အဲဒီခန္ဓာကိုယ်ထဲ လှည့်ပတ်သွားလာနေတဲ့သွေးဟာ ပျစ်လာတဲ့အခါ နှလုံးစူးအောင့်လာတယ်။ အဆီတွေများပြီး ဝဖြိုးသူတွေ သွေးကြော လေကြောတွေကျဉ်းလာတော့ သွေးကောင်းကောင်းမွန်မွန် မလှည့်ပတ်နိုင်တော့ဘူး။ အဲဒီအခါထုံတာကျဉ်တာတွေ ခံစားရပါတယ်"

"သွေးကဘာဖြစ်လို့ပျစ်လာတာလဲ မောင်"

"အစားအစာ အာဟာရကြောင့်ပါ။ အဆီအစေးများတဲ့ အစာ ဥပမာ ပုစွန်၊ ဝက်သား၊ ဘဲသား၊ ငါးသလောက်၊ အုန်းနို့ခေါက်ဆွဲ၊ မုလိုင်း၊ အချိုအဆိမ့်တွေစားရင် သွေးထဲမှာ အဆီအစေးတွေများပြီး သူတို့အနောက်တိုင်းဆေးပညာရှင်တွေက ကိုယ်လက်စထရောလို့ ခေါ်တယ်။ အဲဒီ အဆီအစေးတွေများ

လာရင် သွေးပျစ်သွားပါတယ်။ [illegible] သွေးပျစ်လာတဲ့အထဲမှာ လူက [illegible] လေးပြီး ပက်လက်ကုလားထိုင်မှာ [illegible] လို့ချည်းနေမယ်။ ရေအေးချိုးမိ [illegible] လေအေးအပတ်ခံရမယ်ဆိုရင်တော့ [illegible] ပုဂ္ဂိုလ်ဟာ လေဖြတ်ခံရဖို့ (၈၀) ရာ [illegible] နှုန်းဆိုပါတော့"

"အင်း - မောင်ပြောတာ သ [illegible] ကျပါတယ်။ ဒါဖြင့်ရင် လေ [illegible] အောင် ရေချိုးမိုးချိုး ဆင်ခြင်ရမှာ [illegible] နော်"

"မှန်ပါတယ် ခင်ဗျ။ လေဖြ [illegible] ပြီဆိုရင် ကာယကံရှင်တွေဟာ [illegible] မကိုင်မိလက်မကိုင်မိ ယောက်ယက် [illegible] စိတ်သောကခံစားကြရပါတယ်။ ကျွန် [illegible] ကို လာခေါ်လို့လိုက်သွားရဖူးတဲ့ [illegible] ဖြတ်ခံရသူ (၁၀၀) ဦးမှာ (၉၀) က [illegible] များကြတာကို တွေ့ရပါတယ်။ ပြီးခဲ့ [illegible] ဆိုရင် တစ်နေ့တည်းနဲ့ လူ (၄) ယော [illegible] လေဖြတ်ခံရပါတယ်"

"ဘယ်သူတွေလဲ မောင်။ ဘာ [illegible] လေဖြတ်ခံရတယ်ဆိုတာ ပြောပြ [illegible]"

"ဟုတ်ကဲ့ခင်ဗျ။ အခု အဲဒီ [illegible] ယောက်က ကျွန်တော်သိတာပဲရှိ [illegible] တာ။ တခြားကျွန်တော်မသိလိုက် [illegible] တွေရှိဦးမယ်။ ဒါတောင် တစ်မြို့ [illegible] နေ တစ်ရေတည်းသောက်မို့လို့သိ [illegible]"

"ဟုတ်တာပေါ့ မောင်။ ပြော [illegible] ဘယ်သူတွေလဲ"

"ရွာသစ်ရပ်ထဲက ပွဲစား [illegible] ဦးစံမောင်တဲ့။ အဲဒီပွဲစားကြီး ဦးစံ [illegible] ဟာ အသက် (၄၀) လောက်ပဲရှိ [illegible] တယ်။ နည်းနည်းဝပါတယ်။ အဲဒီ [illegible] ပွဲစားကြီး ဦးစံမောင်ဟာ ရန်ပယ် [illegible] နှမ်းသွားဝယ်ပါတယ်တဲ့။ မိတ် [illegible] အပေါင်းအသင်းတွေနဲ့ဆုံလို့ ဒံ [illegible] တစ်ပွဲလည်း စားခဲ့ပါသေးသတဲ့။ [illegible] (၁၀) နာရီ လောက်အချိန် နေပူ [illegible] စက်ဘီးစီးပြီး အိမ်ပြန်လာသတဲ့။ [illegible] ပြန်ရောက်တော့ ဒီနေ့ မြို့တော်ခန်း [illegible] မင်္ဂလာဆောင်သွားဖို့ သတိရလို့ [illegible] ခန်းထဲဝင်ပြီး ရေချိုးလိုက်တာ [illegible] တည်း ပါးတွေရွဲ့စောင်းသွားပြီးလေ [illegible] ခံရရှာပါတယ်။ ကျွန်တော့်ကိုလာခေ [illegible] လိုက်သွားတော့ အသက်မမီတော့ [illegible] ဘူး"

"အင်း - ဖြစ်မှဖြစ်ရလေ [illegible] မကောင်းစရာဘဲ"

"ဟုတ်ပါတယ် ခင်ဗျ။ သေ [illegible] တရားကို ဆင်ခြင်မိပြန်တော့ [illegible] လိုက်တာလို့ သတိပြုမိပါတယ်ခင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ဦးက ရှုံးဝန်ထမ်း အမျိုးသမီးတစ်ဦးပါ။ ဒေါ်ခင်မြိုင်တဲ့။ အသက်က (၃၈) နှစ်။ အဲဒီနေ့က တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဆိုတော့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားကြပါသတဲ့။ စားသောက်ပြီးလို့ မီးဖိုထဲဝင် ထမင်းဟင်း ချက်ပါသတဲ့။ ထမင်းဟင်းချက်အပြီး ရေချိုးခန်းထဲဝင် ခေါင်းလျှော်၊ ရေချိုး လိုက်တာ ချက်ချင်း အရုပ်ကြိုးပြတ် သလိုတစ်ခြမ်းလှုပ်မရဖြစ်သွားပါတယ်။ အိမ်သူအိမ်သားများက ရေချိုးခန်းထဲမှ ထုတ်ခေါ်လာပြီး ရေတွေသုတ်၊ အဝတ် အစားလဲပေးရင်း အသက်ပျောက်သွား ပါတယ်။

အုန်းနို့ခေါက်ဆွဲက သွေးကိုပျစ်ချွဲ စေပါတယ်။ မီးဖိုချောင်ထဲမှာ ခန္ဓာကိုယ် ပူနေတာ သတိမထားဘဲ ခေါင်းလျှော် ရေချိုးလိုက်တော့ ဦးနှောက်သွေးကြော ပြတ်သွားတာလို့ သမားတော်ကြီးများက ဆိုကြပါတယ်။

"အုန်းနို့ခေါက်ဆွဲမစားဖို့ အလျင် ဆုံး ခေါင်းမလျှော်မိဖို့၊ ရေချိုးမိုးချိုး သတိထားရမှာပေါ့နော်။ ဒီခေတ် မှာလေးတွေသတိထားရမယ့်အချက် ပေါ့ မောင်ရယ်"

"မှန်ပါတယ် ခင်ဗျာ။ နောက် တစ်ဦးကတော့ ကျွန်တော်တို့ မကွေး မြို့ကြီးထဲမှ ဆန်တို့၊ ပဲမျိုးစုံတို့ရောင်း တဲ့ အမျိုးသမီးပါ။ အသက် (၄၂) နှစ် ရှိပြီ။ အဲဒီနေ့က ဥပုသ်နေ့ ဈေးပိတ်ပါ တယ်။ နံနက် (၁၁)နာရီခွဲလောက်အချိန် ရေချိုးခန်းထဲမှာ ရေချိုး၊ ခေါင်းလျှော် နေတုန်း နတ်မောက်မှာနေတဲ့ သူ့မိခင် ဆုံးတဲ့အကြောင်း လူကြုံကလာပြော တာ။ အဲဒါ ထဘီရင်ရှား ရေချိုး၊ ခေါင်း လျှော်ရင်းက သူ့အမေဆုံးကြောင်းလည်း ကြားလိုက်ရော ချက်ချင်းလဲကျသွားပါ သတဲ့။ ဝိုင်းဝန်းထူ,မလိုက်တော့ အသက် မရှိတော့ဘူးတဲ့"

"ဟင်- ဘယ်လိုဖြစ်တာတုံးမောင် ရဲ့၊ နှလုံးရောဂါအခံရှိလို့လား"

"မှန်ပါတယ် ခင်ဗျ။ နှလုံးရောဂါ အခံရှိလို့ပါ။ နှလုံးရောဂါဆိုတာကလည်း ခန္ဓာကိုယ်ထဲကသွေးတွေ၊ အဆီတွေ များပြီးပျစ်လာရင် နှလုံးသွေးကြောကျဉ်း ရောဂါရတာပါပဲ။ အဲဒီနေ့က ခေါင်းပိုင်း ရေတွေစိုပြီးနေတော့ ခေါင်းပိုင်းသွေး ကြောတွေအေးလို့ ကျုံ့ကျဉ်းနေမှာပါ။ အဲဒါ အမေဆုံးလို့ဆိုတာလည်း ကြား လိုက်ရော ဒိုင်းခနဲ အောက်ကသွေးတွေ အထက်ဆောင့်ထိုးလိုက်တာ ဦးနှောက် သွေးကြောပြတ်သွားပုံရတယ်။အကယ် ၍ ရေမချိုး ခေါင်းမလျှော်ဘဲ အမေဆုံး ကြောင်း သတင်းကြားရရင် အဲဒီလို အဖြစ်မျိုး ဖြစ်မှာမဟုတ်ပါဘူး ခင်ဗျ"

"အင်း-ဒါလည်း သတိထားစရာ တစ်ချက်ပေါ့မောင်ရယ်"

"တစ်နေ့တည်းနဲ့ (၃) ဦးရှိသွားပြီ"

"မောင်က စောစောပိုင်းက (၄) ဦးဆို"

"ဟုတ်ပါတယ် ခင်ဗျ။ (၄) ဦး လေဖြတ်ခံရတာပါ။ အခုတစ်ဦးက ဦး ပေါက်တဲ့။ အသက်က(၅၆)နှစ်။ မကွေး- မင်းလှ မော်တော်ဆိပ်မှာ အလုပ်လုပ်ပါ တယ်။ မင်းလှက ကုန်သည်တွေက မော်တော်သမားကတစ်ဆင့် ဦးပေါက် ဆီကို ကုန်မျိုးစုံမှာပါတယ်။ ဦးပေါက်က ဆိုက်ကားတစ်စီးနဲ့ ဝယ်ပို့ပေးရပါတယ်။ အဲဒီဦးပေါက်ကို ကျွန်တော်သိတာက လည်း ကျွန်တော့်ဆီကို မင်းလှက ပရ ဆေးဆိုင် ကိုရဲမြင့်၊ မမာကြူတို့က ရှောက်ပေါင်းရည် မကြာခဏဆိုသလို မှာကြပါတယ်။

မင်းလှကဆေးဆိုင်တွေက ရှောက် ပေါင်းရည်မှာကြားတိုင်း ကျွန်တော်တို့ဆီ ဦးပေါက်က ရှောက်ပေါင်းရည်လာဝယ် လေ့ရှိပါတယ်။ ကျွန်တော်ကလည်း ဦးပေါက်လာတိုင်း ရှောက်ပေါင်းရည် အချိုပန်းကန်တစ်ဝက်သာသာတိုက်လွှတ် လေ့ရှိပါတယ်။

အဲဒီနေ့က နံနက် (၁၁) နာရီ လောက်အချိန် ဦးပေါက်ရောက်လာပါ တယ်။ မင်းလှက ရှောက်ပေါင်းရည် တစ်ဒါဇင်မှာလို့ လာဝယ်တာပါ။ ထုံးစံ အတိုင်း ဦးပေါက်တို့ ရှောက်ပေါင်းရည် တိုက်လိုက်ပါတယ်။ ကဆုန်လနေက ပူပါတယ်။ ဦးပေါက်ဟာ မှာကြားသမျှ ပစ္စည်းတွေကို ဆိုက်ကားတစ်စီးနဲ့ ဝယ် ခြမ်းပို့ပေးပြီး နေ့လယ် (၁၂) နာရီမှာ ဧရာဝတီမြစ်ရေထဲ ရေဆင်းချိုးပါသတဲ့။ ရေချိုးပြီး ထမင်းစားပါသတဲ့။ နေ့လယ် (၁၂) နာရီလောက်အချိန်မှာ အာတွေ လျှာတွေ၊လက်တွေလေးလံလာပါသတဲ့။ မျက်နှာနဲ့ ကုပ်ကြောတွေလည်း ထူအမ်း အမ်းကြီးဖြစ်လာပါသတဲ့။ အဲဒါနဲ့ အနီး အနားမှာရှိတဲ့ မိတ်ဆွေတွေရဲ့အကူ အညီနဲ့ အိမ်ပြန်ရတယ်တဲ့။ အဲဒီအချိန် မှာ ဦးပေါက်ရဲ့မိန်းမ ကျွန်တော့်ဆီလာ ပြီး ရှောက်ပေါင်းရည်လာဝယ်သတဲ့။ အဲဒီအချိန်မှာ ကျွန်တော်နဲ့မတွေ့လိုက် ရဘူး။ ကျွန်တော့်အမျိုးသမီးနဲ့ တွေ့ တယ်တဲ့။ ကျွန်တော့်အမျိုးသမီးက ရှောက်ပေါင်းရည်တစ်ပုလင်းလက်ဆောင် ပေးလိုက်သတဲ့။ သောက်ပါ၊ လိမ်းပါ ပေါ့"

"အဲဒီ ဦးပေါက်ကော သေရော လား"

"မသေပါဘူး ခင်ဗျ"

"ဟင် - မောင့်ရှောက်ပေါင်းရည် အစွမ်းကြောင့်ပေါ့နော်"

"မှန်ပါတယ်၊ ရှောက်ပေါင်းရည် အစွမ်းလည်း ပါပါတယ်။ ကျွန်တော် တွက်ဆမိတာကတော့ ဦးပေါက်ဟာ ဆင်းရဲသား လက်လုပ်လက်စား ဆိုက် ကားနင်းသူ ဖြစ်ပါတယ်။ ဒါကြောင့် အဆီအဆိမ့်အချိုတွေ များများမစားရ ပါဘူး။ ပုစွန်တို့၊ ဒံပေါက်တို့၊ ဝက်သား၊ ဘဲသားတွေလည်း ဆင်းရဲသားဆိုတော့ မစားရပါဘူး။ ပြီးတော့ သူဟာ ကိုယ် လက်လှုပ်ရှားနေရသူ ဖြစ်ပါတယ်။ ဖြစ် ရတဲ့အကြောင်းက နေပူထဲမှာ သွားလာ လှုပ်ရှားပြီး နေပူတုန်းမှာ မြစ်ရေထဲ ရေချိုးလိုက်တော့ သွေးကြော၊ လေ ကြောတွေ ကျုံ့သွားတာပါခင်ဗျ။ သွေး ထဲမှာ အဆီအစေးနည်းသူမို့ သက်သာ ရာရသွားတာပါ။ ဒါတောင် ဦးပေါက် တစ်လလောက် အလုပ်မဆင်းနိုင်ပါဘူး။ ရှောက်ပေါင်းရည် (၁၀) ပုလင်းလောက် ကုန်ပါတယ်။ အခုဆိုရင် ဦးပေါက်ဟာ အရင်အတိုင်းပဲ ကြံ့ကြံ့ခိုင်ခိုင် သန်သန် စွမ်းစွမ်းနဲ့ ဆိုက်ကားလည်းနင်း၊ မကွေး- မင်းလှ မော်တော်ဆိပ်မှာ အလုပ်ဆင်း နေပါပြီ"

"အဲဒီတော့ လေဖြတ်မခံရအောင် အတိုချုပ်ပြောပါဦး မောင်"

"အတိုချုပ်မှတ်ဖို့ကတော့ ဝက် သား၊ ဘဲသား၊ ပုစွန်၊ ငါးသေတ္တာ၊ ဒံပေါက်၊ အုန်းထမင်း ရှောင်ရပါမယ်။ ရေချိုးမိုးချိုး သတိပြုရပါမယ်။

သက်တော်ရှည်စစ်ကိုင်းရွှေဟသာ ဆရာတော်ကြီးက ကျွန်တော့်ကိုအမိန့်ရှိ ဖူးတဲ့ မှတ်သားစရာစကားကတော့ -

'ချဉ်၊ ဖန်၊ စပ်၊ ခါး နေ့တိုင်းစား ပေါ့ပါးလျင်မြန် ဖျတ်လတ်သည်' တဲ့။ 'ဒကာ၊ အချိုနဲ့ အငန် မပါဘူးနော်' တဲ့။ အဲဒါပါပဲခင်ဗျာ"

"ကောင်းပါပြီ မောင်ရယ်၊ သာဓု ဗျား. . . သာဓု. . . သာဓု"

မကွေးဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဖိုးကျော်သည် သူရဇ္ဇမဂ္ဂဇင်းအား လစဉ်မဖတ်ရလျှင် မနေနိုင်သူ။ တစ်နည်းအားဖြင့် သူရဇ္ဇ Crazy ဖြစ်သူဟု ဆိုနိုင်ပါသည်။ သူရဇ္ဇမဂ္ဂဇင်းကြီးကို စွဲစွဲလမ်းလမ်းဖတ်ခဲ့သည်မှာလည်း (၃) နှစ်ကျော်၍ (၄) နှစ်ထဲရောက်ခဲ့ပြီဖြစ်၏။ စာအုပ်အငှားဆိုင်များတွင် သူရဇ္ဇမဂ္ဂဇင်းကြီးသည် စာအုပ်ငှားခအနေဖြင့် အခြားမဂ္ဂဇင်းများထက် ဈေးနှုန်းကြီးမြင့်၏။ အငှားဆိုင်မှငှား၍ ဖတ်ရလျှင် သုံးရက်နှင့်မပြီးသလို ဖတ်ခသည်လည်း တစ်ထောင်ကျပ်ကျော်မည်ဖြစ်သည်။ စိတ်ကြိုက်ဖတ်ရန် စာအုပ်အပိုင်ဝယ်ပါလားဆိုသော် လစဉ် တစ်အုပ်လျှင် သုံးထောင်ကျပ်ကို ဝန်လေးမိပြန်၏။ ကျွန်တော် ဖိုးကျော်က အသက် (၈၀) ပြည့်ရန် တစ်ရက်သာလိုတော့သော ပင်စင်စားကြီးမို့ ချွေတာရပြန်၏။

သည့်ဖြစ်ရပ်နှင့်ကြုံခဲ့ဖူးတာပဲဟုပြန်လည်သတိရမိပါသည်။

ကျွန်တော် ဖိုးကျော်က အသက် (၈၀) ပြည့်ဖို့ တစ်ရက်လိုဆိုတော့ကာ ဆိုက်စမစ်သင်တန်းတက်ခဲ့ရတာလည်း ကြာပြီပေါ့။ အတိအကျဆိုရလျှင် လွန်ခဲ့သော(၅၄)နှစ်ကဖြစ်ပါသည်။ သက္ကရာဇ်အရဆိုရင် ၁၉၆၀ ခုနှစ်က ဖြစ်ရပ်ဟုဆိုရမှာ။ နေရာဒေသဆိုလျှင် မကွေးတိုင်းဒေသကြီး သရက်မြို့ဖြစ်ပါသည်။

ဆိုက်စမစ် ဆိုတာက အင်္ဂလိပ်စကားပါ။ ကျွန်တော် နားလည်သမျှပြောရရင် Seismic - မြေငလျင်များနှင့်ဆိုင်သောလို့ဆိုပါသည်။ သို့ပေမယ့်

ကျွန်တော် ဖိုးကျော် ဆိုက်စမစ်သင်တန်းလက်တွေ့တတ်ခဲ့ရသည့်အပြင်ကို မှတ်မိသမျှဖော်ပြရလျှင် မြေပြင်မှာ အသင့်အတင့် အင်အားပြင်းထန်သည့်ငလျင်တစ်ခု လှုပ်ရှားစေဖို့ လူလုပ်ငလျင်လုပ်ရာမှာ ယမ်းဘီလူး (Explosive) သုံးရပါသည်။ ယမ်းဘီလူးပေါင် (၁၅၀) မှ (၂၀၀) ခန့်ကို မြေအောက်အနက်



# ကျော်ကျော်ထွန်း

# ဆိုက်စမစ်သင်တန်းနှင့် ထူးဆန်းသောနတ်နန်း

ထိုရောအခါ သူရဇ္ဇမဂ္ဂဇင်းကြီးအား လစဉ်အပိုင်ဖတ်နိုင်ရန် ကြိုးစားရတော့၏။ ယခုလည်း ၂၀၁၄ ခု၊ ဩဂုတ်လထုတ် သူရဇ္ဇမဂ္ဂဇင်းကြီးအား ဖတ်ရာမှ ထောင်မှူးကြီးသိန်းဝင်း၏ 'လက်ပံလှချိုင့်ဝှမ်းပုံပြင်' ကို စိတ်ပါဝင်စားစွာဖတ်မိပါသည်။ ဇာတ်လမ်းက ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့မှ အငယ်တန်းတွင်းတူးအင်ဂျင်နီယာကလေး ဗိုလ်တောက်၏ ထူးဆန်းလှသည့် အတွေ့အကြုံ ဂမ္ဘီရဖြစ်ရပ်မှန်ကို တင်ပြထားတဲ့ ဇာတ်လမ်းလေးပါ။ ထူးခြားပြီး ဂမ္ဘီရဆန်တဲ့ ဖြစ်ရပ်လေးပါပဲ။ အဲဒီဇာတ်လမ်းလေးဖတ်ပြီးတော့ ဩော် - ငါလည်း ဆိုက်စမစ် (Seismic)သင်တန်းတက်စဉ်က ထူးဆန်း

ကျွန်တော်တို့ အသုံးချတဲ့ ဆိုက်စမစ်က သဘာဝမြေငလျင်မဟုတ်။ လူလုပ်မြေငလျင် (ဝါ) ငလျင်အတု ဖြစ်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတများ လေ့လာရှာဖွေရာတွင် မြေပြင်ကိုလူလုပ်ငလျင်ဖြင့် လှုပ်ရှားအောင် ဖန်တီးပြီး လှုပ်ရှားသွားသော မြေပြင်မှငလျင်လှိုင်းများကို ငလျင်လှိုင်းဖမ်းစက် Seismograph ဖြင့် ဖမ်းယူပုံဖော်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှိနိုင်၊ မရှိနိုင် လေ့လာရခြင်း ဖြစ်ပါသည်။

ပေ(၂၀၀)ကျော်နက်သည့်နေရာရောက်အောင် ကျင်းတူး၍ ထည့်ရပါသည်။ ကျင်းတူးရာတွင် မြေအောက် ထောင်ချိ၍ တူးနိုင်သော တွင်းတူးစက် Drilling Machine ကြီးများဖြင့် တူး ပါသည်။

လိုအပ်သောအနက်ပေအထိ ပြီးပါက ယမ်းဘီလူးပျော့ငါးပေါင်စီ သော ယမ်းတောင့်များကို ပေါင်(၂၀ ပြည့်သည်အထိ မြေအောက်အနက် တူးထားသည်အထိ ဖြည်းဖြည်း ထည့်သွင်းရပါသည်။ ယမ်းဘီလူး အချိန်ကိုက် ဖောက်ခွဲနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com

နေတာ (ပေါင် ၁၅၀ ဆို လျှင် နှစ်ခု၊ ပေါင် ၂၀၀ ဆိုလျှင် သုံးခု) ကို တစ်ပါ တည်း တပ်ဆင်ရပါသည်။

ကျွန်တော်တို့ ဆိုက်စမစ်တိုင်းတာ မှာ မြေပြင်အား လူဖန်တီးသော လှုပ်စေပြီး တိုင်းတာမှုပြုလုပ်ရပါ လူဖန်တီးသောလျှင်က စွမ်းအား နည်းသော ယမ်းဘီလူးသုံး၍ ပြုလုပ် ဖြစ်သည်။ အလျဉ်းသင့်၍ သဘာဝ လှုပ်သောလျှင်ဖြစ်ရခြင်းကို ဖော်ပြရသော် အကြောင်း (၇) မျိုး ရှိပါသည်။

၁။ တိုက်မျောခြင်း (Continental Drift)

၂။ ချိန်မျှတူမှု (Isostacy)

၃။ ရေဒီယိုသတ္တိကြွခြင်း (Radio Activity)

၄။ မြေလှိုင်းကြွခြင်း (Undation)

၅။ ကျောက်ရည်ရွေ့စီးခြင်း (Convectional Current)

၆။ ကမ္ဘာကျုံ့ဝင်ခြင်း (Contraction of Earth)

၇။ ကမ္ဘာ့ဝန်ရိုးစွန်းအနေအထားတို့ ရွေ့ရှား(ရွေ့လျား)ခြင်း (The Shift of The Pole)

ဟူ၍ လျှင်လှုပ်စေနိုင်သော အကြောင်းရင်းများရှိသည်။

ကျွန်တော်တို့ ဆိုက်စမစ်ရေနံ ရှာဖွေရေးတွင် လှုပ်သောလျှင်မှာ လူတို့ကဖန်တီးသောလျှင်ဖြစ်ပေရာ လိုအပ်သောအချိန်တွင် ယမ်းဘီလူးသုံး ၍လှုပ်စေနိုင်ပါသည်။ ဤလူလုပ်လျှင် မှ ဖြစ်ပေါ်လာသော လျှင်လှိုင်းများမှာ လျှင်ဖြစ်ပေါ်ရာ ဇာတိရပ် Focus မှ ကျောက်လွှာ၊ မြေလွှာများကို ဖြတ်သန်း ၍ အဘက်ဘက်သို့ ဖြာထွက်လာကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။


Focusလျှင်၊ ဇာတိရပ်မှဖြာထွက်လာကြသော လှိုင်းများကို လျှင်ထိပ် (Epicentre) တစ်ဖက်တစ်ချက်တွင် သတ်မှတ်အကွာအဝေးများ၌ မြှုပ်နှံထားသော ဂျီအိုဖုန်း (Geophone) များမှ ဖမ်းယူကာ ဆက်သွယ်ထားသည့် ဝါယာကြိုးများဖြင့် ဆိုက်စမစ်ဂရပ်စက်သို့ပို့ပေးသည်။ ဂျီအိုဖုန်းမှပို့ပေးသောလှိုင်းများကို ဆက်စမိုဂရပ်စက်ရှိ လည်ပတ်နေသောဖလင်တွင် မှတ်တမ်းတင်ပါသည်။ ယမ်းဘီလူးဖောက်ခွဲချိန်နှင့်စက်မှ ဖလင်လည်ပတ်မှတ်တမ်းတင်ချိန်သည် တစ်စက္ကန့်အတွင်းတစ်ပြိုင်တည်းဖြစ်၏။ တစ်စက္ကန့်အတွင်း လည်ပတ်မှတ်တမ်းတင်သော ဖလင်အလျားသည် (၆) ပေခန့်ရှည်ပါသည်။

ထိုဖလင်အား ပုံဖော်ဆေးဖြင့် ဆေးစိမ်ပြီးသောအခါ လှိုင်းဖြတ်သန်းရာတစ်လျှောက်ရှိ မြေအောက်ကျောက်လွှာ၊ မြေလွှာ စသည့် အလွှာအသီးသီး၏ သင်္ကေတပုံရိပ်များကို တွေ့မြင်ရပါသည်။ ၎င်းလှိုင်းပုံရိပ်သင်္ကေတများကို ညှိနှိုင်းတွက်ချက်ဘာသာပြန်ခြင်းဖြင့် မြေအောက်မှ ရေနံ၊ သဘာဝဓာတ်ငွေ့ စသော သယံဇာတများ ရှိ မရှိ သိရှိနိုင်ပါသည်။ ကျွန်တော် ဖိုးကျော် ငယ်စဉ်ဘဝက ဆိုက်စမစ်သင်တန်းတက်စဉ်က မှတ်သားမိသမျှ ဗဟုသုတအဖြစ်တင်ပြခြင်း ဖြစ်ပါသည်။


ကျွန်တော် ဖိုးကျော် အထူးပြုသင်ရသောလုပ်ငန်းမှာ ယမ်းဘီလူးကိုင်တွယ်ဖောက်ခွဲခြင်း ဖြစ်၏။ ကျွန်တော်၏ သင်ဆရာသည် အင်္ဂလိပ်ကပြားဖြစ်ပါသည်။ ထိုစဉ်က ဆိုက်စမစ်ရှာဖွေရေးအဖွဲ့မှ ပညာရှင်များမှာ နိုင်ငံခြားသားများသာဖြစ်ပေရာ အင်္ဂလိပ်စကားထမင်းစားရေသောက်သာ ပြောတတ်၊ ရေးတတ်သော ဖိုးကျော်တစ်ယော[illegible] မလွှယ်လှပါ။

ဆိုက်စမစ်လေ့လာရှာဖွေရေး[illegible] ရသောဒေသမှာ သရက်မြို့ မြင်းခေါ[illegible] တံဆိပ် ဘီလပ်မြေစက်ရုံကို အခြေပြု[illegible] သရက် - မင်းတုံးလမ်းတစ်လျှော[illegible] ဆယ်မိုင်ခန့်တစ်လိုင်း၊ ဘီလပ်မြေ[illegible] မှ ထုံးတောင်ကိုဖြတ်၍ ပျားရည်[illegible] တောင်၊ နတ်မီးတောက်ရွာ၊ ထုံး[illegible] ပါးပွတ်ရွာအထိ ဆယ်မိုင်ခန့် တစ်လို[illegible] နှင့် အောင်လံ၊ ဘွက်ကြီးတံတား၊ မြ[illegible] မြင်ရွာအထိတစ်လိုင်းဖြစ်ပါသည်။

ထိုစဉ်အခါက ကျွန်တော်တို့[illegible] မြန်မာနိုင်ငံဘူမိဗေဒဌာနကြီး The Burma Geological Department ရှိ ဘူမိ[illegible] ဗေဒဌာနခွဲတွင် တာဝန်ထမ်းဆောင်[illegible] ချိန်ဖြစ်ရာ ကျွန်တော်တို့ ဘူမိရူပဗေ[illegible] ဌာနခွဲ၌လည်း ဆိုက်စမစ်တိုင်းတာ[illegible] စက်ရှိရာ လုပ်ငန်းကျွမ်းကျင်မှုရ[illegible]




ဆိုက်စမိုစက်မှ ဖလင်တွင် မြင်ရသော လှိုင်းလှိုင်း




ဆိုက်စမစ်တိုင်းတာမှုသရုပ်ပြပုံကြမ်း



www.burmeseclassic.com

www.burmeseclassic.com

ခြားပညာရှင်များ လက်တွေ့ရေနံ နေသည့် ဆိုက်စမစ်တိုင်းတာရေး လက်တွေ့လေ့လာသင်ကြားရန် တ်ခြင်း ဖြစ်၏။ လုပ်ငန်းအနေ ည်း သရက်မြို့နယ် ပိတောက်ပင် မြေ၌ ဘူမိရူပဗေဒတိုင်းတာရေး င်န်းများ ဆောင်ရွက်နေချိန် ဖြစ်ပါ

ကျွန်တော်တို့ ဘူမိရူပဗေဒအဖွဲ့ ခေါင်းဆောင် တာဝန်ခံအရာရှိသည် အောင်ကျော်မြ (နောင် ဘ-ဓ-ရ ၏ ချုပ်) ဖြစ်၍ အဖွဲ့သားများမှာ ထွန်း (စာရေးဆရာ ပွင့်လန်း-သတ္တု ) ကိုစိုးမြင့်၊ မောင်မောင်အေး တ်ကျင်း - ကျော်ကျော်ထွန်း) နှင့် မောင်း သန်းဖေတို့ ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်ဖိုးကျော် နံပုံ၊ လေး ပြန်တွေးမိ၍ ပြုံးရပါသည်။

တစ်နေ့ အောင်လံ- ပြည်မြို့မြင်လိုင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ရန်သွား ဧရာဝတီမြစ်အတွင်းမှ မော်တော် ဆင်းရပါသည်။ ဘိလပ်မြေစက်ရုံ တမ်းမှစုန်ဆင်း၍ ခဏအကြာတွင် လေးဟူသောရွာနားရောက်ပါသည်။ ရွာ၏ဘေးနား ဧရာဝတီမြစ်တွင်း၌ နေသည့် ဘဲငန်းအကောင် (၂၀) ရေကူးနေသည်ကိုမြင်၍ ဘြော်- တလူတွေနှယ် ဘဲငန်းတွေကို မြစ်ထဲ ထားရသလား။ မြစ်ထဲမျောပါသွား ဆုံးရချည်ရဲ့ တွေးရင်း ဘဲငန်းတွေကို ည့်နေမိပါသည်။ ဘဲငန်းအုပ်နား တော်ရောက်တော့ 'ဖလန်း၊ ဖလန်း' တဲ့ တောင်ပံခတ်သံနှင့်အတူထပျံကုန် တော့မှ ဟင် - တောဘဲငန်းတွေပါလား သိရပါတော့သည်။ ဖိုးကျော်တို့ အ, တ်ပုံများ။

နောက်ထူးခြားသည့်ဂမ္ဘီရဖြစ်ရပ် လည်း ကြုံရပါသေးသည်။ သရက်- တုန်းလိုင်းတစ်လျှောက် တစ်နေရာ စ်နေရာ အခက်အခဲမရှိ ဆိုက်စမစ် င်းတာရေးများလုပ်ကိုင်နိုင်ခဲ့ပေမယ့် ရက်မြို့နှင့် (၇) မိုင်လောက်ဝေးသည့် တောက်ပင်ရေနံမြေနားရောက်တော့ မ်းဘီလူးဖောက်ခွဲဖို့ တွင်းတူးသည့် က်ကြီးအင်ဂျင်က ချို့ယွင်းနေသဖြင့် ဆောင့်ရင်းစောင့်ရင်းနှင့် ညနေစောင်း ပါသည်။

အချိန်လည်းမရှိတော့သဖြင့် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားပညာရှင်က လုပ်သိမ်းပြီးပြန်ကြဖို့ ပြောပါသည်။ လုံးကလည်း ပြန်ချင်နေပြီ။ အခြေခံ စခန်းက သရက်မြို့မြောက်ဘက်အစွန် က တိုက်ကြီးမှာဖြစ်ပါသည်။ ဆိုက်စမစ် အဖွဲ့က ထိုတိုက်ကြီးမှာနေပြီး ကျွန်တော် တို့ ဘူမိရူပဗေဒအဖွဲ့က သရက်ဆေးရုံ ကြီးရှေ့ မင်းတုန်းလမ်းဘေးက အိမ်အို ကြီးမှာနေပါသည်။ တစ်နေ့တာ အလုပ် သိမ်းတိုင်း မြို့ကိုပြန်ပြင်နေတာ ထုံးစံပါ။ အလုပ်သမား (၅၀) လောက်ကလည်း သရက်မြို့ ဘိလပ်မြေစက်ရုံက စီစဉ်ပေး ထားရာ အလုပ်သိမ်းလျှင် မြို့ကိုပြန်ကြ ရတာပါ။

ကျွန်တော်တို့အဖွဲ့သင်တန်းသား သုံးယောက်က အသွား၊ အပြန် မိမိအဖွဲ့ ကားနှင့် ကြုံပို့လုပ်ပေးပါသည်။ သူများ တွေ မြို့ပြန်ဖို့ ပစ္စည်းပစ္စယတွေသိမ်း နေသည့်အချိန်အထိ ကျွန်တော်တို့ သုံးယောက်လာကြိုမည့်ကား မရောက် လာသေး။ ကျွန်တော်၏ ဖောက်ခွဲရေး သင်တန်းဆရာက သူတို့အဖွဲ့ကားနှင့် လိုက်ခဲ့ဖို့ခေါ်သော်လည်း -

"ဆရာတို့ပြန်နှင့်ပါ။ ကျွန်တော် တို့ကား ရောက်လာတော့မှာပါ"

ဟု ကျွန်တော်က ပြောလိုက်တာ ကြောင့် ဆိုက်စမစ်အဖွဲ့ ကားကြီးသုံးစီး လည်း မောင်းထွက်သွားကြပါသည်။

အဲဒီနေ့က ညနေ (၆) နာရီထိုး သည့်တိုင် ကြိုပို့ကားရောက်မလာတော့ တွင်းတူးစက်အဖွဲ့ အင်/ချုပ်ကြီး ဦးစောထွန်းနှင့် ဖိုမင်ကြီးကိုအုန်းမောင်တို့အဖွဲ့ ကကျွေးသည့်ညစာစားပြီး သူတို့နှင့် အတူ မင်းတုန်းမင်းလမ်းဘေးတွင် တွင်းတူးစက်နားမှာပဲ ဖြစ်သလိုအိပ်ခဲ့ကြ ရပါသည်။ ထူးဆန်းတာက မနက်လင်း လို့ အိပ်ရာကထကြတော့ ကျွန်တော်တို့ သုံးယောက်အဖွဲ့မှာ အလယ်ကအိပ်တဲ့ ကိုလှထွန်း (ပွင့်လန်း-သတ္တုတွင်း) ကို မတွေ့ရပေ။ ဟိုသည်ရှာကြည့်တော့မှ ကျွန်တော်တို့အိပ်တဲ့နေရာနှင့် ဆယ်ပေ လောက်ကွာတဲ့ လမ်းဘေးမြောင်းထဲမှာ ခွေခွေလေးအိပ်နေတာ တွေ့ကြရပါ သည်။

သွားနှိုးပြီးမေးတော့ သူလည်း မသိဘူးတဲ့။ ညက အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် သူ့ကို လူဝကြီး တစ်ယောက်က ချီမပြီး ခေါ်သွားတာခံ ရသည်ဟု ဆိုပါသည်။

အင်/ချုပ်ကြီး ဦးစောထွန်းက လည်း -

"ဟုတ်တယ်ကွ၊ မနေ့ညကလည်း တို့အဖွဲ့က စက်ဆရာလှဖေလည်း မနက် လင်းတော့ အဲဒီနေရာရောက်ပြီး အိပ် ပျော်နေတယ်"

ဟု ဆိုပါသည်။

ပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်ကြတော့မှ မြောင်းတစ်ဖက်ကမ်း တောစပ်မှာ ပိတောက်ပင်ရှာက သချိုင်း ရှိနေတာကို တွေ့ကြရပါသည်။ ထူးဆန်း တဲ့ ဖြစ်ရပ်တစ်ခုပါ။

သရက်-မင်းတုံးလမ်းတစ်လျှောက် ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းပြီးတော့ သရက်ထုံးတောင်၊ ပျားရည်စက်တောင်၊ နတ်မီးတောက်လိုင်းကိုဆက်ရပါသည်။ ပူပြင်းသော နွေရာသီလများဖြစ်၍ တောတောင်ထဲရှိ သစ်ပင်ဝါးပင်တို့ အရွက်များကြွေကုန်သဖြင့် အရိပ်ခိုစရာ ရှားလှပါသည်။ နေပူ၍ ပင်ပန်းသော် လည်း ဆိုက်စမစ်တစ်ဖွဲ့လုံး နေပူရှိန် ကို အလေးမထားနိုင်ဘဲ ယမ်းဘီလူး ဖောက်ခွဲမည့်ကျင်း၏ တစ်ဖက်တစ်ချက် ပေတစ်ထောင်စီအတွင်း ငလျင်လှိုင်း ဖမ်းသည့် ဂျီအိုဖုန်းမြှုပ်ခြင်း၊ လိုင်းကြိုး ဆက်သွယ်ခြင်း၊ ဆိုက်စမိုဂရပ်စက်ထား မည့် နေရာရွှေ့ပြောင်းတပ်ဆင်ရခြင်း၊ ဖောက်ခွဲရေးအဖွဲ့ကလည်း တစ်တောင့် လျှင် ငါးပေါင်လေးသော ယမ်းဘီလူး များ ဆယ်တောင့်တစ်တွဲထုပ်ပိုးရန် ဒီတို နေတာ တပ်ဆင်ကာ မြေအောက် ပေ (၂၀၀)ကျော်အထိချရခြင်းများဖြင့် မနား မနေ ဆောင်ရွက်ကြရပါသည်။

နတ်မီးတောက်ရွာ ဆိုက်စမစ် လိုင်းတွင် ရွာအမည်နှင့် လိုက်လျော ညီထွေစွာပင် ရွာဦးထိပ် ကျောက်ခဲပုံ ထိပ်တွင် ကျောက်တုံးကျောက်ခဲများ အကြား၌ မီးများတောက်လောင်နေပါ သည်။ ကျောက်တုံးကျောက်ခဲများ လူတစ်ရပ်ကျော် မြင့်မားစွာရှိနေခြင်း သည် ရွာထဲတွင် လူတစ်ဦးတစ်ယောက် ရောဂါဝေဒနာဖြစ်ပါက မြေပြင်တွင် အလိုအလျောက် တောက်လောင်နေ သည့် မီးပေါ်သို့ ကျောက်တုံးတစ်တုံး သွားရောက်ချလျှင် ရောဂါပျောက်ကင်း သည်ဟု ယုံကြည်ကြ၏။ သို့အတွက် လေထိုး၊ ဗိုက်အောင့်၊ ခေါင်းကိုက် စသော ဝေဒနာဖြစ်တိုင်း ကျောက်တုံးတစ်တုံး၊ တစ်ခဲလာလာချရာ လူတစ်ရပ်ကျော် မြင့်မားသော ကျောက်ပုံကြီး ဖြစ်နေ၏။ မီးကလည်း ကျောက်ပုံထိပ်အထိလောင် နေဆဲ တွေ့ရ၏။

ကျွန်တော်တို့ ဖောက်ခွဲရေးအဖွဲ့ မှ ကျင်းအတွင်းသို့ ယမ်းဘီလူးထည့် သွင်းခြင်းကိစ္စ ပြီးစီးသော်လည်း ကိုပွင့်လန်းနှင့် ကိုစိုးမြင့်တို့အဖွဲ့မှ ဂျီအို



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းမြှုပ်နှံချထားမှုမပြီးသေးပါ။ တပေါင်းလ နေကလည်း ပူချက်ပြင်းလှသည်။ ထို့ကြောင့် ကျွန်တော့်ဆရာ ဦးလွန်းဘော်က အိတ်ထဲမှ အိုးဘရန်ဒီပုလင်းပြား ထုတ်၍ တစ်ကျိုက်မော့ရင်း နားခိုရာ အရိပ်ရှာ၏။ ရွက်ကြွေတောဖြစ်၍ ရိုးတံကျဲကျဲသစ်ပင်များသာ မင်းမူနေလေ၏။ ထူးထူးခြားခြား မလှမ်းမကမ်း တောင်ဆွယ်လေးပေါ်၌ စိမ်းစိုအုပ်ဆိုင်းနေသည့် သပြေပင်ကြီးတစ်ပင်ကိုမြင်ရာ -

"လာဟေ့ ဖိုးကျော်၊ ဟိုသပြေပင်ရိပ်သွားစို့"

ဟု ကျွန်တော့်ကိုခေါ်ကာ ရှေ့ကသွား၏။ ခပ်လှမ်းလှမ်းမှကြည့်စဉ် သပြေပင်သာမြင်ရသော်လည်း အနီးရောက်မှ သပြေပင်ကြီးအောက်တွင် နတ်နန်းဒေသအခေါ် အရှင်ကြီးစင်တစ်လုံးရှိနေကြောင်း တွေ့ရပါသည်။ နတ်နန်းဟု ထင်ရခြင်းမှာ စင်ပေါ်တွင် နတ်ရုပ်မရှိသော်လည်း ပ,သထားသော ဖောင်းတော်ဖြူနီစများ၊ ပန်းခြောက်များ၊ အမွှေးတိုင် ဖယောင်းတိုင်အတိုအစများ မြင်ရခြင်းကြောင့် နတ်နန်း (ဝါ) အရှင်ကြီးစင်ဟု သိလိုက်ပါသည်။

နတ်နန်းဟုဆိုရခြင်းမှာ တွေ့မြင်ဖူးသောအရှင်ကြီးစင်များထက်ကြီးသလို အလျား (၈) ပေ၊ အနံ (၆)ပေခန့်ကျယ်မည်ဟု ခန့်မှန်းရပြီး ဒေသသပ်ကျနစွာ တည်ဆောက်၍ လေ့ကားထစ် (၃)ထစ်ပါလေ့ကားတပ်ဆင်ထားသောကြောင့် ဖြစ်ပါသည်။ သွပ်မိုးပျဉ်ခင်းပျဉ်ကာ အဆောက်အအုံလေး ဖြစ်၏။ ဆရာဦးလွန်းဘော်လည်း အ⋯ိုက်တွေ့သွားဟန်ဖြင့် -

"ဖိုးကျော်ရေ့ဂျီအိုဖုန်းအဖွဲ့ချမပြီးခင် တို့ ဒီနတ်ကွန်းပေါ်တက်မှေးရအောင်"

ုဆိုကာ ဘွတ်ဖိနပ်ပင်မချွတ်ဘဲ လေ့ကားသုံးထစ်နင်းကာ တက်သွားပါသည်။ ဆရာသည် ကပြားဖြစ်၍ အယုံအကြည်ရှိဟန်မတူပါ။ ကျွန်တော်လည်း နတ်ကို ယုံသည်၊ မယုံသည်အပထား၍ ဒေသရိုးရာဓလေ့ကို မလွန်ဆန်လိုသောကြောင့် လေ့ကားရင်း၌ ဖိနပ်ချွတ်ပြီး စိတ်တွင်းမှ ခွင့်တောင်းကာ တက်ခဲ့ပါသည်။ ဆရာသည် ဘရန်ဒီတစ်ငုံ ထပ်မော့ရင်း ကြမ်းပြင်ပေါ် လှဲအိပ်၍ မကြာမီ ဟောက်သံထွက်ပေါ်လာပါသည်။

ကျွန်တော်လည်း နတ်နန်းထောင့်တိုင်မှီထိုင်နေရင်း အိပ်ငိုက်သွားစဉ် ဆရာ၏အနား၌ ရုတ်တရက် ပုဂ္ဂိုလ်တစ်ဦးပေါ်လာသည်ဟု အိပ်မက်လိုလို၊ စာကယ်လိုလို တွေ့လိုက်ရပါသည်။

ပုဂ္ဂိုလ်ကြီးသည် ဇာတ်ပွဲများမှ ရကန္တစိုးအဝတ်အစားမျိုးဝတ်ဆင်ထားပြီး ခက်ထန်သောမျက်နှာထားဖြင့် ဆရာဦးလွန်းဘော်အားကြည့်ကာ -

"အောင်မာ - မိုက်ရိုင်းလိုက်တဲ့အကောင်။ ငါ့နတ်နန်းပေါ်ကို ဖိနပ်မချွတ်ဘဲ စော်စော်ကားကား တက်ပြီးအိပ်နေတယ်"

ဟု ဆိုကာ လက်ထဲမှ အနီရောင်ကြိမ်တုတ်ဖြင့် ဆရာ့အား ရိုက်လိုက်ပါသည်။ ကျွန်တော်လည်း လန့်ဖျပ်၍ ဆင်းပြေးရန်အထ၌ ဆရာရုတ်တရက် ထထိုင်ရင်း အထိတ်တလန့်ဖြင့် ဟိုသည်ကြည့်ကာ -

"ဒန်ပလယ်ဒီဖူး"

ဟု ရေရွတ်လိုက်ပါသည်။

ကျွန်တော့်ကို ဘာမှပြောမပြသော်လည်း ကြောက်လန့်သည့်အသွင် မြင်ရပါသည်။ ထိုစဉ်မှာပင် အလုပ်ကြပ်ဦးသူတော်ရောက်လာပြီး ဂျီအိုဖုန်းလိုင်းချပြီးကြောင်း သတင်းပို့သဖြင့် Blaster ထားရာ ပြန်ခဲ့ကြပါသည်။

Blaster ဆိုသည်မှာ ယမ်းဘီလူးများဖောက်ခွဲရန် ဒီတိုနေတာသို့ လျှပ်စစ်ဓာတ်အားထုတ်ပေးသောကိရိယာ ဖြစ်ပါသည်။ မြေအောက်ကျင်းထဲသို့ထည့်ထားသော ယမ်းဘီလူးများကို ဒီတိုနေတာနှင့်ဆက်သွယ်ထားသည့် ဝါယာကြိုးများမှတစ်ဆင့် ဗလတ်စတာကိရိယာကို ချိတ်ဆက်ထားပါသည်။

ဆိုက်စမိုဂရပ်ရိုက်မည့်စက်ဆရာ၊ ယမ်းဘီလူးဖောက်ခွဲမည့် Shooter ဆရာတို့အသင့်ဖြစ်ပြီဆိုသောအခါ အချက်ပေးဥသြမြည်သံ Alarm ပေးပါသည်။ ဥသြမြည်သံပြုလျှင် မြေအောက်ယမ်းဘီလူး Dynamite ပေါက်ကွဲတော့မည်ဖြစ်၍ ဘေးကင်းရာ၌ ငြိမ်သက်စွာနေကြရန် သင်ကြားထားပြီး ဖြစ်ပါသည်။ ဒိုင်းနမိုက်ပေါက်ကွဲလျှင် ကျောက်တုံးကျောက်ခဲ၊ မြေခဲ၊ ကေစင်ပိုက် စသည်တို့ လွင့်တက်လာလျှင် အန္တရာယ်ရှိသလို လူများလှုပ်ရှားသွားလာနေလျှင် လျှော့လိုင်းဖမ်းသော ဂျီအိုဖုန်းတို့၌ အနှောင့်အယှက်ပါသဖြင့် ဥသြသံကြားက ငြိမ်သက်စွာနေကြရန် သင်ကြားထားပြီး ဖြစ်၏။

ဥသြသံဆုံးလျှင် Shooter ဆရာက -

Ready ... 1... 2... 3 ဆိုပြီးသည်နှင့် Blaster ကို အားကုန်နှိပ်လိုက်⋯ ဆိုက်စမိုဂရပ်စက်ဆရာကလည်း ⋯ ခလုပ်နှိပ်လိုက်ချိန်သည် တစ်ပြိုင်⋯ ဖြစ်၏။ ထို့အတူ မြေအောက်ပေါ⋯ သံလည်း တစ်ပြိုင်တည်း ထွက်ပေါ⋯ ပါသည်။ ဤသည်မှာ ဆိုက်စမစ်⋯ တာရေး၏ လုပ်ရိုးလုပ်စဉ်ဖြစ်၏။

ယခုလည်း အရှင်ကြီးနတ်⋯ ပေါ်ကဆင်းလာခဲ့သော ကျွန်တော်⋯ ဆရာတပည့်နှစ်ယောက်သည် Bl⋯ ထားရာရောက်လျှင် ထုံးစံအတိုင်း ⋯ အောက်ယမ်းဘီလူးထုပ်များအတွ⋯ ဒီတိုနေတာများ ချို့ယွင်းမှုရှိ၊ မရှိ ⋯ Meter ဖြင့် ပြန်တိုင်းရပါသည်။ ဒီတို⋯ တာများ OK ပြလျှင် ဆရာက အ⋯ ပေး Ready...1...2...3 အော်⋯ ဗလတ် စတာကို နှိပ်လိုက်⋯ စ က ် က လ ည ⋯ ဖလင်လည်ပတ်၍ ရိုက်သည်။ သို့⋯ မြေအောက်မှ ဘာသံမှထွက်ပေါ်⋯ ပါ။ ဖလင်ခြောက်ပေမျှဆုံး၏။

"ဟေ့- ဖိုးကျော်၊ မင်း ဒီတိုနေ⋯ ကြိုးဆက်တာ သေချာရဲ့လား။ ⋯ အဆက်တွေ ပြန်စစ်ပြီး OHM ပြန်တို⋯"

ဟု အမိန့်ပေးသဖြင့် ကျင်း⋯ ဒီတိုနေတာကြိုးနှင့် ဗလတ်စတာမှ⋯ သောကြိုးအဆက်ကိုစစ်၏။ ဘာချို့⋯ ချက်မှမရှိ။ OHMတိုင်း၏။ OK ပြ⋯ အားလုံးကောင်းကြောင်း သတင်းပို့⋯ အလုပ်သမားများ ဟိုသည်လျှောက်⋯ သဖြင့် ဒုတိယအကြိမ် ဥသြနှိပ်ရ⋯ ဥသြသံဆုံးလျှင် ဆိုက်စမိုရိုက်စက်⋯ OK ကြောင်းကို စကားပြောစက်⋯ သတင်းပို့၏။ ဒိုင်းနမိုက်ပေါက်ကွဲ⋯ ကျင်းနှင့် ဗလတ်စတာသည် ပေသုံး⋯ ကျော်ဝေး၏။ ဗလတ်စတာနှင့် ဆိုက်⋯ စက်သည် ပေနှစ်ရာဝေး၏။ ဤမျှဝေး⋯ ပေါက်ကွဲ လွင့်စဉ်လာသော ကျောက်⋯ မြေခဲတို့မှလွတ်ပါသည်။ သို့အတွ⋯ စကားပြောစက်များ အသုံးပြု⋯ ဆက်သွယ်ရခြင်း ဖြစ်၏။

Ready...1...2...3 ဒုတိယအကြိ⋯ လည်း ဒိုင်းနမိုက်များ ပေါက်ကွဲသံထွ⋯ မလာချေ။ အင်တာကွန်းမှ အသံထွ⋯ လာ၏။

"ဟဲလို. . . မစ္စတာလွန်း၊ ဘာ⋯ သလဲ"

အင်္ဂလိပ်လိုမေး၏။

"အားလုံးOK ပြနေတယ်။ အ⋯ ရှာမရဘူး"

ဆရာလွန်း ပြန်ဖြေ၏။ အလ⋯



www.burmeseclassic.com

www.burmeseclassic.com

(ဗုဒ္ဓမြတ်စွာဘာဟောပြောခဲ့သလဲ-၁၀)

# သေဖို့ဖန်တီးပေးနေသောတရား

**ရဟန်းတို့** - သတ္တဝါတို့၏အသက် ... နည်းငယ်တိုလျှတစ်ခဏသာဖြစ် ... ရာ ဟူသော အိုခြင်းတရားသည် ... တ်ကို သေခြင်းဘက်သို့ဆောင်ယူ ... ဇရာတရားက သေဖို့ဘက်သို့ ... င်သူခြင်းခံရသော သတ္တဝါအား ... ိုးမှီခိုစရာဘာမှမရှိ။ ငြိမ်းချမ်းရာ ... ကို အလိုရှိသောသူသည် သေခြင်း ... ၌ ထိုကြောက်ဖွယ်ဘေးသုံးမျိုးကို ... အောင်ကြည့်၍ လောက၌တွယ်တာ ... ည့်တရားစုကို ပယ်စွန့်ရာ၏။

*သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊*
*ဒေဝတာသံယုတ်၊*
*၁-နဠဝဂ်၊ ၃-ဥပနီယသုတ်။*

□ မိဘဆိုတာ
**ဘုရားနှင့်တစ်ဂိုဏ်းတည်း**

**ရဟန်းတို့** - ပုဂ္ဂိုလ်လေးမျိုးတို့၌ ... သောမိုက်မဲမလိမ္မာသည့်သူယုတ် ... ဂုဏ်ကိုတူးဖြိုဖျက်ဆီးထားသဖြင့် ... ဖြစ်သော မိမိကိုယ်ကို အလုပ် ... ပြုနေသူမည်၏။ အပြစ်ရှိသူ ... ဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့စွပ်စွဲထိုက် ... ဖြစ်၏။ များစွာသောမကောင်း ... ည်း တိုးပွားစေ၏။

အဘယ်ပုဂ္ဂိုလ်လေးမျိုးတို့ဟူမူ -

**ရဟန်းတို့** - အမိ၌ဖြစ်မှားသော ... လိမ္မာသည့်သူယုတ်သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။ အဖ၌ ဖြစ်မှားသော၊ မြတ်စွာဘုရား၌ ဖြစ်မှားသော၊ မြတ်စွာဘုရား၏ တပည့်သာဝက၌ ဖြစ်မှားသော မိုက်မဲမလိမ္မာသည့် သူယုတ်သည် ဂုဏ်ကိုတူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကိုအလုပ်အကျွေးပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့စွပ်စွဲထိုက်သူလည်း ဖြစ်၏။များစွာသောမကောင်းမှုကိုလည်း တိုးပွားစေ၏။

**ရဟန်းတို့** - ဤပုဂ္ဂိုလ်လေးမျိုးတို့၌ ဖြစ်မှားသော မိုက်မဲမလိမ္မာသည့် သူယုတ်သည် ဂုဏ်ကိုတူးဖြိုဖျက်ဆီးထားသဖြင့် ဂုဏ်မဲ့ဖြစ်နေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်ရှိသူလည်းဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော မကောင်းမှုကို တိုးပွားစေ၏။

**ရဟန်းတို့** - ပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာကျင့်သော ပညာရှိလူလိမ္မာသူတော်ကောင်းပုဂ္ဂိုလ်သည် ဂုဏ်ကို မတူးဖြိုမဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူ ဖြစ်၏။ အပြစ်မရှိသူလည်း ဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့မစွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသောကောင်းမှုတို့ကိုလည်းတိုးပွားစေ၏။

အဘယ်ပုဂ္ဂိုလ်လေးမျိုးတို့နည်းဟူမူ အမိ၌ ကောင်းစွာကျင့်သော၊ အဖ၌ ကောင်းစွာကျင့်သော၊ မြတ်စွာဘုရား၌ ကောင်းစွာကျင့်သော၊ မြတ်စွာဘုရား၏ တပည့်သာဝက၌ ကောင်းစွာကျင့်သော ပညာရှိလူလိမ္မာသူတော်ကောင်းပုဂ္ဂိုလ်သည် ဂုဏ်ကိုတူးဖြိုမဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကို အလုပ်အကျွေးပြုနေသူမည်၏။ အပြစ်မရှိသူလည်းဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့မစွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော ကောင်းမှုကိုလည်း တိုးပွားစေ၏။

**ရဟန်းတို့** - ဤပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာကျင့်သောပညာရှိလူလိမ္မာသူတော်ကောင်းပုဂ္ဂိုလ်သည် ဂုဏ်ကိုမတူးဖြို မဖျက်ဆီးသဖြင့် ဂုဏ်ရှိနေသော မိမိကိုယ်ကိုအလုပ်အကျွေးပြုနေသူမည်၏။ အပြစ်မရှိသူလည်း ဖြစ်၏။ ပညာရှိတို့ မကဲ့ရဲ့မစွပ်စွဲထိုက်သူလည်း ဖြစ်သည်။ များစွာသောကောင်းမှုတို့ကိုလည်းတိုးပွားစေ၏။

*စတုကအင်္ဂုတ္တိုရ်၊ ၁- ဘဏ္ဍဂါမဝဂ်။*
*၄-ဒုတိယခတသုတ်*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

... တွလည်း လှုပ်လှုပ်ရွရွဖြစ်နေ၏။ ... ် ကျွန်တော်လည်း နေပူထဲ ... ၏။ အဖြေကားရှာမရချေ။ ဤ ... ည် ဂျီအိုဖုန်းလိုင်းနှင့်လည်း လုံးဝ ... Blaster မှ လျှပ်စစ်ဓာတ်အား ... မထွက် တိုင်းရပြန်၏။ OK ပြ ... ည်။

... ကျင်းထဲမှ ဒီတိုနေတာများလည်း ... ီတာတွင် OK ပြနေ၏။ ထိုစဉ် ... အလုပ်ကြပ်ဦးသူတော်ရောက် ... စကားဆို၏။

"ဆရာတို့ယုံတာ၊ မယုံတာမပြော ... စောစောက ကျွန်တော်လာခေါ် ... ဆရာတို့ ဟိုနတ်နန်းပေါ်မှာ တွေ့ ... ီနေရာက အမှားမခံဘူး။ အဲဒီ ... လုပ်ထားတာ ဖြစ်နိုင်တယ်။ ... ယုံတာ၊ မယုံတာ အသာထားပြီး ဒီကွမ်းယာနဲ့ ဆေးလိပ်ယူသွားပြီး ဆက်ကပ်ရင်း တောင်းပန်လိုက်ပါ"

ဟု ဆိုကာ ကျွန်တော်လက်ထဲသို့ ကွမ်းယာနှင့် ဆေးလိပ်ပေးပါသည်။ ဆရာ့အရိပ်အကဲကို လှမ်းကြည့်ရာ သဘောတူကြောင်း တွေ့ရသဖြင့် ဦးသူတော်ကိုခေါ်၍ နတ်နန်းသို့ထွက်ခဲ့ကြပါ သည်။

"ဤနတ်နန်းမှအရှင်ကြီးခင်ဗျား။ ကျွန်တော့်ဆရာသည် ဘာသာခြားလည်းဖြစ်၊ အရက်သေစာလည်း မူးယစ်နေပါသဖြင့် အမှားရှိက သည်းခံခွင့်လွှတ်ပေးပါရန် ဆရာ့ကိုယ်စား ကျွန်တော်တောင်းပန်ပါတယ်။

ဤကွမ်းယာ၊ ဆေးလိပ်တို့ကိုလည်း သုံးဆောင်တော်မူပါ"

ဆို၍ နတ်နန်းပေါ်သို့ တင်ခဲ့ပါသည်။

တတိယအကြိမ် ဥဩသံပေးပြီး အချိတ်အဆက်လုပ်ကာ -

Ready ... 1... 2 ... 3 အသံဆုံး ဗုန်းဗုန်းဝုန်း ဟူသော ပေါက်ကွဲသံကြီး ပဲ့တင်မြည်ဟည်းသွားပါသတည်း။

ယခုရေးသားတင်ပြခဲ့သောဖြစ်ရပ်သည် ၁၉၆၀ ပြည့်နှစ်က မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ရေနံရှာဖွေရေးဆိုက်စမစ်အဖွဲ့တွင် လက်တွေ့သင်တန်းတက်စဉ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်၊ နေရာဒေသမှန် လူပုဂ္ဂိုလ်များပါ အမည်မှန်အတိုင်းတင်ပြထားသော 'ဆိုက်စမစ်သင်တန်းနှင့် ထူးဆန်းသော နတ်နန်း' ဖြစ်ကြောင်းပါ ခင်ဗျား။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းစောစောဝင်လာပေမယ့် မိုးကြွင်းမိုးကျန်တွေက တစ်လထဲနှစ်ခါ ရွာလိုက်သည်။ ရွာတော့လည်း ခပ်ဖွဲဖွဲ မဟုတ် သဲသဲမဲမဲရွာခြင်းပါ။နန်းပန်တို့လို ယာသမား ချောင်းသမားတွေအတွက် တောင်ပေါ်ဆောင်းမိုးကို မုန်းသည်ဟု ပွင့်လင်းစွာပြောလိုက်ချင်သည်။

တစ်ပတ်စာ ဆန်မလှောင်ထားမိသည့် သူမိသားစုအတွက် မီးဖိုကျပ်ခိုးစင်ပေါ်က ပြောင်းဖူးခြောက်တွေ ပြုတ်ကျွေးတာ တစ်ရက်၊ နှစ်ရက်ဆိုတော့လည်း ကလေးတွေကငိုနေကြပြီ။

ဘယ်လိုချော့ကျွေးကျွေး ထမင်းစားချင်တယ်၊ ထမင်းစားချင်တယ်ဟုသာ ငိုယိုပြောဆိုရင်း ဆာလွန်းမက ဆာမှုသာစားကြတော့သည်။

"ခွန်ဆိုး၊ နင့်ကလေးတွေ ပြောင်းဖူးပြုတ်နေ့တိုင်းစားရလို့ငိုကုန်ပြီ။ ငါ အမေတို့ဆီဆန်သွားသယ်လိုက်ဦးမယ်"

အဖျားသက်သာစ ဆိုပေမယ့် သွက်လက်စွာ မသွားနိုင်သေးသည့် ယောကျ်ားကို ကလေးတွေ စောင့်ကြည့်ဖို့အပ်ရင်း ပလိုင်းကို ကောက်လွယ်ကာ မိုးကာစကိုခြုံဖို့ပြင်သည်။

"အဝေးကြီး မသွားပါနဲ့ နန်းပန်ရယ်။ အရှေ့ယာတဲက အစ်မမှာ ဆန်ရှိတယ်။ သွားချေးလိုက်ပါဟာ"

"နင့်အစ်မနဲ့ စကားများထားတာ အမေ့ဆီပဲသွားမယ်။ မိုးကတစ်ပတ်လောက်စွေမှာတဲ့"

သူ ဘယ်လိုတားတား နန်းပန်မှာတော့ သူ့ကလေးတွေအတွက် မိုးသည်းသည်းမှာထွက်သွားပြီ။ အချိန်က မနက်ငါးနာရီသာရှိသေးသည်။တောင်တစ်လုံးကျော်မှရောက်မည့် သူ့အမေရွာကို ဖိနပ်မပါဘဲ မိုးသည်းသည်းမှာ ခြေလှမ်းသွက်သွက်လျှောက်နိုင်မှ ဆယ်နာရီလောက်ရောက်မှာ. . .။

ညဘက်မှောင်မှ ပြန်ရောက်မှာဖြစ်လို့ မိန်းမကို စိတ်မချစွာ တဲအပြင်ထိလိုက်ပို့ရင်း -

"မမှောင်ခင်ပြန်ခဲ့နော်။အမျိုးတွေတွေ့တာနဲ့ စကားပြောမနေနဲ့"

သေချာမှာရင်း မိုးသည်းသည်းအောက်မှာ တောင်ပေါ်တက်သွားသည့် ဇနီးသည်ကို မျက်စိတစ်ဆုံးကြည့်နေမိတော့သည်။

❑

မနေ့ကထက်ဒီနေ့မိုးက ပိုသည်းလာသည်။ နန်းပန်သွားပြီး လေမုန်တိုင်းပါတိုက်လာသလို တဲအမိုးတွေတောင်လန်ကုန်သည်။ ကလေးနှစ်ယောက်နှင့် သူ့မိုးကာအောက်မှာ ပွေ့ဖက်ရင်း ငိုယိုပြီး ထမင်းတောင်းနေသောကလေးတွေအတွက် ဆန်လေးနှစ်ပြည်၊ သုံးပြည်ရဖို့ သည်းထန်သောမိုးအောက်မှာ တစ်ယောက်တည်း ဘယ်လိုခရီးဆက်သွားတာလဲ၊ အဆင်ပြေပါ့မလား တွေးပူမိသည်။

စောစောကသည်းသည်းရွာသည့်မိုး နေ့လယ်ဘက်မှာ ခဏမျှငြိမ်သွားသည်။

"ခွန်ဆိုးရေ၊ ခွန်ဆိုး၊ နန်းပန်"


"နန်းပန်မရှိဘူးအစ်မ၊ သူ့အမေရွာသွားတယ်"

"ဟယ်-မုန်တိုင်းရှိတယ်တဲ့။ မြို့[illegible] ရောက်နေတဲ့ ကျောင်းဆရာက [illegible] တယ်။ နင့်တဲတွေလည်း အမိုးလန်[illegible] ပြီ။ ကလေးတွေအတွက်ဆန်လိုမယ်[illegible] လို့ငါသယ်လာတာ"

ပလိုင်းထဲက ပလတ်စတစ်အိတ်[illegible] အထပ်ထပ်ထုပ်ထားသည့် ဆန်တစ်[illegible] လောက်ကို မြေအိုးအဖုံးဖွင့်ထည့်[illegible] နောက်တစ်ထုပ်ထပ်ဖွင့်ပြန်သည်။

"ကောက်ညှင်းပေါင်းတွေယူ[illegible] သေးတယ်ဟဲ့။ ငါတို့မှာလည်း ဆန်[illegible] တစ်ပတ်စာပဲဝယ်ထားလို့ အများ[illegible] မပေးနိုင်ဘူး"

ခွန်ဆိုး ကလေးတွေအတွ[illegible] ထမင်းချက်ပေး၊ တဲအမိုးကူပြင်ပေး[illegible] သူ့အစ်မ နောက်တစ်မိုးမသည်းခင်[illegible] သွားသည်။ ညနေမစောင်းမီ နော[illegible] တစ်မိုးထပ်သည်းလာချိန် လေက[illegible] ပြင်းတိုက်သည်။ တစ်ယောက်တည်[illegible] ထွက်သွားသည့် နန်းပန်ကို မျှော်လည်[illegible] မျှော်ပါလျက်ပြန်လာမှာလည်းစိုးသည်[illegible]



မိုးသည်းသည်းမှာ တောင်ပေါ်ပြန်တက်ဖို့ဆိုတာ ခက်ခဲသည်ကိုစွပါ။

တဲလေးထဲမှာ မီးရောင်လည်[illegible] မိုးကလည်းသည်း သားအဖသုံးယော[illegible] အစ်မချက်ပေးခဲ့သည့်ထမင်းကို [illegible] ထောင်းကျန်တာလေးနှင့် ဝမ်းပြည့်[illegible] ခဏမှေးလိုက်တာ မနက်မိုးလင်[illegible] တော့သည်။

"နန်းပန်၊ နန်းပန်"

ခွန်ဆိုး ရိုးရိုးချင်း မိန်းမနာမည်[illegible] တိုးလေးခေါ်ကာ မီးဖိုဘက်လှမ်း[illegible] သည်။ မိုးကသည်းသည်းထန်ထန်[illegible] တော့ပေမယ့် ရွာလိုက်တိတ်လိုက်[illegible] နေဆဲပါ။ မုန်တိုင်းက ဘယ်လော[illegible]



www.burmeseclassic.com

www.burmeseclassic.com

...လဲ။

...န် အစောကြီး ဘယ်ပြန် ...ပါလိမ့်။ ညက သူမပြန်လာ ...အသေအချာမြင်တာပါ။ ပဲပုပ် ...တွေစားပြီး နေ့ခင်းဘက်က တဲ ...တုန်းက မိုးမိပြီး ကိုက်ခဲနေလို့ ... တဲထဲဝင်လာချိန် စကားမပြော ...တော့ သတိထားမိသည်။

...သည်းသည်းမှာ ကလေးတွေ ... ဆန်သွားယူသည့် နန်းပန်ဆန် ... လူသာပြန်လာတာ သူမိဘတွေ ...ည်း ဆန်ကုန်နေတာများလား။ ...မဖြစ်သူပေးထားသည့်ဆန်ကို ...စ်ယောက်အတွက်သာချက်ပြီး ...န်းပန်အတွက် ပြောင်းဖူးခြောက် ...သာ နှုံးအောင်ပြုတ်သည်။

...နက်ဖြန်ဆိုရင် မုန်တိုင်းပြီးတော့ ...အားလည်းပျောက်စပြုပြီဖြစ်လို့ ...တိုက်ခင်းတွေ သွားကြည့်ရမည်။

မိုးသည်းသည်းကြောင့် အပင်တွေသေကုန်ပြီ လား။ တောင်ပေါ် ရေစီးကြောင့် မျောပါ သွားကြသေးလား။ ကိုယ်တိုင်သွားကြည့် မှသိရမှာ။ နန်းပန် ရောက်ရောက်ချင်း ယာခင်းထဲသွားသ လား တွေးမိပြန် သည်။

"ခွန်ဆိုး ခွန်ဆိုး ငါ့ကိုလာ ခေါ်ပါ။ငါကြောက် တယ်"

ခေါင်းရင်းထရံ မှာကပ်ခေါ်နေသည့် နန်းပန်အသံကြောင့် ခွန်ဆိုးရုတ်တရက်

လန့်သွားမိသည်။ နန်းပန်အသံ က တစ်ခုခုကြောက်လန့်နေသံမှန်း သတိထားမိသည်။

"နန်းပန်ဘာဖြစ်တာလဲ ဝင်ခဲ့လေ ဝင်ခဲ့"

❑

ခွန်ဆိုး နေ့ခင်းဘက်မှာ နေကောင်း သွားလာလုပ်ကိုင် ရတာမပင်ပန်းပေမယ့် ညဘက် ရောက်တာနှင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။



(ကလောင်) ခင်မမလင်း

# နန်းအိုင်ချောင်းက ငိုရှိုက်သံများ



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ယောက်ဘေးမှာ အိပ်ရင်း ညနေစောင်းပြန်လာမယ်ပြောသည့် နန်းပန့်နှစ်ရက်ရှိပြီး မနေ့က ညဘက်ပြန်လာတာမြင်ရပြီး မနက်လင်းတော့ ဘယ်ပြန်ထွက်သွားမှန်းမသိ။ ဘာစကားမှလည်း ပြောမသွားလို့ စိတ်ထဲမှာကြိတ်ပြီး ဒေါသထွက်လာသည်။ အစ်မကတော့ သူတို့သားအဖအတွက် ထမင်းလာပို့ပြီး ညနေစောင်းထိ အိမ်မပြန်သေးဘဲ သူတို့သားအဖဘေးမှာဆိုင်နေသည်။

"အစ်မ၊ မျက်လုံးတွေကအစ်လို့ ငိုထားတာလား။ ယောက်ဖအိရက်သောက်ပြီးရမ်းပြန်ပြီထင်တယ်"

"မဟုတ်ပါဘူး မောင်လေးရယ်။ သိပ်နေမကောင်းလို့ပါ။ မင်းခြေထောက်ငုတ်စူးတဲ့ ဒဏ်ရာသက်သာပြီလား။ အစ်မနဲ့သွားစရာရှိတယ်။ မိုးလည်းသိပ်မရွာတော့ဘူး"

"ဘယ်သွားမှာလဲ။ ကလေးတွေထားခဲ့လို့ နန်းပန်ပြန်လာမှသွားရအောင်အစ်မ"

"အေး၊ အေး"

ခေါင်းညိတ်ရင်း မျက်ရည်တွေကျလာသည့်အစ်မကို -

"ဘာဖြစ်တာလဲ၊ ယောက်ဖရိုက်ပြန်ပြီလား။ ကျွန်တော် ဝါးတုတ်နဲ့ရိုက်မယ်"

ပြောပြီး တဲထောင့်မှာထောင်ထားသည့်ဝါးစိမ်းတုတ်ကိုလှမ်းဆွဲသည်။

"အမလေး - မဟုတ်ပါဘူး ခွန်ခိုးရယ်။ ခြေထောက်နာမြန်မြန်ပျောက်အောင်သာလုပ်ပါဆို"

ခွန်ဆိုး အစ်မကိုလည်း သနား၊ နန်းပန်ကိုလည်း စိတ်ပူကာ ခြေထောက်အနာကို မြန်မြန်ပျောက်ဖို့ နနွင်းမှုန့်တွေဖိသိပ်ကာ လက်ဖြင့်တဖျတ်ဖျတ်ရိုက်နေမိသည်။

"အစ်မ မနက်ဘက် ယာခင်းသွားရင် ငါတို့စိုက်ခင်းလည်းဝင်ကြည့်ပေးဦး"

အစ်မကို သေချာမှာရင်း ခွန်ဆိုးတို့သားအဖ တဲလေးအတွင်းမှာ မီးမွှေးကာ နန်းပန်ကိုမျှော်နေမိသည်။

"အမေ၊ အမေ ပြန်လာပြီ"

အငယ်ကောင် သုံးနှစ်ကလေးက တဲဝကိုပြေးထွက်ရင်း ဝမ်းသာအားရအော်လိုက်တာကြောင့် ခွန်ဆိုးမီးဖိုဘေးက ဝါးတုတ်ကောက်လေးဆွဲကာ တဲတံခါးကိုလှမ်းကြည့်ဖြစ်သည်။

"ဟုတ်တယ်ဟေ့ မင်းတို့အမေပြန်လာပြီ။ သားကြီး ပလိုင်းသွားယူသယ် ‌ဧလကွာ"

"ဟာ - အဘကလည်း အမေလည်းမလာသေးဘဲနဲ့ ညီလေးလျှောက်ပြောနေတာ။ မီးတိုင်နဲ့သေချာကြည့် မှောင်မည်းနေတာပဲ။ သရဲခြောက်တာနေမှာပေါ့"

"ဘာကွ"

စိတ်ဆိုးစွာ အကြီးကောင်ခေါင်းကိုထုလိုက်မိသည်နှင့် အော်ငိုသံထွက်လာတော့သည်။

"အီး ဟီး ဟီး - အမေလည်း ပြန်မလာသေးဘဲနဲ့ လျှောက်ပြောပြီး ငါ့ကိုရိုက်တယ် အမေလာရင် တိုင်မယ်တိုင်မယ်"

သားကြီးအိုက်ပေါင် ငိုသံကြောင့် အငယ်ကောင် အိုက်မောင်ပါငိုတော့သည်။

"ဒီမိန်းမရောက်လာပြီးမှတော့ ဝင်လာပေါ့။ အစ်မနဲ့ စကားများမခေါ်ပေမယ့် သူမရှိတဲ့အချိန်တွေ ကလေးတွေစားသောက်ဖို့ အစ်မချက်ပြုတ်ပေးရတာ"

အစ်မ ဝင်ထွက်နေတာမြင်ပြီး စိတ်ဆိုးလို့ ပြန်ထွက်သွားတာများလား။

"နန်းပန်ရေ ပြန်လာခဲ့တော့ဟေ့။ နင်စိတ်ဆိုးလည်း အစ်မက နင့်ကလေးတွေစားဖို့ လာလုပ်ကိုင်ပေးနေတာ နင်တောင် ကျေးဇူးတင်ရဦးမှာ"

ခွန်ဆိုး အကျယ်ကြီးအော်ပြီး နင်လက်ထဲက ဝါးတုတ်နှင့်တဲကြမ်းပြင်ကို စိတ်ဆိုးစွာ တဖြန်းဖြန်းရိုက်နေမိသည်။

စောစောက ငိုနေသောကလေးနှစ်ယောက် အသံတိတ်လျက် အိပ်ရာရှိရာ ဝင်ပြေးကုန်သည်။ တစ်ညလုံး ညဘက်အိပ်မပျော်ပဲ မိုးလင်းမှအိပ်ပျော်သွားတော့သည်။

❑

"အမေ ပြန်လာပြီ အဘ"

"ဘယ်တုံးကလဲ သား၊ ခု ထမင်းချက်နေပြီလား"

"ညက သားတို့ဘေးမှာဝင်အိပ်နေတာပဲ။ သားတို့ကို ကောင်းကောင်းနေလို့လည်း ပြောတယ်။ မိုးလင်းမှထသွားတာ။ အိုးထဲဆန်ထည့်သံတော့ကြားတယ်"

အိုက်ပေါင်စကားကြောင့် သူမီးဖိုထဲဝင်ကြည့်ဖြစ်သည်။ အိုးခွက်ပန်းကန်တွေက ညကထားခဲ့သည့်အတိုင်း ပုံစံမပျက်ရှိနေတာဘဲ။

မီးဖိုဘေးက ဆန်အိုးလေးတော့ အဖုံးပွင့်နေသည်။ ဆန်တွေကတော့ မနေ့ညကအတိုင်း အိုးကပ်ခွက်ကပ်သာကျန်တော့သည်။

"တောက်-ပြောတော့မမောင်ခင်ပြန်ခဲ့မယ်တဲ့။ ပြန်လာပြီဆိုရင်လည်း ကလေးတွေစားဖို့ ထမင်းလေးတော့ချက်မှပေါ့ တွေ့မယ် ဒီမိန်းမ"

ခြေထောက်အနာကို ဂရုမစိုက်နိုင်။ ဒေါသလည်းထွက်။ မေးချင်ပြောချင်တာတွေလည်းများနေသည့် ခွန်ဆိုး အလင်းရောင်လာတာနှင့် ဝါးတုတ်လေးကောက်ကာ ယာခင်းဘက်ထွက်ခဲ့၏။

ရွှံ့စေးမြေတို့ကြောင့် ချော်မလဲအောင် သတိထားလျှောက်ရင်း ခပ်ဝေးဝေးက ယာခင်းဆီလှမ်းကြည့်ဖြစ်သည်။

"ဟေး - နန်းပန်၊ နန်းပန်"

ဒေါသစိတ်တွေပျောက်ကာ ဝမ်းသာစိတ်ကြောင့် အားကုန်အော်ခေါ်ရင်း တောင်စောင်းလေးမှာစိုက်ထားသည့် ယာခင်းလေးရှိရာသွက်သွက်လှမ်းခဲ့သည်။

"နန်းပန်ရေ၊ နန်းပန်"

ယာတဲအမိုးလေးက မိုးကြောင့် ယိုင်လဲပြိုကျတော့မ ည်။ အကာတွေပျက်စီးသွားပြီး ဂေါ်ဖီစိုက်ခင်းထဲက ကုန်းကုန်းကွကွနှင့် အပင်တွေပျက်စီးကာ လိုက်ကြည့်နေသော နန်းပန်ဘယ်ရောက်သွားပါလိမ့်။

"ဒီမှာ နန်းပန်ပလိုင်း"

သိုင်းကြိုးအနီတွဲထားသော နန်းပန်ပလိုင်းက မြေကြီးတွေပေလူးလျက် တစ်ချို့နေရာတွေက ပေါက်ပြဲနေ၏။

ဝယ်ထားသော သိပ်မကြာသေးပါလျက် ဒီလောက်စုတ်ပြတ်သွားတာ ဟုတ်ကောဟုတ်ရဲ့လားဟု တွေးနေမိသည်။

"နန်းပန်ရေ၊ နန်းပန်"

စောစောက ဂေါ်ဖီထုပ်စိုက်ခင်းမှာတွေ့လိုက်ရသော နန်းပန် တောင်စောင်းပေါ်တက်သွားတာ မြင်နေရသည်။ ဒီတောင်စောင်းမှာ ငရုတ်ပွတွေစိုက်ထားတာ ပျက်စီးကုန်သလားသွားကြည့်တာဖြစ်လိမ့်မည်။

ဆက်မလိုက်နိုင်သော ခွန်ဆိုး ယိုယွင်းပျက်စီးနေသော တဲအောက်က ကွပ်ပျစ်လေးမှာ ထိုင်စောင့်နေမိသည်။ စိုက်ခင်းတွေလိုက်ကြည့်နေသောနန်းပန် ပြန်ဆင်းလာလျှင် မဖြစ်မနေ ဒီတဲရှေ့ကဖြတ်လျှောက်ရမှာပဲ။

ခြေထောက်ကအနာ ပိုဆိုးသွားမလားတွေးပြီး တဲမှာငုတ်တုတ်ထိုင်စောင့်ရင်း ကျောတွေအောင့်ကာ ကွပ်ပျစ်လေးမှာပဲ လှဲအိပ်လိုက်သည်။ မျက်လုံးမှိတ်ထားလို့တော့မဖြစ်။ နန်းပန် သူ့မမြင်ဘဲ ပြန်သွားမှာစိုးသည်။

သိပ်မကြာလိုက်။ တောင်စောင်းဆင်းလာသည့် ခြေသံတဖျပ်ဖျပ်ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"နန်းပန်၊ နန်းပန် ငါ နင့်ကိုစောင့်နေတာ"

နှုတ်ကထွက်မလာသော စကားတွေကြောင့် ရုတ်တရက်ထဖို့ကြိုးစား...တ်သည်။ လေးလံသောကိုယ်လုံးက ...ပါ မှာဖိထားသလို မျက်လုံးထဲလည်း ...ာင်မည်းသွားလိုက်တာ ညဘက် ...တ်နေတာများလား။

❑

နန်းပန် တစ်ကိုယ်လုံး ရေတွေရွှဲ...နေသလို မျက်နှာမှာလည်း ခြစ်ရာ...ကြောင့် သွေးစတွေထွက်နေသည်။ ...ဆံပင်ကို ဖက်ကာ ငိုလည်းငို၊ ရန်တွေ့...ားလည်းပြောတော့သည်။

"နင်အလကားယောကျ်ားပဲခွန်ဆိုး၊ ...ပစ်ထားတယ်။ ငါဒုက္ခရောက်နေ...တာ မသိဘူးမဟုတ်လား အီး ဟီး ဟီး"

"နင် ပြန်လာပြီး အိမ်ထဲဝင်လိုက်...လိုက်နဲ့ ထမင်းအိုးတောင်မချက်ဘဲ...လေးတွေပစ်ထားတဲ့မိန်းမ နင်ကော...င်းလို့လား"

"နင် ငါ့ကိုလာခေါ် မဟုတ်ရင် ခွင့်...တ်ဘူး"

"နင်အိမ်နင်ပြန်လာပါလား။ ငါ...တော့ နေ့နေ့ညည မျှော်နေရတာ ...ဘာသာကိုယ်ပြန်ခဲ့။ ငါ့ကလေးတွေ့...တ် ထမင်းပြန်ချက်ဦးမယ်။တစ်ကိုယ်...စ်နေတာ တစ်ခါတည်းပြန်လိုက်ခဲ့"

"မလိုက်သေးဘူး နင်လာခေါ်မှ ...မယ်"

နန်းပန်ကို တော်တော်ဒေါသဖြစ်...သည်။ တစ်ခါထဲလိုက်ခဲ့ပါဆို လာ...ပြန်မယ်တဲ့။

"နေခဲ့ ပြန်လာချင်လာ၊ မလာချင် ...ယာတဲထဲမှာပဲနေတော့"

ခွန်ဆိုး စကားဆုံးတာနှင့် နန်းပန် ...ာခိုးထွက်လိုက်သည်။

"မသွားသေးပါနဲ့ ခွန်ဆိုး၊ ငါ့ကို ...ါဦး"

"လွှတ်ကွာ၊ ကလေးတွေဆာနေ...ယ် ငါပြန်တော့မယ်"

"ငါ့သားလေးတွေ ရှင်ပြုပေးပါ ...ငါ့တိုလည်းလာခေါ်ပါ"

"အိမ်ကျမှပြောပါ နန်းပန်ရယ် ...ရစေ၊ နင်နေခဲ့ချင်နေခဲ့တော့"

"ခွန်ဆိုး မကောင်းတဲ့ယောကျ်ား ...အီး"

နန်းပန်ငိုသံက ကျယ်လောင်စွာ ...တော့ သူ့လန့်သွားသလို မျက်...င်ကြည့်သည်။

"မောင်လေး၊ မောင်လေး"

"အဘ၊ အဘ"

အစ်မခေါ်သံ၊ သားကြီးအိုက်ပေါင်ခေါ်သံတွေကြောင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ သူ့အိပ်တုန်းက ယာထဲလေးထဲမှာပါ။ ခုအိမ်ရောက်နေပြီ။ မယုံသလို အစ်မလက်ကိုဆွဲကိုင်ရင်း-

"ငါ ယာတဲထဲမှာ နန်းပန်ကိုစောင့်နေတာ မဟုတ်လား"

ဟုမေးဖြစ်သည်။

"အေး - ညနေစောင်းအထိ ပြန်မလာလို့ ငါတို့လိုက်ရှာတာ။ နင်မေ့လဲနေလို့ ယောက်ဖက ကျောပိုးပြီးခေါ်လာရတာ"

"ဟင်"

နန်းပန်ကိုမေးတော့ ဘယ်သူမှ မဖြေချင်ပဲ စကားလွှဲပြောကြသည်။ အိုက်ပေါင်အိမ်ရှေ့ပြေးထွက်ကာ -

"အမေ မြန်မြန်ပြန်လာပါ။ အဘနေမကောင်းဘူး၊ သားတို့လည်း လွမ်းတယ် အီးဟီးဟီး"

ဟုခေါ်လည်းခေါ် ငိုလည်းငိုနေတာကြောင့် ခွန်ဆိုးဒေါသထွက်လာမိသည်။

"အစ်မ နန်းပန်ကို အိမ်ထဲမဝင်စေနဲ့။ ယာတဲမှာတွေ့ရဲ့သားနဲ့ပြန်မလာဘူး။ အစ်မတို့ပြန်သွားတာနဲ့ တံခါးတွေသေချာပိတ်ခဲ့တော့"

ထိုညက တစ်ညလုံး တံခါးထုရိုက်သံကြားရပြီး နန်းပန်ခေါ်သံကြားလိုက်၊ ပျောက်သွားလိုက်ဖြစ်နေပေမယ့် သားနှစ်ယောက်ကိုဖက်ပြီး အိပ်ပျော်အောင် အိပ်ပစ်လိုက်တော့သည်။

❑

ရာသီဥတု ကြည်လင်သွားသလို မိုးသားမဲတွေလည်းမရှိတော့ပါ တောင်ပေါ်ဆောင်းရဲ့နေရောင်က နွေးနွေးထွေးထွေးရှိနေသည်။

ဆောင်းငှက်ကလေးတွေအော်သံက ခွန်ဆိုးတဲဘေးက ပင်စိမ်းပင်ပေါ်မှာ ဆူညံနေသည်။ မိုးလင်းတာနှင့် နန်းပန်ကို သတိရကာ ညက တံခါးပိတ်ထားလို့မဝင်ရဘဲ ထင်းတဲလေးမှာရှိနေမလား ဝင်ကြည့်လိုက်တော့ ယာထဲမှာ သူတွေ့ခဲ့သော ပလိုင်းဟောင်းကြီးတွေ့လိုက်ရသည်။

"နန်းပန် နန်းပန် နန်းပန်ရေ ဟေး နန်းပန်"

ခွန်ဆိုး စိတ်မရှည်နိုင်တော့သလို အိမ်ဘေးအနှံ့လိုက်ရှာ၊ အိမ်ထဲလည်းဝင်လိုက်ထွက်လိုက်လုပ်ကာ အော်ခေါ်နေတော့သည်။

သူ့အော်သံကြောင့် ကလေးနှစ်ယောက်လုံးလန့်နိုးကာ 'အမေ အမေ' ခေါ်လျက် ငိုသံတွေထွက်လာသည်။ မိုးတိတ်သွားပြီး ကြည်လင်စရာသီဥတုမှာ မြို့တက်ဝယ်စရာရှိသူတွေထွက်လာကြသည်။မြို့ကရောက်လာကြသူတွေလည်း ခွန်ဆိုးတို့ တဲလေးရဲ့ ခပ်လှမ်းလှမ်းက မြေနီလမ်းလေးမှာ သွားလာနေကြသည်။

သူတို့သားအဖ ခေါ်သံငိုသံတွေကြောင့် သွားရာလမ်းကို မဆက်ဖြစ်သေးပဲ တဲလေးရှိရာရောက်လာပြီ။

"ဘာဖြစ်တာလဲ"

"နန်းပန်တစ်ခုခုဖြစ်လို့လား"

ဟု ဝိုင်းမေးကြမှ သူသတိဝင်လာသည်။

"နန်းပန် ဘာမှမဖြစ်ပါဘူး။ သူ့မိဘတွေရွာက ပြန်လာပြီး အိမ်ထဲမဝင်လို့ စိတ်ဆိုးပြီးအော်ခေါ်နေတာပါ"

"နန်းအိုင်ရွာကို သွားတာလား။ ဘယ်တုံးကလဲ ခွန်ဆိုးရဲ့"

"မုန်တိုင်းမကျခင် မနက်ကပေါ့။ ဘာဖြစ်လို့မေးတာလဲ ဒေါ်နန်းအေး"

"ဒုက္ခပါပဲ နင် ဒီလိုပဲ ထိုင်စောင့်မနေနဲ့လေ။ နန်းအိုင်ရွာလိုက်သွားသင့်တာပေါ့။ ကလေးတွေ ဟိုဘက်အိမ်မှာ အပ်ခဲ့"

"ဘာဖြစ်လို့လဲ ဒေါ်နန်းအေးရဲ့ နန်းပန်ပြန်ရောက်နေပါပြီ။ မနေ့ကတောင် တောင်စောင်းကယာထဲမှာတွေ့သေးတယ်"

"ဒါဆို ဘာဖြစ်လို့ အိမ်ပြန်မလာသေးတာလဲ။ ကလေးတွေလည်းငိုကုန်ပြီ"

"မသိပါဘူးဗျာ၊ နန်းအိုင်ရွာလိုက်သွားမယ်။ အိမ်ဘေးမှာရစ်သီရစ်သီလုပ်ပြီး ပြန်မလာတဲ့မိန်းမ သူ့မိဘတွေနဲ့တိုင်မှဖြစ်မယ်"

အစ်မကတော့ စကားတစ်ခွန်းမှ မပြောပဲ မျက်နှာမကောင်းစွာ ကလေးနှစ်ယောက်ချော့ခေါ်ရင်း တစ်ဖက်စိုက်ခင်းထဲက တဲအိမ်လေးမှာအပ်ခဲ့သည်။

"နန်းပန်ကို စိတ်မဆိုးပါနဲ့တော့။ သူ့မှာလည်း ပြန်မလာချင်လို့မှမဟုတ်ဘာ။ မင်းဒေါသထွက်နေတာ သိရင်စိတ်မကောင်းဖြစ်လိမ့်မယ်"

"ဘယ်လိုတွေးတွေး ဒေါသဖြစ်စရာပါအစ်မ။ ပြန်လာတာမြင်တာပဲ၊ အိမ်ထဲမဝင်ဘဲ ဘေးကခေါ်လိုက်၊ ထွက်သွားလိုက်လုပ်နေတာ စိတ်မဆိုးပဲရှိပါ့မလား။ လင်နဲ့သားတွေအပေါ် သံယောဇဉ်မရှိတဲ့မိန်းမ"

နန်းပန်မိဘတွေမှာ အိမ်ရှေ့င်



www.burmeseclassic.com

www.burmeseclassic.com

မကျသေးသည့် သားနှစ်ယောက်ကျန်သေးသည်။ သူ့မောင်တွေကိုအားနာပေမယ့် ဒီမိန်းမလုပ်ပုံမဟုတ်တာတော့ပြောမှဖြစ်မည်။ တောင်ပေါ်အဆင်းလမ်းက မိုးသည်းထန်လွန်းလို့ ချော်မလဲအောင် သတိထားနေဆဲ ခွန်ဆိုးရုတ်တရက်ကြီး ပစ်လဲကျတော့သည်။

"ဟဲ့ဟဲ့- နာသွားသေးလား ထနိုင်ရဲ့လား နန်းပန်ရယ် စိတ်မဆိုးပါနဲ့။ နားလည်ပေးကြပါ"

* * *

နန်းအိုင်ချောင်က တောင်နှစ်လုံးကြားမှာ ရေစီးသန်စွာစီးဆင်းနေခြင်းပါနွေနှင့် ဆောင်းမှာ ရေကြည်လင်နေသော်လည်း မိုးတွင်းမှာတော့ရေစီးလည်းသန် တောင်တန်းပေါ်က သစ်ရွက်သစ်ဆွေးတွေသာမက အထက်ဘက်ရွာက အမှိုက်တွေလည်းပါလာတတ်သည်။

နန်းအိုင်ချောင်းအပေါ်ဘက်မှာတော့ နန်းသဲရွာကြီးရှိသည်။ မြို့နှင့်လည်းနီး၊ တောင်ယာစပါးလည်းစိုက်သည့်ရွာကြီးမို့ နန်းအိုင်ချောင်းဘေးကရွာလေးတွေ စားသောက်စရာ ဆန်ဆီတွေ နန်းသဲရွာမှာပဲ ဝယ်ကြသည်။ တကယ်အေးချမ်းသည့်ရွာကလေးဖြစ်သည်။ နန်းအိုင်ချောင်းဘေးက မိန်းမရွာလေးရှိရာတောင်ပေါ်မှ ခွန်ဆိုးလှမ်းကြည့်လိုက်သည်။

တဲလေးတွေစီတန်းလို့ စိမ်းလန်းသော စိုက်ခင်းတွေမရှိတော့ဘဲ ပြိုကျပျက်စီးနေသောတဲအိမ်တွေ ဟိုတစ်ချို့ ဒီတစ်ချို့ပြန့်ကျဲနေသော အိုးခွက်ပန်းကန်အဝတ်အစားတွေကို တောင်ပေါ်မှ မြင်နေရသည်။

"အစ်မရေ၊ နန်းပန်တို့ရွာ သူတို့ရွာလေးဘယ်ရောက်သွားပြီလဲ"

ယောက်ျားဆိုသည့်အသိနှင့် အားတင်းလို့လည်းမရ အရူးတစ်ယောက်လို တောင်စောင်းတစ်လျှောက် ပြေးဆင်းပြီး -

"နန်းပန်ရေ၊ နန်းပန်"

ဟု အော်ခေါ်ကာ ငိုလိုက်မိတော့သည်။

သူတို့လို ဆွေမျိုးမိတ်ဆွေတွေလိုက်ရှာသူတွေ ချောင်းတစ်လျှောက်မှာ အသက်ရှင်လိုရှိငြား အော်ခေါ်သံ အိမ်ပြိုအိမ်ပျက်တွေဆွဲလှန်ရှာဖွေနေသူတွေ အများအပြားရှိနေကြသည်။

ခွန်ဆိုးအော်ငိုသံကြောင့် စိတ်မကောင်းဖြစ်ကြပေမယ့် ဘယ်လိုမှမတတ်နိုင်တဲ့အခြေအနေပါ။

"မိုးကနှစ်ရက်သုံးရက်ဆက်တိုက်ရွာထားတာ တောင်ပေါ်ရေတွေအလုံးအရင်းနဲ့ဆင်းလာပေမယ့် နန်းသဲရွာကြီးက ကျောက်တုံးတွေကြောင့် ပုံမှန်မစီးဆင်းနိုင်ဘူး"

ဆောင်းကုန်ပြီဆိုတာနှင့် နန်းသဲရွာကြီးက နန်းအိုင်ချောင်းရေတွေကို ရွာအောက်ဘက်မှာ ကျောက်တုံးအကြီး၊ အသေးတွေ၊ ထုံးအိတ်တွေနှင့်တားကာ ရေစီးတာကို အပေါက်ကျယ်လေးသာ ဖွင့်ထားပေးတတ်သည်။

ဒီရွာအောက်ဘက်မှာရှိသည့် နန်းပန်တို့ရွာလေးအတွက် ရေလုံလောက်အောင်ရပေမယ့် စိုက်ခင်းတွေရေလောင်းဖို့ ချောင်းရေကို ထမ်းပိုးတွေနှင့် ထမ်းလောင်းရသည်။

ဒီနှစ် ဆောင်းမုန်တိုင်းကတော့ ကံဆိုးလှစွာ ရေကာတာလိုတားထားသော နန်းသဲရွာအောက်ရှိ ကျောက်တုံးတွေကြောင့် ထိန်းမထားနိုင်သော ရေအားကသန်လည်းသန်၊ မြန်လည်းမြန်စွာ ကာရံထားတာတွေကို တိုက်ချပစ်လိုက်သည်။

ပုံမှန်စီးဆင်းလျှင် အိမ်တွေရေမြုပ်ရုံသာရှိလိမ့်မည်။ ကာရံထားသည့် ကျောက်တုံးထုံးအိတ်တွေကြောင့် ဆည်တစ်ခုလိုဖြစ်နေသော၊ ရေတွေအထက်က မပြတ်စီးလာသော တောင်တန်းတွေက ရေတွေထုထည်ကြီးမားစွာ ကျောက်တုံးထုံးအိတ်တွေတိုက်ချပြီး နန်းအိုင်ရွာလေးကအိမ်တွေကို တိုက်စားသယ်ဆောင်သွားသောညက ကမ္ဘာပျက်သည့်အလား အော်သံ၊ ငိုသံတွေဆူညံသွားတော့သည်။

❑

တစ်ရွာလုံးနီးပါးကို ကြီးမားသော ရေလုံးကြီးက အရှိန်ပြင်းစွာတိုက်စားသယ်ဆောင်သွားခဲ့ပြီ မုန်တိုင်းပြီးလို့ အလောင်းတွေလိုက်ရှာကြသော်လည်း တချို့မှာ ချောင်းရေနှင့်အတူ မြေပြန့်ဘက်စီပါသွားကြလို့ အကုန်မတွေ့တော့ပါ။

နန်းပန်အလောင်းလည်း ပျောက်နေသည့်စာရင်းမှာပါသည်။ သူ့ကိုလာခေါ်ပါဟု အိပ်မက်မှာ သနားစဖွယ်တောင်းပန်နေသည့်မျက်နှာကို တရစ်ဝဲဝဲမြင်ယောင်ရင်း ချောင်းတစ်လျှောက်ရှာဖွေသူတွေနောက်လိုက်ကာရှာသော်လည်း နန်းပန်အလောင်းသာမဟုတ်၊ မိသားစုသုံးယောက်စလုံး အလောင်းပါပျောက်ဆုံးနေတော့သည်။

"အမေ၊ အမေပြန်မလာတော့ဘူးလား။ အဘိုးတို့ရွာလိုက်ခေါ်ပေးပါ"

ဟု အငယ်ကောင်လေးက ညဘက်တွေယောင်ပြီး ထငိုတတ်သလို သားအကြီးကတော့ -

"အဘ၊ အမေအိမ်ရှေ့မှာချော
နေပြီ။ အမေ လာ၊ လာ သားတို့မျှော
ကြတာ"

ဟု ညဖက်မှောင်ရီပျိုးမှာ ဝင်
အားရထအော်တတ်သည်။

ကလေးတွေကို မင်းတို့အမေ
ပြီလို့မပြောရက်လို့ ညဘက်တစ်ယော
တည်း မျက်ရည်ကျရင်း -

"မင်းတို့အမေမြို့တက်သွားတ
အဘိုးဆေးရုံတက်လို့ စောင့်ပေးရ
တော်တော်နဲ့ပြန်မလာနိုင်ဘူး။ လိမ်
မာမာနေလို့ မှာလိုက်တယ်"

ဆိုသည့်စကားပြောထားပေ
ဘယ်ချိန်ဘယ်ကာလအထိ ဖုံးထာ
မလဲ ခွန်ဆိုးမသိတော့ပါ။

နောက်တစ်ပတ် မြို့ကလာ
ဦးကြာသိုက်က နန်းအိုင်ချောင်းမှာ
ပါသွားသည့်အလောင်းတွေ
မရောက်ခင် ကျော
တွေ့သည်တဲ့။

"ဘယ်သူဘယ်ဝါလို့ ပုံ
သလို ကိုင်တွယ်ဖို့တောင် အဆင်
တော့ အနီးတစ်ဝိုက်မှာပဲ မီးသ
လိုက်ကြပြီ။ ပတ်သက်ရာဆွေမျိုး
တော့ တရားနာဖို့ နန်းအိုင်ရွာထိ
ဘုန်းကြီးကျောင်းမှာ လုပ်ပေးလိမ့်
ကလေးတွေမသိစေနဲ့။ မင်းလိုက်
လိုက်ဦး"

နန်းအိုင်ရွာထိပ်မှာ တရား
ပရိတ်ရွတ်အမျှဝေကောင်းမှုတွေ
ပြီးတစ်ခု သေဆုံးသူတွေအတွက်လု
ကြသည်။ ခွန်ဆိုးအတွက်တော့ မယ
စရာ အိပ်မက်ဆိုးကြီးပါပဲ။

သားတို့အတွက် ဆန်သွား
ဆိုသည့် နန်းပန် စွဲလမ်းခြင်းတွေ
စွာ အိမ်ရှေ့မှာမြင်လိုက်၊ ယာထဲမှာ
လိုက်နှင့် စိတ်မချမ်းသာစရာ
သည်။ နန်းအိုင်ချောင်းတစ်လျှော
လည်း တိတ်ဆိတ်သောညတွေမှာ
ခဏငိုရှိုက်သံတွေ ကြားနေရသည်

"နန်းပန်ရေ၊ ငိုရှိုက်သံတွေ
မင်းမပါစေနဲ့တော့။ သားလေးတွေ
လမ်းပဲ ကောင်းတဲ့ဘဝကူးပါ။ ကော
ကုသိုလ်လုပ်တိုင်း အမြဲအမျှဝေ
မယ်။ မလာနဲ့တော့ နန်းပန်ရေ၊ မ
နဲ့တော့"

ခွန်ဆိုး စိတ်ထဲရှိသမျှ အာ
အော်ဟစ်မိသည်။ နန်းပန်ကြားမ
မသေချာသော်လည်း သူ့အော်
ဟိုဘက်တောင်ကုန်းထိပ်ရှိ တော
သမားတွေနားထဲထိရောက်သွားခဲ့

ခင်မမလာ (က



www.burmeseclassic.com

www.burmeseclassic.com

ရန်မျိုးအောင်(ရတနာမြေ-ချောင်းကြီး)

# ရဲယိုရွက်အစွမ်း လက်တွေ့စမ်း

စာရေးသူဟာ အထိုင်သမား ...ယောက်ဖြစ်ပါတယ်။ ငယ်ရွယ်စဉ် ...တုန်းက ကျေးရွာဥက္ကဋ္ဌရုံးမှာ ...စာရေးအဖြစ် နှစ်ပေါင်း နှစ်ဆယ် ...တ် ဆောင်ရွက်ခဲ့ရပါတယ်။

အခုအခါ အသက်ငါးဆယ်ကျော် ...ည့်တိုင် ကိုယ်တတ်နိုင်တဲ့ဘက် ... ကျေးရွာတာဝန်တစ်ခုခုကို ...င်ရွက်ဖို့ စိတ်အားထက်သန်နေ ...တွက် ကျေးရွာစာကြည့်တိုက်မှာ ...ည့်တိုက်မှူးတာဝန်ကို ဆက်လက် ...င်ရွက်လာခဲ့ပြန်တော့ အထိုင်သမား ...တ်ဖြစ်နေခဲ့ပါတယ်။

ငယ်ရွယ်တဲ့အချိန်တုန်းက အထိုင် ... ညောင်းလို့ညောင်းမှန်း သတိ ...မိခဲ့ပါဘူး။ နောက်ကြောတက်တာ ... ဘယ်လိုမှန်းတောင် မသိခဲ့ပါဘူး။ ...တ်အရွယ်ရလာတာနဲ့အမျှ ခန္ဓာ ...ရဲ့ ချို့ယွင်းချက်တွေက တစ်မျိုးပြီး ... ဖောက်ပြန်လာတော့ကာ ကိုယ့် ...ကိုယ်အမြဲသတိထားနေရပါတယ်။ ...ရွားဆုံးက နောက်ကြောတက်တဲ့ ...နာမကြာမကြာဖြစ်လာခဲ့ပါတယ်။

နောက်ကြောတွေတက်ပြီဆိုရင် ...ကိုယ်လုံးလိမ်လွန့်ပြီး နောက်ကျော ...မှ တဖျဉ်းဖျဉ်းနဲ့အခံရခက်လှပါ ... အဲဒီလို ခံစားနေရတဲ့အချိန်မှာ ...ရွေ့ဝါတို့လို၊ မိဂသီတို့လို လိမ်းဆေး ...မျိုးလိမ်းပြီး တစ်ဦးတစ်ယောက် ...င်းခိုင်းနှိပ်ခိုင်းရပါတယ်။ ဒါလည်း ...န်းနှိပ်တုန်း ခဏပဲသက်သာတာ ...တ်လုံးမီသမျှ သောက်ဆေးတွေ ... ဝယ်သောက်ပါတယ်။ ဒါပေမယ့် ...ကျောက အကြောတက်တာက ... အချိန်မှန်ရထားတစ်စီးဖြစ်နေပါ ...

အနာနဲ့ ဆေး သင့်အောင်ပေး ...တ်ရေးမခက်ပါ ဆိုတဲ့ စာဆိုတော့ ...ပါ့ဗျာ။ ဒါပေမယ့် အနာနဲ့ဆေး ...သေးဘူးဆိုရင်တော့ ဘယ်ရောဂါ ... အတော်နဲ့မပျောက်နိုင်ပါဘူး။ ...သူလည်း ဒီအတိုင်းဖြစ်နေပါ ... ဒါပေမယ့် တစ်နေ့မှာ စာရေးသူ ... ...ုံးစံအတိုင်း နောက်ကြောတွေ ...အကြောတက်နေလို့ လိမ်းဆေး လိမ်းပြီး ဇနီးဖြစ်သူအား တံတောင်နဲ့ အထောင်းခိုင်းနေရတဲ့အချိန် စာရေးသူတို့ရပ်ကွက်ထဲက မခင်အေးဟာ စာရေးသူတို့အိမ်ရှေ့မှ လမ်းဖြတ်သွားရင်းမြင်ပြီး စာရေးသူရဲ့ဇနီးကို လှမ်းမေးပါတယ်။

"ညီမလေး၊ အစ်ကိုကနေမကောင်းဖြစ်နေလို့လားဟင်"

"မဟုတ်ဘူး အစ်မရေ၊ နောက်ကြောတွေတအားတက်နေလို့တဲ့"

စာရေးသူဇနီးမှ ထိုသို့ပြန်ပြောပြလိုက်တဲ့အခါ မခင်အေးက -

"အမလေး - အစ်ကိုရယ်၊ နောက်ကြောတက်တာများ ဘာမှမခက်ပါဘူး အလွယ်လေးပါ။ ရဲယိုရွက်နှစ်ရွက်၊ သုံးရွက်လောက်ခင်းအိပ်လိုက်စမ်းပါ။ ယူပစ်သလိုပျောက်ပါတယ်"

မခင်အေးပြောသည့်စကားကြားလိုက်ရတော့ စာရေးသူက -

"ဟ - ဟုတ်ပါ့မလား ခင်အေးရဲ့။ ရဲယိုရွက်ခင်းအိပ်ရုံနဲ့ အကြောတက်တာပျောက်ပါမလား"

စာရေးသူမှ မယုံကြည်နိုင်သောလေသံဖြင့် မေးလိုက်သည့်အခါတွင် မခင်အေးမှ -

"အမလေး-အစ်ကိုရေ၊ ရဲယိုရွက်များ အထင်မသေးနဲ့သိလား။ နောက်ကြောတက်တစ်မျိုးတည်းပျောက်တာမဟုတ်ဘူး။ ခါးနာရင်လည်း ခင်းအိပ်လို့ရတယ်။ သွေးတိုးတဲ့သူဆို ရဲယိုရွက်တစ်ရွက်ကို ချိုင်းကြားမှာ နာရီဝက်လောက်ညှပ်ထားလိုက်တာနဲ့ သွေးတိုးကျတယ်။ မယုံ - စမ်းကြည့်လိုက်"

မခင်အေးက ရဲယိုရွက်ရဲ့အစွမ်းကို ရဲရဲဝင့်ဝင့်ပင် လက်မထောင်ပြီး ပြောနေတော့ စာရေးသူမှာ နောက်ထပ်စောဒကမတက်ရဲတော့ဘဲ -

"အေးပါဟာ၊ ဒါဆိုလည်း ရဲယိုရွက်ရှာပြီး ညည်းပြောသလိုလုပ်ကြည့်ပါမယ်။ ခုလိုပြောပြတာလည်း ကျေးဇူးတင်ပါတယ်"

"ရဲယိုရွက်များ အဝေးလိုက်ရှာစရာမလိုပါဘူး အစ်ကိုရာ။ ကျွန်မတို့အိမ်မှာရှိတယ်။ ကြိုက်သလောက်လာခူးလှည့်"

မခင်အေးမှ စေတနာအပြည့်ဖြင့် ရောဂါသက်သာပျောက်ကင်းတဲ့ ဆေးနည်းပြောပြတဲ့အပြင် လိုအပ်တဲ့ရဲယိုရွက်တွေပါပေးနေတဲ့အတွက် လက်တွေ့အကောင်အထည်ဖော်ရမှာက စာရေးသူသာ ဖြစ်ပါတယ်။ ပြုလုပ်ရမယ့်နည်းကလည်း ငွေကြေးကုန်ကျမှုမရှိတဲ့နည်းဖြစ်နေတဲ့အတွက် စာရေးသူမှာ အချိန်ဆွဲမနေတော့ဘဲ ဇနီးဖြစ်သူအား ရဲယိုရွက်ခူးဖို့အတွက် မခင်အေးတို့အိမ်ကို စေလွှတ်လိုက်ရပါတယ်။

ခဏအကြာ ရဲယိုရွက်များနဲ့ ဇနီးဖြစ်သူ ပြန်ရောက်လာပါတယ်။ ရောက်ရောက်ချင်း ရဲယိုရွက်များကို ရေဆေးပြီး ရဲယိုရွက်သုံးရွက်အား အကျီမှာအပ်ချည်နဲ့တွဲသီပြီး အကျီကို တစ်ခါတည်းဝတ်လိုက်ပါတယ်။

ညပိုင်းရောက်တဲ့အခါ ရဲယိုရွက်အသစ်လဲပြီး ယောချည်နဲ့ အကျီမှာ တွဲသီပြီးအိပ်ပါတယ်။ ဤကဲ့သို့ သုံးရက်လောက်ပြုလုပ်လိုက်တဲ့အခါ နောက်ကြောမှ အကြောတက်ဝေဒနာ သိသိသာသာ သက်သာ ပျောက်ကင်းသွားပါတယ်။

ဒီနေရာမှာ ထူးခြားချက်တစ်ခုကတော့ ရဲယိုရွက်ကပ်ထားတဲ့အခါ နောက်ကြောမတက်တဲ့နေရာကို အသားနဲ့ ရဲယိုရွက်ထိတဲ့အခါ မန်းယားသလိုယားပါတယ်။ စာရေးသူကတော့ ယားလည်းပေနေလိုက်ပါတယ်။

ရဲယိုရွက်ကပ်ပြီးတစ်ပတ်လောက်အကြာမှာ အရင်ကမတည့်တဲ့အကြောတက်စာများကို စမ်းစားကြည့်ပါတယ်။ ထူးဆန်းအံ့ဩလောက်အောင် အကြောမတက်တော့တာကို သိလာရပါတယ်။ ဒါကြောင့် ဆေးနည်းပေးသူ မခင်အေးကို ထိုင်ကန်တော့ချင်လောက်အောင်ကို ကျေးဇူးတင်လို့မဆုံးဖြစ်ရပါတော့တယ်။

ကဲ - စာဖတ်ပရိသတ်တို့ရေ အထက်ပါဖော်ပြချက်များဟာ စာရေးသူလက်တွေ့ အသုံးပြုခဲ့တဲ့နည်းဖြစ်တဲ့အတွက် စာဖတ်ပရိသတ်များမှ အထိုင်များပြီး အကြောတက်ဝေဒနာခံစားနေရပါက ရဲယိုရွက်အစွမ်းကို ကိုယ်တိုင်လက်တွေ့စမ်းကြည့်ပါလို့ တိုက်တွန်းရင်းစေတနာနဲ့ တင်ပြလိုက်ရပါတယ်။

*ခုနစ်ရက်သားသမီးအပေါင်း*
*ရောဂါဘယများကင်းဝေးကြပါစေ*

ရန်မျိုးအောင်
(ရတနာမြေ-ချောင်းကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးကြီးသိန်းဝင်း

## မျိုးဆက်

၁၉၈၃ ခုနှစ်တွင် ကျွန်တော် ကော့သောင်းမြို့နယ် ဆီအုန်းစခန်းမှ ထောင်မှူးကြီးတာဝန်ဖြင့် အင်းစိန်ဗဟို အကျဉ်းထောင်သို့ ပြန်လည် ပြောင်းရွှေ့ လာရသည်။ ထိုအချိန် အင်းစိန်ဗဟို အကျဉ်းထောင်၌ တာဝန်ခံမှာ ထောင်ပိုင်ကြီးဦးစိန်ဌေး(မန္တလေး)ဖြစ်ပြီး ဒုတိယ တာဝန်ခံထောင်ပိုင်မှာ ဦးလှဖေ ဖြစ်၏။ ထိုစဉ်က အင်းစိန်ဗဟိုအကျဉ်းထောင်၌ အချုပ်သားနှင့် ထောင်ကို အမျိုးသမီး၊ အမျိုးသားအပါအဝင် တစ်သောင်းခန့်ရှိသည်။ အရာရှိနှင့် ဝန်ထမ်းအင်အားမှာလည်း စုစုပေါင်း (၅၀၀) ခန့်ရှိသည်။ ထောင်ဖွင့်၊ ထောင်ပိတ်အဖွဲ့နှစ်ဖွဲ့ခွဲထားပြီး ညတာဝန်ကျ တာဝန်မှူးကြီးနှင့် တာဝန်မှူး၊ တာဝန်ကြပ်တို့လည်း အသီးသီးရှိကြသည်။ အရာရှိအင်အားလည်းများသောကြောင့် ကျွန်တော်တို့ အရာရှိများ တစ်ပတ် (၁) ကြိမ်သာ တာဝန်မှူးအဖြစ် ညတာဝန်ကိုပါထမ်းဆောင်ရပါသည်။

ညတာဝန်၊ တာဝန်မှူးကြီး၊ တာဝန်မှူးတာဝန်ကျလျှင် တစ်ညလုံးမအိပ်ရသည်ကများသည်။ အင်းစိန်ထောင်ကြီး အတွင်းအပြင်နှင့် သီးသန့်ထောင်၊ ရုံးချုပ်ကင်းများနှင့် သင်တန်းကျောင်းကင်းများ အပြင် ထောင်ဝင်းဝရှိ အဝင်ဝ၊ တံခါးကင်းကိုလည်း လုံခြုံရေးအရ သွားရောက်စစ်ဆေးရသေးသည်။ ကျွန်တော်တို့က စက်ဘီးစီးတတ်၍တော်ပါသေးသည်။ စက်ဘီးမစီးတတ်သော ထောင်အရာရှိများကတော့ ခြေကျင်ပတ်ရသောကြောင့် အလွန်အချိန်ကြာတတ်ပါသည်။

ညကင်းတာဝန်ကျရာတွင် အမျိုးသားအချုပ်ဆောင်၊ ထောင်ကျဆောင်များ၏ အချုပ်သား၊ အကျဉ်းသားတို့၏ လုံခြုံရေးနှင့်ကျန်းမာရေးအပြင် အစောင့်တာဝန်ကျဝန်ထမ်းများ နိုးကြားတက်ကြွမှုရှိ၊ မရှိကိုလည်း စစ်ဆေးရပါသည်။

ကျွန်တော်တို့အဖွဲ့တွင် အထက်ကဆိုခဲ့သလို တာဝန်မှူးကြီးနှင့် တာဝန်မှူး၊ တာဝန်ကြပ်အပြင် ညဝန်ထမ်းများလည်းရှိပါသေးသည်။ ထို့အပြင် စစ်ခွေးတပ်စွယ်မှ စစ်ခွေးများဖြင့် ကင်းလှည့်သည့်အဖွဲ့လည်းရှိသေးသည်။ အတွင်းအုတ်ရိုးကင်းအား စစ်ဆေးရာတွင် အုတ်ရိုးပေါ်၌ ကင်းမျှော်စင် (၇) ခုရှိသည်။ ထိုမျှော်စင်ကင်းများမှာ အကျဉ်းထောင်လုံခြုံရေးအတွက် လက်နက်များတပ်ဆင်ထားပြီး အထူးအရေးကြီးသောကင်းများ ဖြစ်ကြပါသည်။ ထို့ကြောင့် (၂) နာရီတစ်ကြိမ် ထောင်တွင်း၊ ထောင်ပြင် လှည့်လည်ကင်းပတ်ရာတွင် အစောင့်ဝန်ထမ်းများ နိုးကြားမှုရှိ၊ မရှိကို စစ်ဆေးရသည်မှာ တာဝန်ကြီးပြီး ပင်ပန်းဆုံးဖြစ်ပါသည်။

တောင်အတွင်း၌ အိပ်ဆောင်များတွင် ရောဂါဘက်ဆေးမှုရှိသောကြောင့် တော်တန်ရုံရောဂါအတွက် သူတို့ဘာသာဖြေရှင်းကြသည်။ မနိုင်ရင်ကန်ဖြစ်လာပါက ဝန်ထမ်းဆေးမှူးကိုခေါ်ရပြီး ထိုမှ အခြေအနေဆိုးပါက ထောင်ဆရာဝန်ကိုခေါ်ရပြီး ထောင်ဆေးရုံသို့တင်ရ၏။ ထို့ထက်အခြေအနေဆိုးပါက ရန်ကုန်ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသရန်အတွက် တာဝန်မှူးက ထောင်ပိုင်ကြီးထံ ခွင့်တောင်းပြီး တာဝန်ကျကားသမားကိုခေါ်၍ အပြေးအလွှားအရေးပေါ်ပို့ရသည်လည်းရှိပါသေးသည်။

ကျွန်တော်၏ တာဝန်မှာ အမှတ် (၂) အိပ်ဆောင်၊ တာဝန်ခံအပြင် အင်းစိန်ထောင်၊ ပုံသေပစ္စည်းဌာန၊ တာဝန်ခံအပြင် အချုပ်ရုံးတာဝန်ခံပါလုပ်ရသောကြောင့် အလုပ်တာဝန်အလွန်များသည်။ ထိုစဉ်ထိုအခါကလည်း စီးပွားရေးသမား၊ နိုင်ငံရေးသမားနှင့် ကျောင်းသားများ



www.burmeseclassic.com

www.burmeseclassic.com



ည်။ အချုပ်ကျ၊ အကျဉ်းကျအနေ ထားဖြင့် လူဦးရေအတော်များသလို ဝန်လည်း အလွန်ပင်ကြီးပါသည်။ ကြောင့် အင်းစိန်ဗဟိုအကျဉ်းထောင် တွင် တာဝန်ထမ်းဆောင်ကြရသော ရာရှိနှင့် ဝန်ထမ်းများ၏ တာဝန်မှာ သေးသေးမဟုတ်ပါ။ အလွန်အလုပ် ပြီး နေ့ ညတာဝန်လည်း အလွန်ကြီး သည်။ ထို့ကြောင့် တာဝန်မှူးတစ်ခါကျ င် မအိပ်ရသည်ကများသည်။ အကျဉ်း ထောင်ဥပဒေအရ တာဝန်မှူးတာဝန်ကျ အရာရှိအနေဖြင့် နေ့ဝက်အနားယူပြီး စက်ခွင့်ရသော်လည်း မိမိတာဝန်ကျ သော အချုပ်ရုံးမှာ အလွန်အလုပ်များ သောကြောင့် အနားယူ၍မရပါ။ နေ့စဉ် င် ထောင်ဖွင့်ပြီးသည်နှင့် ခေတ္တနားရ း ထောင်တွင်းပြန်ဝင်၍ မနက်(၈)နာရီ ချိန်ခန့်ကစပြီး ရန်ကုန်တစ်မြို့လုံးရှိ ယ်အသီးသီးတွင် ဖွင့်လှစ်ထားသော ရုံးရုံးများသို့ ရုံးထုတ်ပေးရသော ရ မ အချုပ်ထောင်ကျ အမျိုးသား၊ းသမီးဦးရေမှာ နေ့စဉ်(၆၀၀)ကျော်၊ ၀၀၀) ခန့်ရှိသည်။ နေ့လယ် (၁၂)နာရီ

အချိန်ခန့်မှ ရဲကားအပြာကားကြီးများဖြင့် ရုံးထုတ်ပေးခြင်းအမှုပြီးဆုံးလျှင် နေ့လယ်စာ ထမင်းစား ခေတ္တနားရသည်။

ယမန်နေ့ကဝင်လာသော အချုပ်သစ် (လူသစ်) များကို မှတ်ပုံတင်စာအုပ်ကြီးဖြင့်စစ်ဆေးပြီး မှတ်ပုံတင်၊ လူသစ်ကြည့်ရသည်။ လွတ်မြောက်သွားလျှင် လူမမှားစေရန်အတွက် မိခင်၊ ဖခင်အမည်နှင့် အမြဲတမ်းနေထိုင်ရာလိပ်စာအပြင် ၎င်းအချုပ်သား၏ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ထင်ရှားစွာပါလာသည့် အမှတ်အသားများ၊ ဥပမာ မှဲ့နှင့် ဒဏ်ရာအမာရွတ်များ၊ ကိုယ်ခန္ဓာအလေးချိန်နှင့် အရပ်အမောင်းတို့ကိုလည်း စစ်ဆေး၍ မှတ်တမ်းပြုထားရခြင်း ဖြစ်သည်။ သို့မှသာ ယင်းအကျဉ်းသား အချုပ်သား လွတ်မြောက်သွားပါက ထောင့်ရောက်စဉ် အရာရှိကိုယ်တိုင် ကြည့်ရှုလက်မှတ်ရေးထိုးပြီး မှတ်တမ်းတင်ထားသော မှတ်ပုံတင်စာအုပ်ကြီးဖြင့် တိုက်ဆိုင်စစ်ဆေးပြီး ကိုက်ညီပါမှသာ လွတ်ပေးရခြင်း ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း လူများ၍လွတ်ပေးရခြင်းမျိုး မကြုံခဲ့ဘူးပါ။ အရာရှိကိုယ်တိုင် စိတ်ရှည်လက်ရှည်စစ်ဆေးပြီး မှတ်တမ်းတင်ထားသော မှတ်ပုံတင်စာအုပ်ကြီးမှာ လွန်စွာ အရေးပါအရာရောက်ပါသည်။

ကျွန်တော် ထိုသို့ တာဝန်ထမ်းဆောင်နေစဉ်၌ စီးပွားရေးပုဒ်မဖြင့်ရောက်ရှိလာသော လူတစ်ဦးကို ယခုအချိန်အထိ ထင်ထင်ရှားရှားမှတ်မိနေပါသေးသည်။ ထိုသူမှာ ဦးရဲထွန်းဆိုသူဖြစ်သည်။ အသားဖြူဖြူ၊ အရပ်မောင်းကောင်းကောင်း၊ လွန်စွာမွန်ရည်ပြီး လူကြီးဆန်သူလည်း ဖြစ်ပါသည်။ အသက်အရွယ်မှာ (၅၀) ခန့်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းလုပ်ပြီး အားကစားသမားတစ်ယောက် ဖြစ်သောကြောင့် ခန္ဓာကိုယ်အချိုးအစားမှာ တောင့်တင်းပြီး ကျန်းမာရေးလည်း လွန်စွာကောင်းမွန်ပါသည်။ ဂေါက်ရိုက်အားကစားသမား(နည်းပြ)အဆင့်ဖြစ်သည်။

ကျွန်တော်တို့ အကျဉ်းဦးစီးဌာနတွင် အကျင့်တစ်ခုရှိသည်။ ထိုအကျင့်မှာ ညွှန်ချုပ်ဖြစ်သူ၏ ဝါသနာအတိုင်း အားကစားလုပ်ရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ၁၉၇၅ ခုနှစ်အလုပ်ဝင်စဉ်က ညွှန်ကြားရေးမှူးချုပ်ကြီးမှာ ဗိုလ်မှူးကြီးဘခင်ဖြစ်သည်။ သူက တင်းနစ်ရိုက်ဝါသနာပါတော့ ကျွန်တော်တို့အရာရှိများနှင့် ဝန်ထမ်းများ တင်းနစ်ရိုက်ကြရပါသည်။ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း၌ ညွှန်ချုပ်ကြီး၏အိမ်ရှေ့တွင်ကွင်းတစ်ကွင်းနှင့် အင်းစိန်ထောင်ရှေ့ဝန်ထမ်းဆေးပေးခန်းအနီး၌ တင်းနစ်ကွင်းတစ်ကွင်းရှိသည်။ အများအားဖြင့် ညွှန်ချုပ်ကြီးအိမ်အနီးတွင်ရှိကွင်း၌သာ အရိုက်များကြပါသည်။ တင်းနစ်ကွင်းအား အချောကိုင်ပြင်ဆင်ဆေးသုတ်ခြင်း၊ ပိုက်ကွန်နှင့် Racket များ၊ တင်းနစ်ဘောလုံးဝယ်ခြင်း စသည်တို့ကို အသင်းသားများက စုပေါင်းဝယ်ယူ အကုန်ကျခံရသည်။ ထိုစဉ်က (HEAD) Professional နှင့် HEAD (Master) စသောတန်ဖိုးကြီးပြီး နာမည်ကြီး Racket များကို ရှာဖွေပြီးကိုင်ကြရသည်။ တင်းနစ်ဘောလုံးမှာတော့ Dunlop အမျိုးအစားတစ်မျိုးတည်းကိုသာ သုံးစွဲကြရပါသည်။

ညွှန်ချုပ်များအလိုအရ ညနေပိုင်းထောင်အရာရှိများနှင့်အဖွဲ့ စောစောထွက်ရသူများအား ပြင်ပသို့ အလည်အပတ်မထွက်စေဘဲ တင်းနစ်ကွင်း၌စုဝေးပြီး အရန်အသင်းအား အသင့်စုဝေးရှိစေရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။ ညွှန်ချုပ်ကြီးဦးဘခင်ပြောင်းပြီး နောက်ထပ်ညွှန်ချုပ်အသစ်ဖြစ်သူပြောင်းလာတော့ သူ့အကြိုက် တင်းနစ်ကစားနည်းအစား ခြင်းလုံးခတ်ကြရပြန်သည်။ နောက်တစ်ဦး ဗိုလ်မှူးကြီးတင်ဦး ညွှန်ချုပ်အဖြစ် ပြောင်းလာတော့လည်း ၎င်း၏အကြိုက် ဂေါက်သီးရိုက်ရတော့သည်။ (၄) ကျင်းဆံ့ ဂေါက်ကွင်းကိုလည်း အင်းစိန်ထောင်ဝင်းအတွင်းရှိ ကန်သာယာဘောလုံးကွင်းကို တိုးချဲ့ပြီး ဂေါက်သီးကွင်းလုပ်လိုက်သည်။

ယခင်က ဝန်ထမ်းများအတွက် ကန်သာယာကမ်းစပ်တွင် တည်ဆောက်ထားသော အရက်ဆိုင်ကိုလည်း ကောင်းမွန် ကျယ်ဝန်းသော သန့်ရှင်းသပ်ရပ်သည့် အရက်နှင့် ဘီယာ စားသောက်ဖွယ်ရာများရောင်းသော အနားယူအပန်းဖြေရာ အဆောက်အအုံအဖြစ်ပြောင်းလဲလိုက်တော့သည်။ ထို့ကြောင့် ကျွန်တော်တို့အရာရှိများ ဂေါက်သီးရိုက်ခြင်းကို ငွေကုန်ကြေးကျများသောကြောင့် လည်းကောင်း၊ အချိန်ကုန်ပြီး အဝေးကွင်းသို့သွား၍ရိုက်ရခြင်းကြောင့်လည်းကောင်း မလုပ်ဘူးကြသော်လည်း အသစ်ပြောင်းလာသည့် ညွှန်ချုပ်ကြီးဗိုလ်မှူးကြီးတင်ဦး၏ လမ်းညွှန်ချက်အရ ဂေါက်ရိုက်သင်ကြရတော့သည်။

ထောင်ပိုင်ကြီးဦးစိန်ငွေးနှင့်ဒုတိယတာဝန်ခံ ဦးသောင်းလွင်တို့က ထောင်အနောက်ဘက်တွင်ရှိ စစ်ခွေးကွင်းတွင် အချိန်ရလျှင်ရသလို လူအများမမြင်စေရန် ပုန်းလျှိုးကွယ်လျှိုး တိတ်တဆိတ်လေ့ကျင့်ကြသည်။ ကျွန်တော်ကတော့ ထိုသို့ မလုပ်နိုင်ပါ။ အလုပ်တာဝန်များပြားသောကြောင့် ဂေါက်သီးရိုက်လေ့ကျင့်ရန်ပင် အချိန်မရပါ။ ထိုအခြေအနေကို ဝင်ရောက် အကူအညီပေးပြီး နည်းလမ်းပြသည့်ဆရာမှာ ကျွန်တော်အထက်ကဆိုခဲ့သော ဦးရဲထွန်း ဆိုသူစီးပွားရေးပုဒ်မဖြင့် အဖမ်းခံထားရသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်က ဂေါက်သီးရိုက်နည်းစာအုပ်များ ကျွန်တော့်ကို လက်ဆောင်ပေးသည်။ ထို့ပြင် ကစားနည်းကိုလည်း စိတ်ဝင်စားစေရန်ပြောဆိုပြီး သဘောပေါက်နားလည်အောင်သင်ပေးပါသည်။ အဓိကလိုအပ်သည်က ဂေါက်တံနှင့်ဂေါက်သီးဖြစ်ရာ ကျွန်တော် Halfset ခေါ် willson ဂေါက်ရိုက်တံတစ်စုံကို (၃၅၀၀) ကျပ်ဖြင့်ဝယ်ပြီး ဦးရဲထွန်း၏ အနီးကပ်သင်ပေးသည့်အတိုင်း အဆောင် အတွင်း၌ပင် လေ့ကျင့်ရတော့သည်။

ကျွန်တော်နှင့်အတူပူးတွဲလေ့ကျင့် သူမှာ အမှတ် (၄) အိပ်ဆောင် ထောင်မှူးမြင့်ဆွေ ဖြစ်သည်။ သူ ကျွန်တော့်လို အလုပ်မများ။ အိပ်ဆောင် မှူးသက်သက်ဖြစ်၍ လွန်စွာအအား သူဖြစ်သည်။ ထို့ကြောင့် ဦးရဲထွန်းမှ စာတွေ့လက်တွေ့သင်တန်းပေးတော့ ထောင်မှူးမြင့်ဆွေက ပို၍ လေ့ကျင့်ခ များသောကြောင့် သူက ကျွန်တော့်ထက် ပို၍သာပါသည်။ သူလေ့ကျင့်သည် ကျွန်တော်ဝယ်ယူထားသော ဂေါက် ဂေါက်သီးများနှင့်ပင်ဖြစ်သည်။ ဂေါက် ကျိုးလျှင်လည်း ကျွန်တော်က ပြင်ဆင်ပေးရသည်။

နောက်ပိုင်း ကျွန်တော်တို့ အကျဉ်းထောင်ဂေါက်ကွင်း၌သာမ ပြင်ပဂေါက်ကွင်းများ ဖြစ်ကြသော ရန်ကုန်၊ တညင်းကုန်း၊ မှော်ဘီ၊ ပဲခူးကွင်း များအထိပင် လှည့်လည်၍ ရိုက်ကြရ သည်။ ထို့ကြောင့်လည်း ဂေါက်သီးရိုက် အတွေ့အကြုံ အတော်အတန်နှံ့စပ်ပြီး ကျင်လည်ခဲ့ရပါသည်။

ကျွန်တော်တို့၏ သင်ဆရာမှာ အချုပ်သား ဦးရဲထွန်းဖြစ်သည်။ သူ့ အကြောင်းကို ထောင်တွင်းသို့ရောက် လာသည့် စီးပွားရေးသမားတစ်ဦးဟုသာ ကျွန်တော်တို့သိရှိခဲ့ရပါသည်။

❑

(၁) နှစ်ကျော်ခန့်လောက်ကြာ သော် ဦးရဲထွန်း ထောင်မှလွတ်သွား သည်။ မကြာမီ ပိတ်ရက်တစ်ရက်တွင် ဦးရဲထွန်း ကျွန်တော်နေထိုင်သည့် အင်း ထောင်ဝင်းအတွင်းရှိ နေအိမ်သို့ရောက် ရှိလာပါသည်။ ဂေါက်ရိုက်နည်းစာအုပ် အသစ်များနှင့် ဂေါက်သီးအသစ်များ ကျွန်တော့်အား လက်ဆောင်လာပေး သည်။ တနင်္ဂနွေပိတ်ရက်တစ်ရက်တွင် သူ၏အိမ်သို့ လာရောက် လည်ပတ် စားသောက်ရန် ဖိတ်ကြားခြင်းဖြစ်သည် ထို့ကြောင့် နားရက်ရသော တနင်္ဂနွေ (၁) ရက်တွင် ကျွန်တော့်သူငယ်ချင်း ဖြစ်သူ ထောင်မှူး ဦးလှကိုပါခေါ် ကျွန်တော်၏လက်စွဲ Kawasiki LTD (400) ဆိုင်ကယ်ကြီးဖြင့် ဦးရဲထွန်း အိမ်သို့ ဖိတ်ကြားထားသည့်အတိုင်း သွားရောက် လည်ပတ်ကြပါ သည်။

သူ၏အိမ်မှာ ကန်တော်ကြီးအနီး



www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်လမ်းအိမ်နံပါတ် ဖြစ်သည်။ [illegible]တင်ကုန်းပေါ်ရှိ သူ၏အိမ်ခြံဝင်းကြီး [illegible]သို့ ဆိုင်ကယ်ဖြင့်တက်တော့ ခြံ[illegible]င့်က စစ်မေးပြီး တံခါးဖွင့်ပေးသည်။ [illegible]ထွန်းက ကြိုတင်မှာကြားထားပြီး [illegible]ပေးထားဟန်တူသည်။ ထို့ကြောင့် [illegible] ကျွန်တော်တို့ဆိုင်ကယ်သံကြား [illegible]နှင့် ဦးရဲထွန်း အိမ်အပြင်သို့ထွက် [illegible] တံခါးဝမှ ကျွန်တော်တို့ နှစ်ဦး [illegible] ကြိုဆိုပါသည်။ သူ၏အိမ်ကြီးမှာ [illegible]ပ်အိမ်ကြီးဖြစ်ပြီး ကြီးမားကျယ် [illegible] ခေတ်မီသည်နှင့်အမျှ ဧည့်သည် [illegible]အတွက် ဧည့်ခန်းကိုလည်း ဧည့်ခန်း [illegible] ဧည့်ခန်း (၂) သီးခြားခွဲခြားထား [illegible]သည်။ ဧည့်ခန်းအတွင်းရှိ အသုံး [illegible]ဆောင်ပရိဘောဂများမှာလည်း အလွန် [illegible]င့်အတန်းမြင့်သောပစ္စည်းများ ဖြစ် [illegible]သည်။ ကျွန်တော်တို့အား ဧည့်ခန်း [illegible]တ် (၁) တွင် ဧည့်ခံပါသည်။ ထိုဧည့် [illegible] မြန်မာပြည်တွင်းဖြစ် လက်ရာ [illegible]က်လှသည့် ကျွန်းစားပွဲ၊ ကျွန်းကုလား [illegible]များနှင့် ကနုတ်ပန်းထွင်းကာ လက် [illegible]မြောက်အောင် အထက်တန်းကျကျ [illegible]ဆင်ထား၏။ ဧည့်ခံသည့်မိန်းကလေး [illegible]မှာလည်း မြန်မာဆန်ဆန် ဝတ်စား [illegible]ဆင်ထုံးဖွဲ့ထားသည်။ လွန်စွာမှ [illegible]တေးသိမ်မွေ့ကြပါသည်။

ဒုတိယဧည့်ခန်းအမှတ် (၂) က [illegible] နိုင်ငံခြားသားများကိုဧည့်ခံသော [illegible]ခန်းအဖြစ်သုံးစွဲကြောင်း ဦးရဲထွန်းက [illegible]ပြ၍ သိရှိရပါသည်။ ကျွန်တော်တို့ [illegible]င်းသောက်ရင်း လွတ်လပ်စွာစကား [illegible]ကြတော့မှ ဦးရဲထွန်း၏အကြောင်း [illegible]သိရှိရတော့သည်။ သူက မြန်မာပြည် [illegible] နန်းရင်းဝင်ဖြစ်ခဲ့ဖူးသူ၊ အာဇာနည် [illegible]ဆောင်ကြီးများအား လုပ်ကြံရာ [illegible] ခေါင်းဆောင်ခဲ့သည့် ဂဠုန်ဦးစော [illegible] မြေးအရင်းဖြစ်ပေတော့သည်။ [illegible]ခါမှ ကျွန်တော်တို့လည်း အံ့သြမိ [illegible]သည်။ သို့သော်လည်း ဦးရဲထွန်းမှာ [illegible]ဗဟိုအကျဉ်းထောင်သို့ရောက်ရှိ [illegible] ကျွန်တော်တို့အား ဂေါက်သီး [illegible]ပြုလုပ်ခဲ့သည့် ဆရာတစ်ဦး [illegible] ကျွန်တော်တို့က လေးစားကြပါ [illegible] သူ့အဘိုးဖြစ်သူ ဂဠုန်ဦးစောက [illegible]တော်တို့ချစ်သော ဗိုလ်ချုပ်နှင့်တကွ [illegible]နည်ခေါင်းဆောင်ကြီးများကို [illegible]ခဲ့သူဖြစ်သော်ငြားလည်း မြေး [illegible] ဦးရဲထွန်းနှင့်မဆိုင်ပါ။ ထိုစဉ် [illegible]က ဦးရဲထွန်း၏ အသက်အရွယ် [illegible](၁၀) နှစ်သားပင်ရှိဦးမည်မထင်ပါ။ ဂဠုန်ဦးစောကို နိုင်ငံတော်သစ္စာဖောက်၊ အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်သူအဖြစ် ကျွန်တော်တို့က အစဉ်အဆက် မုန်းတီးမိခဲ့ကြသည်မှာ မှန်ပါသည်။ သို့သော် မြေးဖြစ်သူ ဦးရဲထွန်းနှင့်တော့ဆိုင်မည်မထင်ပါ။ သို့သော် ဦးရဲထွန်းတို့ အဘယ်ကြောင့် ချမ်းသာ ကြွယ်ဝကြသည်ကိုတော့ဖြင့် ကျွန်တော်တို့မသိပါ။

ကျွန်တော် ပြန်လည် အမှတ်ရသည်ကတော့ ၁၉၇၅ ခုတွင် ကျွန်တော်တို့ အကျဉ်းဦးစီးဌာနတွင် ထောင်မှူးလောင်းများအဖြစ် သင်တန်းတက်ရပြီး ၁၉၇၆ ခုနှစ်၌ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ရစဉ် တာဝန်ခံအရာရှိဖြစ်သူ ထောင်ပိုင်ကြီးဦးဘီမဂ္ဂနမ်မှ ကျွန်တော်တို့ထောင်မှူးအသစ်များအား ထောင်တွင်း၊ ထောင်ပြင် နှံ့စပ်အောင် လိုက်လံပြသရင်း ထောင်အနောက်ဘက် ဂိတ်ကြီးအနီးသို့ ရောက်ကြစဉ် နေရာတစ်ခုကို ပြသခဲ့ပါသည်။ ထိုနေရာသို့ ကျွန်တော်တို့ အနီးကပ် သွားရောက် ကြည့်ရှုတော့ (၁)ပေ ပတ်လည်ခန့် အင်္ဂတေကိုင်ထားသည့် အုတ်ခုံကလေးဖြစ်သည်။ အမြင့်မှာလည်း (၆) လက်မခန့်သာရှိပါသည်။ မျက်နှာပြင်ပေါ်၌ ဂဠုန်ဦးစော ဟူ၍ စနစ်တကျမဟုတ်သော်လည်းသံချောင်းဖြင့် ခြစ်ထားသည့်စာကလေးကို တွေ့ရဖူးသည်။ ထိုသည်မှာ ဂဠုန်ဦးစော၏ သင်္ချိုင်းအမှတ်အသား ဖြစ်ပေသည်။ ဂဠုန်ဦးစောကို နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုဖြင့် ကြိုးပေးကွပ်မျက်ခဲ့ပြီးသော်လည်း ၎င်းအား ပြင်ပလူသေမြှုပ်နှံရာ သင်္ချိုင်းများတွင်ပင် မြှုပ်နှံခြင်းမရှိဘဲ ဗဟိုအကျဉ်းထောင်ဝင်းအတွင်း၌ပင် မထင်မရှား မြှုပ်နှံထားခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် မြင်ဖူး ကြုံဖူးခဲ့ပါသည်။ ထောင်ပိုင်ကြီးဦးဘီမဂ္ဂနမ်၏ အဆိုအရလည်း ဂဠုန်ဦးစောအား တိုင်းသူပြည်သားများက စိတ်နာကြည်းကြသောကြောင့် ပြင်ပသင်္ချိုင်း၌ပင် မြှုပ်နှံခြင်းမပြုဘဲ မထင်မရှား လူအများအသိမခံချင်သောကြောင့် ထောင်ဇရိယာဝန်းအတွင်း၌သာ မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဂဠုန်ဦးစော၏ သင်္ချိုင်းမြေနေရာကိုပင် လျှို့ဝှက်ထားပြီး ဝန်ထမ်းများပင် မသိစေဘဲ အရာရှိအချို့လောက်ကိုသာ အသိပေးထားခြင်းဖြစ်ကြောင်း ကျွန်တော်တို့အား ပြောကြားသည့်အပြင် အခြားမဆိုင်သူများအားလည်း ပေါက်ကြားခြင်းမရှိစေရန်အတွက် နှုတ်လုံကြရန် သတိပေးစကားပြောကြားပါသည်။

ကျွန်တော်တို့အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများကို မမီလိုက်သလို လုပ်ကြံသတ်ဖြတ်သူဂဠုန်ဦးစောကိုလည်း မမီလိုက်ကြပါ။ စာအုပ်များကို ဖတ်ခြင်းအားဖြင့်တော့ မြန်မာပြည်၏နန်းရင်းဝန်လုပ်ခဲ့သူ ဂဠုန်ဦးစော၏ ဓာတ်ပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့ကြသောသူများ၏ အတ္ထုပ္ပတ္တိသမိုင်းကြောင်းကိုတော့ဖြင့် လေ့လာဖတ်ရှုဖူးပါသည်။

ထို့ကြောင့်လည်း ဂဠုန်ဦးစောမှာ မြန်မာအမျိုးသားများ၏ ရန်သူအင်္ဂလိပ်အလိုတော်ရိ လူသတ်သမားတစ်ဦးဖြစ်ခဲ့သော်ငြားလည်း သူ၏ မြေးဖြစ်သူ ဦးရဲထွန်းမှာ ထိုကိစ္စများနှင့်ပတ်သက်ယှက်နွယ်သိကျွမ်းသူမဟုတ်သောကြောင့် အပြစ်ရှိသူမဟုတ်ပါ။ သို့သော်လည်း ထိုညက ကျွန်တော်တို့စားသောက်နေကြစဉ် အရက်မူးလျှင်ကျွဲခိုးပေါ်ဟူသော စကားပုံအတိုင်း ဦးရဲထွန်းက ရင်ဖွင့်ပြ၍ အကျိုးအကြောင်းများအား ကျွန်တော်တို့ သိရှိခဲ့ရခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဦးရဲထွန်း၏အပြောအရ သူတို့မှာ မိရိုးဖလာ ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာကြခြင်းဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို သတ်ဖြတ်ခဲ့သော အင်္ဂလိပ်အလိုတော်ရိဂဠုန်ဦးစော၏မြေးဖြစ်သောကြောင့် အပေါင်းအသင်းမလုပ်ကြကြောင်း၊ ဝိုင်းပယ်ခံထားရကြောင်း အရက်မူးမူးဖြင့် ရင်ဖွင့်စကားပြောကြားပါသည်။ ကျွန်တော်တို့အနေဖြင့်လည်း ကွယ်လွန်ကြပြီးသူများအား သမိုင်းတွင် ထားခြင်းသာဖြစ်ကြပြီး ကျန်ရစ်သူများအား မည်သူက မိတ်ဆွေ၊ မည်သူက ရန်သူဟူ၍ တစ်သမတ်တည်း မှတ်စွဲနာယူထားရန် လိုအပ်တော့မည်ဟု မထင်မိတော့ပါ။

လူသည် လူသာဖြစ်သည်။ သူ့ခေတ်နှင့်သူ့အခါ ဖြစ်ပျက်ခဲ့သည့်ကိစ္စများအား နောင်ဆက်ဆံသည့်မျိုးဆက်က အသိအမှတ်ပြုရမည်ဖြစ်သော်လည်း စိတ်နာကြည်းပြီး ဝိုင်းပယ်ထားရန်တော့ လိုမည်မဟုတ်ဟု ထင်မြင်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ဟသ်ာတစာတိုက်ကြီးမှ မိတ်ဆွေ စာပို့လုလင် ဦးစိန်ဟန်သည် စာရေးသူလက်ဝယ်သို့ ပါဆယ်ထုပ် တစ်ထုပ်ကိုလာပို့ပါသည်။ စာရေးသူ သည် ထိုပါဆယ်ထုပ်မှလိပ်စာကိုဖတ် လိုက်သောအခါ သူရဇ္ဇမဂ္ဂဇင်း ပညာ ရွှေတောင်စာအုပ်တိုက်မှပို့လိုက်ကြောင်း သိရပါသည်။ ပါဆယ်ထုပ်ကိုဖြေကြည့် လိုက်သောအခါ ၂၀၁၄ ခု၊ ဒီဇင်ဘာလ၊ (၁၄) နှစ်မြောက် အထူးထုတ်ဖြစ်သည်၊ စာပေတိုက်မှမေတ္တာလက်ဆောင်အဖြစ် ဦးဂျမ်းချည်ချောလုံချည်တစ်ထည်လည်း ပါသလို မြန်မာနှစ် ၁၃၇၇ ခုနှစ် ဆရာ ဦးမောင်မောင်သန်း၏ သူရဇ္ဇမဂ္ဂဇင်း (၁၄) နှစ်ပြည့်လက်ဆောင်အဖြစ် ခုနစ် ရက်သားသမီးများအတွက် အသက်ပိုင်း ခြား၍ ဆောင်ရန်၊ ရှောင်ရန်အစီအရင် ဗေဒင်စာအုပ်တစ်အုပ်ကိုပါ မေတ္တာ လက်ဆောင်အဖြစ်ရရှိ၏။ စာရေးသူ၏ ဇနီးသားသမီးတစ်စုတို့ကလည်း သူရဇ္ဇ မဂ္ဂဇင်းကြီးထွက်တိုင်း လစဉ်ပင် ဆရာ ဦးမောင်မောင်သန်း (ရင်ကိုအေးမြစေ သား) ၏ ဗေဒင်နှင့်ဝတ္ထုဆောင်းပါး ကို အစဉ်ဖတ်ရှုလေ့ရှိ၏။ စာရေး ရေးသားထားသောဆောင်းပါးဝတ္ထု ပါလာလျှင် လက်ဆောင်ရသောစာ ကို မိသားစုများက သဘောကျစွာ ဖတ်ရှုကြပါသည်။ စာမူမပါလာသော များတွင် စာအုပ်အငှားဆိုင်မှငှား ပါသည်။ စာဖတ်ဝါသနာပါသော ကို စာရေးသူ ပီတိများစွာဖြစ်မိ စာရေးသူ၏ နေအိမ်တွင် တက္ကသို ကျောင်းသူကျောင်းသားများကို ဆောင်ဖွင့်ထားသဖြင့် ဗေဒင်ဝါသနာ သူမိန်းကလေးများနှင့် စာဖတ်ဝါသနာ သူ ကျောင်းသားကျောင်းသူများအတွ စာရေးသူက ကိုယ်ပိုင်စာကြည့်တိုက် ဖွင့်ထားပေးပါသည်။ မဂ္ဂဇင်းများ



# ရောင်မြ-ကျော်ဝေ

## (လောကီပညာအောင်ကြောင်းဖြာ)

## ကိုယ်တွေ့ယုံကြည်မိသူများ

www.burmeseclassic.com

www.burmeseclassic.com

တော့ သူရဇ္ဇမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်း၊ ...ရောင်ခြည်မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်း ...ရဆန်းကြယ်မဂ္ဂဇင်းတို့ ဖြစ်သည်။ ...ရေးသူသည် သူရဇ္ဇမဂ္ဂဇင်းအတွက် ...ရှင်းဆေးဆောင်းပါးတစ်ပုဒ်ရေးသား ...၍ အိမ်ရှေ့ခြံတံခါးဝတွင် စာရေးသူ ...နာမည်ကိုခေါ်ပြီးခြံတံခါးကိုလှုပ်သော ...တစ်ယောက်ကိုတွေ့ရသဖြင့် ဇနီးဖြစ် ... -

"ဗိုလ်ကျော်ရေ၊ အိမ်ရှေ့မှာ ရှင့် ...သည်နဲ့တူတယ်။ ရှင့်နာမည်ကိုခေါ် ...ခါးကိုလှုပ်နေတယ်။ ရှင်ရေးတဲ့စာ ...အသာထားပြီးထွက်တွေ့လိုက်ပါဦး၊ ...တော့ရှားပန်းလဲနေလို့မအားလို့ပါ"

ဟု ဆိုပါသည်။

စာရေးသူသည် ရေးလက်စ ဆေး ...ဆောင်းပါးကိုအသာချထားပြီး ခြံတံခါးဝ ...ထွက်ကြည့်မိသောအခါ အတွင်းမှ ...ထိုးထားသောတံခါးကို ဖွင့်ပေးပြီး ...ဆွေကို အိမ်ထဲသို့ဝင်ရန် ဖိတ်ခေါ် ...အခါ မိတ်ဆွေက -

"ကျွန်တော်အိမ်ထဲကိုမဝင်တော့ ...ဘူး။ ကျွန်တော် အိမ်တက်ဆွမ်း ...ဖိတ်စာလာပို့တာပါ ဆရာ"

ဟု ပြောပြီး ဖိတ်စာကိုပေးပြီးပြန် ...လတော့သည်။

စာရေးသူက ခြံတံခါးကို ချက်ထိုး ...အိမ်ပေါ် စာရေးစာပွဲသို့ဝင်ထိုင်ပြီး ...ဆွေပေးသော အိမ်တက်ဆွမ်းကျွေး ...ကိုသေချာစွာဖတ်ကြည့်သောအခါ ...တက်ဆွမ်းကျွေးဖိတ်စာမဟုတ်ဘဲ ...တစ်လပြည့်ဆွမ်းသွတ်ဖိတ်စာပင် ...သဖြင့် -

"ဪ - ဒီလူနာရေးတစ်လပြည့် ...တက်ဆွမ်းကျွေးဖိတ်စာမှားပြီးမှ ...လေ။ ဒါမှမဟုတ် အပြောမှား ..."

ဟု ထင်မှတ်ပေတော့သည်။

နိုဝင်ဘာလ၏ ဆောင်းရာသီ၊ ...လ၏ နောက်ဆုံးလ ၂၃ ရက် ... ၂၃-၁၂-၂၀၁၄ ရက်နေ့ဟု ...ထားပါသည်။ ရေးလက်စ ...ဆောင်းပါးကို ခေတ္တထားပြီး၊ ဆရာ ...မောင်သန်း၏ ဗေဒင်စာအုပ်ကို ...အသက်ပိုင်းခြားပြီးကြည့်သော ... စာရေးသူ ၏အသက်ကး (၆၄) ...ပါသည်။ ဗေဒင်ထဲကအတိုင်း ... စာရေးသူ နံနက်မိုးလင်း ...ပြီးတိုင်း ဘုရားရှင်ကို နေ့စဉ် ...ဆွမ်း သို့မဟုတ် သစ်သီးဆွမ်း ...ပြီး သမ္ဗုဒ္ဓေဂါထာတော်ကို



ပုတီးတစ်ပတ်နေ့စဉ်စိပ်သည်။ ဆယ်ထပ်ကြီးရုပ်ရှင်တော်မြတ်ဗုဒ္ဓရုပ်ပွားတော်ကြီးရှေ့မှာ ဖယောင်းတိုင် (၆) တိုင်လှူပြီးမှ စာတိုက်ကြီးသို့ သွားလေ့ရှိပါသည်။ တခြားမဟုတ် မဂ္ဂဇင်းတွေအတွက် စာမူထည့်ရန်သွားခြင်းပါ။ စာတိုက်မှူးကြီး ဦးကျော်ရွှေက ခင်မင်ဖို့အလွန်ကောင်းသည့်လူတစ်ယောက်ပါ။ စာတိုက်ကို စာမူလာထည့်တိုင်း စာတိုက်ဝန်ထမ်း စာရေးမများကို -

"ဟေ့-ငါတို့ဇရာမြေကျော်ဝေကြီးရဲ့စာမူခတွေရောက်နေရင် တစ်ခါတည်းပေးလိုက်ကြ"

ဟု ပြောပါသည်။

စာရေးသူ စာတိုက်ကြီးကို စာမူသွားထည့်တိုင်း မဂ္ဂဇင်းတိုက်က စာမူခရောက်တာနှင့် ကြုံရစမြဲပါ။ ဒါကလည်း ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)၏ ဗေဒင်က စာရေးသူတနင်္လာသားအတွက် ယခုအသက်အပိုင်းအခြားမှာ အလွန်မှန်သည်ဟုဆိုရပေမည်။ စာရေးသူက ပင်စင်စားဆိုတော့ ရာထူးတိုးဖို့ အခွင့်အလမ်းမရှိပါ။ ဒါပေမယ့် ပင်စင်ကတော့ဖြင့် တိုးပြီးရပါသည်။ လောင်းကစားကို ဝါသနာမပါပေမယ့် နိုင်ငံတော်မှထုတ်သောထီကို ဗေဒင်ထဲကပါသည့်အတိုင်း ကံစမ်းဉာဏ်စမ်းကာ (၂)အစ(၉)အဆုံးကိုထိုးရာ (၃၁၇)ကြိမ်မြောက်မှာ နည်းနည်းလွဲသွားပါသည်။ သောကြာနှင့် တနင်္လာနံထီဆိုင်မှာမထိုးဖြစ်၍ပါ။

နောက်လေးရက်လောက်အကြာမှာတော့ ထီရောင်းတဲ့ကလေးနှစ်ယောက်က အိမ်လိပ်စာကိုမေးလာပြီး ငါးသောင်းဆုတွက်ဝင်ကြောင်း လာပြောပါတယ်၊ စာရေးသူက ထီလက်မှတ်ကို ထုတ်ပြတော့ မဟုတ်ပြန်ပါဘူး၊ စာရေးသူအိမ်မှာ အိမ်အကူလုပ်ကိုင်သော မပန်းမမဆိုတဲ့ အမျိုးသမီးက ထီတွက်ငါးသောင်းဆုပေါက်သွားတာပါ။ သူက တနင်္ဂနွေသမီး ထီဝါသနာရှင်တစ်ဦးပါ။ တစ်ဇထဲမှာပဲ သုံးလုံးထီလည်းပေါက်ပါတယ်။ သူ့အသက်က (၅၄) နှစ်ပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ် ပုတီးတစ်ပတ်စိပ်သည်ဟု သူကဆိုပါသည်။ ဘုရားမှာလည်း နေ့စဉ် သကြားဆွမ်း၊ သစ်သီးဆွမ်းလှူပါသည်။ ခွေးလေးတွေ၊ ကြောင်လေးတွေကိုလည်း နေ့စဉ်အစာကျွေးပါတယ်။ တနင်္ဂနွေနံပါတဲ့ အောင်စကြာထီဆိုင်မှာ (၂) အစ (၉) အဆုံးပါတဲ့ထီက (၃၁၇) ကြိမ်မြောက်မှာ တွတ်ဝင်တာပါ။ စာရေးသူ ထီမပေါက်ပေမယ့် ချို့တဲ့သည့်သူ ထီပေါက်တာကိုတော့ ဝမ်းသာမိပါသည်။ စာရေးသူတွင်မဟုတ်၊ စာရေးသူ၏ ဇနီးနှင့် သားသမီးတွေကလည်း ဝမ်းသာခြင်းအပြည့်နှင့်ပါ။

စာရေးသူက သူမထီဝါသနာရှင်တစ်ယောက်ဆိုတာသိရသည့်အတွက် ဆရာဦးမောင်မောင်သန်း၏ ဗေဒင်စာအုပ်ထဲကအတိုင်း သူမ ယခု အသက် (၅၄) နှစ်ကို ဟောထားတဲ့ ဗေဒင်ထဲကစာတွေကိုကူးပြီးပေးလိုက်ရာ သူမက အားလုံး မှန်မှန်ကန်ကန်နဲ့ လေးလေးစားစား ဂုဏ်တော်တွေရွတ်ကာ ပုတီးစိပ်တော့ သူမအတွက်ကံကတိုးတော့တာပေါ့။ အောင်ဘာလေထီတွင်မဟုတ်ဘဲ သုံးလုံးထီပါထပ်ပေါက်တော့ ကံနှစ်ထပ်တိုးလို့ဆိုရတာပေါ့။

သူမက -

"ဦးထီထိုးတာက ဆိုင်နာမည်ကို ဗေဒင်ထဲကအတိုင်းမဟုတ်သလို ဦးက ဘုရားမှာ သကြားဆွမ်းတို့၊ သစ်သီးဆွမ်းတို့ကို တစ်ခါတလေ အန်တီကကပ်ပေးတော့ ဦးကိုယ်တိုင်မဟုတ်တော့လည်း ပေါက်မယ့်ထီကပေါက်မလိုလိုနဲ့ အနားကပ်ပြီးမှ လွဲတော့တာပေါ့။ ကျွန်မကတော့ ဘုရားဂုဏ်တော်တွေကိုလည်း ယုံကြည်တယ်။ နတ်တွေကိုလည်းယုံကြည်တယ်၊ မမြင်ရတဲ့ပရလောကတွေကိုလည်း တကယ်ရှိတာယုံတယ်။ သူရဇ္ဇမဂ္ဂဇင်းကြီးထဲက ဆောင်းပါးရှင် ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ရဲ့ ဗေဒင်ကိုတော့ ကျွန်မအတွက် လက်တွေ့ကိုယ်တွေ့မှန်လို့ ယုံကြည်မိပါတယ်"

ဟု ပြောပြီး လစဉ်ထုတ်မဂ္ဂဇင်းများရှိသည့်အနက် သူရဇ္ဇမဂ္ဂဇင်းကိုမှရွေးပြီး မပန်းမမတစ်ယောက် သူဝါသနာပါသော၊ ဗေဒင်၊ ဂါထာ၊ မန္တန်၊ အဆောင်၊ အစီအရင်တို့ကို ဖတ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## သုန္ဒ(နဝင်းမြို့)
# နေဝင် လထွက် စီးပွားတက်စေသည့် ဂါထာတော်နှင့်အဆောင်စမ

တစ်နေ့သ၌ ကျောင်းနေဖက် သူငယ်ချင်းများနှင့် ဆုံမိကြပါသည်။ အင်္ဂလိပ်လများ၏နောက်ဆုံးရက်သတ္တ ပတ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားလစာ (ပင်စင်) ငွေများကို ထုတ်ပေးနေကြဖြစ်ပါသည်။ တစ်မြို့တည်းနေကြသော်လည်း မဆုံဖြစ်ပါ။ ရပ်ကွက်အတူနေများပင်လျှင် ပင်စင်ထုတ်ချိန်တွင်ဆုံဖြစ်ခဲ့ပါသည်။

ဒီနေ့မှ မမျှော်လင့်ဘဲ အထက်တန်းကျောင်းတွင် အတူတကွ ပညာသင်ယူခဲ့ကြသော ကျောင်းနေဖက်သူငယ်ချင်းများ အတန်းကွဲသော်လည်း အသင်းတူပြီး အားကစားရာတွင် လက်တွဲဖော်သူငယ်ချင်းများနှင့် တစ်စုတစ်ဝေးတည်း ဆုံဖြစ်ကြပါသည်။

လွန်ခဲ့သော နှစ် (၅၀) လောက်ကို ပြန်ငယ်သွားသည်ဟု ထင်မိပါသည်။ ငယ်ရွယ်စဉ်ကျောင်းသားဘဝအကြောင်းကို ပြောကြဆိုကြရယ်မောကြနှင့်တစ်စု၊ မိမိတို့ဖြတ်သန်းခဲ့ကြသော လုပ်ငန်းနယ်ပယ်မှ အတွေ့အကြုံများကိုပြောကြဆိုကြသည့်လူကတစ်စု၊ သားရေးသမီးရေးနှင့် မျက်မှောက်လူမှုဘဝကို ပြောဆိုဝေဖန်နေကြသည့်အစုကတစ်စု၊ အထက်တွင် ဖော်ပြခဲ့သည့်အစုအဖွဲ့တွင် [illegible] ခြင်းမရှိသည့် သူငယ်ချင်းများက [illegible] နှင့် စုဝေးလျက်ရှိပါသည်။

ကျွန်ုပ်တို့သည် မိမိအတွ[illegible] ဘာသာရေးကိစ္စများနောက် စီးပွား[illegible] အရ ကျပ်တည်းနေသည့်အတွ[illegible] လောကဓံဝန်ထုပ်ဝန်ပိုးကို မတန်[illegible] ထမ်းနေရသည့် သူငယ်ချင်းမျာ[illegible] ပြောဆိုနေခဲ့ပါသည်။ ထိုအ[illegible] သူငယ်ချင်းတစ်ယောက်က ပင်စင်[illegible] ထုတ်ပြီးသည်နှင့် ကျွန်ုပ်အိမ်သို့လို[illegible] လိုကြောင်း ခွင့်တောင်းနေပါတော့သည်[illegible]

ကျွန်ုပ်တို့စကားဝိုင်းမှ သူငယ်[illegible]

မပန်းမမ၏ ခင်ပွန်းဖြစ်သူ ကိုသိန်းဒန်က ဇနီးဖြစ်သူ၏ နတ်ယုံကြည်မှုကို မနှစ်မြို့သော်လည်း နတ်ခေါင်းစွဲ အမေမြင့်ရှိရာသို့ ပန်းမမ တစ်ယောက် ချောင်းပေါက်အောင်သွားခဲ့သည်ကို မတားပါ။ မမနဲ့က သုံးလုံးထီ ပေးလို့ပေါက်တာကတော့ သူကိုယ်တွေ့။ ယခုလည်း မမနဲ့က သုံးလုံးထီကို (×××) ဟု ပေးပြန်သည်။ ထွက်သွားတော့ (×××) အလယ်ဂဏန်းတစ်လုံးလွဲသွား၏။ ကိုသိန်းဒန်က မနဲ့လေးကို ရန်တွေ့ရအောင်သွားသည်။ မပန်းမမက မသွားဖို့ပြောသည်။ ဒါပေမယ့် ကိုသိန်းဒန်ကို တားမရ။ မမနဲ့ကြောင့် ငါတို့အိမ်တွေခြံတွေကုန်ပြီ။ သူ့ကိုယုံလို့ တစ်ကွက်တည်း ထိုးလိုက်တာ ပါစင်အောင်လွဲပါပေါ့လား။ မနဲ့လေးက ကိုသိန်းဒန်ကိုကြည့်ပြီးရယ်သည်။

"ဘယ့်နှယ်လဲ မမနဲ့၊ ခင်ဗျားပေးတဲ့ဂဏန်းက တဲ့မပြောနဲ့ တွတ်တောင်မတွတ်ပါလားဗျ"

ဟု ဆိုသောအခါ မမနဲ့ဝင်နေသော အမေမြင့်က -

"ဟဲ့-မိုက်လုံးကြီးသား၊ ငါ့စကားကို နင်ကသတိမှမထားဘဲ။ နင်အသိတရားတယ်ခေါင်းပါးတာပဲ။ ငါပေးတာက (×××) လေ။ နင်တို့ အခုကုန်မှနားအေးပြီမဟုတ်လား"

ဟု ပြက်ရယ်ပြုပြီး မနဲ့လေးနတ်ဝင်နေသော အမေမြင့်က ပြောသောအခါ သိန်းဒန်သည် ကိုကြီးကျော်နတ်ရုပ်ကို ဆက်ထားသောစားနှင့်ခုတ်မည့်ဟန်လုပ်သောအခါ မနဲ့လေးနတ်ဝင်နေသော နတ်ဝင်သည် အမေမြင့်သည် အိမ်ပေါ်မှ ဆင်းပြေးပြီး ဆယ်အိမ်မှူး ဦးလူအေးအိမ်တွင်တက်ပြီးပုန်းနေလေတော့သည်။ အမေမြင့်တစ်ယောက် မနဲ့လေးအယောင်ဆောင်ပြီးလုပ်စားခဲ့သည်မှာကြာခဲ့ပေပြီ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံတွင် ခံဝန်ကတိထိုးခဲ့ရပေါင်းလည်း များခဲ့ပေပြီ၊ နောက်ပိုင်း အမေမြင့် နတ်မဟောတော့ပါ။

ကိုသိန်းဒန်တစ်ယောက် နတ်တွေကိုမယုံ။ ဗေဒင်ကိုယုံသည်။ ကိုသိန်းဒန်တို့ ဦးပဥ္စင်းဘဝတုန်းက ဆရာတော်ကြီး ဦးသုန္ဒရက -

"ငါ၏တပည့် မောင်ဖဥ္စင်းတို့ ဗေဒင်ပညာကိုတော့ သင်ခွင့်ပြုမည်။ ဗေဒင်ပညာသည် လောကီအတတ်ပညာတွင် တစ်ပါးသောအတတ် ဖြစ်သည်။ ဝိဇ္ဇာအထိထွန်းပေါက်နိုင်သည်။ ဗေဒင်ပညာဟူသည်ကား လူတစ်ယောက်ကို မွေးစမှ သေဆုံးသည်အထိ ဟောကြားနိုင်သောအတတ်ပညာ ဖြစ်သည်။ လိမ်ညာ၍ ဟောကြားသောသူသည် ဗေဒင်ပညာတတ်ကျွမ်းသောသူမဟုတ်။ အယောင်ဆောင်လူယုတ်မာပင်ဖြစ်မည်။ တကယ့် ပညာတတ်ကျွမ်းသော ပညာရှိဗေဒင်ဆရာသည် အမြဲတမ်းတော[illegible] တွင် မှန်ကန်အံ့။ နာမည်ထွန်းတော[illegible] အံ့။ ဝိဇ္ဇာတို့၏ ချစ်ခင်ခြင်းကိုခံ[illegible] နာမည်ကျော်ကြား လူကြိုက်မျာ[illegible] ကျင့်ကြံအားထုတ်ခြင်းဖြင့် နောက်[illegible] ဝိဇ္ဇာဖြစ်အံ့"

ဟု ဆရာတော်က ဟောကြ[illegible] ဆုံးမသည်ကို ကိုသိန်းဒန်သိခဲ့[illegible] ပြန်လည်၍ သတိရမိသည်။ သူ၏[illegible] မပန်းမမကို (၂) လုံး၊ (၃)လုံးမထိ[illegible] အောင်ဘာလေထီကိုတော့ တ[illegible] သရွေ့ထိုးရန် အားပေးသည်။ ထီထိုး[illegible] ဗေဒင်နှင့် ဂါထာမန္တန်များကို ရှာ[illegible] သည်။ မကြာခဏပင် တစ်သိန်း[illegible] ငါးသောင်းဆုထီတွတ်ဝင်သည်။ လွ[illegible] သော (၁၁၇) ကြိမ်မြောက်တွင် စာ[illegible] ၏ကိုယ်တွေ့ ဆရာဦးမောင်မောင်[illegible] ၏ဗေဒင်အရ ထီထိုးခြင်းဖြင့် [illegible] ငါးသောင်းဆုပေါက်သည်။ သူတို့[illegible] တွေကိုကြည့်ပြီး စာရေးသူရင်မှာ [illegible] လှပါ၏။ သူတို့တစ်တွေလို စာ[illegible] ထီပေါက်ချင်ပါသော်လည်း ထီ[illegible] ကိန်းကမရှိသေးပါ၊ ဒါပေမယ့် ဖွဲ့မ[illegible] ပါ။ ဆရာဦးမောင်မောင်သန်း၏နှ[illegible] ဗေဒင်စာအုပ်ကိုသာ လက်ဝယ်ထ[illegible] တစ်လလျှင် တစ်ကြိမ် ထီကံစမ်း၍[illegible] ပေတော့မည်။

ရောမြေ[illegible]



www.burmeseclassic.com

www.burmeseclassic.com


...ယောက်ကလည်း ကျွန်ုပ်အိမ်သို့လိုက် ...ခဲ့သည်ဟုပြောဆိုပြီး မြန်မာ့စီးပွားရေး ...က်မှ လေးဖာလုံအဝေးခန့်ရှိသော ...နုပ်အိမ်သို့ လိုက်ပါလာကြပါတော့ ...သည်။ ကျွန်ုပ်အိမ်သို့ ရောက်သည်နှင့် ...နုပ်နှင့်အတူ လိုက်ပါရန် တောင်းဆို ...ည့်သူငယ်ချင်းက သူ့မိသားစု၏ ...ကျပ်အတည်းအခက်အခဲတို့ကို ပြော ...ပြီး အကူအညီတောင်းခံပါတော့သည်။ ...သူငယ်ချင်းနှင့်အတူ လိုက်ပါလာ ...ည့် အခြားသူငယ်ချင်းနှစ်ယောက်မှ ...ယောက်သည် ဟာဒယဉာဏ်ရွှင်ပြီး ...စပ်စပ်ဒီစပ်စပ်နှင့် အတော်စုံသော ...ငယ်ချင်းဖြစ်သည်။

သူ့ဇီဇသဘောအရ နောက်ပြောင် ...သည့်ဝါသနာအလျောက် မည်သည့် ...တွင်မှ ဆုံးခန်းတိုင်ပြီးမြောက်သည် ...။ အရာအားလုံးတို့မှာ မပြီးမပြတ် ...လန်းရပ်ထားသည်ကများပါသည်။ ... ရှေ့ကမိသားစု၏ အခက်အခဲကို ...ပြီးရင်း အကူအညီတောင်းခံသည့် ...အတိုင်း သူ့ကိုပါ ကူညီရန်ပြောပြ ...သည်။ သို့နှင့် ကျွန်ုပ်သည် သူငယ် ...များကို ကူညီပေးရန်အကြောင်းကို ...စားရပါတော့သည်။

ကျွန်ုပ် စဉ်းစားသည်မှာ အသက် ...ယ်အရ (၇၀) ကျော်အထက်ရှိကြပြီ ...သည့်တိုင်း မျက်မှောက်ဘဝ စီးပွား ...တွင်မတုတ်ဘဲ သံသရာခရီးအတွက် ...ကောင်းပါစေချင်သော စေတနာ ... နှစ်စွယ်ရအကြောင်းကောင်းကို စဉ်း ...ပေးမည်ဟုရည်ရွယ်လိုက်ပါသည်။

ကျွန်ုပ်တို့သည် ကိုးကွယ်ကြသည် ... ထေရဝါဒဗုဒ္ဓဘာသာများဖြစ်သည့် ...တွက် ရှင်မဟာဗုဒ္ဓဃောသမထေရ် ...ပူဇော်ခဲ့သော အစိန္တေယျဘုရားရှိခိုး ...တွင်ပါဝင်သည့် ဂါထာပုဒ်ရေ (၂၀) ...တော်များကို ပူဇော်ရန်ပေးမည်ဟု ...တ်လိုက်ပါသည်။

တစ်ဖက်ကလည်း ဝိဇ္ဇာရေဂမ္ဘီရ ...ဖြင့် စီမံထားသည့် နေဝင်လထွက် ...လုံးစီကိုလည်းပေးမည်ဟု စဉ်းစား ...တ်လိုက်ပါသည်။ ဤနေရာတွင် ...လထွက် စီးပွားတက်စမတွင် ... ဗျည်း (၃၃) လုံးမှ က၊ ဃ၊ ... စ-ဓ-ဗ-ဝ၊ နငယ်၊ ညတို့နှင့် ...လျှင်းချိတ်၊ ၃ ချင်ကောက်ဖြင့် ဖွဲ့ ...ထားသည့် ရတနာပစ္စည်းများကို ... သယ်ဆောင်နိုင်သည့် ရတနာ ...တော်စမတွင် လက်ဝဲ၊ လက်ယာ ...အထွတ်တွင် နေမင်း၊ လမင်း




အဖဂြိုဟ်၊ အမိဂြိုဟ်တို့ကို ထည့်ထား ပါသည်။ ရတနာဖောင်တော်၏အလယ် ရွက်တိုင်ထိပ်တွင် နဝင်းစေတီကို အထွတ်တင်ထားပါသည်။

စမ၏ ဝဲယာနှစ်ဖက်တွင် ဗုဒ္ဓသိဒ္ဓိ၊ ဓမ္မသိဒ္ဓိ၊ သံဃသိဒ္ဓိ၊ မာတာပိတုယ၊ အာစရိယသိဒ္ဓိဟု စာညွှန်းကိုရေးထားပြီး ကြီးလေးကြီးစမ၊ သီတာရေပြင်၏ အောက်ခြေတွင် သဗ္ဗသိဒ္ဓိမေ ဘဝိဿ တိဟု စာတန်းထည့်ထားသည်ကို တွေ့ ရပါသည်။ ရတနာဖောင်တော်ကို ၃ ကောက်နှင့် ငသန်လျှင်းချိတ်တို့ဖြင့် ဖောင်အရာထားပြီး ဏကြီးအက္ခရာကို ရတနာဖောင်၏ ဝမ်းပိုင်းနံပြင်ကာထား ၍ ညအက္ခရာကို အမိုး၊ ပေါင်းမိုး သဏ္ဌာန်ဖြစ်အောင် စ-မနှင့် ဗ-ဝ ကို အဆွယ်ချထားပါသည်။ ထိုစမကို ထိုးဖောက်မြင်နိုင်စွမ်းအောင် ခက်ခဲ နက်နဲသည့် သုခုမဂမ္ဘီရသဘောကို မြင်တွေ့ရပါသည်။

နေဝင်လထွက်အချက်ကျကျစီမံ ထားသည့်အတွက် အဝိဇ္ဇာအမှောင်ကို ဖြစ်စေ၊ လောကတံထွာ သဘာဝ နိယာမဖြစ်သော ညဉ့်အမှောင်ကိုဖြစ်စေ ပယ်ဖျက်နိုင်စွမ်းရှိသည်ကို သိရှိနိုင်ပါ သည်။ စင်ကြယ်သော စီးပွားဖြင့် ရှာဖွေ၍ရရှိသော ငွေကြေးဥစ္စာရတနာ တို့ကို လျော့နည်းခြင်း၊ ပျောက်ဆုံးခြင်း အလျှင်းမရှိစေဘဲ ကောင်းစွာ သိမ်းသိမ်း ဆည်းထားနိုင်စွမ်းခြင်းနှင့် မိမိအလိုရှိ ရာအရပ်၊ နေရာဌာနများသို့ အေးချမ်း ပြီး ဆောလျင်စွာ သယ်ပိုးနိုင်စွမ်းခြင်း သိဒ္ဓိအထူးကိုဖြစ်စေနိုင်ကြောင်း ကောင်း မြတ်သည့် သိဒ္ဓိအစုံကို မြင်တွေ့နိုင်ပြီ ဖြစ်ပါသည်။ ထိုနေဝင်လထွက် စီးပွား တက်စမအင်းကို စီမံလိုကြသည့် စာချစ် သူမိတ်ဆွေများအတွက်လည်း ဖော်ပြ ပေးလိုက်ပါသည်။

ထိုစမကို အဆောင်စမအဖြစ် ဆောင်ထားနိုင်ရန် မည်သို့ဆောင်ရွက် ရမည်ကို ကျွန်ုပ်မှ ရှင်းလင်းပြောပြ၍ ပေးလိုက်ပါသည်။ ထိုစမအဆောင်ကို စီမံရာတွင် နမက္ကာရကြီး၏ ဂါထာပုဒ်ရေ (၂၀) ဖြစ်သော ဂါထာတော်ကို ရွတ် ဖတ်ပူဇော်ပြီး မြတ်စွာဘုရားရှင်၏ ဂုဏ် တော် (၉) ပါးမှ အရဟံဂုဏ်တော်ကို ရွတ်ဆိုပူဇော်၍ ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံး ဂုဏ်တော်ပုတီးကို အသုံး ပြုပြီး ပုတီး (၁) ပတ်စိပ်ရန်ဖြစ်ပါသည်။ ပုတီးစိပ်ရာတွင် ဂုဏ်တော်ကို ပါဠိပေ...



www.burmeseclassic.com

နှင့် ရွတ်ဆိုပြီး ပုတီးတစ်လုံးမချရပါ။ အရဟံဂုဏ်တော်၏ အနက်မြန်မာပြန်ကို နှလုံးသွင်းစေပြီးမှ ပုတီးတစ်လုံးချရမည် ဖြစ်ပါသည်။ (ဂုဏ်တော်ကို မြန်မာလို နှလုံးသွင်းပြီးမှ ပုတီးတစ်လုံးချရသည့်အတွက် မိတ်ဆွေအနေဖြင့် အခက်အခဲတော့ရှိနိုင်ပါသည်။ ကြိုးစားပြီး ဂုဏ်တော် ပုတီးတစ်ပတ်ဖြစ်သော အခေါက်ရေ (၁၀၈) ခေါက်ကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

နေဝင်လထွက်စမကို မိတ္တူကူးပြီး မိမိနှစ်သက်သည့်အရွယ်အစားအတိုင်း စီမံထားရန် ဖြစ်ပါသည်။ စာချစ်သူမိတ်ဆွေများအနေဖြင့် အတွေ့အကြုံရှိကြပြီးဖြစ်သည့်အတိုင်း မိမိနှစ်သက်သလို အဓိဋ္ဌာန်ဝင်နိုင်ကြပါသည်။ အဓိဋ္ဌာန်ကာလဖြစ်သော (၁၀) ရက်ကို မိဋ္ဌာန်ကာလသတ်မှတ်ပြီး အချိန်နေရာတိကျစွာဖြင့် မကျိုးမပေါက်ရလေအောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

**အရဟံဂုဏ်တော်ပုတီးစိပ်ရန် နည်းလမ်း**

- သောဘဂဝါ၊ ဣတိပိ၊ အရဟံ။

နှလုံးသွင်းရန် မြန်မာပြန် -

လူနတ်ဗြဟ္မာသတ္တဝါတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

**ဂါထာတော်**

- ကဏ္ဍမ္ဗ မူလ ပရဟိတကရော
  ယော မုနိန္ဒော နိသိန္နော၊
  အစ္ဆေရံသီဃံ နယနံ သုဘဂံ
  အာကုလဏ္ဍဂ္ဂိဇာလံ။
- ဒုဋ္ဌာလဒ္ဓံ မုနိဘိဇဟိတံ ပါဋိဟေရံ
  အကာသိ။
  ဝန္ဒေတံ သေဋ္ဌံ ပရမ ရတိဇံ ဣဒ္ဓိ
  ဓမ္မေဟုပေတံ။ ။

**မြန်မာပြန်**

**ပရဟိတကရော** - သူတစ်ပါး၏ အစီးအပွားကိုလည်း ရွက်ဆောင်တော်မူထသော။ **ယောမုနိန္ဒော**-အကြင်မြတ်စွာဘုရားသည်။ **ကဏ္ဍမ္ဗမူလေ** - ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်ဆည် စိုက်အပ်သော သရက်ဖြူပင်၏အနီး၌။ **နိသိန္နော**-နေတော်မူလျက်။ **အစ္ဆေရံ**-အံ့ဖွယ်ရှိထသော၊ **နယနသုဘဂံ**-လူနတ်တို့၏ မျက်စိအား တင့်တယ်စွာထသော၊ **အာကုလဏ္ဍဂ္ဂိဇာလံ** - ရောယှက်သောရေအလျဉ်မီးအလျှံရှိထသော၊ **ဒုဋ္ဌာလဒ္ဓံ** - မိစ္ဆာအယူ တည်းဟူသော ကွန်ရက်ကို ဖျက်ဆီးတတ်သောအလေ့ရှိတော်မူထသော၊ **မုနိဘိ** - ဘုရားရှင်တို့သည်၊ **အဇဟိတံ** - မစွန့်အပ်ထသော၊ **ပါဋိဟေရံ**-ရေမီးအစုံ အစုံအစရှိသော တန်ခိုးပြာဋိဟာကို၊ **သီဃံ**-လျင်စွာ၊ **အာကာသိ** - ပြတော်မူလေပြီ။ **သေဋ္ဌံ** - အထူးသဖြင့် ချီးမွမ်းအပ် မြတ်စွာထသော။ **ပရမရတိဇံ**-မြတ်သောနှစ်လိုခြင်းတို့ဖြစ်စေထသော၊ **ဣဒ္ဓိ ဓမ္မေဟိ** - တန်ခိုးကျေးဇူးတို့နှင့်၊ **ဥပေတံ** - ပြည့်စုံတော်မူထသော်၊ **တံမုနိန္ဒံ** - ထိုမြတ်စွာဘုရားကို၊ **အဟံ**-ဒါကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ**-ရှိခိုးပါ၏။

အဓိဋ္ဌာန်ကိစ္စတို့ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက နေဝင်လထွက် စီးပွားတက်စမကို ဆောင်ထားနိုင်ကြပြီ ဖြစ်ပါသည်။ ကျွန်ုပ်၏သူငယ်ချင်းများကို ကူညီပေးလိုက်သည့်အတိုင်း စာချစ်သူ မိတ်ဆွေများအနေနှင့်လည်း နှစ်သက်ပါက ဆောင်ရွက်နိုင်ကြစေရန် ရေးသား တင်ပြလိုက်ပါသည်။


ယနေ့ အိုင်တီခေတ်ကာလတွင် ကျွန်ုပ်တို့၏ ဝိဇ္ဇာဓရ ဂမ္ဘီရနယ်မှ ဝိဇ္ဇာအတတ်ဟု ဆိုအပ်သော ဤဂမ္ဘီရပညာဖြင့် လူသားများ၏လူမှုဘဝဆင်းရဲခြင်းမှုများကို အောင်မြင်စွာ ကျော်လွှား... ကြစေရန်နှင့် ပြည့်စုံသူများအနေ... လည်း နှစ်သက်၍ ဆောင်ရွက်ခဲ့ပါ... ကံလုံကြွယ်ဝပြီး ကျက်သရေအပေါင်း... ပိုမိုတင့်တယ်နိုင်ကြမည်ဖြစ်ကြောင်း... လည်း အသိပေး တင်ပြရေးသားလိုက်... ပါသည်။

ဂမ္ဘီရပညာသည် မြတ်စွာဘုရား... ရှင်တို့၏အာဝေနိကဂုဏ်တော်များ... ဘုရားရှင်များ၊ တပည့်သားရဟန်းသံ... တော်များ ရေးသားခြင်း၊ ဟောကြား... အဖုံဖုံတို့မှ ပါဠိတော်များကို သဒ္ဒါ ဝိ... အားလျော်စွာ ကြိုးစားအားထုတ်... အောင်ပွဲဝင်နိုင်ကြပါစေဟုဆုမွန်ကောင်း... လိုက်ပါသည်။

*ပညာတိုးပွား...*
*အကျိုးများကြပါ...*

သုဒ္ဓ(နဝင်း...)

**ကျမ်းကိုး -**
သိဒ္ဓိရာဇာဆရာအောင်၏
အင်းဓမများကျမ်း (လက်ရေး...)



www.burmeseclassic.com

အဖေဆုံးပြီ။

အဖေ ဆုံးသည့်အကြောင်းကို ...ဦးမနား - တောင်ညိုရှိ အဖေချစ်...သော သားကြီးကို အသိပေး အကြောင်း...ကြားစဉ် မချိတင်ကဲ ဝမ်းပန်းတနည်းနှင့် ...မြင်းမိုရ်တောင်ကြီးပြိုပြီ' ဟုပြောဆိုရင်း ...သောကျားတန်မဲ့ မျက်ရည်များမဆည် ...ဘဲပြောလိုက်သည်။

မှန်ပါသည်။

သားသမီးအားလုံးကို မပူမပင် ...ကြောင့်မကြ မညိုးငယ်ရအောင် ...လာ တောင်သူလုပ်ငန်းဖြင့် ...မွေးစောင့်ရှောက်ခဲ့သောဖခင်ကြီး။ ...သမီးများကို မိရိုးဖလာ တောင်သူ...လုပ်ငန်းဖြစ်သည့် ကောက်စိုက်၊ ဖျိုးနုတ် ...လုပ်များကို မစေခိုင်းဘဲ စာသင်ခန်း ...ပို့၍ ပညာကိုဆုံးခန်းတိုင်သင်ယူ ...ပြီး မိသားစုစားဝတ်နေရေးအတွက် ...တိုင်အပင်ပန်းခံ၍ ဘဝကိုရုန်းကန်ခဲ့သော အဖေကြီး။ ယခုဆုံးပါးသွားခဲ့ပါပြီ။ သားသမီးများအားလုံးအတွက် မြင်းမိုရ်တောင်ကြီး ပြိုကျခဲ့ရပါပြီ။

အဖေ၏ ရုပ်ကလာပ်သည် အပူအပင်ကင်းမဲ့စွာအိပ်ပျော်နေသည့်ပမာ ငြိမ်းအေးစွာ လဲလျောင်းနေပါသည်။ အဖေ့ရုပ်ကလာပ်အနီးတွင် ကွယ်လွန်သွားပြီဖြစ်သည့် အမေနှင့်အစ်မကြီးတို့မှအပ ကျန်ရစ်သည့်သားသမီးများစုံညီစွာ ဝန်းရံထိုင်ပြီး မျက်ရည်ကျနေကြသည်။

အစားထိုး၍မရသောဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်။

ဘယ်လိုမှ အစားထိုး၍ မရနိုင်တော့။

အဖေမရှိတော့မှ အဖေ့ရုပ်ကလာပ်ကိုကြည့်ရင်း အဖေ့မေတ္တာ၊ အဖေ၏ကြီးမားသောကျေးဇူးများကို ပြန်ပြောင်း၍သတိရနေမိသည်။

အဖေသည် ရမည်းသင်းမြို့အနောက်တောင်ဘက် (၃)မိုင်ခန့်အကွာတွင်ရှိသော မကျီးကုန်းကျေးရွာတွင် တောင်သူမျိုးရိုး ဦးသာရဲ ဒေါ်ကေတို့မှ မွေးဖွားပြီး မကျီးကုန်းကျေးရွာတွင် အခြေချနေထိုင်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရသေး



(ရမည်းသင်း)

## မကျီးကုန်း-စိုးယဉ်မြင့်

## အစားထိုးမရသောဆုံးရှုံးခြင်း



www.burmeseclassic.com

www.burmeseclassic.com

သည့်အချိန်ဖြစ်သည်။ ရွာသူကြီးမှ မောင်းထုပြီးဆင့်ခေါ်လျှင် တစ်ရွာလုံး ဖိမ့်ဖိမ့်တုန်အောင်ကြောက်ပြီး အပြေးအလွှားလာရသည့်ခေတ် ဖြစ်သည်။ ရမည်းသင်းတစ်မြို့လုံး စာသင်ကျောင်းဆို၍ အင်္ဂလိပ်အထက်တန်းကျောင်း တစ်ကျောင်းသာရှိသည်။ ရွာဦးဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်၍ အခြေခံမြန်မာစာကိုသာ ရေးတတ်ဖတ်တတ်အောင်သင်ခဲ့ရသည်။ တစ်ရွာလုံး အင်္ဂလိပ်ကျောင်းသို့ မည်သည့်လူငယ်မျှ တက်ရောက်၍ စာမသင်နိုင်ကြ။

အဖေသည် လွန်စွာရိုးသားပြီး စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်သည်။ အိမ်ထောင်မကျမီ လူပျိုဘဝက ရမည်းသင်းမြို့အရှေ့ဘက် ရွှေမြင်တင်တောင်တော်ဘုရားပွဲသို့ ရွာထဲမှသူငယ်ချင်းများနှင့် သွားရောက်လည်ပတ်ပုံအကြောင်းကို သားသမီးများအား ပြောပြရင်း အပေါင်းအသင်းမမှားရန် သတိပေးဆုံးမစကားဆိုတတ်သည်။

အဖေက -

"အဲဒီ ရွှေမြင်တင်တောင်ဘုရားပွဲကိုသွားလည်တော့ ငါ့မှာပိုက်ဆံသုံးမူးပါတယ်ကွ။ အခုခေတ်လိုဆိုရင်တော့ သုံးထောင်လောက်ပေါ့ကွာ။ ပွဲလည်ရင်း သူငယ်ချင်းတွေက ငါ့နားဝိုင်းပြီးကျွေးခိုင်းမွေးခိုင်းတာပေါ့ကွာ။ သူတို့ကိုကျွေးမွေးပြီးတော့ ငါ့မှာလည်းပိုက်ဆံမကျန်တော့ဘူး။ အဲဒီနောက် သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် အလျှိုအလျှိုပျောက်ကုန်ကြတော့ ငါလည်း ဒုက္ခရောက်တာပေါ့ကွာ။ သူငယ်ချင်းဖိုးဦးက ကူညီလို့ ငါရွာပြန်ရောက်တာ"

ဟု ငယ်စဉ်ဘဝအတွေ့အကြုံများကိုပြောပြရင်း အပေါင်းအသင်းကိုကြည့်ပေါင်းဖို့ ဆုံးမတတ်သည်။

အဖေသည် ဘုန်းကြီးကျောင်းတွင် ရေးတတ်ဖတ်တတ်အဆင့်သာ ပညာသင်ခဲ့ရသော်လည်း အဖေ့လက်ရေးမှာ ဝိုင်းစက်ညီညာလှပလှပေသည်။ အဖေသည် ပခုက္ကူဇာတိ မကျီးကုန်းတွင် ကြီးပြင်းသော တစ်ရွာတည်းသူနှင့် အိမ်ထောင်ကျပြီး မိဘရိုးရာ တောင်သူလယ်လုပ်၊ ပျိုးနုတ်ကောက်စိုက်အလုပ်ကို တစိုက်မတ်မတ်လုပ်ရင်း ကြီးပြင်းခဲ့သည်။ အရက်မသောက်၊ လောင်းကစားကို စိတ်မဝင်စားဘဲ ရပ်ရွာလူမှုရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် မအိပ်မနေ စိတ်ရောကိုယ်ပါလုပ်ဆောင်တတ်သည်။

သားအကြီးဆုံး မွေးဖွား၍ ရှင်ပြုပြီးသောအခါ မကျီးကုန်းနှင့် (၅) မိုင်ခန့်ကွာဝေးသည့် အုန်းသီးကွဲရွာ ဘုန်းကြီးကျောင်းက စာသင်ပြမှုကောင်းသည်ဆို၍ သွားရောက်အပ်နှံ ပညာသင်ကြားစေသည်။ အဖေသည် သားကြီးအား ပညာတတ်စေချင်၍ အဝေးရွာသို့ပို့အပ်ပညာသင်ကြားစေခဲ့ပုံ၊ တစ်လတစ်ခါ ဆန်တစ်တင်းအိတ်ကို တစ်ယောက်တည်းထမ်း၍ (၅)မိုင်ကွာခရီးကို မမောမပန်းနိုင်ဘဲ သွားရောက်ခဲ့ပုံတို့ကို စကားစပ်မိတိုင်း ပြောပြခဲ့ပါသည်။

၁၉၅၅ ခုနှစ်ဝန်းကျင်တွင် ရမည်းသင်းမြို့၌ အစိုးရအထက်တန်းကျောင်းသစ်ကြီးကိုလည်း ဖွင့်လှစ်လိုက်ပေပြီ။ မရှေးမနှောင်းမှာပင် မကျီးကုန်းကျေးရွာတွင်လည်း အစိုးရမူလတန်းကျောင်းဖွင့်လှစ်လိုက်ပါသည်။ အဖေသည် သားအလတ် (၃) ယောက်ကို တောင်သူလုပ်ငန်းခွင်တွင်မခိုင်းစေဘဲ စာသင်ခန်းသို့ပို့ကာ ပညာကို တစိုက်မတ်မတ်သင်ယူစေခဲ့သည်။

သား (၃) ယောက် အထက်တန်းကျောင်းသို့ စတင်ပညာသင်ကြားသည့်နှစ်မှာပင် အဖေ၏ဘဝလက်တွဲဖော် သားတို့၏အမေသည် လယ်ထဲ၌ စပါးရိတ်နေစဉ် ပိုးထိ၍ ရုတ်တရက်ကွယ်လွန်တိမ်းပါးသွားခဲ့ရပါတော့သည်။ ရွာနှင့် (၃) မိုင်ကွာဝေးသည့် ရမည်းသင်းဆေးရုံသို့ ပို့ဆောင်ကုသပါသော်လည်း မရတော့။ အဖေသည် အရုပ်ကြိုးပြတ်ဖြစ်ကာ ယောကျ်ားတန်မဲ့ မျက်ရည်ကျခဲ့ရလေသည်။

အမေ၏ရျာပန မြေကျပြီး ရက်လည်ဆွမ်းသွတ်ပြီးသည့် ညတွင် အဖေသည် သားသမီးများအားလုံးကို ခေါ်ပြီး-

"သားတို့သမီးတို့ အမေမရှိလည်း ဘာမှအားမငယ်နဲ့။ ကျောင်းဆက်တက်ပါ။ ပညာရေးကိုဂရုစိုက်ပါ။ အဖေအရွယ်ရှိသေးပေမယ့် နောက်အိမ်ထောင်မပြုဘူး"

ဟု အားပေးစကားပြောဆိုရင်း သားသမီးများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးသည်။ အမေကွယ်လွန်တော့ အဖေသည် အသက် (၄၅)နှစ်ခန့်သာရှိသေးသည်။

အဖေသည် ပြောခဲ့သည့်စကားအတိုင်း သားသမီးများကိုငဲ့ညှာ၍ နောက်အိမ်ထောင်မပြုဘဲ သားသမီးများနှင့်အတူ အေးချမ်းစွာ ကွယ်လွန်သည့်အချိန်အထိ ဥမကွဲသိုက်မပျက် နေထိုင်ခဲ့သည်။ အဖေသည် ပင်ပန်းဆင်းရဲသော တောင်သူလယ်သမားဘဝကို သားသမီးများနားလည်အောင် အမြဲပြောသည်။ နွားနှင့်အတူရုန်း၍ လယ်မြေကို ထွန်ယက်စိုက်ပျိုးပြီးမှ ဝမ်းဝရသည့်အကြောင်း၊ မိုးလေဝသအဆင်မပြေလျှင် ဒုက္ခရောက်ရကြောင်းပြောပြရင်း ဆုံးမတတ်သည်။ တစ်ခါက အိမ်ရှေ့တွင်နေလှန်းထားသောစပါးများကို နွားများစားနေ၍ နွားကိုမောင်းရင်း -

"ဒီစပါးဟာ မြွေပွေးကျောပြင်ပေါ်ကသိမ်းထားရတဲ့စပါး၊ တန်ဖိုးရှိတယ်။ နားလည်ကြ"

ဟုလည်း ပြောပြတတ်သည်။

အဖေ့ရည်ရွယ်ချက်၊ အဖေ့ဆန္ဒအတိုင်းပင် အဖေ၏ ဒုတိယသားကြီးသည် အထက်တန်းပြဆရာအဖြစ်လည်းကောင်း၊ ကျန်သားနှစ်ယောက်တွင် တစ်ယောက်က မြေစာရင်းဦးစီးဌာနတွင် ဒုတိယဦးစီးမှူးအဖြစ်လည်းကောင်း၊ ကျန်တစ်ယောက်သည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ဦးစီးအရာရှိအဖြစ် လည်းကောင်း ဖြစ်ထွန်းအောင်မြင်ခဲ့လေသည်။

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် သားသမီးများနှင့် မျက်နှာချင်းဆိုမိတိုင်း -

"စာသင်ခန်းဆိုတာ နတ်ရေကန်ပဲကွ။ ကိုယ်ဖြစ်ချင်တဲ့ဘဝကို ကြိုးစားဖန်တီးယူလို့ရတယ်"

ဟု ဂုဏ်ယူဝင့်ကြွားစွာပြောတတ်သည်။

ယခုမူ အိမ်ထောင်ဖက်ကွယ်လွန်သော်လည်း သားသမီးများအား စိတ်ဓာတ်မကျစေဘဲ အေးချမ်းမြင့်မားသော ဘဝများ ရယူပိုင်ဆိုင်နိုင်အောင်တွန်းပို့ပေးသည့် မြင်းမိုရ်တောင်ကြီးနှင့်တူသော အဖေသည် သူချစ်သောသားသမီးများကိုထားရစ်၍ အေးချမ်းစွာ လဲလျောင်းအနားယူသွားချေပြီ။ အစားထိုး၍မရသော ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ပါသည်။

အဖေကွယ်လွန်တော့ အသက် ငယ်ငယ်ရွယ်ရွယ်နှင့်မိန်းမယူပြီး မ... ခဏ အရက်သောက်၍ အဖေနှင့်အ... ကို စိတ်ဆင်းရဲအောင်ပြောဆိုရမ်း... တတ်သော သားအငယ်သည် အ... အလောင်းကိုဖက်၍ငိုလေသည်။ အ... မရှိတော့မှ အဖေ့တန်ဖိုးကိုနားလည်... လေပြီ။ ငိုကြွေးနေသော်လည်း အ... မသိနိုင်တော့ပြီ။ နောင်တရ၍ အ... တောင်းပန်သော်လည်း အဖေ အသ...



www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်နေနေနိုင်ရည် (ဦးစီး-အရာရှိ-ဖွံ့ဖြိုးရေး)
### တိုင်းရင်းဆေးပညာဦးစီးဌာန

# ရာသီဥတုပြောင်းလဲခြင်းနှင့်ဖြစ်ပေါ်လာမည့်ရောဂါများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်း မြဝတီရုပ်မြင်သံကြားမှအမေးအဖြေ

မေး။ ။ ဆရာ/ဆရာမရှင့်။ ကမ္ဘာ့ရာသီဥတုပြောင်းလာမှုအပေါ် ၂၀၁၆ နှစ်မှာ ဖြစ်ပေါ်လာတဲ့ အယ်နီညို-သာမန်ထက် အပူချိန်မြင့်မားမှုဖြစ်စဉ်ဟာ တော်တော်လေး ကျွန်မတို့မြန်မာနိုင်ငံမှာ အကျိုးသက်ရောက်မှုရှိနေတယ်နော်။

ဖြေ။ ။ ဟုတ်ကဲ့ပါ၊ ဟုတ်ပါတယ်။

မေး။ ။ ဒါကြောင့် အယ်နီညိုနဲ့ ...သက်လို့ တိုင်းရင်းဆေးပညာရှုထောင့်အရ သဘောသဘာဝတရားများကို ...ည်း ရှင်းပြပေးပါဦး ဆရာမ။

ဖြေ။ ။ ဟုတ်ကဲ့ပါ။ ကမ္ဘာ့ရာသီဥတုတို့ပြောင်းလဲလာခြင်းနဲ့ ပတ်သက်ပြီး အယ်နီညိုဆိုတာ ပေါ်လာတယ်။ အယ်နီညိုက သာမန်အားဖြင့် သိထားတာက သာမန်ထက်ပိုပူတဲ့ အပူချိန်လွန်ကဲမှုပေါ့နော်။ ဒီလို အပူချိန်လွန်ကဲတာနဲ့ ...မှု သဘာဝဘေးအန္တရာယ်တွေအမျိုးမျိုးကျရောက်ကျတာလည်း သိကြတဲ့အတိုင်းပါပဲ ရေကြီး၊ ငလျင်လှုပ်၊ မီးလောင်ပေါက်ကွဲတာတို့ စသည်ဖြင့်ပေါ့နော်။ ဒီအထဲမှာမှ ကျန်းမာရေးပြဿနာတွေလည်း ပေါ်လာတယ်ပေါ့နော်။ ကျန်းမာရေးပြဿနာများထဲက ဒီရာသီဥတု ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ဆရာမတို့ရဲ့ တိုင်းရင်းဆေးပညာရဲ့ သဘောသဘာဝတွေကို ရှင်းပြရမယ်ဆိုရင် -

ဆရာမတို့ရဲ့ တိုင်းရင်းဆေးပညာမှာ တက်ဥတု၊ သက်ဥတုဆိုပြီး ပိုင်းခြားထားပါတယ်။ တက်ဥတုကတော့ ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ (၆) လကာလကို သတ်မှတ်ပါတယ်။ အခုရောက်ဆဲ ရာသီဥတုကတော့ တက်ဥတုလို့ခေါ်ပါတယ်။ ဒီတက်ဥတု (၆) လအတွင်းမှာ သတ္တဝါတို့ရဲ့ အတွင်းသန္တာန်မှာရော၊ အပြင်ဩကာသလောကမှာရော တေဇောဓာတ်၊ ဝါယောဓာတ်များ ဦးဆောင်နေပါတယ်။ ဒီတက်ဥတု (၆) လထဲမှာ အခုရောက်ဆဲဥတုနွေဥတု (ဂိမှာနဥတု) လည်း ပါဝင်ပါတယ်။ ဒီကာလကတော့ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ကစလို့ ဝါဆိုလပြည့်နေ့ ညဥ့်သန်းခေါင်ချိန်တိုင်အောင် ရက်ပေါင်း (၁၁၈) ရက်၊ လပေါင်း (၄) လကို ဆိုတာပါ။ မတ်လကစပြီး ဇူလိုင်လအထိဖြစ်ပါတယ်။ ဒီတက်ဥတု (၆) လကာလတွေမှာ ပုံမှန်သဘောသဘာဝအရ နွေဥတုဖြစ်တဲ့အတွက် ရေငတ်ခြင်း၊ ချွေးထွက်များခြင်း၊ ကိုယ်သားကိုယ်ရေ နူးညံ့ခြင်း၊ ဓာတ်ချုပ်ခြင်း၊ အအိပ်နည်းခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးသွက်လက်နေခြင်း၊ ဆီးနီ၊ နည်းခြင်းတွေဖြစ်တတ်ပါတယ်။ ဒါ့အပြင် ပြင်ပမှာ အပူရှိန်များလွှမ်းမိုးခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ သစ်ပင်၊ တောတောင်တွေ ခြောက်သွေ့မယ်၊ လူတွေက အပူကိုကြောက်ရွံ့မယ်။ အအေးကိုလိုလားတောင့်တမယ်။ အချိုအရသာကိုကြိုက်မယ်။ ဒါတွေကတော့ ကျန်းမာတဲ့ရုပ်၊ ဥတုကြိုက်ရုပ်တွေဖြစ်တယ်။ ဒါမှမဟုတ်ဘဲ ဆန့်ကျင်ဘက်အပြန်လက္ခဏာတွေတွေ့ရင် ကျန်းမာမှုကို ပျက်ပြားနိုင်ပါတယ်။ ကြိုတင်သတိပြုရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ချွေးထွက်နည်းသွားမယ်။ လုံးလုံးမထွက်ဘူး။ ဝမ်းပျက်/လျှောမယ်၊ ဝမ်းကိုက်မယ်၊ ခန္ဓာကိုယ်လေးလံနေမယ်၊ ဆီးပူ၊ ဆီးအောင့်မယ်၊ အငန်၊ အစပ်၊ အချဉ်တွေ

---

...ရှင်နိုင်တော့ပြီ။ အဖေသည် ...လုံးကို ထားရစ်ခဲ့ချေပြီ။

ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက် ...တ ဖခင်၏ထီးနန်းကိုတပ်မက်မော ...ခင် ဗိမ္ဗိသာရမင်းကြီးကို ထောင် ...အကျဉ်းချပြီး ခြေဖဝါးကို ဓားနှင့်ခွဲ ... အဇာတသတ်မင်းသားအဖြစ်နှင့် ...နေလေတော့သည်။

အဇာတသတ်မင်းသည် သား...လေးဖွားမြင်တော့မှ၊ သူငယ်စဉ်က ...ညှိုးတွင် တစ်ကျွန်းခူနာပေါက်၍ ... လက်ညှိုးကိုငုံပြီး အနာပြည် ...သည်ကိုပင် သားနိုးသွားမှာစိုး၍ ...ဘဲမျိုချခဲ့ပုံကို မိခင်ဝေဒေဟီမိဖုရား ...ပြောပြတော့မှ ဖခင်၏ကြီးမားသော ...တရားကိုသိရသဖြင့် ထောင်သွင်း ...ချထားသည့် ဖခင်ဗိမ္ဗိသာရမင်းကြီးကိုလွှတ်စေဟု အမိန့်ချသော်လည်း နောက်ကျသွားလေပြီ။

ဖခင် နတ်ရွာစံကာတော်ကုန်မှန်း သိလျှင်သိချင်း ရင်ထဲကပရိဒေဝမီးငြိမ်းစေရန် ဘုရားရှင်ထံ ဦးခိုက်၍ ဒါန၊ သီလ၊ ဘာဝနာကို စူးစူးနစ်နစ်အားထုတ်ပြီး ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း ပြုပါသော်လည်း ဖခင်ကိုပြစ်မှားမိသော အပူမီးကား မငြိမ်းနိုင်ဘဲ သေရာပါလေတော့၏။

လူတိုင်းသည် မိမိ၏ မိဘနှစ်ပါး သက်ရှိထင်ရှား ကျန်းမာစွာရှိနေစဉ် မိဘစိတ်ချမ်းသာအောင်၊ ကိုယ်ကျန်းမာအောင် တတ်စွမ်းသမျှပြုစုစောင့်ရှောက်ရန်လိုအပ်ကြောင်း သတိသံဝေဂယူမိလေသည်။

အဖေသည် ဖခင်ကောင်းတစ်ယောက်ပီသစွာ ဦးဆောင်ဦးရွက်ပြု၍ ကျေးလက်ဒေသဥ္စမွေးသည်မှ ကွယ်လွန်သည်အထိ လယ်ယာမြေတွင် နွားနှင့်အတူရုန်းကန်ပြီး သားသမီးများကို ကျောင်းစာသင်ခန်းများသို့ပို့၍ အဆင့်မြင့်တင်သော ဖခင်ကြီး၏ ကြီးမားမြင့်မြတ်သောမေတ္တာနှင့် ကျေးဇူးတရားတို့သည် ပြန်လည် ပေးဆပ်၍ မကုန်နိုင်တော့ကြောင်း သားသမီးအားလုံးသိရှိလိုက်ကြရပေပြီ။

*ဖခင်ကြီးမြင့်မြတ်အေးချမ်းသောဘဝသို့ ရောက်ရှိခံစားနိုင်ပါစေ*

မကျီးကုန်း
စိုးယဉ်မြင့်(မြေညီးသင်း)



www.burmeseclassic.com

www.burmeseclassic.com

ပိုကြိုက်လာမယ်။ ဒါမှမဟုတ် ဒီပုံမှန်လက္ခဏာတွေထက် လွန်ကဲလာမယ်ဆိုရင်တော့ ရောဂါနဲ့နီးနွယ်နေတဲ့ မကျန်းမာနိုင်တဲ့ ရုပ်လက္ခဏာတွေဖြစ်မယ်။ ဒါတွေကို အခြေခံအားဖြင့် သိထားရပါမယ်ကွယ်။

မေး။ ။ ဆရာ/ဆရာမတို့ တိုင်းရင်းဆေးပညာမှာ ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ တိုင်းရင်းဆေးပညာအရ ကျန်းမာရေးပညာပေးဆောင်ရွက်တာတွေကို တွေ့ရပါတယ်။ ဥပမာ သင်တန်းတွေဖွင့်ပြီး ပညာပေးတာတို့/လက်ကမ်းစာစောင်/ပိုစတာ/စာအုပ်များနဲ့ အသိပေးတာတို့၊ ကျေးလက်နေပြည်သူတွေအတွက် ရေဒီယိုကနေ အသိပညာပေးတာတွေ စသည်ဖြင့် တွေ့ရပါတယ်။ ဒါကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့်ဖြစ်ပေါ်လာတဲ့ အပူလှိုင်းကျရောက်မှု အယ်နီညိုနဲ့ ပတ်သက်ပြီး တိုင်းရင်းပညာနဲ့ ကျန်းမာရေးအသိပညာပေးဆောင်ရွက်လို့ရတဲ့ အကြောင်းအရာတွေကိုလည်း ဆွေးနွေးရှင်းပြပေးလိုပါတယ်ရှင်။

ဖြေ။ ။ ဟုတ်ကဲ့ပါ။ အမျိုးသားအဆင့်ကျန်းမာရေးညီလာခံရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ပြည်သူလူထုကို ကျန်းမာသူများအောင် ပြုလုပ်ရမယ်။ ဘယ်ရာသီဥတုမှာ ဘာစားရမယ်။ ဘယ်လိုပြုမူနေထိုင်ရမယ်၊ ဘယ်လိုကုသစောင့်ရှောက်ရမယ်။ဘာကိုရှောင်/ဆောင်ရမှာတွေကို ပညာပေးအသိပေးရပါမယ်။ ဆရာကြီးဇီဝကခေတ်ကဆို (၉၆) ပါးသော မည်သည့်ရောဂါမဆို နှစ်လွန်ပြီးဖြစ်တဲ့ရောဂါ၊ ဥတုလွန်ဖြစ်တဲ့ရောဂါ၊ ရာသီလွန်ဖြစ်တဲ့ရောဂါများသာ ဖြစ်တယ်လို့ပြောခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးပညာမသိတော့ မည်သူမဆို အစားစားတဲ့အခါမှာ တည့်သည်၊ မတည့်သည်ကိုမသိ စားချင်ရာစားကြတယ်။ အတိုင်းအရှည်မသိ ကောင်းရင်ကောင်းသလိုစားကြတယ်။ အနေအထိုင်ကိုမသိ နေချင်သလိုနေကြတယ်။ ပြုမူချင်သလို ပြုမူကြတယ်။ ဒါကြောင့် ရောဂါတွေကလည်း တစ်မျိုးမဟုတ်တစ်မျိုး အမျိုးမျိုးဖြစ်နေကြတယ်။ ရောဂါဖြစ်တာကို ပေတေပြီးနေကြတဲ့အတွက် ရောဂါမွေးသလိုဖြစ်ပြီး ရာသီလွန်သွားကြရတာ။ ရောဂါသိသော်လည်း ရာသီကိုမသိတဲ့ ဆေးကုဆရာတွေကြောင့် ရောဂါက သက်သာလာသော်လည်း ရောဂါက မပျောက်ဘဲရှိတယ်။ ဒါ့ကြောင့် ရာသီမဖိုင် ဆေးမကိုင်နဲ့လို့ ဆိုခဲ့ကြတယ်။ ဘယ်ရာသီဥတုမှာ ဘယ်လိုပြုမူနေထိုင်စားသောက်တတ်ဖို့တော့ အသိရှိဖို့လိုပါတယ်။ ဒါလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရထဲက မလွတ်ပါဘူး။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကတော့ မကျော်နိုင်ပေါ့။

မေး။ ။ ဟုတ်ကဲ့ပါ၊ ဆရာ/မရှင့်/ခင်ဗျာ။ အခုဆိုရင် စံချိန်တင်လွန်ကဲမှု၊ အပူလှိုင်းဖြစ်စဉ်နဲ့ ပတ်သက်လို့ တိုင်းရင်းဆေးပညာအရ ဘယ်လိုရာသီတွေမှာ ဘယ်လိုပြုမူနေထိုင်စားသောက်မလဲအပြင် ကောင်းကင်က ဂြိုဟ်နက္ခတ်တွေဟာ ကမ္ဘာမြေကြီးကို စိုးမိုးခြင်းခံရတယ်။ တိုင်းရင်းဆေးမှာလည်း ဂြိုဟ်ကြီး (၂၇) လုံးနဲ့ ဓာတ်ကြီးတွေရဲ့ စိုးမိုးခြင်းကြောင့် သတ္တဝါတွေမှာ ရောဂါကျရောက်တယ်၊ မကျရောက်ဘူးဆိုတဲ့ အကြောင်းနဲ့ ဓာတ်စာများရဲ့ သဘောသဘာဝကိုလည်းရှင်းပြပေးပါဦး ဆရာ/မရှင်။

ဖြေ။ ။ ဟုတ်ကဲ့ပါ။ အခုအချိန်အခါမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် အယ်နီညိုဖြစ်စဉ် (အပူလှိုင်းမြင့်မားမှု) မှာ တိုင်းရင်းဆေးပညာအရကတော့ ရှေ့မှာ ရှင်းပြခဲ့တဲ့အတိုင်း ဒီဥတုကတော့ တက်ဥတုဖြစ်တယ်။ အပူဆုံးကာလဖြစ်တယ်။ ပြီးတော့ ကာလအပိုင်းအခြားတွေကို ဖော်ပြပြီးဖြစ်တယ်။ ဒါကတော့ ပုံမှန်ဖြစ်နေကျအတိုင်းပေါ့။ ဒီဥတုတွေမှာ ဖြစ်နေကျရောဂါများ ဖြစ်တတ်မယ်။ ဥပမာ အပူကြောင့် လေဖြတ်တာတို့၊ မျက်စိနာတို့၊ အပူခေါင်းအုံ၊ ခေါင်းကိုက်တို့၊ အပူရှပ်တာတို့၊ သွေးတိုးရောဂါ၊ ရေမသန့်လို့ဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောဝမ်းကိုက်တို့၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးကျင်တာတို့၊ နှာခေါင်းသွေးလျှံတာတို့ပေါ့ စသည်ဖြင့်ပေါ့လေ။ ဒီရောဂါတွေက ပုံမှန်ဖြစ်နေကျ ကာကွယ်ကုသရင် သက်သာ ပျောက်ကင်းတာတွေချည်းပဲ။ ဒါပေမယ့် ဒီနှစ်မှာက အပူချိန်ကလွန်ကဲတယ်ဆိုတော့ ဒီဖြစ်နေကျရောဂါကပိုပြီး လွန်ကဲစွာဖြစ်မယ်။ ဒါကို တစ်ဖက်စွန်းရောက်ဖြစ်စဉ်လို့ ခေါ်တယ်။ ဒါကြောင့် ကာကွယ်ရမယ်။ အသိပညာပေးရမယ်။ ဟုတ်ပါတယ်။ တိုင်းရင်းဆေးအလိုကတော့ ရောက်တဲ့ဥတုရယ်၊ လွှမ်းမိုးတဲ့ ဂြိုဟ်ကြီး (၂၇) လုံးအရ လူတွေရဲ့သန္တာန်မှာ ပြောင်းလဲမှုစိုးမိုးမှုတွေဖြစ်တယ်။ ရောဂါကျရောက်တယ်။ မကျရောက်အောင် ရာသီအလိုက် ဓာတ်စာတွေပေးကျွေးကုသကြတယ်။ ဒါဟာလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ သမုဋ္ဌာ (၄) ပါးကိုညှိတဲ့ ဆောင်ရန်၊ ရှောင်[illegible] တွေပေါ့ကွယ်။

မေး။ ။ ဟုတ်ကဲ့ပါ ဆရာ/[illegible] ပြောပြပေးပါဦးရှင်။

ဖြေ။ ။ အခုလို အပူလွန်ကဲ[illegible] အချိန်ကာလတွေကတော့ နက္ခတ္တပ[illegible] အရတော့ (၂၅-၅-၂၀၁၆) ရက်နေ့[illegible] (၁၉-၇-၂၀၁၆) ရက်နေ့အထိ ကာ[illegible] အထိ တက်ဥတုကာလတွေဖြစ်တ[illegible] ရိုးရိုးလေးကျန်းမာရေး အသိပညာ[illegible] ရရင်တော့ ရေချိုးခြင်း၊ ခေါင်းလျှော်ခြ[illegible] လေတိုက်ခံခြင်း၊ အအေးခံခြင်း၊ အ[illegible] ကွန်းအတွင်း လွန်ကဲစွာနေခြင်းမျ[illegible] ရှောင်ကြဉ်ရပါမယ်။ ရေချိုးလိုပါက [illegible] ရဲ့ ဆီး၊ ဝမ်းကုန်စင်အောင်သွားပြီး[illegible] နံနက်ပိုင်းမှာသာ ရေချိုးရပါမယ်။ [illegible] နေတဲ့အခါမှာ လေတိုက်မခံရပါ[illegible] မလိုအပ်ရင် ရေချိုးနေစဉ် ခေါင်းမ[illegible] ပါနဲ့။ အောက်ပိုင်းမှစပြီး ရေဖြည်း[illegible] လောင်းပြီးချိုးပါ။ ရေခြောက်အော[illegible] သုတ်ပါ။ ရေချိုးပြီးရင် တောင်နံက[illegible] နံ့သာဖြူလိမ်းပြီး အခိုးထုတ်ပါ။ ဆီ[illegible] သင့်တယ်။ ချွေးအောင်းသင့်ပါတ[illegible] ဝမ်းချုပ်ရင် ဝမ်းနုတ်ပေးပါ။ ဝမ်း[illegible] လုံးဝမခံသင့်ပါဘူး။ လိုအပ်ရင် အ[illegible] (၁၀) ဖါးဆေး၊ ဆေးအမှတ် (၄၇) [illegible] မဟုတ် နံ့သာဖြူကို မိုင်းရှူပေးပါ။ [illegible] အပုပ်များစင်သွားအောင် ဖြစ်ပါတ[illegible] သန်လည်းချသင့်ပါတယ်။ မတည့်[illegible] အစားအစာတွေကတော့ ရေ[illegible] အအေးများ၊ ရေခဲရေ၊ ချွေးတော[illegible] တမာ၊ ကြောင်လျှာ၊ ဆူးပုပ်၊ မှို[illegible] တညင်းသီး၊ လက်လုပ်ချဉ်၊ အပူလွ[illegible] စာများ၊ အစပ်များ၊ အခါးလွန်[illegible] အရသာများ၊ ငါးပိ၊ ငါးခြောက်၊ [illegible] ရည်၊ လက်ဖက်အစို၊ ဝက်သား၊ ဘဲ[illegible] ငန်းသား၊ အဆီလွန်ကဲစာများ၊ [illegible] သောအစာများ၊ ငါးချဉ်၊ ပုစွန်ချဉ်၊ [illegible] ကြော်များ၊ ကော်ဖီခါးခါး၊ ကြက်ဟ[illegible] ကင်းပုံ၊ ပုံလုံ၊ ဒံပေါက်၊ ဆီထ[illegible] ကောက်ညှင်း၊ အုန်းနို့ခေါက်ဆွဲ၊ ဖ[illegible] နွားနို့၊ ထောပတ်၊ လက်ဖက်ရည်၊ [illegible] အဆိမ့်လွန်ကဲစာများ၊ အုန်းသီး[illegible] လုပ်သော မုန့်မျိုးစုံတို့ကို မစား[illegible] ဘူး။ စားရင်လည်း လွန်ကဲစွာမစား[illegible] ဘူး။ ကျွဲသား၊ နွားသား၊ ဆိတ်[illegible] ကြက်သား၊ ငါးတို့ကိုလည်း [illegible] အောင်ချက်ပြီး မစားရပါဘူး။ [illegible] ချက်စားသင့်ပါတယ်။ ဝမ်းဖူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...နားစာမျ ၊ မသန့်ရှင်းသောရေများ ...သောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။ ...ည့်တဲ့အစာတွေကတော့ ရှောက်ချဉ်၊ ...ရချဉ်၊ ကင်ပွန်းချဉ်၊ ဆီးယို မန်ကျည်း ...ရည်၊ ထန်းလျက်၊ သကြား၊ ကြံ ...၊ လိမ္မော်၊ ရှောက်ချိုသီး၊ ချဉ်ပေါင်၊ ...ချဉ်သီး၊ ပဲမျိုးစုံ၊ ငါးကျည်း၊ ငါးခူ ...ကို မန်ကျည်းမှည့်ရည်နှင့် ချဉ်စမ်းချက် ...ရပါမယ်။ ကြက်သား၊ ဆိတ်သားကို ... ဆီနည်းနည်းနဲ့ ချက်စားသင့် ...ယ်။ ငရုတ်သီး၊ ငရုတ်ကောင်း၊ ...ည်း၊ စပ်တဲ့ဟင်းတွေကိုတော့ ...င့်အတင့်စားရပါမယ်။ ချိုချိုချဉ်ချဉ် ...သာလေးများကိုလည်း စားပေးပါ။ ...ရွက်၊ ဒန့်သလွန်သီးရွက်၊ ကြက် ...၊ ချင်း၊ ပျားရည်၊ ဆီးယို၊ ဆီး ...ရည်၊ သံပရာရည်၊ နို့၊ ဆလတ်၊ ...ည်းများကို စားပေးနိုင်ပါတယ်။

မေး ။ ဒီရာသီဥတုဖောက်ပြန်မှု ...တ်၊ စောစောက ဆရာမပြောသွား ...ရောဂါတွေအတွက် ဘယ်လိုတိုင်းရင်း ...ကုထုံးများ ကုသစောင့်ရှောက်ပုံကို ... ပြောပြပေးပါရှင့်။

ဖြေ ။ ပဉ္စာမကျန်းမာရေး ...င့်ရှောက်မှု လုပ်ငန်းစဉ်အနေနဲ့က ...တော့ မသန့်ရှင်းသော သောက်သုံးရေ ... ယင်နားစာများ၊ မသန့်ရှင်းသော ...တွေကတစ်ဆင့် ရောဂါပိုးများ ...ပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ... ဝမ်းကိုက်ခြင်းရောဂါတွေဖြစ်တတ် ...ယ်၊ ဝမ်းလျှောဝမ်းပျက်လူနာအတွက် ...ဆားရည်တိုက်ပေးပါ။ တိုင်းရင်း ...ဆားရည်ကတော့ သကြားဟင်းစား ...(၈) ဇွန်း၊ ဆားဟင်းစားဇွန်း (၁)ဇွန်း၊ ...(၁) လီတာရေစပ်ပြီး မကြာခဏ ...တိုက်ပေးပါ။ အပူငြိမ်းဆေးလက်ဖက် ...ဇွန်း (၁) ဇွန်းကို သကြားနဲ့ဆတူစပ် ...ရေအေးနဲ့ သောက်ပေးပါ။ ဝမ်းကိုက် ...တော့ ထားဝယ်မှိုင်းရွက်ကို ရေနွေး ...ပြီး နှမ်းများများနဲ့ သုပ်ကျွေးပါ။ ...သွန်ဖြူပါရင် ပိုကောင်းပါတယ်။ ... အပူငုပ်၊ အပူရှပ်ဆိုရင် အပူငြိမ်း ...ကိုပဲ သကြားနဲ့ဆတူစပ်ပြီးသောက် ... ဥသျှစ်သီးခွံသွေးရည်နဲ့ သနပ်ခါး ...သွေးရည် ဆတူစပ်ပြီး လက်ဖက်ရည် ...(၁) ဇွန်းစာ ရေနွေးနဲ့သောက်ပါ။ ...င်း (၁၀) ပါးဆေးကို သနပ်ခါးမြစ် ... သွေးလိမ်းပါ။ မျက်စိကျိန်း၊ မျက်စိ ...ရောဂါအတွက်ဆိုရင်တော့ မန်ကျည်း ...နဲ့ ဆားသွေးပြီး နဖူး၊ မျက်စိကွင်း ... နားနှီးဆားငန်ငန်ခတ်သောက်ပါ။

မျက်နှာသစ်တဲ့အခါမှာ ခြေထောက်ကို ရေလောင်းပြီးမှသစ်ပါ။ အပူငြိမ်းဆေး သောက်ပါ။

ဆီးချုပ်၊ ဆီးအောင့်၊ ဆီးပူရင် နံနက်အိပ်ရာထ ရေကိုဝအောင်သောက်ပါ။ ဆန်ဆေးရည် ဒုတိယအရည်ကို သကြားထည့်သောက်ပါ။ ဆေးကုလားမဖျော်ရည်၊ သံပရာရည်တို့ကို ရေခဲမပါ သောက်ပါ။ ထိကရုန်းဆူးပေါက်၊ သံမနိုင် ကျောက်မနိုင်ပြုတ်ရည်အကြမ်းပန်းကန် (၁) လုံးစာ သောက်ပါ။ ဆီးဆေးဖြူ လက်ဖက်ရည်ဇွန်း (၁) ဇွန်းကို သံပရာရည် နဲ့သောက်ပါ။ အပူလွန်ကဲမှုကြောင့် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲမယ်ဆိုရင်၊ ချင်းထန်းလျက် ပြုတ်ရည် အကြမ်းပန်းကန် (၂) လုံးစာ ပူပူ သောက်ပါ။ အကင်း (၁၀) ပါးဆေးရှူပါ၊ အပူငြိမ်းဆေးသောက်ပါ။ သိပ်ပူလို့ နှာခေါင်းသွေးလျှံရင် နှာခေါင်းကို ရေ သန့်သန့်နဲ့ စင်အောင်ဆေးပါ။ သပြေရွက်၊ ဩဇာရွက်၊ မာလကာရွက်တို့ ပွတ်ချေပြီး ရှူပေးပါ။ သံပရာရည်ကိုသကြား ချိုချိုထည့်ပြီး သောက်ပေးပါ။ အပူငြိမ်းဆေး လက်ဖက်ရည် (၁)ဇွန်းစာသောက်ပါ။ အဓိကကတော့ အပူကြောင့်လေဖြတ်တာနဲ့ သွေးတိုးသမားတွေအတွက်ကတော့ သွေးကျစေဖို့ သံပရာသီးထက်ခြမ်းခွဲပြီး လက်ဖက်ရည်ပန်းကန်ထဲကို ညှစ်ထည့်ပြီး ရေနွေးပူပူလောင်းထည့်ပြီး သောက်ပေးခြင်း၊ ဒန့်သလွန်ရွက်ညှစ်ရည်ကို လက်ဖက်ရည်ဇွန်း (၁) ဇွန်း ရေနွေးနဲ့သောက်ပါ။ နှလုံးအားနည်းရင် သည်းခြေဆေးလက်ဖက်ရည်ဇွန်း(၁)ဇွန်း၊ သကြားနဲ့စပ်ပြီး လက်ဖက်ရည်ဇွန်း (၁) ဇွန်းသောက်ပါ။ ဒါကတော့ ရုတ်တရက် ဖြစ်လာရင် ကာကွယ်ကုသနိုင်တဲ့ကုထုံး တွေပါ။

မေး ။ ဆရာ/မရှင့်။ အဓိကအပူလှိုင်းအတွက် ကြိုတင်ကာကွယ်ရမယ့် ပြုမူနေထိုင်ပုံတွေကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ ။ ဟုတ်ကဲ့ပါ။ ပြင်းထန်တဲ့ အပူဒဏ်ကြောင့် အသက်အန္တရာယ် ဆုံးရှုံးနိုင်တဲ့အတွက် ကြိုတင်ကာကွယ် သိရမှာကတော့ -

- ဆီး၊ ဝမ်း၊ လေတွေ အချုပ်မခံရပါဘူး။
- အရက်သေစာ အသောက်ကြူးခြင်းမှ ရှောင်ကြဉ်ပါ။
- ပူအိုက်တိုင်း ရေခဲရေမသောက်ပါနဲ့။
- ချောင်ချိပြီး လေဝင်လေထွက်ကောင်းသော အဝတ်များသာဝတ်ပါ။
- အအေးခံခြင်းများကို လိုသည်ထက် ပိုပြီး မလွန်ကျူးပါစေနဲ့။
- အပူ အစပ်လျှော့စားပါ။
- နေပူထဲကပြန်လာရင် ရေတဝ သောက်ပြီးမှ အကျီချွတ်ပါ။
- ရေချိုးချင်ရင်လည်း ချွေးတိတ်အောင်စောင့်ပြီး ရေဝအောင် သောက်ပြီးမှ ရေချိုးပါ။
- လွန်လွန်ကျူးကျူး အပင်ပန်းခံ အလုပ်လုပ်ခြင်းများ မပြုလုပ်ပါနဲ့။
- ခန္ဓာကိုယ်အား အပူငြိမ်းအောင် သနပ်ခါးရည်ကျဲကျဲ လိမ်းပေးပါ။ အပူငြိမ်းတာကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ အမြဲ တစ်နေ့ (၂) ကြိမ် လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာ သောက်ပါ။
- ညနေပိုင်းအိပ်ခြင်း ရှောင်ပါ။ အဆီအဆိမ့်၊ အကြော်အလှော်စားခြင်း၊ အစာမကြေစာစားခြင်းများ ရှောင်ပါ။ အပူကင်းစင်ဖို့အတွက် ညဘက် ရေမချိုးပါနဲ့။
- နံနက် (၉) နာရီတွင် ရေမှန်မှန်ချိုးပါ။
- သွေးတိုးအတွက် သွေးပေါင်မှန်မှန် ချိန်ပါ။ ဥတုပြောင်း/ဥတုကူးကာလများတွင် အမှည့်လွန်သောအစာများ၊ ပုပ်သိုးသောအစာများ၊ လက်လုပ်ချဉ်များ၊ ယင်နားစာများ မစားသောက်ပါနဲ့။ ရေကို အတတ်နိုင်ဆုံး ကျိုချက်သောက်ပါ။

အထက်က ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေဟာ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် အပူချိန်မြင့်မားမှုအတွက် တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးပညာပေးဆောင်ရွက်ချက်တွေ ဖြစ်ပါတယ်ကွယ်။ မည်သို့ပင်ဆေကာမူ အဓိကကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန် (၄) ပါးကို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းရင်တော့ အားလုံးကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ် ကွယ်။

ပြည်သူလူထုကို တိုင်းရင်းဆေး ဖြင့် ကာကွယ် စောင့်ရှောက်နိုင်တဲ့ အတွက် ကျေးဇူးတင်ရှိပါတယ်။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေ။

ဒေါ်နေနေနိုင်ရည်
ဦးစီးအရာရှိ (ပွဲမြို့ဆေး)
တိုင်းရင်းဆေးပညာဦးစီးဌာန



www.burmeseclassic.com

www.burmeseclassic.com

# တောလထုဘော်

## ကြောင်မျက်ရှင်လေလား

ကျွန်တော်သည် အလုပ်မှ အငြိမ်းစားယူပြီးနောက် ဇနီးသည်၏ ဇာတိဖြစ်သော ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြို့လေးတစ်မြို့တွင် အခြေချနေထိုင်ခဲ့ပါသည်။ သို့သော်လည်း အမေဖြစ်သူ၏ ခြံလုပ်ငန်းလိုအပ်ချက်အရ အမေနှင့် ညီအစ်ကိုမောင်နှမများနေထိုင်ရာ ကရင်ပြည်နယ်အတွင်းရှိ အမေ၏နေအိမ်တွင်နေထိုင်၍ (၁) နှစ်ကျော်ခန့် ခြံလုပ်ငန်းများ ကူညီလုပ်ကိုင်ပေးခဲ့ရပါသည်။

၂၀၀၆ ခုနှစ်တွင် ဖြစ်ပါသည်။

ယခင်ရှိပြီးရော်ဘာ (ကြက်ပေါင်စေး)ပင်အိုဟောင်းများအား ဖြိုလှဲကာ အသစ် (ဘက်ကူးပင်) ပြန်လည်စိုက်ပျိုးရန်အတွက် ကျွန်တော်မှဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ပေးရသည်။ ဖြိုလှဲပြီး ပင်အိုဟောင်းများအား ဖြတ်ပိုင်းကာ မီးသွေးဖုတ်ရောင်းချခြင်းဖြင့် ပျိုးပင်စရိတ်နှင့် အလုပ်သမားခကို အထိုက်အလျောက်သက်သာစေပါသည်။

ကျွန်တော်၏အမေနေအိမ်သည် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်များတွင် တွေ့ရလေ့ရှိသည့် ခြေတံရှည်၊ သွပ်မိုးပျဉ်ထောင်အိမ်ဖြစ်ပါသည်။ မော်လမြိုင်အိမ်ဟုလည်း ခေါ်ကြပါသည်။ အောက်ခြေမှာ လူကြီးလက်ခုပ်တစ်ဖောင်ကျော်မြင့်ပြီး နောက်ဖေးမီးဖိုဆောင်အောက်တွင် ကြက်မွေးရန်နှင့် တိုလီမိုလီပစ္စည်းများထားရန်အတွက် (၂) × (၁) လက်မသစ်သားချောင်းများဖြင့် ကွက်ကြားရိုက်ကာ ခြံခတ်ကာရံထားသည်။

ကျွန်တော် အငှမ၏ နေအိမ်သို့ရောက်ရှိပြီး ဒုတိယည (၁၁) နာရီချိန်ခန့်တွင် ဖြစ်သည်။ ကျွန်တော်အိပ်စက်နေသည့်နေရာအနီးတွင် ကြောင်နှစ်ကောင်အသည်းအသန်ကိုက်နေမာန်ဖိနေသံတို့ကြောင့် လန့်ဖျပ်နိုးခဲ့သည်။ အသင့်ယူဆောင်ထားသည့် ဓာတ်မီး (အမေ့အိမ်တွင် လျှပ်စစ်မီးမရှိပါ) နှင့် ထိုးကြည့်ရာ အိမ်၌ မွေးထားသည့် ကြောင်ပေါက်ရွှေဖြူနှင့် မည်သည့်အိမ်ကမှန်းမသိရသည့် ကြောင်နက်ကြီးတစ်ကောင်တို့ လုံးထွေးသတ်ပုတ်နေသည်ကို တွေ့ရသည်။ အနီးသို့သွားကာ ခြောက်လှန့်မောင်းထုတ်ကာမှ ကြောင်နက်ကြီးထွက်ပြေးသွားသည်။

ကျွန်တော်မှ ကြောင်နှစ်ကောင်နောက်ထပ်ထပ်မံကိုက်ကြမည်ကိုစိုး၍ ကြောင်နက်ကြီးနောက်သို့ ထက်ကြပ်မကွာ လိုက်လံခြောက်လှန့်မောင်းထုတ်ခဲ့သည်။ ထိုအခါ ကြောင်နက်သည် နောက်ဖေးအပေါ်ဆင့်နှင့်အောက်ဆင့်ကြားအပေါက်မှ တိုးဝင်ကွယ်ပျောက်သွားသဖြင့် အိပ်ရာသို့ပြန်လာခဲ့သည်။ ကြောင်သေးနံ့၊ ချေးနံ့များရရှိ၍ ကြောင်နှစ်ကောင်ကိုက်သည့်နေရာသို့ ဓာတ်မီးနှင့်ထိုးကြည့်ရာ ကြောင်ချေးနှင့်သေးများ ပွရှု၍နေသည်။ ထိုစဉ် ညီမဖြစ်သူက အိပ်ရာမှထလာပြီး သန့်ရှင်းရေးလုပ်ရင်း ပြောသည်။

"အဲဒီကြောင်နက်က တစ်ရက်ခြားဆိုသလို ရွှေဖြူကို လာလာကိုက်တယ်။ ရွှေဖြူကငယ်သေးတော့ ကြောက်လိုက်တာ မပြောနဲ့တော့။ ကြောင်နက်အသံကြားရင် ချေးရောသေးပါ ထွက်ကျတော့တာပဲ"

"နောက်နေ့လာပါစေ ငါနဲ့တွေ့မယ်"



ကျွန်တော်မှ ညီမဖြစ်သူအား ပြ… ပြောရင်း အိပ်ရာဝင်ခဲ့ပါသည်။ သို့သော… တော်ရုံနှင့်အိပ်မပျော်ခဲ့။ ဟိုတွေးသည… တွေးကာ မျက်စိကြောင်နေသည… မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွား… သည်။ မိုးလင်းနိုးလာတော့ အိပ်ရေး… မဝချင်။ မျက်လုံးများကျိန်းစက်၍… သည်။ ဖန်တန်တန်နှင့်။

နောက်တစ်နေ့ညတွင် ကြောင်… နက်မလာ။ ကောင်းစွာအိပ်စက်လိုက်… သဖြင့် အားအင်အပြည့်။

ကျွန်တော်သည် မိုးလင်းသည်… ခြံသို့ထွက်ခဲ့သည်။ ခြံသို့ရောက်သည်… အလုပ်နှင့်လက်မပြတ်တော့။ တစ်… ကုန်တစ်နေ့ခန်းလုပ်ကိုင်ရ၍ ပင်… လိုက်သည်ဖြစ်ခြင်း။ အလုပ်သိမ်း… အိမ်သို့ပြန်ရောက်သည်နှင့် ခ… ရေချိုး၊ ထမင်းစားပြီးအိပ်ပါသည်။ ပင်… ၍ပဲလားမသိ ခေါင်းနှင့်ခေါင်းအုံး… သည်နှင့် အိပ်ပျော်သွားတော့သည်… ကြောင်နှစ်ကောင်ကိုက်ကြတော့သည်… ဟိုယခင်ညက အတိုင်းပင်။ ကျွန်တော်… တွေးမိသည်။ သည်အတိုင်းဆက်…

www.burmeseclassic.com

www.burmeseclassic.com

...ဖြစ်တော့။ တစ်ခုခုလုပ်မှဖြစ်တော့...


ကြောင်နက် လာနှောင့်ယှက်နေ...မှာ တစ်ပတ်ခန့်ရှိပြီ။

နေ့ခင်းပင်ပန်းသည့်ဒဏ်ကြောင့် ...တက်တွင် အနှောင့်အယှက်မရှိဘဲ ...ကောင်းအိပ်ချင်သည်။ တစ်ရက် ...ဆိုသလို ကြောင်နက်လာနှောင့်ယှက် ...၍ ကြာလာလျှင် အလုပ်ပင်ပန်း ...ဒဏ်၊ အိပ်ရေးပျက်ဒဏ်ကြောင့် ...တွေ့နိုင်၏။

သို့ဖြစ်၍ မိုးလင်းသည်နှင့် အလုပ် ...သွားသေးဘဲ ကြောင်နက်ထွက်ပြေး ... ဆင့်နှစ်ခုကြားရှိအပေါက်ကိုလေ့လာ ...။ အပေါက်မှာ အရှည် (၁) ပေခန့်၊ ... (၆) လက်မခန့်သာရှိ၏။ မီးဖို ...အောက် တိုလီမိုလီပစ္စည်းများ ...နေရာမှတက်လာခြင်းဖြစ်သည်။ ...အပေါက်ကိုပိတ်လိုက်က ကြောင်နက် ...နိုင်တော့ပြီ။ ကြောင်နက်ရန်က ...ပြီ။

သို့သော် သည်လောက်နှင့် ...တော် မကျေနပ်နိုင်။ ကြောင်နက်နှင့် တစ်ပွဲတစ်လမ်း အကဲစမ်းချင်သေးသည်။ ကြောင်နက်ကို ဆုံးမချင်နေမိသည်။ မနေ့ညကအဖြစ်ကိုပဲကြည့်ပါ။ ရွှေဖြူပြေးသံကြား၍ ခြာတ်မီးဖြင့်ထိုးကြည့်ရာ ကျွန်တော်အိပ်သည့်နေရာနှင့် (၁၀)ပေခန့်အကွာ၌ ငုတ်တုတ်ထိုင်နေသည့်ကြောင်နက်ကိုတွေ့ရ၏။

ကျွန်တော်အိပ်ချင်စိတ်ပြင်းပြနေ၍ အိပ်ရာကမထဘဲနှင့် ခြောက်လှန့်မောင်းထုတ်ရာ ကြောင်နက်တုတ်တုတ်မျှမလှုပ်။ စိတ်မရှည်တော့၍ မတ်တတ်ထရပ်ကာမှ အပေါက်ဆီသို့ ကုန္ဒြေရရ တစ်လှမ်းချင်းလှမ်းသွားသည့် ကြောင်နက်။ ဒေါသထွက်လိုက်သည့်ဖြစ်ခြင်း။ လက်ထဲ တစ်ခုခုရှိက ကောက်ပေါက်မိမည်မှာအမှန်။



ကျွန်တော်တွေးသည်။ ကြောင်နက်ကို ဆုံးမရန်အတွက် ကြောင်နက်ဝင်ထွက်ပေါက်ကို သံနှင့်အသေရိုက်မပိတ်ဘဲ အရှင်ထားရန် ဖြစ်သည်။ သို့ဖြစ်၍ (၆×၁½)လက်မ ပျဉ်ချပ် အရှည် (၁) ပေပြားတစ်ပြားရှာပေးရန် ညီဖြစ်သူအား အကူအညီတောင်းလိုက်ရာ တစ်အောင့်အကြာတွင် ညီဖြစ်သူမှ ပျဉ်ချပ်နှင့်အတူရောက်ရှိလာပြီးမေးသည်။

"ဘာလုပ်ဖို့လဲ"

ဆိုလေရာ -

ကြောင်နက်တစ်ကောင် တစ်ရက်ခြားဆိုသလိုလာရောက်သောင်းကျန်းနေကြောင်း၊ အိပ်၍မရကြောင်း၊ ထို့ကြောင့် ကြောင်နက်အား ဆုံးမရန်အတွက် ကြောင်နက်ဝင်ထွက်ပေါက်အား အရှင်ထားရန် ကျွန်တော် လုပ်ဆောင်မည့်အစီအစဉ်အားပြောပြလိုက်သည်။

ညီဖြစ်သူမှ -

"အဲဒီကြောင်နက်က ဘယ်သူ့ကြောင်မှမဟုတ်ဘူး။ တောဝင်နေတဲ့ကြောင်တစ်ကောင်ပဲ။ အတော်ပါးနပ်တယ်။ လျင်လည်းလျင်တယ်"

ကြောင်အထီးများသည် အရွယ်ရောက်က တောဝင်တတ်ကြ၏ (သို့) အရိုင်းစိတ်ဝင်တတ်ကြသည်။ ဆိုသည်မှာ အိမ်၌မနေတော့ဘဲ တောသို့ဝင်သွားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ အိမ်သို့ပြန်လာတတ်သော်လည်း လူနှင့်အကပ်မခံတော့ပေ။ သို့အတွက် ကြောင်ထီးကိုမွေးလျှင် ...က်ဝင်မည်စိုး၍ သင်းကွပ်မွေးမြူကြ၏။ (စကာ•ချပ်)

www.burmeseclassic.com

ကျွန်တော်သည် ညီဖြစ်သူယူလာပေးသည့်သစ်သားပြားအား ထိပ်တစ်ဖက်တွင် သံနှင့်ရိုက်လိုက်ပြီး သံခေါင်းထိပ်၌ ပလတ်စတစ်ကြိုးစနှင့် ချည်လိုက်သည်။ ကျန်ကြိုးတစ်ဖက်စအား ကျွန်တော်အိပ်သည့်အိပ်ရာနားတွင်ချထားလိုက်သည်။ ပြီးနောက် သစ်သားပြားအား ဆင့်(၂)ခုကြား အံဝင်ခွင်ကျဖြစ်စေရန် ဘောင်ခတ်လိုက်သည်။ အံဝင်ခွင်ကျဖြစ်သည်နှင့် ကျွန်တော်အိပ်သည့်နေရာမှ ကြိုးကိုဆွဲကြည့်လိုက်ရာ သစ်သားပြားမှာ ရှောရှာရှူရှူနှင့် ပိတ်၍သွားသည်။ ပြန်ဖွင့်ပြီး နောက်တစ်ကြိမ် ကြိုးအားဆွဲကြည့်ရာ အထစ်အငေါ့မရှိ ပိတ်၍သွားသည်။

ဟန်ကျပြီ။ ကြောင်နက်နှင့်တွေ့ကြပြီပေါ့။ ရိုက်၍ကောင်းမည့် အနေတော် ဝါးရင်းတုတ်တစ်ချောင်းအားရှာယူကာ အိပ်ရာဘေးတွင် အသင့်ချထားလိုက်သည်။အားလုံးပြီးသည်နှင့် အလုပ်ရှိရာခြံသို့ထွက်ခဲ့သည်။ ရောက်သည်နှင့် အလုပ်နှင့်လက်မပြတ်လုပ်ရမည့်အလုပ်များ တန်းစီ၍နေသည်။ တစ်နေကုန်ခဲ့ပြန်ပြီ။ ရေချိုး၊ ထမင်းစားပြီး ခေတ္တထမင်းလုံးစီလိုက်သည်။ အိပ်ချင်စိတ်မရှိသေး။

ကျွန်တော်သည် ကြောင်နက်နှိမ်နင်းရေးစီမံချက်ကို အကောင်အထည်ဖော်ရန် စိတ်စောနေမိ၏။ ဝင်ထွက်ပေါက်အား စစ်ဆေးကြည့်သည်။ အဆင်ပြေသည်။ အိပ်ရာဘေးတွင် ဆွဲရန်ကြိုး၊ ဝါးရင်းတုတ်၊ ဓာတ်မီးအဆင်သင့်။ အိမ်ပတ်ပတ်လည်၌ အပေါက်များရှိ၊ မရှိ လိုက်လံစစ်ဆေးကြည့်ရာ ကြောင်ဝင်ထွက်နိုင်လောက်သည့်အပေါက် တစ်ပေါက်မျှမရှိ။ စိတ်ချရပြီ။

အိပ်စက်ရန် အိပ်ရာထက် ခေါင်းအုံးပေါ် ခေါင်းတင်လိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။ တစ်ရေးနိုးတော့ ဓာတ်မီးနှင့် လှည့်ပတ်ထိုးကြည့်သည်။ ကြောင်နက်မဆိုထားနှင့်၊ ရွှေဖြူပင် ဘယ်နားရောက်နေသည်မသိ။ ထိုည ကြောင်နက်ပေါ် မလာခဲ့။

❑

နောက်တစ်ည။

ကျွန်တော်အိပ်စက်သည့်နေရာမှ ကြောင်နက်ဝင်ထွက်ပေါက်အား ကြိုးဆွဲပြီးပိတ်ကြည့်သည်။ အထစ်အငေါ့မရှိ ပိတ်သွားသဖြင့် ပြန်ဖွင့်ထားလိုက်သည်။ သည်ညတော့ ကြောင်နက်လာနိုင်ကောင်းပါရဲ့။ ဝါးရင်းတုတ်နှင့် ဓာတ်မီး အိပ်ရာဘေးအသင့်ချကာ အိပ်စက်လိုက်သည်။ မည်မျှကြာအောင်အိပ်ပျော်သွားသည်မသိ၊ ကြောင်နှစ်ကောင်မာန်ဖီသံကြောင့် လန့်နိုးခဲ့သည်။

ကျွန်တော်သည် နိုးနိုးချင်း ဓာတ်မီးအား အသုံးမပြုဘေးဘဲ ဘေးနားမှ ကြိုးကိုဆွဲကာ ဝင်ထွက်ပေါက်အားပိတ်လိုက်သည်။ဂျလောက်ဆိုသည့် ဝင်ထွက်ပေါက်ပိတ်သံကိုကြားရသည်။ကျွန်တော်သည် ပိတ်သံကြားသည်နှင့် အချိန်မဆိုင်းဘဲ ဝါးရင်းတုတ်ကိုကောက်ကိုင်ကာ ကြောင်မာန်ဖီသံကြားရာသို့ ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သည်။ တွေ့ပါပြီ၊ ကြောင်နက်နှင့် ရွှေဖြူ တစ်ကောင်နှင့်တစ်ကောင် မာန်စောင်လျက်။

ကျွန်တော်သည် ဓာတ်မီးဖြင့်လှမ်းထိုးရင်းမှပင် ကြောင်နက်ဆီသို့တစ်လှမ်းချင်းလှမ်းခဲ့သည်။ ညာဘက်လက်တွင်တော့ ကြောင်ရိုက်ရန် ဝါးရင်းတုတ်ကိုင်လျက်။ ကျွန်တော် တစ်လှမ်းချင်းရှေ့တိုးလာသကဲ့သို့ ကြောင်နက်သည် မာန်ဖီနေရာမှ အသာလှည့်ထွက်ကာ ဝင်ထွက်ပေါက်ဆီသို့ ကန္တေရရတစ်လှမ်းချင်းလှမ်းလျက် အလျင်စလိုမရှိ အေးဆေးတည်ငြိမ်စွာပင်။ ဒါကိုပင် ကျွန်တော်ကမကျေနပ်။ မှတ်လောက်သားလောက်ဖြစ်အောင် ပညာပေးဆုံးမချင်နေသည်။

ကြောင်နက်မှာ ဝင်ထွက်ပေါက်ရောက်ခါမှ ပိတ်နေသည်ကိုမြင်ရ၍ ပျာယီးပျာယာဖြစ်သွားသည်။ ဟိုပြေးသည်လွှားနှင့်။ကျွန်တော်မှ ဝါးရင်းတုတ်အား လက်ကဆရင်း ကြောင်နက်ရှိရာသို့ အားကုန်လှမ်းရိုက်ချလိုက်သည်။ လျင်လိုက်သည့်ကြောင်နက် ပွက်ကာသီကာပင် မထိလိုက်။ ကျွန်တော်၏ ရိုက်ချက်သည် ထမင်းစားပွဲပေါ်ရှိ အုပ်ဆောင်းကိုထိမိကာ အုပ်ဆောင်းအောက်ရှိ ဟင်းပန်းကန်၊ ငါးပိရည်တို့စရာပန်းကန်များ စားပွဲအောက်သို့ ပြန့်ကျဲကုန်၏။ ကွဲသည့်ပန်းကန်ကကွဲကုန်၏။

ကျွန်တော် ထိုအရာများကို စိတ်မဝင်စားနိုင်ခဲ့။ အိမ်ရှေ့သို့ထွက်ပြေးသွားသဖြင့် ကြောင်နက်နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်ခဲ့သည်။ အခုတော့ ကြောင်နက် သွေးရူးသွေးတန်းဖြစ်၍နေပေပြီ။ ဟိုပြေးလိုက်သည် ပြေးလိုက်နှင့် သေးများပင်ထွက်ကျကုန်ပြီ။ ကျွန်တော်မှ ဝါးရင်းတုတ်အား အသင့်ကိုင်ရင်းနှင့် ကြောင်နက်အနီးသို့ တိုးကပ်စဉ် ကြောင်နက်သည် နီးစပ်ရာတိုင်တစ်တိုင်ပေါ်သို့ အရှိန်နှင့်ပြေးအတက် ကြောင်နက်၏ခါးအား ပိုင်ပိုင်နိုင်နိုင်ရိုက်ချလိုက်တော့သည်။ ဒီတစ်ခါတော့ ကိစ္စတုံးပြီဟုထင်မှတ်လိုက်သည်။

ကြောင်နက် ဖုင်ခနဲ ကြမ်းပြင်ပေါ်သို့ကျခဲ့သည်။ ချက်ချင်း ထမပြေးနိုင်။ နောက်ခြေထောက်တရွတ်ဆွဲကာ လိမ်ဖယ်လိမ်ဖယ်ဖြစ်၍နေလေသည်။ ဆက်မရိုက်ဘဲ ကြောင်၍ကြည့်နေမိသည်။ လိမ်ဖယ်လိမ်ဖယ်ယိုင်ထိုးယိုင်တိုင်နှင့် လေးငါးလှမ်းခန့်သွားပြီးနောက် အကောင်းတိုင်းပြန်ဖြစ်ကာ နောက်ဘက်သို့ စွတ်ပြေးလေတော့သည်။

ကျွန်တော်လည်း နောက်ဖေးသို့ ပြေးလိုက်ပြန်သည်။ တစ်အိမ်လုံး ကြောင်ချေးနံ့၊ သေးနံ့များနံစော်၍နေ သည်။ ကြောင်နက်သည် ကျွန်တော် ဓာတ်မီးနှင့်ထိုးထားရင်းမှပင် နောက်ဖေး မီးဖိုဆောင်မှ တိုင်တစ်တိုင်အား ကုပ် တွယ်ဖက်တက်ကာ ထုပ်တန်းနှင့်သွပ် ကြားအပေါက်မှ အောက်သို့ခုန်ချထွက် သွားပါတော့သည်။ မြေကြီးပေါ်သို့ကျ သံ ဖုတ်ခနဲကြားရသည်။ မြေပြင်နှင့် သွပ်အမြင့်မှာ ခန့်မှန်း (၁၅)ပေခန့်ရှိမည် ထင်ပါသည်။

ကျွန်တော်မှ ချက်ချင်းတံခါးဖွင့်၍ ကြောင်နက်ခုန်ချရာသို့ ဓာတ်မီးနှင့်ထိုး ကြည့်ရာ ကြောင်နက်သည် ဘာမှဖြစ် ခဲ့ခြင်းမရှိသည့်အလား အေးဆေး တစ်လှမ်းချင်းလှမ်းကာ ရော်ဘာခြံ ဆီသို့ ထွက်သွားပါတော့သည်။

ကျွန်တော်၏ကြောင်နက်စစ်ဆင် ရေးဝုန်းဒိုင်းကြဲအသံများကြောင့် အိမ်များမှပင်လန့်နိုးကာ ဘာဖြစ်တာ ဟု မေးယူရသည်အထိပင်။ သို့သော် ကြောင်နက်စစ်ဆင်ရေးကား ရှုံး ပြည့်မအောင်မြင်ခဲ့ပေ။

ထိုအချိန်မှစ၍ ကြောင်နက်သည် အိမ်သို့ ယောင်၍ပင် လှည့်မလာတော့ ပေ။ ကျွန်တော်နှင့် ရွှေဖြူ ကောင်း အိပ်စက်နိုင်ခဲ့သည်။ ကြောင် အတော်ဖြုံသွားပုံရသည်။

❑

တစ်နှစ်ခန့် ကြာမြင့်ခဲ့ပြီ။

ခြံလုပ်ငန်းမှာလည်း ပြီး သလောက်ရှိနေပြီ ဖြစ်၏။ ရွှေ ကြောင်ပေါက်ကလေးအရွယ်မှ သုံးအရွယ်သို့ ရောက်ရှိလာပြီဖြစ် ထွားလာလိုက်သည့်အကောင်။ ကောင်းအသောက်ကောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းဝါးကောင်း (ကြောင်ဆေး)မှိုဝဲရ၍ပဲလားမသိ။ အမွေးအမှင်များစိုပြည်၍ ဝဝကစ်ကစ်နှင့် ချစ်စရာ။ အဖြူပေါ်တွင် ရွှေဝါရောင်အကွက်များနှင့်။

တစ်ခုသောညနေခင်းအချိန်တွင်ဖြစ်သည်။ ကျွန်တော်သည် အလုပ်ပါးသဖြင့် အိမ်နောက်ဖေးရှိ ငှက်ပျောခြံ၌ ပက်လက်ကုလားထိုင်နှင့် မဂ္ဂဇင်းဟောင်းတစ်အုပ်အား အပျင်းပြေဖတ်နေမိသည်။ ထိုစဉ် ရွှေဖြူရောက်ရှိလာပြီး ကျွန်တော်၏ခြေထောက်အား ပွတ်သီးပွတ်သပ်လုပ်နေ၍ စိတ်မရှည်သဖြင့် အဝေးသို့လွှင့်ပစ်လိုက်သည်။

ရွှေဖြူသည် ချုံတစ်ခုအနီးသို့ကျရောက်ခဲ့ပြီး ပုစဉ်းနှင့်လိပ်ပြာများအား စိတ်ဝင်စားကာ ကျွန်တော့်အား သတိမရတော့။ ချုံအကွယ်မှနေ၍ ပုစဉ်းနှင့်လိပ်ပြာများကို ချောင်းမြောင်း၍နေ၏။ အမြီးကား အငြိမ်မနေ။ ဘယ်ညာလှုပ်ယမ်းလျက်ရှိသည်။ ကျွန်တော်လည်း ဆောင်းပါးတစ်ပုဒ်အား စိတ်ဝင်စားစွာဖတ်နေမိသည်။

ထိုစဉ် ကြောင်မာန်ဖီသံကိုကြားလိုက်ရ၍ ချုံအနီးသို့ကြည့်လိုက်ရာ ကြောင်နက်နှင့် ရွှေဖြူ တစ်ကောင်နှင့်တစ်ကောင် လက်တစ်ကမ်းအကွာအဝေးခန့်မရှိ။ နှစ်ကောင်စလုံး ခြေနှင့်လက်များ မတ်မတ်ထားပြီး ကျောကုန်းများကုန်းကာ အမွေးများထောင်ထလျက် တစ်ကောင်နှင့်တစ်ကောင် အလစ်မပေးဘဲ မာန်စောင်နေကြသည်။

တစ်နှစ်ကျော်ကြာပျောက်သွားသည့် ကြောင်နက်။ ပြန်ပေါ်လာသည့်အချိန်တွင်တော့ အရောင်အဆင်းဖျော့တော့ ပိန်လှီ၍နေသည်။ ရွှေဖြူနှင့်စာလျှင် ခြေတံလက်တံများ ရှည်ပါသော်လည်း ရွှေဖြူမှာ သန်သန်မာမာ၊ ဝဝဖြိုးဖြိုးနှင့် အရောင်အသွေးစိုပြည်၍နေသည်။

ငယ်ကြောက်မို့လားမသိ၊ ရွှေဖြူသည် မာန်စောင်နေရင်းမှပင် နောက်သို့ ဖြည်းဖြည်းဆုတ်ကာ ထွက်ပြေးရန် ဟန်ပြင်နေ၏။ ကြောင်နက်ကလည်း အလွတ်မပေး။ ရွှေဖြူ တစ်လှမ်းဆုတ်လျှင် ကြောင်နက်က တစ်လှမ်းရှေ့တိုးသည်။ ကျွန်တော် စိတ်ဝင်စားစွာကြည့်နေမိ၏။ ကြောင်တိုက်ပွဲအား ညအချိန်များတွင်သာကြားရလေ့ရှိပြီး မြင်ကွင်းကောင်းသည့် ယခုလို နေ့ခင်းအချိန်မျိုးတွင်မမြင်ဘူးခဲ့။

ရွှေဖြူ ထွက်ပြေးပြီ။ ကြောင်နက်များခနဲခုန်အုပ်လိုက်သည်။ နှစ်ကောင်စလုံး မြေပြင်တွင် လုံးထွေးလူးလှိမ့်သွားသည်။ ပါးစပ်နှင့်ကိုက်ခဲနေကြရသည့်အတွက် အော်သံများထွက်မလာခဲ့။ လုံးထွေးနေရင်းမှပင် ခြေ၊ လက်များဖြင့် ကုတ်ခဲနေကြသည်မှာ ကြည့်၍ပင်ကောင်း သေးသည်။

ကြောင်တိုက်ပွဲကား လက်ရည်မညီဟုပင်ဆိုရမည်ဖြစ်သည်။ ရွှေဖြူကား အားကောင်းမောင်းသန်အရွယ်၊ ကြောင်နက်ကား အကျဘက်သို့ရောက်နေပြီ။ တစ်ချိန်လုံး ရွှေဖြူက အပေါ်စီးကရှိသော် လည်း တစ်ကောင်နှင့်တစ်ကောင်လွတ်ထွက်သွားသည်နှင့် ရွှေဖြူထွက်ပြေးပြန်သည်။ ကြောင်နက်ကလည်းအလွတ်မပေး၊ ခုန်အုပ်လိုက်ပြန်၏။ နှစ်ကောင်စလုံး လုံးထွေးသွားပြန်သည်။

သည်တစ်ချီတွင်တော့ ရွှေဖြူသည် ကြောက်ကန်ကန်သည်လားမဆိုနိုင်။ ရှိသည့်ခွန်အားကို အကုန်ထုတ်သုံးပုံရသည်။လုံးထွေးသွားသည်နှင့် ကြောင်နက်၏လည်ပင်းအား အမိအရကိုက်ခဲခါယမ်း၍နေသည်။ကြောင်နက်အသည်းအသန်ခံနေရပြီ။ နာကျင်မှုကြောင့် ကြောင်နက်၏အော်သံမှာ ကြောင်အော်သံနှင့်ပင်မတူတော့။ ကလေးငယ်တစ်ယောက်၏ ငိုသံနှင့်ပင်တူနေတော့သည်။

ကြောင်အော်သံကြောင့်ထင်သည်။ ညီမလုပ်သူက အိမ်ပေါ်မှဆင်းလာပြီး-

"ဘယ်ကကြောင်တွေကိုက်နေကြတာလဲ။ ဆူညံနေတာပဲ"

"နေနေ၊ ငါခြောက်လှန့်မောင်းထုတ်လိုက်မယ်"

ကျွန်တော်သည် ညီမ၏အမေးကိုလက်ကာပြကာ ပြန်ဖြေရင်း ပက်လက်ကုလားထိုင်ပေါ်မှ ဆင်းလိုက်သည်။ သည်အတိုင်းထိုင်ကြည့်မနေနိုင်တော့။ ကြာလာလျှင် ကြောင်နက်သေသွားနိုင်သည်။ ထို့ကြောင့် ကြောင်နှစ်ကောင်အား ခြောက်လှန့်မောင်းထုတ်ကာခဲ့လိုက်သည်။ ကြောင်နက်မှာ မျက်လုံးတစ်ဖက်ပိတ်ကာ လည်ပင်း၌ သွေးများထွက်နေသည်။

ကျွန်တော် ခြောက်လှန့်မောင်းထုတ်ကာမှ ရွှေဖြူမှာ အားတက်လေသလားမသိ။ နောက်တစ်ကြိမ် ကြောင်နက်၏လည်ပင်းအား အမိအရကိုက်ခဲခါယမ်းပြန်ပါသည်။ ပွဲမှာ တစ်ဖက်သတ်နှင့် ကြည့်၍မကောင်းတော့ပေ။ ရွှေဖြူ၏ ကိုက်ခဲမှုကို ကြောင်နက် မည်သို့မျှ မတုံ့ပြန်နိုင်တော့ပေ။ ညောင်းဝေါင်းဝေါင်းဖြင့်သာ အသံကုန်အော်ဟစ်နေတော့သည်။ ထို့ကြောင့် ကျွန်တော်မှ အနီးရှိ ဝါးကိုင်းတစ်ခုအား ကောက်ကိုင်ကာ ခြောက်လှန့်မောင်းထုတ်ကာမှ ကြောင်ချင်းကွဲသွားတော့သည်။

ကြောင်နက်သည် ရွှေဖြူ့လက်မှလွတ်သည်နှင့် ရော်ဘာခြံရှိရာတောဘက်သို့ ထွက်ပြေးသွားပါတော့သည်။ ရွှေဖြူပြေးလိုက်မည်တကဲကဲလုပ်နေ၍ အတင်းခြောက်လှန့်မောင်းထုတ်ကာမှ အိမ်ဘက်ဆီသို့ ပြေးထွက်သွားသည်။ ထိုအချိန်မှစ၍ ကြောင်နက်ကို မမြင်ရတော့ပေ။

❑

နောက်တစ်လခန့်အကြာတွင်ဖြစ်သည်။

ကျွန်တော်မှ အမေ၏ခြံလုပ်ငန်းများ ပြီးစီးလုနီးပါးဖြစ်၍ ကျွန်တော်၏နေအိမ်သို့ပြန်ရန် အထုပ်အပိုးများပြင်ဆင်နေပါသည်။ ယူစရာရှိသည်များမကျန်ရလေအောင် တစ်ခုချင်းလိုက်လံသိမ်းဆည်းနေစဉ် ညီဖြစ်သူမှ ရောက်ရှိလာပြီးပြောသည်။

"ကြောင်နက်တော့ သေသွားပြီ။ ဘယ်အချိန်ထဲကသေနေလဲမသိဘူး။ ငါတွေ့တော့ အသားတွေတောင်ကျနေပြီ"

ကျွန်တော်မှ အထုပ်အပိုးပစ္စည်းပစ္စယများသိမ်းဆည်းရင်းမှပင် ညီဖြစ်သူအားမကြည့်ဘဲ -

"ငါထင်တော့ထင်သား၊ ရွှေဖြူကိုက်လိုက်တဲ့ဒဏ်ကြောင့် ဒီကောင်သေမှာပဲလို့"

"ငါလည်း ကြောင်သေကို တုတ်ချောင်းနဲ့ ချောင်းထဲကိုကော်ချလိုက်တာမျက်လုံးတစ်လုံးပွက်ကျခဲ့တယ်"

ညီဖြစ်သူစကားကြောင့် ကျွန်တော်စိတ်ဝင်စားသွားသည်။ ပြီးနောက် ညီဖြစ်သူအားကြည့်လိုက်သည်။ ညီမှဆက်ပြောသည်။

"ငါလည်း ထူးဆန်းတယ်ဆိုပြီး ကောက်ယူကြည့်လိုက်တယ်။ အရှေ့ဘက်အခြမ်းကတော့ ဖန်ဂေါ်လီအတိုင်းပဲကွာ။ ကြောင်မျက်လုံးပုံစံမပျက်မာကျစ်လို့"

ကျွန်တော်မှ အထုပ်အပိုးများပြင်ဆင်နေမှုကိုခေတ္တရပ်ကာ ညီဖြစ်သူအနားတွင်ထိုင်လိုက်ပြီး -

"ဆက်ပြော"

"နောက်ဘက်ခြမ်းကတော့ ချိုင့်ခွက်ဖုထစ်တွေနဲ့မို့ နမ်းကြည့်တော့ အနံ့နည်းနည်းထွက်နေလို့ ရွံပြီး ချောင်းထဲလွှင့်ပစ်လိုက်တယ်"

ကျွန်တော်မှ ကြားဖူးနားဝနှင့် ကြောင်မျက်ရှင်များဖြစ်နေမလားဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com

အတွေးဖြင့် -

"ကြောင်မျက်လုံးပစ်ချလိုက်တဲ့နေရာ ငါ့ကိုလိုက်ပြ"

ညီဖြစ်သူမှ အံ့ဩဟန်ဖြင့် -

"ဘာလုပ်မလို့လဲ"

"ငါကြည့်ချင်လို့ပါ"

"ငါပစ်ချလိုက်တာ သုံး၊ လေးရက်လောက်ရှိပြီ။ ပစ်ချလိုက်တဲ့နေရာမှာ ရှိချင်မှရှိတော့မှာ မသေချာဘူး"

"သေချာချာ၊ မချာချာကွာ မင်းမလိုက်နိုင်ရင် ဘယ်နေရာလဲဆိုတာကိုသာ ငါ့ကိုညွှန်ပြ"

"ဟိုတညင်းပင်ကြီးအောက်မှာ။ အဲဒီနားက ချောင်းကွေ့ထဲ ကြောင်သေရော ကြောင်မျက်လုံးပါပစ်ချလိုက်တာ"

ကျွန်တော် ချက်ချင်းပင် တညင်းပင်ကြီးအောက်သို့ ထွက်ခဲ့သည်။ တညင်းပင်သည် နှစ်ချို့ပင်ကြီးဖြစ်ပြီး အကိုင်းအခက် အရွက်အလက်တို့နှင့် ဝေဆာ၍နေသည်။ သည်အပင်မှာပဲ ကြောင်နက်နေသည်ကို ခန့်မှန်းမိသည်။ တညင်းပင်အောက်ရောက်လျှင် ဟိုသည်လှည့်ပတ်ကြည့်ရာ တညင်းပင်ခြေရင်းနှင့် နှစ်တောင်၊ သုံးတောင်အကွာ၌ ကြောင်နက်သေခဲ့သည့်နေရာအားတွေ့ရသည်။ အမွေးအမှင်တချို့ ကျကျန်ရစ်ခဲ့သောကြောင့်သိရခြင်းဖြစ်သည်။

တစ်အောင့်အကြာတွင် ညီဖြစ်သူမှ လိုက်လာပြီး ကြောင်မျက်လုံးပစ်ချခဲ့သည့်ချောင်းကွေ့နေရာအားပြပါသည်။ ကျွန်တော်သည် ချောင်းကမ်းနဖူးပေါ်မှနေ၍ ချောင်းထဲသို့ကြည့်လိုက်သည်။ ချောင်းရေမှာ ခါးစောင်းခန့်သာနက်ပါသည်။ ရေမှာ ကြည်လင်လျက်ရှိပြီး ညင်သာစွာစီးဆင်းနေသဖြင့် အောက်ခြေရှိ ကျောက်စရစ်ခဲများအား ကောင်းစွာမြင်နေရသည်။သို့သော် ကြောင်မျက်လုံးကိုမူ မတွေ့ရတော့ပေ။

အချိန်အတော်ကြာ စူးစိုက်ကြည့်ရှုရှာဖွေသော်လည်း ကြောင်မျက်လုံးနှင့်တူသည့်အရာဟူ၍ မတွေ့ရသဖြင့် ညီအစ်ကိုနှစ်ယောက် လက်လျှော့ကာ အိမ်သို့သာပြန်လာခဲ့ကြတော့သည်။

ညီဖြစ်သူ ရေထဲပစ်ချလိုက်သည့် ကြောင်နက်မျက်လုံးသည် ကျွန်တော်ကြားဖူးသည့် ကြောင်မျက်ရှင်များဖြစ်နေမလားဟုတွေးကာ ထိုကြောင်နက်မျက်လုံးအား စိတ်ကူးနှင့်ပုံဖော်ကြည့်နေမိတော့သည်။

စောလထုဘော်



မျိုးတင့်(ညောင်လေးပင်)

# နှုတ်ခမ်းကွဲအက် အနေခက်လျှင် ရှားစောင်းလက်ပပ်ကိုအသုံးပြုပါ

ရာသီဥတုအကူးအပြောင်းတို့တွင် အပူကြွတတ်သည်မှာ သဘာဝဖြစ်၏။ ကိုယ်ခံအားကောင်းနေသော လူငယ်များ ရုတ်တရက်သတိမထားတတ်သော်လည်း ကိုယ်ခံအားနည်းပါးလာသော လူကြီးများ ရာသီဥတုကူးပြောင်းချိန်များတွင် သတိရှိသင့်သည်။ မိုးအကုန်ဆောင်းအကူးတွင် စွတ်စိုပူနွေးရာသီမှ လုံးဝအေးခြင်းသဘောသို့၊ ဆောင်းအကုန် နွေအကူးတွင် အေးနွေးသောရာသီမှ လုံးဝပူပြင်းသောသဘောသို့ ပြောင်းလဲတတ်မြဲ ဖြစ်သည်။ အတွင်းဓာတ်ခံအားကိုလိုက်၍ သွားကိုက်၊ သွားနာခြင်း၊ သွားဖုံးရောင်ရမ်းခြင်း၊ နှုတ်ခမ်းကွဲခြင်း၊ ခြေဖဝါးများကွဲအက်၊ အသားပပ်ခြင်းတို့ဖြစ်တတ်ကြသည်။

လူသည် ဓာတ်လေးပါးနှင့်ဖွဲ့စည်းထားသောခန္ဓာပိုင်ရှင်ဖြစ်သည်။ထိုဓာတ်လေးပါးနှင့်အတူ ဝိညာဏဓာတ်လည်း ပါဝင်မြဲ ဖြစ်သည်။ ပထဝီဓာတ်က မာပျော့သဘော၊ တေဇောဓာတ်က ပူအေးသဘော၊ အာပေါဓာတ်က ယိုစီးဖွဲ့စည်းသဘော၊ ဝါယောဓာတ်က ကန်လှုပ်သဘောရှိသည်။ ဝိညာဏဓာတ်က သိမှုသဘောရှိသည်။ ထိုတွင် ဥတုနှင့် တေဇောဓာတ်သည် ဘဝကိုရှင်သန်ရန် အဓိကကျသည်။ ဥတုနှင့် အာဟာရသည် ရုပ်ပိုင်းသဘာဝကိုဖြစ်ပေါ်စေပြီး ကံနှင့်စိတ်သည် နာမ်သဘာဝတို့ကို ဖြစ်စေသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့၏ ပြုပြင်ရာခံနေရသော သင်္ခါရလောကကြီးတွင် လူ့ဘဝလည်းပါဝင်သည်။

ထိုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်နေ့၌ ကောက်ညှင်းနှင့်ပြုလုပ်ထားသော ဟာလဝါမုန့်အနည်းငယ်ကို အသက် (၆၈) နှစ်ရှိပြီဖြစ်သော ကျွန်ုပ်အဘိုးအိုသည် စားခဲ့မိလေ၏။ ရာသီပြောင်းကာလတွင် ပူကန်တတ်သော တေဇောဓာတ်သဘောကိုအားပေးသည့် ကောက်ညှင်းဟာလဝါကြောင့် ညဦးယံအချိန်မှစ၍ နှုတ်ခမ်းများတင်းကျပ်လာပြီး နှုတ်ခမ်းကွဲဝေဒနာခံစားရသည် နှုတ်ခမ်းကွဲလျှင် ငယ်စဉ်က အုန်းဆီလိမ်း သည်။ ခေါင်းလိမ်းဆီလည်းလူးခဲ့ သည်။ မပျောက်ဘဲ အဆီတဝင်းဝင်းနှ နေရထိုင်ရခက်လှသည်ကို မှတ်မိနေ သည်။

တောင်တောင်ဤဤ စဉ်းစားရင်း မိမိစိုက်ပျိုးထားသော ရှားစောင်းလက် ပပ်ပင်များကို သတိရမိလေသည်။ ည တွင်းချင်းပင် ရှားစောင်းလက်ပပ်ပင် အတက်တစ်ခုကို ဖြတ်ယူလိုက်သည် ရေစင်ကြယ်စွာဆေး၍ လက်နှစ်ဆစ် အပိုင်းကလေးတစ်ခုဖြတ်ယူပြီး အလ မှ ဓားနှင့် ဒေါင်လိုက်ဖြတ်ယူလိုက် ဂျယ်လီကဲ့သို့ ချွဲပျစ်သောအရည်ရွှ နေသည့် ရှားစောင်းလက်ပပ်နှစ်ခြမ်း ရခဲ့သည်။ ထိုပျစ်ချွဲနေသော ရှားစော လက်ပပ် အနှစ်အသားကလေးများ ကွဲအက်အခံခက်နေသော နှုတ်ခမ်း ကို သုတ်လိမ်းလိုက်သည်။

တင်းကျပ်မှုဝေဒနာတို့ ချက်ချ သက်သာသွားလေသည်။ (၂) ကြိ (၃)ကြိမ်လိမ်းပြီးသော် ည၌တွင်းချင် လုံးဝပျောက်ကင်းသက်သာသွားသည ထိုသဘောကိုသိပြီးသော် မိမိ၏ပတ် ကျင်မှ ခြေဖဝါးကွဲသူ၊ အသားပပ်သူ ကိုလည်း ပြောပြအသုံးပြုစေခဲ့ ပျောက်ကင်းသက်သာကြသည်။

မိုးအကုန် ဆောင်းအကူးရာသီ ရောက်ပြီး နောက်များမကြာမီ ဆော ကုန်ပြီး နွေရာသီသို့ကူးပေဦးတော့မ နှုတ်ခမ်းကွဲအက်ကာ အနေခက်လျ ရှားစောင်းလက်ပပ်ကို လိမ်းကျံပေး ဖြင့် ဧကန်ပင် ပျောက်ကင်းသက် ကြောင်း၊ ဘေးထွက်ဆိုးကျိုးမရှိ ကိုယ်တွေ့အတွေ့အကြုံကို စေတ ထား ရေးသား တင်ပြလိုက်ပါသည်။

*ကျန်းမာခြင်းသုခနှင့်ပြည့်စုံကြ*

*မေတ္တာရှည်*

မျိုးတင့် (ညောင်လေး



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

# ရောဂါလည်းပျောက် လျှာလည်းလောက်သည့် ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) ၂၀

စာရေးသူ၏ စိတ်အာရုံထဲတွင် နေရာဒေသတိုင်း၌ အလွယ်တကူ ရရှိ၍ စားသုံးနိုင်ပြီး ကျန်းမာရေးအတွက် အလွန်အာဟာရဖြစ်သောဓာတ်များနှင့် ပြည့်စုံကြွယ်ဝစွာပါဝင်နေပြီး ခန္ဓာကိုယ်အတွင်း သန့်စင်စေရန် မကောင်းတဲ့ အညစ်အကြေးနဲ့ အဆီဆိုး LDL များကို သန့်ရှင်းပေးစေတဲ့၊ အမျှင်ဓာတ်လည်း လွန်စွာကြွယ်ဝပါဝင်နေသော . . .

အချိုပွဲ စားဖွယ် သီးနှံအနေနှင့်သော် လည်းကောင်း၊ ကျန်းမာရေး ဆေးဖက်ဝင် စားသုံးသီးနှံအဖြစ်တစ်မျိုး အကျိုးပြုနေသည့် ပိန္နဲသီးနှင့်ပတ်သက်သော အာဟာရဗေဒဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့်တကွ ဆေးဖက်ဝင် နှုတ်မြိန်ဟင်းလျာ စီမံချက်ပြုတ်နည်းစနစ်တို့ကို တင်ပြပေးချင်သည့်ဆန္ဒဖြစ်ပေါ်လာပါသည်။

သို့ဖြစ်၍ ပိန္နဲသီးနှင့် ပတ်သက်ဆက်စပ်နေသော အစာအာဟာရဓာတ်ပေါကြွယ်ဝမှုများကို ရှာဖွေကြည့်လိုက်သည့်အခါ -

ပိန္နဲသီးတွင် ဗီတာမင် Vit.C နှင့် Vit.A ဓာတ်တို့ ကြွယ်ဝစွာပါဝင်နေပြီး ခန္ဓာကိုယ်တွင်းသွေးကြောများနှင့် အစာခြေအူလမ်းကြောင်းပိုင်းဆိုင်ရာများကို သန့်စင်စေရန် မကောင်းတဲ့ အဆီဆိုး LDLများကို ခန္ဓာကိုယ်ပြင်ပသို့ပို့ဆောင်သန့်ရှင်းပေးစေတဲ့ အမျှင်ဓာတ်ကလည်း လွန်စွာကြွယ်ဝနေပါသည်။

သက်ကြီးရွယ်အိုနှင့်ရင်သွေးငယ်လေးများအတွက် အရေးကြီးသော အရိုးဓာတ်ကို ဖွံ့စည်းပေါင်းစပ်မှုအတွက် ကယ်လဆီယမ်ကို စုပ်ယူရာတွင် အရေးပါသည့် မဂ္ဂနီဆီယမ်ဓာတ်လည်းကြွယ်ဝစွာပါဝင်နေပြီး ၎င်းဓာတ်က ကယ်လဆီယမ်နှင့်ပူးတွဲ၍ဇီဝကမ္မလုပ်ငန်းဆောင်ရွက်မှုကြောင့် ကလေးငယ်နှင့်သက်ကြီးရွယ်အိုများအတွက် အရေးကြီးလှသည့် အရိုးဓာတ်ဖွံ့ဖြိုးပြီး အရိုးများကို သန်မာစေပါသည်။

ထို့အတူ သံဓာတ်လည်း ကြွယ်ဝစွာပါဝင်နေပေတော့ သွေးအားနည်းရောဂါ (Prevent Aneria) ကို ကာကွယ်ပေးပါသည်။

ဒါ့အပြင် ကြေးနီဓာတ်(Copper) လည်းဝစွာ ပါဝင်နေသဖြင့် သိုင်းရွိုက်အကြောင်း၏ ဟော်မုန်းဓာတ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ကောင်းမွန်စေပြီး ကလေးသူငယ်ကြီးထွားဖွံ့ဖြိုးမှုနှင့် သက်ကြီးရွယ်အိုများအတွက် ခန္ဓာကိုယ်သက်စောင့်ဓာတ်အရင်းအမြစ်ကို လွန်စွာအထောက်အကူပြုနေပါသည်။

တစ်ဖန် ပိန္နဲသီးအမှည့်တွင် သစ်သီးသကြားဓာတ်ကြွယ်ဝပြီး စားသုံးသူ၏ သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်း၊ နိမ့်ကျခြင်းတို့ကိုထိန်းညှိပေး၍ သွေးချိုဆီးချိုရောဂါရှင်များ သင့်တင့်စွာစားသုံးပေးနိုင်ပါသည်။

သွေးတွင်းသကြားဓာတ်ကျဆင်းမှုများသူများ ပိန္နဲသီးမှည့်ကို မကြာခဏစားသုံးပေးသင့်ပါသည်။ ရွှေမြန်မာများ ငါးပိ၊ တို့စရာအနေဖြင့် အလွန်ကြိုက်နှစ်သက်သော ပိန္နဲသီးအစိမ်းပိန္နဲကွင်းသည် အမျှင်ဓာတ်ကြွယ်ဝနေသည့်အစားအစာဖြစ်ပြီး အစေ့နုလေးများက ပရိုတိန်းနှင့် ကော်လာဂျင်ဓာတ်များပါဝင်နေသဖြင့် အတို့အမြုပ်နှင့် စားဖွယ်ဟင်းလျာအနေဖြင့် လွန်စွာ စားသုံးပေးသင့်သည့် ဆေးဖက်ဝင်အသီးအနှံမျိုး ဖြစ်ပါသည်။

ချိုမြိန်သည့်ပိန္နဲသီးအမှည့်စားပြီး အစေ့ကိုလွှင့်ပစ်မည်ဆိုလျှင် သာလွန်မင်းတရားကြီးနှင့်သူဆင်းရဲမတို့၏ထမင်းရည်အာဟာရပြည့်ကို သွန်ပစ်တဲ့မိုက်မဲမှုမျိုးဟု ဆိုရပေမည်။

အစေ့မှာမှ အကောင်းတွေစုနေပါသည်ဟု အသိပေးလိုက်ချင်ပါသည်။

သိသူဖော်စားဆိုစကားလို ပိန္နဲစေ့မှာ ပရိုတိန်းဓာတ်ကြွယ်ဝစွာပါဝင်နေတဲ့အပြင် ဖိုင်တိုနူတြီရင့် (Phytonutrients) များ များစွာပါဝင်နေသဖြင့် ကင်ဆာရောဂါဆိုးများကို ကာကွယ်မှုပေးစေနိုင်တဲ့အတွက် အလွန်အဖိုးတန်စားဖွယ်ဟင်းလျာအဖြစ် စီမံစားသုံးပေးမည်ဆိုလျှင် လွန်စွာမှ ကျေးဇူးများစေသည့်သီးနှံဆေးဖက်ဝင်ပိန္နဲသီး ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အိမ်တိုင်း၊ မိသားစုတိုင်း ပိန္နဲသီးကို အလွယ်တကူစားသောက်နိုင်တဲ့ သီးနှံဖြစ်သလို မိသားစုတိုင်း၏ ကျန်းမာရေးအတွက် ရင်သွေးငယ်လေးများကစပြီး မိဘ၊ ဘိုးဘိုး၊ ဘွားဘွားများအထိ ကျန်းမာရေးကို အလွန်အကျိုးပြုစေသည့် သီးနှံဖြစ်သလို အချိုပွဲအနေဖြင့် ပိန္နဲသီးအမှည့်အသားကိုစားသုံးတဲ့အခါမှာ ဖရပ်တို့ (Fructose) နှင့် ဆူးကရို (Sucrose) ဆိုတဲ့ [illegible]ဝသစ်သီး၊ သကြားဓာတ်များပါဝင်နေသဖြင့် ချိုမြိန်တဲ့အရသာနှင့်စွမ်းအင်ကို ချက်ချင်း တိုးပွားစေပြီး အကျိုးရစေပါသည်။

သို့ဖြစ်၍ ရင်သွေးငယ်လေးများနှင့် သက်ကြီးရွယ်အို ဘိုးဘိုး၊ ဘွားဘွားများအတွက် အထူးသင့်တော်သော ဆေးဖက်ဝင် နှုတ်မြိန်ဟင်းလျာ ပိန္နဲစေ့ အာဟာရပြည့်စွပ်ပြုတ်စီမံချက်ပြုတ်နည်းကို အထူးတင်ဆက်လိုက်ပါသည်။

**❑ ပိန္နဲစေ့အာဟာရပြည့် Soup**

| | |
|---|---|
| ၁။ ပိန္နဲစေ့အစေ့ | (၂၀) |
| ၂။ ထောပတ် | (၁) ဇွန်း |
| ၃။ ပဲနို့ | ၁၀၀ ml |
| ၄။ ကျောက်ဖရုံယို အနေတော် | (၁) ချောင်း |
| ၅။ ကြက်ပြုတ်ရည် | (၁) ပန်းကန် |
| ၆။ ကြက်သွန်ဖြူ ခေါက်ပြားရိုက်ထားပါ | (၃) တက် |
| ၇။ ငရုတ်ကောင်း | (၃) စေ့ |
| ၈။ ကရဝေးရွက် | (၁) ရွက် |
| ၉။ သစ်ကြံပိုးခေါက် အနေတော် | (၁) ခု |

**❑ စီမံပြုလုပ်နည်း**

ပိန္နဲစေ့များကို နူးအောင်ပြုတ်ပြီး အခွံခွာ၍ ညက်အောင် ကြိတ်ခြေထားပါ။ ကြက်သွန်ဖြူနှင့် ငရုတ်ကောင်းတို့ကို ခေါက်ပြားရိုက်၍ထားပါ။ ကျောက်ဖရုံယိုကို အတုံးသေးသေးလေးတုံး၍ထားပါ။ ကရဝေးနှင့် သစ်ကြံပိုးခေါက်တို့ကို ရေဆေးသန့်စင်ထားပြီး -

ဦးစွာပထမ ထောပတ်(၁)ဇွန်းကို အိုးတွင် အပူပေးပြီး ကြက်သွန်ဖြူနှင့် ငရုတ်ကောင်း၊ ကရဝေးရွက်၊ သစ်ကြံပိုးခေါက်တို့ကိုရောပြီး ဆီသတ်ပါ။ ပြီးလျှင် ကြိတ်ခြေထားသော ပိန္နဲစေ့အသားများကိုထည့်၍မွှေပေးပါ။

ဆားအငန်သင့်ရုံထည့်ပြီး ကြက်ပြုတ်ရည်ထည့်၍ ဆူပွက်လာတဲ့အထိ အပူပေးပါ။ ပြုတ်ရည်ဆူပွက်လာပြီး ရေ (၃) ပုံ (၁) ပုံခန်းသည့်အနေတွင် ပဲနို့ကို ထည့်၍ ဆူပွက်လာတဲ့အထိ ပူပေးပြီး စွပ်ပြုတ်ရည်ဆူပွက်လာလျှင် နောက်ဆုံးအနေဖြင့် ကျောက်ဖရုံယိုကိုထည့်လိုက်ပြီး ဖိုပေါ်မှချလိုက်ပြီးဆိုလျှင် အလွန်အရသာရှိ၍ နှုတ်ခံတွင်းကိုမြိန်စေပြီး အာဟာရဓာတ်များ ပြည့်စုံစွာ ပါဝင်ဖွဲ့စည်းနေသော ဆေးဖက်ဝင်စားဖွယ်ရာ အာဟာရကောင်းတစ်ခွက်ကို မိမိတို့ရဲ့ ရင်သွေးရတနာလေးများနှင့် သက်ကြီးရွယ်အို ဘိုးဘိုး၊ ဘွားဘွားများကို အားရပါးရ ကျွေးမွေးနိုင်ပါပြီ။

*သတ္တဝါများ စားသမျှအားဖြစ်၍ ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

# ပြကျော် ဇ

## ❑ ကွေ့ပင်ရွာမှ ဦးကျောက်လုံး

ငွေးပင်ရွာသည် မိုးကုတ်မြို့မှ (၁၃) မိုင်ဝေးလျက် မိုးကုတ် - မန္တလေးကားလမ်းတွင်တည်ရှိရာ မန္တလေးမှလာသော် ငွေးပင်ရွာကို အရင်တွေ့ရမည်ဖြစ်သည်။

ယခုခေတ်အခေါ် ငွေးပင်ရွာဟု ခေါ်နေကြသော်လည်း အမှန်မှာ ကွေ့ပင်ရွာ ဖြစ်သည်။ ရှေးအခါကမူ ငွေးပင်ရွာ၌ဆင်းလိုသူခရီးသည်တို့သည် ငွေးပင်ဇရပ်၌ ဆင်းလိုက်ကြသော်လည်း ငွေးပင်ရွာကို မမြင်မတွေ့ရပေ။ ရွာသည် ကုန်းထိပ်၌တည်ရှိလျက် သစ်တောများ ဖုံးအုပ်ဝန်းရံထားသောအခါ ရွာကိုမြင်တွေ့ရခြင်းမရှိဘဲ မြေနီလမ်းအတိုင်း အတန်ကြာတက်သွားပါမှ တိတ်ဆိတ်ငြိမ်သက်နေတတ်သော ငွေးပင်တည်းဟူသော ရွာငယ်လေးကို တွေ့ရလေ၏။

ရွာသည် ရွာလယ်လမ်းတစ်ခုသာရှိပြီး လမ်း၏ဘယ်၊ ညာတို့၌ အိမ်တို့စီတန်းလျက်ရှိ၏။ ရှေးအခါကမူ အိမ်ခြေ (၃၀) မျှသာရှိပါသည်။

ရွာအဝင်လမ်းထိပ် ကုန်းမြင့်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတည်ရှိ၏။ ကျောင်းအဝင်၏ အနောက်ဘက်စောင်း ညောင်ပိန္နဲပင်ကြီးအောက်တွင် ရေတံခွန်ငယ်တစ်ခုပမာ ရေတို့ကျလျက်ရှိပြီး ထိုရေတံခွန်၌ပင် တစ်ရွာလုံး ရေချိုး၊ ရေခပ်ကြလေ၏။ ထိုရေမှာ အင်းကောင်းလူးမှထွက်သော ရေကြည်ပေါက်အား မြောင်းသွယ်ကာ ရွာရေသုံးရန်ယူထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညောင်ပင်အောက်မှကျသွားသောရေများအား မျှောတိုက်ရန် အသုံးပြုကြပြီး အချို့လည်း ငွေးပင်ဘုရားတောင်လှူးထဲ၌ ဖြန်းဆေးရန် ပိုက်ဖြင့်သွယ်ယူကြလေ၏။ မိုးကုတ်ပတ္တမြားမြေ၌ ပတ္တမြားရှာဖွေရာတွင် ဖြန်းဆေးရန်ရေသည် မရှိမဖြစ် အလွန်အရေးကြီးသောအင်္ဂါတစ်ရပ် ဖြစ်၏။ ရေမရှိသော်ဘာမှလုပ်၍မရပါ။

မိုးကုတ်မြို့နယ်၏ တောရွာတို့သည် တောင်စောင်းတောင်ထိပ်တို့တွင် တည်ထားကြရာ သောက်သုံးရေအတွက် ရေတွင်းတူး၍လုံးဝမရကြပေ။ ထို့ကြောင့် မိမိရွာထက်မြင့်သော ရေကြည်ထွက်ကိုရှာ၍ မြောင်းသွယ်၍ လည်းကောင်း၊ ပိုက်ဖြင့်သွယ်၍လည်းကောင်းယူနိုင်ပါမှ သောက်သုံးရေရကြ၏။ ရွာတိုင်း ထိုသို့ တည်ဆောက်ထားကြပါသည်။

အချိန်ကာလသည် ၁၉၂၀ ပြည့်နှစ် အချိန်ကာလဖြစ်ကာ မြန်မာနိုင်ငံတော်အား အင်္ဂလိပ်တို့ အုပ်ချုပ်စဉ်ကာလ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အင်္ဂလိပ်အုပ်ချုပ်မှု၏ ခေတ်နှောင်းပိုင်းဟုဆိုရမည် ဖြစ်လေသည်။ ထိုအချိန်ဝယ် မြန်မာတို့သည် အမျိုးသားစိတ်နိုးကြွလာကြပြီဖြစ်သည်။ ဇာတိပုညဂုဏ်မာနတို့ နိုးထစပြုကြလေပြီ။ သို့သော်လည်း 'ခါချဉ်ကောင်မာန်ကြီးတောင်ကြီးကိုတဲ့ဖြိုမည်ကြံ ခါးကမသန်' ဟူဘိသို့ ရှိနေချေ၏။

ထိုသောအခါသမယဝယ် မိုးကုတ်ပတ္တမြားမြေတစ်ခွင်လုံးအား အင်္ဂလိပ်ပိုင် စထရီးတားကုမ္ပဏီမှ လုပ်ပိုင်ခွင့်ရထားခြင်း ဖြစ်သည်။ စထရီးတားကုမ္ပဏီအား မိုးကုတ်တစ်ခွင် ကျောက်တူးဖော်ခွင့်လိုင်စင်အား ၁၈၈၉ ခု၊ ဖေဖော်ဝါရီလတွင် အင်္ဂလန်၌ချပေးခြင်း ဖြစ်လေ၏။ ပြိုင်ဆိုင်ကြသော ကျောက်မျက်တူးဖော်လိုသူ ကုမ္ပဏီကြီး (၁၀) ခုအနက်မှ စထရီးတားကုမ္ပဏီမှ ရသွားခြင်းဖြစ်ပေ၏။

ထိုတွင် အင်္ဂလိပ်အစိုးရ၏ စာနာစိတ်လေးကိုတွေ့ရ၏။ ထိုသည်မှာ ဒေသခံတိုင်းရင်းသားတို့တူးနေသော ကျောက်တွင်းများမှသည် (၁၀) ကိုက်ကျော် (ပေ (၃၀) ကျော်) ကွာဝေးသောနေရာ၌ ကုမ္ပဏီမှတူးရမည်။ ဒေသခံတို့၏ ကျောက်တွင်းအား ထိခိုက်နစ်နာခြင်းမရှိစေရ ဟူသောအချက်ပါရှိသည်။ ထိုဒေသခံတို့အား ကျောက်တွင်းတူးပိုင်ခွင့်လိုင်စင်ချပေးလေ၏။ လိုင်စင်ခမှာ တွင်းသားတစ်ဦးလျှင် (၂၀) ဖြစ်ကာ တစ်တွင်းလျှင် အနည်းဆုံး (၃) ယောက် လုပ်ကိုင်ရ၏။ ထို (၂၀) သည် တစ်နှစ်စာဖြစ်သည်။

လိုင်စင်နံပါတ်ပြားဝိုင်းလေးများအား သံပြားဖြင့်ပြုလုပ်ကာ လိုင်ရ မရသိစေရန် တွင်းသမားတို့၏ခါးတွင်ချိတ်ဆွဲထားရသည်။ နံပါတ်ပြားမမြင်သော် ထိုတွင်းသမားသည် ခိုးတွင်းဖြစ်ကြောင်းသိသာ၏။ သို့ကြောင့် အင်္ဂလိပ်၏ပုလိပ်တို့မှ မကြာမကြာခိုးတွင်းလှည့်ဖမ်းတတ်လေ၏။ အများအားဖြင့် ပုလိပ်တို့သည် ပန်ချာပီကုလားတို့ဖြစ်လေရာ လူတို့က ပုလိပ်အား ပုလိပ်ဟုမခေါ်ဘဲ ကုလားဟုခေါ်ကြရာ ရှေးလူတို့နှုတ်ထဲစွဲနေ၏။ (ယခုခေတ် ရဲကိုလည်း ရှေးလူတို့က ကုလားဟု ခေါ်လေ့ရှိ၏။ သို့သော် ထိုရှေးလူတို့မရှိကြတော့ပြီ။)

လိုင်စင်နံပါတ်ပြားရသော တွင်းလုပ်သားတို့မှာ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရကြသော်လည်း မိမိတို့ရလာသော ကျောက်တို့ကိုမူ ပြင်ပသို့ရောင်းချပိုင်ခွင့် မရှိဘဲ ကုမ္ပဏီသို့သာ ရောင်းချပေးရလေ၏။ ထိုအခါဝယ် ကြိုက်ဈေးမရရှိဘဲ အင်္ဂလိပ်ကျောက်ကုန်သည်ကြီးများပေးသောဈေးကိုသာရရှိရာ ကြာသော် လူတို့သည် လိုင်စင်နံပါတ်ပြားမယူတော့ဘဲ ခိုးတွင်းသာ အများအပြားလုပ်ကိုင်ကြလေ၏။ ပုလိပ်လာသော် ခြေကုန်သုတ်၍ပြေးကြရ၏။

ထိုအချိန်ကာလတွင် ဥပဒေကိုကြောက်တတ်သော ဂွေးပင်ရွာမှ ဦးကျောက်လုံးသည် လိုင်စင်နံပါတ်ပြားနှင့် တွင်းသားများမွေး၍ တွင်းထောင်သော တွင်းဆရာကြီး ဖြစ်သည်။ ဂွေးပင်ချောင်းရိုးတွင် ပွင့်လင်းရာသီတို့၌ ဖောက်တွင်းလုပ်၍ မိုးရာသီ၌မျှောတိုက်လေ့ရှိ၏။

စထရီးတားကုမ္ပဏီသည် ၁၉၂၂ ခုနှစ်တွင် လိုင်စင်သက်တမ်းကုန်ရာ နောက်ထပ်လိုင်စင်မခံတော့ဘဲ ကုမ္ပဏီ၏ ကျောက်တွင်းကြီးများ နားထားခြင်းဖြစ်၏။ သို့သော် ကုမ္ပဏီကို မရုတ်သိမ်းဘဲ အရပ်သားတွင်းသမားတို့အား သူတို့လုပ်ကိုင်ရာဧရိယာတွင်လည်းကောင်း၊ အခြားနေရာတို့၌လည်းကောင်း လိုင်စင်မခံစေတော့ဘဲ ထက်ဝက်စားစနစ်ပေး၍ လွတ်လပ်စွာလုပ်ကိုင်စေ၏။ ကုမ္ပဏီနှင့် ရင်းနှီးနေသော လိုင်စင်ခံလူတန်းစားတို့မှာမူ ထက်ဝက်စားစနစ်ဖြင့် လုပ်ကိုင်ကြပါသည်။ ထိုခေတ်ထိုအခါ (၂၀) ကျပ်ဟူသောငွေကား နည်းနည်းနောနောမဟုတ်ပေ။ ထို့ကြောင့် သာမန်အခြေခံမရှိသူတို့ အနားမသီနိုင်ခဲ့ပါ။ သို့ကြောင့် အခွန်မဆောင်ရသဖြင့် လုပ်ကိုင်သူတို့ရှိခဲ့၏။

ဂွေးပင်ရွာမှ ပေါလံကြီးဖြစ်သော ဦးကျောက်လုံးသည်လည်း တစ်ယောက်လျှင် (၂၀)ကျပ်ပေးရသောစနစ်မှ လိုင်စင်မခံရဘဲ ထက်ဝက်ထားပေးသောစနစ်တွင် စာရင်းပေး၍ မိမိ၏လုပ်နေကျ ဂွေးပင်ချောင်းရိုး၌ လုပ်ကိုင်လေ၏။

သို့နှင့်ပင် ၁၉၂၉ ခုနှစ်သို့ တိုင်ခဲ့လေ၏။ သည်နှစ်တွင်လည်း မိုးရာသီမျှောတိုက်၍ ဆောင်းနှင့်နွေတို့၌ ဖောက်တွင်းဖောက်လေ၏။

**□ တွင်းသမားတို့၏ဘဝ**

"ကိုကျောက်လုံး၊ မနက်ဖြန်ဈေးနေ့နော်။ အဲဒါ ဈေးဖိုးလေးမှရရ ဒီနေ့တွင်းဆေးခဲ့ဦး"

"အေးပါ - စံမယ်ရာ၊ ငါလည်း နေ့တိုင်းဆေးနေတာပဲဟ။ ဘာဆိုဘာမှ ကိုမရတာ။ အမှုန်အညာလေးတွေပါ ဈေးဖိုးလေးမှရရ ငါလည်းစုရောင်း တွင်းတောမှာစုထားတယ်"

"ယူခဲ့ဦးတော်ရေ။ အိမ်မှာ စရိတ်ပြတ်လုပြတ်ခင်ဖြစ်နေပြီ။ ကို မိသားစုနဲ့ တွင်းသားတွေနဲ့ နည်းတဲ့ စားမဟုတ်ဘူး။ အိမ်မှာတည်ထား မျှစ်ချဉ်အိုးကြီးတောင် နှစ်ပတ်လည် မထင်ဘူး။ နှိုက်နှိုက်ပြီးချက်ရလွန်း ပြောင်လုပြောင်ခင်ဖြစ်နေပြီ"

"အေးဟာ၊ ဒီနှစ်ထဲမှာ ဘာ ဘာမှမရတော့လည်း ငါလည်းမတ နိုင်ဘူးပေါ့ဟာ။ မမြင်ရတဲ့မြေကြီးထဲ ရတနာကို မျှော်လင့်ပြီးတူးနေရတာ တော့ ရင်မောစရာကြီးပါ စံမယ် ငါကလည်း ကျောက်တူးတာကလွဲ ဘာမှမလုပ်တတ်တော့လည်း အခ သားပေါ့ဟာ"

"အိုတော် - ညည်းမနေစမ်းပါ ညည်းရမှာက ကျုပ်ပါတော့။ တစ်နပ် တစ်နပ်စားဖို့အရေး ဘာဟင်းချက် ဆိုပြီး ဦးနှောက်ခြောက်ရတာက ကျ ပါတော့"

"အေးပါဟာ၊ ဟုတ်ပါတယ်၊ လည်း ငါ့တွင်းသားသုံးယောက်နဲ့ တွင်း ကို ကြိုးစားလုပ်ပါတယ်။ မရတာတော့ ငါလည်းမတတ်နိုင်ဘူးပေါ့ဟာ။ အက ၍ အခက်အခဲဖြစ်နေရင်လည်း မနေ ဖော့တို့ဆီက နည်းနည်းပါးပါးလှည့် ဟာ။ သူတို့အခက်အခဲဖြစ်နေတုန်း လည်း ငါတို့ဆီလာလာလှည့်တာပဲ"

"လှည့်ပြီးပါပြီ ကိုကျောက်လုံးရယ် သူတို့လည်း အဆင်မပြေဘူးလို့ ခိုညည်း သလို ညည်းလွှတ်လိုက်တယ်တော့ ကိုယ့်ရှိရင်သာ လွယ်တာပါ။ ကိုယ် ကြင်နာတတ်တော့ အလွယ်တကူ လေ့ရှိတယ်။ ကိုယ့်အလှည့်ကျတော့ ဘူး တော်ရေ။ အဲဒါကြောင့် ကျုပ် လက်ဝတ်ရတနာထည်လေးတွေထု ထုတ်ရောင်းနေရတယ်။ အဲဒါကြောင့် ဟင်းကောင်းကျွေးကောင်းသိပ်မစားနိုင် တာလွဲပြီး ကျုပ်တို့ကကြွေးရရစားနိုင်တာ ပေါ့တော်"

"အေးဟာ၊ လက်ဝတ်ရတနာ တာ မရှိဝမ်းစာ၊ ရှိတန်ဆာလို့ဆိုထားတာ ပဲ။ မရှိတော့လည်း ဝမ်းစာပေါ့ဟာ။ ရှိ အခါကျတော့လည်း ပြန်ဝယ်ပေါ့ စံမယ် ရာ"

"အောင်မာ- ဒါတော့ တော် မှလားတော့။ ရလာရင်တော့ လက် ရတနာတွေပြန်ဝယ်ရမှာပေါ့။ တကဲ -



www.burmeseclassic.com

www.burmeseclassic.com

ကိုကျောက်လုံးရေ တွင်းသားတွေသွားနှုန်းကြပြီ”

“အေးပါဟာ၊ သွားမှာပေါ့”

ဟုပြောကာ ခါးမထိုးထားသော အောက်ချပ်ကို ခါးတွင်ကောက်ပတ်ကာ တွင်းဆောင်းဝါးဖတ်ဦးထုပ်ကိုဆောင်း၍ ရွာအနောက်ဘက်ရှိ ချောင်းရိုးထဲသို့ ရှေးရှုလျက်ဆင်းသွားလေတော့၏။

ဆယ်ကျောက်၊ ရာကျောက်လေး များရခဲ့သော် ကုမ္ပဏီသို့ အကြောင်း ကြားဘဲ စရိတ်အဖြစ်ရောင်း၍ သုံးကြ၏။ ထောင်ကျော်၊ သောင်းကျော်၊ သိန်းကျောက်တို့ရခဲ့ပါမူ ထက်ဝက်စား တို့သည် ကုမ္ပဏီသို့အပ်ကာ ထိုကျောက် အား အင်္ဂလိပ်ကျောက်ကုန်သည်တစ်ဦး ဦးသို့ ရောင်းချပေးရသည်။ ရလာသော ငွေအား ထက်ဝက်အချိုးကျခွဲ၍ ဝေယူ ကြရ၏။

ထိုခေတ်ထိုအခါတွင် ကုမ္ပဏီ အင်္ဂလိပ်တို့သည် မိုးကုတ်သားတို့ကို အတွင်းမဲ့ယုံကြည်ပါသည်။ ယုံကြည်ရန် လည်း မိုးကုတ်သားတို့၏စိတ်ကိုသိပြီး ဖြစ်ကြ၏။

## ဖြူစင်ရိုးသားမိုးကုတ်သား

ရှေးအခါကမူ မိုးကုတ်သူမိုးကုတ် သားတို့သည် ကျောက်တွင်းလုပ်ရာတွင် ခဲယဉ်းယဉ်း လုပ်စရာမလိုကြပေ။ တွေများတို့သည် အပေါ်ယံမြေလွှာတွင် မြုပ်ကျဲတည်ရှိနေ၏။

ဒုတိယမြန်မာနိုင်ငံတော်ကိုတည် ထောင်တော်မူခဲ့သော စစ်ဘုရင် ဘုရင့် နောင်လက်ထက်တွင် အာသံ မဏိပူရမှ လာသော သံ့ပန်းကသည်းလူမျိုးတို့ကို ခေါ်တတ်၍ ကျောက်တူးရန်ပို့စဉ်ကာလ လူတို့သည် အိမ်မြေခြံဝင်းနှင့်အခြေချ နေထိုင်ကြတော့၏။ (ထိုနေရာ ကသည်း ကသဲ) ရပ်ဟု ယခုထိတိုင် ကျပ်ပြင်၌ရှိ နေ၏။)

ကသည်းလူမျိုးတို့သည် အခြေချ နေထိုင်သောအခါ မိမိတို့အိမ်ဝင်း၌ ပဲပင်စားပင်တို့ စိုက်လေ့ရှိကြ၏။ ထိုအခါ အပင်များစိုက်ပျိုးရန် မြက်တို့ ကိုခွဲနုတ်ရုံမျှဖြင့် အပေါ်၌ရှိနေသော တွေများတို့သည် မြက်ခေါင်း၌ကပ်၍ပါ လာတတ်၏။ ထိုအခါ ကျောက်တို့ ရကြ ၏။

ထိုသို့ မြက်ပင်ပေါင်းပင်နုတ်ရာမှ ဆွဲရာမှရသောကျောက်အား မြက် ခေါင်းလန်ကျောက်ဟု ခေါ်လေ့ရှိကြ၏။ တွေများတို့သည် အပေါ်ယံမြေလွှာတွင် တည်ရှိနေကြောင်း သိကြသောအခါ မြေကြီးအား လက်ဖြင့်ယက်၍ရှာလေ့ရှိ ကြ၏။ ပင်ပန်းကြီးစွာ တူးစရာမလိုကြ ပေ။ ထိုအပေါ်ယံမြေမည်းရွှံ့ကို နောင် တစ်ခေတ်တွင် ကသည်းယက်ဖြုန်းဟု ခေါ်လေ့ရှိကြသည်။ (ကျွန်ုပ်တို့ကမူ ကသည်းရိုက်ဖြုန်းဟု ခေါ်တွင်လေ့ရှိ သည်။ ထိုကသည်းရိုက်ဖြုန်းအား မျှော တိုက်လေ့ရှိခြင်း ဖြစ်၏။)

မိုးကုတ်၏ ရှေးဦးကာလသည် မပျက်မစီးရှိနေရာ မိုးရွာ၍ မိုးရိုက်ရာမှ ပေါ်လာသော ကျောက်တို့ ရရှိသည်မှာ များပြားလှပါသည်။ (ကျွန်ုပ်တို့ခေတ် အထိရှိခဲ့လေ၏။) နောင်သော် နက်သည် အထိတူးသောခေတ်သို့ ရောက်ခဲ့ပါ သည်။

လူလက်တစ်ဖောင်ခန့်တူးသော ခေတ်တွင်ပင် ကျောက်တို့များစွာရှိနေ သေး၏။ ဖြုန်းတစ်ခြင်းတွင် သဲအနည်း ငယ်သာပါလျှက် ကျောက်အများအပြား ပါရှိ၏။ ထိုမျှကျောက်တို့ပေါခဲ့၏။

မိုးကုတ်မြို့ ရှမ်းတောရပ်ကွက်၏ မြောက်ဘက်တွင် အာသောကမင်းခေါ် သီရိဓမ္မာသောကမင်းကြီး၏ သာသနာ ပြုရာ စေတီပေါင်း (၈၄၀၀၀)တွင်အပါ အဝင်တစ်ဆူဖြစ်သည့် ရွှေကူကြီးဘုရား ရှိ၏။ ထိုဘုရား၏ဝတ္တကမြေတွင် ရွှေကူ ကျောင်းတည်ရှိပါသည်။

ထိုရွှေကူဘုရားအနီးတွင် ရေနီ ချောင်းတံတားရှိရာ ထိုတံတားအနီးတွင် တွင်းလုပ်သူတို့သည် ဖြုန်းရခဲ့သော် ဖြုန်း ခြင်းတိုင်း၌ ကျောက်တို့မလွတ်တမ်းပါရှိ အောင် ပေါများလှပေ၏။

ထိုခေတ်ထိုအခါက ပြောင်ခေါင်း ဒေသ၊ ချောင်းကြီးဒေသများသို့ မြင်းများ ဖြင့် ကုန်စည်ကူးသန်းကြရာ ရွှေကူဘုရား အနီး၌လုပ်သောသူတို့သည် သူတို့၏ ဖြုန်းတစ်ခြင်းနှင့် မြင်းတစ်စီးကို ကြိုက် ရာမြင်းကိုရွေး၍ လဲယူနိုင်ကြလေ၏။



အဘယ်ကြောင့်ဆိုသော် ထိုဖြုန်း တစ်ခြင်းသည် မြင်းတစ်စီးမက တန်နိုင်၍ ဖြစ်ပေ၏။ ထို့ကြောင့် ထိုအချိန်တွင် ရွှေကူဘုရားအနီးမှဖြုန်းတို့သည် ဖြုန်း တစ်ခြင်းမြင်းတစ်စီးဟုပင် ကျော်ကြားခဲ့ လေ၏။

(ကျွန်ုပ်တို့ခေတ် တော်လှန်ရေး အစိုးရလက်ထက်တွင် လူတို့သည် ဝိသမလောဘတက်ကာ ရွှေကူကျောင်း သိမ်မြေ၏ အပေါ်ယံမြေကို ညတွင် တိတ်တိတ်ဝင်၍ တူးဆွခိုးယူကြလေ၏။ မြေတစ်အိတ်ရခဲ့သော် ကျောက်တို့ ထိုက်ထိုက်တန်တန်ပါသည်ဟု ကြားသိ ရလေ၏။ ထိုဝန်းကျင်ကား ထိုမျှကျောက် ပေါလေ၏။ နောင်သော် ကျောင်းဝင်း ကို အလုံကာ၍ ကာကွယ်စောင့်ရှောက် ရလေ၏။)

မိုးကုတ်ရှေးလူတို့သည် လွန်စွာ ရိုးသားဖြောင့်မတ်ကြပါသည်။ သဒ္ဓါ အားလည်းကောင်းကြ၏။ ဒါနအား လည်းကောင်းကြ၏။ ယဉ်ကျေးသိမ်မွေ့ မှုလည်းရှိကြ၏။ ထို့ကြောင့် ရဟန္တာ ဟူ၍ ကျော်ကြားသော မုံရွာလယ်တီ ဆရာတော်ဘုရားကြီးကတရားဟောရာ တွင် -

“ဒကာတို့၊ ဒကာမတို့ နတ်ရွာနတ် ပြည်ဆိုတာ နည်းနည်းအလှမ်းဝေးရင် ဝေးမယ်။ လူ့ပြည်ဖြစ်တဲ့ မိုးကုတ်မှာ လူဖြစ်ပါစေလို့သာ ဆုတောင်းကြ။ ဘာလို့လဲဆိုတော့ မိုးကုတ်သူမိုးကုတ် သားတွေဆိုတာ လှလည်းလှကြတယ်။ ဖြူစင်ရိုးသားကြတယ်။ ဒါနအား၊ သီလ အားတွေလည်း ကောင်းကြတယ်။ ရာသီ ဥတုကလည်းကောင်းတယ်။ နေရထိုင်ရ လုပ်ကိုင်စားသောက်ကြရတာ အင်မတန် မှ ချမ်းသာတယ်။ ဒါကြောင့် မိုးကုတ်သူ မိုးကုတ်သားတွေဖြစ်အောင် ဆုတောင်း ကြ”

ဟု မိုးကုတ်ကို အမွှမ်းတင်၍ ဟောပြောခဲ့ဖူး၏။

ရှေးအခါကမူ လူတို့သည် လွန်စွာ သစ္စာရှိကြလေသည်။ အိမ်နီးချင်းသော် လည်းကောင်း၊ မိတ်ဆွေမှသော် လည်းကြောင်း မအားမလပ်ရှိနေခဲ့သော် သို့တည်းမဟုတ် နေမကောင်းထိုင်မသာ ရှိနေခဲ့သော် တွင်းသားသူတစ်ဦးအား -

“သူငယ်ချင်းရေ ငါတော့ ဒီနေ့ ကောင်းကောင်းနေမကောင်းနေတာနဲ့ မသွားနိုင်တော့ဘူးကွာ။ အဲဒါ ငါ့အတွက် လည်း ဆေးခဲ့ပေးပါဦး”



www.burmeseclassic.com

www.burmeseclassic.com

ဟု မှာလိုက်လျှင် -

"အေးပါကွာ၊ ဆေးခဲ့ပါမယ်"

ဟု ကတိပေးလျက် တွင်းတော ရောက်လျှင် မှာလိုက်သောသူငယ်ချင်း အတွက် ဖြန်းတစ်ပုံ၊ သူ့အတွက်တစ်ပုံပုံ ကာ ဆေးလေ၏။

သူငယ်ချင်းအတွက်ရလာသော ကျောက်အား အိတ်သလဲတွင် သီးခြား ထည့်၏။ သူ့အတွက်ရသောကျောက်ကို လည်း သီးခြားအိတ်သလဲတွင်ထည့်ကာ ယူလာလျက် သူငယ်ချင်းအတွက် ရလာ သော အိတ်သလဲကို ပေးအပ်လေ့ရှိ၏။ သူငယ်ချင်းဖြန်းမှ ကျောက်ကြီးပါခဲ့သော် မှ စိတ်ဖြင့်ပင်မပြစ်မှား။ 'ငါ့သူငယ်ချင်း ကံကောင်းပေတယ်' ဟူ၍ ဝမ်းမြောက် ဝမ်းသာရှိတတ်ပေ၏။ ထိုမျှ သစ္စာကတိ ရှိခဲ့ကြ၏။ သူတစ်ပါးအပေါ် လိမ်ရညာ ရမှာ သေမလောက်ကြောက်ကြလေ၏။ ထိုသို့လျှင် သစ္စာကတိရှိကြကာ တစ်ပြန် တစ်လှည့် တစ်ဦးနှင့်တစ်ဦး အကူအညီ ပေးလေ့ရှိကြသည်မှာ ရှေးထုံးစံဖြစ်ခဲ့ပါ သည်။

ကျောက်အရောင်းအဝယ်လုပ်ကြ သော ကျောက်ကုန်သည်များမှာလည်း လွန်စွာသစ္စာကတိရှိကြပါသည်။ တွင်း သမားတို့သည် မိမိတို့ရလာသောကျောက် တို့အား အစီးသာယူလျက် အမြီးကို ကျောက်ပေါက်ထဲပြန်ထည့်ကာကျောက် ရွေးသောသဲဖတ်ခုံ၌ ထောင်ထားခဲ့လေ့ ရှိ၏။

မိုးကုတ်၌ အစီးနှင့် အမြီးကို လူ တိုင်းသိ၏။ အစီး ဟူသည်မှာ ရသမျှ ကျောက်တို့တွင် အလှဆုံး၊အကောင်းဆုံး ကျောက်ကိုဆိုလိုပြီး အမြီး ဟူသည်မှာ သိပ်မလှသော နောက်လိုက်ကျောက်တို့ ဖြစ်သည်။

ရပ်ရွာတို့၌ အလှဆုံးအပျိုကို အစီးဟု ခေါ်လေ့ရှိ၏။ အောက်ပြည် အောက်ရွာတို့ကဲ့သို့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ဟူ၍ ခေါ်ရိုးထုံးစံမရှိ။ အစီး ဟူ၍ ရတနာနှင့်တင်စား၍ ခေါ် ဝေါ်၏။ ဒီရပ်ကွက်မှာ ဒီကောင်မလေး က အစီးပဲ၊ ဒီရွာမှာ ဒီကောင်မလေးက အစီးပဲဟူ၍သာ ယခုထိတိုင် သုံးစွဲလေ့ ရှိသည်။

တောထဲတွင်းတောတို့တွင်လှည့် လည် ကျောက်ဝယ်ကြသော ကျောက် ကုန်သည်တို့သည် တွင်းပိုင်ရှင်နှင့်မတွေ့ ခဲ့သော် ကျောက်ရွေးရာ သဲဖတ်ခုံတွင် ဝါးပေါက်ဖြင့်စိုက်၍ ထောင်ထားသော ကျောက်ပေါက်ကို ထာထဲသို့သွန်ကာ ကြည့်၏။ တန်ရာတန်ဖိုးကို ဈေးဖြတ် ကာ တန်ဖိုးငွေအား ကျောက်ပေါက်ထဲ သို့ထည့်ထားခဲ့လေ၏။ ပိုင်ရှင်မရှိ၍ ကျောက်တို့အား အလကားယူလေ့မရှိ သလို တန်ဖိုးလည်း အလွန်နှိမ်၍မပေး ဘဲ ပျားလည်းစွဲသော၊ ရှဉ့်လည်းလျှောက် သာ ဟူသော ကျောက်ကုန်သည်ထုံး နှလုံးမူလျက် တန်ရာတန်ဖိုးပေးထားခဲ့ လေ့ရှိ၏။ ထိုမျှ သစ္စာကတိရှိခဲ့ကြ၏။ ကျောက်ထည့်ရန်ပြုလုပ်ထားသော ဝါး ကျည်တောက်ကို ဝါးပေါက်ကျောက် ပေါက်ဟုသာ ခေါ်ကြပါသည်။

အိတ်သလဲ ဟူသော ရှမ်းအခေါ် သည် မြန်မာအဖြောင့်ပြန်သော် သလဲ အိတ်ဟု အဓိပ္ပာယ်ရလေ၏။ ကျောက် သလဲများထည့်သောအိတ်ဟု အဓိပ္ပာယ် ရ၏။ ထိုအိတ်သလဲပြုလုပ်ရာတွင် ဦးစွာ ပိတ်စကို တစ်မိုက်ခန့်အဝိုင်းကလေးညှပ် ရ၏။ ထိုအဝိုင်းလေး၏နှုတ်ခမ်းသားများ ကို အပ်ချည်ကြိုးကျစ်၍လိုက်ထိုးကာ ဆွဲရှုံ့လိုက်သော် အိတ်သလဲဖြစ်သွားပြီး ထိုအိတ်သလဲသည် လည်ပင်း၌ဆွဲထား လျက် ကျောက်မျက်ရတနာများ၊ ငွေစ များထည့်တတ်ကြပါသည်။ ရှေးအခါက ငွေဒင်္ဂါးများ၊ ငွေအကြွေစေ့များအသုံးပြု ရာတွင် အိတ်သလဲသည် လွန်စွာ အသုံး တည့်လေ၏။ (ယခုခေတ်တွင်မူ ကနဲ (ကနယ်) ဆေးသူ အမျိုးသမီးများသာဆွဲ ကြပါတော့သည်။ တွင်းသမားတို့အသုံး မပြုကြတော့ပါ။ ရသောကျောက်တို့ကို ပလတ်စတစ်ဖြင့်သာ ထုပ်ကြပါတော့ သည်။)

မြန်မာနိုင်ငံတော် သူ့ကျွန်ဘဝ ရောက်ပြီးနောက်၌ အင်္ဂလိပ်ကုမ္ပဏီ လက်အောက်၌ လိုင်စင်ခံလုပ်ကြသော ခေတ်၌ လည်းကောင်း၊ ထက်ဝက်စား လုပ်သောခေတ်၌ လည်းကောင်း ကျောက်ကောင်းတို့ရရှိပါက သစ္စာကတိ လုံးဝ မချွတ်ယွင်းစေဘဲ ကုမ္ပဏီလက်သို့ အပ်ကာ စင်ကြယ်စွာ အသက်မွေးဝမ်း ကျောင်းပြုခဲ့ကြပါသည်။ ထိုခေတ်တစ် လျှောက်၌ အင်္ဂလိပ်ကျောက်ကုမ္ပဏီ အား လက်အောက်ခံတို့မှ ကလိမ်က ကျစ်လုပ်သော မိုးကုတ်သားဟူ၍ သမိုင်း ၌မရှိခဲ့ဘူးပါ။ သို့သော် အင်္ဂလိပ်ကုမ္ပဏီ လက်အောက်၌ ခေါင်းမလျှိုလိုသူတို့ သည် သည်းကောင်း၊ ငွေကြေးမတတ် နိုင်သဖြင့် လိုင်စင်မခံလိုသူတို့သည် လည်းကောင်း ခိုးတွင်းလုပ်ခဲ့ကြလေ၏။ ဤသဘောကို အင်္ဂလိပ်တို့ကသိသည်။ သို့ကြောင့် ကြာကြာတစ်ခါ ပုလိပ်များ စေလွှတ်ကာ ခိုးတွင်းနှိမ်နင်းခြင်းပြုတတ် လေ၏။ ဤသည်မှာ ခေတ်စနစ်ကြောင့် ဖြစ်သော်လည်း မိုးကုတ်သားတို့၏ ရိုးဖြောင့်မှုကား ကျွန်ုပ် ဘွင်းစလုပ်ခိုန် ဖြစ်သော တော်လှန်ရေးအစိုးရတက် ပြီးစအချိန်အထိ အရိုးစွဲကာ တည်မြဲ လျက် ရှိနေပေ၏။ ရှေးမိုးကုတ်သားတို့ ၏ ရိုးစင်းမှု၊ သစ္စာကတိရှိမှုကား ချစ်ဖွယ် ဖြစ်ပေ၏။

## ◻ ဟာပြားကျောက်ကုန်သည်

ကျပ်ပြင်ဈေးသည် မိုးကုတ် အနောက်ပိုင်းရှိ ကျေးလက်ရွာများ အားထားရာ ငါးရက်တစ်ဈေးဖြစ်သည်။ ထိုဈေး၌ ငါးရက်စာအတွက် ကုန်စိုကုန် ခြောက်ဆန်ဆီတို့ဝယ်ကာ သိုလှောင်ရ လေ၏။ ထိုခေတ်ကား မြင်းခေတ်ဖြစ်ပေ ၏။ ကိုယ်ပိုင်မြင်းတို့မွေးကြသလို မြင်း မရှိသူတို့အတွက် မြင်းငှားရသောခေတ် ဖြစ်၏။ တောရွာတို့၌ ဆန်ဆိုင်၊ ဆီဆိုင် မရှိရာ ဆန်၊ ဆီတို့ အလုံအလောက်ဝယ် ကြရ၏။ ထို့ကြောင့် မြင်းငှားရ၏။ မြင်း အငှားလိုက်သူတို့ကလည်း အသင့်ရှိနေ ကြ၏။ ဆန်၊ ဆီတို့ ဝယ်စရာမလိုပါက ငါးရက်စာဝယ်၍ တောင်းနှစ်လုံးကို ရှေ့၊ နောက်ဝါးလုံးထမ်းပိုးဖြင့်ထမ်းကာ သယ်ယူကြရ၏။ မိုးကုတ်သူတို့ကား ခေါင်းဖြင့်ရွက်တတ်သူဟူ၍ တစ်ဦးမျှ မရှိပေ။ ပခုံးဖြင့်သာထမ်းကြရာ လွန်စွာ ထမ်းနိုင်ကြ၏။ ဈေးရောင်းလိုသူတို့က လည်း မိမိတို့ခြံထွက် ဘူးပုပ်၊ ခံတက် ကင်ပွန်းချဉ် စသည်တို့ကို ပခုံးဖြင့်ထမ်း သယ်ကာ သွားရောင်းကြလေ၏။

နက်ဖြန်ဈေးနေ့ဖြစ်ရာ ဒေါ်စံမယ် သည် ဦးကျောက်လုံး တွင်းမှအပြန်ကို ဈေးသုံးမှုရန်စိုးနိုး မျှော်လင့်မိသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့သောဈေးဖိတ် နေ့တွင် တွင်းတိုင်း ဈေးသုံးငွေရရန်ဆေး တတ်ကြသည်မှာ ထုံးစံဖြစ်၍ ကျောက် ကုန်သည်များသည်လည်း ထိုနေ့ကို အလွတ်မပေးဘဲ နာမည်ကြီးတွင်းတို့ အိမ်၌ထိုင်၍စောင့်တတ်၏။

ဦးကျောက်လုံးတို့အိမ်၌ ထိုင်၍ စောင့်နေသည်မှာ ထိုခေတ်ထိုအခါက 'ဟာပြားကျောက်ကုန်သည်' ဟု နာမည် ကြီးသော ပလောင်အမျိုးသမီး မမွေး အောင် ဖြစ်သည်။ မမွေးအောင်သည် ကျောက်ကုန်သည်ဖြစ်သည့်အလျောက် သုံးပင်ပတ်လည်ပျဉ်ထောင်အိမ်ကြီးနှင့် နေနိုင်သော ကျောက်ဖျာရွာမှ ဖြစ်သည်။ သူ့တွင် သားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

သမီးတစ်ယောက်ရှိသည်။

မမွှေးအောင်ကား စေးကုပ်သည့်နေရာတွင် နာမည်ကြီးကာ ရာကျောက်ဖြစ်နေစေကာမူ သူက သူ့ထုံးစံအတိုင်း ဟာပြားက စပေးလေ့ရှိ၏။ ဟာပြားဟူသည်မှာ ရှမ်းလိုဖြစ်ပြီး မြန်မာလိုငါးကျပ်ဟုအဓိပ္ပာယ်ရ၏။ ရာတန်သည့်ကျောက်ကို ဆယ်ငွေကမပေးဘဲ ဟာပြားကစပေးသဖြင့် သူ့ကို ဟာပြားကျောက်ကုန်သည်ဟု ကင်ပွန်းတပ်ထားကြလေ၏။ ထိုတောတစ်ခွင်တွင် မြန်မာလိုသိပ်မပြောကြပါ။

ဒေါ်စံမယ်မှာ သူ့အိမ်က တွင်းစကိုလာစောင့်နေသည်မှာ နာမည်ကြီးဟာပြားကျောက်ကုန်သည်ဖြစ်နေရာ ဒီနေ့တော့ ဟာပြားကျောက်ကုန်သည်လာစောင့်နေပြီ။ ကံကောင်းမည်မထင်ဟု အတွေးဝင်ကာ စိတ်မကောင်းရှိနေ၏။ သို့သော် ရင်းနှီးသော လူမှုရေးကြောင့် ကောင်းမွန်စွာ ဧည့်ခံပါသည်။ မမွှေးအောင်သည် ပလောင်စကားရော ရှမ်းစကားပါ မွှတ်နေအောင်ပြောတတ်သူဖြစ်၏။ ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ မွှေးပင်၊ သစ်ဆိမ့်ကုန်းတို့သည် ရှမ်းတောသာသုံးကြပါသည်။ကျောက်ကြမ်းကြီး ရေအေး၊ ဆင်ခွာတို့၌ ပလောင်စကားပြောကြ၏။

ညနေ (၃) နာရီကျော်ကျော်တွင် ဦးကျောက်လုံး ပြန်ရောက်လာကာ ပါလာသော ကျောက်တို့ကို အိတ်သလဲသည် ထားထဲသို့ ပြောင်းထည့်ကာ မမွှေးအောင်ကိုပြသည်။

ညနေစောင်းနေပဏ္ဏာ၏အောက်ဝဲ ထားထဲရှိ ပတ္တမြားအနီ၊ အပြာတို့သည် နေပဏ္ဏာကြောင့် လွန်စွာလှပနေကြ၏။ ကျောက်ကုန်သည်တို့၏ ထုံးစံအတိုင်း အစီးများကို နေရောင်တွင် ထောင်ကြည့်လိုက်၊ ပြန်ချလိုက်လုပ်နေ၏။ ပြီးသော် ဆန်ရွေးသလိုရွေးနေပြန်၏။ ပြီးမှ ဈေးမေး၏။

"ကိုကျောက်လုံး၊ ဘယ်လောက်လဲ"

"တစ်ရာပါ"

"ဩော်-ကိုကျောက်လုံးကလည်း ဈေးခေါ်တာများလိုက်တာ"

"ဒါတော့ဗျာ၊ မမွှေးကတောင်းတိုင်းပေးမှာမှမဟုတ်တာ"

"ဒါဆို ဟာပြားလေ"

"မမွှေးကလည်းဗျာ၊ ဒါတွေဟာ ဟာပြားကျောက်မှမဟုတ်တာ။ ငါးမူး၊ သုံးမတ်လေးတွေအတော်ပါတယ်လေ"

"ဒါကတော့ဟယ်၊ ထုံးစံအတိုင်း ဈေးစပေးတာပေါ့။ ကဲဟာ တစ်ဆယ်"

"ဒီကျောက်တွေဟာ (၁၅) ရက်လောက်စုထားတာပါ။ တွင်းကမရတာ အတော်ကြာပြီ။ ဒီနေ့မှစုယူခဲ့တာ။ အဲဒါ သုံးဆယ်နဲ့ယူသွားဗျာ"

"သုံးဆယ်တော့ များပါတယ်၊ ကျွန်မမျက်စိထဲမှာ အစိတ်လောက်ပဲမြင်တယ်။ အဲဒီတော့ ကျွန်မအတွက် နည်းနည်းချန်မယ်။ နှစ်ဆယ်ပဲထားလိုက်တော့ ဟုတ်လား"

"ကဲဗျာ - ယူသွားပါ၊ မြတ်ပါစေ စွန်းပါစေဗျာ"

ဟု ပြောပြီး ကျောက်ထည့်ထားသောထားကို ကောက်ကိုင်ကာ မမွှေးအောင်လက်ထဲသို့ ထည့်လိုက်တော့၏။ ရှေးလူတို့ကား ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှည်ရှည်ဝေးဝေးပြောမနေကြပေ။

သို့နှင့် မမွှေးအောင် ပြန်သွားသောအခါ ဒေါ်စံမယ်က ခနဲ့တဲ့တဲ့ဆို၏။

"အင်း - မမွှေးအောင်လို ဟာပြားကုန်သည်တွင်းစလာစောင့်နေကတည်းကိုက တော်တို့တွင်း ကျောက်ကြီးကျောက်ကောင်းရလာမှာမဟုတ်ဘူးဆိုတာ ကျုပ်ကသိပြီးသား"

"အိုဟာ - ကိုယ့်ကံကမှမကောင်းသေးတာ။ မမွှေးအပြစ်မဟုတ်ပါဘူး စံမယ်ရ၊ ငါတို့ကံရဲ့အပြစ်ပါ"

ဟု ပြန်ပြောလေ၏။

## ▫ဖောက်တွင်းရာသီကုန်တော့မည်

၁၉၂၉ ခုနှစ်၏ သင်္ကြန်ကာလ၌ သင်္ကြန်အတွင်းတွင် တောမလေ့အတိုင်း လူကြီးသူမတို့က ကျောင်းသို့သွား၍ ဥပုသ်သီလဆောက်တည်ကြ၏။ လူငယ်တို့မှာမူ ရေပက်ကစားကာ ပျော်ရွှင်ကြ၏။ သင်္ကြန်ကာလပြီးသော် မြန်မာနှစ်သည် ၁၂၉၀ ပြည့်နှစ်မှ ၁၂၉၁ ခုနှစ်သို့ကူးခဲ့ပေပြီ။

သင်္ကြန်ကာလပြီးသည်နှင့် မိုးသံလေသံတို့ပေးကာ မိုးကုတ်၌ မိုးဦးစကျလေ့ရှိသည်။ သို့သော် ကြီးမားသောမိုးတို့မဟုတ်ဘဲ မြက်ပင်၊ ပေါင်းပင်များ၊ ချုံပင်နွယ်ပင်များ ရှင်သန်ဖြစ်ထွန်း၍ ကောင်းအောင်လောက်အောင်သာရွာသောမိုးဖြစ်လေ၏။ သို့အတွက် မြက်ပင်၊ ပေါင်းပင်၊ ချုံပင်၊ နွယ်ပင်တို့ ခေါင်းထောင်ထလာကာ လောကကြီးကိုစိမ်းစိုစေ၏။ အပင်တို့ပျော်မြူးကြချေပြီ။

သို့သော် ဖောက်တွင်းသမားတို့မှာမူ မပျော်မြူးနိုင်ကြတော့။ အဘယ်ကြောင့်ဆိုသော် မိုး၏စွတ်စိုမှုသည် ဖောက်တွင်းတွင်သုံးထားသောသစ်များ၊ ဝါးများ၊ မြက်များစွတ်စိုမှုကြောင့်ပုပ်လာကာ အပုပ်နံ့ထွက်လာခြင်းကြောင့် ဖြစ်၏။ ထိုအပုပ်နံ့သည် ဖောက်တွင်းခေါင်းစားများထဲ၌ သန့်ရှင်းသောလေတို့ကုန်ဆုံးကာ မသန့်ရှင်းသောအနံ့တို့ဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ ထိုသည်ကို လေပြတ်သည်ဟု ခေါ်၏။

အောက်ဆီဂျင်ပြတ်နေသောတွင်းများသို့ဆင်းပါက အသက်ဆုံးရှုံးရတတ်ပါသည်။ သင်္ကြန်ကာလ၌ လေး၊ ငါး၊ ခြောက်ရက်နားထားသောတွင်းတို့သည် သင်္ကြန်မိုးရွာသွန်းဖြိုးထားမှုကြောင့် သစ်ဝါးမြက်တို့ ပုပ်စော်အနံ့ထွက်နေတတ်ရာ နက်ရှိုင်းသောတွင်းတို့အတွက် အခက်ကြုံရတတ်ပြီး တိမ်သောတွင်းတို့မှာမူ အောက်ဆီဂျင်သိပ်မပြတ်တတ်ပေ။ လှူအမြဲဆင်းနေပါမူ လေဝင်၊ လေထွက်ကောင်းမှုကြောင့် မြက်တို့ပုပ်သော်လည်း အန္တရာယ်သိပ်မဖြစ်ပါ။

ဦးကျောက်လုံးတို့၏ တွင်းမှာမူ (၄) ဆက် (၁၂) တောင်မျှသာနက်ရာ သင်္ကြန်ပြီးကာလတွင် လေသိပ်မပြတ်ပေ။ တစ်ရက်၊ နှစ်ရက်ဆင်းလိုက်သည်နှင့် လူအများ ဖြုန်းခြင်းများလှုပ်ရှားမှုကြောင့် လေအပြည့်အဝပြန်လည်ရရှိပါသည်။ သို့သော် ဦးကျောက်လုံးသည် ဖောက်တွင်းရာသီတစ်ခုလုံးတွင် ရာကြီးကျောက်ပင်မရရှိအောင် လာဘ်ပိတ်နေခဲ့လေ၏။ သို့နှင့်ပင် ဧပြီလကုန်ဆုံးသွားတော့၏။ မိုးကုတ်၏မိုးကား အစွမ်းစ၍ပြနေပြီဖြစ်သည်။သို့သော် ကြီးမားသောမိုးတို့မဟုတ်သေး၍ ဖောက်တွင်းပျက်ခြင်းမရှိသေးပေ။ မေလဆန်း ၁ ရက်နေ့တွင်မူ ဒေါ်စံမယ်က နံနက်စာစားစဉ် ဦးကျောက်လုံးအား ပြောပြ၏။

"ကိုကျောက်လုံးရေ၊ ဒီနေ့မနက် စောစောအိပ်ရာထခါနီးမက်တဲ့အိပ်မက်ကတော့ သိပ်ဆန်းတယ်တော်။ ဒေါင်းဖိုကြီးတစ်ကောင် အနောက်အရပ်ကပျံလာပြီး ပြတင်းပေါက်ကနေ ကျုပ်တို့အိမ်ထဲတိုးဝင်လာတယ်တော့်။ ဒေါင်းဖိုကြီးကမြူးပြီးကနေလိုက်တာလေ အိမ်ထဲမှာ ပြာလဲ့ပြီး အရောင်တွေတောင်တဖိတ်ဖိတ်တောက်နေတယ်။ လှလိုက်တာတော်။ မျက်စိထဲကကို မထွက်ဘူး။ ကျုပ်ဖြင့် ဒေါင်းဖိုကြီးက,တာကြည့်ပြီး အရမ်းကိုကြည်နူးရတာတော့်။ အဲဒါ ကျုပ်တော့ ကျောက်ကြီးရတော့မယ်လို့ ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး၊ ဘယ်နေရာမှာဝင်တာလဲ"

"ဪ-အိမ်ဦးခန်းဘုရားကျောင်းဆောင်ရှေ့ပေါ့တော့"

"အေးဟာ၊ ငါလည်း ညာဘက်မျက်ခုံးတွေ တဆတ်ဆတ်လှုပ်နေတာ နှစ်ရက်လောက်ရှိပြီဟ။ ဒါပေမယ့်ဟာ ခုလို မိုးတဖွဲဖွဲလုပ်နေပုံနဲ့တော့ ငါတို့ဖောက်တွင်းလည်း သိပ်မကြာတော့ဘူးထင်တာပဲ။ ဖောက်တွင်းရာသီကကုန်တော့မှာဟ။ နက်တဲ့တွင်းတွေဆိုရင် လေလုံးဝမရတော့လို့ သိမ်းကုန်ကြရပြီ။ ငါတို့က တွင်းတိမ်လို့သာ ခုလောက်အထိတောင့်ခံနိုင်တာ"

"အင်း-တစ်ဆောင်းတစ်နွေတွင်းရှုံးတော့ကာ မိုးတွင်းစရိတ်မရတော့ဘူးလေ။ ရှိတာလေးတွေလည်း ရောင်းစားလို့ကုန်တော့မယ်။ မိုးတွင်းမျှော်ရာသီတော်ဘယ်လိုစိတ်ကူးထားလဲ"

"တွင်းသားသုံးယောက်ထဲက နှစ်ယောက်ပြန်လွှတ်လိုက်ပြီး ငါနဲ့အောင်ဗလနှစ်ယောက်တည်းပဲ မိုးရာသီမှာမျှော်တိုက်မယ် စိတ်ကူးထားတယ်"

"ဒါလည်းကောင်းပါတယ်။ဖောက်တွင်းချိန်ကျမှ လူထပ်ခေါ်ပြီးလုပ်ပေါ့။ ဒါပေမယ့် အိပ်မက်ကကောင်းတယ်တော့။ ရသလောက်တော့ ဆေးကြည့်ပါဦး"

"အင်းပါဟာ၊ အင်းပါ"

နံနက်စာထမင်းအား မိသားစုများနှင့်တွင်းသားတို့ တစ်အုံတစ်မကြီးဝိုင်းစားနေခြင်း ဖြစ်သည်။ တောဓလေ့သည် တစ်နေ့ကို နံနက်၊ နေ့လယ်၊ ညစာ ဟူ၍ ထမင်း (၃) နပ်စားလေ့ရှိကြသည်။ ဦးကျောက်လုံးနှင့် ဒေါ်စံမယ်တို့သည် အထက်ပါစကားရပ်များအား ရှမ်းဘာသာနှင့်ပြောသဖြင့် တွင်းသားများဖြစ်ကြသော ရွှေဘိုမှ ဗမာ (၃) ဦးသည် လုံးဝနားလည်ခြင်းမရှိကြပေ။ ဒေသခံရှမ်းတို့သည် အချင်းချင်း ရှမ်းလိုပြော၏။ ဗမာကိုပြောမှ မြန်မာစကားပြောလေ့ရှိ၏။ ဤသည်မှာ ဒေသဓလေ့ဖြစ်သည်။

တွင်းသိမ်းသောနေ့၌ -

"ဖိုး - တွင်းသိမ်းတဲ့နေ့ဆေးတာကလည်း ဘာမှမရပါလားကွာ။ တစ်ခါလာ အမှုန်အညာ၊ တစ်ခါလာ အမှုန်အညာနဲ့ ဒီတွင်းသိမ်းရတာ ဝမ်းနည်းစရာကိုမရှိဘူး။ မင်းတို့မှဲလံ ဒီနေ့ဈေးသွားတာ ပိုက်ဆံငါးကျပ်ပဲပါသွားတာကွ"

"ငါးကျပ်ဆိုလည်း တစ်ဈေးတော့ စားနိုင်ပါတယ် ပေါလံရာ၊ ငါးကျပ်ဆို



တာ နည်းမှတ်လို့"

"အေးလေ၊ နည်းတော့မနည်းပါဘူး။ ငါက ဒီဖောက်တွင်းရာသီမှာ မင်းတို့မသုံးရတာ စိတ်မကောင်းဖြစ်နေတာကွ"

"စိတ်မကောင်းမဖြစ်ပါနဲ့ ပေါလံရာ။ ကျွန်တော်တို့က အားပဲရှုံးတာပါ။ ပေါလံတို့ရှုံးတာမှ စစရိတ်တွေရော၊ ဥပုသ်နေ့တိုင်း ကျွန်တော်တို့ကိုပေးရတဲ့ မုန့်ဖိုးတွေရော ရှုံးတာပါ။ ကျွန်တော်တို့ကတောင် ပေါလံတို့အတွက် စိတ်မကောင်းရှိနေရတာ"

"အေးကွာ၊ ငါတို့ကို ခုလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ်။ တတ်နိုင်ရင် ရလိုရငြား ဆက်ဆင်းချင်ပါသေးတယ်။ ဒါပေမယ့် လေးပင်ခွေတွေက အတော်လေးရွှဲစောင်းနေပြီကွ။ အချိန်မရွေးလည်းထွက်သွားနိုင်တယ်။ အဲဒါကြောင့် လောဘသတ်ပြီး ဒီနေ့နားလိုက်ရတာ။ ကဲကွာ၊ မင်းတို့တွေ တွင်းပစ္စည်းတွေဆင်းပြီးသိမ်းကြကွာ။ အောင်ဗလနဲ့ လှငွေ မင်းတို့က အောက်ထဲဆင်းနေကျဆိုတော့ တွင်းပစ္စည်းတွေဆင်းသိမ်းကြကွာ။ ဖိုးရွှေက ထုံးစံအတိုင်း စက်သီးမှာစောင့် ဟုတ်လား"

"ဟုတ်ကဲ့ ပေါလံ"

ဟု ပြောကာ ဝိုင်းထိုင်နေသော သဲဖတ်ခုံမှ ထသွားကြ၏။ အောင်ဗလနှင့် လှငွေတို့ ဆင်းသွားကြပြီး မကြာမီ တွင်းပစ္စည်းတွေတက်လာ၏။ ပေါက်ပြားတို့၊ သံချောင်းတို့၊ တူကြီး၊ ဓတကူစသည်ဖြင့် တန်းစီတက်လာ၏။ ဦးကျောက်လုံးမှာမူ စိတ်ဓာတ်ကျစွာ စက်သီးမှ တက်လာသော တွင်းပစ္စည်းများကိုကြည့်ကာ သက်ပြင်းချမိ၏။ တစ်နှစ်တာဖောက် တွင်းကာလပြီးဆုံးခဲ့ချေပြီ။ ဘာကျောက် မှ ဟုတ်ဟုတ်ငြားငြားမရရှိဘဲ ကုန်ဆုံး သွားခြင်းဖြစ်၍ စိတ်မကောင်းခြင်း ဖြစ် သည်။ သူ့တွင်းလောက်ဆိုသောတွင်း ငွေးပင်၌မရှိခဲ့။ စရိတ်ပင်မနိုင်အောင် ဖြစ်ရသည်မှာ တစ်သက်မှာဒီတစ်ခါသာ ကြုံရခြင်း ဖြစ်ပေ၏။ ထိုစဉ် စက်သီး လှည့်သော ဖိုးရွှေကပြော၏။

"ပေါလံ၊ တူလေးရှာမတွေ့ဘူးတဲ့ တူလေးက ဘယ်မှာသိမ်းတာလဲ အောက်ကမေးနေတယ်"

"ဪ- ဟုတ်သားပဲ။ တူလေး ငါသိမ်းတာ။ ဒီကောင်တွေပြောနေ ကြာမယ်။ ငါဟာငါ ဆင်းသိမ်း ကောင်းမယ်"

ဟု ပြောကာ တွင်းထဲသို့ဆင်း လေ၏။ သူ၏ နောက်လိုက်သ အောင်ဗလဖြစ်ကာ လှငွေကား တွင်း အိုဝသို့ ဖြန်းသယ်၍ ချိတ်ပေးသ သည်။

"မင်းတို့ကိုပြောလည်း ရတ်တ သိမှာမဟုတ်ဘူး။ လေးပေါင်တူက အကျဖွက်ထားတာ၊ ရှာဖွေဖို့ခက်တယ် အဲဒါကြောင့် ငါဆင်းလာတာ"

ဟု ပြောပြီး ဖယောင်းတိုင်မီး ကာဖွက်ထားရာ တစ်ဆစ်ချိုးခေါင်း ဆီသို့လာခဲ့လေ၏။ ခေါင်းစား၏ ပေါ်တွင် ဖြန်းမြေတစ်ထွာခန့်ရှိပြီး ပေါင်တူဖွက်ထားသည့်အပေါ် သို့ ပြိုကျ လျက်ရှိသည်။ များများပြိုကျနိုင်ခြင်း ပါ။ အနည်းငယ်သာ ပြိုကျထားခြင်း ပေ၏။

ထိုပြိုကျရာသို့ ဖယောင်းတိုင် ကိုမြှောက်ကြည့်လိုက်သော အံ့အားသင့်သွားလေ၏။ အ ကြောင့်ဆိုသော် ကြက်ဥလုံးခန့်ရှိ နီလာအစစ်ကြီးတစ်ပွင့်သည် ပဲ့ကျ ဖြန်းမြေတွင်ကပ်လျက်ရှိသောကြော ဖြစ်ပေ၏။

ထိုအခါ ဦးကျောက်လုံးသ ဖယောင်းတိုင်ကြီးမြှောက်ကိုင်ပြီး မျ ပြူးလျက် မလှုပ်မယှက်ဖြစ်သွား တော့၏။ ထိုအခါ နောက်မှ တပည့် ယောက်မှာလည်း ကြောက်လန့် ဘာတွေ့ပါလိမ့်ဟု၍ ဦးကျောက် ကြည့်ရာသို့ ကြည့်လိုက်ကြလေ၏။

□ မြင်အောင်ပြသော ပြကျောက်

"ဟင် - နီလာအစစ်ကြီးတ



www.burmeseclassic.com

www.burmeseclassic.com

တာ ဒီအတိုင်းကိုပေါ်နေတာ။ ပေါလံပေါလံ သတိရပါတယ်နော်"

"ဟင်း - သတိရပါတယ်ကွာ။ မျှော်လင့်ဘဲ ခုလိုမြင်လိုက်ရတော့ ငါ ရုတ်တရက် ကြောင်သွားတာကွ"

ဟု ပြောပြီး နီလာကြီးကိုလှမ်းယူတာ မီးတွင် ထောင်ကြည့်လိုက်၏။ ယောင်းတိုင်မီးရောင်နှင့်မို့ နီလာကြီးက အစိမ်းရောင်တောက်နေ၏။ ဖယောင်းတိုင်မီးအဝါရောင်နှင့် နီလာအပြာရောင် ပေါင်းသော် အညှို့စိမ်းရောင်ပေါက်နေတတ်မှန်း တွင်းသမားတို့ သိကြ၏။ ကျောက်ကြီးကား ငန်းဥခန့်လုံးဝန်းသော ကျောက်ကြီးဖြစ်ပြီး မီးရောင်ပဏ္ဏာတွင် အအပြစ်မှုမရှိဘဲ မှန်သားကဲ့သို့ရှင်းသင်းနေသဖြင့် နီလာအစစ်ကြီးတစ်ပွင့် ဖြစ်ကြောင်း မြင်သည်နှင့်သိကြ၏။

"ဟေး - ပွပြီကွ ပွပြီ"

ဟု အောင်ဗလနှင့် လှငွေတို့က ဝမ်းသာအားရ အော်ဟစ်ကြလေ၏။ ဦးကျောက်လုံးသည် လေးပေါင်တူကို ဆတ်ဖော်ကာ အောင်ဗလလက်ထဲသို့ ထည့်လိုက်၏။

"ဒီတူက ဂျာမနီတူကွ။ ဘယ်လို ချက်ရိုက် ခေါင်းမလုံးဘူး။ အရမ်းသံသား ကောင်းတာ။ ဟော - ခုတော့ ဒီဂျာမနီလေးပေါင်တူလေးကယ်လို့ တို့တစ်တွေ ကျောက်ကြီးရတာ။ ဒီတူလေးကို အမှတ်တရသိမ်းထားရမယ်ကွ။ ကဲကဲ-တို့တွေ တက်ကြစို့"

ဟုပြောပြီး ဝမ်းသာအားရ ပေါ့ပါး စွာတက်ခဲ့ကြတော့၏။ ဦးကျောက်လုံးက နောက်ဆုံးမှတက်၏။ အပေါ်ကို အရင်ရောက်နှင့်သော အောင်ဗလနှင့် လှငွေတို့က စက်သီးတာဝန်ခံဖိုးရွှေကို ဝမ်းသာအားရ တိုးတိုးပြောပြနေလေ၏။ ထိုအခါ ဖိုးရွှေက ဟေးခနဲတစ်ချက် အော်၏။

ကျောက်ရချင်၍ ကျောက်တူးသူများ ကျောက်ရတာလောက် ပျော်တာ လောက၌ မရှိပေ။ ကျောက်တည်းဟူသောပတ္တမြားရတနာသည် တွင်းတူးသူတို့၏ အဓိကမျှော်လင့်ချက်ဖြစ်ပေရာ ဦးကျောက်လုံးတို့အဖွဲ့ ပျော်တပြုံးပြုံးဖြစ်နေရလေ၏။ ပေါ့ပါးသွက်လက်နေကြ၏။

"ကဲကဲ - အောင်ဗလတို့ ကျောက်ကို အိမ်ရောက်မှကြည့်ကြ။ တွင်းပစ္စည်းတွေမှုဝေပြီးထမ်းကြ။ လုပ်လုပ်၊ သွားကြအောင်။ မင်းတို့မဲလံဈေးအပြန်တစ်ခါ ထည်းအမောပြေသွားအောင်ပြကြစို့လား"

"ဟုတ်ကဲ့ - ဝမ်းသာလိုက်တာ ပေါလံရယ်။ ညစ်နေတဲ့စိတ်တွေ ဘယ်ရောက်ကုန်တယ်တောင် မသိတော့ပါဘူး"

ဟု ပြောဆိုကာ ရယ်မောမိကြလေ၏။

"ကဲ - ဒီလေးပေါင်တူလေးတော့ ငါကိုင်ခဲ့မယ် ဟုတ်လား။ သူ့ကြောင့် ငါတို့ကျောက်ကြီးတွေ့တာ ကျေးဇူးရှင်လေးကွ"

ဟု ဦးကျောက်လုံးက ပြုံးရွှင်စွာဆို၏။ ဖောက်တွင်းတစ်တွင်းစာသည် ပစ္စည်းအတော်များ၏။ သံချောင်းတိုနှစ်ချောင်း၊ ပေါက်ပြားတိုတစ်ချောင်း၊ တူကြီး၊ တူသေး၊ ဖြုန်းမွှေသည့်ပေါက်ပြားရှည် (၃) ချောင်း၊ ဆေးရန်ခေါက်စကာ တစ်ခု၊ တောကူ (၆) လုံး၊ စက်သီးတစ်လုံးဖြစ်ရာ လူ (၃) ယောက် နင့်နေအောင်ထမ်းရ၏။ ပြီးတော့ ချောင်းရိုးမှသည် မြင့်မားသော ဝွေးပင်ရွာသို့ထမ်းတက်ရခြင်းဖြစ်၍ ချွေးတို့ရွှဲနေ၏။ သို့သော် ကျောက်ကြီးရခဲ့၍ မော၍မောမှန်းမသိကြပါ။

အိမ်တွင် ဒေါ်စံမယ်ရောက်နှင့်နေပြီဖြစ်ကာ ဝက်သားဟင်းနှပ်ထားကြောင်းအနံ့အရ ဦးကျောက်လုံးက သိ၏။ ထို့ကြောင့် ပြုံးရွှင်စွာစ၏။

"ဟဲ့-စံမယ်ရဲ့၊ နင့်ဝက်သားနှပ်က မကျက်သေးဘူးလား။ နေ့လယ်စာတောင်ဆာလှပေါ့"

ဟုဆိုသောအခါ ဒေါ်စံမယ်သည် မီးဖိုချောင်မှ အိမ်ဦးခန်းဆီလှမ်းကြည့်၏။ မကြုံစဖူး ပြုံးဖြီးဖြီးကြီးလုပ်နေသော ဦးကျောက်လုံးကိုတွေ့ရရာ ဒီနေ့ဆေးသောနောက်ဆုံးအမှုန်မှ ကျောက်ကြီးရခဲ့ပြီဖြစ်ကြောင်း အတပ်သိလိုက်၏။ ထို့ကြောင့် ဝက်သားနှပ်အိုးထဲ ဒုတိယတစ်ရေထပ်ထည့်ကာ အိမ်ရှေ့ထွက်ခဲ့၏။

"ဘယ့်နှယ့်လဲ ကိုကျောက်လုံး၊ ကျုပ်အိပ်မက်မှန်ခဲ့ပြီမဟုတ်လား"

ဟု ဆိုလေရာ -

"ငါက နင်အမောပြေအောင်ပြမလို့ဟ၊ ဒီမှာကြည့်"

ဟုပြောပြီး အဝတ်ဖြင့်ထုပ်ထားသောကျောက်ကြီးအား ပြတင်းပေါက်မှ ဝင်နေသော နေပဏ္ဏာတွင် ထာခေါ်ကြေးလင်ပန်းထဲထည့်ကာ ပြလိုက်လေ၏။ ငန်းဥခန့်ကြီးကာ လုံးဝန်းသောနီလာကြီးသည် ဂေါ်လီလုံးကဲ့သို့ရှိနေရာ ထာကိုကိုင်လိုက်သည်နှင့် ထာထဲတွင် လှည့်ပတ်ပြေးနေလေတော့၏။

□ **ထာမနားကျောက်မှဒေါင်းမြီးရှက်**

"အောင်မလေးတော်၊ တော့်ကျောက်ကကြီးမားလှပါလားတော့။ လှလိုက်ပုံကလည်း မကျန်ပါဘူးတော်။ ကျုပ်အထင် တစ်ဆယ်သားတော့ကျော်မယ်ထင်တယ်"

"အိုဟာ-ကျော်တာပေ့ါ။ ငါလည်း ခုမှရောက်တာဆိုတော့ မချိန်ရသေးပါဘူးဟာ။ ငါ့အထင် ဆယ့်လေးငါးဗလီတော့ရှိမယ်ထင်ပါရဲ့။ အပြစ်မရှိ ဂေါ်မရှိနဲ့ တကယ့်နီလာအစစ်ကြီးဟ"

"ကိုကျောက်လုံး ထာမနားကျောက်ဆိုတာ ကြားသာကြားဖူးတာ၊ ခုမှ ကိုယ်တိုင်မြင်ဖူးတော့တယ်။ ကဲ - ကြည့်ပါလား။ ထာလှုပ်တာနဲ့ ထာထဲမှာ မနားတမ်း လျှောက်ပြေးနေတာလေ။ အဲဒါကြောင့် ထာမနားကျောက်လို့ခေါ်တာပေ့ါ"

ဟုပြောကာ ထာကိုဝိုက်၍ကစားနေ၏။ ကျောက်လုံးကြီးသည် ထာထဲ၌ တဖျောဖျောလှည့်ပတ်ပြေးနေလေ၏။ နေပဏ္ဏာအောက်၌ နေရောင်ခြည်အစွမ်းကြောင့် ကတ္တီပါရည်နီလာကြီးသည် အရောင်တဖိတ်ဖိတ်လက်ကာ အိမ်နံရံနှင့် ခေါင်မိုးတို့တွင် အပြာကွက်များတလက်လက်ထလျက်ပြေးနေသည်ကို ဦးကျောက်လုံးက သတိထားမိရာ -

"ဟဲ့ - စံမယ်၊ ခေါင်မိုးပေါ်မော့ကြည့်စမ်း"

ဟု ဆိုရာ ခေါင်မိုးတွင် အပြာရောင်ဒေါင်းမြီးကွက်များပမာ တလက်လက်ပြေးနေသော နီလာကြီး၏ရောင်ပြန်အလင်းတို့ကိုတွေ့ရရာ ဒေါ်စံမယ် လွန်စွာ အံ့ဩသွားလေ၏။ လက်ထဲမှ ထာကိုလည်းမချမိရာ ပြေးသွားနေသော နီလာကြီး၏ ရောင်ပြန်အလင်းတို့မှာ တဖိတ်ဖိတ်တောက်လျက် လွန်စွာကြည့်ကောင်းလှပေ၏။ ခဏမှာပင် ထာကို အောက်သို့ချကာ ပြောပြ၏။

"ဩော်-သတိရပြီ။ ကျုပ်အိပ်မက်ထဲက ဒေါင်းဖိုကြီးလာကတာ၊ ဒေါင်းတောင်တွေက အရောင်ထွက်တာ အခုနီလာကြီးအရောင်နဲ့ အတူတူပဲတော့။ တကယ်တော့ နီလာကြီးရဲ့ အတိတ်နိမိတ်ပဲ။ ပြီးတော့ အနောက်အရပ်ကနေ ပျံပြီးဝင်လာတာဆိုတော့ ဟုတ်တာပေ့ါတော်။ တို့တွင်းက အနောက်အရပ်မှာလေ။ ဘယ့်နှယ့်လဲ ကျုပ်အိပ်မက်မှန်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း - ငါမျက်ခုံးတွေလှုပ်ခဲ့တာကျတော့ထည့်မပြောဘူးလား"

"ဩော် - ဟုတ်တာပေါ့။ လာဘ်ကြီးရမှာမို့လှုပ်တာပေါ့။ တော်တို့စထရီးတားကုမ္ပဏီကို ဘယ်တော့အကြောင်းသွားကြားမလဲ"

"ဒီနေ့ပဲ ထမင်းစားပြီးတာနဲ့သွားအကြောင်းကြားမယ်စိတ်ကူးတယ်။ ဒါပေမယ့် ဒီကျောက်ကြီးကို တို့အနီးနားကလူတွေမြင်ဖူးအောင် (၇)ရက်လောက် ထမင်းကျွေးပြီးပြချင်တယ်။ အဲဒါကုမ္ပဏီကိုခွင့်ပန်ခဲ့မယ်။ မင်းမှာရှိတာလေး အကုန်ရောင်းကွာ။ ကျောက်လုံး နီလာကျောက်လုံးကြီးကိုနာမည်နဲ့လိုက်အောင် ရခဲ့တယ်ဆိုတာ လူတွေကိုပြချင်သေးတယ်။ ဒီကျောက်ကြီးရပုံက ထူးဆန်းတယ်ဟ။ ဒီလို. . . ဒီလို"

ဟုဆိုကာ ကျောက်ရပုံဆန်းကြယ်မှုတို့အား ဇနီးသာအားရပြောပြနေစဉ် ဝက်သားနံ့မွှေးမွှေး နှာခေါင်းထဲဝင်လာသဖြင့် -

"စံမယ်ရေ ဝက်သားရေခန်းပြီဟ တို့ထမင်းစားကြရအောင်။ ကောင်လေးတွေလည်းဆာလှရောပေါ့"

ဟုပြောသဖြင့် မီးဖိုထဲပြန်ဝင်သွားတော့၏။

**□ ဦးကျောက်လုံး၏ကျောက်လုံးကြီး**

စထရီးတားကုမ္ပဏီမှ ပြည်သူသို့ ပြသရန် (၇)ရက်ခွင့်ရသဖြင့် ဦးကျောက်လုံးသည် နီလာကြီးအား မောင်းထု၍ ထမင်းကျွေးကာ ပြသလေ၏။

နေရောင်ခြည်အောက်၌ ထာမနားကျောက်ကြီးအား ထားထဲတွင်ထည့်၍လှည့်ပြသည်တွင် အပြာရောင်ဒေါင်းမြီးကွက်များ ခေါင်မိုး၊ နံရံတို့၌ တလက်လက်ပြေးသွားနေလေ၏။ အလွန်ပင်လှပကြောင်း ချီးမွမ်းပြောဆိုကြ၏။

ထိုမျှကြီးသောနီလာကျောက်စစ်ကျောက်ကောင်းဟူသည် စိတ်ကူးဖြင့်ပင်မကူးခဲ့ဘူးကြောင်း မြင်သူတို့ကဆိုကြ၏။ ယခုသော် မျက်စိဖြင့်မြင်တွေ့ကြရပေပြီ။ လူဒပါင်းများစွာ ထိုကျောက်ကြီး၏ပြပွဲကို လာကြည့်ကြ၏။

ကျောက်လုံးကြီးအချိန်မှာ (၁၆) ဗလီရှိ၏။ တစ်ဗလီတွင် (၆၄) ရတီရှိရာ ရတီအားဖြင့် (၁၀၂၄) ရတီရှိကြောင်း ချိန်တွယ်ကြည့်၍သိရ၏။ ကျပ်သားဖြင့် (၁၆) ကျပ်သားရှိ၏။ တစ်ဗလီသည် တစ်ကျပ်သားဖြစ်သည်။

မိုးကုတ်ထွက် နီလာခေါ် အပြာရောင်ပတ္တမြားတို့တွင် ဦးကျောက်လုံး၏ကျောက်သည် နီလာလောက၌ ဧမောက်ပတ္တမြားကဲ့သို့ အကောင်းဆုံးဟု ဆိုနိုင်ပါသည်။ အရည်၊ အရွယ်၊ အသား၊ ပုံစံဆိုဖွယ်မရှိပြီး ပြည့်စုံသောနီလာကြီးဖြစ်ပေ၏။ စစ်လွန်း၊ လှလွန်း၍ နေပဏ္ဏာတွင် ဒေါင်းမြီးကွက်ထွက်သောနီလာသည် နောင်တွင်ထွက်သည်ဟု မကြားသိရပါ။ ထိုတစ်ပွင့်သာကြားသိရပါသည်။

ထိုဦးကျောက်လုံး၏လုံးဝန်းသော နီလာကြီးအား မြင်ဖူးလိုက်သူတို့များစွာရှိခဲ့လေ၏။ ထိုကျောက်ကြီးကြောင့် ဦးကျောက်လုံးသည် လွန်စွာကျော်ကြားခဲ့လေ၏။ ဌေးပင်ရွာမှ ဦးကျောက်လုံးဆိုသော် မသိသူမရှိတော့ပြီ။ သမိုင်းတွင် သူတစ်ယောက်ဖြစ်ခဲ့လေ၏။

အမှန်သော် ထိုနီလာကြီးသည် မြင်အောင်ပြ၍ရလိုက်သောနီလာကြီးဖြစ်ရာ ပြကျောက် ဟူ၍ဆိုနိုင်ကောင်းလေ၏။ မြင်ရသူတို့ တသသ မျက်စိထဲစွဲနေစေသော ကျောက်ကြီးဖြစ်ခဲ့လေ၏။

**□ ဂေါ်ကြီးဗိုလ်မှဝယ်လိုက်ပြီ**

ပြည်သူများသို့ပြပြီးသော် မိုးကုတ်မြို့ရှိ စထရီးတားကုမ္ပဏီသို့ သွားရောက်အပ်နှံပါသည်။ ကုမ္ပဏီမှ ကျောက်ကြီးအား အသေအချာ ကြည့်ရှုစစ်ဆေးပြီးသော် ကျောက်ကုန်သည်သို့ရောင်းရန် ကုမ္ပဏီတာဝန်ခံ မစ္စတာနီကယ်(လ်)က တံဆိပ်ထိုးပေးလေ၏။

ထိုနီလာကြီးအား ဂေါ်ကြီးဗိုလ်ခေါ် မစ္စတာရမ်ဆေးကို ပြသလေ၏။ ဂေါ်ကြီးဗိုလ်ဟုခေါ် တွင်ခြင်းမှာ မိုးကုတ်မြေထွက် ဂေါ်ပါသော ကျောက်ရိုင်းတို့အားဝယ်၍ ခြောက်ကြိုးထွက်သော သဘောကို ဦးစွာပြ၍ ဈေးကောင်းပေး၍ဝယ်ခြင်းကြောင့် ဂေါ်ကြီးနားလည်ဖြင့် ဂေါ်ကြီးဗိုလ်ဟုခေါ်ကြခြင်း ဖြစ်သည်။ ဂေါ် ဟူသည် ကျောက်၏ အပြစ်စာရင်းတွင်ပါဝင်ရာ ရှေးကဂေါ်ပါလျှင် ကျောက်ဈေးတစ်ဝက်ကျပြီး ဖြစ်၏။ အပြစ်တစ်ချက် ကျောက်ဈေးတစ်ဝက်မှု အဆိုရှိခဲ့ရာ ရှေးက ဂေါ်ပါလျှင် မတန်သော်လည်း ဂေါ်ကြီးဗိုလ်မှ ဈေးကောင်းပေး၍ဝယ်ရာ ဂေါ်ကြီးကျောက်တို့ ဈေးကောင်းခဲ့ခြင်း လူကြိုက်များခြင်းတို့ဖြစ်ခဲ့၏။

ထိုနီလာကြီးအား ဂေါ်ကြီးဗိုလ်မှ တန်ဖိုးငွေ (၁၅၇,၀၀၀) ကျပ်ဖြင့် ဝယ်ယူလိုက်ပါသည်။ ထိုအခါ ဦးကျောက်လုံးအတွက် ထက်ဝက်စားငွေ (၇၈၅၀၀) ကျပ်ရရှိလျက် ဦးကျောက်လုံးသည် အလှူကြီးပေးခဲ့လေ၏။ မိုးကုတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးအတွက်လည်း လူနာတင်သံခုတင်နှင့် စောင်များ ခေတ်မီစွာ ပေးလှူခဲ့လေ၏။ သူ၏တွင်းသားများမှာလည်း ငွေထုပ်ပိုက်ကာ ရွှေဘိုသို့ပြန်ကြလေ၏။

**□ ပြကျောက်စစ်စစ်**

ဂေါ်ကြီးဗိုလ်မစ္စတာရမ်ဆေးသည် ထိုရတီတစ်ထောင်ကျော်ရှိသော နီလာပတ္တမြားကြီးအား (၃၂)ပွင့်ရအောင်ဖြတ်တောက်လိုက်၏။ ပတ္တမြားအစစ်ဖြစ်သဖြင့် မည်မျှဖြတ်တောက်စေကာမူ အရည်လျော့သွားခြင်းမရှိဘဲ လှပသောကတ္တီပါအပြာရည်တို့ရှိမြဲရှိ၏။

ထိုကြောင့် တစ်ပွင့်ပြန်ရောင်းခဲ့မှုဖြင့်ပင် ဝယ်ရင်းဈေးကို ပြန်လည်ရရှိ၏။ အမြတ်ကား လှပလွန်းသည့်တန်ဖိုးကြီးမားသော ကျောက် (၃၁) ပွင့်ရရှိလေ၏။ အမြတ်သည်ကား အဆပေါင်း (၃၀) ကျော်ရရှိခဲ့ရာ ဦးကျောက်လုံးနှင့် စထရီးတားကုမ္ပဏီတို့သည် ပွဲခမျှသာ ကြလေ၏။

အမှန်သော် ထိုနီလာပတ္တမြားကြီးကား ဂေါ်ကြီးဗိုလ် မစ္စတာရမ်ဆေး အတွက်ထွက်ပေးရသော ကျောက်ကြီးဖြစ်သည်။ ဦးကျောက်လုံးနှင့် ကုမ္ပဏီအား ပြရုံပြသွားသော ပြကျောက်ကြီးဖြစ်ပေ၏။ ထို့ပြင် မောင်းထုပြီး (၇) ရက် တိုင်တိုင် ထမင်းကျွေး၍ မိုးကုတ်သား မိုးကုတ်သားတို့အားပြခဲ့သောပြကျောက်ကြီးလည်းဖြစ်ခဲ့၏။

ထိုဦးကျောက်လုံး၏ကျောက်ကြီးအား ကိုယ်တိုင်မြင်ခဲ့ဖူးသူ ရှေးလူကြီး သတိတရ မကြာခဏပြောပြတတ်ကြ၏။ ထို့ပြင် မိုးကုတ်ပတ္တမြားမြေသမိုင်း ပြုစုသူ မိုးကုတ်သား ဦးသိန်းလွင်ကလည်း သမိုင်း၌ ထည့်ရေးထား၏။ ရှေးလူတို့ပြောပြမှုကြောင့် လည်းကောင်း၊ ပတ္တမြားမြေသမိုင်းအား ဖတ်၍ လည်းကောင်း၊ ဌေးပင်ရွာသည် ကျွန်ုပ်နေ ရာ ကျောက်ဖျာရွာနှင့်နီး၍လည်းကောင်း အမှတ်တရ ပြန်လည်တင်ပြခြင်း ဖြစ်ပေ၏။ သို့သော် ပြောပြခဲ့သော ရှေးလူကြီး မရှိကြတော့ပြီ။

ချမ်းမြေ့ကြ

နေပြည်တော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က လမ်းလျှောက်ဝါသနာပါသူဗျ။ တချို့က ကျန်းမာရေးအတွက် လမ်းလျှောက်ကြပေမယ့် ကျွန်တော်ကတော့ ဝါသနာပါလို့ လမ်းလျှောက်တယ်လို့ပဲ ဆိုရမလား။ မဟုတ်သေးပါဘူး၊ ကျွန်တော် အနှစ် (၂၀) နီးပါးမျှ တပ်မတော်တာဝန်ကို ထမ်းဆောင်ခဲ့ရစဉ်တုန်းကဆိုရင် လမ်းမလျှောက်ချင်လို့ ဘယ်ရမလဲ။ အလုပ်သဘောအရ ရှေ့တန်းထွက်ရလို့ရှိရင် တုန်းကြောင်းတစ်ခါ၊ ခြေကျင်တစ်လှည့် လမ်းလျှောက်ကိုလျှောက်ရတာပဲ။ တပ်မတော်လုပ်သက် သုံးပုံနှစ်ပုံလောက်က ရှေ့တန်းထွက်ခဲ့ရတော့ လမ်းမလျှောက်ချင်လည်းလျှောက်၊ လျှောက်ချင်လည်း လျှောက်ပေါ့။ ဒီလိုနဲ့ပဲ ကျွန်တော် လမ်းလျှောက်ဝါသနာပါခဲ့ရတာပေါ့။

ကျွန်တော် တပ်မတော်အရာရှိဘဝနဲ့ အငြိမ်းစားယူပြီးနောက် ယုဇနဥယျာဉ်မြို့တော်မှာ မိသားစုနဲ့အတူ အခြေချနေထိုင်တယ်။ နေထိုင်ရတာကလည်း အနီးအနားစက်မှုဇုန်ထဲက စက်ရုံကြီးတစ်ခုမှာ အုပ်ချုပ်ရေးတာဝန်ကြီး တစ်ခုကိုထမ်းဆောင်ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ယုဇနဥယျာဉ်မြို့တော်ဆိုတာက ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ထဲက တိုက်တာအိမ်ရာ ရပ်ကွက်တစ်ခုပါပဲ။ ရာဇဝင်သမိုင်းထဲမှာ မကြာခဏ ပြိုးပြိုးပြက်ပြက် ဘာက်ပခဲ့တဲ့ ဂန္ဓဝင်ပဲခူးမြစ်၊ စံတော်ဝင်ပဲခူးမြစ်က ဒီယုဇနဥယျာဉ်မြို့တော်နဲ့ မလှမ်းမကမ်းမှာ တငြိမ့်ညောင်းညောင်းနဲ့ ခွေပတ်စီးဆင်းနေပါတယ်။ အဲဒီ ပဲခူးမြစ်ရဲ့ ဟိုမှာဘက်ကမ်းဟာ သန်လျင်မြို့နယ်ပေါ့။ ဒီမှာဘက်ကမ်းဟာ ယုဇနဥယျာဉ်မြို့တော်တည်ရာ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်) ပေါ့။

စက်ရုံမှာ တာဝန်ကြီးကြီးမားမား မရှိရင် ကျွန်တော်ဟာ ဝေလီဝေလင်း နံနက်စောစောတိုင်း လမ်းလျှောက်ထွက်လေ့ရှိတာပါပဲ။ လမ်းလျှောက်တာမှာ ဆောင်းရာသီဟာ အကောင်းဆုံးပါပဲ။ နှင်းမြူတဝေဝေကျတတ်တဲ့၊ ဆောင်းလေတစိမ့်စိမ့်သုတ်ဖြူတတ်တဲ့ ဆောင်းရာသီဆောင်းဥတုဟာ ကျွန်တော်အနှစ်ခြိုက်ဆုံးပေါ့။

ယုဇနဥယျာဉ်မြို့တော်အနီးအနားက ပဲခူးမြစ်လမ်း၊ ဇရာဝဏ်လမ်း၊ ကနောင်မင်းသားကြီးလမ်း၊ ကမ်းသာယာလမ်းတို့ဟာ ကျွန်တော်ရဲ့လမ်းလျှောက်ရာမြေပေါ့။ အဲဒီအထဲမှာ ကမ်းသာယာလမ်းဟာ ကျွန်တော်အနှစ်ခြိုက်ဆုံးပေါ့။

# ရှိန်းအောင်

## လျှပ်တစ်ပြက်ရိုက်ချက်





www.burmeseclassic.com

www.burmeseclassic.com

ယုဇနဉယျာဉ်မြို့တော်ထဲမှ စိန်ပန်းလမ်းကပဲဖြစ်ဖြစ်၊ကျွန်းရွှေဝါလမ်းကပဲဖြစ်ဖြစ်၊ ကုံကော်လမ်းကပဲဖြစ်ဖြစ်၊ ပုဏ္ဏမီလမ်းကပဲဖြစ်ဖြစ် မြောက်ဘက်ကိုထွက်လိုက်ရင် ပြည်ထောင်စုလမ်းအဖျားပိုင်းကို ရောက်သွားမယ်။ အဲဒီပြည်ထောင်စုလမ်းအတိုင်း ပဲခူးမြစ်ဘက်ကိုစုန်ဆင်းသွားရင် ကမ်းသာယာလမ်းကိုရောက်သွားတယ်။

အဲဒီကမ်းသာယာလမ်းဟာ အခု ဒဂုံတံတားကြီးလို့ ခေါ်ဝေါ်တဲ့ သန်လျင်အမှတ် (၂) တံတားကြီးရှိရာကနေပြီး သာကေတမြို့ထဲသို့ ဝင်ရောက်သွားတဲ့ ရတနာလမ်းမကြီးနှင့် ထိတွေ့သွားသည့်တိုင်အောင် ပဲခူးမြစ်ကမ်းနံဘေးအတိုင်း အလျားလိုက်ဝပ်စင်းနေတဲ့ လမ်းမလေးပါပဲ။

ကျွန်တော်တို့ ဒီယုဇနဉယျာဉ်မြို့တော်ကိုရောက်စတုန်းက၊ တိတိပပပြောရရင် လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်ကျော်လောက်ကဆိုရင် အခု ဒဂုံတံတားကြီးလို့ခေါ်တဲ့ သန်လျင်အမှတ် (၂) တံတားကြီးဟာ ပြီးတောင်မပြီးသေးဘူး။ တည်ဆောက်နေဆဲ၊ တည်ဆောက်နေတုန်းကာလပါပဲ။ ပဲခူးမြစ်ကမ်းနံဘေးမှာ သဲကျောက်ထုတ်လုပ်တဲ့ လုပ်ငန်းတည်ရာ အဆောက်အအုံတွေဟာ ယခုလို အခိုင်အမာကြီးတွေမဟုတ်ပါဘူး။ ခုလို ပခုံးချင်းတိုက် လက်ယှက်မဝင် တသီတတန်းကြီးမဟုတ်ပါဘူး။ မြစ်ထဲမှာ သဲကျောက်ထုတ်တဲ့လှေတွေဟာလည်း ယခုလို ပလူပဲပလူပျံမဟုတ်ပါဘူး။

အဲဒီတုန်းက သဲကျောက်ထုတ်တဲ့သူတွေ စတည်းချတဲ့နေရာတွေဟာ ဝါး၊ ဓနိတဲကုပ်သာသာတွေပဲ။ တည်ရှိပြန်တော့လည်း တစ်တဲနဲ့တစ်တဲ ခဲတစ်ပစ်မက ဝေးကွာပါတယ်။ ကျိုးတိုးကျဲတဲပေါ့။ သဲကျောက်လှေတွေက အဲဒီတဲကုပ်တွေနဲ့ သူမသာကိုယ်မသာပါပဲ။

ဆိုချင်တာက အဲဒီတုန်းက ကမ်းသာယာလမ်းပေါ်မှာ ကျွန်တော်လမ်းလျှောက်ရတာဟာ အလွန်နှစ်ခြိုက်အလွန်ကြည်နူးဆိုတာကိုပါပဲ။ မြစ်ကမ်းနံဘေးမှာတည်ရှိနေတဲ့ သဲကျောက်တဲကုပ်တွေကလည်း ကျိုးတိုးကျဲတဲကြီးဆိုတော့ ရေအလျဉ်တသွင်သွင်စီးဆင်းတတ်တဲ့၊ လေနုအေးတသုန်သုန်သုတ်ဖြူးတတ်တဲ့ ဂန္ဓဝင်ပဲခူးမြစ်ကို အကွယ်အကာရှားပါးစွာ တွေ့မြင်ရတာပေါ့။ မိုးဝသန်ကုန်ဆုံးလို့ ဆောင်းဟေမန်သို့ဝင်ရောက်လာတဲ့အခါမှ တသိမ့်သိမ့်တိုက်ဖြူးတတ်တဲ့ စူးရှအေးစိမ့်လှတဲ့ ဥတ္တရဆောင်းလေအေး၊ ထူထူပါးပါး နေရာယူစိုးမိုးလာတတ်တဲ့ ဇာလိုက်ကာ၊ ဇာကန့်လန့်ကာတွေလို ဆောင်းနှင်းမြူဖြူဖွေးဖွေးတွေကို ထိတွေ့ခံစားရင်းဖြင့် ဒီကမ်းသာယာလမ်းပေါ်မှာ လမ်းလျှောက်ရင်းဖြင့် ဂန္ဓဝင်ပဲခူးမြစ်ကိုရှုစားရတဲ့အရသာမျိုးဟာ ဒီကမ္ဘာပေါ်မှာ ရှိမှရှိပါ့မလား။ ကျွန်တော်ကတော့ အနှိုင်းမဲ့ အနှိုင်းမဲ့လို့ တွေးချင်ပါတယ်၊ ပြောချင်ပါတယ်။

ကျွန်တော်က ပင်လယ်ကမ်းရိုးတန်းသားလေ။ ပင်လယ်ကမ်းရိုးတန်းထဲမှာတောင်မှ ပင်လယ်ကျွန်းသားစစ်စစ်ပေါ့။ ကျွန်တော်ရဲ့ မွေးရပ်ဇာတိမြေမှာ ပင်လယ်ကို နေ့နေ့ညည တွေ့ရမြင်ရပေမယ့် တပ်မတော်သားအဖြစ် ဘဝခရီးကိုလျှောက်လှမ်းရတဲ့အခါမှာ ရှေ့တန်းထွက်ရင်းနဲ့ တောင်တန်းတောင်ပေါ်၊ ကုန်းမြင့်လွင်ပြင်တွေမှာချည်း အချိန်အများကြီး ဖြုန်းတီးပစ်ခဲ့ရတာကြောင့် ရံဖန်ရံခါမှာ ပင်လယ်ရေပြင်ရဲ့ အငွေ့အသက်၊ ပင်လယ်လေပြည်ရဲ့အထိအတွေ့တွေကို တအောက်မေ့မေ့တလွမ်းဆွတ်ဆွတ်ပေါ့။

ကျွန်တော် အငြိမ်းစားယူတော့လည်း ဘဝပေးအခြေအနေအရ ပင်လယ်တွေဝိုင်းနေတဲ့ မွေးရပ်ဇာတိမြေကို မရောက်ရှိနိုင်တော့ဘဲ ဒီယုဇနဉယျာဉ်မြို့တော်မှာပဲ အခြေစိုက်နေထိုင်ရပါတော့တယ်။ တစ်ခါတစ်ခါ ဇာတိမြေ ပင်လယ်လွမ်းစိတ် တသည်းထန်ထန် ပေါ်ပေါက်လာတဲ့အခါမျိုးမှာဆိုရင်တော့ ကျွန်တော်ဟာ ဒီကမ်းသာယာလမ်းပေါ်မှာ လမ်းလျှောက်ရင်းနဲ့ ပဲခူးမြစ်ကို လှမ်းမျှော်ရှုစားရင်းနဲ့ ပင်လယ်လွမ်းစိတ်ကို ဖြေသိမ့်ရမိတယ်ဆိုပါတော့။

တမေ့တမောကြီးကျယ်ပြန့်တတ်တဲ့ ကျွန်းတွေ၊ ကျောက်ဆောင်တွေနဲ့ ဝေဆာနေတတ်တဲ့၊ လှိုင်းတအိအိ လေတထန်ထန်ရှိနေတတ်တဲ့ ပင်လယ်ပြင်ကို တအောက်မေ့မေ့ရှိလာပြီဆိုလျှင် ကျွန်တော်ဟာ ဒီကမ်းသာယာလမ်းကို ရောက်ရှိလာပြီး ပဲခူးမြစ်ကမ်းပါးထိပ်မှာ သွားရပ်ပြီး တသွင်သွင်စီးဆင်းနေတဲ့ မြစ်ရေပြင်ကို၊ တသုန်သုန်သုတ်ဖြူးနေတဲ့ လေပြည်အထိအတွေ့ကို ခံစားရင်းနဲ့ ငေးမောရှုစားမိတာကတော့ အကြိမ်ကြိမ်ပါပဲ။

အလယ်ရိုးမတောင်တန်းလို့လည်း ခေါ်ဝေါ်ကြတဲ့ ပဲခူးရိုးမတောင်တန်းကြီးက မြစ်ဖျားခံ စီးဆင်းလာတဲ့ ဒီပဲခူးမြစ်ဟာ လှိုင်မြစ်ခေါ် ရန်ကုန်မြစ်၊ ငမိုးရိပ်ခေါ် ပုဇွန်တောင်မြစ်တို့ ဆုံစည်းပေါင်းစပ်သွားပြီးနောက် ပင်လယ်သမုဒ္ဒရာ (ဝါ) အိန္ဒိယသမုဒ္ဒရာထဲသို့ စီးဆင်းသွားတယ်လို့ ဆိုကြပါတယ်။ ပြောချင်တာက ဒီပဲခူးမြစ်ကမ်းပါးကနေပြီး သိပ်မဝေးလွန်းတဲ့ ပဲခူးမြစ် အကြေဘက်၊ မြစ်ဝဘက်သို့ လှမ်းမျှော်ရင်းဖြင့် မြစ်သုံးစင်းတို့ ပေါင်းဆုံရာ တစ်စုံတစ်ရာအတိုင်းအတာအထိ ကျယ်ပြောလှတဲ့ ဝဲဂယက်လှိုင်းလုံးတွေ ကစားမြူးထူးလွန်းလှတဲ့ မြစ်ဆုံရပ်ဝန်းကို ရော်ရမ်းမှန်းဆ ပုံဖော်ကြည့်မိတာအခါခါပါပဲ။ ဒီမြစ်ဆုံရပ်ဝန်းဟာ ကျွန်တော်တို့ ဇာတိရပ်မြေ ပင်လယ်ပြင်နဲ့ တူသယောင်ယောင်ရှိတာပဲ။ ဒါကြောင့် အဲဒီမြစ်ဆုံကို လှမ်းမျှော်မြင်ရတာဟာ ကျွန်တော်ရဲ့ပင်လယ်လွမ်းစိတ်ကို တစ်စုံတစ်ရာ အတိုင်းအတာထိ ဖြေသိမ့်နိုင်တာပဲလို့ တွေးမိတာအမှန်ပါပဲ။

အဲဒီလို အဲဒီလို အကြောင်းရင်းတွေကြောင့် ဂန္ဓဝင်ပဲခူးမြစ်နဲ့ မျဉ်းပြိုင်လိုလိုဖြစ်နေတဲ့ ကမ်းသာယာလမ်းပေါ်မှာ လမ်းလျှောက်ဖြစ်တာများတယ်ဆိုပါတော့။ ပြီးတော့ ဒီပဲခူးမြစ်ကို ဂန္ဓဝင်စံတော်ဝင်လို့ နာမဝိသေသနတပ်ရတာကလည်း အကြောင်းရှိပါတယ်။ ဒီပဲခူးမြစ်ရဲ့ မြစ်ညာဘက်မှာ သမလ၊ ဝိမလတို့ ထူထောင်တဲ့ ဟံသာဝတီပြည်လို့ခေါ်တဲ့ ပဲခူးမြို့ရှိတယ်။ ဒီပဲခူးမြစ်အကြေဘက်မှာဆိုရင် ဇေင်ကာ တစ်စခန်းခဲ့တဲ့ သန်လျင်မြို့ရှိတယ်။ သန်လျင်မြို့ ဟိုမှာဘက်တစ်ဖက်ကမ်းမှာ ရာဇမင်းဖြစ်လာမယ့် ဗညားနွဲ့မင်းသားအောင်မြေနင်းခဲ့တဲ့ ဒဂုံမြို့ (ရန်ကုန်မြို့) ရှိတယ်။ ရာဇဝင်ထဲမှာ ဒီဟံသာဝတီ သန်လျင်မြို့၊ ဒဂုံမြို့တို့ ကောင်းစားခဲ့တုန်းက ဒီပဲခူးမြစ်မှာ စစ်လှေ ကုန်သည်လှေတွေ၊ ခရီးသည်တင် တွေ စတဲ့ အထူးထူးသော လှေ လှေငယ်တွေ စုန်ဆန်လူးလာခေါက်ပြန်သွားလာခဲ့ကြမှာ အမှန်ပဲ။ အဲဒါတွေကို အကြောင်းပြုလို့ ရာဇ တွင်တဲ့ စံတော်ဝင်တဲ့ ဂန္ဓဝင်တဲ့အ သနစ်တွေ ဖြစ်ပျက်ခဲ့မှာအမှန်ပဲ။ ကြောင့် ဒီပဲခူးမြစ်ကို စံတော်ဝင် ပဲခူး ဂန္ဓဝင်ပဲခူးမြစ်လို့ တင်စားခေါ် တာအမှန်ပါပဲ။

အဘယ်သို့သော အကြောင်း ချာရှိရှိ ပဲခူးမြစ်ကမ်းနံဘေးက သာယာပေါ်မှာ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အနှစ်ခြိုက်ဆုံးလေ။ ဟေမန္တဆောင်းမနက်ခင်းမှာ ပဲခူးမြစ်ဖျားက [illegible]ဆင်းလာတဲ့ ပဲခူးမြစ်ကို ဖြတ်သန်း[illegible]တဲ့ မြောက်ပြန်လေအေးစိမ့်စိမ့်[illegible]သန်းသုတ်ဖြူးနေတဲ့၊ အုတ်နံ့ရံကြီး[illegible]လို ထူထူထဲထဲကြီး ကျဆင်းနေတဲ့ ဆောင်းနှင်းဖွေးဖွေး ထုထည်ကြီးထဲကို [illegible]ဝင်လို့ ကမ်းသာယာလမ်းအတိုင်း [illegible]လျှောက်ရတဲ့ အရသာဟာ တုနှိုင်း[illegible]လို့ ဆိုချင်တာပဲ။

အဲဒီတုန်းက မော်တော်ကား[illegible]သွားအလာဟာ အခုလောက်မများ[illegible]ပါဘူး။ ရှားရှားပါးပါးနည်းနည်းကျဲ[illegible]ဆိုခဲ့သလိုပါပဲ။ ပဲခူးမြစ်ကမ်းနံဘေး[illegible] သဲကျောက်တဲကုပ်တွေကလည်း [illegible]တိုးကျဲတဲ။ပဲခူးမြစ်ထဲက သဲကျောက်[illegible]တဲ့ စက်လှေတွေကလည်း နည်း[illegible]ပါးပါး။ ဒီတော့ ကားအန္တရာယ်၊ [illegible]အန္တရာယ်ကင်းကင်းနဲ့ အေးစိမ့်[illegible]တဲ့ ဆောင်းလေကို ထိတွေ့ခံစားရင်း [illegible]လွှထူထဲတဲ့ ဆောင်းနှင်းဖွေးဖွေးစိုစို[illegible]ကို ဖြတ်သန်းထိတွေ့ရင်းနဲ့ [illegible]သာယာလမ်းပေါ်မှာ အားရပါးရ [illegible]လွှတ်ကိုယ်လွှတ် လမ်းလျှောက်ရ[illegible]ပေါ့။ လမ်းလျှောက်ဖြစ်တာပေါ့။ [illegible]နိုင်မမြင်လမ်းလျှောက်တဲ့အရသာ [illegible] ခံစားရတာပေါ့။ အဲဒါကြောင့် [illegible]တော်ဟာ တခြားလမ်းတွေပေါ်မှာ [illegible]လျှောက်ရတာထက် ဒီကမ်းသာ[illegible]လမ်းပေါ်မှာ လမ်းလျှောက်ရတာ [illegible]ခြိုက်ဆုံးပေါ့၊ အစွဲလမ်းဆုံးပေါ့။ [illegible]ကြောင့် ဒီလမ်းပေါ်မှာ လမ်းလျှောက်[illegible]များဆုံးပေါ့။

တစ်နေ့သ ဟေမန္တဆောင်းဦး[illegible]လင်း မနက်ခင်းတစ်ခုမှာ အဲဒီ[illegible]သာယာလမ်းပေါ်မှာလမ်းလျှောက်[illegible] ကျွန်တော်ဟာ လျှို့ဝှက်ဆန်း[illegible] သည်းထိတ်ရင်ဖိုဖွယ်ရာ မြင်ကွင်း[illegible]ကို တွေ့ကြုံခဲ့ရပါတယ်။

အဲဒီ မနက်ခင်းမှာ ဆောင်းနှင်း[illegible]တွေ တခြားနေ့တွေကထက် [illegible]ကြီး ထူထူထဲထဲကျနေတာပဲ။ [illegible]ဆောင်းနှင်းဖွေးထဲ တွန်းဝှေ့တိုးဝင် [illegible] ကျွန်တော့်အဖို့ ကိုယ့်လက်ကို [illegible]လို့ ဖြန့်ကြည့်ရှုရင်တောင် [illegible]တဲ့ အနေအထား။ ပဲခူးမြစ်ဘက် [illegible]ဖြူးလာတဲ့ ဆောင်းလေလား၊ [illegible]ဘက်ကသုတ်ဖြူးလာတဲ့ဆောင်း[illegible]ပြောတတ်။ အခါတိုင်းနေ့က [illegible] စူးရှရှကြီးကို ချမ်းစိမ့်အေးမြ[illegible]။

ဩော် - ဒီနေရာမှာပြောဖို့ကျန်နေတာ တစ်ခုရှိတယ်။ ကမ်းသာယာလမ်းရဲ့တစ်ဖက်မှာ မြွေကြီးတစ်ကောင်လို ဝပ်စင်းနေတဲ့ ဂန္ထဝင်ပဲခူးမြစ်ကြီးရှိသလို တခြားတစ်ဖက်မှာတော့ အတော်ကြီး ကျယ်ပြန့်တဲ့ ကွင်းပြင်ကြီးရှိတယ်။ ယခုကာလမှာ ကွင်းပြင်ကျယ်ကြီးလို့ မဆိုရလောက်အောင် လူနေအိမ်ခြေတွေ၊ ဝန်ထမ်းစခန်းတွေ၊ လုပ်ငန်းစခန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ ပြည့်နှက်နေတဲ့နေရာ ဖြစ်နေပေမယ့် အဲဒီတုန်းကတော့ ကွင်းပြင်ကျယ်ကြီးမှ တကယ့်ကွင်းပြင်ကျယ်ကြီးပဲ။ သစ်ပင်ကြီးငယ်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ၊ ဟိုတစ်စုဒီတစ်စုရှိတဲ့ လယ်ကွင်းပြင်တွေ၊ စိုက်ခင်းတွေအများအပြားနေရာယူထားတဲ့ကွင်းပြင်ကျယ်ကြီးပဲ။ ဆောင်းနှင်းဖွေးပါးလျားတဲ့နေ့မျိုးမှာဆိုရင် အဲဒီကွင်းပြင်ကျယ်ကြီးကို တမေ့တမောကြီး ကြည့်ရှုခံစားရတာပဲ။

ဆိုခဲ့သလိုပါပဲ၊ ထုထည်ကြီးမားလှတဲ့ ဆောင်းနှင်းဖွေးဖွေး မဟာတံတိုင်းကြီး တိုးဝှေ့တွန်းတိုက်ရင်း ပဲခူးမြစ်ဘက်မှမှန်းမသိ၊ ကွင်းပြင်ကျယ်ကြီးဘက်မှာမှန်းမသိ သုတ်ဖြူးလာတဲ့ တစူးရှရှ ချမ်းစိမ့်အေးမြလှတဲ့ ဟေမန္တဆောင်းလေကို ထိတွေ့ခံစားရင်းဖြင့် သာကေတရတနာလမ်းမဘက်သို့ မျက်နှာမူရင်းဖြင့် ကမ်းသာယာလမ်းပေါ်မှာ ဖြည်းဖြည်းမှန် ကျွန်တော်လမ်းလျှောက်နေမိတယ်။ ဩော် - ပြောရဦးမယ်။ လမ်းလျှောက်တာမှာ တစ်ယောက်တည်းလမ်းလျှောက်တာကိုပဲကျွန်တော်အားရနှစ်သက်တယ်။ ဒါကြောင့် ကျွန်တော်လမ်းလျှောက်ရင် ဘယ်တော့မှ အဖော်ပါလေ့မရှိပါဘူး။ တစ်ယောက်တည်းလမ်းလျှောက်တာမှ လွတ်လပ်စွာတွေးချင်တာတွေး၊ ငေးချင်ငေးလို့ရတယ်လို့ ကျွန်တော် နှလုံးပိုက်မိတာအမှန်ပဲ။ ခုလည်းပဲ ဘုန်းမောင်တစ်ယောက်တည်း လမ်းလျှောက်နေတာပဲ။

အဲဒီလိုနဲ့ ကျွန်တော်ဟာ ဆောင်းနှင်းစိုစို ဝှမ်းဖြူပုံကြီးကိုတိုးဝှေ့ရင်း စူးရှစိမ့်ဆောင်းလေအေးကို ထိတွေ့ခံစားရင်းဖြင့် ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်လာရာမှာ တစ်နေရာအရောက်မှာ ဖျတ်ခနဲ လျှပ်ပြက်သလို ခံစားလိုက်ရပြီး ဝန်းကျင်တစ်ခွင်က ဖြူဖွေးဖွေး အရောင်အဆင်းကနေ မီးခိုးရောင်ဖျော့ဖျော့လိုလို၊ ပြာနှမ်းနှမ်းလိုလို အရောင်အဆင်းတို့ ရုတ်ခြည်းပြောင်းလဲသွားတယ်။

အေးစိမ့်စိမ့်ခံစားမှုကနေ ပူနွေးနွေးခံစားမှုကို ဖြုန်းခနဲပြောင်းလဲသွားတယ်။ ဘယ်သို့ဘယ်ဝါမခွဲခြားတတ်တဲ့ အနံ့အသက်တစ်ခုကို ခပ်ပြေပြေလေး ခံစားလိုက်ရတယ်။ တစ်ချိန်လုံးကြီးစိုးနေတဲ့ ဆောင်းနှင်းထုကလည်း ကြက်ပျောက်ငှက်ပျောက်ကိုယ်ဖျောက်သွားပြီး ဖန်ပေါင်းချောင်ကြီးတစ်ခုထဲသို့ ရုတ်တရက်ရောက်ရှိသွားသလို ခံစားလိုက်ရတယ်။

သို့ကလို ရုတ်ခြည်းပြောင်းလဲသွားတဲ့အခြေအနေတွေကြောင့် ကျွန်တော်ဟာ ဝန်းကျင်တစ်ခွင်ကို လူမိတဲ့ငှက်တစ်ကောင်လို ဖြူးတဲပြတဲ ဝေ့ယမ်းကြည့်ရှုလိုက်မိတယ်။ ပဲခူးမြစ်ကြီးဟာ ဒီအတိုင်းရှိနေပေမယ့် နံဘေးက ကွင်းပြင်ကြီးဟာ ဘယ်ရောက်ရှိသွားတယ်မသိ။ သစ်ပင်ချုံနွယ်တွေ ခပ်ကျဲကျဲပေါက်နေတဲ့ မြိုင်တောတစ်ခုကိုတွေ့လိုက်ရတယ်။

ဟုတ်သေးပါဘူး၊ ကျွန်တော် ကိုယ်တိုင် မြိုင်တောထဲကိုရောက်ရှိနေတယ်။ ပဲခူးမြစ်ကိုတော့ မလှမ်းမကမ်းမှာတွေ့နေရတယ်။ နေပါဦး၊ ကျွန်တော်လျှောက်လှမ်းနေတဲ့ ကတ္တရာခင်းကမ်းသာယာလမ်းဟာ ဘယ်ရောက်သွားမှန်းမသိ တောတွင်းလမ်းသွယ်တစ်ခုပေါ်ရောက်နေတယ်။

အဲဒါတွေကြောင့် ကျွန်တော်နားဝေတိမ်တောင်ဖြစ်နေတုန်းမှာ ပတ်ဝန်းကျင်တချို့မှာ ရုတ်ရုတ်သဲသဲ အသံဗလံတွေကြားလိုက်ရလို့ ကျွန်တော်လှမ်းမျှော်ဝေ့ယမ်းကြည့်လိုက်ရာမှာ အံ့ဩထိတ်လန့်စရာမြင်ကွင်းတစ်ခုကိုတွေ့မြင်လိုက်ရတယ်။

လူတွေလူတွေ အထုပ်အပိုးတွေကို ထမ်းပိုးသယ်ယူနေကြတဲ့သူတွေ၊ ဝန်စလွယ်ပါတဲ့ တွန်းလှည်းတွေကိုတိုးတွန်းနေကြတဲ့သူတွေ၊ ပစ္စည်းပစ္စယတွေပါတဲ့ စွပ်ဖားတွေကို ဆွဲငင်ယူနေကြတဲ့သူတွေ၊ ဝန်စလွယ်အပြည့်သယ်ယူလာတဲ့ ဝန်တင်နွားတွေကို ဆွဲငင်မောင်းနှင်သူတွေ။

သူတို့တွေကဘယ်သူတွေလဲ။ ဇာတ်သမားတွေလား။ ဘယ်ကဇာတ်အဖွဲ့သားတွေလဲ။ လူအားလုံးလိုလိုမှာ ဇာတ်မင်းသားတွေလို ဆံထုံးတွေနဲ့၊ သျှောင်ကြီးဗွေတွေနဲ့၊ ဆံပင်ရှည်ကြီးတွေနဲ့၊ ခါးတောင်းကျိုက်သူတွေများတော့ ခန္ဓာကိုယ်အပေါ်ပိုင်း အင်္ကျီဗလာဆိုတော့ ဒူးတွေ၊ ပေါင်တွေ၊ ရင်ဘတ်တွေ၊ ကျောကုန်းတွေမှာ ဆေးမင်ကြောင်တွေ၊

www.burmeseclassic.com

www.burmeseclassic.com

သူတို့တွေက ဘယ်သူကိုမှ ဂရုမစိုက်နိုင်ဘဲ သူတို့သယ်ပို့တွန်းပို့ရင်းနဲ့ ငြာသံပေးနေကြတယ်။တစ်ယောက်ကိုတစ်ယောက် အော်ဟစ်ဆော်ဩပေးနေကြသေးတယ်။ ဒါပေမယ့် ထူးဆန်းတာက သူတို့ပြောသံဆိုသံတွေကို ဗလုံးဗထွေး ဝိုးတဝါးသာ ကျွန်တော် ကြားနေရတယ်။ ပြီး ထူးခြားတာတစ်ခုကတော့ သူတို့တစ်တွေက ကျွန်တော်နဲ့ ဝဲ၊ ယာနှစ်ဖက် မလှမ်းမကမ်းမှာ သွားလာလှုပ်ရှားနေပေမယ့် ကျွန်တော့်ကို တွေ့မြင်တဲ့ လက္ခဏာ မတွေ့ရပါဘူး။

နောက် ထူးခြားတာတစ်ခုက သူတို့တစ်တွေအားလုံးဟာ ပဲခူးမြစ်ဘက်ကို ဦးတည်နေကြတာကို တွေ့ရတယ်။ ပဲခူးမြစ်ဘက်ကလာတဲ့သူတွေကိုလည်းတွေ့ရတယ်ပေါ့။ ဒီတော့မှ ကျွန်တော်ဟာ ပဲခူးမြစ်ဘက်သို့ ကမန်းကတန်းလှမ်းကြည့်မိတယ်။ ဒီတော့ ပဲခူးမြစ်ဒီမှာဘက်ကမ်းမှာ လှေကြီးတွေ၊ ဖောင်ကြီးတွေ တချို့ဆိုက်ကပ်နေတယ်။ အဲဒီလှေကြီး ဖောင်ကြီးပေါ်သို့ အခု သယ်ယူပို့ဆောင်နေကြတဲ့ ဝန်စလှယ်တွေကို နည်းအမျိုးမျိုးနဲ့တင်ပေးနေကြတယ်။ အဲဒီနေရာမှာ လူတွေကလည်း ရှုပ်ယှက်ခတ်နေကြတာပဲ။

ဘုရားရေ - အခုမှပဲတွေ့မိတယ်။ ရှေးမြန်မာ့ရှင်ဘုရင်ခေတ်တွေက စစ်သည်ရဲမက်ဝတ်စုံတွေ ဆင်ယင်ထားတဲ့လူတွေကလည်း တခြားသူတွေကို လက်ညှိုးတငေါက်ငေါက်၊ လက်ညှိုးတထိုးထိုးနဲ့ အားနဲ့အင်နဲ့ ပြောဆိုနေဟန်ကို တွေ့ရှိရတယ်။ တချို့က ကုန်းပေါ်က၊ တချို့က လှေပေါ်က၊ တချို့ကဖောင်ပေါ်ကပေါ့။ တချို့ဖောင်တွေ၊ လှေတွေပေါ် ပစ္စည်းဝန်စလှယ်တွေ တင်ဆောင်နေကြတာကို ကြီးကြပ်နေကြတယ်။ အားမရသူရဲမက်တချို့ကတော့ ကိုယ်တိုင်ဝင်ရောက်လုပ်ဆောင်နေတယ်။

ဟိတ် - နေပါဦး။ ခုမှပဲသတိထားမိတယ်။ အလံတွေ၊ တံခွန်တွေ လေထဲမှာ တလူလူလွင့်လို့။ အဖြူရောင်တွေ၊ အစိမ်းရောင်တွေ၊ အနီရောင်တွေ၊ အပြာရောင်တွေ။ နောက် အလံတွေ၊ တံခွန်တွေပေါ်မှာလည်း ခြသေ့်ရုပ်တွေ၊ ဒေါင်းရုပ်တွေ၊ နဂါးရုပ်တွေ၊ ဘီလူးရုပ်တွေ၊ ကုမ္ဘဏ်ရုပ်တွေ၊ ဂဠုန်ရုပ်တွေ။

အို - ဒါတွေ ဒါတွေ ဒါတွေဟာ စစ်တပ်ကတပ်ရဲ့လှုပ်ရှားမှုပဲ။ အနှစ် (၂၀) နီးပါးမျှ ရှေ့တန်းမှာတာဝန်ထမ်းဆောင်ခဲ့ရတဲ့ အတွေ့အကြုံတွေအရ ကျွန်တော် အဲဒီလိုခံစားမိတယ်။ အဲဒါကြောင့် ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုသလိုပါပဲ။ သူတို့တစ်တွေကို ပတ်ဝန်းကျင်တစ်ခွင်ကို ထောက်လှမ်းရေးအမြင်၊ စစ်ရေးအမြင်တွေနဲ့ မွှေနှောက် လေ့လာဆန်းစစ်နေမိတယ်။ သူတို့ပြောသံဆိုသံတွေကိုလည်း ဂရုတစိုက်နားစွင့်ထောင်နေမိတယ်။

အဲဒီလူတွေ တပင်တပန်းဆွဲငင်တွန်းပို့ချတင်နေကြတာတွေဟာ ခုမှ ပီပီပြင်ပြင်မြင်ရတယ်။ ရှေးခေတ်သုံး မြတံပူ အမြောက်တွေပါလား။ (၁၀) လက်ထက် မနည်းပါဘူး။ အမြောက်ကြီးသုံးလက်ကိုလည်း ပဲခူးမြစ်ရဲ့ဟိုမှာဘက်ကမ်းကို ချိန်ရွယ်လို့ နေရာချထားတယ်။ ဒီအမြောက်ကြီးတွေအနီးမှာ အမြောက်ရဲမက်တွေ အသင့်အနေအထားပဲ။

သူတို့တစ်တွေက မြတံပူအမြောက်တွေကို ဖောင်ပေါ်ကိုတင်နေကြယ်။ ဒါတွေမကပါဘူး။ တခြားပစ္စည်းတွေကို တခြားဝန်စလှယ်တွေကို လှေတွေပေါ်ကို ဖောင်တွေပေါ်ကိုတင်နေကြတယ်။ စစ်သည်ရဲမက်တချို့ကလည်း တူမီးသေနတ်အရှည်တွေ၊ လေးတွေကိုကိုင်လို့ ပဲခူးမြစ်တစ်ဖက်ကမ်းကို လှမ်းကြည့်ပြီး အပင်အနေအထားရှိနေကြတယ်။ လူတွေက ပျားပန်းခပ် အလုပ်ရှုပ်နေကြတာပဲ။

ဒီလိုဆိုရင် ပဲခူးမြစ်ရဲ့တစ်ဖက်မှာ သူတို့ရဲ့ရန်သူတွေရှိနေတာပဲ။ နောက် အလုပ်ရှုပ်နေသူတွေဟာ အလုပ်မအားတဲ့ကြားထဲကနေပြီး ပဲခူးမြစ်ဝဘက်ကို မကြာမကြာလှမ်းလှမ်းပြီးမျှော်ကြည့်ကြတယ်။ ကျွန်တော်လည်း သူတို့လိုလိုက်ကြည့်မိတယ်။ သေသေချာချာကြည့်မိတော့မှ မြစ်ဝတည့်တည့်မဟုတ်ဘဲ မြစ်ရဲ့တစ်ဖက်ကမ်း လက်ယာဘက်ပေါ့။ အဲဒီဘက်ကို အာရုံပြုကြည့်နေကြတာဖြစ်တယ်။ ဘာဖြစ်လို့လဲ၊ သူတို့ဘာဖြစ်လို့ အဲဒီဘက်ကို ဂရုစမ့်ပြုကြည့်နေကြတာပဲ။

အို - ဟုတ်သားပဲ။ အဲဒီဘက်မှာ သန်လျင်မြို့ရှိနေတာပဲ။ ဒီလိုဆို အဲဒီ သန်လျင်မြို့မှာ သူတို့တွေရဲ့ ရန်သူတွေ အခြေစိုက်နေကြတာလား။ ကျွန်တော် ကြည့်တုန်း ကြည့်နေဆဲမှာ သန်လျင်မြို့ဘက်မှာ မိုးဝသန်ကာလမှာ လျှပ်စစ်ပြိုးပြက်သလို တောက်ပတဲ့ အရောင်အလင်းတွေ ဖြိုးခနဲဖြောက်ခနဲတွေ့မြင်လိုက်ရတယ်။ အဲဒီဘက်က မိုးခြိမ်းသံလိုအသံတွေကိုလည်း ခပ်သဲ့သဲ့ကြားလိုက်ရတယ်။

အတို့ရဲ့စစ်သဘော်တွေက မြစ်[illegible] ကနေပြီး သန်လျင်မြို့ကို ပစ်တိုက်နေပြီ[illegible] အတို့ကလည်း သန်လျင်မြို့ကို နော[illegible] ကျောကနေတိုက်ကြမယ်လို့ အားရပါး[illegible] အော်ဟစ်ပြောသံတွေကို ကျွန်တော် မပီဝိုးဝါးကြားလိုက်ရသလိုပါပဲ။

ဒီမှာဘက် မြစ်ကမ်းပါးပေါ်မှာ[illegible] အလုပ်ရှုပ်နေကြတဲ့ သူတို့ဟာ ပို[illegible] တက်ကြွသွားသလိုပါပဲ။ ပိုမိုအားတ[illegible] သလိုပဲ ဖောင်တချို့၊ လှေတချို့ ဟိုဘ[illegible] ကမ်းကို စတင်ထွက်သွားကြပြီး ဟိုဘ[illegible] ကမ်းက ဖောင်တစ်စီး ဆိုက်ကပ်[illegible] တယ်။

အဲဒီဖောင်ပေါ် လူတော်[illegible] များများပါတယ်။ ဒါပေမယ့် အမျာ[illegible] ဟာ စစ်သည်ရဲမက်တွေမဟုတ်[illegible] အရပ်သားတွေ၊ သက်ကြီးရွယ်အို[illegible] လည်းပါတယ်။ ကလေးသူငယ်[illegible] လည်းပါတယ်။ မိန်းမပျိုလေးတွေ မိန်း[illegible] ကြီးတွေလည်းပါတယ်။ ဒါပေ[illegible] ယောကျ်ားတွေကတော့ နည်းတ[illegible] သူတို့တစ်တွေကို ကုန်းပေါ်ကလူ[illegible] ရဲမက်တွေအပါအဝင်ပေါ့။ ဝိုင်းကူ[illegible] ကုန်းပေါ်သို့တင်ဆောင်ပေးကြတ[illegible]

အို - ဖောင်ပေါ်က တက်လာ[illegible] သူတွေရဲ့ အမူအရာ၊ အပြောအဆို[illegible] အကဲခတ်ရတော့ သူတို့တစ်တွေ[illegible] စစ်ဘေးရှောင် ဒုက္ခသည်တွေပါ[illegible] အဲဒီဒုက္ခသည်တို့ထဲက မိန်းမကြီးတ[illegible] က မိုးကောင်းကင်ပေါ်သို့ မော့ကြည့်[illegible] လက်နှစ်ဖက်ဆန့်ထောင်ကာ အား[illegible] အော်ဟစ်ကြွေးကြော်မှု အကြိမ်ကြိ[illegible] လိုက်တယ်။

ကျွန်တော် သေချာ နား[illegible] လိုက်တော့ -

"ငရဲကောင် ပေါ်တူဂီတွေ[illegible] ကလွတ်ပြီ။ မိစ္ဆာကောင် ဒီဘ[illegible] ဇေင်ကာလက်ကလွတ်ပြီ။ အင်[illegible] ပြည် ဘဝရှင်မင်းတရားကြီး သက်[illegible] ရာကျော်ရှည်ပါစေ။ ဘဝရှင်မင်း[illegible] ကြီး ပေါ်တူဂီ ဇေင်ကာကို အောင်[illegible] နိုင်ပါစေ"

ဆိုတဲ့ အသံတွေက ကျွ[illegible] နားထဲကို မပီမပြင်ပြေးဝင်လာတ[illegible]

ဒီတော့ ကျွန်တော် တစ်စုံ[illegible] ကို သွားသတိရလိုက်တယ်။ အ[illegible] တန်းကျောင်းမှာရော စစ်တက္ကသို[illegible] ပါ သင်ကြားခဲ့ရဖူးတဲ့၊ လေ့လာခဲ့[illegible] သမိုင်းရာဇဝင်အကြောင်းအ[illegible] ကိုသွားသတိရမိလိုက်တယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လျှမ်းထက်

# မာဂရက်မင်းသမီး၏သည်းထိတ်ရင်ဖို

ကျွန်တော်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လထုတ် သုရဿမဂ္ဂဇင်းကြီးတွင် 'မှန်နန်းဆောင်ရိပ်မှ အိုအမုန်း' အမည်ရှိ ဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့ပါသည်။ ယင်းဆောင်းပါးတွင် ကမ္ဘာ့သမိုင်း၌ သက်တော်ရှည်ဘုရင်မကြီးဟု ဟိုးဟိုးကျော်နေသော အင်္ဂလန်နိုင်ငံ သက်ရှိဘုရင်မကြီး၏ညီမတော်မာဂရက်မင်းသမီးနှင့် ကျွန်တော်တို့ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့သော ဗြိတိသျှဘုရင်မကြီး၏လေတပ်မတော်မှ ဗိုလ်ကြီးပီတာတောင်းဆင်းတို့၏ လွမ်းမောတသဖွယ်အချစ်ရေးအကြောင်း ရေးသားဖော်ပြခဲ့ပါသည်။

ဤဆောင်းပါးရေးသားဖော်ပြရခြင်းမှာလည်း တစ်ချိန်က ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီးတွင် ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါသည်။ ဗြိတိသျှတော်ဝင်မိသားစု၏ကောင်းသတင်း၊ ဆိုးသတင်း၊ အတင်းအဖျင်းများကို ကျွန်တော်တို့ အထိုက်အလျောက် စိတ်ဝင်စားခဲ့ကြ၏။ မာဂရက်မင်းသမီးကလေးနှင့် 'ချစ်ရေးမလွယ်' ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သော အင်္ဂလန်နိုင်ငံဘုရင်မကြီး၏ ကိုယ်ရံတော်ဖြစ်သော လေတပ်ဗိုလ်ကြီး တောင်းဆင်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူတစ်ဦးဖြစ်သဖြင့် ထိုဆောင်းပါးကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ယခု ဖော်ပြမည့် ဆောင်းပါးမှာ ဗြိတိသျှပြည်သူတို့၏ အချစ်တော် မာဂရက်မင်းသမီး ငယ်စဉ်ကာလက ဝင်ဆာရဲတိုက်ကြီးတွင်ကြုံတွေ့ခဲ့ရသော နာနာဘာဝတို့ ခြောက်လှန့်မှု၊ သဘာဝလွန်၊ လောကီလွန်၊ သိပ္ပံလွန်ဖြစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်၍ ယခု ရေးသား ဖော်ပြသော ထူးခြားဖြစ်စဉ်သည် ယခင်ကျွန်တော် ရေးသား ဖော်ပြခဲ့သော 'မှန်နန်းဆောင်ရိပ်မှ အိုအမုန်း' ဟူသော ဆောင်းပါး၏နောက်ဆက်တွဲဆောင်းပါးဟု ဆိုနိုင်ပါသည်။ မာဂရက်မင်းသမီးသည် ကျွန်တော်တို့မြန်မာနိုင်ငံလူထုကို စိတ်ဝင်စားရခြင်းမှာ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ရန်ကုန်ဇာတိ ဗြိတိသျှဘုရင်မကြီး၏ ကိုယ်ရံတော် လေတပ်ဗိုလ်ကြီး တောင်းဆင်းကြောင့်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

အဲဒါက အင်းဝရွှေပြည်ဘုရင် အနောက်ဘက်လွန်မင်းကြီးက သန်လျင်မြို့မှာ အခြေစိုက်သောင်းကျန်းနေတဲ့ ပေါ်တူဂီလူမျိုး ဒီဘရစ်တိုဇင်ကာကို တိုက်ခိုက်ဖြို့ခွင်းသုတ်သင်ခဲ့တဲ့အကြောင်း ရှာပဲ။

ဒီတော့ ကျွန်တော်ဟာ အထိတ်တလန့်ချောက်ချားသွားတယ်။ ကြက်သီးမွေးညင်းထ ဇောချွေးပြန်သွားတယ်။ ဒီမြို့ဆို ယခု ကျွန်တော်တွေ့မြင်နေရတဲ့ လူတွေဟာ အင်းဝခေတ်ကလူတွေလား၊ အနောက်ဘက်လွန်မင်းလက်ထက်က လူတွေလား၊ ကျွန်တော် ဘယ်နေရာကို ရောက်နေတာလဲ၊ ဘယ်ခေတ်ဘယ် ကာလကိုရောက်နေတာလဲ။

ကျွန်တော်ဟာ ကမ္ဘာပျက်ခါနီး ကာလ ဖြစ်လာရတဲ့လူလို၊ မောင်းကျောက်တဲ့ကြက်လိုဖြစ်သွားရပါပြီလို့ ထင်ပါတယ်။ ဒီတော့ ကျွန်တော်ဟာ ပြေးရမလား၊ ပုန်းရမလား၊ ရှောင်ရမလား၊ နေရမလားဆိုတာကို ဇယ်ဆက်သလို မနေ့တွေးလိုက်တယ်။

အဲဒီတုန်းမှာပဲ မိုးခြိမ်းသံလို၊ မိုးကြိုးပစ်သံလို အသံကျယ်တစ်ခုကြားလိုက်ပြီး လျှပ်စစ်ပြိုးပြက်အလင်းရောင် တစ်ချက်လင်းလက် မျက်တောင်ခတ်သွားတော့ ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းလဲသွားတယ်။ အဖြူရောင်နှင်းထုထည်ကြီး ပြန်ရောက်လာတယ်။ စူးဝင်ချမ်းစိမ့်တဲ့ ဆောင်းလေအေးလည်း ရုတ်ခြည်းပြန်ရောက်လာတယ်။

တစ်ဆက်တည်းမှာ **မီးရောင်** တဝင်းဝင်း၊ စက်သံတကျယ်လောင်လောင်နဲ့ မောင်းနှင်လာတဲ့ သံကျောက်တင်လော်လီကားကြီးကြောင့် ကျွန်တော်ဟာ အိပ်ရာမှ လန့်နိုးသလိုဖြစ်သွားပြီး လမ်းဘေးကို ကပျာကယာခုန်ဆင်းလိုက်တယ်။ ဒီတော့မှ ကျွန်တော်ဟာ ကျွန်တော်လမ်းလျှောက်နေတဲ့ ကမ်းသာယာလမ်းမကြီးပျောက်မသွားပါလား။ ကမ်းသာယာလမ်းနံဘေးက ကွင်းပြင်ကြီးပျောက်မသွားပါလား။ ကျွန်တော်တို့ ယုဇနဥယျာဉ်မြို့တော်ကြီးပျောက်မသွားသေးပါလားဆိုတာကို တွေ့သိရတော့ စိတ်နှလုံးအလွန်ချမ်းသာသွားရပါတယ်။ တကယ်ပါ။

ဒီလိုဆို ခုနကတွေ့လိုက်ရတဲ့ လူတွေက ဘာတွေလဲ။ မကျွတ်မလွတ်တဲ့သူတွေလား။ ကျွန်တော်နဲ့ ဘယ်လိုများ ပတ်သက်ရာပတ်သက်ကြောင်းရှိနေလို့လဲ။ အမျှမေတ္တာပေးဖို့ ကျွန်တော့်ဆီက တောင်းခံနေတာလား။

ဒီအကြောင်းအရာကို ကျွန်တော့်သူငယ်ချင်း ဂမ္ဘီရစာရေးဆရာကို ပြောကြည့်မိတော့ သူက ဒါဟာ တိုင်းရစ်ဝ် (Time Wrap) ဖြစ်တာတဲ့။ အချိန်ကာလ ကမောက်ကမဖြစ်စဉ်ကြောင့် မင်းအင်းဝခေတ်ကိုခေတ္တခဏရောက်သွားတာတဲ့။ နောက် စိတ်မနောသုတေသီလည်းဖြစ်၊ ဝေဒပညာရှင်လည်းဖြစ်တဲ့ ကျွန်တော့် မိတ်ဆွေကတော့ -


"ခင်ဗျားမြင်လိုက်ရတဲ့ဟာတွေဟာ ဒီဂျာဗူးအမြင်တွေပဲ။ ဒီဂျာဗူးအမြင်ဆိုတာဟာ ရှေးတုန်းကဖြစ်ပျက်ခဲ့တဲ့ဟာတွေကို ဖျတ်ခနဲ လျှပ်ခနဲ ပြန်တွေ့မြင်လိုက်ရတဲ့ စိတ်မနောအာရုံအမြင်ပဲ။ ဆယ်စောင်တွဲ ကမ္ဘာ့သမိုင်းကျမ်းကိုရေးခဲ့တဲ့ ပါမောက္ခတွိုင်ဘီဟာ အဲဒီသမိုင်းကျမ်းကို ပြုစုနေတုန်း ၁၉၁၂ ခုနှစ်က ဂရိပြည် ဖာဆာလပ်စ်ရဲတိုက်ကြီးပေါ်ကနေ ဘီစီ ၁၉ ရာစုနှစ် မက်ဆီဒိုးနီးယားစစ်တပ်နဲ့ ရောမစစ်တပ်တို့ ရန့်ရင်းကြမ်းတမ်းစွာ စစ်တိုက်ကြတာကို လျှပ်ခနဲ ဖျတ်ခနဲ တွေ့မြင်ခဲ့ရဖူးသေးတယ်တဲ့။ အဲဒါကို ဒီဂျာဗူးအမြင်လို့ ခေါ်တယ်တဲ့။

ရှိန်းအောင်




www.burmeseclassic.com

www.burmeseclassic.com



ဝင်ဆာရဲတိုက်



မာဂရက်မင်းသမီးလေး၏ချစ်သူ ဟောင်း ပီတာတောင်းဆင်း၏ ဖခင်မှာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါ။ ကျွန်တော်တို့ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တော်အား ၁၈၈၅ ခုနှစ်က သိမ်းပိုက်သည့် ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်(စ်)၏တပ်ဖွဲ့မှ အထူးအရေးပါအရာရောက်သောဘုရင့်စစ်တက္ကသိုလ်ကျောင်းဆင်းဗိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။

ဗိုလ်ကြီး ပီတာတောင်းဆင်း၏ ဖခင်သည် ဗြိတိသျှတို့ မြန်မာနိုင်ငံအား ကျွန်ဇာတ်သွင်းခဲ့ပြီးသည့်နောက် အထွေထွေအုပ်ချုပ်ရေးဌာနတွင် အုပ်ချုပ်ရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ပထမဆုံးမိတ္ထီလာခရိုင်အရေးပိုင်အဖြစ်တာဝန်ယူခဲ့ရ၏။ ဤသို့ မိတ္ထီလာခရိုင်တွင် အရေးပိုင်ဖြစ်တာဝန်ယူဆောင်ရွက်နေစဉ် မိတ္ထီလာတပ်နယ်မြေမှအရာရှိတစ်ဦး၏သမီးဖြစ်သူနှင့် လက်ထပ်ခဲ့ပြီး ထိုစဉ်က ဗြိတိသျှအစိုးရ၏ နွေရာသီတောင်စခန်းမြို့ဖြစ်သော မေမြို့ (ပြင်ဦးလွင်) တွင် ပီတာတောင်းဆင်းအား ဖွားမြင်ခဲ့သည်။ ပီတာတောင်းဆင်းမှာ မေမြို့ (ပြင်ဦးလွင်) တွင် ကြီးပြင်းလာခဲ့ရပြီး ရန်ကုန်တွင် ကျောင်းအိပ်ကျောင်းသား အဖြစ်စာသင်ကြားခဲ့ရ၏။ ပီတာတောင်းဆင်း ၏ ဖခင်ဖြစ်သူမှာ ပဲခူးတိုင်းမင်းကြီး (ယခုတိုင်း အုပ်ချုပ်ရေးအရာရှိ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရာထူးမှအငြိမ်းစားယူခဲ့၏။ ဗိုလ်ကြီးပီတာတောင်းဆင်း နှင့် ချစ်မှုချစ်ရေးကြုံခဲ့ရသူ မာဂရက် မင်းသမီးကလေးမှာ ပီတာတောင်းဆင်း ထက် အသက်(၁၆)နှစ်ငယ်သူဖြစ်သည်။ ပီတာတောင်းဆင်းမှာ ဗြိတိသျှဘုရင်၏ လေတပ်မတော်တွင် ဗိုလ်ကြီးအဖြစ် အမှုထမ်းဆောင်ခဲ့ရာ ဒုတိယကမ္ဘာစစ် ကြီးပြီးဆုံးခဲ့ပြီးနောက် လက်ရှိဘုရင်မကြီး ၏ အိမ်တော်ဝန်အဖြစ် လည်းကောင်း၊ ကိုယ်ရေးအရာရှိအဖြစ် လည်းကောင်း ဆောင်ရွက်စဉ် မာဂရက်မင်းသမီး နှင့် ချစ်ခင်စုံမက်ခဲ့ကြခြင်း ဖြစ်၏။

ဤတွင် ဘုရင်မကြီးနှင့် ဝင်ဆာ မျိုးနွယ်များက ပြင်းပြင်းထန်ထန်ကန့်ကွက် ခဲ့ကြသဖြင့် သူတို့နှစ်ဦး၏ ချစ်ရေးမ ဖြစ်ခဲ့ရသည့်ဇာတ်လမ်းမှာ ကမ္ဘာ့သတင်း မီဒီယာများ၏ သတင်းထူးဖြစ်ခဲ့ရသည် စာရေးဆရာများအဖို့ ရေးကွက်များ ခဲ့ကြသဖြင့် ဝင်ဆာမိသားစု၏ ချစ် ရေးအတင်းအဖျင်းမှာ ဟိုးဟိုးကျော် ၏။

ယခု ရေးသားဖော်ပြမည့် ဖြစ် ဆန်းမှာ မာဂရက်မင်းသမီး (၁၆) သမီးအရွယ်တွင် ကြုံတွေ့ခဲ့ရသော ရပ်ဖြစ်ပါသည်။ ယင်းထူးခြားဖြစ်စဉ် ဤသို့ဖြစ်၏။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ။

ဗြိတိသျှဘုရင်မကြီး၏ ညီမ မာဂရက်မင်းသမီးသည် ခရီးပန်း နွမ်းနယ်လျက်ရှိသော်လည်း အိပ် မရနိုင်ဖြစ်နေ၏။ ဘယ်စောင်းညာ ဖြင့်သာ အချိန်ကုန်လွန်သွားခဲ့သ အိပ်စက်လိုသောဆန္ဒကား မပြည့် မင်းသမီးကလေးသည် သူ့မိသား အတူ အင်္ဂလန်နိုင်ငံ ဘက်(စ်)ရှိုင် ပြည်နယ်ရှိ သူတို့ တော်ဝင်အနွယ် များပိုင်ဆိုင်သော ဝင်ဆာရဲတိုက်ကြီး အနားယူ အပန်းဖြေရန် ရောက်ရှိနေ ဖြစ်သည်။

ရဲတိုက်ကြီးတစ်တိုက်လုံးမှာ ကျောချမ်းဖွယ်ကောင်းလောက်အော တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ရဲ ကြီး၏ မျှော်စင်အခန်းတစ်ခန်းမှ ချက်မြည်နေသော ရှေးဟောင်း နံ နာရီကြီး၏အသံ၊ ရဲတိုက်ကြီး၏ တစ်ခန်းမှ ပျင်းရိလေးတွဲစွာ



www.burmeseclassic.com

www.burmeseclassic.com

…သော်ပုရစ်တို့၏အသံ၊ ဆောင်းရာသီ… အေးစိမ့်သောလေတို့ တိုးဝှေ့သဖြင့် …တိုက်ကြီး၏နံရံများထက်မှ တိုက်ကပ်…များတရှဲရှဲမြည်သံသည် သည်းထိတ်…ဝတ္ထုကြီးများ၏ဇာတ်ဝင်ခန်းတစ်ခန်း… ဖတ်ရှုရသကဲ့သို့ ခံစားနေရ၏။ …ယကမ္ဘာစစ်ကြီး ပြီးဆုံးစဖြစ်သဖြင့် …ဆောင်စာဆီမှာ အရှားပါးဆုံးဖြစ်ရကား …တိုက်ကြီး၏ လေပူ၊ လေအေးစက်များ… ယခင်ကကဲ့သို့ (၂၄)နာရီမလည်ပတ်… သို့ဖြစ်၍ ရဲတိုက်ကြီးသို့ လာရောက်…သော ဧည့်သည်များအဖို့ အအေး…ကို အရိုးကွဲမတတ် ခံစားကြရပြီး …စောင်များ အထပ်ထပ်ခြုံကာ ကွေး…နေကြရသည်။

အိပ်စက်၍မရနိုင်သော မာဂရက်…သမီးသည် အိပ်ရာထက်မှထ၍ …ခန်းခန်းဆီးကို ဘေးသို့ဆွဲကာ …တိုက်ပရဝဏ်၏ရှုခင်းကို ငေးမော…ကြည့်နေမိသည်။ ဝိုင်းစက်သော လပြည့်…သည် မြူနှင်းများကြားမှ တငြိမ့်ငြိမ့်…ထွက်လာခဲ့ပြီးဖြစ်၍ ဝင်ဆာရဲတိုက်ကြီး…ရဝဏ်ကို မြင်နေရသည်။ ရဲတိုက်…ရဝဏ်ရှိ ဝက်သစ်ချပင်အိုကြီး…များသည် တသုန်သုန်တိုက်နေသော …လေတွင် အရွက်မှုန်သမားများ… သိမ့်ထိုးလှုပ်ရှားလျက် တရှဲရှဲမြည်…သည်းတွားနေကြ၏။ လေခပ်ပြင်း…တိုးဝှေ့လိုက်သဖြင့် သစ်ကိုင်းခြောက်… မှုတ်တရက် ကျိုးကျသွားသော …မှာ ထိတ်လန့်ချောက်ချားဖွယ်ဖြစ်…သည်။

မာဂရက်မင်းသမီးမြင်နေရသော …သည်၏ ရှုခင်းများသည် ထူးထူး…ခြားမရှိလှသဖြင့် ပြတင်းပေါက်…ကိုပြန်လည်ပိတ်ခဲ့ပြီး သူ့အိပ်ရာ…ဆီသို့ လျှောက်လာခဲ့သည်နှင့် …ခမ်းဖွယ်ကောင်းလောက်အောင် …ဆိတ်ငြိမ်သက်မှုကို ဖောက်ထွင်း…သည့်အသံကြားလိုက်မိသည်။

…ပထမတွင် ၊ မာဂရက်မင်းသမီး… ဟုတ်မှဟုတ်ပါ့မလားဟု သူ့နား…များတင်းလာအောင် အာရုံစိုက်၍ …ကြည့်မိသည်။ ထိုအသံမှာ လူ…ယောက်ခြေထောက်ဖွနင်းလာသည့်…ဖြစ်သည်က သေချာနေသည်။ …သံသည် သူ၏ အထိန်းတော်…ကြီးလော သို့မဟုတ် ရဲတိုက်ကြီး…တော်ဝန်လော။ သူတို့သည် … အချိန်မတော်တွင် လာရန် …င်းမရှိကြ။ မည်သူသည် ရဲတိုက်ကြီး၏စင်္ကြံလမ်းတွင် အချိန်မတော် ခြေဖျောနင်း၍လာခဲ့သနည်း။

မာဂရက်မင်းသမီးသည် ထူးထူးခြားခြား သတ္တိရှိသူတစ်ယောက် မဟုတ်သော်လည်း အကြောင်းမဲ့ကြောက်တတ်သူမဟုတ်ပေ။ သို့သော် ထူးထူးခြားခြား စိတ်လှုပ်ရှားလာသဖြင့် ရင်တလှပ်လှပ်ခုန်လာသည်။ သူ့အိပ်ခန်းတံခါးအား သေသေချာချာ ပိတ်ထားသော်လည်း အိပ်ခန်းအတွင်း တစ်စုံတစ်ယောက် ရောက်နေသည်ဟုထင်မိ၏။ မှန်ပြတင်းမှ ဖြာကျနေသောလရောင်နှင့် အိပ်ခန်းအတွင်းမှ မှေးမှိန်သော မီးလုံးကုလေး၏ အလင်းကြောင့် မာဂရက်မင်းသမီးသည် သူ့အိပ်ခန်းအတွင်း ကောင်းစွာမြင်နေရ၏။ သူ့အိပ်ခန်းအတွင်း လူတစ်ယောက်ရှိနေသည်က သေချာနေသည်ဟူသော အသိအာရုံတစ်ခုဝင်လာသည်။ လူတစ်ယောက်၏ အဝတ်အစားများမြည်သည့် အသံကြားရသည်ဟူ၍လည်း ထင်မှတ်မိ၏။ သူငယ်စဉ်က အထိန်းတော်အဘွားကြီးများပြောပြသည့် တစ္ဆေပုံပြင်များ၊ ဒဏ္ဍာရီပုံပြင်များ၊ သူ့မိခင်မေရီမိဖုရားကြီးကြုံတွေ့ရသည်ဆိုသော နာနာဘာဝခြောက်လှန့်မှုဖြစ်ရပ်များ သူ့အပေါ် ကိုင်းညွတ်မှုကြောင့်လော ဝေခွဲမရဖြစ်ရသည်။

ဤသို့အတွင်း အေးစိမ့်သောလေတစ်ချက်တိုက်သကဲ့သို့ ခံစားလိုက်ရပြီး ကြက်သီးမွေးညင်းများထသကဲ့သို့ ခံစားလိုက်ရသည်။ သူ့ရှေ့တွင် ၁၉ ရာစုနှစ်ဦးပိုင်းက အင်္ဂလန်နိုင်ငံ နန်းတွင်းသူနန်းတွင်းသားများ ဝတ်ဆင်လေ့ရှိသည့် ဝတ်စုံကို ဝတ်ဆင်ထားသော လူကြီးတစ်ယောက်ကိုမြင်လိုက်ရ၏။ ထိုလူကြီး၏မျက်နှာနှင့်လက်များသည် ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ထိုလူကြီး၏ ဆံပင်မှာ နီညိုရောင်သန်းနေသော်လည်း ကျန်းမာသန်စွမ်းပုံရ၏။ ထိုလူကြီးသည် မာဂရက်မင်းသမီး၏အခန်းအတွင်းရှိနေသည်ကို သတိထားမိဟန်မတူ။ နံရံဘက်သို့ စိုက်ကြည့်နေသည်ကို တွေ့ရ၏။ သူ့အမူအရာမှာလည်း တည်ငြိမ်လွန်းနေသည်။ မာဂရက်မင်းသမီးကမူ ထိုလူကြီးကို တစ်နေရာရာတွင်တွေ့ဖူးသည်ဟု ထင်မိ၏။ ပြန်လည် စဉ်းစားလိုက်သောအခါ ဝင်ဆာရဲတိုက်ကြီးပြခန်းရှိ ဝန်းချီကျော်တစ်ဦး ရေးဆွဲထားသော ဘာကင်ဟန်မြို့စားကြီးပုံကိုသွားသတိရသည်။ သူမြင်ရသည့်လူကြီးသည် ဘာကင်ဟန်မြို့စားကြီးနှင့် တူလွန်းလှသည်ဟု စဉ်းစားနေစဉ် ထိုလူကြီးမှာ ဖြုတ်ခနဲ ပျောက်သွားတော့၏။ ဤတွင် မာဂရက်မင်းသမီးသည် သူ့အားတစ္ဆေခြောက်ခြင်းခံရသည်ဟု ယုံကြည်သွားသည်။ သူ့အိပ်မက်ဆိုးမက်ခြင်း၊ ထမင်းလုံးတစ္ဆေခြောက်ခြင်းခံရခြင်း၊ အမြင်အာရုံမှောက်မှားခြင်း မဟုတ်သည်က သေချာနေသည်။

နောက်နေ့နံနက်တွင်မူ ဘုရင်မကြီး၏ညီမတော် တစ္ဆေခြောက်လှန့်ခြင်းခံရသည်ဟူသော သတင်းသည် တော်ဝင်မိသားစုများသာမက ဝင်ဆာရဲတိုက်မှ အရပ်သားဝန်ထမ်းများ၊ ဝင်ဆာရဲတိုက်လုံခြုံရေးကိုတာဝန်ယူရသော အမှုထမ်းများအတွင်း တောမီးပမာ ပျံ့နှံ့သွားတော့သည်။

ထိုသတင်းမှာ သတင်းမှုဆိုးများအတွက် ရေးကွက်ရရှိသွားသဖြင့် ထိုစဉ်ကာလက ၂ နံဒန်မှ စောင်ရေအများဆုံးထုတ်ဝေရသော သတင်းစုံမဂ္ဂဇင်း၊ လန်ဒန်ရုပ်စုံသတင်းစာ၊ စိတ်စွမ်းအင်သတင်းစာ၊ ဒေးလီးအိတ်(စ်)ပရက်(စ်) သတင်းစာများတွင် အထက်ဖော်ပြပါ လူထုအချစ်တော် မာဂရက်မင်းသမီးကလေး နာမည်ကျော်ဝင်ဆာရဲတိုက်ကြီးတွင် နာနာဘာဝတို့ ခြောက်လှန့်ခြင်းခံရသည်ဟူသောသတင်းအား ဓာတ်ပုံသာမက အထောက်အထားများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းဖော်ပြခဲ့ကြ၏။


ဘီဘီစီအသံလွှင့်ဌာနကလည်း ထိုစဉ်က (Ghost Club) တစ္ဆေလေ့လာရေးအသင်းတည်ထောင်သူနှင့် တစ္ဆေမုဆိုးဟု ကင်ပွန်းတပ်ခံရသော ပီတာအန်ဒါဝု(ဒ်)နှင့် ဆွေးနွေးခန်းသတင်းကို ထုတ်လွှင့်ပေးခဲ့သည်။ ပီတာအန်ဒါဝု(ဒ်)ကမူ အင်္ဂလန်နိုင်ငံတွင် နာနာဘာဝတို့ အစဉ်အလာခြောက်လှန့်ခြင်းခံရသော ရဲတိုက်များ၊ ယာမ်တာစံအိမ်များ၊ ရှေးဟောင်းအဆောက်အအုံများရှိသည့် အကြောင်းနှင့် သူနှင့်သူ့အဖွဲ့ဝင်များ စနစ်တကျ သိပ္ပံနည်းကျ သုတေသနပြုလုပ်ခဲ့သည့်အကြောင်းကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြသွားခဲ့သည်ဟု သိရ၏။ (ပီတာအန်ဒါဝု(ဒ်)မှာ တစ္ဆေဂေဇက်တီးယားစာအုပ်ကိုပြုစုခဲ့သူဖြစ်ပါသည်။)

အတိတ်သမိုင်းကြောင်းများအရ ဝင်ဆာရဲတိုက်ကြီးမှာ ၁၇ ရာစုနှစ်က တည်ထောင်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ တည်ဆောက်စဉ်ကပင် အလုပ်သမားအချို့နှင့် တာဝန်ခံတည်ဆောက်သောဗိသုကာများ၊ အကြောင်းအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com




ကြောင့် ကွယ်လွန်ခဲ့ကြရသည်ဟူသောသတင်းများ ထွက်လာခဲ့သည်။ အတည်မပြုနိုင်သော ပါးစပ်ဂေဇက်သတင်းများအရ တည်ဆောက်စဉ်က ... လောကီပညာရှင်များက လူအချို့အား ရဲတိုက်ကြီးလုံခြုံခိုင်မြဲစွာတည်ဆောက်နိုင်ရန် စတေးခဲ့ကြသည်ဟု ဆိုသည်။

ပါးစပ်သမိုင်းများအရ ရန်သူများဝင်ရောက်စီးနင်းခြင်းမပြုနိုင်ရန် ရာဇဝတ် အကျဉ်းသားများကို ရဲတိုက်ကြီး၏နံရံများ၌ စတေးခဲ့ကြသည်ဟူ၍လည်း ဆိုကြသည်။ မှတ်တမ်းများအရ ဝင်ဆာရဲတိုက်ကြီးတွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ကြသောဝန်ထမ်းများ၊ ဝင်ဆာရဲတိုက်မှသန့်ရှင်းရေးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ ဝင်ဆာရဲတိုက်သို့လာရောက်ကြသည့် တော်ဝင်မိသားစုများ၏ ဧည့်သည်တော်အချို့မှာ မာဂရက်မင်းသမီးလေးကဲ့သို့ နာနာဘာဝ ခြောက်လှန့်ခြင်းကိုခံကြရသည်ဟု ဆိုကြသည်။ ဝင်ဆာရဲတိုက်၏မှတ်တမ်းအရ ခရစ်နှစ် ၁၆၀၃ ခုနှစ်က ကွယ်လွန်ခဲ့သော ပထမမြောက် အယ်(လ်)ဇဘက်ဘုရင်မကြီးနှင့် အင်္ဂလန်နိုင်ငံ ပြည်တွင်းစစ်ကြီးအတွင်း ခေါင်းဖြတ်အသတ်ခံခဲ့ရသော ပထမမြောက် ချား(လ်)ဘုရင်၏ ဝိညာဉ်သည် ဝင်ဆာရဲတိုက်ကြီးစာကြည့်တိုက်အတွင်း ခြောက်လှန့်လေ့ရှိသည်ဟု ဆိုကြ၏။

ရဲတိုက်ကြီးလုံခြုံရေးကို တာဝန်ယူရသူများနှင့် အိမ်တော်ဝန်ထမ်းများကိုမူ သမိုင်းအဆက်ဆက်တော်ဝင်မိသားစုများအား ဖမ်းဆီး၍ အကျဉ်းချထားသော မြေအောက်ခန်းမှ အော်သံများ၊ ငိုရှိုက်သံများ၊ ညည်းတွားသံများကိုလည်း ကြားကြရသည်ဟု သတင်းများလည်း ထွက်လာခဲ့လေသည်။ ထို့အတူ ခရစ်နှစ် ၁၈၂၀ ပြည့်နှစ်၊ ဇန်နဝါရီတွင် ကွယ်လွန်ခဲ့သော တတိယမြောက် ဂျော့ဘုရင်ကြီးအား ဝင်ဆာရဲတိုက်ကြီး၏ ပြခန်းတွင် မကြာခဏ မျက်ဝါးထင်ထင် တွေ့ကြရသည်ဟု သန့်ရှင်းရေးဝန်ထမ်းများက ဆိုကြ၏။ ထိုပြခန်းတွင် အင်္ဂလန်နိုင်ငံတော်ဝင်မျိုးနွယ် (၂၅) ဦးတို့၏အရိုးစုများကို ပြသထားခဲ့သည်ဟု သိရ၏။

ဝင်ဆာရဲတိုက်နှင့် ထိုရဲတိုက်သို့ လာရောက် အပန်းဖြေနေထိုင်လေ့ရှိသော တော်ဝင်မျိုးနွယ်များ၏ လုံခြုံရေးတာဝန်ယူကြရသောတပ်ဖွဲ့မှ တပ်သားများကမူ မာဂရက်မင်းသမီးကလေး မြင်တွေ့ရသော ဘာကင်ဟန်မြို့စားကြီးအား ဝင်ဆာရဲတိုက်ကြီး၏ မြက်ခင်းပြင်နှင့် မဟာလှေကားကြီးအနီးတွင်တွေ့ကြရသည်ဟု သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ကြ၏။

၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဝင်ဆာရဲတိုက်ကြီး၏လုံခြုံရေးကို တာဝန်ယူထားရသောလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသည် မိမိကိုယ်မိမိ သေနတ်ဖြင့်ပစ်ခတ်၍ အဆုံးစီရင်သွားခဲ့သည်။ ဝင်ဆာရဲတိုက်မှ အမှုထမ်း၊ အရာထမ်းများ၊ ဧည့်သည်တော်အမှု... ကမူ အထက်ဖော်ပြ... မိမိကိုယ်မိမိအဆုံးစီရင်... သွားသော ဗဟိုက... တပ်ဖွဲ့၊ တပ်သားကို... ထင်[...]ခြင်းကို မကြာ... ခဏမြင်တွေ့ကြရသည်... ဟူသော သတင်းများ... လည်း ထွက်ပေါ်လာ... ခဲ့၏။

၁၉၇၇ ခုနှစ်က... ဗြိတိသျှ မနောသုတေ... သနအသင်းမှ သုတေ... သီများသည် ဝင်ဆာ... ရဲတိုက်မှ အမှုထမ်း... အရာထမ်းများနှင့်လုံခြုံ... ရေးတာဝန်ယူထားရ... များအား တွေ့ဆုံ... စနစ်တကျ စုံစမ်းလေ... လာမှုများ ပြုလုပ်ခဲ့... ဝန်ထမ်းများ၏အတွေ့... အကြုံထွက်ဆိုချက်များ... အား ဗြိတိသျှမနော... သုတေသနမှထုတ်... သော သုတေသန... နယ်တွင် အထော... အထား သာဓက... ခိုင်မာမာနှင့် ဖော... ဖော်ပြခဲ့ကြသည်။

ဗြိတိသျှပြည်... လူထု၏အချစ်တော် မာဂရက်မင်းသမီး... ကလေးအား ၁၉၃၀ ပြည့်နှစ်၊ ဩဂုတ်... ၂၀ ရက်တွင် ဝင်ဆာရဲတိုက်ကြီး၌ဖွား... ခဲ့သည်။ ဖခင်ဖြစ်သူ ဆဋ္ဌမမြောက်... ဂျော့ဘုရင်၏ အချစ်တော် မင်းသမီး... ဖြစ်၏။ ဝင်ဆာရဲတိုက်နှင့် ဘာကင်ဟမ်... နန်းတော်တို့တွင် ကြီးပြင်းလာခဲ့... ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်... အတိုင်း ဗိုလ်ကြီး ပီတာတောင်းဆင်... လမ်းခွဲခဲ့ရပြီး ၁၉၆၀ ပြည့်နှစ်၊ မေ... ရက်နေ့တွင် စနိုးဒေါင်းမြို့တော်... အင်သော်နီအမ်ဘာရောင်နှင့် လက်ထပ်... ခဲ့ပြီး အိမ်ထောင်သက် (၁၆) နှစ်... လမ်းခွဲခဲ့ကြသည်။ ၂၀၀၂ ခုနှစ်... ဖော်ဝါရီလ ၉ ရက်နေ့တွင် မာဂရက်... မင်းသမီး ကွယ်လွန်ခဲ့ပါကြောင်း။

လျှမ်း...

ကျမ်းကိုး -
၁။ A Gazetter of British G...
၂။ Romance Royal Marriag...



www.burmeseclassic.com

www.burmeseclassic.com

အောင်စကြာ

# အရှင်သုစမ္မသာရ ဥပါဒါန်အစွဲ



ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဗြိတိသျှအင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်ကာလက အောက်မြန်မာနိုင်ငံ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ရွာကြီးတစ်ရွာ ရှိခဲ့၏။ ရွာကြီးသည် အိမ်ခြေ (၅၀၀)ကျော်ခန့်ရှိပြီး လယ်သမားအမြောက်အမြား နေထိုင်လျက်ရှိ၏။ ရွာ၏အမည်ကား 'မြိုင်' ရွာကြီးပင်တည်း။

မြိုင်ရွာကြီး၌ တောင်သူလယ်သမားမျိုးရိုးမှ ဆင်းသက်လာသော ဦးခွေးရိုး၊ ဒေါ်သူဇာဇနီးမောင်နှံတို့သည် အချမ်းသာဆုံး၊ အကြွယ်ဝဆုံး လယ်သမားသူဌေးကြီးများ ဖြစ်ကြ၏။

, လယ်ကဲ (၁၀၀) ကျော်ပိုင်၍ လယ်ယာလုပ်သား စာရင်းငှားများကလည်း အမြောက်အမြား၊ ကျွဲနွားတွေကလည်း ပြည့်ပြည့်စုံစုံ။ ဦးခွေးရိုးလယ်တောဟု အမည်တွင်သော လယ်ထဲတွင် လယ်ယာလုပ်သား စာရင်းငှားများ နေထိုင်ကြသည့် အိုးအိမ်အဆောက်အအုံများနှင့် နွားတင်းကုပ်၊ · ကျွဲတင်းကုပ်များက အစီစီအရီရီ။ သွပ်မိုးအိမ်တန်းတွေက တဖွေးဖွေး။



www.burmeseclassic.com

www.burmeseclassic.com

မြိုင်ရွာကြီးထဲတွင် ခြံဝင်းကျယ်ကျယ်ကြီးထဲမှာ ပျဉ်းကတိုး၊ ကျွန်းသစ်များဖြင့်ဆောက်လုပ်ထားသော နှစ်ထပ်အိမ်ကြီးက ဦးရွှေရိုး၊ ဒေါ်သူဇာမိသားစုများနေထိုင်ကြသည့် အိမ်ဂေဟာကြီးဖြစ်၏။

ခြံဝင်းကြီးထဲမှာ စပါးများလှောင်ထားသည့် စပါးကျီကြီးက (၆) လုံးတောင်ရှိ၏။

ခြံကြီးထဲတွင် သရက်ပင်များ၊ ပိန္နဲပင်များ၊ အုန်းပင်များတို့က အရိပ်အာဝါသကောင်းလှ၏။ ခြံကြီးထောင့်တစ်ထောင့်တွင် ကွမ်းသီးပင်များခြံရံလျက် ရေတွင်းကြီးကလည်း နွေ၊ မိုး၊ ဆောင်း ရေခန်းသည်မရှိ။

ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဦးရွှေရိုး၊ ဒေါ်သူဇာတို့မိသားစု လှူဒါန်းထားသည့် နှစ်ထပ်အုတ်တိုက်ကျောင်း၊ ဆွမ်းစားကျောင်း၊ ကျောင်းဝင်ဝမုခ်ဦးကြီးတို့ကုလည်း ခံ့ခံ့ညားညားထည်ထည်ဝါဝါ။

ကျောင်းဒယကာကြီး၊ ကျောင်းဒါယိကာမကြီး လယ်သမားသူဌေးကြီး ဦးရွှေရိုး၊ ဒေါ်သူဇာဆိုလျှင် ဤတစ်နယ်လုံး မသိသူမရှိကြပါ။

လယ်သမားသူဌေးကြီး ဦးရွှေရိုး၊ ဒေါ်သူဇာတို့တွင် သားသမီး(၉)ယောက်ရှိသည့်အနက် - အငယ်ဆုံးသားလေး 'မောင်ပွား' မှာ ထူးဆန်းလှ၏။

မောင်ပွားလေးကို တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် မွေးဖွားခဲ့၏။ မောင်ပွားလေးကို မွေးဖွားခဲ့စဉ်က ဘယ်လက်၊ ညာလက် နှစ်ဖက်စလုံးရှိ လက်မတွင် လက်ပွားလေးတစ်ခုစီပါလာခဲ့၏။ မွေးရာပါလက်ပွားလေးဖြစ်ပါ၏။

မောင်ပွားမှာ လက် (၁၂) ချောင်းပါနေ၏။ လက်မက (၄) ချောင်း ဖြစ်နေပါ၏။ ယင်းကြောင့်ပင် ထိုကလေးကို 'မောင်ပွား' ဟူ၍ပင် ခေါ်ဝေါ်နေပါတော့၏။

မောင်ပွားလေးမွေးဖွားသည့်နေ့မှစတင်ပြီး ဦးရွှေရိုး၊ ဒေါ်သူဇာတို့မိသားစုတွင် စီးပွားက တစ်နေ့တခြား တိုးတက်လာပါ၏။

ယခင်က လယ်တစ်ဧကကို စပါး (၅၀) တင်းထွက်နေရာမှ ယခု မောင်ပွားလေးဖွားမြင်ပြီးမှ လယ်တစ်ဧကလျှင် စပါး (၆၀) တင်း ထွက်လာရ၏။

ခြံဝင်းကြီးရှိ စပါးကျီကြီးများမှာလည်း စပါးတွေက ပြည့်ပြည့်မောက်မောက် ပိုပိုလျှံလျှံဖြစ်လာရ၏။

အရွယ်ရောက်လာသောအခါတွင် မောင်ပွားလေးကို အကြီးအကျယ် ရှင်ပြုပွဲကြီးကိုလည်း ပြုလုပ်ပေးကြ၏။

ဆင်ကြီးတစ်ကောင် ငှားရမ်းပြီး ရှင်လောင်း မောင်ပွားလေးကို မြိုင်ရွာကြီးအတွင်း ဆင်ကြီးစီး၍ ရှင်လောင်းလှည့်ကြ၏။

ပတ်ဝန်းကျင် ကျေးရွာများမှ မိတ်ဆွေများအားဖိတ်ကြား၍ ကြီးကျယ်ခမ်းနားလှသော အလှူကြီးကိုလည်း လှူဒါန်းကြ၏။

အငယ်ဆုံးသားလေး မောင်ပွားလေးကို ချစ်လှသဖြင့် ရှင်သာမဏေဘဝဖြင့် ဘုန်းတော်ကြီးထံအပ်နှံထားကြ၏။ ကျောင်းထိုင်ဆရာတော်ဘုရားကလည်း မောင်ပွားလေးကို ရှင်ပညာ ဟူသောဘွဲ့အမည်ကိုပေးပြီး ပရိယတ္တိစာပေများကို သင်ကြားပေးတော်မူပါ၏။

ရှင်သာမဏေ ရှင်ပညာသည် ပညာဉာဏ်ထူးချွန်လှပါသဖြင့် သာမဏေဘဝမှာပင် သဒ္ဒါ၊ သင်္ဂြိုဟ်တို့ကို အပြီးတိုင် တတ်မြောက်နေပါတော့သည်။

ရှင်သာမဏေ ရှင်ပညာ အသက် (၂၀) ရောက်သောအခါ ရဟန်းဘဝသို့ ကူးပြောင်းရပါသဖြင့် ဦးပညာဖြစ်လာပါ၏။ ကျောင်းထိုင်ဆရာတော်ကြီးက ဦးပဥ္စင်းလေး ဦးပညာကို အထက်မြန်မာနိုင်ငံ မန္တလေးမြို့တော်ကြီးသို့ သူကိုယ်တိုင် လိုက်ပို့ပေးပြီး ပိဋကတ်စာပေများကို ဆက်လက် သင်ကြားစေပါတော့၏။

ရဟန်းတော်လေး ဦးပညာသည် မန္တလေးမြို့ စာသင်တိုက်ကြီးတစ်တိုက်တွင် (၅) နှစ်တာမျှ ပရိယတ္တိစာပေများတွင် သင်ကြားတတ်မြောက်တော်မူပြီး မြိုင်ရွာကြီးသို့ ပြန်လည် ကြွလာတော်မူပါ၏။



ထိုအချိန်အခါဝယ် ဒုတိယကမ္ဘာ...
စစ်မီးကြီး တောက်လောင်နေပြီး မြန်မာ...
နိုင်ငံအတွင်းသို့ပါ ကူးစက်လာပါသ...
ကျေးလက်ဒေသများမှာလည်း ...
မသက်ဖြစ်လာပါတော့သည်။

ရဟန်းတော်လေး ဦးပညာသည်...
မိဘနှစ်ပါး အသက်ကြီးနေကြပြီ...
သဖြင့် မိဘများအား စိတ်မချနိုင်ပါသ...
ရဟန်းတော်ဘဝမှ လူဝတ်ကြောင်...
သို့ ပြန်လည်ရောက်ရှိလာပါတော့၏။

အသက် (၂၅) နှစ်အရွယ်...
သော သားငယ်မောင်ပွားအား မြိုင်...
ထဲမှ ဘာသာရေးကိုင်းရှိုင်းလှသော...
ရတနာ (၃) ပါးကို ကြည်ညိုလှသော...
မဖြူ ဆိုသည့် အမျိုးသမီးချောလေး...
လက်ထပ်ပေးပါ၏။ ပြီးတော့ သူတို့...
မောင်နှံအတွက် အိမ်တစ်ဆောင်သီး...
ဆောက်လုပ်ပေးပါ၏။

လယ်ဧက (၅၀) ကျော်ကိုလည်း...
မောင်ပွားတို့ဇနီးမောင်နှံ လုပ်ကိုင်...
သောက်ရန် ခိုင်းနွား၊ ခိုင်းကျွဲ၊ လယ်...
သုံးပစ္စည်းများနှင့်အတူတူခွဲဝေပေး...
ပါ၏။

မောင်ပွားလေးလက်ထပ်ထိမ်း...
ပြီး (၆) လခန့်အကြာတွင် အသက် (...
ကျော်နေကြပြီဖြစ်သော ဦးရွှေရိုး...
ဒေါ်သူဇာတို့လင်မယားလည်း ရှေ့...
နောက်ဆင့် ကွယ်လွန်ကြပါကုန်၏။

မိဘလက်ထက်က အိမ်ကြီး...
အစ်မအကြီးဆုံးမိသားစုက ဆက်...
နေထိုင်ကြပါတော့၏။

လယ်သမား ဦးပွားသည် သား...
လေးတစ်ဦး ထွန်းကားလာ၏။ စီး...
ရေးကလည်း အလွန်တိုးတက်လာ...
သူ၏ လယ်ယာလုပ်သားများကို...
လုပ်ခများတိုးပေး၏။ ဝမ်းစာအ...
ဆန်စပါး၊ ငါးပိ၊ ငါးခြောက်၊ ပဲအမျိုး...
တို့ကိုလည်း ပြည့်ပြည့်စုံစုံရှိ...
ဆောင်ရွက်ပေးပါ၏။

ဒုတိယကမ္ဘာစစ်ပွဲကြီးပြီးဆုံး...
ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး...
လွတ်လပ်ရေးရလေပြီ။

မြန်မာနိုင်ငံတော်ကြီးအတွင်း...
လူမျိုးအသီးသီးတို့က သူပုန်ထ...
၏။

မြိုင်ရွာထဲမှာ ကွန်မြူနစ် ဆို...
ရဲဘော်တစ်စု ရောက်လာ၏။ ...
ဘက်၊ ဖြူဘက်ကဟုဆိုကြ၏။

ကွန်မြူနစ်ဗိုလ်လုပ်သူက မြိုင်...
ထဲမှာ တရားဟော၏။ တောင်သူ...
သမားအစိုးရဖွဲ့မည်ဟု ...



www.burmeseclassic.com

www.burmeseclassic.com

ဟောပြော၏။

လယ်သမားကြီးဦးပွားထံမှ ငွေ တောင်းပြီး လက်နက်တွေဝယ်၏။

ကွန်မြူနစ်များက အုပ်ချုပ်ပြီး သက်နက်ကိုင်ကရင်တိုင်းရင်းသားများ မြိုင်ရွာကြီးထဲသို့ဝင်လာပြန်၏။ အင်အား မျှသဖြင့် ကွန်မြူနစ်တွေ မြိုင်ရွာကြီးမှ ကြက်ပျောက်ငှက်ပျောက်ပျောက်သွားကြ ပြန်၏။

ကရင်သူပုန်များကလည်း မြန်မာ နိုင်ငံတော်ကြီးကို 'ကောသူလေးနိုင်ငံ' ထူထောင်မည်ဆိုပြီး မြိုင်ရွာတွင်းမှာ ဆက်ကြေးငွေများ ကောက်ခံကြပြန်၏။

ဝင်ငွေအများဆုံးထည့်ဝင်ရသူက တော့ လယ်သမားသူဌေးကြီး ဦးပွားပင် ဖြစ်ပါ၏။

ဦးပွား အသက် (၅၀) အရွယ်တွင် သားသမီး (၅) ယောက်ထွန်းကားပါ၏။ သားကြီးနှင့်သမီးကြီးကို ခေတ်ပညာများ အတတ်မြောက်ရန် မြို့ကျောင်းသို့ပို့၏။

ဦးပွားက စပါးပြီးတော့ မြေပဲစိုက် ၏။ အောင်မြင်ပါ၏။ စီးပွားရေးက လည်း တစ်နေ့တခြားပင် တိုးတက်လာ ၏။

ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း အတွင်း (၂၇) တောင် ဉာဏ်တော်ရှိ သော စေတီတစ်ဆူတည်ထားကိုးကွယ် ၏။ ဦးပွားတို့မိသားစုက အလှူရေစက် ချွင်းအမြဲ လက်နှင့်မကွာ လှူဒါန်းပါ ၏။

မြိုင်ရွာထဲမှ မရှိဆင်းရဲသားများကို ဆန်များဝေ၏။ အဝတ်အထည်များ လှူဒါန်း၏။

ရှင်မပြုနိုင်သူ၊ ရဟန်းမခံနိုင်သူ များကိုလည်း နွေရာသီတွင် ရှင်ပြုပေး ၏။ ရဟန်းခံပေးခြင်းအလှူများကို ဆောင်ရွက်ပါ၏။

လယ်သမားကြီးဦးပွားက ဘုရား ဒါယကာကြီးဦးပွားဟု အမည်တွင်လာ၏။ လူသာမုခေါ်၊ နတ်သာမုခေါ် ပုဂ္ဂိုလ်ကြီး ဖြစ်လာ၏။

ဦးပွားကံကြမ္မာက ဆန်းကြယ်လှ ၏။ ချမ်းသာလာကတည်းက ဆင်းရဲခြင်း ဘေးအပေါင်းနှင့် မတွေ့ကြုံရခဲ့ပါ။

ဦးပွား၏ သမီးအကြီးက မြို့ ကျောင်းမှာ ပညာသင်ပြီး ဆရာအတတ် သင်ပြီးတက်၍ မြိုင်မှာ ကျောင်းဆရာမ ဖြစ်၏။

ဦးပွား၏ သားတစ်ယောက်က ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင် ၍ ရန်ကုန်တက္ကသိုလ်ကြီးသို့တက်၍



ပညာဆည်းပူးပါ၏။

ရန်ကုန်တက္ကသိုလ်ကြီးမှ ဘွဲ့ရပြီး လယ်သမားကြီးဦးပွား၏သားသည် မြို့ ပိုင်အလုပ်ကိုဝင်လုပ်၏။

လယ်သမားကြီး ဦးပွားတို့ဇနီး မောင်နှံ အသက် (၇၀) ကျော်လေပြီ။ သူတို့မသေခင် သားသမီးများအား မိမိ ပိုင်အမွေများကို စနစ်တကျခွဲဝေပေး၏။

အသက် (၇၂) နှစ်အရွယ် လယ် သမားသူဌေးကြီးဦးပွား မနာမကျန်းဖြစ် လာ၏။ ကျောင်းဆရာမဖြစ်သူ သမီးကြီး ၏ သမီးလေး လှလှအေးက အဘိုးကို အနီးကပ်လာပြုစုပေး၏။

ဦးပွားသည် သူ့မြေးလေးကို အလွန်ချစ်ပါ၏။

ဘုရားဒကာကြီး၊ လယ်သမား သူဌေးသူကြွယ်ကြီးဦးပွားသည် သူ့အား လပေါင်းများစွာ ပြုစုပေးနေသော မြေး ကလေး လှလှအေး၏ လက်ထဲမှာပင် ဆုံးပါးသွားရ၏။

ဦးပွားဆုံးပါးသွားရပြီး (၆) လခန့် ကြာတော့ ဦးပွား၏ဇနီး ဒေါ်ဖြူသည် လည်း လူကြီးရောဂါဖြင့်ဆုံးပါးရပြန်၏။

ဘုရားဒကာကြီး ဦးပွားသည် မြေး လေးကိုချစ်သောစိတ်၊ စွဲလမ်းသောစိတ် ဖြင့်သေဆုံးရပါသဖြင့် ဘဝကူးမကောင်း ခဲ့ပါ။

သူ၏သမီးကြီး ကျောင်းဆရာမ ပိုင် ခြံကြီးထဲရှိ သရက်ပင်ကြီးတစ်ပင် တွင် ပရလောကသား (ပြိတ္တာကြီး) သွား ဖြစ်နေရပါတော့၏။

ဇနီးသည် ဒေါ်ဖြူကတော့ ဘဝ ကူးကောင်းသွားဟန်တူပါ၏။

ဘုရားဒကာကြီး ဦးပွားသည် သေခါနီးစွဲလမ်းမိသောစိတ်ကြောင့် ဘဝ ကူးမကောင်းခဲ့ပါ။

သူ၏ ချစ်လှစွာသော မြေးလေး လှလှအေးကို တွေ့ရ၏။ မြင်ရ၏။ သို့သော် စကားပြော၍မရ။ မြေးလေး၏ အိမ်ထဲသို့ဝင်ခွင့်မရ။ အိမ်စောင့်နတ်က ဝင်ခွင့်မပေးပါ။

ဘုရားဒါယကာကြီး၊ လယ်သမား သူဌေးကြီးဦးပွားသည် နေ့စဉ်နှင့်အမျှ စိတ်မချမ်းသာစွာဖြင့် ပြိတ္တာဘဝနှင့် သရက်ပင်ကြီးမှာ နေထိုင်နေရပါ၏။

နှစ်အတန်ကြာလာသောအခါ တစ်နေ့သ၌ ဘုရားဒါယကာကြီး လယ် သမားသူဌေးကြီးဦးပွား (ပြိတ္တာဦးပွား) သည် ဘုန်းတော်ကြီးအား အိပ်မက်ပေး ပါတော့၏။

သူမကျွတ်ကြောင်း၊ သူ့သမီးခြံထဲ က သရက်ပင်ကြီးတွင် ပြိတ္တာကြီးဘဝ ရောက်နေရကြောင်း အိပ်မက်ပေးပါ၏။

ရွာဦးကျောင်းမှ ဘုန်းတော်ကြီး သည် ဦးပွား၏သားသမီးများကိုခေါ်ပြီး အကျိုးအကြောင်းရှင်းပြပါ၏။

ရွာဦးကျောင်းဆရာတော်ကြီးမှာ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့်ပြည့်စုံ ပြီး သက်တော်လည်း ရာကျော်နေပြီ ဖြစ်ပါ၏။

ဦးပွား၏ သားသမီး၊ မြေး၊ မြစ် တစ်စုတို့က သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် တောင် စသည်တို့ကို လှူဒါန်းပြီး သမီး ကြီးဆရာမအိမ်မှာ ဆရာတော်ကြီးကို ပင့်၍ ဆွမ်းကပ်ပါ၏။ ဦးပွားအတွက် ရည်စူးပြီး အမျှအတန်းပေးဝေကြပါ၏။

ထိုနေ့မှစ၍ ဦးပွားသည် (ပြိတ္တာ ဘဝ) မှ ကျွတ်သွားရပါတော့သတည်း။

ရွာဦးကျောင်းဆရာတော်ကြီးအား မထင်မရှားနတ်သားတစ်ပါးက အိပ်မက် ပေးပြန်ပါ၏။

ဘုရားဒကာကြီး ဦးပွားနှင့် ဇနီး ဒေါ်ဖြူတို့သည် တာဝတိံသာနတ်ပြည် ကြီးမှာ နတ်သား၊ နတ်သမီးများဖြစ်ကြ ပြီး နတ်စည်းစိမ်တွေခံစားနေရကြောင်း ပါပဲ။

ဤအဖြစ်အပျက်ကိုကြည့်ပါ။ ဘဝ ဟူသည် ဆန်းကြယ်လှ၏။ ကံတရား တို့သည် ဆန်းကြယ်လှပါ၏။

ဘုရားဒါယကာကြီး ဦးပွားသည် သေခါနီး တဏှာ၊ ဥပါဒါန်ကြောင့် ပြိတ္တာ ကြီးဘဝကို ရောက်ခဲ့ရသေးသည်ကို စာဖတ်သူများ သံဝေဂယူနိုင်ကြပါစေ။

အောင်စကြာ-

အရှင်သုစမ္ပသာရ



www.burmeseclassic.com

www.burmeseclassic.com



(မန္တလေး)

# ခင်မောင်အေး

## ကျွတ်တို့၏ကျီစယ်ခြင်းခံရသည့် အညာသား

မောင်သန်းဝင်းနှင့် မရွှေသုန်တို့ ဇနီးမောင်နှံ ကုလားကြီးကုန်းသို့ရောက်ခါစမှာ အိမ်ခြေရာခြေတို့ ယခုလောက် မများသေးပေ။ ကုလားကြီးကုန်းတွင် လက်ရှိ နေထိုင်ကြသူများသည်လည်း ပန်းစိုက်သမားတွေသာဖြစ်ကြလေရကား တဲအိမ်စုလေးဟိုတစ်အိမ်သည်တစ်အိမ်၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်တဲနှင့်တစ်တဲ ခပ်ကျဲကျဲသာရှိကြ၏။ မောင်သန်းဝင်းတို့က ပခုက္ကူခရိုင် လင်းကတောကျေးရွာမှ ဖြစ်ကြပါသည်။ အညာမှာ လုပ်ကိုင်စားသောက်နေကြရာက ယခု မေ့ာ်ဘီမြို့နယ် ကုလားကြီးကုန်းသို့ သူတို့ထက်ဦးစွာ ရောက်ရှိနေကြပြီး ပန်းစိုက်တောင်သူကိုယ့်ရွာသားအချို့က လက်တို့ကာ သတင်းပေးသဖြင့် ဖာတစ်တန်အထုပ်တစ်ဖက်ထမ်းလျက် ကသုတ်ကရက်လှမ်းလာခဲ့ကြခြင်းပင်။

ကနဦး ရောက်စက ယောင်လည်လည်နှင့် မြေစမ်းခရမ်းပျိုးပြီး၍ဝယ်ထားသည့်မြေကွက်ကို ကြိုးစားပမ်းစားပြုပြင် အစာထည့်လျက် ဂန္ဓာမာအဖြူတွေ စတင်စိုက်ပျိုးခဲ့၏။ နွေကာလ၊ မိုးကာလဆိုလျှင် ဂန္ဓာမာအဖြူမျိုးက ကောင်းစွာဖြစ်ထွန်းခြင်းမရှိပေ။ ဆောင်းဥတုဆိုလျှင် ဂန္ဓာမာအဖြူက ပန်းပွင့်ပန်းသားတွေဖွေးဆွတ်ပြီး ရောင်းပန်းအလွန်လှသည်။ မောင်သန်းဝင်းတို့ရောက်ရောက်ချင်း စိုက်လိုက်မိသည့် ပန်းဖြူဖြူတွေ လက်ဆိပ်လိုက်ကာ ကြီးထွားအောင်မြင်လှသဖြင့် မင်္ဂလာဒုံမှ ပန်းဖောက်သည်က နှစ်ခြိုက်သဘောကျသွားပြီး ခြံချုပ်ယူသွားခဲ့လေသည်။ မောင်သန်းဝင်း မရွှေသုန်တို့လည်း စိုစိုပိုပိုမြိုးမြိုးမြက် စားလိုက်ကြရ၏။ ပင်တိုင်ဖောက် အဖြစ်လည်းချိတ်မိသွားသည်။

ကုလားကြီးကုန်းကျေးရွာ မောင်သန်းဝင်းတို့ ယခုလိုရောက် ရောက်ချင်း သို့နှယ်အောင်မြင်ဖြစ် သွားသည့်သတင်းက အင်တာနက် မြန်ဆန်စွာ လင်းကတောသို့ရော သည်။ အညာသားတွေ တစ်



www.burmeseclassic.com

www.burmeseclassic.com



...င်းလာကြကာ ကုလားကြီးကုန်း ...မြှကွက်တွေဝယ်၊ ဂန္ဓာမာတွေစိုက် ...ကြသည်။ ကုလားကြီးကုန်းကျေးရွာ ...လည်း မူလရွာအမည်ပျောက်ကာ ...သားတွေစုနေကြသမို့ 'အညာစု' ...ရလေတော့၏။

...န်းစိုက်တောင်သူတွေများလာ ...ခါ ပန်းမျိုးကလည်း ဟိုကလည်း ...သည်ကလည်းလိုနှင့် ရှားပါးလာသည်။ ပန်းမျိုးကို ယခင်က တောင်ကြီးအထိတက်ဝယ်ရ၏။ ကိုယ်လိုချင်သော ပန်းမျိုးကို ကိုယ်တိုင်တက်ဝယ်ကြရလေသည်။ ဝယ်လက်တွေ တစ်စထက်တစ်စ များလာပြီး ဟိုတစ်ပေါက်ဒီတစ်ပေါက် ဖြစ်လာကုန်သည်။ မျိုးဈေးတွေလည်း ဈေးကွက်ပျက်သွားရ၏။

လာဘ်မြင်သော မောင်သန်းဝင်းသည် တောင်ကြီးမှ ဩဇာရှိသည့် ပန်းကုန်သည်တစ်ဦးနှင့်ဆက်မိသွားပြီး ပန်းမျိုးတွေကို တစ်ဦးတည်းဝယ်ယူနိုင်သောအခွင့်အရေးကို မိမိရရ ဆုပ်ကိုင်လိုက်နိုင်၏။ မောင်သန်းဝင်းက အပြောအဆိုညက်သည်။ တစ်ပါးသူ၏အထာကို နားလည်သည်။ အလိုက်အထိုက်ဆက်ဆံတတ်သည်။ နာမည်ကိုပင် 'ကျော်အောင်လှ' ဟု သူတို့အညာသားအချင်းချင်းက နာမည်ပြောင်မှည့်ခေါ်ထားကြသည်။ ကျော်အောင်လှ ဆိုတာက 'ကျအောင်လှော်' လို့ ဆိုကြသမို့လား။

တစ်ခုသော ဆောင်းဦးကာလ နံနက်ခင်းတွင် မောင်သန်းဝင်းသည် တောင်ကြီးသို့ ပန်းမျိုးယူရန် တက်သွားခဲ့လေသည်။ အဝေးပြေးကားဂိတ်မှ တစ်ဆင့်စီးရသဖြင့် မှော်ဘီ - ရန်ကုန် အမြန်ကားကိုစီး၊ ထိုမှနေ ရန်ကုန် - တောင်ကြီးပြေးဆွဲသော ရှမ်းမလေးကားကို ဆက်စီးရသည်။ အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ စီးလာခဲ့ပြီး ဆည်းဆာအချိန်မှာ ဟိုပိတ်ရွာမရောက်မီ နှစ်မိုင်လောက်အလိုမှာ ရှမ်းမလေးကားဘရိတ်ပေါက်သွား၍ လမ်းနံဘေးတွင် ရပ်နားထားလိုက်ရ၏။ ကားဘီးဖာကာလဲရမှာ နာရီနှင့်ချီပြီးကြာတော့မည်မို့ ကားဒရိုင်ဘာက ခရီးသည်တွေစောင့်



www.burmeseclassic.com

www.burmeseclassic.com

လိုကစောင့်ကြပါ၊ ကားမှာမစောင့်ချင်လည်း ဟိုပိတ်အထိ ခြေကျင်သွားပြီး စောင့်နိုင်ပါသည်။ ဘီးဖာပြီးပြီးချင်း ဟိုပိတ်ရွာသို့လာခဲ့ပါမည်ဟု ကြေညာသည်။ ခရီးသည်တွေက ကားပေါ်မှာ ထိုင်ပြီးစောင့်မနေချင်ကြ။ ဟိုပိတ်သို့ ခြေကျင်လျှောက်သွားကြပြီး စားရင်းသောက်ရင်းစောင့်မည်ဟု အချင်းချင်းပင် မတိုင်ပင်ဘဲ ဟိုပိတ်သို့ ဘေးလွယ်အိတ်တွေ၊ လွယ်အိတ်တွေဆွဲကာလွယ်ကာ ထွက်ခွာလာခဲ့ကြ၏။ မောင်သန်းဝင်းက အဖော်မပါ တစ်ယောက်တည်းမို့ ပန်းမျိုးဝယ်မည့် ငွေပါသည့်ခါးပတ်ကို ခါးတွင်တင်းတင်းလျှို့လျှို့ဝှက်ဝှက်ပတ်၊ တစ်ကိုယ်ရေသုံးပစ္စည်းနှင့် တိုလီမိုလီ ပစ္စည်းပါသည့် ကျောပိုးအိတ်ကိုလွယ်လျက် ထွက်ခွာလာခဲ့၏။

ဆည်းဆာ၏ အလင်းတန်းများ ဝန်းကျင်တစ်ခွင်မှာ ကျဲပြန့်နေဆဲဖြစ်၍ လင်းလင်းချင်းချင်းရှိနေပေသေးသည်။ မော်တော်ကားလမ်းအတိုင်း နှစ်မိုင်လောက် လျှောက်လိုက်ပါက ဟိုပိတ်သို့ ရောက်ပါလိမ့်မည်။ ဟိုပိတ်တွင် စားသောက်ဆိုင်တွေအများကြီးရှိသဖြင့် နှစ်သက်ရာမှာယူစားသောက်နိုင်ပါသည်ဟု ယာဉ်မောင်းက ပြောလိုက်သည်။ တစ်ခုပဲ သတိထားရမှာကတော့ ဟိုပိတ်မရောက်မီ တစ်မိုင်ခန့်တွင် လမ်းဟောင်းနှင့် လမ်းသစ်ခွဲသောလမ်းဆုံရှိသည်။ လမ်းသစ်ဘက်သို့သာ လိုက်သွားကြပါဟု သေသေချာချာမှာလိုက်လေသည်။ မည်သည့်အကြောင်းကြောင့် မှာသည်ကို ခရီးသည်များက တွေးမိကြခြင်း မရှိကြ။ သာမန်ကာလျှံကာသာ သဘောထားလိုက်ကြသည်။

လမ်းနံဘေး ဝဲ၊ ယာနှစ်ဖက်မှာ ကျွန်းပင်ပေါက်များ၊ သစ်ရာပင်၊ အင်ကြင်းပင်တွေ ပြာသောမိုးကောင်းကင်ထက်သို့ ထိုးတက်ပေါက်ရောက်လျက်ရှိသည်။ အင်တိုင်း၊ ဆူးရစ်ချုံတွေ သစ်ပင်ကြီးများအခြေမှာ မှိုခိုကပ်ရပ်နေသလိုရှိ၏။ အောက်ခြေရှင်းသောတောဖြစ်သဖြင့် သားကောင်ကြီးငယ် တစ်ကောင်တလေမျှမတွေ့ရ။ ခပ်ဝေးဝေး တောအတွင်းမှ အိပ်တန်းတက် တောကြက်ဖများ တစ်ကောင့်တစ်ကောင် အပြိုင်ဗိုလ်လုကာတွန်နေကြသံများ ဆူညံနေသည်။

ခရီးသည်များ တစ်ယောက်နှင့်တစ်ယောက် လမ်းသွားရင်းစကားပြောနေကြပြီး ခရီးတွင်အောင် ခပ်သွက်သွက်လှမ်းနေကြသည်။ မမှောင်ခင် ဟိုပိတ်သို့ရောက်ချင်နေကြပြီ။ ဟိုပိတ်ရောက်ပြီး ညစာလည်းစားချင်နေကြသည်မဟုတ်လား။ တစ်ယောက်တစ်ယောက်စောင့်မနေကြတော့ဘဲခြေကုန်နှင်နေကြသည်။ ဆည်းဆာ၏အလင်းရောင်တွေကတော့ အတော်များများကျန်နေသေးသည်ဖြစ်ရကား မောင်သန်းဝင်းက တစ်ယောက်တည်းသမားပီပီ အေးအေးဆေးဆေး ဖြည်းဖြည်းမှန်မှန်လျှောက်သွားနေသည်။ သူ့ရှေ့မှခရီးသွားများနှင့် တစ်စတစ်စ ကွာဝေးသွားသည်။ ခဏအကြာမှာတော့ သူတစ်ယောက်တည်း ကျန်နေလေတော့၏။

မကြာမီ ဟိုပိတ်ရွာအနီးလမ်းသစ်နှင့်လမ်းဟောင်းလမ်းဆုံသို့ ရောက်ရှိလာသည်။ လမ်းဆုံသို့အရောက် လမ်းနံဘေး တောချုံတစ်ခုအတွင်းမှ မထင်မှတ်ဘဲ တောကြောင်တစ်ကောင်ဝုန်းခနဲခုန်ထွက်လာကာ လမ်းကိုဖြတ်ပြေးသွား၏။ ရုတ်တရက်မို့ မောင်သန်းဝင်း အလန့်လန့်အဖျတ်ဖျတ်ဖြစ်သွားရသည်။ နှုတ်ကလည်း အာမေဋိတ်သံယောင်ပြီး ထွက်သွားသည်။ 'ခေ-ာက်ခွေး၊ နှင့်××× လွှား'။ အညာသားများယောင်ပုံ က။

အယောင်ယောင်အမှားမှားတို့နှင့် ဆည်းဆာအရောင်မလင်းတလင်း လမ်းသစ်ကိုလိုက်ရမည့်အစား လမ်းဟောင်းကို ဆက်လက်လျှောက်လှမ်းသွားမိလေသည်။ အမှောင်ရိပ်များ တဖြည်းဖြည်းသန်းလာနေသည်။ လေပြင်းကလည်း ဝှေ့ခနဲတစ်ချက်ဖြတ်သန်းတိုက်ခတ်သွား၏။ လျှောက်ရင်းလျှောက်ရင်း အမှောင်က ကြီးစိုးလာပြီး မြင်ကွင်းကလည်း ဝေဝါးလာသည်။ မောင်သန်းဝင်းက ခရီးဆောင် LED အိတ်ဆောင်ဓာတ်မီးကိုထုတ်ယူကာ ဝဲ၊ ယာသို့ထိုးလျက် လမ်းကိုကြည့်ရှုရှာဖွေရ၏။ခဏအကြာတွင် ခွေးဟောင်သံတစ်ချက်၊ နှစ်ချက်ကြားလိုက်ရပြီး မီးရောင်များထိန်လင်းနေသောရွာကြီးကို ဘွားခနဲမြင်လိုက်ရလေသည်။ ရွာက တော်တော်ကြီးသည်။ အိမ်ကြီးရခိုင်များချည်းဖြစ်၏။ တဖြည်းဖြည်းလျှောက်လာရင်း ရွာလယ်ပိုင်းသို့ ရောက်လာလေ၏။ ခြံကပင်တော်တော်ကျယ်သည်။ အိမ်ဝိုင်းအတွင်း နှင်းဆီပန်းပင်များ စနစ်တကျစိုက်ထားသည်။ ရေမွှေးနှင်းဆီပွင့်များငွားငွားစွင့်စွင့်ပွင့်နေသည်။ ပန်းရနံ့က ခြံအတွင်း ကြိုင်သင်းလျက်ရှိ၏။

ခဏအကြာ အိမ်ကြီးအတွင်း... လူကြီးတစ်ယောက် ထွက်လာသည်... မောင်သန်းဝင်းအား မြင်သည့်အခါ... ပြုံးပြုံးရွှင်ရွှင် လှမ်းနှုတ်ဆက်ပြီး အိမ်... အတွင်းသို့ ဖိတ်ခေါ်သည်။

"တစ်ရပ်တစ်ရွာကဧည့်သည်... ပါရဲ့။ ဘယ်ကလာလို့ဘယ်များသွားမ... လို့ပါလဲ"

"မော်ဘီကပါ ခင်ဗျာ။ တောင်ကြီး... ကို ပန်းမျိုးလာဝယ်တာ၊ ရှမ်းမလေး... နဲ့လာတာခင်ဗျ။ ဟိုပိတ်မရောက်ခင်... စီးလာတဲ့ကားဘီးပေါက်သွားလို့ ဟိုပိတ်... ကို ခြေကျင်လျှောက်လာတာ။ ဒီရွာ... အရောက် မိုးချုပ်သွားတယ်။ မီးရောင်... လင်းနေတာတွေ့ပြီး ဝင်လာခဲ့တာ"

မောင်သန်းဝင်းက အိမ်ရှင်လူကြီး... အား ရှည်ရှည်ဝေးဝေးရှင်းပြလိုက်သည်...

"ဟုတ်ကဲ့ပါ၊ မောင်ရင်လည်း... တော်တော်ခရီးပန်းနေပြီ။ ဒီည... ဒီရွာမှာပဲနားနားနေနေနေလိုက်... ကိုင်း - အိမ်ထဲကိုဝင်ပါဦး"

အိမ်ရှင်လူကြီးက မောင်သန်း... အား ရင်းရင်းနှီးနှီး ဖိတ်ခေါ်သည်... မောင်သန်းဝင်းလည်း အိမ်ရှင်ဦး... ခေါ်သွားသည့်နောက်လိုက်သွားသည်... အိမ်ကြီးအပေါ်ထပ်တွင် ဆိုလာမီး... တစ်လုံးထွန်းထားသဖြင့် ထိန်လင်း... သည်။အိမ်ပေါ်ထပ်သို့ရောက်လာ... အခါ အိမ်ရှင်၏သားနှင့်သမီးဟု ထင်... သည့် မိန်းကလေးတစ်ယောက်... ယောက်ျားပျိုတစ်ဦးက သင်ဖြူးဖျာ... ချပ်ခင်းပေး၏။

မောင်သန်းဝင်းက ပိုးလာသည့်... ကျောပိုးအိတ်ကိုချပြီး ဖျာပေါ်တွင်... လိုက်၏။ ပြီးနောက် ဧည့်ခန်းကိုကြည့်... လေ့လာလိုက်သည်။ အိမ်ရှင်... ပစ္စည်းဥစ္စာတော်တော်ပြည့်စုံပုံရသည်... အိမ်ထောင်ပရိဘောဂက တော်... သစ်လွင်စုံလင်သည်။ ကျွန်းဗီရို... များ၊ ဧည့်ခန်းနှင့် လိုက်ဖက်သည့် ဆို... ဆက်တီများ ခင်းကျင်းထားသည်။... အကြာမှာ ထမင်းပွဲရောက်လာသည်... စောစောက မိန်းကလေးနှင့် အ... မိန်းကလေးတစ်ယောက်က သူ့ရှေ့... လာချပေးသည်။ ထမင်းက ယ... လောလောလတ်လတ်ချက်ထားပုံ... အငွေ့တထောင်းထောင်းပင်ထွက်... သေး၏။ ဟင်းကတော့ ကြက်သား... ငါးကြင်းကြော်ချက်၊ ချဉ်ပေါင်ရေ... ဆီလည်တစ်ခွက်ဖြစ်ပါသည်။ အ...



www.burmeseclassic.com

www.burmeseclassic.com

အမြှုပ်အချို့ပင်ပါလိုက်သေး၏။

မောင်သန်းဝင်းသည် ဟန်မျှပင် ဆောင်နိုင်တော့ဘဲ ထမင်းပွဲရှေ့ဝင် ထိုင်လိုက်ပြီး လက်ဆေးဇလုံတွင် လက်ဆေးကာ အသင့်ခူးထားသည့် ထမင်းပန်းကန်ကိုနှိုက်လိုက်သည်။ ပြီးတော့မှ မျက်ကိုးရှက်ကန်းနှင့် -

"ဦးကော တစ်ခါတည်းဝင်မစားတော့ဘူးလားခင်ဗျ"

ဟု မေးလိုက်၏။

"မောင်ရင်ပဲစားပါကွယ်။ ဦးက ခပ်စောစောကပဲစားပြီးသွားပြီ။ စားစား၊ အားမနာပါနဲ့"

မောင်သန်းဝင်းက အိမ်ရှင်လူကြီး၏ စကားပင်မဆုံးသေးမီ ထမင်းကို ဆာဆာနှင့်စားနေတော့သည်။ ဦးခေါင်းပင် မဖော်နိုင်အောင် အငမ်းမရ စားမိ၏။ ဆာတာလည်းဆာနေသည်ကိုး။ ကြက်ရှက်၊ ဝက်မရှက်ဟု ဆိုရိုးပင်ရှိသည် မဟုတ်ပါလား။ အားရပါးရစားသောက်နေသည်ကို အိမ်ရှင်လူကြီးက နှစ်ခြိုက်သဘောကျစွာကြည့်နေသည်။ သူစားလို့ မပြီးသေးမီ စောစောကမိန်းကလေးတွေ ရောက်လာကြကာ ရေနွေးကြမ်းတစ်အိုးနှင့် လက်ဖက်သုပ်၊ ငှက်ပျောသီးစသည့် အချိုပွဲများ လာရောက်ချပေးသွားကြပြန်သည်။

သည်အခါမှာတော့ အညာသား မောင်သန်းဝင်း အားနာသွားပုံရသည်။ ထမင်းလုတ်ကို ကပျာကသီဝါးပြီး လက်ကာပြလိုက်ကာ အိမ်ရှင်လူကြီး အား စကားတစ်ခွန်းပြောလိုက်၏။

"အားနာစရာကြီးခင်ဗျာ၊ ထမင်းစားရတာနဲ့တင် ကျေးဇူးတင်လို့မဆုံးပါဘူး ဦးရယ်"

"အားနာစရာမလိုပါဘူး မောင်ရင်ရယ်၊ ကျုပ်တို့မြန်မာလူမျိုးတွေက ခင်မင်ဖော်ရွေတတ်တယ်။ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်ကြတယ်။ စိမ်းကျက်မရွေး ဆွေမျိုးမိတ်သင်္ဂဟလို ဆက်ဆံတတ်ကြတယ်လေ။ ခုဆို မောင်ရင်က ခရီးသွားလေ။ ခရီးလမ်းမှာ အခက်အခဲနဲ့ကြုံတွေ့နေတယ်မဟုတ်လား၊ ကူညီရမှာပေါ့။ ဘာမှအားနာမနေနဲ့။ စားသောက်ပြီးရင်လည်း သားတို့က အိပ်ရာပြင်ပေးပါလိမ့်မယ်။ နံနက်စောစော ထွက်သွားရင် ခရီးသည်တင်ကားတွေ ကားဆက်မပြတ်ဘူး။ ဘာမှမပူနဲ့ ဟုတ်ပြီလား"

မောင်သန်းဝင်းက အိမ်ရှင်လူကြီး



၏စကားများကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကာ လက်ဖက်သုပ်ကို ဇွန်းနှင့် ခပ်ယူနှိုက်စားနေလိုက်သည်။ လက်ဖက်သုပ်သုံးလေးဇွန်း၊ အခါးရည် တစ်ရှုပ်၊ နှစ်ရှုပ်သောက်ပြီးသွားသည့် အချိန်တွင် ဗိုက်ကလေးသွားပြီ။ မျက်လုံးကလည်း မှေးစင်းနေပြီ။ အိမ်ရှင်လူကြီး၏သားက အိပ်ရာလာပြင်ပေးသွား၏။

"မောင်ရင်က တောင်ကြီးတက်မှာဆိုတော့ စားသောက်ပြီးရင် နားလိုက်ဦး"

မိန်းကလေးနှစ်ဦးက ထမင်းပွဲပြင် သည့်စားပွဲဝိုင်းကလေးကို သိမ်းသွားကြသည်။

မောင်သန်းဝင်းက ပြင်ပေးထားသည့်အိပ်ရာဆီသို့ သွားရောက်ကာ ကျောပိုးအိတ်ကို နေရာချသည်။ အိမ်ရှင်လူကြီးကလည်း အလိုက်သိစွာ အိမ်ခန်းအတွင်း ဝင်ရောက်သွားပြီဖြစ်၍ ပန်းမျိုးဝယ်မည့် ငွေများပါရှိသည့် ခါးပတ်ကို တင်းတင်းကျပ်ကျပ်ပြန်ပြင်ကာပတ်ထား လိုက်ပြီး အိပ်ရာထက်သို့ လှဲအိပ်လိုက်၏။ ခဏပင်မကြာလိုက် မောင်သန်းဝင်း အိပ်မောကျသွားလေသည်။ စားသောက်ထားသည်ကများသဖြင့် မျက်စိလည်း ဖွင့်မရ။ လမ်းလျှောက်လာရသည့် အတွက် မောကလည်းမောသဖြင့် တစ်ညလုံး တစ်ရေးမျှပင်မနိုးခဲ့။

မျက်နှာကို နေထိုးသဖြင့် နွေးရှံ့မက ပူပင်ပူလာသည်ဖြစ်သဖြင့် သူ အိပ်ရာမှနိုးလာလေသည်။ နံနက်ခင်း နေခြည်တွေဖြာဝေနေ၏။ လင်းကြက်တချို့၏ အိပ်တန်းဆင်းတွန်သံတွေကို ညံနေအောင်ကြားရသည်။ သပိတ်လွယ်ငှက်ကလေးတစ်ကောင် ဘယ်ကြိုဘယ် ချောင်ကလဲမပြောတတ်။ တေးသံချိုချို ကို သီဆိုဟစ်ကြွေးနေသည်။ နေ့သစ်က အညာသားကို မင်္ဂလာနှုတ်ခွန်းဖြင့် ကြိုဆိုနေသည့်နှယ် ဖြစ်ပါသည်။

မောင်သန်းဝင်း ကျောအောက်က ခိုးလုခုလုဖြစ်နေ၍ ကိုယ်ကိုအသာကြွ လျက်ကြည့်လိုက်မိသည်တွင် ယမန်နေ့ညက အိမ်ရှင်၏သားလေးခင်းပေးထား ခဲ့သော သင်ဖြူးဖျာမရှိတော့။ သစ်ရွက်ခြောက်တွေကိုသာ တွေ့လိုက်ရသည်။ ဝန်းကျင်ဝဲ၊ ယာကိုကြည့်လိုက်သည်တွင် တစ်ညတာခဏမျှတည်းခိုခဲ့ရသည့် ရွာကြီးကို မတွေ့ရတော့။

မီးတွေတထိန်ထိန်နှင့် အိမ်ကြီး ရခိုင်များလည်း ဘယ်ဝယ်ဘယ်ဆီ ရောက်ရှိသွားသည် မပြောတတ်နိုင်။

မောင်သန်းဝင်းသည် ဖုန်ဆိုး ဟောင်းတစ်ခုအတွင်းမှာ ရောက်ရှိနေသည်။ ကုန်းမို့မို့ဖြစ်ပြီး မလှမ်းမကမ်းတွင် အုတ်ဂူဟောင်းလေးငါးလုံးကို မြင်ရ၏။ သင်္ချိုင်းဟောင်းတစ်ခုဖြစ်ပုံရ၏။ ခါးတွင် တင်းတင်းပတ်ထားခဲ့သော ငွေပါသည့် ခါးပတ်လည်း နေရာမပျက်ရှိနေသည်။ သူ့ဘေးတွင် ကျောပိုးအိတ်ကို ညကချထားခဲ့သည့်အတိုင်း မိမိ၏ဘေးမှာတွေ့ရ၏။ ခေါင်းအုံးခဲ့သည့်နေရာမှာမူ အုတ်နီခဲတစ်လုံး။

မောင်သန်းဝင်း ခေါင်းနားပန်း တွေကြီးကြက်သီးတွေတဖြန်းဖြန်းထလျက် ဆံပင်တွေပင်ထောင်သွားသလား ထင်မှတ် ရသည်။ ကျောပိုးအိတ်ကိုအမြန်ပိုး၊ နေရာမှကမန်းကတန်းထလျက် ထိုနေရာ က အမြန်ဆုံးထွက်လာခဲ့၏။

ဟိုပိတ်ရောက်သည့်အခါ သူတွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဖြစ်စဉ်ကိုပြောပြ သည့်အခါ လမ်းဟောင်းတစ်နေရာတွင် ယခင်က ရွာသင်္ချိုင်းတစ်ခုရှိခဲ့သည့် အကြောင်း၊ ကပ်ရောဂါတစ်ခုကျရောက် သောကြောင့် ရွာကိုစွန့်လျက် ပြောင်းပြေးကုန်ကြပြီး ကျတ်ကုန်းမြေဖြစ်နေ ကြောင်းပြောပြသဖြင့် သိရှိခဲ့ရ၏။

စင်စစ် ကျတ်တို့မည်သည် လူတွေအား ကြောက်လန့်စေရန် မရည်ရွယ်ချေ။ အပျော်အပြက်သဘော မထိတ်သာမလန့်သာ ကျီစယ်တတ်ကြသည်ဟု သာကြားဖူးပါသည်။ ယခုလည်း လင်းက တောရွာသား မောင်သန်းဝင်း ကျတ်တို့၏ ကျီစယ်ခြင်းခံလိုက်ရပြန်လေပြီ။

ခင်မောင်အေး (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်နိုင်ငံသမိုင်း၏ ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာမည့်သူ


## "၄၅-ဦးမြောက် အမေရိကန်သမ္မတ ဟီလာရီကလင်တန်"

ဆရာချမ်းမင်း (LL.B)

### ၂ ဟီလာရီကလင်တန်၏ဘဝနှင့်နက္ခတ် ဗေဒင်ပညာအမြင်

ဟီလာရီကလင်တန်သည်(Hillary Clinton) ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ တနင်္ဂနွေနေ့ အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့တွင် မွေးဖွားခဲ့သူဖြစ်သည်။ မူလနာမည်အရင်း Hillary Diane Rodham ဖြစ်သည်။ သူမသည် ၁၉၆၁-၆၄ ခုနှစ်၌ Maine East High School ကျောင်းတွင် လည်းကောင်း၊ ၁၉၆၄-၆၅ ခုနှစ်တွင် Maine South High School ကျောင်းတွင် လည်းကောင်း၊ ၁၉၆၅-၆၉ ခုနှစ်၌ Wellesley College ကျောင်းတွင် လည်းကောင်း၊ ၁၉၆၉-၇၃ ခုနှစ်တွင် Yale Law School ကျောင်းတွင် လည်းကောင်း ပညာသင်ကြားခဲ့သည်။

မိခင်တက္ကသိုလ် .. ကောလိပ်ကျောင်းတို့မှာ Wellesley College နှင့် Yale Law School တို့ ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် Wellesley College မှ ဘွဲ့ရခဲ့ ပြီး ကိုးကွယ်သည့်ဘာသာမှာ မ က သ ဒ စ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ ဘွဲ့ရပြီးနောက် သူမသည် ရှေ့နေတစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၈ ခုနှစ်မတိုင်ခင်က ရီပတ်ဘလင်ကင် (Republican) ပါတီဝင်တစ်ဦးဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် ဒီမိုကရက်တစ် (Democratic) ပါတီဝင်တစ်ဦးအဖြစ်သို့ ကူးပြောင်းခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဘီကလင်တန် (Bill Clinton) နှင့် လက်ထပ်ခဲ့ပြီး Chelsea Victoria သမီးရတနာတစ်ဦး ထွန်းကားခဲ့သည်။ ယခုအခါ Chelsea Victoria မှာ အသက် (၃၆) နှစ်ဝန်းကျင်ခန့်ရှိပြီ ဖြစ်သည်။ ၎င်းနောက် သူမအား (Hillary Clinton) First Lady အဖြစ် ကမ္ဘာကအသိအမှတ်ပြုခဲ့သည်။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင် New York မဲဆန္ဒနယ်မှ အမေရိကန်အထက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။





အမေရိကန်သမ္မတ အိုဘားမား လက်ထက်တွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြ အမှုထမ်းခဲ့သည်။

ဖော်ပြပါဇာတာခွင်သည် ဟီလာ ရီကလင်တန်၏ ဇာတာ ဖြစ်လေသည်။ မွေးဖွားချိန်ကို စိုးစဉ်းမျှမသိရသ အတွက် တြိစက္ကဇာတာခွင်ရရန်အတွ ချီကာဂိုမြို့ စံတော်ချိန် နံနက် (၉) နာ ဖြင့်ထုတ်ထားပါသည်။

ဇာတာတွင် မွေးဖွားချိန်မသိသ အတွက် တနင်္လာဂြိုဟ်ကို လဂ်တ ဟောချက်ထုတ်ရမည် ဖြစ်ပါသ တနင်္လာဂြိုဟ်သည် ရာသီစက်၌ ရာသီတွင် (၀) ဒီဂရီ (၁၉) မိနစ်တ ရပ်တည်လျက်ရှိသော်လည်း ဘာဝ တွင် ကုံရာသီသို့ပြောင်းရွှေ့ကာရပ်တ လျက်ရှိသည်ကို တွေ့ရသည်။ တန ဂြိုဟ်သည် ကြာသပတေးနက္ခတ်ပိုင်ဂြို ဖြစ်ပြီး တနင်္လာဘုတ္တိနက္ခတ်နယ်ပယ် ကျရောက်လျက်ရှိသည်။ ယင်းကြာသ တေးဂြိုဟ်သည် စန်းမှ ၁၀-တန့်ဘာ တွင် ရပ်တည်လျက်ရှိသည်။ တန ဂြိုဟ်ရပ်တည်ရာ အိမ်ရှင်ဂြိုဟ်စနေသ ဗုဒ္ဓဟူးနက္ခတ်အပိုင်ဖြစ်ပြီး စနေဘ နက္ခတ်နယ်ပယ်တွင် ရောက်ရှိလျ သည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ကြာသပတေ နက္ခတ်အပိုင်တွင်ရှိသည်။ ကြာသပတေ ဂြိုဟ်သည် စန်းရပ်တည်ရာမှ ၁၀-တ ဘာဝတွင် ရပ်တည်လျက်ရှိသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် ၁၀-တန့်(M.C









www.burmeseclassic.com

www.burmeseclassic.com

ဘာဝတွင် ရပ်တည်လျက်ရှိပြီး ၁၀-တန့်ဘာဝသခင် အင်္ဂါဂြိုဟ်သည် ဥစ်နဝင်းစီးနင်းလျက်ရှိသည်။ ၃-တန့် သဟဇာတဘာဝသည် အပြိုင်အဆိုင် ယှဉ်ပြိုင်အနိုင်ရရန်အတွက် စည်းလုံးညီညွတ်မှုနှင့် စွမ်းရည်သတ္တိကိုပေးသောဂြိုဟ်ဖြစ်သည်။ ယင်းဂြိုဟ်သည် ဥစ်နဝင်းစီးနင်းလျက်ရှိ၏။ စန်းမှ ၇-တန့်ဘာဝသခင် တနင်္ဂနွေဂြိုဟ်သည် ရာသီဘာဝစက်တို့တွင် နိုင်ငံတကာရေးရာနှင့်ပတ်သက်သည့် ၉-တန့်ဘာဝ သုဘတွင် နိစ္စဘင်္ဂယုဂ်ရလျက်ရှိသည်။ ထို့ကြောင့် ၇-တန့်ဘာဝသည် အလွန်အားကောင်းလျက်ရှိသည်။ စန်းမှ ၉-တန့်ဘာဝသခင် သောကြာဂြိုဟ်သည် မိမိအိမ်တွင် ရပ်တည်လျက်ရှိပြီး ၇-တန့်ဘာဝသခင် တနင်္ဂနွေဂြိုဟ်နှင့် ပူးယှဉ်လျက်ရှိသည်။ ၉-တန့်ဘာဝသခင်သောကြာဂြိုဟ်သည် ကြာသပတေးနက္ခတ်အပိုင်တွင်ရှိနေပြီး ယင်းကြာသပတေးဂြိုဟ်သည် ၁၀-တန့်ဘာဝတွင် ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် စန်း၊ ၃-တန့်ဘာဝ၊ ၇-တန့်ဘာဝ၊ ၉-တန့်ဘာဝ၊ ၁၀-တန့်ဘာဝအားသည် လွန်စွာအားကောင်းလျက်ရှိသည်။ စန်းသည် ကုံရာသီတွင် ရပ်တည်လျက်ရှိသောကြောင့် ကုံလဂ်အတွက် ဗုဒ္ဓဟူးဂြိုဟ်သည် ယောဂကာရကဂြိုဟ်ဖြစ်သည်။ ယင်းဗုဒ္ဓဟူးဂြိုဟ်သည် စန်းမှ ၁၀-တန့် (M.C) တွင် ရပ်တည်လျက်ရှိသည်။

သို့ဖြစ်ပါ၍ -

၁။ ဇာတာရှင်အား ထောက်ခံဆန္ဒမဲပေးနိုင်သော (ဝါ) နိုင်ငံရေးနှင့် ပတ်သက်သော ၇-တန့်ဘာဝသခင် တနင်္ဂနွေဂြိုဟ်သည် နိစ္စဘင်္ဂယုဂ်ရလျက်ရှိခြင်း။

၂။ သမ္မတဂြိုဟ်၊ ဘုရင်ဂြိုဟ်ကို ကိုယ်စားပြုသော တနင်္ဂနွေဂြိုဟ်သည် နိုင်ငံတကာရေးရာကို ကိုယ်စားပြုသော ၉-တန့်ဘာဝအိမ်တွင် နိစ္စဘင်္ဂယုဂ်ရလျက်ရှိခြင်း၊ သုဘအိမ်ရှင်ဂြိုဟ်သောကြာသည် ကြာသပတေးနက္ခတ်စီးလျက်ရှိပြီး ယင်းကြာသပတေးသည် ၁၀-တန့်ဘာဝတွင် ရပ်တည်လျက်ရှိခြင်း။

၃။ ခွန်အားစိုက်ထုတ်ကြိုးပမ်းမှု၊ ပြိုင်ဘက်များကို အနိုင်ရရှိမှု၊ စည်းလုံးညီညွတ်မှုနှင့် စွမ်းရည်သတ္တိကိုပေးနိုင်သော ၃-တန့် သဟဇာတ အိမ်ရှင်ဂြိုဟ် အင်္ဂါသည် ဥစ်နဝင်းစီးလျက်ရှိခြင်း၊ ၁၀-တန့်ဘာဝသခင် အင်္ဂါဂြိုဟ်သည် ဥစ်နဝင်းစီးလျက်ရှိခြင်း၊ ထိုအင်္ဂါဂြိုဟ်သည် စန်းမှထောက်လျှင် နဝင်းစက်၌ ၁၂-တန့်ဘာဝတွင် ရပ်တည်လျက်ရှိခြင်း၊ ၃-တန့်ဘာဝ၏ ကာရကဂြိုဟ်ဖြစ်သော အင်္ဂါဂြိုဟ်သည် ၁၂-တန့်ဘာဝတွင် ရပ်တည်လျက်ရှိသောကြောင့် ၃-တန့်ဘာဝအားသည် လွန်စွာအားကောင်းလျက်ရှိခြင်း။

၄။ ဝီသောတ္တရိသာအရ တနင်္ဂနွေထုလဒသာအတွင်း ကျရောက်လျက်ရှိရာ တနင်္ဂနွေဂြိုဟ်သည် ရာဟုနက္ခတ်ပိုင်ဂြိုဟ်ဖြစ်ပြီး ကြာသပတေးဘုတ္တိနက္ခတ်နယ်ပယ်တွင် ကျရောက်လျက်ရှိသည်။ ယင်းကြာသပတေးဂြိုဟ်သည် စန်းမှ ၁၀-တန့်ဘာဝတွင်ရပ်တည်လျက်ရှိခြင်း၊ ရာဟုဂြိုဟ်သည် သောကြာအိမ်တွင် ရပ်တည်လျက်ရှိပြီး သောကြာဂြိုဟ်မှာ ကြာသပတေးနက္ခတ်ပိုင်ဖြစ်သည်။ ယင်းကြာသပတေးဂြိုဟ်သည် စန်းမှ ၁၀-တန့်ဘာဝတွင် ရပ်တည်လျက်ရှိခြင်း။

သို့ဖြစ်ပါ၍ ဇာတာရှင်သည် (၄၅) ဦးမြောက် အမေရိကန်သမ္မတ တစ်ဦးအဖြစ် အရွေးချယ်ခံရမည်ကို ဖော်ညွှန်းလျက်ရှိသည်။

တစ်ဖန်က ဆက်လက်၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၊ U.S.A New York ၏ ဒေသစံတော်ချိန် နံနက် (၆)နာရီထား၍ ရွေးကောက်ပွဲဇာတာခွင်ကို ဟီလာရီကလင်တန်၏ မူလဇာတာနှင့် နှိုင်းယှဉ်ဆက်စပ်၍ စိစစ်ကြည့်ရာတွင် -

၁။ ရွေးကောက်ပွဲဇာတာ၌ စနေဂြိုဟ်သည် ဇာတာရှင် (ဟီလာရီကလင်တန်) ၏ M.C မွန်းတည့် ၁၀-တန့်အိမ်တွင် ရပ်တည်လျက်ရှိခြင်း၊ ယင်းစနေဂြိုဟ်သည် မူလဇာတာ၏ ဘာဝစက်ရှိ စန်းသခင် အိမ်ရှင်ဂြိုဟ်ဖြစ်ခြင်း။


၂။ ဇာတာရှင် (ဟီလာရီကလင်တန်) ၏ ၃-တန့်နှင့် ၁၀-တန့်ဘာဝသခင် အင်္ဂါဂြိုဟ်သည် ရွေးကောက်ပွဲဇာတာ ရာသီစက်၌ ဥစ်ရလျက်ရှိခြင်း၊


၃။ ရွေးကောက်ပွဲဇာတာခွင်တွင် တနင်္ဂနွေဂြိုဟ်သည် ဇာတာရှင်၏ ရာသီစက်နှင့် ဘာဝစက်တို့တွင် နိစ္စဘင်္ဂယုဂ်ရလျက်ရှိခြင်း၊ နဝင်းတွင် ဥစ်ရလျက်ရှိခြင်း။


၄။ ဟီလာရီကလင်တန်၏ မူလဇာတာတွင် ၂-တန့်နှင့် ၁၁-တန့် ဘာဝသခင် ကြာသပတေးဂြိုဟ်သည် နဝင်းတွင် ကန်ရာသီ၌ ရပ်တည်လျက်ရှိရာ ယင်းကြာသပတေးဂြိုဟ်ကို ရွေးကောက်ပွဲဇာတာရှိ ကြာသပတေးဂြိုဟ်က စီးနင်းလျက်ရှိခြင်း။

အထက်ဖော်ပြပါ အချက်အလက်တို့ကို စုစည်းဆက်နွယ်ပေါင်းစပ်၍ နောက်ဆုံးကောက်ချက်ချရသည်ရှိသော် (၄၅) ဦးမြောက် အမေရိကန်သမ္မတမှာ ဟီလာရီကလင်တန်ပင် ဖြစ်ကြောင်းကို ရေးသား ဖော်ပြအပ်ပါသည်။

ဆရာချမ်းမင်း (LL.B)




၈-၁၁-၂၀၁၆၊ U.S.A New York ဒေသစံတော်ချိန် နံနက် (၆) နာရီ ရွေးကောက်ပွဲဇာတာ



www.burmeseclassic.com

www.burmeseclassic.com

အချိန်က၊ ညနေဆည်းဆာချိန် ဖြစ်သဖြင့် နေမင်းကြီးက အနောက်မိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုးရန် တာစူနေလေပြီ။ နေမင်းကြီး၏ အလင်းရောင်ကတော့ ကမ္ဘာလောကကြီးကိုဖြန့်ကြက်ထားဆဲဖြစ်၍ ဘယ်နေရာကြည့်ကြည့် ပုစွန်ဆီရောင်နီစွေးလျက် သာယာလှပလို့နေသည်။

မြမောင်တစ်ယောက် ရွာထိပ်ရှိ ကိုအောင်ကြီးအမိန့်ရ အရက်ဖြူဆိုင်သို့ လှမ်းဝင်လိုက်သည်နှင့် သူ့အရင်ရောက်နှင့်ပြီဖြစ်သော လှထွန်းက -

"မြမောင်၊ လာဟေ့ ထိုင်ကွာ။ မင်း ဒီနေ့နောက်ကျပါလား။ ဘာတွေအလုပ်ရှုပ်နေလို့လဲ"

"အိမ်မှာ အလုပ်နည်းနည်းရှိလို့ နောက်ကျသွားတာ"

ပြောရင်း ခုံပုကလေးတစ်လုံးကို ဆွဲထိုင်လိုက်ပြီး ညစ်ထေးထေးသစ်သားစားပွဲပေါ်မှ ပုလင်းလွတ်ကိုကြည့်လိုက်ကာ -

"ဟာ - မင်းတို့က တစ်လုံးတောင် ကုန်သွားပြီလားကွ"

လှထွန်းနှင့်အတူ ထိုင်နေသော အောင်မြင့်က -

"အေးကွာ၊ ငါတို့လည်း ကိုသိန်း ရောက်နေတာနဲ့ မင်းကိုစောင့်ရင်း သောက်နေတာ"

အောင်မြင့်ကပြောရင်း -

"ကိုအောင်ကြီး ဇေတစ်လုံး၊ ဖန်ခွက်တစ်ခွက်ဗျာ။ လက်ဖက်အသား တစ်ရာဖိုးပါ လုပ်ပါဦးဗျို့"

မြမောင်က -

"ကိုသိန်း၊ အလည်လာတာလား"

"မဟုတ်ဘူးကွ၊ ငါလယ်ထဲခိုင်းဖို့ နွားတစ်ကောင်လောက်လိုချင်လို့လာခဲ့တာ။ မင်းတို့ရွာမှာများ ရနိုင်မလားလို့"

မြမောင်က စဉ်းစားဟန်ပြုပြီး -

"ကျုပ်တို့ရွာမှာတော့ ရောင်းဖို့ ပြောသံတော့မကြားမိဘူးဗျ။ ဒါပေမယ့် ဆင်အိုင်ရွာမှာတော့ ဘကြီးဖိုးလုံးမှာ နွားတစ်ကောင်ရောင်းဖို့ရှိတယ်လို့ကြားတယ်"

လှထွန်းက ကိုအောင်ကြီးလာချပေးသော အရက်ပုလင်းကို ဖန်ခွက်လေး ခွက်ထဲမှ့ထည့်လိုက်ပြီး တစ်ခွက်ကို မြမောင်ရှေ့ချပေးကာ -

"ချကွာ၊ မင်းက နောက်ကျထားတော့ မင်းများများချ"

မြမောင်က အောင်ထွန်းစကားကြောင့် ခေါင်းညိတ်လိုက်ပြီး သူ့ရှေ့မှာ လာချပေးသောအရက်ခွက်ကို ကောက်မော့လိုက်ရင်း ကုန်သွားသောဖန်ခွက်ကို စားပွဲပေါ် ချလိုက်ပြီး ဆီဆမ်း၊ ဆားဖြူးထားသောလက်ဖက်အသားကို လက်ညှိုးနှင့် တစ်ကလော်ကော်လိုက်ကာ လျှာဖြင့် လျက်လိုက်၏။ ထို့နောက် လက်ညှိုးတွင် ပေနေသောဆီများကို ပုဆိုးတွင်သုတ်လိုက်ပြီး -

"ကိုသိန်း၊ ဘကြီးဖိုးလုံးနွားကို သွားကြည့်မလား"

"အေးလေ၊ မင်းတို့ရွာမှာမရှိတော့လည်း ဆင်အိုင်ကိုပဲသွားရမှာပေါ့"

"ဘယ်တော့သွားမလဲ"

"စားသောက်ပြီးသွားကြတာပေါ့ကွာ မဟုတ်ဘူးလား"

အောင်မြင့်က အရက်ခွက်ကိုမော့လိုက်ပြီး ခွက်ကိုပြန်ချ၍ မျက်နှာကိုရှုံ့မဲ့ကာ မျိုချလိုက်ရင်းမှ -

"ဟာ - မလုပ်နဲ့၊ မလုပ်နဲ့။ မနက်ဖြန်မနက်မှ သွားကြပါကွာ"

ကိုသိန်းက အောင်မြင့်ဘက်လှည့်ကြည့်လိုက်ရင်း -

"ဘာဖြစ်လို့လဲ အောင်မြင့်ရ"

လက်ဖက်အသားအမြည်းနှိုက်နေသော အောင်မြင့်မဖြေခင် လှထွန်းက -

"ကိုသိန်း၊ ခင်ဗျားမသိသေးဘူးလား။ ဆင်ဆိုင်နဲ့ သဲကုန်းရွာကြားက (ခင်တန်း) တောတန်းလေးက အရမ်းသရဲခြောက်တယ်ဗျ။ အခုလိုနေဝင်ဖျိုးဖျ အချိန်မပြောနဲ့ နေ့ခင်းကြောင်တောင်တောင်ခြောက်လို့ ဘယ်သူမှမသွားရဲဘူး"

"ဟေ-ဟုတ်လို့လားကွ၊ ငါလည်း မကြားမိပါလား"



"ဟုတ်တာမှဟုတ်ဟုတ်နဲ့တောင်မြည်သေးဗျာ"

ထိုအခါ အရောက်နောက်ကျသွားသဖြင့် ခွက်ကျော်ချနေသော မြမောင်က ဒုတိယမြောက်ခွက်ကိုမော့သောက်လိုက်ပြီး လက်ဖက်အသားတစ်ကလော် မှာပွတ်လိုက်ရင်းမှ -

"အလကားပါဗျာ၊ ဟိုလူပြော ပြောနဲ့သံတင်းကြီးနေတာ ဟုတ်တ တိလည်းဘယ်သူမှအခြောက်ခံရ မဟုတ်ဘူး။ အလကားလျှောက်



www.burmeseclassic.com

www.burmeseclassic.com



# ဇော်မင်း
(ဒဂုံ/မြောက်)

# ဝိညာဉ်များနဲ့ကတဲ့ည

အောင်မြင့်က ကွမ်းသီးဖက်ဆေး
...လိပ်ကို မီးညှိဖွာရှိုက်နေရင်းမှ -
"မြမောင်၊ မင်းအဲဒီလိုတော့

www.burmeseclassic.com

www.burmeseclassic.com

မပြောနဲ့။တကယ်ခြောက်လို့သတင်းကြီး တာပေါ့ကွ။ မဟုတ်ဘဲ ဘယ်သူကပြော ပါ့မလဲ"

ကိုသိန်းက မြမောင်နှင့် အောင်မြင့် ငြင်းခုံနေသည်ကိုကြည့်ပြီး -

"ကဲ- တော်ကြပါတော့ကွာ။ ဒါဆို ဒီညသွားလို့မရတော့ဘူးပေါ့ဟုတ်လား"

"ဟုတ်တယ် ကိုသိန်း၊ မနက်ဖြန် မနက်မှ အေးအေးဆေးဆေးသွားကြ တာပေါ့"

မြမောင်က -

"အလကား ကိုသိန်း၊ ဒီကောင် တွေမလိုက်ချင်လို့လျှောက်ပြောနေတာ။ ဟေ့ရောင်တွေ မင်းတို့မလိုက်ချင်ရင် နေခဲ့။ မဟုတ်ကဟုတ်ကတွေလျှောက် မပြောမနေနဲ့။ ကိုသိန်း၊ ဒီကောင်တွေ မလိုက်ရင်လည်းနေပါစေ။ ခင်ဗျားနဲ့ ကျွန်တော်နှစ်ယောက်တည်းသွားမယ်"

"ဟေ့ရောင်-မြမောင်၊ မင်းအဲဒီလို တော့မပြောနဲ့ကွာ။ ငါတို့ကမလိုက်ချင် လို့မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ၊ ကြောက်လို့ လား"

အောင်မြင့်နှင့် လှထွန်းမှာ မြမောင်စကားကြောင့် မခံချင်စိတ်ဖြစ် သွားပြီး -

"ဘာလို့ကြောက်ရမှာလဲ"

"ကြောက်မွေးပါရင် ဇာဂနာနဲ့နုတ် ပစ်လိုက်မယ်"

"ဟုတ်တယ်၊ မင်းတို့သွားရင် အခု ချိန်မှမဟုတ်ဘူး၊ ညသန်းခေါင်သွား လည်း လိုက်ရဲပြီးသားပဲ"

ကိုသိန်းက -

"ဒီလိုမှပေါ့ကွ မင်းတို့ကလည်း။ ကဲ - မူးအောင်သောက်၊ မဝသေးရင် ထပ်ယူကြကွာ"

ထိုအခါ မြမောင်က -

"အိုကေ - ကျိုက်သွားပြီ ဒါမျိုးမှ ပေါ့ကွ။ ချီးယားလုပ်လိုက်ကြရအောင် မင်းတို့ခွက်တွေမြှောက်လိုက်ကြ"

ပြောရင်း ခွက်ကိုမြှောက်ရင်း -

"ချီးယား . . ."

ဟု အော်လိုက်၏။

ကိုသိန်း၊ အောင်မြင့်နှင့် လှထွန်း တို့လည်း ဘုမသိဘမသိဖြင့် ခွက်တွေ လေထဲမြှောက်ပြီး ချီးယားဟုအော်လိုက် ကြကာ ခွက်လေးလုံးဆိုင်တိုက်ကြလေ တော့သည်။

မြမောင်တို့ရွာလေးမှာ စိုက်ပျိုး ရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြ သည့် အေးချမ်းသာယာသော ရွာလေး တစ်ရွာ ဖြစ်၏။ မြမောင်၏ မိဘများမှာ ဆန်စက်၊ ဆီစက်တို့ပိုင်ဆိုင်ကြသဖြင့် အတော်အသင့် ချောင်လည်သော ရွာ မျက်နှာဖုံးများဖြစ်ကြသည်။ မြမောင် မှာတော့ ပညာရေးဆိုလည်း ဟုတ်တိ ပတ်တိမသင်၊ မိဘကိုလည်း ဝိုင်းမကူဘဲ အလေလိုက်ကာ ဆိုးချင်တိုင်းဆိုးပေချင် တိုင်းပေတေနေသဖြင့် မိဘများက လက်လျှော့ထားရ၏။ အောင်မြင့်နှင့် လှထွန်းတို့ကလည်း သူနှင့် ထူးမခြားနား ပုလင်းတူဘူးစို့များဖြစ်ကြသဖြင့် အတွဲ ညီညီနှင့်တွဲနေကြသောသူများဖြစ်ကြ၏။ ယခုလည်း အောက်ထုံးရွာသား ကိုသိန်း အပါအဝင် လေးယောက်သား တက်ညီ လက်ညီနှင့် သောက်လိုက်ကြသည်မှာ ဇေအရက်သန့် (၅) ပုလင်းကုန်လို့ (၆) ပုလင်းမြောက်ပင် ရောက်ရှိသွားကာ လေးယောက်စလုံး အာလေးလျှာလေး ဖြစ်ကုန်ကြလေပြီ။

"ဟေ့ရောင်မြမောင်၊ သောက်လေ ကွာ။ ဘာလဲ၊ လက်တွန့်နေပြီလား။ လှထွန်းဆိုတဲ့ကောင့်ကတော့ စိန်ခေါ် ရင် တိမ်ပေါ်တက်ပြီးသားပဲကွ အေ့"

"ဘာကွ - လှထွန်း၊ မင်းကငါ့ကို စိန်ခေါ်တာပေါ့လေဟုတ်လား။ မြမောင် ဆိုတဲ့ကောင်ကဘယ်တော့မှလက်မတွန့် ဘူးကွ။ ကိုသိန်းနွားဝယ်ဖို့ပိုက်ဆံမကုန် မချင်းသောက်ပြီးတာသဲကွ"

"ကဲပါကွာ၊ ဟေ့ရောင်တွေ တော် ကြတော့"

"ကိုအောင်ကြီး ရှင်းမယ်ဗျာ၊ ဘယ်လောက်လဲ"

"အားလုံး ငါးထောင်ကျတယ် ညီလေး"

မြမောင်က -

"ကိုသိန်း၊ လမ်းလျှောက်ရင်း သောက်ဖို့ နှစ်လုံးလျှောက်ဆွဲခဲ့ဦးဗျာ"

လေးယောက်သား မူးမူးနှင့် ဒေါင်ချာဆိုင်းပြီး ပုဆိုးကွင်းသိုင်း လျှောက်လာခဲ့ကြ၏။ နေမင်းကြီးက အနောက်မိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုး သွားခဲ့သည်မှာ ကြာပြီဖြစ်သဖြင့် အမှောင်ထုက ချင်းနင်းဝင်ရောက်လို့ လာပေတော့သည်။ ည၏အမည်းရောင် ကမ္ဘာက လွှမ်းခြုံထားသော်လည်း ကောင်းကင်ယံတွင် မှိတ်တုတ်မှိတ်တုတ် ကြယ်စင်လေးများက စိန်ပွင့်လေးများ ပက်ကျဲထားသည့်အလား လင်းလက် တောက်ပနေလေသည်။ ထိုစဉ်ခဏမှာ ပင် အရှေ့ဘက်ယွန်းယွန်းဆီမှ စန္ဒာ လမင်းကြီးက ထွက်ပေါ်လာပေတော့ သည်။ လဆန်း ၈ ရက်ဖြစ်သဖြင့် လမင်း ငွေစန္ဒာမှာ တစ်ခြမ်းပဲ့လို့နေလေသည်။ ငွေလရောင်အောက်တွင် လေးယော[က်] သား သိုင်းကွက်နင်းလျှောက်လာနေရ[င်း] မှ ကိုသိန်းက -

"လှထွန်း၊ မင်းတို့ပြောတဲ့ သ[...] ခြောက်တယ်ဆိုတဲ့နေရာက ဘယ်မှာ[...] ကွ။ ရောက်ရင်ပြစမ်းပါဦး"

မြမောင်က -

"မပူပါနဲ့ ကိုသိန်း၊ ရှေ့နား[...] ရောက်တော့မှာဗျ။ ဟိုရှေ့ကညောင်[...] ကြီးတွေ့လား။ အဲဒီအပင်ကြီးကျော်[...] ရင်ရောက်ပြီ အေ့"

သူတို့လျှောက်နေသောလမ်း[...] လှည်းလမ်းဖြစ်သဖြင့် ဆယ်ပေ[...] အကျယ်ရှိပြီး နှေဘက်ဖြစ်သ[...] ခြောက်သွေ့ကာနေ၏။ လမ်းတစ်[...] တစ်ချက်စီတွင် သစ်ပင်ကြီးငယ်တို့[...] အစီအရီပေါက်နေကြ၏။ လမင်း[...] အလင်းရောင်က လမ်းမပေါ်သို့ ဖြာ[...] နေ၏။ လေးယောက်သားစကားတ[...] ပြောနှင့်လျှောက်လာခဲ့ရင်း ညောင်[...] ကြီးနားသို့ ရောက်ရှိလာခဲ့လေသ[ည်]။ ညောင်ပင်မှာ လမ်းမပေါ်သို့ရိပ်မိုးနေ[...] ညောင့်မုတ်ဆိတ်တို့က တိုးလို့တွဲလော[...] နှင့် ယီးလေးခို၏။ သူတို့လေးယော[က်] ညောင်ပင်ကြီးအောက်ရောက်ရှိသွား[...] တွင် လေပြင်းတစ်ချက်ဆောင့်တို[က်] လိုက်သဖြင့် ဝေါခနဲတစ်ချက်မြည်[...] ပြီး သစ်ကိုင်းချင်းပွတ်တိုက်လိုက်[...] ကျွိကျွိနှင့်မြည်ကာ ညောင်ရွက်ခြော[က်] များ တဖြုတ်ဖြုတ်နှင့်ကြွေကျလာ[...] လှထွန်းနှင့် အောင်မြင့်မှာ မြမောင်[...] ကိုသိန်းအနား အတင်းတိုးကပ်သွား[...] ၏။ ညောင်ရွက်များ၏ အရိပ်ကြော[င့်] ညောင်ပင်ကြီးအောက်၌ မည်းမှောင်[...] နေသည်။

ထိုစဉ် ညောင်ပင်ကြီးတစ်နေ[ရာ] မှ -

"ဂစ် . . . ဂစ်"

နှင့်အော်၍ ညဉ့်ငှက်တစ်ကော[င်] ထပြန်သွား၏။

လှထွန်းက -

"အောင်းမလေးဗျ"

အော်ရင်း မြမောင်လက်မော[င်း] ကို လက်နှစ်ဖက်ဖြင့် အတင်းဆုပ်[...] လိုက်သဖြင့် -

"လှထွန်း၊ ဘယ်လိုဖြစ်နေတာ[...] ကြောက်လို့လား"

"မဟုတ်ပါဘူးကွာ"

"အေးပါ၊ မဟုတ်ရင်လည်းပြီး[...] ပဲ"

ပြောရင်း ဆက်လျှောက်လာ[...] ၏။ ညောင်ကြပ်ကြီးကို ကျော်[...]



www.burmeseclassic.com

www.burmeseclassic.com

...ည်နှင့် ရှေ့တစ်လျှောက်တွင် လမ်း ...စ်ဖက်တစ်ချက်မှ သစ်ပင်ကြီးများက ...က်သည်ဖက် တစ်ပင်နှင့်တစ်ပင်အ ...င်းချင်းယှက်ကာ လမ်းမကိုအုပ်မိုးနေ ...ဖြင့် လမ်းတစ်လျှောက်ကြည့်လိုက် ...သော် လရောင်လေးက ဟိုတပြောက် ...ည်တပြောက်မျှသာ။ တဖြည်းဖြည်း ...လျှောက်လာရင်းမှ သရဲခြောက်သည်ဟု ...ည်ကြီးနေသော ထိမ်ပင်ကုန်းနားသို့ ...ရောက်လာ၏။

ထိုအခါ အောင်မြင့်က -

"ကိုသိန်း"

အသံခပ်တုန်တုန်ဖြင့်ခေါ်လိုက်၏။

"ဘာလဲကွ"

"ပုလင်းပေးဗျာ"

"ဘာလဲ၊ ချဦးမလို့လား"

"အင်း"

ကိုသိန်းက သူ့လွယ်အိတ်ထဲမှ ...င်းတစ်လုံးထုတ်ပေးလိုက်လေ၏။ ...အောင်မြင့်က အဖုံးကို သွားနှင့်ကိုက်ဖွင့် ...ပြီး နွားငတ်ရေကျ တဂွတ်ဂွတ်နှင့် ...သောက်လိုက်၏။ အောင်မြင့်မော့ ...သွားချိန်တွင် -

"အောင်မြင့်၊ငါ့ကိုလည်းပေးဦးကွ"

လှထွန်းက လှမ်းတောင်းသဖြင့်-

"ရော့ ရော့"

လှမ်းပေးလိုက်၏။

"ဟူး - အခုမှပဲနည်းနည်းအဆင် ...သွားတယ်"

"လေးယောက်သား ထိမ်ပင်ကြီး ...သို့ တဖြည်းဖြည်းနှင့်ရောက်ရှိလာ ...၏။ ထိမ်ပင်ကြီးမှာ လမ်းညာဘက် ...ောင်းလောက်ရှိသော ကုန်းကမူပေါ် ...ပေါက်နေပြီး ပင်စည်မှာလူတစ်ဖက် ...တအောင်ပင်ကြီးမားကာ အရွက် ...ဖြင့် အုပ်ဆိုင်းလွန်းလှ၏။

"ကိုသိန်း၊ သရဲခြောက်တယ်လို့ ...ည်ကြီးနေတာ ရှေ့ကထိမ်ပင်ကြီးပဲ ..."

"ဩော်- အေးအေး၊ သတိတော့ ...ပါကွာ။ ငါတို့က လေးယောက် ...င်ဆိုတော့ သရဲကခြောက်မယ် ...ပါဘူး"

မြမောင် စကားကို ကိုသိန်းကပြန် ...ရင်း ထိမ်ပင်ကြီးအောက်သို့ရောက် ...၏။ သူတို့လေးယောက် ထိမ်ပင်ကြီး ...က်သို့ သတိထားပြီးဝင်လာခဲ့ကြ ...လုံးများကလည်း ဟိုကြည့်သည် ...နှင့် ဒီနေရာမှာသရဲခြောက်သည် ...ည့်အသိစိတ်ကြောင့် စိုးရိမ်စိတ် ...ည်း ကိုယ်စီဖြစ်ပေါ်လို့နေလေ၏။ ...စိတ်က စိုးမိုးနေသည်။ သရဲဆို သည့်အကောင်ကြီးက ဟိုနေရာကပဲ ထွက်လာလေမလား၊ သည်နေရာကပဲ ထွက်လာလေမလားနှင့် စိတ်ထဲက တထင့်ထင့်၊ ရင်တွေကတဒိန်းဒိန်းနှင့်ခုန်နေ၏။ ထိမ်ပင်ကြီးတည့်တည့်အောက်သို့ရောက်ရှိလာသည်နှင့် အောင်မြင့်မှာ သစ်ပင်ပေါ်သို့မော့ကြည့်လိုက်စဉ်မှာပင် ဖြူဖြူအကောင်များ ဝေါခနဲထပျံသဖြင့် ကြောက်လန့်ပြီး အလန့်တကြားထအော်လိုက်၏။

"အား. . ."

အသံနက်ကြီးနှင့် အော်လိုက်သောအသံကြောင့် ကြောက်စိတ်ကြီးစိုးနေကြသော အဖော်သုံးယောက်မှာလည်း လန့်ပြီးတုန်တက်သွားကြ၏။ အောင်မြင့်မှာ ထွက်ပြေးဖို့ သတိမရ။ အနားတွင်ရပ်နေသော မြမောင်အပေါ်သို့ အတင်းခွတက်သဖြင့် နှစ်ယောက်စလုံး ပြိုလဲသွား၏။ လှထွန်းမှာလည်း ကြောက်ကာ ဒူးများတဆတ်ဆတ်တုန်နေပြီး ကိုသိန်းကို အတင်းဖက်ထား၏။ အောင်မြင့်၏ ငယ်သံပါအောင် အော်သံကြောင့် ကိုသိန်းမှာလည်း ရင်ပွင့်ထွက်မတတ် တဒိန်းဒိန်းခုန်သွား၏။

"ဟေ့ရောင်၊ ငါ့အပေါ်က ထစမ်းကွာ"

မြမောင်က အောင်မြင့်ကို သူ့အပေါ်မှတွန်းဖယ်ရင်း ထလိုက်သဖြင့် အောင်မြင့်လည်း ထရပ်လိုက်၏။

မြမောင်က -

"အောင်မြင့်၊ မင်းဘာလို့ဒီလောက်တောင် ထအော်ရတာလဲ"

"ဖြူဖြူအကောင်တွေ ထပျံသွားလို့"

"အဲဒါ ဗျိုင်းတွေ။ လူသံကြားလို့ ထပျံသွားတာ။ လာ - သွားမယ်"

လေးယောက်သား ထိမ်ပင်ကြီးကို လွန်သည်နှင့် လမင်းအလင်းရောင်ကို မြင်လိုက်ရသဖြင့် အနည်းငယ်အားတက်လာ၏။ ဘယ်လောက်မှပင် မလျှောက်ရသေး။ တောင်ဆုပ်မျှအမြင့်ရှိသော လူပုံသဏ္ဍာန် အကောင်လေးများ သူတို့ကိုပတ်၍ ပြေးလေတော့သည်။ မြန်လိုက်ဖြစ်ခြင်း၊ လှစ်ခနဲလှစ်ခနဲနေ၏။ တစ်ခါတစ်ခါ လူ့ပေါင်ပေါ်ပြေးတက်လာပြီး ခါးနားရောက်မှပြန်ခုန်ဆင်းသွား၏။

"လုပ်ကြပါဦး - ဘာကောင်လေးတွေလဲမသိဘူးကွ။ ခါးပေါ်တက်လာပြန်ပြီ"

အောင်မြင့်တစ်ယောက် သူ့ခါးပေါ်တက်လာသော အကောင်လေးကို အလန့်တကြားပုတ်ချရင်း အော်လိုက်၏။ ကျန်သူသုံးယောက်လည်း အောင်မြင့်အသံကြားမှသတိဝင်လာပြီး ကိုသိန်းက သူ့လွယ်အိတ်ထဲမှ အရက်ပုလင်းကို ထုတ်ပြီး သူတို့ကို ပတ်ပြေးနေသော အကောင်လေးများကို ထိချင်ရာထိဆိုပြီး အားနှင့်ပစ်ပေါက်လိုက်၏။

"ခွမ်း. . ."

ပုလင်းမှာ ကျောက်ခဲနှင့်ထိပြီးကွဲသွားသောအသံမှာ ညအချိန်တွင်ကျယ်လောင်လွန်းလှ၏။ ပုလင်းကွဲသံကြောင့် အကောင်လေးများမှာ ဘယ်ရောက်သွားသည်မသိ၊ ကြက်ပျောက် ငှက်ပျောက်ပျောက်ကုန်၏။ ထိုအချိန်မှာပင် လှထွန်းအသံထွက်ပေါ်လာပြန်သည်။

"သရဲ. . . သရဲ"

"ဟာရောင်၊ မရှိတော့ပါဘူးကွ"

"မဟုတ်ဘူး၊ ဟို ဟိုမှာ"

လှထွန်း လက်ညိုးညွှန်ပြရာကို အားလုံးလှမ်းကြည့်လိုက်ကြ၏။ လမ်းညာဘက်ခြမ်း ကုန်းကမူပေါ်မှ ဖြူဖြူလုံးလုံးကြီး သူတို့ရှိရာသို့ တဖြည်းဖြည်းလာနေသည်ကို လှမ်းမြင်လိုက်ရ၏။ ဖြူဖြူလုံးလုံးကြီးမှာ ဝါးတစ်ရိုက်သာသာ မှုန်ဝါးဝါးဖျော့တော့တော့အလင်းရောင်အောက်တွင် တရွေ့ရွေ့နှင့် ဂွမ်းစိုင်ကြီးတစ်ခု လေထဲလွင့်လာနေသကဲ့သို့ သူတို့ဆီမျှောလာနေသည်ကို လှမ်းမြင်လိုက်ရ၏။

အောင်မြင့်မှာ တလွင့်လွင့်နှင့်မျောလာနေသော ဖြူဖြူကြီးကိုကြည့်ပြီး လိပ်ပြာပင်လွင့်ထွက်မတတ် ထိတ်လန့်သွားကာ မျက်လုံးပြူးပြီးကြည့်နေရာမှ-

"အောင်မလေး သရဲ၊ သရဲ"

ဟု ငယ်သံပါအောင် ကုန်းအော်ပြီး ရှေ့ဆုံးမှ ပြေးလေတော့သည်။ အောင်မြင့် ကယောင်ကတမ်းဖြစ်နေသဖြင့် ဗိန္ဒောဆရာမြင့် (၃) ရက်ဆေးကုလိုက်ရ၏။ ထိုအချိန်မှစ၍ ထိမ်ပင်ကြီးလမ်းမှာ ပို၍နာမည်ကြီးသွားပြီး မည်သူမျှ မသွားရဲကြတော့ပေ။ အရေးကြီးသောအကြောင်းကိစ္စကြီးငယ်ရှိက တခြားလမ်းကိုသာ အသုံးပြုကြလေတော့သည်။

(အသက် (၈၀) နှစ်ခန့်ရှိသော ဘကြီးဦးအောင်မြင့်ပြောပြသော သူငယ်စဉ်ကဖြစ်စဉ်ကို ပြန်လည် ရေးဖွဲ့သည်။)

*စာရှုသူအပေါင်း*
*ရွှင်လန်းချမ်းမြေ့ပါစေ*
ဒေါ်မင်း (ဒဂုံ/မြောက်ဉ)



www.burmeseclassic.com

www.burmeseclassic.com


'ဝင့်မှာအမြဲ ငရဲမှာအပ' ဟု ကြားဖူးပါသည်။ ကြောက်စရာကောင်းဘိ။ ဝင့်က ယခုပစ္စုပ္ပန်ဘဝမှာပင် လက်ငင်းဒိဋ္ဌဓမ္မ အတုံ့အလှည့်ရှိသည်။ ငရဲမူ နေခွင်တမလွန်ဘဝရောက်မှသာကျခံရမှာဖြစ်၏။ ဓားချင်းတူသော်လည်း နီးရာဓားကိုကြောက်ရမည်မှာ ဓမ္မတာပင်။

လစဉ်ထုတ် သူရဋ္ဌမဂ္ဂဇင်းများတွင်လည်း ဝင့်ကြွေးအတုံ့အလှည့်ဖြစ်ကြရပုံများကို လက်ရာမျိုးစုံနှင့် တင်ပြခဲ့ကြသည်ကို ဖတ်ရှုရပါသည်။ ယနေ့မျက်မှောက်ကာလ အဖြစ်အပျက်များသာမက မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဇာတ်ဇာတကများလည်း အပါအဝင်ဖြစ်သည်။ သိပြီးသောအကြောင်းအရာများလည်းပါ၏။ အသိပေးသော အကြောင်းအရာများလည်းပါ၏။ ဇဝေဇဝါဖြစ်သည်များလည်း ပါပါသည်။ အားလုံးကောင်းကြသည်ချည်းဖြစ်ပါ၏။

စာရေးသူ ငယ်စဉ် အလယ်တန်းကျောင်းသားဘဝက သူငယ်ချင်းတစ်ယောက်ရှိသည်။ သန်းဝင်းမောင် ဖြစ်၏။

တစ်ရွာတည်းသားချင်းမဟုတ်ဘဲ တစ်ယောက်တစ်ရွာစီဖြစ်ကြသော်လည်း ကျောင်းတွင် တစ်တန်းတည်း၊ တစ်[…] တည်းသူငယ်ချင်းများ ဖြစ်ကြသဖြင့် ခင်မင်ရင်းနှီးပါသည်။ အချစ်ဆုံးသူငယ်ချင်းဟုပြော၍ရ၏။ မြန်မာစာဆရာမ[…] အချစ်ဆုံးသူငယ်ချင်း ဟူသောခေါင်း[…] ဖြင့် စာစီစာကုံးရေးခိုင်းလျှင် စာရေး[…] က သူ့အကြောင်းကိုရေးသည်။ သူ[…] လည်း စာရေးသူအကြောင်းကို ပြန်ရေး[…] သည်။ စာရေးသူမှာ စားစရာရှိလျှ[…] သူ့ကိုကျွေးမည်ချည်း ဖြစ်သည်။ သူ[…] စားစရာရှိလျှင်လည်း စာရေးသူ[…] သည်ချည်း ဖြစ်ပါသည်။

# (သဲကုန်း) ငဝင်မောင်စိုးမှိုင်
## ဝင့်ကြွေးတုံ့တာင်



သို့သော် သူ့တွင် ညဉ်ဆိုး[…] ကရှိနေ၏။ အခြားမဟုတ်၊ တစ်[…] သား မခံချင်နိုင်လောက်အောင် အ[…] စားသန်၊ အစအနောက်သန်ခြင်း [...]

အတန်းပိုင်ဆရာမ၊ အ[…] ဆရာ/ဆရာမတို့၏ ပြောဆိုဆုံး[…] ရိုက်နှက်အပြစ်ပေးခြင်းတို့ကိုမ[…] ခံရသူဖြစ်သည်။ စာရေးသူလည်း အ[…] ဆုံးသူငယ်ချင်းဖြစ်သဖြင့် အ[…] ဖျောင်းဖျသည်။ ဆင်ခြင်ရန်နား[…] မည်သို့ပင် ဖျောင်းဖျနားချစေကာ[…] သူ့အကျင့် သူ့ဗီဇကို လုံးဝမပျော[…] စကားပုံရှိုင်းရိုင်းနှိုင်းရလျှင်ကော[…]

www.burmeseclassic.com

www.burmeseclassic.com

ာက် ကျည်တောက်စွပ်ဟု ဆိုရချိမ့်
မည်။

တစ်နေ့ . . .

သောကြာနေ့။

ထိုနေ့ညနေက နောက်ဆုံးကာယ
တွင် ကာယဆရာမလာ။ အတန်းထဲ
ဆရာမရှိသဖြင့် ဆူညံနေလျှင် ကပ်ရက်
အခန်းများ စာသင်မရမှာစိုးသဖြင့်
တစ်ဖက်ခန်းတွင် အင်္ဂလိပ်စာသင်နေ
သောဆရာက ကစားကွင်းထဲသွား၍
ဘောလုံးကန်ကြရန် အချိန်ပြောင်းမှပြန်
ကြရန်နှင့် ရန်မဖြစ်ကြရန် မှာကြား
လွှတ်လိုက်၏။

စာရေးသူတို့သူငယ်ချင်းတစ်သိုက်
ကျောင်းဆောင်အတွင်းမှ လွှတ်လိုက်သော
ငှက်များနှယ် ကစားကွင်းရှိရာကျောင်း
နောက်သို့ ကဆုန်စိုင်းပြေးကြတော့၏။

အလံတိုင်အုတ်ခုံပေါ်တွင် ပုဆိုး
အကျီတို့ကို ချွတ်ပုံကြသည်။ စီးထား
သောဖိနပ်များကို ပုဆိုးအကျီချွတ်ရင်း
နှင့်ပင် ကန်ကျောက်ချွတ်ပစ်ခဲ့ကြ၏။
ဖိနပ်တို့ကား စီစီရီရီမဟုတ်။ ဟိုတစ်ဖက်
သည်တစ်ဖက် ရောက်ချင်ရာရောက်ကြ
၏။ သိပ်အချိန်ဆွဲမနေကြ။ နှစ်ဖက်လူ
ခွဲကာ ပြောင်းဆန်အောင် ဘောလုံးကန်
ကြသည်။ ဒိုင်လူကြီးမလို၊ နှစ်သင်းစလုံး
ကစားသမားများသည် ဒိုင်လူကြီးများ
ဖြစ်ကြ၏။

တစ်ယောက်နှင့် တစ်ယောက်
နာမည်ပြောင်များခေါ်၍ ကစားကြ
သည်။ အရပ်ပုသူကို ငပု၊ အရပ်ရှည်
သူကို လန်ဘား၊ ဝသူကို ဖတ်တီး၊ ပိန်သူ
ကို ညှက်စိ စသဖြင့် ဖြစ်သည်။ ထိုအထဲ
မှ ဖက်တီးဟုအခေါ်ခံရသူ ကံမြင့်တွင်
အားနည်းချက်တစ်ခုရှိသည်။ အခြား
မဟုတ်၊ မွေးရာပါမျက်စိတစ်ဖက် (ညာ
ဘက်) ချို့ယွင်းနေခြင်း ဖြစ်သည်။ ကံမြင့်
ကို သန်းဝင်းမောင်က သူများခေါ်သလို
ဖတ်တီးဟုခေါ်၍မကစား။ ငရန်မန်ကန်း၊
အကန်းဟုခေါ်၍ကစားသည်။

အခြားသူများက သနားသဖြင့်
တစ်ဖက်လူ၏ အားနည်းချက်ကိုသုံး၍
ခေါ်ပါ။ အတန်းထဲတွင် စခြင်းနောက်
ခြင်းလည်းမပြုပါ။ သန်းဝင်းမောင်က
သာ အတန်းထဲမှာ၊ ကစားသည့်နေရာ
မှာ၊ တွေ့သည့်နေရာတိုင်းမှာ မခံချင်
လောက်အောင် နောက်လေ့ပြောင်လေ့
ရှိသည်။ ငရမန်ကန်းက နားထောင်
၍ ကောင်းသေးသော်လည်း ငကန်းဆို
သည့် အသုံးအနှုန်းက နှိမ့်နှိမ့်ချချနိုင်
လွန်းသည်။ စာရေးသူနားနှင့်ဆတ်ဆတ်



ကြားရသည့်အခါမျိုးတွင် အိုးကမပူ
စလောင်းကပူဖြစ်ရ၏။ ကံမြင့်အစား
စာရေးသူက နာရသည်။ ကံမြင့်တိုင်
ပေါင်းများ၍ သန်းဝင်းမောင်အရိုက်ခံရ
ပေါင်းလည်း မနည်းတော့ပြီ။

သန်းဝင်းမောင် အမှတ်မရှိ။

ယခု ဘောလုံးကစားရင်း ခေါ်နေ
ပြန်ပြီ။

ကံမြင့် ထိုနေ့ညနေကျောင်းဆင်း
ချိန်တွင် ငို၍ အိမ်ပြန်သွားခဲ့ရသည်။
အတော်ခံစားသွားရပုံရ၏။ အကျီစား
သန်သူ သန်းဝင်းမောင်အား အစ
အနောက်ခံရသူ ကံမြင့်ကပင် အရှုံးပေး
လိုက်ပြီထင့်။

ကြားထဲ စနေ၊ တနင်္ဂနွေကျောင်း
နှစ်ရက်ပိတ်သည်။ ကျောင်းပြန်ဖွင့်သည့်
တနင်္လာနေ့တွင် သန်းဝင်းမောင် ကျောင်း
မလာ။ ကံမြင့်က ဆရာမကိုတိုင်လျှင်
အရိုက်ခံရမည်စိုး၍ ကျောင်းမတတ်ခြင်း
ဖြစ်သည်ဟု အတန်းသားအားလုံးက
ထင်ထားကြ၏။ သန်းဝင်းမောင်နှင့်
တစ်ရွာတည်းသားဖြစ်သူ စိုးမြင့်လည်း
ကျောင်းနောက်ကျသည်။ ကျောင်းတက်
ပြီး၍ အတန်းပိုင်ဆရာမ ကျောင်းခေါ်
ချိန်ခေါ်နေသည့်အချိန်ကျမှ စိုးမြင့်
ရောက်လာသည်။ ဆရာမအား ဝင်ခွင့်
တောင်း၍ အတန်းထဲသို့ ဝင်လာပြီး
သူ့နေရာသူထိုင်ပြီးသည့်အခါ ဆရာမက
နာမည်စာရင်းခေါ်နေသည်ကို ခေတ္တရပ်
ကာ သန်းဝင်းမောင် ကျောင်းမတက်ရ
သည့်အကြောင်းကိုမေး၏။

စိုးမြင့်ရှင်းပြမှပင် စာရေးသူ အပါ
အဝင် တစ်တန်းလုံး အံ့အားသင့်ကြရ
သည်။ အထင်နှင့်အမြင်ပါစင်အောင်လွဲ
ကြရတော့သည်။

ဆရာမအား စိုးမြင့် ရှင်းပြသည်
မှာ -

သူတို့သူငယ်ချင်းတစ်သိုက်သည်
ကျောင်းပိတ်ရက် ရွာတွင် ကစားနည်း
မျိုးစုံကစားကြကြောင်း၊ အိမ်နောက်ဖေး
ငှက်ပျောခြံထဲတွင် မြားပစ်ကစားခဲ့ကြ
ကြောင်း (တစ်တောင်၊ တစ်တောင့်ထွာ
ခန့် ဝါးခြမ်းပြား၏အဖျားတစ်ဖက်တစ်
ချက် ကြိုးချည်ပြီး တစ်ပေခန့်.ဝါးစိတ်
ကလေးများကို လုံးနေအောင် ဓားဖြင့်
သပ်ကာ အဖျားတစ်ဖက်အားချွန်၊ ကျန်
အဖျားတစ်ဖက် မြားနားရွက်တပ်၍
ငှက်ပျောပင်နှင့် အခြားသစ်ပင်များအား
ပစ်ခတ်ကစားသည့်နည်း။ ထိုနည်းဖြင့်
စာရေးသူတို့လည်း ကစားခဲ့ဖူးပါသည်။)
သန်းဝင်းမောင် ပစ်လိုက်သောမြားက
ငှက်ပျောပင်အား အချွန်ဘက်နှင့် မခိုက်
ဘဲ ပင်စည်ကို မြားလုံးရိုက်ကာ သူ့ညာ
ဘက် မျက်စိအားပြန်၍ထိမှန်ခဲ့ကြောင်း၊
ဒီနေ့ သူ့အဖေနှင့် မြို့သို့သွား၍ မျက်စိ
ဆရာဝန်နှင့်ပြသကုသရန်သွားကြကြောင်း
မိမိအားခွင့်တိုင်စာပေးလိုက်ပါကြောင်း
ဖြစ်၏။

ဆရာမနှင့်အတူ တစ်တန်းလုံး
စိတ်မကောင်းကြ။ စာရေးသူသိလိုက်ပြီ။
ဒီကောင် သန်းဝင်းမောင်ဝဋ်လိုက်ပြီဟု။

သူ ငရမန်ကန်း၊ အကန်းဟုအခေါ်
ခံရသူ ကံမြင့်တစ်ယောက် မွေးရာပါ
ညာဘက်မျက်စိ ချို့ယွင်းသလို သန်းဝင်း
မောင်လည်း မျက်စိတစ်ဖက်ပျက်စီးခဲ့ရ
ပြီ။ ဖြစ်သည့်ဘက်တောင် ညာဘက်မှ
ညာဘက်ကွက်တိ။ ဘယ်ဘက်မျက်စိ
တောင်မဟုတ်။

ကျောင်းတက်နိုင်၍ ကျောင်းပြန်
တက်သောအခါ သန်းဝင်းမောင်၏
မျက်စိမှာ အမြင်အာရုံပေးစွမ်းနိုင်ခြင်းမရှိ
တော့။ မျက်စိတစ်ဖက်ဆုံးရှုံးလိုက်ရ
သဖြင့် ရတောင့်ရခဲ လူ့ဘဝ၏ ဘဝ
တစ်ဝက် သေသွားခဲ့ရပြီ ဖြစ်သည်။
အချစ်ဆုံး သူငယ်ချင်းတစ်ယောက်
နောင်တကောင်းကောင်းရသွားခဲ့ဟန်တူ
၏။ အရွတ်အနောက်ပျောက်သွားသည်။
အကျီစားမသန်တော့။တည်ငြိမ်ရင့်ကျက်
စွာနှင့် ပုံမှန်အနေအထားဖြစ်သွား၏။

ဩော် - စာရေးသူတို့၏ သုံးလူ့
ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားပင်
(၁၂) ပါးသောဝဋ်ကြွေးတို့ကို အကျေ
ပေးဆပ်ခဲ့ရသည်ဖြစ်ရာ သန်းဝင်းမောင်
တို့လို သာမန်လူသားတစ်ယောက်အဖို့
မည်သို့လျှင် ရှောင်လွှဲ၍ရနိုင်ပါအံ့နည်း
လေ။

မောင်စိမ့်စမ်း(သဲကုန်း)




www.burmeseclassic.com

www.burmeseclassic.com

# အောင်သိန်းဝင်း(ပွင့်ဖြူ)

## ဘားမသနန်း အေးချမ်းစေရာ



(၁)

ပွင့်ဖြူမြို့၏ ပထမဦးဆုံးဖွင့်လှစ်သော ဝင်းသီရိသောက်ရေသန့်ထုတ်လုပ် ဖြန့်ချိရေးပိုင်ရှင် ကိုမင်းမင်း၊ စာရေးသူ၏နောင်တော် ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ယခင် ဗဟိုသံဃာနာယကအဖွဲ့ဝင်ဆရာတော် ရွှေစေတီစာသင်တိုက် ပွင့်ဖြူကျောင်းတွင် (၂၁) ရက်ခန့် ဒုလ္လဘရဟန်းခံ သက်နန်းဆီးသည်။

ထိုနေ့က မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးပါမောက္ခ (ဂုဏဝတီကျောင်းတိုက်) နှင့် ဆုံတွေ့သည်။ ဆရာတော်က စာရေးသူ၏နောင်တော်ကျောင်းတွင် စာသင်ဖူး၍ စာရေးသူနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည်။ တွေ့တွေ့ချင်း ဦးပဥ္စင်းက စန္ဒတ်ဆက်သည်။

"ဒကာကြီး၊ ဘယ်ချိန်ကတိုင် ရောက်နေလဲဗျ"

ရသာယနဆွမ်းစားကျောင်းတွင် ဆုံတွေ့ခိုက် ဦးပဥ္စင်း၊ ကိုရင်များနှင့် စကားစမြည်ပြောနေရင်းမှ လှမ်းမေးသည်။

"တပည့်ကျော် မကြာသေးပါဘူး ဘုရား။ စောစောလေးကတင်ရောက်လာတာပါဘုရား"

"သြော် - အေး၊ အေး၊ စာရေးဆရာနဲ့ကြုံကြိုက်တုန်း ကျုပ်အတွေ့အကြုံလေးတစ်ခု ပြောပြရဦးမယ်။ ခင်ဗျားစာရေးရရင်ရေးပေါ့။ ကုန်ကြမ်းရတာပေါ့ဗျာ"

ထိုသို့ပြောပြီး သူတွေ့ကြုံခဲ့ပုံကို ခရေစေ့တွင်းကျ လုံးစေ့ပတ်စေ့ပြောပြခဲ့လေသည်။

သူတွေ့ကြုံခဲ့ရပုံကတော့. . .

(၂)

တစ်နေ့ အရုဏ်ဆွမ်းစားပြီးခါစ ကျောင်းပေါ်သို့ အနောက်ပိုင်းရပ်ကွက်မှ သားအမိနှစ်ဦးတက်လာသည်။

ဝတ်ဖြည့်အပြီး ဦးပဥ္စင်းက မမေးစမ်းမီ ဒကာမကြီးမှ စတင်လျှောက်ထား၏။

"တပည့်တော်မသားကို ဦးပဥ္စင်းကျောင်းမှာ (၂) ပတ်လောက် ကိုရင်ကြီးဆီးပေးထားချင်လို့ လာအပ်တာပါဘုရား။ ဦးပဥ္စင်းခွင့်ပြုမယ်ဆိုရင်ဆီးပေးချင်ပါတယ် ဘုရား"

ဒကာမကြီးက သွက်လက်စွာအားတက်သရော လျှောက်ထားနေသလောက် သူ့သားကတော့မလှုပ်။ ခေါင်းကြီးအောက်ငုံ့လျက် တုံကျိဘာဝေ။

အဆိုပါဒကာမကြီးမှာ ဆွမ်းအမြဲတမ်းထောက်ပံ့လှူဒါန်းသူ ဖြစ်နေသည့်အတွက် ယခုကိစ္စမှာ မငြင်းသာ။ လက်ခံရမည်သာ။

"ဘာကြောင့်လဲ ဒကာမကြီး။ ကျန်းမာရေးမကောင်းလို့ ယတြာချေတဲ့သဘောနဲ့ ဝတ်တာလား။ သားကကော ဝတ်ချင်တဲ့ဆန္ဒရှိလို့လား"

ဟုတ်သည်လေ။ မေးစမ်းရ... ဝတ္တရားရှိသည်။

မိဘက ခွင့်ပြုသည်ထား... ကာယကံရှင်ကလည်း ဆန္ဒရှိမှ... အထိ သားဖြစ်သူက စကားတစ်... မဟသေး။ သည်သို့မေးလိုက်မှ အ... ငယ် ခေါင်းမော်ကြည့်ဖော်ရ၏။ တ... စဉ်းစားနေပုံ၊ ကြောက်ရွံ့နေပုံရ...

ထိုအခါမှ ဒကာမကြီးက ... သလဲဟန်ဖြင့် -

"မဟုတ်ပါဘူးဘုရား၊ သူက... ဝတ်ချင်တဲ့ဆန္ဒရှိလို့ သားအ... တိုင်ပင်ပြီး ထွက်လာခဲ့တာဘုရား"

"အင်းအင်း - ဒါဖြင့် ဝတ်... တာပေါ့၊ သင်္ကန်းဒွိစုံကောပါရဲ့လား"

"မှန်ပါ့၊ တစ်ခါတည်းယူခဲ့... ဘုရား"

ဟု ပြောပြီး အသင့်ပါလာ... လက်ဆွဲအိတ်ထဲမှထုတ်ကပ်သည်...

ကျောင်းက ဦးပဥ္စင်းတစ်ပါး... ခေါ်ပြီး ခေါင်းတုံးတုံးခိုင်း၊ ...



www.burmeseclassic.com

www.burmeseclassic.com

ခိုင်းခဲ့ပြီး သီလပေး၊ သက်န်းတောင်း၊ သင်္ကန်းဝတ်၊ သရဏဂုံတည်စေသည်။

အားလုံးကုန်ပြုဖွယ်ကိစ္စများပြီးစီးတော့ ဒကာမကြီးက နဝကမ္မဝတ္ထုငွေ ...စ်သောင်းကျပ်ကို ကန်တော့ပြီး ...ဆက်ကန်တော့ပြန်သွားလေပြီ။

(၃)

ဒကာမကြီးက အေးသွားလေပြီ။ ...န်းကြီးကတော့ မအေးနိုင်ပါ။ ငါ့ ...တ်ကလွတ် 'ဂျတ်' လုပ်သွားခဲ့သည်။ ...ကောင်းကျောင်းပို့ခဲ့ခြင်းပေ။ ဒကာမ ...ကြီးက မုဆိုးမ။ လင်သားဆုံးသွားတာ ...နှစ်လောက်ရှိတော့မည်။ ယခု ကိုရင် ...တ်ပေးထားသည်က တစ်ဦးတည်း ...သောသား။ ဘဆိုးသလဲမမေးနှင့်။

လူဆိုးလူပေလူတေ။ အဖေဆုံးပြီးက တည်းက (၈) တန်းနှင့် ကျောင်းထွက်ခဲ့သည်။ ရပ်ကွက်ထဲတွင် လူဆိုးစာရင်းဝင်ဖြစ်ပြီး အပေါင်းအသင်းမင်သည်။ အပေါင်းအသင်းများနှင့် သောက်စား၊ ပျော်ပါး၊ လောင်းကစားလုပ်သည်။ ရန်တော့မဖြစ်တတ်။

မိခင်မုဆိုးမကြီးကလည်း ဘာမှမပြော။ အလိုလိုက်ထားသည်။ ဖတာဆိုးလေးပေမို့ သနားတရုဏာပိုသည်။

သားက အရပ်ထဲ၌ ကျပန်းလုပ်စားသည်။ ရသမျှလုပ်အားခကိုတော့ အမေကို တစ်ပြားတစ်ချပ်မှမအပ်။ အကုန်ပုလင်းထဲ အရည်ဖျော်ပစ်သည်။ တစ်ခုတော့ကောင်းသည်။

သူသုံးချင်သည့်ပိုက်ဆံကို အမေဖြစ်သူထံ လက်ဖြန့်ခံမတောင်းတတ်။ အလုပ်လုပ်ပြီးရှာသည်။ အလုပ်မရွေးတတ်။ ပိုက်ဆံရပြီးရော၊ သူသုံးလောက်အောင်ရှာသည်။ ပြီးတော့ သုံးဖြုန်းပစ်သည်။ သူ့အကြွေး မိဘက မဆပ်ရ။



သူ့နာမည်က ဘခက်။ ကိုရင်ဘွဲ့က ရှင်ပညာသုခ။

(၄)

ခွေးမြီးကောက်ကျည်တောက်စွပ်။ အံသောက်သမားဆန္ဒပြလာပြီ။ ညနေတိုင်း အရက်သောက်ချိန် လေပြီလေအန်လာပြီ။ မျက်နှာကြီးနီစပ်ချွေးပြန်ပြီးပါးစပ်က အမြှုပ်တစီစီထွက်နေပြီ။ ဂနာမငြိမ် မနေနိုင်တော့။

ဆရာတော်ထံ အရဲစွန့်လျှောက်ထားတော့သည်။

"ဆရာတော်ဘုရား။ တပည့်တော်မနေနိုင်တော့လို့ အရက်နည်းနည်းလောက်တော့ သောက်ခွင့်ပြုပါ ဘုရား"

ဦးပဥ္စင်းက မျက်မှောင်ကုတ်ကြည့်လျက် တည်ကြည်သောမျက်နှာနှင့် -

"ကိုရင်၊ ရဟန်းနဲ့ အရက်ဟာမအပ်စပ်ဘူး။ ကိုရင်မနေနိုင်လို့ သောက်ချင်သပဆို လူထွက်သောက်။ သင်္ကန်းဝတ်နဲ့တော့ သောက်ခွင့်မပြုနိုင်ဘူး"

ဟု တိုပြတ်ပြတ်ပင် မိန့်ခဲ့ပြီး အနားမှထွက်သွားခဲ့သည်။

ထိုနေ့အဖို့ ကိုရင်ရှင်ပညာသုခ အဖို့ အရက်မသောက်ရ။ အလူးအလဲ



www.burmeseclassic.com

www.burmeseclassic.com

ကြိတ်မှိတ်ခံစားရသည်။ ကိုရင်ဝတ်ပြီး ရက်ပိုင်းနှင့်မထွက်လို။ ဤသို့ (၃)၊ (၄) ရက်ခန့် အလူးအလဲခံစားပြီး နောက်ပိုင်း နေနိုင်သွားသည်။ အရက်ပြတ်သွားခဲ့၏။

နံနက်ပိုင်း ဆွမ်းခံစား၊ နေ့ခင်း တစ်ရေးတစ်မောကျိန်းစက်၊ အိပ်ရာက နိုး၊ တံမြက်စည်းလှည်း၊ ရေမိုးချိုး၊ ဘုရားထဲ ပုတီးစိပ်နေသားကျနေပြီ။ အရက်သောက်ချင်သည့်စိတ်ကို မျိုသိပ်လျက် ကုသိုလ်အမှုနှင့် ပြုကျင့်နေထိုင်တတ်ခဲ့ပြီ။

(၅)

အညာနွေက ပူပြင်းလွန်းစွ။

နေနှစ်စင်း ပြိုင်ထွက်နေသလား အောက်မေ့ရသည်။ မိုးလေဝသနှင့် ဇလဗေဒပညာရှင် (အငြိမ်းစား) ဒေါက်တာဦးထွန်းလွင်ပြောသလိုပင် ကမ္ဘာကြီး ပူနွေးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲနေသည်မှာ အမှန်ပင်။ ဒီနှစ်နွေ ပိုပူသည်ထင်မိ၏။ မနှစ်ကနွေသတိမထားမိသလား၊ ဂရုမစိုက်၍လားမသိ။ ဒီနှစ်နွေ ထူးထူးခြားခြားပူသည်။

ဝန်းကျင်က သစ်ပင်ပန်းမန်များ လိမ်ကောက် သွေ့ခြောက် ညှိုးနွမ်းနေသည်။

လူများ အဝတ်မကပ်နိုင်။ ပန်ကာဖွင့်ထားလျက်ပင် ချွေးတပြိုက်ပြိုက်။ ပူစွလောင်စွ။ အိုက်စပ်စပ်နှင့်။

တစ်နေ့ မနက် (၇) နာရီလောက် ဘုန်းကြီးပင့်သောဒကာရောက်လာသည်။ ဝတ်ဖြည့်ပြီး -

"မှန်ပါ့၊ ဒီနေ့မနက်အနောက်ပိုင်းက မညိုလှသား ဘခက် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် သက်ပျောက်ဆွမ်းသွတ်၊ သီလပေးရေစက်ချ ဆွမ်းအနုမောဒနာ တရားချီးမြှင့်ပေးပါရန် ရိုသေစွာလျှောက်ထားပင့်လျှောက်ပါသည် ဘုရား" တဲ့။

"ဟင် - ဘခက်သေပြီလား"

ဒကာလျှောက်တင်ပြီး အံ့ဩစွာ မေးမိသည်။

"မှန်ပါ့။ အရက်ကို နေ့မလင်းညမလင်းသောက်နေတော့ ဒီလောက်အပူရှိန်မြင့်နေတော့ ဘာခံနိုင်သလဲ။ သေပြီဘုရား"

ဒကာကြီး စိတ်ကောင်းပုံမရ။ ညိုးငယ်စွာပြောရှာသည်။

"အေးဗျာ၊ သင်္ခါရတစ်ခုကံ တစ်ခုပေါ့။ ကျုပ်က သက်နှင်းဆီးပြီးပြတ်သွားလို့ ဝမ်းသာနေတာ"

"ဘယ်ကပြတ်ရမလဲ ဘုရား။ မသောက်ရတဲ့အချိန်နဲ့ အတိုးချသောက်နေတာ။ မိုးမလင်းကိုးပုလင်း ပုလင်းသာလဲတယ် လူမလဲဘူး ဘုရား"

"အင်းပေါ့၊ သူ့ကံတရားပဲလေ"

ဟု ပြော၍ ဒကာပြန်သွားပြီး သင်္ကန်းရုံ၍ ဒေါ်ညိုလှတို့အိမ်ကြွခဲ့သည်။

(၆)

ဘခက်က ဗွေဆော်ဦး ဈေးဦးဖောက်ပြီးသည့်နောက် ရက်မလည်ခင် ကျောင်းအောက်နေသော ဒုလ္လဘ ဦးပဥ္စင်းကြီးပျံတော်မူသည်။ အသက် (၇၀) ကျော်ပြီ။ သားသမီးအထောက်အကူမရှိ။ သမီးများ အဝေးထွက်အလုပ်လုပ်နေသည်။ အမီအပုံ့မရှိ၍ ကျောင်းလာ ဒုလ္လဘဆီးတရား အားထုတ်နေသည်။ ရဟန်းဝါ (၂) ဝါနှင့် ပျံတော်မူခဲ့သည်။ ရေခဲခေါင်းနှင့်လှလှပပကျကျနန သင်္ဂြိုဟ်ခဲ့သည်။ အလောင်းကို ရေခဲခေါင်းနှင့်ထားခဲ့သည့်အတွက် သုသာန်၌ တော်တော်နှင့်မီးမလောင်။ မနည်းမီးရှို့သင်္ဂြိုဟ်ခဲ့ရ၏။

ဒုလ္လဘကိုယ်တော်ကို မီးသင်္ဂြိုဟ်ပြီး ရက်မလည်ခင် သေသည့်သူများမှာ တစ်ရပ်ကွက်တည်း (၁၃) ယောက်ပင်ရှိခဲ့ပြီ။ ရပ်ကွက်နေလူများလန့်သွားပြီ။

ကြောက်ရွံ့စိုးရိမ်စပြုပြီ။ သေချင်လျှင် စိန်မစားနှင့် အနောက်ပိုင်းသွားဟုပင် စာချိုးခံရသည်။ အပူလွန်ကဲ၍ ဆိုကြသည်။ တခြားရပ်ကွက်တွေလည်း ပူ၏။ ရပ်ကွက်အနီးအနားရှိ ဘုန်းကြီးများလည်း သာရေးမကြွရ၊ နာရေးနှင့်သာ အချိန်ကုန်နေသည်။

တော်ကြာ အသုဘချ၊ တော်ကြာ ဆွမ်းသွတ်နှင့်မနားကြရ။

(၇)

တစ်နေ့ မနက်ဘုန်းကြီးပင့်နေကျ ဒကာပေါ်လာပြန်သည်။

ဦးပဥ္စင်းကပင်စ၍ -

"ဘာလဲ၊ နာရေးပဲလား ဒကာကြီး"

"မှန်ပါ ဘုရား"

"ဟင် - ဘယ်သူသေပြန်ပြီလဲ"

"သန်းထွန်းမိန်းမ မစန်းပါဘုရား"

"ဘာ-လက်ခုပ်ရွာသား သန်းထွန်းမိန်းမဟုတ်လား"

ဆရာတော် ပြူးပြူးပြဲပြဲနှင့် အံ့ဩတကြီးမေးလိုက်သည်။

"ဥပုသ်နေ့ကတောင် ကျောင်းလာ ဥပုသ်စောင့်သေးတယ်။ သန်သန်မာမာ အကောင်းကြီး ဝဝဖြိုးဖြိုးကြီး ဥစ္စာ"

"မှန်ပါ့၊ နေ့ခင်းထိ အကောင်းပဲ ဘုရား။ ရေမိုးချိုး၊ ခေါင်းလျှော်၊ ထမင်းစားပြီးအိပ်တာ ညနေကျ သေတာပဲ ဘုရား"

"ဟုတ်ရဲ့လားဗျာ။ ခုတစ်လော ခင်ဗျားတို့အနောက်ပိုင်းရပ်ကွက် အသေ စိပ်နေတယ်ဗျ။ တစ်ခုခုလုပ်ကာကွယ် သင့်တယ်။ ဘယ့်နှယ်ဗျာ - ရှေ့မသာ လို့မှမပြီးသေးဘူး၊ နောက်မသာကထပ် လိုက်နဲ့ အတောကိုမသတ်ဘူး"

ဆရာတော်က ခပ်ညည်းညည်း ညူညူပြောရှာသည်။

"မှန်ပါ့၊ တပည့်တော်တို့အပိုင်း ထဲက လူကြီးတွေလည်း အဲဒီကိစ္စ ခေါင်းချင်းဆိုင် တိုင်ပင်နေကြပါတယ် နှစ်နေရာခွဲ ပရိတ်ကမ္မဝါရွတ်မလို့ စီစဉ် နေကြပါတယ်ဘုရား"

"အေးအေး - ကောင်းသားပဲ"

ဆရာတော်နှင့် စကားစမြည်ပြော ဆိုပြီး ဒကာပြန်သွားခဲ့ပြီ။ ဆရာတော် လည်း ဒရိုင်ဘာစိုးမြင့်အား ကားထုတ် ခိုင်းပြီး သင်္ကန်းရုံအသင့်စောင့်ဆိုင်း ခဲ့သည်။

(၈)

အနောက်ပိုင်းရပ်ကွက် မုန်းကမ်း အနီးတွင် သားသတ်လိုင်စင်ရ (ဝက် ပိုင်ရှင် မောင်ဒွေးတို့မိသားစု နေ သည်။ သူတို့က ပွင့်ဖြူမြို့မဈေး တစ်နေ့ ဝက်နှစ်ကောင်ခုတ်သွင်းရသည် လပြည့်၊ လကွယ်ဥပုသ်နေ့တော့ ပိတ်သည်။

တစ်နေ့ မောင်ဒွေး စက်ခုတ် အနီးသို့ ဧည့်သည်တစ်ဦး ရောက် သည်။ တစ်နယ်တစ်ကျေးက မောင်ဒွေး သူငယ်ချင်းဖြစ်သည်။

မောင်ဒွေးက -

"ပရလောကသားတွေရှိတာ ယုံလား"

ဧည့်သည်က -

"အေးကွာ-ယုံတယ်လည်းမ ဘူး၊ မယုံဘူးလည်း မဟုတ်ပါဘူး ရှိကောင်းရှိမှာပေါ့"

သူ့သဘောကို ဧည့်သည် အလွယ်ပင်ဖြေလိုက်သည်။

"ငါကတော့ယုံတယ်ကိုယ့်လူ"

မောင်ဒွေးအပြောက အပိုင် ပြောနေသည်။

"မင်းက ဘာသက်သေပြနိုင် လဲ"

ဧည့်သည်က အကဲစမ်းမေး သည်။

မောင်ဒွေးက ပြုံးဖြီးဖြီးနှင့် -



www.burmeseclassic.com

www.burmeseclassic.com

ဘဟိန်းဦး-စိုးသည်းမြေ

# မျက်စိနှစ်ကွင်း အမြင်ရှင်းစေ



ကမ္ဘာပေါ်ရှိ လူသားတိုင်းပင် မျက်လုံးကို အရေးပါအရာရောက်လှသော အင်္ဂါအစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုကြသည်။ လူတစ်ယောက်တွင် အကြားအမြင်ဗဟုသုတအတတ်ပညာများ၏ (၈၀) ရာခိုင်နှုန်းသည် မျက်စိကြောင့်ရသည်ဟု ဆေးသုတေသနဆောင်းပါးတစ်ပိုဒ်တွင် ဖတ်ဖူး၏။

မျက်စိနှင့်ပတ်သက်၍ဖြစ်စေခြင်းမှာ ဆက်လက် တင်ပြပါဦးမည်။ မျက်စိတစ်လုံးစီသည် အချင်းတစ်လက်မခန့်ရှိ၍ ပင်ပေါင်ဘောလုံးတစ်လုံးစာအရွယ်ရှိလေသည်။ ဤမျက်လုံးတစ်ခုစီသည် အကာအမျိုးမျိုး၊ အရည်အမျိုးမျိုး၊ အလင်းခံတလာပ်စည်းအမျိုးမျိုး၊ ကြွက်သားအမျိုးမျိုးဖြင့် တည်ဆောက်ထားသောကြောင့် လွန်စွာ အံ့ဩဖွယ်ကောင်းပေ၏။

မျက်လုံးတစ်ခုစီတွင် အကာသုံးထပ်ရှိသည်။ အပြင်ဆုံးမှ အကာသည် ဖြူ၏ထူ၏။ ရှေ့မှမြင်ရသောမျက်ကြည်မြေမှာ အကာတစ်ခုလုံး၏ (၆)ပုံ(၁)ပုံသာရှိ၏။ ကျန်အပိုင်းများကား ထုတ်ချင်းပေါက်မမြင်ရ၊ ပိန်းပိတ်နေပါသည်။ အလယ်အကာမှာ မျက်ကြည်မြေ၏ နောက်တွင်ရှိပြီး ယင်းအကာတွင် သွေးကြောများနှင့် အရောင်ဖြစ်စေသော ရောင်ခြည်တလာပ်စည်းများရှိ၏။

အတွင်းဆုံးအကာမှာ အာရုံခံမျက်တွင်းလွှာဖြစ်ပြီး အရေးကြီးဆုံးအလွှာဖြစ်ပါသည်။ အကြောင်းမူ ဤအလွှာမှာ အလင်းခံကလာပ်စည်းများ ရှိခြင်းကြောင့်ဖြစ်သည်။ အရာဝတ္ထုများကို မျက်စိဖြင့်ကြည့်၍မြင်ရသည်ဆိုရာ၌ အလင်းခံကလာပ်စည်းများကို အလင်းထိရာမှ လျှပ်စစ်ဓာတ်ဖြစ်ပေါ်လာပြီး မျက်စိအာရုံကြောမှတစ်ဆင့် ဦးနှောက်သို့ သတင်းရောက်သွားခြင်း ဖြစ်၏။

အကာသုံးထပ်ဖြင့် ပြုလုပ်ထားသော မျက်လုံး၏ အတွင်းဆုံးအလွှာသို့ အလင်းရောက်ရှိရန်အတွက် မျက်လုံးရှေ့ မျက်ကြည်မြေကို ပထမဆုံးအလင်းက ဖြတ်သန်းသွားရသည်။ ထို့နောက် မျက်ဝန်းနှင့်သူငယ်အိမ်၊ ထိုမှ နှစ်ဖက်ခုံးမျက်စိမှန်ဘီလူးတို့ကို ဖြတ်ရသေး၏။ မျက်စိမှန်ဘီလူး၏ ရှေ့နှင့်နောက်တွင် မျက်တွင်းအရည်ခွဲများရှိပေ၏။

မျက်ဝန်းသူငယ်အိမ်၌ ကြွက်သားငယ်များရှိသောကြောင့် သူငယ်အိမ်ကို ကျယ်လိုက်၊ ကျဉ်းလိုက်လုပ်၍ရ၏။ ကြောက်လျှင် ထိတ်လန့်လျှင်ကျယ်၏။ အလင်းရောင်စူးလျှင်၊ အိပ်ချင်လျှင် ကျဉ်း၏။ ထို့အတူ နှစ်ဖက်ခုံးမှန်ဘီလူးမှာလည်း ကြွက်သားများ၏ထိန်းချုပ်မှုကြောင့် လိုသလိုခုံးစေနိုင်၊ လျော့စေနိုင်၏။ သို့ဖြင့် အနီး၊ အဝေးကိုလိုသလိုချိန်၍ ကြည့်နိုင်လေ၏။ ထိုစနစ်ပျက်၍ အလိုလိုချိန်၍မရသည့်အခါ မျက်စိမှုန်ခြင်းစတင်တော့၏။ ထိုအခါ မျက်မှန်အစားထိုးပေးခြင်းဖြင့် မျက်စိကိုပြန်ကြည့်ကောင်းအောင် လုပ်ဆောင်ပေးရလေ၏။

ဤအခြေအနေအား မျက်မှန်ဖြင့်အစားထိုးခြင်းသည် အလွန်အရေးပါသည်။ မျက်စိဆရာဝန်၏ တိကျသောဆုံးဖြတ်ချက်နှင့်အညီ ကျွမ်းကျင်သော မျက်မှန်ပညာရှင်ပေါင်းစပ်နိုင်မှသာလျှင် ယုံကြည်စိတ်ချရသောအခြေအနေဖြစ်ပေမည်။ ထိုနှစ်ရှိဟန်လွဲသွားပါက အမှန်ပင် အမြင်မှုံသွားပြီး ကိုယ်ကျိုးနည်းတတ်ကြပေ၏။

ပုံမှန်အားဖြင့် လူသည် အသက်အရွယ်ရလာလျှင် အမြင်အားကျလာတတ်ကြ၏။ မြန်မာဆေးကျမ်းများအဆိုအရ အသက်ငါးဆယ်ကျော်လာလျှင် မျက်စိမှုန်ခြင်းစတင်ခံစားရသည်ဟု ဆို၏။ ဆိုသော် တရားသေတွက်မရ၊ မျိုးရိုးဗီဇနှင့် ကယ်လိုရီမျှတမှုနှင့်လည်းဆိုင်ပေ၏။ ဗီတာမင်အေဓာတ်ချို့တဲ့လျှင် မျက်စိအတွင်းလွှာရှိ ကလာပ်စည်းများ ပျက်စီး၍ အမြင်အာရုံတိုက်ရိုက်ထိခိုက်ပြီး နောက်ဆုံး အမြင်လုံးဝကွယ်သွားတော့၏။

စာရေးသူမှာ မျက်စိနှင့်ပတ်သက်၍ အသက်(၄၀)အရွယ်အထိ ပြဿနာတစ်စုံတစ်ရာမရှိခဲ့ပေ။ အသက် (၄၀) ကျော်လာသောအခါ အမြင်အာရုံစတင်ကျလာပါသည်။ လုပ်ငန်းခွင်အခြေအနေကလည်း နေ့ပူစပ်ခါးသွားလာရသည့် အလုပ်မျိုး ဖြစ်၏။ နေ့လယ် (၁၂) နာရီ

---

"ဒီမှာကြည့် ကိုယ့်လူ၊ ဝက်သားတုံး လက်သီးဆုပ်လောက်ကို ရေထဲပစ်ချမယ်။ ပလုံ . . . စွပ်လို့ ရေထဲကျတဲ့အသံမကြားရဘူး။ ဒီနားမှာ တင်စရာကင်းတော၊ ကမ်းပါးလည်းမရှိဘူး။ ကြားတာ တစ်ယောက်ယောက်ကဖမ်းဆွဲသွားသလိုပဲ။ ကဲ - ဒီမှာကြည့်"

ဟု ဆိုပြီး ရေထဲသို့ ဝက်သားတုံး ပစ်ချလိုက်၏။

သူပြောသလိုပင် ရေထဲကျသည့်အသံမကြားရဘဲ လမ်းခုလတ်တွင် တစ်ယောက်ယောက်က ဖြတ်၍ဖမ်းဆွဲသွားသလိုပင်။

(၉)

အနောက်ပိုင်းရပ်ကွက်လူကြီးများနှင့် ဂေါပကအဖွဲ့ကကြီးမှူး၍ လမ်းမကြီးပိတ်ပြီး တောင်၊ မြောက်နှစ်နေရာခွဲ၍ ပရိတ်ကမ္ဘဝါရွတ်၏။ ဆရာတော်သံဃာတော်များကိုပင့်ပြီး သီလဆောက်တည် ပရိတ်ရွတ် ကမ္ဘဝါဖတ် အမိန့်ပြန်ခဲ့သည်။ ပရိတ်ချည်၊ ပရိတ်သဲပြု၏။ သံပုံးတီးတောထုတ်၏။ အိမ်ပေါက်ဝတွင် မီးမွှေးထားကြ၏။

ပရိတ်ရွတ်သောနေ့၌ လူတစ်ဦးသေသေး၏။ နောက်ဆုံးပင်။ နောက်ပိုင်းသေဆုံးသူမရှိတော့။ မကြားရတော့။ အန္တရာယ်ရှင်း၊ ဘေးရန်ကင်းပြီ။ ပရိတ်ရွတ်သောနေ့ ညဥ့်ဦးပိုင်းတွင် ပွင့်ဖြူမြို့အမေထွားနှင့်သားများ မုန်းချောင်းအနောက်နှင့်အရှေ့ဆက်သွယ်ဆောက်လုပ်ပေးထားသော ဝါးတံတားပေါ်မှ လူများခုန်ချသကဲ့သို့ မကောင်းဆိုးဝါးနာနာဘာဝများအယောက် (၂၀)၊ (၃၀) ခန့် တဝုန်းဝုန်းနှင့် ရေထဲခုန်ချနေသည်ကို လူပုဂ္ဂိုလ် သတ္တဝါ ကိုယ်ရုပ်ဖြင့်အကောင်အထည်မမြင်ရဘဲ အသံတွေသာ ကြားနေရကြောင်းကို မုန်းကမ်းပါးအနီး နေထိုင်သောအိမ်များက တညီတညွတ်တည်းတသံတည်း ပြောဆိုနေကြပါသတည်း။

အောင်သိန်းဝင်း(ပွင့်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com

အထိ အမြင်အာရုံမှာ ပုံမှန်အတိုင်းဖြစ်ပါသည်။ မွန်းလွဲချိန်မှ စတင်ကာ မြင်ကွင်းများမှာ ရှင်းလင်းမှုမရှိတော့ဘဲ ကြည့်မကောင်းတော့ချေ။

ပကတိ နေအလင်းရောင်ကိုပင် တိုက်ရိုက်မကြည့်နိုင်တော့ဘဲ မျက်မှောင်ကျုတ်၍ကြည့်ရခြင်း၊ အဝေးကြည့်မြင်ကွင်းများသည် မြူများနှင်းများရစ်သိုင်းနေသကဲ့သို့မြင်ရခြင်း၊ မျက်လုံးထောင့်နှစ်ဖက်ဝယ် မျက်ချေးနှင့်မျက်ဝတ်များ အထွက်များလာ၍ လက်ကိုင်ပဝါအမြဲဆောင်ထားရခြင်း၊ ခပ်လှမ်းလှမ်းမှ လူတစ်ယောက်အား လူလုံးသာကွဲ၍ မျက်နှာကို ရှင်းရှင်းလင်းလင်းမမြင်ရဘဲ ပိန်းနေခြင်း စသည့် အခြေအနေများ ခံစားနေရပါသည်။ နောက်ပိုင်း သတိထားမိလာသည်မှာ ခေါင်းလျှော်သည့်ရက်များဝယ် အထူးသဖြင့် ပိုဆိုးပါသည်။

နီးစပ်ရာ မျက်မှန်ဆိုင်အား ပြသကြည့်ရာ မျက်မှန်လုပ်ရမည်ဟု ဆို၏။ အတော် စိတ်ဓာတ်ကျသွားမိလေ၏။ တကယ်တွင်မူ မျက်မှန်တပ်ရသောကိစ္စသည် အလွန်ကရိကထများပေ၏။ ဖြစ်နိုင်လျှင် မျက်မှန်မတပ်ချင်ဖေ။ နယ်တွင်ဖွင့်ထားသော မျက်မှန်ဆိုင်အသေးစားကလေးများသည် ပညာရပ်ဆိုင်ရာအားနည်းလျက် အပြည့်အဝယုံကြည်၍ မရပေ။ ထိုလောကဝယ် စေတနာအယောင်ပြ၍ ငွေကိုသာအချောင်ရဖို့ကြည့်တတ်သည့် ဝိသမလောဘသားအများအပြားရှိနေ၏။

အစက အတော်သား။ မျက်မှန်တပ်လိုက်ကာမှ မှန်ပါဝါလိုက်၍ လုံးဝအကြောင်းဆိုးသွားသော နမူနာများစွာရှိနေ၏။ နယ်တွင်နေထိုင်သူမို့ စီးပွားရေးအခြေအနေအရ အဆင့်အတန်းမီ၍ ယုံကြည်ရသောမျက်မှန်ဆိုင်အားလည်း မပြနိုင်။ မှိုင်မှိုင်တွေတွေဖြစ်နေခဲ့စဉ်တွင် တိုက်တိုက်ဆိုင်ဆိုင် ပျောက်ရန်အကြောင်းကဖန်လာပါသည်။

တစ်ရက်တွင် နှစ်ပေါင်းအတော်ကြာအောင် ကွဲကွာနေသည့် အညာမှ ဦးရီးတော် အလည်ရောက်ရှိလာပါသည်။ တိုင်းရင်းမြန်မာလက်မှတ်ရ မြန်မာဆေးသမားတော်ကြီးတစ်ဦး ဖြစ်ပေ၏။ ခရီးရောက်မဆိုက်ပင် မိမိလည်း ခံစားနေရသော အခြေအနေအားပြောပြသည်တွင် တဟားဟားရယ်မော၍ -

"တို့မျိုးရိုးက မျက်စိအင်မတန်ကောင်းတာ မင်းကျမှ ဘယ်လို. . ."

ဟု ဆိုကာ မျက်စိနှစ်ကွင်းအား ဖြဲကြည့်ပါသည်။ အပူကြောင့်ဟုဆို၏။

"ဒီရောဂါလောက်နဲ့များ မျက်မှန်တပ်ရရင် တို့အညာက လူတွေလေးလုံးချည်းဖြစ်ကုန်ရော့မယ်"

ဟု ဆိုကာ ဆေးနည်းအားပေးလေ၏။

နည်းမှာ ကရိကထနည်း၍အလွန်လွယ်ကူပါသည်။ ကွမ်းရွက်တစ်မယ်တည်းကိုသာ သုံးခြင်းဖြစ်၏။ ထိုအခါမှ ကွမ်းရွက်အစွမ်း အံ့မခန်း အစွမ်းထက်လှသည်ကို ကွက်ကွက်ကွင်းကွင်းမြင်ရတော့၏။

ကွမ်းပင်သည် ပင်ပါရေးစီးယား ငရုတ်ကောင်းအနွယ်ဝင်ဖြစ်၏။ အိန္ဒိယဆေးကျမ်းတစ်စောင်တွင် အပူရောဂါနှင့်ပတ်သက်၍ ကွမ်းရွက်အား နတ်ဆေးတစ်ပါးအဖြစ် သတ်မှတ်တင်စားထား၏။

ဆေးအဘိဓာန်ကျမ်း၌ -

ကွမ်းရွက်သည် အပူကြောင့်ဖြစ်သော သလိပ်ကို လည်းကောင်း၊ လေကိုလည်းကောင်း၊ သည်းခြေကိုလည်းကောင်း၊ သွေးကိုလည်းကောင်း၊ ဖောက်ပြန်သော အထူးထူးအနာတို့ကိုနိုင်၏ဟု ဖော်ပြထား၏။

ဓာတုရသကျမ်း၌ -

ကွမ်းရွက်သည် လေသလိပ်ကိုလည်းကောင်း အပူကို လည်းကောင်း၊ မျက်စိမှုန်သည်ကို လည်းကောင်း ငြိမ်းစေတတ်သည်ဟု ဆို၏။

လောကနိတိကျမ်း၊ ပကိဏ္ဏကကဏ္ဍအပိုဒ် (၁၄၉) ၌ ဤသို့ ဖော်ပြထား၏။

တမ္ဗူလသ - ကွမ်း၏၊ မဇ္ဈေ - အလယ်ဖြစ်သော၊ ပတ္တေ - အရွက်၌၊ ကုဝေရော - ကုဝေရနတ်သည်၊ သဒါ-အခါခပ်သိမ်း၊ ရက္ခတိ - စောင့်၏။ မူလမှိ - အရင်း၌၊ ယက္ခော - ဘီလူးသည်၊ ရက္ခတိ - စောင့်၏။ အဂ္ဂမှိခ - အဖျား၌လည်းကောင်း၊ ကာလကဏ္ဍီ - ဒေဝမိစ္ဆာနတ်ယုတ်မာသည်၊ ရက္ခတိ - စောင့်၏။ တသ္မာ - ထို့ကြောင့်၊ တာနိ-ထိုအရင်းအဖျားတို့ကြောင့် ဆိန္ဒိတွာ - ဖြတ်၍၊ ဘုဉ္ဇေယျ-စားငြားအံ့၊ သိရီဝေ-ကျက်သရေသည်သာလျှင်၊ ပဝယုတိ-ပွား၏ဟု တွေ့ရ၏။

ကွမ်းရွက်၏အရင်းနှင့်အဖျားဝယ် ဘီလူးနှင့် နတ်မိစ္ဆာစောင့်သည် ဟူသော အယူကြောင့် ကွမ်းစားသူတိုင်း အရင်းအဖျားအား ရှေးအခါကတည်းကပင်

ပယ်စားကြခြင်း ဖြစ်၏။ ဆေးအသုံးတွင်လည်း ဤသို့ပင် ပယ်သုံးရမည် ဖြစ်[...]၏။

ဆေးနည်းအား စတင်အသုံး[...] ခဲ့ပြီး ခုနစ်ရက်အတွင်း သိသိသာသာ[...] သက်သာလာ၍ တစ်လအတွင်း[...] သုံးနှစ်ကျော် ခံစားခဲ့ရသော မျက်[...] ဝေဒနာမှာ ကင်းရှင်းသွားလေတော့[...] ဆေးနည်းမှာ လွယ်လွန်း၍ အထ[...] မသေးစေလိုပါ။ အပိုဝန်တာမလေး[...] နတ်ဆေးတမျှစွမ်းပါသည်။

မိမိနည်းတူ ခံစားနေရသော[...] မိတ်ဆွေ အပေါင်းအသင်းများလည်း[...] ဆယ်ဦးထက်မနည်း ပျောက်ကင်းခဲ့[...] ထိုဝေဒနာခံစားရပြီး မျက်မှန်တပ်[...] သူတချို့ပင် မျက်မှန်ချွတ်ရသည်အ[...] အခြေအနေပြန်ကောင်းသွားကြလေ[...]

**နည်းမှာ** - ညအိပ်ရာဝင်သည်[...] မျက်စိနှစ်ကွင်းအား ကွမ်းရွက်က[...] အိပ်စက်ခြင်း ဖြစ်ပါသည်။ အသုံးပြု[...] ကွမ်းရွက်များ သန့်ရှင်းဖို့လိုပါသည်[...] အလတ်စားကွမ်းတစ်ရွက်အား ခါးလ[...] မှခြမ်းလိုက်လျှင် မျက်စိနှစ်ကွင်း[...] အဆင်ပြေပါသည်။ အလယ်မှခြမ်း[...] သော ကွမ်းနှစ်ရွက်ကို ထပ်၍လိ[...] လက်ဝါးဖြင့် ရှရှလေးပွတ်ပါ။ ထို[...] ကွမ်းနှစ်ခြမ်းနွမ်းသွားပြီး ကွမ်းရွက်[...] စိုတတ်လာပါလိမ့်မည်။ ထိုသို့မ[...] ကွမ်းရွက်သည် အသားဝယ်မ[...] အိပ်ပျော်သွားသည့်အခါ ကွာထွက်[...] ပေမည်။ ညွှန်းသည့်အတိုင်းပင် ပြု[...] သော ကွမ်းရွက်အား မျက်ဝန်း[...] အတွင်း ဖိကပ်လိုက်သည့်အခါ ကွမ်း[...] အစိုဓာတ်နှင့် အသားကွာမထွက်အော[...] ပင်စွဲသွားတော့၏။

အပူအားကြီးသူမှာ (၂) [...] အတွင်းပင် ကွမ်းရွက်လုံးဝခြောက်[...] တတ်ပေ၏။ ထိုအခြေအနေမျိုးဆို[...] တစ်ညတွင် (၂) ခါ၊ (၃) ခါ လဲ[...] လျှင် ပိုကောင်းစေ၏။ ရာသီအ[...] အပြောင်းတွင်ဖြစ်သောမျက်စိနာ[...] မည်မျှဆိုးဝါးသည်ဖြစ်စေ (၂) ညမျှ[...] လိုက်ရုံဖြင့် ပကတိမျက်စိအတိုင်း [...] ဖွေးသွားပါလိမ့်မည်။ မြန်မာပြည်[...] တစ်လျှား မိမိနည်းတူ မျက်စိ[...] ဝေဒနာခံစားနေရသူများ ပျောက်[...] သွားကြစေရန် ရည်သန်၍ သုရဋ္ဌမဂ္ဂ[...] မှတစ်ဆင့် အညွှန်းပေးလိုက်ရပေ[...] ၏။

ဘဟိန်းဦး- မိုး[...]



www.burmeseclassic.com

www.burmeseclassic.com



# ဘာသုန် ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်




**လက်ချောင်းတစ်ချောင်းချင်းစီအလိုက် လက်စွပ်ဝတ်ဆင်ပုံကွဲပြားခြင်း**

လူတစ်ဦးအဖို့ လက်စွပ်ဝတ်ဆင်ခြင်း အကြောင်းအမျိုးမျိုးရှိတတ်သည်။ မည်သို့ဖြစ်စေ လက်စွပ်ဝတ်ထားသော လက်ချောင်းအလိုက် သက်ဆိုင်သူ၏ စိတ်ပိုင်း၊ ရုပ်ပိုင်း (၂) ရပ်စလုံးအား ကိုယ်စားပြုဖော်ပြနေပါသည်။

**လက်မ၌ လက်စွပ်ဝတ်ဆင်ခြင်း**

လက်မ၌ လက်စွပ်ဝတ်ထားခြင်းသည် တစ်ဇွတ်ထိုးနိုင်ခြင်း၊ ခေါင်းမာတတ်ခြင်း၊ အခြားသူတစ်ဦးတစ်ယောက်၏ ဩဇာမခံတတ်ခြင်း၊ အကြံကောင်း ဉာဏ်ကောင်းများကိုပစ်ပယ်ခြင်းစသည့် ဆိုးကျိုးလက္ခဏာများပါနေခြင်းကြောင်း ဖော်ပြပြီး ၎င်းတို့ကသာ ပတ်ဝန်းကျင်အား ထိန်းချုပ်နိုင်အောင် ကြိုးစားတတ်ကြသည်။

အကယ်၍ ဝဲဘက်လက်မတွင် လက်စွပ်ဝတ်ထားပါက တရားသောဝါဒ လက်ကိုင်ထားသူ၊ မိမိဘဝမိမိကျောင်းသူဖြစ်ပြီး ယာဘက်လက်မတွင်ဝတ်ဆင်ပါက မိမိနှင့်အလုပ်တွဲလုပ်သူအား ဒုက္ခပေးတတ်သူဖြစ်နိုင်ပါသည်။

**လက်ညှိုး၌လက်စွပ်ဝတ်ဆင်ခြင်း**

လက်ညှိုးတွင် ဝတ်ဆင်ပါက မိမိကိုယ်မိမိယုံကြည်ခြင်း၊ အများအပေါ် ခေါင်းဆောင်နိုင်ခြင်း စသည့်အရည်အသွေးများ ပိုင်ဆိုင်ထားကြောင်း ဖော်ပြသည်။ အကယ်၍ လက်ညှိုးသည် လက်သူကြွယ်ထက် ပိုမိုရှည်လျားနေပါက လက်စွပ်ဝတ်ထားသောလက်ညှိုး ပိုမိုထင်ရှားပေါ်လွင်လာပြီး အခြားသူအပေါ် ဩဇာလွှမ်းမိုးနိုင်ပါသည်။ ဝဲဘက်လက်ညှိုးတွင် ဝတ်ဆင်ပါက အိမ်ထောင်မိသားစုအတွင်း ဩဇာအာဏာထက်မြက်သူဖြစ်ပြီး ယာဘက် လက်ညှိုးတွင် ဝတ်ဆင်ပါက မိမိကံကြမ္မာကို မိမိလိုသလို ထိန်းချုပ်နိုင်စွမ်းရှိသူဖြစ်ပါမည်။

**လက်ခလယ်နှင့် လက်သူကြွယ် လက်စွပ်ဝတ်ဆင်ခြင်း**

လက်ခလယ်၌ လက်စွပ်ဝတ်သူသည် အထီးကျန်ဖြစ်ရမည်ကို စိုးရိမ်ကြောက်လန့်တတ်သူဖြစ်ပြီး လက်သူကြွယ်၌ ဝတ်ဆင်သူဖြစ်ပါက သောကြာဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့၏ အရည်အသွေးများအား ပိုင်ဆိုင်ထားသူဖြစ်ပါမည်။

**လက်သန်းတွင်လက်စွပ်ဝတ်ခြင်း**

ဝဲဘက်လက်သန်းတွင် လက်စွပ်ဝတ်ဆင်ပါက အချစ်ရေးကိစ္စ ယာယီပြဿနာဖြစ်တတ်ပါသည်။ အကယ်၍ ဝဲဘက်လက်သန်း၌လက်စွပ်ဝတ်သူသည် အမျိုးသမီးဖြစ်ပါက မကြာမီအချိန်အတွင်း မီးယပ်နှင့်သားဖွားဆိုင်ရာ ရောဂါဝေဒနာတစ်ခုခု ဝင်ရောက်လာတတ်ပါသည်။ အဆိုပါ ရောဂါဝေဒနာ ပြင်းထန်ခဲ့ပါက သားအိမ်ထုတ်ပစ်ရသည်အထိရှိလာနိုင်ပါသည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လက်သန်းတွင် လက်စွပ်ဝတ်ဆင်ခြင်းကြောင့် ခန္ဓာကိုယ်ထိခိုက်မှု၊ ရောဂါဝေဒနာ၊ စိတ်ပူပန်သောကရောက်ရသည့် အခြေအနေအမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်ခြင်းကြောင့် လက်သန်း၌ လက်စွပ်ဝတ်သည့်အလေ့အထကို ရှောင်ကြဉ်သင့်ပါသည်။

## လက်ချောင်းထိပ်များ တည်ဆောက်ပုံများ

**ချွန်သောလက်ချောင်းထိပ်**

စိတ်အတက်အကျ၊အပြောင်းအလဲ မြန်ဆန်ခြင်းသဘောရှိကြောင်းဖော်ပြပြီး လက်ညှိုးထိပ်များချွန်နေပါက စိတ်ပိုင်းဆိုင်ရာ၌ အထုံပါရမီအားကောင်းပြီး အများအပေါ် စိုးမိုးအုပ်ချုပ်နိုင်သူဖြစ်ပါမည်။ အကယ်၍ လက်သန်းထိပ်များ ချွန်နေပါက အပြောအဆိုချိုသာသူ ဖြစ်ပါမည်။

**ဝိုင်းသောလက်ချောင်းထိပ်**

ဘဝတစ်သက်တာတွင် အလိုက်သင့်နေထိုင်ပြောဆိုတတ်ပြီး အခြေအနေအပေါ် မူတည်၍ မီးစဉ်ကြည့်ကတတ်သူဖြစ်ကြောင်း ဖော်ပြပါသည်။

**လေးထောင့် (စတုရန်း)ပုံရှိ လက်ချောင်းထိပ်**

လက်ချောင်းထိပ်များလေးထောင့်စပ်စပ်ကျနေပါက အစစအရာရာ သေသပ်၊ သပ်ရပ်စွာ လုပ်ကိုင်တတ်သူ၊ တိကျသေချာမှုရှိပြီး ဝီရိယစိုက်ထုတ်တတ်သူ၊ ပညာတတ်ဆန်သူဖြစ်ပါမည်။ အထူးသဖြင့် အဆိုပါလက်ချောင်းပိုင်ရှင်များ၏ လက်ညှိုးနှင့် လက်ခလယ်ထိပ်တို့၌ လေးထောင့်ကျနေသည်ကိုတွေ့ရပါသည်။

**ထိပ်ဖျားကားနေသောလက်ချောင်း**

မနားမနေစတမ်း ခွန်အားစိုက်ထုတ်လုပ်ကိုင်နေရတတ်သည့် အလုပ်ကြမ်းသမား (သို့) အားကစားသမား၊ သက်စွန့်ဆံဖျားလုပ်ရခြင်းကိုဝါသနာပါသူ တောင်တက်သမားများ၌ အများဆုံး တွေ့ရတတ်သည်။ ထိပ်ဖျားကားနေသည့်လက်ချောင်းကို လက်သူကြွယ်ထိပ်၌ အများဆုံးတွေ့ရတတ်သည်။ အဆိုပါအနေအထားသည် လူအများနှင့်တွဲဖက်လုပ်ကိုင်တတ်ခြင်းသဘောကို ဖော်ပြပြီး (အကယ်၍) လက်ညှိုးထိပ်၌တွေ့ရပါက စွန့်စားတတ်သည့်သဘာဝရှိကြောင်းနှင့် လွတ်လပ်မှုကိုခုံမင်သူဖြစ်ကြောင်းဖော်ပြပါသည်။ တစ်ဖန် လက်ခလယ်ထိပ်ဖျားကားနေခဲ့ပါက ပုံမှန်အလုပ်ချိန် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ သတ်မှတ်ထားသောအလုပ်ကိုမလုပ်နိုင်ကြောင်း ကိုယ်ပိုင်လုပ်ငန်းကိုသာ လွတ်လပ်စွာလုပ်ကိုင်လိုကြောင်း ဖော်ပြပါသည်။


**လက်သည်းခွံများတည်ဆောက်ပုံ**

လက်သည်းခွံ တည်ဆောက်ပုံအမျိုးမျိုးအလိုက် မွေးရာပါပင်ကိုစရိုက်

www.burmeseclassic.com

www.burmeseclassic.com

**Diagram 6: Nails**




လက္ခဏာများအား ဖော်ထုတ်သိရှိနိုင်ပါသည်။

**လက်သည်းတည်ဆောက်ပုံ (၆) မျိုး**

သေးသွယ်ကာကျဉ်းမြောင်းသော လက်သည်း - Narrow

ယပ်တောင်ပုံလက်သည်း fam - shaped .

ဖြက်ကျယ် (ပြန့်ကား) သော လက်သည်း - Broad

လေးထောင့် (စတုရန်း) ကျသော လက်သည်း - square

တိုသောလက်သည်း - short

ဗာဒံစေ့ပုံစံလက်သည်း - Almond

**သေးသွယ်ကျဉ်းမြောင်းသော လက်သည်းနှင့် ယပ်တောင်ပုံလက်သည်း**

အထက်ပါခေါင်းစဉ်တွင်ဖော်ပြပါရှိသည့် လက်သည်းတည်ဆောက်မှုပုံစံ (၂)မျိုးစလုံးက စိတ်ဓာတ်ခိုင်မြဲသူ၊ စိတ်မာသူဖြစ်ကြောင်း ဖော်ပြနေပါသည်။ တစ်ဖန် အားနည်းချက်အနေဖြင့် စိတ်ထား (သဘောထားကျဉ်းမြောင်းသူ)၊ ရှေးရိုးထုံးစံများအား မပစ်ပယ်တတ်သူ၊ တစ်ယူသန်သူဖြစ်ကြောင်း ဖော်ပြသည်။

**ပြန့်ကားသောလက်သည်း**

အဆိုပါ လက်သည်းပိုင်ရှင်၏ သဘောထားကြီးတတ်ခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ ဟန်ဆောင်မှုကင်းမဲ့ခြင်း၊ အတွေ့အကြုံသစ်ရှာဖွေတတ်ခြင်းတို့ကို ဖော်ပြပါသည်။

**လေးထောင့်(စတုရန်း) ကျသောလက်သည်း**

စိတ်ပိုင်းဆိုင်ရာတည်ငြိမ်အေးဆေးမှုရှိသည့်သဘောကိုဖော်ပြသည်။

**တိုသောလက်သည်း**

အခြေအနေတစ်ရပ်အပေါ်တွင် လျင်မြန်စွာ ဆုံးဖြတ်စီရင်တတ်သည့်သဘောကို ဖော်ပြသည်။ ၎င်းအပြင် အလွယ်တကူ စိတ်ပင်ပန်းတတ်ခြင်း၊ သည်းခံနိုင်မှုစွမ်းရည်တို့အားနည်းခြင်း၊ စိတ်သဘောထားတင်းမာတတ်ခြင်း၊ တစ်ဖက်သားအပေါ် ပြင်းထန်စွာဝေဖန်တတ်ခြင်းစသည့်သဘာဝများကို ပိုင်ဆိုင်ထားသည်။

**ဗာဒံစေ့ပုံလက်သည်း**

၎င်းလက်သည်းပိုင်ရှင်များသည် ရုပ်ဝါဒဆန်ခြင်း၊ နှစ်ဖက်မျှ၍ တွေးခေါ်မှုမရှိခြင်း၊ အမြင်ကျဉ်းမြောင်းတတ်ခြင်းတို့ကို ဖော်ပြပါသည်။

**လက်ဝါးပြင်၏ အရောင်အသွေး၊ အသားအနှ၊ အကြမ်းနှင့် လေ့ကျင့်ရလွယ်ကူပုံတို့အလိုက်ကွဲပြားပုံ**

**colour (အရောင်အသွေး)**

ပင်ကိုစိတ်နေစိတ်ထားနှင့် ကျန်းမာရေးအခြေအနေကို ဖော်ပြသည်။ လက်ဝါးပြင်နီမြန်းလွန်းနေပါက သွေးပေါင်မြင့်တက်နေခြင်း၊ ရန်လိုတတ်ခြင်း၊ ကိုယ်ခံအားနှင့် အသည်းၡိပြဿနာရှိတတ်ခြင်းတို့ကို ဖော်ပြပါသည်။ အကယ်၍ လက်ဝါးပြင်ဖြူဖျော့လွန်းနေပါက အနွေးဓာတ်လိုအပ်နေခြင်း၊ သွေးလည်ပတ်မှုအားမကောင်းခြင်း၊ ကိုယ်ခံအားလျော့နည်းကျဆင်းတတ်ခြင်းသဘောကို ဖော်ပြပါသည်။ အပြာရောင်သန်းသောလက်ဝါးပြင်ဖြစ်ပါက အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သောရောဂါဖြစ်တတ်ပြီး လက်ဝါးပြင် အဝါရောင်သန်းနေပါက အသည်းရောင်အသားဝါရောဂါ၊ ကိုယ်လက်စိတ ရောမြင့်တက်သည့် နောက်ဆက်တွဲရောဂါများဖြစ်လာနိုင်ပါသည်။

**Texture (အသားအနှ၊ အကြမ်း)**

လက်ဝါးပြင်အသား၊အနုအကြမ်းသည် သက်ဆိုင်ရာ လက္ခဏာရှင်၏ ပင်ကိုစရိုက်အား ကနဦးသဲလွန်စအဖြစ် ဖော်ထုတ်ပေးသည်။ ကြမ်းထော်သော လက်ဝါးပြင်အသားသည် ခက်ခဲကြ[မ်း] တမ်းသောအခြေအနေနှင့် အန္တရာယ်ကြား ကျရောက်သည့်တိုင် (သေရွာပြ[န်] အဖြစ်) အသက်ရှင်တတ်ကြောင်းဖော်[ပြ] ပြီး လက်ဝါးပြင်အသားနူးညံ့ပါက ဆ[တ်] ဆတ်ထိမခံတတ်သူ၊ စိတ်ခံစားမှုပြ[င်း] ထန်တတ်သူဖြစ်ကြောင်းဖော်ပြပါသည်။

အကယ်၍ လက်ဝါးပြင်အသား[း] သည် နူးညံ့သည့်ပုံစံမဟုတ်ဘဲ ပျော့[ပျော်] အိပုံစံဖြစ်နေပါက စိတ်အလိုလိုက်တ[တ်] သူ၊ စည်းစိမ်ခံတတ်သူ၊ တစ်ခါတ[လေ] ပျင်းရိတတ်သူဖြစ်ကြောင်းဖော်ပြသည်။

**Malleability**

**(အလွယ်တကူ ပုံသွင်းနိုင်သည့်သဘော ရှိသော လက်ဝါးပြင်အသား)**

လက်ဝါးပြင်အသားကျစ်လျ[စ်] ရှိပါက ကုန်းချောတတ်သည်သဘော ဒုပေနာပေခံနိုင်သည့်သဘော၊ ခေါ[င်း] တတ်သည့်သဘော၊ ပြောင်းလဲခြ[င်း] မလိုလားသည့်သဘောကိုဖော်ပြသ[ည်]။ အကယ်၍ လက်ဝါးပြင်ပျော့ပျော[င်း] ရှိပါက စိတ်သဘောထားပြောင်းလွ[ယ်] ပြင်လွယ်တတ်သည့်သဘောရှိကြော[င်း] အသိပေးပါမည်။လက်ဝါးပြင်ပျော့ပျော[င်း] မှုလွန်ကဲ၍ အနောက်ဘက်သို့ကွေးညွ[တ်] နိုင်သည့်အနေအထားရှိပါက ပျော်[ပျော်] နေတတ်သူ၊ ငွေကြေးသုံးစွဲမှုစည်း[ကမ်း] မဲ့၍ လက်ဖွာတတ်သူဖြစ်ပါမည်။

**ဉာဏ်စမ်းပဟေဠိများ - 3**

၁။ စရိုက်လက္ခဏာ ကြမ်း... မှုကို မည်သည့်လက်ချောင်းက ဖော်... သနည်း။

အဖြေ - အရှယ်အစားကြီး... သော လက်မ။

၂။ မိမိကိုယ်မိမိ ယုံကြည်... ထားတတ်ခြင်းကိုမည်သည့်လက်ချော[င်း] ဖြင့် တိုင်းတာရသနည်း။

အဖြေ - လက်ညှိုး။

၃။ လူမှုဆက်ဆံရေး၌ ...



www.burmeseclassic.com

www.burmeseclassic.com

း (သို့) ရင့်ကျက်မှုမရှိခြင်းတို့အတွက် သည့်လက်ချောင်းကဖော်ပြသနည်း။

အဖြေ - သေးငယ်သောလက် ။

၄။ ကျွန်ုပ်တို့၏ စီးပွားရေးအမြင် နှင့်ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှုအတွက် ရှိနိုင်စွမ်းရှိမှုတို့အား မည်သည်က ကိုင်ထားသနည်း။

အဖြေ - လက်ချောင်းရိုး(အလယ် )။

၅။ စိတ်ပိုင်းဆိုင်ရာသက်သောင့် သာရှိနေပြီး အများနှင့်ပွင့်လင်းစွာ ဆိုဆက်ဆံနိုင်ခြင်းအား မည်သည့် ချောင်းက ကိုယ်စားပြုသနည်း။

အဖြေ - လက်မ။

၆။ ဘဝ၏ပျော်ရွှင်မှုအပြည့်အဝ စားရခြင်းအပေါ် အပြစ်ရှိသလိုခံစားရ ကြောင်း မည်သည့်လက်အနေအထား ဖော်ပြသနည်း။

အဖြေ - လက်ခလယ်နှင့်လက်သူ ကြွယ်နီးကပ်စွာရှိနေခြင်း။

၇။ ရှက်ရွံ့တတ်သော်လည်း လက် တွေ့ကျကျပြောဆိုလုပ်ကိုင်တတ်သည့် သဘောရှိကြောင်း မည်သည်က ဖော်ပြ နည်း။

အဖြေ- မုခ်ဝ-အဆုံးပုံစံရှိလက်ဗွေ။

၈။ အထုံပါရမီအားကောင်းသော် သည်း ခေါင်းမာတတ်သည့်သဘောရှိ ကြောင်း မည်သည့်လက်ဗွေက ဖော်ပြ နည်း။

အဖြေ - အလိပ်လိုက်ပုံစံရှိလက် ဗွေ (Whorl)။

၉။ လက်ချောင်းထိပ်ဖျားရှိ မည် သည့်လက်ဗွေက အနုပညာဆိုင်ရာပါရမီ ရှိခြင်းနှင့် ဖန်တီးနိုင်မှုစွမ်းအားရှိခြင်း တို့ ဖော်ပြသနည်း။

အဖြေ - လက်သူကြွယ်တွင်ပါရှိ သော အလိပ်လိုက်လက်ဗွေ (Whorl)။


၁၀။ စိတ်အားထက်သန်ခြင်းစိတ် စိတ်သန်းကောင်းခြင်းတို့အား မည် သည့်လက်ဗွေက ကိုယ်စားပြုသနည်း။

အဖြေ - လက်ညှိုးပေါ်ရှိ ရွက်ဖျင် ပုံစံလက်ဗွေ (Tented arch)။

## Part-2

**ချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပျက် များအပေါ် အကွက်ကျကျ ဟောကိန်း ထုတ်နိုင်ခြင်း**

**Diagram 7: Timing Charting the course of our life**




လက္ခဏာပညာရပ်၏ ရှုထောင့် အရ လက်ဝါးပြင်တည်ဆောက်ပုံ၊ လက်ချောင်းများ၏အနေအထား၊ အဓိက လမ်းကြောင်းများနှင့် လက်ဗွေတို့က ကျွန်ုပ်တို့၏ လက်ရှိကြုံတွေ့နေရသော အခြေအနေအဆိုး၊ အကောင်း၊ ယခင်က ရည်မှန်းချက်ထားရှိ စီစဉ်ရွေးချယ်ထားမှုများနှင့် အနာဂတ်ကာလကြုံတွေ့လာရမည့် အခြေအနေအရပ်ရပ်အား ကိုယ်စားပြုဖော်ပြပေးနေပါသည်။

လက်ဝါးပြင်ရှိ ကံလမ်းကြောင်းမှ တစ်ဆင့် အနာဂတ်အခြေအနေကို ကြိုတင်သိရှိနိုင်ရန် ပြီးခဲ့သော အတိတ်ကာလမှအဖြစ်အပျက် အတိအကျအား သိရှိထားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ဘဝတစ်သက်တာအတွင်း ဖြစ်ပျက်ကြုံတွေ့ရမည့်ကိစ္စပေါင်းစုံအား လက်ဝါးပြင်ပါလမ်းကြောင်း (၄) ခု ဖြစ်သည်။ အသက်လမ်းကြောင်း၊ ကံလမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် Apollo Line တို့က အတိအကျဖော်ပြပေးနိုင်ပါသည်။ ၎င်းပြင် ဖော်ပြပါလမ်းကြောင်းများအား ဖြတ်သန်းသွားတတ်သော အခြားလမ်းကြောင်းတိုများ၊ လိုင်းဖြတ်များ၊ ကျွန်းများနှင့် အမှတ်အသားမျိုးစုံကိုလည်း သတိပြုလေ့လာရပါမည်။ အကယ်၍ လမ်းကြောင်းတစ်ခုခုက မပြေပြစ်သော ပုံစံဖြင့် ရပ်တန့်သွားခြင်း၊ ပြတ်တောက်နေခြင်း (သို့) အဆုံးသတ်နေခြင်းရှိပါက ၎င်းလမ်းကြောင်းကိုယ်စားပြုသည့်ကိစ္စ အကောင်း၊ အဆိုးမှန်သမျှလည်း ပြီးဆုံးရပ်တန့်သွားပါမည်။ တစ်ဖန် လမ်းကြောင်းသည် ဖြောင့်တန်းရှင်းလင်းခြင်းမရှိဘဲ လိုင်းတိုများအဖြစ် တစ်ခုအပေါ် တစ်ခုထပ်နေပါက ယခင်က ချမှတ်ခဲ့သော အစီအစဉ်များအား ပြောင်းလဲမှုလုပ်မည့် သဘောဖော်ပြပါသည်။

a. အကယ်၍ အသက်လမ်းကြောင်းသည် အဆုံးသတ်သွားပြီးသည့်တိုင် မှေးမှိန်သောလမ်းကြောင်းအဖြစ် ဆက်လက်သွားနေပါက ပြီးဆုံးနေသည့် အမှုကိစ္စများ၌ ဆက်လက်ပါဝင်ပတ်သက်နေတတ်ပါသည်။

b. ဦးခေါင်းလမ်းကြောင်း ရုတ်တရက် ရပ်တန့်အဆုံးသတ်သွားပါက သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် မမြင်ရ မထင်မှတ်ထားသောနေရာမှ ပြဿနာတစ်ခု ပေါ်လာတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





Diagram 8: Stops, gaps and overlaps on the major lines


g. Diagram-8 အရ လက်ဝါးပြင်ရှိ g နေရာသည် (ဦးခေါင်း)လမ်းကြောင်း ပြတ်တောက်သောနေရာရှိ တစ်ခုနှင့်တစ်ခုအကြား အကူးအပြောင်းအတွက် အထောက်အပံ့ပမာ ရပ်တည်ပေးသည်။

c. ကံလမ်းကြောင်း ရုတ်တရက် အဆုံးသတ် (ပြတ်တောက်) သွားပါက အမျိုးသမီးဖြစ်လျှင် မမျှော်လင့်ဘဲ ကိုယ်ဝန်ရတတ်ခြင်း၊ အလုပ်အကိုင်မဲ့ဖြစ်ရခြင်းများ ကြုံတွေ့နိုင်ပါသည်။ ကံလမ်းကြောင်း အဆုံးသတ်၍ ၎င်းနေရာ၌ Apollo Line ဝင်ရောက်နေပါက လက္ခဏာရှင်၏ ကြိုးစားအားထုတ်မှုများ အရာထင်၍ ပျော်ရွှင်ကံကောင်းခြင်းများနှင့် ကြုံတွေ့ရပါမည်။

d. နှလုံးလမ်းကြောင်းသိသိသာသာ ပြတ်တောက်နေပါက လူမှုဆက်ဆံရေးနှင့် အချစ်ရေး၌ ပြဿနာရှိလာနိုင်ပါသည်။

e နှင့် f အသက်လမ်းကြောင်းသည် (တစ်ဖြောင့်တည်းမရှိ) ပြတ်တောက်လျက် ၎င်းပြတ်တောက်နေသောလမ်းကြောင်းတို့များက တစ်ခုပေါ်တစ်ခုထပ်နေဟန်ရှိပါက ဆိုင်ရာလက္ခဏာရှင်အတွက် ပတ်ဝန်းကျင်အပြောင်းအလဲနှင့် လူနေမှုပုံစံအပြောင်းအလဲများ ရှိလာနိုင်ကြောင်းဖော်ပြပါသည်။ e တွင်ပြထားသည့်လမ်းကြောင်းတို့သည် မိမိကိုယ်မိမိ ယုံကြည်မှုပိုမိုရရှိရန်၊ ဝါသနာပါရာအလုပ်ကို တိုးတက်အောင်လုပ်ကိုင်ရန်ဆန္ဒရှိနေကြောင်း ဖော်ပြပါသည်။ အကယ်၍ f တွင် ပါရှိသည့်အတိုင်း အသက်လမ်းကြောင်းအသစ် (လိုင်းတို) သည် ပင်မအသက်လမ်းကြောင်း၏ အတွင်းဘက်၌ စတင်နေပါက ကျန်းမာရေးကို ဂရုစိုက်ရပါမည်။


**တစ်ခုအပေါ်တစ်ခုထပ်နေသည့် ဦးခေါင်းလမ်းကြောင်း(တို့)များ**



Palm Print- 25

အတိတ်ကာလမှ အဖြစ်အပျက်များကို လက်လျှော့၊ စွန့်လွှတ်၍ စိတ်သစ်လူသစ်ဖြင့် ဘဝကိုရင်ဆိုင်ရပ်တည်မည့်သဘော၊ အတိတ်ကာလ အသက် 31-32 အကြားတွင် ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ပြီး နာလန်ထကာလအတွင်းရှိနေကြောင်း ဖော်ပြပါသည်။


**ကံလမ်းကြောင်းတစ်ခုပေါ်တစ်ခု ထပ်[...]ခြင်း**



Palm Print- 26

မကြာမီကာလ၌ အိမ်ထောင်[...]၍ မိဘနေရာသို့ ရောက်ရှိပါ[...] အသက်အရွယ်အားဖြင့် (32) နှ[...] (34) နှစ်ကြားတွင် ဖြစ်နိုင်ပါသည်။

**အသက်လမ်းကြောင်းတစ်ခုပေါ်တစ်ခု[...] နေပြီး လေးထောင့်ကွက်များပါရှိခြင်း**



Palm Print- 27

ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနော[...] ပိုင်း အသက် (၁၅) နှစ်တွင် ဘဝ[...] စတင်ခဲ့ရကြောင်း၊ ဂီတပညာရှင်အ[...] အသက်မွေးဝမ်းကျောင်းခဲ့ရကြော[...] ဖော်ပြနေသည့်လက္ခဏာ ဖြစ်သ[...] အဆိုပါ လက္ခဏာရှင်သည် အမျိုး[...] ဖြစ်ပြီး အသက် (၃၈) နှစ်အရွ[...] ကိုယ်ဝန်ပျက်ကျမှုနှင့်ကြုံတွေ့နိုင်ပါသ[...] ၎င်းပြင် သူမသည် အသက် (၂၄)[...] အရွယ်၌ ဂီတအနုပညာရှင်ဘဝ[...] လွှတ်ပြီး မိခင်ဘဝသို့ ရောက်ရှိခဲ့[...] အသက် (၂၆) နှစ်အရွယ်မှစ၍ ဘ[...] ရေးအပေါ် သက်ဝင်ယုံကြည်မှုရှိလာ[...] ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိဝင်ပျားရည်၏နောက်ဆက်တွဲရောဂါပျောက်ဆောင်းပါးများ

# အမျိုးသမီးများအဖြူဆင်းရောဂါ

အမျိုးသမီးများမှာ အသက် (၁၄)၊ (၁၅) ဆိုလျှင် ရာသီသွေးပေါ်၍ အပျိုဖြစ်ပြကြပါပြီ။

ဤကား အမျိုးသမီးတိုင်း သိပြီးဖြစ်ပါသည်။

အမျိုးသမီးတချို့တွင် မိန်းမကိုယ်အဖြူဆင်းသောရောဂါများ တချို့ဖြစ်တတ်၏။ အရပ်စကားနှင့်တော့အဖြူဆင်းခြင်း၊ ဆေးစကားနှင့်ပြောလျှင်တော့ (LEUCORRHOEA) လူကိုးယားဟု ခေါ်ပါ၏။

အဖြူဆင်းခြင်းမှာ အမျိုးမျိုးရှိ၏။ တချို့အမျိုးသမီးများတွင် ရာသီသွေးပေါ်ခါနီး ရိုးရိုးအဖြူစဆင်းတတ်၏။ ကိုယ်ဝန်ဆောင်သည်များမှာ ကိုယ်ဝန်ရခါစတွင် အဖြူစဆင်း၏။ ဤကား ကြောက်စရာမလိုပါ။ သဘာဝဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်၏။

**သတိပြုရမည့်အဖြူဆင်းခြင်းများ**

၁။ အဖြူရောင်အရည်ဆင်းခြင်း၊
၂။ အဝါရောင်အရည်ဆင်းခြင်း၊
၃။ အစိမ်းရောင်အရည်ဆင်းခြင်း တို့ဖြစ်ပြီး -

အဖြူရောင်နှစ်ကဲ့သို့ အဖြူဆင်းခြင်းသည် ဓမ္မတာအရ ကြောက်စရာ စိုးရိမ်စရာမလို ရောဂါမဟုတ်ပါ။

မိန်းမကိုယ်မှ အဝါရောင်တွေဆင်းလျှင်တော့ သတိပြုပါတော့။ အနံ့အသက်တွေမကောင်းပါ။ သားအိမ်ခေါင်းမှသော်လည်းကောင်း၊ သားအိမ်အတွင်းမှသော် လည်းကောင်း အနာဖြစ်နေသည်။ ဆရာဝန်နှင့်ပြသရမည်။ သတိပြုပါတော့။

မိန်းမကိုယ်မှာ အစိမ်းရောင်တွေဆင်းလျှင်တော့ပို၍သတိပြုတော့။ အနံ့အသက်တွေမကောင်းပါ။ သားအိမ်ခေါင်းမှာသော် လည်းကောင်း၊ သားအိမ်အတွင်းမှာသော်လည်းကောင်း အနာဖြစ်နေသည်။ အနာမှ ရိုးရိုးအနာမဟုတ်ပါ။ ကင်ဆာရောဂါဖြစ်နေလေပြီ။ မီးယပ်အထူးကုဆရာဝန်နှင့် အမြန်ပြသပါ။ သတိထားပြုပါ။

မကြောက်ပါနှင့်။ မစိုးရိမ်ပါနှင့်။ အချိန်မီသိလျှင် ခွဲစိတ်ကုသ၍ လုံးဝပျောက်ရပါမည်။

အမျိုးသမီးလေးများ တချို့တွင် ရာသီလာခါနီးတွင် အဖြူတွေဆင်းပြီး ရာသီလာခင် သားအိမ်ဝပိတ်၍ကိုက်ခဲတတ်ပါ၏။ နာကျင်ရတတ်ပါ၏။

တချို့မိန်းကလေးများ ငိုယိုနေရတတ်ပါ၏။

ထိုအခါ သမားတော်များက - SPAMSAMO CILVALGEN ဆေးပြားကို တိုက်ကျွေးပါ၏။ ချက်ချင်းပင် ကိုက်ခဲမှုဝေဒနာ ပျောက်ကင်းရပါ၏။

အဖြူဆင်းခြင်းသည် မိန်းမကိုယ်အင်္ဂါစပ်ထဲသို့ မသန့်ရှင်းသောရေများကို သုံးစွဲမိပါသဖြင့် ပိုးဝင်သွား၍ အဖြူဆင်းခြင်းဖြစ်၏။

ထိုအခါ မီးယပ်ရောဂါကု ဆရာဝန်များက သောက်ဆေးနှင့် မိန်းမကိုယ်ထဲသို့ထည့်သည့် (VEGINAL TAB) ဆေးပြားကိုပေးပါ၏။

မိန်းမကိုယ်ထဲသို့ လက်အိတ်ဖြင့်ထည့်ထားလျှင် (၂) ရက်၊ (၃) ရက်အတွင်း အဖြူဆင်းခြင်းပျောက်ကင်းပါ၏။

မိမိကိုယ်တိုင်လည်း လက်အိတ်သုံး၍ထည့်၍ရပါ၏။ လွယ်ကူလှပါ၏။

မတတ်လျှင် သူနာပြုဆရာမများက သင်ပေးကြပါ၏။

**▫ နှစ်ရှည်လများ အဖြူဆင်းသည့် အမျိုးသမီးလေးတစ်ဦး**

သူက မူလတန်းပြကျောင်းဆရာမလေး။ စာရေးသူ၏တူမလေးအရင်း။ ဘာသာတရားကိုင်းရှိုင်း၏။ စာပေကိုမြတ်နိုး၏။ လစဉ်ထုတ်မဂ္ဂဇင်းများအငှားဆိုင်မှ ဝယ်ဖတ်၏။

အသက်က (၂၁) နှစ်အရွယ်ခန့်သာရှိသေး၏။ သူ့မိခင်ကို သူ့ရောဂါအကြောင်းပြောပြ၏။

သူ့မိခင်က မီးယပ်အထူးကုဆရာဝန်မကြီးနှင့် ပြသကုသပေး၏။

LEUCORRHOEA ဟု အမည်တပ်ပြီး တိုက်ဆေးပေး၏။ မိန်းမကိုယ်ထဲသို့ထည့်သည့် ဆေးတောင့်ကိုပေးပြီး ထည့်ခိုင်း၏။

ပျောက်သွားပါ၏။ ထပ်ဖြစ်ပြန်ပါ၏။ သူ့မိခင်ကလည်း သန့်စင်ခန်းထဲမှ သုံးသည့်ရေကို အထူးဂရုစိုက်ပြီးပြုလုပ်ပေးပါ၏။

အဝတ်အစားများကိုပင် သမီးလေးကို မလျှော်မဖွပ်ခိုင်းပါ။

သူ၏အဖြူဆင်းရောဂါကား - ပျောက်လိုက်၊ ပြန်ဖြစ်လိုက်နှင့်ဖြစ်နေရ၏။

နောက်ဆုံးတော့ သူ့မိခင်သည် ကျောင်းပိတ်ရက်တစ်ရက်မှာ တိုင်းရင်းဆေးဆရာမကြီးတစ်ဦးထံသို့ ခေါ်သွားပါတော့၏။

တိုင်းရင်းဆေးဆရာမကြီးက တူမလေး၏။ မိန်းမကိုယ်ကို ဖန်ရည်ဆေးပေး၏။ ရေနွေးနှင့် ကျောက်ချဉ်ကို စိမ်ပြီး ဖန်ရည်ဆေးပေး၏။

ပန်းကန်သန့်သန့်ထဲသို့ ပျားရည်သုံးစက်ထည့်၏။ ပြီးတော့ သံပရာရည်ကို ထိုပျားရည်ထဲသို့ညှစ်ထည့်၏။ ပျားရည်နှင့် သံပရာရည်ရောပြီးသားကို ဂွမ်းစလေးနှင့်တို့ယူပြီး လက်အိတ်စွပ်ပြီး မိန်းမကိုယ်ထဲသို့ထည့်ပေး၏။

တစ်နေ့ကို (၂) ကြိမ်လုပ်ရ၏။

ဤကဲ့သို့ (၃) ရက်တိတိ မိန်းမကိုယ်ထဲသို့ထည့်ရ၏။

**▫ သောက်ဆေး**

၁။ ပျားရည်လက်ဖက်ရည်ဇွန်း (၁)ဇွန်း
၂။ သံပရာရည် (၂) ဇွန်း

ရောပြီး တစ်နေ့ (၃)ကြိမ်သောက်ရ၏။ ကြက်သီဖြူကို မီးဖုတ်ပြီးစားခိုင်း၏။ တစ်ပတ်ခန့်ကြာသောအခါ တူမလေးကျောင်းဆရာမလေး၏အဖြူဆင်းရောဂါလုံးဝပျောက်သွားသည်ဟု သူ့မိခင်က ပြောပြပါ၏။

တူမလေး ကျောင်းဆရာမလေးသည် စာရေးသူရေးသားသည့် သုရဇ္ဇမဂ္ဂဇင်းထဲမှ သိဒ္ဓိဝင်ပျားရည်ဆောင်းပါးကိုဖတ်ထားသူ ဖြစ်ပါ၏။

ယင်းကြောင့် သူ၏မိခင်ကိုပြောပြပြီး သူ၏မိခင်မှတစ်ဆင့် စာရေးသူအားဆောင်းပါးရေးသားနိုင်ရန် ပြောခိုင်းဖြစ်ကြောင်းသိရှိရပါ၏။

ယင်းကြောင့် အဖြူဆင်းရောဂါဖြစ်ပါလျှင် ရှေးဦးစွာ မီးယပ်ရောဂါကုဆရာဝန်ဖြင့် ပြသ၍ ကုသပေးကြပါ။

ကျေးလက်တောရွာများတို့တွင် ဆရာဝန်များနှင့် လက်လှမ်းမမီနိုင်သောအရပ်ဒေသမှ မိန်းကလေးများ၊ အမျိုးသမီးငယ်များ အဖြူဆင်းရောဂါဖြစ်ခဲ့ပါလျှင် စာရေးသူ၏ တူမလေးကျောင်းဆရာမ ကုသသလို ကုသကြည့်ကြပါရန် အကြံဉာဏ်ပြုပေးလိုက်ရပါ၏။

မိန်းမကိုယ်ထဲသို့ ဂွမ်းစထည့်ရာတွင် မထည့်မီ မိမိလက်ကို ရေနွေးနှင့် ဆပ်ပြာနှင့်ပြောင်စင်အောင် ဆေးကြောဖို့တော့ အထူးလိုအပ်ပါကြောင်း။

အောင်စကြာ

အရှင်သုမေဓာ(ရ)

အငြိမ်းစားကျန်းမာရေးမှူး



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ရက်သတ္တပတ်က Final Destination (နောက်ဆုံးဦးတည်ရာ)ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားကို ကြည့်မိသည်။ တကယ်တမ်းပြောရလျှင် ဇာတ်ကားများ ဟူသော ဝေါဟာရကို သုံးရမည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် Final Destination ဇာတ်ကားမှာ စုစုပေါင်းဇာတ်လမ်းငါးတွဲဖြစ်ပြီး ဇာတ်ကားတိုင်းမှာ အုပ်စုလိုက်သေဘေးမှလွတ်မြောက်သောလူတစ်စုသေဘေးမှလွတ်ပြီးနောက် မကြာခင်ကာလ၌ တစ်ယောက်ပြီးတစ်ယောက် မလွဲမသေ သေကိန်းဆိုက်ပုံအကြောင်းကိုဖွဲ့ထားသောဇာတ်ကားများဖြစ်သည်။

ပထမဇာတ်ကားတွင် ပါရီမြို့သို့ အပျော်ခရီးထွက်လာသည့်ကျောင်းသားအုပ်စုပါရှိလာသော လေယာဉ်သည် လေထဲတွင် ပေါက်ကွဲပျက်စီးသွားခဲ့၏။ လေယာဉ်မထွက်ခွာခင် ကျောင်းသားတစ်ယောက်က လေယာဉ်ပျံတက်လျှင် ပေါက်ကွဲပျက်စီးမည်ကို ကြိုတင်မြင်ပြီး လေယာဉ်ပေါ်မှ အသည်းအသန်ပြန်ဆင်းခဲ့ရာ သူနှင့်အတူ လိုက်ပါခဲ့သော သူငယ်ချင်းခုနစ်ယောက်ခန့် သေဘေးမှလွတ်သွားသည်။ သို့သော် ထိုသူတို့သည် ယင်းတို့ လေယာဉ်ပျံပေါ်တွင် လိုက်ပါခဲ့လျှင် သေဆုံးခဲ့မည့် သမ္မာစဉ်အတိုင်းပင် တစ်ယောက်ပြီးတစ်ယောက် အသီးသီးသေဆုံးကြရသည်။ တစ်နည်းသေမင်းကို ကြိုတင်သိလည်း သေမင်းထံမှ ပြေးမလွတ်သည့်အနေကို ဖွဲ့ဆိုရိုက်ကူးထားသောဇာတ်ကား ဖြစ်သည်။ ဒုတိယဇာတ်ကားတွင် ရိုလာကိုစတာ ရဟတ်ပျက်ကျ၏။ တတိယဇာတ်ကားတွင် ပြိုင်ကားပြိုင်ပွဲစင်ပြိုကျသွားသည်။ စတုတ္ထတွင် တံတားပြိုကျသည် စသည်ဖြင့် အစုလိုက်အပြုံလိုက် သေမင်းသေခင်းများပေါ် အခြေတည်ရိုက်ကူးထားသော သည်းထိတ်ရင်ဖိုစိတ်ကူးယဉ်ဇာတ်ကားများဖြစ်၏။ သို့သော် ထိုသို့ သေမင်းကို ကြိုတင်မြင်မှုဖြစ်စဉ်များကို စိတ်ကူးယဉ်ဟု သက်သက်သတ်မှတ်၍မရသော အခြေအနေများလည်းရှိသည်။

လေဆိပ်တွင် မိတ်ဆွေတစ်ဦးကို နှုတ်ဆက်နေစဉ် စိတ်ထဲတွင် တစ်မျိုးတစ်မည်ခံစားရသည်ကဲ့သို့ဖြစ်သွား... ဖြစ်စဉ်မျိုး၊ အပန်းဖြေခရီးထွက်နေ... တွင် အိမ်မှာတော့ တစ်ခုခုဖြစ်နေ... စိတ်အာရုံတွင်ထင်မိသည့် ခံစားခ... ကြုံဖူးသူတို့အနည်းနှင့်အများရှိကြ... ဖြစ်လတ္တံ့ဖြစ်စဉ်များကို ထိုသို့ ... ဝါးဝါးခံစားမိခြင်းမျိုးမဟုတ်ဘဲ ထင်... ရှားရှား မြင်သိအာရုံရသည့်ဖြစ်စဉ်... လည်းများစွာရှိသည်။

အမေရိကန်လေကြောင်းကု... ၏ ခရီးစဉ်အမှတ်(၁၉၁)နှင့်ပတ်သ... ထိုဖြစ်စဉ်မျိုးရှိခဲ့သည်ကိုတွေ့ရသ...

ဒေးဗစ်ဘုဒ်သည် အမေ... လေကြောင်းကုမ္ပဏီ၏ လေယာ... တစ်ဦးဖြစ်ခဲ့သည်။ ၁၉၇၀ ပြည့်နှ... သူသည် လေယာဉ်တစ်စီးပြေးလမ်း... မှပျံတက်ရန်ကြိုးစားရင်း ဘေးသို့... သွားပြီး ကျွမ်းပစ်ပေါက်ကွဲမီး... ပျက်စီးသွားသည်ကို အိပ်မက်...



www.burmeseclassic.com

www.burmeseclassic.com



# တိုးထက်

## သေမင်းကို ကြုံတွေ့မြင်ခဲ့သူများ

…ည်၊ အိပ်မက်မက်သည်မှာ တစ်ရက် …ည်းမဟုတ်။ (၁၀) ညဆက်တိုက်ပင် …အိပ်မက်သာမက်နေခဲ့၏။ထိုအကြောင်း …ို လေကြောင်းပျံသန်းရေးအရာရှိများ …အားပြောပြသောအခါတွင် သူ့ကို ဘိုရင်း (…၂) တစ်စင်း သို့မဟုတ် ဒီစီ (၁၀) …လေယာဉ်တစ်စင်းအကြောင်းကိုမက်နေ …သည်ဟုထင်ကြောင်း သက်ဆိုင်ရာ …အရာရှိများက ခပ်ပေါ့ပေါ့ပြောကြားခဲ့ …သည်။

ဒသမအကြိမ်မြောက် ထိုအိပ်မက် …က်သည့်ည နောက်နေ့တွင် သူသည် …သူ၏လေယာဉ်ပျံဖြင့်ပျံတက်စဉ် အင်ဂျင် …တစ်လုံးပြုတ်ထွက်သွားပြီး လေယာဉ်ပျံ …ခန်ချက်ပျက် ပက်လက်လန်ပေါက်ကွဲ …ပျက်စီးသွား၏။ သူနှင့်အတူ လေယာဉ် …ပေါ်ပါရှိသည့် ခရီးသည်နှင့် လေယာဉ် …အမှုထမ်း (၂၇၃) ဦးစလုံး သေဆုံးသွားခဲ့သည်။

အလားတူ လေယာဉ်ပျက်ကျသည့်ဖြစ်စဉ်တစ်ရပ်မှာ ရော်နီပန်ဆန်နှင့် သူ၏တီးဝိုင်းလိုက်ပါသောလေယာဉ်ပျံပျက်ကျမှုပင် ဖြစ်သည်။ ၁၉၇၇ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် လေယာဉ်ပေါ်သို့အတက်၌ ဗန်ဆန်က သူ၏ဝိုင်းတော်သားများအား -

"ကိုင်း - လာကြ၊ လာကြ။ ငါတို့သွားချိန်တန်ပြီလေ၊ သွားချိန်တန်ပြီ"

ဟု ခေါ်ဆိုပြောကြားခဲ့သည်။

သူ့အချိန်တန်သွားခဲ့သည်ကတော့ အမှန်ပင်။ သူတို့တေးဂီတအဖွဲ့၏ ကိုယ်ပိုင်လေယာဉ်ပျံသည် မစ္စစ္စပီပြည်နယ်ရှိ နွံတောတစ်ခုထဲသို့ ပျက်ကျသွားခဲ့သည်။ ဗန်ဆန်၊ သူ၏ဂစ်တာသမား စတိ(ဗ်)ဂိန်း(စ်)၊ စတိဗ်၏ညီမကာက်ဆီနှင့် မန်နေဂျာဒင်းကီ(လ်)ပက်ထရစ်နှင့် လေယာဉ်မှူးနှစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ အာတီမတ်(စ်)ဝိုင်လီသာလျှင် အသက်ရှင်လွတ်မြောက်ခဲ့သည်။

တီးဝိုင်း၏ ပင်တိုင်အဆိုတော် ဘီလင်စလီသည် လေယာဉ်ပျက်မကျခင် တစ်ရက်ကပင် လေယာဉ်ပျက်သည့်ပုံကို အာရုံတွင် ထင်ထင်မြင်ခဲ့သည်ဟု ဆိုခဲ့သည်။

ရုပ်ရှင်မင်းသမီး ရှရွန်တိတ်၏ ဖြစ်စဉ်သည်လည်း ထူးထူးခြားခြား မှတ်တမ်းတင်စရာပြည့်ဝသော သေမင်းကို ကြိုတင်မြင်မှုဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။

၁၉၆၆ ခုနှစ်၏ နေ့တစ်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

သူမသည် သူမရည်းစားဟောင်း၏အိမ် အိပ်ခန်းတွင် တစ်ယောက်တည်းငြိမ်ကုပ် လျက်သားဖြင့် လောကမှ ပြေးပုန်းနေခဲ့ သည်။ သူမသည် ထိုနေ့တစ်နေကုန်ပင် စိတ်ထဲစနိုးစနောင့်ဖြစ်နေခဲ့ရာ အိပ်ပျော် အောင်အိပ်ရန်ကြိုးစားရင်း ထိုစိတ်ကို ဖျောက်ဖျက်ရန် ကြိုးစားနေခဲ့သည်။ သို့ဖြင့် မနိုးတစ်ဝက်နိုးတစ်ဝက်ဖြစ်နေချိန် သူမ သည် အခန်းထဲသို့ လူတစ်ယောက်ဝင် လာသည်ကို တွေ့လိုက်ရသည်။

ထိုသူမှာ ဤအိမ်၏ အိမ်ရှင် ဟောင်းမှန်း သူမချက်ချင်းမှတ်မိလိုက် သည်။ ပြဿနာတစ်ခုသာရှိခဲ့သည်။ ထိုအချက်ကား ထိုအိမ်ရှင်သည် လွန်ခဲ့ သော နှစ်ပေါင်းများစွာက ကိုယ့်ကိုယ် ကိုယ်သတ်သေသွားခဲ့ပြီးသူဖြစ်နေခဲ့၏။

ရှရွန်သည် အခန်းထဲမှ ဒရော သောပါးထွက်ပြေးခဲ့သည်။ လှေကားမှ ပြေးအဆင်းတွင်မူ လည်မျိုကို ဓားနှင့် ဖြတ်လှီးခံထားရသောသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရပြန်သည်။ သူမသည် မီးဖို ခန်းတွင် အရက်တစ်ခွက်စပ်ပြီးနောက် လှေကားဆီသို့ ပြန်လျှောက်ခဲ့သည်။ ထိုနေရာတွင် လည်လှီးသတ်ခံရသည့် သဏ္ဌာန်နှင့် အိမ်ရှင်ဟောင်း ပေါလ်ဘန် ၏တစ္ဆေပုံကို ထပ်၍တွေ့ပြန်သည်။

နောက်နှစ်များတစ်လျှောက်တွင်မူ ရှရွန်သည် ထိုလှေကားတွင် သူမမြင်မိ ခဲ့သူသဏ္ဌာန်မှာ သူမ၏သဏ္ဌာန်ပင်ဖြစ် သည်ဟု ယုံကြည်လာခဲ့သည်။ ထိုသရဲ သဏ္ဌာန်ကို သူမမြင်ပြီး သုံးနှစ်အကြာ တွင် သူမသည် ချာလ်မန်ဆွန်နှင့် သူ၏ မိသားစု ဘာသာရေးဂိုဏ်းဝင်တို့၏ ဓား ထိုးသတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ သူမ အသတ်ခံရသည့်အိမ်မှာ သူမကိုယ်တိုင် အသတ်ခံရသည့်ပုံရိပ်ကို ကြိုတင်မြင်ခဲ့ ရာအိမ်နှင့် တစ်မိုင်မျှသာ အလှမ်းကွာ ဝေးနေခဲ့သည်။

မသန်စွမ်း အိုလံပစ်ချန်ပီယံဖြစ် သော အော်စကာပစ်တြိုရီအပ်စ်သည် သူ့ရည်းစား တောင်အာဖရိက မော်ဒယ် ရီဗာစတိန်းကယ်ကို ၂၀၁၃ ခုနှစ် ချစ်သူ များနေ့တွင် သေနတ်နှင့်ပစ်ခတ်သတ် ဖြတ်ခဲ့သည်။ သူမကို ဖောက်ထွင်းရေး သမားအဖြစ် မှားပြီးတော့ပစ်မိခဲ့သည်ဟု အော်စကာက ဆိုခဲ့သည်။

ရီဗာသည် သူမသေဆုံးမည့် အခြေအနေကို သူမ အသက် (၁၄) နှစ် အရွယ်ကတည်းကပင် ကြိုတင်အာရုံရခဲ့ ပြီး ယင်းကို ပန်းချီကားတစ်ချပ်ဆွဲထား ခဲ့သည်ဟု သူမ၏မိခင် ဂျုန်စတိန်းကယ် က မီဒီယာသမားတစ်ဦးကို ပြောကြားခဲ့ သည်။ ပန်းချီကားပုံထဲတွင် ရီဗာသည် အိန်ဂျလ်တစ်ပါးအဖြစ် ကောင်းကင်ဘုံ သို့တက်သည့်လှေကားရင်းတွင် ရပ်နေခဲ့ သည်။ ခပ်လှမ်းလှမ်းတွင်မူ သူမသည် ယောကျ်ားတစ်ဦးပုံကို ရေးဆွဲထားခဲ့ပြီး ထိုသူ၏လက်ထဲတွင် သေနတ်ကိုင်ထား ခဲ့သည်။

အိန်ဂျလ်နတ်သမီးကလေးသည် တုန်လှုပ်ချောက်ချားနေဟန်ဖြင့် ပါးစပ် ကို လက်ဝါးဖြင့်အုပ်ထားခဲ့သည်။ ရီဗာ က ထိုပုံ၏အဓိပ္ပာယ်ကို သေသေချာချာ မရှင်းပြခဲ့ချေ။ သို့သော် သူမသည် သူမ အသတ်ခံရမည့်ပုံစံကို နိမိတ်ဆောင်ရေး ဆွဲခဲ့သည်ဟု သူမ၏မိဘများက ယူဆ ကြသည်။

လိုဂင်ဒရိုင်ယာဟူသော ချာတိတ် တစ်ယောက်မှာမူ သေမင်းကို ကြိုတင် မြင်၍ သေခြင်းနှင့်ရှောင်နိုင်ခဲ့သည်ဟု ဆိုရမည် ဖြစ်ပေသည်။ လိုဂင်သည် အမေရိကန်နိုင်ငံရှိ ဆန်ဒီဟုခ်မူလတန်း ကျောင်းတွင် တက်ရောက်နေခဲ့သူ ဖြစ် သည်။ အသက်ငါးနှစ်အရွယ် ကျောင်း သားလေးဖြစ်သော သူက တစ်နေ့တွင် ကျောင်းမတက်ချင်၍ 'မသွားဘူး၊ မသွား ဘူး၊ ကျောင်းမတက်ဘူး။ အဲဒီနေရာမှာ မလုံခြုံဘူး၊ သား သားကြောက်တယ်' ဟု ဆိုကာ အသည်းအသန် အော်ဟစ် ငိုယို ဂျီတိုက်သည်ကို ကျောင်းတက်ပျင်း ၍ဟုသာဖြစ်မည်ဟု မိဘနှင့် ကျောင်း ဆရာ၊ ဆရာမများက ထင်ခဲ့ကြသည်။

ထိုသို့ လိုဂင် ဂျီကျ၍ မိခင်ဖြစ်သူ က ကျောင်းမတက်ရန်ခွင့်ပေးပြီး အိမ်မှာ နေရသောအခါလည်း သူ၏ကျောင်းနေ ဖက်သူငယ်ချင်းများအတွက် အတော် စိတ်မသက်သာပုံပြနေခဲ့သည်။ သူ၏ ကျောင်းနေဖက် သူငယ်ချင်းများက သူ့ ကို လာရောက်ကြည့်ကြသောအခါတွင်



အတော်စိတ်မသက်သာပုံပြခဲ့ပြီး သူတို့ ကို တစ်စုံတရာဖြစ်မည်ကို စိုးကြောက် ဟန်ပြခဲ့သည်။ နောက်ဆုံးတွင် မိခင် ဖြစ်သူက သူ့ကိုကျောင်းပြောင်းထားမည် ဟု ရည်ရွယ်၍ ဆန်ဒီဟုခ်ကျောင်း ထုတ်ပစ်လိုက်ပြီး နှစ်ပတ်အကြာတွင် ဆန်ဒီဟုခ်မူလတန်းကျောင်းကို သေနတ် သမားတစ်ယောက်က ဝင်ရောက်ရမ်းကား ပစ်ခတ်၍ ကလေးအယောက် (၂၀) နှင့် လူကြီး (၆) ဦး အကြောင်းမဲ့သေဆုံး ကြရသည်။ လိုဂင်ဒရိုင်ယာသာ စိတ် စနိုးစနောင့်မဖြစ်ခဲ့ပါလျှင်၊ 'ကျောင်းနေ ပျော်သူဖြစ်နေခဲ့ပါလျှင် သူသည်လည်း အသတ်ခံရသူများတွင်ပါသွားနိုင်သည် ဟု သူ၏မိခင်က ယူဆသည်။ သေမင်း အရိပ်အယောင်ကို သူကြိုတင်မြင်၍ သာ ကွင်းရှောင်နိုင်ခဲ့ခြင်း ဖြစ်သည် ယူဆစရာဖြစ်စဉ်တစ်ခုပင် ဖြစ်သည် (သို့) သေချိန်မရောက်၍ သက်မပျော် သည့်အဖြစ်ဟုဆိုရမည်လော။ ပြော ခက်လှပါသည်။

သေမင်းကိုကြိုမြင်၍ သေခြင်းနှင့် လွဲပုံရခဲ့သော အခြားသူတစ်ဦးမှာ ဘာရုံကိုနေလာ ဖြစ်သည်။ သူသည် ကမ္ဘာ့ကုန်သွယ်ရေးအရာရှိ ဘဏ္ဍာရေး လုပ်ငန်းတစ်ခုတွင် အလုပ်လုပ်ကိုင်သူ တစ်ဦး ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် မီးရထားစီး၍ အလုပ်သို့အလာတွင် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်၍ အလုပ် သို့ဆက်မသွားတော့ဘဲ အိမ်သို့ပြန်ခဲ့ သည်။ ထိုသို့ အိမ်သို့ပြန်သွားခဲ့သော ကြောင့် ထိုနေ့နံနက်က ကုန်သွယ်ရေး အဆောက်အအုံကို လေယာဉ်တစ်စီး ဝင့်တိုက်သည့်ပထမဖြစ်စဉ်မှ လွတ် မြောက်ခဲ့ရသည်။

နောက်(၈)နှစ်အကြာတွင် အလုပ် သို့လာနေစဉ်မှာလည်း သူသည် စိတ် စနိုးစနောင့်ဖြစ်လာ၍ အိမ်သို့ပြန်သွား ရာ ကုန်သွယ်ရေးမျှော်စင်ကို အကြမ်း ဖက်သမားများက လေယာဉ်ပျံများဖြင့် တိုက်ချဖျက်ဆီး၍ လူပေါင်းသုံးထောင် ကျော် သေဆုံးပြီး အမြွှာမျှော်စင်ကြီး မြေခပျက်သုဉ်းရသည့်ဖြစ်စဉ်ကို ရုပ်သံ သာကြည့်မြင်လိုက်ရသည်။ တစ်နည်း အသက်ဘေးမှ သူကား လွတ်မြောက် ရသည်။

ဤသည်တို့ကား သေမင်းကို ကြို တင်တွေ့မြင်ခဲ့သူများ၏ ဖြစ်ရပ်အချို့ ဖြစ်ပါသည်။

ငြိမ်းထင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ငယ်စဉ်က အဘွားပြောပြတဲ့ အိပ်ရာဝင်ပုံပြင်တွေထဲမှာ နှစ်ပြည်ထောင်မင်းသားတွေ စစ်ခင်းတဲ့အကြောင်း နားထောင်ခဲ့ဖူးပါတယ်။ ပုံပြင်များနဲ့ ရင်းနှီးကြီးပြင်းခဲ့ရသူများလည်း ပုံပြင်အသီးသီးကို နားထောင်ခဲ့ကြဖူးပါလိမ့်မယ်။ အရွယ်ရောက်လာလို့ စာတတ်ဝါသနာပါသူတွေလည်း တစ်ပုဒ်တလေသောပုံပြင်ဖြစ်စေ ဖတ်ဖူးကြပါလိမ့်မယ်။ ကျွန်တော့်အဘွားပြောပြတဲ့ ပုံပြင်ကို ယခုတိုင်အမှတ်ရနေဆဲ ဖြစ်တယ်။ ပုံပြင်က. . .။

'ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းအုပ်ချုပ်တယ်တဲ့'။ အဘွားပြောသမျှတ တိုင်းမသိ ဗာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ် ဆိုသလို ပြာလဲ့ကို ဇာချဲ့ပြီး ဗာရာဏသီချဲ့ထွင်ပြောဆိုခဲ့သည်လည်း အများကြီးပါ။ ထား‌တော့။ ဗာရာဏသီ မင်းကြီးရဲ့သမီးတော်မှာ အလွန်တရာ ချောမောလှပပြီး မိန်းမတို့ကောင်းခြင်း (၆) ရပ်နဲ့လည်း ပြည့်စုံလှပါပေတယ်။ ယောက်ျားတို့၏ဥစ္စာကအချင်း၊ မိန်းမတို့၏ ဥစ္စာဆိုသည်က အဆင်းလို့လည်းဆိုကြပါတယ်။ ပြီးတော့ ဥညတို့၏ အဆင်းကအသံ၊ ရုပ်မလှသူတို့၏အဆင်းက အတတ်ပညာ၊ ရဟန်းတို့၏အဆင်း

# ဝန်းမြိုင်လယ်-စိန်ဝင်း

## ဘဝနွံတွင်းက ရုန်းထွက်နိုင်ခဲ့တဲ့ မိန်းကလေး

က သည်းခံခြင်းတရား၊ မိန်းမသားတို့၏ အဆင်းက လင်ယောကျ်ားလို့လည်းဆိုကြပါတယ်။

တော်လေးဝဝင် အမရာ၊ ကိန္နရီ ကျိုး သမ္မုလတို့၏ လင်သားတို့အပေါ် သစ္စာတရားထားရှိပုံတွေလည်းပါပါတယ်။ အဲဒီ မင်းသမီးလေးက အပြစ်ခြောက်ပါး ကင်းတယ်။ ကျွန်တော် အလွတ်ရတဲ့ ကဗျာငယ်းတစ်ပုဒ်ကို သတိရမိပါတယ်။ 'ပြစ်ခြောက်ကင်းစင် လှတုရင် နတ်သွင်တမျှ နှိုင်းမရအောင် ကောင်းကွာ လှလွန်းပါသည် သင့်မှာ ကောင်းကောင်းပါဘိ' ကဗျာရှင်ကို ကျွန်တော် မမှတ်မိ။ ကဗျာကိုတော့ ကြိုက်လွန်းလို့ ကျွန်တော်မြတ်နိုးတဲ့ မိန်းကလေးမလေးတွေကို တင်စားခဲ့ဖူးပါတယ်။ အပြစ်ခြောက်ပါးကင်းရမယ်ဆိုတာ အရပ်အလွန်မမြင့်လွန်းရဘူး၊ အရပ်

အလွန်မပုရဘူး၊ အစမလွန်ရဘူး၊ ငါး ကျည်းခြောက်လိုပိန်ကပ်ပြားခြောက်နေတာမျိုးမဖြစ်ရဘူး။ ခရုသင်းဖြူသလိုမျိုး ဖြူဆွတ်မနေရဘူး၊ နီဂရိုးလို ကပ္ပလီလို မမည်းလွန်းရဘူးဆိုတာ ခုမှသာ သေချာသိရတာပါ။

ဒီလိုမျိုးအပြစ်ခြောက်ပါးကင်းတဲ့ မင်းသမီးလေးကို အတိုင်းတိုင်းအပြည်ပြည်ကမင်းသားတွေကြိုက်ကြတယ်ဆိုတာဟုတ်မှာပေါ့။ သူတို့ကြိုက်တော့ သံတမန်တွေနဲ့ သဝဏ်လွှာပါးတယ်။ မင်းသမီးလေးကို မိဖုရားအရာမြှောက်မည်ပေါ့။ သဝဏ်လွှာကမ်းတာက ခုနစ်ပြည်ထောင်မင်းသားတွေ။ မင်းသမီးက တစ်ပါးတည်း။ ဘယ်လိုမျှဝေယူကြမည်လဲ စဉ်းစားရပြီပေါ့။ သူရထိုက်သည်၊ ငါရထိုက်သည်၊ သူနဲ့သာတန်သည်၊ ငါနဲ့သာတန်သည်ဆိုတဲ့ အငြင်းအခုံတွေပါလာတော့တယ်။ ရန်ဖြစ်ကြပြီ။ ခုနစ်ပြည်ထောင်မင်းတွေ စစ်ခင်းကြပြီ။ သေကြကျေကြသည်။သွေးချောင်းစီးခဲ့ကြသည်။

ငယ်စဉ်ကတော့ ပုံပြင်ကို နားထောင်ပြီး -

"မိန်းမတစ်ယောက်အတွက်နဲ့ စစ်မက်ဖြစ်ရတယ်ဆိုတာတော့လွန်တာပေါ့ အဘွားရယ်"

ဆိုတော့ အဘွားက -

"ဒါပုံပြင်ထဲမှာလေ"

လို့ပြောတယ်။

အရွယ်လေးရလာတော့ ဆက်စဉ်းစားဖြစ်တယ်။ 'မင်းသမီးလေးဆိုတဲ့ မိန်းမတစ်ယောက်အတွက်နဲ့ တိုင်းပြည်ပျက်လောက်အောင် စစ်ပွဲတွေဆင်နွှဲရတာ မလွန်လွန်းဘူးလား။ မိန်းမက သူတစ်ယောက်တည်းပဲရှိသတဲ့လား။ သူ့လို ချောမောလှပတဲ့သူတွေမရှိကြတော့ဘူးလား' လားပေါင်းများစွာနဲ့ ကျွန်တော်တွေးဖြစ်ခဲ့ပါတယ်။

အခုတော့ ကိုယ့်ကိုယ်ကိုယ်ပြန်မေးခွန်းထုတ်မိပါတယ်။ ကိုယ့်နိုင်ငံက မင်းသမီးလေးကို တခြားတိုင်းတစ်ပါးက ကာယကံရှင်ရဲ့ အလိုမတူ သဘောမကျဘဲ ခေါ်ဆောင်သွားခြင်းခံရရင် 'မင်းလက်ပိုက်ကြည့်နေနိုင်မလားကွ' ဆိုတဲ့ အမေးက နက်နဲစွာ ဦးနှောက်ထဲ စီးမျောလာပါတယ်။ ဆက်ပြီးတွေးမိတယ်။ လူဆိုတာ ရောင်းကုန်မဟုတ်။ ကိုယ့်နိုင်ငံက မြန်မာအမျိုးသမီးတွေသည်လည်း ရောင်းကုန်မဟုတ်။ စီးပွားရေးတွင်းနက်ကြီးထဲကနေ ကူကယ်ရာကောက်ရိုးတစ်မျှင်အဖြစ် စားဝတ်နေရေးအတွက် ဘဝကိုရင်းပြီး တခြားနိုင်ငံထွက် အလုပ်လုပ်ကြရတဲ့ မိန်းကလေးတွေအရေးကိုပါ ဆက်တွေးဖြစ်ပါပြီ။ ကျွန်တော့်ရင်ထဲ က





www.burmeseclassic.com

www.burmeseclassic.com

သစ္စာစကားပြောပါမယ်။အမျိုးပျောက်မှာ အလွန်စိုးကြောက်မိပါတယ်။ မြင်မိသမျှ ကြားမိသမျှ သိမိသမျှ ဖတ်မိသမျှလေးတွေကို ပြန်လည်ဝေငှချပြချင်နေပါတယ်။

လူကုန်ကူးမှု သို့မဟုတ် လူသားအချင်းချင်း ရောင်းကုန်သဖွယ် မှောင်ခိုရောင်းဝယ်ခြင်းအလုပ်မှာ ကမ္ဘာနဲ့အဝန်းဖြစ်ပွားနေတဲ့ ထိပ်တန်းမှုခင်းပင် ဖြစ်တယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့နိုင်ငံသူနိုင်ငံသားများ လူကုန်ကူးမခံကြရအောင် ဝိုင်းဝန်းတားဆီးနေတဲ့ကြားမှပင် လူမှောင်ခိုကူးမှုများ ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ လူမှောင်ခိုကူးခံရခြင်းရဲ့ အဓိကအကြောင်းရင်းများကို ဆန်းစစ်ကြည့်ပါက ဆင်းရဲနွမ်းပါးခြင်း၊ အသိဉာဏ်ဗဟုသုတနည်းပါးခြင်း၊ အယုံလွယ်ခြင်းတို့ကြောင့်ဖြစ်တာကို တွေ့သိရပါတယ်။

လူမှောင်ခိုကူးသူတို့က လူကြီးလူကောင်းအရေခြုံပြီး ငွေကြေးချမ်းသာသူပမာ ဟန်ပါပါ သရုပ်ဆောင်ကောင်းကောင်းဖြင့် ဆင်းရဲနွမ်းပါး၊ အသိဉာဏ်ပညာအားနည်းသူများကို ပစ်မှတ်ထားကြပါတယ်။ အလုပ်အကိုင်ဘယ်လိုကောင်းသည်၊ ဘယ်ကုမ္ပဏီလုပ်ငန်းမှာလုပ်ရမည်၊ လစာကောင်းကောင်းရမည်၊ ရွာမှာ တစ်နှစ်စာလောက် ရုန်းထဲနှံထဲရုန်းပြီးရတဲ့ ငွေကြေးလောက်ကို တစ်လလောက်လုပ်ရုံနှင့်ရမည် စသည်စသည်ဖြင့် မက်လုံးပေးပြီး စည်းရုံးပါတယ်။ အယုံလွယ်သူ၊ စူးစမ်းဆင်ခြင်မှုအားနည်းသူ၊ လောဘငွေရမှတ်နောက်ကောက်ကောက်ပါအောင်လိုက်ချင်သူတို့ အများဆုံး သားကောင်ဖြစ်ကြရပါတယ်။

လူမှောင်ခိုကုန်အကူးခံရသူများမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များက အများဆုံးဖြစ်ပါတယ်။ အမျိုးသားများလည်းရှိပါတယ်။ မိရိုးဖလာလယ်ယာလုပ်ငန်းသည် ရိုးသားသည်မှန်သော်လည်း ပင်ပန်းလွန်း၊ ကြီးပွားချမ်းသာမှုနည်းလွန်းရာ လက်လုပ်လက်စားတွေ၊ ရရစားစားဝါးဝါးမျိုမျိုတွေအတွက် မက်လုံးဖြစ်ပါတယ်။ တခြားနိုင်ငံကို အထင်ကြီးလွန်းတာလည်းပါတယ်။ ဘယ်သူ့သားသမီးက မလေးမှာ၊ ဘယ်သူကတော့ စင်ကာပူမှာ၊ တစ်လတစ်လရတဲ့ ရင်းဂစ်က ဘယ်လောက်၊ ဒေါ်လာကဘယ်ရွေ့၊ ပြန်ပို့နိုင်တာကဘယ်မျှ ဆိုတဲ့ မက်လုံးများကြောင့် လယ်ပေါင်၊ အိမ်ပေါင်၊ လယ်ရောင်း၊ ယာရောင်း၊ ပစ္စည်းရောင်းပြီး နိုင်ငံခြားကို ရင်းနှီးပြီးထွက်ခဲ့ကြသူတွေများလှပါတယ်။ အဆင်မပြေလို့၊ ဗီဇာသက်တမ်းကုန်လို့ (Over Stay) တွေ အနေခက်ရပါတယ်။ ရဲမြင်မှာစိုးလို့ အထိတ်တလန့်ပုန်းနေရသူတွေ ဒုက္ခတွေ့ကြရပါတယ်။ နိုင်ငံကူးလက်မှတ်နဲ့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ကြတဲ့ ပညာတတ်အမျိုးသားများပင် ရေမြေသဘာဝမကွာခြားလှသော်လည်း မတူကွဲပြားတဲ့ ဓလေ့အကျင့်စရိုက် ကွာခြားလှသဖြင့် ဒုက္ခတွေ့ကြရသူတွေများစွာရှိနေပေရာ တရားမဝင်သွားရောက်သူများ၊ လူမှောင်ခိုအကူးခံရသူများအနေဖြင့် မည်သို့ဖြစ်မည်ဆိုရမည်ပင်မတွေးနိုင်ပါပြီ။ မနေနိုင်တဲ့အဆုံး ပြန်လာကြရတော့ အောက်လမ်းကနေ အသက်စွန့်ပြန်ကြရတာတွေကြားနေရသည်မှာ ဖန်တစ်ရာတေနေပါပြီ။

သို့ပါသော်လည်း နိုင်ငံခြားရောဂါသည် အမြစ်တွယ်နေဆဲ၊ အထင်ကြီးနေဆဲ၊ စွန့်စားချင်စိတ်တွေရှိနေကြဆဲပင်။ သတိပြုစရာလည်း ကောင်းလှပါတယ်။ စာစောင်တွေ ဇာတ်လမ်းတွေ၊ ပညာပေးလက်ကမ်းစာစောင်တွေ လက်လှမ်းမီသမျှ ပျံ့နှံ့လာတော့ တကယ်လင်မယားအဖြစ် တင့်တောင်းတင့်တယ် လက်ထပ်ပေါင်းသင်းသည်။ ပြီးတော့မှ တစ်ဖက်နိုင်ငံကိုအလည်သွား၊ဈေးဝယ်သွားသလိုနဲ့ ရောင်းစားခဲ့တာလည်းရှိပါတယ်။ ပဝါပါးနဲ့ ကြက်သားထုပ်လိုသူတွေ သတိမူသင့်ပါတယ်။ နောက်တစ်မျိုးက ငွေကြေးနဲ့ မက်လုံးပေးပြီး အနုနည်းနဲ့ စည်းရုံးသိမ်းသွင်းလို့မရတော့ အိပ်ဆေး၊ သတိလစ်မေ့မြောဆေးတို့ အသုံးပြုပြီး လူမှောင်ခိုကုန်ကူးနေကြပါတယ်။ ကြီးကြီးငယ်ငယ်ရွှယ်ရွှယ်လတ်လတ် လူ့မျက်လုံးမှအစ လူ့ခန္ဓာဗေဒ ကျောက်ကပ်၊ နှလုံး၊ အသည်း အားလုံးရောင်းကုန်ဖြစ်နေပါတယ်။

အထူးသဖြင့် မြန်မာအမျိုးသမီးများကို သတိပေးလိုပါတယ်။ အဖြစ်မှန်တစ်ခုဖြင့် ဆင်ခြင်စဉ်းစားနိုင်စေရန် ဆင့်ပွားတင်ပြပါမည်။ အချိန်ကာလအားဖြင့် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်ကဖြစ်ပါတယ်။

၈ - ၇ - ၂၀၀၀ ရက်နေ့က ထိုင်းနိုင်ငံ မြန်မာသံရုံးသို့ ထွက်ပြေးလာသူအမျိုးသမီးသုံးဦးအနက်မှ တစ်ဦးဖြစ်သူ မ(xxx)၏ မြန်မာသံရုံး သံအမတ်ကြီးဦးလှမောင်ထံ မေတ္တာရပ်ခံ ရင်ဖွင့်လွှာစာမှတ်တမ်းကို အခြားအမျိုးသမီးငယ်များ ဆင်ခြင်စဉ်းစားနိုင်ရန် မိန်းကလေးရေးသားသည့် မူရင်းစာသားအတိုင်း (အမည်နှင့် အချို့အခေါ် အဝေါ်များလွှဲလျက်) ဖော်ပြလိုက်ပါသည်။

ကျွန်မ (xxx)၊ အဖ (xxx)၊ အမိ (xxx) မိဘနှစ်ပါးဟာ ကွဲကွာစွာဖြင့် အငှားသို့ရောက်ရှိနေကြပါတယ်။ ကျွန်မ နှင့်လည်း အတူမနေခဲ့ရပါ။ ကျွန်မ အဒေါ်တွေက ခေါ်လာပြီး ပညာသင် ပေးထားပါတယ်။ ရန်ကုန်မှာ အဒေါ် တွေနဲ့အတူ ဈေးရောင်းပါတယ်။ ကျွန်မ တို့က စီးပွားရေးအဆင်ပြေလှတယ် တော့ မဟုတ်ပါဘူး။ ကျွန်မအဒေါ် (၁၇) ရက်နေ့က လေဖြတ်သွားပါတယ် စီးပွားရေးကျပ်တည်းလို့ အရမ်းစိတ်ည ရတယ်။ အဒေါ်က ဆေးရုံခဏခ တက်ရတော့ ပိုက်ဆံအရမ်းကုန်တယ် အိမ်ငှားနဲ့နေရတယ်။ ကျွန်မနဲ့ခင် ကို(xxx)က တာချီလိတ်မှာ ဆံပင်ည ဆိုင်နဲ့ စားသောက်ဆိုင်မှာ အလုပ်လု မလား။ တစ်လ မြန်မာကျပ် (၅၀၀၀ ရမယ်။ (ထိုစဉ်က မက်လုံးဖြစ်သည် သူ့ရဲ့သူဌေးနဲ့ မိတ်ဆက်ပေးတယ်။ သူ့ သူဌေးက ဒေါ်(xxx)ပါ။ ဒေါ်(xxx) သူ့ရဲ့ဆိုင်မှာ မိန်းကလေးတွေရှိတယ် သူ့သမီးလည်းရှိတယ်။ မပျော်ရင်၊ မ ချင်တော့ရင် အိမ်ပြန်လို့ရတယ်။ ကောင်း ကောင်းမွန်မွန်လုပ်ရမှာ။ မကောင်း အလုပ်မဟုတ်ဘူး။ ဆံပင်ညှပ်ဆိုင် ခေါင်းလျှော်ရမယ်။ ဆံပင်ညှပ်မတ ရင်သင်ပေးမယ်။ တတ်သွားရင် ဆို ပေးမယ်။ တာချီလိတ်မှာ မြန်မာငွေ ဘာမှကြောက်စရာမလိုဘူးတဲ့။ ဒါကြော လစာကျပ် (၅၀၀၀၀) ကိုမက်ပြီးလို လာမိပါတယ်။ ရန်ကုန်မှာ ဈေးရော တာ တစ်လကျပ် (၅၀၀၀၀) မှ မ တာ။ ကျွန်မတို့လည်း ကိုယ်ပိုင်အိမ် နဲ့ နေချင်တယ်လေ။

တာချီလိတ်ကို ၂၃-၆- ၂၀၀၀ နေ့မှာ ရောက်တယ်။ ဒေါ်(xxx)သ လာကြိုတယ်။ နောက်တော့ ကားတ နဲ့ ဗမာစကားမတတ်တဲ့ လင်မ ယောက်ရဲ့ကားပေါ် တင်ပေးလိုက်တ သူမကတော့ အလုပ်ရှိသေးလို့ နော လာမယ်ပြောပြီး ပြန်သွားပါတ ဗမာစကားမတတ်တဲ့ မိန်းမနဲ့ယော က ကျွန်မကို လက်ဟန်ခြေဟန်နဲ့ မပြောနဲ့လို့ပြောပါတယ်။ ပြီး အအေး တိုက်ပါတယ်။ တာချီလိ နေ (၁၀း ၃၀) လောက်ထွက်လာတ အအေးသောက်ပြီး ခဏအကြာ ပျော်သွားတယ်။ နံနက် (၅း၀၀) ၂၅-၆- ၂၀၀၀ ရက်မှာ အမည်မသိ တစ်တိုက်ပေါ် အဲဒီလင်မယားလာ သွားပါတယ်။ ကျွန်မတို့ထက် ငယ်တဲ့မိန်းကလေးတွေ အများကြီး



www.burmeseclassic.com

တယ်။ ဗမာစကားအနည်းငယ်တတ်တဲ့ ကောင်မလေးကိုမေးကြည့်တော့ ကျွန်မတို့ကို ဒေါ်(xxx)သမီးက ဒီမှာထားခဲ့တယ်။ သူဌေးဆီမှာ ကျွန်မတို့ကို ငွေ(ဘတ် ၁၁၆၀၀၀) ပေးရမယ်။ ပြီးတော့ အလုပ်လုပ်ပေးရမယ်။ ဘာအလုပ်လဲ မေးကြည့်တော့ မကောင်းတဲ့အလုပ်ဖြစ်နေတယ်။ အခန်းထဲမှာ ကျွန်မတို့ကိုထားတယ်။ ယိုးဒယားစကားမတတ်သေးလို့ အပြင်မထွက်ခိုင်းသေးဘူး။ အလုပ်မခိုင်းသေးဘူး။ ရောက်တဲ့နေ့ ဆံပင်တွေအနီဆိုးပေးတယ်။

ကျွန်မတို့ ပြည့်တန်ဆာအလုပ်မှန်းသိလို့ ထွက်ပြေးဖို့ကြိုးစားတယ်။ အခြေအနေကို လေ့လာပါတယ်။ သူတို့ကိုလည်း ဒေါသထွက်မိပါတယ်။ ငိုခဲ့မိပါတယ်။ ယူကျုံးမရ အရမ်းဝမ်းနည်းပြီး ဒေါသထွက်တာပါ။ ဒါပေမယ့် ဒေါသကို မျိုသိပ်ပြီးနေရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်မတို့က သူတို့လက်ခုပ်ထဲကရေဖြစ်နေလို့ပါ။ တိုင်းရင်းသားမြန်မာအမျိုးသမီးငယ်လေးတွေ အများကြီးပါ။ သူတို့ကလည်း ပြန်ချင်တယ်လို့ပြောကြပါတယ်၊ ကိုယ်ကပြန်ခေါ် ချင်ပေမယ့် သူဌေးရဲ့လူတွေဖြစ်နေမှာကြောက်လို့ မခေါ် ရဲဘူး။ ကျွန်မတို့နေတဲ့အခန်းထဲမှာ အမျိုးသမီးတွေနေကြရပါတယ်။ အချို့မိန်းကလေးတွေဆိုရင် နှစ်တွေအကြာကြီး သူတို့ဘဝတွေကို အဲဒီသူဌေးဆီမှာ ပြည့်တန်ဆာဘဝနဲ့ လုပ်ကျွေးနေကြရပါတယ်။ လက်ထဲမှာ ငွေမကိုင်နိုင်ကြဘူး။ အကြွေးနစ်သထက်နစ်အောင်လုပ်တယ်၊ ပြန်လမ်းမရှိအောင်လုပ်တယ်။ ကြိုက်ပါတယ်။ အချို့ကောင်မလေးတွေ အနိုက်ခံရပါတယ်။ သွေးထွက်အောင် ရိုက်တယ်။ အမှားမလုပ်ရဲအောင်ပါဘဲ။ မြင်တွေ့နေရပါတယ်။ အဲဒီအချိန် သမီးအခန်းထဲမှာ သိပ်ဝမ်းနည်းပါတယ်။ ကိုယ့်အမိနိုင်ငံကိုလွမ်းမိတယ်။ မိဘရင်ခွင်ကို သတိရမိတယ်။ ကိုယ့်ရဲ့အမိနိုင်ငံနဲ့ မိဘရင်ခွင်လောက် ဘယ်အရာမှမနွေးထွေးပါလားလို့ နောင်တရမိပါတယ်။ ကျွန်မလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်တယ်။ (လောဘကြောင့်လည်း ဒုက္ခရောက်ခဲ့ရပါတယ်။)အနေဆင်းရဲ အစားဆင်းရဲဒုက္ခတွေကို ခံစားခဲ့ရပါတယ်။

အဲဒီမှာရောက်နေတဲ့မိန်းကလေး ၁၀ အယောက်တစ်ရာနီးပါးရှိပါတယ်။ အဲဒီလူတွေဟာ ပြည့်တန်ဆာဘဝနဲ့ပဲ သူဌေးရဲ့လက်ထဲမှာ နေကြရပါတယ်။ ကျွန်မတို့ကတော့ ထွက်ပြေးဖို့ကြိုးစားကြံစည်နေပါတယ်။ ဒီလိုထွက်ပြေးနိုင်ဖို့ အတွက် ကျွန်မတို့ အမြဲမပြတ် ဂုဏ်တော်တွေကို ရွတ်ဖတ်ပါတယ်။ ဟိုအရင်ကတည်းကလည်း ဂုဏ်တော်တွေရွတ်ဖတ်ပါတယ်။ တကယ့်ပြဿနာနဲ့ရင်ဆိုင်ရတဲ့အချိန် အဓိဋ္ဌာန်ဝင်ပါတယ်။ ဂုဏ်တော်ကိုးပါးသက်စေ့ပုတီးစိပ်ပါတယ်။ သမ္ဗုဒ္ဓေ၊ ရှင်သီဝလိဂါထာ (၁၀) ခေါက်၊ မေတ္တသုတ်တော်(၃)ခေါက်၊ ဂုဏ်တော်ကွန်ချာရွတ်ဆို၊ မေတ္တာပို့ပါတယ်။ ဂုဏ်တော်ကိုးပါး ပုတီးသက်စေ့ လေးရက်မြောက်နေ့မှာ လွတ်မြောက်ခဲ့ပါတယ်။

ကျွန်မတို့ထွက်ပြေးလွတ်မြောက်ပုံက သူဌေးလူယုံက ခတ်လေ့ကားအေးကပ်လျက်အခန်းမှာနေတယ်။အဲဒီအချိန်သူက တံခါးဖွင့်ထားလို့ ကျွန်မတို့ပြေးဖို့ မလွယ်ခဲ့ပါ။ သူအပြင်ထွက်မယ့်အချိန်ကို စောင့်နေခဲ့ပါတယ်။ ဒါပေမယ့် သူက အပြင်မသွားဘူး။ ထွက်ပြေးမယ့်တံခါးဘက်ကိုကြည့်နေတယ်။ အဲဒီအချိန် ပထမဆုံးရောက်ရှိနေတဲ့ (xxx) ဆိုသူမိန်းကလေးက အဝတ်တွေဗီဒိုဖွင့်ထွက်သွားတယ်။ ကျွန်မနဲ့အတူ (xxx) က အမိုက်ပစ်ရင်း သူ့အခြေအနေကို အကဲခတ်တယ်။ အဲဒီအချိန် ကျွန်မကလည်း သူ့အခန်းရှေ့က ခပ်သွက်သွက်ထွက်လာပြီး ခတ်လေ့ကားထဲဝင်နေလိုက်တယ်။ ပြီးမှ ကျွန်မနဲ့အတူ အောက်ကိုဆင်းသွားတယ်။ အောက်ရောက်တော့ သူဌေးကားမောင်းတဲ့လူယုံတစ်ယောက်အဆင်သင့်တွေ့တယ်။ ပြီးတော့ အခန်းတွေကို စောင့်ကြည့်တဲ့လူတစ်ယောက် အစောင့်တစ်ယောက်ရှိတယ်။ ကျွန်မတို့ထွက်ပြေးတဲ့နေ့မှာ ကျွန်မတို့လွတ်မယ်လို့ ယုံကြည်တယ်။ ဘာကြောင့်လဲဆိုတော့နိမိတ်ပြနေတယ်။ ကျွန်မတို့အခန်းတွေကိုစောင့်ကြည့်တဲ့ ယိုးဒယားလူက မနက်က အခန်းထဲဝင်ပြီး လက်ပြနှုတ်ဆက်တယ်။ အဲဒီမှာ လွတ်တော့မယ်လို့ ထင်တယ်။ ပြီးတော့ ထွက်ပြေးဖို့ လမ်းပေါက်ကိုရောက်တော့ သူကသွားဖို့လမ်းကိုပြပေးတယ်။ အရမ်းအံ့သြဖို့ကောင်းပါတယ်။ အဲဒါပြောရရင် ကျွန်မတို့ရွတ်ဖတ်တဲ့ဂုဏ်တော်ကျေးဇူး၊ အဓိဋ္ဌာန်ဝင်တဲ့ကျေးဇူးတွေပါပဲ။ သူဌေးလူယုံတော်ကလည်း ကျွန်မတို့ကိုကြည့်နေတယ်။ ကားဒရိုင်ဘာကလည်း ကြည့်နေတယ်။ အခန်းစောင့်ကလည်း လမ်းတောင်ညွှန်ပြတယ်။ အဲဒါတွေဟာ မြတ်ဘုရားရဲ့ ဂုဏ်တော်တွေက ကျွန်မတို့ကို အကာအကွယ်ပေးတာပဲ။ ကျွန်မရဲ့အားကိုးရာဟာ သရဏဂုံဂုဏ်တော်ပါပဲ။

ကျွန်မတို့ထွက်ပြေးတော့ Taxi သမားကို ယိုးဒယားလိုမပြောတတ်ပြောတတ်နဲ့ဘဲ မြန်မာသံရုံးကိုပို့ပေးပါလို့ ပို့ခိုင်းခဲ့ပါတယ်။ မြန်မာသံရုံးကိုရောက်တော့ အရမ်းဝမ်းသာမိတယ်။ ရှက်ပြီး ဝမ်းနည်းပြီးငိုခဲ့မိပါတယ်။ ဝမ်းသာတာက မြန်မာလူကြီးတွေကိုတွေ့ရတယ်။ ရှက်စိတ်နဲ့ ဝမ်းနည်းပြီး ငိုခဲ့ရတာက ချမ်းသာချင်တဲ့လောဘကြောင့် ဒုက္ခရောက်တော့မယ့်ဆဲဆဲမှာ လွတ်မြောက်ခဲ့ရတဲ့အတွက် မျက်ရည်ကျမိပါတယ်။ ရင်ထဲမှာဖြစ်တဲ့ဆန္ဒကတော့ မ(xxx) ဆိုတဲ့မိန်းမကို သက်ဆိုင်ရာနဲ့ပြောပြီး မသိနားမလည်တဲ့ လောဘစိတ်တွေလျှချင်ပချင်၊ ချမ်းသာချင်တဲ့မိန်းကလေးတွေ သူမျှားနိုင်ငံမှာ ဒုက္ခရောက်မှာမကြည့်ရက်လို့ မမြင်ရက်လို့ပါ။ အဲဒါကြောင့် အဲဒီ မ(xxx)ကို သက်ဆိုင်ရာနဲ့တွေ့စေချင်တယ်။ သက်ဆိုင်ရာနဲ့ပြောချင်ပါတယ်။ အဲဒီလိုမှ သူ့ကိုမလုပ်ရင် မြန်မာမိန်းကလေးတွေ ဘဝပျက်ပြီး ဒုက္ခရောက်ကုန်ကြမှာပါ။

မြန်မာသံရုံးကို ကျွန်မရောက်ရှိလာတဲ့အခါမှာ ကျွန်မတို့ကို အစစအရာရာ လိုလေသေးမရှိအောင်စောင့်ရှောက်ကူညီခဲ့တဲ့ မြန်မာသံရုံးက လူကြီးများနဲ့ မြန်မာသံရုံးမိသားစုကို အထူးကျေးဇူးတင်မိပါတယ်။ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်။ မြန်မာပြည်ကိုလည်း အမြန်ဆုံး ပြန်ချင်ပါတယ်။ မြန်မာမိန်းကလေးတွေကို ကျွန်မတို့လို အဖြစ်ဆိုးနဲ့ မကြုံတွေ့စေရအောင် ရင်ဖွင့်ပြောပြချင် သေးပါတယ်ရှင်။

မ (xxx)

၈-၇-၂၀၀၀။

ကဲဗျာ - မြန်မာအမျိုးသမီး ညီမငယ်လေးရဲ့ဘဝဟာ မတွေးရဲလောက်အောင်ကိုဘဲ ငြ ကြောက်စရာကောင်းနေပါပြီ။ လူကုန်ကူးမှုရဲ့ ဆိုးရွားလှတဲ့ ရိုက်ချက်ကြမ်းကြမ်းတွေဟာ တကယ်ကြောက်စရာကောင်းလှပါတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ သာသနာ၊ ကိုယ့်မြန်မာမိန်းကလေးများကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဝိုင်းဝန်းကာကွယ်ကြပါစို့လား။ မြန်မာနိုင်ငံရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်စေသော စက်တင်ဘာလ ၁၃ ရက်နေ့ကို ကြိုဆိုလက်တွဲပူးပေါင်းပါဝင်ကြပါစို့။ တာဝန်သိသိ သစ္စာရှိရှိဖြင့် စုံစမ်းဖော်ထုတ်ကူညီပေးကြပါစို့။ 'လူကုန်ကူးမှုတိုက်ဖျက်ရေးအားလုံး ပါဝင်ကူညီပေး ကြပါ'ဟု သူရဿစာဖတ်ပရိသတ်ကြီးကို နှိုးဆော်ဆန္ဒပြုလိုက်ပါတယ်ဗျာ။

ပန်းမြိုင်လယ်စိန့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com

□ **အဟိတ်တိရစ္ဆာန်**

သတ္တဝါတွေဟာ အရဟတ္တဖိုလ် မဆိုက်မချင်း သံသရာမှာ ပဋိသန္ဓေနေခြင်း စသည်ဖြင့် မရပ်မနားပြေးသွားနေရတာပါ။ အဲဒီလို သံသရာခရီးသည် အဖြစ် (၃၁) ဘုံမှာ ကျင်လည်ကျက်စားပြေးသွားနေရတဲ့အခါမှာ ပဋိသန္ဓေတည်ပြီဆိုတာနဲ့ အဲဒီပဋိသန္ဓေမှာ အဟိတ်စိတ်၊ ဧကဟိတ်စိတ်၊ ဒွိဟိတ်စိတ်၊ တိဟိတ်စိတ်ဆိုပြီးတော့ကာ မိမိတို့ပြုခဲ့တဲ့ကံအလျောက် ဖြစ်တည်ရတယ်လို့ အဘိဓမ္မာမှာ ပြဆိုပါတယ်။

ကျွန်တော်တို့လူတွေနေတဲ့ကမ္ဘာမှာကျတော့ လူ့ဘုံ၊ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံဆိုပြီးတော့ ဘုံ (၅) ဘုံ ပူးတွဲပြီးတည်နေပါတယ်။

ငရဲဘုံထက် တိရစ္ဆာန်ဘုံက သက်သာတယ်။ တိရစ္ဆာန်ဘုံထက် ပြိတ္တာဘုံက သက်သာတယ်။ ပြိတ္တာဘုံထက် အသူရကာယ်ဘုံက သက်သာပါတယ်။ ငရဲဘုံဆိုတာကတော့ အချိန်နဲ့အမျှ စက္ကန့်မလပ် ပြင်းထန်တဲ့ ဝေဒနာကို ခံစားနေရတာမို့ အဆိုးဆုံးဘုံလို့ ခေါ်ရမှာပါပဲ။

# (မိုးကုတ်) ရွှေပြည်စိုး
# အသိမကြွယ်သောတိရစ္ဆာန်



ဒါပေမယ့် ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံဆိုတာတွေကျတော့ မြင်အပ်တဲ့အရာတွေမဟုတ်လို့ မမြင်ရပါဘူး။ သို့သော်လည်း အကြောင်းသင့်တဲ့အခါတွေမှာတော့ ပြိတ္တာနဲ့အသူရကာယ်တွေကို မြင်ရတတ်ပါတယ်။ ငရဲဘုံကျတော့ ဝိညာဉ်လွင့်စဉ် မေ့မြောသွားသူတွေသာ ခဏတစ်ဖြုတ်ဆိုတာလို ရောက်ဖူး၊ မြင်ဖူးတတ်ကြပါတယ်၊ လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံကျတော့ မျက်ဝါးထင်ထင်မြင်တွေ့နိုင်ကြပါတယ်။

တိရစ္ဆာန်တွေဘဝဆိုတာ ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစားဘဝမှာ ရပ်တည်နေရတာပါ။ လူတွေနဲ့အတူနေပြီး လုပ်ကျွေးသမှုပြုနေကြရတဲ့ ဆင်၊ မြင်း၊ ကျွဲ၊ နွားစတဲ့ တိရစ္ဆာန်တွေကို ကြည့်ပြန်ရင်လည်း သူတို့ဘဝပင်ပန်းဆင်းရဲလွန်းလှပါတယ်။ အားအင်နဲ့ရုန်းကန်ရ၊ အရိုက်ခံရ၊ အဆဲခံရ၊ အညှဉ်းဆဲခံရနဲ့ အတော်ဒုက္ခကြီးပါတယ်။ ခိုင်းမရတဲ့ဘဝရောက်ပြန်တော့လည်း သတ်သမားလက်ထဲ ဝကွက်ပြီးအပ်လိုက်တော့တာပါပဲ။ အဲဒီတော့ သားထိုးသည်ရဲ့ဒဏ်ကိုခံရပြန်ပါတယ်။

တိရစ္ဆာန်တွေကျတော့ အဟိတ်စိတ်နဲ့ ပဋိသန္ဓေနေရတာပါ။ အဟိတ်ဆိုတာ ဟိတ်မရှိဘူးလို့ဆိုလိုတာပါ။ ဟိတ်မရှိရင် အသိဉာဏ်နည်းတာပါပဲ။ အသိစိတ်လို့ခေါ်တဲ့ အသိဉာဏ်နည်းတဲ့အခါ ဆင်ခြင်နိုင်စွမ်းလည်း အလွန်နည်းပါတယ်။ ရှင်းရှင်းဆိုရရင်တော့ တိရစ္ဆာန်မှာ အသိစိတ်တော့ရှိတယ်။ လူတွေလို အသိမကြွယ်ဘူးလို့ဆိုရမှာပါ။

တိရစ္ဆာန်တွေမှာလည်း လူတွေလိုပဲ စားခြင်း၊ အိပ်ခြင်း၊ မေထုန်ပြုခြင်းဆိုတာရှိတယ်။ အဲဒီမေထုန်၊ အိပ်၊ စား အတွက်ရှာဖွေနိုင်ကြတယ်။ လှုပ်ရှားနိုင်ကြတယ်။ အဲဒီမေထုန်၊ အိပ်၊ စား (၃) ပါးလောက်သာသိတဲ့သူကို လူတွေက လူ့တိရစ္ဆာန်ရယ်လို့ တင်စားခေါ်ဝေါ်လေ့ရှိကြပါတယ်။

ဟိတ်မရှိတဲ့ တိရစ္ဆာန်တွေကို လူတွေက အဟိတ်တိရစ္ဆာန်လို့ခေါ်ဝေါ်ကြပါတယ်။ အဟိတ်တိရစ္ဆာန်ဆိုတဲ့စကားလုံးဟာ ပါဠိဘာသာကနေ တိုက်ရိုက်ဆင်းသက်လာတာမို့ အဲဒီစကားလုံးဟာ မြန်မာမွေးစားစကားလုံးပါ။

လူတွေနဲ့အတူနေတဲ့တိရစ္ဆာန်တိုင်းဟာ လူနဲ့အနေနီးတဲ့အတွက် အခြားသောတိရစ္ဆာန်တွေထက် အသိစိတ်မြင့်ကြပါတယ်။ အနီးစပ်ဆုံးနေတာဟာ ခွေးနဲ့ ကြောင်ပါပဲ။ ပြီးတော့ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်စတဲ့သတ္တဝါတွေပါ။

ခွေးနဲ့ ကြောင်ဟာ လူနဲ့အနီးစပ်ဆုံးနေတာမို့ အသိဉာဏ်လည်း အတော်လေးမြင့်ကြပါတယ်။ ခွေးဆိုရင် လူ့စကားလုံး (၃၀၀) ကျော်ကို မှတ်နိုင်စွမ်းရှိတယ်လို့ဆိုတယ်။ သူတို့နဲ့ဆော့ကစားတဲ့အခါ သူတို့ဟာ လူကိုငုံ့ရုံငုံ့ပါတယ်။ မကိုက်ခဲကြပါဘူး။ ကြောင်ကလည်း လက်သည်းမထုတ်ဘူး။ ခွေးဟာ သခင်ကို ပြန်လုပ်ခဲပေမယ့် ကြောင်ကျတော့ စိတ်တိုလာရင် သခင်ကို ပြန်ကုတ်တာတို့၊ ကိုက်တာတို့လုပ်တတ်တယ်။ အဲဒါကြောင့် အသိဉာဏ်နည်းတဲ့တိရစ္ဆာန်ကို တင်းပြည့်ယုံစားဖို့မသင့်ပါဘူး။

ဆင်က သခင်ကိုပြန်နင်းသတ်တာ။ ကျွဲက သခင်ကိုပြန်ခတ်သတ်တာ၊ နွားက သခင်ကို ပြန်ဝှေ့တတ်တာတွေ လောကမှာ အများအပြားရှိပါတယ်။ တစ်ခါက ဆပ်ကပ်တစ်ခုမှာ အမျိုးသမီးချောချောတစ်ဦးက စပါးကြီးမြွေကြီးရစ်ပတ်ပြီး စတန့်ထွက်ပြပါတယ်။ အဲဒီမှာ မြွေက ဘာစိတ်ပေါက်သွားတယ် မသိဘူး။ အမျိုးသမီးကို ရစ်ပတ်ပြီးညှစ်တဲ့အခါ အဲဒီအမျိုးသမီး သေလုမြောပါးခံစားလိုက်ရပြီး ရှပ်ပျက်ဆင်းပျက် အလန့်တကြားဖြစ်ခဲ့ရဖူးပါတယ်။

အဲဒါကြောင့် အဟိတ်ဖြစ်တဲ့ တိရစ္ဆာန်ကို လက်ပွန်းတတီးနေမယ်ဆိုရင် သတိကို အထူးချပ်ပြီးနေသင့်ကြပါတယ်။ တိရစ္ဆာန်နဲ့ပတ်သက်လို့လောကနီတိမိတ္တကဏ္ဍမှာ -

**သိင်္ဂီ** - ဦးချိုရှိသော သတ္တဝါကို၊ **ပညာသဟဿေန** - အတောင်ငါးဆယ်သောအရပ်မှ။ **ဝဇ္ဇေ** - ကြဉ်ရာ၏။ **ဝါဇိ**... မြင်းစကို၊ **သတေန** - အတောင်တစ်ရာ... **ဝဇ္ဇေ** - ကြဉ်ရာ၏။ **ဟတ္ထိဒန္တိ** - အစွယ်... သောဆင်ကို၊ **သဟဿေန** - အတော... တစ်ထောင်မှ၊ **ဝဇ္ဇေ** - ကြဉ်ရာ၏။ **ဒုဇ္ဇ**... သူယုတ်မာကိုကား၊ **ဒေသစာတေန** - အရပ်ကိုစွန့်သဖြင့်။ **ဝဇ္ဇေ** - ကြဉ်ရာ...

လို့ ဆိုထားပါတယ်။

တိရစ္ဆာန်တွေနဲ့ ခွေး၊ ကြောင်... တဲ့ ကျွန်တော်ဟာ ရေနံချောင်း... စဉ်က ဈေးရောင်းတဲ့ သိုက်သို...



www.burmeseclassic.com

www.burmeseclassic.com

ပိုက်တို့ ညီအစ်မအိမ်ကို အလည် ရောက်ပါတယ်။

အဲဒီမှာ ကြောင်ကြီးတစ်ကောင် ပွတ်ပွတ်သပ်သပ်လာလုပ်ပါတယ်။ တုတ်တုတ်ကြီးနဲ့ ချစ်စရာကြီးပါ။ ပွေ့ ပြီး ကစားနေမိပါတယ်။ ကလေးလို ပြီး ကစားနေတဲ့အခါ ချစ်တဲ့စိတ်နဲ့ အနမ်းမှာ ဖြီးခနဲမာန်ဖီပြီး မျက်နှာ လှုပ်တစ်ပြက်ကုတ်လိုက်တာ မျက်စိ နည်းနည်းလေးပဲ လွတ်ထွက်သွားပါ တယ်။ ကြောင်လက်သည်းရာဟာ ချင်းသွေးစို့လာခဲ့ပါတယ်။ အဲဒါ ကြောင်ချစ်လို့ဖြစ်ရတာပါ။

မျက်စိကို ကုတ်မိလို့ကတော့ သက်လုံး မျက်လုံးတစ်ဖက်ကန်း နဲ့နေနေရမှာပါ။အဲဒီကစပြီး ကြောင် တိုင်း အထူးဂရုတစိုက်သတိထား ခဲ့ပါတယ်။

**အပြောင်ကောင်းတဲ့အတွက်**

ကျွန်တော်ငယ်ငယ်က ပညာရင်နို့ နဲ့ငြိတဲ့အနာဟာ အတော်နဲ့မပျောက်ဘဲ အတော်လေးခံလိုက်ရပါတယ်။ အနာ ဟာ အမာရွတ်ကျန်ခဲ့တာမို့ သေရာပါ အမာရွတ်တစ်ခုပါပဲ။ နောက်တစ်နေရာ သေရာပါ အမာရွတ်တစ်ခုကတော့ ညာ ဘက်ခြေသလုံးမှာပါ။

အဲဒါကတော့ ပြောင်စပ်စပ်နဲ့ အပြောင်အလှောင် အလွန်ကဲလှတဲ့ ကျွန်တော်ဟာ အပြောင်ကောင်းတဲ့ အတွက် ခွေးကိုက်ခံရခြင်းပါ။ ကျွန်တော့် အသက် (၁၁) နှစ်မှာ ကျောင်းပြေးတဲ့ အတွက် ကိုရင်ဘဝကနေ လူဝတ်ကြောင် ဖြစ်တဲ့အခါ ကျွဲ (၁၁) ကောင်ကို အစ်ကို ဖြစ်သူနဲ့ ကျောင်းရပါတယ်။ မှန်ကျောင်း သားဘဝကနေ ကျွဲကျောင်းသားဘဝကို ရောက်နေတဲ့အချိန်ပါ။

ကျွန်တော် ကျွဲကျောင်းပြန်တိုင်း ကျွဲကြီးဂါးမောင်ပေါ်ကနေ အောက်က ခွေးအုပ်ကို အမြဲတမ်းပြောင်ပြလေ့ရှိပါ တယ်။ ကလေးဆိုတော့ ခွေးတွေကိုချစ် တဲ့စိတ်နဲ့ ပြူးပြဲပြဲပြလျှာထုတ်ပြနဲ့ အမျိုး မျိုးပြောင်ပြတဲ့အခါမှာ ခွေးတွေဟာ အောက်ကနေ ဟောင်ကြ၊ မာန်ဖီကြနဲ့ အမြဲလုပ်လေ့ရှိတယ်။ ကျွန်တော်က ကျွဲ ပေါ်ကဆိုတော့ ဘယ်ကြောက်လိမ့်မှာ လဲဗျာ။ ခွေးတွေစိတ်တိုလေ ကျွန်တော် ကပျော်လေပေါ့။ အဲဒီခွေးတွေကလည်း ကျွန်တော်တို့ကျွဲအုပ် လာပြီဆိုတာနဲ့ ကျွန်တော့်ကိုအကြောင်းပြုပြီးပြေးထွက် လာကာ ဟောင်ကြတော့တာပါပဲ။ အဲဒီ ခွေးအုပ်က ကျွဲကျောင်းသွားရာ လမ်းမ ရဲ့တောင်ဘက်ခြမ်းက အိမ်တစ်အိမ်က ပါ။ အလယ်ပိုင်းမှာရှိပါတယ်။

ခွေးတွေနဲ့ ကျွန်တော်ဟာ သဘော ထားကွဲလွဲနေပါတယ်။ ကျွန်တော်ကချစ် လို့စတာ။ သူတို့က ချစ်လို့ချစ်မှန်းမသိ ဘဲ သူတို့ကို စလို့ဆိုပြီး ကျွန်တော့်ကို



ောက်စို့ရာ နေပြည်တော် ပြန်ကပြေး ကျောင်းကြီးမှာ ခွေးတွေအကောင် ) လောက်ရှိပါတယ်။ ခွေးချစ်တတ် ကျွန်တော်ဟာ ခွေးတွေနဲ့ လက်ပွန်း တီးနေထိုင်လေ့ရှိပါတယ်။ အဲဒီလို တွေနဲ့ ဆော့ကစားရင်း ခွေးအစွယ် ဘယ်ဘယ်လက်မောင်းငြိမိတဲ့အခါ က်ပြဲသွားခဲ့ပါတယ်။ အဲဒီခွေးအစွယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုက်ချင်ဖွဲ့ချင်နေတဲ့ပုံစံပါ။ ရန်လိုတဲ့ပုံစံပါပဲ။

ဒီလိုနဲ့ တစ်နေ့မှာ အမေက ကျွန်တော့်ကို-

"အငယ်လေး၊ အဘွားတို့အိမ်က ဆေးရိုးထုတ်တဲ့တူ သွားငှားချေ"

ဆိုပြီး ခိုင်းပါတယ်။

အဲဒီမှာ ကျွန်တော်မျက်လုံးလှူပ်တော့တာပါပဲ။ အဘွားတို့အိမ်က အလယ်ပိုင်းရဲ့အနောက်စမှာပါ။ ခွေးအုပ်ကြီးရှိတဲ့အိမ်ကို မလွှဲမသွေဖြတ်ကျော်ရမှာပါ။ လမ်းက အဲဒီတစ်လမ်းပဲရှိတာဆိုတော့ အမေ့စကား မဖယ်ရှားဝံ့လို့သာ လာခဲ့ရတယ် ခပ်လန့်လန့်ပါ။ ဒီခွေးအုပ်ကြီးနဲ့ ကျွန်တော်ဆိုတာက အငြိအစွန်းရှိနေတာကိုး။

ဟန်ကိုယ့်ဖို့ဆိုတာလို ခပ်ကြောက်ကြောက်ရှိတာနဲ့ ဝါးခြမ်းပြားတစ်ချောင်းကောက်ကိုင်ပြီးလာခဲ့ပါတယ်။ အဲဒီအိမ်ရှေ့ရောက်ရင် ခွေးတွေငါ့ကိုမမြင်ပါစေနဲ့လို့ ကျိတ်ပြီးဆုတောင်းမိပါတယ်။

ဒါပေမယ့် ဆုတောင်းကမပြည့်ပါဘူး။ ခွေးမျက်စိနဲ့ ခွေးနှာခေါင်းက ကျွန်တော်လာတာကို မြင်ပုံ၊ အနံ့ရပုံပေါက်ပါတယ်။ ချက်ချင်းပဲ သူတို့အိမ်ရှေ့အရောက်မှာ အုပ်စုလိုက်ဟောင်ပြီး ပြေးထွက်လာပါတယ်။

ကျွန်တော်က တစ်ယောက် သူတို့က (၃) ကောင် ဆိုတော့ အားချင်းမမျှတာနဲ့ တုတ်ပစ်ချ ပြီး ကဆုန်ပစ်ပြီးပြေးတော့ တာပါပဲ။ ဒါပေမယ့် ကျွန် တော်က ခြေနှစ်ချောင်း သူတို့က ခြေလေးချောင်း ဆိုတော့ ချက်ချင်းမီ လာပြီး ကျွန်တော့်ရဲ့ ညာဘက်ခြေသလုံးကို ဆွဲတော့တာပါပဲ။ ကျွန်တော်လည်းကလေးဆိုတော့ အော်ပြီး တစ်ချီတည်းပြေးတော့တာပါ။

ဘယ်နှချက်ကိုက်မိလို့ကိုက်မိမှန်းမသိပါဘူး။ မဝေးလှတဲ့ အဘိုးအဘွားတို့အိမ်ကို ခဏနဲ့တင်ရောက်ခဲ့ပါတယ်။ ရောက်တယ်ဆိုရင်ပဲ အဘိုးက ခွေးကိုက်ဒဏ်ရာကိုကြည့်ပြီး ဆေးထည့်ပေးပါတယ်။ အပေါက်ကြီးတစ်ပေါက်နဲ့ အပေါက်လေးတစ်ပေါက် ညာဘက်ခြေသလုံးကွက်သားနေရာမှာရခဲ့တာပါ။

ဒါနဲ့ ကျွန်တော်ဟာ နှစ်ဆောင်ပြှင်ရမ်ထဲက မိဘအိမ်ကိုမပြန်ရဲတော့ဘဲ ဘိုးဘွားအိမ်မှာနေနေပါတယ်။ အနာကရင်းလိုက်တာ ကြောက်စရာကြီးပါ။ ပြည်တွေတရွှဲရွှဲနဲ့ ခြေသလုံးကွက်သားတွေ တောင် ပုပ်ကုန်ပြီလား အောက်မေ့ရပါတယ်။ ရက်အကြာကြီးနေမှ ပျောက်ပါတယ်။ အဘိုးက မြန်မာ့ဗိန္ဒောဆေး ဆရာကြီးမို့သာ တော်ပါတော့တယ်။

အစ်ကိုကြီးက ကျွဲကျောင်းသွားတိုင်း မျှော့ခွပါသူဆိုတော့ အဲဒီရဲ့နောက်ပိုင်းမှာ ခွေးတွေကို မျှော့ရေနဲ့ပစ်တော့တာပါပဲ။ နှံ့ပြီစုပ်တောင် ခေါင်းတည့်တည့်မှန်အောင်ပစ်နိုင်စွမ်းရှိတဲ့အစ်ကိုကြီးဟာ ခွေးဆိုတာ ပစ်မလွဲပါပဲ။ ခွေးအကြောက်ဆုံးက လောက်စာလုံးပါပဲ။ အဲဒီခွေးအုပ်စုကို အစ်ကိုကြီးက အပြတ်နှိမ်နင်းနိုင်ခဲ့ပါတယ်။ ခွေးတွေဟာ စည်းအပြင်ထွက်ပြီး လမ်းလယ်မှာ ကျယ်တာဆိုတော့ ခွေးရှင်လည်းမပြောသာပါဘူး။

နောက်ပိုင်းမှာတော့ မျှော့ရေခွကို ကြောက်တဲ့ခွေးတွေလာပြီးမကျယ်ရဲတော့သလို ကျွန်တော်လည်းစ,လို့မရတော့ပါဘူး။ ဒါက အသိမကြွယ်တဲ့ ခွေးတွေဟာ ချစ်လို့စမှန်းမသိဘဲ မျက်စိနောက်အောင်လုပ်တဲ့ကောင်ဆိုပြီးတော့ ကျွန်တော့် ကိုကိုက်ကြတာပါ။ တိရစ္ဆာန်ကို ချစ်တဲ့အတွက်ကြောင့် လက်မောင်းနဲ့ ခြေသလုံးမှာ သေရာပါအမာရွတ်တွေ ရှိနေခဲ့ပါတယ်။ အမှတ်တရဆိုပါတော့။ အမှတ်တရမှ ရိုးရိုးအမှတ်တရမဟုတ်ဘူး။ အပြောင်ကောင်းတဲ့အတွက် ရလိုက်တဲ့ အမှတ်တရပါ။

ကျွန်တော် ခွေးတွေအပေါ် မုန်းစိတ်မရှိပါဘူး။ ခွေးချစ်တတ်တဲ့စိတ်ဆိုတာကိုလည်း ဖျောက်ဖျက်ပစ်လို့ မရပါဘူး။ ခုထိလည်း ခွေးတွေ၊ ကြောင်တွေနဲ့ တိရစ္ဆာန်တွေကိုချစ်နေဆဲပါ။ နောက်လည်း ဆက်ဆက်ချစ်နေဦးမှာပါပဲ။

## AsKdif;udkcspfwJhrawm

နိုင်ငံခြားတွေမှာတော့ အိမ်မွေး တိရစ္ဆာန်အဖြစ် ပုတ်သင်ညိုပါမကျန် မွေးလေ့ရှိပေမယ့် ကျွန်တော်တို့မြန်မာ တွေကျတော့ မွေးလေ့မွေးထမရှိပါဘူး။ ရံဖန်ရံခါမှာ အရွယ်မရောက်သေးတဲ့ အကောင်လေးတွေဖြစ်တဲ့ ကျီးကန်း၊ ဗျိုင်း၊ ဆက်ရက်၊ ရှဉ့် စတဲ့အကောင် လေးတွေ အသိုက်အမြုံထဲက ထွက်ကျလာရင်တော့ သနားသဖြင့် ကောက်မွေး ထားပြီး အချိန်တန်ရင် ပြန်လွှတ်လိုက်တာမျိုးပါတယ်။

နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်ရှိ ကျွန်တော့အိမ်လေးရဲ့ ရှေ့သရက်ပင်မှာ ဝါးကုလားထိုင်နဲ့ ထိုင်နေစဉ်မှာ အကောင်ပုပ်နံ့ခပ်ပြင်းပြင်းကို ရှုရှိုက်မိပါတယ်။ ယောက်ဖဖြစ်သူ မောင်မြအေးတို့အိမ်မှာ ကြွက်တွေရှိတာကြောင့် ကြွက်သေပုပ်လို့ထင်လို့ မေးမိပါတယ်။

"မောင်မြအေးရေ၊ ပုပ်စော်အနံ... နံတယ်ကွ။ မင်းအိမ်က ကြွက်တွေ... ပျောက်လား"

"မပျောက်ဘူး အစ်ကိုသေ... အကုန်လုံးရှိတယ်"

"ဒါဆို ကြွက်ပုပ်များလား မသိ... ဘူးကွာ"

လို့ ပြောပြီး အိမ်နောက်ဖေး... ကြည့်တဲ့အခါ တံစက်မြိတ်မြောင်းထဲ... အကောင်ငယ်တစ်ကောင်သေပြီး ခါ... တွေက ဝိုင်းအုံစားသောက်နေပါတယ်... အဲဒါကြောင့် မောင်မြအေးတို့အိမ်... တလပါလို့ခေါ်ကြတဲ့ တူးရွင်းပြားယူ... အဝေးကိုကော်ပစ်လိုက်ပါတယ်။

အကောင်က ကြွက်ပေါက်စနဲ့... တာကြောင့် ဒီအိမ်က ကြွက်မဟုတ်... ဟိုဘက်အိမ်က ကြွက်နေမှာလို့ပြော... အခါ မောင်မြအေးက -

"မဟုတ်ဘူး အစ်ကိုလေးရဲ့၊ အဲ... ကြွက်မဟုတ်နိုင်ဘူး။ အုန်းပင်ပေါ်... ဆက်ရက်တွေနေတယ်။ ဆက်ရက်သိုက်... ထဲကပြုတ်ကျတဲ့ ဆက်ရက်ပေါက်စ... ဖြစ်နိုင်တယ်"

လို့ ပြောပါတယ်။

ဆက်ရက်၊ ခို၊ ကျီးကန်းဆိုတဲ့ငှက်... တွေဟာ လူတွေရဲ့အနီးမှာမှီခိုနေထိုင်... တဲ့ငှက်တွေပါ။ နောက်နေ့ ကျွန်တော်... လမ်းလျှောက်တာပြန်အရောက်မှာတော့... မောင်မြင်အေးနဲ့ မညွန့်စိန်တို့ ငှက်ငယ်... တစ်ကောင်ကိုအစာခွံ့ကျွေးနေတာတွေ့... ရပါတယ်။ အုန်းပင်ပေါ်အသိုက်ထဲက... ပြုတ်ကျလာတဲ့ ဆက်ရက်ကလေး... သိရပါတယ်။ မိဘဖြစ်တဲ့ ဆက်ရက်တွေ... ကတော့ အနီးအနား သရက်ပင်ပေါ်... သားဖောနဲ့ တဂဲဂဲအော်မြည်နေပါတယ်... ဆက်ရက်က အတောင်မစုံသေးပါဘူး... အငြိမ်မနေလို့ အသိုက်ထဲကထွက်... ခြင်းပါ။

ဆက်ရက်ကို ခြင်းကလေး... ထည့်ပြီး ကျွန်တော့်အိမ်ခေါင်မှာ ချိတ်... ထားပေးပါတယ်။ မိဘတွေအစာလာ... နိုင်အောင်လို့ပါ။ နောက်နေ့ အစာကျွေး... ပြီး အိမ်ခေါင်မှာ ချိတ်ဆွဲထားချိန်... ဆက်ရက်တွေတဂဲဂဲအော်မြည်နေ... ကြောင့် အိမ်တောင်ဘက်ထွက်ကြ... လိုက်တဲ့အခါ ဆက်ရက်ပေါက်နော... တစ်ကောင်ကျနေပြန်ပါတယ်။ ... ဆက်ရက်ကတော့ ခုန်ဆွခုန်ဆွနဲ့... နေခြင်းပါ။ အဲဒါကို ခွေးမလေးမဲ... လေးဖက်ဝပ်ပြီးကြည့်နေတာ... တယ်။ ခွေးမက ငှက်ကလေးကို ...



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေခြင်းပါ။ ငှက်အပေါ် မေတ္တာထက်ဝင်နေဟန်ရှိပါတယ်။ ငှက်ကလေးကိုင်းတော့ မဲလုံးက တရှုတ်ရှုတ်နမ်းပါတယ်၊ အန္တရာယ်မပြုပါဘူး။ ဒီလိုနဲ့ ဆက်ရက် (၂) ကောင်ဖြစ်လာပါတယ်။

မောင်မြအေးတို့လည်း ငှက်တွေ အစာခွံ့ရ ရေတိုက်ရနဲ့အလုပ်ဖြစ်နေကြပါတယ်။ ငှက်မိဘတွေကလည် တဂဲဂဲ နဲ့ တဝဲဝဲလုပ်နေကြပါတယ်။ ငှက်ငယ်လေးနဲ့ မိဘတွေ ဆက်သွယ်နိုင်အောင် ခြင်းမှာချိတ်ထားချိန်မှာပဲ ငှက်လေးတွေအော်သံကြားလို့ ခြင်းချအကြည့်မှာ ငှက်ငယ် (၂) ကောင်စလုံးကို ခါချဉ်တွေ အုံနေအောင်ကိုက်ခဲနေတာကို တွေ့ရပါတယ်၊ အဲဒါကြောင့် မောင်မြအေးနဲ့ မညွန့်စိန်တို့ ခါချဉ်တွေဖြုတ်ပေးရပါတယ်၊ အဲဒီ ခါချဉ်ကိုက်တဲ့ဝေဒနာနဲ့ အရင်ကျလာတဲ့ ငှက်ကလေးတွေဟာ အတော်ငိုင်သွားတာ တွေ့ရပါတယ်။ အဲဒီမှာပဲ ဆိတ်နံတုန်း (ယခုအောင်သုခရွာ)မှာနေတဲ့ညီမကြီး မခင်ထွေး ရောက်လာပါတယ်။

အဲဒီငှက်ငယ် (၂) ကောင်ကို မောင်မြအေးတို့ရဲ့မြေး မောင်စည်သူက အနီးကပ်ပြီးအသေအချာကြည့်တဲ့အခါ ကျွန်တော်က -

"ဟဲ့ကောင် စည်သူ၊ အဲဒီလို အနားအထိကပ်မကြည့်ရဘူး။ ငှက်က နတ်သီးနဲ့ဆိတ်ရင် မျက်လုံးပေါက်သွားတတ်တယ်"

လို့ပြောရပါတယ်။

အဲဒီစကားလည်းကြားရော ညီမကြီး မခင်ထွေးက ညောင်ပင်ကြီးစုရွာမှာ ကြားသိခဲ့ရတဲ့ အဖြစ်လေးကို ပြောပြပါတယ်။

ညောင်ပင်ကြီးစုရွာဆိုတာ ဆိတ်နံတုန်းရွာရဲ့ အနောက်မြောက်ဘက်မှာ တည်ရှိပါတယ်။ ကျွန်တော်တို့ဘထွေး ကြီး အဖေ့ညီဦးထွန်းနေတဲ့ရွာပါ။ ဦးထွန်း၊ ဒေါ်အုံးရှင်တို့ကနေပြီး ပေါက်ဖွားခဲ့တဲ့ တူမတွေအများကြီးရှိတဲ့ရွာမို့ ကျွန်တော် ရင်းနှီးစိမ်းပါဘူး။

ဟိုးအရင်ရှေးအခါက တောင်သူ လယ်သမားတွေ လယ်ကိုအကြီးအကျယ် အားကိုးထားပြီး စိုက်ပျိုးလုပ်ကိုင်ခဲ့ကြတဲ့ခေတ်မှာ ကိုဘမြင့်နဲ့မလှိုင်တို့ဟာ လယ်ပိုင်ရှင်ကြီးတစ်ဦးရဲ့ လယ်ကူလီ အဖြစ် တောထဲလယ်တဲမှာနေထိုင်ကြရပါတယ်။ သူတို့မှာ (၅) နှစ်အရွယ် သမီးလေးတစ်ဦးရှိပါတယ်။ တောထဲမှာနေ တောထဲမှာမွေး၊ တောထဲမှာ ကြီးရတာကြောင့် သမီးလေးကို တောခလေ့အရအလွယ်တကူ 'မတော' လို့ အမည်မှည့်ခေါ်ကြပါတယ်။

မတောဟာ တောထဲမှာ အဖော်မရှိရှာပါဘူး။ ကလေးဆိုတာ ကစားဖော်အလွန်မက်ပါတယ်။ အဲဒီအချိန်မှာပဲ လယ်တောရဲ့အနီး သစ်ပင်ပေါ်ကပြုတ်ကျလာတဲ့ ဗျိုင်းငယ်လေးတစ်ကောင်ကို ကိုဘမြင့်က ရလာခဲ့ပါတယ်။

အဖော်လိုနေတဲ့ မတောလေးဟာ ဗျိုင်းကလေးရလာတာကြောင့် ဗျိုင်းကို အရိပ်တကြည့်ကြည့်နဲ့ အလွန်ချစ်တာပါ။ ဗျိုင်းကို ခြင်းကြားလေးနဲ့အုပ်ပြီး မွေးထားပါတယ်။ အစာလည်းခွံ့ကျွေးတာကြောင့် တစ်စတစ်စနဲ့ ဗျိုင်းကလေးကြီးလာခဲ့ပါတယ်။ ဒါပေမယ့် လွှတ်မပေးပါဘူး။ မတောနဲ့ အဖော်ရအောင် မွေးထားပေးပါတယ်။

ကိုဘမြင့်နဲ့ မလှိုင်တို့ စပါးပင်တွေ ပေါင်းလိုက်နေချိန်မှာ တဲအိမ်လေးမှာ မတောနဲ့ ဗျိုင်းလေး ကျန်ရစ်ပါတယ်။ ဗျိုင်းလေးကိုချစ်တော့ ခြင်းကြားအပေါက်မှာ မျက်နှာကပ်ပြီး ဗျိုင်းကလေးကို ခေါ်ပြီး ချစ်စနိုးစနေပါတယ်။ ဗျိုင်းလေးက အထဲကနေနှုတ်သီးနဲ့လှမ်းဆိတ်ပါတယ်။ ဒါက နေ့စဉ် ကစားနေကျပါ။

ဖြစ်ချင်တော့ မတောက ခြင်းကြားပေါက်ကို မျက်စိကပ်ချိန်နဲ့ ဗျိုင်းရဲ့ နှုတ်သီးနဲ့ဆိတ်ချိန်ဟာ ကြုံကြိုက်သွားပြီး ချွန်ထက်တဲ့ဗျိုင်းနှုတ်သီးဆိတ်အားကြောင့် မျက်လုံးအိမ်ပေါက်ထွက်သွားပါတော့တယ်။

အဲဒီမှာ မတောဟာ အကြီးအကျယ်အော်ဟစ်ငိုယိုတော့တာပါပဲ။ မိဘတွေလည်း ငိုသံကြောင့် ဘာဖြစ်တာပါလိမ့်ဆိုပြီး ပြေးလာတော့ မျက်လုံးအိမ်မှာ သွေးတွေနဲ့ စီးကျနေတဲ့ မတောကို တွေ့ ရတာပါပဲ။

"အမေ ဗျိုင်းဆိတ်တာ၊ အမေ ဗျိုင်းဆိတ်တာ"

လို့ ငိုယိုတိုင်းတန်းတဲ့အတွက် မတောကို ဆွဲပြီးကြည့်တဲ့အခါမှာတော့ မျက်လုံးအိမ်ကပေါက်ထွက်သွားခဲ့ပါပြီ။ မျက်လုံးသူငယ်အိမ်တည့်တည့်ကို ဆိတ်မိသွားခြင်းပါပဲ။ ဖြစ်တောင့်ဖြစ်ခဲ၊ ကြုံတောင့်ကြုံခဲဖြစ်ရပ်ပါ။

သမီးမတောရဲ့ ဖြစ်အင်ကို မြင်ရတဲ့ ကိုဘမြင့်ဟာ ဒေါသစိတ်အထွတ်အထိပ်ကို ရောက်သွားပါတယ်။ ဒါနဲ့ ဗျိုင်းကို ခြင်းထဲကဆွဲထုတ်ပြီးကိုင်ပေါက်ပါတယ်။ ပြီးမှ အနီးမှာရှိတဲ့ ပုဆိန်နဲ့ စေ့စေ့ညက်ညက်ကြေအောင် ထုသတ်လိုက်ပါတော့တယ်။

မျက်စိတစ်ဖက်ပျက်သွားခဲ့ရတဲ့ မတောဟာ ကလေးအရွယ်လေးမို့ ဘာမှအလေးမထားတတ်သေးပေမယ့် မိဘနှစ်ပါးမှာတော့ ရင်ကျိုးမတတ်ခံစားခဲ့ရပါတယ်။ အသိဉာဏ်နည်းပါးတဲ့တိရစ္ဆာန်ကို ကောက်ယူ မွေးမြူမိတာကိုလည်း နောင်တရလို့မဆုံးနိုင်အောင်ပင်ရှိခဲ့ရှာပါတယ်။ အဲဒီတိရစ္ဆာန်ကို ကောက်ယူမွေးမြူမိလို့ ဆိုးကျိုးကိုကောင်းကောင်းကြီး ခံစားလိုက်ရတာက မတောပါပဲ။ မျက်စိတစ်ဖက်ဆုံးရှုံးလိုက်ရခြင်းဟာ ဘဝတစ်ခုလုံး ဆုံးရှုံးသလိုကို မတောခံစားလိုက်ရတာပါ။ ဘာလို့လဲဆိုတော့ မတောဟာ အခု အသက် (၄၀) ကျော်အပျိုကြီးဖြစ်နေလို့ပါ။

ဒါက မခင်ထွေးပြောပြတဲ့ မတောနဲ့ ဗျိုင်းအကြောင်းပါ။

နောက်နေ့မှာ ညောင်နာနာဆယ်ရက်လေး သေသွားပါတယ်။ ကျန်တဲ့တစ်ကောင်က ပျံစပြုပါပြီ။ မိဘတွေကလည်း တဂဲဂဲနဲ့လာခေါ်နေပါပြီ။ အဲဒီ အပျံသင်စဆက်ရက်လေးကို ခြင်းနဲ့ချိတ်ထားပေးစဉ်မှာပဲ တဂဲဂဲသံတွေပျောက်သွားပါတယ်။ ဆက်ရက်ငယ်လေးလည်း လုံးဝပျောက်ကွယ်သွားပါတော့တယ်။ သူ့မိဘတွေခေါ်သွားခဲ့ပါပြီ။ မောင်မြအေးနဲ့ မညွန့်စိန်တို့ကတော့ ကုသိုလ်တွေ တစ်လှေကြီးရလိုက်ကြပါတယ်။

**❑ ခွေးချစ်တဲ့ဓာတ်ပုံဆရာ**

ကျွန်တော် သူ့ကိုတွေ့တဲ့အချိန်ဟာ ၁၉၆၃ ခုပါ။ အမည်က ကိုစိုးဝေ။ အလုပ်ကတော့ ဓာတ်ပုံဆရာပါ။ သူက ပျဉ်းမနားသားပါ။ ကျွန်တော် မြင်းခြံ ကိုးဆောင်တိုက် ပရမတ္ထမဉ္ဇူကျောင်းမှာ လောကုတ္တရာစာပေသင်ဖို့ ရောက်နေခြင်းပါ။ တစ်တိုက်လုံးတွင်ရှိ ရဟန်း၊ သာမဏေတွေ စာမေးပွဲအတွက် ဓာတ်ပုံရိုက်တဲ့အခါ ကိုစိုးဝေက တာဝန်ယူပြီး ရိုက်ပေးပါတယ်။ ကျွန်တော့်ကိုကျတော့ တစ်နယ်တည်းသားမို့ ခင်မင်ပါတယ်။

သူဟာ အရင်က မြင်းခြံမြို့ရဲ့ အကြီးဆုံးစသင်တိုက်ဖြစ်တဲ့ ကိုးဆောင်တိုက်ကြီးမှာ စာသင်ခဲ့ဖူးပါတယ်။ ဓမ္မာစရိယတန်းအထိရောက်ခဲ့ပါတယ်။ ပရမတ္ထမဉ္ဇူကျောင်းရဲ့ ကျောင်းဆောင်အုပ်ဘုန်းကြီးဖြစ်ခဲ့ရပါတယ်။

ဒါပေမယ့် ဓာတ်ပုံဝါသနာပါပြီး ကျွမ်းကျွမ်းကျင်ကျင် ဓာတ်ပုံရိုက်နိုင်တဲ့ ဦးဇဝနဟာ ဓာတ်ပုံပညာအားကိုးနဲ့ လူထွက်ပြီး ဓာတ်ပုံဆိုင်လေးဖွင့်ပါတယ်။ နွားကူးတန်းရပ်ကွက်မှာပါ။ အပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးနဲ့ နောက်ပိုင်းမှာ အိမ်ထောင်ကျပါတယ်။ ကိုစိုးဝေက ဖြူဖြူချောချောဖြစ်ပြီး ဇနီးကလည်း ညိုညိုတောင့်တောင့်နဲ့ အညာသူ ပီသလှပါတယ်။

အပျိုကြီးယူထားတော့ သားသမီး မရပါဘူး။ အဲဒီမှာ ခွေးချစ်တတ်တဲ့ကိုစိုးဝေဟာ ခွေးထီးလေးတစ်ကောင်ကို မွေးပါတယ်။ သားသားနဲ့ အလွန်ချစ်တာပါ။ သူတို့ရဲ့အိမ်ထောင်မှာ ခွေးလေးဟာ သားသမီးနေရာကိုရတာကြောင့် အပြုစုအယုယကို လူကလေးလိုပဲ ခံစားရပါတယ်။ အတူတူမအိပ်ရုံတစ်မည်ရှိတာပါ။ ကိုစိုးဝေဆိုရင် သူ့ခွေးကို သူများအမြင်ကတ်လောက်အောင် ချစ်တာပါ။

ဒီလိုနဲ့ ခွေးလေးအရွယ်အတော်ကြီးလာပါတယ်။ နွေဦးရာသီကိုလည်း ရောက်ခဲ့ပါပြီ။ ကိုစိုးဝေနဲ့ သူ့ခွေးလေးက အစဉ်အမြဲဆော့ကစားနေကျပါ။ အဲဒီလိုဆော့ကစားရင်း ခွေးဟာ ရုတ်တရက် ကိုစိုးဝေရဲ့လက်ဖျံကို မာန်နဲ့လှမ်းဟပ်တဲ့အခါထိသွားပြီး သွေးစို့သွားခဲ့ပါတယ်။ ကိုစိုးဝေဟာ အနည်းငယ်ထိသွားတဲ့နေရာကို တံတွေးဆွတ်ပြီးသိပ်လိုက်ပါတယ်။ ဒါနဲ့ သွေးတိတ်ပြီးအနာခြောက်သွားခဲ့ပါတယ်။ ဒါဟာ အမှတ်တမဲ့ပါ။

ဒါကိုမြင်လိုက်ရတဲ့ ဇနီးသည်ကတော့ ဆေးရုံသွားပြီး ခွေးရူးပြန်ကာကွယ်ဆေးထိုးဖို့ အကြိမ်ကြိမ်တိုက်တွန်းပါတယ်။ ကိုစိုးဝေက သူ့ခွေးကို ဒီလိုပြောရကောင်းလားဆိုပြီး ဆူပူကြိမ်းမောင်းပါတယ်။

ဇနီးသည်ဟာ စိုးရိမ်တာကြောင့် ကိုးဆောင်တိုက်က စာချဆရာတော်တွေဆီကလျှောက်ပါတယ်။ ဆရာတော်တွေက အိမ်ကြွပြီး နားချတဲ့အခါ သူ့ခွေးဟာ ခွေးကောင်းဖြစ်ကြောင်း အကြိမ်ကြိမ်လျှောက်ထားပါတယ်။ သူ့ခွေးကို အပြောမခံပါဘူး။ ဒီအထိကို ချစ်တာပါ။ အဲဒီလိုနဲ့ ဘုန်းတော်ကြီးတွေလည်း လက်လျှော့ခဲ့ရပါတယ်။

ရက်များမကြာမီမှာပဲ ခွေးကရူးပြီး အိမ်ကနေထွက်သွားပါတော့တယ်။ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးဖို့ ဘယ်လိုဝိုင်းဝန်းတိုက်တွန်းပေမယ့် သူ့ကိုကိုက်မိစဉ်က ခွေးကောင်းဖြစ်ကြောင်းသာ ကာကွယ်ပြောဆိုနေခဲ့ပါတယ်။

ဒီလိုနဲ့ ကိုစိုးဝေဟာ တောင်သာမြို့နယ်ထဲက ဘုန်းကြီးပျံတစ်ခုကို ဓာတ်ပုံသွားရိုက်ရပါတယ်။ ဓာတ်ပုံရိုက်ရာက အပြန်မှာတော့ ကိုစိုးဝေဟာ ရေကိုမြင်ရင် အလွန်ကြောက်တဲ့ဝေဒနာခံစားရပါပြီ။ နောက်ပိုင်းမှာ ခွေးရူးပြန်ဝေဒနာခံစားရပါတော့တယ်။ ဒါကြောင့် အမှောင်ခန်းထဲမှာထည့်ထားလိုက်ရပါတယ်။

အတူတူနေခဲ့ဖူးတဲ့ ရဟန်းတော်တွေဟာလည်း ကိုစိုးဝေရောဂါဖြစ်တယ်ဆိုတော့ ရောက်လာကြပါတယ်။ အခန်းထဲဝင်ကြပါတယ်။ အဲဒီအထိ ကိုစိုးဝေ သတိမလစ်သေးပါဘူး။

"ကိုယ်တော်တို့တွေ တပည့်တော်အခန်းထဲ ဘာလို့ဝင်လာကြတာလဲ။ ကိုယ်တော်တို့က ဘာမှမသိကြဘူးဘဲ။ တပည့်တော်က တအားကို ကိုက်ချင်နေတာ။ အမြန်ပြန်ကြွကြပါ။ တပည့်တော် ကိုက်မိလိမ့်မယ်"

လို့အတင်းပြန်ကြွခိုင်းတာကြောင့် ရဟန်းတော်တွေလည်း ပြန်ကြွခဲ့ရပါတယ်။ အဲဒီခွေးရူးပြန်ဝေဒနာနဲ့အသက် (၄၀) ဝန်းကျင်ရှိတဲ့ ဓာတ်ပုံဆရာ ကိုစိုးဝေဟာ သူချစ်တဲ့ခွေးကြောင့် လူ့ဘဝကို အပြီးတိုင် စွန့်လွှတ်လိုက်ရပါတော့တယ်။

ဒါက အသိမကြွယ်တဲ့တိရစ္ဆာန်ကို လွန်ကဲစွာချစ်မိတာကြောင့် တန်ဖိုးကြီးလှတဲ့ လူ့ဘဝကို စွန့်လွှတ်လိုက်ရခြင်းပါ။

□ မြင်းကန်ခံရတဲ့ကိုလှမောင်

ကျွန်တော်တို့ငယ်စဉ် ပညာသင်ခဲ့ကြရတဲ့ မှန်ကျောင်းတော်ကြီးက ကျွန်တော်တို့ အသက်ရှင်နေသေးသမျှ ကာလပတ်လုံး မျက်စိထဲကထွက်မှာ မဟုတ်ပါဘူး။ အဲဒီကျောင်းတော်ကြီးနဲ့ အတူ ကျောင်းတော်မှာ ဖြစ်ပျက်ခဲ့တာတွေလည်း အမှတ်တရရှိနေဆဲပါ။

ဒီအဖြစ်အပျက်တွေထဲကမမေ့နိုင်တဲ့အကြောင်းအရာတွေထဲမှာ ကိုလှမောင်လည်းပါပါတယ်။ ကျွန်တော်တို့က ဓာတ်ပုံဆရာ ကိုလှမောင်လို့ ခေါ်ကြပါတယ်။

ကိုလှမောင်ဟာ ပြန်ကပြေး အလယ်ပိုင်းမှာနေပါတယ်။ သူ့တို့အိမ်မှာ ထရံကာထားတဲ့ ဓာတ်ပုံစတူဒီယိုလေးရှိတယ်။ ကျွန်တော်တို့က ကျောင်းသားတွေဆိုတော့ ဆွမ်းခံသွားရင်း ချောင်းချောင်းကြည့်တတ်တယ်။

အထဲမှာ ဘာဂျာကင်မရာ မည်းမည်းကြီးထောင်ထားတယ်။ အဲဒီ ဘာဂျာကင်မရာထဲ ဖလင်ဖြတ်ထည့်ပြီး ဓာတ်ပုံရိုက်တာပါ။ ပြန်ကပြေးမှာ အဲဒီကတည်းက ဓာတ်ပုံဆိုင်လည်းရှိတယ်။ အပေါင်ဆိုင်လည်းရှိတယ်။ ပန်းထိမ်ဆိုင်လည်းရှိတယ်။ ခေါက်ဆွဲဆိုင်၊ ကော်ဖီဆိုင်လည်းရှိတယ်။ သိပ်မညံ့ဘူးလို့ဆိုရမှာပါ။

ကိုလှမောင်ကျတော့ ဝ...
ရယ်။ ဓာတ်ပုံဆိုင်ထောင်ထားပေ...
ဓာတ်ပုံဆိုတာ အမြဲရိုက်ရတာမှမဟု...
တာ။ အလှူရှိမှ၊ မင်္ဂလာဆောင်...
ရိုက်ရတာပါ။ အလှပုံရိုက်တယ်ဆို...
လည်း ကြာကြာမှတစ်ခါ ခပ်ပါးပါး...
တော့ ကိုလှမောင်ဟာ ဒီဓာတ်ပုံအ...
တစ်ခုတည်းနဲ့ ထမင်းစားဖို့ခက်ပါတ...

အဲဒါကြောင့် တစ်ဖက်တစ်လ...
က ဝင်ငွေရအောင် မြင်းလှည်းမော...
တယ်။ အဲဒီခေတ်အဲဒီအခါက မြ...
လှည်းတစ်စီးကို ပိုင်ဆိုင်တယ်ဆိ...
ခုခေတ် ကားတစ်စီးပိုင်ဆိုင်သလို...
ပါတယ်။ မြင်းလှည်းပိုင်ရင် ဆူလွ...
လွယ်ပိုက်ဆံရပါတယ်။ အဲဒီလို နေ့...
ဝင်ငွေရှိတဲ့အလုပ်ကို လူတွေက အ...
တကြီးရှိပါတယ်။ အတော်အတ...
လည်း မြင်းလှည်းထောင်နိုင်စွမ်း...
ဘူး။ အရင်းအနှီးအတော်ကြီးလို့ပါ။

ကိုလှမောင်တို့ဆိုတာက လယ်...
တွေလည်းရှိတယ်။ ဓာတ်ပုံဆိုင်လည်း...
တယ်။ မြင်းလှည်းလည်းရှိတယ်ဆို...
အတော်အတန်ပြည့်စုံချမ်းသာသူ...
နိုင်ပါတယ်။ သူ့ဇနီးဖြစ်သူက...
ခပ်အေးအေးပုံစံပါ။ ကိုလှမောင်ရဲ့...
သားသမီးတွေကို မျက်စိထဲမှတ်မိ...
တယ်။

ဒါပေမယ့် ကိုလှမောင်တို့...
မြင်းဟာ မြင်းကြမ်းမြင်းရိုင်းဆို...
တော့ ရွာမှာနာမည်ကျော်ကြားပါတ...
ကိုလှမောင်ဆိုတာကလည်း လူ...
ကထွားတဲ့အပြင် ခပ်ဝဝကြီးဆို...
အားကောင်းမောင်းသန်ပါ။ သူ့...
နိုင်အောင်ကိုင်နိုင်စွမ်းရှိတယ်။...
မောင်ဟာ ခပ်ပြုံးပြုံးကြီးနေတ...
လူချစ်လူခင်ပေါ်များသူပါ။

တစ်နေ့မှာတော့ သတင်းဆို...
တစ်ခု ရွာကိုရောက်လာပါတယ်။...
က ကိုလှမောင်ကြီး မြို့ထဲမှာ မြင်း...
ရလို့ ဆုံးပြီဆိုတဲ့သတင်းပါ။ ကျွန်...
တို့ကျောင်းသားလောကဆီ ဘယ်...
နေဘယ်လို ဒီသတင်းရောက်လာ...
ဆိုတာမပြောတတ်ပါဘူး။

ပြန်ကပြေးနဲ့ ပျဉ်းမနားဈေး...
မြင်းလှည်းဆိုတာ အများကြီးပါ။...
ဖောက်သည်၊ကိုယ့်ဖောက်သည် ထွ...
ဈေးကြီးထဲ ဈေးဝယ်တာစောင့်ရင်း...
ကိုခဏဖြုတ်ပြီး နားကြတာထုံးစံပါ...
ပြီဆိုမှ လှည်းကောက်ပြီး မော...
တာပါ။

အဲဒီလို လှည်းဖြုတ်နား...
မြင်းကလွတ်သွားတယ်လို့ ဆိုပါ...



www.burmeseclassic.com

www.burmeseclassic.com

နောက်ကိုလိုက်တဲ့အခါ မြင်းကတွေ ...တင့်နေပါတယ်။ နောက်က ,သခင် ...တ်လာတဲ့အချိန်မှာ လျှပ်တစ်ပြက် ...ထည့်လိုက်တာကြောင့် ကိုလှမောင် ... ဆီးပုံးကိုကန်မိပြီး နောက်ကိုလွင့် ...သွားပါတယ်။ ကန်ချက်ပြင်းတာ ...ကြောင့် ဆီးပုံးကွဲပြီး နေရာမှာပဲ သေဆုံး ...ခဲ့ကြောင်းသိရပါတယ်။

အလောင်းကို ပျဉ်းမနားဆေးရုံပို့ ...တယ်။ ဆေးရုံရဲ့ခွင့်ပြုချက်နဲ့ ရွာကို ...ခွင့်ပြုတာကြောင့် ရွာကို သယ်လာ ...ကျွန်တော်တို့မှန်ကျောင်းတော်ကြီးရဲ့ ...သည်ဇရပ်ပေါ်မှာ အလောင်းပြင် ...ပါတော့တယ်။

ကျွန်တော်တို့တွေကတော့ ကိုလှ ...ကြီးရဲ့အလောင်းကို အုပ်စုလိုက် ...ပြီးကြည့်ကြပါတယ်။ ဝဝတုတ်တုတ် ...အိပ်ပျော်နေသလိုပါပဲ။ ကလေးတွေ ...တော့ ကိုလှမောင်ကြီးရဲ့ မျက်နှာကို ...ထဲကမထွက်ကြဘဲ အဲဒီဇရပ်ကြီး ... အလိုလိုကြောက်နေကြတာပါ။

မြင်းဆိုတာ လူလိုမသိတတ်ပေ ... လူနဲ့နီးစပ်တဲ့သတ္တဝါမို့ လူ့အထာ ...ကို သိတတ်ပါတယ်။ ဒါပေမယ့် လူ ...တို ဘယ်လောက်ပဲသိသိ သူတို့ ...ည်း ဒေါသစိတ်ရှိတဲ့အတွက် အသိ ...ယ်တဲ့မြင်းဟာ ဒေါသအလျောက် ...င်တို ကန်လိုက်ခြင်းပါ။ မြင်းဆိုတာ ...န်အားကောင်းတဲ့သတ္တဝါပါ။ စက် ...ရဲ့ဆွဲအားကို မြင်းကောင်ရေနဲ့ ...တ်တပြုတာသာကြည့်ပါ။

ဒီလောက်ကောင်းတဲ့အားနဲ့ကန်တဲ့ ... လူဆိုတာ ဘယ်လိုခံနိုင်မလဲ။ ...ရင်သေ၊ မသေရင်အကျိုးလို့ဆိုရမှာ ... ကိုလှမောင်ဟာ သူ့ကိုယ်သူယုံပြီး ...တိုးမိလို့ အသက်တစ်ချောင်းဆုံးရှုံး ...င်းပါပဲ။

ကျွန်တော် ကိုလှမောင်ကို မမေ့ ... ကိုလှမောင်ရဲ့မျိုးဆက်တွေ၊ သိမီ ...ကြတဲ့လူတွေကလည်း မေ့ကြမှာ ...တ်ပါဘူး။ အသိမကြွယ်တဲ့မြင်းဆိုတဲ့ ...ဝါကြောင့် မြင်းကန်လို့သေဆုံးသူဆို ... ကိုလှမောင်တစ်ဦးသာရှိခဲ့တာကိုး။

ကိုလှမောင်ရယ်၊ သူ့ရဲ့ခါတ်ပုံစတူ ...လေးရယ်၊ ဘာဂျာကင်မရာကြီးရယ် ...နေတုန်းပါပဲ။

## ...ရှင့်ကျတဲ့ကျော်လေးစိန်

လူတွေနဲ့ နီးနီးစပ်စပ်နေတဲ့ ဦးချို ...တိရစ္ဆာန်ဟာ ကျွဲ၊ နွား၊ ဆိတ်ပါ။ ...တာ စာမဖွဲ့လောက်ပေမယ့် ကျွဲက ...တော့ အလွန်ပင်အန္တရာယ်ကြီးပါတယ်။ ...တွေသမိုင်း ပုဂံခေတ်မှာ အလွန်ဘုန်း တန်ခိုးကြီးခဲ့တဲ့ ဘုရင်အနော်ရထာဟာ ကျွဲဖြူခတ်လို့ ကံတော်ကုန်ရတယ်လို့ဆို ထားပါတယ်။ ဒါကြောင့် သူနဲ့အတူတူ နေတဲ့ ကျွဲဟာ သူ့ဒေါသဖြစ်လာခဲ့ရင် သခင်ကို ပြန်လည်ဒုက္ခပေးခဲ့တတ်တာ ကြောင့် မြန်မာနိုင်ငံအရပ်ရပ်မှာ ကျွဲဒဏ်ခံရသူတွေ အများအပြားရှိခဲ့ကြပါလိမ့်မယ်။

အဲဒီလို ကျွဲဒဏ်ခံရသူတွေထဲမှာ ကျွန်တော့်တူ ကျော်လေးစိန်လည်း အပါ အဝင်လို့ဆိုရမှာပါ။ ကျော်လေးစိန်တို့က ညောင်ပင်ကြီးစုရွာကပါ။ ယခုအခါ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင် ကြီးစုရွာဖြစ်နေပါပြီ။ အဲဒီညောင်ပင်ကြီး စုရွာမှာ အဖေ့ညီ ဦးထွန်းနေပါတယ်။ ဦးချစ်နဲ့ ဒေါ်ဖွားရှင်တို့မှာ မကြင်မြ၊ မောင်ကျော်မြင့်၊ မရင်မြ၊ မအုန်းမြိုင်ဆို ပြီး သားသမီး (၄) ဦးရှိပါတယ်။

ကိုမြဟန်နဲ့ မကြင်မြ အိမ်ထောင် ကျတဲ့အခါ သားသမီး (၁၀) ယောက် မွေးပါတယ်။ ကျော်လေးစိန်က အကြီး ဆုံးသားပါ။ အကြီးဆုံးသားဆိုတော့ ကျွဲ ကျောင်းရာ၊ ကျွဲချည်ရာ စတဲ့ ဖခင်ရဲ့ အလုပ်တွေမှာ ကူညီတဲ့ လူလိမ္မာလေးပါ ပဲ။ ကျော်လေးစိန်ဟာ လူပျိုပေါက်အရွယ် လေးဖြစ်ခဲ့ပါပြီ။

ကျွဲကျောင်းဖို့ ကျွဲတွေလွှတ်ရင် နှာခေါင်းကြိုးနဲ့ ချည်တိုင်မှာချည်ထားတဲ့ ကြိုးကိုဖြေပြီးလွှတ်ရပါတယ်။ နှာခေါင်း ကြိုးကနေ ချည်ထားတဲ့ ကြိုးကို ဖြေရပါ တယ်။ ကျွဲတွေပြန်သွင်းလာရင် ချည် တိုင်မှာ ပြန်ချည်ရတာပါပဲ။

ကျော်လေးစိန်နဲ့ ကိုမြဟန်တို့ ဟာ လယ်တောတဲကြီးမှာနေကြတာပါ။ ကျွဲတွေသွင်းလာချိန် ကျွဲပေါက်တစ် ကောင်ကို ချည်တိုင်မှာချည်ဖို့ နှာခေါင်း ကြိုးကို လှမ်းအဆွဲမှာ စိတ်တိုနေဟန်ရှိ တဲ့ကျွဲဟာ ကျော်လေးစိန်ကိုလှည့်ခတ် လိုက်တာပါပဲ။ ခတ်ချက်က အလွန် သွက်တာမို့ ရှောင်ချိန်မရတတ်ပါဘူး။

ခတ်ချက်ဟာ ဝမ်းဗိုက်ကိုထိပြီး ချိုဖျားချွန်မြနေတာကြောင့် ကွဲထွက် သွားပြီး အူတွေကန်ထွက်လာပါတယ်။ အဲဒါကြောင့် သားအဖနှစ်ဦး လှည်းနဲ့ ချက်ချင်း ရွာပြန်ရပါတယ်။ ရွာက မြင်း လှည်းငှားပြီး ပျဉ်းမနားဆေးရုံကြီးကို ပြေးရပါတယ်။ အူတွေ ပြန်သွင်းပြီး ချုပ် ရတာပါပဲ။ တော်သေးတယ်၊ ကျန်တာ ဘာမှမထိခိုက်ပါဘူး။ မသေကောင်း မပျောက်ကောင်းလို့ ဆိုရမှာပါပဲ။

ကျွဲဆိုတဲ့အမျိုးဟာ စားကျက် ရောက်တာနဲ့ မြေကုန်းမို့မို့တွေ့ရင် ချို သွေးကြတဲ့အမျိုးပါ။ အဲဒါကြောင့် သူတို့ ရဲ့ ဦးချိုဖျားတွေဟာ ချွန်မြနေလေ့ရှိပါ တယ်။ ခတ်မိရင် မသက်သာလှပါဘူး။ အဲဒါကြောင့် ဦးချိုရှိသော သတ္တဝါကို အတောင် (၅၀) က ရှောင်ရမယ်လို့ဆို တာပါ။

## ▫ အန္တရာယ်

နွားကျတော့ ဝှေ့နိုင်တယ်။ ကျွဲကျ တော့ မကန်တတ်ဘူး။ ခတ်ရုံသက်သက် ပါပဲ။ မြင်းကျတော့ ကိုက်တတ်တယ်။ ကန်တတ်တယ်။ ကိုက်တာ သိပ်အန္တရာယ် မကြီးပေမယ့် ကန်ချက်ကျတော့ မြင်း အားနဲ့ နောက်ခြေကို အားကုန်ထည့်ပြီး စုံကန်တာကြောင့် လူဆိုရင် ပွဲချင်းပြီး သေသွားနိုင်ပါတယ်။ ဆင်ကျတော့ အလွန်ပဲအန္တရာယ်ကြီးလှပါတယ်။ သူ့မှာ လူလက်လို အစွမ်းရှိတဲ့နှာမောင်းပါတာ ကြောင့် ကိုင်ပေါက်နိုင်စွမ်းရှိတယ်။ တုတ်နဲ့ရိုက်နိုင်စွမ်းလည်းရှိတယ်။ ခြေ ထောက်နဲ့လည်း နင်းခြေနိုင်တယ်။ အစွယ်နဲ့လည်းထိုးနိုင်တယ်။ အမျိုးမျိုး ဒုက္ခပေးနိုင်စွမ်းရှိပြီး လူကိုအသတ်ဆုံး၊ ဒုက္ခအပေးဆုံးဟာ ဆင်ပါပဲ။ ဆိတ်က လည်း စိတ်တိုရင် သူ့ဦးချိုနဲ့ဝှေ့တက်ပါ တယ်။ ဒါပေမယ့် ကျွဲ၊ နွားတွေလောက် အန္တရာယ်မကြီးပါဘူး။

လူနဲ့ အတူနေကြတဲ့ အိမ်မွေး တိရစ္ဆာန်တိုင်းဟာ လက်ပွန်းတတီးရှိတာ ကြောင့် အသိဉာဏ်အထိုက်အလျောက် ရှိကြပါတယ်။ ဒါပေမယ့် တိရစ္ဆာန်တိုင်း ဟာ အဟိတ်ဆိုတာကိုတော့ မေ့ထား လို့မရပါဘူး။ အဟိတ်ဖြစ်တာကြောင့် အသိဉာဏ်မကြွယ်ပါဘူး။ အသိဉာဏ် နည်းနဲ့တိရစ္ဆာန်နဲ့နေကြသူတိုင်း တိရစ္ဆာန် တွေက ဒေါသအလျောက်ပေးလာနိုင်တဲ့ အန္တရာယ်ကိုတော့ သတိချပ်ဖို့သင့်လှပါ တယ်။

ခွေးရဲ့လျှာမှာ ပိုးမျိုး (၇၀) ကျော်၊ ကြောင်ရဲ့လျှာမှာ ပိုးမျိုး (၈၀) ကျော်ရှိ တယ်လို့ မှတ်သားဖူးပါတယ်။ အဲဒီပိုး တွေဟာ လူတွေနဲ့ သဟဇာတဖြစ်တဲ့ပိုး တွေမဟုတ်ပါဘူး။ လူတွေကို ဒုက္ခပေး နိုင်တဲ့ပိုးတွေပါ။ ခန္ဓာကိုယ်ထဲဝင်သွားရင် ဆိုးကျိုးပေးနိုင်ပါတယ်။

ကျွန်တော်ဆိုရင် ခွေးကိုကိုင်တွယ် ပြီးတိုင်း လက်ကိုဆပ်ပြာနဲ့အကြိမ်ကြိမ် ဆေးပစ်လေ့ရှိတယ်။ ခွေးမြင်ရင် မကိုင် ဘဲ လုံးဝမနေနိုင်ပါဘူး။ ဒါကချစ်ခြင်းရဲ့ နောက်မှာ ဆိုးကျိုးကို ဖြစ်စေနိုင်တာပါ။ ခွေး၊ ကြောင်ချစ်သူတွေ လက်ဆေး မပျင်းကြဖို့လိုပါတယ်။

ကျုံမငေးသူ မကြည်ကြည်ဌေးကို



www.burmeseclassic.com

www.burmeseclassic.com

# စဉ့်ကိုင်မြို့မှ ရှိန်းဆာယာမိုမောက် ကိုယ်ပျောက်သည့်ကျောင်း

တိုက်ကြည် (စဉ့်ကိုင်)

စဉ့်ကိုင်မြို့နယ်သည် ရှေးဟောင်းသမိုင်းရန့်များဖြင့် သင်းထုံနေသောသမိုင်းဝင် ကျေးရွာများ၊ ရှေးဟောင်းမြို့ပြများဖြင့် ပြည့်နှက်နေသောလယ်တွင်းနယ်မြေတစ်ခု ဖြစ်ပါသည်။ စဉ့်ကိုင်မြို့နယ်အတွင်း ရှိန်းဆာယာမိုမောက် ကိုယ်ပျောက်သည်ဆိုသည့် ရှိန်းကျော်ကျောင်းများရှိကြလေသည်။ ယင်းရှိန်းကျော်ကျောင်းများသည် မြန်မာပြည်အနှံ့ တွေ့မြင်ရန် ခက်ခဲရှားပါးလှသည့် ရှေးဟောင်းကျောင်းများ ဖြစ်လေသည်။ ရှိန်းကျော်ကျောင်းများသည် ပုဂံခေတ် ရှိန်းအတတ်ပညာတွင် ထူးချွန်စွာတတ်မြောက်ခဲ့ကြသည့် ရဟန်းတော်ကြီးများ သီတင်းသုံးခဲ့ကြလေ၏။ ပုဂံခေတ်ရှိန်းအတတ်ပညာ တတ်ကျွမ်းသည့်ရဟန်းတော်များသည် ကိုယ်ယောင်ဖျောက်နိုင်စွမ်းရှိသည့် အတတ်ပညာရှင်များပင် ဖြစ်ကြသည်။ ရှိန်းဆိုသည်မှာ အရှိန်အဟုန်တက်သော ကိုယ်ယောင်ဖျောက်နိုင်ခြင်းစသော လောကီအတတ်ပညာများကို ဆိုလိုခြင်း ဖြစ်ပါသည်။

မြန်မာစာအဖွဲ့ မြန်မာအဘိဓာန် (၁၉၉၁ ခုနှစ်ထုတ်၊ စာ - ၂၃) တွင် ရှိန်း - ပြီးသည် ဆိုခြင်းမှာ ရှိန်းသတ္တိနှင့်ပြည့်စုံသည်၊ ရှိန်းအတတ်ရရှိပေါက်မြောက်သည်ဟု လည်းကောင်း ပြဆိုထားပါသည်။ ရှေးလူကြီးသူမများ၏ဆိုစကားများအရ ရှိန်းကျော်ကျောင်းမှန်လျှင် ခုန်ထွက်ခုန်ဝင်ခဲ့ကြကြောင်း၊ ကျောင်းများတွင် ဝင်ပေါက်များ မထားရှိကြောင်း မှတ်သားရပါသည်။

စဉ့်ကိုင်မြို့နယ်အတွင်းတွင် ရှိန်းကျော်ကျောင်း (၂) ကျောင်းရှိကြောင်းလေ့လာသိရှိရပါသည်။ စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာ၏ အရှေ့ဘက် (၅) ဖာလုံခန့်အကွာတွင် ရှိန်းကျော်တစ်ကျောင်း၊ မကွရာမြို့ဟောင်းအရှေ့ဘက် ယခု ရွာဘိုကျေးရွာအနီးရှိ မြို့ကုန်းတို့တွင် တစ်ကျောင်းတည်ရှိခဲ့ပါသည်။ ယခုမျက်မှောက်အခြေအနေတွင် အုတ်ကျိုးအုတ်ပဲ့အုတ်ပုံချုံနွယ်ပိတ်ပေါင်းများအဖြစ် တည်ရှိနေပါသည်။

တဘက်ဆွဲရွာ၏ အရှေ့ဘက် (၅) ဖာလုံခန့်အကွာ ကုန်းမို့မို့ထက်တွင် တည်ရှိသော တဘက်ဆွဲရှိန်းကျော်ကျောင်းသည် ကျောင်းနေရာအား စတုဂံပုံအုတ်ရိုးလေးဖက်ကာရံထားပြီး အလျား၊ အနံ တစ်ဖာလုံပတ်လည်ခန့်ရှိသော ဝင်ပေါက်မပါဝင်သည့် ရှိန်းကျော်ကျောင်းဖြစ်ပါသည်။ ခေတ်ကာလအနေအထားနှင့် ပတ်သက်သည့် ရှေးဟောင်းကျောက်စာများ ရှာဖွေမတွေ့ရှိရပါ။ ယင်းရှေးဟောင်းရှိန်းကျော်ကျောင်းပရဝဏ်အတွင်းထောင့်လေးရပ်၌ စေတီတစ်ဆူစီတည်ထားကိုးကွယ်ခဲ့ကြပြီး ယခုအခါတွင် ပြိုပျက်နေသောအုတ်ပုံများသာ တည်ရှိနေတော့ပါသည်။ တွေ့မြင်လေ့လာနိုင်ရန် ခက်ခဲရှားပါးလှသည့် ရှေးဟောင်းကျောင်းများဖြစ်ပါသည်။

တဘက်ဆွဲ ရှိန်းကျော်ကျောင်းအပြင် အခြားကျန်ရှိသည့် ရှိန်းကျော်ကျောင်းသည် စဉ့်ကိုင်မြို့နယ် မကွရာ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အရှေ့ဘက်နှစ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ မြို့ကုန်းအဖြစ်တည်ရှိနေပြီ လူနေထိုင်မှုများရှိနေသောနယ်မြေ သဖြင့် သမိုင်းအစအနများ ရှာဖွေ လွယ်ကူတော့မည် မဟုတ်ချေ။ ယင်း ရှိန်းကျော်ကျောင်းအားလည်း ပုဂံခေတ် ရှိန်းအတတ်ပညာရှင် (ရဟန်း) များ တည်ဆောက်ခဲ့သော ရှိန်းကျော်ကျောင်း ဖြစ်သည်ဟု ပညာရှင်များမှ မှတ်ချက်ပြု ထားကြလေသည်။ ယင်းရှိန်းကျော်ကျောင်းအနီးတွင် ရှေးဟောင်းမြို့ ပျက်များလည်း တည်ရှိနေပြီး ကျုံးများ မီးတားတံတိုင်းများ၊ အုတ်ကျိုးအုတ် ပုံပျက်များဖြင့် ရှေးဟောင်းမြို့ဟောင်း များလည်း တည်ရှိနေသေးသည်။ ယ... လူအများကျူးကျော်ဝင်ရောက်အခြေ... နေထိုင်ခြင်း၊ စိုက်ပျိုးမြေများတိုး... ထွန်ယက်စိုက်ပျိုးခြင်း၊ ချုံနွယ်ပိတ်ပေါင်း များ လွှမ်းခြုံထားရှိခြင်းနှင့် ယိုယွင်းပျက် စီးလျက် သခ်ီရသဘောများအား ပြ... နေလေသည်။ ဗဒ္ဒမင်းလက်ထ... ထုတ်ပြန်သော ပြန်တမ်းသက္ကရာဇ် ၁၁၄၅ ခုနှစ်၊ အမရပူရရွှေမြို့တော် ခတ်ကြငှန်းစိုက်စာရင်း၌ အနော... တောင်ကို တဘက်ဆွဲရွာ ရှိန်းကျော် ကျောင်း နယ်မြေအပိုင်းအခြားဟု ... ပါသည်။ ဤသည်မှာ ရှိန်းကျော်ကျောင်း အမှန်တကယ်ရှိကြောင်း သက်သေ ပေတည်း။

တိုက်ကြည် (စဉ့်ကိုင်)

---

ရင် ကြောင်တွေကို အမြဲနမ်းတာကြောင့် သူ့ရဲ့အဆုတ်မှာ နူးညံ့တဲ့ကြောင်မွေးတွေ သွားကပ်ရာကနေ အနာအသွင်ပြောင်းပါတယ်။ အနာက နောက်မှာ ကင်ဆာအသွင်ပြောင်းပြီး အဲဒီအဆုတ်ကင်ဆာဝေဒနာနဲ့ မန္တလေးဆေးရုံကြီးမှာ ဆုံးပါးသွားခဲ့ရဖူးပါတယ်။ ဒါကို ကျွန်တော်ဝတ္ထုတစ်ပုဒ်အသွင်နဲ့ ရေးသားပေးပို့ပြီးပါပြီ။ လူတွေသတိချပ်နိုင်အောင်လို့ပါ။

ပြီးတော့ လူတွေနဲ့လက်ပွန်းတတီးနေကြတဲ့ ခိုဆိုတဲ့သတ္တဝါရှိပါသေးတယ်။ ခိုတွေမှာလည်း မလိုလားအပ်တဲ့ပိုးတွေများစွာရှိတယ်လို့သိရပါတယ်။

ဆိုဗီယက်ပြည်ထောင်စုခေတ်ကကရင်မလင်နန်းတော်မှာ ခိုစာကျွေးတဲ့ဝန်ထမ်းတွေရှိတယ်။ အဲဒီဝန်ထမ်းတွေဟာ သူများတွေထက် အသက်တိုတာတွေ့ရတာကြောင့် လေ့လာကြည့်တဲ့အခါ ခိုတွေမှာ လူတွေကို ဒုက္ခပေးနိုင်တဲ့ပိုးတွေများစွာတွေ့ရတာပါပဲ။ ဒါကိုမသိတဲ့အတွက် လူတွေအသက်တိုရခြင်းပါ။

အဲဒါကြောင့် ဘယ်တိရစ္ဆာန်မဆို ကိုင်တွယ်ဆော့ကစားပြီးပါက လက်ကို စင်အောင်ဆေးပစ်တာအကောင်းဆုံးပါပဲ။ အဟိတ်ဆိုတဲ့ တိရစ္ဆာန်တွေဖြစ်တဲ့ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်ဆိုတဲ့ကောင်တွေက အကြမ်းနည်းနဲ့ ဒုက္ခပေးနိုင်သလို ကြက်၊ ဝက်၊ ငှက် စတဲ့တိရစ္ဆာန်တွေကလည်း အနုနည်းနဲ့ဒုက္ခပေး... တယ်။

HIV ရောဂါပိုးဟာ အာ... မျောက်စိမ်းကတစ်ဆင့် လူ... ရောက်လာတယ်လို့ဆိုကြပါတယ်။ ... တွေ မရေတွက်နိုင်အောင် ဒုက္ခ... နေကြပြီး နွားရူးရောဂါ၊ ကြက်/ ... တုပ်ကွေးဆိုတာတွေဟာလည်း တိရ... တွေကတစ်ဆင့် လူတွေကို ဒုက္ခ... စွမ်းရှိတာကြောင့် တိရစ္ဆာန်ချစ်... အပေါင်း သတိထားနိုင်စေဖို့ ... နဲ့တဲ်ပြလိုက်ရခြင်းပါ။

ချမ်းမြေ့ကြ...

ရွှေပြည်စိုးမိုး...




www.burmeseclassic.com

www.burmeseclassic.com

# အိမ်မွေးကြက်များ ကြက်နာဝင်သည့်အခါ

စိုးမင်း(မြောက်စည်း)



အိမ်မွေးကြက်များ ရာသီအကူးအပြောင်းကြောင့် လည်းကောင်း၊ အစားအစာကြောင့် လည်းကောင်း၊ တစ်နှစ်လျှင် တစ်ခါနှစ်ခါ ကြက်နာဝင်လေ့ရှိပါသည်။ ယောနယ်ကတော့ ကြက်နာရောဂါကို 'ရစ်ကျတယ်' ဟု ပြောကြပါသည်။

ရောဂါဝင်သည့်အခါ အမောက်များညှိုမည်းခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အစ်ကုပ်ကွကွနေခြင်း၊ မျက်စိမှိတ်လျက်မှိန်းနေခြင်း အများဆုံးတွေ့ရပါသည်။

ဖြစ်ပုံများကို ပြောပြချင်သေးသည်။

ဒီလိုခင်ဗျ။

လူမှုဖွံ့ဖြိုးအဖွဲ့တစ်ခု ကျွန်တော်တို့ မြောက်စည်းရွာသစ်ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှာ ဘဲတွေဝေသွားတယ်။ တစ်အိမ်ထောင် ဘဲ (၅) ကောင်နှုန်း။ လာမယ့်နှစ် ဒီလိုအချိန်မှာ ဘဲ(၅) ကောင်အစားပြန်ပေးရမယ်။

တိုးလာတဲ့ဘဲကိုတော့ မိသားစု စားဝတ်နေရေးအတွက်ပေါ့။ မေတ္တာရေးနဲ့ညီကြတာ ဝမ်းသာစရာသတင်းပေါ့ဗျာ။ ဒီအချိန်မှာ ဇနီးသည်က ကျွန်တော့်ကို ဘဲအယူခိုင်းတော့ (၅) ကောင်ရတယ်။ နောက်ထပ်လိုချင်သေးတယ်တဲ့ လောဘကြီးပြန်တယ်။ ဒါနဲ့ ဘဲမယူတဲ့သူတွေဆီက (၅) ဦးစာ မှတ်ပုံတင်တောင်းပြီးသွားတောင်းတော့ (၂၅) ကောင်ရပြန်တယ်။ အားလုံး အကောင် (၃၀) ပေါ့။

ဘဲတွေ အိမ်ရောက်တော့ အိမ်နီးချင်း ဘဲယူသူတွေစကားစပ်ကြတော့ ဘဲအကြောင်းဘယ်သူမှ တိတိကျကျ မသိဘူး။ ကျွန်တော်က ပိုဆိုးတာ တစ်သက်လုံး တစ်ခါမှ ဘဲမမွေးဖူးဘူး။ အခုလည်း ဇနီးကြောင့် မွေးပေးတာ။

ဘဲဝေတဲ့သူတွေက ဖွဲနု၊ ဆန်ကွဲတို့ကျွေးရတယ်။ ဒါလေးတစ်ခုပဲ သိလိုက်တယ်။ အဲ - မွေးဖူးသူက တိတိကျကျပြောပြတော့ လောပြီ။ လော့ဆို ဒီဘဲတွေက မဝပ်ဘူးတဲ့။ ကြုံတဲ့နေရာဥတာတဲ့။ လသာဘဲလို့ပြောတယ်။ အကောင်ဖောက်ချင်ရင် ကြက်မဝပ်တဲ့အခါ ကြက်ဥတွေအစား ဘဲဥတွေထားပေးရင် ဘဲပေါက်မယ်တဲ့။

ဒီတော့ ဘဲကပွားရဦးမယ်။ ဘဲပွားဖို့ကြက်လိုပြန်ပြီ။ ကြက်ကလည်း အိမ်မှာ အငမွေးတောင်မရှိ။ ကြက်မွေးဖို့ ဇနီးသည်ပြောတော့ သူကလည်း လိုလိုချင်ချင်နဲ့ (၄၀) သား၊ (၅၀) သားအရွယ် (၄) ပိဿာကျော်ဝယ်တယ်။ မိတ်ဆွေ (၂) ဦးပေးတာနဲ့ အားလုံး ကြက် (၁၈) ကောင်ပေါ့။ ဒီအချိန် တပေါင်း၊ တန်ခူး ကြက်တွေရစ်ကျတာ ကျွန်တော်သတိမထားမိဘူး။ ဇနီးသည်က ပိုဆိုးပေါ့၊ ရောင်းတဲ့သူက ကြက်ငယ်ငယ်တွေ မရောင်းချင်ဘူး။ အချိန်နည်းလို့။ ခုဟာက လိုလိုလားလား အိမ်အထိလာပို့တာ လာရောင်းတဲ့ကြက်တွေကို ဇနီးကဝယ်ထားလိုက်တာပေါ့။

အိမ်ရောက်လို့ (၂) ရက်ရှိသေးတယ်။ ကြက်တွေငိုက်ကုန်ပြီ။ ကြက်ထီးတွေက အမောက်ညိုညို၊ မျက်စိမှိတ်မှိန်းနေပြီ အမတွေလည်း လေးလေးလံလံနဲ့ ကုပ်နေပြီ။ ဒါတောင် ဇနီးကပြောလို့ ကျွန်တော်သိတာ။ ဒီတိုင်းဆို ကြက်တွေ အကုန်လုံးတန်းစီသေမှာ သေချာနေပြီ။ ဘယ်နဲ့လုပ်ရပါ့။ ပထမနေ့ ဘာမှလုပ်မပေးနိုင်ဘူး။ နည်းမသိသေးလို့။

ညပိုင်း ဆေးနည်းအတွေးပေါ်လာတယ်။ ကလေးငယ်လေးတွေ ကိုယ်ပူဖျားရင်၊ ကျောပူခေါင်းပူထ၊ ချောင်းဆိုးရင်ကျပ်ရင်တက်ရင် ရှိန်းခို၊ ခွေးသေးပန်း၊ ကြက်ဟင်းခါးနဲ့ကြိတ် သတ္တုရည်ပါးပါး လိမ်းပေးရင်၊ အနံ့အုပ်ပေးရင် အလွယ်ကလေးပျောက်သွားတာ သတိရလိုက်တယ်။

(ဒီနည်းက ကလေးငယ်လေးတွေအတွက် အလွန်စွမ်းလှပါသည်။ ယခုဟာကတော့ ကြက်နာရောဂါကို ရှိန်းခိုတစ်မျိုးတည်းနှင့် ပျောက်တဲ့နည်းပါ။ ရှိန်းခိုက ရပ်ထဲရွာထဲ ဘယဆေးဆိုင်တိုင်းမှာရှိပါသည်။ နှစ်ရာဖိုးဝယ်လျှင်ပင် ကြက်တွေအများကြီးကုသနိုင်ပါသည်။)

ကြက်တွေနာရင် မပြေးနိုင်ကြပါဘူး။ အလွယ်ကလေးဖမ်းလို့ရပါတယ်။ မနက်ပိုင်းမှာ တစ်ကောင်ချင်းတစ်ကောင်ချင်းဆေးတိုက်ပေးလိုက်တာ နေ့လယ်ပိုင်းမှာ ကြက်တွေသိသိသာသာလန်းပြီး နောက်တစ်နေ့မနက် လိုအပ်ရင် ထပ်တိုက်ဖို့ မတိုက်ရတော့ဘူး။ ကြက်တွေအကုန်လုံးလန်းသွားပြီး အနားကပ်လို့မရတော့ဘူး။ ဆေးတစ်ခါပဲ တိုက်ခဲ့ပါတယ်။

(ရောဂါပြင်းထန်လွန်းလျှင်တော့ လိုအပ်လျှင် (၂) ခါ တိုက်သင့်ပါသည်။)

ဆေးတိုက်ပုံကတော့ -

ကြက်တစ်ကောင် ရှိန်းခို ပဲနှောက်စေ့ခန့် အမှုန့်ကြိတ်ပါ။ ထမင်းဖြူကွမ်းသီးလုံးခန့်နှင့် သမအောင်နယ်ပြီး အလုံးကလေးတွေလုံး၍ ကြက်ပါးစပ်ဖြဲ၍ တစ်လုံးချင်းခွံ့ကျွေးပါ၊ ပြီးလျှင် ရေဝအောင် ဇွန်းနှင့်တိုက်ပါ။ အစာ၊ ဆေး၊ ရေ ဒီသုံးမျိုးဝင်သွားလျှင် ရောဂါပျောက်ပါသည်။

ကြက်တွေရောဂါဝင်လျှင် အစာမစားတော့သည့်အတွက် အစာနှင့်ဆေးတွဲကျွေးခြင်း ရေတိုက်ခြင်းဖြင့် ရောဂါကင်းစင်စေပါသည်။ စာရေးသူအိမ်က ကြက်တွေအကုန်လုံး တစ်ကောင်မှ မသေပါ။ ယခု စာရေးချိန်တွင် ဥတွေ ဥနေပါပြီ။

စိုးမင်း(မြောက်စည်း)



www.burmeseclassic.com

www.burmeseclassic.com



# ပ (တာချီလိတ်)

# အရိုးမအေးတစ္ဆေ (သို့) မျက်နှာမပါတဲ့သားအမိ

အညာမလေ့အရ အဖေရဲ့နှမကို အရီးလို့ခေါ်ကြပါတယ်။ အခုခေတ်တော့ မခေါ်တော့ပါဘူးလေ။ အန်တီခေါ်နေကြပါပြီ။ ကျွန်မအဖေရဲ့အမည်က ဦးခွေး၊ အဖေ့နှမအမည်က မအေး၊ ကျွန်မတို့က အရီးမအေးလို့ ခေါ်ကြပါတယ်။

အရီးမအေးက အပျိုကြီးပါ။

အရီးကို စောင့်ရှောက်ဖို့ အဖေက ကျွန်မနဲ့ ကျွန်မအစ်ကို ကိုမြင့်လွင်ရယ်၊ သူ့ညီကမွေးတဲ့ တူဝမ်းကွဲကိုမောင်ကြည်ရယ် အရီးအိမ်ကိုသွားအိပ်စေပါတယ်။ နောက်ပြီး ဆွေမျိုးနီးစပ်တော်တဲ့ အရီးမအေးစင်ရယ် လာအိပ်ပါတယ်။

အစ်ကို ကိုမြင့်လွင်ကတော့ အဲဒီခေတ်က အိမ်မှာ တီဗွီမရှိ၊ ဖုန်းမရှိဆိုတော့ကာ လူပျိုတွေ ရွာရိုးကိုးပေါက်လျှောက်လည်ကြတာ ညဉ့်နက်သန်းခေါင်ထိပါပဲ။

တအားညဉ့်နက်တဲ့ ညတွေဆိုရင်တော့ အရီးအိမ်မှာသွားမအိပ်တော့ဘဲ အိမ်ပြန်အိပ်တတ်ပါတယ်။ ကျွန်မကတော့ ပင်တိုင်ပေါ့။

အရီးမအေးက အိမ်မှာကုန်ခြောက်ဆိုင်ဖွင့်ပါတယ်။ အဲဒီခေတ်တုန်းက တစ်ရွာလုံးမှာ အရီးဆိုင်တစ်ဆိုင်တည်းဆိုတော့ ရောင်းကောင်းပါတယ်။

ပြီးတော့ နှမြောစေးကပ်ပြီး စည်းကမ်းလည်းရှိ အပျိုကြီးတစ်ယောက်တည်းဆိုတော့ စုမိဆောင်းမိဟန်တူပါရဲ့။ မားပြတောင်အတိုက်ခံရပါတယ်။

တစ်နေ့။

အဲဒီနေ့က ဘာကြောင့်မှန်းကို မသိဘူး။ အရီးအိမ်ကိုသွားအိပ်ဖို့ မအိပ်ချင်ဘူး၊ မသွားချင်ဘူးနဲ့ငိုယိုပြီး ကျွန်မငြင်းဆန်ခဲ့ပါတယ်။ အမေက ယောက်မ ဖြိုဖြင့်မှာစိုးတော့ အတင်းချော့ထည့်ပါတယ်။

ကျွန်မမှတ်မိပါသေးတယ်။ အိမ်ရှေ့မှာ အရီးက ပွစိပွစိနဲ့ အိပ်နေကျကို ဘာဖြစ်တာလဲနဲ့ ခေါ်ပါတယ်။ ကျွန်မ ကလည်း ရှိုက်ကြီးတငင်ကိုငိုပြီးနေပါ တယ်။

ဘယ်လိုမှခေါ်မရလို့ အရီးစိတ် ဆိုးပြီး ပြန်သွားပါတယ်။ နောက်တစ်နေ့ မနက်ရောက်တော့ ဆူညံဆူညံအသံတွေ ကြောင့် ကျွန်မ အိပ်ရာက လန့်နိုးပြီး အိပ်ချင်မူးတူးနဲ့ အိမ်ပေါ်ကဆင်းလာ တယ်။ အိမ်ဝိုင်းထဲမှာ ရဲတွေရော၊ တွေရော၊ ကလေးတွေရော ရှုပ်ယှက် ခတ်နေတာပါပဲ။

လူအုပ်ထဲမှာ အရီးမအေးကို မြင်လိုက်တော့ အရီးရဲ့လက်မှာပတ် တွေဖွေးလို့။

ကျွန်မသူငယ်ချင်းတွေ ကျွန် အနားဝိုင်းလာပြီး -

"နင်တို့အရီး ညကဓားပြတိုက် ရတယ်ဟ"

လို့ ပြောကြပါတယ်။

ညက ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အစ်ကိုလည်း အလည်လွန်ပြီးသွား ဒေါ်ဘူး။ အရီးမအေးရယ်၊ အရီးမအေး စင်နဲ့ ကိုမောင်ကြည်ပဲအိပ်တဲ့အကြောင်း၊ ချက်ဆံပုံးကိုခွအိပ်တဲ့ ကိုမောင်ကြည်ကို ဓားမြွက ခြေထောက်နဲ့ကန်တာတောင် မနိုးတဲ့အကြောင်း၊ အရီးမအေးစင်ရဲ့ ပါးစပ်ထဲကို ဓားပြက အဝတ်ဆို့ထားပြီး ကြိုးနဲ့တုပ်ထားခဲ့တဲ့အကြောင်း၊ အရီး မအေးတအော်လို့ ဓားပြကဓားနဲ့ခုတ်တဲ့ အကြောင်း ကျွန်မသူငယ်ချင်းတွေက မြန်ဖောက်သည်ချကြပါတယ်။

ကျွန်မလည်း ပါးစပ်အဟောင်း သားနဲ့ပေါ့။

ကျွန်မရဲ့အမေက ကျွန်မကို -

"ဒီကောင်မ နတ်,မတာ"

လို့ ပြောပါတယ်။

ဓားပြတိုက်ခံရတာဟာ အရီး မအေးရဲ့ဘဝကို တစ်မျိုးတစ်ဖုံပြောင်းလဲ သွားစေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဓားပြတိုက်ခံရပြီး အရီးမအေးက အခြေအနေမပျက် ဈေးပြန်ရောင်းပါတယ်။ အဖေ့အမိန့်နဲ့ အစ်ကို ကိုမြင့်လွင်နဲ့ အစ်ကိုရဲ့အပေါင်းအသင်းများ အရီးမအေးရဲ့ အိမ်ဦးခေါင်းမှာ ညတိုင်းမပျက် မကွက်အိပ်ဖို့ဖြစ်လာပါတယ်။

အဲဒီမှာ ဇာတ်လမ်းက စ,တော့တာပါပဲ။

အရီးရဲ့အသက်ဟာ လေးဆယ်သီသီတောင်စွန်းပြီထင်ပါရဲ့။ အပျိုကြီးတစ်ယောက်တည်းလည်းဖြစ်၊ ဘယ်သူ့ကိုမှလဲ လုပ်ကျွေးစရာမလို စုမိဆောင်းမိရှိလှပါတယ်။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်လည်းနေတတ်တဲ့အပြင် အရီးမအေးဟာ ဆံပင်အင်မတန်ကောင်းပြီး ယဉ်စစနဲ့ပေါ့။ ကြိုးချင်းထားတော့ ကြိုးချင်းငြိ၊ အိုးချင်းထားတော့ အိုးချင်းထိဆိုသလိုပါပဲ။ အရီးမအေးနဲ့ အစ်ကိုကိုမြင့်လွင်ရဲ့သူငယ်ချင်းတို့ ဘယ်အချိန်ကဘယ်လို မျက်လုံးချင်းစကားပြောကြတယ်မသိ။

အမေက ညည်းအရီးကို စောင့်ကြည့်စမ်းဆိုမှ ကျွန်မသိပါတော့တယ်။ အရီးမအေးနဲ့ အစ်ကို့သူငယ်ချင်းကို အောင်သွယ်ပေးတဲ့လူကြီးကို ကျွန်မက မျက်စောင်းတထိုးထိုးနဲ့ပေါ့။

အစ်ကို့သူငယ်ချင်းလည်း အရီးအိမ်ကိုမလာအိပ်ရဲတော့ပါဘူး။

အဲဒီခေတ်တုန်းက ကျွန်မဆိုဆိုနေတဲ့ သီချင်းရှိတယ်။ ဘ‌ဇတဲ့-အသက်ချင်းကတော့ ဆယ်နှစ်လောက်တော့ကွာပါတယ်နဲ့ အော်အော်နေတာပဲ။ အရီးတို့ကတော့ အသက်ချင်းကတော့ (၂၂) လောက်တော့ကွာပါတယ်ဆိုရမှာပေါ့။ အစ်ကို့သူငယ်ချင်းဆိုတော့ ရှိလှ (၂၀) ဝန်းကျင်ပါပဲ။

အရီးရဲ့ မမနဲ့မောင်လေး အချစ်ဇာတ်လမ်းမှာ ကျွန်မအမေနဲ့ကျွန်မတို့က ဗီလိန်မိန်းမကြမ်းကြီးတွေပေါ့လေ။ အမေကတော့ အဖေ့ကိုကြောက်လို့၊ အရီးလင်နောက်လိုက်ရင် သူ့ကိုအအုပ်ခံရမှာကြောက်လို့ပါ။ ကျွန်မကတော့ အရီးက ကျွန်မကိုမချစ်တော့မှာကြောက်တဲ့စိတ်နဲ့တူပါရဲ့။အောင်သွယ်ပေးတဲ့လူကြီးလို့ အမေပြောပြထားတဲ့ အဲဒီလူကြီးလာရင် နှုတ်ခမ်းတစူစူ၊ မျက်စောင်းတထိုးထိုးနဲ့ပေါ့။ အရီးမအေးကတော့ ကျွန်မအဲသလိုလုပ်ရင် ရယ်နေတာပါပဲ။

တကယ့်အရေးကျတော့ ကျွန်မ ဘာမှမသိလိုက်ရပါဘူး။

အမေက -

"ထ-ထ၊ ညည်းအရီး ယောကျ်ားနောက်လိုက်ပြေးပြီ"

ဆိုပြီး နှိုးယူရတယ်။

အရီးယောကျ်ားနောက်လိုက်တာ အိမ်မှာရှိတဲ့ကြောင်တွေအကုန်လုံး ကြိမ်လက်ဆွဲခြင်းကြီးထဲထည့်ပြီးယူသွားလေရဲ့။

ကျွန်မအဖေက သားတွေ၊သမက်တွေ ဆွေမျိုးထဲကယောကျ်ားလေးတွေ ခေါ်ပြီး ဓားကိုင်လိုက်ပါတယ်။ တစ်ရွာဝင်တစ်ရွာထွက်လိုက်ရှာပါတယ်။ 'သားအရွယ်လေး ယူစရာလားဟ' လို့လည်း အော်သတဲ့။

ဒီလိုကိစ္စမျိုးက ဘယ်လိုရှာရှာ မတွေ့နိုင်ပါဘူး။ ဒါမျိုးဆို ကူညီမယ့်သူကပေါတယ်လေ။

အဖေလည်း တစ်ရက်ကနေ နှစ်ရက်ရှာလို့မတွေ့တော့ လက်လျှော့သွားပါတယ်။ ရက်ကြာလာတော့ အမေ့က အဖေ့ကို တစ်စတစ်စနားသွင်းပြီး အရီးမအေးနဲ့ သူရဲ့မောင်လေး ရွာကိုပြန်လာကြပါတယ်။

အရီးလည်း သူ့အိမ်မှာသူ့ဈေးသူ ပြန်ရောင်းပေါ့။ အရီးယောကျ်ားရတာ ဟန်တော့အဟန်သား။ ဘယ်သူ့မှသွားအိပ်စရာမလိုတော့ဘူးပေါ့၊ ဘယ်သူမှ စောင့်ရှောက်စရာမလိုတော့ဘူးပေါ့။

အရီးယောကျ်ား ငယ်ငယ်လေးက အေးလည်းအေး၊ စကားလည်းနည်းပါတယ်။ အရီးယောကျ်ားရဲ့အမည်ကကိုတင်ဝင်းတဲ့။ ဒါပေမယ့် အရီးက အမည်ရင်းကိုလည်းမခေါ်ဘူး။ ဟုတ်တယ်လေ-ကိုယ့်ထက်ငယ်တာဆိုတော့ တင်ဝင်းလို့လည်း ခေါ်လို့မကောင်း၊



ရှက်တာလည်း ပါမှာပေါ့။ မြို့သူတွေလို မောင်ရေဘာရေဆို ဝေးရောပေါ့။

အရီးက သူ့ယောကျ်ားကို 'ဟဲ့ - အေးခင်' နဲ့ ခေါ်တယ်။ အေးခင်ဆိုတာ ကျွန်မတို့ရွာက ပေါတိပေါချာနဲ့ စိတ်မနှ... တဲ့ မိန်းမကြီးရဲ့အမည်ပါ။ သူ့ယောကျ်ား... ကို တင်စားခေါ်ပုံများ။

သူ့ယောကျ်ား ငယ်ငယ်လေးကို... ခေါ်ရခက်လို့ အေးခင်လို့ခေါ်ဟန်တူ... ရဲ့။ တိုတိုပြောရရင်တော့ အရီးမအေး... ဟာ အသက်လေးဆယ်ကျော်မှရတဲ့... ကလေး မီးမဖွားနိုင်လို့ ဆုံးရှာပါတယ်။ အရီးဆုံးစမှာတော့ အရီးရဲ့ယောကျ်ား... က အဲဒီအိမ်မှာဆက်နေပါသေးတယ်။ နောက်တော့ သူ့အမေအိမ်ပြန်နေပြီး... အိမ်ကိုပိတ်ထားခဲ့ပါတယ်။

အရီးဆုံးတော့ ကျွန်မ ရှစ်တန်း... ကျောင်းသူပဲရှိပါသေးတယ်။ နောက်... ကျောင်းပြီး အိမ်ထောင်ကျတော့ မြို့... ပေါ်မှာပဲနေပါတယ်။ ကျွန်မနေတဲ့ မြို့န... ရွာကရှစ်မိုင်လောက်ပဲဝေးတာပါ။

မြို့ပေါ်အိမ်မှာ ကျွန်မဟာ အရီး... ကို ခဏခဏအိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ အရီးဟာ သူ့အိမ်ထဲမှာ... ထိုင်နေပါတယ်။ ကျွန်မက အရီးအိမ်... ကိုဝင်သွားတော့ အရီးက ပြုံးပြုံးကြည့်... နေပါတယ်။ စကားလုံးဝမပြောပါဘူး... အိမ်ထဲက သောက်ရေအိုးက ခြော... ခန်းနေပြီး တစ်အိမ်လုံးဖုန်အလိမ်းလိမ်း... ပင့်ကူအိမ်တွေနဲ့လို့ အိပ်မက်ထဲမှာ မြင်... မက်ပါတယ်။

နောက်အိပ်မက်တစ်ခုက အရီး... အိမ်ခြေရင်း မန်ကျည်းပင်ကြီးရဲ့အောက်... မှာ အရီးရဲ့အလောင်းကိုတွေ့မြင်ရတာ... ကို မြင်မက်ပါတယ်။

အဲဒီလို အိပ်မက်တွေ ခဏခဏ... မက်တာ အရီးသေဆုံးပြီး ဆယ်နှစ်ကျော်... ပါပဲ။ ကျွန်မက အတွင်းကျိတ်ပူဆွေး... တတ်သူမို့ အရီးကိုမမေ့နိုင်လို့ အဲဒီ... အိပ်မက်မျိုးတွေမြင်မက်တာလို့ ထင်မြ... ခဲ့မိပါတယ်။

အရီးမအေးရဲ့အိမ်ကို ဆယ်နှစ်... လုံးလုံးပိတ်ထားခဲ့တာပါ။ အိမ်ဝိုင်းခြံ... က ကျယ်ဝန်းပြီး တမာပင်၊ မန်ကျည်း... ကြီးများနဲ့ ညဘက်ဆိုရင်တော့ ကြော... စရာကြီးပါ။

ရွာကလူတွေပြောကြတာက... အရီးဟာ ဆံပင်ကြီးဖားလျားချပြီး... ပင်တစ်ပင်မှတစ်ပင်ကိုကူးနေတာ... သတဲ့။ အရီးကို ကလေးပွေ့လျက်... သတဲ့။ ဒီလိုကြားရတာတွေကို အ...



www.burmeseclassic.com

www.burmeseclassic.com

အနက်မထားခဲ့မိတာ အမှန်ပါပဲ။ ကြားနေကျ၊ ပြောနေကျစကားလို့ပဲ မှတ်ယူခဲ့မိတယ်။ ကိုယ့်တွေ့ကြုံမှုယုံတတ်တဲ့ ကျွန်မရဲ့ဗီဇ၊ တစ္ဆေသရဲကို အယုံအကြည်မရှိခဲ့တာဟာ ကိုယ်တွေ့မကြုံရသေးတဲ့အတွက်ရော၊ အသက်အရွယ်အရရော၊ ဘာသာရေးလိုက်စားမှုအားနည်းတဲ့အပြင် ခေတ်ပညာတတ်ဆိုတဲ့ ပညာတတ်မာန်ရော အကြောင်းကြောင်းကြောင့် ယုံကြည်မှုမရှိခဲ့သလို အာရုံမထားခဲ့ပါဘူး။

တိုက်ဆိုင်မှုပဲလား၊ တစ်ခုခုနဲ့ဆိုင်ငင်အားကြောင့်ပဲလား၊ အကြောင်းအမျိုးမျိုးကြောင့် ဆယ်နှစ်လုံးလုံးပိတ်ထားခဲ့တဲ့ အရီးရဲ့အိမ်ကြီးထဲကို ကျွန်မပြောင်းရွှေ့လာခဲ့ရပါတယ်။

ကျွန်မဟာ အရီးရဲ့အိမ်ထဲမှာ နေထိုင်တာ တစ်နှစ်ပြည့်ခါနီးလောက်မှာ အဲဒီအိပ်မက်လိုလို၊ တကယ်လိုလို အဖြစ်ဖြစ်ခဲ့ပါတယ်။

တစ်ရက် ကျွန်မ နေ့ခင်း တစ်ရေးတစ်မောအိပ်ခဲ့ပါတယ်။ အိမ်မှာလည်း ကျွန်မတစ်ယောက်တည်းပဲ ရှိပါတယ်။ ကျွန်မအိပ်နေတဲ့ခုတင်ဘေးကို မျက်နှာမပါတဲ့ မိန်းမတစ်ယောက်က မျက်နှာမပါတဲ့ ကလေးတစ်ယောက်ကို နို့တိုက်ရင်းချီထားပြီး လာရပ်ပါတယ်။ ကျွန်မက အမလေး. . . အရီးလို့အော်ပြီး ရှိုက်ကြီးတငင်ငိုနေတုန်း အရီးပွေ့ထားတဲ့ ကလေးရဲ့လက်က ကျွန်မကိုလာထိပါတယ်။ ကျွန်မက မလိုက်ဘူး၊ မလိုက်ဘူးလို့ တုန်းအော်ပြီးနိုးလာပါတယ်။

ကျွန်မက အိမ်မက်လား၊ တကယ်လား ဇဝေဇဝါနဲ့အိပ်မက်ပဲရှိမှာပါလေလို့ ပေါ့ပေါ့လေးတွေးမိခဲ့ပါတယ်။

အတွေ့အကြုံလည်းမရှိတဲ့အပြင် မျက်တွေ့မှယုံတတ်တဲ့ ဗီဇဉာဏ်ကြောင့်လို့ အရီးဟာ ပြိတ္တာလား၊ တစ္ဆေသရဲလားဖြစ်နေပြီ။ ငါလုပ်သင့်လုပ်ထိုက်တာလုပ်ပေးရမယ်ဆိုတဲ့ အသိမရှိခဲ့ပါဘူး။ အဓိကကတော့ ဘာသာတရားအားနည်းတာရယ်လည်း ပါပါလိမ့်မယ်။

အဲဒီလိုဖြစ်ခဲ့ပြီး အဲဒီအိမ်ထဲမှာ ကျွန်မ တဖြည်းဖြည်းနဲ့ ညဘက်ဆိုအိပ်မပျော်တဲ့ရောဂါစွဲကပ်လာပါတယ်။ အစကနဦးမှာလည်း ရောဂါရှာမရဖြစ်ခဲ့ပါတယ်။ အဲဒီအခြေအနေမှာပဲ ရုတ်တရက်အိမ်ခန်းကိုပြောင်းရွှေ့ခဲ့ရပါတယ်။ ကျွန်မရဲ့ရောဂါလည်း ဘယ်လိုပျောက်သွားမှန်းမသိ ပျောက်သွားခဲ့ပါတယ်။

အခုနေအချိန်မှာ အတွေ့အကြုံတွေလည်းများခဲ့ပြီမို့ ကျွန်မသဘောပေါက်ခဲ့ပါပြီ။ အရီးဟာ တုမတွေထဲမှာ ကျွန်မကို ပညာတတ်တစ်ယောက်မို့ ယုံကြည်အားထားဆုံးပါ။ အဲဒါကို ကျွန်မက အကူအညီမပေးတဲ့အပြင် အသိအမှတ်တောင်မပြုခဲ့ပါဘူး။ အဲဒီအတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါတယ်။

နောက်ပိုင်း ရွာကိုပြန်ရောက်တဲ့အခါ အရီးရဲ့အိမ်ကို ဖျက်ပစ်လိုက်ကြပါပြီ။ ခြံဝိုင်းကြီးကတော့ တမာပင်၊ မန်ကျည်းပင်တွေနဲ့ရှိနေဆဲပါပဲ။

အရီးကောရှိနေသေးလား၊ မရှိတော့ဘူးလား။ အမျှအတန်းရလို့ကျွတ်လွတ်သွားပြီလား မသိနိုင်တော့ပါဘူး။

ကျွန်မရဲ့ အိပ်မက်ထဲကိုလည်း အရီးမလာတော့ပါဘူး။

အရီးမသေခင်က အလှူအတန်းမရှိသလောက်ပါဘဲ။ အင်မတန်ကပ်စေးကုပ်ပြီးနှမြောတွန့်တိုပါတယ်။ သေတော့ သိုးအကောင်တစ်ရာနဲ့ ခြံနှစ်ခြံကျန်ခဲ့ပါတယ်။ တောမြေတွေအများကြီးရှိပါတယ်။ သွပ်မိုးအိမ်ကြီးကို ရွှေ့အဆောင်ထပ်ချဲ့တုန်းတန်းလန်း သေသွားခဲ့တာပါ။ အလှူအတန်းကမရှိ၊ ဘာသာရေးကလည်း မိရိုးဖလာ ဗုဒ္ဓဘာသာ။ ကလေးမီးမဖွားနိုင်လို့ သေရတယ်ဆိုတော့ ဘယ်လိုမှသေခြင်းမကောင်းနိုင်ပါဘူး။

အသန့်အပြန့်ကြိုက်လှတဲ့အရီး၊ စည်းစနစ်ကျလှတဲ့အရီးဟာ စီးပွားဥစ္စာတွေ စုဆောင်းပြီး ဘာအလှူအတန်းမှမရှိလေတော့ သေတော့ဘာမှပါမသွားဘူး ပေါ့။



အရီးဟာ မျက်နှာမပါတဲ့ ပြိတ္တာတစ္ဆေဘဝနဲ့ ဆင်းရဲဒုက္ခကြီးစွာ ဆယ်နှစ်လုံးလုံးခံစားနေရရှာပါပြီ။ အမျှအတန်းလေးလိုချင်လို့ တူမကိုအားကိုးပေမယ့် ခေတ်ပညာတတ်တူမကြီးက ဘာမှန်းတောင်မသိခဲ့ပါဘူး။

ကိုယ့်အတွက် ကိုယ့်ဘာသာလုပ်သွားကြရမှာ အသေချာဆုံးပါပဲ။ တမလွန်ရောက်မှ ဆက်သွယ်ပြောကြားနိုင်ဖို့ မလွယ်ကူလှပါဘူး။

သေချာစဉ်းစားကြည့်ရင်း အရီးသေဆုံးပြီးတစ်နှစ်အတွင်း ကျွန်မကို အိပ်မက်ပေးတာ ဆယ်ခါမပြည့်ပါဘူး။ အရီးအိမ်ထဲမှာ ကျွန်မနေထိုင်တဲ့တစ်နှစ်အတွင်း ကျွန်မခုတင်ဘေးလာရပ်တဲ့ အဲဒီတစ်ခါပဲ ဆက်သွယ်နိုင်ပါတယ်။ သူတို့မှာလည်း ကျွန်မတို့လူတွေနဲ့ ဆက်သွယ်ဖို့ အခြေအနေအချိန်အခါလိုတယ်ထင်ပါရဲ့။ သူတို့ဆက်သွယ်တဲ့အခါ ငါတော့ ဒီလိုဖြစ်နေတယ်။ ငါ့ကို အလှူအတန်း လေးလုပ်ပြီး အမျှပေးဝေပါလို့ မပြောနိုင်ပါဘူး။ ပစ္စည်းလေးလှူပ်ပြတာ၊ အသံလေးပေးတာ၊ အိပ်မက်လေးပေးတာလောက် လုပ်နိုင်ပြနိုင်တာပါ။

အဲဒီတော့ အကူအညီအတောင်းခံရတဲ့သူက အတွေ့အကြုံများပြီး အသိရှိတဲ့လူလည်းဖြစ်မှပါ။ ကျွန်မတုန်းက အရီးကို ဒီလိုအိပ်မက်တယ်လို့ ဘယ်သူ့ကိုမှပြောမပြခဲ့ပါဘူး။

ယခုအချိန်လို အသက်အရွယ်လေးလည်းရ၊ အတွေ့အကြုံတွေလည်းများခဲ့ပြီမို့ ဒီလိုအချိန်မှာ အရီးသာဆက်သွယ်နိုင်ခဲ့ရင် ကျွန်မနားလည်ခဲ့ပါပြီ။ အလှူအတန်းလေးပေးပြီး အမျှအတန်းပေးဝေနိုင်မှာပါ။

ဟိုတုန်းက အရီးကပဲ ကံဆိုးခဲ့လေသလား။

ကျွန်မကပဲ မိုက်မဲညံ့ဖျင်းခဲ့လို့လား။

ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်ရင်း ကျွန်မပေးဝေတဲ့ အမျှအတန်းကို သာခုခေါ်နိုင်ခွင့်ရှိရင် ခေါ်ပါဦးလား အရီးရယ်လို့ပဲပြောချင်ပါတယ်။ ကိုယ့်အလှည့်မှာတော့ ဒါန၊ သီလအပြင် စိတ်ချရတဲ့ ဝိပဿနာဘာဝနာလုပ်ထားကြရမှာဖြစ်ပါတယ်။

မ (တာချီလိတ်)

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် လူလေး၊ လူလေးရဲ့ အစွမ်းအစလေးတွေကို အဘ သိပ်သဘောကျတယ်။ လူလေးရိုကျိုးတတ်တာကိုလည်း အဘသိပ်သဘောကျတယ်။ လူလေးဟာ မင်္ဂလာတရားတော်နဲ့ညီအောင်နေနေတဲ့၊ နေနိုင်အောင် ကြိုးစားနေတဲ့ကလေးဆိုတာ အဘသိတယ်။ အဘသိတာ၊ ကြားတာရှိသလို မသိသေး၊ မကြားသေးတာတွေလည်း ရှိနေမယ်လို့ အဘယူဆထားတယ်။ ဒါကြောင့် ဘရှင်ကြီးကိုခေါ် အကျိုးအကြောင်းပြောပြီး လူလေးနဲ့. . ."

ကျွန်ုပ်ကို အဘ ဖျတ်ခနဲကြည့်လိုက်၏။ ကျွန်ုပ်ကလည်း ကြည့်လိုက်၏။ ပြီးမှ အဘပြုံးလိုက်ပြီး ခေါင်းနှစ်ချက်သုံးချက်ညိတ်ရင်း -

"ဆုံပေးလိုက်တာပါ၊ အဘ ကြိုတင်စီစဉ်ခဲ့တာပါ။ ဒါပေမယ့် ဒီကောင်ကြီးတစ်မျိုးဖြစ်သွားတယ်ကွ။ အဘ မေးစမ်းခိုင်းတာတွေက နည်းတာမဟုတ်ဘူး၊ သူဆက်မမေးတော့ဘူး။ ပြီးတော့ လူမိုက်လိုနေတဲ့ဘရှင်ဟာ မင်းကျမှ စကားတွေဘာတွေပျော့ကုန်တော့တာပဲ။ ငါ့နှယ် ထပြုပြီး အချင်းများကုန်ကြရင်ခက်ပြီလို့ စိတ်ကတော့တထင့်ထင့်။ အဲဒီတထင့်ထင့်နဲ့ပဲ ကြည့်ကောင်းကောင်းနဲ့ကြည့်နေခဲ့ရတာပဲ"

"အဘကလည်း အဘကိုယ်တိုင် မေးတာတို့၊ တခြားလူတွေကိုမေးခိုင်းတာတို့ ရရက်သားနဲ့ ဘာဖြစ်လို့. . ."

"အဘပြောပြီးပြီလေ။ သူက ဘယ်သူ ဘာပညာတတ်လဲ လာခဲ့၊ မေးရဲစမ်းရဲတဲ့သူ။ ကသိကအောက်ဖြစ်အောင်ကို မေးတတ်တဲ့လူ။ ပြီးတော့ သူ့ကို မေးခိုင်းရတာက သူက လူမိုက်ဆန်ဆန်ပြောရဲဆိုရဲတဲ့လူကိုးကွ။ လူလေးကို ဒီလိုမေးမှဖြစ်မှာလေ။ ဒီတော့ ဒီလိုလူမျိုးနဲ့ဆို လူလေးဘယ်လိုနေမလဲဆိုပြီး အဘစီစဉ်ခဲ့တာပါကွ။ အဲ . . . ဒါပေမယ့် ဒီကောင်ဆက်မမေးတော့တာကတော့ အဆန်းသား"

"ဒါ. . . မဆန်းပါဘူးအဘ။ ဒီလက ကဆုန်လလေ။ ဒီတော့ နဂါးခေါင်းက အနောက်ဘက်ကိုလှည့်နေတာပေါ့"

"ဟေ - အေး-လှည့်တော့ . . ."

"လှည့်တော့ ကျွန်တော်က အရှေ့ဘက်ကနေ အနောက်ဘက်ကိုမျက်နှာမူပြီးထိုင်နေလိုက်တာ အဘသတိမထားလိုက်မိတာပါ"

"အေး - အမှတ်မဲ့ပဲ"

"ဒီတော့ ကိုဘရှင်ထိုင်ရင်၊ ကျွန်တော့်ကိုစကားပြောရင် ကျွန်တော့်ဘက်လှည့်ရတော့မှာလေ။ ကျွန်တော့်ဘက်လှည့်ပြီဆိုတာနဲ့ အရှေ့ဘက်လှည့်ပြီးသားပဲ။ နဂါးခံတွင်းကို မျက်နှာမူထားတာနဲ့ အတူတူပဲ။ အဲဒါကို ကျွန်တော်က ထပ်ဆင့်ပြီး နဂါးဆေးပေါ့လိပ် ထဝယ်လိုက်တာ အဘသတိထားမိလား"

"အေးအေး - အဲဒါသတိထားမိတယ်"

"နဂါးဆေးပေါ့လိပ်ဖွာပြီး အငွေ့ကို ကိုဘရှင်ကြီးဘက်ရောက်အောင် တမင်မှုတ်ထုတ်ပေး လိုက်တာပါအဘ။ ကျွန်တော့်စိတ်ထဲမှာ ယုံကြည်ချက်အပြည့်ထားတယ်။ ကိုဘရှင်ဟာ နဂါးခံတွင်းဘက် မျက်နှာမူထိုင်နေတဲ့လူ၊ ကျွန်တော်က နဂါးအမြီးဘက်က နဂါးဆေးလိပ်ငွေ့ကိုလွှတ်ပြီးထိုင်နေတဲ့လူ။ ဒီနဂါးငွေ့ဒဏ်ကို ကျိန်းသေသူခံရမယ်။ သူငြိမ်သွားစေရမယ်။ ပြီးတော့ သူက ကြာသပတေးနာမည်ရှင်ကြွက်ပဲ။ ကြွက်ဟာ နဂါးငွေ့နဂါးဟိတ်ကို ဘယ်ခံနိုင်မလဲ။ နဂါးစာဖြစ်သွားမှာပေါ့။ အဲဒီယုံကြည်ချက်အပြည့်ရယ် 'ဦ-ပုဒ်အာ' ဆိုတဲ့ ဘုရားရှင်ရဲ့ ဉာဏ်တော်တွေကိုရွတ်ပြီး စိတ်ထဲက ပူဇော်နေခဲ့မိတယ်။ အင်္ဂလိပ်စာရဲ့ အောင်-စည်-ဘုန်း-တော် ပညာခန်းလေ အဘ။ 'အဝေးခြေဟောက်' လို့လည်း ပြောရင်ရမလားဘူး"

အဘသည် ကျွန်ုပ်၏ စကား မျက်လုံးအပြူးသားနှင့် ပြုံးယောင်ပြ အံ့သြကြီးစွာနားထောင်ရင်း မှင်တက် သလိုငြိမ်နေ၏။ ပြီးမှ ကျွန်ုပ်၏ ပခုံး သို့ သူ၏လက်တစ်ဖက် ညင်သာစွာ တင်လိုက်ပြီး -

"လူလေး၊ ဉာဏ်အင်မတန် ပါပေတယ်ကွယ်။ အဘသိပ်သဘောကျတာပဲ။ လူလေးအများကြီးတိုးတက် ပါ။ ဒီပညာရပ်တွေနဲ့ မင်းဟာ ကျော်ကျော်ကြားကြားလာမှာပါ"

"အဘချီးမြှင့်တဲ့ဆုနဲ့ပြည့်ရပါ လို့ ကျွန်တော် ဆုတောင်းပါတယ်အဘ"



# ဆရာဦးမောင်မောင်သန်း
(ရှင်ဖိုးအေးမြေဝေသား)
## ပညာရှင်
(အင်္ဂလိပ်စာအဖွဲ့ရှိအခန်းဆက်ဝတ္ထုရှည်)

ကျွန်ုပ်သည် လက်အုပ်ချီ အဘကို ဦး(၃)ကြိမ်ဝတ်ဖြည့်လိုက် အဘသည် သူ၏ထုံးစံအတိုင်း လက်ာဆန်ဆန် ရှည်လျားသောဆု ကို နှုတ်မှပွစိပွစိနှင့်ပေးနေလေတော့ ကျွန်ုပ်လည်း ရိုသေစွာ ခံယူနေ၏။

❑

ရက်မှသည်လ -
လမှသည် . . .
အချိန်တို့ တရွေ့ရွေ့ကုန်လွန်ခဲ့ပြီဖြစ်ရာ -

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ -

အဘသည် ကျွန်ုပ်ကို ခပ်စောစောလာခဲ့ရန်မှာလိုက်၍ ခပ်စောစောသွားလိုက်၏။ ကျိုက္ကဆံစေတီတော် တနင်္ဂနွေထောင့်တွင် ကိုငယ်နှင့်အတူ အဘ ဘုရားဝတ်ပြုနေသောကြောင့် အသာ စောင့်နေလိုက်၏။

နာရီဝက်နီးပါးခန့်ကြာသော် အဘ၏ဘုရားဝတ်ပြုခြင်း ပြီးဆုံးသွား၏။ အဘသည် ဟိုဟိုဒီဒီကြည့်နေစဉ် ကျွန်ုပ်၏ခြေလှမ်းတို့ အဘဆီသို့ အပြေးရောက်သွား၏။

“ လူလေး၊ ပိုက်ဆံ ဘယ်လောက်ပါလဲ”

“သုံးကျပ်ပါပါတယ် အဘ”

“အေး ဒါဆိုလောက်တယ်။ တို့ (၃) ယောက် လက်ဖက်ရည်နဲ့နံပြားသွားစားကြမယ်၊ လာ”

ကျိုက္ကဆံဘုရားကြီး၏ ရှေ့တွင် လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ရှိ၏။ ဆိတ်ကားဂိတ်နှင့် မျက်နှာချင်းဆိုင် မှာဖြစ်၏။ လက်ဖက်ရည်တစ်ခွက်လျှင် ပြား (၃၀) ဖြစ်ပြီး နံပြားတစ်ချပ်လျှင် (၅) ပြားပေးရ၏။ ဆိုင်ရှင်ကိုယ်တိုင် စားပွဲထိုးသောကြောင့် ဆိုင်မှာအလွန်သန့်၏။ ကျွန်ုပ်တို့ (၃) ဦး လက်ဖက်ရည်နှင့်နံပြားစားပြီးကြပြီဖြစ်၍ ရေနွေးကြမ်းသောက်နေကြစဉ် -

“လူလေး”

“ဗျာ”

အဘသည် ကျွန်ုပ်ကိုစိုက်ကြည့်နေရင်း -

“သေသေချာချာနားထောင်နော်။ မင်းကို အဘပြောစရာ ရှိတယ်”

“ ဟုတ်ကဲ့ပါ အဘ”

ကျွန်ုပ်ကို ဘာမှ ဆက်မပြောသေးဘဲ ကိုငယ်ဘက်သို့ အသာ လှည့်ကြည့်လိုက်ရာ ကိုငယ်သည် ကျွန်ုပ်ကိုရော အဘကိုပါ နှုတ်ဆက်၍ အလိုက်သိသိ ထွက်သွားလေ၏။

“အဘဟာ လူများများနဲ့သိပ်မနေချင်ဘူးဆိုတာ ခုလောက်ဆို မင်းသိလောက်ပြီ”

“ဟုတ်ကဲ့-သိပါတယ် အဘ”

“ဒါကြောင့်၊ ဒါကြောင့် အဘဝိပဿနာတရား အားထုတ်ချင်တယ်ကွာ။ သာသနာ့ဘောင်ကို ဝင်တော့မယ်”

“ဟင်-လူဝတ်ကြောင်နဲ့ရော အားထုတ်လို့မရဘူးလား အဘ”

“ဟင့်အင်း-ဘုရားစကားကိုဘုရားသားတော်အဖြစ်နဲ့ပဲ နားထောင်ချင်တယ်၊ ကျင့်ကြံ အားထုတ်ချင်တယ်။ အမှန်က အဘသာသနာ့ဘောင်ဝင်ချင်တာ ဟိုးဘက်နှစ်အခါမကျော်ခင် ကထဲကဆိုပါတော့ကွာ။ အဲဒီမှာ မမျှော်လင့်ဘဲ အဘ ဘဝထဲ





www.burmeseclassic.com

www.burmeseclassic.com

ကို လူလေး ကောက်ကာငင်ကာဝင်လာလေတော့ အင်း. . . သံယောဇဉ်က ဖြစ်ရသေးတယ်ကွ။ အဲဒီ ဟောဒီက လူလေးသံယောဇဉ်ကြောင့် အဘ အခုလောက် ဆိုင်းနေတာ"

"ဟုတ်ကဲ့ပါအဘ။ ကျွန်တော်ကတော့ အဘဘယ်သွားသွား၊ ဘာလုပ်လုပ် လိုက်နေမှာပဲ"

အဘသည် ကျွန်ုပ်ကို သေချာစွာကြည့်၍ ကျွန်ုပ်၏ဆံပင်လေးများကို လှမ်းကိုင်ကာပွတ်သပ်ပေးနေ၏။မျက်နှာသိပ်မကောင်းလှ။ တံတွေးတစ်ချက်မျိုချလိုက်ပြီး ကျွန်ုပ်ကို သေချာကြည့်၍ ခေါင်းကို ဖြည်းလေးစွာယမ်းပြရင်း -

"ဒီတစ်ခါတော့ မဖြစ်တော့ဘူး လူလေး"

"ဟင် - ဘာဖြစ်လို့မဖြစ်ရမှာလဲ အဘကလည်း။ အဘဘယ်သွားသွား၊ ဘယ်အတားအဆီးကြီးတွေဘာတွေရှိရှိ အဲဒါတွေကို ထိုးဖောက်ဖြတ်ကျော်ပြီး ကျွန်တော်လိုက်မှာပဲ။ အဘနားမှာနေရရင်တော်ပြီ၊ လိုက်မှာပဲ"

"အဘက ကသာဘက်က ထီးချိုင့်ကိုသွားတော့မှာ။အဘရဲ့အဘိုးကလည်း ရဟန်းဝတ်ခဲ့တယ်။ အဘရဲ့အဖေကလည်း ရဟန်းဝတ်ခဲ့တယ်။ အဘတို့က ဘုန်းကြီးမျိုးကွ လူလေးရဲ့။ အဘလည်း ရဟန်းဝတ်ပြီး တရားအားထုတ်တော့မှာ။ အဘနောက်ကို မင်းလျှောက်လိုက်လို့ မင်းမိဘတွေကရှိသေးတယ်လေ။ လူလေးမှာ တာဝန်တွေရှိသေးတယ်။ မိဘကို ပြန်စောင့်ရှောက်ပြုစုလုပ်ကျွေးရမှာ။ ပြီးတော့ နေရာတကာ တန်းလန်းတန်းလန်းနဲ့ မင်းလိုက်နေရင် အဘဘယ်စိတ်ဖြောင့်ပါတော့မတုံး"

"ဟာ - ဒါဖြင့် ကျွန်တော်မလိုက်ရတော့ဘူးပေါ့"

အဘ တံတွေးတစ်ချက်မျိုလိုက်ပြီး -

"အေး - လူလေးမလိုက်နဲ့တော့။ ဒါပေမယ့် လူလေးကို အဘချီးမြှင့်ခဲ့မယ်။ အဘရှိနေသလိုပဲအောက်မေ့။ အဘဆီကို ဦးဆုံး လူလေးရောက်လာစဉ်က အဘဟာ ဘယ်တပည့်မှ မမွေးခဲ့ဘူးလို့ ပြောခဲ့ဖူးတယ်နော်"

"ဟုတ်ကဲ့ - မှတ်မိပါတယ် အဘ"

"အေး - တပည့်ဆိုတာ သစ္စာရှိတာ နည်းတယ်ကွ။ ဆရာကို အာခံတာတို့၊ ပခုံးချင်းယှဉ်တာတို့၊ ခြေရာချင်းတိုင်းတာတို့ လုပ်တတ်ကြစမြဲပဲ။ ဒါကြောင့် အဲဒါမျိုးတွေ အများကြီးမြင်ခဲ့၊ တွေ့ခဲ့ရဖူးတော့ အဘလည်း ပညာတတ်လာရော တပည့်မမွေးတော့ဘူး၊ ဒါပေမယ့်. . ."

အဘသည် ကျွန်ုပ်၏မျက်နှာအား စေ့စေ့ကြည့်၍ ပြုံးလိုက်ရင်း -

"လူလေး အင်မတန် မြတ်နိုးတဲ့ ပညာရပ်တွေဖြစ်တဲ့ အင်္ဂဝိဇ္ဇာတို့၊ ဆန်းကျမ်းတို့နဲ့ပတ်သက်ပြီး ဟိုတစ်စဒီတစ်စမှတ်ထားတဲ့ မှတ်စုစာရွက်လေးလေး၊ ငါးရွက်တော့ အဘမှာရှိတယ်။ မင်းမမြင်ဘူးသေးတဲ့ ပညာခန်းတွေ။ ဥပမာကွာ လူ (၃) ယောက်ထိုင်နေတယ်ဆိုပါတော့။ တစ်ယောက်ကို ဂဏန်းတစ်လုံးပြောခိုင်း၊ နောက်တစ်ယောက်ကို ဂဏန်းတစ်လုံးပြောခိုင်း၊ သူတို့နှစ်ယောက်ဂဏန်းပြောပြီးရင် နောက်တစ်ယောက်ပြောမယ့် ဂဏန်းဟာ ဘာဆိုတာ လူလေးအတပ်ပြောနိုင်ပြီ"

"ဟာ - တယ်ဟုတ်ပါလားနော် အဘ၊ မကြားဖူးဘူး"

"အေး - ပြီးတော့ မင်းရှေ့မှာ တစ်ယောက်က တစ်ခုခုစားတာ မင်းမြင်ရင် ဒီနေ့ မင်းဆီဘယ်နာမည်မျိုးလာမယ်ဆိုတာ မင်းသိပြီ"

"ဩော်"

"မသိရင်တော့ မှော်လိုပေါ့ကွာ။ တချို့က ဒီပညာတွေကို အစိမ်းသရဲမွေးထားပြီးခိုင်းတာလို့တောင် အဘတို့ပြောခံခဲ့ရဖူးတယ်"

"ဟုတ်ကဲ့"

"မင်းမြင်ဖူးမှာမဟုတ်ဘူး၊ ကြားဖူးမှာလည်းမဟုတ်ဘူး။ အဲဒီစာရွက်လေးတွေ လူလေးကို အဘပေးမယ်။ မင်းအဲဒီပညာတွေရပြီလို့ သဘောထားလိုက်ပေတော့။ မင်းသဘောကျတဲ့ နာမည်ပညာတွေလည်းပါတယ်။ ဥပမာ ဘယ်နာမည်ဆိုရင် သူ့မိန်းမနာမည်ဘာဆိုတာမျိုးတွေ၊ လေဖြတ်မယ်၊ နှလုံးရောဂါဖြစ်မယ်ဆိုတာမျိုးတွေ၊ တစ်ကိုယ်ကောင်းလား၊ လူတစ်ပုံကြီးကို လုပ်ကျွေးရမလားဆိုတာတွေ"

"မကြားဖူးဘူး အဘ"

"အေး - ဒါ လူလေးကို အရမ်းကို သံယောဇဉ်ဖြစ်ရလွန်းလို့၊ လူလေးကို အဘချစ်လွန်းလို့ ပေးလိုက်တာပဲ။ အဘကတော့ မလိုတော့ဘူး။ သာသနာ့ဘောင်ဝင်တော့မယ်လေ"

ကျွန်ုပ်သည် -

ဆရာအရှင်ခိုင်းသမျှလုပ်ဆောင်ခဲ့ရသောတာဝန်များ ကျေပွန်ပြီဟု ချက်ချင်း စဉ်းစားလိုက်၏။ စိတ်ထဲတွင် ငါကွဟု အားရပါးရ ကြိမ်းဝါးရန် စဉ်းစားရုံရှိသေး၊ အနီးဆုံးနေခဲ့ရသော အဘ၏မျက်နှာလေးကိုကြည့်၍ တစ်ကိုယ်လုံး အရည်ပျော်သွားသလိုဖြစ်သွားရတော့၏။ လူမှာ မလှုပ်ချင်မကိုင်ချင်တော့။ အောင်မြင်မှု ဟူသည် ဘာလဲ။ ဆရာ အမိန့်အတိုင်းပြုလုပ်ခဲ့ရသောအလုပ်၏ အောင်မြင်မှုဟူသည် နှလုံးသားနှင့် လဲလိုက်ရခြင်းလေလား။ ကျွန်ုပ်ဝေဝါး နေပါပြီ။ ကျွန်ုပ်လာရောက်ချဉ်းကပ်ခဲ့ရ သည့်အကြောင်းရင်း၊ အဘနှင့် အနီးဆုံး တွင်နေခဲ့ရသည့်အကြောင်းရင်း အဘကို မသိစေချင်တော့ပါ။ သိအောင်လည်း မကြိုးစားရက်တော့ပါ။ ရင်ထဲမှာနင့်နေ ပြီ ဖြစ်၏။ အဘသိလောက်အောင်ပြော ပြရန် အင်အားမရှိတော့ပါ။ ပြောပြနိုင် သော နှလုံးသားအင်အား ကျွန်ုပ်တွင် မရှိတော့ပါ။ ဘာအကြောင်းအရာ ဘယ်အကြောင်းကိုမှ အဘမသိပါစေနဲ့ တော့ဟု ဆုတောင်းလိုက်၏။ နှုတ်ဆိတ် လိုက်ရန် ဆုံးဖြတ်လိုက်၏။ အလွန် သံယောဇဉ်ကြီးရပြီဖြစ်သော အဘ မျက်နှာကိုကြည့်နေရင်းမှ ခေါင်းငုံ့ထား လိုက်ပြီး ရစ်ဝဲလာသောမျက်ရည် အသာထိန်းချုပ်ရင်း အဘဆက်ပြော မည့်စကားကိုသာ နားစွင့်နေလိုက်တော့ ၏။

"ဒီတော့. . . မနက်ဖြန် မွန်းမ ခင် လူလေး အဘဆီလာခဲ့။ အဘမှာ တစ်နေရာသွားနေရင် လူလေးမတွေ့ အောင်ရှာပြီးလိုက်ခဲ့။ ကြားလား. . . ကြားလားလို့"

"ဟုတ်. . . ဟုတ်ကဲ့ပါ အဘ"

"ကဲ . . . ဒါဖြင့် ဒီနေ့ လူလေး စောစောပြန်တော့။ အဘလယ်တီဆရာ တော်ကြီးကိုသွားကန်တော့လိုက်ဦးမယ်"

❑

ကျွန်ုပ်သည် -

တစ်ညလုံး အိပ်မရ။ မျက်လုံး မှာ အဘမျက်နှာလေးကိုသာမြင်ယောင် ပြီး အဘနှင့်ခွဲ၍နေခဲ့ရတော့မည်ကို တွေးရင်း အတွေးများ၏ နှိပ်စက်ခြင်း ကို ကျေနပ်စွာ ခံယူလိုက်၏။ မိုးလင်း အလွန်ကြာမှုကြာဟုစိတ်ထဲမှတွေး မိုးမြန်မြန်လင်းပါစေသာ ဆုတောင်း လိုက်တော့၏။

"အစ်ကိုငယ်"

"ဟာ - မင်း မိုးတောင်မ တလင်းရှိသေးတယ်"

"ဟုတ်ကဲ့ - ကျွန်တော် အ လာတာ။ အိပ်လို့လည်းမရဘူး"

"ဟေ - အဲလိုဆို တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com

ဘာရှိလဲမသိဘူး။ မင်းလာရင်ပေးလိုက်ဖို့သာ စာရွက်လေးဒီမှာပေးသွားတယ်"

အစ်ကိုငယ်သည် ဘုရားဆောင်ထက်မှ စာရွက်ခေါက်လေးသွားယူ၍ ကျွန်ုပ်ကိုလှမ်းပေး၏။ အားနာပါသည်။ အိမ်ရှေ့တွင်ထောင်ထားသောခြင်ထောင်များနှင့်ပြည့်နေ၍ အားနာမိပါသည်။

"ရော့"

"ဟုတ်ကဲ့"

'လူလေး မွန်းမလွဲခင် အဘကိုရှာပြီး စာရွက်တွေလာယူ။ တွေ့အောင်ရှာဖို့က လူလေးတာဝန်။ ပေးဖို့က အဘတာဝန်'

ဟူသော စာကြောင်းလေးသာ ရေးထား၏။ အစ်ကိုငယ့်ကို စကားတီးခေါက်ကြည့်သောအခါ ဘယ်သွားမည်တို့ ပြောမသွားဟုသာ ဆို၏။

"ကဲ... အစ်ကိုငယ်၊ ကျွန်တော် ... အဘကိုတွေ့အောင်လိုက်ရှာမယ်"

"သူဘယ်သွားမယ်ဆိုတာ မင်းမှ မသိတဲ့ဥစ္စာ"

"ဟုတ်တယ် အစ်ကို၊ ဒါပေမယ့် ... ကျွန်တော်သွားမယ် အစ်ကို"

"ဗြော် - အေးအေး"

အဘသွားတတ်သော ကျိုက္ကဆံဘုရား၊ ကျောက်စာတိုင်ဘုရား၊ ရန်မျိုးအောင်ဘုရားများဆီသို့ ခြေကုန်သုတ်ချင်းလိုက်ရှာ၏။ ရန်မျိုးအောင်ဘုရားရောက်မှ မိုးစင်စင်လင်းစပြုလာ၏။ အဘကိုလုံးဝမတွေ့။ အဘနှင့်သွားသည့်အခါ တွေ့တတ်သော မိတ်ဆွေများကိုမေးကြည့်ပြန်တော့လည်း သတင်းအစအနပင်မရ။ အဘသည် မည်သူ့ကိုမျှ အသိမပေးခဲ့ဟန် အရိပ်အယောင်ပင် မတွေ့ရ။ ခရီးသွားခါနီး ဘုရားဖူးသွားသလားဟူသောအထင်နှင့် ရွှေတိဂုံစေတီတော်ကြီးသို့လည်း သွားရှာ၏။ ရှာအနှံ့ရှာပါသော်လည်း လုံးဝမတွေ့။

စိတ်ညစ်ညစ်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏အရှေ့ဘက်စောင်းတန်းအတိုင်း ဗဟန်းဘက်သို့ဆင်းလာခဲ့လိုက်၏။

စောင်းတန်းလှေကားအတိုင်းဆင်းလာရင်း ကျွန်ုပ်၏ဘေးမှကပ်၍ ဘုရားကုန်းတော်ပေါ် တက်သွားသော အမျိုးသမီးကြီးနှစ်ဦး၏ စကားပြောသံသည် ကျွန်ုပ်၏ သောတအာရုံအတွင်းသို့ စွတ်မထင်မှတ်ဝင်လာ၏။

"အစ်မကြီးဝယ်လိုက်တဲ့ ကားနံပါတ်က အားလုံးပေါင်းရင် (၆) ရတယ်။ ဆိုင်နံပါတ်ကလည်း (၁၅) ဆိုတော့ ပေါင်းလိုက်ရင် (၆) ပဲ။ (၆) တွေထပ်နေတာကောင်းလိုက်တာ။ အစ်မကြီးအမျိုးသားနာမည်ကလည်း ကိုသီ ဆိုတော့ သောကြာသား (၆) ရတယ်။ (၆) တွေထပ်နေတာကောင်းလိုက်တာ။ ဘယ်လောက်များ စီးပွားတွေတက်လိုက်မလဲ လို့။ အဲဒါ အစ်မကြီးတို့ ခု ဒီကားဝယ်ပြီးတဲ့နောက်ပိုင်း စီးပွားတက်မယ်ကြည့်နေ"

ကျွန်ုပ် ရုတ်တရက်တွေးလိုက်၏။ (၆) တွေ ထပ်နေသည်။ ဟုတ်ပြီ - (၆)တွေထပ်ရင် (၆) ထပ်၊ ဟုတ်ပြီဟု စဉ်းစားရင်း (၆) ထပ်ကြီးဘုရားသို့ ပြေးလေတော့၏။ ဘုရားပေါ်သို့ လှေကားထစ်များအတိုင်း ခြေလှမ်းကြဲများဖြင့် မနားတမ်းဝမ်းသာအားရပြေးတက်သွားပြီးရှာ၏။ ချောင်ကြိုချောင်ကြားမကျန် ရှာ၏။ သို့သော် အဘနှင့်တူသောသူတောင် မတွေ့ရ၍ ကျွန်ုပ်၏ရင်ထဲတွင် ဟာတာတာကြီးဖြစ်သွား၏။ခြောက်ထပ်ကြီးနှင့်နီးသော ငါးထပ်ကြီးဘုရားသို့ အပြေးအလွှားရောက်လာပြီး အဘကိုရှာပြန်၏။ မတွေ့။

အောင်သိဒ္ဓိဘုရားဆီသို့အရောက်ပြေးပြန်၏။ ရှာပြန်၏ မတွေ့။

သို့သော် -

အောင်သိဒ္ဓိဘုရားကုန်းတော်ပေါ်တွင် ကျွန်ုပ်၏နှလုံးသားထဲသို့ အာရုံထင်ထင်ဝင်ရောက်လာသောနိမိတ်တစ်ခုကို တွေ့လိုက်ရ၍ အသာရပ်ပြီးကြည့်နေလိုက်မိ၏။

အသက် (၆၀) ခန့်အရွယ်ရှိ ဘကြီးတစ်ယောက်သည် အောင်သိဒ္ဓိဘုရားကုန်းရှိ ရုပ်ပွားတော်တစ်ဆူ၏ ရှေ့တည့်တည့်တွင် မှိုင်းခံ(မိုင်းကိုင်)စက္ကူနှင့်ချထားသော တစ်ပေပတ်လည်ခန့် အင်းချပ်ကြီးကိုချပြီး ထိုအပေါ်တွင် ပစ္စည်းတစ်ခုတင်ထား၏။ ထိုပစ္စည်းမှာ တာအိုးလေးနှင့် ခပ်ဆင်ဆင်တူ၏။ အိုးလေးထဲတွင် ရေမန်းဟုထင်ရသော ရေများရှိ၏။ ရေများကို လှမ်းမြင်လိုက်ရခြင်းမှာ ထိုအိုးလေးအဖုံးကို တစ်ဝက်နီးပါးဖွင့်၍ ဘကြီးဘုရားဝတ်ပြုနေသောကြောင့် ဖြစ်ပါသည်။

ထူးသည်မှာ အိုးလေးရော အဖုံးကိုပါ ရွှေချထား၏။

ကျွန်ုပ် တော်တော်များများတွေ့ဖူးပါသည်။ အိုးကိုသာရွှေရောင်သုတ်ပြီး ရွှေအိုးအဖြစ် သုံးကြသည်သာများ၏။ ယခုဘကြီးရှေ့မှအိုးမှာ အဖုံးကိုပါရွှေချထား၏။

ထိုစဉ် အမှတ်မထင်မြင်လိုက်ရသော မြင်ကွင်းကြောင့် ရုတ်တရက် မလှုပ်မယှက်ရပ်နေလိုက်မိ၏။

စိတ်မနှံ့သူအမျိုးသားတစ်ဦးသည် ဘကြီးထိုင်နေရာနှင့် ခပ်လှမ်းလှမ်းတွင် ဖျတ်ခနဲဝင်ထိုင်လိုက်ရင်း ဘကြီးဘက်လှည့်ကြည့်ကာ မဲ့လိုက်၊ ခေါင်းခါလိုက်၊ ရွှေအိုးကိုလှမ်းကြည့်လိုက်၊ ပြုံးလိုက်၊ ခေါင်းညိတ်လိုက်နှင့် သူ့တစ်ယောက်တည်း အမူအရာအလုပ်ရှုပ်နေ၏။

ဟုတ်ပြီ - ဒါ ဝိကတိနိမိတ်ပဲ။ အရူးနိမိတ်ဟာ ငါ့အတွက် စဉ်းစားစရာဖြစ်လာပြီ။ 'ထူးမဖြတ်မယ် ရှူးမှတတ်မယ်' ဆိုတာရှိတယ်။ ငါက ပညာကို ရှူးလောက်အောင်စွဲလမ်းတဲ့သူ။ ခုကိစ္စက ပညာနဲ့ဆက်နွှယ်နေတဲ့အပိုင်းလေးတွေပါနေတယ်။ ငါ့ကိုလည်း အဘက စာရွက်နဲ့ရေးမှတ်ထားတဲ့ပညာခန်းတွေပေးမယ် ပြောတယ်။ ဟုတ်ပြီ၊ အရူးတွေ့ပြီ။ ငါ့အတွက် နိမိတ်ကောင်းပြီ။ ဒီအရူးက ရွှေအိုးကို အာရုံစိုက်နေပြီ။ ငါဆက်ပြီး စဉ်းစားတော့မယ်ဟု တွေးလိုက်ရင်း -

အင်းမှာ မြင်းသွားချထားသော သရဏဂုံစမအင်းဖြစ်ပြီး (၉) ကွက်ပြည့်အောင်ဆက်ထားသောကြောင့် အတော်ကြီးသောအင်းချပ်ကြီးဖြစ်နေ၏။ ထိုအင်းကို ဒိဝါတပတိဂါထာတော်ကြီးနှင့်ပတ်ရံထား၏။ ပထမတွင် ဟိုစပ်စပ်ဒီစပ်စပ်နိုင်လှသော ကျွန်ုပ်သည် အင်းကိုစိတ်ဝင်စား၍ကြည့်နေခြင်း၊ နိမိတ်ယူနေခြင်းဖြစ်ပြီး တဖြည်းဖြည်းနှင့်အိုးလေးဆီသို့ အာရုံရောက်သွား၏။ မမြင်ဘူးသောမြင်ကွင်းဖြစ်၍ ဆန်းတော့ဆန်းနေပြီဟု တွေးရင်းတွေးရင်း ဖျတ်ခနဲ အသိတစ်ခုဝင်လာ၏။

ဒါ - ဝိကတိဧကန်ဖြစ်ပြီ။

ရွှေအိုးလေးပေါ်မှာ ရွှေအဖုံးဖွင့်ထားသည်။ ရွှေအဖုံးဖွင့်ထားပြီး ဘကြီးဘုရားရှိခိုးနေသည်။ အဖုံးသည် လုံးဝဖွင့်လိုက်ပြီး ဘေးမှာအဖုံးကိုချထားလျှင်တစ်မျိုး၊ အဖုံးမဖွင့်ဘဲ လုံးဝပိတ်ထားလျှင်တစ်မျိုး။ ယခုတစ်ဝက်ဖွင့်ထားသည်မှာထူးနေသည်။

ထို့ကြောင့် -

'ရွှေအဖုံးဖွင့် ရွှေဘုန်းပွင့် ဟုတ်ပြီ၊ အနီးစပ်ဆုံး နိမိတ်ကောင်းမှာ ရွှေဘုန်းပွင့်'

ဟု တွေးရင်းက ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဆီသို့ နီးရာဘတ်စ်ကားနှင့်ပြေးလေတော့၏။

ဘုရားကြီးမုခ်ဝသို့ ကျွန်ုပ်ရောက်သည်နှင့် တနင်္ဂနွေထောင့်တွင် အဘကို ဘွားခနဲ တွေ့လိုက်ရချေပြီ။ ကျွန်ုပ်သည် အံ့ဩလွန်း၊ ဝမ်းသာလွန်း၍ ဖိနပ်[illegible] နေရာမှပင်ကြောင်ပြီးအဘကို[illegible]ကြည့်



www.burmeseclassic.com

www.burmeseclassic.com

နေမိ၏။

ရင်ခုန်ခြင်း ဟူသည် ဤသည်ကို ခေါ်လေသလားမသိ။

အဘကို လှမ်းမြင်လိုက်သည်နှင့် ဝမ်းသာလုံးဆို့ပြီး ဘာဖြစ်လာမှန်းမသိ ရင်တွေတဒုတ်ဒုတ်ဖြစ်လာ၏။ ကြီးမားသောအလုပ်ကြီးတစ်ခု အောင်မြင်သွားပါရောလား ဟူသည့် ခံစားမှုမျိုးလည်း မဟုတ်။ ဝမ်းတော့သာပါသည်။

အဘကို ရအောင်ရှာနိုင်ခဲ့၍ ဝမ်းသာရပါသည်။ သို့သော် ဘာရယ်ကြောင့်မှန်းမသိ အဘကိုမြင်မှ ဝမ်းနည်းလာပြန်တော့၏။ ဆိုးဆိုးဆတ်ဆတ်နှင့်။

အဘသည်လည်း အံ့သြဝမ်းသာမှုတစ်ခုကို တွေ့လိုက်ရဘိသည့်အလား ကျွန်ုပ်ကို ပါးစပ်အဟောင်းသားနှင့် လှမ်းကြည့်နေ၏။ အဘထိုင်နေပုံမှာ လမ်းဘက်သို့လှည့်၍ထိုင်နေခြင်း ဖြစ်၏။ သူ့ပုံစံမှာ တစ်စုံတစ်ဦးကိုမျှော်နေဟန်လည်းရှိ၏။

ဦးဆုံး ဘုရားကြီးကို ဝတ်ပြုကန်တော့လိုက်ပြီး အဘဘက်သို့ ရိုသေစွာ ဦးခိုက်လိုက်၏။ ပြီးမှ အဘအနားသို့ လေးဖက်ထောက်ရက်အတိုင်း လေးငါးလှမ်းသွားလိုက်ရင်း အဘအနီးသို့ ကပ်ထိုင်လိုက်၏။ အဘက ကျွန်ုပ်၏ မျက်နှာကိုသာ မျက်တောင်မခတ် တွင်တွင်လိုက်ကြည့်နေ၏။ အဘ၏ ဒူးခေါင်းလေးအား ဦးခေါင်းနှင့်ထိ၍ ထပ်မံဝတ်ဖြည့်လိုက်ပြီး စေတီတော်ကြီးဘေးရှိ တန်ဆောင်းကြီးထဲမှ နာရီကိုလှည့်ကြည့်လိုက်ရာ (၁၁) နာရီခွဲလုနီးပြီမှန်း သိလိုက်ရ၍ ဝမ်းသာသွားရပြန်၏။ ကျွန်ုပ် နာရီလှမ်းကြည့်လိုက်သည်ကို အဘလိုက်ကြည့်ရင်း -

"လူလေး ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာလဲဆိုတာကိုတော့ အဘ မမေးလိုတော့ပါဘူး။ လူလေးဟာ ထက်မြက်ပါပေတယ်။ 'အာဂပဲ' လို့ အစာ ချီးကျူးပါရစေတော့။ နာရီလည်း ကြည့်မနေပါနဲ့။ လူလေးလာတာ မှန်းလွဲသွားရင်လည်း အဘက ကျေနပ်ပြီးသားပါ။ ဒီတော့ . . ဘုရားဝတ်ပြု။ သွားကြမယ်"

ကျွန်ုပ်သည် ဘုရားဝတ်ပြုရင်း အကျီအိတ်ကပ်ထဲမှ စာရွက်လေးကို အဘကိုပြန်ပေးရန် စဉ်းစားလိုက်၏။ 'လူလေး၊ မှန်းမလွဲခင် အဘကိုရှာပြီး စာရွက်တွေလာယူ' ဟူသော စာလေး ဖြစ်၏။

အဘများ ကျွန်ုပ်ကိုခွဲခွာသွားခဲ့သည်ရှိသော် အဘလက်ရေးနှင့်စာလေးသည် ကျွန်ုပ်အတွက် အမှတ်တရ မှတ်တမ်းလေးဖြစ်လာတော့မည်ကိုတွေးရင်း အဘကို ပြန်မပေးရက်တော့ပါ။ ကျွန်ုပ်အလွန်ချစ်သောအဘ၏လက်ရေးလေးကို ကျွန်ုပ်တန်ဖိုးမဖြတ်နိုင်တော့ပါ။

"အဘကော. . ."

"အဘက ဘုရားဝတ်ပြုပြီးလို့ အမိဌာန်ပုတီးတွေလည်းစိပ်ပြီးပြီ။ အာနာပါနလည်းမှတ်ပြီးပြီ။ ဆရာတော်ကြီး ဦးတိလောကကိုလည်း ဝင်ကန်တော့ပြီးပြီ။ ပြီးလို့အခုထိုင်နေတာ"

"ဒါဖြင့် အခုဘယ်သွားကြမလဲ အဘ"

"ဒီနားက ပုဇွန်တောင်ဈေးထဲမှာ အဝစား ခြောက်ကျပ် ဆိုတဲ့ ထမင်းဆိုင်လေးရှိတယ်ကွ။ ဆိုင်ရှင်ကလည်း သဘောကောင်းတယ်၊ လူငယ်ပဲ။ အဲဒီဆိုင်လေးမှာ လူလေးကို အဘဒီနေ့ဝယ်ကျွေးမယ်။ လူလေးကို ဂုဏ်ပြုရမယ်၊ ပြီးမှ ပြန်ကြတာပေါ့"

အိတ်ထဲမှ စာရွက်လေးကို ချိတုံချတုံစဉ်းစားနေမိပြန်၏။ ဖျတ်ခနဲ သတိရသွားပြန်သော်လည်း အဘက စာရွက်အကြောင်းလုံးဝမဟ။ ထို့ကြောင့် ကျွန်ုပ်လည်း စာရွက်အကြောင်းထည့်မပြောတော့။ အဘခိုင်းသည့်အတိုင်း ဘုရားဝတ်ပြုပြီး အဘနှင့်အတူ ပုဇွန်တောင်ဈေးဘက်သို့ထွက်လာခဲ့မိတော့၏။

❑

"လူလေး"

"ဗျာ"

"လာ - ဒီနားမှာထိုင်ကြရအောင်"

"ဟုတ်ကဲ့"

နေရာကား အဘနှင့်ကျွန်ုပ် အမြဲလိုလို ဘုရားဖူးသွားခြင်း၊ အဘ၏ဆုံးမစကားများကို နာခံခြင်း၊ အဘနှင့်အတူ အမိဌာန်ပုတီးများစိပ်ခြင်း စသည်တို့နှင့် မွေ့လျော်ရာ ကျောက်စာတိုင်ဘုရားတွင် ဖြစ်၏။ အဘနှင့်အမြဲလာရောက်ဘုရားဖူးနေကျဘုရားဖြစ်သော်လည်း ယခုတစ်ခေါက်လာရသည်မှာ ကျွန်ုပ်စိတ်ထဲတွင် နင့်တင့်တင့်လေးတေးတေးကြီးလို ခံစားနေရ၏။ ဘာကြောင့်မှန်းတော့ မသိပါ။

အဘသည် ကျွန်ုပ်ကို ဘာတစ်ခွန်းမှမပြောသေးဘဲ နှုတ်ဆိတ်၍ ပတ်ဝန်းကျင်ကိုကြည့်နေပြန်၏။ ပတ်ဝန်းကျင်သည် အလွန်တိတ်ဆိတ်ငြိမ်သက်၍နေ၏။ အဘနှုတ်ဆိတ်နေသောကြောင့် ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို ထွေရာလေးပါး အကဲခတ်မိပြန်၏။

ကျွန်ုပ်နှင့် အဘတို့ထိုင်နေသည် နေရာမှာ ရုပ်ပွားတော်ကြီးများ စံ[illegible] တော်မူရာ နှစ်ခံဆောင်ပြိုင်ပုံသဏ္ဌာ[illegible] တန်ဆောင်းကြီးအောက်တွင် ဖြစ်၏။

လက်ဝဲဘက်တွင် စေတီ[illegible] နှစ်ဆူရှိပြီး လက်ယာဘက်တွင် တစ်[illegible] သာရှိ၏။ ဤပုံစံဖြစ်နေခြင်းက[illegible] ကျောက်စာတိုင်ဘုရား၏ 'ထူးခြားချ[illegible] ဖြစ်နေ၏။ စေတီသုံးဆူလုံး မှန်ကူတွ[illegible] မှန်စီသက်န်းများသာ ကပ်လျှပူဇော်[illegible] သဖြင့် ထူးခြားစွာ သပ္ပာယ်နေသော[illegible] စေတီတော်များ ဖြစ်၏။ ထိပ်ဆုံးနှ[illegible] သည် မုခ်လေးမုခ် လှေကားများ ထူးခြ[illegible] စွာရှိပြီး စေတီလုံးပတ်တော်ကြီးပတ်[illegible] များတွင် အညာဒေသမှစေတီများကဲ့[illegible] ယက္ခဦးခေါင်းပုံများဖြင့် ရံပတ်ထား[illegible] အလယ်အဆူမှာ ဘာမှမရှိသည်တ[illegible] ထူးနေပြန်၏။

ကျွန်ုပ်သည် အနောက်ဘ[illegible] ယွန်းယွန်းဘက်ဆီမှ ယက္ခမယ်တော်[illegible] ပုံအား ငေးကြည့်နေမိ၏။ စိတ်[illegible] မှလည်း ဒီကျောက်စာတိုင်ဘုရား[illegible] ရုပ်ပွားတော်ကြီးတွေရော ထူးထူးခြ[illegible] ပုံတော်တွေနဲ့ရော ပြည့်နှက်နေတာ[illegible] ဒါအတော့်ကိုထူးခြားမယ့်အောင်[illegible] ဖို့များတယ်ဟု တွေးနေမိ၏။ ထို[illegible] အဘသည် အလယ်စေတီအ[illegible] အနောက်ဘက်သို့ မျက်နှာတော်[illegible] နေတော်မူသော မတ်ရပ်ရုပ်ပွား[illegible] ကြီးရှေ့သို့ထသွားပြီး ရုပ်ပွားတော်[illegible] ကွက်လပ်လေးတွင်ထိုင်လိုက်၏။ ကျွ[illegible] လည်း အဘ၏နောက်သို့လိုက်သွာ[illegible] အဘနှင့် မလှမ်းမကမ်းတွင် ထိုင်[illegible] လိုက်၏။

"လူလေး"

"ဗျာ - အဘ"

"အဘစကားကို အဘတ[illegible] တယ်။ လူလေးကိုပေးမယ်ဆိုတဲ့ [illegible] စာရွက်တွေ။ ရော - လူလေးယူ[illegible] တော့"

အဘ၏ လုပ်ရပ်သည် မြန်[illegible] လွန်းလှသည်ဟု ကျွန်ုပ်ထင်လိုက်[illegible] ဘာမပြောညာမပြော ရုတ်တရက်[illegible] ပြီး စကားနှင့်အပြိုင် တိုက်ပုံအကျီ[illegible] ကပ်ထဲမှ စာရွက်ခေါက်လေးကို [illegible] အားလှမ်းပေးနေ၏။ ကျွန်ုပ်သည်[illegible] ကပျာကယာ ရိုသေစွာ လှမ်းယူလို[illegible] ၏။

မယူချင်ပါ။

ဤစာရွက်များကို အကြော[illegible] ၍ အဘထံသို့ ကျွန်ုပ်ရောက်[illegible] စာရွက်များကို အကြောင်းပြု၍ အ[illegible]

www.burmeseclassic.com

ရင်ခွင်သို့ တဖြည်းဖြည်းတိုးဝင်ခဲ့ရ၏။

ဤစာရွက်များကိုအကြောင်းပြု၍ အဘ၏မေတ္တာကို ကျွန်ုပ်ရခဲ့၏။

ယခု -

ဤစာရွက်များကို အကြောင်းပြု၍ပင် အဘနှင့် ကျွန်ုပ်ခွဲရချေတော့မည်။

"လူလေး၊ ဘာငိုင်နေတာလဲ"

"ဟင့်အင်း - ဘာမှ . . . မငိုင်ပါဘူး အဘ"

"အေးအေး - အဲဒီမှာ စာရွက်ကလေး၊ ငါးရွက်ပဲရှိတယ်။ ဒါပေမယ့် ဒီထဲက ပညာခန်းတွေကို လေး၊ ငါးနှစ် မင်းလိုက်လို့ကုန်မှာမဟုတ်ဘူး။ နားလည်ဖို့လည်း အတော်ကြိုးစားရလိမ့်မယ်။ ဒါ အဘဝီရိယနဲ့အဘကူးထားတာ။ အဘနဲ့ သင်ဖော်သင်ဖက်မှာဆိုရင် ဘာမှတောင် မရှိဘူး။ လူဆိုတာ ဝီရိယအကျိုးခံစားရတယ်ဆိုတာ အဲဒါပဲ။ လူလေးလည်း ဝီရိယကိုဘယ်တော့မှမလျှော့နဲ့"

ဘာပြောရမှန်းမသိအောင်ပင် မှင်တက်မိသွားပြီ ဖြစ်၏။ စာရွက်လေးများကိုသာ ဟိုကြည့်ဒီကြည့်ဖြန့်ကြည့်နေမိပါသည်။ အချို့မှာ ကျွန်ုပ်သင်ခဲ့ဖူးသောပညာခန်းများဖြစ်ပြီး အချို့ပညာခန်းများမှာ ကျွန်ုပ်မမြင်ဘူးချေ။

"ပြီးတော့ အဘမှာမယ်။ ဒီပညာတွေနဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတဲ့ အနန္တငါးပါးကို ဘယ်တော့မှ မပြစ်မှားနဲ့။ ခင်ပွန်းကြီး (၁၀) ပါးကိုလည်း မပြစ်မှားနဲ့။ ပြီးတော့ ဟောဟိုအရှေ့ဘက်က ဆုတောင်းပြည့်ကျိုက္ကဆံစေတီတော်မြတ်ကြီးနဲ့ ဒီကျောက်စာတိုင်ဘုရားကိုလည်း လူလေး မမေ့နဲ့။ ဒီကျောက်စာတိုင်ဘုရားဟာ အဓိဋ္ဌာန်ဝင်လို့အင်မတန်ဆိတ်ငြိမ်တယ်။ အင်မတန်လည်း ထိရောက်ပေါက်မြောက်ကြတယ်။ ထူးလည်းထူးဆန်းတယ်။ ကျောက်စာတိုင်ဘုရားလို့သာခေါ်ကြတာ၊ အမှန်ကရှင်မဟာယသကျောက်စာတော်ဘုရားတွယ်။ ရှေးဟောင်း (၉၉) ဆူ မွေ့စေတီတွေပဲ။ လူလေး ရေတွက်ကြည့် (၉၉) ဆူရှိတယ်။ ဒါ အလကားတည်ထားခဲ့တာ မဟုတ်ဘူး။ လူသိလည်း အင်မတန်နည်းတယ်။လူအရောက်အပေါက်လည်း အင်မတန်နည်းတယ်။ လူလေးအသိပဲ"

အဘ စိတ်လှုပ်ရှားနေပုံရ၏။ ကျောက်စာတိုင်ဘုရားအကြောင်းကိုသာ တွင်တွင်ပြောနေ၏။ သူနှင့်ကျွန်ုပ်မဆုံတော့သည့်အခါ သူ့ကိုသတိတရရှိလျှင် ဤကျောက်စာတိုင်ဘုရားသို့လာရန်များ ညွှန်ပြနေသလားမသိ။အဘနှင့်ကျွန်ုပ် အကြိမ်ကြိမ် လာရောက် ပူဇော်စိပ်ကြသောဘုရားဖြစ်သော်လည်း အဘ ယခုမှပြောနေပုံမှာ အဘမရှိလည်း လူလေး အဘကို သတိရတိုင်း ဒီဘုရားကိုလာပါ ဟု အဓိပ္ပာယ်ထွက်နေ၏။

"အဘပြောတာကြားလား"

"ဗျာ - ဟုတ်ကဲ့"

"အေး - ဒါကြောင့် အဘဟာ ဒီတစ်ဝိုက်ကနေဘယ်ကိုမှမသွားခဲ့တာဘဲ။ ခုတော့ လူလေးဟာ အဘရဲ့ပညာအမွေဖြစ်တဲ့ ဒီစာရွက်လေးတွေကို ဆက်ပြီးထိန်းသိမ်းပေတော့။ ပြီးတော့ အဘမှာမယ်။ လူလေးဟာ ရိုသေထိုက်သူကို ရိုသေတတ်သလို လေးစားထိုက်သူကိုလည်းလေးစားတတ်ပါတယ်။ မိကောင်းဖခင်သားသမီးတစ်ယောက်ပါ။ ကိုယ့်ကိုယ်ကိုယ်လည်း နှိမ့်ချတတ်ပါတယ်။ မင်္ဂလာတရားတော်နဲ့ညီအောင်နေနိုင်တဲ့ကလေးလို့ အဘက ကောက်ချက်ချပါတယ်။ အင်မတန်မှ ဉာဏ်လျင်သလို အင်မတန်မှလည်း လိမ္မာရေးခြားရှိပါပေတယ်။ ပြီးတော့ အဘအပေါ်မှာ အင်မတန်မှ အလိုက်သိခဲ့ပါတယ်။ အဘစိတ်ချမ်းသာခဲ့ရပါတယ်။ လူလေးကြောင့် စိတ်အနှောင့်အယှက်ဘာမှ မဖြစ်ခဲ့ရပါဘူး။ ဒါပေမယ့် စိတ်မတိုနဲ့ လူလေး။ လူလေးမှာပြောစရာရှိတာ စိတ်တိုတတ်တာ၊ ဒေါသကြီးတတ်တာ အဲဒါကြီးကဆိုးနေတယ်"

"ဟုတ်ကဲ့ - မှတ်သားထားပြီး လိုက်နာပါ့မယ် အဘ"

"လူလေး ငယ်သေးတယ်။ ရှေ့လျှောက် ပညာတွေအများကြီးရှာရဦးမယ်။ ကြိုးစားနော်။ ကိုယ်လျှောက်ရမယ့်လမ်းကို ခရီးဆုံးအောင်ဖြောင့်ဖြောင့်တန်းတန်းလျှောက်။ ဘေးဘယ်ညာ မကြည့်နဲ့။ ဘေးဘယ်ညာကြည့်ရင် လူလေး ခရီးတုံ့တတ်တယ်။ တန်းတန်းမတ်မတ်သာလျှောက်။ တစ်နေ့ ခရီးရောက်ရမယ်ဆိုတာဝေးထား။ လူလေးရဲ့စိတ်ကို အဘသိတယ်။ လူလေးဟာ ကိုယ့်ကိုယ်ကိုယ် အင်မတန်ယုံကြည်တဲ့ကလေးပဲ။ ဒီယုံကြည်ချက်တွေကြောင့် လူလေး တစ်နေ့အောင်မြင်လာမှာလို့ အဘပြောတယ်"

"ဟုတ်ကဲ့ပါ အဘ"

"အေး - လူဆိုတာ စာနာစိတ်ရှိရတယ်။ ကိုယ်ချင်းစာထရားရှိရတယ်။ အဲဒါကိုတော့ လူလေးကြပ်ကြပ်သတိထားပါ။ မမေ့မလျော့ပါနဲ့။ ထစ်ခနဲဆို ရှူးခနဲ ဒိုင်းခနဲ ထိုးမယ်ဟဲ့ကြိတ်မယ်ဟဲ့ မလုပ်ပါနဲ့။ အဘမှာမယ်"

"ဟုတ်ကဲ့ပါ အဘ"

"သူများကိုထိုးရင် ကိုယ့်ကိုထိုးတဲ့သူပေါ်မှာပဲ။ သူများကို စိတ်ဆင်းရဲအောင်လုပ်ရင် ကိုယ့်ကို စိတ်ဆင်းရဲအောင်လုပ်တဲ့သူ ပေါ်လာမှာပဲ။ ကိုယ်ပြုတဲ့ကံအတိုင်းကိုယ်ပြန်ခံရမှာပဲ။ အဲဒါကိုတော့ လူလေးနှလုံးသားထဲမှာစွဲနေပါ။ အဘမှာတယ်"

"စိတ်ချပါ အဘ၊ နာခံပါ့မယ်"

"ကိုင်း . . . ဒါဖြင့် လူလေးနဲ့ အဘနဲ့စပြီးတွေ့တဲ့အချိန်ကစပြီး အဘကို လူလေးပြောမှားဆိုမှားရှိခဲ့ရင် အဘခွင့်လွှတ်တယ်။ အဘမနက်ခင်းကျရင် ခရီးစထွက်တော့မယ်။ ဟိုကျမှ ရဟန်းဘောင်တက်မယ်။ ဒါကြောင့် ဒီအချိန်ကစပြီး လူလေးနဲ့ အဘနဲ့ လမ်းခွဲကြစို့ရဲ့"

ကျွန်ုပ်သည် -

အရုပ်ကြိုးပြတ်ပုံကျသွားသည်သို့ နွယ် အားမရှိတော့သော ခန္ဓာကိုယ်နှင့် အဘ၏ ခြေနှစ်ဖက်ခြေဖမိုးများကို ဦးခေါင်းနှင့်ပွတ်သပ်ပြီး အကြိမ်ကြိမ်ရှိခိုးနေမိပါတော့သည်။ ဘယ်နှကြိမ်မှန်းပင် မသိတော့။

ပြီးမှ အဘဘေးနားမှရှိုရှိုသေသေ မတ်တတ်ရပ်ပြီး အဘမျက်နှာကိုစိုက်ကြည့်နေလိုက်၏။ နောင်မည်သည့်အချိန်မဆို အဘကို သတိတရနှင့် ရှိခိုးသည်ဖြစ်စေ၊ မေတ္တာပို့သည်ဖြစ်စေပြုသည့်အခါ မျက်နှာတန်းခနဲပေါ်လာအောင် အဘ၏မျက်နှာအား စေ့စေ့ကြည့်နေမိ၏။ ပါးစပ်များကိုတင်းနေအောင်စေ့ထားပြီး အံကိုကြိတ်ထားလိုက်၏။ အသက်ရှူမြန်လာသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ်သတိထားမိနေ၏။

အဘသည် မည်သို့ကြောင့်မှန်းမသိ မျက်နှာတစ်ချက်အိုသွားပြီး ကျွန်ုပ်ကို ကြည့်နေရင်းမှ မျက်နှာလွှဲလိုက်ကာ ကျောက်စာတိုင်ဘုရားတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်များကို ခပ်လှမ်းလှမ်းမှ ဦးသုံးကြိမ်ဝတ်ပြုလိုက်၏။ ထို့နောက် ကျွန်ုပ်၏ပခုံးကို ညင်သာစွာပုတ်လိုက်ပြီး -

"အဘသွားတော့မယ်နော်။ လူလေး ဒီမှာပဲနေခဲ့တော့၊ မလိုက်လာနဲ့ . . ."

ကျွန်ုပ်သည် 'ဟုတ်ကဲ့အဘ' ဟု ပြန်ပြောချင်ပါ၏။ သို့သော် လူမှာ ကြောင်ပြီး တစ်ဆို့ဆို့ကြီးဖြစ်နေ၏။ တံတွေးများကိုသာတွင်တွင်မျိုချနေမိ၏။ ရင်ထဲတွင်နင့်နေ၏။ ဘာပြန်ပြောရမှန်းမသိဖြစ်နေ၏။ ကြည့်နေရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပင် မျက်စိရှေ့မှ တရွေ့ရွေ့လျှောက်ပြီး ကျောခိုင်းသွားသော အဘ၏ကျောပြင်အား ငေးကြည့်ရင်း လက်အုပ်ချီထားလိုက်မိ၏။

ပြီးမှ အလိုလိုညွတ်ကျသွားသော ဒူးနှင့် အလိုက်အထိုက်ထိုင်ချလိုက်ပြီး ကြမ်းပြင်ပေါ်တွင်ခေါင်းဆိုက်ရင်း အဘကို ရှိခိုးနေလိုက်မိပါတော့သည်။

ထွက်ရပ်ပေါက်အကျင့်ကိုကျင့်နေသူလည်းမဟုတ်ပါ။

ထူးဆန်းသော ဂမ္ဘီရပညာများကို တတ်ထားသူလည်း မဟုတ်ပါ။

အင်္ဂဝိဇ္ဇာနှင့် ဆန်းကျမ်းကို တစ်ဖက်ကမ်းခပ်တတ်ထားသူလည်း မဟုတ်ပါ။

အံ့ဖွယ်ကောင်းသောပညာရှင်ကြီးလည်း မဟုတ်ပါ။

အဘသည် သာမန်လူသာဖြစ်ပါသည်။ ဆရာနှင့်သင်ဖော်သင်ဖက်ဖြစ်ပြီး ရိုးရိုးသာတတ်ထားသူ ဖြစ်ပါသည်။

အခြားသူများအပေါ် ကတ်သီးကတ်ဖဲ့လုပ်ခဲ့သူဖြစ်သော်လည်း ကျွန်ုပ်ကို အတိုင်းအတာတစ်ခုထိ သံယောဇဉ်တွယ်ခဲ့ရှာ၏။

ထို့ကြောင့် အဘကို ကျွန်ုပ်လည်း သံယောဇဉ်တွယ်ခဲ့ရ၏။

အဘမှာထားသည့်မိနစ်ပိုင်းရောက်မှ ကျွန်ုပ် ဘုရားဝတ်ပြုလိုက်ပါသည်။ အဘဝတ်ပြုသကဲ့သို့ပင် ကျောက်စာတိုင်ဘုရားတန်ဆောင်းအတွင်းမှ ရုပ်ပွားတော်များကို ရှိခိုးလိုက်၏။ ပြီးမှ ကျောက်စာတိုင်ဘုရားဝင်းထဲမှ လေးတွဲ့တွဲ့နှင့်ထွက်လာခဲ့မိပါတော့သည်။

ခပ်လှမ်းလှမ်းမှ လျှောက်လာနေသောမြင်ကွင်းကြောင့် ကျွန်ုပ်၏ခြေလှမ်းများ ရုတ်တရက်တုံ့ပြီးရပ်နေလိုက်မိ၏။

မီးဖိုဆွဲခြင်းလေးနှင့် ရောင်းသောလူမျိုးကွဲအကြော်သည်ဖြစ်၏။ မျက်နှာချင်းဆိုင်ဆီမှ တရွေ့ရွေ့လျှောက်လာပြီး ကျွန်ုပ်၏ဘယ်ဘက်ဘေးမှဖြတ်လျှောက်သွား၏။ ရောင်းသူက ကျွန်ုပ်ဝယ်စားနိုးနှင့်လှမ်းကြည့်ပြီး ဖြည်းဖြည်းချင်းလျှောက်နေသော်လည်း ကျွန်ုပ်က ဆွဲခြင်းလေးထဲမှ အကြော်များကိုသာ လှမ်းကြည့်နေလိုက်မိပါသည်။

❑

မမြဲသောတရားသည် -

အမြဲရှိသောတရားပင် ဖြစ်၏။

ဆရာခိုင်းခဲ့သောတာဝန်ကျေခဲ့ပြီဖြစ်၍ အဘပေးခဲ့သောစာရွက်လေးများအား ဆရာ၏လက်တွင်းသို့ ထည့်လိုက်ပါတော့သည်။

ဆရာသည် မပြုံးပါ။ သို့သော် ကျေနပ်နေ၏။ စာရွက်လေးများကို သေချာဖြန့်ကြည့်နေ၏။ ပြီးမှ တိတ်ဆိတ်စွာနှင့်ပင် ခေါင်းတစ်ချက်ညိတ်ပြ၏။

ဆရာပေးသော တာဝန်အတိုင်း ဆရာ့လက်တွင်းသို့ ပညာခန်းနှင့်ဆိုင်သောစာရွက်များထည့်နိုင်ခဲ့ပါပြီ။

သို့သော် -

ဆရာ့အား ကျွန်ုပ်လုံးဝမပေးနိုင်ခဲ့သည်များရှိပါသည်။

ဤသည်တို့မှာ -

အဘ -

ကျိုက္ကဆံစေတီတော်ကြီး -

ကျောက်စာတိုင်ဘုရားနှင့် -

သယ်န်းကျွန်းလမ်းမကြီးဘက်သို့ သွားရာလမ်းရှိ တစ်ဖက်ယပ်တဲလေးထိုးပြီးရောင်းနေသော စုတ်ချာချာထမင်းဆိုင်လေးတို့ပင် ဖြစ်ပါတော့သတည်း။

❑

"လူလေး"

"ဗျာ - အမေ"

"ဈေးမထွက်တာ သုံးရက်တောင်ရှိသွားပြီနဲ့တူတယ်"

"ငါးရက် အမေ"

"အေး - ငါးရက်ရှိလောက်ပြီ။ လူလေးဘာဖြစ်လို့လဲ။ ထမင်းလည်း ဟုတ်တိပတ်တိမစားဘူး။ အိမ်ရှေ့မှာပဲ ထွက်ထိုင်ပြီးငိုင်တိုင်တိုင်နဲ့"

"သား. . . ဘာမှမဖြစ်ပါဘူးအမေ"

"နေများမကောင်းလို့လားလို့ အမေက"

"ကောင်းပါတယ် အမေ၊ သား ဘာမှမဖြစ်ပါဘူး။ သား ဒီနေ့ နေ့ခင်း ဈေးသွားထွက်လိုက်ဦးမယ်"

ဈေးဆိုင်ပေါ်တွင် ပစ္စည်းများ သာခင်းပြီးရောင်းနေရ၏။ စိတ်ကမပါ။ အသက်ငါးဆယ်ကျော်အရွယ် ဦးလေးကြီးများကိုမြင်မိလျှင် လိုက်လိုက်ကြည့်ရသည်မှာအမော။

သိပါသည်။ အဘမဟုတ်မှန်းသိပါသည်။ သို့သော် ကိုယ့်စိတ်ကိုကိုယ်လှည့်စားနေမိပြီး အဘများလား။ ငါ့ကိုအောက်မေ့လို့ လူလေးကို အဘမခွဲနိုင်သေးလို့ပြန်လာတာလို့များ ပြောမလားဟု စိတ်ထဲမှ ကယောင်ကတမ်းကယက်များ တွေးနေမိ၏။ သံယောဇဉ်ဆိုတာ ဘယ်ဟာမှမကောင်းပါလား။ တွယ်မိရင်ခံရပြီသာမှတ်တော့ဟုလည်း ကိုယ့်တိုင်ကိုယ်ဖြေသိမ့်နေပြန်၏။

ဈေးထွက်ရပြန်ပြီဖြစ်၍ တစ်ရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက် အာရုံတမင်ပြောင်းထားလိုက်ပါသည်။

"အမေ"

"ဟေ"

"အရောင်းအဝယ်တွေနည်းနည်းအေးတယ်"

"အေးအေးလေ၊ ဘာဖြစ်လို့လဲ"

"ဩော် - သားက အမေကို ကျွေးရတဲ့အလှည့်ကျ အမေဖြိုးဖြိုးတိုင်းထွားစားနေရတာ သားစိတ်မချမ်းသာဘူး"

"မင်းနှယ် - မဟုတ်တာ၊ အမေ မဖြိုးဖြဲပါဘူး စားနေတာပဲ။ ဖြိုးဖြဲတာ မင်း။ ကန်စွန်းရွက်ပြုတ်လေးတို့ ပဲဟင်းရည်နဲ့ပြီးနေတာများတယ်။ ထမင်းဆမ်းပြီး နှမ်းလေးတွေဖြူးစားလို့ စားသက်သတ်လွတ်တော့ သက်သတ်လွတ်ပေါ့ သားရယ်။ အားပြတ်အောင်တော့ မစားနဲ့ပေါ့"

"သားအားရှိပါတယ်အမေ။ ... လေးနဲ့စားရစားရ အားရပါတယ်။ ... ဆို ထမင်းရေဆမ်းပြီး ဆားဖြူးစား... နှစ်နဲ့ချီစားရင်စားနေတာ"

"အမေကတော့ လူလေးခွန်အား ပြတ်မှာစိုးလို့ပါ"

ကျွန်ုပ်သည် -

အမေ့မျက်နှာကို အကဲခတ်... ၏။ အမေ့ကိုပြောရရင် ကောင်းမလား မကောင်းဘူးလား စဉ်းစားနေ၏။

"အမေ"

"ဟေ"

"သားခရီးထွက်ချင်တယ်"

"ဟင် - ဘယ်ကိုလဲ"

"ပုပ္ပားဘက်"

"ပုပ္ပားကို"

"ဟုတ်ကဲ့"

အမေမျက်နှာကွက်ခနဲပျက်သွား၏။

"သားရယ်၊ ဒီတိုင်းကျင့်ကြံ... ထုတ်နေတာ အကောင်းသားနဲ့။ ... ငယ်ပါသေးတယ်။ ခုလည်း သားနေ... ရွှတ်ဖတ်နေတယ်လေ။ ပုတီးနဲ့လ... မပြတ်ဘူးလေ။ ဒီကြားထဲ အမိဋ္ဌာန်... တွေလည်းခဏခဏဝင်နေတာပဲ။ ဘုရား... ကြီးကိုလည်း သားအမြဲသွားနေတာ... မင်းဟာ ယောဂီဝတ်မသွားရုံတစ်မ... ရှိပါတယ်။ ငါ့သားတော်တော်ကျင့်... တာ အမေသိနေတာပဲ"


သူရဋ္ဌမဂ္ဂဇင်း
အတွဲ(၁၆) အမှတ်(၁၁) ၂၀၁၁နှစ် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ပြုံးလိုက်၏။ အမေ့မျက်နှာလေးကိုကြည့်ပြီး ကျွန်ုပ်အားရပါးရပြုံးလိုက်၏။

"သားက အခုသွားမှာ စျေးလည်းရောင်းရင်း မရောက်ဘူးတဲ့နေရာဒေသလည်း ရောက်ဖူးချင်လို့ပါ အမေရဲ့။ ပြီးတော့ ဘဘနယ်မြေလေ"

"အေးလေ - သားက ဘဘဘိုးမင်းခေါင်ကို ဟိုးလူမှန်းစသိကထဲက၊ ဘာမှန်းညာမှန်းမသိခင်ကထဲကကြည်ညိုလာခဲ့တဲ့ကလေး။ ဘဘပုံတော်ကိုမြင်ရင် လက်ညှိုးထိုးထိုးပြပြီး ဘေးကလူကြီးတွေကိုပါ လက်အုပ်ချီရှိခိုးခိုင်းတာ ဟိုးငယ်ငယ်လေးကထဲက။ ဘဘရုပ်ပွားတော်ကြီးတွေ့အနားရောက်ရင် ဘယ်မှသွားတော့ဘူး။ အဲဒီနားမှာဆော့နေတော့တာပဲ။ အဲလိုဆိုတော့လည်း အမေတားရက်ပါဘူး။ သားသဘောလေ။ ဒါပေမယ့် သားမသွားဘူးသေးတဲ့ ဒေသမို့ အမေစိတ်မချဘူး။ ဟိုဘက် (၁၃) လမ်းမှာ R.T.Cကားကြီးတွေမောင်းတဲ့ မောင်တင်ဝင်းရှိတယ်။ သူ့ကိုမေးကြည့်ဦးမယ်။ သူက ကျောက်ပန်းတောင်းထိရောက်တယ်။ သားကို သူနဲ့အပ်ထဲ့လိုက်မယ်"

ခုချိန်ထိ သူ့သားကို ကလေးပေါက်စများအောက်မေ့နေသလားမသိသောအမေ။

စကားတပြောပြောနှင့် တဘက်လေးတစ်ခုခေါင်းပေါ်တင်ပြီး (၁၃)လမ်းဘက်ထွက်သွားပါလေတော့၏။ နေပူနေသည်ကိုပင် သူ့စိတ်ထဲမှာ လသာနေသလား အောက်မေ့နေပုံရ၏။

နောက်နေ့ ညနေ (၅) နာရီ။

သုမင်္ဂလလမ်းနှင့် (၁၃) လမ်းထိပ်တွင် ဦးတင်ဝင်း၏ R.T.C ကားကြီးစီတ်ထိုးထား၏။

ကျွန်ုပ်လည်း ပီနန်အိတ်ကြီးကိုကားပေါ်ဗုန်းခနဲပစ်တင်၍ လူပါခွကျော်တက်လိုက်၏။

"လူလေးသေချာစီးနော်။ အထည်တွေထည့်ထားတဲ့အိတ်ကြီးကို ကိုယ့်အနားမှာထား"

"ဟုတ်ကဲ့"

"မောင်တင်ဝင်းကို အမေသေချာအပ်လိုက်တယ်ဆိုလား"

"စိတ်ချပါဒေါ်လေးရဲ့။ အမလေးဒေါ်လေးသားကိုများပူနေရသေးတယ်။ သူက ဒါတွေဘာတွေရတယ်"

ဦးတင်ဝင်းက လေထဲတွင် လက်သီးနှစ်လုံးထိုးပြရင်း ရယ်နေပြီး ကားကြီးဘေးဘောင်ကိုကိုင်၍ ရပ်နေ၏။

"လူလေး၊ အိပ်လိုက်သွားနော်"

"ဟုတ်ကဲ့ပါ"

ကားကြီးထွက်ပြီ။

ကျွန်ုပ်လည်း ဘာမပြောညာမပြောနှင့် ကားကြီးနောက်ခန်းမှဘာအိတ်တွေမှန်းမသိသောအိတ်ကြီးများပေါ်တွင် အိပ်လိုက်သွားလိုက်ပါတော့သည်။ နိုးလိုက်ပြန်အိပ်လိုက်နှင့်။

မနက်မိုးလင်းပြီ။

မိတ္ထီလာ။

"ဟေ့ကောင် ညီလေး၊ ဘာစားမလဲ ဆင်းလေကွာ။ မင်းမလည်း တစ်ညလုံးကို အိပ်လိုက်လာတာပဲ။ လာလေ ဘာစားမလဲ"

ဦးတင်ဝင်းစကားကြောင့် ကားပေါ်မှ လွယ်အိတ်လေးစလွယ်သိုင်းရင်း ခုန်ချလိုက်၏။ မုန့်စုံပါသည်။ လက်ဖက်ရည်ဆိုင်ကြီးရှေ့တွင်ရပ်ထားသည်ဖြစ်၍ ပဲပြုတ်နံပြား၊ စမူဆာ စုံ၏။ ကျွန်ုပ်လည်း ဟိုကြည့်ဒီကြည့်ကြည့်ရင်း မျက်လုံးက တစ်နေရာဆီသို့ရောက်သွားသည်။ ကုက္ကိုပင်ကြီးအောက်တွင် မီးဖိုလေးနှင့်ထိုင်ရောင်းနေသောတိုရှေး။

ကုလားမလေး တိုရှေးရောင်းနေရာဆီသို့ ဘာမပြောညာမပြောထသွားပြီး တိုရှေးမှာစားလိုက်ပါသည်။ စားခါစတွင် ဗိုက်ကဆာဆာနှင့် အားရပါးရဖြစ်သော်လည်း နောက်တစ်ပွဲမှာကိုင်ထားရင်း ငိုင်နေမိ၏။ တဖြည်းဖြည်းချင်းစားနေမိ၏။ စိတ်ကတခြား။

"ညီလေးရေ ကားထွက်မယ်ဟေ့"

"ဟုတ်ကဲ့"

ကျောက်ပန်းတောင်းသို့သွားမည့် ကျောက်ဖူးကားဂိတ်သို့ ရောက်ပါပြီ။ ဦးတင်ဝင်းနှင့် သူ့အဖော်သူငယ်ချင်းကို နှုတ်ဆက်လိုက်ပြီး ကားခငါးကျပ်ပေးလိုက်၏။

ဦးတင်ဝင်းတို့ထွက်သွားပြီဖြစ်၍ ကြောင်တောင်တောင်နှင့် ဟိုကြည့်ဒီကြည့်ကြည့်ရင်း ပုပ္ပားဘက်သွားမည့်ကားတစ်စီးပေါ်သို့တက်ထိုင်နေလိုက်ပါသည်။ ရေမြေဒေသစိမ်းနေ၍ ပတ်ဝန်းကျင်ကိုလိုက်ကြည့်နေမိ၏။ စကားပြောအလွန်ရိုးသားကြပါသည်။ ကားမောင်းသူအချင်းချင်း နောက်ပြောင်ကျီစယ်သည်ကပင ယဉ်ကျေး၏။ ရယ်ရ၏။ မောင်နှင့်နှမ၊ သားနှင့်အမိ မကြားဝံ့မနာသာပုံစံမျိုးမရှိ။ စကားယုတ်စကားကြမ်းများမပါ။

ကားလေးသည် ကွေ့ကာဝိုက်ကာသွားနေသည်ဖြစ်ရာ ပုပ္ပားတောင်ကလပ်ကို ဘွားခနဲလှမ်းမြင်ရပါပြီ။ ကွေ့ဝိုက်နေသည်ဖြစ်၍ တောင်ကလပ်ကို မြင်လိုက်၊ ကွယ်သွားလိုက်နှင့်။

'ပုပ္ပား'။

ရောက်ပါပြီ။

ပုပ္ပားမြေကိုခြေချမိပြီဆိုသည်နှင့် ပုပ္ပားတောင်ကလပ်ကြီးကို မော့ကြည့်လိုက်မိ၏။ ဘာရယ်မဟုတ် ကဗျာလည်းမဟုတ်၊ စာလည်းမဟုတ် ပါးစပ်ထဲအလိုလိုရောက်လာ၏။

'အဲ့မှိုင်းငယ်ဝေရီ
ဖူးပွင့်စီတောအလှပန်းတွေနဲ့
လွမ်းလှတယ်လေး'

အဝတ်ထုပ်ကြီးအသာချ၊ လွယ်အိတ်လေးကိုလွယ်၍ ဟိုဟိုဒီဒီကြည့်နေလိုက်မိ၏။ အသိကလည်းမရှိ၊ အတူစီးလာကြသူများမှာလည်း အလျှိုအလျှိုနှင့် ဘယ်ရောက်သွားကြမှန်းမသိတော့။

'ရန်ကုန်ထမင်းဆိုင်'။

ဟုတ်ပြီ - ငါရန်ကုန်ကလာတာပဲ၊ ရန်ကုန်ထမင်းဆိုင်ကိုသွားမယ်၊ အဆာပြေသွားစားမယ်ဟု စဉ်းစားပြီး ဆိုင်ဆီသို့ အထုပ်ကြီးကိုမနိုင့်တနိုင်မ,ရင်း လျှောက်သွားလိုက်၏။ သက်သတ်လွတ်အဖြစ် ပဲခြမ်းကြော်နှင့်ကြက်သွန်သုပ်ပေး၏။ ကျွန်ုပ်လည်း ဆာဆာနှင့် သက်သတ်လွတ်စားလိုက်ပြီး စကားလက်ဆုံကျ၏။ ရန်ကုန်ကလာခြင်းဖြစ်ကြောင်း၊ မရောက်ဘူး၍ ဘာလုပ်ရမှန်းမသိကြောင်း၊ လျှောက်ကြည့်ဦးမည်ဖြစ်ကြောင်းပြောရင်း သူတို့ထံတွင် အထုပ်ကြီးကိုအပ်၍ တောင်ပေါ်တက်ရန်ထွက်လာခဲ့လိုက်တော့၏။

လက်ထဲတွင် တစ်ဆယ့်သုံးကျပ်လောက်သာကျန်တော့ပြီဖြစ်၍ ဘာလုပ်လို့ဘာလုပ်ရမှန်းမသိတော့ပါ။ စိတ်ထဲတွင်တော့ အင်း - ပိုက်ဆံတော့ပြတ်ပြီ။ ဘုရားသွားရှိခိုးမယ်။ ပြီးရင် ဘဘကိုရှိခိုးမယ်။ ကျေးဇူးရှင် သခင်နှစ်ပါးကို အမျှအတန်းသွားဝေမယ်။ မေတ္တာပို့မယ်။ ပုပ္ပားမယ်တော်ကြီးကို မေတ္တာပို့ အမျှဝေမယ်။ အားလုံးပြီးမှ ရန်ကုန်ပြန်တော့မယ် အကြောင်းပြောပြီး မနက်ပြန်တော့မယ်ဟု စဉ်းစားရင်း သံလှေကားကြီးတွေအတိုင်း တက်လာလိုက်တော့၏။

ရွှေလဆက်ရန်

ဆရာဦးမောင်မောင်သန့်
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်ကောင်းမှုဟု ဆိုလိုက်၍ ရဟန်းခံ၊ ရှင်ပြု၊ ကျောင်းဆောက်၊ သိမ်လှူ၊ ဘုရားတည်ခြင်း စသည်ဖြင့် သိန်းနှင့်ချီ၍လှူခြင်းမဟုတ်ပါ။ သာမန်လူတိုင်းလုပ်နိုင်သည့် ကုသိုလ်ကောင်းမှုသာ ဖြစ်ပါသည်။

သို့သော် ကုသိုလ်ကောင်းမှုဟူသည် အသေးအဖွဲ့ဟူ၍ မယူဆအပ်။ မိုးပေါက်မိုးရေတို့ကျဖန်များလတ်သော် အင်း၊ အိုင်၊ မြစ်၊ ချောင်းတို့ ပြည့်လျှံဘိသကဲ့သို့ ကုသိုလ်ကောင်းမှုသည်လည်း ပြုဖန်များလတ်သော်။


တရားစခန်းပွဲတစ်ခုတွင် အိုးကုန်းကျေးရွာမှဦးတင်ထွန်း (ခေါ်) ဦးကုလားနှင့်တွေ့၍။ စာဖတ်သူများနမူနာရစေဖို့ တင်ပြလိုက်ပါသည်။ အောက်ပါတို့မှာ ဦးကုလား၏ပြောပြချက် ဖြစ်ပါသည်။ (သူ၏သားတစ်ယောက်မှာ သေဆုံးသွားပြီး သမီးတစ်ယောက်ကလည်း ခြေတစ်ဖက်မသန်ကြောင်းသိရသည်။) အစက မပြေလည်ကြောင်း၊ ကြံ့ရာလုပ်ပြီး အထူးသဖြင့် အိုးဖုတ်ရကြောင်း သိရပါသည်။

"တစ်နေ့ တို့လင်မယားတွေ တိုင်ပင်တယ်။ မိန်းမရေ တို့တွေ ဒီလိုချည်းပဲ လုပ်ကိုင်စားသောက်နေလို့ကတော့ မဖြစ်ဘူး။ ကြီးလာရင်လုပ်နိုင်မှာ မဟုတ်တော့ဘူး။ တို့တွေကဆင်းရဲတော့ အလှူဒါနတွေသူများလို ကြီးကြီးကျယ်ကျယ်မလှူနိုင်ဘူး။ မလှူတော့ ဆင်းရဲ၊ ဆင်းရဲတော့ မလှူနိုင်။ ဒီလိုနဲ့ သံသရာလည်နေမှာ။ အဲဒီတော့ တို့လင်မယားတွေ တစ်ပိုင်တစ်နိုင်အလှူဒါနလုပ်ရအောင်ကွာ။

တို့က အိုးဖုတ်တော့ အိုးက အဆင်သင့်ရှိတယ်။ အဲဒီတော့ နီးစပ်တဲ့ လမ်းဆုံလမ်းခွတွေမှာ သောက်ရေအိုးစင်တည်ရအောင်ကွာ။ ပထမတော့ ဝါးတိုင်စိုက်၊ ဝါးကိုခွဲ၊ ထန်းပလပ်ခွာ၊ နှစ်ခုမျက်နှာချင်းဆိုင်ထည့်ပြီး အိုးတင်ရေဖြည့်ပေါ့။ ရေခွက်ကတော့ တောဓလေ့အတိုင်း အုန်းမှုတ်ခွက်ဝါးရိုးတပ်ရေချုတ်နဲ့။ သဘာဝရေခွက်က အေးလည်းအေး၊ မွှေးလည်းမွှေးတာပေါ့။ ရေသောက်လိုက်ရင် အုန်းနံ့လေးသင်းလို့ သောက်လို့တောင်ကောင်းသေးတယ်။ နောက် ဝါးရှာပြီး ရေအိုးစင်ဆောက်ဖြစ်တယ် နေပူပူမှာ ရေအေးအေးလေးကိုသောက် လိုက်ရရင် သောက်တဲ့လူတွေရဲ့ရင် အေးမြသွားမယ်၊ ပီတိဖြစ်သွားမယ်။

အဲဒီလို သောက်သုံးသူတွေ ကြည် နူးဝမ်းသာသွားတာကို ငါတွေးမြင်မိ အရမ်းပီတိဖြစ်မိတယ်။ တို့ကလည် စေတနာက ရောင်ပြန်ဟပ်မှာပါဟာ။

နောက်ပြီး တစ်နှစ်မှာ တစ် လောက် ပုံသကူထမင်းထုပ်တွေစွန့် မယ်လေ။တတ်နိုင်သလောက်ပေါ့ဟ ကြက်သား၊ ဝက်သားရယ်မဟုတ်ပါ ငါးပိကြော်တို့၊ ဘဲဥကြက်ဥတို့၊ ခေါ် ကြော် စသည်ဖြင့်ပေါ့ဟယ်။ ဒါနဲ့ မယားတွေတိုင်ပင်လို့ နှစ်ဆန်းတစ် နေ့ကိုရွေးပြီး ထမင်းထုပ် (၁၀) ထုပ် စကာ ပုံသကူစွန့်တယ်။ နောက် (၅၀)၊ နောက်နှစ် (၁၀၀) စသည် တိုးလာလိုက်တာ။ ဘေးလူတွေ သူတို့ပါ အလှူဝင်မယ်ဆိုပြီး နှစ်ဆ တစ်ရက်နေ့ရောက်တိုင်း ပုံသကူ (လှူ) တာပေါ့ကွာ။



(မြန်အောင်)
# စိုးလင်းအောင်
## ကုသိုလ်ကောင်းမှုကြောင့် ဘဝပြောင်းခဲ့သူ ဦးကုလား

ဒုဲပြင် လမ်းတွေမနက်တိုင်း ထ စည်းလှည်းတယ်။ လမ်းခုလတ်ရေ ကလေးတွေတွေ့ရင် မြေဖို့ပေးတ လမ်းတွေမှာ သဲတွေပွထနေရင် သဲ ကို ဘေးဖယ်ထုတ်ပြီး စက်ဘီး၊ ဆိုင် စီးလို့ရအောင်လုပ်ပေးတယ်။

တော်သလင်း၊ သီတင်းကျွတ် တဲ့ရက်တွေမှာ ရေအိုင်ထဲ၊ လယ် တွေထဲမှာ ငါးလေးတွေတွေ့ရင် အိုး နဲ့ဖမ်းထည့်၊ ရေရှင်ဖြစ်တဲ့ ဆင်ကန် ထဲ သွားလွှတ်ပေးတယ်ပေါ့ကွာ။

ဒီလိုနဲ့ ငွေကလေးစုမိတဲ့တ တစ်နိုင်တစ်ပိုင် ကုန်စုံဆိုင်လေး တယ်။ မြို့ပေါ်က ဆိုင်ကြီးတွေတ အကြွေးပေးတော့ တဖြည်းဖြည်းနဲ့ ဆိုင်က ပစ္စည်းစုံလာတယ်။ ရောင် ကောင်းလာတယ်။ ဆန်ရော တစ်ခါတရံ တစ်နေ့ (၃) တောင်



www.burmeseclassic.com

www.burmeseclassic.com

# မျက်စိထဲ ပိုးကောင်ဝင်ခဲ့ပါက

လူအတော်များများ အလွန်နုနယ်တဲ့မျက်စိထဲကို ပိုးကောင်ဝင်ဖူးကြမှာပါ။ အလွန်အခံရခက်ပြီး မျက်ရည်တတွေတွေနဲ့ ကန္ဒြေမဆည်နိုင်အောင်ကိုဖြစ်ကြရပါတယ်။ ဒါဆို မျက်စိထဲက ပိုးကောင်ကို ထွင်ပေးကြရတာပါ။

ဝင်နိုင်ခြေအများဆုံးရှိတဲ့သူတွေကတော့ မျက်မှန်အကာအကွယ်မပါဘဲ စက်ဘီးစီးတဲ့သူ၊ ဆိုင်ကယ်စီးတဲ့သူတွေပါ။ ဝင်တတ်တာက အတောင်ပါတဲ့ အင်းဆက်ပိုးလေးတွေဖြစ်တတ်ပါတယ်။ အင်းဆက်ပိုးကောင်လေးတွေရဲ့ပျံသန်းမှုအရှိန်နဲ့ စက်ဘီး၊ ဆိုင်ကယ်ရဲ့ပြေးသွားမှုအရှိန်သွားပေါင်းမိပြီးဝင်တတ်တာပါ။ တစ်ခါတစ်ရံမှာတော့ သွားရင်းလာရင်း နေရင်းထိုင်ရင်းလည်း ဝင်တတ်ပါတယ်။

ဝင်ရင်သွားပြီးမပွတ်ပစ်လိုက်ပါနဲ့။ ပိုးကောင်မှာအဆိပ်ပါတတ်တာမို့ မျက်စိအဆိပ်သင့်သွားတတ်ပါတယ်။ ဝင်တာနဲ့ တစ်ပြိုင်နက် မျက်စိကိုသွားမပွတ်ဘဲ ဝင်တဲ့နေရာကနေ နောက်ကို နောက်ပြန်ခြေ(၇)လှမ်းပြန်ဆုတ်လိုက်ရင် အဲဒီပိုးကောင် သူ့ဟာသူပြန်ထွက်သွားပါတယ်။

ဒါက ကျွန်တော်တို့ငယ်စဉ်အခါ ဘုန်းကြီးကျောင်းသားဘဝကတည်းက ကျင့်သုံးခဲ့ကြတဲ့ မြန်မာ့ရိုးရာ တန်ပြန်နည်းပါ။ ဘုန်းကြီးကျောင်းသားတိုင်း အဆော့သန်ကြတဲ့အခါမှာ မျက်စိထဲ ပိုးကောင်ဝင်တာ မဆန်းပါဘူး။ ဒီလိုပဲ အလွယ်အကူ လုပ်လိုက်ကြခြင်းဖြင့် ချမ်းသာရာရကြလေ့ရှိပါတယ်။

၃၁-၃-၂၀၁၆ မှာ ကျွန်တော်တို့ အိမ်နားက ကိုတင်သန်းဟာ တောင်တွင်းကြီးဘက်ကို ထွန်စက်သွားထိုးရာက ပြန်ရောက်လာပါတယ်။ အဲဒီမှာ အတွေ့အကြုံတွေပြောပြရာမှာ မျက်စိထဲ ပိုးကောင်ဝင်တဲ့အကြောင်းလည်း ပါပါတယ်။

"ကျွန်တော်ဗျာ၊ မျက်စိထဲပိုးကောင်ဝင်တာဗျ။ အဲဒါဘာမှလုပ်မနေဘဲ နောက်ပြန်ခြေ (၇)လှမ်းပြန်ဆုတ်လိုက် တစ်ခါတည်းပြန်ထွက်သွားတယ်ဗျို့။ ကျွန်တော်တို့ငယ်ငယ်တုန်းကလုပ်သလို လုပ်လိုက်တာ တကယ်ဟုတ်တာပဲဗျ"

လို့ ပြောပြတော့ 'အင်း - ဟုတ်သားပဲ' ဆိုပြီး ဒီစာစုလေးကိုရေးဖြစ်တာပါ။ ဒီစတီသဘောနည်းလေးတွေဟာ အလွန်ဆန်းကြယ်ပြီး အသုံးဝင်လှပါတယ်။ ပြီးတော့ သိထားဖို့လည်း လိုအပ်ပါတယ်။ ဒါက မြန်မာ့ရိုးရာနည်းတွေပါ။ ဘာမှလည်း အပန်းမကြီးတဲ့နည်းဖြစ်ပါတယ်။

ကျွန်တော် မိုင်းရှူးရတနာ့မြေမှာ (၁၀)နှစ်နေပြီး မိုးကုတ်ပြန်ရောက်တော့ ကျွန်တော်နဲ့ရင်းနှီးတဲ့ လူချောလူလှလေး တစ်ဦးဟာ မျက်စိတစ်ဖက်ပေါက် တောက်ပက်ဖြစ်နေတာကို တွေ့ရတော့ အလွန်အံ့ဩသွားတာပါ။ သူက ကျောက်လည်းသွေးတယ်။ ကျောက်ကုန်သည်လည်းလုပ်ပါတယ်။ သူ့ကိုမြင်ရတော့ အတော်ပင် စိတ်မကောင်းရှိရပါတယ်။ ဒါနဲ့ ပတ်ဝန်းကျင်ကို မေးကြည့်တော့ ဆိုင်ကယ်စီးရာက မျက်စိထဲ ပိုးကောင်ဝင်ရာက ပိုးကောင်ရဲ့အဆိပ်သင့်ပြီး မျက်စိတစ်ဖက်ကွယ်သွားပါတယ်။

ကွယ်တဲ့မျက်စိကို ဆက်ထားရင် အခြားတစ်ဖက်ကိုကူးစက်နိုင်တာကြောင့် မျက်လုံးကိုထုတ်ပစ်ခဲ့ရပါတယ်။ ဒီတော့ အဲဒီလူငယ်လေးဟာ အလှပျက်သွားရတော့တာပါပဲ။ အိမ်ထောင်ကျပြီးသားမို့ သာတော်ပါတော့တယ်။ ဒါက မျက်စိထဲ ပိုးကောင်ဝင်ခြင်းရဲ့ဆိုးကျိုးကို မျက်မြင်လက်တွေ့ကြုံရခြင်းပါပဲ။

မျက်စိထဲဝင်နိုင်တဲ့ အင်းဆက်ပိုးကောင်ငယ်ပေါင်းများစွာရှိမှာပါ။ အဲဒီပိုးကောင်တွေမှာ အဆိပ်ပြင်းတဲ့ ပိုးကောင်ငယ်လေးတွေလည်း ပါတတ်ပါတယ်။ အဲဒါကြောင့် ပိုးကောင်ဝင်ရင် ပွတ်ခြေခြင်းမပြုဘဲ ချက်ချင်း နောက်ကို နောက်ပြန် (၇) လှမ်းဆုတ်လိုက်ပါ။ ပိုးကောင်ဟာ အလိုလိုထွက်သွားပါလိမ့်မယ်။ မယုံမရှိကြပါနဲ့။ စမ်းကြည့်လိုက်ကြပါ။

*ကိုတင်သန်းသို့ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

---

န်တယ်။ (အသက် ၆၀ ကျော်သော်လည်း ဆန်အိတ်ကို စက်ဘီးဖြင့် ကိုယ်တိုင်သွားသယ်သေးသည်။)

မြို့ကဆိုင်တွေ၊ ဆိုင်စက်တွေက သူတို့ဆိုင်အားပေးလို့ဆိုပြီး ဘုရားဖူးခေါ်ကြတာ ကျိုက်ထီးရိုး၊ မန်းစက်တော်ရာ ပုဂံညောင်ဦး ဘုရားတွေဖူးခဲ့ပြီဗျာ၊ တစ်ပြားမှ မကုန်ဘူး။ သူတို့က စရိတ်ငြိမ်းခေါ်တာ။

ဟော - ခုတော့ သင့်တင့်တဲ့အိမ်လေးနဲ့နေနိုင်ပြီး အလှူဒါနတွေလည်း တတ်သင့်သလောက်လုပ်နိုင်ပြီ။ သမီးက သင်တန်းတက်ပြီး အိမ်မှာစက်ချုပ်နေပြီ။ အိမ်က အမျိုးသမီးနဲ့ ကျုပ်က တစ်ယောက်တစ်လဲ တရားစခန်းပွဲဝင်တယ်။ တရားပွဲတွေရှိရင် စခန်းပွဲတွေရှိရင် သက်ကြီးရွယ်အိုတွေကို တရားနာသွားနိုင်အောင် ကား (တုတ်တုတ်) နဲ့ပို့ပေးတယ်။ လှူစရာမရှိတဲ့လူ ကိုယ်ကစိုက်ပြီးလှူပေးတယ်။

ခုတော့ အစစအရာရာ အဆင်ပြေပြီပြောပါတော့။ နောက်ပိုင်း ထမင်းထုပ်ပုံ့သကူ စွန့် (လှူ) ခြင်းကို ရပ်လိုက်တယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်ပုံ့သကူစွန့်တာ လူတိုင်းသိတယ်လေ။ ကျုပ်တို့မိသားစုကို မနာလိုတဲ့သူတွေက ထမင်းထုပ်ထဲအဆိပ်ခတ်လိုက်ရင် ကျုပ်တို့ဒုက္ခရောက်မှာဗျ။

ဦးကုလား ပြောပြသည်များကို တစ်လျှောက်လုံး သဘောကျခဲ့သော်လည်း နောက်ဆုံးကျမှ စာရေးသူရင်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ ဘယ်သို့ဆိုစေ အလှူဒါန ဟူသည် မိုးရေမိုးပေါက်ကဲ့သို့ ကျဖန်များလတ်သော်... ။

ဦးကုလားကတော့ ရေချမ်းစင်ဆောက်၍ လှူခြင်းကြောင့် အဆောက်အအုံ(အိမ်)သင့်တင့်စွာ နေရခြင်း၊ ထမင်းထုပ်ပုံ့သကူစွန့်ရခြင်းကြောင့် အစားဆန်ရေပေါများခြင်း၊ လမ်းပြင်လမ်းခင်းခြင်းကြောင့် ဘဝလမ်းမှာ အခက်အခဲတွေကျော်လွှားနိုင်ပြီး အေးမြသောသောက်ရေကိုလှူရခြင်းကြောင့် ဘဝအေးချမ်းဖို့ရာ ယခုလိုတရား(ဝိပဿနာ)ဓမ္မတွေနှင့်တွေ့ရ၍ ဤကုသိုလ်ကောင်းမှုဟေ့ကြောင့် သူ့ဘဝပြောင်းခဲ့တာ ယုံကြည်ကြောင်း ပြောပြပါသည်။

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စိုးလင်းအောင် (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## ထုတ်လုပ်သူနှင့်ဖြစ်စေသူ

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ လွတ်လပ်ရေးနေ့သည် ကျွန်တော့် အသက် (၈၅) နှစ်ပြည့်သောနေ့ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ထိုနေ့နံနက် (၇) နာရီက ကျွန်တော် နေထိုင်ရာနှင့်မဝေးလှသော ခြောက်ထပ်ကြီးဘုရားသို့ သွားရောက်ခဲ့ပါသည်။ အလင်းတိုင်၊ အမွှေးနံ့သာတိုင်များဖြင့် ဘုရားကိုရှိခိုးပူဇော်ပြီး နောက်လက်ယာရစ် (၁) ပတ်ရစ်ကာ ဘုရားတန်ဆောင်း၏ ရာဟုထောင့်တွင်ရှိသော ရှင်ဥပဂုတ္တ မထေရ်မြတ်၏ ကျောင်းတော်သို့တက်ရောက်ကာ အလင်းတိုင်များပူဇော်ပြီး ကျောင်းတော်၏ ရာဟုထောင့်တွင် နေရာယူကာ ကိုယ်တော်အား ကြည်ညိုရင်း အနားယူထိုင်နေလိုက်ပါသည်။

ကျောင်းတော်က ကျယ်ဝန်းလှပါသည်။ ဘုရားလာသူများအနက် အနည်းငယ်သာ တက်ဖူးကြပါသည်။ မထေရ်မြတ်၏ ရှေ့တည့်တည့် (တောင်အရပ်ဘက်) တွင်သာ ကော်ဇောတစ်ချပ်ခင်းထားပါသည်။ တက်လာသူများက ကော်ဇော်ပေါ် ထိုင်ဖူးပြီး ပြန်ဆင်းသွားကြပါသည်။ ကျွန်တော်ထိုင်နေသော နေရာတွင်သာ (၁၀) ပေပတ်လည်ခန့်ရှိ ထန်းဖျာချောတစ်ချပ်ခင်းထားပါသည်။ ကျန်သည့်နေရာများတွင် အခင်းမရှိပါ။ ကျွန်တော်က တစ်ဖက်ခြမ်းအစွန်းတွင် ထိုင်နေသဖြင့် (၈) ပေခန့်လွတ်နေပါသေးသည်။

ထိုအခိုက် အသက်(၆၀)ဝန်းကျင်ဟု မှန်းရသူနှစ်ဦး တက်လာပါသည်။ မထေရ်မြတ်အား ရှိခိုးပြီးနောက် ကျွန်တော်ရှိရာသို့လာပြီး တစ်ဖက်ခြမ်းတွင်ထိုင်ကြပါသည်။ ပုံစံက အနားယူမည် ဖြစ်ပါသည်။

ထို့နောက် တစ်ဦးက -

"ဆရာကြီး၊ ရွာကိုဘယ်တော့ပြန်မလဲ"

ဟု မေးရာ နောက်တစ်ဦးက သန်ဘက်ခါဟုဖြေပါသည်။ မေးသူက ထပ်ပြီး ဗုဒ္ဓတရားနှင့် ပတ်သက်သည့် မေးခွန်းကိုမေးပါသည်။ အမေးခံရသူ[...] အနှောင့်အယှက်ဖြစ်လေမည်လား[...] သောသဘောဖြင့် ကျွန်တော့်အားကြ[...] ပါသည်။

ကျွန်တော်က -

"ကျွန်တော်နားနေတာပါ ဖြေ[...] ပါ။ ကျွန်တော်လည်း ကြားနာချင်[...] တယ်"

ဟု ပြောမှဖြေမည့်သူက အ[...] ပေးသည်။ ထိုအမေးနှင့် အဖြေ[...] ကျွန်တော်တို့ကဲ့သို့သော ဘာသာ[...] ဗဟုသုတမပြည့်ဝသေးသည့်သူများ[...] နယ်ပယ်တွင် တွင်တွင်ကျယ်ကျယ်[...] ကြပြီး ကျေနပ်လောက်အောင်အဖြေ[...] ကြသည်ကများသောမေးခွန်း ဖြစ်[...] သည်။ ယခုကြားရသောအဖြေ[...] ကျွန်တော် ကျေနပ်သောအဖြေ [...] သဖြင့် ကျွန်တော် ချစ်ခင် လေး[...] ရသော စာဖတ်ပရိသတ်များအား [...] ဒါနအဖြစ် မျှဝေခြင်း ဖြစ်ပါသည်။

မေးသူ -

"ဆရာကြီး၊ သတ္တဝါ[...] သံသရာတစ်ခုပဲ။ သတ္တဝါအ[...]





www.burmeseclassic.com

www.burmeseclassic.com

အဝိဇ္ဇာကလို့ ကြားဖူး၊ မှတ်ဖူးပါတယ်။ ဒီတော့ သံသရာရဲ့အစဟာ အဝိဇ္ဇာကလား။ သံသရာရဲ့အစကို ငါဘုရားမြင်တော်မမူလို့ ဘုရားဟောထားကြောင်းလည်း ကြားဖူးပါတယ်။ အဲဒါဘယ်လိုလဲဆိုတာ ရှင်းပြနိုင်ရင်ရှင်းပြပေးပါ"

ဖြေသူ-

"ဒါဟာ ပဋိစ္စသမုပ္ပာဒ်တရားပဲ။ အကြောင်းကြောင့် အကျိုးဖြစ်ရတယ်ဆိုတဲ့တရားပဲ။ မြတ်စွာဘုရားရဲ့ တရားတော်တွေထဲမှာ ပဋိစ္စသမုပ္ပာဒ်နဲ့ ပဋ္ဌာန်းက အခက်ဆုံးပဲ။ ဒါကို ရှေးဆရာကြီးများက နောက်လူတွေသိရအောင် သူတို့ဉာဏ်မီသလောက်နဲ့ ရှင်းပြခဲ့ကြတာ။ သူတို့က ဘုရားရှင်ရဲ့ဉာဏ်ကိုမမီဘူး။ နောက်လူတွေက သူတို့ရဲ့ဉာဏ်ကိုမမီဘူး။ ဒီတော့ခက်တာပေါ့။

ဒီမေးခွန်းက သံသရာရဲ့အစကို မေးတဲ့မေးခွန်းပဲ။ သံသရာရဲ့အစကို မြတ်စွာဘုရားက မြင်တော်မမူဆိုတာလည်း အမှန်ပဲ။ ဒီတော့ သံသရာရဲ့အစကို ဘုရားမဟောခဲ့ဘူး။ ဘုရားတို့ရဲ့သဘောက သတ္တဝါတို့ရဲ့ အကျိုးကို ဖြစ်ထွန်းစေမယ့်စကားကို တစ်ခွန်းမှ မပြောဘူး။

ဥပမာ လူတစ်ယောက် လမ်းပေါ်မှာရောက်နေတယ်။ သူသွားရမယ့်ခရီးအဆုံးတိုင်က အရှေ့အရပ်။ သူလာခဲ့တာက အနောက်အရပ်က။ ဒါပေမယ့် ဘယ်နေရာကလျှောက်လာသလဲဆိုတာ သူမမှတ်မိဘူး။ ဒီတော့ သူစ,ထွက်ခဲ့တဲ့နေရာ၊ ခရီးအစက ဘယ်ကလဲဆိုတာ သိချင်တာနဲ့ နောက်ကြောင်းကိုပြန်လှည့်တယ်။ ကမ္ဘာတစ်ခုရဲ့ သက်တမ်းဟာ ရေတွက်ပြစရာ သချာမရှိဘူး။ နှိုင်းယှဉ်စရာ ပမာမရှိဘူး။ အလားတူ သတ္တဝါတွေ ဖြတ်ကျော်ခဲ့တဲ့ကမ္ဘာတွေလည်း အချိုး'ပမာ'မရှိဘူး။ ဒါကို ပြန်လျှောက်ချင်သူ (မိမိဘဝဘယ်ကစတယ်ဆိုတာ သိချင်သူ) ဟာ အရူးပဲပေါ့။

အင်မတန်မှ ရှည်လျားလှတဲ့ ရှေးရှေးကတည်းက သိချင်သူများနဲ့ ပြောကြားသူအမျိုးမျိုးရှိခဲ့တယ်။ သတ္တဝါစဖြစ်တာကို အချို့က ဘာအကြောင်းမှ မရှိဘူး။ သူဟာသူ မတော်တဆအလိုလို ဖြစ်တာလို့ဖြေတယ်။ အချို့က လောကမှာ အရှင်ဓာတ်နဲ့ အသေဓာတ်ဆိုပြီး နှစ်မျိုးရှိတယ်။ အဲဒီဓာတ်နှစ်မျိုးတိုက်မိတဲ့အခါ သတ္တဝါဆိုတာဖြစ်လာတယ်လို့ဖြေတယ်။ အချို့က ထာဝရဘုရားသခင် ဖန်ဆင်းလို့ဖြစ်တာလို့ဖြေတယ်။ နောက်ဆုံးအဖြေကိုလက်ခံသူများတယ်။ ခုထိ အယူဝါဒရှိသူအများစုဟာ ဒီအယူဝါဒရှိသူ၊ ဒီအယူဝါဒကို လက်ခံသူတွေပဲ။

ဒီနေရာမှာ ထာဝရဘုရားသခင် ဖန်ဆင်းခြင်းနဲ့ အသေဓာတ်နဲ့ အရှင်ဓာတ်တိုက်မိလို့ဖြစ်ခြင်းတို့ကို ဖြစ်စေသူ (ဖန်ဆင်းသူ) ထုတ်လုပ်သူ (အရှင်ဓာတ်နဲ့ အသေဓာတ်) ဆိုပြီး အဲဒီနှစ်မျိုးကို အကြောင်းအဖြစ်ခံယူတဲ့ဝါဒနဲ့ သူ့အလိုလို မတော်တဆဖြစ်ခြင်းလို့ အကြောင်းမဲ့ခံယူတဲ့ဝါဒ နှစ်မျိုးခွဲခြားနိုင်တယ်။ အကြောင်းရှိတဲ့ဝါဒသမားတွေက ဘုရားသခင်နဲ့အသေဓာတ်၊ အရှင်ဓာတ်တို့ကို အကြောင်းရဲ့အစလို့ ယုံကြည်ကြတယ်။ ဘုရားသခင်နဲ့ ဓာတ်နှစ်ပါးတို့ကိုဖြစ်စေတဲ့ အကြောင်းဆိုတာကို သူတို့ဆက်မတွေးနိုင်တော့ဘူး။

ဒီအကြောင်းကို စဉ်းစားမယ်၊ ပြောမယ်ဆိုရင် ဦးစွာ သတ္တဝါဆိုတာကို စဉ်းစားရမယ်။ သတ္တဝါဆိုတာ တကယ်တော့ အခေါ်အဝေါ် စကားသက်သက်ပဲ။ ပညတ်ပဲ။ တကယ်မရှိဘူး။ လူ့လောကနယ်ပယ်မှာ စကားအဖြစ် ပြောဆိုဆက်ဆံရလွယ်ကူရအောင်ဆိုပြီး ရုပ်နဲ့နာမ်တို့ရဲ့အစား သတ္တဝါလို့ပြောတာ။ သတ္တဝါကိုတောင် အမျိုးအစား၊ အဖို၊ အမ၊ အမည်နာမ စတာတွေကို ပြောလွယ်၊ သိလွယ်ရအောင် ထပ်ကာထပ်ကာ အမည်တပ်ထားရတယ်။ တကယ်အဲဒါတွေဟာ ဘာတစ်ခုမရှိဘူး။ အမည်သက်သက်ပဲ။ တကယ်ရှိတာ ရုပ်နဲ့ နာမ်ပဲ။ ဒီတော့ သတ္တဝါအစ၊ သံသရာအစကို ရှာတာ ရုပ်နဲ့ နာမ်ရဲ့အစကိုရှာတာပဲ။

သတ္တဝါအစ၊ ရုပ်နာမ်အစကိုရှာတာဟာ တစ်နည်းပြောရရင် အမေအစကိုရှာတာပဲ။ ခင်ဗျားတို့၊ ကျုပ်တို့မှာ အမေရှိတယ်။ အဲဒီအမေတွေမှာလည်း အမေရှိတယ်။ အဲဒီတော့ အစဦးဆုံး အမေဆီဘယ်တော့ရောက်မလဲ။

မြတ်စွာဘုရားက အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ ဟောတာ အကြောင်းကို ထုတ်လုပ်သူ၊ ဖြစ်စေသူလို့ပြောတာမဟုတ်ဘူး။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်လို့ပြောတာ။ အဲဒီအကြောင်းမှာလည်း သူဖြစ်ဖို့ အကြောင်းရှိသေးတယ်။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'လို့ ဆိုရာမှာ သင်္ခါရဖြစ်ဖို့ အဝိဇ္ဇာက အကြောင်းပဲ။ အဝိဇ္ဇာမှာလည်း အကြောင်းရှိသေးတယ်။ အဝိဇ္ဇာဖြစ်ဖို့အကြောင်းကအာသဝပဲ။ အာသဝမှာလည်း အကြောင်းရှိသေးတယ်။ အဲဒါကိုဆက်လိုက်မယ်ဆိုရင် အမေရဲ့အစကို လိုက်သလိုပဲ။

ကျွန်တော်နားလည်သလို ပြောရရင် အဝိဇ္ဇာဆိုတာ မသိခြင်း၊ တစ်နည်း အမှန်ကိုမသိခြင်း၊ တစ်နည်း အမှားကို အမှန်လို့သိခြင်းပဲ။ ဒါကြောင့် သံသရာမှာ ကျင်လည်ရတာ ဒုက္ခပဲဆိုတဲ့ အမှန်ကို သုခပဲဆိုပြီး မှားသိတာ၊ အဲဒီအသိမှားကြောင့် သံသရာမှာ ကျင်လည်ရကြောင်း ကံ (အလုပ်) သင်္ခါရတွေလုပ်တာ။ ဘုရားက အဝိဇ္ဇာက စဟောတာ။ ဘဝတွေရဖို့ အလုပ်လုပ်ရာမှာ အဝိဇ္ဇာကအဓိကဖြစ်တဲ့ အတွက်ပဲ။ ဝိဇ္ဇာက သတ္တဝါကို စထုတ်လုပ်တာ၊ ဖြစ်စေတာ မဟုတ်ဘူး။

ဒီတော့ အတိုဆုံး၊ အရှင်းဆုံး၊ အလွယ်ဆုံးပြောရရင် အဝိဇ္ဇာကြောင့် လွန်ခဲ့တဲ့ (ကပ်လျက်) ဘဝက ပြုလုပ်ခဲ့လို့ အခုလက်ရှိဘဝကိုရတာ။ ဒီဘဝမှာ တစ်ခါထပ်လုပ်တော့ အခုဘဝကသေရင် နောက်ဘဝကိုထပ်ရဦးမှာပဲ။ အဲဒီတော့ အတိတ်ဘဝ-၁၊ ပစ္စုပ္ပန်ဘဝ-၁၊ အနာဂတ်ဘဝ-၁ ဆိုပြီး သုံးဘဝနဲ့ပဲသိရင် အဝိဇ္ဇာနဲ့ သတ္တဝါပတ်သက်မှုကို သဘောပေါက်ပြီး အဝိဇ္ဇာကနေ ဥပါဒါနသတိ ဖြစ်စဉ်ကို (၁၂) ရပ်ကို အဲဒီကာလသုံးပါးမှာ သက်ဆိုင်ရာခွဲခြားပြီး ပြဆိုထားတာပဲ။ ဒီ (၁၂) ရပ်လုံးကိုတော့ ခင်ဗျားသိပြီးသားနေမှာပေါ့။ ခင်ဗျားမရှင်းတာက သတ္တဝါရဲ့အစ အဝိဇ္ဇာကလားဆိုတာပဲ။ သံသရာရဲ့အစကိုမသိနိုင်ဘူးလို့သာမှတ်လိုက်ပေတော့"

မေးသူက -

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာကြီး"

ဆိုပြီး ရှိခိုးပါသည်။

ကျွန်တော်ကလည်း -

"ကျေးဇူးတင်လိုက်တာ"

ဆိုပြီး ရှိခိုးပါသည်။

ဖြေသူက -

"အဘ၊ ကျွန်တော့်ထက် အများကြီးအသက်ကြီးပုံရပါတယ်။ ဘာလို့ ရှိခိုးရသလဲ"

ဟု ဆိုပါသည်။

ကျွန်တော်က -

"တရားကိုရှိခိုးတာ"

ဟု ဖြေလိုက်ပါသည်။

စာရှုသူများ မျှဝေသိရှိကြပါ။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် တွေးမူကြံမှု၊ လုပ်တိုင်မှုတို့၌ အများအားဖြင့် စဉ်းစားဉာဏ်ကိုမသုံးကြ။ အများ၏လုပ်ပုံကိုင်ပုံကို လိုက်၍လုပ်တတ်ကြလေသည်။ ကိုယ်တိုင် စဉ်းစဉ်းစားလွတ်လွတ်ကျွတ်လုပ်သူတား အလွန်နည်းပါးပေသည်လို့ ဆရာကြီး ပီမိုးနင်းက ဆိုဖူးပါတယ်။

'၁၉၈၆ ခုနှစ်မှာ ကျွန်တော်ဟာ ဇနီးသည်ကို -

သူတစ်ပါးအသက်နဲ့ အသက် မွေးတာ အကုသိုလ်အလုပ်ကြီးပါလို့ပြော ကြတယ်ဟုတ်လား။ အဲဒီလို အကုသိုလ် လို့ပြောကြတဲ့သူတွေကို ဝက်သားဈေး လို့ဆိုလိုက် အဲဒီအခိုက်မှာ ဝက်သားဟာ ချက်စားရာမှာ တွက်သားသိပ်ကိုက် ကြိုက်မှကြိုက်၊ ပြိုက်ခနဲကုန်သွားမယ် မှတ်။ နပ်ပါဟ အတုံးကြီးကြီးဆိုပြီး တစ်တုံးပြီးတစ်တုံး မုန်းမငြီး ပြုံးပြုံးကြီး နဲ့ ကျုံးကျုံးတီးချင်ကြသူတွေပါကွာ။ ပြီး တော့လေ ဒီလိုအကောင်ကြီးသား မောင်မင်းကြီးသားများကကြိုက်သတဲ့ ငါးအရှင်မစားချင်ပါဘူး။ အများအမြင် မှာ သနားကြင်နာမှုရှိသယောင်အထင် ကြပေမယ့် တမင်ဟန်ပြတွေပါ။ အဲ အထင်ခံ အကြောင်းပြု အလျင်အမြန်

# နေဝင်းဦး

(မြည်)

## ကျွန်တော့်တန်နှင့် ကံ-ကံ၏အကျ

www.burmeseclassic.com

www.burmeseclassic.com

ပီသာလေးနဲ့ ခေါင်းထုစေတာတွေပါ ဘွာ. . . လို့ အဲဒီလို စကားလေးတွေ ပလ္လင်ခံ ငါးမွေးရန်တမင်ကြံပြီး ငါးကန် တို့ အမှား၊ အမှန်မကြည့် အများအကြံ နောက်လိုက်ကာ မိုက်မဲစွာ မြူးပျော်ပြီး ဘူးဖော်ကာ ငါးမွေးမြူခြင်းအမှုပြုခဲ့မိ သောကြောင့်ပါ။

ငါးမွေးမြူပြီဆိုတော့ အခက်အခဲ ကိုမတွက်ဘဲလုပ်သူပီပီ ငါးဖော်ရန် ရေစုပ် စက်လိုလာပါတယ်။ ကိုယ်ပိုင်မရှိက ငှား သုံးရန်သာလိုပါတော့တယ်။ ရေစုပ်စက် ရှာရပါတယ်။ ငါးရွာက စက်ကောင်း တယ်ဆိုလို့ အခွင့်အရေးလက်မလွှတ်ဖို့ သွားကြပါတယ်။ ငါးရွာမရောက် ထန်း ပေါက်-ပြည်-အောင်လံသွားလမ်းမကြီး ဘေး ဗန်းပြပြီးဈေးရောင်းနေပါတယ်။

မုသားမပါ လက်ာမချောတဲ့ ဘယ်ခေတ်အခါ ဘယ်ဆရာကများ စတင်ချဲ့ထွင်ခဲ့လေသည်မသိ အတော် လေး ရေပန်းစားအသုံးများတဲ့ စကား လည်း ဖြစ်ပါတယ်။ အမှန်တကယ် မုသား နှောလည်း လက်ာချောမြဲပါပဲဆိုရင် ပိုတယ်မြင်မှာသေချာပါတယ်။ မုသား မနှော မြေဖြူနဲ့ရေးထားတဲ့ စားသောက် ဆိုင်တွင်းဝင်ခဲ့ရပါတယ်။

ထမင်းကြော်၊ မုန့်ဟင်းခါး/သုပ် များ စားဖွယ်အဖြစ် တွေ့ရပါတယ်။ သောက်ဖွယ်အဖြစ်လည်း တောအရက် များပေါချက်များ ဆိုရမတတ် လက်ဖက် ရည်အိုးမှာ ရေနွေးအစား အရက်များ အပြည့်ဖြည့်ထားတာ တွေ့ပါတယ်။

ဆိုင်ရှင်က အိုင်တင်မယ္ယူပါ။ လူလာသမျှ ပျူငှာပါတယ်။ အလွန် လေးစားစရာ အခွန်လေးများသာရှောင် တာကလွဲလို့ စေတနာထားရှာသူဖြစ်ပါ တယ်။ မစားခင် အစားဝင်အောင် တအားပင်သောက်ချင်သူများအတွက် အရန်သင့်ပင် ပြင်ထားပေးတာကြောင့် အတန်အသင့် မူးပစ်ကြမယ့်သူများက အထူးနှစ်သက်သွားကြပါတယ်။

အရက်ပြင်းပြင်း တစ်ခွက်ချင်း ဆက်ရက်မင်းစည်းစိမ်ကိုယူနေကြသလို အရက်အဖော်ကြွက်ကြော်နဲ့ခွက်မကျော် ကြေးသောက်၊ ရောက်တတ်ရာရာပြော လျှောက်ပြဿနာပေါ်နဲ့ တသောသော ရယ်မောနေကြတာတွေကိုထောက်ပြီး စားသောက်ဆိုင် ဟူသော သူ့စကား အလာ မုသားမပါ သစ္စာစကားသာ ဟစ်ကာကြွေးနေတဲ့အလား တွေးမိပါ တယ်။

ဒီမုသားမသုံး လူတရှန်းရှန်းဆိုင် တွင်းမှာ စက်ရှင် သူပါပဲလို့ လူပါဆွဲပြ လို့ (စူပါပဲဟလို့ စိတ်ထဲက) မှတ်ချက်ချ မိပါတယ်။ စက်ရှင်ဟာ ဟိုဟိုဒီဒီစူးစမ်း အကြည့်နဲ့ဝေ့ဝဲကြည့်ပြီး ဘာကိစ္စများပါ လိမ့်တဲ့။ ပြုံးပြီး ရေစုပ်စက်အငှားလိုက် တယ်ကြားလို့ ရေစုပ်စက်ငှားချင်လို့ လာခဲ့ကြောင်းပြောတော့ စက်ရှင်က လက်ခနဲပင် အပြုံးဆင်ပြီး ဟုတ်ကဲ့ - ကျွန်တော်ကလည်း ထူးဆန်းမှုရှိနေတဲ့ မျက်နှာသွင်ပြင်တွေကို ရေစက်စုတ်ပဲ ငှားမှာပါ။ စိတ်ရှည်ရှည်ထားသုံးပါလို့ ပြုံးလျက်ကပြောပါတယ်။ ရေစုပ်စက်၊ ရေစက်စုတ်။ ဟုတ်မှဟုတ်။ စက်ရှင် လက်ခနဲဆင်အပြုံးနဲ့ တမင် မသုံးခင်က စက်ဆိုတာ ပျက်ကိုပျက်တတ်တာပါ။ ပညာသားပါပါ ရေစက်စုတ်ပဲငှားမှာပါ လို့ ဖော်ရွေရယ်ရွှင်တဲ့အပြောနဲ့ပြောပါ တယ်။ဒီအပြောလောက် ငါ့တစ်ယောက် တော့ သူ့စက်ငှားလောက်တယ်လို့အပိုင် တွက်ထားတုန်း စက်များရှင်က သံပရာခြံ ကဘယ်လောက်ကျယ်လဲ၊ ဘယ်နှဧကရှိ လဲ စောကြောပါတော့တယ်။

ဒီအရပ်မှာ သံပရာခြံက လူတိုင်း လိုလိုမရှိကြသော်လည်း လူအတော် များများတော့ရှိတာများပါတယ်။ ငါးကန် ကသာ လူတိုင်းမလုပ်နိုင်တာ။ ဒါကြောင့် သံပရာခြံ ရေတင်ဖို့မဟုတ်။ ငါးကန်ပက် မလို့ပါလို့ ခပ်ဝင့်ဝင့်လေသံမြှင့်ပြောလိုက် ရာ သဘောမတိုက်ရှာတဲ့ စက်ရှင်ဟာ





www.burmeseclassic.com

www.burmeseclassic.com

တစ်သက်မှာ ငါးကန်ပက်ဖို့ဆိုရင် သူစက် မငှားပါဘူးတဲ့။ ပြတ်တယ်။လူအများ ကြား သူ့စကားကြားရစဉ်က နားဝမှာ ကြီးကျယ်တယ်ထင်မိ။ ဘဝင်မခိုျ မခံချင် စိတ်အလိပ်လိပ် ငယ်ထိပ်တက်မိတယ်။ သူ့ဖွတ်ချက် အထွတ်မတက် ဖွတ်ထွက် စွတ်စွတ်ပြီး စက်ရှာဝယ်ကာပက်ပါတော့ တယ်။

စိတ်ကြိုက်ပက်လိုက်တဲ့အခါ ငါး လုံးပေါ်အောင် ရေနည်းသွားပါတယ်။ ထိုစဉ် ငါးများဟိုဟိုဒီဒီပြေးလွှားကြတာ ကို မြင်ရပါတယ်။ အမယ် - ငါ့ငါးတွေ တယ်ကြီးပါလားလို့ ဝမ်းသာပီတိဖြစ်မိ ပါတယ်။ ဆက်လက်ပက်စေရာ (ရေ အနည်းငယ်ချန်) ရေခန်းသွားပါတယ်။

ဒီရေအခန်းမှာ ရှည်-ရှေ-စမ်းတဲ့ ကျွန်တော့်စိတ်အစဉ်ဟာ အတိတ်ရင်ခွင် သာသို့ တရိပ်ရိပ်နှင်ရှာပါတော့တယ်။

ကျွန်တော် အသက် (၁၀) နှစ်၊ (၁၁) နှစ်သားခန့်မှာ အဖေဆုံးပါးခဲ့ ပါတယ်။ အဖေ့အသုဘကို ရပ်ဝေးက ဆွေမျိုးဉာတကာတို့ရဲ့ အလာအသွား ငဲ့ကွက်ပြီး ရက်ရှည်ရှည်ထားမှဖြစ်မယ်ဆို ပြီး (၇) ရက်ထားကြပါတယ်။ အသုဘ ကို ဆိုင်းဝိုင်းနဲ့ချမယ်။ ဘယ်သူ့ဆိုင်း ကောင်းသလဲ။ ကောင်းတဲ့ဆိုင်းသာရှာ ငှားခဲ့ကြလို့ မှာကြားကာ ဆိုင်းငှားရန် သွားသူကသွားကြပါတယ်။ နာရေး မဏ္ဍပ်ကို အရှေ့ဘက်မှ သံယာစင်ပါ အရှေ့၊ အနောက်ရှည်ရှည်ထိုးစေပါ တယ်။ အနောက်ဘက်မှ ဆိုင်းဝိုင်း စတိတ်ခုံအတွက်လည်း တစ်ဆက်တည်း အပြီးအစီး စီစဉ်ကြပါတယ်။

(၆) ရက်မြောက်ညဆိုင်းအဝင်မှာ စိန်လက်သန်းဆိုင်းဝိုင်းနဲ့ ဧည့်ခံပါတယ်။ တစ်ခန်းရပ်ပြဇာတ်ကပြရာ လူပြက် နှစ်ယောက်မှာ တစ်ယောက်က မျက်နှာ တစ်ပြင်လုံးကို ထုံးသုတ်ထားတဲ့အလား ဖွေးဖွေးလှုပ်လိမ်းခြယ်ထားပြီး ဘော်လီ အင်္ကျီက ဆိုဒ်အကြီးကြီး။ လူပြက်က ပိန်ညှောင်ညှောင်ပါ။ ဘာလုပ်သလဲဆို တော့ အုန်းသီးကြီးကြီးခြစ်ပြီးသား အခွံ တစ်ခြမ်းကို ဘော်လီတစ်ဖက်မှာထည့်၊ နောက်တစ်ခြမ်းကိုလည်း ကျန်ဘော်လီ တစ်ဖက်မှာထည့်ထားတဲ့အခါ တင်းရင်း ချွန်ထွက်နေတော့ တူပြိပေါ့နော်။ ရင်ကို ကော့ကံကားလုပ်ပြီး နှုတ်ကလည်း ထထတို့ကတော့ ခပ်တင်းတင်းပဲ ဆိုခိုက် ထိုအခိုက် အငှားထည့်ထားတဲ့အုန်းသီးခွံ ကထွက်ကျလိုက် ကပျာကယာကောက် ထည့်လိုက်နဲ့ တဟားဟားပွဲကျလို့ပေါ့။

နောက်ထပ်လူပြက်တစ်ယောက် က တောရွာတွေမှာ စပါးလှိုန်းတဲ့ ဖျာ ကိုလိပ်ပြီး ဘယ်လက်မှာကိုင်၊ ညာလက် မှ မီးဆိုက်ပြီးစ ထင်းစကြီးတစ်ချောင်း ကို ဖောင်တိန်သဖွယ်ကိုင်လျက် စတိုင် နဲ့ ထွက်အလာ အသံသရုပ်ဆောင်က (ထိုသူအား စတိတ်ခုံပေါ် တွင်မတွေ့ရ) နာမည်က ခင်ထထတဲ့ခင်ဗျာ။ ခင်ထထရဲ့ ရင်ကြွကြွကို ပြင်အဆင်အလုပ်နေတာ ဟာ အိုရှုပ်ပွေလှပါတယ်ဆိုတဲ့ ရုပ်ရည် ကဆိုးဆိုး သူခိုးကျိုးပိုးရုပ်နဲ့ပိုးရိုးလုပ်နေ ရာမှာတော့ ရုပ်ရည်လေးများ လှလှပပ ဖွေးဖွေးရွရွဆိုရင် ရည်းစားစာပေးဖို့ လုပ်လာပြီ။ ဟုတ်ပါပြီ၊ သူ့ရဲ့ချစ်ဒီဂရီက မြစ်နဒီပင်လယ်တမျှ ကြီးကျယ်တာကို ပြီးစလွယ်သာ စာရွက်သေးသေးလေးနဲ့ ရေးပြရင် မလုံလောက်မှာစိုးလို့ ဖျာလိပ် ကို စာလိပ်လုပ်ပြီးဖြန့်နေပါပြီ။ ရည်းစား စာရေးပါတော့မယ်။

ဟိုလူက ရေးဟန်ပြုတာနဲ့ အသံ ရှင်က သို့. . . ချစ်ရပါသော နမ (နွားမ) ခင့်ကိုမြင်ကတည်းက ရေနည်းငါးကဲ့သို့၊ ခင့်ကိုမြင်ကတည်းက ရေနည်းငါးကဲ့သို့ လို့ ဖျာတစ်ချပ်လုံးပြည့်ရေးဟန်နဲ့ အသံ ကိုက်စေပြီး အင်း. . . ရည်းစားစာတော့ ရေးပြီးသွားပြီ။ ပေးဖို့ပဲကျန်တော့တယ်။ စာလိပ်ကိုခေါက်ဦးမှလုပ်နေတုန်း. . .

ခင်ထထက ဖင်တကြွကြွနဲ့ခင်ဗျာ။ စိတ်မရှည်တော့ပါဘူး။ သူ့ပေးမစောင့် ဘဲ ဆောင့်ဆွဲလုယူသွားပါတယ်ခင်ဗျာ။ ခင်ထထက ဖတ်ဟန်ပြုတာနဲ့ သို့. . . ချစ်ရပါသော နမ (နွားမ)၊ ခင့်ကိုမြင်က တည်းက ရေနည်းငါးကဲ့သို့လို့ အသံ ထွက်ပြီးရပ်သွားပါတယ်။ ဒီအခါမှာ ရည်းစားစာပေးမယ့်လူပြက်က စတိတ်ခုံ ပေါ်မှာ ပျာယာခတ်ပြီး ဟိုပြေးဒီပြေး ပြေးရင်းမှ ဖျတ်ခနဲ လှဲအချ ငါးများကဲ့သို့ ဖျတ်ဖျတ်လူးခုန်ပျံပြီး ပူဆွေးဟန်လုပ်နေ ပါတယ်။ ငါးလူးကြီးခင်ဗျ၊ လူးလှိမ့်ပူဆွေး ငိုကြွေးနေတာ သနားစရာပါခင်ဗျာ ဆိုလေ ဖျတ်ဖျတ်လူးလေ။

ဒီအချိန် ခင်ထထမှ ဖျာကြီးတစ် ချပ်လုံး ခံစားချက်အပြည့်ရေးထားတာ ဆက်ဖက်ဦးမှဆိုပြီး ဖတ်ဟန်ပြုသော် လည်း အသံသရုပ်ဆောင်ကအသံထုတ် မပေးဘဲ ဘာပြောလဲဆိုတော့ ဟိုမှာ ရေနည်းငါးလို တင်စားချက်တစ်ခုနဲ့တင် ရင်များဟက်တက်ကွဲမတတ် အချစ်မီး တောက်ပူဆွေးသောက ဘယ်လောက် ရောက်နေလဲဆိုတာ ကြည့်လည်းကြည့် ကြည့်ပါဦးဆိုတော့ ဒီအခြေအနေမှာ

ငါးလုပ်တဲ့လူပြက်က လူးလျက်လိမ့်လူ[...] ငိုကြွေးလျက်လုပ်လေလေ။

ဒီလို ခုန်ပျံငိုကြွေးပူဆွေးရာ[...] ခေါင်းပိုင်းနဲ့ ခြေထောက်ပိုင်းက ငြိမ်[...] သားကောင်းသလောက် အလယ်ခါး[...] မှ ခုန်ပျံပါများလာတော့ တဖြည်းဖြည်း[...] ပုဆိုးက ပြေလျော့ကျ၊ ပုဆိုးကကျ[...] (ဘောင်းဘီအသားကပ်ကလေးနဲ့ပါ) [...] ကို တသောသောပွဲကျကြတာ။ ဟို[...] စဉ်က လူပြက်က ငါးလူးကြီးလို့ဆိုတာ[...] တောသားက ငါးလူးဆိုတာ သေး[...] ငါးလေးလေ။ လူပြက်က ငါးလူးကြီး[...] တော့ ရယ်တာပေါ့နော်။

တကယ်တော့ လူပြက်တွေ[...] ဇကနိပါတ်၊ မဟာဇနကဇာတ်ရဲ့ အချစ်အ[...] ပူဆွေးငိုကြွေးရာမှာ အငိုကောင်း[...] ပိုကောင်းတဲ့ဘဝရတဲ့ ငါးထူးကြီး[...] ကိုမှီပြီး ကပြတာပါ။ ငါးထူးကြီးဆို[...] ကို ကျွန်တော်တို့က ငါးလူးကြီးမှတ်[...] ရယ်မိတာပါ။ အဲဒီငါးထူးကြီးရဲ့ အ[...] ကြီးပုံကိုလည်း ပြောပြဦးမှသာ ဆက်[...] လို့ရမှာပါ။

မြစ်နဒီမှာ ချစ်ဒီဂရီပါဝါမှ[...] ငါးရယ်လို့မှတ်ကြစရာ ဇာတ်အငြ[...] ဇကနိပါတ် (၃၄) မှာ ကုံးဖွဲ့ရေးထား[...] က မဟာမဇ္ဈနဲ့ အခါခါချစ်မဝတဲ့ [...] မဇ္ဈတို့ငါးဇနီးမောင်နှံနှစ်ဦး မြစ်နဒီ[...] ချစ်ရည်လူးကာ မြူးထူးလျက် [...] ကျက်စားစဉ် သက်ထားခင် ကညာ[...] မှ တံငါသည်ပစ်ချတဲ့ ပိုက်ကွန်[...] ခဏနဲ့ ရှောင်ကွင်းနိုင်ခဲ့သော်[...] မောင်မင်း မဟာမဇ္ဈကြီး ကညာ[...] နောက်မှ အချစ်ဇောနဲ့ နစ်မျောလို[...] လျက် လိုက်လွှန်ခက်ကြောင့် ပိုက်[...] ချက်မှာမိသွားရှာပါတော့တယ်။

တံငါသည်များ လျှာလည်[...] အောင် သွားရေယိုစရာ ငါးရွှေဖိုသ[...] ချောချောကြီးရှလို့ စောစောစီး[...] သဲသောင်ပြင်မှာချပြီး ဒီကော[...] ကို ဘယ်လိုလုပ်ပြီးစားရကောင်း[...] တစ်ချောင်းတည်းသော တံကျင်တ[...] မီးကိုဖိုလိုသလိုပြုလုပ်နေတာကို မြ[...] တဲ့ငါးထီးကြီးက မိမိရဲ့ ခံတွင်းအစ[...] တိုင်အောင် တံကျင်လျှိုသွင်းရင် [...] တွင်းက နာကျင်ခံစားရမယ့်ဒုက္ခ [...] ခဲရဲရဲမှာ တရှဲရှဲနဲ့အကင်ခံရမယ့်[...] ဒီဒုက္ခတွေ ကျုပ်ကလေ ပြင်းတော[...] သေးတဲ့။ လူ့စကားနဲ့ပြောရရင် [...] ပေါက်တာလောက် မနာပါဘူး။ အဲ[...] နာတာကတော့ ချစ်မဝတဲ့ မ[...] တထစ်ချတွေးမှာက သူ့အ[...]



www.burmeseclassic.com

www.burmeseclassic.com

အချစ်သစ်ရှာပြေးလေသလား အထင်များမှာပဲစိုးရိမ်ပါတယ်လို့ ပူဆွေးကာ ငိုကြွေးနေရှာတယ်။

ဒါ ဗြာဟ္မဒတ်တိုင်းပြည်မှာဖြစ်ခဲ့တာပါ။ ငါးထီးကြီးရဲ့ပူဆွေးငိုကြွေးသံကို ဗြဟ္မဒတ်တစ်တိုင်းပြည်လုံးကလူတွေက မသိနိုင်ပေမယ့်လည်း အဲဒီဗြာဟ္မဒတ်မင်းရဲ့ ပုရောဟိတ်ဖြစ်တဲ့ သဗ္ဗရုတညူ ပုရောဟိတ်ပေါ့။ သူက ဘုရားအလောင်း ပုရောဟိတ်။ ဘုရားလောင်း ပုရောဟိတ် မြစ်ဆိပ်ကို ရေချိုးဆင်းအလာ ငါးထီးကြီးရဲ့ငိုကြွေးသံကြားတယ်။ ကိလေသဝသီကောတဲ့။ အင်း . . . ကိလေသာ လတ်ချက်နဲ့ အသက်ထွက်မတတ် ငိုကြွေးနေရှာတာပါလား။ အာတုရ စိတ္တော - ကိလေသာနှိပ်စက်သောစိတ်နဲ့သေရင် ငရဲသွားရလိမ့်မယ်။ ငါဒီငါးရဲ့ မှီခိုရာဖြစ်စေရမယ်ဆိုပြီး တံငါသည်တို့ထံသွားကာ ဘယ်လိုလဲ ကိုတံငါတို့။ ငါးဟင်းလျာတစ်ရက်စာမျှမဆက်လာကြပါလားလို့ အချက်ရှာ စကားစလေလျှင် ဒီလိုမပြောပါနဲ့၊ အရှင်ကြိုက်နှစ်သက်ရာငါးယူသွားပါတဲ့။ အခြားငါးမယူချင်။ ဒီငါးကြီးသာယူသွားမည် ဖြစ်ကြောင်း ပြောပြီး လက်နှစ်ဖက်နဲ့ ငါးထီးကြီးကိုယူ၊ မြစ်ရေဆွင်ချမလွှတ်မီမှာ အဆွေငါး၊ ဒီနေ့ ငါနဲ့တွေ့လို့သာ။ မတွေ့ရရင် သင်သေပြီ။ ခုချိန်ကစပြီး ကိလေသာအလိုပိုမလိုက်နဲ့လို့ ဩဝါဒပေးပြီးလွှတ်ပေးလိုက်ပါတယ်။ ငါးထီးကြီးဘဝက လွန်တော့ ဟိုဘက်ဘဝမှာ ရဟန်းဖြစ် ကိလေသာ လက်ချက်ဆက်လျက်လိုက်တာတွေအထိ ဒီဇာတ်ကိုမသွားလိုတော့ဘူး

သွားချင်နေတာက အဲဒီမစ္ဆဇာတ်ရဲ့အဓိကအစိတ်အပိုင်းကိုယူပြီး လူပြက်တို့ အပြောင်အပြက်ပြက်တဲ့ ခင့်ကိုမြင်ကတည်းက ရေနည်းငါးကဲ့သို့ ဟူသော တင်စားချက်က ရင်ဖျားထက်မှာရှိတဲ့ ကျွန်တော့်နှလုံးသားအား ဒုန်းခနဲ အားနဲ့ အဆောင့်သွားခြင်းခံရတဲ့ခံစားချက်ဆီသို့ပါ။

ဒီလိုပါ။ မိမိ စက်နဲ့ စိတ်ကြိုက်[illegible]ပြီး ရေနည်းအသွား ရေနည်းငါးတို့ သဘာဝ ရေနဲ့ကင်းလို့ အသက်ရှင်ခြင်း[illegible] မစွမ်းသာတဲ့ပုံရိပ်ကို ပုစွန်ဆိတ်[illegible]လေးများ၊ အခြားငါးနုတ်ငါးဖွဲ့များ၊ [illegible]ညှော်မဖော်ပြတတ်တဲ့ အကောင်[illegible]လောင်လေးများ ပြေးလွှားခုန်လိုက်ပျံ[illegible]တ် ဗျာဆိုက်နေလိုက်ကြတာ မြင်[illegible]ကောင်းရှုမကောင်း တ[illegible]ောင်းနေဒဏ်ဘယ်လာကြာရှည်ခံလေမလဲဗျာ။ ငြိမ်ကျသွားတာနဲ့အမျှ သေကုန်ကြတော့တာပါပဲ။ ကန်မြေတစ်ပြင်တစ်ခွင်လုံးဖျာခင်းတဲ့အလား ပြည့်နှက်သွားပါတော့တယ်။ ကျွန်တော်ရဲ့စိတ်ကူးယဉ်ထဲမှာ အစက အဲဒါတွေမပါဘူး။ လုံးဝလုံးဝမပါဘူး။ အဲဒီလို ဖျတ်ဖျတ်လူးခုန်ပျံလို့ သေပုံမြန်တဲ့အခြင်းအရာက အတင်းလာဆွတာကြောင့် ဟိုငယ်စဉ်က ကြည့်ခဲ့ရတဲ့ လူပြက်များရဲ့ ခင့်ကိုမြင်ကတည်းက ရေနည်းငါးကဲ့သို့ တင်စားချက်အား မြင်သွားလျက်သား ဖြစ်မိသွားပါတော့တယ်။

ကပ်ကမ္ဘာအနန္တမှာ သတ္တဝါမှန်သမျှဟာ ပဋိသန္ဓေစိတ်ကပင် ဘဝနိကန္တိကလောဘဇောကစောခဲ့ပြီးသားပဲ။လိုချင်တပ်မက် နှစ်သက် တွယ်တာတတ်တာလောဘ။ ဒီလောဘရဲ့ လိုချင်တပ်မက်နှစ်သက်တွယ်တာတတ်တဲ့သဘောက တိမ်းစောင်းပျောင်းလွဲသွားရိုးထုံးစံမှမရှိဘဲ လူမှာရှိတဲ့ လောဘက လိုချင်တယ်၊ တပ်မက် နှစ်သက် တွယ်တာတတ်တဲ့သဘောရှိသလို ငါးမှာရှိတဲ့လောဘကလည်း လိုချင်တပ်မက်နှစ်သက်တွယ်တာတတ်တဲ့သဘောရှိတယ်။ ဒီလောဘကြောင့်သာ ကိုယ့်ဘဝကိုယ်ပဲ ပျော်နေကြတာ။ အခုတော့ ကျိုက်ကျိုက်ဆူပူပြင်းလှတဲ့ တပေါင်းနွေနေ့လယ်မှာ ငါးတည်းဟူသော အကြောင်းရှည်ကြောင့်သာ သတ္တဝါတွေ ဒုက္ခရောက်ပြီ။ အင်း- ငါတော့ လုပ်ငန်းမှားသွားပြီ။ ဟိုငါးပက်ဖို့ စက်မငှားတဲ့သူကို အူတူတူလို့မြင်မိတာလည်း မှားပြန်တာပဲ။ တကယ်တော့ သူကငွေရပြီးရောမလုပ်ဘူး၊ ငါကသာ ငွေရပြီးရော သဘောထားလုပ်ဆောင်မိလို့ မှားပြီ၊ သိပ်မှားသွားပြီလို့ စိတ်ထဲကြိတ်ခဲမရ ထိထိရှရှခံစားသွားရပါတော့တယ်။ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ဖြစ်ပြီး ဖျောက်ဖျက်မရအောင် နှောင့်ယှက်လှပါတယ်။ ဘယ်လိုလုပ်ရင်ကောင်းမလဲတစ်ကြောင်းတည်းကိုသာ စဉ်းစားလျက်ရှိနေပါတယ်။

ကျွန်တော်တို့တပ်ခွဲမှာ ဗေဒင်လက္ခဏာနဲ့နီးစပ်၊ ဟိုနီးစပ်ဒီနီးစပ်လို့ ဖြီးဖြန်းတတ်သောကြောင့်ပဲလားမသိ။ စစ်သည်အများစုက ဘိုးတော်လို့ခေါ်ဝေါ်သမုတ်ခြင်းခံရတဲ့ စစ်သည်တစ်ဦးရှိခဲ့ဖူးပါတယ်။ အဲဒီဘိုးတော်က တပ်ကြပ်ကြီးအဆင့်ရှိသူ ဖြစ်ပါတယ်။ ဘိုးတော်ဆိုသူက စစ်သည်များ(လိုင်းစစ်)ဆေးခန်းလိုက်တဲ့အထဲမှာ ပါဝင်လာတာတွေ့ရပါတယ်။ မိမိဆေးခန်းမှာ ကုသရမယ့်သူများ၊ အားဆေးထိုးဆေးပေးလုပ်သင့်သူများလုပ်ပေး၊ ခုတင် (၁၀၀) သွားသင့်သူများ၊ သွားရမည့်သူများကို ဖောင်တွင်ဖြည့်လက်မှတ်ထိုးပေးပြီး လုပ်ငန်းအေးသွားမှ လူနာရှင်းတုန်း ဘိုးတော်နဲ့ ရင်ဖွင့်ဖြစ်သွားပါတယ်။ ဟိုသီလရှင်ထူးထံလိုက်ပို့ပေးမယ်၊ သူ့ကို ဆေးနားပေးပါတဲ့။ ဟုတ်သားပဲ၊ သူတို့က ဆေးခွင့်လက်မှတ်မပြနိုင်လျှင် စက်ရုံပြင်ပထွက်ခွင့်မှမရတာ။ အနားပေးနဲ့အလဲအထပ်လုပ်လိုက်ပါတယ်။ ရုံးပြန်သတင်းပို့ပြီးသွားကြတာပေါ့ဆိုပြီး စောင့်ရပါတယ်။ အခုသွားမယ့် သီလရှင်အကြားအမြင်ရပုံများ၊ တစ်နေ့ ဘုရားဘယ်နှကြိမ်ဝတ်တက်၍ တရားဘယ်နှကြိမ်ထိုင်ပုံတို့ကို ပြောလျက် သူဦးဆောင်ရာလိုက်နေရသော်လည်း ကြားတစ်ချက်မကြားတစ်ချက် အားပျက်လျက်နဲ့ပဲ သီလရှင်ဆရာကြီးနဲ့ တစ်ခါတည်းတန်းတွေ့ရပါတယ်။ ဘိုးတော်မှ လာရင်းအကြောင်းပြောပြရာ -

သီလရှင်ဆရာကြီးမှ သီဟိုဠ်သာသနာမှာ လူ့အသက်ပေါင်းများစွာသတ်ပြီး အိပ်မပျော်တဲ့ ထင်ရှားတဲ့ မင်းတစ်ပါး ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ သူ့အသက်ပေါင်းများစွာသတ်ပြီး အိပ်မပျော်တဲ့လူတစ်ယောက်တိုးလာတယ်ဆိုတော့လည်း ထိုအကြောင်းပြောပြရသေးတာပေါ့အစချီပြီး ဈာန်အဘိညာဉ်ရတဲ့ ရဟန်းတော်တွေ ကောင်းကင်ခရီးမှာ လူးလာတဲ့ခါက် ပျံသန်းနေလို့ စပါးတွေလှန်းထားတာ တော်တော်နဲ့ မခြောက်သွေ့တဲ့အတွက် ဒကာမတွေညည်းညူယူရတဲ့အထိ သာသနာထွန်းကားခဲ့တဲ့ သီဟိုဠ်သာသနာအကြောင်းပြောရင် အဆောတလျှင် မပြောရင်မဖြစ်တဲ့ ဒုဋ္ဌဂါမဏိမင်းအကြောင်းမပါဘဲ ချန်လှပ်ထားလို့မရပြန်ဘူး။ ချန်လှပ်ထားလို့ကို မရအောင်ဘဲ ဒုဋ္ဌဂါမဏိမင်းက သာသနာအတွက် အလုပ်လုပ်ခဲ့တဲ့မင်းပါ။ ဒီဒုဋ္ဌဂါမဏိမင်းရဲ့ နှီးနွှယ်ရာကို ဖြီးစလွယ်သာ၍ပြောလို့မဖြစ်ပါ။

ဒုဋ္ဌဂါမဏိငါးနှစ်သားအရွယ်မှာ သူ့ဖခမည်းတော်က သံဃာငါးရာပင့်ပြီး ဆွမ်းကျွေးပါတယ်။ ပို့တဲ့ဆွမ်းကို ရှေးနည်းအတိုင်းကျွေးပြီး ပထမထမင်းတစ်ပန်းကန်ကို ချစ်သားတို့ ငါတို့ဘိုးစဉ်ဘောင်ဆက်ကိုးကွယ်ခဲ့တဲ့ဘုရားသာသနာတော်ကို မသိကျိုးကျွန် မျက်ကွယ်ပြု



www.burmeseclassic.com

www.burmeseclassic.com

ရင် ဤအစာသည် အစာမကြေဖြစ်ပါစေသတည်းဆိုပြီး ကျွေးတဲ့အခါမှာ ညီအစ်ကိုနှစ်ဦး အားရရွှင်မြူးစွာ စားသုံးကြပါတယ်။ နောက်တစ်ခါ တစ်ဦးနဲ့တစ်ဦး ဘယ်သောအခါမှ မသင့်မတင့်မဖြစ်ပါ။ ဖြစ်ခဲ့လျှင် ဤအစာသည် အစာမကြေဖြစ်ပါစေသတည်းဟု ကျွေးပြန်တော့လည်း အားရဝမ်းသာစားလိုက်ကြပါတယ်။ တုတိယပန်းကန်ကိုပေးပြီး မိစ္ဆာဒိဋ္ဌိကျေးကုလားများနဲ့ မည်သည့်အခါမျှ စစ်မဖြစ်ပါ။ စစ်ဖြစ်လျှင် အစာမကြေဖြစ်ပါစေသတည်းဆိုပြီး ကျွေးတဲ့အခါကျတော့ မစားကြတော့ဘဲ အစာတွေကို ဘေးသို့ပစ်ထုတ်လိုက်ပြီး သားကြီး ဒုဋ္ဌဂါမဏိက အိပ်ရာမှာ သွားပြီး ခွေခွေကြီးအိပ်နေပါတယ်။ မယ်တော်က နောက်မှလိုက်လာပြီး ချစ်သား ဂါမဏိ၊ ဘာဖြစ်လို့ ခွေခွေကြီးအိပ်နေရတာလဲ။ ခြေ၊ လက်တွေဆန့်တန်းပြီး လွတ်လွတ်လပ်လပ်အိပ်ပါတော့လားပြောတဲ့အခါ ဒုဋ္ဌဂါမဏိက မယ်တော်ဘုရား ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာ သာသနာဖျက်မိစ္ဆာဒိဋ္ဌိကျေးလူမျိုးတွေနေနေကြတယ်။ ဂေါဋ္ဌသမုဒ္ဒရာကြီးကလည်း အိမ်နားမှာကပ်နေတယ်။ ဒီလောက်ကျဉ်းကျပ်နေတာသားတော် ဘယ်လိုလုပ် ခြေ၊ လက်တွေဆန့်တန်းပြီးအိပ်လို့ရမှာလဲလို့ ပြန်ပြောလိုက်ပါတယ်။

ဒီစကားကို ဖခမည်းတော်ကြားတော့ စိတ်ထဲက ကျိတ်ပြီးသိပ်ကြီးအားရကျေနပ်ဖြစ်နေမိတယ်။ ငယ်စဉ်ကတည်းက အမျိုးဘာသာသာသနာကိုချစ်တဲ့စိတ်ရိုက်သွင်းပုံဖော်ပေးလိုက်တဲ့သဘောပါ။ ဒုဋ္ဌဂါမဏိရဲ့ဗီဇကိုက မျိုးချစ်စိတ်ကပ်ပါလာတဲ့သဘောဆောင်ပါတယ်။ ဒီလို ဒုဋ္ဌဂါမဏိရဲ့ဂုဏ်မသိမ်လှတဲ့ ပုံရိပ်အစကိုပြောရင် သူ့ရဲ့ပါရမီဖြည့်ဖက် အဘယစစ်သူကြီးလည်း အူဝဲအူဝဲနဲ့ လူ့လောကထဲစဝင်ကတည်းက အမျိုးဘာသာသာသနာချစ်စိတ်ကို အခြေတည် ကြီးပြင်းခဲ့တဲ့သူဖြစ်ပါတယ်။ ဒုဋ္ဌဂါမဏိရဲ့ဖခမည်းတော်လက်ထက် သူ့ရဲ့ကောင်းဆယ်ဦးပေါ် ထွန်းခဲ့တဲ့အထဲမှာ အဘယစစ်သူကြီးလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့ပါတယ်။

အဘယဟာ ငယ်စဉ်ကတည်းက သူမတူထားခြားတဲ့ခွန်အားဗလကြီးမားခဲ့တဲ့သူ ဖြစ်ပါတယ်။ လူငါးယောက်ဝိုင်းပြီး မ,ချီတာတောင်မကြွတဲ့ ကျောက်ဖျာကြီးတွေကို ထွေလုပ်ပြီး ကစားနိုင်တဲ့သူပါ။ အဘယ (၁၆) နှစ်သားအရွယ်မှာ သူ့ဖခင်က (၁၆) တောင်ရှိတဲ့ တုတ်ကိုလုပ် ပေးထားပါတယ်။ အဲဒီတုတ်နဲ့ အုန်းပင်၊ ထန်းပင်တွေကို ရိုက်ချိုးနိုင်တဲ့အထိ အားကောင်းမောင်းသန်ဖြစ်ခဲ့ပါတယ်။ အဘယသတင်းက တစ်ဆင့်စကားတစ်ဆင့်ကြားရင်း မင်းကြီးနားရောက်သွားပါတယ်။ဒါပေမယ့် အဘယရဲ့ဖခင်က သူ့သားကို မင်းမှုထမ်းမဖြစ်စေလိုတာနဲ့ သာမဏေပြုပေးရန် အမြန်စီစဉ်ရာမှာ သူကိုယ်တိုင် ဦးစွာ သာသနာဘောင်ဝင်လိုက်ပါတယ်။ ပြီးမှ သူ့ရဲ့သားအဘယကိုသာမဏေပြုပေးလိုက်ပါတယ်။ အဘယသာမဏေက ရဟန်းသံဃာတော်များအတွက် အုန်းပင်၊ ထန်းပင်စတဲ့ စားပင်သောက်ပင်တွေကို ကျောင်းထဲမှာ စိုက်ပျိုးထားပါတယ်။

ဒီလိုနဲ့ နေလာလိုက်တာ တစ်နေ့အဘယသာမဏေ ရွာတွင်းသို့ဝင်နေတုန်း ဖြူန်းဆို မင်းကြီးရဲ့သူ့ရဲကောင်းတစ်ယောက်ဖြစ်တဲ့ ကောဋ္ဌတိမ္ဗရက အဖော်တွေနဲ့ ကျောင်းထဲကိုရောက်လာပါတယ်။ နောက်ပါအဖော်တွေက အုန်းပင်တွေပေါ် မော့ကြည့်ပြီး အုန်းသီးစားချင်ကြောင်းပြောတာနဲ့ ကောဋ္ဌတိမ္ဗရက အုန်းပင်တွေကို လှုပ်ချပြီးကျွေးပါတယ်။ စားသောက်ပြီးတော့ ကျောင်းထဲမှာပဲ တစ်ရေးတစ်မော အိပ်နေလိုက်ကြပါတယ်။ မကြာမြင့်မီ အဘယသာမဏေ ပြန်ရောက်လာပါတယ်။ ထိုအခါ အုန်းပင်တွေကျိုးကြေနေတာရယ်၊ အုန်းခွံအုန်းဆံဖတ်တွေ ဖရိုဖရဲပြန့်ကျဲနေတာရယ် တွေ့ပြီးဒေါသထွက်သွားပါတယ်။ တရားခံမေးကြည့်လိုက်တော့ ကောဋ္ဌတိမ္ဗရဆိုတာ သိရတာနဲ့ သင်းက ကိုယ့်မှာအစွမ်းရှိလှပြီထင်နေတာ ငါ့အစွမ်းလည်းသိစေရမယ်ဆိုပြီး အိပ်နေတဲ့ ကောဋ္ဌတိမ္ဗကို ခြေမနဲ့ ညှပ်ပြီးဆွဲလှည့်လိုက်တာ သူ့ရဲကောင်းကောဋ္ဌတိမ္ဗရက ကိုယ့်အရိပ်ကို ပြန်တောင်မဟာန်နိုင်အောင်ဖြစ်သွားပါတယ်။ ဒါပေမယ့် ကောဋ္ဌတိမ္ဗရက စိတ်မဆိုးဘဲ အရှင်ဘုရား၊ တပည့်တော်တစ်ယောက်သာ ပြိုင်ဘက်မရှိ ခွန်အားရှိပြီထင်နေတာဘုရား။ အရှင်ဘုရားနဲ့တွေ့မှအဖော်ရတော့တယ်။ ဝမ်းမြောက်လှပါတယ်။ ဒီလောက်အစွမ်းရှိလှတာမင်းကြီးဆီမှာလာပြီးတော့အမှုထမ်းရင် တပည့်တော်ကဲ့သို့ သူကောင်းပြုခြင်းခံရမှာပါဘုရားလို့ လျှောက်ပါတယ်။ အဘယသာမဏေက မင်းချမ်းသာကိုအလိုမရှိ။ ငါမိဘတွေမှာ ရွှေငွေဥစ္စာများစွာရှိတယ်လို့ ပြန်မိန့်ပါတယ်။

သူ့ရဲကောင်းကောဋ္ဌတိမ္ဗရကလည်း လက်မလျှော့ပါဘူး။ အရှင်ဘုရား ဘာမှန်ပါတယ်။ ယခုအခါမှာ မိစ္ဆာဒိ ကျေးလူမျိုးတွေ ဗောဓိပင်နှင့်တ ကျောင်းကန်ဘုရားစေတီများကိုဖျက် နေတာ အရှင်ဘုရားလည်း အသိ ရဟန်းသံဃာတော်များကို စိတ်ဆင် ငြိုငြင်၊ ဒကာဒကာမတွေလည်း အက သေကျေပျက်စီးရဖြစ်နေတာကို မင် ရဲ့ သားတော်ကြီး ဂါမဏိနဲ့ပေါင် တိုင်းပြည်ရန်နဲ့ သာသနာရန်စွ အန္တရာယ်ကို အမှန်တကယ် ရှင်းလ ပစ်သင့်ပါတယ်။ ဒီလိုအစွမ်းရှိတဲ့သူ အနေနဲ့ အန္တရာယ်ရန်စွယ်မှန်သမျှ ရှ လင်းပြီးတဲ့အခါ သာသနာ့ဘောင်ပြန် ပြီး တရားအားထုတ်ရင်လည်း ရပါတ ဘုရားလို့အချက်ကျကျလျှောက်ပါတော့ တယ်။

ကောဋ္ဌတိမ္ဗရရဲ့စကားတွေထဲ တိုင်းပြည်ရန်နဲ့ သာသနာအတွက်ဆို စကားကပါလာလေတော့ တစ်ခါတည် လူထွက်ပစ်လိုက်ပါတယ်။ ဒါကတော့ အဘယစစ်သူကြီးလောင်းရဲ့ငယ်ဘော ဘဝအစပါပဲ။

ခမည်းတော် နတ်ရွာစံတဲ့အခ ထုံးစံအတိုင်း ညီအစ်ကိုနှစ်ဦး နန်းလု ပါတယ်။ပထမစစ်ထိုးပွဲမှာ ဒုဋ္ဌမဏိစ ပြီးထွက်ပြေးရပါတယ်။ သူ့နောက် သူ့ရဲ့အမတ်တိဿနှင့် မြင်းမတစ်ကော ပါလာခဲ့ပါတယ်။ ပြေးရင်းလွှား ညီတော်တိဿရဲ့ ဘေးကင်းလုံခြ တစ်နေရာရောက်တဲ့အခါနားကြပါတ ရင်ထဲမှာလည်း ဆာလောင်မွတ်သိပ် တာနဲ့ တိဿအမတ်ကို ဆာလိုက်တာ လို့ပြောတော့ တိဿအမတ်က ရွှေခွ ယူလာတဲ့ တစ်နပ်စာထမင်းကိုဆက်ထ ပါတယ်။ ဒီတော့ ဒုဋ္ဌဂါမဏိက အမော တိဿ၊ ငါသည် စားဦးစားဖျားကို မ ဘဲစားလေ့မရှိဘူး။ ဒါကြောင့် ဒီထမ ကိုလှူရန်တစ်ဖို့ ကျွန်ုပ်၊ သင်၊ မြင်း အတွက် တစ်ဖို့စီ လေးဖို့လေးပုံစုပုံ ပြီးရင် အလှူခံအရှင်တို့ ဆွမ်းအလှူခံ ပါလို့ ကြွေးကြော်လို့ စေခိုင်းပါတယ် တိဿအမတ်ရဲ့ ကြွေးကြော်သံကို ဒု ဂါမဏိအား သရဏဂုံပေးဖူးတဲ့ ဂေါ ထေရ်က ဒိဗ္ဗသောတအဘိညာဉ်နဲ့ကြ ရတော်မူလို့ တပည့်ရဟန်းတစ်ပါး ကြွပြီးအလှူခံစေပါတယ်။

စစ်ပြေးရင်းတောင် အလှူနဲ့မ ကွာတဲ့ ဒုဋ္ဌဂါမဏိမင်းဟာ ဒုတိ အကြိမ်စစ်ထိုးပွဲမှာ အနိုင်ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com

(၂) နှစ်ကျော်ကာလထိ အဘယစစ်သူကြီးနဲ့အတူ သာသနာဖျက် မိစ္ဆာဒိဋ္ဌိကျေးလူမျိုးတွေကို တိုက်ခိုက်အနိုင်ယူရာမှာ ငါအခုလို စစ်ထိုးခြင်းသည် မင်းချမ်းသာကို ခံစားစံစားလိုသောလှဲ့လဖြင့် စစ်ထိုးခြင်းမဟုတ်။ လူ၊ နတ်တို့အားထားရာ ဘုရားရှင်၏သာသနာတော်ကို ကောင်းစွာထားရှိလို၍သာ စစ်ထိုးခြင်း ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားကြောင့်ပဲ သစ္စာဆိုပြီး (၂) နှစ်ကျော် (၂၈)ကြိမ်ထိုင်တိုင် တိုက်ခိုက်ခဲ့ရတဲ့ ဒုဋ္ဌဂါမဏိဟာ တိုက်ပွဲတွေပြီးလို့ ထီးနန်းဥကင်ဖွင့်တဲ့အခါ တိုက်ရင်းခိုက်ရင်း လူတွေသတ်ခဲ့ရတာကိုတွေးပြီး သာသနာပြုချင်လို့လုပ်ရပေမယ့် အပါယ်လားမယ့်အလုပ်တွေများဖြစ်နေမလားဆိုပြီး အိပ်မပျော်ဖြစ်နေပါတယ်။

ဒီအကြောင်းကို အဘိညာဉ်ရရဟန္တာမထေရ်ကြီးတွေသိရတော့ ဒုဋ္ဌဂါမဏိမင်းကြီးဆီကို တရားပြဖို့ ရဟန္တာမထေရ် (၈) ပါးကို လွှတ်လိုက်ပါတယ်။ ဒုဋ္ဌဂါမဏိမင်းကလည်း မိမိခံစားနေရတဲ့အတွေးသောကကို အပြေးပြောပြပါတယ်။ ဒီတော့ ရဟန္တာမထေရ်များက ဒကာတော်မင်းကြီး၊ ဤကျေးစစ်သည်တော်တို့ကိုသတ်ဖြတ်ခြင်းတည်းဟူသောအဖြင့် နတ်ပြည်သို့လားခြင်းကိုလည်း တားမြစ်နိုင်။ မဂ်ဖိုလ်ရခြင်းကိုလည်း တားဆီးနိုင်။ များစွာသောကျေးစစ်သည်အပေါင်းတို့တွင် လူတစ်ယောက်နှင့်တစ်ပိုင်းကိုသာ သင်မင်းကြီးသတ်မိတာပါ။ ဤမှတစ်ပါးသောသူတို့ကတော့ ရွှာအယူရှိသူတို့သာဖြစ်တယ်။ ထိုသူတို့အား သားနွားတိရစ္ဆာန်နဲ့သာတူပါတယ်။ သားကို လည်းကောင်း၊ နွားကိုလည်းကောင်း သတ်သောအပြစ်မျှသာရှိပါတယ်။ မင်းကြီးနှလုံးမသာမယာမရှိပါလင့်တဲ့။ (လူတစ်ယောက် = သရဏဂုံနှင့်တကွ အင်္ဂါငါးပါးရှိသော သီလရှိသူ၊ လူတစ်ပိုင်း = သရဏဂုံမျှသာရှိသူ = သီတစ်ပါးမှမလုံခြုံ။)

တိစ္ဆဝစ္ဆတွေအားလုံးပြီးစီးတော့ မင်းကြီးက မိမိရဲ့ တိုက်ဖော်တိုက်ဖက်စစ်သူကြီးတွေကို ရာထူးဌာနန္တရတွေ ခန့်စီတိုယ်စီချီးမြှင့်ပါတယ်။ အသီးသီးရာထူးဌာနန္တရကြလို့ အဘယစစ်သူကြီးသာ မင်းကြီးပေးလာတဲ့ရာထူးကိုမယူဘဲနေပါတယ်။

ပြီးမှ လက်အုပ်ချီပြီး -

"အရှင်မင်းကြီး၊ အကျွန်ုပ်မှာတိုက်ရန်ရှိနေပါသေးတယ်"

"သင်တို့အရှင် ငါသည်ပင် မင်းဧကရာဇ်ဖြစ်နေပြီပဲ။ အဘယ်မည်သောစစ်ထိုးခြင်းကရှိသေးသနည်း"

"မြတ်သောမင်းကြီး၊ အကျွန်ုပ်အားအလွန်အောင်နိုင်ခဲသော ကိလေသာတည်းဟူသော ခိုးသူတို့စစ်ရှိနေပါတယ်။ ထိုကိလေသာရန်သူတို့နှင့် စစ်ထိုးခြင်းအမှုကိုပြုပါရစေ"

ဒုဋ္ဌဂါမဏိမင်းက အကြိမ်ကြိမ်တားပါသေးတယ်။ ဒါပေမယ့် အဘယစစ်သူကြီးမင်းက မင်းကြီးအား တောင်းပန်ပြီး ရဟန်းပြုသွားပါတော့တယ်။ နောက်များမကြာခင်မှာ မင်းကြီးဆီကို သတင်းတစ်ခုဝင်လာပါတယ်။ သတင်းကတော့ အဘယစစ်သူကြီး ရဟန္တာဖြစ်သွားပြီဆိုတဲ့သတင်းပါပဲ။ ဒီသတင်းကြားရတော့ မင်းကြီးက -

"သြော် - ငါစစ်ထိုးခဲ့တဲ့အမှုတွေက မဂ်ဖိုလ်နိဗ္ဗာန်ကိုမတားမြစ်ဘူးဆိုတဲ့ ရဟန္တာထေရ်မြတ်တွေရဲ့စကားဟာ မှန်ပါလား"

ဆိုပြီး စိတ်ကျေနပ်မှုရလိုက်ပါတယ်။

ဆိုတဲ့အကြောင်းပြောပြီး သောကနဲ့မောလျနေတဲ့ကျွန်တော့်အား သောကအစုစုမှလျော့ကျမှုရအောင် တရားပြဆိုဆုံးမမှုပေးသည့် သီလရှင်ဆရာကြီး၏တရားအား နာကြားပြီးသကာလအားရကျေနပ်မှုဖြစ်မိပါကြောင်း၊ ကျေးဇူးအထူးတင်ပါကြောင်းပြော၊ ကသောကမျောလောပြီးပြန်ခဲ့ကြပါတယ်။ ဘိုးတော်ကို ကျွန်တော်ကအနားပေးတာဆိုတော့ သူက ပြဿနာမရှိ ကျွန်တော်ကသာဆေးခန်းသို့ အပြေးလှမ်းရပါတော့တယ်။

အထက်ပါဒေသနာကိုသေအချာနာကြားအပြီး ဝေဒနာကွာပြီးစသာသာ ကျွန်တော်ဟာ ပါးစပ်က မနားတမ်းဆဲဆိုတိုင်းထွာအလုပ်လုပ်လေ့ရှိတဲ့ ငါးဖမ်းခေါင်းဆောင် ဦးလူမာအား အထူးသတိရလို့နေမိပါတော့တယ်။ ငါးကန်ဖော်စဉ်က သူ့နောက်လိုက်များလုပ်ပုံကိုင်ပုံသဘောမကျက ဒေါ်ပွပြီးတိုင်းထွာရင်း စိတ်နဲ့မာန်နဲ့လုပ်ကိုင်တာ အလွန်သွက်လက် အကွက်စေ့လှပါတယ်။ နေ့ဘက်မှာ ငါးဖမ်း၊ ပါးစပ်ကလည်း မနားတမ်းတိုင်းထွာခိုင်းတာလုပ်ရှာတဲ့ဦးလူမာကား ထူးသူပါတကား။

တစ်နေ့တာ လုပ်ငန်းသိမ်း ညဘက် စားသောက်ပြီးတာနှင့် ဦးလူမာဟာ အထူးပူဇာအဖြစ် ဘုရားဝတ်တက်ဝတ်ဖြည့်ပြုလုပ်လေတော့တယ်။ လုပ်အားခများရှင်းပေးရန်အသွား ဒီအခြင်းအရာမြင်ပြီး ကျွန်တော့်စိတ်ထဲတစ်မျိုးကြီးပဲဖြစ်ကာ ဘယ်လိုလဲဟာ၊ ဆန့်ကျင်ဘက်ကြီးပါလားတွေးနေစဉ် ဘဝင်မကျတဲ့အသွင်ပြနေတဲ့ ကျွန်တော့်အား မြင်ရတာနဲ့ တူဆရာရေ၊ သူတကာမေ့ပေမယ့် လူမာတို့ကတော့ ဘယ်တော့မှ ဘုရားမမေ့ဘူးတဲ့။ တံငါသည်လူမာဟာ ဉာဏ်သာတဲ့သူပါတဲ့။ ဘယ်နေရာမှာ သူတကာနဲ့မတူတာ ယူပါသလဲဆိုရင် ကျောင်းအမ ဝိသာခါကို ဘုရားရှင်က ချစ်သမီး ဝိသာခါ၊ ငါဘုရားရှင်အား သင်ဘယ်အခါများတွင်မေ့သလဲလို့ မေးတော်မူရာ သောတာပန်ဝိသာခါရဲ့ ပြောလာဟန်ကြည့်ပါတဲ့။ သူလင်နဲ့နေတဲ့အခါ ဘုရားရှင်အား မေ့ပါသတဲ့။ သည်တော့ ဘုရားရှင်က ဒါလည်း နောက်မမေ့နဲ့ဆိုတာသိရကတည်းက အမိအရပဲ။ သူတကာအမြင်မှာ ဘယ်သူကဘာထင်ထင်ဟာဆိုပြီး အခုလိုအချိန်ရသခိုက်မှာ ရထိုက်တာလေးရလိုက်အောင် ဆွဲလိုက်ရတာပဲတဲ့။ သည်ကဲ့သို့ တံငါသည်က ဘုရားရှင်အား ရှိသေညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးခြင်းကို အများအမြင်မှာ အလကားထွင်တာ အဂါရဝကြီးပါလို့ ယူမလား တူဆရာတဲ့။

ငါးမျှားနဲ့လို့ မပြောလိုဘူး မျှားတဲ့။ ဒါပေမယ့် ငါးမဟပ်ခင် ဗုဒ္ဓါနုဿတိလေးဖြစ်သွားအောင် အရဟံဂုဏ်တော်တော့ စူးစူးစိုက်စိုက်ပွားများနေလိုက်တဲ့။ ငါးဟပ်လာတော့ သုတ်လိုက်ပေါ့တဲ့။ ဘယ့်နှယ် - ဒီစကားကြီးက မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ကြီးပါလားလို့ဆိုချင်ကြလိမ့်မယ်တဲ့။ ကဲ - အိမ်တစ်ဆောင် မီးလောင်နေပါပြီတဲ့။ အဲဒီမီးကိုမငြိမ်းသတ်ဘဲ လက်ပိုက်ကြည့်နေလိုက်တယ်ဆိုရင် ဘာမှရလိုက်လိမ့်မယ်မဟုတ်ဘူး။ မီးလောင်ကတည်းကသာ ကြိုးကြိုးစားစား ငြိမ်းသတ်လိုက်မယ်ဆိုရင် ရသင့်ရထိုက်တာမရလိုက်ပေဘူးလားဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ကမ္မာ့ထုတ်ချင်းဟင်းလင်းအမြင်နှင့် ဘွင်းဘွင်းပင် မြွက်ကြားတဲ့စကားနှင့် ဦးလူမာရဲ့ အထက်ပါစကားဆက်ကာကြားကြည့်မှ တံငါသည်လူမာဟာ ဉာဏ်သာတဲ့သူပါ။ ဦးလူမာဆိုခဲ့သည်မှာ ဆိုထိုက်ပါပေတယ်ဟု။

သားစာမယားစာ ငါးဖားရှာကျွေးလင့်ကစား အတွေးမြင့်မားတဲ့ ရွှေးချင့်အားပြည့်ဉာဏ်သာ၍သာရသခိုက် ဆွဲပိုက်တဲ့အထုပ်ဟာ ရတနာအစစ်ထုပ်မို့



www.burmeseclassic.com

www.burmeseclassic.com

သာ ကပ္ပာကယာချစ်ကုတ်ပြီး ဦးလူမာ ဆွဲလိုက်တာကိုးလို့ မြင်မိသွားပါတယ်။ အရမ်းမြင်မဟုတ်ပါ။ စိတ်နှလုံးကိုပွား စေတတ်လို့ကောင်းမြတ်တယ်သတ်မှတ် ပြီး ထားအပ်ကုန်သော အမျိုးမျိုးသော သက်ရှိ သက်မဲ့အသုံးအဆောင်တို့မှာ တစ်စုံတစ်ခုသောရတနာသည်မျှ မြတ်စွာ ဘုရားရှင်နှင့်တူမျှသောရတနာမည်သည် မရှိ။ မြတ်စွာဘုရား တည်းဟူသော ရတနာသည်သာလျှင် သတ္တဝါအပေါင်း တို့အား ဘေးရန်ကင်းပျောက် ချမ်းသာ ရောက်အောင် စောင့်ရှောက် ကယ်တင် တော်မူတတ်သဖြင့် တစ်လောကလုံး နှစ်သက်မဆုံးကြတဲ့ သက်ရှိ သက်မဲ့ အသုံးအဆောင်ရတနာအပေါင်းတို့မှာ အကောင်းဆုံး၊ အသာလွန်ဆုံး၊ အမွန် မြတ်ဆုံး၊ အစစ်မှန်ဆုံးသော အားထား ရာ ဘုရားရတနာအစစ်ကြီး အဖြစ်ကြီး ဖြစ်ပါတယ်လို့ ရတနာအစစ်ကို ဖွင့်လှစ် ပြထားပါတယ်။ အဲဒီရတနာအစစ်ကို ဘယ်လိုလူတွေက ချစ်လို့သုံးစွဲသလဲဆို ရင် မလွယ်တွေ့ဖို့ ရှေးကံဖို့သည့် အချို့ သူသာ သုံးဆောင်ရာလို့ ရတနာရဲ့ အနက်ကို ဖွင့်ပြထားတာထောက်ပြီး ရသခိုက်အချိန်လေးမှာ အားစိုက်ပြီး အချိန်ပေးကာဆွဲလိုက်နိုင်တဲ့ ဦးလူမာ ဟာ ရှေးကံမို့သည့်အချို့သူမို့ပါလို့မြင် မိခြင်း ဖြစ်ပါတယ်။

ဒုဠ္ဌဂါမဏိမင်းအား အဘိညာဉ်ရ ရဟန္တာမထေရ်များ ချီးမြှင့်သော လူ့ စစ်တမ်းအရကြည့်ရင် အသိဝင်စရာ အချက်က ဦးလူမာက လူထဲကလူမဟုတ် မူထဲကလူ (ရဟန္တာတို့၏မူအရနဲ့ တူလှ တဲ့လူ) ဖြစ်ပါတယ်။ ထိုဦးလူမာအား ကြည့်ကာ မိမိကိုယ်ကိုယ်မိမိရှက်မိလာ ပါတော့တယ်။

ရှက်လာတဲ့အကြောင်းက မြစ်ဝ ကျွန်းပေါ်ဒေသမှာအခြေချနေထိုင်လျက် ရှိတဲ့ မနုဖြူမြို့နယ် မင်းခရကျေးရွာသား အင်းသူကြီး ဦးမြတ်ကျော်ဟာ ငယ်စဉ် ကတည်းက နေ့စဉ်ရက်ဆက် သူ့အသက် သတ်ဖြတ်လျက် အသက်မွေးခဲ့တဲ့မနည်း လှတဲ့ပါပညစ်ကျူးဒုစရိုက်မှုကြောင့် အခု မှထပြီး ကုသိုလ်ဘက်ဇိုက်လည်း ချိန်ခွင် ညွှာမကိုက်ဘဲ ရှိမယ့်အတူတူ ကုသိုလ် ဘက်မလိုက်လိုတော့ပါဘူး ဆိုတဲ့စကား သွားအတိုင်း ချိန်ခွင်ညွှာမကိုက်ဘဲရှိမယ့် အတူတူဆိုပြီး ဘာသာသာသနာနဲ့ ဘာသာလဝါနေခဲ့မိသောကြောင့်ပါ။ ဒီလိုနေမိအောင် ကြင်နာခြင်းမျိုးစေ့သာ ကြဲချစိုက်ပျိုးခြင်းမခံရပေမယ့် စံပြအနေ

နဲ့ မနက်မှမိုးမလင်းသေး ပြပြစင်ထဲထဲ ဝင်ဝင်ပျစ်ပျစ်နှစ်နှစ်ဆဲအသည်းစွဲအောင် အားပါးတရ ပါးနားချပြီး အကြမ်းစရိုက် ကို အရမ်းရိုက်သွင်းတဲ့ စိုက်ကွင်းမှာ ရှင်သန်ခဲ့ရလို့ အမြင်မှန်မဲ့ကာ ဘာသာ သာသနာရဲ့အဆုံးအမ လုံးဝမယူ အသုံး မကျတဲ့သူ ကျွန်တော်ဟာ ငါးကန်တူး ချင်တုန်းက ဇနီးသည်အား ပြီးစလွယ် စကားပြောခဲ့သလောက် ငါးကန်အား ရောင်းချင်လာပြန်တော့လည်း သွယ် ဝိုက်မနေဘဲ တို့ဒီခြံရောင်းပစ်ကြမယ် ပြောရုံရှိသေး၊ အကြီးအကျယ်ကန့်ကွက် ပါတယ်လို့များထင်လား။ လင်သားရဲ့ ယဉ်ပါးတဲ့အသွင်အား မြင်သွားတဲ့ စိတ် ကောင်းရှင်က သိပ်ရောင်းချင်လှရင် အမြန် ရောင်းထွက်ရန် ဓာတ်လေးဘာလေး ဆင်တဲ့။ ဟဲ့ - အဲဒါတော့ တို့ကမနီးစပ် ဘူး။ တော်နေကြာ အပြောကောင်းတဲ့ စကောရောင်းမယ့်သူနဲ့တွေ့နေမှဟုတ်မှေ့ ဖြစ်နေဦးမယ်ပြောပြီး နှစ်ယောက်သား ရယ်မောကြပါတယ်။

ကျွန်တော့်တာဝန်က သည်က ဆရာဝန်ဟိုပို့၊ ဟိုကဆရာဝန် ဒီပို့ ကြို ပို့ကြုံပြီး ကျောက်ပန်းတောင်းလမ်းမ ပေါ်မှာ ကားကိုရပ်ထားစဉ် သနပ်ခါး သုံး၊ လေးတုံးကိုင် ကားပေါ်ချိတ်တက် ပြီး အညာပြန်လက်ဆောင်သနပ်ခါးတုံး တွေဝယ်သွားကြပါဦး။ လျှော့ဈေးနဲ့ပေး မှာပါ။ ခြံထွက်မို့ပါတဲ့။ ခြံထွက် တန်ချက် ကတော့ လျှံထွက်ရေအပြောကြောင့် (၂)တုံးဝယ်လိုက်ပါတယ်။ ဟုတ်ပါတယ် လျှော့လည်းပေးပါတယ်။ အိမ်ကျ မစွစ် ကို မျက်နှာလှပ်အပေးမှာတော့ မစစ်ထ တခစ်ခစ်ဗျ။ အညာပြန်ဆရာကြီး အညာ ခံပြီးပြန်လာတာပဲ။ ဘယ်မှာ သနပ်ခါး တုံးဟုတ်လို့လဲ၊ ဇီး(ဆီး)တုံးကြီးတဲ့။ အပြောမှာမျှောပါပြီး ဝယ်ခဲ့မိတာလေ။ အဲဒါကို သတိရစေတဲ့အပြောပြောလိုက် လို့ နှစ်ဦးသားရယ်မိကြတာပါပဲ။

ကြို့ပင်ကောက်မြို့က အကြား အမြင် ဓာတ်ရိုက်ဓာတ်ဆင် ငါဘုရင် ဆိုတဲ့လူတစ်ယောက် မခေါ်ပင့်ချေဘဲ အိမ်ရောက်လာပါလေတယ်။ ပေါင်းတ လည်က သူ့မိတ်ဆွေ မြင်းရောင်းချင်နေ တာ။ ရောင်းမထွက်လို့ အမြန်ရောင်း ထွက်စေရန် လာရောက်ဓာတ်ဆင်ပေး ပါဆိုလို့ ဓာတ်ဆင်ပေးရာ မြင်းသာ မဟုတ် နွားတွေပါ သူ့ဓာတ်ဆင်ခဲက သွားမှန်တာနဲ့ အကုန်ရောင်းထွက်ကုန် လို့ သူ့ခမျာ နွားပြန်ရှာရတာမလွယ်လို့ ညည်းညူနေကြောင်း။ အခုဒီကိုရောက်

လာတဲ့အကြောင်းက ဒီတာဝ္ဂမှာ ကြို့ပင် ကောက် အဆက် (၂) ယောက်ရှိတယ် တစ်ယောက်မှာ အခက်အခဲအနည်းငယ် ကြုံနေတယ်။ ဒါကို သူ့အာရုံမှာ မြင်တွေ့ ရလို့ ရောက်လာခြင်းဖြစ်ကြောင်း အကူ အညီပေးမယ့်အကြောင်း။ သူပြောတဲ့ ကြို့ပင်ကောက်အထက် (၂) ယော ဆိုတာ ကျွန်တော်ရယ်၊ ဦးသောင်းဟန် ရယ်နှစ်ယောက်ရှိတာမှန်နေဆိုတော့ သူ့ အပြောမှာ မျောရှာပြီပေါ့ ခင်ဗျာ။ ဆရာ ကျွန်တော့်ကန် အမြန်ရောင်းထွက်‌ ဓာတ်ဆင်ပေးဖို့ ပြောပါတော့တယ် အခါအရ ဆယ့်နှစ်နာရီနဲ့ တစ်နာ ကြားကောင်းတယ်။ ဒီအချိန် ဓာတ်ဆင် ခဲပစ်ပြီး ကြို့ကောက်ကားအမီပြန်မယ် တဲ့။ (၁၂) နာရီ (၁၀) မိနစ်တွင် တစ် ပစ် ဒီငါးကန်အမြန်ထွက်ရောင်းထွက် ပြီး သုံးခဲပစ်ပေးခဲ့ပါတယ်။ထွက်ပါတယ် တနင်္လာနံကန်တော့မဟုတ် အိတ်ထ ထဲက တနင်္လာနံ ငွေပါ ခင်ဗျာ။

ဘာလက်လျှော့လိမ့်မတုံး။ ဒီဆရာ နဲ့မဟာန် ဟိုဆရာနဲ့ကြုံ ဟူသည်နှင့်အညီ ကျွန်တော်တို့စက်ရုံက လုပ်သားများ နိုင်ငံခြားသွားရောက်သည်ကအများသော ကလား။ နိုင်ငံခြားအမြန်သွားရ ဓာတ်ဆင်ကြရာ ပြည်မြို့ ခေတ္တရာမြို့ သစ်မြောက်ဘက် (xxx) တောရ ဟောပြဓာတ်ဆင်နေတဲ့ ဘုန်းကြီး လေထိထားပုံရတယ်။ အဲဒီကျောင်း သွားမယ့်သူများက ဆေးခန်း အကြောင်းရှာ ခေါင်းဘာညာကိုက် ဆေးနားနားလည်မှုယူသွားကြတာ သူတို့စကားသံ လေဖမ်းဝါးတန်းချို လိုက်သွားရာ ဟိုရောက်တော့ သူ ဆေးခန်းကဆရာပါလို့ မိတ်ဆက် တယ်။သူတို့တွေကလုပ်နေကျမို့လား ငင်းဘုန်းကြီးနဲ့ မနီးမဝေးမှာ ထွက်ချက်နေတဲ့ပုဂ္ဂိုလ်က လူပါ။ တ ကလို့ ထင်ပါတယ်။ အဲဒီပုဂ္ဂိုလ်ထံ ပြီး တွက်ကြချက်ကြပါတယ်။ ဘုန်း က ကျွန်တော့်အား ဘာလုပ်ချင်လို့ နိုင်ငံခြားပဲလားတဲ့။ ဟင် - ဟုတ် ကျွန်တော်ခြံရောင်းချင်လို့ပါ။ တွက်ဦးလေတဲ့။ ဟာ . . . ဂဏန်း ဟိုပေါင်းဒီနုတ်လုပ်ရတဲ့အလုပ်သိပ် ချင်ဘူး။ အရှင်ဘုရားက အကြားအ ရတယ်ဆိုလို့ အမြန်ရောင်းထွက်ဖို့ မမြင်ကြည့်ဦးလို့ဆိုတော့ ဘုန်းကြီး နှာ အနည်းငယ် ပြောင်းသွားပါ ဟာ - ဒါကလွယ်ပါတယ်ကွာ ခြံကို ငါ့ခြေချပြီး သေးပေါက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သေးရောက်နေတဲ့ဝယ်သားအပြေးရောက်လာစေရမယ်တဲ့ဗျ။ သည်အပြောမှာလည်း မျှော်ပြန်တာပါပဲခင်ဗျာ။ ဒါဆိုအခု ဆိုက်ကားသွားငှားပါမယ်။ အရှင်ဘုရားခြေချပါဆိုတော့ ဒီနေ့ ခါတ်မကျသေးဘူးတဲ့။ မနက်ဖြန်လောက်ရောခါတ်မကျလောက်ဘူးလားဘုရား ဆိုတော့ အာရုံခံနေတာ မြင်ရတော့ ဘာမှမပြောရဲဘဲ ငြိမ်နေလိုက်ပါတယ်။ မင်းခြံတ တောင်၊ မြောက်အရှည်သားပဲ။ မနက်ဖြန်လာခဲ့ဆိုသဖြင့် ဆိုက်ကားငှားသွားပါတယ်။ ကြွလိုက်လာပါတယ်။

လမ်းပေါ်ကလှမ်းမြင်ရတဲ့ခြံလည်းဖြစ်၊ အနေအထားကကောင်းဆိုတော့ ဘုန်းကြီးက စိတ်ဝင်စားသွားပုံရတယ်။ ဆိုက်ကားပေါ်မှ ဆင်းဆင်းချင်း ခြံပတ်ကြည့်မယ်တဲ့။ လက်ဖက်ရည်ကပ်ပါရစေဆိုပြီးကပ်ရပါတယ်။ ပြီးတာနဲ့လျှောက်ပတ်ကြည့်ပြီး မင်းကန်ကြီးတွေက တယ်ကြီးပါလား၊ (၂) ကန်တောင်ဝဲ။ ငှက်ပျောတွေကလည်းစည်လိုက်တာ။ ခြံကလည်းအကျယ်ကြီး တယ်ကောင်းပဲ။ မရောင်းသဲထား အကျိုးများမယ်နော်တဲ့။ အမြန်ရောင်းထွက်ရေးသာ ဆောင်ရွက်ပေးပါဘုရား။ အေးလေဆိုပြီး ကန်ပေါင်ပေါ်အတ်သောလမ်းလေးမှဆင်းလာကာ ငါဆီးသွားချင်ပြီပြောပြီး ကန်ပေါင်မှာဆီးသွားပါတော့တယ်။ ငါလုပ်ပေးပြီးပြီ။ ခြံရောင်းထွက်သွားရင် မူရာပင်မှာတိတ်တစ်လုံး ရောင်းချင်လို့ ငါဆီလာ ဓာတ်ရိုက်ခိုင်းထားတာ ရှိတယ်။ အဲဒါဝယ်ရမယ်ဆိုပါတယ်။ ဝယ်ပါယ်လို့ ဝန်ခံကတိပေးလိုက်ပါတယ်။ - ဘာလိုသေးလဲတဲ့။ အမြန်ရောင်းထွက်ရေးသာလိုပါတယ်ဘုရား။ ထွက်ထွက်မှာဟုပြောပြီး ငါပြန်မှတဲ့ဆိုလို့ကြည့်ကာ ဆိုက်ကားနဲ့ပဲ ပြန်ပို့ပေးပါတယ်။ ဝယ်သားကတော့ တကယ်သလားမမေးနဲ့။ အပြေးလျှောက်နဲ့၊ အနှေးလျှောက်နဲ့တောင်ယောက်မှရောက်မလာပါဘူး။ နေမြင်ဗျာ။

ပြည်မြို့၏ ကျက်သရေဆောင်ယတြာဓာတ်ရိုက်ဓာတ်ဆင် သူမရှိ တုမမြင်မိ ဆိုရလောက်တဲ့တော်ကျောင်းကိုတော့ တစ်ဆင့်တစ်ဆင့်ကြားနဲ့ လင်မယားနှစ်တ်သွားကြပါတယ်။ စစ်သားဖြစ်သတ္တိက နတ္ထိပြတာ လွန်ပါရော။ အမှုက ဒုစရိုက်မှုလေ။ ဘုန်းကြီးတန်လို့ပြောရမှာ ကြောက်နေပါတယ်။ ဒါကြောင့်"မခေါ်မဖြစ် အဖော်အဖြစ် မစ္စစ်ကိုခေါ် သွားတာပါ။ နှစ်ဦးသား မေးစမ်းပြီးဝင်သွားပါတယ်။ ကျောက်သင်ပုန်း၊ ကျောက်တုံနဲ့တချွတ်ချွတ်တွက်ချက်နေတဲ့အသံတွေလည်းကြားနေရပါတယ်။ အပေါ်တက်သွားညွှန်လို့ တက်သွား လှေကားဘေးနားမှာ ထိုင်ပြီး နိုင်ငံခြားပစ္စည်းများ အစီအရီ ထပ်ထားတွေကြည့်ပြီး ပစ္စည်းတွေက ဘုန်းကြီးရဲ့အရည်အချင်းကို တစ်မည်ချင်းက ရယ်ရင်းမှပြောနေတယ်လို့တွေးမိနေပါတယ်။ (၁) နာရီခန့်တွင် လူများအလျှိုအလျှိုဝင်လာကြပါတယ်။ သူ့လူနဲ့သူမို့လားမသိ ဘုန်းကြီးထွက်လာပြီး ပြောကြဆိုကြတာတွေ တွေ့မြင်နေရပါတယ်။

မစ္စစ်က ဟယ် - ဘုန်းကြီးကမုတ်ဆိတ်ကြီးနဲ့ပါလားတဲ့။ ဘူဘူချင်းကျွန်တော်က လူတတ်ကြီးလုပ်ပြီး ဂန္ဓာရီဘုန်းကြီးပဲဟ မုတ်ဆိတ်မွေးထားမှာပေါ့ပြောရာ ယောကျ်ားပြောသမျှ အဟုတ်ကြီးပဲထင်သူမို့လားမသိ မုတ်ဆိတ်နဲ့ပတ်သက်ပြီး မဟတော့ပါ။ (၃) နာရီခန့်ရှိသွားပါပြီ။ ဘုန်းကြီးအရှိန်၊ လူတွေအရှိန်၊ နိုင်ငံခြားပစ္စည်းပစ္စယအရှိန်တွေဟပ်ပြီးလန့်လာတာနဲ့ ပြန်ကြရန်ပြောပါတယ်။ ဒီလောက်နာမည်ကြီး ဘုန်းကြီးရဲ့ပညာနဲ့လုပ်ကိုလုပ်ကြည့်ချင်ပါတယ်။ ကိုယ်နဲ့မကျွမ်းလည်း လုပ်တော့ပေးလောက်ပါတယ်လို့ အားပေးရှာပါတယ်။

မိမိတို့ယူလာတဲ့ နို့ဆီဘူးလေးကြည့်လိုက်၊ ဟိုနိုင်ငံခြားပစ္စည်းများကြည့်လိုက်၊ မျက်နှာငယ်လိုက်ပေါ့။ နို့ဆီတစ်ဘူးက ကျွန်တော်ရဲ့ရိက္ခာ တစ်ပတ်စာပါ။ (၄) ဘူး (၄) ပတ်စာတန်ဖိုးက ကုလားမခြင်းတောင်းတစ်လုံးမှ (၁) ကျပ်ပဲ ကောက်ပါတယ်။ (၄) လုံး (၄) ကျပ်ဖိုးပေါ့။ ဒါတွက်ကြည့် ရှက်မိသလိုဖြစ်နေတုန်း နေကလည်းစောင်းလာ၊ လူကရှဲအသွား ဘုန်းကြီးက အောက်ဆင်းရန်အလာ ကျွန်တော်တို့ကို မြင်သွားပြီး မင်းတို့က ဘာလဲကွတဲ့။ ကဗျာကယာလူးလဲထပြီး ဒီလိုပါဘုရား၊ ခြံရောင်းချင်လို့ပါ။ ဘယ်နားကခြံလဲ။ ဟိုမြို့ရဲ့အရှေ့ တာဂွနားကခြံပါဘုရားဆိုတော့ အဲဒီနားကနေရာတွေကခက်တယ်ကွတဲ့။ ဘာဆက်ပြောရမှန်းမသိတာနဲ့ ပါလာတဲ့နို့ဆီဘူးထုတ်ကပ်ပြီး အဲဒီခက်တာကို လွယ်တောင်လုပ်တဲ့ပညာ အရှင်ဘုရားမှာရှိတယ်ကြားလို့ လာခဲ့တာပါဘုရားလို့လျှောက်တော့ တွေတွေကြီးရပ်နေရာမှဒီလိုလုပ်ကွာတဲ့။ ရှားသားလေးချောင်းရှာ၊ မင်းလက်နဲ့တစ်ထွာတိုင်းပြီးချွန်၊ ခြံတစ်ထောင့်တွင် တစ်ချောင်းစိုက် ထွက်ထွက်ဆိုပြီးရိုက်။ ခြံ (၄) ထောင့် (၄) ချောင်းရိုက်တဲ့။ ဝမ်းသာအားရနဲ့ဟုတ်ကဲ့ရော့ တင်ပါ့ရောပြောလျက် ပြန်လာခဲ့ပါတယ်။

ရွှေဆံတော်ခြေရင်းအနောက်ဘက်မုခ်ရှေ့ ဆိုက်ကားနှင့် ထင်းတွေတင်လာတာတွေ့ရလို့ ဘာသားတွေလဲမေးကြည့်တော့ ရှားသားလည်းပါတယ်ဆိုတာနဲ့ (၄)၊ (၅) ချောင်းပါ တစ်စီးအားဝယ်ခဲ့ပါတယ်။ ရောက်ရောက်ပြီးချွန်ထွာတိုင်းဖြတ်ကာ တစ်ထောင့်တစ်ချောင်းအမြန်ထွက်ထွက်ဆိုပြီး ဓားနှောင့်နှင့်နက်လိုက်ရာ ကျွန်တော်၏ ကန်ကကျွန်တော်တို့အား ခင်မင်တွယ်တာချက်က ရှားသားနဲ့နှက်လည်း မထွက်ဘဲပေကတ်နေပါတယ်။

ဒီလောက်တောင် ပေကတ်နေတာ ကျေနပ်မနေပါ။ အဖြေထပ်ရှာနေတုန်းမှာ လန်းတယ်လို့ ဆိုရမှာထက်နွမ်းတယ်လို့လည်းဆိုရခက်တဲ့ ဇနီးမောင်နှံနှစ်ဦး။ အမျိုးသားရဲ့လက်ထဲမှာစာအုပ်များပွေ့လျက် အိမ်ထဲဝင်လာကြပါတယ်။ ဇနီးဖြစ်သူက အမျိုးသားကဗိုလ်ဟောင်း။ သူကတော့ ကျောင်းဆရာမဟောင်းပါတဲ့။ ဆရာမက စာပြရတာ ပါးစပ်ထဲ မြေဖြူမှုန့်ဝင်ပြီး တီဘီရောဂါဖြစ်လို့ အနားယူလိုက်ရကြောင်း၊ ဈေးရောင်းဈေးဝယ်ကလည်း မုသားဖက်ရလို့ မနှစ်သက်လှတာကြောင့် ဒီမွေစာစောင်များယူပြီး လက်ပွေ့လျှောက်ရောင်းကြောင်း ရေပက်မဝင်အောင်ပြောသလောက် အမျိုးသားက အကျိုးများစွာရမှာစိုး၍ထင့် တစ်လုံးတစ်ပါဒမှမဟ။ သူ့လက်ထဲမှ စာအုပ်တစ်အုပ်ကို အမျိုးသမီးမှယူကာ ဒီစာအုပ်ကအိမ်ရောင်းချင်၊ ခြံရောင်းချင်သူများအမြန်ရောင်းထွက်နည်းပုတီးစိပ်ပါတယ်လို့ ညွှန်းပြီး အားပေးပါဦးတဲ့။ မစွန်းရင်းလည်းရှိ ကန်စွန်းခင်းကလည်းငြိဆိုတော့အားပေးဖြစ်တယ်ပေါ့။

ဒီပုတီးစိပ်ကိုစိပ်တဲ့ပုဂ္ဂိုလ်က ကျော်လိုဗျ။ ဟုတ်သလိုရတဲ့ ဆရာ့ဆရာတို့ရဲ့နည်းနာနဲ့မဟန်တာနဲ့ ကြံရာမဲ့ဖြစ်နေတုန်း ဒီနည်းကိုသုံးမှ လုံးဝအိုကေသွားတဲ့အကြောင်း၊ ဒီနည်းကိုပေးတဲ့ ဆရာတော်မှ ပဌာန်းအနုလုံပဋိလုံပုတီးစိပ်တစ်နေ့ (၂၄) ပတ်၊ (၂၄) ရက် အဓိဋ္ဌာန်

www.burmeseclassic.com

ဝင်ရမည်။ သောက်တော်ရေချမ်းကပ်၊ ဆီမီးပူဇော်၊ ဘုရားရှိခိုး၊ သရဏဂုံသုံးပါးနဲ့တကွ ငါးပါးသီလကို တင်းတင်းရင်းရင်း တိတိကျကျခံယူပြီးမှ ပဌာန်းပုတီးစိပ်ကိုစိပ်ရမယ်ဆိုလို့ မိန်းမရေ ဒီတစ်ချီကတော့ ကိုယ့်အားကိုယ်ကိုးပဲကွ။ ပြုငတူတွန်းရင် ရွှေ့နိုင်ပါတယ်တဲ့။ ကြားသလားလာထား။ အခုညကစကြမယ်ဆိုပြီး သူ့အညွှန်းအတိုင်း တိတိကျကျ လုပ်ဆောင်ကြပါတယ်။

အနုလုံအနေနဲ့ လွယ်သလောက် ပဋိလုံကျတော့ မှားတာကျော်တာတွေ ရှိပါတယ်။ လုံ့လနဲ့ ဇွဲမလျှော့ဘဲ အမြဲတင်းတင်းထား စကားအတိုင်း ဖွဲဖြင့် စိပ်လိုက်ရာ (၁၀၈) လုံး ပုတီးတစ်ပတ် (အနုလုံ အာသေဝနဆုံး) ကိုက်ရင် ပုတီးတစ်ပတ်ရပါတယ်။ ကမ္မစ အနုလုံ၊ ပဋိလုံ အဝိဂတဆုံး (၁၀၈) လုံးကိုက်လျှင် ပုတီး (၂) ပတ်ရသွားပါပြီ။ ထိုကဲ့သို့ (၂၄) ပတ်ကို ဇနီးသည်က (၄၅) မိနစ်ဆိုလျှင် ကွက်တိပြီးသော်လည်း ခရီးဖော်ကြီး ကျွန်တော်ကတော့ (၁) နာရီလည်းမပြီး၊ (၂) နာရီလည်းမပြီးသော်လည်း မညည်းညူရပါ။ အဓိဋ္ဌာန်တင်ထားသဖြင့် မတော်ရဲ မရပ်ရဲ မပြတ်မစဲ မှားသွားပြန်စနဲ့ပဲ (၂၄) ပတ်ရပြည့် တစ်ရက်တော့အောင် သွားပါတယ်။

တစ်နေ့ (၂၄) ပတ်၊ (၂၄) ရက်စိပ်ရမယ့်အဓိဋ္ဌာန်မစေ့မီ (၂၃) ရက်မြောက်နေ့မှာ လူနှစ်ယောက်။ တစ်ယောက်က အသားညိုညို၊ တစ်ယောက်က အရပ်မြင့်မြင့် အသားလတ်လတ်နဲ့ ခေါင်းဝင်ခွင့်ပြုပါခွင့်တောင်းပြီး ဝင်လာကြပါတယ်။ ဒီအနီးအနားမှာ ခြံလေးဘာလေးရောင်းမယ့်သူများမကြားမိဘူးလားခင်ဗျာတဲ့။ ခြံသတ်သတ်ယူချင်တာလား။ ငါးကန်ပါခြံကောမယူချင်ဘူးလားမေးကြည့်တော့ ငါးကန်ပါရင်တော့ ဈေးသိပ်မြင့်နေမှာ။ အဲ့သလောက်လည်း မတတ်နိုင်ပါဘူးတဲ့။ ဒီလိုဗျာ ငါးကန်ပါ (၂)သိန်းနဲ့ရောင်းမယ်ဆိုရင်ရော ဖြစ်နိုင်မလားဆိုတော့ ဒီလိုရဖို့ရာမလွယ်လှပါဘူးတဲ့။ ဖြစ်နိုင်မဖြစ်နိုင်သာစဉ်းစား။ အတန်ငယ်စဉ်းစားပြီး ခင်ဗျားပြောသလိုသာဖြစ်မယ်ဆိုကျိန်းသေယူမယ်ဗျာတဲ့။ တကယ်ဖြစ်တယ်နော်။ တကယ်ကိုဖြစ်ပါတယ်။ ဒါဆိုရင် ဒီခြံကိုကြည့်။ ဒါကျွန်တော့်ခြံ။ ငါးကန်က အလျားပေ (၂၅၀)၊ အနံပေ (၁၀၀)ကန်(၂)ကန်ပါတယ်။ (၂. ၆၂)ဧကရှိတယ်။ စေ့စေ့စပ်စပ်လျှောက်ကြည့်ကြပြီး နောက်ပါ ပုပုလူကပါ သဘောကျသွားပြီး သူယူမယ်၊ ငါယူမယ်လုပ်ကြပါလေရော။ အခု သူတို့မှာ ငွေပိုအနေနဲ့ မရှိပါဘူး။ အိမ်နဲ့ခြံရောင်းပြီးလာခဲ့ပါမယ်တဲ့ ပြောပြန်သွားကြပါတယ်။

မှေ့လောက်ရှေ့လောက်မှာ အသားညိုညိုပုပုလူရောက်ပြီး ဆရာသမားပြောတဲ့ဈေးနဲ့ တကယ်ရောင်းမှာနော်။ အခုသူ့ခြံနဲ့အိမ်ကိုဝယ်မယ့်သူတွေရောက်နေပါတယ်။ တော်နေကြာ မသေချာမှာစိုးလို့ ဝယ်သားတွေကို ခဏနေဦးပြော၊ ထွက်လာတာ။ ဆရာသမားစိတ်ပြောင်းပြီး မရောင်းဘူးဖြစ်မှာစိုးလို့ သေချာအောင် လာမေးတာတဲ့။ စိတ်ချသာ ပြန်ရောင်းလိုက်ဟု ကတိရသဖြင့် ပြန်သွားပါတယ်။ သူမရှိခင် ဟိုမြင်နေရတဲ့အိမ်နဲ့ခြံလည်း ရောင်းမှာ။ ဒီခြံနဲ့ အိမ်ထက် ကြိုက်စရာလည်းကောင်း၊ ဈေးလည်းသက်သာတယ် ကြည့်ကြည့်ပါလား ညွှန်းသဖြင့် သွားကြည့်၊ကြိုက်သွား။ အရောင်းအဝယ်စကားပြောတည့်။ စရန်သတ်ပြန်သွားမှ သူရောက်သွားတော့ သူ့အိမ်မရောင်းရတော့ပါဘူး။ များမကြာမီပဲ ပုတီးကုန်းဘက်မှ ဝယ်သားတစ်ယောက်ကကြားလို့ လွှတ်ပြီးစုံစမ်းလာပါတယ်။ (ပိုင်ရှင်က ကျွန်တော့်ကန်အားလမ်းပေါ်မှလှမ်းမျှော်ကြည့်ပြီး သဘောကျပြီးသားသူ) ဟုတ်တယ် - ရောင်းမယ် ဒီဈေးဒီဈေး။ အေး - ပွဲခလက်ဖက်ရည်ဖိုးဘာညာသာ တကာတွေမတောင်းနဲ့။ ရောင်းဖြစ်အောင်လုပ်ပေးမယ် လာခဲ့လို့ မှာလိုက်ပါတယ်။ ဟုတ်ကဲ့ဆိုပြီး ပြန်သွားတယ်။ ဝယ်မယ့်ပိုင်ရှင်က ပြည်တာဂွက ငါးကန်ကိုဝယ်မယ့်အကြောင်းပြောသံကို သူတို့အိမ်အောက် ထပ်မှာငှားနေတဲ့ ဆေးမှူးကကြားပြီး ပြည်တာဂွက ငါးကန်ဆိုတာကို စိတ်ဝင်စားသွားကာ လောဘတက်လာမှတ်တယ် နောက်နေ့မနက် ကိုယ်တိုင် မေးစမ်းပြီးရောက်လာပါလေရော။ အတော်စေ့စပ်သေချာရေရာတဲ့ဆေးမှူးပါ။ ငါးကန်ပိုင်ဆိုင်ကြောင်း အခွန်မြေစာတောင်းကြည့်ပါတယ်။ မြို့နယ်မြေစာရင်းသွားပြီးလည်း နေဝင်ဦးအမည်ပေါက်၊ မပေါက် တောက်လျှောက်စုံစမ်းပြီးကာမှ ငါးကန်ကို သူဝယ်မလို့။ နာမည်ပြောင်းယူမယ်၊ ဒီခြံကနေ အလုပ်ဆင်းမယ်ဆိုတဲ့အစီအစဉ်တွေပါပြောပြီး အခုသူ့မှာရှိတဲ့ငွေကမပြည့်ဘူး၊ လိုနေသေးတယ်။ သူ့သားကူ ဗိုလ်တဲ့။ ပြင်ဦးလွင်မှာရှိကြောင်း၊ သူ့သားဆီ ငွေသွားယူရဦးမှာမို့ ပြောပြီးသားဈေးလည်းမပြင်ပါနဲ့။ အခြားဘယ်သူ့ကိုမှမရောင်းပါနဲ့။ သူပြန်လာဆက်ဆက်ငွေချေပါမယ်ပြောပြီးပြန်သွားပါတယ်။

ယောက်ျားဖြစ်သူ ပြင်ဦးလွင် သွားနေတုန်း အိမ်မှာကျန်ခဲ့တဲ့ ဇနီးသည်က ရှိတဲ့ငွေတိုးပွားအောင် ကြိုး ဖဲရိုက်ပစ်လိုက်တာကုန်သွားပါလေရော။ ပြင်ဦးလွင်သွားလင်သားပြန်ရောက်တော့ ပူညံပူညံသံတွေထဲမှာ ပြည်တာဂွ ငါးကန်ဝယ်ရန် ခြေပုန်းခုတ် သတင်း ထင်းခနဲပေါ် လာပါတော့တယ် ပထမဝယ်မယ့်အိမ်ပိုင်ရှင်က ဒီဆေး က အိမ်ခြေရာခြေမရှိဘူး။ သူတို့ဝယ် လည်း ဝယ်ပါစေလို့ စေတနာထား မသိကျိုးကျွန်ပြုနေပါတယ်။

ဆေးမှူးတို့ ဘယ်လိုမှ ငါးကန် ဝယ်ရန် စကားသံလုံးဝထွက်မလာတော့ မှ အိမ်ရှင်က သူ့လူအား တာဂွ ငါးကန်ကိုသွားရောင်းပြီး၊ မပြီး စုံစမ်း မရောင်းရသေးရင် တို့ငွေချေမယ်။ ခြံရှင် ကို အကြောင်းကြားရန်ခိုင်းသကဲ့။ သည် တော့ ကျွန်တော်က ပုတီးကုန်းမှ ဆေး မှူးနဲ့ အရောင်းအဝယ်လုပ်ရန် လူကြီး များနဲ့ပါပြောပြီးဆိုပြီးနေပြီဖြစ်ကြောင်း ဆေးမှူးတို့ပြောတဲ့ရက်တော့ လွန်လာ တာကြာပြီ ဘယ်လိုလဲမသိဘူးဟု ပြော မိတော့မှ -

ဆေးမှူးက ပထမဝယ်မယ့်သူ အိမ်မှာငှားနေတဲ့အကြောင်းကိုပါ ကြောင်းကုန်စင် ပြောပြလာပါတော့ တယ်။ ပြီးမှ သူတို့အိမ်ရှင်တွေ ဒီခြံ ငွေချေရအောင်လာမယ်၊ ဈေးထပ်လျှော့ ပေးဖို့နဲ့ ပွဲခကိုလည်း ရောင်းသူ တောင်းယူလို့ပြောတယ်ဆိုတော့ မင်း ငါဘယ်လိုပြောထားလဲ၊ ပွဲခလက်ဖက် ရည်ဖိုးမတောင်းနဲ့။ အကောင်းဆုံး အောင် မတန်တဆဈေးလျှော့ပေး တာကို တို့လေကုန်လေလုပ်လာတယ် စော်ကားလွန်းတယ်။ ငါက စားစရာ လို့ရောင်းတဲ့သူမဟုတ်ဘူးကွဆိုပြီး ဆေး နားမှာရှိတဲ့ ဝါးဆစ်ပိုင်းထဲဆွဲယူ လိုက်အရိုက် အမျိုးသမီးမှ ပြေးလာ ကာလည်းကာဆွဲလည်းထားလို့ လွတ် ထွက်သွားပါတယ်။

စိတ်ပြေသွားတော့ စဉ်းစားတယ် ရှိသမျှ ရွှေထုတ်ရောင်းပြီးတူးခဲ့တဲ့ ပြောင်ပြောင်ကန်ကြီးရယ် ပေကြောင်း ကြောင်ခံပြီးများ ဘယ်ဝယ်လက်နှော မှမလိုက်ဘဲ မိုက်မိုက်မဲမဲ ဒီလောက် ဘဲ ငါတို့ကိုများ မခွဲနိုင်မခွာရက်ဖြ ရသလားကွယ်။ ဝယ်သားမလာ မလာမလာ၊ လာတော့လည်း နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးနှင့်တစ်ဦးလုဝယ်ကြ၊ နောက်ရောက်လာပြန်တော့လည်း နှစ်ဦးပဲလုဝယ်ကြပြန်တာပဲ။ တစ်ဦးဦးနဲ့မှအရောင်းအဝယ်မဖြစ်တဲ့ ငါ့ချစ်တဲ့ကန်ရယ်၊ ဩော်-ငါ့ကန်နှယ်လို့ ညည်းမိပါတယ်။

မြဲချစ်ချုပ်ကပ်နေတဲ့ကန်ကိုရောင်းချင်လွန်းလို့ ခဲနဲ့ပစ်ထုတ်ပေးတဲ့ဓာတ်ဆင်ဆရာ၊ မြန်အောင်ကြံဆောင် ကန်ပေါင်သေးပန်း ဓာတ်ဆင်ပေးတဲ့ဆရာတို့ရဲ့ပညာနဲ့ တုတ်တုတ်မျှမလှုပ်သဖြင့် ကိုယ့်အားကိုယ်ကိုးပြီး မိမိထင်ရာလုပ်ရာမှ လှုပ်လာကြသည့် ဝယ်သားတစ်ခါလာ နှစ်ဦးနှစ်ဦးပေါ်လာတာကို လက်တွေ့တွေ့ရပြီးတော့မှ ဩော် - ကံဆိုတာ ကမ္မ ဆိုတဲ့ပါဠိပုဒ်က ဆင်းသက်လာတာပါလား။ အလုပ်လို့အဓိပ္ပာယ်ရတယ်။

အလုပ်ဆိုတော့ (၂၄) ရက်လုံးလုံး သောက်တော်ရေချမ်းကပ်၊ ဆီမီးလှူ သရဏဂုံသုံးပါးနဲ့တကွ အင်္ဂါငါးပါးရှိတဲ့ သီလကိုဆောက်တည် ပဋ္ဌာန်းဒေသနာတော်ကြီးကို အနုလုံ၊ပဋိလုံ(၁၀၈)ခေါက်လျှင် တစ်ပတ်ရနှင့် (၂၄)ပတ်၊ (၂၄)ရက်အလုပ်လုပ်လိုက်မှ ဝယ်သူ (၄) ဦးပေးတဲ့အကျိုးရတာ။ ဒါက လက်တွေ့မြင်ရတဲ့အကျိုးပေါ့။ မမြင်ရတဲ့ အကျိုးကအက္ခရာတစ်လုံးကို ရွတ်တိုင်းရွတ်တိုင်းကုသိုလ်ဇောစိတ္တုပ္ပါဒ်က (၇) ကြိမ် (၇)ကြိမ်စောပါတယ်လို့ဆိုတယ်။ (၂၄) ပတ်(၂၄) ရက် ပဋ္ဌာန်းအနုလုံ၊ ပဋိလုံပုတီးစိပ်ခဲ့တဲ့ကုသိုလ်ဇောစိတ္တုပ္ပါဒ်တွေဟာ မရေတွက်နိုင်အောင် များမြောင်လှမယ့်ကုသိုလ်အကျိုးရမှာပါ။

အခုနကပြောခဲ့တဲ့ဓာတ်ဆင်ဆရာများရဲ့ သူတို့ပညာဖြင့်သာ ကျွန်တော့်ကန်ထွက်သွားကြည့်။ ယခုရတဲ့အကျိုး ကျွန်တော်ဘယ်နည်းနဲ့မှမရနိုင်ပါ။ ကြောင့် ကျွန်တော့်ကန်နှင့် ကံ၊ ကံ၏အကျိုးလို့ ခေါင်းစီးထိုးယူခဲ့ခြင်း ဖြစ်ပါတယ်။

ငါးပက်ရန်စက်မရှိသည့်သူ၊ သီလဆရာကြီး၊ ငါးဖမ်းခေါင်းဆောင်မှာနှင့် ဓာတ်ဆင်ဆရာများ၏ ဆောက်အပုံ ကျေးဇူးကြောင့်သာ ကျွန်တော့်ကန်နှင့် ကံ၊ ကံ၏ အကျိုးကြောင်း ပြန်ပြောင်း ရေးခွင့်သာခြင်းကြောင်း။

(မှတ်ချက် - ပေခြင်းထူးတဲ့ ဦးရဲ့ ကန်အမှန်အကန်ကို ရေးဖွဲ့ပါ။)

နေဝင်းဦး (ပြည်)

## နေပြည်တော်ကျော်ကျော်ဖိုး
# အပူရှုပ်ခဲ့သော်

နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်အရှေ့ပိုင်းမှာ ညီဝမ်းကွဲ ကိုဝင်းကြည်ရဲ့ယောက္ခထီးဦးဘိုနီဆုံးပါးတာကြောင့် ရက်လည်ဆွမ်းလှူပွဲကိုသွားရပါတယ်။ ဘုန်းတော်ကြီးတွေ ဆွမ်းကပ်တရားနာအပြီးမှာ ကိုဝင်းကြည်က -

"အစ်ကိုလေး၊ လူမှုရေးကူငွေစာရင်းနေရာမှာထိုင်ပေးပါဦး"

လို့ ပြောတာကြောင့် ညီဖြစ်သူ ဦးမြတ်ထွန်းနဲ့ထိုင်ကြပါတယ်။ ကျွန်တော်က စာရင်းရေး၊ ဦးမြတ်ထွန်းက ငွေသိမ်းဆိုပါတော့။ စာရင်းဌာနကနှစ်ခုရှိတယ်။ တစ်ခုက နာရေးအသင်းဝင်တွေမှန်သမျှ သိသိ၊ မသိသိ နာရေးစည်းအရ တစ်ဦးကို တစ်ထောင်ထည့်ရတာပါ။ အဲဒီမှာ ရင်းနှီးသူတွေအနေနဲ့ သဒ္ဓါကြေးဆိုပြီး ရင်းနှီးရင်ရင်းနှီးသလောက် လူမှုရေးကူငွေကိုထပ်ထည့်ကြရတာပါ။

ရပ်ကွက်ထဲမှာ လူသေတာနဲ့ တစ်ပြိုင်နက် နာရေးအသင်းဝင်ဖြစ်ရင် နာရေးကိစ္စအဝဝအတွက် နာရေးအသင်းငွေ အသင်းဝင်ရှိသလောက် တစ်ယောက်တစ်ထောင်နှုန်းနဲ့ထုတ်ပေးလိုက်တာပါ။ ရက်လည်နေ့ကျမှ နာရေးငွေလာပြီးပေးသွင်းကြတာ ထုံးစံပါ။ ဒါဟာ အတော်ကောင်းပါတယ်။ နာရေးကိစ္စအတွက် ကြောင့်ကြပူပင်စရာမလိုတော့ပါဘူး။

အဲဒီနေ့ဟာ ဇွန်လ ၈ ရက်နေ့ပါ။ မိုးမှုန်မိုးမွှားလေးတွေတဖွဲဖွဲကျနေတာပါ။ အလွန်ပူပြင်းခဲ့တဲ့နွေရာသီမှာ အယ်(လ်)နီညိုကပါထပ်ဆောင်းနှိပ်စက်လို့ လူတိုင်းကော့နေအောင်ခံစားကြရတာပါ။ အဲဒီလို ဖောက်ပြန်တဲ့ရာသီဥတုဒဏ်ကြောင့် လူကြီးတွေရော လူငယ်တွေပါ အသက်ဆုံးရှုံးမှုတွေရှိခဲ့ကြပါတယ်။ ပူလွန်းတော့ မပူအောင်ကြံဖန်နေထိုင်ကြရာမှများယွင်းကြခြင်းပါ။

ခဏနေတော့ ကိုအောင်ရွှေကြီးလာရောက်ထိုင်ကာ ကူညီပါတယ်။ ကိုအောင်ရွှေက ကိုဝင်းကြည်ယောက်ဖဆိုတော့ ကျွန်တော်နဲ့လည်း ယောက်ဖတော်စပ်သူဖြစ်ပါတယ်။ ရာသီဥတုအကြောင်း စကားစပ်မိကြတဲ့အခါ ကိုအောင်ရွှေက -

"ဟိုတစ်လောကများဗျာ ပူချက်တော့ နေစရာကိုမရှိတာ။ တစ်နေ့မှာ စိတ်မရှည်တာနဲ့ ထိုင်နေတဲ့တန်းလျားကို အေးအောင်ဆိုပြီး ရေနဲ့လောင်းပစ်လိုက်တယ်။ အဲဒီကျတော့ တန်းလျားက အေးသွားတာဗျ။ ဒါနဲ့ အဲဒီတန်းလျားပေါ် နေ့လယ်တစ်ရေးနှပ်လိုက်တာ အိပ်ရာလည်းထရော လူကနေမကောင်းတော့ဘူးဗျို့။ စားချင်သောက်ချင်စိတ်လည်းမရှိတော့ဘူး။ စားလို့လည်းမရတော့ဘူး။ ကျွန်တော်အပူရှုပ်သွားခဲ့ပြီလေ။ ဒါဆို မဖြစ်ခြေဘူး၊ မြန်မာ့နည်းမြန်မာ့ဟန်နဲ့တွယ်မှရမယ်ဆိုပြီး အိမ်နားက သားသည်မိခင်ဆီသွားပြီး နို့တစ်ဇွန်းလောက်တောင်းရတယ်ဗျ။ အဲဒီလူနို့ရတာနဲ့ ဥသျှစ်ခွံသွေးထည့်ပြီးသောက်ချလိုက်ရတယ်။ ခဏနေတော့ ချွေးတွေတပြိုက်ပြိုက်ကျလာပြီးပေါ့သွားခဲ့တယ်ဗျို့။ လူနို့အခက်အခဲရှိရင် ငါးပိကို ရေနွေးနဲ့ဖျော်ပြီး သောက်ချလိုက်လည်းရပါတယ်။ တော်သေးတယ်၊ ဟိုအနောက်ပိုင်းကကောင်လို ပုဆိုးရေညှစ်ပြီးခင်းမအိပ်မိပေလို့။ အဲဒီကောင်ကတော့ တစ်ချီတည်းကိုကြွသွားခဲ့တာ"

လို့ ပြောပြပါတယ်။

ရှေးမြန်မာအများစုက ဥသျှစ်ခွံကိုဆေးသုံးဖို့သိမ်းထားတတ်ကြပါတယ်။ ဥသျှစ်ခွံဟာ လူကြီးတွေနဲ့တည့်ပေမယ့် အရွယ်မရောက်သေးတဲ့ ကလေးတွေအနေနဲ့ကျတော့ အရိုးပျော့ရောဂါရှိတယ်ဆိုရင် လုံးဝမတည့်ပါဘူး။ အရိုးပျော့ရောဂါဟာ ကြီးကောင်ဝင်တာနဲ့ အလိုလိုပျောက်သွားတဲ့ ရောဂါမျိုးပါ။ ကြီးကောင်မဝင်မီ ဥသျှစ်ခွံသောက်မိလို့ကတော့ အဆိပ်ဖြစ်ပြီး မိနစ်ပိုင်းအတွင်း အသက်ဆုံးရှုံးရတာပါ။ အဲဒါကို အထူးဂရုထားဖို့ လိုအပ်လှပါတယ်။

နွေရာသီမှာ ပူလို့ဆိုပြီး အပူတိုနည်းအမျိုးမျိုးနဲ့ ကာကွယ်ကြရာမှ အပူရှုပ်တာမျိုးတွေကြုံကြရတာကြောင့် အပူရှုပ်ခဲ့သော် မြန်မာ့နည်းမြန်မာ့ဟန်နဲ့ကုလို့ရကြောင်း ဦးအောင်ရွှေရဲ့ကိုယ်တွေ့ကို တင်ပြလိုက်ခြင်းပါ။

ဦးအောင်ရွှေသို့
တွေ့ဆုံတင်ပြသူ

[illegible]
နေပြည်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



(၁)

မိသိန်းကြည်။

ဟုတ်ပါသည်။ အားလုံးက ကျွန်မကို ဒီလိုပဲခေါ်ကြပါသည်။ အမေပေးထားခဲ့သည့်နာမည်သည် ခင်သိန်းကြည်။ တနင်္လာနေ့သမီးတစ်ယောက် ဖြစ်ပါသည်။ ငါးစိမ်းရောင်းသည့်အလုပ်ဖြစ်တာမို့ အလုပ်နှင့်လိုက်ဖက်မည့်နာမည်ကို ခပ်ကြမ်းကြမ်းလေးခေါ်ကြသည်ဟု ထင်ပါသည်။ ခုတော့လည်း ဒီနာမည်ကို နှုတ်ကျိုးနေကြပါပြီ။ ကျွန်မသည် အဒေါ်၏အိမ်တွင် မှီခိုနေထိုင်ရသည့် မိဘမဲ့ တစ်ကောင်ကြွက်တစ်ဦးပါပဲ။ ကျွန်မတို့နေထိုင်သည့် သထုံမြို့သည် မွန်ဘုရင်များလက်ထက်တွင် သာသနာအရှောင်ထွန်းပြောင်ခဲ့သော သုဝဏ္ဏဘူမိပေါ့။ ယခုအခါ မွန်ပြည်နယ်၏ ဒုတိယခရိုင်အဆင့်ရှိသော မြို့တစ်မြို့ဖြစ်တာရယ်၊ နေမိန္ဒရတောင်၊ မြသပိတ်တောင်၊ သမိုင်းဝင်ရွှေစာရံစေတီတော်နှင့် အလံတစ်ရာစေတီတော်များ တည်ရှိနေတာရယ် ရန်ကုန်-မော်လမြိုင်သွား အဝေးပြေးကားလမ်းမကြီးပေါ် တည်ရှိနေတာကြောင့်လည်း မွန်ပြည်နယ်မှာ ထင်ရှားသော ဒုတိယမြို့တော်တစ်မြို့ ဖြစ်ပါသည်။

ကျွန်မနေထိုင်ရာ အောက်ကျဉ်းရပ်ကွက်သည် စျေးနှင့်ဘုရားကြီးအနီး အဝေးပြေးကားများ၏ ဆုံမှတ်ဖြစ်သည့် အပြင်ဘူတာရုံနှင့်လည်းနီးသည့်အတွက် လူမျိုးအစုံ၊ လုပ်ငန်းအစုံ၊ လိုင်းအစုံပါပဲ။ ကျွန်မအသက် (၂၀) ပြည့်ခဲ့ပါပြီ။ ခင်မင်သူအများထဲမှာ မိဝင်းရီဆိုတာ ကျွန်မရဲ့ အရင်းနှီးဆုံးသောသူငယ်ချင်းတစ်ဦးပါပဲ။ သူက ငါးစိမ်းသည်ပေါ့။ ကျွန်မဟာ အရွယ်ရောက်လာသည့် မိန်းကလေးပီပီ ဝတ်ကောင်းစားလှလေးတွေ ခုံမင်နှစ်သက်တတ်လာပြီး အဒေါ်၏အိမ်တွင် မှီခိုနေရသည်မှာ ကျဉ်းကျပ်၍ လွတ်လပ်ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေသလို သင်းကွဲငှက်တစ်ကောင်လို အထီးကျန်ဆန်သည့်ဘဝကိုငြီးငွေ့လာပြီး ကျယ်ပြန့်သော ကောင်းကင်ပြင်ကြီးမှာ ကြင်ဖော်တွဲ၍ ပျံသန်းပြီး ကိုယ့်အသိုက်အမြုံဖြင့် တသီးတခြားနေလိုသည့်စိတ်တွေသည် အရွယ်ရောက်လာသူတွေမှာ ကိန်းအောင်းလာတတ်သည်မှာ သဘာဝပဲမဟုတ်ပါလား။

(၂)

တစ်နေ့။

ကျွန်မဘဝရဲ့ အမှတ်ထင်ထင် မေ့မရနိုင်တဲ့နေ့ပေါ့။ ကားဂိတ်အနီး အကြော်စုံဆိုင်မှာ ပဲပင်ပေါက်ကြော် ဝယ်ပြီး ကားလမ်းမကို ဖြတ်ကူးလိုက်စဉ် ရွှေစာရံဘုရားလမ်းမှ ချိုးကွေ့လာသော စက်ဘီးတစ်စီးဖြင့် မတော်တဆပွတ်တိုက်မိသလို ဖြစ်သွားရာမှ ရင်ခုန်သည့် ဝေဒနာအသစ်တစ်မျိုး ခံစားတတ်လာချိန် သူနှင့်ကျွန်မဆုံစည်းခွင့်ရခဲ့ပါသည်။

နေ့စဉ် စျေးသွား၊ စျေးပြန်ဆုံတွေ
လာသောအခါ အမှတ်မထင်မှ
တရတွေဖြစ်လာခဲ့ရပါသည်။ သူ
က ကိုညိုမောင်။ သထုံစျေး
ပွဲရုံတစ်ရုံမှာ အထမ်းသမားတစ်
ကြာတော့လည်း သူနှင့်ကျွန်မတို့
တွေဘဝသို့ ရောက်လာခဲ့ကြ
ရွှေစာရံဘုရားဝင်းအတွင်းမှာ အ
ဘုရားဖူးရင်း မကြာမကြာ
ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုညိုမောင်သည် အလုပ်ပင်ပန်းသည့်နေ့များမှာ အရက်အနည်းငယ်မျှသောက်သည်မှအပ လောင်းကစားအပျော်ပါးကင်းသူ တစ်ဦးပါပဲ။ သူလည်း ကျွန်မလိုတစ်ကောင်ကြွက်တစ်ဦး ဖြစ်ပါသည်။ ဓရှးဘဝများမှပြုခဲ့ဖူးသော ဘဝရေစက်များလို့ပဲ ဆိုရမှာလားမသိပါ။ ကျွန်မတို့နှစ်ယောက် နှစ်ကောင်ကြွက်ဘဝဖြင့် လှိုင်းလေကြမ်းသည့် မာယာကြွယ်သော အိမ်ထောင်သည်ဘဝမြစ်ပြင်ကျယ်ကြီးကို ကန့်လန့်ဖြတ်၍ကူးခပ်ခဲ့ကြပါသည်။

ကျွန်မ အိမ်ထောင်ကျပြီးနောက် သိမ်ကုန်းရပ်ကွက်ရှိ အငှားအိမ်တစ်အိမ်သို့ ပြောင်းရွှေ့လာခဲ့ကြပါသည်။ ကိုညိုမောင်၏ဝင်ငွေသည် မစို့မပို့ တစ်ဝမ်းဝရုံလေးဖြင့် ဆင်းဆင်းရဲရဲနေခဲ့ရပါသည်။

ကျပ်တည်းနေသည့်အချိန် သူငယ်ချင်းမိဝင်းရီ၏ ဆက်သွယ်ပေးမှုကြောင့် ရောင်းပြီးပြန်ပေးစနစ်ဖြင့် ငါးစိမ်းဒိုင်တစ်ခုတွင် ငါးဝယ်ရောင်းသည့်ငါးစိမ်းသည်တစ်ဦး ဖြစ်လာခဲ့ပါသည်။ ဈေးသည်ဆိုတာ ဝယ်ယူသူများအကြိုက်ဖြစ်အောင် ဆောင်ရွက်ပေးရတာမျိုးမို့ အရှင်လတ်လတ်ငါးများသာ ကြိုက်သူတို့အဖို့ ငါး၏ခေါင်းကို အလေးဖြင့်ထုသတ်ပေးရတာမျိုး၊ အကြေးခွံထိုး၍ ခုတ်ထစ်ပေးရာမျိုးအပြင် သာသာထိုးထိုးကြိုက်သူများအား အလေးချိန်မပြည့်သော အလေးပါးပါး၊ ဘောင်တိုဘောင်ရှည်ချိန်ခွင်ဖြင့် ကိုယ့်အတွက် ကျန်အောင် အလေးချိန်ခွင်ခိုးရသည့်အလုပ်တွေကိုလည်း လက်ရဲဇက်ရဲ လုပ်ကိုင်တတ်လာခဲ့ပါသည်။ အဲဒီလို အတိုအလျှိုလုပ်ပြီးရလာတဲ့ အမြတ်ငွေတွေကြောင့် အိမ်ထောင်သက် (၂) နှစ်ခန့်တွင် ကိုယ်ပိုင်အိမ်နှင့် အပိုအလျှံငွေများ စုဆောင်းလာနိုင်ခဲ့ပါသည်။

ကျွန်မတို့စီးပွားရေး အဆင်ပြေလာချိန်မှာ ဘာကြောင့်လား၊ ကျွန်မကြောင့်လားမသိ ရင်သွေးရတနာ ထွန်းကားလာခြင်းမရှိသည်ကို အကြောင်းပြု၍ ကျွန်မကို မကြည်မလင်ဖြစ်နေသူသည် ကိုညိုမောင်ပဲပေါ့။ နေ့စဉ်လည်း အရက်တွေ အလွန်အကျွံသောက်သောက်လာပြီး နောက်တော့ အလုပ်ပါနားလိုက်ပါတော့သည်။

ကျွန်မတစ်ဦးတည်း ရှာဖွေသည့် ဝင်ငွေဖြင့် အိမ်မှုကိစ္စများကို တာဝန်ယူခဲ့ရပါသည်။ ကျွန်မစိတ်မဆင်းရဲနိုင်တော့ပါ။ ကျွန်မရဲ့ အတိတ်ဘဝမှပြုခဲ့သည့် အကျိုးပေးပဲလို့တွေး၍ စိတ်ဖြေလျှော့လိုက်ရပါတော့သည်။

(ချောင်းဆို)

# မောင်လွမ်းမိုး

## မိသိန်းကြည် ပြောပြချင်တယ်



www.burmeseclassic.com

(၃)

ဒီနေ့ ကျွန်မစိတ်တွေ မကြည်မလင်ဖြစ်ပြီး ကိုယ်လက်တွေလေးလေးပင်ပင်ရှိနေတာမို့ ဈေးမှခပ်စောစောလေးပဲ ပြန်လာပါသည်။ အိမ်တွင် ခဏနား၍ ရေချိုးလိုက်ပါသည်။ ညနေ (၅) နာရီခန့်ရှိမည်ထင်ပါသည်။ ဒီအချိန်အထိ ကိုညိုမောင်တစ်ယောက် ရွှက်လွှင့်၍ကောင်းတုန်းပါပဲ။ အိမ်ပြန်မရောက်သေးပါ။ ကျွန်မတစ်ယောက်တည်း ရွှေစာရံစေတီတော်မြတ်ကြီးသို့ လမ်းလျှောက်ထွက်လာခဲ့ပါသည်။ စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်လိုက်ပြီး ကျွန်မ၏ မွေးနံ တနင်္လာထောင့်တွင် ဆီမီးများပူဇော်၍ မေတ္တာပို့ အမျှဝေးဝေလိုက်ပြီး အလှူခံပုံးတွင်လည်း တစ်ထောင်တန်နှစ်ရွက်ထည့်ဝင်လှူဒါန်းလိုက်ပါသည်။

ကျွန်မအိမ်ပြန်ရောက်သောအခါ တစ်မြို့လုံး မီးများထိန်ထိန်လင်းနေပါပြီ။ ကျွန်မအာခေါင်တွေခြောက်သွေ့နေ၍ ရေအေးအနည်းငယ်သောက်လိုက်ပြီး အိမ်ရှေ့အခန်းတွင် ထိုင်ချလိုက်ပါသည်။ ကျွန်မတစ်ကိုယ်လုံး မလှုပ်မယှက်နိုင်အောင် ,နွမ်းချည့်နေပါသည်။ နဖူးကို လက်ဖြင့်စမ်းကြည့်လိုက်မိပါသည်။ အပူတွေတအားတက်နေပြီး ခြေဖျားလက်ဖျားတွေ အေးစက်နေပါသည်။ ကျွန်မခန္ဓာကိုယ်တို မထိန်းနိုင်သလို စိတ်တွေလည်း တည်ငြိမ်စေရန်ထိန်းနိုင်စွမ်းလုံးဝမရှိတော့ပါ။

"ဟဲ့-မိသိန်းကြည်၊ ဘာဖြစ်နေတာလဲ"

"မူး. . . မူးတယ်. . ."

စကားနှစ်လုံးသာ ကိုညိုမောင်ကို ပြောနိုင်ပါသည်။ ကျွန်မရဲ့အမြင်အာရုံတွေမရှိတော့ပါ။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပါသည်။ အားယူ၍ လှုပ်ရှားကြည့်မိပါသော်လည်း လှုပ်ရှား၍မရပါ။ ကျွန်မရဲ့အာရုံတွေ လွင့်မျောနေပါသည်။

"ဟယ်- ငါးစိမ်းသည်မ၊ မင်းဘာလုပ်နိုင်သေးလဲ။ သတ်ပါဦးလား သူများအသက်။ ခိုးပါဦးလား အလေးချိန်ခွင်။ ဗုဒ္ဓဘာသာ ဆိုတာ သေစေလိုတဲ့ဆန္ဒနဲ့ သူ့အသက်သတ်တာတွေ၊ ပိုင်ရှင်ခွင့်မပြုတဲ့ပစ္စည်းကိုယူတာဟာ ခိုးယူတာပဲကွယ့်။ အဲဒီမကောင်းမှုကံတွေကိုရှောင်ရတယ်"

အသံတွေကြားနေရာမှ ချက်ချင်းငြိမ်သက် တိတ်ဆိတ်သွားပါသည်။ လူတစ်ဦးတစ်ယောက်မှ မတွေ့ရပါ။ အသံတွေထွက်လာပြန်ပါသည်။

"ဟိုမှာကြည့်စမ်း"

မြင်ကွင်းတွေ မကြည့်ရဲတော့ပါ။ အလျှံရဲရဲနီနေသော ငရဲမီးချိန်ခွင်ကြီးတစ်ခု၊ တစ်ဖက်တွင် အမျိုးသမီးတစ်ဦး၏ လည်မျိုတွင် ကြိုးချည်၍ ဆွဲထားပြီး တစ်ဖက်တွင် ငရဲမီးလျှံတုံးကြီးတစ်တုံး။ ကျွန်မ အလွန်တုန်လှုပ်သွားပါသည်။ ကျွန်မခေါင်းကို တစ်ဖက်သို့လှည့်လိုက်ပါသည်။ အို-ဒီမှာလည်းတစ်မျိုး၊ ငရဲမီးတုံးကြီးတွင် ခေါင်းအုံး၍ ပက်လက်အနေအထားရှိနေသည့် အမျိုးသမီးတစ်ဦးအား ငရဲမီးတူကြီးဖြင့် ဦးခေါင်းကိုထုရိုက်နေသည့်မြင်ကွင်း။ အထုခံနေရသူ၏ ကြောက်မက်ဖွယ်အော်သံသည် ကျွန်မနားစည်ကို လာရောက်ထိတွေ့ရာ ကျွန်မလည်း ကြောက်လန့်၍အော်လိုက်မိပါသည်။

"အား. . . အား. . . အား. . ."

"ကြောက်နေပြီလား ငါးစိမ်းသည်မရဲ့။ မင်းပြုခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ ဆိုးကျိုးတွေကို ရဲရဲဝံ့ဝံ့ခံလိုက်ပေဦးတော့။ မင်းအရှေ့မှာရှိတဲ့ ငရဲမီးလျှံလမ်းမကြီးအပေါ်မှာပြေးစမ်းဟဲ့"

ကျွန်မကြည့်လိုက်သောအခါ ရဲရဲတောက်လောင်နေသည့် ငရဲမီးလျှံလမ်းမကြီးတစ်ခုသာ မီးလျှံများလင်းနေပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်း။ တစ်ကိုယ်လုံး တုန်ခါ၍ လွန်လွန်မင်းမင်း ကြောက်လန့်နေမိပါသည်။ အမှောင်ထုအတွင်းမှ ငရဲမီးလျှံများကို မြင်တွေ့ရသောအခါတွင် ရွှေစာရံစေတီတော်မြတ်ကြီးအား ဆီမီးကပ်လှူပူဇော်ခဲ့ရသောအချိန်ကို ကျွန်မ၏ မျက်ဝန်းအိမ်တွင် လျှပ်စီးများလက်သလို အလင်းအားကောင်းသော အလင်းတန်းတစ်ခု မြင်တွေ့လိုက်ရပါသည်။

"ဘုရား. . ."

အသံထွက်မလာပေမယ့် ကျွန်မ၏ရင်ထဲမှာ တုန်ခါသွားအောင် ပွဲတင်ရိုက်ခတ်ခဲ့ပါသည်။ လက်အုပ်ချီမိုး၍ ဘုရားရှင်၏ဂုဏ်တော်များဖြင့် ရွှေစာရံစေတီတော်မြတ်ကြီးအား ရှိခိုးလိုက်ပါသည်။

ကျွန်မအားနောက်မှတွန်းသူတွန်း၊ ရှေ့မှဆွဲသူဆွဲနေသည်ကို မမြင်ရသော်လည်း ကျွန်မကို ငရဲမီးလျှံလမ်းမကြီးပေါ်တွင် လျှောက်သွားရန် တွန်းပို့နေကြပါသည်။ ကျွန်မအလွန်ကြောက်ရွံ့နေပါသည်။ ကယ်တင်မည့်သူ အသွ[illegible] မရှိသောအခါ ဒုက္ခရောက်မှ ဘုရား[illegible] ဆိုသည့်နှယ် မြတ်စွာဘုရားရှင်၏ပုံ[illegible] အား စိတ်အာရုံထဲမှာမြင်အောင်[illegible] ၍ ဒုတိယအကြိမ် ရှိခိုးကန်တော့[illegible] ပါသည်။ ပြီးတော့ လက်အုပ်ချီမိုး[illegible] ပင် မျက်စိစုံမှိတ်၍ ငရဲမီးလျှံလမ်း[illegible] ပေါ်သို့ ဖြည်းဖြည်းချင်း လျှောက်[illegible] လိုက်ပါသည်။ ကျွန်မ ခြေတစ်[illegible] လိုက်သည့်အခါတိုင်း ငရဲမီးလျှံတို့[illegible] တုံ့ခနဲ ရပ်တန့်သွားပြီး ဆီးနှင်းပြ[illegible] ပေါ်တွင် လျှောက်လှမ်းရသလို အေး[illegible] နေပါသည်။ အနီးဆုံးပြုခဲ့သည့် ဆီ[illegible] လှူဒါန်းခဲ့ရသောကံကြောင့် ကောင်း[illegible] ချမ်းသာခံစားရသည်ဟု ကျွန်မယုံ[illegible] သွားပါသည်။ အနိဋ္ဌာရုံမြင်ကွင်း[illegible] လုံးဝပျောက်ကွယ်သွားပြီး ဝါ[illegible] ကြီးများ ချိတ်ဆွဲထားသလို ပတ်ဝန်း[illegible] တစ်ခုလုံး အဖြူရောင်အလင်းတန်း[illegible] တောက်ပနေပါသည်။

ဩော်-ဘုရားရှင်၏အနှိုင်းမဲ့[illegible] ဂုဏ်ကျေးဇူးတွေပါလား။

(၄)

"ရေ. . . ရေ. . . ရေ. . ."

ကျွန်မ၏ခံစားမှုအာရုံများ [illegible] ရှင်သန်လာ၏။ ရေသောက်လို[illegible] လက်များနှင့် တွေ့ယမ်းတောင်း[illegible] အင်အားများ ဖျစ်ညှစ်၍ပေါ်ထွက်[illegible] သောအသံဖြစ်ပါသည်။ ကျွန်မ [illegible] ဖွင့်၍ ဝေ့ယမ်းကြည့်လိုက်မိပါသည်။

"မိသိန်းကြည်၊ သတိရလာ[illegible] ဝမ်းသာလိုက်တာကွယ်"

"ဖြည်းဖြည်းသောက်နော်"

ကျွန်မ၏ အမြင်အာရုံတွေ[illegible] ရှားပါပဲ။ ပထမဆုံးတွေ့လိုက်[illegible] ကိုညိုမောင်။ ပြီးတော့ မိတ်[illegible] အိမ်နီးချင်းများ ဖြစ်ပါသည်။

"ဩော် - ငါမသေသေးပါ[illegible]"

အသံထွက်မလာပါ။ ရင်တွင်[illegible] ပွဲတင်ထပ်သွားပါသည်။ ကိုညို[illegible] သည် ကျွန်မကို ဖေးကူထောက်[illegible] ပါသည်။ ရေကို အာဆွတ်ရုံမျှ အ[illegible] ငယ်သောက်လိုက်ပါသည်။ ရင်[illegible] အနည်းငယ်လျော့လာပါသည်။ [illegible] ပါဘူး။ နှလုံးခုန်သံစည်းချက် ပုံ[illegible] လာပါသည်။ ကိုညိုမောင်အကြည့်[illegible] လုံးတွင် ကရုဏာအပြည့်မျက်ဝန်း[illegible] ကို တွေ့ရပါသည်။ ဇနီး၊ ခင်ပွန်း[illegible] သူတို့လက်တွဲဖော်ရဲ့ ကြင်နာယု[illegible] ကူညီတာတွေ မလိုလားသူ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လဲ။ မျှော်လင့်ထားခြင်းမရှိသော အကြင်နာရိပ်များကိုမြင်ရလျှင် ကြည်နူးမိတာအမှန်ပါ။ တစ်ဦးအပေါ်တစ်ဦး အရိပ်တကြည့်ကြည့်ဖြင့် ကြင်နာမြတ်နိုး ယုယခူတွေသည် ကျွန်မတို့လို အိမ်ထောင်ရှင်များအဖို့ အလိုအပ်ဆုံးသော ဆုလာဘ်တစ်ခုပဲမဟုတ်ပါလား။

ကိုညိုမောင်နှင့် မိဝင်းရီတို့၏ ပြောပြချက်များအရ ကျွန်မသတိလစ်ပြီး မေ့မြောနေသည်မှာ (၂၄) နာရီကျော်လာပြီဟု သိရပါသည်။ မတွေးချင်တော့ဘူးဆိုပေမယ့်လည်း တစ်ခါတစ်ခါတွင် ခံစားခဲ့ရသော ဝေဒနာတွေဆီရောက်သွားသောအခါ ဆောက်တည်ရာမရအောင် ညစ်ညူးနေသည့်စိတ်ကို ဖြေလျော့နိုင်ရန်အတွက် ရွှေစာရံဘုရားသို့ ထွက်လာခဲ့ပါသည်။

သူတော်ကောင်းခေတ်များ ကိန်းအောင်းနေ၍လားမသိပါ။ ကြည်နူးဖွယ်ရာ ဓမ္မသံစဉ်များနှင့် ထီးတော်မြတ်မှ ခေါင်းလောင်းသံများသည် ငြိမ့်ညောင်းသာယာလှပါသည်။ ဘဝင်စိတ်ဝမ်း ငြိမ်းချမ်းဖွယ်ရာပဲ။ ကျွန်မစိတ်တွေကြည်လင်နေပါသည်။ ကျွန်မ၏မွေးနံစနေ်ထောင့်အရပ်မှာ ဆီမီးလှူဒါန်း၍ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်မြတ် ခံယူလိုက်ပါသည်။

"ဘုန်းတော်ကြီးသောအရှင်မြတ်ဘုရား. . .။ ဘုရားတပည့်တော်သည် အကုသိုလ်ကံများဖြင့် စီးပွားရှာခဲ့၍ အကုသိုလ်အကျိုးပေးခြင်းကိုလည်းခံခဲ့ရပါသည်ဘုရား။ တပည့်တော်သည် အသက်ထက်ဆုံး အကုသိုလ်အမှုများကို ရှောင်ကြဉ်မည်ဖြစ်ကြောင်း ကတိသစ္စာပြုအပ်ပါသည်ဘုရား။ ယခုဘဝတွင် တင်ကျန်နေခဲ့သော အကုသိုလ်ဝဋ်ကြွေးများကို ပါရမီကုသိုလ်ထူးများဖြင့်ပေးဆပ်နိုင်ရန်အတွက် ဘုရားတပည့်တော်အား အစဉ်သနားခြင်းဖြင့် ငါးစိမ်းသည်ဘဝမှ လွတ်မြောက်စေရန် ကယ်ချွတ်ပေးတော်မူပါ အရှင်မြတ်ဘုရား"

ကျွန်မ ဝတ်ပြု၍သစ္စာဆိုပြီးသော အချိန်တွင် ကျွန်မအနားမှ ခိုတစ်အုပ်ပျံထွက်သွားကြပါသည်။ အနှောင်အဖွဲ့တွေမှ လွတ်မြောက်သွားပြီဟု ခံစားမိပါသည်။ ကျွန်မ ကျေနပ်သွားပါပြီ။ ကျွန်မ၏ အိမ်အပြန်ခြေလှမ်းများ သွက်လက်ပေါ့ပါးနေပါသည်။ အိမ်ပြန်ရောက်လျှင် ကိုညိုမောင်စီစဉ်ထားသည့် ထမင်းဝိုင်းတွင် သူနှင့်လက်ဆုံစားရသည်မှာ နောက်ဆုံးဖြစ်မည်ထင်ပါသည်။ ထမင်းစားပြီး ကျွန်မတို့ စကားတစ်ခွန်းမှမပြောဖြစ်ခဲ့ကြပါ။ ကိုယ်အတွေးနှင့်ကိုယ်စီ ငြိမ်သက်နေပါသည်။ ဇရဲခန်းသို့ လျှောက်လှမ်းခဲ့ရသည့် ခြေလှမ်းများနှင့်အတူ ခိုင်ကြည်သောစကားတွေကို ကျွန်မပြောနေပါသည်။

"အကုသိုလ်နှင့်ယှဉ်ပြီးမသင့်သော ရှာမှီးခြင်းနှင့်အတူ နှောင်ဖွဲ့တတ်သော သံယောဇဉ်တွေစွန့်ပြီး ပါရမီကုသိုလ်ထူးတွေပြုဖို့ ကျွန်မဆုံးဖြတ်လိုက်ပြီမို့ ယောဂီအိတ်ငယ်လေးမှာရှိတဲ့ ရွှေထည်အချို့နဲ့ ငွေသားတွေ ကိုညိုမောင်စိတ်ကြိုက် ဆောင်ရွက်ခွင့်ရှိပြီး ဒီအိမ်နဲ့ခြံကိုလည်း ကိုညိုမောင်အတွက် လွှဲအပ်ခဲ့ပါတယ်။ ကျွန်မမှာ အပြစ်ရှိခဲ့ရင်လည်း ခွင့်လွှတ်ပေးစေချင်ပါတယ်"

"အစ်ကိုကြီးက နှမငယ်အပေါ်မှာ ထားတဲ့ ဖြူစင်မေတ္တာတွေနှင့် ခွင့်လွှတ်ပါတယ်။ မင်းလျှောက်မယ့်ခရီးလမ်း ဖြောင့်ဖြူးသာယာပါစေကွယ်"

ကြေကွဲဆို့နင့်ခြင်းတွေ ကိုညိုမောင်၏ရင်တွင်းဖြစ်စကားတွေကို ထိန်းချုပ်ခံစားရာမှ ထွက်လာသောအသံသည် ဆိတ်ငြိမ်နေသော နည့်ခန်းတစ်ခုလုံးကို ဖြန့်ကြက်လွှမ်းမိုးသွားပါတော့သည်။

(၅)

ဘဝ၏ အဆစ်အချိုးတစ်ခုတွင် အခက်ခဲနှင့် ကြုံတွေ့လာသည့်အခါ မွေးရပ်မြေနှင့် အဆွေအမျိုးတို့အား တမ်းတသတိရစမြဲ ဖြစ်ပါသည်။ ကျွန်မ၏ မွေးရပ်မြေ (ဘီလူးကျွန်း) ချောင်းဆုံမြို့နယ် ကလွိုကျေးရွာရှိ တစ်ဝမ်းကွဲအစ်မ၏နေအိမ်သို့ ပြောင်းရွှေ့လာခဲ့သည်မှာ (၂) လခန့်ကြာခဲ့ပါပြီ။ ရွာတွင် နှစ်စဉ် ဖွင့်လှစ်ခဲ့သော မင်္ဂလာဝေယျာမိုးကုတ်ဘာဝနာဌာန ဝိပဿနာတရားစခန်းဝင်ခွင့်ရခဲ့ပါသည်။ ပထမဦးဆုံးသော တရားစခန်းဝင်ရောက်ခွင့်ရခဲ့၍ သာသနာတွင်းသို့ လျှောက်လှမ်းနိုင်ခဲ့သော ကျွန်မ၏ခြေလှမ်းသာ ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်မချမီ ဟောကြားတော်မူခဲ့သည့် ဟောစဉ်ကျင့်စဉ်သစ္စာလေးပါးတရားတော်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်များနှင့် ကမ္မဋ္ဌာနာစရိယနန္ဒာရာမဆရာတော်ဘုရား၏ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေးတရားတော်များကို နာကြားရှုမှတ် အားထုတ်ပွားများခဲ့ရ၍လည်း စတ္တုန်မှလပ် မိနစ်မခြား ဖြစ်ပြီးပျက်နေကြသည့်ခန္ဓာငါးပါး၏သဘောအမှန်ကို သိရှိနားလည်ခွင့်ရခဲ့ပြီး ခန္ဓာရထားသူတိုင်း မမြဲဆင်းရဲအစိုးမရခြင်းနှင့် အနှစ်သာရမရှိခြင်း၊ ခန္ဓာငါးပါးနှင့်ဖွဲ့စည်းထားသော ကျွန်မတို့မှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ ခန္ဓာရထားသည့်အတွက် ဆင်းရဲခြင်းအမှန်တရား ဒုက္ခသစ္စာသာရှိပုံ၊ သမုဒယသစ္စာနှောင်ဖွဲ့မှုကြောင့် ဒုက္ခသစ္စာ ဤခန္ဓာကြီးရလာပုံ ဖြစ်စဉ်တိုင်းမှာ အကြောင်းကြောင့် အကျိုးဖြစ်ခဲ့ရပုံများ သိရှိနားလည်ခဲ့ရပါပြီ။ ဆရာတော်ဘုရားများ၏ကျေးဇူးကြီးမားလှပါသည်။ မှန်မြတ်သော အရိယာနှလုံးသားဖြင့် လူဖြစ်ခွင့်ရလာပြီမို့လည်း တရားစခန်း ပြီးဆုံးသည့်ကာလများမှာ နေ့စဉ်အရိယာဓမ္မများ နာကြား၊ မှတ်သား၊ အားထုတ်ရှုမှတ်နိုင်ရန်လည်း ကျွန်မ၏ အတ္တဘောခန္ဓာကို ဘုရားရှင်နှင့် ဥပဇ္ဈာယ်ဆရာတော်ထံ လှူဒါန်းပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမဘာသာရိပ်မှာ အရိယာနှလုံးသားပိုင်ရှင်တို့ လျှောက်လှမ်းရမည့်ခြေလှမ်းများ လျှောက်လှမ်းသွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ခိုင်ကြည်သော ဆုံးဖြတ်ချက်များ ဖြစ်မည်ထင်ပါသည်။ ကျွန်မ၏နှလုံးအိမ်မှာ ကြည်လင်သန့်ရှင်းနေပါသည်။ ပစ္စုပ္ပန်တွင် တင်ကျန်နေသော အကုသိုလ်အကြွေးများကို ယခု ခန္ဓာမစွန့်မီ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်များဖြင့် ပေးဆပ်ခွင့်ရမှာမို့ ဝမ်းသာလွန်း၍ မျက်ရည်များကျခဲ့သည့်အထိပါပဲ။ သည်တစ်ခါ ကျဆင်းသောမျက်ရည်များသည် သမုဒယသစ္စာနှောင်ဖွဲ့မှုကြောင့်မဟုတ်မူဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှုနှင့် ယှဉ်သော ပီတိသောမနဿများသာ ဖြစ်ချေလိမ့်မည်ဟု ခိုင်မြဲမှန်ကန်သောနှလုံးသွင်းမှုဖြင့် နိဗ္ဗာန်သို့ လျှောက်လှမ်းရသော ခြေလှမ်းများသည် ပေါ့ပါးသွက်လက်နေပါတော့သည်။

မေတ္တာရှည်လျက်

မောင်လွှမ်းမိုး(ချောင်းဆုံ)

*(ယောဂီခေါင်းဆောင်အစ်ကိုကြီးကိုမြတ်စံပြောပြသော အမျိုးသမီးယောဂီတစ်ဦး၏ ကိုယ်တိုင် ခံစားခဲ့ရသော အတွေ့အကြုံများကို ဇာတ်လမ်းအသွင် ခံစားရေးဖွဲ့ပါသည်။)*

www.burmeseclassic.com

www.burmeseclassic.com

မနှင်းပွင့်(ပြည်)

# သရေခေတ္တရာ ပြည်မြို့ ရှေးဟောင်းဘုရား ရာဟုထောင့်မှ ကျိန်စာသင့်သောခေါင်းလောင်းလေး

မြန်မာနိုင်ငံတွင် ခေါင်းလောင်းများစွာရှိကြပါသည်။ သို့သော် ရိုးရိုးခေါင်းလောင်းနှင့် ထူးဆန်းသောခေါင်းလောင်း ဟူ၍ ရှိပါသည်။ အထူးသဖြင့် ကျိန်စာသင့်နေသော ခေါင်းလောင်းများသည် ထူးဆန်းသောအဖြစ်များဖြင့် လူတို့ကို အံ့ဩစေအောင် ထိတ်လန့်စေပါသည်။

မြန်မာနိုင်ငံတွင် လူသိများပြီး ထင်ရှားသော ခေါင်းလောင်းကိုပြပါဆိုပါက ဓမ္မစေတီမင်းကြီးစည်ထွင်းတော်မူခဲ့ပါသော ဓမ္မစေတီခေါင်းလောင်းတော်ကြီးပင် ဖြစ်ပါသည်။ ထိုခေါင်းလောင်းတော်ကြီးကို စာရေးဆရာ/မတချို့က အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။ အထူးသဖြင့် မိမိသည်လည်း ဓမ္မစေတီခေါင်းလောင်းတော်ကြီးနှင့်ပတ်သက်၍ အမျိုးမျိုး စွာရေးသားခဲ့ဖူးပါသည်။

သို့သော် ယခုခေါင်းလောင်းတော်လေးအကြောင်းကို လူသိနည်းပါးလှပေသည်။ ခေါင်းလောင်းတော်လေးမှာ ထုလုပ်လှူဒါန်းစဉ်အခါက လှူဒါန်းသူဒကာ၊ ဒကာမများသည် ကျိန်စာဆိုခဲ့ပုံရပါသည်။ ရှေးလူကြီးသူမများနှင့် ပြည်မြို့ ဇေတဝန်ကဆရာတော်ဘုရားကြီးမှ ထိုခေါင်းလောင်းအကြောင်းကို ရှင်းပြတော်မူခဲ့သည်။ ထိုခေါင်းလောင်းတော်ကို ယခုအခါ 'ဘီလပ်ပြန်ခေါင်းလောင်း' ဟူ၍ ခေါ်ဝေါ်ထားခဲ့ပါသည်။ ထိုသို့ခေါ်ဆိုထားသည့် အကြောင်းမှာလည်း ပုံပြင်၊ ဝတ္ထု မဟုတ်ပေ။ တကယ့် ဘီလပ်နိုင်ငံတော်သို့ ရောက်ရှိခဲ့သော အာဂသတ္တိရှင် ခေါင်းလောင်းလေးပင် ဖြစ်၏။

မိမိ ဒီတစ်ခေါက် ပြည်မြို့ပြန်စဉ်အခါက ထိုခေါင်းလောင်းလေးရှိရာဆီသို့သွားရောက်ပြီး တောင်းဆုခြွေကာ ခေါင်းလောင်းလေးအား ထိုင်ကြည့်ပါသည်။ ထိုခေါင်းလောင်းအသံသည် မည်သည့်ခေါင်းလောင်းအသံနှင့်မျှ မတူချေ။ အင်မတန် သာယာနာပျော်ဖွယ်ကောင်းလှပေ၏။ သူ၏ခေါင်းလောင်းသံသည်ကား လွမ်းမောဖွယ်သဘောကိုလည်း ဆောင်နေ၏။ ထို့ပြင် သီချင်းဂီတအေးအေးလေးကို နားဆင်ရသလို



အသံမျိုးကိုလည်း တီးမိသူမှ ခံစားရပါသည်။ ထို့ပြင် ဆက်တိုက်ခေါင်းလောင်းထုသောအခါတွင် လူအုပ်ကြီး၏ ဘုရားရှိခိုးသံမျိုးကြားရပြန်ပါသည်။ ထိုအသံကြားချင်သူတို့မှာ ထိုနေ့တွင် သက်သတ်လွတ်စားပြီး သတ္တဝါများ၊ နတ်များ၊ သာသနာစောင့် နတ်မင်းကြီးများကို မေတ္တာပို့ပါက ပို၍ပင် ကြားရပါသည်။ စာဖတ်သူတို့ မယုံပါက သွားရောက်ပြီး ခေါင်းလောင်းထိုးကြည့်ပါဟု ရဲဝံ့စွာ ပြောလိုပါသည်။ ထိုအတိုင်း အမှန်ပင် ကြားရပေမည်။

တကယ်တော့ စာရေးသူနေသော ပြည်မြို့သည် အထူးအဆန်းများစွာရှိပါသည်။ ဟိုးယခင်ကလည်း အင်မတန်ကြီးကျယ်ခဲ့ပါသော မြို့တော်ကြီးဖြစ်ခဲ့ဖူးပါသည်။ သရေခေတ္တရာမြို့တော်ကြီးဖြစ်တုန်းကဆိုပါမူ သာသနာတော်ကြီးသည် ထွန်းကားစည်ပင်ဝပြောခဲ့သည်။ ယဉ်ကျေးမှုအနုပညာတို့လည်းထွန်းကားခဲ့သည်။ ပျူယဉ်ကျေးမှု ဆိုသည်မှာ ယနေ့အထိထွန်းကားဆဲ 'အက' ပင် ဖြစ်သည်။ အိမ်နားနီးချင်းနိုင်ငံများမှ သရေခေတ္တရာ ပျူယဉ်ကျေးမှုကို အသိအမှတ်ပြုရသည့် သက်သေသမိုင်းအထောက်အထားများစွာရှိပါသည်။

ထို့အပြင်. . . သရေခေတ္တရာမှ ရှေးခေါင်းလောင်းများကလည်း ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်နေပါသည်။ မြန်မာလူမျိုးများသည် အလှူအတ… ပြုလုပ်သောအခါတွင် ဘုရားစေတီ… များတွင် ခေါင်းလောင်းများကို လှူ… ကြသည်။ ထို့ပြင် ခေါင်းလောင်းတွင်… တို့၏အမည်နာမည်များကို ရေးထိုး… ကြသည်။ ထိုနာမည်ရင်းများရေးထိုး… ပါက တချို့က ကျိန်စာသဘော… ရေးထိုးပြီး သစ္စာအဓိဋ္ဌာန်ပြုကြပါသ…

ထိုအထဲတွင် ထင်ရှားစွာပြော… ပါလျှင် ပြည်မြို့ မင်းကြီးတောင်… က ရှေးဟောင်း စေတီငယ်တစ်ဆူ… ဆည်းလည်း ခေါင်းလောင်းသံတစ်… သည် ညလူခြေတိတ်ပြီဆိုပါလျှင် … မတိုက်ဘဲနှင့် သူ့အလိုလိုမြည်… မည်။ သူမြည်သံသည် လွမ်းဆွတ်… ခံစားရ၏။ ကြားရသူအချို့ ဝမ်း… သလိုလိုခံစားရသည်။ ထိုခေါင်းလော… သည် သူတစ်ခုတည်းမြည်ခြင်း ဖြစ်… တခြားခေါင်းလောင်းများစွာရှိပါသ… သို့သော် တခြားခေါင်းလောင်းလေး… တချွင်ချွင်ဆည်းစွာမြည်နေပါက … တော့ မတုန်မလှုပ် ငြိမ်သက်စွာနေ… နောက် လေမတိုက်ဘဲ ခေါင်းလော… ဆည်းလည်းလေးများ ငြိမ်သက်… သောအခါတွင် လွမ်းဆွတ်စွာ… အသံမြည်ပါတော့သည်။ ယနေ့အ… တိုင် မင်းကြီးတောင်စေတီတွင်… သည်။ စာဖတ်သူများ ရောက်ခဲ့… သွားရောက်ကြည့်နိုင်ပါသည်။

ခု ဘီလပ်ပြန် ခေါင်းလောင်း… အကြောင်းကို ပြောကြပါစို့။

ပြည်ရွှေဆံတော်ဘုရား၏ … ထောင့်တွင်ကပ်လျက် ထိုခေါင်းလော… ကို တွေ့ရပါမည်။ ထင်ထင်ရှား… စာလုံးဖြင့် မာတ်ပုံထဲကအတိုင်း… တွေ့ရပေမည်။ ခေါင်းလောင်းလေး… ရိုးရိုးကြည့်ပါက သိပ်မထူးခြားလှ… သေသေချာချာကြည့်ပါက ရှေးဟော… လက်ရာကို တွေ့ရပေမည် ဖြစ်… ထိုခေါင်းလောင်းလေး၏အကြော… သိရှိသူအလွန်နည်းပါးလှပါသည်။

ခေါင်းလောင်းလေး၏အကြော… ကား ဤသို့တည်း။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် စစ်ပွဲများဖြစ်တိုင်း ရှေးဟောင်းပစ္စည်းများ ဆုံးရှုံးခဲ့သည်က များလှပါသည်။ ပထမစစ်ပွဲတုန်းကလည်း မြန်မာယဉ်ကျေးမှုလက်ရာများနှင့် ရှေးဟောင်း စေတီပုထိုးတော်များ ပျက်စီးဆုံးရှုံးခဲ့ရလေသည်။ ဒုတိယကမ္ဘာစစ်ကလည်း ထပ်မံပျက်စီးဆုံးရှုံးခဲ့ရပြန်ပါသည်။ ထိုခေါင်းလောင်းသည်ကား ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားချိန်က ရွှေဆံတော်ဘုရားပေါ်မှ ယူဆောင်သွားခြင်း ဖြစ်၏။

အင်္ဂလိပ် - မြန်မာစစ်ပွဲဖြစ်ချိန် (၁၈၅၂-၁၈၅၄) တွင် စစ်ရှုံးပြီး မင်းတုန်းမင်း စတင်နန်းတက်ခဲ့၏။ ပုဂံမင်းမှာ နန်းချခံဘုရင်ဖြစ်သွားပြီး ဖမ်းဆီးခံနေရတော့သည်။ အင်္ဂလိပ်ကို မင်းတုန်းမင်းကြီး အစစအရာရာ လိုက်လျောခဲ့သည်။ စစ်အောင်နိုင်သူ အင်္ဂလိပ်တို့ကို စစ်ပြေငြိမ်းပြီး လက်ဆောင်ပစ္စည်းများ ဆက်သတော်မူခဲ့သည်။ သို့သော် မာန်တက်တော်မူသည့် အောင်နိုင်သူ စစ်သူကြီး အင်္ဂလိပ်က မထီမဲ့မြင်ပြုလုပ်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်ပစ္စည်းများနှင့် စေတီပုထိုးတော်ကြီးများကို ရှာဖွေကာ ဌာပနာဖောက်ကြသည်။ ထိုသို့ပြုလုပ်သည်မှာ မြန်မာနိုင်ငံ အနှံ့အပြားတွင် ပြုလုပ်ကြသည်။

ပြည်မြို့တွင် သိမ်းပိုက်ထားသော အင်္ဂလိပ်စစ်သားများက ယခုဘိလပ်ပြန် ခေါင်းလောင်းကို သဘောကျပြီး သူတို့၏ အထက်အရာရှိဖြစ်သူ ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်ဆိုသူအား ထိုခေါင်းလောင်းကို ရွှေဆံတော်ဘုရားပေါ်မှယူပြီး ဆက်သတော့၏။ ထိုဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်ကလည်း ရှေးဟောင်း လက်ရာမြောက်လှသော ခေါင်းလောင်းအား အရမ်းသဘောကျပြီး ရှိသေစွာသိမ်းထားတော့သည်။ ပြီးမှ သူ့နိုင်ငံသို့ ထိုခေါင်းလောင်းအား ယူဆောင်သွားပါလေတော့သည်။ ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်၏ အမျိုးသမီးမှာလည်း အင်္ဂလန်မှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ထိုခေါင်းလောင်း၏ အကြောင်းကိုပြောပြကာ ဂုဏ်ယူလေ့ရှိကြ၏။

ခေါင်းလောင်းလေး၏ နံရံများတွင် ရေးထိုးထားသည့် အလှူရှင်များကိုလည်း မဖတ်တတ်ဖတ်တတ်ဖြင့် ဆင်ကြေးပေးကြ၏။ ခေါင်းလောင်းတွင် ရေးထိုးထားသည်မှာကား မြန်မာစာလုံးဖြင့်ရေးထားခြင်း ဖြစ်၏။

ရေးထားသည်မှာ -

အမရပူရမြို့ ဇေယျကျော်ထင်ဘွဲ့ခံ
မောင်အောင်သူနှင့် ဇနီး
ရှင်မင်းယောက်၊ သမီး ရှင်ဘုန်နှင့်
ရှင်ထုန်တို့ကောင်းမှုတော်. . .

ဟူ၍ ရေးသားထားပါ၏။

တစ်နေ့ ဇနီးဖြစ်သူ လက်ကျိုးသွားသည်။ ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်က ထိုခေါင်းလောင်းကြောင့် မထင်ပေ။ ထိုခေါင်းလောင်း၏အစောင့်က တစ်ရေးနှင့် ဂေါ်ဒဝင်၏သားဖြစ်သူကို အိပ်မက်ပေး၏။

ငါ့ကိုပြန်ပို့ပါတဲ့။ ခေါင်းလောင်းထဲမှ အစောင့်ကဆင်းလာပြီး ပြောတာဆိုပြီး အဖေ ဗိုလ်ချုပ်ဂေါ်ဒဝင်ကို ပြန်ပြောတော့ မဖြစ်နိုင်ပါဘူးဟူ၍ မှတ်ချက်ပေးထားကြောင်းကို ဂေါ်ဒဝင်၏မှတ်တမ်းတွင် တွေ့ရပေသည်။

နောက် ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်တို့မိသားစုသည် တစ်အိမ်လုံး မျက်စိနာဖူး၏။ တော်တော်နှင့် မပျောက်ဘဲရှိ၏။ ထိုအချိန်မှာပဲ ဤခေါင်းလောင်းမှ အစောင့်က ထိုသားလေးကိုပင်အိပ်မက်ပေးပြန်ပါသည်။ အထက်ကဆိုသည့်အတိုင်းပင် ငါ့ကိုပြန်ပို့ပါတဲ့။ ဒါနှင့် ဒီခေါင်းလောင်းလေးကို မြင့်မားသော အိမ်ဦးခန်းမှာ သိမ်းဆည်းထားမိပြီး 'ပြန်ပို့ပေးပါမည်' ဟူ၍ ကတိပေးထားမိသည်။ ယုံကြည်တစ်ဝက်၊ မယုံကြည်တစ်ဝက်နှင့် ကတိပေးထားခဲ့ခြင်း ဖြစ်သည်။

ခေါင်းလောင်းလေးသည် နှစ်ရှည်လများစွာ ဘိလပ်တွင်နေခဲ့ရပြီး ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်၏ မြေးမြစ်တို့လက်ထက်တွင် သူတို့အဘိုးရေးထားသော သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံသို့ ပြန်လည်၍ ရောက်ရှိရန် အကြောင်းဖန်လာပါတော့၏။

ပြည်မြို့သူပြည်မြို့သားတို့လည်း ထိုခေါင်းလောင်းအကြောင်းကို မသိကြတော့ပေ။ ထိုအချိန်တွင် ပဲခူးတိုင်းဝန်ရှင်တော်မင်းကြီးက ခေါင်းလောင်းလေး၏ အကြောင်းကို သိရှိလာပါတော့သည်။ ထိုအခါ ရွှေဆံတော်ပေါ်မှ အရေးကြီးသောပုဂ္ဂိုလ်များနှင့်တွေ့ဆုံကာ အစည်းအဝေးပြုလုပ်ပြီး ဆက်သွယ်လာသော ဘိလပ်မှ ဂေါ်ဒဝင်၏ မြေးဖြစ်သူ လက်ဖတင်နင်ကာနယ်နှင့် အိပ်ဂေါ်ဒဝင် အော်စတင်တို့ကို ပဲခူးခရိုင်ဝန်ရှင်တော်မင်းကြီး အကြောင်းကြားစာပို့လိုက်ပါတော့သည်။

ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်၏မြေးများက ထိုခေါင်းလောင်းတော်အား မူရင်းနေရာသို့ ပြန်လည်ထားရှိပေးပါရန်နှင့် ခေါင်းလောင်း၏အစောင့်မှနေ၍ သူတို့သားစဉ်မြေးဆက်အား အိမ်မက်ပေးသောကြောင့်ပြန်ပို့ချင်နေပါကြောင်း၊ ထိုခေါင်းလောင်းလေးသည် သူတို့အိမ်သို့ရောက်ရှိချိန်တွင် အိမ်၏ စီးပွားပျက်ခြင်းနှင့် မိသားစုဝင်တချို့ အသေဆိုးနှင့်သေဆုံးခြင်း၊ အချင်းချင်းလည်း ခိုက်ရန်ဖြစ်ခြင်းနှင့် ခေါင်းလောင်းလေးသည် တော်တော်ကို ငြိုဟ်မွှေခဲ့ကြောင်းတို့ကြောင့် 'ခိုက်သည်' ဟု ယူဆပါသောကြောင့် မြန်မြန်သူနေရာရှိမည်ဟု အထောက်အထားအရ ပြည်မြို့ ရွှေဆံတော်ဘုရားကုန်းမြေသို့ ပြန်လည်ထားရှိပေးပါရန် တောင်းဆိုထား၏။

ထိုပစ္စည်းလေးအား တစ်ခါက အဘိုးဖြစ်သူမှ ရေထဲမှာမျှောပစ်ရန် ကြိုးစားခဲ့ပါကြောင်း၊ ထိုအချိန်က ညရောက်သောအခါ အိပ်မက်မက်ခဲ့ပါကြောင်း၊ အိပ်မက်ထဲတွင် ရေတွင် ငါ့ကိုမျှောပါက နင်တို့ အသေဆိုးနှင့်ဆွေစဉ်မျိုးဆက်ရေနစ်သေရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားပါသည်။

ထိုပစ္စည်းလေးအား ပေးပို့ရာတွင်လည်း မိမိတို့၏စရိတ်နှင့် အစအဆုံး အကုန်ကျခံမည်ဟုလည်း ပါရှိပါသည်။ ထိုသို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စာပို့ရင်း မကြာခင် ခေါင်းလောင်းလေးသည် သူ၏ မူလနေရာမှန်ဖြစ်ပါသော ပြည်မြို့ ရွှေဆံတော်ဘုရားပေါ်သို့ ပြန်လည်ရောက်ရှိလာပါတော့သည်။ရောက်ရှိလာသောအချိန်တွင် ခေါင်းလောင်းလေးအား ပြည်မြို့သူပြည်မြို့သားများက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြ၏။ ပြီးမှ မြို့တွင်းသို့ လှည့်လည်ပြီး မျိုးချစ်စိတ်ဓာတ်မာန်ရှိသော ထိုခေါင်းလောင်းလေးအား ဂုဏ်ယူဝံ့ကြွားစွာဖြင့် သူတို့နာမည်ပေးတပ်ကြတော့၏။ ထိုနာမည်ကား 'ဘိလပ်ပြန်ခေါင်းလောင်း' ဟူ၍လည်းကောင်း၊ ပြည်သူပြည်သားများ၏ နှုတ်ဖျားတွင် ကျိန်စာသင့်သော ခေါင်းလောင်းလေးဟူ၍လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်မာန်ရှိသော သက်မဲ့မဟုတ်သည့် သက်မဲ့ခေါင်းလောင်းဟူ၍လည်းကောင်း ခေါ်တွင်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်ပါတော့သတည်း။

မနှင်းပွင့်(ပြည်)



www.burmeseclassic.com

www.burmeseclassic.com

# မင်းခန့်သော်

**ခုတင်ပိုင်ရှင်**



မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခါစ ၁၉၄၉ ခုနှစ်ဝန်းကျင်က ကျွန်ုပ်သည် ဦးကြီးရှိရာ မော်လမြိုင်မြို့သို့သွားရောက်လည်ပတ်ခဲ့သည်။ ဦးကြီးသည် အင်္ဂလိပ်တို့ရှိစဉ်အခါက နေထိုင်သွားခဲ့သည့် ဂဝံကျောက်ဖြင့်အခိုင်အမာဆောက်လုပ်ထားသော ခန်းမကြီး (၃) ဆောင်အား ညစောင့်အဖြစ် လုပ်ကိုင်နေရသည်။ ကျွန်ုပ်သည် မော်လမြိုင်မြို့သို့ရောက်ရှိခဲ့သော်လည်း အခြားမိတ်ဆွေလည်းမရှိ။ ဦးကြီးနေထိုင်ရာ မော်လမြိုင်မြို့စွန်သို့ မြင်းလှည်းဖြင့် ရောက်သွားတော့သည်။

ကျွန်ုပ် ရောက်သည်နှင့် ဦးကြီးသည် ရင်းနှီးစွာဖြင့် ကြိုဆိုတော့သည်။ ကျွန်ုပ်လည်း ညောင်တုန်းမှ ဆီးထန်းလျက်နှင့်တကွ နှမ်းဖတ်ချဉ်၊ နှမ်းယိုတို့အား လက်ဆောင်အဖြစ်ပေးကမ်းလိုက်သည်။ ဦးကြီးသည် တစ်ဦးတည်းသမားဖြစ်ပြီး ဇနီးသည်ဆုံးသွားပြီဖြစ်၍ ဘဝကိုတစ်ဦးတည်းနေထိုင်သဖြင့် လက်ရှိအလုပ်ဖြင့် အံဝင်ခွင်ကျဖြစ်နေတော့သည်။

ကျွန်ုပ်လည်း တစ်ကိုယ်ရေသမားဖြစ်ရကား ထိုအဆောက်အအုံဝန်းကျင်သည် ကျွန်ုပ်အတွက် နိဗ္ဗာန်ကဲ့သို့ ဆိတ်ငြိမ်လှသည်။ ရှုံးခန်းနှင့်တူသော အခန်းကျယ်ကြီးတစ်ဆောင်၊အိမ်ဆောင်နှင့်တူသောအဆောင်(၂)ဆောင်တို့ဘေးတွင် ကျွန်ုပ်တို့နေထိုင်သော ညစောင့်တဲလေးပင်။

ရောက်ရောက်ချင်း ညအဖို့ ထမင်းလက်ဆုံစားပြီးသည်နှင့် တူဝရီးနှစ်ဦး တောက်တိုမယ်ရပြောဆိုကြရင်း အိပ်ရာခင်းထားသော ခုံတန်းရှည်ပေါ်တွင် ကျွန်ုပ် အိပ်ပျော်ချေပြီ။

မနက်မိုးလင်းမယ်တော့ ဦးကြီးက ဓားရှည်တစ်ချောင်းဖြင့် မြက်ပင်များကို လိုက်ယမ်းနေသည်။ ကျွန်ုပ်လည်း အိပ်ရာထပြီး လုပ်ဆောင်ဖွယ်များကို လုပ်ဆောင်ကာ ရေနွေးကျို၊ အချိုခြောက်နှပ်ထားသည်။ ပြီးသည်နှင့် လက်ဖက်ရည် (၂)ခွက်ဖျော်ကာ ဦးကြီးအားလှမ်းခေါ်ပြီး သောက်သုံးကြသည်။ ထိုနေ့အဖို့ ကျွန်ုပ်မည်သည့်နေရာကိုမျှ လည်ပတ်ခြင်းမရှိဘဲ ဦးကြီး၏ သန့်ရှင်းရေးအလုပ်များ ဝိုင်းဝန်းဆောင်ရွက်ရင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့သည်။

နောက်တစ်နေ့ နံနက် လက်ဖက်ရည်သောက်ပြီးချိန်တွင် စာပို့လုလင်တစ်ဦးရောက်လာပြီး ဦးကြီးထံသို့ ကြေးနန်းတစ်စောင်လာပေးလေသည်။ ကြေးနန်းဖတ်ရင်း ဦးကြီးမှ -

"ငါ့တူရေ၊ ဦးတော့ ရန်ကုန်က အစ်မကြီးဆေးရုံတက်ရလို့ ရန်ကုန်ကို ခေတ္တပြန်လိုက်ဦးမယ်။ ဒီတော့ ငါ့ကိုယ်စား လုပ်ဆောင်ဖွယ်ရှိတာတွေကို ဆက်ပြီးဆောင်ရွက်ပေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆို၏။

"ကောင်းပါပြီ၊ စိတ်ချလက်ချသာ သွားပါ ဦးကြီး"

ဟု ကျွန်ုပ် ကတိပေးလိုက်သည်။ ထိုနေ့တွင်ပင် ဦးကြီးလည်း မြင်းလှည်းဖြင့် သင်္ဘောဆိပ်သို့ သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ဦးကြီးထွက်သွားပြီး များမကြာမီ မိုးချုပ်စပြုပြီ။ သို့အတွက် ကျွန်ုပ်လည်း အဆောင်ဘေး ပက်လက်ကုလားထိုင်တွင် စီးကရက်တစ်လိပ်ခဲလျက် လက်ဖက်ရည်သောက်ရင်း ရေဒီယိုသီချင်းနားထောင်တော့သည်။ ခဏအကြာ ကျွန်ုပ် မေ့ခနဲ အိပ်မျော်သွားသည်။ ပျော်လုပျော်ခင် တစ်စုံတစ်ခုကြောင့် ကျွန်ုပ်ပြန်နိုးလာသည်။ ကျွန်ုပ်မျက်စိဖွင့်ကြည့်လိုက်သောအခါ အလွန်ပင်ရှည်လျားလှသော လက်ဖြူကြီးတစ်စုံက ကျွန်ုပ်လည်ပင်းနားသို့ရောက်နေသည်။ လန့်ပြီးမအော်မိအောင် ထိန်းလိုက်ရသည်။ ထိုလက်ဖြူကြီးသည် ရှေ့သို့ဆက်တိုးလာသည်။ သို့အတွက် ကျွန်ုပ်လည်း မျက်နှာပေါ် ထင်မှတ်ရနေရာသို့ လက်ဖက်ရည်ပန်းကန်လုံးဖြင့် ပစ်ပေါက်လိုက်သည်။ အဲဒီတော့မှ လေနုကြမ်းကြမ်းတစ်ချက်တိုက်ပြီး ထိုလက်ဖြူကြီးပျောက်သွားတော့သည်။ ထို့နောက် ကျွန်ုပ် ရဲဆေးတင်ပြီး ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်။ ကြောင်နက်တစ်ကောင်ဝှီးခနဲဖြတ်ပြေးသွားသည်ကိုတွေ့လိုက်သည်။ ကြောင်နက်လော၊ တစ္ဆေလော။ ဘာပဲဖြစ်ဖြစ် ဒီအဆောင်ထဲကထူးခြားတာဖြစ်မည်ဟု တွေးကာ အဆောင်တွင်းသို့ ဝင်လိုက်သည်။ ပင့်ကူအိမ်အမျှင်အတန်းများနှင့် ရှုပ်ပွနေသောခုတင်အများအပြားစီတန်းလျက်။ ထိုသို့ခုတင်အများရှိရာ ဦးကြီးက ဘာကြောင့်ယူမသုံးရတာလဲ။ ခုတင်တွေက စာစ်ငှယာက်အိပ်သံခုတင်များဖြစ်ပြီး သန့်ရှင်းရေးလုပ်သုံးစွဲလျှင်ရနိုင်သည်။ ကျွန်ုပ်အဖို့ ခုံတန်းရှည်ပေါ်တွင်အိပ်ရသည်မှာ မနိမ့်လှ။ ထို့ကြောင့် ထိုခုတင်များထဲမှ အခြေအနေကောင်းသော ခုတင်တစ်လုံးအားထမ်းယူခဲ့သည်။ခုတင်မှာ ခေါက်၍ရသော သံခုတင်အမျိုးအစားဖြစ်သည်။

တဲသို့ရောက်သည်နှင့် ထိုခုတင်အား သန့်ရှင်းရေးပြုလုပ်ပြီး ဖျာခင်း၊ ခေါင်းအုံးချပြီး ဒီညအဖို့တော့ စတိုင်ကျကျဖြင့်အိပ်ရမည်ဟူ၍ ကျွန်ုပ်သဘောကျမိသည်။ ခုတင်ဘေးတွင် မီးခွက်ချပြီး သိပ္ပံမဂ္ဂဇင်းတစ်အုပ်နှင့်ဖိမ်ကျနေတော့သည်။ မကြာလိုက်ပါ။ တဲရှေ့တံခါး ကျွီခနဲဆိုဖွင့်သွားသည်။ ထို့နောက် ဆံပင်ရှည်ရှည် ဖားလျားချထားသည့် အသက် (၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးဝင်ရောက်လာသည်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ် အံ့ဩစွာဖြင့် ကြက်သေသေပြီး ကြည့်နေမိ၏။ ကျွန်ုပ်ပါးစပ်အဟောင်းသားဖြင့် ထိုအမျိုးသမီး ကျွန်ုပ်ထံသို့လာနေသည်မှာ သာမန်လူသားများကဲ့သို့ လမ်းလျှောက်လာခြင်းမျိုးမဟုတ်ဘဲ ရွေ့လျားလာနေခြင်းပင်၊ မျက်နှာကိုတော့ သဲသဲကွဲကွဲမမြင်ရ။ အင်္ကျီလက်ရှည် ဂါဝန်ပွပွဖြင့်။ သူမ၏မျက်လုံးကတော့ စိန်းစိန်းကြီးကြည့်နေမှန်းကျွန်ုပ်သိသည်။ မီးရောင်အောက်ရောက်ရှိချိန်တွင် သူမ၏မျက်နှာမှာ ဓားများဖြင့်မွှန်းထားသကဲ့သို့ စုတ်ပြတ်နေသည်။ သူ၏ ဆင်စွယ်ရောင်ဝတ်စုံသည် သွေးစွန်းနေသည်။ အနံ့ကလည်း သွေးညှီနံ့ထောင်းခနဲထ (ွ)ျက်။ ကျွန်ုပ်အဖို့ ကြောက်ရမည့်အစား အော်ဂလီဆန်စွာရွံမိနေသည်။ ကျွန်ုပ်နှင့်တစ်လံခန့်အကွာတွင်သူရပ်နေသည်။ သူမ၏မျက်လုံးတွေမှာ ဒေါသရိပ်သန်းနေသည်၊ စကားလည်း ပြောချင်သလို မပြောချင်သလိုနှင့် -

"ငါ့ခုတင် ပြန်ပေး. . . ပါ"

ဟု ဆိုလိုက်သည်။

ကျွန်ုပ်၏ပါးစပ်ဟမရ၊ ခြေ၊ လက်လှုပ်၍မရဖြစ်နေချိန်တွင် ကျွန်ုပ်က ပြန်မပေးဟု သူမထင်သွားသလားတော့ မသိ။ သူမတော်တော်ဒေါသထွက်သွားပုံရသည်။ သူမ၏ အေးစက်သောလက်တစ်စုံဖြင့် ကျွန်ုပ်၏လည်ပင်းသို့ လာညှစ်တော့သည်။ ကျွန်ုပ်လည်း ကြောက်အားလန့်အားဖြင့် ဘေးတွင်ရှိသော ဓာတ်မီးကို ကောက်ယူကာ တအားရိုက်ချလိုက်သည်။ ဝုန်းခနဲဖြစ်ပြီး ကျွန်ုပ် လန့်နိုးသွားတော့သည်။ အချိန်ကိုကြည့်လိုက်တော့ မနက် (၄) နာရီခွဲရှိပြီ။ ငါအိပ်မက်မက်နေတာပါလားဟု သတိရမိသည်။ ကျွန်ုပ်ပြန်ပြီးမအိပ်ရဲတော့ချေ။ ကျွန်ုပ်၏ အိပ်မက်ကို ပြန်စဉ်းစားရင်း မျက်နှာသစ်ရန် တဲရှေ့သို့ထွက်လိုက်သည်။ တံခါးကပွင့်လျက် အပေါက်ဝကြမ်းပြင်တွင် သွေးစ တစ်စက်နှစ်စက်ဖြင့် ကပ်စေးစေးဖြစ်နေသည်။ သူမ တကယ်လာသွားတာလား၊ သူမခုတင်ကို နေရာတကျပြန်ထားလိုက်တာသင့်မည်။ မနက်မိုးလင်းမှပင် ပြန်ရွှေ့ပေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

မိုးသောက်သော် စောစောထမြက်ခုတ်၊ သန့်ရှင်းရေးလုပ်ပြီးမှ ကျွန်ုပ်သည် ထိုပိုင်ရှင်ရှိသောခုတင်အား ရှိရင်းစွဲနေရာသို့ ပြန်ထားလိုက်သည်။ နှုတ်မှလည်း -

"ကဲ - မင်းခုတင် ငါပြန်ထားလိုက်ပြီ။ ငါ့ကိုဒုက္ခမပေးတော့နဲ့"

ဟု ဆိုခဲ့သည်။

ထိုနေ့ညအဖို့ ရေဒီယိုသီချင်းနား မထောင်ဖြစ်ဘဲ စောစောစီးစီးပင် အိပ် ရာဝင်ခဲ့သည်။ မနက် (၇) နာရီခွဲတာ အိပ်ရာနိုးသည်။ ခြံရှေ့ဂိတ်ဝမှခေါ်သံ ကြားရသည်။ မျက်လုံးပွတ်၍ကြည့် လိုက်သော် ဦးကြီး ရန်ကုန်မှပြန်ရောက် နေသည်ကို တွေ့ရသည်။ ကျွန်ုပ်လည်း အတော်အားရှိသွားသည်။ ပြေး၍ တံခါး ဖွင့်၊ ဦးကြီးခရီးဆောင်အိတ်ကို ဝိုင်းဝန်း သယ်လာခဲ့သည်။တဲထဲသို့ရောက်ရောက် ချင်း၊ တစ်နေ့ညက တစ္ဆေခြောက်ခံရပုံ ဦးကြီးကို ခရားရေလွှတ်သကဲ့သို့ ပြော လိုက်သည်။

ထိုအခါ ဦးကြီးက -

"အေးကွ၊ ငါ ခရီးကမန်းကတန်း နဲ့သွားရမို့ ဒီခြံကြီးထဲမှာရှိတဲ့ အဆောင် တွေအကြောင်း၊ ခုတင်တွေအကြောင်း နဲ့ အဆောင်ဘေးမှာ ရေဒီယိုသီချင်း ပြီး နားထောင်လို့မရဘူးဆိုတဲ့အကြောင်း တွေ မင်းကိုသတိမပေးခဲ့ရဘူး။ နောက် ပြီး အဲဒီအဆောင်ထဲမှာရှိတဲ့ ခုတင် ကိုယူပြီး သုံးလို့မရဘူးကွ။ ခုတင် တက်အိပ်ရင် ဆွဲချတယ်။ ဆွဲချ ခုတင်ပေါ်ကနေ အခန်းဝရောက် အထိပဲ။ မင်းပိုဆိုးတာက သူ့ခုတင် ခွင့်မတောင်းဘဲယူသွားတာကိုး"

ဆက်လတ်၍ -

"ဒီအဆောင်တွေက ဟိုတုန်း သျှံနာပြုအင်္ဂလိပ်မတွေ နေသွား အဆောင်တွေ။ ဂျပန်တွေ တို့နိုင် သိမ်းတော့ လေယာဉ်နဲ့ဗုံးကြဲတာ အရှုံးသေကုန်တာပေါ့ကွာ"

ဟု စိတ်ရှည်ရှည်ဖြင့် ရှင်းပြ သည်။

ထိုအခါမှ ကျွန်ုပ်လည်း -

"ဩော် - သူတို့တစ်တွေ သိပ်ပြီး သနားစရာကောင်းတဲ့ တ တွေပဲ"

ဟု ကောက်ချက်ချတော့သည်။

ဒီလိုနှင့် နောင် (၁၃) နှ အကြာ ၁၉၆၂ ခုနှစ်ဝန်းကျင်တွင် အဆောက်အအုံများအား ပညာ ဝန်ကြီးဌာနလက်အောက်တွင်ရှိ သင်တန်းသားအိပ်ဆောင်နှင့် ပညာ အတွက် သင်တန်းခန်းမများ အသုံးပြုနေကြောင်း သတင်း တစ်ဆင့် သိရတော့သည်။

မင်းနိုင်





www.burmeseclassic.com


www.burmeseclassic.com

ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ ဗြိစ္ဆာရာသီပြောင်း

# မန္တလေးဇာတာဟောကိန်း




သာယနဇာတာခွင်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်နေ့ နံနက် (၇း၀၇း၁၂) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် ဗြိစ္ဆာရာသီခွင်သို့ စတင်ကူးပြောင်း၏။ ထိုသို့ကူးပြောင်းချိန်၌ ဥဒယလဂ်သည် ဓနုရာသီ (၆) ဒီဂရီ (၅၃) အံသာတွင် ထွက်ပေါ်သည်။

၎င်းဇာတာခွင်၏ ထူးခြားချက်မှာ လဂ်သည် ဗုဒ္ဓဟူးဂြိုဟ်နှင့် ပူးယှဉ်နေပြီး ရာဟုဂြိုဟ်၏ (၉၀) ဒီဂရီအမြင်ဖြင့် မြင်ခြင်းကိုခံနေရသည်။ ပြီးတနင်္လာဂြိုဟ်နှင့် ဗေလူတိုဂြိုဟ်တို့ ဂြိုဟ်ပြိုင်ဖြစ်နေကြသလို နက်ပကျွန်းဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်တို့သည်လည်း ဂြိုဟ်ပြိုင်ဖြစ်နေကြသည်။ နောက်အရေးကြီးသောအချက်တစ်ခုမှာ တနင်္လာဂြိုဟ်က ရာဟုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ရာဟုဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ပူးနေသော ဥဒယလဂ်ကို (၉၀) ဒီဂရီအမြင်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် ဥဒယလဂ်က နက်ပကျွန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ၎င်းကိတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်က တနင်္လာဂြိုဟ်ကို (၉၀) ဒီဂရီအမြင်နှင့် ဝိုင်းကြီးပတ်ပတ်မြင်ထားသည်။ မှတ်သားစရာတစ်ခုမှာ နက်ပကျွန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် (၁) ဒီဂရီအတွင်း ပူးယှဉ်နေခြင်းပင် ဖြစ်သည်။ နောက်အရေးကြီးသောအချက်တစ်ခုမှာ တနင်္လာဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် (၁၈၀) ဒီဂရီအမြင် မြင်နေကြခြင်းပင်ဖြစ်သည်။

ယင်းတို့ကို ခြုံငုံသုံးသပ်ရသော် နိုင်ငံတကာနှင့် ဆက်နွယ်နေသော၊ ပြည်ပအဖွဲ့အစည်းနှင့် နီးနွယ်နေသော၊ တိုင်းရင်းသားရေးရာတို့နှင့်ပတ်သက်နေသော နယ်စပ်ရေးရာကိစ္စ၊ လုံခြုံရေးကိစ္စ၊ လက်နက်ကိုင်ပဋိပက္ခကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စ၊ ရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ ရွှေ့ပြောင်းလုပ်သားများကိစ္စ၊ ကပ်ဘေးရောင်ဒုက္ခသည်များကိစ္စ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စီးပွားရေးဖော်ဆောင်မှုကိစ္စ၊ ငွေရေးကြေးရေးကိစ္စ၊ ဆိုင်ရာဆိုင်ရာ စာချုပ်စာတမ်းများကိစ္စ၊ အမျိုးသမီးကလေးသူငယ်တို့နှင့်စပ်လျဉ်းနေသော ရာဇဝတ်မှုခင်းများကိစ္စ စသော အရာခပ်သိမ်းတို့ကို ကျားနှင့်နပန်းလုံးသတ်ရသလို အကျောက်အကန်ဖြေရှင်းရလိမ့်မည်။ အစိုးရအဖွဲ့၊ လွှတ်တော်များအပေါ်၌ (ဝါ) ယင်းတို့၏ ဆောင်ရွက်မှုများအပေါ်၌ ပြည်သူတို့ (သို့) အတိုက်အခံတို့ ဝေဖန်စောကြောမှုများရှိလာလိမ့်မည်။ ထိပ်သီးဦးဆောင်သူတစ်ဦး ထိပါးပွတ်တိုက်မှုခံရမည် (သို့) ကျန်းမာရေးညှိုးဖျင်းတတ်မည်။

နိုင်ငံတကာအပေါ်၌ (ဝါ) ပြည်ပအဖွဲ့အစည်းများအပေါ်၌ ပြည်သူတို့ အမြင်မကြည်မှု၊ ဝေဖန်ပြစ်တင်မှုပိုရှိလာမည်။ အခွန်ဘဏ္ဍာကိစ္စ၊ ချေးငွေအာမခံငွေကိစ္စ၊ ဘတ်ဂျက်နှင့်ငွေရေးကြေးရေးကိစ္စ၊ ငွေကြေးစီမံခန့်ခွဲရေးကိစ္စ၊ ငွေကြေးဈေးကွက်ဆိုင်ရာတို့နှင့် ပတ်သက်၍လည်းကောင်း၊ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှု စသည်တို့ကြောင့်လည်းကောင်း မလိုလားအပ်သော အနိဋ္ဌာရုံများကို တွေ့ရတတ်မည်။ မြေယာနှင့်ဆက်နွယ်နေသော၊ သယံဇာတထုတ်လုပ်မှုနှင့် ဆက်နွယ်နေသော၊ မီဒီယာစာနယ်ဇင်းတို့နှင့်ယှက်နွယ်နေသော၊ ဆက်သွယ်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးတို့နှင့်နီးနွယ်နေသော ပြဿနာများက ဖြေရှင်းရမလွယ်ရှိလာလိမ့်မည်။ မီဒီယာလောက၊စာနယ်ဇင်းလောကမှပုဂ္ဂိုလ်တစ်ဦးအတွက် ဝမ်းနည်းရလိမ့်မည်။

နိုင်ငံတကာနှင့်စပ်လျဉ်းနေသော (ဝါ) တိုင်းရင်းသားတို့နှင့်ပတ်သက်နေသော ဘာသာရေး၊ ပညာရေး၊ ဥပဒေရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာတို့၌ အငြင်းပွားစရာများ၊ စိန်ခေါ်မှုများကို တွေ့ရတတ်မည်။ ကျောင်းသားအရေး၊ ပညာအရေး၊ လူငယ်အရေးတို့နှင့် စပ်လျဉ်းနေသော အဖွဲ့အစည်းများ ထိခိုက်တတ်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပရဟိတအဖွဲ့အစည်းတချို့ အပုပ်နံ့ထွက်တတ်မည်။

ရာသီဥတုကောင်းမွန်သလိုလိုနှင့် မကောင်းပါ။ ရေကြီးရေလျှံခြင်း၊ မြေပြိုတောင်ပြိုခြင်း၊ မြေငလျင်လှုပ်ခြင်းများ ရှိနိုင်သေးသည်။ လေပြင်းလေမုန်တိုင်း၏ ခြိမ်းခြောက်မှုကိုခံရနိုင်သည်။

မင်းရှိန်အောင်

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
(ရန်ကုန်ဆေးမြီဇေဝဆေး)

## နာမည်မြင့်ကွင်း

အဲဒီမကောင်းတာကြီးကိုမမြင်ကြဘူးလေ။

မြင်အောင်မကြည့်ဖြစ်တာလား၊

မမြင်တာလားတော့ မသိဘူး။

အဲလိုမျိုးကျတော့ ရုတ်တရက်ကြည့်လိုက်ရင် ကိုယ့်အတွက်ကိုယ်ကြည့်ပြီး ကလေးအတွက် ဘယ်လိုဖြစ်ဖြစ်ဆိုသလိုမျိုးဖြစ်မနေဘူးလား။

အမှန်က သူတို့လည်း အတွေ့အကြုံနည်းလို့ပါ။ အပြောမတတ်တာပါ။ မိဘပဲ၊ မပူဘဲနေပါ့မလား။

ကျွန်တော့်ကို အကျိုးပေးအောင်မှည့်ပေးပါတို့၊ ကျွန်မကို အကျိုးပေးအောင်မှည့်ပေးပါတို့ဆိုတာ တကယ်တော့ အပြောမတတ်တဲ့သဘောပါ။

သူတို့ကိုမေးကြည့်ရင်ပေါ်တယ်။

သားတို့ကောင်းအောင် ဦးကပေးရမလား။ ဒါဖြင့် ရတယ်၊ ပေးလိုက်မယ်။ ကလေးကတော့တောက်လျှောက်ချူချာသွားမယ်ဆိုတာ ဦးကြီးပြောလိုက်မယ်။ သားတို့ကတော့ ကောင်းသွားမယ်ဟုတ်ပြီလား။ ဒါဖြင့် ဦးပေးမယ်ဆိုတော့လည်း မျက်စိမျက်နှာပျက်ကုန်ပြန်ရော။

မဟုတ်ပါဘူး ဆရာ၊ ကလေးအတွက်ပဲကြည့်ပါဖြစ်ကရော။

ဒါက အမှန်။

သူတို့စိတ်ထဲမှာ ကိန်းအောင်းနေတဲ့ အဲဒီစိတ်ကအမှန်။

ဘာဖြစ်လို့လဲ -

မိဘလေ။ မိဘဆိုတာ ကျွန်တော့်ကလေးတော့ ဆေးခန်းနဲ့လူနဲ့မပြတ်တော့ဘူး၊ ချူချာလိုက်တာ အရမ်းပဲ။ ပျော်လိုက်တာဗျာဆိုပြီးကွေးနေအောင်က,တဲ့မိဘရှိပါ့မလား။

ဘယ်လိုလုပ်ရှိနိုင်ပါ့မလဲ။

မိဘ ဆိုတာ ကိုယ့်ရင်သွေးလေးအတွက် အသက်တောင်စွန့်ရဲသူတွေပါ။

တကယ်တော့ နာမည်ဆန်းဆန်းနဲ့ ခေတ်ဆန်တာကိုလိုချင်ကြလို့၊ ပြီးတော့ သူ့ကိုလည်း အကျိုးပေးစေ့ချင်လို့ဒါပါ။

သူပြောတာမှန်သင့်သလောက်ပဲမှန်ပါတယ်။

ကလေးနာမည်မှည့်ပုံလွဲချော်သွားလို့ မိဘကိုထိခိုက်ရတဲ့အကြောင်း ဟိုး-လွန်ခဲ့တဲ့ (၁၅) နှစ်၊ အနှစ် (၂၀)လောက်ထဲက ရေးသားဖွင့်ဆိုခဲ့ပြီးပါပြီ။ လုံးချင်းတွေလည်းထွက်ပြီးပါပြီ။ အဲဒါတွေဖတ်လည်းပြီးရော ဖတ်ပြီးသူတစ်ယောက်ယောက်က ဗဟုသုတပြောပြပါလိမ့်မယ်။ အဲဒီအကြောင်းတွေက လူတွေသတိထားမိအောင်ဆက်တိုက်ရေးခဲ့တာကိုး။ အခုလည်း အချိန်ရတိုင်း ရေးနေတုန်းပါပဲ။ တကယ်လို့များ မဖတ်မိသေးသူတွေရှိရင် ဖတ်မိအောင်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူပြောတာမှန်တယ်။

ကလေးနာမည်မှည့်ပုံတိမ်းစောင်းသွားတာနဲ့ သူထိမယ်လေ။

သူထိရင်၊ သူနာလန်မထူတော့ရင်၊ ဒီကလေးလေးရဲ့ မဏ္ဍိုင်ကြီး လဲပြိုသွားပြီဆိုရင်၊ ဒီကလေးလေးဟာ အားကိုးမဲ့သွားပြီဆိုရင် -

. . . . . .

မှန်တာပေါ့။

ဒါတွေစဉ်းစားရမယ်။

ဒါ လက်တွေ့တွေက ရလာတဲ့ ပညာတွေအများကြီး။

ဒါပေမယ့် -

ကိုယ်ကောင်းဖို့တစ်ခုထဲနဲ့ မရဘူးလေ။ ကလေးက အဓိက ဘုန်းကြီးရမယ်၊ ကျန်းမာရမယ်၊ ချမ်းသာရမယ်၊ ပညာတတ်ရမယ်၊ အသက်ရှည်ရမယ်။

အဲဒီလိုကောင်းခြင်းတွေနဲ့ပြည့်စုံဖို့က မိဘတွေကိုလည်း မထိခိုက်မှ ဖြစ်မှာပေါ့။

အဲဒါမှ ကလေးကောင်းမယ်။

မိဘအကျိုးပေးမယ်။

ဒီလိုပြည့်စုံမှာ။

သူအပြောမတတ်တော့ သူ့အတွက်ပဲအကျိုးပေးသလိုမျိုး စကားကဖြစ်သွားတယ်။

ဒါပေမယ့် -

တချို့ကျတော့ တကယ်ကို သူ့အတွက်ကြည့်တဲ့

သူတွေရှိတယ်၊

ပြောင်ပဲ။

မိဘကို အကျိုးပေးတဲ့ နာမည်မျိုးမှည့်ပေးပါဆရာ။ အဲသလိုစပြောတယ်။

ဘာဖြစ်လို့လဲလို့မေးကြည့်တော့- ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဟာတဲ့။ သူ့ကလေးကိုလည်း နာမည်ပေးပြီးရော နေရာတစ်နေရာမှာရန်ဖြစ်လို့ ဓားထိုးခံရပြီးသေသွားရောတဲ့။ နောက်သူငယ်ချင်းတစ်ယောက်ကျတော့ ကလေးကိုလည်း နာမည်ပေးပြီးရော လုပ်ငန်းရှင်ဘဝကနေ လုပ်ငန်းတွေထိုးရပ်သွားပြီး ကြွေးတွေမပေးနိုင်လို့ ထွက်ပြေးရတဲ့ဘဝ ရောက်ရောတဲ့။

ဒီလိုဆိုတော့လည်း မိဘကို အကျိုးပေးတဲ့ နာမည်မျိုး မှည့်ပေးဖို့ ပြောလာတဲ့သူကို အပြစ်မြင်စရာမလိုတော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com

သူကြောက်မယ်ဆိုလည်းကြောက်လောက်တယ်။

သူ့ရှေ့မှာဖြစ်သွားတာတွေကို သူမြင်နေတာကိုး။

ဟုတ်တယ် အဲဒါ။

သူကြောက်လောက်အောင် တချို့ကလေးနာမည်တွေဟာ မိဘတွေကို ထိကုန်တာအများကြီးပဲ။ ထိလိုက်ရင်လည်း သွားတာပဲ နာလန်မထူဘူး။ တချို့ကျတော့လည်း ခုန ပြောသလို လူ့လောကကြီးထဲကနေ ထွက်ခွာသွားတော့တာပဲ။

ဒါ -

ဘယ်အကြောင်းကြောင့်ဖြစ်ရတဲ့အကျိုးလဲ။

ကလေးလေးရဲ့ နာမည် တည်းဟူသော ပညတ်ထားတဲ့ အမိပ္ပာယ်အကြောင်းကြောင့်၊ နာမည်အက္ခရာဖွဲ့စည်းတည်ဆောက်ထားတဲ့အကြောင်းကြောင့်၊ ဂဏန်းတွေဂြိုဟ်တွေတည်နေပုံတည်း ဟူသောအကြောင်းကြောင့် -

ဖြစ်ရတဲ့အကျိုးတွေပါပဲ။

ဒါ နာမည်ပညာတွေထဲက အစိတ်အပိုင်းလေးတစ်ခုပဲရှိပါသေးတယ်။ အင်မတန် ရှိုးစင်းပါတယ်။

အရိုးဆုံးဟာ အဆန်းဆုံးဖြစ်နေပါတယ်။

ကြောက်သင့်ပါတယ်၊ဒီလိုကြောက်တတ်လာတာကိုပဲ -

ဘယ်လိုပြောရရင်ကောင်းမလဲ။

ဒီလိုစိုးရိမ်တတ်လာတာကိုပဲ -

ဒီလို သတိထားမိလာတာကိုပဲကြိုဆိုရမှာပါ။

မှန်တာပေါ့။

လူ့ဘဝ ဆိုတာ ရခဲပါတယ်။

တန်ဖိုးရှိတဲ့လူ့ဘဝမှာ တန်ဖိုးရှိရှိနဲ့နေနေရတုန်း အကြောင်းတစ်ခုခုကြောင့် ဖျိုးခနဲဖျတ်ခနဲဖြစ်သွားရပြီဆိုရင် အခြောက်တိုက်ခံလိုက်ရသလိုပါပဲ။

အရွယ်ကောင်းနေတုန်းဆုံးသွားကြသူတွေ -

ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးသွားကြရသူတွေ -

သူတို့ရဲ့သားသမီးလေးတွေနာမည်ကိုကြည့်လိုက်ရင်ထင်ရှားနေတာပဲ။ အဲဒီလိုဖောက်ထိုးတွေ၊ အဲဒီလိုလွှမ်းတာတွေ၊ အဲဒီလိုမိဘကိုထိခိုက်သွားစေနိုင်တာတွေ အများကြီးတွေ့နေရပါတယ်။ တစ်ရာမှာ ရှစ်ဆယ်ရာခိုင်နှုန်းလောက် တွေ့နေရပါတယ်။

ဒါက -

ယုံကြည်ခြင်း၊ မယုံကြည်ခြင်း၊ လက်ခံခြင်း၊ လက်မခံခြင်းက အဓိကဖြစ်နေပါလိမ့်မယ်။

ကြည့်ကြည့်လိုက်ပေါ့။ လက်တွေ့မှန်နေရင်တော့ လက်ခံသင့်တာပေါ့။ နာမည်ပညာတွေမှာ စိတ်ကူးယဉ်မရှိပါဘူး။ နာမည်ပညာကျွမ်းကျင်ကြသူတိုင်း ပြောနိုင်ကြပါတယ်။ တော်တော်များများပြောနိုင်ကြပါတယ်။

ကလေးရဲ့အဖေနာမည်ပါအောင် ထည့်လို့ ကလေးမှာ ထိခိုက်သွားရတာတွေရှိသလို ကလေးမိဘမှာလည်း ပြန်ထိခိုက်သွားရတာတွေရှိနေပါတယ်။

ကျော်ပိုင် ဆိုတဲ့ ကလေးကို သူ့အဖေက သူ့နာမည်ရအောင်ပိတ်မှည့်ချင်လို့ဆိုပြီးမရအောင်ပိတ်လိုက်တယ်။ သူ့နာမည်က အောင်ထူး။ ပိတ်မှည့်လိုက်တော့ ကျော်ပိုင်ထူးဖြစ်ကရော။ ဒီမှာတင် သူ့အဖေဟာ ပညာအရ တလိမ့်ခေါက်ကွေးဖြစ်သွားပါလေရော။


စက်ရုံတစ်ခုမှာ ဝင်လုပ်တယ်။ စက်ထဲကို ညာဘက်လက်ညှပ်မိလို့ ပြတ်သွားတယ်။ အလုပ်ရှင်က ပိုက်ဆံတော့ပေးပါတယ်၊ နားလိုက်ရတယ်။ သူလည်း ဘာမှမလုပ်နိုင်တော့ဘူး။ ဒါဟာ ဒီတိုင်းကြည့်ရင်တော့ ဒီတိုင်းပေါ့။


သူ့ကံနဲ့သူလာတာ။

ဖြစ်ချိန်တန်လို့ဖြစ်တာ။

မှန်ပါတယ်၊ ဒါက ကံတရားတွေကိုး။

နာမည်မြင်ကွင်းထဲကိုဝင်လာပုံကျတော့ -




ဒီလိုကြီးဖြစ်သွားတယ်။ အင်္ဂလိ[...] ပညာနဲ့ကြည့်လိုက်ရင် အပြစ်ဖြစ်သွ[...] တယ်။

ချစ်တော့လည်း အပြစ်မမြင်[...] ဆိုတဲ့စကား မှန်နေပါတယ်။

သူက ဖခင်လေ။ သူ့ကလေး[...] သူချစ်တော့ သူ့နာမည်ပါစေချင်မှာပေါ့[...] သူဘာဖြစ်သွားနိုင်တယ်ဆိုတာ သူ[...] ခဲ့ရှာဘူး။

အလယ်အခြာ တနင်္ဂနွေ[...] ရိုက်ချိုးချလိုက်သလိုဖြစ်သွားရတာ[...] တစ်မျိုးပြောရရင် သစ်ပင်တစ်ပင်[...] ဆွဲနုတ်ပြီး ဖောက်ထိုးစိုက်လိုက်သ[...] ပါပဲ။ တစ်ပင်လုံးသွားပြီပေါ့။ ဘာမှ[...] လို့မရတော့ဘူး။


ဘဝသေခြင်းဆိုတာ အမျိုး[...] ပါတယ်။


ဒါ ဘဝသေခြင်းတစ်မျိုးပါပဲ။

နောက်တစ်ယောက်ကျတော့[...] ခဲ့ရတာတစ်မျိုး။

သူက ဇင်ပိုင်။

သူ့သားလေးမွေးလာတော့ [...] ဖွားလေး၊ သောကြာသား။ လူတွေ[...] ပေးကြတယ်၊ ကြာသပတေးက အ[...] မှာရှိတယ်ဆိုပြီး နာမည်လည်းအဓိပ္ပာ[...] ကောင်းတယ်ဆိုပြီး ပေးကြတယ်၊ [...] ပိုင်။




ဖအေနာမည်ကို ပိတ်ပေး[...] တယ်။

ဖအေနာမည်ပါအောင်မှည့်[...] တယ်တာတွတ်တွတ်လုပ်နေကြတော့[...] ရာကိုယ့်မိသားစုထဲကပဲ ဖအေ[...] ဒီလိုထည့်ခေါ်ကြမယ်လို့ပြောပြီး [...]

www.burmeseclassic.com

ကြတာ၊ မှည့်ပုပ်ကြတာ။

ကောင်းပါတယ်။

နာမည်လေးက တကယ်တျက်သရေရှိပါတယ်။ မကောင်းဘူးလို့ပြောလို့မရပါဘူး။ အဓိပ္ပာယ်ဒါလောက်ကောင်းနေတာကို မကောင်းဘူးသွားပြောလို့ ဘယ်ရမလဲ။

ဒါပေမယ့် -

နာမည်မြင်ကွင်းထဲကိုရောက်လာတဲ့အခါကျတော့ လက်ခံဖို့ခက်သွားခဲ့ရပါတယ်။ ဘာလို့လဲဆိုတော့ အင်္ဂါနာမည်နှင့် 'ဇင်' အတွက် 'စောလှ-လှဆန်းတိန်း' မိသွားလို့ပါပဲ။

ဇင် ဆိုတဲ့ အင်္ဂါဟာ အတွင်းမိတ်ကြာသပတေးရော အပြင်မိတ် သောကြာရော နှစ်ခုလုံးပျက်သွားလို့လားမသိဘူး။ ဧသမား၊ အရက်သမား၊ လောင်းကစားသမားဘဝကိုလုံးလုံးရောက်သွားပြီး အိမ်ပါရောင်းပစ်လိုက်ရတဲ့ဘဝရောက်သွားပါတယ်။ အိမ်ရှိရာကနေ အိမ်မဲ့သွားပါတော့တယ်။ မိတ်ဂြိုဟ်တွေပျက်မှတော့ အပျက်သဘောဆောင်နဲ့မိတ်နဲ့ပဲတွေ့တော့မှာပေါ့။ အပြုသဘောဆောင်တဲ့မိတ် ဘယ်တွေ့ပါတော့မလဲ။ လူဆိုတာကလည်း အကြိုက်လိုက်ပြောလွန်းတဲ့သူမှ တကယ့်မိတ်ဆွေကောင်းထင်နေတာကိုး။

အကြိုက်လိုက်ပြော၊ ငါ့ကိုခင်ရင်သောက်ရမယ်တို့၊ ဘော်ဒါကဏ္ဍတို့ ဘာတို့ညာတို့ရောတွေးလာပြီး ယိုယွင်းသည်းလာရော သူ့ခပိုင်လေးခမျာ ဘုံခတွေမပိုင်နိုင်ရှာတော့ပါဘူး။

သူ့နာမည်လေးနဲ့ သူနဲ့လည်း ဆန့်ကျင်ဘက်ဖြစ်လာရော ကလေးသည်း ချူချာတော့တာပါပဲ။

ဒါဟာ -


စောစောကပြောခဲ့သလို လက်ခံခြင်း၊ လက်မခံခြင်းနဲ့ဘဲဆိုင်ပါတယ်။ နှစ်ချိန်တန်လာလို့ဖြစ်တာပါကွာ ဆိုတဲ့အသံတွေကြားမှာ၊ ဒါလောက်အယူတွေသေးစမ်းပါနဲ့ ဆိုတဲ့ အသံတွေကြားမှာ၊ အပုပ်ကြီးတွေအတိုင်းလုပ်မနေပါနဲ့ဆိုတဲ့အသံတွေကြားမှာ နာမည်မြင်ကွင်းကိုမြင်အောင်ကြည့်ခိုင်းလို့မရပါဘူး။

ပညာရလိုက်တဲ့ဗဟုသုတတစ်ခုအနေနဲ့ပဲမှတ်ထားလိုက်ရပါတယ်။

သူ့လိုပဲ မှတ်ထားခဲ့ရတဲ့ ကလေးတစ်ယောက်နဲ့ သူ့အဖေကို သတိရလို့ပြောလိုက်ပါဦးမယ်။

တနင်္လာသမီးလေး၊ နာမည်က နိုင်ခိုင်၊ မရဏဖွားလေး။

အဲဒါကို မရဏ ဆိုတာ ချူချာလွန်းတဲ့သဘောရှိတယ်။ သူ့အဖေက ကိုမြဆောင်၊ အမေက ရည်လေးနွယ်။ ကလေးကို မြဝတ်ရည်ဆိုပြီးပေးလိုက်ပါလေရော။




အဖေနာမည်ရော အမေနာမည်ပါ ပါအောင်ပေးလိုက်တဲ့ သူတို့အစ်မကြီးကို သူတို့ချီးမွမ်းလိုက်ကြတာမှ၊ လက်ဆောင်တွေဝယ်ပေးလိုက်ကြတာမှ။

ကလေးလေးက အကောင်းလေး ချောချောလေး။

နာမည်လည်းကင်ပွန်းတပ်ပြီးရော ခဏခဏတက်တော့တာပဲ။ တက်တာမှမြင်မကောင်းဘူး။

နောက်ဆုံးတော့ သူများတွေစာသင်တဲ့အရွယ်မှာ သူကျောင်းမနေရတော့ဘူး။ ဘဝမှာပညာတတ်လေးမဖြစ်တော့ဘူး။

ဒီကိစ္စကြီးကို မြင်လိုက်သိလိုက်ရတဲ့အခါ ကလေးအဖေနဲ့ စကားပြောဖို့ကြိုးစားခဲ့ပါသေးတယ်။

ကြားကမိတ်ဆွေကို သူကဘာပြောလိုက်လဲဆိုတော့-

အို - သမီးကလည်း (၁၀) နှစ်ကျော်နေပြီ။ ဒီအရွယ်မှ နာမည်တွေဘာတွေပြောင်းပြီးကျောင်းထားလို့မဖြစ်နိုင်တော့ဘူး။ နေပါစေတော့၊ သူ့အဘဝလေးနဲ့သူပဲ ဆိုပြီးပြန်ပြောလိုက်ပါတယ်။

ကြားကမိတ်ဆွေကတော့ သူဟာလူ့ကက်ဖဲ့ဖြစ်ကြောင်း၊ တော်ရုံနဲ့ အယုံအကြည်မရှိကြောင်း၊ ဘာမှလည်းဝါသနာမပါကြောင်း၊ ငါကောင်းတာလုပ်တာပဲ ကောင်းတာဖြစ်မယ်ဆိုတဲ့လူစားမျိုးဖြစ်ကြောင်းပြန်ပြောပြတော့ သက်ပြင်းပဲ မသိမသာချခဲ့ရပါတယ်။ မြဝတ်ရည်လေးကို သနားလို့ပါ။

ဒီအကြောင်းလေးတွေကို -

နာမည်မြင်ကွင်းကနေအကြိမ်ကြိမ် မြင်ခဲ့ပြီးပါပြီ။

ဒါပေမယ့် -

ကျွန်တော့်နာမည်ပါမှ ကျွန်မနာမည်ပါမှ ဆိုတာမျိုးတွေ၊ ကျွန်တော့်ကို ကျွန်မကို အကျိုးပေးအောင်မှည့်ပေးပါဆိုတာမျိုးတွေများနေတော့ သတိတရလေးရှိအောင် ဗဟုသုတထပ်ပြောပြတာပါ။ နာမည်မြင်ကွင်းထဲကနေ မြင်ပြတာပါ။

ဒီလိုမျိုး မိဘတွေထိကုန်တာ အများကြီးပါ။

သတိတရရှိတာလေးတွေကိုသာ ရွေးပြလိုက်တာပါ။

မိဘနာမည်ပါလို့ အောင်မြင်သွားကြသူတွေလည်းအများကြီးပါ။ ကလေးတစ်ယောက်ဆို သူ့အဖေနာမည်က ဦးမောင်ခင်ပါ။ သူ့သမီးလေးမွေးလာတော့ သူကတစ်မျိုး။ ဆရာ၊ ကျွန်တော့်နာမည်မထည့်ပါနဲ့တဲ့။ ဘာလို့မှန်းမသိဘူး။ သူ့အကြောင်းနဲ့သူတော့ရှိမှာပေါ့လေ။ ဒါပေမယ့် သူ့ကိုရအောင်ပြောပြီး သူ့နာမည်ပါအောင် ထည့်ပေးခဲ့တယ်။ ခင်ဖျားနာမည်ပါမှ၊ နောက်ကပိတ်မှ ကလေးက ပိုပြီးထွန်းပေါက်မှာလို့ပြောပြီးထည့်ပေးခဲ့ပါတယ်။ ကြာသပတေးသမီးလေး၊ 'ဖြူရတီခင်' အဲသလိုမှည့်ပေးခဲ့ပါတယ်။

ကလေးဟာ ကျောင်းစနေဆိုကတည်းက ရလိုက်တဲ့ဆုတွေ မနည်းဘူး။ ဟော-ခုများဘွဲ့ရတွေရလို့၊ ကုမ္ပဏီကြီးတစ်ခုမှာ သူပြီးမှအားလုံးပြီးရတဲ့အထိ ရာထူးကြီးနဲ့။

ကလေးတစ်ယောက်ကို နာမည်ပေးရတော့မယ်ဆိုရင် -

ဦးဆုံး သူ့အဖေနာမည်ထည့်လို့ရ မရ အရင်ကြည့်တယ်။ မရရင် အမေနာမည်ထည့်လို့ရလားကြည့်တယ်။ ရအောင်ထည့်ပေးတယ်။

မရရင်တော့ ကလေးကို ဒုက္ခမပေးတော့ပါဘူး။

ဖခင်နာမည်ထည့်ပြီးမှည့်ပေးခဲ့ရတဲ့ကလေးတွေဆို မရေမတွက်နိုင်တော့ပါဘူး။ နှစ်ပေါင်းများစွာကြာခဲ့ပြီပဲ။

ဖခင်နာမည်၊ မိခင်နာမည်တွေထည့်ပေးလိုက်လို့မထိခိုက်ဘဲအောင်မြင်နေကြတဲ့ကလေးတွေလည်းမနည်းတော့ပါဘူး။ တကယ်ပီတိဖြစ်ရပါတယ်။

သူငယ်ချင်းတစ်ယောက်ဆို သူ့နာမည်မှာ 'ဝေ' ပါတယ်။ သူ့မှာ သမီးလေးမွေးလာတော့ မင်းသမီးလေးကို မင်းနာမည်နောက်ကပိတ်မှည့်ပြီး သီရိဝေလို့ ငါမှည့်မယ်ကွာဆိုတော့ မကြိုက်ဘူးတဲ့။ ငါ့နာမည်မထည့်နဲ့တဲ့။ ဟ-



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘဝမှာ ဝေတေတေဖြစ်ခဲ့ရတာတွေအများကြီးပဲတဲ့။ ငါ့သမီးလေး ငါ့လိုမဖြစ်စေချင်ဘူးတဲ့။

ရှင်းပြရတယ်။ မင်းဝေတာနဲ့သူဝေတာမတူဘူး။ သူဝေတာက ကျက်သရေမင်္ဂလာအဖြာဖြာတွေဝေမှာ။ မင်းဝေသလိုမဟုတ်ဘူးလို့ပြောပြီးဖွတ်မှည့်ခဲ့ရတယ်။

မောင်မင်းကြီးသားက မကြိုက်လို့ဆို မခေါ်ဘူး။

ကလေးလေးက အရမ်းတတ်လာပြီး-

ကျောင်းလည်းစနေရော ဆုတွေနှစ်စဉ်ရတော့မှ သူ့သမီးလေးနာမည်ကို နှစ်နှစ်ခြိုက်ခြိုက်ခေါ်တယ်။

ခုများ သီရိဝေလေး ချမ်းသာလို့။

လုပ်ငန်းရှင် လူငယ်ကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားပြီးကြီးစားလိုက်ကြတာ။ ခုများတော့ သူငယ်ချင်းဆိုရင် ဖိမ်နဲ့နေရပြီ။ ကလေးက လိမ္မာလွန်းတယ်။ မိဘတွေဘာမှမပူမပင်ရဘူး။

ဒါကြောင့် -

ကျွန်တော့်ကို အကျိုးပေးအောင်မှည့်ပေးပါတို့ -

ကျွန်တော့်နာမည်ပါအောင် မှည့်ပေးပါတို့ -

ကျွန်တော့်နာမည်မပါပါစေနဲ့တို့ဆိုတာတွေကို နာမည်မြင်ကွင်းထဲကနေ မြင်ပြလိုက်တာပါ။

ဇော်မိုး ဆိုတဲ့ အင်္ဂါနာမည်ရှင်ကိုကောင်းအောင်၊ အကျိုးပေးအောင်ဆိုပြီး သူ့ရဲ့ အမြစ်-အညွန့် တနင်္လာ-ဗုဒ္ဓဟူး ကလေးကိုပေးချင်ပြီဆိုရင် ကလေးရဲ့ မွေးလာတဲ့ကံမှာ ဂြိုဟ်တွေတည်နေပုံတွေကြည့်ရပါလိမ့်မယ်။ ဒီဂြိုဟ်တွေဟာ ကလေးအတွက် ချမ်းသာသွားစေနိုင်တာတို့၊ ပညာမတတ်ဖြစ်သွားစေနိုင်တာတို့ဆိုရင်တော့ အဲဒီနာမည်ရှင်ကောင်းအောင်လိုက်ကြည့်နေလို့မရပါဘူး။

ဒီလိုပါပဲ။

မောင်အံ့ ဆိုတဲ့သူတစ်ယောက်က သူ့အတွက်ကောင်းအောင် ကလေးကို သူ့ရဲ့မိတ်ဂြိုဟ်၊ ဓာတ်ဂြိုဟ်တွေမှည့်ပေးပါဆိုပြီး မင်းဒင်လို့မှည့်ချင်တယ်ဆိုရင် အဲဒီမင်းဒင်ဟာ ကလေးကို အကျိုးပေး၊ မပေးကြည့်ရပါလိမ့်မယ်။

မောင်အံ့ကနေကြည့်ပြီး အောင်ပ၊ အန္တော ဆိုတဲ့ ကြာသပတေး၊ စနေ မိတ်ဓာတ်ကို တစ်ခုထဲကြည့်လို့မရပါဘူး။

အမှန်က -

အမြင်လေးနည်းနည်းလေးလွဲနေတာပါ။

ဒီကလေးလေးဟာ ဘယ်လိုမှည့်ရင် ဘုန်းကြီးမလဲ၊ ကျန်းမာမလဲ၊ ချမ်းသာလာမလဲ၊ ပညာတတ်မလဲ၊ အသက်ရှည်မလဲ ဒါကိုမကြည့်ဖြစ်လို့ပါ။ ဒါကိုကြည့်ပြီး နာမည်ပညာပေါ်မှာ ဂြိုဟ်တွေ၊ ကိန်းဂဏန်းတွေပေါ်မှာ သစ္စာရှိရှိမှည့်လိုက်ရင်တော့ ကလေးဟာ ဘုန်းကြီးပါပြီ။ ကလေးဘုန်းကြီးတယ်ဆိုကထဲက သူ့မိဘအလိုလိုရှာလို့ဖွေလို့ရပြီပေါ့။ ဒါရှင်းနေတာပဲ။

ကလေးကျန်းမာပြီဆိုကထဲက သူ့မိဘဘာမှစိတ်မညစ်ရတော့ဘူး။ကလေးချမ်းသာတာဟာ သူ့မိဘချမ်းသာလို့ပေါ့။

ဒီလိုလေးတွေ တွေးလိုက်ရင်ကလေးနာမည်ဆိုတာ လိုက်ပြီးချုပ်ချယ်ဖို့မလိုဘူးဆိုတာ မြင်သွားလောက်ပါပြီ။

နာမည်မြင်ကွင်းထဲကနေ ကြည့်ကြည့်ပါ၊ မြင်သွားလောက်ပါပြီ။

လူငယ်တစ်ယောက်ဆိုရင် ငွေကြေးက အတော့်ကိုချမ်းသာတာ။ သူ့မိဘကလည်း အတော့်ကိုချမ်းသာတာ။

ကျွန်တော်က ဒီလိုစဉ်းစားထားတယ် ဆိုပြီးပြောပါတယ်။

သူပြောတဲ့နာမည်က အိပ်မက်ဆန်ဆန်၊ စိတ်ကူးယဉ်ဆန်ဆန် နာမည်မျိုး။

သူ့စကားကို နားထောင်ပေးပြီး သူပြောတဲ့နာမည်ကို အဘက်ဘက်က စဉ်းစားပေးပါသေးတယ်၊ ဘယ်ရှုထောင့်ကမှမရဘူး။ ဒီတော့ မရဘူးဘဲပြောလိုက်ရတယ်။

ဘာဖြစ်လို့လဲတဲ့။

ငါက ကလေးကို ဒုက္ခမပေးချင်ဘူး။ လူ့လောကထဲကို ခုမှရောက်လာတဲ့ကလေးလေး ချမ်းသာမှာ၊ တစ်ခုခုဖြစ်မှာ ငါမလိုလားဘူး။ ပြီးတော့ ဂြိုဟ်တွေ၊ ဂဏန်းတွေပေါ်မှာလည်း ငါသစ္စာရှိတယ်။ ပညာအပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူး။ မကောင်းနေတာကြီးကို မင်းအကြိုက်လိုက်ပြီး ငါမပေးနိုင်လို့ပါ။ စိတ်မရှိပါနဲ့ဆိုပြီး ပြောရတယ်။

ဘာဖြစ်လို့လဲတဲ့။

ဒီတော့မှ သူမှည့်ချင်တဲ့နာမည်ရဲ့ အဓိပ္ပာယ်မရှိပုံကိုရှင်းပြလိုက်ရပါတယ်။

အဲသလိုရှင်းပြတော့လည်းလက်ခံသား။

ဆရာပဲမှည့်ပေးပါဖြစ်ကရော။

ဒါကြောင့် -

နာမည်မြင်ကွင်းထဲမှာ အဓိပ္ပာ[illegible] ဘာမှန်းမသိရတဲ့နာမည်တွေဝင်လာ[illegible] တော့တာပါပဲ။

## ▫ ကြုံရာခေါ်သောနာမည်ပြောင်းများ

"ဖူးဟတ်၊ ဟဲ့ - ဖူးဟတ်လေး"

အသံကြားလို့ လှည့်ကြည့်လို[illegible] တော့ ကလေးက မျက်တွင်းဟော[illegible] ပက်။ ခေါင်းမှာ ကွေးကောက်နေ[illegible] ဆံပင်လေးတွေကို လက်နဲ့စုံကု[illegible] တအီအီ။

ဝတ်ထားတာတော့အပြည့် ထူ[illegible] မလန်းတာ။

ဒါလောက်ချချာနေတဲ့ကလေး[illegible] ဘာလို့ ဖူးဟတ်လုပ်နေပါလိမ့်လို့[illegible] ရင်း သူတို့ကို ကျောခိုင်းလျှောက်ခဲ့[illegible] တယ်။

လမ်းမှာ စဉ်းစားကြည့်တ[illegible] ဖူးဟတ်။

ဟ-ဘာတုံးဟဒါ။ ငါ့မလည်[illegible] ချာတူးကိုလန်နေတာပဲ။ ဖူးဟတ်[illegible] ဘာမှန်းမသိဘူးဆိုပြီး ကိုယ့်ကိုယ်[illegible] အပြစ်တင်ရင်း တစ်လမ်းလုံးတွေ[illegible] ခဲ့ပါတယ်။ နောက်နေ့တွေလည်း [illegible] တွေးပါရဲ့၊ ဒါပေမယ့် ဉာဏ်နည်း[illegible] လိုက်မမီဘူး။

အဲဒီလိုဉာဏ်နည်းခဲ့တာလေး[illegible] ထဲက တချို့ကို သတိရသွားပြန်ပါ[illegible]

အဲဒါကတော့ -

'ဘတ်ဂူး'။

ဟဲ့ - နင်တို့ ကလေးကိုဘ[illegible] ခေါ်လိုက်တယ် ဆိုပြီး ထပ်မေးပြ[illegible] နားထောင်မှ ဘတ်ဂူးလေ ဘာဖြ[illegible] တဲ့။ ဩော် - ဘာမှမဖြစ်ပါဘူးလို့[illegible] လိုက်ရပေမယ့် စိတ်ကတော့ မ[illegible] ဘူး။ ဘာလို့လဲဆိုတော့ က[illegible] ရပ်စကားပြောနေတဲ့ (၁၅)မိနစ်[illegible] (၁၄) မိနစ်လောက် မနားတမ်းတွ[illegible] ကောက်ကွေးပြီးငိုနေလို့ပါပဲ။

အဲဒီလိုငိုလွန်းအားကြီးလို့ခေါ်[illegible] လားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ဘ[illegible] ဆိုတာ ကြုံသလိုခေါ်လိုက်တာပါ[illegible]

မခေါ်နဲ့လေ၊ ကလေးဆိုတာ[illegible] လောက်ငိုနေရင် သူ့ခများလည်း[illegible] မှာပေါ့ဆိုတော့ အကျင့်ကပါနေ[illegible] သူကလည်း သူ့ကိုယ်သူ ဘတ်ဂူး[illegible] နဲ့ ပြောတတ်နေပြီတဲ့။

ကိုင်း -

ဘယ်လိုလုပ်ကြမလဲ။

ဘာမှလုပ်လို့မရဘူးလေ၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com

မပြောတော့ဘူး။

ခေါင်းငိုက်စိုက်ပဲချထားလိုက်ပြီး နေလိုက်ပါတယ်။

ရင်ထဲတော့မကောင်းဘူးပေါ့။

မကောင်းရင်းနဲ့ဘဲ တစ်နေရာမှာ ကလေးတစ်ယောက်ကို တွေ့ခဲ့ဖူးတာ သွားသတိရလို့ -

အဲဒီကလေးက ရှားသား။ သူလည်း တစ်နှစ်သားလည်းကျရော သူ့ဘွားအေအရင်ဆုံးတယ်။ နောက် သူ့အဖေဆုံးတယ်။ ဒါကို ဘယ်သူမှသတိမထားကြဘူး။ တစ်နှစ်တည်း နှစ်ယောက်ခုလိုဖြစ်သွားတာကို သတိမထားကြဘူး။

သူတို့ သတိထားမိကြတာက ကလေးဟာ ကံတော်တော်ဆိုးတယ်။ အကုသိုလ်များလာတယ်။ လူမှန်းတောင်မသိသေးဘူး ဖတဆိုးလေးဖြစ်သွားပြီဆိုပြီး သတိထားမိကြတယ်။

တချို့က -

ဂြိုဟ်ကောင်၊ ဒီကောင်မွေးမှပဲ တစ်နှစ်တည်း လူနှစ်ယောက်သေရတယ်လို့ဆိုပြီး ပြောကြတယ်။ ကလေးတို့ မညာမတာပေါ့ပြောကြတာ။

တစ်နေ့ သူ့ဘိုးအေနဲ့ စကားစပ်မိရင်း သူ့ဘိုးအေက အားကိုးတကြီးမေးလို့ နားထောင်ခဲ့ရတာက အဲဒီကလေးဟာ နာမည်မြင်ကွင်းထဲရောက်လာခဲ့ရတော့တာပါပဲ။

မိဘဘိုးဘွားတစ်ဆွေလုံးတစ်မျိုးလုံး ကလေးကိုခေါ်ကြတာ 'ဂစ်ဂစ်' တဲ့၊ ငယ်နံ့ဂစ်တာနော်။

'ဂစ်' ဆိုတာ -

သိတယ်မို့လား၊ ငှက်အကောင်းရဲ့ အသံမဟုတ်ဘူးလေ။ ဒါငှက်ဆိုးထိုးသံပဲ။ ကြုံကြုံဖန်ဖန် ဂစ်ဂစ်ရယ်လို့ ဘာဖြစ်လို့ အဲလိုခေါ်ကြတာတုံးဆိုပြီးမေးကြည့်တော့ အဲဒီကလေးက ခဏခဏကျိုက်ထိုးတယ်တဲ့၊ တဂစ်ဂစ်နဲ့တဲ့။ ဒါနဲ့ပဲ ဂစ်ဂစ်၊ ဂစ်ဂစ်ဖြစ်သွားကြတာတဲ့ - မှတ်ရော။

ကြားလည်းကြားရော စိတ်တော့ဆိုးချင်တယ်။ ဒါပေမယ့် ဘယ်သူ့စပြီးဆိုးရမှန်းမသိဘူးဖြစ်နေလို့မဆိုးတော့ပါဘူး။ ခုနအတိုင်းတော့ ရှင်းပြခဲ့ပါတယ်။ အဲလိုမခေါ်ဖို့လည်း ပြောပြခဲ့ပါတယ်။ လက်ခံကြပါတယ်။ ဒါပေမယ့် ပြင်လို့မရကြသေးဘူး။ တဂစ်တည်းဂစ်နေတုန်းပဲ။

ဆွေတွေမျိုးတွေအလှည့်တော့ ခေါက်စေချင်ပါဘူးဗျာလို့ပြောလိုက်တော့မှ အမလေးဆိုပြီး လန့်ကုန်တယ်။ အကျင့်ပါနေပြီဆိုတဲ့သူတွေလည်း သူတို့နှုတ်မှာ ဂစ်ဂစ်ကြက်ပျောက်ငှက်ပျောက်ပျောက်သွားပြီ၊ သေမှာတော့ ကြောက်ကြသား။

ဒီလိုမှ ခပ်ကြမ်းကြမ်းမပြောရင် တကယ်လည်းထိတော့မယ်လေ။ ကျော်မကောင်းကြားမကောင်းတွေဖြစ်တော့မယ်။ တဂစ်တည်းဂစ်နေကြဦးမှာ။

အဲဒီကလေးလေး တွေ့ခဲ့ဖူးတာ သတိရသွားလို့ပါ။

နောက် ကလေးတစ်ယောက်ကျတော့ 'ဂဈောင်' တဲ့။

ဟာ - ဘာတုံးဟ ဂဈောင် ဆိုတော့ ရယ်နေတယ်။ ငါကြားဖူးတာတော့ ဂဈိုးဂဈောင်ပဲကြားဖူးတယ်။ အဆင်မပြေဘူး ဆိုတဲ့သဘောပဲဆိုပြီး ပြောလိုက်မှ ဟုတ်တယ်ဆရာ၊ ဒီကလေး မွေးပြီးမှ ကျွန်တော်တို့ တိုင်ပတ်ပြီး ရှုလည်နေပြီတဲ့။

ဘာစကားတွေမှန်းတော့မသိဘူး။

သိပ်တော့အံ့ဩဟယ်မပြန်တတ်ပါဘူး။ နားပဲထောင်နေလိုက်ပါတယ်။

အဲဒီကလေးရဲ့ မိဘတွေဟာ တကယ်ပဲဘာစီးပွားမှုကိုလုပ်လို့မရဘူး။ လုပ်သမျှအကုန်ကုန်တာပဲ။ ကုန်ရင်းလုပ်ရင်းလုပ်ရင်းကုန်ရင်းနဲ့ အိမ်တွေ ထိုးရောင်းရဖြစ်ကုန်ရော။

သူတို့ကတော့ ကြောက်တယ်သာ ပြောတယ်၊ ဂဈောင် ဂဈောင် ဆိုတာက ပါးစပ်ကမချဘူး။ ကလေးကလည်း အဲလိုက်၊ ကြိုက်လိုက်တာမှလွန်ပါရော။ ဘယ်လိုမှကုမရွှင်မလန်းဘူး။

ကြုံရာခေါ်တဲ့နာမည်တွေအတိုင်း ဘာတွေဖြစ်လို့ဖြစ်ကုန်မှန်းမသိတာပြောပါတယ်။

လင်မယားချင်းကလည်း တခြိမ်းခြိမ်းရန်ဖြစ် -

ဘေးလူတွေနဲ့ပါမသင့်ဘူး။

သူတို့မိသားစု သုံးယောက်ဟာ မိသားစုဝင်ဆယ်ဦးလောက်ကိုကြည့်နေရသလားအောက်မေ့ရအောင် မူးနောက်နေတယ်။ ဘာတွေဖြစ်လို့ဖြစ်နေမှန်းကို မသိဘူး။ သူတို့ပြောတဲ့အတိုင်း တကယ့် ဂဈောင်ပဲ။

အဲဒီဂဈောင်လေးဟာ အခုတော့ ဆေးဆိုးပန်းရိုက်အလုပ်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်နေပြီ။

စာလည်းဖြစ်မြောက်အောင်မသင်ခဲ့ဘူး။

ဒါတွေဟာ -

ဘယ်သူ့ကိုအပြစ်ပုံလို့ပုံရမှန်းမသိတဲ့ကိစ္စတွေ။

မိဘတွေ၊ ဦးလေးတွေ၊ အဒေါ်တွေ၊ ဘွားအေ၊ ဘိုးအေတွေကချစ်တော့၊ ချစ်လွန်းအားကြီးတော့ ပါးစပ်ထဲတွေ့ကရာ လျှောက်ခေါ်ရော။ ပါးစပ်က ကလေးမြူရင်းထွက်လာတဲ့အသံကနေ ကလေးအတွက် နာမည်တစ်ခုလိုဖြစ်သွားရော။

ခေါ်ရင်းခေါ်ရင်းနဲ့ နာမည်ပြောင်ဖြစ်သွားရော့။

အဲဒီမှာ ကလေးထိတာပဲ။

ကလေးထိတော့ရော လူကြီးတွေပါသွားပြီပေါ့။

ဒါလေးတွေကို စဉ်းစားစေချင်လို့ပါ။

ကလေးအတွက်ပဲတွေးတွေးကိုယ့်အတွက်ပဲတွေးတွေး၊ ဘယ်အတွက်တွေးတွေး ရှုထောင့်အမျိုးမျိုးကကြည့်သင့်ပါတယ်။ ဘယ်သူ့မှမထိခိုက်တော့မကောင်းဘူးလား။

မထိခိုက်တဲ့အပြင် စီးပွားတက်လာတော့ကော ပိုမကောင်းဘူးလား။

ဟုတ်ပြီ -

ပြောလို့ရတာရှိသလို ပြောလို့မရတာတွေလည်းရှိပါတယ်ဆိုတာ ပြောချင်လို့ သတိတရရှိခဲ့ဖူးတာလေး ပြောပြဦးမယ်။

အသိတစ်ယောက်နဲ့ပတ်သက်ပြီး စကားပြောခဲ့ဖူးတဲ့သူပါ။

သူ့ကလေးကိုခေါ်တာ ဂွိဂွမ်တဲ့။

ဟ - ဘာလို့အဲလိုခေါ်တာလဲဆိုတော့ သူတို့အိမ်က အလုပ်သမားတွေကခေါ်ရင်းနဲ့ တွင်သွားတာတဲ့။ သူက ဆန်စက်ထောင်ထားတယ်။

သူ့ကိုကြည့်နေရင်းကမေးချင်လာတဲ့စကားတစ်ခွန်းကို မေးလိုက်မိပါတယ်။

ခင်ဗျားအမျိုးသမီးရှိသေးရဲ့လား ဆိုတော့ တရားဝင်[illegible]သွားပါပြီတဲ့။ သူလည်း အံ့အားသင့်သွားတယ်။ ဒါ အံ့အားသင့်စရာမလိုပါဘူး။ ဂွိဂွမ်ဆိုတဲ့ နာမည်ဟာ ကောင်း[illegible]တဲ့နိမိတ်လည်းမပါ ဘာမပါနဲ့ ဘာမှန်းမ[illegible]ရတဲ့နာမည်ပြောင်လေ။ အသံမြည်တဲ့နာမည်၊ အသံနဲ့ဆိုင်နေတဲ့နာမည်။ ဒီတော့ အသံရဲ့ ဂြိုဟ်ပရိယာယ်ဟာ သောကြာ။ သောကြာဟာ ဇနီးသားမယားကိုလည်းဖွင့်ဆိုတဲ့ ဂြိုဟ်၊ ဒါဖြင့် ဇနီးဂြိုဟ်လို့ ပရိယာယ်ရတဲ့ သောကြာအသံဟာ မမြည်သင့်တဲ့ အသံမျိုးတွေမြည်နေတယ်လို့အဓိပ္ပာယ်ရလို့ မေးလိုက်တာပါ။ ရှင်းပါတယ်၊ ဘာမှ ခဲခဲယဉ်းယဉ်းတောင် မတွေးရပါဘူး။

ဒါဟာ နာမည်မြင်ကွင်းထဲကိုဝင်လာတဲ့ ဂွိဂွမ်လေးကို သတိတရရှိလို့ လို့ပါ။

www.burmeseclassic.com

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဘုရားရှိခိုး လက်ငင်းအကျိုး



ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် နေ့စဉ်ရတနာမြတ်သုံးပါး ဖြစ်ကြကုန်သော လောကဓာတ်တစ်ခွင်လုံးမှာ အမြတ်ဆုံးရတနာမြတ်သုံးပါး ဘုရား၊ တရား၊ သံဃာတို့အား နေ့ညမပြတ်ရှိခိုးပူဇော်ကြသူများရှိကြပါသည်။ မိမိတို့တိုက်တာနေအိမ်များတွင် ဘုရားဆောင်များ၊ ဘုရားခန်းများကို တသီးတသန့်နေရာထား၍ ပူဇော်ကန်တော့ကြပါသည်။

ဗုဒ္ဓဘာသာဝင် မိရိုးဖလာအစဉ်အဆက် မြတ်စွာဘုရားရှင်နှင့်တကွ အနန္တောအနန္တငါးပါးကိုလည်း ပူဇော်ကန်တော့ကြပါသည်။ အချို့သောပုဂ္ဂိုလ်တို့ကလည်း မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် လည်းကောင်း၊ ခရီးသွားလာရာတွင် လည်းကောင်း ဘေးအန္တရာယ်များကင်းစေရန်၊ လုပ်ငန်းအဝဝ အဆင်ပြေချောမွေ့စေရန် အိမ်မှမထွက်မီ ရတနာသုံးပါးအား ပူဇော်ကန်တော့ပြီးမှ သွားလာလုပ်ရှားဆောင်ရွက်လုပ်ကိုင်ကြပါသည်။

လောကသုံးပါးတွင် အထွတ်အမြတ်ဆုံးဖြစ်သော အတုမဲ့၊ အနှိုင်းမဲ့၊ အတုမရှိသော ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံသော ရှင်တော်မြတ်ဘုရားအား ယုံကြည်မြတ်နိုးသဒ္ဓါတရားပြည့်ဝစွာဖြင့် ရှိခိုးပူဇော်ကြသူများအတွက် ရရှိခံစားရသော ဘုရားရှိခိုး၍ လက်ငင်းအကျိုးတရားများကို မသိသေးသူပုဂ္ဂိုလ်များအတွက် ရှာဖွေရေးသားဖော်ပြလိုက်ပါသည်။

ဘုရားရှိခိုးလက်ငင်းအကျိုးတရားများကို ဒီပဲရင်းဆရာတော်ကြီး ရေးသားတော်မူခဲ့သော ကမ္မာအေးသာသနာရေး ဌာနမှာရိုက်ပြီး မနောဒိဌထုတ် ဝန္ဒနာစာအုပ်၏ အစဆုံးစာမျက်နှာတွင် အောက်ပါကဗျာဖြင့် စပ်ဆိုထားပါသည်။

အကျိုးတရား (၁၇) ပါး ဖြစ်ပါသည်။

၁။ စေတီအတု၊
၂။ စိတ်မူတည်ကြည်၊
၃။ ရောက်မည်နတ်ရွာ၊
၄။ တွေ့ခါသိလွယ်၊
၅။ မြတ်နွယ်အမျိုး၊
၆။ ရိုကျိုးခံရ၊
၇။ ပြည့်ဝအင်္ဂါ၊
၈။ ဆင်းလှစွာဖြင့်၊
၉။ ကာယ၊
၁၀။ ခံတွင်း-မွှေးကြူ၊
၁၁။ ကြီးမှူ-ပညာ၊
၁၂။ နက်စွာ၊
၁၃။ ထက်၊
၁၄။ ရွှင်၊
၁၅။ လျင်မြန်၊
၁၆။ ဆန်းကြွယ်၊
၁၇။ ကောင်းကြွယ်-စကား
ဆိုနိုင်ငြားသည် ဘုရားဂုဏ်ေ[illegible] ပွားကျိုးတည်း။

❑ ဘုရားရှိခိုးလက်ငင်းအကျိုးတရား (၁၇) ပါး

၁။ စေတီနှင့်တူခြင်း၊
၂။ စိတ်တည်ကြည်ခြင်း၊
၃။ နတ်ပြည်ရောက်ခြင်း၊
၄။ တရားသိလွယ်ခြင်း၊
၅။ အမျိုးမြတ်ခြင်း၊
၆။ အရိုအသေခံရခြင်း၊
၇။ အင်္ဂါကြီးငယ်ပြည့်စုံခြင်း၊
၈။ အဆင်းလှခြင်း၊
၉။ ကိုယ်နံ့မွှေးခြင်း၊
၁၀။ ခံတွင်းနံ့မွှေးခြင်း၊
၁၁။ ပညာကြီးခြင်း၊
၁၂။ နက်နဲသောပညာရှိခြင်း၊
၁၃။ ထက်မြက်သောပညာရှိခြင်း
၁၄။ ရွှင်သောပညာရှိခြင်း။
၁၅။ လျင်မြန်သောပညာရှိခြင်း
၁၆။ ဆန်းကြယ်သောပညာရှိခြင်း
၁၇။ စကားကောင်းကို ပြောဆိုနိုင်[illegible] ရှိခြင်း

စသည့် အကျိုးတရားများနှ[illegible] စုံစေမည်ဖြစ်ပေသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လ[illegible]

---

ဒီလို မခေါ်သင့်တဲ့အကြောင်း အကျိုးအကြောင်းလေးပြောပြခဲ့ပါသေးတယ်။ အဲဒီ ဂွီဂွမ့်အဖေက လက်မခံဘူး။ ဒါတွေကဗျာ လူပေါ်မူတည်ပါတယ်။ လူကောင်းမကောင်းဘာချည်းပါပဲ။ လူမကောင်းရင် အလကားပါပဲဆိုပြီး ညင်ညင်သာသာလေးငြင်းဆိုခဲ့ပါတယ်။ စိတ်တော့မကောင်းပါဘူး။

ဘာလို့လဲဆိုတော့ သူနဲ့စကားမပြောခင် ကြားခံပြီးစကားပြောခဲ့ရသူက သူ့ဆန်စက်အလုပ်သမားဖြစ်နေလို့ပါပဲ။

အဲဒီအသိက ဆရာရယ် ကျွန်တော့်ဆရာ ဘာတွေဖြစ်နေမှန်းမသိဘူး။ သူ့ကလေးလည်းကြီးလာရော လင်မယားတွေကွဲ၊ ထိလိုက်တာမှဆိုပြီး အတင်းမရမကပြောလွန်းလို့လိုက်သွားဖြစ်ခဲ့တာပါ။

ခုဆို ဂွီဂွမ်ဟာ ကုန်တင်ကားမောင်းနေပါပြီ။

အယုံအကြည်မရှိခဲ့တဲ့သူ့အဖေကတော့ သူချစ်တဲ့ဂွီဂွမ်ကိုရော ဆန်စက်ကိုပါထားခဲ့ပြီး တမလွန်ကိုခရီးဆက်ထွက်သွားခဲ့ပါပြီ။ နှစ်ပေါင်းနှစ်ဆယ်တောင်ကျော်ခဲ့ပါပြီ။

ဆန်စက်သူဌေးဖြစ်ခဲ့ဖူးတဲ့[illegible] သားပါဆိုတာကိုတော့ မြို့ခံမိတ်[illegible] တွေလောက်ပဲ ဂွီဂွမ်ကိုသိကြတော့[illegible]

ဘဝတွေအများကြီးပြောင်း[illegible] ပြီပဲလေ။

ဆရာ[illegible]

ဆရာဦးမောင်ဆေ[illegible]
(ရင်ကိုအေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါဒီ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းကောင်များနှင့်အစီအရင်အဆောင်ဂါထာများ(၂၂)

# ရွှေဘိုမင်းနှင့် ကဿိတအနန္တဂုဏရွှေယပ်အဆောင်

မြန်မာရာဇဝင်တွင် သာယာဝတီမင်း၊ ကုန်းဘောင်မင်း၊ ရွှေဘိုမင်းဟု ဘွဲ့မည်သုံးမျိုးစာတင်ခဲ့ရသော ရွှေဘိုမင်းကြီးသည် မြန်မာနှစ် ၁၁၉၇ တွင် နန်းတက်တော်မူခဲ့ပြီး နေပြည်တော်ကို အင်းဝမှ နေပြည်တော်သို့ ပြောင်းရွှေ့စံတော်မူခဲ့ပါသည်။

ရွှေဘိုမင်းခေါ် သာယာဝတီမင်း ဤသို့နန်းတက်ခဲ့ခြင်းမှာ ၁၈၃၄ ခုတွင် နောင်တော် ဘကြီးတော်မင်းတရားကြီး နာမကျန်းဖြစ်တော်မူစဉ်တွင် သာယာဝတီမင်းသား၊ မိဖုရားကြီး နန်းမတော်မယ်နုနှင့်မောင်တော်စလင်းမင်းသားကြီး(ဦးအို) တို့ ပူးပေါင်းတိုင်ပင်၍ တိုင်းရေးပြည်ရာ အဖြာဖြာတို့ကို စီမံခန့်ခွဲအုပ်ချုပ်ခဲ့ကြရသည်။

ဤသို့အုပ်ချုပ်နေကြရာမှ မိဖုရားကြီးနှင့် မောင်တော်စလင်းမင်းသားကြီးတို့က သာယာဝတီမင်းသားအပေါ် မလိုမုန်းထား အကောက်ကြံကြသည်။ ထိုအခါ လက်ရုံးရည်၊ နှလုံးရည်စွမ်းအားနှင့် ပြည့်စုံသော သာယာဝတီမင်းသားသည် ရွှေဘိုသို့ ထွက်ခွာ၍ ပုန်ကန်ကာ မြန်မာနှစ် ၁၈၃၇ ခုတွင် အလိုတော်ပြည့်ပြီး အင်းဝနန်းကိုဆက်ခံ စိုးစံခဲ့ခြင်း ဖြစ်ပါသည်။ မင်းဖြစ်တော်မူသောအခါတွင် နောင်တော်မင်းကြီးကို ကောင်းမွန်စွာ စောင့်ရှောက် ပြုစုထားတော်မူခဲ့ပါသည်။ ထို့နောက် မြန်မာနှစ် ၁၂၀၀ ပြည့်နှစ်တွင် အမရပူရမြို့တော်ကို အသစ်တည်ထောင်စိုးစံတော်မူခဲ့ပါသည်။

မြန်မာနှစ် ၁၂၀၃ ခုတွင် ရန်ကုန်သို့ စုန်တော်မူပြီးလျှင် ဉက္ကလာပမြို့ဟူ၍ မြို့သစ်တည်ထောင်တော်မူကာ ငါးလခန့် စံတော်မူ၍ ရွှေတိဂုံဘုရားကို ရွှေသင်္ကန်းကပ်လှူ၍ ခေါင်းလောင်းတော်ကြီးသွန်းလုပ်လှူဒါန်းတော်မူခဲ့ပါသည်။ မင်းကြီးလက်ထက်တွင် ပြည်တွင်းရေးအနည်းငယ်မျှဖြစ်ပွားရ၍ နိုင်ငံသာယာငြိမ်းချမ်းစွာရှိခဲ့ပါသည်။

ဘုန်းကံကြီးမား မင်းဇကရာဇ်တစ်ပါးဖြစ်သော ရွှေဘိုမင်းခေါ် သာယာဝတီမင်းကြီးအား သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး၏ အမိန့်အရ သမားတော်ဦးဖိုးကတစ်ဆင့် ၁၂၀၃ ခုနှစ် ဉက္ကလာပသို့ ချီတော်မူမည်ရှိရာတွင် ဆက်သခဲ့သော ကဿိတအနန္တဂုဏရွှေယပ်စီရင်နည်းကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

(ရွှေယပ်အစီအရင်မှာ ညောင်ရမ်းမင်းတရားကြီးလက်ထက်တွင် တားမဲ့ဆရာတော်ကြီးမှ ညောင်ရမ်းမင်းတရားကြီးအား စီရင်ချီးမြှင့်တော်မူခဲ့သော အစီအရင်ဖြစ်ကြောင်း မဟာသိဒ္ဓိကျမ်းရင်းကြီး၌ တွေ့ရှိရပါသည်။)

ရွှေဘိုမင်းကြီးသည် ဤကဿိတအနန္တဂုဏရွှေယပ်တော်ကို ယုံကြည်စွာ မပြတ်ကိုင်ဆောင်တော်မူခဲ့ရာ ဘုန်းသမ္ဘာတိုး၍ ရန်အမျိုးမျိုးအောင်မြင်ခဲ့ကြောင်း အဆိုရှိပါသည်။ ဤယပ်တော်ကိုကိုင်ဆောင်ခြင်းဖြင့် စိတ်နှလုံးမြေ့၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ရရှိစေနိုင်၍ အလိုရှိအပ်သော ကောင်းကျိုးချမ်းသာမင်္ဂလာနှင့် ပြည့်စုံနိုင်သည်ဟု အမှာအထားရှိပါသည်။


ရှေးဦးစွာ ယပ်ကို ဝါးပြန်နှင့်အလိုရှိရာပုံကို ပြုလုပ်ပါ။ (ဝါးပြန်မရနိုင်ပါက ရွှေဝါးသို့မဟုတ် မြင့်မြတ်သန့်ရှင်းသော နေရာ၌ပေါက်သည့်ဝါးကိုဖြစ်စေ အသုံးပြုနိုင်ပါသည်။) ထို့နောက် မိုင်းကိုင်စက္ကူပေါ်တွင် အထက်ပါအင်းပုံကို အစီအရင်နှင့်ညီစွာ တစ်မျိုးစီ ရေးသားပြီးလျှင် သစ်စေးသုတ်၍ကပ်ပါ။ နောက်ထပ်တစ်ကြိမ် ဤအင်းပုံအတိုင်း ဓဲယာမလွဲစေဘဲရေး၍ သစ်စေးဖြင့်ကပ်ပါ။ ထပ်မံတစ်ကြိမ် ထိုအတိုင်းပြု၍ကပ်ပြီး သုံးကြိမ်စေ့လျှင်ရွှေချပါ။ ယပ်အရိုးမှာ သစ်သားပြားကိုဖြစ်စေ၊ ဝါးခြမ်းပြားကိုဖြစ်စေ ပြုလုပ်နိုင်ပါသည်။ ထိုယပ်ရိုးပေါ်တွင် ကညစ်ဖြင့် ဤဂါထာတော်ကို ရေးသားပါ။

၁ ဥဒ္ဒံအဓော-ဓောအဒ္ဒံဥ။
ဂ်ိဳယဋ္ဌ-အသမွာဓ်။
အဝေရမ-သပတ္တံ။

ဤဂါထာတော်ကို တစ်ဖက်စီ အတက်၊ အဆင်းသုံးခါရေးသားပြီး သုံးခါသစ်စေးသုတ်ပြီးနောက် ရွှေချပြီးလျှင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဖယောင်းတိုင်၊ တံခွန်စသော လှူဖွယ်ဝတ္ထုတို့နှင့် အရပ်ဆော်မျက်နှာရှိသော ဘုရားတွင် တတ်အားသမျှ တင်လှူ၍ တစ်မျက်နှာလျှင် အောက်ပါဂါထာတော်ကို တစ်ထောင်စီ ရွတ်ဆိုပူဇော်ပါ။

၁ ကွတိပိသော၊ ဝိသေသက္က၊ ပထနာမိက္က။
ကွမိနာ ဘုမ္မိသောတံက္က၊ ကွသော တိဗုဒ္ဓပိတိက္က။
ကစသအာ၊ မအက္ကဥ၊ နမဗဓ။
ဂစ္ဆအမုမ္မိ ဩကာသေ တိဋ္ဌာဟိ။
စိစေရ၊ သောသနအနိ။ ။

ဤသို့ ရွတ်ဆိုပူဇော်ပြီးတော့မှ ကိုင်ဆောင်လေ။ ယခုအခါ ရွှေမှုဘိ



ကဿိတ အနန္တဂုဏ ရွှေယပ်စီရင်နည်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဒေဝီဆယ့်နှစ်ပါး မ,စေဗျား

ဥုံ - သံတွေရဲရဲ၊ သံမီးခဲ၊ သံခဲလည်းကြေ၊ မီးလည်းသေ၊ ဤကျေးဇူးတော်ကား၊ အရှင်မျက်သော်ပြေစေသော်။ အိမ်၏အကြီးအကဲ (တနင်္လာသား)နှင့် အိမ်သားများအပေါ်၌ ရန်ငြိုးထားခဲ့သော် ပျောက်စေသော်။

၁။ ဂဟာပတိဒေဝီ၊ မေ မာတာစ၊ ဂဟာပတိဒေဝီ၊ အနုဂါမံ၊ ဥပစ္စနံ လာဘံ့တိမေ။

ဂဟာပတိဒေဝီနတ်သမီး၊ **တနင်္လာသား**နှင့် အိမ်သူအိမ်သားတစ်စုအပေါင်းအား၊ ထူးကဲမွန်မြတ်သော သိဒ္ဓိရှင်အပေါင်းအား ချီးမြှင့်တော်မူပါလော့။ တနင်္လာသားနှင့် အိမ်သူအိမ်သားတစ်စုလာဘ်အပေါင်းရွှင်မြူးအောင်၊ ရောင်းပန်းဝယ်ပန်းဖွံ့ဖြိုးအောင်၊ လုပ်ငန်းကိုင်ငန်းအဆင်ပြေမှုရှိအောင်၊ ရာထူးဌာနန္တရတိုးတက်ကောင်းမွန်၍ စာမေးပွဲအောင်မြင်အောင်၊ ကျွေးမည့်သူအပေါင်း၊ ပေးမည့်သူအပေါင်း၊ မင်းစိုးရာဇာအပေါင်း၊ ကူညီစောင့်ရှောက်မည့်သူအပေါင်းတို့လျှင်မြန်စွာပေါ် ထွန်းပေါ် ပေါက်အောင်၊ ညရောနေ့ပါ၊ နံနက်အခါ၊ ဘယ်အချိန်မလပ်၊ တနင်္လာသားနှင့် အိမ်သူအိမ်သားလက်တွင်းသို့၊ ခန္ဓာကိုယ်အတွင်းသို့ လျှင်မြန်စွာရောက်စေသား၊ ရောက်စေသော်၊ ရောက်စေသတည်း။

၂။ စန္ဒာဒေဝီ၊ မေမာတာစ၊ စန္ဒာဒေဝီ အနုဂါမံ ဥပစ္စနံ။

၃။ စန္ဒီဒေဝီ၊ မေ မာတာစ၊ စန္ဒီဒေဝီ အနုဂါမံ ဥပစ္စနံ။

၄။ မိန္တဒေဝီ၊ မေ မာတာစ၊ မိန္တဒေဝီ အနုဂါမံ ဥပစ္စနံ။

၅။ ကုန္ဒဒေဝီ၊ မေ မာတာစ၊ ကုန္ဒဒေဝီ အနုဂါမံ ဥပစ္စနံ။

၆။ သူရိယဒေဝီ မေ မာတာစ၊ သူရိယဒေဝီ အနုဂါမံ ဥပစ္စနံ။

၇။ ကျစ်ဆံနီဒေဝီ မေမာတာစ၊ ကျစ်ဆံနီဒေဝီ အနုဂါမံ ဥပစ္စနံ။

၈။ လက္ခုမိဒေဝီ မေ မာတာစ၊ လက္ခုမိဒေဝီ အနုဂါမံ ဥပစ္စနံ။

၉။ မဏိမေခလာဒေဝီ မေ မာတာစ၊ မဏိမေခလာဒေဝီ အနုဂါမံ ဥပစ္စနံ။

၁၀။ မနော်ဟရီဒေဝီ မေ မာတာစ၊ မနော်ဟရီဒေဝီ အနုဂါမံ ဥပစ္စနံ။

၁၁။ ထီးချက်စောင့်ဒေဝီ မေ မာတာစ၊ ထီးချက်စောင့်ဒေဝီ အနုဂါမံ ဥပစ္စနံ။

၁၂။ သူရဿတီဒေဝီ မေ မာတာစ၊ သူရဿတီဒေဝီ အနုဂါမံ ဥပစ္စနံ။

ပိဋကတ်သုံးပုံကို စောင့်သောသူရဿတီမယ်တော်ကြီးနှင့် မယ်တော်ပေါင်းချုပ်တို့ ကျွန်ုပ်တို့မိသားစုအားလုံးကို ကရုဏာရှေ့ထားမေတ္တာပွား၍ ကူညီစောင့်ရှောက်တော်မူကြပါစေသတည်း။

ဒေဝီ (၁၂) ပါး အစီအရင်ကို ပြုလုပ်မည့်သူသည် ဥပမာ တနင်္ဂနွေသားဖြစ်ပါက ထိုအစီအရင်ကို ရွတ်ဆိုလျှင် တနင်္ဂနွေသားနှင့် အိမ်သူအိမ်သားများအတွက်ဟု ထည့်ရွတ်ဆိုပါ။ ဆုတောင်းပါ။

ဒေဝီ (၁၂) ပါး အမည်များနှင့်ပတ်သက်၍ ကွဲပြားမှုများရှိနေရာ အချို့စာအုပ်များမှ အမည်များကို ဖော်ပြလိုက်ပါသည်။ မိမိတို့နှစ်သက်ရာခေါ် ဆိုနိုင်ပါသည်။

အဓိကမှာ ဒေဝီ(၁၂)ပါးပြည့်ရန်သာ ဖြစ်သည်။

၁။ သတ္တဘာဂါ
၂။ သူရဿတီ
၃။ မဟာလက္ခီ
၄။ ဝါမာသူရ
၅။ ဇလသချာ
၆။ ဂရာပါက
၇။ ဗလိရာဇာ
၈။ ယောဂန္တရာ
၉။ ကလျာဏဂီ
၁၀။ နန္ဒာဒေဝီ
၁၁။ နရိန္ဒာဒေဝီ
၁၂။ မဟာပိဿနိုး

၁။ သူရဿတီဒေဝီ
၂။ စန္ဒီဒေဝီ
၃။ နိတြဒေဝီ
၄။ မနော်ဟရီဒေဝီ
၅။ ဖုဿဝတီဒေဝီ
၆။ ရမ္မာဒေဝီ
၇။ ကာရဒေဝီ
၈။ ဂန္ဓဗ္ဗီဒေဝီ
၉။ ဝိနတ္ထရီဒေဝီ
၁၀။ စန္ဒာဒေဝီ
၁၁။ ပရမေသွာဒေဝီ
၁၂။ မဏိမေခလာဒေဝီ

**သဗ္ဗပရိက္ခာရ နိမ္မိတ ဂါထာတော်ကြီး**

၀ ဗုဒ္ဓေါ ဗုဒ္ဓသ၊ ဣဒ္ဓိ ဗုဒ္ဓသ [illegible]တံ ဓာတုဗုဒ္ဓေါ။
ဘဂဝါ တုမှာကံ၊ အတ္တဘာဝံ [illegible]တံ ဗုဒ္ဓေါ။
ဗုဒ္ဓေါ ဗုဒ္ဓသ၊ ဣဒ္ဓိ ဗုဒ္ဓသ [illegible]တံ စိတ္တံဗုဒ္ဓေါ။
ဗုဒ္ဓေါ ဗုဒ္ဓသ၊ ဣဒ္ဓိ ဗုဒ္ဓသ [illegible]တံ ကာယဗုဒ္ဓေါ။
ဗုဒ္ဓေါ ဗုဒ္ဓသ၊ ဣဒ္ဓိ ဗုဒ္ဓသ [illegible]တံ သညာဏဗုဒ္ဓေါ။

ဎင်းဂါထာတော်မြတ်ကို နေ့[illegible] ရွတ်ဖတ်ပူဇော်သော် လည်းကော[illegible] ကိုးကွယ်ဆည်းကပ်သော် လည်းကော[illegible] ခပ်သိမ်းသောအလိုကိုပြည့်စေ၏။

ကောင်းကျိုးအထွေထွေ[illegible]
ပြည့်စုံရရှိကြပါ[illegible]

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

စနစ်တကျ ပြုလုပ်ကိုင်ဆောင်နိုင်ပါသည်။

အကျိုးကား အထောင်မကများလှကြောင်း အဆိုအထားရှိပါသည်။ အထူးသဖြင့် ရန်ဟူသမျှပြေပျောက်၏။ အကြံဟူသမျှအောင်၏။ ဥပဒ်အန္တရာယ်ကင်းစင်၏။ အနိဋ္ဌဖလဟူသမျှကင်းစေ၏။ ကုန်ရောင်းရာတွင် ဆောင်သော်ကုန်စွံ၏။ မင်းထံသွားသော် မင်းချစ်၏။ ဘုန်းကျက်သရေတိုးတက်၏။ အထူးသဖြင့် အကျိုးကျေးဇူးများကြောင်း ကြံတိုင်းအောင်ကြောင်း၊ ဆောင်တိုင်းမြောက်ကြောင်း၊ အလိုရှိသမျှ ပြည့်စုံနိုင်ကြောင်း အမှာရှိသည်ဖြစ်၍ ယုံကြည်လေးမြတ်စွာ စီရင်ကိုင်ဆောင်ကြပါစေသောဝ်။

သဒ္ဓိသံပါက်ဇနေတိ
သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး -

၁။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း အမျိုးသားပညာဝန် ဦးဖိုးကျ[illegible]သည်။
၂။ ကျောင်းသုံးမြန်မာရာဇဝင် ဦးဘသန်း-ဘီအေ စီရင်ရေး[illegible]သည်။
၃။ တားမဲ့ဆရာတော်ဘုရားကြီး မဟာသိဒ္ဓိကျမ်းရင်းကြီး

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်...





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





အတွဲ(၁၆) အမှတ်(၁၁) ၂၀၀၆ခုနှစ် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

၁ အာကာမိုးလတ်၊ နက္ခတ်နေလ၊ နဝဟာရာ၊, ရှစ်ဖြာဂြိုဟ်သွားဂြိုဟ်စားဂြိုဟ်စု၊ ဥတုသုံးလီ၊ ရာသီသုံးရပ်၊ နေကြွတ်လပုပ်မြေလှုပ်တော်လည်း နတ်ပွဲအမြောက်၊ ပစ်ဖောက်အသံ၊ ဥပါပျံနှင့် သည်းထန်မိုးရွာ၊ နေလ နှစ်စင်း၊ လထွင်းကြွယ်သွား၊ နဂါး စက်နတ်၊ တောင့်ခတ်ဖီလာ၊ ယကြာနှင့်၊ ဇာတာစန်းလဂ်၊ ဂြိုဟ်ပျက်ငှက်ယုတ် စုန်းဖုတ်တစ္ဆေ၊ ဖွတ်မြွေပျားစွဲ၊ မြေကွဲတိမ်ခိုး၊ မိုးကြိုးလောင်မီး၊ ရေစီးညာဆန်၊ မြတ်မွန်ပုထိုး၊ အခိုးရောင်ခြည်၊ ထွက်သည်ထုံးပေါင်း၊ နိမိတ်ပေါင်းမှာ၊ လောကီသာတည်း။

(မဟာပညာကျော်လျှောက်ထုံး)

၂ တန်ခိုးတင့်ထိန်၊ ရွှေအိမ်ရွှေနန်း၊ မြန်းပြီးသောအခါ၊ ရာဇမရဏ၊ ရောက်ထလိုသော်၊ ထင်ပေါ်နိမိတ်၊ အကြောင်းတိတ်ကား၊ အရိပ်ပြန်သွား၊ ဘုရားပုထိုး၊ အခိုးရောင်ခြည်၊ လွှတ်သည်ထင်မြင်၊ ကောင်းကင် လယ်ဖြင့်၊ နေနှစ်စင်းနှင့်၊ လမင်းတံခွန်၊ မိုးစွန်အလယ်၊ ရှစ်လုံးကြွယ်လည်၊ မိုးနယ်ခိုးထ၊ ဗျဂ္ဃစရိယာ၊ သီဟဇာကြုံ၊ နိရဋ္ဌယုဥ်မို၊ မြင့်ချိကောင်းကင်၊ ငလျင်အက်ကွဲ၊



# မင်းရှိန်အောင်

## ဖြည့်အတိတ်နိမိတ်ဆောင်များ ဖြစ်နေလေသလော



www.burmeseclassic.com

www.burmeseclassic.com

*တော်လည်းဥက္ကာ၊ အသာရေစီး၊ နတ်သမီးကမ်းပြို၊ နေ့ကိုကြယ်မြင်၊ နန်းတွင်ပျားစွဲ၊ ပျံဝဲငှင်းတာ၊ နန်းစနန်းဦး၊ ဘီလူးကိုယ်ထင်၊ အမြင့်ပြလှာ၊ မိုးရွာကျောက်ခဲ၊ တောင်ကွဲထက်ခြမ်း၊ စောင်းတန်းခဲပစ်၊ ရေမြစ်ရစ်လည်၊ စရှိသည်က ရက်ရှည်တစ်ထူး၊ ဖြစ်ဖူးသောကြောင့်၊ နိမိတ်ဟောင်းကို၊ တစ်ကြောင်းအနက်၊ စီကုံးမြွက်သည်၊ လေ့ကျက်မှတ်သာ ရာသတည်း။*

**(တိတ္ထုံပါရာကျမ်း)**

❑ *တိုင်းပြည်အခင်း၊ မင်း၏အတွက်၊ ထိုနှစ်ချက်တို့၊ ဖြစ်ပျက်ခါနီး၊ လူ့နတ်သီး၌၊ ကပ်မီးရောယောင်၊ နတ်တို့ပေါင်း၍၊ တဘောင်နိမိတ်၊ ကောင်းတိတ်ဆိုးမှု၊ ပြောလာပြုလျက်၊ ပြည်သူ့လေ့လာ၊ များတတ်စွာ၏။ လူရွာစဉ်ရှေး၊ မှတ်သရေးလည်း၊ ကလေးတမည်၊ သဘင်သည်တစ်ဦး၊ အရူးခေါ်ရိုး၊ ဤသုံးမျိုးတို့၊ ကောင်းဆိုးတဘောင်၊ နိမိတ်ကောင်းတည့်။ ။*

**(မဃဒေဝလင်္ကာသစ်)**

ရှေးရှေးတုန်းက တိုင်းရေးပြည်ရေးအပြောင်းအလဲ၊ မင်းရေးမင်းရာ အပြောင်းအလဲများကို ပညာရှိတို့က အယူတော်မင်္ဂလာပညာခေါ် နိမိတ်ဖတ်ပညာကို အသုံးပြုလျက် ကြိုတင်ခန့်မှန်းဖတ်ကြားမှုများရှိခဲ့ကြသည်။ ၎င်းတို့ကို မှန်နန်းရာဇဝင် သမိုင်းမှတ်တမ်းများတွင် စနစ်တကျမှတ်တမ်းတင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ယင်းတို့မှ တချို့ကို ဤနေရာမှာ တင်ပြချင်ပါသည်။

သရေခေတ္တရာပြည့်ရှင် သာတိမင်း နတ်ပြည်စံကိုသော် မြို့ဝန်းကျင်လျှင်လှုပ်၏။ မြေကြီးအစိတ်စိတ်ကွဲသည်။ ရေလည်းထွက်၏။ ပုဂံပြည်ရှင် ဃဉ်မင်းပိုက်မင်း နတ်ပြည်စံသောအခါ ကြာသပတေးကြယ် လထက်နားသည်။ လျှင်ခုနစ်ရက်တိုင်းလှုပ်ခတ်၏။ ပုဂံပြည်ရှင် သော်လည်ကြောင်ငယ်မင်း နတ်ရွာစံလိုသော် မြစ်ရေအညာသို့ဆန်၏။ မိုးကြီးသည်းစွာရွာ၏။ ပုဂံပြည့်ရှင် ကွမ်းဆော်ကျောင်းဖြူမင်း နန်းကျလိုသော် ဘုရားပုထိုးပြာင့်ဟာပြသည်။ သောကြာဂြိုဟ် လထက်နင်း၏။ လဆန်းနှစ်ရက်ကို လဝန်းညီ၏။ ခုနစ်ရက်လည်အောင် ငလျှင်လှုပ်၏။ မြစ်ရေတန့်၏။ ပုဂံပြည်ရှင် နရသီမာပတေ့မင်း နတ်ပြည်စံလိုသောအခါတွင် ဘုရားပုထိုးတန်ခိုးပြာင့်ဟာပြသည်။ တောင်ပို့ကန်သင်းအခိုးထွက်၏။ ပြာသိုလအတွင်းက တန်ခူးလရာသီကိုရောက်ဘိ၏။ ကြာသပတေးဂြိုဟ် လအပေါ်နား၏။ မြေကြီးငလျှင်ပဲ့တင်ထပ်မျှလှုပ်၏။ ပုဂံပြည်ရှင်ကျော်စွာမင်းနန်းကျကိုသော် ငလျှင်ပြင်းစွာလှုပ်၍ မြေကြီးကွဲ၏။ ဘုရားပုထိုးတန်ခိုးပြာင့်ဟာပြ၏။ ကြာသပတေးဂြိုဟ်အတွင်းချင်း၏။ တောင်ပို့ကန်သင်းအခိုးထွက်၏။

စစ်ကိုင်းပြည်၊ ပင်းယပြည်နှစ်ပြည်ပျက်လိုသော် ပုညရှင်ဘုရားပြာင့်ဟာပြ၏။ ရွှေစည်းခုံဘုရား ပြာင့်ဟာပြ၏။ အင်းဝပြည့်ရှင် နရပတိမင်း နတ်ပြည်စံလိုသော် ငလျှင်ကြီးလှုပ်၍ ဘုရားပုထိုးပြို၏။ ထူပါရုံဘုရားရောင်ခြည်တော်လွှတ်၏။ အင်းဝဒုတိယမင်းခေါင်မင်းနတ်ပြည်စံလိုသော် ငလျှင်ခုနစ်ရက်လှုပ်၏။ ဘုရားပုထိုးပြို၏။ အင်းဝပြည်ရှင် အနောက်ဘက်လွန်မင်းနတ်ပြည်စံလိုသော် ပင်းယရွှေစည်းခုံ ထီးလိုင်ရှင် ရွှေရင်မျှော်ဘုရားပြာင့်ဟာပြ၏။ အင်းဝဝမ်းဘဲအင်းမင်း နတ်ပြည့်စံလိုသော် ငလျှင်လှုပ်၏။ မြေကြီးကွဲ၍ရေထွက်၏။ ဘုရားပုထိုးပြိုပျက်၏။ အင်းဝ စနေမင်းနတ်ပြည်စံလိုသော် တစ်နေ့တည်းတွင် မြေငလျင် (၁၃) ကြိမ်လှုပ်၏။ ဘုရားပုထိုးပြာင့်ဟာပြ၏။

ကုန်းဘောင်ဆင်ဖြူရှင်မင်းပျက်စီးလိုသော်အခါတွင် ရောမာဏီကြယ်အခိုးထွက်၏။ ငလျှင်ပြင်းစွာလှုပ်၏။ ဘုရားပုထိုးအများပြို၏။ စဥ့်ကူမင်းပျက်စီးလိုသောအခါတွင် ပင်းယရွှေစည်းခုံဘုရားပြို၏။ မြို့ရိုးပတ်လည်မြေကြီးကွဲ၏။ ဘကြီးတော်မင်းပျက်စီးလိုသော် အင်းဝစည်းခုံဘုရား ငှက်မြတ်နားကျ၏။ ဘုရားပုထိုးရောင်ခြည်တော်လွှတ်၏။

အထက်ပါတို့သည်ကား မှန်နန်း



ရာဇဝင်၊ ဦးကုလားမဟာရာဇဝင်တော်ကြီးတို့တွင်ပါဝင်သော အယူတော်မင်္ဂလာပညာဆိုင်ရာမှတ်တမ်းလာကောက်နုတ်ချက်ပင် ဖြစ်သည်။ ယင်းသို့ပင်လျှင် ရခိုင်ရာဇဝင်မှတ်တမ်းများထဲတွင် အယူတော်မင်္ဂလာပညာ၊ နိမိတ်ပညာဆိုင်ရာ မှတ်စုများလည်း ရှိနေပါသေးသည်။ ယင်းတို့ထဲမှ အလျဉ်းသင့်ရာ တချို့ကို တင်ပြရသော်

ရခိုင်ဓညဝတီ... မမ္မမင်း နတ်ပြည်စံခါနီးတွင် မဟာ... ဘုရားရောင်ခြည်တော်အကြိမ်ကြိမ်လွှတ်သည်။ ငလျှင်အကြိမ်များစွာလှုပ်သည်။ ... တော်လည်းသည်၊ ဥက္ကာပျံသည်။ နတ်... အမြောက်သံများစွာတို့ထွက်ပေါ်သည်... ကြာသပတေးကြယ် လကိုထွင်းသည်... စနေအင်္ဂါဂြိုဟ်ပျံသည်ဆိုသော အတိတ်... မိတ်ပြလေသည်။

၎င်းအတိတ်နိမိတ်များကို စစ်... ကောင်း စာဝိမလအမတ်ကြီးက ... ကြားလျှောက်ထားသည်မှာ ဘုရားပု... ရောင်ခြည်တော်လွှတ်သည်၊ စေတီပု... ပြိုသည်များမှာ မင်း၌ အကြောင်း... ဟောင်းရှိပါသည်။ ဥက္ကာပျံသန်း... ချေးလွှတ်သည့်အရပ်ရှစ်မျက်နှာ ... သွေးကိုမြင်သည်မှာ မင်းမိဖုရား၊ သား... ဥပရာဇာတို့အကြောင်း၊ ငလျှင်အကြိမ်... များစွာလှုပ်၍ တော်လည်းသည်... ပြည်သူတို့အကြောင်း၊ နတ်အမြောက်... ကြားသည်၊ စနေအင်္ဂါဂြိုဟ်ပျံသည်... စစ်ရောက်ရာသည်အကြောင်း၊ ကြာ... ပတေးဂြိုဟ်လကို ထွင်းသည်၊ ကြာ... တေးကြယ်ပျံ နောက်ကိုဆုတ်သည်... နိယတုနေသည်များမှာ ရဟန်းပုဏ္ဏား... မိကြီးဖကြီး ဆွေမျိုးကြီး မှူးကြီးမတ်... တို့အကြောင်း၊ နန်းတွင်းနတ်မိစ္ဆာ... သည်မှာ နန်းသူတို့သိက္ခာပျက်သ... အကြောင်း ဟူ၍ ထုံးဟောင်းကျမ်း... လာရှိပါသည်ဟူ၍ ဖြစ်သည်ကို တွေ့... ရပါသည်။

ထိုနည်းအတူ မြောက်ဦးပြည်... မင်း စကြဝတေးမင်း နတ်ရွာစံလို... အခါတွင် ဥပါပျံအနောက်ကိုကျ... ဆင်တော်ရွှေတောင်သေသည်။ ဘု... ကြီးပုထိုးကြီး ရုပ်တုတော်ဆင်းတု... ကိုရောင်ခြည်တော်လွှတ်သည်။ သ... ကြီးတို့မှ အခိုးအလျှံထွက်သည်၊ သ... ယိုထွက်သည်။ ပျားအုံလာသည်... ထားသည်ကို တွေ့ရှိရပါသည်။

တစ်ခါ ရခိုင်မြောက်ဦး... ပျက်လို၍ မြောက်ဦးရွှေပြည်... 



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဘုရင် မဟာသမ္မတရာဇာမင်းနန်းကျသိုသောအခါတွင် ကစ္ဆပနဒီခေါ် ကုလားတန်မြစ်(ကုလဋ္ဌာန်မြစ်)သည် မိုးကြီးရက်ရှည်ရွာသွန်းသဖြင့် ရေကြီးရေလျှံသည်။ မဟာမုနိဘုရားကုန်းတော်ပေါ် တွင် ရေဘေးဒုက္ခသည် ကိုယ်ဝန်ဆောင်အမျိုးသမီးသုံးဦး တစ်ပြိုင်တည်း မီးဖွားသည်။ ငုံကြွေးသံ၊ တူရိယာသံထွက်ပေါ်လာသော ပျဉ်းမတုံးတစ်ခု ရေထဲစုန်ဆန်မျောပါနေသည်။ ထိုတုံးဆိုက်ကပ်ရာ အရပ် လူအသေအပျောက်များသည်။ မဟာမုနိဘုရားကုန်းပေါ်က ဦးတော်ဆေးကန်အပါအဝင် မြစ်ရေချောင်းရေတို့ သွေးအတိဖြစ်သည်။ မဟာမုနိဘုရားကုန်းတော်ပေါ်က ဗောဓိပင်အရွက်များလိပ်ကြသည်။ ထို့ပြင်တစ်ဝမြောက်ဦးရွှေပြည်ရွှေနန်းကို အမရပူရဘိုးတော်မင်းတပ်က လာရောက် သိမ်းပိုက်၍ မဟာမုနိဘုရားသွန်းစက်တော်ကို မန္တလေးသို့ ပင့်ဆောင်ယူခါနီးတွင် မဟာမုနိဘုရားမှ ရောင်ခြည်တော်ခြောက်ပါးလွှတ်၍ အထက်သို့ အလုံးအရောင်အဝါသည် နေမင်း၏အရောင်ကဲ့သို့ပြောင်ပြောင်ထိန်လင်းထွန်းပလေ၏။ ကောင်းကင်ပြင်၌လည်း မည်းမည်းမှောင်တိမ်တောင်အုပ်ဖုံး၍မိုးရွာမည့်ဟန်ကဲ့သို့ဖြစ်၏။ အရပ်လေးမျက်နှာ၌လည်း ပဉ္စင်တူရိယာစည်မောင်းညှင်းအသံကဲ့သို့ ကြားရကုန်၏ဟုဆိုထားသည်ကိုတွေ့ရှိရသည်။

ဆိုချင်သည်က ရှေးပညာရှိတို့သည် ဖြစ်ပေါ်လာသော အတိတ်နိမိတ်တို့ကို ကြည့်ရှုလျက် တိုင်းရေးပြည်ရေး အပြောင်းအလဲ၊ မင်းရေးမင်းရာအပြောင်းအလဲ၊ ဦးဆောင်သူများအရေးအရာကိစ္စများတို့ကို ဖတ်ကြားလေ့ရှိသည်ဟူ၏။ ဤနေရာမှာ မေးစရာတွေးစရာဖြစ်လာသည့်က ထိုကဲ့သို့ အတိတ်နိမိတ်ဖတ်ကြားမှုသည် အတိတ်သမိုင်းထဲမှာ၊ အတိတ်ရာဇဝင်ထဲမှာချန်ရစ်ခဲ့ပြီလား။ ကျန်ရစ်ခဲ့ပြီလား။ တကယ်တော့ အတတ်ပညာဟူသည် ပပျောက်ကောင်းသောအရာမဟုတ်ပါ။ မားဆိုသည်မှာ ဆဲစွဲနေမှ ထက်မြက်နေရသလိုပင်။

၂၀၁၆ ခုနှစ်၊ မိုးရာသီထဲမှာလည်း ပြီးခဲ့သော ၂၀၁၅ ခုနှစ် မိုးရာသီထဲကပင် မိုးကြီးရက်ရှည်ရွာသွန်းခဲ့သည်။ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ အင်းရေ အိုင်ရေတို့သည် ရေကြီးရေလျှံခဲ့သည်။ ဒီကလို ရေကြီးရေလျှံမှုတွင် ထူးခြားမှုများစွာရှိသော်လည်း ယင်းတို့ထဲမှ တစ်ခုကို ရွေးချယ်ပြောရသော် ပြီးခဲ့သော ဩဂုတ်လ ၂ ရက်နေ့တွင် ထင်ရှားသော တောင်သမန်အင်းရှိ နာမည်ကျော် ဦးပိန်တံတားသည် ဖြစ်တောင့်ဖြစ်ခဲ ရေထဲနစ်မြုပ်ခဲ့သည်။ ထိုကဲ့သို့ အထင်ကရအမှိမှတ်နေရာဌာနတစ်ခု ရေထဲ ရှားရှားပါးပါး နစ်မြုပ်မှုက အဘူတပုဗ္ဗ အဒိဋ္ဌပုဗ္ဗနိမိတ်တည်း။ ၂၀၀၄ ခုနှစ်က တစ်ကြိမ် ဦးပိန်တံတား ရေထဲနစ်မြုပ်ခဲ့ဖူးသည်ဟူ ၏။ ထိုနှစ်တုန်းက ယင်းအခါက နိုင်ငံတော်ဦးဆောင်သူတစ်ဦးဖြစ်သော မော်ဝန်းသား ဦးခင်ညွန့်နှင့် အပေါင်းပါတို့ ကြွေကျမြေခခဲ့ရသည်။

တစ်ဖန် ထိုဩဂုတ်လ ၂၃ ရက်နေ့တွင် ချင်းတွင်းမြစ်ရေသည် အနက်ရောင်သို့ပြောင်းလဲခဲ့လေသည်။ နောက်တစ်ခု ဩဂုတ်လ ၂၄ ရက်နေ့ ညနေ (၅) နာရီ၊ (၅) မိနစ်ခန့်တွင် ရစ္စတာ (၆. ၈) စကေးရှိသော ပြင်းထန်သောငလျင် - ပုဂံမြေငလျင်ကြီးလှုပ်ခတ်သဖြင့် ပုဂံရှေးဟောင်းစေတီပုထိုးလေးရာဝန်းကျင်ခန့် အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းက စေတီပုထိုးများပြိုပျက်ရသလို ရခိုင်ပြည်နယ်က ရှေးဟောင်းစေတီပုထိုးလေးရာဝန်းကျင်ခန့် အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းက စေတီပုထိုးများပြိုပျက်ရသလို ရခိုင်ပြည်နယ်မှ ရှေးဟောင်းစေတီပုထိုးတချို့တို့လည်း ကျိုးပဲ့ပြိုပျက်ခဲ့ရသည်။ မင်းဘူးနဂါးပွက်တောင်အနေအထား ပျက်ရသကဲ့သို့ ကျောက်ဖြူမြို့နယ်က ကြက်သေနဂါးတောင်(ရွှံ့မီးတောင်) ပေါက်ကွဲခဲ့သည်။ နေပြည်တော်မှ လွှတ်တော်အဆောက်အအုံပျက်စီးမှုတချို့ရှိခဲ့သည်။

အရေးကြီးသောအချက်တစ်ခုက ဩဂုတ်လ၃၁ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့ထိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံခေါ် (၂၁) ရာစု ပင်လုံညီလာခံကျင်းပသည်။ ပြဿနာမသေးသောရခိုင်ရေးရာကော်မီရှင်ဖွဲ့စည်းသည်။ တောင်းဆိုသံများ၊ ကန့်ကွက်သံများ၊ ဆန္ဒထုတ်ဖော်မှုများ ပွက်လောညံခဲ့သည်။ ထို့ပြင်တစ်ဝ စက်တင်ဘာလ ၁ ရက်နေ့တွင် နေအသဗ္ဗအရစ်ကြွတ်သည်။ ရခိုင်ကျောက်တော်မြို့ မဟာမုနိဘုရားရုပ်ပွားတော်သည် စက်တင်ဘာ ၈ ရက်နေ့မှစပြီး ရက်သီတင်းတစ်ပတ်ခန့်ရောင်ခြည်တော်ကွန့်မြူးမှု ဆက်တိုက်ပေါ်ထွန်းခဲ့သည်။ ဤရက်ပိုင်းကာလတွင် ရခိုင်ပင်လယ်ကမ်းခြေ၌ ဝေလငါး ရေမျောကမ်းတင်ရှားရှားပါးပါးဖြစ်ထွန်း ခဲ့သည်။ ဧရာဝတီတိုင်း၌ မိကျောင်းလူကိုက်ဆွဲမှုဖြစ်တောင့်ဖြစ်ခဲပေါ်ထွန်းခဲ့သည်။

ဤနေရာမှာ မေးစရာတွေးစရာဖြစ်လာသည်က အထက်ကဖော်ပြခဲ့သမျှကို ခြုံငုံသုံးသပ်ရလျှင် အဆိုပါတို့သည် ပြည်အတိတ်နိမိတ်ဆောင်များဖြစ်နေလေသလား။ အဘယ်ကိုရည်ညွှန်းနေသနည်း။ ပသို့ပင်ဆိုစေ တိုင်းပြည်အတွက်၊ တိုင်းသူပြည်သားများအတွက် စောင့်ကြည့်လေ့လာရမည့်အရေးအရာများဖြစ်နေသည်ကတော့ အမှန်ပင် ဖြစ်သည်။

မင်းရှိန်အောင်

နေမဝင်(နတ်မောက်)

# သွေးဝမ်းအတွက်ဆေးစွမ်း

အသက်အရွယ် ကြီးရင့်လာသော အခါ ဇရာဒုလ္လဗ္ဗ၏နှိပ်စက်မှုအရ ဆီး၊ ဝမ်း၊ ဓာတ်၊ လေတို့ဖောက်ပြန်ပြီး သည်းခြေ၊ သလိပ်၊ သွေးသားတို့ပါ ပျက်စီးယိုယွင်းလာပါသည်။

ဤအခြေအနေများတွင် ငယ်စဉ်က ငရုတ်သီး၊ ချင်းကဲ့သို့ အပူအစပ်စားမှုများခဲ့သူများ၊ အရက်သေစာသောက်စားမှုလွန်ကဲခဲ့သူများ၊ အညောင်းထိုင်များခဲ့သူများအဖို့ အစာအိမ်၊ ဝမ်းတွင်းပါစကမီးချို့ယွင်းကာ ဒူလာသွေးဝမ်းသွားတတ်ပါသည်။ ဆင်ခြင်ရန်မှာ နုပျိုစဉ်ကပင် အပူအစပ်များလျှော့စားခြင်း၊ အရက်သေစာရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုခဲ့လျှင် ရောဂါကင်းစင်ကျန်းမာပျော်ရွှင်ရမည် ဖြစ်ပါသည်။

ဒူလာသွေးဝမ်းသွားနေပြီဆိုလျှင် မန်ကျည်းပင်မှ မန်ကျည်းပွင့်ကို လက်တစ်ဆုပ်ခန့်ရယူပြီး ထန်းလျက်နှစ်လုံး၊ သုံးလုံးနှင့်ရောထောင်း၍ အမြန်ဆုံးစားပေးလိုက်ပါ။

သို့မဟုတ် ဆီးဖြူပင်မှအရွက်များခူးယူပြီး ထန်းလျက် သို့မဟုတ် သကြားနှင့်ရောပြုတ်ကျို၍သောက်ပေးလိုက်ပါ။

လွန်သည်၊ များသည်၊ မှားသည် မရှိပါ။ လက်တွေ့ အလွယ်ဆုံးနှင့် အထိရောက်ဆုံးဖြစ်၍ တိုက်ဆိုင်ကြုံတွေ့လျှင် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် တင်ပြရေးသားအပ်ပါသည်။

နေမဝင် (နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မောင်ဖိုးဝ ငယ်စဉ်အခါက နေထိုင်ခဲ့ရသောပြင်သာရွာတစ်လျှောက်မှာတော့ ထူးဆန်းတဲ့ ရှူးပျံတစ်ကောင်ရှိခဲ့ဖူးပါတယ်။ အဆိုပါ ရှူးပျံကို ကျွန်ုပ်တို့ရွာသူရွာသားများကတော့ မကောင်းဆိုးဝါးတွေ မှီတွယ်ပူးကပ်နေတဲ့ သတ္တဝါလို့ပဲ အထင်ရှိခဲ့ကြရတာပါ။

တောနေတိရစ္ဆာန်တွေဆိုပေမယ့် တောနေတိရစ္ဆာန်ချင်းက တူညီကြတာမဟုတ်ပါဘူး။ မတူညီကြတာတွေလည်း ရှိတတ်ပါသေးတယ်။ ဆိုပါစို့၊ တချို့သောမြွေတွေ၊ မိကျောင်းတွေ၊ ကျားတွေဟာ မြွေအချင်းချင်း၊ မိကျောင်းအချင်းချင်း၊ ကျားအချင်းချင်းတူကြပေမယ့် အချို့က ထူးပြီးတော့ နတ်မြွေ၊ နတ်မိကျောင်း၊ နတ်ကျားဆိုတာတွေမျိုးလည်း ရှိတတ်ပါသေးတယ်။

ခုလည်းပဲ ရှူးပျံကတော့ ရှူးပျံပါပဲ။ ဒါပေမယ့် အဲဒီရှူးပျံကတော့ အခြားရှူးပျံတွေထက်ထူးနေတယ်လို့ဆိုရမလားပါပဲ။ အဲဒီရှူးပျံက ညကြီးအချိန်မတော်မှာ ကျွန်ုပ်တို့ရွာအနားကတောအစပ်မှာလာပြီးအော်ပြီဆိုရင်တော့ သေချာပေါက်ဆိုသလို နောက်တစ်နေ့မှာ မသာတစ်ယောက် ပေါ်ပေါက်လာရတော့တာပါပဲ။

အဲဒီရှူးပျံဟာ ကျွန်ုပ်တို့ရွာနားကတောအစပ်မှာ အမြဲလာနေတာလည်း မဟုတ်ပါဘူး။ ကျွန်ုပ်တို့ရွာရဲ့အနောက်တောင်ထောင့် သုံးမိုင်ကျော်ကျော်အကွာလောက်မှာရှိတဲ့ သစ်တစ်ပင်တောင်မှာနေတာပါ။ ကျွန်ုပ်တို့ရွာမှာ မသာတစ်ယောက်ပေါ်တော့မယ်ဆိုတာနဲ့ သူက ညဉ့်နက်သန်းခေါင်လောက်မှာ ကျွန်ုပ်တို့ရွာနားကတောစပ်အထိဆင်းလာတယ်။ ဆင်းလာပြီး ရွာဘက်ကို နာရီဝက်၊ တစ်နာရီလောက်နီးပါးအထိအော်တော့တာပါပဲ။ အော်ပြီးတော့ အဲဒီသစ်တစ်ပင်တောင်ကိုပြန်သွားတယ်။ ဒီအခါ ကျွန်ုပ်တို့ရွာမှာ မသာပေါ်ပြီ။ နောက်တစ်ခါ လိုအပ်လာတဲ့အခါ၊ လိုအပ်လာတဲ့အခါဆိုတာက မသာပေါ်တော့မယ့်အခါကိုပြောတာပါ။ အဲဒီလိုမသာပေါ်တော့အခါမှာ သူဟာဆင်းလာပြန်တယ်။ဆင်းလာပြီးအော်ပြန်တယ်။အော်ပြီးတော့ပြန်သွားတယ်။ အဲဒီလိုနည်းနဲ့ ကျင်လည်နေခဲ့တယ်။

ကျွန်ုပ်တို့ရွာသူရွာသားတွေကတော့ သူလာအော်တိုင်း မသာတွေပေါ်နေရလို့ သူ့ရဲ့အော်သံကို ရှူးပျံရဲ့အော်သံလို့ မမြင်တော့ဘူး။ သေမင်းရဲ့ခေါ်သံလို့ပဲ မြင်လာကြရတော့တယ်။ ကျွန်ုပ်တို့ရွာသားတွေရဲ့အမြင်ဘက်ကတော့ မမှားပါဘူး။ ဆယ်ခါလာအော် ဆယ်ခါစလုံးလိုလိုတိုက်ဆိုင်နေခဲ့ကြရတာကိုး။ဒါတောင်မှ ရွာထဲကိုဝင်ပြီးလာမအော်လို့သာပါ။ ရွာထဲများ ဝင်ပြီးလာအော်လို့ကတော့ မတွေးရဲစရာပါဘဲ။

ရွာထဲမှာ လူမမာလည်းရှိနေမယ်။ သူလည်းလာအော်မယ်ဆိုရင် သေချာပေါက်လိုမျိုး မသာပေါ်ခဲ့ရတာ အခါခါပါ။

❑

တစ်နေ့မှာတော့ အဲဒီရှူးပျံကြီးက ကျွန်ုပ်တို့ရွာထဲကို နေ့ခင်းကြောင်တောင်ကြီးမှာဝင်လာတယ်။ ဒီအခါမှာ အိမ်ခြေ(၈၀)ကျော်လောက်ရှိတဲ့ကျွန်ုပ်တို့ရွာသူရွာသားများကတော့ မျက်ကလူးဆန်ပျာဖြစ်ကြရတော့တာပေါ့။ စိုးရိမ်ထိတ်လန့်မှုတွေကလည်း ငယ်ထိပ်ထိရောက်မတတ်အောင်ပါပဲ။ တုန်လှုပ်ချောက်ချားကုန်ကြရတာပေါ့။

စပြီးတွေ့တာက သရက်သီးတွေကို လေးခွတွေနဲ့ပစ်ချနေတဲ့ကလေးတစ်သိုက်ကပါပဲ။ ပစ်တုန်းက သူ့ကိုချိန်ပြီးပစ်ကြတာတော့ မဟုတ်ပါဘူး။ ပစ်ရင်းပစ်ရင်းနဲ့ လောက်စလုံးတွေက သူ့အနားမှာဝဲနေလေတော့ ကြောက်အားလန့်အားထပြေးရာက တွေ့ခဲ့ကြရတာပါ။ ရင်ဘတ်မှာက အဖြူရောင်၊ ကိုယ်ကောင်မှာက အဝါရောင်နီကြန့်ကြန့်နဲ့ပါ။ ရှည်လျားတဲ့သူ့အမြီးကတော့အနက်ရောင်ကလေးပါပဲ။ သစ်ပင်တစ်ပင်နဲ့တစ်ပင်အကူးမှာ အတောင်ပံကိုဖြန့်ကားပြီး သစ်ပင်အမြင့်ကနေ ထိုးဆင်းရတာပါ။ ထိုးဆင်းလာပြီး နောက်ထပ်မြန်

www.burmeseclassic.com

တက်မယ့်သစ်ပင်ခြေရင်းကိုရောက်တာနဲ့ သူက လျှင်မြန်လှတဲ့အရှိန်နဲ့ သစ်ပင်ထိပ်ဖျားကိုပြေးတက်တယ်။ ရောက်တာနဲ့ နောက်ထပ်သစ်ပင်တစ်ပင်ရဲ့ခြေရင်းကို အတောင်ပံဖြန့်ပြီး ထိုးဆင်းပြန်တယ်။ အဲဒီနည်းနဲ့ပြေးနေရတာပါ။

ဘာပဲဖြစ်ဖြစ် ကလေးတစ်သိုက်မြင်တာနဲ့ 'ရှူးပျံကြီး၊ ရှူးပျံကြီး' ဆိုပြီး ဝိုင်းလို့အော်တယ်။ ဒီအခါ ကြားရသူအပေါင်းက လုပ်နေတဲ့အလုပ်တွေကိုဒီအတိုင်းပစ်ထားခဲ့ပြီး အဲဒီရှူးပျံအအော်ခံရတဲ့နေရာကို တုတ်ဆွဲ၊ ဓားဆွဲ၊ အုတ်ခဲတွေဆွဲပြီး ဝိုင်းလာကြတယ်။ မြင်တဲ့အခါ ဝိုင်းလိုက်၊ ဝိုင်းရိုက်၊ ဝိုင်းပစ် ကြတာပေါ့။ ရွာသားတွေဝိုင်းပြီးလိုက်ကြတော့ အိမ်မွေးခွေးတွေကလည်းမနေပါဘူး။ သူတို့ပါပါဝင်ပြီးလိုက်ကြတယ်။

ရှူးပျံနောက်ကို ဝိုင်းပြီးလိုက်ကြသူတွေက အော်လိုက်၊ ဆဲလိုက်နဲ့လိုက်ကြတာပါ။

"မိစ္ဆာကောင်ကြီး"

"နာနာဘာဝကောင်ကြီး"

"သေမင်းတမန်ကောင်ကြီး"

စသည်ဖြင့် ဝေဖန်ပုတ်ခတ်စွပ်စွဲပြီး လိုက်ကြတာပါ။

"အလွတ်မပေးနဲ့တော့၊ ဒီကောင်ကြီးကို အသေသတ်ရမယ်။ မဟုတ်ရင် လာလာပြီးအော်နေဦးမယ်။ လာမအော်နိုင်အောင် အသေသတ်ကြဟေ့"

"ဟုတ်တယ်၊ ဒီနာနာဘာဝမိစ္ဆာကောင်ကြီးမရှိမှ ငါတို့ရွာသာသာယာယာရှိမယ်။ ဒီတော့မလွတ်စေနဲ့၊ ဝိုင်းပြီးပစ်ကြ၊ ပစ်ကြ"

တစ်ယောက်တစ်ပေါက်အော်ကြဟစ်ကြဝိုင်းလိုက်ကြနဲ့ဖြစ်နေသည်။ ရှူးပျံကြီးမှာလည်း သေပြေးပြေးနေရသမို့လားမသိ၊ အသံထက်မြန်သည့်ဂျက်လေယာဉ်ကဲ့သို့တည်း။ တစ်ခါတစ်ရံ လူကြားသူကြားထဲတွင် ရှောင်ရင်းတိမ်းရင်းလွတ်ဖြစ်အောင်လွတ်သွား၏။ သတ္တဝါတစ်ခုက်တစ်ခုဆိုတာ ထိုကဲ့သို့မျိုးဖြစ်လေမည်လားမသိပါ။ လူလေး၊ ငါးဆယ်အပြင်ခွေးများပါ ဝိုင်းလိုက်ကြပါသော်လည်း မမိနိုင်။ လျှင်မြန်လှသည့်ရှူးပျံကြီးပါပေ။

ရှူးပျံက ရွာအောက်ပိုင်းကိုဦးတည်ပြီးပြေးနေခြင်း ဖြစ်သည်။

ရှူးပျံကြီးမှာ တစ်ခါတစ်ရံမှာတော့ ရွာသားများပစ်ခတ်လိုက်သည့် တုတ်များ၊ ခဲများ၊ လေးခွများနှင့်ထိမှန်သည့်အခါလည်းရှိ၏။ သို့ပါသော်လည်း ပြေးနှုန်းကတော့မလျော့။ ပြေးရင်းလွှားရင်း ရွာအောက်ပိုင်းကိုလွန်သွားသောအခါ သချိုင်းကုန်းကရှိနေ၏။ သချိုင်းကုန်းသည် တောအနည်းငယ်ထူ၏။ ထိုသချိုင်းကုန်းထဲတွင် ပြေးဝင်သွားရင်းဖြင့် ပျောက်ကွယ်သွားခဲ့ရတော့သည်။

ကျန်ခဲ့ကြသော ရွာသားများကတော့ အားမလိုအားမရစုတ်တသပ်သပ်နှင့်ဒေါသထွက်ကာကျန်ရစ်ခဲ့ကြရသည်။ ပြီးတော့ မျက်စိမျက်နှာများလည်း မကောင်းနိုင်ကြပါ။ အဆိုပါ မကောင်းဆိုးဝါးနတ်မိစ္ဆာဝင်ပူးခြင်းခံထားရသော ရှူးပျံကြီးမှာ ရွာနှင့်ခပ်လှမ်းလှမ်းတောအစပ်နေရာလောက်ကအော်နေသည်ပင်လျှင် ရွာထဲလူမမာရှိပါက မုချသေပွဲဝင်ကြရသေးသည်ဆိုလျှင် ယခုကဲ့သို့ ရွာထဲအထိဝင်ရောက်လာခဲ့သည်ဆိုတော့ တစ်ခုခုဖြစ်လာမှာကို စိုးရိမ်ထိတ်လန့်နေကြရသည်မှာမဆန်းပါ။

❑

သို့ဖြင့် ရွာလူကြီးသူကြီးမောင်နုသည် ထိုနေ့ညနေမှာပင် အရေးပေါ်မောင်းထုပြီး သူ၏နေအိမ်တွင် လူစုစေတော့သည်။

လူစုံသောအခါ သူကြီးက -

"ကဲ - ကြွရောက်လာကြတဲ့ရွာသူရွာသားအပေါင်းတို့ခင်ဗျား။ အခုလိုလူစုရတဲ့အကြောင်းရင်းကတော့ ဒီနေ့တို့ရွာထဲကိုဝင်လာတဲ့ မိစ္ဆာကောင်ကြီးကြောင့်ပါပဲ။ ဒီမိစ္ဆာကောင်ကြီး ရွာထဲဝင်လာပြီဆိုကတည်းက ကျုပ်တို့ရွာအတွက် ဘယ်နည်းနဲ့မှ အကောင်းလက္ခဏာတွေပါမလာနိုင်ပါဘူး။ ရွာထဲဝင်လာတာမပြောနဲ့ဦး၊ ရွာအစပ်ကနေပြီးမှ လာအော်တာတောင် ကျုပ်တို့ရွာထဲမှာ ဘာဖြစ်တတ်သလဲဆိုတာ အားလုံးအသိပါပဲ။ ဒီကောင်ကြီးလာအော်ပြီဆိုတာနဲ့ ကျုပ်တို့ရွာထဲကလူမမာက သေရပြီ။ ကျုပ်တို့ရွာထဲကလူမမာတစ်ယောက်သေရတော့မယ်ဆိုတာနဲ့ ဒီအကောင်ကြီးကလာပြီးအော်ရပြီ။ ဒီတော့ လူသေရတာနဲ့ သူအော်ရတာ၊ သူအော်တာနဲ့ လူသေရတာဆို တော့ ဘယ်နည်းနဲ့မဆို မမြင်ရနိုင်တဲ့ ဆက်စပ်ပတ်သက်မှုတွေ ရှိကိုရှိနေရမယ်။ ဒါကြောင့် ကျုပ်တို့ရွာထဲမှာ အန္တရာယ်ကျရောက်မလာခင် ကြိုတင်ပြီးတောထုတ်ထားဖို့တော့လိုပြီ။ ဘာပဲပြောပြော ဒီမိစ္ဆာကောင်ကြီးရဲ့နောက်မှာ နတ်ဆိုးနတ်ကြမ်းနတ်မိစ္ဆာတွေတော့ပါလာမှာပဲလေ။ ဒါကြောင့် ကျုပ်တို့ ဒီနေ့ညနေမှာပဲ တောထုတ်မယ်။ တောထုတ်တော့မယ်ဆိုတော့ ရွာဦးပိုင်းကနေပြီး ရွာအောက်ပိုင်း သချိုင်းကုန်းထဲရောက်တဲ့အထိ ရွာလယ်လမ်းကနေပြီး မောင်းထုတ်လာရမယ့်အဖွဲ့ကို ကျုပ်လူရွေးထားတယ်။ အဲဒီလူတွေကတော့ ကံလင်း၊ မောင်ဦး၊ ငရှိန်နဲ့ ဇော်ကဲတို့ပါပဲ။ ကဲ - မင်းတို့လေးယောက်ကော လုပ်နိုင်မလား"

ဟု သူတို့လေးယောက်ကို မေးလိုက်၏။

ထိုအခါ သူတို့လေးယောက်ကလည်း-

"လုပ်နိုင်ပါတယ်"

ဟု ပြန်ဖြေကြ၏။

"ဒါဆိုရင် တောထုတ်မယ့်အစီအစဉ်ကိုပြောပြီးတာနဲ့ ရွာဦးပိုင်းက ဆယ်အိမ်မှူးကြီးက သူတို့အတွက်လိုအပ်တာတွေကို သွားပြီးဖြည့်ဆည်းပေးလိုက်ပါ။ ကုန်တာခန်းတာ ငါနောက်မှပေးမယ်"

ဟု ပြောလိုက်သည်။

ရင်းနောက် သူကြီးက ရွာသူရွာသားများနှင့် ယနေ့ညတွင်ပြုလုပ်မည့် အစီအစဉ်များကို အသေးစိတ်ပြောဆိုဆွေးနွေးပြောဆိုတိုင်ပင်ကြသည်။ ပြောဆိုတိုင်ပင်၍ပြီးသောအခါ ဆယ်အိမ်မှူးနှင့်ကံလင်းတို့အဖွဲ့လည်း ထွက်သွားတော့သည်။

ရွာသူရွာသားများကလည်း ထိုရှူးပျံကို ရှူးပျံဟုမမြင်၊ သေမင်းတမန်ဟုမြင်ကြသည်။ ထိုရှူးပျံအော်သည်ကို ရှူးပျံအော်သည်ဟုမမြင်၊ သေမင်းအော်သည်ဟုမြင်နေကြလေရာ တောထုတ်မည့်ကိစ္စကို သဘောတူကြလေတော့သည်။

❑

နေကလည်း အတော်လေးစောင်းလာပြီမို့ ကံလင်း၊ မောင်ဦး၊ ငရှိန်နှင့်ဇော်ကဲတို့လေးဦးမှာ ဆယ်အိမ်မှူးစီစဉ်ပေးလိုက်သော မီးတောက်အရက်ကြက်သားဟင်းများဖြင့် ရွာနံဘေးတကောက်ရိုးပုံတစ်ခုနားတွင်အရိပ်ခိုပြီးသောက်စားနေကြသည်။ ထိုနေရာတွင် သူတို့အတွက် လွတ်လပ်သည်။ ရွာထဲမှာသောက်ရပါက သိပ်ပြီးတော့မှမလွတ်လပ်။ ပြောချင်ရာပြောဆိုချင်ရာဆို၍မရ။ ယခုနေရာမှာတော့ ကြိုက်ရာပြောကြိုက်ရာဆိုပြီး ကြိုက်ရာအစီအစဉ်ကိုလည်းဆွဲနိုင်၏။ အထူးသဖြင့် ယနေ့ညတွင် သူတို့လေးယောက်ထမ်းဆောင်ရမည့်တာဝန်အရ လွတ်လပ်စွာပြောဆို



www.burmeseclassic.com

www.burmeseclassic.com

စဉ်ကြရန်အတွက်လည်းပါ၏။

သုံးယောက်ပေါင်းလောင်းကျော် ဟုသာကြားရဖူးသည်။ သို့သော် သူတို့အတွဲကတော့ လေးယောက်ပေါင်းလိုက်မှ ပေါင်းကျော်ကြသည့်ဘဝကို ရောက်ကြရသူများဖြစ်ကြသည်။ သူတို့လေးယောက်သည် တစ်ဦးတည်းတစ်ယောက်တည်း တကွဲတပြားစီနေကြရသည့်အခါမှာတော့ မခုတ်တတ်သည့်ကြောင်ကဲ့သို့နေတတ်ကြသည်။ လေးယောက်သာဆုံဖြစ်ကြပြီ ဆိုလျှင်ကား မိုးထိအောင်လေ့ကားထောင်ဖို့ကိုလည်း ဝန်မလေးတတ်ကြ။ တစ္ဆေမကြောက်၊ သရဲမကြောက်၊ စုန်းနတ်မကြောက်တတ်သူများဖြစ်သွားကြရတော့သည်။

သူတို့လေးယောက်စုပေါင်းမိသည့်အခါ လူမမာလူနာရှင်များကပင် စုန်းစာများကို မကျွေးရဲကြပါ။ စုန်းစာကျွေးတော့မည်ဟု သူတို့က ကြိုတင်သိရပြီဆိုအည်နဲ့ စုန်းစာသွားချမည့်နေရာကို သူတို့က ချောင်းမြောင်းနေတတ်ကြ၏။ စုန်းစာလာချပြီးသည်နဲ့ လာစားမည့်စုန်းပင်ရောက်မလာသေး သူတို့က လက်ဦးမှုယူပြီး အရက်နှင့်မြည်းချင်မြည်းတတ်ကြသေး၏။ တစ်ခါကဆိုလျှင် စုန်းမနှင့်ထိပ်တိုက်တိုးပြီး စုန်းမလိုက်၍ ခွေးပြေးဝက်ပြေးပင် ပြေးခဲ့ရဖူး၏။ သို့သော်လည်း သူတို့က အမှတ်မရှိကြ။

မည်မျှပင် သောက်စားတတ်ကြသည်ဖြစ်စေ ရွာသူရွာသားများနှင့်ကတော့ ရန်ဖြစ်ခြင်းပြုခြင်းမရှိ။ သူများပစ္စည်းအား ခိုးခြင်းဝှက်ခြင်းမရှိ။ သာရေးနာရေးကိစ္စများတွင် အားတက်သရောဖြင့် ပါဝင်ကူညီတတ်ကြသူများလည်းဖြစ်သည်။ သို့ဖြစ်၍လည်း ယခုအခါ ရွာသူကြီးက သူတို့လေးယောက်ကိုနာမည်တပ်ကာ တိုက်ရိုက်ရွေးချယ်လိုက်ခြင်းသာ ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ယနေ့ညနေပိုင်းမှာတော့ သူတို့လေးယောက်မှာရွာသူရွာသားများအတွက်ကတော့ သူရဲကောင်းလေးယောက်ဟု သတ်မှတ်ရတော့မည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရွာဦးထိပ်ကနေပြီး ရွာ်အောက်ပိုင်း သချိုင်းကုန်းထဲအထိ ရွာလယ်လမ်းကနေပြီးမောင်း၍ စုန်ဆင်းလာမည့်သူတို့အဖွဲ့သည် လမ်းခရီးတစ်လျှောက်တွင် အနှောင့်အယှက်များ မတွေ့ရဟုဆိုနိုင်ပါ။ မိမိတွင် မည်သည့်အကျင့်ရာမှမရှိပါဘဲနဲ့ အစိမ်းသရဲ၊ တစ္ဆေပြိတ္တာ အစရှိသော ပရလောကသားများကိုမောင်းထုတ်ဖို့ဆိုသည်မှာ မလွယ်ကူလှပါ။ သို့သော် သူတို့ကတော့ မိုက်ကြေးခွဲပြီးလုပ်ကြရမည် ဖြစ်သည်။ ထိုအခါ သတ္တိရှိရန်လိုအပ်သလို လက်ရဲဇက်ရဲရှိဖို့လည်း လိုအပ်ပါသည်။ တွံ့နေးနေ၍မရ၊ တွေဝေနေ၍မရ၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်ဖြစ်မှရမည်။

ကံလင်းက -

"အပေါင်းအသင်းတို့ရေနတ်မိစ္ဆာတွေဆိုတာက သူတို့မှာလည်း ကမ္ဘာဇီဇဝတ်နိုးတွေရှိကြတာပါ။ ဒါကြောင့် လူတွေကို အသံပေး၊ အနံ့ပေး၊ ကိုယ်ထင်ပြပြီးခြောက်လှန့်နိုင်ကြတာလေ။ ပြောချင်တာက တို့ ဒီနေ့ည ရွာလယ်လမ်းမှာမောင်းပြီးစုန်လာပါပြီတဲ့။ ဒီအခါ ရွာလယ်လမ်းမှာ လူယောင်ဖန်ဆင်းပြီးမှလည်းရှိနေနိုင်တယ်။ ပြီးတော့ အိမ်မွေးတိရစ္ဆာန်တွေကိုပူးကပ်ပြီးမှလည်း ဟိုရှောင်ဒီရှောင်နဲ့ ရွာထဲမှာကျန်နေခဲ့နိုင်တယ်။ ဒါကိုသတိထားရမယ်ဆိုတဲ့သဘောပါ"

ဟု ပြောလိုက်ရာ ဇော်ကဲက -

"ဘာမှပြောမနေနဲ့။ ယောဒီရွာလယ်လမ်းမမှာတွေ့ရသမျှကို ငါတို့ကတော့ နာနာဘာဝတွေလို့ပဲသဘောထားပြီး မောင်းထုတ်ပစ်ရမှာပဲ။ ရွာလူကြီးကလည်းပြောပြီးသားပဲ။ ဘယ်သူကမှ အိမ်ခြံအပြင်ကိုမထွက်ကြနဲ့၊ ကိုယ့်အိမ်ထဲမှာပဲနေပြီး ရွာလယ်လမ်းကနေမောင်းပြီး စုန်လာမယ့်ငါတို့အဖွဲ့တွေ ကိုယ်နေတဲ့အိမ်ရှေ့ရောက်ခါနီးမှ တစ္ဆေ၊ သရဲတွေကို မောင်းထုတ်ကြ၊ ခြံအပြင်ကိုမထွက်ကြနဲ့။ ကိုယ့်ရဲ့အိမ်မွေးတိရစ္ဆာန်တွေကိုလည်း အပြင်ကိုမထွက်နိုင်အောင် ထိန်းသိမ်းထားကြဆိုပြီး ပြောထားပြီးပြီပဲ"



ဟု ပြောလိုက်ရာ မောင့်ဦးက -

"စိတ်ချစမ်းပါကွာ၊ ရွာက ငါတို့ကိုအားကိုးပြီးခိုင်းထားမှ ငါတို့ကလည်း ရွာကအားကိုးခြင်းခံထားရသလို လုပ်ပြကိုင်ပြရမှာပေါ့။ တစ္ဆေသရဲတွေ ရွာထဲမှာကျန်ခဲ့ရင် မင်းတို့ငါတို့မှာ တာဝန်ရှိတယ်ကွ။ ဒါကြောင့် ရွာကပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြရမှာပဲ"

ဟု ပြောလိုက်ရာ ငရှိန်ကလည်း-

"ငါတို့မှာ ရွာအတွက် သူကြီးရဲ့အမိန့်အရ တာဝန်ထမ်းဆောင်တာပဲလေ။ စေတနာထားပြီးလုပ်ပြကိုင်ပြရမှာပေါ့။ ကျုပ်တို့အားလုံးသိထားဖို့က လက်ရဲဇက်ရဲလုပ်ဖို့ပဲ။ ဟိုစဉ်းစားဒီစဉ်းစား၊ ဟိုတွေးဒီတွေးလုပ်နေလို့မရဘူး။ ကုန်ကုန်ပြောမယ်၊ ငါကတော့ ငါပိုးနေတဲ့မိန်းကလေးကိုတွေ့ရင် အလွတ်မပေးဘူး၊ တွေ့တာနဲ့ ကောက်ပြီးဆော်ရမှာပဲ။ နှောင်ခါလာနှောင်ခါချေးပဲပေါ့"

အဆိုပါသူရဲကောင်းလေးယောက်တို့၏ ထိပ်သီးအစည်းအဝေးကားကြောက်ခမန်းလိလိပင် ဖြစ်ရပါတော့သည်။ သူတို့လေးယောက်စလုံးသည် လမ်းတစ်လျှောက်တွင် ဘာကိုပဲတွေ့တွေ့၊ တွေ့မရှောင် အားလုံးကိုဆော်ပလော်တီးကြမည့်အဖွဲ့များပင်တည်း။ လက်မရွံ့တပ်သားများဟုဆိုက မမှားနိုင်တော့ပါ။

❑

ည(၆)နာရီခွဲလောက်ရှိသောအခါ ရွေးချယ်ထားသော သူရဲကောင်းလေးယောက်ကလည်း တောထုတ်ရန်အတွက် ရွာထိပ်တွင်အသင့်ရှိနေကြပြီဖြစ်သည်။ ရွာသူရွာသားများကလည်း မိမိတို့နေအိမ်ခြံအတွင်းကနေ ဘယ်မှမထွက်ကြတော့။ အိမ်ပေါင်းက အိမ်ရှေ့တွင် မီးဖိုထားကြ၏။ တီးရန်ခတ်ရန် သံပုံးများ၊ သစ်ခေါင်းတုံးများ၊ ဝါးပိုးလုံးများ၊ လင်ပန်းနှင့် စကောများကိုလည်း အသင့်ရှိနေကြပြီဖြစ်သည်။ သူရဲကောင်းတို့ စုန်ဆင်းအလာကိုမျှော်နေကြသည်။ မိမိတို့အိမ်ရှေ့ရောက်ခါနီးလောက်တွင်မှ တီးထုတ်ကြရမည်ဖြစ်သည်။

သို့မှသာ မိမိတို့၏နေအိမ်အတွင်းခြံအတွင်းတွင်ပုန်းခိုနေမည့် မကောင်းမိစ္ဆာ၊ နတ်ပြိတ္တာများက မိမိတို့၏နေအိမ်ခြံဝိုင်းအတွင်းမှ ကြောက်လန့်တကြားဖြင့် ရွာလယ်လမ်းသို့ပြေးထွက်ကြမည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ရွာကတာဝန်ပေးခြင်းခံထားရသော သူရဲကောင်းလေးယောက်တို့က ဆက်ပြီး သချိုင်းကုန်းအထိမောင်းထုတ်သွားကြမည်ဖြစ်တော့သည်။

သတ်မှတ်ထားသော (၆)နာရီနှင့် (၄၅)မိနစ်အရောက်မှာတော့-

"ဒုန်း ဒုန်း ဒုန်း"

"ဒုန်း ဒုန်း ဒုန်း"

"ဟေး. . . ဟေး. . . ဟေး. . . . ဟေး"

သူရဲကောင်းလေးယောက်တို့ကား တီးလိုက်အော်လိုက်ဖြင့် စုန်ဆင်းလာခဲ့ကြချေပြီ။ အိမ်သူအိမ်သားများကလည်း မိမိတို့ခြံတံခါးပေါက်နားရောက်လာခါနီးလောက်တွင်-

"ဗုန်း ဗုန်း ဗုန်း"

"ဟေး. . . ဟေး. . . ဟေး. . . . ဟေး"

အော်ကြဟစ်ကြ ထုနက်ကြဖြင့် လုပ်ကြရလေတော့သည်။ ထိုအခါ အိမ်မွေးတိရစ္ဆာန်များကလည်း ကြောက်လန့်တကြားဖြင့် ပြေးမိပြေးရာထွက်ပြေးကြရ၏။ ပြေးပေါက်များပြီး လမ်းမပေါ်သို့ ရောက်လာသမျှကိုတော့ သူရဲကောင်းလေးယောက်တို့၏လက်ချက်ဖြင့် မိကြရတော့သည်။

"ဟို ဟိုမှာ ဆိတ် ဆိတ်"

"အဲဒါဆိတ်မဟုတ်ဘူးကွ၊ နာနာဘာဝ နာနာဘာဝ ဆော် ဆော်"

"ဘုတ် ဘုတ်"

"ပဲ အဲ အဲ၊ ပဲ အဲ အဲ"

"ဟဲ့ - အဲဒါ ငါ့အိမ်ကဆိတ်ဟဲ့"

"ဒေါ်ပုမ စကားမရှည်နဲ့၊ အဲဒါ လောလောဆယ် မိစ္ဆာတွေဝင်ပူးပြီးပြေးထွက်လာတာ။ ချ ချ ကဲကွာ"

"ဖုန်း ဖုန်း ဖုန်း"

"ဟိုမှာလည်း ဝက်တစ်ကောင်"

"အဲဒါ ဝက်မဟုတ်ဘူး၊ မတော်ရသေးတဲ့မင်းယောက္ခမက ဝက်အယောင်ဆောင်ပြီး ထွက်လာတာ၊ ချ ချ"

"တုတ် တုတ် တုတ်"

"အု အု အု"

"ဟေ့ကောင်တွေ အဲဒါ ငါ့အိမ်က ဝက်ကွ"

"ဦးခွေးနီ စကားမများနဲ့၊ သူကြီး ထိတ်တုံးစာမိချင်နေပြီနဲ့တူတယ်။ခင်ဗျားအိမ်ကဝက်မှန်းတော့ ကျုပ်တို့သိတာပေါ့။ ဒါပေမယ့် လောလောဆယ် နတ်မိစ္ဆာန်တွေဝင်ပူးနေတာကို ကျုပ်တို့က ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား။ ဟေ့ကောင်တွေ ဆော် ဆော်"

"အု အု အု"

"အွီ အွီ အွီ"

"ဟိုရှေ့မှာ ကြောင်တစ်ကောင်"

"လာပြန်ပြီ၊ ဘာကြောင်တစ်ကောင်လဲ၊ ချ ချ မလွတ်စေနဲ့"

"ညောင် ညောင် ညောင်"

"ဟေ့ ဟေ့ ဟေ့ ရှေ့မှာဘဲငန်းကြီး၊ ဘဲငန်းကြီး"

"ဘာဘဲငန်းကြီးလဲ၊ အဲဒါနတ်မိစ္ဆာဖြူကွ၊ နတ်မိစ္ဆာဖြူ ချ ချ"

"ဂတ် ဂတ် ဂွ ဂွ"

"ဟာ - ခွေးမည်းကြီး ခွေးမည်းကြီး"

"အဲဒါမှ နတ်မိစ္ဆာန်အစစ်ကွ၊ ချ ချ"

"ဂိန် ဂိန် ဂိန်"

"ဟေ့ဟေ့ နွားကြီးပြေးထွက်လာပြီ"

"အဲဒါနွားကြီးပေါ်မှာ ပရလောကသားတွေပါတယ်။ ငါတို့မမြင်ရဘူး ချ ချ"

"ဘွတ်အဲ ဘွတ်အဲ"

"ဟဲ့ - အဲဒါ ငါ့အိမ်ကနွားလေ၊ ဘာပြုလို့ဝိုင်းရိုက်ရတာလဲ"

"စကားမများနဲ့၊ ရွာအတွက် သူကြီးအမိန့်အရလုပ်နေတာ၊ တာဝန်နှောင့်ယှက်မှုဖြစ်သွားချင်သလား"

ဤသို့ဖြင့် တစ်ရွာလုံး ပွက်လောရိုက်ကာည်းနေလေတော့သည်။ မည်သူကမျှ အိမ်ခြံအပြင်ကို မထွက်ရဲကြ။ ကံလင်းတို့အုပ်စုမှာလည်း တဒုန်းဒုန်း တဗိုင်းဗိုင်းဖြင့် တီးရင်းအော်ဟစ်ရင်း လမ်းတစ်လျှောက် တွေ့ရသမျှကို မကောင်းမိစ္ဆာ၊ နတ်ပြိတ္တာစာရင်းထဲ သွင်းကာ ဆော်ပလော်တီးကြသည်။ မည်သူကဘာပြောပြော သူတို့ကသူကြီးနှင့်သာကိုင်တုတ်၏။ ထိတ်တုံးစာနှင့် ပြန်ခြိမ်းခြောက်၏။

အိမ်မွေးတိရစ္ဆာန်တော်တော်များများကလည်း ဒဏ်ရာရကြ၊ သေကြပျောက်ကြဖြင့် ဖြစ်ချင်တိုင်းဖြစ်နေကြတော့သည်။ သူကြီးကလည်း သူ၏နေအိမ်ခြံအတွင်းကမထွက်၊ လိုက်ပြီးမကြည့်နိုင်။ ဘာဖြစ်၍ဖြစ်နေသည်ကို သူကမသိ။ သို့ဖြစ်၍ လိုက်ပြီးမှမပြောနိုင် မဆိုနိုင် မဟန့်တားနိုင်။

ဤနည်းဖြင့် ရွာအောက်ပိုင်းသို့ ကျော်လွန်ပြီး သချိုင်းကုန်းထဲအထိ မောင်းထုတ်ပြီးသောအခါ ညနေပိုင်းက ရဲနွဆားတင်ခဲ့သော ကောက်ရိုးပုံရှိရာဆီသို့ ပြန်သွားကြသည်။ရောက်သောအခါ လက်ကျန်အရက်များဖြင့် ကြက်သား[illegible] ဟင်းကိုပြန်နွှေးကာ အောင်ပွဲခံကြတော့[illegible] သည်။ လမ်းတစ်လျှောက်တွင် သူ[illegible] လက်ချက်ဖြင့်သေသွားရသော ကြ[illegible] များ၊ ဘဲများကိုလည်းဆွဲလာခဲ့ကြရာ [illegible] နေရာမှာပင် ခုတ်ထစ်ချက်ပြုတ်ပြီး[illegible] ကြ၏။ အရက်ကတော့ ဂါလန်ပုံး[illegible] တည်ထားလေရာ တစ်ညလုံးသောက်[illegible] မကုန်နိုင်အောင်ဖြစ်နေရာ ကျွမ်း[illegible] မတတ်သောက်ကြ၏။ အခြားသူများ[illegible] ပါ ခေါ်ပြီးတိုက်ကြ၏။ တောထုတ်စဉ်[illegible] ရွာလယ်လမ်းတစ်လျှောက်တွင် သူ[illegible] လုပ်ခဲ့သမျှကို ပြောလိုက်ဆိုလိုက်[illegible] တဝါးဝါးတဟားဟားဖြင့်ဖြစ်နေကြသည်[illegible]

သူတို့သည် မိုးလင်းလာလျှ[illegible] သချိုင်းကုန်းထဲကိုဝင်ပြီးသွားကြည့်ရန်[illegible] လည်း တိုင်ပင်ပြောဆိုကာ သဘော[illegible] ကြ၏။ အကြောင်းမှု ရွာထဲကထွက်[illegible] လာသော အိမ်မွေးတိရစ္ဆာန်အချို့[illegible] သည် သူတို့၏လက်ချက်ဖြင့်အဲထိ[illegible] ကာ သချိုင်းကုန်းထဲပြေးဝင်သွား[illegible] သည်ကိုလည်း သူတို့တွေ့ခဲ့ကြရ၏။ [illegible] အခါ သချိုင်းကုန်းထဲတွင် အချို့သော[illegible] တိရစ္ဆာန်များကသွားပြီး သေထားနိုင်[illegible] ထိုကဲ့သို့သွားပြီးသေထားသော ကြ[illegible] ငှက်တိရစ္ဆာန်များကို သူတို့တွေ့ရ[illegible] အရက်၊ အမြည်းအတွက်ချက်ပြုတ်[illegible] သောက်ကြရန်ဖြစ်သည်။

အသေကောင်ရလျှင်အမြတ်၊ [illegible] လျှင်အရင်းဟု သဘောထားကာ သွား[illegible] ကြည့်ကြမည်သာဖြစ်သည်။ သူတို့သည်[illegible] တစ်ညလုံး သောက်စားကြပြီး ညဉ့်နက်[illegible] သန်းခေါင်ကျော်မှသာ ထိုကောက်ရိုး[illegible] ဘေးတွင် ပုဆိုးခြုံကွေးပြီးအိပ်ကြ[illegible] တော့သည်။

❑

နံနက်မိုးဖွင်းလာသောအခါ[illegible] သူကြီး၏နေအိမ်၌ လူတွေက [illegible] ဖြင့်ရောက်ရှိလာခဲ့ကြတော့သည်။သူ[illegible] ကလည်း ဝမ်းသာအားရရွှင်ဖြင့် [illegible] သည်။ ရွာသူရွာသားတွေက မိမိ[illegible] အစဉ်ဖြင့် မနေ့ညက တောထုတ်[illegible] ခြင်းအတွက် ရွာထဲတွင် မကောင်း[illegible] နတ်မိစ္ဆာန်များမရှိတော့ပါ၍ ဝမ်း[illegible] အားရလာပြီးပြောမည်ထင်၏။ သူကြီး[illegible] လည်း မိမိကျေးရွာရွာသူရွာသား[illegible] စိတ်အေးချမ်းသာဖြစ်နေသည်ကို[illegible] ၏။ သူတို့စိတ်ချမ်းသာကြရလျှင်[illegible] လည်း စိတ်ချမ်းသာရမည်ဖြစ်[illegible] စိတ်မချမ်းသာကြလျှင် မိမိက[illegible]



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာရစရာအကြောင်းမရှိပါ။ သူတို့စိတ်ချမ်းသာဖို့အတွက် သူကြီးဖြစ်သူမိမိက လုံးဝတာဝန်ရှိသည်ဟု ခံယူထားသည်။

သို့သော် -

ဒေါ်ပုမကစပြီး-

"ဒီမှာ သူကြီး၊ ညက ကျွန်မရဲ့ဆိတ် ခါးကျိုးသွားပြီ"

ဟု ပြောလိုက်ရာ သူကြီးက -

"ဆိတ်ခါးကျိုးသွားတာနဲ့ပဲ သူကြီးတိုင်လာတိုင်ရတယ်လို့"

"ဆိတ်ခါးကျိုးသွားရတာက မနေ့ညက ဇော်ကဲတို့လက်ချက်ကြောင့် ခါးကျိုးသွားရတာတော့။ သူတို့က လမ်းပေါ်မှာ တွေ့ရသမျှအကောင်တွေကို ကစွေသရဲတွေလိုသဘောထားပြီးထုကြ ရိုက်ကြနှက်ကြနဲ့ဖြစ်နေကြတာ"

ဟုပြော၍အပြီး ဦးခွေးနီကလည်း -

"ဟုတ်တယ် သူကြီး၊ ကျုပ်လည်း ကျုပ်ရဲ့အိမ်က ဝက်ကြီးတစ်ကောင် သူတို့တစ်တွေ ဝိုင်းပြီးရိုက်နှက်ကြလို့ အခုထိရှာလို့မတွေ့တော့ဘူး"

အခြားသူများကလည်း -

"ဟုတ်တယ်၊ ကျွန်မအိမ်ကဘဲငန်းဆို အကောင်လိုက်ကိုပျောက်သွားတာ"

"မင်းတို့အိမ်ကဘဲငန်းသာပျောက်တာမဟုတ်ဘူး၊ ငါ့အိမ်ကကြောင်လည်း ပျောက်နေတယ်။ သေသွားပြီလို့ထင်ရတာပဲ"

"ဘာထူးလဲ၊ ငါ့အိမ်က ခွေးကြီးအခု ခြေကျိုးသွားပြီ"

"ငါ့အိမ်ကနွားလည်းအိပ်နေတာ၊ ခုထိမရပ်နိုင်သေးဘူး"

ထိုကဲ့သို့ တစ်ယောက်တစ်ပေါက် ပြောပြီးသောအခါ ဦးတက်ပုက -

"အဲဒီကိစ္စ သူကြီးဘယ်လိုရှင်းပေးမလဲ"

ဟုမေးရာ သူကြီးက သူ၏ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း -

"ဟေ့ ငနီ၊ ဆယ်အိမ်မှူးတွေကို ခေါ်တဲ့မောင်းထုစမ်းကွာ"

ဟု အမိန့်ပေးလိုက်ရာ ရွာဆော်ငနီက သူကြီးအိမ်တွင်ရှိနေသော ဆယ်အိမ်မှူးများအား သီးခြားခေါ်သည့် မောင်းကိုယူကာ ထုလိုက်လေတော့သည်။ ဆယ်အိမ်မှူးများရောက်လာသောအခါ ညတုန်းကဖြစ်ပျက်ခဲ့သမျှကို အကျဉ်းချုံးပြီး ဆယ်အိမ်မှူးများအား ရှင်းပြလိုက်သည်။

ပြီးသော် -



"အဲဒီကိစ္စအတွက် ငါတို့က ဘယ်လိုဖြေရှင်းပေးကြမလဲ။ ဘယ်လိုဖြေရှင်းပေးရင်ကောင်းမလဲ။ ခင်ဗျားတို့အကြံဉာဏ်ကိုရယူချင်လို့ ခုလိုခေါ်လိုက်ရတာပါ"

ထိုအခါ ဆယ်အိမ်မှူးများအားလုံး ခေါင်းစားသွားကြရတော့သည်။

ရွာသူရွာသားများက သူကြီးနှင့် ဆယ်အိမ်မှူးတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲဟု မျှော်လင့်နေကြစဉ် မနေ့ညက ငမိုက်သားလေးယောက်တို့က ပြုံးပြုံးပြုံးပြုံးဖြင့် သူကြီးအိမ်ရှိရာဆီသို့ရောက်လာကြတော့သည်။ လက်ထဲတွင်လည်း အထုပ်တစ်ထုပ်ပါလာသေး၏။

သူကြီးက သူတို့အဖွဲ့အား စိတ်ဆိုးရအခက် စိတ်မဆိုးရအခက်ဖြင့်ရှိနေသည်ဖြစ်၍ -

"ဘာတွေများလာပြီးဒုက္ခပေးကြဦးမလဲ ရွှေကိုယ်တော်တို့ရေ"

ဟု ပြောလိုက်ရာ ငရှိန်က -

"ဒုက္ခပေးဖို့လာတာမဟုတ်ပါဘူး သူကြီးမင်းရယ်၊ ကျွန်တော်တို့က သူကြီးမင်းနဲ့တကွ ရွာသူရွာသားအားလုံးအတွက် ဝမ်းသာစရာသတင်းကောင်းလေးတစ်ခုလာပြောချင်တာနဲ့ လာခဲ့ကြတာပါ"

ဟု ပြောလေသည်။

ထိုအခါ သူကြီးက -

"ပြောစမ်းပါဦး၊ ဘယ်လိုသတင်းကောင်းတွေလဲ။ ဒီမှာတော့ဖြင့် တစ်ရွာလုံးက ကြက်တွေ၊ ငှက်တွေသေကြ၊ ပျောက်ကြ၊ ကျိုးကန်းပဲ့ရှဲ့ကြနဲ့ စိတ်ညစ်နေရတဲ့အထဲ"

ဟု ပြောလိုက်ရာ

ဇော်ကဲက -

"ဒီလိုပါ သူကြီးမင်း၊ ကျွန်တော်တို့ မနေ့ညနေကမောင်းထုတ်လိုက်တဲ့ သေမင်းတမန်ကြီးက ကျွန်တော်တို့ရဲ့ လက်ချက်နဲ့ ချက်ချင်း မသေသေးဘဲ သင်္ချိုင်းကုန်းထဲပြေးဝင်လို့ ပျောက်ကွယ်သွားခဲ့တယ်လေ။ အဲဒီကောင်က ပြေးရင်းလွှားရင်း ဟိုတိုက်ဒီတိုက်နဲ့ဆိုတော့ သူလည်းဒဏ်ရာဒဏ်ချက်တွေအတော်ကလေးကိုရသွားပြီး သင်္ချိုင်းကုန်းထဲလည်းရောက်ရော ဘယ်မှဆက်မပြေးနိုင်တော့ဘဲ သစ်ခေါင်းကြားထဲမှာသွားပုန်းနေခဲ့တယ်ဗျ။

အဲဒါ အခုမနက် ကျွန်တော်တို့ သင်္ချိုင်းကုန်းအထိသွားကြည့်တော့မှတွေ့ခဲ့ရတယ်။ သူက မသေသေးဘူးဆိုပေမယ့် ဒဏ်ရာဒဏ်ချက်တွေကြောင့် လူလိုပြောရရင် ဖျားနာပြီး ဘယ်မှကိုမသွားနိုင်တော့ပါဘူး။ အဲဒါကို ကျွန်တော်တို့ကတွေ့ပြီး ဝိုင်းလို့ရိုက်သတ်ခဲ့တယ်။ အခု ဒီမှာပါလာတယ်၊ ကြည့်ပါဦး"

ဟုပြောကာ ထုတ်ယူလာသော ရှူးပျံကောင်ကြီးအား ချ၍ပြလေတော့သည်။

ပြီးတော့ ကံလင်းက -

"သူကြီးမင်းရေ၊ နောင်သောအခါ ကျွန်တော်တို့ရွာနားကိုလာပြီး အဲဒီသေမင်းတမန်ကြီးက လာမအော်နိုင်တော့ဘူးပေါ့။ ဒါဆို ကျွန်တော်တို့ရွာသားတွေ စိတ်ချမ်းသာရပြီပေါ့"

ဟု ပြောလိုက်လေသည်။

ထိုအခါ သူကြီးက -

"ဟုတ်တယ်ဟေ့၊ ကဲ - ရွာလယ်က ဆယ်အိမ်မှူး သူတို့ကို ငါးဝိုင်းစာ လောက်သွားပြီးပြုစုပေးလိုက်ဦး။ ရွာကကြက်သေ၊ ဝက်သေကိစ္စကို ရွာကရန်ပုံငွေနဲ့ပဲ ကြည့်ရှင်းလိုက်တော့မယ်။ ကဲ- အားလုံးပြန်နိုင်ပါပြီဗျ။ ကျေးဇူးပါပဲ"

ဟု ပြောလိုက်ရတော့သည်။

ရွာသူရွာသားများကလည်း ပြုံးပျော်ရွှင်မြူးစွာဖြင့် ပြန်သွားကြပါတော့သည်။ ထိုနေ့ထိုရက်ထိုအချိန်မှစ၍ ရွာသားများမကြားချင်ကြသော သေမင်းတမန် ရှူးပျံကြီး၏အော်သံ သို့မဟုတ် သေမင်းအော်သံကို မကြားကြရတော့ပါ၍ တစ်ရွာလုံးက စိတ်ချမ်းသာခဲ့ကြရပါတော့သည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကိုရန်ချင်းမတုံ့နှင်းနှင့်ဟု အဆိုရှိပါသည်။ လောကဌ် လူမျိုး၊ ဘာသာ၊ အယူဝါဒ မတူညီကြ၍ လူအချင်းချင်း ခွင့်လွှတ်နိုင်စွမ်းမရှိဘဲ လက်နက်စွဲကိုင်၍ တိုက်ခိုက်နေကြပါ၏။ အရှေ့အုပ်စု၊ အနောက်အုပ်စု၊ ရေနံထွက်ရာအုပ်စုများ နယ်မြေလုကြ၊ အယူဝါဒမတူညီကြ၍ အပြစ်သာမြင်ပြီး သူနိုင်ငါနိုင်အပြိုင်ကြ၍ တိုက်ပွဲဝင်လျက်ရှိကြပါသည်။ ရုရှားကတစ်မျိုး၊ အမေရိကန်နှင့် အင်္ဂလိပ်တို့ကတစ်ဖုံ၊ ဂျပန်၊ တရုတ်၊ ဟိန္ဒူ စသည့် လူမျိုးများ အနှစ်နှစ်အလလက ရန်ငြိုးများမပြေနိုင်ဘဲ အမုန်းပွားလျက်ရှိကြပါသည်။ စစ်ပြေးဒုက္ခသည်များ ပင်လယ်ဖြတ်၍ လွတ်ရာလွတ်ကြောင်းပြေးကြလည်း ပင်လယ်တွင်းမှာ သေကျေကြရပါ၏။

ခရစ်ယာန်သူတော်စင်တစ်ဦးမိန့်ဆိုခဲ့သလို -

"ငါ့ပေါင်မုန့်ဟာ မင်းပေါင်မုန့်ပဲမဟုတ်လား။ ငါ့ဝိုင်ခွက်ကလည်း မင်းဝိုင်ခွက်ပဲပေါ့"

ဟု မှတ်သည့်စိတ်သာရှိကြပါလျှင် ကမ္ဘာအနှံ့ ယမ်းနံ့များပျံ့နှံ့နေမည်မဟုတ်ပါ။ ကမ္ဘာဦးအစကပင် မြေနေရာ၊ ကျွန်းနေရာလုခဲ့ကြပြီး အားကြီးသူအနိုင်ရမြဖြစ်ခဲ့ရပါသည်။ စာရေးသူတို့နိုင်ငံမှာပင် တိုင်းရင်းသားပေါင်းစုံက ငါက ကရင်၊ ငါက ကချင်၊ ငါက ရှမ်း၊ ငါက မွန်ဟု ကြွေးကြော်ရင်း မပြေလည်မှုများကို လက်နက်ဖြင့် ဖြေရှင်းနေကြဆဲပါ။ တိုင်းပြည်အေးချမ်းအောင် ကြားဝင်စေ့စပ်ပေးသူတို့ကြောင့် အမြင်ကြည်ပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ အေးအတူပူအမျှနေထိုင်ကြသူများလည်း ရှိကြပါပြီ။ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူ တိုင်းရင်းသားမျိုးနွယ်စုတွေ အမျိုး မတူကြဟုမမြင်ဘဲ 'မြန်မာတိုင်းရင်းသားများ' ဟု သတိရှိစေချင်ပါသည်။ သို့မှသာ သေနတ်သံစဲပြီး ဒုံးယိမ်းသံ၊ ထောင်ကာကသံများ ဝေစည်ပြီး အေးချမ်းသာယာသည့် လောကသစ်ကြီးကို ထူထောင်နိုင်ကြမှာပါ။

ရှမ်းအိုးစည်သံ တထုံထုံည်၍ ကယားသီချင်းသံတွေ တောတောင်များကိုဖြတ်ပြီး မြန်မာပြည်အနှံ့ပြန့်သွားစေချင်ပါသည်။ ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို တိုင်းရင်းသားအားလုံး ဆွတ်ခူးစားသုံးနိုင်ကြလျှင် မကောင်းပေဘူးလား။ ချစ်ခြင်းများစီးမျောကာ တေးသံသာတို့ ဘုဝဂ်အထိညံစေချင်လှပါ၏။ ဖားစည်သံက နားဝင်ချိုလှသလို တံဒူဒူမောင်းသံနှင့် ကချင်သီချင်းသံများကလည်း တောင်ပေါ်မှသည် မြေပြန့်ဆီသို့ ပျံ့နှံ့လာစေချင်ပါသည်။ စည်းလုံးမှု၊ တက်ကြွမှု၊ ပျော်ရွှင်မှုများကို မြန်မာပြည်သားအားလုံး ခံစားကြရအောင်ပါ။ သို့မှသာ အနာဂတ်ကိုပန်းပြောင်းတာဝန်ယူမည့် မျိုးဆက်သစ်ကလေးများလည်း ချစ်ခြင်းများစီးဆင်းပြီး လက်တွဲမဖြုတ်ဘဲ စည်းစည်းလုံးလုံးနေနိုင်ကြပါမည်။

ချင်းတောင်တန်းမှာ တောင်ဇလပ်ရနံ့တွေဝေနေသလို ကချင်ပြည်နယ်တချယ်ရီပန်းရနံ့တို့ကလည်း သင်းပျံ့စွာရှိနေပါမည်။ ကရင်တောင်တန်းက တော[illegible] သဇင်နှင့် သစ်ခွပန်းတို့ကလည်း လေထု[illegible] ရာ ပျံ့မွှေးနေမှာပါ။ ရခိုင်၊ ကယား၊ မွန်[illegible] ပြည်နယ်တို့မှာလည်း ခိုင်လုံးလန်းသည့်[illegible] ပန်းတော်ဝင်တို့ လောကကို အလှဆင်[illegible] နေကြမှာပါပဲ။ ပျားပိတုန်း၊ လိပ်ပြာတွေ[illegible] ဝဲပျံကာ တောင်ပံခတ်ကြရင်း အတော်[illegible] သီချင်းဆိုကြပါလိမ့်မည်။

ပြည်မြန်မာ၏သဘာဝသစ်တော[illegible] ကြီးများ၊ သယံဇာတကျောက်မျက်ရတနာ[illegible] များကြောင့် ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြား[illegible] နီလာ၊ ကျောက်စိမ်း၊ ပုလဲများထွက်ရှာသည့်[illegible] နိုင်ငံ၏ကြွယ်ဝမှုက ကမ္ဘာမှာ မြန်မာ[illegible] လက်မထောင်နိုင်ပါသည်။ ဆန်ရေစပါး[illegible] ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ပုစွန်၊ ငါး စသည့်[illegible] တို့ကလည်း မရှားကြောင်း သက်သေ[illegible]

# ရတနာဒေဝီ

## မေတ္တာဖြင့်သာ အနိုင်ယူပါ





www.burmeseclassic.com

www.burmeseclassic.com

# ညှော့ဝဲရောဂါ

**စိုးထွန်း(ဥပဒေ)**

ကာရင်မကြီးနော်ထွေးစိန်နဲ့ တွေ့တုန်းက ညှော့ဝဲရောဂါအကြောင်း ရောက်သွားတယ်။ ကျွန်တော်က ညှော့ဝဲဆိုတာ မြန်မာလိုဘာရောဂါလဲလို့ မေးတယ်။ သူက မြန်မာနာမည်မသိဘူး။ ညှော့ဝဲပဲသိတယ်လို့ ပြောပါတယ်။ လက်မောင်းကနေလက်ဖျံအထိ အသားတွေကွဲမတတ်ရောင်တာတွေ၊ ပေါင်ကနေ ခြေသလုံးကြွက်သားအထိရောင်လည်းရောင်၊ အသားတွေလည်းယားပြီဆိုလည်း ဒုတ်နဲ့ခြစ်ရင်သွေးထွက်အောင် အယားကမပျောက်ဘူးတဲ့။

ခြေထောက်တွေရောင်ရင် ဆင်ခြေထောက်ရောဂါနဲ့ ဆင်ဆင်တူတတ်တယ်။ ဒီရောဂါက ယားလို့ကုတ်၊ ကုတ်တော့အသားတွေကွဲထွက်၊ ဒီလိုနဲ့ရောင်ပြီး ယားတဲ့ရောဂါဆိုရင် ညှော့ဝဲရောဂါလို့မှတ်ပါတဲ့။ အဲဒီလိုဖြစ်လာခဲ့ရင် စိန္နဘော်မြစ်ကို ဆန်ဆေးရည်နဲ့သွေးပြီး တစ်နေ့သုံးကြိမ်လောက်လိမ်းပေး။ လေသလပ်ခံထား။ စိန္နဘော်မြစ်တွေ့ရင် ညှော့ဝဲကပြေးတာပဲတဲ့။

ဒါကြောင့် ခြေနဲ့လက်များအဆမတန်ရောင်ပြီး ယားလာတာမျိုးကြုံခဲ့ရင် စိန္နဘော်မြစ်ကို သတိရကြဖို့ တင်ပြလိုက်တာပါ။

စိုးထွန်း(ဥပဒေ)

---

ပါပဲ။ မြစ်မင်းဧရာဝတီ၊ ချင်းတွင်းမြစ်များကလည်း ရေချိုအတွက် မပူပင်ရ။ သောက်လိုသောက်၊ ချိုးလို့ချိုး။ အလျှံပယ်ပေါများလှပါဘိ။ မိသားစုနွေးနွေးထွေးထွေးနေထိုင်ကြ၊ အလုပ်သာ ကြိုးစားလုပ်၊ ထမင်းငတ်မှာမပူရတဲ့ တို့တိုင်းပြည် ဖြိုင်ဘက်ကင်းလို့တောင် အော်နိုင်ပါသေးသည်။ အမိမြေ အမိရင်ခွင်မှာ အတူနေပြီး ချစ်ခြင်းညီစွာ လက်တွဲထားဖို့ပဲလိုပါ၏။

သေနတ်သံတွေလည်းတိတ်ပါစေ၊ ယမ်းနံ့တွေလည်းပြယ်ပါစေ၊ လက်နက်ကိုင်လမ်းစဉ်ကိုသာ စွန့်လွှတ်လိုက်ကြပါတော့။ မြန်မာကလည်း ဒုံးယိမ်းကပါမည်။ မနောပွဲလည်းနွှဲပျော်ပါမည်။ နှစ်ကူးမှာ တိုင်းရင်းသားတွေ သပြေခက်နှင့် ရေပက်ပြီး အေးချမ်းစွာပါဝင်ကြစေလိုပါ၏။ စာရေးသူက ကချင်ပြည်နယ်သူပါ။ ထောင်ကာအကကို ကတတ်သလို ရှမ်းယိုးအက၊ ရခိုင်အက၊ ဒုံးယိမ်းအကကိုလည်း နွှဲပျော်ချင်သူပါ။ လူမျိုးကွဲ၍ စကားမတူကြငြားလည်း ရုပ်ချင်းကတော့ ဆင်ဆင်တူနေကြသည့်သူများဖြစ်နေသည်ကို သတိထားမိစေချင်လှပါ၏။

လူမျိုးစုတိုင်း 'ကျေးဇူးတင်ပါတယ်' ဟု ကိုယ့်ဘာသာစကားဖြင့်ဆိုတတ်ကြတာလည်း တူညီသည့်လေ့ဟုပြောနိုင်ပါ၏။ ကချင်ပြည်နယ် မနောမြေမှ မေခ၊ မလိခမြစ်နှစ်သွယ်က ဧရာဝတီမြစ်ကြီး ဖြစ်တည်လာသလို သံလွင်၊ ချင်းတွင်းမြစ်တို့ကပါ ပေါင်းဆုံ၍ ဧရာဝတီသည် မြန်မာ့အသက်၊ မြန်မာ့နှလုံးသားဖြစ်လာခဲ့သည် မဟုတ်ပါလား။ မြစ်ဝကျွန်းပေါ်က ဆန်အိုး၊ မြေလတ်ပိုင်းက ဆီအိုးတွေဟာ သူ့နိုင်ငံသားအတွက်ပါပဲ။ မြန်မာတိုင်းရင်းသားတိုင်း အငတ်ဘေးကိုမှုစရာမလို။ တောင်ယာစိုက်ခင်း၊ တောတွင်းက သစ်ဥသစ်ဖု၊ မြေပြန့်ကလယ်တွေဟာ သူပြည်သူပြည်သားအတွက် ဝမ်းပြည့်အောင်ပြည့်နိုင်ကြပါ၏။

လက်သည်းဆိတ်လျှင် လက်ထိပ်နာတတ်သည့်အမျိုး။ စိတ်မတူနိုင်သေး၍သာပါ။ အရေးကြုံကသက်လုံကောင်းသည့်ဆွေမျိုးစုတွေပါ။ ဘောလုံးပွဲတွေကိုကြည့်ပါ။ 'မြန်မာ၊ မြန်မာ' ဟု သောသောညံအော်တတ်ကြတာ ဒီလူမျိုးစုတွေပါပဲ။ အမျိုးမတူ၊ စကားမတူသော်လည်း လူမျိုးကွဲများမဟုတ်ကြပါ။ ဒီမြေမှာကြီးပြင်းလာကြသည့် မျိုးနွယ်စုတွေပါပဲ။ ကချင်လည်းမြန်မာ၊ မြန်မာလည်းကချင်မို့ ရှမ်း၊ ရခိုင်၊ မွန်၊ ကရင်ဟု သွေးမကွဲကြပါနှင့်တော့။ သွေးတူ၊ အမွေးတူ၊ ဇာမဏီငှက်မျိုးတွေဟု တင်စားလိုက်ချင်ပါသည်။

ရန်သူဟု သတ်မှတ်နေသမျှ ရန်ပွဲတွေဖြစ်နေကြဦးမှာပါ။ ရန်သူဆိုသည့်စကားလုံးကို တူးဖော်၍ ဧရာဝတီမြစ်တစ်ကြော မျှောချလိုက်ကြပါစို့။ အေးအတူပူအမျှ လက်တွဲနေထိုင်ကာ လောကနိဗ္ဗာန်ကိုတည်ဆောက်လိုက်ကြရအောင်ပါ။ ရန်သူဟုသာ သတ်မှတ်ပါလျှင် တစ်အူထုံ့ဆင်း မောင်နှမတွေလည်း ရန်သူဖြစ်နိုင်ပါသည်။ မိဘအမွေလုကြ၊ အချစ်မညီဟု ထင်ယောင်မှားပါလျှင် အမှတ်လည်းမှားပါလိမ့်မည်။ သို့ဖြစ်၍ အထင်မှားအမြင်မှားအမှတ်မှားတွေကို ရေစုန်မှာအပြီးမျှောချလိုက်ကြရအောင်ပါနော်။-

မိမိ၏ခန္ဓာကြီးပင် မိမိကိုရန်လုပ်နေသေးတာပဲ။ စားချင်တာကျွေး၊ လှတာဆင်ငြားလည်း ခါတ်လေးပါးမညီလျှင် ရောဂါပေါင်းစုံဝင်လာပြီးတိုက်ခိုက်ခြင်းခံရပါ၏။ ကိုယ့်ခန္ဓာကပင် ကိုယ့်ကိုရန်သူအဖြစ်တိုက်ခိုက်တာခံရသေးလျှင် ကိုယ့်ကိုယ်မဟုတ်၊ ကိုယ့်စိတ်မဟုတ်သည့် လူအချင်းချင်းစိတ်များလည်း တူနိုင်ဖွယ်ရာမရှိပါ။ မတူညီမှုကို ညှိနှိုင်းပေးလျှင် ရနိုင်သလို အလိုမကျမှုတွေကို လျှော့ချပြီး စာနာစိတ်၊ ချစ်ခင်စိတ်တို့ဖြင့် စိတ်ချင်းတူလာအောင်၊ နီးစပ်လာအောင်ညှိပေးကြလျှင် အေးချမ်းမှုကို ခံစားရပါမည်။ ခန္ဓာရှိနေသရွေ့ ဒုက္ခရှိနေမှာဟု သိထားသလို ရုပ်ချင်းဆင်တူကြသည့်လူမျိုးစုများ စိတ်ချင်းတူအောင်ကြိုးစားလျှင် တူညီလာပါလိမ့်မည်။ မေတ္တာသည် အားအင်ကြီးမား၍ စိတ်ကိုထိန်းချုပ်ထားနိုင်ပါမည်။ လူချင်းမတူသော်လည်း ဖြူသည့်စိတ်ချင်းတူအောင်ကြိုးစားကြပါ။ အဖြူရောင်သည် သန့်စင်လှပါ၏။ အဖြူချင်းတူအောင်၊ စိတ်ချင်းတူအောင် ယုံကြည်မှုဖြင့် ညှိယူကာ အေးချမ်းသာယာမှုအမွေကို ကျွန်မတို့သားမြေးတို့အား အမွေအဖြစ်ထားရစ်ခဲ့ကြရအောင်ပါ။

မေတ္တာလက်နက်ဖြင့်သာ
စစ်ပွဲကိုအောင်နိုင်ကြပါစေ
မေတ္တာရည်၍

ရတနာအေဒီ




www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)

# တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ

**ရာသီရုပ်နွား** - ၁၉၁၃၊ ၁၉၂၅၊ ၁၉၃၇၊ ၁၉၄၉၊ ၁၉၆၁၊ ၁၉၇၃၊ ၁၉၈၅၊ ၁၉၉၇။

နွားသည် တရုတ် (၁၂)ရာသီစက်၏ ဒုတိယမြောက်ရာသီရုပ် ဖြစ်သည်။ သဘာဝအင်အားစုအနေဖြင့် မြေဓာတ်ကို ကိုယ်စားပြုသည်။ နွားနှင့်ပတ်သက်သည့် အချိန်၊ နာရီပိုင်းသည် နံနက် (၁း၀၀) မှ နံနက် (၃း၀၀) နာရီအတွင်း အချိန်ကာလဖြစ်သည်။ ထိုအချိန်ပိုင်း အတွင်း မွေးဖွားသူများအား နွားနာရီ အချိန်အတွင်း မွေးဖွားသူများအဖြစ် သတ်မှတ်ရသည်။ ဖုန်းရွှေအိမ်မြှောင်စက်ဝိုင်းအရ နွားသည် (၇. ၅) ဒီဂရီနှင့် (၃၇. ၅) ဒီဂရီအကြားတွင်ရှိပြီး အရပ်ထောင့်အနေဖြင့် မြောက်-အရှေ့မြောက်တွင်ကျရောက်သည်။ ထိုအရပ်ထောင့်သည် အထက်ဖော်ပြပါ နွားနှစ်တစ်ခုခုတွင်မွေးဖွားသောသူများအား ကံကောင်းခြင်းနိမိတ်များ ပေးစွမ်းနိုင်ပါသည်။

သင်သည် နွားနှစ်တွင်မွေးဖွားသူဖြစ်သော်လည်း တရုတ်နှစ်သစ်ကူးကာလနှင့် မိမိမွေးလတိုက်ဆိုက်ငြိစွန်းခြင်း ရှိနေပါက ထိုနှစ်သစ်ကူးကာလကျော်လွန်ပြီးမှသာ နွားနှစ်ဖွားအဖြစ် သတ်မှတ်နိုင်ပါမည်။ လက်ရှိကြုံတွေ့ရမည့် နှစ်သစ်ကူးပွဲမှ ကောင်းချီးနိမိတ်များက သင်နှင့်မသက်ဆိုင်ဘဲ သင့်ရာသီရုပ်အပေါ်ဘက်ရှိ ကြွက်နှစ်ဖွားတို့နှင့်သာ သက်ဆိုင်ပါမည်။ ထိုအခါ နောက်လာမည့်နှစ်သစ်ကူးပွဲက သင်နှင့်သက်ဆိုင်ခြင်းကြောင့် (အင်္ဂလိပ်နှစ်) ပြောင်းသွား၍ နှစ်သစ်ရောက်သော်လည်း သင့်အနေဖြင့် နွားနှစ်ဖွားအဖြစ် ဆက်လက်ရှိနေသေးသည်ကို သတိပြုပါ။

နွားနှစ်ဖွားနှင့် သက်ဆိုင်သောအရပ်ထောင့်ကို စွမ်းအင်မြှင့်တင်လိုပါက ဆိုင်ရာအရပ်ထောင့်၌ ကြွေဖြင့်ပြုလုပ်သောနွားရုပ်ကိုထားရှိပါ။ သို့မဟုတ် မြေဓာတ်ကိုယ်စားပြုသည့် သလင်းကျောက်ဖြင့် နွားရုပ်ထုထွင်း၍ထားရှိပေးပါ။ ထိုအခါ မြေဓာတ် ကိုယ်စားပြု နွားနှစ်ဖွားနှင့်ဆိုင်သော မြောက်-အရှေ့ မြောက်အရပ်၌ မီးဖိုချောင်၊ အိမ်သာရှိနေခြင်းကြောင့် မကောင်းသောချီဓာတ်များ ဝင်ရောက်နေသည့်တိုင် အထက်ပါအစီအရင်ကြောင့် မကောင်းသောနိမိတ်များ ပျောက်ပြယ်သွားပါမည်။ သင်သည် နွားနှစ်ဖွားဖြစ်ခြင်းကြောင့် မြွေနှစ်ဖွားနှင့် ကြက်နှစ်ဖွားတို့အား ကိုယ်စားပြုထားသည့်အရပ်ထောင့်နှစ်ခုကလည်း သင့်အား ကောင်းကျိုးပြုနေပါမည်။ မြွေရာသီရုပ်သည် တောင်-အရှေ့တောင်အရပ်တွင်ရှိပြီး ကြက်ရာသီရုပ်ကတော့ အနောက် အရပ်တွင် ရှိသည်။


နွားနှစ်ဖွားများ၏ နှစ်အလိုက် ကံကောင်း၊ ကံဆိုးခြင်းများကို ဖော်ပြပါမည်။

2016 ခုနှစ်အတွင်း ဒုက္ခများမည့်ကာလဖြစ်သည်။ ဒုက္ခခံစားရခြင်းမှ သက်သာစေရန် သင့်အိမ်၏အရှေ့မြောက်အရပ်၌ သတ္တုဓာတ်ကိုယ်စားပြုပစ္စည်းတစ်ခုခု စီမံထားရှိပါ။


2017 ခုနှစ်အတွင်း မိသားစုအရေး၌ ကံကောင်းပါမည်။ သားသမီးများ၏ ပညာရေးတိုးတက်မှုရှိနေမည်။ နဂါးနှင့်ငါးသိုင်းပုံကို စာကြည့်စားပွဲ (သို့) အလုပ်လုပ်ရာစားပွဲ၌ထားပေးပါ။

2018 ခုနှစ်အတွင်း စိတ်မတည်ငြိမ်နိုင်သောကာလ ဖြစ်သည်။ မိသားစုအတွင်း စိတ်ပူပင်သောကဖြစ်စရာများ၊ စိတ်လှုပ်ရှားစရာကိစ္စများ ဆက်တိုက်ရှိနေပါမည်။ ၎င်းနိမိတ်ဆိုးများကိုချေဖျက်ရန် အိမ်၏ အလယ်တည့်တည့်နေရာ၌ သလင်းကျောက်ဖြင့် ပြုလုပ်သော ဘောလုံးခြောက်လုံးကို ထားရှိပေးပါ။

**ရာသီရုပ်ကျား** - ၁၉၁၄၊ ၁၉၂၆၊ ၁၉၃၈၊ ၁၉၅၀၊ ၁၉၆၂၊ ၁၉၇၄၊ ၁၉၈၆၊ ၁၉၉၈။



ကျားသည် တရုတ် (၁၂) ရာသီစက်၏ သုံးခုမြောက် ရာသီရုပ်ဖြစ်ပြီး သဘာဝအင်အားစု သစ်သားဓာတ်ကို ကိုယ်စားပြုသည်။ ကျားနှင့်ပတ်သက်သည့်အချိန်ပိုင်းမှာ နံနက် (၃း၀၀) မှ နံနက် (၅း၀၀) ကြားကာလတွင် ကျ ရောက်သည်။ ထိုအချိန်ပိုင်းအတွင်းမွေး ဖွားသူများအား ကျားနာရီအတွင်း မွေး ဖွားသူများအဖြစ် သတ်မှတ်ရသည်။ ဖုန်း ရွှေအိမ်မြှောင်စက်ဝိုင်းအရ ကျားသည် (၃၇. ၅)ဒီဂရီနှင့် (၆၇. ၅)ဒီဂရီအကြား တွင်ရှိနေပါမည်။ အရပ်ထောင့်အနေဖြင့် အရှေ့-အရှေ့မြောက်အရပ်တွင်ကျရောက် သည်။ ထိုအရပ်ထောင့်သည် ကျားနှစ်





www.burmeseclassic.com


www.burmeseclassic.com

ဖွားဇာတာရှင်များအတွက် ကောင်းကျိုးပေးသောအရပ်ထောင့်ဖြစ်သည်။

သင်သည် ကျားနှစ်တွင်မွေးဖွားသူ ဖြစ်သော်လည်း ၎င်းနှစ်၏ တရုတ်နှစ်သစ်ကူးကာလအထိ ကျား၏ အထက်တွင်ရှိနေသော နွားနှစ်ပိုင်ရှင်များနှင့်သာ နှစ်ကူးပွဲ၏ အကျိုးသက်ရောက်မှုများ သက်ဆိုင်ပါသည်။ ထို့ကြောင့် သင့်အနေဖြင့် နောင်နှစ် နှစ်သစ်ကူးပွဲကာလအထိ (အင်္ဂလိပ်လ) နှစ်သစ်ပြောင်းသည့်တိုင် ကျားနှစ်ဖွားအဖြစ် ဆက်လက် အကျုံးဝင်နေပါမည်။ ကျားနှစ်ဖွားနှင့်သက်ဆိုင်သောအရပ်ထောင့်ကို စွမ်းအင်မြှင့်လိုပါက အထက်တွင်ဖော်ပြပါရှိသည့် ဒီဂရီနှစ်ခုအကြား၌ ကျားရုပ်ကိုထားရှိပေးပါ။ ၎င်းကျားရုပ်အား သစ်သားဖြင့်စီရင်ပြုလုပ်ခြင်းက ပိုမိုထိရောက်သောအကျိုးသက်ရောက်မှုရရှိပါမည်။ အကြောင်းမှာ ကျားသည် သစ်သားဓာတ်အား ကိုယ်စားပြုထားခြင်းကြောင့်ဖြစ်သည်။ ကျားရုပ်အစီအရင်ပြုလုပ်ရခြင်းသည် အိမ်၏ အရှေ့-အရှေ့မြောက်အရပ်၌ အိမ်သာ သို့မဟုတ် မီးဖိုချောင်ရှိနေခြင်းကြောင့် မကောင်းသောဓါတ်များ ဝင်ရောက်လာသည့်တိုင် ခုခံကာကွယ်ပေးနိုင်ပါသည်။ သင်သည် ကျားနှစ်ဖွားဖြစ်ခြင်းကြောင့် မြင်းရာသီရုပ်နှင့် ခွေးရာသီရုပ်တို့အား ကိုယ်စားပြုထားသည့် အရပ်ထောင့်နှစ်ခုကလည်း သင့်အား ကောင်းကျိုးပြုနေပါသည်။ မြင်းရာသီရုပ်သည် တောင်အရပ်ဖြစ်ပြီး ခွေးရာသီရုပ်က အနောက်-အနောက်မြောက်အရပ် ဖြစ်သည်။

ကျားနှစ်ဖွားများ၏ နှစ်အလိုက် ကံကောင်း၊ ကံဆိုးခြင်းများအား ဖော်ပြပါမည်။






2016 ခုနှစ်အတွင်း စိတ်ပျက်ငြီးငွေ့စရာကောင်းသောကာလ ဖြစ်သည်။ ထိုကာလအတွင်း လုပ်ငန်းအစီအစဉ်များအား သတိထားရေးဆွဲပါ။

2017 ခုနှစ်အတွင်း လူမှုဆက်ဆံရေး တိုးတက်ကောင်းမွန်နေပါမည်။ မိတ်ကောင်းဆွေကောင်းရရှိရန်အတွက် အနောက်တောင်အရပ်၌ အချစ်ငှက် (နှစ်ကောင်) ထားရှိပေးပါ။

2018 ခုနှစ်အတွင်း မကောင်းသောနိမိတ်ဆိုးများ ဆက်လက်ရှိနေဦးမည့်ကာလ ဖြစ်သည်။ အကာအကွယ်အနေဖြင့် အရှေ့မြောက်အရပ်၌ Kiddi-garbha ထားရှိပေးပါ။

**ရာသီရုပ်ယုန်** - ၁၉၁၅၊ ၁၉၂၇၊ ၁၉၃၉၊ ၁၉၅၁၊ ၁၉၆၃၊ ၁၉၇၅၊ ၁၉၉၉။

ယုန်သည် တရုတ် (၁၂) ရာသီစက်၏ လေးခုမြောက်ရာသီရုပ် ဖြစ်သည်။ သဘာဝအင်အားစုအနေဖြင့် သစ်သားဓာတ်ကို ကိုယ်စားပြုသည်။ ယုန်နှင့် ပတ်သက်သော အချိန်အပိုင်းအခြားမှာ နံနက်(၅း၀၀)မှ နံနက် (၇း၀၀) အတွင်း ဖြစ်သည်။ ဖုန်ရွှေအိမ်မြှောင်စက်ဝိုင်းအရ (၆၇.၅) ဒီဂရီနှင့် (၉၇.၅) ဒီဂရီအကြားတွင်ရှိပြီး အရပ်ထောင့်အနေဖြင့် အရှေ့အရပ်တွင်ကျရောက်သည်။ မိမိနေထိုင်ရာအိမ်၏အရှေ့အရပ်က (၁၀) ဒီဂရီထောင့်အကျယ်နေရာယူထားပြီး အဆိုပါအိမ်အတွင်း နေထိုင်သူများအနက် ယုန်နှစ်တွင်မွေးဖွားသူများအတွက် ကံကောင်းခြင်းနိမိတ်ဆောင်သောအရပ် ဖြစ်သည်။ ယုန်နှစ်တွင် ကျရောက်သော ခုနှစ်များကို အထက်တွင်ဖော်ပြပြီး ဖြစ်သည်။

သင်သည် ယုန်နှစ်သက်ရောက်သော ခုနှစ်တစ်ခုခုတွင်မွေးဖွားခဲ့သည် မှန်သော်လည်း သင့်မွေးလက တရုတ်နှစ်သစ်ကူးချိန်နှင့်တိုက်ဆိုင်နေခဲ့သော် ထိုကာလအတွင်း ဘဝနှင့်ဆိုင်သော အပြောင်းအလဲ ကံကောင်းခြင်းများက သင်နှင့်မသက်ဆိုင်ဘဲ သင့်ရာသီအပေါ်တွင်ရှိ ကျားနှစ်ဖွားဖြင့်သာ သက်ဆိုင်ပါသည်။ အင်္ဂလိပ်ခုနှစ်အရ နောက်တစ်နှစ် နှစ်သစ်သို့ ကူးပြောင်းသွားသော်လည်း တရုတ်နှစ်သစ်ကူးကာလ (ဇန်နဝါရီ-ဖေဖော်ဝါရီကြားကာလ)သည် ကျားနှစ်ဖွား၏ကာလအပိုင်းအခြားသာဖြစ်သည်ကို သတိပြုပါ။ ထိုနည်းအတိုင်းလာမည့် နှစ်သစ်ကူးချိန်၌ သင်နှင့်သက်ဆိုင်သော ယုန်နှစ်ကာလက နှစ်သစ်ကူးပြီးချိန်ထိ အကျုံးဝင်ပါမည်။ (တရုတ်နှစ်တစ်ရာပြက္ခဒိန်ဖြင့် တိုက်ဆိုင်လေ့လာပါ။) ယုန်နှစ်ဖွားအား ကိုယ်စားပြုသော အရပ်ထောင့်ကို စွမ်းအင်မြှင့်လိုပါက အောက်ပါအတိုင်း စီရင်ပြုလုပ်နိုင်သည်။



ယုန်ရာသီရုပ် ကိုယ်စားပြုအရပ်ထောင့်၌ ယုန်ရုပ်တုထားရှိပါ။ သစ်သားဓာတ်ပိုမိုအားကောင်းစေရန် ယုန်ရုပ်အား သစ်သားဖြင့်ထွင်းထုပေးပါ။ ယုန်ရုပ်တစ်ရုပ်တည်းထားခြင်းထက် ဖို၊ မ စုံတွဲ(နှစ်ကောင်)ထားခြင်းက ပိုမိုသင့်လျော်ပါသည်။ ယုန်ကိုယ်စားပြု အရှေ့အရပ်တွင် မီးဖိုချောင် (သို့) အိမ်သာရှိနေခြင်းကြောင့် မကောင်းသောဓါတ်များဝင်ရောက်လာသည့်တိုင် ထိုအရပ်၌ သစ်သားဓာတ်အစီရင်ပစ္စည်းများထားပေးခြင်းဖြင့် မကောင်းသောနိမိတ်များကို ချေဖျက်နိုင်ပါသည်။

သင်သည် ယုန်နှစ်ဖွားဖြစ်ခြင်းကြောင့် သိုးနှင့် ဝက်ရာသီရုပ်တို့အား ကိုယ်စားပြုသည့် အခြားအရပ်ထောင့်နှစ်ခုကလည်း သင့်အား မိတ်ဖက်အဖြစ် ကောင်းကျိုးပေးပါသည်။ သိုး(ရာသီရုပ်)



www.burmeseclassic.com

www.burmeseclassic.com



Dragon Tortoise

သည် တောင်-အနောက်တောင်အရပ်တွင်ရှိပြီး ဝက်ရာသီရုပ်က မြောက်၊ အနောက်မြောက်အရပ်တွင်ရှိသည်။

ယုန်နှစ်ဖွားများ၏နှစ်အလိုက်ကံကောင်း၊ ကံဆိုးခြင်းများအား ဖော်ပြပါမည်။

2016 ခုနှစ်အတွင်း ကံကောင်းခြင်းနှင့် ပျော်ရွှင်မှုများ ဆက်တိုက်ရနေခြင်းကြောင့် ပိုမိုကောင်းမွန်စေရန် တောင်အရပ်၌ မြင်းရုပ်နှင့် မီးအလင်းရောင်များရှိနေပါစေ။

2017 ခုနှစ်အတွင်း စီးပွားလာဘ်ကောင်းမည့်ကာလဖြစ်၍ ဆိုင်ရာအရပ်ထောင့်၌ ရွှေရောင်သတ္တုချောင်းများပါဖလားနှင့် ခြေသုံးချောင်းရှိ Pi Kan ရုပ်တုထားရှိပေးပါ။

2018 ခုနှစ်အတွင်း ငွေကြေးအကျပ်အတည်းနှင့်ကြုံတွေ့ရမည့်ကာလဖြစ်သည်။ လုယက်ခံရခြင်း၊ မားပြတိုက်ခံရခြင်း၊ သူခိုးခိုးခံရခြင်းများရှိလာနိုင်သည်ကို သတိပြုပါ။ မကောင်းသောနိမိတ်ပုံများကို ချေဖျက်ရန် ပင်မတံခါးအဝင်၌ Fu Dog နှစ်ကောင် ဘယ်၊ ညာ တစ်ဖက်စီခြံရံထားပေးပါ။ ပြီးလျှင် အပြာရောင်ကြံ့ရုပ်တုအား ဆိုင်ရာအရပ်ထောင့်တွင်ထားရှိပါ။



ရာသီရုပ်နဂါး ၁၉၁၆၊ ၁၉၂၈၊ ၁၉၄၀၊ ၁၉၅၂၊ ၁၉၆၄၊ ၁၉၇၆၊ ၁၉၈၈၊ ၂၀၀၀။

နဂါးသည် တရုတ် (၁၂) ရာသီစက်၏ ငါးခုမြောက်ရာသီရုပ် ဖြစ်သည်။ သဘာဝအင်အားစု မြေဓာတ်ကို ကိုယ်စားပြုပြီး နဂါးနှင့်ဆိုင်သည့်အချိန်ပိုင်းက နံနက် (၇း၀၀) နာရီမှ (၉း၀၀)နာရီအချိန်အတွင်းဖြစ်သည်။ ထိုအချိန်ပိုင်းအတွင်း မွေးဖွားသူများအား နဂါးနာရီအတွင်း မွေးသူများအဖြစ် သတ်မှတ်ရသည်။ နဂါးသည် (၉၇. ၅) ဒီဂရီနှင့် (၁၂၇. ၅) ဒီဂရီအကြားရှိပြီး အရပ်ထောင့်အားဖြင့် အရှေ့-အရှေ့တောင်အရပ်တွင်ကျရောက်သည်။ ထိုအရပ်ထောင့်သည် နဂါးနှစ်အတွင်းမွေးဖွားသူများအတွက် ကောင်းကျိုးပြုသည်။ နဂါးနှစ်သက်ရောက်သောနှစ်များကို အထက်တွင် ဖော်ပြပြီးဖြစ်သည်။

သင်သည် နဂါးနှစ်တွင် မွေးဖွားသော်လည်း ထိုနှစ်အတွင်း ဇန်နဝါရီ၊ ဖေဖော်ဝါရီအတွင်း ကျရောက်သည့် တရုတ်နှစ်သစ်ကူးပွဲ လွန်မြောက်မှသာ နဂါးနှစ်ဖွားအဖြစ်မှတ်ယူရမည်ကို သတိပြုပါ။ ထို့ကြောင့် လာမည့်နှစ်သစ်ကူးကာလထိ (အင်္ဂလိပ်ခုနှစ်ပြောင်းသွားသော်လည်း) သင်က နဂါးနှစ်ဖွားအဖြစ်ရှိနေသေးသည်ကိုတွေ့ရပါမည်။ တရုတ်နှစ်သစ်ကူးချိန်နှင့် သင့်မွေးလတိုက်ဆိုင်ခဲ့ပါက ၎င်းနှစ်ကူး၏ ဩဇာသက်ရောက်မှုများမှာ သင်နှင့်မသက်ဆိုင်ဘဲ သင့်အပေါ် ဘက်ရှိ ရာသီရုပ် ယုန်နှစ်ဖွားတို့နှင့်သာသက်ဆိုင်သည်ကို သတိပြုပါ။

နဂါးရာသီရုပ် ကိုယ်စားပြုအရပ်ထောင့်အား လိုအပ်သလို အောက်ပါအတိုင်း စွမ်းအင်မြှင့်ပေးနိုင်ပါသည်။

နဂါးကိုယ်စားပြုအရပ်ထောင့်တွင် ကြွေ (သို့) မြေဖြင့်ပြုလုပ်သောပစ္စည်းများ၊ သလင်းဖြင့်လုပ်သောပစ္စည်းများ ထားရှိပေးပါ (သို့) ၎င်းအရပ်ထောင့်၌ နဂါးပုံပန်းချီကား ချိတ်ဆွဲထားပေးပါ။

အကယ်၍ နဂါးကိုယ်စားပြုအရပ်တွင် မီးဖိုချောင်၊ အိမ်သာတစ်ခုခုရှိနေပြီး ၎င်းနေရာတို့၌ မကောင်းသောချီဓာတ်များရှိနေပါက မြေဓာတ်ကိုယ်စားပြုပစ္စည်းများဖြင့် ခုခံချေဖျက်ပေးနိုင်ပါသည်။



Blue Rhinoceros

သင်သည် နဂါးနှစ်ဖွားဖြစ်ခြင်းကြောင့် မျောက်ရာသီရုပ်နှင့်ကြွက်ရာသီရုပ်ကိုယ်စားပြု အခြားအရပ်ထောင့်နှစ်ခုကလည်း သင့်အား မိတ်ဖက်အဖြစ် ကောင်းကျိုးပြုနေပါသည်။ မျောက်သည် အနောက်-အနောက်တောင်အရပ်ကိုကိုယ်စားပြုပြီး ကြွက်က မြောက်အရပ်ကို ကိုယ်စားပြုသည်။

နဂါးနှစ်ဖွားများ၏ နှစ်အလိုက်ကံကြမ္မာအကောင်း၊ အဆိုးများအား ဖော်ပြပေးပါမည်။

2016 ခုနှစ်အတွင်း ကံကောင်းခြင်းများ ဆက်လက်အရှိန်ကောင်းနေပါသည်။ တောင်အရပ်၌ မြင်းရုပ်များနှင့် မီးအလင်းရောင်များထွန်းထားပေးပါ။

2017 ခုနှစ်အတွင်း ကံကောင်းပျော်ရွှင်စေခြင်းနိမိတ်ရရန်ခြေသုံးချောင်းပါ Pi Kan ရုပ်နှင့် ရွှေရောင်သတ္တုချောင်းအပြည့်ထည့်ထားသည့် ဖလားအား ဆိုင်ရာအရပ်ထောင့်တွင်ထားပေးပါ။ စီးပွားဥစ္စာကြွယ်ဝခြင်းနိမိတ်ကိုရရှိမည်။



ရာသီရုပ်မြွေ - ၁၉၁၇၊ ၁၉၂၉၊ ၁၉၄၁၊ ၁၉၅၃၊ ၁၉၆၅၊ ၁၉၇၇၊ ၁၉၈၉၊ ၂၀၀၁။

မြွေသည် တရုတ် (၁၂)ရာသီစက်၏ ခြောက်ခုမြောက်ရာသီရုပ်ဖြစ်ပြီး သဘာဝအင်အားစုမီးဓာတ်ကို ကိုယ်စားပြုသည်။ မြွေနှင့်သက်ဆိုင်သည့် အချိန်ပိုင်း နံနက် (၉း၀၀) နာရီမှ နံနက် (၁၁း၀၀) အတွင်းဖြစ်သည်။ နဂါးက Yang (ယန်) စွမ်းအင်ဖြစ်သောနေရာ၌ မြွေက Yin (ယင်) စွမ်းအင်အဖြစ် ရပ်တည်သည်။ မြွေနှင့်ပတ်သက်သောအရပ်ထောင့်သည် (၁၂၇. ၅) ဒီဂရီနှင့် (၁၅၇. ၅) ဒီဂရီအတွင်းဖြစ်ပြီး အရှေ့၊ အရှေ့တောင်အရပ်တွင် ကျရောက်သည်။ ၎င်းအရပ်ထောင့်သည် မြွေနှစ်တွင် မွေးဖွားသူ



www.burmeseclassic.com

www.burmeseclassic.com


5 Element Pagoda

အားလုံးအတွက် ကောင်းကျိုးပေးသောအရပ်ထောင့် ဖြစ်သည်။ မြွေနှစ်သက်ရောက်သော ခုနှစ်များအား အထက်တွင်ဖော်ပြထားသည်။

သင်သည် မြွေနှစ်တွင် မွေးဖွားသူဖြစ်သော်လည်း တရုတ်နှစ်သစ်ကူးကာလမတိုင်မီ မွေးဖွားပါက ၎င်းနှစ်သစ်ကူးမှ ရရှိသောကောင်းချီးများက သင်နှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ သင့်အထက်ရာသီရုပ် နဂါးနှစ်ဖွားနှင့်သာ သက်ဆိုင်သည်ကိုသတိပြုပါ။ ထို့အတူ လာမည့်နှစ် နှစ်သစ်ကူးကာလအထိ သင်သည် (အင်္ဂလိပ်လ၊ နှစ်) ပြောင်းသွားသော်လည်း မြွေနှစ်ဖွားအဖြစ် ဆက်လက်ရှိသေးသည်ကို သတိပြုရပါမည်။ မြွေနှစ်ဖွားကိုယ်စားပြုအရပ်ထောင့်အား အောက်ပါအတိုင်း စွမ်းအင်မြှင့်တင်ပေးနိုင်ပါသည်။ အထက်တွင် ဖော်ပြပြီးသည့် ဒီဂရီနှစ်ခုအကြား သင်နေထိုင်ရာ အိမ်၊ မြွေနှင့်ဆိုင်သောအရပ်တွင် အနီရောင်ရှိ မြွေရုပ်တုထားရှိပေးပါ။ မြွေရုပ်ကို သစ်သားဖြင့်ပြုလုပ်၍ အပေါ်မှ အနီရောင်ဆေးသုတ်ပေးထားခြင်းဖြင့် သစ်သားသည် မီးအား မွေးဖွားအားပေးသည့်သဘော၊ ယန်စွမ်းအင်မြှင့်တင်စေသည့်သဘော (နိမိတ်)ကို ရစေပါသည်။

မြွေကိုယ်စားပြု တောင်-အရှေ့တောင်အရပ်၌ မီးဖိုချောင်၊ အိမ်သာတို့ရှိနေပြီး ၎င်းနေရာတို့မှ မကောင်းသောချီဓာတ်များဝင်ရောက်လာခြင်းကို ကာကွယ်ရန် မီးနှင့်ပတ်သက်သော အစီအရင်များ ၎င်းနေရာ၌ထားပေးရပါမည်။

သင်သည် မြွေနှစ်ဖွားဖြစ်သောကြောင့် ကြက်ရာသီရုပ်ကိုယ်စားပြုအရပ်ထောင့်နှင့် နွားကိုယ်စားပြုအရပ်ထောင့်နှစ်ခုကလည်း မိတ်ဖက်အဖြစ် အကျိုးပေးနေပါမည်။ ကြက်ကိုယ်စားပြု အရပ်သည် အနောက်ဖြစ်ပြီး နွားကိုယ်စားပြုအရပ်သည် မြောက်-အရှေ့မြောက်အရပ် ဖြစ်သည်။

မြွေနှစ်ဖွားများ၏ နှစ်အလိုက် ကံကောင်း၊ ကံဆိုးခြင်းများအား ဖော်ပြပါမည်။

2016 ခုနှစ်အတွင်း အလုပ်အကိုင်ကံကောင်းစေရန် အရှေ့တောင်အရပ်၌ နဂါး-လိပ်ရုပ်တုထားပေးပါ။

2017 ခုနှစ်အတွင်း ငွေကြေးကိစ္စကံကောင်းစေရန်နှင့် ငွေကြေးဆုံးရှုံးမှုမှ ကာကွယ်ရန် သင့်ဧည့်ခန်းအတွင်း အရှေ့အရပ်၌ Arowana ငါးတစ်ကောင်မွေးထားပေးပါ။

**ရာသီရုပ်မြင်း** - ၁၉၁၈၊ ၁၉၃၀၊ ၁၉၄၂၊ ၁၉၅၄၊ ၁၉၆၆၊ ၁၉၇၈၊ ၁၉၉၀၊ ၂၀၀၂။

မြင်းသည် တရုတ် (၁၂)ရာသီစက်၏ ခုနစ်ခုမြောက်ရာသီရုပ်ဖြစ်ပြီး မီးဓာတ်ကိုကိုယ်စားပြုသည်။ မြင်းနှင့်ပတ်သက်သောအချိန်ပိုင်းသည် နံနက် (၁၁း၀၀) မှ နေ့လယ်(မွန်းလွဲ) (၁း၀၀) နာရီအတွင်း ဖြစ်သည်။ ထိုအချိန်ပိုင်းအတွင်းမွေးဖွားသူများကို မြင်းနာရီ၌မွေးဖွားသူ များအဖြစ်သတ်မှတ်ရသည်။ မြင်းသည် (၁၅၇. ၅) ဒီဂရီမှ (၁၈၇. ၅) ဒီဂရီအတွင်းတည်ရှိပြီး အရပ်ထောင့်အနေဖြင့် တောင်အရပ်တွင် ကျရောက်သည်။ ထိုအရပ်ထောင့်သည် မြင်းနှစ်ဖွားဇာတာရှင်တို့အတွက် ကောင်းကျိုးပေးသောအရပ်ထောင့် ဖြစ်သည်။ မြင်းနှစ် သက်ရောက်သော ခုနှစ်များကို အထက်တွင်ဖော်ပြပြီး ဖြစ်သည်။

သင်သည် မြင်းနှစ်တွင်မွေးဖွားခဲ့သော်လည်း တရုတ်နှစ်သစ်ကူးကာလမတိုင်မီမွေးခဲ့ပါက မြင်းနှစ်ဖွားအဖြစ်မခံယူနိုင်သေးဘဲ ၎င်းနှစ်သစ်ကူးပွဲပြီးမှသာ (သို့) (နှစ်သစ်ကူးကာလ) နောက်ပိုင်းမှသာ မြင်းနှစ်ဖွားဖြစ်သွားပြီး လာမည့်နှစ်သစ်ကူးကာလအထိ (အင်္ဂလိပ်လ၊ နှစ်ပြောင်းသည့်တိုင်) မြင်းနှစ်ဖွားအဖြစ်အကျုံးဝင်နေပါမည်။ မြင်းကိုယ်စားပြုအရပ်၌ ရေချိုးခန်း၊ အိမ်သာရှိနေခြင်း




3-Legged Toad

ကြောင့် မကောင်းသောချီဓာတ်များ ဝင်ရောက်လာသည့်တိုင် အထက်ပါ အစီအရင်အားဖြင့် ချေဖျက်ပေးနိုင်ပါသည်။

သင်သည် မြင်းနှစ်ဖွားဖြစ်သောကြောင့် ခွေးနှင့် ကျားရာသီရုပ်နှစ်ခုအား ကိုယ်စီ ကိုယ်စားပြုထားသော အရပ်ထောင့်နှစ်ခုကလည်း မိတ်ဖက်အရပ်များအဖြစ် ကောင်းကျိုးပြုပါသည်။ ခွေးသည် အနောက်၊ အနောက်မြောက်ကို ကိုယ်စားပြုပြီး ကျားက အရှေ့-အရှေ့မြောက်အရပ်ကို ကိုယ်စားပြုသည်။

မြင်းနှစ်ဖွားများ၏ နှစ်အလိုက် ကံကောင်း၊ ကံဆိုးခြင်းများအား ဖော်ပြပါမည်။

2016 ခုနှစ်အတွင်း မမျှော်လင့်သောအခက်အခဲများနှင့် ကြုံတွေ့မည့်နှစ်ဖြစ်သည်။ နဂါးပေါ်၌ မသေမပျောက်မပျက်စီးခြင်းနိမိတ်ဆောင်ပစ္စည်းတင်ထားသည့်ပုံအား အဝင်ဝတံခါးဘေးတွင် ထားရှိပေးပါ။

2017 ခုနှစ်အတွင်း ငွေကြေးအခက်ကြုံမည့်ကာလ ဖြစ်သည်။ အစီအရင်ပစ္စည်းငါးမျိုး၏ စေတီငယ်အား အကာအကွယ်သဘောအဖြစ် တောင်အရပ်တွင်ထားရှိပါ။ စွန့်စားမှုပါသော ရင်းနှီးမြှုပ်နှံမှုများအား ရှောင်ရှားပါ။

2018 ခုနှစ်အတွင်း မိတ်ကောင်းဆွေမွန်များနှင့်ကြုံတွေ့ရမည့်ကာလဖြစ်သည်။ ဆက်ဆံရေး၌ ကံကောင်းခြင်းရှိစေရန် အနောက်တောင်အရပ်၌ ဂေါ်မိတ်ဖြင့်ပြုလုပ်သော အပင်တစ်ပင် ပြသထားရှိပါ။

ဦးအောင်လှိုင်(သုဝဏ္ဏာ)



www.burmeseclassic.com

www.burmeseclassic.com

# သန့်ဇင်

## တစ်ပြည်တစ်ရွာက မြွေသရာဘစံ

ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလမြို့နယ်နှင့်ခုနစ်မိုင်ခန့်သာကွာပေးသော ရွာကြီးတစ်ရွာမှာ ဘစံဆိုသော အသက် (၆၀) ကျော် လူကြီးတစ်ဦးဟာ မိသားစုတွေနဲ့အတူ နေထိုင်ပါတယ်။ သူဟာ အလွန်ထူးဆန်းတဲ့သူ ဖြစ်ပါတယ်။ သူနေထိုင်တဲ့ရွာကြီးဟာ လယ်ယာချောင်းမြောင်းတွေရှိသလို လယ်ယာလုပ်ကိုင်စားသောက်သူတွေ များလှပါတယ်။ ဒါကြောင့် လယ်သမား၊ ကောက်စိုက်ကောက်ရိတ်၊ အင်းအိုင်ချောင်းမြောင်းသမားတွေဟာ မကြာခဏ မြွေဆိုးအကိုက်ခံကြရပါတယ်။ အဲဒီအရပ်ကလည်းကိုက်လိုက်ရင်လည်း မြွေပွေး၊ မြွေဟောက်သာဖြစ်ပါတယ်။

ရွာမှာ ကျေးလက်ကျန်းမာရေးဆေးခန်းရှိပေမယ့် မြွေအန္တရာယ်ကာကွယ်ဆေးဟာ တစ်ခါတစ်ရံပြတ်လပ်သွားသလို အချိန်အခါမဲ့မြွေကိုက်ခံရရင် ရန်ကုန်မြို့ဘက်ကမ်းကိုလာဖို့ အနည်းဆုံး သုံးနာရီခန့်လာမှ ရောက်ပါတယ်။ ဒါကြောင့်လည်း လမ်းမှာအသက်ဆုံးရတာများပါတယ်။

ဒီလိုမျိုး မြွေဆိုးတွေမကြာခဏအကိုက်ခံရပြီး သေဆုံးနေရတာကို ဘစံအသက်လေးဆယ်လောက်ကတည်းက မြင်တွေ့နေရလို့ စိတ်မကောင်းဖြစ်နေခဲ့တာပါ။ ဒါကြောင့် ဘစံဟာ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ပါတယ်။

ဟိုစဉ်က သူတို့ရွာဟာ ဒလမြို့နဲ့ ချောင်းပေါက်တစ်ခုရှိခဲ့ပါတယ်။ အဲဒီချောင်းက ပင်လယ်ဒီရေတက်လာမှ ရန်ကုန်မြို့ဘက်ကို လှေနဲ့လာလို့ရလာပါ။ ရေမရှိခဲ့ရင် မြွေကိုက်လူနာကို ထမ်းစင်နဲ့ တာရိုးအတိုင်းသယ်လာရပြီး လမ်းမှာပဲ အသက်ဆုံးရှုံးရတာများပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဘစံဟာ မြွေကိုက်လူနာတွေကိုကုပေးချင်ပေမယ့် ဘာပညာမှ မတတ်လို့ ငါးပါးသီလကို မြဲမြဲမြံမြံစွာစောင့်ထိန်းပြီး မြွေမြင်ရင်မသတ်ဘဲ လွှတ်ရာကျွတ်ရာကိုသာ မောင်းထုတ်သတဲ့။ မြွေသားကိုလည်းမစားဘူး။ ခန္ဓာသုတ်တော်ကိုလည်း မပြတ်ရွတ်ဖတ်သရဇ္ဈာယ်ပါတယ်။

တစ်နေ့တော့ ဘစံ အလိုပြည့်ဖို့ ဖြစ်လာခဲ့ပါတယ်။

ဒီအဖြစ်အပျက်က -

"ရွာအနောက်ကျောင်းက ဇရပ်မှာ ရှမ်းဆရာကြီးတစ်ယောက်ရောက်နေသတဲ့"

"ဟုတ်ရဲ့လား မိန်းမရယ်၊ ဘယ်က ဆရာမှန်းမသိ"

"ရှင်သိချင်ရင် ဆရာတော်ကို ဆွမ်းချိုင့်သွားပို့ရင်း စုံစမ်းပေါ့"

ဒါနဲ့ ဘစံဟာ ဆွမ်းချိုင့်ဆွဲပြီး ရွာအနောက်ဆရာတော်ရဲ့ကျောင်းကို ရောက်ခဲ့တာပေါ့။ ဆရာတော်ကြီးကို ဦးချဆွမ်းကပ်ပြီး ဇရပ်ဘက်ကို မယောင်မလည်နဲ့ထွက်လာခဲ့ပါတယ်။ ဆရာကြီးဟာ ရှမ်းတိုင်းရင်းသားဖြစ်ပြီး ရှမ်းခေါင်းပေါင်း၊ ရှမ်းတိုက်ပုံ၊ ရှမ်းဘောင်းဘီနဲ့ ဘုရားကျောင်းဆောင်ရှေ့မှာ ပုတီးစိပ်နေပါတယ်။ ဘစံလည်း မလှမ်းမကမ်းမှာ အသာထိုင်ပြီး ဆရာကြီးကိုအကဲခတ်နေပါသတဲ့။

"ဒီရွာက ဘစံဆိုတာ မင်းလား"

သူ့ကိုလှည့်မကြည့်ဘဲပြောလိုက်လို့ ဘစံဟာ ကြက်သီးမွေးညင်းတွေထသွားပါတယ်။ သူ့အကြောင်းတွေကို ဘယ်လိုလုပ်သိနေပါသလဲ။

"ဟုတ်ပါတယ် ဆရာကြီးခင်ဗျာ။ ကျွန်တော့်အကြောင်းတွေကို ဘယ်လိုလုပ်သိနေပါသလဲ"

"ငါဟာ ရှမ်းပြည်ဘက်ကကြွလာပြီး နယ်လှည့်ဆေးကုနေတာ။ အထူးသဖြင့် ပယောဂနဲ့မြွေကိုက်လူနာတွေကို ဆေးကုတယ်။ မင်းအကြောင်းငါသိနေတယ်။ မင်းလူတွေရဲ့အသက်ကိုကယ်တင်ချင်နေတာလည်းသိတယ်။ အချိန်မကျသေးလို့ ငါ မင်းတို့ရွာကိုမရောက်တာ အခု မင်းရဲ့သီလမြဲပုံတွေကို သိရလို့ ငါရောက်လာပြီ"

ဘစံဟာ တစ်ခါတည်း ဆရာကြီးကို ယုံသွားပါတော့တယ်။

"ဟုတ်ပါတယ် ဆရာကြီးရယ်။ ကျွန်တော်တို့ရွာမှာ ပိုးအထိပြီးဆုံးသွားတဲ့သူတွေမနည်းတော့ပါဘူး။ ဖြစ်နိုင်ရင် မြွေပညာကိုသင်ပေးဖို့ တောင်းပန်ပါတယ်"

"မင်းငါခိုင်းတာကိုတစ်သေမတိမ်းလုပ်နိုင်မယ်ဆိုရင် မင်းကို မြွေပညာသင်ပေးမယ်။ ဒါပေမယ့် မင်းဟာ မြွေကိုက်လူနာတွေဆီက အခကြေးငွေမယူရဘူးနော်။ ဖြစ်နိုင်ပါ့မလား"

"ဖြစ်ပါတယ် ဆရာကြီးရှင့်။ ကျွန်တော့်မှာ လယ်ဧကလေးဆယ်ရှိပါတယ်။ စားလောက်ပါတယ်။ ကျွန်တော် သတ္တဝါတွေကိုကယ်တင်ချင်လို့ပါ"

"ဒါဆို ကောင်းပြီ။ မင်းလေးဆယ့်ငါးရက် ငါနဲ့အတူ ဒီဇရပ်မှာ အဓိဋ္ဌာန်ဝင်ရမယ်။ ပြီးတော့ သတ်သတ်လွတ်စားရမယ် ဖြစ်မလား"

"ဖြစ်ပါတယ် ဆရာကြီး"

"နဝင်္ဂသီလပါယူရမှာနော်"

"ရပါတယ် ဆရာကြီး။ ကျွန်တော် အိမ်မပြန်ဘဲ ဆရာကြီးကို ဝတ်ကြီးဝတ်ငယ်ပြုစုပါ့မယ်"

"ဒါဆို ဒီနေ့ဒီအချိန်ကစလို့ မင်းအညိုရောင်အဝတ်အစားပြောင်းရမယ်"

အဲဒီအချိန်ကစပြီး ဘစံဟာ ဆရာကြီးနေတဲ့ ဇရပ်ကနေ အိမ်မပြန်တော့ပါဘူး။ အိမ်ကဇနီးက သက်သတ်လွတ်ဆွမ်းချိုင့်အမြဲလာပို့ပေးပါတယ်။ သူစပြီးကျင့်ရတာက ကိုးပါးသီလယူပြီးတာနဲ့ ပထမံဂါထာကို ပုတီး (၁၀၈)ပတ်နေ့စဉ်စိပ်ရတာပါပဲ။ ဂါထာကို စစချင်းမရတော့ အခက်အခဲရှိပေမယ့် နောက်ပိုင်း အဆင်ပြေသွားပါတယ်။

ပထမံဂါထာဆိုတာ -

□ ပထမံ သက လက္ခဏာ [illegible]

ဒုတိယာဒိ ပဒ္ဒသ နိဒ္ဒသ[illegible]

[illegible] နိ၊ ဒု-နိ-မာ၊ သ-မ-ဒူ၊ သ-





www.burmeseclassic.com

www.burmeseclassic.com

နိ-ဒု

ကမတော ဝိဘင် ပထမနေဝိနာ။

တစ်နေ့ကို ပုတီး(၁၀၈)ပတ်စိပ်ရတာ လွယ်တော့မလွယ်လှဘူး။ နေ့ညမပြတ်စိပ်နေရတာပါ။ နောက်တော့လည်း အဆင်ပြေသွားပါတယ်။

ဒီလိုနဲ့ (၄၉) ရက်ပြည့်သွားတဲ့အခါ ရှမ်းဆရာကြီးက -

"ငါ့တပည့်၊ မင်းဟာ ငါခိုင်းတဲ့အတိုင်း တစ်သေမတိမ်းကျင့်ခဲ့တယ်။ အခု ဒုတိယအဆင့်ကိုစမယ်။ အဲဒါက ဒီပထမံဂါထာကိုပဲ (၄၉) ရက်ဆက်ပြီး ပုတီးစိပ်ပြီးတော့ တစ်ရက်ကို ပထမံချုပ်အင်းတစ်အင်းစီသောက်ရမယ်။ ပျက်လို့မရဘူး။ ငါကိုယ်တိုင် အင်းကို စီရင်ပေးမယ်။ အင်းချနည်းကိုလည်း သင်ပေးမယ် ဟုတ်ပြီလား"

ဘစံ အလွန်ပျော်သွားပါသည်။ သူသင်ချင်သည့် ပညာရပ်သည် ပထမအဆင့်အောင်မြင်သွားပြီ မဟုတ်လား။

"ဟုတ်ကဲ့ - ဆရာကြီး၊ အင်းကိုလည်းသောက်ပါ့မယ်။ သင်လည်းပေးပါခင်ဗျာ"

"ဒါပေမယ့် မင်းအမဲသားမစားရဘူး။ ဒီ (၄၉) ရက် အင်းသောက်နေချိန်မှာ အိမ်ကမိန်းမလာခေါ်လည်း မလိုက်ရဘူးကြားလား။"

"ဟုတ်ကဲ့ပါ"

ဆရာကြီးသည် ထိုနေ့မှစ၍ တစ်နေ့လယ်တွင် ပထမံချုပ်အင်းတစ်အင်းအား စတင်တိုက်ပါသည်။ ပထမံချုပ်အင်းမှာ ပထမံဂါထာကို အနုလုံ၊ ပဋိလုံချထားသောအင်း ဖြစ်ပါသည်။ အင်းသောက်သည့်နေ့မှစတင်၍ ဘစံသည် တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းဖြစ်နေ၏။ ညဘက် အိပ်မက်မက်လျှင်လည်း မြွေကြီးများ၊ နဂါးကြီးများကသူ့အားလာ၍ အရိုအသေပေးသည်ကို မြင်မက်မိလေသည်။

ဤသို့ဖြင့် ဆယ်ရက်ခန့်အကြာတွင် -

"ကိုစံလွင်၊ အိမ်ကိုခဏလောက်ပြန်ခဲ့ပါဦး။ သားကြီးဘာဖြစ်လဲမသိဘူး ဖျားနေလားမသိဘူး။ ကယောင်ကတမ်းတွေပြောနေတယ်"

ဘစံသည် သားဇောကြောင့် ဘာလုပ်ရမည်မသိဖြစ်သွား၏။ သို့သော် ဘစံ၏ဇနီးသည် မျက်လုံးများသည် အရည်တလဲ့လဲ့ဖြစ်နေသည်ကို တွေ့ရသည်။

ထိုစဉ် ဆရာကြီးသည် အနောက်ကျောင်းဆရာတော်ကြီးအားသွားရောက်ဖူးမြော်နေရာမှ ရုတ်တရက်ရောက်လာသည်။

"မိန်းကလေးဘာဖြစ်တာလဲပြောပါဦး"

"ဆရာကြီးရယ်၊ အိမ်မှာ သားအကြီးဆုံးက ဘာဖြစ်မှန်းမသိဘူး။ ကိုယ်တွေပူပြီး ကယောင်ကတမ်းတွေပြောနေတယ်။ အဲဒါနဲ့ ကိုစံလွင်ကိုခဏလာခေါ်တာပါ"

"နင့်သားဘာမှမဖြစ်ဘူး။ ကောင်းသွားလိမ့်မယ်။ ရော့ - ဒီမှာ ဒီဆေးလုံးလေးကို ရေနဲ့ဖျော်တိုက်လိုက်။ ဒါနဲ့ နင်လည်းနေဦး"

ဆရာကြီးသည် ဘစံ၏ဇနီးအားရေမန်းတစ်ခွက်ကိုတိုက်လိုက်ပါသည်။ စောစောက အရည်လဲ့နေသော ဘစံ၏ဇနီးသည် ချက်ချင်းမျက်နှာညှိုးကျသွားပြီး အကောင်းပကတိအတိုင်း အိမ်ပြန်သွားပါတော့သည်။

"အဲဒါ အနှောင့်အယှက်တွေပဲ လူကလေး။ ရွာအရှေ့ကရွာသူက မင်းကိုအနှောင့်အယှက်ပေးနေပြီ၊ မင်းကလေးကို နေမကောင်းအောင်လုပ်ပြီးတော့ မင်းကစိတ်ပူပြီး အိမ်လိုက်သွား၊ ကလေးကသက်သာလာရော မင်းဇနီးက မင်းကို အိပ်ခန်းထဲခေါ် သွင်းသွားလိမ့်မယ်။ ဒါဆို ငါတို့အစကနေပြန်လုပ်နေရလိမ့်မယ်။ ငါကြည့်စီစဉ်လိုက်ပါမယ်"

ဆရာကြီးသည် မိုင်းကိုင်စက္ကူတွင် အင်းတစ်ချပ်အမြန်ချ၍ ဂါထာတစ်ပုဒ်မန်းလိုက်ပြီး ရွာအရှေ့ဘက်သို့လုံးခြေပြီး လွှင့်ပစ်လိုက်ပါသည်။ များမကြာမီ ရွာအရှေ့ပိုင်းမှ ဒေါ်ဘုမကြီး ရန်ကုန်သို့ အရေးကြီးကိစ္စရှိ၍ ရက်ကြာကြာခရီးထွက်သွားကြောင်းသိရတော့သည်။

ဘစံအင်းသောက်နေတာ (၄၉) ရက် ပြည့်သွားပြီ ဖြစ်သည်။ ဆရာကြီးသည် ဘစံအား အင်းအဟိန်းဂါထာတစ်ပုဒ်အား အလွတ်ကျက်ခိုင်း၏။ ပြီးတော့ သံရှစ်ချက်ဂါထာအား မိုင်းကိုင်စက္ကူမှာချပြီး အဆောင်အဖြစ်ဆောင်ခိုင်းပါသည်။

(မှတ်ချက် - ၎င်းအင်းသည် ယခုအခါ ဘစံပေးသဖြင့် ကျွန်ုပ်လက်ဝယ် အဆောင်အဖြစ်ရှိနေပါသည်။ ၎င်းပြင် ပထမံချုပ်အင်းစီရင်နည်းလည်း ကျွန်ုပ်အား ဘစံချီးမြှင့်၏။ အင်းအဟိန်းဂါထာကိုလည်း လက်ထပ်သင်ပေးသည်။)

ဘစံအား ပညာရပ်များသင်ပေးပြီးနောက် ဆရာကြီးသည် ရှမ်းပြည်နယ်ဘက်သို့ ပြန်သွားပါသည်။ မပြန်ခင် သတ္တဝါတို့၏ အဆိပ်အတောက်များ အားနိုင်သော ဆေးပင်လေးများအား လက်တွေ့ သင်ပေးသွားသေးသည်။ သို့သော် ဆေးကုလျှင် နှုတ်မိန့်ဖြင့်သာ ... ခိုင်းပြီး ရေမန်းတစ်ခွက်တိုက်ခိုင်းသည်။ ဆေးမြစ်များမှာ မြွေကိုက်ဒဏ်ရာအား ကျက်သွားရန် လိမ်းခိုင်းခြင်းသာ ဖြစ် သည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ထို ... သို့ အလည်တစ်ခေါက်ပြန်သွား ... အဘယ်ကြောင့်ဆိုသော် ထိုရွာသည် အမေ၏ ဇာတိရွာဖြစ်နေသောကြောင့် လည်း ငယ်ငယ်ကလည်း မကြာခဏ ဆိုသလို ရောက်ဖူး၏။ ထိုမှာပင် အ... ဝမ်းကွဲဖြစ်သူ ဘစံ၏ဇနီးအားလည်း သွားနှုတ်ဆက်ပါသည်။

ထိုအချိန်မှာ ဘစံအိမ်၌ မြွေ... ကိုက်သော လူနာတစ်ယောက်အား ကုသပေးနေချိန် ဖြစ်ပါသည်။

"အစ်ကို၊ ဘာလုပ်နေတာလဲ"

"လာလေကွာ သန့်ဇင်ကြီး၊ ဒီ... လူနာဆေးကုနေတာ လာထိုင်။ ... လည်းဗဟုသုတရတာပေါ့"

"ဘာဖြစ်တာလဲ အစ်ကို"

"မြွေပွေးကြီးကိုက်တာလေ၊ ... ခြံအပြင်ကိုသွားကြည့်ပါလား။ နည်း... ကောင်ကြီးမဟုတ်ဘူး။ ငါ့ခြံထဲကို... အသယ်မခိုင်းဘူး"

ကျွန်ုပ်လည်း မြွေပွေး... လန့်ပြီး ခြံအပြင်သို့ထွက်ကြည့်မိသ... လက်ကောက်ဝတ်ခန့်အကွက်များ... နေသောလုံးလုံးတုတ်တုတ်မြွေကြီး... အဆန့်သားသေနေလေသည်။

"အစ်ကို၊ အစ်ကို အမြန်ဆေး... လေ။ ရွာမှာလည်း ဆေးပေးခန်းရှိ... ပဲ။ ဆေးခန်းခေါ်သွားကြပါလား၊ ... ကြီးကနည်း... ကောင်ကြီးမဟုတ်...

လူနာမှာ ကိုယ်အောက်ပိုင်း... ပြာနှမ်းစပြုလာပြီးသတိလစ်နေပါ...

"ရွာဆေးခန်းမှာ မြွေဆေး... တယ်အစ်ကိုလေးရ။ ဒါနဲ့ ဆရာ... က ဘစံဆီအမြန်ခေါ်သွားဆိုလို့... ကြတာ"

အမှန်မှာ ကျွန်တော်သည် ... ကိုက်လျှင် ပျောက်စေဆရာမျ... အယုံအကြည်မရှိပါ။ အစ်ကို... တော်စပ်သူ ဘစံ မြွေကုနေ... လည်း ကျွန်တော်မသိပါ။

"အစ်ကို၊ ဖြစ်ပါ့မလား"

လူနာနှင့် ပါလာသော ...

www.burmeseclassic.com

တစ်ဦးက -

"ဘာမှမပူပါနဲ့ လူလေး။ မင်း အစ်ကိုပျောက်အောင်ကုနိုင်ပါတယ်"

"မောင်သန့်ဇင်ရဲ့ နေ့ဝင်ရီတရောမှာ မြွေကိုက်ရင် အပမ်ိတတ်တယ်။ ဒါတွေကိုတောင် ငါနိုင်အောင်ကုလာတာ။ သူ့မှာ သေကံမရှိသေးဘူး။ သူအသက်ရှင်မှာပါ"

"အစ်ကို့ဟာက ကြည့်လုပ်ပါဦး။ လူနာတစ်ကိုယ်လုံးပြာနှမ်းနေပြီ"

"မင်းအသာကြည့်နေပါ။ ကဲကဲ - ရေနွေးကြမ်းသောက်လိုက်ဦး"

ဘစံသည် လူနာအား ဘုရားကျောင်းဆောင်ကျောပေးထိုင်ခိုင်းလိုက်ပြီး ခြေဆင်းခိုင်းလိုက်၏။ လူနာ၏ ခြေသလုံးတွင် မြွေကိုက်ရာကြီးက အစွယ်နှစ်ပေါက်နှင့် သွေးအမည်းများစိမ့်ထွက်နေ၏။ နောက်ဆုံးအပိုဒ်ရောက်တော့ ဘစံ၏အသံသည် ပြင်းတန်လာသည်။

"ကျွန်ုပ်အင်းရာဇာ တန်ခိုးဖြာသည် တေဇာထက်ရှိန်ကြီးစေသော်၊ တည်သည့်အင်းသက်တန်ခိုးထက်သည် ဘဝင်တိုင်အောင်ရောက်မစေသော်. . . ဩောင်း - ဇေယျတု ဩောင်း - ဇေယျတု ဩောင်း - ဇေယျတု သွားဟုံ. . . ဟုံ"

သူရွတ်နေသည့် အသံကြောင့် ကျွန်ုပ်သည်ပင် ကြက်သီးများထလာရသည်။ ပြီးတော့ ဘစံသည် ဦးခေါင်းမှနေ၍ သူ၏ညာလက်ဖြင့် လူနာ၏ တစ်ကိုယ်လုံးအားသပ်ချလိုက်ပါတော့သည်။ ထူးဆန်းသည်မှာ မြွေကိုက်အစွယ်ရာခြေသလုံးအောက်မှာခံထားသောထွေးခံထဲတွင် သွေးအမည်းများ အဆက်မပြတ်ဆင်းလာခြင်းပင်တည်း။

ကျွန်ုပ်လူနာအား မျက်ခြည်မပြတ်ကြည့်နေမိသည်။ စောစောက ပြာနှမ်းနေသောလူနာမှာ သွေးရောင်ပြန်လွှမ်းလာပြီး ညည်းညူလာပါသည်။ မြွေကိုက်အစွယ်ရာမှ သွေးမည်းများကုန်သွားသောအခါ သွေးအနီရောင်များလိုက်လာသည်။ လူနာသည် ညည်းပြီး ရေလောင်းသည်။

"ပူလိုက်တာဗျာ၊ ရေတိုက်ကြပါဦး"

လူနာရှင်များက ရေတစ်ခွက်တိုက်သည်။ ဘစံသည် မြွေကိုက်ရာအား သွေးတိတ်သွားအောင် လက်နှင့်ပွတ်သပ်လိုက်ပြီး သွေးတိတ်သွားသည်နှင့် ဆေးမြစ်လေးတစ်မြစ်အားသွေး၍ လိမ်းပေးနေသည်။ ပြီးတော့ လူနာရှင်အား ဒဏ်ရာကျက်သည်အထိ လိမ်းပေးဖို့ပြောသည်။

ကျွန်ုပ်သည် ပါးစပ်အဟောင်းသားနှင့် ဘစံ မြွေကိုက်လူနာကုသပုံအား တအံ့တဩကြည့်နေမိတော့သည်။

"အစ်ကို၊ ဒီပညာတွေ ဘယ်တုံးကတတ်နေတာလဲ။ ကျွန်တော်တို့လည်း မသိရပါလား"

"မင်းကလေးဘဝ ငါတို့ရွာကိုလာလည်ပြီး တက္ကသိုလ်တက်ပြီး ပျောက်သွားကတည်းက ငါဒါတွေတတ်နေတာလေ ယုံပြီလား"

ကျွန်ုပ်စိတ်ထဲမှာ သိပ်မယုံသေးပါ။ လူနာသည် ထထိုင်နိုင်နေပြီဖြစ်ပါသည်။ ပြီးတော့ ဘစံအား ဖယောင်းတိုင်တစ်ထုပ်၊ အမွှေးတိုင်းတစ်ထုပ်ကန့်တော့ပြီး ပြန်သွားကြပါသည်။

"အစ်ကို့ဟာကလည်း လူ့အသက်တစ်ချောင်းသေမလိုဟာပျောက်အောင်ကုပေးရတာ ဖယောင်းတိုင်၊ အမွှေးတိုင်ပဲလား။ ရန်ကုန်မှာသာဆိုရင် သိန်း (၂၀)၊ (၂၅) သိန်းပဲ"

"ဩော် - မောင်သန့်ဇင်ရယ် ငါဒီပညာသင်ကတည်းက လောဘတက်ပြီး ငွေကြေးမယူပါဘူးလို့ ကတိခံခဲ့တာလေ။ ဒီကတိသစ္စာရဲ့ အကျိုးဆက်နဲ့ ဆရာကြီးရဲ့ပညာအမွေက ငါ့အာဏာစက်ကို အခုအချိန်ထိ မပျောက်သေးဘူးကွ"

ကျွန်ုပ် အစ်ကိုဖြစ်သူ ဘစံအား အလွန်အထင်ကြီးသွား၏။

"အစ်ကို၊ ကျွန်တော့်ကို ဒီပညာသင်ပေးဗျာ"

"ဟား ဟား ဟား - မင်းက သဘော်သား။ လူပေါင်းလည်းစုံတယ်။ စာရေးဆရာ၊ ပြီးတော့ ဂျာနယ်လစ်။ ဘီယာတွေလည်းသောက်တယ်။ ငါ့လို (၄၉)ရက်အဓိဋ္ဌာန်ဝင်နိုင်လို့လား။ ကဲပါ- ကျင့်စဉ်တွေကိုလိုက်မှတ် ငါပြောပြမယ်။ မင်းကိုယ်မင်း သန့်စင်လာတဲ့တစ်နေ့ မင်း ဒီပညာတွေကို လေ့ကျင့်ပေးတော့ ဖြစ်လာလိမ့်မယ်။ လောလောဆယ်တော့ မင်းကနယ်စုံသွားနေရတာဆိုတော့ ငါ့ကို ဆရာကြီးချီးမြှင့်ခဲ့တဲ့ သံရှစ်ချက်အင်းကို အဆောင်အဖြစ်ငါပေးလိုက်မယ်ဆောင်ထား၊ အန္တရာယ်ကင်းတယ်"

ကျွန်ုပ်သည် ဘစံပေးသောအင်းချပ်လေးအား အမြတ်တနိုးဖြင့် ပိုက်ဆံအိတ်ထဲအမြဲသိမ်းထား၏။ ယနေ့အထိတော့ ဘာအန္တရာယ်မှမကြုံရသေးပါ။ ကြုံခဲ့မည်ဆိုလျှင်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် လွတ်ခဲ့သည်ချည်းရှိခဲ့ပါသည်။

"ဘစံရေ၊ လယ်ထဲမှာ စပါးရိတ်ကြမလို့လာကူပါဦး"

အိမ်ရှေ့မှစပါးရိတ်မည့်မိန်းကလေးများ၏အသံကြောင့် ဘစံ ကျွန်ုပ်အား ခေါ်ပြီး ရွာပြင်ဘက်ထွက်ခဲ့ကြပါသည်။

ရွာပြင်ရောက်တော့ စပါးရိတ်မည့်လယ်ကွင်းထိပ်မှာ ဘစံရပ်ပြီး နှုတ်မှလည်း ဘာတွေရွတ်ဆိုနေသည်လဲမသိ၊ လက်မှလည်း ဝှေ့ယမ်း၍ လယ်ကွင်းထဲမှမြွေများကိုနှင်နေသည်ထင်ပါသည်။

ကျွန်ုပ် ထိုရွာမှမပြန်သေးဘဲ ရွာထိပ်ရဲ့စခန်းဘေးမှ ကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံသို့သွား၏။ ကိုယ့်ကိုယ်ကိုယ်နှုတ်ဆက်၍ ဆရာဝန်တာဝန်ကျနှင့်တွေ့ပါသည်။

"ဒေါက်တာ၊ ဘစံ မြွေကုတာတကယ်လားဗျ"

"ဟုတ်တယ် ညီလေး။ အစ်ကိုတို့တိုက်နယ်ဆေးရုံမှာ တစ်ခါတလေ မြွေဆေးပြတ်သွားရင် လူနာကရန်ကုန်ဘက်ကိုသွားဖို့က အနည်းဆုံးသုံးနာရီကြာမယ်။ ဒီတော့ လမ်းမှာသေမှာပဲ။ ရှေးဦးသူနာပြုနဲ့ ဘယ်လောက်ပဲလုပ်လုပ် မြွေပွေး၊ မြွေဟောက်တွေက သိပ်ကြီးနေရင် စိတ်မချရဘူး။ ဒီတော့ ငါတို့က ဘစံဆီလွှတ်ရတာပဲ။ ဒီနယ်ဘက်မှာ ဘစံကုလို့လူ (၁၀၀) မှာ (၉၅) အသက်ရှင်တယ်။ ငါးယောက်က သေနေ့စေ့နေပြီလို့ ဘစံကပြောတယ်။ အစ်ကိုတို့က ဘစံရဲ့အကျင့် သီလကိုယုံတယ်၊ ပြီးတော့ မြွေတွေက လမ်းမှာ ဘစံကိုတွေ့ရင် ခေါင်းငုံ့ပြီးရှောင်သွားတာ လူတိုင်းတွေ့ကြတော့ မယုံလို့မဖြစ်ဘူး"

ကျွန်ုပ် မယုံမကြည်ဖြစ်နေသည်များပြီးဆုံးသွားပါပြီ။ ကျွန်ုပ် ထိုရွာမှ အမျိုးများအား နှုတ်ဆက်ပြီးပြန်ခဲ့၏။ အစ်ကိုဝမ်းကွဲဖြစ်သူ ဘစံနှင့် အစ်မအား ကန်တော့ပြီးပြန်ခဲ့ပါ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အစ်ကိုဖြစ်သူ၏ ပညာအမွေ ကျွန်ုပ်ရရမည်ဟု ဆုံးဖြတ်ချက်ချလိုက်ရပါတော့သည်။

ရန်ကုန်မြို့ကြီးမှာ မြွေဘယ်လိုကုရမည်ကိုတော့မသိပါ။ ဆေးရုံကြီးတွေ ဒီလောက်ပေါ်နေမှကိုး။

*ပျော်ဘွယ်ကြီးရွာမှဘစံအား*
*ကန်တော့လျက်*

သန့်ဇင်

www.burmeseclassic.com

မန္တလေးရွှေမြို့တော်ဆီကြီးသို့ ရောက်တိုင်း နံနက်ပိုင်း ဆွမ်းခံကြွသော ရဟန်းသာမဏေတစ်ပါးပါးအား အကြော်ဆိုင်မှ အကြော်ဝယ်၍ အကြော်ဆွမ်းလောင်းလှူဖြစ်၏။ ဤသည်မှာ နေ့စဉ်လမ်းလျှောက်တိုင်းပြုနေကျဝတ် ဖြစ်သည်။ နေရာမှာ ချမ်းအေးသာစံမြို့နယ် ယဉ်ပျံ့ရပ်ကွက်ဝန်းကျင်၌ ဖြစ်၏။

တစ်ခါသော် ရဟန်းတော်တစ်ပါးက သတိတည်းဟူသော့တရားလက်ကိုင်ထားပါက ဖြစ်လေရာ၊ ရောက်လေရာတွင် ဒုက္ခဘေးမှကင်းဝေးစေနိုင်ကြောင်း အတိုချုံး ဩဝါဒစကားမြွက်ကြားကာ ဆွမ်းခံဆက်ကြွသွားတော့၏။ ထိုစကားနားထဲကမထွက်တော့ပေ။



ထို့ကြောင့် ကျွန်ုပ်သည် အရင်ထက်ပို၍ သတိတရားအား ပိုမိုခိုင်မြဲအောင် ကြိုးစားရပါသည်။ ကျွန်ုပ်သည် ငယ်စဉ်မှသည် သတိထား၍ကြည့်ရှုမှတ်သားခြင်းဝါသနာပါ၏။ ထို့ကြောင့် ဘဝအတွေ့အကြုံတို့ကို အများအားဖြင့် မမေ့ဘဲသတိရ၏။ ထိုသတိကောင်းခြင်း၏အကျိုးဆက်သည် အများပြည်သူများဖတ်ရှု လေ့လာ မှတ်သားနိုင်ရန် ဝတ္ထုဆောင်းပါးပေါင်းများစွာ ရေးသားတင်ပြနိုင်ခဲ့၏။

ကျွန်ုပ်ရေးသားတင်ပြသောစာတို့သည် စိတ်ကူးယဉ်များ မဟုတ်ကြပါ။ ဖြစ်ရပ်မှန်တို့အား စာပေတန်ဆာဆင်၍ တင်ပြခြင်းများသာများပါသည်။ သို့တွင် ရဟန်းတော်မြတ်မှာသကဲ့သို့ သတိတရား အစဉ်ကြီးစွာထား၍ နေထိုင်စားသောက်ဖြစ်လေ၏။ သတိထားသော်အများနည်းတတ်ပါသည်။ စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိဖြင့် သတိကပ်ထားသောအခါ စိတ်လွတ်ကိုယ်လွတ်မဖြစ်

## နေပြည်တော်ကျော်ကျော်စိုး
## ရဟန်းတော်၏စကားတစ်ခွန်း

တော့ပေ။ အရာရာဆင်ခြင်တုံတရား၍ ပြီးသားဖြစ်၏။

ပုံပြင်တစ်ပုဒ်ဖတ်ဖူးပါသည်။

ထိုပုံပြင်တွင် မိခင်မြွေမကြီးက သားဖြစ်သူ မြွေအား မှာကြား၏။

"သား၊ လူတွေကျွေးတဲ့အစားအစာကို ဘယ်တော့မှမစားပါနဲ့။ ကိုယ့်အားကိုယ်ကိုးပြီးရှာစားပါ"

ဟု အမြဲမှာလေ့ရှိ၏။

ထိုစကားအား သားဖြစ်သူမြွေက နားဝင်ထား၏။ တစ်နေ့ အရွယ်ရောက်လာသောမြွေအား မြွေအလမ္ပာယ်ဆရာက ဖမ်းဆီးကာ ပခြုပ်ထဲတွင်ထည့်၍ ထားလိုက်၏။ မြွေကား အလမ္ပာယ်ပြခြင်းခံရပေတော့မည်။ အလမ္ပာယ်ဆရာသည် မြွေစားရန်အတွက် ကြွက်အရှင်တစ်ကောင်ကို ပခြုပ်ထဲထည့်ထားပေးလိုက်၏။ ဆာလောင်မွတ်သိပ်နေသော မြွေသည် သူ၏အစာဖြစ်သောကြွက်အား စားလိုပြားသော်လည်း မိခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကြားထားသောစကားအားသတိရသဖြင့် မစားဘဲနေလေ၏။ လူတို့ကျွေးသော အစားအစာကို စား၍မဖြစ်ပါ။ ကြောက်လန့်နေသောကြွက်သည် လွတ်မြောက်ရေးအတွက် နှီးဖြင့်ရက်လုပ်ထားသော ပခြုပ်ကို ကိုက်ဖောက်၏။မကြာမီ ကြွက်လွတ်မြောက်သွားသလို မြွေလည်း ပခြုပ်အတွင်းမှ လွတ်မြောက်ရလေ၏။ ဤသည်မှာ မိခင်၏စကားအား သတိထားလျက် နားထောင်သောကျေးဇူး ဖြစ်ပေ၏။

ထိုသတိတရားကိုပိုင်ဆိုင်ထားကြသူများမှာ သမထ၊ ဝိပဿနာပွားများအားထုတ်နေကြသော ယောဂီများ၊ ပရိယတ္တိစာပေ သင်ကြားလေ့ကျင့်နေကြရသော ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေကြရသောဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ကျွန်ုပ်တို့ကဲ့သို့ စာရေးသူများဖြစ်ကြပါသည်။

စာရေးသူတိုင်းသည် အများအားဖြင့် သတိကောင်းကြ၏။ ထိုသတိဖြင့် လောကကိုကြည့်၏။ မိမိကိုယ်ကိုကြည့်၏။ ထိုသတိကိုဆောင်လျက် စာပေတို့ရေးသား၏။ ထိုသတိအမြဲကပ်နေသောအခါ ဦးနှောက်သည် အမြဲရှင်သန်လန်းဆန်းနေ၏။ အလေ့အကျင့်ဖြစ်နေ၏။ ထို့ကြောင့် ဦးနှောက်မှိုမတက်။ ဦးနှောက်ကိုအလုပ်မပေးဘဲ သတိလစ်ဟင်းကာ ပစ်ထားပါက သို့မဟုတ် စားသောက်အိပ်နေပါက ထိုဦးနှောက်သည် အမှိုင်များ ထွက်လာပြီး သတိမေ့ရောဂါ သို့မဟုတ် အယ်ဇိုင်းမားရောဂါဖြစ်လာလေတော့၏။ မြန်မာလို သူငယ်ပြန်ရောဂါဟုခေါ်၏။ သူငယ်ပြန်ရောဂါဖြစ်လာခဲ့သော် မွေးကင်းစကလေးသဖွယ် ဘာမှအသိမရှိတော့ပြီ။

ကျွန်ုပ်မိခင်ဖြစ်သူဘက်မှ အဘိုးဦးရွှေမင်း၏မိခင် ဒေါ်ပန်းမြစ်ကို ကျွန်ုပ်မှီလိုက်၏။ ပြန်ကပြေး မဒေါ့ပင်ရပ်၌နေပါသည်။ နောက်ယောကျ်ားဖြင့်မွေးသော သားအငယ်ဆုံးဖြစ်သူ ကိုသာမြိုင်နှင့်နေ၏။ ပန်းပဲဆရာကိုသာမြိုင်ဟူ၍ လူသိများပါသည်။

ထိုဒေါ်ပန်းမြစ်သည် အသက် (၈၀)ကျော် ခါးကုန်းနေပြီး သူငယ်ပြန်နေသူဖြစ်ရာ အိမ်တွင် အိုးပုတ်ချိုးရုပ်တို့နှင့် ကစားနေတတ်သူဖြစ်သည်။ ကစားစရာပစ္စည်းလေးများအား အစုံအလင်ဆင်ထားပေးသည်ကိုတွေ့ရ၏။ အဘိုးက ခေါ်ခေါ်သွားသဖြင့် ကျွန်ုပ်မကြာမကြာရောက်၏။ ထိုဒေါ်ပန်းမြစ် ဆုံးသောအခါ ထိုကစားစရာပစ္စည်းများအား အဘိုးက ကျွန်ုပ်ကိုပေးရာ ကျွန်ုပ်သည် ပုဆိုးခါးပုံစပြုလျက်သိမ်းကျုံးထည့်ကာ မက်မောစွာယူခဲ့ဖူးလေ၏။ ကျွန်ုပ်သည်လည်း ထိုစဉ်က ကလေးဖြစ်ရာ အဘွား ဒေါ်ပန်းမြစ်၏ ဦးနှောက်နှင့် ကျွန်ုပ်၏ဦးနှောက်မှာ တန်းတူရည်တူဖြစ်၍နေ၏။ ဤသည်ပင် ဆေးသိပ္ပံအခေါ် အယ်ဇိုင်းမားရောဂါဖြစ်ပါသည်။

ကျွန်ုပ်တို့ စာရေးသူများမှာမူ အချိန်နှင့်အမျှ ဦးနှောက်ကိုအလုပ်ပေးနေသူများဖြစ်သည်။ ဦးနှောက်လေ့ကျင့်ခန်းလုပ်နေကြရ၏။ ထို့ကြောင့် ဦးနှောက်ကျန်းမာကြ၏။

ထိုသို့ ဦးနှောက်ကျန်းမာကြသဖြင့်လည်း မြန်မာနိုင်ငံမှစာရေးဆရာကြီးများဖြစ်ကြသော ရွှေဥဒေါင်း၊ ငွေဥဒေါင်း၊ ဆရာရန်အောင်၊ ဆရာဒဂုန်တာရာ၊ လူထုဒေါ်အမာ၊ ပခုက္ကူဦးအုန်းဖေ စသော စာရေးဆရာကြီးများသည် သူငယ်ပြန်ရောဂါ ခံစားမသွားကြရပါ။ သတိအစဉ်အမြဲကောင်းလျက်ရှိကြပါသည်။

ထို့အတူ ရဟန်းတော်များတွင် ကျမ်းစာပြုဆရာတော်ကြီးများ၊ စာဝါအစဉ်ပို့ချပေးတော်မူကြကုန်သောဆရာတော်ကြီးများ၊ တရားဓမ္မညွှန်ပြဟောကြားတော်မူကြကုန်သော ဆရာတော်ကြီးများမှာလည်း သတိအစဉ်ကပ်၍ထားရသဖြင့် သက်တော်ဝါတော်မည်မျှကြီးရင့်ပါစေ သူငယ်ပြန်ရောဂါဟူ၍ မဖြစ်ကြပါ။ ဖြစ်ခဲ့သည်ရှိသော် သတိတစ်လုံးအသုံးမပြု၍သာဖြစ်နိုင်ပါသည်။ ထို့ကြောင့် သတိ တည်းဟူသောစိတ်သည် လွန်စွာအရေးပါလှပေ၏။

သတိနှင့် ပတ်သက်၍ မိုးကုတ်မြို့ အောင်နန်းရပ်မှ ဦးကိုကြီးခေါ် စာရေးဆရာပြည့်စုံ (သတ္တဗေဒ) ၏စကားကလည်း နားထဲကမထွက်ပါ။ ဆရာပြည့်စုံသည် လူထူးလူဆန်း ဖြစ်၏။ ပန်းချီသင်တန်းဖွင့်၏။ ရေကူးသင်တန်းဖွင့်၏။ တိုင်းရင်းဆေးလည်းကုသ၏။ ကျူရှင်လည်းဖွင့်ဟန်တူ၏။ အစုံလျှောက်လုပ်သူဖြစ်သည်။ သူ၏ဆိုင်ကယ်ခြင်းထဲတွင် ပန်းချီစာအုပ်များ၊ ကဗျာစာအုပ်များ လုံခြုံစွာထုပ်ပိုး၍အမြဲပါ၏။ တနင်္ဂနွေနေ့တိုင်း မိုးကုတ်စာရေးဆရာများဆုံရာတွင်လည်း ကိုဇဲ့မင်း(မိုးကုတ်)နှင့်အမြဲပါ၏။ တစ်နေ့တွင် ရေကူးသင်တန်းအကြောင်းနှင့်ဆက်စပ်၍ပြောဆိုကြရာ ကိုပြည့်စုံက သူမန္တလေးရတနာပုံတက္ကသိုလ်တွင် တက်နေစဉ်က ရေကူးသင်ပေးခြင်းအကြောင်းကိုပြောပြ၏။

"ကိုကျော်စိုးရေ၊ ကျွန်တော် မန္တလေးရတနာပုံတက္ကသိုလ်မှာတက်နေတုန်းကအကြောင်းကို ပြောရဦးမယ်။ ကျွန်တော်က မိုးကုတ်အင်းကြီးထဲမှာ ကလေးဘဝကတည်းက ရေကူးတတ်နေတော့ မန္တလေးရောက်တဲ့အခါ ရေကူးမတတ်တဲ့ကျောင်းသားတွေကို ရေကူးသင်ပေးတယ်။ အချို့လည်းတတ်၊ အချို့လည်းမတတ်ဘူးပေါ့ဗျာ။

အဲဒီမှာ ကျွန်တော်အဓိကထားပြီးပြောတာတစ်ခုရှိတယ်။ အဲဒါကရေမကူးတတ်လို့မတော်တဆရေနစ်ခဲ့ရင် အသက်ကိုတတ်နိုင်သမျှမရှူဘဲအောင့်ထားလိုက်ရင် အဲဒီလူဟာချက်ချင်းရေပေါ်ပြန်ပေါ်လာတာပဲ။ ပေါ်တဲ့အချိန် အသက်ဝအောင်ပြန်ရှူရတယ်။ ဒါဆို ပြန်နစ်ရင် အသက်ပြန်အောင့် ပြန်ပေါ်လာပြန်တာပဲ။ အဲဒီလို ပေါ်လိုက်ရှူလိုက်နစ်လိုက်လုပ်နေရင်း ကမ်းစပ်တစ်နေနေရာမှာ သွားတင်ပြီး အသက်ရှင်နိုင်တယ်။ ဒါက ရေကူးလုံးဝမတတ်သူတွေလိုက်နာရမယ့်အချက်ပဲ။ အဓိကကတော့ သတိလက်လွတ်မဖြစ်ဘဲ အသက်ရှူ အသက်အောင့်လုပ်နေရင် ကယ်မယ့်သူလည်း ပေါ်လာနိုင်တယ်လို့ ပြောပြရတာပေါ့ဗျာ။

တစ်နေ့မှာတော့ ကျွန်တော်တို့အုပ်စုတွေ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်းက ရွှေကြက်ယက်ဘုရားဘက်ကို အပျော်ခရီးထွက်လာကြတာဗျ။ ကျွန်တော့်ရေကူးသင်တန်းသားတွေလည်းပါတယ်။ အဲဒီမှာ ငှက်လှေတွေရှိတော့ တက်နဲ့လှော်တဲ့ငှက်လှေစီးကြတာပေါ့ဗျာ။ အဲဒီရွှေကြက်ယက်ဝန်းကျင်ဟာ ချောက်ကမ်းပါးတွေဆိုတော့ ရေစီးကြမ်းပြီး ရေကနက်တယ်ဗျ။ ရေကစီးမြမ်းမှောင်နေတာ။

ဖြစ်ချင်တော့ ကျွန်တော်တို့တွေ ငှက်သမ္ဗန်လေးတွေနဲ့ လှည့်ပတ်စီးနေတုန်းမှာပဲ သင်္ဘောကြီးတစ်စင်းက ဖြတ်ခုတ်သွားပါလေရော။ သင်္ဘောရဲ့ ရေယက်လှိုင်းကပြေးလာပြီး လှေတွေကိုရိုက်တော့ကာ လှေတွေယိမ်းထိုးကုန်ပါရော။အဲဒီမှာ ကျောင်းသားတစ်ယောက် ဟန်ချက်မထိန်းနိုင်ဘဲ ရေထဲဝုန်းခနဲပြုတ်ကျပြီးနစ်သွားပါရောဗျို့။

ကျွန်တော်လည်း ချက်ချင်းအကျႌဆွဲချွတ်ပြီး အဲဒီကောင်ကျတဲ့နေရာမှာ ရေငုပ်ရှာတယ်။ ရေစီးသန်တော့ မြန်

www.burmeseclassic.com

သလားမမေးနဲ့။ ချက်ချင်းကိုပျောက်သွားတာ လုံးဝမမြင်ရမတွေ့ရတော့ဘူး။ ဒါနဲ့ ကျွန်တော် လှေဆီကူးလာပြီး လှေပေါ်ပြန်တက်တယ်။ ဒီကောင်ရဲ့အရိပ်အယောင်ကို လုံးဝမမြင်ရတော့တာ။ တကယ်ကိုရေစီးသန်တဲ့နေရာပါပဲဗျာ။ ကြောက်စရာအလွန်ကောင်းတာပါ။

ကျွန်တော်တို့အုပ်စုဟာ ကမ်းကို ပြန်ပြန်ကပ်ပြီး ရွှေကြက်ယက်ဘုရား ပေါ်ပြန်တက်ခဲ့ကြပြီး လူစစ်လိုက်တော့ ပျောက်ကျသွားတဲ့ကောင်ဟာ ကျွန်တော့် တပည့်တန်းသား အောင်အောင်ဖြစ်နေတယ်ဗျာ။ ဒီကောင်က ရေကူးမတတ်သေးတဲ့အကောင်ဗျ။ ကျောက်ခဲပစ်ချလိုက်သလိုနစ်သွားနိုင်တဲ့အခြေအနေပါ။ အဲဒါကြောင့်လည်း မျက်စိအောက်မှာ ပျောက်ကွယ်သွားခဲ့ပြီပေါ့ဗျာ။ကျွန်တော်တို့မှာ သောကတွေကိုယ်စီရင်မှာပိုက်ပြီး ခြေမကိုင်မိလက်မကိုင်မိဖြစ်နေရတာပေါ့။

ဆိုင်ရာကိုအကြောင်းကြားရတော့မယ်။ ကျောင်းအုပ်ဆီအကြောင်းကြားရတော့မယ်။ မိဘတွေဆီအကြောင်းကြားရတော့မယ်။ အလောင်းတောင်မှ ကံကောင်းမှတွေ့ကြရမှာကိုး။ အဲဒီအဖွဲ့မှာ ကျွန်တော်ကခေါင်းဆောင်ဆိုတော့ ခေါင်းကို တူနဲ့ထုသလို ကြိမ်းနေပြီပေါ့ဗျာ။ ဆတ်ဆတ်ဆော့ဆော့ ဧရာဝတီကို ခေါ်သွားမိတာက ကျွန်တော့်အမှားပါ။ ကျွန်တော်ကတော့ ဧရာဝတီကို ဘာကြောက်မလဲ။ မိုးကုတ်က အင်းသေးကြီးမှာတောင် အကြိုက်ကူးလာကြတာ ဧရာဝတီက အရှင်လေ ဘယ်ကြောက်မှာလဲ။ ကိုယ်မကြောက်ပေမယ့် ရေမကူးတတ်တဲ့လူတွေကတော့ ကြောက်မှာပေါ့ဗျာ။

ဒီလိုနဲ့ ကျွန်တော်တို့အုပ်စုယောင်နနနဲ့ ကျောင်းကိုပြန်လာပြီး ဖြစ်ကြောင်းကုန်စင် ပြောပြရတာပေါ့လေ။ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ။ကြားရသူအားလုံးလည်း သောကတွေဖြစ်၊ မျက်ရည်ကျသူကကျပေါ့ပျာ။

အဲဒီလို တရှုန်းရှုန်းဖြစ်နေတုန်းမှာပဲ အောင်အောင်က ဘွားခနဲပေါ်လာပြီး

"ဟေ့ကောင်တွေ ငါမသေဘူးကွ၊ ပြန်လာခဲ့ပြီ"

ဆိုပြီး အားလုံးကို ဖက်လှဲတကင်း နှုတ်ဆက်ပါတယ်။ အစုန့်အစုန့်ထနေတဲ့ ဇရနက်နက်မှာ ရေစီးနဲ့မျောသွားပြီး မသေဘဲ ပြန်ရောက်လာတယ်ဆိုတော့ ကျွန်တော် အတော့်ကို အံ့ဩနေတာ။ ဒီကောင်သေဖို့က (၉၉. ၉) ရာခိုင်နှုန်းရှိပြီး ရှင်ဖို့ဆိုတာ ဒသမ (၁) လောက်ပဲရှိတာ။ ဘယ်လိုပြန်ရှင်လာပါလိမ့်ဆိုတာ အရမ်းသိချင်ပါတယ်။ အဲဒါကြောင့် ဖြစ်ကြောင်းကုန်စင်ပြောပြပါဆိုတော့ အောင်အောင်ကပြောပြပါတယ်။

"ရေထဲပွမ်းခနဲကျကတည်းက ငါက ကိုကြီးသင်ပေးထားတဲ့ရေမကူးတတ်သူ အသက်ရှင်နည်းကို ချက်ချင်းသတိရတာနဲ့ အသက်ကိုအတတ်နိုင်ဆုံးအောင့်ထားလိုက်တယ်။ ရေကလည်းကွာ၊ နက်ချက်တော့ကမ်းကုန်တယ်။ အနက်ကြီးထိရောက်သွားတာ။အဲဒါကလည်း မျောပါရင်းရောက်သွားတာနော်။ ရေစီးဘယ်လောက်သန်တယ်ဆိုတာတော့ငါမပြောပြတတ်ဘူး။ အသက်အောင့်ထားတော့ကာ ရေပေါ် ဘွားခနဲပြန်ပေါ် လာတယ်။ ဒါနဲ့ မြန်မြန်အသက်ဝအောင်ရှုရပြန်တယ်။ အသက်ရှုလည်းဝကရောပြန်မြုပ်သွားပြန်တာပဲဟေ့။ ရေထဲမှာ နားတွေအူ မျက်စိထဲလည်း ရောင်စုံတွေမြင်ပေါ့ကွာ။ ဆက်ပြီးရေအောက်ထဲအတိုင်းမျောနေတာပဲကွ။ အောက်ကနေဒုတိယအကြိမ်ပေါ်လာတော့ စစ်ကိုင်းတံတားကြီးကိုလှမ်းမြင်နေရပြီကွ။ ဒါနဲ့ပဲအသက်ရှုလိုက်၊ ပြန်နစ်လိုက်၊ အသက်အောင့်ထားလိုက်နဲ့ ဘယ်နှကြိမ်မှန်းတောင်မသိဘူး။ စစ်ကိုင်းတံတားကြီးဘွားခနဲမြင်ရတယ်။ အင်း - ငါတော့ တံတားတိုင်နဲ့ဆောင့်မိပြီးသေတော့မယ်ထင်တယ်လို့တောင်တွေးမိတယ်။ ဒါပေမယ့် ပြန်မြုပ်သွားတော့ ဘာမှမမြင်ရမသိရတော့ဘူး။ အဲဒီတံတားကြီးကလွတ်ခဲ့တယ်။ တံတားအောက်ဘက်မှာ (၂)ခါလောက်ပေါ်ပြီးတော့ (၃) ကြိမ်မြောက်လောက်ထင်တယ်။ တံငါလှေတစ်စင်းက ငါ့ကိုစောင့်ကြံပြီး ဆွဲတင်ပေးလိုက်တာကွ။ အဲဒီတံငါလှေကို ကျေးဇူးတင်လိုက်တာကွာ။ လှေက စစ်ကိုင်းဘက်ကမ်းကပ်ပေးတယ်။ ငါလည်း ကျေးဇူးတင်ကြောင်းအကြိမ်ကြိမ်ပြောပြီး ခုလိုကျောင်းကိုပြန်ခဲ့ရတာကွ။ တကယ်တော့ ကိုကြီးသင်ပေးတဲ့ အသက်အောင့်နည်းကို သတိရလိုက်လို့ သတိရှိရှိနဲ့ ဆရာညွှန်ပြတဲ့အတိုင်းလိုက်နာခဲ့လို့ အခုလို သေကံမရောက်သက်မပျောက်ရတာပါ။ ဟောဒီတို့ရဲ့ရေကူးဆရာကိုကြီးဟာ ငါ့ရဲ့အသက်အခင်ကျေးဇူးရှင်ဖြစ်သလို လှေဆရာကလည်း အသက်သခင်ကျေးဇူးရှင်ပါ"

လို့ ပြောပြတယ်ဗျ။ အဲဒါဟာ သတိလက်မလွတ်လို့ အသက်ရှင်ခွင့်ရသွားတဲ့ အောင်အောင့်အကြောင်းပါ။

ဟု တနင်္ဂနွေစာပေဝိုင်းတွင်ပြော ပြခဲ့ဖူးပါသည်။ ဦးကိုကြီးသည် ကျွန်ုပ် ထက်ငယ်၏။ သူတို့တွင် မောင်နှမ(.. ဦး) သာရှိပြီး အချောအလှမျိုး ဖြစ်သည်။ မြို့လယ်နှင့်ဆက်စပ်နေသောအောင်နန်း ရပ်ကွက်တွင်နေပြီး ယခုလည်း တနင်္ဂနွေစာပေ ဝိုင်းရှိနေသေးကြောင်း ၂၀၁၃ မိုးရာသီ မိုးကုတ်ရောက်စဉ်တွေ့ရ၏။

ကျွန်ုပ် နေပြည်တော်သို့ ၂၀.. ခုနှစ်တွင်ပြောင်းလာပြီး ပြန်လည်ခံနေ.. သောအခါ အတူရင်းရင်းနှီးနှီးနေခဲ့.. သော သူငယ်ချင်း၊ သူငယ်ချင်းမတို့အား.. ကျွန်ုပ်အား သတိရမှုရှိ မရှိမေးကြည့်.. အထူးသဖြင့် သူငယ်ချင်းမတို့မှသတိ.. ရှိကြောင်းပြောပြကြ၏။ ဆန့်ကျင်ဘ.. လိင်ကြောင့်ပေလောမသိ သူငယ်ချင်း.. ယောကျ်ားတို့မှာမူ တွေ့မှသာသတိ.. ဟန်တူ၏။

သတိ ဟူသည် ပါဠိဘာသာ.. ၍ မြန်မာလို အောက်မေ့ခြင်း၊ အမှတ်.. ရှိခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ချ.. အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ .. မျိုးအချင်းချင်း အမှတ်တရလက်ဆော.. ပေးကြခြင်း ဟူသည်မှာ ထိုပစ္စည်းတို.. တိုင်း သတိတရရှိနေစေရန် ဖြစ်သည်။

သူငယ်ချင်းမတို့သည် ငယ်.. ကလေးဘဝက သူတို့၏လုပ်ပျိုမျှစ်.. ခါတ်ပုံလှလှလေးများ လက်ဆောင်.. ထားကြ၏။ ထိုဓာတ်ပုံလေးများ.. မပျောက်ပျက်အောင် ထိန်းသိမ်း.. ကျွန်ုပ်သွားလေရာယူသွား၏။ ထို.. သူတို့ကိုမမေ့ပါ။ ကျွန်ုပ် နေပြည်.. ပြန်ရောက်သောအခါ ထိုဓာတ်ပုံ.. လေးများအား ပုံကြီးချဲ့နိုင်စေရန် .. ခန်း၌ချိတ်နိုင်စေရန်ရည်သန်၍ .. လက်ထဲပြန်ထည့်ပေးခဲ့၏။ သူတို့.. အလှများယိုယွင်း၍ အိုမင်းသော.. ကြီးများဖြစ်နေကြပေပြီ။ ကျွန်ုပ်သတိ.. သိမ်းဆည်းမှုကြောင့်သာ ကာယ.. လက်ထဲပြန်ထည့်နိုင်ခဲ့၏။နှစ်ကို.. သော် နှစ်ပေါင်း (၅၀) နီးပါးကြာခဲ့.. ပါသည်။ သတိ ဟူသည် နေရာ.. အသုံးဝင်၏။

သို့သော် သတိမရထိုက်.. မအောက်မေ့ထိုက်သောသတိဟူ၍.. ရှိပါသည်။ ထိုမအောက်မေ့ထိုက်.. သတိမှာ အကုသိုလ်မှုများဖြစ်.. ကုသိုလ်မှုကို သတိရ၍ပွားသော.. စေတနာဖြစ်ကာ ကုသိုလ်.. လည်း မကောင်းမှုအပေါ် ခံ..



www.burmeseclassic.com

www.burmeseclassic.com

စွာ သတိပွားနေပါက အကုသိုလ်တရားများ တိုးပွားနေမည်သာ ဖြစ်ပါသည်။ ကြာလေ အကုသိုလ်အညစ်အကြေးထူတက်လေမည်သာ ဖြစ်သည်။ သို့ကြောင့် မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးတွင် သမ္မာသတိ - ကောင်းသောသတိရှိခြင်း ဟူ၍ ဟောထားခဲ့၏။ ကောင်းသောသတိ ဟူသည် ကုသိုလ်တရားများသာ ဖြစ်သည်။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် ငယ်စဉ်မှသည် သားသတ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ အထိုက်အလျောက် အဆင်ပြေခဲ့၏။ ထိုအခါ အကုသိုလ်မာန်ဝင့်ခဲ့သူတစ်ဦး ဖြစ်ခဲ့ပါသည်။ ရန်ကုန်မြို့ဒတ်ရှိ ရွှေတိဂုံစေတီတော်ကြီးသွားဖူးသောအခါ အခြားသူတွေဖူးတွေ့ရသော်လည်း သူမှာမြူမှောင်ကျသကဲ့သို့ ဘာမှမမြင်ရဘဲရှိသဖြင့် မေးကြည့်မှ စေတီတော်ကြီးတစ်ဆူလုံး ပျောက်ကွယ်နေလောက်အောင်ကြံ့ရမှန်းသိရတော့၏။ စိတ်လည်းအရမ်းထိခိုက်သွား၏။

ထိုအခါ သူ၏အကုသိုလ်ထုထည်ကို သတိထားမိသွားကာ ထိုလုပ်ငန်းကို စွန့်လွှတ်ပစ်လိုက်တော့၏။ အသက်လည်းကြီးခဲ့ပြီဖြစ်ရာ ဘာသာရေးတွင် ကိုင်းရှိုင်းသူတစ်ဦးဖြစ်လာခဲ့ပြီး သီတင်းသီလဆောက်တည်ခြင်း၊ မဟာစည်ရိပ်သာ၌တရားထိုင်ခြင်း၊ အိမ်၌လည်း တရားထိုင်ခြင်း၊ ဘာသာရေးလုပ်ငန်းတို့၌ အားတက်သရော ဦးဆောင်မှုပြုခြင်းတို့ကို လုပ်ဆောင်လျက်ရှိ၏။ လက်ရှိအချိန်တွင် သတိပဋ္ဌာန်တရားပွားများလျက်ရှိပေပြီ။ ထို့ကြောင့် မကောင်းမှုများကို သတိတရမရှိစေရန် ကျွန်ုပ်မှ ပြောရ၏။

"ဒီမှာ ဂတိဆိုတဲ့လားရာမြတဲ့ကံရှိတယ်။ မမြတဲ့ကံရှိတယ်။ မြတဲ့ကံကဲ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်ဆိုတဲ့ အရိယာတွေကျတော့ သူတို့သေရင် နတ်ပြည်၊ ဗြဟ္မာပြည်ကို ကေန်သွားကြရတယ်။ အဲဒါက ကုသိုလ်ဂတိမြတာ။ အကုသိုလ်ဂတိမြတာကျတော့ ပဉ္စာနန္တရိယကံလို့ခေါ်တဲ့ ကံကြီးငါးပါးထိုက်ထားတဲ့သူပေါ့ဗျာ။ **မာတုဃာတက** - အမိကိုသတ်ခြင်း၊ **ပိတု ဃာတက** - အဖကိုသတ်ခြင်း၊ **အရဟန္တဃာတက** - ရဟန္တာကိုသတ်ခြင်း၊ **လောဟိတုပ္ပာဒက** - မြတ်စွာဘုရားကို သွေးစိမ်းရှင်ရှင်ထွက်အောင်လုပ်ခြင်း၊ ဘုရားကျတော့ ဘယ်သူမှသတ်လို့မရဘူးလေ။ အများဆုံးလုပ်နိုင်တာ သွေးထွက်အောင်ပါပဲ။ **သံဃဘေဒက** - သံဃာတွေကွဲအောင် သင်းခွဲခြင်းဆိုတဲ့ ကံကြီးငါးပါးပါ။ အဲဒီကံကြီးငါးပါးထဲက တစ်ခုခုထိုက်ရင် ဂရုကံလို့ခေါ်ပြီး ကံကြီးထိုက်တယ်လို့ခေါ်တယ်။ အဲဒီကံကြီးထိုက်ရင်တော့ အဝီစိငရဲကို မလွဲမသွေ သွားရတယ်။ ဒါက အကုသိုလ်မှာမြတဲ့ ဂတိပေါ့ဗျာ။ ကျန်တဲ့ကံတွေကျတော့ လဟုကံလို့ခေါ်တယ်။ ကုသိုလ်အားနဲ့ ဖုံးလွှမ်းပစ်လို့ရတယ်။ သူက ပေါ့တဲ့ကံဆိုတော့ ကုသိုလ်အားကြီးရင် ကုသိုလ်အားဘက်အလေးသာသွားတတ်တယ်။ အဲဒီတော့ ခင်ဗျားဟာ အမိကိုလည်း မသတ်ခဲ့ဘူး။ အဖကိုလည်း မသတ်ခဲ့ဘူး။ ရဟန္တာမဆိုထားနဲ့ သာမန်မုထုဇဉ်ရဟန်းကိုတောင် မပြစ်မှားခဲ့ဖူးဘူး။ ဘုရားကိုသွေးစိမ်းရှင်ရှင်ထွက်အောင်ပြုဖို့ဆိုတာကလည်း မြတ်စွာဘုရားက ပရိနိဗ္ဗာန်ပြုသွားတာ နှစ်ပေါင်း (၂၅၀၀) ကျော်ပြီ။ သံဃာသင်းခွဲတယ်ဆိုတာကျတော့ ကျွန်တော်တို့လူတွေနဲ့မဆိုင်ဘူး။ သံဃာတွေသာဆိုင်တယ်။ ဒီတော့ ဂရုကံ ဘာမှမရှိဘူး။ ပစ္စုပ္ပန်မှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ဩဝါဒအတိုင်း ဘုရားအကြိုက် သတိပဋ္ဌာန်နဲ့ ရှုမှတ်ပြီးသာ ခုလိုအမြဲနေထိုင်ပါ။ ပစ္စုပ္ပန်တည့်တည့်ကိုသာ လျှောင်းထိုင်ရပ်သွားလေးပါးသော ဣရိယာပုဒ်မှာရှုမှတ်နေ၊ ဟိုးအတိတ်ကကံတွေဆီ ပြန်မသွားနဲ့။ ဒါတွေကပြီးခဲ့ပြီ။ လက်ရှိမှာ ကျင့်နိုင်ခဲ့တဲ့ သတိပဋ္ဌာန်အကျင့်ကို ခင်ဗျားကျင့်ကြံနေပြီ။ ဝမ်းသာတယ်ဗျာ။ အချိန်မီလမ်းကြောင်းမှန်ပေါ်ကိုရောက်လာတာ ကျွန်တော်အရမ်းဝမ်းသာတယ်။ မြတ်စွာဘုရားက လူဖြစ်ရကျိုးနပ်အောင် အဲဒီဝိပဿနာအကျင့်ကို ကျင့်ခိုင်းတာဗျ။ အဲဒီမမ္မနဲ့ ကျင့်ကြံပူဇော်မှ မြတ်စွာဘုရားအလိုတော်ကျတာ။ကြိုးစားဗျာကြိုးစား"

ဟု အားပေးစကားပြောရ၏။

ထို့ပြင် အခြားသော အထောက်အထားတို့ကိုလည်း ပြောပြရ၏။ ထိုအခါ သူက ပြန်ပြော၏။

"ကျွန်တော်က ဘယ်သွားသွား၊ ဘာလုပ်လုပ် ကိုယ့်အမှတ်လေးနဲ့ကိုယ် ခေါင်းငုံ့ပြီးသွားတတ်တာ အချို့က တစ်မျိုးမြင်ကြတယ်။ သူတို့ကိုမခေါ်ချင်လို့ ဘာညာပေါ့ဗျ။ မဟုတ်ဘူးဗျ၊ လူတွေနဲ့စကားပြောနေရရင် မှတ်နေတဲ့အမှတ်က အာရုံပျက်ပျက်သွားလို့ ခေါင်းငုံ့ပြီး ကိုယ့်သတိလေးနဲ့ကိုယ်သွားတာ။ အလွန်ကို စိတ်ပေါ့ပါးပြီး စိတ်ချမ်းသာမှုကိုရပါတယ်ဗျာ"

"ခင်ဗျားလုံးဝနောက်မကျပါဘူးဗျာ။ အချိန်တွေအများကြီးမီပါတယ်။ ကြိုးစားပါ။ ကျွန်တော်အားလည်းပေးပါတယ်။ လေးလည်းလေးစားပါတယ်။ သတိကိုတော့ လုံးဝလက်မလွှတ်ပါစေနဲ့"

ဟု မှာရလေ၏။

ပြုလုပ်ထားသော အကုသိုလ်ဟူသည်ကလည်း ဝဋ်ထိုက်သော အကုသိုလ်တို့ဖြစ်ပါက ဝဋ်တုံ့ပြန်ရန် အခွင့်အလမ်းချောင်းမြောင်းနေတတ်ကြ၏။ တစ်ဘဝတစ်ချိန်ချိန် ထိုအကုသိုလ်၏ အကျိုးသက်ရောက်နိုင်၏။ ဘုရားသော်မှ ဝဋ်ကြွေးကိုပြန်ဆပ်ရ၏။

ကျွန်ုပ်တို့ပုထုဇဉ်ဟူသည် အထုပ်(၂)ထုပ်နှင့် သံသရာခရီးသွားနေကြသူများဖြစ်၏။ တစ်ထုပ်မှာ ကုသိုလ်ဖြစ်ပြီး တစ်ထုပ်မှာ အကုသိုလ်ဖြစ်သည်။ လူ့ဘဝဟူသည် ထိုကုသိုလ်၊ အကုသိုလ်တို့ကို သံသရာခရီးအတွက် ထုပ်ပိုးနေကြသူများဖြစ်ကြသည်။ လူ့ဘုံလူ့ဘဝမှ တစ်ပါး အခြားသောဘုံတို့တွင် ကုသိုလ်ပြုရန်မလွယ်ကူတော့ပြီ။ ကျွန်ုပ်တို့လူ့ဘုံလူ့ဘဝရနေခိုက် ကောင်းသောသတိရှိရန် လိုအပ်လှပေ၏။ သတိဖြင့် အကုသိုလ်ကိုရှောင်ကာ ကုသိုလ်ကိုဆောင်ကြရပါမည်။

သူတော်ချင်းချင်းသတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ဟူသောစကားမှာ မှန်လှ၏။ အချို့မှာ တရားစကားပြောပါက လုံးဝ ဝါသနာမပါသဖြင့် ချက်ချင်းထွသွားတတ်၏။ ဝါသနာပါသူအချင်းချင်း အလျှင် ဓမ္မနှင့်စပ်လျဉ်းသောစကားများဖြင့် နံနက်ချိန်ခါမင်္ဂလာယူကြ၏။ကျွန်ုပ်နှင့် အသက် (၈၀)ထဲရောက်နေပြီဖြစ်သော ကိုအောင်မြင့်သာလျှင် သဘောချင်းနှောကာ နေ့စဉ်နံနက်လမ်းလျှောက်ပြီးတိုင်း ဇီဇဝါပန်းအဝိုင်းတွင်ထိုင်၍ တရားစကားပြောဖြစ်ကြ၏။ကိုတင်ထွန်းနှင့် မှတ်တားကား ဓမ္မကြောင်းထက် လောကအကြောင်းပြောကြ၏။သို့သော် ကိုတင်ထွန်းမှာ မျက်စိနှစ်လုံးဖွင့်သည်နှင့် သတိကြီးစွာဖြင့် ဒါနမှုတို့ကို နေ့စဉ်များစွာပြုနေသူ ဖြစ်သည်။ ကျွန်ုပ်နှင့် ကိုအောင်မြင့်တို့မှာမူ ဒါနထက် သီလနှင့် ဓမ္မာနုဿတိတည်းဟူသော ဘုရားနှုတ်ကပါဠ်တို့ကို ပွားများရွတ်ဖတ်ခြင်းတို့ကို ပို၍လုပ်ဖြစ်၏။

ထိုသို့သော ပရိတ်ပဋ္ဌာန်းတို့ကို ရွတ်ဖတ်နေစဉ်ဝယ် သတိကိုအတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးထိန်းသိမ်းကာကပ်၍ထားရပါသည်။ နှစ်ရှည်လများ ငယ်စဉ်မှသည် ရွတ်ဖတ်လာခဲ့သဖြင့်. တစ်ခါတစ်ရံ သတိလက်လွတ်သွားခဲ့သော်လည်း တရားစဉ်အတိုင်းရွတ်ဖတ်နေပေရာ အမြန်ဆုံးသတိပြန်ကပ်ရပါသည်။ သတိမကပ်သော် ရွတ်ဖတ်သမျှသည် အာရုံတည်းဟူသောစိတ်မပါသဖြင့် ရွတ်သလောက်အကျိုးမရှိနိုင်ပေ။ ထို့ကြောင့် သတိသည်လွန်စွာအရေးပါ၏။

ကျွန်ုပ်တို့ငယ်စဉ် စာသင်ရသောအခါ ရံဖန်ရံခါ စာထဲတွင် စိတ်မရောက်ဘဲ သတိလက်လွတ်ဖြစ်ကာ စိတ်ကအပြင်ရောက်သွား၏။ ထိုအခါ ဆရာကဘာပြောမှန်းမသိလိုက်တော့ပေ။ ကြားတော့ကြားနေရ၏။ သတိမကပ်၍မသိ။ မြင်တော့မြင်နေရ၏။ သတိမကပ်တော့မသိ။ ထိုအဖြစ်မျိုး လူတိုင်းကြုံဖူးကြပါသည်။ ထို့ကြောင့် သတိသည် နေရာတိုင်း၌ အရေးကြီးလှပေ၏။ ကိုအောင်မြင့်က-

"ကိုကျော်စိုးရေ၊ ကျုပ်က ဘာအလုပ်မှရှိတဲ့လူမဟုတ်ဘူး။ ဒီတော့တစ်နေ့တာမှာ ကျုပ်တို့အရွယ်က သတိထားပြီး ကုသိုလ်ပဲရှာရမှာလေ။ နောက်ဆုံးအချိန်တွေရောက်နေပြီဗျ။ ဒီတော့တစ်နေ့ကို ပရိတ်ကြီး (၁၁) သုတ်ရွတ်တယ်။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို နံနက်၊ နေ့၊ ည (၃)ကြိမ် ရွတ်တယ်။ ကျန်တဲ့အတိုအထွာတွေလည်းရှိတာပေါ့ဗျာ။ အားတဲ့အချိန်တွေ သတိပဋ္ဌာန်ပွားပြီးရှုမှတ်တာပေါ့။ စာဖတ်တဲ့အခါလည်းဖတ်တယ်။ ဒီတော့ နေရသမျှ အချိန်လေးတွေမှာ သတိတရားလက်ကိုင်ထားတော့ကာ နေရတာအဓိပ္ပာယ်ရှိတယ်ဗျာ"

ဟု အင်းကြင်းပန်းစာပေရှေ့ရှိ သစ်ဆိမ့်ပင်ညနေစကားဝိုင်းတွင်ပြောပြပါသည်။ ကျွန်ုပ်မှာ ဝမ်းသာလွန်း၍ စိတ်ထဲကကျိတ်ကာသာဓုအကြိမ်ကြိမ်ခေါ်မိ၏။ ကိုအောင်မြင့်ကဲ့သို့ သတိတရားထားနိုင်ကြပါစေဟုလည်း ဆန္ဒပြုမိပါတော့သည်။

*ဦးကိုကြီး(ခ)*
*ပြည့်စုံ(သတ္တဗေဒ)မိုးကုတ်သို့*
*အမှတ်တရ*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

## ဆရာဦးမောင်မောင်သန်း
(ရှမ်းကိုအေးမြစေသား)

(၃၃၄) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးပါပြီ။

**တနင်္ဂနွေသားသမီးများ**

အောက်တိုဘာလ ၈-၉-၁၂-၁၆-၂၀-၂၂ ရက်များမှာ ထီထိုးပါ။

ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ (၉) ရက်အဓိဋ္ဌာန်ဝင်ပါ။ တစ်နေ့ကိုနိုင်သလောက်စိပ်ပါ။ (၉)ပတ်ဆို (၉)ပတ်စိပ်ပါ။ (၃)ပတ်ဆို (၃)ပတ်စိပ်ပါ။ ၎င်းရက်အတွင်း ဘုရားရှင်ကိုကျောက်ကျောဆွမ်းတော်ကပ်ပါ။

နိုဝင်ဘာလမှာ ၃-၁-၆ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

အောက်တိုဘာလ ၅-၉-၁၃-၁၆-၂၀ ရက်များမှာ ထီထိုးပါ။ တနင်္လာနံဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွားပါ။ (သို့) ဘုရားတစ်ဆူဆူ၏ တနင်္လာထောင့်ကိုသွားပါ။ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီး အဓိဋ္ဌာန်ပုတီး (၉) ပတ်စိပ်ပါ။ အပြန်မှာ နိမိတ်ကောင်းတွေ့ပါလိမ့်မည်။ ထီထိုးပါ။

နိုဝင်ဘာလမှာ ၃-၁-၄-၈ ဂဏန်းများကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

အောက်တိုဘာလ ၆-၉-၁၄-၁၆-၂၀ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့ . သွားပါ။ တနင်္လာထောင့်တွင် ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ပြီး (၁၁) ဘုံလုံးကို (၁၅) မိနစ် မေတ္တာပို့ပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၃-၂-၉-၁ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

အောက်တိုဘာလ ၇-၉-၁၅-၁၆-၂၀ ရက်များမှာ ထီထိုးပါ။

ဂုဏ်တော် (၉) ပါးကို (၉) ရက်အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ပါ။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလမှာ ၃-၁-၄-၈ ဂဏန်းများနှင့်ကံစပ်သည်။

**ကြာသပတေးသားသမီးများ**

အောက်တိုဘာလ ၈-၉-၁၆-၂၀-၂၂ ရက်များမှာ ထီထိုးပါ။

ဓာတ်ကြီး(၄)ပါး ဆွမ်းတော်ကပ်ပါ။

မကပ်ဖြစ်လျှင် တစ်နေ့တည်းဘုရား (၇) ဆူပြည့်အောင် သွားဖူးပါ။ လှူချင်တာလှူ၍ရပါသည်။ အပြန်မှာထီထိုးပါ။

နိုဝင်ဘာလမှာ ၃-၂-၉-၁-၆ ဂဏန်းများနှင့် ကံစပ်သည်။

**သောကြာသားသမီးများ**

အောက်တိုဘာလ ၉-၁၀-၁၆-၂၀ ရက်များမှာ ထီထိုးပါ။

အလှူအကြီးအကျယ်လှူဖြစ်ပါလိမ့်မည်။ စိတ်ချမ်းသာသောအလှူလှူဖြစ်ပါလိမ့်မည်။ သူတစ်ပါး၏အလှူကိုလည်း ဝိုင်းဝန်းပေးရတတ်သည်။ ၎င်းအလှူကိစ္စပြီးသည်နှင့်ထီထိုးပါ။

**စနေသားသမီးများ**

အောက်တိုဘာလ ၇-၉-၁၁-၁၆-၂၀ ရက်များမှာ ထီထိုးပါ။

နဂါးရုံဘုရားတစ်ဆူဆူသို့သွားပါ။ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီး သက်ဆိုင်ရာစိုင်ဂိုလ်များကို မိနစ် (၂၀) လောက် မေတ္တာပို့ပေးပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၃-၂-၉-၁ ဂဏန်းများ ကံစပ်ပါသည်။

၉-၁၀-၂၀၁၆၊ တနင်္ဂနွေနေ့နှင့် ၂၀-၁၀-၂၀၁၆၊ ကြာသပတေးနေ့တို့တွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးဖို့အကောင်းဆုံးဖြစ်နေပါသည်။

ဆရာဦးမောင်မောင်သန်း
(ရှမ်းကိုအေးမြစေသား)




www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရိုန်အောင်




၁-၁၁-၂၀၁၆ နေ့ သာယနဇာတာခွင်




၁၁-၁၁-၂၀၁၆ နေ့ သာယနဇာတာခွင်




၂၁-၁၁-၂၀၁၆ နေ့ သာယနဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေဈေးအတက်၊အကျနှေးနေမည်။ငွေကြေးဈေးကွက်ငြိမ်နေမည်။ စတော့ရှယ်ယာဈေးကွက်ရပ်သလိုလိုနှင့် ဖြုန်းခနဲထောင်တက်တတ်မည်။ ကျောက်မျက်ဈေးကွက်သိပ်မကောင်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းဈေးကွက်ဆိုင်းနေမည်။ ရေလုပ်ငန်းထွက်ပစ္စည်း၊ ဓာတုနှင့်ဆက်စပ်ပစ္စည်းများဈေးကွက်ကမောက်ကမဖြစ်တတ်မည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းများနှင့် ယင်းတို့နှင့်ဆက်စပ်ပစ္စည်းများဈေးကွက်လှုပ်ခတ်မှုတို့ပြင်းထန်နေမည်။ ဆက်သွယ်ရေးဆိုင်ရာ၊ တယ်လီဖုန်းနှင့်အင်တာနက်ဆိုင်ရာဈေးကွက်ထိုင်းမှိုင်းနေမည်။ စာနယ်ဇင်းနှင့် မီဒီယာဆိုင်ရာဈေးကွက်အတက်၊ အကျအားနည်းနေမည်။ စိုက်ပျိုး၊ မွေးမြူထွက်ပစ္စည်းများဈေးကွက်မကောင်း၊ စားသုံးဆီအထနှေးမည်။လောင်စာဆီအတက်အကျမြန်မည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းဈေးကွက်လှုပ်ခတ်နေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်တို့ အတက်အကျရှုပ်ထွေးနေမည်။ သံနှင့်သံမဏိဆိုင်ရာပစ္စည်းများ၊ တွင်းထွက်သတ္တုပစ္စည်းများ ဈေးကွက်မှန်းဆရခက်မည်။

ဒုတိယ (၁၀) ရက်ကာလတွင် ရွှေဈေးကွက်ထုံထိုင်းနေမည်။ ငွေကြေးဈေးကွက်ငြိမ်နေသော်လည်း တက်ဈေးရှိသည်။ကျောက်မျက်ဈေးကွက်လှုပ်ခတ်နေသော်လည်း ကောင်းကွက်ရှိမည်။ စတော့ရှယ်ယာဈေးကွက်အမြင့်ဈေးမျှော်နိုင်သည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းဈေးကွက်မကောင်း။ ရေထွက်ပစ္စည်းဈေးကွက် အမြင့်ဈေးရှိသလိုလိုနှင့် ဈေးကွက်ငြိမ်နေမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဈေးကွက်တက်ဈေးမိနိုင်သည်။ ဓာတုနှင့်ဆက်စပ်ပစ္စည်းများ ဈေးကွက်ကောင်းသလိုလိုနှင့် ထုံထိုင်းနေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာ ဈေးကွက်အေးနေမည်။ စားသုံးဆီဈေးကွက်ထိုင်းမှိုင်းနေမည်။ လောင်စာဆီဈေးကွက်မတည်ငြိမ်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေဈေးကွက်လှုပ်ခတ်မှုများသော်လည်း တက်ဈေးမိမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုပစ္စည်းဆိုင်ရာများ ဈေးကွက်ကသောင်းကနင်းဖြစ်တတ်မည်။

တတိယ (၁၀) ရက်ကာလတွင် ရွှေဈေးကွက်ငြိမ်သလိုလိုနှင့် ဖောက်ပြန်တတ်မည်။ ငွေကြေးဈေးကွက်ကျဈေးများသော်လည်း တက်ဈေးရှိမည်။ ကျောက်မျက်ဈေးကွက် အတက်အကျရှုပ်ထွေးနေမည်။ စတော့ရှယ်ယာဈေးကွက်ပုံမှန်မဟုတ်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း အတက်အကျ ရှုပ်ထွေးနေမည်။ စိုက်ပျိုး၊ မွေးမြူထုတ်ကုန်ပစ္စည်း၊ ရေလုပ်ငန်းထုတ်ကုန်ပစ္စည်း အတက်အကျမတည်ငြိမ်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဈေးကွက်အပြောင်းအလဲများနေမည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေး၊ စာနယ်ဇင်းနှင့် မီဒီယာဈေးကွက် ပုံမှန်မဟုတ်ဖြစ်နေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုပစ္စည်းဈေးကွက်တို့ ကသောင်းကနင်းဖြစ်မည်။

မင်းရိုန်အောင်



www.burmeseclassic.com

www.burmeseclassic.com



## ငွေစိုး (ရွှေကြက်မြေ)

# ပန်းသီးစားချင်တဲ့ ရွာသူလေး

ပျဉ်းမတန်းရွာ။

မှော်ဘီမြို့အပိုင် ထန်းတစ်ပင် မြစ်နံဘေးတွင်တည်ရှိ၏။ သည်နေရာသည်ဌာနသို့ ဦးကံမြင့်တစ်ယောက် ဆိုင်းမဆင့်ဘုံမဆင့်ဘဲရောက်ခဲ့ခြင်းမှာ မိတ်ဆွေဖြစ်သူ ဦးကျော်ထိုက်၏ တရားဟောကောင်းမှုကြောင့် ဖြစ်လေသည်။ မှန်သည်။ ပျဉ်းမတန်းရွာက ဦးကျော်ထိုက်၏ မွေးရပ်မြေ။ ရွာသိမ်ရွာငယ်လေးတွင်မွေးသော်လည်း ကိုယ်ထူးကိုယ်ချွန်သမားဖြစ်သော ဦးကျော်ထိုက်တစ်ယောက် လူလားမြောက်သည့်နေရာက ရန်ကုန်ရွှေမြို့တော်။ ဦးကျော်ထိုက်၏ လုံ့လဥဿဟကြောင့် ရန်ကုန်မြို့လယ်, စမ်းချောင်းမြို့နယ်တွင် လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။ ဦးကံမြင့်ကလည်း စမ်းချောင်းတွင်နေသူမို့ ဦးကျော်ထိုက် လက်ဖက်ရည်ဆိုင်တွင် အမြဲသောက်ဖြစ်သည်။ ကာလကြာလာတော့ ဦးကျော်ထိုက်နှင့် ဦးကံမြင့် လူချင်းရင်းနှီးလာသည်။ ပြောမနာဆိုမနာဖြစ်လာလေသည်။ ထို့ကြောင့် ဦးကျော်ထိုက်သွားလေရာ ဦးကံမြင့် အမြဲပါသည်။ ဦးကံမြင့်ယွန်းသည့်နေရာကိုလည်း ဦးကျော်ထိုက် ကန့်လန့်ကန့်လန့်နှင့်ပါသည်။

သည်တစ်ခါတော့ ဦးကျော်ထိုက် အလှည့်။ ပျဉ်းမတန်းတွင်နေသည့် ဦးကျော်ထိုက်၏ညီဖြစ်သူက သားရှင်ပြုပွဲကို အစ်ကိုဖြစ်သူအား ဖိတ်ကြားသည်။ ဦးကျော်ထိုက်က ညီဖြစ်သူအလှူကို ရိုးရိုးမလာ။ ဦးကံမြင့်ကိုအရခေါ်လာသည်။ ဦးကံမြင့် အကြောင်းအမျိုးမျိုးပြပြီး ငြင်းသေးသည်။မရသည့်အဆုံးတွင် ဦးကံမြင့်တစ်ယောက် ဤပျဉ်းမတန်းရွာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ညီဖြစ်သူ၏အလှူတွင်သုံးရန် လိုအပ်သောလှူဖွယ်ပစ္စည်းများ ရန်ကုန်မှ ဝယ်ယူလာခဲ့သောကြောင့် ဟိုင်းလပ်ကားတစ်စီးကို အသွား၊ အပြန်စရိတ်ငြိမ်းပေးကာ ဦးကျော်ထိုက် ငှားရမ်းလာခဲ့သည်။ ထို့ကြောင့် သွားရေးလာရေး အဆင်ပြေချောမွေ့ခဲ့သည်။ မှော်ဘီဆိုသည်မှာ ရန်ကုန်နှင့်မဝေးလှသောကြောင့် အချိန်တိုအတွင်းမှာပင် မှော်ဘီမြေကိုရောက်ရှိခဲ့ပြီး ပျဉ်းမတန်းရွာကို ခရီးဆက်နိုင်ခဲ့သည်။ တပေါင်း၊ တန်ခူးကာလမို့ မိုးရာသီ နွားလှည်းပင်မောင်း၍မရအောင် ရေလွှမ်းနေသော ပျဉ်းမတန်းရွာသို့သွားသည့်လမ်းက ကားမောင်းဝင်လို့ရအောင် ဖြောင့်ဖြူးနေသည်။ ထိုအတွက်ကြောင့် အလှူမဏ္ဍပ်ရှေ့သို့ ရောက်အောင် ကားမောင်းဝင်ခဲ့ခြင်းဖြစ်သည်။

ဦးကံမြင့်တို့ ပျဉ်းမတန်းရွာကို ရောက်တော့ နေမွန်းပင်တည့်နေချေပြီ။ လာမည့်ရက်ကို ကြိုတင်အကြောင်းကြားထားသောကြောင့် ဦးကျော်ထိုက်ကို တစ်ရွာလုံးက စောင့်ကြိုနေကြသည်။ ဦးကျော်ထိုက်ကိုယ်တိုင်ပင် ရွာ[illegible] လမ်းသို့ ကားစဝင်ကတည်းက ဖင်[illegible] ကြွဖြစ်နေသည်ကို ဦးကံမြင့် သတိ[illegible] မိသည်။ ဦးကျော်ထိုက်တစ်ယော[illegible] သူ၏ ရပ်ဆွေရပ်မျိုး မွေးချင်းမျာ[illegible] အပြန်အလှန်နှုတ်ဆက်ပြီးနောက် [illegible] ပေါ်တွင်ပါလာသည့် အလှူသုံး[illegible] ပစ္စယများကို မဏ္ဍပ်အတွင်းသို့[illegible] ကာ နေရာချထားလိုက်လေသည်[illegible]

❏

ပျဉ်းမတန်းရွာ၏ထူးခြားချ[illegible]



www.burmeseclassic.com

www.burmeseclassic.com

[illegible] ကိုင်းတောကြီးကျောင်းသို့ ဝင်ရာလမ်းတစ်လျှောက်တွင် ဗျိုးမပင်ကြီးများစီတန်း၍ရှိနေခြင်းဖြစ်၏။ ထို့ကြောင့် ဗျိုးမတန်းရွာဟုခေါ်ခြင်းဖြစ်လေသည်။ ရွာက သိပ်မကြီးလှ၊ အိမ်ခြေ(၅၀)ခန့် [illegible] ခဲလေး၍ [illegible] တည်ထားသော ရွာကလေးဖြစ်သည်။ ယခင်က အနီရွာကလေး၌ ဓါးဖောင်၊ သစ်ဖောင်များ ဆိုက်ကပ်ခိုနားရာစခန်း ဖြစ်ခဲ့ဖူးသည်။ ရွာ၏အရှေ့ဘက်တွင် လယ်ကွင်းရှိသည်။ လယ်ကွင်းအတွင်း၌ တစ်စုလျှင် ထန်းပင်ကြီးငယ်(၇)ပင်ခန့် ရှိသည့် ထန်းတောငယ်လေး(၃)ခုက





www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်စုသည်တစ်စု ပြန့်ကျဲစွာတည်ရှိနေသည်။

"ကိုကျော်ထိုက်ရေ ခင်ဗျားတို့ရွာကို သဘောအကျဆုံးကတော့ ဟိုးလယ်ကွင်းထဲက ထန်းတောအုပ်တွေပဲဗျ"

ညနေပိုင်း နေကျချိန်၌ ရွာတစ်ခွင် ဦးကျော်ထိုက်နှင့်အတူ လှည့်လည်ကြည့်ရှုနေရင်းမှ ဦးကံမြင့်က သို့နှုတ်စကားဆိုလိုက်ခြင်းပင်။

"ကျွန်တော် သဘောပေါက်ပါတယ် ကိုကံမြင့်ရယ်။ ရွာကအမျိုးတွေကို အသေအချာမှာထားပါတယ်၊ ကိုကံမြင့်အတွက် ပင်ကျရည်စစ်စစ်ရအောင်။ မနက်ဖြန်ကျမှ မှာထားတဲ့ပင်ကျရည်လေးကို လယ်ကြွက်ကင်ဆူဆူနဲ့မြည်းပြီး ရန်ကုန်ပြန်ကြတာပေါ့"

"သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ဗျာ။ ဒါဆို လိုက်လာရကျိုးနပ်သွားပြီပေါ့"

နှစ်ဦးသား သဘောကျစွာ ရယ်မောရင်း အလှူမဏ္ဍပ်ရှိရာ ရွာလယ်ပိုင်းသို့ ပြန်လည်လျှောက်လှမ်းခဲ့ကြသည်။ ဦးကျော်ထိုက်၏ညီ ကိုကျော်မင်းက ပျဉ်းမတန်းရွာ၏ ကြေးရတတ်မဟုတ်သော်လည်း မရှိမရှားနှင့် အသင့်တင့်ချောင်လည်သူတစ်ယောက် ဖြစ်၏။ လယ်ဆယ်ဧက၊ ပဲ့ချိတ်တစ်စီး၊ ထော်လာဂျီ (၁) စီး၊ လှည်း၊ နွား စသည့် ဥစ္စာပစ္စည်းများရှင် ဖြစ်သည်။ ထို့ကြောင့် ရွာထဲတွင် လေးပင်သုံးခန်း ပျဉ်ခင်းပျဉ်ကာသွပ်မိုးရေနံချေးဝနေအောင် သုတ်ထားသော အိမ်ကြီးရခိုင်ဖြင့် တင့်တယ်စွာနေထိုင်နိုင်ခြင်း ဖြစ်သည်။

ယခုလည်း ထိုအိမ်ဝိုင်းရှေ့မှာပင် အလှူမဏ္ဍပ်ကို ဆင်ယင်ထားသည်။ ထည်ထည်ဝါဝါမဟုတ်သော်လည်းပဲ တောဓလေ့အငွေ့အသက်များဖြင့် စီရင်ထားသောကြောင့် မြင်ရသူအဖို့ ကြည်နူးစရာကောင်းနေသည်။ မှန်သည်။ ဝါးတိုင်များစွာကိုစိုက်ထူအသုံးပြုထားသော မဏ္ဍပ်ကြီးက ပေငါးဆယ်ပတ်လည်ခန့်ကျယ်သည်။ အမိုးကို သက်ငယ်များမိုးထားပြီး သံဃာစင်ကိုမူ ဝါးကြမ်းခင်းများခင်းထားသည်။ မဏ္ဍပ်ပတ်လည်ကိုကားဝါးရာဇမတ်များဖြင့်ကာ၍ ထုံးဖြူသုတ်ထားသည်။ မဏ္ဍပ်တိုင်အသီးသီးကို ငှက်ပျောပင်၊ ကြံပင်များကိုချည်နှောင်တန်ဆာဆင်ထားသဖြင့် မျက်စိပသာဒဖြစ်ကာ မဆန်းဘဲနှင့်လှနေသည်။ သံဃာစင်ရှေ့တွင် ကနုတ်ပန်းများဖြင့်ပုံဖော်ထားသည့် တရားဟောပလ္လင်ကို တည်ခင်းထားသည်။ ပလ္လင်အနီးတွင် ဘုရားဆောင်ရှိပြီး ဘုရားဆောင်ရှေ့၌ ရန်ကုန်မှဝယ်လာခဲ့သော လှူဖွယ်ပစ္စည်းသစ်သီး၊ ပန်းသီး၊ အချိုရည်ဘူး၊ ကန်တော့ပွဲနှင့် သင်္ကန်း၊ ပရိက္ခရာများကို စီစီရီရီလှပစွာပြင်ဆင်ထားသည်။ သူ့အရပ်နှင့်သူ့ဇာတ်မို့ အနှီအလှူမဏ္ဍပ်လေး၏ အဆင်အပြင်က ပျဉ်းမတန်းရွာအနေအထားနှင့်ကြည့်လျှင် ဂုဏ်မငယ်လှပါ။

❑

နေဝင်သွားပြီဖြစ်၍ အမှောင်ရိပ်ကသန်းလာသည်။ ကွင်းထဲမှ ပုရစ်အော်သံလေးများက ဆူဆူညံလာသည်။ ညဖို့ငှက်ဖြစ်သော လင်းဝက်ငှက်အော်သံများက အမှောင်ထုရောက်ကြောင်းကို သက်သေပြနေသည်။ မီးစက်၊ အင်ဂျင်စက်သံ တဒုန်းဒုန်းနှင့်အတူ မဏ္ဍပ်တစ်လုံးတွင်တပ်ဆင်ထားသည့် လေးပေမီးချောင်းများ၊ အလှမီးဆိုင်းတွဲများက တဖျပ်ဖျပ်ဖြင့် ထိန်ထိန်လင်းလာသည်။ ထိန်ထိန်ညီးနေသည့် မဏ္ဍပ်အတွင်းရှိ မီးရောင်အောက်တွင် ရွာ၌ရှိသော ပုပုရွရွကလေးအရွယ်စုံ ပြေးလွှားဆော့ကစားနေကြသည်။ အလှူရှင်မှ သဒ္ဓါထက်သန်စွာ တည်ခင်းဧည့်ခံလိုက်သည့် ထမင်းဝိုင်းကို မြိန်ရှက်စွာစားပြီးနောက် ရွာခံလူကြီးများနှင့်အတူ မဏ္ဍပ်အတွင်းသို့ ဦးကံမြင့်ဝင်၍ စကားစမြည်ထိုင်ပြောနေလိုက်သည်။သည်ရက်က တောဓလေ့အရ ပြောဝင်ရမည့်နေ့။ မနက်ဖြန်ဆိုလျှင် ရှင်လောင်းလှည့်၊ ဧည့်ခံ၊ ဆံချ၊ အလှူရေစက်ချ စသည့် အစီအစဉ်များကို တစ်နေ့တည်းပြီးပြတ်အောင်လုပ်မည်ဖြစ်သည်။ ပြောဝင်ရမည့်နေ့ဆိုသော်လည်း ဆိုင်းမပါသောကြောင့် ပြောအစား အသံချဲ့စက်ဖွင့်၍ ပြောဝင်လိုက်ရ၏။မနက်ဖြန်မဏ္ဍပ်မှ ရွာမြောက်ဘက်တွင်ရှိသော ရွာတည်ပျဉ်းမပင်ကြီးတွင် မောင်ရှင်လောင်းများကို နတ်ပြမည်။ ထိုမှတစ်ဆင့် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရှင်လောင်းများကို ရွာလယ်လမ်းမကြီးအတိုင်း လှည့်လည်ပို့ဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် ရှင်လောင်းလှည့်လည်ပွဲတွင် လိုက်ပါတီးမှုတ်ဖြေဖျော်ပေးရန် ငှားရမ်းထားသော ဒိုးပတ်ဝိုင်း၊ ရှမ်းတိုးနရားဝိုင်းများက အလှူရှင်အိမ်သို့ ညအိပ်ကြိုတင်ရောက်ရှိကာ မဏ္ဍပ်အတွင်း၌ ကိုယ့်အဖွဲ့နှင့်ကိုယ် အပြိုင်တီးခတ် လက်စွမ်းပြနေကြသောကြောင့် ရွာလုံးကျွတ်နီးပါးမှု လာရောက် အားပေးနေကြသည်။ မဏ္ဍပ်အတွင်း၌ ဆူညံကြနေသဖြင့် ဦးကံမြင့် နားမခံနိုင်ဖြစ်လာသည်။ ထိုအချိန်မှာပင် ဦးကျော်ထိုက်ရောက်လာသည်။

"လာဗျို့ ကိုကံမြင့်၊ ခင်ဗျား နားပူမျက်စိရှုပ်နေပြီမဟုတ်လား။ ကာလသားဝိုင်းမှာ တစ်ခွက်တစ်ဖလားသွားသောက်ကြစို့"

ဦးကံမြင့် မငြင်းနိုင်တော့။ ဦးကျော်ထိုက်ခေါ်ရာနောက် ထလိုက်သွားလိုက်သည်။ အလှူတွင်ဧည့်ခံရန်အတွက် ခြံဝိုင်းကျယ်သည့်အိမ်တွင် ချက်ရေးပြုတ်ရေးကို စီမံထားသည်။ အိုးသူကြီးတာဝန်ကို ကာလသားခေါင်းအဖွဲ့က တာဝန်ယူထားသောကြောင့် ဒေသထွက် အမြည်းအမည်များထားပွဲဝိုင်းတွင် ပြည့်လျှံနေသည်။ ရွာခံကာလသားများနှင့် အာလာပသလ္လာပစကားပြောရင်း ဦးကံမြင့်တို့နှစ်ယောက် ရေချိန်ကိုက်သောက်သုံးကာ ဝိုင်းမှထွက်လိုက်သည်။ အချိန်က လုလင်ပြန်ချိန်ဟုခေါ်သော ည(၁၁)နာရီထိုးနေချေပြီ။ မဏ္ဍပ်အတွင်းမှာပင် လူစုကွဲသွားဖြစ်၏။ ထိုညက ဦးကံမြင့်နှင့် ဦးကျော်ထိုက်တို့နှစ်ယောက် မဏ္ဍပ်တွင်ခင်းကျင်းထားသည့် လှူဖွယ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် သံဃာစင်ပေါ်တွင် ခင်းထားသောအိပ်ရာသို့ ဝင်ရောက်အိပ်စက်လိုက်လေ၏။

❑

သုတ်ဖြူးနေသောတံပေါင်းလေနု၏ ဆော့ကစားမှုအောက်တွင် ပျဉ်းမတန်းရွာကလေး မောပန်းစွာ အိပ်ပျော်ကျနေသည်။ 'နေ့ပူလို့ညချမ်း တပေါင်းလသဲရမ်း' မို့ ဦးကံမြင့်အဖို့ အိပ်သာအိပ်ရသည်၊ ကြက်အိပ်ကြက်နိုးပင်။ အိပ်ရာပြောင်းနေရာစိမ်းဖြစ်နေလို့လားတော့ မသိ။ ယမကာအရှိန်ကြောင့် ညဦးပိုင်းတွင် တစ်ချိုးတည်းအိပ်မောကျသွားသော်လည်း သုတ်ဖြူးနေသော တပေါင်းလေရူးကြောင့် ကောင်းကောင်းအိပ်မပျော်တော့။ ကြက်ဦးတွန်သံများ သောသောညံလာသည်။ ဦးကံမြင့် နာရီကိုကြည့်လိုက်သည်။ နံနက် (၃) နာရီ။ နံဘေးတွင်အိပ်နေသည့် ဦးကျော်ထိုက် ထံမှ အချက်ချက်ကျကျထွက်ပေါ်လာသော ဟောက်သံပြင်းပြင်းကြောင့် ဦးကံမြင့် မျက်စိကြောင်သလိုဖြစ်နေ

www.burmeseclassic.com

သည်။ မဏ္ဍာပ်တစ်ခုလုံးတွင် ဘက်ထရီ ထိုးဖြင့်ချိတ်ဆက်ထွန်းညှိထားသည့် နှစ်ပေမီးချောင်းအလင်းရောင်မှိန်မှိန်လေး သာလင်းနေသည်။ အိပ်မရသည့်အဆုံး ဆေးလိပ်သောက်ရန် ဦးကံမြင့် အိပ်ရာမှထကာ အသင့်ရှိနေသည့် စီးကရက်ကို မီးညှိဖွာရှိုက်လိုက်သည်။

"ချွတ် ဖျပ် ဖျပ် ဖျပ်"

မဏ္ဍာပ်အတွင်းသို့ ဦးတိုက်ဝင်လာသောခြေသံကြောင့် အသံလာရာသို့ ဦးကံမြင့်လှမ်းကြည့်လိုက်ရာ အသက်(၁၅)နှစ်အရွယ်ရှိ အပျိုပေါက်မိန်းမပျိုလေးတစ်ယောက်။ ကိုယ်ခန္ဓာက ပိန်လှီစွာဖြင့် ညှိုးငယ်နေသောမျက်နှာ၊ သရက်အထည်လုံ့ခြည်အသစ်လေးကို အညာရက်ဖျင်အကျီ င်္ချင်ဖုံးအသစ်လေးဖြင့် ယှဉ်တွဲဝတ်ဆင်ထားပြီး မျက်နှာတွင်မူ သနပ်ခါးအဖွေးသား။ အနီးသူငယ်မကမူ ဦးကံမြင့်ကို မြင်ဟန်မတူ။ သူငယ်မလေး မဏ္ဍာပ်အတွင်းသို့ဝင်လာပုံက တကယ်ဖျာယီးဖျာယာ။ သူငယ်မလေးက သံဃာစင်ရှေ့ရှိ စားပွဲပေါ်တွင်ပြင်ဆင်ထားသော သစ်သီးပန်းသီးများနှင့် အချိုရည်ဘူးများစီထားသည့်ရှေ့တွင် ရှုတ်ခြည်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်သည့်ဟန်ဖြင့် စူးစမ်းသည်။ သူငယ်မလေး၏ အမူအရာကြောင့် ဦးကံမြင့် အသာငြိမ်၍ ဆက်ကြည့်နေလိုက်သည်။ သူဘာလုပ်မည်နည်း။ ထိုအတွေးကြောင့် သောက်လက်စ စီးကရက်ကိုပင် ဖွာရန်မေ့နေသည်။ သူငယ်မလေး၏အမူအရာ ကိုဦးကံမြင့် မသင်္ကာချင်တော့။ ထိုအခိုက်မှာပင် သူငယ်မလေး၏လက်အစုံက သစ်သီးပွဲဆီသို့ လှမ်းဝင်လာသည်။

"ဟိတ်-ကောင်မလေး ဒါဘာလုပ်တာလဲ"

ဦးကံမြင့်၏ဟန့်တားသံက မဏ္ဍာပ်အတွင်း ဟိန်းထွက်လာသည်။ သူငယ်မလေးပုံစံက သူခိုးလူမိသည့်ဟန်ဖြင့် တွန့်ခနဲဖြစ်သွားသည်။ သံဃာစင်ပေါ်တွင်ရှိနေသည့် ဦးကံမြင့်ကို သူငယ်မလေးမြင်သွားချေပြီ။

"ဟိတ်- ကလေးမ မေးနေတယ်လေ",

မေးပင်မေးသော်လည်း ဦးကံမြင့် အဖြေမရ။ သူငယ်မလေးက တုဏှိဘာဝေနှုတ်ဆိတ်နေသည်။ ဦးကံမြင့်ထိုင်ရာမှထကာ သူငယ်မလေး၏အခြေအနေကို အကဲခတ်လိုက်သည်။ သူတို့နှစ်ယောက် မျက်လုံးချင်းဆုံမိသွားသည်။ သူငယ်မလေး၏ မျက်လုံးအစုံတွင် မျက်ရည်များဝေလျှံနေသည်။ ခြောက်သွေ့အက်ကွဲနေသော နှုတ်ခမ်းကမူ တဆတ်ဆတ် တုန်ယင်နေလျက်ရှိ၏။ သူငယ်မလေး၏မျက်နှာပေးကိုကြည့်ပြီး ဦးကံမြင့်စကားမဆက်နိုင်တော့။ စားပွဲပေါ်ရှိ ပန်းသီးများကိုတစ်လှည့် ဦးကံမြင့်ကိုတစ်လှည့်စီကြည့်ပြီးနောက် သူငယ်မလေးတစ်ယောက် မဏ္ဍာပ်အတွင်းမှ ချာခနဲလှည့်ပြန်ကာ အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ထိုအချိန်အထိ ဦးကံမြင့်အဖို့ မတုန်မလှုပ် ကျောက်ရုပ်။ ရွာစဉ်တစ်လျှောက်မှ ဝေါခနဲဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများကြောင့် ပတ်ဝန်းကျင်ကို ဦးကံမြင့် သတိပြန်ထားမိလိုက်သည်။ မည်သည့် အကြောင်းကြောင့်မသိ။ ထိုအချိန်မှ ဦးကံမြင့် ကြက်သီးတဖြန်းဖြန်းထလာသည်။ သောက်လက်စစီးကရက်ကိုထိုးခြေကာ အိပ်ရာပြန်ဝင်လိုက်သည်။ ညကား ပြန်လည်တိတ်ဆိတ်သွားပြီ ဖြစ်သည်။

❑

ဦးကံမြင့် အိပ်ရာကနိုးတော့ နံနက်ခြောက်နာရီ။ ရှင်ပြုပွဲအတွက် ပြင်ဆင်မှုများပင် ပြုလုပ်နေပြီဖြစ်သည်။ ဦးကံမြင့် မျက်နှာသစ်၊ သွားတိုက်ကာ အပေါ့အပါး အမြန်သွားလိုက်ပြီး ညက တွေ့ခဲ့သည့်သူငယ်မလေးသည် မည်သူမည်ဝါဆိုသည်ကို ဦးကျော်ထိုက်အား မေးမြန်းရန် စိတ်ကူးထား၏။ မှန်သည်။ သူငယ်မလေး၏ ညှိုးငယ်နေသောမျက်နှာကို မျက်လုံးထဲကမထွက်နိုင်သေး။

"ဦးကံမြင့်ရေ ရွာတောင်ပိုင်းကို ခဏလိုက်ခဲ့ဦးဗျာ။ ကျွန်တော်နဲ့ ဆွေမျိုးမကင်းတဲ့တူမလေးတစ်ယောက် ဒီမနက်ကပဲဆုံးသွားလို့တဲ့။ ကျွန်တော်တို့လည်း ဒီနေ့ပြန်မှာဆိုတော့ ရောက်တုန်း ဝင်အားပေးသတင်းမေးတဲ့သဘောပေါ့"

ဦးကျော်ထိုက်ခေါ်ဆောင်ရာသို့ ဦးကံမြင့် လိုက်ခဲ့ရပြန်သည်။ နာရေးဆိုတော့လည်း ငြင်းလို့မကောင်း။ သို့ဖြင့် နာရေးအိမ်သို့ ရောက်ခဲ့တော့သည်။ နာရေးအိမ်သည် ထန်းတပင်မြစ်ကိုဆင်းသော လမ်းအနီးတွင်ရှိသည်။ ခနီမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ သုံးပင်တစ်ခန်း တဲသာသာအိမ်ကလေး။ အိမ်ရှေ့ကပြင်ပေါ်တွင် အလောင်းကိုပြင်ထားသည်။ သေသူ၏မိခင်ဖြစ်သူက ဦးကျော်ထိုက်ကိုဆီးကြို၍ ငိုချင်းချတော့သည်။

"မောင်ကျော်ထိုက်ရေ့ မင်းတူမအဖြစ်က ဆိုးပါတယ်ကွယ်။ သူ့မသေခင် ပန်းသီးလေး စားသွားချင်တယ်တဲ့။ ပန်းသီးဆိုတာ မြို့မှာပဲရှိတာမဟုတ်လား။ မပြည့်စုံတဲ့ဘဝမို့ သွားလေသူ မင်းတူမရဲ့ဆန္ဒကို မဖြည့်ဆည်းနိုင်ခဲ့ဘူးကွယ် အီး ဟီး ဟီး"

မိခင်ဖြစ်သူ၏ ကြေကွဲဖွယ်ငိုချင်းကြောင့် ဦးကျော်ထိုက်က စုတ်တသပ်သပ်ဖြစ်နေသော်လည်း ဦးကံမြင့်ကမူ ခေါင်းပုတ်လောက်ကြီးသွားသည်။ သွားလေသူ သူငယ်မလေးက ပန်းသီးစားချင်သည်ဟု တောင့်တသွားသည်ဟူသော စကားက ဦးကံမြင့်ကို ဖမ်းစားနေသည်။ ဦးကံမြင့်တို့နှစ်ယောက် သွားလေသူ သူငယ်မလေးကို အသုဘရှုရန် ပြိုင်တူကြည့်လိုက်သည်။ သရက်အထည်လုံ့ခြည်အသစ်၊ အညာရက်ဖျင်ရင်ဖုံးအကျီ၊ မျက်နှာတွင် သနပ်ခါးအဖွေးသားလိမ်းကျံ၍ ပြင်ဆင်ထားသည့် သူငယ်မလေး၏ရုပ်ကလာပ်က ဝါးကတ်ပေါ်တွင် အခန့်သားငြိမ်သက်နေသည်။ တွေ့လိုက်ရသည့်မြင်ကွင်းက ဦးကံမြင့်အဖို့ နှလုံးခုန်ရပ်လုမတတ်ဖြစ်သွားသည်။

"ဘယ်အချိန်က ဆုံးသွားတာလဲ အစ်မ"

"နံနက်သုံးနာရီက ဆုံးတာပါပဲကွယ်"

ဦးကျော်ထိုက်အမေးကို သွားလေသူ၏မိခင်က ငိုသံစွက်ကာ အဖြေပြန်ပေးသည်။

ဦးကံမြင့် ကြက်သီးထရပြန်သည်။ ဦးကျော်ထိုက်တစ်ယောက် အစ်မဖြစ်သူကို နှစ်သိမ့်အားပေးကာ ကူငွေပေးပြီးနောက် နာရေးအိမ်မှပြန်ခဲ့ကြသည်။ အလှူမဏ္ဍာပ်မှ ဒိုးသံတချို့ဒိန်းဒိန်းပျံ့လွင့်လာသည်။ ထိုအချိန်အထိ ဦးကံမြင့်၏ ရင်အစုံသည်လည်း တဂျိန်းဂျိန်းဖြစ်နေဆဲ။ မှန်သည်။ ပန်းသီးစားချင်သောရွာသူလေးသည် ဘဝတစ်ပါးသို့သွားလေသူလေးဖြစ်သည်ကို ဦးကံမြင့်တစ်ယောက် သိလိုက်ရသောကြောင့် ဖြစ်လေတော့သတည်း။

*သဒိသ် ပါကံ့ဇနေတိ*

ငွေစိုး (ရွှေကြန့်မြေ)



www.burmeseclassic.com

www.burmeseclassic.com

ဧပြီလ၏ ရုံးပိတ်ရက်များသည် မိသားစုတော်တော်များများအား ပြန်လည်တွေ့ဆုံရန် အခွင့်အရေးရကြသည်။ ထိုပိတ်ရက်တွင် ခရီးသွားများများလွန်းသောကြောင့် ကားဆရာများ စီးပွားအဖြစ်ဆုံးလဟု ခေါ်လျှင်လည်း မှားမည်မထင်ပါ။

ရန်ကုန်မြို့နေ ဦးနီနှင့် ဒေါ်ခင်နုနု မိသားစုကတော့ ထိုပိတ်ရက်များတွင် ပုဂံနှင့်ပုပ္ပားသို့ခရီးထွက်လာသည်။

ခရီးမသွားမီ ဒေါ်ခင်နုနုအိပ်မက် မက်သည်မှာ -

"ပုပ္ပားတောင်ကလပ်ကိုတက်ရင် သက်န်းတစ်စုံနဲ့ ဆေး (၉) မျိုးဝယ်သွား၊ ပထမဆုံးတွေ့တဲ့ သံဃာတော်ကိုကပ်လိုက်။ နင့်ဘဝအတွက် အရေးကြီးတဲ့ စကားကိုပြောလိမ့်မယ်"

ဟု မက်လေသည်။

ဘယ်ကပုဂ္ဂိုလ်မှန်းလဲမသိ။ မျက်နှာလည်းမမှတ်မိ။ ပြောသည့်စကားကိုတော့ လုံးစေ့ပတ်စေ့မှတ်မိနေသည်။

ဦးနီအားအိပ်မက်အကြောင်းရှင်းပြရာ ဦးနီမှ -

"ဘာပဲဖြစ်ဖြစ် သင်္ကန်းနဲ့ဆေးလှူတာ ကောင်းတဲ့ကိစ္စပဲ။ ပြည့်စုံအောင်ဝယ်လိုက်ပါမယ်"

# မောင်မောင်သန်းထွန်း

## အသက်ခြွေအစွေ

ဟု ပြောဆိုပြီး ခရီးမထွက်ခင် ပြည့်စုံအောင်ဝယ်လိုက်သည်။ ဦးနီတို့ခရီးစဉ်သည် ရန်ကုန်မှ ကျောက်ပန်းတောင်း၊ ထိုမှ ပုပ္ပားတောင်တက်ရန် အစီအစဉ်ပင်။ ပုပ္ပားပြီးမှသာ ပုဂံနှင့်ညောင်ဦးကိုခရီးဆက်ကြမည်ဟုဆုံးဖြတ်ထားကြသည်။

ပုပ္ပားတောင်ကလပ်သို့ ညနေ (၄) နာရီတွင် ရောက်လာသည်။ အခန်းတာဝန်ခံဘုန်းတော်ကြီးထံ သတင်းပေးလိုက်၍ မိသားစုတည်းနိုင်ရန် အခန်းတစ်ခန်းရလိုက်သည်။ ထိုတည်းခိုခန်းသည် ရေမီးအစုံရှိသည်။ ဖျာရှိသည်။ အိပ်ရာလိပ်ကိုသာ ကိုယ့်ဘာသာ ယူလာရသည်။ ဘယ်နှရက်တည်းတည်း သဒ္ဓါရှိသလောက်လှူရုံနှင့် ကိစ္စပြီးလေသည်။ ပုပ္ပားတောင်ကလပ်တွင် ဆရာတော်ကြီးတည်ဆောက်ထားသော ဘုရားဖူးဇည့်ဆောင်များမှာ မနည်းလှ။ အလွန်စိတ်ချမ်းမြေ့ဖွယ်ကောင်းသော ဘုရားဖူးခရီးစဉ်ဖြစ်ကြောင်း သွားဖူးသူတိုင်း သိကြပါလိမ့်မည်။

ဦးနီနှင့် ဒေါ်ခင်နုနုတို့က သင်္ကန်းတစ်စုံနှင့် ဆေး (၉)မျိုးအထုပ်ကိုကိုင်၍ ပုပ္ပားတောင်ကလပ်သို့ တက်လာကြသည်။ လှေကားထစ် (၁၅၀) ကျော်လောက်တွင် တောင်အောက်သို့ပြန်လည်ကြွရန်ဟန်ပြင်နေသည့် သံဃာတော်တစ်ပါးကို တွေ့လိုက်သည်။

'ပုပ္ပားတောင်ကလပ်ကိုတက်ရင်





www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးတွေ့တဲ့သံဃာတော်ကိုသင်္ကန်းနဲ့ဆေးကိုကပ်လိုက်'

ဟု အမှာစကားကို ကြားယောင်ပြီး- -

"ခေတ္တခဏရပ်တော်မူပါဦးဘုရား။ အရှင်ဘုရားကို သင်္ကန်းနဲ့ဆေးလှူလိုပါတယ်။ ဒီအလှူကိုခွင့်ပြုပေးပါဘုရား"

ဟု ဦးနီက လျှောက်လိုက်သည်။

ထိုသံဃာတော်က ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုလိုက်သည်။ ထို့နောက် ဦးနီတို့မိသားစုရှေ့တွင် သူ၌အသင့်ပါသည့် နေကထိုင်ကိုဖြန့်ခင်းပြီး စက္ကူခြွေချ၍ထိုင်လိုက်သည်။ ဒေါ်ခင်နုနုက အသင့်ယူလာသည့်သင်္ကန်းနှင့်ဆေး(၉)မျိုးအထုပ်အား -

"အရှင်ဘုရားအတွက် ဤသင်္ကန်းနဲ့ဆေးကို ဆက်ကပ်ပါ၏ ဘုရား"

ဟု လျှောက်ထား၍ ကပ်လိုက်သည်။ သံဃာတော်က ထိုအလှူကို လက်ခံ၍ ခေတ္တအတန်ငယ်ငြိမ်၍ တစ်ခုခုအားအာရုံခံနေသည်။ ထို့နောက် ဦးနီတို့မိသားစုအား ငါးပါးသီလပေး၍ အပြီးတွင် -

"အင်း-သင်္ကန်းလှူတဲ့ဒကာမကြီးကို ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေရအောင် အစေ့ပါတဲ့ အသီးမှန်သမျှရှောင်ပါလို့ ဘုန်းတော်ကြီးက စကားလက်ဆောင်ပေးလိုက်မယ်။ကဲ-ကျန်းမာချမ်းသာကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆုပေး၍ နေကထိုင်ကိုသိမ်းပြီး တောင်အောက်သို့ ကြွသွားသည်။ ဒေါ်ခင်နုနုက ဘယ်လိုဆုကြီးပါလိမ့်ဟု ဘုန်းတော်ကြီးပြောစဉ်မှာပင် တော်တော်ရယ်ချင်နေပါသည်။ မနည်းဘရိတ်အုပ်ထား၍ အသံတော့ထွက်မသွား။အဆင်းလှေကားတွင် ထိုဘုန်းတော်ကြီးပျောက်သွားမှသာ -

"အစေ့မပါတဲ့အသီးဆိုရင် ယိုးဒယားဆီးသီး၊ သီဟိုဠ်ဆီးချိုသီး၊ ငှက်ပျောသီး၊ နာနတ်သီး၊ ဘူးသီး၊ ဂေါ်ရခါးသီးတွေတော့စားလို့ရမှာပေါ့နော်"

ဟု မိသားစုအား ရယ်ရယ်မောမောပြောနေမိသည်။ ခရီးစဉ်အတိုင်း ပုပ္ပားမှ ညောင်ဦး၊ ညောင်ဦးမှ ပုဂံသို့သွားကြ၍ ဘုရားတွေစုံအောင်ဖူးလိုက်သည်။ နှစ်ဆန်း (၂) ရက်နေ့ရောက်မှ ရန်ကုန်သို့ပြန်ကြသည်။ ဧပြီလသည် မြန်မာပြည်၏ အပူဆုံးလဖြစ်သလို ဦးနီတို့မိသားစုက ထီးဗလာနှင့် ဘုရားဖူးထွက်ခဲ့ခြင်းကြောင့် ဒေါ်ခင်နုနုက အပူဖျားပန်းဖျားဖျားတော့သည်။ လမ်းထိပ်မှ သွားနေကျဆရာဝန်အားသွားပြရာ -

"အပူဖျားပါ၊ ကိစ္စမရှိပါဘူး။ ဆေးကို မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပါ။ ညပိုင်းမှာ ဝမ်းနုတ်လိုက်ပါ"

ဟု အကြံပေးလိုက်သည်။

သို့သော် ဒေါ်ခင်နုနုမှာ အဖျားကျသော်လည်း လည်ချောင်းကနာနေသဖြင့် ဆရာဝန်ထံသွားပြရာ ဆရာဝန်က လည်ချောင်းကိုစစ်ဆေး၍ -

"လည်ချောင်းနဲ့ဆိုင်တဲ့ရောဂါဆိုရင် နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်ဆီသွားမှကောင်းလိမ့်မယ်"

ဟု အကြံပြုလိုက်သဖြင့် နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်ထံရောက်လာသည်။ ဆရာဝန်က လည်ချောင်းကို ဓာတ်မှန်ရိုက်ပါဟုညွှန်ကြားသောကြောင့် ရိုက်ကြည့်ရာ အစာမျိုသည့်အစာပြွန်ကျဉ်းနေကြောင်း ဓာတ်မှန်က အဖြေထွက်လာသည်။ ဒီရောဂါကို ဘယ်လိုကုရမလဲဟု ဦးနီကမေးရာ -

"ဒီကေ့(စ်)က ခွဲစိတ်ကုမှရတယ်ဗျ။ ခွဲမယ်ဆိုရင် ကျွန်တော့်ထက်တော်တဲ့ ကျွန်တော့်ဆရာကြီးရှိတယ်။ သူက ခွဲစိတ်မှုမှာ ရွှေတံဆိပ်(၅)ခုတောင်ရထားတာ၊ သူ့ဆီမှာအပ်လိုက်ပါ။ ခင်ဗျားဘာမှစိုးရိမ်စရာမလိုတော့ပါဘူး"

ဟု အကြံပေးနေသဖြင့် ရွှေတံဆိပ်(၅)ခုရ ဆရာဝန်ကြီးထံအပ်လိုက်သည်။ ခွဲစိတ်မည့်သူအား လုပ်လေ့လုပ်ထရှိသည့် ဆီးချိုခြင်း၊ ဝမ်းချုခြင်း၊ အစာအိမ်ထဲမှ အစာများထုတ်ခြင်းများပြုလုပ်ပြီးနောက် ခွဲစိတ်ခြင်းကို စတင်ခဲ့သည်။ ရွှေတံဆိပ်ဆုရှင်ဆိုသည့်အတိုင်း ခွဲစိတ်ချိန် (၁) နာရီနှင့် အားလုံးပြီးသွားသည်။ ဒေါ်ခင်နုနုကို (၄၈) နာရီ အဖတ်စားခွင့်မပြု။ နှာခေါင်းပိုက်မှ အရည်လောက်သာအချိန်နှင့်သွင်းရသည်။(၂)ရက်ကျော်မှသာ ဆန်ပြုတ်ကို အရင်သောက်ခွင့်ရလေသည်။

ဆေးရုံတွင် (၁၀) ရက်ခန့်နေ၍ ဆရာဝန်ကြီးက စိတ်ချရမှသာ ဆေးရုံက ဆင်းခွင့်ပြုလိုက်သည်။ ဆေးရုံကမဆင်းမီ ဆရာဝန်ကြီးက -

"ခင်ဗျားအိမ်ပြန်ရောက်ရင်အစားမာမာမစားနဲ့။ ထမင်းလုတ်ကိုလည်း သေးသေးလေးနဲ့ညက်ညက်ဝါးပြီးမှမျိုချ။ အထူးသဖြင့် အစေ့ပါတဲ့သစ်သီးတွေကို ရှောင်ပေါ့ဗျာ"

ဟု သတိပေးလိုက်သည်။

ဆရာဝန်ကြီးစကားကြားတော့မှ ဦးနီက ပုပ္ပားတောင်ကလပ်တွင် တွေ့ဆုံခဲ့သော သံဃာတော်တစ်ပါး၏စကားကို သတိရသွားသည်။ ထိုသံဃာတော်ကလည်း အစေ့ပါတဲ့အသီးမှန်သမျှရှောင်ပါဟုပြောခဲ့တာပဲ။ ဒီသံဃာတော်ဟာ ဘာမှမခွဲမစိတ်ရသေးခင် ကြိုတင်ပြီးပြောခဲ့ပါလား။ ငါတို့ တကယ်ကို ထူးမြတ်တဲ့သံဃာတော်ကိုကပ်ခဲ့ရတာပဲဟု အံ့ဩမဆုံးဖြစ်၍နေလေသည်။

သည်လိုနှင့် ဒေါ်ခင်နုနု ပြန်၍ကျန်းမာလာတော့သည်။ ဆရာဝန်ကြီးနှင့်သံဃာတော်မှ တားမြစ်ထား၍ ဘာအသီးမှမစားဖြစ်။ ထမင်းစားတောင်နည်းနည်းကို ကြာကြာဝါးစနစ်ကြောင့် အစစအရာရာ အဆင်ပြေနေသည်။ ယခုဆိုလျှင် ခွဲစိတ်ပြီးသည်မှာ (၂) နှစ်ကျော်ပင်ရှိခဲ့၍ ဆရာဝန်ကြီးနှင့်သံဃာတော်၏အမှာစကားများကို မေ့ပျောက်စပင်ပြုခဲ့လေပြီ။

ဒေါ်ခင်နုနုက အသီးအနှံထဲတွင် မင်းကွတ်သီးကိုအကြိုက်ဆုံး။ မင်းကွတ်သီးမြင်လျှင် ငယ်ငယ်ကပင် မစားဘဲမနေနိုင်။ တစ်နေ့ တောင်ကြီးမှ တူမတစ်ယောက်က ထောပတ်သီးနှင့် မင်းကွတ်သီးကို လက်ဆောင်အဖြစ်ယူလာသည်။ ဒေါ်ခင်နုနုက မင်းကွတ်သီးမြင်လိုက်၍ အရည်စုပ်ပြီး အစေ့ကိုထွေးလိုက်လျှင်ပြီးတာပါပဲ။ နှစ်နှစ်ကျော်ပြီဖြစ်လို့ အစာအိမ်လမ်းကြောင်းလည်း ကောင်းနေပါပြီဟု မိမိဘာသာဆင်ခြေပေး၍ မင်းကွတ်သီးကြီးကြီးလှလှတစ်လုံးကို အရင်ဆုံးရွေးလိုက်သည်။ မင်းကွတ်သီးအနှစ်များကို မျိုချရာတွင် ချောမွေ့နေသော မင်းကွတ်သီးအစေ့တအုမှတ်မထင် အရည်နှင့်ရောထွေး၍ ဝမ်းတွင်းသို့ပါသွားသည်။ ဝမ်းထဲတွသည်ဆိုသော်လည်း အစာအိမ်ထဲသို့တိုက်ရိုက်ဆင်းသွားခြင်းမဟုတ်။ အစာအိမ်လမ်းကြောင်းအား ပြန်ချုပ်ထားသည့်နေရာတွင် သတ်ရိုက်ထားသလိုတစ်၍နေတော့သည်။

ဤလမ်းကြောင်းသည် နှာခေါင်းနှင့် အဆုတ်တို့ ရှူသွင်းရှူထုတ်လုပ်ရာတွင်ဖြတ်သွားရသည့် လေပြွန်လမ်းကြောင်းဖြစ်နေ၍ သွင်းပြီးသားလေတို့အပြင်ကိုပြန်၍ထုတ်လို့မရတော့။ စကားလည်း ဘာမှမပြောနိုင်။ ခြေကားယားလက်ကားယားဖြစ်ကာ နောက်ပြန်လန်၍လဲသွားမှသာ ဘေးလူများက ဘာဖြစ်တာလဲဟု ပြေး၍ပွေ့ကြသည်။ ဦးနီရောက်လာချိန်တွင် ဒေါ်ခင်နုနုက လုံးဝမလှုပ်တော့။

အရေးပေါ်ဆေးရုံကားနှင့်ဆေးရုံကိုပြေးသော်လည်း အရေးပေါ်ခန်းရောက်မှ ဇီဝိန်ချုပ်သွားသည်။ ဆေးရုံကြီးစည်းမျဉ်းစည်းကမ်းများအရ ဆေးရုံရောက်ပြီး (၂၄) နာရီအတွင်း သေဆုံးပါကား ရင်ခွဲစစ်ဆေးရလေသည်။ ဒေါ်ခင်နုနု၏သေဆုံးရခြင်းကိုစစ်ဆေးရာ အစာပြွန်လမ်းကြောင်းဆက်ထားသည့်နေရာထိပ်တွင် မင်းကွတ်သီးအစေ့က အံဝင်ခွင်ကျရောက်နေသည်၊ ဤမင်းကွတ်သီးအစေ့ကြောင့် အသက်ရှူလမ်းကြောင်းပိတ်ကာ သေရခြင်းကို အဖြေရှာ၍တွေ့သွားသည်။

ယခုမှ ပုပ္ပားတွင် တွေ့ခဲ့သော သံဃာတော်တစ်ပါးမှ -

"အသက်ရှည်ရှည်နေရအောင် အစေ့ပါတဲ့အသီးမှန်သမျှရှောင်ပါ"

ဆိုတဲ့စကားဟာ တကယ့်ကိုအသက်ကယ်တဲ့ ဟောချက်ပါလားဟု ဦးနီက အခုမှသိသွားသည်၊ ဤဟောချက်ကို ဉာဏ်ရည်မီသူများမဟုတ်၍ ကျောချမှ ဓားပြမှန်းသိတဲ့အစားထဲမှာ ငါတို့ပါနေပါလားဟု ယူကျုံးမရဖြစ်၍နေပါတော့သည်။

(ဂေါပကလူကြီးဦးနီ၏ဖြစ်ရပ်မှန်ကို ရေးဖွဲ့ခြင်းဖြစ်ပါသည်။)

မောင်မောင်သန်းထွေး



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဓရမြန်မာ့အင်္ဂရိုဝှက်ပညာ

၆၁

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗွေဒ)

## ဝိဇ္ဇာဓရလောက ဝေါဟာရများ

**၁(အ)မသေလျှင် အဝိဇ္ဇာ၊ (အ)သေလျှင် ဝိဇ္ဇာ**

ဝိဇ္ဇာဓရလောက ဝေါဟာရများ အနက် နောက်ထပ် အရေးပါသည့် စကားမှာ (အ) မသေလျှင် အဝိဇ္ဇာ၊ (အ) သေလျှင် ဝိဇ္ဇာ ဟူသည်ပင် ဖြစ်၏။ စဉ်းစားလေနက်လေဖြစ်၏။ အလွန်ပင် ကျယ်ပြန့်သည့်သဘောဆောင်သကဲ့သို့ လောကီလွန်ကိစ္စအားလုံးအတွက်လည်း အချုပ်ဖြစ်၏။ ဤတွင် (အ)၊ အက္ခရာသည် အရေးပါသော အနေအထား၌ ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်၏။ (အ) တစ်လုံး၏ သေခြင်း၊ မသေခြင်းသည် အရေးပါသော အဆုံးအဖြတ်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။

ဤတွင် (အ)သည် ဆန့်ကျင်ဘက် သဘောကိုဆောင်သည့် အဓိပ္ပာယ်ကို သက်ရောက်စေကြောင်း ဖော်ဆောင်နေသကဲ့သို့ရှိနေပါသည်။ သို့သော် ဤဝေါဟာရသည် လောဘ၊ ဒေါသ၊ မောဟတို့ကဲ့သို့မဟုတ်ပေ။ လောဘ၏ ဆန့်ကျင်ဘက်သည် အလောဘဖြစ်၏။ ဒေါသ၏ဆန့်ကျင်ဘက်သည် အဒေါသ ဖြစ်၏။ မောဟ၏ဆန့်ကျင်ဘက်သည် အမောဟဖြစ်၏။ ဤတွင် အလောဘ စသည်တို့သည် ကောင်းမြတ်သည့် သဘောကိုဆောင်စေပြီး အဝိဇ္ဇာကား မကောင်းသောသဘောကို ဆောင်နေသဖြင့် (အ)အက္ခရာသည် ကောင်းသည့် အဓိပ္ပာယ်ရှိသော ဝေါဟာရနှင့် တွဲလိုက်သောအခါ မကောင်းမှုသဘောဆောင်စေပြီး မကောင်းသည့်အဓိပ္ပာယ်ရှိသော ဝေါဟာရနှင့်တွဲလိုက်သောအခါ ကောင်းသည့်သဘောကိုဆောင်စေပါသည်။

ဤတွင် တစ်နည်းအားဖြင့် (အ) အက္ခရာနှင့်ပတ်သက်ပြီး နောက်တစ်မျိုးစဉ်းစားကြည့်ရန်မှာ (အ)အက္ခရာသည် မူလ အဝိဇ္ဇာ ဟူသော ဝေါဟာရ ပေါ်လာကတည်းက တစ်ပြိုင်နက်တည်း ပါရှိလာခဲ့ပြီး ဖြစ်၏။ ထို (အ) အက္ခရာကိုပင် မသေသေးသော(အ)နှင့် သေပြီးသော (အ) အဖြစ်သာ ပိုင်းခြားနိုင်ပါက (အ) အက္ခရာသည် ဝိဇ္ဇာ ဟူသော ဝေါဟာရနှင့်တွဲစပ်ထားသော်လည်း ထို (အ) သည် သေပြီးသော (အ) ဖြစ်ပါကလည်း ကောင်းမြတ်သည့်သဘောပင် သက်ရောက်စေနိုင်မည် ဖြစ်ပါသည်။

ဤနေရာတွင် လူအများအမြင်၌



www.burmeseclassic.com

www.burmeseclassic.com

(အ) အက္ခရာတစ်လုံးတည်းကို သေအောင်သတ်နိုင်လျှင် ကိစ္စပြီးပြီဟု ထင်စရာရှိပါသည်။ အမှန်ကား ထို(အ)သည် သူ၏ ပုဂ္ဂလိကအဓိပ္ပာယ်တစ်ခုမျှသာ မဟုတ်ပေ။ အခြားသော အက္ခရာ (၃၂) လုံး စုစုပေါင်းအက္ခရာ (၃၃) စလုံးတို့၏ အဓိပ္ပာယ်ကိုပါ ကိုယ်စားပြုထားခြင်းပင် ဖြစ်ပေ၏။ မြန်မာအက္ခရာတို့တွင် (က) အစ (အ) အဆုံးဟု ဆိုလေ့ရှိပါသည်။ ထို့ကြောင့် (အ) သည် အဆုံးဓာတ်ပင် ဖြစ်နေ၏။ ထို့ကြောင့် (အ) သေပြီဆိုလျှင် (က) အစ ကျန်သော အက္ခရာ (၃၂) လုံးစလုံးသေပြီးပြီဟု သတ်မှတ်ယူသင့်၏။

အကယ်၍ ကျန်သောအက္ခရာထဲမှ တစ်လုံးလုံးသည် မသေသေးလျှင် အဆုံးဖြစ်သော (အ) အက္ခရာလည်း မသေသေး ဟူ၍ မှတ်ယူနိုင်မည်ဖြစ်၏။ ဤတွင် (အ) မသေသေးသော အဝိဇ္ဇာနှင့် (အ) သေပြီးသော ဝိဇ္ဇာဆိုင်ရာတို့နှင့် ပတ်သက်သည့် ဗုဒ္ဓဝါဒသဘောတရားတို့သည် များစွာဖော်ထုတ်ခဲ့ပြီးဖြစ်သဖြင့် ဤနေရာတွင် ဝိဇ္ဇာဓရပညာရပ်နှင့်ပတ်သက်သည်များကို အဓိကတင်ပြလိုပါသည်။ ဝိဇ္ဇာဓရပညာရပ်နှင့်ပတ်သက်သည်များကို အဓိကတင်ပြလိုပါသည်။ ဝိဇ္ဇာဓရပညာရပ်တွင် အင်္ဂရတ်ပညာ၊ အင်းပညာ၊ ဗေဒင်ပညာ၊ မန္တန်ပညာရပ်များ ပါဝင်သဖြင့် ထိုပညာရပ်များဖြင့် သုံးသပ်ကြည့်ပါမူ အောက်ပါအတိုင်းတွေ့ရမည် ဖြစ်ပါသည်။

အင်္ဂရတ်ပညာရပ်ဖြင့် သုံးသပ်ကြည့်ရှုပါက (အ) အက္ခရာသည် တနင်္ဂနွေဂြိုဟ်ပိုင်သောနေရာတွင်ရှိသဖြင့် ထိုဂြိုဟ်ခွင်တွင်ရှိသော ဓာတ်ပစ္စည်းကို ကြည့်ရှုသောအခါ 'နာ' ကို တွေ့ရမည် ဖြစ်၏။ ဂြိုဟ်ခွင်များနှင့်ဓာတ်ပစ္စည်းများရပ်တည်မှု ယှဉ်ထပ်လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်၏။

**ဂြိုဟ်ခွင်များနှင့်**
**အင်္ဂရတ်ဓာတ်ပစ္စည်းများ**

| | | |
|---|---|---|
| ၁<br>နာ | ၂<br>ကြွပ် | ၃<br>သံ |
| ၆<br>သွပ် | | ၄<br>ဘင် |
| ၈<br>ဘော် | ၅<br>ပြဒါး | ၀<br>ဒန် |

ထို့ကြောင့် တနင်္ဂနွေဂြိုဟ်နှင့်ဆိုင်သော ဓာတ်ပစ္စည်းမှာ နာ ဖြစ်၏။ သို့ပါ၍ မြန်မာ့ရိုးရာဗေဒင်ပညာတွင် ဂြိုဟ်အားလုံး၏ အကြီးအမှူးအချုပ်သည် တနင်္ဂနွေဂြိုဟ်ဖြစ်၏။ ထိုတနင်္ဂနွေဂြိုဟ်နေမင်းကိုပင် အခြားသောဂြိုဟ်များက ဝန်းရံလှည့်ပတ်ကြရ၏။ ဤစကြဝဠာ၏ အကြီးအမှူးအချုပ်သည် နေ (တနင်္ဂနွေဂြိုဟ်)၊ လောက၏အကြီးအမှူးသည် ဗုဒ္ဓဘုရား၊ နိုင်ငံတစ်နိုင်ငံ၏အကြီးအမှူးသည် သမ္မတ၊ အိမ်တစ်အိမ်၏ အကြီးအမှူးသည် အိမ်ထောင်ဦးစီးဖခင်စသည်တို့ကို တနင်္ဂနွေဂြိုဟ် အုပ်စိုး၏။

ထို့အတူ အင်းစမပညာ၊ မန္တန်ပညာတို့တွင်လည်း (အ) အက္ခရာ အပါအဝင် (အ) သရ စသည့်တို့ကိုလည်း တနင်္ဂနွေဂြိုဟ်ပင် အုပ်စိုး၏။ ထို့ကြောင့် မြန်မာ့ဝိဇ္ဇာဓရပညာတွင် တနင်္ဂနွေဂြိုဟ်ကို အဓိကပင်မမဏ္ဍိုင်အဖြစ်ထားပြီး အသုံးပြုသည်ကို တွေ့ရမည် ဖြစ်၏။ ထိုကိုပင် နေ၊ လနှစ်ပါးဟု ခေါ်၏။ ထိုနေ လနှစ်ပါးသည်ပင် လောကကိုချုပ်ကိုင်၏။ ထို့အတွက် လောကရှိအရာရာတိုင်းတို့သည် နေ၊ လနှစ်ပါးတို့ကြောင့် ဖြစ်ပျက်ပြုပြင်ပြောင်းလဲလာကြရ၏။

မြန်မာအက္ခရာတွင်ရှိသော ဗျည်း (၃၃) လုံး၊ သရ (၈) လုံး စုစုပေါင်း ဝဏ္ဏ (၄၁) တို့သည်ပင်လျှင် နေ၊ လတို့မှဆင်းသက်လာခြင်း ဖြစ်၏။ ဤနေရာတွင် မြန်မာအက္ခရာဗျည်း (၃၃) လုံးနှင့် ပတ်သက်ပြီး အနည်းငယ်ဆိုရန်ရှိပါသည်။ ထို ဗျည်း (၃၃) လုံးဖြင့်ပင် မြန်မာ့အင်းစမပညာ၊ မြန်မာ့နက္ခတ်ဗေဒင်ပညာ၊ မန္တန်ပညာတို့ကို အခိုင်အမာဖွဲ့စည်းထားပါသည်။ အထူးသဖြင့် ထွက်ရပ်ပေါက်အင်းစမပညာတွင် မြန်မာ့ဗျည်းအက္ခရာ (၃၃) လုံးကို အတိအကျအသုံးပြုထားသည်ကို တွေ့ရမည် ဖြစ်၏။

ကပ္ပလက်ာရ ထွက်ရပ်ပေါက်ကျမ်းတွင် လေးကျွန်း၊ လေးသမုဒ္ဒရာ တစ်မြင်းမိုရ်ပုံစံဖြင့်ပင် ဋ္ဌသန်လျင်းချိတ် (ဋ္ဌ၊ သ၊ ည၊ က)၊ (က၊ ရ၊ ဗ၊ ဓ) စသည့် မြန်မာ့ဗျည်းအက္ခရာများဖြင့် ထွက်ရပ်ပေါက်ခဲ့သူ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ အတော်ပင် ပေါ်ထွက်ခဲ့ပါသည်။

သို့ပါ၍ မြန်မာအက္ခရာဗျည်း (၃၃) လုံးသည် အကြောင်းတိုက်ဆိုင်ပြီး ပေါ်လာသောအက္ခရာများမဟုတ်ကြပေ။ ထို့အပြင် အခြားသောလူမျိုးတို့ ဗျည်းအက္ခရာတို့ကို မှီငြမ်းကိုးကား၍ ပေါ်ပေါက် လာခြင်းမျိုးလုံးဝမဟုတ်သည်ကို ဖော်ပြလိုပါသည်။

အချို့သော ပုဂ္ဂိုလ်များက မြန်မာအက္ခရာများနှင့်ပတ်သက်ပြီး ဝေဖန်သုံးသပ်ကြရာတွင် မြန်မာအက္ခရာတို့သည် မွန်အက္ခရာတို့မှ ဆင်းသက်လာသည်ဟုလည်းကောင်း၊ မဇ္ဈိမဒေသသုံးအက္ခရာများမှ ဆင်းသက်လာကြသည်ဟုလည်းကောင်း အမျိုးမျိုးဝေဖန်ကြသည်ကို မကြာခဏ တွေ့ရလေ့ရှိပါသည်။

ဤတွင် တစ်ချက်သုံးသပ်ရန်မှာ မွန်အက္ခရာတွင် (၃၅) လုံးရှိ၏။ တချို့မွန်အက္ခရာများ မြန်မာအက္ခရာတွင် မပါပေ။ ထို့ကြောင့် မွန်အက္ခရာကပိုများတိုင်း မွန်အက္ခရာမှ မြန်မာအက္ခရာဆင်းသက်လာသည်ဟု ဆိုရန်မဖြစ်နိုင်ပေ။ ဤသို့များတိုင်း ဆင်းသက်ရမည်ဆိုလျှင် ကရင်အက္ခရာသည် မွန်အက္ခရာထက်ပင် ပိုများ၏။ ကရင်ဗျည်းအက္ခရာတို့သည် (၃၇) လုံးပင်ရှိသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် မွန်အက္ခရာသည် ကရင်အက္ခရာမှ ဆင်းသက်လာခြင်းလောဟုမေးရန် ဖြစ်လာတော့မည် ဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်ပြီး မြန်မာ့ဗျည်းအက္ခရာဆိုင်ရာ ဝိဇ္ဇာဓရပညာရပ်များ၏အသုံးနှင့် ပတ်သက်ပြီး အထောက်အထားယူ သုံးသပ်မည်ဆိုပါက မြန်မာဗျည်းအက္ခရာများအတိအကျအသုံးပြုကာ ဝိဇ္ဇာဓရ ပထမ ထွက်ရပ်ပေါက်ပညာသည် ထင်ရှားသော သမိုင်းမှတ်တမ်းများအရပင် နှစ်ပေါင်း (၃၀၀၀) ကျော်ပြီ ဖြစ်၏။ စမ္ဗာနုဝအင်းပညာ မဂ္ဂဒေဝစက်အင်းပညာများကိုဖော်ထုတ်ခဲ့သောမဂ္ဂဒေဝဆရာတော်၏သက်တမ်းသည်ပင် နှစ်ပေါင်း (၆၀၀၀) ကျော်ပြီ ဖြစ်၏။ ကပ္ပလက်ာရအင်းစမပညာရပ်တို့ကို ပြန်လည်ဖော်ထုတ်ခဲ့သော ဒေဝစက္ခုရှင်ရသေ့၊ ရှင်ဥတ္တမသီရိ စသည့်ပုဂ္ဂိုလ်တို့သက်တမ်းသည်ပင် နှစ်ပေါင်းထောင်ချီနေပြီ ဖြစ်၏။

ထို့ကြောင့် မြန်မာဗျည်းသရအက္ခရာတို့သည် လွန်ခဲ့သောနှစ်ဆယ်ဂဏန်းတွင်မှ ပေါ်ပေါက်ခဲ့သည်မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်ပေါင်းထောင်ပေါင်းများစွာကတည်းကပင် ဗျည်း (၃၃) လုံးကို အခိုင်အမာ အသုံးပြုခဲ့ကြောင်း ပေါ်လွင်ပါသည်။ အဘယ်ကြောင့်ဆိုသော် များယွင်းသော သို့တည်းမဟုတ် အခြားတစ်ပါးသော ဗျည်းအက္ခရာများကို အသုံးပြုလျှင် တိကျသေချာသော



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရပညာရပ်ကြီးများတွင် မည်သည့်နည်းနှင့်မျှ အကျိုးမပြီးနိုင်မည်ကားသေချာလှ၏။ သို့ပါ၍ မြန်မာဗျည်းအက္ခရာ (၃၃) လုံးတို့ကို မြန်မာတို့သည် ယခုလည်း အသုံးပြုနေသည်၊ ရှေးယခင်နှစ်ထောင်ပေါင်းများစွာကတည်းကလည်း တစ်မူတည်းပင် အသုံးပြုခဲ့ကြောင်းမှာ ထင်ရှားသေချာလှပါသည်။ ဤကိစ္စသည် သေချာကြောင်း မည်သည့်အတွက်ကြောင့်ဆိုရပါသနည်းဟူသည်ကို မြန်မာဗျည်းအက္ခရာများနှင့် မြန်မာ့ဝိဇ္ဇာဓရပညာရပ်များ ဆက်စပ်ပုံများကို အနည်းငယ်ဖော်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဗျည်းအက္ခရာများကို စတင်ဖော်ထုတ်ခဲ့သည့် ပုဂ္ဂိုလ်များမှာ သာမန်ပညာရှင်များမဟုတ်ဘဲ ထွက်ရပ်ပေါက်အဘိညာဉ်ရှင် နေမြင်၊ လမြင် ပုဂ္ဂိုလ်ကြီးများက စတင်ဖော်ထုတ်သုံးစွဲခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

## မြန်မာ့ဗျည်းအက္ခရာဆိုင်ရာဝိဇ္ဇာဓရပညာ

မြန်မာ့အဋ္ဌလက်ခွင်ကို ရှေးပညာရှင်များက လက်ာသီကုံးထားသည်မှာ 'အကြောစေဝ မမွဲရံသီ' ဟူ၍ ဂြိုဟ်ရှစ်လုံးအစဉ်ကို ဖော်ပြထားပါသည်။ အစဉ်အတိုင်းကို အရှေ့မြောက်အရပ်မှ လက်ယာရစ်စတင်ပြီး နေရာချထားပါက -

| | | |
|---|---|---|
| အ ၁ | ကြော ၂ | စေ ၃ |
| သီ ၆ | | ၄ ဗ |
| ၈ ရံ | ၅ မွဲ | ၀ ဓ |

အထက်ပါအတိုင်း တွေ့ရမည်ဖြစ်၏။

ဤတွင် တနင်္ဂနွေဂြိုဟ်သက်သည် (၆) နှစ် ဖြစ်၏။ တနင်္လာဂြိုဟ်သက်သည် (၁၅) နှစ် ဖြစ်၏။ အင်္ဂါဂြိုဟ်သက်သည် (၈) နှစ် ဖြစ်၏။ ဗုဒ္ဓဟူးဂြိုဟ်သက်သည် (၁၇) နှစ် ဖြစ်၏။ စနေဂြိုဟ်သက်သည် (၁၀) နှစ် ဖြစ်၏။ ကြာသပတေးဂြိုဟ်သက်သည် (၁၉) နှစ် ဖြစ်၏။ ရာဟုဂြိုဟ်သက်သည် (၁၂) နှစ် ဖြစ်၏။ သောကြာဂြိုဟ်သက်သည် (၂၁) နှစ် အသီးသီး ဖြစ်ကြ၏။

### ပါပဂြိုဟ်ခွင်

| | | |
|---|---|---|
| ၁ | | ၃ |
| | | |
| ၈ | | ၀ |

ဤကား ပါပဂြိုဟ်တို့၏ဂြိုဟ်ခွင်ဖြစ်၏။ ထိုဂြိုဟ်လေးလုံးတို့၏ဂြိုဟ်သက်များကိုပေါင်းပါက (၆+ ၈+ ၁၀+ ၁၂) စုစုပေါင်း (၃၆)နှစ်ဖြစ်၏။ ထိုအထဲတွင် ရာဟုဂြိုဟ်သက်သည် အများဆုံးဖြစ်ပြီး (၁၂) နှစ် ရှိ၏။ တနင်္ဂနွေဂြိုဟ်သက်စသည်တို့တွင် နေ၊ လနှစ်ပါးတိုးသွားသဖြင့် (၆) နှစ်၊ (၈) နှစ်၊ (၁၀) နှစ်၊ (၁၂) နှစ် ဖြစ်ကြ၏။

### သောမဂြိုဟ်ခွင်

| | | |
|---|---|---|
| | ၂ | |
| ၆ | | ၄ |
| | ၅ | |

ဤကား သောမဂြိုဟ်တို့၏ဂြိုဟ်ခွင်ဖြစ်၏။ ထိုသောမဂြိုဟ်တို့၏ဂြိုဟ်သက်များ(၁၅ + ၁၇ + ၁၉ + ၂၁) စုစုပေါင်း (၇၂) နှစ် ဖြစ်၏။ ထိုသောမဂြိုဟ်သက်တို့တွင် ဂြိုဟ်သက်အကြီးဆုံးမှာ သောကြာဂြိုဟ် ဖြစ်၏။ သောကြာဂြိုဟ်သက်သည် (၂၁) နှစ် ဖြစ်၏။ သောမဂြိုဟ်သက်အငယ်ဆုံး တနင်္လာဂြိုဟ်သက် (၁၅) နှစ် အား နေ၊ လနှစ်ပါးစီတိုးသွားပါက (၁၅၊ ၁၇၊ ၁၉၊ ၂၁)-နှစ် အသီးသီးရ၏။

ပါပဂြိုဟ်သက်သည် စုစုပေါင်းသည် (၃၆) နှစ် ဖြစ်ပြီး သောမဂြိုဟ်သက် စုစုပေါင်းသည် (၇၂) နှစ်၏။ ထို့ကြောင့် သောမဂြိုဟ်သက်အားသည် ပါပဂြိုဟ်သက်အားထက် နှစ်ဆများ၏။ ပါပဂြိုဟ်သက်တို့တွင် ဂြိုဟ်သက်အငယ်ဆုံးမှာ တနင်္ဂနွေဂြိုဟ် (၁) ဖြစ်ပြီး သောမဂြိုဟ်သက်တို့တွင် ဂြိုဟ်သက်အငယ်ဆုံးမှာ တနင်္လာဂြိုဟ် (၂) ဖြစ်၏။ ထို



တနင်္ဂနွေဂြိုဟ်သက် (၆) နှစ်နှင့် တနင်္လာဂြိုဟ်သက် (၁၅) နှစ်တို့ကို ပေါင်းပါက (၂၁) နှစ်ရ၏။ ဤ (၂)၊ (၁) နှစ် ဟူသောဂဏန်းတို့သည်ပင် လ၊ နေနှစ်ပါးတို့ကို ကိုယ်စားပြုထား၏။

ထိုလ၊ နေတို့၏ ပုံသဏ္ဌာန်မှာ ဝလုံးသဏ္ဌာန်၊ သုညသဏ္ဌာန်ခပ်ဝိုင်းဝိုင်းပင် ဖြစ်၏။ ထိုခပ်ဝိုင်းဝိုင်းသဏ္ဌာန်ကို မူလပင်မပဓာနထား၍ မြန်မာအက္ခရာတို့ကို မြန်မာထွက်ရပ်ပေါက် နေမြင်၊ လမြင်ဝိဇ္ဇာဓရပညာရှင်များက စတင်စီရင်ဖော်ထုတ်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် မြန်မာ့အက္ခရာတို့၏မူရင်း၊ မူလပဓာနအသွင်ယူရာသည် နေ၊ လနှစ်ပါးပင် ဖြစ်၏။ ထိုနေ၊ လနှစ်ပါး၏ ဝိုင်းဝိုင်းစက်စက်ပုံသဏ္ဌာန်ကိုပင် ပင်မယူပြီး မြန်မာအက္ခရာအခြေ (ဝ) လုံးကို စီရင်ခဲ့၏။

ထို(ဝ)လုံးအက္ခရာကိုပင် အောက်မှဖျက်ပါက (ဂ) အက္ခရာဖြစ်၏။ ထို(ဂ) နှစ်လုံးကိုပူးတွဲလိုက်ပါက (က) အက္ခရာဖြစ်သွားတော့၏။ ထို(ဝ)လုံးကိုပင် ထိပ်ဆုံးအပိုင်းကိုဖျက်လိုက်ပါက (ပ)စောက်အက္ခရာဖြစ်သွားတော့၏။ ထို(ပ)စောက်အက္ခရာနှစ်လုံးကို ပူးလိုက်ပါက (ယ) ပက်လက်အက္ခရာဖြစ်သွားတော့သည်။ ထိုနည်းအတိုင်းပင် (ဝ)လုံးလေး၏ထိပ်ကိုချိုင့်လိုက်ပါက (ဓ)အောက်ခြိုက် ဖြစ်သွားတော့၏။ ထို့အတူ (ဝ) လုံးထဲတွင် ရှေ့ပိုင်း၌ အဆန်လေးထည့်လိုက်ပါက (စ) လုံးဖြစ်သွားတော့၏။ ထို့ပြင် ထို(စ) လုံး၊ ထို(ဝ)လုံးကိုပင် ထိပ်ဘက်မှဖျက်ပြီး တစ်ဖက်အစလေးကို အတွင်းဘက်သို့သတ်လိုက်ပါက (ဖ) ဦးထုပ်ဖြစ်သွားတော့၏။ ဤသို့ဖြင့် မြန်မာစာပေဆိုင်ရာအက္ခရာများပေါ်ပေါက်ခဲ့၏။ထိုအက္ခရာအားလုံး၏အစသည် (ဝ) လုံးခေါ် နေ၊ လနှစ်ပါးမှစတင်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် မြန်မာ့အက္ခရာတို့၏စတင်ပေါက်ပွားရာသည် မည်မျှပင်သဘာဝနိယာမကြောင်းကျိုးကျပြီး အဆင့်အတန်းလည်း မြင့်မား



www.burmeseclassic.com

www.burmeseclassic.com

လှုကြောင်းသိနိုင်မည် ဖြစ်၏။

ကမ္ဘာပေါ်တွင်ရှိသည့်အခြားသော ဘာသာစကားတို့ကို လေ့လာနိုင်းယှဉ်ကြည့်ပါက ပို၍သိသာထင်မည်ဖြစ်၏။ သာဓကအားဖြင့် အင်္ဂလိပ်အက္ခရာ A, B, C, D တို့ကြည့်ပါ။ တုတ်ချောင်းများကို အဓိကအားပြုရေးထားသည်ကို တွေ့ရမည်ဖြစ်၏။ ထို့ကြောင့် မြန်မာအက္ခရာတို့သည် အခြားသောအက္ခရာတို့နှင့် ယှဉ်ကြည့်ပါက မည်မျှပင် သဘာဝယုတ္တိအာဂမယုတ္တိပြည့်စုံကြောင်း တွေ့ရမည်ဖြစ်၏။ ထို့အပြင် ဆက်လက်ပြီး မြန်မာဗျည်း အက္ခရာအရေအတွက် အဘယ့်ကြောင့် (၃၃) လုံး အတိအကျဖြစ်လာသည်ကို ဆက်လက် ဖော်ပြပါမည်။

**□ မြန်မာဗျည်းအက္ခရာအရေအတွက်အစ ဂြိုဟ်သက်အကြီးဆုံး ပါပ၊ သောမဂြိုဟ်များက**

ဂြိုဟ် (၈) လုံးတို့တွင် ပါပဂြိုဟ် (၄) လုံးနှင့် သောမဂြိုဟ် (၄) လုံးတို့ ပါဝင်ဖွဲ့စည်းထား၏။ ထိုပါပဂြိုဟ်သက်ပေါင်း (၃၆) နှစ်နှင့် သောမဂြိုဟ်သက်ပေါင်း (၇၂) နှစ်တို့ကို ပေါင်းလိုက်ပါက (၁၀၈) နှစ် ရ၏။ ထို (၁၀၈) ကိုပင် တစ်လုံးချင်းပြန်ပေါင်းလိုက်ပါက (၉) ရ၏။ နဝင်းကျေခာတ်ပင်ဖြစ်၏။

ပါပဂြိုဟ်တို့တွင် ဂြိုဟ်သက်အငယ်ဆုံးမှာ တနင်္ဂနွေဂြိုဟ် (၁) ဖြစ်ပြီး ဂြိုဟ်သက်အကြီးဆုံးမှာ ရာဟုဂြိုဟ် (၈) ဖြစ်၏။ ထိုဂြိုဟ်သက်နှစ်ခုဖြစ်သော (၆)နှင့် (၁၂)ကို ပေါင်းလိုက်ပါက (၁၈)= (၉) နဝင်းပင်ရသည်ကို တွေ့ရမည်ဖြစ်၏။ သောမဂြိုဟ်တို့တွင် ဂြိုဟ်သက်အငယ်ဆုံးမှာ တနင်္လာဂြိုဟ် (၂) ဖြစ်ပြီး ဂြိုဟ်သက်အကြီးဆုံးမှာ သောကြာဂြိုဟ် (၆) ဖြစ်၏။ ထိုဂြိုဟ်သက်နှစ်ခုဖြစ်သော (၁၅) နှင့် (၂၁) တို့ကို ပေါင်းလိုက်ပါက (၃၆) = (၉) နဝင်းပင် ရသည်ကို တွေ့ရမည် ဖြစ်၏။

ထိုအခါ ပါပဂြိုဟ်သက်ထဲမှ ဂြိုဟ်သက်အကြီးဆုံးမှာ ရာဟုဂြိုဟ် ဖြစ်၏။ ထို ရာဟုဂြိုဟ်၏ဂြိုဟ်သက်သည် (၁၂) ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရပါမူ ထို (၁) နှင့် (၂) သင်္ကေတတို့သည် နေ၊ လနှစ်ပါးကိုပင် ကိုယ်စားပြုထားခြင်း ဖြစ်၏။

ထို့အတူ သောမဂြိုဟ်သက်ထဲမှ ဂြိုဟ်သက်အကြီးဆုံးမှာ သောကြာဂြိုဟ်ဖြစ်၏။ ဂြိုဟ်သက်မှာ (၂၁) ဖြစ်၏။ အဆိုပါ (၂) နှင့် (၁) သင်္ကေတတို့သည် ပင်လျှင် နေ၊ လနှစ်ပါးကိုပင် ကိုယ်စားပြုထား၏။

အဆိုပါ ပါပဂြိုဟ်သက်အကြီးဆုံး ရာဟုဂြိုဟ်သက် (၁၂) နှင့် သောမဂြိုဟ်သက်အကြီးဆုံး သောကြာဂြိုဟ်သက် (၂၁) တို့ကို ပေါင်းလိုက်ပါက (၁၂) + (၂၁) = (၃၃) ဂဏန်းရ၏။ ထိုဂြိုဟ်သက်နှစ်ခုပေါင်း (၃၃) ဟူသော သင်္ကေတသည်ပင် မြန်မာဗျည်းအက္ခရာအရေအတွက် (၃၃) လုံးကို ညွှန်းဆိုကိုယ်စားပြုနေခြင်းပင်ဖြစ်တော့၏။ ထို့ကြောင့် မြန်မာဗျည်းအက္ခရာ (၃၃) လုံးသည် အကြောင်းတိုက်ဆိုင်ပြီး ဖြစ်လာသည် မဟုတ်ပေ။ နေ၊ လနှစ်ပါးကို အခြေခံပြီး အတိအကျတွက်ချက်ထားခြင်း ဖြစ်၏။ ထို့ကြောင့် မြန်မာဗျည်းအက္ခရာတို့သည် (၃၂) လုံးလည်းဖြစ်၍မရသကဲ့သို့ (၃၄) လုံးလည်းဖြစ်၍မရပေ။ (၃၃) လုံးသာ အတိအကျဖြစ်ရပေမည်။

ထို့ကြောင့် မြန်မာ့ဝိဇ္ဇာမရေးတွက်ရပ်ပေါက်ပညာဆိုင်ရာတွင် ဗျည်း (၃၃) လုံးကိုသာ ထွက်ရပ်ပေါက်စခန်းအထိ ရည်ညွှန်းထား၏။ ထို့ကြောင့်လည်း ထိုအက္ခရာတစ်လုံးချင်းစီသည်လည်း သိဒ္ဓိမဟိဒ္ဓိများရရှိနိုင်စေရာ လယ်ယာမြေကောင်းများသဖွယ်သာ ဖြစ်ပါတော့၏။ ထို့အတူ အက္ခရာ (၃၃) လုံးစလုံးသည် အနှစ်သာရအားဖြင့်ရောသဘောအဓိပ္ပာယ်တို့ပါ ပြည့်ဝကုံလုံနေပါတော့၏။ ထို့ကြောင့် ထိုဗျည်းအက္ခရာ (၃၃) လုံးကို တစ်လုံးတိုးခြင်း၊ တစ်လုံးလျှော့ခြင်းမျှပင် ပြု၍မရပေ။ ထိုသို့ပြုလိုက်သည်နှင့် လိုရာအကျိုးတို့သည် ပြီးမြောက်နိုင်ခြင်းရှိမည် မဟုတ်တော့ပေ။ သာဓကအားဖြင့် အင်္ဂလိပ်အက္ခရာတို့ကိုကြည့်ပါ။ (၂၆) လုံးသာရှိပါသည်။ (၇) လုံးလိုနေ၏။ ထို့ကြောင့် အဆိုပါ အင်္ဂလိပ်အက္ခရာ A, B, C, D စသည့် (၂၆) လုံးတို့ဖြင့် အန္တိမစခန်းတို့သို့သွား၍ မရနိုင်ပေ။ ထွက်ရပ်မပေါက်နိုင်ပေ။



အဘယ်ကြောင့်ဆိုသော် နေ၊ လ စသည့် ဂြိုဟ်၊ နက္ခတ်တာရာ၊ စကြဝဠာစသည့်တို့၏ဖွဲ့စည်းမှု တည်ဆောက်ထားမှုတို့နှင့် ညီညွတ်ခြင်း၊ သဟဇာတဖြစ်ခြင်းမရှိသောကြောင့်ပင် ဖြစ်၏။ တော်ရုံတန်ရုံ တန်ခိုးသိဒ္ဓိလောက်သာရနိုင်မည်ဖြစ်၏။ အန္တိမအဆင့်အထိ ရည်ရွယ်ရန်တား ဝေးကွာလွန်းလှမည် ဖြစ်၏။

မြန်မာတွင် အဆိုပါဗျည်းအက္ခရာတို့ကို တန်ဖိုးထား၏။ အထူးပင် အလေး အမြတ်လည်းပြု၏။ ထိုသို့ပြုရသည့် အကြောင်းမှာ အထက်ဖော်ပြခဲ့သလည်း ဖြစ်၏။ ထို့အပြင် မိမိတို့အ ရှိရာကိုလည်း အမျိုးမျိုးစီရင်အသုံးချ သောကြောင့်ပင် ဖြစ်၏။ မြန်မာဗျည်း အက္ခရာတို့ကို အထက်တွင်ဖော်ပြသ သို့ ဝိဇ္ဇာမရေးပညာရပ်များတွင်သာ အသုံး ပြုသည် မဟုတ်ပေ။ မင်္ဂ၊ ဖိုလ်နိဗ္ဗာန်ရ ရကြောင်းများအတွက်လည်း အသုံး နိုင်သောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် မြန်မာရှိးရာ၌ ဗျည်း အက္ခရာများနှင့်ပတ်သက်ပြီး စာတစ် ဘုရားတစ်ဆူဟူ၍ပင် ဝေါဟာရပြု ဝေါကြ၏။ မြန်မာတို့အဖို့ ဗျည်း (၃၃) လုံးသည် ဘုရားရှင် (၃၃) ဆူပင် ဖြစ် တော့၏။ မြန်မာ့ပိဋကတ်စာပေများ လည်း ဤဗျည်းအက္ခရာများဖြင့် ရေး သားခဲ့ခြင်းကလည်း တစ်ကြောင်းပါ နေ၏။

ထို့အပြင် အက္ခရာတစ်လုံး အတိုင်း ဗုဒ္ဓမမ္မတို့ကိုပူဇော်ကြ၏။ ထို ပူဇော်ကြရင်းဖြင့်ပင် ရုပ်နာမ်ဓမ္မသ တရားတို့မှ ချုပ်ငြိမ်းကြရ၏။ ဝိမု သဘော လွတ်မြောက်ကြရသည် ထိုအကြောင်းခြင်းရာနှင့် ပတ်သတ် ထပ်မံဖော်ပြရပါမူ ဥပမာအား (က) အက္ခရာတစ်လုံးဆိုပါစို့။ ထို အား နှလုံးသွင်းရ၏ (က) ကို အဓိ ဖွင့်ဆိုရာ၌ 'တဏှာကွယ် ကရောတိ နာပဲ' ဟု ဖွင့်ဆို၏။ မြန်မာအဓိ မှာ ထို(က)အက္ခရာဖြင့် တဏှာကွ တဏှာ၏ကုန်ခြင်းကို၊ ကရောတိ ၏ဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် အဓိပ္ပာယ်အပြည့်အစုံမှာ (က)အ ဖြင့် တဏှာ၏ကုန်ခြင်းကိုပြု၏ အဓိပ္ပာယ်ရပါသည်။

ထို့အတူ (ခ) ၏အဓိပ္ပာယ် ချက်မှာ 'ဝဋ္ဋဒုက္ခကွယတိဇတေ ၏။ အဓိပ္ပာယ်မှာ (ခ) အက္ခရာ ဆင်းရဲ၏ကုန်ခြင်းကိုပြု၏ ဟု အ ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ (ဂ) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ 'နိဗ္ဗာနံ ဂစ္ဆာတိ ဧတေနာတိ' ဟူ၍ ဖြစ်၏။ အဓိပ္ပာယ်မှာ (ဂ) အက္ခရာဖြင့် နိဗ္ဗာန်သို့ရောက်စေ၏ ဟူ၏။ ထိုကဲ့သို့ အက္ခရာ (၃၃) လုံးစလုံးဖြင့် ကုသိုလ်ရရှိစေရန်သော် လည်းကောင်း၊ မဂ်ပေါက်ဖိုလ်ဝင်ဖြစ်စေရန်လည်းကောင်း၊ နိဗ္ဗာန်တိုင်အောင်သော် လည်းကောင်း နှလုံးသွင်းဆင်ခြင်နိုင်သဖြင့် စာတစ်လုံး၊ ဘုရားတစ်ဆူဟူ၍ပင် ခေါ်ဆိုရခြင်းဖြစ်၏။

ထို့ကြောင့် မြန်မာတို့သည် စာတတ်ဖို့ ပညာရှိဖို့အတွက် လည်းကောင်း၊ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း ထိုဗျည်းအက္ခရာများကိုပင် အထူးပြုရည်ညွှန်းသုံးစွဲကြသည်။ ထို့ကြောင့် မြန်မာအက္ခရာများကို အသက်သုံး၊ လေးနှစ်အရွယ်ကပင် စတင် ,သင်ယူ သိနားလည်ခွင့်ရရှိ၏။ နောက်ဆုံး၊ လောကလွတ်မြောက်ရေး၊ ဘဝလွတ်မြောက်ရေးတို့အတွက်ပါအသုံးပြုခဲ့ကြခြင်း ဖြစ်၏။

ထို့အပြင် မြန်မာဗျည်းအက္ခရာတို့၏သဘောသည် လည်းကောင်း၊ အနှစ်သာရသည် လည်းကောင်း၊ အစွမ်းသတ္တိတို့သည် လည်းကောင်း အခြားတစ်ပါးသောအက္ခရာတို့နှင့် မတူပေ။ တစ်မူထူးခြားစွာဖြင့်ပင်တည်ရှိပါသည်။ ထိုသို့သောအက္ခရာတို့၏ ဖြစ်တည်မှုကို နောက်ထပ် အတည်ပြုပေးသောအရာမှာ အသံပင်ဖြစ်၏။ အသံသည် စွမ်းအင်ဝင် ဖြစ်၏။ ထိုအက္ခရာတို့၏အမည်ကိုသော်လည်းကောင်း၊ သဘောအဓိပ္ပာယ်ကို လည်းကောင်း ရွတ်ဆိုလိုက်သည်နှင့် အသံစွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားတော့၏။ ထိုအသံစွမ်းအင်တို့သည် ပျောက်မပျက်တော့ဘဲ တည်သွား၏။ ထို့ကြောင့်လည်း ပညာရှင်တို့က အသံစွမ်းအင်သည် သင်္ခါရနယ်ပယ်မှလွတ်မြောက်မှုအထူးကိစ္စအဖြစ် မှတ်ယူကြ၏။

**မြန်မာဗျည်းသရအက္ခရာများနှင့်လောကသုံးပါး**

အဆိုပါ အသံစွမ်းအင်နယ်ပယ်တွင်လည်း မြန်မာဗျည်းသရအက္ခရာများသည် တစ်မူထူးခြား၏။ အက္ခရာတို့၏ ဖွဲ့စည်းပုံထူးခြားမှုကြောင့် လည်းကောင်း၊ အဓိပ္ပာယ်အနှစ်သာရ၏ထူးခြားမှုကြောင့် လည်းကောင်း ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောက စသည့် လောက (၃) ပါးအပေါ်တွင် ကောင်းစွာပျံ့နှံ့တည်ရှိနေခြင်း ဖြစ်၏။

ထို့ကြောင့်လည်း မြန်မာဗျည်းအက္ခရာတို့ကို အသုံးပြု၍ အလုပ်လုပ်နိုင်၏။ ထိရောက်စေမည့်အမှုတို့ကို ဆောင်ရွက်နိုင်၏။ ဩဇာအာဏာသက်ရောက်မှုရှိစေသောအမှုတို့ကိုကောင်းစွာပြုနိုင်၏။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး စောကြော၍ လက်တွေ့သိလိုပါက အစွမ်းထက်သော အင်းအစီအရင်တစ်ရပ်ကိုသော် လည်းကောင်း၊ မန္တန်တစ်ပုဒ်ကိုသော် လည်းကောင်း စီရင်ခြင်း၊ ရွတ်ဖတ်ခြင်းဖြင့် သိနိုင်ပါသည်။ ဆိုလိုသည်မှာ အစွမ်းထက်သော အင်းတစ်ချပ်ကိုဖြစ်စေ၊ မန္တန်တစ်ပုဒ်ကိုဖြစ်စေ ဦးစွာမြန်မာဗျည်းအက္ခရာတို့ဖြင့် စီရင်ရွတ်ဖတ်ခြင်းပြုလုပ်ပါ။ ထို့နောက် အင်္ဂလိပ်အက္ခရာဖြင့် စီရင်ခြင်း၊ရွတ်ဖတ်ခြင်းပြုလုပ်ပါ။ ပြီးလျှင် ထိုအခြင်းအရာနှစ်ရပ်၏ အကျိုးရလဒ်ကို နှိုင်းယှဉ်ကြည့်ပါက မည်မျှကွာခြားမည်ဖြစ်ကြောင်း လက်တွေ့သိရှိနိုင်မည် ဖြစ်၏။

အထက်ပါအကြောင်းများကြောင့် မြန်မာအက္ခရာတို့သည် အခြားသော မည်သည့်လူမျိုး၊ အက္ခရာတို့မှဆင်းသက်လာခြင်းမဟုတ်ကြောင်း ကိုယ်ပိုင်ဟန်လက္ခဏာများဖြင့် သီးခြားတည်ရှိနေခြင်းဖြစ်ကြောင်း အခိုင်အမာဆိုနိုင်မည် ဖြစ်၏။

မြန်မာ့အင်းစမပညာတွင် (၃၃) ကွက်အင်း ဟူသည် ရှိ၏။ ထိုအင်းတွင် (က) အက္ခရာမှ စထည့်ပြီး (ခ)၊ (ဂ) စသည်တို့ကို မြင်းသွားထည့်သွားရ၏။ ထိုကို နောက်ဆုံး (အ) အက္ခရာအထိ ထည့်သွားရ၏။ နောက်ဆုံး (အ)အက္ခရာသည် အင်းကွက်၏ အလယ်တည့်တည့်တွင်ဝင်ပြီး သေသွားရမည် ဖြစ်၏။

ဤ (၃၃) ကွက်အင်း၏ အလယ်တည့်တည့်နေရာတွင် ဝင်သွားသောအင်းကို 'အ-အလယ်သေအင်း' ဟုခေါ်၏။ ထိုအင်းသည် လိုအင်ဆန္ဒဟူသမျှပြည့်စုံစေနိုင်၏။ ဤတွင် အဆိုပါ အ-အလယ်သေအင်းဟုဆိုရသော်လည်း ၎င်းသေခြင်းဟူသည်တွင် အပြီးသေခြင်းကို ဆိုလိုသည် မဟုတ်ပေ။ သေပြီးလျှင် ပြန်ရှင်ရမည် ဖြစ်၏။ ပြန်ရှင်ရန်လည်း အခွင့်လမ်းရှိရမည်ဖြစ်၏။ ဤသဘောတရားကား ဝိဇ္ဇာရေးပညာတွင် လက်ကိုင်ပြုသည့်သဘောတရားဖြစ်၏။မည်သည့်ဓာတ်ပစ္စည်းဖြစ်စေ၊ အက္ခရာစမတို့ကိုဖြစ်စေ ဦးစွာသေအောင်သတ်ရသည် ဖြစ်၏။ သေပြီးလျှင်တွင်မှပြန်ရှင်စေရသည် ဖြစ်၏။ ထိုအရှင်ဓာတ်ပြန်ဖြစ်သောအခါတွင်မှ ကိစ္စပြီးဆုံးခြင်းသို့ရောက်၏။ ထိုအဆင့်သို့ပြန်မရောက်မချင်း ကိစ္စမပြီးဆုံးသေးလမ်းကြောင်း မဆုံးသေးဟုဆိုရမည်ပင် ဖြစ်၏။

ယခု (အ) အက္ခရာသည်လည်း အင်းကွက်အလယ်တွင် သေပြီးနောက် ပြန်ရှင်ရန်မှာ မူလစတင်ခဲ့သည့် (က) အက္ခရာနှင့်ပြန်၍ မြင်းသွားကိုက်ရမည် ဖြစ်၏။ ထိုကိုပင် မြင်းသေ၊ မြင်းကိုက်ဟုခေါ်၏။ ထို့ကြောင့် (အ) သည် မူလစတင်ရာက (က) အကွက်နေရာသို့ မြင်းဖြင့်ပင်ပြန်ထွက်နိုင်ရ၏။ ထိုသည်ပင်ပြန်လည်ရှင်သန်ခြင်း၊ အစနှင့်အဆုံးပြန်ထပ်ခြင်း၊ သုညတဖြစ်ခြင်းတို့သည် အားလုံးပင် အကျုံးဝင်သွားတော့၏။ ထိုလမ်းစဉ်မျိုးကို အမတလမ်းစဉ်ဟု ခေါ်၏။

ထို့အတူ ယခုဝိဇ္ဇာဆိုင်ရာအခြင်းအရာတွင်လည်း (အ)မသေသေးသောဝိဇ္ဇာ၊ (အ)သေပြီးသောဝိဇ္ဇာ၊ (အ)သေပြီးနောက် ပြန်ရှင်ရသည့်ဝိဇ္ဇာ ဟူ၍ရှိ၏။ ထိုဓာတ်အဆင့်အထိ ရောက်အောင်လျှောက်ရမည်ဖြစ်၏။ ထိုဓာတ်သည်သာ လောက၏ အမြင့်ဆုံးဓာတ် ဖြစ်၏။ ဝိဇ္ဇာရေးပညာကို အောက်ခြေအဆင့်မှစတင်၍ကျင့်သုံးပြီး အဆင့်မြင့်လာသောအချိန်တွင် ထိုပုဂ္ဂိုလ်၏ဝိဇ္ဇာဓာတ်ခံနှင့် လောက၏ (အ)အရှင်ဝိဇ္ဇာတို့ပါင်းဆုံပြီးကိစ္စပြီးမြောက်ခြင်းဖြစ်ရ၏။ ထိုလမ်းကို ဝိဇ္ဇာတို့လျှောက်သောလမ်းဟု ခေါ်၏။ ထိုဝိဇ္ဇာဓာတ်၏ စတင်မြစ်ဖျားခံရာသည် အဝိဇ္ဇာဓာတ်ပင်ဖြစ်၏။ ထို့ကြောင့် ဝိဇ္ဇာ၏ မူလအကြောင်းသည် အဝိဇ္ဇာ ဖြစ်၏။ ထိုအဝိဇ္ဇာအကြောင်းခံမှုကို နက္ခတ်ဗေဒင်ပညာဖြင့် ချည်းကပ်သုံးသပ်ပါကလည်း အောက်ပါအတိုင်းတွေ့မြင်ရမည် ဖြစ်၏။ သို့မှသာ အဝိဇ္ဇာ၏သဘောကို သိမြင်နိုင်မည် ဖြစ်၏။

**□ နက္ခတ်ဗေဒင်ပညာဆိုင်ရာအဝိဇ္ဇာ**

အဝိဇ္ဇာသည် ဗုဒ္ဓစာပေတွင် ပဋိစ္စသမုပ္ပာဒ် (၁၂) ပါး၌ အကျုံးဝင်၏။ ထိုအဝိဇ္ဇာ၏သဘောကို ဘက်စုံထောင့်စုံမှ သုံးသပ်နိုင်သောအခါတွင်မှ ထိုအဝိဇ္ဇာ၏ သဘောကို ကောင်းစွာ နားလည်ပြီး ဝိဇ္ဇာဖြစ်နိုင်မည်ဖြစ်၏။ ထိုအခါမှသာ (အ)သေသောဝိဇ္ဇာ၊ (အ) ပြန်လည်ရှင်သောဝိဇ္ဇာတို့ဖြစ်နိုင်မည်ဖြစ်၏။ အထက်ပါ ပဋိစ္စသမုပ္ပာဒ် (၁၂) ပါးကို နက္ခတ္တ




www.burmeseclassic.com

www.burmeseclassic.com

ဗေဒဆိုင်ရာ ရာသီ(၁၂)ပါးနှင့် ယှဉ်ထပ်ကြည့်ပါက ပုံပါအတိုင်း တွေ့ရှိရမည်ဖြစ်၏။

ထို (၁၂) ရာသီခွင်အရ အဝိဇ္ဇာသည် မိဿရာသီတွင် တည်ရှိ၏။ အိမ်ရှင်ဂြိုဟ်သည် အင်္ဂါဂြိုဟ်ဖြစ်၏။ ထိုအင်္ဂါသည် အရေးပါလာပြီဖြစ်သဖြင့် အင်္ဂါဂြိုဟ်၏ သဘောသဘာဝတို့ကို လေ့လာသုံးသပ်သောအခါ အင်္ဂါဂြိုဟ်သည် တမဂုဏ်ရှိ၏။ ထိုတမဂုဏ်သည် မိုက်မဲခြင်း၊ တွေဝေခြင်းရှိ၏။ ထိုကို တစ်ဖန် ထပ်မံစိတ်ဖြာကြည့်ပါက အလိုကြီးခြင်း၊ ရမ္မက်ထူပြောခြင်း၊ ရာဂစရိုက်အားကြီးခြင်း၊ လိုအင်ဆန္ဒများပြားခြင်း၊ မရောင့်ရဲနိုင်ခြင်း၊ မတင်းတိမ်နိုင်ခြင်း၊ အားမရခြင်း စသည်တို့ ဖြစ်၏။ ဤအချက်တို့ကို ခြုံငုံသုံးသပ်ပါက အားလုံးသည် 'လောဘ' ၏ နယ်ပယ်ရပ်ဝန်း၌ အကျုံးဝင်၏။ ထို့အပြင် အင်္ဂါဂြိုဟ်၏ တမဂုဏ်တွင် စိတ်တိုခြင်း၊ အလိုမကျခြင်း၊ မကျေနပ်နိုင်ခြင်း၊ စိတ်ဓာတ်တင်းမာခက်ထန်ခြင်း၊ စိတ်ပေါက်ကွဲလွယ်ခြင်း၊ သည်းမခံနိုင်ခြင်း၊ စိတ်ကိုထင်တိုင်းထွက်ပေါက်ပေးခြင်း၊ မချုပ်တည်းနိုင်ခြင်း၊ ဒေါသကြီးခြင်း စသည့်အချက်တို့ကို ခြုံငုံပြီးသုံးသပ်ပါက ဤအခြင်းအရာအားလုံးသည် ဒေါသ၏ နယ်ပယ်ရပ်ဝန်း၌ အကျုံးဝင်၏။ တစ်ဖန် အင်္ဂါဂြိုဟ်၏တမဂုဏ်ကို ထပ်မံသုံးသပ်ပါက တွေဝေခြင်း၊ လိုရင်းကိုနားမလည်ခြင်း၊ မည်သည့်အကြောင်းခြင်းရာကိုမဆို သဘောပေါက်နိုင်ခဲခြင်း၊ မဝေခွဲနိုင်ခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊ အမှန်ကို အမှန်အတိုင်းမသိခြင်း၊ ဝေဝါးရှုပ်ထွေးနေတတ်ခြင်း၊ နုံနည်းခြင်း၊ မထူးချွန်၊ မထက်မြက်ခြင်း၊ မထွင်းဖောက်နိုင်ခြင်း စသည့်အချက်တို့ကို ခြုံငုံသုံးသပ်ပါက ဤအခြင်းအရာအားလုံးသည် မောဟ




၏ နယ်ပယ်ရပ်ဝန်း၌ အကျုံးဝင်၏။

ထို့ကြောင့် အဝိဇ္ဇာ၏နောက်ကွယ်မှ ရာသီအိမ်ရှင်ဂြိုဟ် အင်္ဂါ၏ သဘောသဘာဝများစွာထဲမှ တမဂုဏ်ဆိုင်ရာ အခြင်းအရာတစ်ခုထဲကိုပင် ထုတ်နုတ်ယူငင်သုံးသပ်ရုံမျှဖြင့် အဓိကကြိုးကိုင်လှုပ်ရှားစေသော လက်သည်အကြောင်းအရင်းများပေါ်လာတော့၏။ ၎င်းတို့သည် လောဘ၊ ဒေါသ၊ မောဟများပင်ဖြစ်ကြောင်း ထင်ရှား၏။ သို့ပါ၍ သံသရာထဲတွင် လူသားတို့သည် အစုန်အဆန်မျောပါနေရခြင်း၏အကြောင်းမှာ အဝိဇ္ဇာဟုဆိုရသော်လည်း ထိုအဝိဇ္ဇာ၏ မူလလက်ရင်းအကြောင်းတို့ကား လောဘ၊ ဒေါသ၊ မောဟတို့ပင်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်၏။ အဆိုပါ တမဂုဏ်ကို ပိုင်ဆိုင်သော အင်္ဂါဂြိုဟ်သည် ဤ (၁၂) ရာသီစက်တွင် နှစ်နေရာ (ဝါ) ရာသီအိမ်နှစ်ခုကို ပိုင်ဆိုင်ထား၏။ ထို့ကြောင့် မိဿရာသီအပြင် အင်္ဂါဂြိုဟ်ပိုင်ဆိုင်သည့် အခြားသောရာသီတစ်ခုမှာ ဗြိစ္ဆာရာသီဖြစ်၏။ ထိုရာသီ၏ပဋိစ္စသမုပ္ပါဒ်အင်္ဂါမှာ တဏှာပင် ဖြစ်၏။

ထို့ကြောင့် အဝိဇ္ဇာရော တဏှာပါ ၎င်းတို့၏ မူရင်းမူလလက်သည်အကြောင်းအရင်းမှာ လောဘ၊ ဒေါသ၊ မောဟတို့ပင်ဖြစ်သော်လည်း ပို၍အတိအကျဆိုရပါမူ မိဿရာသီ၊ အင်္ဂါဂြိုဟ်သည် အဝိဇ္ဇာကိုဖြစ်ပေါ်စေရာတွင် အဓိကလက်သည်မှာ မောဟဦးဆောင်သော လောဘ၊ ဒေါသတို့ဖြစ်ပြီး ဗြိစ္ဆာ အင်္ဂါဂြိုဟ်သည် တဏှာကိုဖြစ်ပေါ်စေရာတွင် လောဘဦးဆောင်သော ဒေါသ၊ မောဟတို့ပင် ဖြစ်၏။

မိဿရာသီမှသည် ဗြိစ္ဆာရာသီအထိ (ဝါ) တစ်နည်းအားဖြင့်ဆိုရပါမူ အဝိဇ္ဇာမှတဏှာအထိ ခရီးလမ်းကြောင်းသည် လောကီဆိုင်ရာဖြစ်ပြီး မနုရာသီမှ မိန်ရာသီအထိ (ဝါ) တဏှာမှ အဝိဇ္ဇာအထိလမ်းကြောင်းသည် အမှန်တကယ်သာ ပြောင်းလဲနိုင်ပါက လောကုတ္တရာလမ်းကြောင်းဟု ဆိုရပါမည်။ ဤတွင် တဏှာကို အပြီးအပိုင်သေအောင်သတ်နိုင်ဖို့ဆိုသည်ကား အလွန်ခက်ခဲသောကိစ္စဖြစ်၏။ ဖြစ်နိုင်ခဲသောကိစ္စလည်း ဖြစ်၏။

ထို့အတွက် အဖြစ်နိုင်ဆုံး တဏှာနှင့် အဝိဇ္ဇာတို့တွင် အဝိဇ္ဇာသည် အဖြစ်နိုင်ဆုံးဖြစ်၏။ အဝိဇ္ဇာမှ (အ) အက္ခရာကိုသေအောင်သတ်နိုင်ရန် အရေးကြီး၏။ ထို (အ)အက္ခရာကို နည်းသတ်နိုင်လေ အဝိဇ္ဇာသည် နည်း ပညာအဖြစ်သို့ပြောင်း၏။ ၍ (အ)အက္ခရာကိုများများသတ်နိုင် အဝိဇ္ဇာသည် ပညာအဖြစ်သို့ များ ပြောင်း၏။ ဤတွင် (အ)အက္ခရာကို နည်းသတ်ခြင်း၊ များများသတ်ခြင်း သည်မှာ အဝိဇ္ဇာဆိုင်ရာအမြင် မည်သည့်အတိုင်းအတာအထိပြောင်း နိုင်ခြင်း ဟူသည့် အချက်ပေါ်တွင် မူတည်ပါသည်။

ရွှေလဆက်ဖတ်

ဆရာဦးဆက်ထွန်း

(



www.burmeseclassic.com

▫ နီဂုံး သို့မဟုတ် နိဒါန်း

ရာသီမိန်ကာဖြင့် စေတနာပိုလွန်းနေ၏။ အညာဒေသတွင် မိန်၏အငွေ့အသက်တို့က အခြားအရပ်ထက် လွန်ကဲလှပါဘိ။ သို့မဟုတ် ဂိမ္ဘန္တလတပေါင်း။

အပူငွေ့တွေက သစ်ပင်၊ မြေပြင်နေရာအနှံ့ ကြည့်လေရာရာတွင် တလှပ်လှပ်တွန့်လူးလို့။ သည်နွေ၏နေ့ခင်းတတော့ လူတိုင်းအတွက် နေနှစ်စင်းထွက်၍ ဖြေဆည်ခြင်းမရသော နေ့တစ်နေ့ဖြစ်လာခဲ့ရလေပြီ။

မသွားချင်သောနေရာသို့ စုပေါင်းသွားခဲ့ရ၏။ မမြင်လိုသောအဆင်းကို ကြည့်ခဲ့ရပြန်၏။ မေ့ပစ်ထားခဲ့သောပင့်သက်တွေကို စိုးတထိတ်ထိတ်သတိရလာ၏။ ဟုတ်ပါသည်။ လူသားတစ်ဦး၏ရှင်သန်ခြင်းကိုရပ်နားပြီး သေပျက်ခြင်းတို့ရှေ့ရောက်[illegible]

မောင်အောင်[illegible]

(၃၅) နှစ် ဘူသာနာမြို့ [illegible]

နေရာတွင် အခြေတည်ရှာ[illegible]

ငယ်၏၊ တော်၏၊ တတ်၏၊ [illegible]

သို့သော် ဘူမိခြေမရကာမင်းတမြင့်ဒါတွေအား ဂရုမပြု၊ အရေးမစိုက်၊ တာဝန်ကို တာဝန်ကျေပွန်စွာဆက်ဆက်လုပ်စမြဲ။

“ဘဝင်းရေ၊ မောင်အောင်လင်းထွန်းအသုဘာချအပြီးပြန်အလာ ငါ့စိတ်

# နေဝိဇ္ဇာ

## နာမည်များနှင့်ငြင်းခုံခြင်း



www.burmeseclassic.com

ထဲ တစ်ခုစဉ်းစားနေမိတယ်"

အိမ်ရောက်၍ ကုတ္တိရိပ်ဝယ် အနားယူစတွင် ဆရာကြီးဦးနန္ဒမှ ဤသို့ စတင်လိုက်စဉ် -

"အေး - ငါလည်းမင်းလိုပါပဲကွာ။ ဓမ္မသံဝေဂထက် ခုလိုငယ်ရွယ်သူတစ်ဦး ရဲ့မရင့်ခင်ကြွေ၊ မမှည့်ခင်ပုပ်ရတဲ့အဖြစ် ဆိုတော့ မှညာရပ်တွေထဲက ဟိုအပိုင်း သွားသတိရမိတယ်"

"ဘာလဲ၊ ဘူမိ(ဘုမ္မိ)သုံးမျိုးမဟုတ်လား"

"ဟုတ်တယ်၊ ပါဠိအနေအားဖြင့် ဘူမိ၊ ဘူ၊ ပထဝီ၊ ဘုမ္မိ၊ သည်အက္ခရာတို့က မြေ၊ သဒ္ဒါဟောတဲ့ပုဒ်တွေနော်။ ဘူမိ၊ ဘုမ္မိ၊ အတူတူပါပဲ။ မြေ၊ သုသာန်မြေ၊ ဒီအဓိပ္ပာယ်ကိုယူပြီး တို့ရဲ့မြန်မာ့ ရိုးရာဗေဒင်ကျမ်းဘက်မှာလည်း ဘုမ္မိကြီး ဘုမ္မိလတ်၊ ဘုမ္မိငယ် ဆိုတဲ့ကိန်းရှိထားတာမဟုတ်လား။ သေခြင်း၊ ထိခိုက်ခြင်း၊ အင်္ဂါချို့ယွင်းခြင်း၊ ပစ္စည်း၊ ရင်သွေး၊ ဆုံးရှုံးခြင်းအပါအဝင် သောက၊ ပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ စတဲ့ အနိဋ္ဌ၊ ဒုက္ခဆိုးကျိုးတွေ ဝင်လာ၊ ရလာ၊ ခံစားလာရတဲ့ နိယာမကိန်းစဉ်ကြီး။

အဲဒီဘုမ္မိကြီးသုံးမျိုးက -

၁။ မူလဘုမ္မိ၊
၂။ ကောဇာဘုမ္မိ၊
၃။ နာမဘုမ္မိတို့ပါပဲ။

□မူလဘုမ္မိ

တနင်္ဂနွေ၊ တနင်္လာ စတဲ့နေ့ သားသမီးအသီးသီးတို့ရဲ့မွေးခွင်မှ ၄-တန့်ရှိ ဂြိုဟ်ကိုအိပ်နေစဉ် ၇-တန့်ရောက်ဂြိုဟ်ခွင်သို့ အသက်အပိုင်းအခြားကျနေဆဲ ကာလကို မူလဘုမ္မိပေါ့။

ဒါကို ရှေးပညာရှင်တွေက မှတ်လွယ်ဖို့ အတိုကောက်လင်္ကာစီထားခဲ့ကြတယ်။ တစ်ခုချင်းစီပဲယှဉ်ပြပါရစေ။

**တနင်္ဂနွေသားသမီးများ**

**လင်္ကာ**

□ ဦး၊ လူ၊ ရွာ

လေးခွင်မြောက်ဗုဒ္ဓဟူးဂြိုဟ်အိပ်+(၇) ခွင်မြောက်ရာဟုသို့ သက်ရောက်ဆဲ အသက်ပိုင်း ၃၃ နှစ်၊ ၃၉ ခုနှစ်။

**တနင်္လာသားသမီးများ**

**လင်္ကာ**

□ကြာ၊ တော၊ သား

လေးခွင်မြောက် စနေဂြိုဟ်အိပ်+(၇)ခွင်မြောက် သောကြာသို့သက်ရောက်ဆဲအသက်ပိုင်း ၄၇ နှစ်။

**အင်္ဂါသားသမီးများ**

**လင်္ကာ**

□စမ္မာအေး

လေးခွင်မြောက် ကြာသပတေးဂြိုဟ်အိပ်+(၇)ခွင်မြောက် တနင်္ဂနွေသို့ သက်ရောက်ဆဲ အသက်ပိုင်း ၃၉ နှစ်+၄၇ နှစ်။

**ဗုဒ္ဓဟူးသားသမီးများ**

**လင်္ကာ**

□လေး၊ ရွာ၊ က

လေးခွင်မြောက် ရာဟုသို့ဂြိုဟ်အိပ်စဉ် (၇) ခွင်မြောက် တနင်္လာသို့ သက်ရောက်ဆဲအသက်ပိုင်း၊ ၄၇ နှစ်၊ ၅၅ နှစ်။

**ကြာသပတေးသားသမီးများ**

**လင်္ကာ**

□မြ၊ ဦး၊ လူ

လေးခွင်မြောက်တနင်္ဂနွေသို့ဂြိုဟ်အိပ်စဉ် (၇) ခွင်မြောက် ဗုဒ္ဓဟူးသို့သက်ရောက်ဆဲအသက်ပိုင်း ၅၅ နှစ်။

**သောကြာသားသမီးများ**

**လင်္ကာ**

□သူ၊ ဇာ၊ မောင်

လေးခွင်မြောက် အင်္ဂါသို့ ဂြိုဟ်အိပ်စဉ် (၇) ခွင်မြောက် ကြာသပတေးသို့သက်ရောက်ဆဲအသက်ပိုင်း ၄၇ နှစ်။

**စနေသားသမီးများ**

**လင်္ကာ**

နောင်၊ သိ၊ စေ

လေးခွင်မြောက် သောကြာသို့ ဂြိုဟ်အိပ်စဉ် (၇) ခွင်မြောက် အင်္ဂါသို့ သက်ရောက်ဆဲ အသက်ပိုင်း ၄၇ နှစ်၊ ၅၅ နှစ်။

**ရာဟုသားသမီးများ**

**လင်္ကာ**

□ရေ၊ ကြည်၊ တော

လေးခွင်မြောက် တနင်္လာသို့ ဂြိုဟ်အိပ်စဉ် (၇) ခွင်မြောက် စနေသို့ သက်ရောက်ဆဲအသက်ပိုင်း ၄၇ နှစ်၊ ၅၅ နှစ်တို့ဟာ အမြဲတမ်းဆိုင်ရာနေ့သားသမီးတို့အတွက် မပြောင်းလွဲတဲ့ ဘုမ္မိမြေသို့ အလည်သွားရတတ်တဲ့နှစ်ကာလတွေပါ။

ဒါပေမယ့် သည်ဘုမ္မိခွင်ဟာ သိပ်တော့မဆိုးပါဘူး။ ဘာကြောင့်လဲဆိုရင် သူတစ်ခုတည်းနှင့်သက်ဆိုင်ရာနေ့သားကို ဆိုးကျိုးဖြစ်ပွားလာအောင် စွမ်းအားမပြည့်ဝပါဘူး။ အနိဋ္ဌဘုမ္မိမြေတော့မှန်



ပါတယ်။ ဥပမာဆိုကြပါစို့။ သည်မူလဘုမ္မိဟာ ရန်သူ့နယ်မြေထဲ စတင်ဝင်ရောက်တဲ့အခါကာလ၊ ကိုယ့်မှာလည်း အခြေခံကျ၊ ဉာဏ်၊ လူ့အစွမ်းအစ လက်နက်ပြည့်နေခိုက် ကြီးမားသောကပြောင်း၊ ကံဆိုး မကြုံနိုင်ပါဘူး။ အဲ-ဘုမ္မိမြေရဲ့ နောက်တစ်ကွက်ထပ်ဆင့်ဝင်လာပြီဆိုလို့ကတော့. . .

□ကောဇာဘုမ္မိ

သည်ဘုမ္မိမြေကတော့ မူလဘုမ္မိထက် အားပြင်းထန်တယ်။ ပုံသေလည်း မရှိဘူး။ လူတစ်ဦးချင်းစီကနေ ဖြစ်လာတဲ့ ဘုမ္မိပေါ့။ မွေးသက္ကရာဇ်၊ နှစ်၊ လ၊ ရက်၊ နာရီတို့ကနေ အသေးစိတ်စိစစ်ပြီး မှဖြစ်လာတဲ့မြေနော်။

ပြီးခဲ့တဲ့ရက်တွေက ငါတို့တစ်တွေ မဟာဘုတ်သဘောသဘာဝရဲ့ ကဋ္ဌ၊ အနိဋ္ဌ၊ နေဝဆိုတဲ့ ကာလသုံးပါးအပိုင်း အကျယ်ပြောခဲ့၊ ဆွေးနွေးခဲ့ပြီးသားမို့ သဘောတရားပိုင်းသာဆက်ကြရအောင်။

ထွန်း၊ သိုက်၊ ရာဇ၊ ကဋ္ဌကာလ အကောင်း။

ပုတိ၊ ဘင်္ဂ၊ မရဏ၊ အနိဋ္ဌကာလ အဆိုး။

အဓိပတိ၊ နေဝကဋ္ဌ၊ အနိဋ္ဌကာလ ကောင်း+ဆိုး နှစ်မျိုး ရောယှက်ရာဂြိုဟ်လို့ သတ်မှတ်တာမို့ တနင်္ဂနွေသားသမီးတိုင်း ၃၁၊ ၃၉ နှစ်ရောက်လာသော် အားလုံးအကုန်ဒုက္ခရောက်ရောလား။ မရောက်ဘူးနော်။ မရောက်ကြသေးဘူး။

ကောဇာဘုမ္မိက အခရာကျလာပြီ။ (၁) ကြွင်း ဘင်္ဂ၊ (၄) ကြွင်း အဓိပတိ (၀) ကြွင်း ပုတိ စတဲ့ တနင်္ဂနွေသားသမီးတွေဆို ဘုမ္မိမြေနှစ်ထပ်အဆိုးဖြစ်တာကြောင့် သေချာတယ်။ အကောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

က။ မရဏဂြိုဟ်အိမ် + မရဏသက်ရောက်
ခ။ မရဏဂြိုဟ်အိမ် + ဘင်္ဂသက်ရောက်
ဂ။ ဘင်္ဂဂြိုဟ်အိမ် + မရဏသက်ရောက်တို့ဟာ အသက်၊ ကိုယ်အင်္ဂါ၊ အတွင်းနေ့စတဲ့ ပင်မဘာဝတွေကို မြေမြှုပ်စေနိုင်တဲ့ အထိ ဆိုးကျိုးများစေတယ်
ဃ။ ဘင်္ဂဂြိုဟ်အိမ် + ဘင်္ဂသက်ရောက်
င။ ပုတိဂြိုဟ်အိမ် + မရဏသက်ရောက်
စ။ ပုတိဂြိုဟ်အိမ် + ဘင်္ဂသက်ရောက်တို့ကျ ဖျားနာ၊ ရန်ပွား၊ ကျင့်ဝတ်ချိုးဖောက်၊ အရှက်၊ စော်ကား စတဲ့ နာမည် ဗဟိဒ္ဓပိုင်းညစ်နွမ်းစေတယ်
ဆ။ ပုတိဂြိုဟ်အိမ် + ပုတိသက်ရောက်
ဇ။ အဓိပတိဂြိုဟ် + မရဏသက်ရောက်
ဈ။ အဓိပတိဂြိုဟ် + ဘင်္ဂသက်ရောက်ဆိုပြန်လည်း ကိုယ့်ရဲ့အတ္တကြောင့် အများတွေ့၊ အမှု၊ ကိစ္စတို့ အဆင်မလှဘဲ ကိလေသာ၊ မာနစတဲ့ အညီတွေစုနေတတ်ရဲ့

အားနည်းကာ အဆိုးဒုက္ခတို့ဝင်သောင်း ကျန်းမှာပဲလေ။

သည်အတိုင်းပဲ (၂) ကြွင်း ဘင်္ဂ၊ (၃) ကြွင်း အထွန်း၊ (၆) ကြွင်း မရဏ၊ တနင်္လာသားသမီးတွေ။

(၂)ကြွင်းပုတိ၊ (၄)ကြွင်းအထွန်း၊ (၅) ကြွင်းရာဇနဲ့ (၀) ကြွင်းမရဏ၊ အင်္ဂါ သားသမီးတွေ။

(၁)ကြွင်းမရဏ၊ (၂)ကြွင်းသိုက်၊ (၆)ကြွင်းရာဇဗုဒ္ဓဟူးသားသမီးတွေ။

(၁)ကြွင်းအဓိပတိ၊ (၄)ကြွင်းပုတိ၊ (၅)ကြွင်းဘင်္ဂနှင့် (၀)ကြွင်းရာဇဖွားကြာ သပတေးသားသမီးတွေ။

(၂)ကြွင်းအဓိပတိ၊ (၃)ကြွင်းပုတိ၊ (၅) ကြွင်း ပုတိနှင့် (၆) ကြွင်းဘင်္ဂဖွား သောကြာသားသမီးတွေ။

(၃)ကြွင်းအဓိပတိ၊ (၆)ကြွင်းပုတိ၊ (၀)ကြွင်းဘင်္ဂဖွားဖြစ်တဲ့ စနေသားသမီး တွေနှင့်အဆုံး ရာဟုပေါ့။

ရာဟုဆိုတော့ ဗုဒ္ဓဟူးရဲ့နေ့ (၁၂) နာရီကျော်မွေးဖွားပြီး ရာဟုအားများတဲ့ ရ၊ ရန်၊ ယဉ်၊ ယ၊ ရွှေ စတဲ့ အက္ခရာတွေ ကို၊ လ၊ ဝ၊ ဗုဒ္ဓဟူးအားများရာအက္ခရာ



တို့ ပါးစပ်ယှဉ်ထားသူဆိုလို့ကဖြင့် (၁) ကြွင်း၊ (၃) ကြွင်း၊ (၆) ကြွင်းတွေက ပို ပြီး ဘုမ္မိမြေအဆိုးများတတ်လေ့ရှိကြ တယ်။

အတိုချုံ့ပြောရမယ်ဆို မူလဘုမ္မိ ကို ထပ်လောင်းဆိုးအားပြုစေမယ့်အနိဋ္ဌ ခွင်ဂြိုဟ်တွေ ကြီးစိုးရောက်ပါလာမှုပါပဲ။ ဆိုကြပါစို့ - အသက် (၄၇) နှစ်အတွင်း ဝင်လာဆဲ သောကြာသားသမီးတစ်ဦး ဟာ ၃၊ ၅၊ ၆ အကြွင်းကော့ မဟုတ်ပေ မယ့်လည်း ရောက်ဆဲကောဇာသက္ကရာဇ် ၃၊ ၅၊ ၆ အကြွင်းဖြစ်နေတယ်ဆို ကျန်နှစ် တွေကျတာထက် ကောဇာဘုမ္မိဆိုးကျိုး က ပိုများလေ့ရှိတယ်ဆိုတာပါပဲ"

"အင်း-ကောဇာနှစ်ခုထပ်ကြုံတဲ့ သူများဆို မူလဘုမ္မိဟာ ရင်လေးဖွယ် ပူဗျာကြုံဦးမယ်လေ"

"ဟုတ်တယ်၊ နောက်တစ်ချက် ပေါ့။ မူလဘုမ္မိနှင့်တော့မပတ်သက်တဲ့ အနိဋ္ဌဂြိုဟ်ဆုံးခုတို့မှ တွဲစပ်ဖြစ်လာတဲ့ ဘုမ္မိ၊ ဒါလည်း ကောဇာဘုမ္မိပါပဲ"

မှတ်ချက် -

ဤအကြောင်းများကို ပညာ ရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေခဲ့ သော သိဒ္ဓိမိုးမဂ္ဂဇင်း၌ ၈/၂၀၀၇ တွင် 'ဆင့်ကဲဆိုးကျိုးပြုဖြစ်စဉ်ကိန်းများ' အမည် ဖြင့် ရေးသားထားခဲ့ပြီး ဖြစ်ပါသည်။

(စာရေးသူ)

"ကဲ-နန္ဒ၊ ကျန်တာ သည်နေ့ ဘုမ္မိ ဖြစ်သွားရှာသူ မောင်အောင်လင်းထွန်း ကိန်းစဉ်နှင့်ပဲ နာမဘုမ္မိအကြောင်းဆက် ပါဦးလား။ သူ့အကြောင်း မင်းကပိုသိပါ လိမ့်မယ်"

"ဆက်ဆိုလည်း အမြည်းလေးနှင့် အာစွက်ရင်းဆက်မယ်။ ကဲ-နေဝင်းရေ၊ အိမ်ထဲက ဗီရိုပေါ်မှာ ထိုးမုန့်ထုပ်သွား ယူချေကွာ။ ရေနွေးကောထပ်ဖြည့်ခဲ့ဦး"

□ နာမဘုမ္မိ

အမည်

အောင်လင်းထွန်း၊ အင်္ဂါသား။

မွေးသက္ကရာဇ် -

၁၃၄၁ ခုနှစ်၊ ကဆုန်ကလဆန်း ၁၃ ရက်နံနက်ပိုင်း (8.5.1979,Tues)

၁
(၃) ၆ ၂
၀ ၄ ၅

မူ၊ ကော၊ မဟာဘုတ်

(၃) မွေးနံ
၂ (၁) နာမည်
နာမည် → (၀) ၆
၅ (၄) နာမည်

နာမက္ခရာတိုင်စဉ်

(၀ ၄ ၁) နာမည်
(၃) မွေးနံ
၆
၂
၅

အင်္ဂဝိဇ္ဇာတိုင်

"ဖွားဇာတာသက္ကရာဇ် လ၊ ရက်၊ နေ့၊ နာရီ ကြွင်းတွေ သိပ်အားကောင်း နေတဲ့ အထွန်း (ဇေယျ) ရှင်ပေါ့ကွာ။ ဆန်း ၁၃ ရက်ဆိုပါလား"

"မူလအင်္ဂါကို ပယ်လှန်ပြီး အင်္ဂ ဝိဇ္ဇာတိုင်ရဲ့အပေါ် သုံးလုံးကိုထောင်တက် လျက် လှလှပပအမည်ပြုထားသူ"

"မူလမဟာဘုတ်ခွင်ကို ဥပေက္ခာ ပြုခဲ့တဲ့နာမည်ရှင်၊ တိုင်စဉ်အရလည်း ရန်ကိုယ်စားပြု ကြွင်းရှင်ဖြစ်ပေမယ့် အနိ



www.burmeseclassic.com

www.burmeseclassic.com

ဥက္ကာလအားကြီးစိုးရာ အဓိပတိ၊ ဘင်္ဂ၊ မရဏ (ဗျယ၊ မရဏ၊ ကိစ္စ) အတွဲ။ ဒါကိုကြည့်စမ်းကွာ နေဝင်း"

③ ဇေယျ (မွေးနံ)
၆
၂
၅
① ဗျယ၊ <u>အောင်</u>
④ မရဏ၊ <u>လင်း</u>
⓪ ကိစ္စ၊ ထွန်း ↓
ဇေယျတိုင် (မူလ)

၂
၅
① လာဘ
④ ဒွယ၊ နာမည်
⓪ ဗျယ
③ မရဏ (မွေးနံ)
၆

**ရောက်ဆဲဇေယျတိုင်**

"အင်္ဂါသားအထွန်းဟာ ဒီနာမည်ကြောင့် ရေရှည်မထွန်းလင်းနိုင်ပါဘူး။ ကျွမ်းဖို့နီးနေတယ်။ မရဏနှစ်ထပ်ကွမ်းဖြစ်တဲ့ စနေဂြိုဟ်က အဆုံးထွက်ခွာခါနီး အသက် (၃၅)နှစ်မပြည့်မီ နှစ်လအလို မှာ ဘုမ္မိဖြစ်သွားရှာပါရောလား"

"ဒါကို မရဏဂြိုဟ်အိပ် + မရဏသက်ရောက်ရဲ့ အားကြောင့်လို့ ပြောရုံနဲ့ မပြည့်စုံပါဘူး။ နာမည်ရဲ့အားက မုက္ခစိုးမိုးသွားတာပါပဲ။ နာမ်ဘုမ္မိကြောင့် ဆိုးအားတွေ့ကြုံရတာက နာမည်ရှင်တွေ အတော်လေးများတယ်"

မောင်အောင်လင်းထွန်းလို ဣဋ္ဌကာလရှင်တွေကလည်း -

၁။ ဆန်းကျဉ်ပြီး ဣဋ္ဌကို ဆုတ်ယုတ်စေသော အနိဋ္ဌဘက်ဖြစ်ထွန်းရာသို့ရွေ့လျားရာ အက္ခရာတို့နှင့် အမည်မှည့်သော် -

၂။ အင်္ဂဝိဇ္ဇာတိုင်စဉ်ကိုသာ အဓိကယူပြီး မိမိရဲ့မူလမဟာဘုတ်ခွင်ကို မစူးစမ်းဘဲ အနိဋ္ဌဂြိုဟ်တွဲများနှင့်အမည်မှည့်သော် -

၃။ မူလမွေးနံနေ့ကို ပယ်ထား၍ ပကတိကိုယ်ပိုင်ခုခံကာကွယ်မှုနည်းသွားသဖြင့် ရန်၊ ဥဒါသီန် စသော အက္ခရာတို့သည် ဆိုးအားဘက်တွန်းပို့ခြင်းဖြစ်စေရာများနှင့် အမည်မှည့်သော် ဘုမ္မိသုံးချက်ရဲ့ဆိုးကျိုးသင့်ကျရောက်မှုဒဏ်ချက်ကို ရှောင်ရှားနိုင်ရန်ခက်ခဲဟတ်ပါတယ်။

"အားလုံးပေါ့၊ ဣဋ္ဌ၊ အနိဋ္ဌ၊ နေဝကာလရှင်တိုင်း အထူးသတိထားမှည့်ရန် ဂြိုဟ်တစ်လုံးရှိပါတယ်။ မူလဘုမ္မိရဲ့အရေးပါသော ၄ - တန့်မြောက်ဂြိုဟ်ပါ။ မူသေအင်္ဂဝိဇ္ဇာတိုင်နှင့်ဆိုင်ရာ နေ့နံသားသမီးအလိုက်ကြည့်မယ်ဆိုရင်-

**တနင်္ဂနွေသားသမီးများ**

ဗုဒ္ဓဟူး ၄၊ စတုရန်း၊ နှ၁၊ နေရာ၌ရှိ။

**တနင်္လာသားသမီးများ**

စနေ ၇၊ အပေါ်၊ စုံက်၊ အိမ်ထောင်ရေးနေရာ၌ရှိ (ကောင်း)။

**အင်္ဂါသားသမီးများ**

ကြာသပတေး ၅၊ အောက်ဆုံး၊ ထွက်နေရာ၌ရှိ။

**ဗုဒ္ဓဟူးသားသမီးများ**

ရာဟု ၈၊ မူလအခြားနေရာ၌ရှိ (ဆိုး)

**ကြာသပတေးသားသမီးများ**

တနင်္ဂနွေ၊ စတုရန်း၊ နှ၁၊ နေရာ၌ရှိ။

**သောကြာသားသမီးများ**

အင်္ဂါ ၃၊ ထိပ်၊ နဝင်းနေရာ၌ရှိ၊ (ကောင်း)။

**စနေသားသမီးများ**

သောကြာ ၆၊ ခိုက်၊ နေရာ၌ရှိ။

**ရာဟုသားသမီးများ**

တနင်္လာ၊ ၂၊ အပေါ်၊ စုံက်၊ အိမ်ထောင်ရေးနေရာ၌ရှိ။

"တနင်္လာ၊ သောကြာ အင်္ဂဝိဇ္ဇာတိုင်လောက်ပဲ သည်လေးခွင်မြောက်ဘုမ္မိက အပြစ်လွတ်နေပေမယ့် အဲသည်နေ့သားသမီးတွေရော မူလဘုမ္မိခွင်အဆိုးဒဏ်က မလွတ်သေးနိုင်ဘူး။ နာမည်မှားပြီဆို သွားပြီ။ တချို့များ ပေးထားတဲ့ နာမည်တွေက မူလဘုမ္မိစက်ကွင်းကြီး။ တနင်္ဂနွေဆို အောင်ဝေယံ၊ အေးယုံလွင်တဲ့၊ ချစ်ထိုက်သူတဲ့။ ၄-တန့်၊ ၇ - တန့် တိုက်ရိုက်နာမည်တွေ။

သည်နာမည်မှန်သန္တေ နာမဘုမ္မိတွေဖြစ်တယ်။ နောက် ကောဇာကပါ အနိဋ္ဌထပ်ဝင်နေလို့ကဖြင့် ဘုမ္မိသုံးချက်စုံထိသွားပြီ မလွယ်တော့ဘူး။ အကောင်းဆုံးကတော့ ၄-တန့်မြောက်နံသင့်အက္ခရာတို့ကို ရွေးမှည့်ချင်ရင် အစစအပြစ်ကင်းနေပါစေ။ မမှည့်တာက ပိုပြီးဘုမ္မိမြေနှင့်ကင်းတာပေါ့လေ။

ဘုမ္မိသုံးချက်စုံထိတဲ့ နာမည်မျိုးကင်းအောင်ပေးတတ်ဖို့ သတိထားကြစေချင်တယ်။ တစ်ချက်တလေဆို ဘုမ္မိဟာ နိဂုံးပိုင်းအထိမရောက်ပါဘူး။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မွေးခြင်း၊ သေခြင်းဆိုတဲ့ နိယာမတရားတွေက အမြဲလည်နေ၊ ဆက်နေဦးမှာပါ။ ဘုမ္မိကြောင့် တစ်စုံတစ်ခု ထိခိုက်ခဲ့ရသော်လည်း ကံဇာတာဂြိုဟ်ကိန်းတို့က နိဂုံးမချုပ်သေးပါဘူး။ အဆိုးပြီးရင် အကောင်းက နိဒါန်းဝင်လာလိမ့်မယ်။

နောက်ဆုံး ထပ်ပြောချင်တာကတော့ ကိုယ့်ဇာတာကံတရားက ဘုမ္မိစက်ကွင်းမိနေမှန်းသိရင် ဗဟိဒ္ဓယတြာအဖြစ် နံသင့်ဝတ္ထုအစုစုဖြင့် မုနိစိန္တေပန်ဆုခြွေရုံ၊ လျှုဒါန်းကုန်မျှ ပပျောက်ရဟု၊ မမှတ်ယူဘဲ အဇ္ဈတ္တယတြာအဖြစ် ဘုမ္မိခွင်အားပေးမှုစေမယ့် ဂြိုဟ်စရိုက်တွေပယ်ရှောင်ပါ။ စာရိတ္တပြင်ပါ။ ယခု မောင်အောင်လင်းထွန်းအနေနှင့်ရော-

၁။ သူဟာ ခေတ်ပညာတက်ပြီး စီးပွားရေးဘက်၌ဘဝကိုနစ်မြှုပ်ထားတယ်။

၂။ ဘာသာရေး အထိုက်အလျောက်ကိုးစားပြီး ကျန်တဲ့အပိုင်းက ရုပ်ဝါဒီသမား။

၃။ အိမ်ထောင်ရေးတွင် တည်တံ့မေမယ့် ဘာမဆို စိတ်မြန်လက်မြန်ရှိတယ်"

"ကဲ-ရှော့၊ နေဝင်း။ ဒါသူ့စရိုက်နှင့် သူ့ရဲ့ပကတိ (၃၅) နှစ်ရဲ့ကိန်းစဉ်တန်းပဲ ဆုံးရှာတာက ဆိုင်ကယ်အက်ဆီးဒင့် ရှာကြည့်ပါ"

နေဝင်း

| | | | | |
|---|---|---|---|---|
| ၃ | ၁၀-မဲ့ | ၂ | ၁၀-သမ္ပဒါန်၊ ၂ ကောင်း | → အောင် |
| ၆ | ၀၆-၃ကောင်း | ၅ | ၀၆-အပါဒါန်၊ ၄ ဆိုး | → ထွန်း |
| ၂ | ၆၅-၃ကောင်း | ၁ | ၆၅-ကံ၊ ၆ ကောင်း | |
| ၅ | ၅၄-၁ဆိုး | ၄ | ၅၄-သာမိ၊ ၂ ကောင်း | |
| ၁ | ၄၃-၂ကောင်း | ၀ | ၄၃-ကတ္တား၊ ၅ ဆိုး | → လင်း |
| ၄ | ၃၂-ဉဆိုး | ၃ | ၃၂-အာလုပ်၊ ၁ ကောင်း | → မွေးနံ |
| ၀ | ၂၁-၅ဆိုး | ၆ | ၂၁-ဩကာသ၊ ၂ ဆိုး | |
| မူလဇေယျ | | ကောဇာဇေယျ (မရဏ+စနေ) | | |



www.burmeseclassic.com

www.burmeseclassic.com

# တားရော့
## ဆရာကြီး မြန်မာ့ဝင်းမြင့်သန်းစံ



**မေးခွန်း (၁၀)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**

The Wheel of Fortune (ပြောင်းပြန်)-ယခုကာလတောအတွင်း စွန့်စားမှုပါသော စီးပွားရေးမလုပ်သင့်သေးပါ။ လေးနက်သော ဆက်ဆံရေးပုံစံသစ်များက ယခုကာလမှပင် စတင်နေခြင်းကြောင့် သူမ၏စိတ်မာတိခွန်အားများ ခိုင်မာ (လုံလောက်)မှုရှိရန်သာ အဓိက လိုအပ်သည်။

**Comments (ထင်မြင်ယူဆချက်များ)**

မိမိအတွက်မျက်နှာလွှဲ၍ယုံကြည်နိုင်လောက်သည့် မိတ်ဆွေ (အကူ) ကောင်းတစ်ယောက် လိုအပ်သည်။ Ell-ie ကိုယ်တိုင် အရည်အချင်းရှိရုံသာမက မိမိအား ကူညီမည့်သူကလည်း လိုအပ်သော စွမ်းဆောင်နိုင်ရည်ရှိဖို့ လိုအပ်ပါသည်။

သို့မှသာ သူမဘဝတစ်လျှောက်လုံး (လုပ်ငန်းအပါအဝင်) အေးဆေးတည်ငြိမ်စွာ (အထိုင်ချ၍)ထိန်းချုပ်သွားနိုင်ပါမည်။

**ကာလသုံးပါးအတွက် ဖြစ်လာနိုင်သည့် အခြေအနေများ**

Infonation spread for the Past Present-Future

| | | | | | |
|---|---|---|---|---|---|
| Future | 4 | 3 | 2 | 1 | အနာဂတ် |
| Present | 4 | 3 | 2 | 1 | ပစ္စုပ္ပန် |
| Past | 4 | 3 | 2 | 1 | အတိတ် |

**အတိတ်**

ယမန်နေ့ (မနေ့) သို့မဟုတ် လွန်ခဲ့သော နှစ်အတော်ကြာကာလကို ရည်ညွှန်းသည်။ ကားချပ်ပါအချက်အလက်များသည် မေးမြန်းသူ၏ဘဝအား ယနေ့အထိသြဇာသက်ရောက်လျက်ရှိကြောင်း သတိပြုရမည်။

**ပစ္စုပ္ပန်**

ယခုလက်ရှိ မေးမြန်းသူ၏ ယုံကြည်ချက်နှင့်အတွေးအထင်တို့ကိုဖော်ပြသည်။

**အနာဂတ်**

မေးမြန်းသူ၏ မသိစိတ်ကို ကိုယ်စားပြုသည်။ ကားချပ်ပါအဖြစ်အပျက်အချက်အလက်များက လာမည့်လအနည်းငယ်အတွင်း ဖြစ်ပျက်နိုင်သည်ကို သတိပြုပါ။

**ကားချပ်များကိုစတင်ခင်းကျင်းခြင်း**

တားရော့ကားချပ်များကို ကုလားဖန်ထိုး၍ မေးမြန်းသူ့ဘက်ကမ်းပေးပါ။ မေးမြန်းသူမှလည်း ကားချပ်များကို ကုလားဖန်ပြန်ထိုးပြီး ဟောကြားသူဘက်သို့ ပြန်ကမ်းပေးပါ။ ဖဲကားချပ်များကို တစ်ကြိမ်၊ နှစ်ကြိမ် (သို့) (၃) ကြိမ်အထိ မိမိစိတ်ကျေနပ်သလို ချိုးပေးပါ။ ပုံတွင်ပါရှိသည့်အတိုင်း ပထမဆုံးကားချပ်ကို ပက်လက်အနေအထား (Face Up) လှန်ထားပေးပါ။ ပုံတွင်ပါရှိသည့် အတိုင်း (အောက်ဆုံးအတန်း) Past အတိတ်နေရာက စတင်ဖြန့်ခင်းပါ။ ပြီးနောက် Present Future စသည်ဖြင့် ကားချပ် (၁၂) ချပ်စလုံး စုံစေအောင် အတန်းလိုက်ဖြန့်ခင်းပေးထားပါ။ စတင်မဟောကြားမီ ကားချပ်များကို စစ်ဆေးပေးပါ။ ကာလအလိုက် ကားချပ်(၄)ချပ်ချင်းစီအလိုက် နံပါတ်စဉ်များ ထပ်မထပ် စစ်ဆေးပါ။ ဥပမာ Ones ဘယ်နှချပ်ပါသည်။ Twos ဘယ်နှချပ်ပါသည် (သို့) နံပါတ်ထပ်နေခြင်းရှိမရှိ စစ်ဆေးခြင်းကို ဆိုလိုသည်။ ထို့ပြင် အဓိကတားရော့ကားချပ်နှင့်တော်ဝင်ကားချပ်ဘယ်နှချပ်ပါသည်တို့ကိုပါ တစ်ခါတည်း စစ်ဆေးပေးပါ။ အဓိကကားချပ်နှင့် တော်ဝင်ကားချပ်များ၏ အနည်း၊ အများပါဝင်မှုအလိုက် လူအများက မေးမြန်းသူနှင့် ပတ်သက်မှုရှိနေကြောင်း (သို့) မေးမြန်းသူ၏စာရေးအရာကိစ္စ (ပြဿနာ) များ၌ ပါဝင်ပတ်သက်နေကြောင်း ကိုယ်စားပြုဖော်ပြပေးနေပါမည်။

**ကားချပ်များကိုစတင်ဖတ်ကြားရန်**

အတိတ်ကာလအအကြောင်းပြောမည်ဆိုပါက အတိတ်နှင့်သက်ဆိုင်သော အသုံးအနှုန်းဖြစ်သည့် မကြာသေးမီက ယခင်တုန်းက ဟူသော အသုံးနှုန်းများကို သုံးစွဲရပြီး -

ပစ္စုပ္ပန်ဆိုပါက ယခု လောလော ဆယ် ဟူ၍ လည်းကောင်း။

အနာဂတ် ဆိုပါက မကြာမီ လာမည့်လ၊ နှစ် စသည့် အသုံးနှုန်းများဖြင့် အစပြုရပါမည်။

အထက်ပါဖြန့်ခင်းသောကားချပ်ပုံစံသည် သက်ဆိုင်သူ၏ ယုံကြည်မှုအတွေးအခေါ် တို့ ပြောင်းလဲခြင်းရှိနိုင်မည့်သတင်းအချက်အလက်တို့ကိုဖော်ပြသည်။


**spiritual seekers**

၎င်းအခန်းတွင် အောက်ပါအကြောင်းအရာများ ပါဝင်ပါသည်။

- spirirual Aspiratiion
- Reincarnation
- Contating spirit Guides
- Soul-Mate

**spiritual Aspiration**

မေးခွန်းအမှတ်စဉ်တစ်ခုချင်းစီက ကားချပ်အမှတ်စဉ်တစ်ခုချင်းစီအလိုက် (ဆိုင်ရာနံပါတ်အလိုက်) ကိုယ်စားပြုမေးမြန်းပါသည်။






www.burmeseclassic.com

www.burmeseclassic.com

၁။ ကျွန်ုပ်၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ သဘောထားတွေကဘာလဲ။
၂။ ကျွန်ုပ်၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေဘယ်လိုထိန်းသိမ်းရမည်လဲ။
၃။ မကြာခင် ဆရာတစ်ဦးကို ကျွန်ုပ်ရှာတွေ့မည်လား။
၄။ ကျွန်ုပ်၏ဉာဏ်အလင်းကို ပိတ်ဆို့ထားတာတွေကဘာလဲ။
၅။ ကျွန်ုပ်ယခုဘဝတွေအပြောင်းအလဲလုပ်ရမည်လဲ။
၆။ ယခု ကျွန်ုပ်ရဲ့ရွေးချယ်မှုကဘာလဲ။
၇။ ကျွန်ုပ်၏ Inner Self နှင့် Higher source တို့အား ကျွန်ုပ်၏ ဆက်သွယ်ချက်က ဘာလဲ။

အောက်ပါ ဖြန့်ခင်းထားသော ကားချပ်များကိုလေ့လာပါ။

**Jenny အတွက် spirtual Aspiration**

မှုအပိုင်းကို မျှတစွာထိန်းသိမ်းထားနိုင်ပါမည်။ လုပ်ငန်းခွင်အတွင်း နေ့စဉ်အပြောင်းအလဲများကြောင့် လူအများနှင့် ထိတွေ့ဆက်ဆံမှုပိုမိုများပြားလာပါမည်။ Jenny အတွက် လုံလောက်သောစည်းခြား၊ ကန့်သတ်မှုမရှိပါက များစွာသော စိတ်ဖိစီးမှုများကိုလည်း တားဆီးနိုင်မည် မဟုတ်ပါ။

**မေးခွန်း (၃)**

မကြာခင် ဆရာတစ်ဦးကို ကျွန်ုပ်ရှာတွေ့မည်လား။

**အဖြေ**

Hight Priestess- Jenny ၏စိတ်တွင်အလိုလိုသိသောဉာဏ်နှင့် နားလည်နိုင်စွမ်းရှိမှုအခြေအနေက မြင့်တက်နေကြောင်း ဤကားချပ်အရ ကောက်ချက်

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ဧကရာဇ်ကားချပ် |
| ဒုတိယကားချပ် | တောင်ဝှေး(၁၀)ချောင်းကားချပ် |
| တတိယကားချပ် | သီလရှင်ချုပ်ကားချပ် |
| စတုတ္ထကားချပ် | ဓား(၈)လက်ကားချပ်(ပြောင်းပြန်) |
| ပဉ္စမကားချပ် | ငါးမြောင့်ကြယ်(၇)ခုကားချပ် |
| ဆဋ္ဌမကားချပ် | ရသေ့ကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | တောင်ဝှေး (၆) ချောင်းကားချပ် |

**ဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ကျွန်ုပ်၏ စိတ်ပိုင်းဆိုင်ရာအခြေအနေကို ဘယ်လိုထိန်းသိမ်းရမည်လဲ။

**အဖြေ**

The Emperor - Jenny အနေဖြင့် ခေါင်းဆောင်နေရာ၊ သူဌေးနေရာ၊ ဦးဆောင်သူနေရာတို့တွင်ရှိနေပါသည်။ သူမသည် လွတ်လပ်သူဖြစ်ပြီး အတွေးအခေါ် စိတ်ကူးကောင်းများရှိသူဖြစ်သည်။ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာတို့၌ ပကတိမျက်မြင်အရှိကိုအရှိတိုင်း ရှုမြင်တတ်သူဖြစ်သည်။

**မေးခွန်း (၂)**

ကျွန်ုပ်၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေကို ဘယ်လိုထိန်းသိမ်းရမည်လဲ။

**အဖြေ**

Ten of wands-တခြားသူများ၏ ဝန်ထုပ်ဝန်ပိုးများကို လက်ခံရယူမှုမရှိဘဲ ငြင်းပယ်ခြင်းအားဖြင့် သူမ၏စိတ်ခံစားချနိုင်သည်။ Jenny က အလိုလိုတော်ပြီးတတ်ပြီးဖြစ်သည့် ပါရမီရှင်ဖြစ်သည့် အလျောက်၊ ဉာဏ်ရည်အဆင့်မြင့်မားသည့်အလျောက် သူမစိတ်အာရုံအတွင်းမှာပင် သူမ၏ ဆရာ (သူမကိုယ်တိုင်) ကို ရှာတွေ့နိုင်ပါမည်။

**မေးခွန်း (၄)**

ကျွန်ုပ်၏ ဉာဏ်အမြင်ကို ပိတ်ဆို့ထားတာတွေက ဘာတွေလဲ။

**အဖြေ**

Eight of Swords (ပြောင်းပြန်)- Jenny ပြဿနာများကို ကျော်လွှားရန် ခွန်အားမရှိသလို ခံစားနေရပါသည်။ သို့သော် စိတ်တည်ငြိမ်စွာဖြင့် ဖြေရှင်းပါက ပြဿနာအခက်အခဲများကြောင့် ပိတ်ဆို့နေသော ဉာဏ်အမြင်အလင်းများ ပြန်လည်ရရှိလာပါမည်။

**မေးခွန်း (၅)**

ကျွန်ုပ်ယခုဘဝတွေအပြောင်းအလဲ လုပ်ရမည်လဲ။

**အဖြေ**

Seven of Pentacles - Jenny အတွက် မိမိလုပ်အားကြောင့် ရရှိလာသော အကျိုးအမြတ် အသီးအပွင့်ကို ခံစားနေရမည့်အချိန် ကျရောက်ပြီဖြစ်သည်။ သို့သော်လည်း တစ်ဖက်သား လိုအပ်ချက်များအတွက် Jenny က ဆက်လက် ဝန်ဆောင်မှုပေးနေဆဲ ဖြစ်သည်။

**မေးခွန်း (၆)**

ယခု ကျွန်ုပ်ရွေးချယ်မှုက ဘာလဲ။

**အဖြေ**

The Hernit (ပြောင်းပြန်) - Jenny ဘက်က စိတ်သဘောထားကြီးစွာနှင့် ပွင့်လင်းရန်လိုပါသည်။ စိုးရိမ်ထိတ်လန့်စရာများကြောင့် လုံခြုံမှုမရှိသလို ခံစားရခြင်းဖြင့် သူမ၏အတွင်းသဘောအမှန်နှင့် မထိတွေ့ဘဲရှိနေတတ်သည်။ စိတ်နှင့်ကိုယ်မကပ်မိခြင်းကြောင့် စိတ်တည်ငြိမ်အောင်ကြိုးစားသည့်နည်းလမ်းကိုသာ ရွေးချယ်ရပါမည်။

**မေးခွန်း (၇)**

ကျွန်ုပ်၏ Inner Self နှင့် Higher Source တို့အပေါ် ဆက်သွယ်ချက်က ဘာလဲ။


**အဖြေ**

Six of Wands - ဤကားချပ် အောင်မြင်မှုကို ကိုယ်စားပြုဖော်ပြသည်။ သူမ၏စိတ်အတွင်းဆရာဖြစ်သူ ထိုထွင်ဉာဏ်က အလိုဆန္ဒနှင့် ယုံကြည်ချက်တို့အား မျှတစေအောင် ဆက်သွယ်ဖြည့်ဆည်းပေးပါသည်။

**Comments**

စိတ်ပိုင်းဆိုင်ရာ အာနိသင်စိတ်တန်ခိုးမြင့်တက်လာအောင် စိတ်တည်ငြိမ်မှုရှိလာအောင် Jenny မှကြိုးစားပေးရပါမည်။

**Reincarnation Spread**




၁။ ယခင်ဘဝက ကျွန်ုပ်အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com

ကဘာယ်လိုလဲ။

၂။ အိမ်ထောင်ကျခဲ့ပါသလား။

၃။ ယခင်ဘဝက ပျော်ရွှင်ခဲ့ရပါသလား။

၄။ ယခင်ဘဝက ဘယ်လိုအလုပ်မျိုး လုပ်ခဲ့ရသလဲ။

၅။ ဂုဏ်ယူ၊ ဂုဏ်ပြုတတ်သောပုဂ္ဂိုလ်မျိုးဖြစ်ခဲ့ပါသလား။

၆။ ဘယ်လိုပြဿနာမျိုးတွေ စိန်ခေါ်မှုတွေနဲ့ ကြုံခဲ့ရပါသလဲ။

၇။ ကျွန်ုပ်ကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပါသလား။

၈။ ယခင်ဘဝတုန်းက ကျွန်ုပ်ကျန်းမာရေးကောင်းခဲ့ပါသလား။

၉။ ကျွန်ုပ်ဘယ်လိုသေဆုံးခဲ့ရပါသလဲ။

၁၀။ စိတ်တူကိုယ်တူဖြစ်တဲ့ အပေါင်းအဖော်ရှိခဲ့ပါသလား။

၁၁။ ယခင်ဘဝတုန်းကသိခဲ့ဖူးသောသူတစ်ဦးနှင့် လက်ရှိဘဝမှာ ချစ်ကြိုက်မိပါသလား။

၁၂။ ယခင်ဘဝတုန်းက မိဘနှင့်ဆက်စပ်ချိတ်ဆက်မှုရှိပါသလား။

၁၃။ ယခင်ဘဝက မိသားစုဝင်တွေရှိသေးလား။

၁၄။ ယခု ဘဝတစ်သက်တာအတွင်း ကျွန်ုပ်ဘာတွေသိထားဖို့လိုပါသလဲ။

၁၅။ ယခုဘဝပြီးနောက် ကျွန်ုပ်လူဝင်စားပြန်ဖြစ်မည်လား။

**Daniel အတွက် လူဝင်စားဖြစ်ခဲ့ကြောင်း ဖြန့်ခင်းဟောကြားခြင်း။**

ဖတ်ကြားခြင်း

**မေးခွန်း(၁)**

ယခင်ဘဝက ကျွန်ုပ်အခြေအနေကဘာယ်လိုလဲ။

**အဖြေ**

Seven of Swords ပြောင်းပြန်၊ Daniel အတွက် ဖြန့်ခင်းထားသောကားချပ်တွင် သူသည်ယခင်ဘဝက ရုပ်ဝတ္ထုကိုဦးစားပေးတတ်သူ မနာလို၊ ဝန်တိုတတ်သူဖြစ်ပြီး ဆက်ဆံရေးလည်း ညံ့ဖျင်းသူဖြစ်သည်။ ကားချပ်များ၏ဖော်ပြချက်အရ အလုပ်အကိုင်နှင့်ငွေရေးကြေးရေး၌ ပြဿနာများစွာရှိခဲ့သည်။အတိတ်ဘဝ၌ Darniel ကမိန်းမတစ်ယောက်ဖြစ်ခဲ့နိုင်ပါသည်။ ယင်းကောက်ချက်ကို ဖြန့်ခင်းထားသောကားချပ် (၇)ချက်မြောက် (ဧကရီ) ကားချပ်အရ သိရှိနိုင်ပါသည်။ လူဝင်စားအားလုံးတို့အတွက် ဘဝပေါင်းများစွာ၌ အမျိုးသားဘဝရော အမျိုးသမီးဘဝပါ နှစ်ခုစလုံးဖြစ်နိုင်ပါသည်။

**မေးခွန်း (၂)**

ယခင်ဘဝကအိမ်ထောင်ကျခဲ့ပါသလား။

**အဖြေ**

Five of Wands ပြောင်းပြန်၊ Daniel က ယခင်ဘဝတွင် အိမ်ထောင်ရှိခဲ့ကြောင်း၊ သို့သော်လည်း အိမ်ထောင်ရေးအဆင်မပြေခဲ့ကြောင်း၊ ၎င်းပြင်မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းခဲ့ခြင်းကြောင့် မိမိ၏ အခွင့်အရေး လုပ်ပိုင်ခွင့်များဆုံးရှုံးခဲ့ရကြောင်း ဤကားချပ်က ဖော်ပြသည်။

**မေးခွန်း (၃)**

ယခင်ဘဝကပျော်ရွှင်ခဲ့ပါသလား။

**အဖြေ**

-The Hermit ပြောင်းပြန် - ကိုယ်ပိုင်စဉ်းစားဉာဏ်နည်းပါးခြင်း၊ အတွေးအခေါ်မရှိခဲ့ခြင်း၊ တစ်ကိုယ်ကောင်းဆန်ပြီးသည်းခံနိုင်ရည်မရှိခဲ့ခြင်းတို့က Daniel ၏အားနည်းချက်များအဖြစ် ဤကားချပ်က ကိုယ်စားပြုဖော်ပြသည်။ ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုကိုသာ အာရုံစိုက်ခဲ့သူဖြစ်သည်။ ဖော်ပြပါအခြေအနေများက အတိတ်ဘဝ၌ Daniel ပျော်ရွှင်မှုမရခဲ့ကြောင်း ထင်ရှားစေပါသည်။

**မေးခွန်း (၄)**

ယခင်ဘဝက ဘယ်လိုအလုပ်မျိုးလုပ်ခဲ့ရသလဲ။

**အဖြေ**

Two of Cups - Daniel က သူ၏လိုအပ်ချက်တစ်ခုအဖြစ်သာအိမ်ထောင်ပြုခဲ့သည်။ အကယ်၍ သူက အမျိုးသမီးဖြစ်ခဲ့လျှင် အိမ်ထောင်ရှင်မအဖြစ်၊ မိခင်အဖြစ် မိမိ၏အခန်းကဏ္ဍအတိုင်း ရပ်တည်လာခဲ့မည် ဖြစ်သည်။ အိမ်ထောင်ထိန်းသိမ်းစောင့်ရှောက်ရသောအလုပ်ပင် ဖြစ်သည်။

**မေးခွန်း (၅)**

ဂုဏ်ပြုဂုဏ်ယူထိုက်သောပုဂ္ဂိုလ်မျိုးဖြစ်ခဲ့ပါသလား။

**အဖြေ**

The Fool-ယခင်ဘဝက Deniel သည် အခွင့်အကြုံသစ်ရှာဖွေ၍ စွန့်စားလုပ်ကိုင်ရသောအလုပ်မျိုးကို စိတ်ဝင်စားခဲ့သည်။ ပညာရှိဆန်ဆန် တည်ငြိမ်နူးညံ့စွာ လုပ်ကိုင်ခြင်းမျိုး မရှိခဲ့ပေ။ သူ၏အောင်မြင်သောလုပ်ရပ်များအပေါ် ဂုဏ်ပြုထိုက်သော်လည်း အများအမြင်၌ သူ့အား ခက်ထန်ကြမ်းတမ်းသူအဖြစ် သတ်မှတ်ခဲ့ကြသည်။

**မေးခွန်း (၆)**

ဘယ်လိုပြဿနာစိန်ခေါ်မှုတွေနဲ့ ကြုံခဲ့ရပါသလဲ။

**အဖြေ**

Strength - Daniel ခေါင်းဆောင်

ဖြန့်ခင်းထားသောကားချပ်များ

| | |
|---|---|
| ကားချပ် - ၁ | ဓား(၇)လက်ကားချပ်(ပြောင်းပြန်) |
| ကားချပ် - ၂ | တောင်ဝှေးနှစ်ချောင်းကားချပ် (ပြောင်းပြန်) |
| ကားချပ် - ၃ | ရသေ့ကားချပ်(ပြောင်းပြန်) |
| ကားချပ် - ၄ | ဖလား(၂)လုံးကားချပ် |
| ကားချပ် - ၅ | သူရူးကားချပ် |
| ကားချပ် - ၆ | စွမ်းအားရှင်ကားချပ် |
| ကားချပ် - ၇ | ဧကရီကားချပ် |
| ကားချပ် - ၈ | ငါးမြှောင့်ကြယ်(၄)ခုကားချပ်(ပြောင်းပြန်) |
| ကားချပ် - ၉ | မင်းလုလင်ဓားကားချပ် |
| ကားချပ် - ၁၀ | ငါးမြှောင့်ကြယ် (၂) ခုကားချပ် |
| ကားချပ် - ၁၁ | တောင်ဝှေး (၈) ချောင်းကားချပ်(ပြောင်းပြန်) |
| ကားချပ် - ၁၂ | တောင်ဝှေး (၆) ချောင်းကားချပ် |
| ကားချပ် - ၁၃ | ငါးမြှောင့်ကြယ် (၉) ခုကားချပ် (ပြောင်းပြန်) |
| ကားချပ် - ၁၄ | ဖလား (၉) လုံးကားချပ် |
| ကားချပ် - ၁၅ | တောင်ဝှေး(၉)ချောင်းကားချပ်(ပြောင်းပြန်) |



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ရှိခဲ့စဉ်က သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ခံခြင်း၊ အားပြိုင်ခြင်းတို့၌ ပြဿနာများ စွာကြုံခဲ့ရသည်။ သူရပ်တည်ရာအခန်း ကဏ္ဍထိုင်းက အထက်ပါစိန်ခေါ်မှုများ က အသင့်ဆီးကြိုလျက်ရှိနေခဲ့သည်။ အဆိုပါ အတိတ်ဘဝအတွင်း အနုပညာ ဆန်သော ဖန်တီးလှုပ်ရှားမှုများကိုလည်း စိတ်တိုင်းကျလုပ်ခွင့်ရရှိခဲ့သည်။

**မေးခွန်း (၇)**

ကျွန်ုပ်ကျော်ကြားသောပုဂ္ဂိုလ်ဖြစ်ခဲ့ပါသလား။

**အဖြေ**

The Empress - Danel က အောင်မြင်ကျော်ကြားသူတစ်ဦးဖြစ်ခဲ့ပါသည်။ သြဇာတိက္ကမရှိသော အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ဖို့များကြောင်း ဤကားချပ်က ဆိုသည်။

**မေးခွန်း (၈)**

ယခင်ဘဝက ကျွန်ုပ်ကျန်းမာရေး ကောင်းခဲ့ပါသလား။

**အဖြေ**

Four of Pentacles ပြောင်းပြန်- မအားမလပ်သော နေ့စဉ်လူနေမှုဘဝ အတွင်း ရုန်းကန်ရပ်တည်ခဲ့ရကြောင်း၊ ငွေကြေးလွန်စွာဖြုန်းတီးမိခြင်းကြောင့် ပြဿနာရှိလာရာမှကျန်းမာရေးပင်ထိခိုက် ခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် နောက်ဆက် တွဲအဖြစ် အိမ်ထောင်ရေးပါ ကစဉ့်က လျားဖြစ်ခဲ့ရကြောင်း ဤကားချပ်က ကိုယ်စားပြုဖော်ပြသည်။

**မေးခွန်း (၉)**

ကျွန်ုပ်ဘယ်လိုသေဆုံးခဲ့ရပါသလဲ။

**အဖြေ**

Page of swords - ဤကားချပ် ဖော်ပြချက်အရ Daniel က ယခင်ဘဝ က ငယ်ငယ်ရွယ်ရွယ်နှင့်သေဆုံးခဲ့ရ ကြောင်း၊ သူသည် ဓားဖြင့် (သို့) ခေါင်း ဖြတ်စက် (ဓားစက်)ဖြင့် ကွပ်မျက်ခံခဲ့ရ ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခင် ဘဝက Daniel ၌ အလိုဆန္ဒများခဲ့သည်။ ရိုးအပြီး သမားရိုးကျမဟုတ်သော အပြု အမူစိတ်သဘောထားနှင့် ပျော်ပျော်နေ တတ်သူတစ်ဦးအဖြစ်ရှိခဲ့ပါသည်။ သူ၏ လူမှုအသိုင်းအဝိုင်းအတွင်းမဝင်ဆံ့နိုင်မှု နှင့်အားနည်းချက်များစွာက သူ့ဘဝဆုံးရှုံး နစ်နာပေးဆပ်ရသည့်အခြေအနေသို့ပင် ဆိုက်ရောက်စေခဲ့သည်။



**မေးခွန်း(၁၀)**

စိတ်တူကိုယ်တူဖြစ်တဲ့ အပေါင်း အဖော်ရှိခဲ့ပါသလား။

**အဖြေ**

Two of Pentacles-ဖလားနှစ်လုံး ကားချပ်နှင့် ငါးမြှောင့်ကြယ်နှစ်ခုကား ချပ်တို့က အတိတ်ဘဝတွင် စိတ်တူ ကိုယ်တူ အပေါင်းအဖော်ရှိခဲ့ကြောင်း ဖော်ပြပါသည်။ Daniel က ရုပ်ဝတ္ထု ပစ္စည်းပိုင်ဆိုင်မှုဖြင့် ဘဝကို ပြီးပြည့်စုံလို စိတ်ရှိသည်နှင့် ချက်ချင်းလက်ငင်း စွန့်စားစွာလုပ်ကိုင်တတ်ခဲ့သူ ဖြစ်သည်။

**မေးခွန်း (၁၁)**

ယခင်ဘဝက သိကျွမ်းခဲ့ဖူးသူနှင့် လက်ရှိဘဝမှာ ချစ်ကြိုက်မိပါသလား။

**အဖြေ**

Eight of wands ပြောင်းပြန် - ယခုလက်ရှိဘဝတွင် Daniel ၌ အချစ် ရေးတွင်ပတ်သက်သူများစွာရှိခဲ့သည်။ သို့သော် တစ်ဦးမျှရေရှည်တည်မြဲသည် ဟူ၍ မရှိခဲ့ပါ။ အတိတ်ဘဝတွင်ရှိခဲ့ဖူး သော မကောင်းသည့်အတွေ့အကြုံများ ထပ်မံမကြုံရန် မစဉ်းစားခြင်းလည်း ဖြစ် နိုင်ကြောင်း ဤကားချပ်ကဆိုသည်။

**မေးခွန်း (၁၂)**

ယခင်ဘဝ မိဘနှင့် ဆက်စပ်ပတ် သက်မှုရှိပါသလား။

**အဖြေ**

Six of wands-ရွေးချယ်မှုကိုကိုယ် စားပြုသော ကားချပ်ဖြစ်သည်။ အလုပ် အကိုင်နှင့် လူမှုအသိုင်းအဝန်းအတွင်း အောင်မြင်စွာရပ်တည်နိုင်ရန် မိဘနှစ်ပါး များစွာအကူအညီပေးခဲ့သည်။

**မေးခွန်း (၁၃)**

အတိတ်ဘဝမှာတခြားမိသားစုဝင် တွေရှိသေးလား။

**အဖြေ**

Nine of Pentacles ပြောင်းပြန်- အတိတ်ဘဝအချို့သောမိသားစုဝင်တွေ က ငွေကြေးနှင့်ဆက်စပ်မှုရှိကြောင်း ထိုစဉ်က Daniel အနေဖြင့် သူတစ်ပါး ထံမှ ကူညီထောက်ပံ့မှုမရဘဲ မိမိဝန် ထုပ်ဝန်ပိုးကိုသာ ထမ်းရွက်ခဲ့ရကြောင်း ဤကားချပ်ကဖော်ပြသည်။

**မေးခွန်း (၁၄)**

ယခုတစ်သက်တာအတွင်းကျွန်ုပ် ဘာတွေသိထားဖို့လိုပါသလဲ။

**အဖြေ**

Nine of cups - လက်ရှိဘဝ၌မိမိ ကိုယ်မိမိ တန်ဖိုးထားပြီး ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ ဤကားချပ်က အလို ဆန္ဒကို ကိုယ်စားပြုဖော်ပြသည်။ ဖလား (၉) လုံးကားချပ်အနေအထားကျခဲ့ပါက သူ့ဆန္ဒပြည့်ဝပါမည်။ Daniel အတွက် အတည်တကျစီးပွားရေးသာမက စိတ်ခံစား ပါသောအချစ်ရေး၌ပါ အောင်မြင်ဖွယ်ရှိ နေပါသည်။

**မေးခွန်း(၁၅)**

ယခုဘဝပြီးနောက် ကျွန်ုပ်လူဝင် စားပြန်ဖြစ်မည်လား။

**အဖြေ**

Nine of wands ပြောင်းပြန် - စီးပွားရေးလုပ်ငန်းတွင်ဖြစ်စေ၊ လူမှုရေး ကိစ္စတွင်ဖြစ်စေ အပြိုင်အဆိုင်လုပ်ရှား မလိုလားကြောင်း၊ အရေးအရာကိစ္စ သမျှ တရားနည်းလမ်းကျစွာဖြင့်သာ ရှင်းလိုကြောင်း ဤကားချပ်က ဖော်ပြ သည်။ ယခုဖြန့်ခင်းထားသောကားချပ် များအနက် (၉) ဂဏန်းပါဝင်သော ကား ချပ် Nine of wands, Nine of cups, Nine of Pentacles ကားချပ်နှင့် လူဝင် စားစက်ဝိုင်း၏အဆုံးပိုင်းသို့ရောက်ရှိ မဖြစ်နိုင်သေးကြောင်းကိုယ်စားပြုဖော်ပြ သည်။

**Comments(ထင်မြင်ယူဆချက်များ)**

Daniel အတွက် ဖြန့်ခင်းထား သောကားချပ်အများစုက ပြောင်းပြန် ကားချပ်များဖြစ်နေပါသည်။ ယင်း သူ၏အတိတ်ဘဝစာမျက်နှာများအား ကောင်းစွာမှတ်မိခြင်းမရှိသည်ကို ပြ သည်။ အလုပ်အကိုင်၊ ငွေကြေး၊ ဆက်ဆံရေးဆိုင်ရာ ပြဿနာများ အတိတ်ဘဝတွင်ဖြစ်ပျက်ခဲ့သည့်အတိုင်း ယခုဘဝတွင်လည်း တစ်ဖန်ပြန်လည် ရိုက်ခတ်ဦးမည် ဖြစ်သည်။

ဇော်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းမြင့်(ဘူမိ)

# နော်ထရာဒေးမတ်နှင့် ၂၀၁၆

ယနေ့အချိန်အခါသည် ကမ္ဘာပေါ်၌ တစ်ခုတည်းသော Super power ဖြစ်သော အမေရိကန်ပြည်ထောင်စုတွင် သမ္မတရွေးချယ်တင်မြှောက်ပွဲနီးကပ်လာပြီဖြစ်၍ ပါတီအတွင်း သမ္မတလောင်းရွေးချယ်ပွဲများ ပြည်နယ်အလိုက်ကျင်းပနေပြီ ဖြစ်သည်။ ရီပတ်ဘလင်ကန်ပါတီမှ Donald Trump က ဦးဆောင်နေပြီး ဒီမိုကရက်တစ်ပါတီမှ Hillary Clinton ဦးဆောင်နေပါသည်။

အမေရိကန်ပြည်ထောင်စုသမ္မတရွေးချယ်တင်မြှောက်ပွဲနှင့် ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်ကျော်လောက်က ဝေဒမဂ္ဂဇင်းတစ်စောင်တွင် ဖတ်ရှုခဲ့ရသော ၁၆ ရာစု အကြားအမြင်ပညာရှင် နော်ထရာဒေးမတ်၏ အကြောင်းကို တင်ပြချင်ပါသည်။ နော်ထရာဒေးမတ်၏ ဟောကိန်းများထဲမှ အမေရိကန်ပြည်ထောင်စု၏ အနာဂတ်ကာလတွင် သမ္မတကြီးဖြစ်လာမည့်သူများအကြောင်းပင် ဖြစ်သည်။

**ဟောကိန်း - ၁**

□ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ အသားအရောင်ရှိ အာဖကန်အမေရိကန်သမ္မတကြီးဖြစ်လာမည်။

**ဟောကိန်း - ၂**

□ အာဖရကန်အမေရိကန်သမ္မတကြီး၏နောက်တွင် အမျိုးသမီးသမ္မတကြီး အမေရိကန်ပြည်ထောင်စု၌ ပေါ်ပေါက်လာမည်။

□

၁၉၉၀ ပြည့်နှစ် ကာလများတွင် အမေရိကန်ပြည်ထောင်စုတွင် လူဖြူလူမည်းအရေးအခင်းများပြင်းထန်နေဆဲ အချိန်ကာလများဖြစ်နေသည်။ သို့သော်လည်း ၂၀၀၉ ခုနှစ်တွင် အမှန်တကယ်ပင် အာဖကန်အမေရိကန် Barack Obama သည် အမေရိကန်ပြည်ထောင်စု၏ သမ္မတကြီးဖြစ်လာခဲ့သည်။



NOSTRADAMUS (1503-1566)
(Michel de Nostredame)

ပထမဟောကိန်းသည် အကြွင်းမရှိ မှန်နေသဖြင့် ဒုတိယဟောကိန်းဖြစ်သော အမျိုးသမီးသမ္မတကြီးတက်လာမည့် ဟောကိန်းမှန်၊ မမှန်ကို စောင့်ကြည့်ရန်မှာ အချိန်အကြာကြီးစောင့်ကြည့်ရန်မလိုပေ။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲတွင် Hillary Clinton (ဒီမိုကရက်တစ်ပါတီ) ရွေးကောက်ပွဲအနိုင်ရလိမ့်မည်ဟု ကြိုတင်နိမိတ်ဖတ်ဟောထားခြင်းပင် ဖြစ်သည်။ အဘယ်မျှမှန်ကန်မည်လဲဆိုတာကို မကြာမီ သိရှိလာမည် ဖြစ်သည်။

နော်ထရာဒေးမတ်သည် ထင်ရှားကျော်ကြားသော သမိုင်းအဖြစ်အပျက်များကို ကြိုတင်နိမိတ်ဖတ် ဟောကြားထားခဲ့သည်။ ကနေဒီညီအစ်ကို လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ ဟစ်တလာ အာဏာရလာခြင်း၊ နပိုလီယန်စစ်အောင်နိုင်ခြင်းနှင့် အမေရိကန်ပြည်ထောင်စုတွင် 9/11 လို အရေးကြီးသော အဖြစ်အပျက်များကို ကြိုတင်ဟောထားခဲ့သည်။

နော်ထရာဒေးမတ်ကို ၁၅၀၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ မွေးဖွားခဲ့ပြီး ၁၅၆၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ သူ၏ အလုပ်အကိုင်များမှာ ဆရာဝန်၊ စာရေးဆရာ၊ ဘာသာပြန်ဆိုသူ၊ နက္ခတ္တဝေဒပညာရှင်၊ အတြေပေးပညာရှင်အလုပ်များလုပ်ကိုင်ခဲ့ပြီး ထင်ရှားကျော်ကြားသောအလုပ်မှာ အကြားအမြင်ပရောဟိတ်ဆရာ ဖြစ်သည်။ ကိုးကွယ်သောဘာသာမှာ ရိုမင်ကက်သလစ်ဖြစ်သည်။ သူသည် ပြင်သစ်ဘုရင် ဟင်နရီ-၂ (King Henry II)၏မိဖုရား ကက်သရင်း (Catherine de Medicis) ထံတွင် အမှုတော်ထမ်းရွက်ခဲ့သည်။

နော်ထရာဒေးမတ်သည် ၂၀၁၆ ခုနှစ် အတွက် ထူးခြားသောဟောကိန်းများကိုလည်း ဟောထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်
## ထူးခြားသောဟောကိန်းများ

**၁။ ခရိုင်းမီးယားစစ်ပွဲငြိမ်းချမ်းရေး**

ဥရောပနှင့် အမေရိကာသည် ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ခရိုင်းမီးယားစစ်ပွဲငြိမ်းချမ်းရေးကို ရုရှားနှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးလုပ်ဆောင်နိုင်မည်။ လျှို့ဝှက်နက်နဲသော၊ ထူးခြားသော အချက်တစ်ခုက ရုရှားကို ကူညီ ဖြေရှင်းပေးလိမ့်မည်။

**၂။ အာရပ်-အစ္စရေးစစ်ပွဲ**

အာရပ်-အစ္စရေးစစ်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်။ အစ္စရေးနိုင်ငံဘက်မှနေ၍ ဥရောပနိုင်ငံများမှ ရေတပ်များဖြင့် ကူညီတိုက်ခိုက်ပေးလိမ့်မည်။ သို့သော်လည်း စစ်ပွဲများ အနိုင်၊ အရှုံးမပေါ်ဘဲရှိမည်။

**၃။ကမ္ဘာ့ဝင်ရိုးစွန်းများပြောင်းလဲသွားမလား**


နော်ထရာဒေးမတ်က ကမ္ဘာ့ဝင်ရိုးစွန်းများပြောင်းလဲသွားလိမ့်မည်ဟု ဟောကိန်းထုတ်ထား၏။ သိပ္ပံပညာရှင်များနှင့် သုတေသီများက သတိပေးချက်များ ထုတ်ပြန်ထားသည်။ လတ်တလောအခြေအနေတွင် မြောက်ဝင်ရိုးစွန်းက အပူချိန်မြင့်တက်လာနေပြီး တောင်ဝင်ရိုးစွန်းက အေးခဲမြဲအေးခဲနေသည်။ ကမ္ဘာကြီးပူနွေးလာမှုကို သိပ္ပံပညာရှင်များကလည်း သတိပေးချက်များ ထုတ်ပြန်ပေးထားသည်။


**၄။ အိမ်ဖြူတော်၏လှည့်ကွက်များ**

ပရောဟိတ်၏ ဖော်ပြမှုအရ အိမ်ဖြူတော် (အမေရိကန်သမ္မတအိမ်တော်) သည် စစ်ပွဲများကဲ့သို့သော လှည့်ကွက်များဖြင့် ကမ္ဘာကြီးကို ဖျက်ဆီးရန် စီစဉ်ထားပြီး ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ စစ်ပွဲများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့်ဆက်စပ်နေသောစစ်ပွဲများက လှည့်စားမှုကို ထင်ရှားစေသည်။ အီရတ်၊ အာဖကန်နစ္စတန်နိုင်ငံများကို အမေရိကန်ကျူးကျော်ဝင်ရောက်လာပြီး ဒီမိုကရေစီစနစ်သွတ်သွင်းပြီးကတည်းက ထိုနိုင်ငံများတွင် ငြိမ်းချမ်းရေးမရခဲ့ပေ။

**၅။ ကမ္ဘာကြီးအဆုံးသတ်သွားမလား**

နော်ထရာဒေးမတ်က အီရတ်ကို အမေရိကန်ကျူးကျော်မှုသည် ကမ္ဘာကြီးအဆုံးသတ်ရန်အတွက် ပထမဆုံးသော အမိကအမှတ်အသားတစ်ခုဖြစ်ကြောင်း





ဟောထားသည်။ ထိုအချက်ကို ပရောဟိတ်များ၏ဟောကိန်းများ၊ တမန်တော်၏ သမ္မာကျမ်းစာပါ ဟောကိန်းများ၊ မာယာလူ့အဖွဲ့အစည်းက သတိပေးချက်များရှိနေပြီး ဖြစ်သည်။

**၆။ အရှေ့အလယ်ပိုင်းဒေသပေါက်ကွဲခြင်း**

နော်ထရာဒေးမတ်က ၂၀၁၆ခုနှစ်တွင် ကောင်းကင်မှယာဉ်ပျံများပျက်ကျလိမ့်မည်။ အရှေ့အလယ်ပိုင်းဒေသတွင် ပြင်းထန်သောပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကြောင့် ပြောင်းလဲမှုများသည် လွန်ခဲ့သော (၄) နှစ်ကတည်းက စတင်နေပြီ ဖြစ်သည်။ အာရပ်နွေဦးတော်လှန်ရေးသည် တူနီးရှား၊ အီဂျစ်၊ ဘာရိန်း၊ ဆိုမာလီယာ၊ လစ်ဗျားနှင့် ဆီးရီးယားနိုင်ငံများ ပါဝင်သော (၁၀) နိုင်ငံထက် ပိုများသောနိုင်ငံများတွင် ပြင်းထန်သောစစ်ပွဲများ ဖြစ်ပွားလာမည်။

**၇။ အရှေ့အလယ်ပိုင်းဒေသတွင် မီးအကြီးအကျယ်လောင်ခြင်း**

ဟောကိန်းအရ အရှေ့အလယ်ပိုင်းဒေသ ဂေါ့ဖ်ပင်လယ်ကွေ့ဒေသရှိ နိုင်ငံများတွင် ဓာတ်ဆီ၊ ရေနံ၊ သဘာဝဓာတ်ငွေ့များ မီးတောက်လောင်မည်။ စွမ်းအင်များ မီးလောင်ဆုံးရှုံးလာပြီးနောက်တွင် သမ္မတရွေးကောက်ပွဲများ ကျင်းပလာမည်။ ငြိမ်းချမ်းလာမည်။

**၈။ ဖြစ်မြဲမဟုတ်သော ဂြိုဟ်ပတ်လမ်းများ ဖောက်ပြန်မှု**

ဖော်ပြချက်အရ ဂြိုဟ်ပတ်လမ်းများ ဖောက်ပြန်မှုနှင့် ဂြိုဟ်နက္ခတ်နမူနာဖြစ်ရပ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီးနောက် ကမ္ဘာပေါ်တွင် ကြီးမားသော အဖြစ်အပျက်များ တသီတတန်းကြီး ဖြစ်ပေါ်လာမည်။ မြေငလျင်လှုပ်ခြင်း ဆူနာမီကဲ့သို့သောဖြစ်ရပ်များ မဟုတ်ပေ။

**၉။ ဖြစ်မြဲမဟုတ်သော ရာသီပုံသဏ္ဌာန်များပြောင်းလဲမှု**

ဖော်ပြချက်အရ ရာသီဥတုပုံသဏ္ဌာန်များပြောင်းလဲလာမှုနှင့်အတူ ပြင်းထန်သောအန္တရာယ်များ သို့မဟုတ် သဘာဝဘေးဒုက္ခများသည် အရင်ကပေါ်ပေါက်ခဲ့သောအခြေအနေများထက် ပိုပြင်းထန်သော ကပ်ဘေးဒုက္ခများနှင့် ကြုံတွေ့ရမည်။ ပင်လယ်ရေမျက်နှာပြင်သည် အချို့သောနေရာများတွင် ကုန်းအမြင့်အထက်တက်လာခြင်း၊ ကမ်းခြေအောက်သို့ နိမ့်ကျလာခြင်းများ ရှိနိုင်သည်။ ကမ္ဘာအနှံ့အပြားတွင် နွေရာသီရောက်နေသော်လည်း ဆီးနှင်းများ ကျဆင်းလာလိမ့်မည်။ ၂၀၁၅ ခုနှစ်က ကြုံတွေ့ခဲ့ရသော အေးမြသောရာသီဥတုဖြစ်လာနိုင်မည်။

**၁၀။ အိုဘားမားသည် နောက်ဆုံးသမ္မတ**

နော်ထရာဒေးမတ်၏ ဟောကိန်းမှာ ၂၀၁၃ ခုနှစ်တွင် အိုဘားမား ရွေးကောက် တင်မြှောက်ခံရပြီးနောက် အမေရိကန်နိုင်ငံ၏ သမ္မတကြီးဖြစ်မည်။ သို့သော်လည်း ဘာရက်အိုဘားမားသည် အမေရိကန်နိုင်ငံ၏ နောက်ဆုံးသမ္မတကြီးဖြစ်လာမည်။ ဆိုလိုသည်မှာ အမေရိကန်နိုင်ငံသည် Super power နိုင်ငံအဖြစ်မှ လျော့ကျသွားမည်။

ဘုန်းမြင့်([illegible])



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်ဂျ (တဆ-၀၂၂၉၀)

**တိုင်းရင်းဆေးကုဌာန**

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

စန္ဒာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊အကျိတ်၊အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် - နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

အမှတ်-၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီးမြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့ ☎ -၅၇၇၆၄၉၊ ၀၉ ၄၃၁၉၅၄၃၉၊ ၀၉ ၅၁၁၃၁၆၆

မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

* နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မှီ သင်ဟာလည်း ယုံကြည်တယ်ဆိုရင်တော့ ဖတ်ခါးသာခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့ အခက်အခဲပါ။
* (သင့်ရဲ့ အရေးတကာ့အရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
* လိုအပ်တဲ့အဖြေကို ရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
* နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကရဲ့ အလှည့်အပြောင်းကို ကြုံရတော့တယ်။
* အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမား ပေးဆပ်ရမဲ့ အကျိုးဆက်မျှော်ဖြစ်ပေါ်လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် ဘာပဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာ့ရိုးရာ နဝင်းဗိဒပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
* ပြောက်၍လည်းမဟော၊ ပြောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

**ဆရာ ဦးခင်ဇော်**

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဥက္ကလာပဘုတ်ဘားအနီး) ဖုန်း-၀၉-၄၃၀၁၈၈၀၁၊ ၀၉-၅၁၉၉၄၁၅၆



www.burmeseclassic.com



# မင်းဟိန်းထိုက်

## ဘိုးသြဘာနှင့်လူဆိုးများ

• ဂျပန်များ စစ်ရှုံး၍ တပ်ခေါက်သွားပြီးစအချိန်သည် မြန်မာတစ်နိုင်ငံလုံးဟုဆိုရမည့် တကယ့်ဝါးစည်းကို ကြိုးဖြေလိုက်သည်နှင့်တူသော ကာလဝိပတ္တိကြီးပင် ဖြစ်၏။

အင်္ဂလိပ်တို့ ပြန်ဝင်လာကြသော်လည်း တိုင်းနှင့်ပြည်နယ်အနှံ့တွင် ခရိုင်မြို့ကြီးအချို့မျှကိုသာ အာဏာစက်ဖြန့်လွှမ်းနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် နယ်မြို့အချို့နှင့် တောရွာများမှာ အစိုးရအုပ်ချုပ်ရေးစနစ်သည် မရှိသလောက်ပင်ဖြစ်နေရပြီး ဒေသအုပ်ချုပ်ရေးဟုဆိုရမည့် မြို့ရွာလုံခြုံရေးကို ဒေသခံ မြို့/ ရွာသားများကိုယ်တိုင်သာ ဖွဲ့စည်းစောင့်ကြပ်နေကြရသည်ကသာ များလေသည်။

ထိုထိုဒေသအုပ်ချုပ်ရေးတွင်လည်း ကောင်းသည်ရှိသလို ဆိုးသည်လည်း ရှိကြသည်။ သီလသမာဓိရှိသော လူကြီးလူကောင်းများ ဦးစီးဦးဆောင်ပြုပြီး အုပ်ချုပ်လျှင် ကောင်းမွန်သေသပ်ပြီး သီလသမာဓိမရှိသော လူများကသာ အုပ်ချုပ်ပါမူကား ဆိုးသည်ကသာ မြို့များလေသည်။

ထိုအထဲမှ ဂျပန်လက်ကျန် နက်များဖြင့် အုပ်စုဖွဲ့ပြီးမင်းလုပ်နေ

www.burmeseclassic.com



သူများမှာ နိုင်ငံတော်အုပ်ချုပ်ပုံစနစ်များ ကင်းလွတ်နေသဖြင့် ပို၍ပင်နားလည်ရခက်သည်။ ဖန်ငွေမရှိသောကြောင့် ကြံငွေရှာဖွေကြသောအခါမျိုးတွင် မရိုးသားသော အကြောင်းကိစ္စအတော်များများ ဖြစ်ပေါ်လာလေသည်။

ပြည်သူလူထုများထံမှ ဆက်ကြေးကောက်ရုံဖြင့် မလုံလောက်ဘဲ တချို့ငွေကြေးဥစ္စာချမ်းသာ ကြွယ်ဝသူများထံမှ သီးသန့် ခွဲတမ်းစနစ်ဖြင့် ကောက်ယူကြသလို အေးဓားပြတိုက်ကြသည်အထိပင် ရှိလာခဲ့သည်။ အေးဓားပြတိုက်၍ ပြန်လည်ခုခံလျှင် အသက်သေဆုံးကြရသည်အထိဖြစ်သွားတတ်၍ အေးဓားပြမှ ပူဓားပြအဖြစ်သို့ ရောက်သွားရသည်လည်းရှိသည်။ အဆိုးဆုံးမှာ တတ်နိုင်ကြသူများအား ပြန်ပေးဆွဲကြခြင်းပင် ဖြစ်သည်။

ထိုထိုအဖြစ်များကို သတ္တုချ၍ ကြည့်လျှင် လူရိုးလူကောင်း၊ သူတော်ကောင်းများ ထိခိုက်နစ်နာကြသည်က ပိုများသည်။ တချို့စီးပွားရေး ပျက်ပြားသွားကြသည်။ တချို့လူကောင်းများ လူဆိုးဖြစ်သွားကြသည်။ တချို့က ကိုယ်လက်အင်္ဂါစသည်မှ အသက်ဆုံးရှုံးသည်အထိလည်းဖြစ်သွားကြသည်။

ဤအဖြစ်သည်ဆိုခဲ့သည့်အတိုင်း တောနယ်တောရွာများတွင် ပို၍အဖြစ်များသည် ပို၍အဖြစ်များသောကြောင့် ပို၍လည်းအထိနာကြရသည်။

❑

ဘိုးသြဘာမှာ ဂျပန်ခေတ်တစ်လျှောက်လုံး အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ တိဗက် စသော နိုင်ငံဒေသများတွင် သုံးနှစ်တိုင်ကာလပတ်လုံး သွားရောက်နေထိုင်ခဲ့သဖြင့် ယခုတစ်ဖန် အရပ်သို့ ပြန်ကြွလာသောအခါ ဖိုရုံကျောင်းလေး ပျက်စီးသွား၍ ရွာသားများအားခေါ်ပြီး အသစ်တစ်ဖန် ပြန်လည် ဆောက်လုပ်နေရသည်။

ဘိုးသြဘာနည်းတူ ရွာသားများမှာလည်း မိမိတို့အိုးအိမ်များကို ပြုပြင်ရခြင်း၊ ပြုပြင်ရုံဖြင့် မလုံလောက်လျှင် အသစ်ပြန်ဆောက်ရခြင်း၊ တောတစ်ဝက်ဖြစ်နေသော လယ်ယာများကို မူလအခြေသို့ရောက်အောင် ပြုလုပ်ခြင်းရှိနေကြသောကြောင့် ဘိုးသြဘာကပင် ထိုထိုလိုအပ်ချက်များအတွက် ဖန်ငွေရရှိကြအောင် ရွှေပြုလုပ်ပေးနေရလေသည်။ ဘိုးသြဘာမှာ ငွေမရှိပေ။ လိုအပ်လျှင် ဤနည်းအတိုင်း ရွှေလုပ်ပြီးသာ ရောင်းချသုံးစွဲလေ့ရှိသည်။

ထို့အပြင် ကျောင်းကန်ဘုရား လမ်းတံတားများတွက် အခြားဆင်းရဲနွမ်းပါးကြသည့်လူများအတွက် စသည်ဖြင့်လည်း ဘိုးသြဘာကပင် ရွှေလုပ်ပြီး ပေးနေ၏။ ဘိုးသြဘာက ရွှေကိုလိုချင်တိုင်းပြုလုပ်၍ရနေသောကြောင့် တော်ပေတော့သည်။

ထို့ကြောင့် ဘိုးသြဘာမှာ နီးစပ်ရာ ရွာသူရွာသားများအပြင် အခြားသောဝေးလံသည့်ရွာသားကြီးအချို့တို့ပါ ရောက်လာကြပြီး ကျောင်း၊ ကန်၊ ဘုရား၊ လမ်းတံတားများအတွက် စသည်ဖြင့် အကူအညီတောင်းခံကြ၍ နားရသည် ဟူ၍ပင်မရှိတော့ဘဲ ရွှေချည်းပြုလုပ်ပေးနေရလေသည်။

"ဘိုး - ဟိုမှာဗိုလ်ကြီးတစ်ယောက်က ဘိုးနဲ့တွေ့ချင်လို့တဲ့"

ဟု ကျောင်းလာဆောက်ပေးကြသည့်အထဲမှ ရွာသူကြီး ဦးမောင်ပုချေက လာပြောခြင်းဖြစ်သည်။

ဘိုးသြဘာ ဖိုရုံထဲမှ ဆတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက်မေးသည်။

"ဗိုလ်ကြီးဆိုတော့ ဘယ်ကဗိုလ်ကြီးလဲကွ"

"ဟို ဘန့်ပွေးပင်အောက်မှာ သူ့လူတွေနဲ့ရပ်နေတဲ့ဗိုလ်ကြီးပါ။ အခုတစ်လော ရွာနားမှာတပ်စွဲနေကြတဲ့တပ်ကပါ"

ဦးမောင်ပုချေလည်း ထိုမျှသာ ပြောတတ်သည်။ တပ်များကလည်း ရောက်လာလိုက်၊ ပြောင်းသွားလိုက်နှင့် သည်နယ်မြေကာသိပ်ပြီးမဖွံ့သောကြောင့် ရောက်လာကြသောတပ်များက ကြာကြာမနေကြပေ။ နယ်လှည့်သည့်သဘောဖြင့် ခဏရောက်လာပြီး ပြန်ထွက်သွားကြသည်။

ယခုရောက်နေကြသော တပ်စုမှာလည်း သုံးရက်မျှသာ ရှိသေးသောကြောင့် ရွာသူကြီးဦးမောင်ပုချေသည်ပင် အလံဖြူလား၊ အလံနီလား မကွဲပြားသေးပေ။ ဦးမောင်ပုချေအနေဖြင့်လည်း သူတို့က ဆက်သွယ်လာကြမှ ပြန်လည်ဆက်သွယ်ပြီး လိုအပ်သလို ဆောင်ရွက်ပေးရသည်။

ဥပဒေက သူတို့၏ ပါးစပ်ဖျားမှာ သာရှိနေသောကြောင့် အရာရာကို ဆင်ခြင်ရသည်။ ကိုယ့်ဘက်က မှားလျှင်ဖြစ်စေ၊ သူတို့ဘက်က အမြင်မကြည်လင်ကြလျှင်ဖြစ်စေ၊ အဖက်ဆယ်၍မရ လောက်အောင်ပင်ဖြစ်သွားနိုင်သည်။ ထိုကဲ့သို့ဖြစ်သွားကြသော ရွာသူကြီးများလည်း မနည်းတော့ပေ။

ဘိုးသြဘာ ဖိုရုံထဲမှထွက်လာပြီး ဘန့်ပွေးပင်အောက်က လူများကိုကြည့်သည်။ တချို့ထိုင်ပြီး တချို့မတ်တတ်ရပ်နေကြသည်။ အားလုံး လူ (၃) ယောက်ဖြစ်သည်။ ဘိုးသြဘာ မြင်ဖူးသော လူတစ်ယောက်မျှမပါပေ။

ဘိုးသြဘာက တန်းလျားမှာထိုင်လိုက်ပြီးမေးသည်။

"မင်းတို့က ငါနဲ့တွေ့ချင်ကြတယ်ဆိုတော့ ဘာကိစ္စများရှိကြသတုံး"

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး ဗိုလ်ကြီးဆိုသူဖြစ်ဟန်တူသောလူကပင် စတင်၍ ပြောသည်။

"ဘိုး၊ ကျွန်တော်တို့က တော်လှန်ရေးတပ်ကပါ။ ဂျပန်ခေတ်၊ အခု အင်္ဂလိပ်ခေတ် ကုပ်သွေးစုပ်တဲ့ အစိုးရအားလုံးကို ပြည်သူလူထုဘက်တနေပြီး တော်လှန်နေကြတဲ့ မျိုးချစ်စစ်သားတွေပါ။ ဒါကြောင့် ဘိုး ကျွန်တော်တို့ကိုကူညီစေချင်ပါတယ်"

ဘိုးသြဘာက တစ်ချက်ပြုံးလိုက်ပြီး-

www.burmeseclassic.com

"ငါက မင်းတို့ကို ဘာကူညီရမတုံး"

"ဘိုးတတ်ထားတဲ့ပညာနဲ့ ကျွန်တော်တို့တပ်ရန်ပုံငွေအတွက် ကူညီစေချင်တာပါဘိုး"

ဘိုးသြဘာ အသံထွက်အောင် တစ်ချက်ရယ်လိုက်၏။ သူတို့ ဘာဆိုလိုနေသည်ကိုလည်း ရိပ်မိ၏။ သို့သော်လည်း စကားကမကုန်သေးသလိုရှိနေ၍ ထပ်ပြီးမေးလိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောကြကွ။ ငါတတ်ထားတဲ့ပညာတွေက အများကြီး။ ဗေဒင်၊ နက္ခတ်၊ ဓာတ်၊ ယတြာ၊ အင်္ဂါရိတ်ပညာ စတာတွေပေါ့။ ဒီအထဲမှာ မင်းတို့က ဘာပညာကိုပြောတာတုံး"

သူတို့ တစ်ချက်ရယ်ကြ၏။ ထို့နောက် ယခင်လူကပင်ပြောသည်။

"ဘိုးတတ်ထားတဲ့ပညာ ဆိုတာ အင်္ဂါရိတ်ပညာကိုပြောတာပါ။ အခုပဲ ဘိုး အင်္ဂါရိတ်ပညာနဲ့ ရွာသူရွာသားတွေကို ရွှေလုပ်ပေးနေတယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။ အခု ကျွန်တော်တို့ဆိုတာလည်း တစ်ရွာ၊ တစ်မြို့သားမဟုတ်ဘဲ ပြည်သူလူထုအားလုံးတို့ရဲ့ အသက်အိုးအိမ်လုံခြုံရေးကို အဓိကထားပြီး ဆောင်ရွက်နေကြတဲ့ ရဲဘော်တွေဖြစ်လို့ ဘိုးတတ်မြောက်ထားတဲ့ အင်္ဂါရိတ်ပညာနဲ့ ရွာသူရွာသားတွေကို ကူညီလုပ်ကိုင်ပေးသလို ကျွန်တော်တို့ကိုလည်း ကူညီလုပ်ကိုင်ပေးစေချင်ပါတယ်"

ဘိုးသြဘာ တစ်အောင့်လေး ငြိမ်နေ၏။ ပြုံးလည်းပြုံး၏။ ထို့နောက် ပြောသည်။

"မင်းပြောတဲ့စကားတွေက လှတော့လှတယ်ကွ။ ဒါပေမယ့် မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မင်းတို့က ပြည်သူလူထုလုံခြုံရေးကို တာဝန်ယူနေကြကဲ့လူတွေဆိုပေမယ့် ပြည်သူလူထု ယုံကြည်လက်ခံလောက်တဲ့ စည်းကမ်းဥပဒေ လုံလောက်အောင်မရှိဘဲ အာဏာကိုလျှာဖျားမှာထားပြီး အုပ်ချုပ်နေကြတာဆိုတော့ အဲတာဟာ မင်းမည်ဘူးကွဲ့။ အုပ်စုဖွဲ့ပြီး အကြမ်းဖက်၊ ဗိုလ်ကျနေကြတဲ့သဘောပဲသက်ရောက်နေတာ။ ငါက အဲဒါကို အိသိကြီးနဲ့ကူညီပေးလိုက်ရင် မီးလောင်ရာလေပင့်သလိုပဲဖြစ်သွားတော့မှာပေါ့။ ဒါကြောင့် မင်းတို့ ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ။ ငါမကူညီနိုင်ဘူး"

ဘိုးသြဘာ၏ စကားအဆုံးတွင် သူတို့၏မျက်နှာများ မိုးကဲ့သို့မည်းသွားကြလေသည်။ သူတို့ကိုယ်သူတို့ ပဒေသရာဇ်ရှင်ဘုရင်ဟု အထင်ရောက်နေကြလေရာ ဘုန်နှင့်ဘောက်နိုင်လွန်းသော ဘိုးသြဘာ၏စကားများက သူတို့အား ဝိဿာလေးနှင့် ထုနှက်လိုက်သကဲ့သို့ ဖြစ်သွားရသည်။

"အဲလိုပြောလိုက်တာဟာ ဘယ်သူ့ကို လာထိတယ်လို့မျှားထင်သလဲ"

ဗိုလ်ကြီးဆိုသူက မျက်နှာတင်းတင်း၊ အသံမာမာကြီးဖြင့်ပြောခြင်း ဖြစ်၏။ 'ဘိုး' ဟူသော ဝိသေသကိုပင်မသုံးဘဲ မေးသောကြောင့် ရန်လိုသော အမူအရာများပါနေသည်ကို ဘိုးသြဘာသိလိုက်၏။ ထို့ကြောင့် ဘိုးသြဘာက ပြန်ပြောလိုက်သည်။

"မင်းတို့ကိုပဲထိတာပေါ့ကွ။ မင်းတို့အကြောင်းကို မင်းတို့ထက် ပိုသိတဲ့လူရှိဦးမလား။ ဆက်ကြေးကောက်လို့မှမလုံလောက်ရင် ဓားပြတိုက်၊ မင်းတို့စကားကိုနားမထောင်၊ မထောက်ခံသူကိုဆိုလည်း ဖမ်းဆီး၊ သတ်ဖြတ်၊ အဲလိုလုပ်နေကြတာဟာ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်တာလား၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်နေကြတာလားဆိုတာ မင်းတို့ဘာသာပဲပြန်ပြီး စဉ်းစားကြည့်ကြပေါ့"

ဗိုလ်ကြီးဆိုသူသည် သက်မတစ်ချက်ကိုချလိုက်၏။ သူ့လူများဘက်ကိုလည်းကြည့်၏။ သူ့လူများလည်း ဘိုးသြဘာအား ပြုံးကြည့်နေကြ၏။ ထို့နောက် ဗိုလ်ကြီးဆိုသူကပြောသည်။

"ကောင်းပြီလေ၊ ဒီလိုဆိုလည်း ကြည့်ကြသေးတာပေါ့"

ဟု ပြောပြီး သူ့လူများအားခေါ်ကာ ကျောင်းပရိဝုဏ်ထဲမှ ခပ်ဆောင့်ဆောင့်ခြေလှမ်းများဖြင့် ပြန်ထွက်သွားကြလေသည်။ ဘိုးသြဘာက တစ်ချက်ပြုံးပြီး သူတို့၏ နောက်ကျောကိုကြည့်ကာ ကျန်နေခဲ့သည်။

ကျောင်းဆောက်နေကြသည့် ရွာသူကြီးဦးမောင်ပုချေ အပါအဝင် ရွာသားများသည်ကား အနားမှာ တစ်ယောက်မျှရှိမနေကြသဖြင့် ဘိုးသြဘာနှင့် ထိုလူစုတို့ စကားအခြေအတင်ပြောရင်း ကွဲလွဲမှုများစွာဖြစ်သွားသည်ကိုမူ တစ်ယောက်မျှမသိလိုက်ကြပေ။ ထို့ကြောင့် ညနေစောင်းသည်နှင့် လုပ်ငန်းသိမ်းပြီး အသီးသီးပြန်သွားကြလေသည်။

❑

ဘိုးသြဘာမှာ ကျောင်းမပြီးသေး၍ ဖိုရုံထဲမှာပင်နေရ၏။ ဘိုးသြဘာ ဖိုရုံဆောက်လုပ်တိုင်း ခေတ္တနားနေရန်အတွက် အခန်းခုတင်လေးတစ်ခုကိုလည်းလုပ်ထားလေ့ရှိသည်။ ယခုလည်း ဖိုထိုးရန်အတွက် ဖိုရုံကို ဦးစွာဆောက်လုပ်ရာ၌ အခန်းခုတင်လေးတစ်ခုကိုပါပြုလုပ်ထားသဖြင့် ဆောက်လုပ်နေဆဲကျောင်းဆောင်မပြီးမချင်း ဖိုရုံလေးထဲမှာပင်နေရဦးမည်ဖြစ်သည်။

ဘိုးသြဘာ ဘုရားရှိခိုး၊ မေတ္တာပို့အမျှဝေပြီးနောက် ဘာန့်ပွေးပင်ကြီးအောက်သို့ထွက်လာကာ တန်းလျားမှာထိုင်ပြီး ပုတီးစိပ်နေ၏။ အရဟံဂုဏ်တော်ကို သက်စေ့ပုတီးစိပ်လေ့ရှိရာ ယခုပုတီး(၃)ပတ်မျှစိပ်ပြီးသည့်အချိန်မှာပင် လူလေး၊ ငါးယောက်ကျောင်းပရိဝုဏ်အတွင်းသို့ဝင်လာကြလေသည်။ ဘိုးသြဘာ၏ အနားသို့ရောက်လျှင် ရှိခိုးဦးချခြင်းပင်မပြုကြဘဲ ခေါင်းဆောင်ဖြစ်ဟန်တူသော လူတစ်ယောက်က အသံခက်မာမာဖြင့်ပြောသည်။

"ဘိုး၊ အခု ကျွန်တော်တို့နဲ့လိုက်ခဲ့ရမယ်"

"အေ. . ."

ဘိုးသြဘာ အံ့သြသွား၏။ ထိုလူများကို အသေချာကြည့်သော်လည်း အမှောင်ထဲမှာကြောင့် တစ်ယောက်ကိုမျှ မမှတ်မိပေ။ ထို့ကြောင့် မေးကြည့်လိုက်သည်။

"မင်းတို့ နေ့ခင်းကလာကြတဲ့လူတွေများလား"

"ဟုတ်တယ်"

"ဒီတော့ ငါက မင်းတို့နောက် လိုက်ရမယ်ဆိုရင် ဘယ်အထိလိုက်ရမတုံး"

"အိန္ဒိယနယ်စပ်မှာရှိတဲ့ တောတွင်းတစ်နေရာကိုပဲ။ အဲဒီမှာနေပြီး ကျွန်တော်တို့မှာ တော်လှန်ရေးအခါး စရိတ်လိုအပ်နေတဲ့ ငွေကြေးအတွက် လိုသလောက်ရွှေတွေကို ဘိုးရဲ့အင်္ဂါရိတ် ပညာနဲ့ ပြုလုပ်ပေးရမယ်။ ဒါပဲ"

ဘိုးသြဘာ တင်းသွားလေ၏။ ထို့ကြောင့်ပြောလိုက်သည်။

"ဩော်၊ ဩော် - ဒါဆိုရင် မင်းတို့ အခြားလူများဆီ ပစ္စည်းတွေကို ဓား ဓားပြတိုက်ရုံနဲ့မနေဘဲ ငါ့ကိုပါတော့ ပြန်ပေးလာဆွဲကြတာကိုး။ ဟုတ်ပြီ ခဏနေကြဦး"

ဟု ဆိုကာ ဘိုးသြဘာသည် တစ်အောင့်ကြာအောင် ကောင်း နက္ခတ်ကိုသာ မော့ကြည့်နေလေ၏ ထို့နောက် လူဆိုးခေါင်းဆောင် နားမလည်နိုင်သော ဂါထာမန္တန် ရွတ်ဆိုပြီးလည်း တောင်ဝှေးကို ဦး ပြောင်းပြန်ပြုလျက် မြေပြင်မှာတ ဒေါက်ဖြင့်ထောက်နေသည်ကို သည်။

"ကျွန်တော်တို့က ဘိုးကို ဘူး၊ လုံးဝမကြောက်ပါနဲ့။ ကျွန်တော် လိုချင်တဲ့ရွှေကို အတိုင်းအတာတ



www.burmeseclassic.com

www.burmeseclassic.com

ရအောင်လုပ်ပေးပြီးရင် ပြန်လွှတ်မှာပါ။ ဒါပေမယ့် ဒီနေရာမှာ ဘိုးနဲ့ပတ်သက်တဲ့ ထက်ရင်းလက်ခတ်တစ်စုံတစ်ခုကိုမှမကျန် စေချင်ဘူး။ ဒါကြောင့် ဟိုက်ကောင်တွေ၊ ဒီပရိဂ္ဂဏ်ထဲ ဆောက်လက်စ အဆောက်အအုံတွေကိုရော သစ်ဝါးတွေကိုပါ အားလုံးမီးရှို့ပစ်လိုက်ကြ။ ဒါမှ ဘိုးဩဘာဟာ သူပိုင်ပစ္စည်းအားလုံးကို မီးရှို့ဖျက်ဆီးပြီး တစ်နေရာကိုယ်ယောင်ဖျောက်ထွက်သွားတယ်လို့ထင်ကြမှာကွ"

ဘိုးဩဘာ တစ်ချက်ပြုံး၏။

လူဆိုးများလည်း ချက်ချင်းပင် မီးရှူးများကို ပြင်ဆင်ပြီး ဖိုရုံကျောင်းလေးမှ စတင်ကာ မီးရှို့ကြလေသည်။ သို့သော် ကျောင်းတစ်ဆောင်လုံးကို မဆိုထားဘိ။ မနီ၊ သက်ကယ်တစ်ရွက်တလေးမျှကိုပင် မီးစွဲလောင်ခြင်းမရှိပေ။ ထို့ကြောင့် လူဆိုးများ အံ့အားသင့်နေကြ၏။ ဘိုးဩဘာကိုလည်း ကြည့်ကြ၏။

ဘိုးဩဘာသည်ကားကောင်းကင်ကိုမော့ကြည့်လျက်သာ မြေကြီးကိုသာ တောင်ဝှေးဖြင့် တဒေါက်ဒေါက်ထောက်နေလေသည်။

လူဆိုးများကလည်း အလျှော့မပေးကြပေ။ တစ်ယောက်ရှို့၍မလောင်လျှင် မီးရှူးသုံး၊ လေးရှူးပြုလုပ်ပြီး သုံးလေးယောက်အထိပင် ဝိုင်းရှို့ကြလေသည်။

ထိုအခါ မီးမလောင်သည့်အပြင် လူဆိုးခေါင်းဆောင်မှစပြီး ပူလောင်လာလေ၏။ ထို့နောက် အပူသည် တရှိန်ရှိန်တက်လာသဖြင့် မခံနိုင်သည့်အဆုံး အော်ဟစ်ပြီး ထွက်ပြေးကြသော်လည်း အဝေးသို့မရောက်နိုင်တော့ဘဲ ကျောင်းခြံ၏ အပြင်တစ်နေရာတွင် လဲကျပြီး လူးလှိမ့်အော်ဟစ်နေကြလေသည်။

ဘိုးဩဘာ သောက်ရေအိုးစင်က ရေတစ်ခွက်ခပ်ပြီး အနည်းငယ်မျှ မန်းမှုတ်ကာ ဖိုရုံကျောင်းလေးမှစ၍ သူတို့မီးရှို့ထားသော နေရာများကို လောင်းလိုက်မှ လူဆိုးများ အပူသက်သာကာ ထပြေးသွားကြလေသည်။ သို့မှ ဘိုးဩဘာလည်း ကောင်းမွန်စွာဖြင့် ပုတီးကိုဆက်စိပ်နိုင်လေသည်။

❑

"ဘိုး၊ လူဆိုးတွေက ဘိုးကို မကျေနပ်ကြဘူးနော။ ဒါကြောင့် သတိထားမှ ဖြစ်မယ်ထင်တယ်"

ရွာသူကြီး ဦးမောင်ပုချေက ရွာသားများနှင့် ကျောင်းလေးဆောက်ပေးရန်အလာ အရှက်ဆွမ်းအဖြစ် ကောက်ညှင်းပေါင်းကပ်ရင်း လျှောက်ထား၏။ လူဆိုးများ ညက သူတို့လူစုနှင့်လာပြီး ဘိုးဩဘာအား ပြန်ပေးဆွဲကြရာ မအောင်မမြင်ဖြစ်ပြီး ဘိုးဩဘာ၏ တန်ပြန်ဒဏ်ခတ်ခြင်းခံလာရသည်ကို ဦးမောင်ပုချေအား ပြောပြကြဟန်ရှိသည်။

"သူတို့က မင်းကို ဘာပြောကြတုံး"

ဟု ဘိုးဩဘာက မေးသည်။

"သူတို့ညက အတော်လေးခံလာကြရတယ်လို့ ပြောပါတယ်။ အသေးစိတ်တော့ မပြောကြပါဘူး။ ဒါပေမယ့် သူတို့ မကျေနပ်ကြဘူး။ အလျှော့ပေးမယ့်အသောလည်းမမြင်ဘူး။ လူဆိုးခေါင်းဆောင်က မျက်နှာတင်းတင်းကြီးနဲ့ ဒီလိုလုပ်လို့ရရိုးလားဆိုပြီးလည်း တက်ခေါက်တယ်။ ဒါကြောင့် ဘိုး သတိထားမှဖြစ်မယ်ထင်တယ်"

ဘိုးဩဘာ တစ်ချက်အသံထွက်အောင် ရယ်လိုက်ပြီးပြောသည်။

"ဒီတစ်ခါသာ ငါ့ကိုလာစမ်းရင် အဲဒီထက် ပိုဆိုးသွားလိမ့်မယ်လို့ ပြောလိုက်။ သွား - မင်းလည်း မင်းလူတွေနဲ့ ဒီနေ့ ကျောင်းကို အပြီးထည်ပြီးအောင် ဆောက်ကြ"

ဘိုးဩဘာက ထိုသို့ပြောလိုက်၍ ဦးမောင်ပုချေလည်း ဆက်မပြောရဲတော့ဘဲ ပြန်လျှောက်လာ၏။ ထို့နောက် ဖိုရုံကျောင်းလေး ပြီးမြောက်ရေးကို ဆက်လုပ်ကြသည်။

ဘိုးဩဘာလည်း သည်နေ့အတော်ညနက်သည်အထိပင် ဖိုထိုးရဖွယ်ရှိသည်။ သည်မနက်ကမှ မှတ်တမ်းပေထုပ်ကို လှောလှန်ကြည့်ရာ အနီးအနားကရွာများအပြင် ရပ်ဝေးရွာများကပါ ကျောင်းကန်ဘုရားများပြုပြင်ရန်အတွက် ရွှေလုပ်ပေးပါရန် အကူအညီတောင်းထားကြသော စာရင်းအတော်လေးများနေသည်ကို တွေ့ရသည်။

ဦးမောင်ပုချေတို့ လူစုလည်း ကျောင်းလေးကို အပြီးထည်ပြီးသည်အထိ တစ်နေကုန်ဆောက်လုပ်ထားခဲ့ကြပြီးနောက် ပြန်သွားကြ၏။ ထို့နောက် မိုးချုပ်စပြုလာသည်။ ဘိုးဩဘာသည်ကား ဖိုရုံထဲက ထွက်ခွင့်မရသေးပေ။

တစ်ခံအောင့်အကြာတွင် 'ချောက်ချောက်' ဟူသောအသံများကို သုံးလေးချက်ကြားလိုက်ရ၏။ ထို့ကြောင့် ဘိုးဩဘာနောက်ဘက်ကို လှည့်ကြည့်လိုက်ရာ လူဆိုးခေါင်းဆောင်က ဘိုးဩဘာအား ခြောက်လုံးပြူးဖြင့် ချိန်ပစ်နေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျည်မထွက်၍ တချောက်ချောက်မြည်နေခြင်းဖြစ်သည်။

"ဩော် ဩော် - လက်စသတ်တော့ မင်းတို့ကို"

ဘိုးဩဘာက ထိုမျှသာပြောပြီး မတ်တတ်ထရပ်လိုက်ရာ လူဆိုးခေါင်းဆောင်သည် သူ့ခြောက်လုံးပြူး ကျည်မထွက်သည်ကိုသိသွား၍ ဆက်ပစ်ရန် မကြိုးစားတော့ဘဲ အနားမှ ဓားရှည်ကြီးကိုကိုင်ပြီးရပ်နေသော သူ့တပည့်တစ်ဦးအား ခြေထောက်ဖြင့် ကန်ကျောက်ကာ -

"ဟိုက်ကောင်၊ ဘာကြောင်ကြည့်နေတာလဲ၊ ပြေးခုတ်လေကွာ"

ဟု အော်ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူဆိုးသည် ဓားရှည်ကို မြှောက်ရွယ်ပြီး ပြေးဝင်လာသည်ကို ဘိုးဩဘာက လက်ဝါးကို့ထောင်ပြီး ကာလိုက်ရာ မျက်လုံးပြူးကာ ရပ်တောင့်သွားလေသည်။ ထို့နောက် ဆရာတပည့်နှစ်ယောက်လုံးပင် ကျောက်ရုပ်လိုဖြစ်နေကြလေသည်။

ဘိုးဩဘာ ဖိုရုံထဲမှ ထွက်လိုက်သွားပြီး နှစ်ယောက်လုံးကို ပါးချလိုက်မှ အိပ်ပျော်နေကြသူများ နိုးလာသလိုဖြစ်ကာ ထွက်ပြေးသွားကြလေသည်။

"ဟိုက်ကောင်တွေ မပြေးကြနဲ့။ လာလေ။ ငါ့ကိုပစ်လှည့်၊ ခုတ်ကြည့်ကြဦးကွ ဟိုက်ကောင်တွေ"

ဘိုးဩဘာက အော်ပြောပြီး ပြန်ခေါ်သော်လည်း လူဆိုးများသည်ကား လှည့်၍ပင်မကြည့်ခဲ့ဘဲ တန်းပြေးသွားကြလေသည်။

လူဆိုးများသည်ကား ဘိုးဩဘာကို အတော်ကြီးပင် ကြောက်လန့်သွားကြသည်။ နောက်ထပ်တစ်ဖန် တိုက်ခိုက်ရန်ကို မဆိုထားဘိ ထိုနေရာမှာပင် ဆက်မနေရဲကြတော့ဘဲ ညချင်းပေါက် တပ်ရှုတ်သိမ်းပြီး အခြားတစ်နယ်သို့ ပြောင်းပြေးသွားကြလေသည်။

**စာကြွင်း -**

နောက်တစ်လနှင့်အကြာ လူဆိုးများထံမှကြားရသည်မှာ ဘိုးဩဘာ လက်ဝါးထောင်ကာလိုက်စဉ်က ဇရာမ လူသန် (ဘီလူး) ကြီးတစ်ယောက် တင်းပုတ်ကြီးကိုကိုင်ပြီးပေါ်လာ၏။ ထို့ကြောင့် သူတို့ဆရာ၊တပည့် လန့်ဖျပ်ပြီး ကျောက်ရုပ်လိုဖြစ်သွားရာမှ ဘိုးဩဘာက ပါးချလိုက်၍ သတိရကာ ထွက်ပြေးလာကြပြီး နောက်လည်း ဘိုးဩဘာကို အလွန်အမင်း ကြောက်လန့်နေကြ၍ အကြောက်မပြေသည့်အဆုံး ဘိုးဩဘာရှိသည့်အရပ်မှာပင် ဆက်ပြီးမနေရဲတော့ဘဲ တပ်ပြောင်းကာ ထွက်ပြေးလာကြသည့်အကြောင်း စသည်ဖြင့် -

မင်းသိုက်သင်



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကောင်းကျိုးပေးမြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိုးသူ (B.Sc)

**နိုဝင်ဘာလ ၁ ရက်၊ အင်္ဂါနေ့** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၆)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၃ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးမနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၄ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါ ဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၅ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၆ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၇ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်သို့လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၈ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ခမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၀ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၁ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၂ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

**နိဝင်ဘာလ ၁၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၁၄ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၁၅ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က ဗေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်ရန် အရဟံ အောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၁၇ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၁၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဗိုနော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၁၉ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထတွင် တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၀ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၁ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၂ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရော ပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၄ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၆ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၈ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၂၉ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ ([illegible])

www.burmeseclassic.com

ပြည်သိမ်းဖေကျော်

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါကာပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ခတ်မရိုက်ပါနှင့်။ ကြာသပတေးနာမည်ရှင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် သွပ်ပြားအဟောင်းများ၊ သံတိုသံစများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်လှည်းခြင်း၊ အမှိုက်ကောက်ခြင်းများဖြင့် ကုသိုလ်ယူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျိုး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ခတ်စာများလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါကာပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းမပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်များနှင့်ရောင်းသောထီသည်နှင့်ဆုံပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ဆေးဝါးများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေ'နံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ အမိဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
**ကျန်းမာရေး** - နံနက်တိုင်း ရေကို ဖုဋ္ဌသဂါထာရွတ်မန်းပြီးသောက်ပါ။
**ထီးကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာ ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ဂုဏ်တော်ကွန်ချာကို အမိဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်းအစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်လှည်းရန်အတွက် တံမြက်စည်းများ ဝယ်လှူပါ။ လှည်းလည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။
**ထီးကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင်တွင် (၂)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတ်ဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ အင်္ဂါနာမည်ရှင်နှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဋ္ဌသဂါထာရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတဝတီဂါထာ ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ရေဒီယို၊ ကက်ဆက်၊ ဆောင်းဘောက် အဟောင်းအပျက်များကိုပြင်ပါ။ ပြင်မရလျှင် စွန့်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ကုဋီများကို ရေဆေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားမပြောပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**စနေသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅)မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတီဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို သစ်သီးလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် မဂ္ဂစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အိတ်အဟောင်းများ အသုံးမပြုတော့ပါက ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီတစ်ဆူတွင် နေ့စဉ်တံမြက်လှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်လေးများဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - လေထိထားသော နှမ်းပါးသူ မသန်စွမ်းများကို ကူညီထောက်ပံ့ပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယခုလတွင်-
အင်္ဂါစ-တနင်္ဂနွေပိတ်မှည့်ထားသူများအနေနှင့် အခြားသူများထက်ပိုမိုရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါလေ။
ဇံအိမ်၊ ဆွေအုန်း၊ ဇွဲအိ

*မိမိကောင်းမှုအကြောင်းရှ*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည့်သစ်မိုးကျော်

www.burmeseclassic.com

# ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)



**ကမ္ဘာကျော် ဂျာမန်လူမျိုး ဗိသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN လက္ခဏာလာရောက်ဆွေးနွေးခဲ့စဉ်က**

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ လက္ခဏာပုံတော်ကို နိုပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ အောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅ ) ဆရာတော်ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊နိုဝင်ဘာလထုတ် ဓာတုသဝေဒမဂ္ဂဇင်း အမှတ် (၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉) နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်းသွားမေးတာ ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေး ဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ တစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင်(မိုးကုတ်) ၏ သတင်းစကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ- ၁၅၃)

**အမှတ်တရရဲ့ အမှတ်တရ** -ကမ္ဘာကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တာကရှီအီတိုစံ**ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက်ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ -၁၃၂- ၁၃၃ - ၁၃၄-၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီး အဆိုတော်သီချင်းရေးဆရာ တစ်ဦးကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ " (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ- ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်- ၂၈၊ စာမျက်နှာ- ၂၃-၂၄- ၂၅- ၂၆- ၂၇- ၂၈ )"

မေးသွန်-ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း၊) ဒန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၇) နာရီမှ ညနေ (၃) နာရီအတွင်း)Ph-09 8516520

## ဘဝရှုခင်းအလင်းလက္ခဏာ-အမှတ် (၁)

**ဖြန့်ချိရေး**

**ဒေါ်ဝင်းဝင်းခိုင် (သိမ့်ထိုက်စာပေ)**

**အမှတ် ( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)**

**ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄**

စာအုပ်ဝယ်ယူရန် အခက်အခဲရှိနေပါက သိမ့်ထိုက်စာပေနှင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်**

**ဘဝရှုခင်းအလင်းလက္ခဏာ အမှတ် (၂)**

မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြာတော့ကြာခဲ့ပါပြီ။

အင်မတန်မှ မတည့်ကြတဲ့ လင်မယားနှစ်ယောက်။

သူတို့ကိုသတိရတယ်။ သူတို့တွေ ခုဆို အလုပ်မအားကြတာနဲ့ လာတောင် မလာနိုင်တော့ပါဘူး။ အဲဒီလို အလုပ် မအားလို့မလာနိုင်တာကို ဝမ်းသာတယ်။ သူတို့ကိုပြောထားတယ်။ မအားရင် ငါ့ဆီမလာနဲ့။ ငါခိုင်းတာပဲလုပ်နေကြ ဆိုပြီးပြောထားတယ်။

သူတို့နားထောင်ကြတယ်လေ။

ဒါကြောင့် -

သူတို့ကို သတိတရနဲ့ အမြဲတမ်း မေတ္တာပို့နေရပါတယ်။

❏

"ဟဲ့ဟဲ့-ဘယ်လိုဖြစ်နေကြတာလဲ နင်တို့ဟာ"

"ဒီမှာလေ"

"ဘာလဲ-ပစ္စည်းတွေထုရိုက်ခွဲပစ် နေရလောက်အောင် နင်တို့မှာထားစရာ မရှိလောက်အောင် ချမ်းသာနေလား။ ဘယ့်နှယ် - ဒီနားကို စျေးလာဝယ်တာ၊ နင်တို့ကို သတိရလို့ ဒီလမ်းဘက်ကလှည့် လာလိုက်တာကိုက ငါ့အမှားပဲ။ လူ ကြားလို့တောင်မကောင်းဘူး"

"ဦးသားက သမီးကို ဟင့်. . . ဟင့် အရမ်းပြောတယ် အဟင့်"

"မဟုတ်ဘူးဆရာ၊ သူလုပ်ချင်တာ လုပ်နေတော့ ကျွန်တော်မပြောရဘူး။ ခုကျွန်တော့်အမေ. . ."

"နေကြပါဦး-မင်းတို့ဟာ၊ ငါထိုင် ပါရစေဦး။ ရှင်းစမ်း-အဲဒီပန်းကန်ကွဲတွေ"

နှစ်ယောက်သား ပန်းကန်ကွဲတွေ ကပျာကယာကောက်ပြီး ခြင်းတစ်ခုနဲ့ ထည့်နေကြပါတယ်။ ဘာမှတော့မပြော ကြပါဘူး။ ပြီးမှ အနားမှာ ရှိုရှိုကျိုးကျိုး လာထိုင်ကြတော့ -

"ကဲ - လူမြင်လို့မကောင်းလူကြား လို့မကောင်းနဲ့ နင်တို့ဟာက"

"ဆရာ သူ့အမေတွေ၊ သူ့အစ်မ တွေ၊ သူ့ညီအစ်ကိုမောင်နှမတွေကို သူ ပေးကမ်းနေတာ ကျွန်တော်ဘာတစ်ခွန်း မှ မပြောခဲ့ဘူး။ သိတာတစ်မျိုး၊ မသိတာ တစ်မျိုးလုပ်နေလည်း ကျွန်တော်မပြော ဘူး။ မသိချင်ယောင်ဘဲဆောင်တယ်။ ကျွန်တော့်အမေ တစ်ခါတလေလာလို့ ရှိရင် အမေ့ပိုက်ဆံအိတ်ကိုဖွင့်ကြည့်ရ တာနဲ့၊ အမေပြန်ရင် အမေ့ဆွဲအိတ်ကို ဖွင့်ကြည့်ရတာနဲ့ အဲဒါဘာသဘောလဲ"

"ကြည့်မှာပေါ့။ ငါက နင့်မယား လေ။ ဒါလောက်မှကြည့်ပိုင်ခွင့်မရှိဘူး လား။ နင်မှန်ရင်နင်မတုန်လှုပ်နဲ့ပေါ့"

"အောင်မာ-မမှန်ရအောင် ငါက ဘာလုပ်နေလို့လဲ။ တယ်-ဒီမိန်း . . ."



ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြ[illegible])
အမြင်တူကြဖို့ သူရဿလက်ဆောင်



[illegible]
အတွဲ(၁၆) အမှတ်(၁၁) ၂၀၀[illegible]ခုနှစ် နိုဝင်ဘာလ


www.burmeseclassic.com

www.burmeseclassic.com

"နေကြပါဦးဟာ၊ ဘယ်လိုများဖြစ်နေကြတာလဲ။ မင်းတို့ဟာ ဘာမဟုတ်တဲ့ကိစ္စလေးကို အကြီးကြီးလုပ်နေကြတာပဲ။ လူကြားလို့တောင်မကောင်းဘူး။ တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ယူထားပြီးမှ ဘာမဟုတ်တဲ့ပြဿနာနဲ့ စိတ်ဆင်းရဲနေကြရတယ်လို့"

ချစ်လို့ယူထားပြီးမှ ဆိုတဲ့စကားပြောလိုက်ချိန်မှာတော့ မိန်းကလေးဟာ တစ်ချက်မဲ့သွားပြီး တစ်ဖက်ကိုမသိမသာ လှည့်သွားပါတယ်။ တော်စမ်းပါ ဒီလူတို့များ ဆိုတဲ့ပုံစံမျိုးပေါ့။

"တစ်ယောက်နဲ့ တစ်ယောက်တကိုယ်ချင်းစာပါ။ သမီးကလည်း သမီးမိဘညီအစ်ကိုမောင်နှမကိုယေးချင်တွေး





www.burmeseclassic.com

www.burmeseclassic.com

ချင်မှာပဲ၊ ဒါမှန်တယ်လေ။ သားသမီးပဲ၊ မိဘကိုကျွေးတာပေးတာ ကုသိုလ်အကြီးကြီး။ မိဘဆိုတာ သက်ရှိထင်ရှားရှိတုန်း ကျွေးရပေးရစောင့်ရှောက်ရတာ"

ဒီစကားကို နားထောင်နေရင်း ကလေးမလေး မျက်ရည်ဝေ့လာပြီး ခေါင်းငုံ့သွားပါတယ်။ သူ့ရှေ့ကြမ်းပြင်ပေါ်ကို မျက်ရည်စက်နှစ်စက်ကျသွားတာကို သတိထားလိုက်မိလို့ ဘာမှမပြောသေးဘဲ စောင့်နေလိုက်ပါတယ်။ ပြီးမှ -

"မင်းလည်းမမှားပါဘူး။ မင်းအမေက မင်းကိုခြေကောင်းလက်ကောင်းဖြစ်အောင်၊ အသိတရားရှိအောင်မွေးခဲ့တဲ့ ပြုစုလုပ်ကျွေးခဲ့တဲ့ မိခင်ကျေးဇူးရှင်ပဲ။ ဒီကျေးဇူးဟာ ဘယ်တော့မှလည်းဆပ်လို့ကုန်မှာမဟုတ်ဘူး။ ဒီကျေးဇူးရှင်မိခင်ကို မင်းပေးချင်ကျွေးချင်တာမင်းမမှားပါဘူး။ ပေးရမှာပေါ့၊ အမေပဲ။ ဒီကုသိုလ်ထုပ်ကြီးတွေ မင်းမှာရှိမှ မင်းဟာ ဘုန်းကြီးမယ်။ ကျန်းမာမယ်။ ရှာနိုင်ဖွေနိုင်မယ်။ ချမ်းချမ်းသာသာရှိမယ်။ အမေကိုလုပ်ကျွေးတာ ယတြာမလိုဘူးကွ။ ကြီးကိုကြီးပွားတယ်။ ချမ်းသာတယ်မှတ်ထား။ ချမ်းသာချင်တဲ့စိတ်ကို မျှော်ကိုးပြီး လုပ်ကျွေးတာမျိုးတော့ ငါမပြောဘူးနော်။ ကြားလား ငါပြောတာ"

"ဟုတ်ကဲ့"

"အေး- ဒါမှလည်းမင်းရဲ့မိသားစုကိုမင်း ဒီထက်ပိုပြီးချမ်းသာအောင်ထားနိုင်တော့မပေါ့။ ဒါကြောင့် မင်းမှန်တယ်လို့ ငါပြောတာ။ အလုပ်အကိုင်တွေဘာတွေပိတ်လွန်းဆို့လွန်းတဲ့သူတွေဆို ငါသူတို့အဖေ၊ အမေရဲ့ပုဆိုးတွေ၊ ထဘီတွေလျှော်ခိုင်းတယ်။ ခြေဆေးခိုင်းတယ်။ ညတိုင်း ကန်တော့ပြီးမှ အိပ်ခိုင်းတယ်။ ဟော - လိုက်နာတဲ့သူတွေပွင့်ကုန်တာပဲ။ မင်းသိပါတယ်။ မင်းခေါ်လာတဲ့သူနှစ်ယောက် ဒီလိုပွင့်သွားတာ"

"ဟုတ်ကဲ့ - ကိုတင်မြတို့ အဲဒီလို ဆရာလုပ်ပေးလို့ပွင့်သွားပြီ"

"မိဘဆိုတာကွ မင်းတို့ကျွေးလို့စားရပြီဆိုရင် မင်းတို့ကိုပြန်ပို့နေတဲ့ မေတ္တာကအကြီးကြီး၊ အဆမတန်ကြီး။ ဒါကိုမသိကြဘူး။ မသိကြတော့ မိဘကနောက်ရောက်နေတယ်။ အဲဒီမှာတင် လုပ်ရကိုင်ရတာတွေ ကသိကအောက်များလာကုန်ရော။ ဒါဟာ မဖြစ်သင့်ဘူး။ အဲဒါကြောင့် ဆုတောင်းစရာမလိုဘဲ ချမ်းသာခြင်းကို လက်တွေ့ဖြစ်စေတဲ့ ကုသိုလ်ထုပ်ကြီးဟာ မိဘပဲ။ မိဘကို ပြုစုလုပ်ကျွေးခြင်းပဲ။ ဒါ မင်္ဂလာတရားတော်နဲ့ညီတယ်။ ဘယ်တော့မှမဆင်းရဲဘူးမှတ်။ သမီးလည်းဒီတိုင်းပဲ။ သူ့အမေကိုသူ ပြုစုလုပ်ကျွေးပေးချင်၊ ကျွေးချင်တဲ့ကုသိုလ်ထုပ်ကြီးဟာ နည်းတာမဟုတ်ဘူး မှန်တယ်။ သမီးကောင်းရတနာပီသတယ်။ ငါချီးကျူးတယ်။ သူ့အမေရဲ့ကျေးဇူးကိုသူဆပ်နေတာပဲ မင်းလိုပဲ"

ပြောနေရင်း သူတို့ရဲ့သားလေး အိမ်ပေါ်တက်လာပြီး သူ့အမေရဲ့ပေါင်ပေါ်ပြေးထိုင်လိုက်ပါတယ်။ သူ့အမေက ပျာပျာသလဲနဲ့ သားလေး ပန်းကန်ကွဲစတွေရကုန်မယ်ဆိုပြီး ကလေးခြေဖဝါးလေးကိုကြည့်လို့။ ကလေးက (၃) နှစ်သာသာလောက်ပဲရှိမယ်။

"မှန်တာပေါ့ သမီးရယ်။ သမီးရဲ့ မေတ္တာကြီးမားပါတယ်။ မိခင်ဆိုတာ ဒီလိုပဲ။ ကိုယ့်သားသမီးကိုရင်နဲ့အမျှချစ်ကြတာပဲ။ စိတ်မချတတ်ကြဘူး။ သမီးဟာ သမီးကောင်းတစ်ယောက်ပီသသလို မိခင်ကောင်းလည်းပီသပါတယ်။ကလေးလေးရဲ့ အသွေးအမွေးနဲ့ ဝတ်စားထားတာကိုကြည့်ရင် သမီးဘယ်လောက်ဂရုစိုက်တယ်ဆိုပေါ်နေပြီ"

ပြုံးလာပါပြီ။ ကလေးမ ပြုံးလာပါပြီ။

"ဒီလို မိခင်ကိုချစ်တဲ့သမီးနဲ့ မိခင်ကိုချစ်တဲ့သား ပေါင်းဖက်တာဟာ ဘယ်သူမှ လိုက်မမီလောက်အောင် မင်းတို့စီးပွားဖြစ်မယ် စိတ်ချ။ ငါပြောတယ်ကွာ၊ ဖြစ်ကိုဖြစ်ရမယ်။ ယတြာမလိုဘဲ စီးပွားတက်စေရမယ်။ အေး-ဒါပေမယ့် . . . ငါပြောရမလား"

"ဟုတ်ကဲ့ - ပြောပါ ဆရာ"

"သမီးကရော"

"ဟုတ် - ပြောပါဦး"

"အေး - ဒါဆိုပြောမယ်။ နင်တို့နှစ်ယောက်ကြားထဲ ငါဝင်စွက်တာမဟုတ်ဘူး။ အမှန်က အမှန်တရားတွေအားပြိုင်နေကြတာ။ အဲဒီလိုအားပြိုင်နေလို့ကတော့ မီးရထားလမ်းလိုဖြစ်နေမှာပဲ။ ဘေးမှာ အတူတူသွားနေပေမယ့် မဆုံနိုင်ဘူး။ ဒီတော့ ငါ့အမေကို ငါပေးချင်သလို သူ့အမေကိုလည်း သူပေးချင်မှာပေါ့ဆိုတဲ့စိတ်ကို မွေးယူပါ။ ဟိုဘက်အမေ၊ ဒီဘက်အမေကို ပေးရကျွေးရလို့ သမီးတို့မွဲမသွားပါဘူး။ ရှိတဲ့စည်းစိမ်လေး ကုန်မသွားပါဘူး။ စည်းစိမ်တောင်ပိုတိုးလာပါဦးမယ်၊ ကြားလား"

"ဟုတ် - ဦး"

"ဒါဖြင့် မြင်တော့၊ ဒီစိတ်တွေမြင်တော့ ငါမကြိုက်ဘူး။ တစ်ယောက်ဘုန်းကံတက်လာစေမယ့် ကုသိုလ်ကြီးကို တစ်ယောက်ကလိုက်မပိတ်ကောင်းဘူး။ အဲဒါဘယ်တော့မှမမေ့နဲ့။ သတိရတိုင်း အဲဒီစကားကို အမြဲတွေး"

"ဟုတ်ကဲ့ - ဦး"

"ဒါဖြင့် တင်နိုင်"

"ဗျာ"

"မင်း အုန်းဖူးဝယ်။ မရရင် အုန်းညွန့်နဲ့ မေမြို့ပန်းပေါင်းပြီး အပ်ချည်လေးနဲ့ချည်။ သမီးက အိအိလှိုင်ဆိုတော့"

"အိအိခိုင်လေ ဦး"

"အေး-အိအိခိုင်ဆိုတော့ ကံ့ကော်နဲ့ ရွက်လှနဲ့ပေါင်းချည်။ အဲဒီချည်ထားတဲ့ ပန်းအစည်းနှစ်ခုကို အိုးတစ်လုံးသတ်သတ်နဲ့ ရေထည့်ပြီး ဘုရားပူဇော်တော့ မြန်မြန်လုပ်လိုက်။ နေ့တွေ၊ အချိန်တွေ ရွေးမနေနဲ့။ ခု ငါပြန်သွားပြီး တစ်အောင်လောက်ကြာရင်လုပ်တော့၊ ကြားလား တင်နိုင်"

"ဟုတ်ကဲ့ - ဆရာ၊ လုပ်ပါ့မယ်။ အိုးတစ်လုံးသတ်သတ်ဝယ်ပြီး လုပ်ပါ့မယ်"

"ဟုတ်ပြီ - မအိ"

"ရှင်"

"သမီးက ငရုတ်သီး၊ ကြက်သွန်ရယ်၊ ဆန်သင့်သလောက်ရယ်၊ မီးသွေးရယ်၊ ဘာနဲ့ချက်လဲ"

"မီးသွေးနဲ့ချက်တယ် ဦး"

"အေး-မီးသွေးရယ်၊ အဲဒါတွေကို အိတ်နဲ့ သေချာထည့်၊ ပြီးရင် နည်းနည်းရှားပါးတဲ့သူကိုပေးလိုက်။ ပလတ်စတစ်တို့၊ ဘူးခွံတို့လိုက်ကောက်ကြတဲ့ ကလေးတွေရှိတယ်မို့လား"

"ဟုတ် - ဦး"

"အေး - သူတို့ကိုပေးလိုက်"

"ဟို . . . ဈေးရောင်းတဲ့ကလေးမလေးတစ်ယောက်ရှိတယ်၊ အကြော်ရောင်းတာ။ အဲလိုကောပေးလို့ရလား"

"ရတယ်၊ ဒါပေမယ့် လောလောဆယ် တစ်ပတ်တစ်ခါပေး၊ သုံးလလောက်ပေးပြီးရင် တစ်လတစ်ခါလောက်လစဉ်ပေးသွား"

"ဟုတ် - လုပ်ပါ့မယ် ဦး"

❑

ဒါ -

ဒီလအတွက်ပေးချင်တဲ့ သုရ...

လက်ဆောင်ပါပဲ။

တခြိမ်းခြိမ်းသတ်နေကြတဲ့ ...

ထောင်ရေးတွေဖြစ်ဖြစ်၊ ကြိမ်မီးအုံး...



www.burmeseclassic.com

www.burmeseclassic.com

အိအိပူနေကြတဲ့အိမ်ထောင်ရှင်တွေ ဖြစ် ဒီနည်းဟာ အကောင်းဆုံး၊ အချမ်းသာဆုံးဖြစ်လာတဲ့အထိသယ် ဆောင်သွားပါလိမ့်မယ်။ လမ်းပြပေးသွား မှာပါ။ အကောင်းဆုံးအထိမရောက် ခဲ့ရင်တောင်မှ အကောင်းဆုံးကိုရောက် အောင် ဆက်ပြီးသယ်ဆောင်သွားနိုင်တဲ့ အထိပို့ပေးသွားပါလိမ့်မယ်။

ဒီနည်းနဲ့ကူညီပေးခဲ့တဲ့အိမ်ထောင် ရှင်တွေများနေပါပြီ။ တချို့လည်း ကြိုး စားနေကြတုန်းပါ။

ဒါပေမယ့် ဒီနည်းက ချက်ချင်း ကြည့်ပြီး ချက်ချင်းတည့်ပြီး ပြောင်းလဲ သွားစေနိုင်တဲ့နည်းတော့ မဟုတ်ပါဘူး။

တစိမ့်စိမ့်နဲ့သွားတာပါ။

အမိကက စိတ်ပိုင်းဆိုင်ရာကို မမြင်ရတာမို့ပါ။ ချက်ချင်းမြင်လို့မရပါ ဘူး။ မောင်တင်နဲ့ မအိလို အမှန်တရား အားပြိုင်တဲ့သူတွေဆို တော်တော်နဲ့ကို မြင်လို့မရပါဘူး။

မှန်တယ် ဆိုတဲ့ မာနကြီးတွေက အခုအခံကြီးတွေဖြစ်နေလို့ ဆိုပါတော့။ ဒီမာနကြီးတွေဖယ်ရပါလိမ့်မယ်။

လူဆိုတာ ကိုယ်မှကိုယ်၊ ကိုယ့်ဖို့မှ ကိုယ့်ဖို့၊ ကိုယ့်မိဘမှကိုယ့်မိဘ၊ ကိုယ့် သားသမီးမှ ကိုယ့်သားသမီး၊ ကိုယ့်ညီ အစ်ကိုမောင်နှမမှကိုယ့်ညီအစ်ကိုမောင် နှမ၊ ကိုယ့်ဆရာမှ ကိုယ့်ဆရာ၊ ကိုယ့် တပည့်မှ ကိုယ့်တပည့် အဲသလိုတွေရှိကြ တာများပါတယ်။

ဒါကို အတ္တလို့ပဲခေါ်မလား။

ဒီလိုဆို ကိုယ့်အတ္တကိုကိုယ်ပြန် ကြည့်ရမှာပေါ့။

ကိုယ့်အတ္တဟာ သူများအတွက် ထိခိုက်နေလား၊ သူတစ်ပါးကို ထိခိုက် စရာဖြစ်နေလား၊ ကိုယ့်အတွက် အကျိုး များပြီး သူ့အတွက် အကျိုးနည်းနေ သလား။

ဒီလိုဆို ဘာလုပ်သင့်လဲ။

ကိုယ်စိတ်ဆင်းရဲရင် ဘယ်လိုနေ လဲ။ ဒါဆို ကိုယ့်ကြောင့် သူစိတ်ဆင်းရဲ ရရင်ကော -

ကိုယ့်မိဘကို ပေးတာကျွေးတာ ပိတ်ပင်နေလို့ ကိုယ့်ရင်ထဲမှာမီးလိုပူနေ ရပါတယ်ဆိုရင် သူ့မိဘကိုပေးတာကျွေး တာ ကိုယ်တလိုက်ပိတ်နေလို့ သူ့ရင်ထဲ မှာကော။

ဒါလောက်ပဲစဉ်းစားပါ။

သိပ်များရင် ဟိုသွားတတ်လို့ အရေးကြီးတာလောက်ပဲ စဉ်းစားပါ။

ဒါ-ကိုယ်ချင်းစာပေးတဲ့စိတ်ပါပဲ။

ဒီစိတ်အရေးအကြီးဆုံးပါ။

ကျန်တာတွေ ဘာမှမပါပါဘူး။ ဒီ ကိုယ်ချင်းစာစိတ်လေးကိုပဲ ပြောပြချင် တာပါ။

သူ့ကျတော့ စိတ်ဆင်းရဲချင်ရဲမရဲ ချင်နေဆိုပြီး ကိုယ်ကဖောလားဝါးလား နေနေရရင် အဲဒီပျော်ရွှင်မှုဟာ တရား ပါ့မလား။

သူလည်း ငါ့လိုပဲ စိတ်ချမ်းသာ ချင်ရှာမှာပဲဆိုတဲ့စိတ်ကို မွေးယူနိုင် အောင် ကြိုးစားပါ။

လူ့ဘဝ ဆိုတာ ရခဲလှပါတယ်။

ရခဲတဲ့ကြားထဲက ခြေကောင်း၊ လက်ကောင်း၊ မျက်စိကောင်း၊ အသိဉာဏ် ကောင်းဖြစ်ရတယ်ဆိုတာ အင်မတန် ကုသိုလ်ထူးလို့ပါ။ ဒီလိုကုသိုလ်ထူးတဲ့ လူ့ဘဝကိုရတုန်းရခိုက်မှာ -

ကုသိုလ်ဖြစ်အောင် နေသင့်ပါ တယ်။

အကုသိုလ်ဖြစ်အောင် မနေသင့် ပါဘူး။

မျှအောင်ကြည့်တတ်ဖို့ပဲ လိုပါ တယ်။

သူလည်း ကုသိုလ်ရ ကိုယ်လည်း ကုသိုလ်ရ ဒီလိုကုသိုလ်များတဲ့သူနှစ် ယောက်အတွက် ကံကောင်းခြမ်းဆိုတဲ့ ကုသိုလ်တွေဆက်ရ ဘယ်လောက် ကောင်းလဲ။

စိတ်တွေညစ်နေရပြီး စိတ်တွေ မစင်ကြယ်ဖြစ်နေရရင် ကုသိုလ်**မရတဲ့** အပြင် အကုသိုလ်တွေက **နေရာဝင်ယူ** လာမှာပဲ။ ဒီအခါမှာ အကုသိုလ်တွေ များနေရရင် ကံကောင်းခြင်းဆိုတာရော ဖြစ်နိုင်ပါဦးမလား။

ဒါလေးတွေကို မြင်အောင်ကြည့် ပါ။

ကိုယ့်အတွင်းစိတ်ကိုပဲ ကိုယ်မြင် အောင်ကြည့်ပါ။

ကိုယ့်ကိုယ်ကိုယ်အသိဆုံးပါ။

ကိုယ့်ရဲ့ဖြောင့်ခြင်း၊ ကောက်ခြင်း ကို ကိုယ်သာလျှင် အသိဆုံးပါ။ ဒီပေါ် မူတည်ပြီး ကုသိုလ်ဖြစ်အောင်နေတတ် ဖို့ပဲလိုပါတယ်။

သူများပြင်ပေးရတာထက် ကိုယ့် ကိုယ်ကိုယ်ပြင်ရတာဟာ အကောင်းဆုံး ပါပဲ။

ပြင်သင့်တယ်ထင်ရင် ပြင်လိုက် ပါ။

အရမ်းစိတ်ချမ်းသာလာပါလိမ့် မယ်။

ကြောက်စရာကောင်းအောင်ကို အကုသိုလ်ဆီတွန်းပို့တတ်တဲ့ အတ္တတွေ တဖြည်းဖြည်း လွင့်ပျောက်သွားပါလိမ့် မယ်။

ဒါ မဖြစ်နိုင်စရာမရှိပါဘူး။

ခဲခဲယဉ်းယဉ်းကိစ္စလည်းမဟုတ်ပါ ဘူး။

စောစောကပြောသလို ကိုယ်ချင်း စာစိတ်လေးပါပဲ။

ဒီစိတ်လေးဟာ၊ ဒီစာနာစိတ်၊ ကိုယ်ချင်းစာစိတ်လေးဟာ ထားရင်း ထားရင်းနဲ့ အကျင့်ကောင်းအဖြစ်ပြောင်း လဲသွားပါလိမ့်မယ်။

အဆိပ်သစ်ပင်ထစ်ခုကို မကြီးခင် နုတ်ပစ်လိုက်သလိုပါပဲ။

ရင်ထဲမှာရှိတဲ့ နှလုံးသားလေး ဖြူဖို့ပါ။

စဉ်းစားကြည့်ပါ။

အတ္တကြီးလွန်းတဲ့သူနဲ့တွေ့ရဆုံရ နေရတဲ့အခါမှာ သူဟာ ကိုယ်ချင်းစာ စိတ်ကင်းမဲ့လိုက်တာ ဆိုတဲ့ ခံစားချက် ကိုယ့်ရင်ထဲမှာ အကြိမ်ကြိမ်ဖြစ်ခဲ့ရမှာ မမှတာပါ။ အတ္တများတဲ့သူနဲ့တွေ့မှ ကိုယ်ချင်းစာတရားရဲ့တန်ဖိုးဟာ တန်ဖိုး မဖြတ်နိုင်မှန်းသိရတော့တာပါဘဲ။

ဒီလိုလေးမြင်တတ်လာပြီဆိုရင်-

❑

ကိုယ့်နာမည်ကိုကြည့်ပါ။

ပြီးရင် ကိုယ့်ရဲ့အညွှန့်ကိုကြည့်ပါ။

အဲဒီအညွှန့်ရဲ့မိတ်ဖြူဟ်ကိုရှာပါ။

ပြီးရင်ပူဇော်လို့ရပါပြီ။ အိုးတစ်လုံး သတ်သတ်နဲ့ရေထည့်ထိုးပြီး ဘုရား ပူဇော်လို့ရပါပြီ။ နွမ်းရင်တော့လဲပေါ့။

ဒီလို ပူဇော်တဲ့နေရာမှာ ဘယ်နှ

**တနင်္ဂနွေနာမည်ရှင်**

၁
အညွှန့်- ၂
[illegible]
၁
၄
၀
၃

**အညွှန့်ရဲ့မိတ်ဖာတ်**

ကုလား ၄
၂
ကိုရှာ ၈

ဒါဖြင့်- ကံ့ကော် + ဝါး
ကံ့ကော် + ရွှက်လှ



www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာနာမည်ရှင်**

၆
အညွန့်- ၃
၀
၂
၅
၁
၄

**အညွှန့်ရဲ့မိတ်ဖက်**

၃ — ဆွေသား — ၆
၃ — စိန်ပန်း — ၅

ဒါဖြင့်- ဇွန်၊ ဇီဇဝါ၊ ဇလပ်တစ်ခုခုနဲ့
သစ္စာပန်းဒါမှမဟုတ်မေမြို့ပန်း

**ကြာသပတေးနာမည်ရှင်**

၂
အညွန့်- ၆
၃
၅
၁
၄
၀

**အညွှန့်ရဲ့မိတ်ဖက်**

၆ — ဆွေသား — ၃
၆ — ဦးသာ — ၁

သပြေ + ဇွန် - စံပယ် - ဇီဇဝါ
သပြေ + အုန်းပန်း

**အင်္ဂါနာမည်ရှင်**

၀
အညွန့်- ၄
၁
၃
၆
၂
၅

**အညွှန့်ရဲ့မိတ်ဖက်**

၄ — ကုလား — ၂
၄ — ဒါန်းလှ — ၃

ရွက်လှ + ကံ့ကော်
ရွက်လှ + နှင်းဆီ

**သောကြာနာမည်ရှင်**

၃
အညွန့်- ၀
၄
၆
၂
၅
၁

**အညွှန့်ရဲ့မိတ်ဖက်**

၀ — ဒါန်းလှ — ၄
၀ — တော်ရင်း — ၈

နှင်းဆီ + ရွက်လှ
နှင်းဆီ + ဝါး

**ဗုဒ္ဓဟူးနာမည်ရှင်**

၁
အညွန့်- ၅
၂
၄
၀
၃
၆

**အညွှန့်ရဲ့မိတ်ဖက်**

၅ — အောင်ပ — ၁
၅ — စိန်ပန်း — ၃

မေမြို့ + အုန်းပန်း
မေမြို့ + ဇွန်- စံပယ် - ဇီဇဝါ


**စနေနာမည်ရှင်**

၄
အညွန့်- ၁
၅
၀
၃
၆
၂

**အညွှန့်ရဲ့မိတ်ဖက်**

၁ — အောင်ပ — ၅
၁ — ဦးသာ — ၆

အုန်းပန်း + မေမြို့
အုန်းပန်း + သပြေ



ညွှန့်ရယ်လို့မရှိပါဘူး။ ဘုရားပန်းလှူ... ပဲ ကြည့်ကောင်းအောင်၊ ကြည့်လိုက်ရင် ရင်ထဲမှာ ကြည်ညိုသဒ္ဓါနဲ့ ပီတိ... အောင်၊ ရင်ထဲထိအောင်ပူဇော်ဖို့ အ... ပါပဲ။ သတ်မှတ်ချက်မရှိပါဘူး။ အနှောင် အဖွဲ့မရှိပါဘူး။

နေ့နံနဲ့ မိတ်ဖက်တွဲတဲ့နေရာမှာ အတွင်းမိတ်ပဲဖြစ်ဖြစ်၊ အပြင်မိတ်ပဲ... ဖြစ် အဆင်ပြေသလိုနံတွဲယူပါ။ ... တယ်။

အိမ်ထောင်မိတ်မို့လို့ အတွင်းမိတ် ယူရမယ်ရယ်လို့မဟုတ်ပါဘူး။ မိတ်ဆို... ထဲက ရန်မဟုတ်တော့ဘူးလေ။ ဒီလို... အေးချမ်းတဲ့စိတ်နဲ့တွေးပါ။ အေးချမ်း... စိတ်နဲ့တွေးရင်းတွေးရင်းနဲ့ အေးချမ်း... ပါလိမ့်မယ်။

ဧရုတ်သီး၊ ကြက်သွန်၊ ... မီးသွေးကတော့ အဆင်ပြေသလိုစွန့်... တစ်ဖက်သားလည်း စားဖို့သောက်ဖို့... ကိုယ်လည်း စိတ်ချမ်းသာရဖြစ်သွား... လိမ့်မယ်။

ဘာမှခက်ခက်ခဲခဲမဟုတ်တဲ့နည်း... တွေထဲက ဒီနည်းလေးကလည်း သူ... ပရိသတ်ကြီးအတွက် စိတ်ချမ်းသာမှု... အများကြီးပေးသွားမှာပါ။

ဒီနည်းနဲ့ စိတ်ချမ်းသာစေခဲ့... အိမ်ထောင်ရှင်တွေလည်းများလှပါ...

ခုထိဖတ်လာကြပြီးပြီဆိုရင် -

နောက်ထပ်စိတ်ချမ်းသာလာ... အိမ်ထောင်ရှင်တွေ အများကြီးဖြစ်... ဦးမှာပါ။

ဒါကြောင့် -

အမြင်တူကြဖို့သူရဇ္ဇလက်ဆောင် ပေးလိုက်ရတာဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် -

ဒါလေးဖတ်ပြီးရင်တော့ တ... ဖြည်းနဲ့အမြင်တူလာကြမှာပါလို့ မေ... စကားဆိုလိုက်ပါတယ်။

အမြင်တူကြပါစေ။
စိတ်ချမ်းသာကြပါစေ။

ဆရာဦးမောင်မောင်...
(ရင်ကိုအေး...)




www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများတွင် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ငွေဝင်သော်လည်း ကုန်ကျစရာများရှိနေတတ်ပါသည်။ သူတစ်ပါးကို ငွေချေးမည်ဆိုပါက စဉ်းစားပါ။ အရှုပ်အရှင်းဖြစ်တတ်ပါသည်။ စကားပြောမလောပါနှင့်။ အမှားပါသွားတတ်ပါသည်။ စက်ပစ္စည်းများအတွက် စိတ်ညစ်ရတတ်သည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားပြီးရှောင်လိုက်ပါ။ ငှက်စာများများကျွေးပါ။ ကိုယ်လက်လေ့ကျင့်ခန်းများများလုပ်ပါ။ လုပ်ငန်းခွင်တွင် မည်သည့်အလုပ်ဖြစ်ဖြစ် တစ်ကြိမ်တစ်ခါနှင့်မပြီးဘဲဖြစ်နေတတ်ပါသည်။ သူများအလုပ်များကိုလည်း လုပ်ပေးနေရသဖြင့် မနားရအောင်ဖြစ်နေတတ်ပါသည်။ ပညာရေးကံများ ဆက်ကာဆက်ကာကောင်းနေပါသည်။ ချစ်ရေးချစ်ရာကိစ္စများတွင် သဝန်တိုစိတ်လေးများလျှော့ပါ။ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေတတ်၍ ခိုစာများများကျွေးပါ။ စိတ်နှစ်ခွမဖြစ်ပါစေနှင့်။ စက်ဘီးစီး၊ ဆိုင်ကယ်စီးသူများ အကြမ်းပတမ်းမစီးပါနှင့်။ ထီထိုးမည်ဆိုပါက ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

**ယတြာ ။ ။ စိတ်ကျန်းမာရေးမကောင်းသူများကိုတွေ့တိုင်း အာဟာရ ငွေလှူပါ။**



၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

ဆရာဦးမောင်မောင်သန်း

( ရှင်ကိုဗေဒ၊ မြဓေဝဿဝ၊ )

# ခုနှစ်ရက်သားသမီး

ဟောစာတမ်း



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကောင်းသောအတွေး၊ ကောင်းသောအကြံအစည်များနှင့် မင်္ဂလာရှိစွာနေထိုင်ပြောဆိုပါ။ အောင်မြင်မှုများရရှိပါလိမ့်မည်။ စကားကြောင့် အမုန်းပွား၊ စီးပွားရေးများထိခိုက်၊ အိမ်ထောင်ရေးတွေထစ်ငေါ့တတ်ပါသဖြင့် အထူးဆင်ခြင်ပြောဆိုဆက်ဆံပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအအေးအဆာမခံပါနှင့်။ အပူအစပ်များရှောင်ပါ။ ရေကူးမကျွမ်းကျင်သူများ ရေမကူးပါနှင့်။ အတိုက်အခံများလွန်းလျှင် ဂုဏ်တော်ကွန်ချာပုတီးစိပ်ပါ။ ပညာရေးကံများကောင်းပါမည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ၊ ဖျော်ရွှင်ဖွယ်ရာနေ့ရက်များဖြစ်နေပါသည်။ အနိုင်ယူပြီးပြောဆိုခြင်းများကြောင့် တင်းမာမှုများဖြစ်တတ်၍ အပြောအဆိုလေးများ ဆင်ခြင်ရပါမည်။ ညီအစ်ကိုမောင်နှမများနှင့်လည်း စကားကြောင့်စိတ်ဝမ်းကွဲတတ်၍ နွေးထွေးစွာ ပြောဆိုပါ။ ဂုဏ်တော် (၉) ပါးကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။ ထိုထိုမည်ဆိုပါက မင်္ဂလာသီချင်းများဖွင့်နေသောထီဆိုင်၊ ထီကားများနှင့်ကြုံပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

**ယတြာ ။ ။ လက္ခဏာရှားပါးသောကလေးငယ်များကိုတွေ့လျှင် အာဟာရဒါနပြုပါ။**

BURMESE CLASSIC

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်မှုများရရှိပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ အမိဋ္ဌာန်ပုတီးများစိပ်ပါ။ ထီဆုကြီးများပေါက်တတ်ပါသည်။ အပေါင်းအသင်းကြောင့် ဂုဏ်တက်တတ်သလို အပေါင်းအသင်းကြောင့် ဂုဏ်ပျက်တတ်ပါသည်။ ခရီးသွားလာရန်ကိစ္စများရှိပါက ထစ်ငေါ့နေတတ်ပါသည်။ စကားပြောဆင်ခြင်ပါ။ အဓိပ္ပာယ်မရှိသောကိစ္စများအတွက် ငြင်းခုံမနေပါနှင့်။ ရှင်းလေရှုပ်လေဖြစ်တတ်သည်။ သွေးသားနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ အချိုအဆိမ့်များ လွန်ကဲစွာမစားပါနှင့်။ ပညာသင်နေသူများ၊ မြင်းကောင်းခွာလိပ်မဖြစ်ရန်လိုပါသည်။ အသိစိတ်လေးနှင့် ကြိုးစားပါ။ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို မကြာမကြာအစာကျွေးပါ။ ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများ မပြောပါနှင့်။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၇၊ ၁၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ယတြာ ။ ။ ငှက်လေးများဘေးမဲ့လွှတ်ပေးပါ။**

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ဘီး၊ ဆိုင်ကယ် အကြမ်းပတမ်းမစီးပါနှင့်။ အင်းပျက်၊ အဆောင်ပျက်များရှိပါက စွန့်ပစ်လိုက်ပါ။ ယခုလ အိမ်ဆောက်မည်ဆိုပါက လိုတာယက်ပို၍ကုန်ကျတတ်ပါသည်။ အင်္ဂါနံကိစ္စများ ယစ်ငေါ့နေတတ်၍ စာကလေးများကို နေ့စဉ်အစာကျွေးပါ။ ဘုရားစေတီများသို့ရောက်တိုင်း စာကလေးလွှတ်သောကုသိုလ်ပြုပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာစေရန် နားလည်မှုများပေးပါ။ ကျန်းမာရေးလိုအပ်ပါက အာနာပါနရှုမှတ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ အဆာမခံပါနှင့်။ အဆာလွန်၍ ခေါင်းမူးတတ်ပါသည်။ ဦးခေါင်းနှင့်ဆိုင်သောဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ပညာရေးကောင်းမည်။ စားချိန်၊ အိပ်ချိန်မှန်ပါစေ။ အောင်မြင်မှုရရှိပါလိမ့်မည်။ ချစ်တတ်သူများလည်း ကံကောင်းနေပါသည်။ စကားကြောင့် အမှားမဖြစ်အောင်သတိထားပါ။ မွေးနေ့တွင် ကောင်းမှုကုသိုလ်ပြုပါ။ အညှံ့များကင်းစင်သွားပါမည်။ ထီထိုးရန်အတွက် တနင်္လာနံထီဆိုင်တွင် (၉) ဂဏန်းများစွာပါအောင်ရွေးချယ်ပါ။

**ယတြာ ။ ။ ဘုရားရှင်ကို မုန့်လုံးရေပေါ်ဆွမ်းတော်ကပ်ပါ။**



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးအောင်မြင်ပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြောချိုအောပါ။ လုပ်ငန်းရှင်များ ကိုယ့်မိတ်ကသူများမိတ်ဖြစ်သွားတတ်ပါသည်။ အလုပ်ကိစ္စစကားပြောရင်း စိတ်ဝမ်းတွေကွဲသွားတတ်ပါသည်၊ အိမ်ထောင်သည်များ၊ ဆွေမျိုးသားချင်းများကြောင့် ခဏခဏစကားများရခြင်းမျိုးရှိသည်။ တန်ဖိုးမရှိသောကျောက်များမဝင်ပါစေနှင့်။ တန်ဖိုးကြီးမားသောကျောက်များဝင်လာမည်။ ကျန်းမာရေးကောင်းစေရန် စပ်သောအစာများမစားပါနှင့်။ ဓာရဏပရိတ်တော်ကို အမြဲဒွာန်ဖြင့်ရွတ်ပါ။ ဆေးမကြာခဏလှူပေးပါ။ ပညာရေးကံများကောင်းမည်။ စိတ်လေမနေပါနှင့်။ အပေါင်းအသင်းများနှင့် အပျော်အပါးလျှော့ပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ချစ်တတ်သူများအတွက် ခဏခဏစကားငြင်းခုံနေခြင်းများရှောင်ပါ။ ကိုယ်က အလျှော့ပေးလိုက်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေမည့်ဂါထာများကို အမြဲဒွာန်ပုတီးစိပ်ပါ။ မွေးနေ့တွင် အသားစားရှောင်ပါ။ ထီထိုးမည်ဆိုပါက စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ စိတ်ကျန်းမာရေးမကောင်းသူများကို အာဟာရဒါနပြုပါ။

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများတွင် တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကောင်းဆုံးအောင်မြင်သွားမည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လောင်းကစားကိစ္စများအထူးရှောင်ပါ။ လောင်းကစားမှရသောငွေသည် လောင်းကစားကြောင့် ချက်ချင်းပြန်ကုန်သွားပြီး ကိုယ့်ရှိတာတွေပါ အဆစ်ထစ်ပါသွားပါလိမ့်မည်။ တန်ဖိုးမရှိသောကျောက်လုံးဝမဝင်ပါစေနှင့်။ လာဘ်ပိတ်သွားတတ်ပါသည်။ တန်ဖိုးရှိမှဝယ်ပါ။ စီးပွားရေးအဆင်ပြေလာမည်။ စကားပြောမောက်မာလာတတ်ပါသည်၊ သတိထားဆင်ခြင်ပါ။ ကျန်းမာရေးအတွက် အပူအစပ်များအလွန်အကျွံမစားပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ လမ်းများများလျှောက်ပေးပါ။ ခန္ဓာကိုယ်ထိခိုက်မိအောင် အရမ်းမဆော့ပါနှင့်။ ပညာရေးကောင်းပါသည်။ ချစ်တတ်သူများ မျက်နှာပွင့်လွန်းနေပါသည်။ စကားကြောင့် အများမဖြစ်ပါစေနှင့်။ ထီဝါသနာရှင်များ တနင်္လာနံထီဆိုင်တွင် (၉) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်များ မမေ့မလျော့ပြုပေးပါ။ အညံ့များ ကင်းစင်ပပျောက်သွားပါလိမ့်မည်။

ယတြာ ။ ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို အမြဲဒွာန်ပြု၍ရွတ်ပါ။

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကောင်းဆုံးအောင်မြင်သွားပါမည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အင်း၊ အဆောင်တွေ မဝင်ပါစေနှင့်။ ရှိပြီးသားပျက်နေလျှင် စွန့်ထုတ်ပစ်ပါ။ အိမ်ကိစ္စ၊ မြေကိစ္စ၊ ရွှေကိစ္စများနှင့်ပတ်သက်၍ မည်သူ့ကိုမျှ အာမမခံပါနှင့်။ ကိုယ်က ကြားညှပ်သွားတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ၊ ငွေရေးကြေးရေးကိစ္စကြောင့် မထင်မှတ်ဘဲ ပြဿနာများပေါ်လာတတ်ပါသည်။ အတိုက်အခံများနေလျှင် အိမ်နှင့်နီးသောဘုရားစေတီများသို့လမ်းလျှောက်သွားပြီး တံမြက်စည်းလှည်းခြင်း၊ အိမ်ရှေ့လမ်းမထွက်၍ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။ ကျန်းမာရေးကောင်းနေစေရန် စိတ်ဝေဒနာရှင်များကိုတွေ့အောင်ရှာ၍ ငွေ၊ အာဟာရထောက်ပံ့ပါ။ ပညာရေးကောင်းပါသည်။ မိဘ၊ ဆရာများကို ပြန်မပြောပါနှင့်။ အာရုံကြောများ ညောင်းညာသည်အထိ မဆော့ပါနှင့်။ ချစ်တတ်သူများအဆင်ပြေနေမည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများ၊ ထီပေါက်စေသောဂါထာများ အမြဲဒွာန်ဖြင့်ရွတ်ပါ။ အမြဲဒွာန်ပုတီးစိပ်ပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ ရေသတ္တဝါလေးများကို ကြုံတိုင်း အစာကျွေးပါ။

ရင်ကိုအေးမြစေသော
**ဆရာဦးမောင်မောင်သန်း**
အမှတ် (၈၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com